# နိဗ္ဗာနဂါမိနီပဋိပဒါ

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – တတိယတွဲ

## ပဋိစ္စသမုပ္ပါဒ်ပိုင်း

ဖားအောက်တောရဆရာတော်

# နိဗ္ဗာနဂါမိနိပဋိပဒါ

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – တတိယတွဲ

# ပဋိစ္စသမုပ္ပါဒ်ပိုင်း

ဖားအောက်တောရဆရာတော်

# နိဗ္ဗာနဂါမိနိပဋိပဒါ – တတိယတွဲ

Volume 3

# နိဗ္ဗာနဂါမိနိပဋိပဒါ

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – တတိယတွဲ

# ပဋိစ္စသမုပ္ပါဒ်ပိုင်း

### ဖားအောက်တောရဆရာတော်



**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**

**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။

အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။

မွေ့လျော်ဖွယ်အားလုံးကို တရား၌ မွေ့လျော်ခြင်းက အောင်နိုင်၏။

ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။**

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်

အဓွန့်ရှည်စွာ တည်ပါစေသတည်း။

သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။

# ဓမ္မဒါန

**ဖားအောက်တောရ၌ ဓမ္မဒါနအဖြစ် အသုံးပြုရန် အတွက်သာ ဖြစ်သည်။**

**ဤကျမ်းစာကို မည်သူမဆို ကူးယူခွင့် ပုံနှိပ်ခွင့် ရှိသည်။**

First Edition
Copyright ©1998 Pa Auk Sayadaw

This book belongs to the Public Domain and may be reproduced without any further permission from the author.

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဗ္ဗာနဂါမိနိပဋိပဒါ
# နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – တတိယတွဲ

## မာတိကာ


| | စာမျက်နှာ | | စာမျက်နှာ |
|---|---|---|---|
| **နိဒါနကထာ** | A | မြတ်စွာဘုရားသည် တရားတော်၏ နက်နဲပုံကို လေးနက်စွာ ဆင်ခြင်တော်မူခြင်း | A |


## ပဋိစ္စသမုပ္ပါဒ်ပိုင်း – အပိုင်း (က)


| | | | |
|---|---|---|---|
| **ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော်** | 1 | အကမ္မဇအာဟာရ | 41 |
| ကျက်မှတ်ရန် ပါဠိတော်၏ အနက် | 3 | လေးနည်းခွဲ၍ ဟောကြားတော်မူရခြင်း၏ အကြောင်းရင်း | 41 |
| ပဋိစ္စသမုပ္ပါဒ်တရား | 12 | ထပ်မံရှင်းလင်းချက်များ | 42 |
| ပဋိစ္စသမုပ္ပန္နတရား | 12 | ၁။ ပထမနည်း | 42 |
| ပဋိစ္စသမုပ္ပါဒ်တရားတော် | 13 | ၂။ ဒုတိယနည်း | 42 |
| လက္ခဏ - ရသ - ပစ္စုပဋ္ဌာန် | 14 | ၃။ တတိယနည်း | 43 |
| ပဋိစ္စသမုပ္ပါဒ်ဟူသည် | 15 | ၄။ စတုတ္ထနည်း | 44 |
| ပထမနည်း အဖွင့် | 15 | အာဟာရသုတ္တန် | 45 |
| ဒုတိယနည်း အဖွင့် | 21 | ဘာသာပြန် အကျဉ်းချုပ် | 46 |
| တတိယနည်းအဖွင့် | 24 | အဋ္ဌကထာ - ဋီကာ အဖွင့်များ | 47 |
| ရုပ်ကလာပ် နာမ်ကလာပ် | 25 | အာဟာရ (၄)မျိုးသာ ဟောရခြင်းအကြောင်း | 48 |
| အကျိုးဂုဏ်အင် အာနိသင် | 27 | ကျေးဇူးပြုပုံ | 49 |
| ပဋိစ္စ - ပုဒ် | 27 | ၁။ ကဗဠီကာရာဟာရ | 49 |
| သမုပ္ပါဒ - ပုဒ် | 29 | ၂။ ဖဿာဟာရ | 49 |
| ပဋိစ္စ + သမုပ္ပါဒ - ပုဒ် | 31 | ၃။ မနောသဉ္စေတနာဟာရ | 49 |
| ထပ်မံရှင်းလင်းချက် | 31 | ၄။ ဝိညာဏာဟာရ | 49 |
| ၁။ မဇ္ဈိမပဋိပဒါ | 31 | ရှင်းလင်းချက်များ | 50 |
| ၂။ ပြုလုပ်သူနှင့် ခံစားသူ | 33 | ၁။ ကဗဠီကာရာဟာရ | 50 |
| ၃။ ဇနပဒနိရုတ္တိ | 35 | ၂။ ဖဿာဟာရ | 51 |
| ၄။ သမညာယ အနတိဓာဝနံ | 36 | ၃။ မနောသဉ္စေတနာဟာရ | 51 |
| ဒေသနာဘေဒ - ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူပုံ နည်း (၄) မျိုး | 38 | ၄။ ဝိညာဏာဟာရ | 51 |
| အာဟာရလေးပါး | 40 | ဘေးဆိုးကြီး လေးမျိုး | 52 |

| | |
|---|---|
| ၁။ ကဗဠီကာရာဟာရ | 52 |
| ၂။ ဖဿာဟာရ | 52 |
| ၃။ မနောသဉ္စေတနာဟာရ | 52 |
| ၄။ ဝိညာဏာဟာရ | 53 |
| တဏှာနိဒါန | 53 |
| အကြောင်း၏ အကြောင်းအဆက်ဆက် | 54 |
| လိုရင်းမှတ်သားရန် | 56 |
| အနာဂတ် ဘယ်လိုလဲ? | 57 |
| ပဋိစ္စသမုပ္ပါဒ် တတိယနည်း အဖွင့်များ | 57 |
| ဆိုလိုရင်းအချက် သုံးရပ် | 59 |
| က။ ပထမအဖွင့် ရှင်းလင်းချက် | 59 |
| အလယ်မှ အစသို့ ရှုကွက် | 62 |
| အကြိမ်ကြိမ် ဆန်းစစ်ကြည့်ပါ | 65 |
| ခ။ ဒုတိယအဖွင့်အရ အဓိပ္ပါယ်ယူဆပုံ | 66 |
| ဂ။ ဋီကာတို့၏ တတိယအဖွင့်အရ အဓိပ္ပါယ်ယူဆပုံ | 67 |
| ဆိုလိုရင်းသဘောမှတ်ရန် | 69 |
| အစပ် (၃)ပါး, အလွှာ (၄)လွှာ | 69 |
| ဤဋီကာတို့၏ တတိယအဖွင့်နှင့်အညီ ရှုကွက် | 70 |
| ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် စတုတ္ထနည်း | 71 |
| စတုတ္ထနည်း ရှုကွက် | 73 |
| ပစ္စုပ္ပန်တည့်တည့် | 74 |
| **ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းဖြင့် သိမ်းဆည်းပုံ** | 76 |
| အတိတ်အကြောင်းတရား (၅)ပါး | 76 |
| ပစ္စုပ္ပန်အကျိုးတရား (၅)ပါး | 77 |
| ပစ္စုပ္ပန်အကြောင်းတရား (၅)ပါး | 77 |
| အနာဂတ်အကျိုးတရား (၅)ပါး | 77 |
| ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း | 77 |
| ဧကေဒေသတော ဇာနိတဗ္ဗံ = တစ်စိတ်တစ်ဒေသ သိရမည် | 78 |
| ပါကကာလ = အကျိုးပေးရာကာလနှင့် စပ်၍ ကံ (၄) မျိုး | 78 |
| ၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ | 78 |
| ၂။ ဥပပဇ္ဇဝေဒနီယကံ | 78 |
| ၃။ အပရာပရိယဝေဒနီယကံ | 78 |
| ၄။ အဟောသိကံ | 78 |
| ပါကဒါနပရိယာယ = အကျိုးပေးရာ အလှည့်အကြိမ် အစဉ်အားဖြင့် ကံ (၄)မျိုး | 79 |
| ၁။ ဂရုကံ | 79 |
| ၂။ ဗဟုလကံ | 79 |
| ၃။ အာသန္နကံ | 79 |
| ၄။ ကဋတ္တာကံ | 79 |
| ကိစ္စနှင့်စပ်၍ ကံ (၄)မျိုး | 80 |
| ၁။ ဇနကကံ | 80 |
| ၂။ ဥပတ္ထမ္ဘကကံ | 80 |
| ၃။ ဥပပီဠကကံ | 80 |
| ၄။ ဥပဃာတကကံ | 80 |
| ဥပပီဠကကံနှင့် ဥပဃာတကကံ | 82 |
| တစ်နည်း ကံလေးမျိုး အယူအဆ | 82 |
| ဗုဒ္ဓဝိသယနှင့် သာဝကဝိသယ = ဘုရားအရာနှင့် သာဝကအရာ | 84 |
| ကမ္မန္တရ - ဝိပါကန္တရ | 85 |
| လိုက်နာရမည့် စည်းကမ်းတစ်ရပ် | 86 |
| **အလုပ်စခန်းကို စတင်အားသစ်ပုံ** | 88 |
| အတိတ်အကြောင်းတရားတို့ကို တိုက်ရိုက်ရှာဖွေပုံ သိမ်းဆည်းပုံ | 88 |
| အလယ်မှ အစသို့ | 89 |
| ဝိပါကဝဋ် အာဟာရ (၄)ပါးက စတင် သိမ်းဆည်းပုံ | 89 |
| ကမ္မဝဋ် အာဟာရ (၄)ပါးက စတင် သိမ်းဆည်းပုံ | 90 |
| ကိလေသဝဋ် (၃) ပါး | 92 |
| ကမ္မဝဋ် (၂) ပါး | 92 |
| စံထားရမည့် မှတ်ကျောက် | 93 |
| အတိတ်သို့ ဉာဏ်ကို ရှေးရှုလွှတ်ပါ | 94 |
| နန္ဒီ - ဝေဒနာ - ဖဿ - သဠာယတန - နာမ်ရုပ် | 94-95 |
| ကိလေသဝဋ် ကမ္မဝဋ် များနေသော် | 96 |
| မေးမြန်းဖွယ်ရာ အချက်တစ်ရပ် | 97 |
| ယောဂီတို့၌ တွေ့ကြုံတတ်သည့် သဘာဝတစ်ရပ် | 98 |

ကလလရေကြည်သို့ ဆိုက်ပြီ 104
ယောဂီအများစု၌ တွေ့ရှိတတ်ပုံ အခြင်းအရာ 107
အကြောင်းပြချက် 109
မည်သို့ သက်ဆိုင်ပါသနည်း 110
ကံ-အာရုံ ထင်ပုံ 110
ပုဗ္ဗေကတသညာ 110
သမ္ပတိကတသညာ 110
အတိတ်အကြောင်းတရားများကို ရှာဖွေနည်း 111
အကြောင်းပြချက်ကား ရှိသည်သာဖြစ်ပါသည် 112
စေတနာသုတ္တန် ကောက်နုတ်ချက် 113
ကိလေသဝဋ်နှင့် ကမ္မဝဋ် 117
ကိလေသဝဋ် (၃) ပါး 119
ကမ္မဝဋ် (၂) ပါး 119
အာရုံချင်း တူညီရမည် 119
နာမ်တရားချင်း တူညီမှု 120
ဘဝင်မနောအကြည်ဓာတ် 120
စံထားရမည့် မှတ်ကျောက် 120
ကိလေသဝဋ် ခန္ဓာ (၅) ပါး 122
ကမ္မဝဋ် ခန္ဓာ (၅) ပါး 122
ဝိပါကဝဋ် ခန္ဓာ (၅) ပါး 123
ကြောင်း-ကျိုး ဆက်နွယ်မှု
ပဋ္ဌိစ္စသမုပ္ပါဒ်သဘောတရား 123
တစ်နည်းဆိုရသော် 123
ဓမ္မဋ္ဌိတိဉာဏ် 124
ခန္ဓာ (၅) ပါးဟူသည် 128
ကိလေသဝဋ်ချင်း ကမ္မဝဋ်ချင်း မတူညီကြပုံ 128
သုမနာမင်းသမီး၏ ရှေးဆုတောင်း 130
ဥမ္မာဒန္တီ၏ ရှေးဆုတောင်း 131
ပဘာဝတီ၏ ရှေးဆုတောင်း 132
မင်းကုသ၏ ရှေးဆုတောင်း 133
မယ်မင်းကြီးမ - သုဘဒ္ဒါ၏ ဆုတောင်းခန်း 135
မဟာပဒုမပစ္စေကဗုဒ္ဓါ၏ အလောင်းလျာ
အမျိုးကောင်းသမီး၏ ဆုတောင်း 139


**နိမိတ်ထင်ပုံ အပိုင်း** 141


ကံ- ကမ္မနိမိတ် - ဂတိနိမိတ် 141
၁။ ကံ 141
၂။ ကမ္မနိမိတ် 141
ဂေါပကသီဝလိ 143
အဖြူရောင် ကမ္မနိမိတ် 143
စုတိကျပုံ (၄) မျိုး 145
သမ္မူဠှကာလကိရိယာ = တွေတွေဝေဝေဖြင့်
သေရခြင်း 146
ရေဦးနှစ်၍ အသတ်ခံရသူ 147
လဟုကမရဏ = လျင်လျင်မြန်မြန် သေရမှု 148
မူလဋီကာ၏ အကြောင်းပြချက် 149
ဂတိနိမိတ် 151
ပရမတ္ထဒီပနီ၏ ဝါဒ 153
ဂတိနိမိတ်ထင်သူ 153


**ပဋိသန္ဓေအကြောင်း သိကောင်းစရာ** 155


ပဋိသန္ဓေအမျိုးအစားနှင့် ထိုက်သင့်ရာဘုံဌာန 155
၄။ တစ်နည်း ပဋိသန္ဓေ၏ အာရုံ (၃) မျိုး 156
ကာမသုဂတိမှ ဒုဂ္ဂတိသို့ ဖြစ်ပုံအခြင်းအရာ 157
ရဟန္တာအရှင်မြတ်များ 160
ဒုဂ္ဂတိ ဂတိနိမိတ် 160
ငရဲမီးတောက်မီးလျှံ 161
ပဥ္စဒွါရ၌ နိမိတ်ထင်ပုံ 162
ဒုဂ္ဂတိမှ သုဂတိသို့ 167
ဘဝင်၏ အာရုံ 169
သုဂတိမှ သုဂတိသို့ 169
ပစ္စုပ္ပန်ကို အာရုံပြုသော ပဋိသန္ဓေ 172
ဝိပဿနာကံ၏ အာရုံ = ကမ္မနိမိတ် 173
ဘုရားအား ပူဇော်ခြင်း 174
ရူပဘုံမှ ကာမသုဂတိဘုံ, ရူပဘုံ, အရူပဘုံသို့ 174
အရူပဘုံမှ အရူပဘုံသို့, ကာမသုဂတိဘုံသို့ 176
သုဒ္ဓါဝါသ - ဖုး - မရ၊ အကနိဋ္ဌ - တု - မရ 178
စုတိနှင့် ပဋိသန္ဓေ အပေါင်း 178
ဒုဂ္ဂတိမှ ဒုဂ္ဂတိသို့ 180
နာနာက္ခဏိကနှင့် ဥပနိဿယ 180
ပဋိသန္ဓေ အမျိုးအစားများ 181
ကလလရေကြည် 182
ယောနိနှင့် ဂတိ 182
အနုဋီကာ၏ ဖြေရှင်းချက် 184

စက္ခုဒသကကလာပ် 185
မူလဋီကာနှင့် အနုဋီကာတို့၏ အယူအဆ 185
ဆန်းစစ်သင့်သော အရာများသာ ဖြစ်သည် 190
(က) ခန္ဓာ (၄)ပါးရှိသော အရူပဘုံအချင်းချင်း 191
ပြောင်းပြန် ယှဉ်စေထိုက်သော အနက် 193
ပြောင်းပြန် မယှဉ်စေထိုက်သော အနက် 194
ဘဝဟောင်းနှင့် ဘဝသစ် 194
တဏှာက ညွတ်စေမှု - ဟူသည် 196
သဟဇာတ သင်္ခါရတရားတို့က ပစ်ချမှု 196
ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ 197
စုတိနှင့် ပဋိသန္ဓေ 198
ဧကတာ - နာနတာ နတ္ထိ 200
ရရှိနိုင်သော အပြစ် 201
မေးမြန်းဖွယ်အချက် 202
မာတုလုင် 203
အကျိုးကို ခံစားတတ်သူ 205
သင်္ခါရ၏ ထင်ရှား ရှိမှု မရှိမှု 206
သမင်္ဂီ (၅) ပါး = သမင်္ဂိတာ (၅) ပါး 207
နိမိတ် အပြောင်းအလဲ 211
**အတ္ထနယ (၄) မျိုး = နည်း (၄) ထွေ** 213
၁။ ဧကတ္တနည်း 213
ဥစ္ဆေဒနှင့် သဿတဒိဋ္ဌိ 218
၂။ နာနတ္တနည်း 219
၃။ အဗျာပါရနည်း 220
သဘာဝနိယမဟူသည် 222
၄။ ဧဝံဓမ္မတာနည်း 222
ဘဝဇာတ်ခုံ၌ အဖြစ်မျိုးစုံ 226
အနုပ္ပါဒနိရောဓသဘော 228
သတိပြုပြီး မှတ်သားထားပါ 229
အနာဂတ်၌ အကြောင်းအကျိုး 235
အနာဂတ်ဘဝသည် ကျိန်းသေဖြစ်မှာလား 235
အဘယ်ကြောင့် အနာဂတ်ကို ရှုနေရပါသလဲ? 236
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ညွှန်ကြားချက် 238
အထူးသတိပြု၍ သိမ်းဆည်းရန် 238
တိဟိတ်-ဒွိဟိတ်-သောမနဿ-ဥပေက္ခာ 239
အကြောင်း အကျိုး သိမ်းဆည်းပုံ စနစ်များ 239
သာဓာရဏ အသာဓာရဏ၏ အစွမ်းဖြင့်
သိမ်းဆည်းနည်း 240
ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း 242
ကြိုတင် မှတ်သားထားရန် လိုရင်းအချက်များ 243
ဖဿ - နာမ် ရုပ် 244
ဧကစိတ္တက္ခဏိက - နာနာစိတ္တက္ခဏိက 246
အတိတ်အကြောင်း ပစ္စုပ္ပန်အကြောင်း 247
**အကြောင်း အကျိုး သိမ်းဆည်းပုံ –**
**ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း** 247
(ကလလရေကြည် တည်စခိုက်) ပဋိသန္ဓေ
ခန္ဓာငါးပါး 247
၁။ ပဋိသန္ဓေ ရူပက္ခန္ဓာ 249
၂။ ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ 250
အတိတ်အကြောင်းတရား (၅) ပါး 250
ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး 250
ဝတ္ထုအရ တရားကိုယ်ကောက်ယူပုံ 251
ဒွါရနှင့် ဝတ္ထု 253
အာရုံ 254
ဖဿ 255
၃။ ပဋိသန္ဓေ သညာက္ခန္ဓာ 256
၄။ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ 256
၅။ ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ 258
ဉာဏ်နုံ့သူများ 260
ဘဝင် ခန္ဓာ (၅) ပါး 260
ရှင်းလင်းချက် 261
၆ - ဒွါရ, ၄၂ - ကောဋ္ဌာသ - ရူပက္ခန္ဓာ 261
ဘဝင် ဝေဒနာက္ခန္ဓာ 262
အနန္တရအကြောင်းတရား 264
ရူပါရုံအရောင်လိုင်း ပဉ္စဒွါရာဝဇ္ဇန်း ခန္ဓာ(၅)ပါး 265
ရူပါရုံလိုင်း - စက္ခုဝိညာဏ် ခန္ဓာ (၅) ပါး 268
ဖဿ 269
အာလောက 269
မနသိကာရ - ဟူသည် 270
ရူပါရုံလိုင်း - သမ္ပဋိစ္ဆိုင်း ခန္ဓာ (၅) ပါး 272
ရူပါရုံလိုင်း - သန္တီရဏ ခန္ဓာ (၅) ပါး 274
ရူပါရုံလိုင်း - ဝုဋ္ဌော ခန္ဓာ (၅) ပါး 276

ရူပါရုံလိုင်း - ကုသိုလ်ဇော ခန္ဓာ (၅) ပါး (စက္ခုဒွါရဝီထိ) 278
ရူပါရုံလိုင်း - ကုသိုလ် ပထမဇော - ဝေဒနာက္ခန္ဓာ (စက္ခုဒွါရဝီထိ) 278
ရူပါရုံလိုင်း ကုသိုလ် ဒုတိယဇော - ဝေဒနာက္ခန္ဓာ (စက္ခုဒွါရဝီထိ) 281
အနန္တရအကြောင်း 281
ရူပါရုံလိုင်း ပထမတဒါရုံ ခန္ဓာ (၅) ပါး (စက္ခုဒွါရဝီထိ) 281
ယေဘုယျ မှတ်သားရန် 283
ရူပါရုံလိုင်း ဒုတိယတဒါရုံ - ဝေဒနာက္ခန္ဓာ (စက္ခုဒွါရဝီထိ) 284
ရူပါရုံကို အာရုံယူသည့် မနောဒွါရဝီထိများ 284
ဘဝင်မနောသမ္ဖဿ 286
ရူပါရုံလိုင်း မနောဒွါရဝီထိ - ကုသိုလ် ပထမဇော - ဝေဒနာက္ခန္ဓာ 287
ရူပါရုံလိုင်း - မနောဒွါရဝီထိ - ကုသိုလ် ဒုတိယဇော - ဝေဒနာက္ခန္ဓာ 287
ရူပါရုံလိုင်း မနောဒွါရဝီထိ - ပထမတဒါရုံ - ဝေဒနာက္ခန္ဓာ 288
သတ္တမဇော မနောသမ္ဖဿ (= ၃၄) နှင့် တဒါရုံ 289
ရူပါရုံလိုင်း မနောဒွါရဝီထိ - ဒုတိယတဒါရုံ - ဝေဒနာက္ခန္ဓာ 289
ရူပါရုံလိုင်း စက္ခုဒွါရဝီထိ - လောဘဒိဋ္ဌိအုပ်စု - ပထမ လောဘဇော ခန္ဓာ (၅) ပါး 291
ရူပါရုံလိုင်း စက္ခုဒွါရဝီထိ - လောဘဒိဋ္ဌိအုပ်စု - ပထမဇော - ဝေဒနာက္ခန္ဓာ 291
ရူပါရုံလိုင်း စက္ခုဒွါရဝီထိ - လောဘဒိဋ္ဌိအုပ်စု - ဒုတိယဇော - ဝေဒနာက္ခန္ဓာ 292
ရူပါရုံလိုင်း စက္ခုဒွါရဝီထိ - လောဘဇောနောင် ပထမတဒါရုံ ခန္ဓာ (၅) ပါး 293
ရူပါရုံလိုင်း စက္ခုဒွါရဝီထိ - လောဘဇောနောင် ဒုတိယတဒါရုံ - ဝေဒနာက္ခန္ဓာ 293
ရူပါရုံလိုင်း မနောဒွါရဝီထိ - ပထမလောဘဇော - ဝေဒနာက္ခန္ဓာ 294
ဒုတိယလောဘဇော - ဝေဒနာက္ခန္ဓာ 294
မနောဒွါရဝီထိ - ပထမတဒါရုံ - ဝေဒနာက္ခန္ဓာ 295
ဒုတိယတဒါရုံ - ဝေဒနာက္ခန္ဓာ 296
ယေဘုယျမှတ်သားရန် 296
အပြောင်းအလဲ 296
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - ပဉ္စဒွါရာဝဇ္ဇန်း - ဝေဒနာက္ခန္ဓာ 297
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - ပဉ္စဒွါရာဝဇ္ဇန်း - ဝိညာဏက္ခန္ဓာ 297
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - သောတဝိညာဏ် - ဝေဒနာက္ခန္ဓာ 297
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - သမ္ပဋိစ္ဆိုင်း - ဝေဒနာက္ခန္ဓာ 298
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - သမ္ပဋိစ္ဆိုင်း - သင်္ခါရက္ခန္ဓာ 298
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - သမ္ပဋိစ္ဆိုင်း - ဝိညာဏက္ခန္ဓာ 299
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - သန္တီရဏ - ဝေဒနာက္ခန္ဓာ 299
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - ကုသိုလ် ပထမဇော - ဝေဒနာက္ခန္ဓာ 300
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ - ပထမတဒါရုံ - ဝေဒနာက္ခန္ဓာ, ဒုတိယတဒါရုံ - ဝေဒနာက္ခန္ဓာ 300, 301
သဒ္ဒါရုံလိုင်း - မနောဒွါရဝီထိ - မဟာကုသိုလ် ဒုတိယဇော - ဝေဒနာက္ခန္ဓာ 301
သဒ္ဒါရုံလိုင်း - မနောဒွါရဝီထိ - မဟာကုသိုလ် ဇောနောင် ဒုတိယတဒါရုံ - ဝေဒနာက္ခန္ဓာ 302
ဂန္ဓာရုံလိုင်း - ဃာနဒွါရဝီထိ - ပဉ္စဒွါရာဝဇ္ဇန်း - ဝေဒနာက္ခန္ဓာ 302
ဂန္ဓာရုံလိုင်း - ဃာနဒွါရဝီထိ - ဃာနဝိညာဏ် - ဝေဒနာက္ခန္ဓာ 303
ဂန္ဓာရုံလိုင်း - ဃာနဒွါရဝီထိ - သမ္ပဋိစ္ဆိုင်း - ဝေဒနာက္ခန္ဓာ 303
ဂန္ဓာရုံလိုင်း - ဃာနဒွါရဝီထိ - သန္တီရဏ - ဝေဒနာက္ခန္ဓာ 303

ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ - ဇိဝှါဝိညာဏ် - ဝေဒနာက္ခန္ဓာ 304
ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ - သမ္ပဋိစ္ဆိုင်း - ဝေဒနာက္ခန္ဓာ 305
ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ - သန္တီရဏ - ဝေဒနာက္ခန္ဓာ 305
ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ - မဟာကုသိုလ် ဒုတိယဇော - ဝေဒနာက္ခန္ဓာ 305
ရသာရုံလိုင်း မနောဒွါရဝီထိ - မဟာကုသိုလ် ဒုတိယဇော - ဝေဒနာက္ခန္ဓာ 306
ရသာရုံလိုင်း မနောဒွါရဝီထိ - မဟာကုသိုလ် ဒုတိယဇော - ဝိညာဏက္ခန္ဓာ 306
ဖောဋ္ဌဗ္ဗာရုံလိုင်း ကာယဒွါရဝီထိ - ပဉ္စဒွါရာဝဇ္ဇန်း - ဝေဒနာက္ခန္ဓာ 306
ပထဝီဓာတ် - အာကာသဓာတ် - ဝါယောဓာတ် - အာပေါဓာတ် 307-308
ဖောဋ္ဌဗ္ဗာရုံလိုင်း ကာယဒွါရဝီထိ - သမ္ပဋိစ္ဆိုင်း - ဝေဒနာက္ခန္ဓာ 308
ဖောဋ္ဌဗ္ဗာရုံလိုင်း ကာယဒွါရဝီထိ - သန္တီရဏ - ဝေဒနာက္ခန္ဓာ 308
ဖောဋ္ဌဗ္ဗာရုံလိုင်း ကာယဒွါရဝီထိ - ဒုတိယဇော - ဝေဒနာက္ခန္ဓာ 308
ဖောဋ္ဌဗ္ဗာရုံလိုင်း မနောဒွါရဝီထိ - ဒုတိယဇော - ဝေဒနာက္ခန္ဓာ 309
ဖောဋ္ဌဗ္ဗာရုံလိုင်း မနောဒွါရဝီထိ - ဒုတိယတဒါရုံ - ဝေဒနာက္ခန္ဓာ 309
ဓမ္မာရုံလိုင်း မနောဒွါရဝီထိ - မနောဒွါရာဝဇ္ဇန်း - ဝေဒနာက္ခန္ဓာ 310
ဓမ္မာရုံလိုင်း မနောဒွါရဝီထိ - ပထမဇော - ဝေဒနာက္ခန္ဓာ 310
ဓမ္မာရုံလိုင်း မနောဒွါရဝီထိ - ဒုတိယဇော - ဝေဒနာက္ခန္ဓာ 310
ဓမ္မာရုံလိုင်း မနောဒွါရဝီထိ - ဒုတိယဇော - ဝိညာဏက္ခန္ဓာ 311
ဓမ္မာရုံလိုင်း ပထမဈာနသမာပတ္တိ မနောဒွါရဝီထိ ဈာန်ဇော - ဝေဒနာက္ခန္ဓာ 313
ပထမအတိတ်မှ ဒုတိယအတိတ်သို့ 316
ဝိဇ္ဇာမျိုးစေ့ - စရဏမျိုးစေ့များကို သတိပြုကြည့်ပါ 316
ဥပပီဠကကံ = ကပ်၍ ညှဉ်းဆဲတတ်သောကံ 317
တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာများ 319
နက်လည်း နက်၏ - ခက်လည်း ခက်၏ 320
အဝိဇ္ဇာ - တဏှာ - ဥပါဒါန် 322
ဥပတ္ထမ္ဘကကံ 322
အားရကျေနပ်ဖွယ် အချက်တစ်ရပ် 324
သံသရာကွေ့များ၌ လောကဓံလေလှိုင်းများ 324
ရူပါဝစရ ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရ 326
အနာဂတ်သို့ ဉာဏ်ကို စေလွှတ်ပါ 327
သတိပြုရန် အချက်တစ်ရပ် 328
အပါယ် ဒုဂ္ဂတိဘဝ ပဋိသန္ဓေ 329
အနာဂတ် အပြောင်းအလဲ 330
ရူပါဝစရ - (၁၆) ဘုံ 331
ပရိတ္တ - မဇ္ဈိမ - ပဏီတ 331
အာနဉ္ဇာဘိသင်္ခါရ 332
အနာဂတ်မှ အနာဂတ်သို့ 333
အဝိဇ္ဇာယတွေ့ဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော 334
အလွန်ရနိုင်ခဲသော အခွင့်ကောင်းကြီးတစ်ရပ် 334
အထူးမှာထားချက် 335
**သေသူနှင့် ရှင်သူ** 336

# ပဋိစ္စသမုပ္ပါဒ်ပိုင်း – အပိုင်း (ခ)


**ပဋိစ္စသမုပ္ပါဒ် ပထမနည်း**
**အနုလောမ ပဋိစ္စသမုပ္ပါဒ်ရှုကွက်** 337
အဝိဇ္ဇာ 337
အဝိဇ္ဇာ၏ အကြောင်းရင်း 338
အာသဝ - ဟူသည် 339
ထပ်မံရှင်းလင်းချက် 341
သောကစသည် ဖြစ်ကြောင်း 343
တစ်နည်းအဖြေ 344
ကာမာသဝကြောင့် သောကစသည်ဖြစ်ပုံ 344
ဒိဋ္ဌာသဝကြောင့် သောကစသည်ဖြစ်ပုံ 344
ဘဝါသဝကြောင့် သောကစသည် ဖြစ်ပုံ 345
ပုဗ္ဗနိမိတ် (၅) ပါး 345
အဝိဇ္ဇာသဝကြောင့် သောကစသည် ဖြစ်ပုံ 346
အဝိဇ္ဇာကို အစထား၍ ဟောတော်မူရခြင်း
အကြောင်း 347
အကြောင်းပြချက် 348
ဆိုလိုသည့်သဘောတရား 349
အဝိဇ္ဇာကို မူလထား၍ ဟောကြားထားတော်မူပုံ 350
တဏှာကို မူလထား၍ ဟောကြားထားတော်မူပုံ 350
အဝိဇ္ဇာ တဏှာ နှစ်မျိုးလုံးကို မူလထား၍
ဟောကြားထားတော်မူပုံ 350
အဝိဇ္ဇာ၏ သဘောလက္ခဏာ 351
အဝိဇ္ဇာ၏ စွမ်းအင် 355
**အဝိဇ္ဇာပစ္စယာ သင်္ခါရာ** 356
ပရိဝီမံသနသုတ္တန် 357
ဝိဘင်္ဂသုတ္တန် 358
ဤအဘိဓမ္မာမည်သည် 358
ပုညာဘိသင်္ခါရ ဒါနမယ ကုသိုလ်စေတနာ 359
သီလမယ ကုသိုလ်စေတနာ 359
ဘာဝနာမယ ကုသိုလ်စေတနာ 359
အပုညာဘိသင်္ခါရ 360
အာနေဉ္ဇာဘိသင်္ခါရ 360
ဒါနမယစေတနာ 361
ကာယသင်္ခါရ = ကာယသဉ္စေတနာ 362
ဝစီသင်္ခါရ = ဝစီသဉ္စေတနာ 362
အဘိညာဉ်စေတနာနှင့် ဥဒ္ဓစ္စစေတနာ 362
တိုက်ချင်း ယှဉ်တွဲပုံ 364
အမေး - အဖြေ 364
တစ်နည်း အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်ပုံ 365
အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ပုံ 366
အဝိဇ္ဇာကြောင့် အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ပုံ 367
သဘောပေါက်လွယ်သည့် ပုံစံ (၁) ခု 368
သဘာဝေါဝါယံ စိတ္တဿ ပဏ္ဍရတာ 368
ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ (ဝီထိစဉ်ဇယား) 370
**ပဋ္ဌာန်းပစ္စည်းများ** 373
(၂၄) ပစ္စည်း ဥဒ္ဒေသပါဠိတော် 373
ဟေတုပစ္စည်း 373
ပစ္စယ = ပစ္စည်း 373
ဥပကာရကလက္ခဏာ 374
မူလဋ္ဌ = အရင်းအမြစ် အနက်သဘော 374
ပစ္စည်းနှင့် ပစ္စယုပ္ပန် 375
ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သ္နေဟော 375
အာရမ္မဏပစ္စည်း 377
အဓိပတိပစ္စည်း 378
စိတ်ဓာတ်ကို ပြုပြင်ပေးပါ 379
တိုက်တွန်းချက် 380
အာရမ္မဏာဓိပတိပစ္စည်း 380
အနန္တရပစ္စည်း - သမနန္တရပစ္စည်း 381
အနှစ်သာရအားဖြင့် မှတ်သားရန် 381
ထူးသောအကြောင်း ရိုးရာအကြောင်း 382
ဝါဒန္တရ အယူအဆများ 382
အကျဉ်းချုပ် မှတ်သားရန် 384
နိရောဓသမာပတ်နှင့် အသညသတ်
(မူလဋီကာ၏ အယူအဆ) 384
သဟဇာတပစ္စည်း 386
အညမညပစ္စည်း 388
အချင်းချင်း ကောက်ယူပုံ 389
နိဿယပစ္စည်း 390

| | |
|---|---|
| ဥပနိဿယပစ္စည်း | 392 |
| (၁) အာရမ္မဏူပနိဿယ | 392 |
| ထူးခြားမှု - မှတ်သားရန် | 394 |
| ဥတု - ဘောဇဉ် - ပုဂ္ဂလ - သေနာသန | 395 |
| ပုရေဇာတပစ္စည်း | 396 |
| ပစ္ဆာဇာတပစ္စည်း | 397 |
| ဣရိယာပထပိုင်း - သမ္မဇညပိုင်း | 399 |
| အာသေဝနပစ္စည်း | 399 |
| ကမ္မပစ္စည်း | 400 |
| သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ | 402 |
| ဝိပါက်စေတနာ - ကြိယာစေတနာ | 403 |
| ဝိပါကပစ္စည်း | 404 |
| ရှင်းလင်းချက် | 404 |
| အတိုချုပ် မှတ်သားရန် | 405 |
| အာဟာရပစ္စည်း | 406 |
| ဥပတ္ထမ္ဘကတ္တ - သဘော | 407 |
| ဣန္ဒြိယပစ္စည်း | 408 |
| ဈာနပစ္စည်း | 411 |
| မဂ္ဂပစ္စည်း | 413 |
| သမ္ပယုတ္တပစ္စည်း | 414 |
| နောက်တစ်နည်း ဖွင့်ဆိုထားပုံ | 416 |
| ဝိပ္ပယုတ္တပစ္စည်း | 417 |
| ရူပါရုံစသည်တို့သည် ဝိပ္ပယုတ္တပစ္စည်း မဖြစ် | 418 |
| အတ္ထိပစ္စည်း | 419 |
| နိဗ္ဗတ္တတာလက္ခဏ - အတ္ထိဘာဝ | 420 |
| ဥပလဗ္ဘမာနတာလက္ခဏ - အတ္ထိဘာဝ | 420 |
| ပစ္စုပ္ပန္နလက္ခဏ - အတ္ထိဘာဝ | 421 |
| ဥပတ္ထမ္ဘကတ္တ | 421 |
| အတ္ထိပစ္စည်း (၆) မျိုး | 421 |
| အတ္ထိပစ္စည်း (၂) မျိုး ခွဲပုံ | 423 |
| နာမ်အတ္ထိပစ္စည်း - ရုပ်အတ္ထိပစ္စည်း | 425 |
| နတ္ထိပစ္စည်း | 426 |
| နာမ်တရားတို့၏ ဓမ္မတာ | 426 |
| ဝိဂတပစ္စည်း | 427 |
| အဝိဂတပစ္စည်း | 427 |
| နတ္ထိ - ဝိဂတ။ အတ္ထိ - အဝိဂတ။ | 427 |
| ပစ္စည်း (၆) မျိုး | 428 |
| ဓမ္မအားဖြင့် ခွဲပုံ | 429 |
| ကာလအားဖြင့် ခွဲပုံ | 429 |
| ပစ္စယုပ္ပန်အားဖြင့် ခွဲပုံ | 429 |
| ဇနက ဥပတ္ထမ္ဘကအားဖြင့် ခွဲပုံ | 429 |
| (၂၄) ပစ္စည်း အကျဉ်းချုပ် | 430 |
| **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** | 431 |
| ရှုကွက်မှာ ဤသို့ဖြစ်၏ | 432 |
| အပုညာဘိသင်္ခါရ | 434 |
| သတိပြုရန်အချက် | 437 |
| မေးမြန်းဖွယ် အချက်တစ်ရပ် | 440 |
| ဌာန - အဝိရုဒ္ဓ, ဌာန - ဝိရုဒ္ဓ | 441 |
| သဘာဝ - အဝိရုဒ္ဓ, ကိစ္စ - အဝိရုဒ္ဓ | 442 |
| သဒိသ - ပစ္စယ | 442 |
| အသဒိသ - ပစ္စယ | 443 |
| စုတေခြင်း၌ တွေ့ဝေခြင်း | 443 |
| ပဋိသန္ဓေတည်နေခြင်း၌ တွေ့ဝေခြင်း | 443 |
| သံသရာ၌ တွေ့ဝေခြင်း | 444 |
| သင်္ခါရတရားတို့၏ လက္ခဏာ၌ တွေ့ဝေခြင်း | 444 |
| ပဋိစ္စသမုပ္ပန္နဓမ္မတို့၌ တွေ့ဝေခြင်း | 444 |
| **သင်္ခါရပစ္စယာ ဝိညာဏံ** | 447 |
| အဘယ်ကြောင့် သိနိုင်ပါသလဲ၊ | 448 |
| ပဝတ္တိ - ပဋိသန္ဓေ ဝိပါက်ဝိညာဏ် | 449 |
| ဖြစ်ပုံအခြင်းအရာ | 449 |
| တဒါရုံ၌ သတိပြု၍ မှတ်သားသင့်သော အချက် | 451 |
| ယေဘုယျ - အကုသိုလ်ဇောနောင် အဟိတ်တဒါရုံ | 451 |
| အာဝဇ္ဇန်းနှင့် ဇော | 451 |
| ပဋိသန္ဓေ - ပဝတ္တိ ဝိပါက်ဝိညာဏ် | 452 |
| အတ္ထိဘာဝသဘော | 453 |
| အကြောင်း အကျိုး သိမ်းဆည်းပုံ ပုံစံများ | 454 |
| ခြုံ၍ အကြောင်း အကျိုး သိမ်းဆည်းပုံ | 455 |
| တစ်နည်း ခွဲ၍ အကြောင်းအကျိုး သိမ်းဆည်းပုံ | 456 |
| နာနာက္ခဏိကကမ္မပစ္စယသတ္တိ, ဥပနိဿယပစ္စယသတ္တိ | 457 |

ပြုပြီးခြင်းသည်သာလျှင် လိုရင်းဖြစ်သည် 458
**ဝိညာဏပစ္စယာ နာမရူပံ** 459
ဝိညာဏ်အရ - တရားကိုယ်ကောက်ယူပုံ 459
ရုပ်-အရ တရားကိုယ်ကောက်ယူပုံ 460
နာမ်-အရ တရားကိုယ်ကောက်ယူပုံ 461
မေးမြန်းဖွယ် အချက်တစ်ရပ် 462
ပဋိသန္ဓေအခိုက် ရှုကွက် 462
၁။ ဝိညာဏပစ္စယာ - နာမရူပံ -
(က) ကမ္မဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံ 467
ခြုံ၍ရှုသော ရှုကွက်ပုံစံ အချို့ 468
ခွဲ၍ရှုပုံ ပုံစံအချို့ 469
(ခ) ဝိညာဏပစ္စယာ ရူပံ 469
(ဂ) ဝိညာဏပစ္စယာ နာမံ 471
သင်္ခါရနှင့် ကမ္မဘဝ = ကံ 471
၂။ သဟဇာတဝိညာဏ်ကြောင့် သဟဇာတ
နာမ်ရုပ် ဖြစ်ပုံ ရှုကွက်ပုံစံအချို့ 472
၃။ ပစ္ဆာဇာတ ဝိညာဏ် ဖြစ်ခြင်းကြောင့်
ရုပ် ဖြစ်ပုံ 473
စိတ္တက္ခဏခွဲ၍ အကြောင်း အကျိုး
သိမ်းဆည်းပုံ 474
ပစ္စယနယ = ပစ္စယသတ္တိ 475
အဘယ်ကြောင့် သိနိုင်ပါသလဲ? 476
**နာမရူပပစ္စယာ သဠာယတနံ** 479
ရှင်းလင်းချက်များ 479
တစ်နည်းကောက်ယူပုံ 480
အဘယ်ကြောင့် သိနိုင်ပါသနည်း 481
ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံ 482
ပြည်ဆရာတော်ဘုရားကြီး၏ မှာတမ်း 482
နာမ်က သဠာယတနအား ကျေးဇူးပြုပုံ 482
အဝိပါကနာမ် - အဝိပါကမနာယတန 483
မကြွင်းမကျန်စေလိုပါ 484
ရုပ်က သဠာယတနအား ကျေးဇူးပြုပုံ 485
ရုပ်က မနာယတနအား ကျေးဇူးပြုပုံ 486
နာမ်ရုပ်က သဠာယတနအား ကျေးဇူးပြုပုံ 486
ရုပ်က ရုပ်အာယတန (၅)ပါးအား ကျေးဇူးပြုပုံ487
အကြောင်း အကျိုး သိမ်းဆည်းပုံ ရှုကွက် 487
၁။ နာမ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ 488
၂။ နာမ် ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်ပုံ 489
၃။ ရုပ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ 491
တစ်နည်း အာယတနဒွါရအလိုက် ခွဲရှုပုံ 492
၄။ ရုပ် ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်ပုံ 493
၅။ နာမ်ရုပ် ဖြစ်ခြင်းကြောင့် မနာယတနဖြစ်ပုံ 495
**သဠာယတနပစ္စယာ ဖဿော** 497
မဟာဝိဟာရဝါသီ ဆရာမြတ်တို့အယူ 498
ဖဿောဟု ဧကဝုစ် ဟောတော်မူခြင်း 499
ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ 499
ကြိုတင်မှတ်သားထားရန် 500
အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံ 500
**ဖဿပစ္စယာ ဝေဒနာ** 506
စက္ခုသမ္ဖဿဇာ ဝေဒနာ 506
စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ 507
ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ 507
သဟဇာတဖဿ 508
အာရမ္မဏူပနိဿယ - ပကတူပနိဿယ 509
ပဋိသန္ဓေ - ဘဝင် - စုတိ 509
မနောဒွါရာဝဇ္ဇန်း - မနောသမ္ဖဿ 510
ကြိုတင်သိထားသင့်သော လိုရင်းအချက်များ 511
၁။ စက္ခုသမ္ဖဿ 511
၂။ စက္ခုသမ္ဖဿဇာ ဝေဒနာ 511
၃။ စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ 511
ကုသိုလ် အကုသိုလ် အဗျာကတ ဝေဒနာ 512
ပဉ္စဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော ဝေဒနာ 512
ဝိဘင်းပါဠိတော် အဋ္ဌကထာ ဋီကာ အဆို 513
အကြောင်း အကျိုး သိမ်းဆည်းပုံ 513
တစ်နည်း မနောသမ္ဖဿ =
ဘဝင် မနောသမ္ဖဿ 514
စိတ္တက္ခဏခွဲ၍ အကြောင်း အကျိုး
သိမ်းဆည်းပုံ 515
ဖဿတို့၏ စွမ်းအင်များ 516
၁။ ဥပနိဿယကောဋ္ဌိ 516
၂။ သမတိက္ကမ 517
၃။ ဘာဝနာစွမ်းအား 517

**ဝေဒနာပစ္စယာ တဏှာ** 519
ဝေဒနာကြောင့် တဏှာဖြစ်ပုံ 520
တစ်နည်း ဝေဒနာ (၃) မျိုးလုံးကို ကောက်ယူပုံ 520
အနုသယဓာတ်ရှိသူ၌သာ 521
ကြိုတင်သတိပြုရန် 522
အနာဂတ် ဝဋ္ဋကထာပိုင်း 522
အကြောင်း အကျိုး သိမ်းဆည်းပုံ 522
မဟာကစ္စာနဘဒ္ဒေကရတ္တသုတ္တန် 523
**တဏှာပစ္စယာ ဥပါဒါနံ** 525
၁။ ကာမုပါဒါန် 525
၂။ ဒိဋ္ဌုပါဒါန် 525
၃။ သီလဗ္ဗတုပါဒါန် 526
၄။ အတ္တဝါဒုပါဒါန် 527
သက္ကာယဒိဋ္ဌိ (၂၀) 528
ရူပက္ခန္ဓာ၌ စွဲလမ်းပုံ = သက္ကာယဒိဋ္ဌိ
ဖြစ်ပုံ (၄) မျိုး 528
သဘောပေါက်ရန် ထပ်မံ ရှင်းလင်းချက် 529
ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး 530
သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး 530
သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး 531
ပုံစံ (၁) ခု 533
ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး 533
ခန္ဓာ (၅) ပါးလုံး အပေါ်၌ စွဲယူမှု 534
သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ 535
မဂ်ကို တားနိုင်သည် 536
ဥပ္ပတ္တိက္កမ - ပဟာနက္ကမ - ဒေသနာက္ကမ 536
ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ 537
အကြောင်း အကျိုး သိမ်းဆည်းပုံ 538
တစ်နည်း ခွဲ၍ အကြောင်း အကျိုး
သိမ်းဆည်းပုံ 539
တစ်နည်းအားဖြင့် ရှုကွက် 540
**ဥပါဒါနပစ္စယာ ဘဝေါ** 542
ဘဝဟူသည် 542
ကမ္မဘဝ တရားကိုယ် 542
ဥပပတ္တိဘဝ တရားကိုယ် 543
ဘဝကြီး (၉) ပါး 543
အကျိုးရှိသော ဟောစဉ် 544
ဥပါဒါန်နှင့် ဘဝအပြား 545
ပုထုဇ္ဇနော ဥမ္မတ္တကော 545
ကာမုပါဒါန်နှင့် အပါယ်သံသရာ 546
ကာမုပါဒါန်နှင့် သုဂတိ 546
ကာမုပါဒါန်နှင့် ရူပဘဝ အရူပဘဝ 547
ဒိဋ္ဌုပါဒါန်နှင့် ကာမ - ရူပ - အရူပ ကမ္မဘဝ
ဥပပတ္တိဘဝ 547
အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ 547
သီလဗ္ဗတုပါဒါန်ကြောင့် ဘဝဖြစ်ပုံ 548
ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ 548
အကြောင်း အကျိုး သိမ်းဆည်းပုံ 549
ကာမုပါဒါန်နှင့် ရူပဘဝ 550
**ဘဝပစ္စယာ ဇာတိ** 552
ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ 552
အမေးနှင့် အဖြေ 552
**ဇာတိပစ္စယာ ဇရာမရဏံ** 554
ဇရာမရဏကို အင်္ဂါတစ်ပါးသာ ပြုပုံ 554
အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံ 554
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ 557
ဘဝစက်လည်ပတ်ပုံ 558
ကာရက ဝေဒကမှ ကင်းဆိတ်မှု 558
ဓုဝ - သုဘ - သုခ - အတ္တတို့မှ ဆိတ်၏ 558
မူလ (၂) ပါး 559
အခွန့်ကာလ (၃) ပါး 561
အင်္ဂါ (၁၂) ပါး 561
အစပ် (၃) ပါး 561
အလွှာ (၄) ပါး 561
ခြင်းရာ (၂၀) 562
ဇယားအမှတ် (၁) 563
ဇယားအမှတ် (၂) 564
ဇယားအမှတ် (၃) 565
ဝဋ် (၃) ပါး လည်ပတ်ပုံ 566
သစ္စပ္ပဘဝ = သစ္စာအမွန်အစ 568
ကိစ္စအားဖြင့် သိသင့်ပုံ 569
ကိစ္စ (၂) မျိုး 571

မိစ္ဆာအယူကို တားမြစ်ကြောင်းတရား 571
ဥပမာအားဖြင့် သိသင့်ပုံ 572
ဥပမာ တစ်နည်းဖြင့် ပြဆိုခြင်း 573
နက်နဲခြင်း (၄) ရပ် 576
၁။ အတ္ထဂမ္ဘီရတာ 576
၂။ ဓမ္မဂမ္ဘီရတာ 577
၃။ ဒေသနာဂမ္ဘီရတာ 577
၄။ ပဋိဝေဓဂမ္ဘီရတာ 578
အတိတ်အဆက်ဆက် -
အနာဂတ်အဆက်ဆက်သို့ 582
အနာဂတ် ရှုကွက်ပုံစံများ 584
ပဋိစ္စသမုပ္ပါဒ် ဒုတိယနည်း - ပဋိလောမ
ပဋိစ္စသမုပ္ပါဒ် ရှုကွက် 586
ပဋိစ္စသမုပ္ပါဒ် တတိယနည်း - အနုလောမ
ပဋိစ္စသမုပ္ပါဒ် 587
အစပ်တစ်ခု၊ အလွှာနှစ်ခု 588
လောကသုတ္တန် 588
လောကဖြစ်ပုံ 589
လောကချုပ်ပုံ 589
ပဋိစ္စသမုပ္ပါဒ် စတုတ္ထနည်း - ပဋိလောမ
ပဋိစ္စသမုပ္ပါဒ် 591
**ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ** 592
ပဋ္ဌာန်း (၂) ချက်စု 592
သဟဇာတကြီး (၄) မျိုး 592
သဟဇာတလတ် (၄) မျိုး 593
သဟဇာတငယ် (၇) မျိုး 594
အာရမ္မဏ (၈) မျိုး သို့မဟုတ် (၁၁) မျိုး 594
အနန္တရမျိုး (၇) မျိုး 595
ဝတ္ထုမျိုး (၆) မျိုး 595
ပစ္ဆာဇာတမျိုး (၄) မျိုး 596
နာနာက္ခဏိကကမ္မမျိုး (၆) မျိုး 596
ရူပအာဟာရမျိုး (၃) မျိုး 596
ရူပဇီဝိတိန္ဒြိယမျိုး (၃) မျိုး 596
ပကတူပနိဿယ 597
အတိုချုပ် ရှင်းလင်းချက် 597
ကြိုတင်သိမှတ်ထားရန် 598
ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ 599
တိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် = ရူပက္ခန္ဓာ 599
ပဋိသန္ဓေ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား
တည်နေရပုံ 601
ကာမတိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး
ဖြစ်ပေါ်တည်နေရပုံ 602
ဘဝင်ခန္ဓာ (၅) ပါး - ဘဝင် ရူပက္ခန္ဓာ 603
ဘဝင် - ပဝတ္တိ ကမ္မဇရုပ်တို့၏
ဖြစ်ပေါ်တည်နေရပုံ 603
ဘဝင် - စိတ္တဇရုပ်တို့ ဖြစ်ပေါ်တည်နေရပုံ 604
ဘဝင် - ဥတုဇရုပ် အာဟာရဇရုပ်တို့၏
ဖြစ်ပေါ်တည်နေရပုံ 605
ဘဝင်နာမက္ခန္ဓာ (၄) ပါး 606
ပဉ္စဒွါရိကဝီထိစိတ် 607
ရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ -
ကြိုတင်သိမှတ်ထားရန် 607
ပဉ္စဒွါရာဝဇ္ဇန်း - ရူပက္ခန္ဓာ 608
ပဉ္စဒွါရာဝဇ္ဇန်း - စိတ္တဇရုပ် 608
ပဉ္စဒွါရာဝဇ္ဇန်း - ဥတုဇရုပ် - အာဟာရဇရုပ် 609
ပဉ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄) ပါး 610
ဒွေပဉ္စဝိညာဏ် - ရူပက္ခန္ဓာ (ပဝတ္တိ ကမ္မဇရုပ်) 611
ဒွေပဉ္စဝိညာဏ် - ဥတုဇရုပ် အာဟာရဇရုပ် 611
ဒွေပဉ္စဝိညာဏ် - နာမက္ခန္ဓာ (၄) ပါး 612
သမ္ပဋိစ္ဆိုင်း ခန္ဓာ (၅)ပါး 613
သမ္ပဋိစ္ဆိုင်း - ရူပက္ခန္ဓာ - စိတ္တဇရုပ် 613
သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ (၄)ပါး 614
သန္တီရဏ ခန္ဓာ (၅)ပါး - ရူပက္ခန္ဓာ စိတ္တဇရုပ် 615
သန္တီရဏ နာမက္ခန္ဓာ (၄) ပါး 616
ဝုဋ္ဌော ခန္ဓာ (၅)ပါးမှ - ရူပက္ခန္ဓာ - စိတ္တဇရုပ် 617
ဝုဋ္ဌော နာမက္ခန္ဓာ (၄) ပါး 618
(ပဉ္စဒွါရိက) မဟာကုသိုလ် ပထမဇော
ခန္ဓာ (၅) ပါး - ရူပက္ခန္ဓာ - စိတ္တဇရုပ် 619
ပဉ္စဒွါရိက မဟာကုသိုလ် ပထမဇော
နာမက္ခန္ဓာ (၄) ပါး 620
လောဘမူ ပထမဇော နာမက္ခန္ဓာ (၄) ပါး 622
ဒေါသဇော နာမက္ခန္ဓာ (၄) ပါး 624

မောဟမူဒွေ နာမက္ခန္ဓာ (၄) ပါး 625
အဟိတ် ပထမတဒါရုံ ရူပက္ခန္ဓာ - စိတ္တဇရုပ် 626
သဟိတ် - ပထမတဒါရုံ - ရူပက္ခန္ဓာ -
စိတ္တဇရုပ် 627
အဟိတ် ပထမတဒါရုံ - နာမက္ခန္ဓာ (၄) ပါး 628
သဟိတ် မဟာဝိပါက် တဒါရုံနာမက္ခန္ဓာ (၄)ပါး 629
ကာမဇော မနောဒွါရိကစိတ်များ 631
မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄) ပါး 631
မနောဒွါရိက မဟာကုသိုလ် ပထမဇော
နာမက္ခန္ဓာ (၄) ပါး 632
ဈာနဝီထိ 637
မဟဂ္ဂုတ် ကုသိုလ်ဇော နာမက္ခန္ဓာ (၄) ပါး 638
အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး 642
ဒွိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး 643
ရူပပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး ဖြစ်ပေါ်ပုံ 645
အရူပ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး 647
အသညသတ် ပဋိသန္ဓေ 648
အဟိတ် ဘဝင် နာမက္ခန္ဓာ 649
ဒွိဟိတ် ဘဝင် နာမက္ခန္ဓာ 650
ရူပ ဘဝင် နာမက္ခန္ဓာ 651
အရူပ ဘဝင် နာမက္ခန္ဓာ 653
အဟိတ် စုတိ ဖြစ်ပေါ်လာပုံ 655
ဒွိဟိတ် စုတိ ဖြစ်ပေါ်လာပုံ 656
ကာမ တိဟိတ် စုတိ (၄) ခု ဖြစ်ပေါ်လာပုံ 656
ရူပ စုတိ (၅) ခု ဖြစ်ပေါ်လာပုံ 657
အရူပ စုတိ (၄) ခု ဖြစ်ပေါ်လာပုံ 658
မှီငြမ်းပြုစရာ ကျမ်းစာ 659
အသမ္မောဟ သမ္ပဇဉ်ဉာဏ်ကို ရရှိရန် 660
ဓမ္မဋ္ဌိတိဉာဏ် 661
သုသိမပရိဗ္ဗာဇကသုတ္တန် 661
ဆိုလိုရင်းသဘောတရား 662
နိဿယဆရာတော်များ၏ သုံးသပ်ချက် 665
ယုံမှားခြင်း ဝိစိကိစ္ဆာတရား (၁၆) ပါးကို
ပယ်နိုင်သည် 666
ခေတ္တ ရပ်နားကြည့်ပါ 671
ဉာတပရိညာစခန်းသို့ ဆိုက်ပြီ 671
ဓမ္မဋ္ဌိတိဉာဏ် 674
ယထာဘူတဉာဏ် 675
သမ္မာဒဿနဉာဏ် 677
ယထာဘူတဉာဏ - သမ္မာဒဿန -
ကင်္ခါဝိတရဏ 677
စူဠသောတာပန် စခန်းသို့ ဆိုက်ပြီ 678
ပြည်ဆရာတော်ဘုရားကြီး၏ အာသီသကထာ 680
**မှတ်သားဖွယ်ရာ အက္ခရာစဉ် အညွှန်း** 681


**မာတိကာ ပြီး၏။**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဗ္ဗာနဂါမိနိပဋိပဒါ – တတိယတွဲ

## နိဒါနကထာ

### မြတ်စွာဘုရားသည် တရားတော်၏ နက်နဲပုံကို လေးနက်စွာ ဆင်ခြင်တော်မူခြင်း

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည့် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှ သတ္တသတ္တာဟ = ခုနစ်ရက် ခုနစ်လီ = (၄၉)ရက် လွန်မြောက်၍ ရက်ပေါင်း (၅၀)သို့ ရောက်သော ဝါဆိုလဆန်း (၆)ရက် ကြာသပတေးနေ့ နံနက်ခင်းအခါဝယ် လင်းလွန်းပင်ရင်း၌ သီတင်းသုံးထိုင်နေရာမှ ထတော်မူပြီးလျှင် တစ်ဖန် အဇပါလနိဂြောဓ အမည်ရသည့် ဆိတ်ကျောင်းညောင်ပင်ရင်းသို့ပင် ကြွသွား ချဉ်းကပ်တော်မူလျက် ထိုအဇပါလညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေကာ ထိုင်လျက် သီတင်းသုံးတော်မူလိုက်၏။ ထိုအခါ နား မျက်စိ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်မိကာ တစ်ပါးထီးတည်း ကိန်းအောင်း စံနေတော်မူသော မြတ်စွာဘုရားရှင်၏ သန္တာန်တော်ဝယ် ဤသို့သော စိတ်အကြံ အစည်သည် ဖြစ်တော်မူ၏ —

“အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော၊ အာလယရာမာ ခေါ ပနာယံ ပဇာ အာလယရတာ အာလယသမ္မုဒိတာ၊ အာလယရာမာယ ခေါ ပန ပဇာယ အာလယရတာယ အာလယသမ္မုဒိတာယ ဒုဒ္ဒသံ ဣဒံ ဌာနံ ယဒိဒံ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေါ၊ ဣဒမ္ပိ ခေါ ဌာနံ ဒုဒ္ဒသံ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။ အဟဉ္စေဝ ခေါ ပန ဓမ္မံ ဒေသေယျံ၊ ပရေ စ မေ န အာဇာနေယျုံ၊ သော မမဿ ကိလမထော၊ သာ မမဿ ဝိဟေသာ”တိ။ (ဝိ-၃-၅။ ဒီ-၂-၃၁။)

“သမ္မာသမ္ဗောဓိ ဉာဏ်တော်မြတ်ဖြင့် ငါဘုရားရှင် ကိုယ်တော်တိုင် ထိုးထိုးထွင်းထွင်း လင်းလင်းထင်ထင် သိမြင်အပ်ပြီးသော ဤသစ္စာလေးပါး တရားအစုသည် မြေအထုကို ခံလင့်သော ရေထုပမာ နက်နဲလှစွာ၏၊ မြင်းမိုရ်တောင်ကြီးဖြင့် ဖုံးအုပ်၍ ထားအပ်သော မုန်ညင်းစေ့ပမာ မြင်နိုင်ခဲလှစွာ၏၊ အလွယ်ကလေးဖြင့် မြင်ဖို့ရန်ကား မစွမ်းနိုင်လေရာ၊ အကြိမ်တစ်ရာ ခွဲစိတ်ထားအပ်သော သားမြီးစွန်းတစ်ခုဖြင့် သားမြီးစွန်းတစ်ခုကို တည့်တည့်မှန်အောင် ထိုးရ ထောက်ရသည့်ပမာ လွန်စွာ သိနိုင်ခဲလှ၏၊ အလွယ်ကလေးဖြင့် ထိုးထွင်း သိဖို့ ရန်ကား မစွမ်းနိုင်လေရာ။

ငါထိုးထွင်း သိမြင်အပ်သော ဤလောကုတ္တရာတရားတော်သည်ကား ငြိမ်းချမ်းလှစွာ၏၊ မွန်မြတ်လှစွာ၏။

ဤသစ္စာလေးပါး တရားတော်သည် စိတ်ကူးယဉ် အတွေးအခေါ်ပညာရှင် တက္ကီသမားတို့၏ အကြံ ဝိတက်ဖြင့် သက်ဝင် ကျက်စားအပ်သော တရားမဟုတ်၊ သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့်သာ သက်ဝင် ကျက်စား အပ်သော တရား ဖြစ်၏၊ သိမ်မွေ့လှစွာ၏၊ **သမ္မာပဋိပဒါ = နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရသည့် မဂ္ဂင် (၈)ပါး အကျင့်မြတ်တရားတည်းဟူသော အကျင့်မှန်ကို ကျင့်ကြံကုန်ဘိ ပညာရှိသူတော်ကောင်းတို့သည်သာ သိမြင်-အပ်သော တရား ဖြစ်၏။

ဤသတ္တဝါအပေါင်းသည်ကား အာရုံ (၅)ပါး ကာမဂုဏ်တရားတည်းဟူသော ကာမာလယ, ထိုအာရုံ (၅)ပါး ကာမဂုဏ်တရားတို့ကို မှီဝဲသုံးဆောင်တတ်သော တဏှာလယ — ထိုကာမာလယ တဏှာလယ နှစ်ပါးတို့ဖြင့် မွေ့လျော်နေကြကုန်၏၊ ထိုအာလယ နှစ်ပါးတို့၌ ပျော်ပိုက် နှစ်ခြိုက်၍ နေကြကုန်၏၊ အစွဲကြီးစွဲကာ အခုံမင်ကြီး

ခုံမင်၍ နေကြကုန်၏။ ယင်းသို့ အာလယနှစ်ပါးတို့ဖြင့် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခုံမင်၍နေကြသော သတ္တဝါ အပေါင်းသည် အကြောင်းနှင့်အကျိုး ဆက်စပ်လျက် အထပ်ထပ် ဖြစ်ပွားနေသော ဤ**ပဋိစ္စသမုပ္ပါဒ်တရားတော်** ကို သိမြင်နိုင်ခဲလှစွာ၏။

ကျွမ်းကျင်လိမ္မာသော ဥယျာဉ်မှူးသည် ကောင်းစွာ စိုက်ပျိုး စီမံထားအပ်သော, အပွင့်အသီးတို့ဖြင့် ဖူးပွင့်ဝေဆာလျက်ရှိသော, သစ်ပင် ပန်းပင် စသည်တို့နှင့် ပြည့်စုံသော ဥယျာဉ်တော်အတွင်းသို့ ချင်းနင်း ဝင်ရောက်လာသော ဘုရင်မင်းမြတ်သည် ထိုထို အပွင့်အသီးတို့ဖြင့် ဖူးပွင့်ဝေဆာလျက်ရှိသော ပန်းပင် သစ်ပင်အပေါင်းနှင့် ပြည့်စုံနေသော ဥယျာဉ်တော်ကို မြင်တွေ့ရသောအခါ ထိုထို ပြည့်စုံမှုကို ကြည့်ရှုရသဖြင့် ထိုထို ပြည့်စုံမှု သမ္ပတ္တိကို ခံစားရသဖြင့် ဥယျာဉ်တော်၌ အမွေ့လျော်ကြီး မွေ့လျော်လျက် ရှိ၏၊ အပျော်ကြီး ပျော်လျက် ရှိ၏၊ အနှစ်ခြိုက်ကြီး နှစ်ခြိုက်လျက် ရှိ၏၊ ဝမ်းအသာကြီး သာလျက် ရှိ၏။ ငြီးငွေ့မှုမရှိ ဖြစ်နေ၏။

ဤဥပမာအတူပင် ဤသတ္တဝါတို့သည်လည်း သံသရာဝဋ်ဆင်းရဲတည်းဟူသော ဥယျာဉ်ကြီးအတွင်း၌ ငြိကပ်မှီဝဲအပ်သော ကာမဂုဏ်ငါးပါးတို့ဖြင့် မွေ့လျော်သော ကာမာလယ, ငြိကပ်မှီဝဲတတ်သော တဏှာတို့ဖြင့် မွေ့လျော်သော တဏှာလယတည်းဟူသော အာလယနှစ်ပါးတို့ဖြင့် အမွေ့လျော်ကြီး မွေ့လျော်နေကြကုန်၏၊ အပျော်ကြီး ပျော်နေကြကုန်၏၊ အနှစ်ခြိုက်ကြီး နှစ်ခြိုက်နေကြကုန်၏၊ အခုံမင်ကြီး ခုံမင်နေကြကုန်၏၊ ဝမ်းအသာကြီး သာနေကြကုန်၏။

သံသရာဝဋ်၌ မငြီးငွေ့နိုင်ကြဘဲ ပျော်ရွှင်ဝမ်းမြောက်စွာ နေထိုင်လျက် ရှိကြကုန်၏။ ယင်းသို့ အာလယ နှစ်ပါးတို့ဖြင့် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခုံမင်၍ နေကြသော သတ္တဝါအပေါင်းသည် အကြောင်းနှင့်အကျိုး ဆက်စပ်လျက် အထပ်ထပ် ဖြစ်ပွားနေသော ဤ**ပဋိစ္စသမုပ္ပါဒ်တရားတော်**ကို သိမြင်နိုင်ခဲလှစွာ၏။

ခပ်သိမ်းသော သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော, ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိ တည်းဟူသော ဒုက္ခ၏တည်ရာ ဥပဓိလေးဖြာတို့ကို အကုန်ပယ်စွန့်ရာဖြစ်သော, ကင်းရာဖြစ်သော, တဏှာအပြား (၁၀၈)ပါးတို့၏ ကုန်ခန်းရာဖြစ်သော, တစ်ထောင့်ငါးရာ ကိလေသာ = ရာဂတို့၏ ကင်းရာဖြစ်သော, ဆင်းရဲ ခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကိုကား သာ၍ပင် မြင်နိုင်ခဲလှစွာ၏။

ငါဘုရားရှင်ကလည်း ထိုမျှလောက် နက်နဲသော တရားတော်ကို ဟောကြားမိငြားအံ့၊ ကြွန့်နိုင်သူ မကျွတ်ထိုက်သသူ နတ် လူ ပြဟ္မာ သတ္တဝါတို့ကလည်း ငါဘုရားရှင်၏ ထိုတရားတော်မြတ်ကို မသိမြင်နိုင် နားမလည်နိုင်ကြကုန်လျှင် ယင်းမသိမမြင်နိုင်သူ နားမလည်နိုင်သူ မကျွတ်ထိုက်သသူ နတ် လူ ပြဟ္မာ သတ္တဝါ တို့အား တရားဟောခြင်းသည် ငါဘုရားရှင်၏ အတွက်တာ ပင်ပန်း နွမ်းနယ်ရုံမျှသာ ဖြစ်လေရာ၏" —

မြတ်စွာဘုရားရှင်၏ သန္တာန်ဝယ် ဤကဲ့သို့သော စိတ်အကြံအစည်သည် ဖြစ်တော်မူလာ၏။ ထို့ပြင်လည်း မြတ်စွာဘုရားရှင်၏ ဉာဏ်တော်ဝယ် အလွန်တရာ အံ့သြဖွယ်ကောင်းကုန်သော ဤနှစ်ဂါထာတို့သည် ရှေးက မကြားဖူးကုန်ဘဲ ထင်ရှား ဖြစ်ပေါ်လာကြကုန်၏ —

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ။
ရာဂဒေါသပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဓော။

ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။
ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာ။
(ဝိ-၃-၅-၆။ ဒီ-၂-၃၁။)

မေ = ငါဘုရားသည်။ ကိစ္ဆေန = ပါရမီဆယ်ပါး, အပြားသုံးဆယ်, သုံးသွယ်စရိယ, စွန့်ကြီးခြင်းငါးရပ် အစရှိသော ပါရမီတော်မြတ်အပေါင်းကို ခဲယဉ်းစွာ ဖြည့်ကျင့် ဆည်းပူးတော်မူခြင်းဖြင့်။ အဓိဂတံ = ရရှိသိမြင်အပ်သော။ ဣမံ ဓမ္မံ = ဤသစ္စာလေးချက် တရားနက်ကို။ ဒါနိ = ဣဒါနိ = ဘုရားဖြစ်လာ ယခု လောလောဆယ် အခါ၌။ ပကာသိတုံ = လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ထင်ရှားစွာ ဟောပြတော်မူခြင်းငှာ။ ဟလံ = အခွင့်မ-လျော် မသင့်တော်သေးချေ။ အယံ ဓမ္မော = ဤ သစ္စာလေးချက် တရားနက်ကို။ ရာဂဒေါသပရေတေဟိ = ရာဂ ဒေါသ ပြွမ်းပြွမ်းထလျက် လွှမ်းမိုး နှိပ်စက်အပ်ကုန်သော သူတို့သည်။ န သုသမ္ဗုဓော = လင်းလင်း ထင်ထင် အလွယ်နှင့် သိမြင်ကြမည် မဟုတ်ချေ။

တမောခန္ဓေန = အဝိဇ္ဇာစု အမှောင်ထုသည်။ အာဝုဋ္ဌာ = ပညာမျက်စိ ဘိတ်မရှိအောင် လွှမ်းဖိ အုပ်ဖုံး အပ်ကုန်သည် ဖြစ်၍။ ရာဂရတ္တာ = ကာမရာဂ ဘဝရာဂ ဒိဋ္ဌိရာဂတို့ဖြင့် တပ်မက်စွဲလမ်းကြသူ နတ်လူအပေါင်း တို့သည်။ နိပုဏံ = သိမ်မွေ့စွာသော။ ဂမ္ဘီရံ = မြေအထုကို ခံလင့်သော ရေထုပမာ နက်နဲလှစွာသော။ ဒုဒ္ဒသံ = မြင်းမိုရ်တောင်ကြီးဖြင့် ဖုံးအုပ်၍ ထားအပ်သော မုန်ညင်းစေ့ပမာ မြင်နိုင်ခဲလှစွာသော။ အဏုံ = အဏုမြူပမာ သိမ်မွေ့စွာသော။ ပဋိသောတဂါမိံ = သံသရာ့အဆန် နိဗ္ဗာန်သို့ ရောက်ကြောင်း သစ္စာလေးပါးတည်းဟူသော တရားကောင်းကို။ န ဒက္ခန္တိ = မြင်နိုင်ကြလိမ့်မည် မဟုတ်ကုန်။ (ဝိ-၃-၅-၆။ ဒီ-၂-၃၁။)

ဘုရားရှင်၏ သစ္စာလေးရပ် တရားမြတ်ကား ဤမျှ ခက်ခဲနက်နဲလှ၏။ ထိုသို့ ခက်ခဲနက်နဲသော သစ္စာ လေးပါးတို့တွင် **ပဋိစ္စသမုပ္ပါဒ်တရားတော်**လည်း ပါဝင်လျက်ပင် ရှိပေ၏။

သစ္စသံယုတ် ကူဋာဂါရသုတ္တန် စသည်တို့၌ သစ္စာလေးရပ် တရားမြတ်ကို သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် မသိမမြင်ပါက သံသရာဝဋ်ဆင်းရဲဒုက္ခ မကုန်ဆုံးနိုင်ဟု ဟောကြားထားတော်-မူသကဲ့သို့ အလားတူပင် သစ္စာလေးရပ်တို့၏ အစိတ်အပိုင်းတစ်ခုဖြစ်သော **ပဋိစ္စသမုပ္ပါဒ်တရားတော်**ကိုလည်း အနုဗောဓဉာဏ် ပဋိဝေဓဉာဏ်တို့ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် မသိမြင်ပါက သံသရာဝဋ်ဆင်းရဲ ဒုက္ခမှ မလွတ်မြောက်နိုင်ကြောင်းကိုလည်း **မဟာနိဒါနသုတ္တန်** (ဒီ-၂-၄၇။) စသည်တို့၌ ဘုရားရှင် ကိုယ်တော်တိုင်-ပင် ဟောကြားထားတော်မူခဲ့၏။

မည်မျှပင် အသိခက်၍ နက်နဲငြားသော်လည်း ထိုပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို မသိမမြင်ပါက သံသရာမှ မလွတ်မြောက်နိုင်သဖြင့် သံသရာမှ လွတ်မြောက်လိုသူတိုင်းသည် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို သိအောင် ကြိုးပမ်းရမည်သာ ဖြစ်ပေသည်။

ထိုသို့ ကြိုးပမ်းရာ၌ — အသင်သူတော်ကောင်းသည် ဝိသုဒ္ဓိ (၇)ပါး ကျင့်စဉ်ကိုကား ရှိသေစွာ ဦးထိပ်ရွက် ပန်ဆင်၍ ခံယူနိုင်ရမည် ဖြစ်သည်။

၁။ သီလဝိသုဒ္ဓိ = သီလစင်ကြယ်အောင် ကြိုးစားပါ။

၂။ စိတ္တဝိသုဒ္ဓိ = နီဝရဏအညစ်အကြေးတို့မှ စိတ်ဓာတ် ဖြူစင်သန့်ရှင်းအောင် ဥပစာရသမာဓိ သို့မဟုတ် အပ္ပနာခေါ်သည့် ဈာန်သမာဓိ တစ်ခုခုကို ရအောင် ကြိုးစားပါ။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ = ရုပ်နာမ်တို့၌ ဉာဏ်အမြင်သန့်ရှင်းအောင် = ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် = နာမရူပ-ပရိစ္ဆေဒဉာဏ်ကို ရရှိအောင် ကြိုးစားပါ။

၄။ ထိုအခါတွင်မှ ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ တက်လှမ်းပါ။

အကယ်၍ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိတည်းဟူသော ဝိသုဒ္ဓိကျင့်စဉ်နှင့် မပြည့်စုံသေးဘဲ = သီလ-လည်း မစင်ကြယ်သေးဘဲ, ဥပစာရ အပ္ပနာ နှစ်ဖြာသောသမာဓိ တစ်ခုခုမျှလည်း မရှိသေးဘဲ, ရုပ်နာမ်ကိုလည်း

ပရမတ်သို့ဆိုက်အောင် မသိမမြင်သေးဘဲ ယုံမှားခြင်း ဝိစိကိစ္ဆာတရားကို စင်ကြယ်အောင် ဆေးကြော သုတ်သင်နိုင်သည့် စွမ်းအင် အပြည့်အဝရှိသော ကင်္ခါဝိတရဏဝိသုဒ္ဓိ အမည်ရသည့် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိအောင် ကြိုးပမ်း ခဲ့သော် = ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို ထိုးထွင်းသိမြင်အောင် ကြိုးပမ်းခဲ့သော် အဆင့်ကျော်နေသဖြင့် သပိတ်ကွဲ ကိုယ်ကြေသာရှိချေမည်၊ ပိုးသာကုန်၍ မောင်ပုံစောင်းမတတ်သာ ရှိချေမည်။ အောင်မြင်မှု ရရှိဖို့ရန် မလွယ်ကူပေ။

သီလတည်းဟူသော မြေပေါ်၌ ရပ်တည်၍ သမာဓိတည်းဟူသော မြတ်သော ကျောက်ဖျာထက်၌ မြမြထက်အောင် သွေး၍ထားအပ်သော ဉာဏ်တည်းဟူသော သန်လျက်ဖြင့် ဖောက်ခွဲနိုင်ပါမှသာလျှင် ဤပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် လည်ပတ်ပုံကို ထွင်းဖောက် သိမြင်နိုင်သောကြောင့် ဖြစ်ပေသည်။

(အဘိ-ဋ္ဌ-၂-၁၈၉။ ဝိသုဒ္ဓိ-၂-၂၂၁။)

ထိုကြောင့် တရားစစ် တရားမှန်ကို လိုလားတောင့်တလျက် ရှိကြကုန်သော သူတော်ကောင်း သူမြတ်-လောင်း အပေါင်းတို့သည် ဘုရားရှင် ဟောကြားထားတော်မူသည့် **ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ရှုကွက်**ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်-နိုင်ကြပါစေကုန်သတည်း —

ဖားအောက်တောရဆရာတော်
စိတ္တလတောင်ကျောင်း - ဖားအောက်တောရ
သာသနာတော်သက္ကရာဇ် -၂၅၃၇ - ခု၊
ကောဇာသက္ကရာဇ် - ၁၃၅၅ - ခု၊ တပေါင်းလ။

# နိဗ္ဗာနဂါမိနိပဋိပဒါ

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – တတိယတွဲ

### ပဋိစ္စသမုပ္ပါဒ်ပိုင်း – အပိုင်း (က)

**ဖားအောက်တောရဆရာတော်**



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပဋိစ္စသမုပ္ပါဒ်ပိုင်း – အပိုင်း (က)

## ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော် – သုတ္တန္တဘာဇနီယနည်း

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ ၊ ဘဝပစ္စယာ ဇာတိ ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

တတ္ထ ကတမာ အဝိဇ္ဇာ၊ ဒုက္ခေ အညာဏံ ဒုက္ခသမုဒယေ အညာဏံ ဒုက္ခနိရောဓေ အညာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။

တတ္ထ ကတမေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော။

တတ္ထ ကတမော ပုညာဘိသင်္ခါရော၊ ကုသလာ စေတနာ ကာမာဝစရာ ရူပါဝစရာ ဒါနမယာ သီလမယာ ဘာဝနာမယာ၊ အယံ ဝုစ္စတိ ပုညာဘိသင်္ခါရော။

တတ္ထ ကတမော အပုညာဘိသင်္ခါရော၊ အကုသလာ စေတနာ ကာမာဝစရာ၊ အယံ ဝုစ္စတိ အပုညာဘိသင်္ခါရော။

တတ္ထ ကတမော အာနေဉ္ဇာဘိသင်္ခါရော၊ ကုသလာ စေတနာ အရူပါဝစရာ၊ အယံ ဝုစ္စတိ အာနေဉ္ဇာဘိသင်္ခါရော။

တတ္ထ ကတမော ကာယသင်္ခါရော၊ ကာယသဉ္စေတနာ ကာယသင်္ခါရော၊ ဝစီသဉ္စေတနာ ဝစီသင်္ခါရော၊ မနောသဉ္စေတနာ စိတ္တသင်္ခါရော၊ ဣမေ ဝုစ္စန္တိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

တတ္ထ ကတမံ သင်္ခါရပစ္စယာ ဝိညာဏံ၊ စက္ခုဝိညာဏံ သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှါဝိညာဏံ ကာယဝိညာဏံ မနောဝိညာဏံ၊ ဣဒံ ဝုစ္စတိ သင်္ခါရပစ္စယာ ဝိညာဏံ။

တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ၊ အတ္ထိ နာမံ၊ အတ္ထိ ရူပံ။ တတ္ထ ကတမံ နာမံ၊ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော၊ ဣဒံ ဝုစ္စတိ နာမံ၊ တတ္ထ ကတမံ ရူပံ၊ စတ္တာရော မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ၊ ဣတိ ဣဒဉ္စ နာမံ ဣဒဉ္စ ရူပံ၊ ဣဒံ ဝုစ္စတိ ဝိညာဏပစ္စယာ နာမရူပံ။

တတ္ထ ကတမံ နာမရူပပစ္စယာ သဠာယတနံ၊ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှာယတနံ ကာယာယတနံ မနာယတနံ၊ ဣဒံ ဝုစ္စတိ နာမရူပပစ္စယာ သဠာယတနံ။

တတ္ထ ကတမော သဠာယတနပစ္စယာ ဖဿော၊ စက္ခုသမ္ဖဿော သောတသမ္ဖဿော ဃာနသမ္ဖဿော ဇိဝှါသမ္ဖဿော ကာယသမ္ဖဿော မနောသမ္ဖဿော၊ အယံ ဝုစ္စတိ သဠာယတနပစ္စယာ ဖဿော။

တတ္ထ ကတမာ ဖဿပစ္စယာ ဝေဒနာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ သောတသမ္ဖဿဇာ ဝေဒနာ ဃာနသမ္ဖဿဇာ ဝေဒနာ ဇိဝှါသမ္ဖဿဇာ ဝေဒနာ ကာယသမ္ဖဿဇာ ဝေဒနာ မနောသမ္ဖဿဇာ ဝေဒနာ၊ အယံ ဝုစ္စတိ ဖဿပစ္စယာ ဝေဒနာ။

တတ္ထ ကတမာ ဝေဒနာပစ္စယာ တဏှာ၊ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ၊ အယံ ဝုစ္စတိ ဝေဒနာပစ္စယာ တဏှာ။

တတ္ထ ကတမံ တဏှာပစ္စယာ ဥပါဒါနံ၊ ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ၊ ဣဒံ ဝုစ္စတိ တဏှာပစ္စယာ ဥပါဒါနံ။

တတ္ထ ကတမော ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝေါ ဒုဝိဓေန အတ္ထိ ကမ္မဘဝေါ၊ အတ္ထိ ဥပပတ္တိဘဝေါ။ တတ္ထ ကတမော ကမ္မဘဝေါ၊ ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော၊ အယံ ဝုစ္စတိ ကမ္မဘဝေါ။ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ။

တတ္ထ ကတမော ဥပပတ္တိဘဝေါ၊ ကာမဘဝေါ ရူပဘဝေါ အရူပဘဝေါ သညာဘဝေါ အသညာဘဝေါ နေဝသညာနာသညာဘဝေါ ဧကဝေါကာရဘဝေါ စတုဝေါကာရဘဝေါ ပဉ္စဝေါကာရဘဝေါ၊ အယံ ဝုစ္စတိ ဥပပတ္တိဘဝေါ။ အယံ ဝုစ္စတိ ဥပါဒါနပစ္စယာ ဘဝေါ။

တတ္ထ ကတမာ ဘဝပစ္စယာ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘဝပစ္စယာ ဇာတိ။

တတ္ထ ကတမံ ဇာတိပစ္စယာ ဇရာမရဏံ၊ အတ္ထိ ဇရာ၊ အတ္ထိ မရဏံ။ တတ္ထ ကတမာ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဇရာ။

တတ္ထ ကတမံ မရဏံ၊ ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ မရဏံ။ ဣတိ အယဉ္စ ဇရာ ဣဒဉ္စ မရဏံ၊ ဣဒံ ဝုစ္စတိ ဇာတိပစ္စယာ ဇရာမရဏံ။

တတ္ထ ကတမော သောကော၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေန ဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တော-ပရိသောကော စေတသော ပရိဇ္ဈာယနာ ဒေါမနဿံ သောကသလ္လံ၊ အယံ ဝုစ္စတိ သောကော။

တတ္ထ ကတမော ပရိဒေဝေါ၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေန ဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ အာဒေဝနာ ပရိဒေဝနာ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ ဝါစာ ပလာပေါ ဝိပ္ပလာပေါ လာလပ္ပေါ လာလပ္ပနာ လာလပ္ပိတတ္တံ၊ အယံ ဝုစ္စတိ ပရိဒေဝေါ။

တတ္ထ ကတမံ ဒုက္ခံ၊ ယံ ကာယိကံ အသာတံ ကာယိကံ ဒုက္ခံ ကာယသမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိတံ ကာယသမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒုက္ခံ။

တတ္ထ ကတမံ ဒေါမနဿံ၊ ယံ စေတသိကံ အသာတံ စေတသိကံ ဒုက္ခံ စေတောသမ္ဖဿဇံ အသာတံ ဒုက္ခံ ဝေဒယိတံ စေတောသမ္ဖဿဇာ အသာတာ ဒုက္ခာ ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒေါမနဿံ။

တတ္ထ ကတမော ဥပါယာသော၊ ဉာတိဗျသနေန ဝါ ဖုဋ္ဌဿ ဘောဂဗျသနေန ဝါ ဖုဋ္ဌဿ ရောဂဗျသနေန ဝါ ဖုဋ္ဌဿ သီလဗျသနေန ဝါ ဖုဋ္ဌဿ ဒိဋ္ဌိဗျသနေန ဝါ ဖုဋ္ဌဿ အညတရညတရေန ဗျသနေန သမန္နာဂတဿ

အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ၊ အယံ ဝုစ္စတိ ဥပါယာသော။

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သင်္ဂတိ ဟောတိ၊ သမာဂမော ဟောတိ၊ သမောဓာနံ ဟောတိ၊ ပါတုဘာဝေါ ဟောတိ၊ တေန ဝုစ္စတိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။ (အဘိ-၂-၁၄၂-၁၄၅။)

## ကျက်မှတ်ရန် ပါဠိတော်၏ အနက်

၁။ အဝိဇ္ဇာပစ္စယာ = သစ္စာလေးပါး၌ မသိမှု အသိမှားမှု အဝိဇ္ဇာ အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ သင်္ခါရာ = ပစ္စုပ္ပန်မှု သံသရာမှုတို့ကို ပြုစုပျိုးထောင်ခြင်း = သင်္ခါရတို့သည်။ သမ္ဘဝန္တိ = ထင်ရှား ဖြစ်ပွား-လာကြကုန်၏။

၂။ သင်္ခါရပစ္စယာ = ယင်းပစ္စုပ္ပန်မှု သံသရာမှုတို့ကို ပြုစုပျိုးထောင်ခြင်း = သင်္ခါရ အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ ဝိညာဏံ = ကမ္မဝိညာဏ်သည်၊ တစ်နည်း ဝိပါက်ဝိညာဏ်သည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၃။ (က) ဝိညာဏပစ္စယာ = ယင်းကမ္မဝိညာဏ်အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ နာမရူပံ = ဝိပါက်-နာမ်တရား ကမ္မဇရုပ်တရားသည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

(ခ) တစ်နည်း — ဝိညာဏပစ္စယာ = ဝိပါက်ဝိညာဏ် အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ နာမရူပံ = ဝိပါက် စေတသိက်နာမ်, ဝိပါက် စိတ္တဇရုပ်သည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၄။ နာမရူပပစ္စယာ = ယင်းနာမ်ရုပ် အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ သဠာယတနံ = အတွင်း-အာယတန (၆)ပါးသည်။သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၅။ သဠာယတနပစ္စယာ = ယင်းအတွင်းအာယတန (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ ဖဿော = ဖဿ (၆)ပါးသည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၆။ ဖဿ ပစ္စယာ = ယင်းဖဿ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ ဝေဒနာ = ဝေဒနာ (၆)ပါးသည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၇။ ဝေဒနာ ပစ္စယာ = ယင်းဝေဒနာ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ တဏှာ = တဏှာ (၆)ပါးသည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၈။ တဏှာပစ္စယာ = ယင်းတဏှာ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ ဥပါဒါနံ = စွဲလမ်းမှု ဥပါဒါန် (၄) မျိုးသည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၉။ ဥပါဒါနပစ္စယာ = ယင်းစွဲလမ်းမှု ဥပါဒါန် (၄)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ ဘဝေါ = ကမ္မဘဝ ဥပပတ္တိဘဝသည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၁၀။ ဘဝပစ္စယာ = ယင်းကမ္မဘဝ အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ ဇာတိ = ပဋိသန္ဓေ တည်နေ-ရခြင်း ဇာတိတရားသည်။ သမ္ဘဝတိ = ထင်ရှား ဖြစ်ပွားလာ၏။

၁၁။ ဇာတိပစ္စယာ = ယင်းပဋိသန္ဓေ တည်နေရခြင်း ဇာတိအကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ ဇရာ

မရဏံ = အိုခြင်း (ဇရာ), သေခြင်း (မရဏ)သည်လည်းကောင်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု-ပါယာသာ = စိုးရိမ်ရခြင်း (သောက), ငိုကြွေးမြည်တမ်းရခြင်း (ပရိဒေဝ), ကိုယ်ဆင်းရဲရခြင်း (ဒုက္ခ), စိတ်ဆင်းရဲရခြင်း (ဒေါမနဿ), ပြင်းစွာပူပန်ရခြင်း (ဥပါယာသ)တရားတို့သည်လည်းကောင်း။ သမ္ဘဝန္တိ = ထင်ရှား ဖြစ်ပွားလာကြကုန်၏။

ဧဝံ = ဤသို့လျှင်။ ကေဝလဿ = ချမ်းသာမဖက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ = ဤဒုက္ခတုံး ဒုက္ခအစုအပုံ၏။ သမုဒယော = ဖြစ်ကြောင်းသည်။ တစ်နည်း — သမုဒယော = ဖြစ်ခြင်းသည်။ ဟောတိ = ဖြစ်ပေါ်၍လာပေ၏။

တတ္ထ = ထိုအဝိဇ္ဇာပစ္စယာ သင်္ခါရာစသော ပါဠိတော်၌။ အဝိဇ္ဇာ = အဝိဇ္ဇာဟူသည်။ ကတမာ = အဘယ်နည်း။

၁။ ဒုက္ခေ = ဒုက္ခသစ္စာတရား၌။ အညာဏံ = မသိခြင်းလည်းကောင်း။

၂။ ဒုက္ခသမုဒယေ = ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတရား၌။ အညာဏံ = မသိခြင်းလည်းကောင်း။

၃။ ဒုက္ခနိရောဓေ = ဒုက္ခ၏ ချုပ်ရာ နိရောဓ သစ္စာတရား၌။ အညာဏံ = မသိခြင်းလည်းကောင်း။

၄။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ = ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဖြူစင်မြင့်မြတ်သော ကျင့်စဉ်ဟူသော မဂ္ဂသစ္စာတရား၌။ အညာဏံ = မသိခြင်းလည်းကောင်း။

အယံ = ဤမသိမှုကို။ အဝိဇ္ဇာ = အဝိဇ္ဇာဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ပါဠိတော်၌။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ = အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရတို့သည်။ ကတမေ = အဘယ်သည်တို့နည်းဟူမူကား —

၁။ ပုညာဘိသင်္ခါရော = ပုညာဘိသင်္ခါရလည်းကောင်း။
၂။ အပုညာဘိသင်္ခါရော = အပုညာဘိသင်္ခါရလည်းကောင်း။
၃။ အာနေဉ္ဇာဘိသင်္ခါရော = အာနေဉ္ဇာဘိသင်္ခါရလည်းကောင်း။
၄။ ကာယသင်္ခါရော = ကာယသင်္ခါရလည်းကောင်း။
၅။ ဝစီသင်္ခါရော = ဝစီသင်္ခါရလည်းကောင်း။
၆။ စိတ္တသင်္ခါရော = စိတ္တသင်္ခါရလည်းကောင်းတည်း။

၁။ တတ္ထ = ထိုသင်္ခါရတို့တွင်။ ပုညာဘိသင်္ခါရော = ပုညာဘိသင်္ခါရဟူသည်။ ကတမော = အဘယ်နည်း။ ။ ဒါနမယာ = ဒါနဖြင့်ပြီးသော။ သီလမယာ = သီလဖြင့်ပြီးသော။ ဘာဝနာမယာ = (ပရိကမ္မဘာဝနာ, ဥပစာရ-ဘာဝနာ, ဝိပဿနာဘာဝနာ ဟူသော ) ဘာဝနာဖြင့်ပြီးသော။ကာမာဝစရာ = ကာမာဝစရဘုံ၌ အကျုံးဝင်သော။ ယာ ကုသလာ စေတနာ = အကြင် မဟာကုသိုလ် စေတနာသည်လည်းကောင်း။ (ဤ၌ ဝိပဿနာကံ အားလုံးကို မဆိုလိုပါ။ ဘဝကို ဖြစ်စေနိုင်သော ဝိပဿနာဘာဝနာကိုသာ ဆိုလိုသည်။) ဘာဝနာမယာ = သမထဘာဝနာဖြင့်ပြီးသော။ တစ်နည်း အပ္ပနာဘာဝနာဖြင့်ပြီးသော။ ရူပါဝစရာ = ရူပါဝစရဘုံ၌ အကျုံးဝင်သော။ ယာ ကုသလာ စေတနာ = အကြင် ရူပါဝစရကုသိုလ် စေတနာသည်လည်းကောင်း။ အတ္ထိ = ရှိ၏။ အယံ = ဤကာမာဝစရ ကုသိုလ်စေတနာ ရူပါဝစရ ကုသိုလ်စေတနာကို။ ပုညာဘိသင်္ခါရော = ပုညာဘိသင်္ခါရ ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။ [ မဟာကုသိုလ် (၈)ပါး, ရူပါဝစရကုသိုလ် (၅)ပါး။ ပေါင်း (၁၃)ပါးတည်း။ ]

၂။ တတ္ထ = ထိုသင်္ခါရတို့တွင်။ အပုညာဘိသင်္ခါရော = အပုညာဘိသင်္ခါရဟူသည်။ ကတမော = အဘယ်နည်း။ ကာမာဝစရာ = ကာမာဝစရဘုံ၌ အကျုံးဝင်သော။ ယာ အကုသလာ စေတနာ = အကြင် အကုသိုလ် စေတနာ-

သည်။ အတ္ထိ = ရှိ၏။ အယံ = ဤအကုသိုလ်စေတနာကို။ အပုညာဘိသင်္ခါရော = အပုညာဘိသင်္ခါရ ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

၃။ တတ္ထ = ထိုသင်္ခါရတို့တွင်။ အာနေဉ္စာဘိသင်္ခါရော = အာနေဉ္စာဘိသင်္ခါရဟူသည်။ ကတမော = အဘယ်နည်း။ အရူပါဝစရာ = အရူပါဝစရဘုံ၌ အကျုံးဝင်သော။ ယာ ကုသလာ စေတနာ = အကြင် အရူပါဝစရကုသိုလ် စေတနာသည်။ အတ္ထိ = ရှိ၏။ အယံ = ဤအရူပါဝစရ ကုသိုလ်စေတနာကို။ အာနေဉ္စာဘိသင်္ခါရော = အာနေဉ္စာဘိသင်္ခါရဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

၄။ တတ္ထ = ထိုသင်္ခါရတို့တွင်။ ကာယသင်္ခါရော = ကာယသင်္ခါရဟူသည်။ ကတမော = အဘယ်နည်း။ ကာယသဉ္စေတနာ = ကာယဒွါရ၌ ဖြစ်သော (၈)ပါးသော ကာမကုသိုလ်စေတနာ, (၁၂)ပါးသော အကုသိုလ် စေတနာသည်။ ကာယသင်္ခါရော = ကာယသင်္ခါရ မည်၏။ (၈+၁၂ =၂၀)။

၅။ ဝစီသဉ္စေတနာ = ဝစီဒွါရ၌ ဖြစ်သော (၈)ပါးသော ကာမကုသိုလ်စေတနာ, (၁၂)ပါးသော အကုသိုလ် စေတနာသည်။ ဝစီသင်္ခါရော = ဝစီသင်္ခါရ မည်၏။ (၂၀)။

၆။ မနောသဉ္စေတနာ = ဝိညတ်ရုပ် နှစ်မျိုးကို မဖြစ်စေမူ၍ (= ကာယဝိညတ်ရုပ် ဝစီဝိညတ်ရုပ် နှစ်မျိုးကို မဖြစ်စေမူ၍) အလုံးစုံလည်းဖြစ်သော [ (၁၂)ပါးသောအကုသိုလ်စေတနာ, (၈)ပါးသော ကာမကုသိုလ်စေတနာ, (၅)ပါးသော ရူပကုသိုလ်စေတနာ, (၄)ပါးသော အရူပကုသိုလ်စေတနာဟူသော ] တစ်ခုယုတ် (၃၀)သော စေတနာ သည်။ စိတ္တသင်္ခါရော = စိတ္တသင်္ခါရ မည်၏။ (၂၉)။

ဣမေ = ဤသင်္ခါရတို့ကို။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ = အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရတို့ဟူ၍။ ဝုစ္စန္တိ = ဆိုအပ်ကုန်၏။

တတ္ထ = ထို ပါဠိတော်၌။ သင်္ခါရပစ္စယာ ဝိညာဏံ = သင်္ခါရ ဟူသော အကြောင်းကြောင့် ဖြစ်သော ဝိညာဏ်ဟူသည်။ ကတမံ = အဘယ်နည်း။

၁။ စက္ခုဝိညာဏံ = စက္ခုဝိညာဏ်လည်းကောင်း။
၂။ သောတဝိညာဏံ = သောတဝိညာဏ်လည်းကောင်း။
၃။ ဃာနဝိညာဏံ = ဃာနဝိညာဏ်လည်းကောင်း။
၄။ ဇိဝှါဝိညာဏံ = ဇိဝှါဝိညာဏ်လည်းကောင်း။
၅။ ကာယဝိညာဏံ = ကာယဝိညာဏ်လည်းကောင်း။
၆။ မနောဝိညာဏံ = မနောဝိညာဏ်လည်းကောင်း။

ဣဒံ = ဤဝိညာဏ် (၆)မျိုးကို။ သင်္ခါရပစ္စယာ ဝိညာဏံ = သင်္ခါရ ဟူသော အကြောင်းကြောင့် ဖြစ်သော ဝိညာဏ် ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ပါဠိတော်၌။ ဝိညာဏပစ္စယာ နာမရူပံ = ဝိညာဏ် ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်ဟူသည်။ ကတမံ = အဘယ်နည်း။

၁။ နာမံ = နာမ်သည်။ အတ္ထိ = ရှိ၏။
၂။ ရူပံ = ရုပ်သည်။ အတ္ထိ = ရှိ၏။

တတ္ထ = ထိုနာမ်ရုပ်တို့တွင်။ နာမံ = နာမ်သည်။ ကတမံ = အဘယ်နည်း။

၁။ ဝေဒနာက္ခန္ဓော = ဝေဒနာက္ခန္ဓာလည်းကောင်း။

၂။ သညာက္ခန္ဓော = သညာက္ခန္ဓာလည်းကောင်း။
၃။ သင်္ခါရက္ခန္ဓော = သင်္ခါရက္ခန္ဓာလည်းကောင်း။

ဣဒံ = ဤခန္ဓာသုံးပါးကို။ နာမံ = နာမ်ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။ တတ္ထ = ထိုနာမ်ရုပ်တို့တွင်။ ရူပံ = ရုပ်သည်။ ကတမံ = အဘယ်နည်း။

၁။ စတ္တာရော မဟာဘူတာ = လေးပါးကုန်သော မဟာဘုတ်တို့လည်းကောင်း။
၂။ စတုန္နံ မဟာဘူတာနံ = မဟာဘုတ်လေးပါးတို့ကို။ ဥပါဒါယရူပဥ္စ = စွဲ၍ဖြစ်သော (၂၄)မျိုးသော ဥပါဒါ-ရုပ်လည်းကောင်းတည်း။

ဣဒံ = ဤဘူတရုပ် ဥပါဒါရုပ်ကို။ ရူပံ = ရုပ်ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။ ဣတိ = ဤသို့လျှင်။ ဣဒဉ္စ နာမံ = ဤနာမ်ကိုလည်းကောင်း။ ဣဒဉ္စ ရူပံ = ဤရုပ်ကိုလည်းကောင်း။ ဣဒံ = ဤနာမ်ရုပ်ကို။ [တစ်နည်း- ဣဒဉ္စ နာမံ = ဤနာမ်သည်လည်းကောင်း။ ဣဒဉ္စ ရူပံ = ဤရုပ်သည်လည်းကောင်း။ အတ္ထိ = ရှိ၏။ ဣဒံ = ဤနာမ်ရုပ်ကို။] ဝိညာဏပစ္စယာ နာမရူပံ = ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သော နာမ်ရုပ်ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ပါဠိတော်၌။ နာမရူပပစ္စယာ သဠာယတနံ = နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဖြစ်သော သဠာယတနဟူသည်။ ကတမံ = အဘယ်နည်း။

၁။ စက္ခာယတနံ = စက္ခာယတနလည်းကောင်း။
၂။ သောတာယတနံ = သောတာယတနလည်းကောင်း။
၃။ ဃာနာယတနံ = ဃာနာယတနလည်းကောင်း။
၄။ ဇိဝှါယတနံ = ဇိဝှါယတနလည်းကောင်း။
၅။ ကာယာယတနံ = ကာယာယတနလည်းကောင်း။
၆။ မနာယတနံ = မနာယတနလည်းကောင်း။

ဣဒံ = ဤအာယတန (၆)ပါးကို။ နာမရူပပစ္စယာ သဠာယတနံ = နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဖြစ်သော သဠာယတနဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ပါဠိတော်၌။ သဠာယတနပစ္စယာ ဖဿော = သဠာယတနဟူသော အကြောင်းကြောင့် ဖြစ်သော ဖဿဟူသည်။ ကတမော = အဘယ်နည်း။

၁။ စက္ခုသမ္ဖဿော = စက္ခုသမ္ဖဿလည်းကောင်း။
၂။ သောတသမ္ဖဿော = သောတသမ္ဖဿလည်းကောင်း။
၃။ ဃာနသမ္ဖဿော = ဃာနသမ္ဖဿလည်းကောင်း။
၄။ ဇိဝှါသမ္ဖဿော = ဇိဝှါသမ္ဖဿလည်းကောင်း။
၅။ ကာယသမ္ဖဿော = ကာယသမ္ဖဿလည်းကောင်း။
၆။ မနောသမ္ဖဿော = မနောသမ္ဖဿလည်းကောင်း။

အယံ = ဤဖဿ (၆)ပါးကို။ သဠာယတနပစ္စယာ ဖဿော = သဠာယတနဟူသော အကြောင်းကြောင့် ဖြစ်သော ဖဿဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ပါဠိတော်၌။ ဖဿပစ္စယာ ဝေဒနာ = ဖဿဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာဟူသည်။ ကတမာ = အဘယ်နည်း။

၁။ စက္ခုသမ္ဖဿဇာ ဝေဒနာ = စက္ခုသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း။
၂။ သောတသမ္ဖဿဇာ ဝေဒနာ = သောတသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း။
၃။ ဃာနသမ္ဖဿဇာ ဝေဒနာ = ဃာနသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း။
၄။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ = ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း။
၅။ ကာယသမ္ဖဿဇာ ဝေဒနာ = ကာယသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း။
၆။ မနောသမ္ဖဿဇာ ဝေဒနာ = မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာလည်းကောင်း။

အယံ = ဤဝေဒနာ (၆)ပါးကို။ ဖဿပစ္စယာ ဝေဒနာ = ဖဿဟူသော အကြောင်းကြောင့် ဖြစ်သော ဝေဒနာဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ပါဠိတော်၌။ ဝေဒနာပစ္စယာ တဏှာ = ဝေဒနာဟူသော အကြောင်းကြောင့် ဖြစ်သော တဏှာဟူသည်။ ကတမာ = အဘယ်နည်း။

၁။ ရူပတဏှာ = ရူပါရုံ၌ တွယ်တာတပ်မက်သော ရူပတဏှာလည်းကောင်း။
၂။ သဒ္ဒတဏှာ = သဒ္ဒါရုံ၌ တွယ်တာတပ်မက်သော သဒ္ဒတဏှာလည်းကောင်း။
၃။ ဂန္ဓတဏှာ = ဂန္ဓာရုံ၌ တွယ်တာတပ်မက်သော ဂန္ဓတဏှာလည်းကောင်း။
၄။ ရသတဏှာ = ရသာရုံ၌ တွယ်တာတပ်မက်သော ရသတဏှာလည်းကောင်း။
၅။ ဖောဋ္ဌဗ္ဗတဏှာ = ဖောဋ္ဌဗ္ဗာရုံ၌ တွယ်တာတပ်မက်သော ဖောဋ္ဌဗ္ဗတဏှာလည်းကောင်း။
၆။ ဓမ္မတဏှာ = ဓမ္မာရုံ၌ တွယ်တာတပ်မက်သော ဓမ္မတဏှာလည်းကောင်း။

အယံ = ဤတဏှာ (၆) ပါးကို။ ဝေဒနာပစ္စယာ တဏှာ = ဝေဒနာဟူသော အကြောင်းကြောင့် ဖြစ်သော တဏှာဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ပါဠိတော်၌။ တဏှာပစ္စယာ ဥပါဒါနံ = တဏှာဟူသော အကြောင်းကြောင့် ဖြစ်သော ဥပါဒါန်ဟူသည်။ ကတမံ = အဘယ်နည်း။

၁။ ကာမုပါဒါနံ = ကာမဂုဏ်၌ စွဲလမ်းသော ကာမုပါဒါန်လည်းကောင်း။
၂။ ဒိဋ္ဌုပါဒါနံ = မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူဝါဒ၌ စွဲလမ်းသော ဒိဋ္ဌုပါဒါန်လည်းကောင်း။
၃။ သီလဗ္ဗတုပါဒါနံ = မှားယွင်းသော ကျင့်စဉ်၌ စွဲလမ်းသော သီလဗ္ဗတုပါဒါန်လည်းကောင်း။
၄။ အတ္တဝါဒုပါဒါနံ = အတ္တဝါဒ၌ စွဲလမ်းသော အတ္တဝါဒုပါဒါန်လည်းကောင်း။

ဣဒံ = ဤဥပါဒါန် လေးမျိုးကို။ တဏှာပစ္စယာ ဥပါဒါနံ = တဏှာဟူသော အကြောင်းကြောင့် ဖြစ်သော ဥပါဒါန်ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ပါဠိတော်၌။ ဥပါဒါနပစ္စယာ ဘဝေါ = ဥပါဒါန်ဟူသော အကြောင်းကြောင့် ဖြစ်သော ဘဝ ဟူသည်။ ကတမော = အဘယ်နည်း။

ဘဝေါ = ဘဝသည်။ ဒုဝိဓေန = နှစ်မျိုးအပြားအားဖြင့်။ အတ္ထိ = ရှိ၏။

၁။ ကမ္မဘဝေါ = ကမ္မဘဝသည် (= ဖြစ်ကြောင်းဘဝသည်)။ အတ္ထိ = ရှိ၏။
၂။ ဥပပတ္တိဘဝေါ = ဥပပတ္တိဘဝသည် (= ဖြစ်ခြင်းဘဝသည်)။ အတ္ထိ = ရှိ၏။

တတ္ထ = ထို နှစ်မျိုးတို့တွင်။ ကမ္မဘဝေါ = ဖြစ်ကြောင်း ကမ္မဘဝသည်။ ကတမော = အဘယ်နည်း။

၁။ ပုညာဘိသင်္ခါရော = ပုညာဘိသင်္ခါရလည်းကောင်း။
၂။ အပုညာဘိသင်္ခါရော = အပုညာဘိသင်္ခါရလည်းကောင်း။

၃။ အာနေဥ္စာဘိသင်္ခါရော = အာနေဥ္စာဘိသင်္ခါရလည်းကောင်း။

အယံ = ဤသင်္ခါရသုံးမျိုးကို။ ကမ္မဘဝေါ = ကမ္မဘဝဟူ၍ (= ဖြစ်ကြောင်းဘဝဟူ၍)။ ဝုစ္စတိ = ဆိုအပ်၏။ သဗ္ဗမ္ပိ = အလုံးစုံလည်းဖြစ်သော။ ဘဝဂါမိကမ္မံ = ဘဝသို့ လားစေတတ် ရောက်စေတတ်သော ကံဟူသမျှသည်။ ကမ္မဘဝေါ = ကမ္မဘဝ မည်၏ (= ဖြစ်ကြောင်းဘဝ မည်၏)။

တတ္ထ = ထို ဘဝ နှစ်မျိုးတို့တွင်။ ဥပပတ္တိဘဝေါ = ဥပပတ္တိဘဝသည် (= ဖြစ်ခြင်းဘဝသည်)။ ကတမော = အဘယ်နည်း။

၁။ ကာမဘဝေါ = ကာမ (၁၁) ဘုံ ဟူသော ကာမဘဝလည်းကောင်း။

၂။ ရူပဘဝေါ = ရူပ (၁၆) ဘုံ ဟူသော ရူပဘဝလည်းကောင်း။

၃။ အရူပဘဝေါ = အရူပ (၄) ဘုံ ဟူသော အရူပဘဝလည်းကောင်း။

၄။ သညာဘဝေါ = သညာဘဝလည်းကောင်း။ [ကာမ (၁၁) ဘုံ, အသညသတ်မှ တစ်ပါးသော ရူပ (၁၅) ဘုံ, နေဝသညာနာသညာယတနဘုံမှ တစ်ပါးသော အရူပ (၃) ဘုံ – ပေါင်း (၂၉)ဘုံတည်း။ သညာရှိသော ဘဝ ဟူလိုသည်။]

၅။ အသညာဘဝေါ = သညာမရှိသော အသညာဘဝ (= အသညသတ်ဘဝ)လည်းကောင်း။

၆။ နေဝသညာနာသညာဘဝေါ = ရုန့်ရင်းကြမ်းတမ်းသော သညာကား မရှိ၊ သိမ်မွေ့နူးညံ့သော သညာသာ ရှိသော နေဝသညာနာသညာဘဝလည်းကောင်း။

၇။ ဧကဝေါကာရဘဝေါ = ရူပက္ခန္ဓာတစ်ပါးသာ ရှိသော ဧကဝေါကာရဘဝလည်းကောင်း (အသညသတ်ဘုံ)။

၈။ စတုဝေါကာရဘဝေါ = နာမ်ခန္ဓာလေးပါးသာ ရှိသော စတုဝေါကာရဘဝလည်းကောင်း (အရူပ ၄-ဘုံ)။

၉။ ပဉ္စဝေါကာရဘဝေါ = ခန္ဓာ ငါးပါးရှိသော ပဉ္စဝေါကာရဘဝလည်းကောင်း။ [ကာမ (၁၁)ဘုံ, အသည-သတ်မှတစ်ပါး ရူပ (၁၅)ဘုံ, ပေါင်း (၂၆)ဘုံ။]

အယံ = ဤ (၉)မျိုးသော ဘဝကို။ ဥပပတ္တိဘဝေါ = ဥပပတ္တိဘဝ ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။ အယံ = ဤ ကမ္မဘဝ, ဥပပတ္တိဘဝကို။ ဥပါဒါနပစ္စယာ ဘဝေါ = ဥပါဒါန်ဟူသောအကြောင်းကြောင့် ဖြစ်သော ဘဝဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထိုပါဠိတော်၌။ ဘဝပစ္စယာ ဇာတိ = (ကမ္မဘဝ) ဟူသော အကြောင်းကြောင့် ဖြစ်သော ဇာတိ ဟူသည်။ ကတမာ = အဘယ်နည်း။

တေသံ တေသံ သတ္တာနံ = ထိုထိုသို့သော သတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ = ထိုထိုသို့သော သတ္တဝါ အပေါင်း၌။ ယာ ဇာတိ = အကြင် ဖြစ်ခြင်းသည်။ ယာ သဉ္စာတိ = အကြင်ကောင်းသော ဖြစ်ခြင်းသည်။ ယာ ဩက္ကန္တိ = အကြင် အမိဝမ်းတိုက်သို့ သက်ဝင်ခြင်းသည်။ ယာ အဘိနိဗ္ဗတ္တိ = အကြင် သတ္တဝါဟူသော အသစ်ဖြစ်ခြင်းသည်။ ယော ခန္ဓာနံ ပါတုဘာဝေါ = အကြင် ခန္ဓာတို့၏ ထင်ရှားစွာ ဖြစ်ခြင်းသည်။ ယော အာယတနာနံ ပဋိလာဘော = အကြင် အာယတနတို့ကို ရခြင်းသည်။ အတ္ထိ = ရှိ၏။ အယံ = ဤသည်ကို။ ဘဝပစ္စယာ ဇာတိ = ဘဝဟူသော အကြောင်းကြောင့် ဖြစ်သော ဇာတိဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထိုပါဠိတော်၌။ ဇာတိပစ္စယာ ဇရာမရဏံ = ဇာတိဟူသော အကြောင်းကြောင့် ဖြစ်သော ဇရာမရဏဟူသည်။ ကတမံ = အဘယ်နည်း။ ဇရာ = အိုခြင်း ဇရာတရားသည်။ အတ္ထိ = ရှိ၏။ မရဏံ = သေခြင်း မရဏတရားသည်။ အတ္ထိ = ရှိ၏။ တတ္ထ = ထို ဇရာမရဏ နှစ်မျိုးတို့တွင်။ ဇရာ = အိုခြင်း ဇရာဟူသည်။ ကတမာ = အဘယ်နည်း။

တေသံ တေသံ သတ္တာနံ = ထိုထိုသို့သော သတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ = ထိုထိုသို့သော သတ္တဝါ အပေါင်း၌။ ယာ ဇရာ = အကြင် အိုခြင်းသည်လည်းကောင်း။ ယာ ဇီရဏတာ = အကြင် ဆွေးမြည့်သော အဖြစ်သည်လည်းကောင်း။ ယံ ခဏ္ဍိစ္စံ = အကြင် သွားကျိုးသော အဖြစ်သည်လည်းကောင်း။ ယံ ပါလိစ္စံ = အကြင် ဆံဖြူသော အဖြစ်သည်လည်းကောင်း။ ယာ ဝလိတ္တစတာ = အကြင် အရေတွန့်သော အဖြစ်သည် လည်းကောင်း။ အာယုနော = အသက်၏။ ယာ သံဟာနိ = အကြင် ဆုတ်ယုတ်ခြင်းသည်လည်းကောင်း။ ဣန္ဒြိယာနံ = ဣန္ဒြေတို့၏။ ယော ပရိပါကော = အကြင် ရင့်ကျက်ခြင်းသည်လည်းကောင်း။ အတ္ထိ = ရှိ၏။ အယံ = ဤ သဘောတရားကို။ ဇရာ = ဇရာဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထို ဇရာမရဏတို့တွင်။ မရဏံ = မရဏဟူသည်။ ကတမံ = အဘယ်နည်း။ တေသံ တေသံ သတ္တာနံ = ထိုထို သတ္တဝါတို့၏။ တမှာ တမှာ သတ္တနိကာယာ = ထိုထိုသော သတ္တဝါတို့၏ အပေါင်းမှ။ ယာ စုတိ = အကြင် စုတေခြင်းသည် (အကြင် ရွေ့လျောခြင်းသည်)။ ယာ စဝနတာ = အကြင် စုတေသော အဖြစ်သည်။ ယော ဘေဒေါ = အကြင် ပျက်စီးခြင်းသည်။ ယံ အန္တရဓာနံ = အကြင်ကွယ်လွန်ခြင်းသည်။ ယာ မစ္စု = အကြင် သေခြင်းသည်။ ယံ မရဏံ = အကြင် သေခြင်းသည်။ ယာ ကာလကိရိယာ = အကြင် သေခြင်းကို ပြုခြင်းသည်။ ယော ခန္ဓာနံ ဘေဒေါ = အကြင် ခန္ဓာတို့၏ ပျက်စီးခြင်းသည်။ ယော ကဠေဝရဿ နိက္ခေပေါ = အကြင် ကိုယ်ကောင်ကို ပစ်ချခြင်းသည်။ ယော ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ = အကြင် ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းသည်။ အတ္ထိ = ရှိ၏။ ဣဒံ = ဤသဘောတရားကို။ မရဏံ = မရဏဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

အယဉ္စ ဇရာ = ဤဇရာသည်လည်း။ အတ္ထိ = ရှိ၏။ ဣဒဉ္စ မရဏံ = ဤမရဏသည်လည်း။ အတ္ထိ = ရှိ၏။ ဣဒံ = ဤဇရာမရဏ သဘောတရားနှစ်မျိုးကို။ ဇာတိပစ္စယာ ဇရာမရဏံ = ဇာတိကြောင့် ဖြစ်သော ဇရာ မရဏဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထိုပါဠိတော်၌။ သောကော = စိုးရိမ်ခြင်း သောကဟူသည်။ ကတမော = အဘယ်နည်း။ ။ ဉာတိဗျသနေန ဝါ = ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအားလည်းကောင်း။ ဘောဂဗျသနေန ဝါ = စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအားလည်းကောင်း။ ရောဂဗျသနေန ဝါ = အနာရောဂါဟူသော ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအားလည်း-ကောင်း။ သီလဗျသနေန ဝါ = သီလပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအားလည်းကောင်း။ ဒိဋ္ဌိဗျသနေန ဝါ = အယူဝါဒပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအားလည်းကောင်း။ အည-တရညတရေန = အမှတ်မထား တစ်ပါးပါးသော။ ဗျသနေန = ပျက်စီးခြင်း ဗျသနတရားနှင့်။ သမန္နာဂတဿ = ပြည့်စုံသော သူအား။ အညတရညတရေန = အမှတ်မထား တစ်ပါးပါးသော။ ဒုက္ခဓမ္မေန = ဒုက္ခတရားဖြင့်။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအား။ ယော သောကော = အကြင် စိုးရိမ်ခြင်းသည်။ ယာ သောစနာ = အကြင် စိုးရိမ်သော အခြင်းအရာသည်။ ယံ သောစိတတ္တံ = အကြင် စိုးရိမ်သောအဖြစ်သည်။ ယော အန္တောသောကော = အကြင် အတွင်း၌ စိုးရိမ်ခြင်းသည်။ ယော အန္တောပရိသောကော = အကြင် အတွင်း၌ ထက်ဝန်းကျင် စိုးရိမ်-ခြင်းသည်။ ယာ စေတသော ပရိဇ္ဈာယနာ = အကြင် စိတ်၏ ထက်ဝန်းကျင် ပူလောင်သော အခြင်းအရာ သည်။ ယံ ဒေါမနဿံ = အကြင် စိတ်နှလုံး မသာယာခြင်းသည်။ ယံ သောကသလ္လံ = အကြင် စူးဝင်နေသော သောကတည်းဟူသော ငြောင့်တံသင်းသည်။ အတ္ထိ = ရှိ၏။ အယံ = ဤသဘောတရားကို။ သောကော = သောကဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထိုပါဠိတော်၌။ ပရိဒေဝေါ = ပရိဒေဝဟူသည်။ ကတမော = အဘယ်နည်း။ ။ ဉာတိဗျသနေန ဝါ = ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအားလည်းကောင်း။ ပ ။ အညတရ-

ညတရေန = အမှတ်မထား တစ်ပါးပါးသော။ ဒုက္ခဓမ္မေန = ဒုက္ခတရားဖြင့်။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအား။ ယော အာဒေဝေါ = အကြင် ငိုကြွေးခြင်းသည်။ ယော ပရိဒေဝေါ = အကြင် အဖန်တလဲလဲ ငိုကြွေးခြင်းသည်။ ယာ အာဒေဝနာ = အကြင် ငိုကြွေးသော အခြင်းအရာသည်။ ယာ ပရိဒေဝနာ = အကြင် အဖန်တလဲလဲ ငိုကြွေးသော အခြင်းအရာသည်။ ယံ အာဒေဝိတတ္တံ = အကြင် ငိုကြွေးသည်၏ အဖြစ်သည်။ ယံ ပရိဒေဝိတတ္တံ = အကြင် အဖန်တလဲလဲ ငိုကြွေးသည်၏ အဖြစ်သည်။ ယာ ဝါစာ = အကြင် (ငါ၏သား ငါ၏သမီး စသည်ဖြင့်) ပြောဆို ငိုကြွေးခြင်းသည်။ ယော ပလာပေါ = အကြင် အဖန်တလဲလဲ ပြောဆိုငိုကြွေးခြင်းသည်။ ယော ဝိပ္ပလာပေါ = အကြင် အထူးထူးအပြားပြား အဖန်တလဲလဲ ပြောဆိုငိုကြွေးခြင်းသည်။ ယော လာလပ္ပေါ = အကြင် အဖန်-တလဲလဲ ပြောဆိုငိုကြွေးခြင်းသည်။ ယာ လာလပ္ပနာ = အကြင် အဖန်တလဲလဲ ပြောဆို ငိုကြွေးသော အခြင်း-အရာသည်။ ယံ လာလပ္ပိတတ္တံ = အကြင် အဖန်တလဲလဲ ပြောဆိုငိုကြွေးသည်၏ အဖြစ်သည်။ အတ္ထိ = ရှိ၏။ အယံ = ဤ သဘောတရားကို။ ပရိဒေဝေါ = ပရိဒေဝဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထိုပါဠိတော်၌။ ဒုက္ခံ = ဒုက္ခဟူသည်။ ကတမံ = အဘယ်နည်း။ ။ ကာယိကံ = ကိုယ်၌ဖြစ်သော။ အသာတံ = သာယာဖွယ်မှကင်းသော။ ယံ ကာယိကံ ဒုက္ခံ = အကြင် ကာယိကဒုက္ခသည်။ ကာယသမ္ဖဿဇံ = ကာယသမ္ဖဿကြောင့် ဖြစ်သော။ အသာတံ = သာယာဖွယ်မှကင်းသော။ ယံ ဒုက္ခံ ဝေဒယိတံ = အကြင် ဒုက္ခဖြစ်သော ခံစားအပ်သည်၏ အဖြစ်သည်။ ကာယသမ္ဖဿဇာ = ကာယသမ္ဖဿကြောင့် ဖြစ်သော။ အသာတာ = သာယာဖွယ်မှကင်းသော။ ယာ ဒုက္ခာ ဝေဒနာ = အကြင် ဒုက္ခဝေဒနာသည်။ အတ္ထိ = ရှိ၏။ ဣဒံ = ဤ ကာယိကဒုက္ခဝေဒနာကို။ ဒုက္ခံ = ဒုက္ခဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထိုပါဠိတော်၌။ ဒေါမနဿံ = ဒေါမနဿဟူသည်။ ကတမံ = အဘယ်နည်း။ ။ စေတသိကံ = စိတ်၌ဖြစ်သော။ အသာတံ = သာယာဖွယ်မှကင်းသော။ ယံ စေတသိကံ ဒုက္ခံ = အကြင် စေတသိကဒုက္ခသည်။ စေတောသမ္ဖဿဇံ = စေတောသမ္ဖဿ (= မနောသမ္ဖဿ) ကြောင့် ဖြစ်သော။ အသာတံ = သာယာဖွယ်မှ ကင်းသော။ ယံ ဒုက္ခံ ဝေဒယိတံ = အကြင် ဒုက္ခဖြစ်သော ခံစားအပ်သည်၏ အဖြစ်သည်။ စေတောသမ္ဖဿဇာ = စေတောသမ္ဖဿ (= မနောသမ္ဖဿ) ကြောင့် ဖြစ်သော။ အသာတာ = သာယာဖွယ်မှ ကင်းသော။ ယာ ဒုက္ခာ ဝေဒနာ = အကြင် ဒုက္ခဝေဒနာသည်။ အတ္ထိ = ရှိ၏။ ဣဒံ = ဤစေတသိကဒုက္ခဝေဒနာ (= ဒေါမနဿ-ဝေဒနာ)ကို။ ဒေါမနဿံ = ဒေါမနဿဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

တတ္ထ = ထိုပါဠိတော်၌။ ဥပါယာသော = ပြင်းစွာပူပန်ရခြင်း ဥပါယာသဟူသည်။ ကတမော = အဘယ်နည်း။ ဉာတိဗျသနေန ဝါ = ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့်မူလည်း။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအားလည်းကောင်း။ ပ။ အညတရညတရေန = အမှတ်မထား တစ်ပါးပါးသော။ ဒုက္ခဓမ္မေန = ဒုက္ခဓမ္မဖြင့်။ ဖုဋ္ဌဿ = တွေ့ကြုံသော သူအား။ ယော အာယာသော = အကြင် စိတ်၏ပင်ပန်းခြင်းသည်။ ယော ဥပါယာသော = အကြင် ကြီးစွာသော စိတ်၏ပင်ပန်းခြင်းသည်။ ယံ အာယာသိတတ္တံ = အကြင် စိတ်၏ပင်ပန်းသော အဖြစ်သည်။ ယံ ဥပါယာသိတတ္တံ = အကြင် ကြီးစွာသော စိတ်၏ပင်ပန်းသည်၏ အဖြစ်သည်။ အတ္ထိ = ရှိ၏။ အယံ = ဤသဘောတရားကို။ ဥပါယာသော = ဥပါယာသဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ ပဒဿ = ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-ဟူသော ပုဒ်၏။ အတ္ထော = ဆိုလိုရင်း အနက်သဘောကို။ ဧဝံ = ဤသို့။ ဝေဒိတဗ္ဗော = သိအပ်၏။

ဣတိ = ဤသို့လျှင်။ ကေဝလဿ = သုခမဖက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ = ဤဒုက္ခတုံး ဒုက္ခအစုအပုံ၏။ သမုဒယော = ဖြစ်ခြင်းသည်။ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့လျှင်။ ကေဝလဿ =

သုခမဖက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ = ဤဒုက္ခတုံး ဒုက္ခအစုအပုံ၏။ သင်္ဂတိ = ပေါင်းဆုံခြင်းသည်။ သမာဂမော = အညီအညွတ် ဆိုက်ရောက်လာခြင်းသည်။ သမောဓာနံ = ပေါင်းဆုံမိခြင်းသည်။ ပါတုဘာဝေါ = ထင်ရှားဖြစ်ခြင်းသည်။ ဟောတိ = ဖြစ်၏။ တေန = ထိုကြောင့်။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ = ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ ဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။

သုတ္တန္တဘာဇနီယံ = သုတ္တန္တဘာဇနီယနည်းသည်။ နိဋ္ဌိတံ = ပြီးပြီ။ (အဘိ-၂-၁၄၂-၁၄၅။)

ဤကား အလွတ်ရအောင် ကျက်ထားသင့်သော ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်ကြီး ဖြစ်ပါသည်။ ဤပါဠိတော်ကြီး၏ ဆိုလိုရင်းသဘောတရားနှင့် ရှုကွက်သည် ပဋိစ္စသမုပ္ပါဒ် ပထမနည်းအကျယ်တွင် ပို၍ ထင်ရှားပေလတ္တံ့။

ဒုက္ခသစ္စာ အမည်ရသော ဥပါဒါနက္ခန္ဓာ (၅)ပါးတို့ကို သိမ်းဆည်းပုံ ဉာဏ်ဖြင့် ပိုင်းခြားယူပုံကို ပြဆိုပြီးရာ ယခုအခါ၌ သမုဒယသစ္စာတွင် အကျုံးဝင်သော **ပဋိစ္စသမုပ္ပါဒ်တရား, ပဋိစ္စသမုပ္ပန္နတရား**တို့ကို ဆက်လက်၍ ရေးသားတင်ပြပေအံ့။ —

## ပဋိစ္စသမုပ္ပါဒ်တရား

တတ္ထ အဝိဇ္ဇာဒယော တာဝ ဓမ္မာ **ပဋိစ္စသမုပ္ပါဒေါ**တိ ဝေဒိတဗ္ဗာ။ ဝုတ္တဉှေတံ ဘဂဝတာ —“ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ, အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက-ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ”တိ။ (ဝိသုဒ္ဓိ-၂-၁၄၈။ သံ-၁-၂၄၃။)

= ပဋိစ္စသမုပ္ပါဒ်တရား, ပဋိစ္စသမုပ္ပန္နတရား ဟူသော ထိုနှစ်မျိုးသော တရားတို့တွင် အဝိဇ္ဇာစသော အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်တရားဟူ၍ သိရှိပါလေ။ မှန်ပေသည် — ဘုရားရှင်သည် ဤ**ပဋိစ္စ-သမုပ္ပါဒသုတ္တန်**ကို အောက်ပါအတိုင်း ဟောကြားထားတော်မူ၏။ —

ရဟန်းတို့ . . . ပဋိစ္စသမုပ္ပါဒ်တရားဟူသည် အဘယ်နည်း? ရဟန်းတို့ . . . အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်ဖြစ်ခြင်းကြောင့် သဠာယတနဖြစ်၏။ သဠာယတနဖြစ်ခြင်းကြောင့် ဖဿဖြစ်၏။ ဖဿဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာဖြစ်ခြင်းကြောင့် တဏှာဖြစ်၏။ တဏှာဖြစ်ခြင်းကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန်ဖြစ်ခြင်းကြောင့် ဘဝဖြစ်၏။ ဘဝဖြစ်ခြင်းကြောင့် ဇာတိဖြစ်၏။ ဇာတိဖြစ်ခြင်းကြောင့် ဇရာ မရဏဖြစ်၏။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ဖြစ်ပေါ်လာကုန်၏။ ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဤဒုက္ခတုံး ဒုက္ခအစုအပုံ၏ ဖြစ်ကြောင်းတရားသည် တစ်နည်း ဖြစ်ခြင်းသဘောသည် ဖြစ်ပေါ်လာပေ၏။ ရဟန်းတို့ . . . ဤအဝိဇ္ဇာစသော အကြောင်းတရားတို့ကို **ပဋိစ္စသမုပ္ပါဒ်** ဟူ၍ ဆိုအပ်၏။ (သံ-၁-၂၄၃။)

## ပဋိစ္စသမုပ္ပန္နတရား

ဇရာမရဏာဒယော ပန **ပဋိစ္စသမုပ္ပန္နာ ဓမ္မာ**တိ ဝေဒိတဗ္ဗာ။ ဝုတ္တဉှေတံ ဘဂဝတာ —

“ကတမေ စ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ။ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။ ဇာတိ ဘိက္ခဝေ။ ပ ။ ဘဝေါ။ ဥပါဒါနံ။ တဏှာ။ ဝေဒနာ။ ဖဿော။ သဠာယတနံ။ နာမရူပံ။ ဝိညာဏံ။ သင်္ခါရာ။ အဝိဇ္ဇာ ဘိက္ခဝေ အနိစ္စာသင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ”တိ။ (ဝိသုဒ္ဓိ-၂-၁၄၈။ သံ-၁-၂၄၆။)

= ဇရာမရဏ အစရှိကုန်သော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန္နတရားတို့ဟူ၍ သိရှိပါလေ။ ဘုရားရှင်သည် ဤ ပစ္စယသုတ္တန်တရားတော်ကို ဟောကြားထားတော်မူ၏။

“ရဟန်းတို့ . . . ပဋိစ္စသမုပ္ပန္နတရားတို့မည်သည် အဘယ်တရားတို့နည်း?

ရဟန်းတို့ . . . ဇရာ မရဏသည် အနိစ္စတရားသာတည်း၊ အညီအညွတ်ပေါင်းစု၍ အကြောင်းတရား-တို့သည် ပြုပြင်အပ်သော သင်္ခတတရားသာတည်း၊ အကြောင်းတရားတို့ကို စွဲမှီ၍ ဖြစ်ပေါ်လာရသော

ပဋိစ္စသမုပ္ပန္နတရားသာတည်း၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းခြင်းသဘောရှိ၏၊ အဖန်တလဲလဲ ပျက်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏၊ ရဟန်းတို့ . . . ဇာတိသည်။ ပ ။ ရဟန်းတို့ . . . ဘဝသည်၊ ဥပါဒါန်သည်၊ တဏှာသည်၊ ဝေဒနာသည်၊ ဖဿသည်၊ သဠာယတနသည်၊ နာမ်ရုပ်သည်၊ ဝိညာဏ်သည်၊ သင်္ခါရတို့သည်၊ အဝိဇ္ဇာသည် အနိစ္စတရားသာတည်း၊ အညီအညွတ်ပေါင်းစု၍ အကြောင်းတရားတို့သည် ပြုပြင်အပ်သော သင်္ခတတရားသာတည်း၊ အကြောင်းတရားတို့ကို စွဲမှီ၍ ဖြစ်ပေါ်လာရသော ပဋိစ္စသမုပ္ပန္နတရားသာတည်း။ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းခြင်းသဘောရှိ၏၊ အဖန်တလဲလဲ ပျက်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏၊ ရဟန်းတို့ . . . ဤပဋိလောမ = ပြောင်းပြန်သဘော-အားဖြင့် ဇရာမရဏစသော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန္နတရားတို့ဟူ၍" ဆိုအပ်ကုန်၏။ (သံ-၁-၂၆၄။)

**ပဋိစ္စသမုပ္ပါဒေါ**တိ ပစ္စယဓမ္မာ ဝေဒိတဗ္ဗာ။ **ပဋိစ္စသမုပ္ပန္နာ ဓမ္မာ**တိ တေဟိ တေဟိ ပစ္စယေဟိ နိဗ္ဗတ္တဓမ္မာ။ (ဝိသုဒ္ဓိ-၂-၁၄၈။)

လိုရင်းအချုပ်မှတ်သားရန်မှာ — အဝိဇ္ဇာစသော အကြောင်းတရားတို့ကို **ပဋိစ္စသမုပ္ပါဒ်** ဟူ၍ သိရှိပါကုန်။ ထိုထိုအဝိဇ္ဇာစသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာကြကုန်သော သင်္ခါရစသော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန္နတရားတို့ဟူ၍ သိရှိကြပါကုန်။ (ဝိသုဒ္ဓိ-၂-၁၄၈။)

## ပဋိစ္စသမုပ္ပါဒ်တရားတော်

ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက တည်ထောင်ဖန်ဆင်းထား-သည်လည်းမဟုတ်၊ ဘုရားပွင့်တော်မူသည်ဖြစ်စေ ပွင့်တော်မမူသည်ဖြစ်စေ ဤတရားသဘောသည် ရှိနေ-သည်သာဖြစ်၏။ (သံ-၁-၂၆၄-ပစ္စယသုတ္တန်။) သို့သော် ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်တော်မူသောအခါမှ သာလျှင် ထိုဘုရားရှင်တို့၏ ထုတ်ဖော်ဟောကြားမှုကြောင့် ဤတရားတော်ကို သတ္တဝါတို့သည် သိရှိခွင့်ကို ရရှိကြသည်။ အကယ်၍ လောက၌ ဘုရားပွင့်တော်မမူသော်လည်းကောင်း, ဘုရားပွင့်တော်မူသော်လည်း တရားတော်ကို မနာယူရသော်လည်းကောင်း, တရားတော်ကို နာယူရသော်လည်း သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဝါဒဆိုးကြီးများကို စွဲလမ်း ဆုပ်ကိုင်ထားသော်လည်းကောင်း ဤပဋိစ္စသမုပ္ပါဒ်တရားသဘောကို သိရှိနားလည်နိုင်ကြမည် မဟုတ်ပေ။

ဤပဋိစ္စသမုပ္ပါဒ်တရားတော်သည် နက်ယောင်နဲ့ နက်၏။ ခက်ယောင်နဲ့ ခက်၏။ ဤတရားတော်ကို "လွယ်သည် တိမ်သည်"ဟု ပြောဆိုလျှောက်ထားလာသော အရှင်အာနန္ဒာကိုယ်တော်မြတ်အား မြတ်စွာဘုရားက "မာဟေဝံ အာနန္ဒ = အာနန္ဒာ . . . ဒီလိုမပြောနဲ့"ဟု တားမြစ်တော်မူခဲ့ဖူးလေသည်။ မည်မျှပင် အသိခက်၍ နက်နဲငြားသော်လည်း ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပိုင်းခြား၍ မသိဘဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည် မဟုတ်ချေ။ (ဒီ-၂-၄၇။ သံ-၁-၃၁၈။)

ဤပဋိစ္စသမုပ္ပါဒ် တရားသဘောကို မသိဘဲ သမဏ ဗြာဟ္မဏဟု အခေါ်မခံထိုက်ချေ။ (သံ-၁-၂၇၉။)

ပွင့်တော်မူပြီး ပွင့်တော်မူဆဲ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့သည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပိုင်းခြား၍ သိတော်မူခြင်းကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ရောက်တော်မူဆဲ ရောက်တော်မူလတ္တံ့ ဖြစ်ကြသည်။ (သံ-၁-၂၄၆-၂၅၂။)

သတ္တဝါအပေါင်းသည် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပိုင်းခြား၍ မသိသေးသမျှ ကာလပတ်လုံး သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော ချောက်ကြီးတစ်ခုခု အတွင်းသို့ ကျရောက်ကာ ဆင်းရဲဒုက္ခအပေါင်းကို

ခံစားနေ ကြရဦးမည်သာ ဖြစ်၏။ ထိုကြောင့် သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်လိုသူတို့သည် ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကို ထိုးထွင်း၍ သိနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်ကြောင်းကို နိဒါနသံယုတ်၌ အကြိမ်များစွာ ဘုရားရှင်ဟောကြားတော်မူခဲ့ပေသည်။

## လက္ခဏ – ရသ – ပစ္စုပဋ္ဌာန်

၁။ ဇရာမရဏာဒီနံ ဓမ္မာနံ ပစ္စယလက္ခဏော ပဋိစ္စသမုပ္ပါဒေါ၊
၂။ ဒုက္ခာနုဗန္ဓနရသော၊
၃။ ကုမ္မဂ္ဂပစ္စုပဋ္ဌာနော။ (ဝိသုဒ္ဓိ-၂-၁၄၉။)

ပဋိစ္စသမုပ္ပါဒ်သည် —

၁။ ဇရာမရဏ အစရှိကုန်သော ပစ္စယုပ္ပန်တရားတို့အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သည်၏ အဖြစ် ဟူသော မှတ်ကြောင်း သဘောလက္ခဏာ ရှိ၏။

၂။ အကြောင်းနှင့် အကျိုး ဆက်စပ်လျက် မပြတ်မစဲဖြစ်ခြင်းဟူသော ပဝတ္တိဒုက္ခသို့ အစဉ်လိုက်စေခြင်း ကိစ္စရသ ရှိ၏။

၃။ စက်ဆုပ်အပ်သော သံသရာခရီး၏အဖြစ်ဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်တတ်၏။ တစ်နည်း — နိဗ္ဗာန်သို့သွားရာ မဇ္ဈိမပဋိပဒါလမ်းခရီး၏ အလွဲခရီးဖြစ်၍ ခရီးလွဲ ခရီးကောက်၏အဖြစ်ဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်တတ်၏။

**တေသံ တေသံ** ပစ္စယုပ္ပန္နဓမ္မာနံ သမ္ဘဝတော ဥပ္ပဇ္ဇနတော သဿတုစ္ဆေဒသင်္ခါတံ အန္တဒ္ဒယံ အနုပဂ္ဂမ္မ ယထာသကံ ပစ္စယေဟိ အနုရူပဖလုပ္ပတ္တိ ဉာယ မဇ္ဈိမပဋိပဒါတိ အဓိပ္ပေတာ။ (မဟာဋီ-၂-၂၃၆။)

ယောဂါဝစရပုဂ္ဂိုလ်သည် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော ဉာဏ်နှစ်ပါးတို့ကို ရရှိ-သောအခါ ထိုထို အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ညီညွတ်မှုကို အစွဲပြု၍ ထိုထို သင်္ခါရစသော အကျိုး တရားတို့၏ အကြောင်းနှင့် အကျိုး ဆက်နွယ်လျက် မပြတ်မစဲ ဖြစ်နေမှုကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်လာ၏။ ယင်းသို့ သိမြင်သောအခါ ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်သည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဟု ခေါ်ဆိုအပ်သော အစွန်းနှစ်ဖက်သို့ မကပ်ရောက်တော့ဘဲ မိမိ မိမိတို့၏ ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားအပေါင်းတို့ကြောင့် ယင်းအကြောင်းတရားတို့နှင့် လျော်ညီသော အကျိုးတရားတို့၏ ဖြစ်ခြင်းကို ဖော်ပြနေသော ဘုရားရှင် ညွှန်ကြားထားတော်မူသည့် မဇ္ဈိမပဋိပဒါလမ်းပေါ်သို့ ရောက်ရှိသွားပေ၏။

နိဗ္ဗာန်သို့သွားရာ မဇ္ဈိမပဋိပဒါလမ်း ဟူသည်ကား —

၁။ အဝိဇ္ဇာစသော အကြောင်းတရားတို့ကိုလည်းကောင်း,
၂။ သင်္ခါရစသော အကျိုးတရားတို့ကိုလည်းကောင်း,
၃။ အဝိဇ္ဇာစသော အကြောင်းတရားနှင့် သင်္ခါရစသော အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားကိုလည်းကောင်း –

သိရှိလာသောအခါ ယင်းအကြောင်းတရားအပေါင်း, အကျိုးတရားအပေါင်းတို့ကို လက္ခဏာယာဉ်သုံးချက် သို့ တင်၍ တွင်တွင်ကြီး ဝိပဿနာရှုရသော လမ်းတည်း။

ယင်းသို့ ဝိပဿနာ မရှုခဲ့သော် မရှုခဲ့နိုင်သော် ယင်းအကြောင်းတရားနှင့် အကျိုးတရားတို့သည် မပြတ်ဆက်စပ်လျက် အထပ်ထပ် ဖြစ်မြဲ ဖြစ်နေမည်သာ ဖြစ်ကြ၏။ ယင်းသို့ ဖြစ်နေမှုကို ပဝတ္တိဒုက္ခဟု ခေါ်ဆိုပေသည်။ ယင်းပဝတ္တိဒုက္ခ အမည်ရသော အကြောင်းတရား အကျိုးတရားတို့၏ မပြတ်ဖြစ်နေမှုသည် သို့မဟုတ် မပြတ်ဖြစ်အောင် ကြိုးစားအားထုတ်မှုသည် ကုမ္မဂ္ဂအမည်ရသော နိဗ္ဗာန်သို့သွားရာ မဇ္ဈိမပဋိပဒါလမ်းမှ တိမ်းစောင်းလွဲချော်နေသော မဇ္ဈိမပဋိပဒါလမ်းနှင့် ထိပ်တိုက် ဆန့်ကျင်ဖက်ဖြစ်သော ခရီးကောက် ခရီးလွဲပင်တည်း။ သံသရာ၏ အစီးအပွား အပါယ်၏ အစီးအပွားသာတည်း။

အကယ်၍ အသင် ယောဂီသူတော်ကောင်းသည် အတိတ်အဆက်ဆက်မှသည် အနာဂတ်ဆုံးသည့်တိုင်အောင် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၏ အတွင်း၌ အဝိဇ္ဇာ သင်္ခါရစသော အကြောင်းတရား အဆက်ဆက် အကျိုးတရားအဆက်ဆက်တို့ကို လက္ခဏာရေးသုံးတန်တင်ကာ တွင်တွင်ကြီး ဝိပဿနာ ရှုနိုင်ပါ-မူကား ယင်းအကြောင်းတရား အကျိုးတရားတို့ အပေါ်၌ "ငါ့ဟာ, ငါ , ငါ၏ အတ္တ"ဟု အစွဲကြီး စွဲနေသည့် တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတို့သည် ပြိုကွဲပျက်စီးသွားကြမည် ဖြစ်၏။ မဇ္ဈိမပဋိပဒါလမ်းပေါ်သို့ ဣန္ဒြေရရ သိက္ခာရှိရှိ ဂုဏ်ရှိရှိဖြင့် လျှောက်သွားနေခြင်းပင် ဖြစ်၏။

ထိုသို့ မဇ္ဈိမပဋိပဒါလမ်းပေါ်သို့ ကောင်းကောင်းကြီး တွင်တွင်ကြီး မနေမနား လျှောက်သွားနိုင်ပါမူကား အသင်သူတော်ကောင်း လိုလားတောင့်တနေသော နိဗ္ဗာန်သို့ကား ဣန္ဒြေ ရင့်ကျက်စုံညီသော တစ်နေ့တွင် ဆိုက်ရောက်ရမည်သာ ဧကန် ဖြစ်ပေသတည်း။

## ပဋိစ္စသမုပ္ပါဒ်ဟူသည်

ပဋိစ္စသမုပ္ပါဒဟူသော ပုဒ်၏ (= စကားလုံး၏) အဓိပ္ပါယ်ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် (၃)မျိုး ဖွင့်ပြထား၏။ ယင်း (၃)မျိုးသော အဓိပ္ပါယ်တို့မှာ ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို လက်ထက်ဥဿျှစ်သို့ လင်းလင်းထင်ထင် ထိထိမိမိ ဉာဏ်မျက်စိဖြင့် ကိုယ်တိုင်သိအောင် ရှုမြင်လိုသော ယောဂါဝစရသူတော်ကောင်း-တို့၏ အသိဉာဏ် သန့်ရှင်းရေးအတွက် ကြိုတင်သိထားသင့်သဖြင့် ရှုကွက်ကို မဖော်ပြမီ ယင်းဖွင့်ဆိုချက်တို့ကို ဤတွင် ဆက်လက်ဖော်ပြအပ်ပါသည်။

## ပထမနည်း အဖွင့်

ယော ဟိ အယံ ပစ္စယတာယ ပဝတ္တော ဓမ္မသမူဟော၊ တတ္ထ ပဋိစ္စသမုပ္ပါဒေါတိ ဣဒံ ဝစနံ ဒွိဓာ ဣစ္ဆန္တိ။ သော ဟိ ယသ္မာ ပတီယမာနော ဟိတာယ သုခါယ စ သံဝတ္တတိ၊ တသ္မာ ပစ္စေတုမရဟန္တိ နံ ပဏ္ဍိတာတိ ပဋိစ္စော။ ဥပ္ပဇ္ဇမာနော စ သဟ သမ္မာ စ ဥပၸဇ္ဇတိ၊ န ဧကေကတော၊ နာပိ အဟေတုတောတိ သမုပ္ပါဒေါ။ ဧဝံ ပဋိစ္စော စ သော သမုပ္ပါဒေါ စာတိ ပဋိစ္စသမုပ္ပါဒေါ။ အပိစ သဟ ဥပ္ပဇ္ဇတီတိ သမုပ္ပါဒေါ၊ ပစ္စယသာမဂ္ဂိံ ပန ပဋိစ္စ အပစ္စက္ခာယာတိ ဧဝမ္ပိ ပဋိစ္စသမုပ္ပါဒေါ။ တဿ စာယံ ဟေတုသမူဟော ပစ္စယောတိ တပ္ပစ္စယတ္တာ အယမ္ပိ, ယထာ လောကေ သေမှဿ ပစ္စယော ဂုဠော **သေမှော ဂုဠော**တိ ဝုစ္စတိ၊ ယထာ စ သာသနေ သုခပ္ပစ္စယော ဗုဒ္ဓါနံ ဥပ္ပါဒေါ "သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ"တိ ဝုစ္စတိ၊ တထာ ပဋိစ္စသမုပ္ပါဒေါ ဣစ္စေဝံ ဖလဝေါဟာရေန ဝုတ္တောတိ ဝေဒိတဗ္ဗော။ (ဝိသုဒ္ဓိ-၂-၁၅၁-၁၅၂။)

ယသ္မာ အတ္တနော ပစ္စယဝသေန ပဝတ္တော ပစ္စယုပ္ပန္နဓမ္မသမူဟော ပစ္စေတဗ္ဗတော ပဋိစ္စော စ သော သဟ ဥပ္ပဇ္ဇနတော သမုပ္ပါဒေါ စ, ပဋိစ္စ ဝါ ကာရဏသာမဂ္ဂိံ အပစ္စက္ခာယ သဟ ဥပ္ပဇ္ဇနတော ဧဝါတိ စ ဧဝံ

ဒွေဓာ "ပဋိစ္စသမုပ္ပါဒေါ"တိ ဣဒံ ဝစနံ ဣစ္ဆိတဗ္ဗံ၊ တသ္မာ တဿ ပစ္စယဓမ္မောပိ ဖလူပစာရေန ပဋိစ္စသမုပ္ပါဒေါ ဣစ္စေဝ ဝုတ္တောတိ။ (မဟာဋီ-၂-၂၃၃။)

အထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။ —

အဝိဇ္ဇာပစ္စယာ သင်္ခါရာ – ၌ အဝိဇ္ဇာကား အကြောင်းပစ္စည်းတရားတည်း။ သင်္ခါရကား အကျိုးပစ္စယုပ္ပန် တရားတည်း။ အကြောင်းတရားကို ပစ္စည်းတရားဟူ၍လည်းကောင်း, အကျိုးတရားကို ပစ္စယုပ္ပန်ဟူ၍လည်းကောင်း အသီးအသီး ခေါ်ဆို၏။ တစ်ဖန် – သင်္ခါရပစ္စယာ ဝိညာဏံ – ၌ သင်္ခါရကား အကြောင်းပစ္စည်းတရားတည်း၊ ဝိညာဏံကား အကျိုးပစ္စယုပ္ပန်တရားတည်း။ ဤသို့ စသည်ဖြင့် အကြောင်းပစ္စည်းတရား အကျိုးပစ္စယုပ္ပန်တရားကို ဇာတိ ဇရာမရဏသို့တိုင်အောင် သဘောပေါက်ပါလေ။

အဝိဇ္ဇာနှင့် သင်္ခါရတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘော၌ သင်္ခါရသည် အကျိုးတရားဖြစ်၏။ တစ်ဖန် သင်္ခါရနှင့် ဝိညာဏ်တို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရား၌ သင်္ခါရသည် အကြောင်းတရား ဖြစ်ပြန်၏။ အလားတူပင် ဝိညာဏ် နာမ်ရုပ် စသည်တို့၌လည်း အကြောင်းတရားဖြစ်မှု အကျိုးတရားဖြစ်မှုကို သဘောပေါက်ပါ။

ယင်းသို့လျှင် အကြောင်းတရားနှင့် အကျိုးတရားတို့သည် ကြောင်း-ကျိုး ဆက်နွယ်လျက် အဆက်မပြတ် ဖြစ်နေသည့် သံသရာစက်ရဟတ်တွင် အကြောင်းတရားများကို ပစ္စယဓမ္မ = ပစ္စည်းတရားဟုလည်းကောင်း, အကျိုးတရားများကို ပစ္စယုပ္ပန္နဓမ္မ = ပစ္စယုပ္ပန်တရားဟုလည်းကောင်း အသီးအသီး ခေါ်ဆိုပေသည်။

ထိုတွင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ စသည်ဖြင့် ဟောကြားတော်မူရာဝယ် ပြဓာန်းသော အကြောင်း တရားနှင့် ပြဓာန်းသော အကျိုးတရားတို့ကိုသာ ပဓာနနည်းအားဖြင့် ထုတ်ဖော်ဟောကြားတော်မူခြင်း ဖြစ်၏။ အဝိဇ္ဇာသည်လည်း မိမိချည်း တစ်ခုတည်းသက်သက် ဖြစ်နိုင်သည့် စွမ်းအားမရှိ၊ သင်္ခါရ = စေတနာသည်လည်း မိမိချည်း တစ်ခုတည်းသက်သက် ဖြစ်နိုင်သည့် စွမ်းအားမရှိ။ အဝိဇ္ဇာ တစ်ခုတည်းသက်သက်ကြောင့် သင်္ခါရ = စေတနာ တစ်ခုတည်းသက်သက် ဖြစ်နိုင်သည့် စွမ်းအားလည်း မရှိ၊ ဖြစ်ရိုးဓမ္မတာလည်း မရှိ။

၁။ ဧကတော ဟိ ကာရဏတော န ဣဓ ကိဉ္စိ ဧကံ ဖလမတ္ထိ၊
၂။ န အနေကံ၊
၃။ နာပိ အနေကေဟိ ကာရဏေဟိ ဧကံ၊
၄။ အနေကေဟိ ပန ကာရဏေဟိ အနေကမေဝ ဟောတိ။ (အဘိ-ဋ္ဌ-၂-၁၄၀။ ဝိသုဒ္ဓိ-၂-၁၇၄။)

ဤလောက၌ —

၁။ အကြောင်းတရား တစ်ခုတည်းကြောင့် အကျိုးတရားတစ်ခုတည်း၏ ဖြစ်ခြင်းသည်လည်း မရှိ။
၂။ အကြောင်းတရား တစ်ခုတည်းကြောင့် အကျိုးတရားများစွာ၏ ဖြစ်ခြင်းသည်လည်း မရှိ။
၃။ အကြောင်းတရား များစွာကြောင့် အကျိုးတရားတစ်ခုတည်း၏ ဖြစ်ခြင်းသည်လည်း မရှိ။
၄။ များစွာသော အကြောင်းတရားတို့ကြောင့်သာလျှင် များစွာသော အကျိုးတရားတို့၏ ဖြစ်ခြင်းသည်သာလျှင် ရှိ၏။

အကြောင်းတရားများစွာတို့၏ အပေါင်းအစုကို ပစ္စယဓမ္မသမူဟဟု ခေါ်၏။ အကျိုးတရားများစွာတို့၏ အပေါင်းအစုကို ပစ္စယုပ္ပန္နဓမ္မသမူဟဟု ခေါ်၏။ ပစ္စယဓမ္မသမူဟဟူသော အကြောင်းတရားများစွာတို့၏ အ-ပေါင်းအစုကြောင့် ဖြစ်ပေါ်လာကြရသော ပစ္စယုပ္ပန္နဓမ္မသမူဟတည်းဟူသော အကျိုးတရားများစွာတို့၏ အပေါင်း အစုကိုလည်း **ပဋိစ္စသမုပ္ပါဒ်** ဟူ၍ပင် ခေါ်ဆိုပေသည်။

မှန်ပေသည် —

၁။ ဥတု = ပူမှု အေးမှုဟူသော ရာသီဥတု,
၂။ ပထဝီ = မြေကြီး = စိုက်ခင်း,
၃။ ဗီဇ = မျိုးစေ့,
၄။ သလိလ = ရေ,

ဤသို့ စသည့်များစွာကုန်သော အကြောင်းတရားတို့ကြောင့်သာလျှင် အဆင်း အနံ့ အရသာ အစရှိသော များစွာကုန်သော ဩဇဋ္ဌမက ရုပ်ကလာပ်တို့၏ အပေါင်းအစုဖြစ်သော အညွန့်ဟု ခေါ်ဆိုအပ်သော အကျိုးတရား ဖြစ်ပေါ်လာရသည်ကို တွေ့မြင်အပ်ပေသည်။ ထိုသို့ပင် များစွာသော အကြောင်းတရားတို့ကြောင့် များစွာ ဖြစ်ပေါ်လာသော အကျိုးတရား အစုအပုံကို တွေ့မြင်အပ်ပါသော်လည်း — အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ = အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏ — ဤသို့ စသည်ဖြင့် တစ်ခု တစ်ခုသော အကြောင်းတရား, တစ်ခုတစ်ခုသော အကျိုးတရားကို ထင်ရှားပြတော်မူလျက် တရားဒေသနာ-တော်ကို ဟောကြားတော်မူခြင်းကို ဘုရားရှင်သည် ပြုတော်မူအပ်ခဲ့လေပြီ။ ထိုသို့ ဟောပြတော်မူရာ၌ အကျိုး ပယောဇဉ်ကား ရှိသည်သာ ဖြစ်ပေသည်။

ဘုရားရှင်သည် သာဝကတို့အား တရားဒေသနာတော်ကို ဟောကြားပြသ ဆိုဆုံးမတော်မူရာဝယ် —

၁။ အချို့သော ပါဠိရပ်၌ ပဓာန အကြောင်းတရား ဖြစ်သောကြောင့်,
၂။ အချို့သော ပါဠိရပ်၌ ထင်ရှားသော အကြောင်းတရား ဖြစ်သောကြောင့်,
၃။ အချို့သော ပါဠိရပ်၌ မဆက်ဆံသော အကြောင်းတရား ဖြစ်သောကြောင့် —

ဒေသနာတော်၏ တင့်တယ်စမွယ်ကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်တော်မြတ်အားလည်းကောင်း, ကျွတ်-ထိုက်သသူ ဆုံးမထိုက်သူ နတ်လူပြဟ္မာ ဝေနေယျကြာ သတ္တဝါတို့၏ အလိုအကြိုက် စရိုက် ဝါသနာ အဇ္ဈာသယ ဓာတ်ခံအားလည်းကောင်း လျော်သောအားဖြင့် တစ်ခုသာလျှင်ဖြစ်သော အကြောင်းတရားကိုသော်လည်းကောင်း, တစ်ခုသာလျှင်ဖြစ်သော အကျိုးတရားကိုသော်လည်းကောင်း ထင်ရှားပြသတော်မူလျက် ဟောကြားတော်မူ ပေသည်။

၁။ **ပဓာန — ဖဿပစ္စယာ ဝေဒနာ** (ဒီ-၂ -၄၈။) = ဖဿကြောင့် ဝေဒနာဖြစ်၏ဟူ၍ ဤမဟာနိဒါန သုတ္တန်၌ ဖဿဟူသော တစ်ခုတည်းသော အကြောင်းတရားကိုလည်းကောင်း, ဝေဒနာဟူသော တစ်ခုတည်း သော အကျိုးတရားကိုလည်းကောင်း ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ မှန်ပေသည် — ဖဿသည် ဝေဒနာ၏ ပြဓာန်းသော ပဓာနအကြောင်းတရား ဖြစ်၏။ ဖဿအားလျော်စွာ ဝေဒနာကို ပိုင်းခြား မှတ်သား အပ်သောကြောင့် ဖြစ်၏။ သုခဝေဒနာ ဖြစ်နိုင်လောက်သော ဖဿကို အစွဲပြု၍ သုခဝေဒနာ ဖြစ်ပေါ်လာရ၏။ ဒုက္ခဝေဒနာ ဖြစ်နိုင်လောက်သော ဖဿကို အစွဲပြု၍ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာရ၏။ ဤသို့ စသည်ဖြင့် ထိုထို ဖဿအားလျော်စွာ ထိုထို ဝေဒနာကို သုခဝေဒနာဟုလည်းကောင်း ဒုက္ခဝေဒနာဟုလည်းကောင်း စသည်ဖြင့် ပိုင်းခြား မှတ်သားအပ်၏။ ထိုကြောင့် ဖဿသည် ဝေဒနာ၏ ပြဓာန်းသော ပဓာန အကြောင်းတရား ဖြစ်၏။ ဝေဒနာသည်လည်း ဖဿ၏ ပြဓာန်းသော ပဓာန အကျိုးတရားတည်း။ သုခဝေဒနာ ဒုက္ခဝေဒနာ စက္ခုသမ္ဖဿဇာ ဝေဒနာစသော ဝေဒနာအားလျော်စွာ သုခသမ္ဖဿ, ဒုက္ခသမ္ဖဿ, စက္ခုသမ္ဖဿ - ဤသို့ စသည်ဖြင့် ဖဿကို အသီးအသီး ပိုင်းခြားမှတ်သားအပ် ဆုံးဖြတ်အပ်သည်၏ အဖြစ်ကြောင့်တည်း။

၂။ **ပါကဋ္ဌ – သေမှသမုဋ္ဌာနာ အာဗာဓာ** (ခု-၇-၁၀။) = သလိပ်လျှင်ဖြစ်ကြောင်း ရှိကုန်သော သလိပ်ကြောင့် ဖြစ်ကုန်သော အနာတို့သည် ဤသို့စသည်ဖြင့် မဟာနိဒ္ဒေသပါဠိတော်၌ ထင်ရှားသည်၏ အဖြစ်ကြောင့် တစ်ခုသော အကြောင်းတရားကို ဟောကြားတော်မူအပ်လေပြီ။ မှန်ပေသည် ဤအနာရောဂါ၏ ဖြစ်ကြောင်းတရားတို့တွင် သလိပ်သည် ထင်ရှားသော အကြောင်းတရားတစ်ခု ဖြစ်၏။ ကံ စသော အကြောင်းတရားတို့ကား မထင်ရှားကြကုန်။ ထိုသို့ သလိပ်သည် ထင်ရှားသော အကြောင်းတရားဖြစ်ခြင်းကြောင့် အနာရောဂါ၏ အကြောင်းတရားအဖြစ် ဟောကြားတော်မူခြင်း ဖြစ်၏။

၃။ **အသာဓာရဏ – ယေ ကေစိ ဘိက္ခဝေ အကုသလာ ဓမ္မာ၊ သဗ္ဗေတေ အယောနိသောမနသိကာရ–မူလကာ** = ရဟန်းတို့ အကုသိုလ်တရားမှန်သမျှတို့သည် အယောနိသောမနသိကာရလျှင် အကြောင်းရင်း ရှိကြကုန်၏ — ဤသို့ ဟောကြားတော်မူရာဝယ် အခြားအခြားသော ကုသိုလ်စသော တရားတို့နှင့် မဆက်ဆံသော မသက်ဆိုင်သော အကြောင်းတရားဖြစ်ခြင်းကြောင့် အယောနိသောမနသိကာရတည်းဟူသော တစ်ခုတည်းသော အကြောင်းတရားကို အကုသိုလ်တရားမှန်သမျှတို့၏ အကြောင်းရင်းအဖြစ် ဟောကြားတော်မူခြင်း ဖြစ်၏။ မှန်ပေသည် အယောနိသောမနသိကာရသည်ကား ကုသိုလ်စသော တရားတို့နှင့် မဆက်ဆံသော မပတ်သက်သော အကုသိုလ်တရားတို့နှင့်သာ သက်ဆိုင်သည့် အကုသိုလ်တရားတို့၏ သီးသန့်အကြောင်းတရား ဖြစ်၏။ သို့သော် အကုသိုလ်တရားတို့သည် အယောနိသောမနသိကာရဟူသည့် အကြောင်းတရား တစ်ခုတည်းကြောင့်သာ ဖြစ်ပေါ်လာရသည်မဟုတ်၊ မှီရာဝတ္ထုရုပ်ရှိခြင်း, အကုသိုလ်တရားများ ဖြစ်လောက်အောင် အာရုံ အကြောင်းတရားအဖြစ် အာရမ္မဏပစ္စယသတ္တိဖြင့် ဆိုင်ရာအာရုံတို့က ကျေးဇူးပြုပေးခြင်း, ယှဉ်ဖက် စိတ်စေတသိက် တရားစုတို့ကလည်း သဟဇာတစသော သတ္တိတို့ဖြင့် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပေးခြင်း — ဤသို့စသော ဝတ္ထု, အာရုံ, သဟဇာတစသော အကြောင်းတရားတို့သည်လည်း ရှိကြသည်သာ ဖြစ်၏။ သို့သော် ဤ ဝတ္ထု, အာရုံ, သဟ-ဇာတစသော အကြောင်းတရားတို့ကား နာမ်တရားအားလုံးတို့နှင့် ဆက်ဆံနေသော သာဓာရဏ အကြောင်းတရားများ ဖြစ်ကြ၏။ ဤအယောနိသောမနသိကာရကား ကုသိုလ်စသည့် အခြား အခြားသော နာမ်တရားတို့နှင့် မဆက်ဆံဘဲ အကုသိုလ်တရားတို့နှင့်သာ ဆက်ဆံသည့် အသာဓာရဏ အကြောင်းတရား ဖြစ်၏။ ထိုကြောင့် ဘုရားရှင်သည် အယောနိသောမနသိကာရကို အကုသိုလ်တရား အားလုံးတို့၏ အကြောင်းရင်းအဖြစ် ဟောကြားတော်မူပေသည်။

ဤသို့လျှင် ဘုရားရှင်သည် —

၁။ ပဓာန = ပြဓာန်းသော အကြောင်းတရား ဖြစ်ခြင်း,
၂။ ပါကဋ္ဌ = ထင်ရှားသော အကြောင်းတရား ဖြစ်ခြင်း,
၃။ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရား ဖြစ်ခြင်း,

ဤ (၃)မျိုးသော အကြောင်းတရားကြောင့် တစ်ခုတည်းသော အကြောင်းတရား တစ်ခုတည်းသော အကျိုးတရားကို ထင်ရှားပြတော်မူလျက် ဤပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်ကို ဟောကြားပြသထားတော်မူခြင်း-ကြောင့် ဤပဋိစ္စသမုပ္ပါဒ်ပါဠိတော်မြတ်ကြီး၌ — အဝိဇ္ဇာမှ အခြားတစ်ပါးကုန်သော, စေတနာဟူသော သင်္ခါရတရားကို ဖြစ်ပေါ်လာအောင် ပြုပြင်ပေးတတ်ကုန်သော ဝတ္ထု, အာရုံ, သဟဇာတ = တကွဖြစ်ဖက်တရား အစ ရှိကုန်သော စေတနာဟူသော သင်္ခါရ၏ အကြောင်းတရားတို့သည် ထင်ရှားရှိပါကုန်သော်လည်း **အဿာ–ဒါနုပဿိနော တဏှာ ပဝဍ္ဍတိ** (သံ-၁-၃၁၁။) = ရဟန်းတို့ . . . သံယောဇဉ် ဖြစ်ထိုက်ကုန်သော အာရုံဓမ္မတို့၌ သာယာဖွယ်ဟု အဖန်ဖန် ရှုလေ့ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ တဏှာတရားသည် တိုးပွားလာ၏ — ဤသို့လည်းကောင်း, **အဝိဇ္ဇာသမုဒယာ အာသဝသမုဒယော** = အဝိဇ္ဇာဖြစ်ခြင်းကြောင့် အာသဝေါတရားဖြစ်၏ —

(မ-၁-၆၈။) ဤသို့လည်းကောင်း ဟောကြားထားတော်မူခြင်းကြောင့် အဝိဇ္ဇာမှ အခြားတစ်ပါးလည်း ဖြစ်ကုန်သော သင်္ခါရ၏ အကြောင်းတရားဖြစ်ကုန်သော တဏှာစသော တရားတို့သည် ရှိကြကုန်သည်သာ ဖြစ်၏။ ယင်းတဏှာစသော တရားတို့သည်လည်း သင်္ခါရ၏ အကြောင်းတရားပင်တည်း။ သို့သော် ယင်းအကြောင်းတရားတို့တွင် အဝိဇ္ဇာကား ပဓာန = ပြဓာန်းသော အကြောင်းတရားတည်း။ ယင်းသို့ ပဓာန အကြောင်းတရားဖြစ်သော-ကြောင့်လည်းကောင်း,

**အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ** = ရဟန်းတို့ . . . ပရမတ္ထဓမ္မ သဘာဝအမှန်ကို မသိသဖြင့် ပညာမရှိသော အဝိဇ္ဇာနှင့် ပြည့်စုံသောသူသည် ပုညာဘိသင်္ခါရကိုလည်း ပြုလုပ်၏။ ဤသို့လျှင် အဝိဇ္ဇာသည် သင်္ခါရ၏ ထင်ရှားသော အကြောင်းဖြစ်သောကြောင့်လည်းကောင်း,

အဝိဇ္ဇာသည် သင်္ခါရတရားတို့၏ မဆက်ဆံသော (အသာဓာရဏ) အကြောင်းတရားဖြစ်သောကြောင့် လည်းကောင်း အဝိဇ္ဇာကို သင်္ခါရတို့၏ အကြောင်းတရားတို့၏ အဖြစ်ဖြင့် ဘုရားရှင်သည် ဟောကြားပြသတော်မူ-အပ်ပေပြီဟု သိရှိပါလေ။

ဤတစ်ခုတစ်ခုသော အကြောင်းတရား, တစ်ခုတစ်ခုသော အကျိုးတရားကို ဟောကြားပြသတော်မူခြင်း၌ ဖြေရှင်းကြောင်းဖြစ်သော စကားအစဉ်ဖြင့်ပင် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ခြင်း စသည်တို့၌ တစ်ခုတစ်ခုသော အကြောင်းတရား, တစ်ခုတစ်ခုသော အကျိုးတရားကို ဟောကြားပြသတော်မူခြင်း၌လည်း အကျိုး ပယောဇဉ် ရှိမှုကို သိရှိပါလေ။ (အဘိ-ဌ-၂-၁၄၀။)

ဤအထက်ပါ အဋ္ဌကထာတို့၏ ဖွင့်ဆို ရှင်းလင်းချက်များကား ပရမတ္ထဓမ္မသဘာဝတို့၏ စွမ်းအားများကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် တကယ်တမ်း ဝိပဿနာရှုပွားသုံးသပ်နေသော ယောဂါဝစရပုဂ္ဂိုလ်မွန်တို့ အတွက် အထူးဂရုပြု၍ ရိုသေစွာ နာယူမှတ်သားရမည့် သဘာဝဓမ္မမှတ်တမ်းကြီးများပင် ဖြစ်ကြသည်။

ပစ္စယဓမ္မသမူဟ အမည်ရသော များစွာသော အကြောင်းတရားတို့၏ အပေါင်းအစုကြောင့်သာလျှင် ပစ္စယုပ္ပန္နဓမ္မသမူဟခေါ်သော များစွာသော အကျိုးတရားအပေါင်း၏ ဖြစ်ပေါ်လာရာဝယ် အကြောင်းတရားတို့၏ အပေါင်းအစုကိုလည်း ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ဆိုကြောင်းကို အထက်တွင် ရှင်းပြခဲ့၏။ ယခုတစ်ဖန် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (ဝိသုဒ္ဓိ-၂-၁၅၂။) ၌လည်း အကြောင်းတရားတို့၏ အပေါင်းအစုကြောင့် ဖြစ်ပေါ်လာရသော ပစ္စယု-ပ္ပန္နဓမ္မသမူဟ အမည်ရသော အကျိုးတရားအပေါင်းအစုကိုလည်း ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ဆိုကြောင်းကိုလည်း ရှင်းပြထား၏။

ပစ္စယုပ္ပန္နဓမ္မသမူဟဟူသော အကျိုးတရား အပေါင်းအစုတို့၏ ပဋိစ္စသမုပ္ပါဒ်ဟူသော အမည်ကို ရရှိခြင်း၌ **ပဋိစ္စသမုပ္ပါဒ်**ဟူသော စကားလုံးကို နှစ်မျိုးနှစ်စားအားဖြင့် ပညာရှိတို့သည် အလိုရှိကြကုန်၏။ အဓိပ္ပါယ်နှစ်မျိုး အားဖြင့် ဖွင့်ဆိုကြကုန်၏။

**ပထမနည်းအဖွင့်** — ပဋိစ္စော စ သော သမုပ္ပါဒေါ စာတိ ပဋိစ္စသမုပ္ပါဒေါ။

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် အကြောင်းတရား အပေါင်းအစုတို့၏ စွမ်းအားကြောင့် ဖြစ်ပေါ်၍ လာရသော အကျိုးတရား အပေါင်းအစုတည်းဟူသော ပဋိစ္စသမုပ္ပါဒ်သဘောတရားကို မိမိ၏ ဉာဏဂတိဖြင့် ရှေးရှုကပ်၍ သိအောင် ဉာဏ်ဖြင့် ထိုးထွင်းသိအောင် ကြိုးစားအားထုတ်၏၊ သိလည်းသိ၏။ ဉာဏဂတိဖြင့် ရှေးရှုကပ်၍သိအပ် ထိုးထွင်းသိအပ်သော ထိုပဋိစ္စသမုပ္ပါဒ်သဘောတရားသည် လောကုတ္တရာအကျိုးစီးပွား အလို့ငှာ လောကုတ္တရာချမ်းသာအလို့ငှာ = မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရရှိခြင်းငှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။ ထိုကြောင့် ထိုပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ဆိုအပ်သော အကျိုးပစ္စယုပ္ပန်တရားအပေါင်းကို ပညာရှိသူတော်-

ကောင်းတို့သည် ယုံကြည်ခြင်းငှာ ထိုက်ကုန်သောကြောင့် ဉာဏ်ဖြင့် ရှေးရှုသိခြင်းငှာ ထိုက်ကုန်သောကြောင့် ယင်းအကျိုးပစ္စယုပ္ပန်တရားအပေါင်းသည် ပဋိစ္စ မည်၏။

တစ်ဖန် အကျိုးတရားအပေါင်း (= ပစ္စယုပ္ပန္နဓမ္မသမူဟ) ဟူသော ပဋိစ္စသမုပ္ပါဒ်သဘောတရားသည် ဖြစ်ပေါ်လာသည်ရှိသော် တစ်ခုချင်း တစ်ခုချင်း တစ်လုံးချင်း တစ်လုံးချင်းသော တရား၏ တစ်ရံတစ်ဆစ်မျှ သော်လည်း ဖြစ်ခြင်း၏ မရှိသောကြောင့် အုပ်စုအလိုက် အပေါင်းအစုအလိုက် အတူတကွသာ ဖြစ်၏။ (သဟ+ ဥပ္ပါဒ = သမုပ္ပါဒ = သဟ ဥပ္ပဇ္ဇတီတိ သမုပ္ပါဒေါ။) ထိုကြောင့် ထိုပစ္စယုပ္ပန္နဓမ္မသမူဟ = အကျိုးတရား အပေါင်းသည် သမုပ္ပါဒလည်း မည်၏။

တစ်ဖန် ယင်းပစ္စယုပ္ပန္နဓမ္မသမူဟဟူသော အကျိုးတရား အပေါင်းအစုသည် ဖြစ်ပေါ်လာသည်ရှိသော် အကြောင်းကင်းသောအားဖြင့်လည်းကောင်း, ဖန်ဆင်းရှင်စသော မညီညွတ်သော အကြောင်းကြောင့်လည်း- ကောင်း မဖြစ်ခြင်းကြောင့် သင့်သော အကြောင်းအားဖြင့်သာလျှင် မှန်ကန်သော အကြောင်းအားဖြင့်သာလျှင် ဖြစ်ပေါ်လာ၏။ (သမ္မာ+ဥပ္ပါဒ = သမုပ္ပါဒ = သမ္မာ ဥပ္ပဇ္ဇတီတိ သမုပ္ပါဒေါ။) တစ်ခုချင်း တစ်ခုချင်း တစ်လုံးချင်း တစ်လုံးချင်းအားဖြင့်လည်း မဖြစ်၊ အကြောင်းမရှိသောအားဖြင့် အကြောင်းကင်းသောအားဖြင့်လည်း မဖြစ်။ ထိုကြောင့် — **သဟ သမ္မာ စ ဥပ္ပဇ္ဇတီတိ သမုပ္ပါဒေါ** — ဟူသည်နှင့်အညီ သမုပ္ပါဒ မည်၏။ ဤသို့လျှင် —

**ပဋိစ္စော စ သော သမုပ္ပါဒေါ စာတိ ပဋိစ္စသမုပ္ပါဒေါ** — အရ

ဉာဏ်ဖြင့် ရှေးရှု မိမိ ကပ်၍သိအပ်သော တရားအပေါင်းလည်း ဟုတ်၏။ ထိုဉာဏ်ဖြင့် ရှေးရှုမိမိ ကပ်၍ သိအပ်သော တရားအပေါင်းဟူသည် အတူတကွဖြစ်သော တရားအပေါင်းလည်း ဟုတ်၏။ သင့်သော အကြောင်း အားဖြင့်ဖြစ်သော တရားအပေါင်းလည်း ဟုတ်၏။ ထိုကြောင့် ပဋိစ္စသမုပ္ပါဒ် မည်၏။

တစ်နည်း — အကြင် ပစ္စယုပ္ပန္နဓမ္မသမူဟဟူသော အကျိုးတရား အပေါင်းအစုသည် တစ်ပေါင်းတည်း အတူတကွသာလျှင် ဖြစ်၏။

**သဟ ဥပ္ပဇ္ဇတီတိ** ဧကဇ္ဈံ ဥပ္ပဇ္ဇတိ အန္တမသော အဋ္ဌန္နံ ဓမ္မာနံ ဥပ္ပဇ္ဇနတော။ (မဟာဋီ-၂-၂၃၄။)

ရုပ်ဓာတ်ဘက်၌လည်း ရုပ်ကလာပ် တစ်ခုတစ်ခုတွင် အနည်းဆုံး ပမာဏအားဖြင့် — ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ — ဟု ရုပ်ပရမတ် သဘောတရား (၈)မျိုး ပေါင်းစပ်မိမှသာလျှင် တစ်ပေါင်းတည်း အတူတကွ ဖြစ်နိုင်၏။ နာမ်ဓာတ်ဘက်၌လည်း အနည်းဆုံး ပမာဏအားဖြင့် ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတ, မနသိကာရ, ဝိညာဏ်ဟု နာမ်ပရမတ်သဘောတရား (၈)မျိုး ပေါင်းစပ် မိမှသာလျှင် တစ်ပေါင်းတည်း အတူတကွ ဖြစ်နိုင်၏။ ဤသို့လျှင် ပစ္စယုပ္ပန္နဓမ္မသမူဟဟူသော အကျိုးတရား အပေါင်းအစုသည် တစ်ပေါင်းတည်း အတူတကွ ဖြစ်သောကြောင့် သမုပ္ပါဒ = သမုပ္ပါဒ် မည်၏။ ထိုသို့ တစ်ပေါင်း- တည်း အတူတကွ ဖြစ်ပါသော်လည်း အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို အစွဲပြု၍ စွဲမှီ၍သာလျှင် မစွန့် မဖယ်မူ၍သာလျှင် ဖြစ်ပေါ်လာရ၏။ ဤသို့လည်း ထိုပစ္စယုပ္ပန္နဓမ္မသမူဟဟူသော အကျိုးတရား အပေါင်း- အစုသည် အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို အစွဲပြု၍ ဖြစ်တတ်သောကြောင့် **ပဋိစ္စ**လည်း မည်၏၊ တစ်ပေါင်းတည်း အတူတကွ ဖြစ်တတ်သောကြောင့် သမုပ္ပါဒလည်း မည်၏။ ထိုနှစ်ပါးသော သတ္တိကြောင့် **ပဋိစ္စသမုပ္ပါဒ** မည်၏။

တစ်ဖန် ထိုပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ဆိုအပ်သော ပစ္စယုပ္ပန္နဓမ္မသမူဟ = (သင်္ခါရစသော) အကျိုးတရား အပေါင်းအစု၏ ဤပစ္စယဓမ္မသမူဟ = ဟေတုသမူဟဟူသော အဝိဇ္ဇာစသော အကြောင်းတရား အပေါင်းအစု-

သည် ပစ္စယ = ပစ္စည်း မည်၏။ အကြောင်း မည်၏။ ထိုကြောင့် ပစ္စယုပ္ပန္နဓမ္မသမူဟ = အကျိုးတရားအပေါင်း အစုသည် ထိုအဝိဇ္ဇာစသော အကြောင်းတရားရှိသော တပ္ပစ္စယဓမ္မ မည်၏။ ဤသို့ ထိုပဋိစ္စသမုပ္ပါဒဟု ခေါ်ဆို- သော ပစ္စယုပ္ပန္နဓမ္မသမူဟ = အကျိုးတရားအပေါင်းအစု၏ အကြောင်းတရား ဖြစ်သောကြောင့် ဟေတုသမူဟ = ပစ္စယဓမ္မသမူဟဟု ခေါ်ဆိုအပ်သော အဝိဇ္ဇာစသော အကြောင်းတရား အပေါင်းအစုကိုလည်း **ပဋိစ္စသမုပ္ပါဒ်** ဟူ၍ပင် ခေါ်ဆိုအပ်ပေသည်။

လောက၌ သလိပ်ထူပြောခြင်း၏ အကြောင်းဖြစ်သော တင်လဲခဲကို သလိပ်ခဲဟူ၍ ခေါ်ဆိုသကဲ့သို့ လည်းကောင်း, သာသနာတော်၌ ချမ်းသာသုခ၏ အကြောင်းဖြစ်သော ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းကို — **သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ =** ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းသည် ချမ်းသာ၏ဟူ၍ ခေါ်ဆိုသကဲ့သို့လည်းကောင်း အလားတူပင် ဤအဝိဇ္ဇာစသော အကြောင်းတရား အပေါင်းအစုကိုလည်း (= ဟေတုသမူဟ = ပစ္စယဓမ္မ- သမူဟကိုလည်း) ပဋိစ္စသမုပ္ပါဒ်ဟူ၍သာလျှင် **ဖလူပစာရ**အားဖြင့် ဟောကြားတော်မူအပ်၏ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၁၅၁-၁၅၂။)

ဤနည်း၌ အကျိုးတရား အပေါင်းအစု၏ (= ပစ္စယုပ္ပန္နဓမ္မသမူဟ၏) ပဋိစ္စသမုပ္ပါဒ်ဟူသော အမည်ကို အကြောင်းတရား အပေါင်းအစု၌ (= ပစ္စယဓမ္မသမူဟ = ဟေတုသမူဟ၌) တင်စား၍ အကြောင်းတရား အပေါင်း အစုကိုလည်း ပဋိစ္စသမုပ္ပါဒ်ဟူ၍ ဟောကြားတော်မူအပ်ပေသည်။ အကျိုးတရားတို့မည်သည် အကြောင်းတရား နှင့် မကင်းစကောင်းသောကြောင့် အကြောင်းတရား ထင်ရှားရှိပါမှသာလျှင် အကျိုးတရားများ ဖြစ်နိုင်ခွင့်ရှိသော- ကြောင့် မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် အကြောင်းတရားစုကိုလည်း ပဋိစ္စသမုပ္ပါဒ်တရားဟုပင် ဟောကြားတော်မူသည် ဟူလိုသည်။

## ဒုတိယနည်း အဖွင့်

ပဋိစ္စော စ သော သမုပ္ပါဒေါ စာတိ ပဋိစ္စသမုပ္ပါဒေါ။

ယော ဟိ ဧသ သင်္ခါရာဒီနံ ပါတုဘာဝါယ အဝိဇ္ဇာဒိဧကေကဟေတုသီသေန နိဒ္ဒိဋ္ဌော ဟေတုသမူဟော၊ သော သာဓာရဏဖလနိပ္ဖါဒကဋ္ဌေန အဝေကလ္လဋ္ဌေန စ သာမဂ္ဂိအင်္ဂါနံ အညမညေန ပဋိမုခံ ဣတော ဂတောတိ ကတွာ ပဋိစ္စောတိ ဝုစ္စတိ။ သွာယံ သဟိတေယေဝ အညမညံ အဝိနိဗ္ဘောဂဝုတ္တိဓမ္မေ ဥပ္ပါဒေတီတိ သမုပ္ပါဒေါတိပိ ဝုတ္တော။ ဧဝမ္ပိ ပဋိစ္စော စ သော သမုပ္ပါဒေါ စာတိ ပဋိစ္စသမုပ္ပါဒေါ။ (ဝိသုဒ္ဓိ-၂-၁၅၂။)

ကာမံ **ပါဠိယံ** “အဝိဇ္ဇာပစ္စယာ သင်္ခါရာ”တိ အဝိဇ္ဇာဝ ပစ္စယဘာဝေန ဝုတ္တာ၊ တထာပိ န အဝိဇ္ဇာ ဧကာဝ ပစ္စယော ဟောတိ၊ အထ ခေါ သဟဇာတဓမ္မဝတ္ထုအာရမ္မဏာဒယော, ယောနိသောမနသိကာရာဒယော, တဏှုပါဒါနာဒယော စ ဓမ္မာ ယထာရဟံ သင်္ခါရုပ္ပါဒနေ အဝိဇ္ဇာယ သဟကာရီကာရဏံ ဟောန္တိယေဝ။ ဧဝံ သင်္ခါရာဒယောပိ ဝိညာဏာဒီနန္တိ အာဟ **“အဝိဇ္ဇာဒိ ဧကေကဟေတုသီသေန နိဒ္ဒိဋ္ဌော ဟေတုသမူဟော”**တိ။ (မဟာဋီ-၂-၂၃၄။)

ဤနည်း၌ ပစ္စယဓမ္မသမူဟ = ဟေတုသမူဟဟူသော အကြောင်းတရားအပေါင်းအစုကို ပဋိစ္စသမုပ္ပါဒ် ဟူ၍ ဖွင့်ဆိုထားအပ်ပေသည်။

ဤနည်း၌ ပဋိစ္စပုဒ်ဝယ် ပဋိ+ဣစ္စ - ဟု ခွဲပါ။ ပဋိ - သဒ္ဒါသည် အဘိမုခတ္ထ = ရှေးရှုမျက်နှာမူခြင်း အနက်ရှိ၏။ ဣစ္စ - သဒ္ဒါသည် ဂမ္မတ္ထ = ရောက်ခြင်းအနက်ရှိ၏။ အဘယ်တရားသည် ရှေးရှုမျက်နှာမူလျက် အဘယ်တရားဘက်သို့ သွားရောက်ပါသနည်းဟူမူ — **ဟေတုသမူဟ = ပစ္စယဓမ္မသမူဟ**ဟူသော အကြောင်း တရား အပေါင်းအစုတည်းဟု ဖြေဆိုလေရာ၏။

ဟေတုသမူဟော နာမ ပစ္စယသာမဂ္ဂီ။ (မဟာဋီ-၂-၂၃၄။)

အကြောင်းတရား အပေါင်းအစုဟူသည် အကြောင်းတရားတို့၏ ညီညွတ်မှုပင်တည်း။ တစ်နည်းဆိုသော် အညီအညွတ်ပေါင်းစုဖြစ်ပေါ်လာသော အကြောင်းတရား အပေါင်းအစုသည် ဟေတုသမူဟ မည်၏။ထို အညီအညွတ်ဖြစ်ပေါ်လာသော အကြောင်းတရားအပေါင်း၌ အကြောင်းတရားတစ်ခုသည် အကြောင်းတရား တစ်ခုဘက်သို့ ရှေးရှုမျက်နှာမူလျက် အကြောင်းတရား အချင်းချင်းသည်ပင်လျှင် အကြောင်းတရား အချင်းချင်း ဘက်သို့ သွား၏ ရောက်၏။ ထို့ကြောင့် ဤဟေတုသမူဟ = အကြောင်းတရား အပေါင်းအစုကို **ပဋိစ္စ** ဟူ၍ ဟောတော်မူအပ်၏။ ထိုပဋိစ္စ အမည်ရသော အညီအညွတ်ဖြစ်နေသော အကြောင်းတရား အပေါင်းအစုသည် အသီးအသီး တစ်လုံးစီ တစ်လုံးစီ ခွဲခြား၍ မဖြစ်ဘဲ တကွဲတပြားစီ မဖြစ်ဘဲ အတူတကွသော တပေါင်းတစည်း-တည်း တလုံးတခဲတည်းသာ အုပ်စုအလိုက် ပြိုင်တူဖြစ်တတ်ကုန်သော အကျိုးပစ္စယုပ္ပန္နဓမ္မသမူဟတို့ကို ဖြစ်စေတတ်သောကြောင့် ထိုအကြောင်းတရားအပေါင်းကို **သမုပ္ပါဒ**ဟူ၍လည်း ခေါ်ဆိုအပ်၏။ (သမုပ္ပါဒ-၌ သံ+ဥပ္ပါဒ-ဟု ပုဒ်ခွဲပါ။ သံ - သဒ္ဒါသည် သဟ အနက်ဟောဟု ဆိုလိုသည်။)

ထိုနှစ်မျိုးစုံသော သတ္တိကြောင့် – အသီးအသီး ခွဲခြား၍မဖြစ်ဘဲ အတူတကွ တပေါင်းတစည်းတည်း တလုံး တခဲတည်းသာ အုပ်စုအလိုက် ပြိုင်တူဖြစ်တတ်ကုန်သော အကျိုးပစ္စယုပ္ပန္နဓမ္မသမူဟတို့ကို ဖြစ်စေတတ်သော, အချင်းချင်း ရှေးရှုမျက်နှာမူလျက် အချင်းချင်းဘက်သို့ သွားနေကြသော, အညီအညွတ်ဖြစ်နေသော ဟေတုသမူဟ = အကြောင်းတရား အပေါင်းအစုသည် **ပဋိစ္စသမုပ္ပါဒ်** မည်ပေသည်။ (ဤနည်း၌လည်း — ပဋိစ္စော စ သော သမုပ္ပါဒေါ စာတိ ပဋိစ္စသမုပ္ပါဒေါ — ဟုပင် ပြုပါ။)

**ထပ်မံ ရှင်းလင်းချက်** – ပါဠိတော်၌ — အဝိဇ္ဇာပစ္စယာ သင်္ခါရာ — ဤသို့စသည်ဖြင့် သင်္ခါရစသည့် အကျိုးတရားတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းငှာ အဝိဇ္ဇာစသော တစ်ခုတစ်ခုသော အကြောင်းတရားကို ခေါင်းတပ် သဖြင့် ဦးတည်လျက် ညွှန်ပြထားတော်မူအပ်သည်ကား မှန်၏၊ ထိုသို့ပင် ဟောကြားထားတော်မူအပ်ပါသော်လည်း အဝိဇ္ဇာတစ်ခုတည်းကသာလျှင် သင်္ခါရ၏ အကြောင်းတရားဖြစ်သည်ကား မဟုတ်ပေ။ အမှန်စင်စစ်အားဖြင့် သော်ကား —

၁။ အဝိဇ္ဇာနှင့် စိတ္တက္ခဏတစ်ခု အတွင်း၌ အတူယှဉ်တွဲ ဖြစ်ကြကုန်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်စသော သဟဇာတဓမ္မတို့သည်လည်းကောင်း,

၂။ ယင်းအဝိဇ္ဇာနှင့်တကွသော သဟဇာတဓမ္မတို့၏ မှီ၍ဖြစ်ရာ ဟဒယဝတ္ထုနှင့်တကွသော ဘူတရုပ် ဥပါဒါရုပ် တို့သည်လည်းကောင်း,

၃။ ယင်းအဝိဇ္ဇာနှင့် တကွသော သဟဇာတဓမ္မတို့၏ စွဲမှီစရာ အာရုံ အကြောင်းတရား စသည်တို့သည် လည်းကောင်း,

၄။ ယောနိသောမနသိကာရ အယောနိသောမနသိကာရစသော အကြောင်းတရားတို့သည်လည်းကောင်း,

၅။ တဏှာ ဥပါဒါန်စသော အကြောင်းတရားတို့သည်လည်းကောင်း,

ဤအရပ်ရပ်သော အကြောင်းတရားတို့သည် ထိုက်သည့်အားလျော်စွာ အဝိဇ္ဇာက သင်္ခါရကို ဖြစ်စေရာ၌ အဝိဇ္ဇာနှင့် အတူယှဉ်တွဲ၍ သင်္ခါရအကျိုးတရား ဖြစ်ပေါ်လာအောင် ပြုလုပ်လေ့ရှိသော (= သဟကာရီကာရဏ) အကြောင်းတရားတို့ ဖြစ်ကြကုန်သည်သာတည်း။ သင်္ခါရစသည့် အကြောင်းတရားတို့က ဝိညာဏ်စသည့် အကျိုး တရားတို့အား ဖြစ်ပေါ်စေရာ၌လည်း နည်းတူပင်တည်း။ (မဟာဋီ-၂-၂၃၄။)

အဝိဇ္ဇာစသော အကြောင်းတရားတို့က သင်္ခါရစသော အကျိုးတရားတို့ကို ဖြစ်စေရာ၌ — ထိုထို အကျိုးတရားအားလုံးတို့သည် ထိုထိုဆိုင်ရာ အကြောင်းတရားတို့တွင် အကျုံးဝင်ကြကုန်သော အကြောင်းတရားအားလုံးတို့နှင့် ဆက်ဆံသည်သာလျှင် ဖြစ်ကြ၏။ ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားအရ အချင်းချင်း ဆက်စပ်မှု ရှိနေသည်သာ ဖြစ်ကြ၏။ ယင်းအကျိုးတရားတို့သည် ထိုအကြောင်းတရားအပေါင်းတို့တွင် အချို့ အချို့သော အကြောင်းတရားတို့နှင့်သာ ဆက်ဆံ၍ ဆက်စပ်မှုရှိ၍ အချို့အချို့သော အကြောင်းတရားတို့နှင့် မဆက်ဆံ မဆက်စပ်ဟူသော သဘောတရားမျိုးကား လုံးဝမရှိပေ။ ထိုကြောင့် ထိုအဝိဇ္ဇာစသည့် တစ်ခုတစ်ခုသော တရားကို ဦးတည်လျက် ဘုရားရှင်က ညွှန်ပြထားတော်မူအပ်သော ထိုအကြောင်းတရား အပေါင်းအစုသည် ယင်းအကြောင်းတရားတို့တွင် အကျုံးဝင်ကြကုန်သော အကြောင်းတရား အားလုံးတို့နှင့် ဆက်ဆံသော ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားအရ ဆက်စပ်မှုရှိသော အကျိုးတရားကို ပြီးစေတတ် ဖြစ်စေတတ်သော သဘောသတ္တိ စွမ်းအားလည်း ရှိ၏။

တစ်ဖန် ထိုအကြောင်းတရား အပေါင်းအစု၌ — "ဤအကျိုးတရားသည် အချို့အချို့သော အကြောင်းတရားတို့အား မဆက်ဆံသည် ဖြစ်အံ့ = ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားအရ ဤအကျိုးတရားသည် အချို့အချို့သော အကြောင်းတရားတို့နှင့် ဆက်စပ်မှု မရှိသည် ဖြစ်အံ့, ဤအကျိုးတရားကို အချို့အချို့သော အကြောင်းတရားတို့ကသာ ဖြစ်စေအပ်သည် ဖြစ်ငြားအံ့ — ယင်းသို့ဖြစ်ခဲ့သော် ခပ်သိမ်းကုန်သော အကြောင်းတရားတို့၏ အချင်းချင်း ငဲ့ကွက်ခြင်း သဘောတရားသည်လည်း မရှိလေရာ၊ ယင်းသို့ အကြောင်းတရား အချင်းချင်း ငဲ့ကွက်ခြင်း သဘောတရား ထင်ရှားမရှိသောကြောင့် အချင်းချင်း အကြောင်းတရားတစ်ခုသည် အကြောင်းတရားတစ်ခုဘက်သို့ မျက်နှာမူလျက် ရှေးရှုရောက်ခြင်း သွားခြင်းဟူသော ပဋိစ္စတ္ထ = ပဋိစ္စ အနက်သဘော-တရားလည်း မရှိလေရာ မပြည့်စုံလေရာ။" ယခု ဘုရားရှင်က အဝိဇ္ဇာစသော တစ်ခုတစ်ခုသော တရားကို ဦးတည်လျက် ဟောကြားထားတော်မူအပ်သော အကြောင်းတရား အပေါင်းအစုအားလုံးသည် သင်္ခါရစသော တစ်ခုတစ်ခုသော တရားကို ဦးတည်လျက် ဟောကြားထားတော်မူအပ်သော ဆိုင်ရာဆိုင်ရာ အကျိုးတရား အားလုံးနှင့် ဆက်ဆံမှု = ကြောင်း-ကျိုး ဆက်နွယ်မှု ရှိသဖြင့် ပဋိစ္စ အနက်သဘောတရားလည်း ချို့တဲ့ခြင်း ယုတ်လျော့ခြင်း မရှိပေ။

ဤသို့လျှင် သင်္ခါရစသော အကျိုးတရားတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းငှာ အဝိဇ္ဇာစသော တစ်ခုတစ်ခုသော အကြောင်းတရားကို ဦးတည်လျက် ညွှန်ပြတော်မူအပ်သော ထိုအကြောင်းတရား အပေါင်းအစုကို မိမိတို့နှင့် ဆက်ဆံသော အကျိုးတရားကို ပြီးစီးစေတတ်သည်၏ အဖြစ်ဖြင့်လည်းကောင်း, မချို့တဲ့ မယုတ်လျော့သည်၏ အဖြစ်ဖြင့်လည်းကောင်း ပစ္စယသာမဂ္ဂီအမည်ရကုန်သော အညီအညွတ်ပေါင်းစု ဖြစ်ပေါ်လာကြကုန်သော အကြောင်းတရားတို့၏ အင်္ဂါအစိတ်အပိုင်း ဖြစ်ကြကုန်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်စသော တရားတို့တွင် အချင်းချင်းသည် တစ်ဦးသည် တစ်ဦးဘက်သို့ မျက်နှာမူလျက် ရှေးရှုရောက်အပ် သွားအပ်သောကြောင့် ပဋိစ္စဟူ၍ ဆိုအပ်၏။ ယင်းပဋိစ္စ အမည်ရသော ဟေတုသမူဟ = အကြောင်းတရား အပေါင်းအစုသည် ပစ္စယုပ္ပန္နဓမ္မသမူဟ အမည်ရသော အကျိုးတရား အပေါင်းအစုကို ဖြစ်စေတတ်၏။ ယင်းအကျိုးတရား-တို့ကား အတူတကွ တပေါင်းတစည်းတည်း ပြိုင်တူပြိုင်တူဖြစ်သော တရားတို့သာတည်း။ ယင်းအကျိုးတရားတို့၏ အတူတကွ တပေါင်းတစည်းတည်း ဖြစ်ခြင်းမည်သည် အသီးအသီး တစ်လုံးစီ တစ်လုံးစီ မဖြစ်ခြင်းပင်တည်း။ အကျိုးတရားတို့ကား အကြောင်းတရားတို့ကဲ့သို့ အချင်းချင်း တစ်ခုသည် တစ်ခုကို ငဲ့ကွက်ခြင်း ငဲ့ညှာခြင်း မရှိကြကုန်။ ထိုကြောင့် ယင်းအကျိုးတရားတို့သည် အညမည အဝိနိဗ္ဘောဂဝုတ္တိဓမ္မ = အချင်းချင်း အသီးအသီး တကွဲတပြားစီ မဖြစ်ကြကုန်သော တရားတို့ မည်ကုန်၏။ ဤသို့လျှင် ပဋိစ္စ အမည်ရသော ဟေတုသမူဟ = အကြောင်း

တရား အပေါင်းအစုသည် အချင်းချင်း အသီးအသီး တကွဲတပြားစီ မဖြစ်ကြကုန်သော ပစ္စယုပ္ပန္နဓမ္မသမူဟ ဟူသော အကျိုးတရားအပေါင်းအစုတို့ကို ဖြစ်စေတတ်သောကြောင့် သမုပ္ပါဒဟူ၍လည်း ဆိုအပ်၏။ ပဋိစ္စလည်း မည်၍ သမုပ္ပါဒ်လည်းမည်သော ဤနှစ်မျိုးသော သတ္တိကြောင့် အဝိဇ္ဇာစသော ဟေတုသမူဟ = အကြောင်း တရား အပေါင်းအစုသည် ပဋိစ္စသမုပ္ပါဒ် မည်၏။ (**အဝိနိဗ္ဘောဂဝုတ္တိဓမ္မ**၌ ရုပ်တရားတို့ကိုပါ ပေါင်းယူပါ။)

(ဝိသုဒ္ဓိ-၂-၁၅၂။ မဟာဋီ-၂-၂၃၄-၂၃၅။)

## တတိယနည်းအဖွင့်

အညမညံ ပဋိစ္စ သမံ သဟ စ ပစ္စယုပ္ပန္နဓမ္မေ ဥပ္ပါဒေတီတိ ပဋိစ္စသမုပ္ပါဒေါ။ —

အဝိဇ္ဇာဒိသီသေန နိဒ္ဒိဋ္ဌပစ္စယေသု ဟိ ယေ ပစ္စယာ ယံ သင်္ခါရာဒိကံ ဓမ္မံ ဥပ္ပါဒေန္တိ၊ န တေ အညမညံ အပဋိစ္စ အညမညဝေကလ္လေ သတိ ဥပ္ပါဒေတုံ သမတ္ထာတိ။ တသ္မာ ပဋိစ္စ သမံ သဟ စ န ဧကေကဒေသံ၊ နာပိ ပုဗ္ဗာပရဘာဝေန အယံ ပစ္စယတာ ဓမ္မေ ဥပ္ပါဒေတီတိ အတ္ထာနုသာရဝေါဟာရကုသလေန မုနိနာ ဧဝမိဓ ဘာသိတာ၊ ပဋိစ္စသမုပ္ပါဒေါတေွဝ ဘာသိတာတိ အတ္ထော။ (ဝိသုဒ္ဓိ-၂-၁၅၂။)

**ပဋိစ္စာ**တိ နိဿာယ သဟကာရီကာရဏံ လဒ္ဓါ။ **သမ**န္တိ အဝိသမံ အဝေကလ္လေန။ **သဟာ**တိ ဧကဇ္ဈံ။ **ဓမ္မေ**တိ အတ္တနော ပစ္စယုပ္ပန္နဓမ္မေ။ ပ ။ **ဧကေကဒေသ**န္တိ ဖလသမုဒါယဿ ဧကဒေသေကဒေသံ၊ ဘာဂသောတိ အတ္ထော။ **ပုဗ္ဗာပရဘာဝေနာ**တိ ပဋိပါဋိယာ။ သဗ္ဗမေတံ ရူပါရူပကလာပုပ္ပါဒနံ သန္ဓာယ ဝုတ္တံ။

(မဟာဋီ-၂-၂၃၅။)

အဝိဇ္ဇာအစရှိသော တစ်ခုတစ်ခုသော အကြောင်းတရားကို ဦးတည်လျက် ညွှန်ကြားပြသထားတော်မူအပ်ကုန်သော အကြောင်းတရား အပေါင်းအစုတို့တွင် အကြင် အဝိဇ္ဇာစသော အကြောင်းတရားအပေါင်းအစုတို့သည် သင်္ခါရစသော အကျိုးတရား အပေါင်းအစုကို ဖြစ်စေတတ်ကြကုန်၏။ ယင်းသို့ ဖြစ်စေကြရာ၌ ထိုအဝိဇ္ဇာစသောအကြောင်းတရား အပေါင်းအစုတို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါးကို မစွဲမမှီမူ၍လည်း သင်္ခါရစသော အကျိုးတရား အပေါင်းအစုကို ဖြစ်ပေါ်စေခြင်းငှာလည်း မစွမ်းနိုင်ကြကုန်။ အဝိဇ္ဇာနှင့် အတူဖြစ်ဖက်ဖြစ်ကုန်သော (က) မှီရာ ဝတ္ထုရုပ်, (ခ) အာရုံ, (ဂ) ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ် — စသော သဟဇာတဓမ္မ, (ဃ) အယောနိသောမနသိကာရ, (င) တဏှာ, ဥပါဒါန် - ဤသို့ စသော အကြောင်းတရားတို့တွင် တစ်ခုတစ်ခုသော အကြောင်းတရားသည် ချို့တဲ့ခဲ့သော် မဖြစ်ဘဲရှိခဲ့သော် သင်္ခါရစသော အကျိုးတရား အပေါင်းအစုကို ဖြစ်ပေါ်စေခြင်းငှာလည်း မစွမ်းနိုင်ကြကုန်။ အကြောင်းတရား အချင်းချင်း စွဲမှီရမှသာလျှင် အကြောင်းတရားများလည်း မချို့တဲ့မှသာလျှင် သင်္ခါရစသော အကျိုးတရားအပေါင်းအစုကို ဖြစ်ပေါ်စေခြင်းငှာ စွမ်းနိုင်ကြကုန်၏။

ထိုကြောင့် ဤအဝိဇ္ဇာစသော အကြောင်းတရား အပေါင်းအစုသည် —

၁။ အချင်းချင်း စွဲမှီ၍ သာလျှင်,
၂။ အညီအညွတ် အယုတ်အလျော့ မရှိဘဲ,
၃။ အတူတကွ တစ်ပြိုင်နက်တည်း သာလျှင် —

သင်္ခါရစသော အကျိုးတရား အပေါင်းအစုတို့ကို ဖြစ်စေတတ်၏။ ထိုသို့ ဖြစ်စေရာ၌ အကျိုးတရားအပေါင်းအစု၏ တစ်စိတ်တစ်ဒေသ တစ်ချို့တစ်ဝက်မျှကိုသာ ဖြစ်စေသည်လည်း မဟုတ်၊ ရှေ့နောက်၏ အဖြစ်ဖြင့် အစဉ်အတိုင်း တစ်လုံးပြီးမှ တစ်လုံး ဖြစ်စေသည်လည်း မဟုတ်။ အကျိုးတရား အပေါင်းအစုကို တစ်လုံး တစ်စည်းတည်း တစ်ပြိုင်နက်တည်း အတူတကွသာလျှင် ဖြစ်စေသည်။ ထိုကြောင့် ပရမတ္ထသို့ အစဉ်လိုက်သော

ဝေါဟာရ၌ လိမ္မာကျွမ်းကျင်တော်မူသော မုနိတကာတို့၏ထွတ်ထား သဗ္ဗညုသမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည် ဤအရာ၌ ယင်းကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားကို **ပဋိစ္စသမုပ္ပါဒ်**ဟူ၍သာလျှင် ဟောကြားတော်မူပေသည်။
(ဝိသုဒ္ဓိ-၂-၁၅၂။မဟာဋီ-၂-၂၃၅။)

သဗ္ဗမေတံ ရူပါရူပကလာပုပ္ပါဒနံ သန္ဓာယ ဝုတ္တံ။ (မဟာဋီ-၂-၂၃၅။)

ဤအထက်ပါ စကားရပ်အားလုံးသည် ရုပ်ကလာပ် နာမ်ကလာပ်တို့၏ ကလာပ်အလိုက် အုပ်စုအလိုက် အပေါင်းအစုအလိုက် ဖြစ်ခြင်းကို ရည်ရွယ်၍ ဖွင့်ဆိုထားတော်မူခြင်း ဖြစ်၏။ (မဟာဋီ-၂-၂၃၅။)

## ရုပ်ကလာပ် နာမ်ကလာပ်

အထက်ပါ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၏ သုံးနှုန်းထားသော ဝေါဟာရသို့ အစဉ်လိုက်၍ ဤကျမ်း၌လည်း —

၁။ ပရမာဏုမြူခန့် သေးငယ်သော တစ်နည်းဆိုရသော် ပရမာဏုမြူထက် အဆပေါင်းများစွာ သေးငယ်သော ရုပ်အမှုန်တစ်ခု၏အတွင်း၌ ပါဝင်တည်ရှိကြသော ရုပ်သဘောတရား (၈)မျိုး, (၉)မျိုး, (၁၀)မျိုး စသော ရုပ်ပရမတ်တို့၏ အပေါင်းအစုကို **ရုပ်ကလာပ်**ဟုလည်းကောင်း၊

၂။ စိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ ဖြစ်ကြသည့် စိတ်+စေတသိက် = နာမ်တရားတို့၏ အပေါင်းအစုကို **နာမ်ကလာပ်**ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲထားပါသည်။

ဤတတိယဖွင့်နည်း၌ —

အညမညံ ပဋိစ္စ သမံ သဟ စ ပစ္စယုပ္ပန္နဓမ္မေ ဥပ္ပါဒေတီတိ ပဋိစ္စသမုပ္ပါဒေါ - ဟု ပြုပါ။

အကြောင်းတရား အပေါင်းအစုသည် အချင်းချင်းကို စွဲမှီ၍ အညီအညွတ် အတူတကွ အကျိုးတရား အပေါင်းတို့ကို တစ်ပြိုင်နက်တည်း ဖြစ်စေတတ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် မည်ပေသည်။ ဤနည်း၌ အကြောင်းတရား အပေါင်းသည်သာ မုချအားဖြင့် ပဋိစ္စသမုပ္ပါဒ်ဟူသော အမည်ကို ရရှိ၍ အကျိုးပစ္စယုပ္ပန္နဓမ္မတို့ကား မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ်ဟူသော အမည်ကို ရရှိပေသည်။ အကျိုးကို ဖြစ်စေတတ်သောကြောင့်သာ အကြောင်းဟု ခေါ်ဆိုရသဖြင့် အကြောင်းမှန်သမျှသည် အကျိုးနှင့် မကင်းနိုင်ပေ၊ အလားတူပင် အကျိုးမှန်သမျှလည်း အကြောင်းနှင့် မကင်းနိုင်ပေ။ ယင်းသို့ မကင်းနိုင်မှုကိုပင် **အဝိနာဘာဝ**ဟု ခေါ်၏၊ ယင်းသို့မကင်းနိုင်သည့် သဘောတရားမျိုးကို ပညာရှိသူတော်ကောင်းတို့သည် သိသင့်သိထိုက်သော ကြောင့် **နယ = နည်း**ဟု ခေါ်၏။ ထိုအဝိနာဘာဝနှင့် နယကို ပေါင်းစပ်၍ **အဝိနာဘာဝနည်း**ဟု ခေါ်ဆိုသည်။

**သမုပ္ပါဒ**၌ - **သံ+ဥပ္ပါဒ** - ဟု ပုဒ်ဖြတ်ပါ။ သံ — သဒ္ဒါသည် သမံ - အနက်, သဟ အနက် (၂) ချက် အဓိပ္ပါယ် ထွက်၏။

၁။ **သမံ** — သမံ၏ အဓိပ္ပါယ်ကား — အဝိဇ္ဇာစသော အကြောင်းတရားအပေါင်းက သင်္ခါရ စေတနာကို ဖြစ်စေရာ၌ သင်္ခါရ စေတနာ တစ်ခုတည်းကိုသာ ဖြစ်စေသည် မဟုတ်၊ သင်္ခါရ စေတနာနှင့် အတူတကွ ဖြစ်လေ့ရှိသော ဖဿ, ဝေဒနာ, သညာ, ဝိညာဏ်စသော စိတ်စေတသိက်များကိုလည်း အပြည့်အစုံ အညီအမျှ အယုတ်အလျော့ မရှိရအောင် ဖြစ်စေသည် - ဟူလိုသည်။

၂။ **သဟ** — သဟ၏ အဓိပ္ပါယ်ကား — ထိုကဲ့သို့ သင်္ခါရ စေတနာနှင့် တွဲဖက်ဖြစ်သော စိတ်စေတသိက်တို့ကို ဖြစ်စေရာ၌ တစ်ဖို့စီ တစ်ဖို့စီ တစ်လုံးချင်း တစ်လုံးချင်း တစ်ခုပြီးမှတစ်ခု ဖြစ်စေသည် မဟုတ်, တစ်လုံး တစ်စည်းတည်း တစ်ပြိုင်နက်တည်း အတူတကွ ဖြစ်စေသည် - ဟူလိုသည်။

သို့သော် အဝိဇ္ဇာကြောင့် ဖြစ်ရသော ထိုတရားတို့တွင် သင်္ခါရဟူသော စေတနာသည် အပြဓာန်းဆုံး ဖြစ်၏၊ ထို့ကြောင့် ပဓာန နည်းအားဖြင့် သင်္ခါရ စေတနာကို ခေါင်းတပ်၍ - အဝိဇ္ဇာပစ္စယာ သင်္ခါရာ - ဟု ဟောကြားတော်မူလေသည်။

"အဝိဇ္ဇာသည် သင်္ခါရကို ဖြစ်စေ၏၊"ဟူရာ၌ အဝိဇ္ဇာတစ်မျိုးတည်းက သင်္ခါရကို ဖြစ်စေနိုင်သည် မဟုတ်၊ အဝိဇ္ဇာနှင့် အတူတကွ အဝိဇ္ဇာက သင်္ခါရကို ဖြစ်ပေါ်လာအောင် ပြုလုပ်လေ့ရှိသော အကူအညီ အကြောင်းတရား-များ ရှိရသေး၏။ အဝိဇ္ဇာ ဖြစ်ပေါ်လာဖို့ရန် —

၁။ မှီရာ ဟဒယဝတ္ထုရုပ်က ရှေးကကြိုတင် ဖြစ်၍ မှီရာအဖြစ် ကျေးဇူးပြုပေးရ၏။ ဝတ္ထုပုရေဇာတနိဿယ ပစ္စယသတ္တိတည်း။

၂။ အဝိဇ္ဇာ၏ စွဲမှီရာ အာရုံ အကြောင်းတရားကလည်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးရ၏။

၃။ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်စသော အဝိဇ္ဇာနှင့် စိတ္တက္ခဏ တစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ ဖြစ်ကြသော စိတ်စေတသိက် တရားစုတို့ကလည်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးရ၏။

၄။ အာရုံကို နိစ္စ, သုခ, အတ္တ, သုဘ စသည်ဖြင့် အလွဲလွဲ အချော်ချော် နှလုံးသွင်းတတ်သော အယောနိသော မနသိကာရကလည်း အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးရ၏။

၅။ တဏှာ ဥပါဒါန်တို့ကလည်း အလားတူပင် အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပေးရ၏။

ဤ — ဝတ္ထု, အာရုံ, သဟဇာတဓမ္မ, အယောနိသောမနသိကာရ, တဏှာ, ဥပါဒါန်စသော အကြောင်း တရားတို့သည် အဝိဇ္ဇာနှင့် အတူတကွ သင်္ခါရကို ဖြစ်ပေါ်လာအောင် ပြုလုပ်လေ့ရှိသော အဝိဇ္ဇာ၏ အကူအညီ အကြောင်းတရားများတည်း။ ထိုအကြောင်းတရား အားလုံးတို့၏ ပေါင်းဆုံညီညွတ်မှုကို စွဲမှီရမှသာလျှင် အဝိဇ္ဇာက သင်္ခါရကို ဖြစ်စေနိုင်လေသည်။ တစ်ခု တစ်ခုသော အကြောင်းတရားသည် ချို့တဲ့ခဲ့သော် အဝိဇ္ဇာသည် သင်္ခါရကို ဖြစ်ပေါ်စေခြင်းငှာ မစွမ်းနိုင်ပေ။ အကြောင်းတရား အချင်းချင်း စွဲမှီရမှသာလျှင် အကြောင်းတရားများလည်း မချို့တဲ့မှသာလျှင် သင်္ခါရစသော အကျိုးတရား အပေါင်းအစုကို ဖြစ်ပေါ်စေခြင်းငှာ စွမ်းနိုင်လေသည်။

တစ်ဖန် သင်္ခါရ စေတနာသည်လည်း နာမ်ပရမတ်တရားတို့၏ ဓမ္မတာအတိုင်း စေတနာ တစ်ခုတည်း ဖြစ်နိုင်သည့် စွမ်းအားမရှိ။ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်စသော အတူယှဉ်တွဲဖြစ်ဖက် စိတ်-စေတသိက်တရားတို့နှင့် သာလျှင် အတူဖြစ်နိုင်သည့် စွမ်းအားရှိ၏။ ကုသိုလ်သင်္ခါရအုပ်စု အကုသိုလ်သင်္ခါရအုပ်စု ဟူသော အုပ်စုအလိုက်သာ ဖြစ်နိုင်သည့် စွမ်းအားရှိ၏။

ထို့ကြောင့် အဝိဇ္ဇာစသော အကြောင်းတရား အပေါင်းအစုသည် အချင်းချင်း စွဲမှီ၍သာလျှင် အညီအညွတ် အယုတ်အလျော့မရှိဘဲ အတူတကွ တစ်ပြိုင်နက်တည်းသာလျှင် သင်္ခါရစသော အကျိုးတရားအပေါင်းအစုကို ဖြစ်စေရာ၌ အကျိုးတရား အပေါင်းအစု၏ တစ်စိတ်တစ်ဒေသ တစ်ချို့တစ်ဝက်မျှကိုသာ ဖြစ်စေသည်လည်း မဟုတ်၊ ရှေ့နောက်အဖြစ်ဖြင့် တန်းစီလျက် အစဉ်အတိုင်း တစ်လုံးပြီးမှတစ်လုံး ဖြစ်စေသည်လည်း မဟုတ်၊ ဤ အဝိဇ္ဇာစသော အကြောင်းတရားအပေါင်းသည် သင်္ခါရစသော အကျိုးတရားအပေါင်းအစုကို အပြည့်အစုံ အညီအမျှ အယုတ်အလျော့ မရှိရအောင် တစ်လုံးတစ်စည်းတည်း တစ်ပြိုင်နက်တည်း အတူတကွ ဖြစ်စေသည်။

ဤဖော်ပြပါ ပဋိစ္စ၏ သတ္တိ, သမုပ္ပါဒ၏ သတ္တိ နှစ်မျိုးကြောင့် အချင်းချင်း စွဲမှီ၍ အကျိုးပစ္စယုပ္ပန်တရား အပေါင်းကို အညီအညွတ် ပြည့်ပြည့်စုံစုံ အတူတကွ တစ်လုံးတစ်စည်းတည်း တစ်ပြိုင်နက်တည်း ဖြစ်စေတတ်သော

အကြောင်းတရားအပေါင်းသည် မုချအားဖြင့် **ပဋိစ္စသမုပ္ပါဒ်** မည်ပေသည်။ အကျိုးတရားအပေါင်းသည်ကား မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် **ပဋိစ္စသမုပ္ပါဒ်** မည်ပေသည်။ အကြောင်းတရားတို့၏ ပဋိစ္စ-သမုပ္ပါဒ်ဟူသော အမည်ကို အကျိုးတရားတို့ အပေါ်၌ တင်စား၍ အကျိုးတရားတို့ကိုလည်း ပဋိစ္စသမုပ္ပါဒ်ဟု **ကာရဏူပစာရ**အားဖြင့် ခေါ်ဝေါ်သည် ဟူလိုသည်။ ဤကား ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ဖော်ပြထားသော ပဋိစ္စသမုပ္ပါဒ - စကားလုံး၏ တတိယအဖွင့် အဓိပ္ပါယ်တည်း။ (ဝိသုဒ္ဓိ-၂-၁၅၂။ မဟာဋီ-၂-၂၃၅။)

**လက်ခံနိုင်ရန်** — ပဋိစ္စသမုပ္ပါဒ် စကားတစ်လုံး၏ အဓိပ္ပါယ်ကို ဤမျှကျယ်ဝန်းစွာ ရှင်းပြနေခြင်းမှာ ဤကျမ်းတွင် ဆက်လက်ဖော်ပြမည့် ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ်ရှုကွက်ကို လက်ခံနိုင်ရေး အတွက်ပင် ဖြစ်သည်။ အဘယ်ကြောင့် အဝိဇ္ဇာတစ်လုံးတည်းကိုသာ မရှုဘဲ ယှဉ်ဖက် စိတ်စေတသိက်တို့ကိုပါ လိုက်ရှုနေရပါသနည်း? အဘယ်ကြောင့် သင်္ခါရ စေတနာ တစ်ခုတည်း သက်သက်ကိုသာ မရှုဘဲ ယှဉ်ဖက် စိတ်စေတသိက်တို့ကိုပါ လိုက်ရှုနေရပါသနည်း? ဤသို့ စသော ရန်ထောင်နေမှုများကို ကြိုတင်၍ ကာကွယ်နေခြင်းပင် ဖြစ်သည်။ အယူအဆ လွဲချော်သွားပါက လုပ်ငန်းခွင်လည်း လွဲချော်သွားနိုင်ပေသည်။ သတိရှိစေ။

## အကျိုးဂုဏ်အင် အာနိသင်

ပုရိမေန သဿတာဒီန၊ မဘာဝေါ ပစ္ဆိမေန စ ပဒေန။
ဥစ္ဆေဒါဒိဝိဃာတော၊ ဒွယေန ပရိဒီပိတော ဉာယော။ (ဝိသုဒ္ဓိ-၂-၁၅၂။)

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားတော်မူသော သဗ္ဗညုသမ္မာ-သမ္ဗုဒ္ဓဘုရားရှင်သည် —

၁။ ပဋိစ္စဟူသော ရှေးပုဒ်ဖြင့် သဿတဝါဒ စသည်တို့၏ မရှိခြင်း မဖြစ်ခြင်းကို ထင်ရှားပြတော်မူ၏။

၂။ နောက်ဖြစ်သော သမုပ္ပါဒပုဒ်ဖြင့် ဥစ္ဆေဒဝါဒစသည်ကို ဖျက်ဆီး ပယ်ဖျောက်ခြင်းကို ထင်ရှားပြတော်မူ၏။

၃။ ပဋိစ္စ-သမုပ္ပါဒဟူသော ပုဒ်နှစ်ခုအပေါင်းဖြင့် သဿတဝါဒ, ဥစ္ဆေဒဝါဒဟူသော အယုတ်တရားနှစ်ပါး အစွန်းနှစ်ဘက်မှ လွတ်ကင်းသော အလယ်အလတ်ကျင့်စဉ် = မဇ္ဈိမပဋိပတ် အမည်ရသော မဂ္ဂင် (၈)ပါး အကျင့်မြတ်တရားကို ထင်ရှားပြတော်မူ၏။

## (က) ပဋိစ္စ – ပုဒ်

ပဋိစ္စသမုပ္ပါဒေါ - ဝယ် ပဋိစ္စပုဒ်, သမုပ္ပါဒပုဒ်ဟု ပုဒ်နှစ်ပုဒ်ရှိ၏။ အကြောင်းတရားတို့၏ ညီညွတ်သည်၏ အဖြစ်ကို ပဋိစ္စပုဒ်က ဖော်ပြလျက်ရှိ၏။

ဤပဋိစ္စသမုပ္ပါဒ်သဘောတရားဝယ် ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ဟု ဝဋ်သုံးပါးရှိ၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကား ကိလေသဝဋ်တည်း။ သင်္ခါရနှင့် ကမ္မဘဝ = ကံတို့ကား ကမ္မဝဋ်တည်း။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကား ဝိပါကဝဋ်တည်း။

ကိလေသဝဋ်ကို အစွဲပြု၍ ကမ္မဝဋ်သည် ဖြစ်ပေါ်လာရ၏၊ ကမ္မဝဋ်ကို အစွဲပြု၍ အကျိုးဝိပါကဝဋ်သည် ဖြစ်ပေါ်လာရ၏။ တစ်ဖန် ယင်းဝိပါကဝဋ် အမည်ရသော ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အချိန်မီ ဝိပဿနာ မရှုပွား မသုံးသပ်နိုင်ပါက ယင်းဝိပါကဝဋ်ကို အစွဲပြု၍ ကိလေသဝဋ် အမည်ရသည့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် ထပ်ဖြစ်ပြန်ကုန်၏။ တစ်ဖန် ယင်းကိလေသဝဋ်ကို အစွဲပြု၍ ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတို့ကို ပြုစုပျိုးထောင်သဖြင့် ကမ္မဝဋ်အမည်ရသည့် သင်္ခါရ, ကံတို့သည် ထပ်ဖြစ်ကြပြန်ကုန်၏။ ယင်းကမ္မဝဋ်ကြောင့်

အနာဂတ်ဘဝ စသည်၌ ဝိပါကဝဋ် အမည်ရသည့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ထပ်ဖြစ်ကြကုန်၏။ ယင်းအနာဂတ် ခန္ဓာငါးပါးတို့ကို ဇာတိ, ဇရာမရဏဟူသော အမည်ဖြင့် ဘုရားရှင်သည် ဟောကြားထားတော်မူပေသည်။ ဤနည်းဖြင့် ဝဋ်သုံးပါးသည် လည်ပတ်နေသော ရထားဘီးကဲ့သို့ အဆက်မပြတ် ဖြစ်နေပေသည်။

အကြောင်းတရားတို့၏ ညီညွတ်သည်၏ အဖြစ်ကို အကြောင်းတရားတို့၏ အညီအညွတ် ဖြစ်နေမှုကို ဖော်ပြတတ်သော ပဋိစ္စဟူသော ရှေးပုဒ်ဖြင့် သွားနေသော ရထားဘီးကဲ့သို့ အဆက်မပြတ် လည်ပတ် ဖြစ်ပေါ်နေကြကုန်သော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တရားတို့၏ အကြောင်းတရားတို့၏ ညီညွတ်သည်၏ အဖြစ်၌ ဆက်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် —

၁။ သဿတဝါဒ,
၂။ အဟေတုဝါဒ,
၃။ ဝိသမဟေတုဝါဒ,
၄။ ဝသဝတ္တိဝါဒ —

ဤသို့စသည့် ဝါဒ အမျိုးမျိုးတို့၏ မရှိမှုကို ဖော်ပြအပ်ပေသည်။ မှန်ပေသည် — သဿတဝါဒ စသော ထိုထို အကြောင်းမှန်ကို ပယ်လှန်နေသော ဝါဒ အမျိုးမျိုးတို့အဖို့ ပစ္စယသာမဂ္ဂီ အမည်ရသော အကြောင်းတရား အပေါင်းတို့၏ ညီညွတ်မှုဖြင့် အဘယ်အကျိုးရှိနိုင်တော့အံ့နည်း။ မည်သို့ အဓိပ္ပါယ်ရှိနိုင်တော့အံ့နည်း။ အကြောင်း တရားတို့၏ ညီညွတ်မှုကြောင့် အကျိုးတရားတို့၏ အညီအညွတ် တစ်ပေါင်းတည်းဖြစ်မှုသည် အကြောင်းမှန်ကို ပယ်လှန်နေသော ယင်းဝါဒ အမျိုးမျိုးတို့အဖို့ အဓိပ္ပါယ်ကင်းမဲ့နေမည်သာ ဖြစ်ပေသည်။

(ဝိသုဒ္ဓိ-၂-၁၅၃။ မဟာဋီ-၂-၂၃၅။)

**သဿတဝါဒ** — သဿတော အတ္တာ စ လောကော စ = အတ္တသည်လည်းကောင်း, လောကသည်လည်း ကောင်း မြဲ၏ — ဤသို့စသည်ဖြင့် ပြောဆိုလေ့ ယူဆလေ့ ယုံကြည်လေ့ရှိသော ဝါဒသည် သဿတဝါဒ မည်၏၊ အတ္တသည် အကျိတ်အခဲ အမြဲတည်၏၊ အတ္တသည် တစ်ဘဝပြီး တစ်ဘဝ ပြောင်းရွှေ့နေ၏။ ခန္ဓာအိမ် အသစ် လဲသော်လည်း အတ္တကား တစ်ဘဝပြီး တစ်ဘဝ မသေမပျောက်ဘဲ ခန္ဓာအိမ် အသစ်အသစ်၌ အမြဲ လိုက်ပါ-တည်နေ၏။ ဤသို့စသည်ဖြင့် ယူသော ဝါဒတည်း။ (ဒီ-၁-၁၂။)

**အဟေတုဝါဒ** — နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ — (ဒီ-၁-၅၀။) = သတ္တဝါတို့ ညစ်နွမ်းဖို့ရန်, သတ္တဝါတို့ ဖြူစင်ဖို့ရန် တိုက်ရိုက် ဖြစ်ပေါ်စေတတ်သော ဟေတုအကြောင်းတရား = ဇနက အကြောင်းတရားသည် မရှိ၊ အားပေးထောက်ပံ့တတ်သော ပစ္စယ အကြောင်းတရား = ဥပတ္ထမ္ဘက အကြောင်း တရားသည် မရှိ။ အကြောင်း မရှိဘဲသာလျှင် သတ္တဝါတို့သည် ညစ်နွမ်းကြရ၏၊ စင်ကြယ်ကြရ၏။ — ဤသို့ စသည်ဖြင့် အကြောင်းတရားကို တိုက်ရိုက်ပယ်သော အကြောင်းမရှိဟု ပြောဆိုလေ့ ယူဆလေ့ ယုံကြည်လေ့ ရှိသော ဝါဒသည် အဟေတုဝါဒ မည်၏။ အကြောင်းတရားကို တိုက်ရိုက်ပယ်လိုက်သဖြင့် သွယ်ဝိုက်သောနည်း အားဖြင့် အကြောင်းတရားကြောင့် ဖြစ်သော အကျိုးတရားကိုလည်း ပယ်ရာရောက်၏။ အကြောင်းတရားတို့၌ အကျိုးတရားကို ဖြစ်စေနိုင်သည့် စွမ်းအားရှိမှုကို လက်မခံသည့် ကံ-ကံ၏အကျိုးတရားကို ပစ်ပယ်သောဝါဒ တစ်မျိုးတည်း။

**ဝိသမဟေတုဝါဒ** — ပကတိ, အဏု, ကာလ စသည်တို့၏ အစွမ်းဖြင့် လောကသည် ဖြစ်ပေါ်လာ၏။– ဤသို့ ပြောဆိုလေ့ ယူဆလေ့ ယုံကြည်လေ့ရှိသော ဝါဒသည် ဝိသမဟေတုဝါဒ မည်၏။ (မဟာဋီ-၂-၂၃၅။)

**ဝသဝတ္တိဝါဒ** — ဣဿရဝါဒ, ပုရိသဝါဒ, ပဇာပတိဝါဒတို့သည် ဝသဝတ္တိဝါဒ မည်၏။ ပုရိသဝါဒနှင့် ပဇာပတိဝါဒ တို့သည် ဣဿရဝါဒနှင့် ထပ်တူပင်ဖြစ်သည်။ အမည်မျှသာထူးသည်။ (အနုဋီ-၃-၆၅။) လောကကြီးနှင့်တကွ သတ္တဝါတို့ကို ဖန်ဆင်းပေးသော ဖန်ဆင်းရှင် = ဣဿရသည် ရှိ၏။ ယင်းဖန်ဆင်းရှင် = ဣဿရ၏ အလိုဆန္ဒအတိုင်း လောကကြီးနှင့်တကွ သတ္တဝါတို့သည် ဖြစ်ပေါ်နေကြကုန်၏ဟု ပြောဆိုလေ့ ယူဆလေ့ ယုံကြည်လေ့ရှိသော ဝါဒသည် ဝသဝတ္တိဝါဒ မည်၏။ အဖန်ဆင်းခံရသော အတ္တကို ဇီဝအတ္တဟု လည်းကောင်း, ဖန်ဆင်းရှင် = ဣဿရကို ပရမအတ္တဟုလည်းကောင်း အသီးအသီး ခေါ်ဆိုပေသည်။ ကံ-ကံ၏အကျိုးတရား ထင်ရှားရှိမှုကို လက်မခံဘဲ ပယ်လှန်နေသော ဝါဒတစ်မျိုးပင် ဖြစ်သည်။

(မဟာဋီ-၂-၂၃၅။)

ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ကိုယ်တိုင်မျက်မှောက် ဉာဏ်ဖြင့် ထွင်းဖောက် သိမြင်အောင် ကြိုးစားအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် အကြင်အခါ၌ အကြောင်းတရားတို့၏ ညီညွတ်မှုကို အစွဲပြု၍ တစ်နည်းဆိုရသော် အညီအညွတ် အချင်းချင်း စွဲမှီ၍ ဖြစ်ပေါ်လာကြကုန်သော အကြောင်း တရားအပေါင်းတို့၏ ထင်ရှားဖြစ်မှုကို အစွဲပြု၍ အကျိုးတရားအပေါင်းတို့၏ အပြည့်အစုံ အတူတကွ တစ်လုံး တစ်စည်းတည်း ပြိုင်တူဖြစ်မှုကို ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်၏၊ ထိုအခါဝယ် အညီအညွတ် အချင်းချင်း စွဲမှီ၍ ဖြစ်ပေါ်လာကြကုန်သော အကြောင်းတရားအပေါင်းတို့၏ ထင်ရှားဖြစ်ပေါ်မှုကို အစွဲပြု၍သာလျှင် အကျိုးတရားအပေါင်းတို့၏ အပြည့်အစုံ အတူတကွ တစ်လုံးတစ်စည်းတည်း တစ်ပြိုင်နက်-တည်း ဖြစ်ပေါ်လာကြကုန်၏ဟု သိမြင်လိုက်သဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် **သဿတဝါဒ အဟေတု ဝါဒ ဝိသမဟေတုဝါဒ ဝသဝတ္တိဝါဒ** ဤသို့စသည့် အကြောင်းစစ် အကြောင်းမှန်၏ ထင်ရှားရှိမှုကို လက်မခံသော မှားယွင်းဖောက်ပြန် မမှန်ကန်သော အယူအဆ အမျိုးမျိုးတို့သည် လွင့်စင် ပျောက်ပျက်၍ သွားလေသည်။ အကျိုးတရားအပေါင်းသည် အကြောင်းတရားတို့၏ အညီအညွတ်ဖြစ်မှုကို စွဲမှီ၍သာလျှင် ဖြစ်ပေါ်လာရသည်ဟု သိရှိလာသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်က ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အကြောင်းမှန်ကို ပယ်လှန်သည့် မှားယွင်းသည့် ဝါဒအရပ်ရပ်၏ မရှိမှုကို ဖော်ပြပြီးဖြစ်တော့သည် ဟူလိုသည်။ ပဋိစ္စဓာတ်သဘောကို ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်သော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အကြောင်းမှန်ကို ပယ်လှန်သော ဝါဒ အမျိုးမျိုးတို့၏ ထင်ရှားမရှိမှုသည် ဖြစ်ပေါ်ခဲ့သော် ထိုပဋိစ္စဓာတ်သဘောကို ထိုယောဂါဝစရပုဂ္ဂိုလ်တို့ကို ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကျင့်စဉ်နှင့်တကွ ညွှန်ကြားပြသနေသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်-၌လည်း အကြောင်းမှန်ကို ပယ်လှန်သော ဝါဒ အမျိုးမျိုးတို့၏ မရှိမှုမှာ ဆိုဖွယ်ရာပင် မရှိနိုင်တော့ပြီ ဖြစ်ပေသည်။

## (ခ) သမုပ္ပါဒ – ပုဒ်

သင်္ခါရစသော အကျိုး ပစ္စယုပ္ပန်တရားတို့၏ အညီအညွတ် တစ်ပေါင်းတစ်စည်းတည်း အတူတကွ တစ်-ပြိုင်နက်တည်း ဖြစ်ခြင်းကို ဖော်ပြတတ်သော **သမုပ္ပါဒ** - ပုဒ်ဖြင့် အကြောင်းတရားတို့၏ ညီညွတ်မှု အညီ အညွတ်ဖြစ်နေမှု - ပစ္စယသာမဂ္ဂီသည် ရှိလတ်သော် သင်္ခါရစသော အကျိုးပစ္စယုပ္ပန်တရားတို့၏ ထင်ရှား ဖြစ်ပေါ်လာခြင်းကြောင့် —

၁။ ဥစ္ဆေဒဝါဒ,

၂။ နတ္ထိကဝါဒ,

၃။ အကိရိယဝါဒ,

ဤဝါဒတို့ကို ပယ်ဖျောက်အပ်ကုန်၏၊ ထိုကြောင့် သမုပ္ပါဒဟူသော နောက်ပုဒ်ဖြင့် ဥစ္ဆေဒဝါဒစသည့်

ဝါဒအသီးသီးကို ပယ်သတ်ခြင်းကို ထင်ရှားပြအပ်ပေသည်။ မှန်ပေသည် ရှေးရှေး၌ အဝိဇ္ဇာစသော အကြောင်းတရား၏ စွမ်းအားကြောင့် အဖန်ဖန် အထပ်ထပ် သင်္ခါရစသော အကျိုးတရား အပေါင်းတို့သည် ဖြစ်ကုန်-သည်ရှိသော် ဥစ္ဆေဒဝါဒ, နတ္ထိကဝါဒ, အကိရိယဝါဒတို့သည် အဘယ်မှာလျှင် ဖြစ်နိုင်ကုန်လတ္တံ့နည်း၊ ထိုကြောင့် သမုပ္ပါဒဟူသော နောက်ပုဒ်ဖြင့် ယင်းဝါဒ အသီးအသီး၏ မရှိမှုကို ထင်ရှား ဖော်ပြအပ်ပေသည်။

(ဝိသုဒ္ဓိ-၂-၁၅၃။)

**ဥစ္ဆေဒဝါဒ —** အတ္တသည် သတ္တဝါသည် သေလျှင်ပြတ်၏။ "ဘဝဟူသည် ပုခက်နှင့် ခေါင်းအကြားမှာသာရှိ၏။"ဟု ပြောဆိုလေ့ စွဲယူလေ့ ယုံကြည်လေ့ရှိသော ဝါဒသည် ဥစ္ဆေဒဝါဒမည်၏။ မျက်မှောက်ခေတ်လက်ဝဲသမားတို့၏ ဝါဒမျိုးပင်ဖြစ်သည်။ သိပ္ပံပညာကိုသာ အလေးဂရုပြုသူ အချို့သူတို့၏ ဝါဒမျိုးဖြစ်သည်။

**နတ္ထိကဝါဒ —** နတ္ထိဒိန္နံ, နတ္ထိယိဋ္ဌံ, နတ္ထိဟုတံ, နတ္ထိသုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော . . . = ဒါန၏ အကျိုးတရားမည်သည် မရှိ၊ သုစရိုက်တရား ဒုစရိုက်တရားတို့၏ အကျိုးတရားမည်သည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးတရားမည်သည် မရှိ၊ ဤသို့ စသည်ဖြင့် အကျိုးတရား ရှိမှုကို တိုက်ရိုက်ပစ်ပယ်သော ဝါဒသည် နတ္ထိကဝါဒ မည်၏။ အကျိုးတရားကို တိုက်ရိုက်ပယ်လိုက်သဖြင့် အကျိုးတရားကို ဖြစ်စေတတ်သည့် စွမ်းအားရှိသည့် အကြောင်းတရားကိုလည်း ပယ်ပြီးပင် ဖြစ်တော့သည်။ ထိုကြောင့် ဤနတ္ထိကဝါဒသည်လည်း ကံ-ကံ၏အကျိုးတရားကို လက်မခံဘဲ ပယ်လှန်သည့် ဝါဒတစ်မျိုးပင် ဖြစ်သည်။

**အကိရိယဝါဒ —** ကရောတော ကာရယတော ဆိန္ဒတော ဆေဒါပယတော။ ပ ။ န ကရီယတိ ပါပံ = ကိုယ်တိုင်ပြုသူသည်လည်းကောင်း, သူတစ်ပါးကို အပြုခိုင်းသူသည်လည်းကောင်း, ကိုယ်တိုင်ဖြတ်သူသည်လည်းကောင်း, သူတစ်ပါးကို အဖြတ်ခိုင်းသူသည်လည်းကောင်း မကောင်းမှုကို ပြုအပ်သည်မမည် ပြုရာမရောက် ဤသို့ စသည်ဖြင့် "ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုအပ်သည်မမည် ပြုရာမရောက်၊ ကောင်းမှုကံလည်း မဖြစ်၊ မကောင်းမှုကံလည်း မဖြစ်"- ဟု အကြောင်းကံကို တားမြစ်သော အယူဝါဒသည် အကိရိယဝါဒ မည်၏။

တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတော ဟောတိ၊ ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ ဟောတိ။ ဣတိ သဗ္ဗေပေတေ အတ္ထတော ဥဘယပ္ပဋိဗာဟကာ အဟေတုကဝါဒါစေဝ အကိရိယဝါဒါ စ နတ္ထိကဝါဒါ စ ဟောန္တိ။ (ဒီ-ဋ္ဌ-၁-၁၅၀။)

အကြောင်းကံကို ပယ်သဖြင့် အကျိုးဝိပါက်ကိုလည်း ပယ်ပြီးသာ ဖြစ်၏၊ အကျိုးဝိပါက်ကို ပယ်သဖြင့် အကြောင်းကံကိုလည်း ပယ်ပြီးသာ ဖြစ်တော့၏။ ထိုကြောင့် ဤအလုံးစုံသော အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒတို့သည် အနက်သဘောအားဖြင့် ကံ-ကံ၏အကျိုး — နှစ်မျိုးလုံးကို ပယ်သောဝါဒတို့သာ ဖြစ်ကြသည်။ အကြောင်းကံမရှိဟု ဆိုသဖြင့် ထိုအကြောင်းနှင့် ဆက်သွယ်၍ ဖြစ်ရသော အကျိုးတရားလည်း မရှိဟုပင် ဆိုရာရောက်၏၊ အကျိုးတရားမရှိဟု ဆိုသဖြင့် အကျိုးကို ဖြစ်စေတတ်သော အကြောင်းတရားလည်း မရှိဟုပင် ဆိုရာရောက်၏။

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ညီညွတ်မှု = အညီအညွတ် ထင်ရှားဖြစ်နေမှုကို အစွဲပြု၍ သင်္ခါရစသော အကျိုးတရားတို့၏ ထင်ရှားဖြစ်ပေါ်မှုကို ကိုယ်တိုင်မျက်မှောက် ပစ္စက္ခဉာဏ်ဖြင့် ထွင်းဖောက်သိမြင်အံ့။ တစ်နည်းဆိုရသော် —

၁။ အတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကြောင့် ဤပစ္စုပ္ပန်ဘဝတွင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ ထင်ရှားဖြစ်မှုကိုလည်းကောင်း,

၂။ ဤပစ္စုပ္ပန်ဘဝတွင် ပြုစုပျိုးထောင်လိုက်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကြောင့် နောင်အနာဂတ်တွင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ ထင်ရှားဖြစ်မှုကိုလည်းကောင်း,

၃။ အလားတူပင် ဆိုင်ရာ ဆိုင်ရာ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အကြောင်းတရားငါးပါးကြောင့် ဆိုင်ရာ ဆိုင်ရာ အတိတ်ဘဝ၌ အကျိုးတရားငါးပါးတို့၏ ထင်ရှားဖြစ်မှုကိုလည်းကောင်း,

၄။ အကယ်၍ ထိုယောဂါဝစရပုဂ္ဂိုလ်သူမြတ်အဖို့ အနာဂတ်ဘဝများသည် ထင်ရှားရှိနေသေးလျှင် ဆိုင်ရာ အနာဂတ်၏ အကြောင်းတရားငါးပါးကြောင့် ဆိုင်ရာ အနာဂတ်အကျိုးတရား၏ ထင်ရှားဖြစ်မှုကို လည်းကောင်း, ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အံ့။

ထိုအခါ ရှေးရှေးသော အကြောင်းတရားတို့ကို စွဲမှီသည်၏ အစွမ်းဖြင့် နောက်နောက်သော အကျိုးတရားစု-တို့၏ အကြောင်းနှင့် အကျိုး ဆက်စပ်လျက် အဖန်ဖန် အထပ်ထပ် ဖြစ်ပေါ်မှုကို ပစ္စယပရိဂ္ဂဟဉာဏ်စသော ဝိပဿနာဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဥစ္ဆေဒဝါဒ, နတ္ထိကဝါဒ, အကိရိယဝါဒ ဟူသော မိစ္ဆာဒိဋ္ဌိဝါဒ ဘေးဆိုးကြီးတို့သည် အဘယ်မှာလျှင် ဖြစ်နိုင်-ကုန်တော့အံ့နည်း၊ ဖြစ်ခွင့် မရှိနိုင်တော့သည်သာ ဖြစ်ပေသည်။ အလားတူပင် ယင်းပဋိစ္စသမုပ္ပါဒ် ဒေသနာ-တော်မြတ်၌လည်း ယင်းဒိဋ္ဌိဘေးဆိုးကြီးတို့သည် ကပ်ခိုခွင့် မရနိုင်တော့သည်သာ ဖြစ်ပေသည်။

## (ဂ) ပဋိစ္စ + သမုပ္ပါဒ – ပုဒ်

ပဋိစ္စပုဒ်နှင့် သမုပ္ပါဒပုဒ် နှစ်ပုဒ်ပေါင်းစပ်ထားသော ပဋိစ္စသမုပ္ပါဒဟူသော တစ်ပုဒ်လုံးဖြင့် ထိုထိုအဝိဇ္ဇာ စသော အကြောင်းတရားတို့၏ ညီညွတ်သည်၏ အဖြစ်၌ အဝိဇ္ဇာစသော အကြောင်းတရားနှင့် သင်္ခါရစသော အကျိုးတရားစုတို့၏ အကြောင်းနှင့် အကျိုး ဆက်သွယ်လျက် အဆက်ဆက် မပြတ်ဖြစ်နေခြင်းဟု ဆိုအပ်သော ကြောင်း-ကျိုး သန္တတိအစဉ်ကို မဖြတ်မူ၍ မပြတ်စေမူ၍ ထိုထိုပစ္စယုပ္ပန်တရားတို့၏ ဖြစ်ခြင်းကြောင့် —

၁။ မဇ္ဈိမပဋိပဒါ အမည်ရသော မဂ္ဂင် (၈)ပါး အကျင့်မြတ်တရားကိုလည်းကောင်း,

၂။ "ထိုသူသည်ပင် ပြု၏၊ ထိုသူသည်ပင် ခံစား၏၊ အခြား တစ်ယောက်သောသူသည် ပြု၏၊ အခြား တစ်ယောက်သောသူသည် ခံစား၏" — ဟူသော ဝါဒဆိုးကြီးကို ပယ်ခြင်းကိုလည်းကောင်း,

၃။ ရုပ်နာမ် ပရမတ်တို့ကိုလည်းကောင်း, ရုပ်နာမ် ပရမတ်တို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို လည်း-ကောင်း မသိမမြင်သည့် ဇနပုဒ်နေသူ လူသာမန်တို့ ခေါ်ဝေါ်သုံးစွဲအပ်သော ယောက်ျား မိန်းမ စသော ဝေါဟာရပညတ်၌ ယောက်ျား မိန်းမစသည်လည်း တကယ်ထင်ရှားရှိ၏ စသည်ဖြင့် တဏှာ-ဒိဋ္ဌိတို့ဖြင့် မှားမှားယွင်းယွင်း နှလုံးမသွင်းခြင်းကိုလည်းကောင်း,

၄။ လူတို့ ခေါ်ဝေါ်သုံးစွဲနေသည့် လောကသမ္မုတိသစ္စာကို မကျော်လွန်ခြင်းကိုလည်းကောင်း —

ဤသို့သော နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော ဉာယ အမည်ရသော အရိယမဂ်ခရီးကို ဖော်ပြအပ်ပေသည်။ (ဝိသုဒ္ဓိ-၂-၁၅၃။)

## ထပ်မံရှင်းလင်းချက်

၁။ **မဇ္ဈိမပဋိပဒါ** = ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ရရှိအောင် ဦးစွာကြိုးစားအားထုတ်လေရာ စွမ်းနိုင်သမျှ အတိတ်အဆက်ဆက်မှသည် အနာဂတ်အဆက်ဆက်သို့

တိုင်အောင် အတိတ် ပစ္စုပ္ပန် အနာဂတ်တစ်လျှောက်လုံး၌ ရုပ်နာမ် ကြောင်း-ကျိုး တရားစုတို့၏ ရှေးနှင့်နောက် ဆက်စပ်လျက် အထပ်ထပ် မပြတ်ဖြစ်နေမှု ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခဲ့သော် ထိုအသိဉာဏ်ကား သမ္မာဒိဋ္ဌိတည်း။

ရုပ်နာမ်နှစ်ပါး = ခန္ဓာငါးပါးကို ထိုးထွင်းသိသောဉာဏ်သည် ဒုက္ခေ ဉာဏံ- အရ ဒုက္ခသစ္စာကို သိသော သမ္မာဒိဋ္ဌိတည်း။ အင်္ဂုတ္တိုရ် တိကနိပါတ် တိတ္ထာယတနသုတ္တန်၌ ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ကြောင်း -ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ထိုးထွင်းသိသောဉာဏ်သည် သမုဒယေ ဉာဏံ- အရ သမုဒယသစ္စာကို သိသော သမ္မာဒိဋ္ဌိတည်း။ (၁)

ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို သင်္ခါရတရားတို့ဟူ၍ ခေါ်ဆို၏။ ယင်းသမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ရုပ်နာမ်တို့၏ ကြောင်း-ကျိုး = သင်္ခါရအာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘောကား သမ္မာသင်္ကပ္ပတည်း။ (၂)

ယင်းသမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ရုပ်နာမ်တို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားတို့ကို သိအောင် ကြိုးစားအားထုတ်ခြင်း သဘောကား သမ္မာဝါယာမတည်း။ (၃)

ယင်းရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့ကို အဖန်ဖန် အထပ်ထပ် သိမ်းဆည်းတတ်သော ရှုပွား သုံးသပ်တတ်သော, ယင်းသင်္ခါရအာရုံ၌ စိတ်ခိုင်မြဲနေသော ဗူးတောင်းကဲ့သို့ မပေါ်ဘဲ ကျောက်ဖျာကဲ့သို့ နစ်မြုပ် နေခြင်း သဘောကား သမ္မာသတိတည်း။ (၄)

ယင်းသမ္မာဒိဋ္ဌိဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ရုပ်နာမ် ကြောင်း-ကျိုး = သင်္ခါရအာရုံပေါ်၌ စိတ်တည်ငြိမ်နေမှု သဘောကား သမ္မာသမာဓိတည်း။ အကယ်၍ အသင်ယောဂီသူတော်ကောင်းသည် သမထယာနိကပုဂ္ဂိုလ်ဖြစ်၍ ဈာန်သမာဓိကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာသို့ ကူးခဲ့ပါမူ ထိုပါဒကဈာန်သမာဓိသည်လည်း သမ္မာသမာဓိပင်တည်း။ (၅)

အသင်သူတော်ကောင်းသည် ဘာဝနာကို မပွားများမီ အချိန်ကစ၍ ကြိုတင်၍ စောင့်ထိန်းအပ်သော သီလတို့ကား သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့တည်း။ (၆-၇-၈)

လောကီအခိုက်၌ ဤသီလမဂ္ဂင်သုံးပါးတို့သည် အထက်တွင် ရှင်းပြထားသည့်အတိုင်း ရုပ်နာမ် ကြောင်း -ကျိုး = သင်္ခါရတရားတို့ကို အာရုံပြုနေကြသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ- တို့နှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ကား မဖြစ်ကြပေ။ အာရုံ ကွဲပြားသောကြောင့်ပင် ဖြစ်သည်။

အားလုံးပေါင်းသော် မဂ္ဂင် (၈)ပါး ဖြစ်သည်၊ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော ဉာယ အမည်ရသော အရိယမဂ်လမ်းပင်တည်း။ သို့အတွက် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အချင်းချင်း ကြောင်း-ကျိုး ဆက်နွယ်လျက် ဖြစ်ပေါ်နေခြင်း ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို ဉာဏ်ပညာမျက်စိဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းသည် နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သော ဉာယ အမည်ရသော အရိယမဂ်လမ်းမကြီးပေါ်သို့ ဣန္ဒြေရရ သိက္ခာရှိရှိဖြင့် လျှောက်သွားနေခြင်းပင် ဖြစ်၏။ အရိယမဂ်လမ်းခရီးကို ထင်ရှားပြနေခြင်းလည်း ဖြစ်၏၊ မဇ္ဈိမ- ပဋိပဒါလမ်းကို ထင်ရှား ပြနေခြင်းလည်း ဖြစ်၏၊ အကြောင်းမူ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဟု ခေါ်ဆိုအပ်သော အစွန်းနှစ်ဘက်သို့ မကပ်ရောက်မူ၍ မိမိဆိုင်ရာ အကြောင်းတရားအပေါင်းတို့ကြောင့် ယင်းအကြောင်းတရား တို့နှင့် လျော်ညီသော အကျိုးတရားတို့၏ ဖြစ်ခြင်းကို ဤပဋိစ္စသမုပ္ပါဒ်အရာ၌ **မဇ္ဈိမပဋိပဒါ** = အလယ်အလတ် ကျင့်စဉ်ဟု အလိုရှိအပ်သောကြောင့် ဖြစ်သည်။ (မဟာဋီ-၂-၂၃၆။)

၂။ **ပြုလုပ်သူနှင့် စံစားသူ** – ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့တွင် ကမ္မဝဋ်ကား ကုသိုလ်တရား, သို့မဟုတ် အကုသိုလ်တရား ဖြစ်၏၊ ဝိပါကဝဋ်ကား အကျိုးဝိပါက် ရုပ်တရား နာမ်တရားစု ဖြစ်၏၊ သို့အတွက် ကုသိုလ် အကုသိုလ်ဟူသော ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့သည် ကွဲပြားသော သဘာဝလက္ခဏာလည်း ရှိကြ၏။ (လက္ခဏာဒိ စတုက္ကပိုင်းတွင် ကြည့်ပါ။) ကမ္မဝဋ်က အကြောင်းတရား ဝိပါကဝဋ်က အကျိုးတရားဖြစ်၍လည်း ကွဲပြားသော သဘာဝရှိနေ၏။

တစ်ဖန် ကမ္မဝဋ်နှင့် ဝိပါဝဋ်တို့သည် ဖြစ်သည့် အချိန်အခါ အားဖြင့်လည်း ကွဲပြားသော အချိန်ကာလ ရှိကြ၏။ အသင်သူတော်ကောင်း၏ ဝီထိမုတ်စိတ် အမည်ရသော ပဋိသန္ဓေ, ဘဝင် , စုတိ နာမ်တရားစုတို့သည် လည်းကောင်း, ဝီထိစိတ် အမည်ရသော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံဝိပါက် နာမ်တရားစုတို့-သည်လည်းကောင်း, ပဋိသန္ဓေမှ စ၍ ဘဝတစ်လျှောက်တွင် ဖြစ်ပေါ်နေကြသော ကမ္မဇရုပ်တို့သည်လည်းကောင်း ဝိပါကဝဋ်ချည်းသာတည်း။ ယင်းဝိပါကဝဋ်ကို ဖြစ်စေသော အကြောင်းရင်းကံမှာ ယေဘုယျအားဖြင့် အတိတ် ဘဝတစ်ခုက ပြုစုပျိုးထောင်ခဲ့သော ကံသာဖြစ်၏။ ဤ၌ ယေဘုယျဟု ဆိုခြင်းမှာ ဒိဋ္ဌဓမ္မဝေဒနီယ အမည်ရသော လက်ငင်းဘဝ၌ အကျိုးပေးတတ်သော ကံများလည်း ရှိနေသောကြောင့် ဖြစ်၏။ ယင်းဒိဋ္ဌဓမ္မဝေဒနီယကံတို့-မှာလည်း လက်ရှိဘဝ ပဋိသန္ဓေ၏ အကြောင်းရင်းကံတို့ကား မဟုတ်ကြပေ။ လက်ရှိဘဝ၌ အခါအားလျော်စွာ အကျိုးပေးတတ်သော ကံတို့သာ ဖြစ်ကြ၏။

လက်ရှိဘဝ ပဋိသန္ဓေ ရုပ်နာမ်စသော ဝိပါကဝဋ်ကို ဖြစ်စေတတ်သော အတိတ်က ပြုစုပျိုးထောင်ခဲ့သော ကံဟူသည်မှာလည်း လွန်ခဲ့သော ပထမအတိတ်က ပြုစုပျိုးထောင်ခဲ့သော ကံလည်း ဖြစ်နိုင်၏၊ ဒုတိယအတိတ် စသော အတိတ်ဘဝ ထိုထိုက ပြုစုပျိုးထောင်ခဲ့သော ကံလည်း ဖြစ်နိုင်၏။ ဤဘဝ ပဋိသန္ဓေမတိုင်မီ အတိတ်ဘဝ တစ်ခုခုက ပြုစုပျိုးထောင်ခဲ့သော ကံသည် အခွင့်ရလျှင် ဤဘဝ ပဋိသန္ဓေစသည့် အကျိုးဝိပါကဝဋ်တရားများကို ဖြစ်စေနိုင်သည်သာ ဖြစ်သည်။ သို့အတွက် ကမ္မဝဋ် အမည်ရသည့် သင်္ခါရ ကံနှင့် ယင်းကမ္မဝဋ်၏ အကျိုးဖြစ်သော ဝိပါကဝဋ် အမည်ရသည့် ရုပ်နာမ်တို့သည် ဖြစ်ရာအချိန်ကာလအားဖြင့်လည်း မတူညီကြပေ။ အချိန်ကာလ ကွဲပြားကြ၏။ အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ တစ်ဖန် ဒိဋ္ဌဓမ္မဝေဒနီယကံ = မျက်မှောက်ဘဝ၌ အကျိုးပေးသော ကံပင်ဖြစ်စေဦးတော့၊ ယင်းအကြောင်းကံနှင့် ယင်းကံကြောင့် ဖြစ်ပေါ်လာကြရသည့် အကျိုးဝိပါက်တရားတို့သည် ဖြစ်ရာအချိန်ကာလအားဖြင့် အနည်းဆုံး စိတ္တက္ခဏပေါင်းများစွာကား ကွာခြားလျက်ပင် ရှိပေသည်။

ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့၏ ယင်းသို့ ကွဲပြားသော သဘာဝရှိခြင်း ကွဲပြားသော ဖြစ်ရာ အချိန်ကာလ ရှိခြင်းကြောင့် —**"သော ကရောတိ သော ပဋိသံဝေဒေတိ = ထိုသူသည်ပင် ပြုလုပ်၏၊ ထိုသူသည်ပင် စံစား၏"** ဤသို့ ပြောဆိုလေ့ ယူဆလေ့ ယုံကြည်လေ့ရှိသော ဝါဒကို, ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်လျက် ပိုင်းမှန် သိမြင် နေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သမ္မာဒိဋ္ဌိ ဦးဆောင်သည့် လောကီမဂ္ဂင်တရားတို့က တဒင်္ဂအားဖြင့် ပယ်သတ်နိုင်ပေသည်။

ယင်းသမ္မာဒိဋ္ဌိဉာဏ်ကို ရရှိနေသော ယောဂါဝစရပုဂ္ဂိုလ်သည် အကြောင်းတရားဖြစ်သည့် ကမ္မဝဋ်ဘက်၌-လည်း အကြောင်းရုပ်နာမ် = သင်္ခါရတရားအစုအပုံသာ ရှိသည်ဟု သိနေ၏၊ ယင်းအကြောင်းရုပ်နာမ် အစု အပုံသည်လည်း ဖြစ်ပြီးလျှင် ပျက်နေသည့် အနိစ္စတရားအစုအပုံ ဒုက္ခတရားအစုအပုံ အနတ္တတရားအစု အပုံမျှသာဟုလည်း သိနေ၏။ အကျိုးတရားဖြစ်သည့် ဝိပါကဝဋ်ဘက်၌လည်း အကျိုးရုပ်နာမ် = သင်္ခါရတရား အစုအပုံမျှသာ ရှိသည်ဟု သိနေ၏၊ ယင်းအကျိုးဝိပါကဝဋ် ရုပ်နာမ်အစုအပုံသည်လည်း ဖြစ်ပြီးလျှင် ပျက်နေသည့်

အနိစ္စတရားအစုအပုံ ဒုက္ခတရားအစုအပုံ အနတ္တတရားအစုအပုံမျှသာဟု သိနေ၏။ ယင်းသို့ သိနေသော သမ္မာဒိဋ္ဌိဉာဏ်အမြင်နှင့် ပြည့်စုံနေသော ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းအကြောင်းတရားအစုအပုံ အကျိုးတရားအစုအပုံဟု ခေါ်ဆိုအပ်သော သင်္ခါရတရားအစုအပုံ၌ ဉာဏ်ပညာမျက်စိဖြင့် ရှာဖွေကြည့်လိုက်သောအခါ ပြုလုပ်သူ ခံစားသူ ပုဂ္ဂိုလ်သတ္တဝါ အတ္တကိုကား ရှာဖွေမတွေ့တော့ဘဲ အကြောင်း သင်္ခါရတရားအစုအပုံနှင့် အကျိုး သင်္ခါရတရားအစုအပုံတို့သည်သာလျှင် အကြောင်းနှင့် အကျိုး ဆက်နွယ်လျက် အနိစ္စအနေအထား ဒုက္ခအနေအထား အနတ္တအနေအထားအားဖြင့် အဆက်မပြတ် အထပ်ထပ် ဖြစ်နေကြသည်ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက် ချနိုင်ခြင်းသို့ ရောက်ရှိသွား၏။ ယင်းသို့ ဆုံးဖြတ်ချက်ချနိုင်သည့် သမ္မာဒိဋ္ဌိဉာဏ်အမြင်နှင့် ပြည့်စုံနေသူ၏ သန္တာန်ဝယ် "ထိုသူသည်ပင် ပြုလုပ်၏၊ ထိုသူသည်ပင်ခံစား၏"– ဟူသော သဿတဝါဒမျိုးသည် အဘယ်မှာလျှင် ထောက်ရာ တည်ရာကို ရရှိနိုင်တော့အံ့နည်း။

ကုသိုလ်ခန္ဓာ အကုသိုလ်ခန္ဓာဟူသော အကြောင်းရုပ်နာမ် အစုအပုံတို့၏ ဖြစ်ခြင်းကို ကာရက = ပြုလုပ်သူဟု ခေါ်ဆို၍ ဝိပါက်ခန္ဓာတည်းဟူသော အကျိုးရုပ်နာမ် အစုအပုံတို့၏ ဖြစ်ခြင်းကို ဝေဒက = ခံစားသူဟု သမုတိ-သစ္စာနယ်သုံး ဝေါဟာရဖြင့် ခေါ်ဝေါ်နေခြင်းမျှသာ ဖြစ်သည်ဟု အမှန်သဘောကို ထိုယောဂါဝစရပုဂ္ဂိုလ်သည် သိလျက်သာ ရှိနေပေသည်။ (မဟာဋီ-၂-၂၃၆။)

တစ်ဖန် အကြင် ရုပ်နာမ်ကြောင်း-ကျိုး သန္တာန်အစဉ်၌ ယင်းကမ္မဝဋ် အမည်ရသော သင်္ခါရကံသည် ထင်ရှားဖြစ်ပေါ်လာ၏။ ထို ရုပ်နာမ်ကြောင်း-ကျိုး သန္တာန်အစဉ်၌ပင်လျှင် ထိုကမ္မဝဋ် = သင်္ခါရကံ၏ အကျိုးဝိပါက တရား၏ ထင်ရှားဖြစ်ပေါ်လာခြင်းကို ယောဂါဝစရပုဂ္ဂိုလ်က ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေခြင်း-ကြောင့် ယင်းသို့ သိမြင်နေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သမ္မာဒိဋ္ဌိဉာဏ်သည် -

> **"အညော ကရောတိ၊ အညော ပဋိသံဝေဒေတိ၊ = အခြားတစ်ယောက်သည် ပြုလုပ်၏၊ အခြားတစ်ယောက်သည် ခံစား၏၊ "**

"ပြုလုပ်သူကား တစ်ယောက်၊ ခံစားသူကား တစ်ယောက်။ ဒီဘဝ ဒီကိုယ် စံ၊ ဟိုဘဝ ဟိုကိုယ် ခံလိမ့်မည်" ဟု ပြောဆိုလေ့ ယူဆလေ့ ယုံကြည်လေ့ရှိသော ဝါဒကို ပယ်နိုင်၏။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။ (အဘိ-ဋ္ဌ-၂-၁၄၂။)

ခန္ဓာ-အာယတန-ဓာတ်တို့၏ အကြောင်း-အကျိုး ဆက်သွယ်လျက် အဆက်မပြတ် အထပ်ထပ် ဖြစ်ပေါ်နေရာ ရုပ်နာမ်သန္တာန်အစဉ်ကို သံသရာဟု ခေါ်ဆိုသည်ဖြစ်ရာ ယောဂါဝစရပုဂ္ဂိုလ်သည် ကမ္မဝဋ် ထင်ရှားဖြစ်ခဲ့ရာ ရုပ်-နာမ်-ကြောင်း-ကျိုး သန္တာန်အစဉ်၌ပင်လျှင် ယင်းကမ္မဝဋ် = ကံ၏အကျိုးဖြစ်သော ဝိပါကဝဋ် ဖြစ်မှုကို ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေ၏။ ထိုသို့ သိမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သမ္မာဒိဋ္ဌိဉာဏ်သည် ပြုသူတစ်ယောက် ခံစားသူတစ်ယောက်ဟူသော ဝါဒဆိုးကြီးကို ပယ်စွန့်နိုင်၏ဟု ဆိုလိုသည်။

န ဟိ ကတဿ ဝိနာသော, အကတဿ ဝါ အဗ္ဘာဂမော အတ္ထိ။ (မဟာဋီ-၂-၂၃၆။)

မှန်ပေသည် — ပြုပြီးသော ကံ၏ ပျက်စီးသွားခြင်းသဘောသည်လည်းကောင်း, မပြုအပ်သေးသော ကံ၏ အသစ်ဖြစ်ပေါ်လာရောက်ခြင်းသည်လည်းကောင်း မရှိနိုင်ပေ။ (အကျိုးမပေးရသေးဘဲ ပျက်စီးမသွား-နိုင်သည့် ဒိဋ္ဌဓမ္မဝေဒနိယကံနှင့် ဥပပဇ္ဇဝေဒနီယကံကိုလည်းကောင်း, ပရိနိဗ္ဗာန်စံသည့်တိုင်အောင် မပျက်စီးဘဲ အကျိုးပေးနိုင်ခွင့် သဘောရှိသော အပရာပရိယဝေဒနီယကံကိုလည်းကောင်း ရည်ညွှန်းထားသည်ဟု မှတ်ပါ။)

အသင်သူတော်ကောင်းသည် အတိတ်ဘဝက သာသနာပြုနိုင်သည့် ရဟန်းဘဝကို ဆုတောင်းပန်ထွာလျက် သင်္ခါရကံကို ပြုစုပျိုးထောင်ခဲ့သည် ဖြစ်အံ့၊ ယခုဘဝ၌လည်း သာသနာပြုနိုင်သည့် ရဟန်းဘဝဟူသော ဝိပါက်ခန္ဓာငါးပါးကို ထိုအတိတ်ဘဝကပင် ပြုစုပျိုးထောင်ခဲ့သော သင်္ခါရကံကြောင့်ပင် ရရှိနေသည် ဖြစ်ငြားအံ့ —

၁။ အတိတ်ဘဝက သာသနာပြုနိုင်သည့် ရဟန်းဘဝကို ဆုတောင်းပန်ထွာလျက် သင်္ခါရကံကို ပြုစုပျိုးထောင်ခဲ့သော ရုပ်နာမ် သန္တာန်အစဉ်နှင့် —

၂။ ယခုဘဝတွင် ရရှိနေသော သာသနာပြုနိုင်သည့် ရဟန်းဘဝတည်းဟူသော ဝိပါကဝဋ် ရုပ်နာမ် သန္တာန်အစဉ်တို့သည် —

အကြောင်းနှင့် အကျိုး ဆက်သွယ်လျက် အထပ်ထပ် ဖြစ်နေသော ရုပ်နာမ် သန္တတိအစဉ်သဘောအားဖြင့် တစ်ခုတည်းသာ ဖြစ်၏။ သို့သော် ယင်းရုပ်နာမ် သန္တတိအစဉ်သည်ကား နိစ္စ, သုခ, အတ္တ အနေအထားအားဖြင့် ဖြစ်ပေါ်နေသည့် သန္တတိအစဉ်ကားမဟုတ်၊ အနိစ္စ, ဒုက္ခ, အနတ္တ အနေအထားအားဖြင့်သာ ဖြစ်ပေါ်နေသော သန္တတိအစဉ် ဖြစ်ပေသည်။ ကမ္မဝဋ်ကို ထူထောင်ခဲ့စဉ်က ရုပ်နာမ်တို့သည် ဖြစ်ပြီးလျှင် ပျက်ခဲ့ပြီးကြသည်ကား မှန်၏၊ ဖြစ်ပြီးလျှင် ပျက်ခဲ့ကြပြီးသည့်အတွက် ယင်းကမ္မဝဋ်ကို ထူထောင်ခဲ့စဉ်က ရုပ်နာမ်တို့ကား တစ်မျိုးတစ်ခြားသာ ဖြစ်သည်လည်း မှန်၏၊ ယင်းကမ္မဝဋ်ကြောင့် ယခုဘဝတွင် ရရှိလာသော ဝိပါကဝဋ် အမည်ရသည့် ရုပ်နာမ်တို့သည်လည်း အသစ်အသစ် ဖြစ်ပေါ်လာကြသည့် ရုပ်နာမ်တို့သာ ဖြစ်ကြသည်လည်း မှန်၏။ သို့သော် ရှေးအတိတ်ဘဝက ကမ္မဝဋ်ကို ထူထောင်ခဲ့စဉ်က ရုပ်နာမ်နှင့် ယခုဘဝတွင် ရရှိလာသော ဝိပါကဝဋ် အမည်ရသည့် ရုပ်နာမ်တို့သည် ရှေးနှင့်နောက်, အကြောင်းနှင့်အကျိုး ဆက်သွယ်လျက် အဆက်မပြတ် ဖြစ်ပေါ်နေသော ရုပ်နာမ်သန္တတိ အစဉ်တန်းအားဖြင့်ကား တစ်ခုတည်းသာ ဖြစ်ပေသည်။ ယင်းသို့ ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်နေသော သမ္မာဒိဋ္ဌိဉာဏ်သည် "ပြုသူကားတစ်ယောက်၊ ခံစားသူကား တစ်ယောက်"ဟူသော ဝါဒဆိုးကြီးကို ပယ်ချိုး နှိမ်နင်းနိုင်ပေသည်။

၃။ **ဧနယဒိရှဒ္ဓိ** — လောက၌ ရုပ်နာမ်ပရမတ်သို့ ဉာဏ်အမြင် မဆိုက်ကြသေးသော ရုပ်နာမ်တို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ် သဘောတရားကိုလည်း မသိမမြင်ကြသေးသော ပရမတ်ဉာဏ်ပညာ-မျက်စိကာဏ်းနေသော လူသားအပေါင်းတို့သည် အချင်းချင်း တစ်ဦးကို တစ်ဦးက ယောက်ျား မိန်းမစသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြ၏။ ယင်းသို့ ခေါ်ဝေါ်သုံးစွဲမှုကို **ဧနယဒိရှဒ္ဓိ**ဟု ခေါ်ဆိုပေသည်။ အပရိညာတဝတ္ထုက = ပရမတ်သို့ ဆိုက်အောင် ပိုင်းခြား၍ မသိအပ်သေးသော ရုပ်ဝတ္ထု နာမ်ဝတ္ထုရှိသော ပုဂ္ဂိုလ်တို့အား တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတို့ဖြင့် ငါ့ဟာ, ငါ, ငါ၏ အတ္တဟု — ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာဟု မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း သဘောသည် ထင်ရှားရှိနေကြသည်သာ ဖြစ်၏။

ရုပ်တရား နာမ်တရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်လျက်ရှိသော စင်ကြယ်သန့်ရှင်းသော သမ္မာဒိဋ္ဌိ အသိဉာဏ်ရှိသော ပညာရှိသူတော်ကောင်း အဖို့မူကား —

"ထိုထိုသော အခြင်းအရာအားဖြင့် အချင်းချင်း စွဲမှီ၍ ဖြစ်ပေါ်နေကြကုန်သော ရုပ်နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတို့ကို အစွဲပြု၍ ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာစသည်ဖြင့် ခေါ်ဝေါ်ပညတ်ခြင်းမျှသာ ဖြစ်၏၊ ပရမတ္ထသဘောအားဖြင့်ကား ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, လူ,နတ်, ဗြဟ္မာစသည်ကား ထင်ရှားမရှိ"ဟု — ဤသို့သော မှန်ကန်သော သမ္မာဒိဋ္ဌိအသိဉာဏ်ရှိနေသည် ဖြစ်ရကား တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် "ငါ့ဟာ, ငါ, ငါ၏အတ္တ — ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်,

သတ္တဝါ, လူ, နတ်, ဗြဟ္မာ" — စသည်ဖြင့် မှားမှားယွင်းယွင်း စွဲမြဲစွာ နှလုံးသွင်းမှုကား ထိုသူတော်ကောင်း၏ သန္တာန်၌ မရှိပေ။

ယင်းသို့ မှားမှားယွင်းယွင်း စွဲမြဲစွာ နှလုံးသွင်းမှု မရှိသော်လည်း ပရမတ်ဉာဏ်အမြင် မရှိသူ လူသားတို့ ခေါ်ဝေါ်သုံးစွဲသည့် ဝေါဟာရပညတ်သို့ အစဉ်လိုက်၍ "ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ"စသည်ဖြင့်သာ ခေါ်ဝေါ်သုံးစွဲလေသည်။ မိမိတို့ သန္တာန်ဝယ် ပရမတ်ဉာဏ်အမြင် ရှိသည့်အတိုင်း

"ပဉ္စက္ခန္ဓေ အာနေတ၊ နာမရူပံ အာဂစ္ဆတု"

= "ခန္ဓာငါးပါးတို့ကို ခေါ်ဆောင်ခဲ့ကြကုန်လော၊ နာမ်ရုပ်သည် လာစေသတည်း" —

ဤသို့စသည်ဖြင့် မခေါ်ဝေါ်မသုံးစွဲပေ။ ယောက်ျား မိန်းမစသည်ဖြင့်သာ ခေါ်ဝေါ်သုံးစွဲပေသည်။ ယင်းသို့လျှင် "ခန္ဓာငါးပါးတို့ကို ခေါ်ဆောင်ခဲ့ကြကုန်လော၊ နာမ်ရုပ်သည် လာရောက်စေသတည်း" ဤသို့ စသည်ဖြင့် မပြောဆို မသုံးစွဲဘဲ, ယောက်ျား, မိန်းမ စသည်ဖြင့်သာ ခေါ်ဝေါ်သုံးစွဲသော်လည်း ပရမတ်ဉာဏ်အမြင် မရှိသူ လူသားတို့ကဲ့သို့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် ယောက်ျား မိန်းမစသည်သည် တကယ်ထင်ရှား ရှိ၏ဟု မှားမှားယွင်းယွင်း နှလုံးသွင်းမှုကား မရှိပေ။ ယင်းသို့ နှလုံးမသွင်းခြင်းကို ဇနပဒနိရုတ္တိ၌ မှားမှားယွင်းယွင်း နှလုံးမသွင်းခြင်းဟု ခေါ်ဆိုပေသည်။ ရုပ်တရား နာမ်တရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရား၌ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိသူ ပညာရှိသူတော်ကောင်းတို့ကိုယ်တိုင် ရရှိအပ်သော အကျိုးကျေးဇူး တစ်ရပ်ပင် ဖြစ်ပေသည်။ (မဟာဋီ-၂-၂၃၆ - ကြည့်။)

၄။ **သမညာယ အနတိဓာဝနံ —** ယင်းသို့ ဇနပဒနိရုတ္တိ၌ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း မရှိသော်လည်း လူသားတို့ ခေါ်ဝေါ်သုံးစွဲနေသည့် လောကသုံး အမည်ပညတ်ကိုလည်း ကျော်လွန်၍ မပြေးသွားပေ။

"သတ္တော"တိ ဟိ ဝုတ္တေ "ကော ဧတ္ထ သတ္တော၊ ကိံ ရူပံ၊ ဥဒါဟု ဝေဒနာဒယော"တိ ဝိဘာဂံ အကတွာ လောကသမညာဝသေနေဝ လောကိယေဟိ ဝိယ လောကိယော အတ္ထော သမညံ အဝိလင်္ဃန္တေန ဝေါဟရိတဗ္ဗော။ (မဟာဋီ-၂-၂၃၆။)

"သတ္တဝါ"ဟု လောကလူအများက ခေါ်ဝေါ်သုံးစွဲရာ၌ — "ဤအရာ၌ သတ္တဝါဟူသည် အဘယ်သူနည်း၊ ရုပ်တရားလော, သို့မဟုတ် ဝေဒနာစသည်တို့လော"ဟု ပရမတ်ဉာဏ်မျက်စိအမြင်ဖြင့် ခွဲခြားဝေဖန်ခြင်းကို မပြုမူ၍ "ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ"စသည့် လောကသုံး အမည်နာမပညတ်၏ အစွမ်းဖြင့်သာလျှင် ပရမတ်ဉာဏ်အမြင် မရှိသူ လူသားတို့ ခေါ်ဝေါ်သုံးစွဲသကဲ့သို့ပင်လျှင် လောကလူအများက လက်ခံထားသော အနက်ဒြပ်ကို လောကလူများစု ခေါ်ဝေါ်သုံးစွဲသည့်အတိုင်း (ကျောင်းအမကြီး ဝိသာခါ, ကျောင်းဒါယကာကြီး အနာထပိဏ် စသည်ဖြင့် ) လောကသုံး အမည်နာမပညတ်ကို မကျော်လွန်သည်ဖြစ်၍ ခေါ်ဝေါ်သုံးစွဲပေသည်။

ပရမတ်ဉာဏ်မျက်စိ မရှိသူ လူအများစုက ခန္ဓာငါးပါးကို ယောက်ျားဟု ခေါ်ဝေါ်သုံးစွဲလျှင် ပဋိစ္စသမုပ္ပါဒ် သဘောတရား၌ သမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိသူ ပညာရှိသူတော်ကောင်းတို့ကလည်း ယောက်ျားဟုပင် ခေါ်ဝေါ် သုံးစွဲပေသည်။ လောကလူအများစုက ခန္ဓာငါးပါးကို မိန်းမဟု ခေါ်ဝေါ်သုံးစွဲလျှင် ပဋိစ္စသမုပ္ပါဒ် သဘောတရား၌ သမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိသူ ပညာရှိသူတော်ကောင်းတို့ကလည်း မိန်းမဟုပင် ခေါ်ဝေါ်သုံးစွဲပေသည်။ ဤသို့ စသည်ဖြင့် သဘောပေါက်ပါလေ။ ဤသို့ ခေါ်ဝေါ်သုံးစွဲခြင်းသည် လောကသမ္မုတိသစ္စာ = လောကသမ္မုတိ ပညတ်ကို မကျော်လွန် မပြေးသွားခြင်းပင် ဖြစ်သည်။

ဤသည်ကား ရုပ်တရား နာမ်တရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ မဇ္ဈိမပဋိပဒါလမ်းပေါ်သို့ ရောက်ရှိနေခြင်း,

၂။ ထိုသူသည်ပင် ပြု၏၊ ထိုသူသည်ပင် ခံစား၏၊ ပြုသူတစ်ခြား, ခံစားသူတစ်ခြားဟူသော ဝါဒဆိုးကို ပယ်နိုင်ခြင်း,

၃။ ဇနပဒနိရုတ္တိဟူသော လောကသုံး ဝေါဟာရကို မှားမှားယွင်းယွင်း နှလုံးမသွင်းခြင်း,

၄။ လောကသမ္မုတိသစ္စာကို မကျော်လွန်ခြင်း,

ဤအကျိုးတရားလေးမျိုးကို ရရှိနိုင်ပုံတည်း။ (ဝိသုဒ္ဓိ-၂-၁၃၅။ မဟာဋီ-၂-၂၃၅-၂၃၆ - ကြည့်။)

## ဒေသနာဘေဒ
## ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူပုံ နည်း (၄) မျိုး

ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားအားထုတ်လိုသော နိဗ္ဗာန်သို့သွားရာ မဇ္ဈိမပဋိပဒါလမ်းမတော်ကြီးပေါ်သို့ စိတ်ချလက်ချ လျှောက်သွားလိုသော သူတော်ကောင်းတစ်ဦးသည် မည်သို့မည်ပုံ စတင်၍ ကြိုးစားအားထုတ်ရမည်နည်းဟု မေးမြန်းဖွယ်ရာရှိ၏။ ဘုရားရှင် ဟောကြားထားတော်မူသည့် နည်းများတွင် မိမိတို့ဉာဏ် သက်ဝင်လေရာ မိမိတို့နှင့် သင့်လျော်သည့်နည်းကို ရွေးချယ်၍ စတင်အားထုတ်ရမည်ဟူ၍ပင် ဖြေဆိုလေရာ၏။

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဒေသနာနည်းအားဖြင့် လေးမျိုးခွဲခြား၍ ဟောကြားတော်မူခဲ့၏။ ယင်းလေးမျိုးတို့ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာကြီးတို့တွင် (ဝိသုဒ္ဓိ-၂-၁၅၄-၁၅၅-၁၅၆။ အဘိ-ဋ္ဌ-၂-၁၂၄-၁၂၅-၁၂၆။) ဖော်ပြထား၏။ ဤတွင် ဆိုလိုရင်းသဘောကို တင်ပြအပ်ပါသည်။

နွယ်ခွေသော ယောကျာ်းလေးဦးတို့၏ နွယ်ခွေသည့် ပုံစံကဲ့သို့ ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာ-တော်ကို —

၁။ အစမှ အဆုံးသို့တိုင်အောင်, (ပထမနည်း)
၂။ အလယ်မှ အဆုံးသို့တိုင်အောင်, (စတုတ္ထနည်း)
၃။ အဆုံးမှ အစသို့တိုင်အောင်, (ဒုတိယနည်း)
၄။ အလယ်မှ အစသို့တိုင်အောင်, (တတိယနည်း)

နည်းလေးမျိုးအားဖြင့် ဟောကြားတော်မူခဲ့၏။

၁။ နွယ်ခွေယောကျာ်း လေးဦးတို့တွင် တစ်ဦးသည် နွယ်၏ အရင်းအစကိုသာလျှင် ရှေးဦးစွာ မြင်၏၊ ထိုသူသည် ထိုနွယ်ကို အရင်းအစ၌ ဖြတ်၍ နွယ်အားလုံးကို ဆွဲငင်ယူဆောင်ပြီးလျှင် မိမိအလိုရှိရာ လုပ်ငန်းရပ်၌ ဆောင်ယူ အသုံးပြုသကဲ့သို့ — ဤဥပမာအတူပင်လျှင် ဘုရားရှင်သည် —

ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ ပ ။ ဇာတိပစ္စယာ ဇရာမရဏံ။ (မ-၁-၃၂၈။ သံ-၁-၂၄၆။)

= ရဟန်းတို့ . . . ဤသို့လျှင် အဝိဇ္ဇာ ထင်ရှားရှိခြင်းဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ထင်ရှား ဖြစ်ပေါ်လာ၏။ ပ ။ ဇာတိ ထင်ရှားရှိခြင်းဟူသော အကြောင်းကြောင့် ဇရာမရဏသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဤသို့လျှင် အစမှ အဆုံးသို့တိုင်အောင်လည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားပြသတော်မူ၏။

၂။ ထိုနွယ်ခွေယောကျာ်း လေးဦးတို့တွင် တစ်ဦးကား နွယ်၏ အလယ်ပိုင်းကို ရှေးဦးစွာ မြင်၏။ ထိုသူသည် အလယ်၌ ဖြတ်၍ အထက်ပိုင်းအဖို့ကိုသာလျှင် (= အလယ်မှ အဖျားပိုင်းဘက်ကိုသာလျှင်) ဆွဲငင် ယူဆောင်ပြီးလျှင် မိမိအလိုရှိရာ လုပ်ငန်းရပ်၌ ဆောင်ယူအသုံးပြုသကဲ့သို့ — ဤဥပမာအတူပင်လျှင် ဘုရားရှင်သည် —

"တဿ တံ ဝေဒနံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယတိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ။ ယာ ဝေဒနာသု နန္ဒီ၊ တဒုပါဒါနံ။ တဿုပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊" (မ-၁-၃၃၃။ သံ-၂-၁၃။)

"ထိုခံစားမှု ဝေဒနာကို ပီတိနှင့် တကွသော တဏှာဖြင့် အလွန်နှစ်သက်သော, ဩော် ချမ်းသာစွ, ဩော် ချမ်းသာစွ, ငါ, ငါ့ဟာ — ဟု အားရနှစ်လို ပြောဆိုသော, မျိုမတတ် စွဲလမ်း၍ တည်နေသော ထိုသတို့သား၏

သန္တာန်ဝယ် နှစ်သက် တပ်မက်တတ်သော တဏှာသည် ဖြစ်ပေါ်လာ၏၊ (ခိုင်မြဲသော တဏှာကို ဥပါဒါန်ဟု ခေါ်၏။ ဥပါဒါန်အဆင့်သို့ ရောက်ရှိသော နှစ်သက်မှုကို နန္ဒီတရားဟု ဆိုလိုသည်။) ဝေဒနာတို့၌ ပြင်းစွာ နှစ်သက်တပ်မက်တတ်သော ထိုတဏှာကား ပြင်းစွာစွဲလမ်းမှု ဥပါဒါန်တည်း။ ထိုသတ္တဝါ၏ သန္တာန်ဝယ် ဥပါဒါန် ထင်ရှားဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဘဝသည် (ကမ္မဘဝ, ဥပပတ္တိဘဝသည်) ဖြစ်ပေါ်လာ-၏။ ဘဝ (= ကမ္မဘဝ) ထင်ရှားဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဇာတိသည် ဖြစ်ပေါ်လာ၏။" —

ဤသို့လျှင် အလယ်ဖြစ်သော ဝေဒနာမှ စ၍ အဆုံးဖြစ်သော ဇရာမရဏသို့ တိုင်အောင်လည်း ပဋိစ္စ-သမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားပြသတော်မူလေသည်။

၃။ တစ်ဖန် ထိုနွယ်ခွေယောက်ျား လေးဦးတို့တွင် တစ်ဦးကား နွယ်၏ အဖျားပိုင်းကို ရှေးဦးစွာ တွေ့မြင်၏၊ ထိုယောက်ျားသည် နွယ်ဖျား၌ဖြတ်၍ အဖျားမှ အစဉ်လျှောက်သဖြင့် အရင်းသို့တိုင်အောင် နွယ်အားလုံးကို ယူဆောင်၍ မိမိအလိုရှိရာ လုပ်ငန်းရပ်၌ ဆောင်ယူအသုံးပြုသကဲ့သို့ - ဤဥပမာအတူပင် ဘုရားရှင်သည်-

"ဇာတိပစ္စယာ ဇရာမရဏန္တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ဇာတိပစ္စယာ နု ခေါ ဘိက္ခဝေ ဇရာမရဏံ နော ဝါ ကထံ ဝေါ ဧတ္ထ ဟောတီတိ။ ဇာတိပစ္စယာ ဘန္တေ ဇရာမရဏံ။ ဧဝံ နော ဧတ္ထ ဟောတိ ဇာတိပစ္စယာ ဇရာမရဏန္တိ။ ဘဝပစ္စယာ ဇာတိ။ ပ ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ အဝိဇ္ဇာပစ္စယာ နု ခေါ ဘိက္ခဝေ သင်္ခါရာ နော ဝါ ကထံ ဝေါ ဧတ္ထ ဟောတိ" — (မ-၁-၃၂၈-၃၂၉။)

= "ဇာတိ ထင်ရှားရှိခြင်းတည်းဟူသော အကြောင်းကြောင့် ဇရာမရဏသည် ထင်ရှားဖြစ်ပေါ်လာ၏ ဟူ၍ ဤစကားကို ငါဘုရားသည် ဟောကြားတော်မူအပ်ပြီ၊ ရဟန်းတို့ . . . ဇာတိ ထင်ရှားရှိခြင်းတည်းဟူသော အကြောင်းကြောင့် ဇရာမရဏသည် ထင်ရှားဖြစ်လာသလော, သို့မဟုတ် မဖြစ်လာသလော၊ အဘယ်သို့လျှင် ဤသို့ ငါဘုရား မေးမြန်းတော်မူရာ၌ သင်တို့၏ စိတ်အလိုဆန္ဒသည် ဖြစ်လေသနည်းဟု ဘုရားရှင်သည် မေးတော်မူလေပြီ။

မြတ်စွာဘုရား . . . ဇာတိထင်ရှားရှိခြင်းတည်းဟူသော အကြောင်းကြောင့် ဇရာမရဏသည် ထင်ရှား ဖြစ်ပေါ်လာပါ၏၊ ဤအတိုင်းသာလျှင် ဤသို့ ဘုရားရှင်၏ မေးမြန်းတော်မူရာ၌ — ဇာတိထင်ရှား ဖြစ်ခြင်း တည်းဟူသော အကြောင်းကြောင့် ဇရာမရဏသည် ထင်ရှားဖြစ်ပေါ်လာ၏ဟူ၍ တပည့်တော်တို့၏ စိတ်အလို ဆန္ဒသည် ဖြစ်ပေါ်နေပါသည် မြတ်စွာဘုရား . . . ဟု လျှောက်ထားကုန်ပြီ။

ကမ္မဘဝ ထင်ရှားရှိခြင်းတည်းဟူသော အကြောင်းကြောင့် ဇာတိသည် ထင်ရှားဖြစ်ပေါ်လာ၏။ ပ ။ အဝိဇ္ဇာ ထင်ရှားရှိခြင်းတည်းဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်သလော၊ သို့မဟုတ် မဖြစ်ကုန်သလော၊ အဘယ်သို့လျှင် ဤသို့ ငါဘုရား မေးမြန်းတော်မူရာ၌ သင်တို့၏ စိတ်အလိုဆန္ဒသည် ဖြစ်လေသနည်းဟု ဘုရားရှင်သည် မေးမြန်းတော်မူလေပြီ။

မြတ်စွာဘုရား . . . အဝိဇ္ဇာ ထင်ရှားရှိခြင်းတည်းဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ထင်ရှား ဖြစ်ပေါ်လာကြပါကုန်၏၊ ဤအတိုင်းသာလျှင် ဤသို့ ဘုရားရှင်မေးတော်မူရာ၌ — အဝိဇ္ဇာ ထင်ရှားရှိခြင်း တည်းဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏ဟူ၍ တပည့်တော်တို့၏ စိတ်အလို ဆန္ဒသည် ဖြစ်ပေါ်နေပါသည် မြတ်စွာဘုရား . . . ဟု လျှောက်ထားကြကုန်ပြီ။

ဤသို့လျှင် အဆုံးဖြစ်သော ဇရာမရဏမှ စ၍ အစဖြစ်သော အဝိဇ္ဇာသို့တိုင်အောင်လည်း ပဋိလောမ နည်းအားဖြင့် ပြောင်းပြန်ပြန်၍ ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားပြသတော်မူလေသည်။

၄။ တစ်ဖန် နွယ်ခွေယောက်ျား လေးဦးတို့တွင် တစ်ဦးကား နွယ်၏ အလယ်ပိုင်းကိုသာလျှင် ရှေးဦးစွာ တွေ့-မြင်၏၊ ထိုသူသည် နွယ်၏ အလယ်၌ ဖြတ်၍ နွယ်၏အောက်ပိုင်း အရင်းဘက်သို့ တဖြည်းဖြည်းသွားလျက် ဆင်းသက်လျက် နွယ်၏ အရင်းသို့တိုင်အောင် နွယ်ကို ယူဆောင်လျက် မိမိအသုံးပြုလိုရာ လုပ်ငန်းရပ်၌ ဆောင်ယူအသုံးပြုသကဲ့သို့ ဤဥပမာအတူပင်လျှင် ဘုရားရှင်သည် —

"ဣမေ စ ဘိက္ခဝေ စတ္တာရော အာဟာရာ ကိံနိဒါနာ, ကိံ သမုဒယာ၊ ကိံ ဇာတိကာ၊ ကိံ ပဘဝါ။ ဣမေ စတ္တာရော အာဟာရာ တဏှာနိဒါနာ၊ တဏှာသမုဒယာ၊ တဏှာဇာတိကာ၊ တဏှာပဘဝါ။ တဏှာ ကိံနိဒါနာ။ ပ ။ ဝေဒနာ။ ဖဿော။ သဠာယတနံ။ နာမရူပံ။ ဝိညာဏံ။ သင်္ခါရာ ကိံနိဒါနာ၊ ကိံ သမုဒယာ၊ ကိံ ဇာတိကာ၊ ကိံ ပဘဝါ။ သင်္ခါရာ အဝိဇ္ဇာနိဒါနာ၊ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဇာတိကာ၊ အဝိဇ္ဇာပဘဝါ။" (သံ-၁-၂၅၃။)

"ရဟန်းတို့ . . . ဤလေးပါးကုန်သော ဝိပါကဝဋ် ဖြစ်ကုန်သော ပဋိသန္ဓေအခါ ပဝတ္တိအခါ၌ ဖြစ်ကုန်သော-

၁။ ဖဿာဟာရ = ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော ဖဿ,
၂။ စေတနာဟာရ = ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော စေတနာ,
၃။ ဝိညာဏာဟာရ = ဝိပါက်ဝိညာဏ်,
၄။ ကဗဠီကာရာဟာရ = ကံကြောင့်ဖြစ်သော ကမ္မဇရုပ်ကလာပ်တို့၌ ပါဝင်သော ကမ္မဇသြဇာ —

ဤလေးမျိုးကုန်သော အာဟာရတို့သည် အဘယ်အကြောင်းရင်းနိဒါန်း ရှိကြကုန်သနည်း၊ ကြွင်းသော အကြောင်းနှင့် ပေါင်းမိလတ်သော် အဘယ်အကြောင်းသမုဒယ ရှိကြကုန်သနည်း၊ အဘယ်ဖြစ်ကြောင်း ဇာတိ = ဇာစ်မြစ် ရှိကြကုန်သနည်း၊ အဘယ်တရားလျှင် အစအမွန် ရှိကြကုန်သနည်း။ —

ဤလေးပါးကုန်သော ဝိပါကဝဋ် ဖြစ်ကြကုန်သော အာဟာရတို့သည် တဏှာဟူသော အကြောင်းရင်းနိဒါန်း ရှိကြကုန်၏၊ ကြွင်းသောအကြောင်းနှင့် ပေါင်းမိလတ်သော် တဏှာဟူသော ဖြစ်ကြောင်းသမုဒယ ရှိကြကုန်၏၊ တဏှာဟူသော ဖြစ်ကြောင်းဇာတိ = ဇာစ်မြစ် ရှိကြကုန်၏။ တဏှာဟူသော အစအမွန် ရှိကြကုန်၏။

ရဟန်းတို့ . . . ဤတဏှာသည်လည်း အဘယ်အကြောင်းရင်းနိဒါန်း ရှိသနည်း။ ပ ။ ဝေဒနာသည်။ ဖဿသည်။ သဠာယတနသည်။ နာမ်ရုပ်သည်။ ဝိညာဏ်သည်။ သင်္ခါရတို့သည် အဘယ်အကြောင်းရင်းနိဒါန်း ရှိကြကုန်သနည်း။ ပ ။ သင်္ခါရတို့သည် အဝိဇ္ဇာဟူသော အကြောင်းရင်းနိဒါန်း ရှိကြကုန်၏။ ကြွင်း-သောအကြောင်းနှင့် ပေါင်းမိလတ်သော် အဝိဇ္ဇာဟူသော ဖြစ်ကြောင်းသမုဒယ ရှိကြကုန်၏၊ အဝိဇ္ဇာဟူသော ဖြစ်ကြောင်း ဇာတိ = ဇာစ်မြစ် ရှိကြကုန်၏။ အဝိဇ္ဇာဟူသော အစအမွန် ရှိကြကုန်၏။ —

ဤသို့လျှင် အလယ်ဖြစ်သော တဏှာမှစ၍ အစဖြစ်သော အဝိဇ္ဇာသို့တိုင်အောင်လည်း ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားပြသတော်မူလေသည်။

(ဝိသုဒ္ဓိ-၂-၁၅၄-၁၅၅။ အဘိ-ဋ္ဌ-၂-၁၂၄-၁၂၅။)

## အာဟာရလေးပါး

ဝိပါကဝဋ္ဋဘူတေ ပဋိသန္ဓိပဝတ္တိဖဿာဒယော ကမ္မသမုဋ္ဌာနဥ္စ ဩဇံ သန္ဓာယ **"စတ္တာရော အာဟာရာ တဏှာနိဒါနာ"**တိအာဒိ ဝုတ္တံ၊ ဝဋ္ဋုပတ္ထမ္ဘကာ ပန ဣတရေပိ အာဟာရာ တဏှာပဘဝေ တသ္မိံ အဝိဇ္ဇမာနေ န ဝိဇ္ဇန္တီတိ "တဏှာနိဒါနာ"တိ ဝတ္တုံ ဝဋ္ဋန္တိ။ (မူလဋီ-၂-၈၅။ မဟာဋီ-၂-၂၄၃။)

ဝိပါကဝဋ်ဖြစ်ကုန်သော ပဋိသန္ဓေအခါ ပဝတ္တိအခါ၌ ဖြစ်ကြကုန်သော -

၁။ ဖဿာဟာရ = ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော ဖဿ,
၂။ မနောသဉ္စေတနာဟာရ = ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော စေတနာ,
၃။ ဝိညာဏာဟာရ = ဝိပါက်ဝိညာဏ်,
၄။ ကဗဠီကာရာဟာရ = ကမ္မသမုဋ္ဌာန် ရုပ်ကလာပ်တို့တွင် ပါဝင်သော ကမ္မဇဩဇာ —

ဤအာဟာရလေးမျိုးကို ရည်ရွယ်တော်မူ၍ – စတ္တာရော အာဟာရာ တဏှာနိဒါနာ = လေးမျိုးကုန်သော ဤအာဟာရတို့သည် တဏှာဟူသော အကြောင်းရင်းနိဒါန်း ရှိကြကုန်၏။ — ဤသို့စသော ဒေသနာတော်ကို ဘုရားရှင်သည် ဟောကြားထားတော်မူအပ်ပေသည်။ ထိုသို့ပင် ဝိပါကဝဋ်ဖြစ်ကုန်သော အာဟာရလေးပါးတို့ကို ရည်ရွယ်တော်မူ၍ တိုက်ရိုက်သိစေအပ်သော အနက်သဘောရှိသော နီတတ္ထနည်းအားဖြင့် ဟောကြားတော်-မူအပ်ပါသော်လည်း ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တို့၏ အဆက်မပြတ် လည်ပတ်နေသော သံသရာ ဝဋ်ဒုက္ခ၏ အဆက်မပြတ် ဖြစ်ရေး စည်ပင်ရေးအတွက် အားပေးထောက်ပံ့တတ်ကုန်သော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု-တတ်ကုန်သော အခြားအခြားကုန်သော — အကမ္မဇ အာဟာရတို့သည်လည်း ထိုတဏှာဟူသော အစအမွန်သည် ထင်ရှားမရှိလတ်သော် ထင်ရှားမရှိနိုင်ကုန် မဖြစ်နိုင်ကုန်သောကြောင့် တဏှာလျှင် အကြောင်းရင်းနိဒါန်း ရှိကုန်၏ဟူ၍ ဆိုခြင်းငှာ သင့်မြတ်ကုန်သည်ဟု မှတ်ပါ။

## အကမ္မဇအာဟာရ

၁။ ကုသိုလ်စိတ် အကုသိုလ်စိတ် ကြိယာစိတ်တို့နှင့် ယှဉ်သော ဖဿဟူသော ဖဿာဟာရ,
၂။ ကုသိုလ်စေတနာ အကုသိုလ်စေတနာ ကြိယာစေတနာဟူသော မနောသဉ္စေတနာဟာရ,
၃။ ကုသိုလ်ဝိညာဏ် အကုသိုလ်ဝိညာဏ် ကြိယာဝိညာဏ်ဟူသော ဝိညာဏာဟာရ,
၄။ စိတ္တဇဩဇာ, ဥတုဇဩဇာ, အာဟာရဇဩဇာဟူသော ကဗဠီကာရအာဟာရ -

ဤအာဟာရလေးမျိုးတို့သည် အကမ္မဇ အာဟာရတို့တည်း။ သံသရာဝဋ်ဒုက္ခကို အားပေးထောက်ပံ့တတ်-ကုန်သော အာဟာရတို့ပင်တည်း။ ယင်းအာဟာရတို့သည်လည်း တဏှာဟူသော အစအမွန်သည် ထင်ရှားမရှိလတ်သော် ထင်ရှားမရှိနိုင် မဖြစ်နိုင်ကုန်သောကြောင့် ဆောင်၍ သိစေအပ်သော နေယျတ္ထအနက်သဘောအားဖြင့် တဏှာလျှင် အကြောင်းရင်းနိဒါန်း ရှိကုန်၏ဟု ဆိုခြင်းငှာ သင့်မြတ်ကုန်သည်သာ ဟူလိုသည်။

## လေးနည်းခွဲ၍ ဟောကြားတော်မူရခြင်း၏ အကြောင်းရင်း

ဘုရားရှင်သည် အဘယ်အကြောင်းကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို လေးမျိုးအပြားအားဖြင့် ခွဲခြား၍ ဟောကြားတော်မူအပ်ပါသနည်း — ဤကားအမေးတည်း။

၁။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်၏ ထက်ဝန်းကျင် ကောင်းမြတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း,
၂။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ဒေသနာတော်ကို တင့်တယ်စေတတ်, တန်ဆာဆင်တတ်သော, ဒေသနာတော်၏ တင့်တယ်စမွယ်ကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်တော် ဒေသနာဉာဏ်တော်ထူးသို့ ရောက်ရှိတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း —

ဤသို့လျှင် လေးမျိုးအပြားအားဖြင့် ခွဲခြား၍ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ ဤကား အဖြေတည်း။ (ဝိသုဒ္ဓိ-၂-၁၅၅။ အဘိ-ဋ္ဌ-၂-၁၂၅။)

## ထပ်မံရှင်းလင်းချက်များ

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် ထက်ဝန်းကျင် ကောင်းမြတ်သည်သာ ဖြစ်၏။ ထိုလေးမျိုးသော ဒေသနာတော်တို့တွင် တစ်မျိုးမျိုးသော ထိုထို ဒေသနာနည်းအားဖြင့် ထိုထို ဒေသနာနည်းအတိုင်း ကြားနာရ၍ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့သော် ယင်းသို့အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် သိသင့် သိထိုက်သော ဉာယ အမည်ရသော အရိယမဂ်တရားကို ထိုးထွင်း၍ သိခြင်းငှာ, တစ်နည်းဆိုသော် သိသင့် သိထိုက်သော ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ထိုးထွင်း၍ သိခြင်းငှာ ဖြစ်နိုင်သည်သာလျှင်တည်း။

တစ်ဖန် ဘုရားရှင်သည် လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်, လေးပါးသော ပဋိသမ္ဘိဒါဉာဏ်တော်တို့နှင့် ယှဉ်တော်မူခြင်းကြောင့်လည်းကောင်း,

၁။ ဓမ္မဂမ္ဘီရ = ပါဠိဓမ္မတရား၏ နက်နဲခြင်း,
၂။ အတ္ထဂမ္ဘီရ = ယင်းပါဠိဓမ္မ၏ အနက်အဓိပ္ပါယ်၏ နက်နဲခြင်း,
၃။ ဒေသနာဂမ္ဘီရ = ဝေါဟာရအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် တန်ဆာဆင်၍ ဟောကြားထားပုံ ဒေသနာတော်၏ နက်နဲခြင်း,
၄။ ပဋိဝေဓဂမ္ဘီရ = နက်နဲသော ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ထိုးထွင်း၍ သိမြင်တော်မူသော ဉာဏ်တော်မြတ်၏ နက်နဲခြင်း —

ဤလေးပါးအပြားရှိသော နက်နဲသည်၏ အဖြစ်သို့ရောက်တော်မူခြင်း = လေးပါးအပြားရှိသော နက်နဲခြင်း ဂမ္ဘီရတို့၌ ထောက်ရာတည်ရာကို ရသဖြင့် မြဲစွာတည်ခြင်းကြောင့်လည်းကောင်း ဒေသနာတော်၏ တင့်တယ်စမွယ်ကြောင်း သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူလေသည်။ ထိုဘုရားရှင်သည် ဒေသနာတော်၏ တင့်တယ်စမွယ်ကြောင်း သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူသည်၏ အဖြစ်ကြောင့် အမျိုးမျိုးသော နည်းတို့ဖြင့်သာ တရားတော်ကို ဟောကြားတော်မူပေသည်။ (ဝိသုဒ္ဓိ -၂-၁၅၅။ အဘိ-ဌ-၂-၁၂၅။)

၁။ **ပဌမနည်း** — အထူးအားဖြင့် ထိုမြတ်စွာဘုရားသည် ထိုပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အဝိဇ္ဇာမှ စ၍ ဇရာမရဏသို့တိုင်အောင် အနုလောမနည်းအားဖြင့် ဖြစ်စေတော်မူအပ် ဟောကြားတော်မူအပ်၏။ ထိုပဋိစ္စသမုပ္ပါဒ် အနုလောမဒေသနာတော်ကို — အဝိဇ္ဇာစသော အကြောင်းတရားတို့၏ သင်္ခါရစသော အကျိုးတရားတို့နှင့် အကြောင်း-အကျိုး ဆက်နွယ်လျက် အဆက်မပြတ် အထပ်ထပ်ဖြစ်ခြင်း = သံသာရပဝတ္တိ၏ ခွဲခြားဝေဖန်၍ သိသင့်သိထိုက်သော အကြောင်းထူး၌ ပြင်းစွာ တွေဝေနေကြကုန်သော ဆုံးမထိုက်သော ဝေနေယျသတ္တဝါ အပေါင်းကို ကောင်းစွာ အဖန်ဖန် ရှုမြင်တော်မူသည် ဖြစ်၍ —

(က) အကြင် အကြင် မိမိ မိမိတို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်ကုန်သော အဝိဇ္ဇာ အစရှိကုန်သော သင့်လျော်သော အကြောင်းတရားတို့ကြောင့် သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ခြင်းဟူသော သံသာရဝဋ္ဋဒုက္ခဖြစ်ပုံ ပဝတ္တိကို ထင်ရှားပြတော်မူခြင်း အကျိုးငှာလည်းကောင်း,

(ခ) ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဟူသော ဝဋ္ဋသုံးပါး၏ ဖြစ်ပုံအစဉ်ကို ပြတော်မူခြင်း အကျိုးငှာလည်း-ကောင်း,

ဖြစ်စေတော်မူအပ်၏ ဟောကြားတော်မူအပ်၏ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၁၅၅။ အဘိ-ဌ-၂-၁၂၅။)

၂။ **ဒုတိယနည်း** — အဆုံးဖြစ်သော ဇရာမရဏမှ စ၍ အရင်းအစ ဖြစ်သော အဝိဇ္ဇာသို့ တိုင်အောင်

ပြောင်းပြန်လှန်၍ ဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် ပဋိလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော် မည်၏။

ကိစ္ဆံ ဝတာယံ လောကော အာပန္နော ဇာယတိ စ ဇီယတိစ မီယတိ စ စဝတိ စ ဥပပဇ္ဇတိ စ။

(ဒီ-၂-၂၆။ သံ-၁-၂၄၆။)

"ဤသတ္တဝါအပေါင်းသည် ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသို့ ရောက်ရှာရလေစွတကား၊ ဖြစ်လည်း ဖြစ်ရ၏၊ (= ပဋိသန္ဓေလည်းနေရ၏။) အိုလည်း အိုရ၏၊ သေလည်း သေရ၏၊ အဖန်တလဲလဲလည်း စုတေရ၏၊ အဖန် တလဲလဲလည်း ဖြစ်ရ၏။"

ဤသို့စသော နည်းဖြင့် ဆင်းရဲငြိုငြင် ပင်ပန်းဆင်းရဲခြင်းသို့ ရောက်၍နေသော သတ္တဝါအပေါင်းကို မဟာကရုဏာတော်သမာပတ်ကို ဝင်စားပြီးလျှင် အဖန်ဖန် ကြည့်ရှုတော်မူလတ်သော် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို သိတော်မူ ရတော်မူသည်မှ ရှေးအဖို့ဖြစ်သော ဘုရားမဖြစ်မီ အလောင်းတော်ဘဝ၌ ဖြစ်ခဲ့သော ပဋိဝေဓဝိပဿနာဉာဏ်တော်ကို အစဉ်လျှောက်သဖြင့် ဇရာမရဏအစရှိသော ထိုထို ဝဋ္ဋဒုက္ခ၏ ကိုယ်တော်တိုင် သိတော်မူအပ်သော ဇာတိစသော အကြောင်းတရားကို ကောင်းစွာပြခြင်း အကျိုးငှာ ထိုပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မြတ်ကို ဖြစ်စေအပ်၏ ဟောကြားတော်မူအပ်၏ဟု သိရှိပါလေ။

(ဝိသုဒ္ဓိ-၂-၁၅၅-၁၅၆။ အဘိ-ဋ-၂-၁၂၅။)

**မဟာဝဇိရဝိပဿနာဉာဏ်တော်** – ဘုရားအလောင်းတော်သည် ဘုရားဖြစ်ရန် ရည်သန်တောင့်တ-တော်မူလျက် ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့်နေ့ဝယ် အင်ကြင်းတောတွင် နေ့သန့်စင်တော်မူရာအခါ၌ လည်းကောင်း, ကဆုန်လပြည့်နေ့ ညဉ့်၏ နောက်ဆုံး ပစ္ဆိမ ယံ ကြိုးသောက်ယာမ်၌လည်းကောင်း, စကြဝဠာ ကုဋေ တစ်သိန်း အတွင်းဝယ် စကြဝဠာ တစ်ခုတစ်ခု၌ သတ္တဝါ အသီးအသီး၏ သန္တာန်၌ တည်ရှိသော အဝိဇ္ဇာ အသီး အသီးကို ဉာဏ်တော်ဖြင့် တစ်စုတည်းဆွဲစု၍ တစ်ပုံပုံပြီးလျှင် လက္ခဏာယာဉ်သုံးချက်တင်၍ ဝိပဿနာဉာဏ်-ဖြင့် ကြိတ်ချေတော်မူ၏။ အလားတူပင် သင်္ခါရ အသီးအသီးကို တစ်ပုံ ဝိညာဏ် အသီးအသီးကို တစ်ပုံ ဤသို့ စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်ကို (၁၂)ပုံ ပုံ၍ ဝိပဿနာဉာဏ်ဖြင့် ကြိတ်ချေတော်မူ၏။ မဟာဝဇိရ ဝိပဿနာဉာဏ်တော်မြတ်တည်း။ ယင်းမဟာဝဇိရ ဝိပဿနာဉာဏ်တော်မြတ်ဖြင့် ထိုးထွင်းသိတော်မူခဲ့သော ဇရာမရဏအစရှိသော ထိုထိုဝဋ္ဋဒုက္ခ၏ ဇာတိစသော အကြောင်းတရားကို ကောင်းစွာပြခြင်းအကျိုးငှာ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားတော်မူအပ်သည်ဟု ဆိုလိုပေသည်။ (မ-ဋီ-၃-၂၇၅ - ကြည့်။)

၃။ **တတိယနည်း** – ယာ ပန မဇ္ဈတော ပဋ္ဌာယ ယာဝ အာဒိ၊ သာ အာဟာရနိဒါနဝဝတ္ထာပနာနုသာရေန ယာဝ အတီတံ အဒ္ဓါနံ အတိဟရိတွာ ပုန အတီတဒ္ဓတော ပဘုတိ ဟေတုဖလပဋိပါဋိသန္ဒဿနတ္ထံ။

(ဝိသုဒ္ဓိ-၂-၁၅၆။ အဘိ-ဋ-၂-၁၂၅။)

= အလယ်ဖြစ်သော အာဟာရလေးပါးမှ (တစ်နည်း တဏှာမှ) အစပြု၍ အစဖြစ်သော အဝိဇ္ဇာသို့တိုင်-အောင်ဖြစ်ပေါ်လာသော = ဟောကြားတော်မူအပ်သော (သံ-၁-၂၅၃-၂၅၄) **အာဟာရသုတ္တန်**ဒေသနာတော်ကို, အာဟာရလေးမျိုးတို့၏ အကြောင်းရင်း = နိဒါန်းကို အသီးအသီး ပိုင်းခြား၍ ကျွတ်ထိုက်သသူ သာဝကတို့၏ အသိဉာဏ်၌တည်စေခြင်း တည်အောင်ထားတော်မူခြင်းကို အစဉ်လိုက်သဖြင့် အတိတ်ဖြစ်သော အခွန့်ကာလသို့ တိုင်အောင် = အတိတ်အခွန့်ကာလဖြစ်ခဲ့သော အဝိဇ္ဇာ သင်္ခါရသို့တိုင်အောင် အာဟာရသုတ္တန်ဒေသနာတော်ကို ရှေးရှုဆောင်ယူတော်မူပြီးလျှင် တစ်ဖန် အတိတ်အခွန့်ကာလတရားဖြစ်သော အဝိဇ္ဇာမှစ၍ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုးဆက်နွယ်မှု အစဉ်ကို ကောင်းစွာပြခြင်းအကျိုးငှာ ဖြစ်စေအပ် ဟောကြားတော် မူအပ်လေသည်။ (ဝိသုဒ္ဓိ-၂-၁၅၆။ အဘိ-ဋ-၂-၁၂၅။)

ဤအထက်ပါ တတိယနည်းအဖွင့် အဋ္ဌကထာစကားရပ်တို့မှာ အလွန်ကျဉ်းလှ၏၊ တစ်ဖန် ဋီကာအဖွင့်-တို့မှာလည်း နက်နဲလှ၏၊ ယောဂါဝစရပုဂ္ဂိုလ်တို့ လွယ်လွယ်ကူကူ သဘောပေါက်နိုင်ရန် ရှင်းလင်းချက်များကား လိုအပ်လျက်ပင် ရှိ၏။ တစ်ဖန် ဤတတိယနည်းနှင့် ဆက်စပ်လျက် ဖွင့်ဆိုထားသော အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်များမှာ ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်လိုသော ယောဂါဝစရပုဂ္ဂိုလ် သူမြတ်တို့သည် ရှိသေသမှု အလေးဂရုပြု၍ နာယူမှတ်သားကာ စနစ်တကျ သိမြင်အောင် ရှုရမည့် ရှုကွက် ရုပ်လုံးဖော်စကားရပ်များပင် ဖြစ်ကြသည်။ ယင်းအဖွင့်များ၏ ဆိုလိုရင်းသဘောတရားနှင့် တတိယနည်းရှုကွက်ကို သဘောပေါက်စေရန် ယင်းအဖွင့်များ၏ မူလဘူတဖြစ်သည့် **အာဟာရသုတ္တန်**ကို ဤတွင် ထပ်မံ၍ ပြည့်ပြည့် စုံစုံ ဖော်ပြမည် ဖြစ်ပါသည်။ သို့သော် စကားဆက်မပြတ်ရန် စတုတ္ထနည်းကို ရှေးဦးစွာ ဖော်ပြအပ်ပါသည်။

၄။ **စတုတ္ထနည်း** – ယာ ပန မဇ္ဈတော ပဋ္ဌာယ ယာဝ ပရိယောသာနံ ပဝတ္တာ၊ သာ ပစ္စုပ္ပန္နေ အဒ္ဓါနေ အနာဂတဒ္ဓဟေတုသမုဋ္ဌာနတော ပဘုတိ အနာဂတဒ္ဓ သန္ဒဿနတ္ထံ။ (ဝိသုဒ္ဓိ-၂-၁၅၆။ အဘိ-ဋ္ဌ-၂-၁၂၅။)

**အနာဂတဒ္ဓုနော သန္ဒဿနတ္ထန္တိ** အနာဂတဒ္ဓုနော ဒုပ္ပဋိဝိဇ္ဈန္တာနံ အပဿန္တာနံ ပစ္စက္ခံ ပစ္စုပ္ပန္နံ ဟေတုံ ဒဿေတွာ ဟေတုဖလပရမ္ပရာယ တဿ သန္ဒဿနတ္ထန္တိ အတ္ထော။ (မူလဋီ-၂-၈၇။)

**အနာဂတဒ္ဓဟေတုသမုဋ္ဌာနတော ပဘုတိ**တိ အနာဂတဿ ဘဝဿ ဟေတုဘူတာနံ ဓမ္မာနံ ဥပ္ပတ္တိတော ပဋ္ဌာယ။ **အနာဂတဒ္ဓ သန္ဒဿနတ္ထန္တိ** အနာဂတဒ္ဓုနော  အပ္ပဋိဝိဇ္ဈန္တာနံ အပဿန္တာနံ ပစ္စက္ခံ ပစ္စုပ္ပန္နံ ဟေတုံ ဒဿေတွာ ဟေတုဖလပရမ္ပရာယ တဿ သန္ဒဿနတ္ထန္တိ အတ္ထော။ (မဟာဋီ-၂-၂၄၅။)

**ပစ္စက္ခာန**န္တိ ပစ္စုပ္ပန္နဘဝပရိယာပန္နတာယ ပစ္စက္ခဘူတာနံ။ **ပစ္စုပ္ပန္နံ ဟေတု**န္တိ ဧတရဟိ ဝတ္တမာနံ တဏှာ-ဒိကံ အာဟာရာဒီနံ ဟေတုံ။ (အနုဋီ-၂-၉၄။)

အလယ်ဖြစ်သော ဝေဒနာကြောင့် တဏှာဖြစ်ပုံမှ စ၍ အဆုံးဖြစ်သော ဇရာမရဏသို့တိုင်အောင် အကြင် အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် ဖြစ်ပေါ်လာ၏။ ထိုဒေသနာတော်ကို ပစ္စုပ္ပန်ဖြစ်သော အခွန့် ကာလ၌ ပါဝင်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော တရားအပေါင်း၌ အနာဂတ်အခွန့်ကာလ၌ ပါဝင်သော ဥပပတ္တိဘဝ အမည်ရသော ဝိညာဏ်, နာမ်ရုပ်, သဠာ-ယတန, ဖဿ, ဝေဒနာ - တရားတို့၏ အကြောင်းရင်း ဖြစ်ကုန်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝတရားတို့၏ ဖြစ်သည်မှ စ၍ အနာဂတ်အခွန့်ကာလ၌ အကျုံးဝင်ကုန်သော တရားတို့ကို သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ထိုးထွင်း၍ မသိကုန် မမြင်ကုန်သော သာဝကတို့အား ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်နေသည့် အတွက်ကြောင့် ပစ္စက္ခဖြစ်ကုန်သော ထင်ရှားစွာသော ပစ္စုပ္ပန်အကြောင်းတရားတို့ကို ပြ၍ ပစ္စုပ္ပန် အကြောင်းတရားနှင့် အနာဂတ် အကျိုးတရားတို့၏ အကြောင်းနှင့် အကျိုး ဆက်နွယ်လျက် အဆက်ဆက်ဖြစ်မှု အနာဂတ်အခွန့်ကို ပြက်ပြက် ပြင်ပြင် ထင်ထင်ရှားရှား ညွှန်ပြတော်မူခြင်း အကျိုးငှာ ဟောကြားတော်မူအပ်ပေသည်။

(ဝိသုဒ္ဓိ-၂-၁၅၆။ အဘိ-ဋ္ဌ-၂-၁၂၅။)

ဤစတုတ္ထနည်းနှင့် ပတ်သက်၍ အထက်ပါ အဋ္ဌကထာတို့၏ ဖွင့်ဆိုချက်ကို ထပ်မံ၍ နားရှင်းအောင် ရှင်းလင်း တင်ပြသင့်ပေ၏။ ဉာဏ်နုသူတို့ လွယ်ကူစွာ သဘောပေါက်နိုင်ရန် အတွက်ပင်ဖြစ်သည်။ သို့သော် တတိယနည်းကို ရှင်းလင်းတင်ပြပြီးပါမှ ဤစတုတ္ထနည်းကိုလည်း ထပ်မံ၍ ရှင်းလင်း တင်ပြမည် ဖြစ်ပါသည်။

ဤတတိယနည်းနှင့် စတုတ္ထနည်းတို့ကား အတိတ်တရားစုတို့နှင့် အနာဂတ်တရားစုတို့အပေါ်သို့ ဉာဏ်ကို တိုက်ရိုက်စေလွှတ်၍ မရနိုင်သော သာဝကတို့အဖို့ ပစ္စုပ္ပန်အခွန့်ကာလ၌ အကျုံးဝင်ကုန်သော ပစ္စုပ္ပန်တရားတို့မှ စ၍ –

၁။ အတိတ်တရားစုတို့ကိုလည်းကောင်း,

၂။ အနာဂတ်တရားစုတို့ကိုလည်းကောင်း,

တစ်စတစ်စ တဖြည်းတဖြည်း ဉာဏ်ကိုစေလွှတ်၍ သိမ်းဆည်းရှုပွားရသော စနစ်များပင် ဖြစ်ကြသည်။ ယင်းရှုနည်းစနစ်တို့ကို တိတိကျကျ သဘောပေါက် နားလည်ထားပါမှသာလျှင် ယောဂါဝစရသူတော်စင်တို့သည်-

၁။ အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရားဖြစ်ပုံ,

၂။ ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာဂတ်အကျိုးတရားဖြစ်ပုံ —

ဤအလုံးစုံသော ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ကုန်စင်အောင် သိမ်း-ဆည်း ရှုပွားနိုင်မည် ဖြစ်ပေသည်။ သို့အတွက် တတိယနည်းအဖွင့်၏ မူလဘူတ မှီရာဖြစ်သော **အာဟာရ သုတ္တန်**ကို ဤတွင် စ၍ ရေးသားတင်ပြပေအံ့။

## အာဟာရသုတ္တန်

ဧဝံ မေ သုတံ — ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

စတ္တာရောမေ ဘိက္ခဝေ အာဟာရာ ဘူတာနံ ဝါ သတ္တာနံ ဌိတိယာ သမ္ဘဝေသီနံ ဝါ အနုဂ္ဂဟာယ။ ကတမေ စတ္တာရော။

၁။ ကဗဠီကာရော အာဟာရော ဩဠာရိကော ဝါ သုခုမော ဝါ၊

၂။ ဖဿော ဒုတိယော၊

၃။ မနောသဉ္စေတနာ တတိယာ၊

၄။ ဝိညာဏံ စတုတ္ထံ။

ဣမေ ခေါ ဘိက္ခဝေ စတ္တာရော အာဟာရာ ဘူတာနံ ဝါ သတ္တာနံ ဌိတိယာ သမ္ဘဝေသီနံ ဝါ အနုဂ္ဂဟာယ။

ဣမေ ဘိက္ခဝေ စတ္တာရော အာဟာရာ ကိံနိဒါနာ ကိံသမုဒယာ ကိံဇာတိကာ ကိံပဘဝါ။ ဣမေ စတ္တာရော အာဟာရာ တဏှာနိဒါနာ တဏှာသမုဒယာ တဏှာဇာတိကာ တဏှာပဘဝါ။

တဏှာ စာယံ ဘိက္ခဝေ ကိံနိဒါနာ ကိံသမုဒယာ ကိံဇာတိကာ ကိံပဘဝါ။ တဏှာ ဝေဒနာနိဒါနာ ဝေဒနာသမုဒယာ ဝေဒနာဇာတိကာ ဝေဒနာပဘဝါ။

ဝေဒနာ စာယံ ဘိက္ခဝေ ကိံနိဒါနာ ကိံသမုဒယာ ကိံဇာတိကာ ကိံပဘဝါ။ ဝေဒနာ ဖဿနိဒါနာ ဖဿသမုဒယာ ဖဿဇာတိကာ ဖဿပဘဝါ။

ဖဿော စာယံ ဘိက္ခဝေ ကိံနိဒါနော ကိံသမုဒယော ကိံဇာတိကော ကိံပဘဝေါ။ ဖဿော သဠာ-ယတနနိဒါနော သဠာယတနသမုဒယော သဠာယတနဇာတိကော သဠာယတနပဘဝေါ။

သဠာယတနဉ္စိဒံ ဘိက္ခဝေ ကိံနိဒါနံ ကိံသမုဒယံ ကိံဇာတိကံ ကိံပဘဝံ။ သဠာယတနံ နာမရူပနိဒါနံ နာမရူပသမုဒယံ နာမရူပဇာတိကံ နာမရူပပဘဝံ။

နာမရူပဉ္စိဒံ ဘိက္ခဝေ ကိံနိဒါနံ ကိံသမုဒယံ ကိံဇာတိကံ ကိံပဘဝံ။ နာမရူပံ ဝိညာဏနိဒါနံ ဝိညာဏ-သမုဒယံ ဝိညာဏဇာတိကံ ဝိညာဏပဘဝံ။

ဝိညာဏဉ္စိဒံ ဘိက္ခဝေ ကိံနိဒါနံ ကိံသမုဒယံ ကိံဇာတိကံ ကိံပဘဝံ။ ဝိညာဏံ သင်္ခါရနိဒါနံ သင်္ခါရ-သမုဒယံ သင်္ခါရဇာတိကံ သင်္ခါရပဘဝံ။

သင်္ခါရာ စိမေ ဘိက္ခဝေ ကိံနိဒါနာ ကိံသမုဒယာ ကိံဇာတိကာ ကိံပဘဝါ။ သင်္ခါရာ အဝိဇ္ဇာနိဒါနာ အဝိဇ္ဇာသမုဒယာ အဝိဇ္ဇာဇာတိကာ အဝိဇ္ဇာပဘဝါ။

ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။ ပ ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော။ ပ ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ။ (သံ-၁-၂၅၃-၂၅၄။)

## ဘာသာပြန် အကျဉ်းချုပ်

တပည့်တော် အာနန္ဒာသည် ဘုရားရှင်ထံမှ ဤသို့ နာယူမှတ်သား ဆောင်ထားလိုက်ရပါသည် အရှင်ဘုရား၊ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း-တိုက်တော်၌ သီတင်းသုံးနေတော်မူ၏။ —

“ ရဟန်းတို့ . . . ဖြစ်ပြီးသာ ဖြစ်၍ နောင်မဖြစ်ရမည့် ရဟန္တာသတ္တဝါတို့အားလည်းကောင်း, နောင်ဖြစ်ရမည့် ဘဝသစ်ကို ရှာမှီးဆဲဖြစ်ကြကုန်သော ပုထုဇန် သေက္ခသတ္တဝါတို့အားလည်းကောင်း ထိုထိုသတ္တဝါ၏ သန္တာန်-ဝယ် ဖြစ်ဆဲတရားတို့၏ ရှေးနောက် အစဉ်မပြတ် အကြောင်း-အကျိုး ဆက်စပ်သည်၏ အစွမ်းဖြင့် မပြတ်မစဲ တည်တံ့နေခြင်းငှာ, မဖြစ်ပေါ်လာသေးသော တရားတို့၏ ဖြစ်ပေါ်လာရန် ချီးမြှောက်ခြင်းငှာ, ဆောင်ထား-တတ်ကုန်သော အာဟာရသဘောတရားတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်းဟူမူ —

၁။ ကြမ်းတမ်းသည်မူလည်း ဖြစ်စေ, နူးညံ့သည်မူလည်း ဖြစ်စေ အလုတ်အလွေးပြု၍ မျိုအပ်သော ကဗဠီကာရ အာဟာရ,

၂။ နှစ်ခုမြောက် တွေ့ထိမှု = ဖဿာဟာရ,

၃။ သုံးခုမြောက် စိတ်ကို လှုံ့ဆော်မှု = မနောသဉ္စေတနာဟာရ,

၄။ လေးခုမြောက် အထူးသိမှု = ဝိညာဏာဟာရ,

ဤလေးပါးတို့တည်း။

ရဟန်းတို့ . . . ဤလေးပါးကုန်သော အာဟာရတို့သည် အဘယ်တရားလျှင် အကြောင်းရင်း နိဒါန်း ရှိကြကုန်သနည်း။ ကြွင်းသော အကြောင်းနှင့် ပေါင်းမိလတ်သော် အဘယ်တရားလျှင် ဖြစ်ကြောင်းသမုဒယ ရှိကုန်သနည်း။ အဘယ်တရားလျှင် ဖြစ်ကြောင်း ဇာတိ = ဇာစ်မြစ် ရှိကုန်သနည်း။ အဘယ်တရားလျှင် အမွန်အစ ရှိကုန်သနည်း။

ဤလေးပါးကုန်သော အာဟာရတို့သည် တပ်မက်မှု တဏှာလျှင် အကြောင်းရင်း နိဒါန်း ရှိကုန်၏။ ကြွင်းသောအကြောင်းနှင့် ပေါင်းမိလတ်သော် တပ်မက်မှု တဏှာလျှင် ဖြစ်ကြောင်းသမုဒယ ရှိကုန်၏။ တပ်မက်မှု တဏှာလျှင် ဖြစ်ကြောင်း ဇာတိ = ဇာစ်မြစ် ရှိကုန်၏။ တပ်မက်မှု တဏှာလျှင် အမွန်အစ ရှိကုန်၏။

ရဟန်းတို့ . . . ဤတပ်မက်မှု တဏှာသည် အဘယ်တရားလျှင် အကြောင်းရင်းနိဒါန်း ရှိပေသနည်း။ ပ။ တပ်မက်မှုတဏှာသည် ခံစားမှု ဝေဒနာလျှင် အကြောင်းရင်း နိဒါန်း ရှိ၏။ ပ ။

ရဟန်းတို့ . . .

ဤခံစားမှုဝေဒနာသည် ။ ပ ။ တွေ့ထိမှုဖဿလျှင် ။ ပ ။

တွေ့ထိမှုဖဿသည် ။ ပ ။ အာယတန (၆) ပါး = သဠာယတနလျှင် ။ ပ ။
သဠာယတနသည် ။ ပ ။ နာမ်ရုပ်လျှင် ။ ပ ။
နာမ်ရုပ်သည် ။ ပ ။ သိမှုဝိညာဏ်လျှင် ။ ပ ။
သိမှုဝိညာဏ်သည် ။ ပ ။ သင်္ခါရလျှင် ။ ပ ။
သင်္ခါရသည် ။ ပ ။ အဝိဇ္ဇာလျှင် ။ ပ ။

ရဟန်းတို့ . . . ဤသို့လျှင် သစ္စာလေးပါးကို မသိမှု = အဝိဇ္ဇာအကြောင်းခံကြောင့် ဘဝသစ် ဖြစ်ပေါ်လာအောင် ပြုစီရင်မှု = သင်္ခါရတို့သည် ဖြစ်ကုန်၏။ ပြုစီရင်မှု သင်္ခါရ အကြောင်းခံကြောင့် သိမှု = ဝိညာဏ်သည် ဖြစ်၏။ ပ ။ ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဝဋ်ဆင်းရဲ ဒုက္ခအစုအပုံသည် ဖြစ်ပွားလာ၏။

သစ္စာလေးပါးကို မသိမှု = အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဘဝသစ်ကို ပြုစီရင်မှု သင်္ခါရသည် ချုပ်၏။ ဘဝသစ်ကို ပြုစီရင်မှု သင်္ခါရ၏ ချုပ်ခြင်းကြောင့် သိမှုဝိညာဏ်သည် ချုပ်၏။ ဤသို့လျှင် အလုံးစုံသော ဝဋ်ဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏။ (သံ-၁-၂၅၃-၂၅၄။)

## အဋ္ဌကထာ – ဋီကာ အဖွင့်များ

ဣမေသံ သတ္တာနံ ခါဒန္တာနမ္ပိ အခါဒန္တာနမ္ပိ ဘုဉ္ဇန္တာနမ္ပိ အဘုဉ္ဇန္တာနမ္ပိ ပဋိသန္ဓိစိတ္တေနေဝ သဟဇာတာ ကမ္မဇာ ဩဇာ နာမ အတ္ထိ၊ သာ ယာဝပိ သတ္တမာ ဒိဝသာ ပါလေတိ၊ အယမေဝ ဥပါဒိဏ္ဏကကဗဠီကာရာ-ဟာရောတိ ဝေဒိတဗ္ဗော။ တေဘူမကဝိပါကဝသေန ပန ဥပါဒိဏ္ဏကဖဿာဒယော ဝေဒိတဗ္ဗာ၊ တေဘူမက-ကုသလာကုသလကိရိယဝသေန အနုပါဒိဏ္ဏကာ။ လောကုတ္တရာ ပန ရုဠှိဝသေန ကထိတာတိ။

(သံ-ဌ-၂-၂၃-၂၄။)

**ပဋိသန္ဓိစိတ္တေနေဝ သဟဇာတာ**တိ လက္ခဏဝစနမေတံ၊ သဗ္ဗာယပိ ကမ္မဇရူပပရိယာပန္နာယ ဩဇာယ အတ္ထိဘာဝဿ အဝိစ္ဆေဒပ္ပဝတ္တိသမ္ဘဝဒဿနတော္ထာ။ (သံ-ဋီ-၂-၂၇။)

= ခဲဖွယ်ကို ခဲသည်လည်း ဖြစ်ကုန်သော မခဲသည်လည်း ဖြစ်ကုန်သော, စားဖွယ်ကို စားသည်လည်း ဖြစ်ကုန်သော မစားသည်လည်း ဖြစ်ကုန်သော ဤသတ္တဝါတို့၏ သန္တာန်၌ ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်သော ကမ္မဇ ရုပ်ကလာပ်တို့၌ ပါဝင်သော ကမ္မဇဩဇာ မည်သည် ရှိ၏။ တစ်နည်းဆိုသော် ပဋိသန္ဓေမှ စ၍ ဘဝတစ်လျှောက် ဖြစ်ပေါ်နေသော ကမ္မဇ ရုပ်ကလာပ်တိုင်း၌ ပါဝင်တည်ရှိသော ကမ္မဇဩဇာ မည်သည်ရှိ၏။ ယင်းကမ္မဇ ဩဇာသည် မိမိဖြစ်သည့်နေ့မှ စ၍ (၇)ရက်တိုင်အောင်လည်း ရုပ်သန္တတိအစဉ်ကို ဆက်စပ်စေလျက် စောင့်-ရှောက်ပေး၏ ဆောင်ထား၏ အထပ်ထပ်ဖြစ်စေ၏။ ဤကမ္မဇဩဇာသည်ပင်လျှင် **ဥပါဒိဏ္ဏကကဗဠီကာရ အာဟာရ** မည်၏။

ယင်းကမ္မဇဩဇာကို အစွဲပြု၍ ဖြစ်ပေါ်လာသော ဩဇာသည်ကား အကမ္မဇ = ကမ္မဇ မဟုတ်သောကြောင့် **အနုပါဒိဏ္ဏက ကဗဠီကာရအာဟာရ** မည်၏။ စိတ္တဇ ရုပ်ကလာပ်, ဥတုဇ ရုပ်ကလာပ်, အာဟာရဇ ရုပ်ကလာပ် တို့၌ ပါဝင်တည်ရှိသော ဩဇာသည်လည်း အကမ္မဇဩဇာ မည်၏၊ အနုပါဒိဏ္ဏက ဩဇာမည်၏၊ အနုပါဒိဏ္ဏက ကဗဠီကာရအာဟာရ မည်၏။

ပဋိသန္ဓေ ဝိညာဏ်စသော ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော ဖဿသည် ဥပါဒိဏ္ဏက ဖဿာဟာရ မည်၏။ ယင်းဝိပါက်ဝိညာဏ်နှင့် ယှဉ်သော စေတနာသည် ဥပါဒိဏ္ဏက မနောသဉ္စေတနာဟာရ မည်၏။ ဝိပါက် ဝိညာဏ်သည် ဥပါဒိဏ္ဏက ဝိညာဏာဟာရ မည်၏။

ဘုံသုံးပါးအတွင်း၌ ဖြစ်သော တေဘူမကကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့နှင့် ယှဉ်သော ဖဿသည် အနုပါဒိန္နက ဖဿာဟာရ မည်၏။ ယင်းကုသိုလ်စေတနာ, အကုသိုလ်စေတနာ, ကြိယာစေတနာသည် အနုပါဒိန္နက မနောသဉ္စေတနာဟာရ မည်၏။ ယင်းကုသိုလ်ဝိညာဏ်, အကုသိုလ်ဝိညာဏ်, ကြိယာဝိညာဏ်သည် အနုပါဒိန္နက ဝိညာဏာဟာရ မည်၏။

လောကုတ္တရာ ဖြစ်သော ဖဿ, စေတနာ, ဝိညာဏ်တို့ကိုကား အတင်ရှဋ္ဌီ၏ အစွမ်းဖြင့် ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရဟူ၍ ဆိုအပ်ပေသည်။ (သံ-ဋ္ဌ-၂-၂၄။)

ထိုဉပါဒိန္နက အာဟာရ (၄)မျိုး, အနုပါဒိန္နက အာဟာရ (၄)မျိုးတို့တွင် ဝိပါကဝဋ်၌ ဖြစ်ကုန်သော ဥပါဒိန္နက အာဟာရ (၄)မျိုးတို့ကို ရည်ရွယ်တော်မူ၍ — **စတ္တာရောအာဟာရာ တဏှာနိဒါနာ** — အာဟာရ (၄)မျိုးတို့သည် တဏှာလျှင် အကြောင်းရင်းနိဒါန်း ရှိကုန်၏ - ဤသို့စသည်ဖြင့် အထက်တွင် ဖော်ပြထားသော အာဟာရသုတ္တန်၌ ဘုရားရှင်သည် ဟောကြားထားတော်မူပေသည်။

သို့သော် ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တည်းဟူသော ဝဋ်သုံးပါးကို အားပေး ထောက်ပံ့တတ်သော ဝဋ္ဋူပထမ္ဘက ဖြစ်ကုန်သော စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်ကလာပ်တို့၌ ပါဝင်တည်ရှိသော ဩဇာဟူသော ကဗဠီကာရအာဟာရ, ကုသိုလ် အကုသိုလ် ကြိယာ ဖြစ်သော ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာ-ဟာရဟူသော အကမ္မဇဖြစ်ကုန်သော အာဟာရတို့သည်လည်း ထိုတဏှာတည်းဟူသော အစအမွန်သည် ထင်ရှား မရှိလတ်သော် မရှိနိုင် မဖြစ်နိုင် မတည်နိုင်ကုန်ရကား တဏှာနိဒါန = တဏှာလျှင် အကြောင်းရင်းနိဒါန်း ရှိ၏ ဟူ၍ ဆိုခြင်းငှာ သင့်မြတ်ကုန်သည်သာဟု မှတ်ပါ။ (မူလဋီ-၂-၈၅။ မဟာဋီ-၂-၂၄၃။)

ဤဖွင့်ဆိုချက်များအရ ဤအာဟာရသုတ္တန်၌ ဥပါဒိန္နက အာဟာရ (၄)မျိုး, အနုပါဒိန္နက အာဟာရ (၄)မျိုး — ဤအာဟာရအားလုံး ပါဝင်နိုင်သည်ဟု ကြိုတင် မှတ်သားထားပါ။

## အာဟာရ (၄) မျိုးသာ ဟောရခြင်း အကြောင်း

တစ်ဖန် — **ပစ္စယဋ္ဌော အာဟာရဋ္ဌော**။ (သံ-ဋ္ဌ-၂-၂၄။) ဟူသော အဋ္ဌကထာနှင့် အညီ ဤ၌ အာဟာရ သဒ္ဒါသည် ပစ္စယဋ္ဌ = အကြောင်းဟူသော အနက်ကို ဟော၏။ သတ္တဝါတို့၏ ရုပ်နာမ် သန္တာန်အစဉ်အား ကျေးဇူးပြုပေးတတ်သော အကြောင်းတရားများစွာ ရှိပါလျက် ဤ (၄)ပါးကိုသာ ဟောတော်မူခြင်းမှာ —

**အဇ္ဈတ္တိက သန္တတိယာ ဝိသေသပစ္စယတ္တာ** — (သံ-ဋ္ဌ-၂-၂၄။) ဟူသော အဋ္ဌကထာနှင့် အညီ အဇ္ဈတ္တိက ဖြစ်သော ရုပ်-နာမ်-ကြောင်း-ကျိုး = သန္တာန်အစဉ်အား ထူးထူးကဲကဲ ကျေးဇူးပြုတတ်သောကြောင့် ဖြစ်ပေသည်။

၁။ ကဗဠီကာရာဟာရ = အလုပ်အလွေးပြု၍ စားမျိုအပ်သော အာဟာရသည် ကဗဠီကာရအာဟာရကို စားသုံးကြကုန်သော သတ္တဝါတို့၏ ရူပကာယ၏ ထူးကဲသော အကြောင်းတရား ဖြစ်၏။
၂။ နာမကာယ = နာမ်တရားအပေါင်း၌ ဖဿာဟာရသည် ဝေဒနာ၏ ထူးကဲသော အကြောင်းတရား ဖြစ်၏။
၃။ မနောသဉ္စေတနာဟာရသည် ဝိညာဏ်၏ ထူးကဲသော အကြောင်းတရား ဖြစ်၏။
၄။ ဝိညာဏာဟာရသည် နာမ်ရုပ်၏ ထူးကဲသော အကြောင်းတရား ဖြစ်၏။

(သံ-ဋ္ဌ-၂-၂၄။ သံ-၁-၂၄၃။ အဘိ-၂-၁၄၂။)

၁။ ကဗဠီကာရာဟာရသည် ဩဇာလျှင် (၈)ခုမြောက်ရှိသော ဩဇဋ္ဌမကရုပ်တို့ကို ဆောင်ထားနိုင်၏။
၂။ ဖဿာဟာရသည် ဝေဒနာသုံးပါးတို့ကို,
၃။ မနောသဉ္စေတနာဟာရသည် ဘုံသုံးပါးတို့ကို,

၄။ ဝိညာဏာဟာရသည် ပဋိသန္ဓေနာမ်ရုပ်ကို ဆောင်ထားနိုင်၏၊ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးနိုင်၏။

## ကျေးဇူးပြုပုံ

၁။ **ကဗဠီကာရာဟာရ** — ကဗဠီကာရာဟာရသည် ရှေးဦးစွာ ခံတွင်း၌ ထည့်ထား တည်ထားကာမျှ၌ပင်လျှင် ဩဇဋ္ဌမကရုပ်တို့ကို ဖြစ်စေ၏။ မှုန့်မှုန့်ညက်ညက် ကြေအောင် သွားဖြင့် ဝါးချေ ကိုက်ချေလျက် မျိုလိုက်သော် မှုကား ထမင်း တစ်လုံးတစ်လုံးသည် (၈)မျိုး (၈)မျိုးသော ဩဇဋ္ဌမကရုပ်တို့ကို ဖြစ်စေနိုင်သည်သာ ဖြစ်၏။ ဤသို့လျှင် ကဗဠီကာရာဟာရသည် ဩဇဋ္ဌမကရုပ်တို့ကို ဆောင်ထားနိုင်၏။ (သံ-ဋ္ဌ-၂-၂၄။)

[ဝါးမျိုလိုက်သော အစာအာဟာရကား ခန္ဓာအိမ်၏ အတွင်းသို့ မပျံ့နှံ့မီ ပါးစပ်အတွင်း လည်ချောင်းအတွင်း အစာသစ်အိမ်အတွင်း စသည်၌ တည်ရှိခိုက် ဥတုဇ ဩဇဋ္ဌမကရုပ်တို့၏ အပေါင်းအစုမျှသာ ဖြစ်၏။ ယင်းဥတုဇ ဩဇဋ္ဌမကရုပ်တို့တွင် ပါဝင်သော ဩဇာအသီးအသီးသည် ကမ္မဇတေဇောဓာတ် ဝမ်းမီး၏ အားပေးထောက်ပံ့မှုကို ရခဲ့သော် ဩဇဋ္ဌမကရုပ် အသစ်အသစ်ကို ဖြစ်စေနိုင်သဖြင့် ယင်းဥတုဇရုပ်တို့၏ တစ်နည်းဆိုရသော် ယင်း ဥတုဇ ရုပ်ကလာပ်တိုင်း၏ အတွင်း၌ တည်ရှိသော ဩဇာဓာတ်ကို ရည်ရွယ်၍ ထမင်း တစ်လုံး တစ်လုံးသည် ဩဇဋ္ဌမက ရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေနိုင်ကြောင်းကို ဖွင့်ဆိုထားသည်ဟု မှတ်ပါ။] (သံ-ဋီ-၂-၂၆။)

၂။ **ဖဿာဟာရ** — သုခဝေဒနာ၏ အစီးအပွားဖြစ်သော ဖဿသည် မိမိ ဖြစ်ဆဲခဏမှာပင်လျှင် သုခ-ဝေဒနာကို ဆောင်ထားနိုင်၏၊ ဖြစ်စေနိုင်၏။ ဒုက္ခဝေဒနာ၏ အစီးအပွားဖြစ်သော ဖဿသည် မိမိ ဖြစ်ဆဲ ခဏမှာပင်လျှင် ဒုက္ခဝေဒနာကို ဆောင်ထားနိုင်၏၊ ဖြစ်စေနိုင်၏၊ အဒုက္ခမသုခ = ဥပေက္ခာဝေဒနာ၏ အစီးအပွား ဖြစ်သော ဖဿသည် မိမိ ဖြစ်ဆဲခဏမှာပင်လျှင် အဒုက္ခမသုခ = ဥပေက္ခာဝေဒနာကို ဆောင်ထားနိုင်၏၊ ဖြစ်စေ နိုင်၏၊ ဤသို့လျှင် ဖဿာဟာရက ဝေဒနာသုံးမျိုးတို့ကို ဆောင်ထားနိုင်၏၊ ဖြစ်စေနိုင်၏။ (သံ-ဋ္ဌ-၂-၂၄။)

(အာရုံကို တွေ့ထိမှု ဖဿမရှိက အာရုံကို ခံစားမှု ဝေဒနာ မဖြစ်နိုင်။ အာရုံကို တွေ့ထိမှု ဖဿရှိပါမှသာလျှင် အာရုံကို ခံစားမှု ဝေဒနာ ဖြစ်နိုင်ရကား ဖဿက ဝေဒနာ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးနေသည်ကိုပင် ဖဿက ဝေဒနာသုံးမျိုးတို့ကို ဆောင်ထား၏ဟု ဆိုလိုသည်။)

၃။ **မနောသဉ္စေတနာဟာရ** — ကာမဘုံသို့ ကပ်ရောက်စေတတ်သောကံသည် ကာမဘဝကို ဆောင်ထား၏၊ ရူပ အရူပဘုံတို့သို့ ကပ်ရောက်စေတတ်ကုန်သော ကံတို့သည် ထိုထို ဆိုင်ရာဆိုင်ရာ ရူပဘဝ အရူပဘဝ အသီးအသီးကို ဆောင်ထားကုန်၏။ ဤသို့လျှင် မနောသဉ္စေတနာဟာရသည် ဘုံသုံးပါးတို့ကို ဆောင်ထား၏။ (သံ-ဋ္ဌ-၂-၂၄။)

**သင်္ခါရပစ္စယာ ဝိညာဏံ** — ဟု ဟောကြားထားတော်မူခြင်းကြောင့် မနောသဉ္စေတနာဟာရသည် ဝိညာဏ်၏ အကြောင်းတရား ဖြစ်ရပေသည်။ စေတနာ (= ကံ)သည် ဘုံသုံးပါးကို ဖြစ်စေ၏ဟူ၍ ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ (သံ-ဋီ-၂-၂၈။)

၄။ **ဝိညာဏာဟာရ** — ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏာဟာရသည် ပဋိသန္ဓေခဏ၌ ထိုဝိညာဏ်နှင့် ယှဉ်ဖက် သမ္ပယုတ် ဖြစ်သော နာမ်ခန္ဓာသုံးပါးတို့ကိုလည်းကောင်း [အကယ်၍ အသင်သူတော်ကောင်းသည် တိဟိတ် သောမနဿ ပဋိသန္ဓေတည်ခဲ့သူ ဖြစ်လျှင် စေတသိက် (၃၃)လုံးတို့ ဖြစ်ကြ၏။ — ဤသို့စသည်ဖြင့် သဘောပေါက်ပါ။] ဟဒယဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်ဟူသော သုံးမျိုးသော ရုပ်သန္တတိအစဉ်၏ အစွမ်းဖြင့် ဖြစ်ပေါ်နေကြကုန်သော အမျိုးအစား (၃၀)သော ကမ္မဇရုပ်တို့ကိုလည်းကောင်း

သဟဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလျက် ထိုနာမ်ရုပ်တို့ကို ဆောင်ထားနိုင်၏၊ ဖြစ်ပေါ်အောင် ကျေးဇူးပြု၏။ ဤသို့လျှင် ဝိညာဏာဟာရ အမည်ရသော ပဋိသန္ဓေဝိညာဏ်သည် ပဋိသန္ဓေနာမ်ရုပ်ကို ဆောင်ထားပေသည်၊ ဖြစ်စေသည်၊ ထောက်ပံ့သည် ဟုလိုသည်။ (သံ-ဋ္ဌ-၂-၂၄။)

ဧတ္ထ စ “မနောသဉ္စေတနာ တယော ဘဝေ အာဟရတီ”တိ သာသဝကုသလာကုသလစေတနာဝ ဝုတ္တာ။ “ဝိညာဏံ ပဋိသန္ဓိနာမရူပံ အာဟရတီ”တိ ပဋိသန္ဓိဝိညာဏမေဝ ဝုတ္တံ။ အဝိသေသေန ပန တံသမ္ပယုတ္တ-တံသမုဋ္ဌာနဓမ္မာနံ အာဟရဏတောပေတေ “အာဟာရာ”တိ ဝေဒိတဗ္ဗာ။ (သံ-ဋ္ဌ-၂-၂၄-၂၅။)

“မနောသဉ္စေတနာဟာရက ဘုံသုံးပါးတို့ကို ဆောင်ထား၏”— ဟူရာ၌ အာသဝေါတရားတို့၏ အာရုံ ဖြစ်သော (ဝဋ္ဋနိဿိတ = ဝဋ်ကို မှီ၍ ဖြစ်သော) ကုသိုလ်စေတနာ အကုသိုလ်စေတနာကိုသာ ဆိုလိုသည်။ “ဝိညာဏ်သည် နာမ်ရုပ်ကို ဆောင်ထား၏။”ဟု ဆိုရာ၌ ပဋိသန္ဓေဝိညာဏ်ကိုသာ ဆိုလိုပေသည်။

အဝိသေသ = အထူးမမ သာမညအားဖြင့်မူကား ထိုထိုဝိညာဏ်သည် မိမိနှင့် ယှဉ်ဖက် ဆိုင်ရာ သမ္ပယုတ် တရားစုအား ဆောင်ထားနိုင်၏။ မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်း ဆောင်ထားနိုင်၏။ ထိုကြောင့် ဝိညာဏ်အားလုံးကို အာဟာရဟူ၍ (= ဝိညာဏာဟာရဟူ၍) သိရှိပါလေ။ (သံ-ဋ္ဌ-၂-၂၄-၂၅။)

ဤအာဟာရ (၄)မျိုးတို့တွင် ကဗဠီကာရာဟာရသည် အားပေးထောက်ပံ့လျက် အာဟာရကိစ္စကို ပြီးစေ၏ = အားပေးထောက်ပံ့လျက်သာလျှင် အာဟာရဇ ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ ဩဇဋ္ဌမကရုပ်ကို ဖြစ်စေခြင်းဖြင့် ပင်လျှင် ထိုကဗဠီကာရာဟာရ၏ အခြားအခြားသော တိဇရုပ်တို့အား အားပေးထောက်ပံ့ခြင်း ဥပတ္ထမ္ဘကကိစ္စသည် ပြီးစီးပေသည်။ (သံ-ဋ္ဌ-၂-၂၅။ သံ-ဋီ-၂-၂၉။)

ဖဿာဟာရသည် အာရုံကို တွေ့ထိခြင်း ဖုသနကိစ္စကို ပြုလျက်သာလျှင်, စေတနာဟာရသည် စေ့ဆော်-လျက်သာလျှင် ဆက်စပ်ပေးလျက်သာလျှင်, ဝိညာဏာဟာရသည် ဘဝသစ်၌ ဖြစ်ခြင်း ဥပပတ္တိဟူသော ပဋိသန္ဓေဝိညာဏ်၏ အာရုံဖြစ်သော အတိတ်ဘဝ မရဏာသန္နဇောသည် ယူခဲ့သော ကံ-ကံမ္မနိမိတ်-ဂတိနိမိတ် ဟူသော အာရုံတို့တွင် အာရုံ တစ်မျိုးမျိုးကို ကြံဆခြင်း၏ အစွမ်းဖြင့် ပိုင်းပိုင်းခြားခြား သိလျက်သာလျှင် ဆောင်ထားခြင်း အာဟာရကိစ္စကို ပြီးစေ၏။

## ရှင်းလင်းချက်များ

၁။ **ကဗဠီကာရာဟာရ** — ကဗဠီကာရာဟာရဟူသော စားမျိုအပ်သော အစာအာဟာရက အားပေး ထောက်ပံ့အပ်သော်သာလျှင် ရူပကာယကို အရှည်တည်တံ့အောင် ထားနိုင်သဖြင့် သတ္တဝါတို့၏ ဘဝတစ်ခု၌ ဆက်လက်တည်နိုင်ဖို့ရန် ကဗဠီကာရာဟာရသည် အကြောင်းတစ်ရပ် ဖြစ်၏။ ပဋိသန္ဓေအခါက စ၍ စတင် ပြည်တည်လာသော ဤရူပကာယ = ရုပ်တရားအပေါင်းသည် အတိတ်ကံကြောင့် ဖြစ်သည်မှန်သော်လည်း စားမျိုအပ်သော အစာအာဟာရဟူသော ကဗဠီကာရာဟာရသည် အားပေးထောက်ပံ့အပ်သော်သာလျှင် (၁၀)နှစ် တို့ပတ်လုံးသော်လည်းကောင်း, အနှစ် (၁၀၀) ပတ်လုံးသော်လည်းကောင်း အသက်ထက်ဆုံး ရပ်တည်နိုင်၏။

လောကဥပမာကား — အမိသည် ဖြစ်စေအပ် မွေးထုတ်အပ်သော သူငယ်ပင် ဖြစ်သော်လည်း နို့ထိန်းက နို့ရည်စသည်တို့ကို တိုက်ကျွေးလျက် မွေးမြူမှုသာလျှင် ကြာမြင့်စွာ အသက်ရှည်လျက် ရပ်တည်နိုင်၏။ ဤဥပမာ အတူပင် — ကဗဠီကာရာဟာရသည် အားပေး ထောက်ပံ့အပ်သော်သာလျှင် ဤရူပကာယသည် အရှည် တည်တံ့နိုင်၏။ အာဟာရကိစ္စကို ပြီးစီး စေနိုင်၏။ စတုသမုဋ္ဌာနိက ဩဇာသည် အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။ (ရုပ်ကမ္မဋ္ဌာန်းပိုင်းကို ပြန်ကြည့်ပါ။)

နောက်ဥပမာတစ်မျိုးကား — ပြိုလုဆဲဖြစ်နေသည့် အိမ်ကို ကျားဟုခေါ်သည့် အခြားသစ်သားဖြင့် ထောက်ပံ့ထားအပ်ခဲ့သော် ငြိမ်သက်စွာ တည်လျက် မပြိုမလဲသကဲ့သို့ ဤဥပမာအတူပင် ဤရူပကာယသည် ကဗဠီကာရာဟာရ၏ အားပေးထောက်ပံ့မှုဖြင့် ရပ်တည်နေရ၏၊ ကဗဠီကာရာဟာရကို အစွဲပြု၍ ရပ်တည်နေရ၏။ ဤသို့လျှင် ကဗဠီကာရာဟာရသည် ရူပကာယကို ထောက်ပံ့လျက် အာဟာရကိစ္စကို ပြီးစီးစေ၏။ (စတုသမုဋ္ဌာနိက သြဇာသည် အာဟာရဇ သြဇဋ္ဌမကရုပ်ကို ဖြစ်စေနိုင်၏။)

ဤသို့လျှင် ကဗဠီကာရာဟာရသည် အာဟာရကိစ္စ = ရူပကာယကို ဆောင်ထားခြင်းကိစ္စ = အာဟာရဇ သြဇဋ္ဌမကရုပ်ကို ဖြစ်စေခြင်းကိစ္စကို ပြီးစီးစေရာ၌လည်း ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ်ဟူသော ရုပ်သန္တတိ-အစဉ်တို့အား စောင့်ရှောက်တတ်သည် ဖြစ်၍ အားပေးထောက်ပံ့တတ်သည် ဖြစ်၍ ကျေးဇူးပြုတတ်၏။ (ရုပ်ကမ္မဋ္ဌာန်းပိုင်း ရှုကွက်များကို ပြန်ကြည့်ပါ။) အာဟာရ = သြဇာကြောင့် ဖြစ်ကုန်သော အာဟာရသမုဋ္ဌာန် ရုပ်တို့အား တိုက်ရိုက် ဖြစ်စေတတ်သော ဇနကအကြောင်းတရား ဖြစ်၍ ကျေးဇူးပြုတတ်၏ဟု မှတ်ပါ။

(သံ-ဋ္ဌ-၂-၂၅။ သံ-ဋီ-၂-၂၉။)

၂။ **ဖဿာဟာရ** — ဖဿာဟာရကား သုခဝေဒနာ စသည်တို့၏ တည်ရာဝတ္ထုဖြစ်သော အာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်လျက်သာလျှင် သုခစသော ဝေဒနာတို့ကို ဖြစ်စေခြင်းဖြင့် သတ္တဝါတို့၏ ဘဝဝယ် စိတ်အစဉ် မပြတ်စေဘဲ တည်မြဲတိုင်း ဆက်လက် တည်တံ့နိုင်ရန် ကျေးဇူးပြုပေး၏။ (သံ-ဋ္ဌ-၂-၂၅။)

၃။ **မနောသဉ္စေတနာဟာရ** — မနောသဉ္စေတနာဟာရသည် ကုသိုလ်ကံ အကုသိုလ်ကံ၏ အစွမ်းဖြင့် စေ့ဆော်လျက်သာလျှင် အကြောင်းကံနှင့် အကျိုးဝိပါက်ကို ဆက်စပ်စေလျက်သာလျှင် သမ္ပယုတ်တရားတို့ကို စီမံခန့်ခွဲလျက်သာလျှင် ဘဝ၏ အကြောင်းရင်းအစ မူလတရားဖြစ်သော ပဋိသန္ဓေ, ဘဝင်, ကမ္မဇရုပ်စသော ဝိပါက်တရားတို့ကို ပြီးစီးစေခြင်းကြောင့် သတ္တဝါတို့၏ ဘဝတစ်လျှောက် ဆက်လက်တည်တံ့ရန် ကျေးဇူးပြုလျက် ရှိ၏။

မနောသဉ္စေတနာ ကုသလာကုသလကမ္မဝသေန အာယူဟမာနာယေဝ ဘဝမူလနိပ္ဖါဒနတော သတ္တာနံ ဌိတိယာ ဟောတိ။ (သံ-ဋ္ဌ-၂-၂၅။)

**အာယူဟမာနာယေဝ**ါတိ စေတယမာနာ ဧဝ အဘိသန္ဒဟန္တီ ဧဝ။ (သံ-ဋီ-၂-၂၉။)

**အာယူဟနံ** အဘိသန္ဒဟနံ၊ သံဝိဓာနန္တိပိ ဝဒန္တိ။ (သံ-ဋီ-၂-၃၀။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်နှင့်အညီ ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတို့သည် ကမ္မသတ္တိအသွင်ဖြင့်သာလျှင် ဝိပါကဝဋ်ဖြစ်သည့် အကျိုးတရားတို့ကို ဖြစ်စေနိုင်သည်ဟု မှတ်သားပါ။

၄။ **ဝိညာဏာဟာရ** — ဝိညာဏံ ဝိဇာနန္တမေဝ နာမရူပပ္ပဝတ္တနေန သတ္တာနံ ဌိတိယာ ဟောတီတိ။

(သံ-ဋ္ဌ-၂-၂၅။)

**ဝိညာဏံ ဝိဇာနန္တမေဝ**ါတိ ဥပပတ္တိပရိကပ္ပနဝသေန ဝိဇာနန္တမေဝ။ (သံ-ဋီ-၂-၂၉။)

ဝိညာဏာဟာရသည် အာရုံကို ပိုင်းပိုင်းခြားခြား သိလျက်သာလျှင် အာရုံကို ရယူလျက်သာလျှင် အာရုံကို ကြံဆသည်၏ အစွမ်းဖြင့် ပိုင်းခြားသိလျက် နာမ်ရုပ်ကို ဖြစ်စေခြင်းဖြင့် သတ္တဝါတို့၏ ဆက်လက် တည်တံ့နိုင်ရေး အတွက် ကျေးဇူးပြုပေး၏။ ဥပပတ္တိ အမည်ရသော ပဋိသန္ဓေဝိညာဏ်သည် အတိတ်ဘဝ မရဏာသန္နဇောသည် ယူအပ်ခဲ့သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံကို ကြံဆသည်၏ အစွမ်းဖြင့် ပိုင်းခြားသိလျက် အာရုံကို ရယူလျက်သာလျှင် နာမ်ရုပ်ကို ဖြစ်စေခြင်းဖြင့် သတ္တဝါတို့၏ ဆက်လက် တည်တံ့ရေးအတွက် ကျေးဇူးပြုပေး၏။ ဘဝတစ်လျှောက်တွင် ဖြစ်ပေါ်နေသော ဝိညာဏ် အသီးအသီးသည်လည်း

မိမိ မိမိ၏ အာရုံပြုရာ ဆိုင်ရာဆိုင်ရာ အာရုံကို ကြံဆသည်၏ အစွမ်းဖြင့် ပိုင်းခြားသိလျက် အာရုံကို ရယူလျက် သာလျှင် နာမ်ရုပ်ကို ဖြစ်စေခြင်းဖြင့် သတ္တဝါတို့၏ ဆက်လက် တည်တံ့နိုင်ရေးအတွက် ကျေးဇူးပြုပေးလျက်ပင် ရှိ၏။

## ဘေးဆိုးကြီး လေးမျိုး

၁။ **ကဗဠီကာရာဟာရ**၌ တည်သော ရသာရုံ၌ တွယ်တာမက်မောသော ရသတဏှာခေါ် နိကန္တိကား ဘေးဆိုးကြီးတည်း။ ယင်းရသတဏှာကို အကြောင်းပြု၍ ကဗဠီကာရာဟာရ၌ ငဲ့ကွက်တွယ်တာမှု နိကန္တိကို အခြေခံ၍ နေပူမရှောင် မိုးရွာမရှောင် အချမ်းအပူတို့ကို ရှေ့သွား ပြုကြကုန်လျက် စားဝတ်နေရေး ဖူလုံရန် အတတ်ပညာ အမျိုးမျိုးတို့ကို သင်ယူနေကြ၏၊ လုပ်ငန်း အမျိုးမျိုးတို့ကို ပြုလုပ်ကြရ၏၊ များစွာသော ဆင်းရဲဒုက္ခသို့ ရောက်ရှိကြရ၏။ ထိုသို့ အစာအာဟာရကို ရှာမှီးရာ၌ မိစ္ဆာဇီဝမှု အမျိုးမျိုးတို့ဖြင့် ရှာမှီးခဲ့သော် ပစ္စုပ္ပန်၌လည်း ဘုရားအစရှိသော သူတော်ကောင်းတို့၏ အကဲ့ရဲ့ခံရခြင်း ဒုက္ခ, မင်းပြစ်မင်းဒဏ် သင့်ခြင်း ဒုက္ခ စသော ဒုက္ခ အမျိုးမျိုးတို့နှင့်လည်း တွေ့ကြုံရ၍ တမလွန်၌လည်း အပါယ်ဝဋ်ဆင်းရဲဒုက္ခ ဘေးဆိုးကြီးနှင့် ရင်ဆိုင်ရတတ်ပြန်၏။ ရှင်ရဟန်း ဖြစ်လျှင်လည်း ဆေးကုခြင်း သစ်သီးပေးခြင်း ပန်းပေးခြင်းစသော ဘုရားမကြိုက်သည့် ကုလဒူသန အနေသနမှုတို့ဖြင့် မအပ်သောနည်းဖြင့် ပစ္စည်းလေးပါးကို ရှာဖွေခဲ့သည်ရှိသော် မျက်မှောက်ဘဝ၌လည်း ဘုရားအစရှိသော သူတော်ကောင်းတို့၏ ကဲ့ရဲ့ရှုတ်ချမှုကို ခံရသဖြင့် ဆင်းရဲဒုက္ခသို့ ရောက်ကြရ၏။ တမလွန်၌လည်း ငရဲသို့ ရောက်ရခြင်း ရဟန်းပြိတ္တာ ဖြစ်ရခြင်းစသည့် ဒုက္ခအမျိုးမျိုးတို့သည် ဖြစ်ပေါ်လာကုန်၏။ ထို့ကြောင့် ကဗဠီကာရာဟာရ၌ တွယ်တာတပ်မက်မှု နိကန္တိကိုသာလျှင် ဘေးဆိုးကြီးဟု သိရှိပါလေ။ (သံ-ဋ္ဌ-၂-၂၅-၂၆။)

၂။ **ဖဿာဟာရ**၌ ဒွါရ, အာရုံ, ဝိညာဏ်တို့၏ ပေါင်းဆုံ ကပ်ရောက်မိခြင်းကား ဘေးဆိုးကြီးတည်း။ ယင်းသုံးမျိုးကုန်သော တရားတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဝေဒနာသည် ဖြစ်ပေါ်လာရကား ဝေဒနာ ဖြစ်ခြင်း၏ အကြောင်းရင်း ဖြစ်သောကြောင့် ဘေးဆိုးကြီးဟု ဆိုသည်။ ဖဿကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာကြောင့် တဏှာ ဖြစ်၏။ ယင်းတွေ့ထိမှု = ဖဿ, ခံစားမှု = ဝေဒနာ, သာယာတပ်မက်မှု = တဏှာစသည်တို့ကို အကြောင်းပြု၍ ထိန်းသိမ်း စောင့်ရှောက်ထားအပ်ကုန်သော သူ့မယားစသည်တို့၌ ပြစ်မှားကြကုန်၏၊ သူတစ်ပါးတို့၏ ဘဏ္ဍာတို့၌ ခိုးယူ လုယူကြကုန်၏။ ထိုသူတို့ကို ပိုင်ရှင်တို့က ဘဏ္ဍာနှင့်တကွ လက်ရဖမ်း၍ အပိုင်းပိုင်းဖြတ်ကုန်၍ အမှိုက်ပုံ၌သော်လည်း စွန့်ပြစ်ကုန်ရာ၏၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့အားသော်လည်း အပ်နှင်းကုန်ရာ၏၊ မင်းပြစ်မင်းဒဏ် အမျိုးမျိုးတို့ သင့်ကုန်ရာ၏၊ ပစ္စုပ္ပန် ဘေးဒုက္ခ အမျိုးမျိုးတည်း။ ထိုဒုစရိုက်သမားတို့အား ကိုယ်ခန္ဓာ ပျက်စီးပြီးသည်မှ နောက်ကာလ၌ အပါယ်ဒုဂ္ဂတိ ဘေးဆိုးကြီးကို မချွတ်ဧကန် အလိုရှိအပ်ပေသည်။ ဤသို့လျှင် ဖဿနှင့် သာယာမှု အဿာဒ (= တဏှာ)လျှင် အကြောင်းရင်းခံရှိသော မျက်မှောက်ဘဝ၌ ခံစားရသော ဘေးဆိုးကြီး, တမလွန်ဘဝ၌ ခံစားရသော ဘေးဆိုးကြီးဟူသော အလုံးစုံသော ဘေးဆိုးကြီးသည် ကျရောက်ဖြစ်ပေါ်လာပေသည်။ ဤအကြောင်းကြောင့် ဖဿာဟာရ၌ ဒွါရ, အာရုံ, ဝိညာဏ်တို့၏ ပေါင်းဆုံ ကပ်ရောက်မိခြင်းကိုပင်လျှင် ဘေးဆိုးကြီးဟု သိရှိပါလေ။ (သံ-ဋ္ဌ-၂-၂၆။)

၃။ **မနောသဉ္စေတနာဟာရ**၌ ပဋိသန္ဓေကို ဖြစ်စေခြင်းငှာ အားထုတ်ခြင်း ကြောင့်ကြဗျာပါရပြုခြင်း အာယူဟန သည်ပင် တစ်နည်းဆိုသော် ပဋိသန္ဓေကို ဖြစ်စေခြင်းငှာ အားထုတ်ခြင်း ကြောင့်ကြဗျာပါရပြုခြင်း အာယူဟန အမည်ရသော ကုသိုလ်စေတနာ အကုသိုလ်စေတနာသည်ပင်လျှင် ဘေးဆိုးကြီးတည်း။ ပဋိသန္ဓေကို ဖြစ်စေတတ်သည့် ကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်ခြင်းကြောင့်ကား ထိုကံလျှင် အကြောင်းရင်း မူလ ရှိသော ဘုံသုံးပါးတို့၌ ပဋိသန္ဓေဘေးဆိုးကြီး အိုဘေးဆိုးကြီး နာဘေးဆိုးကြီး သေဘေးဆိုးကြီး သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဘေးဆိုးကြီးစသည့် အလုံးစုံသော ဘေးဆိုးကြီး ဟူသမျှသည် ကျရောက်လာသည်သာလျှင်

ဖြစ်၏။ ဤအကြောင်းကြောင့် မနောသဉ္စေတနာဟာရ၌ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ မဖြတ်အပ်သေးသော မပယ်သတ်အပ်သေးသော တဏှာ, အဝိဇ္ဇာ, မာန အနုသယဓာတ် ထင်ရှား ရှိနေသေးသော ရုပ်နာမ် ခန္ဓာ အစဉ်ဝယ် ပဋိသန္ဓေကို ဖြစ်စေခြင်း အကျိုးငှာ ကုသိုလ်တရား သို့မဟုတ် အကုသိုလ်တရားတို့ကို အားထုတ်-ကုန်သည်၏ အဖြစ်သာလျှင် ပဋိသန္ဓေကို ဖြစ်စေခြင်းငှာ ကုသိုလ်တရား အကုသိုလ်တရားတို့၏ ဗျာပါရနှင့် အတူတကွ ဖြစ်ကုန်သည်၏ အဖြစ်သည်သာလျှင် ဘေးဆိုးကြီးတည်းဟု သိရှိပါလေ။ (သံ-ဋ္ဌ-၂-၂၆။)

၄။ **ဝိညာဏာဟာရ** ၌ ထိုထိုဘဝ၌ ပဋိသန္ဓေကို ယူသည်၏ အစွမ်းဖြင့် ပဋိသန္ဓေဝိညာဏ်၏ ရှေးရှု ကျရောက်ခြင်း ဖြစ်ခြင်းသည်ပင်လျှင် ဘေးဆိုးကြီးတည်း။ ပဋိသန္ဓေဝိညာဏ်သည်လည်း အကြင် အကြင် ဘုံဌာန၌ ရှေးရှုကျရောက်၏။ ထိုထိုဘုံဌာန၌ မိမိ (ပဋိသန္ဓေဝိညာဏ်)နှင့် အတူ ဖြစ်လေ့ရှိသော ပဋိသန္ဓေနာမ်ရုပ်ကို ယူဆောင်၍သာလျှင် ဖြစ်ပေါ်လာ၏။ ထိုပဋိသန္ဓေဝိညာဏ်-နာမ်ရုပ်သည် ဖြစ်လတ်သော် ခပ်သိမ်းကုန်သော ဇာတိ ဇရာ ဗျာဓိ မရဏစသော ဘေးဆိုးကြီး အားလုံးတို့သည် ဖြစ်ပေါ်ကျရောက်လာကြကုန်သည်သာ ဖြစ်ကုန်၏။ ထိုဘေးဆိုးကြီး ဟူသမျှတို့သည် ထိုပဋိသန္ဓေဝိညာဏ်-နာမ်ရုပ်လျှင် အကြောင်းရင်း ရှိသောကြောင့်တည်း။ ဤအကြောင်းကြောင့် ဝိညာဏာဟာရ၌ ပဋိသန္ဓေဝိညာဏ်၏ ထိုထို ဘုံဌာန၌ ရှေးရှုကျရောက်ခြင်းသည်ပင်လျှင် ရှေးဦးစွာ ဖြစ်ခြင်းသည်ပင်လျှင် ဘေးဆိုးကြီးတည်းဟု သိရှိပါလေ။ (သံ-ဋ္ဌ-၂-၂၆။)

## တဏှာနိဒါန

ဤအာဟာရသုတ္တန်၌ ဤအာဟာရလေးပါးတို့သည် တဏှာလျှင် အကြောင်းရင်းနိဒါန်း ရှိကုန်၏ဟု ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ ဤသို့ ဟောကြားတော်မူရာ၌ ပဋိသန္ဓေကို အစပြု၍ အတ္တဘောဟု ခေါ်ဆိုအပ်ကုန်သော ဥပါဒိန္နက အာဟာရလေးပါးတို့၏ ရှေးရှေးဘဝက ပြုစုပျိုးထောင်ခဲ့သော တဏှာတို့၏ အစွမ်းဖြင့် အကြောင်းရင်းနိဒါန်းကို သိရှိပါလေ။ အဘယ်သို့ သိရမည်နည်း?

ရှေးဦးစွာ ပဋိသန္ဓေခဏ၌ အာယတန အပြည့်အစုံ ရှိကြကုန်သော ဘာဝရုပ် ရှိကြကုန်သော သတ္တဝါတို့အား စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ် (ဟဒယဝတ္ထုဟူ၏)ဟူသော ဤ (၇)မျိုးကုန်သော ရုပ်သန္တတိ အစဉ်တို့၏ အစွမ်းဖြင့် ဖြစ်ပေါ်လာကြကုန်သော ရုပ်ကလာပ်တို့၏ အတွင်း၌ ပါဝင်တည်ရှိကြကုန်သော ဩဇာတို့သည် ရှိကုန်၏။ အာယတနချို့တဲ့သူ ဖြစ်လျှင်လည်း မချို့တဲ့သည့် အာယတနတို့၏ အစွမ်းဖြင့် ဖြစ်ပေါ်လာကြကုန်သော ရုပ်ကလာပ်တို့၏ အတွင်း၌ ဖြစ်ပေါ်နေကြကုန်သော ဩဇာတို့သည် ရှိကြကုန်၏။ ထိုဩဇာသည်ကား အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော တဏှာလျှင် အကြောင်းရင်းနိဒါန်းရှိသော ဥပါဒိန္နက ကဗဠီ-ကာရ အာဟာရ မည်၏။

ပဋိသန္ဓေစိတ်နှင့် ယှဉ်သော ဖဿကား ဥပါဒိန္နက ဖဿာဟာရ, စေတနာကား ဥပါဒိန္နက မနော-သဉ္စေတနာဟာရ, ပဋိသန္ဓေစိတ်ကား ဥပါဒိန္နက ဝိညာဏာဟာရ မည်၏။ ဤသို့လျှင် ရှေးဦးစွာ ပဋိသန္ဓေအခိုက်၌ ရှိကြကုန်သော အာဟာရလေးပါးတို့သည် ပုရိမတဏှာ အမည်ရသော ရှေးအတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော တဏှာလျှင် အကြောင်းရင်းနိဒါန်း ရှိပေ၏။ အလားတူပင် ပဋိသန္ဓေနောင် ပထမဘဝင်စသော စိတ္တက္ခဏအခိုက်-တို့၌ ဖြစ်ကြကုန်သော အာဟာရလေးပါးတို့ကိုလည်း ရှေးဘဝတဏှာလျှင် အကြောင်းရင်းနိဒါန်း ရှိကြောင်းကို သိရှိပါလေ။ (သံ-ဋ္ဌ-၂-၂၇။)

[**ဥပါဒိန္နက** — တဏှာ-ဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ကံသည် "ငါ့ဟာ"ဟု အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သော တရားတို့ကို ဥပါဒိန္နကဟု ခေါ်ဆိုသည်။]

# အကြောင်း၏ အကြောင်းအဆက်ဆက်

ယသ္မာ ပန ဘဂဝါ န ကေဝလံ အာဟာရာနမေဝ နိဒါနံ ဇာနာတိ၊ အာဟာရနိဒါနဘူတာယ တဏှာယပိ, တဏှာယ နိဒါနာနံ ဝေဒနာဒီနမ္ပိ နိဒါနံ ဇာနာတိယေဝ၊ တသ္မာ **တဏှာ စာယံ ဘိက္ခဝေ ကိံ နိဒါနာ**တိအာဒိနာ နယေန ဝဋ္ဋံ ဒဿေတွာ ဝိဝဋ္ဋံ ဒဿေသိ။ ဣမသ္မိဥ္စ ပန ဌာနေ ဘဂဝါ အတီတာဘိမုခံ ဒေသနံ ကတွာ အတီတေန ဝဋ္ဋံ ဒဿေတိ။ ကထံ? အာဟာရဝသေန ဟိ အယံ အတ္တဘာဝေါ ဂဟိတော။

တဏှာတိ ဣမဿတ္တဘာဝဿ ဇနကံ ကမ္မံ၊ ဝေဒနာဖဿသဠာယတနနာမရူပဝိညာဏာနိ ယသ္မိံ အတ္တဘာဝေ ဌတွာ ကမ္မံ အာယူဟိတံ၊ တံ ဒဿေတုံ ဝုတ္တာနိ၊ အဝိဇ္ဇာသင်္ခါရာ တဿတ္တဘာဝဿ ဇနကံ ကမ္မံ။ ဣတိ ဒွိသု ဌာနေသု အတ္တဘာဝေါ၊ ဒွိသု တဿ ဇနကံ ကမ္မန္တိ သင်္ခေပေန ကမ္မဉ္စေဝ ကမ္မဝိပါကဉ္စာတိ ဒွေတိ ဓမ္မေ ဒဿေန္တေန အတီတာဘိမုခံ ဒေသနံ ကတွာ အတီတေန ဝဋ္ဋံ ဒဿိတံ။ (သံ-ဋ္ဌ-၂-၂၇။)

**အတီတာဘိမုခံ ဒေသနံ ကတွာ**တိ ပစ္စုပ္ပန္နဘဝတော ပဋ္ဌာယ အတီတဓမ္မာဘိမုခံ တဗ္ဗိသယံ ဒေသနံ ကတွာ တထာကာရဏေန။ **အတီတေန ဝဋ္ဋံ ဒဿေတီ**တိ အတီတဘဝေန ကမ္မကိလေသဝိပါကဝဋ္ဋံ ဒဿေတိ။ **အတ္တဘာဝေါ**တိ ပစ္စုပ္ပန္နော အတ္တဘာဝေါ။ ယဒိ ဧဝံ ကသ္မာ “အတီတေန ဝဋ္ဋံ ဒဿေတီ”တိ ဝုတ္တန္တိ? နာယံ ဒေါသော “အတီတေနေဝါ”တိ အနဝဓာရဏတော၊ ဧဝဉ္စ ကတွာ အတီတာဘိမုခဂ္ဂဟဏံ ဇနကကမ္မံ ဂဟိတံ တဏှာသီသေန နာနန္တရိယဘာဝတော။ န ဟိ ကမ္မုနာ ဝိနာ တဏှာ ဘဝနေတ္တိ ယုဇ္ဇတိ။

**တံ ကမ္မ**န္တိ တဏှာသီသေန ဝုတ္တကမ္မံ။ **ဒဿေတု**န္တိ တံ အတီတံ အတ္တဘာဝံ ဒဿေတုံ။ **တဿတ္တဘာဝဿ ဇနကံ ကမ္မ**န္တိ တဿ ယထာဝုတ္တဿ အတ္တဘာဝဿ ဇနကံ။ တတော ပရမ္ပိ အတ္တဘာဝံ အာယူဟိတံ ကမ္မံ ဒဿေတုံ ဝုတ္တံ။ အဝိဇ္ဇာ စ နာမ တဏှာ ဝိယ ကမ္မတ္တာတိ ကမ္မသေဝ ဂဟဏံ။ **ဒွိသု ဌာနေသူ**တိ အာဟာရဂ္ဂဟဏေန ဝေဒနာဒိဂ္ဂဟဏေနာတိ ဒွိသု ဌာနေသု။ **အတ္တဘာဝေါ**တိ ပစ္စုပ္ပန္နကာလိကော အတီတကာလိကော စ အတ္တဘာဝေါ။ ပုန **ဒွိသူ**တိ တဏှာဂ္ဂဟဏေ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေတိ ဒွိသု ဌာနေသု။ **တဿ ဇနက**န္တိ ပစ္စုပ္ပန္နဿ စေဝ အတီတဿ စ အတ္တဘာဝဿ ဇနကံ ကမ္မံ ဝုတ္တန္တိ ယောဇနာ။ ကမ္မဂ္ဂဟဏေန စေတ္ထ ယတ္ထ တံ ကမ္မံ အာယူဟိတံ၊ သာ အတီတာ ဇာတိ အတ္ထတော ဒဿိတာ ဟောတိ။ တေန သံသာရဝဋ္ဋဿ အနမတဂ္ဂတံ ဒီပေတိ။ **သင်္ခေပေနာ**တိ သင်္ခေပေန ဟေတုပဉ္စကဖလပဉ္စကဂ္ဂဟဏမ္ပိ ဟိ သင်္ခေပေါ ဧဝ ဟေတုဖလဘာဝေန သင်္ဂဟေတဗ္ဗဓမ္မာနံ အနေကဝိဓတ္တာ။ (သံ-ဋီ-၂-၃၁-၃၂။)

ဘုရားရှင်သည် အာဟာရလေးပါးတို့၏ အကြောင်းရင်းနိဒါန်း သက်သက်လောက်ကိုသာ သိတော်မူ-သည်ကားမဟုတ်၊ အာဟာရလေးပါးတို့၏ အကြောင်းရင်းနိဒါန်း ဖြစ်သော တဏှာကိုလည်း သိတော်မူ၏၊ တဏှာ၏ အကြောင်းရင်းနိဒါန်း ဖြစ်သော ဝေဒနာ, ဝေဒနာ စသည်တို့၏ အကြောင်းရင်းနိဒါန်း ဖြစ်သော ဖဿ စသည်တို့ကိုလည်း သိတော်မူသည်သာ ဖြစ်၏။ ထိုကြောင့် — **တဏှာ စာယံ ဘိက္ခဝေ ကိံ နိဒါနာ** = တဏှာသည် အဘယ်တရားလျှင် အကြောင်းရင်းနိဒါန်း ရှိသနည်း — ဤသို့ စသောနည်းဖြင့် သံသရာဝဋ် လည်ပတ်ပုံ ဝဋ္ဋသဘောကို ညွှန်ကြားပြသတော်မူပြီး၍ သံသရာစက်ရဟတ် ချုပ်ငြိမ်းပုံ ဝိဝဋ္ဋသဘောကို ညွှန်ကြားပြသတော်မူလေသည်။ ဤအာဟာရသုတ္တန်အရာ၌ကား ဘုရားရှင်သည် ပစ္စုပ္ပန်ဘဝမှ စ၍ အတိတ်တရားသို့ ရှေးရှုလျက် ထိုအတိတ်တရားလျှင် အာရုံရှိသော ဒေသနာတော်ကို ပြုတော်မူ၍ အတိတ် အကြောင်းတရားဖြင့် သံသရာဝဋ် လည်ပတ်ပုံ ဝဋ္ဋကထာကို ညွှန်ပြတော်မူလေသည်။ အဘယ်သို့ ညွှန်ပြတော်မူ-လေသနည်း?

ဤပစ္စုပ္ပန်အတ္တဘောကို အာဟာရ၏ အစွမ်းဖြင့် ယူပါ = အာဟာရ - အရ ပစ္စုပ္ပန်အတ္တဘောဟု ခေါ်ဆိုသော ကမ္မဇသြဇာဟူသော ကဗဠီကာရာဟာရ, ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော ဖဿာဟာရ, မနော-သဥ္စေတနာဟာရ, ဝိပါက်ဝိညာဏ်ဟူသော ဝိညာဏာဟာရတို့ကို ကောက်ယူပါ။ တစ်နည်းဆိုသော် ဝိပါက်ရုပ်နာမ်တို့ကို ကောက်ယူပါ။

တဏှာသည် ကံနှင့် ကင်း၍ ဘဝကို ဖြစ်စေခြင်းသည်ကား မသင့်သည်သာ ဖြစ်၏။ မကင်းစကောင်းသော နာနန္တရိယနည်းအားဖြင့် ယင်းအာဟာရလေးပါး၏ အကြောင်းရင်းဖြစ်သော တဏှာ - အရ တဏှာကို အဦးမူသဖြင့် တိုက်ရိုက် ဖြစ်စေတတ်သော ဇနကကံကိုလည်း ကောက်ယူပါ။ တဏှာ - အရ ကိလေသဝဋ်ချင်းတူသော အဝိဇ္ဇာနှင့် ဥပါဒါန်ကိုလည်း ကောက်ယူပါ။ နာနန္တရိယနည်းအားဖြင့် တဏှာကို အဦးမူသဖြင့် ကံကို ကောက်ယူရာဝယ် ထိုကံနှင့် ကမ္မဝဋ်ချင်းတူသော သင်္ခါရကိုလည်း ကောက်ယူပါ။

ဤစကားအစဉ်အရ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော ကိလေသဝဋ်, သင်္ခါရ, ကံဟူသော ကမ္မဝဋ်ကြောင့် ဤပစ္စုပ္ပန်အတ္တဘောဟု အမည်ရသော အာဟာရလေးပါး ဝိပါကဝဋ်တရားသည် ဖြစ်ပေါ်လာသည်ဟု မှတ်သားပါ။ ယင်းအာဟာရလေးပါး ဝိပါကဝဋ်တရားတို့ကား ဝိပါကဝဋ် ဖြစ်ကြ-ကုန်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ပင်တည်း။ အတိတ်အကြောင်းတရားငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးတရားငါးပါးဖြစ်ပုံကို ဘုရားရှင်သည် ညွှန်ပြထားတော်မူသည်ဟု အတိုချုပ် မှတ်သားထားပါ။

တစ်ဖန် ယင်းအာဟာရသုတ္တန်၌ ပစ္စုပ္ပန်အတ္တဘောဟု ခေါ်ဆိုသော အာဟာရလေးပါးတို့၏ အကြောင်းရင်း ဖြစ်သော တိုက်ရိုက် ဖြစ်စေတတ်သော ဇနကကံကို တဏှာဟူ၍ ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ ဝေဒနာ, ဖဿ, သဠာယတန, နာမ်ရုပ်, ဝိညာဏ်တရားတို့ကိုကား အကြင် အတ္တဘော၌ ရပ်တည်၍ ယခုပစ္စုပ္ပန်အတ္တဘော = အာဟာရလေးပါးတို့၏ အကြောင်းရင်းကံကို ပြုစုပျိုးထောင်ခဲ့၏။ ထိုအတ္တဘောကို တစ်နည်းဆိုရသော် ထိုအတ္တဘော အမည်ရသော ဝိပါကဝဋ်ကို ညွှန်ပြတော်မူခြင်းငှာ ဟောကြားတော်မူအပ်ကုန်၏။

ဤစကားစဉ်အရ အတိုချုပ် မှတ်သားရန်မှာ — ယခု ပစ္စုပ္ပန်အတ္တဘောဟူသော အာဟာရလေးပါး ဝိပါကဝဋ်တရား = ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့၏ အကြောင်းရင်း ဖြစ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကား ပထမ အတိတ်အကြောင်းတရားတို့တည်း။ ယင်းအတိတ်အကြောင်းတရားငါးပါးတို့၏ စွဲမှီစရာ ဝေဒနာ, ဖဿ, သဠာယတန, နာမ်ရုပ်, ဝိညာဏ် ဟူသော ဝိပါကဝဋ်တရားငါးပါးတို့ကား ယင်းအတိတ်အတ္တဘောတည်း။

တစ်ဖန် ဘုရားရှင်သည် ယင်းအတိတ်အတ္တဘော၏ အကြောင်းရင်း ဇနကကံကို = တိုက်ရိုက် ဖြစ်စေ-တတ်သော ကံကို ညွှန်ပြတော်မူရန်အတွက် ယင်းအာဟာရသုတ္တန်တွင် အဝိဇ္ဇာ သင်္ခါရတို့ကို ဟောကြားတော်မူအပ်ကုန်၏။

ဤ၌လည်း အဝိဇ္ဇာကို တိုက်ရိုက် ယူ၍ ဟောကြားတော်မူလိုက်သဖြင့် အဝိဇ္ဇာနှင့် ကိလေသဝဋ်ချင်းတူသော တဏှာ ဥပါဒါန်တို့ကိုလည်းကောင်း, သင်္ခါရကို တိုက်ရိုက်ယူ၍ ဟောကြားတော်မူလိုက်သဖြင့် သင်္ခါရနှင့် ကမ္မဝဋ်ချင်းတူသော ကမ္မဘဝ = ကံကိုလည်းကောင်း ကောက်ယူရ၏။ သို့အတွက် အတိတ်အတ္တဘော၏ အကြောင်းရင်း ဖြစ်သော အတိတ်အကြောင်းတရားငါးပါး ဖြစ်သည်။ ယင်းအတိတ်များကို နားလည်သဘောပေါက် လွယ်စေရန် ရည်သန်၍ ပထမအတိတ် ဒုတိယအတိတ် စသည်ဖြင့် ဤကျမ်းတွင် ခေါ်ဝေါ်သုံးစွဲထားပါသည်။ ဤသို့သုံးစွဲလိုက်သဖြင့် လက်ရှိ ပစ္စုပ္ပန်အတ္တဘော၏ အကြောင်းတရားများမှာ ပထမအတိတ်ကသာ ဖြစ်ခဲ့သည်ဟုလည်းကောင်း, ပထမအတိတ်အတ္တဘော၏ အကြောင်းတရားများမှာ ဒုတိယအတိတ်ကသာ ဖြစ်ခဲ့သည်ဟု

လည်းကောင်း ဤသို့ အယူအဆ မမှားစေလိုပါ။ အတိတ်အကြောင်းတရားများကို ပြုစုပျိုးထောင်ခဲ့ရာ ဘဝ-တို့ကိုသာ ရည်ညွှန်း၍ ပထမအတိတ် ဒုတိယအတိတ် စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲထားသည်ဟု မှတ်ပါ။

## လိုရင်းမှတ်သားရန်

၁။ ဒုတိယအတိတ်၌ ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံကြောင့် ပထမအတိတ် အတ္တဘောဟူသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ အကျိုးတရားငါးပါး ဖြစ်၏။ အာဟာရ လေးပါး ဖြစ်၏။

၂။ ပထမအတိတ် အတ္တဘောဟူသော အကျိုးတရားငါးပါး၌ ရပ်တည်၍ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ ဟူသော ပထမအတိတ် အကြောင်းတရားငါးပါးတို့ကို ပြုစုပျိုးထောင်၏။

၃။ ယင်းပထမအတိတ် အကြောင်းတရားငါးပါးကြောင့် ဤပစ္စုပ္ပန်အတ္တဘောဟူသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အကျိုးတရားငါးပါး = အာဟာရလေးပါး = ဝိပါကဝဋ်တရားသည် ထင်ရှားဖြစ်ပေါ်လာ၏။

ဤသဘောတရားကို ညွှန်ကြားပြသတော်မူလိုသော ဘုရားရှင်သည် ပစ္စုပ္ပန်အတ္တဘော အမည်ရသော အာဟာရလေးပါး ဝိပါကဝဋ်တရားမှ စ၍ အတိတ်တရားများသို့ ရှေးရှုလျက် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ်ကို ဤအာဟာရသုတ္တန်၌ ထင်ရှားပြတော်မူလေသည်။

တဏှာကို အဦးမူသဖြင့် ဟောကြားထားအပ်သော ကံကို ယူခြင်းဖြင့် ဤအာဟာရသုတ္တန်၌ အကြင်ဘဝ၌ = အကြင် အတ္တဘော၌ ထိုကံကို ပြုစုပျိုးထောင်၏၊ ထိုဘဝ ထိုအတ္တဘောသည် အတိတ်ဇာတိသာဖြစ်၏ဟု အနက်သဘောအားဖြင့် ညွှန်ပြအပ်ပြီးသာ ဖြစ်ပေသည်။ ထိုကြောင့် သံသာရဝဋ်ဒုက္ခ၏ ဉာဏ်ဖြင့် အစဉ် လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိမှုကို ဤအာဟာရသုတ္တန်က ဖော်ပြလျက် ရှိပေ၏။

ဤသို့လျှင် ဤအာဟာရသုတ္တန်၌ —

၁။ အာဟာရ လေးပါး,

၂။ ဝေဒနာ, ဖဿ, သဠာယတန, နာမ်ရုပ်, ဝိညာဏ်, —

ဤ (၂) ဌာနတို့၌ အတ္တဘာဝ အမည်ရသော ဝိပါကဝဋ်ကိုလည်းကောင်း,

၁။ တဏှာ (တဏှာနိဒါန၌ တဏှာ)

၂။ အဝိဇ္ဇာ သင်္ခါရ,

ဤ (၂) ဌာနတို့၌ ကမ္မဝဋ်ကိုလည်းကောင်း, တစ်နည်း ကိလေသဝဋ်နှင့် ကမ္မဝဋ်ကိုလည်းကောင်း,

ကမ္မနှင့် ကမ္မဝိပါကဟူသော နှစ်မျိုးကုန်သော တရားတို့ကို ညွှန်ပြတော်မူခြင်းဖြင့် အတိတ်သို့ ရှေးရှုလျက် ဒေသနာတော်ကို ဟောကြားတော်မူ၍ အတိတ်ဖြင့် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါး လည်ပတ်ပုံ သံသရာဝဋ်ကို ညွှန်ပြတော်မူသည်။ (သံ-ဌ-၂-၂၇။ သံ-ဋီ-၂-၃၁-၃၂။)

## အနာဂတ် ဘယ်လိုလဲ?

တတြာယံ ဒေသနာ အနာဂတဿ အဒဿိတတ္တာ အပရိပုဏ္ဏာတိ န ဒဋ္ဌဗ္ဗာ၊ နယတော ပန ပရိပုဏ္ဏာတွေဝ ဒဋ္ဌဗ္ဗာ။ (သံ-ဋ္ဌ-၂-၂၇။)

ဤအာဟာရသုတ္တန် ဒေသနာတော်သည် ပထမပိုင်းတွင် အနာဂတ်ကို မဖော်ပြခြင်းကြောင့် မပြည့်စုံဟူ၍ကား မမှတ်အပ်။ အစကိုသာ ဖော်ပြလျက် တရားတော်ကို ဟောကြားတော်မူအပ်သော အာဒိဒီပကနည်း, အလယ်ကိုသာ ဖော်ပြလျက် တရားတော်ကို ဟောကြားတော်မူအပ်သော မဇ္ဈေဒီပကနည်း, အဆုံးကိုသာ ဖော်ပြလျက် တရားတော်ကို ဟောကြားတော်မူအပ်သော အန္တဒီပကနည်းစသော နည်းအမျိုးမျိုးတို့ဖြင့် ဘုရားရှင်သည် ရံခါ တရားတော်ကို ဟောကြားတော်မူလေ့ရှိသဖြင့် ဤအာဟာရသုတ္တန်၌လည်း အလယ်နှင့် အစဟူသော ပစ္စုပ္ပန်နှင့် အတိတ်ကို ဖော်ပြလျက် တရားတော်ကို ဟောကြားထားတော်မူသဖြင့် အဆုံးဖြစ်သော အနာဂတ်ကိုလည်း သိရသောကြောင့် သိမ်းကျုံးယူရသောကြောင့် အာဒိဒီပကနည်း မဇ္ဈေဒီပကနည်းဖြင့် ဘုရားရှင်သည် ဟောကြားထားတော်မူရကား ပြည့်စုံသည်ဟူ၍သာလျှင် မှတ်ပါ။

လောကဥပမာအားဖြင့် ရေထဲ၌ ရပ်တည်နေသော မိကျောင်းကို ယောကျ်ားတစ်ဦးက မြင်တွေ့ရာ၌ မိကျောင်း၏ လည်ပင်း ကျောက်ကုန်း အမြီးရင်းတို့ကိုသာ မြင်၍ ဝမ်းဗိုက်နှင့် အမြီးဖျား လက် ခြေတို့ကို မမြင်ရသော်လည်း မိကျောင်းကို ပြည့်ပြည့်စုံစုံ မမြင်ရဟု မဆိုသင့်ဘဲ နယဂ္ဂါဟ = နည်းလမ်း ကြံဆခြင်းအားဖြင့် ပြည့်ပြည့်စုံစုံသာလျှင် မြင်၏ဟု ဆိုရာသကဲ့သို့ မှတ်ပါ။ (သံ-ဋ္ဌ-၂-၂၇-၂၈၊ ၌ အကျယ်ကို ကြည့်ပါ။)

သို့သော် ဘုရားရှင်ကိုယ်တော်တိုင်ပင် ယင်းအာဟာရသုတ္တန် ဒေသနာတော်၌ အဝိဇ္ဇာမှသည် ဇရာမရဏသို့တိုင်အောင် သံသာရဝဋ်၏ ဖြစ်ပုံအစဉ် အနုလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကိုလည်းကောင်း အဝိဇ္ဇာ၏ အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရ၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုစသည့် သံသာရဝဋ်၏ ချုပ်ငြိမ်းပုံအစဉ်ဟူသော အဝိဇ္ဇာမှ စ၍ ဇရာမရဏသို့တိုင်အောင်သော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကိုလည်းကောင်း တစ်ဆက်တည်း ဆက်လက်၍ ဟောကြားထားတော်မူသဖြင့် ဤအာဟာရသုတ္တန် ဒေသနာတော်ကို အနာဂတ်ဝဋ္ဋကထာပိုင်း မပါသည့် မပြည့်စုံသော ဒေသနာတော်ဟူ၍ ပို၍ပင် မဆိုသင့်သည်သာ ဖြစ်သည်။

ဤတွင် အာဟာရသုတ္တန် ကောက်နုတ်ချက်နှင့် သံယုတ် အဋ္ဌကထာ-ဋီကာတို့၏ ဖွင့်ဆိုချက်များ ပြီးဆုံးပြီ ဖြစ်သည်။ သို့သော် ယင်းအာဟာရသုတ္တန် ဒေသနာတော်၏ ဆိုလိုရင်းသဘောတရားနှင့် ရှုကွက်တို့ကို မူလဋီကာ, အနုဋီကာ, မဟာဋီကာတို့၌ နည်းအမျိုးမျိုးဖြင့် ဖွင့်ဆိုထားတော်မူကြ၏။ ယင်းအဖွင့်တို့မှာ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို လက်တွေ့ရှုလိုသော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်လိုသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ပန်းချီကားချပ်များ ဖြစ်ကြသဖြင့် ယင်းအဖွင့်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်း တင်ပြအပ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ် တတိယနည်း အဖွင့်များ

ယာ မဇ္ဈတော ပဋ္ဌာယ ယာဝ အာဒိ ပဝတ္တာ၊ သာ အာဟာရနိဒါနဝဝတ္ထာပနာနုသာရေန ယာဝ အတီတံ အဒ္ဓါနံ အတိဟရိတွာ ပုန အတီတဒ္ဓတော ပဘုတိ ဟေတုဖလပဋိပါဋိ သန္ဒဿနတ္ထံ။

(ဝိသုဒ္ဓိ-၂-၁၅၆။ အဘိ-ဋ္ဌ-၂-၁၂၅။)

ဤအထက်ပါ အဋ္ဌကထာစကားရပ်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို မူလဋီကာ, အနုဋီကာ, မဟာဋီကာတို့က အဓိပ္ပါယ် (၃)မျိုး ဖွင့်ပြထားပေသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

က။ အာဟာရတဏှာဒယော ပစ္စုပ္ပန္နဒ္ဓါ၊ သင်္ခါရာဝိဇ္ဇာ အတီတဒ္ဓါတိ ဣမိနာ အဓိပ္ပါယေနာဟ **“ယာဝ အတီတံ အဒ္ဓါနံ အတိဟရိတွာ”**တိ။ (မူလဋီ-၂-၈၆။ မဟာဋီ-၂-၂၄၄-၂၄၅။)

ကာမုပါဒါနဘူတာ တဏှာ မနောသဥ္စေတနာဟာရသင်္ခါတဿ ဘဝဿ, တံသမ္ပယုတ္တာနံ, တန္နိမိတ္တာနဉ္စ သေသာဟာရာနံ ဝိသေသပစ္စယော ဟောတီတိ အာဟ **“အာဟာရတဏှာဒယော ပစ္စုပ္ပန္နဒ္ဓါ”**တိ။ **အာဒိ-**သဒ္ဒေန ယာဝဝိညာဏံ ဂဟေတဗ္ဗံ။ (အနုဋီ-၂-၉၃။)

ခ။ အာဟာရာ ဝါ တဏှာယ ပဘာဝေတဗ္ဗာ အနာဂတော အဒ္ဓါ၊ တဏှာဒယော ပစ္စုပ္ပန္နော၊ သင်္ခါရာဝိဇ္ဇာ အတီတောတိ။ (မူလဋီ-၂-၈၆။ မဟာဋီ-၂-၂၄၅။)

**အာဟာရတဏှာဒယော**တိ ဧတ္ထ ပစ္စုပ္ပန္နကမ္မဝဋ္ဋပရိယာပန္နေ အာဟာရေ ဂဟေတွာ အဒ္ဓယောဇနံ ကတွာ အနာဂတဝိပါကဝဋ္ဋပရိယာပန္နေ ဂဟေတွာ ယောဇေတုံ ဝုတ္တံ **“အာဟာရာ ဝါ တဏှာယ ပဘာဝေတဗ္ဗာ အနာဂတော အဒ္ဓါ”**တိ။ **ပဘာဝေတဗ္ဗာ**တိ အာယတိံ ဥပ္ပါဒေတဗ္ဗာ။ (အနုဋီ-၂-၉၃။)

ဂ။ ပစ္စက္ခံ ပန ဖလံ ဒဿေတွာ တံနိဒါနဒဿနဝသေန ဖလကာရဏပရမ္ပရာယ ဒဿနံ ယုဇ္ဇတီတိ အာဟာရာ ပုရိမတဏှာယ ဥပ္ပါဒိတာ ပစ္စုပ္ပန္နော အဒ္ဓါ၊ တဏှာဒယော အတီတော၊ သင်္ခါရာဝိဇ္ဇာ တတောပိ အတီတတရော သံသာရဿ အနာဒိဘာဝဒဿနတ္ထံ ဝုတ္တောတိ။ **ယာဝ အတီတံ အဒ္ဓါနန္တိ** ယာဝ အတီတတရံ အဒ္ဓါနန္တိ အတ္ထော ယုတ္တော။ (မူလဋီ-၂-၈၆။ မဟာဋီ-၂-၂၄၅။)

**ယုဇ္ဇတီ**တိ ဖလဘူတေ အာဟာရေ ပစ္စုပ္ပန္နေ ပစ္စက္ခတော ဒဿေတွာ “တံနိဒါနံ တဏှံ တဿာ နိဒါန”န္တိ-အာဒိနာ ဖလပရမ္ပရာယ ကာရဏပရမ္ပရာယ စ ဒဿနံ တထာဗုဇ္ဈနကာနံ ပုဂ္ဂလာနံ အဇ္ဈာသယာနုလောမတော ဓမ္မသဘာဝဝိလောမနတော စ ယုတ္တိယာ သင်္ဂယှတိ။ ယဒိ တဏှာဒယော အတီတော အဒ္ဓါ၊ တဏှာဂ္ဂဟဏေနေဝ သင်္ခါရာဝိဇ္ဇာ ဂဟိတာတိ ကိမတ္ထံ ပုန တေ ဂဟိတာတိ အာဟ **“သင်္ခါရာဝိဇ္ဇာ တတောပိ အတီတတရော အဒ္ဓါ ဝုတ္တော သံသာရဿ အနာဒိဘာဝဒဿနတ္ထ”**န္တိ။ **အတီတ**န္တိ ဝါ အတီတတာသာမညေန အတီတတရမ္ပိ သင်္ဂဟိတံ ဒဋ္ဌဗ္ဗံ။ (အနုဋီ-၂-၉၃။)

ဃ။ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ အာဟာရကာ ဝါ စတ္တာရော အာဟာရာ —

“အာဟာရေတီတိ အဟံ န ဝဒါမိ၊ အာဟာရေတီတိ စာဟံ ဝဒေယျံ၊ တတြဿ ကလ္လော ပဉှော ‘ကော နု ခေါ ဘန္တေ အာဟာရေတီ’တိ။ ဧဝံ စာဟံ န ဝဒါမိ၊ ဧဝံ ပန အဝဒန္တံ မံ ယော ဧဝံ ပုစ္ဆေယျ ‘ကိဿ နု ခေါ ဘန္တေ ဝိညာဏာဟာရော’တိ။ ဧသ ကလ္လော ပဉှော၊ တတြ ကလ္လံ ဝေယျာကရဏံ၊ ဝိညာဏာဟာရော အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိယာ”တိ။ (သံ-၁-၂၅၄-၂၅၅။)

ဝစနတော တံသမ္ပယုတ္တတ္တာ ဖဿစေတနာနံ တပ္ပဝတ္တိဟေတုတ္တာ စ ကဗဠီကာရာဟာရဿ။ တေန ဟိ ဥပတ္ထမ္ဘိတရူပကာယဿ, တဉ္စ ဣစ္ဆန္တဿ ကမ္မဝိညာဏာယူဟနံ ဟောတိ။ ဘောဇနဉ္ဟိ သဒ္ဓါဒီနံ ရာဂါဒီနဉ္စ ဥပနိဿယောတိ ဝုတ္တန္တိ။ တသ္မာ “တေ ကမ္မဝဋ္ဋေ သင်္ဂဟိတာ အာဟာရာ ပစ္စုပ္ပန္နော အဒ္ဓါ”တိ ဣမဿိံ ပရိယာယေ ပုရိမောယေဝတ္ထော ယုတ္တော။ အတီတဒ္ဓုတော ပဘုတိ “ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ”တိအာဒိနာ အတီတေ တတော ပရဉ္စ ဟေတုဖလပဋိပါဋိံ ပစ္စက္ခာနံ အာဟာရာနံ နိဒါနဒဿနဝသေန အာရောဟိတွာ

နိဝတ္တနေန ဝိနာ အဝုဋ္ဌနန္တာနံ တံသန္တဿနတ္တံ သာ အယံ ဒေသနာ ပဝတ္တာတိ အတ္ထော။
(မူလဋီ-၂-၈၆-၈၇။ မဟာဋီ-၂-၂၄၅။)

## ဆိုလိုရင်းအချက် သုံးရပ်

အထက်ပါ ဋီကာတို့၏ ဆိုလိုရင်း အနက်သဘောကို ပိုမို၍ သဘောပေါက်စေရန် မူရင်း သံဝဏ္ဏေတဗ္ဗ အဖွင့်ခံ အဋ္ဌကထာစကားရပ်ကို ထပ်မံဖော်ပြ၍ ဋီကာအဓိပ္ပါယ်တို့ကို တစ်ခုပြီးတစ်ခု ရှင်းလင်းတင်ပြပေအံ့။

**အဋ္ဌကထာစကားရင်း** — အလယ်ဖြစ်သော အာဟာရလေးပါးမှ (တစ်နည်း တဏှာမှ) အစပြု၍ အစဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် ဖြစ်ပေါ်လာသော = ဟောကြားတော်မူအပ်သော **အာဟာရသုတ္တန်** ဒေသနာတော်ကို၊ အာဟာရလေးမျိုးတို့၏ အကြောင်းရင်းနိဒါန်းကို အသီးအသီး ပိုင်းခြား၍ ကျွတ်ထိုက်သသူ သာဝကတို့၏ အသိဉာဏ်၌ တည်စေခြင်း တည်အောင် ထားတော်မူခြင်းကို အစဉ်လိုက်သဖြင့် အတိတ်ဖြစ်သော အခွန့်ကာလသို့တိုင်အောင် = အတိတ်အခွန့်ကာလက ဖြစ်ခဲ့သော အဝိဇ္ဇာ သင်္ခါရသို့တိုင်အောင် အာဟာရသုတ္တန် ဒေသနာတော်ကို ရှေးရှု ဆောင်ယူတော်မူပြီးလျှင် တစ်ဖန် အတိတ်အခွန့်ကာလတရား ဖြစ်သော အဝိဇ္ဇာမှ စ၍ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုအစဉ်ကို ကောင်းစွာပြခြင်း အကျိုးငှာ ဖြစ်စေအပ် ဟောကြားတော်မူအပ်လေသည်။ (ဝိသုဒ္ဓိ-၂-၁၅၆။ အဘိ-ဋ္ဌ-၂-၁၂၅။)

၎င်းအဋ္ဌကထာစကားရပ်၏ အဓိပ္ပါယ်ကို ဋီကာဆရာတော်များက သုံးမျိုးရှင်းပြရာ ပထမနည်းမှာ ဤသို့ ဖြစ်၏။ —

## က။ ပထမအဖွင့် ရှင်းလင်းချက်

အသင်သူတော်ကောင်းသည် အထက်တွင် ဖော်ပြခဲ့သော အာဟာရသုတ္တန်ကို ပြန်လည်၍ အာရုံယူထားပါ။

ယင်းသုတ္တန်တွင် စတ္တာရော အာဟာရာ = အာဟာရလေးပါးတို့တွင် ပါဝင်သော အာဟာရ - အရ ယခု ပစ္စုပ္ပန်ဘဝ၌ နောင်အနာဂတ် ဘဝတွက် ရည်မှန်းတောင့်တ၍ ပြုစုပျိုးထောင်နေသော ကမ္မဝဋ်ဖြင့် သင်္ဂြိုဟ် ရေတွက်အပ်သော ကမ္မဘဝဟူသော မနောသဉ္စေတနာဟာရကို ယူပါ။ ဖဿာဟာရ - အရ ယင်းမနော-သဉ္စေတနာနှင့် ယှဉ်သော ဖဿကို၊ ဝိညာဏာဟာရ - အရ ယင်းမနောသဉ္စေတနာနှင့် ယှဉ်သော ဝိညာဏ်ကို ကောက်ယူပါ။ ကဗဠီကာရာဟာရ - အရ ပစ္စုပ္ပန်ကဗဠီကာရာဟာရ အမည်ရသော ဩဇာကို ထိုက်သလို ကောက်ယူပါ။ ယင်းမနောသဉ္စေတနာဟာရ၊ ဖဿာဟာရ၊ ဝိညာဏာဟာရတို့ကား ပစ္စုပ္ပန်၌ ပြုစုပျိုးထောင်-နေသော ကုသိုလ်တရားစု အကုသိုလ်တရားစုတို့တည်း။ သင်္ခါရနှင့် ကမ္မဘဝ = ကံတို့တည်း။

ယင်းမနောသဉ္စေတနာဟာရသည် လူ့ဘဝ နတ်ဘဝစသည့် ဘဝထိုထိုကို သို့မဟုတ် ဥပါဒိန္နက္ခန္ဓာငါးပါးကို တပ်မက်စွဲလမ်းသော ကာမုပါဒါန် အမည်ရသော တဏှာအရင့်စားကြောင့် ဖြစ်၏။

ယင်းကာမုပါဒါန်သည် တပ်မက်မှု တဏှာကြောင့် ဖြစ်၏။
ယင်းတဏှာသည် ခံစားမှု ဝေဒနာကြောင့် ဖြစ်၏။
ယင်းဝေဒနာသည် ဖဿကြောင့် ဖြစ်၏။
ယင်းဖဿသည် သဠာယတနကြောင့် ဖြစ်၏။
ယင်းသဠာယတနသည် နာမ်ရုပ်ကြောင့် ဖြစ်၏။
ယင်းနာမ်ရုပ်သည် ဝိညာဏ်ကြောင့် ဖြစ်၏။

ယင်းဝိညာဏ်သည် သင်္ခါရကြောင့် ဖြစ်၏။
ယင်းသင်္ခါရသည် အဝိဇ္ဇာကြောင့် ဖြစ်၏။

ဤသို့လျှင် အဝိဇ္ဇာဟူသော အတိတ်ကာလအစွန့်သို့တိုင်အောင် ကြောင်း-ကျိုး ဆက်နွယ်မှု အစဉ်ကို ပြတော်မူလိုသည် ဖြစ်၍ သိစေတော်မူလိုသည် ဖြစ်၍ ရှုပွားစေတော်မူလိုသည် ဖြစ်၍ ဤအာဟာရသုတ္တန် ဒေသနာတော်ကို ဘုရားရှင်သည် ဟောကြားတော်မူသည်ဟု ဆိုလိုပေသည်။

ဤနည်း၌ မနောသဉ္စေတနာဟာရ = ကမ္မဘဝ၊ ကာမုပါဒါန်၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ် — ဤ (၈)မျိုးတို့ကား ပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်ကြကုန်သော ပစ္စုပ္ပန်အစွန့်ကာလ တရားစု-တို့တည်း။ သင်္ခါရနှင့် အဝိဇ္ဇာတို့ကား အတိတ်ဘဝ အတိတ်ကာလက ဖြစ်ခဲ့သော အတိတ်အစွန့်ကာလ တရားစု-တို့တည်း။

ယင်းစကားရပ်ကို ခိုင်မြဲစေရန် ဋီကာဆရာတော်များက အထက်တွင် ဖော်ပြခဲ့သော (ဃ) အမှတ်ပြ စကားရပ်များဖြင့် **မောဠိယဖဂ္ဂုနသုတ္တန်**ကို ကိုးကား၍ ထပ်မံ ဖော်ပြကြပြန်သည်။ ယင်းစကားရပ်တို့၏ ဆိုလိုရင်း မှာ ဤသို့ ဖြစ်၏။ —

တစ်ချိန် ဘုရားရှင်သည် ရဟန်းတော်တို့အား အာဟာရ (၄)မျိုးတို့ကို တစ်ခုစီ တစ်ခုစီ အသီးအသီး ဟောပြတော်မူ၏။ ထိုအခါ မောဠိယဖဂ္ဂုန အမည်ရှိသော ရဟန်းတော်သည် မြတ်စွာဘုရားအား — အရှင်ဘုရား **အဘယ်သူသည်** သိမှုဟူသော ဆောင်တတ်သောသဘော = ဝိညာဏာဟာရကို ဆောင်ပါသနည်းဟု လျှောက်-ထား၏။ (ပရမတ္ထသစ္စာနယ်၌ ဆောင်တတ်သူ ပုဂ္ဂိုလ်သတ္တဝါ မည်သည်မရှိ၊ သမ္မုတိသစ္စာနယ်၌သာ ရှိသည်ကို သတိပြုပါ။)

ထိုအခါ ဘုရားရှင်က ဤသို့မိန့်တော်မူ၏။ —

"အမေးသည် မသင့်လျော်ချေ၊ ဆောင်၏ဟူ၍ ငါဘုရားသည် မဟော၊ ဆောင်၏ဟု အကယ်၍ ငါဘုရား ဟောခဲ့မူ ထိုအရာ၌ — 'အရှင်ဘုရား အဘယ်သူသည် ဆောင်ပါသနည်း။'ဟူသော အမေးသည် သင့်လျော်သည် ဖြစ်ရာ၏။ ဤသို့ကား ငါဘုရားသည် မဟော၊ ဤသို့ မဟောသော ငါဘုရားကို အကြင်သူသည် 'သိမှုဟူသော ဆောင်တတ်သောသဘော = ဝိညာဏာဟာရသည် အဘယ်တရား၏ အကြောင်းတရား ဖြစ်ပါသနည်း။' — ဟု ဤသို့ မေးခဲ့မူ ထိုသူ၏ ဤအမေးကား သင့်လျော်၏၊ ဝိညာဏာဟာရသည် နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်ကြောင်းတရား ဖြစ်၏။ ထိုဝိညာဏာဟာရသည် ဖြစ်သည်ရှိသော် တည်ရာ အာယတန (၆)ပါးသည် ဖြစ်၏။ တည်ရာ အာယတန အကြောင်းခံကြောင့် တွေ့ထိမှု ဖဿသည် ဖြစ်၏ဟု ထိုအမေး၌ ဤအဖြေသည် သင့်လျော်၏။"ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ (သံ-၁-၂၅၄။)

ဤသို့လျှင် မောဠိယဖဂ္ဂုနသုတ္တန်၌ ဘုရားရှင်သည် ဟောတော်မူခြင်းကြောင့် — ကမ္မဝဋ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော ဖဿာဟာရ မနောသဉ္စေတနာဟာရတို့၏ ထိုကမ္မဝဋ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်သော ကမ္မဝိညာဏ် အမည်ရသော ကုသိုလ်ဝိညာဏ် သို့မဟုတ် အကုသိုလ်ဝိညာဏ်ဟူသော ဝိညာဏာဟာရနှင့် ယှဉ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ကဗဠီကာရာဟာရ၏ ထိုဝိညာဏာဟာရ ဖဿာဟာရ မနောသဉ္စေတနာဟာရတို့၏ ဖြစ်ခြင်း၏ မှီရာ အကြောင်းတရား၏ အဖြစ်ကြောင့်လည်းကောင်း နောင်အနာဂတ် ကာလ၌ တစ်ဖန် ဘဝသစ်၏ ဖြစ်ပေါ်လာခြင်းကို ဆောင်တတ်ကုန်သော အာဟာရတို့သည် (၄)မျိုးတို့ပင်တည်း။

မှန်ပေသည် — ထိုကဗဠီကာရာဟာရသည် အားပေးထောက်ပံ့အပ်သော ရူပကာယရှိသော ပုဂ္ဂိုလ်၏လည်းကောင်း, ကဗဠီကာရာဟာရကို အလိုရှိသော ပုဂ္ဂိုလ်၏လည်းကောင်း ကမ္မဝိညာဏ် အမည်ရသော ကုသိုလ်ဝိညာဏ် သို့မဟုတ် အကုသိုလ်ဝိညာဏ်ကို ဖြစ်ပေါ်လာအောင် အားထုတ်ခြင်းသည် ဖြစ်နိုင်၏။

မှန်ပေသည် — ကဗဠီကာရာဟာရဟူသော ဘောဇဉ်သည် ထိုဘောဇဉ်ကို မိမိက စွန့်လွှတ် လှူဒါန်းပေးကမ်းခြင်း စသည်ကို ပြုလုပ်သောအခါ သဒ္ဓါတရားစသော ကုသိုလ်တရားတို့၏ အားကြီးသောမှီရာ အကြောင်းတရားဖြစ်၏၊ ပေးကမ်း လှူဒါန်းနေသော ဘောဇဉ်က သဒ္ဓါတရားစသော ကုသိုလ်တရားတို့ ဖြစ်ပေါ်လာရန် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ သက်ရှိ သက်မဲ့လောကတို့၌ ရုပ်တရား နာမ်တရားတို့ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းတတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းလှူဖွယ်ဝတ္ထုဖြစ်သော ဆွမ်းဘောဇဉ်၌ ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့် မြင်အောင်စိုက်၍ရှုလိုက်ပါက ရုပ်ကလာပ် အမှုန်များကိုသာ တဖြည်းဖြည်း တွေ့ရှိလာမည်ဖြစ်၏။ ယင်းရုပ်ကလာပ်တို့ကား ဥတုဇ ဩဇဋ္ဌမက ရုပ်တရားတို့သာတည်း။ ယင်းဥတုဇ ဩဇဋ္ဌမကရုပ်တို့ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းလျက် ဉာဏ်ဖြင့် ပိုင်းခြားယူလျက် ယင်းပရမတ်ရုပ်တရားတို့ကို လက္ခဏာယာဉ် သုံးချက်တင်၍ ဝိပဿနာရှုခဲ့သော် ထိုဝိပဿနာဉာဏ် ပြဓာန်းသော ဝိပဿနာကုသိုလ်တရားတို့အား ထိုကဗဠီကာရာဟာရ အမည်ရသော ဘောဇဉ်ဟူသော ဥတုဇ ဩဇဋ္ဌမကရုပ်တို့က အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။

တစ်ဖန် ထိုဘောဇဉ်ကို ရသတဏှာဓာတ်ဖြင့် မက်မက်မောမော စားသုံးခဲ့သော် ရာဂစသော ကိလေသာတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုဘောဇဉ်မျိုးကို ငါမို့လှူနိုင်တာဟု ဂုဏ်ယူဝင့်ကြွားခဲ့လျှင်လည်း မာန ကိလေသာဆိုးသည် ဝင်ရောက်လာပေ၏၊ သူတော်ကောင်းဓာတ်ခံ အားပျော့သူတို့၏ သန္တာန်၌ သူတစ်ပါးတို့၏ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို အာရုံပြု၍ ကိုယ့်ထက်သာ မနာလို ငြူစူစောင်းမြောင်းခြင်း ဣဿာတရားသည်လည်း တိုးပွားလာတတ်၏။ မွန်မြတ်သော မိမိ၏ ဘောဇဉ်ကို သူတစ်ပါးတို့နှင့် ဆက်ဆံမှုကို သည်းမခံနိုင်ခြင်း မစ္ဆရိယ တရားလည်း ဖြစ်ပွားလာတတ်၏။ ထိုအခါ ယင်းဘောဇဉ် = ကဗဠီကာရာဟာရက ရာဂစသည်အား ဖြစ်ပေါ်လာအောင် အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ ဘောဇဉ်ဟူသော ကဗဠီကာရာဟာရက သဒ္ဓါစသည့် ကုသိုလ်တရားတို့အား ရာဂစသည့် အကုသိုလ်တရားတို့အား ဤသို့ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံကို ဘုရားရှင်သည် ပဋ္ဌာန်းဒေသနာတော် ပဥှာဝါရ၌ ဟောကြားထားတော်မူ၏။

ထိုသို့ ဘဝသစ်၌ ဖြစ်စေတတ်ကုန်သော ဘဝသစ်၌ ဖြစ်ခြင်းကို ဆောင်တတ်ကုန်သော လေးပါးကုန်သော အာဟာရတို့ကို အာဟာရ - အရ ကောက်ယူအပ်သည်၏ အဖြစ်ကြောင့် — ကမ္မဝဋ်ဖြင့် သင်္ဂြိုဟ်ရေတွက်အပ်ကုန်သော အာဟာရလေးပါးတို့သည် ပစ္စုပ္ပန်၌ ဖြစ်ကုန်သော ပစ္စုပ္ပန်အခွန့်ကာလတရားတို့ မည်ရကား ဤ မောဠိယဖဂ္ဂုနသုတ္တန်နည်း၌ အထက်တွင် ဖော်ပြခဲ့သော "ကမ္မဝဋ် = ကမ္မဘဝ အမည်ရသော အာဟာရ (၄)ပါးမှ စ၍ ဝိညာဏ်တိုင်အောင်သော တရားစုတို့ကား ပစ္စုပ္ပန် အခွန့်ကာလတရားစုတို့တည်း"ဟူသော ဤပထမနည်း အယူအဆ အနက်သဘောတရားသည်သာလျှင် သင့်မြတ်ပေသည်။

ဤနည်း၌ ဘုရားရှင်သည် ပစ္စုပ္ပန်အာဟာရမှ စ၍ အတိတ် အဝိဇ္ဇာသို့တိုင်အောင် ပဋိလောမနည်းအားဖြင့် ပြောင်းပြန်လှန်၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူပြီးနောက် တစ်ဖန် အတိတ်အခွန့်ကာလတရားဖြစ်သော အဝိဇ္ဇာမှ စ၍ ဇရာမရဏသို့တိုင်အောင် —

ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ = ရဟန်းတို့ . . . ဤသို့လျှင် အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတရားတို့သည် ဖြစ်ပေါ်လာကုန်၏၊ — ဤသို့ စသည်ဖြင့် အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ကုန်ဆုံးအောင် ဟောပြတော်မူလေသည်။ တစ်ဖန် —

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော = အဝိဇ္ဇာ၏ပင်လျှင် အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းကြောင့် သင်္ခါရ၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်၏ — ဤသို့စသည်ဖြင့် အဝိဇ္ဇာမှသည် ဇရာမရဏသို့တိုင်အောင် သံသရာစက်ရဟတ်၏ ချုပ်ငြိမ်းပုံ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကိုလည်း ကုန်ဆုံးအောင် ဟောပြတော်မူလေသည်။ အတိတ် ပစ္စုပ္ပန် အနာဂတ် တိုးလျှိုပေါက် အနုလုံ ပဋိလုံ ဟောတော်-မူခြင်း ဖြစ်၏။

အတိတ်အဓွန့်ကာလမှ အစပြု၍ — ဣတိ ခေါ ဘိက္ခဝေ အဝိဇ္ဇာပစ္စယာ သင်္ခါရာ = ရဟန်းတို့ . . . ဤသို့လျှင် အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတရားတို့သည် ဖြစ်ပေါ်လာကုန်၏၊ — ဤသို့ စသည်ဖြင့် အတိတ်အဓွန့်ကာလ၌လည်းကောင်း, ထိုအတိတ်အဓွန့်ကာလမှ နောက်၌ ဆက်လက်ဖြစ်ပေါ်လာသော ပစ္စုပ္ပန် အဓွန့်ကာလ, အနာဂတ်အဓွန့်ကာလ၌လည်းကောင်း — သင်္ခါရပစ္စယာ ဝိညာဏံ။ ပ။ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ = သင်္ခါရ အကြောင်းခံကြောင့် ဝိညာဏ်ဖြစ်၏။ ပ။ ဇာတိ အကြောင်းခံကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားတို့သည် ထင်ရှား ဖြစ်ပေါ်လာကြကုန်၏။ — စသည်ဖြင့် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် အဆက်မပြတ် ဖြစ်နေသည့် ဖြစ်စဉ်ကို ဟောပြတော်မူလိုသော ဘုရားရှင်သည် — ရှေးဦးစွာ မျက်မှောက် ပစ္စုပ္ပန် အဓွန့်ကာလတရား ဖြစ်ကြကုန်သော အာဟာရလေးပါးတို့၏ အကြောင်းရင်းနိဒါန်းဖြစ်သည့် တဏှာကို ထင်ရှားဟောပြသည်၏ အစွမ်းဖြင့် အတိတ် အဓွန့်ကာလတရားဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် တက်ရောက် ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားတော်မူပြီးသည်မှနောက်၌ ထိုအတိတ် အဓွန့်ကာလတရားဖြစ်သည့် အဝိဇ္ဇာမှ အနာဂတ် အဓွန့်ကာလတရားဖြစ်သည့် ဇာတိ ဇရာမရဏသို့တိုင်အောင် သံသရာစက်ရဟတ်၏ လည်ပတ်စဉ်ဟူသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်, သံသရာစက်ရဟတ်၏ ချုပ်ငြိမ်းပုံဟူသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တို့ကို တစ်ဖန်ပြန်၍ နစ်ခြင်း = တစ်ဖန်ပြန်၍ ဟောပြတော်မူခြင်းနှင့် ကင်း၍ သစ္စာလေးပါးတရား = ပဋိစ္စသမုပ္ပါဒ်တရားတော်တို့ကို မသိနိုင်ကုန်သော ဝေနေယျတို့အား ထို အကြောင်းတရားနှင့် အကျိုးတရားတို့၏ ဖြစ်ပုံအစဉ် ချုပ်ငြိမ်းပုံအစဉ်ကို ထင်ရှားပြတော်မူခြင်း အကျိုးငှာ ဤ **အာဟာရသုတ္တန် ဒေသနာတော်** သည် ဖြစ်ပေါ်လာ၏ဟု ဆိုလိုသည်။

(မူလဋီ-၂-၈၆-၈၇။ မဟာဋီ-၂-၂၄၄-၂၄၅။ အနုဋီ-၂-၉၃-၉၄။)

## အလယ်မှ အစသို့ ရှုကွက်

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်များနှင့်အညီ အလယ်မှ အစသို့ ပြောင်းပြန်လှန်၍ ပဋိလောမအားဖြင့် ဟောကြားထားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို သိမ်းဆည်း ရှုပွားလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် —

ရှေးဦးစွာ မိမိ၏ အနာဂတ်ဘဝ တစ်ခုအတွက် ရည်ရွယ်တောင့်တ၍ ပြုစုပျိုးထောင်နေကျ ဖြစ်သော ဝဋ္ဋနိဿိတကုသိုလ် တစ်ခုခုကို အာရုံယူ၍ စတင်ရှုနိုင်ပါသည်။

ပို၍နားရှင်းအောင် ဆိုပေအံ့ — အသင်သူတော်ကောင်းသည် အနာဂတ်ဘဝ၌ ဓမ္မကထိကနတ်သား ဖြစ်ရန် ရည်ရွယ်တောင့်တ၍ သံဃာတော်တို့အား ဆွမ်းသက်န်းများကို လှူဒါန်းခြင်း ကုသိုလ်သင်္ခါရတစ်ခုကို ပြုစုပျိုးထောင်သည် ဆိုကြပါစို့။

ထိုဝဋ္ဋနိဿိတဖြစ်သော ကုသိုလ်သင်္ခါရ စေတနာအုပ်စုသည် ဝမ်းမြောက်ဝမ်းသာနှင့် လှူဒါန်းခဲ့၍ သောမနဿဝေဒနာနှင့်လည်း အတူတကွ ဖြစ်ငြားအံ့၊ ကံ-ကံ၏အကျိုးကို တတ်သိနားလည်သည့် ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိမှု ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်လည်း ပြဓာန်းလျက် ရှိငြားအံ့၊ ဇောအသီးသီး၌ နာမ်တရား (၃၄)လုံးစီ အသီးအသီး ရှိမည်ဖြစ်၏။ နောင်အနာဂတ် ဇာတိကို သို့မဟုတ် ဥပပတ္တိဘဝကို ဖြစ်စေတတ်သည့် စွမ်းအားရှိသည့် ကမ္မဝဋ္ဋတရားများ ဖြစ်ခြင်းကြောင့် မနောဒွါရိကဇောဝီထိ စိတ်အစဉ်များသာ ဖြစ်ကြသည်။ ယေဘုယျအားဖြင့် မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်၊ ဇော (၇)ကြိမ် ဖြစ်တတ်၏။ လှူဖွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ်, ဓမ္မကထိကနတ်သားဘဝ စသည်တို့၌ တည်ရှိကြသော ကာမ ရုပ်နာမ်ပရမတ်တို့ကို အာရုံယူနိုင်ခဲ့သော် တဒါရုံ ကျနိုင်၏၊ ပညတ်ကို အာရုံယူခဲ့သော် တဒါရုံ မကျပေ။ မဟာဝိပါက် တဒါရုံများနှင့် အဟိတ် တဒါရုံများ ထိုက်သလို ကျခွင့် ရှိ၏။ ယင်းကုသိုလ်သင်္ခါရ နာမ်တရားစုတို့တွင် —

၁။ ဖဿကား ဖဿာဟာရတည်း။

၂။ စေတနာကား မနောသဉ္စေတနာဟာရတည်း။

၃။ အသိစိတ်ကား ဝိညာဏာဟာရတည်း။ (ကမ္မဝိညာဏ်တည်း။)

၄။ နှလုံးအိမ် အတွင်း၌ တည်ရှိကြသော (၅၄) မျိုးကုန်သော ရုပ်တို့တွင် ပါဝင်တည်ရှိကြသော ဩဇာတို့ကား တစ်နည်းဆိုရသော် ခန္ဓာကိုယ်၌ တည်ရှိကြသော စတုသမုဋ္ဌာနိကဩဇာတို့ကား ကဗဠီကာရာဟာရတည်း။

ဤအာဟာရလေးပါးတို့ကို စတင်၍ သိမ်းဆည်းပါ။ အဇ္ဈတ္တဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို သိမ်း-ဆည်းတတ် ဉာဏ်ဖြင့် ပိုင်းခြားယူတတ်သဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိပြီးပါမှ ပစ္စယပရိဂ္ဂဟဉာဏ်သို့ ကူးပြောင်းလာသော အသင်သူတော်ကောင်းအဖို့ ဤအာဟာရလေးပါး အမည်ရသည့် ရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းဖို့ရန်မှာ မခက်ခဲလှတော့ပြီ ဖြစ်၏။

အကယ်၍ အခက်အခဲရှိနေပါက သဘောမပေါက်သေး ဖြစ်နေပါက မိမိရရှိထားပြီးသည့် သမာဓိများကို တစ်ဖန်ပြန်၍ အဆင့်ဆင့်ထူထောင်ပါ။ စတုတ္ထဈာန်သမာဓိကြောင့် လင်းရောင်ခြည်စွမ်းအားများ အထူး အားကောင်းလာသောအခါ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို တစ်ဖန်ပြန်၍ သိမ်းဆည်းပါ။

ရုပ်နာမ် ပရမတ်တရားတို့ကို သိမ်းဆည်းနေသည့် သမ္မာဒိဋ္ဌိဉာဏ်သည် စွမ်းအားထက်မြက် စူးရှလာသော အခါ ဆွမ်းသင်္ကန်းများကို လှူဒါန်းနေသည့် အချိန်က ဖြစ်ပေါ်ခဲ့သော ရုပ်နာမ်တို့ကို အထူးသဖြင့် ဆုတောင်း နေသော စိတ်အစဉ် လှူဒါန်းနေသော စိတ်အစဉ်တို့ကို သိမ်းဆည်းပါ။ ဉာဏ်ဖြင့် ပိုင်းခြားယူပါ။

အကယ်၍ ထိုအလှူဒါနပွဲမှာ လွန်ခဲ့သော ရက်အနည်းငယ်က သို့မဟုတ် လအနည်းငယ်က ကျင်းပခဲ့သည် ဖြစ်၍ အနည်းငယ် ဝေးကွာနေသဖြင့် ယင်းအာဟာရလေးပါး ရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းရာ၌ အခက်အခဲ ရှိနေသေးပါက အသင်သူတော်ကောင်းသည် တရားမထိုင်မီ စေတီတော်၌ ဖြစ်စေ ရုပ်ပွား ဆင်းတုတော် တစ်ဆူထံ၌ ဖြစ်စေ ဆီမီးလှူ၍ ဓမ္မကထိကနတ်သားဘဝကို ဆုတောင်းကြည့်ပါ။ ဝမ်းမြောက် ဝမ်းသာ စိတ်ပါလက်ပါ ဆုတောင်းကြည့်ပါ။ သို့မဟုတ် အသစ်စက်စက် ကောင်းမှုကုသိုလ် တစ်ခုကို ထပ်ပြု-ကြည့်ပါ။ ဆုတောင်းကြည့်ပါ။ ထိုအလှူပွဲ၌ —

၁။ ဓမ္မကထိကနတ်သားဟု အသိမှားမှုသဘောကား အဝိဇ္ဇာတည်း။

၂။ ယင်းဓမ္မကထိကနတ်သားဘဝကို တွယ်တာတပ်မက်မှုသဘောကား တဏှာတည်း။

၃။ ယင်းဓမ္မကထိကနတ်သားဘဝကို စိတ်ကပ်ရောက်စွဲနေမှုသဘောကား ဥပါဒါန်တည်း။ (ကိလေသဝဋ္ဋ သုံးပါးတည်း။)

[ဓမ္မကထိကနတ်သား တကယ်ထင်ရှားရှိ၏ဟု စွဲလမ်းယုံကြည်မှုကား သဒ္ဓါယဒိဋ္ဌိတည်း။ ဤကိလေသဝဋ်မှ အုပ်စုသည်ကား ယေဘုယျအားဖြင့် ပုထုဇန်များအတွက် လောဘဒိဋ္ဌိအုပ်စုတည်း။ မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်, ဇော (၇)ကြိမ် ဖြစ်တတ်၏၊ ဓမ္မကထိကနတ်သားဘဝ၌ တည်ရှိသော ကာမ ရုပ်နာမ်ကို အာရုံပြုနိုင်သော်ကား တဒါရုံကျခွင့် ရှိ၏။ ကုသလဝိပါက် တဒါရုံများ ထိုက်သလို ဖြစ်နိုင်၏။ ဇောသည် သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်၍ ဒိဋ္ဌိနှင့် ယှဉ်သော် နာမ်တရား (၂၀)စီ အသီးအသီး ရှိ၏။]

၄။ စေတီတော်၌ သို့မဟုတ် ရုပ်ပွားဆင်းတုတော်၌ ဆီမီးပူဇော် လှူဒါန်းနေသော ထိုဝဋ္ဋနိဿိတကုသိုလ် စေတနာအုပ်စုကား သင်္ခါရတည်း။

[သောမနဿဝေဒနာနှင့် အတူတကွဖြစ်၍ ဉာဏ်ယှဉ်သော် ဇောအသီးအသီး၌ နာမ်တရား (၃၄)စီ အသီးအသီး ရှိကြမည်ဖြစ်သည်။ စေတီတော် ရုပ်ပွားတော် ဆီမီး စသည်တို့၏ ရူပါရုံအရောင်ကို အာရုံယူနိုင်-ခဲ့သော် တဒါရုံကျခွင့် ရှိ၏။ တဒါရုံကျခဲ့သော် မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်၊ ဇော (၇)ကြိမ်၊ တဒါရုံ (၂) ကြိမ် — ဟူသော မနောဒွါရဝီထိ နာမ်တရားစုတည်း။]

၅။ ယင်းအဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ခြံရံထားသော ကုသိုလ်သင်္ခါရတရားစုတို့ကား အနိစ္စတရားစုတို့သာ ဖြစ်ခြင်းကြောင့် ဖြစ်ပြီးလျှင် ပျက်သွားကြ၏၊ ပျက်သွားသောအခါ နောင်တစ်ချိန်ဝယ် မိမိ မျှော်လင့်တောင့်တ နေသည့် ဓမ္မကထိကနတ်သားဘဝတည်းဟူသော ခန္ဓာငါးပါးကို ဖြစ်စေနိုင်သည့် စွမ်းအင်ကမ္မသတ္တိကို ရုပ်နာမ် သန္တာန်အစဉ်၌ မြှုပ်နှံပြီးမှသာလျှင် ချုပ်ပျက်သွား၏။ ယင်းစွမ်းအင်သတ္တိကား ကံတရားပင်တည်း။ နာနာက္ခဏိက ကမ္မ ပစ္စည်းတရားတည်း။

အားလုံးပေါင်းသော် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ ဟူသော အကြောင်းတရားငါးပါး စုံညီသွား၏။ နောင်အနာဂတ်အတွက် ရည်မြော်၍ ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်လိုက်သော ပစ္စုပ္ပန် အကြောင်းတရားငါးပါးတည်း။ ကိလေသဝဋ်နှင့် ကမ္မဝဋ်တည်း။ ယင်းကမ္မဝဋ်မှ အမည်ရသော ဇောအသီးသီး၌ တစ်နည်းဆိုရသော် သင်္ခါရ ကမ္မဘဝ အမည်ရသော နာမ်တရားစုတို့၌ —

၁။ ဖဿကား ဖဿာဟာရတည်း။
၂။ စေတနာကား မနောသဉ္စေတနာဟာရတည်း။
၃။ အသိစိတ်ကား ဝိညာဏာဟာရတည်း။
၄။ ရုပ်အာဟာရဟူသော ဩဇာရုပ်တို့ကား ကဗဠီကာရာဟာရတည်း။

ဤအာဟာရလေးပါးတို့ကို စတင်၍ သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာ၌ အထက်ပါ ကမ္မဝဋ်တွင် အကျုံးဝင်သော ဖဿ, စေတနာ, ဝိညာဏ်တို့ကား ကျန်စေတသိက်များ မပါဘဲ မိမိတို့ချည်းသက်သက် ဖြစ်နိုင်သည့်စွမ်းအား မရှိကြပေ။ ကျန်စေတသိက်များနှင့် ယှဉ်တွဲရမှသာလျှင် ဖြစ်နိုင်သည့်စွမ်းအား ရှိကြ၏။ သို့အတွက် ယင်းတရားသုံးပါး ဦးဆောင်သည့် သမ္ပယုတ်တရား အားလုံးကိုပါ ရောနှော၍ သိမ်းဆည်းပါ။ တစ်နည်းဆိုသော် ယင်းမနောဒွါရဝီထိ တစ်ဝီထိလုံးအတွင်း၌ ပါဝင်တည်ရှိကြသော နာမ်တရားတို့ကို နာမ်တုံး နာမ်ခဲတည်းဟူသော နာမ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ နောင်အနာဂတ်ဇာတိ သို့မဟုတ် ဥပပတ္တိဘဝကို ဖြစ်စေတတ်သည့် ကမ္မဝဋ်တရားများ ဖြစ်ခြင်း-ကြောင့် မနောဒွါရိကဇောဝီထိ စိတ်အစဉ်များသာ ဖြစ်ကြသည်။

ယင်းနာမ်တရားစုတို့၏ မှီရာ ဝတ္ထုရုပ်များ ဖြစ်ကြသော ဟဒယဝတ္ထုနှင့်တကွ (၅၄)မျိုးကုန်သော ရုပ်တရား-တို့ကိုလည်း ယင်းရုပ်တရားတို့တွင် အကျုံးဝင်သော ကဗဠီကာရာဟာရ အမည်ရသော စတုသမုဋ္ဌာနိက ဩဇာကို အဦးမူ၍ ရုပ်တုံး ရုပ်ခဲ ရုပ်ယန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ (၆)ဒွါရ, (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားတို့ကိုပါ ရောနှော၍ သိမ်းဆည်းလိုပါက သိမ်းဆည်းပါ။

**ဖြစ်တတ်သောသဘာဝ** – အဇ္ဈတ္တဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို ပရမတ်သို့ဆိုက်အောင် သိမ်းဆည်းနေသော ယင်းနာမရူပပရိစ္ဆေဒဉာဏ်ကြောင့်လည်း လင်းရောင်ခြည်များ ထွက်ပေါ်နေသည်သာ ဖြစ်သည်။ ထိုသို့ လင်းရောင်ခြည်အားကောင်းနေသော အချိန်တွင် သူတော်ကောင်းတစ်ဦးသည် ယခုကဲ့သို့ အာဟာရလေးပါး အမည်ရသည့် ကမ္မဝဋ်တရားတို့ကို, တစ်နည်း နာမ်ရုပ်တို့ကို လှမ်း၍ သိမ်းဆည်းလိုက်ရာ၌ ဆွမ်းသက်နံး လှူနေသည့်ပုံ, သို့မဟုတ် ဆီမီးလှူနေသည့်ပုံကို အချို့ယောဂီတို့သည် ဉာဏ်ရောင်ထဲ၌ တွေ့မြင်နေတတ်၏။ ထိုအခါတွင် ထိုပုံ၌ ဓာတ်ကြီးလေးပါးကို မြင်အောင် စိုက်၍ ရှုပါ။ ဗဟိဒ္ဓ၌ ရုပ်နာမ်တို့ကို သိမ်းဆည်းတတ်သော သူတော်ကောင်း အဖို့ကား မခက်ခဲတော့ပြီ။ ထိုပုံကိုလည်း ဗဟိဒ္ဓ၌ ရုပ်နာမ်ကို သိမ်းဆည်းသည့်ပုံစံအတိုင်းပင် ဓာတ်ကြီးလေးပါးက စ၍ သိမ်းဆည်းပါ။ ရုပ်ကလာပ်များကို တွေ့မြင်သောအခါ ရုပ်ကလာပ်များကို ဓာတ်ခွဲလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ အထူးသဖြင့် နှလုံး၌ တည်ရှိကြသော (၅၄)မျိုးကုန်သော ရုပ်တရားတို့ကို ထိုတွင်လည်း ဟဒယဝတ္ထုကို ဦးစားပေး၍ သိမ်းဆည်းပါ။

ထိုသို့ ဟဒယဝတ္ထုရုပ်ကို သိမ်းဆည်းနိုင်ခဲ့သော် ယင်းဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်နေသော အိမ်ရှင်ဘဝင် မနောအကြည်ဓာတ်ကိုလည်း လွယ်လွယ်ကူကူပင် ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်မည် ဖြစ်ပေသည်။ ထိုအခါ ယင်း ဘဝင်မနောအကြည်ဓာတ်ကို ရှေ့တိုး နောက်ဆုတ်သဘောဖြင့် ကြိမ်ဖန်များစွာ သိမ်းဆည်းခဲ့သော် ယင်းဘဝင် မနောအကြည်ဓာတ်တို့၏ အကြား အကြားတွင် ဖြစ်ပေါ်သွားကြသော ဝီထိစိတ်အစဉ်များကိုလည်း လွယ်လွယ် ကူကူ သိမ်းဆည်းနိုင်တော့မည် ဖြစ်ပေသည်။ ထိုဝီထိစိတ်အစဉ်တို့တွင် အသင်သူတော်ကောင်း ကိုယ်တိုင် ဆုတောင်းခဲ့သော အထက်တွင် ဖော်ပြခဲ့သော ကိလေသဝဋ် ကမ္မဝဋ် နာမ်တရားစုတို့ကို ရှာဖွေကြည့်ပါ။ သိမ်းဆည်းကြည့်ပါ။

## အကြိမ်ကြိမ် ဆန်းစစ်ကြည့်ပါ

အသင်သူတော်ကောင်းသည် ကောင်းမှုပြုစဉ်၌ ဖြစ်ပေါ်သွားကြသော နာမ်တရားစုတို့ကို ကောင်းမှုပြုစဉ်၌ သတိပြု၍ မှတ်သားထားပါ။ ယခုကဲ့သို့ တစ်ဖန်ပြန်၍ ယင်းကမ္မဝဋ် နာမ်တရားတို့ကို သိမ်းဆည်းရာ၌ သိမ်းဆည်း နိုင်သောအခါ ရှေးယခင် ကောင်းမှုပြုစဉ်က ဆုတောင်းခဲ့သည့် နာမ်တရားများ ဟုတ်မဟုတ်ကို သေချာစွာ ဆန်းစစ်ကြည့်ပါ။ တူသည်ဟု ဆုံးဖြတ်ချက်ချနိုင်လျှင်ကား အောင်မြင်မှု ရရှိပြီဖြစ်သည်။

ယင်းကမ္မဝဋ်တွင် အကျုံးဝင်သော အာဟာရလေးပါးတို့ကို သိမ်းဆည်းနိုင်သောအခါ အထက်တွင်ဖော်ပြ ခဲ့သည့်အတိုင်း ပဋိလောမနည်းအားဖြင့် ပြောင်းပြန်လှန်၍ အတိတ်ဘဝ အတိတ်အဓွန့်တရားဖြစ်သည့် အဝိဇ္ဇာသို့ တိုင်အောင် သိမ်းဆည်းပါ။

အောင်မြင်မှုရသောအခါ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ, သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံစသည့် သံသရာ စက်ရဟတ်၏ ဖြစ်စဉ်ဟူသော အနုလောမပဋိစ္စသမုပ္ပါဒ် = ကြောင်း-ကျိုး ဆက်နွယ်ပုံကိုလည်းကောင်း, အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်ပုံ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်ပုံ စသည့် သံသရာစက်ရဟတ်၏ ချုပ်ငြိမ်းပုံ

ပဋိလောမ ပဋိစ္စသမုပ္ပါဒ် သဘောတရားကိုလည်းကောင်း အနာဂတ် အဓွန့်ကာလသို့တိုင်အောင် တစ်ဖန်ပြန်၍ သိမ်းဆည်း ရှုပွားပါ။ ဤကား နွယ်ခွေယောက်ျား ဥပမာဖြင့် ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို လေးနည်းဖွင့်ဆို ထားသည့် အဋ္ဌကထာအဖွင့်တို့တွင် တတိယနည်းကို ဖွင့်ဆိုထားသော ဋီကာဆရာတော်တို့၏ အာဟာရသုတ္တန် ဒေသနာတော်ကို အဓိပ္ပါယ်ယူဆပုံ ပထမအဖွင့် ရှုကွက်အကျဉ်းတည်း။ (အသေးစိတ်ရှုကွက်ကို နောက်တွင် ထပ်မံ၍ ဖော်ပြပါမည်။)

## ခ။ ဒုတိယအဖွင့်အရ အဓိပ္ပါယ်ယူဆပုံ

ခ။ အာဟာရာ ဝါ တဏှာယ ပဘာဝေတဗ္ဗာ အနာဂတော အဒ္ဓါ၊ တဏှာဒယော ပစ္စုပ္ပန္နော၊ သင်္ခါရာဝိဇ္ဇာ အတီတောတိ။ (မူလဋီ-၂-၈၆။ မဟာဋီ-၂-၂၄၄-၂၄၅။)

အဋ္ဌကထာ၌ ဖော်ပြထားသော အထက်ပါ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် တတိယနည်းဖြစ်သည့် အာဟာရ သုတ္တန်ကို အဓိပ္ပါယ်ယူဆပုံ ဒုတိယတစ်နည်း ထပ်ဖွင့်ထား၏။ ယင်းအဖွင့်အရ အာဟာရသုတ္တန်ကို အဓိပ္ပါယ် ယူဆပုံမှာ ဤသို့တည်း။

ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ၌ ပြုစုပျိုးထောင်လိုက်သော တဏှာသည် (= အဝိဇ္ဇာ တဏှာ ဥပါဒါန် ခြံရံ-ထားသော ကံသည်) ဖြစ်စေထိုက်ကုန်သော အနာဂတ်ဘဝ၏ ပဋိသန္ဓေအခိုက်၌ ဖြစ်ကြကုန်သော အာဟာရ လေးမျိုးတို့ကို အာဟာရသုတ္တန် ပါဠိတော်၌ လာရှိသော စတ္တာရော အာဟာရာ - အရ ကောက်ယူပါ။ အကယ်၍ ယင်းအနာဂတ် ပဋိသန္ဓေသည် တိဟိတ် သောမနဿပဋိသန္ဓေ ဖြစ်အံ့၊ ထိုပဋိသန္ဓေ၌ နာမ်တရား (၃၄)လုံး ရှိမည်ဖြစ်သည်။ ပုံစံအားဖြင့် အသင်သူတော်ကောင်းသည် ဆုတောင်းပန်ထွာထားသည့် ဓမ္မကထိကနတ်သား ဘဝ၏ ပဋိသန္ဓေကိုပင် အာရုံယူထားပါ။ ယင်းအနာဂတ်ပဋိသန္ဓေ နာမ်တရားစုတွင် —

၁။ ဖဿကား ဖဿာဟာရတည်း။
၂။ စေတနာကား မနောသဥ္စေတနာဟာရတည်း။
၃။ ပဋိသန္ဓေဝိညာဏ်ကား ဝိညာဏာဟာရတည်း။

ဤသည်တို့ကား ပဋိသန္ဓေအခိုက် နာမ်အာဟာရ သုံးပါးတို့တည်း။

၄။ ပြည့်စုံသော အာယတနရှိသော ဓမ္မကထိကနတ်သား၏ ပဋိသန္ဓေအခိုက်၌ ပြိုင်တူဖြစ်ကြသော စက္ခုဒသက ကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဟဒယဒသကကလာပ်ဟူသော ကမ္မဇရုပ်ကလာပ်အမျိုးစား (၇)မျိုးတို့တွင် ပါဝင်-ကြသော ကမ္မဇသြဇာ အသီးအသီးကား ကဗဠီကာရာဟာရတည်း။ ဤကား ရုပ်အာဟာရတစ်ပါးတည်း။

ဤအာဟာရလေးပါးတို့ကား အနာဂတ် အဓွန့်ကာလတရားတို့တည်း။ ယင်းအနာဂတ် အာဟာရလေးပါး-တို့၏ အကြောင်းရင်းခံဖြစ်သော တဏှာစသော တရားတို့ကား (ကမ္မဘဝ၊ ဥပါဒါန်၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်တို့ကား) ပစ္စုပ္ပန်အဓွန့်ကာလတရားတို့တည်း။ သင်္ခါရနှင့် အဝိဇ္ဇာတို့ကား အတိတ် အဓွန့်ကာလတရားတို့တည်း။ (မူလဋီ-၂-၈၆။ မဟာဋီ-၂-၂၄၄-၂၄၅။)

ဤယူဆပုံနည်း၌ အနာဂတ် အဓွန့်ကာလတရား, ပစ္စုပ္ပန် အဓွန့်ကာလတရား, အတိတ် အဓွန့်ကာလတရား ဟူသော အဓွန့်ကာလတရား (၃)မျိုးလုံး ပါဝင်သည်။ ရှုကွက်မှာ ယင်းအနာဂတ် ပဋိသန္ဓေဟူသော အာဟာရ (၄)ပါးက စ၍ အတိတ် အဓွန့်ကာလတရား အဝိဇ္ဇာသို့ တိုင်အောင် ပြောင်းပြန်လှန်၍ အကျိုးနှင့် အကြောင်း ဆက်နွယ်မှု သဘောတရားကို တစ်စတစ်စ သိမ်းဆည်းရမည် ဖြစ်သည်။

## ၈။ ဋီကာတို့၏ တတိယအဖွင့်အရ အစိပ္ပါယ်ယူဆပုံ

ပစ္စက္ခံ ပန ဖလံ ဒဿေတွာ — စသော အထက်စာမျက်နှာ (၅၈) ၌ ဖော်ပြထားခဲ့သော ဋီကာအဖွင့်များကို ပြန်လည်၍ အာရုံယူပါ။ — ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

အာဟာရလေးပါးကား ယခုပစ္စက္ခ ပစ္စုပ္ပန် အခွန့်ကာလ၌ ဖြစ်သော ပဋိသန္ဓေ ဝိညာဏ် နာမ်ရုပ်ဟူသော အကျိုးတရားစုတည်း။ အကယ်၍ အသင်သူတော်ကောင်းသည် တိဟိတ် သောမနဿပဋိသန္ဓေတည်နေခဲ့သူ ဖြစ်အံ့၊ ပဋိသန္ဓေအခိုက်၌ ဝိပါက်နာမ်တရား (၃၄)၊ ကမ္မဇရုပ်အမျိုးအစား (၃၀) ရှိမည် ဖြစ်သည်။ ယင်းပဋိသန္ဓေ နာမ်တရားစု (၃၄)တွင် —

၁။ ဖဿကား ဖဿာဟာရတည်း။

၂။ စေတနာကား မနောသဉ္စေတနာဟာရတည်း။

၃။ ပဋိသန္ဓေဝိညာဏ်ကား ဝိညာဏာဟာရတည်း။

၄။ ကမ္မဇရုပ်များတွင် ပါဝင်သော အသီးအသီးသော ဩဇာကား ကဗဠီကာရာဟာရတည်း။

ဘုရားရှင်သည် အာဟာရသုတ္တန်ကို ဟောကြားတော်မူရာဝယ် ယင်းအာဟာရလေးပါးတည်းဟူသော မျက်မှောက် ပစ္စက္ခဖြစ်သော ပစ္စုပ္ပန်အခွန့်ကာလ အကျိုးတရားကို ထင်ရှားပြတော်မူ၍ ယင်းအာဟာရလေးပါးတို့၏ အကြောင်းနိဒါန်း ဖြစ်သော ပုရိမတဏှာဟူသော အတိတ်ဘဝက တဏှာကို ထင်ရှားပြတော်မူ၏။ ယင်းသို့ ထင်ရှား ဟောပြတော်မူပြီးနောက် ထိုအကျိုး၏ အကြောင်းကို ညွှန်ပြတော်မူသည်၏ အစွမ်းဖြင့် အကျိုးနှင့် အကြောင်းတို့၏ ကျိုး-ကြောင်း ဆက်နွယ်မှုသဘော အဆက်ဆက်အားဖြင့် သံသရာဝဋ္ဋ်၏ ဖြစ်ပေါ်ပုံကို ထင်ထင် ရှားရှား ဟောကြားပြသတော်မူခြင်းသည်, တစ်နည်းဆိုသော် — "တဏှာ၏ အကြောင်းတရားကား ဝေဒနာတည်း၊ ဝေဒနာ၏ အကြောင်းတရားကား ဖဿတည်း" ဤသို့ စသည်ဖြင့် အကျိုး၏ အကြောင်း, အကြောင်း၏ အကြောင်း အဆက်ဆက်ကို ထင်ရှားပြလျက် ဟောကြားပြသတော်မူခြင်းသည် — ထိုဟောပြသည့် အခြင်းအရာအတိုင်း သစ္စာလေးပါးကို ထိုးထွင်းသိကြမည့် ဝေနေယျတို့၏ အဇ္ဈာသယဓာတ်နှင့် လျော်သောကြောင့်လည်းကောင်း, ပဋိစ္စသမုပ္ပါဒ် ကြောင်း-ကျိုးဆက် ဓမ္မသဘာဝ စည်းကမ်းနည်းလမ်းများနှင့် ဆန့်ကျင်မှု မရှိသောကြောင့် လည်းကောင်း သင့်မြတ်သည်သာ ဖြစ်၏။ လျော်ကန်သင့်မြတ် ကောင်းမြတ်သော ဟောကြားတော်မူချက်သာ ဖြစ်သည်။ ထိုကြောင့် ဤနည်း၌ အာဟာရသုတ္တန် ဒေသနာတော်ကို အောက်ပါအတိုင်း ဆိုလိုရင်း အနက် သဘောကို မှတ်သားပါ။

၁။ ရှေးအတိတ် အခွန့်ကာလက ဖြစ်ခဲ့သော တဏှာသည် ဖြစ်စေအပ်သော လက်ရှိဘဝ၏ ပဋိသန္ဓေအခိုက်၌ ဖြစ်ကုန်သော အာဟာရလေးပါးတို့ကား ပစ္စုပ္ပန် အခွန့်ကာလတရားစုတို့တည်း။

၂။ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်တို့ကား အတိတ် အခွန့်ကာလတရားစုတို့တည်း။

၃။ သင်္ခါရနှင့် အဝိဇ္ဇာတို့ကား ထိုအတိတ်ထက် သာ၍ရှေးကျသော အတိတ် အခွန့်ကာလတရားစုတို့တည်း။

ဤသို့လျှင် ဘုရားရှင်သည် သာ၍ရှေးကျသော အတိတ်အခွန့်ကာလ အဆက်ဆက်သို့တိုင်အောင် အကျိုးတရားနှင့် အကြောင်းတရားတို့၏ အကျိုး အဆက်ဆက် အကြောင်း အဆက်ဆက်အားဖြင့် ကျိုး-ကြောင်း ဆက်နွယ်ပုံသဘောကို ဖော်ပြသော ဤအာဟာရသုတ္တန်ကို သံသရာ၏ ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစ ရှိသည်၏ အဖြစ်ကို တစ်နည်းဆိုရသော် သံသရာ၏ အစမထင်သည်၏ အဖြစ်ကို ထင်ရှားပြခြင်းငှာ ဟောကြားတော်မူအပ်ပေသည်။

ဤသို့ အဓိပ္ပါယ်ယူဆရာ၌ — **ယာဝ အတီတံ အဒ္ဓါနံ** – ဟူသော အထက်၌ ဖော်ပြခဲ့သော ပဋိစ္စသမုပ္ပါဒ် တတိယနည်းအဖွင့် အဋ္ဌကထာ စကားရပ်ကို **ယာဝ အတီတတရံ အဒ္ဓါနံ** = သာ၍ရှေးကျသော အတိတ် အခွန့်ကာလသို့တိုင်အောင် - ဟု အနက်အဓိပ္ပါယ်ကို သဘောပေါက်ပါ။

**သတိပြုပါရန်** — ဤဋီကာတို့၏ အယူအဆသည်ကား အထက်တွင် ဖော်ပြထားသော သံယုတ် အဋ္ဌကထာ၏ အဖွင့်များနှင့် တစ်သားတည်း ညီညွတ်လျက်ရှိနေ၏။ အထက်တွင် ဖော်ပြထားသော အာဟာရ သုတ္တန် အဋ္ဌကထာကောက်နုတ်ချက် အတိုင်းပင် ဖြစ်သည်။ ဤနည်း၌ အတိတ် - အရ အတိတ်အဆက်ဆက် ဖြစ်နေသဖြင့် အဓိပ္ပါယ် ဆိုလိုရင်းသဘောကို ရှင်းလင်း တင်ပြရာ၌ လွယ်ကူစေရန် ပထမအတိတ် ဒုတိယ အတိတ် — ဤသို့ စသည်ဖြင့် ဤကျမ်းတွင် ခေါ်ဝေါ်သုံးစွဲထားပါသည်။ သို့သော် ပထမအတိတ်ဘဝဟု ဆိုသဖြင့် လွန်ခဲ့သော ပထမအတိတ်ဘဝဟု တစ်ထစ်ချ အဓိပ္ပါယ်အယူအဆ မမှားစေလိုပါ။ ပထမအတိတ်ဟူသည် ယခုလက်ရှိ ပစ္စုပ္ပန် ဘဝ၏ ပဋိသန္ဓေအခိုက်၌ အာဟာရလေးပါးတို့ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရား တို့ကို ထူထောင်ခဲ့သော အတိတ်ဘဝကိုသာ ဆိုလိုပါသည်။ ထိုအတိတ်ဘဝဟူသည် လွန်ခဲ့သော ပထမ အတိတ်-ဘဝလည်း ဖြစ်နိုင်၏။ လွန်ခဲ့သော အတိတ်ဘဝ ထိုထိုသော်လည်း ဖြစ်နိုင်၏။ ပစ္စုပ္ပန် အကျိုးဝိပါက်ခန္ဓာ၏ အကြောင်းတရားတို့ကို ထူထောင်ခဲ့ရာ ဘဝကိုသာ ဆိုလိုရင်းဖြစ်ပါသည်။ အကယ်၍ လွန်ခဲ့သော ပထမ အတိတ်ဘဝက ထူထောင်ခဲ့သော တဏှာစသော အကြောင်းတရားတို့ကပင် ယခု ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအခိုက် အာဟာရလေးမျိုးတို့ကို ဖြစ်စေသည် ဖြစ်ငြားအံ့၊ ထိုပထမအတိတ်ဘဝကိုပင် ပထမအတိတ်ဟု ဆိုလိုပေသည်။ အကယ်၍ ပထမအတိတ်ဘဝက ထူထောင်ခဲ့သော တဏှာစသော အကြောင်းတရားတို့က ယခု ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအခိုက် အာဟာရလေးပါးတို့ကို ဖြစ်ပေါ်စေသည် မဟုတ်ဘဲ ထိုထက် ရှေးကျသော အတိတ်ဘဝ တစ်ခုခုက = အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့သော တဏှာစသော အကြောင်းတရားတို့က ယခု ပစ္စုပ္ပန် ဘဝ၏ ပဋိသန္ဓေအခိုက် အာဟာရလေးပါးတို့ကို ဖြစ်စေသည် ဖြစ်ငြားအံ့၊ ထိုအကြောင်းတရားတို့ကိုပင် ပြုစု ပျိုးထောင်ခဲ့ရာ အတိတ်ဘဝကိုပင် ပထမ အတိတ်ဟု ဆိုလိုသည် မှတ်သားပါ။ ဒုတိယအတိတ်အကြောင်း-တရားများ စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲရာ၌လည်း နည်းတူပင် မှတ်ပါ။ အကြောင်းမူ — အချို့သော ယောဂါဝစရ ပုဂ္ဂိုလ်တို့၌ လက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေ အခိုက် အာဟာရလေးပါးတို့ကို ဖြစ်ပေါ်စေတတ်သော အကြောင်း-တရားတို့မှာ လွန်ခဲ့သော ဒုတိယဘဝကသော်လည်းကောင်း ဘဝပေါင်းများစွာကသော်လည်းကောင်း ပြုစု ပျိုးထောင်ခဲ့သော အကြောင်းတရားတို့သာ ဖြစ်ကြသောကြောင့်တည်း။ အတိတ်အဆက်ဆက်၌ နည်းတူ သဘောပေါက်ပါလေ။

ဤအထက်ပါ ဋီကာတို့၏ အာဟာရသုတ္တန်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ဖွင့်ဆိုထားသည့် တတိယအဖွင့် အယူအဆ၌ — လက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအခိုက် အာဟာရလေးပါးတို့၏ အကြောင်းရင်းများကို ဟောကြားတော်မူရာတွင် တဏှာကိုသာ ပဓာနထား၍ ဟောကြားထားတော်မူ၏။ ယင်းတဏှာမှာ ပထမ အတိတ်ကဖြစ်ခဲ့သော တဏှာပင်တည်း။ ထိုသို့ ဟောတော်မူသဖြင့် တဏှာတစ်ခုတည်းကသာ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေကို (= ပဋိသန္ဓေအခိုက် အာဟာရလေးပါးတို့ကို ) ဖြစ်စေသည်ဟု မယူဆစေလိုပါ။

ဧဝဉ္စ ကတွာ အတီတာဘိမုခဂ္ဂဟဏံ ဇနကကမ္မံ ဂဟိတံ တဏှာသီသေန နာနန္တရိယဘာဝတော။ န ဟိ ကမ္မုနာ ဝိနာ တဏှာ ဘဝနေတ္တိ ယုဇ္ဇတိ။ (သံ-ဋီ-၂-၃၁။)

တဏှာကို အဦးမူသဖြင့် ပဋိသန္ဓေစသည့် ဝိပါကဝဋ်ကို တိုက်ရိုက် ဖြစ်ပေါ်စေတတ်သော ဇနကကံကို ဟောတော်မူလိုရင်း ဖြစ်၏၊ ကံနှင့်ကင်း၍ တဏှာသည် ဘဝကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်ပေ။ သို့အတွက် တဏှာဟု

ဟောတော်မူလိုက်သဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အတိတ်အကြောင်းတရား ငါးပါးလုံးကိုပင် နာနန္တရိကနည်းအားဖြင့် = မကင်းစကောင်းသော နည်းအားဖြင့် ဟောတော်မူပြီးဖြစ်သည်ဟု မှတ်ပါ။

ယင်းသို့ဖြစ်လျှင် တဏှာ - အရတွင် အဝိဇ္ဇာ သင်္ခါရတို့ပါ ပါဝင်ပြီးဖြစ်လျှင် အဘယ်အကျိုးငှာ အာဟာရ သုတ္တန်တွင် သင်္ခါရနှင့် အဝိဇ္ဇာတို့ကို ထပ်၍ ဟောတော်မူပြန်ပါသနည်း၊ အဝိဇ္ဇာသို့တိုင်အောင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ထပ်မံ၍ ဟောတော်မူပြန်ပါသနည်းဟု မေးရန်ရှိ၏။ **သင်္ခါရာဝိဇ္ဇာ တတောပိ အတီတတရော** - (မူလဋီ-၂-၈၆။) ဟူသည်နှင့် အညီ ထိုအတိတ်ထက် ရှေးကျသော အတိတ်က ဖြစ်ခဲ့သော အဝိဇ္ဇာ သင်္ခါရတို့ကို ညွှန်ပြရန် ရည်ရွယ်တော်မူ၍ ဟောကြားတော်မူသည်ဟု မှတ်ပါ။ သို့အတွက် အာဟာရသုတ္တန် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ အစပိုင်းတွင် တည်ရှိသော သင်္ခါရ အဝိဇ္ဇာတို့ကား ထိုပထမအတိတ်ထက် သာလွန်၍ ရှေးကျသော အတိတ်ကဖြစ်ခဲ့သည်ဟု သဘောပေါက်ပါလေ။ (အနုဋီ-၂-၉၃ - ကြည့်ပါ။)

## ဆိုလိုရင်းသဘောမှတ်ရန်

၁။ ဒုတိယအတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကြောင့် –

၂။ ပထမအတိတ်တွင် ပဋိသန္ဓေအခိုက် အာဟာရလေးပါးတို့ ဖြစ်ပေါ်လာကြ၏။ တစ်နည်းဆိုသော် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုးဝိပါကဝဋ်တရားတို့ ဖြစ်ပေါ်လာကြ၏။

၃။ ပထမအတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကြောင့် –

၄။ ယခု ပစ္စုပ္ပန်ဘဝတွင် ပဋိသန္ဓေအခိုက်၌ အာဟာရလေးပါးတို့ ဖြစ်ပေါ်လာကြ၏။ တစ်နည်း – ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုးဝိပါက်တရားတို့ ဖြစ်ပေါ်လာကြ၏။

ဤသို့ ဆိုလိုပေသည်။

## အစပ် (၃) ပါး, အလွှာ (၄) လွှာ

တတ္ထ စ အာဟာရတဏှာနံ အန္တရေ ဧကော သန္ဓိ၊ တဏှာဝေဒနာနံ အန္တရေ ဧကော၊ ဝိညာဏသင်္ခါရာနံ အန္တရေ ဧကောတိ ဧဝံ တိသန္ဓိ စတုသင်္ခေပမေဝ ဝဋ္ဋံ ဒဿိတန္တိ။ (သံ-ဋ္ဌ-၂-၂၈။)

အထက်ပါ ဋီကာဆရာတော်တို့၏ တတိယအဖွင့် အယူအဆ - အရ အာဟာရသုတ္တန်ကို အဓိပ္ပါယ်ကောက် ယူခဲ့သော် —

၁။ ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအခိုက် အာဟာရလေးပါးနှင့် ပထမအတိတ် တဏှာတို့၏ အကြား၌ အာဟာရလေးပါးက အကျိုး, တဏှာက အကြောင်းဟု အကျိုးနှင့် အကြောင်း ဆက်စပ်နေသည့် အစပ် တစ်ခု။

၂။ အလယ်ဖြစ်သော ယင်းပထမအတိတ် တဏှာနှင့် ဝေဒနာတို့၏ အကြား၌ အကြောင်းနှင့် အကျိုး ဆက်စပ် နေသည့် အစပ်တစ်ခု။ (ဆိုလိုသည်မှာ - ပထမအတိတ် တဏှာသည် ပစ္စုပ္ပန် အာဟာရလေးပါး၏ အကြောင်းတရား ဖြစ်၏၊ ပထမအတိတ် ဝေဒနာကား ဒုတိယအတိတ်အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာရသော အကျိုးတရားတည်း။ ပထမအတိတ်အကြောင်းတရားဖြစ်သည့် ယင်းတဏှာသည် ပထမအတိတ်အကျိုးတရားဖြစ်သည့် ယင်းဝေဒနာ အကြောင်းခံကြောင့် ဖြစ်ပေါ်လာရသဖြင့် တဏှာ အကြောင်းတရားနှင့် ဝေဒနာ အကျိုးတရားတို့၏ ဆက်စပ်နေသည့် အစပ်တစ်ခုဟု ဆိုလိုသည်။)

၃။ ပထမအတိတ် ပဋိသန္ဓေဝိညာဏ်နှင့် သို့မဟုတ် ဝိပါက်ဝိညာဏ်နှင့် ဒုတိယအတိတ် သင်္ခါရတို့၏ အကြား၌ ပထမအတိတ် ဝိပါက်ဝိညာဏ်အကျိုးတရားနှင့် ဒုတိယအတိတ် သင်္ခါရအကြောင်းတရားတို့၏ အကျိုးနှင့်အကြောင်း ဆက်စပ်နေသည့် အစပ်တစ်ခု။ ဤသို့အားဖြင့် အစပ်သုံးပါး ဖြစ်သည်။ (ပြောင်းပြန် လှန်၍ ဖွင့်ဆိုထားသည့် အောက်ပါ ဋီကာစကားရပ်ကို ကြည့်ပါ။)

ပါဠိယံ အနာဂတဿပိ ပစ္စယဝဋ္ဋဿ ဟေတုဝသေန ဖလဝသေန ဝါ ပရိပုဏ္ဏဘာဝဿ မုခမတ္တဒဿနီ-ယတ္တာ အာဒိတော ဖလဟေတုသန္ဓိ မဇ္ဈေ ဟေတုဖလသန္ဓိ အန္တေပိ ဖလဟေတုသန္ဓီတိ ဧဝံ တိသန္ဓိကတ္တာ **စတုသင်္ခေပမေဝ ဝဋ္ဋံ ဒဿိတ**န္တိ။ (သံ-ဋီ-၂-၃၂။)

၁။ ယခုပစ္စုပ္ပန်ဘဝ ပဋိသန္ဓေအခိုက် အာဟာရလေးပါးတို့ကား, တစ်နည်းဆိုသော် ယခုပစ္စုပ္ပန်ဘဝ ဝိပါက-ဝဋ္ဋ် ဖြစ်ကြသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကား ပစ္စုပ္ပန် အကျိုးတရားစုတို့တည်း။ ပစ္စုပ္ပန် အကျိုးတစ်လွှာတည်း။

၂။ ပထမအတိတ် တဏှာကား, သို့မဟုတ် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကား ပထမအတိတ် အကြောင်းတရားစုတို့တည်း။ ပထမအတိတ် အကြောင်းတစ်လွှာတည်း။

၃။ ပထမအတိတ် ဝေဒနာ, ဖဿ, သဠာယတန, နာမ်ရုပ်, ဝိညာဏ်တို့ကား ဒုတိယအတိတ် အကြောင်းတရား-များကြောင့် ဖြစ်ပေါ်လာရသည့် ပထမအတိတ် အကျိုးတရားစုတို့တည်း။ ပထမအတိတ် အကျိုးတစ်လွှာတည်း။

၄။ ဒုတိယအတိတ်က ဖြစ်ခဲ့သော သင်္ခါရ အဝိဇ္ဇာတို့ကား, တစ်နည်းဆိုသော် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကား ပထမအတိတ် အကျိုးတရားစုတို့ကို ဖြစ်စေတတ်သော အကြောင်းတရားစုတို့တည်း။ အကြောင်းတစ်လွှာတည်း။

ဤသို့ ယူဆခဲ့သော် ဤအာဟာရသုတ္တန် ဒေသနာတော်သည် အစပ်သုံးပါး, အလွှာလေးပါး ရှိနေသဖြင့် ပါဝင်နေသဖြင့် ပြည့်စုံသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သာ ဖြစ်သည်။ ဤနည်းကိုမှီ၍ အတိတ်အဆက်ဆက်-သို့လည်းကောင်း, အနာဂတ်အဆက်ဆက်သို့လည်းကောင်း ဉာဏ်ကို စေလွှတ်၍ သဘောပေါက်လေရာသည်။ အာဟာရသုတ္တန် ပါဠိတော်၌ အနာဂတ်ဖြစ်သော ကြောင်း-ကျိုး ဆက်နွယ်မှု သံသရာဝဋ္ဋ်ကို အကြောင်း၏ အစွမ်းဖြင့်လည်းကောင်း, အကျိုး၏ အစွမ်းဖြင့်လည်းကောင်း ပြည့်စုံသည်၏အဖြစ်ကို ဥပလက္ခဏနည်း နိဒဿနနည်းအားဖြင့် အရိပ်ပြလျှင် အကောင်ထင်အောင် အမြွက်မျှ ညွှန်ပြလျက် ဟောကြားထားတော်မူသည်ဟု မှတ်ပါ။ သို့အတွက် ဤအာဟာရသုတ္တန် ဒေသနာတော်သည် အစပ်သုံးပါး, အလွှာလေးပါး, ခြင်းရာနှစ်ဆယ်-တို့ဖြင့် ပြည့်ပြည့်စုံစုံ သံသရာစက်ရဟတ် လည်ပတ်ပုံကို ညွှန်ပြတော်မူသော ဒေသနာတော်သာ ဖြစ်ပေသည်။

## ဤဋီကာတို့၏ တတိယအဖွင့်နှင့် အညီ ရှုကွက်

ဤအထက်ပါ ဋီကာဆရာတော်များ၏ ရှင်းလင်းတင်ပြထားသော တတိယအဖွင့်နှင့် အညီ အာဟာရ သုတ္တန်ဒေသနာတော်၌ လာရှိသော ပဋိစ္စသမုပ္ပါဒ်ရှုကွက်ကို သိမ်းဆည်း ရှုပွားလိုသော ယောဂါဝစရပုဂ္ဂိုလ် သူမြတ်သည် ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအခိုက် အာဟာရလေးပါးတည်းဟူသော ပဋိသန္ဓေနာမ်ရုပ်တို့ကို စတင်၍ သိမ်းဆည်းရမည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ယင်းပဋိသန္ဓေ နာမ်ရုပ် အာဟာရလေးပါးတို့၏ အကြောင်းရင်း ဖြစ်ကြသော တဏှာကို အဦးမူ၍ ဟောကြားထားတော်မူအပ်သော ပထမအတိတ် အကြောင်း-တရားတို့ကို ရှာဖွေ၍ သိမ်းဆည်း၍ ထိုမှတစ်ဆင့် ယင်းပထမအတိတ် အကြောင်းတရားတို့၏ စွဲမှီရာ ပထမ

အတိတ် အကျိုးတရားတို့ကို သိမ်းဆည်းပြီးလျှင် ယင်းပထမအတိတ် အကျိုးတရားစု၏ အကြောင်းတရားများ ဖြစ်ကြသော ဒုတိယအတိတ်က ပြုစုပျိုးထောင်ခဲ့သော သင်္ခါရ အဝိဇ္ဇာတို့သို့တိုင်အောင် ဆက်လက်၍ သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းပြီးသောအခါ တစ်ဖန် —

ဒုတိယအတိတ် အဝိဇ္ဇာကြောင့် ဒုတိယအတိတ် သင်္ခါရ ဖြစ်ပုံ,
ဒုတိယအတိတ် သင်္ခါရကြောင့် ပထမအတိတ် ဝိညာဏ် ဖြစ်ပုံ,
ပထမအတိတ် ဝိညာဏ်ကြောင့် ပထမအတိတ် နာမ်ရုပ် ဖြစ်ပုံ,
ပထမအတိတ် နာမ်ရုပ်ကြောင့် ပထမအတိတ် သဠာယတန ဖြစ်ပုံ,
ပထမအတိတ် သဠာယတနကြောင့် ပထမအတိတ် ဖဿ ဖြစ်ပုံ,
ပထမအတိတ် ဖဿကြောင့် ပထမအတိတ် ဝေဒနာ ဖြစ်ပုံ,
ပထမအတိတ် ဝေဒနာကြောင့် ပထမအတိတ် တဏှာ ဖြစ်ပုံ,
ပထမအတိတ် တဏှာကြောင့် ပထမအတိတ် ဥပါဒါန် ဖြစ်ပုံ,
ပထမအတိတ် ဥပါဒါန်ကြောင့် ပထမအတိတ် ဘဝ ဖြစ်ပုံ,
ပထမအတိတ် ကမ္မဘဝကြောင့် ယခုပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ = ဇာတိ ဖြစ်ပုံ,
ယခုပစ္စုပ္ပန်ဘဝ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်ပုံ —

ဤသို့သော သံသရာ၏ ဖြစ်ပုံအစဉ်ကို ညွှန်ပြသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအတိုင်း ဖြစ်ပုံအစဉ်ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ သိမ်းဆည်းရှုပွားပါ။ ထိုနောင် —

ဒုတိယအတိတ် အဝိဇ္ဇာချုပ်ခြင်းကြောင့် ဒုတိယအတိတ် သင်္ခါရချုပ်ပုံ, ဒုတိယအတိတ် သင်္ခါရချုပ်ခြင်း-ကြောင့် ပထမအတိတ် ဝိညာဏ်ချုပ်ပုံ ။ ပ ။ ပစ္စုပ္ပန် ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ချုပ်ငြိမ်းပုံ – ဤသို့သော သံသရာ၏ ချုပ်ငြိမ်းပုံအစဉ်ကို ညွှန်ပြသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအတိုင်း သံသရာစက်ရဟတ်၏ ချုပ်ငြိမ်းပုံအစဉ်ကိုလည်း ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ သိမ်းဆည်း ရှုပွားပါ။

## ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် စတုတ္ထနည်း

နွယ်ခွေယောက်ျား ဥပမာဖြင့် ဟောကြားထားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် နည်းလေးနည်းတို့တွင် ယခု အခါ အလယ်မှ အဆုံးသို့တိုင်အောင် ဟောကြားထားတော်မူအပ်သော စတုတ္ထနည်းကို ဆက်လက်၍ ရှင်းလင်း တင်ပြအပ်ပါသည်။

ယာ ပန မဇ္ဈတော ပဋ္ဌာယ ယာဝ ပရိယောသာနံ ပဝတ္တာ၊ သာ ပစ္စုပ္ပန္နေ အဒ္ဓါနေ အနာဂတဒ္ဓဟေတု-သမုဋ္ဌာနတော ပဘုတိ အနာဂတဒ္ဓသန္ဓိသနတ္ထံ။ (ဝိသုဒ္ဓိ-၂-၁၅၆။ အဘိ-ဋ္ဌ-၂-၁၂၅။)

**အနာဂတဒ္ဓုနော သန္ဓိဿနတ္ထန္တိ** အနာဂတဒ္ဓုနော ဒုပ္ပဋိဝိဇ္ဈတ္တာနံ အပဿန္တာနံ ပစ္စက္ခံ ပစ္စုပ္ပန္နံ ဟေတုံ ဒဿေတွာ ဟေတုဖလပရမ္ပရာယ တဿ သန္ဓိဿနတ္ထန္တိ အတ္ထော။ (မူလဋီ-၂-၈၇။)

**အနာဂတဒ္ဓဟေတုသမုဋ္ဌာနတော ပဘုတီ**တိ အနာဂတဿ ဘဝဿ ဟေတုဘူတာနံ ဓမ္မာနံ ဥပ္ပတ္တိတော ပဋ္ဌာယ။ **အနာဂတဒ္ဓသန္ဓိဿနတ္ထန္တိ** အနာဂတဒ္ဓုနော အပ္ပဋိဝိဇ္ဈတ္တာနံ အပဿန္တာနံ ပစ္စက္ခံ ပစ္စုပ္ပန္နံ ဟေတုံ ဒဿေတွာ ဟေတုဖလပရမ္ပရာယ တဿ သန္ဓိဿနတ္ထန္တိ အတ္ထော။ (မဟာဋီ-၂-၂၄၅။)

**ပစ္စက္ခာနန္တိ** ပစ္စုပ္ပန္နဘဝပရိယာပန္နတာယ ပစ္စက္ခဘူတာနံ။ **ပစ္စုပ္ပန္နံ ဟေတုန္တိ** ဧတရဟိ ဝတ္တမာနံ တဏှာဒိကံ အာဟာရာဒီနံ ဟေတုံ။ (အနုဋီ-၂-၉၄။)

အဌကထာဆရာတော်သည် ဤနည်းကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အလယ်မှ စ၍ အဆုံးတိုင်အောင် ဟောကြားထားတော်မူသော **သမာဓိသုတ္တန်** (သံ-၂-၁၃။) နှင့် **မဟာတဏှာသင်္ခယသုတ္တန်** (မ-၁-၁၃၃။) တို့မှ ပစ္စုပ္ပန် သုခ, ဒုက္ခ, ဥပေက္ခာ ဟူသော ဝေဒနာသုံးမျိုးကို အစွဲပြု၍ အနာဂတ်သို့ ရှေးရှုလျက် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် လည်ပတ်ပုံကို ထုတ်နုတ်၍ ဖော်ပြခြင်း ဖြစ်သည်။ သမာဓိသုတ္တန်နှင့် မဟာတဏှာသင်္ခယ သုတ္တန်တို့မှ ကောက်နုတ်ချက်မှာ ဤသို့ ဖြစ်၏။

ဝေဒနံ အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ တံ ဝေဒနံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ။ ယာ ဝေဒနာသု နန္ဒီ၊ တဒုပါဒါနံ။ တဿုပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ (သံ-၂-၁၃။)

= ခံစားမှုဝေဒနာကို ပီတိနှင့်တကွသော တဏှာဖြင့် အလွန်နှစ်သက်၏၊ ဩော် . . . ချမ်းသာစွ ချမ်းသာစွဟု, ငါ, ငါ့ဟာဟု အားရနှစ်လို ပြောဆို၏၊ မျိုမတတ် စွဲလမ်း၍ တည်၏။ ထိုခံစားမှု = ဝေဒနာကို ပီတိနှင့်တကွသော တဏှာဖြင့် အလွန်နှစ်သက်သော, ဩော် . . . ချမ်းသာစွ ချမ်းသာစွ, ငါ, ငါ့ဟာဟု အားရနှစ်လို ပြောဆိုသော မျိုမတတ် စွဲလမ်း၍ တည်နေသော ထိုသတို့သား၏ သန္တာန်ဝယ် နှစ်သက်တပ်မက်တတ်သော တဏှာသည် ဖြစ်ပေါ်လာ၏။ ဝေဒနာတို့၌ ပြင်းစွာ နှစ်သက် တပ်မက်တတ်သော ထိုတဏှာကား ပြင်းစွာစွဲလမ်းမှု ဥပါဒါန်တည်း။ ထိုသတို့သား၏ သန္တာန်ဝယ် ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်တရား ထင်ရှားဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဘဝသည် (ကမ္မဘဝ ဥပပတ္တိဘဝသည်) ထင်ရှား ဖြစ်ပေါ်လာ၏။ ဘဝ (= ကမ္မဘဝ) ထင်ရှားဖြစ်ခြင်း တည်းဟူသော အကြောင်းကြောင့် ဇာတိသည် ထင်ရှား ဖြစ်ပေါ်လာ၏။ ဇာတိ ထင်ရှား ဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဇရာမရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရားတို့သည် ထင်ရှား ဖြစ်ပေါ်လာကြကုန်၏။ ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဤဒုက္ခတုံး ဒုက္ခအစုအပုံ၏ ဖြစ်ခြင်းသည် တစ်နည်း ဖြစ်ကြောင်းသဘောသည် ထင်ရှား ဖြစ်ပေါ်လာပေ၏။ (သံ-၂-၁၃။)

ဤဒေသနာတော်၌ ဘုရားရှင်သည် — ပစ္စုပ္ပန်ဝေဒနာကို နှစ်သက်အားရမ်း မြည်တမ်းပြောဆိုလျက် မျိုမတတ် စွဲလမ်း၍ တည်နေသော သတ္တဝါ၏ သန္တာန်ဝယ် ဇာတိစသော အနာဂတ် အဓွန့်ကာလတရားစု၏ အကြောင်းရင်းစစ် ဖြစ်ကုန်သော ပစ္စုပ္ပန်ဘဝတွင် ပြုစုပျိုးထောင်လိုက်သော တဏှာ ဥပါဒါန် ကမ္မဘဝတို့၏ ဖြစ်ပုံကိုလည်းကောင်း, ယင်းအကြောင်းတရားစုကြောင့် အနာဂတ်တွင် ဇာတိစသော အကျိုးတရားစုတို့၏ ထင်ရှားဖြစ်ပုံကိုလည်းကောင်း ထင်ရှားဖော်ပြလျက် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် လည်ပတ်ပုံကို ဟောကြား ထားတော်မူ၏။

ပဋိစ္စသမုပ္ပါဒ်ဒေသနာစဉ်တွင် အလယ်ဖြစ်သော တဏှာမှ စ၍ အဆုံးဖြစ်သော ဇရာမရဏသို့တိုင်အောင် ဟောကြားထားတော်မူသော ဤ **မဟာတဏှာသင်္ခယသုတ္တန် သမာဓိသုတ္တန်** အမည်ရသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အနာဂတ် အဓွန့်ကာလတရားစုကို ဉာဏ်ပညာမျက်စိဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်-လျက် မသိမမြင်ကြကုန်သော ကျွတ်ထိုက်သသူ ဝေနေယျတို့အား အနာဂတ် အဓွန့်ကာလတရားစုကို ဖြစ်စေ တတ်သည့် မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သည့်အတွက်ကြောင့် ပစ္စက္ခဖြစ်ကုန်သော အကြောင်းတရားတို့မှ စတင်၍ ထင်ရှားပြသတော်မူလျက် အကြောင်း-အကျိုး အဆက်ဆက်အားဖြင့် ဆက်သွယ် ဖြစ်ပေါ်နေသော

ထိုအနာဂတ် ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ထင်ရှားပြတော်မူခြင်း အကျိုးငှာ ဟောပြတော်မူလေသည်။ (ဝိသုဒ္ဓိ-၂-၁၅၆။ အဘိ-ဋ္ဌ-၂-၁၂၅။)

## စတုတ္ထနည်း ရှုကွက်

ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ၏ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော အကျိုးတရားစု-တို့ကို အစွဲပြု၍ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ ဟူသော (အနာဂတ်ဇာတိ၏) အကြောင်းတရားစုတို့ ဖြစ်ကြရာဝယ် ယင်းအကျိုးတရား အကြောင်းတရားတို့ကို စတင်၍ သိမ်းဆည်းရမည် ဖြစ်သည်။

ရှေးဦးစွာ သမာဓိကို အဆင့်ဆင့်ထူထောင်ပြီးလျှင် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို ပြန်လည်၍ သိမ်းဆည်းပါ။ ယင်းရုပ်နာမ်တို့ကို သိမ်းဆည်းပြီးသော အခါ အနာဂတ်ဘဝအတွက် ဆုတောင်း ပန်ထွာ၍ အကြောင်းတရားတို့ကို ပြုစုပျိုးထောင်စဉ်ကာလက ဖြစ်ခဲ့သော အနီးကပ်ဆုံးသော ရုပ်နာမ်တို့ကို ပြန်လည်၍ သိမ်းဆည်းပါ။ ထိုကောင်းမှုပြုစဉ် အချိန်အခါသည် မိမိအကျေနပ်ဆုံး အချိန်အခါ သို့မဟုတ် အနီးကပ်ဆုံးသော အချိန်အခါ ဖြစ်ပါစေ။ အနာဂတ်ဘဝအတွက် ရည်ရွယ်၍ ပြုစုပျိုးထောင်နေသော အကြောင်းတရားတို့ကား ဒါနမှု သီလမှု ဘာဝနာမှု စသည်ဖြင့် များစွာ ရှိနိုင်၏။ မိမိ အကျေနပ်ဆုံးသော ကောင်းမှုကုသိုလ်, အားရပါးရ ပြုစုပျိုးထောင်ခဲ့သော ကောင်းမှုကုသိုလ်မျိုး ဖြစ်ပါစေ။

ထိုကောင်းမှုပြုစဉ် ရုပ်နာမ်တို့ကို အောင်မြင်စွာ သိမ်းဆည်းနိုင်သောအခါ ထိုကောင်းမှုပြုချိန်တွင် အဆက်မပြတ် ဖြစ်နေကြကုန်သော နှလုံးအိမ်အတွင်း၌ တည်ရှိကြသော ဟဒယဝတ္ထုနှင့် တကွ (၅၄)မျိုးသော ရုပ်တရားတို့ကိုလည်းကောင်း ဟဒယဝတ္ထုကိုလည်းကောင်း ဦးစားပေး၍ ဆက်လက် သိမ်းဆည်းပါ။ တစ်ဖန် ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်နေသော အိမ်ရှင် ဘဝင်မနောအကြည်ဓာတ်ကို ဆက်လက်၍ သိမ်းဆည်းပါ။ ထိုနောင် ယင်းဘဝင်မနောအကြည်ဓာတ်တို့၏ အကြား အကြား၌ ဖြစ်ပေါ်သွားကြကုန်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကို ဆက်လက်၍ သိမ်းဆည်းပါ ရှာဖွေပါ။ အနာဂတ်ဘဝအတွက် ပြုစုပျိုးထောင်နေသော ပစ္စုပ္ပန် အကြောင်းတရားစုတို့တည်း။

ရှေးတွင် ပုံစံထုတ်ပြခဲ့သည့်အတိုင်း အသင်သူတော်ကောင်းသည် နောင်အနာဂတ်ဘဝတွင် ဓမ္မကထိက နတ်သားဘဝကို ဆုတောင်းပန်ထွာ၍ ဒါနမှု သီလမှု ဘာဝနာမှုတို့ကို ပြုစုပျိုးထောင်နေသည် ဆိုပါစို့။ ထို ကောင်းမှုကုသိုလ်တို့တွင် အကျေနပ်ဆုံး အားအရဆုံး စိတ်ပါလက်ပါ ကျေကျေနပ်နပ် ပြုစုပျိုးထောင်ခဲ့ဖူးသော ကောင်းမှုကုသိုလ် တစ်ခုကို ရွေးချယ်ပါ။ စေတီတော်မြတ်အား ပန်း ဆီမီးလှူသည့် ကုသိုလ်ကောင်းမှု ဆိုကြပါစို့။

၁။ ဓမ္မကထိကနတ်သားဟု အသိမှားမှုသဘောကား အဝိဇ္ဇာတည်း။
၂။ ယင်းဓမ္မကထိကနတ်သားဘဝကို တွယ်တာတပ်မက်မှုသဘောကား တဏှာတည်း။
၃။ ယင်းဓမ္မကထိကနတ်သားဘဝကို စိတ်ကပ်ရောက်စွဲနေမှုသဘောကား ကာမုပါဒန်တည်း။
၄။ စေတီတော်မြတ်အား ပန်း ဆီမီးလှူသည့် ကုသိုလ်စေတနာအုပ်စုကား သင်္ခါရတည်း။
၅။ ယင်းကုသိုလ်သင်္ခါရတရားစုတို့လည်း အနိစ္စတရားများသာ ဖြစ်ကြ၍ ဖြစ်ပြီးလျှင် ပျက်မြဲဓမ္မတာအရ ချုပ်ပျောက်သွားကြသည်သာ ဖြစ်၏။ သို့သော် အသင်သူတော်ကောင်း မျှော်လင့် တောင့်တထားသည့် ဓမ္မကထိကနတ်သားဘဝဟူသော ခန္ဓာငါးပါးကို ဖြစ်စေနိုင်သည့် ကမ္မပစ္စယသတ္တိထူးကို ရုပ်နာမ်အစဉ်တွင် မြှုပ်နှံပြီးပါမှ ချုပ်ပျက်သွား၏။ ယင်းကမ္မသတ္တိကား ကံတည်း။

ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းကိလေသဝဋ်သုံးပါး, ကမ္မဝဋ်နှစ်ပါးတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်အောင် ဆက်လက် ကြိုးပမ်းရမည်သာ ဖြစ်၏။ ယင်းကုသိုလ်သင်္ခါရတရားတို့မှာ သောမနဿဝေဒနာနှင့် ယှဉ်၍ ကံ-ကံ၏အကျိုးတရားကို တတ်သိနားလည်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ-ဉာဏ်နှင့်လည်း ယှဉ်သည် ဖြစ်အံ့။ ဇောအသီးသီး၌ နာမ်တရား (၃၄)လုံးစီ ရှိမည် ဖြစ်၏။ ယင်းနာမ်တရားတို့ကို ရှေးဦးစွာ သိမ်းဆည်း၍ ထိုနောင် ယင်းနာမ်တရားတို့ ချုပ်ပျက်သွားသောအခါ ရုပ်နာမ် သန္တာန်အစဉ်တွင် မြှုပ်နှံထားခဲ့သည့် ကမ္မသတ္တိကို တွေ့အောင်ရှာပါ။ သင်္ခါရ အမည်ရသည့် နာမ်တရားစုတို့နှင့် ကပ်၍ ရှာဖွေပါ။

ကမ္မသတ္တိကို ရှာဖွေ တွေ့ရှိသောအခါ ယင်းကမ္မသတ္တိကြောင့် နောင်အနာဂတ်တွင် ဓမ္မကထိကနတ်သားဟု ခေါ်ဆိုသော ပဋိသန္ဓေခန္ဓာငါးပါးစသည့် ဝိပါက်ခန္ဓာငါးပါးတို့ ဖြစ်မဖြစ်ကို အကြိမ်ကြိမ် ဆန်းစစ်ကြည့်ပါ။ ကမ္မသတ္တိကို ကြည့်လိုက် ဓမ္မကထိကနတ်သား၏ ပဋိသန္ဓေခန္ဓာငါးပါးကို ကြည့်လိုက် တစ်လှည့်စီ အကြိမ်ကြိမ် တိုက်ဆိုင် ကြည့်ပါ။ စိတ်ကြောင့် စိတ္တဇရုပ်များ တဖွားဖွား ဖြစ်နေကြသကဲ့သို့ ကံကြောင့် ဓမ္မကထိကနတ်သား ဘဝ၏ ပဋိသန္ဓေအခိုက် ကမ္မဇရုပ်များ တဖွားဖွား ဖြစ်မဖြစ်ကိုလည်းကောင်း ပဋိသန္ဓေ ဝိပါက်နာမ်တရားများ ဖြစ်မဖြစ်ကိုလည်းကောင်း အကြောင်းကံကို ကြည့်လိုက် အကျိုးဝိပါက်ရုပ်နာမ်ကို ကြည့်လိုက်ဖြင့် အကြိမ်ကြိမ် ဆန်းစစ်ပါ။ အကယ်၍ ထိုကံကြောင့်ပင် ဓမ္မကထိကနတ်သားဘဝ၏ ဝိပါက်ရုပ်နာမ်တို့ ထင်ရှားဖြစ်နေသည်ဟု သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်သည် ဖြစ်အံ့၊ ထိုအခါတွင် ပစ္စုပ္ပန် ကမ္မဘဝကြောင့် အနာဂတ် ဇာတိဖြစ်ပုံကို အောင်မြင်စွာ ရှု၍ ရရှိပြီ ဖြစ်ပေသည်။

ဓမ္မကထိကနတ်သားဘဝ၏ ပဋိသန္ဓေအခိုက်၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဟဒယဟု ကမ္မဇ ရုပ်ကလာပ်အမျိုးအစား (၇)စည်း, ရုပ်အမျိုးအစား (၇၀) ရှိ၏။ တိဟိတ် သောမနဿပဋိသန္ဓေဖြစ်လျှင် နာမ်တရားတို့မှာ (၃၄) ရှိကြ၏။ သေချာစွာ ဆန်းစစ်၍ ရှုကြည့်ပါ။ ဤစနစ်ဖြင့် အောင်မြင်မှုမရခဲ့သော် အခြား ရှုနည်းစနစ်တစ်ခုကို နောက်တွင် ထပ်မံ၍ အကျယ်ဖော်ပြဦးမည် ဖြစ်ပေသည်။ သို့သော် ယောဂီအများစု၌ကား အတိတ်အကြောင်းတရားများကြောင့် ပစ္စုပ္ပန်အကျိုးတရားများ ထင်ရှားဖြစ်ပုံကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီးသော အခါမှ = အကြောင်း-အကျိုးတို့ကို သိမ်းဆည်းပြီးသော အခါမှ ပစ္စုပ္ပန်အကြောင်းတရားများကြောင့် အနာဂတ်အကျိုးတရားများ ဖြစ်ကြပုံကို တစ်ဖန် ရှုခဲ့သော် ပို၍ လွယ်ကူ ကြသည်ကို တွေ့ရှိရပေသည်။ သို့အတွက် ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာဂတ်အကျိုးတရား ဖြစ်ပုံကို စတင်ရှုပါမှ ပဋိစ္စသမုပ္ပါဒ်သဘောတရားများကို သိနိုင်သည့် ဝေနေယျတို့အား ရည်ရွယ်တော်မူ၍ ဤအလယ်မှ အဖျားဘက်သို့သွားသော ပဋိစ္စသမုပ္ပါဒ် စတုတ္ထနည်းရှုကွက်ကို ဘုရားရှင်ဟောကြားတော်မူသည်ဟု အဋ္ဌကထာ ဋီကာတို့က ဖွင့်ဆိုတော်မူကြခြင်း ဖြစ်တန်ရာသည်။

## ပစ္စုပ္ပန်တည့်တည့်

**တေသာ စာနန္ဒ ဓမ္မာသ အနနုဗောဓာ အပ္ပဋိဝေဓာ . . .** စသော မဟာနိဒါနသုတ္တန် (ဒီ-၂-၄၇။) ၌ ဘုရားရှင် ဟောကြားထားတော်မူသည်နှင့် အညီ ကြောင်း-ကျိုး-ဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာဟူသော ပရိညာသုံးမျိုးတို့ဖြင့် မဂ်ဆိုက် ဖိုလ်ဆိုက်သည်တိုင်အောင် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်မသိမမြင်ပါက သံသရာဝဋ်ဆင်းရဲဒုက္ခမှ မကျော်လွှား မလွန်မြောက်နိုင် — ဟူသော ဘုရားရှင်၏ အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်လျက် ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားကို သိမြင်အောင် ရှုရမည့် ဒေသနာတော် နည်းလေးရပ်ကို ပါဠိတော် အဋ္ဌကထာ ဋီကာ အဆို အမိန့်များအတိုင်း ရှင်းလင်းတင်ပြပြီးလေပြီ။ ယင်းရှင်းလင်းချက်များ၌ —

၁။ အတိတ်-ပစ္စုပ္ပန်-အနာဂတ်ကာလတရားစုတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် ဖြစ်ပေါ်ပုံ ကြောင်း-ကျိုး-ဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားကို သိမြင်အောင် အတိတ် အဝိဇ္ဇာမှသည် အနာဂတ် ဇရာမရဏသို့ တိုင်အောင် ရှုရမည်ဟု ညွှန်ကြားတော်မူသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်း —

၂။ အနာဂတ်-ပစ္စုပ္ပန်-အတိတ်ကာလတရားစုတို့၏ အကျိုးနှင့် အကြောင်း ဆက်နွယ်လျက် ဖြစ်ပေါ်ပုံ ကျိုး-ကြောင်းဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားကို သိမြင်အောင် အနာဂတ် ဇရာမရဏမှသည် အတိတ် အဝိဇ္ဇာသို့တိုင်အောင် ရှုရမည်ဟု ညွှန်ကြားတော်မူသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်း —

၃။ အလယ် ပစ္စုပ္ပန်မှသည် အတိတ်အဆက်ဆက်သို့တိုင်အောင် အကျိုးတရား အကြောင်းတရားစုတို့၏ ကျိုး-ကြောင်း ဆက်နွယ်လျက် ဖြစ်ပေါ်ပုံ ကျိုး-ကြောင်းဆက် = ပဋိစ္စသမုပ္ပါဒ်သဘောတရားကို သိမြင်အောင် ပစ္စုပ္ပန် အာဟာရလေးပါးမှသည် ဒုတိယအတိတ် အဝိဇ္ဇာသို့တိုင်အောင် ရှုရမည်ဟု ညွှန်ကြားတော်မူသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်း —

၄။ အလယ် ပစ္စုပ္ပန်မှသည် အနာဂတ် အဆက်ဆက်သို့တိုင်အောင် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် ဖြစ်ပေါ်ပုံ ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ်သဘောတရားကို သိမြင်-အောင် ပစ္စုပ္ပန် ဝေဒနာမှသည် အနာဂတ် ဇရာမရဏသို့တိုင်အောင် ရှုရမည်ဟု ညွှန်ကြားတော်မူသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်း —

ဤသို့အားဖြင့် ဟောကြားပုံဒေသနာ အပြားအားဖြင့် လေးမျိုး ပါဝင်လျက် ရှိ၏။ ယင်းညွှန်ကြားထားတော်-မူသော ဒေသနာတော်များနှင့် ဖွင့်ဆို ရှင်းလင်းထားသည့် အဋ္ဌကထာ ဋီကာတို့နှင့် အညီ —

၁။ အတိတ်အဆက်ဆက်မှသည် အနာဂတ်အဆက်ဆက်သို့ တိုင်အောင်လည်းကောင်း,
၂။ အနာဂတ်အဆက်ဆက်မှသည် အတိတ်အဆက်ဆက်သို့ တိုင်အောင်လည်းကောင်း,
၃။ ပစ္စုပ္ပန်မှသည် အတိတ်အဆက်ဆက်သို့ တိုင်အောင်လည်းကောင်း,
၄။ ပစ္စုပ္ပန်မှသည် အနာဂတ်အဆက်ဆက်သို့ တိုင်အောင်လည်းကောင်း,

အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘော အကျိုးတရားနှင့် အကြောင်းတရားတို့၏ ကျိုး-ကြောင်း ဆက်နွယ်မှုသဘောဟူသော ကျိုး-ကြောင်းဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို (၃၁)ဘုံမှ လွတ်မြောက်မှုကို ရှေးရှုလျက်ရှိသော အိုဘေးဆိုးကြီး နာဘေးဆိုးကြီး သေဘေးဆိုးကြီးမှ လွတ်မြောက်မှုကို ရှေးရှုလျက်ရှိသော ဘဝဟူသမျှမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို လိုလားတောင့်တလျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းသည် ကိုယ်တိုင်မျက်မှောက် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ထွင်းဖောက် သိမြင်အောင် ရှုရတော့မည် ဖြစ်သည်။

## ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းဖြင့် သိမ်းဆည်းပုံ

အပရော —

၁။“ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါတိ ဣမေ ပဉ္စ ဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။

၂။ ဣဓ ပဋိသန္ဓိ ဝိညာဏံ၊ ဩက္ကန္တိ နာမရူပံ၊ ပသာဒေါ အာယတနံ၊ ဖုဋ္ဌော ဖဿော၊ ဝေဒယိတံ ဝေဒနာတိ ဣမေ ပဉ္စ ဓမ္မာ ဣဓူပပတ္တိဘဝသ္မိံ ပုရေကတဿ ကမ္မဿ ပစ္စယာ။

၃။ ဣဓ ပရိပက္ကတ္တာ အာယတနာနံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရာ၊ နိကန္တိ တဏှာ၊ ဥပဂမနံ ဥပါဒါနံ၊ စေတနာ ဘဝေါတိ ဣမေ ပဉ္စ ဓမ္မာ ဣဓ ကမ္မဘဝသ္မိံ အာယတိံ ပဋိသန္ဓိယာ ပစ္စယာ”တိ ဧဝံ **ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန** နာမရူပဿ ပစ္စယပရိဂ္ဂဟံ ကရောတိ။ (ဝိသုဒ္ဓိ-၂-၂၃၅။) (ပဋိသံ-၅၀။)

ကမ္မဿဟာယတ္တာ ကိလေသဝဋ္ဋံ ကမ္မဝဋ္ဋေ ပက္ခိပိတွာ ဝုတ္တံ **“ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေနာ”**တိ။
(မဟာဋီ-၂-၃၇၆။)

အခြားတစ်ယောက်သော ယောဂါဝစရပုဂ္ဂိုလ်သည်ကား **ကမ္မဝဋ် ဝိပါကဝဋ်**၏ အစွမ်းဖြင့် တစ်နည်း **ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်**၏ အစွမ်းဖြင့် နာမ်ရုပ်၏ အကြောင်းတရား သိမ်းဆည်းခြင်းကို ပြုလုပ်၏။ (ကံ၏ အပေါင်းအဖော်ဖြစ်သောကြောင့် ကိလေသဝဋ်ကို ကမ္မဝဋ်၌ ထည့်သွင်း၍ ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းဖြင့်ဟု အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားခြင်းဖြစ်သည်ဟု မှတ်ပါ။)

## အတိတ်အကြောင်းတရား (၅) ပါး

အတိတ်ဘဝ၌ ကမ္မဘဝအမည်ရသော ကံကို ပြုစုပျိုးထောင်ခဲ့စဉ်က —

၁။ သစ္စာလေးပါး အမှန်တရားကို မသိမှုသဘော, ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စသည်ဖြင့် အသိမှားမှု သဘောကား အဝိဇ္ဇာတည်း။

၂။ လူ့ဘဝ = လူ့ခန္ဓာ, နတ်ဘဝ = နတ်ခန္ဓာ စသည့် ခန္ဓာငါးပါးတို့ကို ဖြစ်ပေါ်အောင် ပြုလုပ်ကြောင်း ကုသိုလ်တရား အကုသိုလ်တရားတို့ကား သင်္ခါရတည်း။

၃။ လူ့ဘဝ နတ်ဘဝစသည့် ထိုထိုဘဝ ထိုထို ကာမဝတ္ထုကို တွယ်တာတပ်မက်တတ်သော သဘောကား တဏှာတည်း။

၄။ ထိုထိုဘဝ ထိုထိုကာမဝတ္ထု အပေါ်၌ စိတ်ကပ်ရောက်စွဲနေခြင်း သဘောကား ဥပါဒါန်တည်း။ (ရင့်ကျက်သော တဏှာတည်း။)

၅။ ထိုထိုကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာသည် ဘဝမည်၏။ (ကမ္မဘဝတည်း။ ကံတည်း။ ဝိပဿနာရှုရာ၌ စေတနာကို ပဓာနထားပါ။ ကြောင်း-ကျိုးဆက်ရာ၌ ကံကို ပဓာနထားပါ။)

ဤတွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကား ကိလေသဝဋ်တည်း။ သင်္ခါရနှင့် ကံတို့ကား ကမ္မဝဋ်တည်း။ အတိတ်အကြောင်းတရား ငါးပါးတို့တည်း။ ယင်းအတိတ်အကြောင်းတရား ငါးပါးကြောင့် အောက်ပါ ပစ္စုပ္ပန် အကျိုးတရားငါးပါးတို့သည် ဖြစ်ပေါ်လာကုန်၏။ ယင်းအကျိုးတရားတို့ကား ဝိပါကဝဋ်တရားတို့တည်း။

## ပစ္စုပ္ပန်အကျိုးတရား (၅) ပါး

၁။ အတိတ်ဖြစ်သော ဘဝတစ်ပါးကို ပစ္စုပ္ပန်ဘဝနှင့် တစ်ဖန် စပ်ခြင်းသဘော စပ်တတ်သော သဘောဟု ဆိုအပ်သော ပဋိသန္ဓေစိတ်သည် တစ်နည်း ဝိပါက်စိတ်သည် ဝိညာဏ်တည်း။
၂။ အမိဝမ်းသို့ သက်ဝင်သကဲ့သို့ ဖြစ်ခြင်းသဘောသည် နာမ်ရုပ်တည်း။
၃။ စက္ခုစသော ပသာဒသည် သဠာယတနတည်း။
၄။ အာရုံကို တွေ့ခြင်းသဘော တွေ့ထိတတ်သော သဘောသည် ဖဿတည်း။
၅။ အာရုံကိုခံစားခြင်းသဘော ခံစားတတ်သော အခြင်းအရာအားဖြင့် ဖြစ်တတ်သောသဘောသည် ဝေဒနာတည်း။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ - အတိတ်အကြောင်းကြောင့် ဖြစ်သော ပစ္စုပ္ပန်အကျိုးတရားငါးပါးတည်း။

## ပစ္စုပ္ပန်အကြောင်းတရား (၅) ပါး

မဂ္ဂကထိကနတ်သားကဲ့သို့သော အနာဂတ်ဘဝ တစ်ခုခုအတွက် ရည်ရွယ်တောင့်တ၍ ဤပစ္စုပ္ပန်ဘဝတွင် ပြုစုပျိုးထောင်နေသော — အဝိဇ္ဇာ+တဏှာ+ဥပါဒါန်+သင်္ခါရ+ကံ တို့ကား ပစ္စုပ္ပန်အကြောင်းတရား ငါးပါးတို့တည်း။ ကမ္မဝဋ်တည်း။ တစ်နည်း ကိလေသဝဋ် ကမ္မဝဋ်တည်း။

## အနာဂတ်အကျိုးတရား (၅) ပါး

ဤပစ္စုပ္ပန်ဘဝတွင် ပြုစုပျိုးထောင်ထားသော ယင်းအကြောင်းတရားငါးပါးကြောင့် နောင်အနာဂတ်တွင် ထင်ရှားဖြစ်ပေါ်လာလတ္တံ့သော ဇာတိအမည်ရသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကား အနာဂတ် အကျိုးတရားစုတို့တည်း၊ ဝိပါကဝဋ်တည်း။

ဤသို့လျှင် အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးတို့၌ ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းဖြင့် တစ်နည်းဆိုသော် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းဖြင့် နာမ်ရုပ်၏ အကြောင်းတရားတို့ကို သိမ်းဆည်းပါ။

ဤနည်းစနစ်မှာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးကို ကိုးကား၍ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဖွင့်ဆိုထားသောနည်း ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း

ဤနည်းစနစ်ကို ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်းဟု ဤကျမ်းတွင် ခေါ်ဝေါ်သုံးစွဲထားပါသည်။ အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးတို့၌ အကြောင်းတရားတို့ကို တစ်စု, အကျိုးတရားတို့ကို တစ်စုထား၍ သိမ်းဆည်းသော စနစ်ပင် ဖြစ်သည်။ ဥဒယဗ္ဗယဉာဏ် အကျယ်ရှုပွားနည်း၌ လာရှိသော ဥဒယဉာဏ် (၂၅), ဝယဉာဏ် (၂၅)ဟူသော ဥဒယဗ္ဗယဉာဏ် (၅၀)တို့ကို ရရှိအောင် ဝိပဿနာရှုပွားရာ၌ ယောဂါဝစရပုဂ္ဂိုလ်ဘက်က ကြိုတင်ရရှိ ထားသင့်သော အကြောင်း-အကျိုး သိမ်းဆည်းနည်းလည်း ဖြစ်သည်။ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်အတွက် အလွန်ကျေးဇူးများသော ပစ္စယပရိဂ္ဂဟဉာဏ်တစ်မျိုးပင် ဖြစ်သည်။ (အကျယ်ကို နောက်တွင် တွေ့ရလတ္တံ့။)

ဤတိုင်အောင် ပဋိစ္စသမုပ္ပါဒ်နည်း (၅)နည်းတို့ကို ရှင်းလင်း တင်ပြခဲ့ပြီးလေပြီ။ ဤကျမ်းတွင်ကား အကြောင်းတရားတို့ကို စတင်ရှာဖွေသည့် အပိုင်း၌ အလယ်မှ အရင်းသို့သွားသော စနစ်ကို ဖော်ပြထားပါသည်။ အကြောင်းတရားတို့ကို ရှာဖွေတွေ့ရှိပြီးသောအခါ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းသည့် အပိုင်း၌ ဤ ပဉ္စမနည်းရှုကွက်ကို ဦးစွာဖော်ပြထားပါသည်။ ဤတွင် ကမ္မဝဋ် ဝိပါကဝဋ်တို့နှင့် ပတ်သက်၍ သိသင့်သော အချက်များကို ရှေးဦးစွာ တင်ပြပေအံ့ —

## ကေဒေသတော ဓာနိတဖွံ့ = တစ်စိတ် တစ်ဒေသ သိရမည်

ယောဂါဝစရပုဂ္ဂိုလ်သည် ဤ ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းသို့ ရောက်ရှိလာသောအခါ ကံအကြောင်းကို တစ်နည်း ကံ-ကံ၏အကျိုးတရားကို တစ်စိတ်တစ်ဒေသအားဖြင့် သိရှိအောင် ကြိုးစားအားထုတ်ရမည် ဖြစ်သည်။

## ပါကကာလ = အကျိုးပေးရာကာလနှင့် စပ်၍ ကံ (၄) မျိုး

၁။ **ဒိဋ္ဌဓမ္မဝေဒနီယကံ** = မျက်မှောက်ဘဝ၌ အကျိုးပေးသော ကံ,
၂။ **ဥပပဇ္ဇဝေဒနီယကံ** = ဒုတိယဘဝ၌ အကျိုးပေးသော ကံ,
၃။ **အပရာပရိယဝေဒနီယကံ** = တတိယဘဝမှ စ၍ အကျိုးပေးသော ကံ,
၄။ **အဟောသိကံ** = အကျိုးမပေးသော ကံ,

ဤသို့လျှင် ပါကကာလ = အကျိုးပေးရာ အချိန်ကာလနှင့် စပ်၍ ကံလေးမျိုး ရှိပေသည်။

၁။ **ဒိဋ္ဌဓမ္မဝေဒနီယကံ** = မျက်မှောက်သော ကိုယ်၏အဖြစ်၌ ခံစားအပ်သော အကျိုးရှိသော ကံ — တစ်ခုသော ဇောဝီထိအတွင်း၌ ဇော (၇)တန်တို့တွင် ပထမဇောနှင့်ယှဉ်သော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။ ကုသိုလ်စေတနာလည်း ဖြစ်နိုင်၏။ အကုသိုလ်စေတနာလည်း ဖြစ်နိုင်၏။ ထိုဒိဋ္ဌဓမ္မဝေဒနီယကံသည် ဤပစ္စုပ္ပန် အတ္တဘော၌သာလျှင် အကျိုးကို ပေး၏။ ထိုသို့ ပစ္စုပ္ပန်အတ္တဘော၌ အကျိုးပေးဖို့ရန် မစွမ်းနိုင်သော်ကား ယင်းကံသည် ဖြစ်ပြီးသာဖြစ်၍ ကံ၏ အကျိုးတရားမူကား ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ မဟုတ်သဖြင့် အဟောသိကံ ဖြစ်လေသည်။

၂။ **ဥပပဇ္ဇဝေဒနီယကံ** = အခြားမဲ့သော ကိုယ်၏အဖြစ်၌ (= ပထမအနာဂတ်ဘဝ၌) ခံစားအပ်သော အကျိုးရှိသောကံ — ကုသိုလ်ရေးဘက်၌လည်း ဒါန သီလ သမထ ဝိပဿနာစသော ထိုထို ကုသိုလ်ရေးကိစ္စကို ပြီးစေတတ်သော, အကုသိုလ်ရေးဘက်၌လည်း ထိုထို ပါဏာတိပါတ စသော အမှုကို ပြီးစီးစေတတ်သော သတ္တမဇောနှင့်ယှဉ်သော စေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။ ထိုဥပပဇ္ဇဝေဒနီယကံသည် ပစ္စုပ္ပန် အတ္တဘော၏ အခြားမဲ့ဖြစ်သော ပထမအနာဂတ် အတ္တဘော၌ အကျိုးကိုပေးတတ်၏။ ထိုသို့ အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင်ခဲ့သော် ယင်းကံသည် အဟောသိကံ မည်၏။ (ဝိသုဒ္ဓိ-၂-၂၃၅-၂၃၆။)

၃။ **အပရာပရိယဝေဒနီယကံ** = ဤအတ္တဘောနှင့် ရှေးဦးစွာသော အနာဂတ် အတ္တဘောမှ တစ်ပါးသော အတ္တဘော အဆက်ဆက် အပြန်ပြန်၌ ခံစားအပ်သော အကျိုးရှိသော ကံ — ဇော (၇)တန်တို့တွင် ပထမဇောနှင့် သတ္တမဇောတို့၏ အကြား၌ အလယ်ဇော ငါးချက်နှင့် ယှဉ်သော စေတနာသည် အပရာ-ပရိယဝေဒနီယကံ မည်၏။

၄။ တံ အနာဂတေ ယဒါ ဩကာသံ လဘတိ၊ တဒါ ဝိပါကံ ဒေတိ။ သတိ သံသာရပ္ပဝတ္တိယာ အဟောသိကမ္မံ နာမ န ဟောတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

ထို အပရာပရိယဝေဒနီယကံသည် နောင်အနာဂတ်ဝယ် အကြင်အခါ၌ အကျိုးပေးဖို့ရန် အခွင့်ကိုရရှိ၏။ ထိုအခါ၌ အကျိုးကိုပေး၏။ သံသရာဟူသော မပြတ်မစဲဖြစ်ခြင်းသည် ထင်ရှားရှိလတ်သော် အဟောသိကံ မည်သည် မဖြစ်စကောင်းပေ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

## ပါကဒါနပရိယာယ = အကျိုးပေးရာ အလှည့်အကြိမ် အစဉ်အားဖြင့် ကံ (၄) မျိုး

၁။ ဂရုကံ = ကြီးလေးသော ကံ,
၂။ ဗဟုလကံ = (အာစိဏ္ဏကံ) = အကြိမ်များစွာ ပြုအပ် မှီဝဲအပ်ပြီးသော ကံ,
၃။ အာသန္နကံ = သေခါနီး၌ ပြုအပ် အောက်မေ့အပ်သော ကံ,
၄။ ကဋတ္တာကံ = ပြုအပ်ပြီးကာမျှသာ ဖြစ်သော ကံ —

ဤသို့လျှင် အကျိုးပေးရာ အလှည့်အကြိမ် အစဉ်အားဖြင့် ကံသည် လေးမျိုး ပြားပြန်၏။

၁။ **ဂရုကံ** — တတ္ထ ကုသလံ ဝါ ဟောတု အကုသလံ ဝါ၊ ဂရုကာဂရုကေသု **ယံ ဂရုကံ** မာတုဃာတာဒိကမ္မံ ဝါ မဟဂ္ဂတကမ္မံ ဝါ၊ တဒေဝ ပဌမံ ဝိပစ္စတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

**ယံ ဂရုကန္တိ** ယံ အကုသလံ မဟာသာဝဇ္ဇံ ကုသလံ မဟာနုဘာဝံ ကမ္မံ။ (မဟာဋီ-၂-၃၇၇။)

ထိုကံလေးမျိုးတို့တွင် ကုသိုလ်သည်မူလည်း ဖြစ်စေ, အကုသိုလ်သည်မူလည်း ဖြစ်စေ, ဂရုကကံ, အဂရုကကံတို့တွင် = ကြီးလေးသောကံ, မကြီးလေးသောကံတို့တွင်, အကုသိုလ်အရာ၌ အမိကို သတ်ခြင်း = မာတု-ဃာတကကံ စသော ပဉ္စာနန္တရိယကံများနှင့် သေသည့်တိုင်အောင် မစွန့်လွှတ်သော နိယတမိစ္ဆာဒိဋ္ဌိ ကံများသည် ရှိကြ၏။ ကုသိုလ်အရာ၌ အာနုဘော်ကြီးသော မဟဂ္ဂုတ်ကံ = ဈာန်ကုသိုလ်များသည် ရှိကြ၏။ ယင်းကံတို့ကား ဂရုကကံတို့တည်း။ အကုသိုလ်အရာ၌ အလွန်အပြစ်ကြီးသော ယင်းဂရုကကံတို့ကသာလျှင် ရှေးဦးစွာ အကျိုးပေး၏။ ကုသိုလ်အရာ၌လည်း အလွန်အာနုဘော်ကြီးသော ယင်းဂရုကကံ အမည်ရသော မဟဂ္ဂုတ်ကံကသာလျှင် ရှေးဦးစွာ အကျိုးပေး၏။ အကျိုးကို ဖြစ်စေ၏။ (ဝိသုဒ္ဓိ-၂-၂၃၆။)

၂။ **ဗဟုလကံ** — တထာ ဗဟုလာဗဟုလေသုပိ **ယံ ဗဟုလံ** ဟောတိ သုသီလျံ ဝါ၊ ဒုဿီလျံ ဝါ၊ တဒေဝ ပဌမံ ဝိပစ္စတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

အကြိမ်များစွာပြုအပ် အကြိမ်များစွာမှီဝဲအပ်သော ဗဟုလကံ, အကြိမ်များစွာ မပြုအပ်, အကြိမ်များစွာ မမှီဝဲအပ်သော အဗဟုလကံတို့တွင်လည်း သုသီလျ = ကောင်းသော အကျင့်မူလည်း ဖြစ်သော, ဒုဿီလျ = မကောင်းသော အကျင့်မူလည်း ဖြစ်သော အကြိမ်များစွာပြုအပ် အကြိမ်များစွာမှီဝဲအပ်သော ကံသည် ရှိ၏၊ ထို ဗဟုလကံ = အာစိဏ္ဏကံကသာလျှင် ရှေးဦးစွာ အကျိုးကို ဖြစ်စေ၏။ ရှေးဦးစွာ အကျိုးပေး၏။

၃။ **အာသန္နကံ — ယဒါသန္နံ** နာမ မရဏကာလေ အနုဿရိတကမ္မံ။ ယဉှိ အာသန္နမရဏော အနုဿရိတုံ သက္ကောတိ၊ တေနေဝ ဥပပဇ္ဇတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

**မရဏကာလေ အနုဿရိတန္တိ** ပရိဗျတ္တဘာဝေန မရဏဿ အာသန္နကာလေ အနုဿရိတံ။ အာသန္နကာလေ ကတေ ဝတ္တဗ္ဗမေဝ နတ္ထီတိ ဟိ ဝုတ္တံ။ (မဟာဋီ-၂-၃၇၇။)

သေခါနီးကာလ၌ အဖန်တလဲလဲ အောက်မေ့အပ်သော ကံသည် အာသန္နကံ မည်၏။ သေခါနီးကာလ၌ ကပ်၍ပြုအပ်သော ကံ၏ အာသန္နကံ မည်မှုသည်ကား ဆိုဖွယ်ရာပင် မရှိတော့ပေ။ ယင်း သေခါနီးကာလ မရဏာသန္နအခါ၌ ပြုအပ် အောက်မေ့အပ်သော ကံကို နီးကပ်သော သေခြင်းတရားရှိသော သတ္တဝါသည် အဖန်တလဲလဲ အောက်မေ့ခြင်းငှာ စွမ်းနိုင်ပါမူကား ထိုကံကသာလျှင် အကျိုးကို ဖြစ်စေ၏။ သေခါနီးကာလ မရဏာသန္န အခါဝယ် မရဏာသန္နဇော၏ အာရုံအဖြစ် ထင်ထင်ရှားရှား ပေါ်နေသော ကံမျိုး ဖြစ်သဖြင့် မရဏာသန္နဇောက ယင်းကံကို အဖန်တလဲလဲ အောက်မေ့နိုင်ခြင်း ဖြစ်၏။

(ဝိသုဒ္ဓိ-၂-၂၃၆။ မဟာဋီ-၂-၃၇၇။)

၄။ **ကဋတ္တာကံ** — ဧတေဟိ ပန တီဟိ မုတ္တံ ပုနပ္ပုနံ လဒ္ဓါသေဝနံ **ကဋတ္တာ ဝါ ပန ကမ္မံ** နာမ ဟောတိ၊ တေသံ အဘာဝေ တံ ပဋိသန္ဓိံ အာကမှတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

ဂရုကကံ ဗဟုလကံ အာသန္နကံ သုံးမျိုးတို့မှ လွတ်သော အဖန်ဖန် အထပ်ထပ် ရအပ်သော အာသေဝန ပစ္စည်းရှိသော ဤဘဝ၌ ဖြစ်စေ, ရှေးရှေး ဘဝများစွာ၌ ဖြစ်စေ ပြုအပ်သော ပြုအပ်ကာမျှဖြစ်သော ကံသည် ကဋတ္တာကံမည်၏။ အထက်ပါ ဂရုကကံ စသော ကံသုံးမျိုးတို့သည် မရှိလတ်သော် ဤကဋတ္တာကံက ပဋိသန္ဓေ အကျိုးကို ငင်၏။ ပဋိသန္ဓေအကျိုးကို ဖြစ်စေ၏။

ပဋိသန္ဓိဇနကဝသေန ဟိ ဂရုကာဒိကမ္မစတုက္ကံ ဝုတ္တံ။ (မဟာဋီ-၂-၃၇၇။)

ဂရုကကံ ဗဟုလကံ အာသန္နကံ ကဋတ္တာကံဟူသော ဤ ကမ္မစတုက္ကကို ပဋိသန္ဓေအကျိုးကို ပေးတတ်သော ဇနကကံ၏ အစွမ်းဖြင့် ဖွင့်ဆိုခြင်း ဖြစ်၏။

[**မှတ်ချက်** — သင်္ဂြိုဟ်ကျမ်း၌ကား ဂရုကကံ အာသန္နကံ အာစိဏ္ဏကံ ကဋတ္တာကံဟု အာသန္နကံကို နံပါတ်-၂- အာစိဏ္ဏကံကို နံပါတ်-၃- အရာ၌ထားသည်။ ဝိသုဒ္ဓိမဂ်၌ကား အာစိဏ္ဏကံကို နံပါတ်-၂- အာသန္နကံကို နံပါတ်-၃- အရာ၌ထားသည်။ အားလုံး အသင့်ယုတ္တိရှိသည်ချည်းပင် ဖြစ်သည်။]

## ကိစ္စနှင့်စပ်၍ ကံ (၄) မျိုး

၁။ ဇနကကံ = ဝိပါက် ကဋတ္တာရုပ်ကို ဖြစ်စေတတ်သောကံ,
၂။ ဥပတ္ထမ္ဘကကံ = အားပေးထောက်ပံ့တတ်သောကံ,
၃။ ဥပပီဠကကံ = ကပ်၍ ညှဉ်းဆဲ နှိပ်စက်တတ်သောကံ,
၄။ ဥပဃာတကကံ = ကပ်၍ဖြတ်တတ်သောကံ,

ဤသို့လျှင် ကိစ္စနှင့်စပ်သဖြင့် ကံလေးမျိုး ရှိ၏။

၁။ **ဇနကကံ** — တတ္ထ **ဇနကံ** နာမ ကုသလမ္ပိ ဟောတိ အကုသလမ္ပိ။ တံ ပဋိသန္ဓိယမ္ပိ ပဝတ္တေပိ ရူပါရူပ-ဝိပါကက္ခန္ဓေ ဇနေတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

ထိုကံလေးမျိုးတို့တွင် ဇနကကံမည်သည် ကုသိုလ်လည်း ဖြစ်နိုင်၏။ အကုသိုလ်လည်း ဖြစ်နိုင်၏။ ပဋိ-သန္ဓေအခါ ပဝတ္တိအခါတို့၌ ကဋတ္တာရုပ် = ဝိပါကရုပ်တရားများနှင့် ဝိပါက်နာမ်တရားတို့ကို ထိုဇနကကံက ဖြစ်စေတတ်၏။ ဝိပါက်ရုပ်တရားဟူရာ၌ ကမ္မဇရုပ်များနှင့် ကမ္မပစ္စယ ဥတုဇရုပ်များကို ဆိုလိုသည်။ ကမ္မပစ္စယ ဥတုဇ ရုပ်တရားဟူသည် နတ်သား နတ်သမီးတို့၏ ဘုံဗိမာန် ဥယျာဉ် ပဒေသာပင် စသည်နှင့် စကြဝတေးမင်းတို့၏ စကြာရတနာ စသည်တို့ကဲ့သို့သော ကံလျှင် အကြောင်းရင်းခံရှိသော ဥတုဇရုပ်များတည်း။

၂။ **ဥပတ္ထမ္ဘကကံ — ဥပတ္ထမ္ဘကံ** ပန ဝိပါကံ ဇနေတုံ န သက္ကောတိ၊ အညေန ကမ္မေန ဒိန္နာယ ပဋိသန္ဓိယာ ဇနိတေ ဝိပါကေ ဥပ္ပဇ္ဇမာနကသုခဒုက္ခံ ဥပတ္ထမ္ဘေတိ၊ အဒ္ဓါနံ ပဝတ္တေတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

သုခဒုက္ခသန္တာနဿ, နာမရူပပ္ပဗန္ဓဿဝါ စိရတရပ္ပဝတ္တိဟေတုဘူတံ ဥပတ္ထမ္ဘကံ။ (မဟာဋီ-၂-၃၇၉။)

ဥပတ္ထမ္ဘကကံသည်လည်း ကုသိုလ်လည်း ဖြစ်နိုင်၏။ အကုသိုလ်လည်း ဖြစ်နိုင်၏။ ယင်း ဥပတ္ထမ္ဘကကံကား ပဋိသန္ဓေဝိပါက်စသည့် အကျိုးဝိပါက်တရားကို မိမိကိုယ်တိုင်က တိုက်ရိုက်ဖြစ်စေခြင်းငှာ မစွမ်းနိုင်။ အခြားတစ်ပါးသော ဇနကကံစသည်က ပဋိသန္ဓေအကျိုးကို ပေးခဲ့သော် ပဝတ္တိ အကျိုးဝိပါက်တရားများကို ဖြစ်စေခဲ့သော် ဖြစ်ဆဲဖြစ်သော ချမ်းသာသုခ သန္တာန်အစဉ်ကို ဆင်းရဲဒုက္ခ သန္တာန်အစဉ်ကို တစ်နည်းဆိုရသော် နာမ်ရုပ် အစဉ်ကို ကြာမြင့်သည်ထက် ကြာမြင့်စွာ ဖြစ်ပေါ်နေအောင် အားပေးထောက်ပံ့ထား၏။ ကိုယ်တိုင်က အကျိုးမပေးနိုင်သော်လည်း တစ်ပါးသော ကံက အကျိုးပေးခွင့်ရလာအောင်, အကျိုးပေးခွင့် ရနေပြန်လျှင်လည်း အကျိုးပေးသန်လေအောင်, အကျိုးပေးသည့် အခါမှာလည်း ထိုအကျိုးတရားများ ကြာရှည်စွာ ဖွံ့ဖြိုးတိုးတက်လေအောင် ကုသိုလ်အရာမှာဖြစ်စေ, အကုသိုလ်အရာမှာဖြစ်စေ လျော်စွာအားပေးထောက်မ ကူညီတတ်သော ကံဟု ဆိုလိုသည်။

၃။ **ဥပပီဠကကံ — ဥပပီဠကံ** အညေန ကမ္မေန ဒိန္နာယ ပဋိသန္ဓိယာ ဇနိတေ ဝိပါကေ ဥပ္ပဇ္ဇမာနကသုခဒုက္ခံ ပီဠေတိ ဗာဓတိ၊ အဒ္ဓါနံ ပဝတ္တိတုံ န ဒေတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

ဥပပီဠကံ သုခဒုက္ခပ္ပဗန္ဓေ ပဝတ္တမာနေ သဏိကံ သဏိကံ ဟာပေတိ။ (မဟာဋီ-၂-၃၇၉။)

ဤ ဥပပီဠကကံမှာလည်း ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုးလုံးပင် ဖြစ်နိုင်၏။ အခြားသော ဇနကကံစသော ကံက ပဋိသန္ဓေအကျိုးကို ပေးခဲ့သော် ပဝတ္တိအကျိုးဝိပါက်ကို ဖြစ်စေခဲ့သော် ဖြစ်ဆဲဖြစ်သော ချမ်းသာသုခ သန္တာန်အစဉ် ဆင်းရဲဒုက္ခ သန္တာန်အစဉ်ကို တစ်နည်းဆိုသော် ဖြစ်ဆဲဖြစ်သော နာမ်ရုပ်အစဉ်ကို ညှဉ်းဆဲတတ် နှိပ်စက်တတ်သော, ကြာမြင့်စွာသော ကာလပတ်လုံး ဆက်လက် ဖြစ်စေခြင်းငှာ အခွင့်မပေးတတ်သောကံသည် ဥပပီဠကကံတည်း။ ဖြစ်ပေါ်ဆဲဖြစ်သော သုခဒုက္ခ သန္တာန်အစဉ်၌ ထိုသုခဒုက္ခ အစဉ်သန္တတိကို တစ်နည်း ရုပ်နာမ်အစဉ်သန္တတိကို တဖြည်းဖြည်း ဆုတ်ယုတ်စေတတ်သော ကံတည်း။ တစ်ပါးသောကံကို အကျိုးပေးခွင့် မရလေအောင်, အခွင့်ရ၍ အကျိုးပေးနေသော ကံကိုလည်း အကျိုးပေး မထက်သန်လေအောင်, ရပြီးသော အကျိုးတရားကိုလည်း မဖွံ့ဖြိုးလေအောင် ကပ်၍ နှိပ်စက်တတ်သော ကံဟုလိုသည်။

၄။ **ဥပဃာတကကံ – ဥပဃာတကံ** ပန သယံ ကုသလမ္ပိ အကုသလမ္ပိ သမာနံ အညံ ဒုဗ္ဗလကမ္မံ ဃာတေတွာ တဿ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿ ဩကာသံ ကရောတိ။ ဧဝံ ပန ကမ္မေန ကတေ ဩကာသေ တံ ဝိပါကံ ဥပ္ပန္နံ နာမ ဝုစ္စတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

ဥပဃာတကကံသည်လည်း ကုသိုလ်လည်း ဖြစ်နိုင်၏။ အကုသိုလ်လည်း ဖြစ်နိုင်၏။ ယင်းကံသည် မိမိကိုယ်တိုင်က ကုသိုလ်လည်း ဖြစ်နိုင် အကုသိုလ်လည်း ဖြစ်နိုင်သဖြင့် မိမိမှတစ်ပါးသော အခြားအားနည်းသော ကံကို သတ်တတ်၏။ ကံကို သတ်တတ်၏ ဟူသည်မှာလည်း ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်ခြင်းပင်တည်း။ သို့အတွက် ဥပဃာတကကံသည် အခြားတစ်ပါးသော အားနည်းသော ကံကို သတ်၍ ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်၍ မိမိ၏ အကျိုးဝိပါက်၏ ဖြစ်ခွင့်ကို ပြုလုပ်တတ်၏။ ဤသို့လျှင် ဥပဃာတကကံသည် မိမိ၏ အကျိုးဝိပါက်၏ ဖြစ်ခွင့်ကို ပြုလုပ်သည်ရှိသော် ထိုဝိပါက်တရားကို ဖြစ်ပေါ်လာစေသည် မည်၏ဟူ၍ ဆိုအပ်ပေသည်။ နှိပ်စက်ရုံတွင် မကဘဲ တစ်ပါးသော အားနည်းနေသော ကံကို လုံးဝအကျိုးမပေးနိုင်အောင်, ပေးပြီးသော အကျိုး-

များကိုလည်း ပြတ်သွားအောင် သတ်ဖြတ်သော ကံကို "ဥပဃာတက"ကံဟု ခေါ်ဆိုသည် ဟူလိုသည်။
(ဝိသုဒ္ဓိ-၂-၂၃၆။)

## ဥပပီဠကကံနှင့် ဥပဃာတကကံ

ယင်းကံနှစ်မျိုးတို့၏ ထူးခြားမှုကို မဟာဋီကာတွင် ဤသို့လည်း ဆက်လက်၍ ဖော်ပြထား၏ — ဥပပီဠကကံကား အခြားသော ကံ၏ အကျိုးဝိပါက်ကို ဖြတ်နိုင်၏။ မိမိမူကား မိမိ၏ အကျိုးဝိပါက်ကို မဖြစ်စေနိုင်။ ဥပဃာတကကံကား အားနည်းသော ကံတစ်ပါးကို ဖြတ်တောက်၍ မိမိ၏ အကျိုးဝိပါက်ကို ဖြစ်စေနိုင်၏။ ဤကား အထူးတည်း။

များပြားသော အနာရောဂါရှိမှု အနာရောဂါထူပြောမှု စသည်ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားကို အနီး၌ ချထားခြင်း အနီး၌ ကျရောက်စေခြင်းဖြင့် အခြားသောကံက ပေးနေသော အကျိုးတရားကို နှိပ်စက်တတ်သော ကံသည် ဥပပီဠကကံမည်၏။ (အခြားကံက ပေးနေသော အကျိုးတရားကို နှိပ်စက်တတ်သော ဥပပီဠက ကံဟူသည် အနာရောဂါ ထူပြောခြင်းစသည်ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားကို ထိုအခြားကံ၏ အကျိုးတရား အနီး၌ ကျရောက်စေခြင်း ချထားခြင်းပင် ဖြစ်သည်ဟု ဆိုလိုသည်။) ထိုအတူပင် အခြားကံက ပေးနေသော အကျိုးတရားကိုပင်လျှင် ကပ်၍ ဖြတ်တတ်သော ကံသည် ဥပဃာတကကံ မည်၏။ ဤသို့ ယူဆရာ၌ အကြောင်းမှာ ဤသို့ ဖြစ်၏။ — အခြားကံတစ်ပါးကို သတ်ဖြတ်၍ မိမိ၏ အကျိုးဝိပါက်အား အကျိုးပေးခွင့်ကို ပြုခြင်းဖြင့် အကျိုးကို ဖြစ်စေရန် ရင့်ကျက်လာခြင်း အကျိုးပေးခြင်း သဘောတရားသည် ဥပဃာတကကံ၌ ရှိသည် ဖြစ်ခဲ့သော် ဥပဃာတကကံ အမည်မရနိုင်ဘဲ ဇနကကံ မည်သည်သာ ဖြစ်ပေရာသည်။ ဇနကကံ စသည့် အမည်ရမှုကို အကျိုးဝိပါက်ကို အစွဲပြု၍သာ အလိုရှိအပ်ပေသည် = အကျိုးဝိပါက်ကို အစွဲပြု၍ ဇနကကံ စသည် အမည်ရမှုကို အလိုရှိအပ်ပေသည်။ ကံကို အစွဲပြု၍ အလိုမရှိအပ်ပေ။ သို့အတွက် ဥပဃာတကကံဟူသည် အခြားအကျိုးပေးနေသော ကံတစ်ပါးကို မသတ်ဘဲ ထိုကံတစ်ပါး၏ အကျိုးဝိပါက်ကိုသာ ကပ်၍ ဖြတ်တတ် သတ်တတ်သောကံ ဖြစ်သည်ဟု ယူဆလျှင် သင့်မြတ်သကဲ့သို့ ထင်မြင်မိပေသည်။ စူးစမ်းဆင်ခြင်ပါလေ။ — ဤကား မဟာဋီကာဆရာတော်၏ မိန့်မှာချက်ပင် ဖြစ်သည်။ (မဟာဋီ-၂-၃၇၉။)

## တစ်နည်း ကံလေးမျိုး အယူအဆ

၁။ **ဇနကကံ** — ပဋိသန္ဓေအခါ၌သော်လည်းကောင်း, ပဝတ္တိအခါ၌သော်လည်းကောင်း, ဣဋ္ဌဖြစ်သော ကုသလဝိပါက် နာမ်ခန္ဓာနှင့် ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်ကံသည် **ဇနကကံ**မည်၏။ ပဋိသန္ဓေအခါ၌သော်လည်းကောင်း, ပဝတ္တိအခါ၌သော်လည်းကောင်း, အနိဋ္ဌဖြစ်သော အကုသလဝိပါက် နာမ်ခန္ဓာနှင့် ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော အကုသိုလ်ကံသည် **ဇနကကံ** မည်၏။ (ကဋတ္တာရုပ် = ကမ္မဇရုပ်)

၂။ **ဥပတ္ထမ္ဘကကံ** — ကံတစ်ခုကို ပြုပြီးခဲ့သော် ထိုကံသည် အခြားတစ်ပါးသော ကုသိုလ်ဇနကကံက ဖြစ်စေအပ်သော အလိုရှိအပ် ကောင်းမြတ်သော သုဂတိပဋိသန္ဓေကဲ့သို့ ဣဋ္ဌဖြစ်သော အကျိုးတရားကို နှိပ်စက်တတ် ဖြတ်တတ်သော အကြောင်းတရား မဖြစ်ခြင်းဖြင့်လည်းကောင်း, ဇနကကံ၏ အကျိုးတရားကို တိုးပွားစေတတ်သော အကြောင်းတရား ဖြစ်ခြင်းဖြင့်လည်းကောင်း ဇနကကံ၏ အစွမ်းအာနုဘော်အားလျော်စွာ ထက်ဝန်းကျင် မွေးမြူအပ် ပြုစုအပ် ပွားစေအပ်သည်ဖြစ်၍ သာ၍ ရှည်မြင့်စွာဖြစ်သော ဝိပါက်ခန္ဓာအစဉ်ကို ဖြစ်ပေါ်လာစေ၏။ ထိုကံမျိုးသည် **ဥပတ္ထမ္ဘကကံ** မည်၏။ (ဤကား ကုသိုလ်က ကုသိုလ်ကို ထောက်ပံ့ပုံတည်း။)
(မဟာဋီ-၂-၃၇၉။)

အကယ်၍ ကံတစ်ခုကို ပြုပြီးခဲ့သော် ထိုကံသည် အခြားတစ်ပါးသော အကုသိုလ်ဇနကကံ တစ်ခုက ဖြစ်စေအပ်သော အလိုမရှိအပ် မကောင်းမြတ်၍ အနိဋ္ဌစင်စစ်ဖြစ်သော (အပါယ်ဒုဂ္ဂတိ ပဋိသန္ဓေကဲ့သို့သော) အကျိုးတရားကို နှိပ်စက်တတ် ဖြတ်တတ်သော အကြောင်းတရား မဖြစ်ခြင်းဖြင့်လည်းကောင်း အကုသိုလ်ဇနကကံ၏ အစွမ်း အာနုဘော်အားလျော်စွာ ထက်ဝန်းကျင် မွေးမြူအပ် ပြုစုအပ် ပွားစေအပ်သည်ဖြစ်၍ သာ၍ ရှည်မြင့်သော အနိဋ္ဌ အကျိုးဝိပါက်ခန္ဓာအစဉ်သည် ဖြစ်ပေါ်လာ၏။ ထိုကံမျိုးသည် **ဥပတ္ထမ္ဘကကံ** မည်၏။ (အကုသိုလ်ကံ တစ်ခုက အကုသိုလ်ကံတစ်ခု၏ အကျိုးတရားကို ထောက်ပံ့ပံ့တည်း။) (မဟာဋီ-၂-၃၇၉။)

၃။ **ဥပပီဠကကံ** — ကုသိုလ်ဇနကကံသည် ဖြစ်စေအပ်သော ဣဋ္ဌဖြစ်သော ကုသိုလ်၏ အကျိုးတရားကို ယင်းကုသိုလ်ကံနှင့် တိုက်ရိုက် ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်ကံတစ်ခုက အနာရောဂါထူပြောခြင်း စသည့် အကြောင်းတရားဖြစ်ကာ နှိပ်စက်၏။ (ကုသိုလ်ဇနကကံကြောင့် လူ့ဘဝ လူ့ခန္ဓာအစဉ်ကဲ့သို့သော ဣဋ္ဌဖြစ်သော ဝိပါက်ခန္ဓာအစဉ်ကို ရရှိ၏၊ ကောင်းကျိုးတည်း။ အခြားအကုသိုလ်ကံ တစ်ခုကြောင့် ထိုလူ့ဘဝ၌ အနာရောဂါ ထူပြောရပြန်၏။ ယင်းသို့ဖြစ်သော် ထိုအကုသိုလ်ကံက မူလကုသိုလ် ဇနကကံ၏ အကျိုးတရားကို နှိပ်စက်သည် မည်၏။) ထိုနှိပ်စက်သော အကုသိုလ်ကံသည် **ဥပပီဠကကံ** မည်၏။ ယင်းအကုသိုလ်ကံသည် အတိတ် အကုသိုလ်ကံလည်း ဖြစ်နိုင်၏။ ပစ္စုပ္ပန် အကုသိုလ်ကံလည်း ဖြစ်နိုင်၏။

အကုသိုလ် ဇနကကံသည် ဖြစ်စေအပ်သော အနိဋ္ဌဖြစ်သော အကုသိုလ်၏ အကျိုးတရားကို ယင်းကံနှင့် တိုက်ရိုက် ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်ကံတစ်ခုက ဓာတ်ညီညွတ်မှု စသည်ကို ဖြစ်စေတတ်သော အကြောင်းတရားဖြစ်ကာ နှိပ်စက်၏။ (အတိတ် အကုသိုလ် ဇနကကံတစ်ခုကြောင့် အနာရောဂါထူပြောနေ၏။ မကျန်းမမာဖြစ်နေ၏။ အတိတ်ကုသိုလ်ကံ တစ်ခုကြောင့်ဖြစ်စေ, သို့မဟုတ် ပစ္စုပ္ပန်တွင် ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်သော ဘာဝနာ ပွားများအားထုတ်ခြင်းစသော ကုသိုလ်ကံတစ်ခုကြောင့် ဖြစ်စေ ဓာတ်ညီညွတ်မှုစသည်ကို ရရှိလာ၏၊ တစ်ဖန်ပြန်၍ ကျန်းမာလာ၏။) ထိုကုသိုလ်ကံမျိုးသည် အကုသိုလ်ကံ၏ အကျိုးတရားကို ကပ်၍နှိပ်စက်တတ်သော **ဥပပီဠကကံ** မည်၏။ (မဟာဋီ-၂-၃၈၀။)

၄။ **ဥပဃာတကကံ** — အကြင်ကံသည် ကုသိုလ် ဇနကကံ၏ စွမ်းအင်သတ္တိနှင့် စပ်သဖြင့် သာ၍ရှည်မြင့်သော ဝိပါက်ရုပ်နာမ်သန္တာန်အစဉ် ဖြစ်ထိုက်သည်လည်းဖြစ်သော ကောင်းကျိုးကိုသော်လည်း ဖြတ်တတ်သော အကြောင်းတရားဖြစ်ခြင်းဖြင့် ကပ်၍ သတ်တတ် ဖြတ်တတ်၏၊ ထိုကံသည် **ဥပဃာတကကံ** မည်၏။

အကြင်ကံသည် အကုသိုလ် ဇနကကံ၏ စွမ်းအင်သတ္တိနှင့်စပ်သဖြင့် သာ၍ရှည်မြင့်သော ဝိပါက်ရုပ်နာမ် သန္တာန်အစဉ် ဖြစ်ထိုက်သည်လည်းဖြစ်သော မကောင်းကျိုးကိုသော်လည်း ဖြတ်တတ်သော အကြောင်းတရား ဖြစ်ခြင်းဖြင့် ကပ်၍ သတ်တတ် ဖြတ်တတ်၏၊ ထိုကံသည် ဥပဃာတကကံ မည်၏။ (ဇနကကံ တစ်ခု၏ အကျိုး ဖြစ်သော ဝိပါက် ရုပ်နာမ်သန္တာန်အစဉ်ကို ကပ်၍ ဖြတ်တတ် သတ်တတ်သော ကံသည် ဥပဃာတကကံ မည်၏။) (မဟာဋီ-၂-၃၈၀။)

ကံကိုသတ်ခြင်း ဖြတ်ခြင်းမည်သည် ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်ခြင်းပင်တည်း။ ထိုသို့ တားမြစ်ခြင်း သည်လည်း တားမြစ်သော ကံဟူသော မိမိ၏ အကျိုးဝိပါက်ကို ဖြစ်ပေါ်လာအောင် အခွင့်အလမ်းကို ပြုလုပ်ခြင်း ပင်တည်း။

## ဗုဒ္ဓဝိသယနှင့် သာဝကဝိသယ = ဘုရားအရာနှင့် သာဝကအရာ

ဣတိ ဣမေသံ ဒွါဒသန္နံ ကမ္မာနံ ကမ္မန္တရဉ္စေဝ ဝိပါကန္တရဉ္စ ဗုဒ္ဓါနံ ကမ္မဝိပါကဉာဏဿေဝ ယာထာ-ဝသရသတော ပါကဋံ ဟောတိ၊ အသာဓာရဏံ သာဝကေဟိ။ ဝိပဿကေန ပန ကမ္မန္တရဉ္စ ဝိပါကန္တရဉ္စ ဧကဒေသတော ဇာနိတဗ္ဗံ။ တသ္မာ အယံ မုခမတ္တဒဿနေန ကမ္မဝိသေသော ပကာသိတောတိ။

(ဝိသုဒ္ဓိ-၂-၂၃၇။)

ဗုဒ္ဓါဝေဏိကတာယ အသာဓာရဏဿေဝ ဉာဏဿ ဂေါစရဘာဝတော ကမ္မန္တရာဒိ **"အသာဓာရဏံ သာဝကေဟိ"**တိ ဝုတ္တံ။ **ဧကဒေသတော ဇာနိတဗ္ဗံ** အနဝသေသတော ဇာနိတုံ န သက္ကာ အဝိသယတ္တာ။ သဗ္ဗေန သဗ္ဗံ အဇာနနေ ပစ္စယပရိဂ္ဂဟော န ပရိပူရတီတိ။ (မဟာဋီ-၂-၃၈၀။)

ဒိဋ္ဌဓမ္မဝေဒနီယကံမှ စ၍ ဤဥပဃာတကကံ တိုင်အောင် ဖော်ပြခဲ့သော ဤ (၁၂)မျိုးသော ကံတို့၏ -

၁။ **ကမ္မန္တရ** = ကံတို့၏ အားရှိသည်၏အဖြစ် အားမရှိသည်၏အဖြစ်ဟု ဆိုအပ်သော ထူးထွေကွဲပြားမှုသည် လည်းကောင်း,

၂။ **ဝိပါကန္တရ** = အကျိုးဝိပါက်တရားတို့၏ ယုတ်ညံ့သည်၏ အဖြစ်, မြင့်မြတ်သည်၏ အဖြစ်, မည်းညစ်သည်၏ အဖြစ်, ဖြူစင်သည်၏ အဖြစ် စသော ထူးထွေကွဲပြားမှုသည်လည်းကောင်း,

ဤ (၂) မျိုးသော သဘောတရားသည် သဗ္ဗညု ဘွဲ့ထူးကြီးကို ခံယူတော်မူကြသော ရှင်တော်မြတ်ဘုရားတို့၏ ကံအထူး အကျိုးဝိပါက်အထူးကို သိတော်မူတတ်သော **ကမ္မဝိပါကဉာဏ်တော်မြတ်**အားသာလျှင် မဖောက်မပြန် ဟုတ်မှန်တိုင်းသော သဘော, ဟုတ်မှန်တိုင်းသော မိမိကိစ္စအားဖြင့် ထင်ရှားပေသည်၊ သာဝက-တို့နှင့် မဆက်ဆံပေ။ ထိုကမ္မဝိပါကဉာဏ်တော်သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့နှင့်သာ သီးသန့် သက်ဆိုင်သည့် အာဝေဏိကဂုဏ်တော် တစ်ပါးလည်း ဖြစ်၏၊ သာဝကတို့နှင့် မဆက်ဆံဘဲ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့နှင့်သာ ဆက်ဆံသည့် အသာဓာရဏ ဉာဏ်တော်တစ်ပါးလည်း ဖြစ်၏။ ဤကမ္မန္တရ, ဝိပါကန္တရကား ထိုအာဝေဏိက အသာဓာရဏ ဖြစ်တော်မူသော ကမ္မဝိပါကဉာဏ်တော်၏သာလျှင် ကျက်စားရာအာရုံ ဖြစ်သောကြောင့် ကမ္မန္တရ ဝိပါကန္တရကို အကြွင်းအကျန်မရှိ ကုန်စင်အောင်သိမှုသည် သာဝကတို့နှင့် မဆက်ဆံသည့် သဗ္ဗညု သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ အရာသာဖြစ်၏။

သို့သော် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလျက်ရှိသော ဝိပဿကပုဂ္ဂိုလ်သည် ကံတို့၏ အားရှိ-သည်၏အဖြစ် အားမရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ကံတို့၏ ထူးထွေကွဲပြားမှု ကမ္မန္တရကိုလည်းကောင်း, အကျိုးဝိပါက်တရားတို့၏ ယုတ်ညံ့သည်၏ အဖြစ်, မြင့်မြတ်သည်၏ အဖြစ်, မည်းညစ်သည်၏ အဖြစ်, ဖြူစင်-သည်၏ အဖြစ်စသော ဝိပါက်တရားတို့၏ ထူးထွေကွဲပြားမှု ဝိပါကန္တရကိုလည်းကောင်း **ဧကဒေသ = တစ်စိတ် တစ်ဒေသ**အားဖြင့် သိသင့်၏ သိထိုက်၏ သိရမည်ဖြစ်၏။ ယင်းကမ္မန္တရ ဝိပါကန္တရတို့ကို အကြွင်းအကျန်မရှိ ကုန်စင်အောင် သိခြင်းငှာကား သာဝကတို့သည် မစွမ်းနိုင်ကုန်။ သာဝကတို့၏အရာ မဟုတ်သောကြောင့် ဖြစ်၏။ ထိုကမ္မန္တရ ဝိပါကန္တရတို့ကို အချင်းခပ်သိမ်း လုံးလုံးမသိခဲ့သော်မူ အကြောင်းတရားတို့ကို သိမ်းဆည်းတတ် ပိုင်း-ခြားယူတတ်သော ပစ္စယပရိဂ္ဂဟဉာဏ်သည် မပြည့်စုံပေ။ ထိုကြောင့် အရိပ်အမြွက်မျှကို ပြသဖြင့် ဤကံအထူးကို (ကမ္မန္တရ ဝိပါကန္တရကို) အဋ္ဌကထာဆရာတော်သည် ထင်ရှား ပြတော်မူ၏ဟု မှတ်ပါ။)

(ဝိသုဒ္ဓိ-၂-၂၃၇။ မဟာဋီ-၂-၃၈၀။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်များနှင့် အညီ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်း လျက်ရှိသော အသင်သူတော်ကောင်းသည် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိရေးအတွက် ကံနှင့် ကံ၏ အကျိုးတရား ကိုကား တစ်စိတ်တစ်ဒေသအားဖြင့် သိအောင် ရှုပွားရတော့မည် ဖြစ်၏။ ယင်းသို့ ရှုရာ၌ အတိတ်ကံကြောင့်သာ ပစ္စုပ္ပန်၌ ပဋိသန္ဓေဝိပါက် နာမ်ရုပ်စသော အကျိုးဝိပါက်တရားများသည် ထင်ရှားဖြစ်ပေါ်လာကြသဖြင့်, ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်လိုက်သော (ဥပပဇ္ဇဝေဒနီယ) ကံကြောင့် သို့မဟုတ် အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့သော အပရာပရိယဝေဒနီယကံကြောင့် နောင်အနာဂတ်၌လည်း (သံသရာခရီး မဆုံးသေး သူတို့အဖို့) ပဋိသန္ဓေဝိပါက် နာမ်ရုပ်စသော အကျိုးတရားများသည် ဖြစ်ပေါ်လာကြမည် ဖြစ်သဖြင့် ကံနှင့် ကံ၏အကျိုးကို (ကမ္မန္တရ ဝိပါ-ကန္တရကို) တစ်စိတ်တစ်ဒေသ သိလိုပါက သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်လိုပါက အတိတ်နှင့် အနာဂတ်မှာ မလွဲမရှောင်သာ ရှုပွားရတော့မည်သာဟု မှတ်ပါ။ အတိတ်ဘဝက ထူထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ ဟူသော အတိတ် အကြောင်းတရားငါးပါးဟူသည် အတိတ်ခန္ဓာငါးပါးကို အစွဲပြု၍ ဖြစ်ပေါ်လာသော အတိတ်ခန္ဓာငါးပါး၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်၏။ အလားတူပင် ပစ္စုပ္ပန် အ-ကြောင်းတရားငါးပါးဟူသည်လည်း ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကိုပင် အစွဲပြု၍ ဖြစ်ပေါ်လာသော ပစ္စုပ္ပန်ခန္ဓာငါးပါး၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်၏။ အနာဂတ် အကျိုးတရားငါးပါးဟူသည်လည်း အနာဂတ်ခန္ဓာငါးပါးတို့၏ အစိတ် အပိုင်း တစ်ခုမျှသာ ဖြစ်၏။ သို့အတွက် အတိတ် အကြောင်းတရားကြောင့် ပစ္စုပ္ပန် အကျိုးတရားဖြစ်ပုံ, ပစ္စုပ္ပန် အကြောင်းတရားကြောင့် အနာဂတ် အကျိုးတရားဖြစ်ပုံတို့ကို ဟုတ်တိုင်းမှန်စွာ ယထာဘူတဉာဏ်ဖြင့် သိမြင် လိုသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် အတိတ်ခန္ဓာငါးပါး အနာဂတ်ခန္ဓာငါးပါးတို့ကိုကား မလွှဲမရှောင်သာ သိမ်းဆည်း ရှုပွားရတော့မည်သာ ဖြစ်ပေသည်။

## ကမ္မန္တရ – ဝိပါကန္တရ

**ကမ္မန္တရန္တိ** ကမ္မဝိသေသော ကမ္မာနံ ဗလာဗလဘေဒေါ။ **ဝိပါကန္တရန္တိ** ဝိပါကဝိသေသော၊ တဿ ဟီနပဏီတတာဒိဘေဒေါ။ (မဟာဋီ-၂-၃၇၉။)

**ကမ္မန္တရ**ဟူသည် ကံတို့၏ ထူးထွေကွဲပြားမှု = အားရှိသောကံ အားမရှိသောကံစသည့် ကံအမျိုးမျိုးတည်း။ **ဝိပါကန္တရ**ဟူသည် အကျိုးတရားတို့၏ ထူးထွေကွဲပြားမှု = ယုတ်ညံ့သော အကျိုးတရား မွန်မြတ်သော အကျိုး တရား စသည့် အကျိုးအမျိုးမျိုးတည်း။ တစ်နည်းဆိုသော် ဇနကကံ ဥပတ္ထမ္ဘကကံ ဥပပီဠကကံ ဥပဃာတကကံ ဟူသော ကံအမျိုးမျိုးသည် ကမ္မန္တရတည်း။ ယင်းကံအမျိုးမျိုးတို့၏ဆိုင်ရာ အကျိုးအမျိုးမျိုးသည် ဝိပါကန္တရတည်း။ (မဟာဋီ-၂-၃၇၉-၃၈၀။)

သတ္တဝါ တစ်ဦးတစ်ဦးမှာပင် ကံအမျိုးမျိုးရှိနိုင်၍ ယင်းကံ၏ အကျိုးတရားတို့လည်း အမျိုးမျိုးပင် ရှိနိုင် သည်။ ဘုရားရှင်၏ ဝိပါက်တော် (၁၂) ပါးကိုပင် ပုံစံထား၍ ကြည့်ပါ။ ဝိပါက်တော် တစ်မျိုးတစ်မျိုးအတွက် သီးသန့်ကံ တစ်မျိုးစီရှိ၏။ ဦးခေါင်းတော်ခဲရသည့် ဝိပါက်တော်အတွက် ကံတစ်မျိုး, ခါးတော်နာရသည့် ဝိပါက်-တော်အတွက် ကံတစ်မျိုး, ဝမ်းတော်လားရသည့် ဝိပါက်တော်အတွက် ကံတစ်မျိုး ဤသို့ စသည်ဖြင့် ဆိုင်ရာ ဆိုင်ရာ ဝိပါက်တော်နှင့် ဆိုင်ရာဆိုင်ရာ ကံကား အသီးသီးပင် ရှိ၏။

အလားတူပင် သတ္တဝါ တစ်ဦးတစ်ဦးအဖို့ ဘဝတစ်လျှောက်ဝယ် တွေ့ကြုံခံစားရသည့် ဣဋ္ဌာရုံလည်း အမျိုးမျိုးရှိ၏။ အနိဋ္ဌာရုံလည်း အမျိုးမျိုးရှိ၏။ ဣဋ္ဌာရုံနှင့် တွေ့ကြုံရသည့်အခါ ဖြစ်ပေါ်သွားကြသော ပဉ္စ-ဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ကား ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာကြရသည့် ကုသလဝိပါက်

တို့တည်း။ အနိဋ္ဌာရုံနှင့် တွေ့ကြုံရသည့်အခါ ဖြစ်ပေါ်သွားကြသော ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ, တဒါရုံတို့ကား အကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာကြရသည့် အကုသလဝိပါက်တို့တည်း။

ဣဋ္ဌာရုံမှာ ဘဝတစ်လျှောက်ဝယ် အမျိုးမျိုးရှိသဖြင့် ကုသလဝိပါက်လည်း အမျိုးမျိုးပင်ရှိရ၏၊ အနိဋ္ဌာရုံမှာလည်း အမျိုးမျိုးပင် ရှိနိုင်သဖြင့် အကုသလဝိပါက်လည်း အမျိုးမျိုးပင် ရှိနိုင်၏။ ကုသလဝိပါက် အမည်ရသော ကောင်းကျိုး အမျိုးမျိုးကို တွေ့ကြုံခံစားရလျှင် ယင်းကုသလဝိပါက် အမျိုးမျိုး၏ အကြောင်းရင်းကံမှာလည်း အမျိုးမျိုးပင် ရှိနိုင်၏။ အလားတူပင် အကုသလဝိပါက်အမျိုးမျိုးကို တွေ့ကြုံခံစားရလျှင် ယင်း၏အကြောင်းရင်း အကုသိုလ်ကံမှာလည်း အမျိုးမျိုးပင် ရှိနိုင်၏။

ဘဝတစ်လျှောက်တွင် တွေ့ကြုံခဲ့ရသည့် တွေ့ကြုံဆဲဖြစ်သည့် တွေ့ကြုံလတ္တံ့ဖြစ်သည့် ထိုများစွာကုန်သော ကံနှင့် ကံ၏ အကျိုးတရားတို့ကိုကား (ကမ္မန္တရ ဝိပါကန္တရတို့ကိုကား) သာဝကများသည် ကုန်စင်အောင် မသိနိုင်ပေ။ အတိတ် အနာဂတ်တို့၌လည်း နည်းတူပင် ဖြစ်၏။ သို့သော် ဘုရားရှင်ကား အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ပင် ကံနှင့် ကံ၏ အကျိုးတရားတို့ကို အကြွင်းအကျန်မရှိ အကုန်အစင် သိမြင်တော်မူ၏။ သို့သော် သာဝကများသည် ကံအမျိုးမျိုးနှင့် ကံ၏ အကျိုးအမျိုးမျိုးကို ကုန်စင်အောင် မသိနိုင်သော်လည်း တစ်စိတ်တစ်ဒေသ တစ်ချို့တစ်ဝက်မျှကိုကား သိရှိရမည် ဖြစ်သည်။ ကံ-ကံ၏ အကျိုးတရားကို လုံးလုံးမသိခဲ့လျှင်ကား ပစ္စယပရိဂ္ဂဟဉာဏ် မပြည့်စုံနိုင်။ သို့အတွက် ပဋိသန္ဓေခန္ဓာငါးပါးစသည့် အချို့အချို့သော အကျိုး-ဝိပါက်ခန္ဓာတို့ကို ဖြစ်ပေါ်စေတတ်သည့် အကြောင်းတရားတို့ကိုကား ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိရေးအတွက် သိရှိအောင် ကြိုးပမ်းရတော့မည်သာဟု သန္နိဋ္ဌာန်ကျ မုချပုံသေ မှတ်သား နာယူလေရာသည်။

## လိုက်နာရမည့် စည်းကမ်းတစ်ရပ်

အကြောင်းတရားများကို ရှာဖွေရာ၌ ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ရရှိထားပြီး ဖြစ်သင့်သော အင်္ဂါရပ်တစ်ခုကို ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာက အောက်ပါအတိုင်း ဖွင့်ဆိုထား၏။

ပစ္စယသမုပ္ပန္နေ ဟိ အပရိဂ္ဂဟိတေ ပစ္စယပရိဂ္ဂဟော န သက္ကာ ဟောတိ ကာတုံ၊ တသ္မာ ဓမ္မဋ္ဌိတိ-ဉာဏဂ္ဂဟဏေနေဝ တဿ ဟေတုဘူတံ ပုဗ္ဗေ သိဒ္ဓံ နာမရူပဝဝတ္ထာနဉာဏံ ဝုတ္တမေဝ ဟောတီတိ ဝေဒိတဗ္ဗံ။

(ပဋိသံ-ဋ္ဌ-၁-၁၈။)

ဤအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၏ ဖွင့်ဆိုထားတော်မူသည်နှင့်အညီ ပစ္စယပရိဂ္ဂဟ = အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူလို သိမ်းဆည်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ပစ္စယသမုပ္ပန္နဟု ခေါ်ဆိုအပ်သော အကျိုးရုပ်တရား နာမ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်း ရုပ်နာမ်ကို ဉာဏ်ဖြင့် ပိုင်းခြား မှတ်သားခြင်းဟူသော နာမရူပဝဝတ္ထာနဉာဏ်ကို ရှေးဦးစွာ ရရှိအောင် ကြိုးစား အားထုတ်ရမည် ဖြစ်ပါသည်။

ဆိုလိုသည်မှာ ဤသို့ဖြစ်၏ — အတိတ်အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူလို သိမ်းဆည်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်ဘဝတွင် ထင်ရှားဖြစ်ပေါ်နေသည့် ပစ္စုပ္ပန္နဓမ္မ အမည်ရသည့် ပစ္စုပ္ပန် ရုပ်တရား နာမ်တရားတို့ကိုလည်းကောင်း, ထို အတိတ်အကြောင်းတရားများ၏ စွဲမှီရာ (ဆိုင်ရာ ရှေးရှေး အတိတ်အကြောင်းတရားများကြောင့် ထင်ရှား ဖြစ်ပေါ်နေသည့်) ပစ္စုပ္ပန္နဓမ္မ အမည်ရသည့် အတိတ် ရုပ်တရား နာမ်တရားတို့ကိုလည်းကောင်း သိမ်းဆည်းထားပြီး ဉာဏ်ဖြင့် ပိုင်းခြားယူထားပြီး

ဖြစ်ရမည်။ တစ်ဖန် ပစ္စုပ္ပန် အကြောင်းတရားငါးပါးကြောင့် တစ်နည်းဆိုသော် အတိတ်ဘဝတစ်ခုက ပြုစု ပျိုးထောင်ခဲ့သော အပရာပရိယဝေဒနီယကံကြောင့် ထင်ရှား ဖြစ်ပေါ်လတ္တံ့သော အနာဂတ် အကျိုးတရားငါးပါး ဟူသော ပစ္စယုပ္ပန္နဓမ္မ အမည်ရသည့် ရုပ်တရား နာမ်တရားတို့၏ ထင်ရှားဖြစ်ပေါ်လာပုံကို ဉာဏ်ဖြင့် ပိုင်းခြား ယူလို သိမ်းဆည်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော ပစ္စုပ္ပန် အကြောင်းတရားတို့၏ စွဲမှီ၍ဖြစ်ရာ ပစ္စယုပ္ပန္နဓမ္မ အမည်ရသည့် ပစ္စုပ္ပန် ရုပ်တရား နာမ်တရားတို့ကို လည်းကောင်း, ထိုပစ္စုပ္ပန် အကြောင်းတရားများကြောင့် (သို့မဟုတ် အတိတ်ဘဝက ထူထောင်ခဲ့သော အပရာ-ပရိယဝေဒနီယကံကြောင့်) ထင်ရှား ဖြစ်ပေါ်လာမည့် အနာဂတ် အကျိုးတရားငါးပါးဟူသော ပစ္စယုပ္ပန္နဓမ္မ အမည်ရသည့် ရုပ်တရား နာမ်တရားတို့ကိုလည်းကောင်း သိမ်းဆည်းထားပြီး ဉာဏ်ဖြင့် ပိုင်းခြားယူထားပြီး ဖြစ်ရမည်။

အတိတ်ခန္ဓာငါးပါးတို့ကို သိမ်းဆည်းနိုင်မှသာလျှင် ထိုအတိတ်ခန္ဓာငါးပါးတို့ကို စွဲမှီ၍ ဖြစ်ပေါ်ခဲ့ကြကုန်သော အတိတ်အကြောင်းတရားတို့ကိုလည်း ရှာဖွေရလွယ်ကူမည်။ အတိတ်အကြောင်းတရားများကြောင့် ပစ္စုပ္ပန်အကျိုးတရားများ ထင်ရှားဖြစ်ပုံကိုလည်း ရှု၍ရရှိနိုင်မည် ဖြစ်သည်။ အလားတူပင် အနာဂတ်ခန္ဓာငါးပါး-တို့ကို သိမ်းဆည်းနိုင်ပါမှလည်း ပစ္စုပ္ပန်အကြောင်းတရားများကြောင့် အနာဂတ်အကျိုးတရားဖြစ်ပုံ, သို့မဟုတ် အတိတ်က ထူထောင်ခဲ့သော အပရာပရိယဝေဒနီယကံကြောင့် အနာဂတ်အကျိုးတရားဖြစ်ပုံကိုလည်း ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင်မည် ဖြစ်သည်။ အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်၌လည်း နည်းတူပင် သဘောပေါက်ပါ။

သို့အတွက် အသင်သူတော်ကောင်းသည် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံကို မသိမ်းဆည်းရ-သေးမီ ရှေးအဖို့၌ အတိတ်ခန္ဓာငါးပါး, ပစ္စုပ္ပန်ခန္ဓာငါးပါး, အနာဂတ်ခန္ဓာငါးပါးတို့ကို ကြိုတင်၍ သိမ်းဆည်း ထားပြီး ဖြစ်ရမည်ဟူသော ဤအချက်ကို ရှေးဦးစွာ ကြိုတင်၍ မှတ်သား နာယူထားလေရာသည်။

## အလုပ်စခန်းကို စတင်အားသစ်ပုံ

ပဋိစ္စသမုပ္ပါဒ်သဘောတရားများကို ရှုသင့်ပုံနှင့် ရှုပုံနည်းစနစ် ဥပဒေသများကို ရှင်းလင်းတင်ပြပြီး ဖြစ်ပေသည်။ ယခုအခါတွင် —

၁။ အစမှ အဆုံးသို့တိုင်အောင်,

၂။ အဆုံးမှ အစသို့တိုင်အောင်,

၃။ အလယ်မှ အစသို့တိုင်အောင်,

၄။ အလယ်မှ အဆုံးသို့တိုင်အောင်,

ဟောကြားထားတော်မူသော ပဋိစ္စသမုပ္ပါဒ်ရှုကွက် စည်းကမ်းဥပဒေသ (၄) မျိုးတို့ကို ဦးထိပ်ရွက်ပန်ဆင်လျက် ပဋိစ္စသမုပ္ပါဒ်ရှုကွက်တို့ကို ရေးသားတင်ပြမည် ဖြစ်သည်။ ယင်းသို့တင်ပြရာ၌ ပဋိသန္ဓေ = ဝိပါက် နာမ်ရုပ် အကျိုးတရားတို့ကို တိုက်ရိုက်ဖြစ်စေတတ်သော အကြောင်းရင်း ဇနကကံကို သိမ်းဆည်းရှုပွားပုံ ရှာဖွေပုံစနစ်ကိုသာ ပဓာနထား၍ ရေးသားဖော်ပြမည် ဖြစ်ပါသည်။

## အတိတ်အကြောင်းတရားတို့ကို တိုက်ရိုက်ရှာဖွေပုံ သိမ်းဆည်းပုံ

ပဋိစ္စသမုပ္ပါဒ်နည်း (၄) နည်းတို့တွင် အစ အဝိဇ္ဇာမှသည် အဆုံး ဇရာမရဏသို့တိုင်အောင် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရှုပွားရာ၌ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သောအဝိဇ္ဇာကို ဉာဏ်ဖြင့်မြင်အောင် တိုက်ရိုက်ရှာဖွေ သိမ်းဆည်းရန် အဋ္ဌကထာများက အောက်ပါအတိုင်း ညွှန်ကြားထားတော်မူကြ၏။

သော “ဣဒံ နာမရူပံ န အဟေတု န အပ္ပစ္စယာ နိဗ္ဗတ္တံ, သဟေတု သပ္ပစ္စယာ နိဗ္ဗတ္တံ။ ကော ပနဿ ဟေတု၊ ကော ပန ပစ္စယော”တိ ဥပပရိက္ခန္တော “အဝိဇ္ဇာပစ္စယာ တဏှာပစ္စယာ ကမ္မပစ္စယာ အာဟာရပစ္စယာ စာ”တိ တဿ ပစ္စယံ ဝဝတ္ထပေတွာ — (အဘိ-ဋ္ဌ-၂-၂၄၁-၂၄၂။)

သော “ဣမေ ပဉ္စက္ခန္ဓာ ကိံ ဟေတုကာ”တိ ဥပပရိက္ခန္တော “အဝိဇ္ဇာဒိ ဟေတုကာ”တိ ပဿတိ။ (မ-ဋ္ဌ-၁-၂၈၁။)

ဤအထက်ပါ အဋ္ဌကထာများ၏ သတ်မှတ် ညွှန်ကြားချက်အရ အတိတ်အကြောင်းတရားများကို တိုက်ရိုက်ရှာဖွေ သိမ်းဆည်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ —

၁။ မိမိရရှိပြီးသမာဓိများကို တစ်ဖန်ပြန်၍ အဆင့်ဆင့် ထူထောင်ပါ။ ထိုနောင် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌-

၂။ ရုပ်သက်သက်ကို သိမ်းဆည်းပါ။ (၆-ဒွါရ, ၄၂-ကောဋ္ဌာသ၌ တည်ရှိသော ရုပ်တရားအားလုံးကို သိမ်းဆည်းပါ။)

၃။ နာမ်သက်သက်ကို (၆)လိုင်းလုံး ကုန်စင်အောင် သိမ်းဆည်းပါ။

၄။ ရုပ်-နာမ် ခွဲပါ။

၅။ ရုပ်နာမ်ကို ပိုင်းခြားမှတ်သားပါ။

ဤအပိုင်းတွင်ကား သမာဓိစွမ်းအင်ကြီးမားဖို့ အလွန်လိုအပ်နေပါသည်။ ထိုသို့ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်ကို သိမ်းဆည်းရာ ရုပ်နာမ်ကို ခွဲရာ, ရုပ်နာမ်ကို ပိုင်းခြားမှတ်သားရာ၌ လင်းရောင်ခြည်စွမ်းအားမှာ အလွန်အားကောင်းဖို့ လိုအပ်ပါသည်။ အကယ်၍ ဉာဏ်အရောင်အလင်းသည် အားပျော့နေပါက မှေးမှိန်နေပါက သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ စတုတ္ထဈာန်သမာဓိကို အရောင် ပြိုးပြိုးပြက်ပြက် တလက်လက်

တောက်ပသည့်တိုင်အောင် ထူထောင်ပါ။ ထိုနောင် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို တစ်ဖန်ပြန်၍ သိမ်းဆည်းလျက် — "ဤ ရုပ်နာမ်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာရသနည်း"ဟု သိလိုသော စိတ်ဓာတ်ဖြင့် အတိတ်ဘက်သို့ ရှုနေသော ဉာဏ်ကို စေလွှတ်ကြည့်ပါ။ အတိတ်ဘက်သို့ ဉာဏ်ကို စေလွှတ်လိုက်သဖြင့် ဉာဏ်အရောင်အလင်းသည် အတိတ်ဘက်သို့ ဦးစူလျက် တန်းသွားတတ်ပါသည်။ ယခု ပစ္စုပ္ပန် ပဋိသန္ဓေစသော ဝိပါက်ရုပ်နာမ်တို့ကို ဖြစ်စေတတ်သော အကြောင်းရင်းကံကို ဉာဏ်ထက်မြက်ပါက တန်း၍ တွေ့တတ်ပါသည်။ တွေ့ခဲ့သော် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကို စိစစ်စူးစမ်း ရှာဖွေလျက် ပဋိသန္ဓေ ခန္ဓာငါးပါးမှစ၍ အကြောင်းနှင့် အကျိုးဆက်စပ်ကာ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရမည် ဖြစ်ပါသည်။ (အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ တို့ကို ရှာဖွေပုံ အကြောင်းအကျိုးစပ်ပုံ သိမ်းဆည်းပုံကို နောက်တွင် ထပ်မံ၍ဖော်ပြမည် ဖြစ်ပါသည်။)

## အလယ်မှ အစသို့

အကယ်၍ အတိတ်အကြောင်းတရားတို့ကို ထိုသို့ တိုက်ရိုက် ဉာဏ်ဖြင့် လှမ်းရှုသောအခါ အောင်မြင်မှုကို မရရှိခဲ့သော် အတိတ်အကြောင်းတရားတို့ကို ရှာဖွေ၍ မတွေ့ခဲ့သော် အလယ်ဖြစ်သော အာဟာရလေးပါးမှစ၍ အရင်းအစဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် သိမ်းဆည်းသော နည်းစနစ်ကို အသုံးပြုနိုင်ပါသည်။ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ထိုအာဟာရများမှာ —

၁။ ကမ္မဝဋ်တွင် အကျုံးဝင်သော နောင်အနာဂတ် ဘဝတစ်ခုခုအတွက် (ဥပမာ - ဓမ္မကထိကနတ်သား ဖြစ်ရန်အတွက်) ရည်ရွယ်တောင့်တ၍ ယခုပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်နေသော ကုသိုလ်သင်္ခါရစေတနာအုပ်စုတွင် အကျုံးဝင်သော ဖဿ, စေတနာ, ဝိညာဏ်ဟူသော ဖဿာဟာရ, မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ တို့နှင့် ယင်းနာမ်အာဟာရတို့၏ မှီရာ ဝတ္ထုရုပ်တို့နှင့် အတူဖြစ်ကြသော စတုသမုဋ္ဌာနိကဩဇာဟူသော ကဗဠီကာရာဟာရတို့လည်း ရှိကြ၏။ ကုသိုလ်သင်္ခါရအုပ်စု နာမ်တရားတို့နှင့် မှီရာဝတ္ထုရုပ်တို့ပင်တည်း။

၂။ လက်ရှိ ပစ္စုပ္ပန် ပဋိသန္ဓေအခိုက်၌ ဖြစ်သော ဝိပါကဝဋ်တွင် အကျုံးဝင်သော ပဋိသန္ဓေအခိုက် ဖြစ်ပေါ် သွားကြကုန်သော ဖဿာဟာရ မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ, ကဗဠီကာရာဟာရတို့လည်း ရှိကြ၏။ ပဋိသန္ဓေ နာမ်တရား ရုပ်တရားတို့ပင်တည်း။

ယင်းသို့ ကမ္မဝဋ်တွင် အကျုံးဝင်သော အာဟာရ, ဝိပါကဝဋ်တွင် အကျုံးဝင်သော အာဟာရဟူသော အာဟာရနှစ်မျိုးတို့တွင် အသင်သူတော်ကောင်းသည် မိမိကြိုက်နှစ်သက်ရာ အာဟာရကစ၍ သိမ်းဆည်းနိုင် ပါသည်။

## ဝိပါကဝဋ် အာဟာရ (၄) ပါးက စတင် သိမ်းဆည်းပုံ

အကယ်၍ အသင်ယောဂီသူတော်ကောင်းသည် လက်ရှိဘဝ၏ ဝိပါကဝဋ်တွင် အကျုံးဝင်လျက်ရှိသော ပဋိသန္ဓေအာဟာရ (၄)ပါးမှ စတင်၍ သိမ်းဆည်းလိုသည် ဖြစ်အံ့ — သမာဓိကို အဆင့်ဆင့်ထူထောင်ပြီးလျှင် မိမိသိမ်းဆည်းနေကျ ရုပ်နာမ်တို့ကို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနလုံးတို့၌ သိမ်းဆည်းပြီးသောအခါ ပဋိသန္ဓေ ကလလရေကြည်အခိုက်၌ ဖြစ်ခဲ့သော နာမ်ရုပ်တို့ကို သိလိုသော စိတ်ဓာတ်ဖြင့် ဉာဏ်အရောင်အလင်းဖြင့် ထိုးစိုက်၍ ကြည့်ပါ။ ပဋိသန္ဓေ ကလလရေကြည်အခိုက်က ဖြစ်ခဲ့သော နာမ်ရုပ်တို့ကို ဉာဏ်ဖြင့် လှမ်းရှုပါ။ ဉာဏ်အရောင်အလင်းမှာ ဝန်းကျင်ပတ်ချာ အရပ် (၁၀) မျက်နှာ၌ ပျံ့နှံ့နေသဖြင့် ဉာဏ်ဖြင့် စူးစိုက်၍ ကြည့်လိုက်

သည့် ဘက်၌လည်း လင်းနေမည်သာ ဖြစ်သည်။ အကယ်၍ ကလလရေကြည်ကို တွေ့ခဲ့သော် ယင်းကလလရေကြည်၌ ဓာတ်ကြီးလေးပါးကို စိုက်၍ရှုပါ။ ရုပ်ကလာပ်အမှုန်များကို တွေ့မြင်လာသောအခါ ယင်းရုပ်ကလာပ်အမှုန်များကို ဓာတ်ခွဲပါ။ ရုပ်ကလာပ်အမှုန်များမှာ ဟဒယဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်ဟု ရုပ်ကလာပ်အမျိုးအစား သုံးမျိုး ရုပ်အမျိုးအစား သုံးဆယ်ရှိ၏။ (တစ်မျိုးတစ်မျိုး၌ အရေအတွက်ကား ကံအားလျော်စွာ အနည်းအများရှိနိုင်သည်။) ယင်းရုပ်ကလာပ်အမျိုးအစား သုံးမျိုး ရုပ်အမျိုးအစား သုံးဆယ်မှာ ရုပ်တရားဖြစ်၍ ယင်းတွင်ပါဝင်သော ဟဒယဝတ္ထုကို မှီတွယ်၍ ဖြစ်နေသော စိတ်စေတသိက်တို့ကား နာမ်တရားများ ဖြစ်ကြသည်။ ယင်းနာမ်တရားတို့မှာ အကယ်၍ တိဟိတ်သောမနဿ ပဋိသန္ဓေဖြစ်လျှင် (၃၄) လုံးရှိမည် ဖြစ်သည်။ ယင်းရုပ်နာမ်တို့ကား ဝိပါကဝဋ်တရားတွင် အကျုံးဝင်သော အာဟာရလေးပါးတို့ပင်တည်း။ ယင်းရုပ်နာမ်တို့သည် မည်သည့် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာကြရပါသနည်းဟု စူးစမ်းဆင်ခြင်တတ်သော ဉာဏ်ဖြင့် အတိတ်ဘက်သို့ ဉာဏ်ကို တစ်ဆင့်စေလွှတ်၍ ကြည့်ခဲ့သော် အတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကို တွေ့ရှိနိုင်ပါသည်။ (စူးစမ်းပုံကို အောက်တွင် ထပ်မံ၍ ဆက်လက်ဖော်ပြပါမည်။) တွေ့ရှိခဲ့သော် ပဋိသန္ဓေခန္ဓာငါးပါးမှ စ၍ အကြောင်းအကျိုးစပ်ကာ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်ပါသည်။ [အနာဂတ်ဝိပါကဝဋ်ဖြစ်သော အနာဂတ်ပဋိသန္ဓေ အာဟာရလေးပါးကစ၍လည်း သိမ်းဆည်းပြီးလျှင် ပြောင်းပြန်လှန်၍ အကြောင်းတရားတို့ကိုလည်း သိမ်းဆည်းနိုင်ပါသည်။ ဤနည်းမှာ — အနာဂတ်မှသည် အတိတ် အဝိဇ္ဇာသို့တိုင်အောင် ပြောင်းပြန်လှန်၍ ရှုရသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်နည်းပင် ဖြစ်သည်။]

## ကမ္မဝဋ် အာဟာရ (၄) ပါးက စတင် သိမ်းဆည်းပုံ

အကယ်၍ ပဋိသန္ဓေ အာဟာရလေးပါးက စတင်သိမ်းဆည်းရာ၌ အောင်မြင်မှု မရခဲ့သော် ကမ္မဝဋ်တွင် အကျုံးဝင်သော နောင်အနာဂတ်ဘဝအတွက် ရည်ရွယ်တောင့်တ၍ ယခု ပစ္စုပ္ပန်ဘဝတွင် ပြုစုပျိုးထောင်နေသော အာဟာရလေးပါးက စတင်၍ သိမ်းဆည်းနိုင်ပါသည်။ အကယ်၍ အသင်သူတော်ကောင်းသည် နောင်အနာဂတ်တွင် ဓမ္မကထိကနတ်သား ဖြစ်ရန်အတွက် ရည်ရွယ်တောင့်တ၍ ကုသိုလ်သင်္ခါရမျိုးစေ့တို့ကို ပြုစုပျိုးထောင်နေသည် ဆိုပါစို့။ ယင်းသင်္ခါရတရားတို့နှင့် မှီရာရုပ်တရားစုတို့မှာ အာဟာရလေးပါးတို့ပင် ဖြစ်ကြ၏။ ရုပ်-နာမ်နှစ်ပါးပင်တည်း။ ယင်းရုပ်နာမ်ကစ၍ သိမ်းဆည်းပါ။

**စတင်အားသစ်ပုံ** — ရှေးဦးစွာ အသင်သူတော်ကောင်းသည် အနာဂတ် ဘဝတစ်ခုအတွက် ရည်ရွယ်၍ ပြုစုပျိုးထောင်ထားသည့် အနီးစပ်ဆုံး ကုသိုလ်သင်္ခါရအုပ်စုက စတင်၍ သိမ်းဆည်းပါ။ ဥပမာ - ဓမ္မကထိကနတ်သားဖြစ်ရန် ရည်ရွယ်တောင့်တလျက် ရုပ်ပွားတော်အား သို့မဟုတ် စေတီတော်အား ဆီမီးပူဇော်ပါ။ ဓမ္မကထိကနတ်သား ဖြစ်လိုကြောင်းကို ဆုတောင်းပန်ထွာပါ။ ယင်းကောင်းမှုကုသိုလ်သင်္ခါရကို ပြုစုပျိုးထောင်စဉ် ဖြစ်ပေါ်နေသော စိတ်အစဉ် အမျိုးမျိုးကို ဂရုတစိုက် မှတ်သားထားပါ။

ထိုနောင် အသင်သူတော်ကောင်းသည် ထိုနေရာမှာပင် ဖြစ်စေ သို့မဟုတ် အခြားတစ်နေရာမှာပင် ဖြစ်စေ ထိုင်၍ တရားနှလုံးသွင်းပါ။ ရှေးဦးစွာ မိမိရရှိထားပြီးသော သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ ဥပစာရသမာဓိမျှကိုသာ ရရှိထားပြီးသူဖြစ်ပါက ဥပစာရသမာဓိကိုလည်းကောင်း, စတုတ္ထဈာန်သမာဓိကို ရရှိထားပြီးသူဖြစ်ပါက စတုတ္ထဈာန်သမာဓိကိုလည်းကောင်း, တစ်နည်းဆိုရသော် မိမိရရှိထားပြီးသည့် ဥပစာရသမာဓိ အပ္ပနာဈာန်သမာဓိ တစ်မျိုးမျိုးကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ ထိုသမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် တောက်ပလာသည့်တိုင်အောင် သမာဓိကိုထူထောင်ပါ။

ထိုနောင် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနလုံးတို့၌ ရုပ်နာမ်တို့ကို တစ်ဖန်ပြန်၍ သိမ်းဆည်းပါ။ အထူးသဖြင့် ဓမ္မာရုံလိုင်း အကောင်းအုပ်စု နာမ်တရားများကိုလည်းကောင်း မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ကိုလည်းကောင်း ဦးစားပေး၍ သိမ်းဆည်းပါ။ ကြိမ်ဖန်များစွာ ရုပ်နာမ်ခွဲပါ။ ရုပ်နာမ်ကို ပိုင်းခြားမှတ်သားပါ။ ထိုသို့ ရုပ်နာမ်ကို သိမ်းဆည်းနေသော ဉာဏ်ကြောင့်လည်း အရောင်အလင်းများသည် ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်ပေါ်လာတတ်ပေသည်။ ဤတွင် ဗဟိဒ္ဓရုပ်နာမ်တို့ကိုပါ သိမ်းဆည်းနေရခြင်းမှာလည်း ဗဟိဒ္ဓရုပ်နာမ်တို့ကို မသိမ်း-ဆည်းတတ်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် အတိတ်ရုပ်နာမ်တို့ကို သိမ်းဆည်းဖို့ရန် ခက်ခဲသောကြောင့်ဖြစ်၏။

ဘုရားရှင်ကိုယ်တော်တိုင်ကလည်း မဟာသတိပဋ္ဌာနသုတ္တန်တွင် ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ, ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ — ဤသို့စသည်ဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနလုံးတို့၌ ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို သိမ်းဆည်းပြီးပါမှ — သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ — စသည်ဖြင့် အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံ စသည့် ရှုကွက်များကို အစဉ်အတိုင်း သိမ်းဆည်းရှုပွားရန် ညွှန်ကြားထားတော်မူ၏။ လုပ်ငန်းခွင်၌ ဦးထိပ်ရွက် ပန်ဆင်ရမည့် စည်းကမ်းဥပဒေသ တစ်ရပ်ပင် ဖြစ်သည်။

အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို သိမ်းဆည်းနေသော ထိုဉာဏ်ကြောင့် ဉာဏ်အရောင်အလင်းသည် ပိုမို၍ တောက်ပလာသောအခါ ယခင် ရုပ်ပွားတော်အား သို့မဟုတ် စေတီတော်အား ဆီမီးပူဇော်၍ ဓမ္မကထိက နတ်သားဖြစ်ရန် ဦးတည်ချက်ဖြင့် ပြုစုပျိုးထောင်ခဲ့သည့် ကုသိုလ်သင်္ခါရအုပ်စု နာမ်တရားတို့ကို စတင်၍ သိမ်းဆည်းပါ။

သိမ်းဆည်းပုံမှာ ဤသို့တည်း — မိမိလက်ရှိသိမ်းဆည်းထားသော ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးသောအခါ အနီးကပ်ဆုံး အတိတ်ဘက်သို့ စိတ်ကို စေလွှတ်၍ ရုပ်နာမ်တို့ကို တစ်စတစ်စ သိမ်းဆည်းပါ။ ရုပ်ပွားတော်အား သို့မဟုတ် စေတီတော်အား ဆီမီးပူဇော်ခဲ့သည့် ထိုကောင်းမှုကုသိုလ်ကို ပြုနေသော မိမိကိုယ်ကို ဗဟိဒ္ဓကဲ့သို့ပင် သဘောထား၍ ဗဟိဒ္ဓ၌ ရုပ်နာမ်ကို သိမ်းဆည်းသည့် ပုံစံအတိုင်း ရုပ်နာမ်တို့ကို သိမ်းဆည်းပါ။

ရုပ်နာမ်ကို သိမ်းဆည်းနေသော ဉာဏ်အရောင်အလင်းဖြင့် အနီးကပ်ဆုံး ဣရိယာပုထ်ဖြစ်သည့် ဆီမီးပူဇော်နေသည့် အာရုံဘက်သို့ ဉာဏ်ကို စေလွှတ်ကြည့်ပါ။ ရုပ်နာမ်တို့ကို ဆက်လက် သိမ်းဆည်းပါ။ အကယ်၍ ဆီမီးပူဇော်နေသည့်ပုံသည် ထိုဉာဏ်အလင်းရောင်အတွင်း၌ ပေါ်လာခဲ့သော် ထိုပုံ၌ ဓာတ်ကြီးလေးပါးကို ဗဟိဒ္ဓ၌ကဲ့သို့ မြင်အောင် ဆက်ရှုပါ။ ရုပ်ကလာပ်အမှုန်များကို တွေ့မြင်သောအခါ (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ ရုပ်တရားတို့ကို ဆက်လက်သိမ်းဆည်းပါ။ ရုပ်ကလာပ်များကို ဓာတ်ခွဲလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ အထူးသဖြင့် နှလုံးအိမ်၌ရှိသော (၅၄) မျိုးသော ရုပ်တရားတို့ကို ထပ်မံ၍ သိမ်းဆည်းပါ။ ဟဒယ ဝတ္ထုကို ဆက်လက် သိမ်းဆည်းပါ။ ထပ်ကာ ထပ်ကာ ရှုပါ။ ထိုအခါ ဟဒယဝတ္ထုကိုမှီ၍ ဖြစ်နေသော အိမ်ရှင် ဘဝင်မနောအကြည်ဓာတ်ကို လွယ်လွယ်ကူကူပင် သိမ်းဆည်းနိုင်မည် ဖြစ်သည်။ ဘဝင်မနောအကြည်ဓာတ်ကို သိမ်းဆည်းနိုင်သောအခါ ဆီမီးမပူဇော်မီ ရှေ့ပိုင်းသို့လည်းကောင်း, ဆီမီးပူဇော်နေဆဲ အချိန်ပိုင်းသို့လည်းကောင်း, ဆီမီးပူဇော်ပြီး နောက်ပိုင်းသို့လည်းကောင်း ရှေ့တိုးနောက်ဆုတ်ပြု၍ ဉာဏ်ကို စေလွှတ်၍ ယင်းဘဝင်မနော အကြည်ဓာတ်ကိုပင် ခေါက်တုံ့ခေါက်ပြန် သိမ်းဆည်းပါ။ ထိုအခါ ယင်း ဘဝင်မနောအကြည်ဓာတ်တို့၏ အကြား-အကြား၌ ဖြစ်ပေါ်သွားခဲ့ကြသော ဟဒယဝတ္ထုရုပ်ကိုပင် မှီ၍ ဖြစ်ခဲ့ကြကုန်သော ဆီမီးပူဇော်သည့် ကုသိုလ် သင်္ခါရအုပ်စု နာမ်တရားတို့ကိုလည်းကောင်း, ဓမ္မကထိကနတ်သားဘဝကို ဆုတောင်းပန်ထွာနေသည့် အဝိဇ္ဇာ တဏှာ ဥပါဒါန်အုပ်စု ကိလေသဝဋ် နာမ်တရားစုတို့ကိုလည်းကောင်း လွယ်လွယ်ကူကူပင် သိမ်းဆည်း၍ ရရှိနိုင်ပေလိမ့်မည်။ ထိုတွင် ကိလေသဝဋ် နာမ်တရားစုတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

၁။ မနောဒွါရာဝဇ္ဇန်း (၁) ကြိမ်,
၂။ ဇော (၇) ကြိမ်,
၃။ တဒါရုံ (ကျခဲ့သော်) (၂) ကြိမ်တို့ ဖြစ်ကြ၏။

၁။ မနောဒွါရာဝဇ္ဇန်း၌ စိတ်+စေတသိက် --- ၁၂ - လုံး။
၂။ ဇောအသီးအသီး၌ စိတ်+စေတသိက် --- ၂၀ - လုံး။
၃။ တဒါရုံအသီးအသီး၌ --- ၁၂ - (၃၄) လုံး။

ထိုက်သလို အသီးအသီး ရှိနိုင်၏။ ဇော၌ ဒိဋ္ဌိ မပါသော် (၁၉)လုံးလည်း ဖြစ်နိုင်၏။ တဒါရုံ၌ အဟိတ် ကုသလဝိပါက်တဒါရုံ သို့မဟုတ် မဟာဝိပါက်တဒါရုံတို့ ထိုက်သလို ဖြစ်နိုင်သည်။

## ကိလေသဝဋ် (၃) ပါး

၁။ အဝိဇ္ဇာ (၂၀) ဓမ္မကထိကနတ်သားဟု အသိမှားမှုသဘော၊
၂။ တဏှာ (၂၀) ယင်းဓမ္မကထိကနတ်သားဘဝကို တွယ်တာတပ်မက်မှုသဘော၊
၃။ ဥပါဒါန် (၂၀) ယင်းဓမ္မကထိကနတ်သားဘဝကို စိတ်ကပ်ရောက်စွဲနေမှုသဘော၊ (ကာမုပါဒါန်တည်း။)

ဇောဝယ် ဓမ္မကထိကနတ်သားဟု အသိမှားမှုသဘောကား အဝိဇ္ဇာတည်း၊ ဓမ္မကထိကနတ်သားဟု စွဲလမ်းယုံကြည်မှုသဘောကား သက္ကာယဒိဋ္ဌိတစ်မျိုးတည်း။ လောကသမညာ အတ္တစွဲတည်း။ ယင်းသက္ကာယဒိဋ္ဌိလည်း ပါဝင်၍ သောမနဿ အသင်္ခါရိကဖြစ်လျှင် စိတ်စေတသိက် အလုံး (၂၀)စီရှိမည် ဖြစ်သည်။ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းနာမ်တရားစုတို့ကို နာမ်တုံးနာမ်ခဲဟူသော နာမ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရှုပွားရမည် ဖြစ်သည်။ သို့အတွက် အဝိဇ္ဇာ (၂၀) စသည်ဖြင့် ရေးသားထားပါသည်။ တဒါရုံမှာ ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ ဇောတွင် သောမနဿဖြစ်သော် တဒါရုံတွင်လည်း သောမနဿ ဖြစ်၏၊ ဇောတွင် ဥပေက္ခာဖြစ်သော် တဒါရုံတွင်လည်း ဥပေက္ခာပင် ဖြစ်၏။ အဟိတ် တဒါရုံ၌ (၁၁/၁၂) ထိုက်သလို ဖြစ်နိုင်၏။ မဟာဝိပါက် တဒါရုံကျသော် (၃၄/၃၃) စသည် ထိုက်သလို ဖြစ်နိုင်၏။ ယင်းကိလေသဝဋ် မနောဒွါရိကဇောဝီထိတို့၏ မှီရာဟဒယဝတ္ထုရုပ်နှင့် တကွသော (၅၄) မျိုးကုန်သော ရုပ်တရားတို့ကား ရူပက္ခန္ဓာတည်း။

ကိလေသဝဋ် မနောဒွါရဝီထိ စိတ်စေတသိက်တို့ကား နာမ်တရား

မှီရာဝတ္ထုရုပ်တို့ကား ရုပ်တရား —

ဤသို့ ရုပ်-နာမ် ခွဲပါ။ ရုပ်နာမ်ကို သိမ်းဆည်းပါ။ ရုပ်နာမ်ကို ပိုင်းခြားမှတ်သားပါ။

## ကမ္မဝဋ် (၂) ပါး

တစ်ဖန် ယင်းကိလေသဝဋ်ကို အစွဲပြု၍ (= ဓမ္မကထိကနတ်သားဘဝကို ရည်ရွယ်တောင့်တ၍) ဖြစ်ပေါ်လာသော ဆီမီးလှူသည့် ကုသိုလ် သင်္ခါရအုပ်စု နာမ်တရားတို့ကိုလည်းကောင်း မှီရာဝတ္ထုရုပ်တို့ကိုလည်းကောင်း ဆက်လက်၍ သိမ်းဆည်းပါ။ ဟဒယဝတ္ထုနှင့် ဘဝင်မနောအကြည်ဓာတ်ကိုပင် ဦးစားပေး၍ သိမ်းဆည်းပါက ဘဝင်မနောအကြည်ဓာတ်တို့၏ အကြားအကြား၌ ဖြစ်ပေါ်သွားကြသော ယင်းကုသိုလ်သင်္ခါရအုပ်စု နာမ်တရားတို့ကိုလည်း လွယ်လွယ်ကူကူပင် သိမ်းဆည်းနိုင်မည် ဖြစ်ပါသည်။

ယင်းဆီမီးလျှုသည့် ကုသိုလ်သင်္ခါရအုပ်စုကို ပြုစုပျိုးထောင်စဉ်က ဝမ်းမြောက်ဝမ်းသာ စိတ်ပါလက်ပါဖြင့် ဉာဏ်ယှဉ်လျက် ပြုစုပျိုးထောင်ခဲ့လျှင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ဖြစ်၏။ ဇောအသီးအသီး၌ နာမ်တရား (၃၄)လုံးစီ ရှိမည် ဖြစ်၏။ မနောဒွါရိကဇောဝီထိ စိတ်အစဉ်ပင် ဖြစ်၏။ တဒါရုံမှာ ကျသော်လည်းရှိရာ၏။ မကျသော်လည်းရှိရာ၏။ အဟိတ် တဒါရုံ မဟာဝိပါက် တဒါရုံ ထိုက်သလို ဖြစ်နိုင်၏။ တဒါရုံကျခဲ့သော် ဝီထိစိတ်အစဉ်မှာ ဤသို့ ဖြစ်၏။

၁။ မနောဒွါရာဝဇ္ဇန်း (၁) ကြိမ် = နာမ်တရား (၁၂),
၂။ ဇော (၇) ကြိမ်, ဇောအသီးသီး၌ နာမ်တရား (၃၄) စီ,
၃။ တဒါရုံ (၂) ကြိမ်, တဒါရုံအသီးသီး၌ နာမ်တရား (၃၄) စီ —
(အဟိတ်တဒါရုံကျခဲ့သော် နာမ်တရား - ၁၂ - ဖြစ်သည်။)

ယင်းမနောဒွါရဝီထိတို့မှာလည်း အကြိမ်များစွာ ဖြစ်နိုင်၏။ ယင်းနာမ်တရားတို့ကိုလည်း နာမ်တုံးနာမ်ခဲဟူသော နာမ်ဃနအသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ မှီရာဝတ္ထုရုပ်တို့ကိုလည်း ဆက်လက်၍ သိမ်းဆည်းပါ။ ရုပ်-နာမ် ခွဲပါ။ ရုပ်နာမ်ကို ပိုင်းခြားမှတ်သားပါ။

အကယ်၍ အသင်သူတော်ကောင်းသည် ထိုသို့ ကုသိုလ်သင်္ခါရကို ပြုစုပျိုးထောင်စဉ်က တစ်နည်းဆိုရသော် နောင်အနာဂတ်ဘဝအတွက် ရည်ရွယ်တောင့်တ၍ ကိလေသဝဋ် ကမ္မဝဋ်တို့ကို ထူထောင်စဉ်က ကြိုးကြား-ကြိုးကြား၌ အခြားအခြားသော ဝီထိစိတ်များလည်း ဖြစ်ပေါ်သွားကြသည်ကို သတိပြုမိလျှင် ထိုဝီထိစိတ်များကိုပါ ရောနှော၍ သိမ်းဆည်းပါ။

## စံထားရမည့် မှတ်ကျောက်

ဤကဲ့သို့ ကိလေသဝဋ် ကမ္မဝဋ် အမည်ရသည့် နာမ်တရားတို့ကို သိမ်းဆည်းရာ၌ အသင်သူတော်ကောင်းသည် သိမ်းဆည်းမိသော သိမ်းဆည်းရသော ဝီထိစိတ်အစဉ်များသည် ယခင် မိမိဆုတောင်းခဲ့စဉ် ကုသိုလ်ပြုစဉ်က တကယ်တမ်းဖြစ်ခဲ့သော နာမ်တရားများ ဟုတ်သည် မဟုတ်သည်ကို သတိပြုကြည့်ပါ။ ကောင်းမှုပြုစဉ်က စိတ်အစဉ်များနှင့် ယခုတစ်ဖန်ပြန်၍ မိမိကိုယ်တိုင် သိမ်းဆည်းရှုပွား၍ရသော စိတ်အစဉ်များသည် တစ်ထပ်တည်း တူညီနေပါလျှင် ကောင်းမှုပြုစဉ်က နာမ်တရားတို့ကို အမှန်အတိုင်း ဖြစ်ခဲ့သည့်အတိုင်း သိမ်းဆည်းနိုင်ပြီဟု ယုံကြည်မှုရှိလျှင် ကိုယ်တိုင်သိနေပါလျှင် အတိတ်အကြောင်းတရားများကို စတင်ရှာဖွေရာ၌ အသင်သူတော်-ကောင်းအဖို့ လမ်းပွင့်သွားပြီ ဖြစ်ပါသည်။

အကယ်၍ ကောင်းမှုပြုစဉ်က စိတ်အစဉ်များနှင့် မိမိပြန်လည်၍ သိမ်းဆည်းနိုင်သော စိတ်အစဉ်များသည် မတူညီကြဟု သတိပြုမိလျှင် သမာဓိကို ထူထောင်၍ နည်းတူ ထပ်မံကြိုးစားရမည် ဖြစ်သည်။

အကယ်၍ ကောင်းမှုပြုစဉ်က စိတ်အစဉ်များကို တိတိကျကျ မှန်မှန်ကန်ကန် တကယ်ဖြစ်ခဲ့သည့်အတိုင်း သိမ်းဆည်းမိပါက ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ပါက ကိလေသဝဋ်ကို ကမ္မဝဋ်၌ပင် ထည့်သွင်းရေတွက်ရသော (ဝိသုဒ္ဓိ-၂-၂၃၇။)၌ ဖော်ပြထားသော နည်းအရ အနာဂတ်ဝိပါကဝဋ်၏ အကြောင်းရင်းဖြစ်သော ပစ္စုပ္ပန်ကမ္မဝဋ်၌ အကျုံးဝင်သော **အာဟာရ (၄) ပါး**ကို သိမ်းဆည်းမိပြီ ဖြစ်ပေသည်။

## အတိတ်သို့ ဉာဏ်ကို ရှေးရှုလှည့်ပါ

**နန္ဒီ** — ထိုသို့ ကမ္မဝဋ် အာဟာရလေးပါးတို့ကို သိမ်းဆည်းနိုင်ပါက ယင်းကမ္မဝဋ် ကုသိုလ်သင်္ခါရအုပ်စု၏ စွဲမှီရာ အကြောင်းခံဖြစ်သော ကိလေသဝဋ် နာမ်တရားစုတို့ကို ဆက်လက်သိမ်းဆည်းပါ။ အဝိဇ္ဇာ-တဏှာ-ကာမုပါဒါန် ဦးဆောင်သည့် မနောဒွါရိကဇောဝီထိ စိတ်အစဉ်များပင်တည်း။ (ဓမ္မကထိကနတ်သားဘဝကို လိုလားတောင့်တသော ကိလေသဝဋ် စိတ်အစဉ်မျိုးကို ဆိုလိုပါသည်။) ယေဘုယျအားဖြင့် လောဘဒိဋ္ဌိအုပ်စု မနောဒွါရိကဇောဝီထိ စိတ်အစဉ်များတည်း။

**ဝေဒနာ** — တစ်ဖန် ယင်းနန္ဒီတရား = တဏှာတရား = ကိလေသဝဋ်၏ စွဲမှီရာ အကြောင်းရင်းဖြစ်သော ဝေဒနာကို ဆက်လက်၍ သိမ်းဆည်းပါ။ သုတ္တန်နည်းအရ ဝေဒနာမှာ ဝိပါက်ဝေဒနာသာဖြစ်၏။ ပဉ္စဒွါရဝီထိ၌ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့နှင့်ယှဉ်သော ဝေဒနာ, မနောဒွါရ၌ တဒါရုံနှင့်ယှဉ်သော ဝေဒနာတည်း။ (ဝိသုဒ္ဓိ-၂-၂၀၁-၂၀၂။)

ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝေဒနာတို့မှာ ရှေးက ပဉ္စဒွါရာဝဇ္ဇန်းမပါဘဲ, နောက်က ဝုဋ္ဌောလည်း မပါဘဲ ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။ မဟန္တာရုံဝီထိ အတိမဟန္တာရုံဝီထိ ဖြစ်က ဇောမပါဘဲလည်း ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။ တစ်ဖန် တဒါရုံမှာလည်း ပဉ္စဒွါရာဝဇ္ဇန်း, ဝုဋ္ဌော, ဇောတို့မပါဘဲ ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။ တစ်ဖန် မနောဒွါရဝီထိ၌ တဒါရုံမှာလည်း မနောဒွါရာဝဇ္ဇန်းနှင့် ဇောတို့မပါဘဲ ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။ တစ်ဖန် ဝေဒနာသည်လည်း ယှဉ်ဖက် သမ္ပယုတ်တရားတို့မပါဘဲ ဖြစ်နိုင်သည့် စွမ်းအား မရှိပေ။

သို့အတွက် ဝိပါက်ဝေဒနာကို အဦးမူသဖြင့် ယင်းဝိပါက်ဝေဒနာနှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း, ဝီထိစဉ် တစ်ခု၏ အတွင်း၌ ဖြစ်သွားကြသော နာမ်တရားတို့ကို ရောနှော၍ သိမ်းဆည်းပါကလည်း အပြစ် မဖြစ်နိုင်ပါ။ အကြောင်း-အကျိုး စပ်ရာ၌သာ ဝိပါက်ဝေဒနာနှင့် အကြောင်း-အကျိုး စပ်ပါ။

ဥပမာ — ဓမ္မကထိကနတ်သားဘဝကို ဆုမတောင်းမီ ထိုနတ်သားဘဝအာရုံကို နှစ်ခြိုက် ပျော်မွေ့နေသော ခံစားမှုမျိုးတည်း။ ဓမ္မကထိကနတ်သားဘဝ အာရုံမှာ အတိဣဋ္ဌာရုံ ဖြစ်သဖြင့် — အတိဣဋ္ဌေ ပန သောမနဿ သဟဂတာနေဝ သန္တီရဏ တဒါရမ္မဏာနိ — ဟူသော အဘိဓမ္မတ္ထသင်္ဂဟနှင့်အညီ ဝေဒနာမှာ သောမနဿ ဝေဒနာပင် ဖြစ်သည်။ ဝိပါက်ဝေဒနာတို့၌ သောမနဿဝေဒနာဖြစ်သကဲ့သို့ ယင်းဝိပါက်ဝေဒနာတို့နှင့် ဝီထိစိတ်အစဉ် တစ်ခုအတွင်းဝယ် ကျရောက်ဖြစ်ပွားသွားကြကုန်သော ဇောတို့၌လည်း သောမနဿဝေဒနာပင် ဖြစ်သည်။ ယင်းဇောတို့မှာ ယောနိသောမနသိကာရဖြစ်က ကုသိုလ်ဇော, အယောနိသောမနသိကာရ ဖြစ်က အကုသိုလ်ဇော ထိုက်သလို စောနိုင်၏။ ဤ၌ ယောနိသောမနသိကာရဟူသည်မှာ ဘုရားရှင်၏ တရားစစ် တရားမှန်များကို နတ်ပြည်နတ်လောကဝယ် ဓမ္မဒါန အလှုကြီး ပေးလှူနိုင်မည့် ကုသိုလ်အခွင့်အလမ်းကြီးများ ပွင့်လန်းလျက်ရှိပုံကို အာရုံယူ၍ ဖြစ်ပေါ်နေသော နှလုံးသွင်းမှုမျိုးတည်း။ အနာဂတ် ဓမ္မကထိကနတ်သားဘဝကို လှမ်း၍ အာရုံယူနေသဖြင့် မနောဒွါရိကဇောဝီထိများသာ ဖြစ်ကြ၏။ တဒါရုံမှာ ကျသော်လည်း ရှိရာ၏။ မကျသော်လည်း ရှိရာ၏။ ယင်းတဒါရုံ ဝိပါက်ဝေဒနာကို အဦးမူ၍ ယင်းမနောဒွါရဝီထိ တစ်ဝီထိလုံးအတွင်း ရှိသော နာမ်တရားအားလုံးကိုပင် သိမ်းဆည်းပါ။ ရုပ်-နာမ် ခွဲပါ။ ရုပ်နာမ်ကို သိမ်းဆည်းပါ။

အကယ်၍ ပစ္စုပ္ပန်ရူပါရုံစသည့် အာရုံ (၆)ပါးကို အာရုံပြု၍ ဤကဲ့သို့သော ရူပါရုံစသည့် အာရုံမျိုးကို နောင်အနာဂတ် သမ္ပတ္တိဘဝ၌ ရလိုကြောင်း ဆုတောင်းပန်ထွာ၍ ကုသိုလ်သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်သည် ဖြစ်အံ့။ ဤဝေဒနာပိုင်းတွင် ပဉ္စဒွါရဝီထိ၌ ပါဝင်သော ဝိပါက်ဝေဒနာ, မနောဒွါရဝီထိ၌ ပါဝင်သော ဝိပါက်ဝေဒနာ

အားလုံး ထိုက်သလိုဖြစ်နိုင်၏။ ထိုအခါတွင် ပဋ္ဌဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက် ဝိညာဏ်တို့နှင့် ယှဉ်သော ဝိပါက်ဝေဒနာကို အဦးမူ၍ ယင်းပဥ္စဒွါရဝီထိ မနောဒွါရဝီထိများ၏ အတွင်း၌ ပါဝင်သော နာမ်တရား တို့ကိုလည်းကောင်း မှီရာဝတ္ထုရုပ်တို့ကိုလည်းကောင်း သိမ်းဆည်းပါ။ မိမိတို့၏ ဆုတောင်းပန်ထွာမှုအပေါ် အခြေတည်၍ ဝိပါက်ဝေဒနာတို့၏ ထူးထွေကွဲပြားမှုကို သဘောပေါက်လေရာသည်။

**ဖဿ** — တစ်ဖန် ယင်းဝေဒနာတရား၏ တစ်နည်းဆိုသော် ယင်းဝေဒနာဦးဆောင်သည့် နာမ်တရားစု၏ အကြောင်းရင်းဖြစ်သော ဖဿကို သိမ်းဆည်းပါ။ ဥပမာ - ဓမ္မကထိကနတ်သားဘဝကို ဆုတောင်းရာဝယ် ဆုမတောင်းခင် ဆုမတောင်းမီ ရှေးဦးစွာ ထိုဓမ္မကထိကနတ်သားဘဝကို လှမ်း၍ အာရုံယူမည် ဖြစ်သည်။ ယင်းသို့ လှမ်း၍ အာရုံယူရာ၌ ထိုဓမ္မကထိကနတ်သားဘဝအာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်သော ထိုဓမ္မကထိကနတ်သားဘဝအာရုံနှင့် မိမိ၏ အသိစိတ်ကို ဆက်သွယ်ပေးနေသော ဖဿသည် ဖြစ်၏။ ယင်းဖဿကို သိမ်းဆည်းပါ။ ယင်းဖဿနှင့် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကိုလည်းကောင်း ယင်းဖဿနှင့် ဝီထိစဉ် တစ်ခု၏ အတွင်း၌ ပါဝင်တည်ရှိကြသော နာမ်တရားစုတို့ကိုလည်းကောင်း, မှီရာဝတ္ထုရုပ်တို့ကိုလည်းကောင်း ဆက်လက်၍ သိမ်းဆည်းပါ။

အကယ်၍ ပစ္စုပ္ပန်ရူပါရုံစသည့် အာရုံ (၆)ပါးတို့ကို ထိုက်သလို အာရုံပြု၍ ယင်းကဲ့သို့သော အာရုံမျိုးများကို နောင်အနာဂတ် သမ္ဘတ္တိဘဝတစ်ခု၌ ရလိုကြောင်း ဆုတောင်းပန်ထွာခဲ့သည် ဖြစ်အံ့၊ ထိုပစ္စုပ္ပန်အာရုံ (၆)ပါး-တို့နှင့် အသိစိတ်ကို ဆက်သွယ်ပေးနေသည့် ယင်းအာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့်ဖြစ်သော ဖဿကို စတင်၍ သိမ်းဆည်းပါ။ ထိုနောင် ယင်းဖဿနှင့် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကိုလည်းကောင်း ယင်းဖဿ ပါဝင်သော ဝီထိစိတ်အစဉ် တစ်ခုအတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့ကိုလည်းကောင်း, မှီရာဝတ္ထုရုပ် တို့ကိုလည်းကောင်း ဆက်လက်၍ သိမ်းဆည်းပါ။ စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ စသော ဒေသနာတော်များနှင့် အညီတည်း။

**သဠာယတန** — ဓမ္မကထိကနတ်သားဘဝကို သို့မဟုတ် မိမိလိုလားတောင့်တသည့် အာရုံအမျိုးမျိုးတို့ နှင့် ပြည့်စုံသည့် သမ္ဘတ္တိဘဝကို ဆုတောင်းပန်ထွာမှု မပြုမီ, ပြုဆဲ, ပြုပြီးအချိန်တို့၌ အသင်သူတော်ကောင်း၏ သန္တာန်ဝယ် သဠာယတန အမည်ရသော ရုပ်တရား နာမ်တရားတို့သည် ဥပါဒ်-ဌီ-ဘင် အနေအထားဖြင့် ရုပ်သန္တတိအစဉ်အားဖြင့် ရှေးနှင့်နောက် ဆက်စပ်လျက် အထပ်ထပ် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ဖြစ်ကြ၏။ ယင်းသဠာယတနတို့ကို ဆက်လက်၍ သိမ်းဆည်းပါ။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တွင် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတန ဟူသော အတွင်းအာယတန (၆)ပါးကို ပဓာနထား၍ ဟောကြားထားတော်မူ၏။ အတွင်းအာယတနတို့သည် ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာ ယတနဟူသော အပြင်အာယတနတို့မပါဘဲ  အတွင်းအာယတနချည်းသက်သက် မဖြစ်နိုင်သဖြင့် အတွင်း အာယတနတို့ကို သိမ်းဆည်းပါက ရုပ်တုံး ရုပ်ခဲ နာမ်တုံး နာမ်ခဲဟူသော ရုပ်ဃန နာမ်ဃန ပြိုရေး ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေး အတွက် အပြင်အာယတနတို့ကိုပါ ရောနှော၍ သိမ်းဆည်းရမည် ဖြစ်သည်။

ပုံစံတစ်ခု အနေအားဖြင့် စက္ခာယတနကို ပရမတ်သို့ဆိုက်အောင် သိမ်းဆည်းလိုသည် ဆိုပါစို့။ စက္ခာယတန အမည်ရသော စက္ခုပသာဒသည် မိမိတစ်ခုတည်း စက္ခာယတနချည်းသက်သက် မဖြစ်နိုင်၊ စက္ခုဒသကကလာပ် အနေဖြင့်သာ အုပ်စုအလိုက် ဖြစ်နိုင်သည့် စွမ်းအား ရှိ၏။ ယင်းစက္ခုဒသကကလာပ်အတွင်း၌ တည်ရှိသော စက္ခာယတနကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းလိုပါက စက္ခုဒသကကလာပ်အတွင်း၌

ပါဝင်တည်ရှိကြသော (၁၀)မျိုးသော ရုပ်တရားတို့ကို ရုပ်တုံးရုပ်ခဲဟူသော ရုပ်ဃနပြိုအောင် တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ဉာဏ်ဖြင့် ပိုင်းခြားယူပါ သိမ်းဆည်းပါ။ သို့မှသာလျှင် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်မည်။ ယင်း (၁၀)မျိုးသော ရုပ်တရားတို့တွင် —

၁။ စက္ခုပသာဒကား စက္ခာယတန (အတွင်းအာယတန)
၂။ ဝဏ္ဏကား ရူပါယတန (အပြင်အာယတန)
၃။ ဂန္ဓကား ဂန္ဓာယတန (အပြင်အာယတန)
၄။ ရသကား ရသာယတန (အပြင်အာယတန)
၅။ ပထဝီ တေဇော ဝါယောတို့ကား ဖောဋ္ဌဗ္ဗာယတန (အပြင်အာယတန)
၆။ အာပေါ, ဩဇာ, ဇီဝိတတို့ကား ဓမ္မာယတန (အပြင်အာယတန)

အားလုံးပေါင်းသော် အာယတန (၆)ပါးဖြစ်သည်။ စက္ခာယတနသည် အထက်ပါ အပြင်အာယတနများနှင့် ပေါင်းစပ်မိမှသာလျှင် ဖြစ်နိုင်စွမ်းရှိ၏။ မိမိချည်းကား ဖြစ်နိုင်သည့်စွမ်းအား မရှိပေ။ သို့အတွက် အတွင်း အာယတနကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရှုပွားလိုလျှင် အပြင်အာယတနကိုပါ ရောနှော၍ သိမ်းဆည်းရှုပွားရ၏။ သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတနတို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ တစ်ဖန် မနာယတန အမည်ရသော အသိစိတ်ဟူသမျှသည် ဓမ္မာယတန အမည်ရသော စေတသိက်များ မပါဘဲ, ပဉ္စဝေါကာရ = ခန္ဓာငါးပါးရှိသော သတ္တဝါတို့အဖို့ မှီရာဝတ္ထုရုပ်ဟူသော အာယတန များမပါဘဲ ဖြစ်နိုင်သည့်စွမ်းအား မရှိ။ မနာယတနကို ဃနပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရှုပွားလိုပါက အပြင်အာယတနဖြစ်သည့် စေတသိက် ဓမ္မာယတနများကိုပါ ရောနှော၍ သိမ်းဆည်း ရှုပွားရ၏။ ဆိုင်ရာဆိုင်ရာ မှီရာဝတ္ထုရုပ်တရားတို့ကိုလည်း သိမ်းဆည်းရှုပွားရ၏။

သို့အတွက် အတွင်းအာယတနကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါက အပြင်အာယတန များလည်း ထိုက်သလိုအကျုံးဝင်လာသဖြင့် အတွင်းအာယတန (၆) ပါးတို့ကို သိမ်းဆည်းလျှင် အပြင်အာယတန (၆) ပါးတို့ကိုလည်း သိမ်းဆည်းပြီးပင် ဖြစ်တော့၏။ ယင်းအာယတန (၁၂) ပါးတို့ဟူသည်မှာလည်း ခန္ဓာငါးပါး, ရုပ်-နာမ် နှစ်ပါးတို့ပင် ဖြစ်ကြ၏။ သို့အတွက် အထက်တွင် ဖော်ပြထားသော ဖဿနှင့် ဝေဒနာတို့ မဖြစ်မီအချိန်က ရှိခဲ့ ဖြစ်ခဲ့သော ရုပ်နာမ်တို့ကို သိမ်းဆည်းလျှင် သဠာယတနကို သိမ်းဆည်းနေသည်ပင် ဖြစ်ပေတော့သည်။

ယင်းသဠာယတန၏ နယ်ကား ပဋိသန္ဓေနာမ်ရုပ်, ပဋိသန္ဓေဝိညာဏ်သို့တိုင်အောင် ကျယ်ပြန့်လျက်ရှိ၏။ သို့အတွက် အထက်ဖော်ပြပါ ဝေဒနာတို့ကိုလည်းကောင်း, ဖဿတို့ကိုလည်းကောင်း သိမ်းဆည်းပြီးသောအခါ ယင်းဖဿ၏ အကြောင်းခံဖြစ်သော သဠာယတနတို့ကို ယင်းဖဿ မဖြစ်မီ အချိန်ကစ၍ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေ- သို့တိုင်အောင် ဉာဏ်ကို စေလွှတ်လျက် ရုပ်နာမ်တို့ကို တစ်စတစ်စ ရှေးသို့ တိုး၍တိုး၍ သိမ်းဆည်းပါ။

## ကိလေသဝဋ် ကမ္မဝဋ် များနေသော်

အကယ်၍ အသင်သူတော်ကောင်းသည် နောင်အနာဂတ်ဘဝအတွက် ရည်ရွယ်မှန်းထား၍ သဒ္ဓါရမျိုးစေ့ များကို ထူထောင်လျက် ဆုတောင်းပွဲများကို ဘဝတစ်လျှောက်၌ အကြိမ်ပေါင်းများစွာ ကျင်းပခဲ့သည် ဖြစ်အံ့၊ အကယ်၍ ဓမ္မကထိကနတ်သား ဖြစ်လိုလျှင်လည်း ဓမ္မကထိကနတ်သားဖြစ်ရန် သဒ္ဓါရမျိုးစေ့များကို ကြိမ်ဖန်များစွာ ထူထောင်လျက် ကြိမ်ဖန်များစွာပင် ဆုမွန်ကောင်း တောင်းဆိုခဲ့သည် ဖြစ်အံ့၊ အနီးကပ်ဆုံး ဆုတောင်းပွဲတွင် ဖြစ်ခဲ့သည့် ကမ္မဝဋ် အာဟာရလေးပါးတို့ကို (= ရုပ်နာမ်တို့ကို) အထက်တွင် ဖော်ပြခဲ့သည့် နည်းစနစ်အတိုင်း စတင်၍ သိမ်းဆည်းကာ ကျန်ဆုတောင်းပွဲများတွင် ဖြစ်ခဲ့သည့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန် ဟူသော ကိလေသဝဋ်,

သင်္ခါရ-ကံ တည်းဟူသော ကမ္မဝဋ်တွင် အကျုံးဝင်သော အာဟာရလေးပါး = ရုပ်နာမ်တရားတို့ကို ဤသဠာယ-တနပိုင်းတွင်ပင် ပေါင်းစုခြုံငုံ၍ —

၁။ ရုပ်နာမ် နှစ်ပါးနည်းဖြင့် နှစ်ပုံ ပုံ၍ ဖြစ်စေ,

၂။ ခန္ဓာငါးပါးနည်းဖြင့် ငါးပုံ ပုံ၍ ဖြစ်စေ,

၃။ သဠာယတနနည်းဖြင့် ခြောက်ပုံ ပုံ၍ ဖြစ်စေ,

ပဋိသန္ဓေ နာမ်ရုပ်ဘက်သို့ တာစူလျက် အတိတ်ဘက်သို့ တဖြည်းဖြည်း ဉာဏ်ကိုစေလွှတ်ကာ ရုပ်နာမ်တို့ကို သိမ်းဆည်းပါ။

## မေးမြန်းဖွယ်ရာ အချက်တစ်ရပ်

သုတ္တန်နည်းအရ သဠာယတနတရားများမှာ ဝိပါကဝဋ်တရားများသာ ဖြစ်ကြ၏။ ယင်း သဠာယတနတွင် ကိလေသဝဋ် ကမ္မဝဋ်တရားများသည် မပါဝင်ကြပေ။ သို့ပါလျက် အဘယ်ကြောင့် သဠာယတနစာရင်းတွင် ကိလေသဝဋ် ကမ္မဝဋ်တရားတို့ကိုပါ ရောနှော၍ သိမ်းဆည်းနေရပါသနည်းဟု မေးမြန်းဖွယ်ရာ ရှိလာပြန်၏။ အဖြေကား မကင်းစကောင်းသောကြောင့် ဟူ၏။

ဝီထိမှ အလွတ်ဖြစ်သော ဝီထိမုတ်စိတ်မှတစ်ပါး စိတ်တို့မည်သည် ကိန်းသေမြဲသော စိတ္တနိယာမ သဘောတရားအရ ဝီထိဟု ခေါ်ဆိုသည့် စိတ်အစဉ်အတိုင်းသာ ဖြစ်ရိုးဓမ္မတာ ရှိကြ၏။ ယင်းဓမ္မတာ လမ်းကြောင်းမှ တိမ်စောင်း၍ ပြောင်းလဲ၍ ဖြစ်ရိုးဓမ္မတာ မရှိကြပေ။ သို့အတွက် သဠာယတန အမည်ရသည့် ဝိပါကဝဋ်တရားတို့ကို သိမ်းဆည်းလိုခဲ့သော် ယင်းတို့ဖြစ်နေကျ နိယာမ ဓမ္မတာလမ်းကြောင်းအတိုင်းသာ ဖြစ်နေကြသည့် ယင်းဝိပါက်တရားတို့ကို သိမ်းဆည်းရ၏။ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ပိုင်းခြားယူရ၏။ ယင်းသို့ စိတ္တနိယာမလမ်းကြောင်းအတိုင်း ဖြစ်နေကြသည့် သဠာယတန အမည်ရသော အထူးသဖြင့် မနာယတနတွင် အကျုံးဝင်သော ဝိပါက်တရားတို့ကို ဝီထိစိတ်အစဉ်အတိုင်း သိမ်းဆည်းခဲ့သော် နာမ်တုံးနာမ်ခဲဟူသော နာမ်ဃန အသီးအသီးကို ပြိုကွဲသွားအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းနိုင်ပါက ယင်းဝိပါက်နာမ်တရားတို့၏ အကြားအကြား၌ တည်ရှိကြသော ဖြစ်ပေါ်လေ့ ရှိကြသော ကိလေသဝဋ် ကမ္မဝဋ် တရားစုတို့ကိုလည်း လွယ်လွယ်ကူကူပင် သိမ်းဆည်းမိပြီး ဖြစ်နိုင်ပေသည်။

ဥပမာ - စက္ခုဒွါရဝီထိ ဆိုကြပါစို့။ ယင်းစက္ခုဒွါရဝီထိ၏အတွင်း၌ ပါရှိတည်ရှိကြသော - **စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ** ဟူသော မနာယတနတွင် အကျုံးဝင်သော ဝိပါက်နာမ်တရားစုတို့ကို သိမ်းဆည်းလိုသော် စက္ခုဝိညာဏ်စိတ်၏ ရှေ့တွင် ကပ်လျက်ရှိသော ပဥ္စဒွါရာဝဇ္ဇန်းဟူသော အာဝဇ္ဇန်းစိတ် မပါဘဲ စက္ခုဒွါရဝီထိစိတ်တို့သည် မဖြစ်ပေါ်လာနိုင်ကြသဖြင့် ပဥ္စဒွါရာဝဇ္ဇန်းက စ၍သာ သိမ်းဆည်းရ၏။ ဝိပါက်တရားများကို သန္တတိဃနစသည့် နာမ်ဃန အတုံးအခဲပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရင်းပင် ပဥ္စဒွါရာဝဇ္ဇန်းကိုပါ သိမ်းဆည်းပြီး ဖြစ်သွား၏။ တစ်ဖန် တဒါရုံဝိပါက်ကို သိမ်းဆည်းလိုပါက ဇောမပါဘဲ တဒါရုံမှာလည်း ဖြစ်ရိုးဓမ္မတာမရှိ၊ ဖြစ်နိုင်သည့် ဓမ္မတာမရှိ၊ ဇောယူထားသည့် အာရုံကိုသာ တဒါရုံက ဆက်ခံသောကြောင့် ဖြစ်၏။ ထိုကြောင့် တဒါရုံကို သိမ်းဆည်းရင်း ဇောကိုလည်း သိမ်းဆည်းမိပြီး ဖြစ်သွား၏။

တစ်ဖန် ဇောမှာလည်း ပဥ္စဒွါရဝီထိ၌ ဝုဋ္ဌောမပါဘဲ, မနောဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်းမပါဘဲ ဖြစ်ရိုး ဓမ္မတာ မရှိသဖြင့် တဒါရုံဝိပါက်ကို သိမ်းဆည်းမှုသည် ပဥ္စဒွါရဝီထိ၌ ဝုဋ္ဌောနှင့် ဇောကိုပါ, မနောဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်းနှင့် ဇောကိုပါ သိမ်းဆည်းခြင်းလုပ်ငန်းကို ပူးတွဲဆောင်ရွက်ပြီး ဖြစ်သွား၏။

ယင်းဇောတို့မှာ ဝုဋ္ဌောနှင့် မနောဒွါရာဝဇ္ဇန်းတို့၏ ဆုံးဖြတ်ချက်အပေါ် မူတည်၍ ယောနိသောမနသိကာရ ဖြစ်လျှင် ကုသိုလ်ဇော, အယောနိသောမနသိကာရဖြစ်လျှင် အကုသိုလ်ဇောများ ထိုက်သလို ဖြစ်ကြ၏။ အကုသိုလ်ဇောတို့ကား ကိလေသဝဋ်တရားလည်း ဖြစ်နိုင်ကြ၏၊ ကမ္မဝဋ်တရားလည်း ဖြစ်နိုင်ကြ၏။ ကုသိုလ်ဇော တို့ကား ကမ္မဝဋ်တရားစုတို့တည်း။ သို့အတွက် ဝိပါကဝဋ်တရားတို့ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းခဲ့သော် ကိလေသဝဋ် ကမ္မဝဋ်တရားတို့သည်လည်း တစ်နွယ်ငင် တစ်စင်ပါဟူသော အဝိနာဘာဝနည်း အရ ပါဝင်၍ သွားကြ၏။ ယင်းကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တရားစုတို့မှာ ပဉ္စဝေါကာရဘုံ၌ မှီရာဝတ္ထုရုပ် တို့ကိုသာ ထိုက်သလို မှီ၍ ဖြစ်ကြရသဖြင့် နာမ်တရားတို့ကို ပုံစံမှန် သိလိုပါက သိမ်းဆည်းလိုပါက မှီရာဝတ္ထုရုပ် တို့ကိုလည်း ပူးတွဲလျက် သိမ်းဆည်းရပြန်၏။ ယင်းမှီရာဝတ္ထုရုပ်တို့မှာလည်း ဝိပါကဝဋ်တရားစုတို့ပင်တည်း။ မကင်းစကောင်းသော အဝိနာဘာဝနည်းအရ ဆိုရသော် စတုသမုဋ္ဌာနိက ရုပ်တရားစုတို့ပင်တည်း။ သို့အတွက် ဝိပါကဝဋ်အမည်ရသော သဠာယတနများကို ယန အသီးအသီး ပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းလျှင် ကိလေသဝဋ် ကမ္မဝဋ်တို့လည်း ပါဝင်နိုင်၍ ရောနှော၍ သိမ်းဆည်းရန် ရေးသားတင်ပြရခြင်း ဖြစ်သည်ဟု မှတ်ပါ။

## ယောဂီတို့၌ တွေ့ကြုံတတ်သည့် သဘာဝတစ်ရပ်

ထိုသို့ သိမ်းဆည်းရာ၌ ရုပ်နာမ်ပရမတ် အာရုံပေါ်သို့သာ စိတ်ကျလျက် ရုပ်နာမ် သက်သက်ကိုပင် ပဋိသန္ဓေမတိုင်မီ ဘဝတစ်လျှောက်၌ တကယ်ဖြစ်ခဲ့သည့်အတိုင်း သိမ်းဆည်းမိလျှင် ပို၍ကောင်းသည်သာ ဖြစ်ပါသည်။ သို့သော် ထိုသို့ အတိတ်ဘက်သို့ ဉာဏ်ကိုစေလွှတ်လျက် ရုပ်နာမ်တို့ကို သိမ်းဆည်းရာ၌ ကြိုးကြား-ကြိုးကြား ရံခါရံခါ ကောင်းမှုပြုခဲ့သည့်ပုံများ မကောင်းမှုပြုခဲ့သည့်ပုံများလည်း ပေါ်လာတတ်၏။ ယင်းသို့ ပုံများ ပေါ်လာခြင်းမှာ သတ္တဝါတို့၏ စိတ်ဓာတ်သည် သူကောင် ငါကောင်စသည့် အကောင်အထည် အတုံးအခဲတို့ အပေါ်၌ သံသရာတစ်လျှောက်ဝယ် ကျက်စားမှုများခဲ့သဖြင့် ရုပ်နာမ် ပရမတ်တို့ကို သိမ်းဆည်းရာက ပညတ် အတုံးအခဲပေါ်သို့ တစ်ခါတစ်ရံ စိတ်ကျရောက်သွားခြင်းကြောင့် ဖြစ်၏။

ယင်းသို့ ရုပ်ပုံများ ပေါ်လာခဲ့သော် ထိုပုံများ၌ ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့်မြင်အောင် စိုက်ရှုပါ။ ဗဟိဒ္ဓ၌ ဓာတ်ကြီးလေးပါးကို ဦးတည်၍ ရုပ်တရားတို့ကို (၃၁)ဘုံကို ခြုံငုံ၍ သိမ်းဆည်းထားပြီးသော အသင်ယောဂီ သူတော်စင်အဖို့ ထိုပုံများ၌ ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့်မြင်အောင် ရှုမှုမှာ မခက်ခဲတော့ပြီ ဖြစ်၏။ ဓာတ်ကြီး လေးပါးကို ရှုနိုင်မြင်နိုင်ပါက မကြာမီ ရုပ်ကလာပ်အမှုန်များကို တွေ့ရှိမည် ဖြစ်သည်။ ယင်းရုပ်ကလာပ်တို့ကို (၆)ဒွါရ, (၄၂)ကောဋ္ဌာသတို့၌ ရှိကြသည့်အတိုင်း ဓာတ်ခွဲလျက် ပရမတ်ရုပ်တရားတို့ကို သိမ်းဆည်းပါ။ အထူး သဖြင့် နှလုံးအိမ်၏ အတွင်း၌ တည်ရှိကြသော ရုပ် (၅၄) မျိုးတို့ကို ဦးစားပေးလျက် သိမ်းဆည်းပါ။ ဟဒယဝတ္ထုရုပ် ကို ဉာဏ်ဖြင့် ပိုင်းခြားယူပါ။ ဟဒယဝတ္ထုကို မှီ၍ ဖြစ်နေသော ဘဝင်မနောအကြည်ဓာတ်ကို ဆက်လက်၍ သိမ်းဆည်းပါ။ ဤအပိုင်းတွင်ကား ဘဝင်မနောအကြည်ဓာတ်ကို သိမ်းဆည်းနိုင်ရေးမှာ အလွန်အရေးပါလျက် ရှိ၏။ ဘဝင်မနောအကြည်ဓာတ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင်ပါက ယင်းဘဝင်မနောအကြည်ဓာတ် တို့၏ အကြားအကြား၌ ဆိုင်ရာ ဆိုင်ရာ မှီရာဝတ္ထုရုပ်တို့ကို မှီ၍ ဖြစ်ပေါ်သွားကြကုန်သော စိတ္တနိယာမ လမ်းကြောင်းအတိုင်း ဝီထိစဉ်အတိုင်း ဖြစ်ပေါ်သွားကြကုန်သော နာမ်တရားတို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ ကုသိုလ်ဇောဝီထိစိတ်အစဉ်များ အကုသိုလ်ဇောဝီထိစိတ်အစဉ်များကို ဖြစ်ခဲ့သည့်ပုံစံအတိုင်း ဉာဏ်ဖြင့်မြင်အောင် ယန အသီးသီးကို ဖြိုခွဲလျက် ပရမတ်သို့ဆိုက်အောင် သိမ်းဆည်းပါ။ အောင်မြင်ပါက — ရုပ်တရား နာမ်တရား, ရုပ်တရား နာမ်တရား — ဤသို့ စသည်ဖြင့် ရုပ်နာမ်ကိုသာ ဆက်လက်၍ သိမ်းဆည်းပါ။

ဤသို့လျှင် အနီးကပ်ဆုံးသော ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟူသော အာဟာရလေးပါး ရုပ်နာမ်တရားတို့ကစ၍ ပစ္စုပ္ပန်ပဋိသန္ဓေဟူသော အတိတ်ဘက်သို့ ဉာဏ်ကိုစေလွှတ်၍ ရုပ်နာမ်တို့ကို တစ်စတစ်စ တိုး၍တိုး၍ သိမ်းဆည်းရာဝယ် အောင်မြင်မှုရခဲ့သော် —

၁။ လွန်ခဲ့သည့် (၁) ရက်က ရုပ်နာမ်,
၂။ လွန်ခဲ့သည့် (၂) ရက်က ရုပ်နာမ်,
၃။ လွန်ခဲ့သည့် (၃) ရက်က ရုပ်နာမ်,
၄။ လွန်ခဲ့သည့် (၄) ရက်က ရုပ်နာမ်,
၅။ လွန်ခဲ့သည့် (၅) ရက်က ရုပ်နာမ်, ။ ပ ။
၆။ လွန်ခဲ့သည့် (၁) လက ရုပ်နာမ်, ။ ပ ။
၇။ လွန်ခဲ့သည့် (၁) နှစ်က ရုပ်နာမ်,
၈။ လွန်ခဲ့သည့် (၂) နှစ်က ရုပ်နာမ်,
၉။ လွန်ခဲ့သည့် (၃) နှစ်က ရုပ်နာမ်,
၁၀။ လွန်ခဲ့သည့် (၄) နှစ်က ရုပ်နာမ်,
၁၁။ လွန်ခဲ့သည့် (၅) နှစ်က ရုပ်နာမ်, ။ ပ ။
၁၂။ လွန်ခဲ့သည့် (၁၀) နှစ်က ရုပ်နာမ်, —

ဤသို့ စသည်ဖြင့် အတိတ်ရုပ်နာမ်တို့ကို တစ်စတစ်စ တိုး၍တိုး၍ တဖြည်းဖြည်း သိမ်းဆည်းပါ။ အကယ်၍ ထိုသို့ သိမ်းဆည်းရာ၌ လူကြီးအရွယ် လူလတ်အရွယ် လူငယ်အရွယ် ကလေးအရွယ် စသည်ဖြင့် ကြိုးကြား-ကြိုးကြား၌ ရုပ်ပုံများ ပေါ်လာလျှင်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုပုံများ၌ ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့် မြင်အောင် စိုက်ရှု၍ ရုပ်နာမ်တို့ကိုပင် ဆက်လက်၍ သိမ်းဆည်းပါ။

## သတိပြုသင့်သော အချက်များ

ဤကဲ့သို့ အတိတ်အကြောင်းတရားတို့ကို ရှာဖွေရာ၌ ကြိုတင်၍ သိထားသင့်သော အချက်များလည်း ရှိကြပေသည်။ ယင်းအချက်တို့ကို ဤ၌ အကျဉ်းချုပ်၍ တင်ပြအပ်ပါသည်။ —

လောကသမုဒယံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ နတ္ထိတာ၊ သာ န ဟောတိ။ လောကနိရောဓံ ခေါ ကစ္စာန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ အတ္ထိတာ၊ သာ န ဟောတိ။ ပ ။ အပရပစ္စယာ ဉာဏမေဝဿ ဧတ္ထ ဟောတိ။ (သံ-၁-၂၅၇-၂၅၈။)

**သမ္မပ္ပညာယ ပဿတော**တိ သမ္မာပညာ နာမ သဝိပဿနာ မဂ္ဂပညာ၊ တာယ ပဿန္တဿာတိ အတ္ထော ။ ပ ။ **အပရပ္ပစ္စယာ**တိ န ပရပ္ပစ္စယေန ၊ အညဿ အပတ္တိယာယေတွာ အတ္တပစ္စက္ခဉာဏမေဝဿ ဧတ္ထ ဟောတီတိ။ (သံ-ဋ္ဌ-၂-၃၂။)

**သမ္မပ္ပညာယာ**တိ အဝိပရီတပညာယ ယထာဘူတပညာယ။ တေနာဟ **"သဝိပဿနာ မဂ္ဂပညာ"**တိ။
(သံ-ဋီ-၂-၃၇။)

ဉာဏသမင်္ဂီ ပုဂ္ဂလော စက္ခုမာ ဝိယ စက္ခုနာ ရူပါနိ**,** ဉာဏေန ဝိဝဋ္ဋေ ဓမ္မေ ပဿတိ။ (သံ-ဋ္ဌ-၂-၄၉။)

အထ ခေါ ရူပါနိ ဝိယ စက္ခုဝိညာဏေန ရူပါဒီနိ တေသံ စ သမုဒယာဒိကေ ပစ္စက္ခေ ကတွာ ဒဿနန္တိ ဝိဘာဝေတုံ **"ပဿတော"**တိ ဝုတ္တန္တိ ဧဝံ ဝါ ဧတ္ထ အတ္ထော။ (သံ-ဋီ-၂-၆၃။)

အထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏ ဆိုလိုရင်းမှာ ဤသို့ဖြစ်၏ — သင်္ခါရလောက၏ ဖြစ်စဉ်ကို လောကသမုဒယဟု ခေါ်ဆို၏။ အနုလောမပစ္စယာကာရ = အနုလောမပဋိစ္စသမုပ္ပါဒ်ဟုလည်း ခေါ်ဆို၏။ သင်္ခါရလောက၏ ချုပ်စဉ်ကို လောကနိရောဓဟု ခေါ်ဆို၏။ ပဋိလောမပစ္စယာကာရ = ပဋိလောမပဋိစ္စသမုပ္ပါဒ် ဟုလည်း ခေါ်ဆို၏။

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော အကြောင်းတရားတို့ ထင်ရှားဖြစ်ခြင်း ထင်ရှားရှိခြင်းကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော အကျိုးတရားတို့၏ ထင်ရှားဖြစ်ခြင်းတည်းဟူသော အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် အထပ်ထပ်ဖြစ်ခြင်းသဘောကို လောက သမုဒယဟု ခေါ်ဆို၏။

တစ်နည်း — အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသည်ဖြင့် ဟောကြားထားတော်မူအပ်သော — အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း, သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ခြင်း စသည့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ အကြောင်းနှင့် အကျိုး ဆက်နွယ်လျက် အထပ်ထပ်ဖြစ်ခြင်း သဘောတရားကိုလည်း လောကသမုဒယဟု ခေါ်ဆို၏။

တစ်ဖန် — အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အကြောင်းတရားတို့၏ အရဟတ္တမဂ်ကြောင့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော အကျိုးတရားတို့၏ ခန္ဓပရိနိဗ္ဗာန်စံသောအခါ၌ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းသဘောကို သင်္ခါရ လောက၏ ချုပ်စဉ် လောကနိရောဓဟု ခေါ်ဆို၏။

တစ်နည်း — အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော — ဤသို့စသည်ဖြင့် ဟောကြားထားတော်မူအပ်သော အဝိဇ္ဇာ၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းကြောင့် သင်္ခါရ၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းစသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ ချုပ်စဉ်ကိုလည်း လောကနိရောဓ ဟုပင် ခေါ်ဆို၏။

ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းလောကသမုဒယ, လောကနိရောဓ နှစ်မျိုးလုံးကိုပင် ဝိပဿနာပညာ အရိယမဂ္ဂပညာဟူသော သမ္မပ္ပညာဖြင့် ကောင်းစွာသိမြင်အောင် ကြိုးပမ်းရ၏။ ယင်းဝိပဿနာပညာ အရိယမဂ္ဂ ပညာဟူသော သမ္မပ္ပညာကား အပရပစ္စယဉာဏ် = အတ္တပစ္စက္ခဉာဏ်တည်း။ သူတစ်ပါးအား ကိုယ်းစား ယုံကြည်မှု မရှိဘဲ မိမိကိုယ်တိုင် ထွင်းဖောက်သိမြင်သော အတ္တပစ္စက္ခဉာဏ်တည်း။

သင်္ခါရလောက၏ ဖြစ်စဉ် = လောကသမုဒယကို အတ္တပစ္စက္ခဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ အတ္တသည် သေလျှင်ပြတ်၏ဟု စွဲယူသော ဉစ္ဆေဒဒိဋ္ဌိသည် ဖြစ်ခွင့်မရှိလေရာ။ သင်္ခါရလောက၌ အကြောင်းနှင့်အကျိုး ဆက်နွယ်လျက် အထပ်ထပ်ဖြစ်နေကြကုန်သော သင်္ခါရတရားတို့သည် ထင်ရှားရှိနေ-ကြကုန်စဉ် ယင်းသင်္ခါရတို့၏ ဖြစ်စဉ်ကို အတ္တပစ္စက္ခဉာဏ်ဖြင့် သိမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ အဘယ်မှာလျှင် "အတ္တသည် သေလျှင်ပြတ်၏ မရှိ"ဟူသော ဉစ္ဆေဒဒိဋ္ဌိသည် ဖြစ်ခွင့်ရှိနိုင်ရာပါအံ့နည်း။

တစ်ဖန် သင်္ခါရလောက၏ ချုပ်စဉ် = လောကနိရောဓကို အတ္တပစ္စက္ခဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ "အတ္တသည် မြဲ၏"ဟု စွဲယူသော သဿတဒိဋ္ဌိသည် ဖြစ်ခွင့် မရှိလေရာ။ သင်္ခါရတို့၏ အနုပ္ပါဒ-နိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို အတ္တပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ အတ္တသည် မသေမပျောက် အမြဲတည်၏ဟု စွဲယူသော သဿတဒိဋ္ဌိသည် အဘယ်မှာလျှင် ထောက်ရာ တည်ရာကို ရရှိနိုင်အံ့နည်း။

ထိုကဲ့သို့ လောကသမုဒယခေါ်သည့် သင်္ခါရလောက၏ ဖြစ်စဉ်နှင့် လောကနိရောဓခေါ်သည့် သင်္ခါရလောက၏ ချုပ်စဉ်ကို အတ္တပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်အောင် ရှုရာ၌ ယောဂါဝစရပုဂ္ဂိုလ်၏ ရှုမြင်ပုံ အခြင်းအရာကို အထက်တွင် ရေးသားတင်ပြထားသော သံယုတ် အဋ္ဌကထာ ဋီကာတို့က ဤသို့ သရုပ်ဖော်ထား၏။

မျက်စိအမြင်ရှိသော ယောကျာ်းသည် ရူပါရုံတို့ကို စက္ခုဝိညာဏ်ဖြင့် မြင်တွေ့နေရသကဲ့သို့ အလားတူပင် ယောဂါဝစရပုဂ္ဂိုလ်သည်လည်း — သင်္ခါရလောက၏ ဖြစ်စဉ် လောကသမုဒယကို ရှုနေသောဉာဏ် သို့မဟုတ် သင်္ခါရလောက၏ ချုပ်စဉ် လောကနိရောဓကို ရှုနေသော ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော ဉာဏ်ရောင်အောက်တွင် ဟင်းလင်းပွင့်နေသော ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော ဓမ္မတို့ကိုလည်းကောင်း, ယင်းဥပါဒါ-နက္ခန္ဓာတို့၏ အကြောင်းရင်း သမုဒယဓမ္မတို့ကိုလည်းကောင်း, ယင်းဥပါဒါနက္ခန္ဓာတို့၏ နိရောဓဓမ္မတို့ကိုလည်းကောင်း အတ္တပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြု၍ သိမြင်နေပါ၏ ဟူပေ။

(သံ-ဋ္ဌ-၂-၄၉။ သံ-ဋီ-၂-၆၃။)

ထိုသို့ မျက်စိဖြင့် မြင်သကဲ့သို့ တွေ့မြင်နေသောအခါဝယ် သံသရာတစ်လျှောက်ဝယ် ပညတ်နယ်၌ ကျက်စားမှု များပြားခဲ့သော အလေ့အကျက်များခဲ့သော စိတ်ဓာတ်၏ စွမ်းအားကြောင့် ယင်းစိတ်တို့တွင် = ယင်းဇောဝီထိစိတ်အစဉ်တို့တွင် အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းခေါ် မနသိကာရက ရံခါ ပညတ်ကို လှမ်း၍ အာရုံယူမိသောကြောင့် = ပညတ်ကို နှလုံးသွင်းမိသောကြောင့်လည်းကောင်း, အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနေသော ပိုင်းခြားယူနေသော သင်္ခါရပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်စသော ဝိပဿနာဉာဏ်တို့က ရံခါ နုံ့သွားခြင်းကြောင့်လည်းကောင်း ရုပ်ကလာပ်များစွာတို့၏ အပေါင်းအစု အတုံးအခဲ ခပ်ကြီးကြီးများကို တွေ့မြင်နေတတ်၏။ ရံခါ ကြိုးကြားကြိုးကြားတွင် ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်သွားကြသော မနောဒွါရိကဇောဝီထိတို့တွင် အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းခေါ် မနသိကာရက ပညတ်အတုံးအခဲများ ပညတ်ပုံရိပ်များကို လှမ်း၍ အာရုံယူမိတတ်၏။ ထိုအခါမျိုးတွင်လည်း ပညတ်ပုံရိပ်များသည် ပေါ်လာတတ်ပေသည်။ ငယ်ရွယ်စဉ်က ပုံရိပ်များ ကောင်းမှုကုသိုလ်ပြုနေသည့် ပုံရိပ်များ မကောင်းမှုအကုသိုလ်ပြုနေသည့် ပုံရိပ်များ စသည်ဖြင့် ပုံရိပ်အမျိုးမျိုးတို့လည်း ယင်းမနသိကာရ၏ စွမ်းအားကြောင့် ပေါ်လာတတ်၏။

ယင်းပညတ်ပုံရိပ်တို့မှာလည်း **သင်္ခါရနိမိတ်**တို့သာ ဖြစ်ကြ၏။

တတ္ထ **နိမိတ္တန္တိ** သင်္ခါရနိမိတ္တံ။ အတီတာနာဂတပစ္စုပ္ပန္နာနံ သင်္ခါရာနမေဝေတံ အဓိဝစနံ။

(ဝိသုဒ္ဓိ-၂-၂၈၄။)

**သင်္ခါရနိမိတ္တန္တိ** "သင်္ခါရာနံ သမူဟာဒိဃနဝသေန, သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာန"န္တိ ဝုတ္တော ဝါယမတ္ထော။ သင်္ခါရာနံ ပန တထာ ဥပဋ္ဌာနံ သင်္ခါရဝိနိမုတ္တံ န ဟောတီတိ အာဟ **"အတီတာနာဂတပစ္စုပ္ပန္နာနံ သင်္ခါရာနမေဝေတံ အဓိဝစန"**န္တိ ။ (မဟာဋီ-၂-၄၄၇။)

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာဆရာတော်က နိမိတ္တအရ သင်္ခါရနိမိတ်ကို ဆိုလိုကြောင်းကိုလည်းကောင်း, ထိုနိမိတ္တဟူသော အမည်သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၏ အမည်ဖြစ်ကြောင်းကိုလည်းကောင်း (ဝိသုဒ္ဓိ-၂-၂၈၄။) ၌ ဖွင့်ဆိုထားတော်မူ၏။

ဤကဲ့သို့ ရှင်းလင်းဖွင့်ဆိုချက်နှင့် ဆက်စပ်၍ ဋီကာဆရာတော်များက — "အဓိဝစနံ နာမံ ရှိရာ ဥပစာ" ဟူသော သဒ္ဒါစည်းကမ်းနှင့် အညီ ဤသို့ ရှင်းလင်းဖွင့်ဆိုထားတော်မူကြ၏။

ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် တကယ့် ဝိပဿနာနယ်မြေ အစစ်သို့ ရောက်အောင် မစီးဖြန်းရသေးသော မစီးဖြန်းဖူးသေးသော (အထူးသဖြင့် ယခုကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို အားသစ်ဆဲမျှသာ ရှိနေသေးသော) ပုဂ္ဂိုလ်နှင့် စီးဖြန်းဖူးသော်လည်း ဝိပဿနာကမ္မဋ္ဌာန်းကို ခေတ္တယာယီဖြစ်စေ ခပ်ကြာကြာဖြစ်စေ ချထားသောပုဂ္ဂိုလ်တို့သည် ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့ကို သဝိဂ္ဂဟခေါ်သည့် သဏ္ဌာန်ဒြပ် အတုံးလိုက် အခဲလိုက် တစ်ရံတစ်ခါ မြင်နေတတ်သေး၏၊ ရုပ်တရားတို့ကို သန္တတိဃန အတုံးအခဲ, သမူဟဃန အတုံးအခဲ, ကိစ္စဃန အတုံးအခဲ မပြိုဘဲ, နာမ်တရားတို့ကိုလည်း သန္တတိဃန အတုံးအခဲ, သမူဟဃန အတုံးအခဲ, ကိစ္စဃန အတုံးအခဲ, အာရမ္မဏဃန အတုံးအခဲ မပြိုဘဲ တစ်ရံတစ်ခါ တွေ့မြင်နေတတ်၏။

၁။ သန္တတိဃန အတုံးအခဲ = ရုပ်နာမ်သန္တတိ အစဉ်အတန်း အတုံးအခဲ,
၂။ သမူဟဃနအတုံးအခဲ = ရုပ်နာမ်အပေါင်းအစု အတုံးအခဲ,
၃။ ကိစ္စဃန အတုံးအခဲ = ရုပ်နာမ်လုပ်ငန်းကိစ္စ အတုံးအခဲ,
၄။ အာရမ္မဏဃန အတုံးအခဲ = သင်္ခါရတို့ကို အာရုံယူတတ်သော ဝိပဿနာရှုနေသော နာမ်တရားတို့၏ အတုံးအခဲ —

ဤအတုံးအခဲတို့မှာ ဝိပဿနာဘာဝနာကို မပွားများရသေးသော ယခုကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို ရရှိရေးအတွက် အားသစ်နေဆဲဖြစ်သော, သို့မဟုတ် ဝိပဿနာဘာဝနာကို စီးဖြန်းဖူးသော်လည်း ဝိပဿနာကမ္မဋ္ဌာန်းကို ချထားသော ပုဂ္ဂိုလ်တို့အဖို့ ထင်လာမြင်လာသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အတုံးအခဲတို့သာ ဖြစ်ကြ၏။ သင်္ခါရတရားတို့ မရှိက ယင်းအတုံးအခဲတို့လည်း မရှိနိုင်ပြီ။ သင်္ခါရတို့မှ လွတ်သော အတုံးအခဲမည်သည် မရှိနိုင်သောကြောင့် ဖြစ်၏။

ထိုကြောင့် သင်္ခါရတရားတို့၏ အပေါင်းအစုဖြစ်သော သန္တတိဃန အတုံးအခဲ သမူဟဃန အတုံးအခဲ ကိစ္စဃန အတုံးအခဲ အာရမ္မဏဃန အတုံးအခဲတို့၏ **သင်္ခါရနိမိတ်**ဟူသော အမည်ကို အစိတ်အစိတ်ဖြစ်သော ဃနပြိုပြီးသော ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်သော သင်္ခါရတရားတို့၌ တင်စား၍ သင်္ခါရတရားတို့ကိုပင် **သင်္ခါရနိမိတ်**ဟု ခေါ်ဆိုထားခြင်း ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။ (မဟာဋီ-၂-၄၄၇။)

ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္ပာပုဏာတိ။ ခယဝယဘေဒနိရောဓေယေဝ သတိ သန္တိဋ္ဌတိ။ (ဝိသုဒ္ဓိ-၂-၂၇၇။)

**နိမိတ္တန္တိ** သင်္ခါရနိမိတ္တံ။ ယံ သင်္ခါရာနံ သမူဟာဒိဃနဝသေန, သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ၊ တံ သင်္ခါရနိမိတ္တံ။ (မဟာဋီ-၂ -၄၃၉။)

**နိမိတ္တဓမ္မေသူ**တိ သမူဟာဒိဃနဝသေန စ သကိစ္စပရိစ္ဆေဒတာယ စ သပရိဂ္ဂဟေသု ခန္ဓေသု။ (မူလဋီ-၁-၁၁၃။)

နိမိတ္တဓမ္မာ သင်္ခါရာ တေဟိ သနိမိတ္တာ သဝိဂ္ဂဟာ ဝိယ ဥပဋ္ဌဟန္တီတိ တေသံ အဘာဝိတဘာဝနဿ ဘာဝိတဘာဝနဿ စ ဥပဋ္ဌဟနာကာရံ ဒဿေန္တော **"သမူဟာဒိ"**တိအာဒိမာဟ။ (အနုဋီ-၁-၁၂၁။)

= ဝိပဿနာဉာဏ်သည် ထက်မြက်သည်ဖြစ်၍ ဖြစ်ပေါ်လာလတ်သော် ထက်မြက်သည်၏ အဖြစ်ကို ရွက်ဆောင်သည်ရှိသော် သင်္ခါရတရားတို့သည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ဖြစ်ခြင်း ပျက်ခြင်း = ဥဒယဗ္ဗယ၏ အစွမ်းဖြင့် လျင်လျင်မြန်မြန် ထင်လာလတ်ကုန်သော် — (ယင်းသင်္ခါရတို့၏ အဖြစ်ကို နှလုံးမသွင်း-တော့ဘဲ အပျက်ကိုသာလျှင် တစ်ဘက်သတ် နှလုံးသွင်းခြင်းကြောင့် — မဟာဋီ-၂-၄၃၉။)

၁။ ဥပ္ပါဒ = ဖြစ်ခြင်း ဥပါဒ်ဟူသော အခြင်းအရာထူးသို့လည်းကောင်း,
၂။ ဌိတိ = တည်ခြင်း ဌီဟူသော ဇရာသို့လည်းကောင်း,
၃။ ပဝတ္တ = ဥပါဒိန္နကပဝတ္တတရားသို့လည်းကောင်း,
၄။ နိမိတ္တ = သင်္ခါရတရားတို့၏ အထည်ကိုယ် လုံးလုံးလျောင်းလျောင်း သဏ္ဍာန်စသည် ထင်ခြင်းမျှသို့ လည်းကောင်း —

ဝိပဿနာဉာဏ်သည် မရောက်ရှိတော့ပေ။ ဝိပဿနာဉာဏ်သည် လိုက်မမှီတော့ပေ။

၁။ ခယ = ကုန်ခြင်းသဘော,
၂။ ဝယ = ပျက်ခြင်းသဘော,
၃။ ဘေဒ = ပြိုခြင်းသဘော,
၄။ နိရောဓ = ခဏမစဲ တသဲသဲ ချုပ်ခြင်းသဘော,

ဤ ခယ ဝယ ဘေဒ နိရောဓဟု ဆိုအပ်သော ခဏိကနိရောဓ = ခဏအားဖြင့် ချုပ်ပျက်ခြင်း သဘော-တရား၌သာလျှင် သတိသည် ကောင်းစွာတည်နေ၏။ (ဝိသုဒ္ဓိ-၂-၂၇၇။)

**သင်္ခါရနိမိတ်** — အထည်ကိုယ် လုံးလုံးလျောင်းလျောင်း သဏ္ဍာန်စသည်ကဲ့သို့ ထင်လာသော သန္တတိ-ဃန သမူဟဃန ကိစ္စဃန အာရမ္မဏဃနဟူသည့် ဃနအတုံးအခဲ မပြိုသေးသော သင်္ခါရတရားတို့၏ အစုအပုံ အတုံးအခဲကို သင်္ခါရနိမိတ်ဟု ခေါ်ဆို၏။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို မစီးဖြန်းရသေးသော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းဖူးသော်လည်း ဘင်ဉာဏ်သို့ တိုင်အောင် မဆိုက်ရောက်သေးသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း သင်္ခါရနိမိတ်တို့သည် အတုံးလိုက် အခဲလိုက် ရံခါ ထင်လာတတ်သေး၏။

ခယာနုပဿနံ ဘာဝေန္တော ဃန-သညံ ပဇဟတိ။ (ဝိသုဒ္ဓိ-၂-၂၆၄။)

ဘင်္ဂါနုပဿနတော ပဋ္ဌာယ တဿာ ပါရိပူရီတိ ဃနသညာယ ပဟာနံ ဟောတိ၊ တတော ပုဗ္ဗေ အပရိပုဏ္ဏတာယ တံ န ဟောတိ။ (မဟာဋီ-၂-၄၁၇။) — ဤ အဋ္ဌကထာ ဋီကာတို့နှင့် အညီ ဘင်ဉာဏ်ပိုင်းသို့ ရောက်ရှိပါမှ ခယာနုပဿနာဉာဏ် = ဘင်္ဂါနုပဿနာဉာဏ်သည် ပြီးပြည့်စုံလာ၏၊ ထိုကြောင့် ယင်းဉာဏ်က ဃနသညာကို ပယ်စွန့်နိုင်၏။

သာဝကတို့သည် ဧကဒေသ = အချို့အဝက်သော သင်္ခါရတို့ကိုသာ သိမ်းဆည်း ရှုပွားနိုင်သဖြင့် ပရမတ်သို့ ဆိုက်အောင် သိမ်းဆည်းလိုက်နိုင်သော ရုပ်ကလာပ်တို့လည်း ရှိရာ၏။ ပရမတ်သို့ ဆိုက်အောင် မသိမ်းဆည်း-လိုက်နိုင်သော ရုပ်ကလာပ်တို့လည်း ရှိရာ၏။ ရံခါ မသိမ်းဆည်းလိုက်နိုင်သော ရုပ်ကလာပ်တို့၏ အစုအပုံ အတုံးအခဲကြီးများကို ဘင်ဉာဏ်သို့ မဆိုက်မီ တွေ့နေရတတ်သေးသည်။ ဘင်ဉာဏ်သို့ ဆိုက်ရောက်သွားသော အခါ၌ကား ယင်းရုပ်ကလာပ် အတုံးအခဲများ လုံးဝပျောက်၍ ပရမတ္ထဓာတ်သား သက်သက် အာရုံပေါ်သို့ ဝိပဿနာဉာဏ်သည် ကျရောက်သွားပေသည်။

ဘင်ဉာဏ်သို့ မတိုင်မီ၌ကား ယောဂါဝစရပုဂ္ဂိုလ်၏ မနောဒွါရာဝဇ္ဇန်းဟူသည့် မနသိကာရအပေါ်၌ အခြေစိုက်၍ ယင်းသင်္ခါရ အတုံးအခဲကြီးများသည် အထည်ကိုယ် လုံးလုံးလျောင်းလျောင်း ပုံသဏ္ဍာန်စသည်ဖြင့် ထင်လာတတ်ပေသည်။ ဝိပဿနာဘာဝနာဉာဏ်က ပြည့်ပြည့်စုံစုံ မဖြစ်ပေါ်လာသေးသည့်အတွက် ရုပ်တုံး ရုပ်ခဲ နာမ်တုံး နာမ်ခဲဟူသည့် အတုံးအခဲတို့ အပေါ်၌ မှတ်သားတတ် နှလုံးသွင်းတတ်သော ဃနသညာကို မပယ်စွန့်နိုင်သေးသောကြောင့် ဖြစ်၏။ (မဟာဋီ-၂-၄၁၇။)

ယခုကဲ့သို့ အကြောင်းတရားတို့ကို သိမ်းဆည်းနေသည့် ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း၌လည်း အလားတူပင် ယောဂါဝစရပုဂ္ဂိုလ်၏ မနသိကာရ နှလုံးသွင်းမှုအပေါ်၌ အခြေတည်၍ အထည်ကိုယ် လုံးလုံးလျောင်းလျောင်း ပုံသဏ္ဌာန်ကဲ့သို့ သင်္ခါရနိမိတ်တို့သည် ထင်လာတတ်ပေသည်။

သို့သော် ဃနအတုံးအခဲ မပြိုသေးသည့် ယင်းပညတ်ပုံရိပ်တို့ကား အာကာသကသိုဏ်းပညတ် စသည်တို့ကဲ့သို့ ပရမတ္ထဓာတ်သားကို ထုတ်ယူ၍ မရရှိနိုင်သည့် ပညတ်ပုံရိပ်တို့ကား မဟုတ်ကြပေ။ ယောဂါဝစရပုဂ္ဂိုလ်က ယင်းပညတ်ပုံရိပ် အတုံးအခဲတို့၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့ကို နေရာတကျ စတင်သိမ်းဆည်းတတ်ပါက ပရမတ္ထဓာတ်သား အနှစ်တို့ကို ယင်းပညတ်ပုံရိပ် အတုံးအခဲတို့မှ ထုတ်ယူ၍ ရရှိနိုင်ပေသည်။ ဆိုလိုသည်မှာ ဓာတ်ကြီးလေးပါးကို စတင်သိမ်းဆည်းနိုင်ပါက ရုပ်ကလာပ်များကို တွေ့ရှိနိုင်သည်၊ ယင်းရုပ်ကလာပ်တို့၌ တည်ရှိသော ရုပ်တရားတို့ကို ဆက်လက် သိမ်းဆည်းနိုင်သည်၊ ယင်းရုပ်တရားတို့ကို မှီ၍ ယင်းရုပ်တရားတို့ကို အာရုံယူ၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားတို့ကို သိမ်းဆည်းနိုင်သည် — ဤသို့ စသည်ကို ဆိုလိုပေသည်။

ပညတ်နယ်မှာ အလေ့အကျက်များခဲ့သော စိတ်ဓာတ်၏ စွမ်းအင်ကြောင့် ယင်းစိတ်တို့တွင် ပါဝင်သော မနသိကာရက ပညတ်အတုံးအခဲတို့ကို အာရုံယူမိသောကြောင့် = "ဤသို့တွေ့လေမလား - ဤပုံတွေ့လေမလား" ဤသို့စသော အတွေးအခေါ်များကြောင့် = အမှတ်သညာများကြောင့် ပညတ်အတုံးအခဲများ ပညတ်ပုံရိပ်များ ပေါ်လာခြင်းဖြစ်ရာ ပရမတ်ကို တစ်ဖန်ပြန်၍ အာရုံယူနိုင်ပါက ပရမတ်သို့ တစ်ဖန်ပြန်၍ ဆိုက်ရောက်နိုင်သည်သာ ဖြစ်ပေသည်။ ပညတ်မှ ပရမတ်ဟူသည့် ဓာတ်အနှစ်ကို ထုတ်ယူခြင်းပင် ဖြစ်သည်။

## ကလလရေကြည်သို့ ဆိုက်ပြီ

ထိုသို့ အတိတ်ရုပ်နာမ်တို့ကို တဖြည်းဖြည်း နောက်ကြောင်းပြန်၍ သိမ်းဆည်းရာ၌ ယောဂီအများစုတို့၌ အမှတ်တရ ကောင်းမှုပြုခဲ့သည့်ပုံများ, အမှတ်တရ မကောင်းမှုပြုခဲ့သည့်ပုံများလည်း ရံခါ ပေါ်လာတတ်၏။ ဝမ်းသာနေသည့်ပုံများ ဝမ်းနည်းနေသည့်ပုံများလည်း ရံခါ ပေါ်လာတတ်၏။ ဝမ်းသာနေသည့် စိတ်အစဉ်များကို တစ်ဖန်ပြန်၍ ရှုနိုင်သောအခါ ယခုတစ်ဖန် ပြန်၍ ဝမ်းသာမှုကို ခံစားနေရတတ်၏၊ ဝမ်းနည်းနေသည့် စိတ်အစဉ်များကို တစ်ဖန် ပြန်၍ ရှုနိုင်သောအခါ၌ တစ်ဖန် ပြန်၍ ဝမ်းနည်းနေတတ်၏။ အတိတ်၏ အရိပ်များ ပစ္စုပ္ပန်၌ ရောင်ပြန်ဟပ်နေခြင်း ဖြစ်၏။

ယခု ပစ္စုပ္ပန်တွင် ဝမ်းသာဖွယ်အာရုံနှင့် တွေ့ကြုံပါက ဝမ်းသာမှု ဖြစ်တတ်သကဲ့သို့ ဝမ်းနည်းဖွယ်ရာ အာရုံနှင့် တွေ့ကြုံပါက ဝမ်းနည်းတတ်သကဲ့သို့, အလားတူပင် အတိတ်၏ ဝမ်းသာဖွယ်အာရုံကို အာရုံပြု၍ ဝမ်းသာခြင်း, အတိတ်၏ ဝမ်းနည်းဖွယ်အာရုံကို အာရုံပြု၍ ဝမ်းနည်းခြင်း ဖြစ်၏။ ထိုအခါ အတိတ်ကို အတိတ်မှာပင် ထားခဲ့၍ ရုပ်နာမ်တို့ကိုပင် ဆက်လက် သိမ်းဆည်းနိုင်အောင် ကြိုးစားပါ။

ထိုသို့ ရုပ်နာမ်တို့ကို သိမ်းဆည်းရာ၌ ယောဂီအများစုတို့သည် ကြီးရာမှ ငယ်ငယ်ဆင်းသွားသည့် မိမိ၏ ရုပ်ပုံလွှာများကို အထူးသတိပြုမိတတ်ကြ၏။ ကလေးဘဝက မကျေနပ်ချက်တွေ တစ်ပုံကြီးဖြင့် ခြေဆောင့်ပုံတို့ကိုလည်း တွေ့မြင်နေတတ်၏။ ဝမ်းသာမှု တစ်ပုံကြီးဖြင့် မြူးထူးနေပုံကိုလည်း တွေ့မြင်နေတတ်၏။ ထိုအခါတွင် ထိုပုံများ၌ တည်ရှိသော ဓာတ်ကြီးလေးပါးမှစ၍ ရုပ်နာမ်တို့ကိုပင် ဆက်လက်၍ သိမ်းဆည်းပါ။

တဖြည်းဖြည်း ကလေးဘဝမှ အမိဝမ်းတွင်းသို့, အမိဝမ်းတွင်းမှ ကလလရေကြည်သို့ တိုင်အောင် ရုပ်နာမ်တို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ အချို့ယောဂီများ၌ကား ကလလရေကြည်ကို စတင် သတိပြုမိရာ၌ ကလလရေကြည်တုံးမှာ ကြီးနေသည်ကို တွေ့ရတတ်၏။ ကလလရေကြည် တည်စခိုက်သို့ ဉာဏ်အမြင် မဆိုက်-

ရောက်သေးခြင်းပင် ဖြစ်၏။ ဤတွင် ကလလရေကြည်အကြောင်းကို အနည်းငယ် ရှင်းလင်းတင်ပြပေအံ့။

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။ (သံ-၁-၂၀၈။)

**ကလလံ သမ္ဘဝနှစ်တိ**တိ အတ္တဘာဝေါ ဘူတုပါဒါရူပသင်္ခါတော သန္တာနဝသေန ပဝတ္တမာနော ကလလံ နာမာတိ ကထီယတိ။ (သံ-ဋီ-၁-၃၀၆-၃၀၇။)

၁။ **ကလလရေကြည်** — ကလလရေကြည်ဟူသည် ပဋိသန္ဓေတည်စမှ စ၍ (၇)ရက်အတွင်း၌ ဖြစ်သော ဘူတရုပ် ဥပါဒါရုပ်ဟု ခေါ်ဆိုအပ်သော သန္တာန်အစဉ်၏အစွမ်းဖြင့် ဖြစ်ပေါ်နေသော ခန္ဓာကိုယ်အတ္တဘော ဟူသော ရုပ်အစဉ်၏ ဝေါဟာရ ဖြစ်၏။ ထိုကလလရေကြည်၏ ပမာဏသည် ဟိမဝန္တာ၌ရှိသော ပင်ကိုယ် သဘာဝအားဖြင့် အလွန်နူးညံ့သိမ်မွေ့သော အမွေးရှိသော တောဆိတ်၏ အမွေးတစ်မျှင်ကို ဆီကြည်၌ နှစ်၍ ပြန်ထုတ်သောအခါ အမွေးမှ လျှောကျ၍ အဖျား၌ စုနေသော ဆီကြည်ပေါက် ပမာဏ ရှိ၏။ (အဘိ-ဌ-၂-၂၀၀။ မူလဋီ-၂-၁၇။ အနုဋီ-၂-၂၃။)

၂။ သံယုတ္တဘာဏကပုဂ္ဂိုလ်တို့ အလိုအားဖြင့် ဝမ်းမှ ခွဲယူအပ်သော ဆိတ်ငယ်၏ အမွေး (၃)ချောင်းကို ကျစ်၍ ဆီကြည်၌ နှစ်ပြီး ပြန်ထုတ်သောအခါ အဖျား၌ တည်သော ဆီကြည်ပေါက် ပမာဏ ရှိ၏။ (သံ-ဌ-၁-၂၇၄။ သံ-ဋီ-၁-၃၀၆။)

ယင်းကဲ့သို့ သန္တာန်အစဉ်၏ အစွမ်းဖြင့် အဆက်မပြတ် အထပ်ထပ် ဖြစ်နေသော ရေကြည်အတုံးအခဲကို အတုံးလိုက် အခဲလိုက် ဃန မပြိုမီ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်က တွေ့မြင်လိုက်သောအခါ ယင်း ရေကြည် အတုံးအခဲမှာ ခပ်ကြီးကြီး အတုံးအခဲ ဖြစ်နေခြင်း ဖြစ်သည်။ ယောဂါဝစရပုဂ္ဂိုလ်၏ ပစ္စယပရိဂ္ဂဟဉာဏ်မှာလည်း အားသစ်စသာ ဖြစ်နေသေးသဖြင့် မရင့်ကျက်သေးသောကြောင့်လည်းကောင်း, ရံခါ ပညတ် အတုံးအခဲကို နှလုံးသွင်းမိခြင်းကြောင့်လည်းကောင်း ကလလရေကြည်ကို အတုံးလိုက် အခဲလိုက် တွေ့မြင်နေခြင်း ဖြစ်၏။ ယင်းအတုံးအခဲတွင် ကာယဒသကကလာပ်ပေါင်းလည်း များစွာ ပါဝင်လျက် ရှိ၏။ ဃနမပြိုသေးသော ယင်း ကာယဒသကကလာပ်တို့၏ အပေါင်းအစု အတုံးအခဲကား — အာဒါသတလံ ဝိယ ဝိပ္ပသန္နတ္တာ **ပသာဒရုပ်**။ (ဝိသုဒ္ဓိ-၂-၈၁။) ဟူသော အဋ္ဌကထာနှင့် အညီ မှန်ပြင်ကဲ့သို့ ကြည်လင်နေသော အတုံးအခဲ ဖြစ်၏။

ထိုအကြည်တုံး၌လည်း ဓာတ်ကြီးလေးပါးကို မြင်အောင်စိုက်ရှု၍ ရုပ်ကလာပ်အမှုန်များကိုသာ တွေ့မြင် သောအခါ ရုပ်နာမ်တို့ကို ဆက်လက်သိမ်းဆည်းပါ။ ကလလရေကြည် တည်စခိုက် ခေါင်ဆုံးအချိန်သို့ ရောက် အောင် တဖြည်းဖြည်း ရုပ်နာမ်တို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ ပဋိသန္ဓေ ကလလရေကြည် တည်စခိုက်၌ ဟဒယဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်ဟု ရုပ်ကလာပ်အမျိုးအစား (၃) မျိုး ရုပ်အမျိုးအစား (၃၀) ရှိ၏။ ယင်းရုပ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူပါ။ သိမ်းဆည်းပါ။ တစ်ဖန် ယင်း ရုပ်တရားတို့တွင် ပါဝင်သော ဟဒယဝတ္ထုကို ဆက်လက်၍ အကြိမ်ကြိမ် သိမ်းဆည်းပါ။ ထိုအခါတွင် ယင်း ဟဒယဝတ္ထုကို မှီ၍ ဖြစ်နေကြသော ပဋိသန္ဓေနာမ်တရားတို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ လူသားများအတွက် ကွက်၍ဆိုရမူ ယင်းနာမ်တရားတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

၁။ တိဟိတ် သောမနဿ ပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၃၄)
၂။ တိဟိတ် ဥပေက္ခာ ပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၃၃)
၃။ ဒွိဟိတ် သောမနဿ ပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၃၃)
၄။ ဒွိဟိတ် ဥပေက္ခာ ပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၃၂)
၅။ အဟိတ် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၁၁)

ဤသို့ အသီးအသီး ဖြစ်၏။ ရုပ်ကလာပ် အမျိုးအစား (၃) မျိုး, ရုပ်အမျိုးအစား (၃၀) ကား ရုပ်တရား၊ ပဋိသန္ဓေ စိတ်စေတသိက်တို့ကား နာမ်တရားတည်း။ ခန္ဓာနည်းအရ ခန္ဓာငါးပါးတည်း။ တိဟိတ် သောမနဿ ပဋိသန္ဓေတည်နေသူကို ပုံစံထား၍ ယင်းခန္ဓာငါးပါးတို့ကို အောက်ပါအတိုင်း မှတ်သားပါ။

၁။ ရုပ်ကလာပ် အမျိုးအစား (၃)မျိုး, ရုပ်အမျိုးအစား (၃၀)ကား — ရူပက္ခန္ဓာ၊
၂။ နာမ်တရား (၃၄) မှ ဝေဒနာကား — ဝေဒနာက္ခန္ဓာ၊
၃။ နာမ်တရား (၃၄) မှ သညာကား — သညာက္ခန္ဓာ၊
၄။ နာမ်တရား (၃၄) မှ ကျန်စေတသိက် (၃၁) ကား — သင်္ခါရက္ခန္ဓာ၊
၅။ နာမ်တရား (၃၄) မှ အသိစိတ်ကား — ဝိညာဏက္ခန္ဓာ၊

ဤသို့လျှင် ပဋိသန္ဓေ ခန္ဓာငါးပါးတို့ ဖြစ်ကြသည်။ ယင်းခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါးသည် ဝိပါကဝဋ်တွင် အကျုံးဝင်သော အာဟာရလေးပါးတည်း။

ယင်းခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါး, အာဟာရလေးပါးသည် မည်သည့် အကြောင်းတရားကြောင့် ထင်ရှားဖြစ်ပေါ်လာရပါသနည်းဟု သိလိုသော စိတ်ဓာတ်ဖြင့် ရှေးအတိတ်ဘဝဘက်သို့ ဉာဏ်ကိုစေလွှတ်၍ ဉာဏ်အလင်း-ရောင်ဖြင့် ထိုးစိုက်၍ ရှုကြည့်ပါ။

တနည်း — သဠာယတန အမည်ရသော ရုပ်တရား နာမ်တရားတို့ကို ပဋိသန္ဓေသို့ဆိုက်အောင် တစ်စတစ်စ သိမ်းဆည်းနိုင်သောအခါ ယင်းသဠာယတနသည် ပဋိသန္ဓေ နာမ်ရုပ်ကြောင့် ဖြစ်ပုံကို ဉာဏ်ဖြင့်မြင်အောင် သိမ်းဆည်းပါ။ (ဤ၌ နာမ်အရ ပဋိသန္ဓေအခိုက် စေတသိက်တို့ကိုသာ ရည်ညွှန်းထားပါသည်။ တစ်နည်း ယူဆပုံများသည် နောက်တွင် ထင်ရှားလတ္တံ့။) ထိုနောင် ယင်းပဋိသန္ဓေနာမ်ရုပ်သည် ပဋိသန္ဓေဝိညာဏ်ကြောင့် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ဆက်လက်၍ သိမ်းဆည်းပါ။ ထိုနောင် ယင်းပဋိသန္ဓေဝိညာဏ်သည် မည်သည့် အကြောင်းတရားကြောင့် ထင်ရှားဖြစ်ပေါ်လာရပါသနည်းဟု သိလိုသော စိတ်ဓာတ်ဖြင့် အတိတ်ဘဝဘက်သို့ ရှေးရှု ဉာဏ်ကို စေလွှတ်လျက် အတိတ်ဘက်သို့ ဉာဏ်အရောင်အလင်းဖြင့် ထိုးစိုက် ရှုကြည့်ပါ။

ထိုသို့ရှုခဲ့သော် ကောင်းမှုကုသိုလ် ပြုလုပ်နေသည့် လုပ်ငန်းရပ် တစ်ခုခုသော်လည်း ပေါ်လာတတ်၏၊ သေခါနီးပုံသော်လည်း ပေါ်လာတတ်၏။ ဇော စောနေသည့် ပုံသော်လည်း ပေါ်လာတတ်၏။ ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော နိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော်လည်း ပေါ်လာတတ်၏။

အကယ်၍ မပေါ်ခဲ့သော် လက်ရှိဘဝ၏ ပဋိသန္ဓေဝိညာဏ်ကို တစ်ဖန်ပြန်၍ သိမ်းဆည်းပါ။ ထိုနောင် ယင်းပဋိသန္ဓေဝိညာဏ်နှင့် ကပ်လျက် အခြားမရှိ တည်ရှိခဲ့သော ဖြစ်ခဲ့သော အတိတ်ဘဝက စုတိကို လှမ်း၍ သိမ်းဆည်းကြည့်ပါ။ ဉာဏ်ဖြင့် ရှုကြည့်ပါ။

မအောင်မြင်ခဲ့သော် သို့မဟုတ် ဉာဏ်အရောင်အလင်းက မှိန်နေသဖြင့် ဝါးတားတား မထင်မရှား ဖြစ်နေသော် မိမိရရှိထားပြီးသည့် အာနာပါနစတုတ္ထဈာန်သမာဓိကိုပင် အရောင်အလင်း ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသည်တိုင်အောင် တစ်ဖန်ပြန်၍ ထူထောင်ပါ။ ဤစကားမှာ အာနာပါနဿတိ စတုတ္ထဈာန်သမာဓိကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာသို့ ကူးလာသူအတွက် ပြောဆိုသောစကား ဖြစ်ပါသည်။ မိမိ ရရှိထား-ပြီးသည့် ဝိပဿနာ၏ အခြေပါဒက အကြောင်းရင်းဖြစ်သည့် သမာဓိကို ပြန်လည်၍ ထူထောင်ဖို့သာ လိုရင်း ဖြစ်ပါသည်။ ထိုသမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် အရောင်အလင်းသည် ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်ပေါ်လာသောအခါ ထို ဉာဏ်အရောင်အလင်းဓာတ်ဖြင့် တစ်ဖန် ပြန်၍ ထိုးစိုက်ရှုကြည့်ပါ။ အောင်မြင်မှု ရတတ်ပါသည်။

ဤသို့ ပြုကျင့်သော်လည်း အောင်မြင်မှုကို မရရှိသေးလျှင် ရှေးနည်းအတိုင်း သမာဓိကိုပင် အဆင့်ဆင့် ပြန်လည်ထူထောင်၍ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို ပြန်လည်၍ တစ်ဖန် သိမ်းဆည်းပါ။ ရုပ်နာမ်နှင့် ပတ်သက်သော အသိဉာဏ်ကို သန့်ရှင်းသထက် သန့်ရှင်းအောင် လေ့ကျင့်ပါ။ ထိုနောင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကမ္မဝဋ္ဋတွင် အကျုံးဝင်သော အာဟာရလေးပါးမှ စ၍ လက်ရှိဘဝ၏ ပဋိသန္ဓေဝိညာဏ်သို့ တိုင်အောင် ရုပ်နာမ်တို့ကို ခပ်စိပ်စိပ် ပြန်လည်၍ သိမ်းဆည်းပါ။ ပဋိသန္ဓေဝိညာဏ်သို့ ဆိုက်ရောက်သောအခါ-၌လည်း အတိတ်က ရုပ်နာမ်ကို သိလိုသောစိတ်ဖြင့်သာ ရုပ်နာမ်ကိုသာ ပရမတ်ကိုသာ အာရုံယူလျက် ဆက်လက် သိမ်းဆည်းကြည့်ပါ။ အတိတ်ဘဝက စုတိရုပ်နာမ်နှင့် သေခါနီး မရဏာသန္နအခါက ဖြစ်ခဲ့သော ရုပ်နာမ်စသည်တို့ကို ဉာဏ်ဖြင့် တွေ့ရှိနိုင်ပါသည်။ မလျော့သော ဇွဲလုံ့လ ဝီရိယဖြင့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ကြိုးစားဖို့ကား လိုအပ်ပါသည်။ အချို့ယောဂီများ၌ (၃-၄) ရက်ခန့်အထိ အကြိမ်များစွာ ရှုရတတ်ပါသည်။

အကယ်၍ ဤနည်းစနစ်ဖြင့်လည်း အောင်မြင်မှုကို မရရှိသေးလျှင် လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် နည်းအားဖြင့် ရုပ်နာမ်တို့ကို တစ်ဖန်ပြန်၍ သိမ်းဆည်းရမည် ဖြစ်ပေသည်။ ရုပ်နာမ်နှင့် ပတ်သက်သည့် အသိဉာဏ်ကို သန့်ရှင်းသထက် သန့်ရှင်းအောင် လေ့ကျင့်ခြင်းပင် ဖြစ်သည်။ (သိမ်းဆည်းပုံကို လက္ခဏာဒိ-စတုက္ကပိုင်းတွင် ကြည့်ပါ။)

ထိုသို့ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် သိမ်းဆည်းပြီးသောအခါ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ —

၁။ ရုပ်သက်သက်ကို သိမ်းဆည်းခြင်း,
၂။ နာမ်သက်သက်ကို သိမ်းဆည်းခြင်း,
၃။ ရုပ်-နာမ် ခွဲခြင်း = ရုပ်နာမ်ကို သိမ်းဆည်းခြင်း,
၄။ ရုပ်နာမ်ကို ပိုင်းခြားမှတ်သားခြင်း,

ဟူသော လုပ်ငန်းရပ်ကြီး (၄) ခုကို ပြုလုပ်ပါ။ ထိုနောင် နောင်အနာဂတ် ဘဝအတွက် ရည်ရွယ်တောင့်တ၍ ပြုစုပျိုးထောင်ထားသည့် ကမ္မဝဋ္ဋတွင် အကျုံးဝင်သော အာဟာရလေးပါးက စ၍ ပဋိသန္ဓေတိုင်အောင်သော ရုပ်နာမ်တို့ကို ခပ်စိပ်စိပ် ပြန်၍ သိမ်းဆည်းပါ။ ထိုနောင် ယင်းပဋိသန္ဓေဝိညာဏ်၏ အကြောင်းရင်းကို သိလိုသော စိတ်ဖြင့် အတိတ်ဘက်သို့ ဉာဏ်ကို ရှေးရှု စေလွှတ်လျက် လင်းရောင်ခြည် စွမ်းအင်၏ အကူအညီဖြင့် ရှုကြည့်ပါ။ အောင်မြင်မှုကို ရရှိတတ်ပါသည်။ အကြိမ်ကြိမ် ကြိုးစားဖို့ကား လိုအပ်ပါသည်။

## ယောဂီအများစု၌ တွေ့ရှိတတ်ပုံ အခြင်းအရာ

ဤအထက်ပါ နည်းလမ်းအမျိုးမျိုးတို့တွင် နည်းလမ်းတစ်မျိုးမျိုးဖြင့်ကား အောင်မြင်မှုကို ရရှိတတ်ပါသည်။ လင်းရောင်ခြည်စွမ်းအား အလွန်အားကောင်းဖို့လိုသည်၊ ဇွဲလုံ့လဝီရိယ အလွန်ကြီးမားဖို့လိုပေသည်။ စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ဖို့ အထူးလိုအပ်သည့် အချိန်ပင်ဖြစ်သည်။ ဤအခါမျိုးကား ယောက်ျားမြတ်တို့၏ ဇွဲလုံ့လဝီရိယ မိန်းမမြတ်တို့၏ ဇွဲလုံ့လဝီရိယကို အသုံးချရမည့် အချိန်အခါမျိုးတည်း။

ဤဘဝ ပဋိသန္ဓေ ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးနောက် အတိတ်ဘဝ စုတိအခိုက် ရုပ်နာမ်တို့ကို ဆက်လက်၍ သိမ်းဆည်းသော်လည်း သိမ်းဆည်း၍ မရနိုင်ခဲ့သော် အတိတ်ဘဝ သေခါနီး မရဏာသန္နအခါက ဖြစ်ခဲ့သော ရုပ်နာမ်တို့ကို ဆက်လက်၍ သိမ်းဆည်းကြည့်ပါ။ ဉာဏ်ဖြင့် စိုက်ရှုပါ။ ထိုသို့ ရှုရာ၌ ယောဂီအများစုတွင် —

၁။ သေနေသည့် ပုံသော်လည်းကောင်း,
၂။ သေခါနီး ပုံသော်လည်းကောင်း,
၃။ အကျိုးပေးတော့မည့်ကံ၏ စွမ်းအင်ကြောင့် သေခါနီးအခါ၀ယ် ထင်နေသော ကံ-ကမ္မနိမိတ်-ဂတိနိမိတ် ဟူသော နိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော်လည်းကောင်း,

ထင်နေတတ်၏၊ ဉာဏ်ဖြင့် တွေ့မြင်နေတတ်၏။ သေနေသည့်ပုံနှင့် သေခါနီးပုံတို့ကို တွေ့မြင်ရသော အခါ အချို့ယောဂီတို့သည် စိုးကျမျက်ရည် အသွယ်သွယ် ဖြစ်ကြရပြန်၏။ ယောကျ်ားရင့်မကြီးတို့သော်မှလည်း ငိုပွဲကြီး ကြုံရတတ်ပြန်၏။ သံသရာခရီးတစ်လျှောက်၌ ကြိမ်ဖန်များစွာ တွေ့ခဲ့ရသော ကြေကွဲဖွယ်ရာ ဇာတ်လမ်း-များပင်တည်း။ ထိုသို့ ဉာဏ်ဖြင့် တွေ့မြင်ရာ၌ ပြုကျင့်ရမည့် လမ်းစဉ်ကို တစ်ခုပြီးတစ်ခု တင်ပြပေအံ့။

သေနေသည့်ပုံကို တွေ့မြင်ပါက ယင်းအသေကောင်၌ ဓာတ်ကြီးလေးပါးကို စိုက်၍ ရှုပါ။ ရုပ်ကလာပ်အမှုန် များကိုသာ တွေ့ရှိသောအခါ ရုပ်ကလာပ်များကို ဓာတ်ခွဲလျက် ရုပ်ပရမတ်တရားတို့ကို သိမ်းဆည်းပါ။ ယင်း ရုပ်ပရမတ်တရားတို့မှာ ယေဘုယျအားဖြင့် ဥတုဇဩဇဋ္ဌမကရုပ်တရားတို့သာ ဖြစ်ကြ၏။ ဤ၌ ယေဘုယျဟု ဆိုခြင်းမှာ ယင်းအလောင်းကောင်၌ မှီတွယ်နေကြသော ပိုးလောက်တို့မှာ မသေသေးပါက ယင်းပိုးလောက်တို့၌ ကာယအကြည်ဓာတ် ပါ၀င်သည့် ကာယဒသကကလာပ်စသော ကမ္မဇရုပ်ကလာပ် စသည်တို့လည်း ရှိနိုင်သေး သောကြောင့် ဖြစ်၏။ ယင်းရုပ်တရားအားလုံးတို့ကို ခြုံငုံ၍ ရုပ်တရား ရုပ်တရားဟု သိမ်းဆည်းပါ။ ထိုနောင် စုတိစိတ်ကျခိုက် ရုပ်တရားတို့ကိုလည်းကောင်း စုတိစိတ်မတိုင်မီ သေခါနီး မရဏာသန္နအခါ ရုပ်တရားတို့ကို လည်းကောင်း ဆက်လက်၍ သိမ်းဆည်းပါ။ သေခါနီး မရဏာသန္နအခါ ရုပ်တရားတို့ကို သိမ်းဆည်းမှု လုပ်ငန်းရပ်ကြီး အောင်မြင်သောအခါ နှလုံးအိမ်ရှိ (၅၄) မျိုးကုန်သော ရုပ်တရားတို့ကို ဆက်လက်၍ ဦးစားပေးကာ သိမ်းဆည်းပါ။ အထူးသဖြင့် ဟဒယဝတ္ထုကို ဉာဏ်ဖြင့် ပိုင်းခြားယူပါ သိမ်းဆည်းပါ။ ထိုနောင် ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်နေသော အိမ်ရှင် ဘ၀င်မနောအကြည်ဓာတ်ကို မိအောင် သိမ်းဆည်းပါ။ ယင်းဘ၀င် မနောအကြည်ဓာတ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သောအခါ ယင်းဘ၀င်မနောအကြည်ဓာတ်ကို မသေခင် ရှေးဘက်သို့ အနည်းငယ်တိုး၍ ကြည့်လိုက် သေခါနီးကာလဘက် စုတိစိတ်ဘက်သို့ ပြန်ဆုတ်ကြည့်လိုက်ဖြင့် ရှေ့တိုးနောက်ဆုတ် ပြုလုပ်၍ ထပ်ကာထပ်ကာ ရှုကြည့်ပါ။ ဤကား သေသည့်ပုံပေါ်ရာ၌ လုပ်ငန်းခွင် စတင်ပုံတည်း။

အကယ်၍ အတိတ်ဘက်သို့ ဉာဏ်ကို စေလွှတ်၍ အတိတ်ရုပ်နာမ်တို့ကို အာရုံယူလိုက်သောအခါ သေနေသည့်ပုံ မပေါ်ဘဲ သေခါနီးပုံ ပေါ်ခဲ့သော် ထိုသေခါနီးပုံ၌ ဓာတ်ကြီးလေးပါးကိုပင် မြင်အောင် စတင်၍ ရှုပါ။ ရုပ်တရားတို့ကို သိမ်းဆည်းပါ။ ဟဒယဝတ္ထုကို ဦးစားပေးသိမ်းဆည်းလျက် ဘ၀င်မနောအကြည်ဓာတ်ကို ဆက်လက်သိမ်းဆည်းပါ။ မသေသေးမီ ရှေ့ပိုင်းဘက်သို့လည်းကောင်း သေသည့် စုတိဘက်သို့လည်းကောင်း၊ ရှေ့တိုးနောက်ဆုတ် ပြုလုပ်၍ ယင်းဘ၀င်မနောအကြည်ဓာတ်ကို ဦးစားပေး၍ သိမ်းဆည်းပါ။

သေနေသည့်ပုံထင်ရာ, သေခါနီးပုံထင်ရာ ဤနှစ်မျိုးလုံး၌ ယခုကဲ့သို့ ရုပ်တရားများနှင့် ဘ၀င်မနော အကြည်ဓာတ်ကို ကြိမ်ဖန်များစွာ သိမ်းဆည်းနိုင်သော အဆင့်သို့ ရောက်ရှိသွားပါက ရှေးဆက်ရမည့် လုပ်ငန်းခွင် မှာ တူညီသွားပြီ ဖြစ်ပေသည်။ အကယ်၍ အတိတ်ရုပ်နာမ်ကို လှမ်း၍ အာရုံယူရာ၌ ကံ-ကမ္မနိမိတ်-ဂတိနိမိတ် ဟူသော နိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးကို ဉာဏ်ဖြင့် တွေ့မြင်ခဲ့သော် ဤအပိုင်းမှ စ၍ ရှေးသို့ ဆက်လက် ပြုကျင့်ရမည့် လုပ်ငန်းခွင်မှာ တူညီသွားပြီ ဖြစ်ပေသည်။ အကယ်၍ အတိတ်ရုပ်နာမ်တို့ကို လှမ်း၍ သိမ်းဆည်း ရာ၌ သေသည့်ပုံလည်း မထင်ဘဲ, သေခါနီးပုံလည်း မထင်ဘဲ ကံ-ကမ္မနိမိတ်-ဂတိနိမိတ် သုံးမျိုးတို့တွင်

တစ်မျိုးမျိုးလည်း မထင်ဘဲ, စုတိရုပ်နာမ်, သေခါနီး မရဏာသန္နရုပ်နာမ်စသည့် ရုပ်နာမ် ပရမတ်တို့ကိုသာ တွေ့ရှိသည် ဖြစ်အံ့၊ ထိုသို့ ရုပ်နာမ်ပရမတ်တို့ကိုသာ သိမ်းဆည်းနိုင်ခဲ့သော် ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ခဲ့သော် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံဟူသော အကြောင်းတရားတို့ကို ရှာဖွေရေးမှာ မခက်ခဲတော့ပြီ ဖြစ်၏။ သို့အတွက် — ဤနေရာ ဤအဆင့်မှ စ၍ စုပေါင်းဖော်ပြပေအံ့။

## အကြောင်းပြချက်

အဘယ်အကြောင်းကြောင့် ထိုသေခါနီးကာလ ဘဝင်မနောအကြည်ဓာတ်ကို ထပ်ကာထပ်ကာ ရှေ့တိုး နောက်ဆုတ်ပြု၍ ရှုနေရပါသနည်းဟူမူ — ထိုသေခါနီးကာလ ဘဝင်မနောအကြည်ဓာတ်၌ အကျိုးပေးတော့ မည့်ကံ၏ စွမ်းအင်သတ္တိကြောင့် ထိုအတိတ်ဘဝ မရဏာသန္နဇောက ယူနေသည့် အာရုံနိမိတ်များသည် ထင် နေသောကြောင့်ပင် ဖြစ်သည်ဟု ဖြေဆိုလေရာ၏။ ထိုနိမိတ်တို့ကား ကံ-ကမ္မနိမိတ်-ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော နိမိတ်တည်း။ ယင်းသို့ဖြစ်လျှင် —

ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတြသ္မိံ ပစ္စုပဋ္ဌာတိ။

= ထိုကံ-ကမ္မနိမိတ်-ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးသည် အကျိုးပေးတော့မည့် ကံ၏ စွမ်းအင် သတ္တိကြောင့် ဒွါရ (၆)ပါးတို့တွင် တစ်ပါးပါး၌ ထိုက်သလို ထင်လာနိုင်သည်ဟူသော သင်္ဂဟအဋ္ဌကထာစသော အဋ္ဌကထာအဆိုအမိန့်များနှင့် မဆန့်ကျင်ပြီလောဟု မေးဖွယ်ရာရှိ၏၊ မဆန့်ကျင်ဟုပင် ဖြေဆိုလေရာ၏။ ထို မရဏာသန္နအခါ ထင်လာသော နိမိတ်သည် —

၁။ ရူပါရုံ ဖြစ်အံ့၊ စက္ခုဒွါရ မနောဒွါရဟူသော ဒွါရ (၂)ပါး၌,
၂။ သဒ္ဒါရုံ ဖြစ်အံ့၊ သောတဒွါရ မနောဒွါရဟူသော ဒွါရ (၂)ပါး၌,
၃။ ဂန္ဓာရုံ ဖြစ်အံ့၊ ဃာနဒွါရ မနောဒွါရဟူသော ဒွါရ (၂)ပါး၌,
၄။ ရသာရုံ ဖြစ်အံ့၊ ဇိဝှာဒွါရ မနောဒွါရဟူသော ဒွါရ (၂)ပါး၌,
၅။ ဖောဋ္ဌဗ္ဗာရုံ ဖြစ်အံ့၊ ကာယဒွါရ မနောဒွါရဟူသော ဒွါရ (၂)ပါး၌,
၆။ ဓမ္မာရုံ ဖြစ်အံ့၊ မနောဒွါရ တစ်မျိုးတည်း၌ ထင်လာပေသည်။

သို့အတွက် အာရုံ (၆) ပါးတို့တွင် မည်သည့်အာရုံပင် ဖြစ်ပါစေ၊ ပရမတ်ပင် ဖြစ်ချင်ဖြစ်ပါစေ၊ ဓမ္မာရုံတွင် အကျုံးဝင်သော ပညတ်ပင်ဖြစ်ခြင်လည်း ဖြစ်ပါစေ၊ ဘဝင်မနောဒွါရ၌ကား ထင်ရမြဲဓမ္မတာပင် ဖြစ်သဖြင့် ဘဝင် မနောဒွါရ၌ ထင်လာသော နိမိတ်ကိုသာ ရှာဖွေခြင်းဖြစ်ရကား ဘဝင်မနောဒွါရကို ရှေးဦးစွာ ထပ်ကာ ထပ်ကာ သိမ်းဆည်းခြင်းပင် ဖြစ်သည်။ ဘဝင်မနောဒွါရကို သိမ်းဆည်းနိုင်ပါမှ ဘဝင်မနောဒွါရတွင် ထင်လာသော ရှေးရှု ကျရောက်လာသော အာရုံနိမိတ်ကို တစ်ဖန် သိမ်းဆည်းနိုင်မည် ဖြစ်သည်။

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ရုပ်နာမ်တို့ကို လှမ်း၍ သိမ်းဆည်းရာ၌ အတိတ်ဘဝ၏ စုတိရုပ်နာမ်, မရဏာသန္န သေခါနီးအခါ၌ ဖြစ်ပေါ်နေကြသော ရုပ်နာမ်စသည်တို့ကို သိမ်းဆည်းနိုင်သည် ဖြစ်ငြားအံ့၊ ထိုသေခါနီး မရဏာသန္နဇော၏ အာရုံဖြစ်သည့် ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော နိမိတ် (၃) မျိုး တို့တွင် ထင်လာသော ထင်နေသော အာရုံနိမိတ် တစ်မျိုးမျိုးကို လွယ်လွယ်ကူကူပင် သိမ်းဆည်း၍ ရနိုင်မည် ဖြစ်သည်။ ထိုအာရုံနိမိတ်ကိုပါ ဆက်လက်၍ သိမ်းဆည်းထားပါ။

## မည်သို့ သက်ဆိုင်ပါသနည်း

ယင်းကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော အာရုံတစ်မျိုးမျိုးနှင့် အတိတ်အကြောင်းတရားတို့ကို ရှာဖွေမှုသည် မည်သို့ သက်ဆိုင်ပါသနည်းဟု မေးမြန်းဖွယ်ရာ ရှိလာပြန်၏။ အဖြေမှာ သက်ဆိုင်သည်ဟူ၍ပင် ဖြစ်သည်။

ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတြသ္မိံ ပစ္စုပဋ္ဌာတိ။ — ဟူသော အထက်တွင် ဖော်ပြထားသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာစကားနှင့် အညီ ယင်းနိမိတ်တို့သည် လက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေရုပ်နာမ် စသော ဝိပါက်အကျိုးတရားတို့ကို ဖြစ်စေမည့် ကံတရား၏ စွမ်းအားကြောင့် မရဏာသန္နအခါ၌ ရှေးရှု ကျရောက်လာခြင်း ထင်လာခြင်း ဖြစ်၏။ သို့အတွက် ယင်းနိမိတ်များသည် အတိတ် ကံအကြောင်းတရားကို ရှာဖွေရာ၌ အဓိကသော့ချက်တစ်ခုပင် ဖြစ်သည်။ သော့ချက်တစ်ခု ဖြစ်ပုံကို တစ်နည်းဆိုသော် အတိတ် အကြောင်းတရား ရှာဖွေပုံကို ကံ-အာရုံထင်ပုံ ပုံစံတစ်ခုကို ထုတ်ပြကာ ရှင်းလင်းတင်ပြပေအံ့။

## ကံ–အာရုံ ထင်ပုံ

တထာ စ မရန္တာနံ ပန မရဏကာလေ ယထာရဟံ အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ ။ ပ ။ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။ (အဘိဓမ္မတ္ထသင်္ဂဟ။)

အတိတ် သေခါနီး မရဏာသန္နဇော စောတော့မည့် အချိန်ပိုင်းတွင် ဘဝတစ်လျှောက်၌ သံသရာ တစ်လျှောက်၌ သတ္တဝါတစ်ဦး ပြုစုပျိုးထောင်ခဲ့သည့် ကံများစွာရှိသည်တို့တွင် ဘဝတစ်ပါးဟု ခေါ်ဆိုအပ်သော လက်ရှိပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေကျိုးကိုပေးတော့မည့် ကံသည် စုတေခါနီးအခါဝယ် အခြားအခြားသော ကံများ ထက် ပေါ်လွင်ထင်ရှားလျက် မျက်နှာချင်းဆိုင် ဖြစ်နေ၏၊ မျက်နှာပြုနေ၏၊ ရှေးရှု မျက်နှာမူနေ၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘဝင်မနောဒွါရ၌ကား ထင်နေ၏။

**ကမ္မံ ပန အတီတမေဝ၊ တဉ္စ မနောဒွါရဂ္ဂဟိတံ** — ဟူသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာနှင့် အညီ ထိုမနောဒွါရ၌ ထင်လာသော မနောဒွါရဖြင့် ယူအပ်သော ယင်းကံအာရုံသည် မရဏာသန္နဇော မစောမီ သေခါနီး၌ ကပ်၍ ဖြစ်စေ, ဘဝတစ်လျှောက် ခပ်ဝေးဝေးက ဖြစ်စေ, အတိတ် သံသရာတစ်လျှောက်က ဖြစ်စေ ပြုခဲ့သော ကံသာလျှင် ဖြစ်၏။ ထိုကံအာရုံထင်မှုသည် —

၁။ ပုဗ္ဗေကတသညာဖြင့် ထင်သည်လည်း ရှိ၏။
၂။ သမ္ပတိကတသညာဖြင့် ထင်သည်လည်း ရှိ၏။

၁။ **ပုဗ္ဗေကတသညာ** — ရှေးတုန်းက ပြုအပ်ဖူး၏ဟူသော အမှတ်သညာသည် ပုဗ္ဗေကတသညာတည်း။ ထင်ပုံမှာ — ဒါနမှု, သီလမှု, ဘာဝနာမှု တစ်ခုခုကို ပြုခဲ့စဉ်က ဝမ်းမြောက်ဝမ်းသာ ကုသိုလ်စေတနာ ဖြစ်ခဲ့အံ့၊ ထိုကုသိုလ်စေတနာကို ပြန်၍ အမှတ်ရခြင်း ထိုကုသိုလ်စေတနာကို ပြန်၍ အာရုံပြုနိုင်ခြင်းတည်း။

၂။ **သမ္ပတိကတသညာ** — ယခုပြုအပ်၏ဟူသော အမှတ်သညာသည် သမ္ပတိကတသညာတည်း။ ယင်း သမ္ပတိကတသညာဖြင့် ထင်လာပုံကို အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၌ ဤသို့ဖော်ပြထား၏။

တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပတ္တံ ဟောတိ။

(အဘိဓမ္မတ္ထသင်္ဂဟ၊ ဝီထိမုတ်ပိုင်း။)

ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအကျိုးကို တိုက်ရိုက်ဖြစ်စေတတ်သော စွမ်းအားရှိသော ဇနကဖြစ်သော ထိုကံသည် သေခါနီးကာလ၌ အသစ်တစ်ဖန် ထပ်မံ ပြုလုပ်ရသည်၏ အစွမ်းဖြင့် = အသစ်တစ်ဖန်ထပ်မံ ပြုလုပ်ရသကဲ့သို့ ဖြစ်ပေါ်လာခြင်း၏ အစွမ်းဖြင့် ဘဝင်မနောဒွါရ၌ ဆိုက်ရောက်လာ၏။ ရှေးရှု ကျရောက်လာ၏၊ ထင်လာ၏။ ထိုသို့ ထင်လာရာ၌ အပါယ်ဒုဂ္ဂတိသို့ သွားရမည့်သူအတွက် မကောင်းသည့် ကံများကို အသစ်တစ်ဖန် ပြုနေရသည်၏ အစွမ်းဖြင့် ထင်လာ၍ သုဂတိသို့ သွားရမည့်သူအတွက် ကောင်းသည့် ကုသိုလ်ကံများကို အသစ်တစ်ဖန် ပြုနေရသည်၏ အစွမ်းဖြင့် ပြုနေရသကဲ့သို့ ထင်လာ၏။ လူ့ပြည်လောကသို့ လားရမည့်သူအတွက်-ကား ကောင်းသည့် ကုသိုလ်ကံများသာ ထင်လာနိုင်ရကား ကုသိုလ်ကံထင်ပုံကို ပုံစံတစ်ခုဖြင့် ဖော်ပြအပ်ပါသည်။ ယင်းပုံစံမှာ အတိတ်အကြောင်းတရားများကို ရှာဖွေနည်းလည်း ဖြစ်ပါသည်။

## အတိတ်အကြောင်းတရားများကို ရှာဖွေနည်း

ယောဂါဝစရပုဂ္ဂိုလ်သည် လက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေအခိုက် ရုပ်နာမ်တို့ကို ပရမတ်သို့ဆိုက်အောင် ဉာဏ်ဖြင့် ပိုင်းခြားယူပြီး သိမ်းဆည်းပြီးသောအခါ တစ်နည်းဆိုရသော် ပဋိသန္ဓေဝိညာဏ်ကို သိမ်းဆည်းပြီးသောအခါ အတိတ်ဘဝ သေခါနီး မရဏာသန္နအခိုက်၌ ဖြစ်ခဲ့သော ဘဝင်မနောအကြည်ဓာတ် မနောဒွါရကို ဆက်လက်၍ သိမ်းဆည်းရ၏။ ဘဝင်မနောအကြည်ဓာတ် မနောဒွါရကို သိမ်းဆည်းနည်းမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုသေခါနီး မရဏာသန္နအခါက ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကိုပင် ဦးစားပေး၍ သိမ်းဆည်းပါ။

ထိုသို့ ဟဒယဝတ္ထုကို သိမ်းဆည်းပြီး၍ ထိုဟဒယဝတ္ထုကိုပင် မှီ၍ဖြစ်နေသော အိမ်ရှင် ဘဝင်မနောအကြည်ဓာတ်ကို သိမ်းဆည်းနိုင် ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သောအခါ ယင်းဘဝင်မနောအကြည်ဓာတ် မနော-ဒွါရကို မသေမီ ခပ်လှမ်းလှမ်းဘက်သို့လည်းကောင်း, သေခါနီးကာလဘက်သို့လည်းကောင်း ရှေ့တိုးနောက်ဆုတ် ပြုလုပ်၍ သိမ်းဆည်းကြည့်ပါက ကံအာရုံနိမိတ်ထင်သည့် ယောဂါဝစရပုဂ္ဂိုလ်ဖြစ်ပါက ယင်းကံအာရုံကို ရှာဖွေတွေ့ရှိနိုင်ပေသည်။ ယင်းအကျိုးပေးတော့မည့် ကံအာရုံသည် သေခါနီး ဘဝင်မနောအကြည်ဓာတ် မနောဒွါရ၌ ထင်နေသောကြောင့် ဖြစ်၏။ ဤတွင် ယောဂါဝစရပုဂ္ဂိုလ် တစ်ဦး၏ ကံအာရုံထင်ပုံကို ပုံစံအဖြစ် ဖော်ပြပေအံ့။

ထိုယောဂါဝစရပုဂ္ဂိုလ်သည် အတိတ်ဘဝ သေခါနီး မရဏာသန္နအခါ ဘဝင်မနောအကြည်ဓာတ်ကို = မနောဒွါရကို ရှေ့တိုးနောက်ဆုတ်စနစ်ဖြင့် ဉာဏ်ဖြင့် လှမ်း၍ ရှုလိုက်ရာ အသစ်တစ်ဖန် ပြုလုပ်နေသည်၏ အစွမ်းဖြင့် ကံလေးမျိုးတို့သည် ယင်းမနောဒွါရ၌ မရှေးမနှောင်း ထင်နေကြ၏။ ထိုယောဂီပုဂ္ဂိုလ်သည် အတိတ်ဘဝဝယ် ရဟန်းတော်ဘဝဖြင့် ကံတို့ကို ပြုစုပျိုးထောင်ခဲ့၏။ သေခါနီး မနောဒွါရတွင် —

၁။ စာချနေသည့် ကံတစ်ခု -
၂။ တရားဟောနေသည့် ကံတစ်ခု -
၃။ တရားပြပေးနေသည့် ကံတစ်ခု -
၄။ တရားအားထုတ်နေသည့် ကံတစ်ခု -

ဤကံလေးမျိုးတို့သည် မရှေးမနှောင်း အလုအယက် ထင်နေကြ၏။ အကျိုးပေးဖို့ရန် အခွင့်ကို အလုအယက် အရယူနေကြ၏။ ထိုကံလေးမျိုးတို့တွင် မည်သည့်ကံက ပဋိသန္ဓေစသည့် အကျိုးဝိပါက်ကို တိုက်ရိုက် ဖြစ်စေတတ်သည့် ဇနကကံ ဖြစ်ပါသနည်း၊ မည်သည့်ကံက အကျိုးပေးနေပါသနည်းဟု ကံတစ်ခုစီ တစ်ခုစီကို ထပ်မံ၍ စိစစ်ကြည့်ရ၏။

ရှေးဦးစွာ စာချနေသည့် ကံကိုပင် စိစစ်ကြည့်ခိုင်း၏။ ထိုစာချခိုက်ဖြစ်ပေါ်သွားကြသော ဓမ္မဒေသနာ = တရားစာပေ ဟောကြားပြသမှု ပို့ချမှု ကုသိုလ်စေတနာ သင်္ခါရအုပ်စုနာမ်တရားတို့ကို တစ်နည်းဆိုသော် မဟာကုသိုလ် မနောဒွါရိကဇောဝီထိစိတ်အစဉ် နာမ်တရားစုတို့ကို သိမ်းဆည်းရ၏။

သိမ်းဆည်းပုံမှာ ထိုသို့ စာပေပို့ချနေစဉ်၌ စာချနေသည့်ပုံဝယ် ဓာတ်ကြီးလေးပါးကို စတင်၍ မြင်အောင် ရှုရ၏။ ရုပ်ကလာပ်အမှုန်များကို ဉာဏ်ဖြင့် တွေ့မြင်သောအခါ ယင်းရုပ်ကလာပ်တို့ကို ဓာတ်ခွဲလျက် ရုပ်ပရမတ်တရားတို့ကို ဆက်လက်၍ သိမ်းဆည်းရ၏။ ဟဒယဝတ္ထုကို ဆက်လက်၍ သိမ်းဆည်းရ၏။ ယင်းဟဒယဝတ္ထုကို မှီ၍ ဖြစ်နေသော စာချစဉ်အချိန်က ဖြစ်ပေါ်နေသော အိမ်ရှင် ဘဝင်မနောအကြည်ဓာတ်ကို ဆက်လက်၍ သိမ်းဆည်းရ၏။ မသေမီ မနီးမဝေး မနောဒွါရနှင့် သေခါနီး မနောဒွါရတို့ကို ရှေ့တိုးနောက်ဆုတ်စနစ်ဖြင့် ကြိမ်ဖန်များစွာ သိမ်းဆည်းရ၏။ (အသင်သူတော်ကောင်းသည်လည်း အတိတ်ဘဝ မရဏာသန္နအခါ၌ ကံအာရုံထင်ခဲ့သော် ဤနည်းအတိုင်းပင် လိုက်နာပြုကျင့်ရမည် ဖြစ်ပါသည်။)

## အကြောင်းပြချက်ကား ရှိသည်သာ ဖြစ်ပါသည်

အဘယ်ကြောင့် ဘဝင်မနောအကြည်ဓာတ်ကို ရှေ့တိုးနောက်ဆုတ် ပြုလုပ်လျက် အခေါက်ခေါက် အခါခါ ထပ်ကာထပ်ကာ ရှုနေရပါသနည်းဟု မေးရန်ရှိ၏။ အကြောင်းကား ဤသို့တည်း — ထို ဘဝင်မနောအကြည်ဓာတ် မနောဒွါရတို့၏ အကြားအကြား၌ ဝီထိစိတ်များ ဖြစ်ကြ၍ အထူးသဖြင့် ယခုပုံစံထုတ်ပြသည့်အတိုင်း စာပေ ကျမ်းဂန် ပို့ချသင်ကြားပေးနေသည့် ဓမ္မဒေသနာအမည်ရသော မဟာကုသိုလ် မနောဒွါရိကဇောဝီထိစိတ် အစဉ်များ ဖြစ်ကြ၍ ထိုဝီထိစိတ်တို့၏ အကြားအကြားတွင် သို့မဟုတ် ဝီထိစိတ်တို့၏ အဆုံးအဆုံးတွင် ဘဝင်မနောအကြည်ဓာတ်သည် တစ်ဖန်ပြန်၍ ဖြစ်တတ်၏။ (စာချစဉ်၌ ပဉ္စဒွါရဝီထိများလည်း ကြိုးကြားကြိုးကြား ထိုက်သလို ဖြစ်နိုင်ကြ၏၊ နည်းတူပင် မှတ်ပါ။) ထိုကြောင့် ဘဝင်မနောအကြည်ဓာတ်ကို စိုက်၍ ရှေ့တိုးနောက် ဆုတ်ပြုလုပ်လျက် အဖန်ဖန်ရှုခဲ့သော် ထိုဘဝင်များ၏ အကြားအကြား၌ ဖြစ်ပေါ်သွားကြသော ဝီထိစိတ်များ ကိုလည်း အလွယ်တကူပင် တွေ့မြင်နိုင်၏ ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်၏ ဉာဏ်ဖြင့် သိမ်းဆည်းနိုင်၏။ ထိုကြောင့် ထိုသို့ ဘဝင်မနောအကြည်ဓာတ်ကို အခြေစိုက်၍ ရှေ့တိုးနောက်ဆုတ် ပြုလျက် ယင်းဘဝင်မနောအကြည်ဓာတ် ကို ရှုနေခြင်း ဖြစ်သည်။ ဤ၌ ရှုလိုရင်းတရားမှာကား ဘဝင်များ၏ အကြားအကြား၌ တည်ရှိခဲ့ကြသော ဖြစ်ခဲ့ ကြသော ဝီထိစိတ်အစဉ် နာမ်တရားစုတို့သာ ဖြစ်ကြသည်။ ထိုသို့ ဝီထိစိတ်အစဉ် နာမ်တရားတို့ကို ရှုရာ၌ ဘဝ တစ်လျှောက်တွင် အများဆုံး ဖြစ်နေကြသည့် ဘဝင်စိတ်တို့ကို ဦးစားပေး၍ ရှုလျှင် ပို၍ သဘောပေါက် မြန်သောကြောင့် လွယ်လွယ်ကူကူ နာမ်တရားတို့ကို သိမ်းဆည်း၍ ရနိုင်သောကြောင့် ထိုသို့ ဘဝင်များကို ရှုနေခြင်းပင် ဖြစ်သည်။ ထိုဘဝင်စိတ်များကို ရှုလိုက်လျှင် ရှုနိုင်လျှင် ထိုဘဝင်စိတ်တို့ ရပ်စဲသွားသောအခါ ဘဝင်အရပ်တွင် ဖြစ်ပေါ်သွားကြသော ဝီထိစိတ်အစဉ် နာမ်တရားတို့ကိုလည်း အလွယ်တကူပင် သိမ်းဆည်း နိုင်မည် ဖြစ်ပေသည်။

ထိုသို့ စာချစဉ် ဘဝင်တို့၏ အကြားအကြား၌ ဖြစ်ပေါ်သွားကြသော နာမ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြား ယူနိုင် သိမ်းဆည်းနိုင်သောအခါ စာပေပို့ချ သင်ကြားပေးနေသည့် ဓမ္မဒေသနာ အမည်ရသော မဟာကုသိုလ် မနောဒွါရိကဇောဝီထိ စိတ်အစဉ်များကို ရှာဖွေသိမ်းဆည်းရ၏။ သိမ်းဆည်း၍ ရခဲ့သော် ယင်းကုသိုလ်စေတနာ သင်္ခါရအုပ်စုတို့ကို ထပ်ကာထပ်ကာ သိမ်းဆည်းရ၏။ ယင်းမနောဒွါရဝီထိတို့ကား အကြိမ်များစွာ ဖြစ်နိုင်ကြ သည်သာ ဖြစ်ကြ၏။ ယင်းကုသိုလ်စေတနာအုပ်စု သင်္ခါရတရားတို့ကား အနိစ္စတရားတို့သာ ဖြစ်ကြ၏၊ ဖြစ်ပြီး- သည်နှင့် ပျက်သွားကြ၏၊ ယင်းသင်္ခါရတရားတို့သည် ချုပ်ပျက်သွားသောအခါ ဝိပါက်အဗျာကတတရားတို့ကဲ့သို့

စွမ်းအင်သတ္တိ တစ်စုံတစ်ရာကို မထားခဲ့ဘဲ ချုပ်ပျက်သွားသည်ကား မဟုတ်၊ နောင်တစ်ချိန် အခါအခွင့်သင့်က မိမိ ဆုတောင်းပန်ထွာထားသည့် ဘဝတစ်ခုကို ဖြစ်စေနိုင်သည့် စွမ်းအင်ကမ္မသတ္တိကို ရုပ်နာမ်အစဉ်တွင် မြှုပ်နှံပြီးမှသာလျှင် ချုပ်ပျက်သွားကြ၏။ သို့အတွက် ယင်းကုသိုလ်သင်္ခါရတရားတို့နှင့် ကပ်၍ ယင်းကုသိုလ်သင်္ခါရ တရားတို့ကို ထပ်ကာထပ်ကာ သိမ်းဆည်းလျက် ယင်းသင်္ခါရတရားတို့ ချုပ်ပျက်သွားသောအခါ ရုပ်နာမ်အစဉ်တွင် မြှုပ်နှံထားခဲ့သော ကမ္မသတ္တိကို တွေ့အောင် ရှာဖွေရ၏။

ဤယောဂီပုဂ္ဂိုလ်ကား ယင်းကမ္မသတ္တိကို ရှာဖွေတွေ့ရှိသောအခါ ယင်းကမ္မသတ္တိကြောင့် (= နာနာက္ခ-ဏိကကမ္မသတ္တိကြောင့်) ဤဘဝတွင် ပဋိသန္ဓေနာမ်ရုပ်စသည့် ဝိပါက်ရုပ်နာမ်တို့ ဖြစ်သည်ကို မတွေ့ရပေ။

အလားတူပင် တရားဟောနေသည့် ကံကိုလည်း လက်ရှိပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေစသော ဝိပါက်ရုပ်နာမ် အကျိုးတရားတို့ကို ဖြစ်စေတတ်သော ဇနကကံ ဟုတ်သည် မဟုတ်သည်ကို သိရှိရန်အတွက် ကမ္မသတ္တိကို ရှာဖွေစေလျက် ကြောင်း-ကျိုး ဆက်နွယ်မှု ရှိမရှိကို ဉာဏ်ဖြင့် မြင်အောင် အရှုခိုင်းလိုက်သောအခါ ယင်းတရား-ဟောသည့် ကံကလည်း ပဋိသန္ဓေဝိပါက် ရုပ်နာမ်စသည်တို့ကို မဖြစ်စေကြောင်း သိရပြန်၏။

တစ်ဖန် တရားပြပေးနေသည့်ကံကို တတိယအကြိမ် ဆန်းစစ်ကြည့်ရန် ညွှန်ကြားပေးလိုက်၏။ တရား ပြပေးနေသည့် ဓမ္မဒေသနာကုသိုလ် သင်္ခါရတရားစုတို့ကို တွေ့အောင် ရှာဖွေစေလျက် ကမ္မသတ္တိကို ဉာဏ်ဖြင့် မြင်အောင် ရှုစေလျက် ယင်းကမ္မသတ္တိကြောင့် ဤဘဝတွင် ပဋိသန္ဓေဝိပါက်စသည့် ဝိပါက်ရုပ်နာမ်တို့သည် ဖြစ်ကြ၏ မဖြစ်ကြ၏ဟူသော အချက်ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်စေရာ ယင်းတရားပြသည့် ကံကလည်း ဤဘဝတွင် ပဋိသန္ဓေ ရုပ်နာမ်စသည့် အကျိုးဝိပါက်တရားတို့ကို မဖြစ်စေကြောင်း တွေ့ရပြန်၏။

တစ်ဖန် တရားအားထုတ်သည့် ကံကြောင့် ဤဘဝတွင် ပဋိသန္ဓေဝိပါက် ရုပ်နာမ်စသည့် အကျိုးတရား တို့သည် ဖြစ်ပေါ်လာသည် မလာသည်ကို ထိုယောဂီအား ဆန်းစစ်ကြည့်ရန် ညွှန်ကြားပေးလိုက်၏။ ဤအပိုင်း တွင်ကား ယောဂီသူတော်ကောင်း အပေါင်းတို့ သိထားသင့်သော အချက်များ များစွာရှိလာ၏။ ယင်းအချက်တို့ကို ရှေးဦးစွာ ကြိုတင်၍ ရှင်းလင်းတင်ပြအပ်ပါသည်။

## စေတနာသုတ္တန် ကောက်နုတ်ချက်

၁။ ယဉ္စ ဘိက္ခဝေ စေတေတိ၊ ယဉ္စ ပကပ္ပေတိ၊ ယဉ္စ အနုသေတိ။ အာရမ္မဏမေတံ ဟောတိ ဝိညာဏဿ ဌိတိယာ အာရမ္မဏေ သတိ ပတိဋ္ဌာ ဝိညာဏဿ ဟောတိ၊ တသ္မိံ ပတိဋ္ဌိတေ ဝိညာဏေ ဝိရူဠှေ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောတိ၊ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိယာ သတိ အာယတိံ ဇာတိ ဇရာမရဏံ သောကပရိဒေဝ-ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၂။ နော စေ ဘိက္ခဝေ စေတေတိ၊ နော စေ ပကပ္ပေတိ၊ အထ စေ အနုသေတိ။ အာရမ္မဏမေတံ ဟောတိ၊ ဝိညာဏဿ ဌိတိယာ၊ အာရမ္မဏေ သတိ ပတိဋ္ဌာ ဝိညာဏဿ ဟောတိ၊ တသ္မိံ ပတိဋ္ဌိတေ ဝိညာဏေ ဝိရူဠှေ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောတိ၊ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိယာ သတိ အာယတိံ ဇာတိ ဇရာမရဏံ သောက-ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(သံ-၁-၂၉၅။)

၁။ ရဟန်းတို့ . . . ကာမ-ရူပ-အရူပတည်းဟူသော ဘုံသုံးပါးအတွင်း၌ ဖြစ်စေတတ်သော အကြင် ကုသိုလ် စေတနာ အကုသိုလ်စေတနာကိုလည်း ဖြစ်စေ၏။ "ငါသည် ယောက်ျားဖြစ်ရလို၏၊ ငါသည် မိန်းမဖြစ်ရလို၏၊ ငါသည် ရဟန်းဖြစ်ရလို၏၊ ငါသည် ဓမ္မကထိကနတ်သား ဖြစ်ရလို၏။" — ဤသို့ စသည်ဖြင့် တဏှာ ဒိဋ္ဌိတို့နှင့်

ကြံစည်စိတ်ကူးမှု အကြင် ဝိတက်ကိုလည်း ဖြစ်စေ၏။ ကာမရာဂါနုသယစသည့် အကြင် အနုသယဓာတ်ကိုလည်း ဖြစ်စေ၏။ ဤစေတနာ, ဝိတက်, အနုသယဓာတ်ဟူသော တရားသုံးပါးအပေါင်းသည် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်သည့် စွမ်းအားရှိသော ကမ္မဝိညာဏ်၏ တည်ရှိလာရန် အကြောင်းတရား ဖြစ်၏။ ကမ္မဝိညာဏ် တည်-ရှိဖို့ရန် အကြောင်းတရားသည် ထင်ရှားရှိလတ်သော် ကမ္မဝိညာဏ်၏ တည်မှုသည် ဖြစ်ပေါ်လာ၏။ ထိုကမ္မဝိညာဏ်သည် တည်ရှိသည်ရှိသော် စည်ပင်သည်ရှိသော် နောင်အခါ၌ တစ်ဖန်ဘဝသစ်ဟု ဆိုအပ်သော ဖြစ်ခြင်းသည် ဖြစ်ပေါ်လာ၏။ နောင်အခါ၌ တစ်ဖန်ဘဝသစ်ဟု ဆိုအပ်သော ဖြစ်ခြင်းသည် ထင်ရှားရှိလတ်သော် နောင်အခါ၌ ပဋိသန္ဓေတည်နေရခြင်း ဇာတိ, အိုရခြင်း ဇရာ, သေရခြင်း မရဏ, စိုးရိမ်ရခြင်း သောက, ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝ, ကိုယ်ဆင်းရဲရခြင်း ဒုက္ခ, စိတ်ဆင်းရဲရခြင်း ဒေါမနဿ, ပြင်းစွာပူပန်ရခြင်း ဥပါယာ-သတို့သည် ထင်ရှား ဖြစ်ပေါ်လာကြကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲဒုက္ခအစုအပုံသည် ဖြစ်ပေါ်လာ၏။

၂။ ရဟန်းတို့ . . . အကယ်၍ ကာမ-ရူပ-အရူပတည်းဟူသော ဘုံသုံးပါးအတွင်း၌ ဖြစ်စေတတ်သော အကြင် တေဘူမက ကုသိုလ်စေတနာ အကုသိုလ်စေတနာကို မဖြစ်ပေါ်စေကာမူ, အကယ်၍ “ငါသည် ယောက်ျားဖြစ်ရလို၏၊ ငါသည် မိန်းမဖြစ်ရလို၏၊ ငါသည် ရဟန်းဖြစ်ရလို၏၊ ငါသည် ဓမ္မကထိကနတ်သား ဖြစ်ရလို၏၊” ဤသို့စသည်ဖြင့် တဏှာ ဒိဋ္ဌိတို့နှင့် ကြံစည်စိတ်ကူးမှု အကြင်ဝိတက်ကို မဖြစ်ပေါ်စေကာမူ, အနုသယဓာတ်သည် အကယ်၍ ကိန်းအောင်းနေသေးသည် ဖြစ်ငြားအံ့။ ဤအနုသယဓာတ်၏ ကိန်းအောင်းခြင်းသည်ပင် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်သည့် စွမ်းအားရှိသော ကမ္မဝိညာဏ်၏ တည်ရှိလာဖို့ရန် အကြောင်းတရား ဖြစ်၏။ ကမ္မဝိညာဏ်တည်ရှိဖို့ရန် အကြောင်းတရားသည် ထင်ရှားရှိလတ်သော် ကမ္မဝိညာဏ်၏ တည်မှုသည် ဖြစ်ပေါ်လာ၏။ ထိုကမ္မဝိညာဏ်သည် တည်ရှိသည်ရှိသော် စည်ပင်သည်ရှိသော် နောင်အခါ၌ တစ်ဖန်ဘဝသစ်ဟု ဆိုအပ်သော ဖြစ်ခြင်းသည် ဖြစ်ပေါ်လာ၏။ နောင်အခါ၌ တစ်ဖန်ဘဝသစ်ဟု ဆိုအပ်သော ဖြစ်ခြင်းသည် ထင်ရှားရှိလတ်သော် နောင်အခါ၌ ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့သည် ထင်ရှား ဖြစ်ပေါ်လာကြကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲဒုက္ခ အစုအပုံသည် ဖြစ်ပေါ်လာ၏။

(သံ-၁-၂၉၅။)

ဤအထက်ပါ စေတနာသုတ္တန်ဝယ် —

၁။ စေတနာအရ သံသရာဝဋ်ကို လည်ပတ်စေတတ် ဖြစ်စေတတ်သော လောကီကုသိုလ်စေတနာ အကုသိုလ်စေတနာကို ကောက်ယူရ၏။

၂။ ကပ္ပနာအရ လောဘမူစိတ် (၈)ခု၌ ယှဉ်သော တဏှာ ဒိဋ္ဌိနှင့် ယှဉ်သော “ငါသည် လူဖြစ်ရလို၏၊ ငါသည် နတ်ဖြစ်ရလို၏၊ ငါသည် ယောက်ျားဖြစ်ရလို၏၊ ငါသည် မိန်းမဖြစ်ရလို၏၊” ဤသို့စသည်ဖြင့် ကြံစည်စိတ်ကူးမှု ဝိတက်ကို အရကောက်ယူရ၏။

၃။ အနုသယဓာတ်အရ ကာမရာဂါနုသယစသော အနုသယဓာတ် (၇)မျိုးတို့ကို အရကောက်ယူရ၏။

အနာဂတာ ဧဝ ဟိ ကာမရာဂါဒယော နိပ္ပရိယာယတော “အနုသယာ”တိ ဝတ္တဗ္ဗတံ အရဟန္တိ။

(သံ-ဋီ-၂-၈၁။)

အနုသယဓာတ်တို့၏ အကုသိုလ်စေတနာတို့၌ ကိန်းဝပ်မှုကား ထင်ရှားသောကြောင့် အထင်ရှဥ္စိအားဖြင့် အကုသိုလ်စေတနာတို့၌ အနုသယဓာတ်တို့ ကိန်းဝပ်ကြောင်းကို အဋ္ဌကထာ၌ (သံ-ဋ္ဌ-၂-၃၈။) ဖွင့်ဆိုထား၏။ လောကီကုသိုလ် စေတနာတို့၌လည်း အနုသယဓာတ်တို့ကား ကိန်းဝပ်ကြသည်သာ ဖြစ်ကုန်၏။

(သံ-ဋီ-၂-၈၁။)

သဒိသူပစာရအားဖြင့် တင်စား၍ ပစ္စုပ္ပန်တရားတို့၌ အနုသယဓာတ်တို့၏ ကိန်းဝပ်တည်နေကြောင်းကို အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်၏။ မုချအားဖြင့်ကား အနာဂတ်ဖြစ်ကုန်သော ကာမရာဂစသော တရားတို့ကို သာလျှင် အနုသယဓာတ်တို့ဟူ၍ ခေါ်ဆိုခြင်းငှာ ထိုက်ပေသည်။ (သံ-ဋ္ဌ-၂-၈၁။)

**[မှတ်ချက်** — တိပိဋက ပါဠိမြန်မာအဘိဓာန်၌ ဤသို့ ဖွင့်ဆိုထား၏။ ယင်းအနုသယတို့ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးမျိုးလုံး ဖြစ်နိုင်ပုံကို အဘိ၊ ဌ၊ ၃၊ ၃၁၉။ မဟာနိ၊ ဌ၊၂၀၅-၆။ ပဋိသံ၊ ဌ၊ ၂၊ ၈။ တို့တွင်လည်းကောင်း, ယင်းသုံးမျိုးတို့တွင်လည်း အနာဂတ်သာ မုချအားဖြင့် အနုသယမည်သည်ဟူသော အဆိုကို – မ၊ ဋီ၊ ၂၊ ၂၈၆-၇။ အနုဋီ၊ ၃၊ ၁၉၆။ သံ၊ ဋီ၊ ၂၊ ၈၁။ သာရတ္ထ၊ ၁၊ ၇၅။ တို့တွင်လည်းကောင်း ကြည့်။ တိပိဋက ပါဠိ-မြန်မာအဘိဓာန် အတွဲ-၂။ စာမျက်နှာ-၂၁၇။ — ။ အဘိ၊ ဌ၊ ၃၊၂၁၅။ ၌ကား — အရိယမဂ်တရားဖြင့် မပယ်ရှားရသေးသော ကာမရာဂစသော တရားသည် အနုသယမည်ရကား ထိုအနုသယကို အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ မဆိုထိုက်ကြောင်းကိုလည်းကောင်း, အရိယမဂ်တရားဖြင့် ပယ်သတ်ထိုက်သော ဤကိလေသာသည် အရိယမဂ်ဖြင့် မပယ်ရှားရသေးသည့် အတွက်ကြောင့်သာလျှင် ရှိ၏ဟူ၍ ခေါ်ဆိုရကြောင်းကိုလည်း-ကောင်း ဖွင့်ဆိုထား၏။]

၄။ ဝိညာဏ်အရ ကုသိုလ်ကံ အကုသိုလ်ကံများကို ထမြောက်အောင် ပြုစွမ်းနိုင်သော လောကီကုသိုလ် အကုသိုလ်ဇောစိတ်များကို ကောက်ယူရ၏။ ထိုဇောစိတ်တို့သည် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်သော စွမ်းအား ရှိသော စေတနာ = ကံနှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်သောကြောင့် ကမ္မဝိညာဏ် မည်၏။

၅။ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိအရ ပဋိသန္ဓေဝိညာဏ်နှင့် ကမ္မဘဝကို ကောက်ယူပါ။ နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်သော ပဋိသန္ဓေဝိညာဏ်စသည်ကား ကမ္မဝိညာဏ်ကြောင့် ဖြစ်ပေါ်လာရသော ဝိပါက်ဝိညာဏ်တည်း။ ယင်းပဋိသန္ဓေ ဝိညာဏ်ကိုလည်း ပုနဗ္ဘဝဟု ဆိုသည်။ နောင်အနာဂတ် ပဋိသန္ဓေဝိညာဏ်၏ အကြောင်းဖြစ်သော ကမ္မဘဝကိုလည်း ပုနဗ္ဘဝဟုပင် ဆိုသည်။

ဤအထက်ပါ တရားများကို ကြောင်း-ကျိုး ဆက်စပ်ပုံမှာ ဤသို့ဖြစ်၏ — စေတနာ, ကပ္ပနာ, အနုသယ-ဓာတ် — ဤတရားသုံးမျိုးကြောင့် ကမ္မဝိညာဏ် ဖြစ်ပွားရသည်။ ကမ္မဝိညာဏ်ကြောင့် ပုနဗ္ဘဝဟူသော ကမ္မဘဝနှင့် ဥပပတ္တိဘဝ = အနာဂတ်ဇာတိ ပဋိသန္ဓေဝိညာဏ်စသည် ဖြစ်ပွားလာရ၏။ ဤကား အမှတ် (၁) ဟောကြားတော်မူချက်၏ ဆိုလိုရင်းတည်း။

အမှတ် (၂) ဒေသနာတော်၏ ဆိုလိုရင်းမှာ ဤသို့ဖြစ်၏။

ဧတ္ထ စ "နော စေ ဘိက္ခဝေ စေတေတိ နော စေ ပကပ္ပေတိ အထ စေ အနုသေတီ"တိ ဧဝံ ဘဂဝတာ ဒုတိယနယေ ပုဗ္ဗဘာဂေ ဘဝနိဗ္ဗတ္တကကုသလာကုသလာယူဟနံ, ပကပ္ပနဉ္စ ဝိနာပိ ဘဝေသု ဒိဋ္ဌာဒီနဝဿ ယောဂိနော အနုသယပစ္စယာ ဝိပဿနာစေတနာပိ ပဋိသန္ဓိဇနကာ ဟောတီတိ ဒဿနတ္ထံ ကုသလာကုသလဿ အပ္ပဝတ္တိ စေပိ, တဒါ ဝိဇ္ဇမာနတေဘူမကဝိပါကာဒိဓမ္မေသု အပ္ပဟီနကောဋိယာ အနုသယိတကိလေသပ္ပစ္စယာ ဘဝဝဇ္ဇဿ ကမ္မဝိညာဏဿ ပတိဋ္ဌိတတာ ဟောတီတိ ဒဿနတ္ထဉ္စ ဝုတ္တော။ (သံ-ဋီ-၂-၈၃။)

**အာရမ္မဏမေတံ ဟောတီ**တိ အနုသယေ သတိ ကမ္မဝိညာဏဿ ဥပ္ပတ္တိယာ အဝါရိတတ္တာ ဧတံ အနုသယဇာတံ ပစ္စယော ဝ ဟောတိ။ (သံ-ဌ-၂-၆၆။)

စေတနာ, ကပ္ပနာတရားတို့ ထင်ရှားမရှိလတ်သော် အနုသယဓာတ်ကို အရိယမဂ်တည်းဟူသော မွေးညှပ်ဖြင့် မနုတ်ပယ်ရသေးသည့်အတွက် အနုသယဓာတ်ကိလေသာသည် ကိန်းဝပ် တည်ရှိနေသေးလျှင် ကျန်နေ-

သေးလျှင် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်သော စွမ်းအားရှိသော ကမ္မဝိညာဏ်သည် ဖြစ်ပွားလာနိုင်သည်သာတည်း။

ဆိုလိုသည်မှာ ဤသို့တည်း — ဘဝကို အပြစ်မြင်၍ ဝိပဿနာတရားကို အမြဲအားထုတ်နေသော ဝိပဿနာဉာဏ်များ အဆက်မပြတ် အဖြစ်များနေသော ယောဂါဝစရပုဂ္ဂိုလ်မြတ်၏ သန္တာန်ဝယ် အရဟတ္တမဂ်ကို မရသေးမီ ရှေးအဖို့၌ ဘဝသစ်ကို ဖြစ်စေနိုင်သော ကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်မှု "စေတနာ"လည်း မရှိ။ ဘဝသစ်ကို ဖြစ်စေရန် တဏှာ ဒိဋ္ဌိတို့ဖြင့် ကြံစည်စိတ်ကူးမှု "ကပ္ပနာ"လည်း ထင်ရှားမရှိ။ သို့သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ရုပ်နာမ်သန္တာန်အစဉ်၌ အနုသယဓာတ်ကား အရိယမဂ်တရားဖြင့် မပယ်ရှားရသေးသည့်အတွက် ကိန်းဝပ်လျက်ပင် ရှိနေသေး၏။

[**အထ စေ အနုသေတီ**တိ ဣမိနာ တေဘူမကဝိပါကေသု ပရိတ္တကြိယာသု ရူပေတိ ဧတ္ထ အပ္ပဟီနကောဋိယာ အနုသယော ဂဟိတော။ (သံ-ဋ္ဌ-၂-၆၆။)

အထက်ပါ အဋ္ဌကထာနှင့် အညီ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံဝိပါက်တို့၌လည်းကောင်း, ပဋိသန္ဓေ-ဘဝင်-စုတိဟူသော ဝိပါက်စိတ်တို့၌လည်းကောင်း, ပဉ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်း ဝုဋ္ဌောဟူသော ကာမကြိယာစိတ်တို့၌လည်းကောင်း, ရုပ်တရားတို့၌လည်းကောင်း ကိန်းဝပ်တည်နေသော အနုသယဓာတ်ကို ကောက်ယူပါ။]

ယင်းဝိပါက်တရား, ကာမကြိယာတရား, ရုပ်တရားတို့၌ ကိန်းဝပ်တည်နေသော အနုသယဓာတ်တို့သည် ဝိပဿနာကုသိုလ်ဇောတို့အား နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သည့် စွမ်းအားရှိသော ကမ္မဝိညာဏ်ဖြစ်ပေါ်လာရန် အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးလျက် ရှိကြ၏။ ယင်းအနုသယဓာတ်တို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှုကြောင့် ဝိပဿနာကုသိုလ်ဇောတို့သည် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်သည့် ကမ္မဝိညာဏ်အဖြစ် ရပ်တည်လာနိုင်ကြ၏။ (ဝိပဿနာဇောတို့၌ အနုသယဓာတ် ကိန်းဝပ်မှု မရှိသော်လည်း ဝိပဿနာဇောတို့၏ အကြား အကြား၌ ဖြစ်လေ့ရှိသော ဝိပါက် ကြိယာတရားတို့နှင့် ရုပ်တရားတို့၌ ကိန်းဝပ်တည်နေကြသော အနုသယဓာတ်တို့က ကျေးဇူးပြုပေးခြင်းကြောင့် ဝိပဿနာဇောတို့သည် ကမ္မဝိညာဏ်အဖြစ် ရပ်တည်လာနိုင်ကုန်၏ဟု ဆိုလိုပေသည်။) တစ်နည်း —

ကာမံ အနုသယာ လောကိယကုသလစေနာသုပိ အနုသေန္တိ ယေဝ။ (သံ-ဋီ-၂-၈၁။)

ဝိပဿနာဇောတို့သည်လည်း လောကီတရားတို့သာ ဖြစ်ကြသဖြင့် လောကီ ကုသိုလ်စေတနာအားလုံး၌လည်း အနုသယဓာတ်တို့သည် ကိန်းဝပ်ကြကုန်သည်သာ ဖြစ်ကြ၏။ သို့အတွက် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာ စေတနာသည်လည်း အနုသယဓာတ် မကင်းသေးသော လောကီ ကုသိုလ်စေတနာပင် ဖြစ်၍ နောက်ဘဝ ပဋိသန္ဓေကို ဖြစ်စေနိုင်သေးသည်သာတည်း။ (သံ-ဋီ-၂-၈၁။)

ထိုသို့ ကမ္မဝိညာဏ်များ ဖြစ်ပွားမှုကြောင့် "ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ"ဟူသော ဒုတိယဘဝ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်ရသည်။ သင်္ခါရပစ္စယာ ဝိညာဏံကို ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်သည်။ တစ်ဖန် "ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ" တွင်ပါဝင်သော ကမ္မဘဝကြောင့် တတိယဘဝ၌ ဇာတိဟူသော ပဋိသန္ဓေတည်နေရမှု ဖြစ်ပေါ်လေသည်။ ဘဝပစ္စယာ ဇာတိကို ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်သည်။ ဤကား အထက်ပါ ပထမ စေတနာသုတ်၌ ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ် ကြောင်း-ကျိုးစပ်နည်း ဖြစ်သည်။ စေတနာသုတ္တန်၏ ဆိုလိုရင်းကောက်နုတ်ချက်တည်း။ ဤသုတ္တန်၏ ဆိုလိုရင်းကို သဘောပေါက်ပါက အောက်တွင် ဆက်လက်ဖော်ပြမည့် ဆုတောင်းခန်းနှင့် ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ် သဘောတရားကိုလည်း သဘောပေါက်နိုင်ပေလိမ့်မည်။

## ကိလေသဝဋ်နှင့် ကမ္မဝဋ်

အထက်တွင် ပုံစံထုတ်ပြထားသော ယောဂါဝစရပုဂ္ဂိုလ်၏ ကံ (၄) မျိုးတို့တွင် စာချသည့်ကံ, တရားဟောသည့်ကံ, တရားပြသည့်ကံတို့က အကျိုးမပေးဘဲ အမှတ် (၄) ဖြစ်သည့် တရားအားထုတ်သည့် ကံကသာလျှင် ဤဘဝ၌ ပဋိသန္ဓေ ဝိပါက် ဝိညာဏ်စသည့် အကျိုးတရားတို့ကို ဖြစ်စေသည်ကို တွေ့ရ၏။

ထိုသူတော်ကောင်းကား အတိတ်ဘဝတွင် ရဟန်းဘဝဖြင့် တရားဘာဝနာများကို အားထုတ်ခဲ့၏။ အာနာပါနဿတိသမာဓိကို စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်နိုင်ခဲ့၏။ ယင်းအာနာပါနစတုတ္ထဈာန်သမာဓိကို ဝိပဿနာ၏ အခြေပါဒကအဖြစ် အသုံးပြု၍ ရုပ်နာမ်တို့ကို သိမ်းဆည်းနိုင်ခဲ့၏။ ရုပ်ကလာပ် နာမ်ကလာပ်များကို ဓာတ်ခွဲလျက် ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲတို့ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် ရုပ်နာမ်တို့ကို သိမ်းဆည်းနိုင်ခဲ့၏။ သို့သော် ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို လုံးဝမရှုခဲ့မိပေ။ ပစ္စယပရိဂ္ဂဟဉာဏ်ကို မရရှိခဲ့ပေ။ ယင်းရုပ်-နာမ်ပရမတ်တရားတို့ကို လက္ခဏာရေး သုံးတန်တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုခဲ့၏။ ဝိပဿနာဉာဏ်များလည်း ဖြစ်ပွားခဲ့၏။ သို့သော် အရိယမဂ်သို့ကား မဆိုက်နိုင် ဖြစ်ခဲ့၏။ မြင်းမြီးဆွဲ မောင်ဆန်ဟု အသိများသော အရှင်ဆန္နမထေရ်ကဲ့သို့ပင်တည်း။

ယင်းဝိပဿနာဇောဝီထိစိတ်အစဉ်တို့တွင် ပါဝင်တည်ရှိသော သင်္ခါရစေတနာတို့၏ စွမ်းအင်ကမ္မသတ္တိကြောင့် ဤဘဝတွင် ပဋိသန္ဓေ ဝိပါက်ရုပ်နာမ်စသည့် ဝိပါက်ရုပ်တရား နာမ်တရားတို့ ဖြစ်ပေါ်နေသည်ကို ဉာဏ်ဖြင့် တွေ့မြင်နေ၏။

ထိုယောဂီသည် ဝိပဿနာဇောဝီထိတို့၏ အတွင်းဝယ် ဇောအသီးအသီး၌ တည်ရှိကြသော စိတ်စေတသိက် သင်္ခါရတရားစုတို့ကို ရှေးဦးစွာ သိမ်းဆည်း၏။ တစ်ဖန် ယင်းသင်္ခါရတို့မှ အကျိုးပေးနေသော သင်္ခါရတရားတို့ကို ထပ်မံ သိမ်းဆည်းရာ စိတ်စေတသိက် = နာမ်တရား (၃၄)လုံး ရှိသည်ကို တွေ့၏။ ထိုနောင် ယင်းဝိပဿနာကုသိုလ် သင်္ခါရတရားတို့၏ ချုပ်ပျက်သွားသောအခါ ရုပ်နာမ်အစဉ်တွင် မြှုပ်နှံထားခဲ့သော ကမ္မသတ္တိကို ဆက်လက်၍ ရှာဖွေ၏။ ယင်းကမ္မသတ္တိကြောင့် ပဋိသန္ဓေအခိုက် ကမ္မဇရုပ်တရား အမျိုးအစား (၃၀)တို့ ဖြစ်ပေါ်လာရသည်ကိုလည်းကောင်း, ပဋိသန္ဓေ နာမ်တရား (၃၄)လုံးတို့ ဖြစ်ပေါ်လာရသည်ကိုလည်းကောင်း တွေ့ရှိ၏။

ဤအပိုင်းတွင် ပိုမို၍ သဘောပေါက်နိုင်ရန် ရှုပုံစနစ်ကို အနည်းငယ် ရှင်းလင်း တင်ပြအပ်ပါသည်။ ဤအပိုင်းသို့ ရောက်ရှိလာသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည်ကား အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာန၌ ရုပ်နာမ်တို့ကို ပရမတ်သို့ဆိုက်အောင် ဉာဏ်ဖြင့် ပိုင်းခြားယူပြီး သိမ်းဆည်းထားပြီးလည်း ဖြစ်၏၊ ဤဘဝ ပဋိသန္ဓေ ရုပ်နာမ်တို့သို့ တိုင်အောင် ရုပ်နာမ်တို့ကို သိမ်းဆည်းနိုင်ပြီးလည်း ဖြစ်၏။ သို့အတွက် ထိုသူတော်ကောင်းသည် စိတ်ကြောင့် စိတ္တဇရုပ်များ တဖွားဖွား ဖြစ်နေသည်ကို လွယ်ကူစွာ သဘောပေါက်ပြီးလည်း ဖြစ်၏။ ဥတုကြောင့် ဥတုဇရုပ်များ တဖွားဖွား ဖြစ်နေသည်ကိုလည်း လွယ်ကူစွာ သဘောပေါက်ပြီးလည်း ဖြစ်၏။ အာဟာရကြောင့် အာဟာရဇရုပ်များ တဖွားဖွား ဖြစ်နေရသည်ကိုလည်း လွယ်ကူစွာ သဘောပေါက်ပြီးလည်း ဖြစ်၏။

အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော ကမ္မသတ္တိကို ရှာဖွေတွေ့ရှိသော အသင်သူတော်ကောင်းသည်လည်း-

၁။ စိတ်ကြောင့် စိတ္တဇရုပ်များသည် တဖွားဖွား ဖြစ်နေကြသကဲ့သို့,

၂။ ဥတုကြောင့် ဥတုဇရုပ်များသည် တဖွားဖွား ဖြစ်နေကြသကဲ့သို့,

၃။ အာဟာရကြောင့် အာဟာရဇရုပ်များသည် တဖွားဖွား ဖြစ်နေကြသကဲ့သို့,

အလားတူပင် ထိုကမ္မသတ္တိကြောင့် တစ်နည်းဆိုသော် ထိုကံကြောင့် ပဋိသန္ဓေကမ္မဇရုပ်စသည့် ကမ္မဇရုပ်များသည်လည်း တဖွားဖွား ဖြစ်ပေါ်နေကြသည်ကို အကြိမ်ကြိမ် ရှုကြည့်ပါ။

ရှုနည်းမှာ —

၁။ အတိတ်က ကမ္မသတ္တိကို ဉာဏ်ဖြင့် ကြည့်လိုက် -

၂။ ပစ္စုပ္ပန် ပဋိသန္ဓေကမ္မဇရုပ်စသည့် ကမ္မဇရုပ်များကို ဉာဏ်ဖြင့် ကြည့်လိုက် -

ဤသို့လျှင် အကြောင်းကို ဉာဏ်ဖြင့် ကြည့်လိုက်, အကျိုးကို ဉာဏ်ဖြင့် ကြည့်လိုက် ပြုလုပ်ခြင်းဖြင့် ကြိမ်ဖန်များစွာ ရှုကြည့်ပါ။ ယင်းကမ္မသတ္တိကြောင့် ကမ္မဇရုပ်များသည် ဖြစ်ရိုးမှန်ပါက ယင်းကံကြောင့် ကမ္မဇရုပ်များသည် တဖွားဖွား ဖြစ်နေကြသည်ဟု - ဖြစ်နေပုံ အခြင်းအရာကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် တွေ့မြင်နေမည် ဖြစ်သည်။

ထိုသို့ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် ရှုရာ၌ ရုပ်ကလာပ်များနှင့် အကြောင်းအကျိုး မစပ်ပါနှင့်၊ ကံကြောင့် ကမ္မဇရုပ်ကလာပ်များ၏ ဖြစ်နေပုံကို မကြည့်ပါနှင့်၊ မရှုပါနှင့်။ ရုပ်ကလာပ်ဟူသည် သမူဟပညတ်စသည့် ပညတ်မကွာသေးသော အတုံးအခဲများသာ ဖြစ်သောကြောင့် တည်း။ ရုပ်ကလာပ်များကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ဓာတ်ခွဲလျက် ပရမတ်ရုပ်တရားတို့နှင့်သာ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင် ရှုပါ။ ပရမတ် အချင်းချင်းကိုသာ အကြောင်း-အကျိုး စပ်ကြည့်ပါ။ ပရမတ် အချင်းချင်းသာလျှင် ကြောင်း-ကျိုး ဆက်နွယ်မှု ရှိသောကြောင့် ဖြစ်၏။

ကမ္မသတ္တိကြောင့် ကမ္မဇရုပ်များ ဖြစ်ပုံကို ဉာဏ်ဖြင့် ကိုယ်တိုင်မြင်ရ၍ အားရကျေနပ်မှုကို ရရှိသောအခါ ပဋိသန္ဓေနာမ်တရားတို့သည်လည်း ယင်းကမ္မသတ္တိကြောင့်ပင် ဖြစ်မဖြစ်ကို ထပ်မံ၍ ရှုကြည့်ပါ။ အကြောင်း ကမ္မသတ္တိကို ဉာဏ်ဖြင့် ရှုလိုက် အကျိုးဝိပါက်နာမ်တရားတို့ကို ဉာဏ်ဖြင့်ရှုလိုက် — ဤသို့ပြုလုပ်ခြင်းဖြင့် အကြိမ်ကြိမ် ဆန်းစစ်ကြည့်ပါ။ ယင်းကမ္မသတ္တိကြောင့်ပင် ပဋိသန္ဓေ နာမ်တရားတို့သည်လည်း ဖြစ်ပေါ်လာကြရသည်ဟု ဉာဏ်ဖြင့် ကျေကျေနပ်နပ် တွေ့မြင်သောအခါ အကြောင်းတရား အကျိုးတရားတို့ကို စတင်၍ သိမ်းဆည်းနိုင်ပေပြီ။ [ဤကဲ့သို့ ကံအများစု ထင်လာရာ၌ ကံတစ်ခုမှာ ဇနကကံဖြစ်ပါက ကြွင်းကျန်သော ကံများမှာ ဥပတ္ထမ္ဘကကံများ ဖြစ်တတ်ကြပေသည်။]

အထက်တွင် ပုံစံထုတ်ပြထားသော ယောဂီသူတော်ကောင်းကား သင်္ခါရ-ကံတို့ကို ရှာဖွေတွေ့ရှိပြီးနောက် တစ်နည်းဆိုသော် ကမ္မဝဋ်ကို ရှာဖွေတွေ့ရှိပြီးနောက် ကိလေသဝဋ်တရားတို့ကို ဆက်လက်၍ သိမ်းဆည်းပြန်ရာ ထိုသူတော်ကောင်း၏ ဆုတောင်းမှာ အောက်ပါအတိုင်း ဖြစ်၏။ အခြားအခြားသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ရာ၌သော်လည်းကောင်း, ရံခါ တရားမထိုင်ခင် သို့မဟုတ် တရားထိုင်ပြီးရာ အခါ၌သော်လည်းကောင်း တောင်းလေ့ရှိသော ဆုတောင်းမှာ —

၁။ လူဖြစ်ပါရစေ၊

၂။ ရဟန်းဖြစ်ပါရစေ၊

၃။ သာသနာပြုနိုင်ပါရစေ၊ — ဟူသော

ဤဆုတောင်း (၃)မျိုးပင် ဖြစ်၏။ အခြားအခြားသော ကုသိုလ်ကံများကိုလည်း ထူထောင်ခဲ့သော်လည်း ယင်းကံတို့က အကျိုးပေးဖို့ရန် အခွင့်မသာဘဲ ဝိပဿနာ စေတနာကံတို့က အကျိုးပေးဖို့ရန် အခွင့်သာသွား၏။ ဝိပဿနာဉာဏ်များ အဆက်မပြတ် အဖြစ်များနေချိန်ဝယ် အထက်တွင်ဖော်ပြထားခဲ့သော စေတနာ, ကပ္ပနာ

တရားတို့ ထင်ရှားမရှိသော်လည်း ဝိပဿနာဉာဏ်များ မဖြစ်သည့်အခိုက်၌ကား ယင်းစေတနာ, ကပ္ပနာတရားတို့ ကြိုးကြားကြိုးကြား ဖြစ်ပေါ်ကြသည်ကို ထို ယောဂီသန္တာန်၌ တွေ့ရ၏။ သူ၏ ဆုတောင်းခန်းကို ကြည့်ပါ။

## ကိလေသဝဋ် (၃) ပါး

၁။ အဝိဇ္ဇာ (၂၀) သာသနာပြုနိုင်သည့် လူဟု ရဟန်းဟု အသိမှားမှုသဘော၊
၂။ တဏှာ (၂၀) သာသနာပြုနိုင်သည့် လူ့ဘဝ ရဟန်းဘဝကို တွယ်တာတပ်မက်သည့်သဘော၊
၃။ ဥပါဒါန် (၂၀) သာသနာပြုနိုင်သည့် လူ့ဘဝ ရဟန်းဘဝကို စိတ်ကပ်ရောက်စွဲနေသည့်သဘော (ကာမု-ပါဒါန်)။

[**မှတ်ချက်** — ဤ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကား စိတ္တက္ခဏတစ်ခုအတွင်း၌ ပြိုင်တူဖြစ်နိုင်သော တရားတို့ဖြစ်ကြ၏။ အကြိမ်များစွာဖြစ်၍ ခိုင်မြဲလာသော တဏှာကိုပင် ဤ၌ ဥပါဒါန်ဟု ဆိုသည်။ (၂၀) ဟူသည်မှာ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်စေတသိက် နာမ်တရား စုတို့တည်း။ သက္ကာယဒိဋ္ဌိမှာ လူ - ရဟန်းဟု စွဲလမ်း ယုံကြည်နေသော လောကသမညာအတ္တစွဲတည်း။ ယင်း အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည်ကား မနောဒွါရိကဇောဝီထိ ပုံစံအားဖြင့် ဖြစ်ခဲ့ကြ၏။ ဇောအသီး အသီး၌ တည်ရှိကြသော ယှဉ်ဖက် နာမ် တရားစုတို့ကိုပါ ဃနပြိုအောင် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် သိမ်းဆည်းရသဖြင့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန် အဝင်အပါ ဇောအသီးသီး၌ တည်ရှိကြသော နာမ်တရားစုတို့ကို ရည်ရွယ်၍ (၂၀)ဟု ရေးသားထား ပါသည်။ ဒိဋ္ဌိ မပါသော် (၁၉)၊ ပီတိ မပါသော် (၁၉)၊ ပီတိ ဒိဋ္ဌိ နှစ်မျိုးလုံး မပါသော် (၁၈) စသည်လည်း ရှိနိုင်၏။ ရှိသည့်အတိုင်း ဖြစ်ခဲ့သည့်အတိုင်း သိမ်းဆည်းရမည် ဖြစ်ပါသည်။]

## ကမ္မဝဋ် (၂) ပါး

၄။ သင်္ခါရ (၃၄) = ဝိပဿနာ ကုသိုလ်စေတနာအုပ်စု၊
၅။ ကံ = ယင်းဝိပဿနာ ကုသိုလ်စေတနာအုပ်စု (၃၄)၏ ကမ္မသတ္တိ၊

ယင်းကမ္မဝဋ်တရားတို့မှာလည်း မနောဒွါရိက ဇောဝီထိစိတ်အစဉ်များသာ ဖြစ်ကြပေသည်။ ဤသို့လျှင် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံဟူသော အတိတ်အကြောင်းတရား ငါးပါးတို့ကို သိမ်းဆည်းမှု လုပ်ငန်းကြီး-ကား အောင်မြင်သွားပြီ ဖြစ်ပေသည်။ သို့သော် ဤမျှဖြင့်ကား မကျေနပ်သင့်သေးပေ။ ဆက်လက်၍ ဆန်းစစ် သင့်သော အချက်များလည်း များစွာပင် ရှိနေသေး၏။ ယင်းအချက်တို့ကိုလည်း ဆက်လက်၍ တင်ပြအပ်ပါသည်။

## အာရုံချင်း တူညီရမည်

၁။ အတိတ်ဘဝ မရဏာသန္နဇော၏ အာရုံ,
၂။ လက်ရှိ ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေနာမ်တရားစု၏ အာရုံ,
၃။ လက်ရှိ ပစ္စုပ္ပန်ဘဝ ဘဝင်နာမ်တရားစု၏ အာရုံ,
၄။ လက်ရှိ ပစ္စုပ္ပန်ဘဝ စုတိနာမ်တရားစု၏ အာရုံ,

ဤအာရုံ (၄)မျိုးတို့ကား တူညီရမြဲ ဓမ္မတာ ဖြစ်၏။ အထက်တွင် ပုံစံထုတ်ပြထားသော ယောဂါဝစရ ပုဂ္ဂိုလ်၌ အထက်ပါ အာရုံတို့မှာ ကံအာရုံ တစ်ခုတည်းပင် ဖြစ်၏။ ဝိပဿနာ ကုသိုလ်စေတနာကံတည်း။ အကယ်၍ အတိတ်ဘဝ မရဏာသန္နဇော၏ အာရုံမှာ ကမ္မနိမိတ်ဖြစ်လျှင် လက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေ

ဘဝင် စုတိတို့မှာလည်း ယင်းကမ္မနိမိတ်အာရုံပင် ဖြစ်၏။ အကယ်၍ အတိတ်ဘဝ မရဏာသန္နဇောဇ၏ အာရုံမှာ ဂတိနိမိတ် အာရုံဖြစ်ခဲ့လျှင် လက်ရှိပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံမှာလည်း ယင်းဂတိနိမိတ် အာရုံပင်ဖြစ်သည်။ မရဏာသန္နဇော၏ အာရုံသည် တစ်မျိုးတည်းပင်ဖြစ်လျှင် အထက်တွင် ပုံစံထုတ်ပြထားသော ယောဂီ၌ အဘယ်ကြောင့် ကံအာရုံ အမျိုးမျိုး ထင်နေရပါသနည်း — ဤသို့ မေးရန်ရှိ၏။ မရဏာသန္နဇော မစောမီ မရဏာသန္နဇောနှင့် အလွန်နီးကပ်နေသော အချိန်ပိုင်းသို့ တိုင်အောင် လှမ်း၍ ရှုမိသောကြောင့်ဟု ဖြေဆိုရာ၏။ မရဏာသန္နဇောအခိုက်၌ကား ဝိပဿနာဘာဝနာကံအာရုံ တစ်မျိုးသာ နောက်ဆုံးထင်တော့သည် – ဟူ၏။

## နာမ်တရားချင်း တူညီမှု

အကယ်၍ အတိတ်ဘဝက ထူထောင်ခဲ့သော (လက်ရှိဘဝတွင် အကျိုးပေးနေသော) ကုသိုလ် သင်္ခါရ စေတနာအုပ်စုမှာ နာမ်တရား (၃၄)လုံး ရှိခဲ့လျှင် ဤဘဝ ပဋိသန္ဓေ ဘဝင် စုတိတို့၌လည်း နာမ်တရား (၃၄)လုံး စီပင် ရှိတတ်ကြ၏။ အကယ်၍ အတိတ်ဘဝက ထူထောင်ခဲ့သော ကုသိုလ် သင်္ခါရစေတနာအုပ်စုသည် သောမနဿဝေဒနာနှင့် ယှဉ်ခဲ့လျှင် ဤဘဝ ပဋိသန္ဓေ ဘဝင် စုတိတို့သည်လည်း သောမနဿဝေဒနာနှင့်ပင် ယှဉ်တတ်ကြ၏။ အကယ်၍ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော ကုသိုလ် သင်္ခါရစေတနာအုပ်စုသည် ဥပေက္ခာ ဝေဒနာနှင့် ယှဉ်ခဲ့လျှင် ဤဘဝ ပဋိသန္ဓေ ဘဝင် စုတိတို့သည်လည်း ဥပေက္ခာဝေဒနာနှင့်ပင် ယှဉ်တတ်ကြ၏။ ဤကား အမြတ်စား ထူထောင်ခဲ့သော တိဟိတ် ဥက္ကဋ္ဌကံအတွက် သတ်မှတ်ချက်တည်း။ အညံ့ဖြစ်သည့် တိဟိတ် ဩမကကံအတွက်မူ ပဋိသန္ဓေ ဘဝင် စုတိ၌ ဉာဏ်မယှဉ်နိုင်သဖြင့် စိတ်စေတသိက် အရေအတွက် လျော့-ဖွယ်ရာ ရှိပေသည်။ ဤအဆင့်အထိ အားထုတ်နိုင်သူတို့မှာ ယေဘုယျအားဖြင့် တိဟိတ်ပုဂ္ဂိုလ်တို့သာ အဖြစ်များကြသည်။ တိဟိတ်ဥက္ကဋ္ဌပုဂ္ဂိုလ်တို့ကိုသာ အတွေ့များ၏။

## ဘဝင်မနောအကြည်ဓာတ်

ဤအပိုင်းတွင် ဘဝင်မနောအကြည်ဓာတ် = မနောဒွါရ၏ အာရုံကို ရှု၍ရလာပြီ ဖြစ်သောကြောင့် ဘဝင်နာမ်တရား မည်ရွေ့မည်မျှ ရှိသည်ကို အတိအကျ သိအောင် မီးရာဝတ္ထုရုပ်နှင့် အာရုံကို ပူးတွဲ သိမ်းဆည်း-လျက် ယင်းဘဝင်စိတ်စေတသိက် = နာမ်တရားတို့ကို သိမ်းဆည်းပါ။ ပဋိသန္ဓေ ဘဝင် စုတိတို့၌ အာရုံချင်း, စိတ်စေတသိက် အရေအတွက်ချင်း တူညီမှု ရှိသည် မရှိသည်ကိုကား အကြိမ်ကြိမ် စစ်ဆေးပါ။ အကြိမ်ကြိမ် ရှုပါ။

## စံထားရမည့် မှတ်ကျောက်

အတိတ်က ရုပ်နာမ်အစဉ်သည် မိမိ၏ ရုပ်နာမ်အစဉ် ဟုတ်သည် မဟုတ်သည်ကို မည်သို့ သိရှိနိုင်ပါ-သနည်းဟု မေးမြန်းဖွယ်ရှိလာ၏။ အထက်တွင် ဖော်ပြထားသော ယောဂီ၏ ပုံစံကိုပင် စံထား၍ ရှင်းပြပါမည်။ ထိုယောဂီသည် အတိတ်အကြောင်းတရားတို့ကို ရှာဖွေရာဝယ် သေခါနီးကာလတွင် ကံလေးမျိုးတို့ အလုအယက် ထင်လာကြောင်းကို ဉာဏ်ဖြင့် တွေ့မြင်နေကြောင်းကို အထက်တွင် ရှင်းပြခဲ့၏။ ထိုတွင် —

၁။ ပဌမ ကံအာရုံ၌ စာချသည့်ပုဂ္ဂိုလ် စာတက်သည့်ပုဂ္ဂိုလ် -

၂။ ဒုတိယ ကံအာရုံ၌ တရားဟောသည့်ပုဂ္ဂိုလ် တရားနာသည့်ပုဂ္ဂိုလ် -

၃။ တတိယ ကံအာရုံ၌ တရားပြပေးသည့်ပုဂ္ဂိုလ် တရားသင်ယူနေသည့်ပုဂ္ဂိုလ် -

ဤသို့ ပုဂ္ဂိုလ်ခပ်များများလည်း ယင်းယောဂီ၏ မနောဒွါရတွင် ထင်လာ၏။ စာချသည့်ပုဂ္ဂိုလ် တရား-ဟောသည့်ပုဂ္ဂိုလ် တရားပြပေးသည့်ပုဂ္ဂိုလ်ဘက်၌ ပုဂ္ဂိုလ်တစ်ဦးတည်းပင် ဖြစ်သော်လည်း စာတက်သည့်ပုဂ္ဂိုလ်, တရားနာသည့်ပုဂ္ဂိုလ်, တရားသင်ယူနေသည့် ကမ္မဋ္ဌာန်းသင်ယူနေသည့် ပုဂ္ဂိုလ်တို့ဘက်၌ များစွာရှိနေကြ၏။ ယင်းပုဂ္ဂိုလ်တို့တွင် မည်သည့် ရုပ်နာမ်အစဉ်သည် မိမိ၏ ရုပ်နာမ်အစဉ်ဖြစ်သည်ကို အကြိမ်ကြိမ် ဆန်းစစ်ကြည့်ရ၏။

ယင်းသို့ ကောင်းမှုများကို ကုသိုလ်သင်္ခါရများကို ပြုစုပျိုးထောင်စဉ် ဉာဏ်ဖြင့် တွေ့မြင်နေသော ပုဂ္ဂိုလ်-တို့၌ တစ်ယောက်ပြီး တစ်ယောက် ဓာတ်ကြီး (၄)ပါးက စ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းကြည့်ပါ။ မိမိ၏ ရုပ်နာမ်-အစဉ် မဟုတ်ခဲ့ပါမူ လက်ရှိ ပဋိသန္ဓေတိုင်အောင်သော မိမိ၏ ရုပ်နာမ်အစဉ်အတန်းနှင့် အတိတ် ရုပ်နာမ်သည် အစဉ်အတန်း တစ်ခုတည်း မဟုတ်သည်ကို တွေ့ရှိနိုင်၏။ အကယ်၍ ထိုအတိတ် ရုပ်နာမ်သည် မိမိ၏ ရုပ်နာမ်-အစဉ် ဖြစ်ပါမူ မိမိ သိမ်းဆည်း၍ရသော ထိုအတိတ် ရုပ်နာမ်အစဉ်နှင့် ယခုလက်ရှိ ပဋိသန္ဓေသို့တိုင်အောင် သိမ်းဆည်းထားသော မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်သည် အပ်ချည်ကြိုး တစ်ချောင်းကို သွယ်တန်းထားသကဲ့သို့ အစဉ်အတန်း တစ်ခုတည်းအဖြစ် = ဖြစ်ပျက် ဖြစ်ပျက်နှင့် အဆက်မပြတ် ဖြစ်နေသော ရုပ်နာမ်အစဉ်အတန်း တစ်ခုတည်းအဖြစ် ယောဂီ၏ ဉာဏ်တွင် ထင်နေမည်ဖြစ်သည်။ ရုပ်နာမ်တို့ကို မြဲသည်ဟူ၍ ဆိုလိုသည်ကား မဟုတ်၊ ရှေးနှင့်နောက် ဆက်စပ်လျက် အထပ်ထပ် ဖြစ်ပျက်နေသည့် ဖြစ်ပျက် အစဉ်အတန်း အနေအထားဖြင့် အစဉ်အတန်း တစ်ခုတည်း ဖြစ်မှုကိုသာ ဆိုလိုပါသည်။ ထိုသို့ ရုပ်နာမ် အစဉ်အတန်း တစ်ခုတည်းအဖြစ် တစ်တန်းတည်းအဖြစ် ဉာဏ်တွင် တွေ့မြင်နေပါမူ ထိုအတိတ်က ရုပ်နာမ်အစဉ်မှာ မိမိ၏ ရုပ်နာမ်အစဉ်သာ ဖြစ်ကြောင်း အတိတ် ဘဝင်မနောအကြည်မှာ မိမိ၏ ဘဝင်မနောအကြည် ဖြစ်ကြောင်းကို ယောဂါဝစရ-ပုဂ္ဂိုလ်သည် လွယ်လွယ်ကူကူပင် သဘောပေါက် နားလည်နိုင်၏ သိရှိနိုင်၏။

**ဘဝင်မနောအကြည်** — သံသရာခရီး တစ်လျှောက်ဝယ် သတ္တဝါတို့၏ နာမ်သန္တတိအစဉ်တွင် ဘဝင်စိတ်များကား အများဆုံး ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ နာမ်တရားတို့ ဖြစ်ကြ၏။ အတိတ် ဘဝင်မနောအကြည်နှင့် ပစ္စုပ္ပန် ဘဝင်မနောအကြည်တို့ကို  အစဉ်အတန်း တစ်ခုတည်းအဖြစ် မြင်အောင် ဉာဏ်ဖြင့် ရှုမြင်တတ်ဖို့ ဤအပိုင်းတွင် အထူးလိုအပ်ပေသည်။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ (အံ-၁-၉။)

အထ ဝါ သဗ္ဗမ္ပိ စိတ္တံ သဘာဝတော ပဏ္ဍရမေဝ၊ အာဂန္တုကောပက္ကိလေသဝေါဒါနေ ဟိ ပန သာဝဇ္ဇာနဝဇ္ဇာနံ ဥပက္ကိလိဋ္ဌဝိသုဒ္ဓတရတာ ဟောန္တီတိ။ (မူလဋီ-၁-၉၅။)

ဤအထက်ပါ ဒေသနာတော်များနှင့်အညီ ဘဝင်စိတ်သည်ကား ပဘဿရ = ပြိုးပြိုးပြက်ပြက် အရောင် တလက်လက် ကြည်လင်တောက်ပလျက် ရှိ၏။ စိတ်အားလုံးသည်လည်း သဘာဝအားဖြင့် ဖြူစင်လျက် ကြည်လင်လျက်ပင် ရှိ၏။ ဧည့်သည် အာဂန္တုကသဖွယ် ဖြစ်ကုန်သော ကိလေသာတို့ကြောင့်သာ စိတ်တို့သည် ညစ်နွမ်းကြရကုန်၏။

သို့အတွက် အတိတ်က ဘဝင်မနောအကြည်ဓာတ်ကို ဦးစားပေးလျက် အတိတ် နာမ်သန္တတိအစဉ်ကို လှမ်းရှုသော ပုဂ္ဂိုလ်သည် ကြည်လင်နေသော ဘဝင်စိတ် အစဉ်အတန်းကိုလည်းကောင်း, ထိုဘဝင်အကြည်ဓာတ်တို့၏ အကြား အကြား၌ ဖြစ်သွားကြကုန်သော ကြည်နေသော ဖြူစင်နေသော ဝီထိစိတ်တို့ကိုလည်းကောင်း ဉာဏ်ဖြင့် တွေ့မြင်နေသောအခါ ကြည်လင်နေသော အနိစ္စအနေအထားအားဖြင့် ဖြစ်နေသော မနောအကြည် အစဉ်အတန်းကို အစဉ်အတန်းတစ်ခုအဖြစ် တစ်ဆက်တည်းအဖြစ် တွေ့မြင်နေတတ်၏။ လက်ရှိ မိမိ၏

နာမ်သန္တတိအစဉ်အထိ အဆက်မပြတ် ဖြစ်ပျက်နေသည့် အစဉ်အတန်းကို တွေ့နိုင်၏။ ထိုအခါ ထိုအတိတ်က ရုပ်နာမ်သန္တာန်အစဉ်သည် မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်ပင် ဖြစ်ကြောင်းကို ယောဂါဝစရပုဂ္ဂိုလ်သည် အလွယ်-တကူပင် နားလည် သဘောပေါက်သွားပေသည်။

## ကိလေသဝဋ် ခန္ဓာ (၅) ပါး

အထက်တွင် ဖော်ပြထားသော ကိလေသဝဋ် အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်၊ ဇော (၇)ကြိမ်၊ တဒါရုံ (၂)ကြိမ် အနေအထားဖြင့် ဖြစ်ခဲ့ကြ၏။

၁။ မနောဒွါရာဝဇ္ဇန်း၌ စိတ်+စေတသိက် = နာမ်တရား - ၁၂ -
၂။ ဇောအသီးအသီး၌ စိတ်+စေတသိက် = နာမ်တရား - ၂၀ -
၃။ တဒါရုံအသီးအသီး၌ စိတ်+စေတသိက် = နာမ်တရား - ၃၄ - (၁၂)
ယင်းနာမ်တရားစုတို့ကား နာမ်ခန္ဓာ (၄)ပါးတို့တည်း။
၄။ ယင်းခန္ဓာလေးပါးတို့၏ မှီရာ ဟဒယဝတ္ထုနှင့် တကွသော (၅၄)မျိုးသော ရုပ်တရားတို့ကား ရူပက္ခန္ဓာတည်း။ သို့အတွက် —

၁။ မနောဒွါရာဝဇ္ဇန်း၌ ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါး, အလားတူပင်
၂။ ဇောအသီးအသီး၌ ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါး,
၃။ တဒါရုံအသီးအသီး၌ ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါး,

ဤသို့ အသီးအသီး ရှိကြ၏။ ဇောနှင့် တဒါရုံတို့၌ ယောဂါဝစရပုဂ္ဂိုလ်တို့ဝယ် တစ်ဦးနှင့် တစ်ဦး စိတ်စေတသိက် အရေအတွက် မတူညီတတ်ကြပေ။ အရေအတွက် အယုတ်အလျော့ ရှိနိုင်၏။ တဒါရုံမှာ ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ အဟိတ်ဝိပါက်တဒါရုံ, မဟာဝိပါက်တဒါရုံ ထိုက်သလိုကျနိုင်၏။

## ကမ္မဝဋ် ခန္ဓာ (၅) ပါး

အထက်တွင် ပုံစံထုတ်ပြထားသော ယောဂါဝစရပုဂ္ဂိုလ်တွင် ကမ္မဝဋ်ဖြစ်ကြသော သင်္ခါရနှင့် ကံတို့မှာ ဝိပဿနာစေတနာတို့ ဖြစ်ကြောင်းကို အထက်၌ တင်ပြခဲ့၏။ ထိုကမ္မဝဋ်တရားတို့မှာလည်း —

၁။ မနောဒွါရာဝဇ္ဇန်း (၁)ကြိမ် = နာမ်တရား-၁၂လုံး။
၂။ ဇော (၇)ကြိမ် = နာမ်တရား (၃၄)လုံးစီ။
၃။ တဒါရုံ (၂)ကြိမ် = နာမ်တရား (၃၄)လုံးစီ။ —

ဤသို့သော မနောဒွါရဝီထိ အနေအထားဖြင့် ဖြစ်ခဲ့ကြ၏။ ယင်းဝီထိစိတ် အသီးအသီးတို့၏ မှီရာဝတ္ထုရုပ် အသီးအသီးတို့ကား (ဟဒယဝတ္ထုနှင့်တကွ ၅၄-မျိုးကုန်သော ရုပ်တရားတို့ကား) ရူပက္ခန္ဓာတည်း။ ထိုကြောင့် -

၁။ မနောဒွါရာဝဇ္ဇန်း၌ ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါး,
၂။ ဇောအသီးအသီး၌ ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါး,
၃။ တဒါရုံအသီးအသီး၌ ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါး,

ဤသို့ အသီးအသီး ဖြစ်ကြ၏။ နုသော တရုဏ ဝိပဿနာဇောများ၏ နောင်၌ တဒါရုံ ကျနိုင်ကြောင်းကို ရှေးနာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရှင်းလင်းတင်ပြထားပြီး ဖြစ်၏။ အချို့ ယောဂီများ၌ တဒါရုံမှာ မကျတတ်ပေ။ အချို့

ယောဂီများ၌ တဒါရုံကျတတ်၏။ ဇောနှင့်တဒါရုံတို့၌ ယောဂီတစ်ဦးနှင့်တစ်ဦး စိတ်စေတသိက် အရေအတွက် အယုတ်အလျော့ ရှိတတ်၏။ ပီတိပါသည်လည်း ရှိတတ်၏၊ မပါသည်လည်း ရှိတတ်၏။ ဉာဏ်ပါသည်လည်း ရှိတတ်၏၊ ဉာဏ်မပါသည်လည်း ရှိတတ်၏၊ သောမနဿဝေဒနာနှင့် ယှဉ်သည်လည်း ရှိတတ်၏၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်လည်း ရှိတတ်၏။ တဒါရုံမှာလည်း အဟိတ်တဒါရုံ သဟိတ် မဟာဝိပါက်တဒါရုံ ထိုက်သလို ဖြစ်နိုင်၏။

## ဝိပါကဝဋ် ခန္ဓာ (၅) ပါး

အထက်တွင် ပဋိသန္ဓေ ခန္ဓာငါးပါးတို့ကိုလည်းကောင်း၊ ယင်းခန္ဓာငါးပါးတို့ကို သိမ်းဆည်းပုံကိုလည်းကောင်း ဖော်ပြခဲ့၏။ ယင်းပဋိသန္ဓေ ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့ကား ဝိပါကဝဋ်တွင် အကျုံးဝင်၏။ ဤအဆင့်အထိ ရောက်ရှိလာသော ယောဂါဝစရပုဂ္ဂိုလ်သည် လက်ရှိ ပစ္စုပ္ပန်ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါးမှစ၍ ဤဘဝ ပဋိသန္ဓေသို့တိုင်အောင်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သိမ်းဆည်းထားပြီး ဖြစ်နေ၏။ ယင်းခန္ဓာငါးပါးတို့တွင် ဝိပါကဝဋ် ခန္ဓာငါးပါးတို့လည်း များစွာပါဝင်လျက်ပင် ရှိကြ၏။ ဘဝင်ခန္ဓာငါးပါး, ပဉ္စဝိညာဏ်ခန္ဓာငါးပါး, သမ္ပဋိစ္ဆိုင်း ခန္ဓာငါးပါး, သန္တီရဏခန္ဓာငါးပါး, တဒါရုံခန္ဓာငါးပါးတို့ ဖြစ်ကြ၏။ အရာကျယ်၏။

## ကြောင်း–ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရား

ယောဂါဝစရပုဂ္ဂိုလ်သည် ဤကိလေသဝဋ်ခန္ဓာငါးပါး, ကမ္မဝဋ်ခန္ဓာငါးပါး, ဝိပါကဝဋ်ခန္ဓာငါးပါးတို့ကို သိမ်းဆည်းပြီးသောအခါ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို တစ်ဆင့်တက်၍ သိမ်းဆည်းနိုင်ပြီ ဖြစ်ပေသည်။

၁။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော ကိလေသဝဋ်ကြောင့် သင်္ခါရ ကံဟူသော ကမ္မဝဋ် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

(က) ကိလေသဝဋ် မနောဒွါရဝီထိကို အကြောင်းခံ၍
(ခ) ကမ္မဝဋ် မနောဒွါရဝီထိဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍

(က) ကိလေသဝဋ်က အကြောင်းတရား
(ခ) ကမ္မဝဋ်က အကျိုးတရား ဤသို့ သိမ်းဆည်းရ၏။ တစ်ဖန် –

၂။ ကမ္မဝဋ် မနောဒွါရဝီထိကို အကြောင်းခံ၍ ဝိပါကဝဋ် ပဋိသန္ဓေ ခန္ဓာငါးပါး ထင်ရှားဖြစ်ပေါ်လာပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ –

(က) ကမ္မဝဋ်က အကြောင်းတရား
(ခ) ဝိပါကဝဋ်က အကျိုးတရား – ဤသို့စသည်ဖြင့် သိမ်းဆည်းရ၏။

## တစ်နည်းဆိုရသော်

အတိတ်က ပြုစုပျိုးထောင်ထားခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကြောင့် ပစ္စုပ္ပန် ပဋိသန္ဓေ ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်း အတိတ်အကြောင်းတရားများကြောင့် ပစ္စုပ္ပန် ပဋိသန္ဓေကမ္မဇရုပ်တို့ ထင်ရှားဖြစ်ပေါ်လာပုံကို ဉာဏ်ဖြင့် တွေ့မြင်သောအခါ ဤသို့ အကြောင်းအကျိုးတို့ကို သိမ်းဆည်းပါ။

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်၏၊
အဝိဇ္ဇာ (၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ ရူပက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်၏၊
တဏှာ (၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ ရူပက္ခန္ဓာက အကျိုးတရား၊
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်၏၊
ဥပါဒါန် (၂၀)က အကြောင်းတရား၊ ပဋိသန္ဓေရူပက္ခန္ဓာက အကျိုးတရား၊
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်၏၊
သင်္ခါရ (၃၄)က အကြောင်းတရား၊ ပဋိသန္ဓေရူပက္ခန္ဓာက အကျိုးတရား၊
၅။ ကံ ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်၏၊
ကံက အကြောင်းတရား၊ ပဋိသန္ဓေရူပက္ခန္ဓာက အကျိုးတရား —

ဤသို့စသည်ဖြင့် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရ၏။ (အကျယ်ကို နောက်တွင် ထပ်မံ၍ ဖော်ပြပါမည်။) ဤသို့လျှင် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ကိလေသဝဋ်ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါး, ကမ္မဝဋ်ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါး, ဝိပါကဝဋ်ခန္ဓာငါးပါး = ရုပ်နာမ်နှစ်ပါးတို့ကို ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ သိမ်းဆည်းထားရ၏၊ ဉာဏ်ဖြင့် ပိုင်းခြားယူထားရ၏။ အဘယ်ကြောင့်နည်းဟူမူ အောက်ပါ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၏ ညွှန်ကြား သတ်မှတ်ထားချက်ကြောင့်ပင် ဖြစ်ပေသည်။

## ဓမ္မဋ္ဌိတိဉာဏ်

“နာမရူပဝဝတ္ထာနေ ဉာဏ”န္တိ အဝတွာ ဧဝ ကသ္မာ “ဓမ္မဋ္ဌိတိဉာဏ”န္တိ ဝုတ္တန္တိ စေ? ပစ္စယပရိဂ္ဂဟေနေဝ ပစ္စယသမုပ္ပန္နပရိဂ္ဂဟဿ သိဒ္ဓတ္တာ။ ပစ္စယသမုပ္ပန္နေ ဟိ အပရိဂ္ဂဟိတေ ပစ္စယပရိဂ္ဂဟော န သက္ကာ ဟောတိ ကာတုံ။ တသ္မာ ဓမ္မဋ္ဌိတိဉာဏဂဂဟဏေနေဝ တဿ ဟေတုဘူတံ ပုဗ္ဗေ သိဒ္ဓံ နာမရူပဝဝတ္ထာနဉာဏံ ဝုတ္တမေဝ ဟောတီတိ ဝေဒိတဗ္ဗံ။ ကသ္မာ ဒုတိယတတိယဉာဏံ ဝိယ “သမာဒဟိတွာ ပစ္စယပရိဂ္ဂဟေ ပညာ”တိ န ဝုတ္တန္တိ စေ? သမထဝိပဿနာနံ ယုဂနဒ္ဓတ္တာ။

“သမာဒဟိတွာ ယထာ စေ ဝိပဿတိ၊
ဝိပဿမာနော တထာ စေ သမာဒဟေ။
ဝိပဿနာ စ သမထော စ တဒါ အဟု၊
သမာနဘာဂါ ယုဂနဒ္ဓါ ဝတ္တရေ”တိ —

ဟိ ဝုတ္တံ။ တသ္မာ သမာဓိံ အဝိဿဇ္ဇေတွာ သမာဓိဉ္စ ဉာဏဉ္စ ယုဂနဒ္ဓံ ကတွာ ယာဝ အရိယမဂ္ဂေါ တာဝ ဥဿုက္ကာပေတဗ္ဗန္တိ ဉာပနတ္ထံ “ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏ” မိစ္စေဝ ဝုတ္တန္တိ ဝေဒိတဗ္ဗံ ။

(ပဋိသံ-ဋ္ဌ-၁-၁၈ ။)

ဤအထက်ပါ အဋ္ဌကထာ စကားရပ်များမှာ — **ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ** = အကြောင်းတရားတို့ကို သိမ်းဆည်းခြင်း၌ ပညာသည် ဓမ္မဋ္ဌိတိဉာဏ် မည်၏။ (ပဋိသံ-၁။)ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးနှင့် စပ်၍ ဖွင့်ဆိုထားသော စကားရပ်များ ဖြစ်ကြ၏။ ယင်းအဋ္ဌကထာစကားရပ်တို့၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏-

ရုပ်နာမ်တို့ကို ပိုင်းခြားမှတ်သားတတ်သည့် နာမရူပဝဝတ္ထာနဉာဏ်ဟု မခေါ်ဆိုဘဲလျှင် အဘယ်ကြောင့် ဓမ္မဋ္ဌိတိဉာဏ်ဟု ခေါ်ဆိုရပါသနည်းဟု ဤသို့ အကယ်၍ မေးငြားအံ့ — အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။

အကျိုးပစ္စယုပ္ပန်တရားတို့သည် အကြောင်းတရား၌ တည်နေကြကုန်၏။ အကြောင်းတရားကြောင့်သာ ထင်ရှား ဖြစ်ပွားလာကြကုန်၏။ ယင်းသို့ အကျိုးပစ္စယုပ္ပန်တရားတို့၏ တည်နေကြောင်း ဖြစ်ပေါ်လာကြောင်း ဖြစ်သော အကြောင်းတရားစုသည် **ဓမ္မဋ္ဌိတိ** မည်၏။ ထိုအကျိုးပစ္စယုပ္ပန်တရားစုတို့၏ တည်ရာ ဖြစ်ပေါ်လာရာ အကြောင်းတရားစုကို ထိုးထွင်းသိသော ဉာဏ်သည် **ဓမ္မဋ္ဌိတိဉာဏ်** မည်၏။ ဤဓမ္မဋ္ဌိတိ အမည်ရသော ဉာဏ်သည် —

ဥပစာရသမာဓိ သို့မဟုတ် အပ္ပနာဈာန်သမာဓိကဲ့သို့သော တစ်မျိုးမျိုးသော ကောင်းစွာတည်ကြည်သော သမာဓိနှင့်ယှဉ်သော ဘာဝနာစိတ်ဖြင့် ရုပ်နာမ်တို့ကို ပရမတ္ထဓမ္မသဘာဝလက္ခဏာသို့ ဆိုက်အောင် ဟုတ်တိုင်း-မှန်စွာ သိမြင်တတ်သော **ယထာဘူတဉာဏဒဿန** အလို့ငှါ ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းတို့ကို ကြိုးစားအားထုတ်၍ ပိုင်းခြား မှတ်သားအပ်ပြီးသော နာမ်ရုပ်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ သန္တာန်ဝယ် ထိုနာမ်ရုပ်တို့၏ အကြောင်းတရားတို့ကို သိမ်းဆည်းဖို့ရန် ဉာဏ်ဖြင့် ပိုင်းခြားယူဖို့ရန် အလှည့် ဆိုက်ရောက်လာသောအခါ ထိုနာမ်ရုပ်တို့၏ အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သဖြင့် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်သော အခါ၌ ဖြစ်ပေါ်လာပေသည်။

တစ်ဖန် ယင်းအကြောင်းတရားတို့ ဟူသည်မှာလည်း အထက်တွင် အကြိမ်ကြိမ် ရှင်းပြခဲ့သည့်အတိုင်း ကိလေသဝဋ် အမည်ရသော ခန္ဓာငါးပါး = ရုပ်တရား နာမ်တရား, ကမ္မဝဋ် အမည်ရသော ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတို့သာ ဖြစ်ကြ၏။ နာမ်ရုပ်မှ အလွတ်ဖြစ်သော အကြောင်းတရားမည်သည် မရှိစကောင်းပေ။ ယင်းသို့ ဖြစ်လျှင် အကြောင်းရုပ်နာမ်တို့ကို သိမ်းဆည်းတတ်သည့် ပိုင်းခြားယူတတ်သည့် ဉာဏ်ကိုလည်း **နာမရူပ-ဝဝတ္ထာနဉာဏ်**ဟု မခေါ်ဆိုဘဲလျှင် အဘယ်ကြောင့် **ဓမ္မဋ္ဌိတိဉာဏ်**ဟူ၍ ခေါ်ဆိုအပ်ပါသနည်းဟု မေးရန်ရှိလာ၏၊ ယင်းအမေးကို အထက်ဖော်ပြပါ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာက ရှင်းပြခြင်း ဖြေဆိုခြင်း ဖြစ်သည်။

**အဖြေ** — အကျိုးပစ္စယုပ္ပန် နာမ်ရုပ်တို့ကို မသိမ်းဆည်းနိုင်လျှင် ဉာဏ်ဖြင့် ပိုင်းခြားမယူနိုင်လျှင် အကြောင်းတရားတို့ကို သိမ်းဆည်းမှုဟူသော ပစ္စယပရိဂ္ဂဟဉာဏ်သည် ဖြစ်ပေါ်မလာနိုင်။ ဆိုလိုသည်မှာ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း —

အတိတ်အကြောင်းတရားများအဖြစ် သတ်မှတ်ထားသော —

၁။ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ဦးဆောင်ပြဓာန်းသည့် ကိလေသဝဋ် အမည်ရသော ခန္ဓာငါးပါး = ရုပ်နာမ် တရား-

၂။ ကုသိုလ် သင်္ခါရစေတနာ ဦးဆောင်ပြဓာန်းသည့် ကမ္မဝဋ် အမည်ရသော ခန္ဓာငါးပါး = ရုပ်နာမ်တရား-

ဤကိလေသဝဋ် ကမ္မဝဋ် အမည်ရသော နာမ်ရုပ်တရားတို့သည်လည်း ယင်းနာမ်ရုပ်တို့ကို ဖြစ်ပေါ်စေတတ်သည့် ဆိုင်ရာအကြောင်းတရားများ ထင်ရှားရှိကြသည်သာ ဖြစ်၏။ ယင်းကိလေသဝဋ် ကမ္မဝဋ် အမည်ရ-ကြသော နာမ်ရုပ်အုပ်စုတို့သည် အကြောင်းကင်း၍ အကြောင်းမရှိဘဲ အလိုအလျောက် ဖြစ်ပေါ်လာကြသော တရားစုတို့ကား မဟုတ်ကြပေ။ သင်္ခတပရမတ်နယ်၌ အကြောင်းမရှိဘဲ အလိုအလျောက် ဖြစ်ပေါ်လာသော တရားမည်သည် မရှိစကောင်းသောကြောင့် ဖြစ်၏။

ဤသို့လျှင် ကိလေသဝဋ် ကမ္မဝဋ်အမည်ရသော ယင်းနာမ်ရုပ်အုပ်စုတို့သည် ဆိုင်ရာဆိုင်ရာ အကြောင်းတရားစုတို့ကို စွဲမှီ၍သာ ဖြစ်ပေါ်လာကြရသော သဘာဝဓမ္မ သင်္ခတပရမတ်တရားများသာ ဖြစ်ကြရသဖြင့် ယင်းကိလေသဝဋ် ကမ္မဝဋ် နာမ်ရုပ်အစုတို့သည်လည်း ဆိုင်ရာအကြောင်းတရားဘက်က ကြည့်သော် အကျိုး ပစ္စယုပ္ပန္နဓမ္မ အမည်ရကြသည်သာ ဖြစ်ကြ၏။

၁။ **အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော** = (မ-၁-၆၇။) = အာသဝေါတရားတို့ကို အကြောင်းခံ၍ အဝိဇ္ဇာသည် ထင်ရှားဖြစ်ပေါ်လာ၏ဟု ဘုရားရှင်သည် ဟောကြားထားတော်မူခြင်းကြောင့် အာသဝေါတရားတို့ကား အကြောင်းပစ္စည်းတရား, အဝိဇ္ဇာကား အကျိုးပစ္စယုပ္ပန်တရားတည်း။

၂။ **ဝေဒနာပစ္စယာ တဏှာ** — ဝေဒနာကို အကြောင်းခံ၍ တဏှာသည် ဖြစ်ပေါ်လာ၏ဟု ဟောတော်မူခြင်းကြောင့် ဝေဒနာကား အကြောင်းပစ္စည်းတရား, တဏှာကား အကျိုးပစ္စယုပ္ပန်တရားတည်း။

၃။ **တဏှာပစ္စယာ ဥပါဒါနံ** — တဏှာကို အကြောင်းခံ၍ ဥပါဒါန်သည် ဖြစ်ပေါ်လာရ၏ဟု ဘုရားရှင် ဟောကြားထားတော်မူခြင်းကြောင့် တဏှာကား အကြောင်းပစ္စည်းတရား, ဥပါဒါန်ကား အကျိုးပစ္စယုပ္ပန်တရားတည်း။

၄။ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** — သစ္စာလေးပါး အမှန်တရားကိုမသိမှု အဝိဇ္ဇာကို အကြောင်းခံ၍ သင်္ခါရတရားတို့သည် ထင်ရှား ဖြစ်ပွားလာကြရကုန်၏ဟု ဘုရားရှင် ဟောကြားထားတော်မူခြင်းကြောင့် အဝိဇ္ဇာကား အကြောင်းပစ္စည်းတရား, သင်္ခါရတို့ကား အကျိုးပစ္စယုပ္ပန်တရားတို့တည်း။

၅။ **ဥပါဒါနပစ္စယာ ဘဝေါ** — ဥပါဒါန်ကို အကြောင်းခံ၍ ကမ္မဘဝ (ဥပပတ္တိဘဝ)သည် ဖြစ်ပေါ်လာရ၏ဟု ဘုရားရှင်သည် ဟောကြားထားတော်မူခြင်းကြောင့် ဥပါဒါန်ကား အကြောင်းပစ္စည်းတရား, ကမ္မဘဝ = ကံကား အကျိုးပစ္စယုပ္ပန်တရားတည်း။

ဤသို့လျှင် အတိတ် အကြောင်းတရားများအဖြစ် သတ်မှတ်ထားသော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့သည်လည်း တစ်နည်းဆိုသော် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ ဦးဆောင် ပြဓာန်းသည့် နာမ်ရုပ် အစုတို့သည်လည်း ယင်းတို့၏ စွဲမှီရာ ဆိုင်ရာဆိုင်ရာ အတိတ်ဘဝက ဖြစ်ခဲ့သော ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့သည် ထင်ရှား ရှိကြကုန်သည်သာ ဖြစ်ကြ၏။ သို့အတွက် ယင်းတို့ကို ဖြစ်ပေါ်စေတတ်သော ဆိုင်ရာဆိုင်ရာ အကြောင်းတရားများဘက်က ကြည့်ခဲ့သော် ယင်းအဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ ဦးဆောင် ပြဓာန်းသော နာမ်ရုပ် အစုအပုံတို့သည်လည်း ပစ္စယုပ္ပန္နဓမ္မ = ပစ္စယသမုပ္ပန္နဓမ္မ = အကြောင်းတရားတို့ကို စွဲမှီ၍ ဖြစ်ပေါ်လာကြသော အကျိုးတရားဟူသော အမည်ကို ရကြသည်သာ ဖြစ်ကြ၏။

ယောဂါဝစရပုဂ္ဂိုလ်သည် ပစ္စယသမုပ္ပန္န အမည်ရသော ဆိုင်ရာ အကြောင်းတရားတို့ကို စွဲမှီ၍ ဖြစ်ပေါ်-လာကြသော ကိလေသဝဋ် ကမ္မဝဋ်ဟု အမည်တပ်ထားသော ယင်းနာမ်ရုပ်အစုတို့ကို ရှေးဦးစွာ မသိမ်းဆည်းနိုင်သေးလျှင် ယင်းနာမ်ရုပ်အစုကြောင့် = တစ်နည်းဆိုသော် ယင်းကိလေသဝဋ် ကမ္မဝဋ် အမည်ရသော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကြောင့် ဤပစ္စုပ္ပန်ဘဝတွင် ပဋိသန္ဓေဝိပါက်ဝိညာဏ်စသော ဝိပါက်နာမ်ရုပ်တို့ ထင်ရှားစွာ ဖြစ်ပွားပေါ်ပေါက်၍ လာကြရသည်ကို မည်သို့မျှ သိရှိနိုင်မည် မဟုတ်ပေ။ အကြောင်းတရား အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောတရားကို မည်သို့မျှ သိရှိနိုင်မည် မဟုတ်ပေ၊ အကြောင်းတရား အကျိုးတရားတို့ကို ကြောင်းကျိုးစပ်လျက် မည်သို့မျှ သိမ်းဆည်းနိုင်မည် မဟုတ်ပေ။ အကြောင်းတရား အကျိုးတရားတို့ကို မသိမ်းဆည်းနိုင်ပါက ပစ္စယပရိဂ္ဂဟဉာဏ်ကိုလည်း မည်သည့်နည်းနှင့်မျှ ရရှိနိုင်တော့မည် မဟုတ်ပေ။

**တစ်နည်း** — အတိတ်က အဝိဇ္ဇာ တဏှာ ဥပါဒါန် ဦးဆောင်ပြဓာန်းသည့် ကိလေသဝဋ် နာမ်ရုပ်တို့ကို မသိမ်းဆည်းနိုင်သေးပါက ယင်းကိလေသဝဋ်ကြောင့် သင်္ခါရ ကံ ဟူသော ကမ္မဝဋ် ဖြစ်ပေါ်လာရသည်ကို မည်သို့မျှ မသိနိုင်ပေ။ တစ်ဖန် ယင်းသင်္ခါရ-ကံဟူသော ကမ္မဝဋ် နာမ်ရုပ်တရားစုတို့ကို မသိမ်းဆည်းနိုင်သေးပါက

ယင်းကမ္မဝဋ်ကြောင့် ဤပစ္စုပ္ပန်တွင် ပဋိသန္ဓေဝိညာဏ်ဟူသော ဝိပါကဝဋ် ဖြစ်ပေါ်လာရသည်ကို မည်သို့မျှ မသိနိုင်ပေ။ တစ်ဖန် ယင်းပဋိသန္ဓေဝိညာဏ်ကို မသိမ်းဆည်းနိုင်သေးပါက ယင်းပဋိသန္ဓေဝိညာဏ်ကြောင့် ပဋိသန္ဓေနာမ်ရုပ် ဖြစ်သည်ကို မည်သို့မျှ သိမ်းဆည်း၍ ရနိုင်မည် မဟုတ်ပေ။ တစ်ဖန် ယင်းပဋိသန္ဓေနာမ်ရုပ်ကို မသိမ်းဆည်းနိုင်သေးပါက ယင်းနာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်ကို မည်သို့မျှ သိမ်းဆည်းနိုင်မည် မဟုတ်ပေ။ ဤသို့စသည်ဖြင့် သဘောပေါက်ပါလေ။

ထိုကြောင့် နာမရူပဝဝတ္ထာနဉာဏ်ဟု မသုံးစွဲဘဲ **ဓမ္မဋ္ဌိတိဉာဏ်**ဟု သုံးစွဲလိုက်ခြင်းဖြင့် ထိုဓမ္မဋ္ဌိတိဉာဏ်၏ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းဖြစ်သော ဓမ္မဋ္ဌိတိဉာဏ်မဖြစ်မီ ဓမ္မဋ္ဌိတိဉာဏ်ကိုရအောင် အားမထုတ်မီ ရှေးအဖို့၌ ကြိုတင် ပြီးစီးထားပြီး ဖြစ်ရမည့် နာမ်ရုပ်ကို ပိုင်းခြားမှတ်သားခြင်း (အတိတ်နာမ်ရုပ် ပစ္စုပ္ပန်နာမ်ရုပ် နှစ်မျိုးလုံးကို ပိုင်းခြားမှတ်သားခြင်း) **နာမရူပဝဝတ္ထာနဉာဏ်**ကို ဟောပြီးသားသာလျှင် ဖြစ်သည်ဟု သိရှိပါလေ။

ယင်းသို့ဖြစ်လျှင် ဒုတိယ သီလမယဉာဏ်, တတိယ သမာဓိဘာဝနာမယဉာဏ်ကဲ့သို့ ဤဓမ္မဋ္ဌိတိဉာဏ်၌လည်း — သမာဒဟိတွာ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ = တည်ကြည်သောသမာဓိကို ရရှိပြီး၍ အကြောင်းတရားတို့ကို သိမ်းဆည်းခြင်း၌ဖြစ်သော ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏ဟု အဘယ့်ကြောင့် မဟောပါသနည်းဟု မေးရန်ရှိလာပြန်၏။

အဖြေမှာ သမထနှင့် ဝိပဿနာတို့ကို အစုံအစုံအားဖြင့် ပွားများထိုက်သောကြောင့် ဟူ၏။

“အကယ်၍ သမာဓိကို ထူထောင်ပြီးမှ ဝိပဿနာရှုသည် ဖြစ်အံ့၊ သမာဓိကို ထူထောင်ပြီးမှ ဝိပဿနာရှုသကဲ့သို့ အလားတူပင် ဝိပဿနာရှုသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း အကယ်၍ သမာဓိကို တစ်ဖန်ထပ်၍ ထူထောင်သည် ဖြစ်အံ့၊ ထိုအခါ၌ ဝိပဿနာသည်လည်းကောင်း သမထသည်လည်းကောင်း တူညီသော အဖို့ဘာဂ ညီမျှသော အဖို့ဘာဂ ရှိနေ၏၊ ထမ်းပိုးတစ်ခု၌ နွားနှစ်ကောင်တို့ကို အတူယှဉ်တွဲ၍ က,ထားသကဲ့သို့ သမထနှင့် ဝိပဿနာတို့သည် ယှဉ်စုံတွဲ၍ ဖြစ်ပေါ်နေကြကုန်၏။” —

ဤသို့ ဟောကြားထားတော်မူ၏။ (အာနာပါန စတုတ္ထဈာန်ကဲ့သို့သော သမာဓိတစ်ခုခုကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဝင်စားပြီးလျှင် ထိုသမာဓိမှ ထသောအခါ ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာသို့ ကူးသွား၏၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာအခိုက်၌ တစ်ဖန်ထပ်၍ ပထမဈာန်ကို ဝင်စား၏၊ ယင်းပထမဈာန်မှ ထ၍ ယင်းပထမဈာနသမာပတ္တိဝီထိ၏ အတွင်း၌ တည်ရှိကြသော ဈာနသမာပတ္တိ နာမ်တရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာရှု၏၊ တစ်ဖန် ဒုတိယဈာန်ကို ဝင်စား၏၊ ယင်းဒုတိယဈာန်မှ ထ၍ ယင်းဒုတိယဈာနသမာပတ္တိဝီထိ၏ အတွင်း၌ တည်ရှိကြသော ဒုတိယဈာနသမာပတ္တိ နာမ်တရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာရှုရပြန်၏ – ဤသို့စသည်ဖြင့် ထိုထိုဈာန်ကို ဝင်စား၍ ထိုထိုဈာန်မှထလျက် ထိုထိုဈာနသမာပတ္တိ နာမ်တရားတို့ကို ဝိပဿနာရှုခဲ့သော် သမထနှင့် ဝိပဿနာကို အစုံအစုံအားဖြင့် ယှဉ်လျက် ဖြစ်ပေါ်လာအောင် ကျင့်သည်မည်၏၊ ယုဂနဒ္ဓနည်း ဟူလိုသည်။ ဤသဘောတရားတို့ကို အထက်ပါ စကားရပ်တို့က ရည်ညွှန်းထားပေသည်။) (ယုဂနဒ္ဓနည်းအကြောင်းသည် ဝိပဿနာပိုင်းတွင် ထင်ရှားလတ္တံ့။)

ထိုကြောင့် သမာဓိကို မစွန့်လွှတ်ဘဲ သမာဓိကိုလည်းကောင်း, ဉာဏ်ကိုလည်းကောင်း အစုံယှဉ်စပ်ဖွဲ့ချည်မှုကို ပြု၍ အရိယမဂ်သို့ ဆိုက်ရောက်သည်တိုင်အောင် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ထိုက်၏ဟု သိစေခြင်း အကျိုးငှာ - **ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ** = အကြောင်းတရားတို့ကို သိမ်းဆည်းခြင်း၌ဖြစ်သော ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏ ဟူ၍သာလျှင် ဟောကြားတော်မူအပ်၏ဟု သိရှိပါလေ။ (ပဋိသံ-ဋ္ဌ-၁-၁၈။)

ဤကား အထက်ပါ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၏ ဆိုလိုရင်း အဓိပ္ပါယ်တည်း။

ထိုကြောင့် အသင်သူတော်ကောင်းသည် လက်ရှိပစ္စုပ္ပန် ပဋိသန္ဓေဝိညာဏ်၏ အကြောင်းတရားတို့ကို ရှာဖွေရာ၌ ယင်းပဋိသန္ဓေဝိညာဏ်၏ အကြောင်းတရားအဖြစ် သတ်မှတ်ခြင်းခံရသော ကိလေသဝဋ် ကမ္မဝဋ် နာမ်ရုပ်တရားစုတို့ကို ရှေးဦးစွာ တွေ့ရှိအောင် ရှာဖွေရ၏၊ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်အောင် ကြိုးစားရ၏။ ဉာဏ်ဖြင့် ထွင်းဖောက် သိမြင်ခဲ့သော် ယင်းကိလေသဝဋ် ကမ္မဝဋ် နာမ်တရား ရုပ်တရားတို့ကို ဃနအသီးအသီး ပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် နာမ်ရုပ်တို့ကို ပိုင်းခြား မှတ်သားခြင်း နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိအောင် နာမ်ရုပ်ကို ပိုင်းခြားမှတ်သားခြင်းကို ရှေးဦးစွာ ကြိုတင် ပြုလုပ်ရ၏။ ယင်းသို့ ပြုလုပ် ပြီးစီးသော အခါကျမှသာလျှင် —

ယင်းကိလေသဝဋ် ကမ္မဝဋ် ဖြစ်ကြသော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ တို့ကြောင့် ဝိပါကဝဋ်တွင် အကျုံးဝင်သော ဤပစ္စုပ္ပန် ပဋိသန္ဓေဝိညာဏ်စသည်တို့၏ ဖြစ်ပေါ်လာပုံ အခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းမှုကို ဆက်လက်၍ ရှုပွားရမည် ဖြစ်သည်။

တစ်နည်းဆိုသော် – ယင်းကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ပုံ, ယင်းကမ္မဝဋ်ကြောင့် ပစ္စုပ္ပန်၌ ဝိပါကဝဋ် ဖြစ်ပုံတို့ကို ဉာဏ်ဖြင့် မြင်အောင်ရှု၍ = အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ရှု၍ အကြောင်းတရား အကျိုးတရားတို့ကို ဆက်လက် သိမ်းဆည်းပါ။ ဤသည်ကား ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို ရှုရာ၌ ကြိုတင် သိထားရမည့် စည်းကမ်း ဥပဒေသတစ်ရပ်ပင် ဖြစ်ပေသည်။

## ခန္ဓာ (၅) ပါးဟူသည်

နောင်အနာဂတ် ဓမ္မကထိကနတ်သားဘဝအတွက် ရည်ရွယ်တောင့်တ၍ ဤပစ္စုပ္ပန်ဘဝတွင် ပြုစု ပျိုးထောင်နေသော ကမ္မဝဋ်တွင် အကျုံးဝင်သော အာဟာရလေးပါးဟူသော ခန္ဓာငါးပါးတို့သည် ပစ္စုပ္ပန် ခန္ဓာငါးပါးတို့ကို စွဲမှီ၍ ဖြစ်ပေါ်လာကြရသော ပစ္စုပ္ပန်ဘဝတစ်လျှောက်တွင် အဆက်မပြတ် ဖြစ်ပေါ်နေကြသော ပစ္စုပ္ပန် ခန္ဓာငါးပါးတို့၏ အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်သကဲ့သို့ အလားတူပင် အတိတ်ဘဝက ပြုစုပျိုးထောင်-ခဲ့သော ကိလေသဝဋ် ကမ္မဝဋ် အမည်ရသော ခန္ဓာငါးပါးတို့သည်လည်း ယင်းအတိတ်ခန္ဓာငါးပါးတို့ကိုပင် အစွဲ ပြု၍ ဖြစ်ပေါ်ခဲ့ကြသော အတိတ်ခန္ဓာငါးပါးတို့၏ အစိတ်အပိုင်းမျှသာ ဖြစ်သည်ကိုကား သဘောပေါက်ပါလေ။

## ကိလေသဝဋ်ချင်း ကမ္မဝဋ်ချင်း မတူညီကြပုံ

ယောဂါဝစရပုဂ္ဂိုလ်တို့၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော အမည်ချင်း တူညီကြသော်လည်း တစ်ဦးနှင့်တစ်ဦး ဖြစ်ပုံအခြင်းအရာချင်းကား ကွာခြားလျက် ရှိတတ်ကြ၏။ တစ်ဦးနှင့်တစ်ဦး အဝိဇ္ဇာချင်း မတူညီကြ၊ တဏှာချင်း မတူညီကြ၊ ဥပါဒါန်ချင်း မတူညီကြ၊ သင်္ခါရ ကံချင်းလည်း မတူညီကြပေ။

အချို့ကား အမျိုးသမီးဖြစ်ချင်ကြ၏၊ အချို့ကား အမျိုးသားဖြစ်ချင်ကြ၏၊ အချို့ကား ဘုန်းကြီးဖြစ်ချင်ကြ ၏၊ အချို့ကား သီလရှင်ဖြစ်ချင်ကြ၏၊ အချို့ကား လူဖြစ်ချင်ကြ၏၊ အချို့ကား နတ်ဖြစ်ချင်ကြ၏။

အချို့ကား အတိတ်၌ အမျိုးသား ဖြစ်နေပါလျက် အမျိုးသားဘဝဖြင့် သားမယားကို ပြုစုလုပ်ကျွေးရသည်မှာ ပင်ပန်း ဆင်းရဲလွန်းလှ၍ အမျိုးသမီးဘဝကို ရရှိရန် ဆုတောင်း ပန်ထွာသူများလည်း ရှိကြ၏။ အချို့ကား

အတိတ်၌ အမျိုးသမီးပင် ဖြစ်ခဲ့သော်လည်း ယင်းအမျိုးသမီးဘဝကို ရွံရှာစက်ဆုပ်၍ အမျိုးသားဘဝကို ရရှိရန် ဆုတောင်း ပန်ထွာလာသူများလည်း ရှိတတ်ကြ၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန်ချင်း တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ ယင်းသို့ မတူညီကြသောကြောင့် သင်္ခါရ ကံကို ခြံရံထားသည့် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကွဲပြားသလောက် အကျိုးတရားများလည်း ကွဲပြားရပြန်သည်။ ဆုတောင်းပန်ထွာထားသည့်အတိုင်း အမျိုးသို့မီးဖြစ်လာသူ အမျိုးသား ဖြစ်လာသူ ရဟန်းဖြစ်လာသူ သီလရှင်ဖြစ်လာသူ လူဖြစ်လာသူ နတ်ဖြစ်လာသူများကို ယောဂီအများစု၌ တွေ့ရတတ်၏။

တစ်ဖန် သင်္ခါရနှင့်ကံတို့ကို ကြည့်လိုက်ပြန်ကလည်း အချို့ယောဂီများ၌ ဘာဝနာ သင်္ခါရ ကံက အကျိုး-ပေးနေသည်ကို တွေ့ရ၏၊ အချို့ယောဂီများ၌ သီလကုသိုလ် သင်္ခါရ ကံက အကျိုးပေးနေသည်ကို တွေ့ရ၏။ အချို့ယောဂီများ၌ ဒါနကုသိုလ် သင်္ခါရ ကံက အကျိုးပေးနေသည်ကို တွေ့ရ၏။

တစ်ဖန် ဒါနတွင်လည်း အချို့၌ ပန်းလှူခဲ့သည့် ကုသိုလ် သင်္ခါရ ကံက, အချို့၌ ဆွမ်းလှူခဲ့သည့် ကုသိုလ် သင်္ခါရ ကံက, အချို့၌ ဆီမီးလှူခဲ့သည့် ကုသိုလ် သင်္ခါရ ကံက အကျိုးပေးနေသည်ကို တွေ့ရ၏။ ဤသို့စသည် ဖြင့် ဒါနကုသိုလ် သင်္ခါရ ကံသည်လည်း အလှူခံပုဂ္ဂိုလ်, လှူဖွယ်ဝတ္ထု, လှူပုံအခြင်းအရာ စသည်သို့လိုက်၍ အမျိုးမျိုးပင် ရှိနိုင်သည်ကို တွေ့ရပေသည်။

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော အမည်ချင်း တူညီသော်လည်း အဝိဇ္ဇာချင်း မတူညီကြ။ တဏှာချင်း မတူညီကြ၊ ဥပါဒါန်ချင်း မတူညီကြ၊ သင်္ခါရ ကံချင်းလည်း မတူညီကြပေ။ သတ္တဝါတိုင်း၌ မိမိတို့ ကိုယ်ပိုင် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံများ သီးသန့် အသီးအသီး တည်ရှိကြသည်သာ ဖြစ်ကြ၏။

ကံတို့၏ မတူထူးခြားမှုကြောင့် ယောကျ်ားအသွင်သဏ္ဌာန် မိန်းမအသွင်သဏ္ဌာန် လူအသွင်သဏ္ဌာန် နတ်အသွင်သဏ္ဌာန်စသည့် လိင်အသွင်သဏ္ဌာန်၏ မတူထူးခြား ကွဲပြားမှုသည် ဖြစ်လာ၏။ လိင်အသွင်သဏ္ဌာန်၏ မတူထူးခြား ကွဲပြားမှုကြောင့် ယောကျ်ားဟု မှတ်သားမှု မိန်းမဟု မှတ်သားမှု လူဟု မှတ်သားမှု နတ်ဟု မှတ်သားမှုစသည့် မှတ်သားမှုသညာ၏ မတူထူးခြား ကွဲပြားမှုသည် ဖြစ်ပေါ်လာ၏။ မှတ်သားမှုသညာ၏ မတူထူးခြား ကွဲပြားမှုကြောင့် ယောကျ်ား မိန်းမ လူ နတ် ဖြဟ္မာစသည့် ခေါ်ဝေါ်သုံးစွဲမှု ဝေါဟာရ၏ မတူထူးခြား ကွဲပြားမှုသည် ဖြစ်ပေါ်လာ၏။ ခေါ်ဝေါ်သုံးစွဲမှု ဝေါဟာရ၏ မတူထူးခြား ကွဲပြားမှုကြောင့် ပကပ္ပနာ အမည်-ရသော အဝိဇ္ဇာ တဏှာ ဥပါဒါန် (ဒိဋ္ဌိ)တို့နှင့် ယှဉ်တွဲလျက်ရှိသော ကြံစည်စိတ်ကူးမှု စိတ်ဓာတ်၏ မတူထူးခြား ကွဲပြားမှုသည် ဖြစ်ပေါ်လာ၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့နှင့် ယှဉ်နေသော စိတ်ဓာတ်၏ မတူထူးခြား ကွဲပြားမှုကို စိတ်ဆန်းကြယ်မှုဟု ခေါ်၏။ စိတ်ဆန်းကြယ်ခြင်းကြောင့် သတ္တဝါတို့ တည်ထောင် ဖန်ဆင်းလိုက်သော သင်္ခါရ ကံတို့သည် ဆန်းကြယ်ကြကုန်၏။ သင်္ခါရ ကံတို့၏ ဆန်းကြယ်ကြခြင်းကြောင့် သတ္တဝါတို့သည် ဆန်းကြယ်ကြရ၏။ တစ်ဦးနှင့်တစ်ဦး မတူထူးခြားသည့် အကျိုးတရားရှိသူတို့ ဖြစ်ကြရ၏။ (အဘိ-ဋ္ဌ-၁-၁၀၇-၁၀၈။)

ဤအရာ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့၏ ထူးထွေကွဲပြားမှု ဆန်းကြယ်မှုကြောင့် အကျိုး ဝိပါက်တရားတို့၏ ဆန်းကြယ်ပုံ သတ္တဝါတို့၏ ဆန်းကြယ်ပုံကို ပိုမို၍ နက်ရှိုင်းစွာ သဘောပေါက် နားလည်နိုင်ရန် အတွက်လည်းကောင်း, ယောဂါဝစရပုဂ္ဂိုလ်တို့အဖို့ အတိတ်အကြောင်းတရားတို့ကို ရှာဖွေရာ၌ အထောက်အကူ ပြုစေနိုင်ဖို့ရန်အတွက်လည်းကောင်း ရည်စူး၍ ဝတ္ထုသာဓကများကို ထုတ်ဆောင် ဖော်ပြအပ်ပါသည်။

## သုမနာမင်းသမီး၏ ရှေးဆုတောင်း

**သုမနာ ရာဇကုမာရီ**တိ မဟာသက္ကာရံ ကတွာ ပတ္ထနံ ပတ္ထေတွာ ဇဝံ လဒ္ဓနာမာ ရာဇကညာ။
(အံ-ဋ-၃-၁၃။)

သုမနာမင်းသမီးကား ကောသလမင်းကြီး၏ နာမည်ကျော် သမီးတော်တစ်ပါးပင်တည်း၊ ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ ဆုတောင်းပန်ထွာ၍ သုမနာဟူသော အမည်ကို ရရှိလာသော မင်းသမီးတစ်ဦးတည်း။

ဝိပဿီဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူရာအခါ၌ ဝိပဿီဘုရား အမှူးရှိသော သံဃာတော်တို့အား တိုင်းသူပြည်သားတို့ ဆွမ်းဖြင့် ပြုစုလုပ်ကျွေး ပူဇော်ခွင့် ရရှိသော ပထမဦးဆုံးနေ့တွင် ဝိပဿီဘုရားရှင်သည် သံဃာတော်တစ်သိန်း ခြံရံလျက် စစ်သူကြီး၏ အိမ်သို့ ဆွမ်းအလှူခံရန် ကြွတော်မူ၏။ သုမနာမင်းသမီး၏ အလောင်းလျာဖြစ်သော အမျိုးကောင်းသမီးသည် လမ်းခုလတ် တစ်နေရာမှ စောင့်၍ — အဖိုးတစ်သိန်း ထိုက်တန်သော ရွှေခွက်တွင် ရေမရောသည့် နို့ဃနာဆွမ်းကို အပြည့်ထည့်၍ အခြားရွှေခွက်တစ်ခုဖြင့် အပေါ်မှ ဖုံးအုပ်ပြီးလျှင် သုမနအမည်ရသော မြတ်လေးပန်းကုံးတို့ကို ယင်းရွှေခွက်အပေါ်၌ ဖုံးအုပ်လျက် ပန်းကုံးအသွင် ပြုပြင်ပြီးနောက် ဝိပဿီဘုရားအမှူးရှိသော သံဃာတော်အား လှူဒါန်းပြီးလျှင် ဤသို့ ဆုတောင်း ပန်ထွာခဲ့၏။

ဘဝါဘဝါဘိနိဗ္ဗတ္တိယံ မေ သတိ ပရိတဿနဇီဝိတံ နာမ မာ ဟောတု၊ အယံ သုမနမာလာ ဝိယ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ ပိယာဝ ဟောမိ၊ နာမေန စ သုမနာယေဝ။ (အံ-ဋ-၃-၁၃-၁၄။)

“ဘုရားတပည့်တော်မအား ဘဝကြီးငယ် အသွယ်သွယ်၌ ဖြစ်ရခြင်းသည် ထင်ရှားရှိခဲ့ပါမူ ကြောင့်ကြောင့်-ကြကြ တောင့်တောင့်တတဖြင့် အသက်မွေးရခြင်းမည်သည် မဖြစ်ပါစေသတည်း၊ ဖြစ်လေရာ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌ ဤမြတ်လေးပန်းကဲ့သို့ လူများအပေါင်း၏ ချစ်ခင်မြတ်နိုးအပ်သူ (အမျိုးသမီး)သာ ဖြစ်ရပါလို၏၊ အမည်နာမအားဖြင့်လည်း သုမနာသာ ဖြစ်ရပါလို၏။” —

ဤအထက်ပါ ကောင်းမှုနှင့် ဆုတောင်းတို့ကို ကြည့်ပါက ကိလေသဝဋ်နှင့် ကမ္မဝဋ်တို့သည် စုံစုံညီညီ ပါဝင်နေသည်ကို တွေ့ရှိနိုင်ပေ၏။ —

၁။ အဝိဇ္ဇာ = မကြောင့်မကြ မတောင့်မတရဘဲ အသက်မွေးရသည့် လူများအပေါင်း၏ ချစ်ခင်မြတ်နိုးအပ်သည့် သုမနာအမည်ရှိသော အမျိုးသမီးဟု အသိမှားခြင်းသဘော။
၂။ တဏှာ = ယင်းအမျိုးသမီးဘဝကို တွယ်တာတပ်မက်ခြင်းသဘော။
၃။ ဥပါဒါန် = ယင်းအမျိုးသမီးဘဝသို့ စိတ်ကပ်ရောက်စွဲနေခြင်းသဘော။
၄။ သင်္ခါရ = ဝိပဿီဘုရား အမှူးရှိသော သံဃာတော်တို့အား မြတ်လေးပန်းနှင့် နို့ဃနာဆွမ်းကို လှူဒါန်းသည့် ကုသိုလ်စေတနာအုပ်စု။
၅။ ကံ = ယင်းကုသိုလ်စေတနာအုပ်စု၏ ကမ္မသတ္တိ။

ဤအကြောင်းတရား (၅)ပါးတို့ကား အထက်တွင်ဖော်ပြထားသော အင်္ဂုတ္တိုရ်အဋ္ဌကထာ အဖွင့်အရ ကောသလမင်းကြီး၏ သမီးတော် သုမနာမင်းသမီး၏ ပဋိသန္ဓေခန္ဓာငါးပါးအစရှိသော အချို့သော ဝိပါက်ခန္ဓာတို့၏ အကြောင်းတရားတို့ပင် ဖြစ်ကြသည်။

# ဥမ္မာဒန္တီ၏ ရှေးဆုတောင်း

ဥမ္မာဒန္တီအလောင်း အမျိုးကောင်းသမီးတစ်ဦးသည် သုံးနှစ်ကျွန်ခံမှ ရရှိသည့် မိမိ အလွန်နှစ်သက် မြတ်နိုးသည့် ဝတ်ပန်းပုဆိုးကို ခိုးသူတို့၏ လုယက်ခံရသဖြင့် ပျောက်ပျက်သော သင်္ကန်းရှိသော သစ်ခက်သစ်ရွက်များကို ရစ်ပတ်၍လာသော ကဿပဘုရားရှင်၏ တပည့်သားသာဝက ရဟန်းတော်တစ်ပါးအား လှူဒါန်းပြီးနောက် ဤသို့ ဆုတောင်းပန်ထွာခဲ့၏ —

ဘန္တေ အဟံ ဘဝေ ဘဝေ ဝိစရန္တီ ဥတ္တမရူပဓရာ ဘဝေယျံ ၊ မံ ဒိသွာ ကောစိ ပုရိသော သကဘာဝေန သန္ဓာရေတုံ မာ အသက္ခိ။ မယာ အဘိရူပတရာ နာမ အညာ မာ ဟောတူတိ ပတ္ထနံ ပဋ္ဌပေသိ။

(ဇာတက-ဌ-၅-၂၂၃။)

အရှင်ဘုရား တပည့်တော်မသည် ဘဝကြီးငယ် အသွယ်သွယ်၌ ကျင်လည်ရသည် ရှိသော် အမြတ်ဆုံး ရုပ်အဆင်းကို ဆောင်နိုင်သည့် အမျိုးသမီး ဖြစ်ရပါလို၏။ ဘုရားတပည့်တော်မကို တွေ့မြင်ခဲ့သော် တစ်စုံတစ်ယောက်သော ယောက်ျားသည် = (မည်သည့် ယောက်ျားမဆို) မိမိ၏ ပင်ကိုယ်သဘောအတိုင်း မိမိကိုယ်ကို ဆောင်ထားခြင်းငှာ မစွမ်းနိုင်ပါစေသတည်း။ ဘုရားတပည့်တော်မထက် သာလွန်၍ ရုပ်အဆင်းလှပသော အခြား အမျိုးသမီးမည်သည် မရှိပါစေသတည်း။

ဤကား ဥမ္မာဒန္တီအလောင်း အမျိုးကောင်းသမီး၏ ရှေးဆုတောင်းတည်း။ ယင်းဆုတောင်းကြောင့် ဥမ္မာဒန္တီဘဝတွင် အမြတ်ဆုံးသော ရုပ်အဆင်းကို ဆောင်နိုင်သည့် အလှဆုံး အမျိုးသမီးတစ်ဦး ဖြစ်ရပြန်၏။ သိဝိမင်းကြီးကို အစထား၍ မြင်ရသူ ယောက်ျားတိုင်းလိုလိုပင် မိမိကိုယ်ကို မိမိ စိတ်သဘောအတိုင်း ဆောင်မထားနိုင်ဘဲ ဖောက်ပြန်သည့် ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာများ ဖြစ်ကြရ၏။ ဤ၌ –

၁။ အဝိဇ္ဇာ = အသာဆုံးအမြတ်ဆုံး ရုပ်အဆင်းကိုဆောင်နိုင်သည့် အမျိုးသမီး, ယောက်ျားများကို မိမိသဘော အတိုင်း မရပ်တည်နိုင်အောင် ဖောက်ဖောက်ပြန်ပြန် ဖြစ်စေနိုင်သည့် အမျိုးသမီးဟု အသိမှားခြင်း သဘော။

၂။ တဏှာ = ယင်းအမျိုးသမီးဘဝကို တွယ်တာတပ်မက်ခြင်းသဘော။

၃။ ဥပါဒါန် = ယင်းအမျိုးသမီး ဘဝသို့ စိတ်ကပ်ရောက်စွဲနေခြင်းသဘော။

၄။ သင်္ခါရ = ရဟန်းတော်အား ဝတ်ပန်းပုဆိုး လှူဒါန်းရသည့် ကုသိုလ်စေတနာ အုပ်စု။

၅။ ကံ = ယင်းကုသိုလ်စေတနာအုပ်စု၏ ကမ္မသတ္တိ။

ဤသို့လျှင် အကြောင်းတရား (၅)ပါး စုံညီသွား၏။ အကြောင်းတရားများ စုံညီသည့်အတွက် အကျိုးတရားတို့လည်း စုံစုံညီညီပင် ဖြစ်ပေါ်လာကြ၏။ စိတ်ဆန်းကြယ်၍ ကံဆန်းကြယ်၏၊ ကံဆန်းကြယ်ခြင်းကြောင့် သတ္တဝါတို့ ဆန်းကြယ်ကြရ၏။

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။ (အံ-၃-၇၁။)

ရဟန်းတို့ သီလစင်ကြယ်နေသည့် အတွက်ကြောင့် သီလရှိသော ပုဂ္ဂိုလ်အား စိတ်၏ တောင့်တချက် ဟူသမျှသည် မချွတ်ဧကန် ပြည့်စုံတတ်ပေ၏။ (အံ-၃-၇၁-ဒါနူပပတ္တိသုတ်။)

## ပဘာဝတီ၏ ရှေးဆုတောင်း

ဘဝတစ်ခုတွင် ညီအစ်ကို နှစ်ဦးတို့အနက် ပဘာဝတီအလောင်း အမျိုးကောင်းသမီးသည် အစ်ကိုကြီး ဖြစ်သူ၏ အိမ်ရှင်မ ဖြစ်ခဲ့ရ၏။ ညီငယ်ဖြစ်သူကား မင်းကုသအလောင်းတည်း။ အစ်ကိုကြီးကိုပင် မှီခို၍ အတူ နေထိုင်ကြ၏။ တစ်နေ့တွင် မွန်မြတ်သော မုန့်တစ်မျိုးကို စီမံ၍ စားကြ၏။ ညီဖြစ်သူကား အိမ်တွင် မရှိခိုက်ဖြစ်၍ ညီငယ်အတွက် ချန်ထား၏။

ထိုအချိန်တွင် အရှင်ပစ္စေကဗုဒ္ဓ တစ်ဆူသည် ဆွမ်းရပ်တော် မူလာ၏။ ညီငယ်အတွက် ချန်ထားသော မုန့်ကို မရီးဖြစ်သူ ပဘာဝတီအလောင်း အမျိုးကောင်းသမီးက အရှင်ပစ္စေကဗုဒ္ဓ ဘုရားရှင်အား လောင်းလှူ လိုက်၏။ ထိုအချိန်တွင် ညီငယ်ဖြစ်သူသည် ပြန်လည်ရောက်ရှိလာ၏။ မကျေနပ်သဖြင့် အရှင်ပစ္စေကဗုဒ္ဓ၏ သပိတ်မှ မုန့်ကို ဒေါသရှေ့ထား၍ ယူမှားမိ၏။

မရီးဖြစ်သူကား မိမိ၏ မိခင်အိမ်မှ ထောပတ်ကို ယူဆောင်၍ အရှင်ပစ္စေကဗုဒ္ဓ၏ သပိတ်တော်၌ လောင်းလှူလိုက်၏။ ထောပတ်တို့မှ အရောင်များ တောက်ပထွက်ပေါ်လာသည်ကို တွေ့ရ၍ အလွန်ဝမ်းသာ အားရဖြင့် အောက်ပါအတိုင်း ဆုတောင်းပန်ထွာလေသည်။

ဘန္တေ ဣမိနာ ဒါနဗလေန နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ မေ သရီရံ ဩဘာသဇာတံ ဟောတု၊ ဥတ္တမရူပဓရာ စ ဘဝေယျံ၊ ဣမိနာ စ မေ အသပ္ပုရိသေန သဒ္ဓိံ ဧကဋ္ဌာနေ ဝါသော မာ အဟောသိ။ (ဇာတက-ဋ္ဌ-၅-၃၀၆။)

"အရှင်ဘုရား ဤဒါန၏ စွမ်းအားကြောင့် ဖြစ်လေရာဌာန ဖြစ်လေရာရာဘုံဘဝ၌ ဘုရားတပည့်တော်မ၏ ခန္ဓာကိုယ်သည် အရောင်အလင်း ဖြစ်ပေါ်လာသော ခန္ဓာကိုယ် ဖြစ်ပါစေသတည်း။ အသာဆုံး အမြတ်ဆုံး ရုပ်အဆင်းကို ဆောင်နိုင်သူလည်း ဖြစ်ရပါလို၏။ ဤမသူတော်နှင့်လည်း တစ်နေရာတည်း၌ အတူတကွ နေထိုင်ရခြင်းသည် မဖြစ်ပါစေသတည်း။"

ဤကား ပဘာဝတီအလောင်း အမျိုးကောင်းသမီး၏ ဆုတောင်းခန်းတည်း။ ဤဆုတောင်းခန်း၌ —

၁။ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပသည့် အသာဆုံး အမြတ်ဆုံး ရုပ်အဆင်းကို ဆောင်နိုင်သည့် အမျိုးသမီးဟု အသိမှားခြင်းသဘောကား အဝိဇ္ဇာတည်း။
၂။ ယင်းအမျိုးသမီးဘဝကို တွယ်တာတပ်မက်ခြင်း သဘောကား တဏှာတည်း။
၃။ ယင်းအမျိုးသမီးဘဝသို့ စိတ်ကပ်ရောက်စွဲနေခြင်း သဘောကား ဥပါဒါန်တည်း။
၄။ အရှင်ပစ္စေကဗုဒ္ဓါအား ထောပတ်လှူဒါန်းသည့် ကုသိုလ်စေတနာအုပ်စုကား သင်္ခါရတည်း။
၅။ ယင်းကုသိုလ် စေတနာအုပ်စု၏ ကမ္မသတ္တိကား ကံတည်း။

ဤသို့လျှင် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော အကြောင်းတရားငါးပါးတို့သည် စုံညီသွားကြ၏။

> ယော သီလဝါ သီလဝန္တေသု ဒဒါတိ ဒါနံ။
> ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော။
> အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
> တံ ဝေ ဒါနံ ဝိပုလပ္ဖလန္တိ ဗြူမိ။ (မ-၃-၃၀၀။)

၁။ သီလရှိခြင်း,
၂။ တရားသော နည်းလမ်းဖြင့် ရှာဖွေရရှိသော လှူဖွယ်ဝတ္ထုဖြစ်ခြင်း,

၃။ ကြည်လင်သော စိတ်ထားရှိခြင်း,

၄။ ပြန့်ပြော ကြီးကျယ် မွန်မြတ်သော ကံ-ကံ၏ အကျိုးတရားကို အလွန်ယုံကြည်သော သဒ္ဓါတရား ရှိခြင်း-

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော အလှူပေးပုဂ္ဂိုလ်သည်

၅။ သီလရှိကုန်သော အရှင်ကောင်း အရှင်မြတ် အလှူခံပုဂ္ဂိုလ်တို့၌

အလှူဒါနကို ပေးလှူ၏။ ထိုကဲ့သို့သော အလှူဒါနမျိုးကို စင်စစ်ဧကန် အမှန်အားဖြင့် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိ၏ဟူ၍ ငါဘုရားသည် ဟောကြားတော်မူ၏။ (မ-၃-၃၀၀။)

ဤအထက်ပါ ဒက္ခိဏဝိဘင်္ဂသုတ္တန် ဒေသနာတော်နှင့် အညီ အထက်ပါ ပဘာဝတီအလောင်း အမျိုးကောင်းသမီး၏ အလှူဒါနကား အလှူပေးပုဂ္ဂိုလ်ဘက်၌ ရှိသင့်သော အင်္ဂါရပ်လေးချက်, အလှူခံပုဂ္ဂိုလ်ဘက်၌ ရှိသင့်သော သီလစင်ကြယ်ခြင်းဟူသော အင်္ဂါတစ်ချက်, ပေါင်းသော် အင်္ဂါငါးချက်နှင့် ပြည့်ဝစုံလင်သော ဒါနမျိုးလည်း ဖြစ်၏။ အလှူခံပုဂ္ဂိုလ်ဘက်၌ ကိလေသာအာသဝေါ လျှော့ကျ ကင်းစင်တော်မူပြီးသည့် အရှင်-ပစ္စေကဗုဒ္ဓါတို့၏ သီလမျိုး ဖြစ်နေသဖြင့် "တိုင်းထက်အလွန်၊ တံခွန်နှင့်ဘုရား"ဟူ၏သို့ အကောင်းဆုံး ဖြစ်နေ၏။ သီလစင်ကြယ်နေသည့် သူတော်ကောင်းတို့၏ ဒါနမျိုး ဖြစ်ခြင်းကြောင့် စိတ်၏ တောင့်တချက်ဟူသမျှသည် မချွတ်ဧကန် ပြီးစီး ပြည့်စုံတတ်သည့် ဒါနမျိုးလည်း ဖြစ်နေပြန်၏။ သို့အတွက် ယင်းဒါနက အကျိုးပေးသောအခါ သူမျှော်လင့် တောင့်တ ထားသည့်အတိုင်း (၁၂)တောင် တိုက်ခန်းဝယ် မီးမထွန်းဘဲ လင်းရသည့် ပဘာဝတီ အမည်ရသည့် အလှဆုံး အမျိုးသမီးတစ်ဦး ဖြစ်လာရ၏။

## မင်းကုသ၏ ဆုတောင်း

မတ်ဖြစ်သူ မင်းကုသအလောင်းကလည်း မရီးဖြစ်သူ၏ ဆုတောင်းကို ကြားသိရသောအခါ သူ့အတွက် ဝေစုရထားသည့် အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်မှ ပြန်ယူထားသည့် မုန့်ကိုပင် တစ်ဖန်ပြန်၍ မရီးဖြစ်သူ လှူဒါန်းထားသည့် ထောပတ်၏ အပေါ်က လောင်းလှူလျက် အောက်ပါအတိုင်း ဆုတောင်း ပန်ထွာပြန်၏ —

ဘန္တေ ဣမံ ယောဇနသတေ ဝသန္တမ္ပိ အာနေတွာ မမ ပါဒစာရိကံ ကာတုံ သမတ္ထော ဘဝေယျန္တိ။
(ဇာတက-၄-၅-၃၀၆။)

"အရှင်ဘုရား ဤအမျိုးသမီးသည် ယူဇနာတစ်ရာ ဝေးကွာသော အရပ်၌ နေချင်လည်းနေပါစေ၊ ဤအမျိုးသမီးကို ဆောင်ယူ၍ ဘုရားတပည့်တော်၏ ခြေရင်းအလုပ်အကျွေးကို ပြုလုပ်ဖို့ရန် စွမ်းနိုင်သည့် ယောက်ျားကောင်း ဖြစ်ရပါလို၏" —

ဤကား မင်းကုသ၏ ရှေးဆုတောင်းနှင့် ကောင်းမှုတည်း။ ဤဒါနပွဲ၌ မင်းကုသအလောင်းကား ပဘာဝတီ၏အလောင်း အမျိုးကောင်းသမီး၏ အပေါ်၌ လိုလားတပ်မက်သော တဏှာခြံရံလျက် ကံကို ပြုစုပျိုးထောင်ထား၏။

၁။ ယူဇနာတစ်ရာဝေးသော အရပ်၌ပင် နေထိုင်သော်လည်း ယင်းအမျိုးသမီးကို ယူဆောင်၍ ခြေရင်း အလုပ်အကျွေး ပြုလုပ်ရန် စွမ်းနိုင်သည့် ယောက်ျားဟု အသိမှားခြင်းသဘောကား အဝိဇ္ဇာတည်း။

၂။ ယင်းယောက်ျားဘဝကို တွယ်တာတပ်မက်ခြင်းသဘောကား တဏှာတည်း။

၃။ ယင်းယောက်ျားဘဝသို့ စိတ်ကပ်ရောက် စွဲနေခြင်းသဘောကား ဥပါဒါန်တည်း။

၄။ အရှင်ပစ္စေကဗုဒ္ဓါအား မုန့်ဆွမ်းလှူဒါန်းသည့် ကုသိုလ်စေတနာအုပ်စုကား သင်္ခါရတည်း။

၅။ ယင်းကုသိုလ်စေတနာအုပ်စု သင်္ခါရ၏ ကမ္မသတ္တိကား ကံတည်း။

ဤဒါနပွဲ၌လည်း အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟု အကြောင်းတရားငါးပါး စုံညီသွား၏။

တတ္ထ ယံ သော ကုဒ္ဒေါ ဂန္ဓာ ပူဝံ ဂဏှိ၊ တဿ ပုဗ္ဗကမ္မဿ ဝသေန ဝိရူပေါ အဟောသိ၊ ပုဗ္ဗပတ္ထနာယ သာ စ တံ န ဣစ္ဆီတိ။ (ဇာတက-ဋ္ဌ-၅-၃၀၆။)

ယင်းဒါနပွဲ၌ မင်းကုသအလောင်းလျာကား ဒေါသအမျက် ချောင်းချောင်းထွက်လျက် အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်မှ မုန့်ကို ပြန်ယူခဲ့မိ၏။ ယင်းဒေါသ ခြံရံထားသည့် ကံ၏ စွမ်းအားကြောင့် မင်းကုသဘဝတွင် အကျည်းတန် အရုပ်ဆိုးသူ ဖြစ်ရပြန်၏။ ပဘာဝတီကို အကြောင်းပြု၍ စိတ်ဆင်းရဲရသူ ဖြစ်ရပြန်၏။ တစ်ဖန် ပဘာဝတီကလည်း မင်းကုသအပေါ်၌ အလိုမရှိသော စိတ်ထားဖြင့် ကောင်းမှုကုသိုလ်ကို ကြဲချ စိုက်ပျိုးခဲ့သည့် အတွက် မင်းကုသကို အလိုမရှိ ဖြစ်ရပြန်၏။ သို့သော် မင်းကုသအလောင်းကား ပဘာဝတီကို မရရအောင် ဆောင်ယူလိုသည့် စိတ်ထားဖြင့် ကံကို ပြုစုပျိုးထောင်ခဲ့သဖြင့် ထိုကံက အကျိုးပေးနေသည့် မင်းကုသဘဝတွင် ပဘာဝတီကို အကြောင်းခံ၍ ရှက်ပွဲကြီးပေါင်း များစွာ ကြုံခဲ့ရ၏။ ပဘာဝတီကို မရရအောင် နည်းမျိုးစုံဖြင့် ကြံဆောင်ခဲ့ရ၏။

နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တံ၊ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ ။ ပ ။ တေဟိပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတေဟိ ပါဏေဟိ စိတ္တံယေဝ စိတ္တတရံ။ (သံ-၂-၁၂၃။)

ရဟန်းတို့ . . . တိရစ္ဆာန်ဖြစ်ကုန်သော သတ္တဝါတို့သည် ဆန်းကြယ်ကြကုန်သကဲ့သို့ ဤအတူ ဤသို့ ဆန်းကြယ်သော အခြားတစ်စုံတစ်ခုသော သတ္တဝါ အပေါင်းအစုကိုသော်လည်း ငါဘုရားသည် မြင်တော်မမူ။ ရဟန်းတို့ . . . တိရစ္ဆာန်ဖြစ်ကုန်သော ထိုသတ္တဝါတို့သည်လည်း ကမ္မဝိညာဏ်ခေါ်သော စိတ်ဖြင့်သာလျှင် တစ်နည်းဆိုသော် ကံ၏ ဆန်းကြယ်သည်၏ အဖြစ်ကြောင့်သာလျှင် ဆန်းကြယ်ကြကုန်၏။

(သံ-၂-၁၂၃ = ဂဒ္ဒုလဗဒ္ဓသုတ္တန်။)

**တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တိတာ**တိ ကမ္မစိတ္တေနေဝ စိတ္တိတာ။ တံ ပန ကမ္မစိတ္တံ ဣမေ ဝဏ္ဏကတိတ္တိရာဒယော "ဧဝံ စိတ္တာ ဘဝိဿာမာ"တိ အာယူဟန္တာ နာမ နတ္ထိ။ ကမ္မံ ပန ယောနိံ ဥပနေတိ၊ ယောနိမူလကော တေသံ စိတ္တဘာဝေါ။ ယောနိဥပဂတာဟိ သတ္တာ တံတံယောနိကေဟိ သဒိသစိတ္တာဝ ဟောန္တိ။ ဣတိ ယောနိသိဒ္ဓေါ စိတ္တဘာဝေါ၊ ကမ္မသိဒ္ဓါ ယောနီတိ ဝေဒိတဗ္ဗာ။ (သံ-ဋ္ဌ-၂-၂၉၉။)

**ကမ္မစိတ္တေနာ**တိ ကမ္မဝိညာဏေန။ **ကမ္မစိတ္တေနာ**တိ ဝါ ကမ္မဿ စိတ္တဘာဝေန။ သော ကမ္မဿ ဝိစိတ္တဘာဝေါ တဏှာဝသေန ဇာယတီတိ ဝေဒိတဗ္ဗော။ (သံ-ဋီ-၂-၂၅၃။)

ကမ္မဥ္စိ စိတ္တတော နိဗ္ဗတ္တံ။ (မူလဋီ-၁-၆၆။)

မင်းကုသအလောင်း ပဘာဝတီအလောင်းတို့၏ ပြုစုပျိုးထောင်လိုက်သော ကုသိုလ် သင်္ခါရစေတနာ အုပ်စုတို့ကဲ့သို့ သတ္တဝါ တစ်ဦးတစ်ဦး၏ ထိုထို ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတို့ကို ပြုစုပျိုးထောင်စဉ် ဖြစ်ပေါ်သွားကြသော ထိုထို ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတို့နှင့် စိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်ပေါ်သွားသော အသိစိတ်ဝိညာဏ်သည် ကမ္မဝိညာဏ်မည်၏။ ယင်းကမ္မဝိညာဏ် အမည်ရသော စိတ်သည် တဏှာကြောင့် ဆန်းကြယ်ရ၏၊ တစ်နည်းဆိုရသော် (မကင်းစကောင်းသော အဝိနာဘာဝ-နည်းအားဖြင့် ဆိုရသော်) အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့နှင့် ယှဉ်တွဲနေသော ကပ္ပနာခေါ် ကြံစည်စိတ်ကူးမှု ဆန်းကြယ်သောကြောင့် ယင်းကမ္မဝိညာဏ်သည် ဆန်းကြယ်ရ၏။ အထက်ပါ ပဘာဝတီအလောင်းနှင့် မင်းကုသ အလောင်းတို့၏ အဝိဇ္ဇာ တဏှာ ဥပါဒါန်ချင်း မတူညီပုံ ယင်းအဝိဇ္ဇာ တဏှာ ဥပါဒါန်တို့နှင့် ယှဉ်တွဲနေကြသော ကြံစည်စိတ်ကူးမှု ကပ္ပနာချင်း မတူညီပုံကို သတိပြုကြည့်ပါ။

ယင်းကမ္မဝိညာဏ်သည် တစ်နည်း ယင်းကမ္မဝိညာဏ်နှင့် ယှဉ်တွဲနေသော စေတနာသည် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်သည့် စွမ်းအားရှိ၏။ ထို့ကြောင့် ယင်းကမ္မဝိညာဏ်ကိုပင် တစ်နည်း ကမ္မဝိညာဏ်နှင့် ယှဉ်သော စေတနာကိုပင် ကံဟု ခေါ်ဆိုပေသည်။ ထို့ကြောင့် **ကမ္မဥ္စ စိတ္တတော နိဗ္ဗတ္တံ** = ကံဆန်းကြယ်ခြင်းသည် တဏှာကြောင့်, တဏှာသည် စိတ်ကြောင့် ဖြစ်ပေါ်လာ၏ဟု ဖွင့်ဆိုခြင်း ဖြစ်သည်။

"ငုံး, ခါ"စသော သတ္တဝါတို့သည် "ဤသို့ အဆန်းတကြယ် ဖြစ်ကြကုန်အံ့"ဟု အားထုတ်ခြင်း ကြောင့်ကြဗျာပါရပြုခြင်း မည်သည် မရှိပေ။ ကံဆန်းကြယ်သောကြောင့်သာလျှင် အဆန်းတကြယ် ဖြစ်ကြရကုန်၏။

ကံသည် ယောနိအမည်ရသော ပဋိသန္ဓေသို့ ပို့ဆောင်ပေး၏။ အခြေနှစ်ချောင်းသတ္တဝါ ဖြစ်စေမည့် ကံက အခြေနှစ်ချောင်းကို ဖြစ်စေမည့် ယောနိအမည်ရသော ပဋိသန္ဓေသို့ ပို့ဆောင်ပေး၏။ အခြေလေးချောင်း ဖြစ်စေမည့် ကံက အခြေလေးချောင်းကိုဖြစ်စေမည့် ယောနိအမည်ရသော ပဋိသန္ဓေသို့ ပို့ဆောင်ပေး၏။ လူချောလူလှ, မိန်းမချော မိန်းမလှ ဖြစ်စေမည့်ကံက ထိုထို လူချော လူလှ, မိန်းမချော မိန်းမလှ ဘဝကို ပုံသွင်းပေးမည့် ယောနိအမည်ရသော ပဋိသန္ဓေသို့ ပို့ဆောင်ပေး၏။ အကျည်းတန် အရုပ်ဆိုးစေမည့် ကံကလည်း ထိုထို အကျည်းတန် အရုပ်ဆိုးစေမည့် ဘဝကို ပုံသွင်းပေးမည့် ယောနိအမည်ရသော ပဋိသန္ဓေသို့ ပို့ဆောင်ပေး၏။

ထို့ကြောင့် ထိုထိုသတ္တဝါတို့ ဆန်းကြယ်စွာ ဖြစ်ပေါ်ရခြင်းသည် ထိုကံက ပို့ဆောင်ပေးအပ်သော ယောနိ = ပဋိသန္ဓေကြောင့် ဖြစ်လေသည်။ မှန်ပေသည် — ယောနိ = ပဋိသန္ဓေသို့ ကပ်ရောက်ကြရကုန်သော သတ္တဝါတို့သည် ယင်းပဋိသန္ဓေ = ယောနိနှင့် တူစွာသာလျှင် တစ်နည်းဆိုသော် ယင်းပဋိသန္ဓေ = ယောနိရှင် မိဘတို့နှင့် တူစွာသာလျှင် ဆန်းဆန်းကြယ်ကြယ် ဖြစ်ကြရလေသည်။ သားသမီးတို့၏ ဆန်းကြယ်စွာ ဖြစ်ပေါ်-လာရခြင်းသည် ယောနိ = ပဋိသန္ဓေကြောင့်, ယောနိ = ပဋိသန္ဓေသည် ကံကြောင့် ပြီးစီး ဖြစ်ပေါ်လာရလေသည်။ သို့အတွက် ကံအရင်းခံသော ယောနိ = ပဋိသန္ဓေမျိုးဓာတ်ကြောင့် ပဋိသန္ဓေရှင် မိဘတို့နှင့် သားသမီးတို့သည် များသောအားဖြင့် တူညီကြရလေသည်။ မိဘတို့သည် အခြေနှစ်ချောင်းရှိသူတို့ ဖြစ်ကြပါက သားသမီးတို့သည်လည်း အခြေနှစ်ချောင်း ရှိသူတို့ပင် ဖြစ်ကြရ၏။ မိဘတို့သည် အခြေလေးချောင်း ရှိသူတို့ ဖြစ်ကြပါက သားသမီးတို့သည်လည်း အခြေလေးချောင်း ရှိသူတို့သာ ဖြစ်ကြရလေသည်။ မိဘတို့သည် ရုပ်အဆင်းလှပါက သားသမီးတို့လည်း ရုပ်အဆင်းလှတတ်၍ မိဘတို့သည် အကျည်းတန် အရုပ်ဆိုးပါက သားသမီးတို့လည်း အကျည်းတန် အရုပ်ဆိုးတတ်ကြပေသည်။ သားသမီးနှင့် မိဘတို့၏ အမျိုးအနွယ်တူညီပုံကို သတိပြုကြည့်ပါ။ ကံဆန်းကြယ်ခြင်းသည် တဏှာကြောင့် ဖြစ်ရ၏၊ ကံသည် စိတ်ကြောင့် ဖြစ်ပေါ်လာရ၏။ ထို့ကြောင့် ကံ ပဋိသန္ဓေတို့၏ အကြောင်းရင်းခံဖြစ်သော စိတ်သည်သာလျှင် ကံ ပဋိသန္ဓေသို့ ကပ်ရောက်ရသူ သတ္တဝါတို့ထက် ဆန်းကြယ်လေသည်။ (သံ-၂-၁၂၃။ သံ-ဋ္ဌ-၂-၂၉၉။ သံ-ဋီ-၂-၂၅၃။)

## မယ်မင်းကြီးမ – သုဘဒ္ဒါ၏ ဆုတောင်းခန်း

တစ်ချိန် သုံးလောကထွဋ်ထား သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးတော်မူခိုက် ဓမ္မာသနပလ္လင်ထက်ဝယ် တရားဓမ္မစက်ကို ဟောကြားတော်မူလျက်ရှိ၏။ ထိုအခါ (၃၂)ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာ, (၈၀)သော လက္ခဏာတော်ငယ်, (၆)သွယ်သော ရောင်ခြည်တော်တို့ဖြင့် တင့်တယ် စမ္ပယ်တော်မူလျက် ဗြဟ္မာမင်း၏ အသံတော်နှင့်တူသော မြတ်သော အသံတော်ဖြင့် ပင်လုံးကျွတ်ပွင့်နေသော ခက်ဖျားစုံရှိသော တောအုပ်ကြီးနှင့်တူသော အနက်သဒ္ဒါတို့ဖြင့် ပြည့်စုံလျက်ရှိသော နိဗ္ဗာန်ရောက်ကြောင်း သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်းတို့ကို ဟောကြားပြသ

ဆိုဆုံးမတော်မူလျက်ရှိသော မြတ်စွာဘုရားကို ကြည်ညိုသဒ္ဓါ ဆပွားလျက်ရှိသော တရားနာပရိသတ်တို့တွင် ပါဝင်သော ဘိက္ခုနီမငယ် တစ်ဦးက စဉ်းစားခဲ့၏ — "ငါသည် သံသရာခရီးဝယ် ကျင်လည်ခိုက် ဤကဲ့သို့သော ယောက်ျားမြတ်၏ ခြေရင်းအလုပ်အကျွေးသည် (= ပါရမီ ဖြည့်ဖက်သည်) ဖြစ်ခဲ့ဖူးလေသလော"ဟု စဉ်းစားခဲ့၏။ ထိုအချိန်တွင် ထိုဘိက္ခုနီမ၏ သန္တာန်ဝယ် အတိတ်ဘဝ ဇာတ်ကြောင်းကို ပြန်ပြောင်း၍ သိနိုင် အမှတ်ရနိုင်သော ဇာတိဿရဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထိုဇာတိဿရဉာဏ်ဖြင့် လှမ်းမြော်၍ ကြည့်လေရာ ဆဒ္ဒန်ဆင်မင်း ဘဝတွင် ပါရမီဖြည့်ဖက် = ခြေရင်းအလုပ်အကျွေး ဖြစ်ခဲ့ရဖူးသည်ကို တွေ့ရှိသောအခါ ထိုဘိက္ခုနီမ၏ သန္တာန်ဝယ် နှစ်သက်ရွှင်လန်း ဝမ်းမြောက်သည့် ပီတိသောမနဿပန်းတို့သည် ပွင့်လန်း၍ လာကြလေကုန်၏။ ယင်းပီတိ သောမနဿ ပြဓာန်းသည့် ကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့၏ စွမ်းအားကြောင့် မွန်မြတ်သော စိတ္တဇရုပ်တို့သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့လျက် ဖြစ်ပွားနေကြကုန်၏။ သို့သော် ဤသို့ ဆက်လက်၍ စဉ်းစားပြန်၏ —

ပါဒပရိစာရိကာ နာမ သာမိကာနံ ဟိတဇ္ဈာသယာ အပ္ပကာ၊ အဟိတဇ္ဈာသယာဝ ဗဟုတရာ၊ ဟိတဇ္ဈာ-သယာ နုခေါ အဟံ ဣမဿ မဟာပုရိသဿ အဟောသိံ, အဟိတဇ္ဈာသယာတိ။ (ဇာတက-ဋ္ဌ-၅-၃၇။)

"= ခြေရင်းအလုပ်အကျွေးတို့မည်သည်ကား (= ပါရမီဖြည့်ဘက် အိမ်ရှင်မတို့မည်သည်ကား) အိမ်ရှင် ယောက်ျားတို့၏ အကျိုးစီးပွားကို လိုလားတောင့်တသည့် အလိုအဇ္ဈာသယဓာတ်ရှိသူတို့ကား နည်းပါးလှကုန်၏။ အိမ်ရှင်ယောက်ျားတို့၏ အကျိုးစီးပွားကို လိုလားတောင့်တသည့် အလိုအဇ္ဈာသယဓာတ် မရှိသူတို့ကသာ အလွန့်အလွန် များလှကုန်၏။ ငါသည် ဤယောက်ျားမြတ်၏ အပေါ်၌ အကျိုးစီးပွားကို လိုလားတောင့်တသည့် အလိုအဇ္ဈာသယဓာတ်ခံရှိသူပင် ဖြစ်ခဲ့လေသလော၊ အကျိုးစီးပွားကို လိုလားတောင့်တသည့် အလိုအဇ္ဈာသယ-ဓာတ် မရှိသူပင် ဖြစ်ခဲ့လေသလော" —

ဤသို့ စဉ်းစားခန်းဝင်ခဲ့၏။ ထိုအခါ အိမ်ရှင်ယောက်ျား၏ အကျိုးစီးပွားကို လိုလားတောင့်တသည့် အလိုအဇ္ဈာသယဓာတ် မရှိသူဖြစ်ခဲ့ကြောင်း, မပြောပလောက်သည့် အကြောင်းတရား အနည်းငယ် အသေး အဖွဲကလေးတွေကို အကြောင်းပြု၍ ရန်ငြိုးဖွဲ့ခဲ့ကြောင်းတို့ကို ပြန်ပြောင်း၍ သတိရသောအခါ ချုံးပွဲချ၍ ငိုပွဲ-ကြီး တစ်ဖန် ဆင်နွှဲရပြန်၏။ ထိုအခါတွင် ဘုရားရှင်က ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ဟောကြားပေးတော်မူရ၏ —

ဆဒ္ဒန်ဆင်မင်းတွင် ဆင်ပေါင်း ရှစ်သောင်း အခြံအရံရှိ၏၊ အားလုံး ဥပေါသထဆင်မျိုးချည်း ဖြစ်ကြ၏၊ အားလုံး ကောင်းကင်ပျံနိုင်ကြ၏၊ ဆဒ္ဒန်ဆင်မင်းတွင် စူဠသုဘဒ္ဒါ မဟာသုဘဒ္ဒါဟု မိဖုရားနှစ်ဦး ရှိခဲ့၏။ စူဠသုဘဒ္ဒါကား ငိုပွဲကြီး ယင်ခဲ့ရသော ဘိက္ခုနီမကလေး၏ အလောင်းလျာပင် ဖြစ်ခဲ့၏။

တစ်နေ့တွင် ဆဒ္ဒန်ဆင်မင်း ဦးဆောင်သည့် ဆင်အပေါင်းတို့သည် အင်ကြင်းပန်းများ ပွင့်လန်းသည့် အခါဝယ် အင်ကြင်းတော၏ အတွင်း၌ တောကစားကြ၏။ စူဠသုဘဒ္ဒါကား လေအထက်က တည်နေ၏၊ မဟာ-သုဘဒ္ဒါကား လေအောက်က တည်နေ၏။ ဆဒ္ဒန်ဆင်မင်း၏ လေညာနှင့် လေအောက် တစ်ဘက်တစ်ချက် တည်နေကြ၍ တောကစားကြ၏။ ဆဒ္ဒန်ဆင်မင်းက ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းပင်ကြီးကို ဦးကင်းဖြင့် ပွတ်တိုက်ကာ ကစားလိုက်၏။ ထိုအခါ လေအထက်၌ တည်နေသော စူဠသုဘဒ္ဒါ၏ ကိုယ်ပေါ်သို့ သစ်ကိုင်း-ခြောက် သစ်ရွက်ခြောက် ပိုးကောင်စသည်တို့ ပြုတ်ကျ၍ လေအောက်၌ တည်နေသော မဟာသုဘဒ္ဒါ၏ ကိုယ်ပေါ်သို့ အင်ကြင်းပန်းဝတ်မှုန်နှင့် ပွင့်ချပ် ပွင့်လွှာတို့ ပြုတ်ကျကြကုန်၏။ ထိုအခါ ထိုအပြုအမူကို မနှစ်မြို့သော စူဠသုဘဒ္ဒါသည် — "ဤဆင်မင်းသည် သူချစ်မြတ်နိုးအပ်သည့် မယားဖြစ်သူ မဟာသုဘဒ္ဒါ၏ ကိုယ်ပေါ်သို့ ပန်းဝတ်မှုန် ပွင့်ချပ်လွှာတို့ကို ကျစေ၏၊ ငါ၏ ကိုယ်ပေါ်၌ကား သစ်ကိုင်းခြောက်တို့နှင့် ရောနေသည့် သစ်ရွက်ဟောင်းတို့နှင့် ပိုးကောင် (ခါချဉ်)တို့ကို ကျစေဘိ၏၊ ရှိစေ၊ ပြုသင့်တာကို သိစေရမယ်"ဟု

ဘုရားလောင်း၏ အပေါ်၌ ရန်ငြိုးဖွဲ့လေ၏။ (ဇာတက-၄-၅-၃၉-၄၀။)

တစ်ဖန် တစ်နေ့တွင် ဆဒ္ဒန်ဆင်မင်းသည် ဆင်အပေါင်းခြံရံလျက် ဆဒ္ဒန်အိုင်သို့ ရေကစားရန် ဆင်းသက်ခဲ့၏။ ဆင်အပေါင်းတို့သည် ပျော်ရွှင်စွာရေကစားကြ၏။ ထိုအခါ ဆဒ္ဒန်အိုင်၏ အတွင်း၌ လှည့်လည်၍ ရေကစားလျက်ရှိသော ဆင်တစ်ကောင်သည် အလွန်နှစ်သက် မြတ်နိုးဖွယ်ကောင်းသည့် အလွန်ထူးဆန်းသည့် သတ္တုဒ္ဒယ အမည်ရသည့် ပဒုမ္မာကြာပန်းကြီး တစ်ပွင့်ကို ရရှိ၍ ယူဆောင်ခဲ့ပြီးလျှင် ဘုရားအလောင်းတော် ဆဒ္ဒန်ဆင်မင်းအား ဆက်သလာ၏။ ထိုအခါတွင်လည်း ဆဒ္ဒန်ဆင်မင်းက ယင်းပဒုမ္မာကြာပန်းကြီး၏ ဝတ်မှုန်များကို မဟာသုဘဒ္ဒါ၏ ကိုယ်ပေါ်သို့ ကြဲဖြန့်ပေးလိုက်၏၊ ပဒုမ္မာကြာပန်းကြီးကိုလည်း မဟာသုဘဒ္ဒါအားပင် ပေးလိုက်၏။ ထိုအပြုအမူကို မြင်ရ၍ စူဠသုဘဒ္ဒါသည် — "ဤဆင်မင်းကား သတ္တုဒ္ဒယအမည်ရသည့် ပဒုမ္မာကြာပန်းကြီးကို မိမိ၏ ချစ်မြတ်နိုးအပ်သည့် မယားဖြစ်သူ မဟာသုဘဒ္ဒါအားသာ ပေး၏၊ ငါအားကား မပေးလေ" ဟု ဒုတိယအကြိမ် ထပ်မံ၍ အလောင်းတော် ဆဒ္ဒန်ဆင်မင်း၏ အပေါ်၌ ရန်ငြိုးဖွဲ့လေပြန်၏။ "ရှိပစေ၊ သိစေ-ရမည်"ဟူသော စိတ်ဓာတ်များကို မွေးမြူလိုက်၏။

ထိုအချိန်တွင် ဆဒ္ဒန်ဆင်မင်း ဦးဆောင်သည့် ဆင်အပေါင်းတို့သည် အရှင်ပစ္စေကဗုဒ္ဓါ (၅၀၀)တို့အား ချိုမြိန် ကောင်းမြတ်သော သစ်သီးဆွမ်းတို့ဖြင့်လည်းကောင်း, ကြာစွယ်ကြာရင်းတို့ဖြင့်လည်းကောင်း, ချိုမြိန် ကောင်းမြတ်သော ရေကန်ရေတို့ဖြင့်လည်းကောင်း ပြုစုလုပ်ကျွေးခွင့် လှူဒါန်းခွင့်ကို ရရှိနေကြ၏။ တစ်နေ့တွင် ဆင်အပေါင်းတို့သည် အရှင်ပစ္စေကဗုဒ္ဓါတို့အား သစ်သီးဆွမ်းများကို လှူဒါန်းကြ၏။ ထိုအလှူပွဲတွင် စူဠ-သုဘဒ္ဒါလည်း ပါဝင်၏။ စူဠသုဘဒ္ဒါသည် အရှင်ပစ္စေကဗုဒ္ဓါတို့အား မိမိရှာဖွေရရှိလာသည့် သစ်သီးဆွမ်းကို လှူဒါန်းပြီးနောက် ဤသို့ ဆုတောင်းပန်ထွာလေ၏ —

ဘန္တေ ဣတော စဝိတွာ မဒ္ဒရာဇကုလေ နိဗ္ဗတ္တိတွာ သုဘဒ္ဒါ နာမ ရာဇကညာ ဟုတွာ ဝယပ္ပတ္တာ ဗာရာဏသိရညော အဂ္ဂမဟေသိဘာဝံ ပတွာ တဿ ပိယာ မနာပါ၊ တံ အတ္တနောရုစိံ ကာရေတုံ သမတ္ထာ ဟုတွာ တဿ အာစိက္ခိတွာ ဇေကံ လုဒ္ဒကံ ပေသေတွာ ဣမံ ဟတ္ထိံ ဝိသပီတေန သလ္လေန ဝိဇ္ဈာပေတွာ ဇီဝိတက္ခယံ ပါပေတွာ ဆဗ္ဗဏ္ဏရံသိံ ဝိဿဇ္ဇေန္တေ ယမကဒန္တေ အာဟရာပေတုံ သမတ္ထာ ဟောမိ။ (ဇာတက-၄-၅-၄၀။)

၁။ အရှင်မြတ်တို့ဘုရား — ဤကောင်းမှုကြောင့် တပည့်တော်မသည် ဤဆင်ဘဝမှ စုတေခဲ့သော် မဒ္ဒရာဇ် မင်းမျိုး၌ သုဘဒ္ဒါအမည်ရှိသော မင်းသမီး ဖြစ်ရပါလို၏။
၂။ အရွယ်သို့ရောက်သောအခါ ဗာရာဏသီမင်း၏ ချစ်မြတ်နိုးအပ်သည့် မိဖုရားခေါင်ကြီး ဖြစ်ရပါလို၏။
၃။ ထိုဗာရာဏသီမင်းကို မိမိ၏ အလိုအကြိုက်သို့ လိုက်ပါအောင် ပြုလုပ်ခြင်းငှာ စွမ်းနိုင်သူ ဖြစ်ရပါလို၏။
၄။ ထိုဗာရာဏသီမင်းအား ပြောကြား၍ မုဆိုးတစ်ယောက်ကို စေခိုင်း၍ ဤဆဒ္ဒန်ဆင်မင်းကို ဆိပ်လူးမြားဖြင့် ပစ်ခွင်း၍ အသေသတ်နိုင်ရပါလို၏။
၅။ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကွန့်မြူးစမွယ်လျက်ရှိသော ဆင်စွယ်အစုံတို့ကို ဆောင်ယူစေခြင်းငှာ စွမ်းနိုင်သူ ဖြစ်ရပါလို၏။ —

ဤသည်တို့ကား စူဠသုဘဒ္ဒါ၏ ဆုတောင်းများပင် ဖြစ်ကြသည်။

၁။ သုဘဒ္ဒါအမည်ရှိသော မဒ္ဒရာဇ်မင်းသမီး, ဗာရာဏသီမင်း၏ ချစ်မြတ်နိုးအပ်သည့် မိဖုရားခေါင်ကြီး, ဗာရာဏသီမင်းကို မိမိ၏ အလိုအကြိုက်သို့ လိုက်ပါစေနိုင်သူ မိဖုရားခေါင်ကြီး, ဆဒ္ဒန်ဆင်မင်းကို ဆိပ်လူးမြားဖြင့် ပစ်ခွင်း၍ အသေသတ်နိုင်သည့် မိဖုရားကြီး, ဆင်စွယ်တို့ကို ဆောင်ယူစေခြင်းငှာ စွမ်းနိုင်သူ အမျိုးသမီးဟု အသိမှားခြင်းသဘောကား အဝိဇ္ဇာတည်း။

၂။ ယင်းအမျိုးသမီးဘဝကို တွယ်တာ တပ်မက်ခြင်းသဘောကား တဏှာတည်း။
၃။ ယင်းအမျိုးသမီးဘဝသို့ စိတ်ကပ်ရောက် စွဲနေခြင်းသဘောကား ဥပါဒါန်တည်း။
၄။ အရှင်ပစ္စေကဗုဒ္ဓါတို့အား သစ်သီးဆွမ်း လှူဒါန်းသည့် ကုသိုလ်စေတနာအုပ်စုတို့ကား သင်္ခါရတည်း။
၅။ ယင်းကုသိုလ်စေတနာအုပ်စု သင်္ခါရ၏ စွမ်းအင်သတ္တိ = ကမ္မသတ္တိကား ကံတည်း။

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အကြောင်းတရားငါးပါးတို့ စုံညီသွား၏။ စူဠသုဘဒ္ဒါ အဝင်-အပါ ဆဒ္ဒန်ဆင်မင်း ဦးဆောင်သည့် ဆင်အပေါင်းတို့ကား သီလစင်ကြယ်ကြ၏။ သီလတည်းဟူသော မြေပေါ်၌ ရပ်တည်၍ သီလရှိတော်မူကြသည့် အရှင်ပစ္စေကဗုဒ္ဓါ အရှင်ကောင်း အရှင်မြတ်တို့အား တရားသော နည်းလမ်းဖြင့် ရှာဖွေရရှိကြသော သစ်သီးဆွမ်းတို့ကို ကြည်လင်သော စိတ်ထား ကံ-ကံ၏အကျိုးတရားကို ယုံကြည်သည့် သဒ္ဓါတရား အပြည့်အဝဖြင့် လှူဒါန်းခွင့် ရရှိကြ၏။ ကောင်းမှုတည်းဟူသော မျိုးစေ့၏ ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်သော အရှင်ကောင်း အရှင်မြတ်တို့၌ ကောင်းမှုတည်းဟူသော မျိုးစေ့ကို ကြဲချစိုက်ပျိုးခွင့်ကို ရရှိသွားကြ၏။ သို့အတွက် စူဠသုဘဒ္ဒါ၏ တောင့်တသည့် ဆုအားလုံးသည် တစ်နေ့တွင် ပြည့်ဝစုံညီသွားပေသည်။

မဒ္ဒရာဇ်မင်းသမီးလည်း ဖြစ်ရ၏၊ ဗာရာဏသီမင်း၏ ချစ်မြတ်နိုးအပ်သည့် မိဖုရားခေါင်ကြီးလည်း ဖြစ်ရ၏၊ ဗာရာဏသီမင်းကို မိမိ၏အလိုအကြိုက်သို့ လိုက်ပါစေနိုင်သူလည်း ဖြစ်ရ၏၊ သောနုတ္တိုရ်မုဆိုးကို စေလွှတ်၍ ဆဒ္ဒန်ဆင်မင်းကို ဆိပ်လူးမြားဖြင့် ပစ်ခွင်းစေလျက် အသေသတ်နိုင်သူလည်း ဖြစ်ရ၏။ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကွန့်မြူးစမွယ်လျက်ရှိသော ဆဒ္ဒန်ဆင်မင်း၏ စွယ်တော်အစုံတို့ကို ဆောင်ယူစေခြင်းငှာ စွမ်းနိုင်သူလည်း ဖြစ်ရ၏။ သို့သော် ဆဒ္ဒန်ဆင်မင်း၏ စွယ်တော်အစုံတို့သည် မိမိ၏ လက်ဝယ်သို့ ဆိုက်ရောက်လာသောအခါ၌ကား ဆဒ္ဒန်ဆင်မင်း၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အမှတ်ရသဖြင့် ငိုပွဲကြီးဆင်၍ သေပွဲကြီးဝင်ခဲ့ရပြန်လေသည်။ (ဇာတက-၄-၅-၅၆။)

**သတိပြုသင့်လှ၏** — ဤစူဠသုဘဒ္ဒါ၏ ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ကြည့်ပါက — ဒေါသတကြီးဖြင့် မကျေနပ်မှုတွေ တစ်ပုံကြီး ခြံရံ၍ ကံများကို အရမ်း မထူထောင်သင့်ကြောင်းကို သဘောပေါက်သင့်လှ၏။ ကံတစ်ခုကို ထူထောင်ပြီး၍ ကံအရာ မြောက်သွားသောအခါ၌ကား ပြန်လည် နှုတ်သိမ်းရန် အလွန်ခက်ခဲသွားပြီ ဖြစ်၏။ ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံများ ဖြစ်ခဲ့လျှင် အရိယမဂ်တည်းဟူသော မွေးညှပ်နှင့်ကင်း၍ အထူးသဖြင့် အရဟတ္တမဂ်တည်းဟူသော မွေးညှပ်နှင့်ကင်း၍ ပယ်နှုတ်ခြင်းငှာကား မတတ်ကောင်းလေရာသည်။ လူသားတစ်ဦးလည်း ဖြစ်လာရ၍ မိဘုရားကြီးဘဝကိုလည်း ရရှိလာသော သုဘဒ္ဒါအဖို့ ဆဒ္ဒန်ဆင်မင်းကဲ့သို့သော တောထဲ၌သာ ပျော်မွေ့နေသော ဆင်တစ်ကောင်ကို မသတ်ဘဲ နေမည်ဆိုပါက ဘဝခြားနေသည့်အတွက် နေသင့်လှပေ၏။ သို့သော် ဆဒ္ဒန်ဆင်မင်းကို သတ်လိုသော စိတ်ဓာတ်များ ခြံရံလျက် ကံကို ထူထောင်မိသည့်အတွက် ထိုကံက အကျိုးပေးနေသော ဘဝတွင် မသတ်ဘဲ မနေနိုင် ဖြစ်နေ၏။ နှုတ်ပယ်ဖို့ရန် အလွန်ခက်ခဲသွားပြီ ဖြစ်ပေသည်။ အကယ်၍ အသင်သူတော်ကောင်းသည်လည်း ကံတစ်ခုကို အမှားမှား အယွင်းယွင်း ထူထောင်ခဲ့မိလျှင်ကား စူဠသုဘဒ္ဒါကဲ့သို့ပင် ငိုပွဲကြီးဆင်ရတတ်၏၊ သေပွဲကြီးလည်း ဝင်ရတတ်ပေ၏။ သတိရှိစေ။ —

## မဟာပဒုမပစ္စေကဗုဒ္ဓါ၏ အလောင်းလျာ အမျိုးကောင်းသမီး၏ ဆုတောင်း

မဟာပဒုမပစ္စေကဗုဒ္ဓါအလောင်း အမျိုးကောင်းသားသည် ပစ္စေကဗောဓိဉာဏ်ကို ရည်သန်တောင့်တ၍ ပါရမီတို့ကို ဖြည့်ကျင့်တော်မူစဉ် တစ်ခုသောဘဝ၌ သူတစ်ပါးတို့၏ သားမယားတို့ကို လွန်ကျူးဖျက်ဆီးသည့် ပရဒါရကံကို ပြုကျင့်ခဲ့မိ၏။ ထိုမကောင်းမှုကြောင့် ငရဲသို့ရောက်၍ ငရဲမှ လွတ်လာသောအခါ လူ့ပြည်ဝယ် အမျိုးသမီးဘဝသို့ ရောက်ရှိရပြန်၏။ ထိုအမျိုးသမီးဘဝတွင် အမိဝမ်း၌ ပဋိသန္ဓေနေရသည့်အခါ ခံစားရသည့် အလွန်ပူလောင်သည့် ဒုက္ခ, မွေးလာသည့်အခါ မိဘ ဆွေမျိုးသားချင်းတို့၏ မုန်းတီးမှုကို ခံရသည့် ဒုက္ခ, အိမ်ရှင်မ ဘဝသို့ ရောက်သောအခါ အိမ်ရှင်ယောက်ျားနှင့် ယောက္ခမတို့၏ မုန်းတီးမှုကို ခံရသည့်ဒုက္ခ ဤသို့စသည့် ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် ရင်ဆိုင်တိုးနေရ၏။ ပရဒါရကံ၏ အကျိုးဆက်ပင်တည်း။ တစ်နေ့တွင် အခြား အမျိုးသမီးများကို ခေါ်ဆောင်၍ တောင်ထိပ်ပွဲသို့ သွားရောက်ပျော်ပါးနေသော အိမ်ရှင်ယောက်ျား၏ နောက်သို့ စားဖွယ်သောက်ဖွယ် အပြည့်အစုံယူဆောင်လျက် ရထားဖြင့် နောက်ကလိုက်သွား၏။ ထိုနေ့တွင် နန္ဒမူလိုဏ်ဂူ တွင် ခုနစ်ရက်တို့ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူပြီး၍ နိရောဓသမာပတ်မှ ထလာတော်မူသော အရှင်ပစ္စေကဗုဒ္ဓါတစ်ဆူသည် ထိုအမျိုးကောင်းသမီးအား ချီးမြှောက်ရန်အတွက် ကောင်းကင်ခရီးဖြင့် ကြွလာ တော်မူ၍ ကောင်းကင်ခရီးမှ သက်ဆင်းတော်မူပြီးလျှင် ထိုအမျိုးသမီးနှင့် ရင်ဆိုင်အရပ်တွင် ဆွမ်းခံ ကြွလာတော်မူ၏။ သဒ္ဓါတရား ပြည့်ဝစုံညီသော ထိုအမျိုးကောင်းသမီးသည် ရထားပေါ်မှ ဆင်းသက်လျက် အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ကို ယူဆောင်ပြီးလျှင် မွန်မြတ်သော ဆွမ်း ခဲဖွယ်ဘောဇဉ်တို့ကို သပိတ်၌ အပြည့်ထည့်၍ ပဒုမ္မာကြာပန်းများကို သပိတ်အောက်က ခံလျက် အရှင်ပစ္စေကဗုဒ္ဓါအား သပိတ်တော်ကို ဆက်ကပ်ပြီး လျှင် သူအလိုရှိသော ဆု (၄)မျိုးကို တောင်း၏။ ထိုနောင် သပိတ်ပေါ်သို့ ပဒုမ္မာကြာပန်းတစ်စည်းကို ထပ်တင်၍ ငါးခုမြောက် ဆုတစ်ခုကိုပါ ထပ်တောင်းပြန်၏။

ထိုအမျိုးသမီး၏ ဆုတောင်းခန်းမှာ အောက်ပါအတိုင်း ဖြစ်၏ —

၁။ ဘန္တေ ယထာ ဣဒံ ပုပ္ဖံ၊ ဧဝါဟံ ယတ္ထ ယတ္ထ ဥပပဇ္ဇာမိ၊ တတ္ထ တတ္ထ မဟာဇနဿ ပိယာ ဘဝေယျံ မနာပါ။

၂။ ဘန္တေ ဒုက္ခော ဂဗ္ဘဝါသော၊ တံ အနုပဂမ္မ ပဒုမပုပ္ဖေဧဝ ပဋိသန္ဓိ ဘဝေယျံ ။

၃။ ဘန္တေ ဇေဂုစ္ဆော မာတုဂါမော၊ စက္ကဝတ္တိဓီတာပိ ပရဝသံ ဂစ္ဆတိ။ တသ္မာ အဟံ ဣတ္ထိဘာဝံ အနုပဂမ္မ ပုရိသော ဘဝေယျံ ။

၄။ ဘန္တေ ဣမံ သံသာရဒုက္ခံ အတိက္ကမ္မ ပရိယောသာနေ တုမှေဟိ ပတ္တံ အမတံ ပါပုဏေယျံ။

၅။ ပုပ္ဖသဒိသော ဧဝ မေ ဂန္ဓော စေဝ ဝဏ္ဏော စ။ (သုတ္တနိပါတ-ဋ္ဌ-၁-၆၉။)

၁။ အရှင်ဘုရား ဤပဒုမ္မာကြာပန်းကို လူများအပေါင်းသည် နှစ်သက်မြတ်နိုးအပ်သကဲ့သို့ ဤအတူ ဘုရား တပည့်တော်မသည် ဖြစ်လေရာရာ ဘဝတိုင်း၌ လူများအပေါင်း၏ ချစ်မြတ်နိုးအပ်သူ ဖြစ်ရပါလို၏။

၂။ အရှင်ဘုရား အမိဝမ်း၌ ပဋိသန္ဓေတည်နေရခြင်းသည်ကား ဆင်းရဲလှပါ၏၊ ထိုအမိဝမ်း၌ ပဋိသန္ဓေ တည်နေရခြင်းသို့ မကပ်ရောက်ရမူ၍ ပဒုမ္မာကြာပန်း၏ အတွင်း၌သာလျှင် ပဋိသန္ဓေ တည်နေရသူ ဖြစ်ရပါလို၏။

၃။ အရှင်ဘုရား မာတုဂါမ အမျိုးသမီးဘဝဟူသည် ရွံ့ရှာစက်ဆုပ်ဖွယ် ကောင်းလှပါ၏၊ စကြဝတေးမင်း၏ သမီးရတနာပင် ဖြစ်သော်လည်း ယောက်ျားဟု ခေါ်ဆိုသည့် သူတစ်ပါး၏ အလိုသို့သာ လိုက်ပါနေရသူ

ဖြစ်ပါ၏၊ ထိုကြောင့် တပည့်တော်မသည် အမျိုးသမီးဘဝသို့ မကပ်ရောက်ရမူ၍ ယောကျ်ား စင်စစ်သာ ဖြစ်ရပါလို၏။

၄။ အရှင်ဘုရား ဤသံသရာဝဋ်ဆင်းရဲဒုက္ခကို ကျော်လွှား လွန်မြောက်ပြီး၍ နောက်ဆုံးဘဝ၌ အရှင်မြတ်တို့သည် သိတော်မူအပ် မြင်တော်မူအပ် ရတော်မူအပ် ရောက်တော်မူအပ်သည့် မသေရာ အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကို ရောက်ရ ရရပါလို၏။

၅။ ဘုရားတပည့်တော်၏ ကိုယ်ရနံ့သည်လည်းကောင်း, အရောင်အဆင်းသည်လည်းကောင်း ဤပဒုမ္မာကြာပန်းနှင့် တူသည်သာလျှင် ဖြစ်ရပါလို၏။

ဘဝကို နာကြည်းချက်ဖြင့် တောင်းထားသော ဆုများပင် ဖြစ်ပေသည်။ ထိုဆုတောင်းခန်းတွင် —

၁။ ပဒုမ္မာကြာပန်းကဲ့သို့ လူအများအပေါင်း၏ ချစ်ခင်မြတ်နိုးအပ်သူ, ပဒုမ္မာကြာပန်းအတွင်း၌ ပဋိသန္ဓေတည်နေရသူ, အဆုံးဘဝ၌ အမြိုက်နိဗ္ဗာန်ကို ရနိုင်သူ, ပဒုမ္မာကြာပန်း၏ အဆင်းအနံ့နှင့် တူသူ ယောကျ်ားဟု အသိမှားခြင်းသဘောကား အဝိဇ္ဇာတည်း။

၂။ ယင်းယောကျ်ားဘဝကို တွယ်တာတပ်မက်ခြင်းသဘောကား တဏှာတည်း။

၃။ ယင်းယောကျ်ားဘဝသို့ စိတ်ကပ်ရောက် စွဲနေခြင်းသဘောကား ဥပါဒါန်တည်း။

၄။ အရှင်ပစ္စေကဗုဒ္ဓါဘုရားရှင်အား ပဒုမ္မာကြာပန်းနှင့် ဆွမ်းလှူဒါန်းသည့် ကုသိုလ်စေတနာအုပ်စုကား သင်္ခါရတည်း။

၅။ ယင်းကုသိုလ်စေတနာအုပ်စု၏ စွမ်းအင်သတ္တိကား ကံတည်း။

ဤသို့လျှင် အကြောင်းတရားငါးပါး စုံညီသွားပေသည်။ ယင်းအကြောင်းတရားများကြောင့် လူ့ပြည်နတ်ပြည်တို့၌ စုန်ဆန်ကျင်လည်ရာဝယ် ပဒုမ္မာကြာပန်းအတွင်း၌သာ ပဋိသန္ဓေတည်နေရသူ ဖြစ်ခဲ့ရ၏။ နောက်ဆုံးဘဝတွင်လည်း လူ့ပြည် လူ့လောကဝယ် မင်းဥယျာဉ်တော် ရေကန်အတွင်း၌ ပေါက်ရောက်တည်ရှိသော ပဒုမ္မာကြာပန်း၏ အတွင်း၌သာ ပဋိသန္ဓေတည်နေရသူ ဖြစ်လာရ၏၊ မဟာပဒုမမင်းသားဟု ရှင်ဘုရင့်သားတော် ဖြစ်လာရ၏၊ လူများအပေါင်း၏ ချစ်ခင်မြတ်နိုးမှုကို ခံယူခဲ့ရ၏၊ ပဒုမ္မာကြာပန်း၏ အဆင်းနှင့်တူသူ ပဒုမ္မာကြာပန်း၏ အနံ့နှင့် တူသော ကိုယ်ရနံ့ရှိသူ ဖြစ်လာရ၏။ နောက်ဆုံး ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားတော်မူ၏။ မသေရာ အမြိုက်နိဗ္ဗာန်တရားကို မျက်မှောက်ပြုသွားတော်မူ၏။

စိတ်ဆန်းကြယ်ခြင်းကြောင့် ကံဆန်းကြယ်၏၊ ကံဆန်းကြယ်ခြင်းကြောင့် သတ္တဝါတို့ ဆန်းကြယ်ကြောင်း သက်သေသာဓကများပင် ဖြစ်ကြ၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသောအမည်ချင်း တူညီသော်လည်း အဝိဇ္ဇာချင်း, တဏှာချင်း, ဥပါဒါန်ချင်း, သင်္ခါရ ကံချင်း မတူညီပုံနှင့် အကျိုးဝိပါက်ချင်းလည်း မတူညီပုံ သက်သေသာဓကများတည်း။

# နိမိတ်ထင်ပုံ အပိုင်း

## ကံ– ကမ္မနိမိတ် – ဂတိနိမိတ်

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အတိတ်အကြောင်းတရားများနှင့် နောင်အနာဂတ် ရှိနေသေးသူတို့အတွက် နောင်အနာဂတ်တွင် အကျိုးပေးတော့မည့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကို ရှာဖွေရာ၌ အရေးကြီးလှသော အချက်တစ်ရပ်မှာ မရဏာသန္နဇော၏ အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးပင် ဖြစ်သည်။ သို့အတွက် အသင်သူတော်ကောင်းသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့၏ အကြောင်းအရာကိုလည်း ကြိုတင်၍ သိထားသင့်ပေသည်။

အကျဉ်းအားဖြင့် ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ပဋိသန္ဓေ၏ အာရုံတို့သည် သုံးမျိုးတို့ ရှိကုန်၏။ ထိုသုံးမျိုးသော အာရုံတို့တွင် —

၁။ **ကံ** — ကံမည်သည်ကား အားထုတ်အပ်ပြီးကုန်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့တည်း။

၂။ **ကမ္မနိမိတ်** — အကြင်ဝတ္ထုကို (ဒါနဝတ္ထုစသည်ကို) အာရုံပြု၍ ကံကို အားထုတ်၏၊ ထိုဝတ္ထုသည် ကမ္မနိမိတ်မည်၏ = ကံ၏ အကြောင်းမည်၏။

တတ္ထ အတီတေ ကပ္ပကောဋိသတသဟဿမတ္ထကသ္မိမ္ပိ ကမ္မေ ကတေ တသ္မိံ ခဏေ ကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ အာဂန္တွာ ဥပဋ္ဌာတိ။ (အဘိ-ဋ္ဌ-၂-၁၄၈။)

**အာဂန္တွာ**တိ အာဂတံ ဝိယ ဟုတွာ။ (မူလဋီ-၂-၁၀၄။)

လွန်ခဲ့သော အတိတ်ဘဝ၌ မဆိုထားဘိ၊ လွန်ခဲ့သော ကမ္ဘာကုဋေတစ်သိန်းတို့၏ အထက်၌သော်မှလည်း ကံကိုပြုအပ်ပြီးသော် ထိုကံ ကမ္မနိမိတ်တို့တွင် ကံသည်သော်လည်းကောင်း, ကမ္မနိမိတ်သည်သော်လည်းကောင်း (တကယ်မလာသော်လည်း) လာသကဲ့သို့ ဖြစ်၍ မရဏာသန္န = သေခါနီးခဏ၌ထင်လာ၏။ (အဘိ-ဋ္ဌ-၂-၁၄၈။)

၁။ **ကံ** — အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ ။ ပ ။ တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပ္ပတ္တံ ဟောတိ ။ ပ ။ ကမ္မံ ပန အတီတမေဝ၊ တဉ္စ မနောဒွါရဂ္ဂဟိတံ။ (အဘိဓမ္မတ္ထသင်္ဂဟ။)

လွန်ခဲ့သော ပထမအတိတ်ဘဝက ပြုခဲ့သော ကံပင် ဖြစ်ချင် ဖြစ်ပါစေ၊ လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပြုခဲ့သော ကံပင် ဖြစ်ချင်ဖြစ်ပါစေ၊ သတ္တဝါတစ်ဦးအတွက် သံသရာတစ်လျှောက်တွင် ပြုစုပျိုးထောင်ခဲ့သော ကံအများရှိသည်တွင် ပဋိသန္ဓေအကျိုးကို ပေးတော့မည့်ကံသည် စုတေခါနီးအခါဝယ် အခြားကံများထက် ထင်ရှားနေ၏။ အထူးသဖြင့် ဤယခုပစ္စုပ္ပန် လူဘဝ၏ ပဋိသန္ဓေအကျိုးကို ပေးတော့မည့် ကုသိုလ်စေတနာကံသည် အတိတ်ဘဝ စုတေခါနီးအခါဝယ် အခြားကံများထက် ထင်ရှားနေ၏။ လူအများတွင် မျက်နှာပေါ်လွင်သူကဲ့သို့ အတိတ်ဘဝ စုတေခါနီးဝယ် မနောဒွါရ၌ ဤပစ္စုပ္ပန်လူ့ဘဝ၏ ပဋိသန္ဓေအကျိုးကို ပေးတော့မည့်ကံသည် ပေါ်လွင်စွာ ထင်လာတတ်၏။ ဥပမာ - ကျောင်းဆောက်လှူခဲ့ဖူးသည် ဖြစ်အံ့၊ ကျောင်းလှူစဉ်က ဝမ်းမြောက်ဝမ်းသာ ကုသိုလ်စေတနာများ တဖွားဖွား ဖြစ်ခဲ့ပြားအံ့၊ သေခါနီး မရဏာသန္နအခါဝယ် ထိုကုသိုလ်စေတနာကို ပြန်၍ အမှတ်ရခြင်း, ထိုကုသိုလ်စေတနာကို ပြန်၍ အာရုံပြုနိုင်ခြင်း, ထိုကုသိုလ်စေတနာသည် မနောဒွါရ၌ ထင်လာခြင်းတည်း။ ဤကား ပုဗ္ဗေကတသညာဖြင့် ကံအာရုံထင်ပုံတည်း။

သမ္မုတိကတသညာ = ယခုပြုအပ်ဖူး၏ ဟူသော အမှတ်သညာဖြင့် ထင်ပုံကား သေခါနီးဝယ် အကျိုးပေးတော့မည့် ကုသိုလ်ကို သို့မဟုတ် အကုသိုလ်ကို အသစ်တစ်ဖန် ထပ်မံ၍ ပြုနေသည်၏ အစွမ်းဖြင့် သေခါနီး

မရဏာသန္နအခါဝယ် မနောဒွါရ၌ ထင်လာ၏၊ ထင်ပုံကား — သေခါနီး မရဏာသန္နအခါဝယ် ဝေဒနာနှိပ်စက်၍ မေ့မြောနေစဉ် သေငယ်ဇောမြောနေစဉ် ကျောင်းဆောက်လှူခဲ့သည့် ကံက အကျိုးပေးတော့မည် မှန်လျှင် ယခု လောလောဆယ် ကျောင်းရေစက်ချပွဲ ကျင်းပနေရသကဲ့သို့ ကုသိုလ်စေတနာတွေ အသစ်အသစ် ထပ်ကာထပ်ကာ တဖွားဖွား ဖြစ်နေ၏။ ဆွမ်းလှူသည့်ကံက အကျိုးပေးတော့မည် မှန်လျှင် သေခါနီး မရဏာသန္နအခါဝယ် အသစ်တစ်ဖန် ထပ်မံ၍ ဆွမ်းလောင်းလှူနေရသကဲ့သို့ မနောဒွါရ၌ ထင်လာ၏။ အလားတူပင် မကောင်းသည့် အကုသိုလ်ကံက အကျိုးပေးတော့မည် မှန်လျှင် ထိုမကောင်းမှုကိုပင် သေခါနီး၌ အသစ်တစ်ဖန် ထပ်မံ၍ ပြုနေရသကဲ့သို့ မနောဒွါရ၌ ထင်လာ၏။ သူ့အသက်ကို သတ်ခဲ့ဖူးလျှင် ယခုပင် သတ်ဖြတ်နေရသကဲ့သို့ အလွန် ကြမ်းတမ်းသော အခြင်းအရာများသည် သေခါနီး မနောဒွါရ၌ ထင်နေ၏။ ရှေးတုန်းက ဓားဖြင့် သူတစ်ပါးကို ခုတ်သတ်ခဲ့ဖူးလျှင် ထိုကံကလည်း အကျိုးပေးတော့မည် မှန်လျှင် သေခါနီးဝယ် ယခုပင် အသစ်တစ်ဖန် ခုတ်သတ်နေရသကဲ့သို့ ဒေါသဇောတွေ စောနေတတ်၏။ ယောဂီအများစုကို သုတေသနပြုကြည့်ရာ၌ ဤသမ္ပတိကတသညာဖြင့် ကံအာရုံထင်သည့် ယောဂီအရေအတွက်မှာ များပြားသည်ကို တွေ့ရ၏။

၂။ **ကမ္မနိမိတ်** — တံ ကမ္မကရဏကာလေ ရူပါဒိကမုပလဒ္ဓ ပုဗ္ဗမုပကရဏဘူတဉ္စ ကမ္မနိမိတ္တံ ဝါ ။ ပ ။ ကမ္မဗလေန ဆန္နံ့ဒွါရာနံ အညတြသ္မိံ ပစ္စုပဋ္ဌာတိ။ (အဘိဓမ္မတ္ထသင်္ဂဟ။)

ကမ္မဿ နိမိတ္တံ ကမ္မနိမိတ္တံ — ပဋိသန္ဓေစသည့် ဝိပါက်အကျိုးတရားတို့ကို ဖြစ်စေတတ်သည့် စွမ်းအား ရှိသော ကံကို ပြုစုပျိုးထောင်ခဲ့စဉ်က ထိုကံဟု ခေါ်ဆိုအပ်သော စေတနာသည် ထိုထိုအာရုံကို အစွဲပြု၍ ထိုထို အာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာခဲ့၏၊ ထိုကံကို ပြုစုပျိုးထောင်စဉ်က တွေ့ကြုံခဲ့သမျှ သက်ဆိုင်သော အာရုံကို ကမ္မနိမိတ်ဟု ခေါ်ဆို၏။ ထိုကမ္မနိမိတ်ဟူသည် ရူပါရုံစသည့် အာရုံ (၆)ပါးပင် ဖြစ်၏၊ ဒွါရ (၆)ပါး၌ ထိုက်သလို ထင်နိုင်၏။ ထိုရူပါရုံစသော ကမ္မနိမိတ်သည် အထက်တွင် ဖော်ပြထားသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းနှင့်အညီ အချုပ်အားဖြင့် ဥပလဒ္ဓကမ္မနိမိတ် ဥပကရဏကမ္မနိမိတ်ဟု နှစ်မျိုးရှိ၏။

ထိုတွင် ဥပလဒ္ဓကမ္မနိမိတ်ဟူသည် တိုက်ရိုက်ရအပ်သော တိုက်ရိုက်သက်ဆိုင်သော ပဓာန = ပြဓာန်းသော အာရုံတည်း။ ဥပကရဏကမ္မနိမိတ်ဟူသည် ကံပြီးမြောက်ဖို့ရန် အဆောက်အဦ အခြံအရံမျှသာ ဖြစ်သော အပဓာန = မပြဓာန်းသော အာရုံတည်း။

ကျောင်းလှူရာ၌ ကျောင်း၏ အသုံးအဆောင်နှင့်တကွ ဆွမ်းသင်္ကန်း စသည်တို့ကိုပါ အခြံအရံ အဖြစ်ဖြင့် ထည့်စွက် လှူဒါန်းကြ၏၊ ထိုတွင် သေခါနီးကာလ မရဏာသန္နအခါဝယ် မနောဒွါရစသည့် ဆိုင်ရာ ဆိုင်ရာ ဒွါရ၌ မိမိလှူဒါန်းခဲ့သော ကျောင်းအာရုံနိမိတ်ကြီး ထင်လာလျှင် ထိုကမ္မနိမိတ်သည် ဥပလဒ္ဓကမ္မနိမိတ်တည်း။ ကျောင်းအသုံးအဆောင် ဆွမ်း သင်္ကန်း တစ်ခုခု ထင်လာလျှင် ထိုကမ္မနိမိတ်သည် ဥပကရဏကမ္မနိမိတ်တည်း။

စေတီတော် ဆင်းတုတော်စသည်အား ဆွမ်း ရေချမ်း ပန်း ဆီမီးတို့ကို လှူဒါန်းရာ၌ သေခါနီး မရဏာ-သန္န အခါဝယ် စေတီတော်နိမိတ် ထင်လာသည်ဖြစ်အံ့၊ ဆင်းတုတော်နိမိတ်စသည် ထင်လာသည်ဖြစ်အံ့၊ ထိုစေတီတော် ဆင်းတုတော်စသော အာရုံနိမိတ်သည် ဥပလဒ္ဓကမ္မနိမိတ်တည်း၊ ဆွမ်းစသော နိမိတ် ထင်လာသည်ဖြစ်အံ့၊ ထိုဆွမ်းစသည်ကား ဥပကရဏကမ္မနိမိတ်တည်း။

အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းနှင့် ပဒုမ္မာကြာပန်းတို့ကို လှူဒါန်းရာ၌ အရှင်ပစ္စေကဗုဒ္ဓါကား ဥပလဒ္ဓ-ကမ္မနိမိတ်တည်း၊ ဆွမ်းနှင့် ပဒုမ္မာကြာပန်းတို့ကား ဥပကရဏတည်း။ ဤသို့စသည်ဖြင့် သဘောပေါက်ပါလေ။

တစ်ဖန် အကုသိုလ်ဘက်၌လည်း သားငါးတို့ကို လက်နက် ပိုက်ကွန်စသည်တို့ဖြင့် သတ်ဖြတ်ရာ၌ စုတေခါနီး မရဏာသန္နအခါဝယ် သတ်ခဲ့သည့် သားကောင် ငါးကောင် သားတုံးတို့သည် ထင်လာသည်ဖြစ်အံ့၊

ထိုကမ္မနိမိတ်ကား ဥပလဒ္ဓကမ္မနိမိတ်တည်း။ လက်နက်စသည်တို့သည် ထင်လာကုန်သည် ဖြစ်အံ့၊ ထိုကမ္မ-နိမိတ်ကား ဥပကရဏကမ္မနိမိတ်တည်း။

လက္ခဏသံယုတ် အဋ္ဌိသုတ္တန် (သံ-၁-၄၄၆။)၌ နွားသတ်သမား တစ်ဦးသည် နွားစသည်တို့ကို များစွာ သတ်၍ အသက်မွေးခဲ့သဖြင့် သေသည်၏ အခြားမဲ့၌ ငရဲသို့ ရောက်ရှိသွားကြောင်းကို ဘုရားရှင်သည် ဟောကြား ထားတော်မူ၏။ ထိုနောင် ထိုငရဲသား သတ္တဝါ၏ သန္တာန်ဝယ် ငရဲမှ ကျွတ်လွတ်၍ ပြိတ္တာဘဝသို့ ကူးပြောင်း ခါနီးတွင် ကမ္မနိမိတ်ထင်ပုံကို အဋ္ဌကထာက ဤသို့ ဖွင့်ဆိုထား၏ —

တဿ ကိရနရကာ စဝနကာလေ နိမ္မံသကတာနံ ဂုန္နံ အဋ္ဌိရာသိယေဝ နိမိတ္တံ အဟောသိ။ သော ပဋိစ္ဆန္နမ္ပိ တံ ကမ္မံ ဝိညူနံ ပါကဋံ ဝိယ ကရောန္တော အဋ္ဌိသင်္ခလိကပေတော ဇာတော။ (သံ-ဋ-၁-၂၀၁။)

ထိုငရဲသား သတ္တဝါ၏ သန္တာန်ဝယ် ငရဲမှ စုတေခါနီးအခါ၌ အသားမရှိအောင် ပြုလုပ်ထားအပ်ကုန်သော နွားတို့၏ အရိုးစုအစုအပုံ နိမိတ်သည်သာလျှင် ထင်လာ၏၊ ဥပကရဏကမ္မနိမိတ်အာရုံတည်း။ ထိုငရဲသား သတ္တဝါသည် ငရဲဘဝတည်းဟူသော ဘဝတစ်ခုဖြင့် ဖုံးကွယ်ထားအပ်သည်လည်း ဖြစ်သော ငရဲမရောက်ခင် လူ့ဘဝက ပြုခဲ့သော ထိုကံသည် အရှင်မဟာမောဂ္ဂလ္လာန်တို့ကဲ့သို့သော ပညာရှိသူတော်ကောင်းတို့၏ ဒိဗ္ဗစက္ခု-အဘိညာဏ် ဉာဏ်ဝ၌ ထင်ရှားသကဲ့သို့ ပြုလျက် ထင်လာ၏။ ထိုနွားတို့ကို သတ်၍ အသက်မွေးခဲ့သည့် ထိုအကုသိုလ်ကံ၏ ကြွင်းကျန်နေသေးသော အကျိုးဆက်ကြောင့် ကောင်းကင်တွင် အရိုးစုပြိတ္တာ ဖြစ်နေရ၏။ (သံ-ဋ-၁-၂၀၁။)

လူ့ဘဝတွင် နွားတို့ကိုသတ်၍ အသားတခြား အရိုးတခြားပြု၍ အသားတို့ကို ရောင်း၍ အသက်မွေးခဲ့၏။ ထိုနွားအစုအပုံ နွားရိုးအစုအပုံတို့ကို အာရုံပြု၍လည်း အကုသိုလ်တရားများသည် ထိုနွားသတ်ယောက်ျား၏ သန္တာန်ဝယ် အကြိမ်များစွာ ဖြစ်ခဲ့သည်သာတည်း။ နွားသတ်ခြင်းစသည့် ကြီးလေးသော အကုသိုလ်ကံတို့ကြောင့် ငရဲသို့ ရောက်ခဲ့ရ၏။ ပေါ့ပါးသော ကြွင်းကျန်နေသေးသော အကုသိုလ်ကံတို့ကြောင့် အရိုးစုပြိတ္တာဘဝသို့ ရောက်ခဲ့ရ၏။ ငရဲဘဝမှ ပြိတ္တာဘဝသို့ မကူးမီ စုတေခါနီးဝယ် မိမိသတ်ခဲ့သော နွားတို့၏ အရိုးအစုအပုံ အာရုံနိမိတ်များ ထင်လာခြင်းပင် ဖြစ်၏။ ဥပကရဏကမ္မနိမိတ်တည်း။ အကယ်၍ နွားအာရုံထင်ခဲ့မူကား ထို နွားအာရုံမှာ ဥပလဒ္ဓကမ္မနိမိတ်တည်း။

## ဂေါပကသီဝလိ

မင်း၏ စီးပွားဥစ္စာတို့ကို စောင့်ရှောက်တတ်သော ဂေါပကအမျိုးအနွယ်၌ လူဖြစ်လာသော သီဝလိ အမည် ရှိသောသူသည် တာလပိဋ္ဌိကကျောင်းတိုက်အတွင်း၌ စေတီတော်တစ်ဆူကို တည်ဆောက် ကိုးကွယ်ခဲ့၏။ ထိုဘုရားဒါယကာဖြစ်သော ဂေါပကသီဝလိ၏ သန္တာန်ဝယ် သေရာညောင်စောင်းထက်၌ လျောင်းစက်စဉ် စေတီတော်အာရုံသည် ထင်လာ၏။ ထိုဘုရားဒါယကာ ဂေါပကသီဝလိသည် ထိုစေတီတော်ဟူသော အာရုံကိုပင် အာရုံယူ၍ ကွယ်လွန်သွားလေသော် နတ်ပြည်လောက၌ ဖြစ်လေ၏။ ဤကား ဥပလဒ္ဓကမ္မနိမိတ်အာရုံ ထင်ပုံ-တည်း။ (အဘိ-ဋ-၂-၁၄၈။)

## အဖြူရောင် ကမ္မနိမိတ်

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးကား အတိတ်ဘဝ မရဏာသန္နဇောေ၏ အာရုံကို လှမ်း၍ ရှာဖွေ ရှုကြည့်သော်-လည်း လွယ်လွယ်နှင့် ရှုမရဖြစ်နေ၏။ အဖြူရောင်ကိုသာ တွေ့မြင်နေ၏၊ ထိုအဖြူရောင်ကို ထိုးဖောက်၍ အဝိဇ္ဇာ

တဏှာ ဥပါဒါန် သင်္ခါရ ကံ တို့ကို ရှာဖွေကြည့်သော်လည်း လွယ်လွယ်နှင့် မတွေ့နိုင်ဖြစ်နေ၏။ သုံးရက်ခန့် ကြာသွား၏။ ထိုအဖြူရောင်ကို နှလုံးမသွင်းတော့ဘဲ မသေမီ သေခါနီး မရဏာသန္နအခါသို့ မတိုင်မီ ရှေးပိုင်း ဘက်သို့ ကျော်၍ ရုပ်နာမ်တို့ကို သိမ်းဆည်း ကြည့်လိုက်၏။ ထိုအခါတွင် ကျေးလက်တောသူတစ်ဦးက ရဟန်းတော်တစ်ပါးအား သစ်သီးဆွမ်း လှူဒါန်းနေသည့် ကံအာရုံနိမိတ်ကို တွေ့ရှိ၏။

အလှူခံ ရဟန်းတော်၏ သန္တာန်၌ တည်ရှိသော ရုပ်တရား နာမ်တရား, အလှူပေးသည့် အမျိုးသမီးငယ်၏ သန္တာန်၌တည်ရှိသော ရုပ်တရား နာမ်တရားတို့ကို တစ်လှည့်စီ ဆက်လက်၍ သိမ်းဆည်းလေရာ အလှူခံ ရဟန်းတော်၏ ရုပ်နာမ်သန္တာန်အစဉ်နှင့် မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်တို့သည် ရုပ်နာမ်သန္တာန် တစ်ခုတည်းအဖြစ် ဆက်စပ်မှုမရှိဘဲ အစဉ်အတန်း တစ်ခုတည်း မဟုတ်ဘဲ, အလှူပေးနေသည့် အမျိုးသမီး၏ ရုပ်နာမ်သန္တာန် အစဉ်နှင့် မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်တို့ကိုသာ အစဉ်အတန်း တစ်ခုတည်းအဖြစ် ဉာဏ်ဖြင့် တွေ့မြင်သွား၏၊ အတိတ် သစ်သီးဆွမ်း လှူဒါန်းစဉ် ဘဝင်မနောအကြည်ဓာတ်နှင့် ယခုလက်ရှိ ပစ္စုပ္ပန် ဘဝင်မနောအကြည်ဓာတ် တို့သည်လည်း အစဉ်အတန်း တစ်ခုတည်း ဖြစ်နေသည်ကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ခဲ့၏။ ထိုအခါတွင် သစ်သီးဆွမ်း လောင်းလှူစဉ် ဖြစ်ခဲ့သော စိတ်အစဉ်တို့ကို ဆက်လက်သိမ်းဆည်း၍ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကို ရှာဖွေလေရာ ပညာမဲ့လျက် ဆင်းရဲလှသည့် ကျေးလက်တောသူဘဝကို နာကြည်းသဖြင့် ခေတ်ပညာတတ် မြို့ကြီးသူ ဖြစ်ရလိုကြောင်း ဆုတောင်းပန်ထွာခဲ့သည့် စိတ်အစဉ်တို့ကို တွေ့ရှိခဲ့၏။ ဤ၌ –

၁။ ခေတ်ပညာတတ် မြို့ကြီးသူဟု အသိမှားမှုသဘောကား အဝိဇ္ဇာတည်း။
၂။ ခေတ်ပညာတတ် မြို့ကြီးသူဘဝကို တွယ်တာတပ်မက်မှု သဘောကား တဏှာတည်း။
၃။ ခေတ်ပညာတတ် မြို့ကြီးသူဘဝသို့ စိတ်ကပ်ရောက်စွဲနေမှု သဘောကား ဥပါဒါန်တည်း။
၄။ ရဟန်းတော်အား သစ်သီးဆွမ်း လောင်းလှူသည့် ကုသိုလ်စေတနာအုပ်စုကား သင်္ခါရတည်း။
၅။ ခေတ်ပညာတတ် မြို့ကြီးသူဘဝကို ဖြစ်စေနိုင်သည့် စွမ်းအားရှိသော ယင်းကုသိုလ်စေတနာအုပ်စု၏ ကမ္မသတ္တိကား ကံတည်း။

ကိလေသဝဋ် ဖြစ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် အုပ်စုကား မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်၊ ဇော ခုနစ်ကြိမ် တဒါရုံ နှစ်ကြိမ်အနေဖြင့် ဖြစ်ခဲ့၏။ ဇောအသီးအသီး၌ လောဘဒိဋ္ဌိအုပ်စု နာမ်တရား အလုံး (၂၀)စီ ရှိ၏။ ကမ္မဝဋ်ဖြစ်သော သင်္ခါရ ကံ အုပ်စုသည်လည်း မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်၊ ဇော ခုနစ်ကြိမ် တဒါရုံ နှစ်ကြိမ် အနေဖြင့် ဖြစ်ခဲ့၏။ ဇောအသီးအသီး၌ ဝမ်းမြောက်ဝမ်းသာဖြင့် ဉာဏ်ယှဉ်လျက် ပြုစုပျိုးထောင်ခဲ့ခြင်းကြောင့် နာမ်တရား (၃၄)စီ အသီးအသီးရှိ၏။ ယင်းကိလေသဝဋ် မနောဒွါရဝီထိနှင့် ကမ္မဝဋ် မနောဒွါရဝီထိတို့ကား မနောဒွါရဝီထိပေါင်းများစွာ ဖြစ်ခဲ့ကြသည်သာတည်း။ သို့သော် ဧကတ္တနည်းအားဖြင့် ကံတစ်ခုအဖြစ်ဖြင့်သာ သတ်မှတ်၍ ဖော်ပြခြင်း ဖြစ်သည်။ ဤ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အကြောင်းတရားငါးပါးကို ထူထောင်ခဲ့သဖြင့် ဤဘဝတွင် သူမျှော်လင့်ခဲ့သည့် ခေတ်ပညာတတ် မြို့ကြီးသူ ဘဝကိုကား ရရှိခဲ့၏။ သို့သော် ဤ၌ တင်ပြလိုသောအချက်မှာ **အဖြူရောင်ကမ္မနိမိတ်** အကြောင်းတရားပင် ဖြစ်သည်။

အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ ၊ အနာဂတေပိ ဧတရဟိပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္န- ဓမ္မာ စ။ (အဘိ-ဋ္ဌ-၂-၂၄၂။)

၁။ အတိတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏။
၂။ အနာဂတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏။
၃။ ပစ္စုပ္ပန်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏။

ဤသို့လျှင် ကာလသုံးပါးလုံး၌ အကြောင်းတရားနှင့် အကျိုးတရားသာ ရှိကြောင်းကို ယောဂါဝစရပုဂ္ဂိုလ်သည် သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးပမ်းရမည် ဖြစ်ကြောင်းကို သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီးက ညွှန်ကြားထား၏။ ယင်းညွှန်ကြားချက်နှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည် အတိတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာရှိသည်ဟု သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် နောက်ထပ် ဒုတိယအတိတ်စသည့် ထိုထိုအတိတ်၌ ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကြောင့် ပထမအတိတ်၌ ပဋိသန္ဓေစသည့် ဝိပါကဝဋ်တရားတို့ ထင်ရှားဖြစ်ပုံကိုလည်း သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဆက်လက်၍ သိမ်းဆည်းရပြန်၏။

ဤသို့ သိမ်းဆည်းလိုက်သောအခါ ဒုတိယအတိတ်ဘဝ မရဏာသန္နအခါတွင် အဖြူရောင် ကမ္မနိမိတ်အာရုံသည် ထင်နေပေ၏။ သေခါနီး မရဏာသန္နအခါ၏ ရှေးပိုင်းဘက်သို့ ဉာဏ်ကိုစေလွှတ်၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလိုက်သောအခါ မရဏာသန္နဇော မစောမီ ရှေးပိုင်းစောစောတွင် စာသင်ကျောင်းတစ်ခုကို ဆောက်လုပ် လှူဒါန်းသည့် ကုသိုလ်ကံကို ရှာဖွေတွေ့ရှိ၏။ ယင်းစာသင်ကျောင်းကို လှူဒါန်းသည့် အခမ်းအနားတွင် စာသင်ကျောင်းကို ပိတ်ဖြူမျက်နှာကြက်များ မိုးကာထား၏၊ စာသင်ကျောင်း၏ အတွင်းပတ်လည်တွင်လည်း ပိတ်ဖြူများကို ကာရံထား၏။ ထိုစာသင်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည့် ကုသိုလ်ကံက အကျိုးပေးဖို့ရန် အခွင့်သာလာသဖြင့် ယင်းကံ၏စွမ်းအင်ကြောင့် ဒုတိယအတိတ် သေခါနီး မရဏာသန္နအခါဝယ် မရဏာသန္န-ဇော စောသည့်တိုင်အောင် ယင်းစာသင်ကျောင်း ပေးလှူသည့် အခမ်းအနားတွင် အသုံးပြုခဲ့သော အဖြူရောင် ကမ္မနိမိတ်အာရုံ ထင်လာပေသည်။ ဥပကရဏကမ္မနိမိတ် အာရုံပင်တည်း။ ယင်းဒုတိယအတိတ်ဘဝ မရဏာသန္န-ဇော၏ အာရုံကိုပင် ပထမအတိတ်ဘဝ၏ ပဋိသန္ဓေ ဘဝင် စုတိတို့က ဆက်ခံ၍ အာရုံယူကြရ၏။ သို့အတွက် ထိုယောဂီ၏ ပထမအတိတ်ဘဝ၏ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံမှာ အဖြူရောင် ကမ္မနိမိတ်အာရုံ ဖြစ်ပေသည်။ ဤအချက်ကို မမေ့ပါနှင့်။

[**မှတ်ချက်** — ထိုယောဂီ၏ ယခုဘဝ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံမှာ ပထမအတိတ်ဘဝ မရဏာသန္နဇောက ယူခဲ့သော ရဟန်းတော်တစ်ပါးအား သစ်သီးဆွမ်း လောင်းလှူသည့် ကံအာရုံ ဖြစ်သည်။ ဤအချက်ကိုလည်း မမေ့ပါနှင့်။ ဘဝတစ်ခုနှင့် တစ်ခု ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံချင်း မတူညီပုံကို အထူးသတိပြုပါ။]

## စုတိကျပုံ (၄) မျိုး

၁။ မရဏာသန္နဇောနောင် စုတိကျသော ဝါရ၊

၂။ မရဏာသန္နဇောနောင် ဘဝင်ကျ၍ ဘဝင်နောင် စုတိကျသော ဝါရ၊

၃။ မရဏာသန္နဇောနောင် တဒါရုံကျ၍ တဒါရုံနောင် စုတိကျသော ဝါရ၊

၄။ မရဏာသန္နဇောနောင် တဒါရုံကျ၍ တဒါရုံနောင် ဘဝင်ကျပြီးလျှင် ဘဝင်နောင် စုတိကျသော ဝါရ။

ဤသို့လျှင် စုတိကျပုံ ဝါရ (၄)မျိုး ရှိ၏။ ထိုယောဂီကား ဇောနောင် ဘဝင် အကြိမ်များစွာ ကျ၍ ဘဝင်နောင်တွင် စုတိကျသော ပုဂ္ဂိုလ်မျိုး ဖြစ်ခဲ့၏။

ထိုယောဂီ၏ ပထမအတိတ် ပဋိသန္ဓေ ဘဝင် စုတိတို့သည် ဒုတိယအတိတ်ဘဝ မရဏာသန္နဇော၏ အာရုံဖြစ်သော အဖြူရောင် ကမ္မနိမိတ်ကိုသာ ဆက်လက်၍ အာရုံယူကြသဖြင့် ပထမအတိတ် သေခါနီးကာလဝယ် မရဏာသန္နဇော စောပြီးနောက် ဘဝင်များ နာရီပေါင်းများစွာ ရက်ပေါင်းများစွာ ဆက်တိုက်ဖြစ်ပြီးမှ

စုတိစိတ်ကျခဲ့၏။ ယင်းဘဝင် စုတိတို့သည် အဖြူရောင် ကမ္မနိမိတ်ကိုသာ အာရုံပြုနေကြသဖြင့် ယခုဤဘဝတွင် ပဋိသန္ဓေကာလကို လှမ်း၍ ဉာဏ်ဖြင့်ရှုလိုက်သောအခါ ယင်းဘဝင် စုတိတို့၏ အာရုံဖြစ်သော အဖြူရောင် ကမ္မနိမိတ်ကိုပင် အချိန်ခပ်ကြာကြာ တွေ့ရှိနေရခြင်း ဖြစ်၏။ များသောအားဖြင့် ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့သည် သေခါနီးကာလဝယ် နာရီပေါင်းများစွာ ရက်ပေါင်းများစွာ မေ့မြောနေတတ်သူများ ဖြစ်ကြ၏။ ဘဝင်စိတ်များ အဖြစ်များနေခြင်းပင် ဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာ၏ တိကျမှန်ကန်မှုကား အလွန် အားရကျေနပ်ဖွယ် ရှိပါပေစွ။

## သမ္မူဠ္ဟကာလကိရိယာ = တွေတွေဝေဝေဖြင့် သေရခြင်း

အညာ သမ္မူဠ္ဟကာလကိရိယာ နာမ ဟောတိ။ (အဘိ-ဋ္ဌ-၂-၁၄၈။)

ကမ္မာဒိ အနုဿရဏဗျာပါရရဟိတတ္တာ **"သမ္မူဠ္ဟကာလကိရိယာ"**တိ ဝုတ္တာ။ အဗျာပါရေနေဝ ဟိ တတ္ထ ကမ္မာဒိ ဥပဋ္ဌာနံ ဟောတီတိ။ (မူလဋီ-၂-၁၀၄။)

ဂေါပကသီဝလိ၏ သေခြင်းမျိုးမှတစ်ပါး အခြားသော ပြင်းစွာတွေဝေသော သေခြင်းကို ပြုခြင်းမည်သည် ရှိသေး၏။ ဤ၌ ကံအစရှိသော အာရုံကို အောက်မေ့ကြောင်း အမှတ်ရကြောင်း ဗျာပါရမှကင်းသည်၏ အဖြစ်ကြောင့် သမ္မူဠ္ဟကာလကိရိယာ = ပြင်းစွာတွေဝေသော သေခြင်းကို ပြုခြင်းဟူ၍ အဋ္ဌကထာဆရာတော်က မိန့်ဆိုတော်မူသွားခြင်း ဖြစ်၏။ ထိုတွေတွေဝေဝေ သေခါနီးအခါ၌ ကံစသော အာရုံကို အောက်မေ့ဖို့ရန် ဗျာပါရ မရှိဘဲသာလျှင် ကံစသော အာရုံတစ်ပါးပါး၏ မရဏာသန္နအခါ ထင်လာနိုင်သောကြောင့်တည်း။ ဤ၌ သမ္မူဠ္ဟကာလကိရိယာ = ပြင်းစွာ တွေတွေဝေဝေဖြင့် သေရခြင်းဟူသည် အထက်တွင် ဖော်ပြထားသော ဂေါပကသီဝလိ ဘုရားဒါယကာ၏ သေခြင်းမျိုးလည်း ပါဝင်နေ၏။ သေခါနီးကာလဝယ် ကံစသော အာရုံကို ကြောင့်ကြဗျာပါရ ပြု၍ နှလုံးမသွင်းနိုင်ဘဲ အကျိုးပေးမည့် ကံ၏ စွမ်းအင်ကြောင့်သာ ကံစသော နိမိတ်အာရုံများ ထင်လာမှုကို ရည်ညွှန်းထားပေသည်။ သို့သော် သောတာနုဂတသုတ္တန်တွင်ကား ပုထုဇန်တို့၏ သေခြင်း အားလုံးကိုပင် မုဋ္ဌဿတိ = သတိလက်လွတ်၍ သေခြင်းဟု ဟောကြားထားတော်မူ၏။

သော မုဋ္ဌဿတိ ကာလံ ကုရုမာနော အညတရံ ဒေဝနိကာယံ ဥပပဇ္ဇတိ။ (အံ-၁-၅၀၅။)

**ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ**တိ အတ္ထတော စ ကာရဏတော စ ပညာယ သုဋ္ဌု ပဋိဝိဒ္ဓါ ပစ္စက္ခံ ကတာ။ **မုဋ္ဌဿတိ ကာလံ ကုရုမာနော**တိ နယိဒံ ဗုဒ္ဓဝစနံ အနုဿရဏသတိယာ အဘာဝေန ဝုတ္တံ၊ ပုထုဇ္ဇနကာလကိရိယံ ပန သန္ဓာယ ဝုတ္တံ။ ပုထုဇ္ဇနော ဟိ မုဋ္ဌဿတိ ကာလံ ကရောတိ နာမ။ (အံ-ဋ္ဌ-၂-၃၆၄။)

ရဟန်းတော်တစ်ပါးသည် အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ တရားတော်တို့ကို သင်သိ ကျင့်သိ ဤအသိနှစ်မျိုးဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားအားထုတ်ထား၏။ ဗုဒ္ဓဝစန အမည်ရသော အတ္ထ = ပရမတ္ထဟု ခေါ်ဆိုသော လောကီ စိတ်စေတသိက် ရုပ်တရားတို့ကိုလည်းကောင်း၊ ယင်းပရမတ်တရားတို့၏ အကြောင်းတရားတို့ကိုလည်းကောင်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ထား၏။ ဝိပဿနာဉာဏ်တို့ကို ရရှိအောင်လည်း ကြိုးစား အားထုတ်ထား၏၊ ထိုရဟန်းတော်သည် အရိယမဂ်သို့မဆိုက်မီ ပုထုဇန်ဘဝဖြင့် ကွယ်လွန်ခဲ့သော် စင်ကြယ်သော သီလ၌ ရပ်တည်နေသည့်အတွက် ကြောင့် နတ်ပြည် နတ်လောကသို့ ရောက်ရှိသွား၏။ ထိုရဟန်းတော်၏ သေခြင်းကို မုဋ္ဌဿတိကာလကိရိယာ = သတိလက်လွတ်၍ သေခြင်းဟု ဟောကြားထားတော်မူ၏။ ဤ၌ ဗုဒ္ဓဝစန အမည်ရသော တရားတော်တို့ကို အစဉ်လျှောက်၍ အောက်မေ့တတ် သိမ်းဆည်း ရှုပွားတတ်သော သတိ၏ မရှိခြင်းကြောင့် မုဋ္ဌဿတိကာလ ကိရိယာ = သတိလက်လွတ်၍ ကွယ်လွန်ခြင်းဟု ဟောကြားတော်မူသည်ကား မဟုတ်၊ ပုထုဇန်အဖြစ်ဖြင့် ကွယ်လွန်

ခြင်းကိုသာ ရည်ရွယ်တော်မူ၍ ထိုသို့ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ (အံ-၁-၅၀၅။အံ-ဋ္ဌ-၂-၃၆၄။)

အထက်ပါ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ကား ဤသောတာနုဂတသုတ္တန်၌ ဟောကြားတော်မူအပ်သော မုဋ္ဌဿတိကာလကိရိယာ = သတိလက်လွတ်၍ ကွယ်လွန်ခြင်းမျိုးကို ရည်ရွယ်၍ ဖွင့်ထားသည်ကား မဟုတ်။ ဗုဒ္ဓဝစနအမည်ရသော တရားတော်တို့ကို တစ်နည်း ကုသိုလ်စေတနာကံစသော အာရုံတို့ကို အောက်မေ့တတ်သော သတိ မရှိဘဲ တွေတွေဝေဝေဖြင့် ကွယ်လွန်သည့် ပုထုဇန်မျိုးကို ရည်ရွယ်၍ ဖွင့်ဆိုထားပေသည်။

ထင်ရှားစေအံ့ — မျက်ကွယ်အရပ်သို့ (တစ်ဖက်သို့) မျက်နှာမူလျက် သွားနေသူ၏ နောက်မှ ထက်လှစွာသော သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်လိုက်ကုန်၏။ လျောင်းလျက် အိပ်ပျော်နေသူ၏ ဦးခေါင်းကိုလည်း ထက်မြက်လှသော သန်လျက်ဖြင့် ဖြတ်လိုက်ကုန်၏၊ ရေ၌မူလည်း နှစ်၍ သတ်ကြကုန်၏။ ဤသို့ သဘောရှိသော အခါမျိုး၌သော်မှလည်း အမှတ်မထား တစ်ပါးပါးသော ကံအာရုံသည်သော်လည်းကောင်း, ကမ္မနိမိတ်အာရုံသည်သော်လည်းကောင်း မရဏာသန္နအခါ ထင်လာသည်သာ ဖြစ်၏။ (အဘိ-ဋ္ဌ-၂-၁၄၈။)

## ရေ၌နှစ်၍ အသတ်ခံရသူ

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် အတိတ်အကြောင်းတရားတို့ကို ရှာဖွေရာ၌ သေခါနီး မရဏာသန္နအခါ၌ တည်ရှိခဲ့ကြ ဖြစ်ခဲ့ကြသော ရုပ်နာမ်တို့ကိုလည်းကောင်း မရဏာသန္နအခါ ထင်ခဲ့သော အာရုံတို့ကိုလည်းကောင်း လှမ်း၍ ရှုလိုက်တိုင်း မောနေ၏။ ထိုသို့ မောမောနေသဖြင့် မရဏာသန္နမတိုင်မီ ရှေ့ပိုင်း ခပ်လှမ်းလှမ်းက ဖြစ်ခဲ့သော ရုပ်နာမ်တို့ကိုလှမ်း၍ သိမ်းဆည်းခိုင်းလိုက်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုကဲ့သို့ မသေမီ ခပ်လှမ်းလှမ်းက ဖြစ်ခဲ့သော ရုပ်နာမ်တို့ကို လှမ်း၍ သိမ်းဆည်းလိုက်သောအခါ ရဟန်းတော်တစ်ပါးအား ဆွမ်းလောင်းလှူနေသည့် ကုသိုလ်စေတနာ နာမ်တရားစုတို့ကို သိမ်းဆည်း၍ ရလာ၏။ ရှေးသို့ ဆက်လက်၍ ရုပ်နာမ်တို့ကို သိမ်းဆည်းပြန်ရာ ဆုတောင်းသည့် စိတ်အစဉ်တို့ကိုပါ သိမ်းဆည်း၍ ရရှိလာ၏။ သူ၏ ဆုတောင်းမှာ — အရှင်ဘုရားတို့ကဲ့သို့ ရဟန်းတော် ဖြစ်ပါရစေ — ဟူ၏။

၁။ ရဟန်းတော်ဟု အသိမှားခြင်းသဘောကား အဝိဇ္ဇာတည်း။
၂။ ရဟန်းဘဝကို တွယ်တာတပ်မက်ခြင်းသဘောကား တဏှာတည်း။
၃။ ရဟန်းဘဝသို့ စိတ်ကပ်ရောက်စွဲနေခြင်းသဘောကား ဥပါဒါန်တည်း။
၄။ ဆွမ်းလောင်းလှူနေသည့် ကုသိုလ်စေတနာအုပ်စုတို့ကား သင်္ခါရတည်း။
၅။ ယင်းသင်္ခါရတရားတို့ ချုပ်ပျက်သွားသောအခါ ရုပ်နာမ်အစဉ်တွင် မြှုပ်နှံထားခဲ့သည့် ရဟန်းဘဝကို ဖြစ်စေနိုင်သည့် စွမ်းအင် ကမ္မသတ္တိကား ကံတည်း။

အကြောင်းတရားငါးပါးကား စုံညီသွားပြီ ဖြစ်၏။ ယင်းကမ္မသတ္တိကြောင့် လက်ရှိဘဝ၏ ပဋိသန္ဓေ ခန္ဓာငါးပါးစသည့် ဝိပါက်တရားတို့သည် ဖြစ်ပေါ်လာကြသည် ဖြစ်ပေါ်မလာကြသည်ကို အကြောင်းနှင့်အကျိုး ဆက်စပ်မှု ရှိမရှိကို အကြိမ်ကြိမ် ဆန်းစစ်ကြည့်သောအခါ ယင်းကံကြောင့်ပင် ပဋိသန္ဓေ ခန္ဓာငါးပါးစသည့် အချို့သော ဝိပါကဝဋ်တရားတို့ ထင်ရှား ဖြစ်ပေါ်လာရသည်ကိုလည်း ဉာဏ်ဖြင့် ရှုမြင်၍ ရရှိ၏။ ထိုအခါတွင်မှ မှန်မမှန်ကို ထပ်မံ၍ ဆန်းစစ်ရန်အတွက် သေခါနီး မရဏာသန္နအခါ ထိုအာရုံသည် တစ်ဖန်ပြန်၍ ထင်လာသည် မထင်လာသည်ကိုလည်းကောင်း, သေခါနီးကာလကို လှမ်း၍ ရှုလိုက်တိုင်း မောရခြင်း၏ အကြောင်းရင်းကိုလည်းကောင်း သိရှိရန်အတွက် သေခါနီး မရဏာသန္နအခါ ရုပ်နာမ်တို့ကို နောက်ကြောင်းပြန်၍ (ဆွမ်းလောင်းလှူသည့် အချိန်မှစ၍ သေခါနီးသို့တိုင်အောင်) တစ်ဖန် သိမ်းဆည်းခိုင်းလိုက်သောအခါ ကြေကွဲဖွယ်ရာ မြင်ကွင်းတို့မှာ ဤသို့ ဖြစ်ကြ၏။ —

သူတစ်ပါးတို့၏ ပစ္စည်းကို မတရား လုယက်ယူတတ်သည့် ဒုစရိုက်အိုး လူမိုက်ဆိုး ဖြစ်ခဲ့၏၊ တစ်နေ့တွင် ဖမ်းမိ၍ တုတ်ဓားတို့ဖြင့် ရိုက်ပုတ်မှု ထိုးခုတ်မှုကို ခံခဲ့ရ၏။ ဂုန်နီအိတ်တွင် ထည့်၍ ယင်းအိတ်ကို ကြိုးစည်းလျက် လှေပေါ်သို့ တင်သွားကာ ရေထဲသို့ ကန်ချခံခဲ့ရ၏။ ရေထဲ၌ အလွန့်အလွန် မောပန်းခဲ့၏။ သေခါနီး မရဏာသန္နဇောအခိုက်တွင် အထက်တွင် ဖော်ပြခဲ့သော ရဟန်းတော်တစ်ပါးအား ဆွမ်းလောင်းလှူသည့် ကံအာရုံသည် အသစ်တစ်ဖန် ပြုလုပ်နေသည်၏ အစွမ်းဖြင့် ထင်လာ၏။ ယင်းကံအာရုံကို အောက်မေ့ဖို့ရန် ဗျာပါရ မရှိဘဲသာ လျှင် ယင်းကံအာရုံသည် မရဏာသန္နဇောအခိုက်ဝယ် မနောဒွါရ၌ ထင်လာနိုင်ပေသည်။

မရဏာသန္နဇောနှင့် အလွန်နီးကပ်နေသောအခိုက်, မရဏာသန္နဇောအခိုက်တို့၌ အလွန့်အလွန် မောပန်းနေရကား ထိုသို့ မောပန်းနေသည့်အခိုက်၌ တည်ရှိခဲ့ကြ ဖြစ်ခဲ့ကြသော ရုပ်နာမ်တို့ကို တစ်ဖန်ပြန်၍ လှမ်းရှုလိုက်သောအခါ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ယခုပင် မောနေရသကဲ့သို့ ခံစားနေရ၏။ ပျော်ရွှင်ဖွယ်အာရုံကို လှမ်းရှုလိုက်က ပျော်ရွှင်မှု ဖြစ်တတ်သကဲ့သို့, ဝမ်းနည်းဖွယ်အာရုံကို လှမ်းရှုလိုက်က ဝမ်းနည်းမှု ဖြစ်တတ်သကဲ့သို့ မှတ်ပါ။

**ထူးခြားမှု** – ထူးခြားမှုတစ်ခုကား မရဏာသန္နဇောအခိုက်၌ အသစ်တစ်ဖန် ပြုလုပ်နေသည်၏ အစွမ်းဖြင့် ထင်လာသော ထိုဆွမ်းလောင်းလှူနေသည့် ကုသိုလ်စေတနာ ကံအာရုံကို ဒဏ်ရာဒဏ်ချက်တို့ အပေါ်၌ စွဲလမ်းနေသည့် အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့က ထပ်မံ၍ ခြံရံထားကြပြန်၏။ ယင်းအဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကား ရှေးယခင် မသေမီ ခပ်စောစောပိုင်းက ဆွမ်းလောင်းလှူသည့် ကံကို ပြုစုပျိုးထောင်ခဲ့စဉ်က အနုသယဓာတ်အဖြစ် ကိန်းဝပ် တည်နေခဲ့သော ယခုကဲ့သို့ သေခါနီးအခါကျမှ ဖြစ်ခွင့်ရှိကြသော ကိလေသဝဋ်တရားတို့ပင်တည်း။ သို့အတွက် ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤဘဝဝယ် မွေးလာစဉ်က ဦးခေါင်း၌ ဒဏ်ရာဒဏ်ချက်တို့ပါ ကပ်ပါလာကြပေသည်။ နက်ယောင်နှင့်နက်သော, ခက်ယောင်နှင့်ခက်သော ဗုဒ္ဓအဘိဓမ္မာ၏ တိကျမှန်ကန်သည့် သာဓက တစ်ရပ်ပင်ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာကား သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူပါပေစွတကား — ။

ဤအပိုင်းတွင် အသင်သူတော်ကောင်းသည် ဉာဏ်လင်းရောင်ခြည်၏ စွမ်းအင်ကို မမေ့သင့်ပေ။

## လဟုကမရဏ = လျင်လျင်မြန်မြန် သေရမှု

သမ္ပျဋ္ဌကာလကိရိယာ (= ပြင်းစွာ တွေတွေဝေဝေ သေခြင်း)မှတစ်ပါး လျင်လျင်မြန်မြန် သေရခြင်းမည်သည် ရှိသေး၏။ ဆောက်ရိုး၏ ထိပ်၌ နားနေသော ယင်ကောင်ငယ်ကို လက်ရိုက်ဖြင့် ပုတ်ခတ်၍ ကြိတ်ချေပစ်ကြ-ကုန်၏။ ဤသို့ သဘောရှိသော အချိန်အခါမျိုး၌သော်လည်း အမှတ်မထား တစ်ပါးပါးသော ကံအာရုံသည်သော် လည်းကောင်း, ကမ္မနိမိတ်အာရုံသည်သော်လည်းကောင်း ထင်လာ၏။

ဤသို့ အကြိတ်အချေခံရသော ယင်ကောင်၏ သန္တာန်ဝယ် ရှေးဦးစွာ ကာယဒွါရ၌ ဖြစ်သော အာဝဇ္ဇန်း (= ပဉ္စဒွါရာဝဇ္ဇန်း)စိတ်သည် ဘဝင်ကို မလည်စေနိုင် မရပ်စေနိုင်၊ မနောဒွါရ၌ ဖြစ်သော အာဝဇ္ဇန်း (= မနောဒွါ-ရာဝဇ္ဇန်း)စိတ်သည်သာလျှင် ဘဝင်ကို လည်စေနိုင်၏၊ ဘဝင်ကို ရပ်စေနိုင်၏။ (ဤသို့ အကြိတ်ချေခံရသော ယင်ကောင်၏ သန္တာန်ဝယ် ရှေးဦးစွာ ကာယဒွါရဝီထိ မဖြစ်ဘဲ မနောဒွါရဝီထိသာ အရင်ဖြစ်ရသည်ဟု ဆိုလို ပေသည်။)

မနောဒွါရာဝဇ္ဇန်းစိတ်က ဘဝင်ကို လည်စေပြီးနောက် ရပ်စေပြီးနောက်၌ ဇောစောပြီး၍ ဘဝင်သို့ သက်-ရောက်၏။ (ပဌမမနောဒွါရဝီထိတည်း။)

ဒုတိယဝီထိ အလှည့်အကြိမ်၌ ကာယဒွါရဝီထိ၌ ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဘဝင်အယဉ်ကို လည်စေ၏ ရပ်စေ၏။ ထိုပဉ္စဒွါရာဝဇ္ဇန်း၏ နောက်၌ ကာယဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော စိတ်တို့သည် ဖြစ်ကြကုန်၏။ ဇောစောပြီး၍ ဘဝင်သို့ သက်ပြန်၏။ (ဒုတိယကာယဒွါရဝီထိတည်း။)

တတိယဝီထိ အလှည့်အကြိမ်၌ မနောဒွါရာဝဇ္ဇန်းသည် ဘဝင်ကို လည်စေ၏။ ရပ်စေ၏။ ထိုမနောဒွါရာ-ဝဇ္ဇန်း၏ နောက်၌ ဇောစော၍ဘဝင်သို့ သက်လေ၏။ (တတိယမနောဒွါရဝီထိတည်း။)

ဤတတိယဝီထိနောင် ဘဝင်ကျပြီးမှ ယင်ကောင်သည် သေလွန်၏၊ စုတိစိတ် ကျ၏။ — ဤစကားရပ်ကို အဘယ်အကျိုးငှာ ဆောင်ယူပြအပ်ပါသနည်းဟူမူ နာမ်တရားတို့၏ အာရုံမည်သည် ဤသို့ကလောက် လျင်မြန်စွာထင်၏ — ဤအနက်အဓိပ္ပါယ်ကို ပြခြင်းငှာ ဆောင်ယူပြအပ်ပေသည်။ (အဘိ-ဋ္ဌ-၂-၁၄၈။)

## မူလဋီကာ၏ အကြောင်းပြချက်

အကြိတ်ချေခံရသော ယင်ကောင်၏ သန္တာန်ဝယ် ရှေးဦးစွာ ကာယဒွါရဝီထိ၌ ပါဝင်သော ပဉ္စဒွါရာဝဇ္ဇန်းက အဘယ်ကြောင့် ဘဝင်ကို မလည်စေနိုင် မရပ်စေနိုင်ပါသနည်း၊ အဘယ်ကြောင့် ကာယဒွါရဝီထိ ရှေးဦးစွာ မဖြစ်ရပါသနည်းဟု မေးရန်ရှိ၏။ မိမိဟူသော ယင်ကောင်ငယ်သည် ကြံစည် စိတ်ကူးအပ်ဆဲဖြစ်သော တစ်စုံတစ်ခုသော အာရုံ၏ ထင်ရှား ရှိနေသေးသည်၏ အဖြစ်ကြောင့်ပင်တည်း – ဟု ဤသို့လျှင် ဓမ္မသိရိထေရ်ဟူသော ကေစိဆရာတို့က အကြောင်းပြကြကုန်၏။ ထိုကေစိဆရာတို့ဆိုအပ်သော အကြောင်းသည်ကား သင့်သော အကြောင်း မဟုတ်ပေ။ အဘယ်ကြောင့်နည်းဟူမူ — ဘဝင်၏ အာရုံမှ အခြားတစ်ပါးသော ကြံစည်အပ်ဆဲ စိတ်ကူးဆဲ ဖြစ်သော အာရုံ၏ မရှိခြင်းကြောင့်လည်းကောင်း, အခြားတစ်ပါးသော အာရုံကို ကြံစည် စိတ်ကူးနေသော စိတ်၏ ဖြစ်နေရာအခါ၌ ဘဝင်ကို လည်စေခြင်း ရပ်စေခြင်း၏ပင် မဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း ဖြစ်သည်။

အမှန်စင်စစ်ကား — ဤကာယဒွါရဝီထိ၌ ပါဝင်သော ပဉ္စဒွါရာဝဇ္ဇန်း၏ ဘဝင်ကို ရှေးဦးစွာ မလည်စေရာ၌ မရပ်စေရာ၌ = (ကာယဒွါရဝီထိ၏ ရှေးဦးစွာမဖြစ်ရာ၌) ဤ အကြောင်းတရားသည် ဖြစ်လေရာ၏ —

တာနိဿ တမှိ သမယေ ဩလမ္ဗန္တိ အဇ္ဈောလမ္ဗန္တိ အဘိပ္ပလမ္ဗန္တိ (မ-၃-၂၀၃။)

"ထိုသေခါနီး သတ္တဝါ၏ သန္တာန်ဝယ် ထိုကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံတို့သည် ထိုသေခါနီး မရဏာသန္နအခါ၌ တွဲရရွဲဆွဲသကဲ့သို့ ထင်လာကုန်၏၊ အလွန်တွဲရရွဲဆွဲသကဲ့သို့ ထင်လာကုန်၏၊ ရှေးရှု တွဲရရွဲဆွဲသကဲ့သို့ ထင်လာကုန်၏။"

ဤသို့ ဘုရားရှင်သည် ဟောကြားထားတော်မူခြင်းကြောင့် အဋ္ဌကထာ၌ ဖော်ပြထားအပ်ကုန်သော ပထမ မနောဒွါရိကဇောဝါရ, ဒုတိယကာယဒွါရိကဇောဝါရ, တတိယမနောဒွါရိကဇောဝါရဟူကုန်သော ဇောဝါရ သုံးမျိုးတို့သည် မဖြစ်ကုန်မီသာလျှင် ထိုယင်ကောင်၏ သန္တာန်ဝယ် ကံအစရှိသော အာရုံတစ်ခုခု၏ ထင်ခြင်းသည် ဖြစ်ရာပေ၏။ (ထိုယင်ကောင်သည် သေတော့မည် မှန်လျှင် အကြိတ်အချေ မခံရခင်ကတည်းက ကြိုတင်၍ ထိုယင်ကောင်၏ သန္တာန်၌ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးသည် ကြိုတင်၍ ထင်နေသည်သာ ဖြစ်၏ဟု ဆိုလိုသည်။)

အဘယ်ကြောင့်နည်းဟူမူ — တစ်ပါးမက များပြားလှစွာသော ဇောဝါရတို့၏ ဖြစ်ခြင်းကြောင့် ကံ ကမ္မ-နိမိတ် ဂတိနိမိတ်ဟူသော အာရုံတို့တွင် အာရုံတစ်မျိုးမျိုး၏ လွန်စွာ တွဲရရွဲဆွဲသကဲ့သို့ ဖြစ်ခြင်းသည်လည်း-ကောင်း, ရှေးရှု တွဲရရွဲဆွဲသကဲ့သို့ ဖြစ်ခြင်းသည်လည်းကောင်း ဖြစ်ပေါ်လာရ၏။ ဇောဝါရ တစ်ခုမျှလောက် ဖြင့်ကား ထိုအာရုံ၏ ထိုကဲ့သို့ လွန်စွာ တွဲရရွဲဆွဲသကဲ့သို့ ထင်ခြင်းသည်လည်းကောင်း ရှေးရှု တွဲရရွဲဆွဲသကဲ့သို့ ထင်ခြင်းသည်လည်းကောင်း မဖြစ်သင့်သောကြောင့်တည်း။ အထက်တွင် အဋ္ဌကထာ၌ ဖော်ပြထားသော မနော ဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရဝီထိဟူသော ဇောဝါရဝီထိသုံးမျိုးတို့သည် မဆိုက်ရောက်လာကုန်မီ မဖြစ် ကုန်မီ အချိန်ပိုင်းတို့၌သာလျှင် ကြိုတင်၍ မရဏာသန္နဇော၏ အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံ၏ ထင်ခြင်းသည်သာ ဖြစ်သင့်သောကြောင့် အကြိတ်ချေခံရသော ယင်ကောင်ငယ်၏ သန္တာန်ဝယ် ကာယဒွါရဝီထိ၌ ပါဝင်သော ပဉ္စဒွါရာဝဇ္ဇန်းက ဘဝင်ကို မလည်စေမူ၍ မရပ် စေမူ၍ မနောဒွါရဝီထိ၌ပါဝင်သော မနောဒွါရာဝဇ္ဇန်းကသာလျှင် ကံစသော တစ်ပါးပါးသော အာရုံရှိသော ရှေးဦးစွာသော ဘဝင်ကို လည်စေ၏ ရပ်စေ၏။

ထိုပထမမနောဒွါရဝီထိမှ နောက်၌ လက်ရိုက်ဖြင့် ပုတ်ခတ်ခံရခြင်းကြောင့် ယင်ကောင်ငယ်၏ သန္တာန် ဝယ် ဖြစ်ပေါ်လာသော ဖောဋ္ဌဗ္ဗာရုံ၏ အားကောင်းသည်၏ အဖြစ်ကြောင့် ဒုတိယဇောဝါရ၌ ကာယဝိညာဏဝီထိ သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာ၏၊ ထိုနောင် ယင်းကာယဝိညာဏဝီထိ (= ကာယဒွါရဝီထိ) မဖြစ်မီ မနောဒွါရဇောဝါရဝီထိသည် ယူအပ်ပြီးသည်သာလျှင် ဖြစ်ကုန်သော ကံ အစရှိသော အာရုံသုံးမျိုးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ အစဉ်အားဖြင့် မနောဒွါရဇောသည် စောပြီး၍ = စောပြီးလတ်သော် —

၁။ မူလဘဝင်ဟု ခေါ်ဆိုအပ်သည်မူလည်းဖြစ်သော,
၂။ အာဂန္တုကဘဝင်ဟု ခေါ်ဆိုအပ်သည်မူလည်းဖြစ်သော, တဒါရုံဖြစ်သော ဘဝင်သည် သက်၏။ (တဒါရုံကျ၏။)
၃။ တဒါရုံ၏ မရှိခြင်းသည် ဖြစ်လတ်သော် ဘဝင်သည်သာလျှင် သက်၏။ (ဘဝင်ကျ၏။)

[မူလပဋိသန္ဓေစိတ်နှင့် အမျိုးအစားတူသော ဝိပါက်စိတ်က တဒါရုံကိစ္စကို ဆောင်ရွက်လျက် ဖြစ်ပေါ်-လာသော် ယင်းတဒါရုံကို မူလဘဝင်ဟု ခေါ်ဆို၏။ ထိုမူလဘဝင်နှင့် အမျိုးအစားမတူသော ဝိပါက်စိတ်တစ်မျိုး က တဒါရုံကိစ္စကို ဆောင်ရွက်လျက် ဖြစ်ပေါ်လာသော် ယင်းတဒါရုံကို အာဂန္တုကဘဝင်ဟု ခေါ်ဆိုသည်။]

ဧတသ္မိံ ဌာနေ ကာလံ ကရောတိ။ (အဘိ-ဋ္ဌ-၂-၁၄၈။)

**ဧတသ္မိံ ဌာနေ ကာလံ ကရောတီ**တိ တဒါရမ္မဏာနန္တရေန စုတိစိတ္တေန, တဒါရမ္မဏာဘာဝေ ဝါ ဘဝင်-သင်္ခါတေနေဝ စုတိစိတ္တေန စဝတီတိ အတ္ထော။ (မူလဋီ-၂-၁၀၄။)

တတိယမနောဒွါရဝီထိ ဖြစ်ပြီးနောက် ယင်ကောင်သည် စုတိစိတ်ကျသွားကြောင်းကို အဋ္ဌကထာက ဖွင့်ဆိုထား၏။ ထိုအဋ္ဌကထာ စကားရပ်၏ ဆိုလိုရင်း အနက်သဘောမှာ ဤသို့ ဖြစ်၏။ —

၁။ မရဏာသန္နဇော၏နောင်၌ တဒါရုံကျသော် တဒါရုံနောင် စုတိကျ၏။
၂။ မရဏာသန္နဇော၏နောင်၌ တဒါရုံမကျသော် ဇောနောင်၌ စုတိကျ၏။

ဤသို့ဆိုလို၏။ ဤကား လဟုကမရဏ = လျင်လျင်မြန်မြန်သေပုံကို ဖွင့်ဆိုသည့် စကားတည်း။ ယင်းသို့ လျင်လျင်မြန်မြန် သေရသူ မဟုတ်လျှင်ကား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း —

၁။ မရဏာသန္နဇောနောင် စုတိကျသည်လည်း ရှိ၏။
၂။ မရဏာသန္နဇောနောင် ဘဝင်ကျ၍ ဘဝင်နောင် စုတိကျသည်လည်း ရှိ၏။
၃။ မရဏာသန္နဇောနောင် တဒါရုံကျ၍ တဒါရုံနောင် စုတိကျသည်လည်း ရှိ၏။
၄။ မရဏာသန္နဇောနောင် တဒါရုံကျ၍ တဒါရုံနောင် ဘဝင်ကျပြီးလျှင် ဘဝင်နောင် စုတိကျသည်လည်း ရှိ၏။

ဤလျှင်လျှင်မြန်မြန်သေခြင်း = လဟုကမရဏကို ဖွင့်ဆိုပြရာ၌ စုတိစိတ်ကိုပင် ဘဝင်ဟူ၍ အဋ္ဌကထာဆရာတော်က ခေါ်ဝေါ်သုံးစွဲထားပေသည်။ မနောဒွါရ၏ ကံအစရှိသော အာရုံသည် မနောဒွါရ၌ လျှင်လျှင်မြန်မြန် ထင်ခြင်းသဘောရှိ၏၊ ဤသို့ လျှင်လျှင်မြန်မြန် မနောဒွါရ၌ ကံစသော အာရုံ၏ မရဏာသန္နသေခါနီးအခါ ထင်လာခြင်းကိုပင် ရည်ရွယ်တော်မူ၍ — နာမ်တရားတို့၏ အာရုံမည်သည် ဤသို့ကလောက် လျင်မြန်စွာ ထင်၏ — ဟူ၍ အဋ္ဌကထာဆရာတော်က ဖွင့်ဆိုတော်မူခြင်း ဖြစ်၏။ မှန်ပေသည် နာမ်တရားဖြစ်သော မနောဒွါရ၏ အာရုံသည် လျင်မြန်သော ထင်ခြင်းရှိ၏ဟု မှတ်ပါ။ တစ်ဖန် ယင်ကောင်၏ သန္တာန်ဝယ် လက်ရိုက်ဖြင့် ပုတ်ခတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အားကြီးသော ရုပ်တရားဖြစ်သော ကာယဒွါရဝီထိစိတ်၏ အာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၌ ကာယဒွါရဝီထိစိတ် မဖြစ်သေးဘဲ မနောဒွါရ၏ အာရုံဖြစ်သော ကံအစရှိသော အာရုံတစ်ခုခု၌ ရှေးဦးစွာ မနောဒွါရဝီထိစိတ်၏ ဖြစ်ပုံကို ပြခြင်းအားဖြင့် နာမ်တရားတို့၏ အာရုံ၏ လျင်မြန်စွာ မနောဒွါရ၌ ထင်ခြင်းရှိသည်ကို ပြအပ်ပြီး ဖြစ်သည်ဟု မှတ်ပါ။

တစ်နည်း — စက္ခုစသော ရုပ်တရားတို့မှာ ရူပါရုံစသော အာရုံရှိသည်ဟု ဆိုရသော်လည်း ရုပ်တရားတို့သည် အာရုံကို မယူတတ်သည့် အနာရမ္မဏတရားတို့သာ ဖြစ်ကြခြင်းကြောင့် မုချအားဖြင့် အာရုံရှိကြသည်ကား မဟုတ်။ မြင်တတ်သော ဌာနီဖြစ်သော စက္ခုအကြည်ဓာတ်ကို မှီ၍ ဖြစ်သော စက္ခုဝိညာဏ်ကို ထောက်၍ ဌာနဖြစ်သော မှီရာ စက္ခုအကြည်ဓာတ် ရုပ်တရား၌ "အာရုံရှိသည်"ဟု တင်စား၍ ဌာနျူပစာရအားဖြင့် ဆိုရသည်။ ဤ "အရူပ = နာမ်တရားတို့၏ အာရုံ"ဟု ဆိုရာ၌ကား မုချဖြစ်သော အာရုံတည်း။ ထိုကြောင့် "အကြင် နာမ်တရားတို့သည် အာရုံသည် မုချအားဖြင့် ရှိ၏၊ ထိုမုချအားဖြင့် အာရုံရှိသော နာမ်တရားတို့ကို ပြခြင်း အကျိုးငှာသာလျှင် — နာမ်တရားတို့၏ အာရုံမည်သည် ဤသို့ကလောက် လျင်မြန်စွာထင်၏ — ဟူ၍ အဋ္ဌကထာဆရာတော်က ဖွင့်ဆိုတော်မူခြင်း ဖြစ်၏။ (မူလဋီ-၂-၁၀၄-၁၀၅။)

## ဂတိနိမိတ်

ဂတိနိမိတ်မည်သည် ဖြစ်လတ္တံ့သော အရပ်၌ (ဖြစ်လတ္တံ့သော ဘုံဘဝ, ဘုံဌာန၌ တည်ရှိသော) တစ်မျိုးသော အရောင်အဆင်းတည်း။ ယင်းအရောင်အဆင်းသည် သေခါနီး မရဏာသန္နအခါ၌ ထင်လာ၏၊ ထိုဖြစ်လတ္တံ့သောအရပ် ဘုံဘဝတို့တွင် ငရဲ၌ ဖြစ်လတ္တံ့သော သတ္တဝါအဖို့ ငရဲနိမိတ်သည် ထင်လာလတ်သော် သံအိုးကြီးနှင့် တူသည်ဖြစ်၍ ထင်လာ၏။ လူ့ပြည် လူ့လောက၌ ဖြစ်လတ္တံ့သော သတ္တဝါ၏ သန္တာန်ဝယ် သေခါနီး မရဏာသန္နအခါ၌ ဂတိနိမိတ်သည် ထင်လာလတ်သော် ထိုလူဖြစ်မည့် သတ္တဝါအဖို့ ဦးစွာ ကိန်းအောင်း တည်နေရမည့် အမိ၏ ဝမ်းရေသည် (အမိ၏ သားအိမ်သည်) နီမြန်းသော ကမ္ဗလာယာဉ်နှင့် တူသည် ဖြစ်၍ မရဏာသန္နဇောအခိုက်၌ ထင်လာ၏။ နတ်ပြည်လောက၌ ဖြစ်ရတော့မည့် သတ္တဝါအဖို့ နတ်ပြည်လောက ဂတိနိမိတ်သည် ထင်လာလတ်သော် ပဒေသာပင်, နတ်ဘုံဗိမာန်, အိပ်ရာတိုက်ခန်း စသည်တို့သည် ထင်လာကုန်၏။ ဤသို့လျှင် —

၁။ ကံသည်လည်းကောင်း,
၂။ ကမ္မနိမိတ်သည်လည်းကောင်း,

၃။ ဂတိနိမိတ်သည်လည်းကောင်း —

အကျဉ်းအားဖြင့်ပဋိသန္ဓေ၏ အာရုံတို့သည် သုံးမျိုးတို့ ဖြစ်ကြကုန်၏။ (အဘိ-၄-၂-၁၄၉။)

ကမ္မာဒီနံ ဘူမိ စိတ္တုပ္ပါဒါဒိဝသေန ဝိတ္ထာရတော အနန္တော ပဘေဒေါတိ **"သခေ်ပတော"**တိ အာဟ။ (မူလဋီ-၂-၁၀၅။)

**"ဘူမိ စိတ္တုပ္ပါဒါဒိဝသေနာ"**တိ ဣဒံ ကမ္မံ သန္ဓာယ ဝုတ္တံ ကမ္မနိမိတ္တဿပိ ဝသေန လဗ္ဘတေဝ တဿ ဆဠာရမ္မဏဘာဝတော။ ဂတိနိမိတ္တဿ ပန ပဘေဒေါ နီလာဒိကောယေဝ။ (အနုဋီ-၂-၁၁၅။)

ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံတို့၏ ဘုံ, စိတ္တုပ္ပါဒ်စသည်တို့၏ အစွမ်းဖြင့် အကျယ်အားဖြင့် အပြားသည် အဆုံးအပိုင်းအခြားမရှိ၊ ထိုကြောင့် အကျဉ်းအားဖြင့်ဟူ၍ အဋ္ဌကထာဆရာတော်က မိန့်ဆိုတော်မူခြင်းဖြစ်၏။ ဘုံ, စိတ္တုပ္ပါဒ်တို့၏ အစွမ်းဖြင့်ဟူသော ဤစကားကို ကံအာရုံကို ရည်ရွယ်၍ မူလဋီကာဆရာတော်က ဖွင့်ဆိုသွားခြင်း ဖြစ်၏။ ကမ္မနိမိတ်၏ အစွမ်းအားဖြင့်လည်း ဘုံ, စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့် ခွဲခြားဝေဖန်မှုကို ရအပ်ရနိုင်သည်သာတည်း။ ထိုကမ္မနိမိတ်၏ အာရုံ (၆)ပါး ရှိသောကြောင့် ကမ္မနိမိတ်အတွက်လည်း ရနိုင်ခြင်းဖြစ်သည်။ ဂတိနိမိတ် အပြားကား အညို အရွှေ အနီ အဝါ စသော ရူပါရုံ အမျိုးမျိုးတည်း။ (မူလဋီ-၂-၁၀၅။ အနုဋီ-၂-၁၁၅။) (ဂတိနိမိတ်ကို ရူပါရုံ တစ်မျိုးသာဟု ဖွင့်ဆိုထားသော်လည်း "အသံ-အနံ့" စသော အာရုံများလည်း ရနိုင်သေး၏ဟု ယူကြသေး၏။)

အနန္တရမုပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗမုပဘောဂဘူတဉ္စ ဂတိနိမိတ္တံ ဝါ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတြသ္မိံ ပစ္စုပဋ္ဌာတိ။ (အဘိဓမ္မတ္ထသင်္ဂဟ။)

ဂတိယာ နိမိတ္တံ ဂတိနိမိတ္တံ — ဟူသည်နှင့်အညီ နောက်ဖြစ်ရတော့မည့် ဘဝသစ်၏ အာရုံများသည်လည်း မရဏာသန္န သေခါနီးကာလဝယ် ကြိုတင်၍ ထင်လာတတ်၏။ ထိုဂတိနိမိတ်သည်လည်း — ဥပလဘိတဗ္ဗဂတိနိမိတ် ဥပဘောဂဘူတဂတိနိမိတ်ဟု နှစ်မျိုးပြားပြန်၏။ ဤ၌လည်း တိုက်ရိုက်ရအပ် ရောက်ထိုက်သော အရပ်သည် ဥပလဘိတဗ္ဗဂတိနိမိတ် မည်၏။ ထိုရောက်ရာအရပ်၌ တွေ့ကြုံခံစားရမည့် အသုံးအဆောင်များသည် ဥပဘောဂဂတိနိမိတ် မည်၏။

ထိုတွင် လူ့ဘုံသို့ သွားရတော့မည့် သတ္တဝါ၏ သန္တာန်၌ မရဏာသန္နအခါဝယ် ကမ္ဗလာနီကဲ့သို့ နီသော အဆင်းအရောင်ရှိသော မိမိပဋိသန္ဓေတည်နေရတော့မည့် အမိ၏ ဝမ်းရေသည် ထင်လာလျှင် ထိုဂတိနိမိတ်ကား ဥပလဘိတဗ္ဗဂတိနိမိတ်တည်း။ အခြားဆိုင်ရာ လူ့အသုံးအဆောင် တစ်ခုခုထင်လာလျှင် ထိုဂတိနိမိတ်ကား ဥပဘောဂဂတိနိမိတ်တည်း။

နတ်ပြည်လောကသို့ သွားရတော့မည့် သတ္တဝါ၏ သန္တာန်၌ သေခါနီးဝယ် မိမိရရှိတော့မည့် ဘုံဗိမာန် အာရုံသည် ထင်လာလျှင် ထိုအာရုံကား ဥပလဘိတဗ္ဗဂတိနိမိတ်တည်း။ နတ်သမီး, ပဒေသာပင်, ဥယျာဉ်တော်, ရေကန်စသည့် အာရုံတို့ထင်လာလျှင် ထိုအာရုံတို့ကား ဥပဘောဂဂတိနိမိတ်တည်း။ ငရဲသို့လားရောက်ရတော့မည့် သတ္တဝါ၏ သန္တာန်၌ သေခါနီးဝယ် ထင်လာသော ငရဲဘုံနိမိတ်သည် ဥပလဘိတဗ္ဗဂတိနိမိတ်တည်း။ ခွေးကြီး လင်းတ ငရဲထိန်း ငရဲမီးစသည် ထင်လာလျှင် ထိုထင်လာသော အာရုံနိမိတ်ကား ဥပဘောဂဂတိနိမိတ်တည်း။

တိရစ္ဆာန်ဖြစ်တော့မည့် သတ္တဝါ၏ သန္တာန်၌ သေခါနီး မရဏာသန္နအခါဝယ် ထင်လာသော တောတောင် အရပ်သည် ဥပလဘိတဗ္ဗဂတိနိမိတ်တည်း။ ချုံ ပိတ်ပေါင်းစသည်ကား ဥပဘောဂဂတိနိမိတ်တည်း။

ပြိတ္တာ ဖြစ်တော့မည့် သတ္တဝါ၏ သန္တာန်၌ သေခါနီး မရဏာသန္နအခါဝယ် အမိုက်မှောင်ကြီးများ ထင်လာတတ်၏ — ဟု အဆိုရှိ၏။ ဤ၌လည်း သမုဒ္ဒရာ မြစ်ကမ်းစသော ပြိတ္တာတို့ နေထိုင်ရာအရပ်ဟူသော ဂတိနိမိတ်များသည်လည်း ထင်လာနိုင်သည်သာတည်း။ ပြိတ္တာတို့ နေထိုင်ရာ မြို့ ရွာ အရပ် စသည်ကား ဥပလဘိတဗ္ဗ ဂတိနိမိတ်တည်း။ ကျင်ကြီး ကျင်ငယ် နှပ် တံတွေးစသည့် ပြိတ္တာဘဝဝယ် သုံးဆောင်ခံစားရမည့် အသုံးအဆောင်တို့ကား ဥပဘောဂဂတိနိမိတ်တည်း။

ဤပြဆိုခဲ့ပြီးသော ဂတိနိမိတ်များသည် ရူပါရုံချည်းသာ ဖြစ်ကြ၏။ (အစိတ်စိတ်မှလွတ်သော ရူပါရုံအပေါင်းအစုဟူသည် မရှိကောင်းသောကြောင့် ပရမတ်အစစ်ဖြစ်သော များစွာသော ရူပါရုံတို့၏ အပေါင်းအစုဟု ဆိုလိုပေသည်။) ထိုဂတိနိမိတ် ထင်လာရာ၌ တချို့ မှာ မိမိနေရာအရပ်၌ တွေ့ကြုံနေရသကဲ့သို့ ထင်တတ်၏။ တချို့မှာ ထိုထိုဤဤမှ ဘွားကနဲပေါ်လာသကဲ့သို့ ထင်တတ်၏။ တချို့မှာ မိမိကိုယ်တိုင် ငရဲသို့ ရောက်နေသကဲ့သို့ နတ်ပြည်သို့ ရောက်နေသကဲ့သို့ ထင်တတ်၏။ ယခုကာလဝယ် အချို့ပုဂ္ဂိုလ်တို့သည် အကြီးအကျယ် ဖျားနာ၍ မေ့မြောသွားရာ၌ ငရဲသို့ ရောက်သွားလေဟန် နတ်ပြည်သို့ ရောက်သွားလေဟန်, တောအုပ်ကြီးတစ်ခုအတွင်းသို့ မိတ်ဆွေတစ်စုဖြင့် ရောက်သွားလေဟန်, ပင်လယ်ကမ်းခြေရှိ မြို့ ရွာတစ်ခုသို့ ရောက်သွားလေဟန် ထင်လာတတ်ကြ၏။ (ပရမတ္ထဒီပနီ-၂၅၆-ဣစ္ဆာသယ။)

## ပရမတ္ထဒီပနီ၏ ဝါဒ

ကမ္မဗလေန ဆန္ဒံ ဒွါရာနံ အညတြသ္မိံ ပစ္စုပဋ္ဌာတိ = ထို ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် အာရုံတစ်မျိုးမျိုးသည် ပဋိသန္ဓေအကျိုးကို ပေးတော့မည့် ဇနကကံ၏ အစွမ်းကြောင့် ဒွါရ (၆)ပါးတို့တွင် တစ်ပါးပါး၌ ထင်လာပေ၏ဟု အရှင်အနုရုဒ္ဓါက အဘိဓမ္မတ္ထသင်္ဂဟကျမ်းတွင် ဖွင့်ဆိုထား၏။ ဤ၌ "ကမ္မဗလေန = ကံ၏ အစွမ်းကြောင့် ထင်သည်" ဟူသော စကားသည် ယေဘုယျသာတည်းဟု လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထဒီပနီတွင် ဖွင့်ဆိုထား၏။

၁။ အချို့အမြဲလေ့လာအပ်သော အာရုံ, (အာစိဏ္ဏကံ)
၂။ သို့မဟုတ် စုတေခါနီး လောလောဆယ်ပြုအပ်သော အာရုံ, (အာသန္နကံ)
၃။ ဆွေမျိုးစသည်တို့က သတိပေး၍ သတိရအပ်သော အာရုံ,
၄။ ကိုယ်တိုင် တွေးတော စဉ်းစား၍ ပေါ်လာသော အာရုံ —

ဤအာရုံများသည် ကံစွမ်းကြောင့် မဟုတ်ဘဲ အမြဲလေ့လာထားခြင်းစသော အကြောင်းတို့ကြောင့်လည်း သေခါနီးဝယ် ထင်လာနိုင်၏ — ဟု ဖွင့်ဆိုထား၏။ (ပရမတ္ထဒီပနီ-၂၅၆-ဣစ္ဆာသယ။)

## ဂတိနိမိတ်ထင်သူ

ယောဂီများကို သုတေသနပြုကြည့်ရာ ဤဂတိနိမိတ်ထင်သူမှာလည်း အရေအတွက်နည်းပါးသည်ကို တွေ့ရ၏။ ယောဂီတစ်ဦးသည် အတိတ်ဘဝ သေခါနီး မရဏာသန္နပိုင်းကို လှမ်း၍ ရှုလိုက်သောအခါ ရုပ်နာမ်တို့ကို သိမ်းဆည်းလိုက်သောအခါ မရဏာသန္နဇော မတိုင်မီအပိုင်းတွင်ကား ကံအာရုံ, ကမ္မနိမိတ်အာရုံများ ထင်နေ၏။ မရဏာသန္နဇောအခိုက်၌ကား ကမ္ဗလာနီရောင် အဆင်းရှိသော အမိဝမ်းရေ ဂတိနိမိတ်အာရုံ ထင်လာ၏။

မရဏာသန္နဇော မစောမီ စောစောပိုင်း အချိန်တွင်ကား စေတီတော်တစ်ဆူ၌ ဆွမ်း ပန်း ရေချမ်းများကို ဆက်ကပ်လှူဒါန်းနေသည့် ကံအာရုံ, သီလရှင်များကို စာသင်ပေးနေသည့် ကံအာရုံနှင့်, စေတီတော်အာရုံ,

ဆွမ်း ပန်း ရေချမ်းအာရုံစသည့် ကမ္မနိမိတ်အာရုံများ ထင်နေ၏။ ယင်းကံကို ထူထောင်ခဲ့စဉ်က အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကို ဆက်လက်၍ ရှာဖွေကြည့်ရာ – သံဃာတော်များကို ပြုစုလုပ်ကျွေးပါရစေ – ဟူသော ဆုတောင်း-ခန်းကိုလည်း တွေ့ရ၏။ ကောင်းမှုကုသိုလ်ပြုစဉ်က ဖြစ်ခဲ့သော ရုပ်နာမ်တို့၌ ရှာဖွေတွေ့ရှိခြင်း ဖြစ်၏။

၁။ သံဃာတော်များကို ပြုစုလုပ်ကျွေးနိုင်သူဟု အသိမှားခြင်းသဘောကား အဝိဇ္ဇာတည်း။

၂။ ယင်းဘဝကို တွယ်တာ တပ်မက်ခြင်းသဘောကား တဏှာတည်း။

၃။ ယင်းဘဝသို့ စိတ်ကပ်ရောက် စွဲနေခြင်းသဘောကား ဥပါဒါန်တည်း။

၄။ စေတီတော်အား ဆွမ်း ပန်း ဆီမီးလှူဒါန်းသည့် ကုသိုလ်စေတနာအုပ်စုတို့ကား သင်္ခါရတည်း။

၅။ ယင်းသင်္ခါရ၏ ချုပ်ပျက်သွားသောအခါ ရုပ်နာမ်အစဉ်တွင် မြုပ်နှံထားခဲ့သော သံဃာတော်ကို ပြုစုလုပ်ကျွေးနိုင်သည့် ဘဝကို ဖြစ်စေနိုင်သည့် စွမ်းအားရှိသော စွမ်းအင်ကမ္မသတ္တိကား ကံတည်း။ ဇနကကံတည်း။ သီလရှင်များကို တရားဓမ္မစာပေ သင်ကြားပို့ချပေးသော ကံတို့ကား ဥပတ္ထမ္ဘကကံတို့တည်း။

ယင်းအကြောင်းတရားများကြောင့် ဤဘဝတွင် ပဋိသန္ဓေခန္ဓာငါးပါးစသည့် အချို့သော ဝိပါက်ရုပ်နာမ်တို့ ထင်ရှားဖြစ်ပေါ်လာရသည်ကိုကား ရှာဖွေတွေ့ရှိ၏။ သို့သော် မရဏာသန္နဇော မစောမီ အချိန်ပိုင်းတွင် ယင်းကံအာရုံ ကမ္မနိမိတ်အာရုံများသည် ခပ်ကြာကြာ ထင်နေသော်လည်း မရဏာသန္နဇောအခါ၌ကား ကမ္ဗလာနီ အဆင်းကဲ့သို့ အရောင်တစ်ခုကို ဓာတ်မီးခြစ်ကို ခြစ်လိုက်သကဲ့သို့ ဝင်းကနဲ တစ်ချက်တွေ့လိုက်ရ၏၊ အမိဝမ်းရေ ဂတိနိမိတ် ထင်ခြင်း ဖြစ်၏။ စုတိစိတ်ကျသွား၏။ ဤဘဝ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံကို တစ်ဖန်ပြန်၍ ဆန်းစစ်ကြည့်ရာ ထိုကမ္ဗလာနီရောင် ရူပါရုံကိုပင် အာရုံယူနေသည်ကို တွေ့ရပေသည်။ စေတီတော်အား ဆွမ်း ပန်း ဆီမီး လှူဒါန်းသည့် ကုသိုလ်စေတနာကံ၏ စွမ်းအားကြောင့် ထိုဂတိနိမိတ် ထင်လာရခြင်း ဖြစ်ပေသည်။ သံဃာတော်ကို ပြုစုလုပ်ကျွေးနိုင်သည့် ဘဝကိုလည်း ရရှိခဲ့ပေသည်။

## ပဋိသန္ဓေအကြောင်း သိကောင်းစရာ

## ပဋိသန္ဓေအမျိုးအစားနှင့် ထိုက်သင့်ရာ ဘုံဌာန

အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်တို့၌ အကြောင်းတရားနှင့် အကျိုးတရားတို့ကို သိမ်းဆည်းရာဝယ် ပဋိသန္ဓေအကြောင်းအရာများကိုလည်း သိထားသင့်ပေသည်။ သို့မှသာလျှင် မည်သည့်ဘဝ၌ မည်သည့် ပဋိသန္ဓေ အမျိုးအစားမျိုး ဖြစ်ခဲ့သည် စိတ်စေတသိက် မည်ရွေ့မည်မျှ ရှိသည် — မည်သည့်ကံကြောင့် ဖြစ်ပေါ်လာရသည်ဟူသော အချက်တို့ကို တိတိကျကျ သိရှိနိုင်မည် သိမ်းဆည်းနိုင်မည် ဖြစ်ပေသည်။

၁။ ပဋိသန္ဓေတို့သည် အဘယ်မျှ ရှိကုန်သနည်း။
၂။ ပဋိသန္ဓေစိတ်တို့သည် အဘယ်မျှ ရှိကုန်သနည်း။
၃။ အဘယ်စိတ်ဖြင့် အဘယ်ဘဝ၌ ပဋိသန္ဓေ တည်နေရသနည်း။
၄။ ပဋိသန္ဓေ၏ အာရုံသည်ကား အဘယ်နည်း။

**၁။** အသညသတ် ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေ အမျိုးအစား (၂၀)ရှိ၏။

**၂။** ပဋိသန္ဓေစိတ်တို့သည် (၁၉)မျိုး ရှိကြ၏။

(က) အကုသလဝိပါက် အဟိတ် မနောဝိညာဏဓာတ် = အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တစ်ခု။

(ခ) ကုသလဝိပါက် အဟိတ် မနောဝိညာဏဓာတ် = အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တစ်ခု။

(ဂ) မဟာဝိပါက်စိတ် ရှစ်ခု။

(ဃ) ရူပါဝစရဝိပါက်စိတ် ငါးခု။ (ပဉ္စကနည်း။)

(င) အရူပါဝစရဝိပါက်စိတ် လေးခု။

အားလုံးပေါင်းသော် ပဋိသန္ဓေစိတ်အမျိုးအစား (၁၉)မျိုး ရှိ၏။

**၃။** ထို (၁၉)မျိုးသော ပဋိသန္ဓေစိတ်တို့တွင် —

(က) အကုသလဝိပါက် အဟိတ် မနောဝိညာဏဓာတ် အမည်ရသော အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် အပါယ်လေးဘုံတို့၌ ပဋိသန္ဓေတည်နေရ၏။ အသင်သူတော်ကောင်းသည် အကယ်၍ အတိတ်ဘဝတစ်ခုတွင် အပါယ်လေးဘုံတွင် တစ်ဘုံဘုံ၌ ဖြစ်ခဲ့ရဖူးသည် ဖြစ်ငြားအံ့၊ ထိုပဋိသန္ဓေသည် အပါယ်ပဋိသန္ဓေမှန်ခဲ့လျှင် နာမ်တရား (၁၁)လုံး ရှိပေမည်။ (နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ပြန်ကြည့်ပါ။)

(ခ) ကုသလဝိပါက် အဟိတ် မနောဝိညာဏဓာတ် အမည်ရသော အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် လူ့ပြည် လူ့လောက၌ ပဋိသန္ဓေအားဖြင့် စက္ခုချို့တဲ့သောသူ, ပဋိသန္ဓေအားဖြင့် သောတချို့တဲ့သောသူ, ပဋိသန္ဓေအားဖြင့် ရူးသောသူ, ပဋိသန္ဓေအားဖြင့် ဆွံ့အသောသူ, နပုံးပဏ္ဍုက်စသူတို့သည် ပဋိသန္ဓေတည်နေရကုန်၏။

(ဂ) သဟိတ် ကာမာဝစရဝိပါက် = မဟာဝိပါက်စိတ် (၈)မျိုးတို့ဖြင့် ကာမာဝစရနတ်ပြည် (၆)ထပ်တို့၌လည်းကောင်း, လူ့ပြည်လောကတို့၌လည်းကောင်း ဘုန်းကံကြီးမားသောသူတို့သည် ထိုက်သလို ပဋိသန္ဓေတည်နေရကုန်၏။

(ဃ) ရူပါဝစရဝိပါက် ငါးမျိုးတို့ဖြင့် ရူပါဝစရပြဟ္မာဘုံ၌ ထိုက်သလို ပဋိသန္ဓေတည်နေကြကုန်၏။
(င) အရူပါဝစရဝိပါက် လေးမျိုးတို့ဖြင့် အရူပပြဟ္မာ့ပြည်၌ ထိုက်သလို ပဋိသန္ဓေတည်နေကြရကုန်၏။

အကြင် ပဋိသန္ဓေစိတ်ဖြင့် အကြင်ဘုံ၌ ပဋိသန္ဓေတည်နေရ၏၊ ထိုပဋိသန္ဓေသည်ပင်လျှင် ထိုပဋိသန္ဓေ-စိတ်အားလျော်သော ပဋိသန္ဓေမည်၏။ (ဝိသုဒ္ဓိ-၂-၁၈၀-၁၈၁။)

## ၄။ တစ်နည်း ပဋိသန္ဓေ၏ အာရုံ (၃) မျိုး

(က) အတိတ်ဖြစ်သော အာရုံ,
(ခ) ပစ္စုပ္ပန်ဖြစ်သော အာရုံ,
(ဂ) အတိတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်အာရုံ,

ဤသို့လျှင် ပဋိသန္ဓေစိတ်၏ အာရုံတို့သည် သုံးမျိုးတို့ ရှိကြ၏။ အသညသတ်ပဋိသန္ဓေကား ဇီဝိတနဝက ကလာပ်ရုပ်ဟူသော ရုပ်ပဋိသန္ဓေမျှသာ ဖြစ်သဖြင့် ရုပ်တရားတို့မည်သည် အာရုံကို မယူတတ်သည့် အနာရမ္မဏ တရားသာ ဖြစ်ခြင်းကြောင့် အသညသတ်ပဋိသန္ဓေကား အာရုံမရှိဟု မှတ်ပါ။ ထိုပဋိသန္ဓေ၏ အာရုံသုံးမျိုး တို့တွင် —

၁။ **အတိတ်အာရုံ** — ဝိညာဏဉ္စာယတနပဋိသန္ဓေနှင့် နေဝသညာနာသညာယတနပဋိသန္ဓေတို့၏ အာရုံသည် အတိတ်အာရုံသာလျှင် ဖြစ်၏။ ဝိညာဏဉ္စာယတနပဋိသန္ဓေကား ဝိညာဏဉ္စာယတနစျာန်ကုသိုလ်ကြောင့် ဖြစ်ပေါ်လာရသော ပဋိသန္ဓေ ဖြစ်၏။ ဝိညာဏဉ္စာယတနစျာန်ကုသိုလ်သည် ပထမာရုပ္ပဝိညာဏ်ဟု ခေါ်ဆိုသော အာကာသာနဉ္စာယတနဝိညာဏ်ကို အာရုံပြု၏။ အလားတူပင် ဝိညာဏဉ္စာယတန ပဋိသန္ဓေစိတ်သည်လည်း ယင်းအာကာသာနဉ္စာယတနဝိညာဏ်ကိုပင် အာရုံပြုပေသည်။ ထိုအာကာသာနဉ္စာယတနဝိညာဏ်ကား ဝိညာ-ဏဉ္စာယတနဝိညာဏ် မဖြစ်ခင်က ဖြစ်ခဲ့သော ဝိညာဏ်ဖြစ်သဖြင့် အတိတ်တရားသာလျှင် ဖြစ်၏။ အလားတူပင် နေဝသညာနာသညာယတနဝိညာဏ်သည်လည်း တတိယာရုပ္ပဝိညာဏ်ဟူသော အာကိဉ္စညာယတနဝိညာဏ်ကို အာရုံပြု၏။ ယင်းအာကိဉ္စညာယတနဝိညာဏ်သည်လည်း နေဝသညာနာသညာယတန ဝိညာဏ် မဖြစ်ခင်က ဖြစ်ခဲ့သော အတိတ်တရားသာတည်း။ ထိုကြောင့် နေဝသညာနာသညာယတနကုသိုလ်ကြောင့် ဖြစ်ပေါ်လာရ သော နေဝသညာနာသညာယတနဝိပါက် ပဋိသန္ဓေစိတ်သည်လည်း ထိုအတိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ကိုပင် အာရုံပြုပေသည်။ ထိုကြောင့် —

က။ ဝိညာဏဉ္စာယတနပဋိသန္ဓေ၏ အာရုံသည် အာကာသာနဉ္စာယတနကုသိုလ်ဟူသော အတိတ်မဟဂ္ဂုတ် ကမ္မနိမိတ်အာရုံတည်း။

ခ။ နေဝသညာနာသညာယတနပဋိသန္ဓေ၏ အာရုံသည် အာကိဉ္စညာယတနကုသိုလ်ဟူသော အတိတ် မဟဂ္ဂုတ် ကမ္မနိမိတ်အာရုံတည်း။

၂။ **အတိတ်နှင့် ပစ္စုပ္ပန်အာရုံ** — အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ+အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ+မဟာဝိပါက်ရှစ်ပါး — ဟူသော ကာမာဝစရပဋိသန္ဓေ (၁၀)မျိုးတို့၏ အာရုံကား အတိတ် အာရုံလည်း ဖြစ်နိုင်၏။ ပစ္စုပ္ပန်အာရုံလည်း ဖြစ်နိုင်၏။

၃။ **ပညတ်အာရုံ = နဝတ္တဗ္ဗာရုံ** — ရူပါဝစရပဋိသန္ဓေငါးမျိုး, အာကာသာနဉ္စာယတနပဋိသန္ဓေ, အာကိဉ္စညာ ယတနပဋိသန္ဓေ — ဤပဋိသန္ဓေ (၇)မျိုးတို့၏ အာရုံကား အတိတ် ပစ္စုပ္ပန်ဟူ၍ မဆိုထိုက်သော ပညတ်အာရုံ တည်း။ (အဘိ-ဋ္ဌ-၂-၁၄၉။ ဝိသုဒ္ဓိ-၂-၁၈၁။)

ဆက်၍ ဆိုပေဦးအံ့ — ဤသို့လျှင် သုံးမျိုးကုန်သော အာရုံတို့၌ ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေသည် အတိတ်တရားလျှင် အာရုံရှိသည်မူလည်းဖြစ်သော, အတိတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်တရားလျှင် အာရုံရှိသည်မူလည်း ဖြစ်သော စုတိစိတ်၏ အခြားမဲ့၌သာလျှင် ဖြစ်ပေါ်လာ၏။ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော စုတိစိတ်မည်သည် မရှိကောင်းသောကြောင့် ဖြစ်၏။ ထိုကြောင့် အတိတ်တရား ပညတ်တရားဟူသော နှစ်မျိုးသောအာရုံတို့တွင် အမှတ်မထား တစ်မျိုးမျိုးသောတရားလျှင် အာရုံရှိသော စုတိစိတ်၏ အခြားမဲ့၌ အတိတ် ပစ္စုပ္ပန် ပညတ်ဟူသော အာရုံသုံးမျိုးတို့တွင် အမှတ်မထား တစ်မျိုးမျိုးသောတရားလျှင် အာရုံရှိသော ပဋိသန္ဓေ၏ သုဂတိပဋိသန္ဓေ ဒုဂ္ဂတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဖြစ်ပုံအခြင်းအရာကို သိသင့်ပေသည်။

(အဘိ-ဋ္ဌ-၂-၁၄၉။ ဝိသုဒ္ဓိ-၂-၁၈၁။)

## ကာမသုဂတိမှ ဒုဂ္ဂတိသို့ ဖြစ်ပုံအခြင်းအရာ

ဖြစ်ပုံအခြင်းအရာဟူသည် အဘယ်နည်း? —

ရှေးဦးစွာ ကာမသုဂတိမှ ဒုဂ္ဂတိသို့ သွားပုံအခြင်းအရာကို ဆိုပေအံ့ — ကာမသုဂတိဘုံ၌ တည်နေသော မကောင်းမှု အကုသိုလ်ကံရှိသော မကောင်းမှု အကုသိုလ်ကံကို ပြုစုပျိုးထောင်ထားသော ပုဂ္ဂိုလ်သည် "တာနိဿ တသ္မိံ သမယေ ဩလမ္ဗန္တိ = ထိုရှေး၌ ပြုအပ်ကုန်ပြီးသော အကုသိုလ်ကံတို့သည် ထိုနီးကပ်သော သေခြင်းတရား ရှိနေသော ပုဂ္ဂိုလ်အား ထိုသေအံ့ဆဲဆဲအခါ၌ ညနေချမ်းအခါဝယ် ကြီးစွာသော တောင်ထွဋ်တို့၏ အရိပ်သည် တောင်၏ အနောက်ဘက်၌ တည်ရှိသော နေရောင်ခြည်၏ စွမ်းအားကြောင့် တောင်၏ အရှေ့ဘက်မြေပြင်၌ လွှမ်းခြုံထားသကဲ့သို့ တွဲရရွဲဆွဲကုန်သကဲ့သို့ မနောဒွါရ၌ လွှမ်းမိုးလျက် တွဲရရွဲဆွဲသကဲ့သို့ ထင်ပေါ်ကုန်၏"— (မ-၁-၂၀၃။) ဤသို့စသော စကားတော်ကို ဘုန်းတော်ကြီးမြတ်တော်မူသော သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် ဟောကြားထားတော်မူခြင်းကြောင့် သေရာညောင်စောင်းထက်၌ လျောင်းစက်စဉ် အကြင် အကြင် ဆည်းပူးအပ်ပြီးသော ပြုစုပျိုးထောင်အပ်ပြီးသော မကောင်းမှု အကုသိုလ်ကံသည်သော်လည်းကောင်း ကမ္မနိမိတ်သည်သော်လည်းကောင်း = (ကံ၏ အာရုံဖြစ်သော တုတ်, လှံတန်, ဓား, လှံ, လေးမြား, သားကောင် သားတစ် အရိုးစုစသော အာရုံသည်သော်လည်းကောင်း) မနောဒွါရ၌ ထင်ခြင်းသို့ ရောက်ရှိလာ၏၊ ရှေးရှု ကျရောက်လာ၏။ ထိုထင်လာသော ရှေးရှု ကျရောက်လာသော ကံ ကမ္မနိမိတ် အာရုံတစ်မျိုးမျိုးကို အာရုံပြု၍ ဖြစ်ပေါ်လာသော —

(က) တဒါရုံအဆုံးရှိသော ဇောဝီထိ၏သော်လည်းကောင်း,
(ခ) တဒါရုံမဖက် သက်သက်သော ဇောဝီထိ၏သော်လည်းကောင်း,

အခြားမဲ့၌ ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ်သည် ဖြစ်ပေါ်လာ၏။ [တစ်ဘဝ၌ ပဋိသန္ဓေ ဘဝင် စုတိတို့မှာ အာရုံတူမြဲ ဖြစ်သောကြောင့် ဘဝင်၏ အာရုံကို အာရုံပြု၍ စုတိစိတ်ဖြစ်ပေါ်လာ၏ဟု ဖွင့်ဆိုခြင်း ဖြစ်သည်။ ဤစကားရပ်များဖြင့် တဒါရုံနောင် စုတိကျသော ဝါရ, ဇောနောင် စုတိကျသော ဝါရတို့ကို ဖော်ပြ၏။ ရှေ့ပိုင်းတွင် တဒါရုံနောင် ဘဝင်ကျ၍ ဘဝင်နောင် စုတိကျသော ဝါရ, ဇောနောင် ဘဝင်ကျ၍ ဘဝင်နောင် စုတိကျသော ဝါရများကို ဖော်ပြခဲ့ပြီးပြီ။]

ထိုစုတိစိတ်သည် ချုပ်ပြီးလတ်သော် မရဏာသန္န သေခါနီးအခါဝယ် မနောဒွါရ၌ ထင်လာသော ရှေးရှုကျခြင်းသို့ ရောက်ရှိလာသော ထိုမရဏာသန္နဇောဝီထိ၏ပင်လျှင် အာရုံဖြစ်သော ထိုကံအာရုံကိုပင်သော်လည်းကောင်း, ထိုကမ္မနိမိတ်အာရုံကိုပင်သော်လည်းကောင်း အာရုံပြု၍ အရိယမဂ်တရားဖြင့် မပယ်ဖြတ်အပ်သေးသော အဝိဇ္ဇာ တဏှာစသော ကိလေသာတို့၏ စွမ်းအားသည် ညွတ်စေအပ်သော အပါယ်ဒုဂ္ဂတိဘုံ၌

အကျုံးဝင်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ဤသည်ကား အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ဖြစ်သော အတိတ်တရားလျှင် အာရုံရှိသော ပဋိသန္ဓေတည်း။ (အဘိ-ဋ္ဌ-၂-၁၄၉။ ဝိသုဒ္ဓိ-၂-၁၈၁။)

**အနုပစ္ဆိန္နကိလေသဗလဝိနာမိတံ** — အဝိဇ္ဇာ တဏှာအစရှိသော ကိလေသာတို့ကို အရိယမဂ်တရားဖြင့် မပယ်ဖြတ်အပ်ကုန်မီသာလျှင် ကံအစရှိသော အာရုံတစ်မျိုးမျိုး၏ မနောဒွါရ၌ သေခါနီးကာလဝယ် ထင်လာခြင်းသည် ဖြစ်နိုင်၏။ ထိုကံစသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးကိုသာလျှင် အာရုံပြု၍ စိတ်အစဉ်၏ ဘဝသစ်ဟူသော ဘဝတစ်ပါး၌ ညွတ်သည်၏အဖြစ် ကိုင်းသည်၏အဖြစ် ရှိုင်းသည်၏အဖြစ်သည် ဖြစ်နိုင်၏၊ ထိုကြောင့်- အနုပစ္ဆိန္နကိလေသဗလဝိနာမိတံ = အရိယမဂ်တရားဖြင့် မပယ်ဖြတ်အပ်သေးသော အဝိဇ္ဇာ တဏှာစသော ကိလေသာတို့၏ စွမ်းအားသည် ညွတ်စေအပ်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်၏။

မှန်ပေသည် စိတ်အစဉ်ကို ညွတ်စေအပ်ပြီးသော် ထိုစိတ်အစဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်၍ ဖြစ်သော ပဋိသန္ဓေစိတ်ကိုလည်း ညွတ်စေအပ်သည်သာလျှင် ဖြစ်၏၊ တစ်စိတ်တစ်ဒေသကို ညွတ်စေအပ်သည်၏ အဖြစ်နှင့် ကင်း၍ စိတ်အစဉ် တစ်တန်းလုံး၏ ညွတ်စေအပ်သည်၏ အဖြစ်သည် မရှိနိုင်ဟုမှတ်ပါ။ (မူလဋီ-၂-၁၀၅။)

သေခါနီးကာလဝယ် ကံစသော အာရုံတစ်မျိုးမျိုးသည် မနောဒွါရ၌ ထင်လာသောအခါ ထိုအာရုံကို အာရုံပြု၍ သေခါနီး စိတ်အစဉ်သည် လာမည့်ဘဝ၌ ညွတ်ယိမ်း ကိုင်းရှိုင်း၍ နေ၏။ ဥပမာ — ခရီးသွားစရာရှိ၍ ပြင်ဆင်နေပါသော်လည်း စိတ်အစဉ်သည် သွားရမည့်ခရီးသို့ ညွတ်၍ နေသကဲ့သို့တည်း။ စိတ်အစဉ် တစ်တန်းလုံးသည် ဘဝသစ်သို့ ညွတ်၍နေလျှင် ထိုစိတ်အစဉ်တွင်ပါဝင်သော ပဋိသန္ဓေစိတ်ကိုလည်း ဘဝသစ်၌ ညွတ်-စေအပ်သည်ပင် ဖြစ်တော့၏။ မှန်ပေသည် — စိတ်သန္တာန်အစဉ်တွင် ပါဝင်သော ပဋိသန္ဓေစိတ်ကို မညွတ်စေဘဲ စိတ်သန္တာန်အစဉ် တစ်စဉ်တစ်တန်းလုံးကို ညွတ်စေရာမရောက်နိုင်။

ဘဝသစ်၌ ညွတ်ကိုင်းရှိုင်းမှုကား ဘဝကို လိုလားတောင့်တသော တဏှာဖြင့် စိတ်အစဉ်သန္တာန်ကို ထိုသို့ဘဝသစ်၌ ညွတ်စေလောက်အောင် ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတို့ကို ပြုစုပျိုးထောင်ထားအပ်ပြီး ပြင်ဆင်ထားအပ်ပြီးသည်၏ အဖြစ်ကြောင့်တည်း။ မှန်ပေသည် ပုထုဇန် သေက္ခပုဂ္ဂိုလ်တို့၏ အကြင် စိတ်အစဉ်သန္တာန်၌ ပုညာဘိသင်္ခါရစသော စေတနာကဲ့သို့ ဘဝကို တောင့်တတတ်သော တဏှာဖြင့် ထုံမွမ်းမှုသည်လည်း မပြတ်မစဲ ရှိနေသေး၏။ ထိုစိတ်အစဉ်သန္တာန်၌သာလျှင် ဘဝတစ်ပါး၌ အကျုံးဝင်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ထိုစိတ်သည် ထိုဘဝသစ်၌ ဖြစ်လတ်သော် ထိုတဏှာသည် ညွတ်စေအပ်သကဲ့သို့ ဖြစ်သည်။ ထိုကြောင့် — "အနုပစ္ဆိန္နကိလေသဗလဝိနာမိတံ"ဟု ဆိုသည်။ (အနုဋီ-၂-၁၁၅။)

သဗ္ဗတ္ထ ပန "ဒုဂ္ဂတိပဋိသန္ဓိနိန္နာယ စုတိယာ ပုရိမဇဝနာနိ အကုသလာနိ၊ ဣတရာယ စ ကုသလာနီ"တိ နိစ္ဆိနန္တိ။ "နိမိတ္တဿာဒဂဓိတံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌတိ (တိဋ္ဌေယျ) အနုဗျဉ္ဇနဿာဒဂဓိတံ ဝါ။ တသ္မိံ စေ သမယေ ကာလံ ကရောတိ (ကရေယျ)၊ ဌာနမေတံ ဝိဇ္ဇတိ၊ ယံ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဥပပဇ္ဇေ-ယျ (ဂစ္ဆေယျ) နိရယံ ဝါ တိရစ္ဆာန ယောနိံဝါ"တိ (သံ-၂-၃၇၇။) ဟိ ဝုတ္တံ။ တသ္မာ အာသန္နံ အကုသလံ ဒုဂ္ဂတိယံ, ကုသလဉ္စ သုဂတိယံ ပဋိသန္ဓိယာ ဥပနိဿယော ဟောတီတိ။ (မူလဋီ-၂-၁၀၅။)

အကုသလေ ဟိ ဒုဂ္ဂတူပနိဿယေ နိယမိတေ ကုသလံ သုဂတူပနိဿယောတိ နိယမိတမေဝ ဟောတီတိ။
(အနုဋီ-၂-၁၁၅။)

**ဝိညာဏန္တိ** ကမ္မဝိညာဏံ။ **တသ္မိံ စေ သမယေ ကာလံ ကရေယျာ**တိ န ကောစိ သံကိလိဋ္ဌေန စိတ္တေန ကာလံ ကရောန္တော နာမ အတ္ထိ။ သဗ္ဗသတ္တာနံ ဟိ ဘဝင်္ဂေနေဝ ဟိ ကာလကိရိယာ ဟောတိ။ ကိလေသဘယံ

ပန ဒသေယ္ယော ဧဝမာဟ။ သမယဝသေန ဝါ ဇဝံ ဝုတ္တံ။ စက္ခုဒွါရသ္မိဉှိ အာပါထဂတေ အာရမ္မဏေ ရတ္တစိတ္တံ ဝါ ဒုဋ္ဌစိတ္တံ ဝါ မူဠ္ဟစိတ္တံ ဝါ အာရမ္မဏရသံ အနုဘဝိတွာ ဘဝင်္ဂံ ဩတရတိ၊ ဘဝင်္ဂေ ဌတွာ ကာလကိရိယံ ကရောတိ။ တသ္မိံ သမယေ ကာလံ ကရောန္တဿ ဒွေဝ ဂတိယာ ပါဋိကင်္ခါ၊ ဣမဿ သမယဿ ဝသေနေတံ ဝုတ္တံ။ (သံ-ဋ္ဌ-၃-၅၁။)

**ဘဝင်္ဂေနေဝါ** တိ မူလဘဝင်္ဂေနေဝ။ (သံ-ဋီ-၂-၃၂၃။)

ဘဝင်္ဂမေဝ ဟိ စုတိစိတ္တံ ဟုတွာ ပဝတ္တတီတိ စုတိစိတ္တံ ဣဓ "ဘဝင်္ဂ"န္တိ ဝုတ္တန္တိ။ (မူလဋီ-၂-၁၀၄။)

အလုံးစုံသော သုဂတိ ဒုဂ္ဂတိပဋိသန္ဓေတို့၌ ဒုဂ္ဂတိပဋိသန္ဓေသို့ ညွတ်သော စုတိ၏ ရှေး၌ဖြစ်ကုန်သော မရဏာသန္နဇောတို့သည်ကား အကုသိုလ်ဇောတို့သာတည်း။ သုဂတိပဋိသန္ဓေသို့ ညွတ်သော စုတိ၏ ရှေး၌ ဖြစ်ကုန်သော ဇောတို့သည်ကား ကုသိုလ်ဇောတို့သာတည်း၊ ဤသို့ ဆရာမြတ်တို့သည် ဆုံးဖြတ်တော်မူကြကုန်၏။ ဘုရားဟောဒေသနာတော် အာဂုံသာဓကကား အောက်ပါ အာဒိတ္တပရိယာယသုတ္တန် ဒေသနာတော်ပင် ဖြစ်သည်။

"ရဟန်းတို့ — (ရူပါရုံစသည့် အာရုံ တစ်မျိုးမျိုးကို တွေ့မြင်ရာ၌ ယောက်ျား မိန်းမ လှ မလှ စသည်ဖြင့် သိမှတ်ကြောင်းဖြစ်သော ပုံသဏ္ဌာန်နိမိတ် အတုံးအခဲကြီးကို ယောက်ျားဟုလည်းကောင်း, မိန်းမဟုလည်းကောင်း, လှ၏ဟုလည်းကောင်း မလှဟုလည်းကောင်း စွဲယူခဲ့သော် ကိလေသာတို့ကို ထင်ရှားအောင် ပြတတ်သော မျက်လုံး မျက်ခုံး လက်ခြေ သဏ္ဌာန် ပြုံးဟန် ရယ်ဟန်စသော ကိုယ်အင်္ဂါအစိတ်အပိုင်း အမှတ်နိမိတ်ငယ်ကို မျက်လုံး မျက်ခုံး လက်ခြေစသည်ဖြင့် စွဲယူခဲ့သော် ထိုသို့ စွဲယူသူ၏ သန္တာန်၌ ထိုအချိန်အခါဝယ်) ယောက်ျားဟုလည်း-ကောင်း, မိန်းမဟုလည်းကောင်း သိမှတ်ကြောင်းဖြစ်သော ပုံသဏ္ဌာန်နိမိတ်ကြီးကို နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍တည်နေသော ကမ္မဝိညာဏ် = (နောင်တစ်ဖန် ဘဝသစ်၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်သော စွမ်းအားရှိသော ကမ္မဝိညာဏ်)ဟု ခေါ်ဆိုအပ်သော စိတ်အစဉ်သည်သော်လည်း တည်နေသော် တည်နေလေရာ၏။ ကိလေသာတို့ကို ထင်ရှားအောင်ပြတတ်သော မျက်လုံး မျက်ခုံး လက်ခြေ သဏ္ဌာန် ပြုံးဟန် ရယ်ဟန်စသော ကိုယ်အင်္ဂါအစိတ်အပိုင်း အမှတ်နိမိတ်ငယ်ကို နှစ်သက် သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော ကမ္မဝိညာဏ်ဟု ခေါ်ဆိုသော စိတ်အစဉ်သည်သော်လည်း တည်နေသော် တည်နေလေရာ၏။

ထိုကဲ့သို့ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော ထိုအချိန်အခါမျိုး၌ အကယ်၍ သေသွားငြားအံ့၊ ဤသို့သေခဲ့သည်ရှိသော် ငရဲနှင့် တိရစ္ဆာန်နှစ်မျိုး တစ်မျိုးမျိုးသော ဂတိသို့ ကပ်ရောက်ရာ၏ဟူသော ဤအကြောင်းတရားသည် ထင်ရှားရှိသည်သာတည်း။" —

ဤသို့ ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ ထိုကြောင့် စုတိနှင့် နီးကပ်သော အကုသိုလ်ဇောသည် ဒုဂ္ဂတိဘုံဘဝ၌ ပဋိသန္ဓေ၏ အားကြီးသောမှီရာ အကြောင်းတရားဖြစ်၏။ စုတိနှင့် နီးကပ်သော ကုသိုလ်ဇောသည်လည်း သုဂတိဘုံဘဝ၌ ပဋိသန္ဓေ၏ အားကြီးသောမှီရာ အကြောင်းတရားဖြစ်၏ဟု မှတ်ပါ။

(မူလဋီ-၂-၁၀၅။)

ဤသဠာယတနဝဂ္ဂသံယုတ် အာဒိတ္တပရိယာယသုတ်တော်ဝယ် မရဏာသန္နဇော၌ သာယာဖွယ်ကောင်းသည့် လောဘဖြစ်ထိုက်သည့် အာရုံများထင်နေလျှင် ထိုအာရုံကို အာရုံပြု၍ လောဘဇော စောခဲ့သော် ဧကန်မုချ ငရဲနှင့်တိရစ္ဆာန် ဂတိနှစ်ပါးတွင် တစ်ပါးပါး၌ ဖြစ်ရမည်ဟု ဟောကြားထားတော်မူ၏။ ငရဲနှင့်တိရစ္ဆာန်ကို တိုက်ရိုက်ပြသဖြင့် ပေတဂတိ၌လည်း ဖြစ်ခွင့်ရှိကြောင်းကို သိပါ။ အလားတူပင် မရဏာသန္နဇောသည် ဒေါသဇော မောဟဇော စောခဲ့သော် အပါယ်ဒုဂ္ဂတိသို့ ဧကန်မုချ ရောက်နိုင်သည်ဟုပင် မှတ်ပါ။

ထိုကြောင့် မရဏာသန္နဇောဝ၌ အကုသိုလ်ဇောများ အစောမိအောင် ကြိုတင်၍ကား ပြင်ဆင်သင့်လှ ပေသည်။ ဤကား အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ အတိတ်ဖြစ်သော ကံအာရုံ သို့မဟုတ် ကမ္မနိမိတ်အာရုံလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ ဖြစ်ပုံတည်း။

## ရဟန္တာအရှင်မြတ်များ

အရဟတော ပန သဗ္ဗသော ကိလေသာနံ ဥပစ္ဆိန္နတ္တာ ပဋိပဿဒ္ဓ သဗ္ဗဘဝုဿုက္ကတာယ ကမ္မာဒိနိမိတ္တံ န ဥပဋ္ဌဟတိ၊ တတော ဝိဇ္ဇမာနမ္ပိ ကမ္မံ အလဒ္ဓသဟာယတ္တာ ပဋိသန္ဓိံ န ဇနေတိ။ (မဟာဋီ-၂-၂၉၉။)

ရဟန္တာအရှင်မြတ်အား ခပ်သိမ်းသော အခြင်းအရာအားဖြင့် ကိလေသာတို့၏ အရိယမဂ်တရားဖြင့် အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ဘဝဟူသမျှတို့၌ ဖြစ်ပေါ်လာအောင် ကြောင့်ကြစိုက်ထုတ်ခြင်း ငြိမ်းပြီးသည်၏ အဖြစ်ကြောင့် သေခါနီး မရဏာသန္နအခါဝယ် = ပရိနိဗ္ဗာန်စံတော်မူခါနီးအခါဝယ် ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံတစ်မျိုးမျိုးသည် မနောဒွါရ၌ မထင်လာတော့ပေ။ ထိုသို့ မထင်လာခြင်းကြောင့် ထင်ရှား ရှိသည်လည်းဖြစ်သော သံသရာဘဝအဆက်ဆက်က ပြုစုပျိုးထောင်ခဲ့သော ကံသည် ကိလေသာတည်းဟူသော အဖော်သဟာယ်ကို မရသည့်အတွက်ကြောင့် ပဋိသန္ဓေကို မဖြစ်စေနိုင်တော့ပေ။ (မဟာဋီ-၂-၂၉၉။)

## ဒုဂ္ဂတိ ဂတိနိမိတ်

အခြားတစ်ဦးသော သတ္တဝါ၏ သန္တာန်ဝယ် သေရာညောင်စောင်း လျောင်းစက်သောအခါ၌ ဆိုအပ်ခဲ့သည့် အတိုင်း မသေခင်က ပြုစုပျိုးထောင်ခဲ့သော အကုသိုလ်ကံ၏ စွမ်းအားကြောင့် ငရဲစသည်တို့၌ ဖြစ်ကုန်သော မီးတောက်မီးလျှံ အရောင်အဆင်းစသော ဒုဂ္ဂတိနိမိတ်သည် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိ လာ၏။ ထိုသတ္တဝါ၏ သန္တာန်ဝယ် ဘဝင်နှစ်ကြိမ် ဖြစ်ပြီးနောက် ချုပ်လတ်သော် ထိုထင်လာသော ဂတိနိမိတ် အာရုံကို အာရုံပြု၍ –

၁။ မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်,
၂။ သေခြင်း၏ နီးကပ်နေသည့်အတွက် နုံ့သည့် အဟုန်ရှိကုန်သည်၏ အဖြစ်ကြောင့် မရဏာသန္နဇော ငါးကြိမ်,
၃။ တဒါရုံ နှစ်ကြိမ် -

ဤသို့လျှင် သုံးမျိုးကုန်သော ဝီထိစိတ်တို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထိုနောင် ဘဝင်၏ အာရုံကိုပင် အာရုံပြု၍ တစ်ခုသော စုတိစိတ်သည် ဖြစ်ပေါ်လာ၏။ ဤမျှ အတိုင်းအရှည်ရှိသော စိတ်အစဉ်ဖြင့် (ဘဝင်နှစ်ကြိမ်၊ ဝီထိစိတ်ရှစ်ကြိမ်၊ စုတိစိတ်တစ်ကြိမ်၊) (၁၁)ချက်ကုန်သော စိတ္တက္ခဏတို့သည် ကုန်လွန်ပြီး ဖြစ်ကုန်၏။ (တဒါရုံ နောင် စုတိကျသော ဝါရတည်း။) ထိုနောက်၌ ကြွင်းကျန်သော ငါးချက်သော စိတ္တက္ခဏ အသက်ရှိသေးသော ထိုမရဏာသန္နဇော၏ (= မရဏာသန္နဝီထိ၏) အာရုံဖြစ်သော ထိုဂတိနိမိတ်အာရုံ၌ပင်လျှင် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ [ဤ၌ ဂတိနိမိတ်ဖြစ်သော ရူပါရုံ၏ သက်တမ်းကို စိတ္တက္ခဏ (၁၆)ချက်ဖြင့် ပိုင်းခြားထား၏။] ဤသည်ကား အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ပဋိသန္ဓေ ဖြစ်ပုံတည်း။ (အဘိ-ဋ္ဌ-၂-၁၄၉-၁၅၀။ ဝိသုဒ္ဓိ-၂-၁၈၁။)

**၁၆–ချက်၊ ၁၇–ချက်** — ဤဂတိနိမိတ်ဖြစ်သော ရူပါရုံ၏ သက်တမ်းကို စိတ္တက္ခဏ (၁၆)ချက်ဖြင့် ဖွင့်ဆိုချက်သည် "ရုပ်တရားတို့သည် စိတ္တက္ခဏ (၁၇)ချက်, ခဏငယ် (၅၁)ချက် သက်တမ်းရှိကြောင်းကို

ဖွင့်ဆိုထားသော အဋ္ဌကထာ ဋီကာတို့နှင့် မဆန့်ကျင်ပြီလောဟု မေးရန်ရှိ၏။ မဆန့်ကျင်ဟူပေ။ ဤအထက်ပါ အဋ္ဌကထာများ၌ ဘဝင်စလနစိတ် ဖြစ်ခြင်းအား ကျေးဇူးပြုသည်အားလျော်သော ထိုဂတိနိမိတ် ရူပါရုံ၏ ဌီခဏ၏ အစွမ်းဖြင့် ထိုရူပါရုံ၏ ဌီခဏမှစ၍ ရေတွက်သော (၁၆)ချက် စိတ္တက္ခဏနည်းကို အဋ္ဌကထာဆရာတော်က ဆောင်ပြတော်မူခြင်း ဖြစ်၏။ ထိုဂတိနိမိတ် ရူပါရုံ၏ ဥပါဒ်ခဏသည် ဘဝင်စိတ်ဖြစ်ဖို့ရန် ကျေးဇူးပြုသည် အားလျော်သောခဏ မဖြစ်သေးသောကြောင့် ဌီခဏ၏ အစွမ်းဖြင့်သာ ဌီခဏမှစ၍ ရေတွက်သောနည်းဖြင့် စိတ္တက္ခဏ (၁၆)ချက်ဟူသော နည်းကို ဆောင်ပြတော်မူအပ်ပေသည်။ အဘယ်ကြောင့် ဌီခဏကသာလျှင် ဘဝင်စလနဖြစ်ဖို့ရန် ကျေးဇူးပြုသည်အား လျော်သင့်သော ခဏ၌ ဖြစ်လေသနည်း၊ ဥပါဒ်ခဏသည်လည်း လျော်သင့်သောခဏပင် ဖြစ်ရာသည် မဟုတ်လော ဟူမူ — အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် စိတ္တက္ခဏ တစ်ချက်ကို လွန်မှသာလျှင် ရူပါရုံ၏ ဒွါရ၌ ထင်ခြင်းသို့ ရောက်သဖြင့် စွမ်းနိုင်သည်၊ မလွန်လျှင် မစွမ်းနိုင်။ ထိုကြောင့် ဌီခဏသာလျှင် လျော်သင့်သောခဏဖြစ်သည် ဟူလို။ (အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။)

တတ္ထ စိတ္တပ္ပဝတ္တိယာ ပစ္စယဘာဝယောဂျက္ခဏဝသေန နယော နီတော။ ဟေဋ္ဌိမကောဋိယာ ဟိ ဧကေစိတ္တက္ခဏမ္ပိ အတိက္ကန္တသေဝ ရူပဿ အာပါထဂမနသာမတ္ထိယံ။ (အဘိဓမ္မတ္ထဝိဘာဝနီ။)

## ငရဲမီးတောက်မီးလျှံ

**"နရကာဒီသု အဂ္ဂိဇာလဝဏ္ဏာဒိက"**န္တိ က္ကဒံ တံသဒိသတာဝသေန ဝုတ္တံ။ န ဟိ သော ဧဝ နိရယဂ္ဂိဝဏ္ဏာဒိ တဒါ တဿ အာပါထံ အာဂစ္ဆတိ။ တတ္ထ **အဂ္ဂိဇာလဝဏ္ဏာဒိက**န္တိ **အာဒိ**-သဒ္ဒေန ဝေတ္တရဏီသိမ္ဗလိအသိ-ပတ္တဝနာဒိဝဏ္ဏံ သင်္ဂဏှာတိ။ **နရကာဒီသူ**တိ ပန **အာဒိ**-သဒ္ဒေန ပေတတိရစ္ဆာနာနံ နိဗဒ္ဓသဉ္စရဏဋ္ဌာန-ပရိယာပန္နဝဏ္ဏံ။ **မနောဒွါရေ အာပါထမာဂစ္ဆတီ**တိ ကမ္မဗလေန ဥပဋ္ဌာပိတဝဏ္ဏာယတနံ သုပိနံ ပဿန္တဿ ဝိယ, ဒိဗ္ဗစက္ခုဿ ဝိယ စ မနောဒွါရေ ဧဝ ဂေါစရဘာဝံ ဂစ္ဆတိ။ ဧကံ အာဝဇ္ဇနံ၊ ပဉ္စ ဇဝနာနိ၊ ဒွေ တဒါရမ္မဏာ-နီတိ တီဏိ ဝီထိစိတ္တာနိ။ (မဟာဋီ-၂-၂၉၉-၃၀၀။)

ငရဲစသည်တို့၌ ငရဲမီးတောက်မီးလျှံ အဆင်းအရောင် စသည်တို့သည် သေခါနီးသတ္တဝါ၏ မရဏာသန္န အခါဝယ် မနောဒွါရ၌ ထင်လာကြောင်း ဖွင့်ဆိုထားသော အထက်ပါ အဋ္ဌကထာစကားကို ထိုငရဲစသည်တို့၌ ဖြစ်ကုန်သော မီးတောက်မီးလျှံအဆင်းစသည်နှင့် တူသည်၏ အစွမ်းဖြင့် အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်၏။ မှန်ပေသည် ထိုငရဲမီးစသည်သည်သာလျှင် ထိုပုဂ္ဂိုလ်အား ထင်ခြင်းသို့ ရောက်ရှိလာသည်ကား မဟုတ်ပေ။ ဤနရကာဒီသုစသော စကားတို့၌ = ငရဲမီးတောက်မီးလျှံစသော စကား၌ ကြိမ်ပိုက်ချောင်းငရဲ, လက်ပံတောငရဲ, သန်လျက်ရွက်တောငရဲ စသည်တို့၏ အရောင်အဆင်းများကိုလည်း ပေါင်းယူပါ။ နရကာဒီသု၌ အာဒိသဒ္ဒါဖြင့် ပြိတ္တာ တိရစ္ဆာန်တို့၏ အမြဲတမ်း သွားလာကျက်စားရာ ဌာန၌ အကျုံးဝင်သော အရောင်အဆင်းကိုလည်း သိမ်းကျုံးယူပါ။

မနောဒွါရ၌ ထင်ခြင်းသို့ရောက်၏ ဟူသည်ကား အကျိုးပေးတော့မည့်ကံ၏ စွမ်းအင်သတ္တိက ထင်စေအပ်သော ရူပါရုံအဆင်း ရူပါယတနသည်, အိပ်မက်ကို မြင်မက်သူ၏ မနောဒွါရအား အိပ်မက်အာရုံ အမျိုးမျိုးသည် ထင်လာသကဲ့သို့လည်းကောင်း, ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရရှိတော်မူသော သူတော်ကောင်း၏ သန္တာန်ဝယ် မနောဒွါရ၌ ဒိဗ္ဗစက္ခုအဘိညာဏ်၏ အာရုံဖြစ်သော ရူပါရုံအမျိုးမျိုးသည် ထင်လာသကဲ့သို့လည်းကောင်း, အလားတူပင် ငရဲသို့ သွားတော့မည့် သတ္တဝါ၏ သန္တာန်ဝယ် သေခါနီးမရဏာသန္နအခါ၌ ယင်းသတ္တဝါ၏ မနောဒွါရ၌ပင်လျှင် အာရုံ၏ အဖြစ်သို့ ရောက်ရှိလာ၏။ (မဟာဋီ-၂-၂၉၉-၃၀၀။)

ဤအဖွင့်အရ ငရဲသွားတော့မည့် သတ္တဝါ၏ မနောဒွါရ၌ သေခါနီး မရဏာသန္နအခါ ထင်လာသော ငရဲမီးတောက်မီးလျှံစသော ရူပါရုံသည် တကယ့် ငရဲမီးတောက်မီးလျှံ မဟုတ်၊ ကံ၏စွမ်းဟုန်ကြောင့် ဖြစ်ပေါ်လာသော ငရဲမီးတောက် မီးလျှံနှင့်တူသော ဂတိနိမိတ် ရူပါရုံသာ ဖြစ်သည်ဟု မှတ်ပါ။

## ပဥ္စဒွါရ၌ နိမိတ်ထင်ပုံ

အခြားတစ်ဦးသော သတ္တဝါ၏ သန္တာန်ဝယ် သေရာညောင်စောင်း လျောင်းစက်သော အချိန်အခါ၌ ပဥ္စဒွါရ = ငါးဒွါရတို့တွင် အမှတ်မထား တစ်ပါးပါးသော ဒွါရ၌ ရာဂစသည်တို့၏ အကြောင်းတရား ဖြစ်၍ဖြစ်သော ယုတ်ညံ့သော အာရုံသည် ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏၊ ထိုသတ္တဝါ၏ သန္တာန်ဝယ် အကြင်အကြင် ဝီထိစိတ်အစဉ်အားဖြင့် ဖြစ်ပေါ်လာသော ဇဝနစိတ်၏ အဆုံး၌ သေခြင်းတရား၏ အလွန်နီးကပ်နေသည့်အတွက် နဲ့သည် အားပျော့သည်ဖြစ်၍ ဖြစ်သော အရှိန်အဟုန် ရှိသည်၏ အဖြစ်ကြောင့် ဇောငါးကြိမ်တို့သည်လည်းကောင်း, တဒါရုံနှစ်ကြိမ်တို့သည်လည်းကောင်း ဖြစ်ပေါ်လာကြကုန်၏၊ ထိုနောင် ဘဝင်၏ အာရုံကိုပင် အာရုံပြု၍ တစ်ခုသော စုတိစိတ်သည် ဖြစ်ပေါ်လာ၏။ ဤမျှသော အတိုင်းအရှည်ဖြင့် —

။ ဘဝင် (၂) ကြိမ်၊
၁။ ပဥ္စဒွါရာဝဇ္ဇန်း (၁) ကြိမ်၊
၂။ စက္ခုဝိညာဏ် (၁) ကြိမ်၊
၃။ သမ္ပဋိစ္ဆိုင်း (၁) ကြိမ်၊
၄။ သန္တီရဏ (၁) ကြိမ်၊
၅။ ဝုဋ္ဌော (၁) ကြိမ်၊
၆။ ဇော (၅) ကြိမ်၊
၇။ တဒါရုံ (၂) ကြိမ်၊
။ စုတိစိတ် (၁) ကြိမ်၊

ဤသို့လျှင် စိတ္တက္ခဏ (၁၅)ချက်တို့သည် လွန်ပြီး ဖြစ်ကုန်၏၊ ထိုမှနောက်ဝယ် ကြွင်းသော စိတ္တက္ခဏ (၁)ချက်သာလျှင် သက်တမ်းရှိတော့သော ထိုယုတ်ညံ့သော အာရုံ၌ပင်လျှင် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏၊ ဤပဋိသန္ဓေသည်လည်း အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ပဋိသန္ဓေတည်း။ ဤသည်ကား ရှေးဦးစွာ ညွှန်ပြအပ်သော အတိတ်တရားလျှင် အာရုံရှိသော သုဂတိစုတိ၏ အခြားမဲ့၌ —

၁။ အတိတ်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ,
၂။ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ,

ဤပဋိသန္ဓေနှစ်မျိုးတို့၏ ဖြစ်ပုံအခြင်းအရာတည်း။ (အဘိ-ဋ္ဌ-၂-၁၅၀၊ ဝိသုဒ္ဓိ-၂-၁၈၂။)

**ရာဂါဒိဟေတုဘူတံ ဟီနမာရမ္မဏံ** — ရာဂစသည်တို့၏ အကြောင်းတရားဖြစ်၍ ဖြစ်သော ယုတ်ညံ့သော အာရုံဟူသည် အကုသလဝိပါက် နာမ်တရားစု၏ အာရုံဖြစ်ခြင်းငှာ ထိုက်သော အနိဋ္ဌအာရုံကို ဆိုလို၏။ မှန်ပေသည် ထိုရာဂစသည်တို့၏ အကြောင်းဖြစ်သော ထိုအနိဋ္ဌအာရုံသည်လည်း အဖန်ဖန် ကြံစည်ခြင်း သက်ပွ၏ အစွမ်းဖြင့် ရာဂ၏လည်း အကြောင်းတရားသည် ဖြစ်နိုင်၏ဟု မှတ်ပါ။ (မူလဋီ-၂-၃၀၀။)

ဣဋ္ဌဟူရာ၌ သဘာဝဣဋ္ဌ = ပင်ကိုယ်သဘာဝအတိုင်း ဣဋ္ဌဖြစ်နေသော အစစ်အမှန် ဣဋ္ဌာရုံလည်း ရှိ၏။ ပရိကပ္ပဣဋ္ဌ = ဣဋ္ဌဖြစ်အောင် အဖန်ဖန် ကြံစည်သဖြင့် ဣဋ္ဌဖြစ်လာသော ဣဋ္ဌာရုံလည်း ရှိ၏။ ထိုပရိကပ္ပဣဋ္ဌ ဟူသည် အနိဋ္ဌာရုံပင်တည်း။ ယင်းအနိဋ္ဌာရုံကိုပင် ဣဋ္ဌဖြစ်အောင် ကြံစည်သဖြင့် ဣဋ္ဌဟု စွဲယူခဲ့သော် ယင်းအနိဋ္ဌာရုံသည် ပရိကပ္ပဣဋ္ဌာရုံ ဖြစ်၏။ ထို့ကြောင့် အနိဋ္ဌာရုံသည်လည်း အဖန်ဖန် ကြံစည်သည်၏ အစွမ်းဖြင့် ရာဂ၏အကြောင်း ဖြစ်နိုင်သည် ဟူလိုသည်။ မစင်သည် ခွေးသတ္တဝါတို့၏ ဣဋ္ဌာရုံ ဖြစ်သကဲ့သို့တည်း။

တစ်နည်း — အကုသလဝိပါက်ကို ဖြစ်စေတတ်သော ဇနကကံနှင့် အတူတကွဖြစ်သည်လည်း ဖြစ်ကုန်သော (= အကုသလဝိပါက်ဟူသော အပါယ်ပဋိသန္ဓေအကျိုးကို ပေးတတ်သော အတိတ်က ပြုစုပျိုးထောင်ထားအပ်သော ဇနကကံနှင့် အတူတကွမှုလည်း ဖြစ်ကုန်သော) ထိုအကုသလဝိပါက် အကျိုးတရားကို ဖြစ်စေတတ်သော ဇနကကံနှင့် အလားတူသော စုတိ၏အနီးဖြစ်သော မရဏာသန္နဇော စေတနာနှင့် အတူတကွ ဖြစ်သည်မှုလည်း ဖြစ်ကုန်သော ရာဂစသည်တို့၏ အကြောင်းတရား၏ အဖြစ်သည်သာလျှင် ဟီန = ယုတ်ညံ့သည်၏ အဖြစ်မည်၏။ (မရဏာသန္နဇောစေတနာတို့သည် အကုသလဝိပါက် ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သော အကုသိုလ်ဇနကကံနှင့် ကံဖြစ်ခြင်းလည်း တူ၏၊ အာရုံ ကမ္မနိမိတ်ချင်းလည်း တူ၏၊ ထိုသို့တူသောကြောင့် တံ သဒိသဟုဆိုသည်)

မှန်ပေသည် — ထိုအာရုံသည် နောင်တစ်ဖန်ပူပန်ခြင်းကို ဖြစ်စေတတ်ကုန်သော အကုသိုလ်ကံတို့၏ အာရုံဖြစ်၍ ကံ၏ အစွမ်းဖြင့် အလိုမရှိထိုက်သော အကုသလဝိပါက်၏ အာရုံလည်း ဖြစ်ပေသည်။

(မူလဋီ-၂-၁၀၅။)

**ကမ္မဝသေန အနိဋ္ဌ**န္တိ ဟီနဿ အကုသလကမ္မဿ အာရမ္မဏတော အာရမ္မဏတာဝသေန ဟီနန္တိ ကတွာ အနိဋ္ဌံ၊ သဘာဝေန ဣဋ္ဌမ္ပိတိ အဓိပ္ပါယော၊ (အနုဋီ-၂-၁၁၅။)

သဘာဝဣဋ္ဌာရုံ ဖြစ်လျှင်မူလည်း ယုတ်ညံ့သော အကုသိုလ်ကံ၏ အာရုံဖြစ်ခြင်းကြောင့် အာရမ္မဏပစ္စယသတ္တိသဘောအားဖြင့် ယုတ်ညံ့ခဲ့ရကား အနိဋ္ဌဖြစ်လေသည်။ အနိဋ္ဌဖြစ်သောကြောင့် အကုသလဝိပါက်၏ အာရုံဖြစ်လေသည် ဟူလို။ (အနုဋီ-၂-၁၁၅။)

ဣဋ္ဌာရုံဖြစ်သော် အဘယ်အပြစ် ဖြစ်ရာသနည်း ဟူမူ — အကုသလဝိပါက်သည် ဣဋ္ဌာရုံလျှင် အာရုံရှိသည့် ဣဋ္ဌာရမ္မဏတရား ဖြစ်ခြင်းငှာ မထိုက်ရကား ဣဋ္ဌအာရုံ၌ ဖြစ်သော အကုသိုလ်ကံ၏ အကျိုးဝိပါက်သည် အကုသိုလ်ကမ္မနိမိတ်အာရုံရှိသည် မဖြစ်ခဲ့လေရာ။ ဤသို့ အပြစ်ဖြစ်ရာသည်။ (မူလဋီ-၂-၁၀၅။)

ရာဂါဒိဟေတုဘူတံ ဟီနာရမ္မဏံ၏ အရကို = (ရာဂစသည်တို့၏ အကြောင်းဖြစ်သော ယုတ်ညံ့သော အာရုံ၏အရကို)လည်း ကမ္မနိမိတ်ကိုသာ အလိုရှိအပ်ခဲ့၏၊ ကမ္မနိမိတ်ဖြစ်ကလည်း အတိတ်သာဖြစ်ခဲ့၏၊ အလွန်အားနည်းသည် ဖြစ်ကုန်သော ပဉ္စဒွါရိကဇောတို့သည်လည်း ပဋိသန္ဓေအကျိုးကို မပေးနိုင်ခဲ့ကုန်၊ အဘယ်သို့လျှင် ပဋိသန္ဓေစိတ်သည် ပစ္စုပ္ပန် ကမ္မနိမိတ်အာရုံလျှင် အာရုံရှိသည်ဖြစ်၍ ပစ္စုပ္ပန္နာရမ္မဏာပဋိသန္ဓိဟု မိန့်အပ်လေသနည်း ဟူမူ —

အဖြေမှာ ဤသို့ဖြစ်၏ — သေခါနီး မရဏာသန္နအခါဝယ် ပဉ္စဒွါရ၌ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာသော ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်အာရုံသည် စုတိစိတ်ကျခါနီး သေခါနီးကာလ၏ အနီး၌ ပြုအပ်သော ကံ၏ အာရုံအစဉ်သန္တတိ၌ ဖြစ်လည်းဖြစ်၏၊ ထိုကမ္မနိမိတ်အာရုံနှင့် အလားလည်းတူ၏။ ဤသို့မှတ်ပါ။

(မူလဋီ-၂-၁၀၅။)

မနောဒွါရ၌ ကံ ကမ္မနိမိတ် ထင်ပုံကို ဖွင့်ပြပြီး၍ ပဉ္စဒွါရ၌ ကမ္မနိမိတ်ထင်ပုံကို ပြလိုသောကြောင့် အထက်ပါ ပဉ္စဒွါရ၌ ကမ္မနိမိတ်အာရုံထင်ပုံ အပိုင်းကို အဋ္ဌကထာက ဖွင့်ဆိုပြခြင်း ဖြစ်၏။ ယင်းအဋ္ဌကထာ၏ သတ်မှတ်ချက်

အရ ငါးဒွါရ၌ ပစ္စုပ္ပန်ကမ္မနိမိတ်တစ်မျိုးသာ ထင်နိုင်၏ဟု မှတ်ပါ။ ကမ္မနိမိတ္တ = ကံ၏ အာရုံဟူရာ၌ ပဉ္စဒွါရမရဏာသန္နဇောဝီထိ၏ ရှေးအနီးအပါး၌ ဖြစ်သော မနောဒွါရဝီထိ၌ ပါဝင်တည်ရှိသော ဇောအသီးအသီးနှင့်ယှဉ်သော စေတနာကို "ကံ"ဟု ခေါ်ဆို၍ ထိုကံ၏ အာရုံကို "ကမ္မနိမိတ္တ = ကမ္မနိမိတ်"ဟု ခေါ်ဆိုသည်။ ထိုကမ္မနိမိတ်အာရုံသည် ဆရာမိဘ စသူတို့က ယူဆောင်၍ ပြအပ်သော ပန်းစသော အာရုံဖြစ်လျှင် ထိုအာရုံသည် စက္ခုဒွါရမရဏာသန္နဇောဝီထိ ဖြစ်ရာအခါ၌လည်း ထင်ရှားရှိဆဲ ပစ္စုပ္ပန်ပင်ဖြစ်၏။ ပစ္စုပ္ပန်သုံးမျိုးတို့တွင် သန္တတိပစ္စုပ္ပန်ဟု ခေါ်ဆိုအပ်သော ကမ္မနိမိတ်အာရုံတည်း။ စက္ခုဒွါရမရဏာသန္နဇောဝီထိ မဖြစ်မီ ရှေးကဖြစ်ခဲ့သော မနောဒွါရဝီထိ၏ အာရုံအစဉ်သန္တတိ၌ ဖြစ်မြဲ ဖြစ်နေသောကြောင့် ထိုစက္ခုဒွါရဝီထိ၏ ကမ္မနိမိတ်အာရုံကို — အာသန္နကတကမ္မာရမ္မဏသန္တတိယံ ဥပ္ပန္နံ = စုတိစိတ်ကျခါနီး သေခါနီးကာလ၏ အနီး၌ ပြုအပ်သော ကံ၏ အာရုံအစဉ်သန္တတိ၌ ဖြစ်၏ — ဟုလည်းကောင်း, ယင်းမနောဒွါရဝီထိ၏ အာရုံဖြစ်သည့် ကမ္မနိမိတ်အာရုံနှင့် စက္ခုဒွါရမရဏာသန္နဇောဝီထိ၏ အာရုံဖြစ်သည့် ကမ္မနိမိတ်အာရုံသည် သန္တတိပစ္စုပ္ပန်သဘောအားဖြင့် ပန်းစသော အာရုံချင်း တူသောကြောင့် — တံ သဒိသ = ထိုကမ္မနိမိတ် အာရုံချင်းလည်း တူ၏ဟုလည်းကောင်း မူလဋီကာဆရာတော် ဖွင့်ဆိုတော်မူခြင်း ဖြစ်သည်။ ဤစကားအရ — ပဉ္စဒွါရ မရဏာသန္နဇောဝီထိ ဖြစ်ရာ၌ ထိုဝီထိ၏ အာရုံသည် မုချ ပစ္စုပ္ပန်ကမ္မနိမိတ်အာရုံမဟုတ်၊ ရှေးကမ္မနိမိတ်၏ သန္တတိအစဉ်၌ ဖြစ်သောကြောင့် သန္တတိပစ္စုပ္ပန်ဖြစ်သော, ရှေးရှေး မနောဒွါရဝီထိ၏ အာရုံဖြစ်သော ထိုကမ္မနိမိတ်နှင့် တစ်ထပ်တည်းတူသောကြောင့် သဒိသူပစာလည်း ဖြစ်သော ကမ္မနိမိတ်ဟု မှတ်ပါ။ အဘယ်ကြောင့်နည်း၊ ပဉ္စဒွါရဇောစေတနာတို့က အထူးသဖြင့် ပဉ္စဒွါရ မရဏာသန္နဇော စေတနာတို့က ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်လောက်အောင် ကံ အထမမြောက်သည့်အတွက် ထိုပဉ္စဒွါရဇော၏ အာရုံကို မုချအားဖြင့် "ကမ္မနိမိတ် = ကံ၏ အာရုံ"ဟု မခေါ်ဆိုနိုင်သောကြောင့်တည်း။ သို့အတွက် အသင်သူတော်ကောင်းသည် အကြောင်းတရားတို့ကို ရှာဖွေရာ၌ ပဉ္စဒွါရဇောစေတနာတို့၏ ကမ္မသတ္တိကို မရှာဖွေဘဲ မနောဒွါရဝီထိတို့တွင် အကျုံးဝင်သော ဇောစေတနာတို့၏ ကမ္မသတ္တိကိုသာ ရှာဖွေပါ။

ပဉ္စဒွါရ မရဏာသန္နဇောဝီထိ၏ အာရုံကို သန္တတိပစ္စုပ္ပန်ဖြစ်သော သဒိသကမ္မနိမိတ်ဟု မယူဘဲ ခဏပစ္စုပ္ပန်ဖြစ်သော မုချကမ္မနိမိတ်ဟုယူလျှင် အဘယ်အပြစ် ရှိပြန်ပါသနည်းဟု မေးဖွယ်ရှိ၏ — အဖြေကား ဤသို့တည်း —

မရဏာသန္နဇောဝီထိ၏ အာရုံဖြစ်သော ကမ္မနိမိတ်ကို သန္တတိပစ္စုပ္ပန်ဟုလည်းကောင်း, မရဏာသန္နဇောဝီထိ၏ ရှေး၌ ဖြစ်ခဲ့သော မနောဒွါရဝီထိ၏ ကမ္မနိမိတ်အာရုံနှင့် တစ်ထပ်တည်းတူညီသော သဒိသကမ္မနိမိတ်ဟုလည်းကောင်း = (သဒိသူပစာရအားဖြင့် တင်စားထားသော ကမ္မနိမိတ်ဟုလည်းကောင်း) မှတ်ယူထိုက်၏ဟူသော အခြင်းအရာမှ တစ်ပါးသော ခဏပစ္စုပ္ပန်ဟူသော အခြင်းအရာ, မုချ ကမ္မနိမိတ်ဟူသော အခြင်းအရာအားဖြင့် အနက်အဓိပ္ပါယ်ကို ယူအပ်သော် ထိုမရဏာသန္နဇောသည်ပင် (ပဉ္စဒွါရမရဏာသန္နဇောသည်ပင်) ပဋိသန္ဓေ၏ အာရုံကို ထင်စေတတ်သည့် ကံသည်လည်းကောင်း, ထိုမရဏာသန္နဇောသည်ပင် ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သည့် ဇနကကံသည်လည်းကောင်း ဖြစ်လေရာ၏။ (မူလဋီ-၂-၁၀၅။)

ထိုမရဏာသန္န ပဉ္စဒွါရိကဇောစေတနာသည် ပဋိသန္ဓေ၏ အာရုံကို ထင်စေတတ်သော ကံအထမြောက်သော ဇောစေတနာလည်း ဖြစ်နိုင်၍ ပဋိသန္ဓေအကျိုးကို ပေးတတ်သော ဇနကကံ ဇောစေတနာလည်း ဖြစ်နိုင်သည် မဟုတ်လောဟု မေးဖွယ်ရှိသောကြောင့် အောက်ပါစကားရပ်တို့ကို မူလဋီကာဆရာတော်က အောက်ပါအတိုင်း ဆက်လက် ဖွင့်ဆိုတော်မူပြန်သည်။

ပဋိသန္ဓေ၏အနီး ဥပစာကဲ့သို့ ဖြစ်ကုန်သည်လည်းကောင်း, "သင့်ပဋိသန္ဓေသည် ဤအာရုံ၌ ဖြစ်ရမည်"ဟု ပဋိသန္ဓေစိတ် စေတသိက်အား အာရုံကို အပ်နှင်းပေးကုန်သကဲ့သို့လည်းကောင်း ဖြစ်ပေါ်လာကုန်သော စုတိ၏

အနီး၌ ဖြစ်ကုန်သော မရဏာသန္နဇောတို့သည် ပဋိသန္ဓေကို ဖြစ်စေနိုင်ကုန်သော ဇောတို့သည် မဖြစ်နိုင်ကုန်ရာ။ မှန်ပေသည် —

ကတတ္တာ ဥပစိတတ္တာ — (အဘိ-၁ ၁၀၄။) ကံကို ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့် ဆည်းပူးအပ်ပြီးသည်၏ အဖြစ်ကြောင့် ရူပါရုံလျှင် အာရုံရှိသော ဥပေက္ခာဝေဒနာနှင့် အတူတကွဖြစ်သော စက္ခုဝိညာဏ်သည် ဖြစ်ပေါ်-လာ၏ – ဟု ဓမ္မသင်္ဂဏီပါဠိတော်၌ ဘုရားရှင် ဟောကြားထားတော်မူအပ်ပြီ။

[**ကတ** — ဟူသည် တစ်ကြိမ်တစ်ခါ ပြုမှုတည်း၊ **ဥပစိတ** — ဟူသည် အထပ်ထပ် ပွားစေမှု များစေမှု အခါခါ ပြုမှုတည်း။ ကံတို့မည်သည် တစ်ကြိမ်တစ်ခါ ပြုကာမျှဖြင့် အကျိုးပေးနိုင်ခဲ၏။ အထပ်ထပ် ပြုပါမှသာလျှင် အကျိုးပေးရန် အခွင့်အလမ်းသာတတ်သည်။]

ဆက်ဦးအံ့ — ထို မရဏာသန္နအခါ၌ ထိုပဋိသန္ဓေနှင့် တူမျှသော တစ်ဝီထိတည်း၌ကဲ့သို့ ဖြစ်ရသော မရဏာသန္နဇောတို့သည် အဘယ်သို့လျှင် ပြုအပ်ပြီး ဆည်းပူးအပ်ပြီးသည့် ကံတို့သည် ဖြစ်နိုင်ကုန်ရာအံ့နည်း၊ မဖြစ်နိုင်ကုန်လေရာ။ သည်မျှသာမကသေး၊ ထိုမရဏာသန္နအခါ၌ ထင်လာသော ကမ္မနိမိတ်အာရုံကို (မရဏာသန္နဇောတို့၏ အလွန်အားပျော့နေသည့်အတွက်) လွန်လွန်မင်းမင်း သာယာမှုတို့သည်လည်း မဖြစ်နိုင်ကုန်ရာ။

လောကီဇောတို့ကား လောကုတ္တရာမဂ်ဇောတို့ကဲ့သို့ တစ်ဝီထိတည်းအတွင်း၌ အကျိုးပေးနိုင်ကြသည်ကား မဟုတ်ကြလေကုန် —

ပုဗ္ဗေ ဝါဿ တံ ကတံ ဟောတိ ပါပကမ္မံ ဒုက္ခဝေဒနီယံ၊ ပစ္ဆာ ဝါဿ တံ ကတံ ဟောတိ ပါပကမ္မံ ဒုက္ခ-ဝေဒနီယံ၊ မရဏကာလေ ဝါဿ ဟောတိ မိစ္ဆာဒိဋ္ဌိ သမတ္တာ သမာဒိန္နာ၊ တေန သော ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ (မ-၃-၂၅၇။)

“ထိုသတ္တဝါသည် ရှေးရှေးဘဝ၌သော်လည်း ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော မကောင်းမှု အကုသိုလ်ကံကို ပြုအပ်ပြီးဖြစ်၏၊ ထိုသတ္တဝါသည် နောက်ဖြစ်သော ပစ္စုပ္ပန်ဘဝ၌သော်လည်း ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ထိုမကောင်းမှု အကုသိုလ်ကံကို ပြုအပ်ပြီး ဖြစ်၏၊ ထိုသတ္တဝါသည် သေခါနီးအခါ၌သော်လည်း မိစ္ဆာအယူကို ပြည့်ပြည့်စုံစုံ အကျိုးပေးဖို့ရန် စွမ်းနိုင်လောက်အောင် ဆောက်တည်အပ်ပြီး ဖြစ်၏။ ထိုကြောင့် ထိုသတ္တဝါသည် ကိုယ်ခန္ဓာ၏ ပျက်စီးခြင်းကြောင့် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌ ချမ်းသာဟူ၍ မြူငွေ့မျှမရှိသော မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော ငရဲသို့ ပဋိသန္ဓေအားဖြင့်ကပ်ရောက်ရ၏။” (မ-၃-၂၅၇။)

ဤသို့စသည်ဖြင့် ဥပရိပဏ္ဏာသပါဠိတော် မဟာကမ္မဝိဘင်္ဂသုတ်ပါဠိတော်၌ သေရာညောင်စောင်းလျောင်းစက်သောအခါ၌ ပြည့်ပြည့်စုံစုံ အကျိုးပေးစွမ်းနိုင်လောက်အောင် ဆောက်တည်ထားအပ်သော မိစ္ဆာဒိဋ္ဌိနှင့်လည်းကောင်း, သမ္မာဒိဋ္ဌိနှင့်လည်းကောင်း အတူတကွဖြစ်သော ဇောစေတနာ၏ ပဋိသန္ဓေအကျိုးကို ပေးခြင်းကို ဘုရားရှင်သည် ဟောကြားထားတော်မူအပ်ပြီ။

တစ်ဖန် အားမရှိကုန်သော ပဉ္စဒွါရိကဇောတို့ဖြင့် မိစ္ဆာဒိဋ္ဌိကိုသော်လည်းကောင်း သမ္မာဒိဋ္ဌိကိုသော်လည်းကောင်း ပြည့်ပြည့်စုံစုံ အကျိုးပေးစွမ်းနိုင်လောက်အောင် ဆောက်တည်အပ်ပြီးကား မဖြစ်နိုင်။ အဋ္ဌကထာဆရာတော် ကိုယ်တိုင်ကလည်း အဘိဓမ္မာ ဉာဏဝိဘင်းအဋ္ဌကထာ၌ (အဘိ-ဋ္ဌ-၂-၃၈၈။) ဤသို့ဖွင့်ဆိုလတ္တံ့ ဖြစ်၏ —

သဗ္ဗမ္ပိ ဟေတံ ကုသလာကုသလဓမ္မ ပဋိဝိဇ္ဈနနာဒိ စဝနပရိယောသာနံ ကိစ္စံ မနောဒွါရိကစိတ္တေနေဝ ဟောတိ၊ နပဉ္စဒွါရိကေနာတိ သဗ္ဗဿ ပေတဿ ကိစ္စဿ ကရဏေ သဟဇဝနကာနိ ဝီထိစိတ္တာနိ ပဋိက္ခိတ္တာနိ။
(အဘိ-ဋ္ဌ-၂-၃၈၈။)

မှန်ပေသည် ကုသိုလ်တရား အကုသိုလ်တရားကို သိခြင်းအစ စုတိအဆုံးရှိသော ဤကိစ္စအားလုံးသည် မနောဒွါရိကစိတ်ဖြင့်သာ ဖြစ်နိုင်၏၊ ပဉ္စဒွါရိက စိတ်ဖြင့်ကား မဖြစ်နိုင်ဟု အလုံးစုံလည်းဖြစ်သော ကုသိုလ်တရား အကုသိုလ်တရားကို သိခြင်းအစ စုတိအဆုံးရှိသော ဤကိစ္စကိုပြုခြင်း၌ ဇောနှင့်တကွဖြစ်ကုန်သော ပဉ္စဒွါရိက ဝီထိစိတ်တို့ကို ပယ်မြစ်အပ်ကုန်ပြီ။

မှန်ပေသည် ထိုအဋ္ဌကထာ၌ပင် — မနောပုဗ္ဗင်္ဂမာ ဓမ္မာ — ဤသို့စသည်ဖြင့် ဟောကြားထားတော်မူအပ်သော ကုသိုလ်ကိုလည်းကောင်း, အကုသိုလ်ကိုလည်းကောင်း တစ်စုံတစ်ခုသော တရားကိုမျှ ပဉ္စဒွါရိက ဝီထိစိတ်တို့ဖြင့် မသိ — ဤသို့လည်း ဖွင့်ဆိုထားလေပြီ။ ကုသိုလ်တရားတို့သည် ယောနိသောမနသိကာရကြောင့် အကုသိုလ်တရားတို့သည် အယောနိသောမနသိကာရကြောင့် ပြီးစီးဖြစ်ပေါ်လာကြရ၏၊ ယင်းကုသိုလ်တရား အကုသိုလ်တရားတို့၌ အကျိုးဝိပါက်ကို ပြီးစီးစေတတ်သော စွမ်းအားရှိကြ၏၊ ယင်းစွမ်းအင် ကမ္မသတ္တိသည် အကျိုးကိုဖြစ်စေတော့မည် မှန်လျှင် သေခါနီး မရဏာသန္နအခါ၌ ယင်းကံ၏ စွမ်းအင်သတ္တိကြောင့် ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော နိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးသည် ဒွါရ (၆)ပါးတို့၌ ထိုက်သလို ထင်လာ၏။ ထိုအာရုံကိုပင် အာရုံပြု၍ ဘဝသစ်၌ ပဋိသန္ဓေသည် ဖြစ်ပေါ်လာ၏။ အကြင်ကုသိုလ်တရား အကုသိုလ်တရားတို့၏ တစ်ဖန် ယင်းကဲ့သို့ အကျိုးတရားကို ထင်စွာဖြစ်စေခြင်းဟူသော ဖြစ်ခြင်းသဘောရှိသောကြောင့် သုခသည်သော်လည်းကောင်း ဒုက္ခသည်သော်လည်းကောင်း ထိုပဋိသန္ဓေ၏နောင်၌ ဆက်လက်ဖြစ်ပေါ်လာသော ရုပ်နာမ်သန္တာန် အစဉ်၌ အစဉ်တစိုက် လိုက်ပါနေ၏။ ထိုကုသိုလ်တရား အကုသိုလ်တရားတို့၏ ထိုကဲ့သို့သော ဖြစ်ခြင်းမျိုးကို ပဉ္စဒွါရ၌ (= ပဉ္စဒွါရိက ကုသိုလ် အကုသိုလ်၌) ပယ်မြစ်အပ်ပြီး ဖြစ်၏။ ကုသိုလ်ကံ အကုသိုလ်ကံကို ဆောက်တည်ခြင်းကိုလည်း ပဉ္စဒွါရိကဇော၌ အလားတူ ပယ်မြစ်အပ်သည်သာလျှင်တည်း။ ကုသိုလ်တရား အကုသိုလ်တရားတို့၏ ယင်းသို့လျှင် အကျိုးကို ဖြစ်စေနိုင်မှုသဘောကို ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိသော သူတော်ကောင်းသည် တစ်ဖန်ပြန်၍ ဉာဏ်ဖြင့်ရှုကြည့်သော် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်နိုင်၏။ ယင်းသို့ တစ်ဖန်ပြန်၍ သိခြင်း အသိဉာဏ်၌ ထင်စေခြင်းသည်လည်း မနောဒွါရိကဇောတို့ဖြင့်သာ သိနိုင်၏၊ ထင်စေနိုင်၏၊ ပဉ္စဒွါရိကဇောတို့ဖြင့် တစ်ဖန်ပြန်၍ သိမှု ထင်စေမှုကို ပယ်မြစ်အပ်ပြီးသာလျှင်တည်း။ ဤသို့ မှတ်သားပါလေ။ (မူလဋီ-၂-၁၀၆။ အနုဋီ-၂-၁၁၆။) ပဉ္စဒွါရ၌ ကုသိုလ် အကုသိုလ်ကို တစ်ဖန်ပြန်၍ သိခြင်းကို ပယ်သကဲ့သို့ ကုသိုလ်ကံ အကုသိုလ်ကံကို ဆောက်တည်ခြင်းကိုလည်း ပယ်အပ်သည်သာဟု ဆိုလိုသည်။

ပဉ္စဒွါရ၌, ဖွင့်ဆိုအပ်ခဲ့ပြီးသော ကိစ္စရပ်အားလုံးကို ပြုလုပ်ခြင်း၌ ဇောနှင့်တကွသော ဝီထိစိတ်အားလုံးတို့ကို ပယ်ရှားအပ်ကုန်သည် ဖြစ်အံ့၊ အဘယ်သို့လျှင် ထိုပဉ္စဒွါရ၌ စုတေခြင်း ပဋိသန္ဓေနေခြင်းတို့သည် ဖြစ်နိုင်ကုန်တော့ အံ့နည်း၊ အဖြေကား —

ပဉ္စဒွါရမရဏာသန္နဝီထိဝယ် တဒါရုံ၏ အခြားမဲ့၌ စုတိသည်လည်းကောင်း, ထိုစုတိ၏ အခြားမဲ့၌ဖြစ်သော ပဋိသန္ဓေသည်လည်းကောင်း မနောဒွါရ၌ ဖြစ်သည်သာလျှင်တည်း။ ယင်းစုတိစိတ် ပဋိသန္ဓေစိတ်တို့သည် ဇောနှင့်တကွသော ဝီထိစိတ်၌ အကျုံးမဝင်သော စိတ်တို့သာတည်း။ ဤသို့သော အဓိပ္ပါယ်အားဖြင့် ဤပဋိသန္ဓေ၏ အာရုံကို ပြရာ၌ ပဉ္စဒွါရ၌ဖြစ်သော တဒါရုံ၏ အခြားမဲ့၌ စုတိကိုလည်းကောင်း, ထိုစုတိ၏ အခြားမဲ့၌ ပဋိသန္ဓေကို လည်းကောင်း အဋ္ဌကထာ၌ ဖွင့်ဆိုအပ်ပြီ၊ ဤသို့ မှတ်သားအပ်ပေသည်။ (က္ကမိနာ အဓိပ္ပါယေန = ဤသို့သော အဓိပ္ပါယ်အားဖြင့်ဟူသော စကားရပ်ဖြင့် မနောဒွါရိကဇဝနအရ မနောဒွါရိက အစစ်မဟုတ်, ဒွါရဝိမုတ် = ဒွါရမှ

အလွတ်ဖြစ်သော စိတ်တို့သာဟု ပြ၏။) (မူလဋီ-၂-၁၀၆။) (အဘိ-ဋ္ဌ-၂-၃၈၈ - ကြည့်။)

ထိုပဋိသန္ဓေစိတ်၏ အာရုံကို ပြရာ၌ စုတိကျပြီးသည်တိုင်အောင် ကြွင်းသော စိတ္တက္ခဏ (၅)ချက် အသက် ရှိနေသေးသော ရူပါရုံအစရှိသော အာရုံ၌ အာရုံပြု၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေကို ရည်ရွယ်တော်မူ၍ ပဋ္ဌာန်းဒေသနာတော်၌ —

ပစ္စုပ္ပန္နာရမ္မဏံ ဥပပတ္တိစိတ္တံ ပစ္စုပ္ပန္နာရမ္မဏဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (အဘိ-၉-၄၂၈။)

ပစ္စုပ္ပန် (ကမ္မနိမိတ်)တရားလျှင် အာရုံရှိသော ပဋိသန္ဓေစိတ်သည် ပစ္စုပ္ပန် (ကမ္မနိမိတ်)တရားလျှင် အာရုံရှိသော ဘဝင်အား အခြားမဲ့ဖြစ်၍ = အခြားမရှိမူ၍ ကျေးဇူးပြုပေးခြင်းတည်းဟူသော အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးတတ်၏။ (အဘိ-၉-၄၂၈။) ဤသို့လည်းကောင်း,

ကြွင်းသော စိတ္တက္ခဏ (၁)ချက်သော သက်တမ်းရှိတော့သော ရူပါရုံစသည်၌ အာရုံပြု၍ ဖြစ်ပေါ်လာသော ပဋိသန္ဓေကိုလည်း ရည်ရွယ်တော်မူ၍ —

ပစ္စုပ္ပန္နာရမ္မဏံ ဥပပတ္တိစိတ္တံ အတီတာရမ္မဏဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (အဘိ-၉-၄၂၇။)

ပစ္စုပ္ပန် (ကမ္မနိမိတ်)တရားလျှင် အာရုံရှိသော ပဋိသန္ဓေစိတ်သည် အတိတ် (ကမ္မနိမိတ်)တရားလျှင် အာရုံရှိသော ဘဝင်အား အခြားမဲ့ဖြစ်၍ ကျေးဇူးပြုပေးခြင်းတည်းဟူသော အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး တတ်၏။ (အဘိ-၉-၄၂၇။) ဤသို့လည်းကောင်း ဟောကြားတော်မူအပ်၏ဟု သိရှိပါလေ။

(မူလဋီ-၂-၁၀၆-၁၀၇။)

## ဒုဂ္ဂတိမှ သုဂတိသို့

နောက်တစ်မျိုးကား — သတ္တဝါတစ်ဦးသည် အပါယ်ဒုဂ္ဂတိ တစ်ဘုံဘုံ၌ တည်နေ၏။ အကယ်၍ ပါလိလေ-ယျကဆင်, ဆဒ္ဒန်ဆင်တို့ကဲ့သို့သော တိရစ္ဆာန်ဒုဂ္ဂတိဘဝ၌ တည်နေသော သတ္တဝါဖြစ်မူ ထိုဒုဂ္ဂတိဘဝ၌လည်း အပြစ်ကင်းလတ် ကောင်းမြတ်သော ကောင်းမှုကုသိုလ်ကံတို့ကို ပြုစုပျိုးထောင်ခွင့်ကား ရရှိနိုင်၏။ သို့အတွက် ဒုဂ္ဂတိဘဝ၌ တည်နေသော (ထိုဘဝ၌ ဖြစ်စေ, အတိတ်ဘဝ အဆက်ဆက်က ဖြစ်စေ) ပြုစုပျိုးထောင်အပ်ပြီး ဆည်းပူးထားအပ်ပြီးသော အပြစ်မရှိသော ကောင်းမှုကုသိုလ်ကံရှိသော အပါယ်ဘုံသား သတ္တဝါ၏ သန္တာန်ဝယ် သေခါနီး မရဏာသန္နအခါဝယ် ဖွင့်ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာလျှင် —

၁။ ထိုအပြစ်ကင်းလတ် ကောင်းမြတ်သော ကုသိုလ်ကံသည်သော်လည်းကောင်း,
၂။ ထိုအပြစ်ကင်းလတ် ကောင်းမြတ်သော ကုသိုလ်ကံ၏ အာရုံ = ကမ္မနိမိတ်သည်သော်လည်းကောင်း,

မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။ ထိုကံအာရုံ သို့မဟုတ် ကမ္မနိမိတ်အာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော တဒါရုံ အဆုံးရှိသော ဇောဝီထိ၏သော်လည်းကောင်း, တဒါရုံမဖက် သက်သက်သော ဇောဝီထိ၏သော်လည်းကောင်း အခြားမဲ့၌ ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ်သည် ဖြစ်ပေါ်လာ၏။ ထိုစုတိ စိတ်သည် ချုပ်ပြီးလတ်သော် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာသော ထိုကံအာရုံကိုသော် လည်းကောင်း, ထိုကမ္မနိမိတ် အာရုံကိုသော်လည်းကောင်း အာရုံပြု၍ အရိယမဂ်တရားဖြင့် မပယ်ဖြတ်အပ်သေး သော အဝိဇ္ဇာ တဏှာစသော ကိလေသာတို့၏ စွမ်းအားသည် ညွတ်စေအပ်သော သုဂတိဘုံဘဝ၌ အကျုံးဝင်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ဤသည်ကား အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ အတိတ် တရားလျှင် အာရုံရှိသော ပဋိသန္ဓေဖြစ်ပုံ အခြင်းအရာတည်း။ (အဘိ-ဋ္ဌ-၂-၁၅၀။)

အခြားတစ်ဦးသော ဒုဂ္ဂတိဘုံဘဝ၌ တည်နေသော သတ္တဝါ၏ သန္တာန်ဝယ် လူလောက၌ ဖြစ်တော့မည့် သတ္တဝါအဖို့ ကမ္ဗလာနီအဆင်းနှင့်တူသော မိမိကိန်းအောင်းရတော့မည့် အမိဝမ်းရေအရောင်အဆင်းဟု ခေါ်ဆိုအပ်သော သုဂတိနိမိတ်သည်လည်းကောင်း, နတ်လောက၌ ဖြစ်ရတော့မည့် သတ္တဝါဖြစ်မူ မိမိသုံးဆောင်ခံစားရတော့မည့် ဥယျာဉ် ဗိမာန် ပဒေသာပင်စသည့် အရောင်အဆင်းဟု ခေါ်ဆိုအပ်သော သုဂတိနိမိတ်သည်လည်းကောင်း မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။ ထိုသုဂတိဘဝသို့ သွားရတော့မည့် ထိုဒုဂ္ဂတိသတ္တဝါ၏ သန္တာန်ဝယ် ဘဝင်နှစ်ကြိမ် ဖြစ်ပြီး၍ ချုပ်ပြီးလတ်သော် ထိုထင်လာသော ဂတိနိမိတ်အာရုံကို အာရုံပြု၍ —

၁။ မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်လည်းကောင်း,
၂။ သေခြင်းတရား၏ အလွန်နီးကပ်နေသည့်အတွက် နုံ့သည်ဖြစ်၍ ဖြစ်သော အဟုန်အရှိန်ရှိကုန်သည်၏ အဖြစ်ကြောင့် ဇော (၅)ကြိမ်တို့လည်းကောင်း,
၃။ တဒါရုံ (၂)ကြိမ်တို့လည်းကောင်း,

ဤသို့လျှင် သုံးမျိုးသော ဝီထိစိတ်တို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထိုမှနောက်၌ ဘဝင်၏အာရုံကို အာရုံပြု၍ တစ်ခုသော စုတိစိတ်သည် ဖြစ်ပေါ်လာ၏။ ဤမျှ အတိုင်းအရှည်ရှိသော စိတ်အစဉ်ဖြင့် (၁၁)ချက်ကုန်သော စိတ္တက္ခဏတို့သည် ကုန်လွန်ပြီး ဖြစ်ကုန်၏။ ထိုမှနောက်၌ ကြွင်းကျန်သော (၅)ချက်သော စိတ္တက္ခဏ သက်တမ်းရှိနေသေးသော ထိုဂတိနိမိတ်အာရုံ၌ပင်လျှင် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ အခြားတစ်ဦးသော ဒုဂ္ဂတိသတ္တဝါတစ်ဦး၏ သန္တာန်ဝယ် သေရာညောင်စောင်း လျောင်းစက်ရာအခါ၌ ပဉ္စဒွါရ = ငါးဒွါရတို့တွင် ဒွါရတစ်ခုခု၌ ရာဂစသည်တို့၏ အကြောင်းတရား ဖြစ်၍ ဖြစ်သော အာရုံသည် ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။ ထိုဒုဂ္ဂတိသတ္တဝါ၏ သန္တာန်ဝယ် အကြင် အကြင် ဝီထိစိတ်အစဉ်အားဖြင့် ဖြစ်ပေါ်သွားသော ဝုဋ္ဌောစိတ်၏ အဆုံး၌ သေခြင်းတရား၏ အလွန်နီးကပ်နေသည့်အတွက် နုံ့သည် ဖြစ်၍ ဖြစ်သော အဟုန်အရှိန်ရှိကုန်သည်၏ အဖြစ်ကြောင့် ဇော (၅)ကြိမ်တို့သည်လည်းကောင်း, တဒါရုံ (၂)ကြိမ်တို့သည်လည်းကောင်း ဖြစ်ပေါ်သွားကြကုန်၏။ ထိုတဒါရုံမှနောက်၌ ဘဝင်၏အာရုံကို အာရုံပြု၍ တစ်ခုသော စုတိစိတ်သည် ဖြစ်ပေါ်လာ၏။ ဤမျှသော အတိုင်းအရှည်ဖြင့် —

။ ဘဝင် (၂)ကြိမ်၊
၁။ ပဉ္စဒွါရာဝဇ္ဇန်း (၁)ကြိမ်၊
၂။ စက္ခုဝိညာဏ် (၁)ကြိမ်၊
၃။ သမ္ပဋိစ္ဆိုင်း (၁)ကြိမ်၊
၄။ သန္တီရဏ (၁)ကြိမ်၊
၅။ ဝုဋ္ဌော (၁)ကြိမ်၊
၆။ ဇော (၅)ကြိမ်၊
၇။ တဒါရုံ (၂)ကြိမ်၊
။ စုတိစိတ် (၁)ကြိမ်၊

ဤသို့လျှင် (၁၅)ချက်ကုန်သော စိတ္တက္ခဏတို့သည် လွန်ပြီးဖြစ်ကြကုန်၏၊ ထိုမှ နောက်၌ ကြွင်းကျန်သော စိတ္တက္ခဏ တစ်ချက်သာ သက်တမ်းရှိတော့သော ထိုသုဂတိနိမိတ်အာရုံ၌ပင်လျှင် သုဂတိဘဝ၌ အကျုံးဝင်သော သုဂတိပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ဤပဋိသန္ဓေသည်လည်း အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော သုဂတိပဋိသန္ဓေတည်း။ (ဘဝတစ်ခု၌ ပဋိသန္ဓေ ဘဝင် စုတိတို့ကား

အာရုံတူမြဲ ဖြစ်ကြ၏။ သို့အတွက် စုတိစိတ်သည် သေခါနီးမရဏာသန္နအခါ၌ ထင်လာသော ယင်းဂတိနိမိတ် အာရုံကို အာရုံမပြုဘဲ ထိုဒုဂ္ဂတိဘဝ၏ ဘဝင်၏ အာရုံကိုသာ အာရုံပြုသည်။ သုဂတိပဋိသန္ဓေအသစ်ကား ထိုဒုဂ္ဂတိဘဝ၏ မရဏာသန္နဇော၏ အာရုံဖြစ်သည့် သုဂတိနိမိတ် အာရုံကို အာရုံပြုသည်။)

ဤသည်ကား အတိတ်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ —

၁။ အတိတ်တရားလျှင် အာရုံရှိသော သုဂတိပဋိသန္ဓေ,

၂။ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော သုဂတိပဋိသန္ဓေ,

ဤနှစ်မျိုးသော သုဂတိပဋိသန္ဓေတို့၏ ဖြစ်ပုံအခြင်းအရာတည်း။ (အဘိ-ဋ္ဌ-၂-၁၅၀။)

ကံ ကမ္မနိမိတ်၏ အစွမ်းဖြင့် အတိတ်အာရုံရှိသော ပဋိသန္ဓေ, အမိဝမ်းရေ၏ အရောင်အဆင်းစသည့် သုဂတိနိမိတ်၏ အစွမ်းဖြင့် ပစ္စုပ္ပန်အာရုံရှိသော ပဋိသန္ဓေဟု ခွဲခြား၍ မှတ်ပါ။ (မဟာဋီ-၂-၃၀၁။)

## ဘဝင်၏ အာရုံ

ထိုအပါယ်သား ဒုဂ္ဂတိသတ္တဝါ၏ ဘဝင်အာရုံဟူသည် ထိုဒုဂ္ဂတိဘဝကို မရမီ မရောက်မီဘဝက မရဏာသန္နဇောသည် ယူထားအပ်ခဲ့သော အာရုံပင်တည်း။ ထိုဒုဂ္ဂတိဘဝကို မရမီ ထိုဒုဂ္ဂတိဘဝသို့ မရောက်မီ ဘဝဟူသည် သုဂတိဘဝမှ ထိုဒုဂ္ဂတိဘဝသို့ ရောက်သူအတွက် ထိုသုဂတိဘဝတည်း။ ဒုဂ္ဂတိဘဝမှပင် ထိုဒုဂ္ဂတိ ဘဝသို့ ရောက်သူ အတွက် ထိုဒုဂ္ဂတိဘဝပင်တည်း။

ရှင်းလင်းသွားအောင် ထပ်၍ ဆိုရသော် ဒုဂ္ဂတိဘဝမှ သုဂတိဘဝသို့ ရောက်ရှိလာသူအဖို့ သုဂတိဘဝကား ပစ္စုပ္ပန်ဘဝတည်း၊ ထိုဒုဂ္ဂတိဘဝကား ပထမအတိတ်ဘဝတည်း၊ ထိုပထမအတိတ် ဒုဂ္ဂတိဘဝ၏ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံကား ဒုတိယအတိတ်ဘဝ မရဏာသန္နဇောက ယူအပ်ခဲ့သော အာရုံပင်တည်း။ လက်ရှိပစ္စုပ္ပန် သုဂတိဘဝ၏ ပဋိသန္ဓေ၏ အာရုံကား တစ်နည်းဆိုသော် ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံကား ပထမအတိတ် ဒုဂ္ဂတိဘဝ၌ အကျုံးဝင်သော မရဏာသန္နဇောက ယူအပ်ခဲ့သော သုဂတိနိမိတ်အာရုံတည်း။ (ကံ ကမ္မနိမိတ် အာရုံတို့၌လည်း နည်းတူပင် မှတ်သားပါ။)

## သုဂတိမှ သုဂတိသို့

နောက်တစ်မျိုးကား — သုဂတိဘုံဘဝ၌ တည်နေသော (ဤဘဝ၌ ဖြစ်စေ အတိတ်ဘဝအဆက်ဆက်က ဖြစ်စေ) ပြုစုပျိုးထောင်အပ်ခဲ့ပြီး ဆည်းပူးအပ်ပြီးသော အပြစ်ကင်းသော ကောင်းမှုကုသိုလ်ကံရှိသော သတ္တဝါ- အား — တာနိဿ တမှိ သမယေ ဩလမ္ဗန္တိ = ထိုရှေး၌ ပြုအပ်ကုန်ပြီးသော ကုသိုလ်ကံတို့သည် ထိုနီးကပ်သော သေခြင်းတရားရှိနေသော ပုဂ္ဂိုလ်အား ထိုသေအံ့ဆဲဆဲအခါ၌ ညနေချမ်းအခါဝယ် ကြီးစွာသော တောင်ထွဋ်တို့၏ အရိပ်သည် တောင်၏အနောက်ဘက်၌ တည်ရှိသော နေရောင်ခြည်၏ စွမ်းအားကြောင့် တောင်၏အရှေ့ဘက် မြေပြင်၌ လွှမ်းခြုံထားသကဲ့သို့ တွဲရရွဲဆွဲကုန်သကဲ့သို့ မနောဒွါရ၌ လွှမ်းမိုးလျက် တွဲရရွဲဆွဲသကဲ့သို့ ထင်ပေါ်ကုန်၏။ (မ-၁-၂၀၃။) — ဤသို့စသော စကားတော်ကို သဗ္ဗညု သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် ဟောကြားထားတော်မူခြင်း ကြောင့် သေရာညောင်စောင်းထက်၌ လျောင်းစက်စဉ် အကြင် အကြင် ပြုစုပျိုးထောင်အပ်ပြီး ဆည်းပူးအပ် ပြီးသော —

၁။ အပြစ်ကင်းလတ် ကောင်းမြတ်သော ကုသိုလ်ကံသည်သော်လည်းကောင်း,

၂။ ထိုကုသိုလ်ကံ၏ အာရုံနိမိတ် = ကမ္မနိမိတ်သည်သော်လည်းကောင်း,

မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျရောက်ခြင်းသို့ ရောက်ရှိလာ၏၊ ထို ကံ ကမ္မနိမိတ် အာရုံသည်လည်း ဆည်းပူးထားအပ်ပြီးသော အပြစ်ကင်းလတ် ကောင်းမြတ်သော ကာမာဝစရကုသိုလ်ကံရှိသော ပုဂ္ဂိုလ်၏သာလျှင် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိနိုင်၏။

နောက်တစ်မျိုးကား ပြုစုပျိုးထောင်အပ်ပြီးသော ဆည်းပူးထားအပ်ပြီးသော မဟဂ္ဂုတ် ကုသိုလ်ကံရှိသော (= စျာန်ရရှိထားပြီးသည့်အတွက် စျာန်ကုသိုလ်ကံ ထင်ရှား ရှိနေသေးသော) ပုဂ္ဂိုလ်၏ သန္တာန်၌ ကမ္မနိမိတ် အာရုံသည်သာလျှင် ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။ (မဟဂ္ဂုတ် ဝိပါက်တရား၏ ဧကန်အားဖြင့် မိမိ၏ ကံ၏ အာရုံလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်တည်း။) (အဘိ-ဋ္ဌ-၂-၁၅၀။)

ဥပမာ — ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ပြဟ္မာဘဝကို တွယ်တာတပ်မက်သည့် အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ခြံရံလျက် အာနာပါနစတုတ္ထစျာန်ကို အမြတ်စား ပွားများထား၏။ ထိုစတုတ္ထစျာန်၏ အာရုံကား အလွန် ကြည်လင်တောက်ပနေသော အာနာပါနပဋိဘာဂနိမိတ် အာရုံပင်တည်း။ ယင်းအာနာပါနစတုတ္ထစျာန်ကား မဟဂ္ဂုတ်ကံပင်တည်း။ ယင်းမဟဂ္ဂုတ်ကုသိုလ်ကံ၏ အာရုံဖြစ်သော ယင်းအာနာပါနပဋိဘာဂနိမိတ်အာရုံကိုပင် ကမ္မနိမိတ်ဟု ခေါ်ဆိုပေသည်။

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ပြဟ္မာပြည်ကို ရည်ရွယ်မှန်းထား၍ ပြဟ္မာဘဝကိုပင် တွယ်တာတပ်မက်သည့် အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ခြံရံလျက် ဩဒါတကသိုဏ်း = အဖြူရောင်ကသိုဏ်းစျာန်ကို အမြတ်စားပွားထားသည် ဖြစ်အံ့၊ ထိုဩဒါတကသိုဏ်း စတုတ္ထစျာန်၏ အာရုံကား အဖြူရောင်ကသိုဏ်းပဋိဘာဂ-နိမိတ်အာရုံပင်တည်း။ အလွန် ကြည်လင်တောက်ပနေသော အဖြူရောင်နိမိတ်အာရုံတည်း။ ယင်းဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော ဩဒါတကသိုဏ်း စတုတ္ထစျာန်သည်လည်း မဟဂ္ဂုတ်ကံပင်တည်း။ ယင်း မဟဂ္ဂုတ်ကံ၏ အာရုံဖြစ်သော ဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်အာရုံကိုလည်း ကမ္မနိမိတ်ဟုပင် ခေါ်ဆိုပေသည်။ ဤသို့စသည်ဖြင့် သဘောပေါက်ပါလေ။

ထိုသို့ ဆည်းပူးထားအပ်သော မဟဂ္ဂုတ်ကုသိုလ်ကံရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ကား သေရာညောင်စောင်း လျောင်းစက်ရာအခါ၌ မလျှောကျသော စျာန်ရှိသဖြင့် ပြဟ္မာ့ပြည်သို့ ရောက်တော့မည် ဧကန်မုန်လျှင် ယင်း မဟဂ္ဂုတ်ကုသိုလ်ကံအာရုံသည် မနောဒွါရ၌ မထင်လာတော့ဘဲ ယင်းမဟဂ္ဂုတ်ကုသိုလ်ကံ၏ အာရုံဖြစ်သည့် ကမ္မနိမိတ်အာရုံသည်သာလျှင် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။

ဤပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း, အတိတ်သံသရာ ဘဝအဆက်ဆက်ကသော်လည်းကောင်း ဆည်းပူး ထားအပ်ပြီးသော အပြစ်ကင်းလတ် ကောင်းမြတ်သော ကာမာဝစရကံရှိသော သတ္တဝါ၏ သန္တာန်ဝယ် မနောဒွါရ၌ ထင်လာသော ထိုကံအာရုံကို သို့မဟုတ် ကမ္မနိမိတ်အာရုံကို, ဆည်းပူးထားအပ်ပြီးသော မဟဂ္ဂုတ်ကံရှိသော သတ္တဝါ၏ သန္တာန်ဝယ် မနောဒွါရ၌ ထင်လာသော ထိုကမ္မနိမိတ်အာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော တဒါရုံ အဆုံးရှိသည်မူလည်း ဖြစ်သော မရဏာသန္နဇောဝီထိ၏သော်လည်းကောင်း, မဟဂ္ဂုတ် ကမ္မနိမိတ်အာရုံရှိသဖြင့် တဒါရုံဝိပါက်မဖက် သက်သက်မူလည်းဖြစ်သော မရဏာသန္နဇောဝီထိ၏သော်လည်းကောင်း အခြားမဲ့၌ ဘဝင်၏ အာရုံကို အာရုံပြု၍ စုတိစိတ်သည် ဖြစ်ပေါ်လာ၏။ ထိုစုတိစိတ်သည် ချုပ်ပြီးလတ်သော် ထိုကံကိုသော် လည်းကောင်း, ထိုကမ္မနိမိတ်ကိုသော်လည်းကောင်း အာရုံပြု၍ အရိယမဂ်ဖြင့် မပယ်ဖြတ်အပ်သေးသော အဝိဇ္ဇာ တဏှာစသော ကိလေသာတို့၏ စွမ်းအားသည် ညွတ်စေအပ်သော သုဂတိဘုံဘဝ၌ အကျုံးဝင်သော ပဋိသန္ဓေ စိတ်သည် ဖြစ်ပေါ်လာ၏။ ဤဆိုအပ်ပြီးသည်ကား အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ —

၁။ အတိတ်တရားလျှင် အာရုံရှိသည်မူလည်း ဖြစ်သော,

၂။ အတိတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်တရားလျှင် အာရုံရှိသည်မူလည်း ဖြစ်သော, ပဋိသန္ဓေတည်း။
(အဘိ-၄-၂-၁၅၀။)

**ဥပစာရ** — ထိုမဟဂ္ဂုတ် ကမ္မနိမိတ်လျှင် အာရုံရှိသော မရဏာသန္နဇောဝီထိကို မဟဂ္ဂုတ် ဝိပါက်-ပဋိသန္ဓေ၏ အနီး ဥပစာကဲ့သို့ မှတ်ထိုက်၏။ အကြောင်းကား — ထိုမရဏာသန္နဇောဝီထိသည် နောက်ဖြစ်မည့် မဟဂ္ဂုတ် ပဋိသန္ဓေနှင့် တူသောအာရုံရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ထိုမရဏာသန္နဇောဝီထိသည် မဟဂ္ဂုတ် ပဋိသန္ဓေ၏ အကြောင်းနိမိတ် ဖြစ်သောကြောင့်လည်းကောင်း ဖြစ်သည်။ (မရဏာသန္နဇောဝီထိက အာနာပါနပဋိဘာဂနိမိတ်ကို အာရုံပြုလျှင် ဘဝသစ် မဟဂ္ဂုတ် ပဋိသန္ဓေကလည်း ယင်းအာနာပါနပဋိဘာဂနိမိတ် အာရုံကိုပင် အာရုံပြု၏။ မရဏာသန္နဇောဝီထိက ဩဒါတကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံပြုလျှင် ဘဝသစ် မဟဂ္ဂုတ် ပဋိသန္ဓေကလည်း ယင်းဩဒါတကသိုဏ်းပဋိဘာဂနိမိတ်အာရုံကိုပင် အာရုံပြု၏။ ဤသို့စသည်ဖြင့် သဘောပေါက်ပါ။) (မူလဋီ-၂-၁၀၇။ အနုဋီ-၂-၁၁၆။)

**မဟဂ္ဂတာဝသာနံ** — ဓမ္မသိရိမထေရ်ဟူသော အချို့သော ဆရာတို့သည် ထိုမရဏာသန္နဇောဝီထိကို မဟဂ္ဂုတ်ဇော အဆုံးရှိ၏ဟူ၍ ဆိုကြကုန်၏။ အကြောင်းအားလျော်စွာ မဟဂ္ဂုတ်သမာပတ်ကို ဝင်စားပြီး၍ ထိုသမာပတ်မှ ထသော ပုဂ္ဂိုလ်၏ သန္တာန်၌ ထိုမရဏာသန္နဝီထိ ဖြစ်ပေါ်လာ၏။ ထိုမရဏာသန္နဝီထိ၏ နောက်ဝယ် စုတိစိတ်ကျ၏၊ ထိုကြောင့် ထိုဝီထိကို မဟဂ္ဂုတ်ဇော အဆုံးရှိသော ဝီထိဟူ၍ဆိုကြသည်။
(မူလဋီ-၂-၁၀၇။ အနုဋီ-၂-၁၁၆ ၁၁၇။)

ဓမ္မသိရိမထေရ်ကား ဈာနသမာပတ္တိဝီထိ၏ နောက်ဝယ် မရဏာသန္နဇောဝီထိကျ၏ဟု အယူရှိတော်မူ၏။ မူလဋီကာဆရာတော်ကား ဈာနသမာပတ္တိဝီထိနှင့် မရဏာသန္နဇောဝီထိတို့၏ အကြားဝယ် မနောဒွါရဝီထိများလည်း ထိုက်သလို ဖြစ်နိုင်သေး၏ဟု အယူရှိတော်မူ၏။

**နဝတ္တဗ္ဗာရမ္မဏာ** — အတိတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်တရားလျှင် အာရုံရှိသည်မူလည်းဖြစ်သော ဟူသော ဤစကားကို ရူပါဝစရပဋိသန္ဓေကိုလည်းကောင်း, အရူပပဋိသန္ဓေတို့တွင် အာကာသာနဉ္စာယတန ပဋိသန္ဓေကိုလည်းကောင်း, အာကိဉ္စညာယတနပဋိသန္ဓေကိုလည်းကောင်း ရည်ရွယ်တော်မူ၍ အဋ္ဌကထာက ဖွင့်ဆိုတော်မူခြင်းဖြစ်၏။ ဝိညာဏဉ္စာယတနပဋိသန္ဓေ နေဝသညာနာသညာယတနပဋိသန္ဓေတို့ကိုကား အတိတ်တရားလျှင် အာရုံရှိသော ပဋိသန္ဓေဟူသော စကားရပ်ဖြင့်ပင်လျှင် သိမ်းကျုံးရေတွက် ပေါင်းယူထားပေသည်။ (မဟာဋီ-၂-၃၈၂။)

ဤအထက်ပါ အဋ္ဌကထာ အဖွင့်တို့အရ —

၁။ အတိတ်တရားလျှင် အာရုံရှိသော ပဋိသန္ဓေ (၁၁)မျိုး,

၂။ အတိတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်တရားလျှင် အာရုံရှိသော ပဋိသန္ဓေ (၇)မျိုးရှိ၏ဟု မှတ်ပါ။

| | |
|---|---|
| မဟာဝိပါက် ပဋိသန္ဓေ | (၈)မျိုး, |
| ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ပဋိသန္ဓေ | (၁)မျိုး, |
| ဝိညာဏဉ္စာယတန ပဋိသန္ဓေ | (၁)မျိုး, |
| နေဝသညာနာသညာယတန ပဋိသန္ဓေ | (၁)မျိုး, |

ဤ (၁၁)မျိုးသော ပဋိသန္ဓေတို့ကား အတိတ်တရားလျှင် အာရုံရှိသော ပဋိသန္ဓေတို့တည်း။

ရူပါဝစရ ပဋိသန္ဓေ (၅)မျိုး, (ပဉ္စကနည်း)
အာကာသာနဉ္စာယတန ပဋိသန္ဓေ (၁)မျိုး,
အာကိဉ္စညာယတန ပဋိသန္ဓေ (၁)မျိုး,

ဤ (၇)မျိုးသော ပဋိသန္ဓေတို့ကား အတိတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်တရားလျှင် အာရုံရှိသော ပဋိသန္ဓေတို့တည်း။ (မူလဋီ-၂-၁၀၇။) (ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ပဋိသန္ဓေနှင့် ဒုဂ္ဂတိပဋိသန္ဓေတို့ကိုကား အောက်တွင် ဖွင့်ဆိုလတ္တံ့။)

## ပစ္စုပ္ပန်ကို အာရုံပြုသော ပဋိသန္ဓေ

အခြားတစ်ဦးသော သတ္တဝါအား သေရာညောင်စောင်း လျောင်းစက်ရာ သေခါနီးကာလ၌ ကာမာဝစရ ဖြစ်သော အပြစ်ကင်းလတ် ကောင်းမြတ်သော ကောင်းမှုကုသိုလ်ကံ၏ အစွမ်းဖြင့် လူ့ပြည် လူ့လောက၌ အမိ၏ ဝမ်းရေအရောင်အဆင်းဟု ဆိုအပ်သည့်မူလည်းဖြစ်သော, နတ်ပြည် နတ်လောက၌ ဥယျာဉ် ပဒေသာပင် စသည်တို့၏ အရောင်အဆင်းဟု ဆိုအပ်သည့်မူလည်းဖြစ်သော သုဂတိနိမိတ်ဖြစ်သော ရူပါရုံသည် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။ ထိုသတ္တဝါ၏ သန္တာန်ဝယ် — ဘဝင်နှစ်ကြိမ် ဖြစ်ပြီးနောက် ချုပ်လတ်သော် ထိုသုဂတိနိမိတ်အာရုံကိုပင် အာရုံပြု၍ —

၁။ မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်၊
၂။ သေခြင်းတရား၏ အလွန်နီးကပ်သည့်အတွက် နုံ့သည်ဖြစ်၍ဖြစ်ကုန်သော အဟုန်အရှိန် ရှိကုန်သည်၏ အဖြစ်ကြောင့် မရဏာသန္နဇော (၅)ကြိမ် ၊
၃။ တဒါရုံ (၂)ကြိမ်၊

ဤသို့လျှင် ဝီထိစိတ်အမျိုးအစား သုံးမျိုးတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထိုနောင် ဘဝင်၏ အာရုံကို အာရုံပြု၍ တစ်ခုသော စုတိစိတ်သည် ဖြစ်ပေါ်လာ၏၊ ဤမျှအတိုင်းအရှည်ရှိသော စိတ်သန္တတိအစဉ်အားဖြင့် စိတ္တက္ခဏ (၁၁)ချက်တို့သည် လွန်ပြီးဖြစ်ကုန်၏။ ထိုစုတိကျပြီးနောက်၌ ကြွင်းကျန်သော စိတ္တက္ခဏ (၅)ချက် သက်တမ်းရှိသေးသော ထိုသုဂတိနိမိတ်အာရုံ၌ပင်လျှင် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ဤသည်ကား အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ပဋိသန္ဓေတည်း။
(အဘိ-ဋ္ဌ-၂-၁၅၁။)

**မာတုကုစ္ဆိဝဏ္ဏသင်္ခါတ**န္တိ အာဒိနာ ဝဏ္ဏောဧဝ ဂတိနိမိတ္တဘာဝေန အာဂတော။ တတ္ထ သဒ္ဒေါ တာဝ အနုပါဒိန္နဘာဝေန သုဂတိပရိယာပန္နတာယ ဂတိနိမိတ္တဘာဝေန အဋ္ဌကထာသု နာဂတောတိ ယုတ္တမေတံ၊ ဂန္ဓာဒီနံ ပန အနာဂမနေ ဝီမံသိတဗ္ဗံ။ (မဟာဋီ-၂-၃၀၂။)

အမိဝမ်းရေအရောင်အဆင်းဟု ခေါ်ဆိုအပ်သော သုဂတိနိမိတ် — ဤသို့စသည်ဖြင့် ရူပါရုံအရောင် အဆင်းသည်သာလျှင် ဂတိနိမိတ်အဖြစ်ဖြင့် အဋ္ဌကထာတို့၌ လာရှိ၏။ ထိုသို့လာရှိရာ၌ ရှေးဦးစွာ အသံ = သဒ္ဒါရုံကား တဏှာ ဒိဋ္ဌိတို့က "ငါ ငါ့ဟာ, ငါ၏အကျိုးတရား"ဟု စွဲယူအပ်သည့် ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ် မဟုတ်ခြင်းကြောင့် (စိတ်ကြောင့်ဖြစ်သည့် သဒ္ဒါရုံ, ဥတုကြောင့်ဖြစ်သည့် သဒ္ဒါရုံသာ ရှိသောကြောင့်) သုဂတိဘဝ၌ အကျုံးဝင်နေသည့်အတွက် ဂတိနိမိတ်အဖြစ်ဖြင့် အဋ္ဌကထာတို့၌မလာဟူသော ဤစကားသည် သင့်တန်စေ၊ ဂန္ဓာရုံစသည်တို့၏ကား ဂတိနိမိတ်အဖြစ်ဖြင့် မလာခြင်း၌ အကြောင်းကို စူးစမ်းဆင်ခြင်သင့်၏။
(မဟာဋီ-၂-၃၀၂။)

အခြားတစ်ဦးသော (အထူးသဖြင့် လူသားဖြစ်သော)သတ္တဝါအား သေရာညောင်စောင်း လျောင်းစက်ရာ အခါ၌ ဆွေမျိုးတို့က — "အမောင် . . . သင့်အတွက် ဤဘုရားကို ပူဇော်ခြင်းကို ပြုလုပ်အပ်၏၊ သင်၏ စိတ်ကို ကြည်လင်စေပါလော့" — ဤသို့ ပြောဆို၍ —

၁။ ပန်းကုံး, တံခွန်, ကုက္ကား စသည်တို့၏ အပြားအားဖြင့် ရူပါရုံကိုသော်လည်းကောင်း,

၂။ တရားနာခြင်း, တူရိယာဖြင့်ပူဇော်ခြင်းစသည်တို့၏ အပြားအားဖြင့် သဒ္ဒါရုံကိုသော်လည်းကောင်း,

၃။ အခိုး အထုံ အနံ့ စသည်တို့၏ အပြားအားဖြင့် ဂန္ဓာရုံကိုသော်လည်းကောင်း,

၄။ "အမောင် . . . ဤလျက်ဖွယ်ကို သာယာစမ်းပါလော့၊ သင့်အတွက် ပေးလှူထိုက်သော လှူဖွယ်ဝတ္ထုတည်း၊"- ဤသို့ ပြောပြ၍ ပျားရည်, တင်လဲစသည်တို့၏ အပြားအားဖြင့် ရသာရုံကိုသော်လည်းကောင်း,

၅။ "အမောင် . . . ဤဝတ္ထုကို တွေ့ထိကြည့်စမ်းပါ။ သင့်အတွက် ပေးလှူထိုက်သည့် လှူဖွယ်တည်း" — ဤသို့ ပြောပြ၍ စိန့်တိုင်း၌ ဖြစ်သော အဝတ်, သောမာရတိုင်း၌ ဖြစ်သော အဝတ်စသည်တို့၏ အပြားအားဖြင့် ဖောဋ္ဌဗ္ဗာရုံကိုသော်လည်းကောင်း,

ဤအာရုံ အသီးအသီးကို ထိုက်သလို ပဉ္စဒွါရ၌ ကပ်၍ ဆောင်ကြကုန်၏။

ထိုသတ္တဝါသည် ရှေးရှုကျခြင်းသို့ ထင်ခြင်းသို့ ရောက်ရှိလာသော ထိုရူပါရုံစသည့် အာရုံ၌ အကြင် အကြင် စက္ခုဒွါရဝီထိစသော ဝီထိစိတ်အစဉ်အားဖြင့် ဖြစ်ပေါ်သွားသော ဝုဋ္ဌော၏အဆုံး၌ သေခြင်းတရား၏ အလွန် နီးကပ်နေသည့်အတွက် နုံ့သည် ဖြစ်၍ ဖြစ်သော အဟုန်အရှိန် ရှိကုန်သည်၏ အဖြစ်ကြောင့် မရဏာသန္နဇော (၅)ကြိမ်တို့သည်လည်းကောင်း, တဒါရုံ (၂)ကြိမ်တို့သည်လည်းကောင်း ဖြစ်ပေါ်လာကြကုန်၏၊ ထိုမှနောက်၌ (ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တစ်မျိုးမျိုးသော) ဘဝင်၏အာရုံကို အာရုံပြု၍ တစ်ခုသော စုတိစိတ်သည် ဖြစ်ပေါ်လာ၏၊ ထိုစုတိစိတ်၏အဆုံး၌ စိတ္တက္ခဏ (၁)ချက်မျှသာ တည်ခြင်းရှိသော ထိုမရဏာသန္နဇော၏ အာရုံ၌ ပင်လျှင် အာရုံပြု၍ ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ဤပဋိသန္ဓေသည်လည်း အတိတ်တရားလျှင် အာရုံရှိသော စုတိ၏အခြားမဲ့၌ ဖြစ်ပေါ်လာသော ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ပဋိသန္ဓေတည်း။ (အဘိ-ဋ္ဌ-၂-၁၅၁။)

## ဝိပဿနာကံ၏ အာရုံ = ကမ္မနိမိတ်

သူတော်ကောင်းတစ်ဦးသည် ရုပ်နာမ် ကြောင်းကျိုး = သင်္ခါရတရားတို့ကို သိမ်းဆည်းတတ်ပြီး ဉာဏ်ဖြင့် ပိုင်းခြားယူထားပြီး ဖြစ်သဖြင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို ရရှိထား၏။ ထိုသူတော်ကောင်း သည် ယင်းသင်္ခါရတရားတို့ကို —

၁။ ဖြစ်ပြီးလျှင် ပျက်သွားသည့်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟုလည်းကောင်း,

၂။ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်းနှိပ်စက်ခံနေရသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ဒုက္ခဟုလည်းကောင်း,

၃။ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် အမြဲတည်နေသည့် အတ္တမရှိသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တဟုလည်းကောင်း,

ဤသို့လျှင် လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနေ၏။ အထက်တွင် ဖော်ပြထားခဲ့ပြီးသော **စေတနာသုတ္တန်** ဒေသနာတော်နှင့်အညီ အနုသယဓာတ် ကိန်းဝပ်နေသူ၏ သန္တာန်ဝယ် အခြားကံများက အကျိုးပေးဖို့ရန် အခါအခွင့်မသာသဖြင့် ယင်းဝိပဿနာကံတို့က အကျိုးပေးဖို့ရန် အခါအခွင့်

သာလာ၏။ ထိုအခါ ထိုသူတော်ကောင်း၏ သန္တာန်ဝယ် ထိုသင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာ တစ်ခုခုကို အာရုံပြုနေသော ဝိပဿနာကံတို့သည် သေခါနီး မရဏာသန္နအခါဝယ် ဆက်တိုက်ဖြစ်နေ၏၊ မရဏာသန္နဇောသည်လည်း ယင်းသင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ သို့မဟုတ် ဒုက္ခအခြင်းအရာ သို့မဟုတ် အနတ္တအခြင်းအရာကိုပင် အာရုံယူနိုင်ခဲ့သော် ယင်းမရဏာသန္နဇော၏ အာရုံမှာ ပစ္စုပ္ပန် ကမ္မနိမိတ်အာရုံပင် ဖြစ်နိုင်လေသည်။ မနောဒွါရ၌ ထင်လာသော ပစ္စုပ္ပန် ကမ္မနိမိတ်အာရုံပင်တည်း။ ဤ၌ ကမ္မနိမိတ်ဟူသည် ဝိပဿနာဇောစေတနာကံ၏ အာရုံဟု ဆိုလိုသည်။ ဤကား မနောဒွါရ၌ ထင်လာသော ပစ္စုပ္ပန် ဓမ္မာရုံကမ္မနိမိတ်အာရုံတည်း။ ဤနည်းဖြင့်ဒွါရ (၆)ပါးဝယ် အာရုံ (၆)ပါးတို့သည် ထိုက်သည်အားလျော်စွာ ပစ္စုပ္ပန် ကမ္မနိမိတ် ဖြစ်နိုင်လေသည်။ ထိုအခါမျိုး၌ ဘဝသစ်ပဋိသန္ဓေနှင့် ဘဝသစ်ပဋိသန္ဓေနောင် ဆက်လက်ဖြစ်သော ပထမဘဝင်စသည့် ဘဝင်အနည်းငယ်သည်လည်း ပစ္စုပ္ပန်ကမ္မနိမိတ်အာရုံလျှင် အာရုံရှိသည်လည်း ရံခါဖြစ်နိုင်၏။ ထိုပစ္စုပ္ပန် ကမ္မနိမိတ်အာရုံသည် ပဋိသန္ဓေတွင် သက်တမ်းစေ့သွားပါက ယင်းဘဝသစ်ပဋိသန္ဓေသည် ပစ္စုပ္ပန်ကမ္မနိမိတ်ကို, ယင်းဘဝသစ် ပဋိသန္ဓေနောင် ဖြစ်ကြသည့် ဘဝင်ဟူသမျှသည် အတိတ်ကမ္မနိမိတ်တရားကို အာရုံပြုလေ၏။

## ဘုရားအား ပူဇော်ခြင်း

အထက်ပါ အဋ္ဌကထာစကားရပ်ဝယ် – **အယံ တာတ တဝတ္ထာယ ဗုဒ္ဓပူဇာ ကရီယတိ** – အမောင် . . . သင့်အတွက် ဘုရားအားပူဇော်ခြင်းကို ပြုလုပ်အပ်၏ — ဤသို့စသော စကားရပ်တို့၌ မရဏာသန္နဇော မစောမီ ရှေးပိုင်း၌ ဖြစ်ပေါ်သွားကြသော ပုဗ္ဗစေတနာတို့၏ အစွမ်းဖြင့် ကောင်းမှုကုသိုလ်သည် ဖြစ်၏။ ပုဗ္ဗစေတနာတို့၏ အစွမ်းဖြင့် ကမ္မပထမြောက်သော ဘဝသစ်၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်သော စွမ်းအားရှိသော ဇနကကံသည် ဖြစ်ပေါ်လာ၏။ မရဏာသန္နဇောစေတနာကား ဇနကကံဖြစ်သည့် ကောင်းမှုကုသိုလ် မဟုတ်ပေ။ သို့သော် ဆရာမြတ်တို့ကား အလုံးစုံသော ကုသိုလ်ဇောစေတနာတို့၏ အဆုံးဖြစ်သော မရဏာသန္နဇောဝီထိ မတိုင်မီ နောက်ဆုံးဖြစ်သွားသော မနောဒွါရဝီထိ၌ အကျုံးဝင်သော သတ္တမဇောအခိုက်၌ ဖြစ်ဆဲဖြစ်သော ကုသိုလ်စေတနာ၏ အစွမ်းဖြင့်လည်း ကောင်းမှုကုသိုလ်သည် ဖြစ်ပေါ်လာနိုင်၏ဟု ဆိုကြ၏။ (ဤဆရာမြတ်တို့ကား ရှေးရှေးဇောများ၌ ဖြစ်ပေါ်သွားကြသော ပုဗ္ဗစေတနာတို့၏ အစွမ်းဖြင့် ကောင်းမှုကုသိုလ် ဖြစ်မှုကို = ဇနကကံ ဖြစ်မှုကိုလည်း မတားမြစ်ပါ။ မရဏာသန္နဝီထိ မတိုင်မီ နောက်ဆုံးဖြစ်သွားသော မနောဒွါရဝီထိ၏ သတ္တမဇော စေတနာ၏ စွမ်းအားဖြင့်လည်း ဇနကကံ ဖြစ်နိုင်ကြောင်းကို မိန့်ဆိုတော်မူခြင်းသာ ဖြစ်သည်ဟုမှတ်ပါ။)

(မဟာဋီ-၂-၃၀၂။)

## ရူပဘုံမှ ကာမသုဂတိဘုံ, ရူပဘုံ, အရူပဘုံသို့

နောက်တစ်မျိုးကား အခြားတစ်ဦးသော သတ္တဝါ၏ သန္တာန်ဝယ် ပထဝီကသိုဏ်းလျှင် အာရုံရှိသောဈာန်, ဩဒါတကသိုဏ်းလျှင် အာရုံရှိသောဈာန်စသည်တို့၏ အစွမ်းဖြင့် ရအပ်ပြီးသော မဟဂ္ဂုတ်ဈာန်ရှိသည်ဖြစ်၍ = (ဈာန်သမာပတ် (၈)ပါးလုံးကိုပင် ရရှိထားပြီးသည်ဖြစ်၍) ရူပါဝစရသုဂတိဘဝ၌ တည်နေစဉ် သေရာညောင်စောင်း လျောင်းစက်သောအခါ၌ ကာမသုဂတိဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်ဖြစ်မူ —

၁။ ကာမာဝစရကုသိုလ်ကံ, (အကျိုးပေးတော့မည့် ကာမာဝစရကုသိုလ်ကံ)
၂။ ယင်း ကာမာဝစရကုသိုလ်ကံ၏ အာရုံ = ကမ္မနိမိတ်,
၃။ ကာမသုဂတိဟူသော ဂတိနိမိတ်,

ဤနိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးသည် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။

ရူပဘုံ, အာကာသာနဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံဟူသော အရူပဘုံ၌ ပဋိသန္ဓေ နေလတ္တံ့သော ပုဂ္ဂိုလ်ဖြစ်မူ ပထဝီကသိုဏ်း ဩဒါတကသိုဏ်း အစရှိသော ကမ္မနိမိတ်အာရုံသည် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။ [အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေတည်နေလတ္တံ့သော ပုဂ္ဂိုလ်အတွက် အာကာသပညတ်, အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေတည်နေလတ္တံ့သော ပုဂ္ဂိုလ်အတွက် နတ္ထိဘောပညတ် ဟူသော ကမ္မနိမိတ် အာရုံသည် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။]

ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေ တည်နေလတ္တံ့သော ပုဂ္ဂိုလ်ဖြစ်မူ အာကာသာနဉ္စာယတန ကုသိုလ်ကံ အာရုံဟူသော မဟဂ္ဂုတ်စိတ်သည် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။

နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေတည်နေလတ္တံ့သော ပုဂ္ဂိုလ်ဖြစ်မူ အာကိဉ္စညာယတန ကုသိုလ်ကံအာရုံဟူသော မဟဂ္ဂုတ် ကုသိုလ်စိတ်သည် မနောဒွါရ၌ ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။

[ကာမသုဂတိဘုံသို့ ဆင်းတော့မည့် ပဋိသန္ဓေတည်နေတော့မည့် ရူပါဝစရဘုံ၌ တည်နေသော ရူပဗြဟ္မာ၏ သန္တာန်ဝယ် သေခါနီး မရဏာသန္နဇောအခိုက် မနောဒွါရ၌ ထင်လာသော ကံအာရုံဟူသည် အာဒိကမ္မိကဈာနဝီထိ, ဈာနသမာပတ္တိဝီထိတို့၏ အတွင်း၌ အကျုံးဝင်သော ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုဟူသော အမည်ကို အသီးအသီးရရှိသော ကုသိုလ်စေတနာတို့လည်း ဖြစ်နိုင်၏။ ထိုအာဒိကမ္မိက ဈာနဝီထိ, ဈာနသမာပတ္တိဝီထိတို့ မဖြစ်ခင် မဖြစ်မီ မရသေးသောဈာန်ကို ရရှိအောင်, ရရှိပြီးဈာန်ကို ဝင်စားနိုင်အောင် ကြိုးပမ်းခိုက် အာဒိကမ္မိက ဈာနဝီထိသို့ မဆိုက်မီ, ဈာနသမာပတ္တိဝီထိသို့ မဆိုက်မီ ပထဝီကသိုဏ်း ဩဒါတကသိုဏ်းစသော ထိုထို ဈာန်ရကြောင်း ကမ္မဋ္ဌာန်းအာရုံတို့ကို စီးဖြန်းခိုက် ဖြစ်ပေါ်သွားကြသော မဟာကုသိုလ် မနောဒွါရိကဇော-စေတနာတို့လည်း ဖြစ်နိုင်၏။ အောက်တွင် ဖော်ပြလတ္တံ့သော ရူပဘုံ၌ ဆည်းပူးထားအပ်သော စက္ခုဒွါရ, သောတဒွါရဝီထိများနောင်၌ ဆက်လက်ဖြစ်ပေါ်လာသော မနောဒွါရဝီထိ မဟာကုသိုလ်စေတနာတို့လည်း ဖြစ်နိုင်၏။ ရူပဘုံသို့ မရောက်မီက ဆည်းပူးထားအပ်သော ကာမာဝစရကုသိုလ်ကံတို့လည်း ဖြစ်နိုင်၏။ ဤသို့ စသည်ဖြင့် သဘောပေါက်ပါလေ။]

(မနောဒွါရ၌သာ ယင်းကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တစ်မျိုးမျိုးသည် အထက်ဖော်ပြပါအတိုင်း ထင်လာသည်မဟုတ်သေး။) စက္ခုဒွါရ, သောတဒွါရတို့တွင် အမှတ်မထား တစ်ပါးပါးသောဒွါရ၌ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်း ဖြစ်၍ ဖြစ်သော မွန်မြတ်သော ဣဋ္ဌဖြစ်သော အာရုံသည်မူလည်း ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။ (ထိုမွန်မြတ်သော ဣဋ္ဌဖြစ်သော အာရုံသည် ရူပါရုံဖြစ်လျှင် စက္ခုဒွါရ မနောဒွါရ၌, သဒ္ဒါရုံဖြစ်လျှင် သောတဒွါရ မနောဒွါရ၌ ထင်လာမှုကို ဆိုလိုသည်ဟု မှတ်ပါ။)

ထိုရူပါဝစရသတ္တဝါ၏ သန္တာန်ဝယ် အကြင် အကြင် စက္ခုဒွါရဝီထိ သောတဒွါရဝီထိဟူသော ဝီထိစိတ်အစဉ် အားဖြင့် ဖြစ်ပေါ်လာသော ဝုဋ္ဌောစိတ်၏ အဆုံး၌ သေခြင်းတရား၏ အလွန်နီးကပ်နေသည့်အတွက် နှံ့သည် ဖြစ်၍ ဖြစ်သော အဟုန်အရှိန် ရှိကုန်သည်၏ အဖြစ်ကြောင့် မရဏာသန္နဇောတို့သည် (၅)ကြိမ်တို့ ဖြစ်ကြကုန်၏။ (ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ဖြစ်ပါမှ တဒါရုံကျခွင့်ရှိသောကြောင့် ကာမသတ္တဝါမဟုတ်သည့်) မဟဂ္ဂုတ် ဂတိ၌ တည်ကုန်သော ပုဂ္ဂိုလ်တို့အား တဒါရုံသည် ကျခွင့်မရှိပေ။ ထိုကြောင့် မရဏာသန္နဇော၏ အခြားမဲ့၌ သာလျှင် ဘဝင်၏အာရုံကို အာရုံပြု၍ တစ်ခုသော စုတိစိတ်သည် ဖြစ်ပေါ်လာ၏။ ထိုစုတိစိတ်၏ အဆုံး၌ ကာမာဝစရသုဂတိ, မဟဂ္ဂုတ်သုဂတိတို့တွင် တစ်ပါးပါးသော သုဂတိ၌ အကျုံးဝင်သော အကြင် အကြင် ကံကြောင့် မရဏာသန္နအခါဝယ် ရှေးရှုထင်လာပြီးကုန်သော အာရုံတို့တွင် အမှတ်မထား တစ်ပါးပါးသော အာရုံလျှင် အာရုံ ရှိသော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ (ကာမသုဂတိပဋိသန္ဓေ, ရူပါဝစရပဋိသန္ဓေ, အရူပါဝစရပဋိသန္ဓေ

တို့တွင် တစ်မျိုးမျိုးသော ပဋိသန္ဓေသည် ကံနှင့်လျော်ညီစွာ ထိုက်သည့်အားလျော်စွာ မရဏာသန္နဇောဧ် အာရုံကိုပင် အာရုံယူ၍ ဖြစ်ပေါ်လာ၏ဟု ဆိုလိုသည်။)

ဤပဋိသန္ဓေကား အတိတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်တရားလျှင် အာရုံရှိသော ရူပါဝစရ သုဂတိစုတိ၏ အခြားမဲ့၌ — အတိတ်အာရုံ, ပစ္စုပ္ပန်အာရုံ, ပညတ်အာရုံတို့တွင် အမှတ်မထား တစ်ပါးပါးသော အာရုံပင်လျှင် အာရုံရှိသော ပဋိသန္ဓေတည်း။ (အဘိ-ဋ္ဌ-၂-၁၅၁။)

ဥပစိတ မဟဂ္ဂတကမ္မဿ ပန ကမ္မနိမိတ္တမေဝ အာပါထမာဂစ္ဆတိ။ (အဘိ-ဋ္ဌ-၂-၁၅၀။)— ဆည်းပူး ထားအပ်ပြီးသော မဟဂ္ဂုတ်ကုသိုလ်ကံရှိသောဈာန်ကို ရရှိထားပြီးသည့်အတွက် ဈာန်ကုသိုလ်ကံ ထင်ရှားရှိနေ သေးသော ပုဂ္ဂိုလ်၏ သန္တာန်၌ မရဏာသန္နဇောအခိုက်၌ (ရူပဘုံသို့ ပဋိသန္ဓေတည်နေတော့မည် မှန်လျှင်) ကမ္မနိမိတ်အာရုံသည်သာလျှင် ထင်လာ၏။ ကမ္မနိမိတ် = ရူပါဝစရကုသိုလ်ကံ၏ အာရုံဟူသည် ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်စသော ကသိုဏ်းပညတ်အာရုံပင်တည်း။ ယင်းပညတ်အာရုံကိုပင် ရူပါဝစရသတ္တဝါ၏ ပဋိသန္ဓေ ဘဝင် စုတိတို့က အာရုံပြုကြ၏။ ထို့ကြောင့် ပညတ်တရားလျှင် အာရုံရှိသော ရူပါဝစရစုတိဟု ဆိုခြင်းဖြစ်သည်။

## အရူပဘုံမှ အရူပဘုံသို့, ကာမသုဂတိဘုံသို့

အရူပါဝစရစုတိ၏ အခြားမဲ့၌ ရူပါဝစရပဋိသန္ဓေ မရှိနိုင်။ အရူပါဝစရဘုံ၌လည်း အထက်အထက်သော အရူပါဝစရစုတိ၏ အခြားမဲ့၌ အောက်အောက်၌ ဖြစ်သော အရူပါဝစရပဋိသန္ဓေသည် မရှိနိုင်။ ထို့ကြောင့် နေဝသညာနာသညာယတနစုတိ၏ အခြားမဲ့၌ ပညတ်ကမ္မနိမိတ်လျှင် အာရုံရှိသော ရူပါဝစရပဋိသန္ဓေလည်း မရှိနိုင်။ ထို့ကြောင့် ထိုနေဝသညာနာသညာယတနစုတိမှ အခြားမဲ့၌ ထိုနေဝသညာနာသညာယတနဘုံ၌ပင် အတိတ်အာရုံရှိသော နေဝသညာနာသညာယတန ပဋိသန္ဓေကိုလည်းကောင်း, ထိုနေဝသညာနာသညာယတန စုတိမှ အခြားမဲ့၌ ကာမာဝစရဘုံ၌ အတိတ်အာရုံ, ပစ္စုပ္ပန် အာရုံရှိသော ကာမသုဂတိ ပဋိသန္ဓေကိုလည်းကောင်း ယှဉ်စေထိုက်၏။ (မူလဋီ-၂-၁၀၇။)

> အာရုပ္ပ စုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပ ဝဇ္ဇိတာ။
> ပဉ္စမာရုပ္ပသန္ဓီ စ၊ တထာ ကာမတိဟေတုကာ။ (အဘိဓမ္မတ္ထသင်္ဂဟ။)

အရူပစုတိနောင် အောက်အောက် အရူပပဋိသန္ဓေ မဖြစ်နိုင်ဟု ဆိုသောကြောင့် အရူပဘုံမှ စုတေလျှင် မိမိဘုံ၌ကား ထပ်၍ ဖြစ်နိုင်၏၊ အထက်အထက် အရူပဘုံ၌လည်း ဖြစ်နိုင်၏၊ ကာမသုဂတိ (၇)ဘုံ၌လည်း တိဟိတ်ပဋိသန္ဓေ နေနိုင်၏။ ဤအဖွင့်များနှင့် အညီ အောက်ပါအတိုင်း အတိုချုပ် မှတ်သားပါ။ — အာကာ-သာနဉ္စာယတန ပဋိသန္ဓေသည် ကောင်းကင်ပညတ်ကို အာရုံပြုသဖြင့် အာကာသာနဉ္စာယတန စုတိသည်လည်း ကောင်းကင်ပညတ်ကိုပင် အာရုံပြု၏။ ထိုကောင်းကင်ပညတ်လျှင် အာရုံရှိသော အာကာသာနဉ္စာယတနစုတိ၏ အခြားမဲ့၌ —

၁။ ကောင်းကင်ပညတ်လျှင် အာရုံရှိသော အာကာသာနဉ္စာယတန ပဋိသန္ဓေ,
၂။ အတိတ် အာကာသာနဉ္စာယတနဝိညာဏ်ကို အာရုံပြုသော ဝိညာဏဉ္စာယတန ပဋိသန္ဓေ,
၃။ အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိမှုသဘော = နတ္ထိဘာဝပညတ်ကို အာရုံပြုသော အာကိဉ္စညာ-ယတန ပဋိသန္ဓေ,
၄။ အတိတ် အာကိဉ္စညာယတနဝိညာဏ်လျှင် အာရုံရှိသော နေဝသညာနာသညာယတန ပဋိသန္ဓေ,
၅။ အတိတ် ပစ္စုပ္ပန် ပညတ်ဟု ထိုက်သလို ခေါ်ဆိုထိုက်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံသုံးမျိုးတို့တွင်

တစ်မျိုးမျိုးကို အာရုံပြုသော ကာမ တိဟိတ် ပဋိသန္ဓေ (၄)မျိုး —

ဤ (၈)မျိုးသော ပဋိသန္ဓေတို့တွင် တစ်မျိုးမျိုးသော ပဋိသန္ဓေသည် ဖြစ်နိုင်၏။

အတိတ် အာကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော ဝိညာဏဉ္စာယတနစုတိ၏ နောက်၌ အထက်ပါ ပဋိသန္ဓေ (၈)မျိုးတို့တွင် အာကာသာနဉ္စာယတနပဋိသန္ဓေမှတစ်ပါး ကြွင်းကျန်သော ပဋိသန္ဓေ (၇)မျိုးတို့တွင် တစ်မျိုးမျိုးသည် ဖြစ်နိုင်၏။

အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိမှုသဘော = နတ္ထိဘာဝပညတ်လျှင် အာရုံရှိသော အာကိဉ္စညာယတနစုတိ၏ နောက်၌ အထက်ပါ ပဋိသန္ဓေ (၇)မျိုးတို့တွင် ဝိညာဏဉ္စာယတန ပဋိသန္ဓေကို နုတ်၍ ကြွင်းကျန်သော ပဋိသန္ဓေ (၆)မျိုးတို့တွင် တစ်မျိုးမျိုးသော ပဋိသန္ဓေသည် ဖြစ်နိုင်။

အတိတ် အာကိဉ္စညာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော နေဝသညာနာသညာယတနစုတိ၏ နောက်၌ နေဝသညာနာသညာယတန ပဋိသန္ဓေ တစ်မျိုးနှင့် ကာမ တိဟိတ် ပဋိသန္ဓေ (၄)မျိုး ပေါင်း (၅)မျိုးသော ပဋိသန္ဓေတို့တွင် တစ်မျိုးမျိုးသော ပဋိသန္ဓေသည် ဖြစ်နိုင်၏။

ဤကား အတိတ်တရား, ပညတ်တရားလျှင် အာရုံရှိသော အရူပါဝစရသုဂတိစုတိ၏ အခြားမဲ့၌ အတိတ်တရား, ပညတ်တရား, ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ပဋိသန္ဓေ၏ ဖြစ်ပုံ အခြင်းအရာတည်း။
(အဘိ-ဋ္ဌ-၂-၁၅၁။)

ဥပရူပရိ အာရုပ္ပါ၊ န အာယူဟန္တိ ဟေဋ္ဌိမံ။
ဗလိတ္တာစုပစာရဿ၊ တိဟေတုကာဝ ယောနိယော။

အထက်အထက် အရူပဘုံသို့ ရောက်သည့်အခါ ရှေးဘဝက ရအပ်ပြီးသော အောက်အောက် အရူပဈာန်နှင့် ရူပဈာန်များသည် ငြိမ်းသွားကြ၏။ ရူပဈာန်ကို အခြေခံပြီးမှ အာကာသာနဉ္စာယတနဈာန်သို့ တက်ရ၍ အာကာသာနဉ္စာယတနဈာန်ကို အခြေခံပြီးမှ ဝိညာဏဉ္စာယတနဈာန်သို့ တက်ရသဖြင့် အခြေခံစရာ အောက်ဈာန်များ မရှိတော့ရကား အရူပပုဂ္ဂိုလ်တို့သည် အောက်အောက်ဈာန်ကို အားမထုတ်ကြကုန်။ ယခုရောက်နေဆဲဘုံနှင့် သက်ဆိုင်သော ဈာန်ကိုလည်းကောင်း, ထိုဈာန်ကို အခြေခံ၍ အထက်အထက် ဈာန်ကိုလည်းကောင်း ရနိုင်ခွင့်ကား ရှိကြသည်။ ထို့ကြောင့် အရူပဗြဟ္မာတို့သည် မိမိဖြစ်နေဆဲဘုံ၌လည်း ထပ်၍ ပဋိသန္ဓေနေခွင့် ရှိကြ၏။ အထက်အထက် အရူပဘုံ၌လည်း ပဋိသန္ဓေတည်နေခွင့် ရှိကြ၏။ လုံးလုံး ဈာန်အသစ်အသစ်ကို မရတော့လျှင် = (ရပြီးဈာန်ကိုဖြစ်စေ အထက်အထက် ဈာန်ကိုဖြစ်စေ အားထုတ်၍ မရတော့လျှင်) အဟောင်း အရူပဈာန်ကို မရခင် ရခါနီး၌ ဖြစ်ခဲ့ကြကုန်သော ဥပစာရဈာန်ဟု ခေါ်ဆိုသော ကာမာဝစရဘာဝနာများ ရှိကြ၏။ ထိုဘာဝနာသည် အလွန်ထက်မြက်သော တိဟိတ် ဉာဏ်ကျက်ကာမာဝစရကုသိုလ်တည်း။ ထိုအရူပဗြဟ္မာ၏ သန္တာန်ဝယ် ကာမာဝစရကုသိုလ်ကံတို့တွင် ထိုဥပစာရဘာဝနာကုသိုလ်ကံထက် အားကောင်းသော ကာမာဝစရကုသိုလ်ကံကား မရှိပြီ။ ထိုဥပစာရဘာဝနာကာမာဝစရ ကုသိုလ်ကံကြောင့် ကာမသုဂတိဘုံ (၇)ဘုံတို့တွင် တစ်ဘုံဘုံ၌ ပဋိသန္ဓေတည်နေလာရပေသည်။ (မူလဋီ-၂ ၁၀၉ ကြည့်။)

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
န ပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။
န ပုနတတ္ထ ဇာယန္တိ၊ သဗ္ဗေပိ သုဒ္ဓါဝါသိကာ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာ နောပပဇ္ဇရေ။

အရူပစုတိနောင်၌ ပဋိသန္ဓေဖြစ်ပုံကို ဖော်ပြသော အထက်ပါ စကားရပ်တို့မှာ ပုထုဇန်နှင့် အရိယာတို့ကို ရောနှော၍ပြသော စကားတို့တည်း။ အရိယာ သူတော်ကောင်းတို့မှာ အရူပပြဟ္မာ့ဘုံသို့ရောက်လျှင် သောတာပန် သကဒါဂါမ်ပင် ဖြစ်သော်လည်း ကာမဘုံသို့ မပြန်လာတော့ပြီ။ ထိုပုဂ္ဂိုလ်များကို ဈာနအနာဂါမ် = ဈာန်ရသည့် အတွက် ကာမဘုံသို့ မပြန်လာသူဟု ခေါ်၏။ အရူပပြဟ္မာဘုံတို့တွင်လည်း အထက်အထက်ဘုံသို့ ရောက်ပြီးက အောက်အောက်ဘုံသို့ ပဋိသန္ဓေ ပြန်မနေတော့ပြီ။

## သုဒ္ဓါဝါသ – ဖူး – မရ၊ အကနိဋ္ဌ – တု – မရ

ထို့ပြင် "ဘူမိသီသ"ဟု ခေါ်ရသော ဘုံ (၃)ဘုံရှိ၏၊ ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, နေဝသညာနာသညာ-ယတနဘုံတည်း။ ထိုတွင် ဝေဟပ္ဖိုလ်ဘုံသည် သုဒ္ဓါဝါသမှ တစ်ပါးသော ရူပဘုံများတွင် သီသ = ဦးထိပ်တည်း။ အကနိဋ္ဌဘုံသည် သုဒ္ဓါဝါသဘုံတို့၏ သီသတည်း။ နေဝသညာနာသညာယတနဘုံကား အရူပဘုံ၏ သီသတည်း။ ထိုဘူမိသီသ၌ တည်မိထိုင်မိကြသော အရိယာသူတော်ကောင်းတို့သည် တစ်ပါးသောဘုံသို့ ပြောင်း၍ ပဋိသန္ဓေ မနေကြတော့ကုန်။ ရဟန္တာ မဖြစ်ကြသေးလျှင် ဝေဟပ္ဖိုလ်ဘုံ၌ တည်ရှိကြသော အရိယာသူတော်ကောင်းတို့သည် ဝေဟပ္ဖိုလ်ဘုံ၌ ထပ်၍ ဖြစ်ကြသေး၏။ နေဝသညာနာသညာယတနဘုံ၌ တည်ရှိကြကုန်သော အရိယာသူတော် ကောင်းတို့သည်လည်း ရဟန္တာမဖြစ်သေးလျှင် နေဝသညာနာသညာယတနဘုံ၌ ထပ်၍ ဖြစ်နိုင်ကြသေး၏။ သို့သော် အကနိဋ္ဌဘုံ၌ တည်မိ ထိုင်မိကြသော အနာဂါမ်အရိယာ သူတော်ကောင်းကြီးတို့သည်ကား အကနိဋ္ဌ ဘုံ၌လည်း ထပ်၍မဖြစ်ကြဘဲ, အခြားအခြားဘုံသို့လည်း ပြောင်းရွှေ့ မဖြစ်ကြဘဲ, ထိုအကနိဋ္ဌဘုံမှာပင် ဧကန် ရဟန္တာ ဖြစ်ကြရလေသည်။ အကနိဋ္ဌဘုံ၌ တည်ရှိကြသော အနာဂါမ် အရိယာသူတော်ကောင်းတို့သာမက, အောက်အောက်သော သုဒ္ဓါဝါသ (၄)ဘုံ၌ တည်မိထိုင်မိကြသော အနာဂါမ် အရိယာသူတော်ကောင်းကြီးတို့ သည်လည်း ရဟန္တာမဖြစ်ကြသေးပါက မိမိတို့ တည်ရာဘုံ၌ ဖြစ်ရိုးဓမ္မတာ မရှိကြဘဲ အထက်အထက် သုဒ္ဓါဝါသဘုံ သို့သာ ပြောင်းရွှေ့ကြလေသည်။ သုဒ္ဓါဝါသ (၅)ဘုံတို့တွင် တစ်ဘုံတစ်ဘုံ၌ နှစ်ကြိမ်ထပ်၍ ဖြစ်ဖူးသော သတ္တဝါ မည်သည် မရှိ။ အကနိဋ္ဌဘုံ၌ နောက်ဆုံးဘဝရှိသည့် ပစ္ဆိမဘဝိကအစစ်သာ ရှိသည်။ ထို့ကြောင့် သုဒ္ဓါဝါသ - ဖူးမရ၊ အကနိဋ္ဌ - တုမရ — ဟု ဆရာမြတ်တို့ ဆိုရိုးပြုကြသည်။ သုဒ္ဓါဝါသဘုံ၌ နှစ်ကြိမ် ဖြစ်ဖူးသူမရှိ၊ အကနိဋ္ဌ ဘုံ၌ ပစ္ဆိမဘဝိကအစစ်သာ ရှိသည်၊ အတုမရှိ ဟုလိုသည်။

## စုတိနှင့် ပဋိသန္ဓေ အပေါင်း

ဒွိဒွိပဥ္စပ္ပကာရာ စ၊ ပဉ္စာဋ္ဌ ဒုဝိဓာပိစ။
စတုဝီသတိ သဗ္ဗာပိ၊ တာယောန္တိ ပဋိသန္ဓိယော။ (မူလဋီ-၂-၁၀၇။)

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အာရုံ၏ အစွမ်းဖြင့် သဘောတူရာကို ပေါင်းရုံးရေတွက်သော် ပဋိသန္ဓေ အမျိုးအစားတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏ —

၁။ အတိတ်တရားလျှင် အာရုံရှိသော ကာမသုဂတိစုတိ၏ အခြားမဲ့၌ —
(က) အတိတ်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ,
( ခ ) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ, (ဒွိ)

၂။ အတိတ်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ —
(က) အတိတ်တရားလျှင် အာရုံရှိသော သုဂတိပဋိသန္ဓေ,
( ခ ) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော သုဂတိပဋိသန္ဓေ, (ဒွိ)

၃။ အတိတ်တရားလျှင် အာရုံရှိသော ကာမသုဂတိစုတိ၏ အခြားမဲ့၌ —

(က) အတိတ်တရားလျှင် အာရုံရှိသော ကာမသုဂတိပဋိသန္ဓေ,
(ခ) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ကာမသုဂတိပဋိသန္ဓေ,
(ဂ) ပညတ်တရားလျှင် အာရုံရှိသော ရူပါဝစရပဋိသန္ဓေ,
(ဃ) အတိတ်တရားလျှင် အာရုံရှိသော အရူပပဋိသန္ဓေ,
(င) ပညတ်တရားလျှင် အာရုံရှိသော အရူပပဋိသန္ဓေ, (ပဥ္စ)

၄။ ပညတ်တရားလျှင် အာရုံရှိသော ရူပါဝစရစုတိ၏ အခြားမဲ့၌ —

(က) အတိတ်တရားလျှင် အာရုံရှိသော ကာမသုဂတိပဋိသန္ဓေ,
(ခ) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ကာမသုဂတိ ပဋိသန္ဓေ,
(ဂ) ပညတ်တရားလျှင် အာရုံရှိသော ရူပါဝစရပဋိသန္ဓေ,
(ဃ) အတိတ်တရားလျှင် အာရုံရှိသော အရူပပဋိသန္ဓေ,
(င) ပညတ်တရားလျှင် အာရုံရှိသာ အရူပပဋိသန္ဓေ, (ပဥ္စ)

၅။ ကောင်းကင်ပညတ်ကို အာရုံပြုသော အာကာသာနဉ္စာယတနစုတိ, နတ္ထိဘောပညတ်ကိုအာရုံပြုသော အာကိဉ္စညာယတနစုတိ၏ အခြားမဲ့၌ —

(က) အတိတ်တရားလျှင် အာရုံရှိသော ကာမသုဂတိပဋိသန္ဓေ,
(ခ) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ကာမသုဂတိပဋိသန္ဓေ,
(ဂ) ပညတ်တရားလျှင် အာရုံရှိသော အရူပပဋိသန္ဓေ,
(ဃ) အတိတ်တရားလျှင် အာရုံရှိသော အရူပပဋိသန္ဓေ,

၆။ အာကာသာနဉ္စာယတနဝိညာဏ်ဟူသော အတိတ်တရားကို အာရုံပြုသော ဝိညာဏဉ္စာယတနစုတိ, အာကိဉ္စညာယတနဝိညာဏ်ဟူသော အတိတ်တရားကို အာရုံပြုသော နေဝသညာနာသညာယတနစုတိ, ဤ အတိတ်ကို အာရုံပြုသော စုတိနှစ်မျိုး၏ အခြားမဲ့၌ —

(က) အတိတ်တရားလျှင် အာရုံရှိသော ကာမသုဂတိပဋိသန္ဓေ,
(ခ) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ကာမသုဂတိပဋိသန္ဓေ,
(ဂ) ပညတ်တရားလျှင် အာရုံရှိသော အရူပပဋိသန္ဓေ,
(ဃ) အတိတ်တရားလျှင် အာရုံရှိသော အရူပပဋိသန္ဓေ,

ဤသို့လျှင် အရူပစုတိနောင် ပဋိသန္ဓေ (၈)မျိုး- (အဋ္ဌ)

[**မှတ်ချက်** — အာကာသာနဉ္စာယတနဝိညာဏ်၏ နောင်၌ အတိတ်တရားနှင့် ပညတ်တရားကို အာရုံပြုသော အရူပပဋိသန္ဓေ နှစ်မျိုးလုံး ဖြစ်နိုင်သော်လည်း, နေဝသညာနာသညာယတနဝိညာဏ်၏ နောင်၌ကား အတိတ်တရားလျှင် အာရုံရှိသော နေဝသညာနာသညာယတန အရူပပဋိသန္ဓေသာ ဖြစ်နိုင်သည်။ ဤသို့ယူပါ။ အတိတ်ကို အာရုံပြုသော စုတိချင်းတူ၍ ပေါင်းစုဆိုခြင်းဖြစ်သည်။ ယင်းစုတိ နှစ်မျိုးလုံးနောင်၌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကာမသုဂတိပဋိသန္ဓေလည်း ထိုက်သလို ဖြစ်နိုင်၏။]

၇။ အတိတ်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ —

(က) အတိတ်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ,
(ခ) ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ, (ဒုဝိဓာ),

အားလုံးပေါင်းသော် အာရုံ၏အစွမ်းဖြင့် ပဋိသန္ဓေ (၂၄)မျိုးတည်း။ ထိုတွင် ဒုဂ္ဂတိစုတိနောင်၌ ဒုဂ္ဂတိ ပဋိသန္ဓေ (၂)မျိုးကို အဋ္ဌကထာက အောက်ပါအတိုင်း ဆက်လက်၍ ဖွင့်ဆိုထား၏။ —

(မူလဋီ-၂-၁၀၇။ အနုဋီ-၂-၁၁၇ ၁၁၈။)

## ဒုဂ္ဂတိမှ ဒုဂ္ဂတိသို့

တစ်ဖန် — ဒုဂ္ဂတိဘုံ၌တည်နေသော မကောင်းမှုအကုသိုလ်ကံ ရှိနေသေးသော သတ္တဝါ၏ သန္တာန်ဝယ် ဖွင့်ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင်လျှင် သေခါနီးအခါ၌ —

၁။ ထိုအကုသိုလ်ကံသည်သော်လည်းကောင်း,

၂။ ထိုအကုသိုလ်ကံ၏ အာရုံ = ကမ္မနိမိတ်အာရုံသည်သော်လည်းကောင်း,

၃။ ဒုဂ္ဂတိနိမိတ်အာရုံသည်သော်လည်းကောင်း,

ဤအာရုံ (၃)မျိုးတို့တွင် တစ်မျိုးမျိုးသည် မနောဒွါရ၌ ထင်လာ၏၊ ရှေးရှုကျရောက်လာ၏။ ပဉ္စဒွါရ၌ကား အကုသိုလ်ဖြစ်ခြင်း၏အကြောင်း ဖြစ်၍ ဖြစ်သော အာရုံသည် ထင်ခြင်းသို့ ရှေးရှုကျခြင်းသို့ ရောက်ရှိလာ၏။ ထိုအခါ၌ ထိုသတ္တဝါ၏ သန္တာန်ဝယ် အကြင် အကြင် အစဉ်အားဖြင့် ဖြစ်ပေါ်သွားသော စုတိစိတ်၏ အဆုံး၌ ဒုဂ္ဂတိဘုံ၌ အကျုံးဝင်သော ထိုကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတို့တွင် အမှတ်မထား တစ်ပါးပါးသော အာရုံရှိသော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။ ဤဆိုအပ်ခဲ့ပြီးသည်ကား အတိတ်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ —

၁။ အတိတ်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ,

၂။ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ,

ဤ (၂)မျိုးသော ပဋိသန္ဓေ၏ ဖြစ်ပုံအခြင်းအရာတည်း။ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် တစ်ခုယုတ် (၂၀) အပြားရှိသည်လည်း ဖြစ်သော (၁၉-မျိုး ဟူလိုသည်။) ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်သော ဝိညာဏ်၏ ပဋိသန္ဓေ၏ အဖြစ်ဖြင့် ဖြစ်ပုံကို ပြအပ်ပြီး ဖြစ်ပေသည်။ (အဘိ-ဋ္ဌ-၂-၁၅၂။)

## နာနာက္ခဏိကနှင့် ဥပနိဿယ

ဤ (၁၉)မျိုးသော ဝိပါက်ဝိညာဏ်သည် ပဋိသန္ဓေအခါ၌ ဖြစ်ပေါ်လာလတ်သည်ရှိသော် နှစ်မျိုးသော ပစ္စယသတ္တိရှိသော ကံကြောင့် ဖြစ်ပေါ်လာရ၏။ မှန်ပေသည် — အကြင် အကြင် မိမိဥစ္စာဖြစ်သော ထိုပဋိသန္ဓေ ဝိညာဏ်ကို ဖြစ်စေတတ်သော ဇနကကံသည် နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့်လည်းကောင်း, ပကတူပနိဿယ ပစ္စယသတ္တိဖြင့်လည်းကောင်း ကျေးဇူးပြုပေးတတ်၏။ မှန်ပေသည် ဘုရားရှင်သည် ဤသို့ ဟောကြားထား တော်မူ၏။

ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကာမနောဝိညာဏဓာတု ဥပ္ပန္နာ ဟောတိ သောမနဿသဟဂတာ ဉာဏသမ္ပယုတ္တာ။ (အဘိ-၁-၁၁၆။)

ကုသလာကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။ (အဘိ-၈-၁၄၇ ၁၅၀။)

အကြင်အခါ ကာမာဝစရ ကုသိုလ်ကံကို ပြုစုပျိုးထောင်အပ်ပြီးသည်၏ အဖြစ်ကြောင့် အဖန်ဖန် အထပ်ထပ် ဆည်းပူးအပ်ပြီး ပွားများစေအပ်ပြီးသည်၏ အဖြစ်ကြောင့် သောမနဿဝေဒနာနှင့် အတူတကွဖြစ်သော ဉာဏ်နှင့်

ယှဉ်သော မဟာဝိပါက် မနောဝိညာဏဓာတ်သည် ဖြစ်ပေါ်လာ၏။ (နာနာက္ခဏိက ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံသာတည်း။)

ကုသိုလ်ကံသည် ကုသလဝိပါက်ဝိညာဏ်အား, အကုသိုလ်ကံသည် အကုသလဝိပါက် ဝိညာဏ်အား ပကတူပနိဿယပစ္စယသတ္တိဖြင့် = (ပကတိအားကောင်းသော အားကြီးသော မှီရာအကြောင်းတရား အဖြစ်ဖြင့်) ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ (ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံသာတည်း။)

## ပဋိသန္ဓေ အမျိုးအစားများ

သတ္တဝါတစ်ဦးအတွက် ဘဝတစ်ခုဝယ် ဖြစ်သင့်သော ပဋိသန္ဓေမှာ တစ်မျိုးတစ်စားတည်းသာ ဖြစ်သော်လည်း အတိတ်အဆက်ဆက်မှသည် အနာဂတ်သို့တိုင်အောင် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ပဋိသန္ဓေတို့ကား အမျိုးမျိုးပင် ရှိနိုင်၏။ သုဒ္ဓါဝါသ (၅) ဘုံကလွဲလျှင် သတ္တဝါတစ်ဦးသည် ထိုထိုဘဝ၌ အနည်းနှင့် အများ ဖြစ်ခဲ့ဖူးသည် ချည်းသာတည်း။ ထိုကြောင့် ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ရှုရာ၌ ပဋိသန္ဓေ အမျိုးအစားများအကြောင်းကိုလည်း နားလည်ထားသင့်ပေသည်။

ဤဝိပါက်ဝိညာဏ်သည် ပဋိသန္ဓေအဖြစ်ဖြင့် ဖြစ်လတ်သော် ဘဝတစ်ခုဝယ် သတ္တဝါတစ်ဦးအတွက် တစ်မျိုးသာ ဖြစ်သော်လည်း —

၁။ ရုပ်နှင့် အတူတကွ ရောနှော၍ ဖြစ်သော ပဋိသန္ဓေ,
၂။ ရုပ်နှင့် အတူတကွ မရောနှောဘဲ ဖြစ်သော ပဋိသန္ဓေ-ဟု နှစ်မျိုးရှိ၏။

ကာမဘဝ, ရူပဘဝ, အရူပဘဝတို့၏ အပြားအားဖြင့် သုံးမျိုးရှိ၏။

၁။ အဏ္ဍဇယောနိ = ဥခွံအတွင်း၌ ဖြစ်သော ပဋိသန္ဓေ,
၂။ ဇလာဗုဇယောနိ = သားအိမ်အတွင်း၌ ဖြစ်သော ပဋိသန္ဓေ,
၃။ သံသေဒဇယောနိ = ရေညှိစသည့် အညှိကို အစွဲပြု၍ ဖြစ်သော ပဋိသန္ဓေ,
၄။ ဩပပါတိကယောနိ = ကိုယ်ထင်ရှား ဖြစ်သော ပဋိသန္ဓေ,

ဤသို့ ယောနိ၏ အစွမ်းဖြင့် (၄)မျိုးရှိ၏။

၁။ နိရယဂတိ = ငရဲဂတိ,
၂။ ပေတဂတိ = ပြိတ္တာဂတိ,
၃။ တိရစ္ဆာနဂတိ = တိရစ္ဆာန်ဂတိ,
၄။ မနုဿဂတိ = လူ့ပြည်ဂတိ,
၅။ ဒေဝဂတိ = နတ် ဗြဟ္မာဂတိ,

ဤသို့ ဂတိ၏ အစွမ်းဖြင့် (၅)မျိုး ရှိ၏။ ဝိညာဏဋ္ဌိတိ၏ အစွမ်းဖြင့် (၇)မျိုး, သတ္တာဝါသ၏ အစွမ်းဖြင့် (၈)မျိုး ရှိ၏။ (အဘိ-ဋ္ဌ-၂-၁၅၂။)

၁။ ဧကဝေါကာရ အမည်ရသော ခန္ဓာ (၁)ပါးသာရှိသော အသညသတ်ဘုံ၌ ဇီဝိတနဝကကလာပ်ဟူသော ရုပ်ပဋိသန္ဓေသက်သက် ဖြစ်၏။

၂။ စတုဝေါကာရ အမည်ရသော နာမ်ခန္ဓာ (၄)ပါးသာရှိသော အရူပ (၄)ဘုံ၌ ရုပ်နှင့်မရောသော နာမ်ပဋိသန္ဓေ သက်သက် ဖြစ်၏။

၃။ ပဉ္စဝေါကာရ အမည်ရသော ခန္ဓာငါးပါးရှိသော အသညသတ်နှင့် အရူပ (၄)ဘုံမှ ကြွင်းသော ကာမ (၁၁)ဘုံ, ရူပ (၁၅)ဘုံတို့၌ ရုပ်နှင့်အတူ ရောနှောသော ပဋိသန္ဓေဝိညာဏ် ဖြစ်၏။ (ခန္ဓာငါးပါး ဖြစ်၏။)

ထိုသို့ ဖြစ်ရာ၌ ရူပဘုံ၌ ဣတ္ထိဘာဝရုပ်, ပုရိသဘာဝရုပ်မပါသည့် ပဋိသန္ဓေဝိညာဏ်သာ ဖြစ်၏။ ကာမဘဝ၌လည်း ဇာတိပဏ္ဍက = ပဋိသန္ဓေအားဖြင့် ပဏ္ဍုက်ဖြစ်သူ၏ ပဋိသန္ဓေ၌ ဘာဝရုပ်မပါ။ ဇာတိပဏ္ဍက ပဋိသန္ဓေမှတစ်ပါး ကာမဘဝ၌ ပဋိသန္ဓေဝိညာဏ်သည် ဘာဝရုပ်နှင့် အတူတကွ ဖြစ်၏။

ဘာဝရုပ်ရှိသော ပဋိသန္ဓေ၌လည်း ဣတ္ထိဘာဝရုပ်ရှိသော ပဋိသန္ဓေ, ပုရိသဘာဝရုပ်ရှိသော ပဋိသန္ဓေဟု နှစ်မျိုး ရှိ၏။ သို့အတွက် ရုပ်နှင့်ရောနှော၍ ဖြစ်သော ပဋိသန္ဓေ၌ ဇာတိပဏ္ဍက ပဋိသန္ဓေဖြစ်မူ ထိုပဋိသန္ဓေ ဝိညာဏ်နှင့် အတူတကွ ဝတ္ထုဒသကကလာပ်, ကာယဒသကကလာပ်၏ အစွမ်းဖြင့် ရုပ်ကလာပ် (၂)မျိုး, သဘာဝ = ဘာဝရုပ်ရှိသော ပဋိသန္ဓေဖြစ်မူ ထိုပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ ဝတ္ထုဒသကကလာပ်, ကာယဒသက ကလာပ်, ဘာဝဒသကကလာပ် (၃)မျိုး အနည်းဆုံး ဖြစ်ကြ၏။ ဤထက်ပိုလွန်၍ ရုပ်တို့၏ ယုတ်လျော့ခြင်း မည်သည် မရှိစကောင်းပေ။

## ကလလရေကြည်

ဤသို့ဆိုခဲ့သည့်အတိုင်း ပဋိသန္ဓေဝိညာဏ်နှင့် ရောနှော၍ဖြစ်သော ရုပ်သည် ယုတ်လျော့သော အတိုင်း အရှည်ရှိသည်ဖြစ်၍ ဖြစ်လတ်သော် အဏ္ဍဇယောနိ = ဉခွံတွင်း ပဋိသန္ဓေမျိုး, ဇလာဗုဇယောနိ = သားအိမ်တွင်း ပဋိသန္ဓေမျိုးတို့၌ ဦးစွာ ပဋိသန္ဓေတည်စအခိုက်ဝယ် တည်ရှိသော ရုပ်တို့၏ အပေါင်းအစုကို — **ကလလရေကြည်** ဟု ခေါ်ဆို၏။ ထိုကလလရေကြည်၏ ပမာဏမှာ — ဖွားသစ်စကာလ၌ ဖြစ်သော သိုးငယ်၏ အမွေး၏ တစ်နည်းဆိုသော် — အမိဝမ်းဝယ် ပဋိသန္ဓေ တည်နေစဉ် ခွဲထုတ်၍ ယူရသော သိုးငယ်၏ အမွေး၏ တစ်မျှင်သော အမွေးမျှင်ဖြင့် ဆီကြည်, ထောပတ်ဆီကြည် အတွင်းသို့ နှစ်၍ ထိုသိုးမွေးကို ပြန်လည် ထုတ်ဆောင်ယူလိုက်သော် ထိုသိုးမွေးမျှင်၏ ထိပ်ဖျား၌ ကပ်ပါလာသော ဆီကြည်, ထောပတ်ကြည် ပမာဏရှိ၏။ ထိုမျှပမာဏရှိသော ကလလရေကြည်၌ (ဟဒယ)ဝတ္ထုဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်တို့ စုဝေးတည်နေ ကြ၏။ ယင်းရုပ်တရားတို့တွင် ပါဝင်သော ဟဒယဝတ္ထုရုပ်ကို မှီတွယ်၍ ပဋိသန္ဓေဝိညာဏ် ဦးဆောင်သည့် နာမ်တရားစုသည် (တိဟိတ် သောမနဿပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား-၃၄-မျိုးသည်) ဖြစ်ပေါ်လာ၏။

**သတိပြုရန်** — အသင်သူတော်ကောင်းသည် ပဋိသန္ဓေကလလရေကြည်အခိုက်၌ တည်ရှိခဲ့ကြသော ရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းရာ၌ ပဋိသန္ဓေတည်စ (၇)ရက်အတွင်း၌ တည်ရှိသော ရုပ်တို့၏ အစဉ်အတန်း အတုံးအခဲ ပညတ်ကို ပဌမံ ကလလံ ဟောတိ . . . (သံ-၁-၂၀၈။) ဟူသော ဒေသနာတော်နှင့် အညီ ကလလရေကြည်ဟု ခေါ်ဆိုသဖြင့် မြင်တွေ့နေသော ထိုကလလရေကြည် အတုံးအခဲမှာ ကြီးနေသေးပါက သို့မဟုတ် အတုံးအခဲ ခပ်ကြီးကြီးကိုသာ ဉာဏ်ဖြင့် တွေ့မြင်နေသေးပါက ထိုအတုံးအခဲ၌ တည်ရှိသော ဓာတ်ကြီးလေးပါးကိုသာ မြင်အောင်စိုက်ရှုပါ။ အာကာသဓာတ်ကို မြင်အောင်ကြည့်ပါ။ တဖြည်းဖြည်း အတုံးအခဲမှာ ပြိုကွဲသွား၍ ကလလရေကြည်တည်စအခိုက် ရုပ်ကလာပ်တို့ကို တွေ့မြင်နိုင်ပါသည်။ ထိုအခါ ပဋိသန္ဓေ ရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းပါ။

## ယောနိနှင့် ဂတိ

ဤအရာဝယ် ဤမည်သော ဂတိတို့၌ ဤမည်သော ယောနိတို့သည် ဖြစ်သင့်ကုန်၏၊ ဤမည်သော ဂတိတို့၌ ဤမည်သော ယောနိတို့သည် မဖြစ်သင့်ကုန်ဟု ယောနိတို့၏ ဂတိတို့၏ အစွမ်းဖြင့် ဖြစ်သင့် မဖြစ်သင့် အထူးကို သိသင့်ပေသည်။

**ယောနိ** — ယဝန္တိ ဧတ္ထ သတ္တာ ဧကဇာတိသမန္နယေန အညမညမိဿိတာ ဟောန္တီတိ **ယောနိယော**။

(မဟာဋီ-၂-၃၀၃။)

ယဝန္တိ တာယ သတ္တာ အမိဿိတာပိ သမာနဇာတိတာယ မိဿိတာဝိယ ဟောန္တီတိ **ယောနိ**။ သာ ပန အတ္ထတော အဏ္ဍာဒိဥပ္ပတ္တိဋ္ဌာနဝိသိဋ္ဌော ခန္ဓာနံ ဘာဂသော ပဝတ္တိ ဝိသေသောတိ အာဟ **"ခန္ဓကောဋ္ဌာသော ယောနိ နာမာ"**တိ။ (မ-ဋီ-၂-၂၉။)

ယောနိသဒ္ဒါသည် ခန္ဓကောဋ္ဌာသ = ခန္ဓာတို့၏ အဖို့အစုဟူသော အနက်ကို ဤ၌ ဟော၏။ ခန္ဓာတို့၏ အဖို့အစုဟူရာ၌ အစုသာမညမဟုတ်၊ ခန္ဓာတို့၏ အစုအားဖြင့် တစ်စုနှင့် တစ်စု မတူသော ဖြစ်နေပုံ အထူးတည်း။ ဥခွံတွင်း၌ ဖြစ်ကုန်သော အဏ္ဍဇသတ္တဝါတို့၏ ခန္ဓာအစုအပုံ ဖြစ်နေပုံ တည်နေပုံသည် ပဋိသန္ဓေတည်စကပင် စ၍ ဇလာဗုဇ, သံသေဒဇ, ဩပပါတိက သတ္တဝါတို့၏ ခန္ဓာတို့၏ ဖြစ်နေပုံ စုဝေးတည်နေပုံနှင့် မတူညီပေ။ တစ်ဖန် အဏ္ဍဇသတ္တဝါ အချင်းချင်းလည်း တစ်စုနှင့်တစ်စု ခန္ဓာစု၏ ဖြစ်နေပုံ တည်ရှိနေပုံချင်း မတူ ရှိပြန်၏။ အမျိုးဇာတ်အားဖြင့် ကြက်မျိုး ငှက်မျိုးစသည်ဖြင့် ခွဲခြားနိုင်သေး၏။ သတ္တဝါတို့သည် ပင်ကိုယ်က အချင်းချင်း မရောနှောကြသော်လည်း (= ခန္ဓကောဋ္ဌာသ = ခန္ဓာအပေါင်းအစု တစ်ခုစီသာ ဖြစ်သော်လည်း) အကြင် အကြင် ခန္ဓကောဋ္ဌာသ = ခန္ဓာအပေါင်းအစုတို့၏ ဖြစ်ပုံ တည်ရှိပုံ အထူးကြောင့် တူသောဇာတ် ရှိသည့်အတွက် ဇာတ်အချင်းချင်း အတူတကွ ဖြစ်ခြင်းအားဖြင့် ရောနှောလျက် ဖြစ်ကြကုန်၏၊ ထိုကြောင့် ယောနိအမည်ရသည်။ ဤဋီကာစကားအရ ဥခွံစသော ဖြစ်ရာဌာနအားဖြင့် အထူးပြုအပ် ခွဲခြားအပ်သော ခန္ဓာတို့၏ ကိုယ့်အုပ်စုနှင့်ကိုယ် ဖြစ်နေပုံ အထူးကို ယောနိခေါ်သည်ဟု မှတ်ပါ။

နိရယဂတိ၌လည်းကောင်း, ဘုမ္မဇိုဝ်းနတ်သည် ကြဉ်အပ်ကုန်သော ဘုမ္မဇိုဝ်းနတ်မှတစ်ပါးကုန်သော ဒေဝဂတိတို့၌လည်းကောင်း (= နတ်ပြည် ဗြဟ္မာ့ပြည်တို့၌လည်းကောင်း), အမြဲမီးလောင်ခံနေရသော နိဇ္ဈာမ-တဏှိကပြိတ္တာ တို့၌လည်းကောင်း အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ ဟူသော ယောနိသုံးမျိုးတို့သည် မရှိကြကုန်။ ထိုသတ္တဝါတို့၌ တစ်နည်းဆိုသော် ထိုဂတိတို့၌ ဩပပါတိကယောနိ = ကိုယ်ထင်ရှားဖြစ်ခြင်း ပဋိသန္ဓေတစ်မျိုးသာ ရှိသည်။ နိဇ္ဈာမတဏှိကပြိတ္တာတို့ကား မီးလောင်မြိုက်ခံရသည့် ဆင်းရဲဖြင့် အမြဲ နာကျင်နေရသည့်အတွက် ကာမဂုဏ်ကို မှီဝဲ၍ ကိုယ်ဝန်ကို မယူနိုင်ကြကုန်။

တိရစ္ဆာနဂတိ, နိဇ္ဈာမတဏှိကပြိတ္တာမှ ကြွင်းသော ပေတဂတိ, မနုဿဂတိ, ဘုမ္မဇိုဝ်းနတ်ဟူသော ဒေဝဂတိတို့၌ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက ဟူသော ယောနိ လေးမျိုးလုံးတို့သည် ရှိကြကုန်၏။

ကိုယ်ထင်ရှား ဖြစ်ကြသော ဩပပါတိကယောနိတို့တွင် အကျုံးဝင်သော ရူပါဝစရဗြဟ္မာတို့တွင် အသည-သတ် မှ တစ်ပါးသော ရူပဗြဟ္မာတို့၌ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဟဒယဝတ္ထုဒသကကလာပ် ဟူကုန်သော (၃၀)ကုန်သော ရုပ်အမျိုးအစားတို့သည် ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ ဖြစ်ကုန်၏။ အသညသတ်ဗြဟ္မာတို့၌ ဇီဝိတနဝကကလာပ် ရုပ်တရားတို့သည်သာလျှင် ပဋိသန္ဓေ အဖြစ်ဖြင့် ဖြစ်ကြကုန်၏။

သံသေဒဇသတ္တဝါတို့၌လည်းကောင်း, ရူပဗြဟ္မာမှကြွင်းသော ကာမသုဂတိ၌ အကျုံးဝင်သော ဩပပါ-တိကသတ္တဝါ = ကိုယ်ထင်ရှားဖြစ်သော သတ္တဝါတို့၌လည်းကောင်း အလွန်ဆုံးပမာဏအားဖြင့် စက္ခုဒသက ကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, (ဟဒယ)ဝတ္ထုဒသကကလာပ်, ဘာဝဒသကကလာပ်ဟူကုန်သော ရုပ်ကလာပ်အမျိုးအစား (၇)မျိုး, ရုပ်အမျိုးအစား (၇၀)တို့သည် ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ ဖြစ်ကြကုန်၏။ (အဘိ-ဌ-၂-၁၅၃။) အနည်းဆုံး ပမာဏအားဖြင့် မျက်စိကာဏ်းသူ နားပင်းသူ နှာခေါင်းမရှိသူ နပုံးပဏ္ဍုက်ဖြစ်အံ့ ဇိဝှါဒသကကလာပ် ကာယဒသကကလာပ် ဝတ္ထုဒသကကလာပ်တို့၏ အစွမ်းဖြင့် (၃၀)ကုန်သော ရုပ်တရားတို့သည် ဖြစ်ကြကုန်၏။ အလွန်ဖြစ်သော

ရုပ် (၇၀) အလျော့ဖြစ်သော ရုပ် (၃၀) ဤနှစ်မျိုးတို့၏ အကြား၌ အလျော်အားဖြင့် အထူးပြုသော အစီအရင်ကို အယုတ်အပိုကို ထိုက်သလို သိရှိပါလေ။ (အဘိ-ဋ္ဌ-၂-၁၅၃။)

**သတိပြု၍ ဆန်းစစ်ကြည့်ပါ** — အသင်သူတော်ကောင်းသည် အတိတ်၌လည်း ဗြဟ္မာဖြစ်ဖူးကောင်း ဖြစ်ဖူးပေမည်။ နောင်အနာဂတ်တွင်လည်း ဗြဟ္မာဘဝကို ရည်ရွယ်မှန်းထား၍ ဈာန်တရားတို့ကို အမြတ်စား ပွားများထားသူ ဖြစ်ပါက ဗြဟ္မာဖြစ်ကောင်း ဖြစ်နိုင်သည်။ ထိုဖြစ်ခဲ့သော ဗြဟ္မာဘဝ, ဖြစ်လတ္တံ့သော ဗြဟ္မာဘဝတို့၌ ဩပပါတိက = ကိုယ်ထင်ရှား ဖြစ်မဖြစ်ကိုလည်းကောင်း, အကယ်၍ ဩပပါတိကပဋိသန္ဓေတည်နေရသည်ကို တိတိကျကျရှု၍ ရရှိပါက ထိုခေါင်ဆုံးဖြစ်သည့် ဩပပါတိကပဋိသန္ဓေအခိုက်၌ ရုပ်အမျိုးအစား (၃၀) ရှိမရှိကို လည်းကောင်း ဆန်းစစ်ကြည့်ပါ။ တစ်ဖန် မည်သည့်ဈာန်ကြောင့် မည်သည့် ပဋိသန္ဓေ ဖြစ်ခဲ့ရသည် ဖြစ်လတ္တံ့ ဖြစ်သည်ဟူသော အချက်ကိုလည်း ထပ်မံ၍ ဆန်းစစ်ကြည့်ပါ။ ဥပမာ ပထမဈာန်ကုသိုလ်ကြောင့် ရူပဗြဟ္မာ့ပြည်၌ ဖြစ်ခဲ့ရလျှင် ထိုဩပပါတိကပဋိသန္ဓေအခိုက်၌ ရုပ်အမျိုးအစား (၃၀), ပဋိသန္ဓေ နာမ်တရား (၃၄)တို့ ရှိခဲ့ကြ၏။ အကယ်၍ ဒုတိယဈာန်ကုသိုလ်ကြောင့် ရူပဗြဟ္မာ့ပြည်၌ ဖြစ်ခဲ့ရလျှင် ဩပပါတိကပဋိသန္ဓေအခိုက်၌ ရုပ်အမျိုး-အစား (၃၀) နာမ်တရား (၃၂)တို့ ဖြစ်ခဲ့ကြ၏။ ဤသို့စသည်ဖြင့် သဘောပေါက်ပါ။ အနာဂတ်၌လည်း နည်းတူ မှတ်ပါ။ အကယ်၍ နတ်ပြည် နတ်လောက၌ ဩပပါတိကပဋိသန္ဓေ တည်နေခဲ့ရဖူးသည်ကို ရှု၍ရသည် ဖြစ်အံ့၊ ဩပပါတိကပဋိသန္ဓေ တည်နေခဲ့ရသည် ဖြစ်အံ့၊ ထိုပဋိသန္ဓေအခိုက်၌ ရုပ်အမျိုးအစား (၇၀)တို့သည် ပြိုင်တူ ထင်ရှား ဖြစ်မဖြစ်ကိုလည်း ဆန်းစစ်ကြည့်ပါ။ တိဟိတ် သောမနဿပဋိသန္ဓေဖြစ်က နာမ်တရား (၃၄), တိဟိတ် ဥပေက္ခာ ပဋိသန္ဓေဖြစ်က နာမ်တရား (၃၃)တို့သည် ထိုပဋိသန္ဓေအခိုက်၌ ဖြစ်မဖြစ်ကို ဆန်းစစ်ကြည့်ပါ။ အနာဂတ် နတ်ဘဝ၌လည်း နည်းတူပင် မှတ်ပါ။ ဤအချက်တို့ကား အတိတ် အနာဂတ် ပဋိသန္ဓေတို့ကို ဆန်းစစ်ရာ၌ အရေးကြီးသော အချက်အလက်များ ဖြစ်ကြ၏။ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရာ၌ အရေးပါသော သော့ချက်များ ဖြစ်ကြ၏။ ပူတာတံတင်းနှင့်တူသော ကြီးစွာသော ပန်းကပ်ကို သံလျက်ဖျားဖြင့် ကပ်၍ ဖွင့်သကဲ့သို့ — သီလတည်းဟူသော မြေပေါ်၌ ရပ်တည်၍ သမာဓိတည်းဟူသော မြတ်သော ကျောက်ဖျာ-ထက်၌ မြမြထက်အောင် သွေး၍ ထားအပ်သော ဉာဏ်တည်းဟူသော သံလျက်ဖြင့် ကပ်၍ဖွင့်ကြည့်ရမည့် အရာဝတ္ထုတို့သာ ဖြစ်ကြသည်။ ဣန္ဒြေချို့တဲ့ရာ၌လည်း နည်းတူပင် သဘောပေါက်ပါ။ ချို့တဲ့သည့် ဣန္ဒြေကို ဆန်းစစ်ကြည့်ပါ။

မူလဋီကာဆရာတော်ကား (အဘိ-၂-၄၂၆။) ဓမ္မဟဒယဝိဘင်းပါဠိတော်ကို ကိုးကား၍ ကာမာဝစရ သံသေဒဇ ဩပပါတိက သတ္တဝါတို့အတွက် ဃာနပသာဒမရှိသော သတ္တဝါတို့၏ ပဋိသန္ဓေ မရှိနိုင်ကြောင်းကို ဆုံးဖြတ်ထားတော်မူ၏။ (မူလဋီ-၂-၁၀၉။)

## အနုဋီကာ၏ ဖြေရှင်းချက်

အဋ္ဌကထာ၌ — သံသေဒဇောပပါတီသု၊ အထဝါ အဝကံသတော တိံသ — (အဘိ-ဋ္ဌ-၂-၁၅၃။) = သံသေဒဇ ဩပပါတိက သတ္တဝါတို့ ပဋိသန္ဓေအခိုက် အနည်းဆုံး ရုပ်အမျိုးအစား (၃၀) ရှိကြောင်းကို တစ်လုံး တစ်စုတည်း တစ်ပေါင်းတည်း ဆိုထားသော်လည်း — သတ္တတိ ဥက္ကံသတောဝ ရူပါနိ = အလွန်ဆုံး ပမာဏအားဖြင့် ရုပ်အမျိုးအစား (၇၀)ရှိ၏ ဟူသော စကားရပ်နှင့်တွဲခိုက် သံသေဒဇ, ဩပပါတိကယောနိ နှစ်မျိုးလုံးကိုယူပါ။ ကာမဘုံဝယ် သံသေဒဇ, ဩပပါတိကယောနိအခိုက် အလွန်ဆုံးပမာဏအားဖြင့် ရုပ်အမျိုးအစား (၇၀) ရှိနိုင်၏ ဟု ဆိုလိုသည်။ အနည်းဆုံးပမာဏအားဖြင့် ရုပ်အမျိုးအစား (၃၀)ရှိ၏ဟု ဆိုသော စကားရပ်နှင့် တွဲခိုက်၌ကား ဩပပါတိကယောနိနှင့် မတွဲဘဲ သံသေဒဇယောနိနှင့်သာ တွဲပါ။ အနည်းဆုံးပမာဏအားဖြင့် သံသေဒဇသတ္တဝါတို့၌

ပဋိသန္ဓေအခိုက် ရုပ်အမျိုးအစား (၃၀)ရှိ၏ဟု ဆိုလိုသည်။ သြပပါတိကယောနိကို မဆိုလိုပါ။ ဤသို့ အဓိပ္ပါယ် ယူဆရန် အနုဋီကာက ဖွင့်ဆိုထား၏။ အောက်ပါ အာယတနယမိုက် အဋ္ဌကထာကို ကိုးကားတင်ပြသွား၏ —

ဧဝဉ္စ ကတွာ အာယတနယမက ဝဏ္ဏနာယ — "ကာမဓာတုယံ ပန အဃာနကော သြပပါတိကော နတ္ထိ။ ယဒိ ဘဝေယျ၊ "ကဿစိ အဋ္ဌာယတနာနိ ပါတုဘဝန္တိ"တိ ဝဒေယျာ"တိ ဝုတ္တံ။

(အနုဋီ-၂-၁၂၃။ အဘိ-ဋ္ဌ-၃-၃၀၉။)

ကာမဓာတ် ကာမဘုံ၌ ဃာနချို့တဲ့သော အဃာနကသြပပါတိကသတ္တဝါသည် မရှိစကောင်းပါ၊ အကယ်၍ ရှိခဲ့ငြားအံ့ — "အချို့သော သတ္တဝါအား အာယတန (၈)ပါးတို့သည် ထင်ရှား ဖြစ်ပေါ်ကုန်၏ဟု ဘုရားရှင် ဟောတော်မူလေရာ၏" — ဤသို့ စသည်ဖြင့် အာယတနယမိုက် အဋ္ဌကထာ၌ အဋ္ဌကထာဆရာတော်ကိုယ်တိုင်က ဖွင့်ဆိုလတ္တံ့ ဖြစ်ပါသည်။ သို့အတွက် ဃာနပသာဒမှကင်းသော ဃာနပသာဒချို့တဲ့သော သြပပါတိက သတ္တဝါကား မရှိပါ။ (အကျယ်ကို အနုဋီ-၂-၁၂၃-၁၂၄ ကြည့်ပါ။)

သဗ္ဗံ တံ ဝီမံသိတွာ ဂဟေတဗ္ဗံ — (အနုဋီ-၂-၁၂၄။) —

ထိုအားလုံးကား ယောဂါဝစရပုဂ္ဂိုလ်တို့သည် ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍ ယူရမည့်တရားတို့သာ ဖြစ်ပေသည်။ ဤအရာမျိုး၌ အသင်သူတော်ကောင်း၏ ဉာဏ်ကို အသုံးပြုပါ။ အတိတ် သံသရာခရီးတစ်ကွေ့၌ သံသေဒဇသတ္တဝါ သြပပါတိကသတ္တဝါ ဖြစ်ခဲ့ဖူးလျှင် တိတိကျကျ ဂဃနဏသိအောင် ဉာဏ်ဖြင့် စူးစမ်းဆင်ခြင် ကြည့်ပါ။ သိမ်းဆည်းကြည့်ပါ။

## စက္ခုဒသကကလာပ်

တတ္ထ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ စတဿော စာပိ ဓာတုယော စက္ခုပသာဒေါ ဇီဝိတိန္ဒြိယန္တိ အယံ ဒသ ရူပပရိမာဏော ရူပပုဉ္ဇော စက္ခုဒသကော နာမ။ ဧဝံ သေသာ ဝေဒိတဗ္ဗာ။ (အဘိ-ဋ္ဌ-၂-၁၅၃။)

စက္ခုဒသကကလာပ်ဟူသည် ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဇီဝိတ စက္ခုပသာဒ ဟူသော (၁၀)မျိုးသောရုပ် အတိုင်းအတာ ပမာဏရှိသော ရုပ်တရားအစုအပုံ ဖြစ်သည်။ အလားတူပင် ကြွင်းသော ဒသကကလာပ်တို့ကိုလည်း သိရှိပါလေ။ (အဘိ-ဋ္ဌ-၂-၁၅၃။)

စက္ခုဒသကကလာပ်ကား ရုပ်တရားမဟုတ်၊ အထက်ပါ (၁၀)မျိုးသော အတိုင်းအတာပမာဏရှိသော ရုပ်တရားအစုအပုံသည်သာလျှင် ပရမတ်ရုပ်တရားအစစ်တို့ ဖြစ်ကြ၏။ ယင်းပရမတ်ရုပ်တရားတို့ကို ယောဂီ သူတော်ကောင်းတို့သည် ဉာဏ်ဖြင့် မြင်အောင် သိမ်းဆည်း ရှုပွားရ၏။

## မူလဋီကာနှင့် အနုဋီကာတို့၏ အယူအဆ

ပဋိသန္ဓေအခိုက်၌ အနည်းဆုံး ဒသကကလာပ်နှစ်မျိုး သို့မဟုတ် သုံးမျိုးတို့ဖြစ်ကြောင်းကို အဋ္ဌကထာက ဖွင့်ဆိုခြင်းသည် ဂဗ္ဘသေယျက = အမိဝမ်း၌ ပဋိသန္ဓေတည်နေကြရသော သတ္တဝါတို့အား ရည်ရွယ်၍ ဖွင့်ဆိုခြင်း သာ ဖြစ်သည်။ မှန်ပေသည် — အဏ္ဍဇ, ဇလာဗုဇ အမည်ရသော ဂဗ္ဘသေယျကယောနိမှ တစ်ပါးသော သံသေဒဇ သြပပါတိကယောနိတို့၌ များစွာကုန်သော ရုပ်ကလာပ်တို့သည် ပဋိသန္ဓေခဏ၌ အတူတကွ ပြိုင်တူ ဖြစ်ကြကုန်၏။ မှန်ပေသည် — ဂါဝုတ်ပေါင်းများစွာ အတိုင်းအရှည် ပမာဏရှိသော ပြိတ္တာ၏ အတ္တဘော၌လည်း များစွာကုန်သော ရုပ်ကလာပ်တို့သည် သြပပါတိက ပဋိသန္ဓေခဏ၌ အတူတကွ ပြိုင်တူ ဖြစ်ကြကုန်သည်သာတည်း။ ထိုကြောင့်

ရုပ်အမျိုးအစား (၃၀)ထက် ပိုလွန်သည်သာလျှင် ဖြစ်ကြကုန်သော ရုပ်တို့သည် ပဋိသန္ဓေခဏ၌ ပြိုင်တူ ဖြစ်ကြကုန်၏။

အဘယ်ကြောင့် သိနိုင်ပါသနည်းဟူမူ — ဂန္ဓ ရသ အာဟာရ (= ဩဇာ)တို့ကို အာယတနယမိုက် စသည်တို့၌ မဟောကြားဘဲ ပယ်ထားအပ်ကုန်သည့်အတွက် စက္ခုသတ္တက၏အဖြစ် သောတသတ္တက၏အဖြစ် ဝတ္ထုသတ္တက၏အဖြစ် ဇီဝိတဆက္ကအဖြစ်သည် ဖြစ်ပါသော်လည်း ထိုစက္ခုသတ္တကစသော ရုပ်တို့၏ များသည်၏ အဖြစ်ကြောင့် သိရှိနိုင်ပါ၏ ဟူလိုသည်။ (မူလဋီ-၂-၁၀၈။)

မူလဋီကာဆရာတော်ကား အာယတနယမိုက်စသည်၌ ဂန္ဓ ရသ အာဟာရ (= ဩဇာ) တို့ကို မဟောခြင်းကိုပင် ပယ်သည်ဟု ယူဆတော်မူ၏။ ရုပ်ကလာပ် တစ်ခုအတွင်း၌ ဂန္ဓ ရသ ဩဇာတို့ မပါဝင်ကြသဖြင့် ရူပဘုံ၌ ရုပ်ကလာပ်တို့သည် စက္ခုဒသကကလာပ် မဖြစ်ဘဲ, စက္ခုသတ္တကကလာပ်သာ ဖြစ်၏၊ အလားတူပင် သောတသတ္တကကလာပ် ဝတ္ထုသတ္တကကလာပ်တို့သာ ဖြစ်ကြ၏။ ဇီဝိတနဝကကလာပ်အရာ၌ ဇီဝိတဆက္က-ကလာပ်သာ ဖြစ်၏ — ဤသို့ မူလဋီကာဆရာတော်က ယူဆတော်မူ၏။ တစ်ဖန် မူလဋီကာဆရာတော်က အောက်ပါအတိုင်း ဆက်လက် တင်ပြထားတော်မူပြန်၏ —

အဋ္ဌကထာဝယ် ထိုပြဟ္မာ့အတ္တဘော၌ စက္ခုဒသကကလာပ် သောတဒသကကလာပ် ဝတ္ထုဒသကကလာပ်, ဇီဝိတနဝကကလာပ်တို့၏ ဖြစ်ခြင်းကို ဖွင့်ဆိုထားသော်လည်း နောက်၌ လာမည့် **ဓမ္မဟဒယဝိဘင်း**ပါဠိတော်ဝယ် — "ရူပဓာတုယာ ဥပပတ္တိက္ခဏေ ဌပေတွာ အသညသတ္တာနံ ဒေဝါနံ ပဉ္စာယတနာနိ ပါတုဘဝန္တိ၊ ပဉ္စဓာတုယော ပါတုဘဝန္တိ။ (အဘိ-၂-၄၃၃။) = ရူပဓာတ်၏ ပဋိသန္ဓေခဏ၌ အသညသတ်ပြဟ္မာတို့၏ ပဋိသန္ဓေခဏကို ထား၍ ငါးပါးကုန်သော အာယတနတို့သည် ထင်ရှားဖြစ်ကုန်၏၊ ငါးပါးကုန်သော ဓာတ်တို့သည် ထင်ရှားဖြစ်ကုန်၏။" (အဘိ-၂-၄၃၃။) ဤသို့စသည်ဖြင့်လည်းကောင်း, ပဝတ္တိအခါဝယ် ရူပဓာတ်၌ (ရူပပြဟ္မာပြည်၌) ရထိုက်သမျှ တရားအားလုံးကို သိမ်းကျုံး၍ — "ရူပဓာတုယာ ဆ အာယတနာနိ နဝဓာတုယော။ (အဘိ-၂-၄၁၉။) = ရူပဓာတ်၌ အာယတန (၆)ပါးတို့သည်လည်းကောင်း, ဓာတ် (၉)ပါးတို့သည်လည်းကောင်း ထင်ရှားဖြစ်ကုန်၏" — ဤသို့စသည်ဖြင့်လည်းကောင်း ထိုရူပဓာတ်၌ ထင်ရှားရှိသော အာယတနဓာတ်တို့ကို ပြခြင်းငှာ ဟောကြားထားတော်မူသည်။ (မူလဋီ-၂-၁၀၈။)

[**ပဉ္စအာယတန = အာယတန–၅–ပါး**ဟူသည် စက္ခာယတန, သောတာယတန, မနာယတန, ရူပါယတန, ဓမ္မာယတနတည်း။ ဓာတ်-၅-ပါးလည်း နည်းတူပင်တည်း။ **ဆအာယတန = အာယတန–၆–ပါး**ဟူသည် ယင်း ၅-ပါးနှင့် သဒ္ဒါယတနတည်း။ **နဝဓာတု = ဓာတ်–၉–ပါး**ဟူသည် စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ်, သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ်, မနောဓာတ်, ဓမ္မဓာတ်, မနောဝိညာဏဓာတ်တို့တည်း။ ဤ၌ ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနတို့ မပါဝင်ပုံကိုသတိပြုပါ။]

ဓမ္မဟဒယဝိဘင်း၌သာ ဂန္ဓ ရသ ဩဇာတို့ကို ပယ်အပ်ကုန်သည် မဟုတ်သေး **ကထာဝတ္ထုကျမ်း**၌လည်း ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့ကို ရူပပြဟ္မာ့ပြည်၌ ထင်ရှားဖြစ်မှုကို ပယ်အပ်သကဲ့သို့ ဂန္ဓာယတန, ရသာယတန, ဩဇာတို့၏ ထင်ရှားဖြစ်မှုကိုလည်း ပယ်အပ်သည်သာ ဖြစ်၏။

အတ္ထိ တတ္ထ ဃာနာယတနန္တိ? အာမန္တာ = ထိုရူပပြဟ္မာ့ပြည်၌ ဃာနာယတန ရှိပါသလားဟု သကဝါဒီ = (သာသနာတွင်း အယူအဆရှိသူ)က မေးမြန်း၏။ ပရဝါဒီ = (သာသနာတော်၏ပြင်ပ အယူအဆရှိသူ)က ပြဟ္မာတို့၌ နှာခေါင်းပုံသဏ္ဌာန် ရှိနေသည် ဖြစ်၍ — အာမန္တာ = ရှိပါ၏-ဟု ဖြေသည်။ (အဖြေမှားဟူလိုသည်။) ထိုနောက် သကဝါဒီပုဂ္ဂိုလ်က အတ္ထိ ဂန္ဓာယတနံ = ထိုပြဟ္မာ့ပြည်၌ ဃာနာယတနရှိလျှင် ဂန္ဓာယတနကော ရှိပါသလားဟု

ထပ်မေးလေရာ, — န ဟေဝံ ဝတ္တဗ္ဗေ = ဤလိုတော့မဆိုနိုင်ပါဟု ပရဝါဒီပုဂ္ဂိုလ်က အမှန်အတိုင်း ပြန်ဖြေသည်။ (မူလဋီ-၂-၁၀၈။)

ဤအမေးအဖြေအရ အသညသတ်မှ တစ်ပါးသော ရူပပြဟ္မာဘုံတို့၌လည်း ဃာနာယတန, ဇိဝှါယတန, ကာယာယတန, ဂန္ဓာယတန, ရသာယတန, အာဟာရ = ဩဇာတို့သည် မရှိဟု မူလဋီကာဆရာတော်က ဆိုလိုသည်။ ပြဟ္မာတို့၌ နှာခေါင်းပုံသဏ္ဌာန် တည်ရှိသော်လည်း ဃာနပသာဒ = နှာအကြည်ဓာတ် ပရမတ်တရားကား မရှိ၊ သို့အတွက် အနံ့ဂန္ဓာရုံကိုသိသော ဃာနဝိညာဏ်စိတ်လည်း မဖြစ်နိုင်။ အလားတူပင် လျှာပုံသဏ္ဌာန် တည်ရှိသော်လည်း ဇိဝှါပသာဒ = လျှာအကြည်ဓာတ် ပရမတ်တရားကား မရှိ၊ သို့အတွက် ရသာရုံကို သိသည့် ဇိဝှါဝိညာဏ်စိတ်လည်း မဖြစ်နိုင်။ ကိုယ်ပုံသဏ္ဌာန် ရှိသော်လည်း ကာယပသာဒ = ကိုယ်အကြည်ဓာတ် ပရမတ်ရုပ်တရားကား မရှိ၊ သို့အတွက် ထိမှုကို သိသည့် = ဖောဋ္ဌဗ္ဗာရုံကို သိသည့် ကာယဝိညာဏ်စိတ်လည်း မဖြစ်နိုင်။ ယောက်ျားအသွင်သဏ္ဌာန်ရှိသော်လည်း ဘာဝရုပ် နှစ်မျိုးလုံးကား မရှိပေ။ ဘာဝနာ၏ စွမ်းအားဖြင့် ကာမရာဂကို ပယ်ရှားထားပြီး ဖြစ်ကြ၏။ ပီတိဘက္ခာ = ဈာန်နှင့်ယှဉ်သော ပီတိလျှင် အစာအာဟာရ ရှိကြသဖြင့် ကဗဠီကာရအာဟာရကိုလည်း သုံးဆောင်ခံစားမှု မရှိကုန်။

**ဝိသဒိသူပမာ** — ရူပဘုံ၌ ဖောဋ္ဌဗ္ဗာယတနအဖြစ်မှ ကင်းသော = ကာယပသာဒကို မှီဖြစ်သည့် ကာယဝိညာဏ်စိတ်၏ (တစ်နည်း ကာယဒွါရဝီထိ၏) အာရုံမဟုတ်သည့် ပထဝီ တေဇော ဝါယောဟူသော ဓာတ်ကြီး (၃) ပါးတို့သည် ရုပ်ကလာပ်တိုင်း၌ ရှိကြ၏။ ထိုသို့ ရူပပြဟ္မာတို့၏ သန္တာန်ဝယ် ရုပ်ကလာပ်တိုင်း၌ ဖောဋ္ဌဗ္ဗာယတန မဟုတ်သည့် ဓာတ်ကြီး (၃)ပါးတို့၏ ရှိမှုကို ဆိုသင့်သကဲ့သို့ ဂန္ဓာယတန, ရသာယတနအဖြစ် မရှိကုန်သော ဂန္ဓာယတန, ရသာယတနအဖြစ်မှ ကင်းကုန်သော ဂန္ဓာရုံ, ရသာရုံတို့၏ ထိုရူပပြဟ္မာဘုံ၌ ရှိခြင်းကို ဆိုခြင်းငှာ မတတ်ကောင်းပေ။ အဘယ်ကြောင့်နည်း — တွေ့ထိခြင်းငှာ တတ်ကောင်းသော ပထဝီဓာတ်စသည် အဖြစ်မှ လွတ်ကင်းသော တွေ့ထိခြင်းငှာ မတတ်ကောင်းသော ပထဝီဓာတ်စသော ဓာတ်သဘော၏ ထိုရူပပြဟ္မာပြည်၌ ဖြစ်ခြင်းကဲ့သို့ ထို့အတူ ဂန္ဓအဖြစ် ရသအဖြစ်မှလွတ်သော ဂန္ဓ ရသသဘော၏ ရူပပြဟ္မာ့ဘုံ၌ မရှိသောကြောင့် တည်း။ (မူလဋီ-၂-၁၀၈။)

အာယတနသဒ္ဒါသည် အကြောင်းဟူသော အနက်ကို ဟော၏။ "ရူပပြဟ္မာ့ဘုံ၌ ဂန္ဓ, ရသတို့ ရှိပါလျက် ဃာနပသာဒစသည်တို့ မရှိသည့်အတွက် ဃာနသမ္ဖဿစသည်တို့၏ အကြောင်းမဟုတ်သောကြောင့် ထိုဂန္ဓ ရသတို့ကို အာယတနအမည်ဖြင့် မဟောကြားအပ်ကုန်"ဟု ဆိုလျှင် အဘယ်အပြစ် ရှိသနည်းဟု မေးဖွယ်ရှိ၏။ အဖြေမှာ ဤသို့ဖြစ်၏ —

ဃာနသမ္ဖဿစသည်တို့၏ အကြောင်းတရားဖြစ်မှု မရှိသောကြောင့် အာယတနတို့ဟူ၍ ထိုဂန္ဓရသတို့ကို အကယ်၍ မဟောအပ်ကုန်သည် ဖြစ်ငြားအံ့၊ ထိုသို့ပင် မဟောအပ်ပါကုန်သော်လည်း ဓာတုသဒ္ဒါကား နိဿတ္တ နိဇ္ဇီဝ = သတ္တဝါမဟုတ် ဇီဝကောင်မဟုတ်ဟူသော အနက်ကို ဟော၏။ ထိုကြောင့် ဂန္ဓာယတနစသည်ဖြင့် နာမည်တပ်၍ မဟောနိုင်လျှင် ရှိပါစေဦးတော့။ ဓာတုသဒ္ဒါကား နိဿတ္တ နိဇ္ဇီဝအနက်ကို ဟောနေသည့်အတွက် ဂန္ဓရသတို့လည်း နိဿတ္တ နိဇ္ဇီဝတို့ပင် ဖြစ်ရကား ဂန္ဓဓာတု, ရသဓာတုဟု မဟောနိုင်စရာအကြောင်းကား မရှိဖြစ်ခဲ့၏။ ဓမ္မဟဒယဝိဘင်းပါဠိတော်၌ "ပဉ္စဓာတုယော"ဟု ဟောတော်မူရာဝယ် ထိုဂန္ဓဓာတု, ရသဓာတုတို့ကား မပါဝင်ကြပေ။ ထိုသို့ မပါဝင်သည့်အတွက် ရူပပြဟ္မာ့ပြည်၌ "ဂန္ဓ, ရသတို့ မရှိကြ"ဟု သိနိုင်ပါသည် ဟူပေ။ (မူလဋီ-၂-၁၀၈။)

တစ်ဖန် — ဓမ္မဟူသမျှသည် မိမိသဘောလက္ခဏာကို မိမိဆောင်ထားတတ်သောကြောင့် ဓမ္မဟူသော အမည်ကို ရရှိကြသည်ချည်း ဖြစ်၏။ ဓမ္မဟူသမျှ၌လည်း မိမိ၏ ကိုယ်ပိုင် သဘာဝလက္ခဏာ အသီးအသီး ကိုယ်စီ

ကိုယ်စီ ရှိ၏။ ဖြဟ္မာ့ပြည်၌ ဂန္ဓ ရသတို့ ရှိရိုးမှန်လျှင် မိမိ၏ ကိုယ်ပိုင်သဘာဝလက္ခဏာကို မိမိဆောင်ထား နိုင်သည့် သဘာဝဓာရဏလက္ခဏာ ရှိရမည် ဖြစ်သောကြောင့် ဂန္ဓဓမ္မ ရသဓမ္မတို့၏ အဖြစ်ကိုကား ဧကန် အလိုရှိထိုက်၏။ ဓမ္မတိုင်း၌ မိမိ၏ ကိုယ်ပိုင်သဘာဝလက္ခဏာကို ဆောင်ထားခြင်းစသော လက္ခဏာမှ အခြားတစ်ပါးသော လက္ခဏာ၏ မရှိခြင်းကြောင့်တည်း။ (စသော-ဟူသော စကားဖြင့် သာမညလက္ခဏာကို ယူပါ။) ဂန္ဓဓမ္မ ရသဓမ္မ ဖြစ်လျှင်လည်း — ဓမ္မဟူသမျှကို — ဓမ္မော အာယတနန္တိ အာမန္တာ — ဟူ၍ ဓမ္မာယတန အဖြစ်ဖြင့် ယမိုက်ပါဠိတော်၌ ဟောတော်မူအပ်ပြီး ဖြစ်၏။ ထိုကြောင့် ထိုဂန္ဓ ရသတို့၏ ဂန္ဓာယတန၏အဖြစ် ရသာယတန၏ အဖြစ်၏ မရှိခြင်းသည် ရှိပါသော်လည်း တစ်စုံတစ်ခုသော အာယတန၏သဘောကို ဟောတော်မူ ထိုက်သည် ဖြစ်ရာ၏။ [ဂန္ဓ ရသတို့သည် ဓမ္မဖြစ်ရိုးမှန်လျှင် ဓမ္မဟူသမျှကိုလည်း ဓမ္မာယတနအဖြစ်ဖြင့် ဟောတော်မူအပ်ပြီး ဖြစ်သောကြောင့် ဂန္ဓ ရသတို့၏ ဂန္ဓာယတနအဖြစ် ရသာယတနအဖြစ် မရှိစေကာမူ ဓမ္မာယတနအဖြစ်ကိုကား ဟောတော်မူထိုက်၏၊ ထိုသို့လည်း ဓမ္မာယတနအဖြစ်ဖြင့် ဟောတော်မမူအပ်၊ ထိုကြောင့် ရူပဘုံ၌ ဂန္ဓ ရသတို့သည် မရှိကြဟုသာ ဆုံးဖြတ်ထိုက်သည် ဟူလိုသည်။]

"ဂန္ဓ ရသတို့သည် ရူပဘုံ၌ ဂန္ဓ ရသ အဖြစ်ဖြင့် မရှိဘဲ ဓမ္မအဖြစ်ဖြင့် ရှိသည်"ဟု ယူလျှင် ထိုဂန္ဓ ရသတို့ကို ဓမ္မာယတန၌ သွင်းယူစရာရှိ၏။ ဥပမာ ဖောဋ္ဌဗ္ဗအဖြစ်မှ အခြားတစ်ပါးသော ပထဝီဓာတ်စသည့် ဓာတ်သုံးပါးကို ဓမ္မာယတန၌ သွင်းယူရသကဲ့သို့တည်း။ ဓမ္မအဖြစ်ဖြင့် ရှိသည်မဟုတ်ဘဲ ဂန္ဓ ရသအဖြစ်ဖြင့်သာ ရှိလျှင် ဓမ္မာ-ယတန၌ ပထဝီစသော ဓာတ်သုံးပါးတို့၏ အာယတနအဖြစ် ရှိသကဲ့သို့ ဂန္ဓ ရသတို့၏လည်း အာယတန အဖြစ်လည်း ရှိရာ၏။ ထိုသို့ ဂန္ဓ ရသအဖြစ် အာယတနအဖြစ် နှစ်မျိုးလုံး ရှိခဲ့လျှင်ကား ဂန္ဓ ရသတို့နှင့် အာယတနကို ကမ္မဓာရည်းသမာသ်တွဲ၍ = (ဂန္ဓော စ သော အာယတနဉ္စာတိ ဂန္ဓာယတနံ၊ ရသော စ သော အာယတနဉ္စာတိ ရသာယတနံ - ဟု သမာသ်တွဲ၍)"ဂန္ဓာယတန, ရသာယတန"ဟူသော ဤအမည်သည် အတ္ထာပန္နနည်းအားဖြင့် ကျရောက်ပြီး ဖြစ်တော့၏။ ထိုသို့ ကျရောက်လျှင် ရူပဖြဟ္မာ့ဘုံ၌ ဂန္ဓာယတန ရသာယတန ရှိခြင်းကိုလည်း မတားမြစ်သင့်တော့ပေ။ (မူလဋီ-၂-၁၀၈-၁၀၉။)

**"တယော အာဟာရာ"** (အဘိ-၂-၄၁၉။) အသညသတ်မပါသည့် ရူပဖြဟ္မာ့ဘုံ၌ ဖဿာဟာရ, စေတနာ ဟာရ, ဝိညာဏာဟာရဟူသော အာဟာရသုံးပါးရှိကြောင်းကို ဘုရားရှင် ဟောကြားထားတော်မူသောကြောင့် ကဗဠီကာရအာဟာရ၏ ထိုရူပဘုံ၌ မရှိခြင်းကို သိအပ်၏။

ထိုကြောင့် အကြင် အခြင်းအရာအားဖြင့် ယင်းရူပဘုံ၌ တည်ရှိကြသော ဖြဟ္မာတို့၏ သန္တာန်၌ ရှိဆဲ ရုပ် တရားတို့၏ အရေအတွက်ကို ရေတွက်မှုကို ပြုသည်ရှိသော် ပါဠိတော်နှင့် မဆန့်ကျင်ခြင်းသည် ဖြစ်၏၊ ထိုသို့ ပါဠိတော်နှင့် မဆန့်ကျင်လောက်သော အခြင်းအရာအားဖြင့် ရုပ်တို့ကို ရေတွက်ခြင်းကို ပြုသင့် ပြုထိုက်၏။ ဤသို့ရေတွက်သော် ဓမ္မတာနှင့် ဆန့်ကျင်ဘက် မဖြစ်တော့ပေ။ (ဤ၌ ဓမ္မတာဟူသည် ပါဠိတရားတော်ကို ဆိုလို၏၊ တစ်နည်း ရူပဘုံ၌ ဖြစ်နိုင်သော ရုပ်တရားသဘောကို ဆိုလို၏။)

(မူလဋီ-၂-၁၀၉။ အနုဋီ-၂-၁၁၈-၁၁၉-၁၂၀။)

အနုဋီကာ၌ကား အထက်ပါ မူလဋီကာဆရာတော်၏ စကားကို လက်မခံဘဲ အဋ္ဌကထာကို ထောက်ခံလျက် ကျယ်ပြန့်စွာ ဖွင့်ဆိုထား၏။ လိုရင်းကို ကောက်နုတ်လျက် ဖော်ပြအပ်ပါသည် —

ဧတ္ထ စ ရူပါဝစရသတ္တာနံ ဃာနဇိဝှါယတနာ ဘာဝတော ဝိဇ္ဇမာနာပိ ဂန္ဓရသာ အာယတနကိစ္စံ န ကရောန္တီတိ တေ အနာမသိတွာ ပါဠိယံ "ပဉ္စာယတနာနိ ပါတုဘဝန္တိ၊ ဆ အာယတနာနီ"တိ အာဒိ ဝုတ္တံ။ "တယော အာဟာရာ"တိ စ အဇ္ဈောဟရိတဗ္ဗဿ အာဟာရဿ အဘာဝေန ဩဇဋ္ဌမကရူပသမုဋ္ဌာပန သင်္ခါတဿ အာဟာရကိစ္စဿ အကရဏတော၊ နသဗ္ဗေန သဗ္ဗံ ဂန္ဓရသာနံ, ဩဇာယ စ အဘာဝတော။ (အနုဋီ-၂-၁၂၀။)

ဤအရာ၀ယ် ရူပါ၀စရသတ္တဝါတို့၏ သန္တာန်ဝယ် ဃာနာယတန ဇိဝှါယတနတို့ မရှိသည့်အတွက် ထင်ရှားရှိကြသော ဂန္ဓ ရသတို့သည်လည်း အာယတနကိစ္စကို မပြုလုပ် မဆောင်ရွက်နိုင်ကြကုန်။ (ရူပဗြဟ္မာတို့၏ သန္တာန်ဝယ် ဃာနာယတန ဇိဝှါယတနတို့ မရှိခြင်းကြောင့် ဃာနဒွါရဝီထိ ဇိဝှါဒွါရဝီထိတို့လည်း ဖြစ်ခွင့်မရှိကြ၊ ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿတို့လည်း ဖြစ်ခွင့်မရှိကြ။ သို့အတွက် ဂန္ဓာရုံသည် ဃာနသမ္ဖဿ၏, ရသာရုံသည် ဇိဝှါသမ္ဖဿ၏ အကြောင်းတရား ဖြစ်ခြင်းကိစ္စကို မပြုလုပ် မဆောင်ရွက်နိုင်ဟု ဆိုလိုသည်။)

ထိုကြောင့် ဂန္ဓ ရသတို့ကို အာယတနအဖြစ် မသုံးသပ်ဘဲ — "အာယတန ငါးပါးတို့သည် ထင်ရှား ဖြစ်ပေါ်လာကြကုန်၏၊ အာယတနခြောက်ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကြကုန်၏။" — ဤသို့စသည်ကို ဟောကြားတော်မူအပ်ပေသည်။ တယော အာဟာရာ - ဟု အာဟာရသုံးပါးတို့ ရှိကြောင်းကို ဟောတော်မူခြင်း မှာလည်း စားမျို ဝါးမျိုထိုက်သော ကဗဠီကာရအာဟာရဩဇာ၏ မရှိခြင်းကြောင့် ဩဇဋ္ဌမကရုပ်တရားတို့ကို ဖြစ်စေခြင်းဟု ခေါ်ဆိုအပ်သော အာဟာရကိစ္စကို မပြုလုပ် မဆောင်ရွက်နိုင်ခြင်းကြောင့် ဟောတော်မူခြင်း ဖြစ်၏။ အချင်းခပ်သိမ်း ဂန္ဓ ရသတို့၏လည်းကောင်း, ဩဇာ၏လည်းကောင်း မရှိခြင်းကြောင့် ဟောကြားတော်မူ သည်ကား မဟုတ်ပေ။ (အနုဋီ-၂-၁၂၀။)

ဤအနုဋီကာအဖွင့်အရ အသညသတ်မှတစ်ပါးသော ရူပဗြဟ္မာတို့ သန္တာန်၌ ကမ္မဇဩဇာ, စိတ္တဇဩဇာ, ဥတုဇဩဇာတို့ကား ရှိလျက်ပင်။ ယင်းဩဇာတို့သည် အာဟာရဇဩဇာ၏ အထောက်အပံ့ကို မရရှိကြသဖြင့် ဩဇဋ္ဌမကရုပ်ကလာပ် အသစ် အသစ်ကိုကား မဖြစ်စေနိုင်ကုန်။ ယင်းသို့ မဖြစ်စေနိုင်သဖြင့် အာဟာရကိစ္စကို ယင်းဩဇာတို့က မရွက်ဆောင်နိုင်ကြကုန်။ ယင်းသို့ မရွက်ဆောင်နိုင်သဖြင့် အာဟာရ သုံးပါးရှိကြောင်းကိုသာ ဘုရားရှင်ဟောကြားတော်မူခြင်း ဖြစ်သည်ဟုမှတ်ပါ။ အနုဋီကာဆရာတော်၏ ပြန်လည်ချေပချက်တို့တွင် စိတ်ဝင်စားဖွယ် အချက်တစ်ခုကို ထပ်မံတင်ပြအပ်ပါသည်။

အသညသတ်ဗြဟ္မာတို့၏ သန္တာန်ဝယ် စက္ခာယတနကား မရှိ။ ဝိသယီ ဖြစ်သော စက္ခာယတနမရှိလျှင် ဝိသယဖြစ်သော ရူပါယတနလည်း မရှိဟုကား မယူသင့်ပေ။ အကြောင်းမူ အသညသတ်မှ တစ်ပါးသော အခြားသော သတ္တဝါတို့အဖို့ အသညသတ်ဗြဟ္မာတို့၏ ရူပါရုံသည် အာရုံဖြစ်နိုင်သောကြောင့်တည်း။ အလားတူပင် ရူပဗြဟ္မာတို့၌ ဝိသယီဖြစ်သော ဃာနာယတန ဇိဝှါယတနတို့ မရှိကြသဖြင့် ဝိသယဖြစ်သော ဂန္ဓ ရသတို့လည်း မရှိဟု မယူသင့်ပေ။ ကာယာယတနဟူသော ဝိသယီ မရှိသော်လည်း ဖောဋ္ဌဗ္ဗဓာတ်မဟုတ်သော ဝိသယဖြစ်သော ပထဝီဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟူသော ဓာတ်သုံးပါးတို့ ရှိသကဲ့သို့ မှတ်ပါ။ (အနုဋီ-၂-၁၂၀။)

အကယ်၍ ဝိသယီ ဖြစ်သော ဃာနာယတန ဇိဝှါယတနတို့ မရှိကြသဖြင့် ဝိသယဖြစ်သော ဂန္ဓ ရသတို့မရှိဟု ယူခဲ့လျှင် အသညသတ်ဗြဟ္မာတို့၌ ဝိသယီဖြစ်သော စက္ခာယတန မရှိသဖြင့် ဝိသယဖြစ်သော ရူပါယတနလည်း မရှိသင့်လေရာ။ ယင်းသို့ဖြစ်သော် အသညသတ်ဘုံ၌ ဇီဝိတနဝကကလာပ်မဖြစ်ဘဲ ဇီဝိတဆက္ကကလာပ်သာ ဖြစ်သည်ဟု မူလဋီကာဆရာတော်က ဖွင့်ဆိုထားသဖြင့် စက္ခာယတနဟူသော ဝိသယီမရှိသဖြင့် ရူပါယတန ဟူသော ဝိသယလည်း မရှိနိုင်ဟု လက်ခံနိုင်ပါလျှင် ဇီဝိတဆက္ကကလာပ် မဖြစ်ဘဲ ဇီဝိတပဉ္စကကလာပ်သာ ဖြစ်ခွင့်ရှိနိုင်တော့သည်။ (ပထဝီ အာပေါ တေဇော ဝါယော ဇီဝိတဟု ရုပ်ငါးမျိုးသာ ဖြစ်ခွင့်ရှိတော့မည်။)

[**ဝိသယ–ဝိသယီ** — ရူပါရုံစသော အာရုံသည် ဝိသယမည်၏၊ ရူပါရုံ၏ ထင်လာဖို့ရာ လျောက်ပတ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိသောကြောင့် ရူပါရုံဟူသော အာရုံရှိသည့် စက္ခုသည် ဝိသယီမည်၏။ သောတစသည် တို့၌လည်း ဤနည်းကိုမှီးပါ။]

## ဆန်းစစ်သင့်သော အရာများသာ ဖြစ်သည်

အဋ္ဌကထာနှင့် တကွသော ပိဋကပါဠိတော်များကို ထုံးကဲ့သို့မွှေ၍ ရေကဲ့သို့နှောက်နိုင်သော ဉာဏ်ကြီးရှင်တို့၏ ဉာဏ်၏ ကွန့်မြူးရာ စခန်းများဖြစ်ကြ၏။ အသင်သူတော်ကောင်းကိုယ်တိုင် အတိတ် အနာဂတ် ပြုပ္ပန်ဘဝတို့၌ ရုပ်အမျိုးအစားပေါင်း မည်ရွေ့မည်မျှ ရှိသည်ကို တိတိကျကျ ဂဃနဏသိအောင် သိမ်းဆည်း ရှုပွားသင့်သော အပိုင်းများသာ ဖြစ်ကြသည်။ ယောဂီအများစုကို သုတေသနပြုကြည့်ရာ၌ အဋ္ဌကထာ၏ အဆိုအမိန့်ကို ထောက်ခံသော ယောဂီအရေအတွက်များများကို တွေ့ရှိရပေသည်။ အသင်သူတော်ကောင်းသည်လည်း သီလတည်းဟူသော မြေပေါ်၌ ရပ်တည်၍ သမာဓိတည်းဟူသော မြတ်သော ကျောက်ဖျာထက်၌ မြမြထက်အောင် သွေး၍ ထားအပ်သော ဉာဏ်တည်းဟူသော သန်လျက်ဖြင့် ဖောက်ခွဲ၍သာ ကြည့်ပါလေ။

## ခန္ဓာ–အာရုံ–ဂတိ–ဟိတ်–ဝေဒနာ–ဝိတက်–ဝိစာရ တို့ဖြင့် ကွဲပြားခြင်း မကွဲပြားခြင်း

## (က) ခန္ဓာ (၄) ပါးရှိသော အရူပဘုံအချင်းချင်း

၁။ အာကာသာနဉ္စာယတနဘုံမှ စုတေ၍ အာကာသာနဉ္စာယတနဘုံ၌ပင် ထပ်၍ ပဋိသန္ဓေတည်နေရာ၌ အာကာသာနဉ္စာယတနစုတိသည် ဗဟိဒ္ဓဖြစ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ ယင်းစုတိနောင် ထပ်၍ ဖြစ်သော အာကာသာနဉ္စာယတန ပဋိသန္ဓေသစ်က မရဏာသန္နဇောသည် ယူအပ်ခဲ့သော ဗဟိဒ္ဓဖြစ်သော ကောင်းကင်ပညတ်ကိုပင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (ခန္ဓာနှင့်အာရုံ နှစ်ပါးစုံ မကွဲပြားပုံတည်း။)

၂။ အာကာသာနဉ္စာယတနဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေတည်နေရာဝယ် အာကာသာနဉ္စာယတနစုတိသည် ဗဟိဒ္ဓဖြစ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတနပဋိသန္ဓေသည် အဇ္ဈတ္တဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်စျာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသည်။ (ခန္ဓာမကွဲပြား အာရုံသာ ကွဲပြားသည်။)

၃။ အာကာသာနဉ္စာယတနဘုံမှ စုတေ၍ အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေတည်နေရာဝယ် အာကာသာနဉ္စာယတနစုတိသည် ဗဟိဒ္ဓဖြစ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ အာကိဉ္စညာယတနပဋိသန္ဓေသည် ဗဟိဒ္ဓဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်၏ မရှိခြင်းသဘောဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (ခန္ဓာမကွဲပြား၊ အာရုံပြား၏။)

၄။ အာကာသာနဉ္စာယတနဘုံမှ စုတေ၍ နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေတည်နေရာဝယ် အာကာသာနဉ္စာယတနစုတိသည် ဗဟိဒ္ဓဖြစ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ နေဝသညာနာသညာယတန ပဋိသန္ဓေသည် အဇ္ဈတ္တဖြစ်သော အာကိဉ္စညာယတနကုသိုလ်စျာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (အာရုံသာကွဲ၏။)

၅။ ဝိညာဏဉ္စာယတနဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ၌ပင် ထပ်၍ ပဋိသန္ဓေတည်နေရာ၌ ဝိညာဏဉ္စာယတနစုတိသည် အဇ္ဈတ္တဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်စျာန်ကို အာရုံပြု၍ ယင်းစုတိနောင် ထပ်၍ ဖြစ်သော ဝိညာဏဉ္စာယတနပဋိသန္ဓေသစ်သည် မရဏာသန္နဇောက ယူအပ်ခဲ့သော အဇ္ဈတ္တဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်စျာန်ကိုပင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (ခန္ဓာလည်း မကွဲပြား၊ အာရုံလည်း မကွဲပြားပုံတည်း။)

၆။ ဝိညာဏဉ္စာယတနဘုံမှ စုတေ၍ အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေတည်နေရာ၌ ဝိညာဏဉ္စာယတနစုတိသည် အဇ္ဈတ္တဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်စျာန်ကို အာရုံပြု၍ အာကိဉ္စညာယတနပဋိသန္ဓေသည် ဗဟိဒ္ဓဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်၏ မရှိခြင်းသဘောဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (ခန္ဓာမကွဲပြား၊ အာရုံသာ ကွဲပြား၏။)

၇။ ဝိညာဏဉ္စာယတနဘုံမှ စုတေ၍ နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေတည်နေရာဝယ် ဝိညာဏဉ္စာယတနစုတိသည် အဇ္ဈတ္တဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်စျာန်ကို အာရုံပြု၍ နေဝသညာနာသညာယတနပဋိသန္ဓေသည် အဇ္ဈတ္တဖြစ်သော အာကိဉ္စညာယတနကုသိုလ်စျာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (ခန္ဓာမပြား၊ အာရုံသာ ပြား၏။)

၈။ အာကိဉ္စညာယတနဘုံမှ စုတေ၍ အာကိဉ္စညာယတနဘုံ၌ပင် ထပ်၍ ပဋိသန္ဓေတည်နေရာဝယ် အာကိဉ္စညာယတနစုတိသည် ဗဟိဒ္ဓဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်၏ မရှိခြင်းသဘောဟူသော

နတ္ထိဘောပညတ်ကို အာရုံပြု၍ ယင်းစုတိနောင် ထပ်၍ ဖြစ်လာသော အာကိဉ္စညာယတနပဋိသန္ဓေသစ်သည် မရဏာသန္နဇောက ယူအပ်ခဲ့သော ဗဟိဒ္ဓဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်၏ မရှိခြင်းသဘော ဟူသော နတ္ထိဘောပညတ်ကိုပင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (ခန္ဓာလည်း မကွဲပြား၊ အာရုံလည်း မကွဲပြား။)

၉။ အာကိဉ္စညာယတနဘုံမှ စုတေ၍ နေဝသညာနာသညာယတနဘုံ၌ ပဋိသန္ဓေ တည်နေရာဝယ် အာကိဉ္စညာယတနစုတိသည် ဗဟိဒ္ဓဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဝိညာဏ်၏ မရှိခြင်းသဘော ဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ နေဝသညာနာသညာယတန ပဋိသန္ဓေသည် အဇ္ဈတ္တဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ဈာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (အာရုံသာ ကွဲပြား၏။)

၁၀။ နေဝသညာနာသညာယတနဘုံမှ စုတေ၍ နေဝသညာနာသညာယတနဘုံ၌ပင် ထပ်၍ ပဋိသန္ဓေ တည်နေရာဝယ် နေဝသညာနာသညာယတနစုတိသည် အဇ္ဈတ္တဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဈာန်ကို အာရုံပြု၍ ယင်းစုတိနောင် ထပ်၍ ဖြစ်လာသော နေဝသညာနာသညာယတန ပဋိသန္ဓေသစ်သည် မရဏာသန္န-ဇောက ယူအပ်ခဲ့သော အဇ္ဈတ္တဖြစ်သော အာကိဉ္စညာယတနကုသိုလ်ကို အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (အဘိ-ဌ-၂-၁၅၄။) (ခန္ဓာလည်း မကွဲပြား၊ အာရုံလည်း မကွဲပြားပေ။)

ဤပြခဲ့သောနည်းသည် အရူပဘုံ အချင်းချင်း၌ ဖြစ်သော စုတိပဋိသန္ဓေသာတည်း။

(ခ) ရံခါ ခန္ဓာ (၄)ပါးရှိသော အရူပစုတိ၏ အခြားမဲ့၌ ခန္ဓာ (၅)ပါးရှိသော တိဟိတ် ကာမာဝစရပဋိသန္ဓေ ဖြစ်၏။ (ခန္ဓာကွဲပြားပုံတည်း။)

(ဂ) ရံခါ ခန္ဓာ(၅)ပါးရှိသော ကာမာဝစရစုတိ၏သော်လည်းကောင်း, ရူပါဝစရစုတိ၏သော်လည်းကောင်း အခြားမဲ့၌ ခန္ဓာ (၄)ပါးရှိသော အရူပပဋိသန္ဓေသည် ဖြစ်ပေါ်လာ၏။ (ခန္ဓာနှင့်အာရုံ နှစ်ပါးစုံ ကွဲပြားပုံ တည်း။)

(ဃ) ဤသို့လျှင် အတိတ်တရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ အတိတ်အာရုံ, ပညတ်အာရုံ, ပစ္စုပ္ပန် အာရုံရှိသော ပဋိသန္ဓေသည် ဖြစ်ပေါ်လာ၏။ (အာရုံ ကွဲပြားပုံတည်း။)

(င) အချို့သော ကာမသုဂတိစုတိ၏ အခြားမဲ့၌ အချို့သော ဒုဂ္ဂတိပဋိသန္ဓေသည် ဖြစ်ပေါ်လာ၏။ (ဂတိကွဲပြား သည်ကို ပြသည်။)

**ကေစ္စသုဂတိစုတိ** — ရူပါရူပါဝစရာနံ ဥပစာရဿ ဗလဝတာယ တတော စဝိတွာ ဒုဂ္ဂတိယံ ဥပပတ္တိ နတ္ထီတိ **"ကေစ္စသုဂတိစုတိယာ"**တိ အာဟ။ (မူလဋီ-၂-၁၀၉။)

ရူပ အရူပ စုတိနောင် အပါယ်ဒုဂ္ဂတိပဋိသန္ဓေ မဖြစ်နိုင်၊ အဘယ်ကြောင့်နည်းဟူမူ ကာမဘုံသို့ လားရတော့ မည့် ရူပါဝစရ အရူပါဝစရ သတ္တဝါတို့၏ သန္တာန်ဝယ် အားအကောင်းဆုံးသော ကာမာဝစရကံတို့မှာ ထိုရူပဈာန် အရူပဈာန်တို့၏ ရှေး၌ဖြစ်သော ဥပစာရ ကာမာဝစရဈာန်တို့တည်း။ ယင်းဥပစာရဈာန်တည်းဟူသော ကာမာဝစရကုသိုလ်ကံတို့က အလွန်အားကောင်းနေသည့် အတွက်ကြောင့် ထိုရူပ အရူပပြဟ္မာ့ပြည်မှ စုတိလာ သောအခါ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေနေခွင့် မရနိုင်တော့ဘဲ ကာမသုဂတိဘုံ၌သာလျှင် ပဋိသန္ဓေနေခွင့်ရလေသည်။ (မူလဋီ-၂-၁၀၉။)

**ကေစ္စဒုဂ္ဂတိပဋိသန္ဓေ** — ဤ၌ ကေစ္စ = အချို့ဟူသော သဒ္ဒါကို ဆိုခြင်း၌ အကျိုးကား ဤသို့တည်း — နာနတ္တကာယ နာနတ္တသညီ - ဟူသည် လူနှင့် နတ်များတည်း။ ထိုနတ်တို့တွင် ဝိနိပါတိကအသုရာနတ်တို့လည်း

ပါဝင်ကြ၏။ ယင်းဝိနိပါတိကအသုရာနတ်တို့တွင် အချို့ကား တိဟိတ်ပဋိသန္ဓေရှိသူတို့ ဖြစ်ကြ၏။ ထိုဝိနိပါတိက နတ်တို့၏ တိဟိတ်, ဒွိဟိတ်, သုဂတိအဟိတ်ပဋိသန္ဓေကို — **အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ** — စသည်ဖြင့် ဟောကြား တော်မူလေ့ရှိသော စကားရပ်များတွင် ဝိနိပါတအဖြစ် ပါဝင်နေသောကြောင့် ဒုဂ္ဂတိပဋိသန္ဓေဟုယူ၍ ထိုသို့ ဒုဂ္ဂတိပဋိသန္ဓေအစစ်မဟုတ်သည့် ထိုဝိနိပါတိကအသုရာတို့၏ ဒုဂ္ဂတိပဋိသန္ဓေသည် ကာမ ရူပ အရူပတည်းဟူ သော သုဂတိစုတိအားလုံးတို့၏ နောင်၌ ဖြစ်ခွင့်ရှိသော ဒုဂ္ဂတိပဋိသန္ဓေမျိုးသာဖြစ်၏။ အချို့သော သုဂတိစုတိ၏ နောင်၌သာ ဖြစ်ခွင့်ရှိသော ဒုဂ္ဂတိပဋိသန္ဓေမျိုးကား မဟုတ်ပေ။ ထိုကြောင့် ဒုဂ္ဂတိပဋိသန္ဓေ မဟုတ်ပါဘဲလျက် ဒုဂ္ဂတိပဋိသန္ဓေဟု အမည်တပ်ခံရသော ထိုဝိနိပါတိကအသုရာတို့၏ ပဋိသန္ဓေကို နစ်စေခြင်းငှာ ဖယ်ကြဉ်လို သောကြောင့် "ဧကစ္စဒုဂ္ဂတိ"ဟုဆိုသည်။ မှန်ပေသည် အပါယ်ပဋိသန္ဓေသည်သာလျှင် အချို့သော ကာမ သုဂတိစုတိ၏ အခြားမဲ့၌ ဖြစ်နိုင်၏ ဖြစ်ခွင့်ရှိ၏။ ကာမ ရူပ အရူပတည်းဟူသော သုဂတိစုတိအားလုံး၏ အခြားမဲ့၌ မဖြစ်နိုင်ပေ။ ဖြစ်ခွင့်မရှိပေ။ (မူလဋီ-၂-၁၀၉-၁၁၀။)

တစ်နည်း ဒုဂ္ဂတိပဋိသန္ဓေသည် — အချို့သော သုဂတိစုတိ၏ အခြားမဲ့၌ ဖြစ်သော ဒုဂ္ဂတိပဋိသန္ဓေ, ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ ဖြစ်သော ဒုဂ္ဂတိပဋိသန္ဓေဟု နှစ်မျိုးရှိရာ ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ ဖြစ်သော ဒုဂ္ဂတိ ပဋိသန္ဓေကို ကြဉ်ဖယ်၍ အချို့သော သုဂတိစုတိ၏ အခြားမဲ့၌ ဖြစ်သော ဒုဂ္ဂတိပဋိသန္ဓေကို ယူခြင်းငှာ ဧကစ္စ- ဒုဂ္ဂတိပဋိသန္ဓေဟု ဧကစ္စသဒ္ဒါဖြင့် လောင်းစွက်၍ အချို့ဒုဂ္ဂတိပဋိသန္ဓေဟုဆိုသည်။ (မူလဋီ-၂-၁၁၀။)

(စ) အဟေတုကစုတိ = ဟိတ်မယှဉ်သော စုတိ၏ အခြားမဲ့၌ သဟေတုကပဋိသန္ဓိ = ဟိတ်ယှဉ်သော ပဋိ- သန္ဓေလည်း ဖြစ်နိုင်၏။

(ဆ) ဒုဟေတုကစုတိ = ဟိတ်နှစ်ပါးနှင့်သာယှဉ်သော (အလောဘ အဒေါသ ဟိတ်နှစ်ပါးနှင့်သာ ယှဉ်သော) စုတိ၏ အခြားမဲ့၌ တိဟေတုကပဋိသန္ဓိ = (အလောဘ အဒေါသ အမောဟဟူသော ဟိတ်သုံးပါးနှင့် ယှဉ်သော) တိဟိတ်ပဋိသန္ဓေလည်း ဖြစ်နိုင်၏။

(ဇ) ဥပေက္ခာဝေဒနာနှင့် အတူတကွဖြစ်သော ဥပေက္ခာသဟဂုတ် စုတိ၏ အခြားမဲ့၌ သောမနဿဝေဒနာနှင့် အတူတကွဖြစ်သော သောမနဿသဟဂုတ် ပဋိသန္ဓေလည်း ဖြစ်နိုင်၏။

(ဈ) ပီတိနှင့်မယှဉ်သော အပ္ပီတိကစုတိ၏ အခြားမဲ့၌ ပီတိနှင့်ယှဉ်သော သပ္ပီတိကပဋိသန္ဓေလည်း ဖြစ်နိုင်၏။

(ည) ဝိတက်နှင့်မယှဉ်သော အဝိတက္ကစုတိ၏ အခြားမဲ့၌ ဝိတက်နှင့်ယှဉ်သော သဝိတက္ကပဋိသန္ဓေလည်း ဖြစ်နိုင်၏။

(ဋ) ဝိစာရနှင့်မယှဉ်သော အဝိစာရစုတိ၏ အခြားမဲ့၌ ဝိစာရနှင့်ယှဉ်သော သဝိစာရပဋိသန္ဓေလည်း ဖြစ်နိုင်၏။

(ဌ) ဝိတက်နှင့်လည်း မယှဉ် ဝိစာရနှင့်လည်း မယှဉ်သော အဝိတက္က အဝိစာရ စုတိ၏ အခြားမဲ့၌ ဝိတက်နှင့် လည်းယှဉ်, ဝိစာရနှင့်လည်း ယှဉ်သော သဝိတက္က သဝိစာရ ပဋိသန္ဓေလည်း ဖြစ်နိုင်၏။

ဤသို့လျှင် ထိုထို ယှဉ်စပ်အပ်ပြီးသောနည်း၏ ပြောင်းပြန်အားဖြင့်လည်း အကြင် အကြင် ယှဉ်ထိုက်သော အနက်ကို ယှဉ်စေရာ၏။

## ပြောင်းပြန် ယှဉ်စေထိုက်သော အနက်

အချို့သော ဒုဂ္ဂတိစုတိ၏ အခြားမဲ့၌ အချို့သော သုဂတိပဋိသန္ဓေဖြစ်နိုင်၏ — ဤသို့ စသည်ဖြင့် သင့်လျော်သော ယှဉ်စပ်ထိုက်သော အနက်သဘောတရားကို ဆိုလိုသည်ဟု မှတ်ပါ။

## ပြောင်းပြန် မယှဉ်စေထိုက်သော အနက်

အမဟဂ္ဂတဗဟိဒ္ဓါရမ္မဏာယ မဟဂ္ဂတအဇ္ဈတ္တာရမ္မဏာတိ အာဒီသု ပန ဝိပရီတယောဇနာ န ကာတဗ္ဗာ။ န ဟိ မဟဂ္ဂတအဇ္ဈတ္တာရမ္မဏာယ စုတိယာ အရူပဘူမီသု အမဟဂ္ဂတဗဟိဒ္ဓါရမ္မဏာ ပဋိသန္ဓိ အတ္ထိ။

(မူလဋီ-၂-၁၁၀။)

ကဒါစိ ဟိ စတုက္ခန္ဓာယ အာရုပ္ပစုတိယာ အနန္တရာ စတုက္ခန္ဓာဝ အာရမ္မဏတောပိ အဘိန္နာ ပဋိသန္ဓိ ဟောတိ။ ကဒါစိ အမဟဂ္ဂတဗဟိဒ္ဓါရမ္မဏာယ မဟဂ္ဂတအဇ္ဈတ္တာရမ္မဏာ။ အယံ တာဝ အရူပဘူမီသုယေဝ နယော။ (ဝိသုဒ္ဓိ-၂-၁၈၆။)

(၁) ရံခါ ခန္ဓာလေးပါးရှိသော အရူပစုတိ၏ အခြားမဲ့၌ ခန္ဓာလေးပါးသာလျှင်ရှိသော အာရုံအားဖြင့်လည်း မပြားသော အရူပပဋိသန္ဓေသည် ဖြစ်ပေါ်လာ၏။ [ခန္ဓာလည်း မကွဲပြား, အာရုံလည်းမကွဲပြားသော စုတိနှင့် ပဋိသန္ဓေကို ပြသည်။ မိမိဖြစ်ခိုက်ဘုံ၌ ထပ်၍ ဖြစ်သော အရူပပုဂ္ဂိုလ် (၄)မျိုးလုံးကို ရည်ညွှန်းထားသည်။]

(၂) မဟဂ္ဂုတ်မဟုတ်သော ဗဟိဒ္ဓအာရုံရှိသော အရူပစုတိ၏ အခြားမဲ့၌ မဟဂ္ဂုတ်ဖြစ်သော အဇ္ဈတ္တအာရုံရှိသော အာရုံအားဖြင့် ကွဲပြားသော ခန္ဓာအားဖြင့် မကွဲပြားသော ပဋိသန္ဓေသည် ဖြစ်ပေါ်လာ၏။ [စုတိနှင့် ပဋိသန္ဓေတို့သည် နာမ်ခန္ဓာလေးပါးချည်း ဖြစ်ကြ၍ ခန္ဓာကားမပြား အာရုံကား ကွဲပြားကြသည်။ အာကာသာနဉ္စာယတနဘုံမှ စုတေ၍ ဝိညာဏဉ္စာယတနဘုံ, နေဝသညာနာသညာယတနဘုံတို့၌ ဖြစ်သော ပုဂ္ဂိုလ်ကိုလည်းကောင်း, အာကိဉ္စညာယတနဘုံမှ စုတေ၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်ကိုလည်းကောင်း ရည်ညွှန်းထားသည်။]

ဤအမှတ် (၂)၌ ပြောင်းပြန် ယှဉ်စေထိုက်သော အနက်ကို မရသင့်ပေ။ အကြောင်းကား မဟဂ္ဂုတ် အဇ္ဈတ္တတရားလျှင် အာရုံရှိသော စုတိ၏ အခြားမဲ့၌ မဟဂ္ဂုတ်မဟုတ်သော ဗဟိဒ္ဓတရားလျှင်အာရုံရှိသော အရူပပဋိသန္ဓေသည် မရှိပေ။ (မူလဋီ-၂-၁၁၀။) ဤစကားအရ အာကာသာနဉ္စာယတန ဝိညာဏ်ဟူသော မဟဂ္ဂုတ်တရားလျှင် အာရုံရှိသော ဝိညာဏဉ္စာယတနစုတိ၏ အခြားမဲ့၌ ယင်းအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝ ပညတ်ဟူသော ဗဟိဒ္ဓအာရုံရှိသော အာကိဉ္စညာယတနပဋိသန္ဓေသည် မဖြစ်နိုင်ဟု အဓိပ္ပါယ်စကားကျ၏။

## ဘဝဟောင်းနှင့် ဘဝသစ်

လဒ္ဓပ္ပစ္စယမိတိဓမ္မ — မတ္တမေတံ ဘဝန္တရမုပေတိ။
နာဿ တတော သင်္ကန္တိ၊ န တတော ဟေတုံ ဝိနာ ဟောတိ။

ဣတိ ဟေတံ လဒ္ဓပစ္စယံ ရူပါရူပဓမ္မမတ္တံ ဥပ္ပဇ္ဇမာနံ ဘဝန္တရံ ဥပေတီတိ ဝုစ္စတိ၊ န သတ္တော၊ န ဇီဝေါ။ တဿ နာပိ အတီတဘဝတော ဣဓ သင်္ကန္တိ အတ္ထိ၊ နာပိ တတော ဟေတုံ ဝိနာ ဣဓ ပါတုဘာဝေါ။

(အဘိ-ဋ္ဌ-၂-၁၅၄။)

ဤဆိုအပ်ပြီးသောနည်းဖြင့် ပဋိသန္ဓေအကျိုးကို ပေးဖို့ရန် ကံစသော ရအပ်သော အကြောင်းတရားရှိသည် ဖြစ်၍ ပဋိသန္ဓေအခါ၌ ဖြစ်ပေါ်လာသော ဤရုပ်တရား နာမ်တရားမျှသည် ဘဝတစ်ပါးသို့ ကပ်ရောက်၏ဟု ဆိုရ၏။ သတ္တဝါသည် ကပ်ရောက်သည် မဟုတ်၊ အသက်ကောင် ဇီဝသည် = (အတ္တသည်) ကပ်ရောက်သည် မဟုတ်။ ထိုရုပ်တရား နာမ်တရား၏ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ ပြောင်းရွှေ့ခြင်းသည်လည်း မရှိပေ။ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော ကံစသော အကြောင်းတရားကို ကြဉ်၍လည်း ဤပစ္စုပ္ပန်ဘဝ၌ ထင်ရှား ဖြစ်ခြင်းသည် မရှိပေ။ (အဘိ-ဋ္ဌ-၂-၁၅၄။)

ဤဂါထာ၌ — **လဒ္ဓပစ္စယမိတိဓမ္မ – မတ္တမေတံ ဘဝန္တရမုပေတိ** = ပဋိသန္ဓေအကျိုးကိုပေးဖို့ရန် ကံစသော ရအပ်သော အကြောင်းတရားရှိသည်ဖြစ်၍ ပဋိသန္ဓေအခါ၌ ဖြစ်ပေါ်လာသော ဤရုပ်တရား နာမ်တရားမျှသည် ဘဝတစ်ပါးသို့ ကပ်ရောက်၏ဟု ဆိုရ၏ — ဟူသော ဤစကားရပ်ဖြင့် ရှေးရှေးဘဝက ပြုစုပျိုးထောင်ခဲ့သော ကံစသော အကြောင်းတရားကို ရရှိသည်ဖြစ်၍ ရုပ်တရား နာမ်တရားများသည် ဘဝသစ်သို့ ပဋိသန္ဓေအဖြစ်ဖြင့် ကပ်ရောက်၏ဟု ဆိုသောကြောင့် "သတ္တဝါသည် = အတ္တသည် သေလျှင် ပြတ်၏"ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိကို ပယ်ပြီးဖြစ်၏။

**နာဿ တတော သင်္ကန္တိ** = ထိုရုပ်တရား နာမ်တရား၏ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ ပြောင်းရွှေ့ခြင်းသည်လည်း မရှိပေ — ဟူသော ဤစကားရပ်ဖြင့် — "ရှေးဘဝက ရုပ်တရားနာမ်တရား = (အတ္တသည်) ဤဘဝသို့ ပြောင်းရွှေ့၍ လာ၏"ဟု ယူဆသော သဿတဒိဋ္ဌိကိုလည်း တားမြစ်ပြီး ဖြစ်၏။

**န တတော ဟေတုံ ဝိနာ ဟောတိ** = ထိုအတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော ကံစသော အကြောင်းတရားကို ကြဉ်၍လည်း ဤပစ္စုပ္ပန်ဘဝ၌ ထင်ရှားဖြစ်ခြင်းသည် မရှိပေ။ — ဟူသော ဤစကားရပ်ဖြင့် — "သတ္တဝါသည် အတ္တသည် ပရမတ္တ = ပရမအတ္တ အမည်ရသော ဖန်ဆင်းရှင် တစ်စုံတစ်ယောက်က ဖန်ဆင်းမှုကြောင့် ယခုမှ သတ္တဝါအသစ် ဖြစ်ပေါ်လာ၏"ဟူသော နဝသတ္တပါတုဘာဝဒိဋ္ဌိကိုလည်း (ဖန်ဆင်းရှင်ကြောင့် သတ္တဝါအသစ် ယခုမှ စတင်၍ ထင်ရှားဖြစ်ပေါ်လာ၏ဟူသော အယူမှားကို) ပယ်ပြီး ဖြစ်၏။

ထိုဆိုအပ်ခဲ့ပြီးသော ကံစသော ရအပ်သော အကြောင်းတရားရှိသော ရုပ်တရား နာမ်တရားမျှသည်သာလျှင် ဘဝတစ်ပါးသို့ ကပ်ရောက်၏ ဟူသော အနက်သဘောတရားကို ထင်ရှားသော လူတို့၏ စုတိ ပဋိသန္ဓေအစဉ်ဖြင့် ထင်ရှားပြကုန်အံ့ —

**အကျယ်** — လွန်ခဲ့ပြီးသော အတိတ်ဘဝ၌ မိမိသဘောအားဖြင့် (ကုန်ပြီးသော အာယုသင်္ခါရ သက်တမ်း ရှိသည်၏ အဖြစ်ဖြင့်) အလွန်နီးကပ်သော သေခြင်းတရား ရှိသည်မှုလည်းဖြစ်သော, မိမိကိုယ်တိုင် အဆိပ်သောက်ခြင်းစသော မိမိ၏ လုံ့လပယောဂ, သူတစ်ပါးတို့က သတ်ခြင်းစသော သူတစ်ပါးတို့၏ လုံ့လပယောဂကြောင့် အလွန်နီးကပ်သော သေခြင်းရှိသည်မှုလည်းဖြစ်သော, သည်းညည်းမခံနိုင်ကောင်းကုန်သော အလုံးစုံသော ကိုယ်အင်္ဂါကြီးငယ်တို့၏ အဆက်အစပ်တို့ကို နှောင်ဖွဲ့တတ်သော အကြောတို့ကို ဖြတ်တောက်တတ်ကုန်သော သေခြင်းဟူသော အဆုံးအပိုင်းအခြား ရှိကုန်သော ဝေဒနာတည်းဟူသော ဓားလက်နက်တို့၏ ပြင်းထန်စွာ ကျရောက်လာခြင်းကို သည်းမခံနိုင်သော သတ္တဝါတို့၏သန္တာန်ဝယ်, နေပူထဲ၌ ပစ်ချထားအပ်သော စိမ်းစိုသော ထန်းရွက်ကဲ့သို့ အစဉ်သဖြင့် ခန္ဓာကိုယ်သည် ခြောက်ကပ်လာလတ်သော် စက္ခုစသော ဣန္ဒြေတို့သည် အလွန်အားနည်းကုန်လတ်သော် ဟဒယဝတ္ထုမျှသည်လည်းကောင်း, ကာယိန္ဒြေ ဇီဝိတိန္ဒြေ မနိန္ဒြေတို့သည်လည်းကောင်း ဤမျှသာ တည်ရှိကုန်လတ်သေးသော်, ထိုသေခါနီးအခါ၌ ကြွင်းကျန်သော ဟဒယဝတ္ထုကို ကောင်းစွာ မှီသော ဝိညာဏ်သည် ဂရုကံ, သို့မဟုတ် အမြဲမှီဝဲအပ်သော အာစိဏ္ဏကံ, သေခါနီးအခါ၌ ပြုအပ်သော အာသန္နကံ, ရှေးရှေးဘဝ ရှေးရှေးကာလ၌ ပြုအပ်သော ကဋတ္တာကံတို့တွင် အမှတ်မထား တစ်ပါးပါးသော, ရအပ်ပြီးသော ဂတိ ဥပဓိ ကာလ ပယောဂဟူသော ကြွင်းသော အကြောင်းအထောက်အပံ့ ရှိသော သင်္ခါရဟု ခေါ်ဆိုအပ်သော ကံကိုလည်းကောင်း, ထိုကံသည် ထင်စေအပ်သော ကမ္မနိမိတ် ဂတိနိမိတ်ဟု ခေါ်ဆိုအပ်သော အာရုံကိုသော်လည်း အာရုံပြု၍ ဖြစ်ပေါ်လာ၏။ (အဘိ-ဋ္ဌ-၂-၁၅၄။)

[ဤ၌ သေခါနီးအခါဝယ် မျက်စိမမြင်မှု, နားမကြားမှု, နှာခေါင်း အနံ့မရမှု, လျှာ၏ အရသာမတွေ့မှု စသည်တို့ ဖြစ်တတ်ကြ၏။ စက္ခုဒသကကလာပ်စသော အချို့အချို့သော ကမ္မဇရုပ်ကလာပ်တို့၏ အလွန်

အရေအတွက်နည်းပါးစွာ ဖြစ်မှု, ဖြစ်ဆဲ ကမ္မဇရုပ်တို့၏လည်း အလွန် အားနည်းနေကြမှုကြောင့်တည်း။ ယင်းသို့ အလွန်အားနည်းမှုကိုပင် ချုပ်ကုန်လတ်သော်ဟု အဋ္ဌကထာက ခေါ်ဝေါ်သုံးစွဲထားပေသည်။ မရဏာသန္နဇော ဝီထိသည် စက္ခုဒွါရဝီထိစသော ပဉ္စဒွါရဝီထိများလည်း ဖြစ်နိုင်ကြောင်းကို ရှေးတွင် ဖွင့်ဆိုခဲ့ပြီ။ — အတိမန္ဒ ဘာဝူပဂမနတံ ဝါ သန္ဓာယ **"နိရုဇ္ဈေသူ"**တိ ဝုတ္တံ၊ န အနဝသေသနိရောဓံ။ — (မဟာဋီ-၂-၃၁၁။)]

ဤသို့လျှင် ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးကို အာရုံပြု၍ ဖြစ်ပေါ်လာသော ထိုဝိညာဏ်ကို (ဧကတ္တနည်းအရ ဆိုခြင်းတည်း။ စိတ်သန္တတိအစဉ်ကိုဟု ဆိုလိုသည်။), တဏှာ အဝိဇ္ဇာ တရားတို့ကို အရိယမဂ်တရားဖြင့် မပယ်ရှားအပ်သေးသည့်အတွက် သံသရာ၏အပြစ် ဘဝ၏အပြစ်ကို မမြင်-အောင် အဝိဇ္ဇာက ဖုံးလွှမ်းထားအပ်သည် ဖြစ်၍ ထို ကံစသော အာရုံတစ်ပါးပါး၌ တဏှာသည် ညွတ်စေ၏၊ ဝိညာဏ်နှင့် အတူတကွသော သင်္ခါရတို့သည် ပစ်ချသကဲ့သို့ ဖြစ်ကုန်၏။ (အဘိ-ဌ-၂-၁၅၄-၁၅၅။)

## တဏှာက ညွတ်စေမှု – ဟူသည်

"စုတေခါနီး၌ တဏှာက ကံစသော အာရုံတစ်မျိုးမျိုးကို အာရုံပြု၍နေသော စိတ်ဝိညာဏ်ကို ညွတ်စေသည်"ဟု ဆိုရာ၌ တဏှာသည် ထိုအချိန်၌ ဖြစ်ဆဲမဟုတ်ပါဘဲလျက် အဘယ်နည်းဖြင့် ညွတ်စေအပ်ပါသနည်းဟု မေးဖွယ် ရှိ၏။ တဏှာသည် အရိယမဂ်တရားဖြင့် မပယ်သတ်အပ်သေးသောကြောင့်လည်းကောင်း, စုတေခါနီး စိတ်ဝိညာဏ် အစဉ်ကလည်း ရင့်ကျက်၍ အဆုံးသို့ ရောက်နေသောကြောင့်လည်းကောင်း စိတ်ဝိညာဏ်အစဉ် သည် ပဋိသန္ဓေ၏ တည်ရာအကြောင်းဖြစ်သော ကံစသော အာရုံတစ်မျိုးမျိုးသို့ ညွတ်ယိမ်း ကိုင်းရှိုင်းနေ၏။ ထိုသို့ ဖြစ်ခြင်းကိုပင် တဏှာက ညွတ်စေသည်ဟု ဆိုသည်။ မရဏာသန္နအခါ ထင်လာသော ကံစသော အာရုံ တစ်မျိုးမျိုး၌ အကြိမ်များစွာ ဖြစ်ခြင်းဖြင့် စိတ်ဝိညာဏ်အစဉ်ကို ပြုပြင်ခြင်းသည် ထိုကံစသော အာရုံတစ်မျိုးမျိုး၌ ပဋိသန္ဓေဝိညာဏ်တည်ရှိခြင်း၏ အကြောင်းတရားပင် ဖြစ်ပေသည်။ ပဋိသန္ဓေအကျိုးကို ပေးတော့မည့်ကံကို ထူထောင်ခဲ့စဉ်က ထိုကံကို ခြံရံထားခဲ့သော အကြိမ်များစွာ ဖြစ်ခဲ့သော တဏှာက, သို့မဟုတ် အနုသယဓာတ် အဖြစ် ကိန်းဝပ်ခဲ့သော တဏှာက ယခုကဲ့သို့ သေခါနီးအခါဝယ် ထိုကံက အကျိုးပေးတော့မည် မှန်လျှင် ထိုကံ၏ စွမ်းဟုန်ကြောင့် ထင်လာသော ကံစသော အာရုံတစ်မျိုးမျိုး၌ စိတ်ဝိညာဏ်အစဉ်ကို ညွတ်စေမှုကို ဆိုလိုသည်။ ယင်းသို့ တဏှာက ညွတ်စေနိုင်မှုမှာ ယင်းတဏှာကို အရိယမဂ်တရားဖြင့် မပယ်ရှားရသေးသော သတ္တဝါတို့၏ သန္တာန်၌သာ ဖြစ်နိုင်သည်။ အရိယမဂ်တရားဖြင့် ပယ်ရှားအပ်ပြီးသော ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌ကား မဖြစ်နိုင်ဟုလိုသည်။ (မူလဋီ-၂-၁၁၁။ အနုဋီ-၂-၁၂၅။)

## သဟဇာတ သင်္ခါရတရားတို့က ပစ်ချမှု

"သဟဇာတသင်္ခါရ" အရ စုတိ၏ အနီး ဇောဝိညာဏ်နှင့် အတူတကွဖြစ်သော ဇောစေတနာကို ကောက်ယူပါ။ တစ်နည်း ယင်းစေတနာနှင့် အတူတကွဖြစ်သော ယှဉ်ဖက် စေတသိက်များကို ကောက်ယူပါ။ ထိုသင်္ခါရတရားတို့က ပဋိသန္ဓေဝိညာဏ်ကို ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် မရဏာသန္န ဇောအခါ၌ ထင်လာသော အာရုံတစ်မျိုးမျိုးပေါ်သို့ ရောက်အောင် ပစ်ချကြသည် ဟူလို။ ဤ၌ "ပစ်ချကြသည်" ဟု ဆိုသော်လည်း ပရမတ်တရားတို့၌ ဗျာပါရမရှိသောကြောင့် တကယ် ပစ်ချကြသည်ကား မဟုတ်၊ ထိုကံ စသော အာရုံတစ်မျိုးမျိုး၌ ပဋိသန္ဓေဝိညာဏ် တည်ခြင်း၏အကြောင်း ဖြစ်လောက်အောင် သဟဇာတသင်္ခါရ တရားတို့က ဖြစ်နေကြသည်ကိုပင် ကျေးဇူးပြုနေကြသည်ကိုပင် ပစ်ချသကဲ့သို့ ဖြစ်နေရကား "ပစ်ချကြသည်"ဟု ဆိုခြင်းဖြစ်သည်။ (မူလဋီ-၂-၁၁၁။)

စုတိနှင့် နီးကပ်နေသောဝိညာဏ်, စုတိဝိညာဏ်, ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏ်သန္တတိအစဉ်၏ အစွမ်းဖြင့် ဖြစ်ပေါ်နေသော ထိုဝိညာဏ်သည် တဏှာသည် ကံစသော အာရုံတစ်မျိုးမျိုး၌ ညွတ်စေအပ်သည် ဖြစ်၍ မရဏာသန္နဇောဝိညာဏ်နှင့် အတူတကွ ဖြစ်ကုန်သော သင်္ခါရတရားတို့သည် ပစ်ချအပ်ကုန်သည် ဖြစ်၍ တစ်နည်း ပစ်ချအပ်ကုန်သကဲ့သို့ ဖြစ်၍ ဤမှာဘက်ကမ်း သစ်ပင်၌ ဖွဲ့ချည်ထားအပ်သော ကြိုးကို ဆွဲကိုင်၍ မြောင်းကို ခုန်ကျော်သော ယောက်ျားကဲ့သို့ ရှေး၌ဖြစ်သော မှီရာအာရုံကိုလည်းကောင်း မှီရာဝတ္ထုကိုလည်းကောင်း စွန့်လွှတ်လိုက်၏။ နောက်၌ဖြစ်သော ကံသည်ဖြစ်စေအပ်သော မှီရာအာရုံကို သာယာလျက်လည်းကောင်း, မှီရာဝတ္ထုရုပ်ကို ရလျက်သော်လည်းကောင်း (ပဉ္စဝေါကာရဘုံသားတို့ကို ရည်သည်။), နောက်၌ ဖြစ်သော ကံသည် ဖြစ်စေအပ်သော မှီရာအာရုံကို သာယာလျက်သော်လည်းကောင်း မှီရာဝတ္ထုရုပ်ကို မရလျက်သော်လည်းကောင်း (စတုဝေါကာရကို ရည်သည်။)

၁။ အာရမ္မဏပစ္စည်း = အာရုံ အကြောင်းတရား,
၂။ သမ္ပယုတ္တပစ္စည်း = ယှဉ်ဖက်သမ္ပယုတ် အကြောင်းတရား,
၃။ ကမ္မပစ္စည်း = နာနာက္ခဏိကကမ္မသတ္တိ အကြောင်းတရား, ဤအကြောင်းတရားတို့ကြောင့်သာလျှင် ဖြစ်ပေါ်လာ၏။ (အဘိ-ဋ္ဌ-၂-၁၅၅။)

**တံ ဝိညာဏံ** — စုတိ၏ အနီး၌ဖြစ်သော ဝိညာဏ်, စုတိဝိညာဏ်, ပဋိသန္ဓေဝိညာဏ် — ဤဝိညာဏ် အစဉ်အတန်းအားလုံးကို တစ်စဉ်တစ်တန်းတည်းဖြစ်သောကြောင့် ဧကတ္တနည်းအရ "ထိုဝိညာဏ်"ဟု ဆိုသည်။ ထိုသို့ တစ်စဉ်တစ်တန်းတည်း တစ်သန္တာန်တည်း ဖြစ်ကြသော ဝိညာဏ်အများတွင် တဏှာက ညွတ်စေအပ်သော ဝိညာဏ်ဟူသည် စုတိ၏အနီး စုတိ၏ရှေးကဖြစ်သော ဝိညာဏ်အစဉ်အတန်းတည်း။ ဝီထိအနည်းငယ်လည်း ဖြစ်နိုင်၏၊ ဝီထိပေါင်းများစွာလည်း ဖြစ်နိုင်၏။ သင်္ခါရတို့က ပစ်ချအပ်သော ဝိညာဏ်ဟူသည် နောက်ဘဝ ပဋိသန္ဓေဝိညာဏ်တည်း။

## ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့

ရေမြောင်း၏ အနီးအပါး၌ ပေါက်သော သစ်ပင်ဝယ် ဖွဲ့ချည်ထားအပ်သော ကြိုးကို ဆွဲကိုင်၍ မိမိကိုယ်ကို လွှဲ၍ မြောင်း၏ ထိုမှာဘက်ကမ်းသို့ ခုန်ကူးလိုက်သော ယောက်ျားသည် ဤမှာဘက်ကမ်း၌ တည်သော ကြိုးကို လွှတ်၍ ထိုမှာဘက်ကမ်းမြေ၌ ရပ်တည်ရသကဲ့သို့ —

၁။ ရှေးဘဝ အတ္တဘော၌ ဖွဲ့စပ်နေသော မရဏာသန္နအခါ ထင်လာသော ကံစသည့် အာရုံတို့တွင် အာရုံ တစ်မျိုးမျိုးကို ကြိုးနှင့်တူ၏ဟုလည်းကောင်း,
၂။ တဏှာကို ထိုမှာဘက်ကမ်းသို့ ကူးလိုသော ဆန္ဒနှင့်တူ၏ဟုလည်းကောင်း,
၃။ ပစ်ချသော သင်္ခါရတရားတို့ကို ထိုမှာဘက်ကမ်းသို့ ခုန်လိုက်သော လုံ့လပယောဂနှင့် တူ၏ဟုလည်းကောင်း မှတ်ပါ။
၄။ ထိုမှာဘက်ကမ်းသို့ ရောက်ရှိသွားသော ထိုမှာဘက်ကမ်း၌ တည်နေသော ယောက်ျားသည် ထိုမှာ ဘက်ကမ်း၌ သစ်ပင်ကို ဖွဲ့ချည်ထားအပ်သော ကြိုးကဲ့သို့ ဆွဲကိုင်စရာ တစ်ခုခုကို ရရှိလျှင် ဆွဲကိုင်၍ မြေ၌ ရပ်တည်၏။ ဆွဲကိုင်စရာ မရှိလျှင် မိမိအားအစွမ်း မိမိလုံ့လပယောဂဖြင့် မြေ၌ ရပ်တည်၏။ ထိုအတူ ပဋိသန္ဓေ ဝိညာဏ်သည် — ပဉ္စဝေါကာရဘုံ၌ ဘဝသစ် အတ္တဘောနှင့် ဖွဲ့စပ်ထားသော ဟဒယဝတ္ထုရုပ်ကို မှီ၍ ရလျက် ရောက်လျက် ဖြစ်ပေါ်လာ၏။ စတုဝေါကာရဘုံ၌ မှီရာဝတ္ထုရုပ်ကို မရဘဲ အာရမ္မဏပစ္စည်း သမ္ပယုတ္တပစ္စည်း ကမ္မပစ္စည်းတို့၏ အစွမ်းသက်သက်ကြောင့် ဖြစ်ပေါ်တည်နေရ၏။ (မူလဋီ-၂-၁၁၁။)

## စုတိနှင့် ပဋိသန္ဓေ

ဤစုတိနှင့် ပဋိသန္ဓေဝိညာဏ်တို့တွင် ရှေးစိတ်ကို ပစ္စုပ္ပန်ဘဝမှ ရွေ့လျောတတ်သည်၏ အဖြစ်ကြောင့် စုတိစိတ်ဟူ၍ ခေါ်ဆို၏။ နောက်ဖြစ်သောစိတ်ကို ဘဝဟောင်း အပြတ်တွင် တစ်ပါးသော ဘဝသစ်ကို အစစ္စာ ဆက်စပ်တတ်သည်၏ အဖြစ်ကြောင့် ပဋိသန္ဓေစိတ်ဟူ၍ ခေါ်ဆို၏။ တစ်နည်း – ဘဝဟောင်း အပြတ်တွင် တစ်ပါးသော ဘဝသစ်ကို ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသတို့ကို ဆက်စပ်တတ်သည်၏ အဖြစ်ကြောင့် ပဋိသန္ဓေစိတ်ဟူ၍ ခေါ်ဆို၏။ (အဘိ-ဋ္ဌ-၂-၁၅၅။)

တဒေတံ နာပိ ပုရိမဘဝါ ဣဓာဂတံ၊ နာပိ တတော ကမ္မသင်္ခါရနတိဝိသယာဒိဟေတုံ ဝိနာ ပါတုဘူတန္တိ ဝေဒိတဗ္ဗံ။ (အဘိ-ဋ္ဌ-၂-၁၅၅။)

ဤပဋိသန္ဓေဝိညာဏ်သည် ရှေးအတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ ရောက်လာသည်လည်း မဟုတ်၊ ဤပစ္စုပ္ပန်ဘဝ၌ပင်လျှင် ဖြစ်ပေါ်လာသောကြောင့်တည်း။ ရှေးဖြစ်သော အတိတ်ဘဝက –

၁။ ပြုစုပျိုးထောင်ခဲ့သော ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သော ဇနကကံ,

၂။ စုတိ၏ အနီး၌ ဖြစ်သော မရဏာသန္နဇောဝိညာဏ်နှင့် အတူတကွ ဖဿစသော သင်္ခါရတရားစု, သို့မဟုတ် စေတနာသင်္ခါရ,

၃။ စိတ်အစဉ်သန္တတိကို ဘဝသစ်သို့ ညွှတ်စေတတ်သော အခြင်းအရာအားဖြင့် ဖြစ်သော = နတိ အမည်ရသော တဏှာ,

၄။ ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တစ်မျိုးမျိုးသော အာရုံ –

၅။ အဝိဇ္ဇာ၏ ဖုံးလွှမ်းခြင်း –

ဤသို့စသော အကြောင်းတရားကို ကြဉ်၍ ထင်ရှား ဖြစ်ပေါ်လာသည်လည်း မဟုတ်ဟု သိရှိပါလေ။

**ပဲ့တင်သံ** — တောင်၏ အနီး၌ ဟစ်အော်လိုက်သောအခါ အသံသည် တောင်နံရံ၌ ထိခိုက်၍ ထိုတောင်နံရံမှ တန်ပြန် အသံတစ်ခု ဖြစ်ပေါ်လာ၏၊ ထိုအသံကို “ပဲ့တင်သံ”ဟု ခေါ်ကြ၏။ ထိုပဲ့တင်သံသည် မူလ ဟစ်အော်သော သူ၏ အသံလည်း မဟုတ်၊ ထိုမူလဟစ်အော်သော သူ၏ အသံနှင့်လည်း ကင်း၍ မဖြစ်သကဲ့သို့ ထို့အတူ ဤပဋိသန္ဓေဝိညာဏ်သည်လည်း မူလဘဝဟောင်းမှ ဤဘဝသစ်သို့ ဆိုက်ရောက်လာသည်လည်း မဟုတ်၊ မူလ ဘဝဟောင်းက ထူထောင်ခဲ့သော ကံစသော အကြောင်းတရားများနှင့် ကင်း၍လည်း မဖြစ်နိုင်ပေ။

**ဆီမီး** – မူလဆီမီးမှ ကူးယူအပ်သော နောက်ဆီမီးသည် မူလဆီမီးမှ ကူးပြောင်းလာသည်လည်း မဟုတ်၊ မူလဆီမီးနှင့် ကင်း၍လည်း မဖြစ်သကဲ့သို့လည်းကောင်း,

**တံဆိပ်ရာ** – တံဆိပ်တုံးကို စက္ကူ၌ နှိပ်လိုက်သောအခါ ထင်လာသော တံဆိပ်ရာသည် မူလတံဆိပ်တုံးမှ ပြောင်းရွှေ့လာသည်လည်းမဟုတ်၊ မူလတံဆိပ်တုံးနှင့် ကင်း၍လည်း မဖြစ်သကဲ့သို့လည်းကောင်း,

**ပဋိဗိမ္ဗ = အတုရုပ်** — မှန်ကြည့်သောအခါ မှန်ထဲ၌ ထင်လာသော မျက်နှာရိပ်သည် မူလမျက်နှာမှ ပြောင်းရွှေ့လာသည်လည်း မဟုတ်၊ မူလမျက်နှာနှင့် ကင်း၍လည်း မဖြစ်နိုင်သကဲ့သို့လည်းကောင်း ဤဥပမာများ အတူပင် ဤပဋိသန္ဓေဝိညာဏ်သည် မူလဘဝဟောင်းမှ ဤဘဝသစ်သို့ ဆိုက်ရောက်လာသည်လည်း မဟုတ်၊ ပြောင်းရွှေ့လာသည်လည်း မဟုတ်၊ မူလဘဝဟောင်းက ထူထောင်ခဲ့သော ကံစသော အကြောင်းတရားများနှင့် ကင်း၍လည်း မဖြစ်နိုင်ပေ။ (အဘိ-ဋ္ဌ-၂-၁၅၅။)

ပဲ့တင်သံသည် အော်လိုက်သော မူရင်းအသံလျှင် အကြောင်းရင်း ရှိ၏။ နောက်ဆီမီးသည် မူလဆီမီး, ဆီမီးစာ စသည်လျှင် အကြောင်းရင်း ရှိ၏။ တံဆိပ်ရာသည် တံဆိပ်တုံးလျှင် အကြောင်းရင်း ရှိ၏။ ကြေးမုံမှန်၌ ထင်လာသော မျက်နှာရိပ်သည် သို့မဟုတ် အတုရုပ်သည် ကြေးမုံမှန်စသည်သို့ ရှေးရှုသော မျက်နှာစသည်လျှင် အကြောင်းရင်းရှိ၏။

ပဲ့တင်သံသည် အော်လိုက်သော မူရင်းအသံ မရှိခင်က မဖြစ်ခင်က ထင်ရှား မရှိသေးသောကြောင့် နောက်ဆီမီးသည် မူလဆီမီးစသည် မရှိခင်က ထင်ရှား မရှိသေးသောကြောင့်, တံဆိပ်ရာသည် တံဆိပ်တုံး မနှိပ်လိုက်ခင်က ထင်ရှားမရှိသေးသောကြောင့်, ကြေးမုံမှန်၌ ထင်လာသော မျက်နှာရိပ်သည် = မျက်နှာရိပ် အတုရုပ်သည် မျက်နှာစသည်ကို ကြေးမုံမှန်သို့ မရှေးရှုခင်က ထင်ရှားမရှိသေးသောကြောင့် — ပဲ့တင်သံသည် မူလအသံဖြစ်ရာ အရပ်သို့ မသွားရောက်မူ၍ မူလအော်လိုက်သော အသံလျှင် အကြောင်းရင်း ရှိသည်ဖြစ်၍ ဖြစ်ပေါ်လာ၏၊ ကူးယူအပ်သော နောက်ဆီမီး စသည်သည်လည်း မူလဆီမီးစသည်ရှိရာ အရပ်သို့ မသွား မကပ်ရောက်မူ၍ သာလျှင် ပထမဆီမီးစသည်လျှင် အကြောင်းရင်းရှိသည်ဖြစ်၍ ဖြစ်ပေါ်လာ၏။

အလားတူပင် ပဋိသန္ဓေဝိညာဏ်ဟူသော အကျိုးတရားသည် ကံစသော အကြောင်းတရားရှိရာသို့ မသွားရောက်မူ၍သာလျှင် ကံစသော အကြောင်းတရားလျှင် အကြောင်းရင်းရှိသည် ဖြစ်၍ ဖြစ်ပေါ်လာ၏။ အကြောင်းမူ ထိုကံစသည်၏ ဖြစ်ခြင်းမှ ရှေး၌ = ကံစသော အကြောင်းတရား မဖြစ်ခင်က မဖြစ်မီက ယင်းပဋိ-သန္ဓေဝိညာဏ်ဟူသော အကြောင်းတရား၏ ထင်ရှားမရှိသေးခြင်းကြောင့်တည်း။ ထို့ကြောင့် ပဲ့တင်သံစသည်တို့သည် ထိုထိုအသံရင်းစသည် ဖြစ်ပေါ်ရာ အရပ်သို့ မသွားမူ၍ ထိုအသံရင်းစသည်လျှင် အကြောင်းရင်း ရှိကုန်သကဲ့သို့ ထိုအတူ ဤပဋိသန္ဓေဝိညာဏ်သည် ကံစသော အကြောင်းတရား၏ တည်ရာအရပ်သို့ မသွားမူ၍ ထိုကံစသည်လျှင် အကြောင်းရင်းရှိသည်၏ အဖြစ်ကြောင့် — ဤပဋိသန္ဓေဝိညာဏ်သည် ကံစသော အကြောင်းတရားတို့၏ ဖြစ်ရာဒေသ ဖြစ်သော ရှေးဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လာသည်လည်း မဟုတ်။ ပဲ့တင်သံစသည်-တို့သည် အသံဖြစ်ရာ အရပ်စသည်မှ မလာကုန်သကဲ့သို့တည်း။ ထိုရှေးဘဝ၌ ပြုစုပျိုးထောင်ခဲ့သော ကံစသော အကြောင်းတရားနှင့် ကင်း၍ ဖြစ်ပေါ်လာသည်လည်း မဟုတ်။ မူလအော်လိုက်သော အသံရင်းစသည်တို့နှင့် ကင်း၍ ပဲ့တင်သံစသည်တို့သည် မဖြစ်ကုန်သကဲ့သို့တည်း။ ဤကား ဆိုလိုရင်း သဘောတည်း။

(မူလဋီ-၂-၁၁၂။)

**တစ်နည်း** — ပဲ့တင်သံစသည်တို့သည် မူရင်းအသံစသည်တို့၏ ဖြစ်ခြင်းမှရှေး၌ (= မူရင်းအသံစသည်တို့၏ မဖြစ်ခင်က) ထင်ရှားမရှိသေးခြင်းကြောင့် ယင်းပဲ့တင်သံစသည်တို့သည် ရှေးမဆွကပင် (မူရင်းအသံစသော) အကြောင်းဖြစ်ရာအရပ်၌ အကြောင်းတရားနှင့် အတူ အညီအညွတ် စုဝေးတည်နေပြီးနောက် အကြောင်းဖြစ်ရာအရပ်မှ အကျိုးဖြစ်ရာအရပ်သို့ မသွားခြင်း (မလာခြင်း)ကဲ့သို့, (= မူလအသံရင်းစသော အကြောင်းရှိရာအရပ်မှ ပဲ့တင်သံစသည်တို့သည် ပြောင်းရွှေ့၍လာသည် မဟုတ်သကဲ့သို့), မူလအသံရင်းစသည်လျှင် အကြောင်းရင်း မရှိသည်လည်း မဟုတ်သကဲ့သို့ = မူလအသံရင်းစသည်လျှင် အကြောင်းရင်း ရှိသည်သာ ဖြစ်သကဲ့သို့ — ဤဥပမာအတူပင် ဤပဋိသန္ဓေဝိညာဏ်သည်လည်း အကြောင်းကံ စသည်နှင့် အတူတကွ အညီအညွတ် ကံစသော အကြောင်းတရား ဖြစ်ရာအရပ်၌ စုဝေးတည်နေပြီးနောက် ထိုအကြောင်းတရား ဖြစ်ရာအရပ်မှ အကျိုးဖြစ်ရာအရပ်သို့ မသွားပေ၊ မလာပေ။ ကံစသော အကြောင်းတရားနှင့် ကင်း၍ မဖြစ်သည်လည်းမဟုတ် ဖြစ်သည်သာ-လျှင်တည်း။ အကြောင်းမူ ထိုကံစသော အကြောင်းတရားတို့ မဖြစ်မီ ရှေးမဆွက ဤပဋိသန္ဓေဝိညာဏ်၏ ထင်ရှားမရှိခဲ့သောကြောင့်ပင် ဖြစ်၏။ (မူလဋီ-၂-၁၁၂။)

**ဆိုလိုရင်းသဘော** — ဤအဖွင့် နှစ်မျိုးတို့၏ ဆိုလိုရင်း အတိုချုပ်မှာ ဤသို့ဖြစ်၏။

၁။ ပဋိသန္ဓေဝိညာဏ်သည် ရှေးဘဝဟူသော ကံစသော အကြောင်းတရား၏ တည်ရာအရပ်၌ အကြောင်းတရားနှင့်အတူ စုဝေးတည်နေပြီးမှ ထိုရှေးဘဝဟူသော ကံစသော အကြောင်းတရား၏ တည်ရာအရပ်မှ အခြားတစ်ပါးသော ဘဝသစ်ဟူသော ဘဝတစ်ပါး၌ ထိုဘဝသစ်သို့ ကပ်ရောက်၍ ထိုကံစသည်လျှင် ဖြစ်ကြောင်းရှိသည်ဖြစ်၍ ဖြစ်ပေါ်လာသည်ကား မဟုတ်။ ကံစသော အကြောင်းတရားကြောင့် ထင်ရှားဖြစ်ပေါ်လာရသော ပဋိသန္ဓေဝိညာဏ်ဟူသော အကျိုးတရားသည် အကြောင်းတရားရှိရာ အရပ်သို့ မကပ်ရောက်သည် ဖြစ်၍သာလျှင် ဖြစ်ပေါ်လာ၏။ — ဤကား ပဌမအဖွင့်၏ ဆိုလိုရင်းတည်း။ (အနုဋီ-၂-၁၂၅။)

၂။ ဤပဋိသန္ဓေဝိညာဏ်သည် ရှေးဦးစွာ ကံစသော မိမိ၏ အကြောင်းတရားနှင့် အညီအညွတ် စုဝေးတည်-နေပြီးနောက် ထိုအကြောင်းတရား၏ တည်ရာအရပ်မှ တစ်ပါးသော ဘဝသစ်အရပ်သို့ သွား၍ အကျိုးတရားအဖြစ်သို့ ကပ်ရောက်သည်ကား မဟုတ်။ ဤကား ဒုတိယအဖွင့်၏ ဆိုလိုရင်းတည်း။ (အနုဋီ-၂-၁၂၅။)

ထိုဖွင့်ဆိုသည့်အတိုင်း ပဋိသန္ဓေဝိညာဏ်သည် အကြောင်းကံစသည်နှင့် အကြောင်းကံစသည် ဖြစ်ရာအရပ်၌ အတူရပ်တည်ပြီး၍ ထိုနောက်မှ ခွာ၍ အကျိုး ပဋိသန္ဓေဖြစ်ရာ အရပ်သို့ မသွားပါဟု မှတ်ပါ။ အကြောင်းရှိရာသို့လည်းမသွား, အကျိုးရှိရာသို့လည်း မလာဟုလိုသည်။

## ဧကတာ – နာနတာ နတ္ထိ

ဘဝဟောင်းက ပြုစုပျိုးထောင်ခဲ့သော အကြောင်းတရားတို့ကြောင့် ဤပဋိသန္ဓေဝိညာဏ် ဖြစ်ရာ၌ ရုပ်သန္တတိအစဉ် နာမ်သန္တတိအစဉ်အားဖြင့် အတိတ်ဘဝ အကြောင်းတရားနှင့် အကျိုး ပစ္စုပ္ပန်ပဋိသန္ဓေကို ဖွဲ့စပ်ထားခြင်းကြောင့် တစ်ခုတည်း၏ အဖြစ်သည်လည်း မရှိ၊ တစ်သီးတစ်ခြား ကွဲပြားသည်၏ အဖြစ်သည်လည်း မရှိ။ (အဘိ-ဌ-၂-၁၅၅။)

တစ်ခုသော ရုပ်နာမ်သန္တာန်အစဉ်အားဖြင့် ဧကတ္တ = တစ်ခုတည်း၏အဖြစ် ရှိပါသော်လည်း အခြားတစ်ပါးသာလျှင် ဖြစ်သော ပဋိသန္ဓေဝိညာဏ်အသစ်၏ ထင်ရှားဖြစ်ပေါ်လာခြင်းကြောင့် တစ်ခုတည်း၏ အဖြစ်သည်လည်း မရှိ။ ရုပ်နာမ်သန္တာန်အစဉ်အားဖြင့် အတိတ်အကြောင်းတရားနှင့် ပစ္စုပ္ပန်အကျိုးတရားတို့သည် ဖွဲ့စပ်လျက် တည်နေခြင်းကြောင့် တစ်သီးတစ်ခြား ကွဲပြားသည်၏ အဖြစ်သည်လည်း မရှိ။ ဆီမီးကဲ့သို့တည်း။ ဆီမီးဟူသည် ဥတုဇ ဩဇဋ္ဌမကရုပ်တို့၏ အပေါင်းအစုသာတည်း။ ဆီမီး၌ ဓာတ်ကြီးလေးပါးကို မြင်အောင် စိုက်ရှုလိုက်နိုင်ပါက ရုပ်ကလာပ်အမှုန်များကိုသာ တွေ့ရှိနိုင်၏။ ရုပ်ကလာပ်တစ်ခုတွင် ပါဝင်သော တေဇောဓာတ် = ဥတုကြောင့် ရုပ်ကလာပ် အသစ်အသစ်တို့ ထပ်ဆင့် ဖြစ်ပွားနေကြသည့် ဩဇာလျှင် (၈)ခုမြောက် ရှိသော ဥတုဇ ဩဇဋ္ဌမကရုပ်အစုတို့သာတည်း။ ယင်းဥတုဇ ဩဇဋ္ဌမကရုပ်တို့သည် ဥပါဒ် ဌီ ဘင် = ဖြစ် တည် ပျက်ဟူသော ခဏငယ် သုံးချက်စေ့က ပျက်သွားကြ၏။ တစ်ခဏသာ သက်တမ်းရှိသော တရားစုတို့တည်း။ အကြောင်း တေဇောဓာတ်၏ ကျေးဇူးပြုပေးမှု အရှိန်အဝါ မကုန်သေးပါက ဤနည်းအတိုင်း အဆက်မပြတ်ဖြစ်နေကြ၏။ တစ်ခဏသာ သက်တမ်းရှိသော ခဏိကဖြစ်သော ဆီမီးလျှံ၏ ဥတုဇရုပ်သန္တာန်အစဉ်အားဖြင့် တစ်ခုတည်းသာ ဖြစ်မှုကို အစွဲပြု၍ "ထိုဆီမီးပင်"ဟူ၍ ခေါ်ဆို၏။ လိုအပ်သော အကျိုးကိစ္စကိုလည်း (= ဆီမီးဖြင့် ပြုလုပ်ရမည့် လိုအပ်သော အကျိုးကိစ္စကိုလည်း) ပြီးစီးစေတတ်၏။ ဤအတူ ဤပဋိသန္ဓေဝိညာဏ်အရာ၌လည်း မှတ်ပါ။ (မဟာဋီ-၂-၃၁၄။)

# ရရှိနိုင်သော အပြစ်

ရုပ်နာမ်သန္တာန်အစဉ်အားဖြင့် အကြောင်းတရားနှင့် အကျိုးတရားကို ဖွဲ့စပ်ထားသည့်အတွက် စင်စစ် တစ်ခုတည်း၏ အဖြစ်သည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသန္တာန်အစဉ်အားဖြင့် ဖွဲ့စပ်ထားသည့်အတွက် တစ်ခုတည်း ဖြစ်ခဲ့သော် = (ဧကတ္တဖြစ်ခဲ့သော်) ရှေးအဖို့ဖြစ်သော နို့ရည်မှ နောက်အဖို့ဖြစ်သော နို့ဓမ်းသည် (= နို့ချဉ်သည်) ကောင်းစွာ ဖြစ်ပေါ်လာသည် မဖြစ်နိုင်တန်လေရာ။ (တစ်ခုတည်းဖြစ်သောကြောင့် နို့ရည် နို့ဓမ်း-၂-မျိုး မဖြစ်နိုင်ရာ ဟူလို။) စင်စစ်ဧကန်အားဖြင့် တစ်သီးတစ်ခြား ကွဲပြားသည်၏အဖြစ်သည် အကယ်၍မူလည်း ဖြစ်ငြားအံ့၊ ဤသို့ (ဧကန္တနာနတ္တ)ဖြစ်ခဲ့သော် နို့ဓမ်းသည် နို့ရည်နှင့် ဆက်စပ်မှုရှိသည် မဖြစ်လေရာ။ အလုံးစုံသော အကြောင်းတရား, အကြောင်းတရားကြောင့် ဖြစ်ပေါ်လာရသော အလုံးစုံသော အကျိုးတရားတို့၌ ဤဆိုအပ်ပြီး-သောနည်းကို မှတ်သားပါ။ (အဘိ-ဋ္ဌ-၂-၁၅၅။)

ဤသို့ — ဧကန္တ ဧကတ္တာ = စင်စစ်တစ်ခုတည်း၏ အဖြစ်, ဧကန္တနာနတ္တာ = စင်စစ် တစ်သီးတစ်ခြား ကွဲပြားသည်၏အဖြစ်သည် ရှိခဲ့သော် သဗ္ဗလောက ဝေါဟာရလောပ = လောက၏ အသုံးအနှုန်းမှန်သမျှ၏ ကျေပျောက် ပျက်စီးခြင်းသည် ဖြစ်လေရာ၏။ ထိုလောက၏ အသုံးအနှုန်းမှန်သမျှ ကျေပျောက် ပျက်စီးခြင်းကိုလည်း အလိုမရှိထိုက်ပေ။ ထိုကြောင့် ဤတစ်ခုတည်းသော ရုပ်နာမ်သန္တာန်အစဉ်၌ = (ရုပ်အစဉ်, နာမ်အစဉ်, ရုပ်နာမ် သန္တာန်အစဉ်၌) စင်စစ် တစ်ခုတည်း၏ အဖြစ်သို့လည်းကောင်း, စင်စစ် တစ်သီးတစ်ခြား ကွဲပြားသည်၏ အဖြစ်သို့လည်းကောင်း ဉာဏ်ဖြင့် မကပ်ရောက်ထိုက်၊ ဤသို့မှတ်သားပါလေ။

**သဗ္ဗလောက ဝေါဟာရလောပ** - ဟူသည် လောကဝေါဟာရ အသုံးအနှုန်းမှန်သမျှ၏ ပျောက်ပျက်ခြင်းတည်း။ ကံစသော အကြောင်းတရားနှင့် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာကြရသော အကျိုးဝိညာဏ်တို့၏ စင်စစ် တစ်ခုတည်း၏ အဖြစ်သည် ရှိလတ်သော် မနုဿဂတိရှိနေသော ပုဂ္ဂိုလ်သည် ဒေဝဂတိသို့ ရောက်ရှိသည် မဖြစ်တော့လေရာ။ ဧကန်အားဖြင့် တစ်သီးတစ်ခြား၏ အဖြစ်သည် ရှိလတ်သော် ကံတရား ထင်ရှားရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ ကံနှင့်လျော်ညီသော အကျိုးတရားသည် မဖြစ်နိုင်တော့လေရာ။ (ကံပြုရာ သန္တာန်အစဉ်အတန်းက တစ်ခြား, အကျိုးပေးရာ သန္တာန်အစဉ်အတန်းက တစ်ခြား ဖြစ်စရာရှိသည် ဟူလို။)

အကြောင်းတရားနှင့် အကျိုးတရားသည် ယင်းသို့ ဧကတာ = တစ်ခုတည်း ဖြစ်လျှင်လည်းကောင်း, နာနတာ = တစ်သီးတစ်ခြား ကွဲပြားသည် ဖြစ်လျှင်လည်းကောင်း,"ငါသည် ရှေးတုန်းက ရောဟိတသာမည်သော ရသေ့ ဖြစ်ခဲ့ပြီ" စသော အသုံးအနှုန်းမျိုး မဖြစ်နိုင်တော့ ဟူလို။ အဘယ်ကြောင့်နည်း — တစ်ခုတည်းဖြစ်လျှင် "ရှေးတုန်းက+ငါ"ဟုပင် မရှိနိုင်။ အသီးအသီး ဖြစ်လျှင် ရောဟိတဿရသေ့လည်း တစ်ခြား ယခုငါလည်း တစ်ခြားပင် ဖြစ်ရကား "ရှေးတုန်းက+ငါ"ဟု မရှိနိုင်။ ထိုကြောင့် "ရတ္တ၏ မျိုးစေ့၊ ရတ္တ၏ အကျိုးတရား" — ဤသို့စသည့် လောကဝေါဟာရ အသုံးအနှုန်းများကဲ့သို့သော လောက အသုံးအနှုန်းဟူသမျှသည် ပျောက်ကွယ်-စရာ ရှိတော့သည် ဟူလိုသည်။

ထိုကြောင့် ဤဘဝဟောင်းက ကံစသော အကြောင်းတရားတို့ကြောင့် ပဋိသန္ဓေဝိညာဏ် အကျိုးတရား ဖြစ်ပေါ်လာရာ၌ ရုပ်နာမ်သန္တာန်အစဉ်အားဖြင့် အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဆက်စပ်မှု ရှိသော-ကြောင့် အကြောင်းတရား, အကြောင်းတရားကြောင့် ဖြစ်သော အကျိုးတရားတို့၌ စင်စစ် ဧကန် အမှန်သာလျှင် ဧကတ္တာ = တစ်ခုတည်း၏ အဖြစ်သို့လည်းကောင်း, နာနတ္တာ = တစ်သီးတစ်ခြား၏ အဖြစ်သို့လည်းကောင်း ဉာဏ်ဖြင့် မကပ်ရောက်ထိုက်ပေ။ (မူလဋီ-၂-၁၁၂။)

ဧတ္တ စ ဧကန္တဧကတာပဋိသေဓေန "သယံ ကတံ သုခံ ဒုက္ခ"န္တိ ဣမံ ဒိဋ္ဌိံ နိဝါရေတိ။ ဧကန္တနာနတာ-ပဋိသေဓေန "ပရံ ကတံ သုခံ ဒုက္ခ"န္တိ။ ဟေတုဟေတုသမုပ္ပန္နဘာဝဝစနေန "အဓိစ္စသမုပ္ပန္န"န္တိ။

(မူလဋီ-၂-၁၁၂။)

ဤဧကတာ နာနတာတို့တွင် ဧကန်တစ်ခုတည်း၏ အဖြစ်ကို တားမြစ်ခြင်းဖြင့် – "သုခကိုလည်းကောင်း, ဒုက္ခကိုလည်းကောင်း မိမိကိုယ်တိုင် ပြုအပ်ခဲ့ပြီ" – ဟူသော ဤသဿတဒိဋ္ဌိ မိစ္ဆာအယူကို တားမြစ်၏။ (အကြောင်းရုပ်နာမ်နှင့် အကျိုးရုပ်နာမ်တို့၏ ရုပ်နာမ်သန္တာန်အစဉ်အားဖြင့် ဖွဲ့စပ်၍ တည်နေကုန်သော အကြောင်း အကျိုး ဓမ္မသဘာဝတို့၌ အကြောင်းအကျိုး နှစ်ရပ်လုံးတို့သည် အနိစ္စတရားတို့ချည်းသာ ဖြစ်ကြသဖြင့် တရားတစ်မျိုးတည်းသာ မဟုတ်ရကား သုခ ဒုက္ခကို တစ်ယောက်တည်း ပြုအပ်သည် မဖြစ်နိုင်။ အကြောင်း တရားတို့လည်း ရုပ်နာမ်အစုအပုံတို့သာ ဖြစ်ကြ၏၊ အနိစ္စတရားတို့သာ ဖြစ်ကြ၏။ အကျိုးတရားတို့လည်း ရုပ်နာမ်အစုအပုံတို့သာ ဖြစ်ကြ၏၊ အနိစ္စတရားတို့သာ ဖြစ်ကြ၏။ ပုဂ္ဂိုလ်သတ္တဝါကား မဟုတ်ကြပေ။ ထိုကြောင့် ထိုသူသည်ပင် ပြုလုပ်၏၊ ထိုသူသည်ပင် ခံစား၏ဟူသော သဿတဒိဋ္ဌိကို တားမြစ်ပြီးဖြစ်သောကြောင့် အကြောင်းနှင့် အကျိုးတို့၏ ဧကန်တစ်ခုတည်း၏ အဖြစ်ကို တားမြစ်ခြင်းဖြင့် – "သုခ ဒုက္ခကို ကိုယ်တိုင် ပြု၏"ဟူသော ဤမိစ္ဆာအယူကို တားမြစ်၏ဟု ဖွင့်ဆိုခြင်း ဖြစ်သည်။) (မူလဋီ-၂-၁၁၂။ အနုဋီ-၂-၁၂၅-၁၂၆။)

အကြောင်းနှင့်အကျိုးတို့၏ ဧကန် တစ်သီးတစ်ခြား၏ အဖြစ်ကို တားမြစ်ခြင်းဖြင့် – "သုခကိုလည်းကောင်း, ဒုက္ခကိုလည်းကောင်း သူတစ်ပါးသည် ပြုအပ်ပြီ" – ဤဥစ္ဆေဒဒိဋ္ဌိ မိစ္ဆာအယူကို တားမြစ်၏။ ပြုသူတစ်ယောက်, ခံစားသူတစ်ယောက်ဟူသော ဥစ္ဆေဒဝါဒကို ပယ်၏။

အကြောင်းတရားရှိမှု, အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရားရှိမှုကို ဆိုခြင်းဖြင့် သုခသည်လည်း-ကောင်း, ဒုက္ခသည်လည်းကောင်း အကြောင်းမရှိဘဲ အလိုလိုဖြစ်၏ဟုယူသော အဓိစ္စသမုပ္ပန္နဝါဒ, သဘာဝအတိုင်း အမြဲဖြစ်နေ၏ဟု ယူသော နိယတိသဘာဝဝါဒကို တားမြစ်ပြီး ဖြစ်၏။ (မူလဋီ-၂-၁၁၂။ အနုဋီ-၂-၁၂၆။)

## မေးမြန်းဖွယ်အချက်

ဤအရာ၌ မေးမြန်းဖွယ်ရှိလာ၏။ ပဋိသန္ဓေဝိညာဏ်၏ ဘဝဟောင်းမှ မပြောင်းခဲ့ဘဲ ဘဝသစ်၌ ထင်ရှား ဖြစ်ခြင်း ရှိခဲ့ပါလျှင် "ဤလူ့အတ္တဘော၌ တည်ရှိကြသော ခန္ဓာတို့သည် ချုပ်ပြီး ဖြစ်ခြင်း, နောက်ဘဝ၌ အကျိုး ပေးတော့မည့် ကံကလည်း ထိုနောက်ဘဝသို့ မသွားခြင်းကြောင့် – ကံကိုပြုသော ပုဂ္ဂိုလ်မှ အခြားတစ်ပါးသော ပုဂ္ဂိုလ်၏ သန္တာန်၌ ထိုသူပြုအပ်သော ကံမှတစ်ပါး အခြားသူပြုအပ်သော ကံကြောင့် ထိုအကျိုးတရားသည် ဖြစ်စရာရှိသည် မဟုတ်ပါလော = (ကံကို ပြုသူတစ်ယောက် ကံ၏အကျိုးကို ခံစားသူတစ်ယောက်, တစ်ယောက်စီ ဖြစ်နိုင်သည် မဟုတ်ပါလော - ဟူလိုသည်။) ကံ၏အကျိုးတရားကို ခံစားတတ်သော ပုဂ္ဂိုလ်သည် မရှိလတ်သော် ခံစားမည့်သူ မရှိလျှင်လည်း အဘယ်သူ၏ သန္တာန်၌ ထိုအကျိုးတရားသည် ဖြစ်စရာ ရှိနိုင်တော့အံ့နည်း။ ထိုကြောင့် "ဧကန္တဧကတာ = စင်စစ် တစ်ခုတည်း၏ အဖြစ်သို့, ဧကန္တနာနတာ = စင်စစ် တစ်သီးတစ်ခြား၏ အဖြစ်သို့ မရောက်ထိုက် – ဟူသော ဆိုအပ်ပြီးသော ဤအစီအရင်သည် မကောင်းပါ"ဟု ဤသို့ စောဒနာလာ၏။

စောဒကအာဘော်ကား – ပဋိသန္ဓေဝိညာဏ်သည် ဘဝဟောင်းမှ ဘဝသစ်သို့ မပြောင်းခဲ့သော် ဘဝ-ဟောင်း၌လည်း ခန္ဓာအပေါင်း၏ ချုပ်ပြီးဖြစ်ရကား, ဘဝသစ်၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်စသော အကျိုး တရား၏ အကြောင်းဖြစ်သော ကံသည်လည်း ဘဝသစ်အကျိုးဖြစ်ရာသို့ မသွားခဲ့ရကား (မရောက်လာခဲ့ရကား), ကံပြုသူကား တစ်ယောက်, ကံ၏ အကျိုးကို ခံစားသူကား တစ်ယောက်ဖြစ်၍ ကံပြုသူမှ တစ်ပါးသော သူအား ထိုအကျိုးသည် ဖြစ်ရာသလော၊ အကြင်ကံကို ဤဘဝ၌ ဖြစ်စေအပ်၏၊ ထိုကံလည်း မသွားခဲ့သောကြောင့်

ထိုဖြစ်စေအပ်သော ကံမှ အခြားတစ်ပါးသော ကံကြောင့် ဘဝသစ် အကျိုးသည် ဖြစ်ရာသလော၊ ရူပါရူပဓမ္မမတ္တံ ဥပ္ပဇ္ဇမာနံ ဘဝန္တရမုပေတိ။ (ဝိသုဒ္ဓိ-၂-၁၈၆။) = ရုပ်နာမ်ဓမ္မ အစုအပုံမျှသည်သာလျှင် ဖြစ်ဆဲဖြစ်လျက် ဘဝတစ်ပါးသို့ ကပ်ရောက်၏ — န သတ္တော န ဇီဝေါ = ပုဂ္ဂိုလ်သတ္တဝါသည်လည်းကောင်း ဇီဝအတ္တသည် လည်းကောင်း ကပ်ရောက်သည်မဟုတ်ဟု ဆိုခဲ့သောကြောင့် ဓမ္မအစုသည်လည်း မခံစားတတ်၊ အကျိုးကို ခံစားတတ်သော သတ္တဇီဝလည်း မရှိခဲ့သော် ထိုဘဝသစ်အကျိုးကို အဘယ်သူသည် ခံစားပါမည်နည်း၊ ခံစားသူ မရှိခဲ့သော် ထိုအကျိုးတရားသည်လည်း အဘယ်သူအား ဖြစ်ပါမည်နည်း၊ ထိုကြောင့် ဧကန္တဧကတာ, ဧကန္တ-နာနတာသို့ မရောက်ထိုက်ဟူသော ဤအစီအရင်သည် မကောင်းပါဟု ဆိုလိုသည်။

> သန္တာနေ ယံ ဖလံ ဧတံ၊ နာညဿ န စ အညတော။
> ဗီဇာနံ အဘိသင်္ခါရော၊ ဧတဿတ္ထဿ သာဓကော။ (အဘိ-ဋ္ဌ-၂-၁၅၅။)

ဤစိစစ်စောကြောလာရာ၌ ပညာရှိသူတော်ကောင်းသည် ဤအဖြေကို ဆိုအပ်ပေ၏ — အကြင်တရား အစုအပုံဟူသော ခန္ဓာအစဉ်၌ ကံတရားသည် ထင်ရှား ဖြစ်ပေါ်ခဲ့၏။ ထိုတရားအစုအပုံဟူသော တစ်ခုတည်းသော ခန္ဓာအစဉ်၌ ကံ၏ အကျိုးတရားသည် ထင်ရှား ဖြစ်ပေါ်လာသည်ရှိသော် ထိုကံဖြစ်ရာ တစ်ခုတည်းသော တရား အစုအပုံဟူသော ခန္ဓာအစဉ်၌ စင်စစ် တစ်ခုတည်း၏ အဖြစ်, တစ်သီးတစ်ခြား ကွဲပြားကုန်သည်၏ အဖြစ်တို့ကို တားမြစ်အပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့် ကံပြုသူမှ တစ်ပါးသော အခြားသောပုဂ္ဂိုလ်၏ သန္တာန်၌ ထိုအကျိုး-တရားသည် ဖြစ်၏ဟုလည်းကောင်း, ဖြစ်စေအပ် ပြုစုပျိုးထောင်ခဲ့အပ်သော ကံမှ တစ်ပါးသော ကံကြောင့် တစ်နည်း အခြားသူ ပြုအပ်သော ကံကြောင့် ထိုအကျိုးတရားသည် ဖြစ်ပေါ်လာ၏ဟုလည်းကောင်း ဤသို့ ဆိုထိုက်သည်ကား မဖြစ်ပေ။ မျိုးစေ့တို့ကို ပြုပြင်စီရင်ခြင်းသည် ဤဆိုအပ်ခဲ့သော စကား၏ အနက်အဓိပ္ပါယ်ကို ပြီးစီးစေတတ်၏။

**ပြုပြင်ပုံ** — သရက်စေ့မှ သာ၍ချိုသော အသီးရှိသော သရက်ပင် ပေါက်လာဖို့ရန် သရက်စေ့ကို စတုမဓု-ရည်ထဲ၌ စိမ်သောအားဖြင့် ဓာတ်ခိုး ဓာတ်ငွေ့များကို ထုံစေရ၏။ အချိုရည်များကို သွန်းလောင်းပေးရ၏။ နီမြန်းသော အမွှာ အသား အဆံ ဖြစ်စေရန် ရှောက်စေ့ကို (တစ်နည်း ရှောက်ပန်းသီးမျိုးစေ့ကို) ချိပ်ရည်ဖြင့် သွန်းလောင်းသောအားဖြင့် ထုံစေရ၏။ ဤသို့ ထုံစေခြင်းကို မျိုးစေ့တို့ကို ပြုပြင်ခြင်းဟု ဆိုသည်။
(မူလဋီ-၂-၁၁၂။ မဟာဋီ-၂-၃၁၅။)

အရသာမကောင်းအောင် ထုံစေခြင်းလည်း ရှိသေး၏ — သရက်ပင်၏ အနီးအပါး၌ ခါးတောက်မြစ် = (ခွေးတောက်မြစ်)ကို စိုက်လျှင် ထိုသရက်ပင်၏ အသီး၏ အရသာသည် ပျက်စီးနိုင်၏ဟု ဒုကနိပါတ် ဒဓိဝါဟန ဇာတ်တော်၌ ဆိုသည် — ခါးတောက်မြစ်ယှက်, စိုက်ရောဖက်သား, သရက်ပင်မင်း, သီးချိုကင်းသို့ —
(စတုဓမ္မသာရကိုးခန်းပျို့။)

**မာတုလုင်** — မာတုလုင်ကို ရှောက်ဟုပင် ဘာသာပြန်ဆိုတော်မူကြ၏။ သို့သော် မဟာစည်ဆရာတော်-ဘုရားကြီးက မိမိ၏ မဟာဋီကာနိဿယတွင် အောက်ပါအတိုင်း မှတ်ချက်ချထား၏ —

ဤဋီကာစကားရပ်သည် မူလဋီကာဆရာ၏ စကားများပင် ဖြစ်သည်။ ဤစကားရပ်တို့၌ မာတုလုင် မည်သော အသီး၏ နီသောအမွှာအဆံ ရှိကြောင်းကို ပြဆိုထားသောကြောင့် သီဟိုဠ်ဆရာတို့၏ အလိုအားဖြင့် မာတုလုင်ဟူသည်မှာ ရှောက်ပန်းသီး ကျွဲကောသီးပင် ဖြစ်ကြောင်း ထင်ရှား၏။ (မဟာဋီကာနိဿယ-၄-၁၁၅။)

ဤသို့လျှင် သရက်မျိုးစေ့ စသည်တို့ကို ပြုပြင်စီရင်မှုတို့ကို ပြုအပ်ပြီးကုန်သော် ထိုမျိုးစေ့၏ သန္တာန်အစဉ်၌ ရအပ်ပြီးသော ပြုပြင်မှု အကြောင်းအထောက်အပံ့ ရှိသည်ဖြစ်၍ ပြုပြင်ရာကာလမှ အခြားတစ်ပါးသော ကာလ၌

အသီးဟူသော အကျိုးထူးသည် ဖြစ်ပေါ်လာလတ်သော် အခြားမျိုးစေ့တို့အတွက် ဖြစ်သည်ကားမဟုတ် = သရက်မျိုးစေ့မှ တစ်ပါးသော အခြားသော မျိုးစေ့တို့၏ အသီးကား မဟုတ်။ အခြားတစ်ပါးသော မျိုးစေ့ကို ပြုပြင်ခြင်းတည်းဟူသော အကြောင်းကြောင့်လည်း ထိုချိုသော သရက်သီးဟူသော အကျိုးသည် ဖြစ်ပေါ်လာသည်လည်း မဟုတ်။ ထိုမျိုးစေ့တို့သည်လည်းကောင်း, ထိုပြုပြင်စီရင်ခြင်းတို့သည်လည်းကောင်း ရောက်လည်း မရောက်ကုန်။ ဤဥပမာအတူ မချွတ်မယွင်း ပြီးစီးခြင်းရှိသော ဤ ဥပမာနကို သိရှိအပ်ပေ၏။ (အဘိ-ဋ္ဌ-၂-၁၅၅-၁၅၆။)

ဤစကားရပ်၌ —

၁။ မျိုးစေ့နှင့် ကံရှိသော သတ္တဝါသည် တူ၏။

၂။ မျိုးစေ့ကို ပြုပြင်ခြင်းနှင့် ကံသည် တူ၏။

၃။ မျိုးစေ့၏ အညှောက် ပင်စည် အခက် အရွက်စသော အစဉ်အဆက်နှင့် သတ္တဝါ၏ ပဋိသန္ဓေဝိညာဏ်စသော ခန္ဓာအစဉ်အဆက်သည် တူ၏။

၄။ ထိုအညှောက် ပင်စည် စသည်အားဖြင့် ဖြစ်သော သစ်ပင်၏ ရုပ်သန္တတိအစဉ်၌ ကျရောက်ဖြစ်ပေါ်လာသော ချိုမြိန်သော အခွံအတွင်း၌ နီမြန်းသော အဆံအမြွာ၏သော်လည်းကောင်း, ချိုမြိန်သော အသီး၏သော်-လည်းကောင်း, ထိုမျိုးစေ့၏သာလျှင်လည်းကောင်း, ထိုမျိုးစေ့ကို ပြုပြင်ခြင်းကြောင့်သာလျှင်လည်းကောင်း ဖြစ်ခြင်းကဲ့သို့ ကံကို ပြုသူသာလျှင် ဖြစ်သော သတ္တဝါ၏ သန္တာန်၌လည်းကောင်း, ထိုကံကြောင့်သာလျှင်လည်းကောင်း အကျိုး၏ ဖြစ်ခြင်းသည် တူ၏။ (မူလဋီ-၂-၁၁၂-၁၁၃။)

ကလေးဘဝက စိတ်မှုပညာ နှုတ်မှုပညာ လက်မှုပညာ အတတ်တို့ကို သင်ယူခဲ့၏။ ကလေးဘဝက ကျန်းမာရေးအတွက် ဆေးဝါးတို့ကို မှီဝဲသုံးစွဲခဲ့၏။ ကလေးဘဝက စိတ်မှု နှုတ်မှု လက်မှုပညာတို့ကို သင်ယူခြင်း, ဆေးဝါးတို့ကို မှီဝဲသုံးစွဲခဲ့ခြင်းတို့သည် ကြီးရင့်သော ကိုယ်သို့ လိုက်ပါ၍ကား မလာကြကုန်၊ ထိုသို့ လိုက်ပါမလာကြကုန်ပါဘဲလျက် ထိုစိတ်မှု နှုတ်မှု လက်မှုပညာတို့ကို သင်ယူခြင်း ဆေးဝါးတို့ကို မှီဝဲခြင်းလျှင် အကြောင်းရင်းရှိသော စိတ်မှု နှုတ်မှု လက်မှုပညာ၏ ထက်မြက်စူးရှသည်၏ အဖြစ်သည်လည်းကောင်း, စိတ်မှု နှုတ်မှု လက်မှုပညာ အတတ်ကို တတ်ခြင်း ကျွမ်းကျင်ခြင်းသည်လည်းကောင်း အနာရောဂါမရှိသည်၏ အဖြစ်သည်လည်း-ကောင်း အသက်အရွယ် ကြီးရင့်လာသော ခန္ဓာကိုယ်၌ ဖြစ်ပေါ်လာ၏။ (အတတ်ပညာများကို လေ့ကျက်ပါများပါက ကျွမ်းကျင်လာမှုမျိုးတည်း။) ထိုအကျိုးတရားသည် အခြားသူ၏ သန္တာန်၌ ဖြစ်ပေါ်လာသည်ကား မဟုတ်။ အဘယ့်ကြောင့်နည်းဟူမူ — ငယ်စဉ်က အတတ်ပညာ သင်ကြားခဲ့သည့် ငယ်စဉ်က ဆေးဝါးကို မှီဝဲခဲ့သည့် ထိုရုပ်နာမ်သန္တာန်အစဉ်၌ အကျုံးဝင်သည်သာလျှင် ဖြစ်သော အသက်အရွယ်ကြီးရင့်လာသော ခန္ဓာကိုယ်၌သာလျှင် (= အသက်အရွယ် ကြီးရင့်ခြင်းသို့ ရောက်ရှိလာသော ရုပ်နာမ်ခန္ဓာအစဉ်၌သာလျှင်) ထိုအကျိုးတရားသည် ဖြစ်ပေါ်လာခြင်းကြောင့်တည်း။

သည်မျှသာမကသေး အကြင် အကြင် လေ့ကျင့်ခဲ့သော ယှဉ်စပ်သုံးစွဲခဲ့သော စိတ်မှု နှုတ်မှု လက်မှုပညာကို သင်ခြင်း ဆေးဝါးမှီဝဲခြင်း အစရှိသည်နှင့် ကင်း၍ အခြားသော အကြောင်းတရားကြောင့် ထိုအကျိုးတရားသည် ဖြစ်ပေါ်လာသည်လည်း မဟုတ်ပေ။ အဘယ်ကြောင့်နည်းဟူမူ — ထိုစိတ်မှု နှုတ်မှု လက်မှုပညာတို့ကို သင်ယူ-ခဲ့ခြင်း, ဆေးဝါးမှီဝဲခဲ့ခြင်း စသည်တို့ မရှိလတ်သော် ထိုစိတ်မှု နှုတ်မှု လက်မှုပညာတို့၌ ဉာဏ်၏ ထက်မြက်ခြင်း တတ်မြောက်ခြင်း ကျွမ်းကျင်ခြင်း ကျန်းမာခြင်းစသည်တို့၏ မရှိခြင်းကြောင့်တည်း။

ဤဥပမာအတူ ဤကံကြောင့် ပဋိသန္ဓေဝိညာဏ် ဖြစ်ရာ၌လည်း ရုပ်နာမ်ခန္ဓာအစဉ်၌ အကြင် အကျိုးတရားသည် ရှိ၏၊ ဤအကျိုးတရားသည် အခြားသူ၏ သန္တာန်၌ ဖြစ်သည်လည်းမဟုတ်၊ အခြားသူပြုအပ်သော

ကံကြောင့်လည်း ဖြစ်သည်ကားမဟုတ်၊ ဤသို့သော အနက်အဓိပ္ပါယ်ကို ယူဉ်စေထိုက်၏။

သည်မျှသာမကသေး — န အညတော = အခြားသူ ပြုအပ်သော ကံကြောင့် ဖြစ်သည်မဟုတ် — ဟူသော ဤစကားရပ်ဖြင့် အကြောင်း သင်္ခါရတရားတို့၏ မရှိခြင်းသည် ဖြစ်လတ်သော် အကျိုးဖြစ်သော ပဋိသန္ဓေဝိညာဏ်စသော ဝိပါက်ဝိညာဏ်၏ မရှိခြင်းကိုသာလျှင် ညွှန်ပြ၏။ (ဂတိ ဥပဓိ ကာလ ပယောဂဟူသော) အခြားသော အကြောင်းတရားကို တားမြစ်ခြင်းကို မပြုဟု မှတ်ပါ။ (မူလဋီ-၂-၁၁၃။)

## အကျိုးကို ခံစားတတ်သူ

ဖလဿုပ္ပတ္တိယာ ဧဝ၊ သိဒ္ဓါ ဘုဉ္ဇကသမ္မုတိ။
ဖလုပ္ပါဒေန ရုက္ခဿ၊ ယထာ ဖလတိ သမ္မုတိ။ (အဘိ-ဋ္ဌ-၂-၁၅၆။)

"ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိ"ဟု တရားတော်အရ ပုဂ္ဂိုလ်သတ္တဝါကို ပယ်ပြီးဖြစ်၏၊ ထိုသို့ မရှိလျှင် ကံစသော အကြောင်းတရားကြောင့် ထင်ရှားဖြစ်ပေါ်လာရသော ထိုအကျိုးတရားသည် အဘယ်သူ၏ အကျိုးတရား ဖြစ်နိုင်ပါသနည်း၊ အဘယ်သူ၏ အပေါ်၌ ဖြစ်မည်နည်း၊ —

**အဖြေ** — သစ်ပင်ဟု သမ္မုတိသစ္စာနယ်၌ ခေါ်ဝေါ်ပညတ်အပ်ကုန်သော ဥတုဇဩဇဋ္ဌမကရုပ်တရား အဆက်အဆက်တို့၏ တစ်စိတ်တစ်ဒေသ ဖြစ်၍ ဖြစ်သော သစ်သီး၏ (= သစ်သီးဟု ခေါ်ဆိုအပ်သော ဥတုဇ-ဩဇဋ္ဌမက ရုပ်တရားအပေါင်း၏) ဖြစ်ခြင်းကြောင့်သာလျှင် သစ်ပင်ကို အသီး သီး၏ ဟူ၍လည်းကောင်း, ဖြစ်သောအသီး ရှိ၏ ဟူ၍လည်းကောင်း ဆိုအပ်သကဲ့သို့ ထို့အတူ နတ်လူဟု ခေါ်ဝေါ် ပညတ်အပ်ကုန်သော ရုပ်နာမ်ခန္ဓာတို့၏ တစ်စိတ်တစ်ဒေသ ဖြစ်၍ ဖြစ်သော သုံးဆောင်ခံစားဖွယ်ဟု ခေါ်ဆိုအပ်သော ချမ်းသာ ဆင်းရဲဟူသော အသီး၏ (= ချမ်းသာ ဆင်းရဲဟူသော အကျိုးတရား၏) ဖြစ်ပေါ်လာခြင်းကြောင့်သာလျှင် နတ်ကို သော်လည်းကောင်း, လူကိုသော်လည်းကောင်း သုံးဆောင်ခံစားတတ်၏ ဟူ၍သော်လည်းကောင်း, ဖြစ်သော ချမ်းသာခြင်း ရှိ၏ ဟူ၍သော်လည်းကောင်း, ဖြစ်သောဆင်းရဲခြင်းရှိ၏ ဟူ၍သော်လည်းကောင်း ခေါ်ဆိုအပ်၏။ ထိုကြောင့် ဤတစ်ခုသော ခန္ဓာအစဉ်၌ အကျိုးတရား ဖြစ်ခြင်းမှ အခြားသော သုံးဆောင်ခံစားတတ်သူ မည်သော ပုဂ္ဂိုလ်သတ္တဝါဖြင့် တစ်စုံတစ်ခုသော အကျိုးတရားသည် မရှိနိုင်။ ဤသို့ မှတ်သားပါ။ (အဘိ-ဋ္ဌ-၂-၁၅၆။)

[ခံစားတတ်သူ ပုဂ္ဂိုလ်သတ္တဝါဟူ မရှိပါ၊ ရုပ်နာမ်ခန္ဓာ အစဉ်သန္တာန် တစ်ခု၌ ကံစသော အကြောင်းတရားနှင့် ထိုကံ၏ အကျိုးအဖြစ်ဖြင့် ရုပ်နာမ်သာရှိ၏၊ ထိုသို့ အကျိုးရုပ်နာမ် ဖြစ်လာသောအခါ "ခံစားတတ်သူ" ဟူသော နာမည်ပညတ်သည် အလိုလို ပြီးစီးတော့သည်ဟု ဆိုလိုသည်။ တစ်နည်း — တစ်ခုသော ရုပ်နာမ်ခန္ဓာအစဉ်-သန္တာန်၌ ကုသိုလ်စေတနာ အကုသိုလ်စေတနာဖြစ်သည်ရှိသော် — ပုညံကရောတိ = ကောင်းမှုကုသိုလ်ကို ပြုလုပ်၏၊ အပုညံကရောတိ = မကောင်းမှုအကုသိုလ်ကို ပြုလုပ်၏ဟု ပြုလုပ်တတ်သူ ဝေါဟာရသည် ဖြစ်ပေါ်လာ သကဲ့သို့ ထိုအတူ ထိုကုသိုလ် အကုသိုလ်၏ အကျိုးတရားသည် ထင်ရှားဖြစ်လတ်သော် သုခံ အနုဘဝတိ = ချမ်းသာကို ခံစား၏၊ ဒုက္ခံ အနုဘဝတိ = ဆင်းရဲကို ခံစား၏ — ဟု "ခံစားတတ်သူ" — ဟူသော အမည်နာမ ပညတ်သည် အလိုလို ပြီးစီးတော့သည်ဟု ဆိုလိုသည်။ (မဟာဋီ-၂-၃၁၅။)]

ထိုကြောင့် ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါကို ရှာဖွေနေခြင်းသည် အကျိုးမရှိဟုသာ မှတ်သားပါလေ။

## သင်္ခါရ၏ ထင်ရှား ရှိမှု မရှိမှု

သာသနာပ အယူအဆရှိသူ ပရဝါဒီပုဂ္ဂိုလ်တစ်ဦးသည် ဤသို့ ပြောဆိုလာပြန်၏ — ဤသို့ ပဋိသန္ဓေဝိညာဏ်သည် တစ်ဘဝမှ တစ်ဘဝသို့ မပြောင်းရွှေ့ဘဲ ကံစွမ်းအားကြောင့် ထင်ရှားဖြစ်ပေါ်လာခြင်းနှင့် ထိုသို့ ဖြစ်ရာ၌ ပေါ်လာမည့် စောဒနာကို ဖြေရှင်း ပြီးမြောက်ခြင်းသည် ထင်ရှားရှိပါသော်လည်း ဤဝိပါက်ဝိညာဏ်ကို ဖြစ်စေတတ်ကုန်သော ဤသင်္ခါရတရားတို့သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားရှိကုန်သည် ဖြစ်၍မူလည်း အကျိုး၏ အကြောင်းတို့သည် ဖြစ်ကုန်ရာသလော၊ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိကုန်မူ၍လည်း အကျိုး၏ အကြောင်းတို့သည် ဖြစ်ကုန်ရာသလော၊

သင်္ခါရတို့သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားရှိနေကုန်စဉ်မှာပင် အကျိုး၏အကြောင်းတို့သည် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ဤသို့ ဖြစ်လတ်သော် သင်္ခါရတို့၏ ဖြစ်နေဆဲ ခဏ၌ပင်လျှင် ထိုသင်္ခါရတို့၏ အကျိုးဝိပါက်သည် ဖြစ်ရာရောက်၏။ ထိုသို့ မဟုတ်ဘဲ သင်္ခါရတို့သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား မရှိကုန်မှသာလျှင် ဤသင်္ခါရတို့သည် အကျိုး၏ အကြောင်းတို့သည် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ဤသို့ ဖြစ်လတ်သော် သင်္ခါရတို့၏ ဖြစ်ဆဲခဏမှ (= ကံကို အားထုတ်ဆဲ ခဏမှ) ရှေး၌ လည်းကောင်း, (အကျိုးကို ဖြစ်စေခြင်း ရင့်စေခြင်း မှည့်စေခြင်း ကျက်စေခြင်း၏ ဖြစ်ခြင်းမှ) နောက်၌လည်းကောင်း, အမြဲ အကျိုးကို ရွက်ဆောင်ထားကြကုန်သည် ဖြစ်ကုန်ရာ၏ — ဤသို့လျှင် အကြင် အယူမညီ ပရဝါဒီပုဂ္ဂိုလ်သည်လည်း ပြောဆိုလေရာ၏။ ထိုပရဝါဒီပုဂ္ဂိုလ်ကို သာသနာတွင်း အယူအဆရှိသောပုဂ္ဂိုလ်သည် ဤဆိုလတ္တံ့သောနည်းဖြင့် ဆိတ်ဆိတ်မနေ ဖြေဆိုထိုက်ပေ၏။

> ကတတ္တာ ပစ္စယာ ဧတေ၊ န စ နိစ္စံ ဖလာဝဟာ။
> ပါဋိဘောဂါဒိကံ တတ္ထ၊ ဝေဒိတဗ္ဗံ နိဒဿနံ။ (အဘိ-ဋ္ဌ-၂-၁၅၆။)

သင်္ခါရတို့သည် ပြုအပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် = ပြုပြီးပါမှသာလျှင် မိမိ၏ အကျိုးတရား၏ အကြောင်းတရားတို့သည် ဖြစ်နိုင်ကြကုန်၏။ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း အကျိုး၏ အကြောင်းတို့သည် = အကျိုးအား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်ကုန်သည်ကား မဟုတ်ကုန်။

ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ။ (အဘိ-၁-၁၀၄။)

ကာမာဝစရ ကုသိုလ်ကံကို ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် ဆည်းပူးအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် အကျိုးဖြစ်သော စက္ခုဝိညာဏ်သည် ဥပါဒ်-ဌီ-ဘင်အားဖြင့် ထင်ရှားဖြစ်ပေါ်လာ၏။ (အဘိ-၁-၁၀၄။)

ဤစကားတော်ကို ဘုရားရှင်သည် ဟောကြားထားတော်မူ၏၊ တစ်ဖန် — ထိုက်တန်သည်အားလျော်သော မိမိအကျိုးတရား၏ အကြောင်းတရားတို့ ဖြစ်ပြီး၍ (= ထိုက်ထိုက်တန်တန် အကျိုးပေးပြီး၍) နောက်ထပ်တစ်ဖန် အကျိုးကို ဆောင်နိုင်ကုန်သည် (= နောက်ထပ် ထပ်၍ အကျိုးပေးကုန်သည်) မဖြစ်ကြကုန်။ အဘယ်ကြောင့်နည်းဟူမူ ဖြစ်စေအပ်ပြီး ရင့်ကျက်စေအပ်ပြီးသော အကျိုးရှိကုန်သည်၏ အဖြစ်ကြောင့်တည်း = အကျိုးပေးပြီးကုန်သည်၏ အဖြစ်ကြောင့်တည်း။

ဘဏ္ဍာကို ဝယ်ယူလျှင် ဘဏ္ဍာဖိုးကို ပြန်၍ ပေးရ၏။ ကြွေးကိုယူလျှင် အတိုးနှင့်တကွ ကြွေးကို ပြန်ဆပ်ရ၏။ ထိုကြောင့် ဘဏ္ဍာကို ဝယ်ခြင်းသည်ပင် “အဖိုးပေးပါမည်”ဟု အာမခံရာ ရောက်၏၊ အကြွေးယူခြင်းသည်ပင် “ပြန်၍ဆပ်ပါမည်”ဟု အာမခံရာ ရောက်၏။ ထိုသူ၏ အာမခံမှုကို ပြုရုံသာလျှင် ကြွေးဆပ်ဖို့အတွက် အကြောင်း

ဖြစ်သည်၊ ထိုအာမခံခြင်း ကြိယာ၏ ထိုအခိုက်၌ ထင်ရှားရှိခြင်း မရှိခြင်းမှာ လိုရင်းမဟုတ်ပေ။

ဤဥပမာအတူပင် ပြုအပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် ကံဟူသော သင်္ခါရတို့သည်လည်း မိမိ၏ အကျိုးတရား၏ အကြောင်းတရားတို့သည် ဖြစ်ကြကုန်၏။ သည်မျှသာမကသေး — ထိုက်သည့်အားလျော်စွာ အကျိုးပေးပြီးရာအခါမှ နောက်၌လည်း အကျိုးကို ရွက်ဆောင်ထားကုန်သည် မဖြစ်ကုန်။ ဤသို့ မှတ်သားပါ။ (အဘိ-ဋ္ဌ-၂-၁၈၈-၁၈၉။)

ကံဟူသော သင်္ခါရတို့သည် ထိုက်တန်သော အကျိုးကို ပေးပြီးရာကာလမှ နောက်၌ ခန္ဓာအစဉ်ဝယ် ကံအဖြစ်ဖြင့် ဆက်၍ တည်ကြတော့သည် မဟုတ်၊ ကြွေးဆပ်ပြီးသောအခါ အာမခံသူသည် ဆက်လက်၍ တာဝန်ကို မဆောင်ယူရတော့သကဲ့သို့ အကျိုးပေးပြီးသည့် ကံတို့သည် ထပ်မံ၍ အကျိုးပေးဖို့ရန် တာဝန်ကို မထမ်းဆောင်ကြရတော့ချေ။ ထို့ကြောင့် "အပရာပရိယဝေဒနီယကံသည် ကံကို ထူထောင်သည့်ဘဝမှ စ၍ ရေတွက်သော် တတိယမြောက်ဘဝမှ စ၍ နိဗ္ဗာန်မရမီအထိ အကျိုးပေးသည်"ဟု ဆိုသော်လည်း ဆိုင်ရာ အကျိုးကို မပေးရသေးလျှင်သာ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် လိုက်သည်၊ ဆိုင်ရာ အကျိုးကိုပေးပြီး ဖြစ်လျှင်ကား နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် မလိုက်နိုင်ဟု မှတ်ပါ။ သို့သော် ကံတစ်ခုကို ပြုစုပျိုးထောင်နေရာ၌ ပုဗ္ဗစေတနာ, မုဉ္စစေတနာ = သန္နိဋ္ဌာပကစေတနာ, အပရစေတနာဟု မပြုမီ, ပြုဆဲ, ပြုပြီး အချိန်ပိုင်းတို့၌ စေတနာပေါင်း ကုဋေပေါင်းများစွာကား ဖြစ်နိုင်၏။ ထိုစေတနာပေါင်းများစွာတို့ဝယ် အကျိုးပေးပြီး စေတနာတို့က နောက်ထပ် ထပ်၍ အကျိုးမပေးတော့သော်လည်း အကျိုးမပေးရသေးသော စေတနာတို့က အခါအခွင့်သင့်က သင့်ရာဘဝတွင် အကျိုးကိုကား ဖြစ်စေနိုင်သည်သာဟုလည်း မှတ်သားပါလေ။

## သမင်္ဂီ (၅) ပါး = သမင်္ဂိတာ (၅) ပါး

ကံအကြောင်းတရားပိုင်းတွင် သမင်္ဂီ (၅)ပါးတို့၏ အကြောင်းကိုလည်း နားလည်ထားသင့်ပေသည်။ ကံတစ်ခုကို အပြည့်အစုံ အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်ကို သမင်္ဂီဟု ခေါ်ဆို၏။ ကံတစ်ခုကို ပြည့်ပြည့်စုံစုံ အားထုတ်ခြင်းရှိသူ (သမင်္ဂီ) ဖြစ်ဖို့ရန် ပြည့်ပြည့်စုံစုံ ဖြစ်ပေါ်လာသော ဖြစ်ကြောင်းဖြစ်ရာ တရားစုသည် သမင်္ဂိတာ မည်၏။ ထိုသမင်္ဂိတာသည် (၅)မျိုးရှိ၏၊ —

**သမင်္ဂီ**တိ ပဉ္စဝိဓာ သမင်္ဂိတာ အာယူဟနသမင်္ဂိတာ, စေတနာသမင်္ဂိတာ, ကမ္မသမင်္ဂိတာ, ဝိပါကသမင်္ဂိတာ, ဥပဋ္ဌာနသမင်္ဂိတာတိ။ (အဘိ-ဋ္ဌ-၂-၄၁၉။)

၁။ အာယူဟနသမင်္ဂိတာ,
၂။ စေတနာသမင်္ဂိတာ,
၃။ ကမ္မသမင်္ဂိတာ,
၄။ ဝိပါကသမင်္ဂိတာ,
၅။ ဥပဋ္ဌာနသမင်္ဂိတာ — ဟူ၍ သမင်္ဂိတာ (၅)မျိုး ရှိ၏။

တတ္ထ ကုသလာကုသလကမ္မာယူဟနက္ခဏေ **အာယူဟနသမင်္ဂိတာ**တိ ဝုစ္စတိ၊ တထာ **စေတနာသမင်္ဂိတာ**။ ယာဝ ပန အရဟတ္တံ န ပါပုဏန္တိ၊ တာဝ သဗ္ဗေပိ သတ္တာ ပုဗ္ဗေ ဥပစိတံ ဝိပါကာရဟံ ကမ္မံ သန္ဓာယ ကမ္မသမင်္ဂိနောတိ ဝုစ္စန္တိ။ ဧသာ **ကမ္မသမင်္ဂိတာ**။ **ဝိပါကသမင်္ဂိတာ** ပန ဝိပါကက္ခဏေယေဝ ဝေဒိတဗ္ဗာ။ ယာဝ ပန သတ္တာ အရဟတ္တံ န ပါပုဏန္တိ၊ တာဝ တေသံ တတော တတော စဝိတွာ နိရယေ တာဝ ဥပပဇ္ဇမာနာနံ အဂ္ဂိဇာလလောဟကုမ္ဘိအာဒီဟိ ဥပဋ္ဌာနာကာရေဟိ နိရယော, ဂဗ္ဘသေယျကတ္တံ အာပဇ္ဇမာနာနံ မာတုကုစ္ဆိ, ဒေဝေသု

ဥပပ္ပဇ္ဇမာနာနံ ကပ္ပရုက္ခဝိမာနာဒီဟိ ဥပဋ္ဌာနာကာရေဟိ ဒေဝလောကောတိ ဧဝံ ဥပ္ပတ္တိနိမိတ္တံ ဥပဋ္ဌာတိ၊ ဣတိ နေသံ ဣမိနာ ဥပ္ပတ္တိနိမိတ္တုပဋ္ဌာနေန အပရိမုတ္တတ္တာ **ဥပဋ္ဌာနသမင်္ဂိတာ နာမ**။ (အဘိ-ဋ္ဌ-၂-၄၁၉-၄၂၀။)

ပုဗ္ဗဘာဂေ အာယူဟနဝသေန **အာယူဟနသမင်္ဂိတာ,** သန္နိဋ္ဌာနစေတနာဝသေန **စေတနာသမင်္ဂိတာ** စ ဝေဒိတဗ္ဗာ၊ သန္တတိခဏဝသေန ဝါ။ **ဝိပါကာရဟာ**န္တိ ဒုတိယဘဝါဒီသု ဝိပစ္စနပကတိတံ သန္ဓာယ ဝဒတိ။

(မူလဋီ-၂-၂၁၀။)

**သန္တတိခဏဝသေနာ**တိ သန္တတိဝသေန အာယူဟနသမင်္ဂိတာ, သပုဗ္ဗပစ္ဆာဘာဂဿ ဂဟဏဝသေန စေတနာက္ခဏဝသေန စေတနာသမင်္ဂိတာတိ ယောဇေတဗ္ဗာ။ (အနုဋီ-၂-၂၁၁။)

ဤသမင်္ဂိတာ (၅)မျိုးတို့ကို ယောဂါဝစရပုဂ္ဂိုလ်များ လုပ်ငန်းခွင်ကို ပိုမိုနက်ရှိုင်းစွာ သဘောပေါက်စေရန် ရည်သန်၍ ဝိပါကသမင်္ဂိတာကို နောက်ဆုံးထားလျက် အစဉ်အတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်။ —

၁။ **အာယူဟနသမင်္ဂိတာ** — ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံကို အားထုတ်ရာခဏ၌ အာယူဟနသမင်္ဂိတာ = ကံကို အားထုတ်ခြင်းနှင့် ပြည့်စုံခြင်းရှိသူ၏ အဖြစ်ဟူ၍ ခေါ်ဆို၏။

၂။ **စေတနာသမင်္ဂိတာ** — ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံကို အားထုတ်ရာခဏ၌ စေတနာသမင်္ဂိတာ = ကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာနှင့် ပြည့်စုံခြင်းရှိသူ၏ အဖြစ်ဟူ၍လည်း ဆိုအပ်၏။

(အဘိ-ဋ္ဌ-၂-၄၁၉။)

ကံမပြုမီ ရှေးအဖို့၌ အားထုတ်ခြင်း၏ အစွမ်းဖြင့် တစ်နည်း အားထုတ်ခြင်းနှင့် စပ်သဖြင့် ဖြစ်ပေါ်လာသော စိတ်အစဉ်ကို အာယူဟနသမင်္ဂိတာဟုလည်းကောင်း, ကံကို ပြုဆဲခဏ၌ ဆုံးဖြတ်ချက်ချကြောင်း သန္နိဋ္ဌာန စေတနာ၏ အစွမ်းဖြင့် တစ်နည်း သန္နိဋ္ဌာနစေတနာနှင့် စပ်သဖြင့် ဖြစ်ပေါ်လာသော စေတနာကို စေတနာ သမင်္ဂိတာဟုလည်းကောင်း သိရှိပါလေ။

တစ်နည်း ကံတစ်ခုကို ပြုစုပျိုးထောင်ရာဝယ် ကံကိုပြုဆဲခဏ၌ သန္တတိပစ္စုပ္ပန်၏ အစွမ်းဖြင့် ဖြစ်ပေါ် သွားသော စိတ်အစဉ်ကို အာယူဟနသမင်္ဂိတာဟုလည်းကောင်း, ပုဗ္ဗစေတနာ, အပရစေတနာတို့နှင့် တကွသော မုဉ္စစေတနာ၏ ခဏပစ္စုပ္ပန်၏ အစွမ်းဖြင့် ဖြစ်ဆဲခဏကို စေတနာသမင်္ဂိတာဟုလည်းကောင်း မှတ်ပါ။

(မူလဋီ-၂-၂၁၀။ အနုဋီ-၂-၂၁၁။)

[အချို့ကျမ်းဂန်များ၌ ဤအာယူဟနသမင်္ဂိတာနှင့် စေတနာသမင်္ဂိတာနှစ်မျိုးတို့ကို အာယူဟန သမင်္ဂိတာဟု အမည်တစ်မျိုးတည်းဖြင့် ဖော်ပြကြသည်။]

၃။ **ကမ္မသမင်္ဂိတာ** — အရဟတ္တဖိုလ်သို့ မဆိုက်ရောက်သေးသမျှ ကာလပတ်လုံး ခပ်သိမ်းဥသုံ အလုံးစုံလည်း ဖြစ်ကုန်သော သတ္တဝါတို့ကို ရှေး၌ ဆည်းပူးထားအပ်သော အကျိုးပေးထိုက်သော ကံကို ရည်ရွယ်၍ ကံနှင့် ပြည့်စုံခြင်း ရှိသူတို့ဟူ၍ ဆိုအပ်ကုန်၏၊ ဤကံနှင့် ပြည့်စုံခြင်း ရှိသူ၏ အဖြစ်သည် ကမ္မသမင်္ဂိတာ မည်၏။ (အဘိ-ဋ္ဌ-၂-၄၁၉။)

**ကမ္မပစ္စယေနာ**တိ အနေကာနမ္ပိ ကပ္ပကောဋီနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိကကမ္မပစ္စယေနာတိ အတ္ထော။ ကုသလာကုသလဉှိ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ န ဒေတိ။ ယဒိ ဒဒေယျ၊ ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ၊ တဿာနုဘာဝေန တသ္မိံ ယေဝ ခဏေ ဒေဝေါ ဘဝေယျ။ ယသ္မိံ ပန ခဏေ တံ ကတံ၊ တတော အညသ္မိံ ခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေဝ ဓမ္မေ ဥပပဇ္ဇေ ဝါ အပရေ ဝါ ပရိယာယေ အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ

နိရုဒ္ဓါပိ ပုရိမသိပ္ပါဒိကိရိယာ ဝိယ ကာလန္တရေ ပစ္ဆိမသိပ္ပါဒိကိရိယာယ။ တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ။ (အဘိ-ဋ္ဌ-၃-၃၇၄။)

**အတ္တနော ဖလံ ဥပ္ပာဒေတုံ သမတ္ထေနာ**တိ ကမ္မဿ သမတ္ထတာ တဿ ကမ္မပစ္စယဘာဝေါ ဝုတ္တာတိ ဒဋ္ဌဗ္ဗာ။ (မူလဋီ-၃-၁၈၉။)

ကမ္မပစ္စည်း = ကံအကြောင်းတရားဟူသည် တစ်ကမ္ဘာမက များပြားကုန်သော ကမ္ဘာကုဋေတို့၏သော်လည်း အထက်၌ ပြုစုပျိုးထောင်ခဲ့သော မိမိ၏ အကျိုးတရားကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော နာနာက္ခဏိကကမ္မပစ္စည်း အကြောင်းတရားတည်း။ အကျိုးပေးရာ ခဏမှ = အကျိုးဖြစ်ပေါ်လာရာ ခဏမှ အသီးအသီးဖြစ်သော ကွဲပြားသော ခဏ၌ဖြစ်သော = ဖြစ်ခဲ့သော စေတနာသည် နာနာက္ခဏိကကမ္မပစ္စည်း အကြောင်းတရားတည်း။

ကုသိုလ်ကံ အကုသိုလ်ကံသည် မိမိ၏ ဖြစ်ဆဲခဏ၌ အကျိုးကိုမပေး။ အကယ်၍ ကုသိုလ်ကံ အကုသိုလ် ကံသည် မိမိ၏ ဖြစ်ဆဲခဏ၌ပင်လျှင် အကျိုးပေးငြားအံ့၊ ယင်းသို့ အကျိုးပေးနိုင်ခဲ့သော် — လူသား တစ်ဦးသည် နတ်ပြည်သို့ ကပ်ရောက်ကြောင်းဖြစ်သော အကြင်ကုသိုလ်ကံကို ပြုစုပျိုးထောင်၏၊ ထိုကုသိုလ်ကံ၏ အာနုဘော် ကြောင့် ထိုကံကို ပြုစုပျိုးထောင်ဆဲ ခဏ၌ပင်လျှင် နတ်သားဖြစ်လေရာ၏ နတ်သမီးဖြစ်လေရာ၏။

အလျော်အားဖြင့်ဆိုရမူ — အကြင်ခဏ၌ ထိုကံကို ပြုစုပျိုးထောင်ထား၏၊ ထိုကံကို ပြုစုပျိုးထောင်ရာခဏမှ အခြားတစ်ပါးသော ခဏ၌ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိပါသော်လည်း ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိသော ကံသည်လည်း ပြုအပ်သော စေတနာကံနှင့်မဖက် သက်သက်ကံကို ပြုအပ်ပြီးသည်၏ အဖြစ်-ကြောင့်သာလျှင် ထိုကံသည် —

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်လျှင် မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း,
၂။ ဥပပဇ္ဇဝေဒနီယကံဖြစ်လျှင် ကပ်၍ဖြစ်ရာ ဒုတိယဘဝ၌သော်လည်းကောင်း,
၃။ အပရာပရိယဝေဒနီယကံဖြစ်လျှင် ဒိဋ္ဌဓမ္မဘဝ, ဥပပဇ္ဇဘဝမှ အခြားသော အဆက်ဆက် ရောက်ထိုက်သော ဘဝ၌သော်လည်းကောင်း,

(ဂတိ ဥပဓိ ကာလ ပယောဂဟူသော) ကြွင်းသော အကြောင်းတရားတို့နှင့် ပေါင်းဆုံခြင်းသည် ထင်ရှား ရှိလတ်သော် အကျိုးတရားကို ဖြစ်စေနိုင်၏။

ဥပမာ — ရှေးရှေး သင်ယူအပ်သော အတတ်သင်ယူမှုသည် နောက်နောက် အတတ်သင်ယူမှုအား အခြေခံအဖြစ်ဖြင့် ကျေးဇူးပြုရာ၌ ကာလချင်း မတူဘဲ ကာလတစ်ပါး၌ ရောက်ရှိပါမှ ကျေးဇူးပြုသကဲ့သို့ ကံဟူသော စေတနာသည်လည်း ပြုစုပျိုးထောင်ဆဲခဏ၌ (ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားရှိနေဆဲ ခဏ၌) အကျိုးဝိပါက်တရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးမပြု။ နောက်နောက်ခဏသို့ ရောက်ရှိပါမှသာလျှင် အကျိုး ဝိပါက်တရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးနိုင်၏။ ထိုကြောင့် နာနာက္ခဏိကကမ္မပစ္စယ = အကျိုးပေးရာ ခဏမှ မတူထူးခြား ကွဲပြားသော ခဏ၌ဖြစ်သော ကမ္မပစ္စည်းဟူ၍ ဆိုအပ်၏။ (အဘိ-ဋ္ဌ-၃-၃၇၄။)

ကုသိုလ်စေတနာ အကုသိုလ်စေတနာသည် မိမိဖြစ်ဆဲခဏ၌ အကျိုးဝိပါက်ကို မဖြစ်စေနိုင်သေးသော်လည်း အကျိုးကိုဖြစ်စေနိုင်သည့် စွမ်းအင် ကမ္မသတ္တိကိုကား ရုပ်နာမ် အစဉ်တွင် မြှုပ်နှံ၍ ထားခဲ့၏။ ကမ္မဿ သမတ္ထတာ တဿ ကမ္မပစ္စယဘာဝေါ — ဟူသော မူလဋီကာနှင့်အညီ ကံ၏ အကျိုးကိုဖြစ်စေနိုင်သည့် စွမ်းအားသည်ပင် ထိုမိမိအကျိုးတရား၏ ကံဟူသော ပစ္စည်းအကြောင်းတရား ဖြစ်ရပေသည်။ ပြုစုပျိုးထောင်ခဲ့သော ကုသိုလ်စေတနာ အကုသိုလ်စေတနာ၏ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားရှိမှု မရှိမှုသည်ကား ဤအရာ၌ လိုရင်းမဟုတ်ပေ။

ပြုအပ်ပြီးသော ကံ၏ ပြုအပ်ပြီး ဆည်းပူးအပ်ပြီးသည့်အတွက် အကျိုးကို ဖြစ်စေနိုင်သည့် စွမ်းအင် စွမ်းအား၏ တည်ရှိနေမှုသည်သာ ဤအပိုင်း၌ လိုရင်းဖြစ်သည်၊ ကံအကြောင်းတရားဖြစ်သည် = ကမ္မပစ္စည်းဖြစ်သည်။

ယခုအခါ၌ အသင်သူတော်ကောင်းသည်လည်း ရှေးရှေးဘဝက ပြုအပ်ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံ တို့နှင့် အမြဲပြည့်စုံသော ကမ္မသမင်္ဂီတာ ပုဂ္ဂိုလ်သာ ဖြစ်၏။ လှည်း၌ တပ်ဆင်ထားအပ်သော နွား၏နောက်သို့ လှည်းဘီးသည် အစဉ်လိုက်သကဲ့သို့လည်းကောင်း, လူ၏ သွားလေရာရာ၌ အရိပ်သည် ကပ်ပါနေသကဲ့သို့ လည်းကောင်း ထိုပြည့်ပြည့်စုံစုံ ထူထောင်ခဲ့သော ကံသည် အစဉ်လိုက်ပါ၍ နေပေ၏။ သို့သော် အတိတ်ဘဝ အဆက်ဆက်က ထူထောင်ခဲ့သော ထိုကံတို့သည်ကား အကျိုးမပေးဘဲ မနေသာသော ဂရုကကံများကား မဟုတ် ကြပေ။ ကာလ, ဂတိ, ဥပဓိ, ပယောဂတို့နှင့် ပြည့်စုံမှု မပြည့်စုံမှုသို့လိုက်၍ အကျိုးပေးဖို့ရန် လိုက်ပါနေကြ-ပေသည်။ (အကျယ်ကို အဘိ-ဋ္ဌ-၂-၄၂၁-၄၃၄ တို့၌ ကြည့်ပါ။)

ထို့ကြောင့် အမြော်အမြင်ရှိသော ပညာရှိသူတော်ကောင်းတို့သည် အကုသိုလ်ကံများ အကျိုးပေးခွင့် မရလေအောင် ယခုဘဝ၌ ကုသိုလ်ကံတို့ကို များစွာ အားရှိသည်ထက် အားရှိအောင် စွမ်းအားကြီးမားအောင် ပြုစုပျိုးထောင်ကြ၏၊ သမထဘာဝနာတို့ကို ပွားများခြင်းဖြင့် မဟဂ္ဂုတ် ဂရုကံများကို ရရှိအောင် ကြိုးပမ်းကြ၏၊ ထိုထက် သံဝေဂဉာဏ် ကြီးမားရင့်သန်တော်မူကြသော သူတော်ကောင်း သူမြတ်လောင်းတို့သည်ကား ဤဘဝ၌ပင် လည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကြီးကို အပြီးတိုင် ရပ်စဲအောင် သမထ ဝိပဿနာ ဘာဝနာတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူကြ၏။ ထိုသို့ ကြိုးစားအားထုတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကုသိုလ်ကံတို့က အခွင့်သာ၍ ဆက်ကာဆက်ကာ အကျိုးပေးနေသောကြောင့် အကုသိုလ်ကံတို့သည် အကျိုးပေးခွင့် မရတော့ဘဲ အဟောသိကံ ဖြစ်ကြရလေသည်။ အကယ်၍ အရဟတ္တဖိုလ်သို့တိုင်အောင် ဆိုက်ရောက်သွားပါက အဟောင်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံမှန်သမျှတို့သည် အမြစ်အရင်းနှင့်တကွ ကုန်ဆုံးပျက်ပြုန်းကြပြီးလျှင် အသစ်ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံ မှန်သမျှတို့သည်လည်း နောက်ထပ် တစ်ဖန် ဖြစ်ပေါ်ခြင်း အလျှင်းမရှိတော့ပေ။ တောက်လောင်နေသော ဆီမီးသည် ငြိမ်းလေဘိသကဲ့သို့ သံသရာ-ဝဋ္ဋဒုက္ခ မီးပုံကြီးသည် အပြီးတိုင် ငြိမ်းလေတော့သည်။

၄။ **ဥပဋ္ဌာနသမင်္ဂီတာ** — သတ္တဝါတို့သည် အရဟတ္တဖိုလ်သို့ မဆိုက်ရောက်သေးသမျှ ကာလပတ်လုံး ထိုထိုဘဝမှ စုတေ၍ ဘဝသစ်၌ ဖြစ်ကြရကုန်လတ်သော် စုတေမတိုင်မီ သေခါနီး မရဏာသန္နအခါ၌ ဘဝသစ်ကို ဖြစ်စေတော့မည့် ကံ၏ စွမ်းအားကြောင့်, ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော နိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးသည် ထင်လာမြဲ ဓမ္မတာဖြစ်၏။

(က) ငရဲ၌ ဖြစ်ကြရကုန်လတ်သော် မီးတောက် မီးလျှံ ငရဲအိုးကြီးစသော ငရဲနိမိတ်သည် ထင်လာ၏။
(ခ) အမိဝမ်းခေါင်း၌ ကိန်းအောင်းရသူ၏ အဖြစ်သို့ ကပ်ရောက်ရကုန်လတ်သော် အမိဝမ်းရေဟူသော ဂတိနိမိတ်သော်လည်း ထင်လာ၏။
(ဂ) နတ်ပြည်တို့၌ ဖြစ်ကြရကုန်လတ်သော် ပဒေသာပင် ဘုံဗိမာန်အစရှိသော နတ်လောက နိမိတ်သော်လည်း ထင်လာ၏။

ဤသို့လျှင် ပဋိသန္ဓေတည်နေရခြင်း၏ နိမိတ်သည် စုတေခါနီး ကာလဝယ် ထင်လာ၏။ ဤသို့လျှင် ထိုသတ္တဝါတို့၏ ဤသို့သော ပဋိသန္ဓေတည်နေရခြင်း၏ အကြောင်းအာရုံ၏ ထင်လာခြင်းမှ မလွတ်နိုင်ကုန်သည်၏ အဖြစ်ကြောင့် ဥပဋ္ဌာနသမင်္ဂီတာ = ထင်လာသော အာရုံနှင့် ပြည့်စုံခြင်း ရှိသူတို့၏အဖြစ် မည်၏။

၅။ **ဝိပါကသမင်္ဂီတာ** — ဥပဋ္ဌာနသမင်္ဂီတာနှင့် ပြည့်စုံသော သတ္တဝါ၏ သန္တာန်ဝယ် စုတေခါနီးလတ်သော် မရဏာသန္နဇောသည် ယင်းထင်လာသော တစ်မျိုးမျိုးသော အာရုံကို အာရုံပြု၍ စောလေ၏။ စုတိ၏ အခြားမဲ့၌ ဖြစ်ပေါ်လာသော ဘဝသစ် ပဋိသန္ဓေဝိညာဏ်သည် ယင်းမရဏာသန္နဇောကယူအပ်ခဲ့သော အာရုံကိုပင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ယင်းပဋိသန္ဓေဝိညာဏ်စသော အကျိုးဝိပါက်၏ ဖြစ်ဆဲခဏ၌ ဝိပါကသမင်္ဂီတာ = အကျိုးဝိပါက်နှင့် ပြည့်စုံခြင်းရှိသူ၏အဖြစ် မည်၏။ (အဘိ-ဋ္ဌ-၂-၄၁၉ ၄၂၀။)

## နိမိတ် အပြောင်းအလဲ

ထိုသမင်္ဂီတာ (၅)မျိုးတို့တွင် ဥပဋ္ဌာနသမင်္ဂီတာသည် ရွေ့လျားတတ်၏၊ ပြောင်းလဲတတ်၏။ ကြွင်းကုန်သော သမင်္ဂီတာ (၄)မျိုးတို့သည် မရွေ့လျားတတ်ကုန်၊ မပြောင်းလဲတတ်ကုန်။

ငရဲနိမိတ်သည် ထင်လာပါသော်လည်း နတ်ပြည်လောကနိမိတ်သည် ပြောင်းလဲ၍ ထင်နိုင်၏။ နတ်ပြည်လောကနိမိတ်သည် ထင်လာပါသော်လည်း ငရဲနိမိတ်သည် ပြောင်းလဲ၍ ထင်လာနိုင်၏၊ လူ့လောကနိမိတ်သည် ထင်လာပါသော်လည်း တိရစ္ဆာန်ယောနိ နိမိတ်သည် ပြောင်းလဲ၍ ထင်လာနိုင်၏၊ တိရစ္ဆာန်ယောနိ နိမိတ်သည် ထင်လာပါသော်လည်း လူ့လောကနိမိတ်သည် ပြောင်းလဲ၍ ထင်လာနိုင်သည်သာတည်း။

(အဘိ-ဋ္ဌ-၂-၄၂၀-၄၂၁။)

ဤနိမိတ်တို့၏ ပြောင်းလဲမှုမှာ မရဏာသန္နဇောအခိုက်၌ ပြောင်းလဲသည်ကားမဟုတ်၊ မရဏာသန္နဇော မဆိုက်မီ သေခါနီး ပတ်ဝန်းကျင်၌ ထင်လာသော နိမိတ်တို့သည်သာလျှင် ယောနိသောမနသိကာရစသည့် အကြောင်းအားလျော်စွာ ပြောင်းလဲတတ်ခြင်းသာ ဖြစ်၏။ မရဏာသန္နဇော စောခိုက်၌ကား အပြောင်းအလဲ မရှိနိုင်တော့ပြီ။

သောဏဂိရိ အမည်ရသော သောဏတောင်ခြေ အစေလတောင်ကျောင်း၌ သီတင်းသုံးတော်မူသော ဓမ္မကထိက အရှင်သောဏမထေရ်မြတ်ကြီး၏ ဖခင်ဖြစ်သူ ဦးပဉ္စင်းကြီး၏ သန္တာန်၌ သေခါနီးကာလဝယ် ရှေးဦးစွာ ငရဲနိမိတ် ထင်ပြီးမှ သားဖြစ်သူ အရှင်သောဏမထေရ်က စေတီတော်အား ပန်းပူဇော်ပေးသည့် အာရုံနိမိတ်ကို ဦးပဉ္စင်းကြီးက ပြောင်း၍ အာရုံယူနိုင်သဖြင့် နတ်ပြည်လောကနိမိတ်များ ပြောင်းလဲ၍ ထင်လာကြောင်းကို (အဘိ-ဋ္ဌ-၂-၄၂၀-၄၂၁။) တို့၌ ဖွင့်ဆိုထား၏။

ဤကဲ့သို့သော နိမိတ်အပြောင်းအလဲများကြောင့်လည်း အတိတ်အကြောင်းတရားတို့ကို စူးစမ်းရှာဖွေသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ပဋိသန္ဓေကျိုးကို ဖြစ်စေတတ်သည့် ဇနကကံကို အရင်မတွေ့ဘဲ ရံခါ ဥပတ္ထမ္ဘကကံ = အားပေးထောက်ပံ့တတ်သောကံကို အရင်ရှေးဦးစွာ တွေ့မြင်တတ်သည်လည်း ရှိတတ်၏။ ရံခါ အတိတ်ကို လှမ်း၍ အကြောင်းတရားတို့ကို စူးစမ်းရှာဖွေရာ၌ မရဏာသန္နဇော၏ အာရုံကို ကျော်လွန်၍ မရဏာသန္နဇော မစောမီ အချိန်ကာလများက မနေဒွါရ၌ ထင်နေသော ထိုအတိတ်နာမ်သန္တတိအစဉ်၏ အာရုံများကို ကျော်လွန်၍ ရှုမိသောကြောင့် မရဏာသန္နဇောမတိုင်မီ နိမိတ်နှင့် မရဏာသန္နဇော၏ နိမိတ်တို့ မတူညီကြခြင်းလည်း ဖြစ်နိုင်၏။ အကျိုးပေးတော့မည့် ကံများသည် ရံခါ သေခါနီးကာလဝယ် အလုအယက် ဖြစ်နေတတ်၏။ နွားခြံကို ဖွင့်ထုတ်လိုက်သောအခါ နွားခြံဝ၌ နွားတို့သည် စုပြုံ၍ တိုးနေသကဲ့သို့ သေခါနီးဝန်းကျင်တွင် အကျိုးကို ဖြစ်စေနိုင်သည့် စွမ်းအားရှိသော ကံများမှာ အလုအယက် ဖြစ်နေတတ်၏။ ထိုကံအမျိုးမျိုးတို့၏ စွမ်းအား-ကြောင့်လည်း သေခါနီး ပတ်ဝန်းကျင်တွင် နိမိတ်အမျိုးမျိုး ထင်လာတတ်သည်လည်းရှိ၏၊ ထိုအခါမျိုး၌ ဥပတ္ထမ္ဘကကံကို ဉာဏ်ဖြင့် အရင်တွေ့မြင်တတ်၍ နောက်ပိုင်းပြန်လည် ဆန်းစစ်ကြည့်ပါမှ ဇနကကံကို တွေ့တတ်ပေသည်။

တစ်ဖန် မရဏာသန္နဇောမတိုင်မီ၌ ထင်လာသော အာရုံနိမိတ်တို့မှာ ကံတို့၏ စွမ်းအားအပေါ် အခြေစိုက်၍ အမျိုးမျိုး ဖြစ်ချင်လည်း ဖြစ်နိုင်၏၊ ရံခါ မရဏာသန္နဇော၏ အာရုံသည်ပင် မရဏာသန္နဇောမတိုင်မီ အချိန်ခပ်စောစောကပင် ကြိုတင်၍ ထင်နေသည်လည်း ဖြစ်တတ်၏။ ဓမ္မိကဥပါသကာကြီး ကွယ်လွန်ခါနီးတွင် နတ်ပြည်ခြောက်ထပ်မှ နတ်ရထား ခြောက်စီးတို့ ထင်လာသည့် နိမိတ်မျိုးပင်တည်း။ ထိုနတ်ရထားခြောက်စီးတို့တွင် ဓမ္မိကဥပါသကာကြီးက တုသိတာနတ်ပြည်ကို ရွေးချယ်လိုက်သောအခါ တုသိတာနတ်ရထား တစ်စီးသာ နောက်ဆုံး မရဏာသန္နဇောအခိုက်၌ ထင်နေပေတော့သည်။

## အတ္ထနယ (၄) မျိုး = နည်း (၄) ထွေ

ဤအပိုင်းတွင် အသင်သူတော်ကောင်းသည် ပဋိစ္စသမုပ္ပါဒ်ရှုကွက်၌ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သော **အတ္ထနယ (၄) မျိုး** အကြောင်းကို ကြိုတင်သိထားသင့်ပေသည်။ ဤဘဝစက်၌ (၁) ဧကတ္တနည်း, (၂) နာနတ္တနည်း, (၃) အဗျာပါရနည်း, (၄) ဧဝံဓမ္မတာနည်းဟု အတ္ထနယ (၄)မျိုး ရှိ၏။

## အတ္ထနယဟူသည်

အဝိဇ္ဇာ အစရှိသည်တို့၏ သဘောတရားတို့သည်ပင်လျှင် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဖြင့် ဆောင်ယူအပ် သိအပ်သော သဘောတရားတို့ ဖြစ်ရကား အတ္ထနယတို့မည်ပေသည်။ တစ်နည်းဆိုရသော် —

ဧကတ္တနည်းသည် အဝိဇ္ဇာ သင်္ခါရ စသော သဘောတရားတို့သည် ခန္ဓာအစဉ် တစ်ခုတည်း၌ ဖြစ်ကြသောကြောင့် တစ်ခုတည်း မဟုတ်သော်လည်း ထိုသဘောတရားတို့ကို "တစ်ခုတည်း, တစ်ဆက်တည်း" — ဟု သိကြောင်း ဖြစ်၏။

နာနတ္တနည်းသည် — "အဝိဇ္ဇာစသော သဘောတရားတို့ကို တစ်ခုတည်းမဟုတ်၊ တကွဲတပြား တခြားစီ"- ဟု သိကြောင်း ဖြစ်၏။

အဗျာပါရနည်းသည် — "အဝိဇ္ဇာစသည်တို့၌ သင်္ခါရစသည်တို့ ဖြစ်ပေါ်လာဖို့ရန် ကြောင့်ကြဗျာပါရ မရှိ"- ဟု သိကြောင်း ဖြစ်၏။

ဧဝံဓမ္မတာနည်းသည် — "ဗျာပါရမရှိသော်လည်း အဝိဇ္ဇာ၌ သင်္ခါရဖြစ်ဖို့ရန် ကျေးဇူးပြုနိုင်သော ထုံးစံ ဓမ္မတာ သတ္တိရှိ၏" — ဟု သိကြောင်း ဖြစ်၏။

ဤသို့လျှင် ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ရှုနေသော ယောဂါဝစရပုဂ္ဂိုလ် သူမြတ်၏ ဉာဏ်ဖြင့် သိကြောင်းဖြစ်သောကြောင့် ယင်းနည်း (၄)ပါးသည် အတ္ထနယမည်၏၊ ဉာဏ်ဖြင့် ဆောင်ယူကြောင်း သိကြောင်း သဘောတရားဟူလို။ (မူလဋီ-၂-၁၃၁။)

## ဧကတ္တနည်း

တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏန္တိ ဧဝံ ဗီဇဿ အင်္ကုရာဒိဘာဝေန ရုက္ခဘာဝပ္ပတ္တိ ဝိယ သန္တာနာနုပစ္ဆေဒေါ **ဧကတ္တနယော** နာမ၊ ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနဿ အနုပစ္ဆေဒါဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟတိ၊ မိစ္ဆာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန ပဝတ္တမာနဿ သန္တာနာနုပစ္ဆေဒဿ ဧကတ္တဂ္ဂဟဏတော သဿတဒိဋ္ဌိံ ဥပါဒိယတိ။ (အဘိ-ဋ္ဌ-၂-၁၈၈။)

မျိုးစေ့မှ အညှောက် ဖြစ်လာ၏ = အညွန့် ဖြစ်လာ၏၊ ထိုအညှောက် အညွန့်မှ အရွက် ဖြစ်လာ၏။ ထိုမျိုးစေ့မှပင် ရိုးတံ, ပင်စည်ပင်လုံး, အကိုင်း, အခက်, ရွက်နု, ရွက်ကြမ်း စသည်၏ အဖြစ်ဖြင့် အဆက်မပြတ် ဖြစ်နေရကား မျိုးစေ့သည် တဖြည်းဖြည်း သစ်ပင်အဖြစ်သို့ ရောက်၏, သစ်ပင် အဖြစ်ဖြင့် ဖြစ်ပေါ်လာ၏ဟု ဆိုရ၏။ ထိုကြောင့် ထိုမျိုးစေ့နှင့် သစ်ပင်သည် ရှေးနှင့်နောက် ဆက်စပ်လျက် အထပ်ထပ် ဖြစ်နေသော ဥတုဇသြဇဇမကရုပ်တို့၏ ရုပ်သန္တတိအစဉ်အတန်း တစ်တန်းတည်း ဖြစ်ရကား သန္တာန = အစဉ်အတန်းကား မပြတ်ချေ။ အုန်းဆံကြိုး အမျှင်များကို ရှေးနှင့်နောက် ဆက်စပ်လျက် အထပ်ထပ် ကျစ်ယူလိုက်သော် ရရှိလာသော အုန်းဆံကြိုး တစ်ချောင်းကဲ့သို့ သန္တာန = အစဉ်အတန်းကား မပြတ်ချေ။ အစဉ်အတန်း မပြတ်လျှင် –

“တစ်ခုတည်းပင် ဖြစ်၏”ဟု ယူရသကဲ့သို့ “အုန်းဆံကြိုး တစ်ချောင်းသာ”ဟု ယူရသကဲ့သို့ ထို့အတူ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ, သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာ - ဤသို့ စသည်ဖြင့် ဖြစ်ရာ၌ အကြောင်းအကျိုးအားဖြင့် ရုပ်နာမ် သန္တတိအစဉ်အတန်း တစ်ခုတည်း တစ်သန္တာန်တည်း ဖြစ်၍ အဆက်မပြတ်ရကား “တစ်ခုတည်း ဖြစ်သည်”ဟု သိအပ်သော နည်းသည် ဧကတ္တနည်း မည်၏။ (အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၂၀။)

ဧဝမိဓာပိ အဝိဇ္ဇာဒီနံ **သန္တာနာနုပစ္ဆေဒေါ ဧကတ္တန္တိ** ဒဿေတိ။ (မူလဋီ-၂-၁၃၁။)

ပုရိမပစ္ဆိမာနံ ဓမ္မာနံ နိရောဓုပ္ပာဒနိရန္တရတာယ နာမကာယဿ, သမ္ဗန္ဓဝုတ္တိတာယ ရူပကာယဿ, ဥဘယဿ စ အညမညသန္နိဿိတတာယ ဒုဝိညေယျနာနတော ဧကီဘူတဿ ဝိယ ဃနဘာဝပ္ပတ္တဿ ဟေတု- ဖလဘာဝေန သမ္ဗန္ဓော သမ္မာ တာနောတိ သန္တာနော၊ တဿ အနုပစ္ဆေဒေါ တတ္ထာပဝတ္တိ ဧကတ္တန္တိ အာဟ **“သန္တာနာနုပစ္ဆေဒေါ ဧကတ္တ”**န္တိ။ (အနုဋီ-၂-၁၄၀။)

၁။ ရှေးနာမ်တရားတို့၏ ချုပ်မှုနှင့် နောက်နာမ်တရားတို့၏ ဖြစ်မှု ဤချုပ်မှု ဖြစ်မှု နှစ်မျိုးတို့၏ အကြားမရှိသည့် အတွက် အခြားမရှိသည့်အတွက် နာမကာယ = နာမ်တရား အပေါင်း၏လည်းကောင်း,

၂။ ရုပ်တရားတို့သည် ရုပ်ကလာပ်တစ်ခု ဖြစ်ပြီးနောက် မချုပ်မီ နောက်ရုပ်ကလာပ်တစ်ခု အသစ်ထပ်၍ ဖြစ်၏။ ကမ္မဇရုပ်တို့သည် စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၏ ဥပါဒ်ကာလတိုင်း၌လည်းကောင်း, ဌီကာလတိုင်း၌ လည်းကောင်း, ဘင်ကာလတိုင်း၌လည်းကောင်း ဘဝတစ်လျှောက် အဆက်မပြတ် ဖြစ်နေကြ၏။ စိတ္တဇရုပ် တို့လည်း စိတ်၏ ဥပါဒ်ကာလတိုင်းလိုလို၌ အမြဲ ဖြစ်နေကြ၏။ ဥတုဇရုပ်တို့သည်လည်း ရုပ်၏ဌီကာလသို့ ရောက်တိုင်း အမြဲ ဖြစ်နေကြ၏၊ ကမ္မဇသြဇာ စိတ္တဇသြဇာ ဥတုဇသြဇာ ရှေးရှေးသော အာဟာရဇသြဇာ တို့သည်လည်း ကဗဠီကာရအာဟာရဇသြဇာ၏ အထောက်အပံ့ကိုရခဲ့သော် ရုပ်၏ ဌီကာလသို့ ရောက်တိုင်း သြဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေကြကုန်၏၊ ထိုသို့ ဖြစ်သွားကြသော ရုပ်တို့သည် စိတ္တက္ခဏ (၁၇)ချက် သက်တမ်းရှည်ကြသဖြင့် ရုပ်ကလာပ်တစ်ခု ဖြစ်ပြီးနောက် မချုပ်မီ နောက်ရုပ်ကလာပ်တစ်ခုသည် ထပ်၍ ဖြစ်နေ၏၊ တစ်နည်းဆိုသော် ရုပ်ကလာပ်ပေါင်းများစွာ ဖြစ်ပြီးနောက် မချုပ်မီ နောက်ထပ် ရုပ်ကလာပ်ပေါင်းများစွာ အဆက်မပြတ် ဖြစ်နေ၏။ ရှေးရှေးရုပ်တရားတို့၏ မချုပ်ဆုံးမီ နောက်နောက် ရုပ်တရားတို့၏ အထပ်ထပ် ဖြစ်ခြင်းအားဖြင့် ဆက်စပ်လျက် အထပ်ထပ်ဖြစ်ခြင်း သဘောရှိသည့်အတွက် ရူပကာယ = ရုပ်တရားအပေါင်း၏လည်းကောင်း,

၃။ “ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ” ဟူ၏သို့ ရုပ်နာမ်နှစ်မျိုးလုံး၏လည်း အချင်းချင်း မှီနေရသည့်အတွက် ရုပ်နာမ်နှစ်မျိုးတို့၏ ထူးထွေကွဲပြားမှုကို သိနိုင်ခဲသည့်အတွက် ရုပ်နာမ်နှစ်မျိုးလုံး၏လည်းကောင်း, နာနတ္တ သဘောကို သိနိုင်ခဲပေသည်။

နာနတ္တသဘောဟူသည်ကား — “နာမ်တရားတို့သည်လည်း နာမ်ကလာပ်ဟု ခေါ်ဆိုအပ်သော စိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ (၁၁)လုံး, (၈)လုံး, (၁၂)လုံး, (၃၄)လုံး, စသည်ဖြင့် အုပ်စုအလိုက် နာမ်ကလာပ်အလိုက် ဖြစ်ကြ၏။ ယင်းနာမ်ကလာပ်တစ်ခု၏ အတွင်း၌ရှိသော နာမ်တရားတို့၌ ဆိုင်ရာဆိုင်ရာ ကိုယ်ပိုင် သဘာဝ လက္ခဏာ အသီးအသီး ကိုယ်စီကိုယ်စီ ရှိ၏၊ မတူကွဲပြားမှုရှိ၏။ ယင်းစိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ရှိသော နာမ်တရား အသီးအသီး၏ ကိုယ်ပိုင် သဘာဝလက္ခဏာ အသီးအသီးဟူသော မတူကွဲပြားမှု ထူးခြားမှုသည် နာနတ္တတည်း။ ရုပ်ကလာပ် တစ်ခုတစ်ခု အတွင်း၌လည်း (၈)မျိုး (၉)မျိုး (၁၀)မျိုးစသော ရုပ်တရားတို့သည် ပြိုင်တူ ဖြစ်ကြ၏ ပြိုင်တူ ပျက်ကြ၏။ ယင်းရုပ်တရားတို့၌ ရုပ်တရားတိုင်း ရုပ်တရားတိုင်းဝယ် ဆိုင်ရာဆိုင်ရာ

ကိုယ်ပိုင် သဘာဝလက္ခဏာ အသီးအသီး ကိုယ်စီကိုယ်စီ ရှိ၏။ ယင်းကိုယ်ပိုင် သဘာဝလက္ခဏာတို့၏ မတူကွဲပြားမှု ထူးခြားမှုသည် နာနတ္တတည်း" —

ယင်းနာနတ္တသဘောကား ဒုဗ္ဗိညေယျ = ဉာဏ်ဖြင့် ထွင်းဖောက်သိနိုင်ခဲ၏။ ယင်းသို့ စိတ္တက္ခဏတစ်ခု၏ အတွင်း ရုပ်ကလာပ်တစ်ခု၏ အတွင်း၌ ရှိသော ရုပ်-နာမ် ပရမတ္ထဓာတ်သား အသီးအသီးတို့၏ သဘာဝလက္ခဏာ ကွဲပြားမှု မတူထူးခြားမှု နာနတ္တသဘောကို သိနိုင်ခဲသည့်အတွက် ရုပ်ယန နာမ်ယန မပြိုဘဲ တစ်ခုတည်းကဲ့သို့ ဖြစ်၍ ရုပ်တုံး ရုပ်ခဲ နာမ်တုံး နာမ်ခဲဟူသော ယနအဖြစ်ဖြင့် ဆက်စပ်နေသော, အကြောင်းနှင့် အကျိုးအဖြစ်ဖြင့် ဆက်စပ်နေသော အစဉ်အတန်းသည် သမ္မာတာနောတိ သန္တာနောဟူသော ဝစနတ္ထနှင့် အညီ ကောင်းစွာ ကျယ်ပြန့်လာသောသဘော ဖြစ်သောကြောင့် သန္တာန = သန္တာန်အစဉ် မည်၏။ ထိုသန္တာန်အစဉ်၏ မပြတ်ခြင်း မပြတ်သောအားဖြင့် ဖြစ်ခြင်းသည် ဧကတ္တမည်၏။ (အနုဋီ-၂-၁၄၀။)

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏၊ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်၏၊ — ဤသို့ စသည်ဖြင့် အကြောင်းတရားကြောင့် အကျိုးတရား၏ ထင်ရှားဖြစ်ပေါ်လာရာ၌ အကြောင်း အကျိုးအားဖြင့် ရုပ်နာမ်သန္တတိ အစဉ်အတန်း တစ်ခုတည်း တစ်သန္တာန်တည်း ဖြစ်၍ အဆက်မပြတ်ရကား အကြောင်းတရားနှင့် အကျိုးတရားတို့ကို — "တစ်ခုတည်း ဖြစ်သည်" — ဟု သိအပ်သော နည်းသည် ဧကတ္တနည်း မည်၏။ (အနုဋီ-၂-၁၄၀။)

အစဉ်သန္တာန် မပြတ်စဲခြင်းကြောင့် မျိုးစေ့သည် သစ်ပင်၏ အဖြစ်သို့ ရောက်၏၊ သစ်ပင်၏ အဖြစ်ဖြင့် ဖြစ်၏၊ တစ်ခုတည်း၏ အဖြစ်ဖြင့် ခေါ်ဆိုအပ်၏၊ ထိုကြောင့် အစဉ်သန္တာန်၏ မပြတ်စဲခြင်းသည် တစ်ခုတည်း၏ ဖြစ်ကြောင်းဖြစ်ရာ သဘောတရားပင်တည်း။ အလားတူပင် ဤပဋိစ္စသမုပ္ပါဒ် ဘဝစက်၌လည်း အဝိဇ္ဇာ သင်္ခါရ အစရှိသော အကြောင်း အကျိုးတရားတို့၏ အစဉ်သန္တာန်၏ မပြတ်စဲခြင်းသည် ဧကတ္တ = တစ်ခုတည်း၏ ဖြစ်ကြောင်းဖြစ်ရာ သဘောတရားပင်တည်း။ ဤသို့သော အနက်အဓိပ္ပါယ်ကို ဖော်ပြပေသည်။ (မူလဋီ-၂-၁၃၁။)

## ထပ်မံ ရှင်းလင်းတင်ပြချက်များ

ဤမျှဖြင့် သဘောမပေါက်နိုင်သေးသူ နားမရှင်းသူ မရှုတတ်သေးသူ သူတော်ကောင်းတို့အတွက် ထပ်မံ၍ ရှင်းလင်းတင်ပြအပ်ပါသည်။

၁။ အတိတ်အကြောင်းတရားများကို ထူထောင်ခဲ့သည့် အတိတ်ရုပ်နာမ် (ထိုအတိတ်၏ အတိတ်ရုပ်နာမ်။)

၂။ ပစ္စုပ္ပန်ပဋိသန္ဓေမှ စ၍ ယခုလက်ရှိ ဝိပဿနာရှုခိုက်, သို့မဟုတ် ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို သိမ်းဆည်းခိုက် အချိန်ကာလအထိ ဖြစ်ပေါ်နေသော ရုပ်နာမ်။ (အဒ္ဓါပစ္စုပ္ပန်တရားတည်း။)

၃။ ဤဘဝတွင် သံသရာခရီးကို အဆုံးသတ်မည့် သူတော်ကောင်းအဖို့ ယခု ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို သိမ်းဆည်းနေဆဲ အချိန်မှစ၍ ပရိနိဗ္ဗာနစုတိတိုင်အောင်သော ရုပ်နာမ် (အဒ္ဓါပစ္စုပ္ပန်တရားတည်း။)

၄။ နောင်အနာဂတ်ဘဝကို ပြီးဆုံးသွားအောင် အားမထုတ်နိုင်သေးသဖြင့် နောင်အနာဂတ်ဘဝသစ်သည် ထင်ရှားရှိခဲ့သော် ထိုအနာဂတ်ဘဝသစ်၌ ဖြစ်ပေါ်လတ္တံ့သော ရုပ်နာမ်၊ နောင်အနာဂတ်ဘဝများ ထပ်၍ ရှိနေသေးလျှင် ထိုအနာဂတ်ဘဝများ ဆုံးသည်တိုင်အောင် ဖြစ်ပေါ်လတ္တံ့သော ရုပ်နာမ် —

တစ်နည်းဆိုရသော် —

အတိတ်ဘဝ အဆက်ဆက်၌ ဖြစ်ပေါ်ခဲ့သော အတိတ်ရုပ်နာမ်၊ ပစ္စုပ္ပန်ဘဝ၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့သော ရုပ်နာမ်၊ နောင်အနာဂတ်၌ အနာဂတ်ဘဝအဆက်ဆက် ဆုံးသည်တိုင်အောင် ဖြစ်ပေါ်လတ္တံ့သော အနာဂတ် ရုပ်နာမ် —

ဤအတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၏ အတွင်း၌ တည်ရှိပြီး တည်ရှိဆဲ တည်ရှိလတ္တံ့ ဖြစ်သော ရုပ်နာမ်များကို ရုပ်နာမ်သန္တတိအစဉ်အတန်းအားဖြင့် အစဉ်အတန်း တစ်ခုတည်းအဖြစ်ဖြင့် ယောဂါ-ဝစရပုဂ္ဂိုလ်သည် ဉာဏ်ဖြင့်တွေ့မြင်ရမည် ဖြစ်သည်။

ဤထက်အနည်းငယ် အသိဉာဏ်သန့်ရှင်းသွားအောင် ထပ်၍ဆိုရသော် — အတိတ်က ဤလူ့ဘဝသို့ ရောက်ကြောင်းဖြစ်သည့် ကောင်းမှုကုသိုလ်တို့ကို ပြုစုပျိုးထောင်ခဲ့စဉ်က မနောအကြည်နှင့် လက်ရှိမနော-အကြည်တို့ကို ဉာဏ်ဖြင့်စိုက်၍ ရှုလိုက်လျှင် ကြည့်လိုက်လျှင် သန္တတိအစဉ်အတန်းအားဖြင့် တစ်စဉ်တည်း တစ်တန်းတည်း တစ်ဆက်တည်းလာနေသည်ကို တစ်စဉ်တည်း တစ်တန်းတည်း တစ်ဆက်တည်းဖြစ်နေသည်ကို သဘောပေါက် အောင် ဉာဏ်ဖြင့်မြင်အောင် ရှုပါ။ အတိတ်ဘဝက ကောင်းမှုကုသိုလ်ပြုနေသော ရုပ်နာမ်သန္တာန် အစဉ်၌ အကျုံးဝင်သော ဘဝင်မနောအကြည်သည် မိမိ၏ ဘဝင်မနောအကြည် ဟုတ်သည် မဟုတ်သည်ကို သေချာစွာ ရှုကြည့်ပါ။ အကယ်၍ မိမိ၏ ဘဝင်မနောအကြည်သာ မှန်လျှင် အသင်သူတော်ကောင်းသည် ဟုတ်မှန်ကြောင်းကို လွယ်လွယ်ကူကူပင် သဘောပေါက် နားလည်နိုင်မည် ဖြစ်သည်။ အကြောင်းမူ အတိတ် ဘဝင်မနောအကြည်နှင့် ပစ္စုပ္ပန်ဘဝင်မနောအကြည်တို့မှာ သန္တတိအစဉ်အားဖြင့် အစဉ်အတန်း တစ်တန်းတည်း တစ်ဆက်တည်း တစ်ခုတည်း ဖြစ်နေသောကြောင့်တည်း။ ဘဝင်ဟူသည် ဘဝတစ်လျှောက်၌ အများဆုံး ဖြစ်တတ်သောစိတ် ဖြစ်သဖြင့် ဘဝင်ကို ပဓာနထား၍ နားလည်လွယ်အောင် ပြောနေခြင်းသာ ဖြစ်သည်။ ဘဝင်မှ ကြွင်းကျန်သော နာမ်သန္တတိ အစဉ်သည်လည်း ဘဝင်တို့၏ အကြားအကြားတွင် ထိုက်သလိုဖြစ်နေသဖြင့် ဘဝင်နှင့် ဝီထိစိတ်တို့သည် နာမ်သန္တတိအစဉ်အားဖြင့် အစဉ်အတန်းတစ်ခုတည်းသာ ဖြစ်ကြသည်။ ဘဝင်နှင့် ဝီထိစိတ် တို့မှာ ဘဝင်ဖြစ်ခိုက်၌ ဝီထိစိတ်မဖြစ်ဘဲ ဝီထိစိတ်ဖြစ်ခိုက်၌လည်း ဘဝင်မဖြစ်ဘဲ တစ်စဉ်တည်း တစ်ဆက်တည်း တစ်တန်းတည်းဖြစ်နေသော သန္တတိအစဉ်အတန်း တစ်ခုသာ ဖြစ်သည်။ အလားတူပင် ရုပ်သန္တတိ အစဉ်အတန်း-သည်လည်း အစဉ်အတန်း တစ်ခုတည်း တစ်တန်းတည်း တစ်ဆက်တည်း အဖြစ်ဖြင့်သာ လာနေ၏ ဖြစ်နေ၏။ သန္တတိအစဉ်အတန်းအားဖြင့် တစ်စဉ်တည်း တစ်တန်းတည်း တစ်ဆက်တည်းဖြစ်သော်လည်း နိစ္စအနေအထား သုခအနေအထား အတ္တအနေအထားအားဖြင့် ဖြစ်ပေါ်နေသည့် သန္တတိအစဉ်အတန်းကား မဟုတ်ပေ။ အနိစ္စအနေအထား ဒုက္ခအနေအထား အနတ္တအနေအထားအားဖြင့်သာ ဖြစ်ပေါ်နေသည့် သန္တတိအစဉ်အတန်း ဖြစ်ပေသည်။

## အတိတ်၏ အရှိန်အဝါဟပ်မှု

ဤသို့ အတိတ် ရုပ်နာမ်သန္တတိအစဉ်ကို ယခုကဲ့သို့ လှမ်း၍ ဉာဏ်ဖြင့် ရှုလိုက်သောအခါ အချို့အချို့သော ယောဂီသူတော်ကောင်းတို့ကား အတိတ်က စိတ်နေစိတ်ထားများသည် ယခုပစ္စုပ္ပန်ဘဝ၏ စိတ်နေစိတ်ထား များနှင့် များစွာ တူညီမှုရှိကြောင်းကို ဝန်ခံကြ၏။ ဝါသနာဓာတ်ငွေ့များ ရုပ်နာမ်သန္တတိအစဉ်ဝယ် ကပ်ပါနေခြင်း အရှိန်ဟပ်နေခြင်းပင်ဖြစ်သည်။ သမထဘာဝနာ ဝိပဿနာဘာဝနာတို့ကို ပွားများအားထုတ်နေခြင်းသည်ကား မကောင်းသော ဓာတ်ငွေ့များ၏ နေရာ၌ ကောင်းသော ဓာတ်ငွေ့များကို နေရာယူစေခြင်း ကောင်းသော ဓာတ်ငွေ့ များကို အဆက်မပြတ် ဆက်တိုက်ဖြစ်အောင်, ရုပ်နာမ်သန္တာန်အစဉ်၌ ကောင်းသော ဓာတ်ငွေ့များ ကိန်းဝပ်

တည်နေအောင် ကြိုးစားခြင်းပင် ဖြစ်သည်။ မကောင်းသော စေတ်ငွေ့များကို အမြစ်ပြတ် ချေဖျက်နိုင်သောအခါ, ကောင်းသော စေတ်ငွေ့ချည်းသက်သက် ရာနှုန်းပြည့် ဖြစ်နေသောအခါ, ကိန်းဝပ်တည်နေသောအခါ မိမိ၏ ဘာဝနာလုပ်ငန်းသည်လည်း အထွတ်အထိပ်သို့ ရောက်ရှိသွားပြီ ဖြစ်ပေသည်။

## ၃ – ၄ ယောက်

တစ်ခါတစ်ရံ အချို့သော ယောဂီသူတော်ကောင်းတို့၏ အသိဉာဏ်၌ အတိတ်ဘဝတွင် ကောင်းမှုကုသိုလ် ပြုလုပ်နေသည့် အာရုံဝယ် ကောင်းမှုကုသိုလ် ပြုလုပ်နေသူ (၃ - ၄)ယောက် ပေါ်လာတတ်၏။ ထိုအခါ ထိုထိုပုဂ္ဂိုလ် အသီးအသီး၏ သန္တာန်၌ တည်ရှိသော စေတ်ကြီးလေးပါးကို စတင်၍ တစ်ယောက်ပြီး တစ်ယောက် သိမ်းဆည်း ရှုပွားပါ။ ရုပ်နာမ်တို့ကို ခြုံငုံ၍ ဆက်လက် သိမ်းဆည်းကြည့်ပါ။ ထိုပုဂ္ဂိုလ် အသီးအသီး၏ ဘဝင်မနောအကြည်-စေတ် အသီးအသီးကို တစ်ဖန် ဦးစားပေး၍ တစ်ယောက်ပြီးတစ်ယောက် သိမ်းဆည်းကြည့်ပါ။ မိမိ၏ ဘဝင်မနော အကြည်စေတ် ဟုတ်သည် မဟုတ်သည်ကို ယောဂါဝစရပုဂ္ဂိုလ်သည် လွယ်လွယ်ကူကူပင် သဘောပေါက်နေတတ်၏။ အကြောင်းကား လက်ရှိ မိမိ၏ ဘဝင်မနောအကြည်စေတ်နှင့် အတိတ်ဘဝ၏ ဘဝင်မနောအကြည်စေတ်တို့မှာ နာမ်သန္တတိ အစဉ်အတန်းအနေအားဖြင့် တစ်စဉ်တည်း တစ်တန်းတည်း တစ်ဆက်တည်း တစ်ခုတည်း ဖြစ်နေ-သည်ကို ယောဂါဝစရပုဂ္ဂိုလ်သည် သမ္မာဒိဋ္ဌိ ဉာဏ်ပညာမျက်စိဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်သောအခါ ထိုအတိတ်က ဘဝင်မနောအကြည်မှာ မိမိ၏ ဘဝင်မနောအကြည်ပင် ဖြစ်ကြောင်းကို လွယ်လွယ် ကူကူပင် သိမြင်နိုင်သောကြောင့် ဖြစ်သည်။

အကယ်၍ အတိတ်က ဘဝင်မနောအကြည်ကို ဉာဏ်ဖြင့် စိုက်၍ ရှုလိုက်သောအခါ ထိုမိမိရှုနေသော ဘဝင်မနောအကြည်သည် မိမိ၏ ဘဝင်မနောအကြည် မဟုတ်လျှင်လည်း မိမိ၏ ဘဝင်မနောအကြည် မဟုတ်ဟု လွယ်လွယ်ကူကူပင် ယောဂါဝစရပုဂ္ဂိုလ်က သိရှိနိုင်ပေသည်။ အကြောင်းမူ နာမ်သန္တတိ အစဉ်အတန်းချင်း မဆက်စပ်သောကြောင့် ဖြစ်သည်။ အတိတ်က ရုပ်နာမ်သည် မိမိ၏ ရုပ်နာမ် မဟုတ်ခဲ့လျှင် ထိုအတိတ်က သူတစ်ပါး၏ ရုပ်နာမ်သန္တတိအစဉ်နှင့် ယခုလက်ရှိ မိမိ၏ ရုပ်နာမ်သန္တတိအစဉ်တို့သည် သန္တတိအစဉ်အတန်း အားဖြင့် တစ်စဉ်တည်း တစ်တန်းတည်း တစ်ဆက်တည်း တစ်ခုတည်း မလာဘဲ သန္တတိ အစဉ်အတန်းချင်း ဆက်စပ်မှုမရှိ ဖြစ်နေသည်ကို ယောဂါဝစရပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် တွေ့မြင်နိုင်ပေသည်။

အတိတ်က ဘဝင်မနောအကြည်စေတ် အဝင်အပါဖြစ်သော ရုပ်နာမ်သန္တတိအစဉ်နှင့် ယခု ပစ္စုပ္ပန် ရုပ်နာမ်သန္တတိအစဉ်တို့ကား တစ်စဉ်တည်း တစ်တန်းတည်း တစ်ဆက်တည်း တစ်ခုတည်းအနေအားဖြင့် ရှေးနှင့်နောက် ဆက်စပ်လျက် အထပ်ထပ် ဖြစ်နေပေသည်။ ယင်းသို့ ဖြစ်နေမှုကို ယောဂါဝစရပုဂ္ဂိုလ်က သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ပါလျှင်ကား ရုပ်နာမ်သန္တတိအစဉ်အတန်း အနေအားဖြင့် အဆက်မပြတ် တစ်စဉ်တည်း တစ်တန်းတည်း တစ်ဆက်တည်း တစ်ခုတည်းအနေဖြင့် ရှေးနှင့်နောက် ဆက်စပ်လျက် အထပ်ထပ် ဖြစ်မှုကို သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်နေသောကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဧကတ္တနည်းကို သိသည် မည်ပေသည်။ ယခု ပစ္စုပ္ပန် ရုပ်နာမ်သန္တတိအစဉ်နှင့် အနာဂတ် ရုပ်နာမ်သန္တတိအစဉ်တို့၏ သန္တတိအစဉ်အတန်းချင်း တစ်စဉ်တည်း တစ်တန်းတည်း တစ်ဆက်တည်း တစ်ခုတည်း ဆက်စပ်၍ အထပ်ထပ်ဖြစ်မှုကို ဉာဏ်ဖြင့် ရှုမြင်ရာ၌လည်း နည်းတူပင် သဘောပေါက်ပါ။

## ဥစ္ဆေဒဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ

ဤသမ္မာဒိဋ္ဌိဉာဏ်အမြင်သည် အတိတ်အကြောင်းတရားနှင့် ပစ္စုပ္ပန်အကျိုးတရား, ပစ္စုပ္ပန်အကြောင်းတရားနှင့် အနာဂတ်အကျိုးတရားစသည့် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုးဆက်နွယ်လျက် အထပ်ထပ်ဖြစ်နေသော ရုပ်နာမ်သန္တတိအစဉ်အတန်း၏ မပြတ်စဲမှုကို ထိုးထွင်းသိမြင်နေသော အသိဖြစ်ရကား **"ဘဝဟူသည် ပုစက်နှင့် ခေါင်းအကြားမှာသာ ရှိ၏၊ သေလျှင် ပြတ်၏၊ ခေါင်းဟိုဘက် ဘာမျှ မရှိ"** — ဟု စွဲယူသော ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒဆိုး ချဉ်ဖတ်အိုးကြီးကို ပယ်စွန့်နိုင်ပေသည်။ ထိုသို့သော ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့် ထိုးထွင်း မသိမမြင်ဘဲ အမှားမှား အယွင်းယွင်း မြင်ခဲ့သော် "အတ္တသည် သေလျှင် မပြတ်၊ မြဲ၏"ဟု စွဲယူတတ်သော သဿတဒိဋ္ဌိတည်းဟူသော အယူဝါဒဆိုးကြီးလည်း ဖြစ်လာနိုင်ပြန်၏။ အမှားမှား အယွင်းယွင်း မြင်မှုဟူသည် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် အထပ်ထပ် မပြတ်ဖြစ်နေသော ရုပ်နာမ်သန္တာန်အစဉ်၏ မပြတ်စဲမှုကို အနိစ္စအနေအထား ဒုက္ခအနေအထား အနတ္တအနေအထားအားဖြင့် မမြင်ဘဲ နိစ္စအနေအထား အတ္တအနေအထားအားဖြင့် စွဲယူခြင်းတည်း။ အကြောင်း ရုပ်နာမ်နှင့် အကျိုး ရုပ်နာမ်တို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာကို ဉာဏ်ဖြင့် မမြင်နိုင်သဖြင့် နိစ္စအနေအားဖြင့် အတ္တအနေအားဖြင့် ရုပ်နာမ်သန္တာန်အစဉ်ကို တစ်ခုတည်းဟု စွဲယူမှုတည်း။ ယင်းသို့ စွဲယူမှုကား သဿတဒိဋ္ဌိပင် ဖြစ်သည်။

တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ အနညံ။ (မ-၁-၃၂၃။)

ထိုတစ်ခုတည်းသော ဤဝိညာဏ်သည်ပင်လျှင် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွား၏၊ တပြောင်းပြန်ပြန် ကျင်လည်၏။ (= တစ်ခုသော ဘဝ၌လည်း ထပ်ခါထပ်ခါ ကျင်လည်၏။) အခြားသော ဝိညာဏ်သည် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားသည် မဟုတ်၊ တပြောင်းပြန်ပြန် ကျင်လည်သည် မဟုတ်၊ (= တစ်ခုသော ဘဝ၌ ထပ်ခါထပ်ခါ ကျင်လည်သည် မဟုတ်၊) (မ-၁-၃၂၃။)

ဤသို့သော သဿတဒိဋ္ဌိမျိုးသည် ဖြစ်ပေါ်လာတတ်၏။

အကြောင်းတရားနှင့် အကျိုးတရားတို့၏ ပရမတ္ထ တရားကိုယ်အနက်သဘောအားဖြင့် ကွဲပြားခြင်း သီးခြားဖြစ်ခြင်းသည် ထင်ရှားရှိပါသော်လည်း အကြောင်း၏ အဖြစ်ဖြင့်လည်းကောင်း, အကျိုး၏ အဖြစ်ဖြင့်လည်းကောင်း ထိုအကြောင်းတရားနှင့် အကျိုးတရားတို့၏ ဆက်စပ်သည်၏ အဖြစ်သည်သာလျှင် ဤဧကတ္တနည်းကို ပြဆိုရာ၌ ရုပ်နာမ်သန္တာန်အစဉ်၏ မပြတ်စဲခြင်း မည်ပေသည်။ အကြင် အကြောင်းနှင့် အကျိုးတို့၏ ဆက်စပ်သည်၏ အဖြစ်၏သာလျှင် ရုပ်နာမ်သန္တာန်အစဉ်၏ မပြတ်စဲခြင်းမည်သည်၏ အဖြစ်ကြောင့် — အကြင် ရုပ်နာမ်သန္တာန် အစဉ်၌ ကံသည် ဖြစ်ပြီး ဖြစ်၏။ ပြီးစီးပြီး ပြုစုပျိုးထောင်ပြီး ဖြစ်၏၊ ထိုကံဖြစ်ပြီးရာ ရုပ်နာမ်သန္တာန်အစဉ်၌သာလျှင် အကျိုးတရား၏ ဖြစ်ခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏။ ထိုကြောင့် ပြုအပ်ပြီးသောကံ၏ ပျက်စီးခြင်းသည်လည်းကောင်း မပြုအပ်သေးသော ကံ၏ အသစ် ရှေးရှု ဆိုက်ရောက်လာခြင်းသည်လည်းကောင်း မရှိနိုင်ဟု မှတ်ပါ။ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကွဲပြားခြင်းကို ဉာဏ်ဖြင့် မစူးစမ်းမူ၍ အကြောင်းနှင့် အကျိုးကိုလည်း မကွဲမပြား တစ်သားတည်း တစ်ဆက်တည်း တစ်ခုတည်း ဖြစ်သည်ကို ပြု၍ အကြောင်းအကျိုး နှစ်မျိုးတို့၏ တစ်ခုတည်း၏ အဖြစ်ဟု ဆိုအပ်သော မကွဲပြားခြင်းကို စွဲယူခြင်းကြောင့် — "ထိုတစ်ခုတည်းသော ဝိညာဏ်သည် ပင်လျှင် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွား၏၊ တပြောင်းပြန်ပြန် ကျင်လည်၏" ဤသို့စသည်ဖြင့် သဿတဒိဋ္ဌိ အယူဝါဒကို စွဲယူမိတတ်ပေသည်။ (မဟာဋီ-၂-၃၄၇။)

# နာနတ္တနည်း

အဝိဇ္ဇာဒီနံ ပန ယထာသကလက္ခဏဝဝတ္ထာနံ **နာနတ္တနယော** နာမ။ ယံ သမ္မာ ပဿန္တော နဝနဝါနံ ဥပ္ပါဒဒဿနတော သဿတဒိဋ္ဌိံ ပဇဟတိ၊ မိစ္ဆာ ပဿန္တော ဧကသန္တာနပတိတဿ ဘိန္နသန္တာနဿေဝ နာနတ္တဂ္ဂဟဏတော ဥစ္ဆေဒဒိဋ္ဌိံ ဥပါဒိယတိ။ (အဘိ-ဋ္ဌ-၂-၁၈၈။)

**ဘိန္နသန္တာနဿေဝါ**တိ သမ္ဗန္ဓရဟိတဿ နာနတ္တဿ ဂဟဏတော သတ္တန္တရော ဥစ္ဆိန္နော သတ္တန္တရော ဥပ္ပန္နောတိ ဂဏှန္တော ဥစ္ဆေဒဒိဋ္ဌိမုပါဒိယတိ။ (မူလဋီ-၂-၁၃၂။)

**သမ္ဗန္ဓရဟိတဿာ**တိ ဟေတုဖလဘာဝေန အညမညသမ္ဗန္ဓဘာဝရဟိတဿ။ **သတ္တန္တရော**တိ အညော သတ္တော။ **ဥစ္ဆေဒဒိဋ္ဌိမုပါဒိယတီ**တိ ယထာနုရူပကာရဏတော ဖလပ္ပဝတ္တိံ အသမနုပဿန္တော နာနာသန္တာနေ ဝိယ အသမ္ဗန္ဓနာနတ္တဒဿနတော ဟေတုဘာဝရဟိတာနံ နိပ္ပယောဇနာနံ ပုရိမုပ္ပန္နာနံ ဓမ္မာနံ နိရောဓေ ဟေတုနိယမာဘာဝတော ဧကန္တေန ဥပ္ပတ္တိ န ယုတ္တာ၊ တထာ သန္တာနေန ဥပ္ပတ္တိ၊ သဒိသဘာဝေန ဥပ္ပတ္တိ၊ သမာနဇာတိဒေသပရိဏာမဝယရူပဗလသဏ္ဌာနာနံ ဥပ္ပတ္တိ န ယုတ္တာတိအာဒီနိ ဝိကပ္ပေန္တော ဥစ္ဆေဒဒိဋ္ဌိံ ဂဏှာတိ။ (အနုဋီ-၂-၁၄၀။)

ဧကတ္တနည်းအရ ကြောင်း-ကျိုးဆက်နွယ်လျက် သန္တတိအစဉ်အတန်း တစ်ခုအနေဖြင့် ဖြစ်ပေါ်လာနေသော အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာမရဏစသော အကြောင်းတရား အကျိုးတရားတို့ကို —

၁။ သန္တတိဃနဟူသော နာမ်အစဉ်အတန်း အတုံးအခဲ ရုပ်အစဉ်အတန်း အတုံးအခဲတို့ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် စိတ္တက္ခဏတစ်ခုချင်း ခွဲခြားစိတ်ဖြာ၍ ရုပ်ကလာပ် တစ်ခုချင်း ပြတ်၍ ဉာဏ်ဖြင့် မြင်ခဲ့သော်လည်းကောင်း,

၂။ သမူဟဃနဟု ခေါ်ဆိုသော ရုပ်ကလာပ်ဟူသော ရုပ်အပေါင်းအစု အတုံးအခဲ, နာမ်ကလာပ်ဟူသော စိတ္တက္ခဏတစ်ခုအတွင်း၌ရှိသော နာမ်အပေါင်းအစု အတုံးအခဲတို့ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ္ထ ဓမ္မသဘာဝလက္ခဏာဟူသော ကိုယ်ပိုင်သဘာဝလက္ခဏာ အသီးအသီးသို့ ဆိုက်အောင် ဉာဏ်ဖြင့် သိမြင်ခဲ့သော်လည်းကောင်း,

ထိုသို့ အဝိဇ္ဇာ-သင်္ခါရ-ဝိညာဏ်-နာမ်ရုပ် အစရှိသော ရုပ်ကလာပ် နာမ်ကလာပ်ဟူသော အုပ်စုအလိုက်သာ ဖြစ်ပေါ်နေကြသော ပရမတ္ထဓာတ်သား တစ်လုံးစီ တစ်လုံးစီ၏ ကိုယ်ပိုင် သဘာဝလက္ခဏာ အသီးအသီးကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ပိုင်းခြားမှတ်သားလျက် သိမ်းဆည်းနိုင်ခဲ့သော်လည်းကောင်း အသစ်အသစ်သော ပရမတ္ထဓာတ်သားတို့၏ ဖြစ်ပေါ်မှုကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေသောကြောင့် နာနတ္တနည်းကို သိသည် မည်၏။

ယောဂါဝစရပုဂ္ဂိုလ်သည် ထိုသို့ သိရှိနိုင်အောင် ယင်းပရမတ္ထဓာတ်သား အသီးအသီးကို လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်နည်းအားဖြင့် ဉာဏ်ဖြင့် ကြိတ်ချေနိုင်ရမည် ဖြစ်ပေသည်။ အကြောင်းတရား အကျိုးတရား နှစ်ဘက်လုံး၌ ကြိတ်ချေနိုင်ရမည် ဖြစ်ပေသည်။

ယင်းနာနတ္တနည်းကို ကောင်းမွန်မှန်ကန်စွာ သိမြင်ခဲ့သော် အသစ်အသစ်သော ပရမတ္ထဓာတ်သားတို့၏ ကြောင်းကျိုးဆက်နွယ်လျက် ဖြစ်ပေါ်နေမှုကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေခြင်းကြောင့် — "အတ္တသည် မြဲ၏ —"ဟု စွဲယူတတ်သော သဿတဒိဋ္ဌိ အယူဝါဒဆိုးကြီးကို ပယ်စွန့်နိုင်၏။

## ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်ပုံ

မှန်ကန်စွာမမြင်ဘဲ အမှားမှားအယွင်းအယွင်း မြင်ခဲ့သော် ရုပ်နာမ်သန္တာန်အစဉ် တစ်ခု၏အတွင်း၌ ကျရောက်လျက်ရှိသော ရုပ်တရား နာမ်တရားအစုကို သန္တာန်ကွဲပြားသကဲ့သို့ အသီးအသီး တစ်ခြားစီ တစ်ခြားစီ စွဲယူမိခြင်းကြောင့် "ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝ ဟိုကိုယ်ခံလိမ့်မည်"ဟူသော ဥစ္ဆေဒဒိဋ္ဌိမျိုးကို စွဲယူမိတတ်၏။
(အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၂၀။)

အကြောင်းတရားနှင့် အကျိုးတရားတို့၏ အကြောင်း အကျိုးအဖြစ်ဖြင့် အချင်းချင်း ဆက်စပ်ခြင်းမှ ကင်းသော (ရုပ်နာမ်သန္တာန်အစဉ် တစ်ခုတည်းကို တစ်ခုတည်းဟု မယူနိုင်ဘဲ) ရုပ်နာမ်သန္တာန်အစဉ် တစ်ခုစီဟု အသီးအသီး၏ အဖြစ်ကို စွဲယူခြင်းကြောင့် "ဖြစ်သောသတ္တဝါမှ တစ်ပါးသော သတ္တဝါသည် သေသောအားဖြင့် ပြတ်၏၊ သေသော သတ္တဝါမှ တစ်ပါးသော သတ္တဝါသည် ဖြစ်ပေါ်လာ၏၊" ဤသို့ ယူဆလျက် သေလျှင် ပြတ်၏ ဟူသော ဥစ္ဆေဒဒိဋ္ဌိကို စွဲမြဲစွာ ယူတတ်၏။ (မူလဋီ-၂-၁၃၂။)

ရုပ်နာမ်ခန္ဓာအစဉ်သည် ဘဝခြားသော်လည်း တစ်စဉ်တစ်တန်းတည်းသာ ဖြစ်၏၊ သုမေဓာရှင်ရသေ့ဘဝမှ စ၍ ဗုဒ္ဓမြတ်စွာ၏ ဘဝသို့တိုင်အောင် ရုပ်နာမ်သန္တာန်အစဉ်ကား တစ်စဉ်တစ်တန်းတည်းသာ ဖြစ်၏၊ သို့ပါလျက် "တစ်သန္တာန်တည်း"ဟု မယူဆနိုင်ဘဲ၊ ယခုဘဝ၌ သေသော သတ္တဝါက တစ်ယောက်၊ နောက်ဘဝ၌ ဖြစ်သော သတ္တဝါက တစ်ယောက်ဟု ကွဲပြားသော သန္တာန်ရှိသကဲ့သို့ ယူဆသောကြောင့် "သတ္တဝါသည် သေလျှင် ပြတ်၏"ဟု ဥစ္ဆေဒဒိဋ္ဌိကို စွဲမြဲစွာ ယူမိလေတော့သည်။

အကျိုးတရားနှင့် လျော်ညီသော အကြောင်းတရားကြောင့် အကျိုးတရား၏ ဖြစ်မှုကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်လျက် မသိမမြင်ခဲ့သော် (ဆရာ့အပြောနှင့်သာ လွမ်းလျက် သူများပါးစပ်တွင်သာ လမ်းဆုံးနေခဲ့သော်) သတ္တဝါ အသီးအသီး၏ ရုပ်နာမ်သန္တာန် အသီးအသီး၌ သန္တာန်တစ်ခုနှင့် သန္တာန်တစ်ခုသည် အကြောင်း အကျိုးအဖြစ်ဖြင့် ဆက်စပ်မှုမရှိသကဲ့သို့ အလားတူပင် ရုပ်နာမ်သန္တာန်အစဉ် တစ်ခု၏ အတွင်း၌ အကြောင်းနှင့် အကျိုးတို့၏ ဆက်စပ်မှုသဘောကို မမြင်ခြင်းကြောင့် သန္တာန်တစ်ခု၏ အတွင်း၌ တည်ရှိသော ရုပ်နာမ်ပရမတ်တရားတို့ကို သန္တာန်ကွဲပြားသကဲ့သို့ တွေ့မြင်နေသောကြောင့် အကျိုးတရားတို့ကိုလည်း အကြောင်းတရားမှ ကင်းကုန်၏ဟု မြင်နေတတ်၏၊ အကြောင်းတရားတို့၌လည်း အကျိုးတရားမရှိဟု မြင်နေတတ်၏။ ထိုသို့ အကြောင်းအဖြစ်မှ ကင်းကုန်သော အကျိုးတရား ထင်ရှားမရှိကြကုန်သော (= အကြောင်းလည်း မဟုတ်ကုန် အကျိုးလည်း မဟုတ်ကုန်သော) ရှေးဖြစ်ကုန်သော တရားတို့၏ ချုပ်ခြင်း၌ အကြောင်းတရားအဖြစ် မြဲသော သတ်မှတ်ချက်မရှိသောကြောင့် စင်စစ်အားဖြင့် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ခြင်းဟူသည် မသင့်ပါဟုလည်းကောင်း၊ အလားတူပင် ရုပ်နာမ်သန္တာန်အစဉ်တစ်ခုအနေဖြင့် ဖြစ်ခြင်း၊ အကြောင်းတရားနှင့် တူညီသောအားဖြင့် အကျိုးတရား၏ ဖြစ်ခြင်း၊ အကြောင်းတရားနှင့် တူညီသော အမျိုးဇာတ်၊ အရပ်ဒေသ၊ လုံးရုပ်၊ အရွယ်၊ ရုပ်အဆင်း၊ ခွန်အားပုံသဏ္ဌာန်တို့၏ ဖြစ်ခြင်းသည်လည်း မသင့်ပါ — ဤသို့ စသည်တို့ကို အထွေထွေ အလီလီ ထိုထို ဤဤ ကြံစည်လျက် ဥစ္ဆေဒဒိဋ္ဌိကို စွဲယူမိတတ်ပေသည်။ (အနုဋီ-၂-၁၄၀။)

## အဗျာပါရနည်း

အဝိဇ္ဇာယ သင်္ခါရာ မယာ ဥပ္ပာဒေတဗ္ဗာ၊ သင်္ခါရာနံ ဝါ ဝိညာဏံ အမှေဟီတိ ဧဝမာဒိဗျာပါရာဘာဝေါ **အဗျာပါရနယော** နာမ။ ယံ သမ္မာ ပဿန္တော ကာရကဿ အဘာဝါဝဗောဓတော အတ္တဒိဋ္ဌိံ ပဇဟတိ၊ မိစ္ဆာ ပဿန္တော ယော အသတိပိ ဗျာပါရေ အဝိဇ္ဇာဒီနံ သဘာဝနိယမသိဒ္ဓေါ ဟေတုဘာဝေါ၊ တဿ အဂ္ဂဟဏတော အကိရိယဒိဋ္ဌိံ ဥပါဒိယတိ။ (အဘိ-ဋ္ဌ-၂-၁၈၈။)

**ဗျာပါရာဘာဝေါ** အနဘိသန္ဓိတာယ အဗျာဝဋတာ။ **သမ္မာ ပဿန္တော**တိ "နိရီဟာ နိဇ္ဇီဝါ ဓမ္မမတ္တာ"တိ ပဿန္တော။ သဘာဝေါ ဧဝ နိယမော **သဘာဝနိယမော** "သသမ္ဘာရဂ္ဂိနော ဥဒ္ဓမုခတာ၊ သသမ္ဘာရဝါယုနော တိရိယဂမန"န္တိ ဧဝမာဒိ ဝိယ။ တေန သိဒ္ဓေါ ယထာသကံ ပစ္စယုပ္ပန္နဿ **ဟေတုဘာဝေါ**။ "ကဿစိ ကတ္တုနော အဘာဝါ န ကာစိ ကိရိယာ ဖလပဗန္ဓိနီ"တိ **အကိရိယဒိဋ္ဌိံ ဥပါဒိယတိ**။ (မဟာဋီ-၂-၃၄၈။)

အကြောင်းတရားများဘက်၌လည်း အကျိုးတရားများကို ဖြစ်ပေါ်လာအောင် ပြုလုပ်မည်ဟူသော ကြောင့်ကြဗျာပါရ မရှိ၊ ကင်းနေ၏။ အကျိုးတရားများဘက်၌လည်း အကြောင်းတရားများသည် ထင်ရှားဖြစ်ခဲ့သော် "ငါတို့ အကျိုးတရားတို့သည် ထင်ရှား ဖြစ်ကြမည်"ဟူသော ကြောင့်ကြဗျာပါရ မရှိ၊ ကင်းနေ၏။

အဝိဇ္ဇာ၏ (= အဝိဇ္ဇာ၌) "ငါအဝိဇ္ဇာသည် သင်္ခါရတရားတို့ကို ဖြစ်စေရမည် = ဖြစ်အောင် ပြုလုပ်မည်" ဟူသော ကြောင့်ကြဗျာပါရ မရှိ၊ ကင်းနေ၏။ သင်္ခါရတရားတို့၏လည်း (= သင်္ခါရတရားတို့၌လည်း) "ငါတို့ သင်္ခါရတို့သည် ဝိညာဏ်ကို ဖြစ်စေရမည် = ဖြစ်အောင်ပြုလုပ်မည်" — ဟူသော ကြောင့်ကြဗျာပါရ မရှိ၊ ကင်းနေ၏။ ဤသို့ စသည်ဖြင့် အဝိဇ္ဇာ သင်္ခါရစသော တရားတို့၌ ကြောင့်ကြဗျာပါရ မရှိမှု ကြောင့်ကြဗျာပါရ ကင်းမှု သဘောသည်ကား အဗျာပါရနည်း မည်၏။

**သမ္မာပဿန္တော** — အဝိဇ္ဇာ-သင်္ခါရစသော ဤတရားတို့သည်

၁။ နိရီဟာ = အကျိုးတရား ဖြစ်ပေါ်လာဖို့ရန် အားထုတ်ခြင်း ဗျာပါရ မရှိကြကုန်။
၂။ နိဇ္ဇီဝါ = ထိုသို့အားထုတ်နိုင်အောင် အသက်ကောင် ဇီဝကောင် အတ္တကောင်လည်း မဟုတ်ကြကုန်။
၃။ ဓမ္မမတ္တာ = ဆိုင်ရာအကျိုး ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေတတ်သော ဓမ္မသဘာဝတို့သာတည်း။

ဤသို့ သိမြင်သူကို သမ္မာပဿန္တော = ကောင်းမွန်မှန်ကန်စွာ သိမြင်သူဟု ဆိုရ၏။

ယင်းအဗျာပါရနည်းကို ယောဂါဝစရပုဂ္ဂိုလ်သည် ကောင်းမွန်မှန်ကန်စွာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်ခဲ့သော် ပြုလုပ်တတ်သော စီရင်တတ်သော ဖန်ဆင်းတတ်သော ကတ္တားဟု ခေါ်ဆို-အပ်သော ဖန်ဆင်းရှင် ပရမအတ္တ၏ မရှိခြင်းကို ထိုးထွင်း၍ သိမြင်ခြင်းကြောင့် အဖန်ဆင်းခံရသော ဇီဝအတ္တ, ဖန်ဆင်းတတ်သော ပရမအတ္တရှိ၏ဟု စွဲယူသော အတ္တဒိဋ္ဌိဝါဒစွဲကြီးကို ပယ်စွန့်နိုင်၏။ (အဘိ-ဌ-၂-၁၈၈။)

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ။ ဣမသ္မိံ အသတိ၊ ဣဒံ န ဟောတိ၊ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ။ (ဥဒါန-၇၉။)

အဝိဇ္ဇာ သင်္ခါရစသော တရားတို့၌ အကျိုးတရားကို ထင်ရှားဖြစ်ပေါ်လာအောင် ပြုလုပ်မည်ဟူသော ကြောင့်ကြဗျာပါရ ကင်းနေသော်လည်း အကျိုးတရားကို ဖြစ်စေနိုင်သော စွမ်းအင်သတ္တိကား တည်ရှိလျက်ပင် ဖြစ်သည်။

"ဤအကြောင်းတရားသည် ထင်ရှားရှိလတ်သော် ဤအကျိုးတရားသည် ထင်ရှားရှိ၏၊ ဤအကြောင်းတရား၏ ထင်ရှားဖြစ်ခြင်းကြောင့် ဤအကျိုးတရားသည် ထင်ရှား ဖြစ်ပေါ်လာရ၏။ ဤအကြောင်းတရားသည် ထင်ရှားမရှိလတ်သော် ဤအကျိုးတရားသည် ထင်ရှားမရှိ၊ ဤအကြောင်းတရား၏ ချုပ်ငြိမ်းသွားခြင်းကြောင့် ဤအကျိုးတရားသည် ချုပ်ငြိမ်းသွား၏။"

ဤသို့လျှင် ယောဂါဝစရပုဂ္ဂိုလ်သည် သိလျက်ရှိ၏၊ သိအောင်လည်း ကြိုးပမ်းရမည်သာ ဖြစ်၏။ ဤသည်မှာ အကြောင်းတရားတို့၌ သဘာဝနိယမအားဖြင့် ပြီးစီးနေသော အကြောင်းတရားဖြစ်မှု သဘောတည်း။

ယင်းအဗျာပါရနည်းကို ကောင်းမွန်မှန်ကန်စွာ မသိမမြင်ဘဲ အမှားမှား အယွင်းယွင်းမြင်ခဲ့သော် အကြောင်းတရားတို့၌ အကျိုးတရားတို့ကို ဖြစ်ပေါ်လာအောင် ကြောင့်ကြဗျာပါရပြုမှု မရှိသော်လည်း အဝိဇ္ဇာစသော အကြောင်းတရားတို့၌ သင်္ခါရစသော အကျိုးတရားတို့ကို ဖြစ်စေနိုင်သော သဘာဝနိယမအားဖြင့် ပြီးစီးလာသော အကြောင်းတရားဖြစ်မှု သဘောတရားသည် ထင်ရှားရှိသည်သာ ဖြစ်၏၊ ယင်းသဘောတရားကို လက်မခံနိုင်သည့် အတွက်ကြောင့် "ပြုလုပ်သော်လည်း ပြုလုပ်သည် မမည်"ဟု အယူမှားမှု အကိရိယဒိဋ္ဌိကို စွဲယူမိတတ်၏။ (အဘိ-ဋ္ဌ-၂-၁၈၈။)

## သဘာဝနိယမ ဟူသည်

မြဲသောသဘောတရားကို သဘာဝနိယမဟု ခေါ်၏။ တွဲဖက် ကလာပ်တူ ဥတုဇရုပ်အပေါင်းဟူသော အဆောက်အဦနှင့် တကွဖြစ်သော တေဇောဟူသော မီးဓာတ်၏ အထက်သို့ မျက်နှာမူသည်၏ အဖြစ်လည်း-ကောင်း, = (မီးညွန့်၏ အထက်ဘက်သို့ တက်ခြင်းလည်းကောင်း), ကလာပ်တူ ဥတုဇရုပ်အပေါင်းဟူသော အဆောက်အဦနှင့် အတူတကွဖြစ်သော လေ၏ ဖီလာကန့်လန့်သွားခြင်းလည်းကောင်း ဤသို့ အစရှိသော ဖြစ်ပုံ-သည် မြဲသောသဘော ထုံးစံဓမ္မတာ ဖြစ်သကဲ့သို့ — အလားတူပင် —

အဝိဇ္ဇာစသော အကြောင်းတရားသည် ထင်ရှားရှိလတ်သော် သင်္ခါရစသော အကျိုးတရားသည် ထင်ရှား ဖြစ်ပေါ်လာ၏၊ အဝိဇ္ဇာစသော အကြောင်းတရားသည် ထင်ရှားမရှိလတ်သော် သင်္ခါရစသော အကျိုးတရား သည်လည်း ထင်ရှား မဖြစ်ပေါ်လာတော့ပေ။ တစ်နည်းဆိုသော် — အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ ဟူသော အကြောင်းတရားသည် ထင်ရှားရှိခဲ့သော် ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာဟူသော အကျိုးတရား သည်လည်း ထင်ရှားဖြစ်ပေါ်လာ၏၊ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ ဟူသော အကြောင်းတရားသည် ထင်ရှား မရှိလတ်သော် ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာဟူသော အကျိုးတရားသည်လည်း ထင်ရှား ဖြစ်ပေါ်မလာတော့ပေ။ ဤသို့သော ထုံးစံဓမ္မတာအားဖြင့် ပြီးစီးသော မိမိ အကြောင်းပစ္စည်းအားလျော်သော အကျိုးပစ္စယုပ္ပန်တရား၏ အကြင် အကြောင်း၏ အဖြစ်သည် ရှိ၏။ ဤအကြောင်း၏ အဖြစ်သည် သဘာဝနိယမ သိဒ္ဓဟေတုဘာဝ = မြဲသော ပရမတ္ထသဘာဝအားဖြင့် ပြီးစီးလာသော အကြောင်းတရား ဖြစ်မှုသဘောဟု ဆိုလို သည်။ (မဟာဋီ-၂-၃၄၈။)

ယင်းကဲ့သို့သော အဝိဇ္ဇာစသော အကြောင်းတရားတို့၌ သင်္ခါရစသော အကျိုးတရားတို့ကို သဘာဝနိယမ = မြဲသောသဘောအားဖြင့် ပြီးစီးနေသော စွမ်းအင်သတ္တိ ရှိမှုသဘောကို လက်မခံနိုင်ပါက, ပရမတ္ထသစ္စာနယ်၌ ပြုလုပ်တတ်သော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ = တစ်စုံတစ်ခုသော တရားဓမ္မ၏ မရှိခြင်းကြောင့် တစ်စုံတစ်ခုသော ကိုယ် နှုတ် စိတ် အမူအရာသည် = တစ်စုံတစ်ခုသော ကာယကံမှု ဝစီကံမှု မနောကံမှုသည် အကျိုးနှင့် ဆက်စပ်ခြင်းမရှိ = အကျိုးမပေးဟု ကံ-ကံ၏အကျိုးကို ပစ်ပယ်နေသော ပြုသော်လည်း ပြုသည် မမည်ဟူသော အကိရိယဒိဋ္ဌိတစ်မျိုး ဖြစ်လာတတ်သည်ဟု ဆိုလိုပေသည်။ (မဟာဋီ-၂-၃၄၈။)

## ဧဝံဓမ္မတာနည်း

အဝိဇ္ဇာဒီဟိ ပန ကာရဏေဟိ သင်္ခါရာဒီနံယေဝ သမ္ဘဝေါ ခီရာဒီဟိ ဒဓိအာဒီနံ ဝိယ၊ န အညေသန္တိ အယံ **ဧဝံဓမ္မတာနယော** နာမ။ ယံ သမ္မာ ပဿန္တော ပစ္စယာနုရူပတော ဖလာဝဗောဓတော အဟေတုကဒိဋ္ဌိဉ္စ အကိရိယဒိဋ္ဌိဉ္စ ပဇဟတိ၊ မိစ္ဆာ ပဿန္တော ပစ္စယာနုရူပံ ဖလပ္ပဝတ္တိံ အဂ္ဂဟေတွာ ယတော ကုတောစိ ယဿ ကဿစိ အသမ္ဘဝဂ္ဂဟဏတော အဟေတုကဒိဋ္ဌိဉ္စေဝ နိယတဝါဒဉ္စ ဥပါဒိယတိ။ (အဘိ-ဋ္ဌ-၂-၁၈၈-၁၈၉။)

နွားနို့ စသည်တို့ကြောင့် နို့ဓမ်းစသော အကျိုးတရားတို့၏ ထင်ရှား ဖြစ်ပေါ်လာရသကဲ့သို့ အဝိဇ္ဇာစသော အကြောင်းတရားတို့ကြောင့် အကျိုးတရားများသည် ဖြစ်ပေါ်လာခဲ့သော် သင်္ခါရစသော အကျိုးတရားများသာ ဖြစ်ပေါ်လာကြ၏။ အခြား အကျိုးတစ်စုံတစ်ရာသည် မဖြစ်ပေ။ တစ်နည်းဆိုသော် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံဟူသော အကြောင်းတရားတို့ကြောင့် အကျိုးတစ်စုံတစ်ရာ ဖြစ်ခဲ့သော် ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာဟူသော အကျိုးတရားများသာ ဖြစ်ပေါ်လာကြ၏၊ အခြားမည်သည့် အကျိုးတစ်စုံတစ်ရာမျှ မဖြစ်နိုင်ပေ။ ဤသဘောတရားသည် ဧဝံဓမ္မတာနည်း မည်၏။

ယင်းဧဝံဓမ္မတာနည်းကို ကောင်းမွန်မှန်ကန်စွာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည် အကြောင်းတရားနှင့် လျော်ညီသောအားဖြင့် အကျိုးတရားကို ထိုးထွင်း၍ သိမြင်ခြင်းကြောင့် = အကြောင်းတရားနှင့် လျော်ညီသော အကျိုးတရား၏ ဖြစ်ပေါ်လာမှုကို ထိုးထွင်း သိမြင်-ခြင်းကြောင့် အကျိုးတရားဟူသမျှသည် အကြောင်းတရားမရှိဟု စွဲယူသော အဟေတုကဒိဋ္ဌိ အယူကို လည်းကောင်း, အကျိုးကိုပြုစီမံပေးတတ်သော အကြောင်းတရားသည် မရှိဟု စွဲယူသော အကိရိယဒိဋ္ဌိ အယူကို လည်းကောင်း ပယ်စွန့်နိုင်၏။ (အဘိ-ဋ္ဌ-၂-၁၈၈-၁၈၉။) ဤဝါဒနှစ်မျိုးတို့ကား အကြောင်းအကျိုး နှစ်ရပ်လုံးကို ပယ်သော ဝါဒကြီးများပင် ဖြစ်ကြသည်။

ယင်းဧဝံဓမ္မတာနည်းကို ကောင်းမွန်မှန်ကန်စွာ ဉာဏ်ဖြင့် မသိမမြင်ဘဲ အကြောင်းနှင့် လျော်ညီသော အကျိုးတရား၏ ဖြစ်မှုကို လက်မခံနိုင်ခဲ့သော် အမှတ်မရှိ တစ်စုံတစ်ခုသော အကြောင်းကြောင့် အမှတ်မရှိ တစ်စုံတစ်ခုသော အကျိုးသည် ဖြစ်နိုင်သည်ဟုဆိုလျှင် သဲမှဆီ, ကြိမ်မှ နို့ရည် မဖြစ်နိုင်စရာ မရှိ, ဖြစ်နိုင်စရာ ရှိနေ၏။ ထိုကြောင့် မည်သည့် အကြောင်းကြောင့်မျှ မည်သည့်အကျိုးသည် မဖြစ်နိုင်ပါဟု အဟေတုကဒိဋ္ဌိဟူသော အကြောင်းမရှိ အယူကို စွဲစွဲလမ်းလမ်း အရဖမ်းယူလေသည်။

## နိယတဝါဒ

"ထိုသို့ အကြောင်းမရှိလျှင် အဘယ်နည်းဖြင့် ယခုမျက်မြင်ဖြစ်သော သက်ရှိ သက်မဲ့ သတ္တဝါ သင်္ခါရတို့သည် ဖြစ်ပေါ်နေကြရပါသနည်း"ဟု ထိုအဟေတုက အယူဝါဒရှိသူကို ပြန်၍ မေးလျှင် "နိယတ = မည်သည့် အချိန်အခါ၌ လူ, သို့မဟုတ် နတ်, သို့မဟုတ် တိရစ္ဆာန် အမျိုးမျိုး ဖြစ်ရမည်"ဟု အမြဲသတ်မှတ်ထားပြီး ဖြစ်ကြောင်းကို ပြန်ပြောင်း၍ ပြောဆိုတတ်၏။ ထိုအယူကို "နိယတဝါဒ"ဟုခေါ်၏။

ယသ္မာ နိယတိဝါဒီ အနုရူပါ ဟေတုတော ဖလုပ္ပတ္တိံ န ဣစ္ဆတိ၊ သဘာဝသိဒ္ဓိမေဝ စ ဓမ္မပ္ပဝတ္တိံ ဣစ္ဆတိ။
(အနုဋီ-၂-၁၄၀။)

ထိုနိယတဝါဒရှိသူကား လျော်သော အကြောင်းတရားကြောင့် လျော်သော အကျိုးတရား၏ ဖြစ်ခြင်းကို အလိုမရှိ၊ သဘာဝအတိုင်း ပြီးစီးနေသည်သာလျှင် ဖြစ်သော (= သတ်မှတ်ထားသည့် သဘာဝအတိုင်း ပြီးစီးနေသည်သာလျှင် ဖြစ်သော) ဓမ္မတို့၏ ဖြစ်ခြင်းကိုသာ အလိုရှိပေသည်။ (ယခုခေတ်၌ ကံ-ကံ၏အကျိုးကို လက်မခံနိုင်သော လက်ခံနိုင်လောက်သော ကျင့်စဉ်ကိုလည်း မကျင့်ရသေးသော သိပ္ပံဝါဒီအချို့တို့၏ အယူအဆနှင့်ကား တူမျှလျက်ပင် ရှိ၏။) (မူလဋီ-၂-၁၃၂။ အနုဋီ-၂-၁၄၀-၁၄၁။)

ထိုကြောင့် ဤဧဝံဓမ္မတာနည်းကို အမှားမှားအယွင်းယွင်း ရှုမြင်သောပုဂ္ဂိုလ်သည် အကြောင်းတရားနှင့် လျော်ညီသော အကျိုးတရား၏ ဖြစ်ခြင်းကို လက်မခံမူ၍ အမှတ်မရှိ တစ်စုံတစ်ခုသော အကြောင်းကြောင့် အမှတ်မရှိ တစ်စုံတစ်ခုသော အကျိုး၏ မဖြစ်သင့်ခြင်းကိုသာ စွဲယူထားခြင်းကြောင့် အဟေတုကဒိဋ္ဌိကိုလည်း-

ကောင်း နိယတဝါဒကိုလည်းကောင်း စွဲယူမိလျက်သား ဖြစ်နေ၏။ (အဘိ-ဋ္ဌ-၂-၁၈၉။)

## အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိကို စွန့်ပုံ

နို့ရည်မှ နို့ဓမ်းဖြစ်ပေါ်လာ၏၊ ရေမှ နို့ဓမ်းဖြစ်ပေါ်မလာနိုင်။ နှမ်းမှ နှမ်းဆီ ဖြစ်ပေါ်လာ၏၊ သဲမှ နှမ်းဆီ ဖြစ်ပေါ်မလာနိုင်။ အလားတူပင် အဝိဇ္ဇာစသော အကြောင်းတရားကြောင့် သင်္ခါရစသော ဆီလျော်သော အကျိုးတရားသာ ဖြစ်ပေါ်လာနိုင်၏။ ဤသို့လျှင် အလုံးစုံသော အကြောင်းတရားကြောင့် အလုံးစုံသော အကျိုးတရား၏ မဖြစ်သင့်သည်ကို ယောဂါဝစရပုဂ္ဂိုလ်သည် ပစ္စက္ခဉာဏ်ဖြင့် ရှုခြင်း မြင်ခြင်းကြောင့် အကြောင်းမရှိဟု ယူသော အဟေတုကဒိဋ္ဌိကို ပယ်စွန့်နိုင်ခြင်း ဖြစ်၏။ အဝိဇ္ဇာစသော အကြောင်းတရားအားလျော်သော သင်္ခါရစသော အကျိုးတရား၏ ဖြစ်မှုကို ဉာဏ်ဖြင့် ရှုမြင်နိုင်ခြင်းကြောင့် — ပြုသော်လည်း ပြုသည် မမည်၊ အကျိုးကို ပြုပြင်တတ် စီရင်တတ်သော အကျိုးနှင့် စပ်သော ကိုယ် နှုတ် စိတ် အမူအရာ မရှိဟု အမှားမှား အယွင်းယွင်း စွဲယူတတ်သော အကိရိယဒိဋ္ဌိကိုလည်း ပယ်စွန့်နိုင်ခြင်း ဖြစ်သည်။ (မဟာဋီ-၂-၃၄၈။)

## အဟေတုကဒိဋ္ဌိနှင့် နိယတဝါဒ

ဓမ္မဓာတုနည်းကို ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်မသိမြင်သေးသောသူသည် အကြောင်းအားလျော်သော အကျိုးတရား၏ ဖြစ်မှုကို လက်မခံနိုင်ဘဲ – အမှတ်မရှိ တစ်စုံတစ်ခုသော အကြောင်းကြောင့် အမှတ်မရှိ တစ်စုံတစ်ခုသော အကျိုးတရားသည် မဖြစ်နိုင်ဟု လက်ခံထား၏။ ယင်းသို့ လက်ခံထားသည့်အတွက် အမှတ်မရှိ တစ်စုံတစ်ခုသော အကြောင်းတရားကြောင့် အမှတ်မရှိ တစ်စုံတစ်ခုသော အကျိုးတရားသည် ဖြစ်နိုင်သည်ဟု ဆိုလျှင် သဲမှဆီ, ကြံမှနို့ရည် မဖြစ်နိုင်စရာ မရှိ၊ ဖြစ်နိုင်စရာ ရှိနေ၏။ ထိုကြောင့် မည်သည့် အကြောင်းကြောင့်မျှ မည်သည့် အကျိုးတရားသည် မဖြစ်နိုင်ပါဟု အဟေတုက အယူမှားကို စွဲစွဲလမ်းလမ်း ယူလေသည်။ (မဟာဋီ-၂-၃၄၈။)

"ထိုသို့ အကြောင်းမရှိလျှင် အဘယ်နည်းဖြင့် ယခုမျက်မြင်ဖြစ်သော သတ္တဝါ အရာဝတ္ထုများသည် ဖြစ်ပေါ်လာကြရပါသနည်း"ဟု ထိုအဟေတုက အယူရှိသူကို ပြန်၍ မေးလျှင် — "နိယတ = မည်သည့်အချိန်၌ လူ, သို့မဟုတ် နတ်, သို့မဟုတ် တိရစ္ဆာန် ဤသို့စသည် အမျိုးမျိုးဖြစ်ရမည်"ဟု အမြဲ သတ်မှတ်ပြီးဖြစ်သည်ဟု နိယတဝါဒကို ပြောဆိုလာတတ်၏။ နှမ်းမှ နှမ်းဆီဖြစ်၏၊ နွားမမှ နို့ရည် ဖြစ်၏၊ သုက်သွေးမှ သတ္တဝါတို့၏ ခန္ဓာကိုယ် ဖြစ်လာ၏။ ဤသို့ ဖြစ်မှုမှာ မြဲသော နိယတသဘောဖြစ်၏ဟု နိယတဝါဒကို စွဲယူတတ်၏။ ဤနိယတဝါဒီသမားကား လျော်သော အကြောင်းတရားမှ လျော်သော အကျိုးတရား ဖြစ်မှုကို အလိုမရှိပေ။ သဘာဝအားဖြင့် ပြီးသည်သာလျှင် ဖြစ်သော ဓမ္မသဘောတရားတို့၏ ဖြစ်မှုကိုသာ အလိုရှိ၏။ (အကျယ်ကို သာမညဖလသုတ် မက္ခလိဝါဒ၌ ကြည့်ပါ။) (မဟာဋီ-၂-၃၄၈။ အနုဋီ-၂-၁၄၀-၁၄၁။)

ဤဖော်ပြပါ အကြောင်းပြချက်တို့အရ အသင်ယောဂါဝစရပုဂ္ဂိုလ်သည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ နိယတဝါဒစသော မိစ္ဆာဒိဋ္ဌိ အယူမှားကြီးများကို ဖျက်ဆီးနိုင်ရေး အတွက် ကြောင်း-ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို သူများအပြောဖြင့် လွှမ်းမနေဘဲ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားအားထုတ်လေရာသည်။

ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းသည် မိစ္ဆာဒိဋ္ဌိ အယူဝါဒဆိုး အမျိုးမျိုးတို့ကို ပယ်စွန့်နိုင်ရေးအတွက် တိုက်ဖျက်နိုင်ရေးအတွက် အင်အားအကြီးမားဆုံး အားအကောင်းဆုံးသော အလွန် အပြစ်ကင်းသည့် လက်နက်ကြီး တစ်ခုပင်ဖြစ်သည်ဟု ဦးထိပ်ထက်၌ သံမှိုနှက်သကဲ့သို့ စွဲမြဲစွာ နာယူ မှတ်သားလေရာသတည်း။

## ဘဝဇာတ်ခုံ၌ အဖြစ်မျိုးစုံ

ဘုရားရှင်သည် မဟာသတိပဋ္ဌာန်ကျင့်စဉ်၌ - သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ - စသည်ဖြင့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ စသော အကြောင်းတရားတို့ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ထင်ရှားဖြစ်ပေါ်လာပုံကိုလည်းကောင်း, ယင်းအကျိုး ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်မှုကိုလည်းကောင်း,

အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ စသော အကြောင်းတရားတို့၏ နောင်တစ်ဖန် မဖြစ်သော အနုပ္ပါဒ နိရောဓသဘောအားဖြင့် ချုပ်ခြင်းကြောင့် အကျိုးဖြစ်သော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ နောင်တစ်ဖန် မဖြစ်သောအားဖြင့် ချုပ်ခြင်း အနုပ္ပါဒနိရောဓသဘောကို လည်းကောင်း, ယင်းဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ခဏမစဲ တသဲသဲ ချုပ်မှု ပျက်မှု ဘင်ကိုလည်းကောင်း,

ဤဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော, ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောတို့ကို အဖန်ဖန် အထပ်ထပ် ရှုပွားသုံးသပ်ရန် ညွှန်ကြားထားတော်မူ၏။

ဤအပိုင်းတွင် **အနုလောမပဋိစ္စသမုပ္ပါဒ် ပဋိလောမပဋိစ္စသမုပ္ပါဒ်** ဟူသော ဝေါဟာရအသုံးအနှုန်းနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်း တင်ပြအပ်ပါသည်။ –

ဝိနည်းမဟာဝဂ္ဂပါဠိတော် ဗောဓိကထာ၌ – ပဋိစ္စသမုပ္ပါဒံ အနုလောမပဋိလောမံ မနသာကာသိ = ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံ ပဋိလုံအားဖြင့် နှလုံးသွင်းတော်မူ၏ဟု လာရှိ၏။ ထိုသို့ လာရှိရာဝယ် — မနသာကာသိ = နှလုံးသွင်းတော်မူ၏ – ဟု ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူပုံ နှလုံးသွင်းတော်မူပုံကို ပြရာဌာနဖြစ်သောကြောင့် – အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ – ဤသို့စသည်ဖြင့် အကြောင်း တရား၏ ဖြစ်ခြင်းကြောင့် အကျိုးတရား၏ ဖြစ်ခြင်းကို နှလုံးသွင်းပုံအပိုင်းကို အနုလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို နှလုံးသွင်း၏ဟု ခေါ်၏။ ယင်းပဋိစ္စသမုပ္ပါဒ် သဘောတရားကိုလည်း အနုလောမပဋိစ္စသမုပ္ပါဒ် ဟုပင် ခေါ်ဆို၏။

တစ်ဖန် အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ငြိမ်းပုံကို နှလုံးသွင်းတော်မူပုံ အပိုင်းကို လည်း – အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော - ဤသို့စသည်ဖြင့် ဟောကြားတော်မူ၏။ ယင်းသို့သော အဝိဇ္ဇာ၏ အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရ၏ အကြွင်းမဲ့ ချုပ်ငြိမ်းပုံ စသည်ဖြင့် ချုပ်စဉ်ကို ဖော်ပြသော ပဋိစ္စသမုပ္ပါဒ်ပိုင်းကို ပဋိလောမ ပဋိစ္စသမုပ္ပါဒ်တရားတော်ဟု ခေါ်ဆို၏။ ယင်းသို့ နှလုံးသွင်းပုံကိုလည်း ပဋိလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို နှလုံးသွင်း၏ဟု ခေါ်ဆို၏။

တစ်ဖန် နွယ်ခွေယောက်ျား ဥပမာအားဖြင့် စံထား၍ ဤပဋိစ္စသမုပ္ပါဒ်ပိုင်း အစပိုင်းတွင် ရှင်းပြခဲ့သော ဇရာမရဏမှစ၍ အဝိဇ္ဇာသို့တိုင်အောင် ပြောင်းပြန်လှန်၍ ဟောကြားထားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကိုလည်း ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ဟူ၍ပင် ခေါ်ဆို၏။

ဇရာမရဏသည် ဇာတိကြောင့်ဖြစ်၏၊ ဇာတိသည် ဘဝကြောင့်ဖြစ်၏ ဤသို့စသည်ဖြင့် အဆုံးမှ ပြန်၍ အစတိုင်အောင် နှလုံးသွင်းပုံအစဉ်ကိုလည်း ပဋိလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို နှလုံးသွင်း၏ဟုပင် ခေါ်ဆို၏။

အထ ပရိစ္ဆိန္နကာလဝသေန သမာပတ္တိတော ဝုဋ္ဌာယ ပစ္စယာကာရေ ဉာဏံ ဩတာရေသိ။ သော “အဝိဇ္ဇာ-ပစ္စယာ သင်္ခါရာ”တိ အာဒိတော ပဋ္ဌာယ အန္တံ, အန္တတော ပဋ္ဌာယ အာဒိံ, ဥဘယန္တတော ပဋ္ဌာယ မဇ္ဈံ, မဇ္ဈ-

တော ပဋ္ဌာယ ဥဘော အန္တေ ပါပေန္တော တိက္ခတ္တုံ ဒွါဒသပဒံ ပစ္စယာကာရံ သမ္မသိ။ တဿေဝံ သမ္မသန္တဿ ပစ္စယာကာရော ဝိဘူတော ဟုတွာ ဥတ္တာနကုတ္တာနကော ဝိယ ဥပဋ္ဌာတိ။ (ဒီ-ဋ္ဌ-၂-၇၅။)

တစ်နေ့ အရှင်အာနန္ဒာကိုယ်တော်မြတ်သည် နေ့သန့်စင်တော်မူရာအရပ်၌ သောတာပတ္တိဖလသမာပတ်ကို ဝင်စားတော်မူ၏။ ထိုနောင် ပိုင်းခြားထားသော အချိန်ကာလ၏ အစွမ်းဖြင့် သောတာပတ္တိဖလသမာပတ်မှ ထတော်မူ၍ ပစ္စယာကာရအမည်ရသော ကြောင်း-ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရား၌ ဉာဏ်ကို သွတ်သွင်း-တော်မူ၏။ ထိုအရှင်အာနန္ဒာကိုယ်တော်မြတ်သည် —

၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ = အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏ — ဤသို့စသည်ဖြင့် အဝိဇ္ဇာမှ စ၍ အဆုံး ဇရာမရဏသို့ တိုင်အောင်လည်းကောင်း,

၂။ အဆုံး ဇရာမရဏမှစ၍ အစ အဝိဇ္ဇာသို့ တိုင်အောင်လည်းကောင်း,

၃။ အဝိဇ္ဇာ - ဇရာမရဏဟူသော နှစ်ဘက်သော အစွန်းအစမှ အလယ်သို့ တိုင်အောင်လည်းကောင်း, (အစမှ အလယ်, အဆုံးမှ အလယ် ဟူလို။)

၄။ အလယ်မှ နှစ်ဘက်သော အစွန်းအစသို့ တိုင်အောင်လည်းကောင်း, (အလယ်မှ အစ, အလယ်မှ အဆုံးသို့ တိုင်အောင် ဟူလိုသည်။)

သုံးကြိမ်တိုင်တိုင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ရပ်တို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်ကာ ရှုပွား သုံးသပ်တော်မူ၏။ ဤသို့ သုံးသပ်ရှုပွားတော်မူသော ထိုအရှင်အာနန္ဒာကိုယ်တော်မြတ်၏ သန္တာန်ဝယ် ပစ္စယာကာရ အမည်ရသော ကြောင်း-ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားသည် ထင်ရှားသည်ဖြစ်၍ ပေါ်လွင်သည်ထက် ပေါ်လွင်သကဲ့သို့ ဉာဏ်အား ရှေးရှုထင်လာ၏။ (ဒီ-ဋ္ဌ-၂-၇၅။)

အရှင်အာနန္ဒာ ကိုယ်တော်မြတ်၏ ဉာဏ်၌ —

၁။ အစမှ အဆုံး -

၂။ အဆုံးမှ အစ -

၃။ အစမှ အလယ်, အဆုံးမှ အလယ်,

၄။ အလယ်မှ အစ, အလယ်မှ အဆုံး,

ဟူသော (၄)မျိုးသော အခြင်းအရာအားဖြင့် ပေါ်လွင် ထင်ရှားရခြင်း၏ အကြောင်းတရား (၄)မျိုးကို အဋ္ဌကထာ၌ ဤသို့ ဖွင့်ဆိုထား၏ —

၁။ ပုဗ္ဗူပနိဿယသမ္ပတ္တိ = ရှေးရှေးဘဝများ၌ ကမ္ဘာတစ်သိန်းနှင့် ချီ၍ ဖြည့်ကျင့်တော်မူခဲ့သော ပါရမီ အဆောက်အအုံတည်းဟူသော အားကြီးသော မှီရာ ဥပနိဿယနှင့် ပြည့်စုံခြင်း -

၂။ တိတ္ထဝါသ = သာသနာတော်၌ နိဗ္ဗာန်သို့သွားရာ ဆိပ်ကမ်းကောင်းကြီးသဖွယ် ဖြစ်တော်မူကြသော ဘုရားရှင် နှင့်တကွ အလွန်လေးစားထိုက်သော အရှင်သာရိပုတ္တရာစသော ဆရာသမားတို့ကို ဆည်းကပ်ခြင်း -

၃။ သောတာပန္န = သောတာပန် ဖြစ်တော်မူခြင်း -

၄။ ဗဟုဿုတဘာဝ = ဗဟုဿုတ ရှိတော်မူခြင်း -

ဤအင်္ဂါ (၄)ရပ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့သည် အရှင်အာနန္ဒာ ကိုယ်တော်မြတ်၏ ဉာဏ်၌ ပေါ်လွင်ထင်ရှားနေပေသည်။ (ဒီ-ဋ္ဌ-၂-၇၈။)

ထိုတွင် ယောဂီသူတော်ကောင်းအပေါင်းတို့ သတိပြုသင့်သော အင်္ဂါရပ်တစ်ခုမှာ သောတာပန်ဖြစ်တော်မူခြင်းဟူသော အင်္ဂါရပ်ပင် ဖြစ်၏။

**သောတာပန္နာနဉ္စ နာမ ပစ္စယာကာရော ဥတ္တာနကောဝ ဟုတွာ ဥပဋ္ဌာတိ**။ (ဒီ-ဋ္ဌ-၂-၈၃။)

= သောတာပန်သာ မှန်ပါစေ၊ သောတာပန်ပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ နက်ယောင်နှင့်နက်, ခက်ယောင်နှင့်ခက်သော ပစ္စယာကာရ အမည်ရသော ကြောင်း-ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားသည် ပေါ်လွင်ထင်ရှားသည် ဖြစ်၍သာလျှင် ရှေးရှု တည်လာပေ၏။ (ဒီ-ဋ္ဌ-၂-၈၃။)

ဤအထက်ပါ အဋ္ဌကထာ၏ ဖွင့်ဆိုချက်ကို အထူးဂရုပြု၍ မှတ်သားပါ။ အသင်သူတော်ကောင်းသည် မိမိကိုယ်ကို မိမိ သောတာပန်ဟု ထင်ကောင်း ထင်ပေမည်။ ထိုအခါ – “ငါသည် ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီလား၊ သိမ်းဆည်းနိုင်ပြီလား၊ ဝိပဿနာ ရှုနိုင်ပြီလား”ဟု မိမိကိုယ်ကို မိမိ မေးကြည့်ပါ။ အကယ်၍ – “မသိမမြင်သေး၊ မသိမ်းဆည်းတတ်သေး၊ ဝိပဿနာ မရှုတတ်သေး”ဟု အဖြေထွက်ခဲ့လျှင် “ငါသည် ဘုရားရှင် ဆိုလိုတော်မူသော သောတာပန်မျိုးကား မဟုတ်သေး”ဟုသာ မိမိကိုယ်ကို မိမိ ဆုံးဖြတ်ပါ။ အကြောင်းမူ ဘုရားရှင် ဆိုလိုတော်မူသော သောတာပန်သူတော်ကောင်း၏ အသိဉာဏ်၌ ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့သည် ပေါ်လွင်ထင်ရှားစွာ တည်နေသောကြောင့်ပင် ဖြစ်ပေသည်။

## အနုပ္ပါဒနိရောဓသဘော

အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ယောဂါဝစရပုဂ္ဂိုလ်သည် အနုလောမပဋိစ္စသမုပ္ပါဒ်ဟူသော ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့၏ ဖြစ်စဉ်ကိုသာ ရှုရသည်မဟုတ်သေး, ပဋိလောမပဋိစ္စသမုပ္ပါဒ်ဟူသော ချုပ်စဉ်ကိုလည်း သိမ်းဆည်းရှုပွားရန် ဘုရားရှင်ကိုယ်တော်တိုင်က မဟာသတိပဋ္ဌာနကျင့်စဉ်တွင် ညွှန်ကြားထားတော်မူသဖြင့် ချုပ်ငြိမ်းပုံကိုလည်း သိမ်းဆည်းရှုပွားရမည်သာ ဖြစ်သည်။ မည်သည့် အချိန်အခါ၌ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့သည် နောင်တစ်ဖန်မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းသွားကြပါသနည်းဟု မေးရန်ရှိ၏။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၌ အောက်ပါအတိုင်း ဖွင့်ဆိုထားတော်မူ၏ –

**အဝိဇ္ဇာနိရောဓာ ရူပနိရောဓော**တိ အဂ္ဂမဂ္ဂဉာဏေန အဝိဇ္ဇာယ အနုပ္ပါဒနိရောဓတော အနာဂတဿ ရူပဿ အနုပ္ပါဒနိရောဓော ဟောတိ ပစ္စယာဘာဝေ အဘာဝတော။ ပ ။ **တဏှာနိရောဓာ ကမ္မနိရောဓော**တိ ဧတ္ထာပိ ဧသေဝ နယော။ (မဟာဋီ-၂-၄၂၁။)

ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို ဝိပဿနာဉာဏ်စဉ်အတိုင်း ပွားများအားထုတ်လေရာ ပါရမီအားလျော်စွာ မဂ်အစဉ် ဖိုလ်အစဉ်အားဖြင့် အရဟတ္တမဂ်သို့ ဆိုက်ရောက်သွားတော်မူ၏။ ထိုအခါ ထိုအရဟတ္တမဂ်က အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကို အကြွင်းမဲ့ ပယ်သတ်တော်မူ၏။ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်ဟူသော ကိလေသာ အဖော်သဟာယ်ကို မရရှိသောကြောင့် ကုသိုလ်ကံ အကုသိုလ်ကံတို့သည်လည်း ဘဝသစ်ကို ဖြစ်စေနိုင်သည့် စွမ်းအားများ မရှိကြတော့သဖြင့် အမြစ်အရင်းနှင့်တကွ ကုန်ဆုံးပျက်ပြုန်းသွားကြ၏။

ထိုအရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် တစ်နည်းဆိုသော် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ငြိမ်း

သွားခြင်းကြောင့် အနာဂတ်ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်တရား နာမ်တရား၏ ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွား၏။ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ ဟူသော အကြောင်းတရား၏ မရှိလတ်သော် အကျိုး ခန္ဓာငါးပါးတို့၏လည်း မရှိနိုင် မဖြစ်နိုင်သောကြောင့်တည်း။ (မဟာဋီ-၂-၄၂၁။)

## သတိပြုပြီး မှတ်သားထားပါ

အထက်ပါ စကားရပ်တို့ကို အသင်သူတော်ကောင်းသည် သတိပြုပြီး မှတ်သားထားပါ။ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့သည် အရဟတ္တမဂ်သို့ ဆိုက်ရောက်ပါမှ နောင်တစ်ဖန်မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်း-ခြင်းဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းကြမည် ဖြစ်၏။ အပြီးတိုင် ချုပ်ငြိမ်းကြမည် ဖြစ်၏။ အကြောင်းတရားတို့ ချုပ်ငြိမ်းသွားခြင်းကြောင့် အကျိုးခန္ဓာငါးပါးတို့သည်လည်း ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့၌ အနုပ္ပါဒနိရောဓသဘောအားဖြင့် အပြီးတိုင် ချုပ်ငြိမ်းကြမည် ဖြစ်၏။ ထိုချုပ်ငြိမ်းပုံကို ဥဒယဗ္ဗယ အကျယ်-ရှုပွားခန်းတွင် ဉာဏ်ဖြင့် မြင်အောင်ရှုရန် ဘုရားရှင်ကလည်း ညွှန်ကြားထားတော်မူ၏။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၅၄)၌လည်း ထိုသို့ ရှုပွားရန် ညွှန်ကြားထားတော်မူ၏။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကလည်း ယင်းပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးကို ကိုးကား၍ ဥဒယဗ္ဗယဉာဏ် အကျယ်ရှုပွားနည်း (၅၀)တို့ကို ဖွင့်ဆိုထားတော်မူ၏။

(ဝိသုဒ္ဓိ-၂-၂၆၆-၂၆၇။)

အသင်သူတော်ကောင်းသည်လည်း ယခုအခါ၌ အရဟတ္တမဂ်သို့ မဆိုက်သေးလျှင် ရဟန္တာမဖြစ်သေးလျှင် ထိုအရဟတ္တမဂ်သို့ ဆိုက်မည့်အချိန်သည် ထိုရဟန္တာဖြစ်မည့် အချိန်သည် ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန် သဘောအနေဖြင့် ကြည့်ခဲ့သော် အနာဂတ်သာဖြစ်၏။ ထိုနောင်အနာဂတ်တွင် အကြောင်း အကျိုး နှစ်ရပ်လုံးတို့၏ အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ငြိမ်းပုံကို ယခုကဲ့သို့ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနေဆဲဖြစ်သော ပုထုဇန်ဘဝကတည်းက ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်များကို ရရှိအောင် ကြိုးပမ်းနေသည့် အချိန်ကစ၍ ဉာဏ်ဖြင့်မြင်အောင် သိမ်းဆည်းရှုပွားရတော့မည်သာ ဖြစ်ပေသည်။ သို့အတွက် ဝိပဿနာအရာ၌ အတိတ်အနာဂတ်ကို မရှုရဟူသော အဆိုအမိန့်များမှာ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ထိပ်တိုက်ဆန့်ကျင်နေသော ဆန့်ကျင်ဘက် အတိုက်အခံဝါဒတို့သာ ဖြစ်သည်ဟု ဖြူစင်သော စိတ်ထားဖြင့် ယောနိသောမနသိကာရကို ရှေ့သွားပြုလျက် ရိုသေစွာ နာယူမှတ်သားလေရာသည်။

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၏ အတွင်း၌ တည်ရှိကြသော အကြောင်းတရား အကျိုးတရား တို့ကို ဉာဏ်ဖြင့်ပိုင်းခြားယူရာ သိမ်းဆည်းရာ၌ ပိုမို ဉာဏ်အမြင် သန့်ရှင်းလာစေရန် ရည်သန်၍ ယောဂီ သူတော်ကောင်းတစ်ဦး၏ သံသရာဘဝဇာတ်ခုံ၌ အဖြစ်မျိုး စုံလင်ခဲ့ရပုံကို ပုံစံတစ်ခုအဖြစ် ထုတ်ဆောင်၍ ဖော်ပြအပ်ပါသည်။

၁။ **ပထမအတိတ်** — **(အမျိုးသမီးဘဝ)** — ထိုယောဂီသည် ပဋိသန္ဓေတိုင်အောင်သော ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးသောအခါ ထိုပဋိသန္ဓေ နာမ်ရုပ်တို့ကို ဖြစ်စေတတ်သည့် အကြောင်းတရားတို့ကို တစ်ဆင့်တက်၍ ရှာဖွေခဲ့သော် လွန်ခဲ့သော ပထမအတိတ်ဘဝ သေခါနီးကာလဝယ် စေတီတော်တစ်ဆူအား အမျိုးသမီးဘဝဖြင့် ပန်းလှူနေသည့် ကံအာရုံနိမိတ် ထင်နေသည်ကို တွေ့ရ၏။ စေတနာ ဦးဆောင်နေသည့် ယင်းပန်းလှူသည့် ယင်းကုသိုလ်-စေတနာ-သင်္ခါရအုပ်စု၌ နာမ်တရား (၃၄) ရှိ၏။ တိဟိတ် သောမနဿ ကုသိုလ်သင်္ခါရအုပ်စုပင် ဖြစ်၏။ မနောဒွါရဝီထိတည်း။ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကို ဆက်လက်ရှာဖွေကြည့်ရာ နိဗ္ဗာန်ကိုပင် ဆုတောင်း ပန်ထွာနေသည့် စိတ်အစဉ်တို့ကိုသာ တွေ့ရ၏။ သို့သော် သေသေချာချာ ပြန်လည်၍ ဆန်းစစ်ကြည့်သောအခါ

နိဗ္ဗာန်ကိုပင် ဆုတောင်းပန်ထွာနေသည် မှန်သော်လည်း စိတ်အစဉ်တွင် နိဗ္ဗာန်ရနိုင်သည့် အမျိုးသမီးဘဝဘက်သို့ ညွတ်ယိမ်း ကိုင်းရှိုင်းနေသည့် သဘောကို တွေ့ရ၏။ ပန်းလှူခဲ့စဉ်က နိဗ္ဗာန်ကို ရနိုင်သည့် အမျိုးသမီး ဘဝဘက်သို့ ညွတ်ယိမ်း ကိုင်းရှိုင်းသော စိတ်ထားရှိသကဲ့သို့ အလားတူပင် သေခါနီးကာလဝယ် ထိုကံအာရုံသည် အသစ်တစ်ဖန် ပြုနေသည်၏ အစွမ်းအားဖြင့် မနောဒွါရ၌ ထင်လာသောအခါ၌လည်း နိဗ္ဗာန်ကို ရရှိနိုင်သည့် အမျိုးသမီးဘဝ ဘက်သို့ပင် စိတ်အစဉ်သည် ညွတ်ယိမ်း ကိုင်းရှိုင်းနေသည်ကို တွေ့ရ၏။ နိဗ္ဗာန်ကို ရရှိနိုင်သည့် အမျိုးသမီးဟု အသိမှားမှု, ယင်းဘဝကို တွယ်တာမှု, စိတ်စွဲလမ်းမှုတို့ကား အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့တည်း။ မနောဒွါရိက ဇောဝီထိ စိတ်အစဉ်တည်း။ ဇောအသီးအသီး၌ လောဘဒိဋ္ဌိအုပ်စု နာမ်တရား အလုံး (၂၀)စီ အသီးအသီး ရှိ၏။ ယင်း အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ ခြံရံထားအပ်သော ပန်းလှူသည့် ကုသိုလ်စေတနာ သင်္ခါရအုပ်စု (၃၄)၏ ကမ္မသတ္တိကို ရှာဖွေလျက် လက်ရှိပစ္စုပ္ပန်ဘဝ ပဋိသန္ဓေအခိုက် ရုပ်တရား နာမ်တရားတို့နှင့် ကြောင်း-ကျိုး ဆက်-နွယ်မှု ရှိမရှိကို ဉာဏ်ဖြင့် စူးစမ်း၍ ရှုကြည့်လေရာ ယင်းကံကြောင့် ပဋိသန္ဓေ ခန္ဓာငါးပါးစသည့် ဝိပါက်ခန္ဓာတို့ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရ၏။

**အခြားကံများ** – ရှာဖွေတွေ့ရှိသော အခြားထူးခြားသော ကံများမှာ ဘာဝနာကံများပင် ဖြစ်၏။ အဖြူရောင် ဩဒါတကသိုဏ်းကို ရှုနိုင်ခဲ့၏။ ဓာတ်ကြီးလေးပါးကို ရှုနိုင်ခဲ့၏။ ရုပ်ကလာပ်များကို တွေ့မြင်ခဲ့၏။ သို့သော် ရုပ်ကလာပ်များကိုကား ဓာတ်မခွဲနိုင်သဖြင့် ပရမတ်သို့ ဉာဏ်အမြင် မဆိုက်ခဲ့ပေ။ ဤဘာဝနာကံတို့၏ စွမ်းဟုန်ကြောင့် ဤဘဝတွင် ဘာဝနာလုပ်ငန်းခွင်၌ ဉာဏ်ပညာထက်မြက်သူ သူတော်ကောင်းတစ်ဦးကား ဖြစ်လာရပေသည်။

၂။ **ဒုတိယအတိတ် – (ရုက္ခစိုးနတ်သမီးဘဝ)** – ထိုဘဝတွင် ဩပပါတိကပဋိသန္ဓေ တည်နေခဲ့ရ၏။ ပဋိသန္ဓေအခိုက် ရုပ်တရားတို့မှာ ရုပ်ကလာပ်အမျိုးအစား (၇)မျိုး = ရုပ်အမျိုးအစား (၇၀)တို့ ဖြစ်ကြ၏၊ ပဋိသန္ဓေ နာမ်တရားတို့မှာ (၃၄) ဖြစ်ကြ၏။

ထိုရုက္ခစိုးနတ်သမီးဘဝတွင် မိမိနေရာ တောအုပ်အတွင်းသို့ ကြွလာတော်မူသော ရဟန်းတော် (၃)ပါးတို့အား ဆွမ်းလောင်းလှူခွင့် ရခဲ့၏။ လူအမျိုးသမီးဘဝကို တောင့်တခဲ့၏။ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့မှာ (၂၀) ဖြစ်ကြ၏။ သင်္ခါရ-ကံတို့မှာ (၃၄) ဖြစ်ကြ၏။ သေခါနီး မရဏာသန္နအခါဝယ် ယင်းကံအာရုံနိမိတ်သည် မနော-ဒွါရ၌ ထင်လာ၏။ ယင်းဆွမ်းလှူသည့်ကံကြောင့် ပထမအတိတ်တွင် အမျိုးသမီးဘဝ = ဝိပါက်ခန္ဓာငါးပါးကို ရရှိလာပေသည်။

၃။ **တတိယအတိတ် – (အဖွားအိုဘဝ)** – ဒုတိယအတိတ် အကြောင်းတရားနှင့် ပထမအတိတ် အကျိုးတရားတို့ကို အကြောင်းနှင့် အကျိုး ဆက်စပ်လျက် သိမ်းဆည်းပြီးသောအခါ ဒုတိယအတိတ်ဘဝ၏ (= ရုက္ခစိုးနတ်သမီးဘဝ၏) ရုပ်နာမ်တို့ကို ပဋိသန္ဓေသို့တိုင်အောင် ဆက်လက် သိမ်းဆည်းပြီးသောအခါ တတိယအတိတ်၌ ထူထောင်ခဲ့သော အကြောင်းတရားတို့ကို ဆက်လက်၍ ရှာဖွေရာ တတိယအတိတ်တွင် အမျိုးသမီးပင် ဖြစ်ခဲ့သည်ကို တွေ့ရ၏၊ ဆင်းရဲနွမ်းပါး၏၊ တောသူမ ဖြစ်ခဲ့ရ၏။ တောရွာဓလေ့ထုံးစံအတိုင်း ဘုန်းတော်ကြီးကျောင်းများသို့ သွား၍ ဆွမ်းအုပ်များ လှူဒါန်းခဲ့၏၊ ဥပုသ်စောင့်သုံးခဲ့၏၊ သီလဆောက်တည်ခဲ့၏။ မိမိ၏ အိမ်တွင် တစ်ယောက်-တည်းသာ နေထိုင်ခဲ့၏။ အိမ်ရှိ ဘုရားရုပ်ပွားတော်ကို နေ့စဉ်လိုလို ဆီမီးပူဇော်ခဲ့၏။ အဖွားအိုဘဝ သေခါနီး ကာလတွင် ယင်းဆီမီးလှူသည့် ကံ၏ စွမ်းအားကြောင့် သစ်ပင်ထက်တွင် နတ်ဗိမာန် ဂတိနိမိတ်ထင်လာ၏။ ကောင်းမှုကုသိုလ်ပြုစဉ်က နတ်သမီးဘဝကို ဆုမတောင်းခဲ့သော်လည်း ရံခါ နတ်ဘဝသို့ စိတ်ညွတ်ကိုင်းရှိုင်းမှုကား ရှိခဲ့၏။ သေခါနီးကာလတွင် ယင်း နတ်ဗိမာန် ဂတိနိမိတ်အာရုံကို အာရုံပြု၍ မရဏာသန္နဇောသည် စောခဲ့၏။ ယင်း မရဏာသန္နဇော၏ အာရုံကိုပင် ဒုတိယအတိတ် ရုက္ခစိုးနတ်သမီးဘဝ၏ ပဋိသန္ဓေ-ဘဝင်-စုတိတို့က

ဆက်လက်၍ အာရုံယူကြသည်။ သို့သော် ထိုရုက္ခစိုးနတ်သမီးဘဝတွင် သက်တမ်းကား ရှည်ရှည်နေခဲ့ရပုံ မပေါ်ပေ။ [အဝိဇ္ဇာ-တဏှာ-ဥပါဒါန် (=၂၀), ဆီမီးလှူသည့် ကုသိုလ်စေတနာ သင်္ခါရ-ကံ အုပ်စု (၃၄) အသီးအသီး ဖြစ်သည်။]

၄။ **စတုတ္ထအတိတ် — (ရဟန်းဘဝ)** — တစ်ဖန် တတိယအတိတ် အကြောင်းတရားနှင့် ဒုတိယအတိတ် အကျိုးတရားတို့ကို သိမ်းဆည်းပြီးသောအခါ တတိယအတိတ် ခန္ဓာငါးပါးတို့ကို ဖြစ်စေတတ်သည့် စတုတ္ထအတိတ်၌ ထူထောင်ခဲ့သည့် အကြောင်းတရားတို့ကို ဆက်လက်၍ ရှာဖွေကြည့်ရာ ကိုရင်ဘဝ ရဟန်းဘဝ၌ ထူထောင်ခဲ့သော ကံတို့ကို တွေ့ရ၏။ ကိုရင်ဘဝတွင် စာပေကျမ်းဂန်များကို သင်ယူခဲ့၏၊ ရွတ်ဖတ် သရဇ္ဈာယ်ခဲ့၏၊ ရဟန်းဘဝသို့ ရောက်ရှိခဲ့၏၊ သက်တော် ရွယ်တော်ကြီးရင့်လာသောအခါ၌ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်တို့၌ လည်းကောင်း, ရေကန်ပတ်ဝန်းကျင်တွင်လည်းကောင်း ကသိုဏ်းစျာန်များကို ပွားများအားထုတ်ခဲ့၏၊ စတုတ္ထစျာန် အထိ ပေါက်ရောက်ခဲ့၏၊ သို့သော် ဝိပဿနာသို့ကား မကူးနိုင်ခဲ့ပေ။ စျာန်များမှာ ခိုင်မြဲမှုမရှိဘဲ မကြာခဏ လျှောကျခဲ့၏။ တောကျောင်း တောင်ကျောင်းပင် ဖြစ်သည်။ မိမိဆွမ်းခံ၍ ရရှိသော ဆွမ်းများကို နေ့စဉ်လိုလို ဘုရားရုပ်ပွားတော် အား ဆက်ကပ်လှူဒါန်းခဲ့၏။

ပျံလွန်တော်မူခါနီးတွင် အနာရောဂါနှိပ်စက်သဖြင့် တရားလက်လွတ် ဖြစ်နေ၏။ မိခင်ကို တမ်းတ အာရုံ-ညွှတ်နေမိ၏။ မိခင်ကို တမ်းတ အာရုံညွှတ်နေသော စိတ်ထားသည် ပျံလွန်တော်မူခါနီးတွင် လွှမ်းမိုးဖိစီးနေ၏။ ထိုစိတ်ထားကပင် မရဏာသန္နဇောအခိုက်၌ အမျိုးသမီးဘဝသို့ ညွှတ်ကိုင်းရှိုင်းသော စိတ်ထားများကို ထပ်ဆင့် ပေါ်လာစေသည်။ ဆွမ်းလှူသည့် ကံကို ထူထောင်ခဲ့စဉ်က အမျိုးသမီးဘဝသို့ ညွှတ်ကိုင်းရှိုင်းသော စိတ်ဓာတ်မရှိသေးသော်လည်း ထိုအမျိုးသမီးဘဝကို တွယ်တာတပ်မက်တတ်သည့် ရာဂါနုသယသည် အနုသယဓာတ်အနေဖြင့် ကိန်းဝပ်လျက် ရှိခဲ့၏။ ပျံလွန်တော်မူခါနီးကာလတွင် ယင်းဆွမ်းလှူသည့် ကံ၏ စွမ်းအားကြောင့် ရုပ်ပွားတော်အား အသစ်တစ်ဖန် ဆွမ်းလှူနေသကဲ့သို့ ဆွမ်းလှူနေသည့် ကံအာရုံနိမိတ်သည် ထင်လာ၏။ ယင်းကံအာရုံ၌ အမျိုးသမီးဘဝသို့ ညွှတ်ကိုင်းရှိုင်းသော စိတ်ဓာတ်များက ခြံရံလျက် ရှိပေ၏။ ရုပ်ပွားတော်အား ဆွမ်းလှူခဲ့သည့် ယင်းသင်္ခါရ ကံကြောင့် တတိယအတိတ်ဘဝတွင် အမျိုးသမီးဘဝကို ရရှိခဲ့၏။ [အဝိဇ္ဇာ-တဏှာ-ဥပါဒါန် (=၂၀), သင်္ခါရ-ကံ (= ၃၄) အသီးအသီး ဖြစ်၏။]

သေခါနီးကာလ စိတ်အစဉ်တို့ကား အိပ်မက်အသွင်ကဲ့သို့ အလွန်အားပျော့သော စိတ်အစဉ်များသာ ဖြစ်ကြ၏။ ယခုကဲ့သို့ သေခြင်းလျှင် အဆုံးအပိုင်းအခြားရှိသော ဝေဒနာများက အပြင်းအထန် နှိပ်စက်-လာသောအခါ မိမိ၏ စိတ်အစဉ်ကို မိမိလိုရာ အာရုံ၌ ချည်ထားနိုင်သည့် စွမ်းအားများရှိနေအောင် ကြိုတင် ပြင်ဆင်မှုကား လိုအပ် သည်သာ ဖြစ်၏။ စိတ်ချရသော ကြိုတင်ပြင်ဆင်မှု မရှိပါက အလွန်အားပျော့နေသော စိတ်အစဉ်သည် တွယ်မိ တွယ်ရာ အာရုံကို လှမ်း၍ တွယ်နေတတ်၏။ ပင်လယ်အတွင်း လှေသင်္ဘောပျက်၍ ကူးခပ်နေသူသည် ခြေကုန် လက်ပန်းကျလာသောအခါ ရမိရရာ တွယ်တာစရာ မှီခိုစရာ တစ်ခုကိုကား ရအောင်ယူတော့၏။ လူသေကောင်ကို ပင်ဖြစ်စေ တွေ့ရှိပါက လှမ်း၍ဖက်တော့၏။ ဤဥပမာအတိုင်းပင် သေခါနီးကာလဝယ် အလွန်အားပျော့နေသော စိတ်အစဉ်သည် အကောင်းအဆိုး အကြောင်းအကျိုးကို မရွေးချယ်နိုင်တော့ဘဲ ရမိရရာ အာရုံကို အရဖမ်းယူ လေတော့၏။ စိတ်အစဉ်၌ ရွေးချယ်နိုင်သည့် စွမ်းအားများ ကုန်ခန်းနေချိန် ဖြစ်၏။ အိပ်မက်တွင် ဖြစ်ပေါ်နေသော စိတ်အစဉ်သည် ရောက်တတ်ရာရာ အာရုံကို အရ ဖမ်းယူနေသကဲ့သို့ပင် ဖြစ်၏။ စိတ္တေန နီယတေ လောကော- ဟူသည်နှင့် အညီ ထိုထိုဘဝသို့ ရောက်ရှိသွားအောင် စိတ်က ပို့ဆောင်ပေးခြင်းပင် ဖြစ်၏။ ဖြူစင်သော စိတ်သည် အလွန်မြတ်နိုးဖွယ်ကောင်းသော်လည်း ကိလေသာ အညစ်အကြေးတို့ လူးလည်းပေကျံနေသော စိတ်ကား အလွန် ရွံရှာစက်ဆုပ်ဖွယ် ကောင်းလှ၏၊ အလွန် ကြောက်ဖွယ်လည်း ကောင်းလှ၏။ သတိရှိစေ။

၅။ **ပဉ္စမအတိတ် – (အဖိုးအိုဘဝ)** – ပဉ္စမအတိတ်၌ ထူထောင်ခဲ့သော အကြောင်းတရားတို့ကို ရှာဖွေကြည့်ရာ အဖိုးအိုဘဝဖြင့် စေတီတော်တစ်ဆူအား ရှိခိုးဝတ်ပြုနေသည့် ကုသိုလ်စေတနာသင်္ခါရ အုပ်စုတို့ကို တွေ့ရှိရ၏။ သာသနာညှိုးမှိန်နေသည့် ဒေသတွင် ပျောက်ကွယ်လုနီး အချိန်၌ လူ့ဘဝကို ရရှိခြင်းဖြစ်၏။ သာသနာထွန်းကားရာဒေသတွင် သာသနာပြုလိုသော ကုသိုလ်ဆန္ဒဓာတ်ဖြင့် စေတီတော်အား ရှိခိုးပူဇော်လျက် သာသနာပြုနိုင်သည့် ရဟန်းဘဝကို ဆုတောင်းခဲ့၏။ စေတီတော်အား ရှိခိုးပူဇော်သည့် ကံအာရုံသည် သေခါနီး မရဏာသန္နအခါတွင် ထင်လာ၏။ ယင်းကံကြောင့် စတုတ္ထအတိတ်တွင် ရဟန်းဘဝကို ရရှိခဲ့ခြင်း ဖြစ်၏။ [အဝိဇ္ဇာ-တဏှာ-ဥပါဒါန် (=၂၀), သင်္ခါရ-ကံ (= ၃၄) အသီးအသီး ဖြစ်၏။]

၆။ **ဆဋ္ဌအတိတ် – (အမျိုးသမီးဘဝ။)** – ဗုဒ္ဓဘာသာကို ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်သူ အမျိုးကောင်း-သမီးတစ်ဦး ဖြစ်ခဲ့၏။ ဝါဂွမ်းများကို စိုက်ပျိုးလျက် ဆွတ်ခူးပြီးလျှင် အထည်ယက်လုပ်ကာ အသက်မွေးခဲ့၏။ ခင်ပွန်းအဘိုးကြီး သေဆုံးစဉ် ပရိဒေဝမီးကြီး အကြီးအကျယ် တောက်လောင်ခဲ့၏။ သံသရာဝဋ္ဋဆင်းရဲ ဒုက္ခကြီးမှ လွတ်မြောက်လိုသော ဆန္ဒဓာတ်များ တဖွားဖွား ဖြစ်ပေါ်လာခဲ့၏။ ဤကဲ့သို့သော ပရိဒေဝမီးကြီး အလောင်ခံရသည့် အမျိုးသမီးဘဝကိုလည်း အလိုမရှိဖြစ်ခဲ့၏။ ထိုကြောင့် ရုပ်ပွားတော် တစ်ဆူတွင် ကောင်းမှုကုသိုလ်ပြုကာ နိဗ္ဗာန်ကိုပင် ဆုတောင်းပန်ထွာခဲ့၏။ သေခါနီး မရဏာသန္နအခါတွင် ရုပ်ပွားတော်အား ရှိခိုးပူဇော်သည့် ကံအာရုံနိမိတ်များ ထင်လာ၏။ အမျိုးသားဘဝသို့ စိတ်ညွတ်ကိုင်းလျက် ရှိ၏။ ယင်းကံကြောင့် ပဉ္စမအတိတ်ဘဝတွင် အမျိုးသားဘဝကို ရရှိခြင်း ဖြစ်၏။

**ပရိဒေဝမီး** – ဤယောဂီသည် ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ရှုရာ၌ ဖြစ်စေ၊ အတိတ်အဆက်ဆက်မှသည် အနာဂတ်သို့တိုင်အောင်သော ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုရာ၌ ဖြစ်စေ၊ ထို (၆)ခုမြောက် အတိတ်ဘဝတွင် ခင်ပွန်းသည်အဘိုးကြီး ကွယ်လွန်သဖြင့် ပရိဒေဝမီးကြီး တောက်လောင်နေချိန်ဝယ် ဝမ်းနည်းကြေကွဲနေသည့် နာမ်သန္တတိအစဉ်တို့ကိုလှမ်း၍ သိမ်းဆည်းရှုပွားမိတိုင်း ယခုတိုင်အောင် ပြန်လည် ဝမ်းနည်းလာတတ်၏။ ဥပမာ ပြုံးရွှင်နေသော မိတ်ဆွေတစ်ဦးကိုတွေ့ရှိပါက ထိုပြုံးရွှင်နေသော အာရုံက မိမိ၏ စိတ်အစဉ်အား သောမနဿဝေဒနာ ပြဓာန်းသည့် ပီတိပန်းများ ပွင့်လန်းဝေဆာလာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးလိုက်သဖြင့် မိမိ၏ စိတ်အစဉ်ဝယ် အပြုံးဓာတ်များ ဝင်လာသကဲ့သို့လည်းကောင်း, ဝမ်းနည်း ကြေကွဲနေသော ဒုက္ခရောက်နေသည့် အလွန်ချစ်ခင်သည့် မိတ်ဆွေတစ်ဦးကို တွေ့ရ-ပြန်ကလည်း ထိုစိတ်မချမ်းမြေ့ဖွယ်ရာ ကြေကွဲဖွယ်ရာ အာရုံက မိမိ၏ စိတ်အစဉ်အား ဒေါမနဿဝေဒနာ ပြဓာန်းသည့် ဝမ်းနည်းသည့် စိတ်အစဉ်များ ဖြစ်ပေါ်လာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး လိုက်သဖြင့် ဒေါမနဿဝေဒနာ ပြဓာန်းသည့် ဝမ်းနည်းသည့် စိတ်အစဉ်များ ဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း, အလားတူပင် အတိတ်က ဒေါမနဿဝေဒနာ ပြဓာန်းသည့် ဝမ်းနည်းကြေကွဲနေသည့် နာမ်သန္တတိအစဉ်ကို လှမ်း၍ ရှုလိုက်တိုင်း ထိုနာမ်သန္တတိအစဉ်က အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးလိုက်သဖြင့် ယခု ပစ္စုပ္ပန်တွင်လည်း ဒေါမနဿဝေဒနာ ပြဓာန်းသည့် ဝမ်းနည်းကြေကွဲသည့် စိတ်အစဉ်များ တစ်ဖန်ပြန်၍ အသစ်ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

ဤယောဂီကား အတိတ်ဘဝတို့၌ လူဘဝ နတ်ဘဝ တိရစ္ဆာန်ဘဝ ယောကျ်ားဘဝ မိန်းမဘဝ စသည်ဖြင့် ဘဝများလည်း စုံခဲ့ဖူးသူ ဖြစ်၏။ သာသနာတွင်း သာသနာပ နှစ်မျိုးတို့၌ လူအဖြစ်ကို ရခဲ့ဖူးသူလည်း ဖြစ်၏။

လွန်ခဲ့သော (၈)ခုမြောက် ဘဝတွင် မိဖုရားတစ်ဦး ဖြစ်ခဲ့ဖူး၏။ ရဟန်းတော်များအား ဆွမ်းကပ်လှူ ပူဇော်ခြင်း, ဘုရားဂုဏ်တော်များကို ပွားများအားထုတ်ခြင်း ပြုခဲ့၏။ သို့သော် ကွယ်လွန်ခါနီးတွင် ထိုကောင်းမှု ကုသိုလ်ကံတို့မှာ အကျိုးပေးဖို့ရန် အခါအခွင့်မသန် ဖြစ်ခဲ့ရ၏။

ဘုရင်အပေါ်တွင် လွန်စွာ ချစ်ခင် မြတ်နိုးခဲ့သူ ဖြစ်ခဲ့၏။ ကွယ်လွန်ခါနီးတွင် ဘုရင်သည် မိမိအနားသို့ တစ်ခါမျှ ရောက်မလာတော့ဘဲ အခြားသူများ ထံတွင်သာ အချိန်ဖြုန်းနေသည်ကို သိရှိရ၍ ဝမ်းနည်းကြေကွဲနေ၏။ လှိုင်ထိပ်ခေါင်တင်ကဲ့သို့ ချောင်သေလာ ရွှေဝါကွေ့မှာ တောမွေ့လိုသည့် စိတ်ဓာတ်များ ပေါ်မလာဘဲ လွမ်းဆွတ် တမ်းတလျက် ကြေကွဲဝမ်းနည်းနေသော ဆုတ်နစ်သော ဒေါသပြဓာန်းသည့် စိတ်အစဉ်တို့ကသာ လွှမ်းမိုးနေ၏။ စိတ်မချမ်းမမြေ့ ဖြစ်နေသည့် ဆုတ်နစ်သော ဒေါမနဿဝေဒနာ ပြဓာန်းသည့် စိတ်အစဉ်တို့သည် မရဏာသန္နဇော၏ နေရာကို အရယူသွားကြ၏။ ယင်းမရဏာသန္နဇောအခိုက်တွင် သေခါနီးတွင် ကပ်၍ ပြုစုပျိုးထောင်နေသော ယင်းဒေါသပြဓာန်းသည့် အကုသိုလ်ကံကြောင့် တိရစ္ဆာနယောနိ ဂတိနိမိတ်များထင်လျက် ဘဝကို အဆုံးသတ်ခဲ့ရ၏။ သတ္တမ = (၇)ခုမြောက် အတိတ်တွင် သမင်မဘဝကို ရရှိခဲ့ပြန်၏။ အိမ်ရှင်အပေါ်၌ အိမ်ရှင်မအပေါ်၌ လွမ်းဆွတ်လျက် တသသ ဖြစ်နေသူများ, တမ်းတငိုယိုနေသူများ, ဘဝကို နာကြည်းနေသူများ သတိထားသင့်သော အချက်တစ်ရပ်ပင် ဖြစ်သည်။

တစ်ဖန် ထိုတိရစ္ဆာန်ဘဝတွင် မုဆိုး၏ လက်ချက်ဖြင့် ဘဝကို အဆုံးသတ်ခဲ့ရပြန်၏၊ သို့သော် ယင်းသမင်ဘဝ သေခါနီးကာလတွင် (၈)ခုမြောက် အတိတ် မိဖုရားဘဝက ပြုစုပျိုးထောင်ခဲ့သော ရဟန်းတော်များအား ဆွမ်းလှူခဲ့ဖူးသော အပရာပရိယကံသည် ရင့်ကျက်ခြင်းသို့ ရောက်ရှိလာသဖြင့် အကျိုးပေးဖို့ရန် အခါအခွင့်သင့်လာရကား သံဃာတော်အား ဆွမ်းလှူနေသည့် ကံအာရုံနိမိတ်များ ထင်နေ၏။ ယင်းကံကြောင့် (၆)ခုမြောက် အတိတ်တွင် ခင်ပွန်းသေ၍ ကြေကွဲဝမ်းနည်းရသည့် အမျိုးသမီးဖြစ်ရပြန်ပေသည်။

ခင်ပွန်းအပေါ်၌ တွယ်တာတပ်မက် ချစ်ခင်မြတ်နိုးသည့် ဓာတ်ငွေ့, ခင်ပွန်းကို အကြောင်းပြု၍ ဝမ်းနည်းကြေကွဲသည့် ဓာတ်ငွေ့ — ဤဓာတ်ငွေ့တို့ကား အစဉ်တစိုက် လိုက်ပါနေသည်ကို တွေ့ရပေသည်။

တစ်ဖန် (၂၀)ခုမြောက် ဘဝကို ကြည့်လိုက်သောအခါ အမျိုးသားဘဝကို တွေ့ရ၏။ ထိုအမျိုးသားဘဝတွင် မိမိ၏ အလုပ်အကျွေး အမှုထမ်းတစ်ဦးကို လုပ်ခအပြည့်အဝ မပေးသော အဒိန္နာဒါန အကုသိုလ်ကြောင့် (၁၉)ခုမြောက် ဘဝတွင် နွားဘဝသို့ ရောက်ရှိခဲ့ပြန်၏။

နွားဘဝတွင် မိမိအရှင်သခင်၏ ရွတ်ဖတ်ပူဇော်နေသော ဘုရားဂုဏ်တော်များကို အမြဲလိုလို ကြားနာနေရ၏၊ ထိုသို့ ကြားနာနေရစဉ် ပီတိပြဓာန်းသည့် ကုသိုလ်ပန်းများလည်း ပွင့်လန်းခွင့် ရရှိခဲ့၏။ ဘုရားဂုဏ်တော်များကို ကြားနာရသည့် ယင်းဓမ္မဿဝနကုသိုလ်ကြောင့် (၁၈)ခုမြောက် အတိတ်တွင် အမျိုးသားဘဝကို ရရှိခဲ့ပြန်သည်။ မဏ္ဍုကဒေဝပုတ္တ အမည်ရသော ဖားနတ်သားကဲ့သို့ပင် ဖြစ်သည်။

ယင်းအမျိုးသားဘဝတွင် ကျွဲနွားများကို ဘေးမဲ့လွှတ်ခဲ့၏၊ အဘယဒါန ဇီဝိတဒါနပင်တည်း။ ရေကရားဖြင့် ရေသွန်းလောင်းကာ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်လိုကြောင်း ဆုတောင်းပန်ထွာခဲ့၏။ ယင်းကောင်းမှုကုသိုလ်ကြောင့် (၁၇)ခုမြောက် ဘဝတွင် ရသေ့ဘဝကို ရရှိခဲ့၏။ ထိုဘဝတွင် သီလဖြူစင်ခဲ့၏။ သမထဘာဝနာတို့ကို ပြုစုပျိုးထောင်နိုင်ခဲ့၏။

တစ်ဖန် (၂၁)ခုမြောက် ဘဝတွင်ကား ကချေသည် အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ရပြန်၏။ ကချေသည်အဖြစ်ဖြင့် အသက်မွေးခဲ့ရ၏။ ကချေသည်ဘဝတွင် မိမိကိုယ်ခန္ဓာကို တပ်မက် ပြစ်မှားကြသော ပရိသတ်ကြောင့် အမျိုးသမီးဘဝကို ရွံရှာစက်ဆုပ်ပြီး — အမျိုးသားဘဝကို ရရှိလိုကြောင်း ဘုရားရှိခိုးကာ ဆုတောင်းပန်ထွာခဲ့ပြန်၏။ ယင်းကုသိုလ်ကောင်းမှုကြောင့် (၂၀)ခုမြောက် အမျိုးသားဘဝကို ရရှိခဲ့ခြင်း ဖြစ်၏။

အတိတ် သံသရာခရီးကား ရှည်လျားလွန်းလှ၏၊ ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိ၏။ အဝိဇ္ဇာ နီဝရဏတရားသည် ပိတ်ဖုံး ကာဆီးထားအပ်သည် ဖြစ်၍ တဏှာတည်းဟူသော

သံယောဇဉ်ကြိုးက ရစ်ပတ် နှောင်ဖွဲ့ထားအပ်သည် ဖြစ်၍ ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော, တစ်ခုသော ဘဝ၌လည်း ထပ်ခါထပ်ခါ ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော သတ္တဝါတို့၏ သံသရာ၏ ရှေးအစွန်းကိုကား သာဝကတို့သည် မသိအပ် မသိနိုင်ပေ။

ထိုမျှ ရှည်လျားလှသော အတိတ်သံသရာ ခရီးတစ်လျှောက်၌ သာဝကတို့သည် အကြောင်းတရားနှင့် အကျိုးတရားတို့ကို ကုန်စင်အောင်ကား မသိမ်းဆည်းနိုင်ကြသည်သာ ဖြစ်၏။ အတိတ်၌လည်း အကြောင်း တရားနှင့် အကျိုးတရားသာရှိ၏ဟု အသိဉာဏ်သန့်ရှင်းရေးအတွက် အတိတ်ဘဝအနည်းငယ်ကိုကား ရှုဖို့ရန် လိုအပ်ပေသည်။ အထူးသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းများကို ထူထောင်ခဲ့သည့် ဘဝသို့တိုင်အောင်ကား အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းသင့်ပေသည်။

ဤယောဂီသူတော်ကောင်း၏ အတိတ်အကြောင်းတရားပိုင်းတွင် နိဗ္ဗာန်ကို ရည်ရွယ်တောင့်တ၍ ပြုစု ပျိုးထောင်ခဲ့သော စရဏမျိုးစေ့ကောင်း ဝိဇ္ဇာမျိုးစေ့ကောင်းများကို ရှာဖွေကြည့်ရာ – စရဏမျိုးစေ့ပိုင်းတွင် ဒါန သီလ သမထ ဘာဝနာ ကုသိုလ်မျိုးစေ့များ စုံစုံညီညီ ပါဝင်နေသည်ကို တွေ့ရ၏။ ဝိဇ္ဇာမျိုးစေ့ပိုင်းတွင်ကား ဓာတ်ကြီးလေးပါးမျှကိုသာ ရှုခဲ့ဖူးသည်ကို တွေ့ရ၏။

## လယ်တီဆရာတော်ဘုရားကြီး၏ အယူ

၁။ သာဝကတစ်ဦးသည် – ရုပ်နာမ်တို့ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းခဲ့ဖူးလျှင် တတိယတန်း အကောင်းစား ဝိဇ္ဇာမျိုးစေ့ဖြစ်ကြောင်းကိုလည်းကောင်း,

၂။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခဲ့ဖူး သဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်တိုင်အောင် ရရှိခဲ့ဖူးလျှင် ဒုတိယတန်း အကောင်းစား ဝိဇ္ဇာမျိုးစေ့ ဖြစ်ကြောင်းကို လည်းကောင်း,

၃။ ယင်းရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာဉာဏ်ဖြင့် ကြိတ်ချေခဲ့ဖူးလျှင် ဝိပဿနာဉာဏ်များကို ရရှိခဲ့ဖူးလျှင် ပထမတန်း အကောင်းစား ဝိဇ္ဇာမျိုးစေ့ ဖြစ်ကြောင်းကိုလည်းကောင်း,

၄။ ထိုမျှ မရခဲ့ဖူးလျှင် ဓာတ်ကြီးလေးပါးလောက်မျှကို ရှုခဲ့ဖူးလျှင်လည်း သာဝကပါရမီဉာဏ်အရာ၌ လုံလောက်သော ဝိဇ္ဇာမျိုးစေ့ ဖြစ်ကြောင်း, မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြောင်းကိုလည်းကောင်း ဆုံးဖြတ် ထားတော်မူ၏။ ဗောဓိပက္ခိယဒီပနီစသည်တွင်ကြည့်ပါ။

စရဏမျိုးစေ့ကား လက်ခြေနှင့်တူ၏။ ဝိဇ္ဇာမျိုးစေ့ကား မျက်စိနှင့် တူ၏။ လက်ခြေသည် လိုရာအရပ်သို့ ရောက်အောင် ပို့ဆောင်ပေးသကဲ့သို့ လက်ဖြင့် ပြုလုပ်ရမည့် လိုရာ လုပ်ငန်းရပ်ကို ပြီးစီးအောင် ရွက်ဆောင်ပေးနိုင် သကဲ့သို့ အလားတူပင် စရဏမျိုးစေ့သည် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတို့ကို ဟောကြားပြသ ဆိုဆုံးမပေးမည့် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့နှင့် တွေ့အောင် ကြုံအောင်, မိကောင်း ဖကောင်း ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းတို့နှင့် တွေ့အောင် ကြုံအောင် ပို့ဆောင်ပေး၏။ မျက်စိ- သည် ရူပါရုံအမျိုးမျိုးကို မြင်နိုင်သကဲ့သို့ အလားတူပင် ဝိဇ္ဇာမျိုးစေ့သည် ဘုရားအစရှိသော သူတော်ကောင်း တို့ထံမှ သစ္စာလေးပါးနှင့် စပ်သော တရားစကားကို နာကြားခွင့် ရရှိလာသောအခါ တရားတော်ကို ခံယူနိုင်သော စွမ်းအားကို ဖြစ်စေ၏။ သစ္စာလေးပါးကို ထွင်းဖောက်သိအောင် မြင်အောင် ကျေးဇူးပြုပေး၏။ သို့အတွက် သာဝကတစ်ဦး နိဗ္ဗာန်ရရှိရေးမှာ စရဏမျိုးစေ့ကောင်း ဝိဇ္ဇာမျိုးစေ့ကောင်း နှစ်မျိုးလုံး လိုအပ်သည်သာ ဖြစ်၏။

သစ္စကပရိဗိုဇ်ကြီးမှာ ဝိဇ္ဇာမျိုးစေ့ ချို့တဲ့၍ မဟာဓနသူဌေးသား ဇနီးမောင်နှံတို့မှာ စရဏမျိုးစေ့ ချို့တဲ့၍ နိဗ္ဗာန် မရရှိကြောင်းကိုလည်း မိမိ၏ဒီပနီများတွင် လယ်တီဆရာတော်ဘုရားက ဆုံးဖြတ်ထားတော်မူ၏။ ဤဘဝတွင် ကြိုးစားသော်လည်း မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်ခဲ့သော် ဤဘဝတွင် နိဗ္ဗာန်ကို ရည်မှန်း၍ ပြုစု ပျိုးထောင်လိုက်သော ဒါန သီလ သမထ ဝိပဿနာ ဘာဝနာကုသိုလ်တို့ကား စရဏမျိုးစေ့ကောင်း ဝိဇ္ဇာမျိုးစေ့ကောင်းများအရာ၌ တည်ရှိနေမည်သာ ဖြစ်ပေသည်။

## အနာဂတ်၌ အကြောင်းအကျိုး

အထက်တွင် ဖော်ပြထားသော ယောဂီကား ရဟန်းဘဝသည် မြင့်မြတ်၏ဟု အယူရှိ၏။ ပိဏ္ဍပါတ် ဆွမ်းလောင်းလှူတိုင်း ရဟန်းဘဝကို ဆုတောင်းခဲ့ဖူး၏။ ယခု အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်း နေခိုက်၌ ဖြစ်ပေါ်နေကြသော ရုပ်-နာမ်တို့က စ၍ အနာဂတ်ဘက်သို့ ဉာဏ်ကို စေလွှတ်၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလေရာ ဤဘဝ သေခါနီး မရဏာသန္နအခါတွင် မနောဒွါရ၌ ပိဏ္ဍပါတ်ဆွမ်းလောင်းလှူနေသည့် ကံအာရုံနိမိတ်များ ထင်နေ၏။ **တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပတ္တံ ဟောတိ** - ဟူသော အဘိဓမ္မတ္ထသင်္ဂဟနှင့်အညီ ပဋိသန္ဓေကျိုးကို ဖြစ်စေတော့မည့် ထိုဇနကကံသည် အသစ်တစ်ဖန် ပြုနေသည်၏ အစွမ်းဖြင့်သေခါနီးကာလ မနောဒွါရဝယ် ထင်လာ၏။

၁။ ရဟန်းဟု အသိမှားမှုကား အဝိဇ္ဇာတည်း။ (=၂၀)
၂။ ရဟန်းဘဝကို တွယ်တာတပ်မက်မှုကား တဏှာတည်း။ (=၂၀)
၃။ ရဟန်းဘဝသို့ စိတ်ကပ်ရောက်စွဲနေမှုကား ဥပါဒါန်တည်း။ (=၂၀)
၄။ ပိဏ္ဍပါတ် ဆွမ်းလောင်းလှူသည့် ကုသိုလ်စေတနာအုပ်စုကား သင်္ခါရတည်း။ (= ၃၄)
၅။ ယင်းကုသိုလ် စေတနာအုပ်စု သင်္ခါရ (= ၃၄)၏ ကမ္မသတ္တိကား ကံတည်း။

အကြောင်းတရားငါးပါး စုံညီသွားပြီ ဖြစ်၏။ ယင်းအကြောင်းတရား (၅)ပါးကြောင့် ရဟန်းဘဝ ဝိပါက်ခန္ဓာ (၅)ပါး ထင်ရှား ဖြစ်ပေါ်လာကြောင်းကိုလည်း ရှု၍ ရသွား၏။

## အနာဂတ်ဘဝသည် ကျိန်းသေဖြစ်မှာလား

အနာဂတ်ဘဝသည် ကျိန်းသေဖြစ်မှာလားဟူသော မေးခွန်းကို ပုဂ္ဂိုလ်ခပ်များများက မေးတတ်ကြ၏။ ယမိုက်ဒေသနာတော်များ၌ ပစ္ဆိမဘဝိက အစစ် အတု နှစ်မျိုးရှိကြောင်း လာရှိ၏ —

၁။ သောတာပန်အရိယာသူတော်ကောင်း ဖြစ်သည့် နာမည်ကျော် ဒါယကာတော် သိကြားမင်းကဲ့သို့ လူ့ဘဝ နတ်ဘဝ စုန်ဆန်ကျင်လည်ပြီးနောက် အကနိဋ္ဌဗြဟ္မာ့ပြည်တွင် ပရိနိဗ္ဗာန် ဝင်စံရမည့် အရိယာသူတော်-ကောင်းများလည်း ရှိကြ၏။

၂။ မဟာဓနသူဌေးသားကဲ့သို့ ရဟန္တာဖြစ်နိုင်သည့် ပါရမီမျိုးစေ့များ ထင်ရှားရှိသော်လည်း ရဟန္တာမဖြစ်ဘဲ ဘဝကို အဆုံးသတ်သွားရသည့် ပစ္ဆိမဘဝိက အတုများလည်း ရှိကြ၏။

၃။ နာမည်ကျော် ဒါယကာတော် အဇာတသတ်ကဲ့သို့ သာမညဖလသုတ္တန်ကို နာကြားရပြီးသည်၏ အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်နိုင်သော ပါရမီမျိုးစေ့ကောင်းများ ထင်ရှားရှိသော်လည်း ဖခင်ကို သတ်ခဲ့သည့် ကံက တားမြစ်ထားသည့်အတွက် သောတာပတ္တိဖိုလ်၌ မတည်နိုင်တော့ဘဲ ဘဝကို အဆုံးသတ်သွားရသည့် ပစ္ဆိမဘဝိကအတုများလည်း ရှိကြ၏။

၄။ ယဋ္ဌိကာရ အိုးထိန်းသည်ကြီးတို့ကဲ့သို့ လူ့ပြည်တွင် အနာဂါမိမဂ်ဖိုလ်၌ တည်ပြီး၍ အကနိဋ္ဌဗြဟ္မာ့ပြည်သို့ ရောက်ကာ ထိုအကနိဋ္ဌဗြဟ္မာ့ပြည်၌ပင် ပရိနိဗ္ဗာန်စံရမည့် အရိယာ သူတော်ကောင်းကြီးများလည်း ရှိကြ၏။

ဤကဲ့သို့သော သူတော်ကောင်းကြီးများအဖို့ အနာဂတ်ဘဝကား ထင်ရှားရှိနေသေးသည်သာ ဖြစ်၏။ အနာဂတ် ခန္ဓာငါးပါးကား ထင်ရှားရှိနေသေးသည်သာ ဖြစ်၏။ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်တို့ ကဲ့သို့သော ဤဘဝတွင်ပင် ကျိန်းသေ ပရိနိဗ္ဗာန်စံတော်မူရမည့် ပစ္ဆိမဘဝိက အစစ်များ ဖြစ်တော်မူကြသည့် သူတော်ကောင်းကြီးများအဖို့ကား အနာဂတ် ဘဝသစ်ဟူသော ခန္ဓာငါးပါးကား ထင်ရှား မရှိကြတော့ပြီ ဖြစ်၏။ ဤဘဝ ပရိနိဗ္ဗာန်မစံမီအတွင်း၌ ဖြစ်လတ္တံ့သော အနာဂတ်ခန္ဓာငါးပါးသာ ရှိကြတော့သည်။

အသင်သူတော်ကောင်းသည် မိမိသည် မည်သည့် သူတော်ကောင်း အမျိုးအစားတွင် ပါဝင်နေသည်ကို မိမိကိုယ်တိုင် ရှုကြည့်ပါမှသာလျှင် သိရှိနိုင်မည် ဖြစ်ပေသည်။

## အဘယ်ကြောင့် အနာဂတ်ကို ရှုနေရပါသလဲ?

ဤမေးခွန်းကိုလည်း ခဏခဏ မေးတတ်ကြ၏။ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း အကြောင်းတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးခန္ဓာငါးပါးတို့၏ အနုပ္ပါဒနိရောဓသဘော အားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းပုံကို ယောဂါဝစရပုဂ္ဂိုလ်မှန်ပါက ရှုပွားသုံးသပ်ရန် ဘုရားရှင် ကိုယ်တော်တိုင်က ညွှန်ကြားထားတော်မူသဖြင့် ထိုရှုကွက်ကို ကိုယ်တိုင်မျက်မှောက် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ထွင်းဖောက် သိမြင်အောင် ရှုနိုင်ရမည် ရှုတတ်ရမည် ဖြစ်၏။ ဤသည်မှာလည်း အကြောင်းတစ်ရပ် ဖြစ်၏။

အကယ်၍ အသင်သူတော်ကောင်းသည်လည်း မဟာနေသူဌေးသားတို့ကဲ့သို့ ပစ္ဆိမဘဝိကအတုစာရင်းတွင် ပါဝင်နေပါလျှင် ထိုအနာဂတ်ခန္ဓာငါးပါး, အကြောင်းတရား အကျိုးတရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနိုင်လျှင် ထိုအနာဂတ် ခန္ဓာငါးပါးတို့၏ အပေါ်၌ စွဲနေသည့် တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲဟူသော အစွဲ အမျိုးမျိုးတို့ကိုလည်း အကြွင်းမဲ့ ပယ်သတ်ကောင်း ပယ်သတ်နိုင်မည် ဖြစ်၏၊ ပယ်နှုတ်ကောင်း ပယ်နှုတ်နိုင်မည် ဖြစ်၏။

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိကြသော ရုပ်တရား နာမ်တရား အကြောင်းတရား အကျိုးတရားတို့ကို တွင်တွင်ကြီး ဝိပဿနာရှုနိုင်သဖြင့် တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတို့ကို ဖြိုခွဲနိုင်ခဲ့သော် – ဥပသန္တော စရိဿတိ - ဟူသည်နှင့် အညီ ကိလေသာအပူမီး ငြိမ်းပါက မျက်မှောက်သော ဤကိုယ်၏ အဖြစ်၌ပင်လျှင် ပရိနိဗ္ဗာန် ဝင်စံရမည် ဖြစ်ပေသည်။ ဤသည်မှာလည်း အကြောင်းတစ်ရပ်ပင် ဖြစ်၏။ – ဤအကြောင်း နှစ်ရပ်တို့ကြောင့် အနာဂတ်ကို ရှုနေခြင်း ဖြစ်သည်။

## အပြောင်းအလဲ ရှိနိုင်ပါသလား?

အဇာတသတ်တို့ကဲ့သို့သော ပစ္ဆိမဘဝိကအတုများအဖို့ အနာဂတ်ဘဝ အပြောင်းအလဲကား ရှိနိုင်သည်သာ ဖြစ်၏။ အကယ်၍ အဇာတသတ်သည် သောတာပန် အစစ်ဖြစ်သွားပါက သူ၏ အနာဂတ်ဘဝမှာ ပုံစံတစ်မျိုး ဖြစ်ဖွယ်ရာ ရှိ၏။ ယခုအခါတွင်ကား သောတာပန်အစစ် မဖြစ်ရဘဲ ဖခင် ဗိမ္ဗိသာရမင်းကို သတ်ဖြတ်သည့် အာနန္တရိယကံက ပစ်ချလိုက်သဖြင့် ငရဲသို့ရောက်ရှိသွားရ၏။ ဘဝပုံစံ တစ်မျိုးပြောင်းသွား၏။

အလားတူပင် အသင်သူတော်ကောင်းသည်လည်း ပစ္ဆိမဘဝိက အတုဖြစ်နေသေးပါက နောင်အနာဂတ် ဘဝမှာလည်း ထင်ရှား ရှိနေသေးပါက အပြောင်းအလဲ ရှိကောင်းရှိနိုင်သည်။ မဟဂ္ဂုတ်ကံများကို မထူထောင် နိုင်ခင်က အထက်တွင် ပုံစံထုတ်ပြထားသည့် သူတော်ကောင်းကဲ့သို့ ပိဏ္ဍပါတ်ဆွမ်းလောင်းလှူသည့် ဒါနကံ

ကဲ့သို့သော ရိုးရိုး ကာမာဝစရကုသိုလ်ကံများက အကျိုးပေးခွင့်သာနေသည်လည်း ရှိတတ်၏။

အကယ်၍ အသင်သူတော်ကောင်းသည် ဈာန်သမာပတ်တစ်ခုခုကို အခြေခံ၍ ဝိပဿနာသို့ ကူးနိုင်ခဲ့သော်- **ဝိပဿနာယ ဟိ ဗဟူပကာရာ သမာပတ္တိ**။ (မ-ဋ္ဌ-၁-၃၈၇။) = ဈာန်သမာပတ်များသည် ဝိပဿနာဉာဏ်အား အလွန်ကျေးဇူးများလှ၏။ **ဝိပဿနာ ပန ထာမဂတာ သမာပတ္တိမ္ပိ ရက္ခတိ** = စွမ်းအား အပြည့်အဝနှင့် ဖြစ်ပေါ်လာသော ဝိပဿနာဉာဏ်တို့သည်လည်း ဈာန်သမာပတ်ကို ခိုင်မြဲအောင် စောင့်ရှောက်ပေးတတ်၏။ (မ-ဋ္ဌ-၁-၃၈၈။) — ဟူသော အဋ္ဌကထာအဖွင့်များနှင့်အညီ ဝိပဿနာဉာဏ်၏ အထောက်အပံ့ကို ရရှိနေသော အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုမှု အရှိန်အဝါကို ရရှိနေသော ဈာန်သမာပတ်တို့သည် ခိုင်ခံ့သည့် သဘောရှိတတ်၏။ ယင်းမဟဂ္ဂုတ်ကံတို့ကို ခိုင်ခံ့အောင် အမြတ်စား ပွားများထားနိုင်သော သူတော်-ကောင်းသည် အကယ်၍ နောင်အနာဂတ်တွင် ဖြဟ္မာဘဝကိုလည်း ညွတ်ကိုင်းရှိုင်းနေသော စိတ်ဓာတ်ရှိပါက ထိုအခါတွင် ကာမာဝစရကံများမှာ အကျိုးပေးခွင့် မသာတော့ဘဲ ဂရုကကံ ဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ကံများက အကျိုးပေးခွင့် သာသွားတတ်သည်လည်း ရှိတတ်၏။ အသင်သူတော်ကောင်း ကိုယ်တိုင် အကြိမ်ကြိမ် ဆန်းစစ်၍ ကံအမျိုးမျိုးကို ထူထောင်၍ ကပ္ပနာခေါ်သည့် တဏှာ ဒိဋ္ဌိနှင့် ပူးတွဲနေသည့် ကြံစည်စိတ်ကူးမှု အမျိုးမျိုးကို ပြုလုပ်၍ ရှုကြည့်ပါ။

ဈာန်သမာပတ် (၈)ပါးတို့ကို ရရှိတော်မူကြသော သူတော်ကောင်းတို့သည် (သေသည့်တိုင်အောင် ထိုဈာန်များ မလျှောကျခဲ့လျှင်) ဗြဟ္မာ့ပြည်တွင် မိမိကြိုက်နှစ်သက်ရာ ဘုံကို ရွေးချယ်နိုင်သည်ဟူသော ဤအသိဉာဏ်မှာ သာသနာတော်အတွင်း၌သာ ရရှိနိုင်သော အသိဉာဏ် ဖြစ်၏။ ကာဠဒေဝိလရသေ့ကြီးသည် ဤအသိဉာဏ်မျိုးကို မရရှိသဖြင့် မိမိရရှိထားသော သမာပတ် (၈)ပါးတို့တွင် အသာဆုံးအမြတ်ဆုံး ဖြစ်သည့် နေဝသညာနာသညာ-ယတန သမာပတ်ကသာ အကျိုးပေးလိမ့်မည်ဟု ယုံကြည်သဖြင့် အောက်အောက်ဈာန်များအပေါ်၌ အာလယ ကင်းကွာနေ၏၊ အထက်ဆုံး နေဝသညာနာသညာယတနဈာန်၌သာ ငဲ့ကွက် တွယ်တာမှုရှိနေ၏၊ ထိုဘုံ၌သာ ဖြစ်ရမည်ဟု စွဲယူထား၏။ သို့အတွက် ကွယ်လွန်သည့်အခါ နေဝသညာနာသညာယတနဘုံ၌သာ ဖြစ်ရလေ၏။ ဘုရားရှင်နှင့် အလွဲကြီး လွဲသွားရ၏။ အကယ်၍ မိမိကြိုက်နှစ်သက်ရာဘုံကို ရွေးချယ်နိုင်ခွင့် ရှိသည်ဟူသော အသိဉာဏ်မျိုးရှိ၍ အောက်ရူပါဝစရဈာန် တစ်ခုခုကို သဟမ္ပတိဗြဟ္မာကြီးတို့ကဲ့သို့ ရွေးချယ်၍ ယင်းဈာန်ကို အမြတ်စား ပွားများနိုင်လျှင်ကား ယင်း ရွေးချယ်ထားသည့် ရူပါဝစရဘုံ တစ်ဘုံဘုံ၌သာ ဖြစ်ခွင့် ရှိပေသည်။ ဘုရားရှင်နှင့်လည်း ဆုံတွေ့ခွင့် ရှိနိုင်၏။

အလားတူပင် အသင်သူတော်ကောင်းသည်လည်း မဟဂ္ဂုတ်ကံများကို အမြတ်စား ထူထောင်နိုင်ခဲ့ပါမူ အသင်သူတော်ကောင်းသည်လည်း အနာဂါမ် မဖြစ်သေးပါမူ သုဒ္ဓါဝါသ ငါးဘုံမှတစ်ပါး မိမိနှစ်ခြိုက်ရာ ဗြဟ္မာ-ဘုံ တစ်ခုခုကို ရွေးချယ်ခွင့်ရှိ၏၊ ထိုဘုံသို့ရောက်ကြောင်း ဈာန်များကို အမြတ်စား ပွားထားနိုင်ခွင့် ရှိ၏။ ထိုအခါတွင် မူလ အကျိုးပေးဖို့ရန် အခွင့်သာနေသော ကာမာဝစရကံတို့မှာ နောက်သို့ ဆုတ်သွားကြ၍ ယင်းမဟဂ္ဂုတ်ကံက အကျိုးပေးခွင့် သာလာမည် ဖြစ်ပေသည်။

သို့အတွက် အနာဂတ်ဘဝများမှာ ပစ္ဆိမဘဝိကအတုအဖို့ အပြောင်းအလဲ ရှိတတ်သည်လည်း ရှိ၏။ ဝဋ္ဋာဘိရတဖြစ်သော ဒါယကာတော် သိကြားကဲ့သို့ အပြောင်းအလဲ မရှိသည်လည်း ရှိတတ်၏ဟု မှတ်ပါ။ ဤတွင် အမြတ်စား ပွားများထားသည့် မဟဂ္ဂုတ်ကံတို့ကသာ အကျိုးပေးသည်၊ အလတ်စား, အညံ့စား ပွားများထားသော မဟဂ္ဂုတ်ကံတို့က အကျိုးမပေးဟု - ဤသို့ကား အယူအဆ မမှားစေလိုပါ။ အမြတ်စား ပွားများထားသော မဟဂ္ဂုတ်ကံများမှာ အခြားကံများထက် သာလွန်၍ အကျိုးပေး ထက်သန်သောကြောင့်သာ ပုံစံထုတ်၍ ပြဆိုခြင်းမျှသာ ဖြစ်သည်ဟု မှတ်သားပါလေ။

## ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ညွှန်ကြားချက်

သော ဧဝံ ပစ္စယတော နာမရူပဿ ပဝတ္တိံ ဒိသွာ ယထာ ဣဒံ ဧတရဟိ၊ ဧဝံ အတီတေပိ အဒ္ဓါနေ ပစ္စယတော ပဝတ္တိတ္ထ၊ အနာဂတေပိ ပစ္စယတော ပဝတ္တိဿတီတိ သမနုပဿတိ။ (ဝိသုဒ္ဓိ-၂-၂၃၄-၂၃၅။)

**ပဝတ္တိံ ဒိသွာ**တိ ဧတရဟိ ပဝတ္တိံ ဒိသွာ။ **ဧဝန္တိ** ဣမိနာ န ကေဝလံ သပ္ပစ္စယတာမတ္တမေဝ ပစ္စာမဋ္ဌံ၊ အထ ခေါ ယာဒိသေဟိ ပစ္စယေဟိ ဧတရဟိ ပဝတ္တတိ၊ တာဒိသေဟိ အဝိဇ္ဇာဒိပစ္စယေဟေဝ အတီတေပိ ပဝတ္တိတ္ထာတိ ပစ္စယသဒိသတာပိ ပစ္စာမဋ္ဌာတိ ဒဋ္ဌဗ္ဗံ။ (မဟာဋီ-၂-၃၇၃။)

ထိုယောဂါဝစရ ရဟန်းတော်သည် ဤသို့ အကြောင်းတရားကြောင့် နာမ်ရုပ်၏ ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်ခြင်းကို ဉာဏ်ဖြင့် ရှုမြင်ရ၍ ဤနာမ်ရုပ်သည် ယခု ပစ္စုပ္ပန်ဘဝ၌ အဝိဇ္ဇာစသော အကြောင်းကြောင့် ဖြစ်သကဲ့သို့ ထိုအတူ အတိတ်ဖြစ်သော အခွန့်ကာလ၌လည်း ဤနာမ်ရုပ်သည် ဆိုင်ရာ ဒုတိယအတိတ်စသော ထိုထိုအတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာစသော အကြောင်းကြောင့်ပင် ဖြစ်ခဲ့လေပြီ၊ နောင်အနာဂတ် အခွန့်ကာလ၌လည်း (ဆိုင်ရာဘဝက ထူထောင်ထားခဲ့သော) အဝိဇ္ဇာစသော အကြောင်းကြောင့်ပင် ဖြစ်ပေလတ္တံ့။ ဤသို့ ဉာဏ်ဖြင့် အဖန်တလဲလဲ ရှု၏။ (ဝိသုဒ္ဓိ-၂-၂၃၄-၂၃၅။)

## အထူးသတိပြု၍ သိမ်းဆည်းရန်

၁။ အတိတ်ဘဝ သေခါနီး မရဏာသန္နဇောၺ၏ အာရုံ။
၂။ လက်ရှိဘဝ ပစ္စုပ္ပန် ပဋိသန္ဓေစိတ်၏ အာရုံ။
၃။ လက်ရှိဘဝ ပစ္စုပ္ပန် ဘဝင်မနောအကြည်ဓာတ်၏ အာရုံ။
၄။ လက်ရှိပစ္စုပ္ပန်ဘဝ၏ လာလတ္တံ့သော စုတိစိတ်၏ အာရုံ။

ဤလေးမျိုးတို့၌ အာရုံချင်း တူညီရမည် ဖြစ်သည်။ ဤလေးမျိုးတို့တွင် အသင်သူတော်ကောင်းသည် မရှုရသေးမီ၌ စုတိ၏ အာရုံကို မဆန်းစစ်သေးဘဲ ခေတ္တထား၍ အတိတ်ဘဝ မရဏာသန္နဇော, ပစ္စုပ္ပန်ပဋိသန္ဓေ, ဘဝင် – ဤသုံးမျိုးတို့၏ အာရုံချင်း တူညီမှု ရှိမရှိကိုကား မိမိကိုယ်တိုင် ဉာဏ်ဖြင့်စူးစိုက်၍ သေချာစွာ တိုက်ဆိုင် ရှုကြည့်ပါ။ တစ်ဖန် ဘဝတစ်ခုဝယ် ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် အာရုံချင်းသာ တူညီရမည် မဟုတ်သေး၊ စိတ်စေတသိက် အရေအတွက်ချင်းလည်း တူညီရမည်ဖြစ်သည်။ သေချာစွာ စူးစိုက်၍ ဆန်းစစ် ကြည့်ပါ။ အကြိမ်ကြိမ် ရှုကြည့်ပါ။ အတိတ် အကြောင်းတရားကြောင့် ပစ္စုပ္ပန် ပဋိသန္ဓေခန္ဓာငါးပါး ဖြစ်ပုံကို လည်းကောင်း, ပဋိသန္ဓေ၌ စိတ်+စေတသိက် = နာမ်တရား အရေအတွက် အတိအကျကိုလည်းကောင်း ဉာဏ်ဖြင့် တွေ့မြင်ပြီးဖြစ်သည့် ဤအချိန်မျိုးတွင် ယောဂါဝစရပုဂ္ဂိုလ်သည် ဘဝင်မနောအကြည်ဓာတ်ကို ပုံစံမှန် ရှုနိုင်ပြီ ဖြစ်သည်။ အကယ်၍ မရှုနိုင်သေးပါက ပဋိသန္ဓေနာမ်တရားများကို သေချာစွာ တစ်ဖန်ပြန်၍ ရှုပါ၊ သိမ်းဆည်းပါ၊ ဉာဏ်ဖြင့် ပိုင်းခြားယူပါ။ တစ်ဖန် ယင်းပဋိသန္ဓေ နာမ်တရားတို့ ချုပ်ပျက်သွားပြီးနောက် ဝီထိစိတ် မဖြစ်မီအတွင်း ယင်းပဋိသန္ဓေနောင် ဆက်တိုက် ဖြစ်နေသော ပထမဘဝင်စသော စိတ်+စေတသိက် = နာမ်တရားစုတို့ကို ဆက်-လက်၍ သိမ်းဆည်းပါ။ ဘဝ၌ ဝီထိစိတ်များ မဖြစ်သည့် အချိန်တွင် စိတ်အစဉ် မပြတ်စဲရေးအတွက် ဘဝ၏ အကြောင်းတရားအဖြစ် ဆက်လက်ဖြစ်နေသည့် စိတ်များပင် ဖြစ်ကြသည်။ သဘောပေါက်ပါက လက်ရှိ အခြေအနေ၌လည်း ဝီထိစိတ်အစဉ်တို့၏ အကြားအကြား၌ ဖြစ်ပေါ်နေသော ဘဝင်နာမ်တရားများကိုလည်း ဆက်လက် သိမ်းဆည်းကြည့်ပါ။ အောင်မြင်မှု ရရှိလာပါလိမ့်မည်။

## တိဟိတ်–ဒွိဟိတ်–သောမနဿ–ဥပေက္ခာ

၁။ ပဋိသန္ဓေသည် တိဟိတ်ဖြစ်က ဘဝင်နှင့် စုတိတို့လည်း တိဟိတ်ပင် ဖြစ်ကြ၏။
၂။ ပဋိသန္ဓေသည် ဒွိဟိတ်ဖြစ်က ဘဝင်နှင့် စုတိတို့လည်း ဒွိဟိတ်ပင် ဖြစ်ကြ၏။
၃။ ပဋိသန္ဓေသည် သောမနဿဖြစ်က ဘဝင်နှင့် စုတိတို့လည်း သောမနဿပင် ဖြစ်ကြ၏။
၄။ ပဋိသန္ဓေသည် ဥပေက္ခာဖြစ်ပါက ဘဝင်နှင့် စုတိတို့လည်း ဥပေက္ခာပင် ဖြစ်ကြ၏။

သို့အတွက် ပဋိသန္ဓေသည် တိဟိတ် သောမနဿ ပဋိသန္ဓေဖြစ်လျှင် ဘဝင်နှင့် စုတိတို့သည်လည်း တိဟိတ် သောမနဿ ဘဝင် စုတိတို့သာ ဖြစ်ကြသည်။ နာမ်တရား (၃၄)လုံးစီ အသီးအသီး ရှိကြမည် ဖြစ်သည်။ ပဋိသန္ဓေသည် တိဟိတ် ဥပေက္ခာ ပဋိသန္ဓေဖြစ်လျှင် ဘဝင်နှင့် စုတိတို့သည်လည်း တိဟိတ် ဥပေက္ခာ ဘဝင် စုတိတို့သာ ဖြစ်ကြသည်။ နာမ်တရား (၃၃)လုံးစီ အသီးအသီး ရှိကြမည် ဖြစ်သည်။

သောမနဿဝေဒနာနှင့် ယှဉ်၍ ပဋိသန္ဓေတည်နေခဲ့သော သူတော်ကောင်း၏ ဘဝင်သည် သောမနဿ ဝေဒနာနှင့်ပင် ယှဉ်သဖြင့် ဘဝတစ်လျှောက်၌ မည်သည့်အာရုံနှင့် တွေ့ကြုံရသည်ပင် ဖြစ်စေ ဝီထိစိတ်တို့၌ သောမနဿ အဖြစ်များတတ်၏။ ပြုံးရွှင်မှုများတတ်၏။ အကယ်၍ သူတော်ကောင်းတစ်ဦးသည် ဥပေက္ခာဝေဒနာ နှင့် ယှဉ်၍ ပဋိသန္ဓေတည်နေ ခဲ့သော် ဘဝင်မှာလည်း ဥပေက္ခာဝေဒနာနှင့်ပင် ယှဉ်နေသဖြင့် ထိုသူတော်ကောင်း၏ သန္တာန်ဝယ် အာရုံအမျိုးမျိုးတို့ အပေါ်၌ ဥပေက္ခာ အဖြစ်များတတ်၏။ ဥပေက္ခာသမားကား တည်ငြိမ်မှုအသွင်ကို ဆောင်၏။ သောမနဿ သမားကား ပြုံးရွှင်မှု အသွင်ကိုဆောင်၏။ ဘဝတစ်လျှောက်၌ အများဆုံးဖြစ်နေသော ဘဝင်၏ စွမ်းအားပင်တည်း။ ဤ၌ ဝီထိစိတ်တို့၏ အတွင်းဝယ် သောမနဿနှင့် ဥပေက္ခာ အပြောင်းအလဲ ရှိတတ်ကြသော သန္တီရဏ-ဇော-တဒါရုံတို့ကိုသာ အထူးရည်ညွှန်း ပြောဆိုခြင်း ဖြစ်သည်ဟုမှတ်ပါ။

## အကြောင်း အကျိုး သိမ်းဆည်းပုံ စနစ်များ

အသင်သူတော်ကောင်းသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ စသော အကြောင်းတရားတို့ကြောင့် ပစ္စုပ္ပန်ဘဝတွင် ပဋိသန္ဓေ ဝိပါက် ဝိညာဏ်စသည့် ဝိပါကဝဋ်တရားများ ထင်ရှားဖြစ်ပေါ်နေခြင်းတည်းဟူသော ကြောင်း-ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်သော အခါ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခြင်း ပစ္စယပရိဂ္ဂဟ လုပ်ငန်းရပ်ကြီးကို စတင်၍ အားသစ် နိုင်ပြီ ဖြစ်၏။ ထိုသို့ သိမ်းဆည်းရာ၌ —

၁။ အစဖြစ်သော အဝိဇ္ဇာမှသည် အဆုံးဖြစ်သော ဇာတိ ဇရာမရဏသို့ တိုင်အောင် အနုလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအားဖြင့် အကြောင်းနှင့် အကျိုးတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍လည်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်၏။

၂။ အဆုံးဖြစ်သော ဇရာမရဏမှသည် အစဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် ပဋိလောမပဋိစ္စသမုပ္ပါဒ် ဒေသနာ-တော်နည်းအားဖြင့် အကြောင်းတရားနှင့် အကျိုးတရားတို့၏ တစ်နည်းဆိုသော် အကျိုးတရားနှင့် အကြောင်း တရားတို့၏ ကြောင်းကျိုးဆက်နွယ်မှု = ကျိုးကြောင်းဆက်နွယ်မှုကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍လည်း အကြောင်း တရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်၏။

၃။ အလယ်ဖြစ်သော အာဟာရလေးပါးမှသည် အစဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် ပဋိလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအားဖြင့် အကျိုးတရားနှင့် အကြောင်းတရားတို့၏ ကျိုး-ကြောင်း ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍လည်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်၏။

၄။ အလယ်ဖြစ်သော ဝေဒနာမှသည် သို့မဟုတ် တဏှာမှသည် အဆုံးဖြစ်သော ဇရာမရဏသို့တိုင်အောင် အနုလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအားဖြင့်လည်း အကြောင်းတရား အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍လည်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်၏။

၅။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ ၅၀-၅၁ - တို့၌ ဟောကြားထားတော်မူသည့်အတိုင်း ကိလေသဝဋ်ကို ကမ္မဝဋ်၌ ထည့်သွင်း၍ ကမ္မဝဋ်-ဝိပါကဝဋ်၏ အစွမ်းဖြင့်လည်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်၏။

၆။ **သာဓာရဏ အသာဓာရဏ၏ အစွမ်းဖြင့် သိမ်းဆည်းနည်း —**

အခြားသော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ဆက်ဆံသော အကြောင်းတရား မဆက်ဆံသော အကြောင်းတရား၏ အစွမ်းဖြင့် နှစ်မျိုးသော နာမ်တရား၏ အကြောင်းတရားကို ရှု၏။ ကံ-စိတ်-ဥတု-အာဟာရတို့၏ အစွမ်းဖြင့် လေးမျိုးသော ရုပ်တရား၏ အကြောင်းတရားကို ရှု၏။ အကျယ်ကား – နာမ်တရား၏ အကြောင်းတရားသည် —

၁။ သာဓာရဏ = ဆက်ဆံသော အကြောင်းတရား-

၂။ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရား-

ဤသို့လျှင် နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ဒွါရ (၆)ပါး, အာရုံ (၆)ပါးတို့သည် (ပဉ္စဝေါကာရဘုံဝယ်) နာမ်တရား အားလုံး၏ သာဓာရဏ = ဆက်ဆံသော အကြောင်းတရား ဖြစ်၏။ ကုသိုလ်တရား အကုသိုလ်တရား ဝိပါက်တရား, ကြိယာတရား, သောမနဿဝေဒနာနှင့် အတူတကွဖြစ်သောတရား, ဒေါမနဿဝေဒနာနှင့် အတူတကွဖြစ်သောတရား, သုခဝေဒနာနှင့် အတူတကွဖြစ်သောတရား, ဒုက္ခဝေဒနာနှင့် အတူတကွဖြစ်သောတရား, ဥပေက္ခာဝေဒနာနှင့် အတူတကွဖြစ်သောတရား — ဤသို့သော အကြွင်းအကျန်မရှိ အလုံးစုံသော အပြားရှိသည်လည်းဖြစ်သော နာမ်တရား၏ ထိုဒွါရ အာရုံဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာရခြင်းကြောင့် ယင်းဒွါရ အာရုံဟူသော အကြောင်းတရားသည် နာမ်တရားအားလုံး၏ ဆက်ဆံသော အကြောင်းတရားဖြစ်၏။

ကံသည် ဝိပါက်နာမ်တရား အားလုံး၏လည်းကောင်း, ကံကြောင့်ဖြစ်ကုန်သော ကမ္မသမုဋ္ဌာန်ရုပ် အားလုံးတို့၏လည်းကောင်း သာဓာရဏ = ဆက်ဆံသော အကြောင်းတရား ဖြစ်၏။ အခြားသော ကုသိုလ်တရား အကုသိုလ်တရား, ကြိယာတရားတို့၏လည်းကောင်း, စိတ္တသမုဋ္ဌာန်ရုပ်, ဥတုသမုဋ္ဌာန်ရုပ်, အာဟာရသမုဋ္ဌာန်ရုပ်တို့၏လည်းကောင်း အသာဓာရဏ = မဆက်ဆံသော အကြောင်းတရားလည်း ဖြစ်၏။

စိတ်သည် မိမိနှင့်ယှဉ်ဖက် စေတသိက်နာမ်တရား အားလုံး၏လည်းကောင်း, စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တသမုဋ္ဌာန်ရုပ်တို့၏လည်းကောင်း သာဓာရဏ = ဆက်ဆံသော အကြောင်းတရားဖြစ်၏။ တစ်ဖန် စိတ်သည် မိမိနှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ မဖြစ်ကြသည့် စေတသိက် နာမ်တရားအားလုံး၏လည်းကောင်း, ကမ္မသမုဋ္ဌာန်ရုပ်, ဥတုသမုဋ္ဌာန်ရုပ်, အာဟာရသမုဋ္ဌာန်ရုပ်တို့၏လည်းကောင်း အသာဓာရဏ = မဆက်ဆံသော အကြောင်းတရားလည်းဖြစ်၏။

ဥတု - သဘာဂဖြစ်သော ဥတုသည် သဘာဂဖြစ်သော ဥတုသမုဋ္ဌာန်ရုပ် အားလုံးတို့၏ သာဓာရဏ = ဆက်ဆံသော အကြောင်းတရား ဖြစ်၏။ ဝိသဘာဂဖြစ်သော ဥတုသမုဋ္ဌာန်ရုပ်, ကမ္မသမုဋ္ဌာန်ရုပ်, စိတ္တသမုဋ္ဌာန်ရုပ် အာဟာရသမုဋ္ဌာန်ရုပ်တို့၏ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရားလည်းဖြစ်၏။

အာဟာရ - အာဟာရဇဩဇာ (ကမ္မဇဩဇာ, စိတ္တဇဩဇာ, ဥတုဇဩဇာ)သည် အာဟာရသမုဋ္ဌာန်ရုပ် အားလုံးတို့၏ ဆက်ဆံသော အကြောင်းတရား ဖြစ်၏။ ကမ္မသမုဋ္ဌာန်ရုပ် စိတ္တသမုဋ္ဌာန်ရုပ် ဥတုသမုဋ္ဌာန်ရုပ်တို့၏ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရားလည်း ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၂၃၄။ မဟာဋီ-၂-၃၇၄-၃၇၅။)

တတ္ထကမ္မံ အတီတမေဝ ကမ္မသမုဋ္ဌာနဿ ရူပဿ ပစ္စယော ဟောတိ။ စိတ္တံ စိတ္တသမုဋ္ဌာနဿ ဥပ္ပဇ္ဇမာနံ။ ဥတု အာဟာရာ ဥတု အာဟာရသမုဋ္ဌာနဿ ဌိတိက္ခဏေ ပစ္စယာ ဟောန္တီတိ။ (ဝိသုဒ္ဓိ-၂-၂၃၄-၂၃၅။)

၁။ **ကံ** — ကုသလာကုသလစေတနာ ဝိပါကာနံ ခန္ဓာနံ, ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော = ကုသိုလ်စေတနာ အကုသိုလ်စေတနာသည် ဝိပါက်နာမ်ခန္ဓာတို့အားလည်းကောင်း, ကမ္မသမုဋ္ဌာန်ရုပ်တို့အား လည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ — ။ (အဘိ-၈-၁၅၄။)

ဤပဋ္ဌာန်းဒေသနာတော်နှင့် အညီ ကံအရ ကုသိုလ်စေတနာ အကုသိုလ်စေတနာကို ကောက်ယူပါ။ ထိုကုသိုလ်စေတနာ, အကုသိုလ်စေတနာသည် အတိတ်တရားသာလျှင် ဖြစ်၏။ ကံသည် အတိတ်ဖြစ်၍သာလျှင် ကမ္မသမုဋ္ဌာန်ရုပ်အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ အတိတ်က ပြုစုပျိုးထောင်ခဲ့သော စေတနာကံကသာလျှင် ကမ္မသမုဋ္ဌာန်ရုပ်ကို ဖြစ်စေနိုင်၏။ (မဟာဋီ-၂-၃၇၅။)

၂။ **စိတ်** — ဟေတူဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ, တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော = (အဘိ-၈-၁။) = ဟိတ် (၆)ပါး ပစ္စည်းတရားတို့သည် ထိုဟိတ်နှင့် ယှဉ်ကုန်သော စိတ်စေတသိက် သမ္ပယုတ် တရားတို့အားလည်းကောင်း၊ ထိုစိတ် စေတသိက်ကြောင့် ဖြစ်ကုန်သော စိတ္တသမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဤသို့ စသည်ဖြင့် ဘုရားရှင် ဟောကြားထားတော်မူသောကြောင့် စိတ္တသမုဋ္ဌာန်ရုပ်ကို ဖြစ်စေတတ်သော စိတ်အရ စိတ်တစ်ခုတည်းကိုသာ အရမကောက်ယူဘဲ စိတ္တဇရုပ်ကို ဖြစ်စေနိုင်သည့် စွမ်းအားရှိသည့် စိတ် စေတသိက် နှစ်မျိုးလုံးကိုပင် ကောက်ယူပါ။ ထိုစိတ်+စေတသိက်တရားစုသည် ရှေးရှေးစိတ်က အနန္တရစသော အကြောင်းတရားတို့ဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါကို ဆက်ခံရသောကြောင့် ဥပါဒ်ခဏ၌သာ စွမ်းအားကြီးမား၏၊ အားရှိ၏၊ ထို့ကြောင့် စိတ်သည် တစ်နည်း စိတ်+စေတသိက်တရားစုသည် ဖြစ်ဆဲ ဥပါဒ်ခဏ၌သာလျှင် စိတ္တ-သမုဋ္ဌာန်ရုပ်ကို ဖြစ်စေ၏။ (မဟာဋီ-၂-၃၇၅။)

၃။ **ဥတု** — ၄။ **အာဟာရ** — ဗာဟိရံ ဥတုံ, အာဟာရဉ္စ ပစ္စယံ လဘိတွာ အတ္တနော ဌိတိက္ခဏေ ဥတုအာဟာရာ ရူပံ ဇနေန္တီတိ အတ္ထော။ (မဟာဋီ-၂-၃၇၅။)

ရုပ်တရားသည် ဌီကာလ၌ ပစ္ဆာဇာတစသော ပစ္စည်း၏ အကြောင်းအထောက်အပံ့ကို ရရှိသဖြင့် ဌီကာလ၌ အားရှိ၏။ ရုပ်တရား၏ ဌီကာလ၌ အားရှိသည့်အတွက် ဗာဟိရဥတု၏ အထောက်အပံ့ကို ရရှိသော ကမ္မဇဥတု, စိတ္တဇဥတု, ဥတုဇဥတု, အာဟာရဇဥတုဟူသော စတုသမုဋ္ဌာနိကဥတုသည် ဌီကာလသို့ ရောက်ခိုက် ဥတု သမုဋ္ဌာန်ရုပ်ကို ဖြစ်စေ၏။ ဗာဟိရဖြစ်သော ကဗဠီကာရာဟာရဟူသော ဩဇာ၏ အထောက်အပံ့ကို ရရှိသော် စတုသမုဋ္ဌာနိကဩဇာ အသီးအသီးသည် ဌီကာလသို့ ရောက်ခိုက် အာဟာရသမုဋ္ဌာန် ရုပ်ကလာပ် အသစ်-အသစ်ကို ဖြစ်စေ၏။

၁။ ယောနိသောမနသိကာရ = နှလုံးသွင်းမှန်ခြင်း,
၂။ သဒ္ဓမ္မဿဝန = သူတော်ကောင်းတရားကို နာကြားရခြင်း,
၃။ သပ္ပုရိသူပနိဿယ = သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း,
၄။ ပဋိရူပဒေသဝါသ = သူတော်သူမြတ်တို့ရှိရာ သင့်တင့်လျောက်ပတ်သော အရပ်၌ နေထိုင်ခြင်း-

ဤသို့စသော အကြောင်းတရားတို့သည် ကုသိုလ်တရား၏သာလျှင် သီးသန့် အကြောင်းတရားများ ဖြစ်ကြ၏။ ပြောင်းပြန်အားဖြင့် အယောနိသောမနသိကာရ = နှလုံးသွင်းမှားခြင်းစသော အကြောင်းတရားတို့သည် အကုသိုလ်တရား၏သာလျှင် သီးသန့် အကြောင်းတရားများ ဖြစ်ကြ၏။ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရား ဟုလိုသည်။

အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ စသည်တို့ကား ဝိပါက်တရားစု၏ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရားဖြစ်၏။

ဘဝင်သည် ပဉ္စဒွါရဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်း၏, မနောဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်း၏ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရားဖြစ်၏။

သန္တီရဏသည် ဝုဋ္ဌော၏ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရားဖြစ်၏။

ကာမကြိယာသည် ထိုက်သည့်အားလျော်စွာ ကာမကြိယာ မဟဂ္ဂုတ်ကြိယာတို့၏ အသာဓာရဏ = မဆက်ဆံသော အကြောင်းတရားဖြစ်၏။

အရဟတ္တဖိုလ်သည် အာဝဇ္ဇန်းသည် ကြဉ်အပ်ကုန်သော အလုံးစုံသော ကြိယာတို့၏ အကြောင်းတရား ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၂၃၄။ မဟာဋီ-၂-၃၇၅။)

## ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း

ဤကျမ်းတွင်ကား —

၁။ ကမ္မဝဋ် ဝိပါကဝဋ်၏ အစွမ်းဖြင့် သိမ်းဆည်းနည်း၊
၂။ သာဓာရဏ အသာဓာရဏ၏ အစွမ်းဖြင့် သိမ်းဆည်းနည်း၊

ဤနည်း (၂)နည်းတို့ကို ပေါင်းစပ် အခြေတည်၍ သိမ်းဆည်းနည်းကို ရှေးဦးစွာ ဖော်ပြထားပါသည်။ ယင်းနှစ်နည်းလုံးကို သိမ်းဆည်းတတ်ပါမှ ဥဒယဗ္ဗယဉာဏ် အကျယ်ရှုပွားခန်း၌ လာရှိသော ရှုကွက်များကိုလည်း ဝိပဿနာ ရှုပွားသုံးသပ်တတ်မည် ဖြစ်သည်။ သို့အတွက် ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်းဟူသည် ယင်းနည်း (၂)မျိုးလုံး ပါဝင်သော သိမ်းဆည်းနည်းဟု မှတ်ပါ။ ဤသိမ်းဆည်းနည်းကို ရှေးဦးစွာ ဖော်ပြရခြင်းမှာ အဘိဓမ္မာ အခြေခံပညာ အားနည်းသူ ယောဂီသူတော်ကောင်းတို့အဖို့ ပို၍ သဘောပေါက် မြန်ကာပို၍ လွယ်ကူသော သိမ်းဆည်းနည်း ဖြစ်သည်ဟု ယူဆသည်လည်း အကြောင်းတစ်ရပ်, နောက်လာမည့် ဥဒယဗ္ဗယဉာဏ် အကျယ်ရှုပွားနည်းအတွက် လွန်စွာ ကျေးဇူးများ၍ အဘိဓမ္မာ အခြေခံပညာ မရှိသူတို့အဖို့ ထိုဉာဏ်ပိုင်းသို့ ရောက်သောအခါ အထူးထပ်မံ သင်ယူနေဖွယ် မလိုတော့သည်လည်း အကြောင်းတစ်ရပ် ဤအကြောင်းနှစ်ရပ်ကြောင့် “တစ်ချက်ခုတ် နှစ်ချက် ပြတ်” သဘောဖြင့် ဤနည်းကို ရှေးဦးစွာဖော်ပြခြင်း ဖြစ်ပါသည်။ ဤနည်းကို ကျွမ်းကျင်လာသောအခါ ပဋိစ္စသမုပ္ပါဒ် ပထမနည်းစသည်သို့ ပြောင်းရှုပါက ပို၍ သဘောပေါက် မြန်တတ်သည်ကို ယောဂီအများစု၌ တွေ့ရတတ်ပေသည်။

## ကြိုတင် မှတ်သားထားရန် လိုရင်းအချက်များ

ပဋိသန္ဓေမှစ၍ ဘဝင်စိတ္တက္ခဏနှင့် ဝီထိစိတ်တို့၏ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါးဖွဲ့၍ ယင်းခန္ဓာ (၅)ပါးတို့၏ အကြောင်းတရားတို့ကို ရှာဖွေလျက် အကြောင်းနှင့် အကျိုး ဆက်စပ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင် ရှုပြီးမှ အကြောင်းတရားနှင့် အကျိုးတရားတို့ကို သိမ်းဆည်းရမည် ဖြစ်သည်။ ယင်းသို့ ခန္ဓာ (၅)ပါးဖွဲ့ရာ၌ — စိတ္တက္ခဏတိုင်း၌ —

၁။ (၆)ဒွါရ၌ တည်ရှိကြသော မှီရာဝတ္ထုရုပ်တို့တွင် ဆိုင်ရာဆိုင်ရာ နာမ်တရားစုတို့၏ မှီရာဝတ္ထုရုပ်တို့နှင့် အာရုံရုပ်တို့သည် ရူပက္ခန္ဓာတည်း။

၂။ နာမ်တရားစုမှ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာတည်း။

၃။ နာမ်တရားစုမှ သညာစေတသိက်သည် သညာက္ခန္ဓာတည်း။

၄။ (က) နာမ်တရားစုမှ စေတနာစေတသိက်သည် သင်္ခါရက္ခန္ဓာတည်း။ (ပထမနည်းတည်း။)
(ခ) နာမ်တရားစုမှ ဝေဒနာ သညာ ဝိညာဏ်မှတစ်ပါး ကျန်စေတသိက်အားလုံးသည် သင်္ခါရက္ခန္ဓာတည်း။ (ဒုတိယနည်းတည်း။)

၅။ အသိစိတ်သည် ဝိညာဏက္ခန္ဓာတည်း။

**သင်္ခါရက္ခန္ဓာ** — သင်္ခါရက္ခန္ဓာ၌ စေတနာကို သင်္ခါရက္ခန္ဓာဟု ဟောတော်မူသော နည်းမှာ ပဓာနနည်း ဖြစ်၏။ ယင်းနည်းကို ဥပါဒါနပရိပဝတ္တနသုတ္တန်စသည်တို့၌ ဟောကြားထားတော်မူ၏။

ဆယိမေ ဘိက္ခဝေ စေတနာကာယာ၊ ရူပသဉ္စေတနာ သဒ္ဒသဉ္စေတနာ ဂန္ဓသဉ္စေတနာ ရသသဉ္စေတနာ ဖောဋ္ဌဗ္ဗသဉ္စေတနာ ဓမ္မသဉ္စေတနာ။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သင်္ခါရာ။ ဖဿသမုဒယာ သင်္ခါရသမုဒယော၊ ဖဿနိရောဓာ သင်္ခါရနိရောဓော။ (သံ-၂-၄၉။)

= ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ, ဂန္ဓသဉ္စေတနာ, ရသသဉ္စေတနာ, ဖောဋ္ဌဗ္ဗသဉ္စေတနာ, ဓမ္မသဉ္စေတနာ ဟူသော စေတနာ (၆)မျိုးတို့သည် သင်္ခါရက္ခန္ဓာတည်း။ ဖဿ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။ ဖဿ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။ (သံ-၂-၄၉။)

ဤသုတ္တန်၌ အကျိုးတရားကို ဖြစ်စေရာ၌ စေတနာက ပြဓာန်းသောကြောင့် ပဓာနနည်းအားဖြင့် စေတနာကို သင်္ခါရက္ခန္ဓာဟု ဟောကြားထားတော်မူသည်။ ဤကား စေတနာကို သင်္ခါရက္ခန္ဓာဟု ကောက်ယူရပုံ ပထမနည်းတည်း။ သုတ္တန်နည်းဟူလိုသည်။

အဘိဓမ္မာဒေသနာတော်နည်း၌ကား စိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ ဖြစ်ကြသော သမ္ပယုတ် နာမ်တရားစုတို့တွင် ဝေဒနာ, သညာ, ဝိညာဏ်မှ ကြွင်းကျန်သော နာမ်တရားအားလုံးသည် တစ်နည်း ဆိုရသော် ဝေဒနာ သညာမှ ကြွင်းကျန်သော စေတသိက်အားလုံးသည် သင်္ခါရက္ခန္ဓာမည်၏။ ယင်းသင်္ခါရက္ခန္ဓာ၏ မဆက်ဆံသော အသာဓာရဏ ပစ္စုပ္ပန်အကြောင်းတရားကို **သေသခန္ဓတ္တယပဒဋ္ဌာနာ** = (ဝိသုဒ္ဓိ-၂-၉၂။) မိမိ သင်္ခါရက္ခန္ဓာမှ ကြွင်းကျန်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာသုံးပါးလျှင် အနီးကပ်ဆုံးသော အကြောင်းတရားရှိ၏ဟု ဖော်ပြထား၏။

ဤဒေသနာတော်များနှင့်အညီ သင်္ခါရက္ခန္ဓာတိုင်း၌ —

၁။ စေတနာကို သင်္ခါရက္ခန္ဓာဟု ယူသောနည်း၊ (ပထမနည်း။)

၂။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက်အားလုံးကို သင်္ခါရက္ခန္ဓာဟု ယူသောနည်း၊ (ဒုတိယနည်း။)

ဤသို့ နှစ်နည်းခွဲ၍ အကြောင်း အကျိုး သိမ်းဆည်းပုံကို ဖော်ပြထားပါသည်။ စိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိကြသော ပရမတ္ထဓာတ်သား တရားလုံးများ မကြွင်းကျန်စေလိုသောကြောင့် ဖြစ်၏။

စေတနာကို သင်္ခါရက္ခန္ဓာဟု ကောက်ယူသောနည်း၌ ဖဿသည် ယင်းသင်္ခါရက္ခန္ဓာ၏ အကြောင်းတရား ဖြစ်၏။ (သံ-၂-၄၉။) တစ်ဖန် ယင်းဖဿ၌လည်း အကြောင်းတရား မရှိတော့ပြီလောဟု မေးမြန်းဖို့ရန် အချက် ပေါ်လာပြန်၏။ ဖဿသည်လည်း သင်္ခတတရားပင် ဖြစ်သဖြင့် ဖဿ၌လည်း အကြောင်းတရား ရှိသင့်လာပြန်၏။ တစ်ဖန် ဝေဒနာ, သညာ, ဖဿ, စေတနာတို့မှ ကြွင်းကျန်သော စေတသိက်တရားတို့၌လည်း အကြောင်းတရား မရှိတော့ပြီလောဟု မေးမြန်းဖို့ရန် အချက်တစ်ရပ်လည်း ပေါ်လာပြန်၏။ ယင်း စေတသိက်တို့မှာလည်း သင်္ခတ တရားတို့သာ ဖြစ်ကြသောကြောင့်တည်း။ သို့အတွက် ဤသို့စသော ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်အတွက် သင်္ခါရက္ခန္ဓာ ဒုတိယနည်းကိုလည်း ဖော်ပြထားခြင်း ဖြစ်၏။

## ဖဿ — နာမ် ရုပ်

၁။ ဖဿသမုဒယာ ဝေဒနာသမုဒယော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော။

၂။ ဖဿသမုဒယာ သညာသမုဒယော၊ ဖဿနိရောဓာ သညာနိရောဓော။

၃။ ဖဿသမုဒယာ သင်္ခါရသမုဒယော၊ ဖဿနိရောဓာ သင်္ခါရနိရောဓော။

၄။ နာမရူပသမုဒယာ ဝိညာဏသမုဒယော၊ နာမရူပနိရောဓာ ဝိညာဏနိရောဓော။ (သံ-၂-၄၉။)

ဤအထက်ပါ ဥပါဒါနပရိပဝတ္တနသုတ္တန်စသော ထိုထိုသုတ္တန်တို့၌ ဖဿကြောင့် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့ ဖြစ်ပုံကို ဟောကြားထားတော်မူ၏။ တစ်ဖန် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ တည်ရှိကြသော အတူယှဉ်တွဲဖြစ်သည့် စေတသိက် = နာမ်နှင့် မှီရာဝတ္ထုရုပ်+အာရုံရုပ်တို့ကြောင့် ဝိညာဏက္ခန္ဓာဖြစ်ပုံကိုလည်း ဆက်လက် ဟောကြားတော်မူ၏။

ဤသို့ ဟောကြားထားတော်မူရာဝယ် — စိတ်တို့မည်သည် စေတသိက်တို့နှင့် ကင်း၍ မဖြစ်နိုင်၊ စေတသိက်တို့မည်သည်လည်း စိတ်နှင့် ကင်း၍ မဖြစ်နိုင်ရကား – ဝေဒနာ, သညာ, သင်္ခါရတို့၏ အကြောင်းတရား အဖြစ် ဟောကြားထားတော်မူအပ်သော ဖဿသည် မိမိချည်း သက်သက် ဖြစ်နိုင်သည့် စွမ်းအားကားမရှိ၊ ယှဉ်ဖက် စိတ်+စေတသိက် = သမ္ပယုတ်တရားတို့နှင့်သာ အတူယှဉ်တွဲ၍ ဖြစ်နိုင်သည့် စွမ်းအားရှိ၏။ သို့သော် ဖဿသည် ဝေဒနာ သညာ သင်္ခါရတို့အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးရာ၌ ပဓာန = ပြဓာန်းသော အကြောင်းတရား ဖြစ်၏။ ဖဿက အာရုံနှင့် အသိစိတ်ကို ဆက်သွယ်မပေးလျှင်လည်း ထိုအာရုံကို အာရုံပြု၍ နာမ်တရားများ ဖြစ်နိုင်ခွင့် မရှိသည်သာ ဖြစ်၏။ ဝိညာဏ်ဦးဆောင်သည့် နာမ်တရားတို့က အာရုံကို သိမှု၌ = အာရုံကို အာရုံပြု၍ ရယူမှု၌ ဖဿကား ပြဓာန်းသော ပဓာန အကြောင်းတရား ဖြစ်နေ၏။ ပါကဋ = ထင်ရှားသော အကြောင်းတရား ဖြစ်နေ၏။

တစ်ဖန် ဖဿသည် ဝေဒနာ သညာ သင်္ခါရတို့အားသာ ကျေးဇူးပြု၍ ဝိညာဏ်အား ကျေးဇူးမပြုတော့ ပြီလောဟုလည်း မေးရန် ရှိလာပြန်၏။ ကျေးဇူးပြုသည်သာဟု ဖြေဆိုရာ၏။ နာမရူပသမုဒယာ ဝိညာဏ သမုဒယော = နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏ဟု ဟောကြားထားတော်မူသည့် ဝိညာဏ၏ အကြောင်း-တရား ဖြစ်သော စေတသိက် = နာမ်တရားစုတွင် ဖဿလည်း ပါဝင်လျက်ပင် ရှိသောကြောင့် ဖြစ်၏။

တစ်ဖန် — ဖဿနှင့် တကွသော ယှဉ်ဖက် စေတသိက်အားလုံးကြောင့် တစ်နည်းဆိုရသော် နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်ရလျှင် ယင်းဝိညာဏ်သည်လည်း မိမိချည်းသက်သက် တစ်ခုတည်းသာ ဖြစ်ပါသလားဟုလည်း မေးရန် ရှိလာပြန်၏။ ဝိညာဏ် = အသိစိတ် တစ်လုံးတည်းကား မဖြစ်နိုင်။ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟူသော စေတသိက်တရားစုတို့နှင့် ယှဉ်တွဲခွင့်ရရှိပါမှသာလျှင် ဝိညာဏ်သည် ဖြစ်နိုင်စွမ်းရှိ၏။ ယင်းသို့ ဖြစ်လျှင် စေတသိက် နာမ်တရားတို့သည်လည်း ဝိညာဏက္ခန္ဓာအားသာမက အချင်းချင်းအားလည်း ဖြစ်ပေါ်လာအောင် ကျေးဇူးပြုကြောင်းကို သဘောသက်နိုင်လေရာ၏။ ထိုကြောင့် ပဋ္ဌာန်းဒေသနာတော်၌ ဘုရားရှင်သည် ဤသို့ ဟောကြားထားတော်မူ၏။

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။ (အညမညပစ္စယေန ပစ္စယော၊ နိဿယပစ္စယေန ပစ္စယော။ အတ္ထိပစ္စယေန ပစ္စယော၊ အဝိဂတပစ္စယေန ပစ္စယော။) — (ပဋ္ဌာန-၁-၅-၈-၉။)

= နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း အပြန်အလှန် တစ်ပါးသည် တစ်ပါးအား သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၅-၈-၉။)

မဟာနိဒါနသုတ္တန်တွင်လည်း ဘုရားရှင်သည် ဤသို့ ဟောကြားထားတော်မူ၏။

နာမရူပပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ ဖဿော။ (ဒီ-၂-၄၈။)

တတ္ထ ဟိ စက္ခာယတနာဒီနိ ဝိယ ရူပေ ဆဋ္ဌာယတနဉ္စ နာမေ အန္တောဂဓံ ကတွာ ဖဿဿ နိရဝသေသ-ရူပပစ္စယံ ဝိယ နိရဝသေသနာမပစ္စယဉ္စ ဒဿေတုံ **"နာမရူပပစ္စယာ ဖဿော"**တိ ဝုတ္တံ။ ဧဝမိဓာပိ တတ္ထ ဒဿိတဝိသေသဒဿနေန တံဒေသနာပရိဂ္ဂဟတ္ထံ ဧကစိတ္တက္ခဏိကေ ပဋိစ္စသမုပ္ပါဒေ ဆဋ္ဌာယတနံ နာမန္တောဂဓံ ကတွာ "နာမပစ္စယာ ဖဿော"တိ ဝုတ္တန္တိ အတ္ထော။ (မူလဋီ-၂-၁၃၅။)

မဟာနိဒါနသုတ္တန်တွင် "နာမ်ရုပ်ကြောင့် ဝိညာဏ် ဖြစ်၏၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်၏၊ နာမ်ရုပ်ကြောင့် ဖဿ ဖြစ်၏။" — ဤသို့စသည်ဖြင့် ဟောကြားထားတော်မူ၏။ (ဒီ-၂-၄၈။)

ထိုမဟာနိဒါနသုတ္တန် ဒေသနာတော်၌ စက္ခာယတနစသည့် သဠာယတနစာရင်းဝင် ရုပ်အာယတနတို့ကို ရုပ်တရား၌ အတွင်းဝင်သည်ကို ပြုအပ်ကုန်သကဲ့သို့ ထို့အတူ ဆဋ္ဌာယတန (= ၆ခုမြောက် မနာယတန)ကိုလည်း နာမ်၌ အတွင်းဝင်သည်ကို ပြုတော်မူ၍ ဖဿ၏ အကြွင်းအကျန်မရှိ ရုပ်ဟူသော အကြောင်းတရားကို ပြတော်မူသကဲ့သို့ ထို့အတူ နာမ်ဟူသော အကြောင်းတရားကိုလည်း အကြွင်းအကျန်မရှိ ကုန်စင်အောင် ဟောပြတော်မူခြင်းငှာ — နာမရူပပစ္စယာ ဖဿော = နာမ်ရုပ်ကြောင့် ဖဿဖြစ်၏ - ဟူ၍ ဟောကြားထားတော်မူ၏။

အလားတူပင် အဘိဓမ္မဘာဇနီယနည်း သမ္ပယုတ္တစတုက္က ဒုတိယဝါရ၌လည်း ထိုမဟာနိဒါနသုတ္တန် ဒေသနာတော်၌ ဟောကြားပြသအပ်ပြီးသော အထူးကို ပြခြင်းအားဖြင့် ထိုမဟာနိဒါနသုတ္တန် ဒေသနာတော်ကို သိမ်းယူခြင်း အကျိုးငှာ တစ်ခုသော စိတ္တက္ခဏရှိသော ပဋိစ္စသမုပ္ပါဒ်နည်း၌ (အဘိဓမ္မဘာဇနီယနည်း၌) ဆဋ္ဌာ-ယတနဖြစ်သော = (၆)ခုမြောက် အာယတနဖြစ်သော မနာယတနကို နာမ်၌ အကျုံးဝင်သည်ကို ပြု၍ — နာမပစ္စယာ ဖဿော။ (အဘိ-၂-၁၄၇။) = နာမ်ကြောင့် ဖဿဖြစ်၏ — ဟုဟောကြားတော်မူ၏။ (သဠာယတန-ပစ္စယာ ဖဿောဟု မဟောဘဲ နာမပစ္စယာ ဖဿောဟု ဟောတော်မူသည် ဟူလို။) (မူလဋီ-၂-၁၃၅။)

## ဧကစိတ္တက္ခဏိက – နာနာစိတ္တက္ခဏိက

တတြ ဟိ နာနာစိတ္တက္ခဏိကော ပစ္စယာကာရော ဝိဘတ္တော၊ ဣဓ ဧကစိတ္တက္ခဏိကော အာရဒ္ဓေါ။ ဧကစိတ္တက္ခဏေ စ ဗဟူစေတနာ န သန္တီတိ သင်္ခါရာတိ အဝတွာ သင်္ခါရောတိ ဝုတ္တံ။ (အဘိ-ဋ္ဌ-၂-၁၉၁။)

သုတ္တန်ဒေသနာတော်တို့၌လည်းကောင်း, အဘိဓမ္မာ သုတ္တန္တဘာဇနီယနည်း၌လည်းကောင်း အဝိဇ္ဇာ-ပစ္စယာ သင်္ခါရာ။ (သံ-၁-၂၄၃။ အဘိ-၂-၁၄၂။) = အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့သည် ထင်ရှား ဖြစ်ပွား လာကြကုန်၏ — ဤသို့စသည်ဖြင့် "သင်္ခါရတို့သည်"ဟု ဗဟုဝုစ်ဖြင့် ဟောကြားထားတော်မူ၏။ အဘိဓမ္မ-ဘာဇနီယနည်း၌ကား "အဝိဇ္ဇာပစ္စယာ သင်္ခါရော (အဘိ-၂-၁၄၆-၁၄၇။) = အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရဖြစ်၏။"ဟု သင်္ခါရကို ဧကဝုစ်ဝိဘတ်ဖြင့် ဟောကြားထားတော်မူ၏။ ထိုသို့ဟောကြားထားတော်မူရာ၌ အကြောင်းပြချက်ကား ဤသို့ ဖြစ်၏ —

သင်္ခါရ၏ တစ်ခုသော စိတ္တက္ခဏ ရှိသည်၏အဖြစ်ကြောင့် အဘိဓမ္မဘာဇနီယနည်း၌ သင်္ခါရကို ဧကဝုစ် ဝိဘတ်ဖြင့် ဟောကြားထားတော်မူသည်။ ထိုသုတ္တန္တဘာဇနီယနည်း၌ကား အထူးထူးသော စိတ္တက္ခဏ၌ ဖြစ်ကုန် သော စေတနာတို့ကို ရည်ညွှန်းတော်မူလျက် ပစ္စယာကာရ အမည်ရသော ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ် သဘောတရားကို ဝေဖန် ဟောကြားထားတော်မူအပ်ပြီ။ ဤအဘိဓမ္မဘာဇနီယနည်း၌ကား စိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ ဖြစ်ပွားတည်ရှိသော စေတနာကို ရည်ညွှန်းတော်မူ၍ ပစ္စယာကာရ အမည်ရသော ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားကို အားထုတ်တော်မူအပ်ပြီ။ တစ်ဖန် တစ်ခုသော စိတ္တက္ခဏ၏ အတွင်း၌ကား များစွာကုန်သော စေတနာတို့သည် မရှိကြကုန်သည်သာ ဖြစ်၏။ (များစွာကုန်သော ဖဿတို့သည်လည်း မရှိကြကုန်သည်သာ ဖြစ်၏။ ဤသို့ စသည်ဖြင့် သဘောပေါက်ပါ။) ထိုကြောင့် "သင်္ခါရာ = သင်္ခါရတို့သည်"ဟု ဗဟုဝုစ်ဖြင့် မဟောဘဲ "သင်္ခါရော = သင်္ခါရသည်"ဟု ဧကဝုစ် ဝိဘတ်ဖြင့်သာ ဟောတော်မူအပ်ပေသည်။ (အဘိ-ဋ္ဌ-၂-၁၉၁။)

ထိုကြောင့် — နာမရူပသမုဒယာ ဝိညာဏသမုဒယော = နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏ — (သံ-၂-၄၉။)ဟု ဟောကြားတော်မူသကဲ့သို့ပင် ဝိညာဏပစ္စယာ နာမရူပံ = ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်၏ (ဒီ-၂-၄၈။ အဘိ-၂-၁၄၂-၁၄၃။)ဟုလည်း ဟောကြားထားတော်မူသည်သာ ဖြစ်ရကား နာမ်ရုပ်နှင့် ဝိညာဏ်, ဝိညာဏ်နှင့် နာမ်ရုပ်တို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပေးနေသော တရားများသာ ဖြစ်ကြသည်။ ယင်းနာမ်တရားတို့တွင် ဝေဒနာ သညာ ဖဿ စေတနာ စသည်တို့သည်လည်း ပါဝင်ကြပေသည်။

နာမပစ္စယာ ဖဿော = ဆဋ္ဌာယတန အမည်ရသော မနာယတန = နာမ်ကြောင့် ဖဿဖြစ်၏။ (အဘိ-၂-၁၄၇။)ဟု ဟောကြားတော်မူ၏။ ထိုသို့ ဟောတော်မူရာဝယ် —

ဖဿဿ ဟိ န ကေဝလဉ္စ ဆဋ္ဌာယတနမေဝ ပစ္စယော၊ ဝေဒနာက္ခန္ဓာဒယော ပန တယော ခန္ဓာပိ ပစ္စယာယေဝ။ (အဘိ-ဋ္ဌ-၂-၁၉၃။)

မနာယတန အမည်ရသော နာမ်တရားသည်သာလျှင် ဖဿ၏ အကြောင်းဖြစ်သည် မဟုတ်၊ ဝေဒနာ သညာ သင်္ခါရ အမည်ရသော နာမ်ခန္ဓာတို့သည်လည်း ဖဿ၏ အကြောင်းတရား ဖြစ်ကြကုန်သည်သာတည်း။ (အဘိ-ဋ္ဌ-၂-၁၉၃။)

သို့အတွက် —

၁။ နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြသည်ဟုလည်း မှတ်သားပါ။

၂။ ဖဿသည် မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း, နောက်နောက်သော စိတ္တက္ခဏတို့၌ တည်ရှိကြသော နာမ်ခန္ဓာတို့အားလည်းကောင်း ကျေးဇူးပြုသည်ဟုလည်း မှတ်သားပါ။

၃။ ဖဿသည် ဖဿတစ်ခုတည်း မိမိချည်းသက်သက် ဖြစ်နိုင်သည့် စွမ်းအားမရှိ၊ ယှဉ်ဖက် သမ္ပယုတ်တရားတို့နှင့် ပေါင်းစပ်မိပါမှသာလျှင် ဖြစ်နိုင်သည့် စွမ်းအားရှိ၏။ ထိုကြောင့် ဖဿဟုဆိုလျှင် ယှဉ်ဖက် နာမ်တရားစုတို့လည်း ပါဝင်ကြသည်သာဟု မှတ်ပါ။

၄။ **တိဏ္ဏံ သင်္ဂတိ ဖဿော** = (မ-၁-၁၅၈-၃၂၆။ သံ-၁-၃၀၀။ သံ-၂-၂၁၆။ အဘိ-၄-၂၄၈။) = ဝတ္ထု အာရုံ ဝိညာဏ် ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် ဖဿဖြစ်၏ဟု ဟောတော်မူခြင်းကြောင့် ဝိညာဏ်သည် ဖဿ၏ ထူးသော အကြောင်းတရား ဖြစ်၏ဟုလည်း မှတ်သားပါ။

၅။ စိတ္တက္ခဏ တစ်ခု၏အတွင်း၌ တည်ရှိကြသော နာမ်တရားတို့တွင် နာမ်တရားတစ်ခုသည် အကျိုးတရား-ဘက်၌ တည်ရှိနေလျှင် ကြွင်းကျန်သော နာမ်တရားတို့သည် အကြောင်းတရားဘက်၌ တည်ရှိကြသည်။ အကယ်၍ သင်္ခါရက္ခန္ဓာ ဒုတိယနည်း၌ကဲ့သို့ စေတသိက်အများစု နာမ်တရားတို့သည် အကျိုးတရားဘက်၌ တည်ရှိကြလျှင် ကြွင်းကျန်သော ဝေဒနာ သညာ ဝိညာဏ် နာမ်တရားစုတို့သည် အကြောင်းတရားဘက်၌ တည်ရှိကြပေသည်။ — ဤသို့လည်း မှတ်သားပါ။

## အတိတ်အကြောင်း ပစ္စုပ္ပန်အကြောင်း

၁။ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ ဟူသော အကြောင်းတရားတို့သည် ပဋိသန္ဓေ-ဘဝင်-စုတိ-ဟူသော ဝီထိမုတ် စိတ်စေတသိက် ဝိပါက်နာမ်တရားစု၏လည်းကောင်း၊ ပဉ္စဝိညာဏ်-သမ္ပဋိစ္ဆိုင်း-သန္တီရဏ-တဒါရုံဟူသော ဝီထိစိတ်များဖြစ်ကြသော ဝိပါက်နာမ်တရားစု၏လည်းကောင်း, ကမ္မဇရုပ်တို့၏လည်းကောင်း အကြောင်းတရားများ ဖြစ်ကြသည်။

(အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ နည်းတူမှတ်ပါ။)

၂။ စိတ်သည် စိတ္တဇရုပ်တို့၏, (ပဉ္စဝိညာဏ်မှ တစ်ပါးသော စိတ်ဟူလို။)

၃။ ဥတုသည် ဥတုဇရုပ်တို့၏,

၄။ အာဟာရသည် အာဟာရဇရုပ်တို့၏,

၅။ ဝတ္ထု အာရုံ ဖဿစသော အကြောင်းတရားတို့သည် နာမ်ခန္ဓာ (၄)ပါးတို့၏ ဆိုင်ရာ အကြောင်းတရားများ ဖြစ်ကြသည်။

## အကြောင်း အကျိုး သိမ်းဆည်းပုံ — ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း
## (ကလလရေကြည် တည်စခိုက်) ပဋိသန္ဓေ ခန္ဓာငါးပါး

ပဋိသန္ဓေ ကလလရေကြည် တည်စအခိုက်၌ —

၁။ ဟဒယဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ် ဟူသော ရုပ်ကလာပ်အမျိုးအစား (၃)မျိုး, ရုပ်အမျိုးအစား (၃၀)သည် ရူပက္ခန္ဓာမည်၏။

၂။ ပဋိသန္ဓေနာမ်တရား (= ၃၄)မှ ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။

၃။ ပဋိသန္ဓေနာမ်တရား (= ၃၄)မှ သညာသည် သညာက္ခန္ဓာမည်၏။

၄။ ပဋိသန္ဓေနာမ်တရား (= ၃၄)မှ စေတနာသည် သင်္ခါရက္ခန္ဓာမည်၏။ (ပထမနည်း။)

ပဋိသန္ဓေနာမ်တရား (= ၃၄)မှ ဝေဒနာ-သညာ-ဝိညာဏ်မှ ကြွင်းကျန်သော စေတသိက် (၃၁)လုံးသည် သင်္ခါရက္ခန္ဓာမည်၏။ (ဒုတိယနည်း။)

၅။ ပဋိသန္ဓေနာမ်တရား (= ၃၄)မှ အသိစိတ် = ဝိညာဏ်သည် ဝိညာဏက္ခန္ဓာမည်၏။

ဤခန္ဓာငါးပါးတို့မှာ သောမနဿဝေဒနာနှင့် ယှဉ်လျက် ပဋိသန္ဓေတည်ခဲ့သော တိဟိတ်ပုဂ္ဂိုလ်အတွက်သာ ဖြစ်သည်။ တိဟိတ်လူသားအတွက်သာ ဖြစ်သည်။ အကယ်၍ ဥပေက္ခာဝေဒနာနှင့် ယှဉ်လျက် ပဋိသန္ဓေတည်နေ-ခဲ့သော တိဟိတ်ပုဂ္ဂိုလ်မျိုးဖြစ်မူ ပီတိမပါသဖြင့် နာမ်တရား (၃၃)လုံးရှိမည် ဖြစ်သည်။ ဒွိဟိတ် သောမနဿ ပဋိသန္ဓေဖြစ်မူ နာမ်တရား (၃၃), ဒွိဟိတ် ဥပေက္ခာ ပဋိသန္ဓေဖြစ်မူ နာမ်တရား (၃၂)လုံး အသီးအသီး ရှိပေမည်။

ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်၌သာ ရုပ်ကလာပ် အမျိုးအစား (၃)မျိုး ရုပ်အမျိုးအစား (၃၀) ဖြစ်သည်။ ပဋိသန္ဓေ၏ ဌီကာလမှစ၍ တစ်နည်းဆိုသော် ပဋိသန္ဓေကမ္မဇရုပ်တို့၏ ဌီကာလမှစ၍ ရုပ်၏ ဌီကာလသို့ ရောက်ရှိနေသော ယင်းကမ္မဇရုပ်တို့တွင်ပါဝင်သော တေဇောဓာတ် = ဥတုသည် ဥတုဇဩဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်ကို ထပ်မံ ဖြစ်စေပြန်၏။ ပဋိသန္ဓေ၏ ဌီကာလမှစ၍ ဥတုဇရုပ်ကို ဖြစ်စေနိုင်သကဲ့သို့ အလားတူပင် ရုပ်၏ဌီကာလသို့ ရောက်ရှိနေသော တေဇောဓာတ် ဥတုဟူသမျှသည် ယေဘုယျအားဖြင့် ဥတုဇဩဇဋ္ဌမက ရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေနိုင်သည်ချည်းပင် ဖြစ်သည်။

ကမ္မဇရုပ်ကလာပ်တို့ကား စိတ္တက္ခဏတိုင်း၏ ဥပါဒ်ကာလတိုင်း ဌီကာလတိုင်း ဘင်ကာလတိုင်း၌ အမြဲတမ်း ဘဝတစ်လျှောက် အသစ်အသစ် ဖြစ်နေကြ၏။ ကမ္မဇရုပ်ကလာပ်တိုင်း၌ တေဇောဓာတ် ဥတုပါဝင်သဖြင့် ယင်းဥတုတိုင်းသည်လည်း ဌီကာလသို့ ရောက်တိုင်း ရောက်တိုင်း ရုပ်ကလာပ် အသစ်အသစ်ကို ထပ်မံ ဖြစ်စေသည်သာ ဖြစ်၏။

တစ်ဖန် ယင်းဥတုဇဩဇဋ္ဌမက ရုပ်ကလာပ်တိုင်း၌လည်း တေဇောဓာတ် ပါဝင်လျက်ပင်ရှိ၏။ ယင်း တေဇောဓာတ်ကလည်း ဌီကာလသို့ရောက်တိုင်း (ရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း) ရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေနိုင်ပြန်၏။

ပထမဘဝင်မှစ၍ ဘဝတစ်လျှောက်ဝယ် ပဉ္စဝိညာဏ်မှ တစ်ပါးသော စိတ်တိုင်း စိတ်တိုင်းသည် ဥပါဒ်လျှင် ဥပါဒ်ချင်း ဥပါဒ်ခဏတိုင်း ဥပါဒ်ခဏတိုင်း၌ စိတ္တဇဩဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေနိုင်ပြန်၏။ စိတ် တစ်ခုတစ်ခုသည် တစ်နည်းဆိုသော် စိတ္တက္ခဏ တစ်ခုတစ်ခုသည် စိတ္တဇရုပ်ကလာပ်ပေါင်းများစွာကို ဖြစ်စေနိုင်သည်သာ ဖြစ်၏။ ယင်းစိတ္တဇဩဇဋ္ဌမက ရုပ်ကလာပ်တိုင်းတွင်လည်း တေဇောဓာတ် = ဥတုပါဝင်ပြန်၏။ ယင်းဥတုကလည်း ရုပ်၏ ဌီကာလသို့ ရောက်တိုင်း ရောက်တိုင်း (ရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း) ဥတုဇဩဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေနိုင်ပြန်၏။

အမိစားမျိုလိုက်သော အစာအာဟာရ၏ ကိုယ်ဝန်သားငယ်၏ ခန္ဓာအိမ်အတွင်းသို့ ပျံ့နှံ့သည့် အချိန် ကာလကစ၍ အာဟာရဇဩဇဋ္ဌမကရုပ်တို့ ဖြစ်ကြ၏။ သို့အတွက် ပဋိသန္ဓေ၏ ဌီကာလမှစ၍ ဥတုဇရုပ်တို့ စတင် ဖြစ်လာကြ၏။ ပထမဘဝင်မှ စ၍ စိတ္တဇရုပ်တို့ စတင် ဖြစ်ပေါ်လာကြ၏၊ မိခင်၏ စားမျိုလိုက်သော အာဟာရ၏ သူငယ်၏ ခန္ဓာအိမ်သို့ ကူးစက်ပျံ့နှံ့သည့် အချိန်ကာလမှ စ၍ အာဟာရဇရုပ်တို့ စတင် ဖြစ်ပေါ် လာကြ၏။ သို့အတွက် ရူပက္ခန္ဓာကို သိမ်းဆည်းရှုပွားရာ၌ သတိပြု၍ သိမ်းဆည်းရှုပွားပါ။ ယခုကဲ့သို့ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနေသည့် အချိန်ပိုင်း၌ကား ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ စုံညီနေကြပြီ ဖြစ်၏။

ရှေးဦးစွာ အသင်သူတော်ကောင်းကိုယ်တိုင် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ထားသော ရှာဖွေတွေ့ရှိထားသော အတိတ်အကြောင်းတရား (၅)ပါးတို့တွင် အဝိဇ္ဇာ-တဏှာ-ဥပါဒါန် ဟူသော ကိလေသဝဋ်ကြောင့် သင်္ခါရ-ကံဟူသော ကမ္မဝဋ်နှစ်ပါး ထင်ရှားဖြစ်ပေါ်လာပုံကိုလည်းကောင်း, တစ်နည်းဆိုသော် အဝိဇ္ဇာ-တဏှာ-ဥပါဒါန် ဦးဆောင်သည့် မနောဒွါရိကဇောဝီထိစိတ်အစဉ်ကြောင့် သင်္ခါရ-ကံ ပြဓာန်းသည့် မနောဒွါရိကဇောဝီထိစိတ်အစဉ် ဖြစ်ပုံကိုလည်းကောင်း, ယင်းကမ္မဝဋ်ကြောင့် တစ်နည်း ဆိုသော် ကမ္မသတ္တိကြောင့် ဝိပါကဝဋ်တွင် အကျုံးဝင်သော ပဋိသန္ဓေရူပက္ခန္ဓာ၏ ကြောင်း-ကျိုး ဆက်နွယ်လျက် ဖြစ်မှုသဘောကိုလည်းကောင်း ဉာဏ်ဖြင့် မြင်အောင် ရှုပါ။ အကြောင်း ကံနှင့် အကျိုး ပဋိသန္ဓေကမ္မဇရုပ်တို့၏ တစ်နည်းဆိုသော် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ ခြံရံထားသော အကြောင်း သင်္ခါရ-ကံနှင့် အကျိုး ပဋိသန္ဓေ ကမ္မဇရုပ်တို့၏ အကြောင်းတရားကို စွဲမှီ၍ အကျိုးတရား၏ ဖြစ်နေပုံသဘောကို ဉာဏ်ဖြင့် မြင်သောအခါ အောက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

## ပဋိသန္ဓေ ရူပက္ခန္ဓာ

၁။ အဝိဇ္ဇာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာဖြစ်၏။
အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာ ဖြစ်၏။
တဏှာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာဖြစ်၏။
ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာဖြစ်၏။
သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄)၏ ကမ္မသတ္တိ ဖြစ်ခြင်းကြောင့် ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာဖြစ်၏။
ကံ (= ၃၄)၏ ကမ္မသတ္တိက အကြောင်းတရား၊ ပဋိသန္ဓေကမ္မဇရုပ် ရူပက္ခန္ဓာက အကျိုးတရား။

**မှတ်ချက်** — အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့၌ (၂၀)ဟူသည် သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ပထမလောဘမူစိတ် နာမ်တရားစုကို ရည်ညွှန်းထားပါသည်။ (၂၂/၁၉/၂၁)လုံးသော နာမ်တရား တို့လည်း ထိုက်သလို ဖြစ်နိုင်ကြပါသည်။ မိမိ၏ အတိတ် ရုပ်နာမ်သန္တာန်အစဉ်တွင် ကံကို ထူထောင်ခဲ့စဉ်က ဖြစ်ခဲ့သည့်အတိုင်းသာ ရှုရန် ဖြစ်ပါသည်။

တစ်ဖန် သင်္ခါရ-ကံတို့၌ (၃၄)ဟူသည် ကမ္မဝဋ် သဒ္ဓါပညာအုပ်စု နာမ်တရား (၃၄)တို့ကို ဆိုလိုပါသည်။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပထမ မဟာကုသိုလ်စိတ်ကို ရည်ညွှန်းထားပါသည်။ အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝက ကံကို ပြုစုပျိုးထောင်ခဲ့စဉ်က ဥပေက္ခာဝေဒနာနှင့် ယှဉ်တွဲနေသည့် ကံကို ပြုစုပျိုးထောင်ခဲ့သည် ဖြစ်အံ့၊ ထိုသင်္ခါရ-ကံတို့၌ ဥပေက္ခာဝေဒနာနှင့် ယှဉ်နေ၍ ပီတိမပါနိုင်ရကား နာမ်တရားစုတို့မှာ (၃၃) ဖြစ်ကြသည်။ ယခုကဲ့သို့ ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရား တို့ကို သိမ်းဆည်းနိုင်သူ ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သူ ရှုပွားနိုင်သူတို့သည် ယေဘုယျအားဖြင့် တိဟိတ် ပုဂ္ဂိုလ်များသာ ဖြစ်ကြသဖြင့် ဤ၌ တိဟိတ်ပုဂ္ဂိုလ်ကိုသာ စံနမူနာထား၍ ဖော်ပြထားပါသည်။ ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်မူကား ယင်းသင်္ခါရ-ကံ နာမ်တရားစု တို့မှာ (၃၃/၃၂) စသည်လည်း ဖြစ်နိုင်ကြပေသည်။

အကြောင်းအကျိုး နှစ်ဘက်လုံးတို့၌ ယနအသီးအသီး ပြုပါမှ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်မည်၊ ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ပါမှလည်း ပရမတ်အချင်းချင်း၏ ကြောင်း-ကျိုး ဆက်နွယ်မှု ရှိမရှိကို ရှု၍ ရနိုင်မည် ဖြစ်သည်။ ထိုကြောင့် အကြောင်းအကျိုး နှစ်ဘက်လုံးတို့၌ ယနပြုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ရှုနေရခြင်း ဖြစ်သည်။ ပညတ်အချင်းချင်းလည်း အကြောင်း အကျိုး စပ်၍ မရ၊ ပညတ်နှင့် ပရမတ်လည်း အကြောင်း အကျိုး စပ်၍ မရနိုင်ပေ။

**ဥပါဒါန်** — ယောဂီအများစု၌ ယေဘုယျအားဖြင့် ကာမုပါဒါန်ပင် အဖြစ်များ၍ ဥပါဒါန်၌ ကာမုပါဒါန် တစ်မျိုးကိုသာ ဖော်ပြထားပါသည်။ သို့သော် အသင်သူတော်ကောင်းသည် ဥပါဒါန်လေးမျိုးတို့တွင် အတိတ် ဘဝက သင်္ခါရ-ကံတို့ကို ပြုစုပျိုးထောင်စဉ်၌ ဖြစ်ခဲ့ဖူးသော ဥပါဒါန် တစ်မျိုးမျိုးနှင့်သာ အကြောင်းအကျိုးစပ်၍ သိမ်းဆည်းရမည် ဖြစ်ပါသည်။

## ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ

အတိတ်က ပြုစုပျိုးထောင်ခဲ့သော အကြောင်းတရားများကြောင့် ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ ဖြစ်ပုံကို လည်းကောင်း, ဝတ္ထု-အာရုံ-ဖဿစသော အကြောင်းတရားတို့ကြောင့် ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ ဖြစ်ပုံကို လည်းကောင်း ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း အကြောင်းအကျိုး သိမ်းဆည်းပါ။

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာ ဖြစ်၏။
အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာ ဖြစ်၏။
တဏှာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာဖြစ်၏။
ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာ ဖြစ်၏။
သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပဋိသန္ဓေဝေဒနာက္ခန္ဓာက အကျိုးတရား။

၅။ ကံ = (= ၃၄)၏ ကမ္မသတ္တိ ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာ ဖြစ်၏။
ကံ = (= ၃၄)၏ ကမ္မသတ္တိက အကြောင်းတရား၊ ပဋိသန္ဓေဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= မှီရာဝတ္ထုရုပ် ၃၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာ ဖြစ်၏။
ဝတ္ထုက အကြောင်းတရား၊ ပဋိသန္ဓေဝေဒနာက္ခန္ဓာက အကျိုးတရား။

၇။ အာရုံ (= ကံအာရုံ) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာ ဖြစ်၏။
အာရုံက အကြောင်းတရား၊ ပဋိသန္ဓေ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ (= ၃၄ - ဝေဒနာ = ၃၃) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာ ဖြစ်၏။
ဖဿက အကြောင်းတရား၊ ပဋိသန္ဓေဝေဒနာက္ခန္ဓာက အကျိုးတရား။

**ထပ်မံရှင်းလင်းချက်** — ပဋိသန္ဓေ ဝေဒနာက္ခန္ဓာသည် ဝိပါက် နာမ်တရားစုတွင် ပါဝင်သဖြင့် အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံဟူသော ကိလေသဝဋ် ကမ္မဝဋ်တို့ကြောင့်လည်း ဖြစ်၏။ တစ်ဖန် - ဝတ္ထု-အာရုံ-ဖဿစသော ပစ္စုပ္ပန်အကြောင်းတရားများကြောင့်လည်း ဖြစ်၏။ ဝိပါက်နာမ်တရားဖြစ်၍ အတိတ်အကြောင်းတရား (၅)ပါးကြောင့် ဖြစ်မှုမှာ သဘောပေါက်လောက်ပေပြီ။ ရှုလည်း ရှုတတ်လောက်ပေပြီ။ ပစ္စုပ္ပန်အကြောင်းတရားများကြောင့် ဖြစ်ပုံကိုလည်း အနည်းငယ် ရှင်းလင်းတင်ပြပေအံ့ —

**ဝတ္ထု** — ယင်းဝေဒနာ နာမ်တရားသည် တစ်နည်းဆိုရသော် ဝေဒနာနှင့် တကွသော ပဋိသန္ဓေနာမ်တရားစု အားလုံးသည် ပဉ္စဝေါကာရဘုံ၌ မှီရာဝတ္ထုရုပ် ရှိပါမှသာလျှင် ဖြစ်နိုင်စွမ်းရှိ၏၊ မှီရာဝတ္ထုရုပ် မရှိသော် ဖြစ်နိုင်စွမ်း မရှိပေ။ ဝေဒနာနှင့် တကွသော ယင်းပဋိသန္ဓေနာမ်တရားစုမှာ မိမိနှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ ပြိုင်တူ ဖြစ်လာသည့် = အတူဥပါဒ်လာသည့် ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ဖြစ်ရ၏၊ ယင်းဟဒယဝတ္ထုရုပ်ကို မမှီတွယ်ရလျှင် မဖြစ်နိုင်ပေ။ ဤသဘောတရားကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ပြီးပါမှ —

ဝတ္ထု ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ ဖြစ်၏။
ဝတ္ထုက အကြောင်းတရား၊ ပဋိသန္ဓေ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤသို့ အကြောင်းတရား၊ အကျိုးတရားကို သိမ်းဆည်းပါ။

ပဉ္စဝေါကာရဘုံ၌ဖြစ်သော ပဋိသန္ဓေနောင် ပထမဘဝင်စသော မနောဝိညာဏ်စိတ်တို့ကား မိမိ၏ ရှေးအနန္တရစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကို မှီကုန်၏။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်စိတ်တို့သည် ရှေးစိတ္တက္ခဏတစ်ချက်ခန့် ကာလ၌ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကုန်၏။ မရဏာ-သန္နအခါ ဘဝင်အာဝဇ္ဇန်းစသော မနောဝိညာဏ်စိတ်တို့သည် စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီကုန်၏။ ပဉ္စဝိညာဏ်တို့ကား ရှေးဦးအစ အတီတ ဘဝင်နှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်သော မဇ္ဈိမာယုက ပဉ္စပသာဒကိုသာ အသီးအသီး မှီ၍ ဖြစ်ကုန်၏။

## ဝတ္ထုအရ တရားကိုယ်ကောက်ယူပုံ

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ပ ။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၅။)

၁။ စက္ခာယတန = စက္ခုဝတ္ထုသည် စက္ခုဝိညာဏဓာတ်အားလည်းကောင်း ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ဖက် စေတသိက် သမ္ပယုတ်တရားတို့အားလည်းကောင်း မှီရာ နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

၂။ သောတာယတန = သောတဝတ္ထုသည် သောတဝိညာဏဓာတ်အားလည်းကောင်း၊ ထိုသောတ ဝိညာဏဓာတ်နှင့် ယှဉ်ဖက် စေတသိက် သမ္ပယုတ်တရားစုတို့အားလည်းကောင်း မှီရာ နိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေး၏။

၃။ ဃာနာယတန = ဃာနဝတ္ထုသည် ဃာနဝိညာဏဓာတ်အားလည်းကောင်း, ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ဖက် စေတသိက် သမ္ပယုတ်တရားစုတို့အားလည်းကောင်း မှီရာ နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု ပေး၏။

၄။ ဇိဝှါယတန = ဇိဝှါဝတ္ထုသည် ဇိဝှါဝိညာဏဓာတ်အားလည်းကောင်း, ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ဖက်

စေတသိက် သမ္ပယုတ်တရားစုတို့အားလည်းကောင်း မှီရာ နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

၅။ ကာယာယတန = ကာယဝတ္ထုသည် ကာယဝိညာဏဓာတ်အားလည်းကောင်း, ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ဖက် စေတသိက် သမ္ပယုတ်တရားစုတို့အားလည်းကောင်း မှီရာ နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

၆။ အကြင် ဟဒယဝတ္ထုရုပ်ကို မှီ၍ မနောဓာတ်သည်လည်းကောင်း, မနောဝိညာဏဓာတ်တို့သည်လည်းကောင်း ဖြစ်ကြကုန်၏။ ထိုဟဒယဝတ္ထုရုပ်သည် မနောဓာတ်အားလည်းကောင်း, မနောဝိညာဏဓာတ်အားလည်းကောင်း, ထိုမနောဓာတ် မနောဝိညာဏဓာတ်တို့နှင့် ယှဉ်ဖက် စေတသိက် သမ္ပယုတ်တရားစုတို့အားလည်းကောင်း မှီရာ နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ (အဘိ-၈-၅။)

သို့အတွက် ဤအထက်ပါ အဘိဓမ္မာဒေသနာတော်နည်းအရ ဝတ္ထုရုပ်ကို တရားကိုယ် ကောက်ယူခဲ့သော် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု ဟူသော ဝတ္ထုရုပ် သက်သက်ကိုသာ တရားကိုယ်ကောက်ယူရ၏။ ယင်းဝတ္ထုရုပ် အသီးအသီးကိုသာ ဆိုင်ရာဆိုင်ရာ ဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့က မှီ၍ ဖြစ်ကြသောကြောင့် ဖြစ်၏။ သို့သော် သုတ္တန်နည်းအရ ကောက်ယူပုံကား တစ်မျိုးဖြစ်၏။ သုတ္တန်နည်းကား ယနပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရှုပွားရသော လုပ်ငန်းခွင်ဖြစ်၏။ သို့အတွက် ဝတ္ထုအရ စက္ခုဝတ္ထုစသည်တို့ကိုသာ မကောက်ယူရဘဲ မကင်းစကောင်းသော ကလာပ်တူရုပ်တို့နှင့် တကွ ထိုစက္ခုဒသကကလာပ် စသည်တို့နှင့် မျက်လုံးအိမ်စသည် ထိုထိုဌာန၌ တည်ရှိကြသော ဘူတရုပ် ဥပါဒါရုပ်တို့ကို ကောက်ယူရန် အဋ္ဌကထာများက ဤသို့ညွှန်ကြားထားတော်မူ၏ –

သော “ဣမေ ဖဿပဉ္စမကာ ကိံ နိဿိတာ”တိ ဥပဓာရေန္တော “ဝတ္ထုံ နိဿိတာ”တိ ပဇာနာတိ။ ဝတ္ထု နာမ ကရဇကာယော။ ပ ။ သော အတ္ထတော ဘူတာနိစေဝ ဥပါဒါရူပါနိ စ။ (မ-ဋ္ဌ-၁-၂၈၁။)

ဖဿပဉ္စမကတရား ဦးဆောင်သည့် ဆိုင်ရာဆိုင်ရာ နာမ်တရားစုတို့၏ မှီရာ ဝတ္ထုရုပ်တို့အရ ကရဇကာယ အမည်ရသော ဘူတရုပ် ဥပါဒါရုပ်အားလုံးကိုပင် ကောက်ယူရန် သာမညဖလသုတ္တန်နှင့် မဟာသကုလုဒါယိ သုတ္တန်တို့ကို ကိုးကား၍ ဆုံးဖြတ်ထားတော်မူ၏။ ရုပ်ကမ္မဋ္ဌာန်းဇယားများတွင် ဖော်ပြခဲ့သည့်အတိုင်း (၅၄)မျိုးသော (၄၄)မျိုးသော ရုပ်တရားတို့ကို ထိုက်သလိုကောက်ယူပါ။

သဘာဝဘက်က ထောက်ဆ၍ ကြည့်ခဲ့သော် ရုပ်တို့မည်သည် ကလာပ်ခေါ်သည့် အုပ်စုအလိုက်သာ ဖြစ်ရိုးဓမ္မတာ ရှိ၏။ စက္ခုပသာဒ = စက္ခုဝတ္ထုရုပ်စသည့် ဝတ္ထုရုပ်များချည်းသက်သက် ဖြစ်နိုင်သည့် စွမ်းအားကား မရှိပေ။ ယောဂါဝစရပုဂ္ဂိုလ်သည်လည်း ရုပ်နာမ်တို့ကို သိမ်းဆည်းရာ၌ ရုပ်တုံးရုပ်ခဲ နာမ်တုံး နာမ်ခဲ တည်းဟူသော ရုပ်ဃန နာမ်ဃနတို့ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်း ရှုပွားရသဖြင့် ယင်းစက္ခုဝတ္ထုစသော ရုပ်တို့နှင့် ဌာနတစ်ခုအတွင်း အတူတကွ ဖြစ်ကြသည့် (၅၄-၄၄)စသည့် ရုပ်တရားအားလုံးတို့ကိုပါ ရောနှော၍ သိမ်းဆည်းရပေသည်။

သို့သော် ပဋိသန္ဓေ ဥပါဒ်အခိုက်၌ကား ကမ္မဇရုပ်ကလာပ် (၃)မျိုး, ရုပ်မျိုးအစား (၃၀)သာ စတင်၍ ဖြစ်ချိန် ဖြစ်သဖြင့် ဝတ္ထုအရ ရုပ်အမျိုးအစား (၃၀)သာ ဖော်ပြထားပါသည်။ အကယ်၍ ယခုကဲ့သို့ တရားနှလုံးသွင်း နေသည့် အချိန်အခါမျိုး၌ တည်ရှိနေဆဲ ဟဒယဝတ္ထုဖြစ်မူ ရုပ်ကမ္မဋ္ဌာန်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း ရုပ်အမျိုးအစား (၅၄)မျိုး ရှိမည်ဖြစ်ပေသည်။

## ဒွါရနှင့် ဝတ္ထု

တတ္ထ စက္ခာဒီနိ ဆဒ္ဒွါရာနိ, ရူပါဒီနိ ဆအာရမ္မဏာနိ နာမဿ သာဓာရဏော ပစ္စယော = ဒွါရ (၆)ပါး, အာရုံ (၆)ပါးတို့သည် နာမ်တရားအားလုံး၏ ဆက်ဆံသော သာဓာရဏအကြောင်းတရား ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၂၃၄။)ဟု ဖွင့်ဆိုထားသဖြင့် ဒွါရနှင့် ဝတ္ထု အသုံးအနှုန်းကို အနည်းငယ် ရှင်းလင်း တင်ပြအပ်ပါသည်။

၁။ စက္ခုဒွါရနှင့် စက္ခုဝတ္ထု၏ တရားကိုယ်မှာ စက္ခုပသာဒပင် ဖြစ်၏။
၂။ သောတဒွါရနှင့် သောတဝတ္ထု၏ တရားကိုယ်မှာ သောတပသာဒပင် ဖြစ်၏။
၃။ ဃာနဒွါရနှင့် ဃာနဝတ္ထု၏ တရားကိုယ်မှာ ဃာနပသာဒပင် ဖြစ်၏။
၄။ ဇိဝှါဒွါရနှင့် ဇိဝှါဝတ္ထု၏ တရားကိုယ်မှာ ဇိဝှါပသာဒပင် ဖြစ်၏။
၅။ ကာယဒွါရနှင့် ကာယဝတ္ထု၏ တရားကိုယ်မှာ ကာယပသာဒပင် ဖြစ်၏။

ဤဒွါရ (၅)မျိုးနှင့် ဝတ္ထု (၅)မျိုးတို့၏ တရားကိုယ်မှာ ကွဲပြားမှုမရှိ တူညီနေသဖြင့် ဝတ္ထုဟုသုံးစွဲလျှင်သော်လည်းကောင်း ဒွါရဟု သုံးစွဲလျှင်သော်လည်းကောင်း အဓိပ္ပါယ်မပျက် တူညီလျက်သာရှိပေသည်။ သို့သော် မနောဒွါရနှင့် ဟဒယဝတ္ထုကား တရားကိုယ်ချင်း ကွဲပြားလျက်ရှိ၏။ ဥပစာရအားဖြင့်သာ တူညီလျက်ရှိ၏။ ရှေး နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရှင်းပြခဲ့သည့်အတိုင်း —

၁။ ဘဝင်ကိုလည်း မနောဒွါရဟု ခေါ်၏။
၂။ မနောဒွါရာဝဇ္ဇန်းနှင့် တကွသော ဘဝင်စိတ်ကိုလည်း မနောဒွါရဟု ခေါ်၏။
၃။ ဟဒယဝတ္ထုကိုလည်း ဌာနူပစာရအားဖြင့် မနောဒွါရဟု ခေါ်၏။

ထိုတွင် ဘဝင်နှင့် အာဝဇ္ဇန်းတို့ကား ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် မနောဒွါရဟူသော အမည်ကို ရရှိကြပေသည်။ ဟဒယဝတ္ထုသည်လည်း မနောဓာတ် မနောဝိညာဏဓာတ်တို့၏လည်းကောင်း သမ္ပယုတ်တရားတို့၏လည်းကောင်း မှီ၍ ဖြစ်ရာ ဖြစ်သောကြောင့် ဌာနူပစာရအားဖြင့် မနောဒွါရဟူသော အမည်ကို ရရှိပေသည်။

ဟဒယဝတ္ထု၏ တရားကိုယ်မှာ အဘိဓမ္မာနည်းအရ မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီ၍ ဖြစ်ရာ ဟဒယရုပ်ဖြစ်၍ သုတ္တန်နည်းအရ ဟဒယရုပ်နှင့် တကွသော ဘူတရုပ် ဥပါဒါရုပ်များ ဖြစ်ကြ၏။ သို့အတွက် မနောဒွါရနှင့် ဟဒယဝတ္ထုတို့သည် တရားကိုယ်အားဖြင့် မတူညီကြပေ။

အကယ်၍ မနောဒွါရကို ပဋိသန္ဓေ ဝေဒနာက္ခန္ဓာနှင့်တကွသော နာမ်တရားစု၏ အကြောင်းတရားအဖြစ် ယူခဲ့သော် ပဋိသန္ဓေ၏ ရှေးတွင် ဤဘဝ၌ ကြိုတင်၍ ဖြစ်နှင့်သော မနောဒွါရကားမရှိ ဖြစ်ခဲ့၏။ ဤဘဝဝယ် ပဋိသန္ဓေနောင် ပဌမဘဝင်မှ စ၍သာလျှင် မနောဒွါရအမည်ရသော ဘဝင်များ ဖြစ်ကြပေသည်။ ဤသည်လည်း အကြောင်းတစ်ရပ် ဖြစ်သည်။

တစ်ဖန် ပဋိသန္ဓေမှတစ်ပါးသော အခြားအခြားသော ဝီထိစိတ်နာမ်တရားတို့၏ အကြောင်းတရားများ အရာ၌ မနောဒွါရကိုသာ ထည့်သွင်း၍ ယူပြီးလျှင် ဟဒယဝတ္ထုကို ချန်လှပ်ထားခဲ့သော် မနောဒွါရသည် မနော-ဒွါရဝီထိစိတ်တို့၏ တစ်နည်းဆိုသော် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ အကြောင်းတရား ဖြစ်သည်ကား မှန်သည်။ သို့သော် ဟဒယဝတ္ထုသည်လည်း မှီရာ နိဿယအကြောင်းတရားပင် ဖြစ်ကြောင်းကို ပဋ္ဌာန်းဒေသနာတော်၌ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားတော်မူသည့်အတွက် အကြောင်းတရား ဖြစ်နိုင်သော ဟဒယ

ဝတ္ထုသည် ကြွင်းကျန်နေမည် ဖြစ်သည်။ အကြောင်းတရားပိုင်းတွင် ဟဒယဝတ္ထုကို မကြွင်းကျန်စေလိုသည်မှာလည်း အကြောင်းတစ်ရပ် ဖြစ်၏။

သို့အတွက် ဟဒယဝတ္ထုနှင့် မနောဒွါရ နှစ်မျိုးလုံး ပါဝင်စေလိုသည့်အတွက် ဤကျမ်းစာတွင် ပစ္စုပ္ပန်အကြောင်းတရားပိုင်း၌ အကြောင်းတရားအဖြစ် ဖော်ပြသင့်သော နေရာတို့၌ နှစ်မျိုးလုံးကိုပင် ဖော်ပြထားပါသည်။ ဤပဋိသန္ဓေအခိုက်၌ကား ဘဝင်မနောဒွါရ၏ ကျေးဇူးပြုပေးမှုကား မဖြစ်နိုင်သေးသည့်အတွက် မှီရာဝတ္ထုရုပ်တစ်ခုတည်းကိုသာ ဖော်ပြထားအပ်ပါသည်။ ဝတ္ထုသည်လည်း မှီရာနိဿယ အကြောင်းတရား ဖြစ်၏။ အာရုံသည်လည်း အာရမ္မဏ အကြောင်းတရား ဖြစ်၏။ ဝတ္ထုနှင့် အာရုံ နှစ်မျိုးကို ပူးတွဲ သိမ်းဆည်းပြီးပါမှ နာမ်တရားများကို သိမ်းဆည်းသော ရှေးထုံးဟောင်းကြီးကိုလည်း အနုပဒသုတ္တန်အဋ္ဌကထာ (မ-ဋ္ဌ-၄-၆၀။)၌ ဖော်ပြလျက်ရှိ၏။ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကိုယ်တိုင် ရှုပွားသွားတော်မူသော ရှေးထုံးဟောင်း ရှေးစနစ်ဟောင်း ရှေးလမ်းရိုးဟောင်းကြီးပင် ဖြစ်သည်။

**အာရုံ** — အာရုံသည်လည်း နာမ်တရားတို့အား အာရမ္မဏပစ္စယသတ္တိ = အာရုံ အကြောင်းတရား အဖြစ်တည်းဟူသော ပစ္စယသတ္တိထူးဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးလျက်ရှိသဖြင့် နာမ်တရားများ ဖြစ်ပေါ်လာရေးအတွက် အကြောင်းတစ်ရပ်ပင် ဖြစ်သည်။ ယင်းအာရုံများမှာ (၆)မျိုး ရှိကြသဖြင့် ရူပါရုံကို အာရုံပြုကြသည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၏ အာရုံအကြောင်းတရားမှာ ရူပါရုံ ဖြစ်၏။ သဒ္ဒါရုံကို အာရုံပြုသည့် သောတဒွါရဝီထိ, မနောဒွါရဝီထိတို့၏ အာရုံအကြောင်းတရားမှာ သဒ္ဒါရုံ ဖြစ်၏။ ဤသို့ စသည်ဖြင့် သဘောပေါက်ပါ။

လက်ရှိ ပဋိသန္ဓေ ဘဝင်နာမ်တရားစုတို့၏ အာရုံအကြောင်းတရားမှာ အတိတ်ဘဝ မရဏာသန္နဇောက ယူအပ်ခဲ့သော အာရုံပင် ဖြစ်သည်။ ထိုအာရုံမှာ ယောဂါဝစရသူတော်ကောင်းတို့အဖို့ တစ်ဦးနှင့် တစ်ဦး တူညီချင်မှ တူညီမည်။ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးသာ ဖြစ်သော်လည်း ယောဂီပုဂ္ဂိုလ်တို့ဝယ် တစ်ဦး၏ ကံအာရုံနှင့် တစ်ဦး၏ ကံအာရုံ, တစ်ဦး၏ ကမ္မနိမိတ်အာရုံနှင့် တစ်ဦး၏ ကမ္မနိမိတ်-အာရုံ, တစ်ဦး၏ ဂတိနိမိတ်အာရုံနှင့် တစ်ဦး၏ ဂတိနိမိတ်အာရုံတို့ကား တူညီချင်မှ တူညီမည်။ ကံ ကမ္မနိမိတ် ဂတိနိမိတ် အမျိုးအစားကွဲလျှင် ကွဲသလို မတူထူးခြားမှု ဖြစ်နိုင်သည်။ သို့သော် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦး၏ ရုပ်နာမ်သန္တာန် အစဉ်ဝယ် ဘဝတစ်ခု၏ အတွင်း၌ ပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံသည် ယင်းနိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးသာ ဖြစ်သည်။ အထက်တွင် ဖော်ပြထားသော ရှုကွက်တွင် ကံအာရုံဟု သာမန်သာ ဖော်ပြထားပါသည်။ ယင်းကံအာရုံမှာလည်း ဆွမ်းလှူသည့် ကံအာရုံ, ပန်းလှူသည့် ကံအာရုံ စသည်ဖြင့် အမျိုးမျိုး ကွဲပြားနိုင်ပေသည်။ ယောဂါဝစရပုဂ္ဂိုလ်သည် အတိတ်ဘဝဝယ် မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်၌ ကျရောက်ခဲ့သော မရဏာသန္နအခါ၌ ထင်ခဲ့သော နိမိတ်အာရုံကိုသာ ဆန်းစစ်၍ အာရုံအရ သတ်မှတ်ရှုပွားရမည် ဖြစ်သည်။

အချို့သော ယောဂီပုဂ္ဂိုလ်တို့၌ ဒါနကံက အကျိုးပေးနေ၏၊ အချို့သော ပုဂ္ဂိုလ်တို့၌ သီလကံက အကျိုးပေးနေ၏။ အချို့သော ပုဂ္ဂိုလ်တို့၌ ဘာဝနာကံက အကျိုးပေးနေ၏။ တစ်ဖန် ဒါနကံ၌လည်း ဆွမ်းလှူသည့် ဒါနကံ, သင်္ကန်းလှူသည့် ဒါနကံ စသည်ဖြင့် အမျိုးမျိုးရှိနိုင်၏။ သီလကံ၌လည်း ငါးပါးသီလကံ, ရှစ်ပါးသီလကံ, ဆယ်ပါးသီလကံ စသည်ဖြင့် အမျိုးမျိုး ရှိနိုင်ပြန်၏။

ဘာဝနာကံ၌လည်း ကသိုဏ်းဘာဝနာကံ, အသုဘဘာဝနာကံ, အာနာပါနဿတိသမာဓိဘာဝနာကံ, မေတ္တာဘာဝနာကံ, ဝိပဿနာဘာဝနာကံ စသည်ဖြင့် အမျိုးမျိုး ရှိနိုင်ပြန်၏။ ထိုသို့ ကံအမျိုးမျိုး ဖြစ်နိုင်ရကား အတိတ်ဘဝ မရဏာသန္နဇောနှင့် ပစ္စုပ္ပန် ပဋိသန္ဓေ-ဘဝင်-စုတိတို့၏ အာရုံမှာလည်း အမျိုးမျိုးပင် ဖြစ်နိုင်သည်။ လက်ရှိပဋိသန္ဓေ နာမ်တရားစု၏ အာရုံကို ပုံစံမှန် သိမ်းဆည်းရှုပွားနိုင်သောအခါ ထိုခံစားစရာ အာရုံရှိပါမှ ခံစားမှုဝေဒနာဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

အာရုံ ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ ဖြစ်၏။
အာရုံက အကြောင်းတရား၊ ပဋိသန္ဓေ ဝေဒနာက္ခန္ဓာက အကျိုးတရား။
ဤသို့ အကြောင်းတရား အကျိုးတရားကို သိမ်းဆည်းပါ။

**ဖဿ** — ဖဿသမုဒယာ ဝေဒနာသမုဒယော = ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။ — ဤသို့ ဟောကြားတော်မူခြင်းမှာ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ဖဿသည် ထူးကဲသော အကြောင်းတရား ဖြစ်သောကြောင့် ဖဿကို ဦးတည်၍ ပဓာနနည်းအားဖြင့် ဟောကြားတော်မူခြင်း ဖြစ်၏။ နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါးအား အပြန်အလှန် ကျေးဇူးပြုနေကြသဖြင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ တည်ရှိကြသော နာမ်တရားစုတွင် တစ်ခုကို အကျိုးတရားအဖြစ် ယူထားပါက ကျန်တရားစုများမှာ အကြောင်းတရားဘက်တွင် တည်ရှိကြပေသည်။ အထက်တွင် ပဋိသန္ဓေ ဝေဒနာက္ခန္ဓာမှာ အကျိုးတရားဘက်၌ တည်ရှိသဖြင့် ပဋိသန္ဓေ နာမ်တရား (၃၄)မှ အကျိုးဝေဒနာကို နှုတ်သော် ကျန်နာမ်တရား (၃၃)သည် အကြောင်းတရားဘက်၌ တည်ရှိပေသည်။ ယင်းအကြောင်းနာမ်တရားစုတွင် ဖဿကား ဝေဒနာ၏ ထူးကဲသော အကြောင်းတစ်ခု ဖြစ်နေ၏။ နာမ်တရားတို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါးအား “ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ”ဟူ၏သို့ အချင်းချင်း မှီလျက် တစ်ပါးသည် တစ်ပါးအား သဟဇာတ အညမည နိဿယစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုနေကြသည်သာ ဖြစ်သည်။ အာဟာရတစ်ခုကို စားသုံးသောအခါ များများဝါးနိုင်လျှင် ရသာရည် ပို၍ ထွက်လာသဖြင့် ခံစားမှု အရသာ ပိုလာနိုင်သကဲ့သို့ စိတ္တက္ခဏ တစ်ခုအတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်ပေါ် နေကြသော နာမ်တရားတို့တွင်လည်းကောင်း, စိတ္တက္ခဏ ခြားနေသည့် နောက်နောက်သော နာမ်တရားတို့တွင် လည်းကောင်း ပါဝင်တည်ရှိသော ဖဿက အာရုံကို ကြိတ်ချေပေးပါက, ဖဿက အာရုံနှင့် အသိစိတ်ကို ဆက်သွယ်ပေးပါက အာရုံ၏ ရသာရည်များကို ပို၍ ပိုင်ပိုင်နိုင်နိုင် ဝေဒနာက ခံစားနိုင်လာ၏။ သို့အတွက် ဖဿသည် ဝေဒနာ၏ ထူးကဲသော အကြောင်းတရား ဖြစ်သဖြင့် ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏ဟု ဟောကြားတော်မူခြင်း ဖြစ်၏။

သို့သော် ဖဿသည် မိမိ ဖဿတစ်ခုတည်း မိမိချည်းသက်သက် ဖြစ်နိုင်သည့် အစွမ်းသတ္တိကား မရှိပေ။ မိမိမှကြွင်းသော ကျန်ယှဉ်ဖက် စိတ်+စေတသိက် = သမ္ပယုတ်တရားစုတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးပါမှသာလျှင် ကျန်သမ္ပယုတ်တရားစုတို့နှင့် အတူယှဉ်တွဲ၍သာ ဖြစ်နိုင်သည်။ သို့အတွက် “တစ်နွယ်ငင် တစ်စင်ပါ”ဟူ၏သို့ ဖဿဟု ဆိုလိုက်လျှင် ယှဉ်ဖက် သမ္ပယုတ်တရားတို့လည်း ပါဝင်သည်ဟု မှတ်ပါ။

ဖဿက အာရုံကို ကြိတ်ချေ ပွတ်တိုက်ပေးပါမှ အာရုံ၏ ရသဓာတ်ရည်များ ထင်ရှား ပေါ်လွင်နိုင်၍ ဝေဒနာက အာရုံ၏ ရသာရည်များကို ပိုင်ပိုင်နိုင်နိုင် သုံးဆောင် ခံစားနိုင်သကဲ့သို့ အလားတူပင် သညာကလည်း ပိုင်ပိုင်နိုင်နိုင် ယင်းအာရုံကို မှတ်သားနိုင်၏။ စေတနာကလည်း ယင်းအာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို ရောက်အောင် ပိုင်ပိုင်နိုင်နိုင် လှုံ့ဆော်ပေးနိုင်၏၊ အသိစိတ်ဝိညာဏ်ကလည်း ယင်းအာရုံကို ပိုင်ပိုင်နိုင်နိုင် သိလာနိုင်၏။ ဖဿက အာရုံနှင့် အသိစိတ်ကို ဆက်သွယ်မပေးပါက အာရုံ၏ ရသရည်များ ထွက်ပေါ်လာအောင် ကြိတ်ချေမပေးပါက ခံစားမှု မှတ်သားမှု စေ့ဆော်မှု သိမှုစသည်တို့သည်လည်း စွမ်းအင်ပြည့်ပြည့်ဝဝဖြင့် ဖြစ်နိုင်သည့် စွမ်းအားမရှိပေ။ ယောဂါဝစရပုဂ္ဂိုလ်သည် ဤကဲ့သို့သော သဘောတရားကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ —

ဖဿ (၃၄ - ဝေဒနာ = ၃၃) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ ဖြစ်၏။
ဖဿက အကြောင်းတရား၊ ပဋိသန္ဓေ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤသို့ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ကြွင်းကျန်သော နာမ်ခန္ဓာတို့၌လည်း နည်းတူပင် သဘောပေါက်ပါ။

## ပဋိသန္ဓေ သညာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သညာက္ခန္ဓာ ဖြစ်၏။
အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သညာက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သညာက္ခန္ဓာ ဖြစ်၏။
တဏှာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သညာက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သညာက္ခန္ဓာ ဖြစ်၏။
ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သညာက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သညာက္ခန္ဓာ ဖြစ်၏။
သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပဋိသန္ဓေ သညာက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သညာက္ခန္ဓာ ဖြစ်၏။
ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ပဋိသန္ဓေ သညာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ကမ္မဇရုပ်-၃၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သညာက္ခန္ဓာ ဖြစ်၏။
ဝတ္ထုက အကြောင်းတရား၊ ပဋိသန္ဓေ သညာက္ခန္ဓာက အကျိုးတရား။

၇။ အာရုံ (= ကံအာရုံ) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သညာက္ခန္ဓာ ဖြစ်၏။
အာရုံက အကြောင်းတရား၊ ပဋိသန္ဓေ သညာက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ (= ၃၄ - သညာ = ၃၃) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သညာက္ခန္ဓာ ဖြစ်၏။
ဖဿက အကြောင်းတရား၊ ပဋိသန္ဓေ သညာက္ခန္ဓာက အကျိုးတရား။

## ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ (ပထမနည်း)
### (စေတနာကို ကောက်ယူပါ။)

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
တဏှာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် သင်္ခါရက္ခန္ဓာ ဖြစ်၏။
ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန် အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ၃ = ၃၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
ဝတ္ထုက အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၇။ အာရုံ (= ကံအာရုံ) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
အာရုံက အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ (= ၃၄ - စေတနာ = ၃၃) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
ဖဿက အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

[**မှတ်ချက်** — ဤနည်း၌ သင်္ခါရက္ခန္ဓာအရ စေတနာကိုသာ အရကောက်ယူထားသည်။ ပထမနည်းတည်း။ ဝတ္ထုအရ (၃)ဟူသည် ကမ္မဇရုပ်ကလာပ်သုံးမျိုးကို ဆိုလိုသည်။ (၃၀)ဟူသည် ကမ္မဇရုပ် (၃၀)ကို ဆိုလိုသည်။ အကျိုးဖြစ်သော သင်္ခါရက္ခန္ဓာအရ စေတနာကိုသာ ကောက်ယူထားသဖြင့် အကြောင်းတရားဘက်၌ ဖဿအရ ယင်းစေတနာကို နှုတ်၍ ကြွင်းကျန်သော နာမ်တရား (၃၃)မျိုးကို ကောက်ယူပါ။ (၃၄ - စေတနာ = ၃၃)ဟု ဖော်ပြထားသည်။ အရာရာတွင် နည်းတူမှတ်ပါ။]

## ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ (ဒုတိယနည်း)
## (စေတသိက် – ၃၁ – လုံးကို ကောက်ယူပါ။)

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
တဏှာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ၃ = ၃၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
ဝတ္ထုက အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၇။ အာရုံ (= ကံအာရုံ) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
အာရုံက အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၈။ ကျန်နာမ်ခန္ဓာ (၃)ပါး ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ ဖြစ်၏။
ကျန်နာမ်ခန္ဓာ (၃)ပါးက အကြောင်းတရား၊ ပဋိသန္ဓေ သင်္ခါရက္ခန္ဓာက အကျိုးတရား။

[**မှတ်ချက်** — ပဋိသန္ဓေ နာမ်တရား (၃၄)လုံးတို့တွင် ဝေဒနာ-သညာ-ဝိညာဏ်မှ ကြွင်းသော ဖဿ-စေတနာ ဦးဆောင်သည့် စေတသိက် (၃၁)လုံးတို့ကို သင်္ခါရက္ခန္ဓာအရ ကောက်ယူပါ။ ယင်းသင်္ခါရက္ခန္ဓာတရားတို့ကား အကျိုးတရားဘက်၌ တည်နေကြ၏။ ယင်းသင်္ခါရက္ခန္ဓာ၏ ပစ္စုပ္ပန်အကြောင်းတရား အနီးကပ်ဆုံးသော ပဒဋ္ဌာန် အကြောင်းတရားမှာ သေသခန္ဓတ္တယ ပဒဋ္ဌာနာဟူသော အဋ္ဌကထာများနှင့်အညီ ဝေဒနာ-သညာ-ဝိညာဏ် ဟူသော ကြွင်းကျန်သော နာမ်ခန္ဓာ (၃)ပါးတို့ပင် ဖြစ်ကြသည်။ ဤဒုတိယနည်း ရှုကွက်ကို ရှုခြင်းသည် ဖဿနှင့် တကွသော သင်္ခါရက္ခန္ဓာ အမည်ရသော ကြွင်းကျန်သော စေတသိက်သင်္ခါရတရားစုတို့၌လည်း ကုန်စင်အောင် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းလိုသောကြောင့် ဖြစ်သည်။ နောက်၌လည်း နည်းတူ မှတ်ပါ။]

## ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ ဖြစ်၏။
အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ ဝိညာဏက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ ဖြစ်၏။
တဏှာ (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ ဝိညာဏက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ ဖြစ်၏။
ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပဋိသန္ဓေ ဝိညာဏက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ ဖြစ်၏။
သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပဋိသန္ဓေ ဝိညာဏက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ ဖြစ်၏။
ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ပဋိသန္ဓေ ဝိညာဏက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၁) ပါး**

၆။ နာမ်+ရုပ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ ဖြစ်၏။
နာမ်+ရုပ်က အကြောင်းတရား၊ ပဋိသန္ဓေ ဝိညာဏက္ခန္ဓာက အကျိုးတရား။

**ထပ်မံရှင်းလင်းချက်** — နာမ်ဟူသည် ဝိညာဏ်နှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ ဖြစ်သည့် ဖဿ-စေတနာ ဦးဆောင်သည့် စေတသိက်တရားစုတည်း။ ထိုကြောင့် ဖဿဟုဆိုသည်နှင့် အတူတူပင် ဖြစ်သည်။

ပဋိသန္ဓေအခိုက်၌ကား ယင်းပဋိသန္ဓေဝိညာဏ်နှင့် အတူယှဉ်တွဲ ဖြစ်သည့် စေတသိက် (၃၃)လုံးတို့ကို ဆိုလိုသည်။ အကယ်၍ အသင်သူတော်ကောင်းသည် ဉပေက္ခာ ဝေဒနာနှင့်ယှဉ်လျက် ပဋိသန္ဓေတည်နေခဲ့သူ ဖြစ်ပါမူ ပီတိ မပါနိုင်တော့သဖြင့် နာမ်တရားတို့မှာ စေတသိက် (၃၂)လုံးတို့ ဖြစ်ကြသည်။ ရုပ်ဟူသည် မှီရာဝတ္ထုရုပ်နှင့် အာရုံ-ရုပ်တည်း။

ဘုရားရှင်သည် ဝိညာဏက္ခန္ဓာ၏ ပစ္စုပ္ပန် အကြောင်းတရားပိုင်း၌ — နာမရူပသမုဒယာ ဝိညာဏသမုဒယော (သံ-၂-၅၀။) = နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏ဟု ဟောကြားတော်မူခဲ့၏။ အဋ္ဌကထာကလည်း အောက်ပါအတိုင်း ရှင်းလင်းဖွင့်ဆိုထား၏။

**နာမန္တိ** အာရမ္မဏာဘိမုခံ နမနတော ဝေဒနာဒယော တယော ခန္ဓာ။
**ရူပန္တိ** စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ။ (ဝိသုဒ္ဓိ-၂-၁၉၂။)

**နာမ်**ဟူသည်ကား အာရုံသို့ ရှေးရှုညွတ်တတ်သောကြောင့် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟူသော စေတသိက် နာမ်တရားစုတို့တည်း။ **ရုပ်**ဟူသည် မဟာဘုတ် (၄)ပါးနှင့် မဟာဘုတ် (၄)ပါးကို မှီ၍ဖြစ်သော ဉပါဒါရုပ်တည်း။ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်များ ဖြစ်ကြသည်။

ရုပ်တရားအုပ်စုတွင် မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်များ ပါဝင်နေကြသဖြင့် ဝတ္ထု အာရုံ အကြောင်းတရား နှစ်မျိုး ပါဝင်နေ၏။ နာမ်တရားအုပ်စုတွင် သင်္ခါရက္ခန္ဓာ၌ ဖဿ ပါဝင်နေသဖြင့် ဖဿဟူသည့် အကြောင်းတရား လည်း ပါဝင်နေသည်သာ ဖြစ်၏။ ထိုကြောင့် နာမ်ရုပ်သည် ဝိညာဏက္ခန္ဓာ၏ အကြောင်းတရားဟုဆိုခြင်းနှင့် ဝတ္ထု အာရုံ ဖဿတို့သည် ဝိညာဏက္ခန္ဓာ၏ အကြောင်းတရားဟု ဆိုခြင်းတို့မှာ သဘောအဓိပ္ပါယ်အားဖြင့် ကွာဟချက် သိပ်မရှိလှဟု မှတ်ပါ။

ဤအထက်တွင် ပဋိသန္ဓေ၏ အာရုံကို ကံအာရုံဟု ဖော်ပြထား၏။ ယင်းကံအာရုံမှာကား ယခုလက်ရှိဘဝ အတွက် ဆိုရမူ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော ကုသိုလ်စေတနာပင်တည်း။ ဓမ္မာရုံတည်း။ ရုပ်တရားကား မဟုတ်ပေ။ အကယ်၍ ဂတိနိမိတ်ဖြစ်မူ ယင်းဂတိနိမိတ် အာရုံကား ရူပါရုံတည်း။ ရုပ်တရားပင်တည်း။ အကယ်၍ ပဋိသန္ဓေ၏ အာရုံသည် ကမ္မနိမိတ်အာရုံဖြစ်မူ အာရုံ (၆)ပါး ထိုက်သလို ဖြစ်နိုင်၏။ ရုပ်အာရုံများလည်း ပါဝင်ကြ၏။

နာမ်တွင် စေတသိက်အားလုံးပါဝင်နေသဖြင့် စေတသိက်အားလုံးကပင် ဝိညာဏ်အား ကျေးဇူးပြုပေးပုံကို သိစေတော်မူလို၏ဟူသော အဓိပ္ပါယ်မှာ ပေါ်လွင်နေ၏။ တစ်ဖန် ယင်းဝိညာဏ်သည် မိမိချည်းသက်သက် ဝိညာဏ်တစ်ခုတည်း မဖြစ်နိုင်သဖြင့် စေတသိက်တို့နှင့် ယှဉ်တွဲရမှသာလျှင် ဖြစ်နိုင်ရကား စိတ်နှင့် စေတသိက် တို့၏ အပြန်အလှန် ကျေးဇူးပြုမှုကိုလည်း ပို၍ သဘောပေါက်စေလိုသည်ဟုလည်း မှတ်ပါ။ "ဤသို့လည်း ရှု၍ ရသည်" ဟူသော နည်းစနစ်တစ်မျိုးကို ဖော်ပြတော်မူခြင်းဖြစ်သည်။ ဝိညာဏပစ္စယာ နာမရူပံ = ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံကို ရှုရသော ရှုကွက်ရှိသကဲ့သို့, နာမရူပသမုဒယာ ဝိညာဏသမုဒယော = နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်ပုံ ရှုကွက်ကိုလည်း ရှုစေတော်မူလိုသည်။ နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါးအား အပြန်အလှန် ကျေးဇူးပြုကြသည်ဟူသော ပဋ္ဌာန်းဒေသနာတော် အဆိုအမိန့်ကို ပေါ်လွင်စေသော ရှုကွက်ပင် ဖြစ်သည်။

ဤရှင်းလင်းချက်များအရ — ဝတ္ထု အာရုံ ဖဿဟူသော အကြောင်းတရားများနှင့် နာမ်-ရုပ်ဟူသော အကြောင်းတရားတို့မှာ စကားလုံး အသုံးအနှုန်းသာ ကွဲလွဲသော်လည်း ပရမတ္ထ တရားကိုယ်ခတ်သား အနက် သဘောသွားအားဖြင့်မူကား အတူတူပင် ဖြစ်သည်ဟု သဘောပေါက်ပါလေ။

အသင်သူတော်ကောင်းသည် နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍-

နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏက္ခန္ဓာ ဖြစ်၏။

နာမ်ရုပ်က အကြောင်းတရား၊ ဝိညာဏက္ခန္ဓာက အကျိုးတရား။

ဤသို့ အကြောင်း အကျိုး သိမ်းဆည်းပါ။

**ဉာဏ်နုံ့သူများ** – ဤပဋိသန္ဓေ ခန္ဓာ (၅)ပါး၌ အကြောင်း-အကျိုး သိမ်းဆည်းပုံကို သဘောပေါက်ပါလျှင် ဘဝတစ်လျှောက်တွင် ဖြစ်ပေါ်နေသော ဘဝင်ခန္ဓာ (၅)ပါးနှင့် ဝီထိစိတ္တက္ခဏတိုင်း၏ ခန္ဓာ (၅)ပါးတို့၌ ဉာဏ်ထက်မြက်သူနှင့် အဘိဓမ္မာကို သင်ကြားဖူးသူ သူတော်ကောင်းတို့ကား သဘောပေါက်နိုင်ပြီ ဖြစ်သည်။ သို့သော် အဘိဓမ္မာ မသင်ဖူးသူ ဉာဏ်နုံ့သူ သူတော်ကောင်းတို့ကား ဤမျှဖြင့် သဘောမပေါက်နိုင် ဖြစ်နေကြ၏။ ထိုကြောင့် အဘိဓမ္မာကို မသင်ကြားဖူးသူ ဉာဏ်နုံ့သူ သူတော်ကောင်းတို့အတွက် ဘဝင်ခန္ဓာ (၅)ပါးမှ စ၍ ဝီထိစိတ္တက္ခဏတိုင်း၌ ပါဝင်တည်ရှိကြသော ခန္ဓာ (၅)ပါးတို့၌ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံတို့ကို ဆက်လက်၍ ဖော်ပြအပ်ပါသည်။ ဘဝင်ခန္ဓာ (၅)ပါး၌ လက်ရှိအခြေအနေ၌ တည်ရှိသော ဘဝင်ခန္ဓာ (၅)ပါးကိုသာ စတင်၍ ဖော်ပြအပ်ပါသည်။ လက်ရှိ ဘဝင်ခန္ဓာ (၅)ပါး၌ အကျုံးဝင်သော ရူပက္ခန္ဓာ၌ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ စုံညီနေပြီ ဖြစ်၏။ ပဋိသန္ဓေနောင် ဘဝင် ရူပက္ခန္ဓာ၌ကား အာဟာရဇရုပ် မဖြစ်သေးပေ။ ဤမျှသာ ကွာသည်။ ထိုသို့ တင်ပြရာ၌ စာနေစာသားကျဉ်းရန် – အဝိဇ္ဇာ (=၂၀) ဖြစ်ခြင်းကြောင့် ဘဝင် ရူပက္ခန္ဓာ (ကမ္မဇရုပ်) ဖြစ်၏၊ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဘဝင်ရူပက္ခန္ဓာက အကျိုးတရား – ဤသို့ မဖော်ပြတော့ဘဲ- အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ရူပက္ခန္ဓာက အကျိုးတရား – ဟု ဤမျှသာ ဖော်ပြထားပါသည်။ ထိုသို့ပင် ဖော်ပြထားသော်လည်း ပဋိသန္ဓေ ခန္ဓာ (၅)ပါး၌ကဲ့သို့ပင် အကြောင်းကြောင့် အကျိုးဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပြီးပါမှ – အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဘဝင် ရူပက္ခန္ဓာက အကျိုးတရား – ဤသို့ စသည်ဖြင့် ရှုရမည်သာ ဖြစ်သည်။

## ဘဝင် ခန္ဓာ (၅) ပါး

၁။ ဘဝင်၏မှီရာ ဟဒယဝတ္ထုနှင့် တကွသော ရုပ်ကလာပ် (၆)မျိုး ရုပ်အမျိုးအစား (၅၄)ကား ရူပက္ခန္ဓာ။ (ရုပ်အတုတို့ကိုလည်း ရနိုင်သမျှ ရောနှော၍ သိမ်းဆည်းပါ။)

၂။ ဘဝင်နာမ်တရား (= ၃၄)မှ ဝေဒနာသည် ဝေဒနာက္ခန္ဓာ၊

၃။ ဘဝင်နာမ်တရား (= ၃၄)မှ သညာသည် သညာက္ခန္ဓာ။

၄။ ဘဝင်နာမ်တရား (= ၃၄)မှ စေတနာသည် သင်္ခါရက္ခန္ဓာ။ (ပထမနည်း)

ကျန်စေတသိက် (= ၃၁လုံး)သည် သင်္ခါရက္ခန္ဓာ။ (ဒုတိယနည်း)

၅။ ဘဝင်နာမ်တရား (= ၃၄)မှ အသိစိတ် = ဝိညာဏ်သည် ဝိညာဏက္ခန္ဓာ။

## ဘဝင် ရူပက္ခန္ဓာ

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊(ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ စိတ်က အကြောင်းတရား၊ (စိတ္တဇရုပ်) = ရူပက္ခန္ဓာက အကျိုးတရား။
၇။ ဥတုက အကြောင်းတရား၊ (ဥတုဇရုပ်) = ရူပက္ခန္ဓာက အကျိုးတရား။
၈။ အာဟာရက အကြောင်းတရား၊ (အာဟာရဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

**ရှင်းလင်းချက်** — အာဟာရသမုဒယာ ရူပသမုဒယော (သံ-၂-၄၈-၅၁။) ဥပါဒါနပရိပဝတ္တနသုတ္တန် သတ္တဋ္ဌာနကုသလသုတ္တန် စသည်တို့၌ ရူပက္ခန္ဓာ၏ ပစ္စုပ္ပန်အကြောင်းတရားများကို အာဟာရတစ်ခုတည်းကိုသာ ဟောကြားထားတော်မူ၏။ အာဟာရဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု ဤသို့ ဟောကြားထားတော်မူပါလျက် အဘယ်ကြောင့် စိတ် ဥတုဟူသော အကြောင်းတရားတို့ကိုပါ ထည့်ပေါင်း၍ ရှုနေရပါသနည်းဟု မေးမြန်းဖွယ် ရှိလာပြန်၏။ အဖြေကား ဤသို့တည်း —

**အာဟာရသမုဒယာ**တိ ပဝတ္တိပစ္စယေသု ကဗဠီကာရာဟာရဿ ဗလဝတ္တာ သောယေဝ ဂဟိတော။ တသ္မိံ ပန ဂဟိတေ ပဝတ္တိဟေတုဘူတာနိ ဥတုစိတ္တာနိပိ ဂဟိတာနေဝ ဟောန္တိ။ (ပဋိသံ-ဋ္ဌ-၁-၂၃၅။)

**အဖြေ** — ရုပ်တရားတို့၏ ပဝတ္တိဟေတု အမည်ရသော ပစ္စုပ္ပန်အကြောင်းတရားတို့တွင် ကဗဠီကာရာဟာရ ဟူသော အကြောင်းတရားသည် အလွန်အားကောင်းသော အကြောင်းတရား ဖြစ်သည့်အတွက်ကြောင့် ထို ကဗဠီကာရာဟာရတည်းဟူသော အကြောင်းတရား တစ်မျိုးတည်းကိုသာ ယူ၍ ဘုရားရှင်သည် ဟောကြားထား တော်မူခြင်း ဖြစ်သည်။ ထိုကဗဠီကာရာဟာရဟူသော အကြောင်းတရားကို ယူအပ်ခဲ့သည်ရှိသော် ပစ္စုပ္ပန် အကြောင်းတရားချင်း တူညီသော ပစ္စုပ္ပန်အကြောင်းတရား ဖြစ်ကြကုန်သော စိတ် ဥတုတို့ကိုလည်း ယူအပ်ပြီးသာ ဖြစ်ကုန်သည်။ ပစ္စုပ္ပန်အကြောင်းတရားချင်း တူညီ၍ လက္ခဏာဟာရနေတ္တိနည်းအားဖြင့် လက္ခဏာချင်း တူညီ ရာကို စုပေါင်း ဟောကြားထားတော်မူခြင်း ဖြစ်သည်။ ထိုကြောင့် စိတ် ဥတုဟူသော အကြောင်းတရားတို့ကိုလည်း ထည့်သွင်း၍ သိမ်းဆည်းခြင်း ဖြစ်သည်။ ထိုသို့ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရာ၌ အကျိုးတရားပိုင်းတွင် ရုပ်အစစ်တို့ကိုသာ ပဓာနထား၍ ဖော်ပြထားပါသည်။ ရုပ်အစစ်တို့ကို သိမ်းဆည်းရာ၌ ရုပ်အတုတို့ကိုပါ ရောနှော၍ သိမ်းဆည်းပါလေ။

ဤဘဝင် ရူပက္ခန္ဓာမှာ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနေဆဲဖြစ်သော လက်ရှိအချိန် ဘဝင် ရူပက္ခန္ဓာကို စံထား၍ ဖော်ပြထားခြင်း ဖြစ်သည်။ ပဋိသန္ဓေနောင် ပထမဘဝင်၏ မှီရာ ရူပက္ခန္ဓာစသည်တို့၌ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ်တို့သာ ရှိနိုင်သေး၍ အာဟာရဇရုပ်များ မဖြစ်နိုင်သေးသဖြင့် အာဟာရဇရုပ်များကို ရူပက္ခန္ဓာမှ ပယ်နုတ်ထားပါ။

ဗာဟိရသြဇာကြောင့် ဖြစ်သော အာဟာရဇရုပ်သည် ဂဗ္ဘသေယျက = အမိဝမ်း၌ ပဋိသန္ဓေတည်နေသူ လူသားတို့သန္တာန်ဝယ် နှစ်သတ္တာဟ, သုံးသတ္တာဟမြောက်၌ အမှတ်မရှိသော စိတ်၏ အမှတ်မရှိသော ခဏက စ၍ ဖြစ်သင့်ရာတွင် ရှေးစိတ် ဘင်ခဏနှင့် ဥပါဒ်ပြိုင်သော ဗာဟိရသြဇာသည် ထိုခဏဝယ် လွန်သဖြင့် နောက်စိတ် ဥပါဒ်ခဏ၌ သုဒ္ဓဋ္ဌက အာဟာရဇရုပ်ကလာပ်ကို စ၍ ဖြစ်စေသည်။ (ဝိထိပုံ-ဘုံစဉ်-ဆန်းပုံ-သိမ်ပုံကျမ်း ၃၆။)

## ၆ – ဒွါရ, ၄၂ – ကောဋ္ဌာသ – ရူပက္ခန္ဓာ

အသင်သူတော်ကောင်းသည် ယခုဖော်ပြခဲ့သော ဘဝင်ရူပက္ခန္ဓာ၌ အကြောင်းအကျိုးစပ်၍ သိမ်းဆည်းပုံ နည်းစနစ်ကို နည်းမှီ၍ (၆) ဒွါရ, (၄၂) ကောဋ္ဌာသတို့၌ တည်ရှိကြသော ရူပက္ခန္ဓာတရားစုတို့၌လည်း အကြောင်း-

အကျိုးစပ်၍ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံကို သဘောသက်ရောက်နိုင်ပေပြီ။ ရုပ်အတုများ ပါဝင်သည့် အချို့အချို့သော စိတ္တဇ, ဥတုဇ အာဟာရဇ ရုပ်ကလာပ်တို့၌လည်း ဆိုင်ရာဆိုင်ရာ စိတ်-ဥတု-အာဟာရတို့နှင့် အကြောင်း-အကျိုးစပ်လျက် သိမ်းဆည်းပါ။ (၆)ဒွါရ, (၄၂)ကောဋ္ဌာသတို့၌ တည်ရှိသော ရုပ်တရားအားလုံးကို ခြုံ၍လည်း နည်းတူ သိမ်းဆည်းနိုင်ပေသည်။

ထိုသို့ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရာ၌ ဆိုကမ္မဋ္ဌာန်း မဖြစ်ဖို့ရန် သတိပြုပါ။ စိတ်ကသာ"အကြောင်းတရား၊ အကျိုးတရား"ဟု ရွတ်ဆိုနေ၍ ဉာဏ်က အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပုံကို မမြင်လျှင် = အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို မမြင်လျှင် သပိတ်ကွဲ ကိုယ်ကြေသာ ရှိချေမည်၊ ပစ္စယပရိဂ္ဂဟဉာဏ်ကိုကား မရရှိနိုင်ပေ။

အတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ တို့ကြောင့် ကမ္မဇရုပ် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ရှုပြီးပါမှသာလျှင် အဝိဇ္ဇာ (တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ)တို့က အကြောင်းတရား၊ ရူပက္ခန္ဓာက အကျိုးတရားဟုလည်းကောင်း၊ စိတ်ကြောင့် စိတ္တဇရုပ် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ရှုပြီးပါမှသာလျှင် စိတ်က အကြောင်းတရား၊ စိတ္တဇရုပ်က အကျိုးတရားဟုလည်းကောင်း၊ ဥတုကြောင့် ဥတုဇရုပ်ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ရှုပြီးပါမှသာလျှင် ဥတုက အကြောင်းတရား၊ ဥတုဇရုပ်က အကျိုးတရားဟုလည်းကောင်း၊ အာဟာရကြောင့် အာဟာရဇရုပ် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ရှုပြီးပါမှသာလျှင် အာဟာရက အကြောင်းတရား၊ အာဟာရဇရုပ်က အကျိုးတရားဟုလည်းကောင်း သိမ်းဆည်းပါ။ နာမ်ခန္ဓာလေးပါးတို့၌လည်း အကြောင်း-တရားကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့် စေ့စေ့ငုငု ကြည့်ရှုပြီးလျှင် ကျေကျေနပ်နပ်ကြီး သိပါမှ မြင်ပါမှ သာလျှင် "အကြောင်းတရား အကျိုးတရား"ဟု သိမ်းဆည်းပါ။

## ဘဝင် ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ၆ = ၅၄)က အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံက (= ကံအာရုံက) အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) ရှေးရှေး ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) နောက်နောက်သော ဘဝင် မနောသမ္ဖဿ (= ၃၄ - ဝေဒနာ = ၃၃)က အကြောင်းတရား၊ ဘဝင် ဝေဒနာက္ခန္ဓာက အကျိုးတရား။

**မှတ်ချက်** – ဤ၌ ဘဝင် မနောသမ္ဖဿ နှစ်မျိုးကို ဖော်ပြထားပါသည်။ ရှေးရှေးသော ဘဝင် မနောသမ္ဖဿ တရားသည် နောက်နောက်သော ဘဝင် နာမက္ခန္ဓာအား အနန္တရစသော သတ္တိဖြင့် ကျေးဇူးပြုပေး၏။ ရှေးရှေးသော

ဘဝင် မနောသမ္ဖဿအရ ဘဝင်နာမ်တရား (၃၄)လုံးကိုပင် အရကောက်ယူပါ။ ကျေးဇူးပြုခံရသော ဘဝင်ကို နောက်နောက်သော ဘဝင်ဟု ခေါ်ဝေါ်သုံးစွဲထားပါသည်။ ယင်းနောက်နောက်သော ဘဝင်၌ နာမ်တရား (၃၄)လုံး ရှိရာ ဝေဒနာကို အကျိုးယူထားသဖြင့် ယင်းဝေဒနာ၏ သဟဇာတ အကြောင်းတရားတို့မှာ ယင်းဝေဒနာမှ တစ်ပါးသော ကြွင်းကျန်သော နာမ်တရား (၃၃)လုံးတို့ ဖြစ်ကြသည်။ ယင်းနာမ်တရား (၃၃)လုံးတို့ကို နောက်နောက်သော ဘဝင်မနောသမ္ဖဿဟု ခေါ်ဝေါ်သုံးစွဲထားပါသည်။

ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ မသုခံ ဝါ။ (သံ-၂-၂၄၉။)

ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ။ (မ-၃-၃၂၆။)

ဖဿ သမုဒယာ ဝေဒနာသမုဒယော။ (သံ-၂-၅၁။)

ဤအထက်ပါ ဒေသနာတော်တို့၌ မနောသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာကြသော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့ကိုလည်းကောင်း, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တို့ကိုလည်းကောင်း ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။ ယင်းဝေဒနာအမျိုးမျိုးတို့ကား စိတ္တက္ခဏတစ်ခု၏ အတွင်း၌ ပြိုင်တူ ဖြစ်နိုင်သောတရားတို့ကား မဟုတ်၊ စိတ္တက္ခဏတစ်ခု၏ အတွင်း၌ ဝေဒနာတစ်မျိုးစီသာ ဖြစ်ခွင့်ရှိ၏။ သို့အတွက် ယင်းဝေဒနာတို့မှာ သို့မဟုတ် နာမ်ခန္ဓာ (၄)ပါးတို့မှာ အကြောင်းဖြစ်သော မနော-သမ္ဖဿနှင့် စိတ္တက္ခဏချင်း မတူသော်လည်း ရှိရာ၏၊ တူသော်လည်း ရှိရာ၏။ စိတ္တက္ခဏချင်း မတူညီသော မနောသမ္ဖဿကို ရှေးရှေးသော မနောသမ္ဖဿဟုလည်းကောင်း စိတ္တက္ခဏချင်း တူညီသော မနောသမ္ဖဿကို နောက်နောက်သော မနောသမ္ဖဿဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲထားပါသည်။ အရာရာ၌ နည်းတူပင် မှတ်ပါ။

## ဘဝင် သညာက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ဝေဒနာက္ခန္ဓာနှင့် အားလုံးတူသည်။ မတူသည်ကိုသာဆိုအံ့ —

၈။ ဖဿ = (က) ရှေးရှေး ဘဝင်မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ သညာက္ခန္ဓာက အကျိုးတရား

(ခ) နောက်နောက် ဘဝင်မနောသမ္ဖဿ (= ၃၄ - သညာ = ၃၃)က အကြောင်းတရား၊ သညာ-က္ခန္ဓာက အကျိုးတရား။

## ဘဝင် သင်္ခါရက္ခန္ဓာ (စေတနာကို ကောက် – ပ –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ဝေဒနာက္ခန္ဓာနှင့် အားလုံးတူသည်။ မတူသည်ကိုသာဆိုအံ့ —

၈။ ဖဿ = (က) ရှေးရှေး ဘဝင်မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။

(ခ) နောက်နောက် ဘဝင်မနောသမ္ဖဿ (= ၃၄ - စေတနာ = ၃၃)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ဘဝင် သင်္ခါရက္ခန္ဓာ (စေတသိက် – ၃၁ – လုံးကို ကောက် – ဒု –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ဝေဒနာက္ခန္ဓာနှင့် အားလုံးတူသည်။ မတူသည်ကိုသာ ဆိုအံ့ —

၈။ ဖဿ = (က) ရှေးရှေး ဘဝင်မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။

(ခ) နောက်နောက် ဘဝင်နာမ်ခန္ဓာ (၃)ပါးက အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ဘဝင် ဝိညာဏက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ အတိတ်အကြောင်းတရား (၅)ပါး ဝေဒနာက္ခန္ဓာနှင့် တူသည်။

**ပစ္စုပ္ပန်အကြောင်းတရား (၂) ပါး**

၆။ ဖဿ = ရှေးရှေး ဘဝင်မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဝိညာဏက္ခန္ဓာက အကျိုးတရား။
၇။ နာမ်+ရုပ်က အကြောင်းတရား၊ ဝိညာဏက္ခန္ဓာက အကျိုးတရား။
[**နာမ်** = ယှဉ်ဖက် စေတသိက် (၃၃)တည်း။ ရုပ် = မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တည်း။]

**အနန္တရအကြောင်းတရား**

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၃။)

ဤဒေသနာတော်အရ ဝိပါက် အဗျာကတတရားဖြစ်သော ရှေးရှေး ဘဝင်နာမ်တရားစုသည် ဝိပါက် အဗျာကတဖြစ်သော နောက်နောက် ဘဝင်နာမ်တရားစုအား အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက် ပင်ရှိ၏။ "သူတည်း တစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း" – ဟူသကဲ့သို့ နာမ်တရားတို့သည် ရှေးရှေး စိတ္တက္ခဏ ချုပ်သွားပါမှသာလျှင် နောက်နောက် စိတ္တက္ခဏသည် ဖြစ်ပေါ်လာနိုင်၏။ ရှေးရှေး စိတ္တက္ခဏ ချုပ်ပျက်သွားခြင်းသည် နောက်နောက် စိတ္တက္ခဏ ဖြစ်ဖို့ရန် အကြောင်းတရား ဖြစ်၏။ ရှေးရှေး စိတ္တက္ခဏသည် ချုပ်ပျက်သွားသောအခါ နောက်နောက် စိတ္တက္ခဏ ဖြစ်ပေါ်လာနိုင်အောင် ကျေးဇူးပြုပြီးမှသာလျှင် ချုပ်ပျက်သွား၏။ သို့အတွက် ဝီထိစိတ်များနှင့် စိတ္တက္ခဏအားဖြင့် နှစ်ခု သုံးခုစသည်ဖြင့် ကွာခြားနေသော ဘဝင်ကို ယူ၍ ရှုခဲ့လျှင် ဖဿအရာ၌ –

(က) ရှေးရှေး ဘဝင် မနောသမ္ဖဿ (= ၃၄)
(ခ) နောက်နောက် ဘဝင် မနောသမ္ဖဿ (= ၃၄ - ဝေဒနာ = ၃၃။)

ဤသို့စသည်ဖြင့် နှစ်မျိုးခွဲလျက် ဖော်ပြထားပါသည်။ တစ်ဖန် –

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၃။)

ဤဒေသနာတော်အရ ဇောနောင် ဘဝင်ကျသည့် ဝါရ၌ ဇောနောင် ကပ်လျက်ရှိသော ဘဝင်၏ အကြောင်းတရားတို့ကို သိမ်းဆည်းခဲ့လျှင် – ဖဿအရ -

(က) ဇော မနောသမ္ဖဿ -
(ခ) ရှုသည့် ဘဝင် မနောသမ္ဖဿ (= ၃၄ - ဝေဒနာ = ၃၃)

ဤသို့ စသည်ဖြင့် ကောက်ယူပါ။ အကယ်၍ တဒါရုံနောင် ဘဝင်ကျသည့် ဝါရ ဖြစ်အံ့၊ တဒါရုံနောင် ကပ်လျက်ရှိသော ဘဝင်၏ အကြောင်းတရားတို့ကို သိမ်းဆည်းလိုသည် ဖြစ်အံ့ – ဖဿအရ

(က) တဒါရုံ မနောသမ္ဖဿ -
(ခ) ရှုသည့် ဘဝင် မနောသမ္ဖဿ (= ၃၄ - ဝေဒနာ = ၃၃) –

ဤသို့ စသည်ဖြင့် အရကောက်ယူပါ။ နှစ်မျိုးခွဲ ရှုပါ။ အကယ်၍ ပဋိသန္ဓေ၏ နောင်၌ ကပ်လျက်ရှိသော ပထမဘဝင်၏ အကြောင်းတရားတို့ကို သိမ်းဆည်းလိုခဲ့သော် ဖဿအရ —

(က) ပဋိသန္ဓေ မနောသမ္ဖဿ (= ၃၄)

(ခ) ပထမ ဘဝင် မနောသမ္ဖဿ (= ၃၄ - ဝေဒနာ = ၃၃)

ဤသို့ စသည်ဖြင့် ကောက်ယူပါ။ ဤသို့ စသည်ဖြင့် ဖဿအရ နှစ်မျိုးကောက်ယူပုံကို သဘောပေါက်လေရာသည်။

## ဘဝနိကန္တိက လောဘဇောဝီထိ

ပဋိသန္ဓေနောင်၌ ဘဝင် (၁၅)ကြိမ်, သို့မဟုတ် (၁၆)ကြိမ် ဖြစ်ပြီးလျှင် မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်၊ ဘဝနိကန္တိက လောဘဇော (၇)ကြိမ် ဖြစ်၏။ ဘဝနိကန္တိက လောဘဇောဟူသည် မိမိရရှိသည့် ယောကျ်ားဘဝသစ်, သို့မဟုတ် မိန်းမဘဝသစ်ကို တွယ်တာတပ်မက်သည့် လောဘဇောတည်း။ မနောဒွါရာဝဇ္ဇန်း၌ ခန္ဓာငါးပါး, ဇော အသီးအသီး၌ ခန္ဓာငါးပါးစီ ရှိကြ၏။ ယင်းခန္ဓာငါးပါးတို့၏ အကြောင်းတရားတို့ကို သိမ်းဆည်းပုံမှာ ဓမ္မာရုံလိုင်း မနောဒွါရိက လောဘဇောဝီထိနှင့် တူ၏။ နည်းမှီး၍ သိမ်းဆည်းပါ။ ထူးသည်မှာ ဤဘဝနိကန္တိက လောဘဇော ဝီထိ၌ အာရုံဟူသည် ဘဝသစ်အာရုံတည်း။ အမျိုးသားယောဂီဖြစ်လျှင် အမျိုးသားဘဝသစ် အာရုံတည်း။ အမျိုးသမီးယောဂီဖြစ်လျှင် အမျိုးသမီးဘဝသစ် အာရုံတည်း။

တစ်ဖန် ဘဝတစ်လျှောက် ဖြစ်ပေါ်နေသော ဝီထိစိတ် အမျိုးအစားများမှာ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရ ဝီထိဟု ဝီထိအမျိုးအစား (၆)မျိုးသာ ရှိသဖြင့်, ယင်းဝီထိ (၆)မျိုးတို့၌ အကြောင်းနှင့် အကျိုး ဆက်စပ်လျက် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ရှု၍ အကြောင်းတရား အကျိုးတရား သိမ်းဆည်းနည်းတို့ကို ဖော်ပြလိုက်လျှင် ဘဝတစ်လျှောက် တိုးလျှိုပေါက် သဘောပေါက်နိုင်သဖြင့် ယင်း (၆)မျိုးသော ဝီထိစိတ်တို့၏ စိတ္တက္ခဏ-တိုင်း စိတ္တက္ခဏတိုင်း၌ ခန္ဓာငါးပါးနည်းဖြင့် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပုံကို ဆက်လက် ဖော်ပြအပ်ပါသည်။

အသင်သူတော်ကောင်းသည် သမာဓိကို အဆင့်ဆင့် ထူထောင်ပြီးလျှင် စက္ခုအကြည်ဓာတ်ခေါ်သည့် စက္ခုဒွါရနှင့် ဘဝင်မနောအကြည်ဓာတ်ခေါ်သည့် မနောဒွါရဟူသော ဒွါရနှစ်ခုတို့ကို ပူးတွဲသိမ်းဆည်းပြီးလျှင် ရုပ်ကလာပ်အများစု၏ ရူပါရုံအရောင်ကို လှမ်း၍ အာရုံယူပါ။ ထိုအခါ စက္ခုဒွါရဝီထိနှင့် ရူပါရုံကို ဆက်လက်အာရုံယူသည့် မနောဒွါရဝီထိများ ဖြစ်ပေါ်လာကြမည် ဖြစ်သည်။ ဤ၌ အတိမဟန္တာရုံ စက္ခုဒွါရဝီထိနှင့် ဝိဘူတာရုံ မနောဒွါရဝီထိတို့၌ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံကို ဖော်ပြအပ်ပါသည်။ မဟန္တာရုံဝီထိ, ပရိတ္တာရုံဝီထိ, အဝိဘူတာရုံဝီထိတို့၌လည်း နည်းမှီး၍ ရှုပါ။ အသင်သူတော်ကောင်းသည် နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများကို ပြန်လည်၍ အာရုံယူထားပါ။

## ရူပါရုံ အရောင်လိုင်း – ပဉ္စဒွါရာဝဇ္ဇန်း (= ဆင်ခြင်) ခန္ဓာ (၅) ပါး

၁။ ပဉ္စဒွါရာဝဇ္ဇန်း၏ မှီရာ ဟဒယ၌ရှိသော ရုပ် (၅၄)မျိုးနှင့် ရူပါရုံက ရူပက္ခန္ဓာ။

၂။ ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရား (၁၁)လုံးမှ ဝေဒနာက ဝေဒနာက္ခန္ဓာ။

၃။ ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရား (၁၁)လုံးမှ သညာက သညာက္ခန္ဓာ။

၄။ ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရား (၁၁)လုံးမှ စေတနာက သင်္ခါရက္ခန္ဓာ။ (ပ)

ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရား (၁၁)လုံးမှ ကျန်စေတသိက် (= ၈-လုံး)က သင်္ခါရက္ခန္ဓာ။ (ဒု)
၅။ ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရား (၁၁)လုံးမှ အသိစိတ်ဝိညာဏ်က ဝိညာဏက္ခန္ဓာ။

## ပဉ္စဒွါရာဝဇ္ဇန်း – ရူပက္ခန္ဓာ

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

### ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး

၆။ စိတ်က အကြောင်းတရား၊ (စိတ္တဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၇။ ဥတုက အကြောင်းတရား၊ (ဥတုဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၈။ အာဟာရက အကြောင်းတရား၊ (အာဟာရဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

**ပဉ္စဒွါရာဝဇ္ဇန်း = ဆင်ခြင်စိတ်** – ဤစိတ်သည် အာရုံကို အာရုံပြုကာမတ္တသာ ဖြစ်သောကြောင့် ကိရိယာစိတ် ဖြစ်၏။ အတိတ်အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော စိတ်မဟုတ်ပေ။ ပစ္စုပ္ပန်အကြောင်းတရားများကြောင့်သာ ဖြစ်ပေါ်လာရသော စိတ်ဖြစ်၏။ သို့သော် မှီရာ ဝတ္ထုရုပ်များဘက်၌ကား ကံ-စိတ်-ဥတု-အာဟာရ ဟူသော အကြောင်းတရား (၄)မျိုးတို့ကြောင့် ဖြစ်ကြသော ရုပ်တရားအပေါင်းအစုများ ဖြစ်ကြသဖြင့် အကြောင်းတရား (၄)မျိုးလုံးနှင့်ပင် အကြောင်းအကျိုးစပ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရမည် ဖြစ်သည်။

## ရူပါရုံလိုင်း – ပဉ္စဒွါရာဝဇ္ဇန်း – ဝေဒနာက္ခန္ဓာ

### ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး

၁။ ဝတ္ထု (= ဟဒယ၌ရှိသော ရုပ် - ၅၄ - မျိုး)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၁ - ဝေဒနာ = ၁၀)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**မှတ်ချက်** – ဘဝင်္ဂါဒိကော ကိရိယဿ - (ဝိသုဒ္ဓိ-၂-၂၃၄။)ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့်အညီ ကိရိယာစိတ်ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်း၏ ရှေး၌ဖြစ်သော ဘဝင်နာမ်တရားစုတို့ကလည်း ပဉ္စဒွါရာဝဇ္ဇန်း ကိရိယာ နာမ်တရားစုအား အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးလျက်ပင် ရှိ၏။ ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရား (၁၁)လုံးတွင် ပါဝင်သော ဖဿကလည်း တစ်နည်းဆိုသော် ဖဿဦးဆောင်သည့် နာမ်တရားစုကလည်း သဟဇာတ အညမည စသော ပစ္စယသတ္တိတို့ဖြင့် ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာအား ကျေးဇူးပြုပေးလျက်ပင် ရှိ၏။

ဘဝင်တွင် တိဟိတ် သောမနဿဘဝင်ကို ရည်ရွယ်၍ ဖဿကို ဦးတည်လျက် (၃၄)ဟု ဖော်ပြထားပါသည်။ ပဉ္စဒွါရာဝဇ္ဇန်းတွင် နာမ်တရား (၁၁)လုံး ရှိသဖြင့် အကျိုးဝေဒနာကို နုတ်သော် ကြွင်းကျန်သော နာမ်တရားများမှာ (၁၀) ဖြစ်ကြသည်။ သို့အတွက် ဖဿကို ဦးတည်၍ (၁၀)ဟု ဖော်ပြထားပါသည်။ သညာက္ခန္ဓာစသည်တို့၌လည်း နည်းတူပင် မှတ်ပါ။ တစ်ဖန် ဤပဉ္စဒွါရဝီထိ မနောဒွါရဝီထိတို့တွင် ပဉ္စဝိညာဏ်မှ တစ်ပါးသော ဝီထိစိတ်အားလုံး တို့သည် ဟဒယဝတ္ထုကိုသာ မှီ၍ ဖြစ်ကြသဖြင့် – ဝတ္ထု (= ဟဒယ = ၆ = ၅၄)ဟု ဖော်ပြလျှင် ဟဒယ၌ တည်ရှိကြသော ဟဒယဝတ္ထုနှင့်တကွသော ရုပ်ကလာပ်အမျိုးအစား (၆)မျိုး, ရုပ်အမျိုးအစား (၅၄)တို့ကို ဆိုလိုသည်ဟုလည်း သဘောပေါက်ပါ။ အလားတူပင် (စက္ခု = ၆ = ၅၄)ဟု ဆိုရာ၌လည်း စက္ခုဝတ္ထုနှင့်တကွသော ရုပ်ကလာပ် (၆)မျိုး, ရုပ်အမျိုးအစား (၅၄)တို့ကိုပင် ရည်ညွှန်းထားသည်ဟုမှတ်ပါ။ သောတဝတ္ထုစသည်တို့၌လည်း နည်းတူပင်တည်း။ တစ်ဖန် ယခုဖော်ပြနေသော စိတ္တက္ခဏတိုင်း၌ တည်ရှိသော ခန္ဓာငါးပါးတို့မှာ ရူပါရုံကို အာရုံယူနေသည့် အကောင်းအုပ်စု မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကဇောစောသည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့ ဖြစ်ကြသည်။ ဇယားတွင် ပထမအတန်း ဖြစ်သည်။ (နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားကို ပြန်ကြည့်ပါ။)

## ရူပါရုံလိုင်း – ပဉ္စဒွါရာဝဇ္ဇန်း – သညာက္ခန္ဓာ

**ပစ္စယုပ္ပန်အကြောင်းတရား (၃) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သညာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ သညာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဘဝင်မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ သညာက္ခန္ဓာက အကျိုးတရား။
(ခ) ဆင်ခြင် မနောသမ္ဖဿ (= ၁၁ - သညာ = ၁၀)က အကြောင်းတရား၊ သညာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – ပဉ္စဒွါရာဝဇ္ဇန်း – သင်္ခါရက္ခန္ဓာ
## (ပထမနည်း – စေတနာကို ကောက်)

**ပစ္စယုပ္ပန်အကြောင်းတရား (၃) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဘဝင်မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) ဆင်ခြင်မနောသမ္ဖဿ (= ၁၁ - စေတနာ = ၁၀)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – ပဉ္စဒွါရာဝဇ္ဇန်း – သင်္ခါရက္ခန္ဓာ
## (ဒုတိယနည်း စေတသိက် – ၃၁ – လုံးယူ)

**ပစ္စယုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။
၄။ ကျန်နာမ်ခန္ဓာ (၃)ပါး က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။

**မှတ်ချက်** — ကျန် နာမ်ခန္ဓာ (၃)ပါးဟု ဆိုရာတိုင်း၌ ဝေဒနာ သညာ ဝိညာဏ်ဟူသော နာမ်ခန္ဓာ (၃)ပါးကိုသာ ဆိုလိုသည်ဟု အမြဲ မှတ်ပါ။

## ရူပါရုံလိုင်း – ပဉ္စဒွါရာဝဇ္ဇန်း – ဝိညာဏက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၂) ပါး**

၁။ ဘဝင်မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဝိညာဏက္ခန္ဓာက အကျိုးတရား။
၂။ နာမ်+ရုပ်က အကြောင်းတရား၊ ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်**ဟူသည် ယှဉ်ဖက် စေတသိက် (၁၀)လုံးကို ဆိုလိုသည်။ ရုပ်ဟူသည် ဟဒယဝတ္ထုရုပ်နှင့် တကွသော မှီရာဝတ္ထုရုပ် (၅၄)မျိုးနှင့် ရူပါရုံကို ဆိုလိုသည်။ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ် မှန်သမျှသည် ရုပ်တရားစာရင်းတွင် ပါဝင်၍ ဖဿနှင့် တကွသော စေတသိက်ဟူသမျှသည် နာမ်စာရင်းတွင် ပါဝင်နေ၏။ သို့အတွက် ဝတ္ထု-အာရုံ-ဖဿ ဟူသော အကြောင်းတရားနှင့် နာမ်ရုပ်ဟူသော အကြောင်းတရားတို့သည် အမည်ကွဲသော်လည်း ပရမတ္ထ တရားကိုယ်ခတ်သားအားဖြင့်ကား တူညီလျက်ပင် ရှိပေသည်။

## ရူပါရုံလိုင်း – စက္ခုဝိညာဏ် (= မြင်သိ) ခန္ဓာ (၅) ပါး

ဧတ္ထ ဟိ စက္ခု စေဝ ရူပဉ္စ ရူပက္ခန္ဓော၊ ဒဿနံ ဝိညာဏက္ခန္ဓော၊ တံ သမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ ဖဿာဒိကာ သင်္ခါရက္ခန္ဓော။ (မ-ဋ္ဌ-၁-၂၆၇။)

၁။ စက္ခုဝတ္ထုနှင့် တကွသော ရုပ် (၅၄)မျိုးနှင့် ရူပါရုံကား ရူပက္ခန္ဓာတည်း။
၂။ မြင်သိ နာမ်တရား (= ၈-လုံး)မှ ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း။
၃။ မြင်သိ နာမ်တရား (= ၈-လုံး)မှ သညာသည် သညာက္ခန္ဓာတည်း။
၄။ မြင်သိ နာမ်တရား (= ၈-လုံး)မှ စေတနာသည် သင်္ခါရက္ခန္ဓာတည်း။ (ပထမနည်း)
မြင်သိ နာမ်တရား (= ၈-လုံး)မှ ကျန်စေတသိက် (၅)လုံးသည် သင်္ခါရက္ခန္ဓာတည်း။ (ဒုတိယနည်း)
၅။ မြင်သိ နာမ်တရား (= ၈-လုံး)မှ စက္ခုဝိညာဏ်သည် ဝိညာဏက္ခန္ဓာတည်း။

## ရူပါရုံလိုင်း – စက္ခုဝိညာဏ် – ရူပက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ (ကမ္မဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ စိတ်က အကြောင်းတရား၊ (စိတ္တဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၇။ ဥတုက အကြောင်းတရား၊ (ဥတုဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။
၈။ အာဟာရက အကြောင်းတရား၊ (အာဟာရဇရုပ်) ရူပက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – စက္ခုဝိညာဏ် – ဝေဒနာက္ခန္ဓာ

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ စက္ခုဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ စက္ခုဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ စက္ခုဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ စက္ခုဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ စက္ခုဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

### ပစ္စုပ္ပန်အကြောင်းတရား (၅) ပါး

၆။ ဝတ္ထု (= စက္ခု = ၆ = ၅၄)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ စက္ခုသမ္ဖဿ (= ၈ - ဝေဒနာ = ၇)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၉။ အာလောက (= အရောင်အလင်း)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၁၀။ မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်း = ၁၁)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ထပ်မံရှင်းလင်းချက်များ

**ဖဿ** — စက္ခုဝိညာဏ်၏ ပစ္စုပ္ပန်အကြောင်းတရားများကို များသောအားဖြင့် (၄)မျိုးပင် ဖော်ပြကြသော်လည်း ဤကျမ်း၌ကား — ဖဿသမုဒယာ ဝေဒနာသမုဒယော — (သံ-၂-၄၉။) = ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏ဟုလည်းကောင်း, ဖဿပစ္စယာ ဝေဒနာ (အဘိ-၂-၁၄၂။) = ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏ဟု လည်းကောင်း, စက္ခုဝိညာဏ သမ္ပယုတ္တာယ ပန ဝတ္တဗ္ဗမေဝ နတ္ထိ။ (သံ-ဋ္ဌ-၃-၅။) = စက္ခုဝိညာဏ်နှင့် ယှဉ်သော ဝေဒနာအား စက္ခုသမ္ဖဿက ကျေးဇူးပြုပေးမှုမှာ ဆိုဖွယ်ရာပင် မရှိတော့ပေဟုလည်းကောင်း — ဤဒေသနာတော်များနှင့် အဋ္ဌကထာအဖွင့်များအတိုင်း စက္ခုသမ္ဖဿနှင့်တကွ အကြောင်းတရား (၅)မျိုး ဖော်ပြထားပါသည်။ ယင်းစက္ခုသမ္ဖဿကလည်း စက္ခုသမ္ဖဿဇာ ဝေဒနာအား သဟဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးသည်သာ ဖြစ်ပေသည်။

**အာလောက** — မီးရောင် လရောင် နေရောင် ဉာဏ်ရောင်ဟူသော အရောင်အလင်း (၄)မျိုးလုံးသည်ပင် စက္ခုဝိညာဏ် နာမ်တရားစုအား ဥပနိဿယစသော ပစ္စယသတ္တိထူးတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသည်သာဖြစ်၏။ သမထဘာဝနာစိတ်တို့ကြောင့် ဖြစ်ပေါ်လာသော ဉာဏ်ရောင်ဖြင့်လည်း ရူပါရုံအမျိုးမျိုးကို တွေ့မြင်နိုင်ကြောင်းကို ရှေးအာနာပါနဿတိ သမာဓိပိုင်းတွင် ရှင်းလင်းတင်ပြခဲ့ပြီးပင် ဖြစ်၏။ မဟာသိဝမထေရ် မြတ်ကြီးတို့ကဲ့သို့သော တောထဲတောင်ထဲ၌ သီတင်းသုံးတော်မူကြသော မထေရ်မြတ်ကြီးတို့၏ အသိဉာဏ်ဝယ် ညဉ့်အခါ၌လည်း ယင်းရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကား အလွန်ထင်ရှားနေကြသည်သာ ဖြစ်၏။ ယင်းရုပ်နာမ်တို့တွင် ရူပါရုံ အရောင်လည်း ပါဝင်သည်သာ ဖြစ်သည်။ စက္ခုဝိညာဏ်နာမ်တရားစုတို့လည်း ပါဝင်ကြသည်သာ ဖြစ်၏။ ယင်းရူပါရုံ အရောင်ကို ယင်းစက္ခုဝိညာဏ် နာမ်တရားစုတို့က မည်သည့်အရောင်ကြောင့် မြင်တွေ့နိုင်ပါသနည်းဟု ဆန်းစစ်ခဲ့သော် အဖြေမှာ ပေါ်လွင် ထင်ရှားလျက်ပင် ရှိ၏။ ညဉ့်အခါ တောထဲ တောင်ထဲဝယ် မှောင်မိုက်အတွင်း၌ ရူပါရုံ ပရမတ်တရားကို ရုပ်တုံး ရုပ်ခဲတည်းဟူသော ရုပ်ဃနအသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ဆိုက်အောင် ရှုမြင်နိုင်ခြင်းမှာ ဉာဏ်အရောင်အလင်း၏ သတ္တိသာ ဖြစ်၏။

ရုပ်ကလာပ်တစ်ခုတစ်ခုကို ပကတိမျက်စိဖြင့် မမြင်နိုင်ဘဲ ဉာဏ်မျက်စိဖြင့်သာ မြင်နိုင်ရကား ရုပ်ကလာပ်တစ်ခု၏ အတွင်း၌ တည်ရှိသော ရူပါရုံကို မြင်နိုင်ရေးမှာလည်း ဉာဏ်မျက်စိ၏ အရာသာဖြစ်၏။

တစ်နည်းဆိုသော် — ဉာဏ်အရောင်အလင်းက ကျေးဇူးပြုပေးပါမှသာလျှင် ရုပ်ကလာပ်တို့၏ ရူပါရုံ အရောင်ကို မြင်နိုင်မည်၊ ရုပ်ကလာပ်တို့၏ ရူပါရုံအရောင်ကို မြင်နိုင်ပါမှသာလျှင် ပရမတ္ထ ရူပါရုံအစစ်ကို တွေ့သည် မည်ပေသည်။ ပရမတ္ထရူပါရုံ အစစ်ကို မြင်ပါမှ ယင်းပရမတ္ထ ရူပါရုံနှင့် တကွသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နိုင်မည် ဖြစ်သည်။ ယင်းသို့ ရူပါရုံနှင့် တကွသော ပရမတ္ထ ရုပ်နာမ်တို့ကို ဝိပဿနာရှုသောကြောင့်သာလျှင် ရှေးရှေးမထေရ်မြတ်ကြီးတို့သည် ညဉ့် အခါမှာပင်သော်လည်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြခြင်း ဖြစ်ပေသည်။ ထိုကြောင့် ရူပါရုံကို အာရုံ ပြုသည့် စက္ခုဝိညာဏ် နာမ်တရားစုအား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသော အရောင်အလင်းသည် အရောင် အလင်း (၄)မျိုးလုံးပင် ဖြစ်သည်ဟု မှတ်ပါ။ သို့သော် ဝိပဿနာအရာ၌ကား ဉာဏ်အရောင်သာ လိုရင်း ဖြစ်သည်။

## မနသိကာရ – ဟူသည်

၁။ မပျက်စီးသော စက္ခုပသာဒတည်ရှိခြင်း — အသက်ရှင်နေသူ၏ စက္ခုပသာဒသည် သွေး သည်းခြေ သလိပ် ဟူသော အပြစ်တို့ကြောင့် မပျက်မစီး တည်ရှိနေခြင်းကို ဆိုလိုသည်။ သေသူ၏ စက္ခု, အသက်ရှင်နေသူ၏ ပျက်စီးပြီး စက္ခုတို့ကား စက္ခုဝိညာဏ်အား ကျေးဇူးမပြုပေးနိုင်။

၂။ ထိုမပျက်စီးသော စက္ခုပသာဒသို့ ရူပါရုံ ရှေးရှုကျရောက်ပါမှ စက္ခုအကြည်ဓာတ်ဝယ် ရူပါရုံ ထင်လာပါမှ စက္ခုဝိညာဏ် ဖြစ်နိုင်သည်၊ မထင်ခဲ့သော် မဖြစ်နိုင်။

၃။ စက္ခုပသာဒ၌ ရူပါရုံ ထင်လာရာ၌လည်း အာလောက = အရောင်အလင်းကို အမှီရသော်သာ အရောင်-အလင်း ရှိပါမှသာ စက္ခုပသာဒ၌ ရူပါရုံ ထင်လာနိုင်၏၊ စက္ခုဝိညာဏ် ဖြစ်နိုင်၏၊ အရောင်အလင်း မရှိသော် စက္ခုပသာဒ၌ ရူပါရုံ မထင်လာနိုင်၊ စက္ခုဝိညာဏ်လည်း မဖြစ်နိုင်။

၄။ အရောင်အလင်း ထင်ရှားရှိသော်လည်း မနသိကာရဟူသော အကြောင်းတရား ရှိပါမှသာလျှင် စက္ခု-ဝိညာဏ် ဖြစ်နိုင်သည်၊ မနသိကာရ အကြောင်းတရား မရှိသော် မဖြစ်နိုင်။ (အဘိ-ဋ္ဌ-၁-၃၂၁။)

ယင်းမနသိကာရ အကြောင်းတရားနှင့် ပတ်သက်၍ အဋ္ဌသာလိနီအဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆို ထား၏ —

တသ္မိံ သန္တေပိ ကိရိယမနောဓာတုယာ ဘဝင်္ဂေ အနာဝဋ္ဋိတေ နုပ္ပဇ္ဇတိ၊ အာဝဋ္ဋိတေယေဝ ဥပ္ပဇ္ဇတိ။ ဧဝံ ဥပ္ပဇ္ဇမာနံ သမ္ပယုတ္တခန္ဓေဟိ သဒ္ဓိံယေဝ ဥပ္ပဇ္ဇတိ။ ဣတိ ဣမေ စတ္တာရော ပစ္စယေ လဘိတွာ ဥပ္ပဇ္ဇတိ စက္ခု-ဝိညာဏံ။ (အဘိ-ဋ္ဌ-၁-၃၂၁။)

ဤအထက်ပါ အဋ္ဌကထာအရ မနသိကာရဟူသည် မနသိကာရ စေတသိက်ကို မဆိုလို၊ ပဉ္စဒွါရာဝဇ္ဇန်း ဟူသော ကိရိယာမနောဓာတ် = ဆင်ခြင်စိတ်ကို ဆိုလိုပေသည်။ တစ်နည်းဆိုသော် မနသိကာရစေတသိက် အဝင်အပါဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်း စိတ်+စေတသိက်တရားစု (၁၁)လုံးကို ဆိုလိုပေသည်။ ယင်း နာမ်တရားစုကို ဝီထိပဋိပါဒကမနသိကာရဟု ခေါ်ဆို၏။ ဝီထိစိတ်တို့၏ အခြေခံ အကြောင်းရင်းဖြစ်သော နှလုံးသွင်းမှုတည်း။ ယင်းကိရိယာမနောဓာတ် ဆင်ခြင်စိတ်က ဘဝင်ကို မလည်စေခဲ့သော် စက္ခုဝိညာဏ် နာမ်တရားစုသည်လည်း မဖြစ်နိုင်၊ ယင်းကိရိယာမနောဓာတ်က ဘဝင်ကို လည်စေနိုင်မှသာလျှင် စက္ခုဝိညာဏ် နာမ်တရားစု ဖြစ်နိုင်၏။

လည်စေ၏ ဟူသည်မှာ ဘဝင်အယဉ်ကို ရပ်စေ၍ မိမိကိရိယာမနောဓာတ်၏ ဖြစ်ခြင်းကိုပင် ဆိုလိုပေသည်။ ယင်းသို့ အကြောင်း (၄)ရပ် စုံညီ၍ စက္ခုဝိညာဏ် ဖြစ်ပေါ်လာသော်လည်း သမ္ပယုတ်တရားတို့နှင့် အတူတကွ သာလျှင် ဖြစ်ပေါ်လာပေသည်။ သမ္ပယုတ်တရားများ မပါဘဲ မိမိစက္ခုဝိညာဏ်တစ်ဦးတည်း မဖြစ်နိုင်သောကြောင့် တည်း။ သို့အတွက် စက္ခုသမ္ဖဿစသော သမ္ပယုတ်တရားများကိုလည်း အကြောင်းတရားတစ်ခုအဖြစ် ထည့်သွင်း၍ ဖော်ပြခြင်းဖြစ်သည်။

တစ်ဖန် မနသိကာရအမည်ရသော ပဉ္စဒွါရာဝဇ္ဇန်း စိတ်မှာလည်း မိမိချည်း တစ်လုံးတည်း မဖြစ်နိုင်သဖြင့် သမ္ပယုတ်တရားစုနှင့်သာ အတူယှဉ်တွဲ၍ ဖြစ်နိုင်ရကား ယင်းမနသိကာရအမည်ရသော ပဉ္စဒွါရာဝဇ္ဇန်းနှင့်တကွ ယှဉ်ဖက် သမ္ပယုတ်တရားအားလုံးကိုပင် စက္ခုဝိညာဏ် သမ္ပယုတ်တရားစု၏ အကြောင်းတရားအဖြစ် ဖော်ပြထား ပါသည်။ ယင်းမနသိကာရ အမည်ရသော ပဉ္စဒွါရာဝဇ္ဇန်း သမ္ပယုတ်တရားစုက အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးပါမှ စက္ခုဝိညာဏ်နှင့် တကွသော သမ္ပယုတ်တရားစု၏ ဖြစ်နိုင်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပြီး ပါမှ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

## ရူပါရုံလိုင်း – စက္ခုဝိညာဏ် – သညာက္ခန္ဓာ

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

### ပစ္စုပ္ပန်အကြောင်းတရား (၅) ပါး

၆။ ဝတ္ထု (= စက္ခု = ၆ = ၅၄)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

၈။ စက္ခုသမ္ဖဿ (= ၈ - သညာ = ၇)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

၉။ အာလောက (= အရောင်အလင်း)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

၁၀။ မနသိကာရ (= ဆင်ခြင် = ၁၁)က အကြောင်းတရား၊ စက္ခုဝိညာဏ် သညာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – စက္ခုဝိညာဏ် – သင်္ခါရက္ခန္ဓာ (စေတနာကို ကောက် – ပ –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ၉။ ၁၀။ သညာက္ခန္ဓာနှင့် အားလုံးတူသည်။ ထူးသည်ကိုသာ ဆိုအံ့ –

၈။ စက္ခုသမ္ဖဿ (= ၈ - စေတနာ = ၇)က အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – စက္ခုဝိညာဏ် – သင်္ခါရက္ခန္ဓာ (စေတသိက် ၅လုံးကောက် – ဒု –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ၉။ ၁၀။ သညာက္ခန္ဓာနှင့် အားလုံးတူသည်။ ထူးသည်ကိုသာ ဆိုအံ့ –

၈။ ကျန်နာမ်ခန္ဓာ (၃)ပါးက အကြောင်းတရား၊ သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – စက္ခုဝိညာဏ် – ဝိညာဏက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ သညာက္ခန္ဓာနှင့် အားလုံးတူသည်။ ထူးသည်ကိုသာ ဆိုအံ့ –

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ နာမ်+ရုပ်က အကြောင်းတရား၊ စက္ခုဝိညာဏ် ဝိညာဏက္ခန္ဓာက အကျိုးတရား။
၇။ အာလောက က အကြောင်းတရား၊ စက္ခုဝိညာဏ် ဝိညာဏက္ခန္ဓာက အကျိုးတရား။
၈။ မနသိကာရ (= ဆင်ခြင် = ၁၁)က အကြောင်းတရား၊ စက္ခုဝိညာဏ် ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** – ဟူသည် စက္ခုဝိညာဏ်နှင့် ယှဉ်ဖက် စေတသိက် (၇)လုံးတည်း။
**ရုပ်** – ဟူသည် မှီရာဝတ္ထုရုပ် (၅၄)နှင့် ရူပါရုံတည်း။

## ရူပါရုံလိုင်း – သမ္ပဋိစ္ဆိုင်း (= လက်ခံ) ခန္ဓာ (၅) ပါး

၁။ သမ္ပဋိစ္ဆိုင်း၏ မှီရာ ဟဒယဝတ္ထုရှိသော ရုပ် (၅၄)မျိုးနှင့် ရူပါရုံက ရူပက္ခန္ဓာတည်း။
၂။ သမ္ပဋိစ္ဆိုင်း နာမ်တရား (၁၁)လုံးမှ ဝေဒနာက ဝေဒနာက္ခန္ဓာတည်း။
၃။ သမ္ပဋိစ္ဆိုင်း နာမ်တရား (၁၁)လုံးမှ သညာက သညာက္ခန္ဓာတည်း။
၄။ သမ္ပဋိစ္ဆိုင်း နာမ်တရား (၁၁)လုံးမှ စေတနာက သင်္ခါရက္ခန္ဓာတည်း။ (ပ)
သမ္ပဋိစ္ဆိုင်း နာမ်တရား (၁၁)လုံးမှ ကျန်စေတသိက် (= ၈-လုံး)က သင်္ခါရက္ခန္ဓာတည်း။ (ဒု)
၅။ သမ္ပဋိစ္ဆိုင်း နာမ်တရား (၁၁)လုံးမှ သမ္ပဋိစ္ဆိုင်းစိတ်က ဝိညာဏက္ခန္ဓာတည်း။

**မှတ်ချက်** – သမ္ပဋိစ္ဆိုင်း ရူပက္ခန္ဓာကို ပဉ္စဒွါရာဝဇ္ဇန်း ရူပက္ခန္ဓာနှင့် နည်းတူရှုပါ။

## ရူပါရုံလိုင်း – သမ္ပဋိစ္ဆိုင်း – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁ - ဝေဒနာ = ၁၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ဖဿ** – ဖဿသမုဒယာ ဝေဒနာသမုဒယော၊ ဖဿသမုဒယာ သညာသမုဒယော၊ ဖဿသမုဒယာ သင်္ခါရသမုဒယော – (သံ-၂-၄၉။) ဤသို့စသော ဒေသနာတော်များနှင့် အညီ ဖဿကြောင့် ဝေဒနာ-သညာ-

သင်္ခါရ-ဝိညာဏ်တို့ ဖြစ်ရာဝယ် ဤအပိုင်းတွင် ဖဿကို နှစ်မျိုးခွဲ၍ ယူထားပါသည်။

(က) စက္ခုသမ္ဖဿ = စက္ခုဝိညာဏ်နှင့် တကွသော နာမ်တရား (= ၈-လုံး)။
(ခ) မနောသမ္ဖဿ = စက္ခုဝိညာဏ်၏နောက်၌ ဆက်လက် ဖြစ်ပေါ်လာကြသည့် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံတို့နှင့် ယှဉ်သော ဖဿ, တစ်နည်းဆိုသော် ယင်းဖဿ ဦးဆောင်သည့် နာမ်တရားစု -

ဤသို့ နှစ်မျိုးခွဲယူထားသည်။ စက္ခုသမ္ဖဿကလည်း မိမိ၏နောင်၌ ဆက်လက်ဖြစ်ကြသည့် သမ္ပဋိစ္ဆိုင်း စသော ဝီထိစိတ်တို့အား ဥပနိဿယစသော သတ္တိဖြင့် ကျေးဇူးပြုပေးလျက်ပင် ရှိ၏။ တစ်ဖန် သမ္ပဋိစ္ဆိုင်းစသော ဝီထိစိတ် အသီးအသီးတို့၌လည်း ဖဿပါဝင်လျက်ပင် ရှိ၏။ ယင်းဖဿဦးဆောင်သည့် နာမ်တရားစုကလည်း အချင်းချင်းအား သဟဇာတစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးလျက်ပင် ရှိ၏။ သို့အတွက် ဖဿကို (၂)မျိုးခွဲ၍ ဖော်ပြထားပါသည်။ အောက်တွင် ဖော်ပြထားသော ပါဠိတော် အဋ္ဌကထာတို့ကို ကြည့်ပါ။

ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။
(သံ-၂-၂၄၈-ပဟာနသုတ်။)

**စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတန္တိ** စက္ခုသမ္ဖဿံ မူလပစ္စယံ ကတွာ ဥပ္ပန္နာ သမ္ပဋိစ္ဆနသန္တီရဏ ဝေါဋ္ဌဗ္ဗနဇဝနဝေဒနာ။ စက္ခုဝိညာဏသမ္ပယုတ္တာယ ပန ဝတ္တဗ္ဗမေဝ နတ္ထိ။ သောတဒွါရာဒိဝေဒနာပစ္စယာဒီသုပိ ဧသေဝ နယော။ (သံ-ဋ္ဌ-၃-၅။)

သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်တစ်လျှောက်ဝယ် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿတို့ကို မူလအကြောင်းတရားအဖြစ် = ဥပနိဿယ အကြောင်း တရားအဖြစ် အခြေခံ၍ နောက်ပိုင်း၌ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇောစသော ပဉ္စဒွါရဝီထိ နာမ်တရားများနှင့် မနောဒွါရာဝဇ္ဇန်း ဇောစသော မနောဒွါရဝီထိ နာမ်တရားများဖြစ်ပုံကို ယင်းဝီထိနာမ်တရားစုတို့တွင် ပါဝင်သော ဝေဒနာကို အဦးမူ၍ ဟောကြားထားတော်မူခဲ့သော ထုံးများ များစွာပင် ရှိနေပေသည်။

စက္ခုဝိညာဏ် နာမ်တရားစုကိုလည်းကောင်း, စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာကြသော ဝေဒနာ ဦးဆောင်သည့် နာမ်တရားစုတို့ကိုလည်းကောင်း ပရိညာဉာဏ် (၃)ပါးဖြင့် ပိုင်းပိုင်းခြားခြား သိအောင်ကျင့်ရန် (သံ-၂-၂၄၉-၂၅၀။) အပရိဇာနနသုတ္တန် စသည်တို့၌ ညွှန်ကြားထားတော်မူ၏။ ယခု ရေးသားတင်ပြဆဲဖြစ်သော အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းတတ်သည့် ပစ္စယပရိဂ္ဂဟဉာဏ်ကား ဉာတပရိညာတွင် အကျုံး ဝင်ပေသည်။ သောတသမ္ဖဿ စသည်တို့ကြောင့် သမ္ပဋိစ္ဆိုင်းစသည့် ဝီထိစိတ်တို့ ဖြစ်ရာ၌လည်း နည်းတူမှတ်ပါ။

ထိုကြောင့် သမ္ပဋိစ္ဆိုင်းစသော နာမ်တရားစုတို့အား စက္ခုသမ္ဖဿကလည်း ကျေးဇူးပြုပေး၍ သမ္ပဋိစ္ဆိုင်း စသည့် ဆိုင်ရာ စိတ္တက္ခဏအတွင်း၌ တည်ရှိကြသော ဖဿစသည့် နာမ်တရားစုတို့ကလည်း အချင်းချင်းအား အပြန်အလှန် ကျေးဇူးပြုပေးကြသဖြင့် ဖဿ နှစ်မျိုးနှစ်မျိုး ခွဲ၍ ဖော်ပြထားပါသည်။

## ရူပါရုံလိုင်း – သမ္ပဋိစ္ဆိုင်း – သညာက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ဝေဒနာက္ခန္ဓာနှင့် နည်းတူရှုပါ။ ထူးသည်ကိုသာ ဆိုအံ့ –

၈။ (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သညာက္ခန္ဓာက အကျိုးတရား။

(ခ) သမ္မဋ္ဌိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁ - သညာ = ၁၀)က အကြောင်းတရား၊ သမ္မဋ္ဌိစ္ဆိုင်း သညာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – သမ္မဋ္ဌိစ္ဆိုင်း – သင်္ခါရက္ခန္ဓာ (စေတနာကို ကောက် – ပ –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ဝေဒနာက္ခန္ဓာနှင့် နည်းတူရှုပါ။ ထူးသည်ကိုသာ ဆိုအံ့ –

၈။ (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သမ္မဋ္ဌိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။

(ခ) သမ္မဋ္ဌိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁ - စေတနာ = ၁၀)က အကြောင်းတရား၊ သမ္မဋ္ဌိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – သမ္မဋ္ဌိစ္ဆိုင်း – သင်္ခါရက္ခန္ဓာ (စေတသိက် – ၈ – ကောက် – ဒု –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ဝေဒနာက္ခန္ဓာနှင့် နည်းတူရှုပါ။ ထူးသည်ကိုသာ ဆိုအံ့ –

၈။ စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သမ္မဋ္ဌိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။

၉။ ကျန်နာမ်ခန္ဓာ (၃)ပါးက အကြောင်းတရား၊ သမ္မဋ္ဌိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – သမ္မဋ္ဌိစ္ဆိုင်း – ဝိညာဏက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ ဝေဒနာက္ခန္ဓာနှင့် နည်းတူရှုပါ။

၆။ စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သမ္မဋ္ဌိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။

၇။ သမ္မဋ္ဌိစ္ဆိုင်း နာမ်ရုပ်က အကြောင်းတရား၊ သမ္မဋ္ဌိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** - ဟူသည် သမ္မဋ္ဌိစ္ဆိုင်းစိတ်နှင့် ယှဉ်ဖက် စေတသိက် (၁၀)လုံးတည်း။

**ရုပ်** - ဟူသည် မှီရာဝတ္ထုရုပ် (၅၄)မျိုးနှင့် ရူပါရုံတည်း။

## ရူပါရုံလိုင်း – သန္တီရဏ (= စုံစမ်း) ခန္ဓာ (၅) ပါး

၁။ သန္တီရဏ၏ မှီရာ ဟဒယဝတ္ထု၌ တည်ရှိသော ရုပ် (၅၄)မျိုးနှင့် ရူပါရုံကား ရူပက္ခန္ဓာတည်း။

၂။ သန္တီရဏ နာမ်တရား (၁၂)လုံးမှ ဝေဒနာကား ဝေဒနာက္ခန္ဓာတည်း။

၃။ သန္တီရဏ နာမ်တရား (၁၂)လုံးမှ သညာကား သညာက္ခန္ဓာတည်း။

၄။ သန္တီရဏ နာမ်တရား (၁၂)လုံးမှ စေတနာကား သင်္ခါရက္ခန္ဓာတည်း။ (ပ)
သန္တီရဏ နာမ်တရား (၁၂)လုံးမှ ကျန်စေတသိက် (၉)လုံးကား သင်္ခါရက္ခန္ဓာတည်း။ (ဒု)

၅။ သန္တီရဏ နာမ်တရား (၁၂)လုံးမှ အသိစိတ်ဝိညာဏ်ကား ဝိညာဏက္ခန္ဓာတည်း။

**မှတ်ချက်** — သန္တီရဏသည် သောမနဿသန္တီရဏဖြစ်သော် နာမ်တရား (၁၂)လုံး ရှိ၏။ ပီတိပါ၏။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော် နာမ်တရား (၁၁)လုံး ရှိ၏။ ပီတိမပါ။ ဇောတွင် ပီတိပါသော် သန္တီရဏ၌လည်း ပီတိပါတတ်၏။ ဇောတွင် ပီတိမပါသော် သန္တီရဏ၌လည်း ပီတိမပါတတ်ပေ။ သန္တီရဏ ရူပက္ခန္ဓာကို ပဉ္စဒွါရာဝဇ္ဇန်း (= ဆင်ခြင်) ရူပက္ခန္ဓာအတိုင်း ရှုပါ။

## ရုပါရုံလိုင်း – သန္တီရဏ – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) သန္တီရဏ မနောသမ္ဖဿ (= ၁၂ - ဝေဒနာ = ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရုပါရုံလိုင်း – သန္တီရဏ – သညာက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ သန္တီရဏ ဝေဒနာက္ခန္ဓာကို နည်းမှီး၍ ရှုပါ။

၈။ (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သန္တီရဏ သညာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ သညာက္ခန္ဓာက အကျိုးတရား။
(ဂ) သန္တီရဏ မနောသမ္ဖဿ (= ၁၂ - သညာ = ၁၁)က အကြောင်းတရား၊ သန္တီရဏ သညာက္ခန္ဓာက အကျိုးတရား။

## ရုပါရုံလိုင်း – သန္တီရဏ – သင်္ခါရက္ခန္ဓာ (စေတနာကို ကောက် – ပ –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ သန္တီရဏ ဝေဒနာက္ခန္ဓာကို နည်းမှီး၍ ရှုပါ။

၈။ (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သန္တီရဏ သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ဂ) သန္တီရဏ မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ သင်္ခါရက္ခန္ဓာက အကျိုးတရား။

**မှတ်ချက်** – သန္တီရဏ မနောသမ္ဖဿ (= ၁၁)ဟူသည် သန္တီရဏ နာမ်တရား (= ၁၂)မှ အကျိုးစေတနာကို နုတ်ထားသည့် (၁၁)လုံး ဖြစ်သည်။ နာမ်တရားတစ်ခုကို အကျိုးယူလျှင် ကျန်နာမ်တရားစုမှာ အကြောင်းဖြစ်သည်။ အရာရာ၌ နည်းတူမှတ်ပါ။

## ရူပါရုံလိုင်း – သင်္ခါရက္ခန္ဓာ – သင်္ခါရက္ခန္ဓာ (စေတသိက် – ၉ – လုံးကောက် – ဒု –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ဝေဒနာက္ခန္ဓာကို နည်းမှီး၍ ရှုပါ။

၈။ (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သန္တီရဏ သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၉။ ကျန်နာမ်ခန္ဓာ (၃)ပါးက အကြောင်းတရား၊ သန္တီရဏ သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – သန္တီရဏ – ဝိညာဏက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ ဝေဒနာက္ခန္ဓာကို နည်းမှီး၍ ရှုပါ။

၆။ (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ သန္တီရဏ ဝိညာဏက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝိညာဏက္ခန္ဓာက အကျိုးတရား။

၇။ သန္တီရဏ နာမ်ရုပ်က အကြောင်းတရား၊ သန္တီရဏ ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** – ဟူသည် သန္တီရဏစိတ်နှင့် ယှဉ်ဖက် စေတသိက် (၁၁)လုံးတည်း။
**ရုပ်** – ဟူသည် မှီရာဝတ္ထုရုပ် (၅၄)မျိုးနှင့် ရူပါရုံတည်း။

## ရူပါရုံလိုင်း – ဝုဋ္ဌော (= ဆုံးဖြတ်) ခန္ဓာ (၅) ပါး

၁။ ဝုဋ္ဌော၏ မှီရာ ဟဒယဝတ္ထုရှိသော ရုပ် (၅၄)မျိုးနှင့် ရူပါရုံသည် ရူပက္ခန္ဓာတည်း။
၂။ ဝုဋ္ဌောနာမ်တရား (၁၂)လုံးမှ ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း။
၃။ ဝုဋ္ဌောနာမ်တရား (၁၂)လုံးမှ သညာသည် သညာက္ခန္ဓာတည်း။
၄။ ဝုဋ္ဌောနာမ်တရား (၁၂)လုံးမှ စေတနာသည် သင်္ခါရက္ခန္ဓာတည်း။ (ပ)
ဝုဋ္ဌောနာမ်တရား (၁၂)လုံးမှ ကျန်စေတသိက် (၉)လုံးသည် သင်္ခါရက္ခန္ဓာတည်း။ (ဒု)
၅။ ဝုဋ္ဌောနာမ်တရား (၁၂)လုံးမှ အသိစိတ်ဝိညာဏ်သည် ဝိညာဏက္ခန္ဓာတည်း။

[**မှတ်ချက်** — ဤဝုဋ္ဌောစိတ်သည် ပြုကာမတ္တ ကြိယာစိတ်မျှသာ ဖြစ်၏၊ ဝိပါက်စိတ် မဟုတ်ရကား အတိတ်အကြောင်းတရားများကြောင့် မဖြစ်သဖြင့် အတိတ်အကြောင်းတရားများ မရှိပေ။ ပစ္စုပ္ပန်အကြောင်းတရားများကြောင့်သာ ဖြစ်သဖြင့် ပစ္စုပ္ပန်အကြောင်းတရားသာ ရှိသည်။ ဤဝုဋ္ဌော၏ မှီရာ ရူပက္ခန္ဓာကို ပဉ္စဒွါရာဝဇ္ဇန်း၏ မှီရာ ရူပက္ခန္ဓာအတိုင်း ရှုပါ။]

## ရူပါရုံလိုင်း – ဝုဋ္ဌော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဝုဋ္ဌော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဝုဋ္ဌော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သန္တီရဏ မနောသမ္ဖဿ (= ၁၂-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော ဝေဒနာက္ခန္ဓာက အကျိုး-တရား။

(ဂ) ဝုဋ္ဌော မနောသမ္ဖဿ (= ၁၁-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော ဝေဒနာက္ခန္ဓာက အကျိုး-တရား။

## ရူပါရုံလိုင်း – ဝုဋ္ဌော – သညာက္ခန္ဓာ

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဝုဋ္ဌော သညာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဝုဋ္ဌော သညာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော သညာက္ခန္ဓာက အကျိုးတရား။
(ခ) သန္တီရဏ မနောသမ္ဖဿ (= ၁၂-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော သညာက္ခန္ဓာက အကျိုး-တရား။
(ဂ) ဝုဋ္ဌော မနောသမ္ဖဿ (= ၁၁-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော သညာက္ခန္ဓာက အကျိုး-တရား။

## ရူပါရုံလိုင်း – ဝုဋ္ဌော – သင်္ခါရက္ခန္ဓာ (စေတနာကို ကောက် – ပ –)

၁။ ၂။ ဝေဒနာက္ခန္ဓာကို နည်းမှီး၍ ရှုပါ။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) သန္တီရဏ မနောသမ္ဖဿ (= ၁၂-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော သင်္ခါရက္ခန္ဓာက အကျိုး-တရား။
(ဂ) ဝုဋ္ဌော မနောသမ္ဖဿ (= ၁၁-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော သင်္ခါရက္ခန္ဓာက အကျိုး-တရား။

## ရူပါရုံလိုင်း – ဝုဋ္ဌော – သင်္ခါရက္ခန္ဓာ (စေတသိက် – ၉ – လုံးကို ကောက် – ဒု –)

၁။ ၂။ ဝေဒနာက္ခန္ဓာကို နည်းမှီး၍ ရှုပါ။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) သန္တီရဏ မနောသမ္ဖဿ (= ၁၂-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော သင်္ခါရက္ခန္ဓာက အကျိုး တရား။

၄။ ကျန်နာမ်ခန္ဓာ (၃)ပါးက အကြောင်းတရား၊ ဝုဋ္ဌော သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – ဝုဋ္ဌော – ဝိညာဏက္ခန္ဓာ

၁။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော ဝိညာဏက္ခန္ဓာက အကျိုးတရား။
(ခ) သန္တီရဏ မနောသမ္ဖဿ (= ၁၂-လုံး)က အကြောင်းတရား၊ ဝုဋ္ဌော ဝိညာဏက္ခန္ဓာက အကျိုး-တရား။

၂။ ဝုဋ္ဌော နာမ်ရုပ်က အကြောင်းတရား၊ ဝုဋ္ဌော ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** – ဟူသည် ဝုဋ္ဌောစိတ်နှင့် ယှဉ်ဖက် စေတသိက် (၁၁)လုံးတည်း။

**ရုပ်** – ဟူသည် ဝုဋ္ဌော၏ မှီရာဝတ္ထုရုပ် (၅၄)မျိုးနှင့် ရူပါရုံတည်း။

## ရူပါရုံလိုင်း – ကုသိုလ်ဇော ခန္ဓာ (၅) ပါး (စက္ခုဒွါရဝီထိ)

၁။ ဇော၏ မှီရာ ဟဒယဉ်ရှိသော ရုပ် (၅၄)မျိုးနှင့် ရူပါရုံသည် ရူပက္ခန္ဓာ။
၂။ ဇောနာမ်တရား (= ၃၄)မှ ဝေဒနာသည် ဝေဒနာက္ခန္ဓာ။
၃။ ဇောနာမ်တရား (= ၃၄)မှ သညာသည် သညာက္ခန္ဓာ။
၄။ ဇောနာမ်တရား (= ၃၄)မှ စေတနာသည် သင်္ခါရက္ခန္ဓာ။ (ပထမနည်း)
ဇောနာမ်တရား (= ၃၄)မှ ကျန်စေတသိက် (၃၁)လုံးသည် သင်္ခါရက္ခန္ဓာ။ (ဒုတိယနည်း)။
၅။ ဇောနာမ်တရား (= ၃၄)မှ အသိစိတ်ဝိညာဏ်သည် ဝိညာဏက္ခန္ဓာ။

**မှတ်ချက်** — ဇော၏ မှီရာ ရူပက္ခန္ဓာကို ပဉ္စဒွါရာဝဇ္ဇန်း ရူပက္ခန္ဓာအတိုင်းပင် ရှုပါ။ ဤတွင် ဝုဋ္ဌော၏ ဆုံးဖြတ်ချက်မှာ ရူပါရုံကို ရူပါရုံ = အရောင်ဟုသာ ဆုံးဖြတ်ထားသဖြင့် ယောနိသောမနသိကာရ ဖြစ်ရကား ကုသိုလ်ဇော စော၏။ ကုသိုလ်ဇောကား ဝိပါက်နာမ်တရား မဟုတ်သဖြင့် အတိတ်အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာသော တရားကား မဟုတ်ပေ။ ပစ္စုပ္ပန် အကြောင်းတရားများကြောင့်သာ ဖြစ်ရကား ပစ္စုပ္ပန် အကြောင်းတရားများနှင့်သာ အကြောင်း အကျိုးစပ်၍ ရှုရန်ဖြစ်သည်။ (နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများကို ပြန်၍ သတိပြုထားပါ။)

## ရူပါရုံလိုင်း – ကုသိုလ် ပထမဇော – ဝေဒနာက္ခန္ဓာ (စက္ခုဒွါရဝီထိ)

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုး-တရား။

**ယောနိသောမနသိကာရ** — ရူပါရုံ အရောင်ကို —

၁။ ရူပါရုံ အရောင်ဟု
၂။ ရုပ်တရားဟု
၃။ အနိစ္စဟု
၄။ ဒုက္ခဟု
၅။ အနတ္တဟု
၆။ အသုဘဟု
၇။ အကြောင်းတရား အကျိုးတရားဟု,

ဤသို့ စသည်ဖြင့် နှလုံးသွင်းမှုကို နည်းမှန်လမ်းမှန် နှလုံးသွင်းမှု ယောနိသောမနသိကာရဟု ခေါ်၏။ ဇဝနပဋိပါဒကမနသိကာရ = ဇော၏ အခြေခံအကြောင်းရင်း နှလုံးသွင်းမှုတည်း။ တရားကိုယ်မှာ စက္ခုဒွါရဝီထိ ကဲ့သို့သော ပဉ္စဒွါရဝီထိ၌ ဇော၏ရှေ့တွင် ကပ်လျက်ရှိသော ဝုဋ္ဌော = နာမ်တရား (၁၂)လုံးနှင့် မနောဒွါရဝီထိ၌

ဇောဇ၏ရှေ့တွင် ကပ်လျက်ရှိသော မနောဒွါရာဝဇ္ဇန်း နာမ်တရား (၁၂)လုံးတည်း။ ယင်းနှစ်မျိုးတို့တွင် ယခု စက္ခုဒွါရဝီထိ၏အတွင်း၌ တည်ရှိသော ဝုဋ္ဌောမှာ ရူပါရုံ အရောင်ကို ရူပါရုံ အရောင်ဟုသာ ဆုံးဖြတ်နိုင်၏။ (ယောနိသောမနသိကာရကိုသာ ဆိုလိုသည်။ အယောနိသောမနသိကာရကို နောက်တွင် သီးသန့်ဖော်ပြပါမည်။) အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း အနတ္တဟုလည်းကောင်း, အသုဘဟုလည်းကောင်း, အကြောင်းတရား အကျိုးတရားဟုလည်းကောင်း ဤသို့စသည်ဖြင့် မဆုံးဖြတ်နိုင်။ ထိုသို့ ဆုံးဖြတ်နိုင်မှုမှာ မနောဒွါရဝီထိတို့၏ အရာသာဖြစ်သည်။ အကြောင်းမူ စက္ခုဒွါရဝီထိအတွင်း၌ တည်ရှိကြသော နာမ်တရားအားလုံးတို့သည် ရူပါရုံ အရောင်မျှကိုသာ ကုသိုလ်ဇော စောရာ၌ အာရုံပြုနိုင်သောကြောင့် ဖြစ်သည်။ ဝုဋ္ဌောက ယင်းရူပါရုံကို ရူပါရုံ = အရောင်ဟု ဆုံးဖြတ်ခြင်းသည်လည်း ယောနိသောမနသိကာရပင် ဖြစ်သည်။ သို့သော် တကယ်တန်း ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင်သည်ကား မဟုတ်၊ ဆုံးဖြတ်သကဲ့သို့သာ ဖြစ်သည်။ စက္ခုဒွါရ တစ်ဝီထိလုံးက အရောင်မျှကိုသာ သိ၍ ရူပါရုံဟုပင် ပိုင်ပိုင်နိုင်နိုင် မသိသေးသောကြောင့် ဖြစ်သည်။ ယင်းသို့ ဆုံးဖြတ်သည့် ဝုဋ္ဌော (၁၂)လုံးကို ပထမဇောစသော ဇော ဝေဒနာက္ခန္ဓာ၏ အနန္တရစသော အကြောင်းတရားဖြစ်မှုကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား၊ အကျိုးတရားဟု သိမ်းဆည်းပါ။ သညာက္ခန္ဓာ စသည်တို့၌လည်း နည်းတူ မှတ်ပါ။ တစ်ဖန် —

၁။ **သဒ္ဓမ္မသဝန** = သူတော်ကောင်းတရားကို နာကြားရခြင်း၊
၂။ **သပ္ပုရိသူပနိဿယ** = သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခွင့် ရခြင်း၊
၃။ **ပဋိရူပဒေသဝါသ** = သူတော် သူမြတ်တို့ရှိရာ အရပ်၌ နေထိုင်ရခြင်း၊
၄။ **ဓမ္မာနုဓမ္မပဋိပန္န** = လောကုတ္တရာတရား (၉)ပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ကို ကျင့်ခြင်း —

ဤသို့စသော တရားများကို ဆက်လက်၍ ရှုလိုပါက ရှုပါ။ ဤတွင်ကား ယောနိသောမနသိကာရမျှကိုသာ ပဓာနထား၍ ရေးသားတင်ပြထားပါသည်။ သဒ္ဒါရုံ အသံလိုင်း စသည်တို့၌လည်း နည်းတူသဘောပေါက်ပါ။

## ရူပါရုံလိုင်း — ကုသိုလ် ပထမဇော — သညာက္ခန္ဓာ (စက္ခုဒွါရဝီထိ)

၁။ ၂။ ဝေဒနာက္ခန္ဓာနှင့် တူသည်၊ နည်းမှီး၍ ရှုပါ။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမဇောသညာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၃လုံး)က အကြောင်းတရား၊ ပထမဇော သညာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂လုံး)က အကြောင်းတရား၊ ပထမဇော သညာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း — ကုသိုလ် ပထမဇော — သင်္ခါရက္ခန္ဓာ (စက္ခုဒွါရဝီထိ) (စေတနာ – ပ –)

၁။ ၂။ ဝေဒနာက္ခန္ဓာနှင့် အားလုံးတူသည်။ နည်းမှီး၍ ရှုပါ။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမဇော သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၃လုံး)က အကြောင်းတရား၊ ပထမဇောသင်္ခါရက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂လုံး)က အကြောင်းတရား၊ ပထမဇော သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရှုပါရုံလိုင်း – ကုသိုလ် ပထမဇော – သင်္ခါရက္ခန္ဓာ (စက္ခုဒွါရဝီထိ)
## (စေတသိက် – ၃၁ – လုံး – ဒု –)

၁။ ၂။ ဝေဒနာက္ခန္ဓာနှင့် အားလုံးတူသည်။ နည်းမှီး၍ ရှုပါ။

၃။ (က) ဖဿ (= စက္ခုသမ္ဖဿ = ၈-လုံး)က အကြောင်းတရား၊ ပထမဇော သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) ကျန်နာမ်ခန္ဓာသုံးပါးက အကြောင်းတရား၊ ပထမဇော သင်္ခါရက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂လုံး)က အကြောင်းတရား၊သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရှုပါရုံလိုင်း – ကုသိုလ် ပထမဇော – ဝိညာဏက္ခန္ဓာ (စက္ခုဒွါရဝီထိ)

၁။ ဖဿ (= စက္ခုသမ္ဖဿ = ၈-လုံး)က အကြောင်းတရား၊ ပထမဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။

၂။ ပထမဇော နာမ်ရုပ်က အကြောင်းတရား၊ ပထမဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။

၃။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂လုံး)က အကြောင်းတရား၊ ပထမဇော ဝိညာဏက္ခန္ဓာက အကျိုး-တရား။

**နာမ်** – ဟူသည် ကုသိုလ် ပထမဇောနှင့် ယှဉ်ဖက် စေတသိက် (၃၃)လုံးတည်း။
**ရုပ်** – ဟူသည် ဟဒယဥ္စတည်ရှိသော မှီရာဝတ္ထုရုပ် (၅၄)နှင့် ရူပါရုံတည်း။

## ဉာဏ် ပီတိ အပြောင်းအလဲ

အကယ်၍ အထက်ပါ ကုသိုလ်ဇောသည် ဥပေက္ခာဝေဒနာနှင့် အတူတကွဖြစ်သော် ပီတိ မယှဉ်နိုင်သဖြင့် ဇောနာမ်တရားများမှာ (၃၃)လုံး ဖြစ်ကြ၏။ အကယ်၍ ဉာဏ်မယှဉ်သော် (၃၃)ပင် ဖြစ်၏။ ဉာဏ် ပီတိ နှစ်မျိုးလုံး မယှဉ်သော် (၃၂) ဖြစ်၏။ သန္တီရဏ၌လည်း ဥပေက္ခာဝေဒနာနှင့် အတူတကွဖြစ်သော် ပီတိမယှဉ်နိုင်၊ သောမနဿ ဝေဒနာနှင့် အတူတကွဖြစ်သော် ပီတိယှဉ်နိုင်၏။ တဒါရုံမှာ မဟာဝိပါက်တဒါရုံ ဖြစ်သော် ဇောနည်းတူ မှတ်ပါ။ အဟိတ် သန္တီရဏတဒါရုံဖြစ်သော် သန္တီရဏနှင့် နည်းတူမှတ်ပါ။

သို့အတွက် ဉာဏ် ပီတိ အပြောင်းအလဲသို့လိုက်၍ သန္တီရဏ ဇော တဒါရုံတို့၌ စိတ်စေတသိက် အရေအ-တွက် အပြောင်းအလဲ ရှိပေသည်။ အထူးသဖြင့် သန္တီရဏ မနောသမ္ဖဿ, ဇော မနောသမ္ဖဿ, တဒါရုံ မနော-သမ္ဖဿ တို့၌လည်းကောင်း, သင်္ခါရက္ခန္ဓာ ဒုတိယနည်း စသည်တို့၌လည်းကောင်း စိတ်စေတသိက် အရေအတွက်ကို သတိပြုပါ။ ဝေဒနာ, သညာ, ဝိညာဏ် (၃)လုံးမှ ကြွင်းသော ကျန်စေတသိက် ဟူသမျှသည် နည်းနည်းများများ သင်္ခါရက္ခန္ဓာဟူသော အမည်ကို ရသည်သာဟု မှတ်ပါ။

အထက်တွင် ရေးသားတင်ပြထားသော ဇောခန္ဓာငါးပါးရှုကွက်မှာ ကုသိုလ် ပထမဇောရှုကွက်သာ ဖြစ်သည်။ ဒုတိယဇောစသည်တို့၌လည်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရမည်သာ ဖြစ်သည်။ ယင်းဒုတိယဇောစသည်တို့၌ ဖဿအရာတွင် ပုံစံအနည်းငယ် အပြောင်းအလဲ ရှိပေသည်။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊
(ပဋ္ဌာန-၁-၃။)

**ပုရိမာ ပုရိမာ**တိ ဆသု ဒွါရေသုပိ အနန္တရာတီတာ ကုသလဇဝနဓမ္မာ ဒဋ္ဌဗ္ဗာ။ **ပစ္ဆိမာနံ ပစ္ဆိမနန္တိ** အနန္တရုပ္ပဇ္ဇမာနာနဉ္စေဝ။ (အဘိ-ဋ္ဌ-၃-၃၆၃ ပဋ္ဌာနအဋ္ဌကထာ။)

ဤပါဠိတော် အဋ္ဌကထာတို့၌ ဟောကြားတော်မူချက် ဖွင့်ဆိုတော်မူချက်နှင့်အညီ ရှေးရှေး ကုသိုလ်ဇော များက နောက်နောက် ကုသိုလ်ဇောများအားလည်း အနန္တရစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးကြသဖြင့် ဖဿအရာတွင် ပထမဇော မနောသမ္ဖဿ စသည်ကိုပါ ထည့်သွင်း၍ အကြောင်းတရားပိုင်းတွင် သိမ်းဆည်းပါ။ ဖဿကို ပဓာနထား၍ ဆိုခြင်းတည်း။ ထိုအနန္တရ အကြောင်းတရားတစ်ခုကို အထက်ပါ ပထမဇောရှုကွက်တွင် ထပ်တိုး၍ ဒုတိယဇော စသည်တို့နှင့် တဒါရုံတို့၌ ရှုရမည် ဖြစ်သည်။ ဒုတိယဇော ဝေဒနာက္ခန္ဓာတစ်ခုကို ပုံစံထုတ်၍ ဖော်ပြအပ်ပါသည်။ ကျန်ဒုတိယဇော နာမ်ခန္ဓာတို့နှင့် ကျန်ဇော တဒါရုံတို့၌ နည်းမှီး၍ ရှုပါလေ။

## ရူပါရုံလိုင်း – ကုသိုလ် ဒုတိယဇော – ဝေဒနာက္ခန္ဓာ (စက္ခုဒွါရဝီထိ)

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ဒုတိယဇော မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုး-တရား။

**အနန္တရအကြောင်း**

ဒုတိယဇော၏ အနန္တရအကြောင်းမှာ ပထမဇော,
တတိယဇော၏ အနန္တရအကြောင်းမှာ ဒုတိယဇော,
စတုတ္ထဇော၏ အနန္တရအကြောင်းမှာ တတိယဇော,
ပဉ္စမဇော၏ အနန္တရအကြောင်းမှာ စတုတ္ထဇော,
ဆဋ္ဌဇော၏ အနန္တရအကြောင်းမှာ ပဉ္စမဇော,
သတ္တမဇော၏ အနန္တရအကြောင်းမှာ ဆဋ္ဌဇော,
ပထမတဒါရုံ၏ အနန္တရအကြောင်းမှာ သတ္တမဇော,
ဒုတိယတဒါရုံ၏ အနန္တရအကြောင်းမှာ ပထမတဒါရုံ,
တဒါရုံနောင် ပထမဘဝင်၏ အနန္တရအကြောင်းမှာ ဒုတိယတဒါရုံ -

ဤသို့စသည်ဖြင့် သဘောပေါက်ပါ။ အထက်တွင် ဝေဒနာက္ခန္ဓာရှုကွက် (၃-ခ)၌ အစားသွင်း၍ ရှုရန် သိမ်းဆည်းရန် ဖြစ်သည်။

## ရူပါရုံလိုင်း – ပထမတဒါရုံ ခန္ဓာ (၅) ပါး (စက္ခုဒွါရဝီထိ)

၁။ တဒါရုံ၏ မှီရာဝတ္ထုရုပ် (= ဟဒယ = ၆ = ၅၄)မျိုးနှင့် ရူပါရုံက ရူပက္ခန္ဓာ။

၂။ တဒါရုံ နာမ်တရား (= ၃၄)မှ ဝေဒနာက ဝေဒနာက္ခန္ဓာ။

၃။ တဒါရုံ နာမ်တရား (= ၃၄)မှ သညာက သညာက္ခန္ဓာ။

၄။ တဒါရုံ နာမ်တရား (= ၃၄)မှ စေတနာက သင်္ခါရက္ခန္ဓာ။ (ပထမနည်း)
တဒါရုံ နာမ်တရား (= ၃၄)မှ ကျန်စေတသိက် (၃၁)လုံးက သင်္ခါရက္ခန္ဓာ။ (ဒုတိယနည်း။)
၅။ တဒါရုံ နာမ်တရား (= ၃၄)မှ အသိစိတ်ဝိညာဏ်က ဝိညာဏက္ခန္ဓာ။

တဒါရုံ ရူပက္ခန္ဓာကို ပဉ္စဒွါရာဝဇ္ဇန်း ရူပက္ခန္ဓာနှင့် နည်းတူ ရှုပါ။

## ရူပါရုံလိုင်း – ပထမတဒါရုံ – ဝေဒနာက္ခန္ဓာ (စက္ခုဒွါရဝီထိ)

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။

### ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သတ္တမဇော မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား ဝေဒနာက္ခန္ဓာက အကျိုး-တရား။

## ရူပါရုံလိုင်း – ပထမတဒါရုံ – သညာက္ခန္ဓာ (စက္ခုဒွါရဝီထိ)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ပထမတဒါရုံ ဝေဒနာက္ခန္ဓာနှင့် တူသည်၊ နည်းမှီး၍ ရှုပါ။

၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ တဒါရုံ သညာက္ခန္ဓာက အကျိုးတရား။
(ခ) သတ္တမဇော မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ တဒါရုံ သညာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ တဒါရုံ သညာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – ပထမတဒါရုံ – သင်္ခါရက္ခန္ဓာ (စက္ခုဒွါရဝီထိ) (စေတနာကို ကောက် – ပ –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ပထမတဒါရုံ ဝေဒနာက္ခန္ဓာနှင့် တူသည်၊ နည်းမှီး၍ ရှုပါ။

၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ တဒါရုံ သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) သတ္တမဇော မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ တဒါရုံ သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ တဒါရုံသင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – ပထမတဒါရုံ – သင်္ခါရက္ခန္ဓာ (စက္ခုဒွါရဝီထိ)
## (စေတသိက် – ၃၁ – လုံး ကောက် – ဒု –)

၁။ ၂။ ၃။ ၄။ ၅။ ၆။ ၇။ ပထမတဒါရုံ ဝေဒနာက္ခန္ဓာနှင့် တူသည်။ နည်းမှီး၍ ရှုပါ။

၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ တဒါရုံ သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) သတ္တမဇောမနောသမ္ဖဿ (= ၃၄)လုံးက အကြောင်းတရား၊ တဒါရုံ သင်္ခါရက္ခန္ဓာက အကျိုးတရား။

၉။ ကျန်နာမ်ခန္ဓာ (၃)ပါးက အကြောင်းတရား၊ တဒါရုံ သင်္ခါရက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – ပထမတဒါရုံ – ဝိညာဏက္ခန္ဓာ (စက္ခုဒွါရဝီထိ)

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ တဒါရုံ ဝိညာဏက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ တဒါရုံ ဝိညာဏက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ တဒါရုံ ဝိညာဏက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ တဒါရုံ ဝိညာဏက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ တဒါရုံ ဝိညာဏက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၂) ပါး**

၆။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ တဒါရုံ ဝိညာဏက္ခန္ဓာက အကျိုးတရား။
(ခ) သတ္တမဇော မနောသမ္ဖဿ (= ၃၄)လုံးက အကြောင်းတရား၊ တဒါရုံ ဝိညာဏက္ခန္ဓာက အကျိုးတရား။

၇။ ပထမတဒါရုံ နာမ်ရုပ်က အကြောင်းတရား၊ တဒါရုံ ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** – ဟူသည် ပထမတဒါရုံစိတ်နှင့် ယှဉ်ဖက် စေတသိက် (= ၃၃-လုံး)တည်း။
**ရုပ်** – ဟူသည် ဟဒယဝတ္ထုရှိသော မှီရာဝတ္ထုရုပ် (၅၄)မျိုးနှင့် ရူပါရုံတည်း။

## ယေဘုယျ မှတ်သားရန်

အကယ်၍ တဒါရုံသည် မဟာဝိပါက် တဒါရုံ ဖြစ်အံ့ –

၁။ သောမနဿဝေဒနာနှင့် အတူတကွဖြစ်၍ ဉာဏ်ယှဉ်သော် နာမ်တရား (၃၄)
၂။ သောမနဿဝေဒနာနှင့် အတူတကွဖြစ်၍ ဉာဏ်မယှဉ်သော် နာမ်တရား (၃၃)
၃။ ဥပေက္ခာဝေဒနာနှင့် အတူတကွဖြစ်၍ ဉာဏ်ယှဉ်သော် နာမ်တရား (၃၃)
၄။ ဥပေက္ခာဝေဒနာနှင့် အတူတကွဖြစ်၍ ဉာဏ်မယှဉ်သော် နာမ်တရား (၃၂)
၅။ အဟိတ် သောမနဿသန္တီရဏ တဒါရုံ ဖြစ်သော် နာမ်တရား (၁၂)
၆။ အဟိတ် ဥပေက္ခာသန္တီရဏ တဒါရုံ ဖြစ်သော် နာမ်တရား (၁၁)

အသီးအသီး ရှိ၏။ အထက်တွင် သောမနဿဝေဒနာနှင့် အတူတကွဖြစ်သော ဉာဏ်ယှဉ်သော မဟာဝိပါက် တဒါရုံကို ပုံစံထုတ်၍ ပြထားပါသည်။ အကယ်၍ အထက်ဖော်ပြပါ အခြားတဒါရုံ တစ်ခုခု ကျခဲ့လျှင်လည်း စိတ်စေတသိက် အရေအတွက်မှာ သင်္ခါရက္ခန္ဓာ၌ ယုတ်လျော့ဖွယ်ရှိသည်။ ဝေဒနာ သညာ ဝိညာဏ်မှ ကြွင်းကျန်

သမ္ဗျူ စေတသိက်ဟူသမျှသည် သင်္ခါရက္ခန္ဓာချည်းပင်တည်း။

အဟိတ် ကုသလဝိပါက် သောမနဿသန္တီရဏ တဒါရုံ, အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ တဒါရုံ, အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ တဒါရုံတို့၌ သန္တီရဏ၌ ရေးသားခဲ့သော အကြောင်းတရား အကျိုးတရား သိမ်းဆည်းနည်းကို နည်းမှီး၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

ဒုတိယတဒါရုံ၌လည်း ခန္ဓာငါးပါးဖွဲ့၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ခန္ဓာငါးပါး ဖွဲ့ပုံမှာ ပထမတဒါရုံနှင့် တူပြီ။ ရူပက္ခန္ဓာရှုကွက်မှာ ပဉ္စဒွါရာဝဇ္ဇန်း ရူပက္ခန္ဓာ ရှုကွက်နှင့် တူပြီ။ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာရှုကွက်ကို ဖော်ပြအပ်ပါသည်။

## ရူပါရုံလိုင်း – ဒုတိယတဒါရုံ – ဝေဒနာက္ခန္ဓာ (စက္ခုဒွါရဝီထိ)

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ဒုတိယတဒါရုံ မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံကို အာရုံယူသည့် မနောဒွါရဝီထိများ

ဤမျှဆိုလျှင် ဒုတိယတဒါရုံ ခန္ဓာ (၅)ပါးရှုကွက်ကို သဘောပေါက်သင့်ပေပြီ။ ဤတွင် စက္ခုဒွါရဝီထိ အတွင်း၌ တည်ရှိသော ကုသိုလ်ဇောစောသည့် အကောင်းအုပ်စု၌ ဝီထိစိတ္တက္ခဏတိုင်း ဝီထိစိတ္တက္ခဏတိုင်း၌ အကြောင်းအကျိုး ဆက်စပ်၍ရှုနည်း အကြောင်းအကျိုး သိမ်းဆည်းနည်းကို အရိပ်အမြွက်မျှ ပုံစံထုတ်၍ ဖော်ပြပြီး ဖြစ်၏။ ဤစနစ်ကို နည်းမှီး၍ ကျန်အကောင်းအုပ်စု နာမ်တရားတို့၌ ရှုပွားနိုင် သိမ်းဆည်းနိုင်လောက်ပေပြီ။ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း အတန်းတိုင်း စိတ္တက္ခဏတိုင်း၌ ခန္ဓာငါးပါးဖွဲ့၍ အကြောင်းအကျိုးတို့ကို သိမ်းဆည်းပါ။

တစ်ဖန် စက္ခုဒွါရဝီထိ၏ နောင်၌ ဘဝင်များ ကျလာကြ၏။ ယင်းဘဝင်တွင်လည်း ခန္ဓာ (၅)ပါးဖွဲ့၍ ရှေးတွင် ရေးသားတင်ပြခဲ့သည့် ဘဝင်ခန္ဓာ (၅)ပါး ရှုကွက်ကို နည်းမှီး၍ အကြောင်းတရား အကျိုးတရားတို့ကို

သိမ်းဆည်းပါ။ အကယ်၍ ထိုမိမိရှုသော ဘဝင်သည် ဇောနောင် ကပ်လျက်ကျသော ဘဝင်ဖြစ်မူ အနန္တရ အကြောင်းတရားမှာ သတ္တမဇောဖြစ်၏။ တဒါရုံနောင် ကပ်လျက်ကျသော ဘဝင်ဖြစ်မူ အနန္တရအကြောင်းတရားမှာ ဒုတိယတဒါရုံ ဖြစ်၏။ အကယ်၍ ဘဝင်နောင် ထပ်၍ကျသော ဘဝင်ဖြစ်မူ ရှေးရှေး ဘဝင်သည် အနန္တရ အကြောင်းတရား ဖြစ်ပေသည်။ သတိပြု၍ သိမ်းဆည်းပါ။

တစ်ဖန် ထိုဘဝင်များ၏ နောင်၌ စက္ခုဒွါရဝီထိက အာရုံယူခဲ့သော (အတိတ်)ရူပါရုံကိုပင် ဆက်လက် အာရုံယူသည့် တဒနုဝတ္တက မနောဒွါရဝီထိစသော မနောဒွါရဝီထိများလည်း ဖြစ်နိုင်၏။ မနောဒွါရဝီထိတို့သည် စက္ခုဒွါရဝီထိက အာရုံယူခဲ့သည့် အတိတ်ရူပါရုံကိုသာ အာရုံပြုနိုင်သည်ဟူ၍ ဤသို့ကား အယူအဆ မမှားစေ-လိုပါ။ အတိတ်ရူပါရုံကိုသာ အာရုံယူနိုင်သော မနောဒွါရဝီထိများ ရှိကြသကဲ့သို့ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုနိုင်သော မနောဒွါရဝီထိများလည်း ရှိကြသည်သာ ဖြစ်၏။

ဧတံ = (ပဉ္စဒွါရိကဇဝနံ) န လက္ခဏာရမ္မဏိကဝိပဿနာဝသေန ပဝတ္တတိ။ ပ ။ သဗ္ဗောပိ ပနေသ ပဘေဒေါ မနောဒွါရိကဇဝနေယေဝ လဗ္ဘတိ။ (အဘိ-ဋ္ဌ-၂-၃၈၈။)

ပဉ္စဒွါရိကဇောကား ရူပါရုံအဝင်အပါဖြစ်သည့် သင်္ခါရတရားတို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တ-လက္ခဏာလျှင် အာရုံရှိသော လက္ခဏာရမ္မဏိက ဝိပဿနာ၏ အစွမ်းဖြင့် မဖြစ်နိုင်။ ပ ။ မနောဒွါရိကဇော၌ သာလျှင် သင်္ခါရတရားတို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာလျှင် အာရုံရှိသော လက္ခဏာ-ရမ္မဏိက ဝိပဿနာဇောကို ရအပ်ပေ၏။ (အဘိ-ဋ္ဌ-၂-၃၈၈။)

ဤအဋ္ဌကထာအဖွင့်များနှင့် အညီ မနောဒွါရိကဇောတို့သည် ရူပါရုံ အဝင်အပါဖြစ်သည့် သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ထွင်းဖောက် သိမြင်နိုင်သော စွမ်းအား အပြည့် အဝ ရှိပေသည်။ သို့အတွက် အတိတ်ရူပါရုံစသည့် အတိတ်သင်္ခါရတရားတို့ကိုလည်း မနောဒွါရိကဇောတို့သည် အာရုံယူနိုင်ကြ၏။ ပစ္စုပ္ပန်သင်္ခါရတရားတို့ကိုလည်း အာရုံယူနိုင်ကြ၏။ အနာဂတ်သင်္ခါရတရားတို့ကိုလည်း အာရုံယူနိုင်ကြ၏ဟု မှတ်ပါ။

ယင်းမနောဒွါရဝီထိတို့မှာ ဝိဘူတာရုံဖြစ်က မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်၊ ဇော (၇)ကြိမ်၊ တဒါရုံ (၂)ကြိမ်၊ အဝိဘူတာရုံဖြစ်က မနောဒွါရာဝဇ္ဇန်း (၁)ကြိမ် ၊ ဇော (၇)ကြိမ်တို့ ဖြစ်ကြ၏။

၁။ မနောဒွါရာဝဇ္ဇန်း၌ စိတ်စေတသိက် = နာမ်တရား (၁၂)လုံး။
၂။ ဇောအသီးအသီး၌ မဟာကုသိုလ်ဇောဖြစ်အံ့ (၃၄/၃၃/၃၃/၃၂)လုံး။
၃။ တဒါရုံ အသီးအသီး၌ မဟာဝိပါက်တဒါရုံ ဖြစ်အံ့ (၃၄/၃၃/၃၃/၃၂)လုံး။
၄။ အဟိတ် သန္တီရဏတဒါရုံ ဖြစ်အံ့ (၁၂/၁၁)လုံး -

ဤသို့ထိုက်သလို နာမ်တရားများ ဖြစ်ကြ၏။

ထိုတွင် မနောဒွါရာဝဇ္ဇန်း၌ ခန္ဓာငါးပါးဖွဲ့ပုံသည် ဝုဋ္ဌော၌ ခန္ဓာငါးပါးဖွဲ့ပုံနှင့် အားလုံးတူ၏။ မနောဒွါရာ-ဝဇ္ဇန်း၏ ရူပက္ခန္ဓာရှုကွက်သည် ပဉ္စဒွါရာဝဇ္ဇန်း၏ ရူပက္ခန္ဓာရှုကွက်နှင့် တူပြီ။

## ရူပါရုံလိုင်း – မနောဒွါရာဝဇ္ဇန်း – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ဘဝင်မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၁-လုံး)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

**စက္ခုသမ္ဖဿ – ပုရိမာ ပုရိမာ**တိ အနန္တရူပနိဿယေ သမနန္တရတီတာ လဗ္ဘန္တိ၊ အာရမ္မဏူပနိဿယ-ပကတူပနိဿယေသု နာနာဝီထိဝသေန ပုရိမတရာ။ (အဘိ-ဋ္ဌ-၃-၃၆၈။)

အနန္တရူပနိဿယ၌ အကြောင်းတရားကား ရှေးစိတ္တက္ခဏ တရားစုတို့တည်း၊ အကျိုးတရားတို့ကား နောက်စိတ္တက္ခဏ တရားစုတို့တည်း။ အာရမ္မဏူပနိဿယ ပကတူပနိဿယတို့၌ကား အကြောင်းတရားနှင့် အကျိုးတရားတို့သည် အသီးအသီးသော ဝီထိတို့၏ အစွမ်းဖြင့်လည်း ကျေးဇူးပြုကြ၏။ အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဝီထိချင်းမတူသော်လည်း ဝီထိချင်းခြားသော်လည်း ဝီထိချင်းကွာခြားနေသော အကြောင်းတရားတို့က ဝီထိချင်းကွာခြားနေသော အကျိုးတရားတို့အား ဖြစ်ပေါ်လာအောင် ပကတူပနိဿယ အာရမ္မဏူပနိဿယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးနိုင်ကြ၏။ ထို့ကြောင့် စက္ခုသမ္ဖဿ နာမ်တရားစုတို့ကိုလည်း ဝီထိခြားလျက်ရှိသော ရူပါရုံကို ဆက်လက်အာရုံယူကြသည့် တဒနုဝတ္တက မနောဒွါရဝီထိစသည်တို့၌ တည်ရှိသော နာမ်တရားစုတို့၏ အကြောင်းတရားအဖြစ် ဖော်ပြထားပါသည်။ အားကောင်းသော ဝိပဿနာဇောတို့ကား စက္ခုသမ္ဖဿ၏ အကူအညီ မပါဘဲလည်း ရူပါရုံကို တစ်နည်း ရူပါရုံနှင့်တကွသော သင်္ခါရတရားတို့ကို အာရုံပြုနိုင်သဖြင့် ထိုအခါမျိုး၌ စက္ခုသမ္ဖဿ၏ ကျေးဇူးပြုပေးမှု အကြောင်းတရားသည် ချို့တဲ့နိုင်ပေသည်။

## ဘဝင် မနောသမ္ဖဿ

ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။ (သံ-၂-၂၄၈။)

**မနောသမ္ဖဿော**တိ ဘဝင်္ဂသဟဇာတော သမ္ဖဿော။ **ဝေဒယိတ**န္တိ သဟာဝဇ္ဇနဝေဒနာယ ဇဝနဝေဒနာ၊ ဘဝင်္ဂသမ္ပယုတ္တာယ ပန ဝတ္တဗ္ဗမေဝ နတ္ထိ။ (သံ-ဋ္ဌ-၃-၅။)

တံပုဗ္ဗကတ္တာ မနောဝိညာဏဖဿဝေဒနာနံ မူလပစ္စယဘူတာ သဗ္ဗေသ္ဝေ စက္ခုဒွါရာဒီသု ဝုတ္တိတ္တာ တဒနုရူပတော **“ဘဝင်္ဂသဟဇာတော သမ္ဖဿော”**တိ ဝုတ္တံ။ **သဟာဝဇ္ဇနဝေဒနာယ ဇဝနဝေဒနာ** “ဝေဒယိတ”န္တိ အဓိပ္ပေတာ။ **ဘဝင်္ဂသမ္ပယုတ္တာယ ပန** ဝေဒနာယ ဂဟဏေ **ဝတ္တဗ္ဗမေဝ နတ္ထိ**။ (သံ-ဋီ-၂-၂၈၆။)

ဤပါဠိတော် အဋ္ဌကထာ ဋီကာများနှင့်အညီ ရူပါရုံကို ဆက်လက်အာရုံယူနေကြသည့် တဒနုဝတ္တက မနော-ဒွါရဝီထိ စသည်တို့၏ ရှေး၌ ကပ်လျက် ဖြစ်သွားကြသော ဘဝင်မနောသမ္ဖဿ ဦးဆောင်သည့် ဘဝင်နာမ်တရားစုတို့သည် –

၁။ အချင်းချင်းအားလည်းကောင်း,

၂။ မနောဒွါရာဝဇ္ဇန်း နာမ်တရားစုတို့အားလည်းကောင်း,

၃။ ဇော နာမ်တရားစုတို့အားလည်းကောင်း,

၄။ အကယ်၍ ဇောနောင် တဒါရုံကျခဲ့လျှင် တဒါရုံ နာမ်တရားစုတို့အားလည်းကောင်း,

ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးလျက် ရှိ၏။ သို့အတွက် ဘဝင် မနောသမ္ဖဿကိုလည်း ရူပါရုံကို

ဆက်လက်၍ အာရုံယူကြသည့် မနောဒွါရဝီထိ နာမ်တရားစုတို့၏ အကြောင်းတရားအဖြစ်ဖြင့် ဖော်ပြထား-ပါသည်။ ဖဿကိုပင် ဦးတည်၍ ဖော်ပြထားခြင်း ဖြစ်သည်။

မနောဒွါရာဝဇ္ဇန်း၌ ဤဝေဒနာက္ခန္ဓာရှုကွက်ကို သဘောပေါက်ပါက သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာ-ဏက္ခန္ဓာ ရှုကွက်တို့၌လည်း ရှေး၌ ရေးသားခဲ့သော နည်းများကို အစဉ်မှီး၍ သဘောပေါက်လောက်ပေပြီ။ ရူပါရုံကိုပင် ဆက်လက် အာရုံပြုသည့် မနောဒွါရဝီထိ၏ အတွင်း၌ အကျုံးဝင်သော ပထမဇော ဝေဒနာက္ခန္ဓာ တစ်ခု၌ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံကို နည်းမှီးနိုင်အောင် ဆက်လက် ဖော်ပြအပ်ပါသည်။ (ဤမနောဒွါရဝီထိအတွင်း၌ အကျုံးဝင်သော ဇောအသီးအသီး၌လည်းကောင်း, တဒါရုံအသီးအသီး၌ လည်းကောင်း ခန္ဓာငါးပါးဖွဲ့ပုံသည် စက္ခုဒွါရ၌ ဖော်ပြခဲ့သော ဇော တဒါရုံတို့၌ ခန္ဓာငါးပါး ဖွဲ့စည်းပုံနှင့် အလုံးစုံ တူလေပြီ။ ထူးခြားမှု မရှိတော့ပြီ။ နည်းမှီး၍သာ ရှုပါ။)

## ရူပါရုံလိုင်း – မနောဒွါရဝီထိ – ကုသိုလ် ပထမဇော – ဝေဒနာက္ခန္ဓာ

### ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမဇော မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – မနောဒွါရဝီထိ – ကုသိုလ် ဒုတိယဇော – ဝေဒနာက္ခန္ဓာ

### ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇောဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမဇော မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ဒုတိယဇော မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ ဒုတိယဇောဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် ကြွင်းကျန်သော ပထမဇောခန္ဓာ, ဒုတိယဇောခန္ဓာတို့၌လည်းကောင်း, တတိယဇောစသည့် ခန္ဓာတို့၌လည်းကောင်း နည်းမှီး၍ ရှုနိုင်လောက်ပေပြီ။ တတိယဇောစသည့် နောက်နောက်ဇောအား ဒုတိယဇော စသည့် ရှေးရှေးဇောက အနန္တရစသော ပစ္စယသတ္တိဖြင့် အဆင့်ဆင့် ကျေးဇူးပြုပေးပုံကိုလည်း သဘောပေါက်ပါလေ။

**ယောနိသောမနသိကာရ** – ရူပါရုံ (= အရောင်)ကို (၁) ရူပါရုံ အရောင်ဟု, (၂) အနိစ္စဟု, (၃) ဒုက္ခဟု, (၄) အနတ္တဟု, (၅) အသုဘဟု - ဆုံးဖြတ်မှုများသည် ယောနိသောမနသိကာရဖြစ်သဖြင့် ဤအပိုင်း၌ ယင်း ယောနိသောမနသိကာရ၏ တရားကိုယ်မှာ (ဇောမဟုတ်တော့ဘဲ) မနောဒွါရာဝဇ္ဇန်း နာမ်တရားစု (၁၂)လုံးပင် ဖြစ်သည်။ **ဓဝနပဋိပါဒကမနသိကာရ** = ဇော၏ အခြေခံအကြောင်းရင်း နှလုံးသွင်းမှုပင်တည်း။ သို့အတွက် ယောနိသောမနသိကာရဟု ဆိုခြင်းနှင့် မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= နာမ်တရား-၁၂)ဟု ဆိုခြင်းမှာ အမည်ကွဲသော်လည်း တရားကိုယ်မှာ အတူတူပင်ဖြစ်သည်ဟု မှတ်သားပါလေ။

## ရူပါရုံလိုင်း – မနောဒွါရဝီထိ – ပထမတဒါရုံ – ဝေဒနာက္ခန္ဓာ

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဉပါဒါန် (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

### ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) သတ္တမဇော မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## သတ္တမဇော မနောသမ္ဖဿ (= ၃၄) နှင့် တဒါရုံ

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
(ပဋ္ဌာန-၁-၃။)

**အဗျာကတာန**န္တိ ဣဒံ ပန ကုသလာနန္တရံ တဒါရမ္မဏဘဝင်္ဂဖလသမာပတ္တိဝသေန ဝုတ္တံ။
(အဘိ-ဋ္ဌ-၃-၃၆၃။)

ရှေးရှေးသော ကုသိုလ်တရားတို့သည် နောက်နောက်သော အဗျာကတတရားတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၃။)

ကုသိုလ်ဇောက (= ကုသိုလ်တရားက) အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးပုံကို ဘုရားရှင် ဟောကြားတော်မူခြင်းသည် —

၁။ ကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ ယင်းကုသိုလ်တရားက တဒါရုံ ဝိပါက် အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ကုသိုလ်ဇောနောင် ဘဝင်ကျသည်ဖြစ်အံ့၊ ယင်းကုသိုလ်တရားက ဘဝင် = ဝိပါက် အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

၃။ အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော၊ အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၃၈။)

သေက္ခအမည်ရသော အရိယာသူတော်ကောင်းတို့၏ ဖလသမာပတ္တိဝီထိအတွင်း၌ ပါဝင်တည်ရှိကြသော အနုလောမ အမည်ရသော ကုသိုလ်တရားသည် ဖိုလ်ဇောဟူသော ဝိပါက် အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ရဟန္တာအရှင်မြတ်တို့၏ ဖလသမာပတ္တိဝီထိ အတွင်း၌ ပါဝင်တည်ရှိသော အနုလောမ အမည်ရသော မဟာကြိယာ အဗျာကတတရားသည် အရဟတ္တဖိုလ်ဇောဟူသော ဝိပါက် အဗျာကတတရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၆၃။)

ဤသို့ ဟောကြားထားတော်မူသဖြင့် သေက္ခအရှင်မြတ်တို့၏ ဖလသမာပတ္တိဝီထိ၌ ပါဝင်တည်ရှိသော အနုလောမအမည်ရသော မဟာကုသိုလ်တရားသည် သေက္ခအရှင်မြတ်တို့၏ သောတာပတ္တိဖိုလ် သို့မဟုတ် သကဒါဂါမိဖိုလ် သို့မဟုတ် အနာဂါမိဖိုလ်ဟူသော မိမိရရှိသည့် ဖိုလ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဤပါဠိတော် အဋ္ဌကထာတို့နှင့် အညီ — ကုသိုလ်တရားများကလည်း တဒါရုံဝိပါက်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု သိရှိပါလေ။

## ရူပါရုံလိုင်း — မနောဒွါရဝီထိ — ဒုတိယတဒါရုံ — ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင်မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ဒုတိယတဒါရုံ မနောသမ္ဖဿ (= ၃၃-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် ကြွင်းကျန်သော နာမ်ခန္ဓာတို့၌လည်း သဘောပေါက်လောက်ပေပြီ၊ နည်းမှီး၍သာ ရှုပါလေ။

၁။ ပီတိမယှဉ် ဉာဏ်သာယှဉ်သော စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌လည်းကောင်း,
၂။ ပီတိယှဉ်၍ ဉာဏ်မယှဉ်သော စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌လည်းကောင်း,
၃။ ဉာဏ် ပီတိ နှစ်မျိုးလုံး မယှဉ်သော စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌လည်းကောင်း,
၄။ အထက်တွင် ဖော်ပြခဲ့ပြီးသော ဉာဏ် ပီတိ နှစ်မျိုးလုံး ယှဉ်သည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌ လည်းကောင်း –

စိတ္တက္ခဏတိုင်းဝယ် အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံကို နည်းမှီး၍ ရှုပါ။ ဉာဏ်မယှဉ်က သင်္ခါရက္ခန္ဓာနှင့် ဖဿစသည်တို့၌ ဉာဏ်လျော့သွား၏၊ ပီတိမယှဉ်ပါက ပီတိလျော့သွား၏၊ ဉာဏ် ပီတိ နှစ်မျိုးလုံး မယှဉ်ပါက နှစ်မျိုးလုံး လျော့သွား၏။ နာမ်တရား (၃၄)အရာတွင် (၃၃/၃၃/၃၂) ဖြစ်ခြင်းသာ ထူးသည်။ တစ်ဖန် သန္တီရဏ၌ ပီတိ ယှဉ် မယှဉ်သို့လိုက်၍ နာမ်တရားစုမှာ (၁၂/၁၁) ထိုက်သလို ဖြစ်သည်။ မဟာဝိပါက် တဒါရုံ၌ ကုသိုလ်ဇောနှင့် နာမ်တရားစု အရေအတွက် တူ၏။ သန္တီရဏတဒါရုံ၌ သန္တီရဏနှင့် နာမ်တရားစု အရေအတွက် တူ၏။ နည်းမှီး၍သာ ကုန်စင်အောင်ရှုပါ။

## ရူပါရုံလိုင်း – မနောဒွါရဝီထိများ

ရူပါရုံကိုပင်လျှင် – (ဤ၌ ရုပ်ကလာပ်တစ်ခု၏ အတွင်း၌ရှိသော ရူပါရုံကိုပင်)

၁။ ရုပ်တရားဟု ရှုသော ရုပ်တရားဟု သိနေသော မနောဒွါရဝီထိများ,
၂။ အနိစ္စဟု ရှုသော အနိစ္စဟု သိနေသော မနောဒွါရဝီထိများ,
၃။ ဒုက္ခဟု ရှုနေသော ဒုက္ခဟု သိနေသော မနောဒွါရဝီထိများ,
၄။ အနတ္တဟု ရှုနေသော အနတ္တဟု သိနေသော မနောဒွါရဝီထိများ,
၅။ အသုဘဟု ရှုနေသော အသုဘဟု သိနေသော မနောဒွါရဝီထိများ,

ဤမနောဒွါရဝီထိတို့၌လည်း စိတ္တက္ခဏတိုင်းဝယ် ခန္ဓာငါးပါးဖွဲ့၍ အကြောင်းတရား အကျိုးတရားတို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ နည်းရလောက်ပေပြီ။ ရူပါရုံကို အနိစ္စဟု ရှုလျှင် အနိစ္စဟု ဆင်ခြင်ဆုံးဖြတ်မှုသည်ပင်လျှင် ယောနိသောမနသိကာရ ဖြစ်သည်။ ဤသို့စသည်ဖြင့် သဘောပေါက်ပါလေ။ ဉာဏ် ပီတိ ယှဉ် မယှဉ်သို့

လိုက်၍ သောမနဿဝေဒနာနှင့် ဥပေက္ခာဝေဒနာသို့လိုက်၍ စေတသိက် တစ်လုံး နှစ်လုံး အပြောင်းအလဲကို သဘောပေါက်ပါလေ။

ယခုတစ်ဖန် ဆက်လက်၍ ရူပါရုံလိုင်း၌ပင် အကုသိုလ်ဇောများ စောသည့် မကောင်းအုပ်စု နာမ်တရားစုတို့၌လည်း တစ်နည်းဆိုသော် အကုသိုလ်ဇော စောသည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌လည်း အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံ နည်းအမြွက်ကို တင်ပြအပ်ပါသည်။ ထိုတွင် ပဥ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌောတို့၌ ကုသိုလ်ဇော စောသည့် စက္ခုဒွါရဝီထိ အကောင်းအုပ်စုတွင် ဖော်ပြခဲ့သည့်အတိုင်း ရှုပါ။ ဤတွင် လောဘမူ ပထမ အသင်္ခါရိကစိတ် လောဘဒိဋ္ဌိ အကုသိုလ်ဇော အလုံး (၂၀)အုပ်စုတွင် ပထမဇောကို ပုံစံထုတ်၍ တင်ပြပေအံ့ –

## ရူပါရုံလိုင်း – စက္ခုဒွါရဝီထိ – လောဘဒိဋ္ဌိအုပ်စု – ပထမ လောဘဇော ခန္ဓာ (၅) ပါး

၁။ လောဘဇော၏ မှီရာ ဟဒယ (= ၆ = ၅၄-မျိုး)နှင့် ရူပါရုံသည် ရူပက္ခန္ဓာတည်း။
၂။ လောဘဇော နာမ်တရား အလုံး (၂၀)မှ ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း။
၃။ လောဘဇော နာမ်တရား အလုံး (၂၀)မှ သညာသည် သညာက္ခန္ဓာတည်း။
၄။ လောဘဇော နာမ်တရား အလုံး (၂၀)မှ စေတနာသည် သင်္ခါရက္ခန္ဓာတည်း။ (ပ)
လောဘဇော နာမ်တရား အလုံး (၂၀)မှ ကျန်စေတသိက် (၁၇)လုံးသည် သင်္ခါရက္ခန္ဓာတည်း။ (ဒု)
၅။ လောဘဇော နာမ်တရားအလုံး (၂၀)မှ အသိစိတ်ဝိညာဏ်သည် ဝိညာဏက္ခန္ဓာတည်း။

လောဘဇော၏မှီရာ ရူပက္ခန္ဓာ၌ အကြောင်း အကျိုး သိမ်းဆည်းပုံမှာ ကုသိုလ်ဇော ရူပက္ခန္ဓာ၌ အကြောင်း အကျိုး သိမ်းဆည်းပုံနှင့် အားလုံးတူသည်။ နည်းမှီး၍သာ ရှုပါ။ (ပဥ္စဒွါရာဝဇ္ဇန်း ရူပက္ခန္ဓာကို နည်းမှီး၍ ရှုပါ။)

## ရူပါရုံလိုင်း – စက္ခုဒွါရဝီထိ – လောဘဒိဋ္ဌိအုပ်စု – ပထမဇော – ဝေဒနာက္ခန္ဓာ

### ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၁၉-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ အယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

အယောနိသောမနသိကာရဟူသည် အာရုံကို ဣဋ္ဌ အနိဋ္ဌစသည်ဖြင့် ဆုံးဖြတ်ချက် မှားမှုတည်း။ အကုသိုလ်ဇောများသည် ယင်းအယောနိသောမနသိကာရကို အခြေစိုက်၍ ထိုက်သလို စောကြ၏။ ရှေးပိုင်းတွင် ပဥ္စဒွါရဝီထိတို့သည် တစ်နည်း ပဥ္စဒွါရိကဇောတို့သည် အာရုံကို နိစ္စ သုခ အတ္တ သုဘဟုလည်းကောင်း အနိစ္စ ဒုက္ခ အနတ္တ အသုဘဟုလည်းကောင်း မသိနိုင်ကုန်။ မနောဒွါရိကဇောတို့ကသာ ထိုသို့ သိနိုင်ကုန်၏ – ဤသို့စသည်ဖြင့် ရှင်းပြခဲ့၏။ (နာမ်ကမ္မဋ္ဌာန်းပိုင်းကို ပြန်ကြည့်ပါ။) ဆရာစဉ်ဆက် သင်ကြားပို့ချရိုး ဝါစာနာမဂ္ဂအတိုင်းမူ ပဥ္စဒွါရဝီထိတို့၌ ဝုဋ္ဌောသည် အာရုံကို ဣဋ္ဌ အနိဋ္ဌစသည်ဖြင့် ဆုံးဖြတ်၏ဟု ဖွင့်ဆို ရေးသားထားကြသော်လည်း

အာရုံကို ဣဋ္ဌ အနိဋ္ဌစသည်ဖြင့် တကယ်တန်း ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင်သည်ကား မဟုတ်ပေ။ ဆုံးဖြတ်ချက် ချသကဲ့သို့သာ ဖြစ်သည်။ အကြောင်းမူ ပဉ္စဒွါရဝီထိတို့သည် အရောင်မျှ အသံမျှ စသည်လောက်ကိုသာ သိသောကြောင့် ဖြစ်သည်။ ဣဋ္ဌ အနိဋ္ဌဟု ယင်းပဉ္စဒွါရဝီထိတို့က သိနိုင် မသိနိုင်ကိုလည်း စိစစ်သင့်ပေသည်။ (သင်္ဂြိုဟ်ဘာသာဋီကာ-၁၆၁-၁၆၂ - ကြည့်ပါ။)

ပဉ္စဟိ ဝိညာဏေဟိ န ကဉ္စိ ဓမ္မံ ပဋိဝိဇာနာတိ အညတြ အဘိနိပါတမတ္တာ။ ပဉ္စန္နံ ဝိညာဏာနံ သမနန္တရာပိ န ကဉ္စိ ဓမ္မံ ပဋိဝိဇာနာတိ။ (အဘိ-၂-၃၂၃။)

ပဉ္စန္နံ ဝိညာဏာနံ သမနန္တရာပိ န ကဉ္စိ ဓမ္မံ ပဋိဝိဇာနာတီတိ ပဉ္စန္နံ ဝိညာဏာနံ သမနန္တရာ မနောဓာတုယာပိ န ကဉ္စိ ဓမ္မံ ပဋိဝိဇာနာတိ။ (အဘိ-၂-၃၃၃။)

ဤ၌ ပဉ္စဝိညာဏ်တို့ဖြင့်လည်းကောင်း, ပဉ္စဝိညာဏ်နောင်၌ ဆက်လက်ဖြစ်ပေါ်လာသော သမ္ပဋိစ္ဆိုင်း မနောဓာတ်ဖြင့်လည်းကောင်း, မနောဓာတုယာပိ-၌ ပေါင်းဆည်းခြင်း သမ္ပိဏ္ဍနအနက်ရှိသော ပိ-သဒ္ဒါဖြင့် ပေါင်းယူအပ်သော သမ္ပဋိစ္ဆိုင်းနောင်၌ ဆက်လက် ဖြစ်ပေါ်လာကြသော မနောဝိညာဏဓာတ်တို့ဖြင့်လည်းကောင်း, အလုံးစုံသော ပဉ္စဒွါရိကဝိညာဏ်တို့ဖြင့် တစ်စုံတစ်ခုသော ကုသိုလ်တရား အကုသိုလ်တရားကိုမျှ မသိနိုင်၊ ရူပါရုံစသည့် ပဉ္စာရုံပေါ်သို့ ရှေးရှု ကျရောက်ခြင်းသဘောမျှသာ ပဉ္စဒွါရိကဝိညာဏ်တို့၌ စွမ်းအား ရှိသည်ဟု (အဘိ-ဋ္ဌ-၂-၃၈၈။)၌ ဆက်လက်ဖွင့်ဆိုထား၏။

ဤပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့်ကား နှီးနှောကြည့်သင့်လှပေသည်။

ကိစ္စဝသေန ပဉ္စဒွါရမနောဒွါရေသု ဝေါဋ္ဌပ္ပနာဝဇ္ဇနရသာ။ (ဝိသုဒ္ဓိ-၂-၈၇။)

**ဝေါဋ္ဌဗ္ဗနာဝဇ္ဇနရသာ**တိ ပဉ္စဒွါရေ သန္တီရဏေန ဂဟိတာရမ္မဏံ ဝဝတ္ထပေန္တီ ဝိယ ပဝတ္တနတော ဝေါဋ္ဌပ္ပနရသာ၊ မနောဒွါရေ ပန ဝုတ္တနယေန အာဝဇ္ဇနရသာ။ (မဟာဋီ-၂-၁၂၉-၁၃၀။)

ဤမဟာဋီကာ၌ ဝဝတ္ထပေန္တီ ဝိယ ပဝတ္တနတော — သန္တီရဏက ခံယူထားသော အာရုံကို ဆုံးဖြတ်သကဲ့သို့ ဖြစ်၏ဟု ဖွင့်ဆိုထား၏။ တကယ် ပိုင်ပိုင်နိုင်နိုင် အာရုံကို ဆုံးဖြတ်နိုင်သည့် စွမ်းအားမျိုးကား မဟုတ်ပေ။

## ရူပါရုံလိုင်း – စက္ခုဒွါရဝီထိ – လောဘဒိဋ္ဌိအုပ်စု – ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ပထမဇော မနောသမ္ဖဿ (=၂၀-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) ဒုတိယဇော မနောသမ္ဖဿ (၁၉-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ အယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

**မှတ်ချက်** — ဒုတိယဇော နာမ်တရားစုအား ပထမဇော နာမ်တရားစုက အနန္တရစသော သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ အလားတူပင် တတိယဇော နာမ်တရားစုစသည်အား ဒုတိယဇော နာမ်တရားစု စသည် ကလည်း အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးသည်ဟု မှတ်ပါ၊ သဘောပေါက်သင့်ပြီ။

## ရူပါရုံလိုင်း — စက္ခုဒွါရဝီထိ — လောဘဇောနောင် ပထမတဒါရုံ ခန္ဓာ (၅) ပါး

၁။ တဒါရုံ၏ မှီရာ ဟဒယ၌ တည်ရှိသော ရုပ် (၅၄)မျိုးနှင့် ရူပါရုံက ရူပက္ခန္ဓာတည်း။
၂။ တဒါရုံ နာမ်တရား (၁၂)လုံးမှ ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း။
၃။ တဒါရုံ နာမ်တရား (၁၂)လုံးမှ သညာသည် သညာက္ခန္ဓာတည်း။
၄။ တဒါရုံ နာမ်တရား (၁၂)လုံးမှ စေတနာသည် သင်္ခါရက္ခန္ဓာတည်း။ (ပ)
တဒါရုံ နာမ်တရား (၁၂)လုံးမှ ကျန်စေတသိက် (၉)လုံးသည် သင်္ခါရက္ခန္ဓာတည်း။ (ဒု)
၅။ တဒါရုံ နာမ်တရား (၁၂)လုံးမှ အသိစိတ် ဝိညာဏ်သည် ဝိညာဏက္ခန္ဓာတည်း။

**မှတ်ချက်** — ဤ၌ အဟိတ် ကုသလဝိပါက် သောမနဿသန္တီရဏ တဒါရုံကို ပုံစံထုတ်၍ ပြထားပါသည်။ ကုသလဝိပါက် သို့မဟုတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ တဒါရုံဖြစ်သော် နာမ်တရား (၁၁)လုံး ဖြစ်သည်။ မဟာဝိပါက် တဒါရုံဖြစ်သော် နာမ်တရား (၃၄/၃၃/၃၃/၃၂) ထိုက်သလို ဖြစ်သည်။

## ရူပါရုံလိုင်း — စက္ခုဒွါရဝီထိ — လောဘဇောနောင် ပထမတဒါရုံ — ဝေဒနာက္ခန္ဓာ

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

### ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သတ္တမဇော မနောသမ္ဖဿ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမတဒါရုံ မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း — စက္ခုဒွါရဝီထိ — လောဘဇောနောင် ဒုတိယတဒါရုံ — ဝေဒနာက္ခန္ဓာ

အတိတ်အကြောင်းတရား (၅)ပါး၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာနှင့် တူပြီ။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမတဒါရုံ မနောသမ္ဖဿ (၁၂)လုံးက အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ဒုတိယတဒါရုံ မနောသမ္ဖဿ (၁၁)လုံးက အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် စက္ခုဒွါရဝီထိအတွင်း၌ တည်ရှိကြသော လောဘဇော စိတ္တက္ခဏတိုင်း၌လည်းကောင်း တဒါရုံ စိတ္တက္ခဏတိုင်း၌လည်းကောင်း ခန္ဓာ (၅)ပါးတိုင်း၌ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံကို သဘောပေါက်သင့်ပေပြီ။ ရူပါရုံကိုပင် ဆက်လက်၍ အာရုံယူသည့် အကုသိုလ် လောဘဇော စောသည့် မနောဒွါရဝီထိ၌ ဇောစိတ္တက္ခဏတို့၌ ခန္ဓာငါးပါးဖွဲ့၍ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံကို ဆက်လက်၍ အရိပ်အမြွက်မျှ ဖော်ပြအပ်ပါသည်။ ယင်းမနောဒွါရဝီထိဝယ် မနောဒွါရာဝဇ္ဇန်း ခန္ဓာ (၅)ပါး၌ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံမှာ ကုသိုလ်ဇောတို့၏ ရှေး၌ရှိသော မနောဒွါရာဝဇ္ဇန်း၌ ခန္ဓာ (၅)ပါးတို့၏ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပုံနှင့် အားလုံးတူလေပြီ။ လောဘဇော ဝေဒနာက္ခန္ဓာတစ်ခုကို ပုံစံထုတ်၍ ဖော်ပြပေအံ့-

## ရူပါရုံလိုင်း – မနောဒွါရဝီထိ – ပထမလောဘဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ =၅၄)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄)လုံးက အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမဇော မနောသမ္ဖဿ (= ၁၉-လုံး)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ အယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရူပါရုံလိုင်း – မနောဒွါရဝီထိ – ဒုတိယလောဘဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

( ခ ) ဘဝင်မနောသမ္ဖဿ (= ၃၄- လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
( ဂ ) ပထမဇော မနောသမ္ဖဿ (=၂၀-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ဒုတိယဇော မနောသမ္ဖဿ (= ၁၉-လုံး)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ အယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် ကျန်နာမ်ခန္ဓာတို့၌လည်း သဘောပေါက်သင့်ပြီ၊ တတိယဇော ခန္ဓာငါးပါး စသည်တို့၌လည်း သဘောပေါက်သင့်ပြီ၊ နည်းမှီး၍သာ သိမ်းဆည်းလေ။ ခန္ဓာငါးပါး အကွက်စေ့အောင်ကား သိမ်းဆည်းပါ။

## ရူပါရုံလိုင်း – မနောဒွါရဝီထိ – လောဘဇောနောင် ပထမတဒါရုံ – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
( ခ ) ဘဝင် မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
( ဂ ) သတ္တမဇော မနောသမ္ဖဿ (=၂၀-လုံး)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ပထမတဒါရုံ မနောသမ္ဖဿ (၁၁)လုံးက အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤ၌ အဟိတ် ကုသလဝိပါက် သောမနဿသန္တီရဏ တဒါရုံကိုသာ ပုံစံအဖြစ် ဖော်ပြထားပါသည်။ မဟာဝိပါက် တဒါရုံနှင့် ဥပေက္ခာသန္တီရဏ တဒါရုံတို့၌ နည်းမှီး၍ ရှုပါ။ တဒါရုံ (၁၁)မျိုးမှ ကျရာတဒါရုံ တစ်မျိုးမျိုးကိုသာ ရှုရန် ဖြစ်ပါသည်။

## ရူပါရုံလိုင်း – မနောဒွါရဝီထိ – လောဘဇောနောင် ဒုတိယတဒါရုံ – ဝေဒနာက္ခန္ဓာ

အတိတ်အကြောင်းတရား (၅)ပါး၊ ပထမတဒါရုံနှင့် အားလုံးတူပြီ။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရူပါရုံ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) စက္ခုသမ္ဖဿ (= ၈-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင်မနောသမ္ဖဿ (= ၃၄-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမတဒါရုံ မနောသမ္ဖဿ (= ၁၂-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ဒုတိယတဒါရုံ မနောသမ္ဖဿ (= ၁၁-လုံး)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ယေဘုယျမှတ်သားရန်

ဤအထက်တွင် ဖော်ပြခဲ့သော စက္ခုဒွါရဝီထိ လောဘဒိဋ္ဌိအုပ်စု, ရူပါရုံကိုပင် အာရုံပြုသည့် ရူပါရုံလိုင်း နောက်လိုက် မနောဒွါရဝီထိ လောဘဒိဋ္ဌိအုပ်စုဟု အမည်တပ်ထားသော လောဘဇော စောသည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌ ဝီထိစိတ္တက္ခဏတိုင်း ဝီထိစိတ္တက္ခဏတိုင်းဝယ် ခန္ဓာ (၅)ပါးဖွဲ့၍ အကြောင်းနှင့် အကျိုးကို ဆက်စပ်လျက် = အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်း-တရား အကျိုးတရားတို့ကို သိမ်းဆည်းပုံကို နည်းမှီး၍ ကြွင်းကျန်သော လောဘမာနစသည့် အကုသိုလ်ဇောများ စောကြသည့် ရူပါရုံကိုပင် အာရုံပြုကြသည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌လည်း ဝီထိစိတ္တက္ခဏတိုင်း ဝီထိ-စိတ္တက္ခဏတိုင်းတွင် ခန္ဓာ (၅)ပါးဖွဲ့၍ အကြောင်းနှင့် အကျိုးကို ဆက်စပ်လျက် အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို အကွက်စေ့အောင် သိမ်းဆည်းပါ။ လောဘမာန ဖြစ်အောင်, ဒေါသ ဖြစ်အောင်, ဒေါသဣဿာ ဖြစ်အောင်, ဒေါသမစ္ဆရိယ ဖြစ်အောင်, ဒေါသကုက္ကုစ္စ ဖြစ်အောင်, ဝိစိကိစ္ဆာဖြစ်အောင် နှလုံးသွင်းမှု မှန်သမျှသည် အယောနိသော-မနသိကာရချည်းပင်တည်းဟု မှတ်ပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများကို ကြည့်၍ အကွက်စေ့အောင် ရှုပါ။

## အပြောင်းအလဲ

၂။ သဒ္ဒါရုံလိုင်း၌ အာရုံအရ ရူပါရုံနေရာ၌ သဒ္ဒါရုံဟုလည်းကောင်း,
စက္ခုသမ္ဖဿနေရာ၌ သောတသမ္ဖဿဟုလည်းကောင်း ပြောင်းလဲသွားသည်။
၃။ ဂန္ဓာရုံလိုင်း၌ အာရုံ၌ ဂန္ဓာရုံဟုလည်းကောင်း, ဖဿ၌ ဃာနသမ္ဖဿဟုလည်းကောင်း ပြောင်းလဲသွားသည်။
၄။ ရသာရုံလိုင်း၌ အာရုံ၌ ရသာရုံဟုလည်းကောင်း, ဖဿ၌ ဇိဝှါသမ္ဖဿဟုလည်းကောင်း ပြောင်းလဲသွား-သည်။
၅။ ဖောဋ္ဌဗ္ဗာရုံလိုင်း၌ အာရုံ၌ ဖောဋ္ဌဗ္ဗာရုံဟုလည်းကောင်း, ဖဿ၌ ကာယသမ္ဖဿဟုလည်းကောင်း ပြောင်းလဲသွားသည်။

အဘိဓမ္မာကို ကျွမ်းကျင်လိမ္မာသူ သူတော်ကောင်းတို့ကား ဤမျှဆိုလျှင် သဘောပေါက် နားလည်သွား-ကြမည် ဖြစ်၏။ ရှုတတ်ကြမည် ဖြစ်၏။ သို့သော် ဤမျှဖြင့် သဘောမပေါက်နိုင်သူ သူတော်ကောင်းတို့လည်း ရှိကြပြန်၏။ အဘိဓမ္မာအခြေခံပညာ အားနည်းသူ ထိုသူတော်ကောင်းတို့အတွက် သဒ္ဒါရုံလိုင်းစသည်တို့၌ ရှုကွက်ပုံစံ အနည်းငယ် အရိပ်အမြွက်မျှကို ဆက်လက်၍ တင်ပြပေအံ့။ အကောင်းအုပ်စု ကုသိုလ်ဇောဝီထိများကို ရှေးဦးစွာ တင်ပြပေအံ့။ ကြိုတင်သိထားရန်အချက်မှာ — သဒ္ဒါရုံလိုင်း သောတဒွါရဝီထိနှင့် သဒ္ဒါရုံကိုပင် ဆက်လက် အာရုံပြုကြသည့် မနောဒွါရဝီထိတို့၌လည်း ဝီထိစိတ္တက္ခဏတိုင်း ဝီထိစိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါး အသီးအသီး ဖွဲ့၍ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းနှင့် အကျိုးစပ်လျက် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရမည်ဟူသော အချက်ပင်တည်း။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – ပဉ္စဒွါရာဝဇ္ဇန်း – ဝေဒနာက္ခန္ဓာ (အကောင်းအုပ်စု)

### ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၀)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – ပဉ္စဒွါရာဝဇ္ဇန်း – ဝိညာဏက္ခန္ဓာ

၁။ ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝိညာဏက္ခန္ဓာက အကျိုးတရား။

၂။ နာမ်ရုပ်က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** – ဟူသည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် ယှဉ်ဖက် စေတသိက် (၁၀)လုံးတည်း။
**ရုပ်** – ဟူသည် ဟဒယဝတ္ထုနှင့် တကွသော မှီရာဝတ္ထုရုပ် (၅၄)မျိုးနှင့် ရူပါရုံတည်း။

ကြွင်းကျန်သော ခန္ဓာတို့၌ သဘောပေါက်လောက်ပေပြီ။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – သောတဝိညာဏ် – ဝေဒနာက္ခန္ဓာ

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၅) ပါး**

၆။ ဝတ္ထု (= သောတ = ၆ = ၅၄)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ (= သောတသမ္ဖဿ = ၇)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၉။ အာကာသ (= အကြားအပေါက်)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၁၀။ မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်း = ၁၁)က အကြောင်းတရား၊ သောတဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – သမ္ပဋိစ္ဆိုင်း – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – သမ္ပဋိစ္ဆိုင်း – သင်္ခါရက္ခန္ဓာ
## (စေတသိက် – ၈ – လုံး ကောက် ဒုတိယနည်း)

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။
(ခ) ကျန်နာမ်ခန္ဓာ (၃)ပါးက အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာက အကျိုးတရား။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – သမ္ပဋိစ္ဆိုင်း – ဝိညာဏက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၂) ပါး**

၆။ သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။
၇။ သမ္ပဋိစ္ဆိုင်း နာမ်ရုပ်က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** – ဟူသည် သမ္ပဋိစ္ဆိုင်းစိတ်နှင့် ယှဉ်ဖက်စေတသိက် (၁၀)လုံးတည်း။
**ရုပ်** – ဟူသည် မှီရာ ဟဒယဝတ္ထုနှင့် တကွသော (၅၄)မျိုးသော ရုပ်နှင့် သဒ္ဒါရုံတည်း။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – သန္တီရဏ – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) သန္တီရဏ မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤ၌ သောမနဿ သန္တီရဏ နာမ်တရား (၁၂)လုံးအုပ်စု ဖြစ်သည်။ သဘောပေါက်နိုင်ရုံ အမြွက်မျှကိုသာ ဖော်ပြထားပါသည်။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – ကုသိုလ် ပထမဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – ကုသိုလ် ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ဒုတိယဇောမနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## သဒ္ဒါရုံလိုင်း – သောတဒွါရဝီထိ – ကုသိုလ်ဇောနောင် ပထမတဒါရုံ – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သတ္တမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

( ဂ ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ပထမတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## သဒ္ဒါရုံလိုင်း–သောတဒွါရဝီထိ – ကုသိုလ်ဇောနောင် ဒုတိယတဒါရုံ – ဝေဒနာက္ခန္ဓာ

အတိတ်အကြောင်းတရား (၅)ပါးသည် ပထမတဒါရုံ ဝေဒနာက္ခန္ဓာနှင့် တူပြီ။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
( ခ ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
( ဂ ) ဒုတိယတဒါရုံ မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် သဒ္ဒါရုံလိုင်း သောတဒွါရဝီထိအတွင်း၌ တည်ရှိသော နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း အတန်းတိုင်း အတန်းတိုင်းဝယ် စိတ္တက္ခဏ အသီးအသီး၌ ခန္ဓာ (၅)ပါးတိုင်း ခန္ဓာ (၅)ပါးတိုင်း၌ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းနှင့် အကျိုးစပ်လျက် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပုံကိုလည်း ရူပါရုံလိုင်း၌ ရေးသားတင်ပြခဲ့သည်များကိုလည်းကောင်း, ဤသဒ္ဒါရုံလိုင်း၌ ရေးသားတင်ပြခဲ့သည်များကိုလည်းကောင်း နည်းမှီး၍ ရှုနိုင်လောက်ပေပြီ။ ယခုတစ်ဖန် သဒ္ဒါရုံကိုပင် ဆက်လက်၍ အာရုံပြုကြသည့် နောက်လိုက် မနောဒွါရဝီထိစသော မနောဒွါရဝီထိများ၏ အတွင်းဝယ် ဝီထိစိတ် အသီးအသီး၏ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌လည်း ခန္ဓာ (၅)ပါး ဖွဲ့၍ အကြောင်း အကျိုး သိမ်းဆည်းပုံကို ပုံစံတူ နည်းမှီး၍ ရှုနိုင်ရန် မဟာကုသိုလ် မနောဒွါရိက ဒုတိယဇော ဝေဒနာက္ခန္ဓာကို နမူနာပုံစံအဖြစ် တင်ပြအပ်ပါသည် –

## သဒ္ဒါရုံလိုင်း – မနောဒွါရဝီထိ – မဟာကုသိုလ် ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
( ခ ) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
( ဂ ) ပထမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ဒုတိယဇော မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## သဒ္ဒါရုံလိုင်း – မနောဒွါရဝီထိ – မဟာကုသိုလ်ဇောနောင် ဒုတိယတဒါရုံ – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= သဒ္ဒါရုံ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) သောတသမ္ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင်မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပဌမတဒါရုံ မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ဒုတိယတဒါရုံ မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် သဒ္ဒါရုံလိုင်း ကြွင်းကျန်သော ခန္ဓာတို့၌လည်း နည်းမှီး၍ ရလောက်ပေပြီ။

## ဂန္ဓာရုံလိုင်း – ဃာနဒွါရဝီထိ – ပဉ္စဒွါရာဝဇ္ဇန်း – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ဂန္ဓာရုံ)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၀)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ဂန္ထာရုံလိုင်း – ဃာနဒွါရဝီထိ – ဃာနဝိညာဏ် – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဃာနဝိညာဏ်ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ဃာနဝိညာဏ်ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဃာနဝိညာဏ်ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဃာနဝိညာဏ်ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဃာနဝိညာဏ်ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၅) ပါး**

၆။ ဝတ္ထု (= ဃာန = ၆ = ၅၄)က အကြောင်းတရား၊ ဃာနဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ဂန္ထာရုံ)က အကြောင်းတရား၊ ဃာနဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ (= ဃာနသမ္ဖဿ = ၇)က အကြောင်းတရား၊ ဃာနဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၉။ ဝါယောဓာတ်က အကြောင်းတရား၊ ဃာနဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၁၀။ မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်း = ၁၁)က အကြောင်းတရား၊ ဃာနဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား

## ဂန္ထာရုံလိုင်း – ဃာနဒွါရဝီထိ – သမ္ပဋိစ္ဆိုင်း – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ဂန္ထာရုံ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) ဃာနသမ္ဖဿ (= ၈)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ဂန္ထာရုံလိုင်း – ဃာနဒွါရဝီထိ – သန္တီရဏ – ဝေဒနာက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ အတိတ်အကြောင်းတရား (၅)ပါး၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာနှင့် ရှုကွက်တူပြီ၊ နည်းမှီး၍ရှုပါ။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ဂန္ထာရုံ)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ = (က) ဃာနသမ္ဖဿ (= ၈)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) သန္တီရဏ မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် နည်းမှီးနိုင်လောက်ပေပြီ၊ ရူပါရုံလိုင်းကို သဘောပေါက် ကျေပွန်ပါက သဒ္ဒါရုံလိုင်း ဂန္ဓာရုံလိုင်း စသည်တို့၌လည်း ရှုနိုင်မည် ဖြစ်ပေသည်။ ဤဂန္ဓာရုံလိုင်း၌ ရူပါရုံလိုင်းက စက္ခုသမ္ဖဿအရာတွင် ဃာနသမ္ဖဿ ပြောင်းလဲလာသည်။ ရူပါရုံနေရာတွင် ဂန္ဓာရုံဟု ပြောင်းလဲလာသည်။ ဤသို့ စသည်ဖြင့် အနည်းငယ်မျှသာ ကွဲလွဲသည်။ တစ်ဖန် ဃာနဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံ, မနောဒွါရာ-ဝဇ္ဇန်း ဇော တဒါရုံဟူသော ဝီထိစိတ္တက္ခဏ အသီးအသီးဝယ် ဝိညာဏက္ခန္ဓာ အသီးအသီး၏ ပစ္စုပ္ပန် အကြောင်းတရားပိုင်းတွင် နာမ်ရုပ်ဟူသော အကြောင်းတရား၌ နာမ် - အရ ဆိုင်ရာ ဆိုင်ရာ ထိုအသိစိတ် ဝိညာဏက္ခန္ဓာနှင့် စိတ္တက္ခဏတစ်ခုအတွင်း၌ အတူယှဉ်တွဲဖြစ်သည့် သမ္ပယုတ် စေတသိက်တရားစုကို အရကောက်ယူပါ။ ရုပ် - အရ ဆိုင်ရာ မှီရာဝတ္ထုရုပ်နှင့် ဂန္ဓာရုံကို အရကောက်ယူပါ။ ကျန်လိုင်းတို့၌လည်း ဆိုင်ရာ ယှဉ်ဖက် စေတသိက်, ဆိုင်ရာဝတ္ထု, ဆိုင်ရာအာရုံတို့ကို ထိုက်သလို အရကောက်ယူပါ။

## ရသာရုံလိုင်း – ဇိဝှါဒွါရဝီထိ – ပဉ္စဒွါရာဝဇ္ဇန်း – ဝေဒနာက္ခန္ဓာ

### ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရသာရုံ)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၀)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရသာရုံလိုင်း – ဇိဝှါဒွါရဝီထိ – ဇိဝှါဝိညာဏ် – ဝေဒနာက္ခန္ဓာ

### အတိတ်အကြောင်းတရား (၅) ပါး

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဇိဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ဇိဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဇိဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဇိဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဇိဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

### ပစ္စုပ္ပန်အကြောင်းတရား (၅) ပါး

၆။ ဝတ္ထု (= ဇိဝှါဒွါရ = ၆ = ၅၄)က အကြောင်းတရား၊ ဇိဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရသာရုံ)က အကြောင်းတရား၊ ဇိဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ (= ဇီဝှါသမ္ဖဿ = ၇)က အကြောင်းတရား၊ ဇီဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၉။ အာပေါဓာတ်က အကြောင်းတရား၊ ဇီဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၁၀။ မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်း = ၁၁)က အကြောင်းတရား၊ ဇီဝှါဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရသာရုံလိုင်း – ဇိဝှါဒွါရဝီထိ – သမ္ပဋိစ္ဆိုင်း – ဝေဒနာက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ အတိတ်အကြောင်းတရား (၅)ပါး, ဇီဝှါဝိညာဏ် ဝေဒနာက္ခန္ဓာနှင့် ရှုကွက်တူပြီ။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရသာရုံ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) ဇီဝှါသမ္ဖဿ (= ၈)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရသာရုံလိုင်း – ဇိဝှါဒွါရဝီထိ – သန္တီရဏ – ဝေဒနာက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ အတိတ်အကြောင်းတရား (၅)ပါး, ဇီဝှါဝိညာဏ် ဝေဒနာက္ခန္ဓာနှင့် ရှုကွက်တူပြီ။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ရသာရုံ)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) ဇီဝှါသမ္ဖဿ (= ၈)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) သန္တီရဏ မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရသာရုံလိုင်း – ဇိဝှါဒွါရဝီထိ – မဟာကုသိုလ် ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရသာရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဇီဝှါသမ္ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ဒုတိယဇော မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရသာရုံလိုင်း – မနောဒွါရဝီထိ – မဟာကုသိုလ် ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ရသာရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဇီဝိတသမ္ပယုတ္တ ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဃ) ဒုတိယဇော မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ရသာရုံလိုင်း – မနောဒွါရဝီထိ – မဟာကုသိုလ် ဒုတိယဇော – ဝိညာဏက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၁။ ဖဿ = (က) ဇီဝိတသမ္ပယုတ္တ ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။
(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။
(ဂ) ပထမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။
၂။ ဒုတိယဇော နာမ်ရုပ်က အကြောင်းတရား၊ ဒုတိယဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။
၃။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** – ဟူသည် မဟာကုသိုလ် ဒုတိယဇော ဝိညာဏက္ခန္ဓာနှင့် ယှဉ်သည့် စေတသိက် (၃၃)တည်း။
**ရုပ်** – ဟူသည် မှီရာဝတ္ထုရုပ် (၅၄)မျိုးနှင့် ရသာရုံတည်း။

ဤမျှဆိုလျှင် ရသာရုံလိုင်း အကောင်းအုပ်စု၌ နည်းမှီး၍ ရလောက်ပေပြီ။ မကောင်းအုပ်စု၌ ယောနိသောမနသိကာရအရာတွင် အယောနိသောမနသိကာရ ဝင်လာသည်။ ဤမျှသာထူးသည်။ သင်္ခါရက္ခန္ဓာနှင့် မနောသမ္ဖဿစသည်တို့၌ ယှဉ်ဖက် စေတသိက် အရေအတွက်သို့လိုက်၍ စေတသိက် အတိုးအဆုတ်ရှိသည်။ နည်းမှီး၍ သိမ်းဆည်းပါ။

## ဖောဋ္ဌဗ္ဗာရုံလိုင်း – ကာယဒွါရဝီထိ – ပဉ္စဒွါရာဝဇ္ဇန်း – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ဖောဋ္ဌဗ္ဗာရုံ)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ပဥ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ပဥ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၀)က အကြောင်းတရား၊ ပဥ္စဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ဖောဋ္ဌဗ္ဗာရုံလိုင်း – ကာယဒွါရဝီထိ – ကာယဝိညာဏ် – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ကာယဒွါရ = ၅ = ၄၄)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ဖောဋ္ဌဗ္ဗာရုံ)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ (= ကာယသမ္ဖဿ = ၇)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၉။ ပထဝီဓာတ်က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။
၁၀။ မနသိကာရ (= ပဥ္စဒွါရာဝဇ္ဇန်း = ၁၁)က အကြောင်းတရား၊ ကာယဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပထဝီဓာတ်** – ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒ၌ ထိခိုက်သည့်အခါ ကာယပသာဒတွင်သာ တန့်ရပ်မနေ၊ ကာယပသာဒ အကြည်ဓာတ်၏ မှီရာမဟာဘုတ်ကိုလည်း ထိခိုက်လေ၏။ ထိုမဟာဘုတ်ဓာတ်ကြီးလေးပါးတို့တွင် ပထဝီဓာတ်သည် အချုပ်အခြာ အမာခံဓာတ်တည်း။ ထိုကြောင့် ဖောဋ္ဌဗ္ဗာရုံ၏ ကာယဒွါရဝယ် ထင်လာရာ၌ ပထဝီဓာတ်သည် အရေးကြီးသော အထောက်အပံ့တစ်ခုပေတည်း။ ကာယအကြည်ဓာတ် ကာယဒွါရကိုလည်း-ကောင်း, ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း အစွဲပြု၍ ကာယဝိညာဏ်စိတ်သည် ဖြစ်ပေါ်လာရ၏။ သို့အတွက် အာရုံနှင့် ဒွါရတို့၏ ထိခိုက်မှု ရှိပါမှသာလျှင် ဒွါရနှင့် အာရုံကို အစွဲပြု၍ ကာယဝိညာဏ် နာမ်တရားစုတို့ ဖြစ်ပေါ်လာနိုင်ကြသဖြင့် အာရုံ ဒွါရ ထိခိုက်မှုတွင် အရေးပါသော ပထဝီဓာတ်သည်လည်း ကာယဝိညာဏ် နာမ်တရားစု၏ အကြောင်းတစ်ရပ် ဖြစ်ရပေသည်။ (အဘိ-ဋ္ဌ-၁- ၃၂၂။)

**အာကာသဓာတ်** – ပဥ္စဒွါရဝယ် ပဥ္စာရုံတို့ ထင်လာကြရာ၌ အာရုံနှင့် ဒွါရ စုစည်းမိရုံမျှဖြင့် ပေါင်းဆုံမိရုံမျှဖြင့် ထင်လာနိုင်ကြသည်ကား မဟုတ်၊ စက္ခုဒွါရဝယ် အာလောက (= အရောင်အလင်း) ရှိပါမှ ထင်လာနိုင်သည်။ သောတဒွါရဝယ် အာကာသ (= အပေါက်အကြား) ရှိပါမှ ထင်နိုင်သည်။ အသံနှင့် သောတပသာဒတို့၏ အကြား-ဝယ် အပေါက်အကြားမရှိပါက တစ်စုံတစ်ခု ကာဆီးပိတ်ဆို့နေပါက ယင်းအသံသည် သောတဒွါရ၌ မထင်နိုင်။ သောတဒွါရ၌ အသံသဒ္ဒါရုံ ထင်လာပါမှလည်း သောတဝိညာဏ် နာမ်တရားစု ဖြစ်နိုင်သည်။ ထိုကြောင့် အာကာသဓာတ်သည်လည်း သောတဝိညာဏ် နာမ်တရားစု၏ အကြောင်းတစ်ရပ်ပင် ဖြစ်ရပေသည်။ (အဘိ-ဋ္ဌ-၁- ၃၂၂။)

**ဝါယောဓာတ်** – ဃာနဒွါရဝယ် ဂန္ဓာရုံ ထင်လာရာ၌လည်း ဂန္ဓာရုံကို ဝါယောလေဓာတ်က သယ်ဆောင်ပေးပါမှသာလျှင် ထင်လာနိုင်သည်။ ဃာနဒွါရဝယ် ဂန္ဓာရုံထင်လာပါမှလည်း ဃာနဝိညာဏ် နာမ်တရားစု ဖြစ်နိုင်

သည်။ သို့အတွက် ဝါယောဓာတ်သည်လည်း ဃာနဝိညာဏ် နာမ်တရားစု၏ အထောက်အပံ့ အကြောင်းတစ်ရပ် ဖြစ်ရပေသည်။ (အဘိ-ဌ-၁- ၃၂၂။)

**အာပေါဓာတ်** – တစ်ဖန် ဇိဝှါပသာဒ ဇိဝှါဒွါရဝယ် ရသာရုံ ထင်လာရာ၌လည်း အာပ (= အရည်)ဟူသော အာပေါဓာတ်၏ အထောက်အပံ့ကို ရရှိပါမှသာလျှင် ထင်လာနိုင်၏၊ ခြောက်သွေ့သော အစာအာဟာရကို လျှာပေါ်မှာ တင်ထားသော်လည်း အရသာမပေါ်သေး၊ လျှာရည်က ထိုအစာကို စွတ်စိုစေသည့်အခါမှ အရသာ ပေါ်လာလေသည်။ ထိုအခါမှ ဇိဝှါဝိညာဏ်စိတ် ဖြစ်နိုင်လေသည်။ သို့အတွက် အာပေါဓာတ်ရည်သည်လည်း ဇိဝှါဝိညာဏ် နာမ်တရားစု ဖြစ်ပေါ်လာအောင် အထောက်အကူပြုပေးနေသော အကြောင်းတစ်ရပ် ဖြစ်ရပေသည်။ (အဘိ-ဌ-၁- ၃၂၂။)

## ဖောဋ္ဌဗ္ဗာရုံလိုင်း – ကာယဒွါရဝီထိ – သမ္ပဋိစ္ဆိုင်း – ဝေဒနာက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ အတိတ်အကြောင်းတရား (၅)ပါး ရှုကွက် တူပြီ၊ နည်းမှီး၍ ရှုပါ။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ဖောဋ္ဌဗ္ဗာရုံ)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) ကာယသမ္ဖဿ (= ၈)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ဖောဋ္ဌဗ္ဗာရုံလိုင်း – ကာယဒွါရဝီထိ – သန္တီရဏ – ဝေဒနာက္ခန္ဓာ

၁။ ၂။ ၃။ ၄။ ၅။ အတိတ်အကြောင်းတရား (၅)ပါးရှုကွက် တူပြီ။ နည်းမှီး၍ ရှုပါ။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၇။ အာရုံ (= ဖောဋ္ဌဗ္ဗာရုံ)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
၈။ ဖဿ = (က) ကာယသမ္ဖဿ (= ၈)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ဂ) သန္တီရဏ မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ သန္တီရဏ ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ဖောဋ္ဌဗ္ဗာရုံလိုင်း – ကာယဒွါရဝီထိ – ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= ဖောဋ္ဌဗ္ဗာရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ကာယသမ္ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ပဌမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) ဒုတိယဇော မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ဖောဋ္ဌဗ္ဗာရုံလိုင်း – မနောဒွါရဝီထိ – ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= ဖောဋ္ဌဗ္ဗာရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) ကာယသမ္ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) ပဌမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဃ) ဒုတိယဇောမနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ဖောဋ္ဌဗ္ဗာရုံလိုင်း – မနောဒွါရဝီထိ – ဒုတိယတဒါရုံ – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၇။ အာရုံ (= ဖောဋ္ဌဗ္ဗာရုံ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ = (က) ကာယသမ္ဖဿ (= ၈)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) ပဌမတဒါရုံ မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဃ) ဒုတိယတဒါရုံ မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် ဖောဋ္ဌဗ္ဗာရုံလိုင်း၌ ဝီထိစိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါးဖွဲ့၍ အကြောင်း အကျိုး သိမ်းဆည်းပုံကို သဘောပေါက်သင့်ပေပြီ။ ယခုအခါတွင် ဓမ္မာရုံအမည်ရသည့် ရုပ်အစစ် ရုပ်အတုတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြသော မနောဒွါရဝီထိတို့၌ စိတ္တက္ခဏတိုင်းဝယ် ခန္ဓာ (၅)ပါးဖွဲ့၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းဖို့ရန် အလှည့်အကြိမ်သို့ ဆိုက်ရောက်လာပြီ ဖြစ်ပေသည်။ ဤတွင် စက္ခုအကြည်ဓာတ် အာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြသော ကုသိုလ်ဇော စောသည့် အကောင်းအုပ်စု မနောဒွါရဝီထိတို့၌ စိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါးဖွဲ့၍ သိမ်းဆည်းပုံ အရိပ်အမြွက်မျှကို ဖော်ပြပေအံ့ —

## ဓမ္မာရုံလိုင်း – မနောဒွါရဝီထိ – မနောဒွါရာဝဇ္ဇန်း – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= စက္ခုအကြည်ဓာတ်ဓမ္မာရုံ)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၁)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း ဝေဒနာ-က္ခန္ဓာက အကျိုးတရား။

## ဓမ္မာရုံလိုင်း – မနောဒွါရဝီထိ – ပထမဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= စက္ခုအကြည်ဓာတ်ဓမ္မာရုံ)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂)က အကြောင်းတရား၊ ပထမဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## ဓမ္မာရုံလိုင်း – မနောဒွါရဝီထိ – ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၂။ အာရုံ (= စက္ခုအကြည်ဓာတ်ဓမ္မာရုံ)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။
၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုး-တရား။

(ခ) ပထမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) ဒုတိယဇော မနောသမ္ဖဿ (၃၃)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂)က အကြောင်းတရား၊ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

## စမ္မာရုံလိုင်း – မနောဒွါရဝီထိ – ဒုတိယဇော – ဝိညာဏက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၂) ပါး**

၁။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။

(ခ) ပထမဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။

၂။ ဒုတိယဇော နာမ်ရုပ်က အကြောင်းတရား၊ ဒုတိယဇော ဝိညာဏက္ခန္ဓာက အကျိုးတရား။

**နာမ်** – ဟူသည် မဟာကုသိုလ် ဒုတိယဇောနှင့် ယှဉ်သော စေတသိက် (၃၃)တည်း။
**ရုပ်** – ဟူသည် မှီရာဝတ္ထုရုပ် (၅၄)နှင့် စက္ခုအကြည်ဓာတ် အာရုံတည်း။

## စမ္မာရုံလိုင်း – မနောဒွါရဝီထိ – (မဟာဝိပါက်) ဒုတိယတဒါရုံ – ဝေဒနာက္ခန္ဓာ

**အတိတ်အကြောင်းတရား (၅) ပါး**

၁။ အဝိဇ္ဇာ (=၂၀) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာ ဖြစ်၏။
အဝိဇ္ဇာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ တဏှာ (=၂၀) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာ ဖြစ်၏။
တဏှာ (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဥပါဒါန် (=၂၀) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာ ဖြစ်၏။
ဥပါဒါန် (=၂၀)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ သင်္ခါရ (= ၃၄) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာ ဖြစ်၏။
သင်္ခါရ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၅။ ကံ (= ၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာ ဖြစ်၏။
ကံ (= ၃၄-၏ ကမ္မသတ္တိ)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

**ပစ္စုပ္ပန်အကြောင်းတရား (၃) ပါး**

၆။ ဝတ္ထု (= ဟဒယ = ၆ = ၅၄) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာ ဖြစ်၏။
ဝတ္ထုက အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၇။ အာရုံ (= စက္ခုအကြည်ဓာတ်ဓမ္မာရုံ) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာဖြစ်၏။
အာရုံက အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

၈။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာဖြစ်၏။
ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ပထမတဒါရုံ မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာဖြစ်၏။
ပထမတဒါရုံ မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) ဒုတိယတဒါရုံ မနောသမ္ဖဿ (= ၃၃) ဖြစ်ခြင်းကြောင့် ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာဖြစ်၏။
ဒုတိယတဒါရုံ မနောသမ္ဖဿက အကြောင်းတရား၊ ဒုတိယတဒါရုံ ဝေဒနာက္ခန္ဓာက အကျိုးတရား။

အကြောင်း အကျိုး သိမ်းဆည်းရာ၌ သတိပြုန်၍ ရစေရန် ထပ်မံ ဖော်ပြခြင်း ဖြစ်ပေသည်။ ဤမျှဆိုလျှင် အကောင်းအုပ်စု၌ နည်းမှီး၍ ရှုနိုင်လောက်ပေပြီ။ ယခုအခါ၌ အကုသိုလ်ဇော စောသည့် မကောင်းအုပ်စု မနောဒွါရဝီထိတို့၌ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံ ပုံစံတစ်ခုကို ဆက်လက်၍ ဖော်ပြအပ်ပါသည်။ သဒ္ဒါရုံလိုင်း ဂန္ဓာရုံလိုင်း ရသာရုံလိုင်း ဖောဋ္ဌဗ္ဗာရုံလိုင်းတို့၌လည်း အကုသိုလ်ဇောဝီထိ စိတ္တက္ခဏတို့၌ နည်းမှီး၍ အလားတူပင် အကြောင်း အကျိုး သိမ်းဆည်းပါ။

## ဓမ္မာရုံလိုင်း – မနောဒွါရဝီထိ – လောဘဒိဋ္ဌိအုပ်စု – လောဘမူ ဒုတိယဇော – ဝေဒနာက္ခန္ဓာ

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄) ဖြစ်ခြင်းကြောင့် လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာ ဖြစ်၏။
ဝတ္ထုက အကြောင်းတရား၊ လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= စက္ခုအကြည်ဓာတ်ဓမ္မာရုံ) ဖြစ်ခြင်းကြောင့် လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာဖြစ်၏။
အာရုံ (= စက္ခုအကြည်ဓာတ်ဓမ္မာရုံ)က အကြောင်းတရား၊ လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာဖြစ်၏။
ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) လောဘမူ ပထမဇော မနောသမ္ဖဿ (=၂၀) ဖြစ်ခြင်းကြောင့် လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာ ဖြစ်၏။
လောဘမူ ပထမဇော မနောသမ္ဖဿက အကြောင်းတရား၊ လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) လောဘမူ ဒုတိယဇော မနောသမ္ဖဿ (= ၁၉) ဖြစ်ခြင်းကြောင့် လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာ ဖြစ်၏။
လောဘမူ ဒုတိယဇော မနောသမ္ဖဿ (= ၁၉)က အကြောင်းတရား၊ လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ အယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂) ဖြစ်ခြင်းကြောင့် လောဘမူ ဒုတိယဇော

ဝေဒနာက္ခန္ဓာ ဖြစ်၏။ အယောနိသောမနသိကာရက အကြောင်းတရား၊ လောဘမူ ဒုတိယဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

ဤမျှဆိုလျှင် ဓမ္မာရုံလိုင်း မကောင်းအုပ်စုတို့၌ အကြောင်း အကျိုး သိမ်းဆည်းပုံကို နည်းမှီးနိုင်လောက် ပေပြီ။ ဘဝနိကန္တိက လောဘဇောဝီထိ၌ ဝီထိစိတ္တက္ခဏတိုင်း၌ ဤဓမ္မာရုံလိုင်း လောဘ-ဒိဋ္ဌိအုပ်စုကိုပင် နည်းမှီး၍ အကြောင်း အကျိုး သိမ်းဆည်းပါ။ ထိုဘဝနိကန္တိက လောဘဇော၏ အာရုံမှာ —

၁။ အမျိုးသား ယောဂီသူတော်ကောင်းဖြစ်က အမျိုးသားဘဝသစ် အာရုံ,

၂။ အမျိုးသမီး ယောဂီသူတော်ကောင်းဖြစ်က အမျိုးသမီးဘဝသစ် အာရုံပင် ဖြစ်ပေသည်။ အာရုံသာ အပြောင်း အလဲရှိသည်။ ကြွင်းကျန်သော အကြောင်းတရားတို့ကား တူညီလေပြီ။

ယခုတစ်ဖန် ဆက်လက်၍ ဓမ္မာရုံလိုင်းတွင် အကျုံးဝင်သော ဈာနသမာပတ္တိဝီထိတို့၌ စိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါးဖွဲ့၍ အကြောင်း အကျိုး သိမ်းဆည်းပုံ အရိပ်အမြွက်ကို တင်ပြပေအံ့ — အာနာပါနပဋိဘာဂ-နိမိတ်ကို အာရုံယူ၍ ဖြစ်ပေါ်လာသော အာနာပါန ပထမဈာနသမာပတ္တိဝီထိတွင် – မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟူသော ကာမာဝစရ ဥပစာရသမာဓိဇော (၄)ကြိမ်၊ ထိုနောင် ဈာန်ဇော အကြိမ်များစွာ ကျ၏။ ယင်းဈာန်ဇောတို့တွင် အမှတ်မထား တစ်ပါးပါးသော ဇောခန္ဓာ (၅)ပါး၌ ပုံစံတစ်ခုကို ထုတ်ဖော်ပြအပ်ပါသည်။ ယင်းဇောကို နောက်နောက်ဇောဟု ခေါ်ဝေါ်အသုံးပြု၍ ယင်းဇော၏ ရှေး၌ရှိသော အနန္တရသတ္တိဖြင့် ကျေးဇူးပြုသော ဇောကို ရှေးရှေးဇောဟု ခေါ်ဝေါ်သုံးစွဲထားပါသည်။

## ဓမ္မာရုံလိုင်း – ပထမဈာနသမာပတ္တိ မနောဒွါရဝီထိ၌ အမှတ်မရှိသော ဈာန်ဇော – ဝေဒနာက္ခန္ဓာ (နောက်နောက်သော ဈာန်ဇော)

**ပစ္စုပ္ပန်အကြောင်းတရား (၄) ပါး**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄) ဖြစ်ခြင်းကြောင့် ဈာန်ဇော ဝေဒနာက္ခန္ဓာ ဖြစ်၏။
ဝတ္ထုက အကြောင်းတရား၊ ဈာန်ဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၂။ အာရုံ (= အာနာပါနပဋိဘာဂနိမိတ်အာရုံ) ဖြစ်ခြင်းကြောင့် ဈာန်ဇော ဝေဒနာက္ခန္ဓာဖြစ်၏။
အာနာပါနပဋိဘာဂနိမိတ်အာရုံက အကြောင်းတရား၊ ဈာန်ဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၃။ ဖဿ = (က) ဘဝင် မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် ဈာန်ဇော ဝေဒနာက္ခန္ဓာဖြစ်၏။
ဘဝင် မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဈာန်ဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ခ) ရှေးရှေးဇော မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် ဈာန်ဇော ဝေဒနာက္ခန္ဓာဖြစ်၏။
ရှေးရှေးဇော မနောသမ္ဖဿ (= ၃၄)က အကြောင်းတရား၊ ဈာန်ဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

(ဂ) နောက်နောက်သော ဈာန်ဇော မနောသမ္ဖဿ (= ၃၃) ဖြစ်ခြင်းကြောင့် နောက်နောက် ဈာန်ဇော ဝေဒနာက္ခန္ဓာဖြစ်၏။
နောက်နောက်သော ဈာန်ဇော မနောသမ္ဖဿ (= ၃၃)က အကြောင်းတရား၊
(စိတ္တက္ခဏတူ) နောက်နောက် ဈာန်ဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂) ဖြစ်ခြင်းကြောင့် ဗျာန်ဇော ဝေဒနာက္ခန္ဓာ ဖြစ်၏။
ယောနိသောမနသိကာရက အကြောင်းတရား၊ ဗျာန်ဇော ဝေဒနာက္ခန္ဓာက အကျိုးတရား။

**မှတ်ချက်** — ကြွင်းကျန်သော ဗျာန်ဇောခန္ဓာတို့၌လည်း သဘောပေါက်နိုင်လောက်ပေပြီ၊ ဒုတိယဗျာန် စသည်၌ ဝိတက် ဝိစာရစသည့် စေတသိက်အရေအတွက် အနည်းငယ်လျော့သွား၏။ ဤမျှသာထူး၏။ ကသိုဏ်းဗျာန် ဗြဟ္မဝိဟာရဗျာန် စသည်တို့၌လည်းကောင်း၊ စတုရာရက္ခကမ္မဋ္ဌာန်းတို့၌လည်းကောင်း နည်းမှီး၍ ရှုပါလေ။

ရူပါရုံလိုင်း, သဒ္ဒါရုံလိုင်း, ဂန္ဓာရုံလိုင်း, ရသာရုံလိုင်း, ဖောဋ္ဌဗ္ဗာရုံလိုင်း, ဓမ္မာရုံလိုင်းဟု (၆)လိုင်း သတ်မှတ်၍ ဖော်ပြထားသော နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများအတိုင်း (၁)လိုင်း (၁)လိုင်း၌ အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်စင်အောင် သိမ်းဆည်းပါ။ ဝီထိတိုင်း ဝီထိတိုင်းဝယ် စိတ္တက္ခဏတိုင်း စိတ္တက္ခဏ-တိုင်း၌ ခန္ဓာ (၅)ပါးဖွဲ့၍ အကြောင်း အကျိုး သိမ်းဆည်းပါ။

ရုပ်နာမ်ကို သိမ်းဆည်းခဲ့စဉ် ရုပ်နာမ်ကို ပိုင်းခြား မှတ်သားခဲ့စဉ်က အာယတနဒွါရအလိုက် (၆)လိုင်း လုံး၌ အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်စင်အောင် စိတ္တက္ခဏတိုင်း၌ ရုပ်နာမ်ကို ခွဲခဲ့၏။ ယင်းရုပ်နာမ်တို့ကိုပင် ခန္ဓာ (၅)ပါးနည်းအရ (၅)ပုံ ပုံ၍ အကြောင်းနှင့် အကျိုးတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်း အကျိုးစပ်လျက် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခြင်းပင် ဖြစ်သည်။ ယင်းအာရုံ (၆)ပါးကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော (၆)လိုင်းလုံးအတွင်း၌ တည်ရှိကြသော ဝီထိတိုင်း ဝီထိတိုင်း၏ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါးတို့ကို အကြောင်း အကျိုးစပ်လျက် နေရာတကျ သိမ်းဆည်းမိပါက ဘဝတစ်လျှောက်လုံး ဖြစ်ပေါ်နေသော နာမ်တရားများမှာလည်း ထိုအမျိုးအစားများတွင်ပင် ပါဝင်၍ သွားပေသည်။ အမျိုးအစားများကိုကား သာဝကတို့သည် ကုန်စင်အောင် သိမ်းဆည်းနိုင်ကြ၏။ တစ်ဘဝလုံး ဘဝတစ်လျှောက်လုံး ဖြစ်နေကြသည့် မျိုးတူ နာမ်တရားအားလုံးကို ကုန်စင်အောင် သိမ်းဆည်းနိုင်ဖို့ကား သာဝကတို့၏ ဉာဏ်အရာကား မဟုတ်ပေ။ သာဝကတို့သည် ရုပ်+နာမ်+ ကြောင်း+ကျိုး = သင်္ခါရတရားတို့ကို တစ်စိတ်တစ်ဒေသသာ သိမ်းဆည်းနိုင် ရှုပွားနိုင်သောကြောင့် ဖြစ်သည်။ အမျိုးအစားကိုကား ကုန်စင်အောင် သိမ်းဆည်းနိုင်၏။ တစ်မျိုး တစ်မျိုး၌ အရေအတွက်ကိုကား ကုန်စင်အောင် မသိမ်းဆည်းနိုင်၊ မရှုပွားနိုင်၊ ဥပမာ-ပထဝီဓာတ်ကိုကား သာဝကတို့သည် ရှုနိုင်ကြ၏၊ သိမ်းဆည်းနိုင်ကြ၏။ အဇ္ဈတ္တ ဗဟိဒ္ဓ (၂)ဌာနတို့၌ ရုပ်ကလာပ်တိုင်း ရုပ်ကလာပ်တိုင်း၌ ပထဝီဓာတ် ပါဝင်လေရာ ယင်းရုပ်ကလာပ် တိုင်း၌ တည်ရှိသော ပထဝီဓာတ်တိုင်း ပထဝီဓာတ်တိုင်းကိုကား သာဝကတို့သည် ကုန်စင်အောင် မရှုနိုင်ကြ။ ပထဝီဓာတ် အချို့အဝက်လောက်ကိုသာ ရှုနိုင်ကြ၏။ — ဤသို့စသည်ဖြင့် သဘောပေါက်ပါလေ။

ပဋိသန္ဓေနာမ်တရားစုနှင့် ဘဝတစ်လျှောက်အတွင်း ဖြစ်ပေါ်နေကြသော ဘဝင်နာမ်တရားစု, နောက်ဆုံး ဖြစ်သည့် စုတိနာမ်တရားစုတို့ကား ပဋိသန္ဓေကျိုးကို ပေးတတ်သော = ပဋိသန္ဓေကျိုးကို ဖြစ်စေတတ်သော ယင်းဇနကကံကြောင့်ပင် ဖြစ်ကြ၏။ အခြားအခြားသော ပဝတ္တိ ဝိပါက်ဝိညာဏ် အမည်ရကြသော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်နာမ်တရားတို့ကား ယင်းပဋိသန္ဓေကျိုးကို ဖြစ်စေတတ်သော ယင်းဇနက-ကံကြောင့်ပင် ဖြစ်သည်လည်း ရှိရာ၏။ မဖြစ်သည်လည်း ရှိရာ၏။ အထက်တွင်ဖော်ပြခဲ့သော ဘုရားရှင်၏ ဝိပါက်တော် (၁၂)ပါးကိုပင် ပြန်၍ အာရုံယူကြည့်ပါ။ ဘဝတစ်လျှောက် ဝိပါက် နာမ်တရားစုအားလုံးကို ဖြစ်စေ တတ်သည့် ဆိုင်ရာဆိုင်ရာ အကြောင်းကံအားလုံးတို့ကိုကား သာဝကများသည် ကုန်စင်အောင် မသိနိုင်။ အချို့အဝက် တစ်စိတ်တစ်ဒေသမျှလောက်ကိုသာ သိနိုင်သဖြင့် ဤကျမ်းတွင် ပဋိသန္ဓေကျိုးကို ပေးတတ်သော

ဇနကကံကိုသာ ပဓာနထား၍ ပုံစံထား၍ ဖော်ပြထားပါသည်။ အကယ်၍ အသင်သူတော်ကောင်းသည် အတိတ် အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်းတရားများကို ထပ်မံရှာဖွေပါက ပဋိသန္ဓေဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ တဒါရုံတို့ကဲ့သို့သော အချို့အချို့သော ပဝတ္တိ ဝိပါက်ဝိညာဏ်များကို ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံများကိုလည်း တွေ့ရှိကောင်း တွေ့ရှိနိုင်ပါသည်။ ထိုအခါတွင်လည်း ယင်းအကြောင်းကံနှင့် ယင်း ပဝတ္တိ ဝိပါက်ဝိညာဏ်များကို အကြောင်း အကျိုးစပ်လျက် အကြောင်းတရား အကျိုးတရားတို့ကို ဆက်လက်၍ သိမ်းဆည်းပါလေ။ ယင်း ကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့် မည်ကဲ့သို့သော ကောင်းကျိုး ဆိုးပြစ်များကို ဤ ပစ္စုပ္ပန်တွင် ရရှိနေသည်ကို ဉာဏ်ဖြင့် မြင်အောင် ရှုပါ။ ဇနက အကြောင်း ဥပတ္ထမ္ဘက အကြောင်းများကို ဉာဏ်ဖြင့် မြင်အောင် ရှုပါ။

## ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်း

ဤဖော်ပြခဲ့ပြီးသော ပဋိစ္စသမုပ္ပါဒ် ကြောင်း-ကျိုးဆက် ရှုကွက်ကို ဤကျမ်းတွင် **ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်း**- ဟုပင် ခေါ်ဝေါ်သုံးစွဲထားပါသည်။ ဤမျှ ရှည်လျားစွာ အကြောင်း အကျိုး သိမ်းဆည်းပုံကို ဖတ်ရှုရသော အဘိဓမ္မာဉာဏ် ရင့်ကျက်သူ ယောဂီသူတော်စင်ကြီးတို့ကား ငြီးငွေ့ကြမည်ပင် ဖြစ်သည်။ သို့သော် အဘိဓမ္မာကို မသင်ကြားဖူးသူ ယောဂီသူတော်စင်တို့တွင် ဤမျှ အရိပ်အမြွက် ပြရုံဖြင့်ပင် သဘောမပေါက်နိုင်သေးသော ယောဂီသူတော်စင်များလည်း ရှိနေကြပြန်သေးသည်။ သို့အတွက် အဘိဓမ္မာကို မသင်ကြားဖူးသူ အဘိဓမ္မာ အခြေခံပညာ အားနည်းသူတို့အတွက် ငဲ့ညှာ၍ တင်ပြနေခြင်း ဖြစ်သဖြင့် ခွင့်လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်အပ် ပါသည်။

## အတိတ်အဆက်ဆက်သို့

"အတီတေပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ အနာဂတေပိ ဧတရဟိပိ ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ၊ တတော ဥဒ္ဓံ သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ၊ သုဒ္ဓ သင်္ခါရပုဉ္ဇော ဧဝါ"တိ တီသု အဒ္ဓါသု ကင်္ခံ ဝိတရတိ။
(အဘိ-ဋ္ဌ-၂-၂၄၂။)

၁။ အတိတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏။
၂။ ပစ္စုပ္ပန်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏။
၃။ အနာဂတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏။

ဤသို့လျှင် ကာလသုံးပါးလုံး၌ အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏ဟု သိအောင် အသင် သူတော်ကောင်းသည် ဆက်လက်၍ ကြိုးပမ်းရဦးမည် ဖြစ်ပေသည်။

ယခုလက်ရှိဘဝ၏ ပဋိသန္ဓေစသော အကျိုးတရားတို့ကို ဖြစ်စေတတ်သော အတိတ်အကြောင်းတရားများ ရှိကြ၏။ ယင်းအတိတ်အကြောင်းတရားတို့မှာလည်း အကြောင်းခန္ဓာ (၅)ပါး = ရုပ်နာမ် (၂)ပါးပင် ဖြစ်ကြ၏။ ယင်းအကြောင်းတရား ရုပ်တရား နာမ်တရားတို့သည်လည်း သင်္ခတပရမတ်တရားတို့သာ ဖြစ်ခြင်းကြောင့် ယင်းအကြောင်းတရားတို့ကို ဖြစ်ပေါ်စေတတ်သော ဆိုင်ရာဆိုင်ရာ အကြောင်းတရားများလည်း ရှိကြသည်သာ ဖြစ်၏။ တစ်ဖန် ယင်းအကြောင်း ရုပ်နာမ်တို့၏ စွဲမှီ၍ ဖြစ်ခဲ့ရာ အတိတ်ခန္ဓာအိမ်၌လည်း ယင်းအကြောင်း ရုပ်နာမ်မှ တစ်ပါးသော အခြားအခြားသော ရုပ်နာမ်တို့သည်လည်း ဘဝတစ်လျှောက် အဆက်မပြတ် အထပ်ထပ် များစွာ ဖြစ်ခဲ့ကြ၏။ ယင်းရုပ်နာမ်တို့သည်လည်း သင်္ခတတရားတို့သာ ဖြစ်ခြင်းကြောင့် ဆိုင်ရာဆိုင်ရာ အကြောင်းတရားများကြောင့်သာ ဖြစ်ပေါ်နေကြသည့် ပရမတ္ထ ဓမ္မသဘာဝတို့သာ ဖြစ်ကြရကား ယင်းဆိုင်ရာ-

ဆိုင်ရာ အကြောင်းတရားတို့ကိုလည်း ထပ်မံရှာဖွေလျက် အကြောင်းနှင့် အကျိုး ဆက်စပ်ကာ အတိတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိသည်ဟု သိအောင် ထပ်မံ၍ ရှုရမည် ဖြစ်သည်။

## ဇဟိဒ္ဓသို့ ဉာဏ်ကို စေလွှတ်ပါ

အတိတ်အဆက်ဆက်သို့ ထပ်မံ၍ အကြောင်းတရားများကို မရှာဖွေမီ ရှေးဦးစွာ အဇ္ဈတ္တ၌ အကြောင်း-တရား အကျိုးတရားတို့ကို သိမ်းဆည်းသည့် ပုံစံအတိုင်းပင် ဗဟိဒ္ဓ၌လည်း ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မည်သူမည်ဝါ ခွဲခြားဝေဖန်မှု မပြုဘဲ ဗဟိဒ္ဓချင်း တူညီ၍ သာမန် ပေါင်းစုခြုံငုံကာ (၆)လိုင်းလုံး၌ စိတ္တက္ခဏ တိုင်းဝယ် ခန္ဓာ (၅)ပါး ဖွဲ့၍ အကြောင်းတရား အကျိုးတရားတို့ကို ကုန်စင်အောင် သိမ်းဆည်းပါ။ အဇ္ဈတ္တ တစ်လှည့်၊ ဗဟိဒ္ဓတစ်လှည့် သိမ်းဆည်းပါ။ ကျေညက်သောအခါ ကျေနပ်မှုရသောအခါ နောက်ထပ် အတိတ်သို့ ဉာဏ်ကို စေလွှတ်နိုင်ပြီ။

## ပထမအတိတ်မှ ဒုတိယအတိတ်သို့

ပထမအတိတ်ဘဝဝယ် ပစ္စုပ္ပန်ပဋိသန္ဓေစသည့် ဝိပါကဝဋ်တရားတို့ကို ဖြစ်စေတတ်သည့် ကိလေသဝဋ် ကမ္မဝဋ် အကြောင်းတရားတို့ကို ပြုစုပျိုးထောင်ခဲ့သည့် အချိန်ကာလက ဖြစ်ခဲ့သော ရုပ်နာမ်တို့က စ၍ဖြစ်စေ၊ အတိတ်ဘဝ မရဏာသန္နအခါ ရုပ်နာမ်တို့က စ၍ဖြစ်စေ၊ အတိတ်ဘဝ ခန္ဓာအစဉ် ရုပ်နာမ်တို့ကို စတင် သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာ၌ အခက်အခဲရှိပါမူ အတိတ် သင်္ခါရ-ကံတို့ကို အားထုတ်ခဲ့စဉ် အချိန်က (၆)ဒွါရ, (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားတို့က စ၍ဖြစ်စေ၊ မရဏာသန္နအခါ (၆)ဒွါရ, (၄၂) ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားတို့က စ၍ဖြစ်စေ ရုပ်တရားတို့ကို ရှေးဦးစွာ သိမ်းဆည်းပါ။ ဓာတ်ကြီး (၄)ပါးကို ဦးတည်၍သာ ရုပ်တရားတို့ကို သိမ်းဆည်းပါ။ ထို ရုပ်တရားတို့ကို သိမ်းဆည်းမှု အောင်မြင်သောအခါ ဟဒယဝတ္ထုကို ထပ်မံ၍ အာရုံယူကြည့်ပါ။ ထပ်မံ၍ သိမ်းဆည်းပါ။ ယင်းဟဒယဝတ္ထုကို မှီ၍ ဖြစ်နေသော အတိတ်ဘဝ၏ အိမ်ရှင် ဘဝင်မနောအကြည်ဓာတ်ကို တစ်ဖန် ထပ်၍ မိအောင် စိုက်ရှုပါ။ သိမ်းဆည်းပါ။ ထိုမှတစ်ဆင့် ဘဝင်မနောအကြည်ဓာတ်ကို အစွဲပြု၍ ဟဒယဝတ္ထုကို မှီတွယ်၍ ဖြစ်ပေါ်သွားခဲ့ကြသော နာမ်တရားစုတို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ အောင်မြင်မှု ရခဲ့သော် အတိတ်ဘဝ၏ ပဋိသန္ဓေဘက်သို့ တာစူ၍ အတိတ်ဘဝ ရုပ်နာမ်တို့ကို ဖြစ်ခဲ့သည့်အတိုင်း တဖြည်းဖြည်း တစ်စတစ်စ တိုး၍ "ရုပ်တရား နာမ်တရား, ရုပ်တရား နာမ်တရား"ဟု သိမ်းဆည်းပါ။ အတိတ်ဘဝ ကလလရေကြည်သို့တိုင်အောင် ရုပ်နာမ်တို့ကို ဆက်လက်၍ သိမ်းဆည်းပါ။

## ဝိဇ္ဇာမျိုးစေ့ – စရဏမျိုးစေ့များကို သတိပြုကြည့်ပါ

ထိုသို့ သိမ်းဆည်းရာ၌ နိဗ္ဗာန်ကို ရည်ရွယ်တောင့်တ၍ ပြုစုပျိုးထောင်ခဲ့သည့် ဒါန သီလ သမထဘာဝနာ တည်းဟူသော စရဏမျိုးစေ့၊ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, ဝိပဿနာဉာဏ်တည်းဟူသော ဝိဇ္ဇာမျိုးစေ့ကောင်းများကို ကြဲချ စိုက်ပျိုးခဲ့မှု ရှိမရှိကိုပါ သတိပြု၍ သိမ်းဆည်းပါ။ အကယ်၍ တွေ့ရှိခဲ့သော် ယင်းစရဏမျိုးစေ့ ဝိဇ္ဇာမျိုးစေ့ ကုသိုလ်တရားတို့က ယခုဘဝတွင် အသင်သူတော်ကောင်းကိုယ်တိုင် ကြိုးစား အားထုတ် ရှာဖွေနေသော သို့မဟုတ် ရှုပွားနေသော – သိမ်းဆည်းနေသော –

၁။ ရုပ်နာမ်ကို သိမ်းဆည်းနေသည့် နာမရူပပရိစ္ဆေဒဉာဏ်,

၂။ အကြောင်းတရားတို့ကို သိမ်းဆည်းနေသည့် ပစ္စယပရိဂ္ဂဟဉာဏ်,

၃။ အကယ်၍ ဝိပဿနာပိုင်းသို့ ရောက်ခဲ့လျှင် ယင်းဝိပဿနာဉာဏ်တို့အား

ဥပတ္ထမ္ဘကသတ္တိဖြင့် အားပေးထောက်ပံ့လျက် ကျေးဇူးပြုမှု ရှိမရှိကို သတိပြု၍ အကြောင်း အကျိုး စပ်ကြည့်ပါ။ ကျေးဇူးပြုမြဲဓမ္မတာသာ များသည်။

## ဥပပီဠကကံ = ကပ်၍ ညှဉ်းဆဲတတ်သော ကံ

ဥပတ္ထမ္ဘကကံကိုသာမက ဥပပီဠကကံကိုလည်း တွေ့ရတတ်၏။ ယောဂီတစ်ဦး၏ လက်ရှိပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဇနကကံမှာ ကျောင်းတော်မှူတစ်ဆူအား ပန်း ရေချမ်း တံခွန်များ လှူဒါန်းသည့် ကုသိုလ်စေတနာကံ ဖြစ်၏။ ပထမအတိတ်က ထူထောင်ခဲ့သောကံ ဖြစ်၏။ ယင်းပထမအတိတ်တွင် ကလေးငယ်-ဘဝ မီးလှုံရင်း အမှိုက်များကို မီးပုံထဲသို့ ထည့်လေရာ ခါချဉ်ကောင်များ အသက်ရှင်နေသေးသည့် ခါချဉ်ထုပ် တစ်ခုကိုပါ မီးပုံထဲသို့ ထည့်မိခဲ့၏။ ယင်းအကုသိုလ်ကံက ယခုဘဝတွင် ခေါင်းကိုက်တတ်သည့်ရောဂါနှင့် အသက်ရှူမဝသည့် ရင်ကျပ်ရောဂါကို ဖြစ်စေသော ဟူ၏။ ကျောင်းတော်မှူအား ပန်း ရေချမ်း တံခွန်များ လှူဒါန်းခဲ့သည့် ကံကြောင့် ဖြစ်ပေါ်လာသော အကျိုး ဝိပါက် ရုပ်နာမ်အစဉ်ကို ကပ်၍ ညှဉ်းပန်း နှိပ်စက်တတ်သော ဥပပီဠကကံပင်တည်း။

အသင်သူတော်ကောင်းသည်လည်း အတိတ်ရုပ်နာမ်တို့ကို သိမ်းဆည်းရာ၌ ကံအမျိုးမျိုးကိုလည်း တွေ့ရှိနိုင်ပေသည်၊ ထိုအခါတွင် ယင်းကံတို့နှင့် ပစ္စုပ္ပန် အကျိုးဝိပါကဝဋ် အချို့တို့၏ ကြောင်း-ကျိုး ဆက်နွှယ်မှု ရှိမရှိကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ကြောင်း-ကျိုး ဆက်နွှယ်မှု ရှိနေပါက ယင်းအကြောင်းတရား အကျိုး-တရားတို့ကိုလည်း ဆက်လက်၍ သိမ်းဆည်းပါ။

အကယ်၍ ပထမအတိတ် ကလလရေကြည်သို့တိုင်အောင်သော, သို့မဟုတ် ပဋိသန္ဓေသို့တိုင်အောင်သော ရုပ်နာမ်တို့ကို သိမ်းဆည်းရာ၌ အောင်မြင်မှုရခဲ့သော် ကောင်း၏၊ အောင်မြင်မှု မရခဲ့သော် ဝိပဿနာ၏ အခြေ ပါဒကပြုထားသော ဥပစာရသမာဓိကို ဖြစ်စေ၊ အာနာပါန စတုတ္ထဈာန်ကဲ့သို့သော စတုတ္ထဈာန်သမာဓိကိုဖြစ်စေ မိမိရရှိထားသော သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ သမာဓိ၏ အရှိန်အဝါ အားကောင်းလာသောအခါ ပရိသုဒ္ဓ ပရိယောဒါတဖြစ်၍ နီဝရဏအညစ်အကြေးများ ကင်းစင်သဖြင့် ယင်းသမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် အရောင်အလင်းများသည် ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် တောက်ပလာသောအခါ ရုပ်နာမ်တို့ကို ထပ်မံ၍ သိမ်းဆည်းပါ။

ပထမအတိတ်၏ ကလလရေကြည်အခိုက် သို့မဟုတ် ပဋိသန္ဓေအခိုက် တည်ရှိကြသော ရုပ်နာမ်သို့ တိုင်အောင် ရုပ်နာမ်တို့ကို သိမ်းဆည်းနိုင်ခဲ့သော် ထိုရုပ်နာမ်များသည် မည်သည့်အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာကြရပါသနည်းဟု သိလိုသော စိတ်ထား စူးစမ်းရှာဖွေတတ်သော ဉာဏ်ပညာတရားဖြင့် ဒုတိယ အတိတ်ဘက်သို့ စိုက်ရှုကြည့်ပါ။ ထိုဒုတိယအတိတ် မရဏာသန္နအချိန်အခါကို တွေ့သော် ထိုအချိန်၌ တည်ရှိ-သော ရုပ်နာမ်တို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ အောင်မြင်မှုမရခဲ့သော် ထိုဒုတိယအတိတ် သေခါနီးပုံ၌ ဓာတ်ကြီး (၄)ပါးကို စတင်၍ ရှုပါ။ ရုပ်ကလာပ်အမှုန်များကိုတွေ့သော် ရုပ်တရားတို့ကို ဆက်လက် သိမ်းဆည်းပါ။ ဟဒယဝတ္ထုကို ထပ်မံ၍ သိမ်းဆည်းပါ၊ တစ်ဖန် ထိုဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်နေသော အိမ်ရှင် ဘဝင်မနော-အကြည်ဓာတ်ကို ဆက်လက်၍ သိမ်းဆည်းပါ။ ထိုအိမ်ရှင် ဘဝင်မနောအကြည်ဓာတ်ကို သိမ်းဆည်းနိုင်သော အခါ ထိုဘဝင်မနောအကြည်ဓာတ်ကိုပင် မရဏာသန္န ရှေးပိုင်းသို့လည်းကောင်း, သေခါနီး မရဏာသန္နပိုင်း သို့လည်းကောင်း ရှေ့တိုး နောက်ဆုတ် ပြုလုပ်၍ အကြိမ်ကြိမ် ရှုကြည့်ပါ။ ထိုအခါ သေခါနီး မရဏာသန္နအခါ၌

ထိုဘဝင်မနောအကြည်ဓာတ်တို့၏ အကြား အကြား၌ ဖြစ်ပေါ်သွားကြသော နာမ်တရားတို့ကိုလည်းကောင်း, သေခါနီး မရဏာသန္နအခါ၌ ယင်းဘဝင်မနောအကြည် = မနောဒွါရ၌ ထင်လာသော ကံ ကမ္မနိမိတ် ဂတိနိမိတ် ဟူသော နိမိတ် (၃)မျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံကိုလည်းကောင်း တွေ့ရှိနိုင်ပေသည်။

ယင်းနိမိတ်အာရုံကား အကျိုးပေးတော့မည့်ကံ၏ စွမ်းအားကြောင့် ထင်လာသော နိမိတ်ဖြစ်သဖြင့် အကျိုးပေးတော့မည့် ကံကို ရှာဖွေရာ၌ အရေးအကြီးဆုံးသော အင်္ဂါရပ် အစိတ်အပိုင်းတစ်ခုကို တွေ့ရှိခြင်းပင် ဖြစ်သည်။

ယင်းနိမိတ်ကို ရှာဖွေတွေ့ရှိခဲ့သော် အဝိဇ္ဇာ-တဏှာ- ဥပါဒါန်-သင်္ခါရ-ကံတို့ကို ဆက်လက်၍ ရှာဖွေပါ။ ကောင်းမှုပြုစဉ် သို့မဟုတ် မကောင်းမှုပြုစဉ်က ဖြစ်ခဲ့သော နာမ်တရားတို့ကို ရှေးဦးစွာ သိမ်းဆည်းပါ။ ယင်းနာမ်-တရားစုတို့တွင် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကို ရှေးဦးစွာ ရှာဖွေပါ။ တစ်ဖန် ယင်းအဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ ခြံရံထားသည့် သင်္ခါရ-ကံတို့ကို ဆက်လက် ရှာဖွေပါ။ တွေ့ရှိခဲ့သော် ယင်းဒုတိယအတိတ်တွင် ပြုစုပျိုးထောင်ခဲ့သော အကြောင်းတရားများကြောင့် ပထမအတိတ် ပဋိသန္ဓေ ကလလရေကြည်အခိုက် တည်ရှိကြသော ပဋိသန္ဓေ ရုပ်တရား နာမ်တရားတို့သည် ဖြစ်ပေါ်လာကြသည်, သို့မဟုတ် ဖြစ်ပေါ်မလာကြသည်ကို ဉာဏ်ဖြင့် စူးစမ်း ရှာဖွေကြည့်ပါ။ အကြောင်း အကျိုး ဆက်စပ်မှု ရှိမရှိကို ဉာဏ်ဖြင့် စူးစမ်းကြည့်ပါ။ ယင်းအကြောင်း-တရားများကြောင့်ပင် ပဋိသန္ဓေ ဝိပါက်ရုပ်နာမ်စသော အကျိုးတရားများ ထင်ရှားဖြစ်လာကြသည်ကို ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် သိမြင်လာသောအခါ အကြောင်းတရားနှင့် အကျိုးတရားတို့ကို ဆက်စပ်လျက် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

ပစ္စုပ္ပန်၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းသည့် ပုံစံအတိုင်း (၆)လိုင်းလုံး ကုန်စင်အောင် စိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါးဖွဲ့၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါလေ။ ထိုသို့ သိမ်းဆည်းရာ၌ အသင်သူတော်ကောင်းသည် ပထမအတိတ်ဘဝ၌ ဈာန်များကို မရခဲ့ဖူးလျှင် ဓမ္မာရုံလိုင်းတွင် ဈာန်တရားများ လျော့သွားမည် ဖြစ်၏။ ဈာန်နှင့် ပတ်သက်သည့် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရန် မလိုပါ။ အလားတူပင် ပထမအတိတ်၌ ရုပ်နာမ်တို့ကို မသိမ်းဆည်းခဲ့ဖူးလျှင် (= ရုပ်နာမ်တို့ကို ပရမတ်သို့ ဆိုက်အောင် မရှုခဲ့ဖူးလျှင်)ယင်းပရမတ္ထရုပ်နာမ်တို့ကို အာရုံယူ၍ ဖြစ်ပေါ်လာကြသော ပရမတ္ထရုပ်နာမ်တို့ကို ထိုးထွင်း သိမြင်နေသော နာမ်တရားတို့ကိုလည်း သိမ်းဆည်းရန် မလိုတော့ပေ။ ပရမတ်ကို ထိုးထွင်း သိမြင်နေသော နာမ်တရားများသည် ပထမအတိတ်တွင် မဖြစ်ခဲ့ဖူးသောကြောင့် ဖြစ်၏။ ဥပမာ — စက္ခုအကြည်ဓာတ်ကို ထိုးထွင်း သိမြင်နေသော —

၁။ စက္ခုအကြည်ဓာတ်ဟု သိနေသော မနောဒွါရဝီထိနာမ်တရားများ၊
၂။ ယင်းစက္ခုအကြည်ဓာတ်ကို ရုပ်တရားဟု သိမြင်နေသော မနောဒွါရဝီထိနာမ်တရားများ၊
၃။ ယင်းစက္ခုအကြည်ဓာတ်ကို အနိစ္စဟု သိနေသော မနောဒွါရဝီထိနာမ်တရားများ၊
၄။ အလားတူပင် ဒုက္ခဟု သိနေသော မနောဒွါရဝီထိနာမ်တရားများ၊
၅။ အနတ္တဟု သိနေသော မနောဒွါရဝီထိနာမ်တရားများ၊
၆။ အသုဘဟု သိနေသော မနောဒွါရဝီထိနာမ်တရားများ၊

ဤသို့စသည့် ပရမတ်ကို အာရုံယူနေသည့် နာမ်တရားများကို ထည့်သွင်း၍ အကြောင်း အကျိုး သိမ်းဆည်းရန် မလိုပါ။ သို့သော် အကယ်၍ အသင်သူတော်ကောင်းသည် ရုပ်နာမ်တို့ကို ပရမတ်သို့ဆိုက်အောင် ရှုခဲ့ဖူးလျှင်ကား ထိုရုပ်တရားတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရားတို့ကိုလည်း သိမ်းဆည်းဖို့ လိုပေ-သည်။ ယင်းနာမ်တရားတို့၏ အကြောင်းတရားတို့ကိုလည်း သိမ်းဆည်းဖို့ လိုပေသည်။

အကယ်၍ ပထမအတိတ်ဝယ် ရုပ်နာမ်တို့ကို ပရမတ်သို့ ဆိုက်အောင် မသိမ်းဆည်းခဲ့ဖူးလျှင်ကား အကောင်းအုပ်စုဝယ် —

၁။ ရူပါရုံလိုင်း၌ အရောင်မျှကိုသာ သိသော စက္ခုဒွါရဝီထိစိတ် မနောဒွါရဝီထိစိတ်,
၂။ သဒ္ဒါရုံလိုင်း၌ အသံမျှကိုသာ သိသော သောတဒွါရဝီထိစိတ် မနောဒွါရဝီထိစိတ်,
၃။ ဂန္ဓာရုံလိုင်း၌ အနံ့မျှကိုသာ သိသော ဃာနဒွါရဝီထိစိတ် မနောဒွါရဝီထိစိတ်,
၄။ ရသာရုံလိုင်း၌ အရသာမျှကိုသာ သိသော ဇိဝှါဒွါရဝီထိစိတ် မနောဒွါရဝီထိစိတ်,
၅။ ဖောဋ္ဌဗ္ဗာရုံလိုင်း၌ အတွေ့အထိမျှကိုသာ သိသော ကာယဒွါရဝီထိစိတ် မနောဒွါရဝီထိစိတ်,
၆။ ဓမ္မာရုံလိုင်း၌ ပညတ်ဓမ္မသဘောတို့ကို အာရုံပြုသော မနောဒွါရဝီထိစိတ်,

ဤကုသိုလ်ဇော စောသည့် ဝီထိစိတ်များကိုသာ သိမ်းဆည်းပါ။ ယင်းနာမ်တရားတို့၏ အကြောင်းတရား-တို့ကိုသာ သိမ်းဆည်းပါ။ အလားတူပင် အရောင်အတုံးအခဲ အသံအတုံးအခဲ စသည်ကို အာရုံပြုကြသော အကုသိုလ်ဇောစောသည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိ, သောတဒွါရဝီထိ မနောဒွါရဝီထိစသည်တို့ကို လည်းကောင်း, ယင်းနာမ်တရားတို့၏ အကြောင်းတရားတို့ကိုလည်းကောင်း သိမ်းဆည်းပါ။ (၆)လိုင်းလုံး၌ သိမ်းဆည်းပါ။

အကယ်၍ ပထမအတိတ်ဘဝက ဈာန်များကိုလည်း ရခဲ့ဖူးလျှင်, ရုပ်နာမ်တို့ကိုလည်း ပရမတ်သို့ ဆိုက်အောင် သိမ်းဆည်းခဲ့ဖူးလျှင် ပစ္စုပ္ပန်၌ အကြောင်းတရားတို့ကို သိမ်းဆည်းသည့် ပုံစံအတိုင်းပင် နည်းမှီး၍ သိမ်းဆည်းပါ။

ဤနည်းစနစ်ကို အခြေခံ၍ တတိယအတိတ် စတုတ္ထအတိတ်စသည့် အတိတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ အနည်းဆုံး ပမာဏအားဖြင့် ဝိဇ္ဇာမျိုးစေ့ စရဏမျိုးစေ့များကို ကြဲချစိုက်ပျိုးခဲ့ရာ ဘဝအထိ အကြောင်းတရား အကျိုးတရားတို့ကို ဆက်စပ်လျက် သိမ်းဆည်းပါ။

## တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာများ

အတိတ်ဘဝအဆက်ဆက် ခပ်များများ၌ အကြောင်းတရား အကျိုးတရားတို့ကို များများ သိမ်းဆည်းနိုင်လေ တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာများကိုလည်း ရရှိလေဖြစ်သည်။ အတိတ်ဘဝခရီးတစ်လျှောက်၌ အထက်-တန်းကျသည့်ဘဝ, အောက်တန်းကျသည့်ဘဝ အတွေ့အကြုံများကို, တောင်ထိပ် တစ်နေရာမှ တောင်အောက် တစ်နေရာသို့ လှမ်းကြည့်၍ မြင်ရသကဲ့သို့, ဉာဏ်မျက်စိဖြင့် မြင်တွေ့နေရသောအခါ ထိုသူတော်ကောင်းသည်-

၁။ ဗြဟ္မာဘဝကိုလည်းကောင်း, ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းကံကိုလည်းကောင်း,
၂။ နတ်ဘဝကိုလည်းကောင်း, နတ်ပြည်သို့ ရောက်ကြောင်းကံကိုလည်းကောင်း,
၃။ လူ့ဘဝကိုလည်းကောင်း, လူ့ပြည်သို့ ရောက်ကြောင်းကံကိုလည်းကောင်း,
၄။ တိရစ္ဆာန်ဘဝကိုလည်းကောင်း, တိရစ္ဆာန်ဘဝသို့ ရောက်ကြောင်းကံကိုလည်းကောင်း,
၅။ ပြိတ္တာဘဝကိုလည်းကောင်း, ပြိတ္တာဘဝသို့ ရောက်ကြောင်းကံကိုလည်းကောင်း,
၆။ ငရဲဘဝကိုလည်းကောင်း, ငရဲဘဝသို့ ရောက်ကြောင်းကံကိုလည်းကောင်း,

ကွဲကွဲ ပြားပြား ကျကျနန ဂဃနဏ ထိထိမိမိ ဉာဏ်မျက်စိဖြင့် မြင်သိနေ၏။ ထိုအခါ ထိုသူတော်ကောင်း၏ သန္တာန်ဝယ် တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာများကို များစွာ ရရှိနိုင်၏။

"ဤမည်သော ကောင်းမှုကြောင့် ဤမည်သော ကောင်းကျိုးကို ရခဲ့၏။
ဤမည်သော မကောင်းမှုကြောင့် ဤမည်သော မကောင်းကျိုးကို ရခဲ့၏။"

ဤကဲ့သို့သော အသိဉာဏ်များကား တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာများပင် ဖြစ်ကြ၏။ သံသရာခရီးကို ရှုရှာစက်ဆုပ်သည့် စိတ်ဓာတ်များလည်း များစွာ ကိန်းဝပ်လာနိုင်၏။ သံဝေဂဉာဏ်များလည်း များစွာ ဖြစ်ပွားလာနိုင်၏။ ဘဝ၏ အထင်ကြီးစရာ မရှိပုံ မခိုင်မြဲပုံ အနှစ်သာရ မရှိပုံတို့ကိုလည်း ပိုမို၍ နက်ရှိုင်းစွာ သဘောပေါက်လာနိုင်၏။ သတ္တဝါတို့သည် ဘဝဟောင်းကို မေ့နေကြ၍ မိမိကိုယ်ကို မိမိ မာနကြီးတစ်ခွဲသားဖြင့် အထင်ကြီးနေကြခြင်း ဖြစ်၏။

ဤမည်သော မကောင်းမှုကြောင့် ဤမည်သော တိရစ္ဆာန်ဘဝ, ဤမည်သော ပြိတ္တာဘဝ, ဤမည်သော ငရဲဘဝသို့ ရောက်ရှိခဲ့ရ၏ဟု သိရှိလာသော အသိဉာဏ်ကား အလွန် တန်ဖိုးကြီးလှ၏၊ ထိုသို့ သိနေသော သူတော်ကောင်းသည် နောက်ထပ် ထိုကဲ့သို့သော မကောင်းမှုမျိုးကို ပြုဝံ့တော့မည်ကား မဟုတ်ပေ။ သံသရာခရီးကိုလည်း အလွန်ကြောက်ရွံ့၍ နေပေလိမ့်မည်။ ဤသည်မှာလည်း တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာ တစ်ရပ်ပင် ဖြစ်ပေသည်။

## နက်လည်း နက်၏ – ခက်လည်း ခက်၏

အတိတ်ဘဝ အဆက်ဆက်၌ အကြောင်းတရားများကို ရှာဖွေရာ၌ ရံခါ နိမိတ်များသည် အရောရော အနှောနှော ထင်လာတတ်၏။ ထိုအခါ၌ အကျိုးပေးသော ကံကို ရှာဖွေရာတွင် သဘောပေါက်ရန် ရှေးဦးစွာ အောက်ပါစည်းမျဉ်း ဥပဒေသကို မှတ်သားထားပါ။

အထက်တွင် အကြိမ်ကြိမ် ရှင်းပြခဲ့သည့်အတိုင်း တစ်ခုသောဘဝ၌ ပဋိသန္ဓေ-ဘဝင်-စုတိ ဤသုံးမျိုးတို့၏ အာရုံသည် တူမြဲဖြစ်၏။ ထိုသုံးမျိုးတို့၏ အာရုံမှာလည်း ပဋိသန္ဓေမတိုင်မီ လွန်ခဲ့သည့် အတိတ်ဘဝက မရဏာသန္နဇောသည် ယူခဲ့သော အာရုံသာ ဖြစ်ပေသည်။ ထိုမရဏာသန္နဇောက "ကံ"အာရုံကို ယူခဲ့လျှင် ပဋိသန္ဓေ-ဘဝင်-စုတိတို့သည်လည်း ယင်းကံအာရုံကိုပင် ယူကြ၏။ အကယ်၍ မရဏာသန္နဇောက ကမ္မနိမိတ် အာရုံကို ယူခဲ့လျှင် ပဋိသန္ဓေ-ဘဝင်-စုတိတို့ကလည်း ယင်းကမ္မနိမိတ်အာရုံကိုပင် ယူကြ၏။ အကယ်၍ မရဏာသန္နဇောက ဂတိနိမိတ်အာရုံကို ယူခဲ့လျှင် ပဋိသန္ဓေ-ဘဝင်-စုတိတို့ကလည်း ယင်းဂတိနိမိတ်အာရုံကိုပင် ဆက်လက်၍ အာရုံယူကြသည်။ ဤစကားကို တစ်နည်းဆိုရသော် ဤသို့ ဖြစ်၏။ –

၁။ အတိတ်ဘဝ မရဏာသန္နဇော၏ အာရုံ,
၂။ ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ၏ အာရုံ,
၃။ ပစ္စုပ္ပန်ဘဝ ဘဝင်၏ အာရုံ,
၄။ ပစ္စုပ္ပန်ဘဝ စုတိ၏ အာရုံ,

ဤ (၄)မျိုးသည် အာရုံချင်း တူညီ၏၊ တစ်ခုတည်းသာ ဖြစ်၏။ အလားတူပင် –

၁။ ဒုတိယအတိတ်ဘဝ မရဏာသန္နဇော၏ အာရုံ,
၂။ ပထမအတိတ်ဘဝ ပဋိသန္ဓေ၏ အာရုံ,
၃။ ပထမအတိတ်ဘဝ ဘဝင်၏ အာရုံ,
၄။ ပထမအတိတ်ဘဝ စုတိ၏ အာရုံ,

ဤ (၄)မျိုးသည်လည်း အာရုံချင်း တူညီ၏၊ အာရုံ တစ်မျိုးတည်းသာ ဖြစ်၏။ အတိတ်ဘဝ အဆက်ဆက်၌လည်းကောင်း အနာဂတ်ဘဝ အဆက်ဆက်၌လည်းကောင်း နည်းတူသဘောပေါက်ပါ။

ဤအပိုင်းတွင် သဘောပေါက်လွယ်စေရန် ပုံစံတစ်ခုကို တင်ပြအပ်ပါသည်။ ယောဂီတစ်ဦးသည် ပဋိသန္ဓေကလလရေကြည်သို့တိုင်အောင် ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးနောက် အတိတ်အကြောင်းတရားများကို ရှာဖွေလိုက်သောအခါ —

၁။ တောက်ပနေသော ဆီမီးတိုင် ကမ္မနိမိတ်အာရုံ တစ်ခု,
၂။ သံဃာတော်များအား ထီးနှင့် သင်္ကန်းလှူနေသည့် ကံအာရုံ တစ်ခု,

ဤအာရုံနှစ်ခုကို အတိတ်ဘဝ မရဏာသန္နအခါ၌ မနောဒွါရတွင် ထင်နေသည်ကို တွေ့ရှိရ၏။ မရဏာသန္နအခါဟု ဆိုသော်လည်း မရဏာသန္နဇောအခိုက်ကို မဆိုလိုသေးပါ။ မရဏာသန္နဇော၏ ဝန်းကျင်တွင် ယင်းအာရုံနှစ်မျိုးကို တစ်လှည့်စီ တွေ့နေခြင်းကိုသာ ဆိုလိုသည်။

ထပ်မံ၍ ဉာဏ်ဖြင့် စူးစမ်းရှာဖွေလိုက်သောအခါ ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေစသည့် အချို့သော ဝိပါကဝဋ် ရုပ်နာမ်တို့ကို ဖြစ်စေတတ်သော ဇနကကံမှာ ထီးနှင့် သင်္ကန်းလှူသော ကံပင် ဖြစ်၏။ တစ်ဖန် ပထမ အတိတ်ဘဝ၏ ပဋိသန္ဓေသို့တိုင်အောင်သော ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးနောက် ယင်းပဋိသန္ဓေ ရုပ်နာမ်တို့၏ အကြောင်းတရားများကို စူးစမ်းရှာဖွေလျက် ဒုတိယ အတိတ်ဘဝ၏ သေခါနီး မရဏာသန္နအခါသို့ စိုက်ရှုလိုက်သောအခါ ယင်းဆီမီးတိုင် ကမ္မနိမိတ်အာရုံသည် တစ်ဖန်ပြန်၍ ပေါ်လာ၏။ ယင်းဆီမီးတိုင် ကမ္မနိမိတ်အာရုံ၏ မြစ်ဖျားခံရာ ကံကို ဆက်လက်၍ စူးစမ်းရှာဖွေသောအခါ —

၁။ စေတီတော်တစ်ဆူတွင် ပူဇော်ထားသော ဆီမီးဖြစ်ကြောင်းကိုလည်းကောင်း,
၂။ စေတီတော်အား ဆီမီးလှူသည့် ကံကိုလည်းကောင်း တွေ့ရှိရပေသည်။ ဤတွင် —

၁။ ဒုတိယအတိတ် မရဏာသန္နဇော၏ အာရုံမှာ ဆီမီးတိုင် ကမ္မနိမိတ်အာရုံ ဖြစ်သည်။
၂။ ပထမအတိတ် ပဋိသန္ဓေ၏ အာရုံမှာ ယင်းဆီမီးတိုင် ကမ္မနိမိတ်အာရုံပင် ဖြစ်သည်။
၃။ ပထမအတိတ် ဘဝင်၏ အာရုံမှာလည်း ယင်းဆီမီးတိုင် ကမ္မနိမိတ်အာရုံပင် ဖြစ်သည်။
၄။ ပထမအတိတ် မရဏာသန္နဇော၏ အာရုံမှာ သံဃာတော်များအား ထီးသင်္ကန်းလှူသည့် ကံအာရုံ ဖြစ်သည်။
၅။ ပထမအတိတ် စုတိ၏ အာရုံမှာ ယင်းဆီမီးတိုင် ကမ္မနိမိတ်အာရုံပင် ဖြစ်သည်။
၆။ တစ်ဖန် ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေ၏ အာရုံ -
၇။ ဘဝင်၏ အာရုံ -
၈။ စုတိ၏ အာရုံ — ဤအာရုံတို့မှာ သံဃာတော်တို့အား ထီးသင်္ကန်းလှူသည့် ကံအာရုံပင် ဖြစ်သည်။

ထိုယောဂီကား ပထမအတိတ်ဘဝတွင် မရဏာသန္နဇောနှင့် စုတိ၏ အကြားတွင် ဘဝင်အကျများခဲ့သော ယောဂီတစ်ဦးဖြစ်၏။ ထို့ကြောင့် အတိတ်ဘဝ သေခါနီးကာလသို့ လှမ်းရှုလိုက်သောအခါ —

၁။ ထိုပထမအတိတ်ဘဝ ဘဝင် စုတိတို့၏ အာရုံဖြစ်သော ဆီမီးတိုင် ကမ္မနိမိတ်အာရုံကိုလည်းကောင်း,
၂။ ပထမအတိတ်ဘဝ မရဏာသန္နဇော၏ အာရုံဖြစ်သော သံဃာတော်တို့အား ထီးနှင့် သင်္ကန်း လှူဒါန်း ပူဇော်သည့် ကံအာရုံကိုလည်းကောင်း, တွေ့ရှိခြင်းပင် ဖြစ်၏။

## အဝိဇ္ဇာ – တဏှာ – ဥပါဒါန်

၁။ တစ်ဖန် ဒုတိယအတိတ်ဘဝ စေတီတော်အား ဆီမီးလှူဒါန်းခဲ့စဉ်က – တရားထူးတရားမြတ် ရနိုင်သည့် အမျိုးကောင်းသမီးဖြစ်ရန် ဆုတောင်းပန်ထွာလျက် လှူဒါန်းပူဇော်ခဲ့၏။ ဆီမီးလှူဒါန်းပူဇော်ခြင်း ကုသိုလ်သင်္ခါရကို ပြုစုပျိုးထောင်ခဲ့၏။

၂။ ပထမအတိတ်၌ မဏ္ဍပ်တစ်ခု၏ အတွင်းဝယ် သံဃာတော်များအား ထီးနှင့် သင်္ကန်းများကို လှူဒါန်းခဲ့စဉ်ကမူ အနီးအနားတွင် တည်ရှိနေသော ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသည့် သီလရှင်တစ်ပါးအား အားကျလျက် ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသော အမျိုးကောင်းသမီးဘဝကို လိုလားတောင့်တလျက် ဆုတောင်းပန်ထွာလျက် သံဃာတော်များအား ထီးနှင့်သင်္ကန်း လှူဒါန်းခြင်း ကုသိုလ်သင်္ခါရကို ပြုစုပျိုးထောင်ခဲ့၏။

ထိုတွင် တရားထူးတရားမြတ်ရနိုင်သည့် အမျိုးကောင်းသမီးဘဝကို တွယ်တာတပ်မက်သည့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ ခြံရံထားသည့် စေတီတော်အား ဆီမီးလှူဒါန်းပူဇော်ခဲ့သည့်ကံက ပထမအတိတ်ဘဝတွင် ပဋိသန္ဓေစသော ဝိပါကဝဋ်တရားအချို့တို့ကို ဖြစ်စေ၍ –

ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသည့် အမျိုးကောင်းသမီးဘဝကို တွယ်တာတပ်မက်သည့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ ခြံရံထားသော သံဃာတော်တို့အား ထီးနှင့် သင်္ကန်း လှူဒါန်းပူဇော်သည့် ကုသိုလ်ကံက ဤပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေစသော အချို့သော ဝိပါကဝဋ်တရားတို့ကို ဖြစ်စေသည်ကို ကိုယ်တိုင် ဉာဏ်ဖြင့် ထိုးထွင်းသိသွား၏။

## ဥပတ္ထမ္ဘကကံ

ဤတွင် အလွန်စိတ်ဝင်စားဖွယ် အချက်တစ်ရပ်ကား ဥပတ္ထမ္ဘကကံပင် ဖြစ်၏။ ဒုတိယအတိတ်ဘဝတွင် တရားထူးတရားမြတ်ရနိုင်သည့် အမျိုးကောင်းသမီးဘဝကို လိုလားတောင့်တလျက် ပြုစုပျိုးထောင်ခဲ့သော စေတီတော်အား ဆီမီးလှူဒါန်းသည့် ကုသိုလ် သင်္ခါရကံသည် ပထမအတိတ်ဘဝတွင် ပဋိသန္ဓေစသော အချို့သော ဝိပါကဝဋ်တရားတို့ကို ဖြစ်စေပြီးနောက် ဤပစ္စုပ္ပန်ဘဝတွင်လည်း ယင်းကံက ဝိပဿနာဉာဏ်များကို အားကောင်းအောင် အထောက်အကူပြုပေးနေသည့် ဥပတ္ထမ္ဘကကံလည်း ဖြစ်နေခြင်းပင်တည်း။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးအတွင်း၌ တည်ရှိကြသော ရုပ်တရား နာမ်တရား အကြောင်းတရား အကျိုးတရားတို့ကို လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်နည်းအားဖြင့် နေရာတကျ သိမ်းဆည်းပြီးသောအခါ ထိုယောဂီပုဂ္ဂိုလ်သည် ဝိပဿနာပိုင်းသို့ ကူးသွား၏။ ဝိပဿနာပိုင်းသို့ ရောက်ရှိ၍ ဝိပဿနာ-ဉာဏ်များသည် အားကောင်းလာသောအခါ ဥပတ္ထမ္ဘကကံနှင့် ဆက်စပ်၍ ထိုယောဂီပုဂ္ဂိုလ်၏ လျှောက်ထား-ချက်မှာ အောက်ပါအတိုင်း ဖြစ်၏ –

"အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးအတွင်း၌ တည်ရှိသော -

၁။ ရုပ်တရား
၂။ နာမ်တရား
၃။ အကြောင်းတရား
၄။ အကျိုးတရားတို့ကို –

ရုပ်တစ်လှည့်, နာမ်တစ်လှည့်, အကြောင်းတစ်လှည့် အကျိုးတစ်လှည့်, အဇ္ဈတ္တတစ်လှည့်, ဗဟိဒ္ဓတစ်လှည့်,

လှည့်လည်၍ လက္ခဏာရေးသုံးတန်တွင်လည်း အနိစ္စတစ်လှည့်, ဒုက္ခတစ်လှည့်, အနတ္တတစ်လှည့် တစ်လှည့်စီ တင်၍ ဝိပဿနာရှုနေသည့်အခါ ဝိပဿနာရှုလို့ အရှိန်အားကောင်းလာလျှင် ဒုတိယအတိတ်ဘဝက ပြုစုပျိုး-ထောင်ခဲ့သည့် ဆီမီးတိုင် ကမ္မနိမိတ်အာရုံသည် လက်ရှိဘဝ ဘဝင်မနောအကြည်ဓာတ်တွင် လာ၍ ထင်နေတတ်၏။ တစ်ဖန် ထိုဆီမီးတိုင်နိမိတ်ဘက်သို့ အာရုံစိုက်၍ ရှုလိုက်သောအခါ ထိုဆီမီးလှူခဲ့သည့် ကုသိုလ်စေတနာ သင်္ခါရအုပ်စု၏ ကမ္မသတ္တိက လက်ရှိ ဝိပဿနာဉာဏ်အား အရှိန်အဝါ စွမ်းအင်များ ပို၍ ပို၍ အားကောင်းအောင် အားပေးထောက်ပံ့နေသည်ကို တွေ့ရ၏။ ယင်းဆီမီးလှူခဲ့သည့် ကံက ဝင်၍ ဝိပဿနာဉာဏ်အား အားပေးထောက်ပံ့လိုက်သောအခါ ဝိပဿနာရှုရသည်မှာ ပိုမို၍ ကောင်းမွန်သွက်လက်လာ၏၊ ဝိပဿနာဉာဏ်မှာ ပို၍ ပို၍ စူးရှထက်မြက်လာ၏၊ ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်စွမ်းအင်မှာ ပို၍ ပို၍ တောက်ပလာတတ်၏။ ထိုအခါမျိုးတွင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိကြသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့မှာ ပို၍ ပို၍ပင် အသိဉာဏ်၌ သန့်ရှင်းသည်ထက် သန့်ရှင်းလာသည်ကို တွေ့ရ၏။ အကယ်၍ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွှယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို ဝိပဿနာရှုလျှင်လည်း နည်းတူပင် အသိဉာဏ်မှာ သန့်ရှင်းသည်ထက် သန့်ရှင်း၍ လင်းသထက် လင်းလာသည်ကို တွေ့ရ၏။"

ဤကား ထိုယောဂီ၏ လျှောက်ထားချက်များပင် ဖြစ်၏။

သတိ သံသာရပ္ပဝတ္တိယာ အဟောသိကမ္မံ နာမ န ဟောတိ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

သံသရာဝယ် ဆက်လက်ဖြစ်ရခြင်း သဘောတရားသည် ထင်ရှားရှိနေခဲ့ပါမူ ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့သော အပရာပရိယဝေဒနီယ အမည်ရသော ကံတို့သည် အဟောသိကံ ဖြစ်သွားသည်ဟူ၍ မရှိစကောင်းပေ။ (ဝိသုဒ္ဓိ-၂-၂၃၆။)

ဤကဲ့သို့သော ဗုဒ္ဓအဘိဓမ္မာ၏ ကမ္မသတ္တိ စည်းမျဉ်းဥပဒေသကို မှန်ကန်တိကျကြောင်းကို ထောက်ခံလျက်ရှိသော သာဓကတစ်ခုပင် ဖြစ်၏။

ယင်းဆီမီးလှူခဲ့သည့် ကံသည် ပထမအတိတ်တွင် အကျိုးပေးပြီးဖြစ်၍ ယခု ပစ္စုပ္ပန်ဘဝအထိ အဘယ်-ကြောင့်လိုက်၍ အကျိုးပေးနေရသနည်းဟု စောကြောနေဖွယ်ကား မလိုပေ။

၁။ ဆီမီးမလှူမီ ရှေ့ပိုင်း၌လည်းကောင်း,
၂။ ဆီမီးလှူနေစဉ်၌လည်းကောင်း,
၃။ ဆီမီးလှူပြီး နောက်ပိုင်း၌လည်းကောင်း,

မဟာကုသိုလ် မနောဒွါရိက ဇောဝီထိပေါင်း မရေမတွက်နိုင်အောင် များစွာ စောခဲ့၏။ ကမ္မသတ္တိများလည်း များစွာပင် ရှိခဲ့၏။ ယင်းကံတို့တွင် အလယ်ဇော (၅)တန်တို့၏ စွမ်းအင်သတ္တိများလည်း များစွာပင် ပါဝင်လျက်ရှိ၏။ မဟာကုသိုလ် မနောဒွါရိကဇောဝီထိတိုင်း၌ အလယ်ဇောငါးတန်တို့ကား ပါဝင်လျက်ပင် ရှိကြ၏။ သတ္တမဇော စေတနာတို့က ပထမအတိတ်တွင် အကျိုးပေးခဲ့ပြီး ဖြစ်သော်လည်း ယင်းအလယ်ဇော (၅)တန်တို့၏ စွမ်းအင်သတ္တိများက ယခု ပစ္စုပ္ပန်ဘဝတွင် ဥပတ္ထမ္ဘကကံအဖြစ် အကျိုးပေးဖို့ရန် အခါအခွင့် သင့်လာကြ၏၊ အပရာပရိယဝေဒနီယ အမည်ရသော ကံများပင် ဖြစ်ကြ၏။

## အားရကျေနပ်ဖွယ် အချက်တစ်ရပ်

တရားထူးတရားမြတ်ကို ရရှိရန်ဟူသော ဦးတည်ချက်ဖြင့် တစ်နည်းဆိုသော် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရရှိရန်ဟူသော ရည်ရွယ်တောင့်တချက်ဖြင့် ပြုစုပျိုးထောင်ခဲ့သော ကံများသည် ယခုကဲ့သို့ မဂ် ဖိုလ် နိဗ္ဗာန်ကို ရရာရကြောင်း ရောက်ရာရောက်ကြောင်း ဖြစ်သည့် သမထဝိပဿနာ ဘာဝနာလုပ်ငန်းရပ်တို့ကို ကျင့်ကြံ ကြိုးကုတ် ပွားများ အားထုတ်ရာ၌ ကြောင့်ကြမဲ့ လက်ပိုက်ကြည့်မနေကြဘဲ အခါအခွင့်သင့်တိုင်း ဝင်ရောက်၍ အားပေး ထောက်ပံ့တတ်သည်ဟူသော အချက်မှာ အလွန် အားရကျေနပ်ဖွယ်ကောင်းသော အချက်တစ်ရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကျွတ်လိုလွတ်လိုသည့် သူတော်ကောင်း သူမြတ်လောင်း မှန်သမျှသည် မည်သည့် ကောင်းမှုကုသိုလ်မျိုးကိုမဆို ပြုလုပ်တိုင်း ပြုလုပ်တိုင်း နိဗ္ဗာန်ကို စွဲစွဲမြဲမြဲ ဆုတောင်းသင့် လှပေသည်။ စွဲမြဲသည့် ဦးတည်ချက် တစ်ခုကား ရှိသင့်လှပေသည်။

## သံသရာကွေ့များ၌ လောကစံလေလှိုင်းများ

ယင်းသို့ အတိတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ ရုပ်-နာမ်-ကြောင်း-ကျိုး (= သင်္ခါရတရား)တို့ကို သိမ်းဆည်းရာ၌ ရံခါကုသိုလ်ကံများက ပဋိသန္ဓေစသော အကျိုးကိုပေး၍, ရံခါ ကုသိုလ်ကံတစ်ခုက အခြား ကုသိုလ်ကံ တစ်ခုကို အားပေးထောက်ပံ့တတ်သည်ကို တွေ့ရတတ်သော်လည်း, ရံခါ အကုသိုလ်ကံများက ကုသိုလ်၏ အကျိုးကို ပယ်သတ်ကာ မကောင်းကျိုးများကို ပေးတတ်သည်ကိုလည်း တွေ့ရတတ်ပါသည်။ ကုသိုလ်ကံက အကျိုးပေးခွင့်သာ၍ လူ့ဘဝကို ရရှိခိုက် ကုသိုလ်တရားတို့၌ မေ့လျော့ကာ ဒုစရိုက်များနှင့် ပျော်ခဲ့မှု, လောဘ, ဒေါသ, မောဟ, မာန်မာန, ဣဿာ, မစ္ဆရိယစသော အကုသိုလ် တရားဆိုးများကို အဖော်ပြုခဲ့မှုကြောင့် တိရစ္ဆာန်ဘဝ ပြိတ္တာဘဝစသည့် ထိုထိုဒုဂ္ဂတိဘဝတို့၌ မြုပ်ခဲ့ မျောခဲ့ရသည်တို့ကိုလည်း တွေ့နိုင်ပေသည်။

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ဝိပဿနာဉာဏ်များ အတော်အသင့် ရင့်ကျက်လာသောအခါ အတိတ် သံသရာ အဆက်ဆက်၌ ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ခပ်များများ ရှုကြည့်၏။ လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ, ယောကျ်ားဘဝ, မိန်းမဘဝ, တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝ, ငရဲဘဝစသည့် ဘဝပေါင်းများစွာကို လည်းကောင်း, ထိုထိုဘဝသို့ ရောက်ကြောင်းကံတို့ကိုလည်းကောင်း သိမ်းဆည်းနိုင်ခဲ့၏၊ ဝိပဿနာရှုနိုင်ခဲ့၏။ နိဗ္ဗိန္ဒဉာဏ်များလည်း ဖြစ်ခဲ့၏။

ထိုတွင် ဘဝတစ်ခုတွင် ဒီးဒုတ်ဖြစ်ခဲ့၏။ ထိုဒီးဒုတ်ဘဝတွင် ဇီးကွက်ငယ် တစ်ကောင်ကို ရေအိုင်ငယ် တစ်ခုတွင် အကြောင်းမဲ့သက်သက် စိတ်ရှည်လက်ရှည် နှုတ်သီးဖြင့် ပေါက်သတ်ခဲ့၏။ အပုညာဘိသင်္ခါရ အမည်ရသော ဒေါသပြစာန်းသည့် ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲဘဝ, ပြိတ္တာဘဝ, တိရစ္ဆာန်ဘဝ စသည့် ထိုထိုဒုဂ္ဂတိဘဝ၌ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခခံခဲ့ရ၏။ – ထိုယောဂီအတွက်ကား တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာပင် ဖြစ်၏။

အသိမှားမှု အဝိဇ္ဇာကို အခြေခံ၍ ဖြစ်ပေါ်လာကြကုန်သော အပုညာဘိသင်္ခါရ အမည်ရသော အကုသိုလ် သင်္ခါရကံတို့ကြောင့် ဝိပါကဝဋ် အမည်ရသော ဒုဂ္ဂတိပဋိသန္ဓေစသော အကျိုးတရားများဖြစ်ပုံတည်း။

၁။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါစသည်ဖြင့် အသိမှားမှု ဇီးကွက်ငယ်ဟု အသိမှားမှု သဘောကား အဝိဇ္ဇာတည်း။

၂။ ယင်းအဝိဇ္ဇာကို အခြေခံ၍ ကာယဒုစရိုက်မှု ဝစီဒုစရိုက်မှု မနောဒုစရိုက်မှုတို့၌ နှစ်ခြိုက်မှု မေ့လျော့မှု

တွယ်တာမှုသဘောကား တဏှာတည်း။ ဥပမာ တောမလိုက်ရ မနေနိုင်မှု, အတင်းအဖျင်း မပြောရ မနေနိုင်မှု, အတင်းအဖျင်းပြောမှုတို့၌ မွေ့လျော်မှု ပျော်ပိုက်မှုမျိုးတည်း။ အထက်တွင် ပုံစံထုတ်ပြထားသည့်အတိုင်း ဇီးကွက်ငယ်ကို မသတ်ဘဲ မနေနိုင်မှုမျိုးတည်း။

၃။ ယင်းဒုစရိုက်မှုတို့၌ စိတ်ကပ်ရောက်စွဲနေမှုကား ဥပါဒါန်တည်း။

၄။ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ကို လွန်ကျူးခြင်းကား အပုညာဘိသင်္ခါရ အမည်ရသော အကုသိုလ် စေတနာအုပ်စု သင်္ခါရတရားတို့ကို ပြုစုပျိုးထောင်ခြင်းတည်း။ ဇီးကွက်ငယ်အား နှုတ်သီးဖြင့် ပေါက်သတ်သည့် ပါဏာတိပါတ ကာယဒုစရိုက် အကုသိုလ်စေတနာမျိုးတည်း။

၅။ ယင်းအကုသိုလ်စေတနာ သင်္ခါရအုပ်စု၏ ချုပ်ပျက်သွားသည့်အခါ ရုပ်နာမ်အစဉ်တွင် မြုပ်နှံထားခဲ့သည့် မကောင်းကျိုးကိုပေးမည့် စွမ်းအင်သတ္တိကား ကံတည်း။

**[မှတ်ချက်** – အပါယ်ဒုဂ္ဂတိဘဝကို မတွယ်တာသော်လည်း အပါယ်ရောက်ကြောင်း ဒုစရိုက်တရားတို့ကို လည်းကောင်း, အကုသိုလ်တရားတို့ကိုလည်းကောင်း မလွန်ကျူးရလျှင် မနေနိုင်အောင် တွယ်တာနေလျှင်လည်း တဏှာ ဥပါဒါန်တို့ အမည်ရသည်သာဟု မှတ်ပါ။**]**

ဤသို့လျှင် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကိုလည်းကောင်း, အပုညာဘိသင်္ခါရ အမည်ရသော အကုသိုလ် သင်္ခါရ-ကံတို့ကိုလည်းကောင်း, ယင်းအကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရသည့် အကုသလဝိပါက် အကျိုး-တရားစုတို့ကိုလည်းကောင်း ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

ဒေါသကြောင့်သာ အပါယ်ဒုဂ္ဂတိသို့ ရောက်ရှိရသည် မဟုတ်သေး၊ လောဘကြောင့်လည်း အပါယ် ဒုဂ္ဂတိသို့ ရောက်ရှိနိုင်သည်သာ ဖြစ်၏။ ယောဂီတစ်ဦးကား ဒုတိယအတိတ်ဘဝ၏ သေခါနီး မရဏာသန္နအခါသို့ စိုက်၍ ရှုလိုက်သောအခါ ယင်းသေခါနီးကာလ ဘဝင်မနောဒွါရတွင် မိမိအမွေရရှိထားသော ရွှေထည်ပစ္စည်း အစုအပုံကြီး ထင်နေ၏။ ယင်းရွှေထည်ပစ္စည်း အစုအပုံကို မစွန့်လွှတ်နိုင်သော သဘောမျိုးဖြင့် တွယ်တာ တပ်မက်မှု မရှိသော်လည်း ယင်းရွှေထည်ပစ္စည်း အစုအပုံကို သာယာတပ်မက်နေသည့် လောဘဇောကား စောနေ၏။ ယင်းလောဘဇောက မရဏာသန္နဇော၏ နေရာကို ယူသွား၏။ ပြိတ္တာဘဝသို့ ရောက်ရှိသွား၏။ ဓနလောဘကြောင့် တောဒေယျ ပုဏ္ဏားကြီးသည် ခွေးဘဝသို့ ရောက်ရှိသွားရသကဲ့သို့ ဤယောဂီသည်လည်း ဓနလောဘကြောင့်ပင်လျှင် ပြိတ္တာဘဝသို့ ရောက်ရှိသွားခဲ့ရ၏။ အလားတူပင် ကုက္ကုစ္စ, မစ္ဆရိယ, မာန်မာနစသော အကုသိုလ် တရားဆိုးတို့ကြောင့်လည်း အပါယ်သို့ ရောက်ရှိနိုင်သည်သာ ဖြစ်ပေသည်။

> သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။
> သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

၁။ အကုသိုလ် မကောင်းမှု မှန်သမျှကို မပြုလုပ်ရာ။
၂။ ကုသိုလ်တရားမှန်သမျှကို ပြည့်စုံစေရာ၏။
၃။ မိမိတို့၏ စိတ်ကို အရဟတ္တဖိုလ်ရေစင်ဖြင့် စင်ကြယ်အောင် ဆေးကြောသုတ်သင်ရာ၏။ –

ဤသည်ကား ဂင်္ဂါဝါလု သဲစုမျှမက ပွင့်တော်မူကြပြီးကုန်သော အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမ အနုသာသနီ တရားတော်ပါပေတည်း။

## ရူပါဝစရ ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရ

ထိုသို့ အတိတ်ဘက်သို့ ဉာဏ်ကို စေလွှတ်၍ ရုပ်တရား, နာမ်တရား, အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရာ၌ အသင်သူတော်ကောင်း၏ ဉာဏ်သည် ထက်လျှင် ထက်သလို ဉာဏ်ကြောင့် အရောင်အလင်း သည်လည်း ထွက်ပေါ်နေမည်သာ ဖြစ်သည်။ ထိုဉာဏ်ရောင်သည်လည်း သမာဓိအားကောင်းလျှင် အားကောင်း သလို ထက်မြက် စူးရှလာတတ်၏။ ထိုဉာဏ်အရောင်အလင်းသည် အတိတ်ဇာတ်ကြောင်းစုံကို မီးမောင်း ထိုးပြနေမည်သာ ဖြစ်သည်။ ထိုဉာဏ်အရောင်အလင်း၏ စွမ်းအင်ဖြင့် အတိတ်ဘဝ ဇာတ်လမ်းများကို တစ်နည်းဆိုရသော် အတိတ် အကြောင်းတရားများကို တွေ့ရှိနေမည်သာ ဖြစ်ပေသည်။

ထိုသို့ အတိတ်သို့ ဉာဏ်ကို စေလွှတ်၍ အတိတ်အကြောင်းတရားများကို တစ်စ တစ်စ တစ်ဘဝပြီး တစ်ဘဝ ရှုသွားရာ၌ (၄)ဘဝ, (၅)ဘဝစသည်ကို ရှုပြီးသည်နောက် ဆက်လက်၍ ခပ်များများရှုလိုသေးပါက ပဋိသန္ဓေ ခန္ဓာ (၅)ပါးလောက်မျှနှင့်သာ အကြောင်း အကျိုးစပ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပြီးနောက် ကျန်ပဝတ္တိ ဝိပါက်ဝိညာဏ် စသည်တို့၌ အကြောင်း အကျိုးစပ်၍ အကြောင်းတရား အကျိုးတရားတို့ကို မသိမ်းဆည်းတော့ဘဲ အတိတ်ဘဝ တစ်ခုပြီး တစ်ခု ဆက်လက် ရှုနိုင်ပါသည်။ သို့သော် အနည်းဆုံး ပမာဏအားဖြင့် အတိတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိသည်ဟု သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် အတိတ်ဘဝ (၃ - ၄)ဘဝလောက်တွင် (၆)လိုင်းလုံး၌ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်းဝယ် ခန္ဓာ (၅)ပါးဖွဲ့၍ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

ထိုသို့ အတိတ်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို တစ်စ တစ်စ သိမ်းဆည်း သွားရာ၌ အခါအခွင့်အားလျော်စွာ ဈာန်ရခဲ့သည့်ဘဝများကိုလည်း တွေ့ရှိနိုင်ပေသည်။ အကယ်၍ တွေ့ရှိခဲ့လျှင် ထိုဈာန်များမှာ ရူပါဝစရဈာန် = ရူပါဝစရ ပုညာဘိသင်္ခါရ ဖြစ်ခဲ့သော် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ တို့ကို စုံအောင် ရှာဖွေလျက် ရူပါဝစရ ပဋိသန္ဓေ ခန္ဓာ (၅)ပါးနှင့် အကြောင်း အကျိုးစပ်၍ ကြည့်ပါ။ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ဤရှုကွက်မှာ ထိုဈာန်က သေသည့်တိုင်အောင် မလျှောကျသဖြင့် ရူပပြဟ္မာဘဝကို ရရှိလာသောအခါကို တွေ့ရှိမှသာလျှင် ရှုရန် ဖြစ်သည်။ အကယ်၍ ရပြီးဈာန်သည် မသေခင် တစ်ချိန်၌ အရှင်ဒေဝဒတ်တို့ကဲ့သို့ လျှောကျခဲ့သော်လည်းကောင်း, ရူပပြဟ္မာဘဝကို မရခဲ့သော်လည်းကောင်း ရှုရန်မလိုပါ။

အကယ်၍ အာနေဉ္ဇာဘိသင်္ခါရ အမည်ရသည့် အရူပဈာန်များကို ရရှိခဲ့ဖူး၍ အရူပဘုံသို့ ရောက်ခဲ့ဖူး လျှင်လည်း မိမိထူထောင်ထားသည့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကို ပြည့်ပြည့်စုံစုံ ရှာဖွေလျက် မိမိရရှိဖူးသော အရူပ ပဋိသန္ဓေ နာမ်ခန္ဓာ (၄)ပါးနှင့် အကြောင်း အကျိုးစပ်၍ အကြောင်းတရား အကျိုးတရား တို့ကို သိမ်းဆည်းပါ။ (အကြောင်းတရားများကို ရှာဖွေပုံကို သဘောပေါက်သင့်ပြီ။)

## အနာဂတ်သို့ ဉာဏ်ကို စေလွှတ်ပါ

အတိတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာ ရှိ၏၊ ပစ္စုပ္ပန်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာရှိ၏ဟု ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီးသောအခါ အနာဂတ်၌လည်း အကြောင်းတရားနှင့် အကျိုးတရားသာရှိ၏ဟု သိအောင် ဆက်လက်၍ ရှုရဦးမည်သာ ဖြစ်သည်။

၁။ ထိုသို့ ရှုရာ၌ ဤပစ္စုပ္ပန်ဘဝတွင် မိမိကိုယ်တိုင် နောင်အနာဂတ် ဘဝအတွက် ရည်ရွယ်တောင့်တ၍ ပြုစုပျိုးထောင်ထားသော ပြုလုပ်နေကျ ဖြစ်သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကို ရှာဖွေ၍ ထိုကံကြောင့် ဖြစ်ပေါ်လာမည့် နောင်အနာဂတ်ခန္ဓာတို့ကို လှမ်းမျှော်ရှုကြည့်လျှင်လည်း အနာဂတ်ခန္ဓာတို့ကို တွေ့ရှိနိုင်ပေသည်။

၂။ ထိုသို့ ရှု၍ မတွေ့ရှိခဲ့သော် ယခုလက်ရှိ ပစ္စုပ္ပန်ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးလျှင် ဤဘဝ စုတိဟူသော အနာဂတ်ဘက်သို့ ဉာဏ်ကို စေလွှတ်၍ ရုပ်နာမ်တို့ကို တဖြည်းဖြည်း သိမ်းဆည်းပါ။ စုတိရှေ့ မရဏာသန္န သေခါနီးအခါ၌ တည်ရှိသော ဘဝင်မနောအကြည်ဓာတ် မနောဒွါရကို ထိထိမိမိ သိမ်းဆည်းပါ။ ထိုသေခါနီး မနောဒွါရ၌ အနာဂတ်ပဋိသန္ဓေကို ဖြစ်စေမည့် အကျိုးပေးတော့မည့် ကံ၏ စွမ်းအင်သတ္တိကြောင့် ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးသည် ထင်နေမြဲ ဓမ္မတာပင် ဖြစ်၏။ ဤသို့ ထင်မှုမှာလည်း သံသရာခရီး မဆုံးသေးသူအတွက်သာ ဆိုလိုပါသည်။ ယင်းနိမိတ်သည် အနာဂတ်ဘဝ ပဋိသန္ဓေကို ဖြစ်စေမည့် ဇနကကံ၏ စွမ်းအားကြောင့် ထင်လာသော နိမိတ်ဖြစ်ရကား ယင်းနိမိတ်ကို အခြေခံ၍ သင်္ခါရ-ကံတို့ကို လည်းကောင်း အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကိုလည်းကောင်း ရှာဖွေပြီးလျှင် ယင်းသင်္ခါရ-ကံကြောင့် ဖြစ်ပေါ်လာမည့် အနာဂတ် ပဋိသန္ဓေကို လှမ်း၍ ရှုပါကလည်း ထိုပဋိသန္ဓေခန္ဓာတို့ကို တွေ့ရှိနိုင်ပေသည်။

## ပုံစံတစ်ခုဖြင့် ဆိုရသော်

ထို (၂)မျိုးတို့တွင် နံပါတ် (၁)၌ ဖော်ပြခဲ့သော စနစ်အရ အကြောင်း အကျိုး သိမ်းဆည်းပုံ ရှုကွက် အတိုချုပ်ကို ပုံစံထုတ်၍ တင်ပြပေအံ့ —

အသင်သူတော်ကောင်းသည် နောင်အနာဂတ်ဘဝ၌ အထက်တန်းကျသည့် အထက်နတ်အမျိုးအစားတွင် ပါဝင်သည့် ဗြဟ္မကာယိကနတ်သား ဖြစ်ရန် ရည်ရွယ်တောင့်တ၍ ဤပစ္စုပ္ပန်ဘဝတွင် ကုသိုလ်ကောင်းမှု သင်္ခါရ မျိုးစေ့တို့ကို အကြိမ်များစွာ ကြဲချ စိုက်ပျိုးခဲ့သည် ဖြစ်အံ့၊ ထိုကောင်းမှု ကုသိုလ်တို့တွင် နှစ်နှစ်ကာကာ စိတ်ပါလက်ပါ အမှတ်တရ ပြုမိသည့် ကောင်းမှုကုသိုလ်တစ်ခုကို ရွေးချယ်ပါ။ ဥပမာ - စေတီတော်အား ပန်း ဆီမီး လှူဒါန်း၍ အထက်တန်းကျသည့် ဗြဟ္မကာယိကနတ်သားဖြစ်ရန် ဆုတောင်းပန်ထွာခဲ့ဖူးသည် ဆိုပါစို့။

၁။ အဝိဇ္ဇာ = ဗြဟ္မကာယိကနတ်သားဟု အသိမှားမှုသဘော၊
၂။ တဏှာ = ယင်းဗြဟ္မကာယိကနတ်သားဘဝကို တွယ်တာ တပ်မက်မှုသဘော၊
၃။ ဥပါဒါန် = ယင်းဗြဟ္မကာယိကနတ်သားဘဝသို့ စိတ်ကပ်ရောက် စွဲနေမှုသဘော၊
၄။ သင်္ခါရ = စေတီတော်အား ပန်း ဆီမီး လှူသည့် ကုသိုလ်စေတနာအုပ်စု၊
၅။ ကံ = ယင်းကုသိုလ်စေတနာ သင်္ခါရအုပ်စု၏ ကမ္မသတ္တိ၊

အတိတ် အကြောင်းတရားများကြောင့် ပစ္စုပ္ပန် အကျိုးတရားများ ဖြစ်ပုံကိုလည်းကောင်း, ဆိုင်ရာဆိုင်ရာ အတိတ် အကြောင်းတရားများကြောင့် ဆိုင်ရာဆိုင်ရာ အတိတ် အကျိုးတရားများ ဖြစ်ပုံကိုလည်းကောင်း ကျေကျေပွန်ပွန် ရှုထားပြီးသော အသင်ယောဂီသူတော်ကောင်းသည် ပစ္စုပ္ပန်အကြောင်းတရားများကြောင့်

တစ်နည်းဆိုသော် ယင်းဖော်ပြပါ ကမ္မသတ္တိကြောင့် ဖြစ်ပေါ်လာမည့် အနာဂတ် ဓမ္မကထိကနတ်သားဘဝ၏ ခန္ဓာ (၅)ပါးကို လှမ်းမြော်၍ ကြည့်လိုက်ပါက လွယ်လွယ်ကူကူပင် တွေ့ရှိမည် ဖြစ်ပါသည်။ ယင်းဇနကကံမှာ ဝမ်းမြောက် ဝမ်းသာ စိတ်ပါလက်ပါဖြင့် ထူထောင်ခဲ့သော တိဟိတ် သောမနဿ မဟာကုသိုလ်ကံမျိုး ဖြစ်သဖြင့် ယင်းကံကြောင့် ဖြစ်ပေါ်လာမည့် အနာဂတ်နတ်သားဘဝ၏ ပဋိသန္ဓေအခိုက်၌ ဩပပါတိက ပဋိသန္ဓေ ဖြစ်သဖြင့် စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ-ဘာဝ-ဟဒယဟူသော ဒသကကလာပ် (၇)မျိုးသည် ပြိုင်တူဖြစ်၍ တိဟိတ် သောမနဿ ပဋိသန္ဓေ နာမ်တရား (= ၃၄)လုံး ရှိမည် ဖြစ်သည်။ ယင်းပဋိသန္ဓေ ရုပ်နာမ်တို့နှင့် ယင်းကမ္မသတ္တိ တို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းပဋိသန္ဓေ ခန္ဓာ (၅)ပါးမှ စတင်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

ရှေးဦးစွာ နတ်သားဘဝ၏ ပဋိသန္ဓေ ခန္ဓာ (၅)ပါးတို့ကို သိမ်းဆည်းနိုင်ပါက ထိုမှတစ်ဆင့် နတ်သားဘဝ၏ ရုပ်သန္တတိအစဉ်တွင် တည်ရှိကြသော စတုသမုဋ္ဌာနိကရုပ်တရားတို့ကိုလည်းကောင်း ယင်းနတ်သားဘဝ၏ နာမ်သန္တတိအစဉ်တွင် တည်ရှိကြသော နာမ်တရားတို့ကိုလည်းကောင်း သိမ်းဆည်းပါ။ နတ်သားဘဝ၏ ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင် ဘဝတစ်လျှောက်တည်ရှိကြသော ရုပ်နာမ်တို့ကို တစ်စ တစ်စ တဖြည်းဖြည်း သိမ်းဆည်းသွားပါ။

ယင်းဘဝတစ်လျှောက် ဖြစ်ပေါ်နေသော နာမ်တရားတို့မှာ ပေါင်းရုံးလိုက်ပါက ရူပါရုံစသည့် အာရုံ (၆)ပါး ကိုပင် ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာကြသော နာမ်တရားတို့ပင် ဖြစ်ကြသည်။ ယင်းနာမ်တရားတို့ကို ဝီထိ-စိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါးဖွဲ့၍ ပစ္စုပ္ပန်၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းသည့် ပုံစံအတိုင်းပင် သိမ်းဆည်းပါ။ နတ်သား၏ ဘဝတစ်လျှောက် ဖြစ်ပေါ်သွားကြသော နာမ်တရားအားလုံးတို့၌ အကြောင်းတရား အကျိုးတရားတို့ကို ကုန်စင်အောင်ကား မသိမ်းဆည်းနိုင်သဖြင့် ရူပါရုံစသည့် အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာကြသည့် နာမ်တရား အမျိုးအစားတို့ကိုသာ ပစ္စုပ္ပန်၌ အကြောင်း အကျိုး သိမ်းဆည်း သည့် ပုံစံအတိုင်း သိမ်းဆည်းရန် တင်ပြခြင်း ဖြစ်ပေသည်။ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရဝီထိဟူသော ဝီထိအမျိုးအစား (၆)မျိုးတို့၏ အတွင်း၌ ပါဝင်တည်ရှိ ကြသော စိတ္တက္ခဏတိုင်း၌ တည်ရှိကြသော နာမ်တရားတို့ပင်တည်း။

## သတိပြုရန် အချက်တစ်ရပ်

ထိုသို့ အနာဂတ်ဘဝ၌ အကြောင်းတရား အကျိုးတရားတို့ကို ဉာဏ်ဖြင့် လှမ်း၍ သိမ်းဆည်းရာ၌ လူဘဝ နတ်ဘဝစသည့် ထိုထိုဘဝကို ရည်ရွယ်တောင့်တ၍ ပြုစုပျိုးထောင်ထားသည့် ဝဋ္ဋနိဿိတကုသိုလ်မျိုးနှင့်သာ အကြောင်း အကျိုးစပ်၍ သိမ်းဆည်းပါ။ ဝိဝဋ္ဋနိဿိတဖြစ်သည့် နိဗ္ဗာန်ကိုသာ ရည်ရွယ်မှန်းထား၍ ပြုစု ပျိုးထောင်ထားသော ကုသိုလ်မျိုးနှင့် အကြောင်း အကျိုး မစပ်ပါနှင့်။ ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးနှင့် အကြောင်း အကျိုး စပ်ကြည့်ပါက အနာဂတ်ခန္ဓာ (၅)ပါးကို ဉာဏ်ဖြင့် တွေ့မြင်ရန် ခဲယဉ်းသောကြောင့် ဖြစ်၏။ အကယ်၍ အသင်သူတော်ကောင်းအဖို့ ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးသာ ထင်ရှားရှိနေ၍ အဖြစ်များနေ၍ ဝဋ္ဋနိဿိတ ကုသိုလ်မျိုးကို ဉာဏ်ဖြင့် ရှာဖွေ၍ မတွေ့ဖြစ်နေလျှင် ထိုအခါမျိုး၌ အသစ်စက်စက် ဝဋ္ဋနိဿိတကုသိုလ်တစ်ခုကို ထပ်ပြုပါ။ ဥပမာ - ဘုရားအား ပန်း ဆီမီး လှူ၍ ရဟန်းဘဝ သို့မဟုတ် ဓမ္မကထိကနတ်သားဘဝကို ဆုတောင်း ပန်ထွာပါ။ ထိုကံကြောင့် နောင်အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ရဟန်းဘဝ ခန္ဓာ (၅)ပါးကို သို့မဟုတ် ဓမ္မကထိက နတ်သားဘဝ ခန္ဓာ (၅)ပါးကို ဉာဏ်ဖြင့် လှမ်းရှုပါ။ ဉာဏ်ဖြင့် တွေ့မြင်နိုင်ပါသည်။

အကယ်၍ ဤနည်းစနစ်ဖြင့် အောင်မြင်မှုကို မရရှိခဲ့ပါက နံပါတ် (၂)အဖြစ် ဖော်ပြထားသော နည်းစနစ်ကို အသုံးပြုပါ။ ဤပစ္စုပ္ပန်ဘဝ၏ ယခုလက်ရှိ အခြေအနေ၌ တည်ရှိသော ရုပ်နာမ်တို့ကစ၍ စုတိတိုင်အောင်သော ရုပ်နာမ်တို့ကို တစ်စ တစ်စ သိမ်းဆည်းပါ။ ဤဘဝ သေခါနီးကာလ မရဏာသန္နအခါ မနောဒွါရတွင် ထင်နေသော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော နိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော နိမိတ်အာရုံကို ဉာဏ်ဖြင့် မြင်အောင် ရှုပါ။ အကယ်၍ ကောင်းမှုကုသိုလ်ကံကြောင့် ထင်နေသော ယင်းနိမိတ်ကို တွေ့ရှိပါက ယင်းကောင်းမှု ကုသိုလ်ကံကိုလည်းကောင်း, ကောင်းမှုပြုစဉ်က ဖြစ်ပေါ်ခဲ့သော နာမ်သန္တတိအစဉ်ကိုလည်းကောင်း, အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကိုလည်းကောင်း ဆက်လက်၍ ရှာဖွေပါ။ ယင်းအဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကို ရှာဖွေတွေ့ရှိသောအခါ ယင်းကံကြောင့် ဖြစ်ပေါ်လာမည့် အနာဂတ်ဘဝ၏ ပဋိသန္ဓေ ခန္ဓာ (၅)ပါးတို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ — (သံ-၁-၃၀၁။) ဤသို့စသော ဒေသနာတော်များနှင့် အညီပင်တည်း။

## အပါယ် ဒုဂ္ဂတိဘဝ ပဋိသန္ဓေ

ဇဝံ သင်္ခါရေ သလ္လက္ခေတွာ ဌိတဿ ပန ဘိက္ခုနော ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ၊ ပတိဋ္ဌာ လဒ္ဓါနာမ၊ စူဠသောတာပန္နော နာမ ဟောတိ နိယတဂတိကော။ (အဘိ-ဋ္ဌ-၂-၂၄၂။)

ယောဂါဝစရပုဂ္ဂိုလ် တစ်ဦးသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ-ပရိဂ္ဂဟဉာဏ်တို့ကို အကယ်၍ ရရှိထားပြီးသည် ဖြစ်ငြားအံ့၊ ဤသို့ ရုပ်-နာမ်-ကြောင်း-ကျိုး (= သင်္ခါရတရား)တို့ကို ဉာဏ်ဖြင့် ကောင်းစွာ ပိုင်းခြား မှတ်သား၍ တည်နေသော ယောဂါဝစရရဟန်းတော်အဖို့ ဘုရားရှင်၏ သာသနာတော်၌ အမြစ်အရင်းသို့ သက်ဝင် တည်နေသည် မည်၏၊ သာသနာတော်မှ မခွဲနိုင်အောင် အမြစ်-တွယ်သွားပြီ ဖြစ်၏၊ သာသနာတော်၌ ထောက်ရာတည်ရာကို ရရှိသည်မည်၏၊ ကောင်းရာသုဂတိဟူသော မြဲသော ဂတိရှိသော စူဠသောတာပန် မည်၏။ (အဘိ-ဋ္ဌ-၂-၂၄၂။)

ဤအထက်ပါ အဋ္ဌကထာ အဖွင့်များနှင့်အညီ ဤပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းသို့ ရောက်ရှိလာပြီးသော သူတော်ကောင်းတစ်ဦးအဖို့ ဒုဂ္ဂတိဘဝ အပါယ်ပဋိသန္ဓေကား မမျှော်လင့်အပ်သော အရာသာ ဖြစ်ပေသည်။ အပါယ် ဒုဂ္ဂတိဘဝဟူသော အပါယ်သံသရာဘေးဆိုးကြီးကား ကျော်လွှားလွန်မြောက်ဖို့ရန် အလွန်ခက်ခဲသော အရာဌာန တစ်ခု ဖြစ်၏။ ဤကဲ့သို့သော ဘေးဆိုးကြီးမှ ထုတ်ဆောင်ကယ်တင် ပေးနိုင်သည့် စွမ်းအင် အပြည့် အဝရှိသော ဤတရားမျိုးကိုကား ယခုကဲ့သို့သော သာသနာတော်နှင့် ကြုံခိုက် အမြော်အမြင်ရှိသော ပညာရှိ သူတော်ကောင်း မှန်သမျှသည် အရယူထားထိုက်လှပေသည်။

ဦးခေါင်းကို မီးလောင်နေသော ယောကျ်ားအတွက် ဦးခေါင်း၌ လောင်နေသည့် မီးကို ငြိမ်းအောင် ငြိမ်းဖို့သည် အရေးအကြီးဆုံး လုပ်ငန်းတစ်ခု ဖြစ်၏။ ပုဆိုးကို မီးလောင်နေသော ယောကျ်ားအတွက် ပုဆိုး၌ လောင်နေသော မီးကို ငြိမ်းအောင် ငြိမ်းဖို့သည် အရေးအကြီးဆုံး လုပ်ငန်းတစ်ခု ဖြစ်၏။ သက္ကာယဒိဋ္ဌိ တည်းဟူသော အပါယ် ငရဲမီးကြီးကို ငြိမ်းအောင် ငြိမ်းဖို့ကား ပို၍ ပို၍ပင် အရေးကြီးလှ၏။ ဦးခေါင်း၌ စွဲလောင်-နေသော မီးကို မငြိမ်းသေးဘဲ, ဝတ်ထားသော ပုဆိုး၌ စွဲလောင်နေသော မီးကို မငြိမ်းသေးဘဲ သက္ကာယဒိဋ္ဌိ ငရဲမီးကြီးကို ငြိမ်းအောင် ငြိမ်းသင့်၏ဟု ဘုရားရှင်က ဆိုဆုံးမထားတော်မူ၏။

လိပ်ကန်းထမ်းပိုး ဥပမာဖြင့် ဟောကြားထားတော်မူအပ်သော ဆိဂ္ဂဠယုဂသုတ္တန်များကို (သံ-၃-၃၉၇။) ထောက်ရှုပါက အပါယ်သံသရာဟူသည် ဝင်ပေါက်သာရှိ၍ ထွက်ပေါက် မရှိဟု ဆိုထိုက်၏၊ စုန်လမ်းသာရှိ၍

ဆန်လမ်းမရှိဟု ဆိုထိုက်၏၊ မြုပ်လမ်းသာရှိ၍ ပေါ်လမ်းမရှိဟု ဆိုထိုက်၏။ (လယ်တီဆရာတော်ဘုရား။)

ဤမျှ ကြောက်မက်ဖွယ် ကောင်းလှသော အပါယ်ဘေးဆိုးကြီးမှ ထုတ်ဆောင်ကယ်တင်ပေးမည့် တရား တစ်ခုကို အသိအလိမ္မာ ဉာဏ်ပညာရှိသော အဘယ်မည်သော ယောက်ျားသည် ရရှိအောင် မယူထားဘဲ နေထိုက် ပါအံ့နည်း။

## အနာဂတ် အပြောင်းအလဲ

အကယ်၍ အသင်သူတော်ကောင်းသည် သမထယာနိကပုဂ္ဂိုလ်ဖြစ်၍ အာနာပါနစတုတ္ထဈာန်ကဲ့သို့သော စတုတ္ထဈာန်စသည့် အပ္ပနာဈာန် သမာဓိတစ်ခုခုကို ရရှိထားသူ ဖြစ်အံ့၊ ယင်းအပ္ပနာဈာန်သမာဓိကို မရမီ ရှေးအဖို့က နောင်အနာဂတ် ပဋိသန္ဓေစသည့် အကျိုးကို ပေးဖို့ရန် အခါအခွင့် သာနေသော ကာမာဝစရကံ များသည် နောက်သို့ ဆုတ်သွားတတ်ကြ၏။ အပ္ပနာဈာန် သမာဓိများမှာ ဂရုကကံဖြစ်သောကြောင့်တည်း။ သို့သော် အသင် သူတော်ကောင်းဘက်ကလည်း ယင်းဈာန်ကို မလျှောကျအောင် အမြတ်စား သို့မဟုတ် အလတ်စား သို့မဟုတ် အညံ့စား ပွားထားနိုင်ပါမှ, ဗြဟ္မာဘဝကိုလည်း လိုလားတောင့်တသည့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန် တို့သည်လည်း အနုသယဓာတ် (= အငုပ်ဓာတ်) အနေဖြင့် ဖြစ်စေ, ပရိယုဋ္ဌာန = စိတ်အစဉ်တွင် ဥပါဒ်-ဋ္ဌီ-ဘင် အားဖြင့် ထင်ရှား ဖြစ်ပေါ်လာသည့် အနေဖြင့် ဖြစ်စေ ထင်ရှားရှိပါမှသာလျှင် ယင်းအပ္ပနာဈာန်သမာဓိဟူသော ဂရုကကံက ဗြဟ္မာဘဝဟူသော ခန္ဓာကို ဖြစ်စေနိုင်မည် ဖြစ်ပေသည်။

ဝိပဿနာဉာဏ်နှင့် ဈာန်သမာပတ်တရားတို့ကား အပြန်အလှန် ကျေးဇူးပြုပေးနေသော တရားများ ဖြစ်ကြ သဖြင့် ဝိပဿနာဉာဏ်ကြောင့်လည်း ဈာန်သမာပတ်တို့သည် ခိုင်ခံ့တတ်သော သဘောရှိ၏။ သို့အတွက် အသင် သူတော်ကောင်းသည် ဗြဟ္မာဘဝ (= ဗြဟ္မာ ခန္ဓာငါးပါး)ကို လိုလား တောင့်တသည့် စိတ်ဓာတ်ဖြင့် မိမိရရှိထားသည့် အပ္ပနာဈာန်သမာဓိကို ကြိမ်ဖန်များစွာ ဝင်စားကြည့်ပါ။ သို့မဟုတ် ဗြဟ္မာဘဝကို ရလိုပါကြောင်း ဆုတောင်း ပန်ထွာလျက် မိမိရရှိထားသည့် အပ္ပနာဈာန်သမာဓိကို ကြိမ်ဖန်များစွာ ဝင်စားကြည့်ပါ။ ထိုဈာန်မှထသောအခါ ဗြဟ္မာဘဝကို ဆုတောင်းပန်ထွာနေသည့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန် ဦးဆောင်သည့် နာမ်တရားစုတို့ကိုလည်း ကောင်း, မိမိဝင်စားထားသည့် မိမိထူထောင်ထားသည့် အပ္ပနာဈာန် ကုသိုလ်သင်္ခါရတရားတို့ကိုလည်းကောင်း, ကမ္မသတ္တိကိုလည်းကောင်း ပြန်လည်၍ သိမ်းဆည်းပါ။ ယင်းကမ္မသတ္တိကို သိမ်းဆည်းနိုင်သောအခါ ယင်းကမ္မသတ္တိ ကြောင့် ဖြစ်ပေါ်လာမည့် အနာဂတ် ဗြဟ္မာဘဝ၏ ခန္ဓာ (၅)ပါးကို ဉာဏ်ဖြင့်မြင်အောင် လှမ်းရှုပါ။

ဤနည်းစနစ်ဖြင့် မအောင်မြင်ခဲ့သော် ဤဘဝ သေခါနီး မရဏာသန္နအခါသို့တိုင်အောင်သော ရုပ်နာမ် တို့ကို တစ်ဖန်ပြန်၍ သိမ်းဆည်းပါ။ သေခါနီး မရဏာသန္နအခါ၌ ယင်းအပ္ပနာဈာန်ကုသိုလ် သင်္ခါရ-ကံတို့၏ စွမ်းအင်ကြောင့် ထင်လာသော နိမိတ်ကို လှမ်းရှုကြည့်ပါ။ အကယ်၍ ယင်းဂရုကကံက အကျိုးပေးတော့မည် မှန်လျှင် ယင်းကံ၏ စွမ်းအင်ကြောင့် အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော ကမ္မနိမိတ်အာရုံသည်လည်းကောင်း, ဩဒါတကသိုဏ်းကဲ့သို့သော ကမ္မနိမိတ်အာရုံသည်လည်းကောင်း မနောဒွါရ၌ ထင်နေပေလတ္တံ့။ ထိုအခါ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကို ရှာဖွေလျက် ယင်းမဟဂ္ဂုတ်ကံ (= ဂရုကကံ = အပ္ပနာဈာန်ကံ)ကြောင့် ဖြစ်ပေါ်လာမည့် ရူပဗြဟ္မာဘဝ ခန္ဓာ (၅)ပါးကို ဉာဏ်ဖြင့် မြင်အောင် လှမ်းရှုပါ။ တွေ့ရှိမည်သာ ဖြစ်ပေသည်။ ထိုအခါ အကြောင်းတရား အကျိုးတရားတို့ကို ဆက်လက်သိမ်းဆည်းပါ။

ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။ (အဘိဓမ္မတ္ထသင်္ဂဟ) — ဟူသည်နှင့် အညီ ရူပဗြဟ္မာ့ဘုံ၌ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ ဟူသော အကြည်ဓာတ်များလည်း မရှိပေ။ ဃာနဒွါရဝီထိ ဇိဝှါဒွါရဝီထိ ကာယဒွါရဝီထိ စိတ်များလည်း မဖြစ်၊ ဖြစ်သည့် ဝီထိများ၌လည်း တဒါရုံမကျ၊ သဘောပေါက်အောင် ကြည့်လေ။

## ရူပါဝစရ – (၁၆) ဘုံ

၁။ ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ - ဟု ပထမစျာန်ဘုံ (၃)ဘုံ,

၂။ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ - ဟု ဒုတိယစျာန်ဘုံ (၃)ဘုံ,

၃။ ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာ - ဟု တတိယစျာန်ဘုံ (၃)ဘုံ,

၄။ ဝေဟပ္ဖိုလ်, အသညသတ်, သုဒ္ဓါဝါသ (၅)ဘုံ - ဟု စတုတ္ထစျာန်ဘုံ (၇)ဘုံ,

အားလုံးပေါင်းသော် ရူပါဝစရ (၁၆)ဘုံတည်း။

## သုဒ္ဓါဝါသ (၅) ဘုံ

အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ - ဟု သုဒ္ဓါဝါသ (၅)ဘုံ ရှိ၏။ စင်ကြယ်သော အနာဂါမ် ရဟန္တာအရှင်မြတ်တို့၏သာ တည်နေရာ ဘုံများတည်း။

## ပရိတ္တ – မဇ္ဈိမ – ပဏီတ

၁။ ဆန္ဒ = လိုလားတောင့်တသည့် ဆန္ဒဓာတ်,

၂။ စိတ္တ = အသိစိတ်ဓာတ်,

၃။ ဝီရိယ = ကြိုးစားအားထုတ်မှု ဝီရိယဓာတ်,

၄။ ဝီမံသ = ပညာဓာတ်,

ဤတရား (၄)ပါးကား အဓိပတိတရားလေးပါးတည်း။ အပ္ပနာစျာန်ကဲ့သို့သော ကုသိုလ်တရားတို့ကို ကြိုးစားအားထုတ်ရာဝယ် ထိုသို့ ကြိုးစားအားထုတ်နေသော ကံကို ပြုစုပျိုးထောင်နေသော စိတ်အစဉ်ဝယ် အကြီးအကဲ ဖြစ်ထိုက်သော တရားတို့တည်း။ လိုလားတောင့်တသည့် ဆန္ဒဓာတ်က ပြင်းပြလျှင်, အသိစိတ်ဓာတ်က ပြင်းထန်လျှင်, ဝီရိယဓာတ်က အားကောင်းလျှင်, ပညာဓာတ်က စူးရှထက်မြက်လျှင် ဤတရားတစ်ပါးပါးက အားကောင်းလျှင် ထိုစိတ်အစဉ်၌ အဓိပတိတရား ကိန်းဝပ်နေပြီဟု ဆိုရ၏။

စျာန်ကို ရရှိအောင် အားထုတ်ရာ၌ ယင်းစျာန်ဝယ် ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတရားတို့လည်း ယှဉ်လျက်ပင် ရှိကြ၏။ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသဟူသော စျာန်နှင့် ယှဉ်ဖက်တရားတို့တွင် တစ်ပါးပါးသည် အဓိပတိ (= အကြီးအကဲ) ဖြစ်ရိုးတည်း။ ထိုအဓိပတိ ဖြစ်ထိုက်သော တရားသည် ညံ့နေ လျော့နေလျှင် ထိုစျာန်သည် ပရိတ္တစျာန် ဖြစ်၏။ တန်ခိုးအာနိသင် ညံ့သော စျာန်တည်း။ ထိုအဓိပတိဖြစ်ထိုက်သော တရားက အလယ်အလတ်တန်းစားသို့ ရောက်နေလျှင် ထိုစျာန်သည် မဇ္ဈိမစျာန်ဖြစ်၏။ တန်ခိုးအာနိသင် အလယ်အလတ်တန်းစားရှိသော စျာန်တည်း။ ထိုအဓိပတိဖြစ်ထိုက်သော တရားက ထက်မြက်လျှင် ပဏီတစျာန် ဖြစ်၏။ အမြတ်စားစျာန် အထက်တန်းစား အကျိုးကို ဖြစ်စေနိုင်သော စျာန်တည်း။

၁။ ရူပါဝစရကုသိုလ် ပထမစျာန်ကို ပရိတ္တစျာန်ဖြစ်အောင် ပွားများထားခဲ့သော် ယင်းစျာန်ကုသိုလ်ကံက ဗြဟ္မပါရိသဇ္ဇာဘုံ၌ ပထမစျာန်ဝိပါက်ကို ဖြစ်စေ၏။ မဇ္ဈိမစျာန် ဖြစ်အောင်ပွားခဲ့သော် ဗြဟ္မပုရောဟိတာဘုံ၌, ပဏီတစျာန် ဖြစ်အောင် ပွားခဲ့သော် မဟာဗြဟ္မာဘုံ၌ ပထမစျာန်ဝိပါက်ကို ဖြစ်စေ၏။

၂။ ပဉ္စကနည်းအားဖြင့် ဒုတိယစျာန် တတိယစျာန်ကို စတုက္ကနည်းအားဖြင့် ဒုတိယစျာန်ကို ပရိတ္တစျာန်

ဖြစ်အောင် ပွားခဲ့သော် ပရိတ္တာဘာဘုံ၌, မဇ္ဈိမစျာန်ဖြစ်အောင် ပွားခဲ့သော် အပ္ပမာဏာဘာဘုံ၌, ပဏီတစျာန် ဖြစ်အောင် ပွားခဲ့သော် အာဘဿရာဘုံ၌ ပဉ္စကနည်းအားဖြင့် ဒုတိယစျာန်ဝိပါက် တတိယစျာန်ဝိပါက်ကို စတုက္ကနည်းအားဖြင့် ဒုတိယစျာန်ဝိပါက်ကို ဖြစ်စေ၏။

၃။ ပဉ္စကနည်းအားဖြင့် စတုတ္ထစျာန်ကို, စတုက္ကနည်းအားဖြင့် တတိယစျာန်ကို ပရိတ္တစျာန်ဖြစ်အောင် ပွားခဲ့သော် ပရိတ္တသုဘာဘုံ၌, မဇ္ဈိမစျာန်ဖြစ်အောင် ပွားခဲ့သော် အပ္ပမာဏသုဘာဘုံ၌, ပဏီတစျာန်ဖြစ်အောင် ပွားခဲ့သော် သုဘကိဏှာဘုံ၌ ပဉ္စကနည်းအားဖြင့် စတုတ္ထစျာန်ဝိပါက်ကို စတုက္ကနည်းအားဖြင့် တတိယစျာန် ဝိပါက်ကို ဖြစ်စေ၏။

၄။ ပဉ္စကနည်းအားဖြင့် ပဉ္စမစျာန်ကို, စတုက္ကနည်းအားဖြင့် စတုတ္ထစျာန်ကို ပွားများ အားထုတ်ထားခြင်း-ကြောင့် ယင်းကံကြောင့် ဝေဟပ္ဖိုလ်ဘုံ၌ ပဉ္စကနည်းအားဖြင့် ပဉ္စမစျာန်ဝိပါက်ကို စတုက္ကနည်းအားဖြင့် စတုတ္ထစျာန် ဝိပါက်ကို ဖြစ်စေ၏။

၅။ ထိုပဉ္စမစျာန် သို့မဟုတ် စတုတ္ထစျာန်ကိုပင် သညာဝိရာဂဘာဝနာ (= စိတ်စေတသိက်တို့ကို စက်ဆုပ်သော ဘာဝနာ) ဖြစ်အောင် ပွားခဲ့သော် အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေကို ဖြစ်စေ၏။

၆။ ပဉ္စမစျာန် သို့မဟုတ် စတုက္ကနည်းအရ စတုတ္ထစျာန်ကို ရရှိပြီးသော အနာဂါမ်အရိယာသူတော်ကောင်း တို့သည် အလိုရှိပါက သုဒ္ဓါဝါသ ဗြဟ္မာပြည် (၅)ဘုံ တစ်ဘုံဘုံ၌ ပဋိသန္ဓေတည်နေခွင့်ရှိ၏။ ပဉ္စကနည်းအရ ယင်းပဉ္စမစျာန်ကုသိုလ်က, စတုက္ကနည်းအရ ယင်းစတုတ္ထစျာန်ကုသိုလ်က, ပဉ္စကနည်းအရ ပဉ္စမစျာန်ဝိပါက်ကို, စတုက္ကနည်းအရ စတုတ္ထစျာန်ဝိပါက်ကို သုဒ္ဓါဝါသ (၅)ဘုံတွင် တစ်ဘုံဘုံ၌ ဖြစ်စေ၏။ သဟမ္ပတိဗြဟ္မာကြီးတို့ကဲ့သို့ ပထမစျာန်ဘုံကိုသာ အလိုရှိခဲ့လျှင်လည်း ပထမစျာန်ဘုံ၌ပင် ဖြစ်ခွင့်ရှိ၏။ သဟမ္ပတိဗြဟ္မာကြီးကား ကဿပ ဘုရားရှင် လက်ထက်တော်က သဟက အမည်ရသော အနာဂါမ် ရဟန်းတော်တစ်ပါး ဖြစ်ခဲ့၏။ ပထမစျာန်ကို အမြတ်စား ပဏီတစျာန်ဖြစ်အောင် ပွားများခဲ့သဖြင့် ပထမစျာန် (၃)ဘုံတွင် အမြတ်စား မဟာဗြဟ္မာဘုံ၌ ဖြစ်ရ၏။
(သံ-၄-၁-၁၈၂။ သံ-၃-၂၁၄။)

အသင်သူတော်ကောင်းသည် မိမိ ရရှိထားသောစျာန်၏ ပရိတ္တဖြစ်ပုံ, မဇ္ဈိမဖြစ်ပုံ, ပဏီတဖြစ်ပုံကို သုံးသပ်၍ ယင်းစျာန်က မည်သည့် ဝိပါက်တရားကို ဖြစ်စေသည်ဟု တိတိကျကျ သိအောင် သိမ်းဆည်းရှုပွားပါ။

**အာနေဉ္ဇာဘိသင်္ခါရ** – အကယ်၍ အသင်သူတော်ကောင်းသည် အရူပစျာန်သမာပတ်များကိုပါ ရရှိထားသူ ဖြစ်အံ့၊ အရူပဗြဟ္မာဘဝကိုလည်း ဆုတောင်းကြည့်ပါ။ သို့သော် အရူပဘုံသို့ရောက်ရှိလိုသော ဆန္ဒဓာတ် မရှိလျှင်ကား ဤရှုကွက်ကို မရှုပါနှင့်၊ အရူပဘုံသို့ ရောက်ရှိလိုသော ဆန္ဒဓာတ် ရှိပါမူသာလျှင် (= အဝိဇ္ဇာ-တဏှာ-ဥပါဒါန် ထင်ရှားရှိပါမူသာလျှင်) ဤရှုကွက်ကို ရှုပါ။ ထိုသို့ အဝိဇ္ဇာ-တဏှာ-ဥပါဒါန် ထင်ရှားရှိနေလျှင် မိမိ ရရှိထားသည့် အရူပစျာန်သမာပတ် တစ်ခုခုကို ကြိမ်ဖန်များစွာ ဝင်စားကြည့်ပါ။ ယင်းစျာန်မှ ထသောအခါ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ တို့ကို တစ်ဖန်ပြန်၍ သိမ်းဆည်းပါ။ ယင်းကံနှင့် အရူပဗြဟ္မာဘဝ၌ တည်ရှိသော နာမ်ခန္ဓာ (၄)ပါးနှင့် အကြောင်းအကျိုးစပ်ကာ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ယင်းအရူပဘုံ၌ တဒါရုံမကျသည့် မနောဒွါရဝီထိစိတ်အစဉ်များသာ ဘဝင်ခြားလျက် ဖြစ်နေကြ၏၊ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ သိမ်းဆည်းပါလေ။ အာကာသာနဉ္စာယတနစျာန် ကုသိုလ်ကံက အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနဝိပါက် ပဋိသန္ဓေကို ဖြစ်စေ၏။ ဤသို့ စသည်ဖြင့် အစဉ်အတိုင်း သဘောပေါက်ပါ။

**[မှတ်ချက် —** အပါယ် (၄)ဘုံနှင့် ကာမသုဂတိ (၇)ဘုံတို့ကား ထင်ရှားပြီးဖြစ်၍ မဖော်ပြတော့ပြီ။**]**

## အနာဂတ်မှ အနာဂတ်သို့

အသင်သူတော်ကောင်းသည် ပထမအနာဂတ်ဘဝ၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပြီး သောအခါ ပထမအနာဂတ်ဘဝ၌ ရုပ်နာမ်တို့ကို ယင်းပထမအနာဂတ်ဘဝ၏ စုတိသို့တိုင်အောင် တစ်ဖန်ပြန်၍ သိမ်းဆည်းပါ။ ထိုပထမအနာဂတ် စုတိ၏ ရှေးတွင် တည်ရှိသော မရဏာသန္နဇော၏ အာရုံကို ဂရုပြု၍ သိမ်းဆည်းပါ။ ယင်းမရဏာသန္နဇော၏ အာရုံနိမိတ်သည်လည်း နောက်ထပ် ဒုတိယအနာဂတ်ဘဝ၏ ပဋိသန္ဓေ ခန္ဓာ (၅)ပါးစသည့် ဝိပါကဝဋ် အကျိုးတရားတို့ကို ဖြစ်စေမည့် ကံကြောင့် ဖြစ်ပေါ်လာသော အာရုံနိမိတ်ပင် ဖြစ်သည်။

အကယ်၍ အသင်သူတော်ကောင်းသည် ပထမအနာဂတ်ဘဝတွင်ပင် သံသရာခရီးကို အဆုံးသတ်နိုင်မည့် သူတော်ကောင်းဖြစ်ပါမူကား မရဏာသန္နဇော၌ ထိုအာရုံနိမိတ်များ ထင်နေတော့မည် မဟုတ်ပေ။ မရဏာ- သန္နဇောနှင့်တကွ မရဏာသန္နဇောမတိုင်မီ မနောဒွါရိကဇောဝီထိစိတ်အစဉ်တို့သည် ရုပ်နာမ် ဓမ္မ သင်္ခါရတရား တို့၏ ချုပ်ငြိမ်းရာ သဘာဝကို အာရုံမူနေကြမည်သာ ဖြစ်ပေသည်။

အကယ်၍ အသင်သူတော်ကောင်းသည် ပထမအနာဂတ်ဘဝ၏ မရဏာသန္နအခါ၌ ထင်လာသော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော အာရုံ (၃)မျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံနိမိတ်ကို တွေ့ရှိခဲ့သော် အကျိုး ပေးမည့် ကံကို ဆက်လက်၍ ရှာဖွေပါ။ ထိုကံကို တွေ့ရှိပါက ကံကို ပြုစုပျိုးထောင်စဉ်က ကောင်းမှုရှင်၏ ရုပ်နာမ်အစဉ်တွင် ဖြစ်ပေါ်ခဲ့သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကို လည်းကောင်း, သင်္ခါရ-ကံတို့ကိုလည်းကောင်း ဆက်လက်၍ သိမ်းဆည်းပါ။ ယင်းအဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကြောင့် ဖြစ်ပေါ်လာမည့် ဒုတိယ အနာဂတ် ပဋိသန္ဓေ ခန္ဓာ (၅)ပါးတို့ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို ဆက်လက်၍ သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာ၌ အသင်သူတော်ကောင်း၏ ဉာဏ်အရောင်အလင်းသည် မှေးမှိန်နေပါက သမာဓိကို တစ်ဖန် ပြန်၍ ထူထောင်ပါ။ လင်းရောင်ခြည် စွမ်းအင်များ ထက်မြက်စူးရှလာသော အခါ တစ်ဖန် ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့ကို ပြန်လည်၍ သိမ်းဆည်းပါ။ ဤနည်းစနစ်ကိုပင် နည်းမှီး၍ အနာဂတ်ဘဝ အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ ဟူသော အကြောင်းတရားများ၏ အကြွင်းမဲ့ ချုပ်ငြိမ်းသွား- ခြင်းကြောင့် ခန္ဓာ (၅)ပါး ရုပ်နာမ်တရားတည်းဟူသော အကျိုးတရားစု၏ အကြွင်းမဲ့ ချုပ်ငြိမ်းသွားသည့် ဘဝတစ်ခုခုကိုကား တွေ့ရှိမည်သာ ဖြစ်ပေသည်။

အချို့ယောဂီသူတော်ကောင်းများ၌ကား တစ်ဘဝ နှစ်ဘဝအတွင်းလောက်မှာပင် သံသရာခရီးကို အဆုံး သတ်ရမည့်ဘဝကို ရှာဖွေတွေ့ရှိတတ်၏။ (၄)ဘဝ, (၅)ဘဝစသည် လွန်မှ သံသရာခရီးကို အဆုံးသတ်ရမည့်ဘဝကို ရှာဖွေတွေ့ရှိသူ သူတော်ကောင်းတို့လည်း ရှိတတ်၏။ အချို့ ယောဂီများ၌ကား ဤဘဝ၌သော်လည်းကောင်း, ပထမအနာဂတ်ဘဝ၌သော်လည်းကောင်း, ဒုတိယအနာဂတ်စသည့် ဘဝတစ်ခုခု၌သော်လည်းကောင်း သံသရာ ခရီးကို အဆုံးသတ်လိုကလည်း အဆုံးသတ်နိုင်၍ သံသရာခရီးကို အဆုံးမသတ်လိုသေးကလည်း ဆက်လက် ဖြစ်နိုင်ခွင့်ရှိသည့် ဘဝများကိုလည်း ဉာဏ်ဖြင့် တွေ့မြင်နေတတ်၏။ မဟာခနသူဌေးသား ဇနီးမောင်နှံတို့ကဲ့သို့ ပစ္ဆိမဘဝိကအတုများဟု ယူဆရမည် ဖြစ်ပေသည်။

အလောင်းတော် သုမေဓာရှင်ရသေ့သည်လည်း သုမေဓာ ရှင်ရသေ့ ဘဝတွင် အကယ်၍ အရဟတ္တဖိုလ်ကို အလိုရှိခဲ့လျှင် ရနိုင်သည့် ပါရမီမျိုးစေ့ကောင်းများ ရှိနေ၏။ ဥဃဋိတညုပုဂ္ဂိုလ် အမျိုးအစားတွင် ပါဝင်လျက် ရှိ၏။ သစ္စာလေးပါးနှင့်စပ်သည့် တရားစကားများကို တစ်ပုဒ် တစ်ဂါထာမျှ နာကြားခွင့် ရခဲ့လျှင် အရဟတ္တဖိုလ်ကို

အရယူနိုင်သော စွမ်းအားများ အပြည့်အဝ ရှိခဲ့၏။ သို့သော် လက်တော်သို့ ရောက်လုဆဲဆဲ ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို စွန့်လွှတ်၍ သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိရန် ရည်သန်တောင့်တတော်မူလျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်မြတ်အပေါင်းကို ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့၏။ ဤအနာဂတ်ပိုင်းတွင်လည်း ဤကဲ့သို့သော ထုံးဟောင်းများကို အထူးသတိပြုလေရာသည်။

**အဝိဇ္ဇာယတော့ဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊**

ထိုသို့ အကြောင်းတရားများ၏ အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းကြောင့် အကျိုးတရားများ၏လည်း နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းခြင်း အနုပ္ပါဒနိရောဓ သဘောကို ယောဂါဝစရ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်တိုင်ပင် သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပါက — အဝိဇ္ဇာ၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတရားတို့၏ အနုပ္ပါဒနိရောဓ သဘောအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းစသော ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ ချုပ်ငြိမ်းမှု ရပ်နားမှု **ပဋိလောမ ပဋိစ္စသမုပ္ပါဒ် သဘောတရား**တို့ကိုလည်း ဝိပဿနာဉာဏ်ဖြင့် ဆက်လက်၍ ရှုပွားနိုင်တော့မည် ဖြစ်ပေသည်။ ထိုအခါတွင် — **ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ** - စသည်ဖြင့် သတိပဋ္ဌာန်ကျင့်စဉ်၌ ဘုရားရှင် ညွှန်ကြားထားတော်မူသော —

၁။ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံစသော အကြောင်းတရားတို့၏ ချုပ်ငြိမ်းခြင်းကြောင့် ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသော အကျိုးတရားစုတို့၏ ချုပ်ငြိမ်းပုံကို လည်းကောင်း,
၂။ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတို့၏ ပျက်ခြင်းဘင်ကိုလည်းကောင်း

ဆက်လက်၍ ရှုပွားနိုင်ပြီ ဖြစ်ပေသည်။ ထိုသို့ ရှုနိုင်ရေးအတွက် ယခုကဲ့သို့ အနာဂတ်ဘဝ အဆက်ဆက်၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရာတွင် သံသရာခရီးဝယ် လည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ရပ်နားသည့် ချုပ်ဆုံးသည့် ဘဝသို့တိုင်အောင်ကား အနာဂတ်တွင် ဆက်လက်ရှုသင့်ပေသည်။ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းသင့်ပေသည်။

## အလွန်ရနိုင်ခဲသော အခွင့်ကောင်းကြီးတစ်ရပ်

ထိုသို့ လည်ပတ်နေသော သံသရာစက်ရဟတ်ကြီး၏ ရပ်နားမည့် အချိန်အခါ ကာလကို လှမ်းမြော်၍ ကိုယ်တိုင်သိနိုင်ခြင်း, ရပ်နားမည့် ကျင့်စဉ်ကို ကိုယ်တိုင်ကျင့်နိုင်ခြင်းကား ဘုရားသာသနာတော်နှင့် တွေ့ကြုံခိုက် လက်တွေ့ကျင့်နိုင်သဖြင့်သာ ရရှိသော အခွင့်အလမ်းကြီးတစ်ခု ဖြစ်၏၊ အခွင့်ကောင်းကြီးတစ်ခု ဖြစ်၏။

အတိတ်သံသရာတစ်လျှောက်ဝယ် သုဂတိ ဒုဂ္ဂတိ ဘဝမျိုးစုံ၌ ဒုက္ခမျိုးစုံကို ခံစားခဲ့ရသည့် အတွေ့အကြုံ ခပ်များများကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီးသော သူတော်ကောင်းကြီးတို့ကား သံသရာခရီး၏ အဆုံးသတ်ရမည့် အချိန်အခါကိုသာ အထူးမျှော်လင့်တောင့်တနေကြ၏။ မည်သည့် အချိန်အခါတွင် မိမိ၏ သံသရာခရီးသည် အဆုံးသတ်ရတော့မည်ဟု ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်သောအခါ၌ကား — အမောအပြေကြီး ပြေသွားကြ၏၊ ဝမ်းအသာကြီး သာသွားကြ၏၊ စိတ်အစဉ်တွင် ပီတိသောမနဿပန်းများ ပွင့်လန်းဝေဆာသွားကြ၏။

သံသရာတစ်လျှောက်၌ မြုပ်ခဲ့ မျောခဲ့ရသဖြင့် အမောကြီး မောခဲ့ရ၏၊ အပူကြီး ပူခဲ့ရ၏၊ ထိုကြောင့် ယခုကဲ့သို့ သံသရာခရီး၏ ပြီးဆုံးရမည့် အချိန်အခါကို လှမ်းမြင်လိုက်သောအခါ အမောအပြေကြီး ပြေသွား၏။ အအေးကြီး အေးသွား၏၊ အပူမီးကြီးလည်း အငြိမ်းကြီး ငြိမ်းသွား၏။

အကယ်၍ ထိုသူတော်ကောင်းသည် ယင်းအနာဂတ်၌လည်း အကြောင်းတရား အကျိုးတရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနိုင်ပါက, ယင်းအနာဂတ် ခန္ဓာ (၅)ပါးတို့ကို လက္ခဏာရေး သုံးတန်တင်ကာ တွင်တွင်ကြီးဝိပဿနာရှုနိုင်ပါက ယင်းအနာဂတ် ခန္ဓာ (၅)ပါး, အကြောင်းတရား အကျိုးတရား-တို့အပေါ်၌ အစွဲကြီးစွဲနေသော တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတို့ကိုလည်း ယင်းဝိပဿနာဉာဏ်က ဖြိုခွဲနိုင်မည် ဖြစ်၏။ အကယ်၍ အနာဂတ် ဘဝအပေါ်၌ စွဲနေသော အစွဲတို့ကို အကြွင်းမဲ့ ချုပ်ငြိမ်းအောင် ကျင့်နိုင်ပါက, အတိတ် ခန္ဓာ (၅)ပါး, ပစ္စုပ္ပန်ခန္ဓာ (၅)ပါးတို့အပေါ်၌ စွဲနေသော အစွဲတို့ကိုလည်း အကြွင်းမဲ့ ချုပ်ငြိမ်းအောင် ကျင့်နိုင်-ပါက ဤဘဝတွင်ပင် သံသရာခရီးကို အဆုံးသတ်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော ကာလသုံးပါးအတွင်း၌ တည်ရှိကြသော ခန္ဓာ (၅)ပါး, အကြောင်းတရား အကျိုးတရားတို့ကို ဝိပဿနာ ရှုခြင်းပင် ဖြစ်ပေသည်။

## **အထူးမှာထားချက်**

ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းတွင် ဤပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း တစ်ခုတည်းဖြင့်ပင် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပြီးလျှင် လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန် နည်းအားဖြင့် ယင်းရုပ်-နာမ်-ကြောင်း-ကျိုး သင်္ခါရတရားတို့ကို တစ်ဖန် ပြန်သိမ်းဆည်းလျက် ဝိပဿနာသို့ ကူးလိုက ကူးနိုင်ပေပြီ။  ဤမျှဖြင့် မကျေနပ်သေး၍ ပဋိစ္စသမုပ္ပါဒ် ပထမနည်းစသည့် ရှုကွက်များကိုပါ ဆက်လက် ရှုလိုသေးပါက ရှုနိုင်သေး၏။ ယင်းသို့ ပဋိစ္စသမုပ္ပါဒ် သံသရာ ပင်လယ်ပြင်၌ ဉာဏ်ဖြင့် ကူးခပ်လို သေးသူ ဉာဏ်ဖြင့် ကျက်စားလိုသေးသူ ယောဂီသူတော်စင်တို့အား ရည်ညွှန်း၍ ပဋိစ္စသမုပ္ပါဒ် ပထမနည်းရှုကွက် အမည်ရသော အကြောင်း အကျိုး သိမ်းဆည်းပုံ နည်းစနစ်ကို ဆက်လက်၍ တင်ပြပေအံ့ —

# သေသူနှင့် ရှင်သူ

* သည်းချာသားလှ၊ သဘောကျလော့ – ဗာလအမှု၊ ဒုစရိတ၊ ဒုကမ္မဖြင့်၊ ပါပမလျော်၊ မသူတော်ကား၊ နေသော် နေမှား၊ သွားသော် သွားဆိုး၊ မကောင်းကျိုးတိ၊ ကြိုးသို့လည်းငြိ၊ ဘေးသာ ထိရှင့် – ပြုမိသမျှ၊ အပြစ်ရခဲ့ – (မဃဒေဝ - စာပိုဒ်-၂၈၁။)

* တန်ခိုး ပေါ်ထင်၊ ကုသိုလ်ရှင်မှ၊ လူတွင် မညှိုး၊ စည်းစိမ် ဖြိုး၏။ ကျင့်ရိုး အရှိ၊ လမ်းမှန် သိလော့၊ လောကီချမ်းသာ၊ နောင်ဖို့ ရှာသည့်၊ ပညာရှိပေါင်း၊ သူမြတ်ကောင်းတို့၊ နှစ်ထောင်း ဝမ်းသာ၊ ပြုအပ်စွာရှင့်၊ လူ့ရွာ နောက်နောင်၊ ကြံတိုင်း အောင်လိမ့်၊ သားမောင် သက်နှင်း၊ ကျင့်မပျင်းနှင့်၊ ကြောင်းရင်းကြမ္မာ၊ ကံမပါလျှင်၊ ကြံရာမပြီး၊ အချည်းနှီးဖြင့်၊ ပျက်စီးတတ်စွာ၊ မချွတ်ရာတည့်၊ ကလျာဏာ - ကလျာဏ၊ ကျင့်ကမ္မဖြင့်၊ ပုည, ပါပ၊ ကိစ္စအမှု၊ ခွဲဝေရှုသော်၊ အကုသိုလ်, ကုသိုလ်၊ နှစ်ခုကိုလည်း၊ မပြုလိုခဲ၊ ပြုလိုရဲ၏။ ကံမွဲမပြောင်၊ ကံမဆောင်လျှင်၊ ဂုဏ်ရောင် မလှ၊ မထွန်းပဘူး၊ ဒုက္ခလူ့ဘောင်၊ ဆင်းရဲခေါင်လိမ့်၊ ကျင့်ဆောင် မယုတ်၊ စောင့် ကိုယ်, နှုတ်နှင့်၊ ဥပုသ်ဖြတ်မှု၊ စရိယလည်း၊ ကာလအစဉ်၊ အမြဲ ယှဉ်လော့၊ ဖဲကြဉ် စေတနာ၊ တစ်ညစာဖြင့်၊ အင်္ဂါမပျက်၊ နေ့တစ်ဝက်မျှ၊ ကျိုးစက်လွန်အောင်၊ မင်းဖြစ်ဆောင်၏၊

(မဃဒေဝ - စာပိုဒ်-၂၈၉။)

* ဆယ်ပါးပညတ်၊ ကုသိုလ်ရပ်ကို၊ ပြုအပ်ပြီးသည်၊ လူတမည်ကား၊ လူ့ပြည်, နတ်ပွဲ၊ ရမခဲတည်း၊ ယူစွဲမုချ၊ ယွင်းမခွဘူး။ – ဒါန သီလ၊ ကုသလ၌၊ လုံ့လ လွတ်လျော့၊ လေးဖင့်ပေ့၍၊ မေ့လျော့သောသူ၊ **သူသေ**ဟူ၏။ – အလျှသီတင်း၊ မကင်း ဘာဝနာ၊ မချာ ရက်နေ့၊ မမေ့လျော့တတ်၊ ထိုသူမြတ်တို့၊ လူ, နတ် ခန္ဓာ၊ ပြောင်းလဲကာလျှင်၊ ချမ်းသာသုခ၊ မပျက်ကြကြောင့်၊ ဘဝသဘော၊ ရွှေ့လျောခြင်းဟူ၊ စုတိမူလည်း၊ **သေသူ မမည်**၊ ဟူတုံသည်တည်း။ (မဃဒေဝ - စာပိုဒ်-၂၉၁။)

* ဝိပလ္လာသ၊ ဖောက်ပြန်ကလည်း၊ မောဟ လွှမ်းပြီး၊ အယူသီး၍၊ စပါးကြီးချက်ငြိ၊ ဟူတုံ ဘိသို့၊ အဝိစိသွား၊ အကျင့်မှားကို၊ မြစ်တားမရ၊ ဆုံးမ မနာ၊ ရှိတတ်စွာခဲ့၊ ပညာ အားနည်း၊ သဒ္ဓါ သည်းက၊ အရည်း မည်ကာ၊ ယူမိစွာ၍၊ သဒ္ဓါ လေးမြတ်၊ ဆည်းကပ်တတ်၏၊ ပရမတ်အရာ၊ မလိမ္မာဘဲ၊ သဒ္ဓါ နုန့်နဲ၊ ပညာကဲလည်း၊ အလွဲ ပြေးဝင်၊ အမြင် ယွင်းခွ၊ တိမ်းပါးကြလျက်၊ မီးပြ သမား၊ တွင်းကျွံမှားသို့၊ ဆယ်ပါးကောင်းမှု၊ လှူဝတ္ထုကို၊ စွန့်ပြု မလွတ်၊ စိတ္တုပ္ပါဒ်မျှ၊ ဒါနအလှူ မြောက်သောဟူ၍၊ အယူဖောက်လွဲ၊ မိစ္ဆာစွဲ၏၊ လိပ်ခဲပမာ၊ မြဲမြံစွာလျက်၊ သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက် ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြား ချေချွတ်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကို စွန့်ဘဲ၊ အကျင့် လွဲ၍၊ ငရဲ ခံလိမ့် မည်သောကြောင့်၊ – (မဃဒေဝ - စာပိုဒ်-၃၁၉။)

# နိဗ္ဗာနဂါမိနိပဋိပဒါ

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – တတိယတွဲ

### ပဋိစ္စသမုပ္ပါဒ်ပိုင်း – အပိုင်း (ခ)

**ဖားအောက်တောရဆရာတော်**



# ပဋိစ္စသမုပ္ပါဒ်ပိုင်း – အပိုင်း (ခ)

## ပဋိစ္စသမုပ္ပါဒ် ပထမနည်း

## အနုလောမ ပဋိစ္စသမုပ္ပါဒ် ရှုကွက်

### အဝိဇ္ဇာ

ယခုအခါတွင် ပဋိစ္စသမုပ္ပါဒ် ပထမနည်းဟု ခေါ်ဆိုအပ်သော အနုလောမ ပဋိစ္စသမုပ္ပါဒ်ရှုကွက်ကို ဆက်လက်၍ တင်ပြပေအံ့ –

သုတ္တန်နည်းအရ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာလေးပါးတို့၌ တစ်နည်းဆိုသော် သစ္စာလေးပါးဖြင့် သိမ်းကျုံးရေတွက်ထားအပ်သော ပရမတ္ထဓာတ်သား အသီးအသီး၌ ယင်းပရမတ္ထဓာတ်သား အသီးအသီး၏ မဖောက်မပြန် ဟုတ်မှန်တိုင်းသော မိမိ မိမိ၏ ကိုယ်ပိုင် သဘာဝလက္ခဏာ အသီးအသီးကို သိခြင်းငှာ မြင်ခြင်းငှာ ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်ခြင်းငှာ သိခြင်းကို မြင်ခြင်းကို ဉာဏ်ဖြင့်ထွင်းဖောက် သိမြင်ခြင်းကို မပေးဘဲ ဖုံးလွှမ်း၍ မြှေးယှက်၍ ထုံးဖွဲ့၍ တည်တတ်သော သဘောတရားသည် **အဝိဇ္ဇာ** မည်၏။

အဘိဓမ္မာနည်းအရ သစ္စာလေးပါး၌ အကျုံးဝင်သော ပရမတ္ထဓာတ်သား အသီးအသီး၏ လည်းကောင်း, ပုဗ္ဗန္တအမည်ရသော အတိတ် ခန္ဓာ-ဓာတ်-အာယတနတရား, အပရန္တအမည်ရသော အနာဂတ် ခန္ဓာ-ဓာတ်-အာယတနတရား, ပုဗ္ဗန္တာပရန္တ အမည်ရသော အတိတ် အနာဂတ် ခန္ဓာ-ဓာတ်-အာယတနတရား, ကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရား – တို့၌ အကျုံးဝင်သော ပရမတ္ထဓာတ်သား အသီးအသီး၏လည်း-ကောင်း – ဤ (၈)ဌာနတို့၌ အကျုံးဝင်သော ပရမတ္ထဓာတ်သား အသီးအသီး၏ မဖောက်မပြန် ဟုတ်မှန်တိုင်းသော မိမိ မိမိ၏ ကိုယ်ပိုင် သဘာဝလက္ခဏာ အသီးအသီးကို သိခြင်းငှာ မြင်ခြင်းငှာ ဉာဏ်ဖြင့် ထွင်းဖောက် သိမြင်ခြင်းငှာ သိခြင်းကို မြင်ခြင်းကို ဉာဏ်ဖြင့်ထွင်းဖောက် သိမြင်ခြင်းကို မပေးဘဲ ဖုံးလွှမ်း၍ မြှေးယှက်၍ ထုံးဖွဲ့၍ တည်တတ်သော သဘောတရားသည် **အဝိဇ္ဇာ** မည်ပေသည်။ (အဘိ-ဋ္ဌ-၂-၁၃၁။ ဝိသုဒ္ဓိ-၂-၁၆၁။)

ပရမတ္ထတော အဝိဇ္ဇမာနေသု ဣတ္ထိပုရိသာဒီသု ဇဝတိ၊ ဝိဇ္ဇမာနေသုပိ ခန္ဓာဒီသု န ဇဝတီတိ **အဝိဇ္ဇာ**။ အပိစ စက္ခုဝိညာဏာဒီနံ ဝတ္ထာရမ္မဏာနံ ပဋိစ္စသမုပ္ပါဒပဋိစ္စသမုပ္ပန္နာနဉ္စ ဓမ္မာနံ ဆာဒနတောပိ **အဝိဇ္ဇာ**။

(ဝိသုဒ္ဓိ-၂-၁၅၇-၁၅၈။)

= ပရမတ်အားဖြင့် ထင်ရှားမရှိကုန်သော မိန်းမ ယောက်ျားစသော ပညတ်တို့၌ ဖြစ်တတ်၍ ပရမတ်အားဖြင့် ထင်ရှားရှိသည်လည်း ဖြစ်ကုန်သော ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ်စသော သဘောတရားတို့၌ မဖြစ်တတ်သောကြောင့် အဝိဇ္ဇာမည်၏။ (ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ် ကြောင်း-ကျိုးဆက် သဘောတရားများဟု မသိဘဲ ယောကျ်ား မိန်းမစသည်ဖြင့် ပြောင်းပြန် သိနေတတ်သော အသိမှားနေသော သဘောဟုဆိုလိုသည်။)

တစ်နည်း – စက္ခုဝိညာဏ်စသော တရားတို့၏ "ဤကား မှီရာ ဝတ္ထုရုပ်တရားတည်း၊ ဤကား အာရုံတရားတည်း"ဟု ဝတ္ထု အာရုံတရားတို့ကိုလည်းကောင်း, ပဋိစ္စသမုပ္ပါဒ် အမည်ရသော အဝိဇ္ဇာစသော အကြောင်းတရား, ပဋိစ္စသမုပ္ပန္နအမည်ရသော ဇရာမရဏစသော အကျိုးတရားတို့ကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ ပရမတ္ထဓမ္မ သဘာဝလက္ခဏာသို့ ဆိုက်အောင် သိခွင့်မပေးဘဲ ဖုံးလွှမ်းထားတတ်သည်၏ အဖြစ်ကြောင့်လည်း **အဝိဇ္ဇာ** မည်ပေသည်။

## အဝိဇ္ဇာ၏ အကြောင်းရင်း

အဝိဇ္ဇာသမုဒယာ အာသဝသမုဒယော။ အဝိဇ္ဇာနိရောဓာ အာသဝနိရောဓော။ (မ-၁-၆၇။)

အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော၊ အာသဝနိရောဓာ အဝိဇ္ဇာနိရောဓော။ (မ-၁-၆၈။)

အဝိဇ္ဇာသမုဒယာ အာသဝသမုဒယော။ (ဒီ-၂-၂၆။ သံ-၁-၂၄၆။)

**အာသဝသမုဒယာ**တိ ဧတ္ထ ပန ကာမာသဝဘဝါသဝါ သဟဇာတာဒိဝသေန အဝိဇ္ဇာယ ပစ္စယာ ဟောန္တိ။ အဝိဇ္ဇာသဝေါ ဥပနိဿယဝသေနေဝ။ ပုဗ္ဗုပ္ပန္နာ စေတ္ထ အဝိဇ္ဇာ အဝိဇ္ဇာသဝေါတိ ဝေဒိတဗ္ဗော။ သာ အပရာပရုပ္ပန္နာယ အဝိဇ္ဇာယ ဥပနိဿယပစ္စယော ဟောတိ။ (မ-ဋ္ဌ-၁-၂၂၉။)

**အဝိဇ္ဇာသမုဒယာ**တိ ဧတ္ထ အဝိဇ္ဇာကာမာသဝဘဝါသဝါနံ သဟဇာတာဒိဝသေန ပစ္စယော ဟောတိ။ အဝိဇ္ဇာသဝဿ ဥပနိဿယဝသေနေဝ။ အပရာပရုပ္ပန္နာ စေတ္ထ အဝိဇ္ဇာ အဝိဇ္ဇာသဝေါတိ ဝေဒိတဗ္ဗာ။ ပုဗ္ဗုပ္ပန္နာ အဝိဇ္ဇာယေဝဿ အပရာပရုပန္နဿ အဝိဇ္ဇာသဝဿ ဥပနိဿယ ပစ္စယော ဟောတိ။ ပ ။ အယံ ဝါရော ယာ သော ပဋိစ္စသမုပ္ပါဒပဒေသု ဇေဋ္ဌိကာ အဝိဇ္ဇာ၊ တဿာပိ ပစ္စယဒဿနဝသေန ဝုတ္တော။ ဧဝံ ဝုတ္တေန ဝါရေန သံသာရဿ အနမတဂ္ဂတာ သာဓိတာ ဟောတိ။ ကထံ? အာသဝသမုဒယေန ဟိ အဝိဇ္ဇာ သမုဒယော။ အဝိဇ္ဇာသမုဒယေနာပိ အာသဝသမုဒယော။ ဧဝံ အာသဝါ အဝိဇ္ဇာယ အဝိဇ္ဇာပိ အာသဝါနံ ပစ္စယောတိ ကတွာ ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာယ၊ တဿာ အပညာယနတော သံသာရဿ အနမတဂ္ဂတာ သိဒ္ဓါ ဟောတီတိ။ (မ-ဋ္ဌ-၁-၂၂၉။)

**အာသဝသမုဒယေနာ**တိ အတီတဘဝေ အာသဝါနံ သမုဒယေန ဧတရဟိ အဝိဇ္ဇာယ သမုဒယော။ ဧတရဟိ အဝိဇ္ဇာယ သမုဒယေန အနာဂတေ အာသဝသမုဒယောတိ ဧဝံ အာသဝါဝိဇ္ဇာနံ ပစ္စယပစ္စယုပ္ပန္နက-ဘာဝေန အပရာပရံ ပဝတ္တမာနံ အာဒိကောဋိအဘာဝေနေဝ တန္နိမိတ္တဿ သံသာရဿ အာဒိကောဋိ အဘာဝတော အနမတဂ္ဂတာ သိဒ္ဓိ ဝေဒိတဗ္ဗာ။ (မ-ဋီ-၁-၃၂၇။)

အဝိဇ္ဇာဖြစ်ခြင်းကြောင့် အာသဝဖြစ်၏၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် အာသဝချုပ်၏။ ပ ။ အာသဝဖြစ်ခြင်း ကြောင့် အဝိဇ္ဇာဖြစ်၏။ အာသဝချုပ်ခြင်းကြောင့် အဝိဇ္ဇာချုပ်၏။ (မ-၁-၆၇-၆၈။)

ဤပါဠိတော်၏ ဆိုလိုရင်းမှာ ဤသို့ဖြစ်၏ — အတိတ်ဘဝ၌ အာသဝေါတရားတို့၏ ဖြစ်ခဲ့ခြင်းကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ အဝိဇ္ဇာသည် ထင်ရှားဖြစ်ပေါ်လာ၏။ ယခုပစ္စုပ္ပန်ဘဝ၌ အဝိဇ္ဇာ၏ ထင်ရှားဖြစ်ခြင်းကြောင့် နောင်အနာဂတ်၌ အာသဝေါတရားတို့သည် ထင်ရှား ဖြစ်ကြရပြန်၏။ တစ်ဖန် အဝိဇ္ဇာ ချုပ်ငြိမ်းခြင်းကြောင့် အာသဝေါတရားလည်း ချုပ်ငြိမ်းသွား၏၊ အာသဝေါတရား ချုပ်ငြိမ်းခြင်းကြောင့်လည်း အဝိဇ္ဇာသည် ချုပ်ငြိမ်းသွား၏။ — ဤကား အထက်ပါ ပါဠိတော်၏ ဆိုလိုရင်းတည်း။

ဤသို့လျှင် အဝိဇ္ဇာနှင့် အာသဝတို့သည် အကြောင်း အကျိုး အဖြစ်ဖြင့် တပြောင်းပြန်ပြန် ဖြစ်ပေါ်ခဲ့သော် အာဒိကောဋိဟူသော အစအစွန်းမရှိ ဖြစ်နေ၏။ ယင်းသို့လျှင် အဝိဇ္ဇာနှင့် အာသဝတို့၏ အစအစွန်းမရှိသည်၏ အဖြစ်ကြောင့်ပင်လျှင် ထိုအဝိဇ္ဇာ အာသဝတို့လျှင် အကြောင်းရင်းခံရှိသော ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ အစအစွန်း = အာဒိကောဋိလည်း မရှိဖြစ်၏။ ထိုကြောင့် သံသရာ၏ အနမတဂ္ဂ = ဉာဏ်ဖြင့် အစဉ်လျှောက်၍ သော်လည်း မသိအပ် မသိနိုင်သော အစရှိမှုသဘောသည်လည်း ပြီးစီးသွား၏ဟု သိရှိပါလေ။

## အာသဝ – ဟူသည်

၁။ ကာမာသဝ — ဝတ္ထုအာရုံ ကာမဂုဏ်၌ တပ်မက်သော တဏှာတည်း။ တရားကိုယ်ကား လောဘမူစိတ် (၈)ခု၌ ရှိသော လောဘစေတသိက်တည်း။ ကာမ (၁၁)ဘုံအတွင်း၌ တည်ရှိသော သက်ရှိ သက်မဲ့ ကာမဝတ္ထု အစုစုအပေါ်၌ တွယ်တာ တပ်မက်သော တဏှာလောဘတည်း။

၂။ ဘဝါသဝ — ဘဝအရ ရူပ အရူပဈာန်နှင့် ထိုဈာန်၏ အကျိုးဝိပါက်ကို ကောက်ယူပါ။ ထိုဘဝ၌ နှစ်သက်မှု တဏှာကို ဘဝါသဝဟု ဆို၏။ တရားကိုယ်မှာ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် = ဒိဋ္ဌိနှင့်မယှဉ်သော လောဘမူစိတ် (၄)မျိုး၌ ယှဉ်သော လောဘတည်း။ ဘဝါသဝမှ ကြွင်းသော လောဘမှန်သမျှသည် ကာမာသဝချည်းပင် တည်း။

၃။ ဒိဋ္ဌာသဝ — မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အယူဝါဒ အမျိုးမျိုး အပေါ်၌ စွဲလမ်းယုံကြည်မှု = ခံယူချက် မှားမှုတည်း။ လောဘမူ ဒိဋ္ဌိနှင့် ယှဉ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)မျိုး၌ ယှဉ်သော ဒိဋ္ဌိစေတသိက်တည်း။

၄။ အဝိဇ္ဇာသဝ — အသိမှားမှု အဝိဇ္ဇာတည်း။ အကုသိုလ်စိတ် (၁၂)မျိုး၌ ယှဉ်သော မောဟတည်း။

ဤလောဘ-ဒိဋ္ဌိ-မောဟဟူသော အာသဝေါတရားတို့သည် အနမတဂ္ဂသံသရာတစ်ခွင်ဝယ် ခန္ဓာအစဉ်၌ ကြာမြင့်စွာ ထုံအပ်သည်၏အဖြစ်ဟူသော အနက်ကြောင့် အာသဝတို့မည်ကုန်၏။

တစ်နည်း ဤလောဘ-ဒိဋ္ဌိ-မောဟတည်းဟူသော အာသဝေါတရားတို့သည် ကြာမြင့်စွာ ထုံထားအပ်သော အရက်စိမ်ရည်နှင့် တူသည်၏အဖြစ်ကြောင့် သဒိသူပစာရနည်းအားဖြင့် အာသဝတို့မည်ကုန်၏။

ဤလောက၌ ကြာမြင့်စွာထုံအပ် စိမ်ထားအပ်သော အရက်စိမ်ရည်သည် သုံးစွဲစားသောက်သူ ဟူသမျှကို မူးယစ်စေကုန်၏၊ သောက်စားမိလျှင် အကောင်းအဆိုး အကျိုးအပြစ်ကို မမြင်နိုင်ဘဲ တမူးထဲမူးကာ ထင်မိ ထင်ရာကို ပြုတတ်ကြ၏၊ ဒုက္ခအမျိုးမျိုးကို တွေ့ရတတ်၏။ ဆင်းရဲဒုက္ခ မတွေ့ရစေကာမူ ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့၏ အထင်အမြင်သေးခြင်း ကဲ့ရဲ့ခြင်းကိုကား မုချခံရတော့၏။

ထို့အတူ ကိလေသာထူပြောသည့် ပုထုဇန်တို့၏ ခန္ဓာကိုယ်ဆိုး အရက်အိုးဝယ် အစမထင် အနမတဂ္ဂ သံသရာတစ်ခွင်၌ ကြာမြင့်စွာ ထုံထားအပ်သော လောဘ-ဒိဋ္ဌိ-မောဟ (= အဝိဇ္ဇာ)တို့သည်လည်း မိမိတို့ ထကြွ လာသည့်အခါ ပုထုဇန် သတ္တဝါများကို တွေဝေယစ်မူးစေကြကုန်၏၊ အရူးဖြစ်စေကြကုန်၏၊ ထိုလောဘ-ဒိဋ္ဌိ-မောဟဟူသော အာသဝေါတရားစုကြောင့်, တစ်နည်းဆိုသော် အဝိဇ္ဇာ၏ အမှန်တရားကို မသိအောင် ပိတ်ဖုံး ကာကွယ်ထားမှု, တဏှာလောဘ၏ တွယ်တာမက်မောမှု အရှိန်အဝါအားကောင်းမှု, ဒိဋ္ဌိ၏ ခံယူချက်မှားမှု တို့ကြောင့် သတ္တဝါတို့သည် မကောင်းမှုဒုစရိုက်များကိုပင် အကောင်းထင်လျက် ခင်ခင်မင်မင် မက်မက်မောမော ရက်ရက်ရောရော ပြုနိုင်ကြကုန်၏၊ ထိုဒုစရိုက်မှုတွေကြောင့် ပုထုဇန် သတ္တဝါအများတို့သည် အပါယ်လေးပါး တည်းဟူသော ဇာတ်ခုံ၌ ကပြ အသုံးတော်ခံကြရပြန်ကုန်၏။ ဒုစရိုက်ကံများ၏ အကျိုးပေးဖို့ရန် အခါအခွင့် မသင့်သေး မရင့်ကျက်သေးခြင်းကြောင့် တကယ် ဒုက္ခနှင့် မတွေ့ရသေးစေကာမူ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့၏ အထင်အမြင်သေးခြင်း ကဲ့ရဲ့ခြင်းကိုကား ဧကန်မုချ ခံကြရတော့၏၊ ထို့ကြောင့် လောဘ-ဒိဋ္ဌိ-မောဟတို့သည် ကြာမြင့်စွာ ထုံထားအပ်သော စိမ်ရည်အရက်များနှင့် အလားတူကြသဖြင့် သဒိသူပစာရ အားဖြင့် အာသဝဟူသော အမည်ကို ရရှိကြလေသည်။

တစ်နည်း — ယင်း လောဘ-ဒိဋ္ဌိ-မောဟ (= အဝိဇ္ဇာ)တည်းဟူသော အာသဝေါတရားတို့သည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် အာရုံပြုနိုင်ကြ၏၊ ဓမ္မအားဖြင့် အရိယမဂ်တို့၏ ရှေး၌ရှိသော ဂေါတြဘု, ဝေါဒါန်တိုင်အောင်,

အရိယဖိုလ်တို့၏ ရှေး၌ရှိသော ပရိကံတိုင်အောင် အာရုံပြုနိုင်ကြ၏။ ယင်းသို့ အာရုံပြုနိုင်ခြင်းကိုပင် ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘု (ဝေါဒါန် - ပရိကံ)တိုင်အောင် ယိုစီးစိမ့်ဝင်တတ်၏ဟုဆို၏။ ဤသို့လျှင် လောဘ-ဒိဋ္ဌိ-မောဟ တရားဆိုးတို့သည် ဘုံအားဖြင့်ဘဝဂ်တိုင်အောင်, ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ယိုစီးစိမ့်ဝင်တတ်သောကြောင့်လည်း အာသဝဟူသော အမည်ကို ရရှိကြလေသည်။ အနာမှ ပြည်စေးများ ယိုစီး၍ ကျလာသကဲ့သို့ စက္ခုဒွါရစသော ဒွါရ ၆-ပါး (= တံခါး ၆-ပေါက်)မှ ထိုလောဘ-ဒိဋ္ဌိ-မောဟတည်းဟူသော စက်ဆုပ်ဖွယ် ကိလေသာပြည်ပုပ်တို့သည် ယိုစီးထွက်ပေါ်လာကြသည်ဟု ဆိုလိုသည်။

ဤအာသဝေါတရားလေးပါးတို့တွင် ကာမာသဝ ဘဝါသဝအမည်ရသော တဏှာလောဘသည် အဝိဇ္ဇာသဝ အမည်ရသော အဝိဇ္ဇာ (= မောဟ)နှင့်အတူ စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍လည်း ဖြစ်နိုင်၏။ လောဘဒိဋ္ဌိအုပ်စု, လောဘမာနအုပ်စုဟူသော လောဘမူစိတ်နှင့် ယှဉ်တွဲနေသော မောဟကို ဆိုလိုသည်။ တဏှာလောဘဖြစ်လျှင် အပြစ်ကို မမြင်အောင် ကွယ်ကာတားဆီးတတ်သည့် (= မိမိတွယ်တာနေသော ကာမဘဝ ရူပဘဝ အရူပဘဝတို့၌ တည်ရှိသော ရုပ်နာမ်ပရမတ္ထဓာတ်သားတို့၏ သဘာဝလက္ခဏာ သာမညလက္ခဏာဟု ခေါ်ဆိုအပ်သော သဘာဝမှန်ကို မသိမမြင်အောင် အနိစ္စအပြစ် ဒုက္ခအပြစ် ဖောက်ပြန် ပြောင်းလဲနေသည့် ဝိပရိဏာမအပြစ်တို့ကို မမြင်အောင် ကွယ်ကာတားဆီး ပိတ်ပင်ထားတတ်သည့် )မောဟလည်း ပါဝင်လျက်ရှိ၏။ တွယ်တာတပ်မက်မှု ဒဏ်ချက်က သိပ်ပြင်းထန်လျှင် ယင်းအပြစ်များကိုပင် မမြင်နိုင်ပေ။ သို့အတွက် ကာမာသဝ ဘဝါသဝ အမည်ရသော တဏှာလောဘသည် အဝိဇ္ဇာသဝ အမည်ရသော အဝိဇ္ဇာအား သဟဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးလျက်ရှိ၏။

တစ်ဖန် အဝိဇ္ဇာသဝကြောင့်လည်း အဝိဇ္ဇာဖြစ်နိုင်ပြန်၏။ အဝိဇ္ဇာသဝဟူသည် အဆင့်ဆင့် ဖြစ်ပေါ်နေသော ရှေးရှေးက ဖြစ်ပေါ်သွားသော အဝိဇ္ဇာတည်း။ ထိုရှေးရှေးက ဖြစ်သော အဝိဇ္ဇာသည် နောက်နောက်၌ ဖြစ်သော အဝိဇ္ဇာအား အားကြီးသောမှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

တစ်ဖန် အဝိဇ္ဇာဖြစ်ခြင်းကြောင့် အာသဝေါတရားတို့ ဖြစ်ကုန်၏ဟူရာ၌ အဝိဇ္ဇာသည် ကာမာသဝ ဘဝါသဝ အမည်ရသော ထိုထိုဘုံဘဝ၌ တွယ်တာ တပ်မက်သည့် တဏှာလောဘအား သဟဇာတစသော ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုပေး၏။ ရှေးရှေး၌ ဖြစ်သော အဝိဇ္ဇာသည်ပင် နောက်နောက်၌ အဆင့်ဆင့် ဖြစ်နေသော ထိုအဝိဇ္ဇာသဝအား အားကြီးသောမှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

ကာမဘဝ, ရူပဘဝ, အရူပဘဝတို့၌ တည်ရှိကြသော ရုပ်တရားအစုအပုံ, နာမ်တရားအစုအပုံ, ရုပ်နာမ် အစုအပုံတို့၏ ပရမတ္ထဓမ္မသဘာဝမှန်ကို မသိမမြင်ခြင်း, ယင်းပရမတ္ထဓမ္မသဘာဝတို့၏ အနိစ္စအချက် ဒုက္ခ အချက် အနတ္တအချက်တို့ကို ဟုတ်တိုင်းမှန်စွာ မသိခြင်း, ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာစသည် ဖြင့် အသိမှားခြင်း (= အဝိဇ္ဇာ)ကို အကြောင်းခံ၍ ထိုကာမဘဝ ရူပဘဝ အရူပဘဝတို့၌ တွယ်တာတပ်မက်မှု ကာမာသဝ ဘဝါသဝတည်းဟူသော တဏှာလောဘသည် အရှိန်အဝါ ပိုမို၍ အားကောင်းလာခြင်း ဖြစ်၏။

တစ်ဖန် အသိမှားမှု အဝိဇ္ဇာတစ်ခုကို အခြေခံ အကြောင်းခံ၍ နောက်ထပ် အသိမှားမှု အဝိဇ္ဇာများ ထပ်ကာထပ်ကာ ဖြစ်နိုင်ကြပြန်၏။ ရုပ်နာမ် သဘာဝမှန်ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် မမြင်သေးခင်က ရုပ်နာမ်အစုအပုံ တစ်ခုကို "အမေ"ဟု တစ်ခါ အသိမှားထား၏။ နောက်ထပ် အမေဟု သမုတ်ထားအပ်သော ယင်းရုပ်နာမ်အစုအပုံကို တွေ့တိုင်းတွေ့တိုင်း အမေဟုပင် ထပ်ကာထပ်ကာ အသိမှား ပြန်၏။ ရုပ်နာမ်အစုအပုံ တစ်ခုကို "အဖေ"ဟု တစ်ခါ အသိမှားထား၏။ နောက်ထပ် အဖေဟု သမုတ်ထားအပ်သော ယင်းရုပ်နာမ် အစုအပုံကို တွေ့တိုင်းတွေ့တိုင်း အဖေဟုပင် ထပ်ကာထပ်ကာ အသိမှားပြန်၏။ ဤသို့ စသည်ဖြင့် သဘောပေါက် ပါလေ။

တစ်ဖန် သစ္စာလေးပါး အမှန်တရားကို မသိမှု ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စသည်ဖြင့် အသိမှားမှု အဝိဇ္ဇာကို အခြေခံ၍ ကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါအားလုံးကို မဟာဗြဟ္မာကြီးက ဖန်ဆင်းပါသည်ဟူသော ခံယူချက်မှားမှု ဒိဋ္ဌာသဝမှာလည်း လွန်စွာတိုးပွား၍ လာနိုင်၏။ ဤကား အဝိဇ္ဇာကြောင့် အာသဝေါတရားတို့ ဖြစ်ပုံတည်း။

အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်၏။ ပ ။ အဝိဇ္ဇာဖြစ်ခြင်းကြောင့် အာသဝဖြစ်၏ဟူသော ဤဝါရကို ပဋိစ္စသမုပ္ပါဒ် (= ကြောင်း-ကျိုးဆက်နွယ်မှု) သဘောတရားတို့၌ အကြီးအကဲဖြစ်သော အဝိဇ္ဇာ၏လည်း အကြောင်းတရားရှိသည်၏ အဖြစ်ကို ထင်ရှားပြသည်၏ အစွမ်းဖြင့် ဟောကြားထားတော်မူအပ်ပေသည်။ ဤသို့ ဟောကြားတော်မူအပ်သော ဝါရဖြင့် သံသရာ၏ ဉာဏ်ဖြင့် အစဉ်လျှောက်၍ မသိအပ် မသိနိုင်သော အစရှိမှု (= အနမတဂ္ဂသဘော)လည်း ပြီးစီးပြီး ဖြစ်သွား၏။ အဘယ်သို့ ပြီးစီးသနည်းဟူမူ —

"အာသဝ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်၏၊ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့်လည်း အာသဝ ဖြစ်၏။" – ဤသို့လျှင် အာသဝသည် အဝိဇ္ဇာ၏, အဝိဇ္ဇာသည် အာသဝတို့၏ အကြောင်းတရား ဖြစ်မှုကို နှလုံးသွင်းနိုင်ခဲ့သော် အဝိဇ္ဇာ၏ ပုဗ္ဗကောဋိဟု ခေါ်ဆိုအပ်သော ရှေ့အစွန်းသည်လည်း မထင်ရှားတော့ပေ။ ထိုအဝိဇ္ဇာ၏ ရှေ့အစွန်း မထင်နိုင်ခြင်းကြောင့် သံသရာ၏ ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိမှု (= အနမတဂ္ဂ သဘောတရား)လည်း ပြီးစီးပြီး ဖြစ်သွားပေသည် — ဟုဆိုလိုသည်။ ဤကား အထက်ပါ အဋ္ဌကထာဋီကာတို့၏ ဆိုလိုရင်းတည်း။

## ထပ်မံရှင်းလင်းချက်

ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ လည်ပတ်ပုံကို ဟောပြရာဝယ် အဝိဇ္ဇာကို အစထား၍ ဇာတိ-ဇရာမရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသဟူသော ဒုက္ခတွေကို အထွဋ်တင်လျက် ဟောကြားထားတော်မူခဲ့၏။ အဝိဇ္ဇာ သင်္ခါရစသော တရားများကို ပေါင်းရုံးလိုက်လျှင် ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာမရှိ၊ အကြောင်း အကျိုးဟု ခေါ်ဆိုအပ်သော ရုပ်နာမ်အစုအပုံသာ ရှိ၏။ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းအကြောင်း အကျိုး အစုအပုံဟူသော ရုပ်နာမ် အစုအပုံတို့ကို သိမြင်အောင် သိမ်းဆည်း ရှုပွားရမည် ဖြစ်၏။ ယင်းသို့ သိမ်းဆည်း ရှုပွားသောအခါ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးလုံး၌ အကြောင်း-အကျိုး (= ရုပ်နာမ် အစုအပုံ)သာ ရှိသည်ဟု သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခဲ့သော် ထိုအကြောင်း အကျိုး (= ရုပ်နာမ်အစုအပုံ)ပေါ်၌ ဇာတိ-ဇရာမရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသဟူသော အထွဋ်များကိုလည်း ယောဂါဝစရပုဂ္ဂိုလ်သည် တွေ့မြင်တော့မည်သာ ဖြစ်၏။ ထိုသို့ သိမြင်သဖြင့် အကြောင်း-အကျိုး (= ရုပ်နာမ်အားလုံး)သည် ဒုက္ခတုံး ဒုက္ခအစုအပုံသာ ဖြစ်ကြောင်းကို အသိဉာဏ်၌ အကြွမ်းအားဖြင့် ထင်ရှားပြီ ဖြစ်၏။

နောက်နောက်သော ရုပ်နာမ်အစုအပုံကို ရရှိဖို့ရန် ရှေးရှေးအဖို့၌ ဒုက္ခခံ၍ သင်္ခါရမှုတို့ကို ပြုလုပ်စီမံရ၏။ ဒါနမှု သီလမှု ဘာဝနာမှုတို့ကို အထက်သုဂတိ သံသရာခရီး၌ တည်ရှိကြသော ရုပ်နာမ်တို့ကို လိုလားတောင့်တ သူတို့သည် ပြုစုပျိုးထောင်ကြရ၏။ ဒါနဟူသည် သူဌေးတစ်ယောက်ကို နေ့ချင်းမွဲစေနိုင်၏၊ တစ်ဖန် ဒါနဝတ္ထုကို ရရှိဖို့ရန် ကာယိကဒုက္ခ စေတသိကဒုက္ခ အဝဝကို ရင်းနှီးရ၏။ သီလကံကို ပြုစုပျိုးထောင်ရာ၌ ကာယကံမှု ဝစီကံမှု မနောကံမှုတို့ကို အထူးလုံခြုံအောင် ကြပ်တည်းစွာ စောင့်စည်းရ၏။ ဆာလောင်မွတ်သိပ်မှုစသည့် ကာယိကဒုက္ခ စေတသိကဒုက္ခ အဝဝကို ရင်းနှီးရ၏။ ဘာဝနာကံကို ပြုစုပျိုးထောင်ရာ၌ကား အလွန် ပြင်းထန်သော ကာယိကဝီရိယ, စေတသိကဝီရိယတို့ဖြင့် အပြင်းအထန် ကြိုးပမ်းရ၏။ ဤသို့လျှင် ဒါနမှု သီလမှု

ဘာဝနာမှုတို့ကို ပြုစု ပျိုးထောင်ရာ၌လည်း ကာယိကဒုက္ခ စေတသိကဒုက္ခများ မကင်းနိုင်ပုံကို ယောဂီသူတော်ကောင်းတို့သည် ယခု ပစ္စက္ခဘဝတွင်ပင် လွယ်လွယ်နှင့် သိနိုင် မြင်နိုင်၏။ ဤကား အဝိဇ္ဇာ သင်္ခါရတို့၏ နယ်မြေအတွင်း၌ ဒုက္ခ မကင်းပုံတည်း။

အဝိဇ္ဇာကို အကြောင်းခံလျက် ထိုသင်္ခါရဒုက္ခကို တည်ထောင် ဖန်ဆင်းပြီးနောက် ယင်းသင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ်စသော အကျိုးတရားများသည် ဘဝခြားလျက် ထင်ရှား ဖြစ်ပေါ်လာကြပြန်၏။ အကယ်၍ သတ္တဝါတစ်ဦးသည် အကုသိုလ် သင်္ခါရတို့ကို ပြုစုပျိုးထောင်ခဲ့မိပါက ယင်းအကုသိုလ်သင်္ခါရတို့က ထိုသတ္တဝါ၏ ရုပ်နာမ် သန္တာန်အစဉ်ကို အပါယ်သို့ ပစ်ချကြ၏၊ အပါယ်ဘုံ၌ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ စသော အကျိုးတရားများကို ရရှိပြန်၏၊ ဆင်းရဲအတိသာဖြစ်၏။

အပါယ်၌ ဒုက္ခအတိ ဖြစ်ပုံကိုမဆိုထားဘိ ကုသိုလ်သင်္ခါရကို ပြုစုပျိုးထောင်ခဲ့ခြင်းကြောင့် ရရှိလာသော လူ့ဘုံ၌ပင်လျှင် ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသစသော ဒုက္ခများ စုပုံလျက်သာ ရှိသည်ကို တွေ့နိုင်၏၊ (၃၁)ဘုံတွင် ချမ်းသာအရာတွင် ထိပ်တန်း၌ တည်ကြသော"ချမ်းသာပါပေ့"ဆိုသည့် နတ်ပြဟ္မာဘုံများ၌လည်း ဖောက်ပြန်ပျက်စီးရခြင်း ဝိပရိဏာမဒုက္ခဟူသော အဆုံးသတ် ဒုက္ခနှင့် မုချ တွေ့ကြရ၏။

သို့ဖြစ်၍ ဒုက္ခမှ လွတ်လျက် သက်သက်ချမ်းသာသော အရာမည်သည် (၃၁)ဘုံ အတွင်း၌ မရှိပေ။ သင်္ခါရဒုက္ခ, ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခတွေသာ လွှမ်းမိုးနေသောကြောင့် ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ (= ချမ်းသာမဖက် သက်သက်သော ဒုက္ခတုံး ဒုက္ခအစုအပုံကြီး ဖြစ်နေသည်)ဟု ဟောတော်မူပေသည်။

၁။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်နှင့် ယှဉ်သော ကိုယ်၌ဖြစ်သော ကာယိက ဒုက္ခဝေဒနာ, ဒေါသမူဒွေး၌ ယှဉ်သော စိတ်မချမ်းသာခြင်း ဒေါမနဿဝေဒနာဟူသော စိတ်၌ဖြစ်သော စေတသိက ဒုက္ခဝေဒနာ – ဤနှစ်မျိုးသော ဒုက္ခဝေဒနာသည် သဘာဝအားဖြင့်လည်းကောင်း အမည်နာမအားဖြင့်လည်းကောင်း တကယ် ဆင်းရဲသည့် ဒုက္ခအစစ်ဖြစ်သောကြောင့် ဒုက္ခဒုက္ခမည်၏။ ငရဲကား ယင်းဒုက္ခဒုက္ခတို့ဖြင့် အတိပြီးသော ထိပ်ဆုံးဘုံတည်း။

၂။ သုခဝေဒနာသည် ဖောက်ပြန်ပျက်စီးခြင်းဖြင့် ဆင်းရဲဒုက္ခ၏ အကြောင်းဖြစ်သောကြောင့် ဝိပရိဏာမ ဒုက္ခမည်၏။

၃။ ဥပေက္ခာဝေဒနာသည်လည်းကောင်း ကြွင်းသော ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးအတွင်း၌ တည်ရှိသော တေဘူမက သင်္ခါရတရားမှန်သမျှတို့သည်လည်းကောင်း ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်းနှိပ်စက်ခံနေရသည့် အတွက်ကြောင့် သင်္ခါရဒုက္ခမည်၏။ (အဘိ-ဌ-၂-၈၈။)

ယင်းသို့လျှင် အဝိဇ္ဇာကို ရှေးဦးအစထား၍ သောကစသည်ကို အဆုံးသတ်လျက် ဟောကြားထားသဖြင့် အဝိဇ္ဇာသည် အကြောင်းမရှိဘဲ ဖြစ်လေသလောဟု စောကြောဖွယ်ရာရှိ၍ အာသဝကြောင့် ဖြစ်ရ၏ဟု ဖြေဆိုထား၏။ တစ်ဖန် ဘဝစက်ကို သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့တွင် အဆုံးသတ်ထားသဖြင့် ဘဝစက်သည် ဥပါယာသတွင်ပင် ပြတ်ပါသလောဟုလည်း မေးဖွယ်ရာရှိလာပြန်၏၊ အဖြေမှာ ဤသို့ဖြစ်၏ –

## သောကစသည်

သောက ဒေါမနဿ ဥပါယာသတရားတို့သည် ဒေါသမူစိတ်၌ ယှဉ်သော တရားများတည်း။ ထိုကြောင့် ထိုသောက ဒေါမနဿ ဥပါယာသတို့ဖြစ်တိုင်း အဝိဇ္ဇာဟူသော မောဟတရားလည်း အမြဲယှဉ်လျက်ပါ၏။ (နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဒေါသအုပ်စု နာမ်တရားစုတို့ကို ပြန်ကြည့်ပါ။)

ဥပမာ – သားကို အကြောင်းပြု၍ သောက ဒေါမနဿ ဥပါယာသ ဖြစ်ရလျှင် သားဟု အသိမှားမှု (= ရုပ် နာမ်အစုအပုံဟု မသိမှုအဝိဇ္ဇာ)လည်း ကပ်လျက်ပါ၏။ ရွှေ-ငွေကို အကြောင်းပြု၍ သောက ဒေါမနဿ ဥပါယာသ ဖြစ်ရလျှင် ရွှေ-ငွေဟု အသိမှားမှု (= ယင်းရွှေငွေကို အဋ္ဌကလာပ်ရုပ်တို့၏ အပေါင်းအစုဟု မသိမှု အဝိဇ္ဇာ)လည်း ကပ်လျက်ပါ၏။ ဤသို့စသည်ဖြင့် သဘောပေါက်ပါ။

တစ်ဖန် ပရိဒေဝဟူသော ငိုကြွေးမှုမှာလည်း ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့၌ ပရမတ်သို့ ဆိုက်အောင် အမှန်မမြင်သူ တွေဝေသူ အဝိဇ္ဇာမကင်းသူ၌သာ ဖြစ်လေ့ရှိ၏။ သားအတွက် ငိုကြွေးရလျှင် သားဟု အသိမှားမှု ရွှေ-ငွေအတွက် ငိုကြွေးရလျှင် ရွှေငွေဟု အသိမှားမှု အဝိဇ္ဇာ ကပ်လျက်ပါနေ၏။

တစ်ဖန် ပရိဒေဝနောင်၌ ဆက်လက်ဖော်ပြထားသော ဒုက္ခကား ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ ယှဉ်သော ဝေဒနာတည်း။ ယင်းဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ အဝိဇ္ဇာကား တိုက်ရိုက် မယှဉ်နိုင်။ သို့သော် အဝိဇ္ဇာမကင်း-သေးသူတို့အဖို့ ယင်းကာယိကဒုက္ခကို ခံစားရာ၌ အယောနိသောမနသိကာရဖြစ်နေ၍ ဒေါမနဿဝေဒနာဖြစ်နေလျှင် ရှေးအဖို့ နောက်အဖို့၌ အဝိဇ္ဇာယှဉ်လျက်ပါ၏။ သားသမီးအတွက် အပင်ပန်း အဆင်းရဲခံ၏၊ ရွှေ ငွေ ရရှိရေးအတွက် အပင်ပန်း အဆင်းရဲခံ၏၊ လူဘဝ နတ်ဘဝရရှိရေးအတွက် အပင်ပန်း အဆင်းရဲခံ၏။ ထိုသို့ အပင်ပန်း အဆင်းရဲခံရာ၌ အဝိဇ္ဇာမကင်းသေးသူ ယောနိသောမနသိကာရ မရှိသူ အယောနိသောမနသိကာရ ဖြစ်နေသူတို့အဖို့ သား သမီး ရွှေ ငွေ လူဘဝ နတ်ဘဝဟု အသိမှားမှုများသည် ထိုကာယိကဒုက္ခ၏ ရှေးအဖို့ နောက်အဖို့တို့တွင် ခြံရံလျက်ရှိ၏။ ရုပ်တရားအစုအပုံ နာမ်တရားအစုအပုံ ရုပ်နာမ်အစုအပုံဟု မသိဘဲ သား သမီး ရွှေ ငွေ လူဘဝ နတ်ဘဝစသည်ဖြင့် အသိမှားမှုကား အဝိဇ္ဇာတည်း။

ထိုကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်တိုင်း အဝိဇ္ဇာလည်း အတူတကွဖြစ်စေ ရှေးအဖို့ နောက်အဖို့၌ဖြစ်စေ ပါဝင်လျက် ရှိပေသည်။ အဝိဇ္ဇာထင်ရှား ဖြစ်ပေါ်လာလျှင် သင်္ခါရစသည်တို့သည်လည်း ဖြစ်ကြမြဲ ဓမ္မတာသာတည်း။ ဤနည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်သည် ပြတ်၍ မသွားဘဲ အဝိဇ္ဇာထပ်လျက် လည်ပတ်နေသည်ဟု မှတ်ပါ။ (အဘိ-ဋ္ဌ-၂-၁၇၉။ ဝိသုဒ္ဓိ-၂-၂၁၁-ကြည့်။)

## သောကစသည် ဖြစ်ကြောင်း

ဤနည်း၌ – "သောကစသည် ဖြစ်လျှင် အဝိဇ္ဇာ ပါဝင်နေ၏" – ဟုဆိုလျှင် "ထိုသောကစသည်တို့ကား အဘယ်အကြောင်းကြောင့် ဖြစ်ပါကုန်သနည်း"ဟု မေးဖွယ်ရှိ၏။ မှန်ပေသည် – "ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ = ဇာတိအကြောင်းခံကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ဖြစ်ပေါ်လာကြကုန်၏" – ဟု ဟောကြားထားတော်မူအပ်သော်လည်း သောကစသည်တို့သည် ဇာတိ၏ အကျိုးရင်းမဟုတ်၊ အဆက်ဆက် ဖြစ်တတ်သော အကျိုးဆက်မျှသာ ဖြစ်ရကား ထိုသောကစသည်တို့၏ အကြောင်းကိုလည်း မေးသင့်၏ – ထိုအကြောင်းကား အဘယ်ပါနည်းဆိုသော် အဖြေကား အောက်ပါအတိုင်း ဖြစ်၏ –

ဇရာမရဏဟူသော အိုခြင်း သေခြင်း ဒုက္ခတရားတို့သည် တွေ့ထိ နှိပ်စက်အပ်သောကြောင့် ဖြစ်စေ, ဆွေမျိုးတို့၏ ပျက်စီးခြင်း ဉာတိဗျသန, စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်း ဘောဂဗျသန, အနာရောဂါကြောင့် ပျက်စီးခြင်း ရောဂဗျသန, သီလ၏ ပျက်စီးခြင်း သီလဗျသန, မှန်ကန်သောသမ္မာဒိဋ္ဌိ အယူဝါဒ၏ ပျက်စီးခြင်း ဒိဋ္ဌိဗျသနဟူသော ဗျသနတရား တစ်ပါးပါးဖြင့် တွေ့ထိ နှိပ်စက်အပ်သောကြောင့် ဖြစ်စေ သောကစသည်တို့သည် ဖြစ်တတ်ရကား ဇရာမရဏဟူသော ဒုက္ခဓမ္မနှင့် တွေ့ထိခြင်းသည်လည်းကောင်း, ဉာတိဗျသနစသော ဗျသန တရား တစ်မျိုးမျိုးနှင့် တွေ့ထိခြင်းသည်လည်းကောင်း သောကစသည်တို့၏ အကြောင်း ဖြစ်သည်။

သောကစသည် ဖြစ်သောအခါ အဝိဇ္ဇာလည်း ပါဝင်ပြီးစီးပုံကို တစ်နည်းပြလိုပြန်သဖြင့် နောက်တစ်နည်းကို အောက်ပါအတိုင်း ဆက်လက်ဖွင့်ဆိုပြန်သည်။ —

## တစ်နည်းအဖြေ

(အဘိ-ဋ္ဌ-၂-၁၇၉-၁၈၀။ ဝိသုဒ္ဓိ-၂-၂၁၁။)

အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော (= အာသဝ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်၏)ဟု ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ အာသဝဖြစ်ခြင်းကြောင့်လည်း ထိုသောက စသည်တို့သည် ဖြစ်ပေါ် လာကြကုန်၏။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တွင် ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့ ဖြစ်ပေါ် လာကြောင်းကို ဟောကြားထားတော်မူသော်လည်း ဇာတိမှာ သောကစသည်တို့ ဖြစ်ပေါ် လာဖို့ရန် မကင်းစကောင်းသော ဝေးသော အကြောင်းတရားသာတည်း။ သောကစသည်တို့ ဖြစ်ပေါ် လာဖို့ရန် အနီးစပ်ဆုံး အကြောင်းတရားများမှာ အာသဝေါတရားတို့ပင် ဖြစ်ကြသည်။

## ကာမာသဝကြောင့် သောကစသည်ဖြစ်ပုံ

> တဿ စေ ကာမယာနဿ၊ ဆန္ဒဇာတဿ ဇန္တုနော။
> တေ ကာမာ ပရိဟာယန္တိ၊ သလ္လဝိဒ္ဓေါဝ ရုပ္ပတိ။ (ခု-၁-၃၉၉။)
> ကာမတော ဇာယတီ သောကော။ (ခု-၁-၄၅။)

ဤဒေသနာတော်များနှင့် အညီ — သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုကို လိုလားတောင့်တနေသော သတ္တဝါအဖို့ ထိုကာမဝတ္ထု အစုစုတို့၏ ဖောက်ပြန်ပျက်စီးသွားသောအခါ မြားဖြင့် ပစ်ခွင်းခံရသော သားကောင်ကဲ့သို့ သောကစသော မြားငြောင့်တို့၏ စူးဝင်ခံရမှုကြောင့် စိတ်ဖောက်ပြန်လာတတ်ပေသည်။ ထိုသို့ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့၏ ပျက်စီး၍ သောကစသည်တို့ ဖြစ်ပေါ် လာရာ၌ ထိုသက်ရှိသက်မဲ့ ကာမဝတ္ထုအစုစု အပေါ်၌ ချစ်ခင်တွယ်တာ မက်မောမှု လိုလားတောင့်တမှု ကာမာသဝကို အကြောင်းခံလျက် ရှိ၏။ ယင်းကာမာသဝဖြစ်လျှင် ယင်းသက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်၌ သား သမီး ဇနီး မြေး ရွှေ ငွေစသည်ဖြင့် အသိမှားမှု အဝိဇ္ဇာလည်း ကပ်လျက်ပါလာ၏။ အလားတူပင်လျှင် ယင်းသက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့ကို အကြောင်းပြု၍ သောကစသည်ဖြစ်ရာ၌လည်း ယင်းအဝိဇ္ဇာသည် ကပ်လျက်ပါနေ၏။ သို့သော် တပ်မက်မှု ကာမာသဝ အားကောင်းနေပါလျှင် ယင်းသက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုဟူသော ရုပ်နာမ် အစုအပုံကို ပရမတ်သို့ ဆိုက်အောင် မမြင်တတ်ပေ။ မြင်အောင် မကြိုးစားသော်လည်း ရှိတတ်၏။ သောကစသည် ဖြစ်ရာ၌လည်း နည်းတူပင် ဖြစ်သည်။

## ဒိဋ္ဌာသဝကြောင့် သောကစသည်ဖြစ်ပုံ

တဿ အဟံ ရူပံ မမ ရူပန္တိ ပရိယုဋ္ဌဋ္ဌာယိနော ရူပဝိပရိဏာမညထာဘာဝါ ဥပ္ပဇ္ဇန္တိ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ။ (သံ-၂-၃။)

"ရုပ်ဟူသည် ငါတည်း၊ ငါ၏ ရုပ်တရားတည်း"ဟု ဒိဋ္ဌာသဝဖြင့် လုလုယက်ယက် စွဲလမ်းလျက် တည်နေသူမှာ ရုပ်တရား၏ ဖောက်ပြန်မှု တစ်မျိုးတစ်မည် ပြောင်းလဲမှုကြောင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ဖြစ်ပေါ် လာကြရလေသည်။ ဤ၌ ရုပ်တရားကိုပင် "အတ္တဟုလည်းကောင်း, အတ္တ၏ ရုပ်တရားဟုလည်းကောင်း" စွဲလမ်း ယုံကြည်နေ၏။ ထိုသို့ စွဲလမ်းယုံကြည်နေသူ၏ သန္တာန်၌ ခံယူချက်များမှ ဒိဋ္ဌာသဝသည်

တည်ရှိနေ၏။ ရုပ်တရားကို “အတ္တဟု, အတ္တ၏ ရုပ်တရားဟု” — ခံယူချက်မှားမှု သဘောကား ဒိဋ္ဌိတည်း ဒိဋ္ဌာသဝတည်း။ ရုပ်တရားကို “အတ္တဟု, အတ္တ၏ရုပ်တရားဟု” — အသိမှားမှု သဘောကား အဝိဇ္ဇာတည်း အဝိဇ္ဇာသဝတည်း။ ထိုကြောင့် ရုပ်တရားအပေါ်၌ ဒိဋ္ဌာသဝဖြင့် လုလုယက်ယက် စွဲလမ်းလျက် တည်နေသူမှာ ရုပ်တရား၏ ဖောက်ပြန်ပျက်စီးမှု တစ်မျိုးတစ်မည် ပြောင်းလဲမှုကြောင့် သောကစသည်တို့ ဖြစ်ရာ၌လည်းကောင်း, ဒိဋ္ဌာသဝဖြစ်ရာ၌လည်းကောင်း “ငါ, ငါ၏ရုပ်”ဟု အသိမှားမှု အဝိဇ္ဇာလည်း ကပ်လျက်ပင် ပါဝင်နေသည်ကို သိရှိပါလေ။

## ဘဝါသဝကြောင့် သောကစသည် ဖြစ်ပုံ

ယေပိ တေ ဘိက္ခဝေ ဒေဝါ ဒီဃာယုကာ ဝဏ္ဏဝန္တော သုခဗဟုလာ ဥစ္စေသု ဝိမာနေသု စိရဋ္ဌိတိကာ၊ တေပိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ။

(သံ-၂-၇၀။ အံ-၁-၃၄၂။)

= ရဟန်းတို့ . . . အသက်ရှည်၍ အဆင်းလှကာ သုခများလျက် အလွန်မြင့်မောက် အထက်တန်းသို့ ရောက်နေသည့် ဘုံဗိမာန်တို့ဝယ် ကြာမြင့်စွာ တည်နေရသည့်အတွက် မိမိ၏ ဖြဟ္မာဘဝကို တွယ်တာ တပ်မက်သည့် ဘဝါသဝဖြင့် အားရနှစ်သက်ကြသော ဖြဟ္မာတို့သည် ဘုရားရှင်၏ အနိစ္စ ဒုက္ခ အနတ္တနှင့် စပ်သည့် တရားဒေသနာသံကို ကြားနာကြရသည့်အခါ များသောအားဖြင့် မိမိတို့ဘဝ၏ မမြဲသော အချက်ကို တွေးတော မိကာ လွန်စွာ ကြောက်ရွံ့ထိတ်လန့်လျက် သံဝေဂ ဖြစ်ကြရလေသည်။ (သံ-၂-၇၀၊ အံ-၁-၃၄၂။)

ဤ၌လည်း မိမိတို့၏ ဘဝကို နတ်ပြဟ္မာဟု အသိမှားမှု, ငါတို့ဟု အသိမှားမှု အဝိဇ္ဇာများ ကပ်လျက် ပါဝင်နေသည်ကို သတိပြုပါ။ ဤပြဟ္မာတို့ကား အလွန် အသက်ရှည်ကြ၏။ ဘုရားရှင်၏တရားတော်ကို နာကြားရ သဖြင့် အနိစ္စဟု မိမိတို့၏ဘဝကို သိမြင်လာသောအခါ အလွန် ကြောက်ရွံ့ ထိတ်လန့်လာကြကုန်၏။ နတ်တို့သည် နတ်သက်ကြွေခါနီး ကာလဝယ် ပုဗ္ဗနိမိတ် (၅)ပါးတို့ကို တွေ့မြင်ကြရသဖြင့် သေဘေးမှ အလွန် ကြောက်လန့်ကြ ကုန်၏၊ သေဘေးဆိုးကြီးက လွန်စွာ ခြိမ်းခြောက်အပ်ကုန်သော နတ်တို့သည် လွန်စွာ ကြောက်ရွံ့ထိတ်လန့် လျက် ဒေါသ ဒေါမနဿ ဖြစ်ကြရကုန်သကဲ့သို့ အလားတူပင် ယင်းပြဟ္မာတို့သည်လည်း လွန်စွာ ကြောက်ရွံ့ ထိတ်လန့်လျက် သံဝေဂ ဖြစ်ကြရလေသည်။

## ပုဗ္ဗနိမိတ် (၅) ပါး

မာလာ မိလာယန္တိ၊ ဝတ္ထာနိ ကိလိဿန္တိ၊ ကစ္ဆေဟိ သေဒါ မုစ္စန္တိ၊ ကာယေ ဝေဝဏ္ဏိယံ ဩက္ကမတိ၊ ဒေဝေါ ဒေဝါသနေ နာဘိရမတိ။ (ခု-၁-၂၄၇။)

၁။ နတ်ပန်းတို့သည် ညှိုးနွမ်းကုန်၏။
၂။ နတ်အဝတ်တို့သည် ညစ်နွမ်းကုန်၏။
၃။ လက်ကတီးကြားတို့မှ (= ချိုင်းကြားတို့မှ) ချွေးတို့သည် ယိုထွက်ကုန်၏။
၄။ ကိုယ်၌ ဖောက်ပြန်သော အရေအဆင်း ရှိသူ၏အဖြစ်သည် သက်ရောက်လာ၏။
(အသားအရောင် ပြောင်းလဲလာ၏။)
၅။ နတ်သည် နတ်တို့၏နေရာ ဘုံဗိမာန်၌ မမွေ့လျော် ဖြစ်နေ၏။

ဤ (၅)ပါးတို့ကား နတ်တို့ သေခါနီးကာလဝယ် သေခြင်းရှေ့ပြေး နိမိတ်တို့တည်း။

(ခု-၁-၂၄၇-ဣတိဝုတ်ပါဠိတော်။)

## အဝိဇ္ဇာသဝကြောင့် သောကစသည် ဖြစ်ပုံ

သ ခေါ သော ဘိက္ခဝေ ဗာလော တိဝိဓံ ဒိဋ္ဌေဝဓမ္မေ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ။ (မ-၃-၂၀၂။)

= ရဟန်းတို့ . . . ထိုအဝိဇ္ဇာမကင်းသေးသည့် လူဖျင်း လူအ လူ့ဗာလသည် အဝိဇ္ဇာသဝကြောင့် မျက်မှောက်ဘဝမှာပင် —

၁။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ ယှဉ်သော ကာယိက ဒုက္ခဝေဒနာ,
၂။ ဒေါသမူဒွေး၌ ယှဉ်သော အသင်္ခါရိက စေတသိက ဒေါမနဿဝေဒနာ,
၃။ သသင်္ခါရိက စေတသိက ဒေါမနဿဝေဒနာ,

ဤ (၃)မျိုးသော ဒုက္ခဝေဒနာကို ခံစားရပေသည်။ ယင်းဝေဒနာ (၃)မျိုးတို့၏ အကြောင်းရင်း နိဒါန်းမှာ သုံးမျိုးပင်ရှိ၏။ —

၁။ တဿာရုပ္ပကထာသဝန = မကောင်းမှု ဒုစရိုက် အကုသိုလ်တို့ကို ပြုမိသဖြင့် ယင်းမကောင်းမှုအား လျောက်ပတ်သော ကဲ့ရဲ့စကားကို ကြားနာရခြင်း,
၂။ ကမ္မကာရဏာဒဿန = (၃၂)ပါးသော ကံကြမ္မာဟူသော ညှဉ်းပန်းနှိပ်စက်မှုကို တွေ့မြင်နေရခြင်း,
၃။ မရဏကာလကမ္မောပဋ္ဌာန = သေရာညောင်စောင်း လျောင်းစက်ရာအခါ၌ အကုသိုလ်ကံအာရုံ ထင်လာခြင်း

ဤအကြောင်း (၃)ရပ်ကို (မူလဋီကာ-၂-၁၂၅။)၌ ဖော်ပြထား၏။ ယင်းအကြောင်း (၃)မျိုးကြောင့် (၃)မျိုးသော ဒုက္ခဝေဒနာကို ခံစားရာ၌လည်းကောင်း, မကောင်းမှု ဒုစရိုက်တို့ကို လွန်ကျူးရာ၌လည်းကောင်း "ငါ သူတစ်ပါး"စသည်ဖြင့် အသိမှားမှု အဝိဇ္ဇာသည် အကြောင်းခံလျက်ပင်ရှိ၏။

ဣတိ ယသ္မာ အာသဝသမုဒယာ ဧတေ ဓမ္မာ ဟောန္တိ၊ တသ္မာ ဧတေ သိဇ္ဈမာနာ အဝိဇ္ဇာယ ဟေတုဘူတေ အာသဝေ သာဓေန္တိ။ အာသဝေသု စ သိဒ္ဓေသု ပစ္စယဘာဝေ ဘာဝတော အဝိဇ္ဇာပိ သိဒ္ဓါဝ ဟောတီတိ။
(အဘိ-ဋ္ဌ-၂-၁၈၀။ ဝိသုဒ္ဓိ-၂-၂၁၂။)

ဤသို့လျှင် အာသဝေါတရားတို့၏ ထင်ရှား ဖြစ်ခြင်းကြောင့် သောကစသည်တို့သည် ထင်ရှား ဖြစ်ပေါ်လာကုန်၏။ ထိုကြောင့် ထိုသောကစသည်တို့၏ ဖြစ်မှုသည် ပြီးစီးကုန်လတ်သော် အဝိဇ္ဇာ၏ အကြောင်းရင်း ဖြစ်သော အာသဝေါတရားတို့၏ ဖြစ်မှုသည်လည်း ပြီးစီးပြီးသာ ဖြစ်ကုန်၏။

"အောက်အကြေ၌ ရေတိုးလာသည်ကို မြင်လျှင် အထက်အညာ၌ မိုးရွာပြီ"ဟု သိရသကဲ့သို့, အလားတူပင် သောကစသည့် အကျိုးတရားကို မြင်ရသဖြင့် အကြောင်း အာသဝေါတရားတို့ကိုလည်း ထိုအကျိုးက သိစေနိုင်ပေသည်။ ယင်းသို့ သိစေနိုင်ခြင်းကိုပင် ဤ၌ "အာသဝေါတရားတို့ကို ပြီးစီးစေနိုင်ကုန်၏"ဟု ဆိုသည်။

အာသဝေါတရားတို့၏ ဖြစ်မှုသည် ပြီးစီးခဲ့သော် အာသဝေါတရားတည်းဟူသော အကြောင်းတရားသည် ထင်ရှားဖြစ်ခဲ့သော် အဝိဇ္ဇာဟူသော အကျိုးတရားသည်လည်း ထင်ရှား ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ၏ ထင်ရှား ဖြစ်ပေါ်မှုသည်လည်း ပြီးစီးပြီးသားသာ ဖြစ်သွား၏။ ယင်းသို့ အဝိဇ္ဇာ၏ ထင်ရှားဖြစ်မှုသည် ပြီးစီးခဲ့သော် တစ်ဖန် အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတို့သည် ဖြစ်ကြပြန်ကုန်၏၊ တစ်ဖန် သင်္ခါရကြောင့် ဝိညာဏ်သည် ဖြစ်ပြန်၏။ ဤသို့လျှင် အကြောင်းနှင့် အကျိုး အဆက်ဆက်အားဖြင့် အဆုံးအပိုင်းအခြား မရှိတော့ပေ။

ဤသို့လျှင် အာသဝေါတရားများကြောင့် အဝိဇ္ဇာဖြစ်၍ အဝိဇ္ဇာကြောင့်လည်း အာသဝေါတရားများ ဖြစ်ကြရပြန်သည်။ အဝိဇ္ဇာကြောင့် အာသဝေါတရားများ ဖြစ်ပေါ်လာရာ၌ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝတို့သည်

အဝိဇ္ဇာနှင့် သဟဇာတစသော သဘောအားဖြင့် အတူယှဉ်တွဲ၍လည်း ဖြစ်နိုင်ကုန်၏။ အဝိဇ္ဇာက ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေးလိုက်သဖြင့် စိတ္တက္ခဏပေါင်းများစွာ ခြားလျက်လည်း ဖြစ်နိုင်ကုန်၏။ အဝိဇ္ဇာနှင့် ယှဉ်တွဲ၍ ဖြစ်ရာ၌ အဝိဇ္ဇာ၏ အကူအညီ အကြောင်းတရားများ အဖြစ် အဝိဇ္ဇာအား သဟဇာတစသော သတ္တိဖြင့် ကျေးဇူးပြု ပေး၏၊ တစ်ဖန် အဝိဇ္ဇာကလည်း ယင်းအာသဝေါတရားတို့အား သဟဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု ပေး၏။

တစ်ဖန် အဝိဇ္ဇာက ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးလိုက်သဖြင့် အဝိဇ္ဇာနှင့် စိတ္တက္ခဏပေါင်းများစွာ ကွာခြား၍လည်း အာသဝေါတရားတို့သည် ဖြစ်ခဲ့သော် ယင်းအာသဝတို့သည် သင်္ခါရနှင့် ကမ္မဘဝ (= ကံ) တို့တွင် ထိုက်သလို အကျုံးဝင်ကြ၏၊ အပုညာဘိသင်္ခါရနှင့် အကုသိုလ်ကံတရားများ ဖြစ်ကြ၏။ ယင်းအပုညာဘိ သင်္ခါရနှင့် အကုသိုလ်ကံတို့ ဖြစ်ပေါ်လာရာ၌လည်း အဝိဇ္ဇာသည် ယင်းအပုညာဘိသင်္ခါရနှင့် အကုသိုလ်ကံ တို့အား ဥပနိဿယသတ္တိဖြင့်လည်းကောင်း, သဟဇာတစသော သတ္တိဖြင့်လည်းကောင်း ကျေးဇူးပြုပေးလျက်ပင် ရှိသည်။ ရှေးရှေးသော အဝိဇ္ဇာသည် နောက်နောက်သော အပုညာဘိသင်္ခါရ, အကုသိုလ်ကံတို့အား ဥပနိဿယ သတ္တိဖြင့်, စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ ဖြစ်သော အဝိဇ္ဇာသည် မိမိနှင့် ယှဉ်ဖက် သမ္ပယုတ် ဖြစ်သော အပုညာဘိသင်္ခါရ, အကုသိုလ်ကံတို့အား သဟဇာတစသော သတ္တိဖြင့် ကျေးဇူးပြုပေး၏ဟု ဆိုလိုသည်။ (အဝိဇ္ဇာက ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့အား ကျေးဇူးပြုပုံသည် နောက်တွင် ထင်ရှား လတ္တံ့။) သို့အတွက် အဝိဇ္ဇာနှင့် အာသဝတို့သည် အစနှင့် အဆုံးကို ရှာဖွေ၍ မရနိုင်လောက်အောင် သံသရာ စက်ရဟတ်ကို ရှည်လျားစွာ လည်ပတ်စေသော ဓာတ်ငွေ့များ ဖြစ်ကြသည်ဟု သဘောပေါက်ပါလေ။

## အဝိဇ္ဇာကို အစထား၍ ဟောတော်မူရခြင်း အကြောင်း

အာသဝကြောင့် အဝိဇ္ဇာဖြစ်လျှင် အဘယ်ကြောင့် အဝိဇ္ဇာကို အစဆုံး ဟောပြတော်မူရသနည်းဟု မေးသင့် ပြန်၏။ အဝိဇ္ဇာသည် ဝဋ္ဋတရားအပေါင်းတို့တွင် ဦးခေါင်းပမာ လွန်စွာ အရေးကြီး၏။ သံသရာစက်ရဟတ်၏ လည်ပတ်နေပုံအကြောင်းကို ဟောပြသော ဒေသနာတော်သည် ဝဋ္ဋကထာမည်၏။ အဝိဇ္ဇာကား ယင်းဝဋ္ဋကထာ တရားစကား၏ အဦးပဓာန ဖြစ်၏။ သံသရာစက်ရဟတ်ကို လည်ပတ်စေတတ် ဖြစ်စေတတ်သော အကြောင်းရင်း ကား ကံတရားဖြစ်၏၊ အဝိဇ္ဇာသည် ယင်းကံတရား၏ အကြောင်းရင်းဖြစ်၏။

ထင်ရှားစေအံ့ — ဘုရားရှင်သည် ဝဋ္ဋကထာ ဒေသနာတော်ကို ဟောကြားတော်မူသည်ရှိသော် အဝိဇ္ဇာကို သော်လည်းကောင်း, ဘဝတဏှာကိုသော်လည်းကောင်း နှစ်ပါးကုန်သောတရားတို့ကို အဦးပဓာနပြု၍ ဟောကြား တော်မူလေသည်။ အဝိဇ္ဇာကို အဦးပဓာနထား၍ ဟောကြားတော်မူပုံကား ဤသို့တည်း —

"ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ 'ဣတော ပုဗ္ဗေ အဝိဇ္ဇာ နာဟောသိ၊ အထ ပစ္ဆာ သမဘဝီ'တိ။ ဧဝဉ္စေတံ ဘိက္ခဝေ ဝုစ္စတိ၊ အထ စ ပန ပညာယတိ 'ဣဒပ္ပစ္စယာ အဝိဇ္ဇာ'တိ။" (အံ-၃-၃၄၆။)

= ရဟန်းတို့ . . . ဤမည်သော မင်း, ဤမည်သော ဘုရားရှင်၏ လက်ထက်တော်မှ ရှေး၌ အဝိဇ္ဇာသည် မဖြစ်ပေါ်ခဲ့သေး၊ ထိုမည်သော မင်း, ထိုမည်သော ဘုရားရှင်၏ လက်ထက်တော်မှ နောက်ပိုင်းကာလ၌သာ စ၍ ဖြစ်ခဲ့ပြီဟု ဤသို့လျှင် အဝိဇ္ဇာ၏ ရှေး၌ဖြစ်သော အစွန်းအစ အပိုင်းအခြားသည် မထင်ရှားပေ။ ရဟန်းတို့ ဤသို့လျှင် ဤအဝိဇ္ဇာ၏ ရှေး၌ဖြစ်သော အစွန်းအစ အပိုင်းအခြား၏ မထင်ရှားခြင်းကို ဆိုအပ်၏။ ထိုသို့ပင် ဆိုအပ်သော်လည်း ဤအာသဝေါတရားဟူသော အကြောင်းကြောင့် အဝိဇ္ဇာသည်ထင်ရှား၏ (= ထင်ရှား ဖြစ်ပေါ်လာ၏။) (အံ-၃-၃၄၆။)

တစ်ဖန် ဘဝတဏှာကို အဦးပဓာန ထား၍ ဟောတော်မူပုံမှာ ဤသို့ ဖြစ်၏ —

“ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ ဘဝတဏှာယ ‘ဣတော ပုဗ္ဗေ ဘဝတဏှာ နာ ဟောသိ၊ အထ ပစ္ဆာ သမဘဝီ’တိ။ ဧဝဉ္စေတံ ဘိက္ခဝေ ဝုစ္စတိ၊ အထ စ ပန ပညာယတိ ‘ဣဒပ္ပစ္စယာ ဘဝတဏှာ’တိ။”
(အံ-၃-၃၄၈။)

= ရဟန်းတို့ . . . ဤမည်သော မင်း, ဤမည်သော ဘုရားရှင်၏ လက်ထက်တော်မှ ရှေး၌ ဘဝတဏှာ သည် မဖြစ်ပေါ်ခဲ့သေး၊ ထိုမည်သော မင်း, ထိုမည်သော ဘုရားရှင်၏ လက်ထက်တော်မှ နောက်ပိုင်းကာလ၌သာ စ၍ ဖြစ်ခဲ့ပြီ — ဟု ဤသို့လျှင် ဘဝတဏှာ၏ ရှေး၌ဖြစ်သော အစွန်းအစ အပိုင်းအခြားသည် မထင်ရှားပေ။ ရဟန်းတို့ . . . ဤသို့လျှင် ဤဘဝတဏှာ၏ ရှေး၌ ဖြစ်သော အစွန်းအစ အပိုင်းအခြား၏ မထင်ရှားခြင်းကို ဆိုအပ်၏။ ထိုသို့ပင်ဆိုအပ်သော်လည်း ဤဝေဒနာဟူသော အကြောင်းကြောင့် ဘဝတဏှာသည် ထင်ရှား၏။
(အံ-၃-၃၄၈။)

## အကြောင်းပြချက်

ဘုရားရှင်သည် အဘယ်ကြောင့် ဝဋ္ဋကထာ တရားဒေသနာတော်ကို ဟောကြားတော်မူရာဝယ် ဤအဝိဇ္ဇာ နှင့် ဘဝတဏှာဟူသော တရား (၂)ပါးကို အဦးပဓာနထား၍ ဟောကြားတော်မူအပ်ပါသနည်း ဟူမူ —

သုဂတိ ဒုဂ္ဂတိဂါမိနော ကမ္မဿ ဝိသေသဟေတု ဘူတတာ။ (အဘိ-ဋ္ဌ-၂-၁၂၆။ ဝိသုဒ္ဓိ-၂-၁၅၆။)

သုဂတိ ဒုဂ္ဂတိဟူသော ထိုထို ဘုံဘဝ ရောက်ကြောင်းဖြစ်သော ကံတရား၏ ထူးကဲသော အကြောင်းတရား များ ဖြစ်သောကြောင့် ဤအဝိဇ္ဇာနှင့် ဘဝတဏှာတရား (၂)ပါးကို အဦးပဓာနထား၍ ဟောကြားတော်မူအပ်ပါ၏-ဟူပေ။

**အဝိဇ္ဇာ** — အဝိဇ္ဇာသည် ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်းဖြစ်သော အကုသိုလ်ကံ၏ ထူးကဲသော အကြောင်း တရားဖြစ်၏။ သစ္စာလေးချက် သဘောနက်ကို ပြက်ပြက် ထင်ထင် လင်းလင်းကြီး မသိမမြင်ဘဲ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာစသည်ဖြင့်လည်းကောင်း, ထိန်ထိန်လျှံတောက်သည့် ရွှေ ငွေ စိန် ကျောက် စသည်ဖြင့်လည်းကောင်း အသိမှားမှု အဝိဇ္ဇာ အမှောင်ထုသည် လွှမ်းမိုးဖိစီး နှိပ်စက်အပ်သော ပုထုဇန်သည် - မီးဖြင့် ပြင်းထန်စွာ လောင်မြိုက်ခံရခြင်း လက်ရိုက်ဖြင့် ပြင်းထန်စွာ အရိုက်အနှက်ခံရခြင်းကြောင့်ဖြစ်သော ပင်ပန်းဆင်းရဲခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သော သတ်ထိုက်သော သတ်ရန် အသင့်ဖြစ်နေသော နွားမသည် ထိုပင်ပန်းဆင်းရဲခြင်းဖြင့် လွန်စွာနာကျင်သည်၏ အဖြစ်ကြောင့် မသာယာသင့် မသာယာထိုက်သည်လည်း ဖြစ်သော မိမိ၏ အကျိုးစီးပွားမဲ့ကို ဆောင်နိုင်သည်လည်း ဖြစ်သော ရေပူကိုသော်လည်း သောက်ခြင်းကို အားထုတ်ဘိသကဲ့သို့ — ထိုအတူ ကိလေသာ အပူမီး၏ ပြင်းထန်စွာ လောင်မြိုက်မှုကြောင့် မသာယာသင့် မသာယာထိုက်သည်လည်း ဖြစ်သော အပါယ်ဒုဂ္ဂတိဘုံဘဝသို့ ကျရောက်စေနိုင်ခြင်းကြောင့် မိမိ၏ အကျိုး စီးပွားမဲ့ကို ရွက်ဆောင်နိုင်သည်လည်းဖြစ်သော ပါဏာတိပါတစသော တစ်ပါးမက များပြားလှသော ဒုဂ္ဂတိ ဘဝသို့ ရောက်ကြောင်း အကုသိုလ်ကံကို အားထုတ်မိ၏။ (အဘိ-ဋ္ဌ-၂-၁၂၆။ ဝိသုဒ္ဓိ-၂-၁၅၆-၁၅၇။)

**ဘဝတဏှာ** — တစ်ဖန် ထိုထို ဘုံဘဝကို လိုလားတောင့်တတတ် တွယ်တာတပ်မက်တတ်သော ဘဝတဏှာ သည် သုဂတိဘုံဘဝသို့ ရောက်ကြောင်းဖြစ်သော ကုသိုလ်ကံ၏ ထူးကဲသော အကြောင်းတရား ဖြစ်၏။ — ဘဝတဏှာသည် လွှမ်းမိုးနှိပ်စက်အပ်သော (= လူဖြစ်ချင်သည့် နတ်ဖြစ်ချင်သည့် ဗြဟ္မာဖြစ်ချင်သည့် လူ့ဘဝ

နတ်ဘဝ ပြဟ္မာဘဝကို တပ်မက်မောသည့် တဏှာသည် နှိပ်စက်အပ်သော) ပုထုဇန်သည် — အထက်တွင် ဖော်ပြခဲ့သော နွားမမျိုးသည် ရေအေး၌ တပ်မက်မောသော တဏှာဖြင့် သာယာဖွယ်နှင့်လည်း တကွဖြစ်သော မိမိ၏ ပင်ပန်းနွမ်းနယ်မှုကို ပယ်ဖျောက်ပေးနိုင်သည်လည်းဖြစ်သော ရေအေးကို သောက်ခြင်းကို အားထုတ်ဘိ သကဲ့သို့ — ထို့အတူ ကိလေသာ အပူဓာတ်မီး၏ ပြင်းထန်စွာ ပူလောင်ခြင်း ဒဏ်ချက်မှ ကင်းခြင်းကြောင့် သာယာဖွယ်နှင့်လည်းတကွဖြစ်သော, သုဂတိဘုံဘဝသို့ ကောင်းစွာ ရောက်စေနိုင်ခြင်းကြောင့် (မိမိ၏ ဒုဂ္ဂတိ ဒုက္ခတည်းဟူသော ပင်ပန်းခြင်းကို ပယ်ဖျောက်နိုင်သည်လည်း ဖြစ်သော) ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းစသော များပြားလှသော သုဂတိဘုံဘဝသို့ ရောက်ကြောင်းကံကို အားထုတ်၏။ (အဘိ-ဌ-၂-၁၂၆။ ဝိသုဒ္ဓိ-၂-၁၅၇။)

## ဆိုလိုသည့်သဘောတရား

ရှေးယခင်က နွားသတ်သမား လူရိုင်းတို့သည် နွားမကို မီးဖြင့်တိုက်၍ ထုရိုက်သောအခါ အသားနှင့်အရိုး တို့ကို ကပ်နေအောင် ဖွဲ့စပ်ထားသော အသားမျှင်ကလေးများ အကြောမျှင်ကလေးများသည် ပြတ်ပြီးလျှင် ဖူးရောင်၍ နေ၏။ ထိုအခါ နွားမကို ရေနွေး တိုက်ကြ၏။ နွားမက ရေနွေးကို သောက်လိုက်သောအခါ ဝမ်းလျှောလာသဖြင့် အညစ်အကြေးတို့မှ ကင်းဆိတ်သွား၏။ အသားလည်း အရိုးမှ လွတ်လာလေပြီ၊ ထိုအခါ ရောက်မှ နွားမကို သတ်ကြသော ဟူ၏။ ထိုကြောင့် အထက်ပါ ဥပမာစကားရပ်ကို အဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်သည်။

ထိုဥပမာစကားရပ်၌ သတ်ထိုက်သော နွားမသည်လည်း အဝိဇ္ဇာသည် လွှမ်းမိုးအပ်သည်၏ အဖြစ်ကြောင့် ဆိုအပ်ခဲ့ပြီးသော ရေပူကို သောက်ခြင်းကို အားထုတ်သကဲ့သို့ အလားတူပင် ပုထုဇန် ငမိုက်သားသည် အထက်၌ ဆိုအပ်ခဲ့ပြီးသော ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း ဖြစ်သည့် ဒုစရိုက် အကုသိုလ်ကံကို အဝိဇ္ဇာဖုံးလွှမ်းထားသည့် အတွက်ကြောင့် အားထုတ်မိခြင်း ဖြစ်၏။

တစ်ဖန် ထိုနွားမသည် ရေပူကိုသောက်ခြင်း၌ အပြစ်ကိုမြင်၍ တပ်မက်မှု တဏှာ၏ အစွမ်းဖြင့် ရေအေးကို သောက်ခြင်းကို အားထုတ်ဘိသကဲ့သို့ အလားတူပင် ဤပုထုဇန် ငမိုက်သားသည် အဝိဇ္ဇာအားနည်းသည်၏ အဖြစ်ကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း ဖြစ်သည့် အကုသိုလ်ကံ၌ အပြစ်ကိုမြင်၍ တပ်မက်မှု တဏှာ၏ အစွမ်းဖြင့် သုဂတိဘဝသို့ ရောက်ကြောင်းဖြစ်သည့် ကုသိုလ်ကံကို အားထုတ်၏။

ဒုက္ခေ ဟိ အဝိဇ္ဇံ တဏှာ အနုဝတ္တတိ၊ သုခေ တဏှံ အဝိဇ္ဇာတိ။ (မူလဋီ-၂-၈၈။)

မှန်ပေသည် ဒုက္ခရောက်ကြောင်း ဖြစ်သော ဒုဂ္ဂတိကံ (= အကုသိုလ်ကံ)ကို ပြုလုပ်သောအခါ အဝိဇ္ဇာသည် ရှေ့သွားဖြစ်၍ တဏှာသည် အဝိဇ္ဇာ၏ နောက်လိုက်ဖြစ်၏။ သုဂတိဘုံဘဝသို့ ရောက်ကြောင်း ချမ်းသာကြောင်း ဖြစ်သည့် သုဂတိကံ (= ကုသိုလ်ကံ)ကို ပြုစုပျိုးထောင်သောအခါ၌ တဏှာသည် ရှေ့သွားဖြစ်၍ အဝိဇ္ဇာသည် တဏှာ၏ နောက်လိုက် ဖြစ်ပေသည်။ အကုသိုလ်ကို ပြုလုပ်ရာ၌ အဝိဇ္ဇာထုထည်သည် အားကြီး၏၊ ယင်းအဝိဇ္ဇာ ထုထည်ကို တဏှာက မလွှမ်းမိုးနိုင်။ သုဂတိဘုံဘဝသို့ ရောက်ကြောင်း ဖြစ်သည့် ကုသိုလ်ကံကို ပြုစုပျိုးထောင် ရာ၌ တဏှာထုထည်သည် အားကြီး၏၊ ယင်းတဏှာထုထည်ကို အဝိဇ္ဇာက မလွှမ်းမိုးနိုင်။ သို့အတွက် အကု သိုလ်မှု၌ အဝိဇ္ဇာနောက်သို့ တဏှာကလိုက်ရ၍ ကုသိုလ်မှု၌ တဏှာနောက်သို့ အဝိဇ္ဇာက လိုက်ပါရပေသည်။ (မူလဋီ-၂-၈၇-၈၈။ အနုဋီ-၂-၉၄။)

တစ်ဖန် ဝဏ္ဏကထာ၏ ဦးခေါင်းသဖွယ် အဦးပဓာနဖြစ်၍ ဖြစ်ကုန်သော အဝိဇ္ဇာ - ဘဝတဏှာ တရား (၂)မျိုးတို့တွင် အချို့သော သုတ္တန်၌ ဘုရားရှင်သည် သံသရာဝဋ်မြစ်တရား တစ်မျိုးသာပါသော ဒေသနာကို

ဟောကြားထားတော်မူ၏။ အချို့သော သုတ္တန်၌ သံသရာဝဋ်မြစ်တရား နှစ်မျိုးလုံးကိုပင် မူလထား၍ ဟောကြား ထားတော်မူ၏။

## အဝိဇ္ဇာကို မူလထား၍ ဟောကြားထားတော်မူပုံ

ကတိ ခေါ ဘိက္ခဝေ အဝိဇ္ဇူပနိသာ သင်္ခါရာ၊ သင်္ခါရူပနိသံ ဝိညာဏံ။ (သံ-၁-၂၆၉။)

= ရဟန်းတို့ . . . ဤသို့လျှင် သင်္ခါရတို့သည် အဝိဇ္ဇာဟူသော မှီရာ အကြောင်းရှိကုန်၏၊ ဝိညာဏ်သည် သင်္ခါရဟူသော မှီရာအကြောင်းရှိ၏။ (သံ-၁-၂၆၉။) —

ဤသို့စသော ဒေသနာတော်တည်း။ (နိဒါနဝဂ္ဂသံယုတ် ဒသဗလဝဂ် ဥပနိသသုတ်။)

## တဏှာကို မူလထား၍ ဟောကြားထားတော်မူပုံ

ဥပါဒါနိယေသု ဘိက္ခဝေ ဓမ္မေသု အဿာဒါနုပဿိနော ဝိဟရတော တဏှာ ပဝဍ္ဎတိ၊ တဏှာပစ္စယာ ဥပါဒါနံ။ (သံ-၁-၃၁၁။)

= ရဟန်းတို့ . . . ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ဘုံသုံးပါးအတွင်း၌ တည်ရှိကြကုန်သော သင်္ခါရတရား တို့၌ သာယာဖွယ်ဟု အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍နေသော ပုဂ္ဂိုလ်၏ သန္တာန်ဝယ် တဏှာသည် တိုးပွားလာ၏၊ တဏှာဟူသော အကြောင်းတရား၏ ထင်ရှား ဖြစ်ပေါ်မှုကြောင့် ဥပါဒါန်သည် ထင်ရှားဖြစ်ပေါ်လာ၏။ (သံ-၁-၃၁၁။)

ဤသို့စသော ဥပါဒါနသုတ္တန်ဒေသနာတော်တည်း။

## အဝိဇ္ဇာ တဏှာ နှစ်မျိုးလုံးကို မူလထား၍ ဟောကြားထားတော်မူပုံ

အဝိဇ္ဇာနီဝရဏဿ ဘိက္ခဝေ ဗာလဿ တဏှာယ သမ္ပယုတ္တဿ ဧဝမယံ ကာယော သမုဒါဂတော။ ကတိ အယဉ္စေဝ ကာယော ဗဟိဒ္ဓါ စ နာမရူပံ၊ ကတ္ထေတံ ဒွယံ၊ ဒွယံ ပဋိစ္စ ဖဿော သဠေဝါယတနာနိ၊ ယေဟိ ဖုဋ္ဌော ဗာလော သုခဒုက္ခံ ပဋိသံဝေဒေတိ။ (သံ-၁-၂၆၂။)

ရဟန်းတို့ . . . အဝိဇ္ဇာအမှောင်ထုသည် ပိတ်ဖုံး ကာဆီးအပ်သော တဏှာနှင့် ယှဉ်တွဲလျက်ရှိသော (= တဏှာသံယောဇဉ်ကြိုးဖြင့် နှောင်ဖွဲ့ခံရသော) လူမိုက်အား (လူမိုက်၏) ဤဆိုအပ်ပြီးသော အဝိဇ္ဇာ တဏှာ ဟူသော အကြောင်းကြောင့် ဤသဝိညာဏက ခန္ဓာ (၅)ပါးတို့၏ အပေါင်းဟူသော ကိုယ်သည် ဖြစ်ပေါ်လာ၏။ ဤသို့လျှင် ဤအဇ္ဈတ္တဖြစ်သော ကိုယ်သည်လည်းကောင်း, ဗဟိဒ္ဓဖြစ်သော နာမ်ရုပ်သည်လည်းကောင်း ဤသို့ အပြားရှိသော ဤတရား (၂)ပါး အပေါင်းသည် ဖြစ်ပေါ်လာ၏။ ဤတရား (၂)ပါး အပေါင်းကို အစွဲပြု၍ ဖဿသည်လည်းကောင်း, အာယတန (၆)ပါးတို့သည်လည်းကောင်း ဖြစ်ပေါ်လာကြကုန်၏။ ယင်း (၆)ပါး ကုန်သော အာယတနတို့ကြောင့် ဖြစ်ပေါ်လာသော ဖဿသည် တွေ့ထိအပ်သော လူမိုက်သည် သုခဝေဒနာ ဒုက္ခဝေဒနာကို ခံစားရ၏။ (သံ-၁-၂၆၂။) (နိဒါနဝဂ္ဂသံယုတ် ဗာလပဏ္ဍိတသုတ်။)

ဤသို့စသော ဒေသနာတည်း။

ဤသို့ဟောကြားတော်မူအပ်သော ဒေသနာအမျိုးမျိုးတို့တွင် ဤအနုလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် အရာ၌ ဤအဝိဇ္ဇာပစ္စယာ သင်္ခါရာစသည်ဖြင့် ဟောကြားတော်မူအပ်သော ဤဒေသနာတော်သည် အဝိဇ္ဇာ၏

အစွမ်းဖြင့် အဝိဇ္ဇာကို အဦးပဓာနထား၍ အဝိဇ္ဇာဟူသော တရားတစ်ခုကိုသာ မူလထား၍ ဟောကြားတော်မူအပ်သော ဒေသနာတော်ဖြစ်သည်ဟု သိရှိပါလေ။ (အဘိ-ဌ-၂-၁၂၆-၁၂၇၊ ဝိသုဒ္ဓိ-၂-၁၅၆-၁၅၇။)

အဝိဇ္ဇာ-တဏှာဟူသော သံသရာဝဋ္ဋ်မြစ် မူလတရား (၂)ပါးတို့သည် ပဋ္ဌိစ္စသမုပ္ပါဒ် ဝဋ္ဋ်တရားအပေါင်းတွင် ဦးခေါင်းပမာ လွန်စွာ အရေးကြီး၏။ ထိုထိုသံသရာဝဋ္ဋ်ကို လည်ပတ်စေတတ်သော သံသရာဝဋ္ဋ်၏ အကြောင်းရင်း သင်္ခါရ-ကံတို့ကို ပြုစုပျိုးထောင်ရာ၌ အဝိဇ္ဇာက အမှန်တရားကို မသိအောင် ဖုံးကွယ်ထားသည့်အတွက် (= ငါ-သူတစ်ပါး ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာစသည်ဖြင့် အသိမှားနေသည့်အတွက်) တဏှာဖြင့် မက်မောမိ၍ ပြုမိကြခြင်း ဖြစ်သည်။ သို့အတွက် ထိုအဝိဇ္ဇာ-တဏှာတို့တွင် အဝိဇ္ဇာသည် ဘဝတဏှာ၏လည်း အကြောင်းရင်း ဖြစ်၏။ အဝိဇ္ဇာသည် ဖုံးလွှမ်းအပ်သော အပြစ်ရှိသော လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝစသော ထိုထိုဘဝ၌သာလျှင် တဏှာက မက်မောနေသောကြောင့် ဖြစ်၏။ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ စသည်၌ တည်ရှိကြသော ရုပ်ခန္ဓာ, နာမ်ခန္ဓာ, ရုပ်နာမ်ခန္ဓာတို့ကို ပရမတ်သို့ ဆိုက်အောင် မသိမမြင်မှု, ယင်းခန္ဓာတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက် ဝိပရိဏာမအချက်တို့ကို မသိမမြင်မှုသည်ပင် အဝိဇ္ဇာဖြစ်၏။ အဝိဇ္ဇာက ထိုထိုဘဝ၏ ယင်းအနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမ အပြစ်တို့ကို မသိမမြင်အောင် ဖုံးထားသဖြင့် လူမိုက်တို့သည် ထိုထိုဘဝ၌ တွယ်တာတပ်မက်ကြခြင်း ဖြစ်၏။ ဤသို့လျှင် ဘဝထိုထို၌ တွယ်တာတပ်မက်မှု ဘဝတဏှာသည် အဝိဇ္ဇာလျှင် အကြောင်းရင်းခံရှိသောကြောင့် အဝိဇ္ဇာသည် ဘဝတဏှာ၏ အကြောင်းရင်း ဖြစ်၏။ ဤသို့လျှင် ဝဋ္ဋ်တရား၌ ဦးခေါင်းပမာ လွန်စွာ အရေးကြီးသော တရားဖြစ်၍ အဝိဇ္ဇာကို ရှေးဦးအစ၌ထား၍ ဟောပြတော်မူရသည်။ (ဖြစ်စဉ်မှာ အဝိဇ္ဇာက အစဆုံး ဖြစ်သည် မဟုတ်၊ အဝိဇ္ဇာ ဖြစ်ဖို့ရာလည်း အာသဝေါတရားဟူသော အကြောင်းတရားများ ထင်ရှားရှိကြသည်သာ ဖြစ်ပေသည်။)

(အဘိ-ဌ-၂-၁၂၆-၁၂၇။ ဝိသုဒ္ဓိ-၂-၁၅၆-၁၅၇-ကြည့်။)

## အဝိဇ္ဇာ၏ သဘောလက္ခဏာ

တတ္ထ ကတမာ အဝိဇ္ဇာ၊ ယံ အညာဏံ အဒဿနံ အနဘိသမယော အနနုဗောဓော အသမ္ဗောဓော အပ္ပဋိဝေဓော အသင်္ဂါဟဏာ (အသင်္ဂါဟနာ) အပရိယောဂါဟဏာ (အပရိယောဂါဟနာ) အသမပေက္ခဏာ အပစ္စဝေက္ခဏာ အပစ္စက္ခကမ္မံ ဒုမ္မေဇ္ဈံ ဗာလျံ အသမ္ပဇညံ မောဟော ပမောဟော သမ္မောဟော အဝိဇ္ဇာ အဝိဇ္ဇောဃော အဝိဇ္ဇာယောဂေါ အဝိဇ္ဇာနုသယော အဝိဇ္ဇာပရိယုဋ္ဌာနံ၊ အဝိဇ္ဇာလင်္ဂီ မောဟော အကုသလမူလံ။ အယံ ဝုစ္စတိ အဝိဇ္ဇာ။ (အဘိ-၂-၁၅၀။)

၁။ **အညာဏ** — ဉာဏ်မည်သည်ကား အပြားအားဖြင့် သိတတ်သော ပညာတည်း။ ဉာဏအမည်ရသော ထိုပညာဟူသည် အကျိုး၏ အကျိုးကိုလည်းကောင်း, တစ်နည်းဆိုသော် အကျိုးတိုင်းကိုလည်းကောင်း, မှန်ကန်သော အကျိုးကိုလည်းကောင်း, အကြောင်း၏ အကြောင်းကိုလည်းကောင်း, တစ်နည်းဆိုသော် အကြောင်းတိုင်းကိုလည်းကောင်း, မှန်ကန်သော အကြောင်းကိုလည်းကောင်း, အရိယသစ္စာလေးရပ် တရားမြတ်ကိုလည်းကောင်း ထင်ရှားသည်ကို ပြုလုပ်တတ်၏။ သို့သော် ဤအဝိဇ္ဇာသည်ကား ဖြစ်ပေါ်၍ လာလတ်သော် ထိုမှန်ကန်သော အကျိုးတရား, မှန်ကန်သော အကြောင်းတရား, မှန်ကန်သော သစ္စာလေးပါးကို ထင်ထင်ရှားရှား သိခွင့် ထင်ထင်ရှားရှား သိအောင် ပြုခွင့်ကို မပေးပေ။ ဤသို့လျှင် ဉာဏအမည်ရသော ပညာ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဤအဝိဇ္ဇာသည် အညာဏ မည်၏။

၂။ **အဒဿန** — မြင်တတ်သော သဘောတရား (= ဒဿန) ဟူသည်လည်း ပညာပင်တည်း။ ထိုဒဿန မည်သော ပညာသည်လည်း —

(က) အတ္ထတ္ထ = မှန်ကန်သော အကျိုးတရား,
(ခ) ကာရဏကာရဏ = မှန်ကန်သော အကြောင်းတရား,
(ဂ) စတုသစ္စဓမ္မ = သစ္စာလေးပါး —

ဟူသော ထိုအခြင်းအရာ အာကာရကို မြင်တတ်၏။ သို့သော် အဝိဇ္ဇာသည်ကား ဖြစ်ပေါ်လာလတ်သော် ထိုအတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော သုံးမျိုးသော အခြင်းအရာကို မြင်ခြင်းကို မြင်ခွင့်ကို မပေးတတ်ပေ။ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အဒဿနမည်၏။

၃။ **အနဘိသမယ** — ထိုးထွင်း၍ သိတတ်သော သဘောတရား (= အဘိသမယ)ဟူသည်လည်း ပညာပင်တည်း။ ထိုအဘိသမယအမည်ရသော ပညာသည် — ထို အတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော ထိုအခြင်းအရာကို ထိုးထွင်း၍ သိတတ်၏၊ သို့သော် အဝိဇ္ဇာသည်ကား ဖြစ်ပေါ်၍လာလတ်သော် ထိုအတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာကို ထိုးထွင်း၍ သိခြင်းငှာ ထိုးထွင်း၍ သိခွင့်ကို မပေးတတ်ပေ။ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အနဘိသမယမည်၏။

၄။ **အနနုဗောဓ**, ၅။ **အသမ္ဗောဓ**, ၆။ **အပ္ပဋိဝေဓ** — လျော်စွာသိတတ်သော သဘောတရား (= အနုဗောဓ)ဟူသည်လည်း ပညာပင်တည်း။ မဖောက်မပြန် အမှန်အတိုင်း သိတတ်သော သဘောတရား (= သမ္ဗောဓ)ဟူသည်လည်း ပညာပင်တည်း။ ထိုးထွင်း၍ သိတတ်သော သဘောတရား (= ပဋိဝေဓ)ဟူသည်လည်း ပညာပင်တည်း။ ထိုအနုဗောဓ, သမ္ဗောဓ, ပဋိဝေဓအမည်ရသော ပညာသည် ထိုအတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာကို လျော်စွာသိတတ်၏၊ မဖောက်မပြန် အမှန်အတိုင်း သိတတ်၏၊ ထိုးထွင်း၍ သိတတ်၏။ သို့သော် အဝိဇ္ဇာသည်ကား ဖြစ်ပေါ်လာလတ်သော် ထိုအတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာကို လျော်စွာသိခြင်းငှာ, မဖောက်မပြန် အမှန်အတိုင်း သိခြင်းငှာ, ထိုးထွင်း၍ သိခြင်းငှာ, လျော်စွာသိခွင့်ကို မဖောက်မပြန် အမှန်အတိုင်း သိခွင့်ကို, ထိုးထွင်း၍ သိခွင့်ကို မပေးတတ်ပေ။ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အနနုဗောဓ, အသမ္ဗောဓ, အပ္ပဋိဝေဓမည်၏။

၇။ **အသင်္ဂါဟနာ** — သက်ဝင်တတ်သောသဘောတရား (= သင်္ဂါဟနာ)ဟူသည်လည်း ပညာပင်တည်း။ ထိုသင်္ဂါဟနာ အမည်ရသော ပညာသည်လည်း ထိုအတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာသို့ သက်ဝင်၍ ပွတ်တိုက်၍ သိမ်းဆည်းတတ်၏ ရယူတတ်၏။ သို့သော် အဝိဇ္ဇာသည်ကား ဖြစ်ပေါ်၍ လာလတ်သော် ထိုအတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာသို့ သက်ဝင်၍ ပွတ်တိုက်၍ သိမ်းဆည်းခြင်းငှာ ရယူခြင်းငှာ သိမ်းဆည်းနိုင်ခွင့် ရယူနိုင်ခွင့်ကို မပေးတတ်၊ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အသင်္ဂါဟနာမည်၏။

၈။ **အပရိယောဂါဟနာ** — ထက်ဝန်းကျင် သက်ဝင်တတ်သော သဘောတရား (= ပရိယောဂါဟနာ)ဟူသည်လည်း ပညာပင်တည်း။ ထိုပရိယောဂါဟနာ အမည်ရသော ပညာသည် ထိုအတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာကို သက်ဝင်၍ အစဉ်အတိုင်း ဝင်၍ ရယူတတ်၏။ သို့သော် အဝိဇ္ဇာသည်ကား ဖြစ်ပေါ်လာလတ်သော် ထိုအခြင်းအရာကို သက်ဝင်၍ အစဉ်အတိုင်းဝင်၍ ရယူခြင်းငှာ ရယူခွင့်ကို မပေးတတ်ပေ။ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အပရိယောဂါဟနာမည်၏။

၉။ **အသမပေက္ခဏာ** — အညီအမျှ ရှုတတ်သော သဘောတရား (= သမပေက္ခဏာ)ဟူသည်လည်း ပညာပင်တည်း။ ထိုသမပေက္ခဏာအမည်ရသော ပညာသည် ထိုအတ္ထတ္ထ, ကာရဏကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာကို အညီအမျှလည်းကောင်း, ကောင်းစွာလည်းကောင်း ရှုတတ်၏။ သို့သော် အဝိဇ္ဇာသည်ကား

ဖြစ်ပေါ်လာလတ်သော် ထိုအခြင်းအရာကို အညီအမျှလည်းကောင်း, ကောင်းစွာလည်းကောင်း ရှုခြင်းငှာ ရှုခွင့်ကို မပေးတတ်ပေ။ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အသမပေက္ခဏာ မည်၏။

၁၀။ **အပစ္စဝေက္ခဏာ** — တစ်ဖန်ရှုတတ်သော သဘောတရား (= ပစ္စဝေက္ခဏာ)ဟူသည်လည်း ပညာပင်တည်း။ ထိုပစ္စဝေက္ခဏာအမည်ရသော ပညာသည် ထိုအတ္ထတ္ထ, ကာရဏာကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာကို တစ်ဖန် ရှုတတ်၏၊ သို့သော် အဝိဇ္ဇာသည်ကား ဖြစ်ပေါ်လာလတ်သော် ထိုအခြင်းအရာကို တစ်ဖန်ရှုခြင်းငှာ တစ်ဖန် ရှုခွင့်ကို မပေးတတ်ပေ၊ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အပစ္စဝေက္ခဏာမည်၏။

၁၁။ **အပစ္စက္ခကမ္မ** — ထိုအဝိဇ္ဇာ၏ မျက်မှောက်ပြုအပ်သော တစ်စုံတစ်ခုသော အမှုသည် မရှိ၊ အဝိဇ္ဇာဟူသော မိမိကိုယ်တိုင်လည်း မစူးစမ်း မဆင်ခြင်ဘဲ အလုပ်ကို ပြုလုပ်အပ်၏၊ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အပစ္စက္ခ-ကမ္မမည်၏။

၁၂။ **ဒုမ္မေဇ္ဈ** — ယင်းအဝိဇ္ဇာသည် ပညာမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သောကြောင့် ဒုမ္မေဇ္ဈမည်၏။

၁၃။ **ဗာလျ** — မလိမ္မာသူ၏ ဖြစ်ကြောင်းဖြစ်ရာ လူမိုက်ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သောကြောင့် ဗာလျမည်၏။

၁၄။ **အသမ္ပဇည** — ကောင်းစွာ အပြားအားဖြင့် သိတတ်သောသဘောတရား (= သမ္ပဇည)ဟူသည်လည်း ပညာပင်တည်း။ ထိုသမ္ပဇညမည်သော ပညာသည် အတ္ထတ္ထ, ကာရဏာကာရဏ, စတုသစ္စဓမ္မဟူသော မှန်ကန်သော အကျိုး, မှန်ကန်သော အကြောင်း, သစ္စာလေးပါးတို့ကို ကောင်းမွန်မှန်ကန်စွာ ကွဲကွဲပြားပြား သိတတ်၏၊ သို့သော် အဝိဇ္ဇာသည်ကား ဖြစ်ပေါ်လာလတ်သော် ထိုအတ္ထတ္ထ, ကာရဏာကာရဏ, စတုသစ္စဓမ္မဟူသော အခြင်းအရာကို ကွဲကွဲပြားပြား သိခြင်းငှာ ကွဲကွဲပြားပြား သိခွင့်ကို မပေးတတ်ပေ။ ထိုကြောင့် ယင်းအဝိဇ္ဇာသည် အသမ္ပဇညမည်၏။

၁၅။ **မောဟ,** ၆။ **ပမောဟ,** ၇။ **သမ္မောဟ** — ယင်း အဝိဇ္ဇာသည် တွေဝေခြင်း၏ အစွမ်းဖြင့် မောဟမည်၏၊ အားကြီးသော တွေဝေခြင်း၏ အစွမ်းဖြင့် ပမောဟမည်၏၊ ထက်ဝန်းကျင် တွေဝေခြင်း၏ အစွမ်းဖြင့် သမ္မောဟ မည်၏။

၁၈။ **အဝိဇ္ဇာ — ဝိန္ဒတီတိ ဝိဇ္ဇာ** = မရထိုက်သော ဒုစရိုက်ကို မရဘဲ, ရထိုက်သော သုစရိုက်ကို ရတတ်သော ကြောင့် ဉာဏ်သည် ဝိဇ္ဇာမည်၏။ န+ဝိဇ္ဇာ = အဝိဇ္ဇာ = ဝိဇ္ဇာ၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟသည် အဝိဇ္ဇာ မည်၏။

ဖြည့်ကျင့်ခြင်းငှာ မသင့်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့် (= ပြည့်လေ မကောင်းလေ ဖြစ်သောကြောင့်) ကာယဒုစရိုက်စသည့် မကောင်းမှုဟူသမျှသည် အဝိန္ဒိယမည်၏၊ မရထိုက်သော တရားမည်၏။ မောဟဟူသော သဘောတရားသည် ထိုမရထိုက်သော ကာယဒုစရိုက်စသော မကောင်းမှုကို ရတတ်သည်၏ အဖြစ်ကြောင့် အဝိဇ္ဇာမည်၏။ ထိုအဝိန္ဒိယ၏ ပြောင်းပြန်အားဖြင့် ကာယသုစရိုက်စသော ကောင်းမှုသည် ရထိုက်သောကြောင့် ဝိန္ဒိယမည်၏။ မောဟသဘောတရားသည် ထိုရထိုက်သော ကာယသုစရိုက်စသော ကောင်းမှုကို မရတတ်သည်၏ အဖြစ်ကြောင့် အဝိဇ္ဇာမည်၏။

ယင်းမောဟသည် ခန္ဓာတို့၏အစုဟူသော အနက်ကိုလည်းကောင်း, စက္ခုစသော အာယတနတို့၏ မိမိဥ္စ မှီသော စက္ခုဝိညာဏ် အစရှိသော တရားတို့ကို ဖြစ်စေတတ်သည်၏ အဖြစ်ဟူသော အနက်ကိုလည်းကောင်း, ဓာတ်တို့၏ သတ္တ အတ္တဇီဝမှ ကင်းဆိတ်သည်၏အဖြစ်ဟူသော အနက်ကိုလည်းကောင်း, သစ္စာတို့၏ မှန်ကန်သည်

၏အဖြစ်ဟူသော အနက်ကိုလည်းကောင်း, ဣန္ဒြေတို့၏ အကြီးအကဲ၏အဖြစ်ဟူသော အနက်ကိုလည်းကောင်း မသိအောင် ပြုလုပ်တတ်၏၊ ထိုကြောင့် ထိုမောဟသည် အဝိဇ္ဇာမည်၏။

ဒုက္ခသစ္စာစသည်တို့၏ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အညှဉ်းပန်း အနှိပ်စက်ခံရခြင်း ပီဠနသဘော အစရှိသည်တို့၏ အဖြစ်ဖြင့် ဖွင့်ဆိုထားအပ်သော (၄)မျိုး, (၄)မျိုးပြားသော သစ္စာအနက် (၁၆)ချက်ကို မသိ-အောင် ပြုလုပ်တတ်သောကြောင့် မောဟသည် အဝိဇ္ဇာမည်၏။

ဒီဃော ဗာလာန သံသာရော – ဟူသည်နှင့် အညီ အဝိဇ္ဇာအားကြီးသော လူမိုက်များအတွက် သံသရာ သည် အဆုံးမရှိ ရှည်လျားလှ၏။ ယင်းသို့ အဆုံးမှကင်းသော သံသရာ၌ အလုံးစုံသော ယောနိ, အလုံးစုံသော ဂတိ, အလုံးစုံသော ဘဝ, အလုံးစုံသော ဝိညာဏဋ္ဌိတိ, အလုံးစုံသော သတ္တာဝါသတို့၌ သတ္တဝါတို့ကို သွားစေ တတ်သောကြောင့် မောဟသည် အဝိဇ္ဇာမည်၏။

ပရမတ်အားဖြင့် ထင်ရှား မရှိကုန်သော မိန်းမ ယောကျ်ားစသော ပညတ်တို့၌ ဖြစ်တတ်သောကြောင့်, ပရမတ်အားဖြင့် ထင်ရှား ရှိသည်လည်း ဖြစ်ကုန်သော ခန္ဓာစသော တရားတို့၌ မဖြစ်တတ်သောကြောင့် မောဟသည် အဝိဇ္ဇာမည်၏။

စက္ခုဝိညာဏ်စသည်တို့၏ ဝတ္ထုအာရုံ ဖြစ်ကုန်သော တရားတို့ကိုလည်းကောင်း အဝိဇ္ဇာအစရှိသော အကြောင်း ပဋိစ္စသမုပ္ပါဒ်, သင်္ခါရအစရှိကုန်သော အကျိုး ပဋိစ္စသမုပ္ပါဒ်ဖြစ်ကုန်သော တရားတို့ကိုလည်းကောင်း ဖုံးလွှမ်းတတ်သည်၏ အဖြစ်ကြောင့်လည်း အဝိဇ္ဇာမည်၏။

၁၉။ **အဝိဇ္ဇောဃ** – သံသရာဝဋ်ဆင်းရဲ၌ နှစ်သက်တတ်၏၊ နစ်မြုပ်စေတတ်၏၊ ထိုကြောင့် အဝိဇ္ဇောဃမည်၏။

၂၀။ **အဝိဇ္ဇာယောဂ** – သံသရာဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သောကြောင့် အဝိဇ္ဇာယောဂမည်၏။

၂၁။ **အဝိဇ္ဇာနုသယ** – အရိယမဂ်ဖြင့် မပယ်သတ်အပ်သေးသည်၏ အဖြစ်ကြောင့်လည်းကောင်း, အဖန်ဖန် အထပ်ထပ် ဖြစ်ခြင်းကြောင့်လည်းကောင်း အဝိဇ္ဇာနုသယမည်၏။

၂၂။ **အဝိဇ္ဇာပရိယုဋ္ဌာန** – လမ်းခရီး၌ ထကြွ သောင်းကျန်းကုန်သော ခိုးသားဓားပြတို့သည် ခရီးသွားသူတို့ကို လုယက်ကုန်သကဲ့သို့ ထို့အတူ ကုသိုလ်စိတ်ကို လုယူတတ်သောကြောင့် ယူဆောင်သွားတတ်သောကြောင့် လုယက်တတ်သောကြောင့် အဝိဇ္ဇာပရိယုဋ္ဌာနမည်၏။

၂၃။ **အဝိဇ္ဇာလင်္ဂီ** – မြို့တံခါးပေါက်၌ ပလိဃဟု ခေါ်ဆိုအပ်သော တံခါးကျည်သည် ကျပြီးလတ်သော် (= တံခါးကျည်ကို ချအပ်ပြီးလတ်သော်) မြို့တွင်း၌ တည်နေကြသော လူတို့၏ မြို့ပြင်သို့ သွားခြင်းသည် လည်းကောင်း, မြို့ပြင်၌ တည်နေကြကုန်သော လူတို့၏ မြို့တွင်းသို့ ဝင်ခြင်းသည်လည်းကောင်း ပြတ်စဲသကဲ့သို့ ဤဥပမာအတူပင်လျှင် – အကြင်ပုဂ္ဂိုလ်၏ ပရမတ်အားဖြင့် ထင်ရှားရှိသော ခန္ဓာ (၅)ပါးတို့၏ အပေါင်းအစု ဟူသော သက္ကာယမြို့၌ ဤအဝိဇ္ဇာတံခါးကျည် (= မင်းတုပ်)သည် ကျနေ၏ ချထားပြီး ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ နိဗ္ဗာန်သို့ ရောက်စေနိုင် သော ဉာဏ်၏ သွားခြင်းသည် ပြတ်စဲ၍ သွားလေ၏၊ ထိုကြောင့် အဝိဇ္ဇာသည် လင်္ဂီမည်၏။

၂၄။ **မောဟ** – ပရမတ္ထဓမ္မသဘာဝမှန်ကို မသိမှုသဘော –

၂၅။ **အကုသလမူလ** – ယင်းမောဟသည် အကုသိုလ်လည်း ဟုတ်၏၊ အကုသိုလ်တရားတို့၏ အရင်းအမြစ် မူလလည်း ဟုတ်၏၊ ထိုကြောင့် ထိုမောဟသည် အကုသလမူလ မည်၏။ တစ်နည်း အကုသိုလ်ဖြစ်ကုန်သော စိတ်စေတသိက်တို့၏ အရင်းအမြစ် မူလဖြစ်သောကြောင့် အကုသလမူလ မည်၏။

ထိုအကုသလမူလဟူသည် မောဟမှ အခြားတစ်ပါးသော တရားကားမဟုတ်၊ ဤအဝိဇ္ဇာကို အကျယ် ပြဆိုရာအပိုင်း၌ အဝိဇ္ဇာဟု အလိုရှိအပ်သော တရားမှာ မောဟပင် ဖြစ်သည်။ ထိုကြောင့် မောဟသည် အကုသလမူလတရားတည်း။ အကုသိုလ်တို့၏ အရင်းအမြစ်တည်း။

ဤသို့ လက္ခဏာရှိသော ဤသဘောတရားကို အဝိဇ္ဇာမည်၏ဟူ၍ ဆိုအပ်၏၊ ဤသို့လျှင် (၂၅)ပါးသော ပုဒ်တို့၏ အပြားအားဖြင့် အဝိဇ္ဇာ၏ မှတ်သားထိုက်သော သဘောလက္ခဏာကို သိရှိပါလေ။
(အဘိ-ဋ္ဌ-၂-၁၃၂-၁၃၃။)

## အဝိဇ္ဇာ၏ စွမ်းအင်

တစ်ဖန် ဤသို့သော လက္ခဏာရှိသော ဤအဝိဇ္ဇာသည်ကား ဒုက္ခသစ္စာစသော သစ္စာ (၄)ပါးတို့၌ သိတတ်သော ဉာဏ်၏ ဆန့်ကျင်ဘက် မောဟတည်း။ ဤသို့ဆိုအပ်ပြီးသည် ဖြစ်ပါသော်လည်း ဤအဝိဇ္ဇာကား တရားကိုယ်အားဖြင့် ဒုက္ခသစ္စာတွင် ပါဝင်သော မောဟဖြစ်သောကြောင့် ဒုက္ခသစ္စာ၏ တစ်စိတ်တစ်ဖို့ ဖြစ်၏။ ဒုက္ခသစ္စာနှင့် အတူတကွ ဖြစ်၏။ ထိုဒုက္ခသစ္စာကို အာရုံပြုနိုင်၏၊ ထိုဒုက္ခသစ္စာကို မသိအောင် ဖုံးလွှမ်းနိုင်၏။

သမုဒယသစ္စာ၏ အစိတ်အပိုင်းတစ်ခု (= တစ်စိတ်တစ်ဖို့)ကား မဟုတ်။ (တဏှာကိုသာ သမုဒယသစ္စာဟု ကောက်ယူထားသောကြောင့် ဖြစ်၏။) လောဘမူစိတ် ဖြစ်ခိုက်၌ အဝိဇ္ဇာနှင့် တဏှာတို့သည် စိတ္တက္ခဏတစ်ခု အတွင်း၌ အတူယှဉ်တွဲ ဖြစ်နိုင်ကြသဖြင့် ဒုက္ခသစ္စာအမည်ရသော ယင်းအဝိဇ္ဇာသည် သမုဒယသစ္စာအမည်ရသော တဏှာနှင့် အတူတကွ ဖြစ်၏၊ ထိုသမုဒယသစ္စာကို အာရုံပြုနိုင်၏၊ ထိုသမုဒယသစ္စာကို မသိအောင် ဖုံးလွှမ်းနိုင်၏။

ယင်းအဝိဇ္ဇာသည် နိရောဓသစ္စာ၏ တစ်စိတ်တစ်ဖို့လည်း မဟုတ်ပေ၊ နိရောဓသစ္စာနှင့် အတူတကွလည်း မဖြစ်ပေ။ ထိုနိရောဓသစ္စာကို အာရုံမပြုနိုင်၊ ထိုနိရောဓသစ္စာကို မသိအောင် သက်သက် ဖုံးလွှမ်းနိုင်၏။

မဂ္ဂသစ္စာ၏လည်း တစ်စိတ်တစ်ဒေသ မဟုတ်၊ မဂ္ဂသစ္စာနှင့် အတူတကွ မဖြစ်၊ ထိုမဂ္ဂသစ္စာကို အာရုံ မပြုနိုင်။ ထိုမဂ္ဂသစ္စာကို မသိအောင် သက်သက် ဖုံးလွှမ်းထားနိုင်၏။

ဒုက္ခသစ္စာဟူသော အာရုံရှိသည်၏အဖြစ်ဖြင့် အဝိဇ္ဇာသည် ဖြစ်ပေါ်လာ၏၊ ထိုဒုက္ခသစ္စာကိုလည်း မသိအောင် ဖုံးလွှမ်းနိုင်၏။ သမုဒယသစ္စာဟူသော အာရုံရှိသည်၏အဖြစ်ဖြင့် အဝိဇ္ဇာသည် ဖြစ်ပေါ်လာ၏၊ ထိုသမုဒယသစ္စာကိုလည်း မသိအောင် ဖုံးလွှမ်းထားနိုင်၏။ နိရောဓသစ္စာဟူသော အာရုံရှိသည်၏အဖြစ်ဖြင့် အဝိဇ္ဇာသည် ဖြစ်ပေါ်၍မလာ။ ထိုနိရောဓသစ္စာကိုကား မသိအောင် ဖုံးလွှမ်းထားနိုင်၏။ မဂ္ဂသစ္စာဟူသော အာရုံရှိသည်၏အဖြစ်ဖြင့် အဝိဇ္ဇာသည် ဖြစ်ပေါ်၍မလာ၊ သို့သော် ထိုမဂ္ဂသစ္စာကိုကား မသိအောင် ဖုံးလွှမ်း ထားနိုင်၏။ (အဘိ-ဋ္ဌ-၂-၁၃၃။)

ဒုက္ခသစ္စာ သမုဒယသစ္စာ (၂)ပါးတို့သည် မြင်နိုင်ခဲကုန်သည်၏ အဖြစ်ကြောင့် နက်နဲကုန်၏။ နိရောဓသစ္စာ မဂ္ဂသစ္စာတရား (၂)ပါးတို့သည် သဘောအားဖြင့် နက်နဲကုန်သည်၏အဖြစ်ကြောင့် မြင်နိုင်ခဲကုန်၏။ သည်မျှသာ မကသေး — ဒုက္ခနိရောဓအရိယသစ္စာသည် နက်လည်းနက်နဲ၏ မြင်လည်း မြင်နိုင်ခဲ၏။ ထိုသစ္စာတို့တွင် ဒုက္ခမည်သည်ကား ထင်ရှား၏၊ ထိုသို့ပင် ထင်ရှားပါသော်လည်း ဒုက္ခသစ္စာအမည်ရသော ပရမတ္ထဓာတ်သား အသီးအသီးတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာနှင့် သာမညလက္ခဏာကိုကား မြင်နိုင်ခဲသည့် အတွက်ကြောင့် နက်နဲသည် မည်ခြင်းဖြစ်ပေသည်။ သမုဒယသစ္စာ၌လည်း ဤနည်းပင်တည်း။

နို့ဓမ်းကို ဒလက်ဖြင့် မွှေ၍ ဆီဦး အမည်ရသော အဆီကို ထုတ်ယူရသကဲ့သို့ မဟာသမုဒ္ဒရာကို မွှေတံဖြင့် မွှေ၍ အဆီသြဇာကို ထုတ်ဆောင်ရခြင်း မည်သည် အလွန်ဝန်လေးဖွယ် ဖြစ်သကဲ့သို့လည်းကောင်း, မြင်းမိုရ်တောင်ခြေမှ သဲကို ထုတ်ဆောင်ယူရခြင်း မည်သည် အလွန်ဝန်လေးဖွယ် ဖြစ်သကဲ့သို့လည်းကောင်း, မြင်းမိုရ်တောင်ကို ညှစ်၍ ရသရည်ကို ထုတ်ဆောင်ယူရခြင်း မည်သည် အလွန်ဝန်လေးဖွယ် ဖြစ်သကဲ့သို့လည်းကောင်း — ဤဥပမာအတူပင်လျှင် —

နိရောဓသစ္စာ မဂ္ဂသစ္စာတရား (၂)ပါးတို့သည်ကား နက်နဲကုန်သည်၏အဖြစ်ကြောင့်ပင်လျှင် မြင်နိုင်ခဲကုန်၏။ နိရောဓသစ္စာသည်ကား မဂ္ဂသစ္စာထက် သာလွန်၍ နက်နဲသည်လည်းကောင်း, မဂ္ဂသစ္စာထက်သာလွန်၍ မြင်နိုင်ခဲသည်လည်းကောင်း ဖြစ်၏။

ဤသို့လျှင် မြင်နိုင်ခဲကုန်သည်၏ အဖြစ်ကြောင့် နက်နဲကုန်သော, နက်နဲကုန်သည်၏ အဖြစ်ကြောင့် မြင်နိုင်ခဲကုန်သော အရိယသစ္စာလေးပါးတို့ကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ဖြစ်သော ဤသဘောတရားကို အဝိဇ္ဇာဟူ၍ ဆိုအပ်၏။ (အဘိ-ဋ္ဌ-၂-၁၃၄။)

**သတိ** — ဤပဋိစ္စသမုပ္ပါဒ် ပထမနည်းစသည့် ပဋိစ္စသမုပ္ပါဒ်တရားတို့ကို လေ့လာဆည်းပူးလိုသော အသင်သူတော်ကောင်းသည် ဤပဋိစ္စသမုပ္ပါဒ်ပိုင်း အစတွင် ရေးသားတင်ပြခဲ့သော ပဋိစ္စသမုပ္ပါဒ် ဝိဘင်း ပါဠိတော်ကြီးနှင့် နိဿယအနက်တို့ကို ပြန်လည်၍ အာရုံယူထားပါ။ သို့မှသာလျှင် ရေးသားတင်ပြလတ္တံ့သော အကြောင်းအရာတို့ကို ကောင်းမွန်စွာ နားလည်သဘောပေါက်နိုင်မည်၊ ရှုကွက်ကိုလည်း ရှုတတ်မည်ဖြစ်သည်။

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ

**သင်္ခါရ — သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာ** — (အဘိ-ဋ္ဌ-၂-၁၂၇။) ဟူသည်နှင့်အညီ သင်္ခတ အမည်ရသော ခန္ဓာ (၅)ပါး, ဝိပါကဝဋ် ရုပ်-နာမ် အကျိုးတရားစုကို ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သောကြောင့် လောကီကုသိုလ်စေတနာ, အကုသိုလ်စေတနာ တရားစုသည် သင်္ခါရမည်၏။

၁။ ဒါန သီလ ဘာဝနာ စသည်တို့၏ အစွမ်းဖြင့် ဖြစ်သော ကာမာဝစရ မဟာကုသိုလ်စေတနာ (၈)မျိုး, ဘာဝနာ၏ အစွမ်းဖြင့် ဖြစ်သော စတုက္ကနည်းအရ ရူပါဝစရကုသိုလ်ဈာန် (၄)မျိုးနှင့် ယှဉ်သော ရူပါဝစရ ကုသိုလ်စေတနာ (၄)မျိုး, ပဉ္စကနည်းအရ ရူပါဝစရ ကုသိုလ်ဈာန် (၅)မျိုးနှင့် ယှဉ်သော ရူပါဝစရ ကုသိုလ် စေတနာ (၅)မျိုး — ဤ (၁၃)မျိုးသော ကုသိုလ်စေတနာသည် **ပုညာဘိသင်္ခါရ** မည်၏။ ကာမာဝစရ မဟာ-ကုသိုလ်စေတနာသည် ကာမသုဂတိ (၇)ဘုံ၌, ရူပါဝစရ ကုသိုလ်စေတနာသည် ရူပ (၁၆)ဘုံ၌ ခန္ဓာ (၅)ပါး ဝိပါကဝဋ် အကျိုးတရားစုကို ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သောကြောင့် ပုညာဘိ-သင်္ခါရမည်၏။

ဤ (၁၃)မျိုးသော ကုသိုလ် စေတနာသည် မိမိကို ပြုစုပျိုးထောင်တတ်သော ပုဂ္ဂိုလ်ကို မကောင်းမှု၏ အကျိုးဖြစ်သော ဝိပါကဒုက္ခမှလည်းကောင်း, စေတသိကဒုက္ခ, သံကိလေသဒုက္ခမှလည်းကောင်း ဖြူစင်အောင် သုတ်သင်တတ်သည်၏ အဖြစ်ကြောင့် ပုညမည်၏။ စီးပွားချမ်းသာကို လိုလားတောင့်တသော အဇ္ဈာသယဓာတ် ဖြင့် ကောင်းမှုကုသိုလ်ကို ပြုစုပျိုးထောင်၏၊ ထိုစီးပွားချမ်းသာကို ဖြစ်စေခြင်းအားဖြင့် ပြီးစီးစေခြင်းအားဖြင့် ကောင်းမှုပြုသူ၏ အလိုအဇ္ဈာသယဓာတ်ကို ပြည့်စေတတ်သောကြောင့်လည်း ယင်းကုသိုလ်စေတနာသည် ပုညမည်၏။ ပူဇော်ထိုက်သော သုဂတိဘဝကို ဖြစ်စေတတ်သောကြောင့်လည်း ယင်းကုသိုလ်စေတနာသည် ပုညမည်၏။ ယင်းကုသိုလ်စေတနာသည် အကျိုးဝိပါက်နာမ်တရားကိုလည်းကောင်း, ကဋတ္တာအမည်ရသော

အကျိုးရုပ်တရားကိုလည်းကောင်း ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သည်၏ အဖြစ်ကြောင့်လည်း အဘိသင်္ခါရ မည်၏။ ပုညလည်းမည်၍ အဘိသင်္ခါရလည်း အမည်ရသော ယင်းကာမာဝစရ ရူပါဝစရ ကုသိုလ်စေတနာသည် ပုညာဘိသင်္ခါရမည်၏။ (အဘိ-ဋ္ဌ-၂-၁၃၄။ မူလဋီ-၂-၉၃။)

၂။ ပါဏာတိပါတ = သူ့အသက်ကိုသတ်ခြင်း စသည်တို့၏ အစွမ်းဖြင့် ဖြစ်သော အကုသိုလ်စေတနာ (၁၂)မျိုးသည် ပုည၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အပုညမည်၏။ ထိုအပုည အမည်ရသော အကုသိုလ်စေတနာသည် အပါယ်ဒုဂ္ဂတိ၌ အကျိုးဝိပါက်ကို ပြုစီမံတတ်သောကြောင့် အဘိသင်္ခါရလည်း မည်၏။ အပုညလည်း မည်၍ အဘိသင်္ခါရလည်း မည်သော ယင်းအကုသိုလ်စေတနာသည်ပင် အပုညာဘိသင်္ခါရမည်၏။

၃။ သမာဓိ၏ ဆန့်ကျင်ဘက်ဖြစ်သော ကာမစ္ဆန္ဒစသော နီဝရဏတို့၏ အလွန်ဝေးကွာကုန်သည်၏ အဖြစ်ကြောင့် မတုန်မလှုပ်တတ်သော အရူပစျာန်ကို "အာနေဉ္ဇ"ဟု ခေါ်သည်။ ထိုအရူပစျာန်သည်ပင် အကျိုးဝိပါက်ကို ပြုစီမံတတ်သောကြောင့် အဘိသင်္ခါရလည်း မည်၏။ အာနေဉ္ဇလည်း မည်၍ အဘိသင်္ခါရလည်း မည်သော အရူပါဝစရ ကုသိုလ်စေတနာ (၄)မျိုးသည် အာနေဉ္ဇာဘိသင်္ခါရမည်၏။ တစ်နည်း — မတုန်မလှုပ်တတ်သော အရူပဘဝကိုလည်း ပြုစီမံတတ်သောကြောင့် ထိုအရူပ ကုသိုလ်စေတနာသည် အာနေဉ္ဇာဘိသင်္ခါရမည်၏။

(အဘိ-ဋ္ဌ-၂-၁၃၄။)

**မဂ်စေတနာ** — အရိယမဂ်စေတနာသည် အရိယဖိုလ်တည်းဟူသော အကျိုးဝိပါက် သခ်တကို တိုက်ရိုက် ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သော်လည်း ဤဝဋ္ဋကထာ (= ဝဋ်လည်ပတ်ပုံကို ပြသော တရားစကား)နှင့် မသက်ဆိုင်သောကြောင့် သင်္ခါရအရ၌ မကောက်ယူရဟု မှတ်ပါ။

ယင်းသင်္ခါရတို့ကို ဖြစ်ပေါ်လာအောင် ပြုစီမံရာ၌ ကာယဒွါရ ဝစီဒွါရ မနောဒွါရတို့ဖြင့် ပြုစီမံ၍ ဖြစ်ပေါ်လာရ၏ဟု ဒွါရအားဖြင့် ဖြစ်ပုံကိုပြခြင်း အကျိုးငှါ **ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ** သုံးမျိုးကို ထပ်မံ၍ ဘုရားရှင်သည် ဟောကြားတော်မူပေသည်။

## ပရိဝီမံသနသုတ္တန်

ပုညဥ္စေ သင်္ခါရံ အဘိသင်္ခရောတိ၊ ပုညူပဂံ ဟောတိ ဝိညာဏံ။ အပုညဥ္စေ သင်္ခါရံ အဘိသင်္ခရောတိ၊ အပုညူပဂံ ဟောတိ ဝိညာဏံ။ အာနေဉ္ဇဥ္စေ သင်္ခါရံ အဘိသင်္ခရောတိ၊ အာနေဉ္ဇူပဂံ ဟောတိ ဝိညာဏံ။

(သံ-၁-၃၁၀။)

= ပုညဖြစ်သော အကျိုးတရားကို ပြုစီမံတတ်သော ကံကို အကယ်၍ ပြုစုပျိုးထောင်အံ့၊ ဤသို့ ပုညသင်္ခါရကို ပြုစုပျိုးထောင်လတ်သော် ပုည၏ အကျိုးဖြစ်သော ဘဝသမ္ပတ္တိသို့ ကပ်ရောက်တတ်သော ဝိပါက်ဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ ပုည၏ ဆန့်ကျင်ဘက် ဖြစ်သော အကုသိုလ်သင်္ခါရကို အကယ်၍ ပြုစုပျိုးထောင်ငြားအံ့၊ ဤသို့ အပုညသင်္ခါရကို ပြုစုပျိုးထောင်လတ်သော် အပုည၏ အကျိုးဖြစ်သော ဘဝဝိပတ္တိသို့ ကပ်ရောက်တတ်သော ဝိပါက်ဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ သမာဓိ၏ ဆန့်ကျင်ဘက် နီဝရဏတို့၏ ဝေးကွာသည့် အတွက်ကြောင့် မတုန်လှုပ်တတ်သော အကျိုးတရားကို ပြုစီမံတတ်သော အာနေဉ္ဇအမည်ရသော အရူပကံကို အကယ်၍ ပြုစုပျိုးထောင်ငြားအံ့၊ ဤသို့ အာနေဉ္ဇသင်္ခါရကို ပြုစုပျိုးထောင်လတ်သော် အာနေဉ္ဇကံ၏ အကျိုးဖြစ်သော အရူပဘဝသို့ ကပ်ရောက်တတ်သော ဝိပါက်ဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ (သံ-၁-၃၁၀။)

## ဝိဘင်္ဂသုတ္တန်

တယောမေ ဘိက္ခဝေ သင်္ခါရာ။ ကတမေ တယော။ ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရော။
(သံ-၁-၂၄၅။)

= ရဟန်းတို့ . . . သုံးပါးကုန်သော ဤသင်္ခါရတို့သည် ရှိကြကုန်၏။ အဘယ်သုံးပါးတို့နည်းဟူမူ — ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ ဤသုံးပါးတို့တည်း။ (သံ-၁-၂၄၅။)

## ဤအဘိဓမ္မာမည်သည်

အယံ အဘိဓမ္မော နာမ န အဓုနာကတော၊ နာပိ ဗာဟိရကဣသိဟိ ဝါ သာဝကေဟိ ဝါ ဒေဝတာဟိ ဝါ ဘာသိတော။ သဗ္ဗညုဇိနဘာသိတော ပန အယံ။ အဘိဓမ္မေပိဟိ သုတ္တေပိ ဧကသဒိသာဝ တန္တိ နိဒ္ဒိဋ္ဌာတိ ဣမဿတ္ထဿ ဒီပနတ္ထံ။ (အဘိ-ဋ္ဌ-၂-၁၃၄-၁၃၅။)

အဘယ်ကြောင့် ဤပရိဝီမံသနသုတ္တန် ဝိဘင်္ဂသုတ္တန်တို့ကို ကိုးကား၍ ဤအဘိဓမ္မာဝိဘင်းပါဠိတော်၌ ဟောကြားထားတော်မူအပ်သော ပုညာဘိသင်္ခါရစသည့် သင်္ခါရတို့သည် သုတ္တန်ဒေသနာတော်များ၌ လာရှိသော ပုညာဘိသင်္ခါရစသည်တို့နှင့် တစ်ထပ်တည်း တူညီကြောင်းကို ဤ၌ ထုတ်ဆောင်၍ ပြနေရပါသနည်းဟု မေးရန် ရှိ၏။

အယူမညီသည့် ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်တို့က အဘိဓမ္မာကို ဇိနဘာသိတ (= ဘုရားဟော)ဟု မယူလိုကြ၊ ထိုဝါဒကိုပယ်ပြီး ဖြစ်အောင်  ပရိဝီမံသနသုတ်, ဝိဘင်္ဂသုတ်တို့၌လာသော ပုညာဘိသင်္ခါရစသည်တို့ကို ဤ၌ ထုတ်ပြရပေသည်။

ဤအဘိဓမ္မာတရားတော်မည်သည်ကို ယခုမှ ပြုအပ်သည်လည်း မဟုတ်, သာသနာပရသေ့တို့သည် သော်လည်းကောင်း, သာဝကတို့သည်သော်လည်းကောင်း, နတ်ဗြဟ္မာတို့သည်သော်လည်းကောင်း ဟောအပ်သည်လည်း မဟုတ်၊ အဟုတ်သော်ကား ဤအဘိဓမ္မာတရားတော်ကို သဗ္ဗညု သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် ဟောကြားတော်မူအပ်၏၊ မှန်ပေသည် အဘိဓမ္မာပါဠိတော်၌လည်းကောင်း, ဘုရားဟောတော်မူအပ်သော သုတ္တန်ပါဠိတော်၌လည်းကောင်း တစ်ထပ်တည်းတူသည်သာလျှင် ဖြစ်သော ပါဠိတော်အစဉ်ကို ညွှန်ပြတော်မူအပ်ပြီ။  ဤသို့သော အနက်အဓိပ္ပါယ်ကို ပြလိုခြင်းတည်းဟူသော အကြောင်းကြောင့်  ဤသုတ္တန်တို့ကို ထုတ်ဆောင်၍ သုတ္တန်ဒေသနာတော်များ၌လည်း ဘုရားရှင်သည် ပုညာဘိသင်္ခါရစသည်တို့ကို ဟောကြားထားတော်မူကြောင်းကို ယူဆောင်၍ ဖွင့်ပြခြင်း ဖြစ်သည်။

ထိုသုတ္တန်တို့ကိုကား ဇိနဘာသိတ (= ဘုရားဟော) မဟုတ်ဟု မပယ်ကြပေ၊ ဇိနဘာသိတ (= ဘုရားဟော)ဟု အားလုံးလက်ခံထားကြ၏။ ထိုသုတ္တန်များနှင့် ဤအဘိဓမ္မာဝိဘင်း ဒေသနာတော်၏ တစ်ထပ်တည်း ဖြစ်သော-ကြောင့် ဤအဘိဓမ္မာပါဠိတော်၏ ဇိနဘာသိတ (= ဘုရားဟော) ဖြစ်ကြောင်းမှာ ထင်ရှားသည်ဟူလိုသည်။
(အဘိ-ဋ္ဌ-၂-၁၃၄-၁၃၅။)

သုတ္တန်နှင့် အဘိဓမ္မာတို့၌ ညွှန်ကြားချက်တို့သည် တစ်ထပ်တည်းသာ ဖြစ်ကြသည်ဟူသော ဤအဆိုကို နိဗ္ဗာန်ကို လိုလားတောင့်တလျက်ရှိသော အသင်သူတော်ကောင်းသည် ရိုသေစွာ ဦးထိပ်ရွက် ပန်ဆင်၍ နာယူမှတ်သားလေရာသည်။ (ပဋိစ္စသမုပ္ပါဒ်ပိုင်းအစတွင် ဖော်ပြထားသော ဝိဘင်းပါဠိတော်ကြီးကို အာရုံယူထားပါ။)

## ဒါနမယ ကုသိုလ်စေတနာ (ပုညာဘိသင်္ခါရ)

ဝိနည်းဒေသနာတော်၌ လာရှိသော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းကို လှူဒါန်းသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, အဘိဓမ္မာဒေသနာတော်၌ လာရှိသော ရူပါရုံစသည့် အာရုံ (၆)ပါးတို့တွင် အာရုံတစ်မျိုးမျိုးကို ပေးလှူသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, သုတ္တန်ဒေသနာတော်၌ လာရှိသော ဆွမ်း, အဖျော်, အဝတ်သင်္ကန်းစသော ဒါနဝတ္ထု (၁၀)မျိုးတို့တွင် တစ်မျိုးမျိုးကို ပေးလှူသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, ထိုဒါနဝတ္ထု (= လှူဖွယ်ဝတ္ထု)တို့ကို ဖြစ်စေရာအခါ စုဆောင်းရာအခါမှ စ၍-

၁။ မလှူမီ ရှေးအဖို့ကာလ,
၂။ စွန့်ကြဲရာ ပေးလှူရာကာလ,
၃။ စွန့်ကြဲပြီးရာ ကာလမှ နောက်၌ သောမနဿနှင့် ယှဉ်သော ဝမ်းမြောက်သော စိတ်ဖြင့် အောက်မေ့ အမှတ်ရရာ ကာလ,

ဤသုံးမျိုးကုန်သော ကာလတို့၌ဖြစ်သော စေတနာသည် ဒါနမယစေတနာ မည်၏။ ကာမာဝစရ မဟာကုသိုလ်စေတနာတည်း။ (အဘိ-ဋ္ဌ-၂-၁၃၅။)

[ဥပေက္ခာ ဝေဒနာနှင့်ယှဉ်သော စိတ်ဖြင့်လည်း အောက်မေ့နိုင်သည်သာတည်း။ (မူလဋီ-၂-၉၄။)]

## သီလမယ ကုသိုလ်စေတနာ (ပုညာဘိသင်္ခါရ)

သီလကို ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်ရန် အလို့ငှာ ရှင်ရဟန်းပြုပေတော့အံ့ဟု ကြံစည်စိတ်ကူး၍ ကျောင်းသို့ သွားသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်သော ရှင်ရဟန်းပြုပြီးသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, စိတ်နှလုံး၏ အလိုဆန္ဒကို အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်စေ၍ "ငါသည် ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ပြီးသည် ဖြစ်ပေပေါ့တကား, ကောင်းလေစွ, ကောင်းလေစွ" — ဟု ဆင်ခြင်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, ပါတိမောက္ခသံဝရသီလတည်းဟူသော ဝိနည်းသိက္ခာပုဒ်တော် သီလများကို စောင့်စည်းသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, သင်္ကန်း-ဆွမ်း-ကျောင်း-ဆေး ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ သုံးစွဲသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, ရူပါရုံအစရှိသော အာရုံတို့သည် ရှေးရှုကျခြင်းသို့ ထင်ခြင်းသို့ ရောက်ကုန်လတ်သော် စက္ခုဒွါရ အစရှိကုန်သော ဒွါရတို့ကို စောင့်စည်းသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, အသက်မွေးဝမ်းကျောင်းကို စင်ကြယ်အောင် သုတ်သင်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း ဖြစ်ပေါ်လာသော ကာမာဝစရ မဟာကုသိုလ်စေတနာသည် သီလမယ ကုသိုလ်စေတနာ မည်၏။ (အဘိ-ဋ္ဌ-၂-၁၃၅။)

## ဘာဝနာမယ ကုသိုလ်စေတနာ (ပုညာဘိသင်္ခါရ)

ပဋိသမ္ဘိဒါမဂ်ပါဠိတော် (ခု-၉-၄၇)၌ ဟောကြားထားတော်မူအပ်သော ဝိပဿနာအစဉ်ဖြင့် ခန္ဓာ (၅)ပါး, အာယတန (၁၂)ပါး, ဓာတ် (၁၈)ပါး, ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန် တင်ကာ ရှုပွားသုံးသပ်တတ်သော ဝိပဿနာဘာဝနာကို ပွားများနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော ကုသိုလ်စေတနာသည် ဘာဝနာမယ ကုသိုလ်စေတနာ မည်၏။ တစ်နည်းဆိုသော် — ဒွါရ (၆)ပါး, အာရုံ (၆)ပါး, ဝိညာဏ် (၆)ပါး, ဖဿ (၆)ပါး, ဝေဒနာ (၆)ပါး, သညာ (၆)ပါး, ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် (၁၂)တန်တို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန်တင်ကာ ရှုပွားသုံးသပ်တတ်သော ဝိပဿနာဘာဝနာကို

ပွားများ အားထုတ်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော ဝိပဿနာ ကုသိုလ်စေတနာသည် ဘာဝနာမယ ကုသိုလ်စေတနာ မည်၏။ (အဘိ-ဋ္ဌ-၂-၁၃၅-၁၃၆။) [မဟာကုသိုလ်စေတနာ (၈)မျိုးပင်တည်း။]

ဘာဝနာမယ ကုသိုလ်စေတနာတို့ကား — မဟာကုသိုလ်စေတနာ (၈)မျိုး, ရူပါဝစရ ကုသိုလ်စေတနာ (၅)မျိုး, ပေါင်း (၁၃)မျိုးတည်း။ ဤ၌ ဉာဏဝိပ္ပယုတ်ဖြစ်သည့် ဉာဏ်မယှဉ်သည့် မဟာကုသိုလ်စေတနာတို့သည်လည်း ဘာဝနာမယကုသိုလ်တွင် ပါဝင်လျက် ရှိကြ၏။

အဝါးဝစွာ လေ့လာအပ်ပြီးသော ဓမ္မစကြာ အနတ္တလက္ခဏသုတ္တန်စသော ပါဠိတော်ကဲ့သို့သော ပါဠိတော် ဓမ္မကို ရွတ်ဖတ်သရဇ္ဈာယ်သော ပုဂ္ဂိုလ်သည် အနုသန္ဓေ တစ်ခု နှစ်ခုစသည် လွန်သွားသော်လည်း ရံခါ မသိလိုက်သည်လည်း ရှိ၏၊ နောက်မှ တစ်ဖန်ပြန်၍ ဆင်ခြင်လတ်သော် သိသကဲ့သို့ ဤအတူပင်လျှင် ကသိုဏ်း ပရိကံကို ပြုသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, အဝါးဝစွာ လေ့လာအပ်ပြီးသော ဈာန်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, အဝါးဝစွာ လေ့လာအပ်ပြီးသော ကမ္မဋ္ဌာန်းကို နှလုံးသွင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း ဉာဏသမ္ပယုတ် မဟာကုသိုလ်သာမက ဉာဏဝိပ္ပယုတ် မဟာကုသိုလ်လည်း ဖြစ်နိုင်၏။ ဝိပဿနာပိုင်းတွင်လည်း နည်းတူပင်တည်း။ ထို့ကြောင့် ဘာဝနာမယ ကုသိုလ်စေတနာ (၁၃)မျိုးဟု ဖွင့်ဆိုခြင်း ဖြစ်သည်။ (အဘိ-ဋ္ဌ-၂-၁၃၅။)

ဈာန်မဆိုက်မီ သမထဘာဝနာကုသိုလ်နှင့် အရိယမဂ်သို့ မဆိုက်မီ ဝိပဿနာ ဘာဝနာကုသိုလ် မှန်သမျှသည်ကား မဟာကုသိုလ်ချည်းပင်တည်း။ ယင်းမဟာကုသိုလ်စေတနာတို့သည် ဘာဝနာမယကုသိုလ်တို့တည်း။ ဒါနမယ, သီလမယ, ဘာဝနာမယဖြစ်သော မဟာကုသိုလ်စေတနာတို့သည်ကား ပုညာဘိသင်္ခါရမည်ကြ၏။ ဘာဝနာမယဖြစ်သော ရူပါဝစရဈာန် ကုသိုလ်စေတနာသည်လည်း ပုညာဘိသင်္ခါရပင်မည်၏။

**အပုညာဘိသင်္ခါရ** — (၁၂)မျိုးသော အကုသိုလ်စိတ်နှင့်ယှဉ်သော အကုသိုလ်စေတနာသည် အပုညာဘိသင်္ခါရမည်၏။ ထို(၁၂)မျိုးသော အကုသိုလ်စေတနာတို့တွင် ဒေါသမူဒွေ၌ ယှဉ်သော ဒေါမနဿသဟဂုတ် စေတနာ (၂)မျိုးတို့ကို ထား၍ ဒေါမနဿသဟဂုတ် စေတနာ (၂)မျိုးမှ ကြွင်းကျန်ကုန်သော (၁၀)မျိုးကုန်သော အကုသိုလ်စေတနာတို့သည် ရူပဘဝ အရူပဘဝ၌လည်း အကယ်၍ကား ဖြစ်နိုင်ပါပေကုန်၏၊ ထိုသို့ပင် ဖြစ်နိုင်ပါကုန်သော်လည်း ထိုရူပဘဝ အရူပဘဝ၌ ပဋိသန္ဓေကို မငင်နိုင်ကုန်။ ယင်းအကုသိုလ်စေတနာတို့က ရူပဘဝ အရူပဘဝ၌ ပဋိသန္ဓေအကျိုးကို မပေးနိုင်ကုန်။ ကာမာဝစရဘုံ၌သာလျှင် ပဋိသန္ဓေ၏ အစွမ်းဖြင့် အကျိုးဝိပါက်ကို ဖြစ်စေနိုင်ကုန်၏။ ထို့ကြောင့် ယင်းအကုသိုလ်စေတနာတရားတို့ကို ကာမာဝစရတရားတို့ဟူ၍သာလျှင် ဘုရားရှင်သည် ဟောကြားတော်မူအပ်ကုန်ပြီ။ (အဘိ-ဋ္ဌ-၂-၁၃၆။)

**အာနေဉ္ဇာဘိသင်္ခါရ** — အရူပါဝစရ ကုသိုလ်စေတနာ (၄)မျိုးတို့သည် အာနေဉ္ဇာဘိသင်္ခါရ မည်၏။ မှန်ပေသည် — ဤအရူပါဝစရ ကုသိုလ်စေတနာ (၄)မျိုးတို့ကို မတုန်လှုပ်တတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, မတုန်လှုပ်သော အကျိုးဝိပါက်ကို ပြုစီမံတတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း အာနေဉ္ဇာဘိသင်္ခါရဟူ၍ ဆိုအပ်ကုန်၏။

ချဲ့၍ဆိုဦးအံ့ — ရူပါဝစရစတုတ္ထဈာန်မှ ကုသိုလ်စေတနာ, ဝိပါက်စေတနာ, ကြိယာစေတနာသုံးမျိုး, အရူပါဝစရကုသိုလ်စေတနာ (၄)မျိုး, ဝိပါက်စေတနာ (၄)မျိုး, ကြိယာစေတနာ (၄)မျိုး, — ဤ (၁၅)မျိုးကုန်သော တရားတို့သည် မလှုပ်ရှားတတ်ကုန်သည်၏ အဖြစ်ကြောင့် မတုန်လှုပ်တတ်ကုန်သည်၏ အဖြစ်ကြောင့် အာနေဉ္ဇတို့ မည်၏။ ထိုစေတနာတို့တွင် ရူပါဝစရ ကုသိုလ်စေတနာသည် မတုန်လှုပ်သည် ဖြစ်ပါသော်လည်း မိမိနှင့် တူသည်လည်း ဖြစ်သော မတူသည်လည်း ဖြစ်သော တုန်လှုပ်ခြင်းနှင့်တကွလည်း ဖြစ်သော, တုန်လှုပ်ခြင်း

မရှိသည်လည်း ဖြစ်သော ရုပ်ဝိပါက် နာမ်ဝိပါက်ကို ဖြစ်စေတတ်၏၊ ထိုကြောင့် အာနေဥ္ဇာဘိသင်္ခါရ — မည်သည် မဖြစ်နိုင်ပေ။ (ရုပ်ဝိပါက် = အကျိုးဖြစ်သော ကမ္မဇရုပ်ကို အသရိက္ခက = မိမိကုသိုလ်စေတနာနှင့် မတူသော, သက္ကဥ္စန = တုန်လှုပ်ခြင်းရှိသော အကျိုးဟု ဆိုသည်။)

တစ်ဖန် ရူပါဝစရ ဝိပါက်စေတနာ, ရူပါဝစရ ကြိယာစေတနာတို့သည် အကျိုးမပေးတတ်ကုန်သည်၏ အဖြစ်ကြောင့် အကျိုးဝိပါက်ကို မပြုစီမံနိုင်ကုန်။ ထို့အတူ အရူပါဝစရ ဝိပါက်စေတနာ အရူပါဝစရ ကြိယာစေတနာတို့သည်လည်း အကျိုးမပေးတတ်ကုန်သည်၏ အဖြစ်ကြောင့် အကျိုးဝိပါက်ကို မပြုစီမံနိုင်ကုန်။ ဤသို့လျှင် ဤ (၁၁)ပါးကုန်သော စေတနာတို့သည် အာနေဥ္ဇတို့သာ မည်ကုန်၍ အဘိသင်္ခါရတို့ကား မမည်ကြကုန်။

တစ်ဖန် အရူပါဝစရ ကုသိုလ်စေတနာသည် — ဆင် မြင်းစသော သတ္တဝါတို့၏ အရိပ်တို့သည် ဆင် မြင်းစသော သတ္တဝါတို့နှင့် တူသည်သာလျှင် ဖြစ်ကုန်သကဲ့သို့ — ဤအတူ မိမိနှင့်တူသော မတုန်လှုပ်သော အရူပဝိပါက်ကိုသာလျှင် ဖြစ်စေတတ်၏။ ထိုကြောင့် အရူပါဝစရ ကုသိုလ်စေတနာကိုသာလျှင် အာနေဥ္ဇာဘိ-သင်္ခါရဟူ၍ ဆိုအပ်၏ဟု မှတ်သားပါ။ (အဘိ-ဋ္ဌ-၂-၁၃၆။)

## ဒါနမယစေတနာ

ဒါန ဝသေန ပဝတ္တာ စိတ္တစေတသိကာဓမ္မာ **ဒါနံ**။ တတ္ထ ဗျာပါရဘူတာ အာယူဟနစေတနာ **ဒါနံ အာရဗ္ဘ ဒါနံ အဓိကိစ္စ ဥပ္ပဇ္ဇတီ**တိ ဝုစ္စတိ။ ဧဝံ ဣတရေသု။ (မူလဋီ-၂-၉၄။)

= စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၏ အစွမ်းဖြင့် ဖြစ်ကုန်သော စိတ်စေတသိက် ဖြစ်ကုန်သော တရားတို့သည် ဒါနမည်၏။ ထိုစိတ်စေတသိက်တရားတို့တွင် ကြောင့်ကြဗျာပါရဖြစ်၍ ဖြစ်သော အားထုတ်ကြောင်း စေတနာကို ဒါနကို အာရုံပြု၍ ဒါနကို အစွဲပြု၍ ဖြစ်ပေါ်လာ၏ဟု ဆိုအပ်၏။ (မူလဋီ-၂-၉၄။)

ဤမူလဋီကာအဖွင့်နှင့် အညီ ဒါနမယစေတနာဟူသည် ပဓာနနည်းအားဖြင့် ဖွင့်ဆိုခြင်းတည်းဟု မှတ်ပါ။ ဒါန၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော စိတ်စေတသိက်အားလုံးကိုပင် ဒါနမယ ကုသိုလ်သင်္ခါရဟု မှတ်ပါ။ သီလမယ ကုသိုလ်သင်္ခါရ, ဘာဝနာမယ ကုသိုလ်သင်္ခါရတို့၌လည်း နည်းတူပင်တည်း။

ထိုကြောင့် သင်္ခါရအရ စေတနာတစ်ခုကိုသာ မရှုဘဲ စေတနာဦးဆောင်သည့် ကုသိုလ်သင်္ခါရ, အကုသိုလ် သင်္ခါရအားလုံးကိုပင် အကြောင်း အကျိုး သိမ်းဆည်းရာ၌လည်းကောင်း, ဝိပဿနာရှုရာ၌လည်းကောင်း သိမ်း-ဆည်းရမည် ဝိပဿနာရှုပွားရမည်ဟု မှတ်သားထားပါ။

၁။ ဤသို့လျှင် ပုညာဘိသင်္ခါရ၏ အစွမ်းဖြင့် ကုသိုလ်စေတနာ (၁၃)မျိုး,
၂။ အပုညာဘိသင်္ခါရ၏ အစွမ်းဖြင့် အကုသိုလ်စေတနာ (၁၂)မျိုး,
၃။ အာနေဥ္ဇာဘိသင်္ခါရ၏ အစွမ်းဖြင့် ကုသိုလ်စေတနာ (၄)မျိုး, အားလုံးပေါင်းသော် စေတနာ (၂၉)မျိုးတို့ တည်း။

ဤသို့လျှင် ဘုရားရှင်သည် အတိုင်းအရှည် မရှိကုန်သော စကြဝဠာတို့၌ အတိုင်းအရှည် မရှိကုန်သော သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ပေါ်နေကြကုန်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့ကို ကြီးစွာသော ချိန်ခွင်ဖြင့် ချိန်သကဲ့သို့လည်းကောင်း, ကွမ်းစားခွက်၌ ထည့်၍ ခြင်သကဲ့သို့လည်းကောင်း, သဗ္ဗညုတ ဉာဏ်တော်မြတ်ဖြင့် ပိုင်းခြားသတ်မှတ်တော်မူ၍ တစ်ခုယုတ်သုံးဆယ်သော (=၂၉-မျိုး)သော စေတနာကိုသာလျှင် သင်္ခါရအဖြစ် ညွှန်ကြား ပြသတော်မူလေသည်။ (အဘိ-ဋ္ဌ-၂-၁၃၆။)

ပုညာဘိသင်္ခါရစသည်ကို ညွှန်ပြတော်မူပြီးနောက် ယခုအခါ၌ အတိုင်းအရှည်မရှိကုန်သော စကြဝဠာတို့၌ အတိုင်းအရှည် မရှိကုန်သော သတ္တဝါတို့သည် ကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်ကုန်လတ်သော် အကြင်ဒွါရတို့ဖြင့် အားထုတ်ကြကုန်၏။ ထိုကံကို အားထုတ်ကြောင်းဖြစ်သည့် ဒွါရသုံးမျိုးတို့ကို ညွှန်ပြတော်မူလိုသည်ဖြစ်၍ ကာယသင်္ခါရစသည်တို့ကို ဆက်လက် ဟောကြားတော်မူလေသည်။

## ကာယသင်္ခါရ = ကာယသဉ္စေတနာ

ကာယသဉ္စေတနာဟူသည် ကာယဝိညတ်ရုပ်ကို ဖြစ်စေ၍ ကာယဒွါရကြောင့် ဖြစ်ကုန်သော ကာမာဝစရ မဟာကုသိုလ်စေတနာ (၈)မျိုး, အကုသိုလ်စေတနာ (၁၂)မျိုး, — ဤ (၂၀)သော စေတနာတို့တည်း။ ကာယဒွါရ၌ စွဲစွဲမြဲမြဲ ဆွဲငင်၍ ယူခြင်း, အဆင်သင့် ယှဉ်လာသည်ကို ယူခြင်း, လှုပ်ရှားစေခြင်းသို့ ရောက်စေလျက် ဖြစ်ပေါ်လာကုန်သော (၂၀)သော ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့သည် ကာယသင်္ခါရမည်၏ဟု ဤသို့လည်း ဆိုခြင်းငှာသင့်၏။ (အဘိ-ဋ္ဌ-၂-၁၃၇။)

## ဝစီသင်္ခါရ = ဝစီသဉ္စေတနာ

ဝစီသဉ္စေတနာဟူသည် ဝစီဝိညတ်ရုပ်ကို ဖြစ်စေ၍ ဝစီဒွါရကြောင့် ဖြစ်ကုန်သော ထိုစေတနာ (၂၀)တို့ ပင်တည်း။ ဝစီဒွါရ၌ မေး၏ လှုပ်ရှားခြင်းသို့ စကားလုံး၏ ကွဲပြားခြင်းသို့ ရောက်စေကုန်လျက် ဖြစ်ပေါ်လာကုန်သော (၂၀)သော စေတနာတို့သည် ဝစီသင်္ခါရမည်၏။ ဤသို့လည်း ဆိုခြင်းငှာသင့်၏။

## အဘိညာဉ်စေတနာနှင့် ဥဒ္ဓစ္စစေတနာ

ဤကာယသင်္ခါရ ဝစီသင်္ခါရ (= ကာယသဉ္စေတနာ ဝစီသဉ္စေတနာ) အရာ၌ အဘိညာဉ်စေတနာကို မကောက်ယူပါနှင့်။ ယင်းအဘိညာဉ်စေတနာသည် နောက်၌ဖော်ပြမည့် သင်္ခါရပစ္စယာ ဝိညာဏံ — အရ ဝိပါက်ဝိညာဏ်အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးတတ်သော သင်္ခါရစေတနာမျိုးကား မဟုတ်ပေ။ ထိုကြောင့် သင်္ခါရအရတွင် အဘိညာဉ်စေတနာကို မကောက်ယူပါနှင့်။ (အဘိ-ဋ္ဌ-၂-၁၃၇။)

အဘယ်ကြောင့် ထိုအဘိညာဉ်စေတနာသည် ဝိပါက်ဝိညာဏ်အား (ပဋိသန္ဓေဝိညာဏ်စသည်အား) ဖြစ်ပေါ်လာအောင် ကျေးဇူးမပြုနိုင်ပါသနည်း။ ထိုအဘိညာဉ်စေတနာသည်လည်း အပြစ်မရှိခြင်း ကောင်းသော အကျိုးကို ပေးခြင်း သဘောလက္ခဏာရှိသော ကုသိုလ်စေတနာသည်လည်းကောင်း, အကျိုးကိုဖြစ်စေခြင်း သဘောရှိသော ဝိပါကဓမ္မသည်လည်းကောင်း ဖြစ်သည်မဟုတ်လောဟု မေးရန် ရှိ၏။

ထိုအဘိညာဉ်စေတနာသည် ကုသိုလ်တရားလည်း မှန်၏၊ အကျိုးကိုဖြစ်စေခြင်း သဘောရှိသော ဝိပါက-ဓမ္မလည်း မှန်၏။ ထိုသို့ပင် မှန်ပါသော်လည်း မပြတ်စဲသော တဏှာ, အဝိဇ္ဇာ, မာနရှိသော ပုထုဇန်နှင့် သောတာပန် သကဒါဂါမ် အနာဂါမ်ဟူသော သေက္ခအရိယာသူတော်ကောင်းတို့၏ သန္တာန်၌ ဗျာပါရနှင့်တကွ ဖြစ်ခြင်းကြောင့် ထိုအဘိညာဉ်စေတနာ၏ ကုသိုလ်၏ အဖြစ်ကိုလည်းကောင်း, အကျိုးကို ဖြစ်စေခြင်းသဘော-ရှိသော ဝိပါကဓမ္မ၏ အဖြစ်ကိုလည်းကောင်း ဟောတော်မူအပ်ပြီ။ ပဋိသန္ဓေဝိညာဏ်စသော အကျိုးဝိပါက်ကို ဖြစ်စေနိုင်ခြင်းကြောင့် ထိုအဘိညာဉ်စေတနာ၏ ကုသိုလ်၏ အဖြစ်ကိုလည်းကောင်း, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော ဝိပါကဓမ္မ၏ အဖြစ်ကိုလည်းကောင်း ဟောတော်မူအပ်သည်ကား မဟုတ်ပေ။

ထိုအဘိညာဉ်စေတနာသည် ပဋိသန္ဓေဝိညာဏ်စသော အကျိုးဝိပါက်ကို အကယ်၍ ဖြစ်စေလတ်သော် ရူပါဝစရ အကျိုးဝိပါက်ကိုသာလျှင် ဖြစ်စေရာ၏။ အဘယ်ကြောင့်နည်း? — အခြားသော ဘုံ၌ ဖြစ်သော ကံသည် အခြားသော ဘုံ၌ ဖြစ်သော အကျိုးဝိပါက်ကို မဖြစ်စေနိုင်သောကြောင့်တည်း။ (ကာမာဝစရကံက ရူပဘုံ၌, ရူပါဝစရကံက ကာမဘုံ၌ ပဋိသန္ဓေဝိညာဏ်စသော အကျိုးကို မဖြစ်စေနိုင်မှုမျိုးတည်း။)

သည်မျှသာမကသေး — ထိုအဘိညာဉ်စေတနာသည် အကျိုးဝိပါက်ဝိညာဏ်ကို ဖြစ်စေလတ်သော် မိမိနှင့် တူသောအာရုံရှိသော ပဋိသန္ဓေ-ဘဝင်-စုတိအားဖြင့် သုံးဌာန၌ဖြစ်သော ထိုဝိပါက်ဝိညာဏ်ကို ဖြစ်စေရာ၏၊ အဘယ်ကြောင့် သိနိုင်သနည်း? ဓမ္မသင်္ဂဏီ စိတ္တုပ္ပါဒကဏ္ဍပါဠိတော်၌ ရူပါဝစရဝိပါက်၏ ကံနှင့်တူသော အာရုံရှိသည်သာလျှင် ဖြစ်သော ဝိပါက်ကို ဟောကြားထားတော်မူအပ်သည်၏ အဖြစ်ကြောင့် သိနိုင်ပါ၏ ဟူလို။

သည်မျှသာမကသေး — ပရိတ္တအမည်ရသော ကာမရုပ်နာမ်စသော အာရုံရှိသော ရူပါဝစရဝိပါက် ဟူသည် မရှိစကောင်းပေ။ (= ကာမရုပ်နာမ်စသည်ကို အာရုံပြုသော ရူပါဝစရဝိပါက်မျိုးကား မရှိ။) အဘိညာဉ် စေတနာသည်ကား ကာမရုပ်နာမ်စသော အာရုံရှိသည်သာလျှင် ဖြစ်၏ = ကာမရုပ်နာမ်စသည်ကို အာရုံပြုနိုင်၏။ ထိုကြောင့် ရူပါဝစရ ဝိပါက်ဝိညာဏ်ကို မဖြစ်စေနိုင်ဟု သိနိုင်၏။

တစ်ဖန် — အဘိညာဉ်ဟူသည် ကသိုဏ်းအာရုံတို့၌ ဖြစ်စေအပ်သော စတုတ္ထဈာန်သမာဓိ၏ အကျိုး အာနိသင် ဖြစ်၏။ သော ဧဝံ သမာဟိတေ စိတ္တေ — (ဒီ-၁-၇၆-၇၇။ မ-၁-၃၁၄-၃၁၅) စသည်ဖြင့် ဘုရားရှင် ဟောကြားထားတော်မူ၏။ ထိုကြောင့် စတုတ္ထဈာန်သမာဓိ၏ အကျိုးနှင့်တူသော ထိုအဘိညာဉ်စေတနာသည် အကျိုးကို မပေးနိုင်သည်သာတည်း။ ထိုကြောင့် ထိုဘဝ၌ ပစ္စည်းဥစ္စာကို ရရှိခြင်းသည် ဒါန၏ အကျိုးအာနိသင်, သီလ၏ အကျိုးအာနိသင်ဖြစ်သကဲ့သို့ ထို့အတူ ထိုအဘိညာဉ်စေတနာသည်လည်း ဝိပါက်ဝိညာဏ်အကျိုးကို မဖြစ်စေနိုင်။ (မူလဋီ-၂-၉၅။)

အဘိညာဉ်စေတနာသည် ပဋိသန္ဓေဝိညာဏ်စသော ဝိပါက်ဝိညာဏ်အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြု မပေးသကဲ့သို့ အလားတူပင် ဥဒ္ဓစ္စစေတနာသည်လည်း ပဋိသန္ဓေဝိညာဏ်စသော ဝိပါက်ဝိညာဏ်အား ဖြစ်ပေါ် လာအောင် ကျေးဇူးမပြုနိုင်။ ထိုကြောင့် ထိုဥဒ္ဓစ္စစေတနာကိုလည်း ပဋိသန္ဓေဝိညာဏ်စသော ဝိပါက်ဝိညာဏ်၏ အကြောင်းတရားဖြစ်မှု၌ ပယ်ရှားထိုက်ကုန်၏။ အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏ – ဟု ဟောတော်မူရာ၌ အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့တွင် အဘိညာဉ်စေတနာ ဥဒ္ဓစ္စစေတနာလည်းပါဝင်သော အလုံးစုံလည်း ဖြစ်ကုန်သော (၂၀)သော စေတနာတို့သည် ဖြစ်ကုန်၏။ (အဘိ-ဋ္ဌ-၂-၁၃၇။)

**[မှတ်ချက်** — တေသံ ဝိပါကေ ဉာဏံ အတ္ထ ပဋိသမ္ဘိဒါ - (အဘိ-၂-၃၀၉။) စသော ပါဠိတော်များကို ကိုးကား၍ ဥဒ္ဓစ္စသဟဂုတ်စေတနာက ပဋိသန္ဓေဝိညာဏ်စသော အကျိုးဝိပါက်ကို မဖြစ်စေမှု၌ စိစစ်ထိုက် ကြောင်းကို စောဒနာ သောဓနာ များစွာဖြင့် မူလဋီကာဆရာတော်က ဖွင့်ဆိုထားတော်မူသည်။ — (မူလဋီ-၂-၉၅-၉၇။ ကြည့်။)]

## စိတ္တသင်္ခါရ = မနောသဉ္စေတနာ

**မနောသဉ္စေတနာ** — ဟူသည် ကာယဝိညတ် ဝစီဝိညတ်နှစ်မျိုးလုံးကို မဖြစ်စေမူ၍ မနောဒွါရ၌ ဖြစ်ကုန် သော အလုံးစုံလည်း ဖြစ်ကုန်သော (၂၉)မျိုးသော စေတနာတို့တည်း။ ယင်းမနောသဉ္စေတနာကား စိတ္တသင်္ခါရ တရားတည်း။ ဤသို့လျှင် မြတ်စွာဘုရားသည် အတိုင်းအတာ ပမာဏ မရှိကုန်သော စကြဝဠာတို့၌ အတိုင်းအတာ ပမာဏ မရှိကုန်သော သတ္တဝါတို့သည် ကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်ကုန်လတ်သော် သုံးပါးကုန်သော

ဤဒွါရတို့ဖြင့် အားထုတ်ကြကုန်၏၊ ဤသို့အားထုတ်ကြောင်း ကမ္မဒွါရကို ဘုရားရှင်သည် ညွှန်ကြားပြသတော်မူပြီ။
(အဘိ-ဌ-၂-၁၃၇။)

## တိက်ချင်း ယှဉ်တွဲပုံ

ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟူသော ဤသင်္ခါရသုံးမျိုးကို ပထမတိက်ဟု မှတ်ပါ။ ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရ ဟူသော ဤသင်္ခါရသုံးမျိုးကို ဒုတိယတိက်ဟု မှတ်ပါ။ ယင်းတိက်နှစ်မျိုးတို့၏ အချင်းချင်း ယှဉ်တွဲပုံကို သိထိုက်ပေ၏။

ပုညာဘိသင်္ခါရသည် ကာယဒုစရိုက်မှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ရံခါ ကာယသင်္ခါရ ဖြစ်၏၊ ဝစီဒုစရိုက်မှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ရံခါ ဝစီသင်္ခါရ ဖြစ်၏။ ဤသို့လျှင် (၈) မျိုးကုန်သော ကာမာဝစရ မဟာကုသိုလ်စေတနာတို့သည် ပုညာဘိသင်္ခါရလည်း ဖြစ်၏၊ ကာယသင်္ခါရလည်း ဖြစ်၏၊ ဝစီသင်္ခါရလည်း ဖြစ်၏။

တစ်ဖန် မနောဒွါရ၌ ဖြစ်ကုန်သော မဟာကုသိုလ်စေတနာ ရူပကုသိုလ်စေတနာ (၁၃)မျိုးတို့သည် ပုညာဘိသင်္ခါရလည်း ဖြစ်၏၊ စိတ္တသင်္ခါရလည်း ဖြစ်၏။

အပုညာဘိသင်္ခါရသည်လည်း ကာယဒုစရိုက်၏ အဖြစ်ဖြင့် ဖြစ်ရာအခါ၌ ရံခါ ကာယသင်္ခါရ ဖြစ်၏၊ ဝစီဒုစရိုက်၏ အဖြစ်ဖြင့် ဖြစ်ရာအခါ၌ ရံခါ ဝစီသင်္ခါရဖြစ်၏။ ကာယဒွါရ ဝစီဒွါရ နှစ်ပါးတို့ကို လွတ်၍ မနောဒွါရ၌သာ ဖြစ်ရာအခါ၌ ရံခါ စိတ္တသင်္ခါရ ဖြစ်၏။ ဤသို့လျှင် အပုညာဘိသင်္ခါရသည် ကာယသင်္ခါရလည်း ဖြစ်၏၊ ဝစီသင်္ခါရလည်း ဖြစ်၏၊ မနောသင်္ခါရလည်း ဖြစ်၏။ (အဘိ-ဌ-၂-၁၃၇။)

အာနေဉ္ဇာဘိသင်္ခါရကား စိတ္တသင်္ခါရ တစ်မျိုးသာ ရှိ၍ ကွဲပြားမှု မရှိသည်မှာ ထင်ရှားသောကြောင့် ကာယသင်္ခါရစသည်တို့နှင့် ယှဉ်တွဲပုံကို အထူးမပြတော့ပေ။ (မူလဋီ-၂-၉၈။)

တစ်ဖန် ကာယသင်္ခါရသည် ရံခါ ပုညာဘိသင်္ခါရ ဖြစ်၏၊ ရံခါ အပုညာဘိသင်္ခါရ ဖြစ်၏၊ အာနေဉ္ဇာဘိသင်္ခါရကား မဖြစ်။ ဝစီသင်္ခါရလည်း ထို့အတူပင်တည်း။ နောက်တစ်မျိုးကား — စိတ္တသင်္ခါရသည် ရံခါ ပုညာဘိသင်္ခါရ ဖြစ်၏၊ ရံခါ အပုညာဘိသင်္ခါရ ဖြစ်၏။ ရံခါ အာနေဉ္ဇာဘိသင်္ခါရ ဖြစ်၏။

ဤသို့လျှင် ဤသင်္ခါရတို့သည် — အဝိဇ္ဇာပစ္စယာ သင်္ခါရာ = အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်သော သင်္ခါရတို့မည်ကုန်၏။

## အမေး — အဖြေ

ဤသင်္ခါရတို့သည် အဝိဇ္ဇာကြောင့် ဖြစ်ကုန်၏ဟု အဘယ်ကြောင့် သိနိုင်ပါသနည်းဟူမူ — အဝိဇ္ဇာ၏ ထင်ရှားရှိခြင်းသည် ဖြစ်လတ်သော် သင်္ခါရတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းကြောင့် သိနိုင်၏ — ဟူပေ။ အကျယ်မှာ ဤသို့ဖြစ်၏ —

ပုဂ္ဂိုလ်တစ်ဦးသည် သစ္စာလေးပါးတို့၌ အမှန်မသိမှု အသိမှားမှု အဝိဇ္ဇာဟူသော ဉာဏ်၏ဆန့်ကျင်ဘက် မောဟကို မပယ်ရှားအပ်သေးဖြစ်၏။ ထိုပုဂ္ဂိုလ်သည် ဒုက္ခသစ္စာတရား၌လည်းကောင်း (= ဒုက္ခသစ္စာအမည်ရသော ဥပါဒါနက္ခန္ဓာငါးပါးတို့၌လည်းကောင်း) သံသရာ၏ ရှေးအစွန်းဟူသော အတိတ်ခန္ဓာငါးပါးစသည်တို့၌လည်းကောင်း ပရမတ်သို့ဆိုက်အောင် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း မသိမမြင်ခြင်းကြောင့် ဒုက္ခဒုက္ခ, ဝိပရိဏာမ

ဒုက္ခ, သင်္ခါရဒုက္ခအဖြစ်တို့ဖြင့် ဒုက္ခဟူ၍သာ ပညာရှိတို့ ယူအပ်သော သံသရာဝဋ်ဆင်းရဲဒုက္ခကို သုခဟု စွဲလမ်း မှတ်ထင်၍ ထိုသံသရာဝဋ် ဆင်းရဲဒုက္ခ၏ အကြောင်းရင်းဖြစ်ကုန်သော သင်္ခါရ-ကံတို့ကို အားထုတ်၏။

သမုဒယသစ္စာ၌ မသိမမြင်ခြင်းကြောင့် (= သမုဒယသစ္စာတရားကြောင့် ဒုက္ခသစ္စာတရားသည် ထင်ရှား ဖြစ်ပေါ်နေရသည်ဟု ဟုတ်တိုင်းမှန်စွာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်၍ မသိ မမြင်ခြင်းကြောင့်) ဒုက္ခသစ္စာတရား၏ အကြောင်းရင်းစစ် အဖြစ်ကြီး ဖြစ်ကုန်သော တဏှာ၏ အခြံအရံ ပရိက္ခာရာ ဖြစ်ကုန်သော (= တဏှာသည် ဆင်ပြင် မွမ်းမံထားအပ်ကုန်သော) သင်္ခါရတို့ကို သုခ၏ အကြောင်းရင်းစစ် အဖြစ်ကြီး ဖြစ်၏ဟု မှတ်ထင်စွဲလမ်း၍ အားထုတ်မိပြန်၏။

တစ်ဖန် နိရောဓသစ္စာ၌လည်းကောင်း, မဂ္ဂသစ္စာ၌ လည်းကောင်း ကောင်းစွာ မသိခြင်းကြောင့် ဒုက္ခ၏ တကယ် အစစ်အမှန်ချုပ်ရာ မဟုတ်သည်လည်း ဖြစ်ကုန်သော (၃၁)ဘုံဟူသော တစ်လောကလုံး၏ အထွဋ်ဟု မှတ်ထင်အပ်သော နေဝသညာနာသညာယတနဘုံစသော ဂတိအထူးတို့ကို ဒုက္ခချုပ်ရာ အစစ်အမှန်ဖြစ်၏ဟု မှတ်ထင်ခြင်းရှိသည် ဖြစ်၍လည်းကောင်း, ဒုက္ခချုပ်ရာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာ၏ လမ်းစစ်လမ်းမှန် မဟုတ် ကုန်သော နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်မှန် မဟုတ်ကုန်သော ယဇ်ပူဇော်ခြင်း, အမရတပဟူသော မအိုမသေ ဖို့ရန် ကျင့်ခြင်း စသည်တို့၌ နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်ဟု မှတ်ထင်ခြင်း ရှိကုန်သည်ဖြစ်၍လည်းကောင်း, ဒုက္ခ၏ ချုပ်ငြိမ်းခြင်းကို လိုလားတောင့်တကြကုန်သည် ဖြစ်၍လည်းကောင်း ယဇ်ပူဇော်ခြင်း, အမရတပဟူသော မအိုမသေဖို့ရန် ကျင့်ခြင်းစသည်တို့ကို အဦးပြုသဖြင့် သင်္ခါရတို့ကို အားထုတ်ကြကုန်၏။ (အဘိ-ဋ္ဌ-၂-၁၃၈။)

**အမရတပ** — မအိုမသေ အမြဲနေရခြင်း (= နိဗ္ဗာန်)ဟူသော အကျိုးရှိ၏ဟု မှတ်ထင်၍ နွေအခါ၌ နေပူ မီးပူခံခြင်း, ဆောင်းအခါ၌ ရေငုပ်ခြင်းစသော ခဲခဲယဉ်းယဉ်း ကျင့်အပ်သော ဒုက္ကရအကျင့်များသည် အမရတပ မည်၏။ ယခုခေတ် အင်္ဂရိတ်ဆရာတို့၏ မျှော်လင့်ချက်မျိုးပင်တည်း။ တစ်နည်းဆိုသော် — အမရသဒ္ဒါသည် လူတို့ကဲ့သို့ မြန်မြန်မသေသော နတ်ပြဟ္မာဟူသော အနက်ကို ဟော၏၊ နတ်ပြဟ္မာဖြစ်ဖို့ရန် ကျင့်သော အကျင့် သည် အမရတပ မည်၏။ တစ်နည်း — ချမ်းသာလိမ့်မည်ဟု မှတ်ထင်၍ အဆိပ်သောက်သေခြင်း ကြိုးဆွဲချသေခြင်း ဓားစသည်ဖြင့် မိမိကိုယ်ကို မိမိသတ်ခြင်းစသည်သည် အမရတပ မည်၏။ ယင်းအမရတပကား နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း မဟုတ်ပေ။ သို့သော် အဝိဇ္ဇာအားကြီးသူကား နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်-ကောင်းဟု မှတ်ထင်စွဲလမ်း၍ ယင်းအမရတပကို အဦးမူ၍ ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရတို့ကို ပြုလုပ်၏ဟု ဆိုလိုသည်။ (မူလဋီ-၂-၉၈။)

## တစ်နည်း အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ ဖြစ်ပုံ

သည်မျှသာမကသေး — အဝိဇ္ဇာအမှောင်ထုသည် ပိတ်ဖုံးကာဆီးထားသဖြင့် ဉာဏ်အမြင် ကင်းနေသော ထိုသူသည် သစ္စာလေးပါးတို့၌ မသိအောင် ဖုံးကွယ်ထားသော အဝိဇ္ဇာကို မပယ်ရှားရသေးသည့်အတွက်ကြောင့် အထူးအားဖြင့် ပဋိသန္ဓေတည်နေရခြင်းဒုက္ခ အိုရခြင်းဒုက္ခ နာရခြင်းဒုက္ခ သေရခြင်းဒုက္ခစသော တစ်ပါးမက များပြားလှသော အပြစ်တို့ဖြင့် ရောပြွမ်းလျက်ရှိသော ကောင်းမှု၏ အကျိုးတရားဟု ခေါ်ဆိုသမုတ်အပ်သော ဒုက္ခအပေါင်းကို ဒုက္ခဟု မသိသည်ဖြစ်၍ မသိခြင်းကြောင့် ထိုကောင်းမှုကြောင့် ရရှိမည့် ပဋိသန္ဓေ-အို-နာ-သေ စသော အကျိုးတရားတို့ဖြင့် ရောပြွမ်းလျက်ရှိသော ဒုက္ခသစ္စာတရားကို ရရှိဖို့ရန် ဦးတည်ချက်ဖြင့် ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရဟု ပြားသော ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ်ဟူသော ပုညာဘိသင်္ခါရကို ကြိုးစားအားထုတ်ပြန်၏။ ဒါနမှု သီလမှု သမထ ဝိပဿနာဘာဝနာမှုတို့ကို ပြုစုပျိုးထောင်၏။ ရူပါဝစရစျာန်-များကို ရရှိအောင် ကြိုးစားအားထုတ်၏။

အဘယ်သူကဲ့သို့နည်းဟူမူကား — သိကြား၏သစ်ပင်ဟု ခေါ်ဆိုသမုတ်အပ်သော အလွန်မြင့်သော သစ်ပင်ကိုလည်းကောင်း, ဗြဟ္မာ၏အထွတ်ဟု ခေါ်ဆိုသမုတ်အပ်သော အလွန်မြင့်သော တောင်ထွတ်ကို လည်းကောင်း - မရ - ဟု ခေါ်ဆို၏။ ထိုသိကြား၏သစ်ပင် ဗြဟ္မာ၏အထွတ်ဟု သမုတ်အပ်သော မရအမည်ရ သော အရပ်ဒေသ တစ်ခုခုမှ ခုန်ချခဲ့သော် နတ်သမီးကို ရသည်ဟု ပြောဆိုကြသောကြောင့် ထိုသစ်ပင်ဖျားမှ သို့မဟုတ် ထိုတောင်ထွတ်မှ ခုန်ချသော ယောကျာ်းနှင့် တူ၏ဟု မှတ်ပါ။ သံသရာဝဋ်ကို မှီသော (= ဝဋ္ဋနိဿိတ ဖြစ်သော) ဒါနမှု သီလမှု ဘာဝနာမှုဟူသော ပုညာဘိသင်္ခါရ အစုစုကို ပြုစုပျိုးထောင်ခြင်းသည် ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခစသော ဘေးဒုက္ခအမျိုးမျိုးတို့ဖြင့် ပြွမ်းသော သစ်ပင်အောက်သို့ သို့မဟုတ် တောင်ချောက်ထဲသို့ ခုန်ချခြင်းနှင့် တူ၏ဟု ဆိုလိုသည်။ အကြောင်းမူ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ တို့ကား ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဘေးဒုက္ခအမျိုးမျိုးတို့ဖြင့် ရောပြွမ်းလျက် ရှိသောကြောင့်တည်း။

ထို့ပြင် လူ နတ် ဗြဟ္မာတို့၏ ချမ်းသာသည် သုခဟု မည်မျှပင် သမုတ်အပ်သည် ဖြစ်ပါစေ၊ ထိုသုခဟု သမုတ်အပ်သော ကောင်းမှု၏ အကျိုးတရားများကား အဆုံး၌ မရဏဒုက္ခနှင့် ရင်ဆိုင်ရသောအခါ ကြီးစွာသော ပူလောင်ခြင်းကို ဖြစ်စေတတ်၏။ စည်းစိမ်ကြီးသလောက် ပျက်စီးခါနီး၌ ဒုက္ခမီး တောက်ကြရ၏။ အဆုံး မရောက်ခင် မသေမီအကြား၌လည်း ထိုစည်းစိမ် ချမ်းသာသုခ၏ ဖောက်ပြန်ပျက်စီးခြင်းဟူသော ဝိပရိဏာမ-ဒုက္ခနှင့်လည်း ရင်ဆိုင် တိုးရတတ်ပြန်၏။ ထိုလူ နတ် ဗြဟ္မာ စည်းစိမ်ချမ်းသာကို အခြေခံ၍ ရရှိသည့် သုခ ဝေဒနာဟူသော သာယာဖွယ်ကား အနည်းငယ် အသေးအဖွဲကလေးသာ ဖြစ်၏၊ အချိန်ကာလ အပိုင်းအခြား အားဖြင့် ခေတ္တခဏ အခိုက်အတန့်ကလေးသာ ဖြစ်၍ ထိုသုခဝေဒနာဟူသော သာယာဖွယ် ခံစားမှု သဘော ကလေးကို မက်မော၍ ရရှိအောင် ပြုစုပျိုးထောင်နေရသည့် ရင်နှီးရသည့် ဒုက္ခတွေကသာ တိုး၍ တိုး၍ များလှပေသည်။ သို့အတွက် လူ နတ် ဗြဟ္မာတို့ ရရှိသည့် သုခအပေါင်းသည် တစ်နေ့ကျလျှင် ဧကန် ဒုက္ခပေးမည့် ဒုက္ခလောင်းချည်းသာ ဖြစ်၏။ သို့သော် လူ နတ် ဗြဟ္မာတို့၏ စည်းစိမ်ကို လိုလားတောင့်တသူတို့ကား ထိုဒုက္ခကို မမြင်နိုင် သတိမမူနိုင်ဘဲ, သတိရသော်လည်း ပြောပလောက်သော ဒုက္ခဟု မထင်ဘဲ အဝိဇ္ဇာက ထိုဒုက္ခတွေကို ကွယ်ကာ ပိတ်ဆီးထားသဖြင့် ဒုက္ခကို သုခဟုပင် ထင်မှတ်မှားလျက် — ပိုးပရန်မျိုး မီးကို တိုးသကဲ့သို့ လည်းကောင်း, ပျားရည်ပေါက်၏ ရသဓာတ်၌ မက်မောသော ယောကျာ်းသည် ပျားရည်ဖြင့် သုတ်လိမ်း ထားအပ်သော ဓားသွားကို လျှာဖြင့် လျက်ခြင်းကို ကြိုးစားအားထုတ်သကဲ့သို့လည်းကောင်း — အထိုက်အလိုက် သာယာဖွယ်အချက်ကို တဏှာဖြင့် မက်မော၍ ထိုဒုက္ခစု၏ အကြောင်းရင်းစစ်ဖြစ်သော ပုညာဘိသင်္ခါရကို အားရပါးရ ကြိုးစား အားထုတ်ကြပြန်လေသည်။ (အဘိ-ဋ္ဌ-၂-၁၃၈။ ဝိသုဒ္ဓိ-၂-၁၆၂-၁၆၃။)

## အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ပုံ

နောက်တစ်မျိုး — **ဒု–သ–န–သော** ဟု အော်မြည်ကြသော ငရဲသားတို့သည် လူ့ဘဝ၌ တည်စဉ်က ကာမေသုမိစ္ဆာစာရမှုစသည်တို့ဖြင့် ကာမဂုဏ်ကို မှီဝဲခြင်း ကာမဂုဏ်စည်းစိမ်တို့ကို ခံစားခြင်းသည် လောဟ-ကုမ္ဘီငရဲ၌ ဖြစ်ရခြင်းဟူသော အကျိုးဝိပါက်နှင့်တကွ ဖြစ်၏ဟု မသိမမြင်ခဲ့ကြပေ။ ဤပုံစံအတိုင်းပင် သတ္တဝါတို့ သည်လည်း မကောင်းသော အကျိုးတရားနှင့် အတူတကွ ဖြစ်လေ့ရှိကြကုန်သော မကောင်းသော အကျိုးတရား ကို ဖြစ်ပေါ်စေတတ်ကုန်သော အဆင်း-အသံ-အနံ့-အရသာ-အတွေ့အထိဟူသော အာရုံ (၅)ပါး ကာမဂုဏ် တရားတို့ကို မှီဝဲမှုစသည်တို့၌ အပြစ်ကို မမြင်သည်ဖြစ်၍ သုခဟု အထင်မှား အမှတ်မှားခြင်းကြောင့် လည်းကောင်း, ရာဂစသော ကိလေသာတို့က လွှမ်းမိုးဖိစီး နှိပ်စက်အပ်သောကြောင့်လည်းကောင်း မသိမလိမ္မာ သေးသော ကလေးသူငယ်သည် မစင်ကို ပျော်ရွှင်စွာ ကစားသကဲ့သို့ သေချင်နေသူသည် အဆိပ်ကို သောက်ရန်

ကြိုးစား အားထုတ်သကဲ့သို့ ကိုယ် နှုတ် စိတ်တို့ဖြင့် အပုညာဘိသင်္ခါရ အမည်ရသည့် အကုသိုလ်တရားစုကို ကြိုးစား အားထုတ်မိပြန်သည်။ (အဘိ-ဌ-၂-၁၃၈။ ဝိသုဒ္ဓိ-၂-၁၆၃။)

## အဝိဇ္ဇာကြောင့် အာနေဥ္စာဘိသင်္ခါရ ဖြစ်ပုံ

(၃၁)ဘုံလောကတွင် ထိပ်ဆုံးက တည်ရှိနေသဖြင့် အလွန်အထက်တန်းကျသော အရူပဘုံတို့၌ ဖြစ်ရခြင်း ဟူသော အရူပဝိပါက် အကျိုးတရားတို့၌သော်မှလည်း သင်္ခါရဒုက္ခ၏ အပြစ် ဝိပရိဏာမဒုက္ခ၏ အပြစ်ကို ထိုးထွင်း၍ မသိမမြင်နိုင်သည်ဖြစ်၍ မြဲ၏ဟု ယူဆ စွဲလမ်းသော သဿတစသော အသိမှား အမှတ်မှား အယူမှားဖြင့် စိတ္တသင်္ခါရဖြစ်သော အာနေဥ္စာဘိသင်္ခါရ အရူပကုသိုလ်ကို — မျက်စိလည် လမ်းမှားနေသော ယောက်ျားသည် ဘီလူးမြို့သို့ ရှေးရှုနေသော လမ်းကို လိုက်မှားမိသကဲ့သို့ – ကြိုးစား အားထုတ်မိပြန်လေသည်။
(အဘိ-ဌ-၂-၁၃၈။ ဝိသုဒ္ဓိ-၂-၁၆၃။)

ဤသို့လျှင် အဝိဇ္ဇာ၏ ထင်ရှားရှိခြင်းကြောင့်သာလျှင် သင်္ခါရတို့၏ ထင်ရှားရှိခြင်းသည် ဖြစ်နိုင်ရကား, အဝိဇ္ဇာ၏ ထင်ရှားမရှိခြင်းကြောင့် (= ထင်ရှားမရှိလျှင်) သင်္ခါရတို့၏ ထင်ရှားရှိခြင်းသည်လည်း မဖြစ်နိုင်ရကား ဤသင်္ခါရ (= ကုသိုလ်တရား အကုသိုလ်တရား)တို့သည် အဝိဇ္ဇာဟူသော အကြောင်းတရား ထင်ရှားရှိကုန်၏ ဟူသော ဤသဘောကို သိနိုင်ပေသည်။ သာဓကပါဠိတော်မှာ ဤသို့တည်း —

အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အာနေဉ္စာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ။ ယတော စ ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ၊ ဝိဇ္ဇာ ဥပ္ပန္နာ၊ သော အဝိဇ္ဇာဝိရာဂါ ဝိဇ္ဇုပ္ပါဒါ နေဝ ပုညာဘိသင်္ခါရံ အဘိသင်္ခရောတိ။
(အဘိ-ဌ-၂-၁၃၈-၁၃၉။ ဝိသုဒ္ဓိ-၂-၁၆၃။)

= ရဟန်းတို့ . . . သစ္စာလေးပါး အမှန်တရားကို ထိုးထွင်း သိတတ်သည့် ဉာဏ်ပညာမရှိသော သတ္တဝါသည် အဝိဇ္ဇာနှင့် ပြည့်စုံသည်ဖြစ်၍ ပုညာဘိသင်္ခါရကိုလည်း စီမံပြုလုပ် အားထုတ်၏၊ အပုညာဘိသင်္ခါရကိုလည်း စီမံပြုလုပ် အားထုတ်၏၊ အာနေဥ္စာဘိသင်္ခါရကိုလည်း စီမံပြုလုပ် အားထုတ်၏။ ရဟန်းတို့ . . . အကြင်အခါ ၌ကား ရဟန်းသည် အဝိဇ္ဇာကို ပယ်နိုင်၏၊

ဝိဇ္ဇာဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုအခါ ထိုရဟန်းသည် အဝိဇ္ဇာကို ပယ်ပြီးခြင်းကြောင့်, ဝိဇ္ဇာဉာဏ်၏ ဖြစ်ပေါ်လာခြင်းကြောင့် ပုညာဘိသင်္ခါရကိုလည်း မစီမံ မပြုလုပ် အားမထုတ်တော့ပေ။

အပုညာဘိသင်္ခါရကိုလည်း မစီမံ မပြုလုပ် အားမထုတ်တော့ပေ။ အာနေဥ္စာဘိသင်္ခါရကိုလည်း မစီမံ မပြုလုပ် အားမထုတ်တော့ပေ။ (သံ-၁-၃၁၀-ပရိဝီမံသနသုတ္တန်နှင့် အဓိပ္ပါယ်ချင်း တူညီသည်။)

[သံယုတ်ပါဠိတော်ဝယ် ပျောက်ဆုံးနေသော သုတ္တန်တို့တွင် အထက်ပါ အဋ္ဌကထာက ကိုးကားတင်ပြ ထားသော သုတ္တန်လည်း ပါဝင်ကောင်း ပါဝင်နိုင်ပေသည်။ အဋ္ဌကထာဆရာတော်တို့ လက်ထက်က ထိုသုတ္တန်မှာ ထင်ရှားရှိနေသော သုတ္တန်ပင် ဖြစ်လေရာသည်။]

ဤတွင်ရွေ့ကား အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကို သဘောပေါက်ရုံ ရှင်းလင်းတင်ပြချက် ဖြစ်သည်။ ယောဂါ-ဝစရပုဂ္ဂိုလ်သည်ကား အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်အောင် ရှုရမည်ဖြစ်သည်။ ယင်းသို့ရှုရာ၌ အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ ဟူသည်နှင့်အညီ ယခု ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သော ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာဟူသော ဝိပါက် အကျိုးတရားစု၏

အကြောင်းရင်းစစ်ဖြစ်သော အဝိဇ္ဇာ သင်္ခါရတို့သည် အတိတ်ဘဝ အတိတ်အခွန့်ကာလက တရားများသာ ဖြစ်ကြသည်ဟူသော ဤအချက်ကိုကား မမေ့ပါနှင့်။

## သဘောပေါက်လွယ်သည့် ပုံစံ (၁) ခု

ရှေးပဋိစ္စသမုပ္ပါဒ်ပဉ္စမနည်းတွင် ဖော်ပြခဲ့သည့်အတိုင်း အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ဌာနတို့၌ ရုပ်နာမ်တို့ကို ကုန်စင်အောင် သိမ်းဆည်းပြီးသောအခါ ဤရုပ်နာမ်တို့၏ အကြောင်းတရားတို့ကို သိလိုသော စိတ်ဓာတ် စူးစမ်းရှာဖွေလိုသော စိတ်ဓာတ်ဖြင့် အတိတ်ဘက်သို့ ဉာဏ်ကိုစေလွှတ်ကြည့်ပါ။ ဉာဏ်အရောင်အလင်းဖြင့် အတိတ်အကြောင်းတရားတို့ကို ရှာဖွေတွေ့ရှိပါက ကောင်းမြတ်သည်သာ ဖြစ်၏။ အကယ်၍ မတွေ့ခဲ့သော် လက်ရှိပစ္စုပ္ပန် တရား-ထိုင်ဆဲ တရားနှလုံးသွင်းဆဲ အချိန်အခါ၌ တည်ရှိသော ရုပ်နာမ်တို့က စ၍ ပဋိသန္ဓေ ကလလရေကြည် တည်စအခိုက်၌ တည်ရှိကြသော ပဋိသန္ဓေရုပ်နာမ်တို့သို့ တိုင်အောင် ရုပ်နာမ်တို့ကို တစ်စတစ်စ သိမ်းဆည်းလျက် အကြောင်းတရားတို့ကို ရှေးပဉ္စမနည်း၌ ဖော်ပြခဲ့သည့် အတိုင်း ရှာဖွေပါ။ ဤတွင် အခြားပုံစံတစ်ခုကို ထပ်မံ၍ တင်ပြအပ်ပါသည် —

ပဋိသန္ဓေ ရုပ်နာမ်တို့သို့ တိုင်အောင်သော ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးနောက် အတိတ် မရဏာသန္န ဘက်သို့ ဉာဏ်ကို စေလွှတ်၍ အတိတ်အကြောင်းတရားများကို ရှာဖွေလိုက်သောအခါ အမျိုးသားဘဝဖြင့် ဥပုသ်သီတင်း ကျင့်သုံးသည့် သီလမယ ပုညာဘိသင်္ခါရ အမည်ရသည့် ကံအာရုံကို တွေ့ရှိရ၏။ ထိုသူတော်ကောင်းသည် တစ်ဖန် ဆက်လက်၍ မည်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် ဥပုသ်သီတင်းကို စောင့်သုံးခဲ့ပါသနည်းဟူသော ဦးတည်ချက်ကို ရှာဖွေလိုက်သောအခါ ဤသို့တွေ့ရှိရ၏ —

“အမျိုးသားဘဝဖြင့် မိဘကို ကျေကျေနပ်နပ် ပြုစုလုပ်ကျွေးခွင့်ကို မရရှိနိုင်သဖြင့်, အမျိုးသမီးဘဝဖြင့် မိဘကို ကျေကျေနပ်နပ် ပြုစုလုပ်ကျွေးခွင့် ရရှိနိုင်သည့်အတွက် အမျိုးသမီးဖြစ်ရန် ရည်ရွယ်ချက် ဦးတည်ချက်ဖြင့် ဥပုသ်သီတင်း စောင့်သုံးကြောင်း သီလတည်းဟူသော ပုညာဘိသင်္ခါရကို ပြုစုပျိုးထောင်ကြောင်းကို” ဥပုသ်-သီတင်း စောင့်သုံးခိုက်၌ ဖြစ်ခဲ့ကြသော တည်ရှိခဲ့သော ရုပ်နာမ်အစဉ်တွင် ရှာဖွေကြည့်ရာ တွေ့ရှိရပေသည်။

သိကြား၏သစ်ပင် ပြဟ္မာ၏အထွတ်ဟု သမုတ်အပ်သော မရုအမည်ရသော အရပ်ဒေသ တစ်ခုခုမှ ခုန်ချခဲ့သော် နတ်သမီးကိုရသည်ဟု ပြောဆိုကြသောကြောင့် ထိုသစ်ပင်ဖျားမှ သစ်ပင်အောက်သို့, ထိုတောင်-ထွတ်မှ တောင်ချောက်ထဲသို့ ခုန်ချသော ယောက်ျားနှင့် တူသူပင်တည်း။

ထိုတွင် ယခုပစ္စုပ္ပန် ဘဝင်မနောအကြည်ဓာတ်နှင့် အတိတ်ဘဝ ဥပုသ်ကျင့်သုံးခိုက်၌ ဖြစ်ခဲ့ကြသော ဘဝင်မနောအကြည်ဓာတ်တို့ကို တစ်နည်းဆိုရသော် ယခုပစ္စုပ္ပန် နာမ်သန္တတိအစဉ်နှင့် အတိတ်ဘဝ ဥပုသ် ကျင့်သုံးခိုက်၌ ဖြစ်ခဲ့ကြသော နာမ်သန္တတိအစဉ်တို့ကို သန္တတိအစဉ်အတန်း တစ်ခုတည်း ဟုတ်မဟုတ်ကို ထပ်မံ ဆန်းစစ်ကြည့်ရာ သန္တတိအစဉ်အတန်း တစ်ခုတည်း တစ်ဆက်တည်းသာ ဖြစ်ကြောင်းကို တွေ့ရှိရပြန်၏။

**သဘာဝေါဝါယံ စိတ္တသ ပဏ္ဍရတာ။** (မူလဋီ-၁-၁၂၅။ စာပိုဒ်-၄၃၆။)

စိတ်အားလုံးသည် ဖြူစင်သော သဘောရှိ၏၊ ကြည်သော သဘောရှိ၏။ ဘဝင်မနောအကြည်ဓာတ်သည်-သာ ကြည်သည်မဟုတ်၊ နာမ်သန္တတိအစဉ်တွင် ပါဝင်သော စိတ်အားလုံးသည်ပင် ကြည်ပေသည်။ သို့အတွက် ထိုယောဂီသူတော်ကောင်းသည် အတိတ် ဘဝင်မနောအကြည်နှင့် ပစ္စုပ္ပန် ဘဝင်မနောအကြည်ဓာတ်ကို တစ်နည်းဆိုရသော် အတိတ်ဘဝ နာမ်သန္တတိအစဉ်နှင့် ပစ္စုပ္ပန် နာမ်သန္တတိအစဉ်ကို သန္တတိအစဉ်အတန်း တစ်ခုတည်း တစ်ဆက်တည်း ဟုတ်မဟုတ်ကို ရှုကြည့်လိုက်သောအခါ တစ်ခုတည်း တစ်ဆက်တည်းသာ

ဖြစ်ကြောင်းကို (= ဖြစ်ပျက် အစဉ်အတန်း တစ်ခုတည်းသာ တစ်ဆက်တည်းသာ ဖြစ်ကြောင်းကို) တွေ့ရှိပေသည်။ နာမ်သန္တတိအစဉ်တွင်သာမက ရုပ်သန္တတိအစဉ်မှာလည်း တစ်ခုတည်း တစ်ဆက်တည်းပင် ဖြစ်၏။ အပ်ချည်ကြိုး တစ်ခုကို သွယ်တန်းထားသကဲ့သို့ ဖြစ်ပျက် အစဉ်အတန်းကား တစ်ခုတည်း တစ်ဆက်တည်းပင်တည်း။ **ကေတ္တနည်း**ကို သိခြင်းပင်တည်း။

တစ်ဖန် ထိုသူတော်ကောင်းသည် နာနတ္တနည်းကို သိရှိနိုင်ရန် ဆက်လက်၍ စူးစမ်းရှာဖွေရာ အောက်ပါအတိုင်း တွေ့ရှိပြန်၏ —

၁။ အဝိဇ္ဇာ = မိဘကို ပြုစုလုပ်ကျွေးနိုင်သည့် အမျိုးသမီးဟု အသိမှားခြင်းသဘော။
၂။ တဏှာ = ယင်းအမျိုးသမီးဘဝကို တွယ်တာ တပ်မက်ခြင်းသဘော။
၃။ ဥပါဒါန် = ယင်းအမျိုးသမီးဘဝသို့ စိတ်ကပ်ရောက် စွဲနေမှုသဘော။

ကိလေသဝဋ် (၃)မျိုးတည်း။ ယင်းကိလေသဝဋ်တို့သည် -

၁။ မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်,
၂။ ဇော (၇)ကြိမ်,
၃။ တဒါရုံ (၂)ကြိမ်,

ဟူသော မနောဒွါရဝီထိစိတ်အစဉ်အတိုင်း ဖြစ်နေကြ၏။ ထိုတွင် —

၁။ မနောဒွါရာဝဇ္ဇန်း၌ စိတ်+စေတသိက် = နာမ်တရား (၁၂)လုံး,
၂။ ဇော အသီးအသီး၌ စိတ်+စေတသိက် = နာမ်တရား အလုံး (၂၀)စီ,
၃။ တဒါရုံ အသီးအသီး၌ စိတ်+စေတသိက် = နာမ်တရား (၁၂)လုံးစီ,

အသီးအသီးဖြစ်၏။ ဇောများမှာ လောဘဒိဋ္ဌိအုပ်စု ဇောများ ဖြစ်ကြ၏။ တစ်ဖန် ယင်းကိလေသဝဋ်ကြောင့် ဖြစ်ခဲ့သော သီလကုသိုလ်ကံ စေတနာအုပ်စု (= ပုညာဘိသင်္ခါရ)ကို ရှာဖွေကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရပြန်၏။

၁။ မနောဒွါရာဝဇ္ဇန်း (၁)ကြိမ် = စိတ်+စေတသိက် = နာမ်တရား (၁၂)လုံး,
၂။ ဇော (၇)ကြိမ် - တစ်ကြိမ် တစ်ကြိမ်၌ စိတ်+စေတသိက် = နာမ်တရား (၃၄)လုံးစီ
၃။ တဒါရုံ (၂)ကြိမ် - တစ်ကြိမ် တစ်ကြိမ်၌ စိတ်+စေတသိက် = နာမ်တရား (၃၄)လုံးစီ

ဤမနောဒွါရဝီထိ နာမ်တရားစုကို တွေ့ရှိပြန်၏။ ကမ္မဝဋ်တည်း။ ဇောမှာ သဒ္ဓါပညာအုပ်စု ပထမ မဟာကုသိုလ်စိတ် ဖြစ်၏။ ဇော အသီးအသီး၌ နာမ်တရား (၃၄)လုံးစီ အသီးအသီးရှိ၏။ ဤ၌ သမာဒါနဝိရတိသာ ဖြစ်၍ သမ္ပတ္တဝိရတိ သဘောများကို မတွေ့ရသဖြင့် ဝိရတိစေတသိက်များ မပါဝင်ခြင်း ဖြစ်၏။ (အကျိုးပေးနေသည့်ကံ ဖြစ်ခိုက် အချိန်ကိုသာ ဆိုလိုပါသည်။) ပုညာဘိသင်္ခါရ တရားစုတည်း။ အတိတ်ဘဝက ဖြစ်ခဲ့သည့် ယင်းကိလေသဝဋ် ကမ္မဝဋ်တရားစုတို့ကို နာမ်တုံး နာမ်ခဲတည်းဟူသော နာမ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲ ဖျက်ဆီးလျက် ခွဲခြား စိတ်ဖြာလျက် ထိုးထွင်းသိခြင်းကြောင့် (= ပရမတ္ထဓမ္မသဘာဝ အသီးအသီး၏ ကိုယ်ပိုင်သဘာဝလက္ခဏာသို့ ဆိုက်အောင် ထွင်းဖောက်သိမြင်ခြင်းကြောင့်) နာနတ္တနည်းကို သိနေသည် မည်၏။

ယင်းကိလေသဝဋ် မနောဒွါရဝီထိပေါင်းလည်း ဝီထိအကြိမ်ပေါင်းများစွာ ဖြစ်ခဲ့သည်သာ ဖြစ်၏၊ ကမ္မဝဋ် မနောဒွါရဝီထိပေါင်းလည်း ဝီထိပေါင်း အကြိမ်များစွာ ဖြစ်ခဲ့သည်သာတည်း။

## ကိလေသဝဋ် ကမ္မဝဋ် ဝီထိစဉ်ဇယား

| | မနောဒွါရာဝဇ္ဇန်း | ဇော (၇) ကြိမ် | တဒါရုံ (၂) ကြိမ် |
|---|---|---|---|
| ကိလေသဝဋ် | ၁၂ | ၂၀ | ၁၂ |
| ကမ္မဝဋ် | ၁၂ | ၃၄ | ၃၄ |

[**မှတ်ချက်** – ဤ၌ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးကိုသာ ပုံစံထုတ်၍ ပြထားခြင်း ဖြစ်သည်။ ကိလေသဝဋ်၌ သောမနဿနှင့် ဥပေက္ခာသို့လိုက်၍ ပီတိယှဉ် မယှဉ်လည်း ရှိတတ်၏။ သသင်္ခါရိက အသင်္ခါရိကသို့ လိုက်၍ ထိနမိဒ္ဓယှဉ် မယှဉ်လည်း ရှိတတ်၏။ တဒါရုံမှာလည်း ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ ကျခဲ့သော် တဒါရုံ (၁၁)မျိုးလုံး ထိုက်သလို ကျနိုင်၏။ အလားတူပင် ကမ္မဝဋ်၌လည်း သောမနဿ - ဥပေက္ခာ, ဉာဏသမ္ပယုတ် - ဉာဏဝိပ္ပယုတ်သို့ လိုက်၍ ဉာဏ်ယှဉ် မယှဉ်, ပီတိယှဉ် မယှဉ်လည်း ရှိတတ်၏။ တဒါရုံမှာလည်း ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ ကျခဲ့သော် (၁၁)မျိုးလုံး ထိုက်သလို ကျနိုင်၏။ - အသင်သူတော်ကောင်းသည် အတိတ်က မိမိ၏ နာမ်သန္တတိအစဉ်တွင် ဖြစ်ခဲ့သည့်အတိုင်းသာ ဉာဏ်ဖြင့် မြင်အောင် ရှုပါ။ တစ်ဖန် – အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ ဟူရာဝယ် ကိလေသဝဋ် မနောဒွါရဝီထိကြောင့် ကမ္မဝဋ် မနောဒွါရဝီထိ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်း-ဆည်း ရှုပွားရမည်, ဝိပဿနာပိုင်းသို့ ရောက်လျှင်လည်း ဝိပဿနာရှုရမည်ဟု ကြိုတင်၍ မှတ်သားထားပါ။]

ယင်းအထက်ဖော်ပြပါ ကမ္မဝဋ်အမည်ရသော သင်္ခါရတရားစုတို့သည်လည်း တစ်နည်းဆိုသော် ကမ္မဝဋ် မနောဒွါရဝီထိ စိတ်အစဉ်တို့သည်လည်း, တစ်နည်းဆိုသော် ကိလေသဝဋ် ကမ္မဝဋ် မနောဒွါရိကဇောဝီထိ စိတ်အစဉ်အတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့သည်လည်း အနိစ္စတရားတို့သာ စင်စစ် ဧကန် အမှန် ဖြစ်ကြသောကြောင့် ဖြစ်ပြီးလျှင် ပျက်သွားကြ၏။ အတိတ်ဘဝမှာပင် ဖြစ်ပြီးက ပျက်သွားကြ၏။ သို့သော် ရုပ်နာမ်သန္တာန်အစဉ်တွင် စွမ်းအင်သတ္တိ တစ်စုံတစ်ရာကို မထားခဲ့ဘဲ ချုပ်ပျောက်သွားကြသည်ကား မဟုတ်၊ သင်္ခါရ-ကံကို ပြုစုပျိုးထောင်သူတို့ မျှော်လင့်တောင့်တထားသည့် ဘဝတစ်ခုကို ဖြစ်စေနိုင်သည့် စွမ်းအင် ကမ္မသတ္တိကို ရုပ်နာမ်အစဉ်တွင် မြှုပ်နှံပြီးပါမှသာလျှင် ချုပ်ပျက်သွားကြ၏။ ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရ နာမ်တရားအုပ်စုကို သိမ်းဆည်းလျက် ယင်းသင်္ခါရတရားတို့ ချုပ်ပျက်သွားသည့်အခါ ရုပ်နာမ်အစဉ်တွင် မြှုပ်နှံထားခဲ့သော ယင်းကမ္မသတ္တိကို ဉာဏ်ဖြင့် မြင်အောင် ရှုရမည် ဖြစ်သည်။

အထက်တွင် ပုံစံထုတ်ပြထားသော ယောဂါဝစရပုဂ္ဂိုလ်ကား မိဘကို ကျေကျေနပ်နပ် ပြုစုလုပ်ကျွေးခွင့် ရရှိနိုင်သည့် အမျိုးသမီးဘဝကို လိုလားတောင့်တထားသူ ဖြစ်၏။ ယင်းအမျိုးသမီးဘဝကို ရလိုသည့် ဦးတည်-ချက်ဖြင့် သီလမယ ကုသိုလ်သင်္ခါရကို ပြုစုပျိုးထောင်ခဲ့၏။ ထိုသူတော်ကောင်းသည် ယင်းသင်္ခါရတရားစု၏ ကမ္မသတ္တိကို ရှာဖွေလျက် ယင်းကမ္မသတ္တိကြောင့် လက်ရှိ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေဝိညာဏ်ဦးဆောင်သည့် ရုပ်နာမ်တရားစုနှင့် အကြောင်း အကျိုး ဆက်စပ်မှု ရှိမရှိကို ရှာဖွေကြည့်ရာ ယင်းကမ္မသတ္တိကြောင့် ပဋိသန္ဓေ ဝိပါကဝဋ်တရားစုတို့သည် ဖြစ်ပွား ပေါ်ပေါက်လာကြသည်ကို ဉာဏ်ဖြင့် တွေ့မြင်ရပြန်၏။ ယင်းသို့ တွေ့မြင်ရာဝယ် ထိုယောဂီသူတော်ကောင်း၏ သန္တာန်ဝယ် အောက်ပါ အသိဉာဏ်များပါ ဖြစ်ပေါ်လာပေသည်။ –

၁။ အကြောင်းတရားဘက်၌လည်း ပြုလုပ်သူ ဖန်ဆင်းသူ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ အတ္တ မရှိ၊ ပရမအတ္တ မရှိ။

၂။ အကျိုးတရားဘက်၌လည်း အပြုလုပ်ခံရသူ အဖန်ဆင်းခံရသူ အတ္တ မရှိ၊ ဇီဝအတ္တ မရှိ။

၃။ အကြောင်းရုပ်နာမ် အစုအပုံ အကျိုးရုပ်နာမ် အစုအပုံမျှသာ ရှိ၏ဟု သိနေ၏။ (ဤအပိုင်း၌ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်နေသည့်အတွက် **ဧကတ္တနည်း နာနတ္တနည်း**တို့ကို သိမှုသည် အကျုံးဝင်သွား၏။)

၄။ တစ်ဖန် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ ဟူသော အကြောင်းတရားများဘက်၌လည်း အကျိုးတရားကို ဖြစ်ပေါ်လာအောင် ပြုလုပ်စီမံမည်ဟူသော ကြောင့်ကြဗျာပါရ မရှိသည်ကိုလည်းကောင်း,

၅။ ပဋိသန္ဓေနာမ်ရုပ်ဟူသော အကျိုးတရားဘက်၌လည်း အကြောင်းတရားတို့သည် ထင်ရှား ဖြစ်ပေါ်လာခဲ့သော် ငါတို့ အကျိုးတရားစုတို့သည်လည်း ထင်ရှား ဖြစ်ကြမည်ဟူသော ကြောင့်ကြဗျာပါရ မရှိမှုသဘောကိုလည်းကောင်း ဉာဏ်ဖြင့် တွေ့မြင်နေရ၏။ **အဗျာပါရနည်း**ကို သိခြင်းပင်တည်း။

၆။ တစ်ဖန် ယင်းအဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ ဟူသော အကြောင်းတရားစုကြောင့် ပဋိသန္ဓေနာမ်ရုပ်စသော အကြောင်းနှင့်လျော်သော အကျိုးတရားစုသာ ဖြစ်သည်ကိုတွေ့ရ၍ အကြောင်းနှင့် မလျော်သော အခြား အကျိုး တစ်စုံတစ်ရာကို မတွေ့ရှိသဖြင့် **ဧဝံဓမ္မတာနည်း**ကိုလည်း သိရှိသည် မည်ပေသည်။

ဤကား အကြောင်းတရားတို့ကို တစ်စုထား၍ အကျိုးတရားတို့ကိုလည်း တစ်စုထား၍ တင်ပြပြောဆိုခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ပထမနည်းအတိုင်း တစ်နည်းတစ်ဖုံအားဖြင့် ခွဲ၍ ပြောခဲ့သော် ဤသို့ ဖြစ်၏။

မိဘကို ကျေကျေနပ်နပ် ပြုစုလုပ်ကျွေးခွင့်ကို ရရှိနိုင်သည့် အမျိုးသမီးဟု အသိမှားခြင်း သဘောကား အဝိဇ္ဇာတည်း။ (အဝိဇ္ဇာဦးဆောင်သည့် ကိလေသဝဋ် မနောဒွါရိကဇောဝီထိ စိတ်အစဉ်ပင်တည်း။)

ယင်းအဝိဇ္ဇာကြောင့် (= အဝိဇ္ဇာဦးဆောင်သည့် ကိလေသဝဋ် မနောဒွါရိကဇောဝီထိ စိတ်အစဉ်ကြောင့်) သီလမယကုသိုလ် ပုညာဘိသင်္ခါရကို ပြုစုပျိုးထောင်၏။ (= သီလမယ ကုသိုလ်စေတနာဦးဆောင်သည့် ကမ္မဝဋ် မနောဒွါရိကဇောဝီထိ စိတ်အစဉ်ကို ပြုစုပျိုးထောင်၏။)

အဝိဇ္ဇာဖြစ်ခဲ့ရာ ရုပ်နာမ်အစဉ်နှင့် (= အဝိဇ္ဇာဦးဆောင်သည့် ကိလေသဝဋ် မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားစုနှင့် မှီရာဝတ္ထုရုပ်တို့ကို ဆိုလိုသည်။) သီလမယ ကုသိုလ်သင်္ခါရ ဖြစ်ခဲ့ရာ ရုပ်နာမ် အစဉ်တို့ကို (= သီလမယ ကုသိုလ်စေတနာ ဦးဆောင်သည့် ကမ္မဝဋ် မနောဒွါရိက ကုသိုလ်ဇောဝီထိ စိတ်အစဉ် နာမ်တရားစုနှင့် မှီရာ ဝတ္ထုရုပ်တို့ကို ဆိုလိုသည်။) ရုပ်နာမ်သန္တတိ အစဉ်အတန်း တစ်ခုတည်းအဖြစ် တစ်ဆက်-တည်းအဖြစ် ဉာဏ်ဖြင့် တွေ့မြင်နေ၏။ တစ်ဖန် ယင်းကိလေသဝဋ် ကမ္မဝဋ် အဝိဇ္ဇာ သင်္ခါရတို့ ဖြစ်ခဲ့ရာ ရုပ်နာမ်သန္တာန်အစဉ်နှင့် ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေရုပ်နာမ်တို့သို့ တိုင်အောင်သော ရုပ်နာမ်အစဉ်တို့ကိုလည်း သန္တတိအစဉ်အတန်း တစ်ခုတည်းအဖြစ် ဉာဏ်ဖြင့် တွေ့မြင်နေ၏။ **ဧကတ္တနည်း**ကို သိခြင်းပင်တည်း။

တစ်ဖန် အဝိဇ္ဇာ ဦးဆောင်သည့် ကိလေသဝဋ် မနောဒွါရိက ဇောဝီထိစိတ်အစဉ်နှင့် သီလမယ ကုသိုလ် စေတနာ ဦးဆောင်သည့် ကမ္မဝဋ် မနောဒွါရိကဇောဝီထိစိတ်အစဉ် နာမ်တရားစုတို့၌ သန္တတိဃန, သမူဟဃန, ကိစ္စဃနဟူသော နာမ်တုံးနာမ်ခဲတို့ကို ဖြိုခွဲဖျက်ဆီးလျက် စိတ္တက္ခဏတိုင်း၌ တည်ရှိကြသော ပရမတ္ထဓာတ်သား အသီးအသီး၏ ကိုယ်ပိုင် သဘာဝသတ္တိ သဘာဝလက္ခဏာကိုလည်း ဉာဏ်ဖြင့် တွေ့မြင်၏။ **နာနတ္တနည်း**ကို သိခြင်းတည်း။ ပဋိသန္ဓေရုပ်နာမ်တို့၌လည်း နည်းတူပင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိရှိနေ၏။ နာနတ္တနည်းကို သိခြင်းပင်တည်း။

အဝိဇ္ဇာဟူသော အကြောင်းတရားဘက်၌လည်း သင်္ခါရဟူသော အကျိုးတရားကို ဖြစ်ပေါ်လာအောင် ပြုစီမံမည်ဟူသော ဗျာပါရ မရှိခြင်း၊ အကျိုး သင်္ခါရတရားဘက်၌လည်း အကြောင်း အဝိဇ္ဇာတရားသည် ထင်ရှား ဖြစ်ပေါ်လာခဲ့သော် ငါတို့ အကျိုးသင်္ခါရတရားများသည် ဖြစ်လိုက်ကြမည်ဟူသော ဗျာပါရ မရှိခြင်းကို ဉာဏ်ဖြင့် တွေ့မြင်နေ၏။ **အဗျာပါရနည်း**ကို သိခြင်းပင်တည်း။ သင်္ခါရကြောင့် ဝိညာဏ်စသည်တို့ ဖြစ်ရာ၌လည်း နည်းတူပင် သဘောပေါက်ပါ။

အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရဟူသော လျော်သော အကျိုးတရားသာ ဖြစ်ပေါ်လာသည်ကို ဉာဏ်ဖြင့် တွေ့မြင်၍ မလျော်သော အကျိုးတရားများ၏ မဖြစ်သည်ကိုလည်း ဉာဏ်ဖြင့် တွေ့မြင်နေ၏။ **ဧဝံဓမ္မတာနည်း**ကို သိခြင်းပင်တည်း။

အသင်သူတော်ကောင်းသည်လည်း အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံစသည်ကို ဉာဏ်ဖြင့် မြင်အောင် ရှုရာ၌ အထက်ပါ ဧကတ္တနည်း နာနတ္တနည်း အဗျာပါရနည်း ဧဝံဓမ္မတာနည်းတို့ကို သိအောင် ကြိုးပမ်းရမည်သာဖြစ်သည်ဟု စွဲမြဲစွာ မှတ်သား နာယူထားပါ။

## ပဋ္ဌာန်းပစ္စည်းများ

ဤပဋိစ္စသမုပ္ပါဒ်တရားတော်၌ အဝိဇ္ဇာ ထင်ရှား ရှိခြင်းကြောင့် သင်္ခါရသည် ထင်ရှား ဖြစ်ပေါ်လာ၏၊ တစ်နည်းဆိုသော် — အကြောင်းတရား ထင်ရှား ဖြစ်ပေါ်လာခြင်းကြောင့် အကျိုးတရားသည် ထင်ရှား ဖြစ်ပေါ်-လာ၏ဟု ဆိုရာ၌ အကြောင်းတရားများက အကျိုးတရားများကို ဖြစ်ပေါ်လာအောင် မည်သို့မည်ပုံ ကျေးဇူးပြုပေးပါသနည်း၊ မည်သည့် ပစ္စယသတ္တိများဖြင့် ကျေးဇူးပြုပေးပါသနည်းဟု မေးမြန်းဖွယ်ရာ ရှိ၏၊ ကြောင်း-ကျိုးဆက်နွယ်မှု သဘောတရားများ၌ ဉာဏ်ကျက်စားနိုင်ရန် အလို့ငှာ ဤတွင် ပဋ္ဌာန်း (၂၄)ပစ္စည်းကို အကျဉ်းချုပ်၍ ရေးသားတင်ပြပေအံ့ —

## (၂၄) ပစ္စည်း ဥဒ္ဒေသပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာ-ဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။ (ပဋ္ဌာန-၁-၁။)

## ဟေတုပစ္စည်း

ဟေတု-သဒ္ဒါသည် အရင်းအမြစ် (= မူလ)ကို ဟောသောသဒ္ဒါ ဖြစ်၏။ လောဘ-ဒေါသ-မောဟတရား (၃)ပါးသည် အကုသိုလ်တရားတို့၏ အရင်းအမြစ် (= မူလတရား) ဖြစ်၏။ အကုသလမူလတရားဟု ခေါ်၏၊ အကုသိုလ်ဟိတ်ဟုလည်း ခေါ်၏။ အလောဘ-အဒေါသ-အမောဟဟူသော တရား (၃)ပါးသည် ကုသိုလ်တရားနှင့် အချို့သော အဗျာကတတရားတို့၏ အရင်း-အမြစ်-မူလတရား ဖြစ်၏၊ ကုသလမူလတရား အဗျာကတမူလတရားဟုခေါ်၏၊ ကုသိုလ်ဟိတ်, အဗျာကတဟိတ်ဟုလည်း ခေါ်၏။

## ပစ္စယ = ပစ္စည်း

**ပစ္စယော**တိ ဧတ္ထ ပန အယံ ဝစနတ္ထော၊ ပဋိစ္စ ဧတသ္မာ ဧတီတိ ပစ္စယော။ အပစ္စက္ခာယ နံ ဝတ္တတီတိ အတ္ထော။ ယော ဟိ ဓမ္မော ယံ ဓမ္မံ အပစ္စက္ခာယ တိဋ္ဌတိ ဝါ ဥပ္ပဇ္ဇတိ ဝါ၊ သော တဿ ပစ္စယောတိ ဝုတ္တံ ဟောတိ။ လက္ခဏတော ပန ဥပကာရကလက္ခဏော ပစ္စယော။ ယော ဟိ ဓမ္မော ယဿ ဓမ္မဿ ဌိတိယာ ဝါ ဥပ္ပတ္တိယာ ဝါ ဥပကာရကော ဟောတိ၊ သော တဿ ပစ္စယောတိ ဝုစ္စတိ။ ပစ္စယော, ဟေတု, ကာရဏံ, နိဒါနံ, သမ္ဘဝေါ, ပဘဝေါတိအာဒိ အတ္ထတော ဧကံ၊ ဗျဉ္ဇနတော နာနံ။ ဣတိ မူလဋ္ဌေန ဟေတု၊ ဥပကာရကဋ္ဌေန ပစ္စယောတိ သင်္ခေပတော မူလဋ္ဌေန ဥပကာရကော ဓမ္မော ဟေတုပစ္စယော။

(အဘိ-ဋ္ဌ-၃-၃၄၄။ ဝိသုဒ္ဓိ-၂-၁၆၄။)

အကျိုးတရားသည် ဤအကြောင်းတရားမှ စွဲ၍ ဖြစ်ရ၏ တည်ရ၏၊ ထိုသို့ အကျိုးတရား၏ စွဲ၍ ဖြစ်ခဲ့ရာ စွဲ၍ တည်ခဲ့ရာ အကြောင်း၏ အဖြစ်ကြောင့် ထိုအကြောင်းတရားသည် ပစ္စယ = ပစ္စည်း မည်၏။ ထိုအကြောင်းတရားကို မပယ်စွန့်မူ၍ ဖြစ်ရ၏ တည်ရ၏ဟု ဆိုလိုသည်။ ထင်ရှားစေအံ့ — အကြင်အကျိုးတရားသည် အကြင်အကြောင်းတရားကို မပယ်စွန့်မူ၍ မကင်းမူ၍ တည်မူလည်း တည်ရ၏၊ ဖြစ်မူလည်း ဖြစ်ရ၏။ ထိုအကြောင်းတရားသည် ထိုအကျိုးတရား၏ စွဲ၍တည်ခဲ့ရာ စွဲ၍ဖြစ်ခဲ့ရာ အကြောင်းတရားပင်တည်း။

**[မှတ်ချက်** — ပစ္ဆာဇာတပစ္စည်းသည် (= နောက်နောက်၌ ဖြစ်သော နာမ်တရားစုသည်) ပုရေဇာတ (= မိမိ၏ ရှေးက ကြိုတင်၍ ဖြစ်နှင့်သော ရုပ်တရားစု)အား တည်ဖို့ရန်သာ ကျေးဇူးပြု၏၊ ဖြစ်ဖို့ရန်ကား ကျေးဇူးမပြု။ အနန္တရစသော ပစ္စည်းသည် (= ရှေးရှေးသော နာမ်တရားစုသည်) နောက်နောက်သော နာမ်တရားစုအား ဖြစ်ဖို့ရန်သာ ကျေးဇူးပြု၏၊ တည်ဖို့ရန်ကား ကျေးဇူးမပြု။ ဟေတုစသော ပစ္စည်းတို့ကား တည်ဖို့ရန် ဖြစ်ဖို့ရန် နှစ်မျိုးလုံးအတွက် ကျေးဇူးပြုကြသည်။ ထို့ကြောင့် ဌိတိ ဝါ ဥပ္ပတ္တိ ဝါ - ဟု အနိယမတ္ထအနက် ရှိသော (= မမြဲသောအနက် ရှိသော) ဝါ-သဒ္ဒါဖြင့် ဖွင့်ဆိုသည်။ တိဋ္ဌတိ-ကား ဌီအခိုက်၌ တည်သောအားဖြင့် ဖြစ်ခြင်းတည်း၊ ဥပ္ပဇ္ဇတိ-ကား ဥပါဒ်အခိုက်၌ ဥပါဒ်သောအားဖြင့် ဖြစ်ခြင်းတည်း။**]**

ဤအထက်ပါ ဖွင့်ဆိုချက်များနှင့် အညီ အကြောင်းတရားများကို ပစ္စည်း၊ အကျိုးတရားများကို ပစ္စယုပ္ပန်ဟု မှတ်သားထားပါ။

## ဥပကာရကလက္ခဏာ

ပစ္စယသဒ္ဒါ၏ အကြောင်းဟူသောအနက်သည် သဒ္ဒတ္ထတည်း = သဒ္ဒါနက်တည်း။ ဥပကာရက-အနက်ကား အကြောင်းတရားအားလုံး၏ သဘောကိုပြသော လက္ခဏတ္ထတည်း။ သဘာဝလက္ခဏ အနက်သဘောတည်း။

**ဥပကာရက** — ဟူသည် ပစ္စယုပ္ပန်အကျိုးတရားတို့၏ လျော်သောဂုဏ်ရှိသည်၏အဖြစ်ကို ပြီးစေခြင်း = ပြုခြင်းတည်း။ ယင်းသို့ ပြုခြင်းဟူသည် အကြောင်းတရားနှင့်လျော်သော အကျိုးတရား၏ ဖြစ်နိုင်ခြင်း တည်ခြင်း ပင်တည်း။ ထိုသို့ အကြောင်းတရားနှင့် လျော်သော အကျိုးတရား၏ ဖြစ်နိုင်အောင် တည်နိုင်အောင် အကြောင်းတရားများက အကျိုးတရားများကို ပြုပေးသည် ဟူလိုသည်။ ယင်းသို့ ပြုပေးနိုင်ခြင်းကိုပင် အကြောင်းပစ္စည်းတရားတို့က အကျိုးပစ္စယုပ္ပန်တရားတို့ကို အကြောင်းတရားနှင့် လျော်သော အကျိုးတရားဖြစ်အောင် တည်အောင် ကျေးဇူးပြုပေးသည်ဟု ခေါ်ဆိုကြသည်။ ယင်းသို့ ကျေးဇူးပြုပေးသော ထိုအကျိုးတရား၏ ထိုအကြောင်းတရားကို **ပစ္စယ = ပစ္စည်း**-ဟုခေါ်ဆိုသည်။

အကျဉ်းချုပ်အားဖြင့်ကား အရင်းအမြစ်မူလ၏အဖြစ်ဖြင့် အကျိုးတရားတို့ကို လျော်သော အကျိုးကျေးဇူး ရှိသည်၏အဖြစ်ကို ပြုပေးတတ်သော (= လျော်သော အကျိုးကျေးဇူး ဖြစ်အောင် တည်အောင် ပြုပေးတတ်သော) ဟိတ် (၆)ပါး အကြောင်းတရားသည် ဟေတုပစ္စည်းမည်၏။

## မူလဋ္ဌ = အရင်းအမြစ် အနက်သဘော

လဒ္ဓဟေတုပစ္စယာ ဟိ ဓမ္မာ ဝိရူဠှမူလာ ဝိယ ပါဒပါ ထိရာ ဟောန္တိ သုပ္ပတိဋ္ဌိတာ၊ အဟေတုကာ တိလဗီဇကာဒိသေဝါလာ ဝိယ န သုပ္ပတိဋ္ဌိတာ။ ဣတိ မူလဋ္ဌေန ဥပကာရကောတိ သုပ္ပတိဋ္ဌိတဘာဝသာဓနေန ဥပကာရကော ဓမ္မော ဟေတုပစ္စယောတိ ဝေဒိတဗ္ဗော။ (အဘိ-ဋ္ဌ-၃-၃၄၅။ ဝိသုဒ္ဓိ-၂-၁၆၅။)

**အရင်းအမြစ်** — ဟူသည် အကျိုးတရားတို့၏ ကောင်းစွာတည်သည်၏ အဖြစ်ကို ပြီးစေခြင်းတည်း။ စည်ပင်ပြန့်ပွားသော အမြစ်ရှိကုန်သော သစ်ပင်တို့သည် ခိုင်မြဲကုန် ကောင်းစွာတည်ကုန်သကဲ့သို့ ရအပ်သော ဟေတုပစ္စည်း (= ဟိတ်အကြောင်းတရား) ရှိကုန်သော ပစ္စယုပ္ပန်တရားတို့သည် ခိုင်မြဲကုန် ကောင်းစွာ တည်ကြကုန်၏။ အဟိတ်တရားတို့ကား နှမ်းစေ့ပမာဏရှိသော — မှော်နှမ်း — အစရှိသော မှော်တို့ကဲ့သို့ ကောင်းစွာ မတည်နိုင်ကြကုန်။ သို့အတွက် – အရင်းအမြစ်မူလ၏ အဖြစ်ဖြင့် အကျိုးတရားတို့ကို လျော်သော အကျိုးကျေးဇူး ရှိသည်၏ အဖြစ်ကို ပြုပေးတတ် (= ကျေးဇူးပြုပေးတတ်)၏ ဟူသော စကားရပ်၌ — အကျိုးပစ္စယုပ္ပန်တရားတို့၏

ကောင်းစွာတည်သည်၏ အဖြစ်ကို ပြီးစေခြင်းအားဖြင့် အကျိုးတရားတို့ကို အကြောင်းတရားနှင့် လျော်သော ဂုဏ်ရှိသည်၏အဖြစ်ကို ပြုပေးတတ် ကျေးဇူးပြုပေးတတ်သော ဟိတ် (၆)ပါးတရားသည် ဟေတုပစ္စည်းမည်၏ဟု သိရှိပါလေ။ (အာရမ္မဏပစ္စည်း စသည်တို့၌လည်း ဤနည်းကို နည်းမှီး၍ သဘောပေါက်ပါလေ။)

**ကျေးဇူးပြုသည်** — ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်ဟု ဆိုရာ၌ – (၁) မဖြစ်သေးသော ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း, (၂) ဖြစ်ပြီးသော ပစ္စယုပ္ပန်တရားတို့ကို တည်တံ့အောင် ထောက်ပံ့ထားခြင်းကို ကျေးဇူးပြုသည်ဟု ခေါ်ဆိုသည် မှတ်ပါ။

## ပစ္စည်းနှင့် ပစ္စယုပ္ပန်

ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

(ပဋ္ဌာန-၁-၁။)

**ဟေတုပစ္စည်းတရားကား** — လောဘ ဒေါသ မောဟ, အလောဘ အဒေါသ အမောဟဟူသော ဟိတ် (၆)ပါး တရားတည်း။

**ဟေတုပစ္စယုပ္ပန်တရားကား** — သဟိတ်စိတ် (၇၁)ပါး၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် (၅၂)ပါး၊ ပဝတ္တိအခါ သဟိတ် စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

ပဋိသန္ဓေကမ္မဇရုပ်နှင့် ပဝတ္တိစိတ္တဇရုပ်တို့ကား ဟိတ် (၆)ပါး ပစ္စည်းတရားနှင့် ထိုက်သလို အတူတကွ ဖြစ်သော သဟဇာတ = သဟဇာတ်ရုပ်တို့တည်း။ ဟိတ် (၆)ပါးပစ္စည်းတရားတို့သည် သမ္ပယုတ္တခန္ဓာ = စိတ္တက္ခဏ တစ်ခု၏ အတွင်း၌ အတူယှဉ်တွဲဖြစ်သည့် နာမ်ခန္ဓာနှင့် သဟဇာတ်ရုပ်ဟူသော ပစ္စယုပ္ပန်တရားအားသာ ကျေးဇူး-ပြုပေးသဖြင့် စိတ္တက္ခဏတစ်ခုအတွင်း၌ ကျေးဇူးပြုပေးမှုကိုသာ ရည်ညွှန်းထားသည့် ပစ္စုပ္ပန်ကာလ ပစ္စည်းတရားစုဟု မှတ်ပါ။ အကြောင်းတရား များကား နာမ်တရားစုတို့သာ ဖြစ်ကြ၏။ အကျိုးတရားများကား နာမ်ရုပ် နှစ်မျိုးလုံး ဖြစ်ကြ၏။ သို့အတွက် ဤဟေတုပစ္စည်းသည် နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းတရားတည်း။

**“ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သ္နေဟော။”** (အံ-၁-၂၂၄။)

၁။ ကံသည် လယ်ယာနှင့် တူ၏။
၂။ ပဋိသန္ဓေဝိညာဏ်သည် မျိုးစေ့နှင့် တူ၏။
၃။ တဏှာသည် ရေအစေးနှင့် တူ၏။ (အံ-၁-၂၂၄။)

ဤအရာဝယ် ဟေတုပစ္စည်းတရားများက ပဋိသန္ဓေကမ္မဇရုပ်တို့အားသာ ကျေးဇူးပြုပေး၍ ပဝတ္တိ-ကမ္မဇရုပ်တို့အား ကျေးဇူးမပြုခြင်း၏ အကြောင်းမှာ ပဋိသန္ဓေကမ္မဇရုပ်တို့သည် ပဋိသန္ဓေဝိညာဏ်စိတ်နှင့်သာ ဆက်စပ်သော ဖြစ်ခြင်း ရှိသည့်အတွက်ကြောင့် ဖြစ်၏။ ပဋိသန္ဓေအခါဝယ် ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်နှင့် စပ်သော ဖြစ်ခြင်း ရှိကြကုန်၏။ ပဋိသန္ဓေစိတ်နှင့် စပ်သဖြင့်သာလျှင် ဖြစ်လည်း ဖြစ်ကြကုန်၏၊ တည်လည်း တည်ကြကုန်၏။ မှန်ပေသည် — ထိုပဋိသန္ဓေခဏ၌ ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ (အကြောင်းပြချက်ကို ရှေးရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် ပြန်ကြည့်ပါ။) ထိုကမ္မဇရုပ်တို့သည်လည်း ပဋိသန္ဓေဝိညာဏ် တွယ်မှုသာလျှင် ဖြစ်နိုင်ခွင့် ရှိကြသဖြင့် ပဋိသန္ဓေဝိညာဏ်နှင့် ကင်း၍ ဖြစ်ခြင်းငှာလည်းကောင်း, တည်ခြင်းငှာ လည်းကောင်း မစွမ်းနိုင်ကြကုန်။ ထိုကြောင့်ပင်လျှင် ဘုရားရှင်သည် —

ဝိညာဏပစ္စယာ နာမရူပံ။ ။ တသ္မိံ ပတိဋ္ဌိတေ ဝိညာဏေ ဝိရူဠှေ နာမရူပဿ အဝက္ကန္တိ ဟောတိ။ (သံ-၁-၂၉၆။)

“ပဋိသန္ဓေဝိညာဏ်ဟူသော အကြောင်းကြောင့် ပဋိသန္ဓေနာမ်ရုပ်သည် ဖြစ်ပေါ်လာ၏။ ။ ထိုပဋိ-သန္ဓေဝိညာဏ်သည် တည်လတ်သော် ပဋိသန္ဓေနာမ်ရုပ်၏ သက်ရောက်ခြင်းသည် ဖြစ်ပေါ်လာ၏။” — ဟု ဟောတော်မူပြီ။ (နိဒါနဝဂ္ဂသံယုတ် ကဠာရဝဂ်, ဒုတိယ စေတနာသုတ်။)

တစ်ဖန် ပဝတ္တိအခါ၌ကား ထိုကမ္မဇရုပ်တို့သည် စိတ် (= ဝိညာဏ်)သည် ထင်ရှားမရှိပါသော်လည်း ကံ၌ စပ်၍သာ ဖြစ်၏၊ ကံနှင့် ဆက်စပ်လျက်သာလျှင် ဖြစ်၏၊ စိတ်နှင့် စပ်သော ဖြစ်ခြင်းကား မရှိပေ။ မှန်ပေသည်-စိတ်စေတသိက် စိတ္တဇရုပ်တို့ ချုပ်ငြိမ်းနေကြသဖြင့် စိတ်ထင်ရှား မရှိကြကုန်သော နိရောဓသမာပတ်ကို ဝင်စား-တော်မူကြကုန်သော အနာဂါမ် ရဟန္တာ အရှင်မြတ်တို့၏ သန္တာန်၌သော်လည်း ထိုကမ္မဇရုပ်တို့သည် ဆက်လက်၍ ဖြစ်နေကြသောကြောင့် ဖြစ်၏။

တစ်ဖန် ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်စွမ်း မရှိသဖြင့် ကမ္မဇရုပ်သည်သာလျှင် ထိုပဋိသန္ဓေ-စိတ်၏ စိတ္တသမုဋ္ဌာန်ရုပ်၏ နေရာ၌ တည်နေ၏။ ထိုပဋိသန္ဓေစိတ်သည်လည်း ကမ္မဇရုပ်၏သာ မျိုးစေ့နေရာ၌ တည်နေ၏။ ကံသည်မူကား ထိုကမ္မဇရုပ် ဖြစ်ထွန်းရာ လယ်ယာနှင့်တူ၏။ တဏှာစသည့် ကိလေသာတို့သည် ရေနှင့် တူကုန်၏။

ထို့ကြောင့် လယ်ယာသည်လည်းကောင်း ရေသည်လည်းကောင်း ထင်ရှားရှိပါသော်လည်း ရှေးဦးစွာ ဖြစ်ခြင်း၌ မျိုးစေ့၏ အာနုဘော်ကြောင့် သစ်ပင်သည် ဖြစ်ပေါ်လာနိုင်သကဲ့သို့ ပဋိသန္ဓေခဏ၌ ပဋိသန္ဓေစိတ်၏ အာနုဘော်ကြောင့် ကမ္မဇရုပ်အပေါင်းသည် ဖြစ်ပေါ်လာရ၏။

မျိုးစေ့သည် အပင်ပေါက်ပြီးသောအခါ တဖြည်းဖြည်း ဆွေးမြည့်၍ ကင်းပျောက်သွားသော်လည်း လယ်ယာမြေဓာတ်နှင့် ရေဓာတ်တို့၏ အာနုဘော်ကြောင့် သစ်ပင်၏ အဆက်ဆက် တိုးတက်ကြီးပွား ဖြစ်ထွန်းခြင်းသည် ဖြစ်နိုင်သကဲ့သို့ ပဝတ္တိအခါ၌ကား စိတ်နှင့် ကင်း၍ ကံကြောင့်သာလျှင် ကမ္မဇရုပ်တို့သည် ဖြစ်နိုင်ကုန်၏ဟု သိရှိပါလေ။ ထို့ကြောင့် ဘုရားရှင်သည် —

၁။ ကံသည် လယ်ယာနှင့် တူ၏။
၂။ ပဋိသန္ဓေဝိညာဏ်သည် မျိုးစေ့နှင့် တူ၏။
၃။ တဏှာသည် ရေအစေးနှင့် တူ၏ — ဟု

ဤစကားတော်ကို ဟောကြားတော်မူခဲ့ပေသည်။ (အဘိ-ဋ္ဌ-၃-၃၅၅-၃၅၆။)

## အာရမ္မဏပစ္စည်း

အာရုံ၏ အစွမ်းဖြင့် ကျေးဇူးပြုတတ်သော တရားသည် **အာရမ္မဏ**ပစ္စည်းတည်း။ အားမရှိသော ယောကျ်ားသည် တုတ်ကိုသော်လည်းကောင်း, ကြိုးကိုသော်လည်းကောင်း, ဆွဲမှီ၍သာလျှင် ထလည်း ထရသကဲ့သို့ လည်း-ကောင်း, ရပ်လည်း ရပ်ရသကဲ့သို့လည်းကောင်း အလားတူပင် စိတ်စေတသိက်တရားတို့သည် ရူပါရုံစသော အာရုံကို အာရုံပြု၍သာလျှင် ဖြစ်လည်း ဖြစ်ကြရကုန်၏၊ တည်လည်း တည်ကြရကုန်၏၊ ထိုကြောင့် စိတ်စေတသိက်တို့၏ အာရုံဖြစ်ကုန်သော အာရုံ (၆)ပါးလုံးကိုပင် အာရမ္မဏပစ္စည်း = အာရုံအကြောင်းတရားဟူ၍ သိရှိပါလေ။ (အဘိ-ဋ္ဌ-၃-၃၄၅။ ဝိသုဒ္ဓိ-၂-၁၆၅။)

**အာရမ္မဏပစ္စည်းတရားကား** အာရုံ (၆)ပါးတည်း။
**အာရမ္မဏပစ္စယုပ္ပန်တရားကား** စိတ်စေတသိက်တရားစုတည်း။

**[မှတ်ချက်** — ဝိပဿနာပိုင်းဝယ် ဝိပဿနာဉာဏ်၏ အရှုခံအာရုံကိုသာ ကွက်၍ ပြောဆိုရပါမူ — အာရုံဘက်၌ ရုပ် (၂၈)ပါးနှင့် လောကီ စိတ်စေတသိက် နာမ်တရားစုတို့ တည်ရှိကြ၏။ အာရမ္မဏိက (= အာရုံယူတတ်သော ပစ္စယုပ္ပန်တရား)ဘက်၌ နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အာရုံ (၆)ပါးလုံးကို ထိုက်သလို အာရုံပြုကြသည့် (၆)လိုင်းလုံး အတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့ပင် ဖြစ်ကြသည်။**]**

၁။ ရူပါရုံသည် ရူပါရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော စက္ခုဒွါရဝီထိ, မနောဒွါရဝီထိ စိတ်-စေတသိက် နာမ်တရားစုတို့အား,

၂။ သဒ္ဒါရုံသည် သဒ္ဒါရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော သောတဒွါရဝီထိ, မနောဒွါရဝီထိ စိတ်-စေတသိက် နာမ်တရားစုတို့အား,

၃။ ဂန္ဓာရုံသည် ဂန္ဓာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ဃာနဒွါရဝီထိ, မနောဒွါရဝီထိ စိတ်-စေတသိက် နာမ်တရားစုတို့အား,

၄။ ရသာရုံသည် ရသာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ဇိဝှါဒွါရဝီထိ, မနောဒွါရဝီထိ စိတ်-စေတသိက် နာမ်တရားစုတို့အား,

၅။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ကာယဒွါရဝီထိ, မနောဒွါရဝီထိ စိတ်-စေတသိက် နာမ်တရားစုတို့အား,

၆။ ဓမ္မာရုံသည် ဓမ္မာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော မနောဒွါရဝီထိ စိတ်စေတသိက် နာမ်တရားစုတို့အား, — အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

(၁)ပညတ်, (၂)နာမ်, (၃)ရုပ် ပစ္စည်းတရားတို့က ပစ္စယုပ္ပန် နာမ်တရားတို့အား ကျေးဇူးပြုသော ပစ္စည်း-မျိုးတည်း။ ပစ္စည်းတရားဘက်တွင် ကာလသုံးပါးအတွင်းရှိ ရုပ်နာမ်ပရမတ်တရား အားလုံးနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ပညတ် ပစ္စည်းတရားများ ပါဝင်ကြ၏။ ကသိုဏ်းပဋိဘာဂနိမိတ် အာနာပါနပဋိဘာဂနိမိတ်စသော ပညတ်အာရုံတို့လည်း ဓမ္မာရုံအရတွင် ပါဝင်ကြ၏။ ကသိုဏ်း ပဋိဘာဂနိမိတ်များက ကသိုဏ်းစျာန်နာမ်တရားတို့အား, အာနာပါနပဋိဘာဂနိမိတ်က အာနာပါနစျာန်နာမ်တရားတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးလျက်ပင် ရှိ၏။ သို့အတွက် အာရမ္မဏပစ္စည်းပိုင်း၌ အောက်ပါလိုရင်း အတိုချုပ်ကို မှတ်သားထားပါ။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၂။)

= ပညတ် ပရမတ်မဟူ မည်သည့်တရားကိုမဆို အာရုံပြု၍ အကြင်အကြင် စိတ်စေတသိက်တရားတို့သည် ဖြစ်ပေါ်လာကြကုန်၏၊ ထိုထို အာရုံတရားတို့သည် ထိုထို စိတ်စေတသိက်တရားတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက်ရှိ၏။ သိစရာ = အာရုံရှိပါမှ သိမှု ဖြစ်နိုင်သည် ဟူလို။

## အဓိပတိပစ္စည်း

အကြီးအကဲ၏ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့ကို လျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်သော တရားသည် **အဓိပတိပစ္စည်း**မည်၏။ ထိုအဓိပတိ ပစ္စည်းသည် သဟဇာတာဓိပတိပစ္စည်း အာရမ္မဏာဓိပတိပစ္စည်းတို့၏ အပြားအားဖြင့် (၂)မျိုး အပြားရှိ၏။ ထို (၂)မျိုးသော အဓိပတိပစ္စည်းတို့တွင် — သဟဇာတာဓိပတိပစ္စည်းသည် (၄)မျိုး ရှိ၏ —

## သဟဇာတာဓိပတိပစ္စည်း

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(ပဋ္ဌာန-၁-၂။)

ဆန္ဒာဓိပတိတရားသည် ဆန္ဒနှင့် ယှဉ်ဖက် စိတ်စေတသိက် သမ္ပယုတ်တရားတို့အားလည်းကောင်း, ထို စိတ်စေတသိက်တို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့အားလည်းကောင်း အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ —

ဤသို့စသည်ဖြင့် ဘုရားရှင်သည် ဟောကြားထားတော်မူအပ်သော ဆန္ဒ-ဝီရိယ-စိတ္တ-ဝီမံသ (= ပညာ)ဟု ခေါ်ဆိုအပ်ကုန်သော (၄)ပါးကုန်သော တရားတို့ကို အဓိပတိပစ္စည်းတရားတို့ဟူ၍ သိရှိပါလေ။ စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူဖြစ်ကြသော သဟဇာတတရားတို့အား အကြီးအကဲအဖြစ် ကျေးဇူးပြုတတ်သော တရားတို့ ပင်တည်း။ ယင်း (၄)မျိုးလုံးသည် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ကား အတူယှဉ်တွဲ၍ ဖြစ်နိုင်၏၊ သို့သော် (၄)မျိုးလုံးသည် ပြိုင်တူ အဓိပတိကိစ္စကား မတပ်ပေ။ အကြင်အခါ၌ ဆန္ဒကို အဦးပြု၍ အကြီးအကဲပြု၍ စိတ်သည် ဖြစ်ပေါ်လာ၏၊ ထိုအခါ၌ ဆန္ဒသည်သာလျှင် အဓိပတိ ကိစ္စတပ်ပေသည်။ ဝီရိယ-ဝီမံသ-စိတ္တတို့ကား အဓိပတိ ကိစ္စမတပ်ပေ၊ ဝီရိယ-ဝီမံသ-စိတ္တတို့၌လည်း နည်းတူမှတ်ပါ။ စိတ္တက္ခဏတစ်ခု၏ အတွင်း၌ ယင်း (၄)မျိုးတို့တွင် တစ်မျိုးသည်သာလျှင် အဓိပတိကိစ္စကို ဆောင်ရွက်နိုင်သည်။

၁။ **ဆန္ဒာဓိပတိ** — ဆန္ဒကို အဦးပြု၍ အကြီးအကဲပြု၍ စိတ်သည် ဖြစ်ပေါ်လာရာ၌ ဆန္ဒကား အဓိပတိ ပစ္စည်းတရားတည်း။ ယင်းဆန္ဒနှင့် ယှဉ်သော သာဓိပတိဇောစိတ်, ဆန္ဒ ဝိစိကိစ္ဆာကြဉ်သော စေတသိက်တရားစု, ယင်းစိတ်စေတသိက်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့ကား ပစ္စယုပ္ပန်တရားစုတည်း။

၂။ **ဝီရိယာဓိပတိ** — ဝီရိယကို အဦးပြု၍ အကြီးအကဲပြု၍ စိတ်သည် ဖြစ်ပေါ်လာရာ၌ ဝီရိယကား အဓိပတိ ပစ္စည်းတရားတည်း။ ယင်းဝီရိယနှင့် ယှဉ်သော သာဓိပတိဇောစိတ်, ဝီရိယ ဝိစိကိစ္ဆာကြဉ်သော စေတသိက်တရားစု, ယင်းစိတ်စေတသိက်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့ကား ပစ္စယုပ္ပန်တရားစုတည်း။

၃။ **ဝီမံသာဓိပတိ** — ပညာကို အဦးပြု၍ အကြီးအကဲပြု၍ စိတ်သည် ဖြစ်ပေါ်လာရာ၌ ပညာကား အဓိပတိ ပစ္စည်းတရားတည်း။ ယင်းပညာနှင့် ယှဉ်သော သာဓိပတိဇောစိတ်, ပညာ ဝိစိကိစ္ဆာကြဉ်သော စေတသိက်တရားစု, ယင်းစိတ်စေတသိက်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့ကား ပစ္စယုပ္ပန်တရားစုတည်း။

၄။ **စိတ္တာဓိပတိ** — စိတ်ဓာတ်ကို အဦးပြု၍ အကြီးအကဲပြု၍ စိတ်သည် ဖြစ်ပေါ်လာရာ၌ သာဓိပတိဇော-စိတ်ကား အဓိပတိပစ္စည်းတရားတည်း။ ယင်းသာဓိပတိဇောစိတ်နှင့် ယှဉ်သော ဝိစိကိစ္ဆာကြဉ်သော သမ္ပယုတ် စေတသိက်တရားစုနှင့် ယင်းစိတ်စေတသိက်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့ကား ပစ္စယုပ္ပန်တရားစုတည်း။

၁။ ဆန္ဒဝတော ကိံ နာမ န သိဇ္ဈတိ။
၂။ ဝီရိယဝတော ကိံ နာမ န သိဇ္ဈတိ။
၃။ ပညာဝတော ကိံ နာမ န သိဇ္ဈတိ။
၄။ စိတ္တဝတော ကိံ နာမ န သိဇ္ဈတိ။

၁။ ဆန္ဒရှိသသူအား အဘယ်မည်သော အကျိုးသည် မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း၊ (ပြီးစီးရမည်သာ)။
၂။ ဝီရိယရှိသသူအား အဘယ်မည်သော အကျိုးသည် မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း၊ (ပြီးစီးရမည်သာ)။
၃။ ပညာရှိသသူအား အဘယ်မည်သော အကျိုးသည် မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း၊ (ပြီးစီးရမည်သာ)။
၄။ ထက်သန်ပြင်းထန်သော စိတ်ဓာတ်ရှိသသူအား အဘယ်မည်သော အကျိုးသည် မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း၊ (ပြီးစီးရမည်သာ)။

## စိတ်ဓာတ်ကို ပြုပြင်ပေးပါ

ဆန္ဒာဓိပတိမဖြစ်မီ ရှေးအဖို့၌ — "ဆန္ဒရှိလျှင် အဘယ်မည်သော အကျိုးသည် မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း"-ဟု စိတ်ဓာတ်ကို (= စိတ်စေတသိက်တရားစုကို) ပြုပြင်ပေးရ၏။ ထိုရှေးအဖို့၌ ပြီးစီးသော စိတ်ဓာတ်ကို အား-တက်အောင် ပြုပြင်မှုသည် နောက်နောက်စိတ်အား ပင်ကိုပကတိ သဘောအတိုင်း အားကြီးသောမှီရာဟူသော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုသို့ ကျေးဇူးပြုသောကြောင့် နောက်နောက်စိတ် ဖြစ်သောအခါ ဆန္ဒသည် အကြီးအကဲဖြစ်လာ၏။ ထိုသို့ အကြီးအကဲဖြစ်လာသော ဆန္ဒကို "ဆန္ဒာဓိပတိ"ဟု ခေါ်ရသည်။ ဝီရိယစသည်တို့ အဓိပတိဖြစ်ရာ၌လည်း ဤနည်းပင်တည်း။

"ဆန္ဒရှိလျှင် အဘယ်မည်သော အကျိုးသည် မပြီးစီးဘဲ နေနိုင်ပါအံ့နည်း" — ဤသို့ စသော ရှေးအဖို့၌ ပြီးစီးသော စိတ်ဓာတ်ကို အားတက်အောင်ပြုပြင်မှု ဟူသော ပကတိ အားကြီးသောမှီရာ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုမှုကို ရရှိသောအခါ ဖြစ်ပေါ်လာကြကုန်သော နောက်နောက်သောစိတ်၌ (= စိတ်စေတသိက် အပေါင်း၌) ယှဉ်ကုန်သော ဆန္ဒစသော တရားတို့သည် အဦးပဓာန ဖြစ်ကြကုန်၏၊ အကြီးအကဲ ဖြစ်ကြကုန်၏။ မိမိတို့ ဆန္ဒစသည်တို့ ကိုယ်တိုင် ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို မိမိတို့ ဆန္ဒစသည်တို့၏ အလိုအတိုင်း ပြီးစေကုန်သည် ဖြစ်၍ ဖြစ်ပေါ်လာကြကုန်၏။ ထိုဆန္ဒစသည်တို့နှင့် ယှဉ်ဖက်သမ္ပယုတ်တရားတို့သည်လည်း ထိုဆန္ဒစသည်တို့၏ အလိုအတိုင်း ဖြစ်ပေါ်လာကြကုန်၏။ အကြောင်းမူ — ဟီနစသည်တို့၏ အဖြစ်ဖြင့် ထိုဆန္ဒစသည်တို့သို့ အစဉ်-လိုက်၍ ဖြစ်ရခြင်းကြောင့်တည်း။

ဆန္ဒ-ဝီရိယ-ဝီမံသ-စိတ္တတို့တွင် တရားတစ်ခုခုက ဟီနဖြစ်လျှင် (= ယုတ်ညံ့နေလျှင်) သမ္ပယုတ်တရားတို့သည်လည်း ဟီနပင် ဖြစ်ကြရ၏။ ယင်းတရားတစ်ခုခုက မဇ္ဈိမဖြစ်လျှင် (= အလယ်အလတ်တန်းစား ဖြစ်နေလျှင်) သမ္ပယုတ်တရားတို့သည်လည်း မဇ္ဈိမပင် ဖြစ်ကြရ၏။ ယင်းတရားတစ်ခုခုက ပဏီတဖြစ်လျှင် (= မွန်မြတ်နေလျှင် အထက်တန်းစား ဖြစ်နေလျှင်) သမ္ပယုတ်တရားတို့သည်လည်း ပဏီတပင် ဖြစ်ကြရ၏၊ အထက်တန်းစားများ ဖြစ်သွားကြ၏။ ထိုကြောင့် သမ္ပယုတ်တရားတို့သည် ဆန္ဒစသည်တို့သို့ အစဉ်လိုက်၍ ဖြစ်ကြရ၏ဟု ဆိုခြင်း ဖြစ်သည်။

ထိုသို့ ဆန္ဒစသည်တို့က သမ္ပယုတ်တရားတို့ကို မိမိ၏ အလို၌ ဖြစ်စေခြင်းကြောင့်, သမ္ပယုတ္တဓမ္မတို့၏ မိမိ၏ အလို၌ ဖြစ်ခြင်းကြောင့် ထိုဆန္ဒ-ဝီရိယ-ဝီမံသ-စိတ္တတို့သည် အဓိပတိပစ္စည်းတရားတို့ ဖြစ်ကြကုန်၏။ ဤသို့ သန္နိဋ္ဌာန်ကျ မှတ်သားပါလေ။ (မူလဋီ-၃-၁၆၉။)

## တိုက်တွန်းချက်

ထိုကြောင့် အသင်သူတော်ကောင်းသည် — နိဗ္ဗာန်ကို ရရှိရေးအတွက် —

၁။ အလွန်ပြင်းထန်သော ဆန္ဒဓာတ်ကို မွေးမြူပါ။
၂။ အလွန်ပြင်းထန်သော ဝီရိယဓာတ်ကို မွေးမြူပါ။
၃။ အလွန်ပြင်းထန်သော ဝီမံသဓာတ်ကို မွေးမြူပါ။
၄။ အလွန်ပြင်းထန်သော စိတ်ဓာတ်ကို မွေးမြူပါ။

ဤဆန္ဒ-ဝီရိယ-ဝီမံသ-စိတ္တ-တရားစုတို့က အသင် သူတော်ကောင်း၏ စိတ်အစဉ်ကို နိဗ္ဗာန်ဘက်သို့ ရောက်ရှိအောင် သယ်ဆောင်သွားမည်သာ ဖြစ်ပေသည်။ စိတ်အစဉ်ကို မိမိတို့အလိုဉ် ဖြစ်စေနိုင်သော စွမ်းအား-ကြီးများ ဖြစ်သောကြောင့်တည်း။

## အာရမ္မဏာဓိပတိပစ္စည်း

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၂။)

အကြင်အကြင် အာရုံဓမ္မကို အလေးဂရုပြု၍ စိတ်စေတသိက်တရား ဖြစ်ကုန်သော အကြင်အကြင် ဓမ္မသဘောတရားတို့သည် ဖြစ်ပေါ်လာကြကုန်၏၊ ထိုထို အာရုံဓမ္မတို့သည် ထိုထို စိတ်စေတသိက် ဓမ္မတို့အား အာရမ္မဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၂။)

အကြင်အာရုံကို အလေးဂရုပြု၍ နာမ်တရားတို့သည် ဖြစ်ပေါ်လာကြ၏။ ထိုအလေးဂရုပြုရာ အာရုံသည် ထိုနာမ်တရားတို့၏ **အာရမ္မဏာဓိပတိပစ္စည်း**တည်း။ (အဘိ-ဌ-၃-၃၄၅။ ဝိသုဒ္ဓိ-၂-၁၆၅။)

အလေးဂရုပြုထိုက်သည်လည်းဖြစ်သော အာရုံသည် ထိုအာရုံ၌ ညွတ်ကုန်သော, ထိုအာရုံ၌ ကိုင်းကုန်သော, ထိုအာရုံ၌ ရှိုင်းကုန်သော ဆင်ခြင်ကြောင်းဖြစ်သော စိတ်, သာယာတတ်သော စိတ်, မဂ်စိတ် ဖိုလ်စိတ်တို့ကို မိမိ၏အလိုဉ် ဖြစ်စေသကဲ့သို့ လျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်၏။ ထိုသို့ အလေးဂရုပြုထိုက်သော အာရုံက မိမိသို့ ညွတ်ကိုင်းရှိုင်းနေသော စိတ်တို့အား လျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်သည်၏ အဖြစ်ကြောင့် မိမိနှင့် စပ်ကုန်သော စိတ်စေတသိက် ပစ္စယုပ္ပန်တရားတို့၏ အရှင်သခင်၏အဖြစ်ဖြင့် ဤလျော်သော ဂုဏ်ကျေးဇူးကို ပြုတတ်သည်၏ အဖြစ်ကို အဓိပတိပစ္စည်း (= အာရမ္မဏာဓိပတိပစ္စည်း)၏ အဖြစ်ဟူ၍ မှတ်သားထိုက်ပေသည်။ (မူလဋီ-၃-၁၆၉။)

**ပစ္စည်းတရား** — အလေးအမြတ်ပြုအပ်သော ရုပ်အစစ် (၁၈), ဒေါသမူဒွေ, မောဟမူဒွေ, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော စိတ် (၈၄)ခု, ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၄၇)ခု၊ နိဗ္ဗာန်တို့ကား အာရမ္မဏာဓိပတိပစ္စည်းတရားတို့တည်း။ (အသင်ယောဂီသူတော်ကောင်းအတွက် ဝိပဿ-နာရှုကွက် အနေဖြင့် သီးသန့်ထုတ်နှုတ်၍ ကွက်၍ ပြောဆိုရပါမူ — ရုပ်အစစ် (၁၈), ဒုက္ခသဟဂုတ် ကာယ-ဝိညာဏ်မှ တစ်ပါး, လောဘဇော မဟာကုသိုလ်ဇောများ ပါဝင်သည့် အာရုံ (၆)ပါးကို ထိုက်သလို အလေးဂရုပြု လျက် အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ဝီထိ (၆)မျိုးတို့၏ အတွင်း၌ တည်ရှိကြကုန်သော နာမ်တရားစုများ, အာနာပါနပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် နာမ်တရားစုများသည် အာရမ္မဏာဓိပတိပစ္စည်းတရားတည်း။)

**ပစ္စယုပ္ပန်တရား** — အလေးအမြတ်ပြုတတ်သော လောဘမူဇော (၈)ခု၊ မဟာကုသိုလ်ဇော (၈)ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော (၄)ခု၊ လောကုတ္တရာစိတ် (၈)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် (၄၅)ခုသည် အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်တရားစုတည်း။ (အသင်ယောဂီသူတော်ကောင်းအတွက် ကွက်၍ ဆိုရမူ လောဘမူဇော နာမ်တရားစု, အပ္ပမညာစေတသိက်တို့ မပါဝင်သည့် မဟာကုသိုလ်ဇော နာမ်တရားစုတို့သည် အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်တရားစုတည်း)

နာမ်ရုပ်က နာမ်ရုပ်အား ကျေးဇူးပြုတတ်သော ပစ္စည်းတည်း။

ဤပစ္စည်းတရားတို့ကား ကာလ (၃)ပါးနှင့် ကာလဝိမုတ်၌ ဖြစ်၏။

## အနန္တရပစ္စည်း – သမနန္တရပစ္စည်း

အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရားတို့၏ အကြားတွင် ခြားကွယ်တတ်သော တရားတစ်ပါး မရှိသည်၏ အဖြစ်ကြောင့် အကြားမရှိ အခြားမရှိသည်၏ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့ကို လျော်သော ဂုဏ်ကျေးဇူးတို့ကို ဖြစ်ပေါ်လာအောင် ပြုပေးတတ်သော တရားသည် **အနန္တရပစ္စည်း** မည်၏။

အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရားတို့၏ အကြားတွင် လွန်စွာ ခြားကွယ်တတ်သော တရားတစ်ပါး မရှိသည်၏ အဖြစ်ကြောင့် လွန်စွာ အကြားမရှိ အခြားမရှိသည်၏ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့ကို လျော်သော ဂုဏ်ကျေးဇူးကို ဖြစ်ပေါ်လာအောင် ပြုပေးတတ်သော တရားသည် **သမနန္တရပစ္စည်း** မည်၏။

## အနုစ်သာရအားဖြင့် မှတ်သားရန်

စက္ခုဝိညာဏ်၏ အခြားမဲ့၌ သမ္ပဋိစ္ဆိုင်းဟူသော မနောဓာတ်သည် ဖြစ်ပေါ်လာ၏၊ သမ္ပဋိစ္ဆိုင်းဟူသော မနောဓာတ်၏ အခြားမဲ့၌ သန္တီရဏဟူသော မနောဝိညာဏဓာတ်သည် ဖြစ်ပေါ်လာ၏၊ သန္တီရဏဟူသော မနောဝိညာဏဓာတ်၏ အခြားမဲ့၌ ဝုဋ္ဌောဟူသော မနောဝိညာဏဓာတ်သည် ဖြစ်ပေါ်လာ၏။ စုတိ၏ အခြားမဲ့၌ ပဋိသန္ဓေသည် ဖြစ်ပေါ်လာ၏။ — ဤသို့လျှင် အကြင်အကြင်စိတ်၏ အခြားမဲ့၌ အကြင်အကြင်စိတ်သည် ဖြစ်ပေါ်လာ၏၊ ထိုထိုစိတ်၏ ထိုရှေးစိတ်၏ အခြားမဲ့၌ ဖြစ်ခြင်းမြဲသော သဘောသည် စိတ္တနိယာမတည်း။

ထိုစိတ္တနိယာမသဘောသည် ထိုထို အတူတကွ အကျိုးတရားကို ဖြစ်ပေါ်လာအောင် ပြုလေ့ရှိသော အာရုံစသော အကြောင်းတရားသည် အထူးပြုအပ်သော ရှေးရှေး၌ ဖြစ်သော စိတ်၏သာလျှင် စွမ်းအားကြောင့် ပြီးစီးရ၏၊ ရှေးရှေးစိတ်၏ စွမ်းအားမှ တစ်ပါး အခြားအခြားသော တရား၏ စွမ်းအားကြောင့် ပြီးစီးသည်မဟုတ်။ ထိုကြောင့် မိမိ မိမိ၏ အခြားမဲ့၌ လျော်သော စိတ်စေတသိက်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်သာလျှင် ဖြစ်သော ဓမ္မသဘောတရားသည် အနန္တရပစ္စည်းမည်၏။ ထိုသို့ မိမိ၏ အခြားမဲ့၌ လျော်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သော တရား၏သာလျှင် အနန္တရပစ္စည်းမည်သည်၏ အဖြစ်ကြောင့်ပင်လျှင် ဘုရားရှင်သည် —

အနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၂။)

= စက္ခုဝိညာဏဓာတ်သည်လည်းကောင်း, ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ဖက်သမ္ပယုတ်တရားတို့သည်လည်းကောင်း, သမ္ပဋိစ္ဆိုင်း မနောဓာတ်အားလည်းကောင်း, ထိုသမ္ပဋိစ္ဆိုင်း မနောဓာတ်နှင့် ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ — ဤသို့စသည့် ဒေသနာတော်ကို ဟောကြားတော်မူပေသည်။

အနန္တရပစ္စည်းမည်သော ထိုတရားသည်ပင်လျှင် သမနန္တရပစ္စည်းမည်၏။ မှန်ပေသည် — ဤအနန္တရပစ္စည်း သမနန္တရပစ္စည်းဟူသော ပစ္စည်း (၂)ပါးတို့၌ သဒ္ဒါမျှသာ ထူး၏။ ဥပစယနှင့် သန္တတိပုဒ်တို့၌ကဲ့သို့လည်းကောင်း, အဓိဝစနဒုက်နှင့် နိရုတ္တိဒုက် စသည်တို့၌ကဲ့သို့လည်းကောင်း သဒ္ဒါသာလျှင် ထူး၏။ တရားကိုယ်အနက်သဘောအားဖြင့်ကား အထူးမရှိ။ (အဘိ-ဋ္ဌ-၃-၃၄၆။ ဝိသုဒ္ဓိ-၂-၁၆၆။)

## ထူးသောအကြောင်း ရိုးရာအကြောင်း

အထက်ပါ စကားရပ်၌ — အတူတကွ ပစ္စယုပ္ပန်အကျိုးတရားကို ဖြစ်ပေါ်လာအောင် ပြုလေ့ရှိသော ထိုထိုအာရုံစသော အကြောင်း — ဟူသည် ကုသလဝိပါက် စက္ခုဝိညာဏ်, အကုသလဝိပါက် စက္ခုဝိညာဏ် ဟူသော စက္ခုဝိညာဏ်နှစ်မျိုးတွင် ကုသလဝိပါက် စက္ခုဝိညာဏ် ဖြစ်ဖို့ရန် ဣဋ္ဌာရုံသည် ထူးသောအကြောင်းတည်း၊ အာလောက မနသိကာရတို့ကား ရိုးရာအကြောင်းတည်း = ကုသလဝိပါက် အကုသလဝိပါက် နှစ်မျိုးလုံးနှင့် ဆက်ဆံသော သာဓာရဏအကြောင်းတည်း။ အကုသလဝိပါက် စက္ခုဝိညာဏ် ဖြစ်ဖို့ရန် အနိဋ္ဌာရုံသည် ထူးသော အကြောင်းတည်း၊ အာလောက မနသိကာရတို့ကား ရိုးရာအကြောင်းတည်း = သာဓာရဏ အကြောင်းတည်း။ သမ္ပဋိစ္ဆိုင်း သန္တီရဏစသည်တို့ ဖြစ်ရာ၌လည်း နည်းတူ မှတ်ပါ။

## ဝါဒန္တရ အယူအဆများ

"အနက်ဒြပ်ဟူသော ခြားကွယ်တတ်သော တရားမရှိသည်၏ အဖြစ်ကြောင့် အနန္တရပစ္စည်းမည်၏၊ အချိန်ကာလဟူသော ခြားကွယ်တတ်သော တရားမရှိသည်၏ အဖြစ်ကြောင့် သမနန္တရပစ္စည်း မည်၏" — ဤသို့ ရေဝတဆရာတို့၏ အယူဝါဒသည် ရှိ၏။ ထိုအယူဝါဒကား —

နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၃၈။)

ဤသို့စသော ဒေသနာတော်များနှင့် ဆန့်ကျင်လျက်ရှိ၏။

အရှင်ရေဝတဆရာတို့ကား ပစ္စည်းနှင့် ပစ္စယုပ္ပန်နှစ်ပါး၏ အကြား၌ ခြားကွယ်တတ်သော အနက်ဒြပ် = တရားဒြပ် = ပရမတ္ထဓာတ်သား မရှိ၊ ခြားကွယ်တတ်သော တရားတစ်ပါး မရှိခြင်းကြောင့် အနန္တရပစ္စည်းဖြစ်၏။ ထိုပစ္စည်းနှင့် ပစ္စယုပ္ပန်နှစ်ပါး၏ အကြား၌ ခြားကွယ်တတ်သောကာလ မရှိခြင်းကြောင့် (= ရှေးစိတ်၏ ဘင်နှင့် နောက်စိတ်၏ ဥပါဒ်အကြားဝယ် ကာလအပိုမရှိခြင်းကြောင့်) သမနန္တရပစ္စည်း ဖြစ်၏။ ဤသို့ ပစ္စည်းနှစ်ပါးတို့၏ အထူးကို အလိုရှိကြသည်။

နိရောဓသမာပတ်မဝင်စားမီ အနာဂါမ်အရိယာသူတော်ကောင်းသည် ယုဂနဒ္ဓနည်းအားဖြင့် လောကီ ဈာန်သမာပတ်တို့ကို အစဉ်အတိုင်း ဝိပဿနာ ရှုပွားသုံးသပ်တော်မူ၏။ နောက်ဆုံး နိရောဓသမာပတ်ကို မဝင်စားမီ နေဝသညာနာသညာယတနကုသိုလ် သမာပတ်ကို ဝင်စားတော်မူ၏။ နေဝသညာနာသညာယတနကုသိုလ်ဇော တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် စောပြီးနောက် နိရောဓသမာပတ်သို့ ဆိုက်ရောက်တော်မူသွား၏။ နိရောဓသမာပတ်၏ အတွင်း၌ ခဏဖြစ်စေ ခုနစ်ရက်တိုင်အောင်ဖြစ်စေ တည်နေပြီးနောက် နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်စိတ် ဖြစ်၏၊ ထိုနေဝသညာနာသညာယတနကုသိုလ်ဇောက အနာဂါမိဖိုလ်ဇောအား သမနန္တရသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် ထိုရေဝတဆရာတို့၏ – ခြားကွယ်တတ်သော ကာလမရှိခြင်းကြောင့် သမနန္တရပစ္စည်းဖြစ်၏ -ဟူသော ဤအယူသည် ဤအထက်ပါ ပါဠိတော်နှင့် ဆန့်ကျင်သောကြောင့် မသင့်ပါဟု ဆိုလိုသည်။

တစ်ဖန် ဤအရှင်ရေဝတဆရာတို့၏ အယူဝါဒသည် — နိရောဓသမာပတ်ကို ဝင်စားတော်မူကြသော ရဟန္တာ အရှင်မြတ်တို့၏ မဝင်စားမီ နောက်ဆုံးဖြစ်သော နေဝသညာနာသညာယတန ကြိယာဇောက နိရောဓသမာပတ်မှ ထသောအခါ ပထမဆုံးဖြစ်သော အရဟတ္တဖိုလ်စိတ်အား ကျေးဇူးပြုပုံကို ပြသော ပါဠိတော်နှင့် အသညသတ် ဘုံသို့ မရောက်မီ ကာမဘုံမှ စုတိသည် အသညသတ်ဘုံဝယ် ကမ္ဘာငါးရာခြားပြီးမှ ကာမဘုံ၌ တစ်ဖန်ပြန်၍ ပဋိသန္ဓေတည်လာရာ ယင်းပဋိသန္ဓေစိတ်အား ကျေးဇူးပြုပုံကိုပြသော ပါဠိတော်တို့နှင့်လည်း ဆန့်ကျင်ပေသည်။ (အဘိ-ဋ္ဌ-၃-၃၄၆။ ဝိသုဒ္ဓိ-၂-၁၆၆။)

[ကာမစုတိ၏ အသညသတ်ဘဝခြားပြီးမှ ကာမပဋိသန္ဓေအား ကျေးဇူးပြုပုံမှာ ပါဠိတော် သီးခြားမရှိ။ - "ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။" (ပဋ္ဌာန-၁-၄။) — ဟူသော ပါဠိတော်၌ပင် အကျုံးဝင်ပေသည်။]

ထိုနိရောဓသမာပတ်မှ ထသော ပုဂ္ဂိုလ်၏ နိရောဓသမာပတ်သို့ မဆိုက်မီ နေဝသညာနာသညာယတန ကုသိုလ်၏ နိရောဓသမာပတ်မှ ထသောအခါ ဖလသမာပတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာ စသည်တို့၌ — နေဝသညာနာသညာယတနဇောက ဖလသမာပတ်အား ချက်ချင်းဖြစ်အောင် ကျေးဇူးမပြုသော်လည်း ကျေးဇူးပြုနိုင်သော သမနန္တရသတ္တိကား မယုတ်လျော့ပါ။ နိရောဓသမာပတ် ဝင်စားခိုက်၌ ဖိုလ်ဇော မဖြစ်အောင် နိရောဓသမာပတ်ဝင်စားကြောင်း ဘာဝနာစွမ်းအားက တားမြစ်ထားသောကြောင့်သာ သမနန္တရ ဖြစ်လောက်အောင် ဖိုလ်ဇောမဖြစ်ဘဲ လစ်လပ်ရပါသည်ဟု ထိုဆရာတို့က ဆိုကြ၏။

ထိုဆရာတို့၏ စကားကို ကောက်ချက်ချလျှင် ထိုဆရာတို့၏ စကားသည် ကာလအခြား မရှိသည်၏ အဖြစ်၏ မရှိခြင်းကိုပင် = ကာလခြားမှုရှိနေခြင်းကိုပင် ပြီးစေသည်။ မှန်ပေသည် — ထိုနေဝသညာနာသညာယတနကုသိုလ်က နိရောဓသမာပတ်မှ ထသောအခါ ဖလသမာပတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာ၌ ဘာဝနာစွမ်းအားကြောင့် အချိန်ကာလဟူသော ခြားကွယ်တတ်သော တရားမရှိသည်၏ အဖြစ်သည်မရှိ၊ အချိန်ကာလဟူသော ခြားကွယ်တတ်သော တရားကား ရှိနေ၏။ ငါတို့ကလည်း (အဋ္ဌကထာဆရာတို့ကလည်း) အချိန်ကာလဟူသော ခြားကွယ်တတ်သော တရားရှိမှုကိုပင် ဆိုလိုကုန်၏။

ထိုသို့ ကာလအကြား ရှိနေသော = အချိန်ကာလဟူသော ခြားကွယ်တတ်သော တရားရှိနေသောကြောင့်- "ကာလအခြား မရှိခြင်းကြောင့် သမနန္တရပစ္စည်းဖြစ်၏။" ဟူသော ထိုဆရာတို့၏ အယူဝါဒကား မသင့်မြတ် သည်သာ ဖြစ်၏။ ထိုဆရာတို့၏ အလိုအားဖြင့် နေဝသညာနာသညာယတနဇောသည် နိရောဓသမာပတ်မှ ထသော ဖိုလ်ဇောအား သမနန္တရပစ္စည်း မဖြစ်နိုင်တော့ပေ။ ထိုကြောင့် အနန္တရနှင့် သမနန္တရပစ္စည်းတို့သည် သဒ္ဒါမျှသာထူး၏ အနက်အရကောက် မထူးဟု နှလုံးသွင်းခြင်းထက် ပိုလွန်၍ "အတ္ထာနန္တရကြောင့် အနန္တရ ပစ္စည်းဖြစ်၏၊ ကာလာနန္တရကြောင့် သမနန္တရပစ္စည်း ဖြစ်၏"ဟု နှလုံးသွင်းမှုကို မပြုမူ၍ ဤပစ္စည်းနှစ်မျိုးတို့၌ သဒ္ဒါမျှသာထူး၏၊ အနက်အရကောက်မထူးဟုသာ မှတ်ပါ။

ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့၏ အကြား၌ ခြားကွယ်တတ်သော တရားတစ်ပါး မရှိကုန်သည်၏ အဖြစ်ကြောင့် ထိုပစ္စည်းတရားတို့သည် အနန္တရတို့ မည်ကုန်၏။ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့၏ အကြား၌ ပုံသဏ္ဌာန်၏ မရှိခြင်းကြောင့် လွန်စွာ ခြားကွယ်တတ်သော တရားတစ်ပါး မရှိသောကြောင့် ထိုပစ္စည်း တရားတို့သည် သမနန္တရတို့မည်ကုန်၏။

**ပစ္စည်းတရား** — ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသော စိတ်စေတသိက်တရား အားလုံး-သည် အနန္တရပစ္စည်း သမနန္တရပစ္စည်းတရား မည်၏။

**ပစ္စယုပ္ပန်တရား** — ရဟန္တာအရှင်မြတ်တို့၏ စုတိစိတ်နှင့်တကွ နောက်နောက်၌ ဖြစ်သော စိတ်စေတသိက်တရားစုအားလုံးသည် ပစ္စယုပ္ပန်တရား မည်၏။ နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်းတရားတည်း။

## အကျဉ်းချုပ် မှတ်သားရန်

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ သမနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၃-၄။)

အကြင်အကြင် ရဟန္တာတို့၏ စုတိကြဉ်သော ရှေးရှေးသော စိတ်စေတသိက်တရားတို့၏ အခြားမဲ့၌ အကြင်အကြင် ရဟန္တာတို့၏ စုတိနှင့်တကွသော နောက်နောက်သော စိတ်စေတသိက်တရားတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ရဟန္တာတို့၏ စုတိကြဉ်သော ထိုထို ရှေးရှေးသော စိတ်စေတသိက်တရားတို့သည် ရဟန္တာတို့၏ စုတိနှင့်တကွသော ထိုထို နောက်နောက်သော စိတ်စေတသိက်တရားတို့အား အနန္တရပစ္စယသတ္တိဖြင့် သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၃-၄။)

ရှေးစိတ်က နောက်စိတ်ဖြစ်နိုင်အောင် ကျေးဇူးပြုပြီးမှ ချုပ်ပျက်သွားသည်။ ဤသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ရှုပါ။

## နိရောဓသမာပတ်နှင့် အသညသတ်
## (မူလဋီကာ၏ အယူအဆ)

အဋ္ဌကထာ၌ — "နိရောဓသမာပတ် ဝင်စားရာဝယ် နိရောဓသမာပတ်သို့ မဆိုက်မီ နောက်ဆုံး ဖြစ်ပေါ်သွားသော နာမ်တရား (= နေဝသညာနာသညာယတနဇော)နှင့် နိရောဓသမာပတ်မှ ထသောအခါ အစဆုံးဖြစ်သည့် နာမ်တရား (= အနာဂါမိဖိုလ်ဇော သို့မဟုတ် အရဟတ္တဖိုလ်ဇော)တို့၏ အကြား၌ ကာလခြားလျက်ရှိ၏" ဟု ယူဆ၍ အရှင်ရေဝတဆရာတို့၏ "ကာလန္တရတာယ သမနန္တရပစ္စယော = ကာလခြားသောကြောင့် သမနန္တရပစ္စည်း ဖြစ်၏" — ဟူသော စကားကို မသင့်ဟု ဖွင့်ဆိုထား၏။ ထိုစကားရပ်ကို မူလဋီကာဆရာတော်က လက်မခံလိုသောကြောင့် "ဓမ္မာနံ ပဝတ္တိမေဝ စ ဥပါဒါယ" — (မူလဋီ-၃-၁၇၀။) စသည်ဖြင့် ဖွင့်ဆိုထား၏။ ယင်းမူလဋီကာ၏ ဆိုလိုရင်းမှာ ဤသို့ဖြစ်၏ —

ကာလဟူသည် ဓမ္မတို့၏ ဖြစ်ခြင်းကို အစွဲပြု၍ ခေါ်ဝေါ်အပ်သော ဝေါဟာရတစ်မျိုးတည်း။ နိရောဓသမာပတ် ဝင်စားရာအခါ, အသညသတ်ဘုံဝယ် ဖြစ်ရာအခါတို့၌ နာမ်ဓမ္မတို့၏ ဖြစ်ခြင်း မရှိရကား "ကာလအကြား မရှိ"ဟု မှတ်ပါ။ ထိုကြောင့် နိရောဓသမာပတ်မှထသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ်သို့ မဆိုက်မီ ရှေးဖြစ်သော နေဝသညာနာသညာယတနဇော, နိရောဓသမာပတ်မှ ထပြီးနောက် ဖြစ်သော ဖလသမာပတ် (= ဖိုလ်ဇော)တို့၏လည်းကောင်း, အသညသတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်၏ အသညသတ်ဘုံသို့ မဆိုက်မီ ရှေးဘဝ၌ ဖြစ်သော စုတိ, အသညသတ်ဘုံမှနောက် ကာမဘဝ၌ ဖြစ်သော ပဋိသန္ဓေတို့၏လည်းကောင်း ချုပ်ခြင်း ဖြစ်ခြင်းတို့၏ အကြား မရှိကုန်သည်၏ အဖြစ်ကြောင့် ကာလအကြားရှိသည်၏ အဖြစ်သည် မရှိဟု မှတ်ထိုက်၏။

[နိရောဓသမာပတ်သို့ မဆိုက်မီ နောက်ဆုံးဖြစ်သွားသော နေဝသညာနာသညာယတနဇောနှင့် နိရောဓသမာပတ်မှအထ ဦးစွာဖြစ်သော အနာဂါမိဖိုလ်ဇော အရဟတ္တဖိုလ်ဇောတို့၏ အကြား၌ နာမ်တရားများ လုံးဝမဖြစ်ကြသဖြင့် ကာလအကြားမရှိ။ ကာမဘုံမှ စုတေ၍ သို့မဟုတ် ထိုက်သင့်ရာ ရူပတစ်ဘုံဘုံမှ စုတေ၍

အသညသတ်ဘုံ၌ ကမ္ဘာ (၅၀၀)တည်နေပြီးနောက် အသညသတ်ဘုံမှ စုတေ၍ ကာမဘုံ၌ တစ်ဖန်ပြန်၍ ပဋိသန္ဓေတည်လာရာဝယ် အသညသတ်ဘုံသို့ မဆိုက်မီက ကာမစုတိ သို့မဟုတ် ရူပါဝစရစုတိနှင့် အသညသတ်ဘုံမှ ဆင်းလာသောအခါ ဖြစ်ပေါ်လာသော ကာမပဋိသန္ဓေတို့၏ အကြား၌လည်း နာမ်တရားများ လုံးဝ မဖြစ်ကြသဖြင့် ကာလအကြားမရှိ။ ကာလဟူသည် ဓမ္မတို့၏ ဖြစ်ခြင်းကို အစွဲပြု၍ ခေါ်ဝေါ်အပ်သော ဝေါဟာရ တစ်မျိုးတည်း၊ နိရောဓသမာပတ်ဝင်စားရာအခါ အသညသတ်ဘုံဝယ် ဖြစ်ရာအခါတို့၌ နာမ်ဓမ္မတို့၏ ဖြစ်ခြင်း မရှိရကား "ကာလအကြားမရှိ" - ဟု မှတ်ထိုက်၏ — ဟူလိုသည်။]

မှန်ပေသည် — ထိုနိရောဓသမာပတ်မှ ထသော ပုဂ္ဂိုလ်၏ ရှေး၌ဖြစ်သော နေဝသညာနာသညာယတန-ဇော, နောက်၌ဖြစ်သော အနာဂါမိဖိုလ်ဇော, သို့မဟုတ် အရဟတ္တဖိုလ်ဇော, အသညသတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်၏ ရှေးဘဝ၌ ဖြစ်သော စုတိ, နောက်ဘဝ၌ ဖြစ်သော ကာမပဋိသန္ဓေတို့၏ အကြား၌ နာမ်တရားတို့၏ အကြင် ဖြစ်ခြင်းကို အစွဲပြု၍ ကာလအကြားရှိသည်၏ အဖြစ်ကို ဆိုရာ၏၊ နာမ်တရားတို့၏ ထိုဖြစ်ခြင်းသဘော သည်ကား မရှိ ဖြစ်ခဲ့၏။

တစ်ဖန် ရုပ်တရားတို့၏ ဖြစ်ခြင်းသည် နာမ်တရားတို့၏ ဖြစ်ခြင်း၏ အကြားကို (= ခြားကွယ်မှုကို) မပြုတတ်ပေ။ အဘယ့်ကြောင့်နည်း? — နာမ်အစဉ်မှ တစ်ပါးသော ရုပ်အစဉ်၏ အဖြစ်ကြောင့်တည်း။ နှစ်မျိုးကုန်သော ရုပ်သန္တတိအစဉ် နာမ်သန္တတိအစဉ်တို့သည် အချင်းချင်း မတူကွဲပြားသော သဘောရှိကုန်သည်၏ အဖြစ်ကြောင့် အချင်းချင်း လျော်သော ဂုဏ်ကျေးဇူးရှိကုန်သည်၏ အဖြစ်ကို ပြုတတ်ကုန်သည်၏ အဖြစ်ဖြင့် ဖြစ်ပါကုန်သော်လည်း (= သဟဇာတပစ္စယသတ္တိ စသောအားဖြင့် အချင်းချင်း ကျေးဇူးပြုကြပါသော်လည်း) ရုပ်နှင့်နာမ်တို့သည် တစ်သီးတစ်ခြားသာ ဖြစ်ကြကုန်၏။

တစ်ဖန် တစ်ခုသော ရုပ်သန္တတိအစဉ်၌ သို့မဟုတ် တစ်ခုသော နာမ်သန္တတိအစဉ်၌ ရှေး၌ဖြစ်သောတရား နောက်၌ဖြစ်သောတရားတို့၏ အလယ်၌ ဖြစ်သောတရားသည် ထိုသန္တတိအစဉ်၌ အကျုံးဝင်သည်၏အဖြစ် ကြောင့် ထိုအလယ်၌ ဖြစ်သောတရားသည် ရှေ့ နောက်တရားတို့၏ အကြားကို ပြုတတ်၏ = ခြားကွယ်မှုကို ပြုတတ်၏။ ထိုကဲ့သို့ ခြားကွယ်မှုကို အကြားကို ပြုလုပ်တတ်သော ထိုနာမ်သန္တတိအစဉ်၌ အကျုံးဝင်သော တစ်စုံတစ်ခုသော တရားသည်လည်း နိရောဓသမာပတ်၏ ရှေး၌ဖြစ်သော နေဝသညာနာသညာယတနဇော, နောက်၌ဖြစ်သော အနာဂါမိဖိုလ်ဇော သို့မဟုတ် အရဟတ္တဖိုလ်ဇောတို့၏ အလယ်၌ မရှိဖြစ်ခဲ့၏။

တစ်ဖန် မရှိခြင်းဟူသော အဘာဝပညတ်သည် အကြားကို ပြုတတ်သည် ခြားကွယ်တတ်သည်လည်း မဟုတ်၊ အဘယ်ကြောင့်နည်း အဘာဝပညတ်ဟူသည် ပရမတ်အားဖြင့် ထင်ရှားမရှိသည်၏ အဖြစ်ကြောင့် ပင်တည်း။ ထိုသို့ အဘာဝပညတ်၏ ပရမတ်အားဖြင့် ထင်ရှားမရှိသည့်အတွက် အကြားကို မပြုတတ် ခြားကွယ်မှုကို မပြုတတ်သည်၏ အဖြစ်ကြောင့် ရှေးဇော၏ အခြားမဲ့၌ ဖြစ်သော နောက်ဇော၏ အခြားမရှိ သကဲ့သို့လည်းကောင်း, ရှေးဘဝင်၏ အခြားမဲ့၌ ဖြစ်သော နောက်ဘဝင်၏ အခြားမရှိသကဲ့သို့လည်းကောင်း အကြားမရှိသည်၏ အဖြစ်သည် လွန်စွာအကြားမရှိသည်၏ အဖြစ်သည်လည်း ဖြစ်ပေ၏။ ထိုကြောင့် နိရောဓ သမာပတ်၏ ရှေး၌ဖြစ်သော နေဝသညာနာသညာယတနဇော, အသညသတ်ဘုံသို့ မဆိုက်မီ ရှေး၌ ဖြစ်သော စုတိတို့၏လည်း ထိုလွန်စွာ အကြားမရှိသည်၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့် အနာဂါမိဖိုလ်ဇော (သို့မဟုတ် အရဟတ္တဖိုလ်ဇော) ဟူသော ပစ္စယုပ္ပန်တရား, (အသညသတ်ဘုံမှ စုတေသူ၏) ကာမပဋိသန္ဓေ ဟူသော ပစ္စယုပ္ပန်တရားကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကို မှတ်သားထိုက်၏။

အထူးကား — ဤအနန္တရပစ္စည်း သမနန္တရပစ္စည်းတို့၏ ကျေးဇူးပြုပုံကို ပြဆိုရာ၌ အနန္တရပစ္စည်း သမနန္တရပစ္စည်းတို့၏ ဖြစ်ဖို့ရာ ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် ထင်ရှား၏၊ ထိုကြောင့် ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကိုသာလျှင် အဋ္ဌကထာဆရာတော်က ဖွင့်ဆိုအပ်၏။ ထိုသို့ပင် ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကိုသာ ဖွင့်ဆိုအပ်ပါသော်လည်း ဥပါဒ်ဟူသော ရှေ့အပိုင်းအခြား ဘင်ဟူသော နောက်အပိုင်းအခြားအားဖြင့် ယူအပ်ကုန်သည်ဖြစ်၍ — ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယ (= ခဏသုံးပါး အပေါင်း)၌ အကျုံးဝင်ကုန်သော **ဥပ္ပန္နတိ = ဖြစ်ဆဲတရား**ဟူသော အမည်ကို မရနိုင်ကုန်သော (ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက်ဟူသော အမည်ကိုသာ ရနိုင်ကုန်သော) ပစ္စုပ္ပန်တရားတို့၏ —

အတီတော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၄၁၃။)

= အတိတ်ဖြစ်သော တရားသည် ပစ္စုပ္ပန်ဖြစ်သော တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ —

ဤသို့စသော ပါဠိရပ်ဖြင့် အနန္တရစသော ပစ္စည်းတို့၏အဖြစ်ကို ဘုရားရှင်သည် ဟောကြားတော်မူအပ်ပြီ၊ ထိုကြောင့် ထိုအနန္တရအစရှိသော ပစ္စည်းကို ဥပါဒ်အခိုက်၌သာ ဟောတော်မူအပ်သည်မဟုတ် (ဥပါဒ်-ဌီ-ဘင်-ခဏသုံးပါးအပေါင်းကိုပင် ရည်ညွှန်း၍ ဟောတော်မူအပ်၏)ဟု သိအပ်ပေ၏။

မှန်ပေသည် — ကုသလ - ကုသိုလ်ဟုဆိုရာ၌ "ပစ္စုပ္ပန် ကုသိုလ်, အတိတ်ကုသိုလ်, အနာဂတ်ကုသိုလ်"ဟု ကာလအားဖြင့် အပိုင်းအခြားမရှိသကဲ့သို့ ပစ္စုပ္ပန္နသဒ္ဒါသည် ကာလအားဖြင့် အပိုင်းအခြားမရှိသော သဒ္ဒါမဟုတ်၊ အပိုင်းအခြားရှိသော သဒ္ဒါသာဖြစ်သည်။ ကုသလသဒ္ဒါသည် ရှေ့အဖို့ဟူသော ဥပါဒ်အပိုင်းအခြား နောက်အဖို့ဟူသော ဘင်အပိုင်းအခြား၏ အစွမ်းဖြင့် ကာလအပိုင်းအခြား မရှိသောကြောင့် ဥပါဒ်မျှနှင့် ပြည့်စုံခြင်းရှိသော တရားတို့ကိုသာ အရကောက်ယူခြင်းသည်လည်း ဖြစ်နိုင်၏။ သို့သော် ပစ္စုပ္ပန္နသဒ္ဒါကား ထိုကာလအားဖြင့် အပိုင်းအခြားမရှိသော သဒ္ဒါမဟုတ်၊ ကာလအားဖြင့် အပိုင်းအခြားရှိသော သဒ္ဒါသာ ဖြစ်၏။ ထိုသို့ ပစ္စုပ္ပန္နသဒ္ဒါ၏ ဥပါဒ်-ဌီ-ဘင် (= ဖြစ်-တည်-ပျက်)ဟူသော ကာလအားဖြင့် ပိုင်းခြား၍သာ တရားကိုယူခြင်းကြောင့် အတီတ တိက်၌ ပဋိစ္စဝါရ အစရှိသော ဝါရတို့သည် မရှိကုန်။ (မူလဋီ-၃-၁၇၀။)

ဤအနန္တရပစ္စည်း သမနန္တရပစ္စည်းတို့၌ ပစ္စည်းတရားတို့ကား လွန်ပြီးစ အတိတ် စိတ္တက္ခဏအတွင်း၌ တည်ရှိကြသော စိတ်စေတသိက်တို့ ဖြစ်ကြ၍ ပစ္စယုပ္ပန်တရားတို့မှာ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း (= ခဏတ္တယ)သို့ ရောက်ဆဲ ပစ္စုပ္ပန်တည့်တည့် ခဏပစ္စုပ္ပန် စိတ်စေတသိက်တရားစုတို့ ဖြစ်ကြသည်။ အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန် ခဏပစ္စုပ္ပန်ဟူသော ပစ္စုပ္ပန် (၃)မျိုးတို့တွင် ခဏပစ္စုပ္ပန်နည်းအားဖြင့်ဆိုသော် ပစ္စည်းတရားကား အတိတ်, ပစ္စယုပ္ပန်တရားကား ပစ္စုပ္ပန်တည်း။ နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။ ရဟန္တာတို့၏ စုတိမှတစ်ပါးသော ပဋိသန္ဓေ ဘဝင် စုတိဟူသော ဝီထိမုတ်စိတ်တို့လည်း ပါဝင်ကြသည်။

## သဟဇာတပစ္စည်း

မိမိဖြစ်လျှင် ဖြစ်ခြင်း မိမိဥပါဒ်ဆဲခဏ၌ ပစ္စယုပ္ပန်တရားတို့ကို မိမိနှင့် အတူတကွ ဖြစ်စေသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းတရားသည် **သဟဇာတပစ္စည်း** မည်၏။ ဆီမီးသည် အလင်းရောင်အား ကျေးဇူးပြုသကဲ့သို့ မှတ်ပါ။

ဥပါဒ်-ဌီ-ဘင် (= ဖြစ်-တည်-ပျက်)ဟူသော ခဏသုံးပါးအပေါင်း၏ အတွင်း၌ အတူဖြစ်ကြသော ပရမတ် တရားတို့သည် အချင်းချင်း တရားတစ်ပါးက တရားတစ်ပါးကို — ဆီမီးသည် မီးတောက်သည်နှင့် တစ်ပြိုင်နက်

အလင်းရောင် ပေါ်လာအောင်လည်းကောင်း, အလင်းရောင် တည်နေအောင်လည်းကောင်း ကျေးဇူးပြုသကဲ့သို့ ထို့အတူ — မိမိဖြစ်သည်နှင့် တစ်ပြိုင်နက် ပစ္စယုပ္ပန်တရားတို့ကို ဖြစ်အောင်လည်းကောင်း, မိမိတည်သည်နှင့် တစ်ပြိုင်နက် ပစ္စယုပ္ပန်တရားတို့ကို တည်အောင်လည်းကောင်း ကျေးဇူးပြုသောတရားသည် **သဟဇာတပစ္စည်း** မည်၏။

## သဟဇာတပစ္စည်း (၆) မျိုး

၁။ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

၂။ စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

၃။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

၄။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

၅။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

၆။ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတ-ပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၅။)

**အညမညန္တိ** အညော အညဿ။ ဣမိနာ ဧတေသံ ဓမ္မာနံ ဧကက္ခဏေ ပစ္စယဘာဝဉ္စေဝ ပစ္စယုပ္ပန္နဘာဝဉ္စ ဒီပေတိ။ (အဘိ-ဋ္ဌ-၃-၃၆၅။)

၁။ စိတ္တက္ခဏတစ်ခု၏ အတွင်း၌ တည်ရှိကြသော နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း တစ်ပါးသည် တစ်ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးနှင့် ပြည့်စုံခိုက် ကလာပ်တူ မဟာဘုတ်တို့သည် အချင်းချင်းအား, (၃)ပါးက (၁)ပါးအား, (၁)ပါးက (၃)ပါးအား, (၂)ပါးက (၂)ပါးအား, သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၃။ ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌ နာမ်ရုပ်သည် အချင်းချင်းအား,

၄။ ဒွေပဉ္စဝိညာဏ် (၁၀), အရူပဝိပါက် (၄)ခု, ရဟန္တာတို့၏ စုတိကြဉ်သော စိတ်စေတသိက်တရားတို့သည် စိတ္တသမုဋ္ဌာန်ရုပ်တို့အား (အဋ္ဌကထာနည်း), စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား (ဆရာနည်း),

၅။ ကလာပ်တူ မဟာဘုတ်တို့သည် ကလာပ်တူ ဥပါဒါရုပ်တို့အား,

၆။ ဟဒယဝတ္ထုရုပ်တရားတို့သည် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့အား ပဋိသန္ဓေကာလ၌ သဟဇာတ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ပဝတ္တိကာလ၌ သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးမပြု။

[**မှတ်ချက်** — ပဋိသန္ဓေအခါ၌ မှီရာ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေနာမ်တရားစုတို့သည် ဥပါဒ်ချင်းပြိုင်လျက် ပြိုင်တူ ဖြစ်ကြသောကြောင့် သဟဇာတသတ္တိဖြင့် ဟဒယဝတ္ထုက ပဋိသန္ဓေနာမ်တရားစုအား ကျေးဇူးပြုခြင်း ဖြစ်၏။ ပဝတ္တိအခါ၌ကား ပဉ္စဝေါကာရဘုံဝယ် ဟဒယဝတ္ထုရုပ်ကို မှီကြသည့် နာမ်တရားစုတို့သည် မိမိတို့ မဥပါဒ်မီ ရှေးရှေးစိတ္တက္ခဏက ဖြစ်ခဲ့သော ဟဒယဝတ္ထုရုပ်ကိုသာ မှီဖြစ်ကြ၍ မိမိတို့နှင့် ပြိုင်တူ ဥပါဒ်သည့် ဟဒယဝတ္ထုရုပ်ကို မမှီကြသဖြင့် ပဝတ္တိအခါ၌ ဟဒယဝတ္ထုက နာမ်တရားတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးမပြုကြခြင်း ဖြစ်သည်။]

**စိတ္တစေတသိကာတိ** ပဝတ္တိယံ စတ္တာရော ခန္ဓာ။ (အဘိ-ဋ္ဌ-၃-၃၆၅။)

အမှတ် (၄)၌ စိတ္တသမုဋ္ဌာန်ရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးသော စိတ်စေတသိက်တို့

အရ ပဝတ္တိအခါ၌ ဖြစ်သော စိတ်စေတသိက်တရားတို့ကို အရကောက်ယူရန် အဌကထာက ဖွင့်ဆိုထား၏။ သို့သော် ပဌာန်းအရကောက် ဆရာတော်ကား ပဋိသန္ဓေနာမ်တရားစုတို့ကိုလည်း အာစရိယဝါဒအရ အရကောက် ယူရန် တင်ပြထား၏။ အဌကထာကား အမှတ် (၃) ဖြစ်သည့် သြက္ကန္တိက္ခဏေ နာမရူပံ အရတွင် ပဋိသန္ဓေ နာမ်ရုပ်တို့ ပါဝင်ပြီး ဖြစ်သည်ဟု ယူဆ၍ မဖွင့်ဆိုခြင်း ဖြစ်တန်ရာသည်။

**သြက္ကန္တိက္ခဏေ**တိ ပဉ္စဝေါကာရဘဝေ ပဋိသန္ဓိက္ခဏေ။ တသ္မိံ ဥို ခဏေ နာမရူပံ သြက္ကန္တံ ဝိယ ပက္ခန္ဒန္တံ ဝိယ ပရလောကတော ဣမံ လောကံ အာဂန္တွာ ပဝိသန္တံ ဝိယ ဥပ္ပဇ္ဇတိ၊ တသ္မာ သော ခဏော “သြက္ကန္တိက္ခဏော”တိ ဝုစ္စတိ။ (အဘိ-ဌ-၃-၃၆၅။)

= သြက္ကန္တိက္ခဏဟူသည် ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေခဏတည်း။ ထိုပဋိသန္ဓေခဏ၌ နာမ်နှင့်ရုပ်သည် တမလွန်လောကမှ ဤလောကသို့ လာ၍ အမိဝမ်း၌ ပဋိသန္ဓေတည်နေရမည့် ဂဗ္ဘသေယျကဖြစ်မည့်သူက အမိဝမ်းသို့ ဝင်သကဲ့သို့လည်းကောင်း, သံသေဒဇ သြပပါတိက ဖြစ်မည့်သူတို့က ဆိုင်ရာ အရပ်သို့ ဝင်ရောက် သကဲ့သို့လည်းကောင်း ဖြစ်၏။ ထို့ကြောင့် ထိုပဋိသန္ဓေခဏကို သြက္ကန္တိက္ခဏဟု ဆို၏။ (အဘိ-ဌ-၃-၃၆၅။)

## အညမညပစ္စည်း

အချင်းချင်း ဖြစ်စေတတ် ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် **အညမညပစ္စည်း** မည်၏။ အချင်းချင်း ထောက်ပံ့တတ်သော တုတ် (၃)ချောင်းကဲ့သို့မှတ်ပါ။

(အဘိ-ဌ-၃-၃၄၇။ ဝိသုဒ္ဓိ-၂-၁၆၇။)

တုတ်ချောင်း (၃)ချောင်းကို အဖျား၌ စုချည်ပြီးလျှင် ထောင်၍ အောက်ဖက်၌ ခြေ (၃)ချောင်းကို မျှအောင် ကားထားလိုက်သောအခါ မလဲအောင် အချင်းချင်း ထောက်ပံ့ထားသကဲ့သို့ တစ်နည်းဆိုသော် (၃)ချောင်းထောက် ထိုင်ခုံ၌ ခြေထောက် (၃)ခုတို့ကို အချင်းချင်း ထောက်ပံ့ထားသောကြောင့် မလဲသကဲ့သို့ ထို့အတူ ပစ္စည်း ပစ္စယုပ္ပန် ကွဲပြားသော်လည်း အပြန်အလှန် ပစ္စည်းဖြစ်နိုင် ပစ္စယုပ္ပန်လည်း ဖြစ်နိုင်၍ ပစ္စည်းဖြစ်ခိုက်၌ အချင်းချင်း ဖြစ်စေနိုင် ထောက်ပံ့နိုင်သော သတ္တိကို အညမညပစ္စည်းဟု ခေါ်သည်။

သဟဇာတပစ္စည်းတုန်းက — **ဥပ္ပန္နမာနော စ သဟ ဥပ္ပါဒနဘာဝေန ဥပကာရကော ဓမ္မော** - (အဘိ-ဌ-၃-၃၄၆။ ဝိသုဒ္ဓိ-၂-၁၆၆။) = မိမိဖြစ်လျှင် ဖြစ်ခြင်း မိမိဉပါဒ်ဆဲ ခဏ၌ ပစ္စယုပ္ပန်တရားတို့ကို မိမိနှင့် အတူတကွ ဖြစ်စေသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် သဟဇာတပစ္စည်းမည်၏ဟု ဖော်ပြထား၏။ ယင်းသို့ ဖော်ပြထားသော စကားသည် ဖြစ်စေဖို့ရန် ကျေးဇူးပြုခြင်းက ထင်ရှားသောကြောင့် ဆိုအပ်သော စကားဖြစ်၏။ ထိုစကားကို နိဒဿနနည်းဟု ယူ၍ “တည်ဖို့ရန်လည်း ကျေးဇူးပြုခြင်းကို ညွှန်ပြသောစကား”ဟု မှတ်ပါ။

(မဟာဋီ-၂-၂၇၄၊ စာပိုဒ်-၅၉၉။)

ဤအညမညပစ္စည်း၌ကား — **အညမညံ ဥပ္ပါဒနုပတ္ထမ္ဘနဘာဝေန ဥပကာရကော ဓမ္မော** — ။ (အဘိ-ဌ-၃-၃၄၇။ ဝိသုဒ္ဓိ-၂-၁၆၇။) **အယဉ္စ ဥပ္ပတ္တိယာ ဋ္ဌိတိယာစ ဥပကာရကောတိ ဝေဒိတဗ္ဗော**။ (မဟာဋီ-၂-၂၇၅။)

= ဤအညမညပစ္စည်းသည် အချင်းချင်း ဖြစ်စေတတ် ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြု- တတ်သော တရားတည်း။ ဤအညမည ပစ္စည်းတရားသည် ဖြစ်ပေါ်လာအောင်လည်းကောင်း, တည်တံ့အောင် လည်းကောင်း ကျေးဇူးပြုတတ်သော တရားတည်း — ဟု ဤသို့ ဖွင့်ဆိုထား၏။

ထို့ကြောင့် ဤသဟဇာတပစ္စည်းနှင့် အညမညပစ္စည်းတို့သည် ပစ္စယုပ္ပန်တရားတို့ကို ဖြစ်ပေါ်လာအောင် လည်းကောင်း, တည်တံ့အောင်လည်းကောင်း နှစ်မျိုးလုံး ကျေးဇူးပြုသည်ဟု မှတ်ပါ။

## အညမညပစ္စည်း (၃) မျိုး

၁။ စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။
၂။ စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။
၃။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၅။)

၁။ နာမ်ခန္ဓာ (၄)ပါးတို့သည် အချင်းချင်းအား,
၂။ မဟာဘုတ် (၄)ပါးတို့သည် အချင်းချင်းအား,
၃။ ပဋိသန္ဓေဝါကာရ ပဋိသန္ဓေခဏ၌ နာမ်ရုပ်သည် အချင်းချင်းအား အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

## အချင်းချင်း ကောက်ယူပုံ

### (က) နာမက္ခန္ဓာ = နာမ်ခန္ဓာအချင်းချင်း

၁။ (၃)ပါး, (၃)ပါးသော နာမက္ခန္ဓာအား ကျေးဇူးပြုတတ်သော (၁)ပါး (၁)ပါးသော နာမက္ခန္ဓာ ပစ္စည်းတရား။
၂။ (၁)ပါး (၁)ပါးသော နာမက္ခန္ဓာအား ကျေးဇူးပြုတတ်သော (၃)ပါး (၃)ပါးသော နာမက္ခန္ဓာ ပစ္စည်းတရား။
၃။ (၂)ပါး (၂)ပါးသော နာမက္ခန္ဓာအား ကျေးဇူးပြုတတ်သော (၂)ပါး (၂)ပါးသော နာမက္ခန္ဓာ ပစ္စည်းတရား။

ဤသို့လျှင် နာမ်ခန္ဓာအချင်းချင်း၌ ပစ္စည်း ပစ္စယုပ္ပန် (၃)မျိုး ခွဲယူပါ။ ဤခွဲထားသတ်မှတ်ချက်များအရ ရှေးအကြောင်း အကျိုးတို့ကို သိမ်းဆည်းသည့် အပိုင်းတွင် စိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့တွင် နာမ်တရား (၁)လုံးကို သို့မဟုတ် နာမ်ခန္ဓာ (၁)ခုကို အကျိုးယူပါက ကြွင်းကျန်သော နာမ်ခန္ဓာ (= နာမ်တရားစု)တို့မှာ အကြောင်းတရားများ ဖြစ်ကြသည်ဟုလည်းကောင်း, နာမ်ခန္ဓာ (၂)ခု (၃)ခုစသည်ကို အကျိုးယူပါက ကြွင်းကျန်သော နာမ်ခန္ဓာမှာ အကြောင်းတရား ဖြစ်သည်ဟုလည်းကောင်း ဖော်ပြခဲ့ခြင်း ဖြစ်သည်။

### (ခ) မဟာဘုတ်အချင်းချင်း

၁။ (၃)ပါး (၃)ပါးသော မဟာဘုတ်အား ကျေးဇူးပြုတတ်သော (၁)ပါး (၁)ပါးသော မဟာဘုတ် ပစ္စည်းတရား၊
၂။ (၁)ပါး (၁)ပါးသော မဟာဘုတ်အား ကျေးဇူးပြုတတ်သော (၃)ပါး (၃)ပါးသော မဟာဘုတ် ပစ္စည်းတရား၊
၃။ (၂)ပါး (၂)ပါးသော မဟာဘုတ်အား ကျေးဇူးပြုတတ်သော (၂)ပါး (၂)ပါးသော မဟာဘုတ် ပစ္စည်းတရား။

ဤသို့လျှင် မဟာဘုတ်အချင်းချင်း၌ ပစ္စည်း ပစ္စယုပ္ပန် (၃)မျိုး ခွဲယူပါ။ လက္ခဏာဒိစတုက္ကပိုင်းတွင် ဖော်ပြလတ္တံ့သော **အဝသေသဓာတုတ္တယ ပဒဋ္ဌာနာ** = ဓာတ်တစ်ပါးသည် မိမိမှကြွင်းသော ဓာတ်သုံးပါးလျှင် အနီးစပ်ဆုံးသော အကြောင်းတရားရှိ၏ — (ဝိသုဒ္ဓိ-၂-၇၃။)ဟူသော အဋ္ဌကထာအဖွင့်များမှာ ဤပါဠိတော်နှင့် အညီ ပင်တည်း။

ဤနာမ်ခန္ဓာအချင်းချင်း ကျေးဇူးပြုပုံ, မဟာဘုတ်အချင်းချင်း ကျေးဇူးပြုပုံ ခွဲထားသတ်မှတ်ချက်သည် သဟဇာတ အညမည ပစ္စည်းနှစ်မျိုးလုံးနှင့် သက်ဆိုင်၏။ ဤသဟဇာတနှင့် အညမညပစ္စည်းတို့သည် စိတ္တက္ခဏ တစ်ခုအတွင်း၌, ရုပ်ကလာပ် တစ်ခုအတွင်း၌ ကလာပ်တူ နာမ်တရား ရုပ်တရားတို့၏ အချင်းချင်း ကျေးဇူးပြုသည့် တရားများသာဖြစ်ရကား ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး အပေါင်းနှင့် ပြည့်စုံခိုက် (= ခဏတ္တယသမင်္ဂီ) အတွင်း၌ တည်ရှိကြသော ပစ္စုပ္ပန်တရားတို့သာ ဖြစ်ကြ၏။ နာမ်ရုပ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းများ ဖြစ်ကြ၏။

## နိဿယပစ္စည်း

မဟာပထဝီမြေကြီးသည် သစ်ပင်၏, ကားပေါင်အဝတ်သည် ဆန်းကြယ်စွာ ပြုအပ်သော ပန်းချီဆေးရေးရုပ်စသည်တို့၏ တည်ရာတို့သည်လည်းကောင်း, မှီရာတို့သည်လည်းကောင်း ဖြစ်ကုန်သကဲ့သို့ ဤအတူ တည်ရာ၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့်လည်းကောင်း, မှီရာ၏အဖြစ်ဟူသော အခြင်းအရာအားဖြင့်လည်းကောင်း ကျေးဇူးပြုတတ်သော ပစ္စည်းတရားသည် **နိဿယပစ္စည်း** မည်၏။

ထိုနိဿယပစ္စည်းသည် (၁) သဟဇာတနိဿယ, (၂) ပုရေဇာတနိဿယဟု (၂)မျိုး ရှိ၏။

## (၁) သဟဇာတနိဿယပစ္စည်း

ခန္ဓာစသော ပစ္စည်းတရားတို့သည် ထိုထို မိမိတို့အား စွဲမှီ၍ ဖြစ်ကြကုန်သော ခန္ဓာစသည်တို့၏ မှီရာ၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့် ကျေးဇူးပြုကြ၏။ ဥပမာ - ပန်းချီအရုပ်ရေးရာ၌ ထောင်ထားအပ်သော ကားပုံအတွင်းက အဝတ်သည် အရုပ်၏မှီရာ ဖြစ်သကဲ့သို့တည်း။ သဟဇာတ၌ ဖော်ပြခဲ့သော (၁)မှ (၅) တိုင်အောင်သော ပစ္စည်းတရား ပစ္စယုပ္ပန်တရားတို့တည်း။ နံပါတ် (၆)အစား အောက်ပါ ပုရေဇာတနိဿယ ပစ္စည်းကို ပြောင်းလဲ၍ ဟောထားတော်မူသည်။ (မူလဋီ-၃-၁၇၁။)

## (၂) ပုရေဇာတနိဿယပစ္စည်း

ပထဝီဓာတ်က ကြွင်းဓာတ်ကြီး (၃)ပါးတို့အားလည်းကောင်း, စက္ခုအကြည်ဓာတ်စသည်တို့က စက္ခု-ဝိညာဏဓာတ်စသည်တို့အားလည်းကောင်း တည်ရာ၏ အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။ ဥပမာ — မြေကြီးသည် မြက် သစ်ပင်စသည်တို့၏ တည်ရာဖြစ်သကဲ့သို့တည်း။ (မူလဋီ-၃-၁၇၁။) ယင်းပုရေဇာတနိဿယပစ္စည်းမှာ အောက်ပါ အတိုင်း ဖြစ်၏။ —

၁။ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
၂။ သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
၃။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
၄။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
၅။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
၆။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနော-ဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၅။)

၁။ စက္ခာယတနသည် စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၂။ သောတာယတနသည် သောတဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၃။ ဃာနာယတနသည် ဃာနဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၄။ ဇိဝှါယတနသည် ဇိဝှါဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၅။ ကာယာယတနသည် ကာယဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၆။ ဟဒယဝတ္ထုသည် မနောဓာတ်, မနောဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,

တည်ရာ၏ အဖြစ်ဖြင့် အသီးအသီး ကျေးဇူးပြု၏။

ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း ရှုကွက်တွင် —

။ ဝတ္ထုဖြစ်ခြင်းကြောင့် ဝေဒနာက္ခန္ဓာဖြစ်၏။

။ ဝတ္ထုက အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။ —

ဤသို့စသော ရှုကွက်မျိုးတည်း။ (အဘိ-ဌ-၃-၃၄၇။ ဝိသုဒ္ဓိ-၂-၁၆၇။)

ပုရေဇာတ = ရှေးကဖြစ်သော, နိဿယ = မှီရာတရား။ — စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုသည် မိမိတို့ မဥပါဒ်မီ (= မဖြစ်မီ) သက်တမ်း အလယ်အလတ်ရှိသော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်-ပြိုင်သော စက္ခုဝတ္ထု (= စက္ခာယတန)ကို မှီ၍ ဖြစ်ကြရ၏။ မိမိတို့နှင့် ဥပါဒ်ချင်းပြိုင်၍ဖြစ်သော စက္ခာယတနကို လည်းကောင်း, မိမိတို့ မဥပါဒ်မီ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်းစိတ်တို့နှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်ကြကုန်သော စက္ခာယတနတို့ကိုလည်းကောင်း မှီ၍ မဖြစ်ကြကုန်။ မိမိတို့ မဥပါဒ်မီ စိတ္တက္ခဏ (၄)ချက်ခန့်တွင် ရှိသော အတီတဘဝင်နှင့် ဥပါဒ်ချင်းပြိုင်၍ဖြစ်သော စက္ခာယတနကိုသာ မှီ၍ ဖြစ်ကြသည်။ ထိုကြောင့် မိမိတို့ မဖြစ်မီ စိတ္တက္ခဏ (၄)ချက်က ကြိုတင်၍ ဖြစ်ခဲ့သော စက္ခာယတနက မိမိတို့အား မှီရာနိဿယသတ္တိဖြင့် ကျေးဇူး-ပြုပေးသဖြင့် **ပုရေဇာတနိဿယ** — ဟု ခေါ်ခြင်းဖြစ်သည်။ အကျိုးတရား မဖြစ်မီ ရှေးကကြိုတင်၍ ဖြစ်နှင့်သော မှီရာ အကြောင်းပစ္စည်းတရားဟု ဆိုလိုသည်။

သောတဝိညာဏဓာတ်မှသည် ကာယဝိညာဏဓာတ်သို့ တိုင်အောင်သော ဝိညာဏဓာတ်တို့နှင့် သမ္ပယုတ် တရားစုတို့၏ မှီရာဖြစ်ကြသော သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့၌လည်း နည်းတူ မှတ်ပါ။

မနောဓာတ် မနောဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့၏ မှီရာဖြစ်သော ဟဒယဝတ္ထုသည်လည်း မိမိတို့ မဥပါဒ်မီ မမြဲသော = အနိယမ သဘောအားဖြင့် ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကိုသာ မှီ၍ ဖြစ်ကြရသည်။ သို့အတွက် - **ပုရေဇာတနိဿယ** - ဟု ခေါ်သည်။

**အဓိဋ္ဌာနာကာရ** — အာဓာရာကာရော စေတ္ထ တေသံ သာတိသယံ တဒဓီနဝုတ္တိတာယ ဝေဒိတဗ္ဗော။ (မဟာဋီ-၂-၂၇၆။)

ဤအရာဝယ် ဆိုင်ရာ ဝတ္ထုရုပ်တရားတို့က ဆိုင်ရာ နာမ်တရားစုတို့အား တည်ရာ၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့် ကျေးဇူးပြု၏ဟု ဆိုရာ **အာဓာရာကာရ** (= တည်ရာ၏ အဖြစ်ဟူသော အခြင်းအရာ)ဟူသည် ထိုပစ္စယုပ္ပန်တရားတို့၏ အလွန်အကဲနှင့်တကွ ထိုပစ္စည်းတရား၌ ဆက်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်တည်း။

န ဟိ ယထာဝုတ္တံ တဒဓီနဝုတ္တိတာ ဝိသေသံ မုဥ္စိတွာ အညော စက္ခာဒီသု အဒေသကာနံ အရူပဓမ္မာနံ အဓိဋ္ဌာနာကာရော သမ္ဘဝတိ။ (မဟာဋီ-၂-၂၇၆။)

ယင်းကဲ့သို့ အာဓာရ (= တည်ရာ မှီရာ)ဟူသည် တကယ်တည်နေရာ မှီနေရာ မဟုတ်ဘဲ ဆက်စပ်သော ဖြစ်ခြင်းရှိမှုကို ဆိုလိုခြင်းကြောင့် မဟာဘုတ်တို့ကို မည်သည့် မဟာဘုတ်အပေါ်၌ တည်၏ဟု ညွှန်ပြအပ်သော အရပ်မရှိကြဟု ဆိုအပ်ကုန်၏။ ဆိုလိုရင်းကား စက္ခုပသာဒ၌ စက္ခုဝိညာဏ်နှင့် သမ္ပယုတ်တရားစုတို့သည် မှီ၍ ဖြစ်ကြ၏ ဆိုရာ၌လည်း စက္ခုဝိညာဏ်နှင့် သမ္ပယုတ်တရားစုက စက္ခုပသာဒ (= စက္ခာယတန) အပေါ်မှာပူးကပ်၍ တည်နေသည် မှီနေသည်ဟု မဆိုလို။ စက္ခုပသာဒ (= စက္ခာယတန)မရှိလျှင် စက္ခုဝိညာဏ်နှင့် သမ္ပယုတ်တရားစု သည် မဖြစ်နိုင်သောကြောင့် စက္ခုဝိညာဏ်နှင့် သမ္ပယုတ်တရားစု ဖြစ်ဖို့ရန် စက္ခာယတနက အားကြီးသော မှီရာအကြောင်းတရား ဖြစ်သည်ဟုသာ ဆိုလိုရင်း ဖြစ်သည်။ ဟဒယဝတ္ထုကို မနောဓာတ် မနောဝိညာဏဓာတ်

တို့နှင့် သမ္ပယုတ်တရားစုတို့က မှီသည်ဟု ဆိုရာ၌လည်း ဤအဓိပ္ပါယ်ပင်တည်း။ မှန်ပေသည် ပုံသဏ္ဌာန် မရှိကြကုန်သော နာမ်တရားတို့သည် မည်သည့်အရပ်၌ ဖြစ်ကြ၏ဟု ဆိုဖွယ်ရာ အရပ်ဒေသလည်း မရှိသောကြောင့် တည်ရာ မှီရာ ဝတ္ထုရုပ်တို့နှင့် ဆက်စပ်၍ ဖြစ်ရခြင်းမှတစ်ပါး အခြားသော တည်ရာဒေသ မရှိနိုင်ပေ။

တံ နိဿယတာ စဿ န ဧကဒေသေန အလ္လီယနဝသေန ဣစ္ဆိတဗ္ဗာ အရူပဘာဝတော၊ အထခေါ ဂရုရာဇာဒီသု သိဿရာဇပုရိသာဒီနံ ဝိယ တပ္ပဋိဗဒ္ဓဝုတ္တိတာယ။ (အနုဋီ-၂-၅၆။)

ဥပမာ ဆရာသမား အရှင်သခင် အမိအဖ စသူတို့ကို မှီခိုရသဖြင့် တပည့်များ, မင်းခယောက်ျားများ, သားသမီးများသည် ကြီးပွားကြသည်ဟု ဆိုရာ၌ ဆရာသမား, အရှင်သခင်, အမိအဖ စသူတို့၏ အထောက်အပံ့ အရှိန်အဝါ သြဝါဒကြောင့် တပည့်စသူတို့၏ ကြီးပွားကြရသည်ကိုပင် ဆရာသမားစသူတို့ကို တပည့်စသူတို့က မှီသည်ဟု ဆိုရသကဲ့သို့တည်း။ (အနုဋီ-၂-၅၆။)

ဤနိဿယပစ္စည်းသည်လည်း နာမ်ရုပ်က နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်းပင် ဖြစ်သည်။

## ဥပနိဿယပစ္စည်း

အကျိုးတရား မှန်သမျှသည် မိမိဆိုင်ရာ အကြောင်းတရားနှင့် ဆက်စပ်လျက်သာလျှင် ဖြစ်ရ၏။ အကြောင်းတရား မှန်သမျှသည်လည်း မိမိဆိုင်ရာ အကျိုးတရားနှင့် ဆက်စပ်လျက်သာလျှင် ဖြစ်ရိုးဓမ္မတာရှိ၏။ သို့အတွက် သက်ဆိုင်ရာ အကျိုးတရား၏ ဆက်စပ်၍ဖြစ်ရာ မှီအပ်သော အကြောင်းတရားဟူသမျှကို နိဿယဟု ခေါ်ဆိုနိုင်ပေသည်။ ဤ၌ မှီ ဟူသည်လည်း ဆိုင်ရာ အကြောင်းတရားက ဆိုင်ရာ အကျိုးတရားကို မပယ်စွန့်ခြင်းပင်တည်း။ ယင်းနိဿယမည်သော အကြောင်းတရားဟူသမျှတို့တွင် အားကြီးသော အကြောင်းတရားသည် ဥပနိဿယ မည်၏။ ထိုကြောင့် အားကြီးသော အကြောင်းတရားအဖြစ်ဖြင့် အကျိုးပစ္စယုပ္ပန်တရားတို့ကို ကျေးဇူးပြုတတ်သော တရားကို **ဥပနိဿယပစ္စည်း**တရားဟူ၍ သိရှိပါလေ။ (အဘိ-ဋ္ဌ-၃-၃၄၇။)

ထိုဥပနိဿယပစ္စည်းသည် (၁) အာရမ္မဏူပနိဿယ, (၂) အနန္တရူပနိဿယ, (၃) ပကတူပနိဿယဟု (၃)မျိုး ရှိ၏။ ထို (၃)မျိုးတို့တွင် အာရမ္မဏူပနိဿယမှာ ဤသို့ဖြစ်၏။

## (၁) အာရမ္မဏူပနိဿယ

"လှူအပ်သောဝတ္ထုကို ပေးလှူပြီး၍ တစ်နည်း ပေးလှူကြောင်း စေတနာကို ဖြူစင်စေ၍, (၅)ပါးသီလစသော နိစ္စသီလကို ဆောက်တည်၍, ဥပုသ်ကျင့်သုံးခြင်းအမှုကို ပြု၍, ထို ဒါန သီလ ဥပေါသထ စေတနာကို အလေးအမြတ်ပြု၍ ဆင်ခြင်၏။ ရှေးရှေးက ကောင်းစွာ လေ့ကျက်အပ်ပြီးကုန်သော ဒါန သီလ ဥပေါသထ စေတနာတို့ကို အလေးဂရုပြု၍ ဆင်ခြင်၏။ ဈာန်မှထ၍ ဈာန်ကို အလေးဂရုပြု၍ ဆင်ခြင်၏။ သောတာပန်ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်၏ အနီးအပါး၌ရှိသော ဂေါတြဘုကို အလေးအမြတ်ပြု၍ ဆင်ခြင်ကုန်၏၊ သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည် အထက်မဂ်၏ အနီး၌ရှိသော ဝေါဒါန်ကို အလေးဂရုပြု၍ ဆင်ခြင်ကုန်၏၊ သေက္ခပုဂ္ဂိုလ်တို့သည် အရိယမဂ်မှ ထ၍ အရိယမဂ်ကို အလေးအမြတ်ပြု၍ ဆင်ခြင်ကုန်၏။"

ဤသို့စသောနည်းဖြင့် **အာရမ္မဏူပနိဿယ**ကို ရှေးဦးစွာ အာရမ္မဏာဓိပတိနှင့် အတူတကွ ထူးခြားမှုကို မပြုမူ၍ ဝေဖန်ဟောကြားတော်မူအပ်ပြီ။ ထိုအာရမ္မဏာဓိပတိပစ္စည်း အာရမ္မဏူပနိဿယပစ္စည်းတို့တွင် အကြင် အာရုံကို အလေးအမြတ်ပြု၍ စိတ်စေတသိက်တရားတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုအလေးအမြတ်ပြုအပ်သော အာရုံသည် မြဲသောအားဖြင့် ထိုစိတ်စေတသိက်တရားတို့၏ အာရုံတို့တွင် အားကြီးသော အားကောင်းသော

အာရုံ ဖြစ်၏၊ ထိုကြောင့် အလေးအမြတ်ပြုထိုက်သည်၏ အဖြစ်မျှဟူသော အနက်သဘောကြောင့် **အာရမ္မဏာဓိပတိ** မည်၏။ အားရှိသော အားကောင်းသော အကြောင်းတရား၏အဖြစ်ဟူသော အနက်ကြောင့် **အာရမ္မဏူပနိဿယ** မည်၏။ ဤသို့လျှင် ထိုအာရမ္မဏာဓိပတိပစ္စည်း အာရမ္မဏူပနိဿယပစ္စည်းတို့၏ ထူးခြားမှုကို သိရှိပါလေ။ (အဘိ-ဋ္ဌ-၃-၃၄၇-၃၄၈။)

ဤအထက်၌ ဖော်ပြထားသော ပုံစံတို့မှာ ကုသိုလ်ဖြစ်ထိုက်သည့် အလေးအမြတ်ပြုထိုက်သည့် အာရုံတို့ကို အာရုံပြု၍ ကုသိုလ်စိတ်စေတသိက်တို့ ဖြစ်ပုံများတည်း။ (ကြိယာဖြစ်ပုံကား အသင်သူတော်ကောင်းနှင့် မသက်ဆိုင်သေး၍ ချန်လှပ်ထားပါသည်။) ယင်းအာရုံတို့ကို အလေးအမြတ်ပြု၍ အကုသိုလ်လည်း ဖြစ်နိုင်၏။

**ပုံစံ** — ဒါနပြု၍ နိစ္စသီလဆောက်တည်၍ ဥပုသ်ကျင့်သုံး၍ ထိုဒါန, သီလ, ဥပေါသထစေတနာကို အလေးအမြတ်ပြု၍ လွန်စွာ သာယာ၏၊ လွန်စွာနှစ်သက်၏၊ ထို ဒါနစေတနာကို, သို့မဟုတ် သီလစေတနာကို, သို့မဟုတ် ဥပေါသထစေတနာကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏ ဒိဋ္ဌိဖြစ်၏ (= ငါ့ဟာဟု တပ်မက်စွဲလမ်း၏၊ ငါဟု စွဲယူ၏၊ ငါ့ဒါန, ငါ့သီလ, ငါ့ဥပုသ် စသည်ဖြင့် စွဲယူ၏။) ရှေးရှေးက ကောင်းစွာ လေ့ကျက်အပ်ဖူးကုန်သော ဒါန သီလ ဥပေါသထစေတနာစသော ကာမာဝစရကုသိုလ်တို့ကို အလေးအမြတ်ပြု၍ လွန်စွာ သာယာ၏၊ လွန်စွာ နှစ်သက်၏၊ ထိုကုသိုလ်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။ ဈာန်မှထ၍ ဈာန်ကို အလေး-အမြတ်ပြု၍ လွန်စွာ သာယာ၏၊ လွန်စွာ နှစ်သက်၏၊ ထိုဈာန်ကို အလေးအမြတ်ပြု၍ ရာဂဖြစ်၏၊ ဒိဋ္ဌိဖြစ်၏။ ရှေးရှေးသော ကုသိုလ်တရားတို့က နောက်နောက်သော ရာဂ ဒိဋ္ဌိပြဓာန်းသည့် လောဘမူ အကုသိုလ်တရားတို့အား အာရမ္မဏူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

## ၂။ အနန္တရူပနိဿယ

အနန္တရပစ္စည်းနှင့် လိုရင်း အနက်သဘောအားဖြင့်ကား တူ၏။ သို့တူသော်ငြားလည်း မိမိ မိမိ၏ အခြားမဲ့၌ လျောက်ပတ်သော စိတ္တုပ္ပါဒ် (= စိတ်+စေတသိက်)ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် အနန္တရ၏ အဖြစ်ကိုလည်းကောင်း, ရှေးဖြစ်သော စိတ်၏ နောက်ဖြစ်သော စိတ်ကို ဖြစ်စေခြင်း၌ အားရှိသည်၏ အဖြစ်ကြောင့် အနန္တရူပနိဿယ၏ အဖြစ်ကိုလည်းကောင်း ခွဲခြား၍ သိပါလေ။ ဟေတုပစ္စည်း စသည်တို့၌ တစ်စုံတစ်ခုသော တရားဓမ္မကို ကြဉ်၍လည်း စိတ်သည် ဖြစ်နိုင်သကဲ့သို့ အလားတူပင် အခြားမဲ့ဖြစ်သော ရှေးစိတ်ကို ကြဉ်၍ နောက်စိတ်၏ ဖြစ်ခြင်းမည်သည် မရှိနိုင်၊ ထိုကြောင့် နောက်စိတ် ဖြစ်ဖို့ရာ ရှေးရှေးစိတ်သည် အားကြီးသော အကြောင်းတရား ဖြစ်ရ၏။ ထိုကြောင့် မိမိ မိမိ၏ အခြားမဲ့၌ လျောက်ပတ်သော စိတ်ကို ဖြစ်စေခြင်း၏ အစွမ်းဖြင့် အနန္တရပစ္စည်းတရားသည် ဖြစ်၏။ အားရှိသော အကြောင်းတရား၏ အဖြစ်ဖြင့် အနန္တရူပနိဿယပစ္စည်းသည် ဖြစ်၏ — ဟု ဤသို့ ထိုအနန္တရပစ္စည်း အနန္တရူပနိဿယပစ္စည်းတို့၏ ထူးခြားမှုကို သိပါ။ (အဘိ-ဋ္ဌ-၃-၃၄၈။)

## ၃။ ပကတူပနိဿယ

ကောင်းစွာပြုအပ်သော အားကြီးသော မှီအပ်သော အကြောင်းတရားသည် ပကတူပနိဿယမည်၏။ ပကတမည်သည်ကား — မိမိ၏ ခန္ဓာအစဉ်၌ ပြီးစေအပ်သော သဒ္ဓါ သီလ သုတ စာဂ ပညာစသော အကြောင်းတရားသည်လည်းကောင်း မိမိသည် မှီဝဲအပ်သော ဥတု ဘောဇဉ်စသော အကြောင်းတရားသည် လည်းကောင်း ပကတမည်၏။ တစ်နည်းဆိုသော် ပင်ကိုယ်သဘောအားဖြင့်သာလျှင် အားကြီးသော မှီအပ်သော အကြောင်းတရားသည် ပကတူပနိဿယပစ္စည်း မည်၏။ အာရမ္မဏပစ္စည်း အနန္တရပစ္စည်းတို့နှင့် မရောနှော-သော ပစ္စည်းတရားဟု ဆိုလိုပေသည်။

**ပုံစံ** — မိမိသန္တာန်၌ ဖြစ်စေအပ်သော သဒ္ဓါတရားကို အားကြီးသော အမှီသဟဲပြု၍ ဒါနကို ပေးလှူ၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်ကို ကျင့်သုံး၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကိုဖြစ်စေ၏၊ မဂ်ကိုဖြစ်စေ၏၊ အဘိညာဏ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။ ။ သီလကို ။ ပ ။ သုတကို ။ ပ ။ စာဂကို ။ ပ ။ ပညာကို အားကြီးသော အမှီသဟဲပြု၍ ဒါနကို ပေးလှူ၏။ ပ ။ သမာပတ်ကို ဖြစ်စေ၏။

ရှေးရှေးသော မိမိသန္တာန်၌ ဖြစ်သော သဒ္ဓါသည် ။ ပ ။ သီလသည် ။ ပ ။ သုတသည် ။ ပ ။ စာဂသည် ။ ပ ။ ပညာသည် နောက်နောက်၌ ဖြစ်လတ္တံ့သော သဒ္ဓါအား ။ ပ ။ သီလအား ။ ပ ။ သုတအား ။ ပ ။ စာဂအား ။ ပ ။ ပညာအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ (ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံတည်း။)

တစ်ဖန် မိမိသန္တာန်၌ ဖြစ်စေအပ်သော သဒ္ဓါကို အားကြီးသော အမှီသဟဲပြု၍ မာနကို ဖြစ်စေ၏၊ ဒိဋ္ဌိကို စွဲယူ၏။ (ငါမို့ ဒီသဒ္ဓါတရားမျိုးရှိတာ၊ ဒီသဒ္ဓါတရားသည် ငါပဲ — စသည်ဖြင့် စွဲယူမှုတည်း။) သီလကို ။ ပ ။ သုတကို ။ ပ ။ စာဂကို ။ ပ ။ ပညာကို အားကြီးသော အမှီသဟဲပြု၍ မာနကို ဖြစ်စေ၏၊ ဒိဋ္ဌိကို စွဲယူ၏။ မိမိသန္တာန်၌ ဖြစ်စေအပ်သော သဒ္ဓါသည် ။ ပ ။ သီလသည် ။ ပ ။ သုတသည် ။ ပ ။ စာဂသည် ။ ပ ။ ပညာသည် ရာဂအား ။ ပ ။ ဒေါသအား ။ ပ ။ မောဟအား ။ ပ ။ မာနအား ။ ပ ။ ဒိဋ္ဌိအား ။ ပ ။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တတတ်သော တဏှာအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-၄-၃-၃၆၈-၃၆၉။ ၃၄၇-၃၄၈။ ဝိသုဒ္ဓိ-၂-၁၆၇-၁၆၈။) (ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံတည်း။)

တစ်ဖန် ရာဂကို အားကြီးသော မှီရာပြု၍ ဒါနကို ပေးလှူ၏၊ နိစ္စသီလကို ဆောက်တည်၏၊ ဥပုသ်ကို ကျင့်သုံး၏၊ ဈာန်ကို ဖြစ်စေ၏၊ ဝိပဿနာကို ဖြစ်စေ၏။ မဂ်ကို ဖြစ်စေ၏၊ အဘိညာဏ်ကို ဖြစ်စေ၏၊ သမာပတ်ကို ဖြစ်စေ၏။ ဒေါသကို ။ ပ ။ မောဟကို ။ ပ ။ မာနကို ။ ပ ။ ဒိဋ္ဌိကို ။ ပ ။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့ကို တောင့်တတတ်သော တဏှာကို အားကြီးသော မှီရာပြု၍ ဒါနကို ပေးလှူ၏။ ပ ။ သမာပတ်ကို ဖြစ်စေ၏။ ရာဂသည် ။ ပ ။ ဒေါသသည် ။ ပ ။ မောဟသည် ။ ပ ။ မာနသည် ။ ပ ။ ဒိဋ္ဌိသည် ။ ပ ။ ဘဝသမ္ပတ္တိ ဘောဂ-သမ္ပတ္တိတို့ကို တောင့်တတတ်သော တဏှာသည် သဒ္ဓါအား ။ ပ ။ သီလအား ။ ပ ။ သုတအား ။ ပ ။ စာဂအား ။ ပ ။ ပညာအား အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-၄-၃-၃၆၉။)

[အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံတည်း။ အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုရာ၌ ဤပကတူပ-နိဿယ တစ်မျိုးသာ ရ၏၊ အနန္တရူပနိဿယ အာရမ္မဏူပနိဿယ နှစ်မျိုး မရနိုင်။ အကုသိုလ်ကို အလေးအမြတ်ပြု၍ အလေးဂရုပြု၍ ကုသိုလ်တရား၏ မဖြစ်သင့်ခြင်း မဖြစ်ခြင်းကြောင့်တည်း။ (အဘိ-၄-၃-၃၆၉။)]

## ထူးခြားမှု – မှတ်သားရန်

**ပုရိမာ ပုရိမာ**တိ အနန္တရူပနိဿယေ သမနန္တရာတီတာ လဗ္ဘန္တိ၊ အာရမ္မဏူပနိဿယပကတူပနိဿယေသု နာနာဝီထိဝသေန ပုရိမတရာ။ (အဘိ-၄-၃-၃၆၈။)

**ရှေးရှေး၌ ဖြစ်ကုန်သော တရားများ** — အရ အနန္တရူပနိဿယ၌ ကောင်းစွာ အခြားမဲ့ဖြစ်၍ လွန်ပြီးကုန်သော တရားတို့ကို ရအပ်ကုန်၏။ အာရမ္မဏူပနိဿယ, ပကတူပနိဿယတို့၌ အထူးထူးသော ဝီထိတို့၏ အစွမ်းဖြင့် (ဝီထိပေါင်းများစွာ ခြားလျက် ရှိကြကုန်သော) သာ၍ ရှေး၌ ဖြစ်ကုန်သော တရားတို့ကို ရအပ်ကုန်၏။ (အဘိ-၄-၃-၃၆၈။)

ဆိုလိုသည်မှာ — ရှေးရှေးတရားတို့က နောက်နောက်တရားတို့အား အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို — ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ

ဥပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၅။) — ဤသို့ စသည်ဖြင့် ဘုရားရှင်သည် ဟောကြားထားတော်မူ-ရာဝယ် ရှေးရှေးတရားတို့မှာ ပစ္စည်းတရားများ ဖြစ်ကြ၏၊ နောက်နောက်တရားတို့မှာ ပစ္စယုပ္ပန်တရားတို့ ဖြစ်ကြ၏။ အနန္တရူပနိဿယ၌ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိ စိတ္တက္ခဏ ကာကွယ်ခြားနားမှု မရှိ။ ရှေးစိတ္တက္ခဏ၌ တည်ရှိကြသော တရားစုတို့က ပစ္စည်းတရား, နောက်စိတ္တက္ခဏ၌ တည်ရှိကြသော တရားစုတို့က ပစ္စယုပ္ပန်တရားဟု ဤသို့ အသီးအသီး ပစ္စည်း ပစ္စယုပ္ပန်ကို ကောက်ယူရ၏။

အာရမ္မဏူပနိဿယ ပကတူပနိဿယတို့၌ကား ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည် ဝီထိပေါင်း များစွာ ကွာခြားနိုင်၏။ ရှေးရှေးဝီထိများ၏ အတွင်း၌ တည်ရှိကြသော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာစသော ပစ္စည်းတရားတို့က နောက်နောက်သော ဝီထိများ၏ အတွင်း၌ တည်ရှိကြသော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာစသော ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏူပနိဿယ ပကတူပနိဿယ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး-နိုင်၏ဟု ဆိုလိုသည်။

## ဥတု – ဘောဇဉ် – ပုဂ္ဂလ – သေနာသန

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၆။)

**ပုဂ္ဂလောပိ သေနာသနမ္ပီ**တိ ဣဒံ ဒွယံ ပကတူပနိဿယဝသေန ဝုတ္တံ။ ဣဒဥ္စိ ဒွယံ ကုသလာကုသလ-ပဝတ္တိယာ ဗလဝပစ္စယောဟောတိ။ ပစ္စယဘာဝေါ စဿ ပနေတ္ထ ပရိယာယဝသေန ဝေဒိတဗ္ဗောတိ။

(အဘိ-ဋ္ဌ-၃-၃၆၉-၃၇၀။)

**ပုဂ္ဂလောပိ သေနာသနမ္ပီ**တိ **ပုဂ္ဂလသေနာသန**ဂ္ဂဟနဝသေန ဥပနိဿယဘာဝံ ဘဇန္တေ ဓမ္မေ ဒဿေတိ။

(မူလဋီ-၃-၁၈၆။)

**ဓမ္မေ**တိ ပုဂ္ဂလသေနာသနပညတ္တီနံ ဥပါဒါနဘူတေ ဓမ္မေ။ (အနုဋီ-၃-၂၅၃။)

**ပိ** - သဒ္ဒေန စီဝရာရညရုက္ခပဗ္ဗတာဒိဂ္ဂဟဏဝသေန ဥပနိဿယဘာဝံ ဘဇန္တေ သင်္ဂဏှာတိ။

(မူလဋီ-၃-၁၈၆။)

ဥတုနှင့် ဘောဇဉ်ကိုလည်း ကုသိုလ်တရား အကုသိုလ်တရားဖြစ်ရေးအတွက် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ ပုဂ္ဂိုလ်နှင့် ကျောင်း အိပ်ရာ နေရာ အသုံးအဆောင်တို့ကလည်း ကုသိုလ်ဖြစ်ရေး အကုသိုလ် ဖြစ်ရေးအတွက် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ ထိုတွင် ဥတု (= ပူမှု အေးမှု)နှင့် ဘောဇဉ် (= ရသဓာတ်) တို့မှာ ပရမတ်တရားတို့ ဖြစ်ကြ၏။

ပုဂ္ဂလနှင့် သေနာသန နှစ်မျိုးသည်လည်း ကုသိုလ်တရား အကုသိုလ်တရားဖြစ်ခြင်း၏ အားကြီးသော မှီရာ အကြောင်းတရားပင် ဖြစ်၏။ ထိုပုဂ္ဂလ (= ပုဂ္ဂိုလ်)နှင့် သေနာသန (= ကျောင်းအိပ်ရာနေရာ) နှစ်မျိုးတို့၏ အကြောင်းပစ္စည်းတရား အဖြစ်ကိုလည်း ဤပကတူပနိဿယ ပစ္စည်း၌ ပရိယာယ်၏ အစွမ်းဖြင့်သာ သိပါ။

**ပရိယာယ်** — ပုဂ္ဂလ သေနာသနတို့က ကုသိုလ်တရားဖြစ်ရေး, အကုသိုလ်တရားဖြစ်ရေးအတွက် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုသော်လည်း ပုဂ္ဂလ, သေနာသနဟူသော နာမပညတ် သမူဟ ပညတ်တို့က ကျေးဇူးပြုသည် မဟုတ်။ ပုဂ္ဂလဟူသော နာမပညတ် သမူဟပညတ်တို့၏ စွဲမှီရာ ရုပ်နာမ်တို့က လည်းကောင်း, သေနာသနဟူသော နာမပညတ် သမူဟပညတ်တို့၏ စွဲမှီရာ ရုပ်တရားတို့ကလည်းကောင်း, ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

သပ္ပါယမျှတသော ပုဂ္ဂလ, သပ္ပါယမျှတသော သေနာသနတို့က ကာယိကသုခအား, အသပ္ပါယဖြစ်သော ပုဂ္ဂလ သေနာသနတို့က ကာယိကဒုက္ခအား စေတသိကဒုက္ခအား ဤသို့ စသည်ဖြင့် ကျေးဇူးပြုမှုမျိုးတည်း။ ဘုရားရှင်ကဲ့သို့သော ကလျာဏမိတ္တ (= မိတ်ကောင်း ဆွေကောင်း) ပုဂ္ဂိုလ်က သာဝကတို့၏ သန္တာန်ဝယ် သဒ္ဓါ သီလ သုတ စာဂ ပညာ ကုသိုလ်တရားများ တိုးပွားအောင် ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ အရှင်ဒေဝဒတ်တို့ကဲ့သို့သော ပုဂ္ဂိုလ်က အဇာတသတ်တို့ကဲ့သို့သော သာဝက၏ သန္တာန်၌ အဖကိုသတ်ခြင်း (= ပိတုဃာတက) အကုသိုလ်ကံစသည့် အကုသိုလ်တရားများကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုမှုမျိုးပင်တည်း။ ထိုသို့ ကျေးဇူးပြုရာ၌ ပုဂ္ဂလအမည်ရသော ရုပ်နာမ် ပရမတ်တရားတို့ကသာလျှင် သေနာသနအမည်ရသော ရုပ်ပရမတ်တရားတို့ကသာလျှင် ကုသိုလ်တရားများ ဖြစ်ပေါ်လာအောင်, သို့မဟုတ် အကုသိုလ်တရားများ ဖြစ်ပေါ်လာအောင် ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်။

ထိုကြောင့် "ပုဂ္ဂလက ကျေးဇူးပြု၏၊ သေနာသနက ကျေးဇူးပြု၏။" — ဟူသောစကားသည် ပရိယာယ် စကားသာတည်း။ ပရိယာယ်ဟူရာ၌ ဌာနီဖြစ်သော နာမပညတ် သမူဟပညတ်၏ အမည်ကို ဌာနဖြစ်သော ရုပ်-နာမ် အပေါ်၌ တင်စားထားသော ဌာနျူပစာရစကား ဟူလိုသည်။

သေနာသနမှ — စသည်၌ပါသော ပိ-သဒ္ဒါဖြင့် သက်န်း-သစ်ပင်-တော-တောင် စသည်တို့ကို သိမ်းကျုံး-ယူခြင်း၏ အစွမ်းဖြင့် ဥပနိဿယပစ္စည်းအဖြစ်ဖြင့် ဘုရားရှင်သည် ခွဲခြားဝေဖန်၍ ဟောကြားထားတော်-မူအပ်ကုန်သော ခပ်သိမ်းကုန်သော တရားတို့ကို သိမ်းယူပါ။ ပစ္စုပ္ပန်ဖြစ်သော သက်ရှိ ရုပ်နာမ်အားလုံးနှင့် သက်မဲ့ ရုပ်ဝတ္ထုအားလုံးတို့သည် ပကတူပနိဿယပစ္စည်း ဖြစ်နိုင်ကုန်သည်သာတည်း။

ပညတ်-နာမ်-ရုပ် က နာမ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။ ရုပ်-နာမ် ပစ္စည်းတရားတို့သည် ကာလ သုံးပါးလုံး၌ ဖြစ်ကုန်၏။ ပညတ်နှင့် နိဗ္ဗာန်ပစ္စည်းတရားတို့ကား ကာလဝိမုတ်တရားတို့တည်း။ အနာဂတ်၌ တည်ရှိသော ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့ကို တောင့်တမှု, ယင်းဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိဟူသော ရုပ်နာမ် တရားစုတို့ကား အနာဂတ်ပစ္စည်းတရားစုတည်း။ ဤသို့စသည်ဖြင့် သဘောပေါက်ပါလေ။

## ပုရေဇာတပစ္စည်း

စက္ခုဝိညာဏ်စသော ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်ပြီး၍ ဖြစ်နှင့်၍ စက္ခုဝိညာဏ်စသည့် ပစ္စယုပ္ပန်တရားတို့ ဖြစ်သောအခါ ဌီအခိုက်၌ ဖြစ်တည်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုသော စက္ခာယတနစသော တရားသည် **ပုရေဇာတပစ္စည်း**မည်၏။ (အဘိ-ဋ္ဌ-၃-၃၄၈-၃၄၉။)

ထိုပုရေဇာတပစ္စည်းသည် (၁) ဝတ္ထုပုရေဇာတပစ္စည်း, (၂) အာရမ္မဏပုရေဇာတပစ္စည်းဟု (၂)မျိုး ရှိ၏။

### ၁။ ဝတ္ထုပုရေဇာတပစ္စည်း

၁။ စက္ခာယတနသည် စက္ခုဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,
၂။ သောတာယတနသည် သောတဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,
၃။ ဃာနာယတနသည် ဃာနဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,
၄။ ဇိဝှါယတနသည် ဇိဝှါဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,
၅။ ကာယာယတနသည် ကာယဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,

ဝတ္ထုပုရေဇာတ (နိဿယ)ပစ္စယသတ္တိဖြင့် အသီးအသီး ကျေးဇူးပြု၏။

## ၂။ အာရမ္မဏပုရေဇာတပစ္စည်း

၆။ ရူပါရုံသည် စက္ခုဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,
၇။ သဒ္ဒါရုံသည် သောတဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,
၈။ ဂန္ဓာရုံသည် ဃာနဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,
၉။ ရသာရုံသည် ဇိဝှါဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,
၁၀။ ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်နှင့် သမ္ပယုတ်တရားစုအား,

ရူပါရုံ - သဒ္ဒါရုံ - ဂန္ဓာရုံ - ရသာရုံ - ဖောဋ္ဌဗ္ဗာရုံဟူသော ပဉ္စာရုံသည် ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေဟူသော မနောဓာတ် (၃)ပါး, ယင်းတို့နှင့်ယှဉ်သော ဆန္ဒ - ပီတိ - ဝီရိယကြဉ်သော အညသမာန်းစေတသိက် (= ၁၀)အား-

အာရမ္မဏပုရေဇာတပစ္စယသတ္တိဖြင့် အသီးအသီး ကျေးဇူးပြု၏။

၁၁။ ဟဒယဝတ္ထုသည် ယင်းမနောဓာတ် (၃)ပါးနှင့် သမ္ပယုတ်တရားစုအား ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဟဒယဝတ္ထုသည် မနောဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုအား ပဝတ္တိအခါ၌ ဝတ္ထု-ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ပဋိသန္ဓေအခါ၌ ဝတ္ထုပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးမပြု။ (ပဋ္ဌာန-၁-၆-၇။)

ဤ၌ စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ ဝတ္ထုရုပ်တို့သည် မၛွိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ချင်း ပြိုင်လျက် ဖြစ်ကြသော ဝတ္ထုရုပ်တရားတို့ကို ဆိုလိုသည်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ကား စိတ္တက္ခဏ (၁၇)ချက် အသက်မစေ့သေးသော သက်တမ်းမကုန်ဆုံးသေးသော ပစ္စုပ္ပန်အာရုံတို့တည်း။ မနောဓာတ် (၃)ပါး၏ အာရုံမှာ ပစ္စုပ္ပန်ပဉ္စာရုံဖြစ်၏။ မနောဝိညာဏဓာတ်၏ အာရုံမှာကား အာရုံ (၆)ပါးလုံးပင် ထိုက်သလို ဖြစ်သည်။ အာရမ္မဏပစ္စည်း၌ သဗ္ဗေဓမ္မာဟု ဟောခဲ့၏။ ဤတွင်ကား မနောဝိညာဏဓာတ်အတွက် အာရမ္မဏ-ပုရေဇာတကို မဟောဘဲ ဝတ္ထုပုရေဇာတ တစ်မျိုးကိုသာ ဟောထားတော်မူသည်။ ယင်းဝတ္ထုပုရေဇာတ ဟဒယ-ဝတ္ထုကား အမှတ်မရှိသော ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပင်တည်း။ ပဋိသန္ဓေအခါ၌ မှီရာ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေမနောဝိညာဏဓာတ် နာမ်တရားစုတို့သည် ပြိုင်တူဖြစ်ကြသောကြောင့် ဝတ္ထုပုရေဇာတ ပစ္စည်းကို မရရှိပေ။ မနောဝိညာဏဓာတ်၏ အာရမ္မဏပုရေဇာတကို မဟောခြင်းမှာလည်း မနောဒွါရိကဇောဝီထိ တို့သည် ကာလသုံးပါးအတွင်း၌ တည်ရှိကြသော ရုပ်တရားတို့ကို အာရုံယူနိုင်သောကြောင့် ဖြစ်သည်။

အယံ ပန ပုရေဇာတပစ္စယော သုဒ္ဓရူပမေဝ ဟောတိ၊ တဉ္စ ခေါ ဥပ္ပါဒက္ခဏံ အတိက္ကမိတွာ ဌိတိပ္ပတ္တံ အဋ္ဌာရသဝိဓံ ရူပရူပမေဝ။ (အဘိ-ဋ္ဌ-၃-၃၇၁။)

ဤပုရေဇာတပစ္စည်းတရားကား ရုပ်သက်သက်သာတည်း၊ ထိုရုပ်သည်လည်း ဥပါဒ်ခဏကို ကျော်လွန်၍ ရုပ်၏ဌီကာလသို့ ရောက်ရှိနေသော (၁၈)မျိုးသော ရုပ်အစစ်သာလျှင်တည်း။ ရုပ်က နာမ်အား ကျေးဇူးပြုပုံကို ဟောသောပစ္စည်းတည်း။

## ပစ္ဆာဇာတပစ္စည်း

ပစ္စည်းတရား မဖြစ်ခင် ပစ္စယုပ္ပန်တရားတို့က မိမိ မိမိတို့ ဆိုင်ရာ အကြောင်းတရားအားလျော်စွာ ဖြစ်ပြီး ဥပါဒ်ပြီး ဖြစ်ကြ၏။ ဤပစ္ဆာဇာတပစ္စည်းတရားကား ယင်းဖြစ်ပြီး ဥပါဒ်ပြီးတရားများကို ဖြစ်အောင် ကျေးဇူးပြုပေးဖို့ မလို၊ အကျိုးပစ္စယုပ္ပန်တရားတို့မှာ မိမိမဖြစ်ခင်က ကြိုတင်၍ ဖြစ်ပြီး ဖြစ်နေသောကြောင့် ဖြစ်၏။ သို့သော် ယင်းဖြစ်ပြီး ဥပါဒ်ပြီး တရားကို တည်တံ့အောင်ကား ကျေးဇူးပြု၏။ သို့အတွက် ပစ္စည်းတရားတို့ (= အကြောင်း

တရားတို့) မဖြစ်မီ ရှေးဦးစွာ ဖြစ်ပြီးကုန်သော ရုပ်တရားတို့အား (= ရုပ်တရားတို့ကို) ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းတရားသည် **ပစ္ဆာဇာတပစ္စည်း**တရား မည်၏။

ဂိဇ္ဈပေါတကသရီရာနံ အာဟာရာသာစေတနာဝိယ။ (ဝိသုဒ္ဓိ-၂-၁၆၉။ အဘိ-ဋ္ဌ-၃-၃၄၉။)

လင်းတပေါက်စ လင်းတငယ်ကလေးတို့၌ "အမိလင်းတကြီး အစာရှာထွက်သွားသောအခါ အမိပြန်လာလျှင် အစာရလိမ့်မည်"ဟု မျှော်လင့်သော အာသာတဏှာဆန္ဒ ဖြစ်၏။ ထိုအာသာတဏှာဆန္ဒနှင့် ယှဉ်ဖက်စေတနာသည် မနောသဥ္စေတနာဟာရပင်တည်း။ ထိုမနောသဥ္စေတနာဟာရသည် လင်းတကလေးတို့၏ ကိုယ်၌ (= ခန္ဓာအစဉ်၌) ပစ္စုပ္ပန်အခိုက်ဝယ် နာမ်သန္တတိအစဉ်အားဖြင့် ထင်ရှားရှိနေ၏။ ထိုထင်ရှားရှိနေသော အာဟာ-ရာသာစေတနာက (= စေတနာနှင့်တကွသော နာမ်တရားစုက) မိမိ မဖြစ်မီ ဖြစ်နှင့်၍ ဌီအခိုက်သို့ ရောက်နေကြသော စတုသမုဋ္ဌာနိကရုပ်အစဉ်အား ဤပစ္ဆာဇာတပစ္စယသတ္တိဖြင့်ပင် ကျေးဇူးပြုလျက်ရှိသောကြောင့် လင်းတကလေးတို့၏ ကိုယ်သည် မပျက်မစီးဘဲ တည်ရှိနိုင်ကြသကဲ့သို့တည်း။ ထိုကြောင့် — "ဂိဇ္ဈပေါတက-သရီရာနံ အာဟာရာသာစေတနာဝိယ" — ဟူသော လင်းတသားငယ်တို့၏ ဥပါဒ်ပြီး ရုပ်သန္တတိအစဉ်အား နောက်မှ ဥပါဒ်သော အာဟာရာသာစေတနာ နာမ်တရားစုက ကျေးဇူးပြုပုံကို ဖော်ပြသော ဥပမာသည် ဥပမာဖြစ်ရုံမျှမက ပစ္ဆာဇာတ စေတနာက ကျေးဇူးပြုပုံကိုလည်း ပြသော ဥဒါဟရုဏ်လည်း ဖြစ်သည်ဟု မှတ်ပါ။
(မဟာဋီ-၂-၂၈၀။)

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။
(ပဋ္ဌာန-၁-၇။)

**ပစ္ဆာဇာတာ**တိ ယဿ ကာယဿ ပစ္စယာ ဟောန္တိ၊ တသ္မိံ ဥပ္ပဇ္ဇိတွာ ဌိတေ ဇာတာ။ **ပုရေဇာတဿာ**တိ တေသံ ဥပ္ပါဒတော ပဌမတရံ ဇာတဿ ဇာတိက္ခဏံ အတိက္ကမိတွာ ဌိတိပ္ပတ္တဿ။ **ဣမဿ ကာယဿာ**တိ ဣမဿ စတုသမုဋ္ဌာနိကတိသမုဋ္ဌာနိကဘူတဉပါဒါရူပသင်္ခါတဿ ကာယဿ။ ဧတ္ထ စ တိသမုဋ္ဌာနိကကာယောတိ အာဟာရသမုဋ္ဌာနဿ အဘာဝတော ဗြဟ္မပါရိသဇ္ဇာဒီနံ ကာယော ဝေဒိတဗ္ဗော။ (အဘိ-ဋ္ဌ-၃-၃၇၂။)

ပဋ္ဌဝေါကာရဘုံ၌ အရူပဝိပါက် (၄)ခုကြဉ်သော ပဋိသန္ဓေနောင် ပထမဘဝင်မှ စ၍ ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ကြကုန်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာဟု ဆိုအပ်ကုန်သော ကုသိုလ်-အကုသိုလ်-ဝိပါက်-ကြိယာ-စိတ်စေတသိက်တရားစုတို့သည် မိမိ ပစ္စည်းတရားတို့ မဖြစ်မီ ရှေး၌ ဖြစ်ပြီး၍ ရုပ်၏ ဌီကာလ၌ တည်ရှိကြကုန်သော ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်ဟူသော တိဇကာယ (ရူပါဝစရဘုံကို ရည်သည်။), ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်ဟူသော စတုဇကာယ (ကာမာဝစရဘုံကို ရည်သည်။)အား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဝိပါကေပိ ဌပေတွာ ပဋိသန္ဓိဝိပါကံ အဝသေသော ကာမာဝစရရူပါဝစရဝိပါကော တဿေဝ ဇကန္တေန ပစ္ဆာဇာတပစ္စယော ဟောတိ။ (အဘိ-ဋ္ဌ-၃-၃၇၂။)

ဤအဋ္ဌကထာ၏ ဖွင့်ဆိုချက်နှင့် အညီ ဝိပါက်တရားတို့တွင် ပဋိသန္ဓေဝိပါက်ကို ချန်လှပ်ထားပါ။ ဤပစ္ဆာဇာတပစ္စည်းသည် အတ္ထိပစ္စည်း အဝိဂတပစ္စည်းတို့နှင့် ယှဉ်တွဲ၍ အမြဲဖြစ်၏။ အတ္ထိပစ္စည်းဟူသည် ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံး ထင်ရှား တည်ရှိနေခိုက်၌လည်းကောင်း, အဝိဂတပစ္စည်းဟူသည် ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံး မကင်းသေးဘဲ တည်ရှိနေခိုက်၌လည်းကောင်း ကျေးဇူးပြုသော ပစ္စည်းတို့သာ ဖြစ်ကြ၏။ သို့အတွက် ဤပစ္ဆာဇာတပစ္စည်းသည် ခဏတ္တယသမင်္ဂီ အတွင်း၌သာရှိသော (= ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံခိုက်ကာလအတွင်း၌သာ ရှိသော) ပစ္စုပ္ပန်တရားသာ ဖြစ်သည်ဟု မှတ်ပါ။

နာမ်က ရုပ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။

## ဣရိယာပထပိုင်း – သမ္မဇညပိုင်း

ဣရိယာပထပိုင်း သမ္ပဇညပိုင်းဆိုင်ရာ ရုပ်တရားတို့မှာ ဤပစ္စည်း၏ ကျေးဇူးပြုမှု မကင်းဟု သိပါ။ ဥပမာ - ကွေးလိုသော စိတ်ကြောင့် ကွေးမှုဖြစ်ရာဝယ် ကွေးလိုသောစိတ် မဥပါဒ်မီက ကြိုတင်၍ ဖြစ်နှင့်ကြသော ရုပ်၏ ဌီကာလသို့ ရောက်ရှိနေခိုက် ဖြစ်ကြကုန်သော စတုသမုဋ္ဌာနိက (= စတုဇ)ရုပ်တို့သည် ကွေးလိုသော စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့တွင် ပါဝင်သော ဝါယောဓာတ်၏ နောက်သို့ အားလုံး လိုက်လျောညီထွေ ဖြစ်ကြရ၏။ ကွေးသော အခြင်းအရာအားဖြင့် အားလုံး ဖြစ်ကြရ၏။ အလားတူပင် သွားလိုသောစိတ် မဥပါဒ်မီ အတွင်း ကြိုတင်၍ ဖြစ်နေလျက် ရုပ်၏ ဌီကာလသို့ ရောက်ရှိနေခိုက် ဖြစ်ကြကုန်သော ရုပ်တရားတို့သည် သွားလိုသော စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့တွင် ပါဝင်သော ဝါယောဓာတ်၏ ဦးဆောင်မှု နောက်သို့ လိုက်လျောကြရ၏၊ သွားသော အခြင်းအရာအားဖြင့် အားလုံးဖြစ်ကြရ၏။ ထိုစိတ္တဇဝါယောဓာတ်ကြောင့် ဖြစ်ပေါ်လာသော ကာယဝိညတ်ရုပ်၏ ပဲ့ကိုင်သည့်အတိုင်း ဖြစ်ကြရ၏။ ယင်းသို့ ဖြစ်ကြရခြင်းမှာ ပစ္ဆာဇာတ အမည်ရသော စိတ်က (= စိတ်-စေတသိက်တရားစုက) ကျေးဇူးပြုပေးနေသောကြောင့်ပင် ဖြစ်သည်။ ဤသို့စသည်ဖြင့် သဘောပေါက်ပါလေ။

## အာသေဝနပစ္စည်း

ပစ္စယုပ္ပန်တရားတို့ကို သာလွန်သော ဂုဏ်သတ္တိရှိသော တရားတို့ဖြစ်အောင် အဖန်ဖန် အထပ်ထပ်ပြုခြင်း ဖြစ်စေခြင်း အနက်သဘောဖြင့် အခြားမဲ့၌ ဖြစ်သော ပထမဇော ဖိုလ်ဇော ကြဉ်သော နောက်နောက်သော ဇော (၅၁)ပါး, စေတသိက် (၅၂)ပါး ဟူသော ပစ္စယုပ္ပန်တရားတို့အား သာလွန်သော ဂုဏ်သတ္တိရှိကုန်သည်၏ အဖြစ် အားရှိကုန်သည်၏အဖြစ် အကျိုးငှာ ကျေးဇူးပြုတတ်သော ရှေးရှေးဇောပစ္စည်းတရားသည် အာသေဝန ပစ္စည်း မည်၏။ ဥပမာ - စာပေကျမ်းဂန်သင်ယူခြင်းစသည်တို့တွင် ရှေးရှေး၌ဖြစ်သော အားထုတ်ခြင်းသည် နောက်နောက်၌ ဖြစ်သော အားထုတ်ခြင်းအား လျော်သော ဂုဏ်ကျေးဇူးကို ပြုသကဲ့သို့တည်း။

(အဘိ-ဋ္ဌ-၃-၃၄၉။ ဝိသုဒ္ဓိ -၂-၁၆၉။)

ရှေးရှေးဇောသည် နောက်နောက်ဇောအား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုရာ၌ နောက်နောက် ဇောသည် ရှေးရှေးဇောထက် ဂုဏ်သတ္တိ ပိုလွန်၍ အားလည်းပိုရှိသည်၊ ထိုကြောင့် ဇော (၇)ကြိမ်တွင် အာသေဝနသတ္တိဖြင့် ကျေးဇူးအပြုမခံရသော ပထမဇောသည် သတ္တိအနည်းဆုံးဖြစ်၍ သတ္တမဇောကား အဆင့်ဆင့် ကျေးဇူးအပြုခံရသောကြောင့် သတ္တိအထက်မြက်ဆုံး ဖြစ်သည်။ ဤကား ဇော (၇)ကြိမ် စောသော ဝီထိများအတွင်း၌ ဇောများကို ရည်ရွယ်၍ ပြောခြင်းတည်း။ ဇော (၇)ကြိမ်ထက် အလွန်ပို၍ အကြိမ်များစွာ စောသော ဈာန်ဝင်စားရာအခါ, စသည်တို့၌ ဖြစ်သော သမာပဇ္ဇနဝီထိတို့၌ ရှေးရှေးဇောများသည် နောက်နောက်ဇောအား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုသည်သာ ဖြစ်သည်။ စာပေကျမ်းဂန် သင်အံခြင်း, အတတ်ပညာအမျိုးမျိုးတို့ကို သင်ယူခြင်းတို့၌ ရှေးရှေး သင်အံမှု သင်ယူမှုသည် နောက်နောက် သင်အံမှု သင်ယူမှုအား ပို၍ အားရှိလာအောင် ပို၍ တတ်သိလာအောင် ကျေးဇူးပြုသကဲ့သို့ ထို့အတူ ရှေးရှေးဇောက နောက်နောက်ဇောအား သတ္တိအင်အား ကြီးမားလာအောင် ကျေးဇူးပြုသည်ဟု မှတ်ပါ။

၁။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

၂။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

၃။ ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၇။)

၁။ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်ဇော (၁၇)ကား ပစ္စည်းတရားတည်း။ ပထမဇော ကြဉ်သော နောက်နောက်သော ကုသိုလ်ဇော (၂၁)ပါးကား ပစ္စယုပ္ပန်တရားတည်း။

**[မှတ်ချက်** — ကာမာဝစရကုသိုလ်ဇောသည် မိမိ၏ အခြားမဲ့၌ဖြစ်သော ကာမာဝစရကုသိုလ်ဇောအား သာလျှင် ယေဘုယျအားဖြင့် ကျေးဇူးပြု၏။ အထူးမှာ ကာမာဝစရကုသိုလ်ဇောတို့တွင် မဟာကုသိုလ် ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်ဇောသည် မိမိနှင့် တူသော ဝေဒနာရှိသော ရူပါဝစရ ကုသိုလ်ဇောအားလည်းကောင်း, အရူပါဝစရ ကုသိုလ်ဇောအားလည်းကောင်း, လောကုတ္တရာ ကုသိုလ်ဇောအားလည်းကောင်း အာသေဝနပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေး၏။ ဈာနဝီထိ မဂ္ဂဝီထိတို့၏ အတွင်း၌ ဈာန်ဇော မဂ်ဇောတို့၏ ရှေး၌ရှိသော ကာမဇော များကို ရည်ညွှန်းထားသည်။ **လောကုတ္တရော အာသေဝနပစ္စယော နာမ နတ္ထိ**။ (အဘိ-ဋ္ဌ-၃-၃၇၃။) = လောကုတ္တရာဇောတို့၌ အာသေဝနပစ္စည်းတရား မရကောင်း၍ ပစ္စည်းတရားဘက်၌ လောကီကုသိုလ်ဇောများ ကိုသာ ကောက်ယူထားသည်။ သို့သော် လောကုတ္တရာဇောတို့သည် ပစ္စယုပ္ပန်တရားတို့ကား ဖြစ်နိုင်ကြ၏။ ထိုကြောင့် ပစ္စယုပ္ပန်တရားဘက်၌ လောကုတ္တရာမဂ်ဇောများကို ထည့်၍ ကောက်ယူထားသည်။]

၂။ အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဇော (၁၂)က ပစ္စည်းတရားတည်း။ ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဇော (၁၂)က ပစ္စယုပ္ပန်တရားတည်း။

၃။ အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော (၁၈)က ပစ္စည်းတရားတည်း။ ပထမဇောကြဉ်သော နောက်နောက်သော ကြိယာဇော (၁၈)က ပစ္စယုပ္ပန်တရားတည်း။ ဤသို့လျှင် အကျဉ်းအားဖြင့် (၃)မျိုး တည်း။

ယင်းပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရားတို့အား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပစ္စည်း-တရားတို့ကား ခဏတ္တယကိုလွန်ပြီး အတိတ်တရားစုတည်း။ ပစ္စယုပ္ပန်တရားတို့ကား ခဏတ္တယသို့ ရောက်ဆဲ ပစ္စုပ္ပန်တရားစုတည်း။

နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။

## ကမ္မပစ္စည်း

**စိတ္တပယောဂ** — စိတ်၏ အပြားအားဖြင့် အားထုတ်ခြင်းဟူသည် စိတ်၏ ထူးခြားသော အမူအရာတည်း၊ ထိုအမူအရာကို အာယူဟနဟုလည်း ခေါ်၏။ ဗျာပါရဟုလည်း ခေါ်၏။ ကိုယ်၏ ထူးခြားသော အမူအရာသည် ကာယဝိညတ်ဖြစ်၍ နှုတ်၏ထူးခြားသော အမူအရာသည် ဝစီဝိညတ်ဖြစ်သကဲ့သို့ ထို့အတူ စိတ်၏ ထူးခြားသော အမူအရာကို စေတနာ (= စေ့ဆော်ခြင်းသဘော)ဟု ခေါ်သည်။ ယင်းစေ့ဆော်မှုဟူသည် လုပ်ငန်းရပ်တစ်ခု ဖြစ်မြောက်ရေးအတွက် စိတ်၏ အားထုတ်မှု (= စိတ္တပယောဂ), ကြောင့်ကြ ဗျာပါရပြုမှုပင်တည်း။ လက်သမား ဆရာကြီး၏ လက်ထောက်တပည့်ကြီးသည် လက်သမားဆရာကြီး၏ လက်အောက်ငယ်သားတို့ထက် အလုပ် ကိစ္စ၌ ဗျာပါရများသကဲ့သို့ ထိုထိုကိစ္စ၌ ဗျာပါရများသော အမူအရာတည်း။

ယင်းစိတ်၏ အပြားအားဖြင့် အားထုတ်ခြင်း (= စိတ္တပယောဂ)ဟု ဆိုအပ်သော အမူအရာ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော စေတနာတရားသည် **ကမ္မပစ္စည်း** မည်၏။ (ကိုယ်မှု နှုတ်မှု စိတ်မှုကို ပြုကြောင်း စေတနာကို ကမ္မဟု ခေါ်သည်။ ကမ္မပစ္စည်းဟုလည်း ခေါ်သည်။) ထိုကမ္မပစ္စည်းသည် နာနာက္ခဏိကကမ္မ, သဟဇာတကမ္မဟု နှစ်မျိုးရှိ၏။

၁။ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (နာနာက္ခဏိကကမ္မ။)
၂။ စေတနာသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (သဟဇာတကမ္မ။)
(ပဋ္ဌာန-၁-၇။)

၁။ **နာနာက္ခဏိကကမ္မ** — ရှေးရှေး သင်ယူအပ်သော အတတ်သင်ယူမှုသည် နောက်နောက် အတတ်သင်ယူမှုအား အခြေခံအဖြစ်ဖြင့် ကျေးဇူးပြုရာ၌ ကာလချင်း မတူဘဲ ကာလတစ်ပါးသို့ ရောက်မှ ကျေးဇူးပြုသကဲ့သို့ ကံဟူသော စေတနာသည်လည်း ပြုရာခဏ မိမိ ဖြစ်ဆဲခဏ၌ ကျေးဇူးမပြု၊ နောက်နောက်ခဏ ရောက်မှ ကျေးဇူးပြု၏။ ထို့ကြောင့် အကျိုးပေးရာ ခဏမှ အသီးအသီးဖြစ်သော ကွဲပြားသောခဏ၌ ဖြစ်သော စေတနာကို နာနာက္ခဏိကကမ္မ စေတနာဟု ခေါ်၏။ ထိုစေတနာသည် များပြားလှကုန်သော ကမ္ဘာပေါင်း ကုဋေတို့၏ အထက်၌သော်လည်း ဖြစ်ခဲ့စေကာမူ မိမိ၏ အကျိုးတရားကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော နာနာက္ခဏိကကမ္မ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ မှန်ပေသည် — ကုသိုလ်ကံ အကုသိုလ်ကံသည် ဝိပါက် နာမ်ခန္ဓာတို့အား လည်းကောင်း, ကဋတ္တာရုပ် (= ကမ္မဇရုပ်)တို့အားလည်းကောင်း နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးသည်ဟု ဆိုသော်လည်း ထိုကံသည် မိမိဖြစ်ဆဲခဏ၌ (= ဥပါဒ်-ဌီ-ဘင် ခဏတ္တယအတွင်း၌) အကျိုး မပေးနိုင်သေးပေ။ အကယ်၍ ပေးနိုင်ငြားအံ့၊ လူသားတစ်ဦးသည် နတ်ပြည်သို့ ရောက်ကြောင်း ကုသိုလ်ကံ တစ်ခုကို ပြုလုပ်၏၊ ထိုလူသားသည် ထိုကုသိုလ်ကံ၏ အာနုဘော်ကြောင့် ထိုကံကိုပြုဆဲ ခဏမှာပင်လျှင် နတ်သားဖြစ်လေရာ၏။

အလျော်အားဖြင့် ဆိုရမူ — အကြင်ခဏ၌ ကံကို ပြု၏၊ ထိုကံပြုရာ ခဏမှ တစ်ပါးသော ခဏ၌ ထိုစေတနာသည် သင်္ခတပရမတ်တရားတို့၏ ဓမ္မတာအတိုင်း အနိစ္စတရားစင်စစ်သာ ဖြစ်၍ ချုပ်ပျက်သွား၏။ ကုသိုလ်ဇော စေတနာ ဖြစ်စေ အကုသိုလ်ဇော စေတနာ ဖြစ်စေ အကြင်ခန္ဓာအစဉ်ဝယ် ဖြစ်ပြီး၍ ချုပ်ရသည် ရှိသော် ဝိပါက်တရားတို့ကဲ့သို့ ပြီးပြီးပျောက်ပျောက် အနေအားဖြင့် ဘာမျှ မကျန်အောင် ချုပ်ပျောက်သွား-သည်ကား မဟုတ်၊ မိမိ၏ ထူးခြားသော ကမ္မသတ္တိကို ထိုရုပ်နာမ်ခန္ဓာ အစဉ်ဝယ် မြှုပ်သွင်း၍သာလျှင် ချုပ်ပျောက်သွား၏။ ထိုသို့ ချုပ်ပျောက်သွားသဖြင့် ယင်းကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာသည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား မရှိပါသော်လည်း ပြုအပ်ခဲ့သောကံနှင့် (= စေတနာနှင့်) မဖက် သက်သက်ကံကို ပြုအပ်ပြီးသည့် အတွက်ကြောင့်သာလျှင် —

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်လျှင် မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း
၂။ ဥပပဇ္ဇဝေဒနီယကံဖြစ်လျှင် ကပ်၍ဖြစ်ရာ ဒုတိယဘဝ၌ သော်လည်းကောင်း,
၃။ အပရာပရိယဝေဒနီယကံဖြစ်လျှင် မျက်မှောက်ဘဝ ဒုတိယဘဝမှတစ်ပါးသော အဆက်ဆက် ရောက်ထိုက်-သော ဘဝ၌သော်လည်းကောင်း,

ကာလ-ဂတိ-ဥပဓိ-ပယောဂ ဟူသော ကြွင်းသော အကြောင်းတရားတို့နှင့် ပေါင်းဆုံမိခြင်းသည် ရှိခဲ့သော် အကျိုးတရားကို ဖြစ်စေနိုင်၏။ ထို့ကြောင့် — နာနာက္ခဏိကကမ္မပစ္စည်း = အကျိုးပေးရာ ခဏမှ (= အကျိုးဖြစ်ပေါ်ရာ ခဏမှ) မတူထူးခြား ကွဲပြားသော အတိတ်ခဏ၌ ဖြစ်သော ကမ္မပစ္စည်းဟူ၍ ခေါ်ဆိုပေသည်။
(အဘိ-ဋ္ဌ-၃-၃၇၄။ မူလဋီ-၃-၁၇၂။)

ဤ၌ အကျိုးပေးရာ ခဏမှ (= အကျိုးဖြစ်ပေါ်လာရာ ခဏမှ) မတူထူးခြား ကွဲပြားသော အသီးအသီးသော အတိတ်ခဏ၌ ဖြစ်ခဲ့သော ကုသိုလ်စေတနာ (၂၁) အကုသိုလ်စေတနာ (၁၂)တို့ကား ပစ္စည်းတရားတည်း။ ဝိပါက် နာမ်ခန္ဓာတို့နှင့် ကဋတ္တာရုပ် (= ကမ္မဇရုပ်)တို့ကား ပစ္စယုပ္ပန်တရားတည်း။

ပစ္စည်းကား အတိတ်၊ ပစ္စယုပ္ပန်ကား ပစ္စုပ္ပန်တည်း။

၂။ **သဟဇာတကမ္မ** — စိတ် တစ်ခုယုတ် (၉၀)ဟု သတ်မှတ်ထားသော စိတ်အားလုံး၌ ယှဉ်သော စေတနာသည် မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားစုတို့အားလည်းကောင်း, ထိုစိတ်ကြောင့် ဖြစ်ကုန်သော ပဋိသန္ဓေခဏဖြစ်လျှင် ပဋိသန္ဓေကမ္မဇရုပ်တို့အား ကြွင်းသောခဏဖြစ်လျှင် စိတ္တဇရုပ်တို့အားလည်းကောင်း သဟဇာတကမ္မ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ မှန်ပေသည် ကုသိုလ်စေတနာ အကုသိုလ်စေတနာ စသည်တို့တွင် အမှတ်မထား တစ်ပါးပါးသော စေတနာသည် ကြွင်းသောတရားတို့အား စိတ္တပယောဂဟု ခေါ်ဆိုအပ်သော အမူအရာ၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်၏။ ထိုကြောင့် သဟဇာတကမ္မပစ္စည်းဟူ၍ ခေါ်ဆိုအပ်ပေသည်။ (ကာယဝိညတ်သည် ကာယပယောဂ မည်၏၊ ဝစီဝိညတ်သည် ဝစီပယောဂ မည်၏၊ စေတနာသည် စိတ္တပယောဂ မည်၏။)

(အဘိ-ဋ္ဌ-၃-၃၇၄-၃၇၅။)

ဤသဟဇာတကမ္မ၌ ပစ္စည်းတရားကား စိတ် တစ်ခုယုတ် (၉၀)၌ရှိသော စေတနာတည်း။ ပစ္စယုပ္ပန်-တရားကား စိတ် တစ်ခုယုတ် (၉၀), စေတနာကြဉ်သော စေတသိက် (= ၅၁)ဟု ဆိုအပ်သော သမ္ပယုတ္တခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တည်း။ ဤသဟဇာတကမ္မ၌ ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် ပစ္စုပ္ပန်တရားချည်း-သာတည်း။

## သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ

ကုသိုလ်စေတနာ အကုသိုလ်စေတနာများသည် အချိန်အခါသို့လိုက်၍ သဟဇာတကမ္မ နာနာက္ခဏိကကမ္မ အမည်နှစ်မျိုး ရနိုင်ကြသည်။

၁။ ဒါန သီလ ဘာဝနာဖြင့် သိမ်းကျုံးရေတွက်အပ်သော သဟဇာတ ကာမာဝစရ ကုသိုလ်စေတနာသည် ပဉ္စဝေါကာရဘုံ၌ မိမိ ဥပါဒ်ခိုက် ထင်ရှားရှိခိုက် မိမိနှင့် အတူယှဉ်ဖက် သမ္ပယုတ်ကုသိုလ်တရားစုတို့အားလည်းကောင်း, စိတ္တသမုဋ္ဌာန်ရုပ်အားလည်းကောင်း, စတုဝေါကာရဘုံ၌ သမ္ပယုတ်ကုသိုလ်တရားစုတို့အားလည်းကောင်း **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

ဖြစ်ပြီး၍ ချုပ်ပျက်သွားပြီးသော ယင်း (ဒါန-သီလ-ဘာဝနာ) ကာမာဝစရ ကုသိုလ်စေတနာသည် မိမိ၏ ကာမာဝစရ အကျိုးဝိပါက်ခန္ဓာတို့အားလည်းကောင်း (= ပဋိသန္ဓေ-ဘဝင်-စုတိ-ပဉ္စဝိညာဏ်-သမ္ပဋိစ္ဆိုင်း-သန္တီရဏ-တဒါရုံဝိပါက်ခန္ဓာတို့ကို ဆိုလိုသည်။) ကဋတ္တာရုပ် (= ကမ္မဇရုပ်)တို့အားလည်းကောင်း **နာနာက္ခဏိက-ကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြုပေး၏။ ဤသို့ ကျေးဇူးပြုမှုမှာလည်း ပဉ္စဝေါကာရဘုံ၌သာလျှင် ကျေးဇူးပြုသည်၊ အခြားသောဘုံ၌ ကျေးဇူးမပြု။ (ရူပါဝစရဘုံ၌ကား - စက္ခုဝိညာဏ်-သောတဝိညာဏ်-သမ္ပဋိစ္ဆိုင်း-သန္တီရဏ ဝိပါက်ခန္ဓာတို့ကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်။) (အဘိ-ဋ္ဌ-၃-၃၇၅။)

၂။ အတူဖြစ်သော သဟဇာတ ရူပါဝစရဈာန် ကုသိုလ်စေတနာသည် မိမိနှင့် ယှဉ်ဖက် သမ္ပယုတ်တရားစုတို့အားလည်းကောင်း, စိတ္တသမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း ဧကန်အားဖြင့်သာလျှင် **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

တစ်ဖန် မိမိဖြစ်ပြီး၍ ချုပ်ပျက်သွားသော် ယင်းရူပါဝစရဈာန် ကုသိုလ်စေတနာသည် မိမိ၏ ရူပါဝစရ အကျိုးဝိပါက်ခန္ဓာတို့အားလည်းကောင်း ကဋတ္တာရုပ် (= ကမ္မဇရုပ်)တို့အားလည်းကောင်း (ရူပါဝစရဘုံ၌) **နာနာက္ခဏိကကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၇၅။)

၃။ အရူပါဝစရကုသိုလ်နှင့် ယှဉ်သော သဟဇာတ ကုသိုလ်စေတနာ, လောကုတ္တရာမဂ်ကုသိုလ်နှင့် ယှဉ်သော သဟဇာတ ကုသိုလ်စေတနာသည် ပဉ္စဝေါကာရဘုံ၌ မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားစုတို့အားလည်းကောင်း,

စိတ္တသမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း, စတုဝေါကာရဘုံ၌ မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်ခန္ဓာတို့အားလည်းကောင်း **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

ဖြစ်ပြီး၍ ချုပ်ပျောက်သွားသော်ကား ယင်းအရူပါဝစရ ကုသိုလ်စေတနာ, လောကုတ္တရာ ကုသိုလ်စေတနာ နှစ်မျိုးလုံးသည် မိမိ မိမိ၏ ဆိုင်ရာ ဆိုင်ရာ ဝိပါက် နာမက္ခန္ဓာတို့အားသာလျှင် **နာနာက္ခဏိကကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြုပေး၏။ အရူပကုသိုလ်စေတနာက ဆိုင်ရာ အရူပဝိပါက် နာမက္ခန္ဓာကို ဘဝဟူသော အချိန်ကာလ ခဏခြားလျက် အကျိုးပေး၏၊ ကျေးဇူးပြုပေး၏။ လောကုတ္တရာမဂ်ကုသိုလ်ကား မိမိဖြစ်ပြီးသည်၏ အခြားမဲ့၌ သာလျှင် စိတ္တက္ခဏမခြားဘဲ ဆိုင်ရာ အရိယဖိုလ်ဟူသော အကျိုးဝိပါက်ကို ကျေးဇူးပြု၏၊ အကျိုးပေး၏။ သို့သော် မဂ်ကုသိုလ်စေတနာကား စိတ္တက္ခဏတစ်ခု၊ အရိယဖိုလ်ဟူသော ဝိပါက်တရားကား စိတ္တက္ခဏတစ်ခု၊ ဤသို့ စိတ္တက္ခဏ မတူသဖြင့် ခဏကွဲပြား၍ နာနာက္ခဏိကကမ္မ အမည်ရသည်။ (အဘိ-ဋ္ဌ-၃-၃၇၅။)

၄။ အတူဖြစ်သော သဟဇာတ အကုသိုလ်စေတနာသည် ပဉ္စဝေါကာရဘုံ၌ မိမိနှင့် အတူယှဉ်ဖက် သမ္ပယုတ် နာမက္ခန္ဓာတို့အားလည်းကောင်း, စိတ္တသမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း, စတုဝေါကာရဘုံ၌ အတူယှဉ်ဖက် သမ္ပယုတ် နာမက္ခန္ဓာတို့အားသာလျှင်လည်းကောင်း **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့်ကျေးဇူးပြု၏။

တစ်ဖန် ဖြစ်ပြီး၍ ချုပ်ပျက်သွားခဲ့သော်ကား (အပါယ်ဘုံ, ပဉ္စဝေါကာရဘုံ၌) အကုသလဝိပါက် နာမက္ခန္ဓာတို့အားလည်းကောင်း ကဋတ္တာရုပ် (= ကမ္မဇရုပ်)တို့အားလည်းကောင်း **နာနာက္ခဏိကကမ္မပစ္စယ သတ္တိ**ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၇၅။)

[**မှတ်ချက်** — ဤအဋ္ဌကထာ အဖွင့်များနှင့်အညီ ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့သည် မိမိတို့ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားရှိခိုက်၌ မိမိတို့နှင့် စိတ္တက္ခဏတစ်ခုအတွင်း၌ အတူယှဉ်တွဲ ဖြစ်ကြသည့် သမ္ပယုတ် နာမက္ခန္ဓာနှင့် ဥပါဒ်ချင်း ပြိုင်၍ ဖြစ်ကြသော စိတ္တဇရုပ်တည်းဟူသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၍ မိမိတို့ ဖြစ်ပြီး ချုပ်ပြီးနောက် ခဏခြားရာ ကာလခြားရာ ဘဝခြားရာ၌ကား ပစ္စယုပ္ပန်တရားတို့အား (= ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့အား) နာနာက္ခဏိကကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏ဟု မှတ်ပါ။ ယင်းနာနာက္ခဏိကကမ္မသတ္တိကိုပင် ရည်ရွယ်၍ ရှေး အကြောင်း အကျိုး သိမ်းဆည်းသည့် အပိုင်း၌ ကံဖြစ်ခြင်းကြောင့် (ကမ္မဇရုပ်)ရူပက္ခန္ဓာဖြစ်၏၊ ကံက အကြောင်းတရား, (ကမ္မဇရုပ်)ရူပက္ခန္ဓာက အကျိုးတရား — ဤသို့ စသည်ဖြင့် ဖော်ပြခဲ့ပေသည်။]

## ဝိပါက်စေတနာ – ကြိယာစေတနာ

၅။ ကာမာဝစရ ဝိပါက်စေတနာ ရူပါဝစရ ဝိပါက်စေတနာသည် မိမိနှင့်ယှဉ်ဖက် (ဝိပါက်)သမ္ပယုတ်တရား တို့အားလည်းကောင်း, ပဝတ္တိအခါ၌ စိတ္တသမုဋ္ဌာန်ရုပ်တို့အား လည်းကောင်း, ပဋိသန္ဓေအခါ၌ ကဋတ္တာရုပ်တို့အား လည်းကောင်း **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

၆။ အရူပါဝစရ ဝိပါက်စေတနာသည် မိမိနှင့်ယှဉ်ဖက် (ဆိုင်ရာဝိပါက်)သမ္ပယုတ်တရားစုတို့အားသာလျှင် **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

၇။ လောကုတ္တရာ ဝိပါက်စေတနာ (= အရိယဖိုလ်စေတနာ)သည် ပဉ္စဝေါကာရဘုံ၌ မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း ပဝတ္တိအခါ၌ စိတ္တသမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း, စတုဝေါကာရဘုံ၌ နာမ်တရားအားသာလျှင်လည်းကောင်း **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၇၅။)

၈။ ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးအတွင်း၌ တည်ရှိသော ကာမ ကြိယာစေတနာ ရူပ ကြိယာ-စေတနာ အရူပ ကြိယာစေတနာသည် ပဉ္စဝေါကာရဘုံ၌ မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့အားလည်းကောင်း, စိတ္တသမုဋ္ဌာန်ရုပ်အားလည်းကောင်း, **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ ယင်းကာမ ရူပ အရူပ ကြိယာစေတနာသည် အရူပဘုံ၌ဖြစ်မူ နာမ်တရားတို့အားသာလျှင် (= သမ္ပယုတ် နာမက္ခန္ဓာတို့အားသာလျှင်) **သဟဇာတကမ္မပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၇၅-၃၇၆။)

နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းဟု မှတ်ပါ။

## ဝိပါကပစ္စည်း

အားထုတ်မှု ဗျာပါရမရှိသော ငြိမ်သက်သည်၏အဖြစ်ဖြင့် အားထုတ်မှု ဗျာပါရမရှိသော ငြိမ်သက်သည်၏ အဖြစ် အကျိုးငှာ ကျေးဇူးပြုတတ်သော ဝိပါက်တရား (= ဝိပါက်နာမ်ခန္ဓာလေးပါး)သည် **ဝိပါကပစ္စည်း** မည်၏။ (အဘိ-ဋ္ဌ-၃-၃၄၉။)

## ရှင်းလင်းချက်

ဥဿာဟောတိ စ ကိရိယမယစိတ္တုပ္ပါဒဿ ပဝတ္တိအာကာရော ဝေဒိတဗ္ဗော၊ ယော ဗျာပါရောတိ စ ဝုစ္စတိ, န ဝီရိယုဿာဟော။ (အနုဋီ-၃-၂၃၂။)

ကိုယ်နှုတ်တို့၏ အမူအရာကို ဖြစ်စေတတ် ပြီးစေတတ်သော စိတ္တုပ္ပါဒ်၏ ဖြစ်ပုံအခြင်းအရာ တစ်မျိုးကို ဥဿာဟဟုခေါ်၏၊ ယင်းအခြင်းအရာကိုပင် ဗျာပါရဟုလည်း ခေါ်၏။ ဝီရိယကား မဟုတ်ပေ။ ကုသိုလ် အကုသိုလ်စသော တရားတို့၏ ကိုယ်နှုတ်နှင့်စပ်သော အမူအရာကို ဖြစ်စေဖို့ရန် ကြောင့်ကြဗျာပါရကို ဥဿာဟ ဟု ခေါ်သည်။ ကုသိုလ်ဇော အကုသိုလ်ဇောတို့မှာ အကျိုးပေးဖို့ရန် အကျိုးကို ဖြစ်စေဖို့ရန် ဗျာပါရရှိနေသည့် အတွက် မိမိတို့ ဖြစ်ခိုက်၌ ငြိမ်ငြိမ်သက်သက် မဖြစ်နိုင်ကြပေ။

ဝိပါက် ကြိယာစိတ်တို့၌ကား အကျိုးပေးဖို့ရန် ဗျာပါရမရှိသည့်အတွက် မိမိတို့ဖြစ်ခိုက်၌ ငြိမ်ငြိမ် သက်သက် ဖြစ်နိုင်ကြ၏။

**ကြိယာဇော** — ကြိယာဇောတို့ကား အနုသယဓာတ် ကင်းစင်တော်မူကြသော ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌သာ ဖြစ်နိုင်ကြ၏။ ထိုအနုသယဓာတ် ကင်းစင်တော်မူကြသော ရဟန္တာအရှင်မြတ်တို့၏ သန္တာန်ဝယ် အကျိုးဝိပါက်ကို ဖြစ်စေရန် အလွန်အကဲနှင့်တကွသော ဗျာပါရကို မရနိုင်ခြင်းကြောင့်ပင်လျှင် ထိုအနုသယဓာတ် ကင်းစင်တော်မူကြသော ရဟန္တာအရှင်မြတ်တို့၏ သန္တာန်ဝယ် ဖြစ်ကြသော ကြိယာဇောတို့သည် ငြိမ်သက်သော သဘောရှိကြကုန်၏။ အကျိုးကို ဖြစ်စေခြင်း၌ ဗျာပါရကင်းကြကုန်သည်သာ ဖြစ်ကုန်၏။

**ဝိပါက်တရားများ** — ဝိပါက်စိတ်တို့သည် ကာယဝိညတ် ဝစီဝိညတ်ဟူသော ကိုယ်အမူအရာ နှုတ်အမူအရာကို ဖြစ်စေနိုင်သော ကြိယာမယ စိတ္တုပ္ပါဒ်များ မဟုတ်ကြပေ။ ထို့ကြောင့် အကျိုးတစ်စုံတစ်ရာကို ဖြစ်စေဖို့ရန် အားထုတ်ခြင်း ဥဿာဟလည်း ကင်းကုန်၏။ အကျိုးဝိပါက်ကို ဖြစ်စေဖို့ရန် ကြောင့်ကြဗျာပါရ မရှိသောကြောင့် ငြိမ်လည်း ငြိမ်သက်ကုန်၏။ ထို့ကြောင့် ဝိပါက်စိတ်တို့ကို နိရုဿာဟသန္တဘာဝ = အားထုတ်မှု ဗျာပါရမရှိသော ငြိမ်သက်သော သဘောတရားများဟု ခေါ်ဆိုရသည်။ ထို့ကြောင့် အဋ္ဌကထာက အောက်ပါအတိုင်း ဖွင့်ဆိုထား၏။

နိရုဿာဟသန္တဘာဝေန နိရုဿာဟသန္တဘာဝါယ ဥပကာရကော ဝိပါကဓမ္မော **ဝိပါကပစ္စယော**။
(အဘိ-ဋ္ဌ-၃-၃၄၉။)

= အားထုတ်မှု ဗျာပါရမရှိသော ငြိမ်သက်သည်၏အဖြစ်ဖြင့် အားထုတ်မှု ဗျာပါရမရှိသော ငြိမ်သက်သည်၏ အဖြစ် အကျိုးငှာ ကျေးဇူးပြုတတ်သော ဝိပါက်တရားသည် **ဝိပါကပစ္စည်း** မည်၏။ (အဘိ-၄-၃-၃၄၉။)

## အတိုချုပ် မှတ်သားရန်

၁။ ကုသိုလ် အကုသိုလ်တို့သည် (ကာယပယောဂ ဝစီပယောဂဟူသော) ကိုယ်အမူအရာ နှုတ်အမူအရာကို ဖြစ်စေတတ်သော ဗျာပါရနှင့်တကွ ဖြစ်သောကြောင့်လည်းကောင်း, အကျိုးပေးဖို့ရန် ဗျာပါရလည်း ရှိသောကြောင့်လည်းကောင်း အားထုတ်ခြင်း ဗျာပါရနှင့်တကွ ဖြစ်၍ မငြိမ်သက်သော သဘောတရားတို့-သာတည်း။

၂။ ကြိယာဇောတို့သည် ကာယပယောဂ ဝစီပယောဂကို ဖြစ်စေဖို့ရန် ဗျာပါရ ရှိသော်လည်း အကျိုးပေးဖို့ရန် ဗျာပါရ မရှိသောကြောင့် အားထုတ်ခြင်း ဗျာပါရနှင့်တကွ ဖြစ်၍ ငြိမ်သက်သော သဘောတရားတို့သာ တည်း။

၃။ ဝိပါက်တရားတို့ကား ကာယပယောဂ ဝစီပယောဂကိုလည်း မဖြစ်စေနိုင်, အကျိုးပေးဖို့ရန် ဗျာပါရလည်း မရှိသောကြောင့် အားထုတ်မှု ဗျာပါရမရှိသော ငြိမ်သက်သော သဘောတရားတို့သာတည်း။

ထိုဝိပါကပစ္စည်းတရားသည် ပဝတ္တိအခါ၌ မိမိဝိပါက်စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တသမုဋ္ဌာန်ရုပ်တို့အား လည်းကောင်း, ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တို့အားလည်းကောင်း, အလုံးစုံသော ပဝတ္တိအခါ ပဋိသန္ဓေအခါတို့၌ သမ္ပယုတ်တရားတို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-၄-၃-၃၄၉-၃၅၀။)

၁။ ပဝတ္တိအခါ၌ — ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၁)ပါးသည် ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၃)ပါးတို့အား လည်းကောင်း, စိတ္တသမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း,

၂။ ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၂)ပါးသည် ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၂)ပါးအားလည်းကောင်း, စိတ္တသမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း,

၃။ ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၃)ပါးသည် ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၁)ပါးအားလည်းကောင်း, စိတ္တသမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၄။ ပဋိသန္ဓေခဏ၌ — ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၁)ပါးသည် ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၃)ပါးအား လည်းကောင်း, ကဋတ္တာရုပ်တို့အားလည်းကောင်း,

၅။ ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၃)ပါးတို့သည် ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၁)ပါးအားလည်းကောင်း, ကဋတ္တာရုပ်တို့အားလည်းကောင်း,

၆။ ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၂)ပါးတို့သည် ဝိပါက်အဗျာကတ နာမ်ခန္ဓာ (၂)ပါးတို့အားလည်းကောင်း, ကဋတ္တာရုပ်တို့အားလည်းကောင်း ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၇။ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည် ဟဒယဝတ္ထုအား ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-၄-၃-၃၅၀။)

ဤပစ္စည်း၌လည်း ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် ခဏတ္တယသမင်္ဂီအခိုက်၌ တည်ရှိကြသော ပစ္စုပ္ပန်-တရားချည်းသာတည်း။

နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။

## အာဟာရပစ္စည်း

ရူပါရူပါနံ ဥပတ္ထမ္ဘကဋ္ဌေန ဥပကာရကာ စတ္တာရော အာဟာရာ **အာဟာရပစ္စယော**။ (အဘိ-ဋ္ဌ-၃-၃၅၀။)

ရုပ်တရား နာမ်တရားတို့အား ထောက်ပံ့တတ်ကုန်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော အာဟာရ (၄)မျိုးတို့သည် **အာဟာရပစ္စည်း**မည်၏။

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။ အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၇။)။ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၅၆။)

၁။ အလုတ်အလွေး မဟုတ်သော်လည်း အလုတ်အလွေးကဲ့သို့ ပြုအပ်သော ကမ္မဇ - စိတ္တဇ - ဥတုဇ - အာဟာရဇဩဇာသည် ကလာပ်တူ ဩဇာကြွင်းသော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုဇကာယ တိဇကာယ အား ရုပ်အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ဖဿ - စေတနာ - ဝိညာဏ်ဟူသော နာမ်အာဟာရတို့သည် ယှဉ်ဖက် သမ္ပယုတ်တရားတို့အား လည်းကောင်း, ထိုနာမ်အာဟာရလျှင် ဖြစ်ကြောင်းရှိကုန်သော ပဋိသန္ဓေအခါ၌ ကဋတ္တာရုပ်၊ ပဝတ္တိအခါ၌ စိတ္တ-သမုဋ္ဌာန်ရုပ်တို့အားလည်းကောင်း နာမ်အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၇။)

၃။ ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်ကုန်သော ဖဿ - စေတနာ - ဝိညာဏ် နာမ်အာဟာရတို့သည် ယှဉ်ဖက် သမ္ပယုတ် နာမ်ခန္ဓာတို့အားလည်းကောင်း, ကဋတ္တာရုပ်တို့အားလည်းကောင်း, အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၁၅၆။)

## ကဗဠီကာရအာဟာရ

**ကဗဠီကာရော အာဟာရော**တိ စတုသန္တတိသမုဋ္ဌာနေ ရူပေ ဩဇာ အာဟာရော နာမ။ သော ပန ယသ္မာ ကဗဠံ ကရိတွာ အဇ္ဈောဟရိတော၀ အာဟာရကိစ္စံ ကရောတိ၊ န ဗဟိ ဌိတော၊ တသ္မာ အာဟာရောတိ အ၀တွာ "ကဗဠီကာရော အာဟာရော"တိ ဝုတ္တံ။ ကဗဠံ ကရိတွာ အဇ္ဈောဟရိတဗ္ဗ၀တ္ထုကတ္တာ ဝါ ကဗဠီ-ကာရောတိ နာမမေတံ တဿ။ (အဘိ-ဋ္ဌ-၃-၃၇၇။)

ကဗဠီကာရအာဟာရဟုပင် ဆိုသော်လည်း ဗဟိဒ္ဓ၌တည်သော စားမျိုထိုက်သော ဥတုဇဩဇာကိုသာ ကဗဠီကာရအာဟာရအရ မကောက်ယူရ။ စတုသမုဋ္ဌာနိကဩဇာကို ကောက်ယူပါ။ ကမ္မဇရုပ်သန္တတိအစဉ်, စိတ္တဇရုပ်သန္တတိအစဉ်, ဥတုဇရုပ်သန္တတိအစဉ်, အာဟာရဇရုပ်သန္တတိအစဉ်ဟူသော ရုပ်သန္တတိအစဉ် (၄)မျိုး၌ ပါဝင်တည်နေသော စတုသမုဋ္ဌာနိကဩဇာသည် အာဟာရမည်ပေသည်။ ထိုသို့ စတုသမုဋ္ဌာနိက ဩဇာသည် အာဟာရမည်ပါသော်လည်း — ထိုအာဟာရသည် ထမင်းလုတ်စသည်ကို ပြုလုပ်၍ မျိုအပ်သည် ဖြစ်မှသာလျှင် အာဟာရကိစ္စကို ပြုလုပ်နိုင်၏၊ အပြင်အပ၌ တည်နေသည် ဖြစ်လတ်သော် အာဟာရကိစ္စကို မပြုလုပ်နိုင်။ ထိုသို့ ထမင်းလုတ်စသည်ကို စားမျိုမှသာ အာဟာရကိစ္စကို ပြုနိုင်သည်၏ အဖြစ်ကြောင့် ကဗဠီကာရသဒ္ဒါ မပါဘဲ အာဟာရဟူ၍သာ မဟောမူ၍ "ကဗဠီကာရအာဟာရ"ဟူ၍ ဘုရားရှင်သည် ဟောကြားတော်မူအပ်ပေ၏။ တစ်နည်းဆိုရသော် စားမျိုထိုက်သော အစာဟူသော တည်ရာရှိသည်၏ အဖြစ်ကြောင့် ကဗဠီကာရဟူသော ဤအမည်သည် ထိုစတုသမုဋ္ဌာနိကဩဇာ၏ အမည်တည်း။ (အဘိ-ဋ္ဌ-၃-၃၇၇။)

ထိုစတုသမုဋ္ဌာနိကသြဇာဟူသော အာဟာရက အလုတ်အလွေး ပြုအပ်သော အစာ၌ တည်သောကြောင့် တည်ရာဖြစ်သော အစာ၏ ကဗဠီကာရအမည်ကို တည်တတ်သော အာဟာရ၌ (= စတုသမုဋ္ဌာနိကသြဇာ၌) တင်စား၍ စတုသမုဋ္ဌာနိကသြဇာဟူသော အာဟာရကိုလည်း ဌာန္ယူပစာရအားဖြင့် "ကဗဠီကာရ"ဟု ခေါ်နိုင်သည် ဟူလိုသည်။ (အဓိပ္ပါယ်အကျယ်ကို ရုပ်ကမ္မဋ္ဌာန်းပိုင်း၌ ပြန်ကြည့်ပါ။)

## ဥပတ္ထမ္ဘကတ္တာ – သဘော

သတိပိ ဇနကတ္တေ ဥပတ္ထမ္ဘကတ္တံ အာဟာရာနံ ပဓာနကိစ္စန္တိ အာဟ "**ရူပါရူပါနံ ဥပတ္ထမ္ဘကတ္တေနာ**"တိ။ (မူလဋီ-၃-၁၇၂။)

ကဗဠီကာရအမည်ရသော စားမျိုအပ်သော အစာအာဟာရဟူသော ဗဟိဒ္ဓ ဥတုဇသြဇဋ္ဌမက ရုပ်ကလာပ်တို့၌ တည်သော သြဇာသည် မိမိတည်းဟူသော အာဟာရကြောင့်ဖြစ်သော သြဇဋ္ဌမကအာဟာရဇရုပ်ကို တိုက်ရိုက် ဖြစ်စေတတ်သော ဇနကသတ္တိကား ရှိ၏။ သို့သော် ကမ္မဇသြဇာ, စိတ္တဇသြဇာ, ဥတုဇသြဇာနှင့် ရှေးရှေးသော အခြားအခြားသော သြဇဋ္ဌမကအာဟာရဇကလာပ်တို့၌ တည်သော အာဟာရဇသြဇာတို့ကိုကား ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကသတ္တိသာ ရှိပေသည်။ ထောက်ပံ့ဆိုသည်ကား ထို (၄)မျိုးသော သြဇာဓာတ်ကြောင့်ဖြစ်သည့် သြဇဋ္ဌမကရုပ်များကို အဆက်မပြတ်အောင် ဖြစ်နိုင်အောင် အားပေးထောက်ပံ့ခြင်းတည်း။ ယင်းကဗဠီကာရ အာဟာရဇသြဇာ၏ အထောက်အပံ့ကို ရရှိပါမှ အထက်ပါ (၄)မျိုးသော သြဇာတို့က ဆိုင်ရာ သြဇဋ္ဌမကရုပ်များကို ဖြစ်စေနိုင်ကြသည်။ (ရုပ်ကမ္မဋ္ဌာန်းပိုင်း၌ ပြန်ကြည့်ပါ။)

အစာကို စားလိုက်သောအခါ ထိုအစာ၌ပါသော ဥတုဇသြဇဋ္ဌမကကလာပ် အသီးအသီး၌ တည်သော သြဇာတို့က ကမ္မဇဝမ်းမီး၏ အကူအညီဖြင့် ခန္ဓာကိုယ်ဝယ် ပျံ့နှံ့သလောက် ယင်းအာဟာရဇသြဇာက အခြားသော စတုသမုဋ္ဌာနိက ရုပ်ကလာပ်များ၏ အတွင်း၌ တည်ရှိကြသော စတုသမုဋ္ဌာနိကသြဇာရုပ်များကိုလည်း အားပေးထောက်ပံ့သဖြင့် သြဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ် ဆင့်ကာဆင့်ကာ ဖြစ်ပွားလာသော အခါ ခန္ဓာကိုယ် တစ်ကိုယ်လုံး၌ ရုပ်တရားတွေ လန်းလန်းဆန်းဆန်း ဖြစ်ကာ အသားအရေ ပြည့်ဖြိုးလာပုံကို သတိပြု ကြည့်ပါလေ။

**နာမ်အာဟာရ** — ဖဿ - စေတနာ - ဝိညာဏ်ဟူသော နာမ်အာဟာရတို့ကလည်း အတူတကွဖြစ်ဖက် စိတ်-စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ကို ဖြစ်စေတတ်သော ဇနကသတ္တိရှိကြပေ၏။

အထက်တွင် နွယ်ခွေယောက်ျား ဥပမာဖြင့် ရှင်းလင်းတင်ပြခဲ့သော ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းတို့တွင် အာဟာရလေးပါးမှ စတင်၍ ဟောကြားထားတော်မူသော နည်းလည်းပါဝင်၏။ အထူးသဖြင့် အတိတ် ကမ္မဝဋ်တွင် အကျုံးဝင်သော ကုသိုလ်ဇောတို့နှင့် ယှဉ်သော ဖဿ - စေတနာ - ဝိညာဏ်ဟူသော နာမ်အာဟာရတို့မှာ ပစ္စုပ္ပန်ပဋိသန္ဓေစသော ဝိပါကဝဋ်တရားများကို တိုက်ရိုက် ဖြစ်စေနိုင်သော ဇနကသတ္တိများ ရှိကြပါပေ၏။ အလားတူပင် ပစ္စုပ္ပန် ကမ္မဝဋ်တွင် အကျုံးဝင်သော နာမ်အာဟာရတို့သည်လည်း အနာဂတ် ပဋိသန္ဓေစသော ဝိပါကဝဋ်တရားများကို တိုက်ရိုက် ဖြစ်စေနိုင်သော ဇနကသတ္တိများ ရှိကြပါပေ၏။ သို့သော် ဤအာဟာရ ပစ္စည်းပိုင်းတွင်ကား ယင်းဇနကသတ္တိများကို မရည်ညွှန်းထားပါ။

ယင်းသို့လျှင် ရုပ်အာဟာရ နာမ်အာဟာရတို့၌ ဇနကသတ္တိ ရှိပင် ရှိငြားသော်လည်း ဇနကသတ္တိထက် ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကသတ္တိက သာ၍လွန်ကဲသောကြောင့် —"**ရူပါရူပါနံ ဥပတ္ထမ္ဘကတ္တေန** = ရုပ်တရား နာမ်တရားတို့အား ထောက်ပံ့တတ်ကုန်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော အာဟာရ (၄)မျိုး တို့သည် **အာဟာရပစ္စည်း** မည်၏" — ဟု အဋ္ဌကထာက ဖွင့်ဆိုတော်မူခြင်းဖြစ်သည်။ (မူလဋီ-၃-၁၇၂။)

ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးတို့ကား ပစ္စုပ္ပန်တရားတို့ချည်းသာတည်း။

နာမ်ရုပ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။

## ကဗဠီကာရအာဟာရ

စတုသန္တတိသမုဋ္ဌာနော ကဗဠီကာရာဟာရော ကိဉ္စာပိ "ဣမဿ ကာယဿာ"တိ အဝိသေသတော ဝုတ္တော၊ ဝိသေသတော ပနာယမေတ္ထ အာဟာရသမုဋ္ဌာနရူပဿ ဇနကော စေဝ အနုပါလကော စ ဟုတွာ အာဟာရ-ပစ္စယေန ပစ္စယော ဟောတိ၊ သေသတိသန္တတိ သမုဋ္ဌာနဿ အနုပါလကောဝ ဟုတွာ အာဟာရပစ္စယေန ပစ္စယော ဟောတိ။ (အဘိ-ဌ-၃-၃၇၈။)

လေးမျိုးသော ရုပ်သန္တတိအစဉ်၌ အကျုံးဝင်သော စတုသမုဋ္ဌာနိကဩဇာဟူသော ကဗဠီကာရအာဟာရ သည် ဤရူပကာယအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို အထူးမမသာမညအားဖြင့် ဘုရားရှင် ဟောကြားတော်မူအပ်သည်ကား မှန်၏၊ ထိုသို့ပင် ဤရူပကာယအား ကျေးဇူးပြု၏ဟူ၍ သာမညအားဖြင့် ဟောကြားထားတော်မူအပ်ပါသော်လည်း အထူးအားဖြင့်ကား ကဗဠီကာရာဟာရ အမည်ရသော ဩဇာသည် ဤစတုသမုဋ္ဌာနိကရုပ်အပေါင်းတွင် အာဟာရသမုဋ္ဌာန်ရုပ်အား ဖြစ်စေတတ်သည်လည်းကောင်း စောင့်ရှောက် တတ်သည်လည်းကောင်းဖြစ်၍ အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကြွင်းသော ရုပ်သန္တတိအစဉ် သုံးမျိုး-ဖြစ်သော ကမ္မသမုဋ္ဌာန်ရုပ်, စိတ္တသမုဋ္ဌာန်ရုပ်, ဥတုသမုဋ္ဌာန်ရုပ်အား စောင့်ရှောက်တတ်သည်သာ ဖြစ်၍ အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-ဌ-၃-၃၇၈။) (စိစစ်ချက်များကို ရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် ပြန်ကြည့်ပါ။)

## ဣန္ဒြိယပစ္စည်း

အစိုးရသည်၏ အဖြစ်ဟူသော သဘော, မိမိနှင့် စပ်သော တရားတို့၏ အရှင်သခင်၏ အဖြစ်ဟူသော သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော ဣတ္ထိန္ဒြေ ပုရိသိန္ဒြေမှ တစ်ပါးသော (၂၀)ကုန်သော ဣန္ဒြေတို့သည် **ဣန္ဒြိယပစ္စည်း** မည်၏။

### ဣန္ဒြေ (၂၀)

၁။ စက္ခုန္ဒြေ = စက္ခုပသာဒ = စက္ခုအကြည်,
၂။ သောတိန္ဒြေ = သောတပသာဒ = သောတအကြည်,
၃။ ဃာနိန္ဒြေ = ဃာနပသာဒ = ဃာနအကြည်,
၄။ ဇိဝှိန္ဒြေ = ဇိဝှါပသာဒ = ဇိဝှါအကြည်,
၅။ ကာယိန္ဒြေ = ကာယပသာဒ = ကာယအကြည်,
၆။ ဇီဝိတိန္ဒြေ = ရုပ်ဇီဝိတ+နာမ်ဇီဝိတ-နှစ်မျိုးလုံး,
၇။ မနိန္ဒြေ = စိတ်အားလုံး,
၈။ သုခိန္ဒြေ = သုခသဟဂုတ် ကာယဝိညာဏ်နှင့် ယှဉ်သော ဝေဒနာ (= သုခဝေဒနာ),
၉။ ဒုက္ခိန္ဒြေ = ဒုက္ခသဟဂုတ် ကာယဝိညာဏ်နှင့် ယှဉ်သော ဝေဒနာ (= ဒုက္ခဝေဒနာ),
၁၀။ သောမနဿိန္ဒြေ = သောမနဿသဟဂုတ်စိတ် (၆၂)၌ ယှဉ်သော သောမနဿဝေဒနာ,
၁၁။ ဒေါမနဿိန္ဒြေ = ဒေါသမူဒွေ၌ ယှဉ်သော ဝေဒနာ (= ဒေါမနဿဝေဒနာ),

၁၂။ ဥပေက္ခိန္ဒြေ = ဥပေက္ခာသဟဂုတ်စိတ် (၅၅)၌ ယှဉ်သော ဝေဒနာ (= ဥပေက္ခာဝေဒနာ),
၁၃။ သဒ္ဓိန္ဒြေ = သောဘဏစိတ်၌ ယှဉ်သော သဒ္ဓါစေတသိက်,
၁၄။ သတိန္ဒြေ = သောဘဏစိတ်၌ ယှဉ်သော သတိစေတသိက်,
၁၅။ ဝီရိယိန္ဒြေ = ဝီရိယယှဉ်ရာ စိတ် (၇၃)၌ ယှဉ်သော ဝီရိယစေတသိက်,
၁၆။ သမာဓိန္ဒြေ = ဝီရိယနှင့် မယှဉ်သော စိတ် (၁၆), ဝိစိကိစ္ဆာသဟဂုတ် စိတ်မှတစ်ပါး ကျန်စိတ် (၇၂)ပါး၌ ယှဉ်သော ဧကဂ္ဂတာစေတသိက်,
၁၇။ ပညိန္ဒြေ = တိဟိတ်စိတ် (၄၇)၌ ယှဉ်သော ပညာ,
၁၈။ အနညာတညာဿာမီတိန္ဒြေ = သောတာပတ္တိမဂ်စိတ်၌ ယှဉ်သော ပညာ,
၁၉။ အညိန္ဒြေ = အထက်မဂ်သုံးပါး, အောက်ဖိုလ်သုံးပါး၌ ယှဉ်သော ပညာ,
၂၀။ အညာတာဝိန္ဒြေ = အရဟတ္တဖိုလ်၌ ယှဉ်သော ပညာ,

ဤကား ဣန္ဒြိယပစ္စည်း ဖြစ်ထိုက်သော ဣန္ဒြေ အပါး (၂၀)တည်း။

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၇-၈။)

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၅၇။)

**အရူပိနော ဣန္ဒြိယာ**တိ ဧတ္ထ အရူပဇီဝိတိန္ဒြိယမ္ပိ သင်္ဂဟိတံ။ (အဘိ-ဋ္ဌ-၃-၃၇၈။)

## ဝတ္ထုပုရေဇာတိန္ဒြိယ

မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်ကြသော စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ ဟူသော ဣန္ဒြေ (၅)မျိုးတို့သည် မိမိတို့ကို စွဲမှီ၍ ဖြစ်ကြသော ဆိုင်ရာနာမ်တရားတို့အားသာလျှင် ဝတ္ထုပုရေဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၁။ စက္ခုန္ဒြေသည် စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား -
၂။ သောတိန္ဒြေသည် သောတဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား -
၃။ ဃာနိန္ဒြေသည် ဃာနဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား -
၄။ ဇိဝှိန္ဒြေသည် ဇိဝှါဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား -
၅။ ကာယိန္ဒြေသည် ကာယဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား -

ဝတ္ထုပုရေဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ယင်းမှီရာဝတ္ထုရုပ်တို့သည် ပဉ္စဝိညာဏ်နှင့် သမ္ပယုတ်တရားစုတို့ မဖြစ်မီ လေးခုမြောက်စိတ်ဖြစ်သော အတီတဘဝင်နှင့် ဥပါဒ်ချင်းပြိုင်၍ ရှေးကကြိုတင် ဖြစ်နှင့်ကြပြီးလျှင် ဆိုင်ရာ ပဉ္စဝိညာဏ်နှင့် သမ္ပယုတ်တရားစုတို့၏ မှီရာဝတ္ထုရုပ်လည်း ဖြစ်သောကြောင့် ဝတ္ထုပုရေဇာတမည်၏။ ယင်းဝတ္ထုပုရေဇာတ အမည်ရကြသော ဝတ္ထုရုပ်တို့သည် မိမိတို့ကို စွဲမှီ၍ ဖြစ်ကြသည့် ဆိုင်ရာ ဆိုင်ရာ နာမ်တရားစုတို့အား အစိုးရသည်၏အဖြစ်

ဟူသော သဘော, အရှင်သခင်၏ အဖြစ်ဟူသော သဘောဖြင့် ကျေးဇူးပြုတတ်ကုန်၏။ ထိုကြောင့် ဝတ္ထု-ပုရေဇာတိန္ဒြိယပစ္စည်းတရားတို့ မည်ကြ၏။ ယင်းပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရားတို့အား ဥပါဒ်မှသည် ဘင်သို့တိုင်အောင် ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ စက္ခုဝတ္ထုမရှိက စက္ခုဝိညာဏ်နှင့် သမ္ပယုတ်တရားစုတို့ မဖြစ်နိုင်ပုံကို သဘောပေါက်ပါ။

စက္ခုဝတ္ထု ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဝေဒနာက္ခန္ဓာ ဖြစ်၏။

စက္ခုဝတ္ထုက အကြောင်းတရား၊ စက္ခုဝိညာဏ် ဝေဒနာက္ခန္ဓာက အကျိုးတရား - ဤသို့စသည်ဖြင့် ဖော်ပြခဲ့သော ရှုကွက်များပင်တည်း။

## ရူပဇီဝိတိန္ဒြိယ

၆။ ရုပ်ဇီဝိတိန္ဒြေသည် မိမိနှင့် အတူဥပါဒ်သည့် ကလာပ်တူ ကမ္မဇရုပ်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ [စက္ခုဒသကကလာပ်ကဲ့သို့သော ဒသကကလာပ် ဖြစ်လျှင် ဇီဝိတသည် မိမိမှကြွင်းသော ကလာပ်တူ ကမ္မဇရုပ် (၉)မျိုးတို့အား, ဇီဝိတနဝကကလာပ်ကဲ့သို့သော နဝကကလာပ်ဖြစ်လျှင် ဇီဝိတသည် မိမိမှကြွင်းသော ကလာပ်တူ ကမ္မဇရုပ် (၈)မျိုးတို့အား ဌီခဏ၌ ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၇၉။)]

## သဟဇာတိန္ဒြိယ

၇။ နာမ်ဇီဝိတိန္ဒြေ အဝင်အပါဖြစ်သော နာမ်က္ခန္ဓြေတို့သည် မိမိ မိမိတို့နှင့် ယှဉ်ဖက် သမ္ပယုတ်တရားတို့အား လည်းကောင်း, မိမိတို့ကြောင့်ဖြစ်သည့် ပဋိသန္ဓေကမ္မဇရုပ် (= ကဋတ္တာရုပ်)တို့အားလည်းကောင်း, စိတ္တသမုဋ္ဌာန်-ရုပ်တို့အားလည်းကောင်း သဟဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

နာမ်က္ခန္ဓြေပစ္စည်းတရားတို့က သမ္ပယုတ်တရားတို့အားလည်းကောင်း, တံသမုဋ္ဌာနရုပ်တို့အားလည်း-ကောင်း ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုရာဝယ် တံသမုဋ္ဌာနရုပ်တရားအရ စိတ္တဇရုပ်တွင်သာမက ကဋတ္တာရုပ် (= ပဋိသန္ဓေကမ္မဇရုပ်)တို့ကိုပါ ထည့်သွင်းယူပါ။ ပဋ္ဌာနပါဠိတော်၌ ဘုရားရှင်သည် ဤသို့ ဟောကြားထား-တော်မူ၏-

၈။ ပဋိသန္ဓေခဏ၌ ဝိပါကအဗျာကတ ဖြစ်ကုန်သော နာမ်က္ခန္ဓြေပစ္စည်းတရားတို့သည် ယှဉ်ဖက် သမ္ပယုတ် နာမ်ခန္ဓာတို့အားလည်းကောင်း, ကဋတ္တာရုပ်တို့အားလည်းကောင်း သဟဇာတိန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၁၅၇။)

## ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ

ဣတ္ထိန္ဒြေ (= ဣတ္ထိဘာဝရုပ်)ရှိရာ အမျိုးသမီးတို့၏ သန္တာန်၌ သေးသွယ်သော လက်ခြေစသော လိင်, ပြုံးဟန် ရယ်ဟန်စသော နိမိတ္တ, အမျိုးသမီးငယ်တို့၏ ဗန်းငယ် စကောငယ်တို့ဖြင့် ကစားနည်းစသော ကုတ္တ, အမျိုးသမီးတို့၏ သွားလာပုံ အမူအရာစသော အာကပ္ပတို့ ဖြစ်ကြသည်။ ပုရိသိန္ဒြေ (= ပုရိသဘာဝရုပ်)ရှိရာ အမျိုးသားတို့၏ သန္တာန်၌ ကြီးမားသော လက်ခြေစသော လိင်, ပြုံးဟန် ရယ်ဟန်စသော နိမိတ္တ, အမျိုးသားတို့၏ ကစားနည်းစသော ကုတ္တ, အမျိုးသားတို့၏ သွားလာပုံ အမူအရာစသော အာကပ္ပတို့ ဖြစ်ကြသည်။

ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည် ဣတ္ထိလိင် ပုရိသလိင်, ဣတ္ထိနိမိတ္တ, ပုရိသနိမိတ္တ, ဣတ္ထိကုတ္တ ပုရိသကုတ္တ, ဣတ္ထိအာကပ္ပ ပုရိသအာကပ္ပတို့၏ မျိုးစေ့တို့ ဖြစ်ကြကုန်သည်ကား မှန်၏၊ သို့သော်လည်း ကလလရေကြည်

အမြုပ်စသည်တို့ ဖြစ်ရာအခါ၌ ထိုကလတ္တာခန္ဓာ ပုရိသိန္ဒြေတို့ ထင်ရှားရှိကြကုန်သော်လည်း ကလတ္တာလိင် ပုရိသလိင် ကလတ္တာနိမိတ္တ, ပုရိသနိမိတ္တ စသည်တို့၏ ထင်ရှားမရှိခြင်းကြောင့် ထိုကလတ္တာခန္ဓာ ပုရိသိန္ဒြေတို့သည် ထိုကလတ္တာလိင် ပုရိသလိင်စသည်တို့၏ အပေါ်၌ ဣန္ဒြိယပစ္စယသတ္တိကို မဖြန့်နိုင်ကုန်။ ကလတ္တာလိင် ပုရိသလိင် စသည်တို့မှ တစ်ပါး တစ်ခြားသော ကလာပ်တူ ကမ္မဇရုပ်တို့၏ အပေါ်၌ ဣန္ဒြိယပစ္စည်း အဖြစ်ကိုလည်း မဖြန့်နိုင်ကြကုန်။ မှန်သည် ဣန္ဒြိယပစ္စည်းမည်သည် မိမိထင်ရှားရှိဆဲ ခဏ၌ အသီးအသီး မခွဲခြားအပ် မခွဲခြားနိုင်ကုန်သော ခွဲခြား၍ မဖြစ်ကြသဖြင့် ခွဲခြား၍ မရကောင်းကုန်သော (= ရုပ်ကလာပ် နာမ်ကလာပ် အလိုက်သာ ခွဲခြား၍ မရကောင်းကုန်သော, သို့သော် ဉာဏ်ဖြင့်ကား တစ်လုံးစီ တစ်လုံးစီ ခွဲခြားစိတ်ဖြာ၍ သိနိုင်ကုန်သော) ရုပ်တရား နာမ်တရားတို့ အပေါ်၌ ဣန္ဒြိယပစ္စည်း၏အဖြစ်ကို မဖြန့်နိုင်သည် မည်သည် မရှိစကောင်းပေ။ ထို့ကြောင့် ထိုကလတ္တာခန္ဓာ ပုရိသိန္ဒြေတို့သည် ဣန္ဒြိယပစ္စည်းတရားတို့ မဖြစ်ကြကုန်။ (အဘိ-ဋ္ဌ-၃-၃၇၈။)

ထိုသို့ ကလတ္တာခန္ဓာ ပုရိသိန္ဒြေတို့သည် ဣန္ဒြိယပစ္စည်း မဖြစ်ပါကုန်သော်လည်း ဤကလတ္တာခန္ဓာပုရိသိန္ဒြေတို့သည် အကြင် ကလတ္တာလိင် ပုရိသလိင်စသည်တို့၏ မျိုးစေ့တို့ကား ဖြစ်ကြကုန်၏။ ထိုကလတ္တာလိင် ပုရိသလိင်စသည်တို့၏ ထို ကလတ္တာခန္ဓာ ပုရိသိန္ဒြေတို့သည် သုတ္တန္တိကပရိယာယ = သုတ္တန်၌လာသော ဒေသနာနည်းအားဖြင့် ပကတိ အားကြီးသော မှီရာဟူသော ပကတူပနိဿယပစ္စည်း၏ အဖြစ်သို့ကား ကပ်ရောက်ကြကုန်၏။ ထို့ကြောင့် ဣန္ဒြိယ ပစ္စည်းတရားသည် အမျှ (၂၀)သော ဣန္ဒြေတို့၏ အစွမ်းဖြင့် တည်သည်ဟု သိရှိပါလေ။ (အဘိ-ဋ္ဌ-၃-၃၇၈။)

နာမ်ရုပ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။

ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးတို့သည် ပစ္စုပ္ပန်တရားတို့သာတည်း။

## ဈာနပစ္စည်း

**ဈာန**န္တိ ဒုဝိဓံ ဈာနံ အာရမ္မဏူပနိဇ္ဈာနံ လက္ခဏူပနိဇ္ဈာနန္တိ။ တတ္ထ အဋ္ဌသမာပတ္တိယော ပထဝိကသိဏာဒိ- အာရမ္မဏံ ဥပနိဇ္ဈာယန္တီတိ **“အာရမ္မဏူပနိဇ္ဈာန”**န္တိ သင်္ချံ ဂတာ။ ဝိပဿနာ မဂ္ဂဖလာနိ ပန **လက္ခဏူပနိဇ္ဈာနံ** နာမ။ တတ္ထ ဝိပဿနာ အနိစ္စာဒိလက္ခဏဿ ဥပနိဇ္ဈာနတော လက္ခဏူပနိဇ္ဈာနံ။ ဝိပဿနာယ ကတကိစ္စဿ မဂ္ဂေန ဣဇ္ဈနတော မဂ္ဂေါ လက္ခဏူပနိဇ္ဈာနံ။ ဖလံ ပန နိရောဓသစ္စံ တထလက္ခဏံ ဥပနိဇ္ဈာယတီတိ လက္ခဏူပ- နိဇ္ဈာနံ နာမ။ (အဘိ-ဋ္ဌ-၁-၂၁၁။)

**ဈာန်** — ဟူသည် အာရမ္မဏူပနိဇ္ဈာနဈာန် လက္ခဏူပနိဇ္ဈာနဈာန်ဟု ဈာန် (၂)မျိုး ရှိ၏။ ထို (၂)မျိုးတို့တွင် သမာပတ် (၈)ပါးတို့ကို ပထဝီကသိုဏ်းစသော သမထနိမိတ်အာရုံကို ကပ်၍ စိုက်စိုက်စူးစူး ရှုတတ်ကုန်သော- ကြောင့် **အာရမ္မဏူပနိဇ္ဈာနဈာန်**ဟူ၍ ခေါ်၏။ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် လက္ခဏူပနိဇ္ဈာနဈာန် မည်၏။ ထိုတွင် ဝိပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ အနိစ္စစသော လက္ခဏာကို ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်သောကြောင့် **လက္ခဏူပနိဇ္ဈာနဈာန်** မည်၏။ ဝိပဿနာဉာဏ်၏ ပြုသင့်ပြုထိုက်သော သင်္ခါရတရားတို့၏ အနိစ္စစသော လက္ခဏာကို စူးစူးစိုက်စိုက် ရှုခြင်းလုပ်ငန်းကိစ္စ၏ မဂ်ဉာဏ်ကြောင့် ပြီးစီးပြည့်စုံလာရကား မဂ်ဉာဏ်သည် လက္ခဏူပနိဇ္ဈာနဈာန် မည်၏။ (အရိယမဂ်တရားသည် အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်- တရားတော်မြတ်ကြီး၏ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု သတ္တိအရှိန်အဝါကို ရရှိသဖြင့် သင်္ခါရတရား တို့၏ အနိစ္စစသော လက္ခဏာကို မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟကို အကြွင်းမဲ့ ပယ်သတ်လိုက်၏။ မသိမှုကို ပယ်သတ်လိုက်သဖြင့် သိမှုသည် ပြီးစီးပြည့်စုံသွား၏။ ဤသို့ ပြီးစီးပြည့်စုံခြင်းကို ကိစ္စသိဒ္ဓိအားဖြင့် ပြီးစီးပြည့်စုံခြင်းဟု ဆို၏။ ထို့ကြောင့် အရိယမဂ်တရားသည် ကိစ္စသိဒ္ဓိအားဖြင့် လက္ခဏူပနိဇ္ဈာနဈာန် မည်၏- ဟူလိုသည်။) အရိယဖိုလ်တရားသည်ကား နိရောဓသစ္စာအမည်ရသော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်-

တရားတော်မြတ်၏ ဟုတ်မှန်တိုင်းသော သန္တိလက္ခဏာကို ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်သောကြောင့် လက္ခဏူ-ပနိဇ္ဈာနဈာန် မည်၏။ (အဘိ-ဋ္ဌ-၁-၂၁၁။)

အနိစ္စတာစသော လက္ခဏာ, ကသိုဏ်းပညတ်စသော အာရုံကို ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်သည်၏ အဖြစ်ဟူသော သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော ဒွေပဉ္စဝိညာဏ်တို့၌ ကာယိကသုခဝေဒနာ, ကာယိက ဒုက္ခဝေဒနာ နှစ်ပါးအပေါင်းကို ထား၍ အလုံးစုံလည်း ဖြစ်ကုန်သော ကုသိုလ် အကုသိုလ် အဗျာကတ အထူးရှိကုန်သော **ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ သောမနဿ ဒေါမနဿ ဥပေက္ခာ**ဟု ဆိုအပ်ကုန်သော ဈာန်အင်္ဂါတို့သည် **ဈာနပစ္စည်း** မည်ကုန်၏။ (ကာယိကသုခဝေဒနာ, ကာယိကဒုက္ခဝေဒနာ နှစ်ပါးကား ဧကန် ဈာနပစ္စည်း မထိုက်သောကြောင့် သီးသန့်ထုတ်၍ဆိုသည်။)

၁။ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၈)။

၂။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၅၈။)

၁။ ဈာနင်တရားတို့သည် မိမိတို့နှင့် ယှဉ်ဖက် ဈာနသမ္ပယုတ်တရားတို့အားလည်းကောင်း, တံသမုဋ္ဌာန-ရုပ်တို့အားလည်းကောင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (တံသမုဋ္ဌာနရုပ် = စိတ္တဇရုပ် ပဋိသန္ဓေ-ကမ္မဇရုပ်တည်း။)

၂။ ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတ ဖြစ်ကုန်သော ဈာနင်တို့သည် မိမိတို့နှင့် ယှဉ်ဖက် သမ္ပယုတ်နာမ်ခန္ဓာ-တို့အားလည်းကောင်း, ကဋတ္တာရုပ်တို့အားလည်းကောင်း ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(အဘိ-ဋ္ဌ-၃-၃၅၀။ ဝိသုဒ္ဓိ-၂-၁၇၀-၁၇၁။)

ဈာန်အင်္ဂါ (၇)ပါး, တရားကိုယ်အားဖြင့် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟု (၅)ပါးကား ပစ္စည်းတရား တည်း။ ဒွေပဉ္စဝိညာဏ် (၁၀)ကြဉ်သော စိတ် (၇၉), စေတသိက် (၅၂) စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ကား ပစ္စယုပ္ပန်တရားစုတည်း။

## ဒွေပဉ္စဝိညာဏ်

ဒွေပဉ္စဝိညာဏ်အပေါင်းတို့၏ ရူပါရုံစသည့် သက်ဆိုင်ရာ အာရုံပေါ်သို့ ရှေးရှု ကျခြင်းသဘောမျှ ရှိကုန်သည်၏ အဖြစ်ကြောင့် ထိုပဉ္စဝိညာဏကာယတို့၌ ထင်ရှားရှိသည်လည်း ဖြစ်ကုန်သော ဥပေက္ခာ-သုခ-ဒုက္ခဝေဒနာတို့ကို အနိစ္စတာစသော လက္ခဏာနှင့် ကသိုဏ်းပညတ်စသော အာရုံကို ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်သည်၏ အဖြစ်ဟူသော အခြင်းအရာ၏ မရှိခြင်းကြောင့် ဈာန်အင်္ဂါတို့ဟူ၍ ဓမ္မသင်္ဂဏီပါဠိတော်၌ ထုတ်ပြတော်မမူအပ်ကုန်၊ တစ်ဖန် ထိုပဉ္စဝိညာဏကာယတို့၌ ဈာန်အင်္ဂါ၏ ပြတ်ပြီးသည်၏ အဖြစ်ကြောင့် ဒွေပဉ္စဝိညာဏ်မှ ကြွင်းသော အဟိတ်စိတ်တို့၌လည်း ဈာန်အင်္ဂါကို ထုတ်ပြတော်မမူဟူ၍သာ မှတ်ပါ။

(အဘိ-ဋ္ဌ-၃-၃၇၉။)

ဤအဋ္ဌကထာအဖွင့်အရ – အဟိတ်စိတ်၌ ရှိသော ဈာန်အင်္ဂါတရားတို့သည် ဈာနပစ္စည်းမဖြစ်ဟု မှတ်ပါ။ သို့သော် ဤဖွင့်ဆိုချက်နှင့် ပတ်သက်၍ (မူလဋီ-၃-၁၇၄၊ မဟာဋီ-၂-၂၈၃-၂၈၄။)တို့၌ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ဆန်းစစ်ထားပေသည်။ လိုရင်းမှာ ဤသို့ဖြစ်၏ —

တေန သဝိတက္ကာဟေတုကစိတ္တေသု ဈာနပစ္စယဿ သမ္ဘဝေါ အနုညာတော ဟောတိ။

(မဟာဋီ-၂-၂၈၄။)

= ဝိတက်နှင့် ယှဉ်သော အဟိတ်စိတ်တို့၌ ရှိသော ဈာန်အင်္ဂါတို့သည် ဈာနပစ္စည်းတရား ဖြစ်သင့်သော ဟူ၏။

နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။

ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးတို့သည် ပစ္စုပ္ပန်တရားတို့သာတည်း။

## မဂ္ဂပစ္စည်း

အမှတ်မထား တစ်ပါးပါးသော ဒုဂ္ဂတိ သုဂတိမှလည်း, တစ်နည်း အမှတ်မထား တစ်ပါးပါးသော သံကိလေသ (= စိတ်အစဉ်ကို ညစ်နွမ်းစေကြောင်းတရား), ဝေါဒါန (= စိတ်အစဉ်ကို ဖြူစင်စေကြောင်း တရား)မှလည်း, တစ်နည်း သမ္မာအယူ မိစ္ဆာအယူမှလည်း ထွက်မြောက်ကြောင်း၏ အဖြစ်ဟူသော သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော ကုသိုလ်စသည်အပြား ရှိကုန်သော **သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါယာမ မိစ္ဆာသမာဓိ** — ဟူသော (၁၂)ပါးကုန်သော မဂ္ဂင်တို့သည် **မဂ္ဂပစ္စည်း** မည်၏။

၁။ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၈။)

၂။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၅၈။)

၁။ မဂ္ဂင်တရားကိုယ် (၁၂)ပါးတို့သည် မိမိ မဂ္ဂင်နှင့် ယှဉ်ကုန်သော သမ္ပယုတ်နာမ်ခန္ဓာတို့အားလည်းကောင်း, တံသမုဋ္ဌာနရုပ် (= သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်)တို့အားလည်းကောင်း မဂ္ဂပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၈။)

၂။ ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်ကုန်သော မဂ္ဂင်တို့သည် သမ္ပယုတ် နာမ်ခန္ဓာတို့အားလည်းကောင်း, ကဋတ္တာရုပ် (= ပဋိသန္ဓေကမ္မဇရုပ်)တို့အားလည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(ပဋ္ဌာန-၁-၁၅၈။)

ဧတေ ပန ဒွေပိ ဈာနမဂ္ဂပစ္စယာ ဒွိပဉ္စဝိညာဏအဟေတုကစိတ္တေသု န လဗ္ဘန္တီတိ ဝေဒိတဗ္ဗာ။

(ဝိသုဒ္ဓိ-၂-၁၇၁။)

န ဧတေ ပန ဒွေပိ ဈာနမဂ္ဂပစ္စယာ ယထာသင်္ချံ ဒွိပဉ္စဝိညာဏအဟေတုကစိတ္တေသု လဗ္ဘန္တီတိ ဝေဒိတဗ္ဗာ။

(အဘိ-ဋ္ဌ-၃-၃၅၁။)

= ဤ ဈာနပစ္စည်းကို ဒွိပဉ္စဝိညာဏ်တို့၌ မရအပ်ကုန်။ ဤမဂ္ဂပစ္စည်းကို အဟိတ်စိတ်တို့၌ မရအပ်ကုန်ဟု သိရှိပါလေ။ (အဘိ-ဋ္ဌ-၃-၃၅၁။)

မဂ္ဂဿ ပန ဟေတုပစ္ဆိမကတ္တာ အဟေတုကစိတ္တေသု မဂ္ဂင်္ဂါနိ န ဥဒ္ဓဋာနိ။ (အဘိ-ဋ္ဌ-၃-၃၈၀။)

= ဟိတ်မယှဉ်လျှင် မဂ္ဂပစ္စည်း မတပ်သောကြောင့် မဂ္ဂပစ္စည်းသည် ဟေတုပစ္ဆိမက = ဟိတ်ဟူသော နောက်ဆုံးရှိသော ပစ္စည်းတရားဖြစ်၏။ ထိုသို့လျှင် မဂ္ဂပစ္စည်း၏ ဟိတ်ဟူသော နောက်ဆုံးရှိသည့် ပစ္စည်း တရား၏ အဖြစ်ကြောင့် အဟိတ်စိတ်တို့၌ မဂ္ဂင်တို့ကို မထုတ်ဆောင်အပ်ကုန်။ (အဟိတ်စိတ်တို့၌ ယှဉ်ကုန်သော မဂ္ဂင်တရားကိုယ်တို့သည် မဂ္ဂပစ္စည်းမထိုက်ကုန်ဟု ဆိုလိုသည်။)

ဤဈာနပစ္စည်း မဂ္ဂပစ္စည်း နှစ်မျိုးလုံးတို့၌ တံသမုဋ္ဌာနရုပ်အရ စိတ္တဇရုပ်သာမက ပဋိသန္ဓေကမ္မဇရုပ်တို့ကိုပါ သိမ်းကျုံးရေတွက်ပါ။ (အဘိ-ဋ္ဌ-၃-၃၇၉-၃၈၀။)

ပစ္စည်းတရားကား မဂ္ဂင် (၁၂)ပါးတည်း။ သဘောတူရာပေါင်း၍ တရားကိုယ်အားဖြင့် ရေတွက်သော် မဂ္ဂင်တရားကိုယ် (၉)ပါးတည်း။ ပစ္စယုပ္ပန်တရားကား သဟိတ်စိတ် (၇၁), စေတသိက် (၅၂), သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တည်း။ ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် ပစ္စုပ္ပန်တရားချည်းသာတည်း။ နာမ်က နာမ်ရုပ်အား ကျေးဇူးပြုသောပစ္စည်းတည်း။

## သမ္ပယုတ္တပစ္စည်း

၁။ တူသော မှီရာဝတ္ထုရှိကုန်သည်၏ အဖြစ်, (ပဉ္စဝေါကာရဘုံကို ရည်သည်။)
၂။ တူသော အာရုံရှိကုန်သည်၏ အဖြစ်,
၃။ တူသော ဖြစ်ခြင်းရှိကုန်သည်၏ အဖြစ်,
၄။ တူသော ချုပ်ခြင်းရှိကုန်သည်၏ အဖြစ်ဟု ဆိုအပ်သော

ဤသို့သော အညီအမျှ တူသော မှီရာရှိကုန်သည်၏အဖြစ် အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော နာမ်တရားတို့သည် **သမ္ပယုတ္တပစ္စည်း** မည်၏။

(အဘိ-ဋ္ဌ-၃-၃၅၁။ ဝိသုဒ္ဓိ-၂-၁၇၁။)

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၈။)

= နာမ်ခန္ဓာ (၄)ပါးတို့သည် အချင်းချင်း သမ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ (ပဋ္ဌာန-၁-၈။)

၁။ နာမ်ခန္ဓာ (၁)ပါးသည် နာမ်ခန္ဓာ (၃)ပါးတို့အား,
၂။ နာမ်ခန္ဓာ (၃)ပါးတို့သည် နာမ်ခန္ဓာ (၁)ပါးအား,
၃။ နာမ်ခန္ဓာ (၂)ပါးတို့သည် နာမ်ခန္ဓာ (၂)ပါးတို့အား ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၈၁။)

ဧကဝတ္ထုကဧကာရမ္မဏဧကုပ္ပါဒေကနိရောဓသင်္ခါတေန သမ္ပယုတ္တဘာဝေန ဥပကာရကာ အရူပဓမ္မာ **သမ္ပယုတ္တပစ္စယော**။ (အဘိ-ဋ္ဌ-၃-၃၅၁။)

ဤအထက်ပါ အဋ္ဌကထာ၌ သမ္ပယုတ္တလက္ခဏာ (၄)ပါးကို စဉ်ပုံသည် အဘိဓမ္မတ္ထသင်္ဂဟ အမည်ရသော သင်္ဂြိုဟ်ကျမ်းဝယ် စေတသိက်ပိုင်း၌ စဉ်ထားပုံနှင့် မတူပေ။ သို့အတွက် ဝိသုဒ္ဓိမဂ်မဟာဋီကာ (၂-၂၈၄-၂၈၅။)၌ ဖွင့်ဆိုထားပုံကို မှတ်သားသင့်ပေသည်။

အညီအညွတ် ကောင်းစွာ အတူတကွ အပြားတို့ဖြင့် ယှဉ်သည်၏ အဖြစ်ကြောင့် တစ်ခုတည်း၏ အဖြစ်သို့ ရောက်သကဲ့သို့ ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် သမ္ပယုတ္တပစ္စည်းအဖြစ် မည်၏။ အပြားတို့ဖြင့် ထိုယှဉ်သည်၏ အဖြစ်သည် အဘယ်ပါနည်းဟု မေးဖွယ်ရှိသောကြောင့် ဧကဝတ္ထုက - ဧကာရမ္မဏ - ဧကုပ္ပါဒ - ဧကနိရောဓ သင်္ခါတေန — ဟု အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသည်။

၁။ ဧကဝတ္ထုက = တူသော မှီရာဝတ္ထု ရှိခြင်း,
၂။ ဧကာရမ္မဏ = တူသော အာရုံ ရှိခြင်း,
၃။ ဧကုပ္ပါဒ = တူသော ဖြစ်ခြင်း ရှိခြင်း = အဖြစ်တူခြင်း,
၄။ ဧကနိရောဓ = တူသော ချုပ်ခြင်း ရှိခြင်း = အချုပ်တူခြင်း,

ဤသို့လျှင် သမ္ပယုတ္တလက္ခဏာ (၄)ပါးရှိ၏။ သမ္ပယုတ္တ = ယှဉ်ပုံနှင့် ပက်သက်၍ မဟာဋီကာဆရာတော် ကိုယ်တိုင် အနုဋီကာတွင် (အနုဋီ-၃-၂၃၇။) ဤသို့ ဖွင့်ဆို ရှင်းလင်းထား၏ —

မြင်းကယှဉ်အပ်သော (= မြင်းကပ်ယှဉ်အပ်သော) ရထားဟူရာ၌ မြင်းနှင့် ရထားသည် ရောနှောသော အားဖြင့် ယှဉ်ခြင်းမဟုတ်၊ မြင်းနှင့် ရထားတို့ ပူးကပ်ယှဉ်ရုံသာ ဖြစ်၏။ စိတ်နှင့် စေတသိက်တို့ ယှဉ်ရာ၌ကား စတုမဓုကျိုရာဝယ် ထောပတ် ဆီ ပျားရည် တင်လဲတို့သည် ယှဉ်ရုံမျှမက ခွဲ၍မရအောင် ရောနှောကြသကဲ့သို့ စိတ်နှင့် စေတသိက်တို့သည်လည်း ကိုယ်ပိုင်သဘာဝလက္ခဏာ အသီးအသီးရှိကြ၍ သဘောချင်း မတူဘဲလျက် ခွဲဖို့မလွယ်အောင် ရောနှောမိကြသည်ကိုပင် **သမ္ပယုတ္တ = ယှဉ်**သည်ဟု ဆိုရသည်။ ယင်းယှဉ်မှုဟူသည် သမနေအောင် ရောနှောကြခြင်းပင် ဖြစ်၏။ ထိုသို့ သမအောင် ရောနှောမိခြင်းဟူသည်လည်း စိတ် (၁)ခု၌ အနည်းဆုံး စေတသိက် (၇)ပါး ယှဉ်သောကြောင့် တရားကိုယ်သဘောအားဖြင့် များနေပါကုန်သော်လည်း ထိုစိတ် စေတသိက်တို့၏ တစ်ခုတည်း၏အဖြစ်သို့ ရောက်သကဲ့သို့ ဖြစ်ခြင်းပင်တည်း။ ဤသို့ တစ်ခုတည်းအဖြစ်သို့ ရောက်သကဲ့သို့ ကျေးဇူးပြုနိုင်ပုံကိုလည်း များစွာကုန်သော ထိုစိတ်စေတသိက်တို့၏ တစ်ခုစီ မခွဲဘဲ ပေါင်းစု၍ တစ်ခုတည်း အဖြစ်ဖြင့် ဆိုင်ရာကိစ္စကို ပြုလေ့ရှိသည်၏ အဖြစ်ဖြင့် ညွှန်ပြထိုက်ပေသည်။ (အနုဋီ-၃-၂၃၇။)

**ဧကာရမ္မဏ** —“တူသော မှီရာဝတ္ထုရုပ်ရှိကုန်သော = ဧကဝတ္ထုကနာမ်တရားတို့သည် သမ္ပယုတ္တ ဖြစ်ကုန်၏” — ဟု ဧကဝတ္ထုကလက္ခဏာ (၁)ပါးကိုသာ ဆိုအပ်လျှင် တစ်ခုစီ ခွဲခြား၍ မရကောင်းသော အဝိနိဗ္ဘောဂရုပ်တို့တွင် (= ရုပ်ကလာပ်တစ်ခု၏အတွင်း၌ တည်ရှိကြသော ရုပ်တို့တွင်) မဟာဘုတ် (၁)ပါးသည် ကြွင်းမဟာဘုတ် (၃)ပါးနှင့် ဥပါဒါရုပ်တို့အား စွဲမှီ၍ဖြစ်ရာ နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုကြောင့် မဟာဘုတ် (၃)ပါးနှင့် ဥပါဒါရုပ်တို့သည် တူသော မှီရာဝတ္ထုရုပ်ရှိသည့် ဧကဝတ္ထုကတရားများ ဖြစ်ကြ၏ဟု ကြံစည်သောသူအား ထိုရုပ်တရားတို့၏ သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်သို့ ရောက်ခြင်း ဖြစ်လေရာသည်။

တစ်နည်းဆိုရသော် — စက္ခုဝတ္ထုစသော ဥပါဒါရုပ် (= ဝတ္ထုရုပ်)တို့သည် မိမိတို့၏ ကလာပ်တူ မဟာဘုတ်တို့ကို အသီးအသီး မှီ၍ ဖြစ်ကြရကုန်၏။ ထိုကြောင့် ထိုမဟာဘုတ် (၄)ပါးတို့သည် မှီတတ်သော စက္ခုဝတ္ထုစသော ဝတ္ထုရုပ် (၁)ခု ရှိသောကြောင့် ဧကဝတ္ထုကဖြစ်ကုန်၏ဟု ကြံစည်သောသူ၏ သန္တာန်၌ ထိုရုပ်တရားတို့၏ သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်သို့ ရောက်ရှိခြင်းသည် ဖြစ်လေရာသည်။ ထိုကြောင့် ထိုရုပ်တရားတို့၏ သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်ကို တားမြစ်ခြင်း အကျိုးငှာ **ဧကာရမ္မဏ**ဟု လက္ခဏာတစ်ပါးကို ထပ်၍ ပြရလေသည်။ ထိုရုပ်တရားတို့သည် အာရုံကို မယူတတ်သော အနာရမ္မဏတရားတို့သာ ဖြစ်ကြသောကြောင့် ဧကာရမ္မဏ မဖြစ်နိုင်ရကား သမ္ပယုတ်လေလား-ဟု ယုံမှားဖွယ် မရှိပါ ဟူလိုသည်။

**ဧကုပ္ပါဒ** — မရဏာသန္နဝီထိသည် ပဉ္စဒွါရဝီထိတို့တွင် တစ်ခုခုသော ဝီထိဖြစ်ခဲ့လျှင် ထိုမရဏာသန္နဝီထိ၌ ပါသော သမ္ပဋိစ္ဆိုင်း သန္တီရဏစသော ဝီထိစိတ်တို့သည် မှီရာအားဖြင့် စုတိစိတ်မှ ပြန်၍ရေတွက်သော် (၁၇)ချက်-မြောက်သော စိတ်၏ ဥပါဒ်ကာလ၌ နောက်ဆုံးဖြစ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍, အာရုံအားဖြင့် ရူပါရုံစသော ပဉ္စာရုံတို့တွင် တစ်ခုခုကိုပင် ထိုက်သလို အာရုံပြုရသောကြောင့် ဧကဝတ္ထုက, ဧကာရမ္မဏ ဖြစ်ကြရကား သမ္ပယုတ် ပစ္စည်း ပစ္စယုပ္ပန်တရားတို့လေလောဟု ယုံမှားဖွယ်ရာရှိ၏၊ ထိုကြောင့် ဧကုပ္ပါဒ = အတူမဖြစ်ကြကုန်သော ပြိုင်တူ မဥပါဒ်ကြကုန်သော ထိုစိတ်တို့ကို တားမြစ်ခြင်းငှာ **ဧကုပ္ပါဒ** — ဟူသော လက္ခဏာကို ပြရပြန်သည်။ ထိုစိတ်တို့တွင် သမ္ပဋိစ္ဆိုင်း ဖြစ်ပြီးမှ သန္တီရဏ, သန္တီရဏ ဖြစ်ပြီးမှ ဝုဋ္ဌော, ဝုဋ္ဌော ဖြစ်ပြီးမှ ဇော, — ဤသို့စသည်ဖြင့် အချိန်ကာလ မတူဘဲ စိတ္တက္ခဏချင်း မတူဘဲ စိတ်တစ်ခုပြီးမှ စိတ်တစ်ခု ဖြစ်ကြရ၏၊ သို့အတွက် ယင်းစိတ်တို့သည် ဧကဝတ္ထုက, ဧကာရမ္မဏဖြစ်သော်လည်း ဧကုပ္ပါဒမဖြစ်၍ စိတ်တစ်ခုနှင့် စိတ်တစ်ခုသည်

သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန်တရားတို့ မဟုတ်ဟူလိုသည်။ (စိတ်တစ်ခုနှင့် စိတ်တစ်ခုသည် သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် မဟုတ်သော်လည်း ယင်းစိတ်တို့၏ စိတ္တက္ခဏတစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိကြသော စိတ်+စေတသိက် (= နာမ်တရား)တို့ကား အချင်းချင်း အပြန်အလှန် သမ္ပယုတ္တပစ္စည်း သမ္ပယုတ္တပစ္စယုပ္ပန်တရားများ ဖြစ်ကြသည်သာတည်း။)

**ဧကနိရောဓ** – အချင်းချင်း ချုပ်မှု မတူကြသော တရားများသည်လည်း ဤသို့ လက္ခဏာ (၃)ပါးနှင့် ပြည့်စုံနိုင်ပါကုန်သလော၊ သို့မဟုတ် တူသောချုပ်ခြင်း ရှိပါမှ ဤလက္ခဏာ (၃)ပါးနှင့် ပြည့်စုံနိုင်ပါသလောဟု စိစစ်သောအခါ "တူသော ချုပ်ခြင်းရှိသောတရားတို့သာ ဤလက္ခဏာ (၃)ပါးနှင့် ပြည့်စုံနိုင်ကြ၏"ဟု ပြခြင်း အကျိုးငှာ ဧကနိရောဓဟူသော လက္ခဏာကို ပြပြန်သည်။

## နောက်တစ်နည်း ဖွင့်ဆိုထားပုံ

တစ်ဖန် ပြောင်းပြန် ပဋိလောမအားဖြင့် ဆိုရသော် ဤသို့တည်း – တူသော ချုပ်ခြင်းရှိသော**ဧကနိရောဓ** တရားတို့သည် သမ္ပယုတ္တမည်ကုန်၏ဟု ဆိုအပ်သည်ရှိသော် တစ်ခုတည်းသော ခဏ၌ အတူချုပ်ကြကုန်သော ရုပ်နာမ်တရားတို့၏ သမ္ပယုတ္တအဖြစ် ရောက်လေရာ၏၊ ထိုကြောင့် **ဧကုပ္ပါဒ**-ဟူ၍ ဆိုအပ်ပြန်သည်။

ဤသို့ ဆိုအပ်ပြန်ပါသော်လည်း ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ တည်ရှိကြကုန်သော ခွဲခြား၍ မရကောင်းကုန် ခွဲခြား၍ တစ်လုံးစီ တစ်လုံးစီ မဖြစ်နိုင်ကြကုန်သော အဝိနိဗ္ဘောဂဖြစ်သည့် ကလာပ်တူရုပ်တရားတို့၏ ဧကုပ္ပါဒ ဧကနိရောဓ အဖြစ် (= ဖြစ်မှု ချုပ်မှု တူမှုသဘော)သည် ထင်ရှားရှိရကား ထိုရုပ်တရားတို့၏လည်း သမ္ပယုတ္တအဖြစ်သည် ရောက်ရှိလေရာ၏၊ ထိုကြောင့် ထိုကလာပ်တူ ရုပ်တရားတို့၏ သမ္ပယုတ္တအဖြစ်ကို တားမြစ်ခြင်း အကျိုးငှာ **ဧကာရမ္မဏ** သဒ္ဒါကို ထပ်မံ ပြပေးရပြန်သည်။ အာရုံကို ယူတတ်သော သာရမ္မဏဓမ္မ အမည်ရသည့် နာမ်တရားတို့အတွက်သာ သမ္ပယုတ္တအဖြစ်ကို ဟောတော်မူသည် ဟူလိုသည်။

အကြင်တရားတို့သည် –

၁။ ဧကာရမ္မဏ = တူသော အာရုံ ရှိကုန်၏၊
၂။ ဧကုပ္ပါဒ = တူသော ဖြစ်ခြင်း ရှိကုန်၏၊
၃။ ဧကနိရောဓ = တူသော ချုပ်ခြင်း ရှိကုန်၏။ –

ထိုတရားတို့သည် သမ္ပယုတ္တမည်ကုန်၏။ ဤနည်းကိုလည်း (ပဉ္စဝေါကာရဘုံဝယ်) တူသော မှီရာဝတ္ထု ရှိသော နာမ်တရားတို့၌သာလျှင် ရအပ်၏၊ ကွဲပြားသော မှီရာဝတ္ထုရှိသော နာမ်တရားတို့၌ မရအပ်ဟု ပြခြင်း အကျိုးငှာ **ဧကဝတ္ထုက** သဒ္ဒါကို ပြတော်မူရပြန်သည်။

အကြင်တရားတို့သည် တူသောမှီရာ, တူသောအာရုံ, တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း ရှိကြကုန်၏၊ ထိုတရားတို့သည် သမ္ပယုတ္တမည်ကုန်၏ - ဟူသော ဤစကားကို ဆိုရာဝယ် တူသော မှီရာဝတ္ထုရုပ်ရှိခြင်းဟူသော စကားသည် ပဉ္စဝေါကာရဘုံကို ငဲ့၍ဆိုသော စကားဖြစ်၏၊ အရူပဘုံ၌ကား မှီရာဝတ္ထုရုပ်သည်ပင် လုံးလုံးမရှိရကား အဘယ်မှာလျှင် ဧကဝတ္ထုက သဒ္ဒါ၏ အကျိုးသက်ရောက်ခွင့် ရှိနိုင်ပါအံ့နည်း၊ မရှိနိုင်သည်သာ ဟူလို။
(မဟာဋီ-၂-၂၈၄-၂၈၅။)

ဤသမ္ပယုတ္တပစ္စည်းသည်လည်း နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်းသာဖြစ်၏။ ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် ခဏတ္တယသို့ရောက်ဆဲ ပစ္စုပ္ပန်တရားစုများသာ ဖြစ်သည်။

## ဝိပ္ပယုတ္တပစ္စည်း

တူသောမှီရာဝတ္ထုရုပ် ရှိခြင်း, တူသောအာရုံ ရှိခြင်း, တူသောဖြစ်ခြင်း ရှိခြင်း, တူသောချုပ်ခြင်း ရှိခြင်း - ဟူသော သဘောလက္ခဏာ (၄)ချက်သို့ မကပ်ရောက်ခြင်းအားဖြင့် ကျေးဇူးပြုတတ်ကုန်သော –

၁။ ရုပ်တရားတို့သည် နာမ်တရားတို့အား,
၂။ နာမ်တရားတို့သည်လည်း ရုပ်တရားတို့အား,

**ဝိပ္ပယုတ္တပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ ထိုဝိပ္ပယုတ္တပစ္စည်းသည် –

၁။ သဟဇာတဝိပ္ပယုတ္တပစ္စည်း,
၂။ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း,
၃။ ပုရေဇာတဝိပ္ပယုတ္တပစ္စည်းဟု (၃)မျိုး ရှိ၏။

### ရူပံ နာမဿ = ရုပ်က နာမ်အား ကျေးဇူးပြုပုံ

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၈။)

၁။ ပဋိသန္ဓေဝေါကာရ ပဋိသန္ဓေနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်စွည်းတရားသည် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားစုအား **သဟဇာတဝိပ္ပယုတ္တပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။
(အဘိ-ဋ္ဌ-၃-၃၅၁။ ဝိသုဒ္ဓိ-၂-၁၇၁။)

၂။ မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ချင်း ပြိုင်၍ ဖြစ်သော –

(က) စက္ခုဝတ္ထုသည် စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုအား,
( ခ ) သောတဝတ္ထုသည် သောတဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုအား,
( ဂ ) ဃာနဝတ္ထုသည် ဃာနဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုအား,
(ဃ) ဇိဝှါဝတ္ထုသည် ဇိဝှါဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုအား,
( င ) ကာယဝတ္ထုသည် ကာယဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုအား,

**ပုရေဇာတဝိပ္ပယုတ္တပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

( စ ) မိမိတို့၏ ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် အရူပဝိပါက်လေးခုကြဉ်သော မနောဓာတ် မနောဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုအား – **ပုရေဇာတဝိပ္ပယုတ္တပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၅၁။)

### နာမံ ရူပဿ = နာမ်က ရုပ်အား ကျေးဇူးပြုပုံ

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၈။)

၁။ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် (၄)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀), ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ် (၇၅)ခု၊ စေတသိက် (၅၂)ခု, ပဝတ္တိ ပဋိသန္ဓေနာမ်ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့သည် မိမိတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား (= ပဝတ္တိ နာမ်ခန္ဓာတို့က စိတ္တဇရုပ်တို့အား, ပဋိသန္ဓေ နာမ်ခန္ဓာတို့က ကမ္မဇရုပ်တို့အား) **သဟဇာတဝိပ္ပယုတ္တပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၅၁။)

၂။ ပဋိသန္ဓေအစရှိသော ရှေးရှေးဖြစ်သော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီကာလသို့ရောက်သော (ကေဇ-ကာယ, ဒွိဇကာယ,) တိဇကာယ စတုဇကာယ ရုပ်တရားအပေါင်းအား ကျေးဇူးပြုတတ်သော ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် (၄)ခုကြဉ်သော ပဋိသန္ဓေနောင် ပထမဘဝင် အစရှိသော နောက်နောက်ဖြစ်သော စိတ် (၈၅)ခု၊ စေတသိက် (၅၂)ခု ဟူသော နာမ်ခန္ဓာလေးပါး ပစ္စည်းတရားသည် — ပဋိသန္ဓေ အစရှိသော ရှေးရှေးဖြစ်သော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီကာလသို့ရောက်သော (ကေဇကာယ, ဒွိဇကာယ) တိဇကာယ, စတုဇကာယ ရုပ်တရားအပေါင်းဟူသော ပစ္စယုပ္ပန်တရားအား **ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

## ရူပါရုံစသည်တို့သည် ဝိပ္ပယုတ္တပစ္စည်း မဖြစ်

ရုပ်တရားတို့တွင် စက္ခု-သောတ-ဃာန-ဇိဝှါ-ကာယ-ဟဒယ ဟူသော ဝတ္ထုရုပ် (၆)ပါး အဖို့အစုတို့သည်သာလျှင် နာမ်ခန္ဓာတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ရူပါရုံအစရှိကုန်သော အာရုံရုပ်တရားတို့သည် အာရမ္မဏိက = အာရုံယူတတ်သော နာမ်တရားတို့နှင့် အကယ်၍ကား ဝိပ္ပယုတ္တတရားတို့ ဖြစ်ကုန်၏၊ သို့သော် ဝိပ္ပယုတ္တပစ္စည်းတရားတို့ကား မဖြစ်ကြကုန်။ အဘယ်ကြောင့်နည်းဟူမူ — သမ္ပယုတ်ဖြစ်မှု၌ ယုံမှားဖွယ်၏ မရှိသောကြောင့် ဟောတော်မမူ။

အကျယ် — အဖြေ — ။ စက္ခုဝိညာဏ်အစရှိသော နာမ်ခန္ဓာတို့သည် စက္ခုအစရှိကုန်သော မှီရာဝတ္ထုရုပ်-တို့၏အတွင်းမှ ထွက်ပေါ်လာသကဲ့သို့ ဖြစ်ကုန်၏၊ ထိုကြောင့် ဝတ္ထုပုရေဇာတအရာ၌ ယင်းမှီရာဝတ္ထုရုပ်တို့သည် မှီတတ်သော နာမ်တရားတို့နှင့် သမ္ပယုတ်ဖြစ်လေသလော၊ ဝိပ္ပယုတ်ဖြစ်လေသလောဟု ယုံမှားဖွယ်ရှိသောကြောင့် ယင်းဝတ္ထုရုပ်တို့၏ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်း ဖြစ်ကြောင်းကို ဟောတော်မူသည်။ ရူပါရုံစသော အာရုံတရားတို့သည်ကား စက္ခုဝတ္ထုအစရှိသော မှီရာအားဖြင့် = စက္ခုဝတ္ထုစသည့် ရုပ်တရားတို့ကို မှီ၍ ဖြစ်ပေါ်လာကုန်သော စက္ခုဝိညာဏ်အစရှိသော နာမ်တရားတို့၏ သိစရာ အာရုံမျှသာ ဖြစ်ကြကုန်၏၊ ထိုကြောင့် ထိုရူပါရုံစသော အာရမ္မဏဓမ္မရုပ်တရားတို့၌ စက္ခုဝိညာဏ်စသော နာမ်တရားတို့နှင့် သမ္ပယောဂအဖြစ် လျဉ်းပါးဖွယ် ယုံမှားဖွယ်သည် မရှိပေ။ ဤသို့ သမ္ပယောဂအဖြစ် = သမ္ပယုတ္တအဖြစ် လျဉ်းပါးဖွယ် ယုံမှားဖွယ်၏ မရှိသောကြောင့် ထိုရူပါရုံစသည့် ရုပ်အာရမ္မဏဓမ္မတို့သည် ဝိပ္ပယုတ္တပစ္စည်းတရားတို့ မဖြစ်ကြကုန်။ ဟဒယဝတ္ထုစသည့် ဝတ္ထုရုပ်တို့၌သာလျှင် ဤဝိပ္ပယုတ္တပစ္စည်းဖြစ်မှုကို သိရှိပါလေ။ အောက်ပါ ပဋ္ဌာဝါရပါဠိတော်ကို ထောက်ရှုပါ။ —

ဝတ္ထုခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ပုရေဇာတံ စက္ခာယတနံ စက္ခုဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယာယတနံ ကာယဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ပ ။ ပုရေဇာတံ ဝတ္ထု ကုသလာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ပုရေဇာတံ ဝတ္ထု အကုသလာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။
(ပဋ္ဌာန-၁-၁၅၉-၁၆၀။) (အဘိ-ဋ္ဌ-၃-၃၈၁-၃၈၂။)

## အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ

နာမ်တရားတို့က ရုပ်တရားတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဆိုရာ၌ အရူပဓမ္မ အမည်-ရကြသော နာမ်တရားတို့တွင် နာမ်ခန္ဓာ (၄)ပါးတို့၏ အစွမ်းဖြင့် သိရှိပါလေ။ အရူပဓမ္မ အမည်ရကြသော နာမ်တရားတို့တွင် နာမ်ခန္ဓာ (၄)ပါးတို့သည်သာလျှင် သဟဇာတ ပုရေဇာတဖြစ်ကုန်သော ရုပ်တရားတို့၏ = အတူဖြစ်သော ရုပ်တရား, မိမိ နာမ်တရားတို့၏ ရှေးက ဖြစ်နှင့်၍ ရုပ်ဌီကာလသို့ရောက်ရှိနေကြကုန်သော ရုပ်တရားတို့၏ ဝိပ္ပယုတ္တပစ္စည်းတရားတို့ ဖြစ်ကြကုန်၏။

နိဗ္ဗာနံ ပန အရူပမ္ပိ သမာနံ ရူပဿ ဝိပ္ပယုတ္တပစ္စယော န ဟောတိ။ “စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါ”တိ ဟိ ဝုတ္တံ။ (အဘိ-ဌ-၃-၃၈၂။)

နိဗ္ဗာန်တရားတော်မြတ်ကြီးသည်ကား အရူပတရား (= နာမ်တရား)ဖြစ်သော်ငြားလည်း ရုပ်တရား၏ ဝိပ္ပယုတ္တပစ္စည်းတရား မဖြစ်ပေ။ စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါ - ဟု ဘုရားရှင် ဟောကြားထား-တော်မူပေသည်။ ထိုကြောင့် နာမ်ခန္ဓာ (၄)ပါး တို့၏သာလျှင် ဝိပ္ပယုတ္တပစ္စည်းဖြစ်မှုကို သိရှိပါလေ။

(အဘိ-ဌ-၃-၃၈၂။ ပဌာန-၁-၁၅၉။)

စတူဟိ သမ္ပယောဂေါ စတူဟိ ဝိပ္ပယောဂေါ — ဟူသော စကားတော်သည် သမ္ပယုတ်၏ လက္ခဏာ, ဝိပ္ပယုတ်၏ လက္ခဏာကို ပြသော ဓာတုကထာ လက္ခဏ မာတိကာ စကားတော်တည်း။ ထိုသို့နာမ်ခန္ဓာ (၄)ပါးတို့ အချင်းချင်း သမ္ပယုတ်ဖြစ်သောကြောင့် သမ္ပယုတ္တပစ္စည်းဟု ဘုရားရှင်သည် ဟောကြားတော်မူခဲ့၏။ နာမ်နှင့် ရုပ်သည်လည်းကောင်း၊ ရုပ်နှင့် နာမ်သည်လည်းကောင်း အတူတကွဖြစ်ကြရာ၌ သမ္ပယုတ်လေလားဟု ယုံမှားဖွယ် ရှိသောကြောင့် ဝိပ္ပယုတ္တပစ္စည်း အဖြစ်ဖြင့် ဟောတော်မူသည်။ ရုပ်အချင်းချင်းမှာ ထိုကဲ့သို့ ယုံမှားဖွယ် မရှိသော-ကြောင့် ဝိပ္ပယုတ္တဟု အထူးဟောတော်မမူ။ နိဗ္ဗာန်တရားတော်မြတ်သည်လည်း ရုပ်တရားနှင့် သမ္ပယုတ္တလေလော ဝိပ္ပယုတ္တလေလောဟု ယုံမှားဖွယ် မရှိသောကြောင့် ဝိပ္ပယုတ္တပစ္စည်း အဖြစ် ဘုရားရှင်သည် ဟောကြားတော်မမူပေ။

ဤဝိပ္ပယုတ္တပစ္စည်းသည် နာမ်က ရုပ်အား, ရုပ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်းတည်း။ ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် ပစ္စုပ္ပန်တရားချည်းသာတည်း။

## အတ္ထိပစ္စည်း

ပစ္စုပ္ပန္နလက္ခဏေန အတ္ထိဘာဝေန တာဒိသဿေဝ ဓမ္မဿ ဥပတ္ထမ္ဘကတ္တေန ဥပကာရကော ဓမ္မော **အတ္ထိပစ္စယော**။ (အဘိ-ဌ-၃-၃၅၁။ ဝိသုဒ္ဓိ-၂-၁၇၁။)

ပစ္စုပ္ပန်ဟု မှတ်သားအပ်သော သဘောဖြစ်သော ထင်ရှားရှိသည်၏ အဖြစ်ဖြင့် ထိုသို့ ထင်ရှားရှိသည်သာ-လျှင်ဖြစ်သော တရားကို အားပေးထောက်ပံ့တတ်သည်၏ အဖြစ်ဟူသော သဘောဖြင့် ကျေးဇူးပြုတတ်သော တရားသည် **အတ္ထိပစ္စည်း**မည်၏။

## ပစ္စုပ္ပန်လက္ခဏာ

**ပစ္စုပ္ပန္နလက္ခဏေနာ**တိ ပစ္စုပ္ပန္နသဘာဝေန။ (မဟာဋီ-၂-၂၈၆။)

လက္ခဏကို သဘာဝဟု ဖွင့်၏။ ယင်းအလိုအားဖြင့် ပစ္စုပ္ပန်ဟူသည် ဥပါဒ်အဖြစ်ဖြင့် စတည်ပြီး၍ မပြီး-ဆုံးသေးသော ပရမတ်တရားဖြစ်လျှင် ဘင်အခိုက်သို့ မရောက်ရှိသေးသော သဘောတရားတည်း။

အာရဒ္ဓါနိဋ္ဌိတော ဘာဝေါ ပစ္စုပ္ပန္နော။ (ကစ္စာယနသာရ-၂၂-ဂါထာ။) = စတည်ပြီး၍ မပြီးဆုံးသေးသော ကြိယာသည် ပစ္စုပ္ပန်မည်၏။

## အတ္ထိဘာဝ = ထင်ရှားရှိသည်၏အဖြစ် (၃) မျိုး

၁။ နိဗ္ဗတ္တတာလက္ခဏ-အတ္ထိဘာဝ = ဖြစ်ပြီးသည်၏ အဖြစ်ဟူသော သဘောလက္ခဏာရှိသော အတ္ထိဘာဝ,

၂။ ဥပလဗ္ဘမာနတာလက္ခဏ-အတ္ထိဘာဝ = လောကပြောရိုးအားဖြင့် ရအပ်သည်၏အဖြစ်ဟူသော သဘော လက္ခဏာရှိသော အတ္ထိဘာဝ,

၃။ ပစ္စုပ္ပန္နလက္ခဏ-အတ္ထိဘာဝ = ပစ္စုပ္ပန်သဘောလက္ခဏာဖြစ်သော အတ္ထိဘာဝ,

ဤသို့လျှင် အတ္ထိဘာဝ = ထင်ရှားရှိသည်၏အဖြစ် (၃)မျိုး ရှိ၏။ ထိုတွင် ရှေး (၂)မျိုးကို တားမြစ်လိုသောကြောင့် - ပစ္စုပ္ပန္နလက္ခဏေန - ဟု အဋ္ဌကထာဆရာတော်က ဝိသေသနပြုသည်။

## ၁။ နိပ္ဖန္နတာလက္ခဏ – အတ္ထိဘာဝ

**အတ္ထိ မေ ပါပကမ္မံ ကတံ** = "ငါသည် (ငါ့မှာ) ပြုအပ်ပြီးသော မကောင်းမှုရှိ၏။" – (မ-၃-၂၀၃။) – ဟူရာ၌ ဤသို့ ပြုအပ်ပြီးသည်၏အဖြစ်ဖြင့် အထူးပြုအပ်သော အတ္ထိဘာဝသည် ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယ ပစ္စုပ္ပန်ဆတ်ဆတ် ရကောင်းသော အတ္ထိဘာဝမဟုတ်၊ သရုပ်အားဖြင့်ကား ပြုအပ်ပြီးသော ကံ၏ အကျိုးမပြီးသေး အကျိုးမပေးသေးသည်၏ အဖြစ်ကြောင့်သာလျှင် "ငါ့ဝယ် ခွေးပုပ်လည်ဆွဲ အမြဲတစေ ရုပ်နာမ်အစဉ်တွင် မြှုပ်နှံထားအပ်သော မကောင်းကျိုးခံစရာ အကုသိုလ်ကံ (ကမ္မသတ္တိ)သည် ရှိချေသေး၏"ဟု လောကတွင် ဆိုကြသော အတ္ထိဘာဝဖြစ်သည်။ ယင်းအတ္ထိဘာဝကို နိပ္ဖန္နတာလက္ခဏ-အတ္ထိဘာဝ = ဖြစ်ပြီးသည်၏အဖြစ် ဟူသော သဘောလက္ခဏာရှိသော အတ္ထိဘာဝဟု ခေါ်ဆိုသည်။

အတ္ထိ မေ ပါပကမ္မံ ကတံ - ဝယ် ကတံ၌ တ ပစ္စည်းသည် အတိတ်အနက်ဟောတည်း။ ထိုကြောင့် "ပြုအပ်ပြီးသော မကောင်းမှုရှိ၏။" - ဟူရာ၌ ပစ္စုပ္ပန်သဘောဖြစ်သော အတ္ထိ မဟုတ်။ အတိတ်ဖြစ်လျှင်လည်း လွန်ပြီး ချုပ်ပြီးသာ ဖြစ်၏။ သို့ပါလျက် အဘယ်ကြောင့် "အတ္ထိ = ရှိ၏ = ရှိနေ၏"ဟု ဆိုရပါသနည်းဟု မေးဖွယ် ရှိ၏။ အဖြေကား – အကျိုးမပေးရသေးသမျှ ခန္ဓာအစဉ်၌ ကမ္မသတ္တိအဖြစ်ဖြင့် ရှိနေသောကြောင့် "အတ္ထိ = ရှိ၏"ဟု ဆိုရပါသည်။ (မူလဋီ-၃-၁၇၅။)

ပြုအပ်ပြီးသည်၏အဖြစ်သည် အထူးပြုအပ်သော ပြောဆိုဆဲ အတ္ထိ၏အဖြစ်သည် ပြုခြင်းကိရိယာ၏ ပြီးပြီး၏အဖြစ်ကိုသာ ပြ၏၊ ပြီးဆဲအဖြစ်ကို မပြ။ ထိုကြောင့် နိပ္ဖန္နတာလက္ခဏ အတ္ထိဘာဝဟု ဆိုသည်။ ဆိုလိုရင်း အနက်သဘောအားဖြင့်ကား ကံ၏ အကျိုးက ဖြစ်ပြီး မဟုတ်သည်၏ အဖြစ်ကြောင့်သာလျှင် ဤ "အတ္ထိ မေ ပါပကမ္မံ ကတံ" – ဟူသော ပါဌ်၌ အတ္ထိအဖြစ်ကို သိထိုက်၏။ (အနုဋီ-၃-၂၃၈။)

## ၂။ ဥပလဗ္ဘမာနတာလက္ခဏ – အတ္ထိဘာဝ

အတ္တေကစ္စော ပုဂ္ဂလော (အတ္ထိပုဂ္ဂလော) အတ္တဟိတာယ ပဋိပန္နော။ (အဘိ-၃-၁၀၉။)

= မိမိ အကျိုးစီးပွားအတွက် ကျင့်သော အချို့သော ပုဂ္ဂိုလ်သည်ရှိ၏၊ – ဟူရာဝယ် ပုဂ္ဂလဟူသော ဝေါဟာရပညတ်၏ လောက၌ ရစကောင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ထိုပညတ်၏စွဲယူရာ ခန္ဓာငါးပါး၏ သန္တတိအစဉ် မပြတ်သေးသည်၏ အဖြစ်ကြောင့်လည်းကောင်း ဥပလဗ္ဘမာနတာလက္ခဏ အတ္ထိဘာဝ = လောက ပြောရိုးအားဖြင့် ရအပ်သည်၏အဖြစ်ဟူသော သဘောလက္ခဏာရှိသော အတ္ထိဘာဝ ဖြစ်သည်။ စင်စစ်မှာမူ မုချဆတ်ဆတ် ပရမတ်သဘောအားဖြင့် ပစ္စုပ္ပန်ခဏတ္တယ ရစကောင်းသော အတ္ထိဘာဝမဟုတ်။ ဤသို့ မလိုအပ်သော အတ္ထိဘာဝ အရှုပ်ရှုပ် လျှဉ်းပါးဖွယ်ကို ပယ်မြစ်ခြင်းငှာ – ပစ္စုပ္ပန္နလက္ခဏေန – ဟု အဋ္ဌကထာဆရာ-တော်က ဝိသေသန ကူမတော်မူသည် ဟူလိုသော်။ (မူလဋီ-၃-၁၇၅။)

ပုဂ္ဂိုလ်ဟူသည် ပရမတ်အားဖြင့် ထင်ရှားမရှိ။ သို့သော် လူတို့ခေါ်ဝေါ်အပ်သော နာမည်ပညတ်သည် စိတ်ဖြင့်ယူ၍ ရအပ် ရနိုင်လောက်အောင် ထင်ရှားနေသောကြောင့် "ဥပလဗ္ဘမာနတာလက္ခဏ အတ္ထိဘာဝ"ဟု

ဆိုသည်။ ဥပလဗ္ဘမာန — ဟူသည် ပုဂ္ဂိုလ်ဟူသော လူတို့ခေါ်ဝေါ်သည့် နာမပညတ်ကို လောကသင်္ကေတ အဖြစ်ဖြင့် စိတ်ထဲဝယ် ရအပ်ခြင်းပင်တည်း။

တစ်နည်း — ပုဂ္ဂိုလ်ဟူသော နာမည်ပညတ်၏ စွဲမှီရာက ခန္ဓာ (၅)ပါး ဖြစ်သောကြောင့်လည်းကောင်း, ထိုခန္ဓာအစဉ်ကလည်း မပြတ်မစဲ ရှိနေသောကြောင့်လည်းကောင်း — "ဥပလဗ္ဘမာနလက္ခဏာရှိသောအတ္ထိဘာဝ" ဟု ဆိုသည်။ ဤနည်း၌ကား ပုဂ္ဂိုလ်ဟူသည် လောကသင်္ကေတအဖြစ်ဖြင့် ရအပ်ရုံသာမက သဘာဝအဖြစ်ဖြင့်လည်း ရအပ်သောကြောင့် "ဥပလဗ္ဘမာနတာ အတ္ထိဘာဝ" — ဟု ဆိုလိုသည်။ (အနုဋီ-၃-၂၃၈။)

## ၃။ ပစ္စုပ္ပန္နလက္ခဏ – အတ္ထိဘာဝ

ပစ္စည်း ပစ္စုယုပ္ပန် နှစ်မျိုးလုံးသည် မုချဆတ်ဆတ် ပရမတ်သာဖြစ်၍ ဥပါဒ်ပြီးနောက် ဘင်အခိုက်သို့ မရောက်သေးသော သဘောလက္ခဏာအားဖြင့် ပစ္စုပ္ပန်ဟု မှတ်သားအပ်သော သဘောဖြစ်သော ထင်ရှားရှိမှုတည်း။ ယင်းထင်ရှားရှိမှုကိုသာ ဤ၌ အလိုရှိအပ်ပေသည်။ ပစ္စည်းတရားတို့သည် ဖြစ်ပြီး၍ မချုပ်ပျောက်သေးဘဲ မုချဆတ်ဆတ် ပရမတ်အနေအားဖြင့် ထင်ရှား တည်ရှိနေခြင်းသည်ပင် ပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်လာရန် အကြောင်းတရားဖြစ်၏။ ယင်းထင်ရှားရှိမှု အကြောင်းတရားကိုပင် အတ္ထိပစ္စည်းဟု ခေါ်သည်ဟူလိုသည်။

အပိစေသ အတ္ထိပစ္စယော နာမ သင်္ခေပတော ခဏတ္တယပ္ပတ္တံ နာမဉ္စေဝ ရူပဉ္စ၊ ဝတ္တမာနာ ပဉ္စက္ခန္ဓာတိပိ ဝတ္တုံ ဝဋ္ဋတိ။ (အဘိ-ဋ္ဌ-၃-၃၈၄။)

= တစ်နည်းဆိုရသော် ဤအတ္ထိပစ္စည်း မည်သည်ကား အချုပ်အားဖြင့် ဥပါဒ်-ဌီ-ဘင် ဟူသော ခဏတ္တယသို့ ရောက်ဆဲဖြစ်သော နာမ်သည်လည်းကောင်း, ရုပ်သည်လည်းကောင်း ဖြစ်ပေသည်။ ပစ္စုပ္ပန် ဆတ်ဆတ် ဖြစ်ဆဲ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့ ဖြစ်ကုန်၏ဟုလည်း ဆိုသင့်သည်သာ ဖြစ်သည်။ (အဘိ-ဋ္ဌ-၃-၃၈၄။)

## ဥပတ္ထမ္ဘကတ္တ

သတိပိ ဇနကတ္တေ ဥပတ္ထမ္ဘကတ္တပ္ပဓာနာ အတ္ထိဘာဝေန ဥပကာရကတာတိ အာဟ **"ဥပတ္ထမ္ဘကတ္တေနာ"**တိ။ ဣဒဉ္စ ဥပတ္ထမ္ဘကတ္တံ ဝတ္ထာရမ္မဏသဟဇာတာဒီနံ သာဓာရဏံ အတ္ထိဘာဝေန ဥပကာရကတ္တန္တိ ဒဋ္ဌဗ္ဗံ။

(မူလဋီ-၃-၁၇၅။ မဟာဋီ-၂-၂၈၆။)

= မုချဆတ်ဆတ် ပစ္စုပ္ပန်ကျကျ ခဏတ္တယသို့ ရောက်ဆဲဖြစ်သဖြင့် ပစ္စုပ္ပန္နပရမတ္ထဓမ္မ အမည်ရသော ရုပ်တရား နာမ်တရား၏ ဥပါဒ်မှစ၍ ဘင်သို့တိုင်အောင် ရစကောင်းသော အတ္ထိဘာဝ ဖြစ်သော်လည်း ဥပါဒ်ခဏထက် ဌီခဏ၌ အလွန်အကဲနှင့်တကွသော ဗျာပါရရှိ၍ ဥပတ္ထမ္ဘကတ္တ-ပဓာနဖြစ်ရကား = အားပေးထောက်ပံ့တတ်သည်၏အဖြစ်က ပြဓာန်းရကား ဖြစ်စေတတ်သော ဇနကသတ္တိရှိသည်ကို အလေးမမူပဲ အားပေးထောက်ပံ့တတ်သည့် ဥပတ္ထမ္ဘကသတ္တိကိုသာ အလေးမူ၍ ဖွင့်ဆိုထားသည် ဟူလိုသည်။ ဤဥပတ္ထမ္ဘက၏အဖြစ်ကိုလည်း ဝတ္ထာရမ္မဏ, သဟဇာတ, ပုရေဇာတ, ပစ္ဆာဇာတစသည်တို့နှင့် ဆက်ဆံသော ထင်ရှားရှိမှု အတ္ထိဘာဝဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ဟု မှတ်ပါ။ (အနုဋီ-၃-၂၃၈။)

ထိုအတ္ထိပစ္စည်းတရားသည် —

၁။ သဟဇာတတ္ထိ -
၂။ ပုရေဇာတတ္ထိ -
၃။ သဟဇာတပုရေဇာတတ္ထိ -

၄။ ပစ္ဆာဇာတတ္တိ -
၅။ အာဟာရတ္တိ -
၆။ ဣန္ဒြိယတ္တိ - ဟု (၆)မျိုး ရှိ၏။

## ၁။ သဟဇာတတ္တိ

၁။ နာမ်ခန္ဓာ (၄)ပါးတို့သည် အချင်းချင်းအား = [(၁)ပါးသည် (၃)ပါးအား, (၃)ပါးသည် (၁)ပါးအား, (၂)ပါး-သည် (၂)ပါးအား,]
၂။ မဟာဘုတ် (၄)ပါးတို့သည် အချင်းချင်းအား = [(၁)ပါးသည် (၃)ပါးအား, (၃)ပါးသည် (၁)ပါးအား, (၂)ပါး-သည် (၂)ပါးအား,]
၃။ ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌ နာမ်ရုပ်သည် အချင်းချင်းအား [ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုသည် အချင်းချင်းအား]
၄။ ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် (၄)ခု, ဒွေပဉ္စဝိညာဏ် (၁၀), ရဟန္တာတို့၏ စုတိကြဉ်သော စိတ် (၇၅) စေတသိက် (၅၂)တို့သည် စိတ္တဇရုပ်တို့အား,
၅။ မဟာဘုတ်တို့သည် ဥပါဒါရုပ်တို့အား — **သဟဇာတတ္တိပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

## ၂။ ပုရေဇာတတ္တိ (ပုရေဇာတနိဿယနှင့် တူသည်။)

မဇ္ဈိမာယုကဖြစ်သော အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော —

၁။ စက္ခာယတနသည် စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၂။ သောတာယတနသည် သောတဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၃။ ဃာနာယတနသည် ဃာနဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၄။ ဇိဝှါယတနသည် ဇိဝှါဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၅။ ကာယာယတနသည် ကာယဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား, **ဝတ္ထုပုရေဇာတတ္တိပစ္စယသတ္တိ**ဖြင့် အသီးအသီး ကျေးဇူးပြု၏။

(ဤ၌ မှီရာဝတ္ထုရုပ် ပစ္စည်းတရားတို့သည် မှီတတ်သည့် ဆိုင်ရာ ဆိုင်ရာ နာမ်တရားစုတို့ မဖြစ်မီ မဥပါဒ်မီက ကြိုတင်ဥပါဒ်ကြ၍ ယင်းပစ္စယုပ္ပန် နာမ်တရားတို့ ဥပါဒ်-ဌီ-ဘင်-ဟူသော ခဏတ္တယသို့ ရောက်ခိုက်၌ သက်တမ်း မကုန်သေးသဖြင့် ထင်ရှားရှိခိုက် ပစ္စည်းတရားများ ဖြစ်ကြ၍ ဝတ္ထုပုရေဇာတတ္တိပစ္စည်းဟု ခေါ်သည်။)

၆။ ပစ္စုပ္ပန် ရူပါရုံသည် စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၇။ ပစ္စုပ္ပန် သဒ္ဒါရုံသည် သောတဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၈။ ပစ္စုပ္ပန် ဂန္ဓာရုံသည် ဃာနဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၉။ ပစ္စုပ္ပန် ရသာရုံသည် ဇိဝှါဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၁၀။ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား,
၁၁။ ပစ္စုပ္ပန် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံသည် ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း (၂)ဟူသော မနော-ဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား – **အာရမ္မဏပုရေဇာတတ္တိပစ္စယသတ္တိ**ဖြင့် အသီးအသီး ကျေးဇူးပြု၏။

(ဤ၌ အာရုံပစ္စည်းတရားတို့သည် အာရမ္မဏိကပစ္စယုပ္ပန်တရားတို့ မဖြစ်မီ မဥပါဒ်မီက ကြိုတင်ဥပါဒ်ကြ၍ အာရမ္မဏိကပစ္စယုပ္ပန်တရားတို့ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယသို့ ရောက်ခိုက်၌ သက်တမ်းမကုန်သေးသဖြင့် ထင်ရှားရှိခိုက် ပစ္စည်းတရားများ ဖြစ်ကြ၍ အာရမ္မဏပုရေဇာတတ္ထိပစ္စည်းဟု ခေါ်သည်။)

## ၃။ သဟဇာတ – ပုရေဇာတတ္ထိ

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနော-ဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၉။)

၁။ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုတရားသည် ပဉ္စဝေါကာရ ပဋိသန္ဓေနာမ်တရားအား **သဟဇာ-တတ္ထိ**ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၂။ ပဝတ္တိအခါ၌ ဟဒယဝတ္ထုပစ္စည်းတရားသည် မနောဓာတ် (၃)ခု ၊ အရူပဝိပါက် (၄)ခု ကြဉ်သော မနော-ဝိညာဏဓာတ် (၇၂)ခု၊ ယင်းမနောဓာတ်, မနောဝိညာဏဓာတ်တို့နှင့် ယှဉ်သော စေတသိက်သမ္ပယုတ်တရားစု (၅၂)တို့အား **ဝတ္ထုပုရေဇာတတ္ထိ**ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

[ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ်နှင့် ပဋိသန္ဓေနာမက္ခန္ဓာ (၄)ပါးတို့သည် ပြိုင်တူ ဥပါဒ်ကြ ဖြစ်ကြ၍ ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် ထင်ရှားရှိနေခိုက် ဖြစ်သဖြင့် ယင်းဟဒယဝတ္ထုရုပ်သည် **သဟဇာတတ္ထိ** ပစ္စည်းတရား ဖြစ်သည်။ ပဋိသန္ဓေနာမက္ခန္ဓာတို့သည် **သဟဇာတတ္ထိ**ပစ္စယုပ္ပန်တရားတို့ ဖြစ်ကြသည်။ ပဝတ္တိ အခါ၌ကား မနောဓာတ် မနောဝိညာဏ်ဓာတ်နှင့် သမ္ပယုတ်တရားစုတို့သည် ပဋိသန္ဓေ အစရှိသော မိမိတို့၏ ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ ဖြစ်ကြသဖြင့် ယင်းဟဒယဝတ္ထုရုပ်သည် **ဝတ္ထုပုရေဇာတတ္ထိ**ပစ္စည်းတရား ဖြစ်သည်။ ပဝတ္တိနာမက္ခန္ဓာတရား (= မနောဓာတ် မနောဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစု)တို့ကား **ဝတ္ထုပုရေဇာတတ္ထိ**ပစ္စယုပ္ပန်တရားတို့ ဖြစ်ကြသည်။ ဤသဘောတရားကို ရည်ရွယ် တော်မူ၍ အဋ္ဌကထာက ဤသို့ဖွင့်ဆိုထား၏ –

ယံ ရူပံ နိဿာယာတိ ဧတ္ထ သဟဇာတပုရေဇာတဝသေန အတ္ထိပစ္စယော နိဒ္ဒိဋ္ဌော။ (အဘိ-ဌ-၃-၃၈၃။)

ဟဒယဝတ္ထု သဟဇာတံ ဝါ ဟောတိ ပုရေဇာတံ ဝါ။ (အဘိ-ဌ-၃-၃၈၄။)]

## အတ္ထိပစ္စည်း (၂) မျိုး ခွဲပုံ

အထက်တွင် ဖော်ပြထားသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, သဟဇာတပုရေဇာတတ္ထိ ပစ္စည်းများကို ခွဲလိုက်သော် –

၁။ **အညမည** = အချင်းချင်း ကျေးဇူးပြုသော အတ္ထိပစ္စည်း၊

၂။ **န အညမည** = အချင်းချင်း ကျေးဇူးမပြုသော အတ္ထိပစ္စည်း – ဟု နှစ်မျိုးပြား၏။

ထိုတွင် **အညမည**သည် (၃)မျိုး ပြား၏ –

၁။ **နာမ်က နာမ်ကို** = နာမ်ခန္ဓာ (၄)ပါး အချင်းချင်း -

၂။ **ရုပ်က ရုပ်ကို** = မဟာဘုတ် အချင်းချင်း,

၃။ **နာမ်ရုပ်က နာမ်ရုပ်ကို** = ပဉ္စဝေါကာရ ပဋိသန္ဓေနာမ်ရုပ် အချင်းချင်း – ဟု အချင်းချင်း အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုမှု (၃)မျိုးရှိ၏။

**ရုပ်က ရုပ်ကို** = မဟာဘုတ်အချင်းချင်း ကျေးဇူးပြုရာ၌ **သမ္ဗသန္တတိဝသေန** = (အဘိ-ဋ္ဌ-၃-၃၈၃။) အလုံး-စုံသော ရုပ်သန္တတိအစဉ်၏ အစွမ်းဖြင့် ကျေးဇူးပြု၏ဟု ဖွင့်ဆိုထား၏။

တစ်ဖန် - **န အညမညသည်**လည်း (၃)မျိုး ပြား၏။

၁။ **နာမ်က ရုပ်အား** = ဒွေပဉ္စဝိညာဏ် (၁၀), ရဟန္တာတို့၏ စုတိကြဉ်သော ပဉ္စဝေါကာရ စိတ်စေတသိက် တရားတို့သည် စိတ္တဇရုပ်တို့အား,

၂။ **ရုပ်က ရုပ်အား** = မဟာဘုတ်သည် ကလာပ်တူ ဥပါဒါရုပ်တို့အား,

၃။ **ရုပ်က နာမ်အား** = စက္ခာယတနသည် စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား, ရူပါရုံသည် စက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်တရားစုတို့အား, —

ဤသို့စသည်ဖြင့် ဟောကြားထားတော်မူသော ဝတ္ထုပုရေဇာတတ္ထိ အာရမ္မဏပုရေဇာတတ္ထိ ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရားတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၃-၃၈၃-၃၈၄။)

**ရုပ်က ရုပ်အား** = မဟာဘုတ်က ကလာပ်တူ ဥပါဒါရုပ်တို့အား ကျေးဇူးပြုရာ၌ **သမ္ဗသန္တတိဝသေန** (အဘိ-ဋ္ဌ-၃-၃၈၄။) = အလုံးစုံသော ရုပ်သန္တတိအစဉ်၏ အစွမ်းဖြင့် ကျေးဇူးပြု၏ဟု ဖွင့်ဆိုထား၏။

## ၄။ ပစ္ဆာဇာတတ္ထိ

ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အရူပဝိပါက် (၄)ခု ကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်၌ ဖြစ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာစိတ် (၈၅) စေတသိက် (၅၂) ပစ္စည်းတရားတို့သည် ရုပ်၏ ဌီကာလသို့ ရောက်သော တိသမုဋ္ဌာနိကကာယ စတုသမုဋ္ဌာနိကကာယဟု ခေါ်ဆိုအပ်သော ဘူတရုပ် ဥပါဒါရုပ် အပေါင်းဟူသော ပစ္စယုပ္ပန်တရားအား — **ပစ္ဆာဇာတတ္ထိပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ (ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် ထင်ရှားရှိနေခိုက်ပင် ဖြစ်သည်။) (အဘိ-ဋ္ဌ-၃-၃၈၄-၃၈၅။)

## ၅။ အာဟာရတ္ထိ

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၆။)

**ရုပ်အာဟာရ** — ကံ-စိတ်-ဥတု-အာဟာရဟူသော အကြောင်းတရား (၄)မျိုးကြောင့် ဖြစ်သော ထိုထို ရုပ်ကလာပ်တို့၌ တည်ရှိသော အသီးအသီးသော စတုသမုဋ္ဌာနိကဩဇာသည် (အာဟာရဇဩဇာ၏ အထောက် အပံ့ကို ရရှိသောအခါ) ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်တရားအပေါင်းအား **အာဟာရတ္ထိပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ (ရုပ်ကမ္မဋ္ဌာန်းပိုင်းကို ပြန်ကြည့်ပါ။ ဩဇာက ရုပ်ကို ဖြစ်စေပုံနှင့် အားပေးထောက်ပံ့ပုံကို ရှင်းပြထားသည်။)

ဣဓ ပနေသ အတ္တနော အနိရုဒ္ဓက္ခဏေ ပစ္စယဘာဝေန အတ္ထိပစ္စယောတိ ဝုတ္တော။ (အဘိ-ဋ္ဌ-၃-၃၈၅။)

ဤပဋ္ဌာဝါရ အတ္ထိပစ္စည်းပိုင်း၌ ဤရုပ်အာဟာရတ္ထိပစ္စည်းကို မိမိ ကဗဠီကာရအာဟာရဩဇာ၏ မချုပ်-ဆုံးမီ အချိန်အတွင်း၌ ဆိုင်ရာ ပစ္စယုပ္ပန် ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်တရား အပေါင်းအား ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့် **အတ္ထိပစ္စည်း**ဟု ဘုရားရှင်သည် ဟောကြားတော် မူအပ်ပေသည်။

## ၆။ ဣန္ဒြိယတ္ထိ = ရူပဇီဝိတိန္ဒြိယတ္ထိ

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၆၂။)

ဣတိ ပနေတမ္ပိ အတ္တနော အနိရုဒ္ဓက္ခဏေယေဝ ပစ္စယဘာဝေန အတ္ထိပစ္စယောတိ ဝုတ္တံ။

(အဘိ-ဋ္ဌ-၃-၃၈၅။)

ကမ္မဇရုပ်ကလာပ်တို့၌ တည်ရှိသော ရုပ်ဇီဝိတိန္ဒြေသည် မိမိမှတစ်ပါးသော ကလာပ်တူ ကမ္မဇရုပ်တို့အား **ရူပဇီဝိတိန္ဒြိယတ္ထိပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ ကလာပ်တူ ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း၌ အစိုးရ၏ ဟူလိုသည်။ ဤပဋ္ဌာဝါရ၌ ဤရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်းကိုလည်း မိမိ ရုပ်ဇီဝိတိန္ဒြေ၏ မချုပ်ဆုံးမီ အချိန်အတွင်း၌ ကလာပ်တူ ကမ္မဇရုပ်တို့အား ကျေးဇူးပြုတတ်သည်၏အဖြစ်ကြောင့် **အတ္ထိပစ္စည်း**ဟု ဘုရားရှင် ဟောကြားတော်မူအပ်ပေသည်။

## နာမ်အတ္ထိပစ္စည်း – ရုပ်အတ္ထိပစ္စည်း

နာမ်တရားများက အတ္ထိပစ္စည်းကိစ္စကို ပြုလုပ်တတ်သော အတ္ထိပစ္စည်း အမျိုးအစားများမှာ –

(၁) သဟဇာတတ္ထိ, (၂) ပစ္ဆာဇာတတ္ထိတို့၌ ထိုက်သလို အကျုံးဝင်၏။

ရုပ်ဟုဆိုအပ်သော အတ္ထိပစ္စည်းများမှာ –

(၁) သဟဇာတတ္ထိ, (၂) ပုရေဇာတတ္ထိ, (၃) အာဟာရတ္ထိ, (၄) ဣန္ဒြိယတ္ထိ – ဟု (၄)မျိုး ပြားပေသည်။

အဘိဓမ္မတ္ထသင်္ဂဟ အမည်ရသော သင်္ဂြိုဟ်ကျမ်း၌ကား အတ္ထိပစ္စည်းကို သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ကဗဠီကာရာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ – ဟု (၅)မျိုး ပြထား၏။

ဤကျမ်း၌ကား –

**ယံ ရူပံ နိဿာယာ**တိ ဧတ္ထ သဟဇာတပုရေဇာတဝသေန အတ္ထိပစ္စယော နိဒ္ဒိဋ္ဌော။ (အဘိ-ဋ္ဌ-၃-၃၈၃။)

ဤအဋ္ဌကထာအဖွင့်နှင့် အညီ သဟဇာတပုရေဇာတတ္ထိ တစ်မျိုးတိုး၍ (၆)မျိုးဟု ဖော်ပြထားပါသည်။ ယင်းသဟဇာတပုရေဇာတတ္ထိမှာလည်း သဟဇာတတ္ထိနှင့် ပုရေဇာတတ္ထိ အတွင်းသို့ပင် ထိုက်သလို ဝင်သွားရကား အတ္ထိပစ္စည်း (၅)မျိုးပင် ပြန်ဖြစ်သည်ဟု မှတ်ပါ။

ဤအတ္ထိပစ္စည်းသည် ခြုံ၍ ဆိုရသော် –

၁။ နာမ်က နာမ်အား,

၂။ နာမ်က ရုပ်အား,

၃။ ရုပ်က ရုပ်အား,

၄။ ရုပ်က နာမ်အား,

၅။ နာမ်ရုပ်က နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းပင် ဖြစ်သည်။

ပစ္စည်း ပစ္စယုပ္ပန် (၂)မျိုးလုံးတို့သည် အတ္ထိ = ထင်ရှားရှိနေဆဲ ပစ္စုပ္ပန်တရားတို့သာ ဖြစ်ကြသည်။

## နတ္ထိပစ္စည်း

အတ္တနော အနန္တရံ ဥပ္ပဇ္ဇမာနာနံ အရူပဓမ္မာနံ ပဝတ္တိဩကာသဿ ဒါနေန ဥပကာရကာ သမနန္တရနိရုဒ္ဓါ အရူပဓမ္မာ **နတ္ထိပစ္စယော**။ (အဘိ-ဌ-၃-၃၅၂။ ဝိသုဒ္ဓိ-၂-၁၇၂။)

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၉။)

မိမိ = ပစ္စည်းတရား၏ အခြားမဲ့၌ ဖြစ်ကြကုန်သော နာမ်တရားတို့အား ဖြစ်ခြင်း၏အခါအခွင့်ကို ပေးခြင်းဖြင့် ကျေးဇူးပြုတတ်ကုန်သော ကောင်းစွာ အခြားမဲ့ဖြစ်၍ ချုပ်ပြီးကုန်သော နာမ်တရားတို့သည် **နတ္ထိပစ္စည်း** မည်ကုန်၏။

ကောင်းစွာအခြားမဲ့ ဖြစ်၍ ချုပ်ပြီးကုန်သော ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသော စိတ် (၈၉), စေတသိက် (၅၂) ပစ္စည်းတရားတို့သည် ရဟန္တာတို့၏ စုတိစိတ်နှင့် တကွ နောက်နောက်သော စိတ် (၈၉), စေတသိက် (၅၂) ပစ္စယုပ္ပန်တရားတို့အား **နတ္ထိပစ္စယ**သတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၉။ အဘိ-ဌ-၃-၃၅၂။ ဝိသုဒ္ဓိ-၂-၁၇၂။)

## နာမ်တရားတို့၏ ဓမ္မတာ

ဥပါဒ်-ဌီ-ဘင်-ဟူသော စိတ္တက္ခဏတစ်ခုအတွင်း၌ စိတ်(၂)မျိုး (၃)မျိုးစသည် အတူပြိုင်၍ ဥပါဒ်ရိုး ဖြစ်ရိုးဓမ္မတာ မရှိပေ။ စိတ္တက္ခဏ (၁)မျိုး (၁)မျိုး၌လည်း ဆိုင်ရာ ယှဉ်ဖက်စေတသိက်တို့သည် အတူယှဉ်တွဲ၍ များစွာ ဖြစ်ရိုးဓမ္မတာ ရှိ၏။ သို့သော် စိတ္တက္ခဏတစ်ခု၏အတွင်း၌ စိတ်ပေါင်းများစွာ ဖဿပေါင်းများစွာ ဝေဒနာပေါင်းများစွာ သညာပေါင်းများစွာ စေတနာပေါင်းများစွာ ဖြစ်ရိုးဓမ္မတာကား မရှိ။ အသိစိတ်တစ်မျိုး, ဖဿတစ်မျိုး, ဝေဒနာတစ်မျိုး, သညာတစ်မျိုး, စေတနာတစ်မျိုးစသည်ဖြင့် တစ်မျိုး တစ်မျိုးစီသာ ဖြစ်နိုင်၏။ ယင်းသို့ စိတ္တက္ခဏ တစ်ခုအတွင်း၌ သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ထိုက်သော ဆိုင်ရာ စိတ်စေတသိက်တရားစုတို့ ပြိုင်တူယှဉ်တွဲ၍ ဖြစ်ခိုက်၌ အခြား သမ္ပယုတ္တ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ထိုက်သော စိတ်စေတသိက်တရားအပေါင်းတို့ကား မဖြစ်နိုင်ကြပေ။ သို့သော် တစ်ခုသော စိတ္တက္ခဏအတွင်း၌ တည်ရှိသော နာမ်တရားအပေါင်းသည် ချုပ်ပြီး၍ မရှိလတ်သော် ဒုတိယ နာမ်တရားအပေါင်းသည် ဖြစ်ပေါ်လာ၏။ ထိုကြောင့် ရှေးစိတ္တက္ခဏ၌ ရှိသော နာမ်တရားအပေါင်းတို့၏ မရှိကုန်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် **နတ္ထိပစ္စည်း**တည်း။

သာ၍ ရှေးကျကုန်သော စိတ်တို့၏ မရှိကုန်သည်၏ အဖြစ်သည် ရှိပါသော်လည်း ထိုသာ၍ ရှေးကျသော စိတ်တို့သည် နတ္ထိပစ္စယသတ္တိအဖြစ်ဖြင့် ကျေးဇူးမပြုတတ်ကြပါကုန်။ အလျော်အားဖြင့်မူ အခြားမဲ့ဖြစ်သော စိတ်သည် (= ရှေးစိတ် နောက်စိတ် နှစ်မျိုးတို့တွင် နောက်စိတ်နှင့်ကပ်နေသော ရှေးစိတ်သည်) ပစ္စည်းတရား ဖြစ်သော မိမိ၏ ထင်ရှားရှိနေမှုကြောင့် ဖြစ်ခွင့်ကို မရကြကုန်သော ပစ္စယုပ္ပန်တရားတို့အား ပစ္စည်းတရား ဖြစ်သော မိမိ၏ ထင်ရှားမရှိသည်၏ အဖြစ်ဖြင့် ဖြစ်ခွင့်ကို ပေးသကဲ့သို့ ကျေးဇူးပြုတတ်၏၊ ထိုကြောင့် – "ဖြစ်ခွင့်ကို ပေးခြင်းဖြင့် ကျေးဇူးပြုတတ်ကုန်သော" – ဟု အဋ္ဌကထာဆရာတော်က ဖွင့်ဆိုခြင်း ဖြစ်သည်။ (မူလဋီ-၃-၁၇၅။)

ဤ၌ ဖြစ်ခွင့်ကို ပေးသကဲ့သို့ — ဟူသော စကားကို ပစ္စည်းတရားတို့မှာ ထိုသို့ ဖြစ်ခွင့်ပေးလိုသော အဇ္ဈာသယဓာတ် မရှိပါသော်လည်း ဖြစ်ခွင့်ပေးလိုသော အဇ္ဈာသယဓာတ် ရှိသကဲ့သို့ တင်စား၍ တဒ္ဓမ္မူပစာရ အားဖြင့် ဆိုထားသည်မှတ်ပါ။ (အနုဋီ-၃-၂၃၈။)

နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်း ဖြစ်၏။ ပစ္စည်းတရားတို့ကား အတိတ်တရားစုတို့တည်း။ ပစ္စယုပ္ပန်တရားတို့ကား မုချဆတ်ဆတ် ခဏပစ္စုပ္ပန်တရားစုတို့တည်း။

## ဝိဂတပစ္စည်း

ထိုကောင်းစွာ အခြားမဲ့ဖြစ်၍ ချုပ်ပြီးကုန်သော နာမ်တရားတို့သည်ပင်လျှင် (ထင်ရှားမရှိတော့သည့် အတွက်) ကင်းသည်၏ အဖြစ်ဖြင့် မိမိ၏ အခြားမဲ့၌ ဖြစ်ကုန်သော နာမ်တရားတို့အား ဖြစ်ခြင်း၏ အခါအခွင့်ကို ပေးခြင်းဖြင့် ကျေးဇူးပြုတတ်ကုန်သောကြောင့် **ဝိဂတပစ္စည်း**မည်၏။ (အဘိ-ဋ္ဌ-၃-၃၅၂။)

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၉။)

ကောင်းစွာအခြားမဲ့၌ ဖြစ်၍ ကင်းပြီးကုန်သော ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေးသော စိတ်-(၈၉), စေတသိက် (၅၂)ပစ္စည်းတရားတို့သည် ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ် (၈၉), စေတသိက် (၅၂) ပစ္စယုပ္ပန်တရားတို့အား **ဝိဂတပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။

နာမ်က နာမ်အား ကျေးဇူးပြုသော ပစ္စည်းပင် ဖြစ်၏။ ပစ္စည်းတရားတို့ကား — သမနန္တရဝိဂတာ — ဟူသည်နှင့် အညီ အတိတ် စိတ်စေတသိက်တရားတို့ ဖြစ်ကြ၏။ ပစ္စယုပ္ပန်တရားတို့ကား — **ပစ္စုပ္ပန္နာနန္တိ** ပစ္စုပ္ပန္နာနံ။ = (အဘိ-ဋ္ဌ-၃-၃၈၆။) ဟူသော အဋ္ဌကထာအဖွင့်နှင့် အညီ — မုချဆတ်ဆတ် ပစ္စုပ္ပန် နာမ်ပရမတ် တရားတို့သာ ဖြစ်ကြသည်။

ဤ — **နတ္ထိ** – **ဝိဂတ**ပစ္စည်းဟူသည် အကြောင်းတရားဖြစ်သော ရှေးရှေး စိတ်စေတသိက်တို့ ထင်ရှား မရှိခြင်း ကင်းခြင်း သဘောတရားတည်း။ ယင်းသို့ ထင်ရှား မရှိခြင်း ကင်းခြင်းသည်ပင် နောက်နောက်သော စိတ်စေတသိက်တို့ဖြစ်ရန် အခွင့်ပေးသော အကြောင်းတစ်ရပ် ဖြစ်သည်။ ယင်းအကြောင်းတရားကိုပင် ပါဠိလို နတ္ထိအကြောင်း ဝိဂတအကြောင်းဟု ခေါ်ခြင်းဖြစ်သည်။ သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ သူတစ်-ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း — ဟူ၍သို့ မှတ်ပါ။

## အဝိဂတပစ္စည်း

အတ္ထိပစ္စည်းတရားတို့ကိုပင် မကင်းသေးကုန်သည်၏ အဖြစ်ဖြင့် ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သောကြောင့် အဝိဂတပစ္စည်းဟူ၍ သိရှိပါလေ။ (မချုပ်ပျောက်သေးဘဲ ထင်ရှားရှိနေသေးမှုကို မကင်းသေးဟု ဆိုသည်။ အတ္ထိပစ္စည်းနှင့် အားလုံးတူသည်။) (အဘိ-ဋ္ဌ-၃-၃၅၂။)

ဒေသနာတော်ကို တင့်တယ်စမွါယ်အောင် တန်ဆာဆင်တတ်သဖြင့် ဒေသနာတော်၏ တင့်တယ် စမွါယ်-ကြောင်း ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကြောင့်လည်းကောင်း, ထိုဝိဂတပစ္စည်း အဝိဂတပစ္စည်းတို့၏ အဖြစ်ဖြင့် ဟောတော်မူအပ်သော အခြင်းအရာအားဖြင့် ကျွတ်ထိုက်သသူ ဆုံးမထိုက်သူ ဝေနေယျတို့၏ အလိုအဇ္ဈာသယ ဓာတ်ခံကြောင့်လည်းကောင်း ဤဝိဂတပစ္စည်း အဝိဂတပစ္စည်း နှစ်ခုအပေါင်းကို အတ္ထိပစ္စည်း နတ္ထိပစ္စည်းတို့နှင့် တရားကိုယ် အနက်သဘောအားဖြင့် တူညီသော်လည်း ထပ်မံ၍ ဟောကြားတော်မူရပြန်ပေသည်။ သဟေတုက ဒုက်ကို ဟောပြီး ဖြစ်လျက်လည်း ဟေတုသမ္ပယုတ္တဒုက်ကို ထပ်မံ၍ ဟောတော်မူရပြန်သကဲ့သို့ မှတ်ပါ။ (အဘိ-ဋ္ဌ-၃-၃၅၂။ ဝိသုဒ္ဓိ-၂-၁၇၄။)

## နတ္ထိ – ဝိဂတ။ အတ္ထိ – အဝိဂတ။

နတ္ထိဘာဝ = မရှိသည်၏အဖြစ်နှင့် ဝိဂတဘာဝ = ကင်းသည်၏အဖြစ်သည် ပစ္စည်းတရား၏ မရှိတော့ခြင်း အားဖြင့် တူသည် မဟုတ်ပါလော၊ အဘယ်သို့ ထူးပါသနည်းဟု မေးဖွယ်ရာရှိ၏။ အဖြေ — နတ္ထိဘာဝနှင့်

ဝိဂတဘာဝသည် မရှိခြင်းအားဖြင့် တူမျှသော်လည်း မိမိရှိနေသမျှ နောက်စိတ်ဖြစ်ခွင့် မရသောကြောင့် မိမိ ဖြစ်ပြီးနောက် မရှိခြင်းမျှဖြင့် ကျေးဇူးပြုခြင်း = ပစ္စယုပ္ပန်တရားတို့ကို ဖြစ်ခွင့်ပေးခြင်းသည် **နတ္ထိပစ္စည်း**၏ အဖြစ်တည်း။ မိမိပစ္စည်းတရားတည်းဟူသော သဘာဝမေ့ မကင်းသေးသမျှ နောက်သဘာဝမေ့ ဖြစ်ခွင့် မရသောကြောင့် မိမိတည်းဟူသော သဘာဝမေ့၏ ကင်းခြင်းဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် **ဝိဂတပစ္စည်း**၏ အဖြစ်တည်း။ (မူလဋီ-၃-၁၇၅။)

နတ္ထိတာ စ နိရောဓာနန္တရသုညတာ၊ ဝိဂတတာ နိရောဓပ္ပတ္တတာ။ (မူလဋီ-၃-၁၇၅။)

**အဘာဝမတ္တေနာ**တိ ဟုတွာ အဘာဝမတ္တေန ။ ပ ။ **သဘာဝဝိဂမေနာ**တိ ဧတေန နိရောဓတော ပရမ္ပိ ယတော "ဝိဂတတာ နိရောဓပ္ပတ္တတာ"တိ ဝုတ္တံ။ (အနုဋီ-၃-၂၃၈။)

ပစ္စည်းတရားချုပ်ပြီးသည်၏ အခြားမဲ့၌ ထိုပစ္စည်းတရားနှင့် ဆိုင်ရာ ဘာမျှမကျန်တော့ဘဲ သုညဖြစ်ခြင်း သည် **နတ္ထိပစ္စည်း**၏ အဖြစ်တည်း။ ပစ္စည်းတရား၏ ချုပ်ခြင်းသို့ ရောက်ပြီးသည်၏ အဖြစ်သည် **ဝိဂတပစ္စည်း**၏ အဖြစ်တည်း။ ဤကား ထိုပစ္စည်းနှစ်ပါးတို့၏ အထူးတည်း။ နတ္ထိသဘောသည် ဘင်အခိုက်၌ ထင်ရှား၏။ ဝိဂတသဘောသည် ချုပ်ပြီးနောက် = ဘင်၏ နောက်ကာလ၌ ထင်ရှား၏။

**အတ္ထိ – အဝိဂတ** – ပစ္စည်းတရား၏ မိမိဆိုင်ရာ သဘာဝလက္ခဏာအားဖြင့် ထင်ရှားရှိနေသည်၏ အဖြစ်ဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သည်၏အဖြစ်သည် **အတ္ထိပစ္စည်း**၏အဖြစ်တည်း။ ပစ္စည်း တရား၏ မိမိတို့ ဆိုင်ရာ သဘာဝလက္ခဏာ မကင်းသေးသဖြင့် ချုပ်ခြင်းသို့ မရောက်သေးခြင်းဖြင့် ပစ္စယုပ္ပန် တရားတို့အား ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် **အဝိဂတပစ္စည်း**၏ အဖြစ်တည်း။ (မူလဋီ-၃-၁၇၅။)

ပစ္စည်းတရား၏ ထင်ရှားရှိနေသေးခြင်းသည် **အတ္ထိ**တည်း။ ပစ္စည်းတရား၏ ချုပ်ခြင်းသို့ မရောက်သေးခြင်း သည် **အဝိဂတ**တည်း။ (အနုဋီ-၃-၂၃၉။)

## ပစ္စည်း (၆) မျိုး

ဤ (၂၄)ပစ္စည်းတို့ကို သဘောတူရာ စုပေါင်း၍ (၆)မျိုး ခွဲနိုင်၏။

၁။ **နာမ်သည် နာမ်အား** – ကျေးဇူးပြုသော ပစ္စည်း (၆)မျိုး – အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ ပစ္စည်းများတည်း။

၂။ **နာမ်သည် နာမ်ရုပ်အား** – ကျေးဇူးပြုသော ပစ္စည်း (၅)မျိုး – ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါက ပစ္စည်း များတည်း။

၃။ **နာမ်သည် ရုပ်အား** – ကျေးဇူးပြုသော ပစ္စည်း (၁)မျိုး – ပစ္ဆာဇာတ ပစ္စည်းတည်း။

၄။ **ရုပ်သည် နာမ်အား** – ကျေးဇူးပြုသော ပစ္စည်း (၁)မျိုး – ပုရေဇာတပစ္စည်းတည်း။

၅။ **ပညတ် – နာမ်ရုပ်တို့သည် နာမ်အား** – ကျေးဇူးပြုသောပစ္စည်း (၂)မျိုး, အာရမ္မဏ, ဥပနိဿယ ပစ္စည်းများ တည်း။

၆။ **နာမ်ရုပ်သည် နာမ်ရုပ်အား** – ကျေးဇူးပြုသော ပစ္စည်း (၉)မျိုး – အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်းများတည်း။

## ဓမ္မအားဖြင့် ခွဲပုံ

၁။ ဟေတုပစ္စည်းတရားကား ဟိတ် (၆)ပါးတရားသာ ဖြစ်၍ နာမ်တစ်စိတ်တစ်ဒေသသာတည်း။
၂။ အာရမ္မဏပစ္စည်းတရားကား ပညတ်နှင့် နာမ်ရုပ်အားလုံးတည်း။ (နာမ်၌ နိဗ္ဗာန်ပါဝင်သည်။)
၃။ အဓိပတိပစ္စည်း၌ သဟဇာတာဓိပတိ ပစ္စည်းတရားကား နာမ်တစ်စိတ်တစ်ဒေသသာတည်း။
၄။ ကမ္မ-မဂ္ဂ-ဈာန ပစ္စည်းတရားတို့လည်း နာမ်တစ်စိတ်တစ်ဒေသတို့သာတည်း။
၅။ အာရမ္မဏာဓိပတိပစ္စည်းတရားကား အလေးပြုထိုက်သော အာရုံအားလုံးတည်း။
၆။ အနန္တရ, သမနန္တရ, ပစ္ဆာဇာတ, အာသေဝန, ဝိပါက, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ ပစ္စည်းတရားတို့ကား နာမ်တရားတို့သာတည်း။
၇။ နိဗ္ဗာန်ကို အနန္တရစသော ပစ္စည်းတရားတို့ မသိမ်းယူအပ်သည်၏ အဖြစ်ကြောင့် နာမ်တရားတို့၏ တစ်စိတ်တစ်ဒေသဟုလည်း ဆိုသင့်၏။
၈။ ပုရေဇာတပစ္စည်းကား ရုပ်တစ်စိတ်တစ်ဒေသတည်း။
၉။ ကြွင်းကျန်ကုန်သော ပစ္စည်းတရားတို့ကား ရထိုက်သော ပစ္စည်းတရားတို့နှင့် စပ်သဖြင့် နာမ်တရား ရုပ်တရားတို့တည်း။ (အဘိ-ဋ္ဌ-၃-၃၅၂။)

## ကာလအားဖြင့် ခွဲပုံ

၁။ ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဤ (၁၅)ပစ္စည်းတရားတို့ကား ပစ္စုပ္ပန်တရားတို့သာ ဖြစ်ကြကုန်၏။
၂။ အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ - ဤ (၅)ပစ္စည်းတို့ကား အတိတ်တရားတို့သာ ဖြစ်ကြကုန်၏။
၃။ ကမ္မပစ္စည်းတစ်မျိုးကား ပစ္စုပ္ပန် အတိတ်ဟူသော ထိုကာလနှစ်ပါးတို့ကို မှီ၍ ဖြစ်၏။ (သဟဇာတကမ္မကား ပစ္စုပ္ပန်, နာနာက္ခဏိကကမ္မကား အတိတ်ဟူလိုသည်။)
၄။ ကျန်အာရမ္မဏ, အဓိပတိ, ဥပနိဿယ ဤသုံးပစ္စည်းတို့ကား ကာလ (၃)ပါးလုံး၌လည်း ယှဉ်ကုန်၏။ ပညတ်နှင့် နိဗ္ဗာန်ကိုပါ ပစ္စည်းတရားအဖြစ် ထည့်သွင်းယူထားသောကြောင့် ကာလဝိမုတ်လည်း ဖြစ်ကုန်၏ဟု မှတ်ပါ။ (အဘိ-ဋ္ဌ-၃-၃၅၃။)

## ပစ္စယုပ္ပန်အားဖြင့် ခွဲပုံ

၁။ အာရမ္မဏ, အနန္တရ, သမနန္တရ, ဥပနိဿယ, ပုရေဇာတ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ — ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန် နာမ်တရားတို့အားသာလျှင် ကျေးဇူးပြုကုန်၏။
၂။ ပစ္ဆာဇာတပစ္စည်းသည် ပစ္စယုပ္ပန် ရုပ်တရားအားသာလျှင် ကျေးဇူးပြု၏။
၃။ ကျန် (၁၄)ပစ္စည်းတို့ကား ပစ္စယုပ္ပန် ရုပ်-နာမ် (၂)မျိုးလုံးတို့အား ကျေးဇူးပြုကုန်၏။ (မဟာဋီ-၂-၂၈၈။)

## ဇနက ဥပတ္ထမ္ဘကအားဖြင့် ခွဲပုံ

၁။ အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, ပကတူပနိဿယ, အာသေဝန, နာနာက္ခဏိကကမ္မ, နတ္ထိ, ဝိဂတ- ပစ္စည်းတရားတို့ကား ပစ္စယုပ္ပန်အကျိုးတရားတို့ကို တိုက်ရိုက်ဖြစ်စေတတ်ကုန်သော **ဇနက**ပစ္စည်းတရားတို့သာ ဖြစ်ကုန်၏။ အားပေးထောက်ပံ့တတ်ကုန်သော ဥပတ္ထမ္ဘကပစ္စည်းတရားတို့ မဟုတ်ကုန်။

၂။ ပစ္ဆာဇာတပစ္စည်းကား ပစ္စယုပ္ပန်အကျိုးတရားတို့အား အားပေးထောက်ပံ့တတ်သော **ဥပတ္ထမ္ဘက**ပစ္စည်း တရားသာလျှင် ဖြစ်၏၊ တိုက်ရိုက် ဖြစ်စေတတ်သော ဇနကပစ္စည်းတရားကား မဟုတ်ပေ။

၃။ ကြွင်းကုန်သော ပစ္စည်းတရားတို့ကား ပစ္စယုပ္ပန်တရားတို့အား တိုက်ရိုက် ဖြစ်စေတတ်ကုန်သော **ဇနက** ပစ္စည်းတရားတို့လည်း ဟုတ်ကုန်၏။ အားပေးထောက်ပံ့ ခိုင်ခံ့စေတတ်ကုန်သော တည်တံ့စေတတ် ကုန်သော **ဥပတ္ထမ္ဘက**ပစ္စည်းတရားတို့လည်း ဟုတ်ကုန်၏။ (မဟာဋီ-၂-၂၈၈-၂၈၉။)

## (၂၄) ပစ္စည်း အကျဉ်းချုပ်

အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ (အဘိဓမ္မတ္ထသင်္ဂဟ။)

(၂၄)ပစ္စည်းတို့ကို ထိုက်သလို သွင်းယူလျှင် အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်း, အတ္ထိ- ပစ္စည်း — ဤ (၄)ပစ္စည်းတို့၌ ဝင်၏။

၁။ **အာရမ္မဏပစ္စည်း** — အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ (၂)ပါးတို့သည် အာရမ္မဏပစ္စည်း၌ အတွင်းဝင်ကြ၏။ ပစ္စယုပ္ပန်တရားတို့အား သိစရာအာရုံအဖြစ် ရပ်တည်၍ ကျေးဇူးပြုပေးကြသော ပစ္စည်းတို့တည်း။

၂။ **ဥပနိဿယပစ္စည်း** — အနန္တရ သမနန္တရ အနန္တရူပနိဿယ အာသေဝန နတ္ထိ ဝိဂတ — ဤပစ္စည်း (၆)မျိုးတို့သည် ဥပနိဿယပစ္စည်း၌ အတွင်းဝင်ကြ၏။ အကြောင်းတရားတို့ကား ရှေးစိတ္တက္ခဏ, အကျိုးတရားတို့ ကား နောက်စိတ္တက္ခဏတရားစုတို့တည်း။ အကြောင်းချုပ်ပြီးမှ အကျိုးဖြစ်ပေါ်လာရသည်။

၃။ **ကမ္မပစ္စည်း** — ပကတူပနိဿယနှင့် နာနာက္ခဏိကကမ္မ ပစ္စည်း (၂)ပါးတို့သည် ကမ္မပစ္စည်း၌ အတွင်းဝင် ကြ၏။ အကြောင်းနှင့် အကျိုးတို့သည် ဝီထိပေါင်းများစွာ ဘဝပေါင်းများစွာ ကမ္ဘာပေါင်းများစွာ ကွာခြားနိုင်၏။

၄။ **အတ္ထိပစ္စည်း** — ဟေတု, သဟဇာတာဓိပတိ, သဟဇာတ, အညမည, သဟဇာတနိဿယ, သဟဇာတကမ္မ, ဝိပါက, နာမ်အာဟာရ, သဟဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, သဟဇာတဝိပ္ပယုတ္တ, သဟဇာတတ္ထိ, သဟဇာတအဝိဂတ — ဟူသော သဟဇာတမျိုး (၁၆)ပစ္စည်း, ပုရေဇာတ, ပုရေဇာတနိဿယ, ပုရေဇာတိန္ဒြိယ, ပုရေဇာတဝိပ္ပယုတ္တ, ပုရေဇာတတ္ထိ, ပုရေဇာတအဝိဂတ, ရူပအာဟာရ — ဟူသော ပုရေဇာတမျိုး (၇)ပစ္စည်း, ပစ္ဆာဇာတ, ပစ္ဆာဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတတ္ထိ, ပစ္ဆာဇာတအဝိဂတ, ရူပအာဟာရဟူသော ပစ္ဆာဇာတမျိုး (၅)ပစ္စည်း ဤပစ္စည်းတို့သည် အတ္ထိပစ္စည်း၌ အတွင်းဝင်ကြ၏။ အကြောင်းတရားနှင့် အကျိုးတရား (၂)မျိုးလုံးတို့သည် ထင်ရှားရှိနေခိုက် ကျေးဇူးပြုကြသော ပစ္စည်းတရားများတည်း။

ဤတွင် ပဋ္ဌာန်း (၂၄)ပစ္စည်း အကျဉ်းချုပ် ပြီးစီးပြီ ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် = ကြောင်း-ကျိုးဆက်နွယ်မှု သဘောတရားတို့၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံကို ရောနှော၍ ဆက်လက်ကာ ရေးသားတင်ပြပေအံ့ —

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ
## အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။

ပစ္စယော ဟောတိ ပုညာနံ၊ ဒုဝိဓာနေကဓာ ပန။
ပရေသံ ပစ္ဆိမာနံ သာ၊ ဧကဓာ ပစ္စယော မတာ။ (အဘိ-ဌ-၂-၁၃၉။)

၁။ အဝိဇ္ဇာသည် ပုညာဘိသင်္ခါရအား အာရမ္မဏပစ္စယသတ္တိ ဥပနိဿယပစ္စယသတ္တိ နှစ်မျိုးဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။
၂။ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား များစွာသော ပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။
၃။ အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရအား ဥပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့်သာလျှင် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။

## ပုညာဘိသင်္ခါရ

တထာ အဝိဇ္ဇာသမ္မူဠှတ္တာ ကာမဘဝရူပဘဝသမ္ပတ္တိယော ပတ္ထေတွာ တာနေဝ ပုညာနိ ကရောန္တဿ။
(အဘိ-ဌ-၂-၁၃၉။ ဝိသုဒ္ဓိ-၂-၁၇၃။)

= အဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေသည့် အတွက်ကြောင့် ကာမဘဝသမ္ပတ္တိ, ရူပဘဝသမ္ပတ္တိတို့ကို လိုလားတောင့်တ၍ ထိုကာမာဝစရပုညာဘိသင်္ခါရ, ရူပါဝစရပုညာဘိသင်္ခါရတို့ကို ပြုစုပျိုးထောင်သော ပုဂ္ဂိုလ်၏သန္တာန်၌ အဝိဇ္ဇာသည် ယင်းနှစ်မျိုးကုန်သော ကာမာဝစရပုညာဘိသင်္ခါရ, ရူပါဝစရပုညာဘိသင်္ခါရတို့အား အားကြီးသော မှီရာအကြောင်းဟူသော ဥပနိဿယပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ (အဘိ-ဌ-၂-၁၃၉။)

အသင်သူတော်ကောင်းသည် (၂၄)ပစ္စည်းများကို မရှင်းပြမီ ရှေးပိုင်းက ပုံစံထုတ်ပြခဲ့သော ဥဒါဟရုဏ်တစ်ခုကို ပြန်လည်၍ အာရုံယူကြည့်ပါ။

**ပုံစံ** — အမျိုးသားဘဝဖြင့် မိဘကို ကျေကျေနပ်နပ် ပြုစုလုပ်ကျွေးခွင့်ကို မရရှိနိုင်သဖြင့် အမျိုးသမီးဘဝဖြင့် မိဘကို ကျေကျေနပ်နပ် ပြုစုလုပ်ကျွေးခွင့်ကို ရရှိနိုင်သည့်အတွက် အမျိုးသမီးဘဝကို ရရှိရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဥပုသ်သီတင်း စောင့်သုံးခြင်း သီလကုသိုလ် = ကာမာဝစရပုညာဘိသင်္ခါရကို ပြုစုပျိုးထောင်ခဲ့၏။ ယင်းပုညာဘိသင်္ခါရကြောင့် ဤဘဝတွင် အမျိုးသမီးဘဝကို ရရှိခဲ့၏။

ဤပုံစံ၌ အမျိုးသမီးဟု အသိမှားခြင်းသဘောကား အဝိဇ္ဇာတည်း။ ယင်းအမျိုးသမီးဘဝကို တွယ်တာတပ်မက်မှုသဘောကား တဏှာတည်း။ ယင်းအမျိုးသမီးဘဝသို့ စိတ်ကပ်ရောက် စွဲနေမှုသဘောကား ဥပါဒါန်တည်း။ ယင်းအဝိဇ္ဇာဖြင့် ပြင်းစွာ တွေဝေမိသည့်အတွက် သီလကုသိုလ်တည်းဟူသော ကာမာဝစရပုညာဘိသင်္ခါရကို ပြုစုပျိုးထောင်ခဲ့၏။ ယင်းအမျိုးသမီးဟု အသိမှားမှုအဝိဇ္ဇာက ယင်းသီလကုသိုလ် ကာမာဝစရပုညာဘိသင်္ခါရအား ဖြစ်ပေါ်လာအောင် ပကတိအားကြီးသောမှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။

အကယ်၍သာ အမျိုးသမီးဟု အသိမှားမှု အဝိဇ္ဇာတရား ထင်ရှားမရှိခဲ့လျှင် ယင်းအမျိုးသမီးဘဝကို ရလိုကြောင်း ဦးတည်ချက်ဖြင့် သီလစောင့်သုံးခြင်း ကာမာဝစရပုညာဘိသင်္ခါရကို ပြုစုပျိုးထောင်မည်ကား မဟုတ်ပေ။ မိဘကို ကျေကျေနပ်နပ် ပြုစုလုပ်ကျွေးခွင့် ရရှိနိုင်သည့် အမျိုးသမီးဟု အသိမှားမှု အဝိဇ္ဇာတရား ထင်ရှားရှိနေသောကြောင့်သာလျှင် ယင်းအမျိုးသမီးဘဝကို တွယ်တာတပ်မက်မှု စွဲလမ်းမှုများလည်း ဖြစ်လာ၏၊ သီလကုသိုလ် ကာမာဝစရပုညာဘိသင်္ခါရကိုလည်း ပြုစုပျိုးထောင်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာသည် သင်္ခါရ၏ အားကြီးသော မှီရာ ဥပနိဿယ အကြောင်းတရား တစ်ခုဖြစ်ရပေသည်။

## ရှုကွက်မှာ ဤသို့ဖြစ်၏

အသင်သူတော်ကောင်းသည် အထက်ပါပုံစံကို နည်းမှီး၍ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကို ရှာဖွေပါ။ ထိုတွင် အဝိဇ္ဇာ-တဏှာ-ဥပါဒါန် တို့ကား ကိလေသဝဋ်တည်း၊ သင်္ခါရ-ကံတို့ကား ကမ္မဝဋ်တည်း။ မနောဒွါရဝီထိတို့သာ ဖြစ်ကြ၏။ အသင်သူတော်ကောင်းသည် ကိလေသဝဋ် မနော-ဒွါရဝီထိ နာမ်တရားစုကြောင့် ကမ္မဝဋ် မနောဒွါရဝီထိနာမ်တရားစုတို့ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍–

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏။
အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား။

ဤသို့လျှင် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

ယင်းကိလေသဝဋ် မနောဒွါရဝီထိများမှာလည်း ဝီထိပေါင်းများစွာ ဖြစ်နိုင်၏၊ ကမ္မဝဋ် မနောဒွါရဝီထိများမှာလည်း မနောဒွါရဝီထိပေါင်းများစွာ ဖြစ်နိုင်၏။ ယင်းကိလေသဝဋ် မနောဒွါရဝီထိနှင့် ကမ္မဝဋ် မနောဒွါရဝီထိ တို့မှာ ဝီထိပေါင်း များစွာသော်လည်း ခြားနိုင်၏။ ဤသို့သော အရာမျိုး၌ ကိလေသဝဋ်တွင် အကျုံးဝင်သော အဝိဇ္ဇာကို အားကြီးသောမှီရာပြု၍ သီလကုသိုလ် ကာမာဝစရပုညာဘိသင်္ခါရကို ပြုစုပျိုးထောင်ခဲ့သဖြင့် ယင်း အဝိဇ္ဇာက ယင်းပုညာဘိသင်္ခါရအား **ပကတိအားကြီးသောမှီရာ အကြောင်းတရား** — ဟူသော **ပကတူပနိဿယ ပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြုပေးသည်ဟု ဆိုပေသည်။ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ သေသေချာချာ ရှုပါ။ အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝတစ်ခုတွင် ဗြဟ္မာ့ပြည်သို့ ရောက်ရှိခဲ့ဖူးသည် ဖြစ်အံ့၊ ထိုအခါတွင် အောက်ပါပုံစံကို နည်းမှီး၍ ရှုပါ။

## အခြားပုံစံတစ်ခု

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးကား သာသနာပ အခါကာလ အတိတ်ဘဝတစ်ခုတွင် ရသေ့သူတော်စင် ဘဝဖြင့် တောထွက်ကာ ဗြဟ္မာ့ချမ်းသာကို ရည်ရွယ်တောင့်တ၍ အရိုးစုကမ္မဋ္ဌာန်းကို ဆရာသမား၏ ညွှန်ကြား-ချက်ဖြင့် အားထုတ်ခဲ့၏။ ပထမဈာန်သမာဓိကို ရခဲ့၏။ ယင်းပထမဈာန်ကို အမြတ်စား ပဏီတဈာန်ဖြစ်အောင် ပွားများခဲ့၏။ ရူပါဝစရပုညာဘိသင်္ခါရကို ပြုစုပျိုးထောင်ခဲ့ခြင်းပင် ဖြစ်၏။ ယင်းပထမဈာန် ရူပါဝစရ ပုညာဘိ-သင်္ခါရကြောင့် မဟာဗြဟ္မာဘုံသို့ ရောက်ခဲ့၏။

ဤပုံစံ၌ ဗြဟ္မာဟု အသိမှားခြင်း, ယင်းဗြဟ္မာဘဝကို တွယ်တာတပ်မက်ခြင်း, ယင်းဘဝသို့ စိတ်ကပ်ရောက် စွဲနေခြင်းဟူသော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကြောင့် အရိုးစုကမ္မဋ္ဌာန်းဖြင့် ရူပါဝစရပထမဈာန် ပုညာဘိသင်္ခါရ ကို ပြုစုပျိုးထောင်ခဲ့၏။ ယင်းအဝိဇ္ဇာက ယင်းရူပါဝစရပုညာဘိသင်္ခါရအား ပကတိအားကြီးသောမှီရာ အကြောင်း တရားဟူသော **ပကတူပနိဿယပစ္စယသတ္တိ**ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။

## အခြားပုံစံတစ်ခု

ယောဂီတစ်ဦးကား သူတော်စင်ယောက်ျားဘဝဖြင့် တောထွက်ကာ တေဇောကသိုဏ်းကို ပွားခဲ့၏။ သာသနာပအချိန်ကာလပင် ဖြစ်၏။ ပထမဈာန်ကို ရခဲ့၏။ ယင်းပထမဈာန်ကို အလတ်စား မဇ္ဈိမဈာန်ဖြစ်အောင် ပွားခဲ့၏။ ကွယ်လွန်သည့်အခါ ဗြဟ္မပုရောဟိတာဘုံသို့ ဆိုက်ရောက်ခဲ့၏။ ဤ၌ ဗြဟ္မာဘဝသမ္ပတ္တိ၌ ပြင်းစွာ တွေ့ဝေလျက် အစွဲကြီး စွဲနေသည့် အဝိဇ္ဇာ (တဏှာ-ဥပါဒါန်)က အားကြီးသော မှီရာ အကြောင်းတရားဟူသော

**ပကတူပနိဿယပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြုပေးလိုက်သဖြင့် တေဇောကသိုဏ်း ပထမဈာန်ပုညာဘိသင်္ခါရကို ပြုစုပျိုးထောင်ခဲ့၏။

အကယ်၍ အသင်သူတော်ကောင်းသည် အဝိဇ္ဇာကို ကျော်လွှားလွန်မြောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့်ပင် ဒါန သီလ ဘာဝနာမှုတို့ကို ပြုစုပျိုးထောင်ခဲ့သည် ဖြစ်အံ့၊ ရူပါဝစရဈာန်တို့ကို ဖြစ်စေခဲ့သည် ဖြစ်အံ့၊ ယင်းအဝိဇ္ဇာက ယင်းကာမာဝစရပုညာဘိသင်္ခါရ, ရူပါဝစရပုညာဘိသင်္ခါရတို့အား ပကတိအားကြီးသော မှီရာအကြောင်းတရားဟူသော **ပကတူပနိဿယပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြုပေး၏။ ကောင်းမှုကုသိုလ်တစ်ခုခုကို ပြုရာ၌ — **"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု** = ဤကောင်းမှုသည် အာသဝေါတရားလေးပါးတို့၏ ကုန်ရာ ကုန်ကြောင်း ဖြစ်သည့် အရဟတ္တမဂ်ဉာဏ်ကို ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသား" — ဟူသော ဆုတောင်းပန်ထွာမှုကို ပြုလျက် ကုသိုလ်သင်္ခါရကို ပြုစုပျိုးထောင်ခြင်းမျိုးတည်း။ အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝတွင် ရုပ်- နာမ်-ကြောင်း-ကျိုး (= သင်္ခါရတရား)တို့ကို လက္ခဏာယာဉ်သုံးချက်သို့တင်၍ တွင်တွင်ကြီး ဝိပဿနာ ရှုပွား သုံးသပ်ခဲ့ဖူးသည် ဖြစ်ငြားအံ့၊ ယင်းသင်္ခါရတရားတို့တွင် အကျုံးဝင်သော အဝိဇ္ဇာကိုလည်း (= အဝိဇ္ဇာနှင့်တကွသော ကိလေသဝဋ် မနောဒွါရိကဇောဝီထိစိတ်အစဉ်ကိုလည်း) အာရုံယူ၍ ကုန်တတ် ပျက်တတ်သော ခယ-ဝယ သဘောအားဖြင့် အနိစ္စစသည်ဖြင့် ဝိပဿနာရှုပွားသုံးသပ်ခဲ့ဖူးသည် ဖြစ်ငြားအံ့ –

သာ ဟိ အဝိဇ္ဇံ ခယတော ဝယတော သမ္မသနကာလေ ကာမာဝစရာနံ ပုညာဘိသင်္ခါရာနံ အာရမ္မဏ-ပစ္စယေန ပစ္စယော ဟောတိ။ (အဘိ-ဋ္ဌ-၂-၁၃၉။ ဝိသုဒ္ဓိ-၂-၁၇၃။)

ထိုဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော အဝိဇ္ဇာက ဝိပဿနာဉာဏ်ပြဓာန်းသော ကာမာဝစရပုညာဘိ-သင်္ခါရတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် အာရုံအကြောင်းတရားအဖြစ် ရပ်တည်၍ ကျေးဇူးပြုပေး၏။ အဝိဇ္ဇာကို အာရုံယူ၍ ဝိပဿနာရှုနိုင်သောကြောင့်သာ အဝိဇ္ဇာ၏ ခယ ဝယသဘောကို ဉာဏ်ဖြင့် ထွင်းဖောက်သိလျက် ဝိပဿနာရှုပွား သုံးသပ်နိုင်ခဲ့ခြင်း ဖြစ်၏။ အကယ်၍ အဝိဇ္ဇာကို အာရုံမယူခဲ့သော်လည်းကောင်း, အာရုံယူသော်-လည်း အဝိဇ္ဇာကို ထိုးထွင်း မသိခဲ့လျှင်သော်လည်းကောင်း ထိုအဝိဇ္ဇာ၏ ခယ ဝယသဘောကို အာရုံပြု၍ ဝိပဿနာဉာဏ်များ ဖြစ်ခွင့်ရှိနိုင်မည်ကား မဟုတ်ပေ။ ထိုအဝိဇ္ဇာကို အာရုံယူနိုင်ပါမှ, ထိုအဝိဇ္ဇာကို ယနပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ထိုးထွင်း သိမြင်ပါမှ ထိုအဝိဇ္ဇာ၏ ခယ ဝယသဘောကို ဉာဏ်ဖြင့် ထွင်းဖောက်သိမြင်နိုင်ပါမှသာလျှင် ထိုအဝိဇ္ဇာကို အာရုံပြု၍ ဝိပဿနာဉာဏ်များ ဖြစ်နိုင်ခဲ့မည် ဖြစ်ပေသည်။ ထိုကြောင့် ထိုအဝိဇ္ဇာက ဝိပဿနာဉာဏ်ပြဓာန်းသည့် ကာမာဝစရပုညာဘိသင်္ခါရအား ဖြစ်ပေါ်လာအောင် အာရုံအကြောင်းတရားအဖြစ် ရပ်တည်၍ ကျေးဇူးပြု၏ဟု ဆိုခြင်းဖြစ်၏။

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝကဖြစ်စေ, ဤဘဝ၌ပင်ဖြစ်စေ အဘိညာဉ်အမျိုး-မျိုးတို့ကို ရရှိခဲ့ဖူးသည် ဖြစ်အံ့, ရရှိသည် ဖြစ်အံ့၊ စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ် ဟူသော အဘိညာဉ်စိတ်ဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ စသည်အားဖြင့် ပြားသော မောဟ (= အဝိဇ္ဇာ)နှင့် တကွသော သမောဟစိတ်ကို ယနပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ထိုးထွင်းသိခဲ့သည် ဖြစ်အံ့၊ ထိုးထွင်းသိသည် ဖြစ်အံ့၊ ထိုအဝိဇ္ဇာက ရူပါဝစရပုညာဘိသင်္ခါရတို့အား ဖြစ်ပေါ်လာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ (အဘိ-ဋ္ဌ-၂-၁၃၉။ ဝိသုဒ္ဓိ-၂-၁၇၃။)

## အာနေဉ္ဇာဘိသင်္ခါရ

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝ တစ်ခုခု၌ အရူပဗြဟ္မာပြည်သို့ ရောက်ကြောင်း ဖြစ်သည့် အရူပဈာန်တို့ကို အရူပဗြဟ္မာဘဝကို ရရှိရန်ဟူသော ဦးတည်ချက်ဖြင့် ရအောင် ကြိုးစားအားထုတ်-

ခဲ့ဖူးသည် ဖြစ်အံ့၊ အရူပဈာန်များကို ရရှိခဲ့၍ အရူပဗြဟ္မာပြည်သို့လည်း ရောက်ရှိခဲ့ဖူးသည် ဖြစ်အံ့၊ ယင်းအရူပဈာန်ဟူသော အာနေဉ္ဇာဘိသင်္ခါရအား အရူပဗြဟ္မာဘဝဟု အသိမှားသော အဝိဇ္ဇာက အားကြီးသော မှီရာ အကြောင်းတရားဟူသော **ပကတူပနိဿယပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြုပေး၏။

သတိပြုရန် — အသင်သူတော်ကောင်းသည် အတိတ်ဘဝ အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်းတရားအဆက်ဆက် အကျိုးတရားအဆက်ဆက်ကို ရှာဖွေရာ၌ လေးဘဝ ငါးဘဝစသည့် အတိတ်ဘဝ အနည်းငယ်အတွင်း၌ ယင်း ရူပါဝစရ ပုညာဘိသင်္ခါရနှင့် အရူပါဝစရ အာနေဉ္ဇာဘိသင်္ခါရတရားတို့ကို ရှာဖွေ၍ မတွေ့ရှိသည်ဖြစ်အံ့၊ မတွေ့တွေ့အောင် အတိတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အထူးတလည် ရှာဖွေရန် မလိုပဟု ဤကျမ်းက ယူဆပေသည်။ အကြောင်းမူ သာဝကပါရမီဉာဏ် အရာဝယ် — ကံ-ကံ၏ အကျိုးကို တစ်စိတ်တစ်ဒေသမျှ သိလျှင်လည်း ဤပစ္စယပရိဂ္ဂဟဉာဏ်သည် ပြီးပြည့်စုံနိုင်သောကြောင့်ပင် ဖြစ်သည်။ (ဝိသုဒ္ဓိ-၂-၂၃၇။ မဟာဋီ-၂-၃၈၀။)သို့သော် အသင်သူတော်ကောင်းသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သည့် ဝိဇ္ဇာမျိုးစေ့ကောင်း, စရဏမျိုးစေ့ကောင်းတို့ကို ကြဲချစိုက်ပျိုးခဲ့ရာ ပြုစုပျိုးထောင်ခဲ့ရာ အတိတ်ဘဝများအထိ အကြောင်းတရား အကျိုးတရားတို့ကိုကား သိမ်းဆည်းသင့်ပေသည်။ ထိုသို့ သိမ်းဆည်းနိုင်ပါမှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရရှိနိုင်မည်ဟူ၍ကား မဆိုလိုပါ။ ပါရမီမျိုးစေ့ကောင်းတို့၏ အရှိန်အဝါ သတ္တိထူးကို နား- လည်သဘောပေါက်နိုင်ရန် ဉာဏ်ကွန့်မြူးနိုင်ရန် အတွက်သာ ဖြစ်ပါသည်။

## အပုညာဘိသင်္ခါရ

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝအဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်း တရား အကျိုးတရားတို့ကို သိမ်းဆည်းရာ၌ အဝိဇ္ဇာကို အာရုံပြု၍ ရာဂ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, ဒေါမနဿတရားတို့ ဖြစ်ခဲ့သည်ကို ဉာဏ်ဖြင့် တွေ့မြင်သည် ဖြစ်အံ့၊ — ယင်းအဝိဇ္ဇာက ယင်းရာဂစသည့် ကိလေသာ အပုညာဘိ- သင်္ခါရတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ဉာဏ်ဖြင့်မြင်အောင် ဆက်ရှုပါ။ (အဘိ-ဋ္ဌ-၂-၁၃၉။)

ယင်းရာဂစသော အပုညာဘိသင်္ခါရတရားတို့ကား အဝိဇ္ဇာနှင့် အမြဲယှဉ်လျက် ရှိသောကြောင့် အဝိဇ္ဇာနှင့် ယှဉ်သော ရာဂစသည်တို့ကို သာယာသော ကာလတို့၌ အဝိဇ္ဇာကို အာရုံပြု၍ ရာဂစသော အပုညာဘိသင်္ခါရ တရားတို့၏ ဖြစ်ပုံကို သိသင့်ပေသည်။ (မူလဋီ-၂-၂၈၉။)

ဥပမာ — အသင်သူတော်ကောင်းသည် မိမိပိုင်ဆိုင်သည့် ရွှေပုံများကို ကြည့်၍ သာယာမှု ဖြစ်နေသည် ဆိုပါစို့။ ထိုသာယာမှု ရာဂတရား၌ ရွှေဟု အသိမှားမှု အဝိဇ္ဇာကား ယှဉ်တွဲလျက်ရှိ၏။ တစ်ဖန် ထိုရွှေအာရုံပေါ်၌ သာယာတပ်မက်နေသည့် ရာဂကိုပင် အာရုံပြု၍ နောက်ထပ် ရာဂ ထပ်ဖြစ်နေသည် ဖြစ်အံ့၊ ပထမ သာယာ တပ်မက်မှုကို အာရုံပြု၍ နောက်ထပ် သာယာတပ်မက်မှု ထပ်ဖြစ်နေသည် ဖြစ်အံ့၊ ပထမ သာယာတပ်မက်မှု ရာဂမှာ ရွှေဟု အသိမှားမှု အဝိဇ္ဇာနှင့် ယှဉ်တွဲနေသဖြင့် ယင်းရာဂကို တစ်ဖန် ပြန်၍ သာယာမှုသည် ယင်းရာဂနှင့် ယှဉ်သည့် အဝိဇ္ဇာကိုလည်း အာရုံပြု၍ သာယာမှုပင် ဖြစ်၏။ အကြောင်းမူ ရာဂသည် အဝိဇ္ဇာနှင့် အမြဲ ယှဉ်တွဲလျက် ရှိသောကြောင့် ဖြစ်၏။ ရွှေဟု အသိမှားမှု ပြင်းစွာတွေဝေမှုကို အကြောင်းခံ၍ "ငါ့ရွှေ - ငါ့ရွှေ"ဟု သာယာ တပ်မက်မှု ရာဂဖြစ်၏။ "ငါ့ရွှေ - ငါ့ရွှေ"ဟု သာယာတပ်မက်မှုကို အကြောင်းခံ၍ နောက်ထပ် "ငါ့ရွှေ - ငါ့ရွှေ" ဟု သာယာတပ်မက်မှုများ အထပ်ထပ်ဖြစ်နေ၏။ ယင်းသာယာတပ်မက်မှုတို့၌ ငါ - ဟု အသိမှားမှု ရွှေ - ဟု အသိမှားမှု အဝိဇ္ဇာကား ကပ်လျက်ပါနေ၏။ သို့အတွက် အဝိဇ္ဇာက ရာဂစသည့် ကိလေသာတို့ ဖြစ်ပေါ် လာအောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဆိုရ၏။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ ဒေါမနဿစသော ကိလေသာတို့ ဖြစ်ရာ၌လည်း နည်းတူပင် သဘောပေါက်ပါ။

အကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ (ပဋ္ဌာန-၁-၁၃၄။)

= အကုသိုလ်ကို သာယာ၏ နှစ်သက်၏၊ ထိုအကုသိုလ်ကို အာရုံပြု၍ ရာဂသည်ဖြစ်၏၊ ဒိဋ္ဌိသည် ဖြစ်၏၊ ဝိစိကိစ္ဆာသည် ဖြစ်၏၊ ဥဒ္ဓစ္စသည် ဖြစ်၏၊ ဒေါမနဿသည် ဖြစ်၏၊ အကုသိုလ် ချုပ်သွားသော် ဝိပါက် တဒါရုံသည် ဖြစ်ပေါ်လာ၏။ (ပဋ္ဌာန-၁-၁၃၄။)

ပုထုဇန်တို့၏ သဘာဝကား မိမိဘဝကို မိမိ အလွန် သာယာတတ်၏၊ အကျေနပ်ကြီး ကျေနပ်တတ်ကြ၏။ ဖြီးလိမ်းပြင်ဆင်လို့ မဝနိုင် ဖြစ်တတ်ကြ၏။ မိမိ၏ သက်ရှိ သက်မဲ့ ကာမဝတ္ထုအစုစုအပေါ်၌ တွယ်တာမက်မော နေရသည်ကိုပင် မမောနိုင် မပန်းနိုင် ဖြစ်နေကြ၏။ အထုပ်ကို ခဏခဏ ဖြေကြည့်တတ်ကြ၏။ မြေးကို ချီပိုးလို့ မဝနိုင် ရှိတတ်ကြ၏။ ရှေးရှေးရာဂကို အကြောင်းပြု၍ နောက်နောက်ရာဂများ အထပ်ထပ်ပွားနေမှုတည်း။ ယင်းရှေးရှေးရာဂ၌လည်းကောင်း, နောက်နောက်ရာဂ၌လည်းကောင်း အသိမှားမှု အဝိဇ္ဇာကား ကပ်လျက် ပါနေ၏။ သို့အတွက် ရှေးရှေးရာဂကို သာယာတပ်မက်မှု ဖြစ်ရာ၌ ရှေးရှေးရာဂနှင့် တွဲနေသည့် အဝိဇ္ဇာကိုပါ သာယာတပ်မက်မှုလည်း ကပ်လျက်ပင် ပါဝင်နေပေသည်။ ထိုကြောင့် အဝိဇ္ဇာက ရာဂစသည့် အပုညာဘိ-သင်္ခါရတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ခြင်း ဖြစ်၏။

ရာဂံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ (ပဋ္ဌာန-၁-၁၃၇-၁၄၇။)

= ရာဂကို အလေးအမြတ်ပြု၍ သာယာ၏ နှစ်သက်၏၊ ထိုရာဂကို အလေးအမြတ်ပြု၍ ရာဂသည် ဖြစ်၏၊ ဒိဋ္ဌိသည် ဖြစ်၏။ ဒိဋ္ဌိကို အလေးအမြတ်ပြု၍ သာယာ၏ နှစ်သက်၏၊ ထိုဒိဋ္ဌိကို အလေးအမြတ်ပြု၍ ရာဂသည် ဖြစ်၏၊ ဒိဋ္ဌိသည် ဖြစ်၏။ (ပဋ္ဌာန-၁-၁၃၇-၁၄၇။)

အဝိဇ္ဇာ ဖြစ်ရာ၌ ရာဂ ဒိဋ္ဌိတို့သည် ယှဉ်ကုန်သော်လည်း ရှိရာ၏၊ မယှဉ်ကုန်သော်လည်း ရှိရာ၏။ လောဘမူစိတ်၌ ရာဂယှဉ်နိုင်၏၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ ရာဂ ဒိဋ္ဌိ ယှဉ်နိုင်၏၊ ဒေါသမူစိတ် မောဟမူစိတ်တို့၌ ရာဂဒိဋ္ဌိတို့ မယှဉ်နိုင်။ အဝိဇ္ဇာကား အကုသိုလ်စိတ်အားလုံး၌ အမြဲယှဉ်လျက်ရှိ၏။ အဝိဇ္ဇာနှင့် ရာဂဒိဋ္ဌိ တို့သည် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်ကြသည်ဖြစ်စေ၊ စိတ္တက္ခဏခြား၍ ဝီထိခြား၍ တစ်ဝီထိစီ ဖြစ်ကြသည်ပင် ဖြစ်စေ၊ ရှေးရှေးဝီထိ၌ ရှိသော အဝိဇ္ဇာကို အာရုံယူ၍ နောက်နောက်ဝီထိ၌ ရာဂဒိဋ္ဌိစသည့် အပုညာဘိသင်္ခါရ ဖြစ်မှုကိုသာ ဤ၌ ရည်ရွယ်ရင်း ဖြစ်ပေသည်။

**အသဟဇာတဿ ဥပနိဿယာဒိနာ သင်္ခါရဿ အဝိဇ္ဇာပစ္စယော ဟောတိ**။ (အနုဋီ-၂-၁၀၇။)

စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ မဖြစ်သော သဟဇာတမဟုတ်သော အဝိဇ္ဇာသည် သင်္ခါရအား ဥပနိဿယစသော ပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ (အနုဋီ-၂-၁၀၇။)

ဂရုံ ကတွာ အဿာဒနကာလေ အာရမ္မဏာဓိပတိအာရမ္မဏူပနိဿယေဟိ။

(အဘိ-ဋ္ဌ-၂-၁၃၉။ ဝိသုဒ္ဓိ-၂-၁၇၃။)

ရိုးရိုး အာရမ္မဏပစ္စည်းတပ်သော အဝိဇ္ဇာကား နောက်နောက်သော ရာဂ ဒိဋ္ဌိတို့နှင့် ယှဉ်တွဲနေသည့် သဟဇာတ အဝိဇ္ဇာကား မဟုတ်၊ ရှေးရှေး ရာဂ ဒိဋ္ဌိတို့နှင့် ယှဉ်တွဲသည့် အဝိဇ္ဇာ သို့မဟုတ် ရာဂ ဒိဋ္ဌိတို့နှင့် မယှဉ်သည့် သဟဇာတမဟုတ်သည့် ရှေးရှေး အဝိဇ္ဇာသာ ဖြစ်၏။

ဤအာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယပစ္စည်းတရားဖြစ်သော အဝိဇ္ဇာကား ရာဂ-ဒိဋ္ဌိတို့နှင့် ယှဉ်တွဲလျက်ရှိသော အဝိဇ္ဇာသာတည်း။ အကြောင်းတရားဖြစ်သည့် အဝိဇ္ဇာဘက်၌လည်း ရာဂ ဒိဋ္ဌိယှဉ်လျက် ရှိ၏၊ အကျိုးတရား ဖြစ်သည့် ရာဂ ဒိဋ္ဌိဘက်၌လည်း အဝိဇ္ဇာယှဉ်လျက်ပင် ရှိ၏၊ သို့သော် အကြောင်းတရားတို့ကား ရှေးရှေးသော မနောဒွါရဝီထိများ ဖြစ်ကြ၍ အကျိုးတရားတို့ကား နောက်နောက်သော မနောဒွါရဝီထိများ ဖြစ်ကြ၏။ ဇောများမှာ နှစ်ဘက်လုံး၌ လောဘဒိဋ္ဌိအုပ်စု ဇောများသာတည်း။ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စသည်ဖြင့် အသိမှားမှုသဘောကား အဝိဇ္ဇာတည်း။ ဤအာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ပိုင်း၌ ယင်းအဝိဇ္ဇာကား ရာဂ ဒိဋ္ဌိတို့နှင့်သာ ယှဉ်တွဲလျက် ရှိ၏။

ဂရုံ ကတွာ အဿာဒနံ ရာဂဒိဋ္ဌိသမ္ပယုတ္တာယ ဧဝ အဝိဇ္ဇာယ ယောဇေတဗ္ဗံ။

(မူလဋီ-၂-၉၉။ မဟာဋီ-၂-၂၈၉။)

ယင်းယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာစသည့် ဘဝတစ်ခုကို တွယ်တာတပ်မက်မှုသဘောကား တဏှာ = ရာဂတည်း။ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာစသည်သည် တကယ် ထင်ရှားရှိ၏ဟု စွဲလမ်းယုံကြည်မှုသဘော ခံယူချက်မှားမှုသဘောကား ဒိဋ္ဌိတည်း။ ရာဂနှင့် မကွေမကွာ ယှဉ်တတ်သော သဘောတရားတစ်ခုပင် ဖြစ်၏။

ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာစသည့် ဘဝတစ်ခုကို သာယာတပ်မက်မှု ရာဂကို အလေးအမြတ်ပြု၍ သာယာနှစ်သက်လျှင် ယင်းရာဂနှင့် ယှဉ်တွဲနေသည့် အဝိဇ္ဇာကိုလည်း သာယာတပ်မက်မှု သည် အကျုံးဝင်သွား၏။ သို့အတွက် ယင်းရှေးရှေးရာဂကို တစ်နည်းဆိုသော် ယင်းရှေးရှေးရာဂနှင့် တကွသော အဝိဇ္ဇာကို အလေးအမြတ်ပြု၍ သာယာလျှင် နှစ်သက်လျှင် နောက်နောက်သော ရာဂသည် ဖြစ်ပေါ်လာ၏၊ ဒိဋ္ဌိသည် ဖြစ်ပေါ်လာ၏။ ယင်း ရှေးရှေးသော ရာဂနှင့် တကွသော အဝိဇ္ဇာက နောက်နောက်သော ရာဂ ဒိဋ္ဌိအား အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယပစ္စယသတ္တိတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ တစ်နည်း ဆိုရသော် —

ရှေးရှေးသော ရာဂ-ဒိဋ္ဌိ-အဝိဇ္ဇာတို့နှင့် တကွသော မနောဒွါရိကဇောဝီထိက နောက်နောက်သော ရာဂဒိဋ္ဌိ အဝိဇ္ဇာနှင့် တကွသော မနောဒွါရိကဇောဝီထိ စိတ်အစဉ်အား အာရမ္မဏာဓိပတိ အာရမ္မဏူပ-နိဿယပစ္စယသတ္တိတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ ဤသည်ကိုပင် အဝိဇ္ဇာက အပုညာဘိသင်္ခါရအား အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏ဟု ခေါ်ဆိုသည်။

တစ်ဖန် ဘဝ၏အပြစ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေသည်၏ အဖြစ်ကြောင့် အကုသိုလ် ဒုစရိုက်တို့၏ အပြစ်ကို ရှုလေ့မရှိသည့်အတွက် မမြင်နိုင်ရကား ပါဏာတိပါတစသော အကုသိုလ် ဒုစရိုက်တို့ကို ပြုကျင့်သော ပုဂ္ဂိုလ်၏သန္တာန်ဝယ် ယင်းအဝိဇ္ဇာက ယင်းအကုသိုလ် ဒုစရိုက်တို့ကို လွန်ကျူးကြောင်းဖြစ်သည့် အပုညာဘိသင်္ခါရအား ပကတိအားကြီးသောမှီရာ အကြောင်းတရားဟူသော **ပကတူပနိဿယပစ္စယသတ္တိ**ဖြင့် ကျေးဇူးပြု၏။ ပါဏာတိပါတ, အဒိန္နာဒါနစသည့် ဒုစရိုက်အားလုံးတို့ကို လွန်ကျူးကြောင်းဖြစ်သည့် အကုသိုလ်တရား အားလုံးတို့အားပင် အဝိဇ္ဇာက ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက်ပင် ရှိ၏။ (ပဋ္ဌာန-၁-၁၄၈။) (အဘိ-ဋ္ဌ-၂-၁၃၉။) တစ်ဖန် ယင်းအဝိဇ္ဇာကို အကြောင်းပြု၍ အပုညာဘိသင်္ခါရတို့ ဖြစ်ရာဝယ် အပုညာဘိသင်္ခါရတိုင်း၌လည်း အဝိဇ္ဇာ = မောဟပါဝင်လျက်ရှိရာ ယင်းအဝိဇ္ဇာတို့တွင် ပဌမဇော စသော ရှေးရှေးသောဇောနှင့် ယှဉ်သော အဝိဇ္ဇာက ဒုတိယဇောစသော အကုသိုလ် အပုညာဘိသင်္ခါရတို့အား **အနန္တရ သမနန္တရ အနန္တရူပနိဿယ အာသေဝန နတ္ထိ ဝိဂတ**ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏။

(အဘိ-ဋ္ဌ-၂-၁၃၉။ ဝိသုဒ္ဓိ-၂-၁၇၃။)

တစ်ဖန် အမှတ်မထား တစ်ပါးပါးသော အကုသိုလ်ကို ပြုလုပ်သော ပုဂ္ဂိုလ်၏ သန္တာန်ဝယ် အကုသိုလ်ဇောတိုင်း = အပုညာဘိသင်္ခါရတိုင်း၌ အဝိဇ္ဇာပါဝင်လျက် ရှိ၏။ ယင်းအဝိဇ္ဇာက အတူယှဉ်တွဲ ဖြစ်သည့် သမ္ပယုတ် အကုသိုလ် အပုညာဘိသင်္ခါရတရားစုအား **ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ** ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၃၉။ ဝိသုဒ္ဓိ -၂-၁၇၃။)

## သတိပြုရန်အချက်

အသင်သူတော်ကောင်းသည် ယခုလက်ရှိ ရရှိနေသော လူဘဝ၏ ဝိပါကဝဋ္ဋတရားများမှာ ပဋိသန္ဓေ ဘဝင် စသည်တို့ကို ပဓာနထား၍ ပြောရလျှင် ကုသလဝိပါက်များသာ ဖြစ်ကြ၏။ ယင်းပဋိသန္ဓေ ဘဝင်စသည့် ကုသလ-ဝိပါက်တရားတို့မှာ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော ကာမာဝစရ ပုညာဘိသင်္ခါရကြောင့်သာ ဖြစ်ပေါ်လာကြရ၏။ သို့သော် ပဝတ္တိအခါ၌ကား ရံခါ ကုသလဝိပါက်, ရံခါ အကုသလဝိပါက်များလည်း ဖြစ်နိုင်၏။ ယင်း အကုသလဝိပါက်တို့ကား အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အပုညာဘိသင်္ခါရကြောင့်သာ အဖြစ်များရကား အတိတ်ရုပ်နာမ်တို့ကို သိမ်းဆည်းသည့် အခါဝယ် ယင်းအပုညာဘိသင်္ခါရတို့ကိုပါ ကြိုးစား၍ သိမ်းဆည်းကြည့်ပါ။ တွေ့ခဲ့သော် အဝိဇ္ဇာကြောင့် ယင်းအပုညာဘိသင်္ခါရတို့ ဖြစ်ပေါ်လာပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

အဝိဇ္ဇာဖြစ်ခြင်းကြောင့် အပုညာဘိသင်္ခါရဖြစ်၏။

အဝိဇ္ဇာက အကြောင်းတရား အပုညာဘိသင်္ခါရကား အကျိုးတရား ဤသို့ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

တစ်ဖန် အတိတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ပုံကိုလည်းကောင်း, ယင်းအပုညာဘိသင်္ခါရကြောင့် အပါယ်ပဋိသန္ဓေဝိညာဏ်စသည့် ဝိပါကဝဋ္ဋတရားတို့ဖြစ်ပုံ စသည်တို့ကိုလည်းကောင်း ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို ဆက်လက် သိမ်းဆည်းနိုင်ပါသည်။

ဤပစ္စုပ္ပန်ဘဝကို ဗဟိုအလယ်ထား၍ ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို သိမ်းဆည်းရာ၌ — အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ — ဟူသည်နှင့်အညီ အဝိဇ္ဇာနှင့် သင်္ခါရတို့ကား အတိတ်အခွန့်ကာလတရားစုတို့ ဖြစ်ကြ၏။ သို့အတွက် အတိတ်ဘဝ သံသရာအဆက်ဆက်က ထူထောင်ခဲ့သည့် အဝိဇ္ဇာနှင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကိုသာ ဦးစားပေး၍ ပြောဆိုရေးသား တင်ပြနေခြင်း ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ရပ်တို့တွင် —

၁။ အဝိဇ္ဇာ သင်္ခါရတို့ကား အတိတ် အခွန့်ကာလတရားစုတို့တည်း။

၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ကား ပစ္စုပ္ပန် အခွန့်ကာလတရားစုတို့တည်း။

၃။ ဇာတိ ဇရာမရဏတို့ကား အနာဂတ် အခွန့်ကာလတရားစုတို့တည်း။

ဤအတိတ် ပစ္စုပ္ပန် အနာဂတ်တရားစုတို့၏ ကြောင်း-ကျိုးဆက်နွယ်မှု သဘောကို သိမ်းဆည်းပြီးသော အခါ အသင်သူတော်ကောင်းသည် အတိတ် အဆက်ဆက်သို့လည်းကောင်း အနာဂတ် အဆက်ဆက် ဆုံးသည်တိုင်အောင်လည်းကောင်း ဉာဏ်ကိုစေလွှတ်၍ သိမ်းဆည်းနိုင်ပါသည်။

ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေစသော အချို့သော ဝိပါကဝဋ္ဋတို့၏ အကြောင်းရင်း သင်္ခါရမှာ

ကာမာဝစရပုညာဘိသင်္ခါရ တရားသာ ဖြစ်ပါသည်။ ယခုအခါတွင် အသင်သူတော်ကောင်းသည် ယင်းကာမာဝစရ ပုညာဘိသင်္ခါရတရားနှင့်သာလျှင် ပဋိသန္ဓေဝိညာဏ်စသည့် ဝိပါကဝဋ် အချို့တို့ကို အကြောင်း-အကျိုး စပ်၍ သိမ်းဆည်းထားနှင့်ပါဦး။ အထက်ပါ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်လုံးကို ကြောင်း-ကျိုးဆက်စပ်လျက် သိမ်းဆည်းပြီးသောအခါ အတိတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ နည်းတူ သိမ်းဆည်းနိုင်ပါသည်။ ထိုအခါတွင် ရူပါဝစရ ပုညာဘိသင်္ခါရကြောင့် ရူပပဋိသန္ဓေဝိညာဏ်ဖြစ်ပုံ, အရူပါဝစရ အာနေဉ္ဇာဘိသင်္ခါရ ကြောင့် အရူပ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံ, အပုညာဘိသခါရကြောင့် အပါယ်ပဋိသန္ဓေဖြစ်ပုံစသည်တို့ကို ဉာဏ်ဖြင့် တွေ့မြင်သောအခါ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်ပါသည်။ ပုညာဘိသင်္ခါရ အပုညာဘိ-သင်္ခါရ အာနေဉ္ဇာဘိသင်္ခါဟူသော သင်္ခါရသုံးမျိုးတို့တွင် သင်္ခါရတစ်မျိုးတည်းကသာလျှင် ဘဝတစ်ခု၌ ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေနိုင်ပေသည်။ ထိုကြောင့် ထိုက်သင့်ရာဘဝ၌ ထိုက်သင့်သည့် သင်္ခါရကြောင့် ထိုက်သင့်ရာ ပဋိသန္ဓေဝိညာဏ် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရမည် ဖြစ်ပေသည်။ ဘဝတစ်ခု၌ သင်္ခါရ (၃)မျိုးလုံးက ပဋိသန္ဓေဝိညာဏ် တစ်မျိုးတည်းကို မဖြစ်စေနိုင်သည်ကိုကား သဘောပေါက်သင့်လေရာသည်။

သစ္စာလေးပါးကို လမ်းဆုံးအောင် မသိမမြင်သေးသမျှ ကာလပတ်လုံး, အရဟတ္တမဂ်တည်းဟူသော မွေး-ညှပ်ဖြင့် အဝိဇ္ဇာကို အမြစ်ကျွတ်အောင် မပယ်နှုတ်နိုင်သေးသမျှ ကာလပတ်လုံး အဝိဇ္ဇာကား ထင်ရှားရှိနေဦး မည်သာ ဖြစ်သည်။ အဝိဇ္ဇာကို အမြစ်ပြုတ်အောင် မပယ်နှုတ်နိုင်သေးသမျှကာလပတ်လုံး ခန္ဓာ အာယတန ဓာတ်တို့၏ အကြောင်းနှင့်အကျိုး ဆက်စပ်လျက် အထပ်ထပ် ဖြစ်နေသည့် အစဉ်အတန်းဟု ခေါ်ဆိုအပ်သည့် သံသရာဝဋ်ဒုက္ခကို သုခဟု အမှတ်မှား၍ အသိမှား၍ အယူမှား၍ ထိုသံသရာဝဋ်ဆင်းရဲ၏ အကြောင်းရင်းစစ် ဖြစ်သော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြုစုပျိုးထောင်နေမည်သာ ဖြစ်ပေသည်။

အတိတ်ဘဝက အဝိဇ္ဇာ (တဏှာ ဥပါဒါန်)ဟူသော ကိလေသဝဋ်ကြောင့် အတိတ်ဘဝတွင် သင်္ခါရ (ကံ) ဟူသော ကမ္မဝဋ်ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် လှမ်းရှု၍ – "အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏၊ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား" – ဟု ဤသို့ စသည်ဖြင့် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရှုပွားရမည် ဖြစ်ပေသည်။ ထိုတွင် အဝိဇ္ဇာနှင့်သင်္ခါရတို့သည် အတိတ်ဘဝတွင် အောက်ပါ ဝီထိစိတ် အစဉ်အတိုင်း ယေဘုယျအားဖြင့် ဖြစ်ခဲ့ကြ၏။

## ကိလေသဝဋ် ကမ္မဝဋ် မနောဒွါရဝီထိ

| | မနောဒွါရာဝဇ္ဇန်း | ဇော (၇) ကြိမ် | တဒါရုံ (၂) ကြိမ် |
|---|---|---|---|
| ကိလေသဝဋ် | ၁၂ | ၂၀ | ၁၂ |
| ကမ္မဝဋ် | ၁၂ | ၃၄ | ၃၄ |

အဝိဇ္ဇာသည် ပုထုဇန်များအတွက် ယေဘုယျအားဖြင့် လောဘဒိဋ္ဌိအုပ်စု အလုံး (၂၀) အနေဖြင့် ဖြစ်တတ် ပါသည်။ ရံခါ ပီတိမပါဘဲ (၁၉)လုံးလည်း ဖြစ်တတ်၏။ ရံခါ ထိနမိဒ္ဓတို့နှင့်တကွ (၂၂/၂၁)လည်း ဖြစ်တတ်၏။ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)မျိုးပင်တည်း။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်များလည်း ရံခါ ဖြစ်နိုင်ပါ၏။ ဖြစ်ခဲ့သည့် အတိုင်းသာ ရှုရန် ဖြစ်ပါသည်။ တဒါရုံမှာ ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ ဖြစ်ခဲ့သည့်အတိုင်းသာ

ရှုပါ။ တဒါရုံကျခဲ့သော် ဇောတွင် ပီတိပါဝင်ပါက တဒါရုံတွင်လည်း ပီတိပါဝင်တတ်၏၊ ဇောတွင် ပီတိမပါသော် တဒါရုံတွင်လည်း ပီတိမပါ ရှိတတ်၏။ တဒါရုံ (၁၁)မျိုးလုံး ထိုက်သလို ဖြစ်နိုင်၏။ ဤဇယား၌ သောမနဿ သန္တီရဏတဒါရုံ တစ်မျိုးကိုသာ ချပြထားပါသည်။

သင်္ခါရ၌လည်း နည်းတူပင် မှတ်ပါ။ လူသားတို့၏ ကာမာဝစရ ပုညာဘိသင်္ခါရကိုသာ ပုံစံထား၍ အထူးသဖြင့် ဖော်ပြထားပါသည်။ ထိုသင်္ခါရတွင် ဉာဏ်ပီတိတို့မှာ ထိုက်သလို ယှဉ်နိုင်သည်။ နာမ်ကမ္မဋ္ဌာန်း ဇယားများ တွင် ဖော်ပြခဲ့သည့်အတိုင်း သင်္ခါရနာမ်တရားတို့မှာ (၃၄/၃၃/၃၃/၃၂) ထိုက်သလို ဖြစ်နိုင်သည်။ တဒါရုံမှာ ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ တဒါရုံ (၁၁)မျိုးလုံး ထိုက်သလိုကျနိုင်သည်။ ဤဇယားတွင်ကား သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာဝိပါက် တဒါရုံတစ်မျိုးကိုသာ ဖော်ပြထား-ပါသည်။ အသင်သူတော်ကောင်းသည် အတိတ်ဘဝ၌ ဖြစ်ခဲ့သည့်အတိုင်းသာ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ သိမ်းဆည်းရှုပွားရန် ဖြစ်ပါသည်။

၁။ ယင်းကိလေသဝဋ် မနောဒွါရဝီထိကို အဝိဇ္ဇာဟုလည်းကောင်း,
၂။ ယင်းကမ္မဝဋ် မနောဒွါရဝီထိကို သင်္ခါရဟုလည်းကောင်း,

အသီးအသီး ဆိုလိုကြောင်းကိုလည်း မှတ်သားထားပါ။ နှစ်ဘက်လုံး၌ ဃနအသီးအသီး ပြိုနေပါစေ။ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်ပါစေ။ ပဥ္စဒွါရဝီထိမှာ ပဋိသန္ဓေကျိုးကို မပေးနိုင်သဖြင့် ဤ၌ မနောဒွါရဝီထိ တစ်မျိုးကိုသာ ဖော်ပြထားပါသည်။

ရှေးပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်း၌ ရှင်းလင်းတင်ပြထားသည့်အတိုင်း ဤလောက၌ –

၁။ တစ်ခုတည်းသော အကြောင်းတရားကြောင့် တစ်ခုတည်းသော အကျိုးတရား၏ ဖြစ်ခြင်းသည် မရှိနိုင်။
၂။ တစ်ခုတည်းသော အကြောင်းတရားကြောင့် များစွာသော အကျိုးတရား၏ ဖြစ်ခြင်းသည်လည်း မရှိနိုင်။
၃။ များစွာသော အကြောင်းတရားတို့ကြောင့် တစ်ခုတည်းသော အကျိုးတရား၏ ဖြစ်ခြင်းသည်လည်း မရှိနိုင်။
၄။ များစွာသော အကြောင်းတရားတို့ကြောင့် များစွာသော အကျိုးတရားတို့၏ ဖြစ်ခြင်းသည်သာ ရှိပေသည်။
(အဘိ-ဋ္ဌ-၂-၁၄၀။)

ဘုရားရှင်သည် အချို့သော ပါဠိရပ်၌ ပဓာနဖြစ်သောကြောင့်, အချို့သော ပါဠိရပ်၌ ထင်ရှားသည်၏ အဖြစ်ကြောင့်, အချို့သော ပါဠိရပ်၌ မဆက်ဆံသော အကြောင်းတရား အကျိုးတရားဖြစ်သောကြောင့် ဒေသနာတော်၏ တင့်တယ်စမွယ်ကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်တော်အားလည်းကောင်း ကျွတ်ထိုက်သသူ ဆိုဆုံးမထိုက်သူ နတ် လူ ပြဟ္မာ သတ္တဝါတို့အားလည်းကောင်း လျော်သောအားဖြင့် တစ်ခုသာလျှင်ဖြစ်သော အကြောင်းကိုသော်လည်းကောင်း တစ်ခုသာလျှင်ဖြစ်သော အကျိုးကိုသော်လည်းကောင်း ထင်ရှားပြလျက် ဟောကြားတော်မူပေသည်။ (အဘိ-ဋ္ဌ-၂-၁၄၀။)

ထိုကြောင့် အဝိဇ္ဇာဟုဆိုလျှင် အဝိဇ္ဇာပြဓာန်းသည့် ကိလေသဝဋ် မနောဒွါရဝီထိ တစ်ဝီထိလုံးကို လည်းကောင်း, သင်္ခါရဟုဆိုလျှင် သင်္ခါရစေတနာပြဓာန်းသည့် မနောဒွါရဝီထိ တစ်ဝီထိလုံးကိုလည်းကောင်း ဆိုလိုသည်ဟု မှတ်ပါ။ အကြောင်း အကျိုးအဖြစ်ဖြင့် တည်နေကြသော ထိုနှစ်ဝီထိလုံးတို့၌ နာမ်တုံးနာမ်ခဲ တည်းဟူသော နာမ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းလျက် ယင်းပရမတ်တရားတို့၏ ကြောင်း-ကျိုး ဆက်နွှယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏၊ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား – ဤသို့ စသည်ဖြင့်

အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံစသည်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။

## မေးမြန်းဖွယ် အချက်တစ်ရပ်

ဤ၌ မေးမြန်းဖွယ် အချက်တစ်ရပ် ရှိလာပြန်၏ — ဧကန် အနိဋ္ဌဖလဟူသော အလိုမရှိအပ်သော အကျိုးတရားရှိသော အပြစ်နှင့်တကွဖြစ်သော အဝိဇ္ဇာ၏ အပြစ်မရှိကောင်းသော အကျိုးကို ပေးခြင်းသဘော လက္ခဏာရှိသော ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့၏ အကြောင်းတရား၏ အဖြစ်သည် အဘယ်သို့လျှင် သင့်နိုင်ပါအံ့နည်း — ခါးသော တမာစေ့မှ ချိုသော ကြံပင်သည် မဖြစ်နိုင် — ဤကား အမေးတည်း။

အဖြေ — အဘယ်ကြောင့် မသင့် ရှိနိုင်လတ္တံ့နည်း — သင့်မြတ်သည်သာ ဖြစ်၏။ မှန်ပေသည် လောက၌ — အကျိုးတရားတို့၏ —

၁။ ဆန့်ကျင်သည်လည်း ဖြစ်သော,
၂။ မဆန့်ကျင်သည်လည်း ဖြစ်သော,
၃။ တူသည်လည်း ဖြစ်သော,
၄။ မတူသည်လည်း ဖြစ်သော,

အကြောင်းတရားသည် ထင်ရှား၏။ ထို အကျိုးတရားတို့ဟူသည်လည်း ဝိပါကဝဋ်တွင် အကျုံးဝင်သော ဝိပါက်တရားတို့ချည်းသာ မဟုတ်ကုန်။

လောက၌ အကျိုးတရားတို့၏ ဌာန, သဘာဝ, ကိစ္စ အစရှိသောအားဖြင့် ဆန့်ကျင်သော အကြောင်းတရားသည်လည်းကောင်း, ဌာန, သဘာဝ, ကိစ္စ စသောအားဖြင့် မဆန့်ကျင်သော အကြောင်းတရားသည်လည်းကောင်း ထင်ရှား၏။

**ဌာနဝိရုဒ္ဓ** — အကျယ် — ရှေးစိတ်သည် နောက်စိတ်အား အနန္တရစသော ပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ ထိုတွင် ရှေးစိတ်သည် နောက်စိတ်၏ ထင်ရှား တည်ရှိခြင်းအားဖြင့် ဆန့်ကျင်သော အကြောင်းတရားတည်း။ (ဤကား သာသနာတော်ဘက်က အကြောင်းတည်း။) ရှေးရှေး၌ဖြစ်သော သိပ္ပညာရပ်စသည်ကို သင်ယူခြင်းသည်လည်း နောက်နောက်၌ ဖြစ်ကုန်သော သိပ္ပပညာရပ်စသည်ကို သင်ယူခြင်းစသော လုပ်ငန်းရပ်တို့၏ အကြောင်းတရားသည် ဖြစ်သည်သာတည်း။ (ဤကား လောကီဘက်က အကြောင်းတည်း။) ဤကား ဌာနအားဖြင့် ဆန့်ကျင်သော အကြောင်းတရားတည်း။ (အဘိ-ဋ္ဌ-၂-၁၄၁။)

**ဌာနဝိရုဒ္ဓေါတိ** အတ္ထိတာဝိရုဒ္ဓေါ။ (မူလဋီ-၂- ၁၀၀။) ဤ၌ ဌာနဝိရုဒ္ဓ — ဌာနအားဖြင့် ဆန့်ကျင်သော အကြောင်းတရားအရ — အတ္ထိတာဝိရုဒ္ဓ = ထင်ရှားရှိသည်၏ အဖြစ်အားဖြင့် ဆန့်ကျင်သော အကြောင်း-တရားကို ယူပါ။ (အနုဋီ-၂-၁၁၀။)

**သဘာဝဝိရုဒ္ဓ** — ကံသည် ရုပ်တရား၏ သဘာဝဝိရုဒ္ဓ = သဘောအားဖြင့် ဆန့်ကျင်သော အကြောင်းတရားတည်း။ စေတနာကို ကံဟု ခေါ် ဆို၏။ ယင်းစေတနာကံကား နာမ်တရားတည်း။ နာမ်တရားကား နမနလက္ခဏာ = အာရုံသို့ ညွတ်ကိုင်းရှိုင်းခြင်း သဘောလက္ခဏာရှိ၏။ ရုပ်တရားကား ရုပ္ပနလက္ခဏာ = ရှေးရှေး ရုပ်အစဉ်သန္တတိနှင့် မတူသော နောက်နောက်သော ရုပ်အစဉ်သန္တတိတို့၏ အပူအအေးစသော ဆန့်ကျင်ဘက် အကြောင်းတရားတို့ကြောင့် မတူသော ဖြစ်ခြင်းဟူသော ဖောက်ပြန်ခြင်း သဘောလက္ခဏာ ရှိ၏။ နာမ်တရားကား

သာရမ္မဏဓမ္မ = အာရုံယူတတ်သော တရားတည်း။ ရုပ်တရားကား အနာရမ္မဏဓမ္မ = အာရုံကို မယူတတ်သော တရားတည်း။ ကံကား စေတနာသဘာဝ = စေ့ဆော်ခြင်း သဘောလက္ခဏာ ရှိ၏။ = အာရုံပေါ်သို့ ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို ရောက်အောင် နှိုးဆော်ပေးခြင်း လှုံ့ဆော်ပေးခြင်း သဘောလက္ခဏာ ရှိ၏၊ ရုပ်တရားကား ရုပ္ပနလက္ခဏာ = ဖောက်ပြန်ခြင်း သဘောလက္ခဏာ ရှိ၏။ ဤသို့လျှင် အကြောင်းကံနှင့် အကျိုးရုပ်တရားတို့သည် သဘာဝလက္ခဏာအားဖြင့် ဆန့်ကျင်ကြ၏။ သဘာဝလက္ခဏာအားဖြင့် ဆန့်ကျင်သော အကြောင်းကံတရားက အကျိုးရုပ်တရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ (ဤကား သာသနာတော်၏ အကြောင်းတည်း။)

နို့ရည်သည် ချိုသော အရသာရှိ၏၊ သည်းခြေကို ငြိမ်းစေ၏၊ ချိုသော အကျိုးတရားကို ဖြစ်စေခြင်း သဘောလက္ခဏာရှိ၏၊ နို့ဓမ်းကား ချဉ်သော အရသာရှိ၏၊ သည်းခြေကို တိုးပွားစေ၏၊ ချဉ်စပ်သော အကျိုးတရားကို ဖြစ်စေခြင်း သဘောလက္ခဏာရှိ၏။ ဤသို့လျှင် နို့ရည်နှင့် နို့ဓမ်းတို့သည် သဘာဝအားဖြင့် ဆန့်ကျင်ဘက်တရားများ ဖြစ်ကြ၏။ သဘာဝအားဖြင့် ဆန့်ကျင်သော အကြောင်းတရားဖြစ်သော နို့ရည်သည် သဘာဝအားဖြင့် ဆန့်ကျင်သော အကျိုးတရားဖြစ်သော နို့ဓမ်းကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ (ဤကား လောက အကြောင်းတည်း။) (အဘိ-ဌ-၂-၁၄၁။ မူလဋီ-၂-၁၀၀။ အနုဋီ-၂-၁၁၀။)

**ကိစ္စဝိရုဒ္ဓ** — အာလောက = အရောင်အလင်းသည် စက္ခုဝိညာဏ် ဖြစ်ပေါ်လာရန် မရှိမဖြစ်သော အကြောင်းတရားတစ်ခု ဖြစ်၏။ ထိုတွင် အာလောက = အရောင်အလင်းကား ရုပ်တရားဖြစ်၍ အာရုံကို မယူတတ် အာရုံကို မသိတတ်ပေ။ စက္ခုဝိညာဏ်ကား အာရုံကို ယူတတ်သည့် သာရမ္မဏတရားဖြစ်၍ အာရုံကို (ရူပါရုံကို) ပိုင်းပိုင်းခြားခြား သိတတ်၏။ အာရုံကို ပိုင်းပိုင်းခြားခြား မသိခြင်းကိစ္စရှိသော အာလောက = အရောင်အလင်းသည် အာရုံကို ပိုင်းပိုင်းခြားခြား သိခြင်းကိစ္စရှိသော စက္ခုဝိညာဏ်၏ ကိစ္စအားဖြင့် ဆန့်ကျင်သော အကြောင်းတရား ဖြစ်၏။ မှုးယစ်စေခြင်း ကိစ္စမရှိကုန်သော တင်လဲအစရှိသော အဆောက်အဦတို့သည်လည်း မှုးယစ်စေခြင်းကိစ္စရှိသော အရက်၏ ကိစ္စအားဖြင့် ဆန့်ကျင်သော အကြောင်းတရားဖြစ်၏။

(အဘိ-ဌ-၂-၁၄၁။ မူလဋီ-၂-၁၀၀။)

**ဌာန – အဝိရုဒ္ဓ** — စက္ခုရူပါဒယော ပန စက္ခုဝိညာဏာဒီနံ ဌာနာဝိရုဒ္ဓါ ပစ္စယာ။ (အဘိ-ဌ-၂-၁၄၁။)

စက္ခုပသာဒ, ရူပါရုံ အစရှိသည်တို့သည် စက္ခုဝိညာဏ်စသည်တို့၏ ထင်ရှားတည်ရှိခြင်းအားဖြင့် မဆန့်ကျင်ကုန်သော တစ်နည်း တည်ရာဌာနအားဖြင့် မဆန့်ကျင်ကုန်သော အကြောင်းတရားတို့ ဖြစ်ကြ၏။

(အဘိ-ဌ-၂-၁၄၁။)

**ဌာနဝိရုဒ္ဓါ**တိ အတ္ထိတာဝိရုဒ္ဓါ။ (မူလဋီ-၂-၁၀၀။)

**ဌာန**န္တိ ဓရမာနတာ အဓိပ္ပေတာတိ ဝုတ္တံ **"ဌာနဝိရုဒ္ဓါတိ အတ္ထိတာဝိရုဒ္ဓါ"** — တိ။ (အနုဋီ-၂-၁၁၀။)

အထက်ပါ ဌာနအဝိရုဒ္ဓသဘော၌ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တရားတို့သည် ဆိုင်ရာ နာမ်တရားတို့၏ ဌာနအဝိရုဒ္ဓ = ထင်ရှားတည်ရှိခြင်းအားဖြင့် မဆန့်ကျင်ကုန်သော တစ်နည်း တည်ရာဌာနအားဖြင့် မဆန့်ကျင်ကုန်သော အကြောင်းတရားများဟု ဖွင့်ဆိုထား၏။ တစ်ဖန် ဌာနဝိရုဒ္ဓ အကြောင်းတရား၌ ရှေးစိတ်သည် နောက်စိတ်၏ ဌာနဝိရုဒ္ဓ အကြောင်းတရားဟု ဖွင့်ဆိုထား၏။ ထိုဌာနဝိရုဒ္ဓကို ဋီကာဆရာတော်များက အတ္ထိတာဝိရုဒ္ဓ = ထင်ရှားတည်ရှိခြင်းအားဖြင့် ဆန့်ကျင်သော အကြောင်းတရားဟု ဖွင့်ဆိုထား၏။

ဤ၌ အဘယ်တရားသည် ထင်ရှားတည်ရှိခြင်းအားဖြင့် အဘယ်တရား၏ ဆန့်ကျင်ဘက် အကြောင်းတရား ဖြစ်လေသနည်းဟု ဆန်းစစ်ဖို့ရန် ရှိ၏။ အဋ္ဌကထာ၌ ရှေးစိတ်သည် နောက်စိတ်၏ ဌာနဝိရုဒ္ဓ အကြောင်း

တရားဟု ဖော်ပြထား၏။ ရှေးစိတ်ဟူသော အကြောင်းတရားသည် နောက်စိတ်ဟူသော အကျိုးတရား၏ ဥပါဒ်-ဌီ-ဘင် အားဖြင့် ထင်ရှားဖြစ်ပေါ်လာချိန်ဝယ် ထင်ရှား မရှိတော့ပြီ ဖြစ်၏။ သို့အတွက် ထင်ရှားတည်ရှိခြင်း အားဖြင့် ဆန့်ကျင်ဘက် အကြောင်းတရားဟူသည်ကို ဆန်းစစ်သင့်ပေသည်။ — ဤ၌ ပဋိသန္ဓေဌာန ဘဝင်ဌာန စုတိဌာနစသော ဌာနများကို ဆိုလိုကြောင်းကို ကေစိဆရာတော်တို့က ယူဆကြ၏။ ယင်းကေစိဝါဒကိုလည်း မူလဋီကာ ဆရာတော်က ဘဝင်ဌာန, ဇောဌာနအားဖြင့် ဌာနချင်းတူညီသော ရှေးရှေးဘဝင်က နောက်နောက် ဘဝင်အား ရှေးရှေးဇောက နောက်နောက်ဇောအား အနန္တရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကြောင့် — ပဋိသန္ဓေဌာန ဘဝင်ဌာန ဇောဌာနစသော ဌာနတို့ကို ဤ၌ ဌာနဝိရုဒ္ဓ အကြောင်းတရားအဖြစ် အလိုမရှိအပ် ကြောင်းလည်း ရှင်းပြထား၏။ (မူလဋီ-၂-၁၀၀။)

သို့အတွက် ဤ၌ – ရှေးစိတ်က နောက်စိတ်အား ဌာနဝိရုဒ္ဓ သဘောအားဖြင့် ကျေးဇူးပြု၏ဟု ဆိုရာဝယ်-အကြောင်းဖြစ်သော ရှေးစိတ် ချုပ်ပျက်သွားပြီးပါမှ အကျိုးဖြစ်သော နောက်စိတ်သည် ဖြစ်ပေါ်လာရသဖြင့် အကျိုးဖြစ်သော နောက်စိတ်သည် ဥပါဒ်-ဌီ-ဘင်အားဖြင့် ထင်ရှားရှိနေချိန်တွင် အကြောင်းဖြစ်သော ရှေးစိတ် သည် ဥပါဒ်-ဌီ-ဘင်အားဖြင့် ထင်ရှားမရှိတော့ပြီ ဖြစ်၏။ သို့အတွက် အကြောင်းဖြစ်သော စိတ်ကား အဌာန = ထင်ရှားတည်ရှိခြင်း မရှိ။ အကျိုးဖြစ်သော စိတ်ကား ဌာန = ထင်ရှားတည်ရှိခြင်း ရှိ၏။ ဤသို့လျှင် အကြောင်းနှင့် အကျိုး တို့သည် အဌာန-ဌာန သဘောအားဖြင့် = ထင်ရှား မတည်ရှိခြင်း, ထင်ရှားတည်ရှိခြင်း သဘောအားဖြင့် ဆန့်ကျင်ပေသည်။ ဤသို့ ထင်ရှားမတည်ရှိခြင်း ထင်ရှားတည်ရှိခြင်းဟူသော ဆန့်ကျင်ဘက် သဘောအားဖြင့် အကြောင်းတရားက အကျိုးတရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေသည်။ — ဤသို့ အဓိပ္ပါယ်ကို ယူဆသင့်ပေသည်။ သို့သော် စူးစမ်းဆင်ခြင်ပါလေ။

**သဘာဝအဝိရုဒ္ဓ, ကိစ္စအဝိရုဒ္ဓ** — ရှေး၌ဖြစ်သော ဇောအစရှိသည်တို့သည် နောက်၌ဖြစ်သော ဇော အစရှိသည်တို့အား သဘာဝအားဖြင့် မဆန့်ကျင်သည်လည်း ဖြစ်ကုန်သော ကိစ္စအားဖြင့် မဆန့်ကျင်သည်လည်း ဖြစ်ကုန်သော အကြောင်းတရားတို့ ဖြစ်ကြကုန်၏။ ရှေးရှေးဇောတို့သည် နောက်နောက်ဇောတို့နှင့် ဇောဟူသော သဘာဝအားဖြင့် = ကုသိုလ်ဇောဖြစ်ခြင်း, သို့မဟုတ် အကုသိုလ်ဇောဖြစ်ခြင်း, သို့မဟုတ် ကြိယာဇောဖြစ်ခြင်း, သောမနဿဇောဖြစ်ခြင်း, ဒေါမနဿဇောဖြစ်ခြင်း, ဥပေက္ခာဇောဖြစ်ခြင်းစသော သဘောအားဖြင့်လည်း တူညီကြ၏။ ဇောကိစ္စအားဖြင့်လည်း တူညီကြ၏။ ဆန့်ကျင်မှု မရှိပေ။ ရှေးရှေးဇောတို့သည် နောက်နောက် ဇောတို့အား အနန္တရ, အာသေဝနစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏။ ပထမတဒါရုံက ဒုတိယ တဒါရုံအား အနန္တရစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုရာ၌လည်း အကြောင်းတရားနှင့် အကျိုးတရားတို့သည် သဘာဝအားဖြင့်လည်းကောင်း, ကိစ္စအားဖြင့်လည်းကောင်း မဆန့်ကျင်သည်သာ ဖြစ်ပေသည်။ ဤ၌ မဆန့်ကျင် ဟူသည် သဘာဝအားဖြင့် တူညီမှုရှိခြင်း ကိစ္စအားဖြင့် တူညီမှုရှိခြင်းကို ဆိုလိုသည်။

ဆန့်ကျင်ဘက် အကြောင်းတရား, မဆန့်ကျင်ဘက် အကြောင်းတရားတို့သည် လောက၌ ထင်ရှားကုန် သကဲ့သို့ အလားတူပင် သဒိသ-ပစ္စယ = တူသော အကြောင်းတရား, အသဒိသ-ပစ္စယ = မတူသော အကြောင်း တရားတို့သည်လည်း လောက၌ ထင်ရှားကုန်၏။

**သဒိသ–ပစ္စယ** — သဒိသဖြစ်သော တူသောဥတုဟူသော ရုပ်တရားသည် ဥတုဇရုပ်၏, သဒိသဖြစ်သော တူသော အာဟာရဟူသော ရုပ်သည် (= သဒိသ-ဩဇာသည်) အာဟာရဇရုပ်၏ အကြောင်းတရား ဖြစ်၏။ (သဘာဂဖြစ်သော ဥတု အာဟာရတို့ကြောင့် ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့ကို ဆိုလိုသည်။) ဤကား ဓမ္မအားဖြင့် အကြောင်းနှင့်အကျိုး တူပုံတည်း။

သလေးမျိုးစေ့ အစရှိသော အကြောင်းတို့သည် သလေးသီး အစရှိသော အကျိုးတို့၏ သဒိသပစ္စယ = တူညီသော အကြောင်းတရား ဖြစ်ပေသည်။ အကြောင်းဖြစ်သော သလေးမျိုးစေ့နှင့် အကျိုးဖြစ်သော သလေး စပါးသီးတို့သည် တူညီလျက်ပင် ရှိ၏။ ဤကား လောကဥပမာအားဖြင့် အကြောင်းနှင့်အကျိုး တူပုံတည်း။ (အဘိ-ဋ္ဌ-၂-၁၄၁။)

**အသဒိသ–ပစ္စယ** — ရုပ်တရားနှင့် နာမ်တရားသည် သဘာဝအားဖြင့် ကွဲပြားလျက်ရှိ၏၊ မတူညီကြပေ။ မတူသည်လည်းဖြစ်သော ရုပ်တရားသည် နာမ်တရား၏လည်းကောင်း, နာမ်တရားသည်လည်း ရုပ်တရား၏ လည်းကောင်း အကြောင်းတရား ဖြစ်၏။ (ရုပ်က နာမ်အား ကျေးဇူးပြုရာ၌ အာရမ္မဏစသော ပစ္စည်းတရားများ ကိုလည်းကောင်း, ဝတ္ထုပုရေဇာတစသော ပစ္စည်းတရားများကိုလည်းကောင်း ရည်ညွှန်းထားပေသည်။ နာမ်က ရုပ်အား ကျေးဇူးပြုရာ၌ ပစ္ဆာဇာတစသော ပစ္စည်းများကို ရည်ညွှန်းထားပေသည်။) နွားမွေး ဆိတ်မွေးတို့သည် နေစာမြက် = မြေစာမြက်၏ အကြောင်းတရားတို့ ဖြစ်ကြ၏။ ဦးချို နို့ဓမ်း နှမ်းမှုံ့ညက် အစရှိသော အကြောင်း တရားတို့သည် မြက် နံ့သာ ကောက်ရိုးစသည့် အကျိုးတရားတို့၏ မတူသော အကြောင်းတရားတို့ ဖြစ်ကြ၏။ (အဘိ-ဋ္ဌ-၂-၁၄၁။)

တစ်ဖန် — အကြင် အကြောင်းတရားတို့သည် အကြင် အကျိုးတရားတို့၏ -

၁။ ဝိရုဒ္ဓ = ဆန့်ကျင်သော အကြောင်းတရား,
၂။ အဝိရုဒ္ဓ = မဆန့်ကျင်သော အကြောင်းတရား,
၃။ သဒိသ = တူသော အကြောင်းတရား,
၄။ အသဒိသ = မတူသော အကြောင်းတရားတို့ ဖြစ်ကြကုန်၏။

ထိုအကျိုးတရားတို့သည် ထိုအကြောင်းတရားတို့၏ ဝိပါက်တရားတို့ချည်း မဟုတ်ကြကုန်။ ဤသို့လျှင် ဤအဝိဇ္ဇာသည် မိမိကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဝိပါက်နှင့် စပ်သဖြင့် ဇကန် အလိုမရှိအပ်သော အနိဋ္ဌ အကျိုးရှိသည်, သဘာဝအားဖြင့် အပြစ်နှင့်တကွ ဖြစ်သည် ဖြစ်လျှင်မူလည်း အလုံးစုံလည်း ဖြစ်ကုန်သော ထိုပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္စာဘိသင်္ခါရတို့အား ထိုက်သည့်အားလျော်စွာ ဌာန, ကိစ္စ, သဘာဝအားဖြင့် ဆန့်ကျင် မဆန့်ကျင်သော အကြောင်း၏ အဖြစ်ဖြင့်လည်းကောင်း, တူ, မတူသော အကြောင်း၏ အဖြစ်ဖြင့်လည်းကောင်း, ကျေးဇူးပြုတတ်၏ဟု သိရှိပါလေ။ (အဘိ-ဋ္ဌ-၂-၁၄၁။)

ပုဂ္ဂိုလ်တစ်ဦးသည် — (၁) စုတေခြင်း, (၂) ပဋိသန္ဓေတည်နေခြင်း, (၃) သံသရာ, (၄) သင်္ခါရတို့၏ လက္ခဏာ, (၅) ပဋိစ္စသမုပ္ပန္နဓမ္မ ဤ (၅)ဌာနတို့၌ တွေဝေ၏။ ထိုပုဂ္ဂိုလ်သည်ကား ယင်းသင်္ခါရသုံးမျိုးတို့ကို ပြုစု ပျိုးထောင်တော့၏။ ထိုကြောင့် ဤအဝိဇ္ဇာသည် သင်္ခါရသုံးမျိုးလုံးတို့၏ အကြောင်းတရား ဖြစ်သည်ဟု သိနိုင်၏။

၁။ **စုတေခြင်း၌ တွေဝေခြင်း** — စုတေခြင်း၌ တွေဝေသော ပုဂ္ဂိုလ်သည် အလုံးစုံသော ဘဝတို့၌ — "ခန္ဓာတို့၏ ပျက်စီးခြင်းသည် မရဏတည်း" — ဤသို့ ခန္ဓာတို့၏ ပျက်စီးခြင်းတည်းဟူသော စုတိကို ဉာဏ်ဖြင့် ပိုင်းခြား မယူနိုင်သည် မသိသည်ဖြစ်၍ — သတ္တဝါသည် သေ၏၊ သတ္တဝါ၏ အရပ်တစ်ပါးသို့ = ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ခြင်းသည် ဖြစ်၏။ — ဤသို့စသော အကြံတို့ကို အထူးထူး ကြံစည်နေတတ်၏။ (အဘိ-ဋ္ဌ-၂-၁၄၂။)

၂။ **ပဋိသန္ဓေတည်နေခြင်း၌ တွေဝေခြင်း** — ပဋိသန္ဓေတည်နေခြင်း၌ တွေဝေသော သူသည် အလုံးစုံသော ဘဝတို့၌ — "ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်းသည် ဇာတိတည်း" — ဤသို့ ပဋိသန္ဓေတည်နေရခြင်းကို ဉာဏ်ဖြင့် ပိုင်းခြားမယူနိုင်သည် မသိသည် ဖြစ်၍ — သတ္တဝါသည် ပဋိသန္ဓေ တည်နေ၏၊ သတ္တဝါ၏ အသစ်ဖြစ်သော ကိုယ်၏ ထင်ရှားဖြစ်ခြင်းသည် ဖြစ်၏ — ဤသို့စသော အကြံတို့ကို အထူးထူး ကြံစည်နေတတ်၏။ (မိဘတို့၏

ပဋိသန္ဓေမျိုးစေ့ကြောင့် လူဖြစ်လာရမှု စသည်တို့ကို ကြံစည် စိတ်ကူးမှုမျိုးများတည်း။) (အဘိ-ဋ္ဌ-၂-၁၄၂။)

ဤလောက၌ အချို့သောသူတို့သည် — "ဟောင်းနွမ်းလေပြီးသော အဝတ်ကိုစွန့်၍ အခြားအဝတ်သစ်ကို ယူသကဲ့သို့ အတ္တသည် ကိုယ်ဟောင်းကို စွန့်၍ ချမ်းသာကို ရှာလျက် ကိုယ်အသစ်ကို ယူသည်" — ဟု မှားယွင်းသော အယူရှိကြ၏။ (ဘဂဝဒ်ဂီတိ-အပိုင်း-၁၁။ နံပါတ်-၂၂-ဂါထာ) ထိုအယူမျိုးကို ဆိုလို၏။ (ပြည်-၄-၉၈။)

၃။ **သံသရာ၌ တွေဝေခြင်း** — ခန္ဓာ-အာယတန-ဓာတ်တို့၏ အဆက်မပြတ် ဖြစ်၍နေသော ရုပ်-နာမ် အစဉ်အတန်းကို သံသရာဟူ၍ ခေါ်ဆို၏။ သံသရာ၌ တွေဝေသော သူသည် = ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် မပြတ်မစဲ ဖြစ်နေသော ရုပ်နာမ်အစဉ်အတန်းကို မသိသောသူသည် ယင်း သံသရာကို "ခန္ဓာ-အာယတန-ဓာတ်တို့၏ အဆက်မပြတ် ဖြစ်၍နေသော အစဉ်အတန်း"ဟု ဉာဏ်ဖြင့် ပိုင်းခြားမယူနိုင်သည် မသိသည်ဖြစ်၍ — "ဤသတ္တဝါသည် ဤလောကမှ နောက်လောကသို့ သွား၏၊ တစ်ပါးသော လောကမှ ဤလောကသို့ လာ၏" ဤသို့စသော အကြံတို့ကို အထူးထူး အပြားပြား ကြံစည်၍ နေတတ်၏။ (အဘိ-ဋ္ဌ-၂-၁၄၂။)

၄။ **သင်္ခါရတရားတို့၏ လက္ခဏာ၌ တွေဝေခြင်း** — ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့၏ သဘာဝလက္ခဏာ သာမညလက္ခဏာ၌ တွေဝေသောသူသည် သင်္ခါရတရားတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာ အသီးအသီးကိုလည်းကောင်း, အနိစ္စ-ဒုက္ခ- အနတ္တဟူသော သာမညလက္ခဏာကိုလည်းကောင်း ဉာဏ်ဖြင့် ပိုင်းခြားမယူနိုင်သည် မသိသည် ဖြစ်၍ သင်္ခါရတရားတို့ကို အတ္တဟူ၍လည်းကောင်း, အတ္တ၏ ဥစ္စာဟူ၍လည်းကောင်း, ဓုဝ = ခိုင်မြဲ၏ဟူ၍လည်းကောင်း, သုဘ = တင့်တယ်၏ဟူ၍လည်းကောင်း, သုခ = ချမ်းသာ၏ဟူ၍လည်းကောင်း အထူးထူးအပြားပြား ကြံစည်တတ်၏။ (အဘိ-ဋ္ဌ-၂-၁၄၂။)

၅။ **ပဋိစ္စသမုပ္ပန္နဓမ္မတို့၌ တွေဝေခြင်း** — ပဋိစ္စသမုပ္ပန္နဓမ္မ အမည်ရသော အကြောင်းတရားတို့ကို အစွဲပြု၍ ကောင်းစွာ ဖြစ်ပေါ်လာသော အကျိုးတရားတို့၌ တွေဝေသော အမှန်အတိုင်း မသိသောသူသည် အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကြောင့် သင်္ခါရအစရှိသော အကျိုးတရားတို့၏ ဖြစ်ပုံကို ဉာဏ်ဖြင့် ပိုင်းခြား မယူနိုင်သည် မသိသည် ဖြစ်၍ — "အတ္တသည် သိလည်း သိ၏၊ မသိလည်း မသိ၊ ထိုအတ္တသည်သာလျှင် ကိုယ်တိုင်လည်းပြု၏၊ သူတစ်ပါးကိုလည်း ပြုစေ၏။ ထိုအတ္တသည် ပဋိသန္ဓေအခါ၌ ဖြစ်၏ = ပဋိသန္ဓေတည်နေ၏။ ထိုအတ္တ၏ ပရမာဏုမြူ, ပရမေသွာ မဟာဗြဟ္မာစသော အစိုးရသူ ဖန်ဆင်းရှင်တို့သည် ကလလရေကြည် အစရှိသည်တို့၏ အဖြစ်ဖြင့် ကောင်းစွာတည်ထောင် ဖန်ဆင်း၍ စက္ခုစသော ဣန္ဒြေတို့ကို ပြီးစီးစေကုန်၏။ ထိုအတ္တသည် စက္ခုစသော ဣန္ဒြေတို့နှင့် ပြည့်စုံသည်ဖြစ်၍ တွေ့ထိ၏၊ ခံစား၏၊ မွတ်သိပ် ဆာလောင်မှု တဏှာကို ပြု၏။ စွဲလမ်း၏၊ ရှေးဘဝနှင့် နောက်ဘဝ၏ ဆက်စပ်မှုကို ပြု၏။ ထိုအတ္တသည် တစ်ဖန် ဘဝတစ်ပါး၌ ဖြစ်ပြန်၏" – ဤသို့သော်လည်းကောင်း,

"ခပ်သိမ်းကုန်သော အတ္တဟု သတ်မှတ်အပ်သော သတ္တဝါတို့သည် မပြတ်နိုင်သော ကြိုးဖြင့် သီကုံးထားအပ်သော မပျက်မကွဲနိုင်သော ပတ္တမြားလုံး ရွဲလုံးတို့၏ ကိန်းသေမြဲသော အပိုင်းအခြား အစဉ်အတန်းကဲ့သို့ ဂတိတစ်ခုပြီး ဂတိတစ်ခု, ဇာတိတစ်ခုပြီး ဇာတိတစ်ခု, ဘဝတစ်ခုပြီး ဘဝတစ်ခုတို့၌ အတ္တမည်သော ကိုယ်ကောင်၏ ထိုက်သည်အားလျော်စွာ ရှေးနောက်၏ အဖြစ်ဖြင့် ဖြစ်ခြင်းဟု ဆိုအပ်သော ကိန်းသေမြဲသော ပေါင်းဆုံခြင်းကြောင့် နတ် လူစသော ထိုထိုအဖြစ်တို့၌ ကိုင်းညွတ်ကြကုန်၏။" — ဤသို့သော်လည်းကောင်း အထူးထူး အပြားပြား ကြံစည်၍ နေတတ်၏။ (အဘိ-ဋ္ဌ-၂-၁၄၂။)

ထိုသတ္တဝါသည် ဤဆိုအပ်ပြီးသော နည်းဖြင့် အဝိဇ္ဇာက မကာဏ်းသော်လည်း ကာဏ်းသကဲ့သို့ ပြုအပ်သည် ဖြစ်၍ ဤဆိုအပ်ပြီးသော နည်းဖြင့် အထူးထူးအပြားပြား ကြံစည်လျက် သင်္ခါရသုံးမျိုးတို့ကို တည်ထောင်ဖန်ဆင်း၏။

ဥပမာမည်သည်ကား — မျက်စိနှစ်ဖက်လုံး ပျက်နေသည့် ဝမ်းတွင်းကာဏ်းသည် မြေပေါ်၌ လှည့်လည်သွားလာလတ်သော် လမ်းမှန်ကိုလည်း သွားမိသကဲ့သို့, လမ်းမှားကိုလည်း သွားမိသကဲ့သို့, ကြည်းကုန်းအရပ်ကိုလည်း သွားမိသကဲ့သို့, ချိုင့်ဝှမ်းရာ အရပ်ကိုလည်း သွားမိသကဲ့သို့, မညီညွတ်သော အရပ်ကိုလည်း သွားမိသကဲ့သို့, ဤဥပမာအတူ —

အဝိဇ္ဇာက ပညာမျက်စိကို ကာဏ်းအောင် ပြုလုပ်ထားသဖြင့် ပညာမျက်စိကာဏ်းနေသော ထိုလူမိုက်သည် ရံခါ ပုညာဘိသင်္ခါရကိုလည်း ပြုစုပျိုးထောင်မိ၏၊ ရံခါ အပုညာဘိသင်္ခါရကိုလည်း ပြုစုပျိုးထောင်မိ၏၊ ရံခါ အာနေဉ္ဇာဘိသင်္ခါရကိုလည်း ပြုစုပျိုးထောင်မိ၏။

> ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိဏာယကော။
> ဧကဒါ ယာတိ မဂ္ဂေန၊ ဥမ္မဂ္ဂေနာပိ ဧကဒါ။
>
> သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။
> ကရောတိ ဧကဒါ ပုညံ၊ အပုညမပိ ဧကဒါ။
>
> ယဒါ ဥ တွာ စ သော ဓမ္မံ၊ သစ္စာနိ အဘိသမေဿတိ။
> တဒါ အဝိဇ္ဇူပသမာ၊ ဥပသန္တော စရိဿတိ။ (အဘိ-ဌ-၂-၁၄၂-၁၄၃။)

ယထာပိ နာမ = ဖြစ်သင့်ဖြစ်ရာ နှုင်းခိုင်းဖွယ်ရာ လောကဥပမာ မည်သည်ကား။ ဇစ္စန္ဓော = ပဋိသန္ဓေအားဖြင့် ဝမ်းတွင်းကာဏ်း (ကန်း) ဖြစ်သော၊ နရော = သတ္တဝါသည်။ အပရိဏာယကော = ရှေ့ဆောင်လမ်းပြ ဖေးကူမမည့်သူ မရှိသည်။ သမာနော = ဖြစ်လတ်သော်။ ဧကဒါ = တစ်ရံတစ်ခါ၌။ မဂ္ဂေနပိ = မှန်သောလမ်းဖြင့်လည်း။ ယာတိ = သွားမိ၏။ ဧကဒါ = တစ်ရံတစ်ခါ၌။ ဥမ္မဂ္ဂေနာပိ = မှားသောလမ်းဖြင့်လည်း။ ယာတိ = သွားမိ၏။

တထာ = ထို့အတူ။ သံသာရေ = ခန္ဓာ-အာယတန-ဓာတ်တို့၏ အဆက်မပြတ် ဖြစ်၍နေရာ အစဉ်အတန်းဟု ခေါ်ဆိုအပ်သော သံသရာ၌။ သံသရံ = သံသရန္တော = ဇာတိမမြဲ ဖြစ်ပျက်တုံလျှင် တလုံးလဲလဲ ဆင်းရဲတာရှည် ကျင်လည်၍နေရသော။ ဗာလော = အဝိဇ္ဇာဖုံးလွှမ်းသဖြင့် ပညာမျက်စိကာဏ်း၍နေသော ငမိုက်သားသည်။ အပရိဏာယကော = ရှေ့ဆောင်လမ်းပြမည့် ကလျာဏမိတ္တဟု ခေါ်ဆိုအပ်သော မိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်း မရှိသည်။တစ်နည်း — အပရိဏာယကော = နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော အရဟတ္တမဂ်တိုင်အောင်သော ဉာဏ်ပညာမရှိသည်။ သမာနော = ဖြစ်လတ်သော်။ ဧကဒါ = တစ်ရံတစ်ခါ၌။ ပုညံပိ = ကောင်းမှုကုသိုလ်ကိုလည်း။ ကရောတိ = ပြုမိတတ်၏။ ဧကဒါ = တစ်ရံတစ်ခါ၌။ အပုညမပိ = မကောင်းမှု အကုသိုလ်ကိုလည်း။ ကရောတိ = ပြုမိတတ်၏။

ယဒါစ = ဘုရားသာသနာ ရောင်ဝါထွန်းပ အကြင် အခါကာလ၌ကား။ သော ဗာလော = အဝိဇ္ဇာ အမိုက်တိုက်က ပိတ်ဖုံးကာဆီး၍ ထားအပ်သော ပညာမျက်စိကာဏ်း၍နေသော ထိုပုထုဇန် ငမိုက်သားသည်။ ဓမ္မံ = သစ္စာလေးပါးကို ထင်ရှားပြတတ်သည့် တရားတော်မြတ်ကို။ (သပ္ပုရိသူပနိဿယေန = သူတော်ကောင်း-တည်းဟူသော အားကြီးသောမှီရာ ဥပနိဿရည်းဖြင့်) ဥ တွာ = သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ရသည် ဖြစ်၍။ တစ်နည်း — ဓမ္မံ = အလုံးစုံသော သဘာဝဓမ္မ ဟူသမျှတို့တွင် အသာဆုံး အမြတ်ဆုံးဖြစ်သည့် နိဗ္ဗာန်တရားတော်မြတ်ကို။ (မဂ္ဂဉာဏေနေဝ = ဖြူစင်မြင့်မြတ် အတိဥက္ကဋ် ဖြစ်သော အရိယမဂ်ဉာဏ်ဖြင့်သာလျှင်) ဥ တွာ = သိရှိရ၍။ သစ္စာနိ = ကြွင်းသော သစ္စာတို့ကိုလည်း။ အဘိသမေဿတိ = ထိုးထွင်း၍ သိလတ္တံ့။ တဒါ = သစ္စာလေးရပ် တရားမြတ်ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက်

ထွင်းဖောက်သိမြင်ရာ ထိုအခါ၌။ အဝိဇ္ဇူပသမာ = အဝိဇ္ဇာ၏ ငြိမ်းအေးခြင်းကြောင့်။ ဥပသန္တော = ကိလေသာ ဟူသော အပူခပ်သိမ်းမှ အငြိမ်းကြီးငြိမ်း အအေးကြီးအေးရသည် ဖြစ်၍။ စရိဿတိ = လှည့်လည်ကျက်စား သွားလာနေထိုင်ရပေလတ္တံ့။ (အဘိ-ဋ္ဌ-၂-၁၄၂-၁၄၃။)

အသင်သူတော်ကောင်း၏ လက်ရှိပဋိသန္ဓေကို ဖြစ်စေတတ်သော သင်္ခါရမှာ ကာမာဝစရ ပုညာဘိ-သင်္ခါရသာ ဖြစ်၍, အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာကြောင့် ယင်းအတိတ်ဘဝ၌ပင် ပြုစု ပျိုးထောင်ခဲ့သော ကာမာဝစရ ပုညာဘိသင်္ခါရ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။

အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား — ဟု

ဤမျှသာ အကြောင်း အကျိုးတို့ကို သိမ်းဆည်းထားနှင့်ပါဦး။ နောက်ပိုင်းကာလဝယ် အတိတ် အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ သိမ်းဆည်းနိုင်သောအခါမှ အဝိဇ္ဇာကြောင့် ကြွင်းကျန်သော သင်္ခါရများ ထိုက်သလို ဖြစ်ခဲ့ပုံကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို ထပ်မံ၍ သိမ်းဆည်းရမည် ဖြစ်ပေသည်။ ယခုအခါတွင်ကား အတိတ် အဝိဇ္ဇာ သင်္ခါရမှသည် အနာဂတ် ဇာတိ ဇရာမရဏသို့တိုင်အောင် တိုးလျှိုပေါက် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းဖို့ရန်သာ ဦးစား ပေး၍ ရှုထားနှင့်ပါဦး။

## သင်္ခါရပစ္စယာ ဝိညာဏံ

### သင်္ခါရ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။

သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်တို့မှာ လောကီ ဝိပါက် ဝိညာဏ် (၃၂)ပါးတို့ ဖြစ်ကြ၏။ ယင်း (၃၂)ပါးတို့မှာ —

| | | |
|---|---|---|
| ၁။ အဟိတ် အကုသလဝိပါက် ဝိညာဏ် | --- | (၇) ပါး- |
| ၂။ အဟိတ် ကုသလဝိပါက် ဝိညာဏ် | --- | (၈) ပါး- |
| ၃။ မဟာဝိပါက် ဝိညာဏ် | --- | (၈) ပါး- |
| ၄။ ပဉ္စကနည်းအရ ရူပါဝစရဝိပါက် ဝိညာဏ် | --- | (၅) ပါး- |
| ၅။ အရူပါဝစရ ဝိပါက် ဝိညာဏ် | --- | (၄) ပါး- |
| အားလုံးပေါင်းသော် | --- | ၃၂-ပါးတို့တည်း။ |

ယင်း (၃၂)ပါးတို့ကို တစ်နည်းတစ်ဖုံအားဖြင့် အကျဉ်းချုံး၍ ရေတွက်သော် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဟု ဝိညာဏ်ခြောက် (၆)ပါးတို့ ဖြစ်ကြသည်။

ကုသလဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် - (၅)ပါး, အကုသလဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် - (၅)ပါး၊ နှစ်ရပ်ပေါင်းသော် (၁၀)ပါးတည်း။ ယင်း (၁၀)ပါးကို ဒွိပဉ္စဝိညာဏ = ဒွေပဉ္စဝိညာဏ် (၁၀)ဟု ခေါ်၏။ ယင်းဒွေပဉ္စဝိညာဏ် (၁၀)မှ ကြွင်းသော ဝိပါက်ဝိညာဏ် (၂၂)မျိုးသည် မနောဝိညာဏ် မည်ပေသည်။

တစ်နည်းဆိုရသော် — သင်္ခါရကြောင့် ဖြစ်သော ဝိပါက်ဝိညာဏ်တို့မှာ ပဋိသန္ဓေ-ဘဝင်-စုတိ-ပဉ္စဝိညာဏ်-သမ္ပဋိစ္ဆိုင်း-သန္တီရဏ-တဒါရုံ — ဝိပါက်ဝိညာဏ်တို့ပင် ဖြစ်ကြသည်။ အသင်သူတော်ကောင်း၏ သန္တာန်၌ ယခု ဤပစ္စက္ခ လူ့ဘဝတွင် ရူပါဝစရ ဝိပါက် အရူပါဝစရ ဝိပါက်ဝိညာဏ်တို့မှာ ဖြစ်နိုင်ခွင့် မရှိသေးပါ။ အတိတ်သံသရာ အဆက်ဆက်ကသော်လည်းကောင်း, အကြောင်းညီညွတ်ခဲ့သော် နောင်အနာဂတ် သံသရာတွင်သော်လည်းကောင်း ဖြစ်ခဲ့သော်, ဖြစ်နိုင်သော ဝိပါက်ဝိညာဏ်များသာ ဖြစ်ကြသည်။ အဟိတ် အကုသလ ဝိပါက်ဝိညာဏ် (၇)မျိုး အဟိတ် ကုသလ ဝိပါက်ဝိညာဏ် (၈)မျိုး, မဟာဝိပါက်ဝိညာဏ် (၈)မျိုး, အားလုံးပေါင်းသော် (၂၃)မျိုးသော ဝိပါက်ဝိညာဏ်တို့သည်သာလျှင် ဤဘဝ၌ ထိုက်သလို ဖြစ်ခွင့် ရှိနိုင်ပေသည်။

သဗ္ဗာနိပိ ဗာတ္တိံသ လောကိယဝိပါကဝိညာဏာနိ သင်္ဂဟိတာနိ ဟောန္တိ။ လောကုတ္တရာနိ ပန ဝဋ္ဋ-ကထာယံ န ယုဇ္ဇန္တီတိ န ဂဟိတာနိ။ (အဘိ-ဋ္ဌ-၂-၁၄၃။ ဝိသုဒ္ဓိ-၂-၁၇၇။)

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကား သံသရာဝဋ် လည်ပတ်ပုံကို ပြဆိုသော ဝဋ္ဋကထာဒေသနာတော်တည်း။ ယင်းဝဋ္ဋကထာ ဒေသနာပိုင်း၌ လောကုတ္တရာ ဝိပါက်ဝိညာဏ်ဟူသော အရိယဖိုလ်စိတ်တို့ကား ဖြစ်ခွင့် မရနိုင်ကြပေ။ မဖြစ်သင့်ကြပေ။ ထိုကြောင့် — ဝိညာဏအရ လောကုတ္တရာ ဝိပါက်ဝိညာဏ်တို့ကို မကောက်-ယူဘဲ လောကီ ဝိပါက်ဝိညာဏ်တို့ကိုသာ ကောက်ယူအပ်ကုန်၏။ (အဘိ-ဋ္ဌ-၂- ၁၄၃။ ဝိသုဒ္ဓိ-၂-၁၇၇။)

## အဘယ်ကြောင့် သိနိုင်ပါသလဲ?

သင်္ခါရကြောင့် ဝိပါက်ဝိညာဏ် ဖြစ်မှုကို မည်သို့မည်ပုံ သိရှိနိုင်ပါသနည်းဟု မေးမြန်းဖွယ်ရာ ရှိ၏။ အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏ —

ဥပစိတကမ္မာဘာဝေ ဝိပါကာဘာဝတော။ ဝိပါကဥ္စေတံ၊ ဝိပါကဥ္စ န ဥပစိတကမ္မာဘာဝေ ဥပ္ပဇ္ဇတိ။ ယဒိ ဥပ္ပဇ္ဇေယျ၊ သဗ္ဗေသံ သဗ္ဗဝိပါကာနိ ဥပ္ပဇ္ဇေယျုံ၊ န စ ဥပ္ပဇ္ဇန္တီတိ ဇာနိတဗ္ဗမေတံ "သင်္ခါရပစ္စယာ ဝိညာဏံ ဟောတီ"တိ။ (အဘိ-ဋ္ဌ-၂-၁၄၃။ ဝိသုဒ္ဓိ-၂-၁၇၇။)

ဆည်းပူးထားအပ်ပြီးသော ကံတရားသည် ထင်ရှားမရှိလတ်သော် အကျိုး ဝိပါက်ဝိညာဏ်၏ မဖြစ်ခြင်းကြောင့် သင်္ခါရကြောင့် ဝိပါက်ဝိညာဏ် ဖြစ်မှုကို သိနိုင်ပါ၏ ဟူပေ။ ဤသင်္ခါရကြောင့် ဖြစ်ပေါ်လာရသော ဝိညာဏ်ကား ဝိပါက်ဝိညာဏ်သာ ဖြစ်၏။ ဝိပါက်ဝိညာဏ် မည်သည်လည်း ဆည်းပူးထားအပ်ပြီးသော ကံတရားသည် ထင်ရှားမရှိလတ်သော် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ အကယ်၍ ဖြစ်နိုင်ခဲ့ပါမူ အလုံးစုံသော သတ္တဝါတို့၏ သန္တာန်၌ အလုံးစုံကုန်သော ဝိပါက်ဝိညာဏ်တို့သည် ဖြစ်နိုင်ကုန်ရာ၏၊ စင်စစ်ကား အလုံးစုံသော သတ္တဝါတို့၏ သန္တာန်၌ အလုံးစုံကုန်သော ဝိပါက်ဝိညာဏ်တို့သည် ဖြစ်ကား မဖြစ်ခဲ့ကုန်။ ထို့ကြောင့် — "သင်္ခါရကြောင့် ဤဝိပါက်ဝိညာဏ်သည် ဖြစ်၏" — ဟူသော ဤအနက်သဘောတရားကို သိနိုင်ပေသည်။

(အဘိ-ဋ္ဌ-၂-၁၄၃။ ဝိသုဒ္ဓိ-၂-၁၇၇။)

၁။ **ကာမာဝစရပုညာဘိသင်္ခါရ** — အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ ခြံရံလျက် ပြုစုပျိုးထောင်ခဲ့သော ဒါနကုသိုလ်စေတနာ, သီလကုသိုလ်စေတနာ, ပရိကမ္မဘာဝနာ ဥပစာရဘာဝနာကုသိုလ်စေတနာ, ဝိပဿနာဘာဝနာကုသိုလ်စေတနာတို့သည် ကာမာဝစရပုညာဘိသင်္ခါရ အမည်ရသော မဟာကုသိုလ်စေတနာတို့ ဖြစ်ကြ၏။ မဟာကုသိုလ်စိတ် (၈)မျိုး၌ ယှဉ်သော စေတနာတို့ပင်တည်း။ ယင်းမဟာကုသိုလ်စေတနာကြောင့် အဟိတ် ကုသလဝိပါက် (၈)ပါး, မဟာဝိပါက် (၈)ပါး၊ ပေါင်းသော် (၁၆)ပါးသော ဝိပါက်ဝိညာဏ်များ ဖြစ်ပေါ်လာ၏။ (အဘိ-၁-၁၀၄-၁၁၆။)

ပဋိသန္ဓေ-ဘဝင်-စုတိ ကိစ္စတပ်သော ဝိပါက်စိတ်များနှင့် ဣဋ္ဌာရုံဖြစ်သည့် အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော စက္ခုဝိညာဏ် (သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်) သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်တို့ပင် ဖြစ်ကြသည်။

၂။ **ရူပါဝစရ ပုညာဘိသင်္ခါရ** — အမည်ရသော ရူပါဝစရကုသိုလ်စေတနာ (၅)မျိုးကြောင့် ရူပါဝစရ ဝိပါက်ဝိညာဏ် (၅)မျိုး ဖြစ်ပေါ်လာ၏။ အသညသတ်မှ တစ်ပါးသော ရူပါဝစရ (၁၅)ဘုံ၌ ထိုက်သလိုဖြစ်သော ပဋိသန္ဓေ-ဘဝင်-စုတိ ကိစ္စတပ်သော ဝိပါက်ဝိညာဏ်တည်း။ အသညသတ်ဘုံ၌ကား ဇီဝိတနဝကကလာပ်ဟူသော ရုပ်ပဋိသန္ဓေကိုသာ ယင်းရူပါဝစရ ပုညာဘိသင်္ခါရက ဖြစ်စေသည်။ (အဘိ-၁-၁၁၆။)

၃။ **အပုညာဘိသင်္ခါရ** — အမည်ရသော အကုသိုလ်စေတနာ (၁၂)မျိုးတို့ကြောင့် အဟိတ် အကုသလဝိပါက်ဝိညာဏ် (၇)ပါး ဖြစ်၏။ အနိဋ္ဌဖြစ်သော အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော စက္ခုဝိညာဏ် (သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်) သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်များနှင့် အပါယ်ဘုံ၌ ပဋိသန္ဓေ-ဘဝင်-စုတိ ကိစ္စတပ်သော ဥပေက္ခာသဟဂုတ် သန္တီရဏ ဝိပါက်ဝိညာဏ်များတည်း။ (အဘိ-၁-၁၃၆။)

၄။ **အာနေဉ္စာဘိသင်္ခါရ** — အမည်ရသော အရူပါဝစရ ကုသိုလ်စေတနာ (၄)မျိုးကြောင့် အရူပ ဝိပါက် ဝိညာဏ် (၄)မျိုး ထိုက်သလို ဖြစ်၏။ အရူပဘုံ၌ ထိုက်သည့်အားလျော်စွာ ပဋိသန္ဓေ-ဘဝင်-စုတိ ကိစ္စတပ်သော ဝိပါက်ဝိညာဏ်များတည်း။ (အဘိ-၁-၁၁၇။)

## ပဝတ္တိ — ပဋိသန္ဓေ ဝိပါက်ဝိညာဏ်

ဤဝိပါက်ဝိညာဏ်များမှာ —

၁။ ပဝတ္တိ ဝိပါက်ဝိညာဏ်-

၂။ ပဋိသန္ဓေ ဝိပါက်ဝိညာဏ် - ဟု နှစ်မျိုးပြား၏။

ထို (၂)မျိုးတို့တွင် —

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | --- | ၁၀၊ |
| သမ္ပဋိစ္ဆိုင်း | --- | ၂၊ |
| သောမနဿသန္တီရဏ | --- | ၁၊ |

ဤ (၁၃)မျိုးသော အဟိတ် ဝိပါက်ဝိညာဏ်တို့သည် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါ၌သာလျှင် ဖြစ်ကြ-ကုန်၏။ ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော အဟိတ် ကုသလ ဝိပါက် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, သောမနဿ သန္တီရဏ တဒါရုံ ဝိညာဏ်များနှင့် အနိဋ္ဌာရုံ အနိဋ္ဌမဇ္ဈတ္တာရုံတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော အဟိတ် အကုသလ ဝိပါက် ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း ဝိညာဏ်များ ပင်တည်း။

(ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စတို့ကို ထိုက်သလို ရွက်ဆောင် တတ်သော) ပဋိသန္ဓေစိတ် (၁၉)မျိုးတို့သည် ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးတို့၌ ထိုက်သည့်-အားလျော်စွာ ပဝတ္တိအခါ၌လည်းကောင်း, ပဋိသန္ဓေအခါ၌လည်းကောင်း ဖြစ်ကြကုန်၏။

(အဘိ-ဋ္ဌ-၂-၁၄၄-၁၄၅။)

## ဖြစ်ပုံအခြင်းအရာ

ကုသလဝိပါက် ဖြစ်ကုန်သော စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့သည် — သုဂတိဘုံ၌ ကုသလ ဝိပါက်ဝိညာဏ်ဖြင့်သော်လည်းကောင်း, ဒုဂ္ဂတိဘုံ၌ အကုသလ ဝိပါက်ဝိညာဏ်ဖြင့်သော်လည်းကောင်း ပဋိသန္ဓေတည်နေဖြစ်ပေါ်လာရသော အစဉ်အတိုင်း ရင့်ကျက်ခြင်းသို့ ကပ်ရောက်သော ဣန္ဒြေရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ စက္ခုပသာဒစသည်တို့အား ထင်ခြင်းသို့ ရောက်ရှိလာသော ဣဋ္ဌမူလည်းဖြစ်သော ဣဋ္ဌ-မဇ္ဈတ္တမူလည်း ဖြစ်သော ရူပါရုံစသော အာရုံကို အာရုံပြု၍ စက္ခုစသော ပသာဒရုပ်ကို အမှီပြု၍ ဒဿနကိစ္စ = မြင်ခြင်းကိစ္စ, သဝနကိစ္စ = ကြားခြင်းကိစ္စ, ဃာယနကိစ္စ = နံခြင်းကိစ္စ, သာယနကိစ္စ = သာယာခြင်းကိစ္စ = လျက်ခြင်းကိစ္စ, ဖုသနကိစ္စ = တွေ့ထိခြင်းကိစ္စတို့ကို ပြီးစေကုန်လျက် ဖြစ်ပေါ်လာကြကုန်၏။

အလားတူပင် အကုသလဝိပါက် ပဉ္စဝိညာဏ်တို့သည် အနိဋ္ဌမူလည်းဖြစ်သော, အနိဋ္ဌမဇ္ဈတ္တမူလည်း ဖြစ်သော ရူပါရုံစသော ပဉ္စာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်၏။ ဤဒွေပဉ္စဝိညာဏ် (၁၀)တို့သည် မြဲသော ဒွါရ, မြဲသော အာရုံ, မြဲသော မှီရာဝတ္ထု, မြဲသော ဌာန ရှိကုန်သည်လည်းကောင်း, မြဲသော ကိစ္စ ရှိကုန်သည်လည်းကောင်း ဖြစ်ကြကုန်၏။ (အဘိ-ဋ္ဌ-၂-၁၄၅။)

၁။ စက္ခုဝိညာဏ်တို့သည် စက္ခုဒွါရ၌သာ ရူပါရုံကို အာရုံပြု၍သာ, စက္ခုဝတ္ထုရုပ်ကို မှီ၍သာ ပဉ္စဝိညာဏ်-ဌာန၌သာ ဒဿနကိစ္စရှိသည် ဖြစ်၍ အမြဲဖြစ်ကြ၏။

၂။ သောတဝိညာဏ်တို့သည် သောတဒွါရ၌သာ သဒ္ဒါရုံကို အာရုံပြု၍သာ, သောတဝတ္ထုရုပ်ကို မှီ၍သာ ပဉ္စဝိညာဏ်ဌာန၌သာ သဝနကိစ္စရှိသည်ဖြစ်၍ အမြဲ ဖြစ်ကြ၏။

၃။ ဃာနဝိညာဏ်တို့သည် ဃာနဒွါရ၌သာ ဂန္ဓာရုံကို အာရုံပြု၍သာ ဃာနဝတ္ထုရုပ်ကို မှီ၍သာ ပဉ္စဝိညာဏ်-ဌာန၌သာ ဃာယနကိစ္စရှိသည်ဖြစ်၍ အမြဲ ဖြစ်ကြ၏။

၄။ ဇိဝှါဝိညာဏ်တို့သည် ဇိဝှါဒွါရ၌သာ ရသာရုံကို အာရုံပြု၍သာ ဇိဝှါဝတ္ထုရုပ်ကို မှီ၍သာ ပဉ္စဝိညာဏ်-ဌာန၌သာ သာယနကိစ္စ ရှိသည် ဖြစ်၍ အမြဲ ဖြစ်ကြ၏။

၅။ ကာယဝိညာဏ်တို့သည် ကာယဒွါရ၌သာ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍သာ ကာယဝတ္ထုရုပ်ကိုမှီ၍သာ ပဉ္စဝိညာဏ်ဌာန၌သာ ဖုသနကိစ္စ ရှိသည်ဖြစ်၍ အမြဲ ဖြစ်ကြ၏။

တစ်ဖန် အကုသလ ဝိပါက် စက္ခုဝိညာဏ်သည် အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံဖြစ်သည့် ရူပါရုံကို အာရုံပြု၏။ ကုသလ ဝိပါက် စက္ခုဝိညာဏ်သည် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်သည့် ရူပါရုံကို အာရုံပြု၏။ အကုသလ ဝိပါက် သောတဝိညာဏ်, ကုသလ ဝိပါက် သောတဝိညာဏ်စသည်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ ထိုကြောင့် အောက်ပါအတိုင်း မှတ်သားပါ။

၁။ ဣဋ္ဌ - ဣဋ္ဌမဇ္ဈတ္တ ဖြစ်သည့် ရူပါရုံကို အာရုံပြု၍ ကုသလ ဝိပါက် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။ အနိဋ္ဌ - အနိဋ္ဌမဇ္ဈတ္တဖြစ်သည့် ရူပါရုံကို အာရုံပြု၍ အကုသလ ဝိပါက် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။

၂။ ဣဋ္ဌ - ဣဋ္ဌမဇ္ဈတ္တ ဖြစ်သည့် သဒ္ဒါရုံကို အာရုံပြု၍ ကုသလဝိပါက် သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။ အနိဋ္ဌ-အနိဋ္ဌမဇ္ဈတ္တ ဖြစ်သည့် သဒ္ဒါရုံကို အာရုံပြု၍ အကုသလဝိပါက် သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။

၃။ ဣဋ္ဌ - ဣဋ္ဌမဇ္ဈတ္တ ဖြစ်သည့် ဂန္ဓာရုံကို အာရုံပြု၍ ကုသလ ဝိပါက် ဃာနဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။ အနိဋ္ဌ - အနိဋ္ဌမဇ္ဈတ္တဖြစ်သည့် ဂန္ဓာရုံကို အာရုံပြု၍ အကုသလဝိပါက် ဃာနဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။

၄။ ဣဋ္ဌ - ဣဋ္ဌမဇ္ဈတ္တ ဖြစ်သည့် ရသာရုံကို အာရုံပြု၍ ကုသလဝိပါက် ဇိဝှါဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။ အနိဋ္ဌ - အနိဋ္ဌမဇ္ဈတ္တ ဖြစ်သည့် ရသာရုံကို အာရုံပြု၍ အကုသလဝိပါက် ဇိဝှါဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။

၅။ ဣဋ္ဌ - ဣဋ္ဌမဇ္ဈတ္တ ဖြစ်သည့် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ကုသလဝိပါက် ကာယဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။ အနိဋ္ဌ - အနိဋ္ဌမဇ္ဈတ္တ ဖြစ်သည့် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ အကုသလဝိပါက် ကာယဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။ — ဤသို့ အသီးအသီး မှတ်သားပါ။

ထိုတွင် သမ္ပဋိစ္ဆိုင်းနှင့် သန္တီရဏတို့သည် မမြဲသော ဒွါရရှိကြ၏။ မမြဲသော အာရုံရှိကြ၏။ ရံခါ စက္ခု-ဒွါရ၌ ဖြစ်၏၊ ရူပါရုံကို အာရုံပြု၏။ ရံခါ သောတဒွါရ၌ ဖြစ်၏၊ သဒ္ဒါရုံကို အာရုံပြု၏။ ရံခါ ဃာနဒွါရ၌

ဖြစ်၏၊ ဂန္ဓာရုံကို အာရုံပြု၏။ ရံခါ ဇိဝှါဒွါရ၌ ဖြစ်၏၊ ရသာရုံကို အာရုံပြု၏။ ရံခါ ကာယဒွါရ၌ ဖြစ်၏၊ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။ ဤသို့လျှင် မမြဲသော ဒွါရ အာရုံရှိ၏။ သို့သော် ယင်းစိတ်တို့သည် ဟဒယဝတ္ထုကို အမြဲမှီ၏၊ မြဲသော မှီရာဝတ္ထုဌာန ရှိ၏။ သမ္ပဋိစ္ဆိုင်းသည် သမ္ပဋိစ္ဆနကိစ္စ = အာရုံကို လက်ခံခြင်းကိစ္စ, သန္တီရဏသည် သန္တီရဏကိစ္စ = အာရုံကို စူးစမ်းခြင်းကိစ္စကို အမြဲပြု၏။ မြဲသောကိစ္စ ရှိ၏။

တဒါရုံကား အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၏၊ ဒွါရ (၆)ပါး၌ ထိုက်သလိုဖြစ်၏။ မမြဲသော ဒွါရ အာရုံရှိ၏။ ဟဒယဝတ္ထုကို အမြဲမှီ၏။ တဒါရုံကိစ္စကို အမြဲဆောင်ရွက်၏။ မြဲသော မှီရာဝတ္ထု မြဲသော ကိစ္စရှိ၏။

## တဒါရုံ၌ သတိပြု၍ မှတ်သားသင့်သော အချက်

သောမနဿသဟဂတာ ပန အဟေတုကမနောဝိညာဏဓာတု ။ ပ ။ ဆသု ဒွါရေသု ဗလဝါရမ္မဏေ ကာမာဝစရသတ္တာနံ ယေဘုယျေန လောဘသမ္ပယုတ္တဇဝနာဝသာနေ ဘဝင်္ဂဝီထိံ ပစ္ဆိန္ဒိတွာ ဇဝနေန ဂဟိတာ- ရမ္မဏေ တဒါရမ္မဏဝသေန စ သကိံ ဝါ ဒွိက္ခတ္တုံ ဝါ ပဝတ္တတီတိ မဇ္ဈိမဋ္ဌကထာယံ ဝုတ္တံ။ အဘိဓမ္မဋ္ဌကထာယံ ပန တဒါရမ္မဏေ ဒွေ စိတ္တဝါရာ အာဂတာ။ (ဝိသုဒ္ဓိ-၂-၁၇၉။ အဘိ-ဋ္ဌ-၂-၁၄၅။)

သောမနဿ သန္တီရဏစိတ်သည် သမ္ပဋိစ္ဆိုင်းစိတ်၏ အခြားမဲ့၌ ထိုသမ္ပဋိစ္ဆိုင်းစိတ်က လက်ခံထားသော အာရုံကိုပင်လျှင် အာရုံပြု၍ ဟဒယဝတ္ထုကို မှီ၍ အာရုံကို စူးစမ်းခြင်း သန္တီရဏကိစ္စကို ပြီးစေသည် ဖြစ်၍ လည်းကောင်း, ဒွါရ (၆)ပါးတို့၌ ထင်လာသော အာရုံက အားရှိသော ဗလဝအာရုံဖြစ်လျှင် ထိုအာရုံကို အာရုံပြု၍ ကာမာဝစရသတ္တဝါတို့၏ သန္တာန်ဝယ် ယေဘုယျအားဖြင့် လောဘဇောတို့၏ အဆုံး၌ ဘဝင်အစဉ်ကို ဖြတ်၍ ဇောယူထားသည့် အာရုံ၌ ထိုအာရုံကိုပင် အာရုံပြုသည်၏ အစွမ်းဖြင့် = တဒါရုံ၏ အစွမ်းဖြင့် လည်းကောင်း, တစ်ကြိမ်သော်လည်းကောင်း နှစ်ကြိမ်သော်လည်းကောင်း ဖြစ်၏ဟု မဇ္ဈိမအဋ္ဌကထာ၌ ဖွင့်ဆို ထား၏။ အဘိဓမ္မာ အဋ္ဌကထာ၌ကား (အဘိ-ဋ္ဌ-၂-၁၄၅။) တဒါရုံ၌ နှစ်ကြိမ်ကုန်သော စိတ္တဝါရတို့ လာရှိကုန်၏။ (ဝိသုဒ္ဓိ-၂-၁၇၉။)

**ယေဘုယျ** — သောမနဿ သန္တီရဏစိတ်သည် သန္တီရဏကိစ္စကို ရွက်ဆောင်ပြီးနောက်, နောက်ထပ် သောမနဿ သန္တီရဏစိတ်တစ်မျိုးသည် လောဘဇော၏ အဆုံး၌ တဒါရုံကိစ္စကို ဆက်လက်၍ ရွက်ဆောင်- ပြန်၏။ ဤသည်မှာ ယေဘုယျ သတ်မှတ်ချက် ဖြစ်၏။ ဤသတ်မှတ်ချက်အရ ဇယားများတွင် အကုသိုလ် ဇောများ၏ နောင်၌ အဟိတ်တဒါရုံ သုံးမျိုးကို ဦးစားပေး၍ ထိုက်သလို ချပြထားပေသည်။

## အာဝဇ္ဇန်းနှင့် ဇော

အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော သင်္ခါရကြောင့် ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက် ဝိညာဏ်တို့ ဖြစ်ပေါ်လာပုံကို သိမ်းဆည်းရှုပွားလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အကြောင်း အကျိုး နှစ်ဘက်လုံး၌ တည်ရှိကြသော နာမ်တရားတို့ကို နာမ်တုံးနာမ်ခဲတည်းဟူသော နာမ်ဃန အသီးအသီးကို ပြိုကွဲသွားအောင် ဉာဏ်ဖြင့် ဖြိုခွဲ ဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်း ရှုပွားလို- ခဲ့သော် သန္တီရဏနှင့် တဒါရုံအကြား၌ တည်ရှိသော ဇောကိုလည်း ချန်လှပ်ထားခဲ့၍ကား မဖြစ်နိုင်ပေ။ တစ်ဖန် မနောဒွါရဝီထိ၌ တည်ရှိသော တဒါရုံ ဝိပါက်ဝိညာဏ်၌လည်း သင်္ခါရကြောင့် ယင်းဝိညာဏ်ဖြစ်ပုံကို သိမ်းဆည်းလိုခဲ့သော် ယင်းတဒါရုံသည်လည်း ရှေးက ဇောမပါဘဲ ဖြစ်နိုင်သည့် စွမ်းအားမရှိပေ။ တဒါရုံဟူသည် ဇောယူသည့် အာရုံကိုသာ ဆက်ခံသည့် ဇောပြီးမှ ဖြစ်ရသည့် စိတ်တစ်မျိုး ဖြစ်၏။ ဇော၏ ရှေ့တွင်တည်ရှိသော

သန္တီရဏကို ရှုပြီးသောအခါ ဇောကို မမြင်ယောင်ဆောင်၍ တဒါရုံကို ကျော်ရှုလျှင် သန္တတိဃနစသော နာမ်တုံး နာမ်ခဲ နာမ်ဃန အသီးအသီးတို့ ပြိုနိုင်မည် မဟုတ်ပေ။ ပရမတ်သို့လည်း ဉာဏ်အမြင်ဆိုက်နိုင်မည် မဟုတ်ပေ။

တစ်ဖန် ဃနအတုံးအခဲပြိုရေးအတွက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေးအတွက် ဇောကိုပါ ထည့်သွင်း၍ ရှုခဲ့သော် ယင်းဇောသည်လည်း အတိတ်က သင်္ခါရကြောင့် ဖြစ်လေသလောဟု မေးရန်ရှိ၏။ သင်္ခါရကြောင့် ဖြစ်၍ သိမ်းဆည်း ရှုပွားသည်ကား မဟုတ်၊ စိတ္တနိယာမ သဘောတရားအရ ဖြစ်ပေါ်၍ နေကြသော ယင်းနာမ်တရားစုတို့ကို ဃနအသီးအသီး ပြိုရေးအတွက်သာ ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေးအတွက်သာ သိမ်းဆည်း ရှုပွားခြင်း ဖြစ်သည်။ အကြောင်း အကျိုးစပ်ရာ သိမ်းဆည်းရာ၌ကား အတိတ်သင်္ခါရတရားနှင့် ပစ္စုပ္ပန် ပဝတ္တိ ဝိပါက်ဝိညာဏ်များဖြစ်ကြသည့် ပဉ္စဒွါရဝီထိဝယ် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ, မနောဒွါရဝီထိဝယ် တဒါရုံတို့ကိုသာ အကြောင်းအကျိုးစပ်၍ သိမ်းဆည်းရမည် ဖြစ်သည်။

တစ်ဖန် ယင်းဝိပါက်ဝိညာဏ်တို့သည် အာဝဇ္ဇန်းနှင့်ကင်း၍ ယင်းတို့ချည်းသက်သက် မဖြစ်နိုင်ပေ။ စိတ္တနိယာမသဘောတရားအရ ယင်းဝိပါက်ဝိညာဏ်များ အပါအဝင် ဝီထိစိတ်တို့သည် ယေဘုယျအားဖြင့် အာဝဇ္ဇန်းကင်းလျက် မဖြစ်နိုင်ကြသောကြောင့် ဖြစ်၏။ သို့အတွက် ယင်းဝိပါက်ဝိညာဏ်များကို သိမ်းဆည်းရာ၌ မပါလျှင် မဖြစ်နိုင်သည့် အာဝဇ္ဇန်းများ ဖြစ်ကြသော ပဉ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်းနှင့် ဝုဋ္ဌော အမည်ရှိသော မနောဒွါရာဝဇ္ဇန်းတို့ကိုပါ ရောနှော၍ သိမ်းဆည်းရမည် ဖြစ်သည်။ ဃန အသီးအသီး ပြိုရေးအတွက်လည်း ဖြစ်၏။ ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေးအတွက်လည်း ဖြစ်၏။ ယင်းအာဝဇ္ဇန်း, ဝုဋ္ဌော, ဇောတို့၌လည်း မိမိတို့ဆိုင်ရာ အကြောင်းတရားများသည် ထင်ရှား ရှိကြသည်သာဟု သိရှိရေးအတွက်လည်း ဖြစ်ပေသည်။ သို့သော် ယင်းအာဝဇ္ဇန်းနှင့် ဇောတို့မှာ အတိတ်က သင်္ခါရကြောင့် ဖြစ်ကြသည် မဟုတ်ရကား အတိတ်သင်္ခါရနှင့် အကြောင်း အကျိုးစပ်၍ သိမ်းဆည်းရာ၌ကား မပါဝင်နိုင်ဟု မှတ်ပါ။

တစ်ဖန် ပဉ္စဒွါရဝီထိများ၏ နောက်တွင် တဒနုဝတ္တကမနောဒွါရဝီထိ = ပဉ္စဒွါရဝီထိသို့ အစဉ်လိုက်သော နောက်လိုက် မနောဒွါရဝီထိနှင့် သုဒ္ဓမနောဒွါရဝီထိ = သက်သက်သော မနောဒွါရဝီထိတို့သည် ဆက်လက်၍ ဘဝင်ခြားကာ အကြိမ်များစွာ ဖြစ်နိုင်ကြ၏။ ယင်းမနောဒွါရဝီထိတို့၏ အာရုံသည် ဗလဝဖြစ်နေလျှင် ဝိဘူတာရုံ ဖြစ်နေလျှင် တဒါရုံလည်း ကျနိုင်၏။ ယင်းတဒါရုံဝိပါက်များကိုလည်း အတိတ်က သင်္ခါရတရားနှင့် အကြောင်း အကျိုးစပ်လျက် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

ယင်းသို့ သိမ်းဆည်းရာဝယ် ယင်းဝီထိစိတ်တို့၏ အကြားအကြား၌ ဘဝင်များလည်း ထိုက်သလို ဖြစ်နေကြ၏၊ ယင်းဘဝင် ဝိပါက်ဝိညာဏ်အမျိုးအစားတို့သည် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ထိုက်သလို ဖြစ်နိုင်ကြသော ဝိပါက်ဝိညာဏ်တို့တည်း။

## ပဋိသန္ဓေ – ပဝတ္တိ ဝိပါက်ဝိညာဏ်

၁။ အဟိတ် အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ = အပါယ် ပဋိသန္ဓေဝိညာဏ် -

၂။ အဟိတ် ကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ = သုဂတိ အဟိတ် ပဋိသန္ဓေဝိညာဏ် -

၃။ မဟာဝိပါက်စိတ် (၈)ပါး = ကာမသုဂတိ ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေဝိညာဏ် -

၄။ ရူပါဝစရ ဝိပါက်စိတ် (၅)ပါး = ရူပါဝစရ ပဋိသန္ဓေဝိညာဏ် -

၅။ အရူပါဝစရ ဝိပါက်စိတ် (၄)ပါး = အရူပါဝစရ ပဋိသန္ဓေဝိညာဏ် -

ဤ (၁၉)ပါးသော ဝိပါက်ဝိညာဏ်တို့သည် အပါယ်ဘုံ ကာမဘုံ ရူပဘုံ အရူပဘုံတို့၌ ထိုက်သည်-အားလျော်စွာ ပဝတ္တိအခါ၌လည်းကောင်း ပဋိသန္ဓေအခါ၌လည်းကောင်း ဖြစ်ကြကုန်၏။ အသညသတ် ပဋိသန္ဓေနှင့်တကွ အားလုံးပေါင်းသော် ပဋိသန္ဓေ (၂၀) ဖြစ်၏။ (အဘိ-ဋ္ဌ-၂-၁၄၈။)

၁။ အပါယ်ပဋိသန္ဓေဖြစ်သော အကုသလဝိပါက် ဥပေက္ခာသန္တီရဏသည် အပါယ်ဘုံ၌ ပဋိသန္ဓေအခါ ပဋိသန္ဓေကိစ္စ, ပဝတ္တိအခါ၌ ဘဝင်ကိစ္စ သန္တီရဏကိစ္စ တဒါရုံကိစ္စ, အဆုံး၌ စုတိကိစ္စကို ဆောင်ရွက်သည်။ ကာမသုဂတိဘုံဝယ် ပဝတ္တိအခါ၌ အနိဋ္ဌာရုံနှင့် တွေ့ကြုံခိုက် သန္တီရဏကိစ္စ တဒါရုံကိစ္စကို ဆောင်ရွက်သည်။

ရူပဗြဟ္မာပြည်၌ အနိဋ္ဌာရုံမရှိသော်လည်း ရူပဗြဟ္မာတို့သည် လူ့ပြည် လူ့လောကကဲ့သို့သော ကာမဘုံသို့ ခေတ္တလာခိုက် အနိဋ္ဌာရုံများနှင့် ရံခါ တွေ့ကြုံနိုင်၏။ ထို့ကြောင့် ရူပဗြဟ္မာတို့သည် ကာမဘုံသို့ ခေတ္တ ရောက်ခိုက်ဟူသော ပဝတ္တိအခါဝယ် အနိဋ္ဌာရုံနှင့် တွေ့ကြုံခိုက် ယင်းအကုသလဝိပါက် ဥပေက္ခာသန္တီရဏသည် သန္တီရဏကိစ္စကို ဆောင်ရွက်သည်။

၂။ ကုသလ ဝိပါက် ဥပေက္ခာသန္တီရဏသည် ကာမသုဂတိဘုံ၌ ဝမ်းတွင်းကာဏ်း = ဇစ္စန္ဓစသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်၍ ပဝတ္တိအခါ၌ ဘဝင်ကိစ္စ သန္တီရဏကိစ္စ, တဒါရုံကိစ္စ, အဆုံး၌ စုတိကိစ္စကို ဆောင်ရွက်သည်။ ကျန်ဒွိဟိတ် တိဟိတ် ကာမဘုံသားတို့၏ သန္တာန်ဝယ် ပဝတ္တိအခါ၌ ဣဋ္ဌာရုံနှင့် တွေ့ကြုံခိုက် သန္တီရဏကိစ္စ တဒါရုံကိစ္စများကို ဆောင်ရွက်၏။ ရူပဘုံ၌ ဣဋ္ဌာရုံနှင့် တွေ့ကြုံခိုက် သန္တီရဏကိစ္စကို ဆောင်ရွက်၏။

၃။ မဟာဝိပါက်ဝိညာဏ် (၈)မျိုးတို့တွင် ဉာဏဝိပ္ပယုတ် ဒွိဟိတ် မဟာဝိပါက် ဝိညာဏ် (၄)မျိုးတို့သည် ကာမသုဂတိဘုံ၌ ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေကိစ္စ, ပဝတ္တိအခါ၌ ဘဝင်ကိစ္စ တဒါရုံကိစ္စ, အဆုံး၌ စုတိကိစ္စကို ဆောင်ရွက်၏။ ယင်း ဝိပါက်ဝိညာဏ် (၄)မျိုးတို့သည် ကာမဘုံဝယ် သုဂတိ အဟိတ်ပုဂ္ဂိုလ် တိဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်း ပဝတ္တိအခါ ဣဋ္ဌာရုံနှင့် တွေ့ကြုံခိုက်ဝယ် တဒါရုံကိစ္စကို ထိုက်သလို ဆောင်ရွက်သည်။

မဟာဝိပါက် ဉာဏသမ္ပယုတ် တိဟိတ် ဝိပါက်ဝိညာဏ် (၄)မျိုးတို့သည် ကာမသုဂတိဘုံ၌ တိဟိတ်ပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေကိစ္စ, ပဝတ္တိအခါ၌ ဘဝင်ကိစ္စ, အဆုံး၌ စုတိကိစ္စကို ထိုက်သလို ဆောင်ရွက်သည်။ ပဝတ္တိအခါဝယ် ဣဋ္ဌာရုံနှင့် တွေ့ကြုံခိုက် တဒါရုံကိစ္စကိုလည်း ထိုက်သလို ဆောင်ရွက်သည်။

၄။ ရူပါဝစရဝိပါက် (၅)ခုသည် မိမိတို့ဆိုင်ရာ ပထမစျာန်ဘုံစသော ထိုထိုဘုံ၌ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတို့ကို ဆောင်ရွက်သည်။

၅။ အရူပဝိပါက် (၄)ခုသည်လည်း မိမိတို့ဆိုင်ရာ ဘုံအသီးအသီး၌ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ စုတိကိစ္စတို့ကို ဆောင်ရွက်သည်။

## အတ္ထိဘာဝသဘော

တတြဿ တေ တေ သင်္ခါရာ ကမ္မပစ္စယေန စ ဥပနိဿယပစ္စယေန စ ပစ္စယာ ဟောန္တိ။
(အဘိ-ဋ္ဌ-၂-၁၄၆။)

ပဋိသန္ဓိယံ နာနာက္ခဏိကကမ္မပစ္စယေန စေဝ ဥပနိဿယပစ္စယေန စာတိ ဒွိဓာ ပစ္စယော။
(အဘိ-ဋ္ဌ-၂-၁၅၈။)

ဤအထက်ပါ အဌကထာ အဖွင့်များနှင့်အညီ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော သင်္ခါရကံတို့သည် ပဋိသန္ဓေ ဝိပါက်ဝိညာဏ် ပဝတ္တိ ဝိပါက်ဝိညာဏ်တို့အား နာနာက္ခဏိကကမ္မပစ္စယသတ္တိ ဥပနိဿယပစ္စယ သတ္တိတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာတို့၌ အဝိဇ္ဇာနှင့် သင်္ခါရတို့၏ သဘာဝသတ္တိ စွမ်းအင်များ ထင်ရှားရှိမှု အတ္ထိဘာဝသဘောကို ဆိုလိုသည်။ အဝိဇ္ဇာနှင့် သင်္ခါရတို့မှာ ယေဘုယျအားဖြင့် စိတ္တက္ခဏပေါင်းများစွာ ဝီထိစိတ်အစဉ်ပေါင်းများစွာ ကွာခြားလျက် ရှိကြ၏။ ရံခါ အဝိဇ္ဇာနှင့် အကုသိုလ် သင်္ခါရတို့မှာ စိတ္တက္ခဏ တစ်ခုအတွင်း ဝီထိစိတ်အစဉ် တစ်ခုတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်သည်လည်း ရှိ၏။ သို့သော် လူသားတို့၏ လက်ရှိဘဝ ပဋိသန္ဓေ ဝိပါက်ဝိညာဏ်စသော ကုသလ ဝိပါက်ဝိညာဏ်များကို ဖြစ်စေတတ်သော ကုသိုလ်သင်္ခါရနှင့်ကား ယင်းအဝိဇ္ဇာသည် ဝီထိပေါင်းများစွာသော်လည်း ဝေးကွာလျက် ရှိနိုင်ပေသည်။

အလားတူပင် သင်္ခါရကြောင့် ဝိပါက်ဝိညာဏ်များ ဖြစ်ပွားလာရာ၌လည်း သင်္ခါရနှင့် ဝိပါက်ဝိညာဏ် တို့မှာ ဘဝခြားလျက်ပင် ရှိနေပေ၏။ သို့အတွက် အကျိုးတရားများသည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား ဖြစ်ပွားလာချိန်တွင် အကြောင်းတရားများမှာ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိကြတော့သော အချိန်ဖြစ်၏။ သို့အတွက် အဝိဇ္ဇာ သင်္ခါရတို့က မိမိတို့ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိကြသော အခါကျမှ အကျိုး ဝိပါကဝဋ္ဋတရားများကို ဖြစ်စေနိုင်ကြသဖြင့် အဝိဇ္ဇာ သင်္ခါရတို့ ဖြစ်ခြင်းကြောင့် ဆိုင်ရာ အကျိုးဝိပါကဝဋ္ဋတရားတို့ ဖြစ်ကြ၏ – ဟူရာဝယ် အဝိဇ္ဇာ သင်္ခါရတို့၏ ဆိုင်ရာ အကျိုးတရားတို့ကို ဖြစ်စေ-နိုင်သော သဘာဝသတ္တိစွမ်းအင်များ = ကမ္မသတ္တိထူးများ ထင်ရှားရှိနေမှုကိုသာ ဆိုလိုသည်။

အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ခြံရံထားအပ်သည့် ယင်းသင်္ခါရစေတနာတို့သည် ဥပါဒ်-ဌီ-ဘင် သက်တမ်း စေ့၍ ချုပ်ပျက်သွားကြသော်လည်း ဝိပါက်စေတနာတို့ကဲ့သို့ စွမ်းအင်သတ္တိ တစ်စုံတစ်ရာမထားခဲ့ဘဲ ချုပ်ပျက် သွားကြသည်ကား မဟုတ်၊ နောင်တစ်ချိန်တွင် ရင့်ကျက်လာသောအခါ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝစသည့် ထိုထို ဘဝတို့ကို ဖြစ်စေနိုင်သည့် စွမ်းအင် ကမ္မသတ္တိထူးကို ရုပ်နာမ်အစဉ်တွင် မြှုပ်နှံပြီးမှသာလျှင် ချုပ်ပျက် သွား၏။ အသင်သူတော်ကောင်းသည်, ထိုက်တန်သော အကျိုးကို မပေးရသေးလျှင် ယေဘုယျအားဖြင့် ရုပ်နာမ် အစဉ်တွင် ထင်ရှား တည်ရှိနေသော ယင်းကမ္မသတ္တိထူးကို ဉာဏ်ဖြင့် တွေ့မြင်အောင် ရှာဖွေ၍ ယင်းကမ္မ-သတ္တိထူးကြောင့် ပဋိသန္ဓေ ဝိပါက်ဝိညာဏ်စသည့် ဝိပါက်ဝိညာဏ်များ ထင်ရှားဖြစ်ပွားလာပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

## အကြောင်း အကျိုး သိမ်းဆည်းပုံ ပုံစံများ

၁။ သင်္ခါရဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ ပဋိသန္ဓေဝိညာဏ်က အကျိုးတရား။

၂။ သင်္ခါရဖြစ်ခြင်းကြောင့် ဘဝင်ဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ ဘဝင်ဝိညာဏ်က အကျိုးတရား။

၃။ သင်္ခါရဖြစ်ခြင်းကြောင့် စုတိဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ စုတိဝိညာဏ်က အကျိုးတရား။

## ခါ(၉) အကြောင်း အကျိုး သိမ်းဆည်းပုံ

၁။ သင်္ခါရဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်ဖြစ်၏၊ သင်္ခါရက အကြောင်းတရား၊ စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်က အကျိုးတရား။ (စက္ခုဒွါရဝီထိ)

၂။ သင်္ခါရဖြစ်ခြင်းကြောင့် သောတဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်ဖြစ်၏၊ သင်္ခါရက အကြောင်းတရား၊ သောတဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်က အကျိုးတရား။ (သောတ-ဒွါရဝီထိ)

၃။ သင်္ခါရဖြစ်ခြင်းကြောင့် ဃာနဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်ဖြစ်၏၊ သင်္ခါရက အကြောင်းတရား၊ ဃာနဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်က အကျိုးတရား။ (ဃာနဒွါရဝီထိ)

၄။ သင်္ခါရဖြစ်ခြင်းကြောင့် ဇိဝှါဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်ဖြစ်၏၊ သင်္ခါရက အကြောင်းတရား ဇိဝှါဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်က အကျိုးတရား။ (ဇိဝှါဒွါရဝီထိ)

၅။ သင်္ခါရဖြစ်ခြင်းကြောင့် ကာယဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်ဖြစ်၏၊ သင်္ခါရက အကြောင်းတရား၊ ကာယဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်က အကျိုးတရား။ (ကာယ-ဒွါရဝီထိ)

၆။ သင်္ခါရဖြစ်ခြင်းကြောင့် တဒါရုံ ဝိပါက်ဝိညာဏ်ဖြစ်၏။ သင်္ခါရက အကြောင်းတရား၊ တဒါရုံ ဝိပါက်ဝိညာဏ်က အကျိုးတရား။ (မနောဒွါရဝီထိ။)

ဤရှုကွက်မှာ ဉာဏ်ထက်မြက်သူ သူတော်ကောင်းများအတွက် ဖြစ်၏။ ဉာဏ်ပညာ ထက်မြက်သူများကား စက္ခုဒွါရဝီထိစသည့် ဝီထိစဉ်တစ်ခုတစ်ခု၏ အတွင်း၌ ပါဝင်တည်ရှိကြသော စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံဟူသော ဝိပါက်ဝိညာဏ်များ အားလုံးကိုပင် အတိတ်က သင်္ခါရကြောင့် ဖြစ်ပုံကို ဉာဏ်ဖြင့် ခြုံငုံ၍ ရှုနိုင်ကြ၏။ သို့သော် ဉာဏ်နုံ့သူများကား ထိုသို့ ခြုံငုံ၍ ရှုရာ၌ မငုံမိ ရှိတတ်၏။ ဉာဏ်မငုံမိပါက တစ်လုံးစီ ခွဲ၍လည်း ရှုနိုင်ပါသည်။ များသောအားဖြင့် ယောဂီပုဂ္ဂိုလ်အများစုတို့၌ ခွဲ၍ ရှုပါက အသိဉာဏ် ပို၍ သန့်ရှင်းသည်ကို တွေ့ရပေ၏။

တစ်ဖန် အထက်တွင် ဖော်ပြထားသော ဝိပါက်ဝိညာဏ်များမှာ ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်သည့် အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာကြသော အတိတ်က ကုသိုလ်သင်္ခါရကြောင့်ဖြစ်သည့် ကုသလ ဝိပါက်ဝိညာဏ်များသာ ဖြစ်ကြသည်။ အနိဋ္ဌာရုံ အနိဋ္ဌမဇ္ဈတ္တာရုံ ဖြစ်သည့် အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာကြသော အတိတ်က ပြုစုပျိုးထောင်ခဲ့သည့် အကုသိုလ်သင်္ခါရကြောင့် ဖြစ်သည့် အကုသလ ဝိပါက်ဝိညာဏ်များကို အကြောင်းအကျိုးစပ်လျက် သိမ်းဆည်းပုံအပိုင်းကိုကား အကုသိုလ်သင်္ခါရတို့ကို သိမ်းဆည်းနိုင်သောအခါ ထပ်မံရှုပါ။ ယခု ဤအပိုင်းတွင်ကား အတိတ်က ပြုစုပျိုးထောင်ခဲ့သည့် ကုသိုလ်သင်္ခါရကြောင့် ဖြစ်သည့် ကုသလ ဝိပါက်ဝိညာဏ်များကိုသာ ဦးစားပေး၍ ရှုကွက်ကို တင်ပြထားပါသည်။ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း၌ ကျွမ်းကျင်ပြီးဖြစ်သော အသင်သူတော်ကောင်းသည် အတိတ်က ပြုစုပျိုးထောင်မိခဲ့သည့် အကုသိုလ် သင်္ခါရကြောင့် အကုသလ ဝိပါက်ဝိညာဏ်များ ဖြစ်ပုံကိုလည်း ရှုထားပြီး ရှုနိုင်ပြီး ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ယင်းသို့ဖြစ်သော် ယင်းအကုသိုလ်သင်္ခါရကြောင့် ပဝတ္တိ အကုသလ ဝိပါက်ဝိညာဏ်များ ဖြစ်ပုံကိုလည်း ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ တစ်ပါတည်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

**ဇော** — ဝိပါက်ဝိညာဏ်များမှာ ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်က ကုသလ ဝိပါက်, အနိဋ္ဌာရုံ အနိဋ္ဌမဇ္ဈ-တ္တာရုံ ဖြစ်က အကုသလ ဝိပါက်များ ထိုက်သလို ဖြစ်ကြသော်လည်း, အာရုံမှာ ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်ချင် ဖြစ်ပါစေ, အနိဋ္ဌာရုံ အနိဋ္ဌမဇ္ဈတ္တာရုံ ဖြစ်ချင်လည်း ဖြစ်ပါစေ, ဇောမှာ ယောနိသောမနသိကာရဖြစ်က ကုသိုလ်ဇော, အယောနိသောမနသိကာရဖြစ်က အကုသိုလ်ဇော ထိုက်သလို ဇောပေသည်။ ထို့ကြောင့် ကုသိုလ်ဇော ဇောသည့် ပဉ္စဒွါရဝီထိ မနောဒွါရဝီထိ, အကုသိုလ်ဇောဇောသည့် ပဉ္စဒွါရဝီထိ မနောဒွါရဝီထိ အားလုံးတို့၌ပင် တည်ရှိကြသော ဝိပါက်ဝိညာဏ် အားလုံးကိုပင် နာမ်ကမ္မဋ္ဌာန်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း တစ်တန်းပြီး တစ်တန်း အတန်းလိုက် ကုန်စင်အောင် ရှုပါ။

**တဒါရုံ** — တဒါရုံအရ ပဉ္စဒွါရဝီထိများအတွင်း၌ တည်ရှိသော တဒါရုံ, နောက်လိုက် မနောဒွါရဝီထိ စသော မနောဒွါရဝီထိများ၌ တည်ရှိသော တဒါရုံတို့ကို အားလုံးခြုံငုံ၍ ရှုပါ။

**အာဝဇ္ဇန်း–ဝုဋ္ဌော–ဇော** — သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ အပိုင်းတွင် ပဉ္စဒွါရဝီထိများ၌ တည်ရှိကြသော ပဉ္စဒွါရာဝဇ္ဇန်း၊ ဝုဋ္ဌော၊ ဇော၊ မနောဒွါရဝီထိများ၌ တည်ရှိကြသော မနောဒွါရာဝဇ္ဇန်း၊ ဇောတို့သည် ဝိပါက် ဝိညာဏ်များ မဟုတ်ကြသဖြင့် အကြောင်းအကျိုး သိမ်းဆည်းရာဝယ် ကြွင်းကျန်နေပေသည်။ သင်္ခါရကြောင့် ဖြစ်သည့် ဝိပါက်ဝိညာဏ်များ မဟုတ်သောကြောင့် ကြွင်းကျန်နေခြင်း ဖြစ်၏။ သို့သော် ဝိပဿနာရှုရာ၌ကား ပရမတ္ထဓာတ်သားများကို မကြွင်းမကျန်စေလိုသော ရည်ရွယ်ချက် ဦးတည်ချက်ဖြင့် ပဉ္စဒွါရာဝဇ္ဇန်း, ဝုဋ္ဌော, ဇော, မနောဒွါရာဝဇ္ဇန်း ဇောတို့ကိုပါ ရောနှော၍ ဝိပဿနာရှုပါက အပြစ်မဖြစ်နိုင်ပါ။ ရှေးက ပဉ္စဒွါရာဝဇ္ဇန်း ဟူသော အာဝဇ္ဇန်းမပါဘဲ စက္ခုဝိညာဏ်စသော ဝိပါက်ဝိညာဏ်များ မဖြစ်နိုင်ပုံကိုလည်းကောင်း, ရှေးက ဇောမပါဘဲ တဒါရုံ မကျနိုင်ပုံကိုလည်းကောင်း သဘောပေါက်ပါ။ မနောဒွါရဝီထိများ၌လည်း အလားတူပင် မနောဒွါရာဝဇ္ဇန်း မပါဘဲ ဝီထိစိတ်များ မဖြစ်နိုင်ပုံကိုလည်းကောင်း ဇောမကျဘဲ တဒါရုံ မကျနိုင်ပုံကို လည်းကောင်း သဘောပေါက်ပါ။

## တစ်နည်း ခွဲ၍ အကြောင်းအကျိုး သိမ်းဆည်းပုံ

၁။ သင်္ခါရဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ စက္ခုဝိညာဏ်က အကျိုးတရား။

၂။ သင်္ခါရဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်းဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်းဝိညာဏ်က အကျိုးတရား။

၃။ သင်္ခါရဖြစ်ခြင်းကြောင့် သန္တီရဏဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ သန္တီရဏဝိညာဏ်က အကျိုးတရား။

၄။ သင်္ခါရဖြစ်ခြင်းကြောင့် တဒါရုံ ဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ တဒါရုံ ဝိညာဏ်က အကျိုးတရား။

**[မှတ်ချက်** — တဒါရုံ၌ ပဉ္စဒွါရဝီထိ၌ (၂)ကြိမ် ခွဲရှုပါ။ မနောဒွါရဝီထိ၌လည်း (၂)ကြိမ်ပင် ခွဲရှုပါ။ အားလုံး (၄)ကြိမ် ရှုပါ။ မနောဒွါရဝီထိပေါင်းများစွာ၌ တဒါရုံပေါင်း များစွာကိုလည်း ဆက်ရှုနိုင်ပါသည်။ အထက်တွင် တင်ပြထားသည့်အတိုင်း စက္ခုဒွါရဝီထိ တစ်ဝီထိတွင် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ပထမတဒါရုံ, ဒုတိယတဒါရုံဟု (၅)ကြိမ်, နောက်လိုက်မနောဒွါရဝီထိစသော မနောဒွါရဝီထိတို့၌ ပထမတဒါရုံ, ဒုတိယ တဒါရုံဟု နှစ်ကြိမ်, အားလုံးပေါင်းသော် (၇)ကြိမ် ရှုပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများကို ပြန်ကြည့်ပါ။ တစ်တန်း၌

(၇)ခါစီ ရှုပါ။ အတန်းတိုင်း အတန်းတိုင်း၌ အကြောင်းအကျိုးကို သိမ်းဆည်းပါ။ အကောင်းအုပ်စု, မကောင်း-အုပ်စု ကုန်စင်အောင် ရှုပါ။ သောတဒွါရဝီထိ စသည်တို့၌လည်း နည်းမှီး၍ ရှုပါ။ သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက် ဝိညာဏ်တို့မှာ ရှုကွက် (၆)လိုင်းလုံး၌ တူညီပေသည်။ မတူရာကိုသာ အနည်းငယ် ဆိုပေအံ့။]

၁။ သောတဒွါရဝီထိ၌ — သင်္ခါရဖြစ်ခြင်းကြောင့် သောတဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ သောတဝိညာဏ်က အကျိုးတရား။

၂။ ဃာနဒွါရဝီထိ၌ — သင်္ခါရဖြစ်ခြင်းကြောင့် ဃာနဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ ဃာနဝိညာဏ်က အကျိုးတရား။

၃။ ဇိဝှါဒွါရဝီထိ၌ — သင်္ခါရဖြစ်ခြင်းကြောင့် ဇိဝှါဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ ဇိဝှါဝိညာဏ်က အကျိုးတရား။

၄။ ကာယဒွါရဝီထိ၌ — သင်္ခါရ ဖြစ်ခြင်းကြောင့် ကာယဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ ကာယဝိညာဏ်က အကျိုးတရား။

၅။ မနောဒွါရဝီထိ၌ — သင်္ခါရဖြစ်ခြင်းကြောင့် ပထမတဒါရုံ ဝိပါက်ဝိညာဏ်ဖြစ်၏။
သင်္ခါရက အကြောင်းတရား၊ ပထမတဒါရုံ ဝိပါက်ဝိညာဏ်က အကျိုးတရား။

ဤမျှဆိုလျှင် သဘောပေါက်သင့်ပေပြီ။ အတန်းတိုင်း အတန်းတိုင်း, ဝီထိတိုင်း ဝီထိတိုင်း၌ ဝိပါက် ဝိညာဏ်များကို နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း ကုန်စင်အောင် သိမ်းဆည်းပါ။

## နာနာက္ခဏိကကမ္မပစ္စယသတ္တိ, ဥပနိဿယပစ္စယသတ္တိ

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၇။)

ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၄၇။)

အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၅၀။)

ဤပဋ္ဌာန်းဒေသနာတော်များနှင့် အညီ ကုသိုလ်ကံ အကုသိုလ်ကံသည် ဝိပါက်ဝိညာဏ်အား နာနာက္ခ-ဏိကကမ္မပစ္စယသတ္တိ ဥပနိဿယပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

**နာနာက္ခဏိကကမ္မပစ္စယသတ္တိ** — ယင်းပုညာဘိသင်္ခါရ (အပုညာဘိသင်္ခါရ)ကံတို့နှင့် လက်ရှိ ပစ္စုပ္ပန် ဘဝ၏ ပဋိသန္ဓေ ပဝတ္တိ ဝိပါက်ဝိညာဏ်များမှာ စိတ္တက္ခဏပေါင်းများစွာ ဝီထိပေါင်းများစွာ ကွာခြားကြ၏။ ကမ္ဘာနှင့် ချီ၍သော်လည်း ကွာခြားနိုင်၏။ အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဖြစ်သည့်ခဏချင်း မတူသောကြောင့် ယင်းအကြောင်းတရားကို နာနာက္ခဏိကကမ္မပစ္စည်းတရားဟု ခေါ်ဆို၍ အကျိုးတရား များကိုလည်း နာနာက္ခဏိက ကမ္မပစ္စယုပ္ပန်ဟု ခေါ်ဆို၏။

**ဥပနိဿယပစ္စယသတ္တိ** — ပဋိသန္ဓေ ပဝတ္တိ ဝိပါက်ဝိညာဏ်များ ထင်ရှားစွာ ဖြစ်ပွားလာရခြင်းမှာ ယင်းကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတို့ကို အားကြီးသော အမှီရ၍ ဖြစ်ပွားလာနိုင်ကြခြင်း ဖြစ်၏။ ပင်ကိုယ် ပကတိ သဘောအားဖြင့် ယင်းသင်္ခါရတို့သည် ဝိပါက်ဝိညာဏ်တို့၏ အားကြီးသောမှီရာ အကြောင်းတရား များပင် ဖြစ်ကြသည်။ ယင်းသင်္ခါရတို့ကို မှီတွယ်ခွင့် မရရှိပါက ယင်းသင်္ခါရကံတို့သည် ပြုပြီးမဟုတ်ပါက ဝိပါက်ဝိညာဏ်များသည် ထင်ရှားစွာ ဖြစ်ပွားလာနိုင်ခွင့် မရှိပေ။ ထိုကြောင့် သင်္ခါရက ဝိပါက်ဝိညာဏ်အား

ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုခြင်း ဖြစ်၏။ ဤကဲ့သို့သော ဥပနိဿယအရာ၌လည်း အကြောင်းတရားနှင့် အကျိုးတရားတို့သည် စိတ္တက္ခဏပေါင်းများစွာ ဝီထိပေါင်းများစွာ ကမ္ဘာပေါင်းများစွာ သော်လည်း ကွာခြားလျက်သာ ရှိကြသည်ဟု မှတ်ပါ။

## ပြုပြီးခြင်းသည်သာလျှင် လိုရင်းဖြစ်သည်

ကတတ္တာယေဝ ဟိ သင်္ခါရာ အတ္တနော ဖလဿ ပစ္စယာ ဟောန္တိ၊ န ဝိဇ္ဇမာနတ္တာ, အဝိဇ္ဇမာနတ္တာ ဝါ။ ယထာဟ – “ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ”တိအာဒိ။ (အဘိ-ဋ္ဌ-၂-၁၅၆။ ဝိသုဒ္ဓိ-၂-၁၈၉။)

သင်္ခါရတရားတို့သည် ပြုအပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် (= ပြုပြီးမှုသာလျှင်) မိမိ၏ အကျိုး တရား၏ အကြောင်းတရားတို့ ဖြစ်နိုင်ကုန်၏။ ဥပါဒ်-ဋ္ဌီ-ဘင် အနေအားဖြင့် ထင်ရှားရှိကုန်သည်၏ အဖြစ်-ကြောင့်လည်းကောင်း, ထင်ရှားမရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, မိမိအကျိုးတရား၏ အကြောင်း တရားတို့ ဖြစ်ကြသည်ကား မဟုတ်ကြလေကုန်။ ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် ဓမ္မသင်္ဂဏီပါဠိတော် (အဘိ-၁-၁၀၄။)၌ –“ကာမာဝစရကုသိုလ်ကံကို ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် ဆည်းပူးအပ်ပြီး-သည်၏ အဖြစ်ကြောင့်သာလျှင် အကျိုး ဝိပါက် စက္ခုဝိညာဏ်သည် ဥပါဒ်-ဋ္ဌီ-ဘင် ခဏတ္တယသို့ ရောက်ဆဲ ဖြစ်လျက် ဖြစ်ပေါ်လာ၏။” – ဤသို့စသည့် ဒေသနာတော်များကို ဟောကြားထားတော်မူခဲ့ပေသည်။

(အဘိ-ဋ္ဌ-၂-၁၅၆။ ဝိသုဒ္ဓိ-၂-၁၈၉။)

ထိုကြောင့် သင်္ခါရကံကို ပြုစုပျိုးထောင်ပြီးခြင်းသည်သာလျှင် ဤသင်္ခါရက ဝိပါက်ဝိညာဏ်ကို ဖြစ်စေ-ရာ၌ လိုရင်းပဓာနဖြစ်သည်ဟု မှတ်သားပါ။ ယင်းသင်္ခါရမှာ လူသားတစ်ဦးသာ ဖြစ်နေသော အသင် သူတော်ကောင်းအတွက် ကွက်၍ဆိုရမူ ကာမာဝစရ မဟာကုသိုလ်စိတ် (၈)မျိုးတို့တွင် တစ်မျိုးမျိုးသာ ဖြစ်သည်။ ဤကျမ်း၌ကား မဟာကုသိုလ် ပဌမစိတ် အမျိုးအစားဖြစ်သည့် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်ကို ပုံစံထား၍ ဖော်ပြထားပါသည်။ ယင်းသင်္ခါရ၌ စေတနာဦးဆောင်သည့် နာမ်တရားစု (၃၄)တို့ ဖြစ်ကြသည်။ မနောဒွါရိကဇောဝီထိစိတ်အစဉ်ပင်တည်း။

○○○○○○○○

## ဝိညာဏပစ္စယာ နာမရူပံ
## ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်ဖြစ်၏။
## ဝိညာဏ်အရ – တရားကိုယ်ကောက်ယူပုံ

နာမရူပဿ ယံ ဟေတု၊ ဝိညာဏံ တံ ဒွိဓာ မတံ။
ဝိပါကမဝိပါကဉ္စ၊ ယုတ္တမေဝ ယတော ဣဒံ။ (အဘိ-ဋ္ဌ-၂-၁၆၃။ ဝိသုဒ္ဓိ-၂-၁၉၄။)

**ဝိညာဏ်** – နာမ်ရုပ်၏ အကြောင်းရင်းဖြစ်သော ဝိညာဏ်မှာ ဝိပါကဝိညာဏ်, အဝိပါကဝိညာဏ်ဟု နှစ်မျိုးရှိ၏။ ထိုတွင် ပဋိသန္ဓေဝိညာဏ်, ဘဝင်ဝိညာဏ်, စုတိဝိညာဏ်တို့မှာ ဝီထိမှ အလွတ်ဖြစ်သော ဝီထိမုတ်စိတ် ဝိပါက်ဝိညာဏ်များ ဖြစ်ကြ၏။ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်ဝိညာဏ်တို့မှာ ဝီထိစိတ်အစဉ်အတွင်း၌ တည်ရှိကြသော ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြ၏။ ကုသိုလ်ဝိညာဏ်, အကုသိုလ်ဝိညာဏ်, ကြိယာဝိညာဏ်တို့ကား အဝိပါကဝိညာဏ်တို့ ဖြစ်ကြ၏။

ယင်းအဝိပါကဝိညာဏ်တို့တွင် ကုသိုလ်ဝိညာဏ် အကုသိုလ်ဝိညာဏ်တို့လည်း ပါဝင်ကြ၏။ ယင်းကုသိုလ်ဝိညာဏ် အကုသိုလ်ဝိညာဏ်တို့ကို အဘိသင်္ခါရဝိညာဏ်ဟုလည်း ခေါ်ဆို၏။ ကမ္မဝိညာဏ်ဟုလည်း ခေါ်ဆို၏။ (အဘိ-ဋ္ဌ-၂-၁၆၃။ မူလဋီ-၂-၁၁၅။)

ယင်းအဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်မှာလည်း အတိတ်က ပြုစုပျိုးထောင်ခဲ့သော အဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်, ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်နေသော အဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်ဟု နှစ်မျိုးရှိ၏။ အကယ်၍ အနာဂတ်ဘဝများ ထင်ရှားရှိနေသေးသော သူတော်ကောင်းဖြစ်မူကား အနာဂတ်တွင် ပြုစုပျိုးထောင်လတ္တံ့သော အဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်လည်း ရှိနိုင်ပေသည်။

**ပုညာဘိသင်္ခါရသဟဂတံ ဝိညာဏန္တိ** တေရသဝိဓပုညာဘိသင်္ခါရသမ္ပယုတ္တံ ကမ္မဝိညာဏံ။ **အပုညာဘိသင်္ခါရသဟဂတံ ဝိညာဏန္တိ** ဒွါဒသဝိဓအပုညာဘိသင်္ခါရသမ္ပယုတ္တံ ကမ္မဝိညာဏံ။ **အာနေဉ္ဇာဘိသင်္ခါရသဟဂတံ ဝိညာဏန္တိ** စတုဗ္ဗိဓံ အာနေဉ္ဇာဘိသင်္ခါရသဟဂတံ ကမ္မဝိညာဏံ။ (စူဠနိ-ဋ္ဌ-၂၄။)

မဟာကုသိုလ်စေတနာ (၈)မျိုး, ရူပါဝစရကုသိုလ်စေတနာ (၅)မျိုး ပေါင်း (၁၃)မျိုးသော ပုညာဘိသင်္ခါရ အမည်ရသော ကုသိုလ်စေတနာနှင့်ယှဉ်သော ကမ္မဝိညာဏ်သည် ပုညာဘိသင်္ခါရနှင့် အတူတကွဖြစ်သော ပုညာဘိသင်္ခါရဝိညာဏ် မည်၏။ အကုသိုလ်စေတနာ (၁၂)မျိုးဟူသော အပုညာဘိသင်္ခါရနှင့် ယှဉ်သော ကမ္မဝိညာဏ်သည် အပုညာဘိသင်္ခါရနှင့် အတူတကွဖြစ်သော အပုညာဘိသင်္ခါရဝိညာဏ် မည်၏။ အရူပါဝစရကုသိုလ်စေတနာ (၄)မျိုးဟူသော အာနေဉ္ဇာဘိသင်္ခါရနှင့် အတူတကွဖြစ်သော ကမ္မဝိညာဏ်သည် အာနေဉ္ဇာဘိသင်္ခါရနှင့် အတူတကွဖြစ်သော အာနေဉ္ဇာဘိသင်္ခါရ ဝိညာဏ် မည်၏။ (စူဠနိ-ဋ္ဌ-၂၄။)

ယင်းကမ္မဝိညာဏ်သည် လူ့ဘုံ နတ်ဘုံ၌ ဖြစ်ခြင်း အစရှိသော အထူးထူး အပြားပြားသော ပဋိသန္ဓေကိုလည်းကောင်း, ဖြစ်ရာဘုံဘဝ၌ အသွင်သဏ္ဌာန် တင့်တယ်ခြင်း မတင့်တယ်ခြင်း အမျိုးမြတ်ခြင်း အမျိုးယုတ်ခြင်း စသော အထူးထူး အပြားပြားသော အကျိုးဝိပါက်ကိုလည်းကောင်း ဖြစ်ပေါ်စေရန် = ဝိပါက်ဝိညာဏ်နှင့် ကမ္မဇရုပ်တို့ကို ဖြစ်ပေါ်စေရန် စီမံခန့်ခွဲမှုကို အလွန်ပြုတတ်၏၊ ထိုကြောင့် ယင်းကမ္မဝိညာဏ်ကို အဘိသင်္ခါရဝိညာဏ်ဟု လည်း ခေါ်ဆို၏။ (စူဠနိ-ဋ္ဌ-၁၆၇။ အဘိ-ဋ္ဌ-၁-၁၀၇။ အဘိ-ဋ္ဌ-၂-၁၃၄။ အံ-ဋ္ဌ-၂-၂၀၄။ အံ-ဋီ-၂-၁၈၃။)

တစ်နည်းအားဖြင့် ယင်းဝိပါကဝိညာဏ်, အဝိပါကဝိညာဏ်တို့ကို ကမ္မဝိညာဏ်, သဟဇာတဝိညာဏ်, ပစ္ဆာဇာတဝိညာဏ်ဟုလည်း ခေါ်ဆို၏။ (မူလဋီ-၂-၁၁၅။)

အတိတ်ဘဝ သံသရာက ပြုစုပျိုးထောင်ခဲ့သော ပုညာဘိသင်္ခါရဝိညာဏ်, အပုညာဘိသင်္ခါရဝိညာဏ်, အာနေဉ္ဇာဘိသင်္ခါရဝိညာဏ်တို့သည် ကမ္မဝိညာဏ်မည်၏။ ပဋိသန္ဓေမှစ၍ ဘဝတစ်လျှောက်တွင် ဖြစ်ပေါ်-နေသော စေတသိက်နာမ်နှင့် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သော အကျိုးနာမ်ရုပ်နှင့် အတူဥပါဒ်သော = ပြိုင်တူ ဖြစ်သော ကုသိုလ်ဝိညာဏ်, အကုသိုလ်ဝိညာဏ်, ဝိပါက်ဝိညာဏ်, ကြိယာဝိညာဏ်တို့သည် သဟဇာတဝိညာဏ် မည်၏။ ဒွေပဉ္စဝိညာဏ်တို့ကား စေတသိက်နာမ်ကိုသာ ဖြစ်စေနိုင်၍ စိတ္တဇရုပ်ကို မဖြစ်စေနိုင်သော သဟဇာတဝိညာဏ်များတည်း။ ရှေးရှေးသော စိတ်တို့နှင့် အတူဥပါဒ်သော ရုပ်တရားတို့ကို သက်တမ်း ကုန်ဆုံးသည့်တိုင်အောင် အရှည်ခိုင်ခံ့ တည်တံ့အောင် အားပေးထောက်ပံ့တတ်သော = ပစ္ဆာဇာတပစ္စယ သတ္တိဖြင့် ကျေးဇူးပြုတတ်သော နောက်နောက်သော စိတ်ဝိညာဏ်ဟူသမျှသည် ပစ္ဆာဇာတဝိညာဏ် မည်၏။

ဤကမ္မဝိညာဏ် သဟဇာတဝိညာဏ် ပစ္ဆာဇာတဝိညာဏ် သုံးမျိုးတို့တွင် ကမ္မဝိညာဏ်နှင့် ပစ္ဆာဇာတ ဝိညာဏ်ကို အသဟဇာတဝိညာဏ်ဟုလည်း ခေါ်၏။ အကျိုးနာမ်ရုပ်နှင့် အတူမဖြစ်သော ဝိညာဏ်ဟု ဆိုလိုသည်။ (အနုဋီ-၂-၁၂၈။)

ဤ၌ အကျိုးနာမ်ရုပ်ကို ဖြစ်စေတတ်သော သဟဇာတဝိညာဏ်အုပ်စုတွင် ကြိယာဝိညာဏ်များလည်း ပါဝင်နေ၏။ ပုထုဇန်အဆင့်တွင် တည်ရှိနေသော အသင်သူတော်ကောင်း၏ သန္တာန်၌ ဖြစ်နိုင်သော ကြိယာစိတ် တို့မှာ အာဝဇ္ဇန်းကိစ္စ ဝုဋ္ဌောကိစ္စတို့ကို ရွက်ဆောင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်း, ဝိညာဏ် တို့ပင် ဖြစ်ကြသည်။ မနောဒွါရာဝဇ္ဇန်းသည် ပဉ္စဒွါရဝီထိ၌ ဝုဋ္ဌောကိစ္စ, မနောဒွါရဝီထိ၌ အာဝဇ္ဇန်းကိစ္စကို ရွက်ဆောင်သည်။

တစ်ဖန် ယင်းသဟဇာတဝိညာဏ်အုပ်စုတွင် ပဋိသန္ဓေဝိညာဏ်လည်း ပါဝင်နေ၏။ ယင်းပဋိသန္ဓေ ဝိညာဏ်သည် မိမိနှင့် အတူဥပါဒ်သည့် စေတသိက်နာမ်တရားကိုလည်း ဖြစ်ပေါ်လာအောင် သဟဇာတစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ယင်းပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်သော်လည်း မိမိနှင့် အတူဥပါဒ်သည့် ကမ္မဇရုပ်ကိုကား သဟဇာတစသော ပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး နိုင်၏။ ထို့ကြောင့် ပရိယာယ်တစ်မျိုးအားဖြင့် ပဋိသန္ဓေဝိညာဏ်သည်လည်း နာမ်ရုပ်ကို ဖြစ်စေနိုင်၏ဟု မှတ်ပါ။ အကြောင်းဖြစ်သော ဝိညာဏ်အရ တရားကိုယ်ကောက်ယူပုံကို ပြပြီး၍ အကျိုးဖြစ်သော နာမ်ရုပ်အရ တရားကိုယ်ကောက်ယူပုံကို ဆက်လက်တင်ပြအပ်ပါသည်။

## ရုပ်–အရ တရားကိုယ်ကောက်ယူပုံ

တတ္ထ ကတမံ ရူပံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ။ ဣဒံ ဝုစ္စတိ ရူပံ။
(အဘိ-၂-၁၄၂-၁၄၃။ သံ-၁-၂၄၅။ မ-၁-၆၅-၆၆။)

ဤအထက်ပါ အဘိဓမ္မာပါဠိတော်နှင့် သုတ္တန်ပါဠိတော်တို့၌ နာမရူပပုဒ်ဝယ် ပါဝင်သော ရုပ်တရားအရ ဘူတရုပ် ဥပါဒါရုပ်တို့ကိုပင် တရားကိုယ်ကောက်ယူရန် တစ်ညီတစ်ညွတ်တည်း အကွဲအပြားမရှိ ဟောကြား ထားတော်မူ၏။ (အဘိ-ဌ-၂-၁၆၀။)

## နာမ်–အရ တရားကိုယ်ကောက်ယူပုံ

တတ္ထ ကတမံ နာမံ၊ ဝေဒနာ သညာ စေတနာ ဖဿော မနသိကာရော။ (သံ-၁-၂၄၅။ မ-၁-၆၅-၆၆။)

တတ္ထ ကတမံ နာမံ၊ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော၊ ဣဒံ ဝုစ္စတိ နာမံ။ (အဘိ-၂-၁၄၃။)

သုတ္တန်ပါဠိတော်တို့၌ ဝိညာဏပစ္စယာ နာမရူပံပုဒ်တွင် ပါဝင်သော နာမ်အရ ဝေဒနာ သညာ စေတနာ ဖဿ မနသိကာရတို့ကို အရကောက်ယူရန် ဟောကြားထားတော်မူ၏။ ဤအဘိဓမ္မာဝိဘင်းပါဠိတော်၌ကား နာမ်အရ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့ကို အရကောက်ယူရန် ညွှန်ကြားထားတော်မူ၏။

စိတ္တဿ ဌိတိ — စိတ်၏ တည်ကြောင်းဖြစ်သော ဇီဝိတိန္ဒြေနာမ်တရား၊ အရူပီနံ ဓမ္မာနံ အာယု = နာမ်တရားတို့၏ အသက်ဇီဝိတိန္ဒြေ — ဤ၌ စိတ်၏ တည်ကြောင်းဖြစ်သော ဇီဝိတိန္ဒြေနာမ်သည် စိတ်ဟူသော အခြားတရားကို မှီ၍ ဟောပါမှ ထင်ရှား၏။ တည်ကြောင်းတရား တည်ကြောင်းတရားဟု ဆို၏။ အဘယ်-တရား၏ တည်ကြောင်းတရားပါနည်းဟု မေးရန် ရှိလာ၏။ စိတ်၏တည်ကြောင်းတရားဟု ဤသို့ ဟောပါမှ ထင်ရှား၏။ အလားတူပင် — နာမ်တရားတို့၏ အသက်ဟူရာ၌ အာယု = အသက်ဖြစ်သော ဇီဝိတိန္ဒြေနာမ်သည် အခြားသော အရူပီမည်သော နာမ်တရားတို့ကို မှီ၍ ဟောပါမှ ထင်ရှား၏။ အာယု = အသက်ဟူသည် အဘယ်တရားတို့၏ အသက်ပါနည်းဟု မေးရန်ရှိလာ၏၊ နာမ်တရားတို့၏ အသက်ဟု ဖြေခဲ့သော် ပြည့်စုံသွား၏။ အာယု = ဇီဝိတိန္ဒြေမှ အခြားတစ်ပါးသော နာမ်တရားတို့ကို မှီ၍ ဟောပါမှ ထင်ရှား၏။ "မှီ"ဟူရာ၌ အခြားတရားတို့နှင့် ဆက်သွယ်၍ ဟောတော်မူခြင်းတည်း။

စက္ခုဝိညာဏ်ကြောင့် ဖြစ်သော (စေတသိက်)နာမ်တရားသည် ဤသို့ အခြားတရားကို မမှီဘဲ ဉာဏ်ဖြင့် ယူအပ်သောကြောင့် ယူနိုင်သောကြောင့် ဝေဒနာ သညာ စေတနာ ဖဿ မနသိကာရအားဖြင့် ထင်ရှား၏။ ထိုထင်ရှားသော တရားတို့ကို ပြတော်မူလိုသောကြောင့် သုတ္တန်ပါဠိတော်၌ စေတနာ ဖဿ မနသိကာရ အားဖြင့် သင်္ခါရက္ခန္ဓာကို သုံးပါးခွဲခြား၍ ဝေဒနာ, သညာ ဟူသော ခန္ဓာနှစ်ပါးနှင့် အတူတကွ ဟောတော်မူသည်။ (သင်္ခါရက္ခန္ဓာ၌ ဖဿ စေတနာ မနသိကာရတို့ကား ထင်ရှား၏။ ပြဓာန်းသည့် ပဓာနနည်း, ထင်ရှားသည့် ပါကဋနည်းအားဖြင့် သင်္ခါရက္ခန္ဓာတရားတို့ကို ယင်းသုံးပါး၌ စုပေါင်း၍ ဟောတော်မူခြင်း ဖြစ်၏။ အားလုံးပေါင်းသော် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟု ခန္ဓာသုံးပါးပင် ဖြစ်သည်။)

ဤအဘိဓမ္မာဝိဘင်းပါဠိတော်၌ကား ထိုသုတ္တန်ပါဠိတော်၌ ဟောအပ်ပြီးသော နာမ်တရားကို လည်းကောင်း, မဟောအပ်သော နာမ်တရားကိုလည်းကောင်း အလုံးစုံသော နာမ်တရားကို သိမ်းယူတော်မူလိုသည်၏ အဖြစ်ကြောင့် — ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟူသော နာမ်ခန္ဓာသုံးပါးတို့ကို နာမ်တရားဟူ၍ ဟောတော်မူ၏။ (အဘိ-ဋ-၂- ၁၆၀။)

ဤတရားကိုယ်ကောက်ယူပုံ၌ အကြောင်းဖြစ်သော ဝိညာဏ်နှင့် အကျိုးဖြစ်သော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟူသော စေတသိက်နာမ်တရားတို့သည် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ ဖြစ်ကြသည့် သဟဇာတတရားတို့ ဖြစ်ကြ၏။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ပေါ်သွားကြသော ဝီထိစိတ် ဝီထိမုတ်စိတ်အားလုံး ပါဝင်၏။ သဟဇာတဝိညာဏ်ကြောင့် သဟဇာတ နာမ်ရုပ်ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား, အကျိုးတရားတို့ကို သိမ်းဆည်းရမည် ဖြစ်ပေသည်။

## မေးမြန်းဖွယ် အချက်တစ်ရပ်

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာသုံးပါးတို့သည်သာလျှင် နာမ်မည်လေသလော၊ ဝိညာဏ်သည်လည်း နာမ်မမည်လေသလော — ဤကား အမေးတည်း — ။

အဖြေ — စိတ် စေတသိက်တရားအားလုံးတို့သည် အာရုံသို့ ညွတ်တတ်သော သဘောရှိသောကြောင့် နာမ်ဟူသော အမည်ကို ရနိုင်သည်ချည်းသာတည်း။ ထိုကြောင့် ဝိညာဏ်သည်လည်း နာမ်မမည်သည်ကား မဟုတ်၊ နာမ်မည်သည်သာ ဖြစ်၏။ ထိုသို့ပင် ဝိညာဏ်သည် နာမ်တရား ဖြစ်ပါသော်လည်း ထိုဝိညာဏ်ကို နာမရူပဝယ် နာမ = နာမ်အရ၌ ထည့်သွင်း၍ ကောက်ယူခဲ့သော် နာမဝိညာဏ = နာမအရတွင် ပါဝင်သော အကျိုးဝိညာဏ်နှင့် ဝိညာဏပစ္စယာတွင် အကျုံးဝင်သော အကြောင်းဝိညာဏ်ဟူသော နှစ်မျိုးသော ဝိညာဏ် တို့၏ အတူတကွ ဖြစ်ခြင်း = ပြိုင်တူ ဖြစ်ခြင်းဟူသော အပြစ်သည် ရောက်ရှိလာလေရာ၏။ ထိုကြောင့် ဝိညာဏ်ကို အကြောင်းတရားနေရာ၌ ထားပြီး၍ ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သော စေတသိက် နာမ်ကို ညွှန်ကြားပြသတော် မူခြင်းငှာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟူသော နာမ်ခန္ဓာ (၃)ပါး တို့ကိုသာလျှင် ဟောတော်မူအပ်ကုန်ပြီဟု မှတ်ပါ။ (အဘိ-ဋ္ဌ-၂-၁၆၀။)

## ပဋိသန္ဓေအခိုက် ရှုကွက်

အသင်သူတော်ကောင်းသည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဌမ မဟာဝိပါက် စိတ်ဖြင့် ပဋိသန္ဓေတည်နေခဲ့သူ ဖြစ်အံ့။ ပဋိသန္ဓေအခိုက်၌ နာမ်တရား (၃၄) ကမ္မဇရုပ် (၃၀)ရှိမည် ဖြစ်၏။ ပဋိသန္ဓေနာမ်တရား (၃၄)တွင် ပါဝင်သော ပဋိသန္ဓေဝိညာဏ်ကို အကြောင်းတရား နေရာ၌ ထား၍ ယင်းပဋိသန္ဓေဝိညာဏ်ကြောင့် စေတသိက်နာမ်တရား (၃၃)နှင့် ကမ္မဇရုပ် (၃၀)တို့ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

ပဋိသန္ဓေဝိညာဏ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေနာမ်ရုပ် ဖြစ်၏။
ပဋိသန္ဓေဝိညာဏ်က အကြောင်းတရား၊ ပဋိသန္ဓေနာမ်ရုပ်က အကျိုးတရား။

ဤသို့ အကြောင်းအကျိုး သိမ်းဆည်းပါ။ ပဋိသန္ဓေ၏ ဌီကာလ၌ကား ဥတုဇရုပ်များ စတင်၍ ဖြစ်ကြပြီ ဖြစ်၏။ စိတ္တဇရုပ် အာဟာရဇရုပ်တို့ကား မဖြစ်နိုင်ကြသေးပေ။ သို့အတွက် ယင်းဥတုဇရုပ်တို့ကိုပါ ရောနှော၍ ရှုလိုက ရှုပါ။ အကယ်၍ အသင်သူတော်ကောင်းသည် ဘဝတစ်ခုတွင် ဘာဝရုပ် ချို့တဲ့သူဖြစ်လျှင် ထိုဘဝ၌ ကမ္မဇရုပ်မှာ (၃၀)မရှိဘဲ (၂၀)သာ ရှိပေမည်။

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝတစ်ခုတွင် ဣန္ဒြေပြည့်စုံသည့် သြပပါတိက နတ်သား ဖြစ်ခဲ့ဖူးလျှင် ထိုဘဝ၌ ထိုသြပပါတိက ပဋိသန္ဓေအခိုက်ဝယ် (တိဟိတ် သောမနဿ ပဋိသန္ဓေ ဖြစ်လျှင်) နာမ်တရား (၃၄), ရုပ် (၇၀)တို့ ရှိကြမည် ဖြစ်သည်။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဟဒယ ဟူသော ဒသကကလာပ် (၇)စည်း ရှိသဖြင့် ရုပ် (၇၀) ဖြစ်သည်။ ထိုတွင် ပဋိသန္ဓေဝိညာဏ်ကြောင့် ပဋိသန္ဓေနာမ်တရား (၃၃), ရုပ် (၇၀) ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရား တို့ကို သိမ်းဆည်းပါ။

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝတစ်ခုတွင် ရူပဗြဟ္မာပြည်သို့ ရောက်ခဲ့ဖူးလျှင် ဃာန, ဇိဝှါ, ကာယ, ဘာဝဟူသော ဒသကကလာပ် (၄)မျိုး လျော့သွားမည် ဖြစ်၏။ ပဋိသန္ဓေအခိုက်၌

စက္ခုဒသကကလာပ် သောတဒသကကလာပ် ဟဒယဝတ္ထုဒသကကလာပ် ဇီဝိတနဝကကလာပ်ဟူသော ရုပ်ကလာပ်အမျိုးအစား (၄)မျိုး ရုပ်အမျိုးအစား (၃၉), ပထမဈာန် ဝိပါက်ပဋိသန္ဓေဖြစ်လျှင် နာမ်တရား (၃၄) ရှိကြမည် ဖြစ်၏။ (ကရုဏာဈာန်၌ ကရုဏာ ထပ်တိုးပါ။ မုဒိတာဈာန်၌ မုဒိတာ ထပ်တိုးပါ။ အကယ်၍ ဒုတိယဈာန် ဝိပါက် ပဋိသန္ဓေဖြစ်လျှင် ဝိတက် ဝိစာရ မပါ၊ တတိယဈာန် ဝိပါက် ပဋိသန္ဓေဖြစ်လျှင် ပီတိမပါ ဤသို့စသည်ဖြင့် သဘောပေါက်ပါ။) ယင်းပဋိသန္ဓေဝိညာဏ် အသီးအသီးကြောင့် ပဋိသန္ဓေနာမ်ရုပ် အသီးအသီး ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်း အကျိုး သိမ်းဆည်းပါ။

ထိုထို ဘဝ၌ ထိုထို ပဋိသန္ဓေဝိညာဏ်ကြောင့် ထိုထို ထိုက်သင့်ရာ နာမ်ရုပ် ဖြစ်ခဲ့ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းအကျိုး သိမ်းဆည်းပါ။ အနာဂတ်၌လည်း နည်းတူပင် သဘောပေါက်ပါ။

အရူပဘုံ၌ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ခန္ဓာသုံးပါးသာ ဖြစ်၏။ အသညသတ်သတ္တဝါတို့၏ သန္တာန်၌ကား အသညသတ်ဘုံသို့ မရောက်မီဘဝက ထူထောင်ခဲ့သော အဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်ကြောင့် ဇီဝိတနဝကကလာပ်ဟူသော ရုပ်ပဋိသန္ဓေသာ ဖြစ်၏။

ပဝတ္တိအခါ၌ကား ဥတုဇရုပ်များ ဖြစ်သည့်အချိန် စိတ္တဇရုပ်များ ဖြစ်သည့်အချိန် အာဟာရဇရုပ်များ ဖြစ်သည့်အချိန်မှ စ၍ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်ဟူသော စတုသမုဋ္ဌာနိကရုပ် အားလုံးကိုပင် ခြုံငုံ၍ ရှုနိုင်ပါသည်။ သဟဇာတဝိညာဏ်ကြောင့် ဖြစ်နိုင်သော ရုပ်တရားတို့မှာ — စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊ (ပဋ္ဌာန-၁-၅။) — ဟူသည်နှင့်အညီ စိတ္တဇရုပ်တို့သာ ဖြစ်ကြ၏။ သို့သော် —

ယံ ပနေတမေတ္ထ ကမ္မဇရူပံ၊ တံ ဘဝယောနိဂတိဝိညာဏဋ္ဌိတိသတ္တာဝါသေသု သဗ္ဗပထမံ ပတိဋ္ဌဟန္တမ္ပိ တိသမုဋ္ဌာနိကရူပေန အနုပတ္ထဒ္ဓံ န သက္ကောတိ သဏ္ဌာတုံ၊ နာပိ တိသမုဋ္ဌာနိကံ တေန အနုပတ္ထဒ္ဓံ။

(အဘိ-ဋ္ဌ-၂-၁၆၂။ ဝိသုဒ္ဓိ-၂-၁၉၄။)

ဤ ကံ စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်ကုန်သော စတုသမုဋ္ဌာနိကရုပ်တို့တွင် ကမ္မဇရုပ်ကား ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသတို့၌ အလုံးစုံသော ရုပ်တို့၏ ရှေးဦးစွာ တည်ရပါသော်လည်း စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်ဟူသော တိသမုဋ္ဌာနိကရုပ်သည် မထောက်ပံ့အပ်သည် ဖြစ်လတ်သော် ကောင်းစွာ တည်ခြင်းငှာ မစွမ်းနိုင်၊ တိသမုဋ္ဌာနိကရုပ်သည်လည်း ထိုကမ္မဇရုပ်သည် မထောက်ပံ့အပ်သည် ဖြစ်လတ်သော် ကောင်းစွာ တည်ခြင်းငှာ မစွမ်းနိုင်။ စင်စစ်သော်ကား — ထိပ်ချင်းဆိုင်၍ အောက်ခြေဘက်က ကား၍ ထောင်ထားအပ်သော ကျူစည်း (၄)စည်းတို့သည် လေတိုက်ခတ်မှုဒဏ်ကို ခံရသော်လည်း အချင်းချင်း ထောက်ပံ့ထားသဖြင့် မလဲမပြိုနိုင်သကဲ့သို့, လှေတစ်စင်းနှင့် တစ်စင်း တွဲဖက်၍ ဆိပ်ကမ်း တစ်နေရာ၌ စုပြုံတည်နေရာဝယ် လေတိုက်ခတ်သဖြင့် လှိုင်းပုတ်ခတ်စေကာမူ လှေတို့သည် အချင်းချင်း တစ်စင်းနှင့် တစ်စင်း ထောက်ပံ့ထားသဖြင့် ကွဲကွာ၍ မသွားနိုင်သကဲ့သို့ — ထို့အတူ ကမ္မဇရုပ်နှင့် တိသမုဋ္ဌာနိက ရုပ်များသည် ခန္ဓာကိုယ် တစ်ကိုယ်တည်းဝယ် အချင်းချင်း ထောက်မှီ၍ တစ်သက်တာပတ်လုံး တည်နေကြပေသည်။ (အဘိ-ဋ္ဌ-၂-၁၆၂။ ဝိသုဒ္ဓိ-၂-၁၉၄။)

ထို့ကြောင့် သဟဇာတဝိညာဏ်ကြောင့် ဖြစ်သော ရုပ်တရားအရ စိတ္တဇရုပ်ကိုသာ မကောက်ယူဘဲ မကင်းစကောင်းသော အဝိနာဘာဝနည်းအရ စတုသမုဋ္ဌာနိကရုပ် အားလုံးကိုပင် အရကောက်ယူပါ။ စတုသမုဋ္ဌာနိက ဘူတရုပ် ဥပါဒါရုပ်အားလုံးကိုပင် ရုပ်ဟု ဆိုလိုသည်။ ရောနှော၍ ဝိပဿနာရှုပါက အပြစ် မဖြစ်ပါ။

သဟဇာတဝိညာဏ်ကြောင့် ဖြစ်သော ယှဉ်ဖက် စေတသိက်နာမ်အရ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် တင်ပြထားသည့်အတိုင်း ထိုထို စိတ္တက္ခဏ၌ ထိုက်သလို ကောက်ယူပါ။

၁။ စတုဝေါကာရအမည်ရသော အရူပလေးဘုံတို့၌ ပဝတ္တိအခါ ပဋိသန္ဓေအခါ အားလုံးတို့၌ သဟဇာတ ဝိညာဏ်ကြောင့် စေတသိက်နာမ်သာလျှင် ဖြစ်၏။ ရုပ်မဖြစ်ပေ။

၂။ ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါဝယ် ဒွေပဉ္စဝိညာဏ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကုန်။ မူလဋီကာ ဆရာတော်၏ အလိုအားဖြင့် စုတိစိတ်အားလုံးသည်လည်း စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ (မူလဋီ-၁-၁၅၂။) ထိုကြောင့် ဒွေပဉ္စဝိညာဏ်ဟူသော သဟဇာတဝိညာဏ်ကြောင့် စေတသိက်နာမ်သာ ဖြစ်၏၊ ရုပ်မဖြစ်။ မူလဋီကာဆရာတော် အလိုအားဖြင့် စုတိစိတ်ဟူသော သဟဇာတဝိညာဏ်ကြောင့်လည်း စေတသိက်နာမ်သာ ဖြစ်၏၊ ရုပ်မဖြစ်နိုင်။ သို့သော် ပဉ္စဝိညာဏ်အခိုက်၌ စိတ္တဇရုပ်မဖြစ်သော်လည်း ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကား ဖြစ်လျက်ပင် ရှိ၏။ မကင်းစကောင်းသော အဝိနာဘာဝနည်းအရ ထိုရုပ်တို့ကိုပါ ရောနှော၍ သိမ်းဆည်းရှုပွားလျှင်လည်း အပြစ် မဖြစ်နိုင်ပါ။ (ပဉ္စဝိညာဏ်တို့သည် ပဉ္စဒွါရာဝဇ္ဇန်းဟူသော မိမိတို့၏ ရှေးစိတ္တက္ခဏက ဖြစ်ခဲ့သော ရုပ်၏ ဌီကာလသို့ ရောက်ရှိနေကြသော စတုသမုဋ္ဌာနိကရုပ်တို့အား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက်ကား ရှိ၏။)

၃။ အသညသတ်ဘုံတို့၌ ပဝတ္တိအခါ ပဋိသန္ဓေအခါ အားလုံးတို့၌ အသညသတ်ဘုံသို့ မရောက်မီဘဝက ပြုစုပျိုးထောင်ခဲ့သော ရူပါဝစရပုညာဘိသင်္ခါရဟူသော စတုက္ကနည်းအရ စတုတ္ထဈာန်, ပဉ္စကနည်းအရ ပဉ္စမဈာန် ကမ္မဝိညာဏ်ကြောင့် ဇီဝိတနဝကကလာပ်ဟူသော ရုပ်သာလျှင် ဖြစ်၏။ နာမ်မဖြစ်ပေ။

၄။ ပဉ္စဝေါကာရဘုံဝယ် ပဝတ္တိအခါ၌ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေနောင် ပထမဘဝင်အစရှိသော ဝိပါက် နာမ်တရား ဝိပါက် ကမ္မဇရုပ်တရားတို့သည် အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော ကံကြောင့် = ကမ္မ-ဝိညာဏ်ကြောင့် ဖြစ်ကြရ၏။ ယင်းဘဝင်စသော ဝိပါက် ရုပ်နာမ်ကို ဖြစ်စေတတ်သော ကံမှ အခြားတစ်ပါးသော ကံကြောင့်လည်း ကမ္မဇရုပ်တရားများ ဖြစ်နိုင်၏။ ဤသို့လျှင် ဘဝင်စသော ဝိပါက်ဝိညာဏ်များ ဖြစ်ခိုက်ဝယ်–

(က) ဘဝင်စသော ဝိပါက်ဝိညာဏ်ကို ဖြစ်စေတတ်သော ကံကြောင့်ဖြစ်သော ရုပ်,
(ခ) ယင်းကံမှ အခြားတစ်ပါးသော ကံကြောင့်ဖြစ်သော ရုပ်ဟု ကမ္မဇရုပ် နှစ်မျိုးရှိနိုင်၏။

ဥပမာ - ဘုရားရှင်၏ ဝိပါက်တော်များကိုပင် ပြန်လည်၍ အာရုံယူကြည့်ပါ။

တတ္ထ သဗ္ဗေပိ **သဗ္ဗညုဗောဓိသတ္တာ** ပစ္ဆိမပဋိသန္ဓိဂ္ဂဟဏေ ပဌမေန **သောမနဿသဟဂတ တိဟေတုက အသင်္ခါရိက မဟာဝိပါကစိတ္တေန** ပဋိသန္ဓိံ ဂဏှန္တိ။ တံ ပန မေတ္တာပုဗ္ဗဘာဂစိတ္တဿ ဝိပါကံ ဟောတိ။
(အဘိ-ဌ-၁-၃၀၇။)

သဗ္ဗညုဘုရားအလောင်းတော် မှန်သမျှတို့သည် မေတ္တာလျှင် ရှေ့သွားရှိသော မေတ္တာပြဓာန်းသော သောမနဿဝေဒနာနှင့် အတူတကွဖြစ်သော ပထမ မဟာကုသိုလ် ဉာဏသမ္ပယုတ် အသင်္ခါရိကစေတနာကံ-ကြောင့် ပထမ သောမနဿသဟဂုတ် တိဟိတ် အသင်္ခါရိက မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေယူတော်မူကြ၏။
(အဘိ-ဌ-၁-၃၀၇။)

တစ်ဖန် ဘုရားရှင်သည် ခေါင်းခဲတော်မူရ၏၊ ခါးနာတော်မူရ၏။ ဦးခေါင်းတော်ခဲရသည့်အခိုက်, ခါးနာတော်မူရသည့်အခိုက်တို့၌ ဒုက္ခသဟဂုတ် အကုသလ ဝိပါက်ဝိညာဏ်နှင့် အကုသိုလ်ကမ္မဇရုပ်တို့လည်း ဖြစ်ပေါ်နေကြ၏။ ဦးခေါင်းတော်ခဲရခြင်းမှာ တံငါသည်ရွာတွင် အလောင်းတော်ဘဝက လူဖြစ်ခဲ့စဉ်က

ဆွေမျိုးတို့ ငါးများများရသည်ကို မြင်ရ၍ ဝမ်းသာဖူးသည့် အကုသိုလ်ကံကြောင့် ဖြစ်ရ၏။ ခါးနာတော်မူရခြင်းမှာ အလောင်းတော် ဖြစ်စဉ်က တစ်ခုသောဘဝဝယ် လက်ဝှေ့သမားဖြစ်စဉ် လက်ဝှေ့သမားချင်း ခါးကို ကျိုးအောင် ရိုက်ချိုးခဲ့ဖူးသော အကုသိုလ်ကံကြောင့် ဖြစ်ရ၏။

ယင်းအကုသိုလ်ကံများကြောင့် အကုသလ ဝိပါက် နာမ်တရားစုနှင့် အကုသိုလ်ကမ္မဇရုပ်တို့ ဖြစ်နေ-ချိန်ဝယ် အထက်တွင် ဖော်ပြထားသော မေတ္တာပြဓာန်းသည့် မဟာကုသိုလ်ကံကြောင့်လည်း ကမ္မဇရုပ်တို့ကား ထင်ရှား ဖြစ်နေကြသည်သာ ဖြစ်၏။ ထိုအချိန်တွင် (၃၂)ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်များ မပျောက်ကွယ်ဘဲ ထင်ရှားရှိနေဆဲပင် ဖြစ်သည်ကို သတိပြုပါ။

တစ်ဖန် ယင်းမေတ္တာပြဓာန်းသည့် မဟာကုသိုလ်ကံကြောင့် = ကမ္မဝိညာဏ်ကြောင့် ဘဝင်စသော ဝိပါက် နာမ်တရားစုနှင့် ကမ္မဇရုပ်တို့ ဖြစ်နေချိန်ဝယ် ခါးနာသော အခြင်းအရာ, ခေါင်းခဲသော အခြင်းအရာအားဖြင့် ဖြစ်ပေါ်နေကြသော ကမ္မဇရုပ်တို့လည်း ထင်ရှား ဖြစ်နေကြဆဲသာ ဖြစ်ကြ၏။ ဘဝင်စသော ဝိပါက်နာမ် တရားစုတို့ ဖြစ်ချိန်ဝယ် ဒုက္ခသဟဂုတ် အကုသလ ဝိပါက်ဝိညာဏ်နာမ်တရားစုတို့ ဖြစ်ခွင့် မရကြသော်လည်း အကုသိုလ် ကမ္မဇရုပ်တို့ကား ဖြစ်ခွင့်ရနေကြ၏။

ထိုကြောင့် ဘဝင်စသော ကုသလ ဝိပါက်ဝိညာဏ် နာမ်တရားစုတို့ ဖြစ်ခိုက်ဝယ် ဖြစ်ခွင့်ရနေသော အကုသလ ဝိပါက် ကမ္မဇရုပ်များသည်လည်းကောင်း, အကုသလ ဝိပါက်ဝိညာဏ် နာမ်တရားစုတို့ ဖြစ်ခိုက် ဖြစ်ခွင့်ရနေသော ကုသိုလ် ဝိပါက် ကမ္မဇရုပ်တို့သည်လည်းကောင်း ကမ္မဝိညာဏ်ကြောင့်ဖြစ်သော ရုပ်တရား များသာ ဖြစ်ကြ၏။ ကမ္မဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်ပုံတည်း။

တစ်ဖန် ဘုရားရှင်၏ သန္တာန်တော်၌ မေတ္တာပြဓာန်းသည့် မဟာကုသိုလ် စေတနာကံကြောင့် = ကမ္မ-ဝိညာဏ်ကြောင့် ဘဝင်စသော ဝိပါက်နာမ်တရားစုများနှင့် ကုသိုလ်ကမ္မဇရုပ်များ ဖြစ်ကြရသကဲ့သို့ အလားတူပင် အခြားအခြားသော ကောင်းမှုကုသိုလ်ကံများကြောင့်လည်း ပဝတ္တိအခါဝယ် အခြားအခြားသော ကုသလ ဝိပါက်ဝိညာဏ် နာမ်တရားစုများနှင့် ကုသိုလ်ကမ္မဇရုပ်များလည်း သို့မဟုတ် ကမ္မပစ္စယဥတုဇရုပ် များလည်း ထိုက်သလို ဖြစ်နိုင်ကြ၏။

ဥပမာ - အရှင်သုသိမပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ကြွင်းကျန်ရစ်သော ဓာတုစေတီတော်၌ မြက်နှုတ်ခြင်း, သဲဖြူခင်းခြင်း, ရေဖျန်းခြင်း, ထီးတံခွန်လှူခြင်းတည်းဟူသော ကုသိုလ်ကံ ကြောင့် = ကမ္မဝိညာဏ်ကြောင့် ရတနသုတ္တန်ကို ဟောကြားတော်မူရန် ရာဇဂြိုဟ်မှ ဝေသာလီသို့ ကြွတော်မူရာ လမ်းခရီးတစ်လျှောက်၌ နဂါး လူ နတ် ပြဟ္မာတို့၏ အပူဇော်ကို ခံယူတော်မူရခြင်းကဲ့သို့ မှတ်ပါ။

ထိုကဲ့သို့ ဘဝင်စသော ဝိပါက်ဝိညာဏ် နာမ်တရားစုများနှင့် ကမ္မဇရုပ်များကို ဖြစ်စေတတ်သော မေတ္တာပြဓာန်းသည့် မဟာကုသိုလ်ကံမှ တစ်ပါးသော အခြားအခြားသော ကံများကြောင့် ဝိပါက်နာမ်တရားစုနှင့် ကမ္မဇရုပ်တို့ ဖြစ်ချိန်ဝယ် ယင်းမေတ္တာပြဓာန်းသည့် မဟာကုသိုလ်ကံဟူသော ကမ္မဝိညာဏ်ကြောင့် ကမ္မဇရုပ် များသာ ဖြစ်ခွင့်ရနိုင်၏။ အလားတူပင် ဘဝင်စသော ဝိပါက်နာမ်တရားစုတို့ ဖြစ်ချိန်ဝယ် ယင်းအခြားအခြား သော ကုသိုလ်ကံများကြောင့် ဝိပါက်နာမ်တရားစုတို့ ဖြစ်ခွင့်မရကြဘဲ ကမ္မဇရုပ်တို့သာ ဖြစ်ခွင့်ရကြ၏။ ယင်းကမ္မဇရုပ်တို့မှာလည်း အတိတ်က ကမ္မဝိညာဏ်ကြောင့် ဖြစ်သည့် ရုပ်တရားတို့သာ ဖြစ်ကြသည်။ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်ပုံတည်း။

အသင်သူတော်ကောင်း၏ သန္တာန်၌လည်း အထက်ပါ ပုံစံများကို နည်းမှီး၍ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်ပုံကို သဘောပေါက်ပါ။

တစ်ဖန် နိရောဓသမာပတ်ကို ဝင်စားတော်မူရာ အချိန်အခါကာလ၌ စိတ်+စေတသိက်+စိတ္တဇရုပ်တို့ကား ချုပ်နေ၏။ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့သာ ဖြစ်နေကြ၏။ ထိုအချိန်အခါ၀ယ် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါ အတိတ်က ကမ္မဝိညာဏ်ကြောင့် ရုပ်သက်သက်သာ ဖြစ်နေသည့် အချိန်အခါဖြစ်သည်။

(မူလဋီ-၂-၁၁၅။ မဟာဋီ-၂-၃၁၉။)

တစ်ဖန် ဘုရားရှင်သည် ပရိနိဗ္ဗာန်မစံမီ (၁၀)လမြောက် ဝါဆိုလပြည့်နေ့မှ စ၍ ဖြစ်ပေါ်လာသော မရဏန္တိက ဒုက္ခဝေဒနာကို ပယ်ခွာတော်မူရန် ဦးတည်ချက်ဖြင့် ရူပသတ္တကရှုနည်း အရူပသတ္တကရှုနည်းဟူသော ဝိပဿနာရှုနည်းတို့ဖြင့် အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားတော်မူ၏။ ယင်းဝိပဿနာဇောများစောခိုက်၌လည်း အတိတ်က မေတ္တာပြခန်းသည့် မဟာကုသိုလ်ကံကြောင့် ဖြစ်နေသည့် ကမ္မဇရုပ်များသည်လည်းကောင်း, အခြားအခြားသော ကုသိုလ်ကံကြောင့်ဖြစ်သည့် ကုသိုလ် ကမ္မဇရုပ်များသည်လည်းကောင်း, ခါးနာသော အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာသော အကုသိုလ် ကမ္မဇရုပ်များသည်လည်းကောင်း ဖြစ်နေကြသည်သာ ဖြစ်၏။ ယင်းကမ္မဇရုပ်တို့မှာလည်း အတိတ်က ကမ္မဝိညာဏ်ကြောင့် ဖြစ်ကြရသည့် ရုပ်တရားတို့သာ ဖြစ်ကြသည်။ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်ပုံပင်တည်း။

၅။ ယဥ္စ ပဥ္စဝေါကာရဘဝေ သဗ္ဗတ္ထ ဝိညာဏပစ္စယာ နာမရူပံ။ (အဘိ-ဋ္ဌ-၂-၁၆၃။ ဝိသုဒ္ဓိ-၂-၁၉၄။)

**သမ္ဘတ္တာတိ** ပဋိသန္ဓိယံ ပဝတ္တေ စ။ သဟဇာတဝိညာဏပစ္စယာ နာမရူပံ, ကမ္မဝိညာဏပစ္စယာ စ နာမရူပဥ္စ ယထာသမ္ဘဝံ ယောဇေတဗ္ဗံ။ (မူလဋီ-၂-၁၁၅။)

ပဥ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါ ပဝတ္တိအခါ အားလုံးတို့၌ —

(က) ဤဘဝ သဟဇာတဝိညာဏ်ကြောင့် စေတသိက်နာမ်လည်း ဖြစ်နိုင်၏၊ စိတ္တဇရုပ်လည်း ဖြစ်နိုင်၏။

(ခ) အတိတ်က ပြုစုပျိုးထောင်ခဲ့သော ကမ္မဝိညာဏ်ကြောင့် ဝိပါက်နာမ်တရားလည်း ဖြစ်နိုင်၏၊ ကမ္မဇရုပ်-လည်း ဖြစ်နိုင်၏။

သဟဇာတဝိညာဏ်ကြောင့် ဖြစ်သော နာမ်တရားမှာ စေတသိက်နာမ်တရားသာ ဖြစ်၏၊ ရုပ်တရားမှာ စိတ္တဇရုပ်သာ ဖြစ်၏။ ကမ္မဝိညာဏ်ကြောင့် ဖြစ်သော နာမ်တရားမှာ ဝိပါက်-စိတ်+စေတသိက် နာမ်တရားအားလုံး ဖြစ်၏၊ ရုပ်မှာ ကမ္မဇရုပ် ဖြစ်၏။ ပစ္ဆာဇာတဝိညာဏ်ကြောင့် ဖြစ်သော တရားများမှာ ရှေးရှေးသော စတုသမုဋ္ဌာနိက ရုပ်တရားများသာ ဖြစ်ကြပေသည်။ (မူလဋီ-၂-၁၁၅- ကြည့်ပါ။)

ဤအထက်ပါ ရှင်းလင်းချက်များနှင့် အညီ —

၁။ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်သည်လည်း ရှိ၏။

၂။ ဝိညာဏ်ကြောင့် နာမ်သက်သက် ဖြစ်သည်လည်း ရှိ၏။

၃။ ဝိညာဏ်ကြောင့် နာမ်+ရုပ် ဖြစ်သည်လည်း ရှိ၏။

ထိုကြောင့် – နာမဥ္စ ရူပဥ္စ နာမရူပဥ္စ နာမရူပံ — ဟူသော ဧကဒေသသရူပေကသေသ နည်းအားဖြင့် (= တစ်စိတ်တစ်ပိုင်းအားဖြင့် တူသော ရုပ်သွင်ရှိသော ပုဒ်တို့၏ တစ်ပုဒ်တည်း ကြွင်းကျန်သော နည်းအားဖြင့် သိမ်းယူ၍) ဝိညာဏပစ္စယာ နာမရူပံ — ဟု ဟောတော်မူသည်ဟု သိရှိပါလေ။

(အဘိ-ဋ္ဌ-၂-၁၆၃။ ဝိသုဒ္ဓိ-၂-၁၉၄။)

**ကေဒေသသရူပေကသေသ** = နာမဥ္စ+ရူပဥ္စ+နာမရူပဥ္စ – ဟူသော ပုဒ်သုံးမျိုးတို့တွင် တတိယဖြစ်သော နာမရူပံ၏ မိမိနှင့် တစ်စိတ်တစ်ဒေသတူသော (၁) နံပါတ် နာမံသို့လည်းကောင်း, (၂) နံပါတ် ရူပံသို့ လည်းကောင်း ပေါင်း၍ မိမိဟူသော နာမရူပံ ပုဒ်က ကျေခြင်းကို "ဧကဒေသသရူပေကသေသ"ဟု ဆိုသည်။

ယခုအခါ၌ အထက်ပါ ရှင်းလင်းချက်များနှင့် အညီ (၁) ကမ္မဝိညာဏ်, (၂) သဟဇာတဝိညာဏ်, (၃) ပစ္ဆာဇာတဝိညာဏ် – ဤ ဝိညာဏ်သုံးမျိုးကြောင့် နာမ်ရုပ်ဖြစ်ပုံ ရှုကွက်ကို ဆက်လက်၍ တင်ပြအပ်ပါသည်။ ရှေးဦးစွာ အသင်သူတော်ကောင်း၏ လက်ရှိ လူဘဝနာမ်ရုပ်သည် ဝိညာဏ်အသီးအသီးကြောင့် ဖြစ်ပုံကိုသာ ရှုနှင့်ပါဦး။ အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ ရှုနိုင်သောအခါ၌မူကား အပါယ်ဘဝ, လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝစသည့် ထိုထိုဘဝ၌ ဆိုင်ရာဆိုင်ရာ ဝိညာဏ်ကြောင့် ဆိုင်ရာဆိုင်ရာ ရုပ်ဖြစ်ပုံ, နာမ်ဖြစ်ပုံ, ရုပ်နာမ်ဖြစ်ပုံတို့ကို ထိုက်သလို ရှုပါ။ အသညသတ်ဘုံ ရောက်ခိုက်ဖြစ်လျှင် အဘိသင်္ခါရ ဝိညာဏ်ကြောင့် ရုပ်ဖြစ်ပုံကိုလည်းကောင်း, အရူပဘုံသို့ရောက်ခိုက် ဖြစ်လျှင် ကမ္မဝိညာဏ်ကြောင့် နာမ် ဖြစ်ပုံ သဟဇာတဝိညာဏ်ကြောင့် နာမ်ဖြစ်ပုံကိုလည်းကောင်း, – လူ့ပြည် နတ်ပြည် ရူပဗြဟ္မာ့ပြည်သို့ ရောက်ခိုက်ဖြစ်လျှင် ကမ္မဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ, သဟဇာတဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ, ပစ္ဆာဇာတဝိညာဏ်ကြောင့် ရုပ်ဖြစ်ပုံတို့ကိုလည်းကောင်း – ဤသို့စသည်ဖြင့် ထိုက်သလို အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်း ရှုပွားရမည် ဖြစ်ပေသည်။

## ၁။ ဝိညာဏပစ္စယာ – နာမရူပံ

## (က) ကမ္မဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံ

ကမ္မဝိညာဏ်အရ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အဘိသင်္ခါရ = ပုညာဘိသင်္ခါရ+အပုညာဘိ-သင်္ခါရနှင့် ယှဉ်တွဲနေသော အသိစိတ်ဝိညာဏ်ကို အရကောက်ယူပါ။ နာမ်အရ ယင်းပုညာဘိသင်္ခါရ ဝိညာဏ်ကြောင့် ဖြစ်သော ကုသလ ဝိပါက် စိတ်+စေတသိက် = နာမ်တရားတို့ကိုလည်းကောင်း, အပုညာဘိ-သင်္ခါရ ဝိညာဏ်ကြောင့် ဖြစ်သော အကုသလ ဝိပါက် စိတ်+စေတသိက် = နာမ်တရားတို့ကိုလည်းကောင်း ထိုက်သလို ကောက်ယူပါ။ ရုပ်အရ ပုညာဘိသင်္ခါရကြောင့်ဖြစ်သော ကုသိုလ် ကမ္မဇရုပ်, အပုညာဘိသင်္ခါရ ကြောင့်ဖြစ်သော အကုသိုလ် ကမ္မဇရုပ်တို့ကို ထိုက်သလိုကောက်ယူပါ။ ရှေးဦးစွာ ကုသိုလ် ပုညာဘိသင်္ခါရ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံ ရှုကွက်ကို တင်ပြအပ်ပါသည် – အတိတ် ကမ္မဝိညာဏ်ကြောင့် ဝိပါက် နာမ်ရုပ်ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အောက်ပါအတိုင်း အကြောင်း အကျိုး သိမ်းဆည်းပါ။

၁။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေနာမ်ရုပ် ဖြစ်၏။
အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ ပဋိသန္ဓေနာမ်ရုပ်က အကျိုးတရား။

၂။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် ဘဝင်နာမ်ရုပ် ဖြစ်၏။
အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ ဘဝင်နာမ်ရုပ်က အကျိုးတရား။

၃။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် စုတိနာမ်ရုပ် ဖြစ်၏။
အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ စုတိနာမ်ရုပ်က အကျိုးတရား။

**[မှတ်ချက်** – ဤကား ဝီထိမုတ်စိတ် (၃)မျိုးအတွက် ရှုကွက် ဖြစ်ပါသည်။ ကမ္မဝိညာဏ်၌ တိဟိတ် ဥက္ကဋ္ဌ သောမနဿ မဟာကုသိုလ် ဖြစ်သော် နာမ်တရား (၃၄) ရှိ၏။ မနောဒွါရဝီထိ ဖြစ်၏။ ယင်းနာမ်တရားတို့ကို ယနအသီးအသီး ပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ ပဋိသန္ဓေ-ဘဝင်-စုတိ

တို့၌လည်း တိဟိတ် သောမနဿ ပဋိသန္ဓေ-ဘဝင်-စုတိ ဖြစ်လျှင် နာမ်တရား (၃၄)လုံးစီ အသီးအသီး ရှိ၏။ ယင်းနာမ်တရားတို့ကိုလည်း ဃနပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ ရုပ်မှာ ကမ္မဇရုပ်တို့ပင် ဖြစ်ကြ၏၊ မကင်းစကောင်းသော အဝိနာဘာဝနည်းအရ စတုသမုဋ္ဌာနိက ရုပ်အားလုံးကိုပါ ရောနှော ခြုံငုံ၍ ရှုပါ။ ပရမတ်အချင်းချင်း ကြောင်း-ကျိုး ဆက်နွယ်မှု သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အထက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ အရာရာတွင် နည်းတူပင် သဘောပေါက်ပါ။ ယခုအခါ ဝီထိစိတ်အစဉ်များ အတွင်း၌ ကမ္မဝိညာဏ်ကြောင့် ဖြစ်ပေါ်လာသော ဝိပါက် နာမ်ရုပ်တို့ကို သိမ်းဆည်းပုံကို အရိပ်အမြွက်မျှ တင်ပြအပ်ပါသည်။]

## ခြုံ၍ရှုသော ရှုကွက်ပုံစံ အချို့

၁။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်နာမ်ရုပ် ဖြစ်၏၊ အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက် နာမ်ရုပ်က အကျိုးတရား။

၂။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်နာမ်ရုပ် ဖြစ်၏၊ အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက် နာမ်ရုပ်က အကျိုးတရား။

၃။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် ဃာနဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်နာမ်ရုပ် ဖြစ်၏။ အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ ဃာနဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက် နာမ်ရုပ်က အကျိုးတရား။

၄။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် ဇိဝှါဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်နာမ်ရုပ် ဖြစ်၏၊ အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ ဇိဝှါဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက် နာမ်ရုပ်က အကျိုးတရား။

၅။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် ကာယဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက်နာမ်ရုပ် ဖြစ်၏၊ အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ ကာယဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဝိပါက် နာမ်ရုပ်က အကျိုးတရား။

၆။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် တဒါရုံ ဝိပါက်နာမ်ရုပ် ဖြစ်၏။
အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ တဒါရုံ ဝိပါက်နာမ်ရုပ်က အကျိုးတရား။

[**မှတ်ချက်** — အနာဂတ် ဘဝတစ်ခုခုအတွက် ရည်ရွယ်၍ ပြုစုပျိုးထောင်နေသော ပစ္စုပ္ပန် သင်္ခါရကံ တို့နှင့် စိတ္တက္ခဏတစ်ခုအတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်နေသော ကုသိုလ် အကုသိုလ် ဝိညာဏ်သည်လည်း ကမ္မဝိညာဏ်ပင် ဖြစ်သည်။ ယင်းပစ္စုပ္ပန် ကမ္မဝိညာဏ်ကြောင့် အနာဂတ်ဘဝတွင် ပဋိသန္ဓေ နာမ်ရုပ်စသော ဝိပါက်နာမ်ရုပ်များ ဖြစ်ပုံကိုလည်း ရှုရမည်သာ ဖြစ်သည်။ သို့သော် ယင်းရှုကွက်ကား ဘဝပစ္စယာ ဇာတိ — ဟူသော ရှုကွက်တွင် အကျုံးဝင်ပေသည်။ ဤသို့ ခြုံ၍ ရှုရာ၌ စက္ခုဒွါရဝီထိ မနောဒွါရဝီထိစသည်တို့၌ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများအတိုင်း အတန်းတိုင်းတွင် အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်စင် အောင် ရှုပါ။ ထိုသို့ရှုရာ၌ စက္ခုဒွါရ ဝီထိ၌ တည်ရှိသော တဒါရုံ, နောက်လိုက်မနောဒွါရဝီထိ စသော မနော-

ဒွါရဝီထိ၌ တည်ရှိသော တဒါရုံ — ဟူသော တဒါရုံ နှစ်မျိုးလုံး ပါဝင်ပါစေ။ အရာရာတွင် နည်းတူမှတ်ပါ။ သို့သော် အောက်ပါအတိုင်း ခွဲ၍ ရှုခြင်းက ပို၍ အသိဉာဏ်သန့်ရှင်းပေသည်။]

## ခွဲ၍ရှုပုံ ပုံစံအချို့

၁။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် နာမ်ရုပ် ဖြစ်၏။
အတိတ် ကမ္မဝိညာဏ်က အကြောင်း တရား၊ စက္ခုဝိညာဏ် နာမ်ရုပ်က အကျိုးတရား။

၂။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း နာမ်ရုပ် ဖြစ်၏။
အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း နာမ်ရုပ်က အကျိုးတရား။

၃။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် သန္တီရဏ နာမ်ရုပ် ဖြစ်၏။
အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ သန္တီရဏနာမ်ရုပ်က အကျိုးတရား။

၄။ အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် တဒါရုံ နာမ်ရုပ် ဖြစ်၏၊
အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ တဒါရုံ နာမ်ရုပ်က အကျိုးတရား။

ဤမျှဆိုလျှင် နည်းမှီးနိုင်လောက်ပေပြီ။ အတန်းတိုင်း၌ အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်စင်အောင် ရှုပါ။ သောတဒွါရဝီထိစသည်တို့၌လည်း နည်းမှီး၍သာ ရှုပါ။ အတိတ်က ပြုစုပျိုးထောင်ခဲ့သည့် ကုသိုလ် ကမ္မဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရား တို့ကို သိမ်းဆည်းရှုပွားသကဲ့သို့ အလားတူပင် အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့မိသည့် အကုသိုလ် ကမ္မ-ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံကိုလည်း ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်း ရှုပွားပါ။ အလားတူပင် ပဋိသန္ဓေ ဘဝင်စသော ဝိပါက်နာမ်ရုပ်တို့ကို ဖြစ်စေတတ်သော ကံမှ အခြားတစ်ပါးသော ကုသိုလ်ကံကြောင့် ဝိပါက်နာမ်ရုပ် ဖြစ်ပုံကိုလည်း ဤအပိုင်းတွင် ထည့်သွင်း၍ ရှုနိုင်-ပါသည်။ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်ပါသည်။

## (ခ) ဝိညာဏပစ္စယာ ရုပ်

ယံ အသညေသု သဗ္ဗတ္ထ, ပဉ္စဝေါကာရဘဝေ စ ပဝတ္တိယံ ဝိညာဏပစ္စယာ ရူပမေဝ။

(အဘိ-ဋ္ဌ-၂-၁၆၃။ ဝိသုဒ္ဓိ-၂-၁၉၄။)

**အသညေသု**တိအာဒိ ကမ္မဝိညာဏပစ္စယံ သန္ဓာယ ဝုတ္တံ။ **ပဉ္စဝေါကာရဘဝေ စ ပဝတ္တိယ**န္တိ ဘဝင်္ဂါဒိ-ဇနကကမ္မတော အညေန ရူပုပ္ပတ္တိကာလံ, နိရောဓသမာပတ္တိကာလံ, ဘဝင်္ဂါဒိဥပ္ပတ္တိကာလတော အညကာလဉ္စ သန္ဓာယ ဝုတ္တန္တိ ယုတ္တံ။ (မူလဋီ-၂-၁၁၅။ မဟာဋီ-၂-၃၁၉။)

အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ပဋိသန္ဓေ ဘဝင်စသော နာမ်ဝိပါက်ကို ဖြစ်စေတတ်သော ရှေးကံမှ တစ်ပါးသော အခြားအခြားသော ရှေးအတိတ်ကုသိုလ်ကံကြောင့် သို့မဟုတ် အကုသိုလ်ကံကြောင့် ရုပ်ကိုသာ ဖြစ်စေရာအခါ၌ — အတိတ် ကမ္မဝိညာဏ်ကြောင့် ရုပ်သာလျှင် ဖြစ်၏။ နိရောဓသမာပတ် ဝင်စားရာအခါ၌လည်း ရှေးကမ္မဝိညာဏ်ကြောင့် ရုပ်သာဖြစ်၏။ ပဉ္စဝေါကာရဘုံဝယ် ပဝတ္တိအခါ၌ ဘဝင်စသော ဝိပါက်စိတ်ဖြစ်ရာ အခါမှ တစ်ပါးသော ပဉ္စဒွါရဝီထိများ၌ ပဉ္စဒွါရာဝဇ္ဇန်း, ဝုဋ္ဌော, ဇော, မနောဒွါရဝီထိများ၌ မနောဒွါရာဝဇ္ဇန်း, ဇောဟူသော စိတ်တို့ ဖြစ်ရာအခါ၌လည်း အတိတ် ကမ္မဝိညာဏ်ကြောင့် ရုပ်သာ (ကမ္မဇရုပ်သာ) ဖြစ်၏။

(မူလဋီ-၂-၁၁၅။ မဟာဋီ-၂-၃၁၉။)

နိရောဓသမာပတ်အခိုက် ကမ္မဝိညာဏ်ကြောင့် ရုပ်ဖြစ်ပုံအပိုင်းကား အသင်သူတော်ကောင်းနှင့် မသက်ဆိုင်သေးသဖြင့် (ပုထုဇန်များနှင့် မသက်ဆိုင်သေးသဖြင့် ခေတ္တ ချန်လှပ်ထားပါ။) သို့အတွက် အသင် သူတော်ကောင်းအဖို့ ဝိညာဏ်ကြောင့် ရုပ်သက်သက် ဖြစ်ပုံကို ရှုရမည့် အပိုင်းမှာ (၂)ပိုင်း ရှိပေသည်။

၁။ အတိတ် ကမ္မဝိညာဏ် တစ်ခုကြောင့် ဘဝင် (စုတိ) ပဋိသန္ဓေဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ စသည့် ဝိပါက်နာမ်ရုပ်တို့ ဖြစ်ခိုက်ဝယ်, ယင်းကမ္မဝိညာဏ်မှ အခြားတစ်ပါးသော အတိတ်က ပြုစုပျိုးထောင်ခဲ့သည့် ကုသိုလ်ကံ, သို့မဟုတ် အကုသိုလ်ကံကြောင့် ကမ္မဇရုပ်တို့လည်း ဖြစ်နိုင်ကြ၏။ ယင်းအခြားတစ်ပါးသော ကံကြောင့် ကမ္မဇရုပ် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

ကမ္မဝိညာဏ်ဖြစ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ဖြစ်၏။

ကမ္မဝိညာဏ်က အကြောင်းတရား၊ (ကမ္မဇ)ရုပ်က အကျိုးတရား။ ဤသို့ အကြောင်းတရား အကျိုးတရား တို့ကို သိမ်းဆည်းပါ။

၂။ ပဉ္စဒွါရာဝဇ္ဇန်း, ဝုဋ္ဌော, ဇော၊ မနောဒွါရာဝဇ္ဇန်း, ဇော ဟူသော ကြိယာစိတ် ကုသိုလ်စိတ် အကုသိုလ်စိတ်တို့ ဖြစ်ခိုက်၌လည်း ပဋိသန္ဓေ ဘဝင်စသော ဝိပါက် နာမ်ရုပ်တို့ကို ဖြစ်စေတတ်သော ပုညာဘိသင်္ခါရအမည်ရသော ကုသိုလ်ဝိညာဏ်ကြောင့်လည်းကောင်း, ယင်းပဋိသန္ဓေ ဘဝင်စသည့် ဝိပါက်နာမ်ရုပ်ကို ဖြစ်စေတတ်သော ကံမှ အခြားတစ်ပါးသော ကုသိုလ်ကံ အကုသိုလ်ကံ = ကုသိုလ်ကမ္မဝိညာဏ် အကုသိုလ် ကမ္မဝိညာဏ်ကြောင့် လည်းကောင်း ကမ္မဇရုပ်တို့သည် ဖြစ်နေကြ၏။ (ဤရှုကွက်ကို ရှုရာ၌ ပဋိသန္ဓေမှစ၍ စုတိစိတ်မှ ပြန်၍ ရေတွက်သော် (၁၇)ချက်မြောက်သော စိတ်သို့တိုင်အောင် ဘဝတစ်လျှောက်လုံး၌ စိတ္တက္ခဏတိုင်း စိတ္တက္ခဏ- တိုင်း၏ ဥပါဒ်ကာလတိုင်း, ဌီကာလတိုင်း, ဘင်ကာလတိုင်း၌ ကမ္မဇရုပ်တို့သည် အမြဲ ဖြစ်နေကြသည်ဟူသော ကျမ်းဂန်အဆိုအမိန့်များကို မမေ့ပါနှင့်။) ယင်းကမ္မဝိညာဏ်တို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်း, ဝုဋ္ဌော, ဇော၊ မနောဒွါရာဝဇ္ဇန်း, ဇောစိတ်တို့ အခိုက်၌ ကမ္မဇရုပ်ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

အတိတ် ကမ္မဝိညာဏ် ဖြစ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ဖြစ်၏၊

အတိတ် ကမ္မဝိညာဏ်က အကြောင်းတရား၊ (ကမ္မဇ)ရုပ်က အကျိုးတရား။

ဤသို့ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ဤအမှတ် (၁)နှင့် အမှတ် (၂) ရှုကွက် နှစ်ခုကို ဆက်စပ်ကြည့်ပါက ပဉ္စဝေါကာရဘုံဝယ် ပဝတ္တိအခါ၌ — ဘဝင်စိတ်တို့ ဖြစ်ခိုက်၌သော်လည်းကောင်း ဝီထိစိတ်တို့ ဖြစ်ခိုက်၌သော်လည်းကောင်း အတိတ် ကမ္မဝိညာဏ်ကြောင့် ကမ္မဇရုပ်ဖြစ်ပုံကို သိမ်းဆည်း ရှုပွား နိုင်၏ဟု အဖြေထွက်နေပေသည်။ သို့သော် ကမ္မဝိညာဏ်ကို အရကောက်ယူပုံနှင့် ကမ္မဇရုပ်ကို အရကောက် ယူပုံတို့ကို အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ခွဲခြား၍ကား မှတ်သားပါ။

ထိုကြောင့် ဆိုင်ရာဆိုင်ရာ အတိတ် ကမ္မဝိညာဏ်ကြောင့် ဆိုင်ရာဆိုင်ရာ ကမ္မဇရုပ် သက်သက်ဖြစ်ပုံကို အာရုံယူ၍ အကြောင်းအကျိုး သိမ်းဆည်းရာ၌ မှတ်သားလွယ်ကူစေရန် ဘဝင်အခိုက်၌ ကမ္မဇရုပ်သက်သက် ဖြစ်ပုံကို သိမ်းဆည်းပြီးသောအခါ စက္ခုဒွါရဝီထိစသော ထိုထို ဝီထိစိတ္တက္ခဏတို့၌လည်း ဆိုင်ရာဆိုင်ရာ အတိတ် ကမ္မဝိညာဏ်ကြောင့် ကမ္မဇရုပ်ဟူသော ရုပ်သက်သက်ဖြစ်ပုံကိုလည်း ဝီထိစိတ် ဖြစ်စဉ်အတိုင်း အစဉ် အတိုင်း သိမ်းဆည်းနိုင်ပါသည်။ တစ်ဖန် အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝတစ်ခုခုတွင် အသညသတ်ဘုံသို့ ရောက်ခဲ့ဖူးသည်ကို ဉာဏ်ဖြင့် တွေ့မြင်သည် ဖြစ်အံ့ — ထိုအခါတွင်လည်း ရူပါဝစရ စတုတ္ထဈာန် သို့မဟုတ် ပဉ္စမဈာန်ဟူသော ရူပါဝစရ ပုညာဘိသင်္ခါရကြောင့် ဇီဝိတနဝကကလာပ်ဟူသော

ရုပ်သက်သက် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းအကျိုးတို့ကို သိမ်းဆည်းပါ။

## (ဂ) ဝိညာဏပစ္စယာ နာမံ

ယံ အာရုပ္ပေ ပဝတ္တိပဋိသန္ဓီသု, ပဉ္စဝေါကာရဘဝေ စ ပဝတ္တိယံ ဝိညာဏပစ္စယာ နာမမေဝ။
(အဘိ-ဋ္ဌ-၂-၁၆၃။ ဝိသုဒ္ဓိ-၂-၁၉၄။)

အသင်သူတော်ကောင်းသည် အတိတ်ဘဝတစ်ခုဝယ် အရူပဘုံ၌ ပဋိသန္ဓေတည်နေခဲ့ဖူးအံ့၊ အာနေဉ္ဇာ-ဘိသင်္ခါရ အမည်ရသော ကမ္မဝိညာဏ်ကြောင့် နာမ်ခန္ဓာလေးပါးဟူသော နာမ်သာ ထိုအခါ၌ ဖြစ်နိုင်၏။ ယင်းကမ္မဝိညာဏ်ကြောင့် နာမ်သာ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရမည် ဖြစ်ပါသည်။

သို့သော် ယခု ဤဘဝတွင်ကား ပဉ္စဝိညာဏ်ကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)လုံးဟူသော စေတသိက်နာမ်သာ ဖြစ်ပုံကို သိမ်းဆည်းရမည် ဖြစ်သည်။ ပဉ္စဝိညာဏ်နှင့် ယှဉ်ဖက်စေတသိက် နာမ်တရားတို့မှာ စိတ္တက္ခဏ တစ်ခု၏ အတွင်း၌ ပြိုင်တူဖြစ်ကြသော တရားများဖြစ်ကြ၏။ ထိုကြောင့် ယင်းပဉ္စဝိညာဏ်တို့ကို အကျိုး စေတသိက်နာမ်နှင့် ပြိုင်တူဖြစ်သောကြောင့် သဟဇာတဝိညာဏ်ဟု ခေါ်ဆို၏။ ထိုကြောင့် ဤရှုကွက်ကို သဟဇာတဝိညာဏ်ပိုင်းတွင် ရောနှော၍ ရှုပါ။ ယင်းပဉ္စဝိညာဏ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ဘဲ စေတသိက် နာမ်ကိုသာ ဖြစ်စေနိုင်ကြသည်။ စုတိစိတ်၌လည်း နည်းတူမှတ်ပါ။ ပဉ္စဝေါကာရဘုံ၌ကား ကမ္မဝိညာဏ်ကြောင့် နာမ်ရုပ် နှစ်မျိုးလုံးပင် အခါခပ်သိမ်း ဖြစ်၏ဟု ဆိုသင့်ပေသည်။ (မူလဋီ-၂-၁၁၅။)

## သင်္ခါရနှင့် ကမ္မဘဝ = ကံ

အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနေသည့် ဤပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း၌ကား နာနာက္ခ-ဏိကကမ္မပစ္စယသတ္တိနှင့် ဝိပါက်နာမ်ရုပ်တို့၏ အကြောင်းနှင့်အကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရ၏။ သို့သော် ဝိပဿနာရှုရာ၌ကား ယင်းကမ္မသတ္တိကို လက္ခဏာယာဉ် သုံးချက်တင်၍ ဝိပဿနာမရှုကောင်းသဖြင့် ဝိပဿနာရှု၍ ရကောင်းသော သင်္ခါရနှင့် ကမ္မဘဝ = ကံတို့၏ အထူးကိုလည်း မှတ်သားထားသင့်၏။

၁။ ထိုထို ကုသိုလ်ဖြစ်ကြောင်းအမှု အကုသိုလ်ဖြစ်ကြောင်းအမှုတို့ကို ပြုလုပ်ရာ၌ အထမမြောက်မီ ရှေးအဖို့၌ ဖြစ်သော စေတနာသည် သင်္ခါရမည်၏၊ အထမြောက်သော မုဉ္စစေတနာသည် သို့မဟုတ် သိန္နဋ္ဌာပကစေတနာ သည် ကမ္မဘဝမည်၏။

၂။ တစ်နည်း — ထိုထို ကောင်းမှု မကောင်းမှုတို့ကို ပြုလုပ်နေစဉ် အချိန်ကာလများအတွင်း၌ ဖြစ်ပေါ် နေကြသော ဝီထိစိတ်အစဉ်များစွာတို့တွင် ဝီထိအသီးအသီး၌ ပါရှိသော ဇော (၇) ကြိမ်အနက် ရှေးဇော (၆) ကြိမ်တို့နှင့် ယှဉ်သော စေတနာသည် သင်္ခါရမည်၏။ သတ္တမဇောနှင့် ယှဉ်သော စေတနာသည် ကမ္မဘဝမည်၏။

၃။ တစ်နည်း — ထိုဇောအသီးအသီးဟူသော ဇောစိတ္တက္ခဏတိုင်း ဇောစိတ္တက္ခဏတိုင်း၌ ပါရှိသော ကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာနှင့် ယှဉ်သော စိတ် စေတသိက် သမ္ပယုတ်တရားဟူသမျှသည် သင်္ခါရမည်၏၊ ကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာ ဟူသမျှသည် ကမ္မဘဝမည်၏။ ဤကား သင်္ခါရနှင့် ကမ္မဘဝ အထူးတည်း။ (အဘိ-ဋ္ဌ-၂-၁၈၂-၁၈၃။)

ဤသတ်မှတ်ချက်အရ – ထိုထိုကောင်းမှု သို့မဟုတ် မကောင်းမှုကို မပြုမီ, ပြုဆဲ, ပြုပြီးကာလတို့၌ ဖြစ်ပြီး ဖြစ်ဆဲ ဝီထိစိတ်အစဉ်တို့ကို နာမ်တုံး နာမ်ခဲဟူသော နာမ်ဃန အသီးအသီးကို ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲ-ဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းနိုင်လျှင် ဝိပဿနာရှုနိုင်လျှင်ကား သင်္ခါရနှင့် ကမ္မဘဝ နှစ်မျိုးလုံး ပါဝင်ပြီးပင် ဖြစ်တော့သည်။ ဤသင်္ခါရနှင့် ကမ္မဘဝတို့ကိုကား ဝိပဿနာရှုကောင်း၏။

## ၂။ သဟဇာတဝိညာဏ်ကြောင့် သဟဇာတနာမ်ရုပ် ဖြစ်ပုံ ရှုကွက်ပုံစံအချို့

ဝိညာဏပစ္စယာ နာမရူပံ - ဝယ် ဝိညာဏ်အရ အတိတ် ကမ္မဝိညာဏ်ကို အရကောက်ယူလျှင် နာမရူပံ၌ ပါဝင်သော နာမ်တရားအရ ဝိပါက်ဝိညာဏ် စိတ်+စေတသိက် = နာမ်တရားအားလုံးကို ကောက်ယူရ၏။ ဝိညာဏ်အရ ပစ္စုပ္ပန်ဘဝတွင် အကျုံးဝင်သော အကျိုးဖြစ်သော နာမ်တရားနှင့် အတူယှဉ်တွဲဖြစ်သော သဟဇာ-တဝိညာဏ်ကို အရကောက်ယူလျှင် အကျိုးနာမ်အရ ယင်းသဟဇာတဝိညာဏ်နှင့် ယှဉ်ဖက် သမ္ပယုတ်တရား ဖြစ်သော စေတသိက်ကိုသာ ကောက်ယူရ၏။ အကျိုးရုပ်တရားအရ စိတ္တဇရုပ်ကိုသာ ပဓာနနည်းအားဖြင့် ကောက်ယူရ၏။ မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့်ကား စတုသမုဋ္ဌာနိက ရုပ်အားလုံးကိုပင် သိမ်းကျုံး၍ ဝိပဿနာ ရှုနိုင်၏။ စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်ကြသော စိတ်နှင့်စေတသိက် တို့တွင် စိတ်က စေတသိက်အားလည်းကောင်း စိတ္တဇရုပ်အားလည်းကောင်း ကျေးဇူးပြုပုံကို ဟောကြား တော်မူသည့်အပိုင်း ဖြစ်၏။ သို့အတွက် သဟဇာတဝိညာဏ်ပိုင်း၌ ဝိပါက်ဝိညာဏ်ကိုသာ မကောက်ယူဘဲ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာဝိညာဏ် အားလုံးကိုပင် အရကောက်ယူ၍ နာမ်အရ ယှဉ်ဖက်စေတသိက် အားလုံးကိုပင် ထိုက်သလို ကောက်ယူပါ။ တစ်ဖန် ပဉ္စဝိညာဏ်တို့သည် ရုပ်ကို မဖြစ်စေနိုင်သဖြင့် ပဉ္စဝိညာဏ် ကြောင့် နာမ်သာ ဖြစ်၏ဟု မှတ်ပါ။ ရှေးဦးစွာ စိတ္တက္ခဏ တစ်ခုအတွင်း၌ အတူဖြစ်ကြသော စိတ်စေတသိက် စိတ္တဇရုပ်များကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပါ။ ထိုတွင် အသိစိတ်ဝိညာဏ်၏ ဦးဆောင်မှုကြောင့် ယှဉ်ဖက် စေတသိက် နာမ်တရားများ ဖြစ်ပေါ်လာပုံနှင့် ယင်းစိတ်စေတသိက်တို့ကြောင့် စိတ္တဇရုပ်များ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် တစ်ဖန် ထပ်ကြည့်ပါ။ ဉာဏ်မျက်စိဖြင့် ကိုယ်တိုင် သိမြင်သောအခါတွင် အောက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

၁။ ပဋိသန္ဓေဝိညာဏ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေနာမ်ရုပ် ဖြစ်၏။
ပဋိသန္ဓေဝိညာဏ်က အကြောင်းတရား၊ ပဋိသန္ဓေနာမ်ရုပ်က အကျိုးတရား။
(နာမ် = စေတသိက် - ၃၃။ ရုပ် = ကမ္မဇရုပ် - ၃၀။)

၂။ ဘဝင်ဝိညာဏ် ဖြစ်ခြင်းကြောင့် ဘဝင်နာမ်ရုပ် ဖြစ်၏။
ဘဝင်ဝိညာဏ်က အကြောင်းတရား၊ ဘဝင်နာမ်ရုပ်က အကျိုးတရား။
(နာမ် = စေတသိက် - ၃၃။ ရုပ် = စိတ္တဇရုပ်။)

၃။ စုတိဝိညာဏ် ဖြစ်ခြင်းကြောင့်၊ စုတိနာမ် ဖြစ်၏။
စုတိဝိညာဏ်က အကြောင်းတရား၊ စုတိနာမ်က အကျိုးတရား။
(ဝါဒကွဲ၌ စုတိစိတ်ကလည်း စိတ္တဇရုပ်ကို ဖြစ်စေနိုင်၏။)

ဤကား ဝီထိမုတ်စိတ်တို့၌ ရှုကွက် ဖြစ်သည်။ ဝီထိစိတ်တို့၌ ရှုကွက်မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ပဉ္စဒွါရာဝဇ္ဇန်း ဝိညာဏ် ဖြစ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်း နာမ်ရုပ် ဖြစ်၏။
ပဉ္စဒွါရာဝဇ္ဇန်း ဝိညာဏ်က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း နာမ်ရုပ်က အကျိုးတရား။
(နာမ် = စေတသိက် - ၁၀။ ရုပ် = စိတ္တဇရုပ်။)

၂။ စက္ခုဝိညာဏ် ဖြစ်ခြင်းကြောင့်၊ စက္ခုဝိညာဏ် နာမ် ဖြစ်၏။
စက္ခုဝိညာဏ်က အကြောင်းတရား၊ စက္ခုဝိညာဏ် နာမ်က အကျိုးတရား။
(နာမ် = စေတသိက် - ၇။)

သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့၌လည်း နည်းတူရှုပါ။

၃။ သမ္ပဋိစ္ဆိုင်း ဝိညာဏ် ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း နာမ်ရုပ် ဖြစ်၏။
သမ္ပဋိစ္ဆိုင်း ဝိညာဏ်က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း နာမ်ရုပ်က အကျိုးတရား။
(နာမ် = စေတသိက် - ၁၀။ ရုပ် = စိတ္တဇရုပ်။)

၄။ သန္တီရဏ ဝိညာဏ် ဖြစ်ခြင်းကြောင့် သန္တီရဏ နာမ်ရုပ် ဖြစ်၏။
သန္တီရဏ ဝိညာဏ်က အကြောင်းတရား၊ သန္တီရဏ နာမ်ရုပ်က အကျိုးတရား။
(နာမ် = ၁၁ သို့မဟုတ် - ၁၀။ ရုပ် = စိတ္တဇရုပ်။)

၅။ ဝုဋ္ဌော ဝိညာဏ် ဖြစ်ခြင်းကြောင့် ဝုဋ္ဌော နာမ်ရုပ် ဖြစ်၏။
ဝုဋ္ဌော ဝိညာဏ်က အကြောင်းတရား၊ ဝုဋ္ဌော နာမ်ရုပ်က အကျိုးတရား။
(နာမ် = စေတသိက် - ၁၁။ ရုပ် = စိတ္တဇရုပ်။)

၆။ ဇော ဝိညာဏ် ဖြစ်ခြင်းကြောင့် ဇော နာမ်ရုပ် ဖြစ်၏။
ဇော ဝိညာဏ်က အကြောင်းတရား၊ ဇော နာမ်ရုပ်က အကျိုးတရား။
(နာမ် = ယှဉ်ဖက်စေတသိက်များကို ထိုက်သလို ကောက်ယူပါ။ ရုပ် = စိတ္တဇရုပ်။)

၇။ တဒါရုံ ဝိညာဏ် ဖြစ်ခြင်းကြောင့် တဒါရုံ နာမ်ရုပ် ဖြစ်၏။
တဒါရုံ ဝိညာဏ်က အကြောင်းတရား၊ တဒါရုံ နာမ်ရုပ်က အကျိုးတရား။
(နာမ် = ယှဉ်ဖက်စေတသိက်ကို ထိုက်သလို ကောက်ပါ။ ရုပ် = စိတ္တဇရုပ်။)

(၆)လိုင်းလုံး၌ အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်စင်အောင် ရှုပါ။ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း သန္တီရဏ ဇော တဒါရုံတို့၌ ယှဉ်ဖက်စေတသိက် အရေအတွက်ကို ထိုက်သလို ကောက်ယူပါ။ ဇော၌ (၇)ကြိမ်, တဒါရုံ၌ (၂)ကြိမ် အကွက်စေ့အောင် ရှုပါ။ စိတ္တက္ခဏတိုင်း၌ အကြောင်း အကျိုး သိမ်းဆည်းနိုင်အောင် ဇယားအတိုင်း ရှုပါ။

## ၃။ ပစ္ဆာဇာတ ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်ပုံ

ပဋိသန္ဓေ

ပထမဘဝင်မှစ၍ ဝီထိစိတ် ဝီထိမုတ်စိတ်အားလုံးတို့သည် မိမိ မိမိတို့၏ ရှေးရှေးစိတ်တို့နှင့် အတူ ဥပါဒ်၌ ရုပ်၏ ဌီကာလသို့ ရောက်ရှိနေသော စတုသမုဋ္ဌာနိကရုပ်တို့အား ဘင်မတိုင်မီ တည်တံ့ ခိုင်ခံ့အောင် အားပေး ထောက်ပံ့တတ်၏။ ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဤသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ — အောက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

၁။ ပစ္ဆာဇာတ ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏။
ပစ္ဆာဇာတ ဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။

နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း တစ်တန်း တစ်တန်း၌ စက္ခုဒွါရဝီထိ၌ တစ်ချက်, နောက်လိုက် မနောဒွါရဝီထိ၌ တစ်ချက် — ဤသို့ အနည်းဆုံး နှစ်ကြိမ်စီခွဲ၍ အကြောင်း အကျိုး

သိမ်းဆည်းပါ။ (၆)လိုင်းလုံး၌ အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်အောင်ရှုပါ။ ဥပမာ - စက္ခုဒွါရဝီထိ ပဥ္စာဓာတဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။ စက္ခုဒွါရဝီထိ ပဥ္စာဓာတဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား — ဤသို့ စသည်ဖြင့် ခြုံရှုနည်းမျိုးတည်း။ သို့သော် စိတ္တက္ခဏတိုင်း၌ တစ်လုံးစီ တစ်လုံးစီ ခွဲရှုခြင်းကား ပို၍ ကောင်းပါသည်။ ပို၍ အသိဉာဏ် သန့်ရှင်းပါသည်။

## စိတ္တက္ခဏခွဲ၍ အကြောင်း အကျိုး သိမ်းဆည်းပုံ

၁။ ပဥ္စာဓာတ (ဘဝင်) ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
ပဥ္စာဓာတ (ဘဝင်) ဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။
(ဘဝင်မှာ ပဋိသန္ဓေနောင် ပထမဘဝင်စသော အမှတ်မထား တစ်ပါးပါးသော ဘဝင် ဝိညာဏ်တည်း။ ရုပ်မှာ ပဋိသန္ဓေအစရှိသော အမှတ်မထား တစ်ပါးပါးသော မိမိ၏ ရှေးစိတ်နှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်ရှိ၍နေသော စတုသမုဋ္ဌာနိကရုပ်တည်း။)

၂။ ပဥ္စာဓာတ (ပဉ္စဒွါရာဝဇ္ဇန်း) ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏။
ပဥ္စာဓာတ (ပဉ္စဒွါရာဝဇ္ဇန်း) ဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။
(ရုပ် = မိမိ၏ရှေ့ ဘဝင်္ဂုပစ္ဆေဒနှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ရောက်သော စတုသမုဋ္ဌာနိကရုပ် တည်း။)

၃။ ပဥ္စာဓာတ စက္ခုဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
ပဥ္စာဓာတ စက္ခုဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။
(ရုပ် = ပဉ္စဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်သော စတုသမုဋ္ဌာနိကရုပ်တည်း။)

၄။ ပဥ္စာဓာတ (သမ္ပဋိစ္ဆိုင်း) ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
ပဥ္စာဓာတ (သမ္ပဋိစ္ဆိုင်း) ဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။
(ရုပ် = စက္ခုဝိညာဏ်နှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်နေသော ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်ဟူသော တိဇရုပ်တရားတည်း။ ပဉ္စဝိညာဏ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင် သောကြောင့် စိတ္တဇရုပ်လျှော့သည်။)

၅။ ပဥ္စာဓာတ (သန္တီရဏ) ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
ပဥ္စာဓာတ (သန္တီရဏ) ဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။
(ရုပ် = သမ္ပဋိစ္ဆိုင်း ဝိညာဏ်နှင့် အတူဥပါဒ်သော စတုသမုဋ္ဌာနိကရုပ်တည်း။)

၆။ ပဥ္စာဓာတ (ဝုဋ္ဌော) ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
ပဥ္စာဓာတ (ဝုဋ္ဌော) ဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။
(ရုပ် = သန္တီရဏဝိညာဏ်နှင့် အတူဥပါဒ်သော စတုသမုဋ္ဌာနိကရုပ်တည်း။)

၇။ ပဥ္စာဓာတ (ပထမဇော) ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
ပဥ္စာဓာတ (ပထမဇော) ဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။
(ရုပ် = ဝုဋ္ဌောဝိညာဏ်နှင့် အတူဥပါဒ်သော စတုသမုဋ္ဌာနိကရုပ်တည်း။)

၈။ ပစ္ဆာဇာတ (ဒုတိယဇော) ဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
ပစ္ဆာဇာတ (ဒုတိယဇော) ဝိညာဏ်က အကြောင်းတရား၊ ရုပ်က အကျိုးတရား။
(ရုပ် = ပထမဇော ဝိညာဏ်နှင့် အတူဥပါဒ်သော စတုသမုဋ္ဌာနိကရုပ်တည်း။)

ဤမျှဆိုလျှင် ရှုကွက်ကို သဘောပေါက်သင့်ပြီ။ မိမိ ဝိညာဏ်၏ ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်နေသော ရုပ်တရားမှန်သမျှကို နောက်နောက်စိတ်က ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်သာ ဖြစ်သည်။ (၆)လိုင်းလုံး၌ အကောင်းအုပ်စု မကောင်းအုပ်စု ကုန်စင်အောင်ရှုပါ။

## ပစ္စယနယ = ပစ္စယသတ္တိ

၁။ **ဝိပါက်ဝိညာဏ်**သည် ပဋိသန္ဓေအခါ၌သော်လည်းကောင်း, ပဝတ္တိအခါ၌သော်လည်းကောင်း (ပဉ္စဝေါကာရဘုံ၌ ရုပ်နှင့် ရောနှောနေသော, စတုဝေါကာရဘုံ၌ ရုပ်နှင့် မရောနှောသော) မိမိနှင့် ယှဉ်ဖက် သမ္ပယုတ် နာမ်ခန္ဓာ (၃)ပါးအား သဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဝိပါက အာဟာရ ဣန္ဒြိယ အတ္ထိ အဝိဂတ ဟူသော (၉) ပစ္စယသတ္တိတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။

၂။ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေ ဝိပါက်ဝိညာဏ်သည် ဟဒယဝတ္ထုရုပ်အား သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသော (၉) ပစ္စယသတ္တိတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။

၃။ ယင်းပဋိသန္ဓေ ဝိပါက်ဝိညာဏ်သည် ပဋိသန္ဓေအခါ၌ ဟဒယဝတ္ထုမှ တစ်ပါးသော ကျန်ရုပ်တရားတို့အား (အသင်သူတော်ကောင်းအဖို့မူ ကျန် -၂၉ - မျိုးသော ရုပ်တရားတို့အား) သဟဇာတ နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသော (၈) ပစ္စယသတ္တိတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။
(အဘိ-ဋ္ဌ-၂-၁၆၃။ ဝိသုဒ္ဓိ-၂-၁၉၅။)

၄။ **အဘိသင်္ခါရဝိညာဏ်** = ကမ္မဝိညာဏ်သည် အသညသတ် သတ္တဝါတို့၏ ရုပ်အားလည်းကောင်း, ပဉ္စဝေါကာရဘုံ၌ ကမ္မဇရုပ်အားလည်းကောင်း သုတ္တန်ဒေသနာတော်နည်းအားဖြင့် ဥပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့်သာလျှင် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ (အဘိ-ဋ္ဌ-၂-၁၆၃။ ဝိသုဒ္ဓိ-၂-၁၉၅။)

(ဝိညာဏ်ကို နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် မဟော၊ စေတနာကိုသာ ဟောထားသည်။ သတိပြုလေ။)

**သုတ္တန္တိကပရိယာယ** — ပဋ္ဌာန်းဒေသနာတော်၌ ရုပ်တရားတို့အား အဘိသင်္ခါရဝိညာဏ်က ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို ဟောတော်မမူ။ သုတ္တန်ဒေသနာတော်များ၌ကား — "ယသ္မိံ သတိ ယံ ဟောတိ၊ အသတိစ န ဟောတိ၊ သော တဿ ဥပနိဿယော နိဒါနံ ဟေတုပဘဝေါ" = အကြင် အကြောင်းတရားသည် ရှိလတ်သော် အကြင် အကျိုးတရားသည် ဖြစ်ပေါ်လာ၏၊ အကြင် အကြောင်းတရားသည် မရှိလတ်သော် အကြင် အကျိုးတရားသည် မဖြစ်ပေါ်လာပေ။ ထိုအကြောင်းတရားသည် ထိုအကျိုးတရား၏ အားကြီးသောမှီရာ ဥပနိဿယအကြောင်းတည်း၊ အကြောင်းရင်း နိဒါန်းတည်း၊ မူလအကြောင်းတည်း၊ လက်မွန် ပထမအကြောင်းတည်း – ဤသို့ နှလုံးပိုက်တော်မူ၍ – "ဝိညာဏူပနိသံ နာမရူပံ = နာမ်ရုပ်သည် ဝိညာဏ်ဟူသော အားကြီးသောမှီရာ အကြောင်းရှိ၏။" — ဟူ၍ ရုပ်တရား၏လည်း ဝိညာဏ်ဟူသော အားကြီးသောမှီရာ အကြောင်း ရှိသည်၏ အဖြစ်ကို ဟောတော်မူအပ်ပြီ။

သည့်မျှသာမကသေး ဝနပတ္ထဒေသနာတော်၌ တောအုပ်, ရွာ, နိဂုံး, မြို့, ပုဂ္ဂိုလ်ဟူသော အားကြီးသောမှီရာ အကြောင်းရှိသော ဣရိယာပထဝိဟာရဟူသော ဣရိယာပုထ် (၄)ပါးဖြင့် နေခြင်းကို ဟောကြားထားတော်

မူ၏။ ထိုက္ကရိယာပုထ်ဟူသော နေခြင်းကြောင့်လည်း သက်န်းအစရှိကုန်သော အသက်၏ အရံအတားဖြစ်သော အသုံးအဆောင် ပရိက္ခရာ အဆောက်အဦတို့၏ ပြေပြင် ပင်ပန်းသဖြင့်လည်းကောင်း, မပြေပြင် မပင်ပန်းသဖြင့် လည်းကောင်း ကောင်းစွာ ဖြစ်ပေါ်၍လာခြင်းကို ဟောတော်မူအပ်ပြီ။ တစ်ဖန် တောအုပ်စသည်တို့သည် က္ကရိယာပုထ်တို့၏လည်းကောင်း, သက်န်းစသည်တို့၏ ကောင်းစွာ ဖြစ်ပေါ်လာခြင်း၏လည်းကောင်း အာရမ္မ-ဏူပနိဿယ ပကတူပနိဿယစသည်၏ အဖြစ်သို့ကား မကပ်ရောက်ကုန်။ မသက်ဝင်ကုန်။ ထိုကြောင့် အကြောင်းနှင့် ကင်း၍ မဖြစ်ခြင်းကိုသာလျှင် သုတ္တန်ဒေသနာတော်နည်းအားဖြင့် ဥပနိဿယ၏ အဖြစ်ဟူ၍ မှတ်ထိုက်၏။ (မူလဋီ-၂-၁၁၆။)

ပဋိသန္ဓေ ဘဝင် စုတိဟူသော ဝိပါက်နာမ်တရားတို့သည် အတိတ်ဘဝက မရဏာသန္နဇောသည် ယူအပ်ခဲ့သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ် ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးကို အာရုံပြုမြဲ ဓမ္မတာ ဖြစ်၏။ အကယ်၍ ပဋိသန္ဓေ နာမ်တရားစုသည် ကံ - အာရုံကို အာရုံပြုလျှင် အဘိသင်္ခါရဝိညာဏ်ကို အာရုံ ပြုသည်ဟု ဆိုသည်နှင့် အတူတူပင် ဖြစ်၏။ ကံဟူသော အဘိသင်္ခါရဝိညာဏ်ကို အာရုံပြု၍ ပဋိသန္ဓေ နာမ်တရားစုတို့ ဖြစ်ရာအခါ၌ အဘိသင်္ခါရဝိညာဏ်ဟူသော ကံသည် ပဋိသန္ဓေနာမ်အား ကျေးဇူးပြု၏။ — ဤ အကြောင်းအရာကား ဆိုဖွယ်မရှိ အလွန်ထင်ရှား၏၊ ထိုကြောင့် ရုပ်အားသာလျှင် သုတ္တန္တိကဒေသနာတော်နည်း အားဖြင့် ဥပနိဿယပစ္စယသတ္တိဟူသော တစ်မျိုးသော ပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြုသည်၏ အဖြစ်ကို အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ မှန်ပေသည် ယုံမှားဖွယ်နှင့်တကွ ဖြစ်သော = ယုံမှားသံသယ ဖြစ်ထိုက် သော ရုပ်တရား၏ ထိုအဘိသင်္ခါရဝိညာဏ်သည် အကြောင်းတရားဖြစ်သည်ဟု ဆိုလိုက်လျှင် သံသယရှိဖွယ် မလိုသော နာမ်တရား၏လည်း ထိုအဘိသင်္ခါရဝိညာဏ်သည် အကြောင်းတရားဖြစ်၏ဟူသော ဤအနက် အဓိပ္ပါယ်သည် ဆိုဖွယ်သည်ပင် မရှိတော့ပေဟု မှတ်ပါ။ (မူလဋီ-၂-၁၁၆။)

၁။ အဘိသင်္ခါရဝိညာဏ်မှ ကြွင်းသော ပဋိသန္ဓေနောင် ပထမဘဝင်မှ စ၍ အလုံးစုံသော ဝိညာဏ်ဟူသမျှ သည် (ပဉ္စဝိညာဏ်မှ တစ်ပါးသော ဝိညာဏ်ဟူသမျှသည်) = (သဟဇာတ ဝိညာဏ်ကို ဆိုလိုသည်။) ထိုထို နာမ်ရုပ်အား ထိုက်သည့်အားလျော်စွာ ထိုထိုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (သဟဇာတစသော ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုပုံတည်း။ ပဋ္ဌာန်း ပြန်ကြည့်ပါ။)

## အဘယ်ကြောင့် သိနိုင်ပါသလဲ?

“ပဋိသန္ဓေ နာမ်ရုပ်သည် ဝိညာဏ်ကြောင့် ဖြစ်၏”ဟူသော ဤအနက်အဓိပ္ပါယ်ကို အဘယ်နည်းဖြင့် သိထိုက်ပါသနည်း – ဟု မေးရန် ရှိ၏။ သုတ္တ = ပါဠိတော်အားဖြင့်လည်းကောင်း အသင့်ယုတ္တိအားဖြင့် လည်းကောင်း သိထိုက်၏ ဟူပေ။

ဓမ္မသင်္ဂဏီပါဠိတော် (အဘိ-၁-၁၀။)၌ စိတ္တာနုပရိဝတ္တိနော ဓမ္မာ = စေတသိက်တရားတို့ကို စိတ်ကို အစဉ်လိုက်တတ်သော တရားတို့ဟူ၍ ဟောကြားထားတော်မူ၏။ ဤသို့စသော ဒေသနာနည်းများနှင့် အညီ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟူသော နာမ်ခန္ဓာသုံးပါးတို့၏ ဝိညာဏ်ဟူသော အကြောင်းတရား ထင်ရှားရှိကုန်သည်၏ အဖြစ်သည် ပြီးစီး၏။

တစ်ဖန် အသင့်ယုတ္တိအားဖြင့်ကား — လောက၌ သတ္တဝါတစ်ဦး၏ စိတ်ဓာတ်သည် ကြည်လင် သန့်ရှင်းသော် ထိုသတ္တဝါ၏ ရုပ်တရားတို့သည်လည်း ကြည်လင်သန့်ရှင်းစွာ ဖြစ်ပေါ်နေတတ်ကြကုန်၏။ သတ္တဝါတစ်ဦး၏ စိတ်ဓာတ်သည် မကြည်လင် မသန့်ရှင်းသော် ထိုသတ္တဝါ၏ ရုပ်တို့သည်လည်း မကြည်မလင်

ဖြစ်ပေါ်လာတတ်ကြကုန်၏။ စိတ်ကြည်လင်သော် ရုပ်ကြည်လင်ခြင်း စိတ်မကြည်လင်သော် ရုပ်မကြည်လင်ခြင်းတို့ကို တိုက်ရိုက် တွေ့မြင်နိုင်ကုန်၏။ တိုက်ရိုက် တွေ့မြင်အပ်သော စိတ္တဇရုပ်ဖြင့်လည်း တိုက်ရိုက် မမြင်အပ်သော ရုပ်ကို လျော်စွာ သိတတ်သော အနုမာနဉာဏ်သည် = မှန်းဆသိခြင်းသည် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ဤလောက၌ တိုက်ရိုက် မြင်အပ်သော စိတ္တဇရုပ်ကြောင့် တိုက်ရိုက် မမြင်အပ်သည်လည်း ဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်အား ပဋိသန္ဓေ ဝိညာဏ်သည် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်၏။ — ဤအနက် အဓိပ္ပါယ်ကို သိနိုင်ပါ၏။

ကမ္မသမုဋ္ဌာနဿာပိ ဟိ တဿ စိတ္တသမုဋ္ဌာနဿေဝ ဝိညာဏပစ္စယတာ ပဋ္ဌာနေ အာဂတာ။

(အဘိ-ဋ္ဌ-၂-၁၆၄။)

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၄၀။)

မှန်ပေသည် — ပဋ္ဌာန်းဒေသနာတော်ဝယ် ပဝတ္တိအခါ ဝိပါက် အဗျာကတ နာမ်ခန္ဓာသုံးပါးတို့သည် လည်းကောင်း စိတ္တဇရုပ်တို့သည်လည်းကောင်း ဝိပါက် အဗျာကတ ဝိညာဏ်ကြောင့် ဖြစ်သည်ဟု ဟောကြားထားတော်မူသကဲ့သို့ အလားတူပင် ပဋိသန္ဓေအခါ၌ ဝိပါက်အဗျာကတ ဝိညာဏ်သည် နာမ်ခန္ဓာ သုံးပါးတို့အား လည်းကောင်း ကဋတ္တာရုပ် = ကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု လာရှိပေသည်။ (အဘိ-ဋ္ဌ-၂-၁၆၄။)

တစ်ဖန် ဤပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်၌ — "ဝိညာဏပစ္စယာ နာမရူပံ = ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်၏။" — ဟု ဟောကြားတော်မူသော ဘုရားရှင်သည် စူးစမ်းဆင်ခြင်တတ်ကုန်သော = သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် သိမ်းဆည်းရှုပွားနိုင်ကုန်သော ပညာရှိသူတော်ကောင်းတို့၏ ဉာဏ်၌ ပရမတ်အားဖြင့် နာမ်ရုပ်မျှကိုသာ ဖြစ်သည်ကို တွေ့မြင်အပ်၏၊ သတ္တဝါကို မတွေ့မမြင်အပ်၊ ယောက်ျားကို မတွေ့မမြင်အပ်။ ထို့ကြောင့် သမဏ အမည်ရသူသည်သော်လည်းကောင်း, ဗြာဟ္မဏ အမည်ရသူသည်သော်လည်းကောင်း, နတ်သည်သော်လည်းကောင်း, မာရ်နတ်သည်သော်လည်းကောင်း, ဗြဟ္မာသည်သော်လည်းကောင်း, လောက၌ တစ်စုံတစ်ယောက်သောသူသည်သော်လည်းကောင်း ဆန့်ကျင်ဘက် မလည်စေအပ် မလည်စေနိုင်သော = မတွန်းလှန်အပ် မတွန်းလှန်နိုင်သော အတုမရှိ မြတ်သော တရားဓမ္မစက်ကို လည်စေတော်မူအပ်ပေပြီ။ (အဘိ-ဋ္ဌ-၂-၁၆၄။)

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ဝိညာဏ်ကြောင့် နာမ်ရုပ်မျှသာ ဖြစ်သည်ကို တွေ့မြင်၏၊ ပုဂ္ဂိုလ် သတ္တဝါ ဖြစ်သည်ကို မတွေ့မြင်။ ထို့ကြောင့် — "ဝိညာဏပစ္စယာ နာမရူပံ = ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်၏" — ဟု ဟောတော်မူသော ဘုရားရှင်သည် ဝိညာဏ်ကြောင့် နာမ်ရုပ်မျှသာ ဖြစ်၏၊ ပုဂ္ဂိုလ် သတ္တဝါ မဖြစ်၊ ပုဂ္ဂိုလ် သတ္တဝါမရှိဟု ဟောတော်မူရာ ရောက်၏။ ထိုဟောတော်မူအပ်သော တရားတော်ကို မည်သူမျှ မတွန်းလှန် မပယ်ဖျက်နိုင်။ ထို့ကြောင့် ထိုဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံကိုသာ ဟောတော်မူသော မြတ်စွာဘုရားသည် အတုမရှိ မြတ်သော တရားဓမ္မစက်ကို လည်စေတော်မူအပ်ပြီ။ မှန်ပေသည် တရားဓမ္မစက်ကို လည်စေခြင်း ဖြစ်စေခြင်းဟူသည် အတ္တမှ ကင်းဆိတ်သည်၏အဖြစ်ကို ပြခြင်းတည်း။ ဤကား အဋ္ဌကထာ၏ ဆိုလိုရင်းတည်း။ (မူလဋီ-၂-၁၁၆။)

တစ်နည်း — "နာမ်ရုပ်သာရှိ၏။" — ဟု ပြကြောင်းဖြစ်သော ဝိညာဏပစ္စယာ နာမရူပံ — ဟူသော တရားတော်ဖြင့် အဆက်မပြတ် ဖြစ်၍နေသော နာမ်ရုပ်၏ ဒုက္ခသစ္စာ ဖြစ်ကြောင်းကို ပြတော်မူ၏။ ဒုက္ခသစ္စာကို

တိုက်ရိုက်ပြတော်မူသဖြင့် ထိုဒုက္ခသစ္စာ၏ အကြောင်းရင်းဖြစ်သော တဏှာ = သမုဒယသစ္စာကိုလည်း ဖလူပစာရအားဖြင့် ပြတော်မူပြီး ဖြစ်၏။ ထိုဒုက္ခ၏ ချုပ်ကြောင်း နိရောဓသစ္စာကိုလည်းကောင်း, ထိုနိရောဓ၏ အကြောင်း ဖြစ်သော မဂ္ဂသစ္စာကိုလည်းကောင်း အဝိနာဘာဝနည်းအားဖြင့် = မကင်းစကောင်းသော နည်းအားဖြင့် "တစ်နွယ်ငင် တစ်စင်ပါ" ဟူ၍သို့ ပြတော်မူပြီး ဖြစ်၏။ အဘယ်ကြောင့်နည်း — အကြောင်း မရှိသော ဒုက္ခသစ္စာတရားဟူသည် မရှိခြင်းကြောင့်လည်းကောင်း, အကြောင်း သမုဒယသစ္စာ၏ ချုပ်ခြင်း ကြောင့် မချုပ်သော အကျိုးတရား ဒုက္ခသစ္စာဟူသည် မရှိခြင်းကြောင့်လည်းကောင်း ဒုက္ခသစ္စာကို တိုက်ရိုက် ဟောပြတော်မူလိုက်သဖြင့် ထိုဒုက္ခသစ္စာ၏ အကြောင်းရင်းဖြစ်သော တဏှာ = သမုဒယသစ္စာကိုလည်း ဖလူပစာရအားဖြင့် ဟောပြတော်မူပြီးပင် ဖြစ်သည်။ တစ်ဖန် ဒုက္ခ သမုဒယတို့၏ ချုပ်ရာ ချုပ်ကြောင်း ဖြစ်သည့် နိရောဓသစ္စာတရားဟူသည်ကို အကြောင်းဖြစ်သော မဂ္ဂသစ္စာနှင့် ကင်း၍ = မဂ္ဂသစ္စာနှင့် မပြည့်စုံဘဲ မရ-ထိုက်သည်၏ အဖြစ်ကြောင့် နိရောဓ-မဂ္ဂ သစ္စာနှစ်ပါးကိုလည်း ဟောပြတော်မူပြီးပင် ဖြစ်သည်။ — ဤသို့ သစ္စာလေးပါးကို ပြတော်မူသော တရားတော်သည် ဓမ္မစက္ကပဝတ္တနသုတ်တော်ပင်တည်း။ မှန်ပေသည် — ဓမ္မစက္ကပဝတ္တနသုတ်၌ "ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ" — စသည်ဖြင့် သစ္စာလေးပါးကို ထင်ရှား ပြခြင်းကိုပင် – "အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ = အတုမရှိ မြတ်သော တရားဓမ္မစက်ကို လည်စေတော်မူအပ်ပြီ" ဟု ဟောတော်မူသည်။ (မူလဋီ-၂-၁၁၆-၁၁၇။)

❋❋❋❋❋

## နာမရူပပစ္စယာ သဠာယတနံ

## နာမ်ရုပ် ဖြစ်ခြင်းကြောင့် သဠာယတန ဖြစ်၏။

တတ္ထ နာမန္တိ ဝေဒနာဒိက္ခန္ဓတ္တယံ။ ရူပံ ပန သကသန္တတိပရိယာပန္နံ နိယမတော စတ္တာရိ ဘူတာနိ ဆ ဝတ္ထူနိ ဇီဝိတိန္ဒြိယန္တိ ဧဝံ ဘူတဝတ္ထာဒိကံ မတန္တိ ဝေဒိတဗ္ဗံ။ (အဘိ-ဋ္ဌ-၂-၁၆၅။ ဝိသုဒ္ဓိ-၂-၁၉၆။)

**နာမ်** — အရ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟူသော နာမ်ခန္ဓာ သုံးပါးကို အရကောက်ယူပါ။

**ရုပ်** — အရ သဠာယတနအား ဧကန် အမြဲအားဖြင့် ကျေးဇူးပြုတတ်သော မိမိ၏ ခန္ဓာအစဉ်၌ အကျုံးဝင်သော မဟာဘုတ်လေးပါး, ဝတ္ထုရုပ် (၆)ပါး, ဇီဝိတိန္ဒြေတို့ကို ကောက်ယူပါ။

**သဠာယတန** — အရ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတနယ မနာယတန ဟူသော အာယတန (၆)ပါးကို ကောက်ယူပါ။

"နာမဥ္စ ရူပဥ္စ နာမရူပဥ္စ နာမရူပံ – ဟု ဧကသိသ် (ဧကသေသ်) ပြုထားသော နာမ်ရုပ်သည် – ဆဋ္ဌာယတနဥ္စ သဠာယတနဥ္စ သဠာယတနံ – ဟု ဧကသိသ် (ဧကသေသ်) ပြုထားသော သဠာယတနအား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးတတ်၏။ အရူပဘုံ၌ တည်ရှိသော နာမ်ခန္ဓာသုံးပါးသည် ခြောက်ခုမြောက် အာယတန ဖြစ်သော ဆဋ္ဌာယတန = မနာယတနအား ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ ထိုကြောင့် သဠာယတနကို ဧကသေသ် ပြုထားသည်။ (အဘိ-ဋ္ဌ-၂-၁၆၅။ ဝိသုဒ္ဓိ-၂-၁၉၆။)

## ရှင်းလင်းချက်များ

၁။ မဟာဘုတ် ဓာတ်ကြီးလေးပါးတို့သည် မိမိတို့နှင့် ကလာပ်တူ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတနတို့အား သဟဇာတ နိဿယ အတ္ထိ အဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏။

၂။ ဝတ္ထုရုပ် (၆)မျိုးတို့တွင် ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေ မနာယတနအား သဟဇာတ နိဿယ အညမည ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏။

၃။ ဟဒယဝတ္ထုရုပ်သည် ပဝတ္တိအခါ၌ ဘဝင် အဝင်အပါဖြစ်သော မနောဓာတ် မနောဝိညာဏဓာတ်တို့အား ပုရေဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏။ (ပဝတ္တိအခါ၌ မနောဓာတ် မနောဝိညာဏဓာတ်တို့သည် မိမိတို့နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မမှီ၊ မိမိတို့၏ရှေ့ အခြားမဲ့စိတ်က ဥပါဒ်ခဲ့သော ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ ဖြစ်ကြသည်။ သို့အတွက် သဟဇာတပစ္စည်းကို မရ။)

၄။ စက္ခုဝတ္ထု သောတဝတ္ထု ဃာနဝတ္ထု ဇိဝှါဝတ္ထု ကာယဝတ္ထုတို့သည် မိမိတို့ ဆိုင်ရာ ပဥ္စဝိညာဏ်ဟူသော မနာယတနအား ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

၅။ ရုပ်ဇီဝိတသည် ကလာပ်တူ ကမ္မဇရုပ်အား ဣန္ဒြိယ အတ္ထိ အဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (အနုဋီ-၂-၁၃၀။)

ဤသို့လျှင် မဟာဘုတ် (၄)ပါး, ဝတ္ထုရုပ် (၆)ပါး ဇီဝိတရုပ်တို့သည် ထိုက်သည့်အားလျော်စွာ သဟဇာတ နိဿယ ပုရေဇာတ ဣန္ဒြိယစသော ပစ္စယသတ္တိဖြင့် ဧကန်အားဖြင့် ဖြစ်ဆဲဖြစ်သော သဠာယတနအား ကျေးဇူးပြု၏။

ရူပါယတနစသော အာရုံတို့သည်လည်း အာရမ္မဏ ပုရေဇာတစသော ပစ္စယသတ္တိတို့ဖြင့် မနာယတန အား ကျေးဇူးပြုကြပါပေ၏။ သို့သော် အာရမ္မဏပစ္စည်းတရားများ ဖြစ်ကြသော ယင်းရူပါရုံစသည်တို့သည် အာရမ္မဏိက ပစ္စယုပ္ပန်တရားများ ဖြစ်ကြသော ဆိုင်ရာမနာယတနနှင့် အတူဖြစ်မှုဟူသော သဟဇာတ အဖြစ်လည်း မရှိ။ စက္ခုဝတ္ထုစသည့် ဝတ္ထုရုပ်တို့ကဲ့သို့ မနာယတန၏ မှီရာနိဿယ အဖြစ်လည်း မရှိ။ ဇီဝိတကဲ့သို့ ကလာပ်တူရုပ်တို့အား စောင့်ရှောက်ခြင်း အနုပါလန အဖြစ်လည်း မရှိ။ ထိုကြောင့် အကြောင်းတရားဖြစ်သော နာမရူပဝယ် ရူပအရ ရူပါရုံစသည်ကို မကောက်ယူခြင်း ဖြစ်သည်။ (မူလဋီ-၂-၁၁၇။)

ဆက်၍ ဆိုဦးအံ့ — ရူပါယတနစသော အပြင်အာယတနတို့သည် အာရမ္မဏ, အာရမ္မဏပုရေဇာတစသော ပစ္စယသတ္တိတို့ဖြင့် မနာယတနအား ကျေးဇူးပြုကြပါပေ၏။ သို့သော် စက္ခာယတနစသော အတွင်းအာယတန တို့ကဲ့သို့ မိမိသန္တာန်၌သာ အကျုံးဝင်သော **သကသန္တတိပရိယာပန္န = သသန္တတိပရိယာပန္န** တရားများကား မဟုတ်ကြပေ။ **ပရသန္တတိပရိယာပန္န = အညသန္တတိပရိယာပန္န** = သူတစ်ပါးသန္တာန်, ဗဟိဒ္ဓ သက်မဲ့သန္တာန်တို့၌ အကျုံးဝင်သော အာယတန = အာရုံများလည်း ဖြစ်နိုင်ကြ၏။ မိမိ သန္တာန်၌ ဖြစ်သော အပြင်အာယတနတို့သည် လည်းကောင်း, သူတစ်ပါးသန္တာန်၌ ဖြစ်သော အပြင်အာယတနတို့သည်လည်းကောင်း, ဗဟိဒ္ဓ သက်မဲ့သန္တာန်တို့၌ အကျုံးဝင်သော အပြင်အာယတနတို့သည်လည်းကောင်း — ဤအဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံးသော အပြင်အာယတန တို့သည် မနာယတနအား ဖြစ်ပေါ်လာအောင် အာရမ္မဏ အာရမ္မဏပုရေဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်ကြသည်ချည်း ဖြစ်ကြ၏။ ဤပဋိစ္စသမုပ္ပါဒ်ပိုင်း၌ ဟောကြားပြသထားအပ်သော ရုပ်တရားများကား အဝိဇ္ဇာပစ္စယာ သင်္ခါရာမှ ဆက်သွယ်လာသော မိမိ၏ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သော သသန္တတိ ပရိယာပန္နရုပ်များသာ ဖြစ်ကြ၏။ ဤသို့လျှင် မိမိ ရုပ်နာမ် သန္တာန်အစဉ်၌ အကျုံးဝင်သော ရုပ်တရားသည် သာလျှင် နာမရူပပစ္စယာ သဠာယတနံဝယ် ရူပအရ ပစ္စည်းတရား ဖြစ်သည်ဟု နိယမ = မြဲသော စည်းကမ်း ဥပဒေသပြု၍ မရနိုင်သောကြောင့် ရူပါရုံစသည်ကို မကောက်ယူရပေ။ (မူလဋီ-၂-၁၁၇။)

တစ်ဖန် စက္ခုစသော ဝတ္ထုရုပ်တို့သည် သဠာယတနတွင် ပါဝင်သော မနာယတနအား ကျေးဇူးပြုရာ၌ တစ်ခုတည်းသော အဖို့အားဖြင့်သာ ကျေးဇူးပြု၏။ ဥပမာ - စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်ဟူသော မနာ- ယတနအား ကျေးဇူးပြုရာ၌ ဒဿနကိစ္စ = ရူပါရုံကို မြင်ခြင်းကိစ္စကို စီမံသော အမြဲ တစ်နည်းအားဖြင့်သာ ကျေးဇူးပြု၏။ သောတဝတ္ထုစသည်တို့က သောတဝိညာဏ်ဟူသော မနာယတနစသည်တို့အား ကျေးဇူး- ပြုရာ၌လည်း နည်းတူမှတ်ပါ။ ဤသို့ အမြဲ တစ်နည်းအားဖြင့်သာ ကျေးဇူးပြုသော နိယမ ဖြစ်၏။

ရူပါယတန ရူပါရုံ စသည်တို့က မနာယတနအား ကျေးဇူးပြုရာ၌ ဤသို့ အမြဲ တစ်နည်းအားဖြင့်သာ ကျေးဇူးပြုသော နိယမတရားမျိုးကား မဟုတ်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ဟူသော သတ္တိ အမျိုးမျိုးအားဖြင့်လည်း မနာယတနအား ကျေးဇူးပြု၏။ ဤသို့ ကျေးဇူးပြုပုံက နိယမ = အမြဲတစ်ခုတည်း မဟုတ်သောကြောင့် ထိုရူပါရုံစသည်ကို နာမရူပပစ္စယာအရ ရုပ်တရားစုတွင် မထည့်သွင်းဘဲထားခြင်း ဖြစ်သည်။
(မူလဋီ-၂-၁၁၇။ မဟာဋီ-၂-၃၂၁။ အနုဋီ-၂-၁၃၀။)

## တစ်နည်းကောက်ယူပုံ

**နိယမတော စတ္တာရိဘူတာနိ ဆ ဝတ္ထူနိ ဇီဝိတိန္ဒြိယန္တိ ဧကာဒသ ဝိဓံ** - သဒ္ဒေန ဝါ ရူပါယတနာဒီနမ္ပိ သင်္ဂဟော ဒဋ္ဌဗ္ဗော။ (မူလဋီ-၂-၁၁၇။ မဟာဋီ-၂-၃၂၁။)

ဤနည်း၌ နာမရူပပစ္စယာ - ဝယ် ရူပအရတွင် ရူပါရုံစသည်ကိုလည်း ထည့်သွင်းကောက်ယူပါ။ အဋ္ဌကထာတွင်လာသော — ဇီဝိတိန္ဒြိယန္တိ ဧကာဒသဝိဓံ — ၌ ဝါ-သဒ္ဒါဖြင့် သိမ်းကျုံးကောက်ယူပါ။

ယင်းဇဝံ-သဒ္ဒါမှာ ပကာရအနက် ရှိ၏။ ယင်းပကာရအနက်ရှိသော ဇဝံ-သဒ္ဒါဖြင့် — ဝိညာဏပစ္စယာ နာမရူပံ – ဝယ် ရူပအရ တရားကိုယ်ကောက်ယူခဲ့သော ရုပ်တရားအားလုံးကိုပင် ဤနာမရူပပစ္စယာ သဠာ-ယတနံတွင်လည်း ရူပအရ တရားကိုယ်ကောက်ယူပါဟု ဆိုလိုသည်။ အဋ္ဌကထာနှင့် မဆန့်ကျင်အောင် ယူသောနည်း ဖြစ်သည်။ (မူလဋီ-၂-၁၁၇။ မဟာဋီ-၂-၃၂၁။)

## မနာယတနအရ – တရားကိုယ်ကောက်ယူပုံ

"နာမပစ္စယာ ဆဋ္ဌာယတန"န္တိ ဟိ အဗျာကတဝါရေ ဝက္ခတိ။ (အဘိ-ဌ-၂-၁၆၅။) (အဘိ-၂-၁၈၇။)

အဗျာကတဝါရေ ဝက္ခတီတိ ကိဉ္စာပိ အကုသလဝါရေ ကုသလဝါရေ စ "နာမပစ္စယာ ဆဋ္ဌာယတန"န္တိ ဝုတ္တံ။ သုတ္တန္တဘာဇနီယေ ပန ဝိပါကဆဋ္ဌာယတနမေဝ ဂဟိတန္တိ အဓိပ္ပါယေန အဗျာကတဝါရမေဝ သာဓကဘာဝေန ဥဒါဟဋန္တိ ဒဋ္ဌဗ္ဗံ။ ပစ္စယနယေ ပန "ဆဋ္ဌာ ဟောတိ တံ အဝကံသတော"တိအာဒိနာ အဝိပါကဿပိ ပစ္စယော ဥဒ္ဓဋော၊ သော နိရဝသေသံ ဝတ္တုကာမတာယ ဥဒ္ဓဋောတိ ဝေဒိတဗ္ဗော။

(မူလဋီ-၂-၁၁၈။)

နာမပစ္စယာ ဆဋ္ဌာယတနံ = စေတသိက်နာမ်ကြောင့် ဆဋ္ဌာယတန = မနာယတနဖြစ်၏။ — ဟူသော စကားရပ်သည် အကုသလဝါရ၌လည်း ပါ၏၊ ကုသလဝါရ၌လည်း ပါ၏။ သို့သော် ဤပဋိစ္စသမုပ္ပါဒ်ဝိဘင်း သုတ္တန္တဘာဇနီယနည်း၌ကား ဝိပါက် ဆဋ္ဌာယတန = မနာယတနကိုသာလျှင် အရကောက်ယူရ၏ဟု ဤသို့ သိစေလိုသော အဓိပ္ပါယ်ဖြင့် ဝိပါက်နှင့်ဆိုင်သော အဗျာကတဝါရဝယ် ပါသော "နာမပစ္စယာ ဆဋ္ဌာယတနံ" ကိုသာ သာဓကအဖြစ်ဖြင့် ထုတ်ပြသည်ဟု မှတ်သားပါ။

တစ်ဖန် ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံကို ဖော်ပြရာ ပစ္စယနယ၌ကား —

အဝိပါကံ ပန အဝိပါကဿ ဆဋ္ဌဿ အဝကံသတော၀ တတော ဝိပါကပစ္စယံ အပနေတွာ ဆဓာ၀ ပစ္စယော ဟောတိ။ (အဘိ-ဌ-၂-၁၆၆။)

= ဝိပါက် မဟုတ်သော ကုသိုလ် နာမ်ခန္ဓာသုံးပါးသည် ဝိပါက်မဟုတ်သော ကုသိုလ် မနာယတနအား, ဝိပါက်မဟုတ်သော အကုသိုလ်နာမ်ခန္ဓာသုံးပါးသည် ဝိပါက်မဟုတ်သော အကုသိုလ် မနာယတနအား, ဝိပါက် မဟုတ်သော ကြိယာနာမ်ခန္ဓာသုံးပါးသည် ဝိပါက်မဟုတ်သော ကြိယာ မနာယတနအား ပစ္စယသတ္တိ (၆)မျိုးဖြင့် ကျေးဇူးပြု၏။ —

ဤသို့ စသည်ဖြင့် ကျေးဇူးပြုပုံ ပစ္စယနယကို ထုတ်ဆောင်ပြထား၏။ ထိုပစ္စယနယကို ပရမတ္ထတရား များကို အကြွင်းအကျန် မရှိအောင် = ကုသိုလ် အကုသိုလ် ကြိယာပါမကျန်ရအောင် ဖွင့်ဆိုခြင်းငှာ အလိုရှိ-သည်၏ အဖြစ်ကြောင့် ထုတ်ဆောင်ပြထားသည်ဟု သိရှိပါလေ။ (မူလဋီ-၂-၁၁၈။)

ဤမူလဋီကာ၏ ဖွင့်ဆိုချက်အတိုင်း - အရာရာတွင် နည်းမှီး၍ သဘောပေါက်ပါ။ ပရမတ္ထဓာတ်သားများကို မကြွင်းမကျန်စေလိုသော ရည်ရွယ်ချက်ဖြင့် အကြောင်းအကျိုး သိမ်းဆည်းပါက, ဝိပဿနာရှုပါက, ကုသိုလ် အကုသိုလ် ကြိယာတရားတို့သည် ဝိပါကဝဋ်တွင် အကျုံးမဝင်ဟု သဘောပေါက်နားလည်ပါက အပြစ် မဖြစ်နိုင်ပါ။

## အဘယ်ကြောင့် သိနိုင်ပါသနည်း

နာမ်ရုပ်သည် သဠာယတနအား ကျေးဇူးပြု၏ = နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏ဟု အဘယ်ကြောင့် သိနိုင်ပါသနည်း ဟူမူ — နာမ်ရုပ် ဖြစ်ခြင်းသည် ရှိလတ်သော် သဠာယတန၏ ဖြစ်ခြင်းကြောင့် နာမ်ရုပ်သည် သဠာယတနအား ကျေးဇူးပြု၏ဟု သိနိုင်ပေသည် ဟူပေ။ ထိုထို နာမ်၏လည်းကောင်း, ထိုထို ရုပ်၏

လည်းကောင်း ထင်ရှားရှိသည်၏ အဖြစ်သည် ရှိခဲ့ပါမူ ထိုထို အာယတနသည် ထင်ရှားဖြစ်ပေါ်လာ၏။ ထိုထို နာမ်၏လည်းကောင်း ထိုထို ရုပ်၏လည်းကောင်း ထင်ရှား မရှိသည်၏ အဖြစ်သည် ရှိပါမူ ထိုထို အာယ-တနသည် ထင်ရှား မဖြစ်နိုင်ပေ။ ထိုသဠာယတန၏ ထိုနာမ်ရုပ်၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသည်၏ အဖြစ် ဟူသော ထိုသဘောတရားသည် ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံနည်းကို ပြရာ၌ပင် ထင်ရှားလာပေလတ္တံ့။

(အဘိ-ဋ္ဌ-၂-၁၆၅။ ဝိသုဒ္ဓိ-၂-၁၉၆။)

## ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံ

### နာမ်က သဠာယတနအား ကျေးဇူးပြုပုံ

၁။ **အရူပဘုံ၌** ပဋိသန္ဓေအခါဝယ် ပဋိသန္ဓေ စေတသိက် နာမ်တရားစုသည် ပဋိသန္ဓေဝိညာဏ် = မနာယတန အား သဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဝိပါက အတ္ထိ အဝိဂတဟူသော (၇) ပစ္စယသတ္တိ တို့ဖြင့် အနည်းဆုံး ကျေးဇူးပြု၏။ အရူပ ဝိပါက် စေတသိက် နာမ်တို့တွင် အလောဘ အဒေါသ အမောဟ ဟူသော အချို့သော နာမ်များသည် (ပဋိသန္ဓေအခါ၌လည်းကောင်း, ပဝတ္တိအခါ၌လည်းကောင်း) ယှဉ်ဖက် သမ္ပယုတ်ဖြစ်သော ဝိပါက် မနာယတနအား ဟေတုပစ္စယသတ္တိဖြင့်လည်း ကျေးဇူးပြုနိုင်သေး၏။ ယင်း စေတသိက် နာမ်တရားစုတို့တွင် အကျုံးဝင်သော ဖဿ စေတနာဟူသော နာမ်အာဟာရတို့သည် မနာယတန-အား အာဟာရပစ္စယသတ္တိဖြင့်လည်း ကျေးဇူးပြုနိုင်သေး၏။ ထို့ကြောင့် ဟေတုပစ္စယသတ္တိဖြင့် ပို၍ ကျေးဇူးပြုသောအခါ (၈)ပစ္စည်း ဖြစ်သည်။ အာဟာရသတ္တိဖြင့် ပို၍ ကျေးဇူးပြုသောအခါ (၉)ပစ္စည်း ဖြစ်သည်။

(အဘိ-ဋ္ဌ-၂-၁၆၅။ ဝိသုဒ္ဓိ-၂-၁၉၆။)

ဋီကာ = (မူလဋီ-၂-၁၁၈။ မဟာဋီ-၂-၃၂၂။) တို့၌ကား နာမ်က္ခန္ဓေထိုက်သော စေတသိက်တရားစုတို့က (= နာမ်ဇီဝိတိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့က) သမ္ပယုတ် မနာယတန-အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောအခါကို ရည်ရွယ်၍ (၁၀) ပစ္စည်းဟုလည်း အများဆုံး ပြသေး၏။

ယင်းအရူပဘုံဝယ် ပဝတ္တိအခါ၌လည်း ဝိပါက်စေတသိက် နာမ်တရားစုသည် သမ္ပယုတ် ဝိပါက် မနာယတနအား ဆိုခဲ့ပြီးသည့် နည်းအတိုင်းသာလျှင် ကျေးဇူးပြု၏။

## ပြည်ဆရာတော်ဘုရားကြီး၏ မှာတမ်း

၁။ အလောဘ အဒေါသအခိုက် သဟဇာတစသော (၇) ပစ္စည်း၌ ဟေတုကို ထည့်၍ (၈) ပစ္စည်းတည်း။

၂။ ဖဿာဟာရအခိုက်လည်း ယခင် (၇) ပစ္စည်း၌ အာဟာရကိုထည့်၍ (၈) ပစ္စည်းတည်း။

၃။ မနောသဉ္စေတနာဟာရအခိုက် ယခင် (၇) ပစ္စည်း၌ သဟဇာတကမ္မ သဟဇာတအာဟာရ ထည့်၍ (၉) ပစ္စည်းတည်း။

၄။ အမောဟအခိုက် ယခင် (၇) ပစ္စည်း၌ ဟေတု ဣန္ဒြိယ မဂ္ဂ ထည့်၍ (၁၀) ပစ္စည်းတည်း။ ဤသို့ စသည်ဖြင့် ယထာရဟ = ထိုက်သလိုယူ။

ဤသို့လျှင် ပြည်ဆရာတော်ဘုရားကြီးက မိမိ၏ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနိဿယ (ပြည်-၄-၁၆၇။)၌ မိန့်မှာ ထားတော်မူ၏။

**အနုဋီကာ** (၂-၁၃၀။)၌ကား ဈာနာဒီနမ္ပိ ဝသေန ဝေဒိတဗ္ဗော – ဟု ဈာနပစ္စည်း စသည်ကိုပါ ထည့်သွင်း၍ ဖွင့်ဆိုထားပေသည်။ သို့သော် အနည်းဆုံး (၇) ပစ္စည်း, အများဆုံး (၁၀) ပစ္စည်းသာ ဖြစ်သဖြင့် အတိုး အလျှော့ကို စိစစ်၍ ယူလေ။

၂။ **ပစ္ဆာဇာတဝိပါကဘုံ၌** — ပဋိသန္ဓေအခါဝယ် စေတသိက် နာမ်တရားစုသည် ဟဒယဝတ္ထု၏ အပေါင်းအဖော် ဖြစ်၍ မိမိတို့နှင့် ယှဉ်ဖက် သမ္ပယုတ် ပဋိသန္ဓေဝိညာဏ် = မနာယတနအား ယင်းသဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဝိပါက အတ္ထိ အဝိဂတဟူသော (၇) ပစ္စယသတ္တိတို့ဖြင့် အနည်းဆုံး ကျေးဇူးပြု၏။

(အဘိ-ဋ္ဌ-၂-၁၆၆။ ဝိသုဒ္ဓိ-၂-၁၉၇။)

ဤ၌ — **ဟဒယဝတ္ထု၏ အပေါင်းအဖော် ဖြစ်၍** — ဟူသော ဤစကားရပ်ဖြင့် အရူပဘုံ၌ကဲ့သို့ အဖော်သဟဲ (= အဖော်သဟာယ်) မဲ့သော စေတသိက် နာမ်မဟုတ်၊ ဟဒယဝတ္ထုသည်လည်း စေတသိက် နာမ်နှင့် အတူတကွ ပဋိသန္ဓေ မနာယတနအား ကျေးဇူးပြု၏ — ဤမျှသော အနက်ကိုသာ ပြ၏။ ဟဒယဝတ္ထုသည် မနာယတနအား ကျေးဇူးပြုသကဲ့သို့ စေတသိက် နာမ်သည်လည်း မနာယတနအား ကျေးဇူးပြု၏ဟူသော အနက်ကိုကား မလိုလားအပ်ပေ။ အဘယ်ကြောင့်နည်း? ဟဒယဝတ္ထုသည် မနာယတနအား ဝိပ္ပယုတ္တပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ စေတသိက် နာမ်ကား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးမပြု။ (သမ္ပယုတ္တပစ္စည်းဖြင့်သာ ကျေးဇူးပြုသောကြောင့် ဟူလိုသည်။) တစ်ဖန် စေတသိက် နာမ်မူကား မနာယတနအား ဝိပါက ဟေတုစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဟဒယဝတ္ထုကား မနာယတနအား ဝိပါက ဟေတုစသော ပစ္စယသတ္တိဖြင့် ကျေးဇူးမပြု ဖြစ်ပေသည်။ (မူလဋီ-၂-၁၁၈။ မဟာဋီ-၂-၃၂၂။)

၃။ **ဩပပါတိကသတ္တဝါတို့၏** — ပဋိသန္ဓေအခါ၌ ထိုဝိပါက်စေတသိက် နာမ်တရားစုသည် မနာယတနမှ အခြားတစ်ပါးကုန်သော စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတနဟူသော အာယတန (၅)ပါးတို့အား မဟာဘုတ်ဓာတ်ကြီး (၄)ပါးတို့၏ အပေါင်းအဖော်ဖြစ်၍ သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသော (၆)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ [ပဋိသန္ဓေအခါ ယင်းအာယတနတို့ ပဋိသန္ဓေစိတ်နှင့် အတူ ဥပါဒ်ချင်းပြိုင်၍ ဖြစ်ကြသည့် ဩပပါတိကစသည့် သတ္တဝါတို့အား အထူး ရည်ညွှန်း ထားသည်ဟု မှတ်ပါ။]

ဤပဋိသန္ဓေနာမ်တရားစုတို့တွင်လည်း အလောဘ အဒေါသ အမောဟဟူသော အချို့သော နာမ်တရား သည် ပဋိသန္ဓေ ဝိပါက်မနာယတနအား ဟေတုပစ္စယသတ္တိဖြင့်လည်းကောင်း, ဖဿ စေတနာဟူသော အချို့သော နာမ်တရားသည် ပဋိသန္ဓေ ဝိပါက်မနာယတနအား အာဟာရပစ္စယသတ္တိဖြင့်လည်းကောင်း — ဤသို့လျှင် အခြားသော ပစ္စယသတ္တိအားဖြင့်လည်း ကျေးဇူးပြုနိုင်သေး၏။ ဤနည်းဖြင့် အတိုးအလျော့ကို သိပါလေ။

(အဘိ-ဋ္ဌ-၂-၁၆၆။)

၄။ **ပဝတ္တိအခါ** — ပဉ္စဝေါကာရဘုံဝယ် ပဋိသန္ဓေအခါ၌ ကဲ့သို့ပင် ပဝတ္တိအခါ၌လည်း ဘဝင်-ပဉ္စဝိညာဏ်-သမ္ပဋိစ္ဆိုင်း-သန္တီရဏ-တဒါရုံ-စုတိဟူသော ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော အသီးအသီးသော ဝိပါက်စေတသိက် နာမ်တရားစုသည် မိမိ မိမိတို့နှင့် ယှဉ်ဖက် သမ္ပယုတ်ဖြစ်သော ဝိပါက်ဝိညာဏ် မနာယတနအား အနည်းဆုံး သဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဝိပါက အတ္ထိ အဝိဂတ ဟူသော (၇) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (ဟေတု အာဟာရ ပစ္စယသတ္တိတို့ဖြင့်လည်း ကျေးဇူးပြုနိုင်သေး၏။) (အဘိ-ဋ္ဌ-၂-၁၆၆။)

## အဝိပါကနာမ် — အဝိပါကမနာယတန

၅။ အဝိပါက = ဝိပါက်မဟုတ်သော နာမ်က အဝိပါက = ဝိပါက်မဟုတ်သော မနာယတနအား =

(က) ကုသိုလ်စေတသိက် နာမ်သည် ကုသိုလ်ဝိညာဏ် = မနာယတနအား,

( ခ ) အကုသိုလ်စေတသိက် နာမ်သည် အကုသိုလ်ဝိညာဏ် = မနာယတနအား

( ဂ ) ကြိယာစေတသိက် နာမ်သည် ကြိယာဝိညာဏ် = မနာယတနအား,

အနည်းဆုံး သဟဇာတ နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတဟူသော (၆) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ဟေတုပစ္စယသတ္တိ အာဟာရပစ္စယသတ္တိတို့ဖြင့် အများဆုံး ကျေးဇူးပြုနိုင်ပုံကိုလည်း ဆိုခဲ့ပြီးအတိုင်း မှတ်ပါ။ (အဘိ-ဋ္ဌ-၂-၁၆၆။ ဝိသုဒ္ဓိ-၂-၁၉၇။)

## မကြွင်းမကျန်စေလိုပါ

ကုသိုလ် အကုသိုလ် ကြိယာတရားတို့ကို အဝိပါကတရားဟု ခေါ်၏။ မနာယတနအရတွင် ဝိပါက်ဝိညာဏ်ကိုသာ သုတ္တန်နည်းအရ ကောက်ယူရ၏။ ကုသိုလ် အကုသိုလ် ကြိယာများသည် မနာယတနတွင် မပါဝင်ပေ။ ဤ၌ အဝိပါကဖြစ်သော ကုသိုလ် အကုသိုလ် ကြိယာ မနာယတနတို့အား အဝိပါကဖြစ်သော ဆိုင်ရာ ဆိုင်ရာ ယှဉ်ဖက် သမ္ပယုတ်စေတသိက် နာမ်တရားစုတို့က ကျေးဇူးပြုပုံကို ထုတ်ဆောင်ပြခြင်းမှာ ယင်းပဝတ္တိ ဝိပါက်နာမ်တရားတို့၏ ပဋိစ္စသမုပ္ပါဒ် = ကြောင်း-ကျိုးဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းအကျိုးကို သိမ်းဆည်းရာ၌ ယင်းဝိပါက်နာမ်တရားတို့၏ အကြားအကြား၌ ယင်းဝိပါက်နာမ်တရားတို့နှင့် တစ်ခုတည်းသော ဝီထိစိတ်အစဉ်အတွင်းဝယ် ဖြစ်ပေါ်နေကြကုန်သော ကုသိုလ် အကုသိုလ် ကြိယာတို့ကိုပါ ထည့်သွင်း၍ ပရမတ္ထဓာတ်သားများကို အကြွင်းအကျန်မရှိ ကုန်စင်အောင် ပဋ္ဌာန်းပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပုံကို တင်ပြလိုသောကြောင့် ထုတ်ဆောင်ပြခြင်း ဖြစ်သည်ဟု မှတ်ပါ။ (မူလဋီ-၂-၁၁၈။)

အသင်သူတော်ကောင်းသည် ဝီထိစိတ်အစဉ်များကို ပြန်လည်၍ အာရုံယူပါ။ ပဉ္စဒွါရဝီထိများ၌ ဘဝင်နှင့် ပဉ္စဝိညာဏ်တို့၏ အကြားတွင် ပဉ္စဒွါရာဝဇ္ဇန်းကြိယာ ရှိနေ၏။ တစ်ဖန် သန္တီရဏနှင့် တဒါရုံဝိပါက်တို့၏ အကြားတွင် ဝုဋ္ဌောဟူသော ကြိယာနှင့် ကုသိုလ် အကုသိုလ် (ကြိယာ)ဇောများသည် ထိုက်သလိုတည်ရှိနေကြ၏။ တစ်ဖန် မနောဒွါရဝီထိများ၌လည်း တဒါရုံဝိပါက်များ၏ ရှေးတွင် မနောဒွါရာဝဇ္ဇန်း ကြိယာစိတ်နှင့် ကုသိုလ် အကုသိုလ် (ကြိယာ)ဇောတို့လည်း ထိုက်သလို တည်ရှိနေကြ၏။ ဝိပါက်နာမ်တရားများနှင့် ဝိပါက်မနာယတနကိုသာ ကွက်၍ အကြောင်းအကျိုး ဆက်သွယ်ပုံ ပဋ္ဌာန်းပစ္စယသတ္တိများကို ဖော်ပြခဲ့လျှင် ယင်းကုသိုလ် အကုသိုလ် (ကြိယာ)ဇောများနှင့် အာဝဇ္ဇန်းတို့အတွက် အကြောင်းအကျိုး ဆက်သွယ်ပုံ ပဋ္ဌာန်းပစ္စယသတ္တိများသည် ကြွင်းကျန်နေမည် ဖြစ်၏။ ထိုသို့ အကြွင်းမကျန်မရှိစေလို၍ ကုန်စင်အောင် ထုတ်ပြခြင်းသာ ဖြစ်သည်ဟူလိုသည်။ သို့အတွက် ယင်းကုသိုလ် အကုသိုလ် ကြိယာများကိုလည်း အကြောင်းအကျိုး သိမ်းဆည်းရာ၌ ရောနှော၍ သိမ်းဆည်းလျှင်လည်း အပြစ်ကား မဖြစ်နိုင်ပါ။ သို့သော် ယင်းကုသိုလ် အကုသိုလ်ဇောတို့မှာ ပစ္စုပ္ပန် အကြောင်းတရားများ ဖြစ်ကြသည့် ကမ္မဘဝစာရင်းတွင် ထိုက်သလို ပါဝင်ကြ၏။ သဠာယတနစာရင်းတွင်ကား တစ်နည်း မနာယတနတွင်ကား သုတ္တန်နည်းအရ မပါဝင်ဟုသာ မှတ်ပါ။ ကြိယာဇောတို့မှာ ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌သာ ဖြစ်ကြ၏။ ပုထုဇန်နှင့် သေက္ခအရိယာတို့၏ သန္တာန်၌ မဖြစ်ကြပေ။ သို့အတွက် ပုထုဇန် အဆင့်တွင် ရှိနေသေးသော အသင်သူတော်ကောင်း၏ သန္တာန်၌ ပဉ္စဒွါရာဝဇ္ဇန်း၊ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း ဟူသော ကြိယာစိတ်တို့သာ ဖြစ်နိုင်ကြသည်ဟုလည်း မှတ်သားပါ။

၆။ ထိုပဋိဝေါကာရဘုံ၌ပင်လျှင် ပဝတ္တိအခါဝယ် စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတနတို့အား စက္ခာယတန = စက္ခုဝတ္ထုစသည့် ဝတ္ထုရုပ်တို့ကို မှီ၍ ဖြစ်သော ပဉ္စဝိညာဏ်ဟူသော ဝိပါက်နာမ်, ဟဒယဝတ္ထုကို မှီ၍ ဖြစ်သော ဘဝင်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံဟူသော ဝိပါက်နာမ်သည် ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတဟူသော (၄) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၆၆။)

၇။ ထိုပဋိဝေါကာရဘုံ၌ပင်လျှင် ပဝတ္တိအခါဝယ် ကုသိုလ် အကုသိုလ် ကြိယာ ဟူသော အဝိပါကနာမ်သည်-လည်း ထိုစက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတနတို့အား ပစ္ဆာဇာတ ဝိပ္ပယုတ္တ

အတ္ထိ အဝိဂတ ဟူသော (၄)ပစ္စယသတ္တိတို့ဖြင့်ပင် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၆၆။)

**[မှတ်ချက်** — အထက်ပါ အမှတ် (၆) နှင့် (၇) နှစ်ရပ်ကို ပေါင်းသော် ပစ္ဆာဇာတပစ္စည်းတရား ဖြစ်ထိုက်သော ဘဝင်နှင့်တကွသော ပဥ္စဒွါရဝီထိ မနောဒွါရဝီထိ နာမ်တရားများ ကုန်သွားပြီ ဖြစ်သည်။ ပဝတ္တိအခါ၌ နာမ်တရားတို့သည် ရုပ်၏ ဌီအခိုက်သို့ ရောက်နေသည်သာလျှင်ဖြစ်သော စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန ဟူသော ကမ္မဇရုပ်အား ပစ္ဆာဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏။ ပဋိသန္ဓေနာမ်တရားတို့ကဲ့သို့ ဖြစ်ဆဲ ဥပါဒ်အခိုက်၌ တည်ရှိသော ကမ္မဇရုပ်အား ကျေးဇူးမပြုကုန်။ ထိုကြောင့် စက္ခာယတနစသည်တို့အား စက္ခုဒွါရဝီထိစသော ပဥ္စဒွါရဝီထိများနှင့် မနောဒွါရဝီထိတို့၏ အတွင်း၌ တည်ရှိကြသော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ နာမ်တရားစုတို့က ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (သဟဇာတ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ပစ္စယသတ္တိတို့ဖြင့်ကား ကျေးဇူးမပြုဟု မှတ်ပါ။) (မူလဋီ-၂-၁၁၈။ မဟာဋီ-၂-၃၂၂။ အနုဋီ-၂-၁၃၁။)]

ဤကား — နာမရူပပစ္စယာ သဠာယတနံ - ဝယ် ပစ္စည်းတရားဘက်၌ နာမရူပံဟု ရှိရာ နာမအရ နာမ်တရားစုတို့က သဠာယတနအရ အာယတန (၆)ပါးတို့အား ထိုက်သလို ကျေးဇူးပြုပုံအပိုင်းတည်း။ ယခု တစ်ဖန် ယင်းပစ္စည်းတရားဘက်၌ ရှိသော ရူပံအရ ရုပ်တရားစုက အာယတန (၆)ပါးအား ကျေးဇူးပြုပုံကို ဆက်လက်ဖော်ပြအပ်ပါသည်။

## ရုပ်က သဠာယတနအား ကျေးဇူးပြုပုံ

၁။ နာမရူပပစ္စယာ သဠာယတနံ - ဝယ် နာမရူပပစ္စယာဟူသော ပစ္စည်းတရားဘက်၌ တည်ရှိသော ရုပ်တရားစုတို့တွင် ပဋိသန္ဓေအခါ၌ **ဟဒယဝတ္ထု**ရုပ်သည် ပဋိသန္ဓေဝိညာဏ်ဟူသော မနာယတနအား သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသော (၆) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

(အဘိ-ဋ္ဌ-၂-၁၆၆။ ဝိသုဒ္ဓိ-၂-၁၉၈။)

၂။ အထူးမမ သာမညအားဖြင့် ဆိုရမူ **မဟာဘုတ်** (၄)ပါးတို့သည် ပဋိသန္ဓေအခါ၌ပင် ဖြစ်စေ ပဝတ္တိအခါ၌ပင် ဖြစ်စေ အကြင်အကြင် အာယတနသည် ဖြစ်ပေါ်လာ၏၊ ထိုထို အာယတန၏ အစွမ်းဖြင့် ဖြစ်ပေါ်လာကုန်သော ကလာပ်တူ စက္ခာယတနစသော ရုပ်အာယတန (၅)မျိုးတို့အား သဟဇာတ နိဿယ အတ္ထိ အဝိဂတဟူသော (၄) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏ – [စက္ခုဒသကကလာပ်အတွင်း၌ တည်ရှိသော မဟာဘုတ်ဓာတ်ကြီး-လေးပါးက ယင်းကလာပ်တူ စက္ခာယတနအား (၄)ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ – ဤသို့စသည်ဖြင့် သိပါလေ။]

(အဘိ-ဋ္ဌ-၂-၁၆၆-၁၆၇။ ဝိသုဒ္ဓိ-၂-၁၉၈။)

၃။ ပဋိသန္ဓေအခါ၌ပင်ဖြစ်စေ ပဝတ္တိအခါ၌ပင်ဖြစ်စေ စက္ခုစသော ရုပ်အာယတန (၅)ပါးတို့အား မိမိတို့နှင့် အတူဥပါဒ်သည့် ရုပ်ကလာပ်အတွင်း၌ တည်ရှိသော ကလာပ်တူ **ဇီဝိတ**က အတ္ထိ အဝိဂတ ဣန္ဒြိယ ဟူသော (၃) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏။ (စက္ခုဒသကကလာပ်အတွင်း၌ တည်ရှိသော ဇီဝိတက ကလာပ်တူ ယင်းစက္ခာယတနအား ယင်း (၃) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ဤသို့ စသည်ဖြင့် သောတာယတနစသည်တို့၌လည်း နည်းတူ သဘောပေါက်ပါ။) (အဘိ-ဋ္ဌ-၂-၁၆၇။ ဝိသုဒ္ဓိ-၂-၁၉၈။)

၄။ **ကဗဠီကာရအာဟာရ** — စားမျိုလိုက်သော အစာအာဟာရဟူသော ဥတုဇအဋ္ဌကလာပ်တို့၌ တည်ရှိသော ဩဇာသည် အစာကို ကြေကျက်စေတတ်သော ပါစက တေဇောဓာတ် ဝမ်းမီး၏ အထောက်အပံ့ကိုရသော် ဩဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေ၏၊ ယင်းဩဇဋ္ဌမကရုပ်ကလာပ်တို့ကား ဩဇာကြောင့် ဖြစ်ပေါ်လာသော အာဟာရဇ ဩဇဋ္ဌမကရုပ်တို့တည်း။ ယင်းအာဟာရဇ ဩဇဋ္ဌမကရုပ်တို့ကား ဘုတ်အဆက်ဆက်

ရိုက်ခတ်ကျေးဇူးပြုသဖြင့် တစ်ကိုယ်လုံး အနှံ့အပြား ဖြစ်နေကြ၏။ ယင်းအာဟာရဇ ဩဇဋ္ဌမကရုပ်တို့တွင် ပါဝင်သော ဩဇာကား အာဟာရဇဩဇာတည်း။ ယင်းဩဇာသည် ကဗဠီကာရအာဟာရမည်၏။ တစ်နည်း အာဟာရဇဩဇာ၏ အထောက်အပံ့ကို ရရှိသော စတုသမုဋ္ဌာနိကဩဇာသည် ကဗဠီကာရအာဟာရ မည်၏။ ယင်း**အာဟာရ**ကလည်း စက္ခာယတနစသော ရုပ်အာယတန (၅)မျိုးတို့အား အတ္ထိ အဝိဂတ အာဟာရဟူသော (၃) ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ဤသို့ ကျေးဇူးပြုမှုမှာလည်း အာဟာရကို မှီ၍ အသက်ရှင်လေ့ရှိကြကုန်သော သတ္တဝါတို့၏ အာဟာရသည် အစဉ်လိုက်အပ်သော ကိုယ်၌ ပဝတ္တိအခါ၌သာလျှင် ကျေးဇူး ပြု၏။ ပဋိသန္ဓေအခါ၌ကား ကျေးဇူးမပြုနိုင်ပေ။ (အဘိ-ဋ္ဌ-၂-၁၆၇။ ဝိသုဒ္ဓိ-၂-၁၉၈။)

[**မှတ်ချက်** — ကဗဠီကာရအာဟာရ အမည်ရသော အထက်တွင် ဖော်ပြထားသော အာဟာရဇဩဇာသည် စက္ခုဒသကကလာပ်စသော ထိုထိုရုပ်ကလာပ်တို့၏ အတွင်း၌ တည်ရှိသော ကမ္မဇဩဇာစသည်အား အတ္ထိ အဝိဂတ အာဟာရပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးသဖြင့် အသစ်အသစ်သော ဩဇဋ္ဌမကရုပ်များ တိုးပွား လာရခြင်း ဖြစ်၏။ ယင်းသို့ တိုးပွားလာသဖြင့် ရုပ်တရားများသည် ပို၍ အားရှိကာ ခိုင်ခံ့ တည်တံ့လာ၏။ အာဟာရဇဩဇာက ထိုထို စက္ခုဒသကကလာပ် စသည်တို့၏ အတွင်း၌ တည်ရှိသော ဩဇာကို အားပေး ထောက်ပံ့လိုက်သဖြင့် ဩဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်များ တိုးပွားလာသောအခါ ဩဇာနှင့်တကွသော စက္ခုဒသကကလာပ်စသည့် ထိုထို ကလာပ်အတွင်း၌ တည်ရှိသော ရုပ်တရားတို့သည်လည်း ခိုင်ခံ့ တည်တံ့ သွားကြသည်သာ ဖြစ်သည်။ ထို့ကြောင့် အာဟာရက စက္ခာယတန စသည်အားလည်း ကျေးဇူးပြုပေးသည်ဟု ဆိုသည်။ သင့်တော်သော ဆေးဝါးများကို မှီဝဲပါက မျက်စိများလည်း အားကောင်းလာတတ်သည်ကို သတိပြု ကြည့်ပါ။ ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံး ထင်ရှားရှိခိုက် ကျေးဇူးပြုခြင်း ဖြစ်သည်။]

## ရုပ်က မနာယတနအား ကျေးဇူးပြုပုံ

၁။ **စက္ခုဝတ္ထု**သည် စက္ခုဝိညာဏ် မနာယတနအား,
၂။ **သောတဝတ္ထု**သည် သောတဝိညာဏ် မနာယတနအား,
၃။ **ဃာနဝတ္ထု**သည် ဃာနဝိညာဏ် မနာယတနအား,
၄။ **ဇိဝှါဝတ္ထု**သည် ဇိဝှါဝိညာဏ် မနာယတနအား,
၅။ **ကာယဝတ္ထု**သည် ကာယဝိညာဏ် မနာယတနအား,

နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသော (၆)ပစ္စယ သတ္တိတို့ဖြင့် ပဝတ္တိအခါ၌သာ ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ၌ ကျေးဇူးမပြု။ (ပဋိသန္ဓေအခါ၌ကား စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့ ဉပါဒ်ခိုက်မဟုတ်၊ ပဋိသန္ဓေဝိညာဏ်တို့သာ ဉပါဒ်ခိုက် ဖြစ်သည်။) (အဘိ-ဋ္ဌ-၂-၁၆၇။ ဝိသုဒ္ဓိ-၂-၁၉၈။)

၆။ **ဟဒယဝတ္ထု**သည် ပဉ္စဝေါကာရဘုံ၌ ပဉ္စဝိညာဏ်မှ ကြွင်းသော မနာယတနအား နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၅) ပစ္စယသတ္တိတို့ဖြင့် ပဝတ္တိအခါ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေအခါ၌ကား ကျေးဇူးမပြု။ (ပဋိသန္ဓေအခါ၌ ကျေးဇူးပြုမှုကို အထက်တွင် ဆိုခဲ့ပြီး ဖြစ်၏။) (အဘိ-ဋ္ဌ-၂-၁၆၇။ ဝိသုဒ္ဓိ-၂-၁၉၈။)

## နာမ်ရုပ်က သဠာယတနအား ကျေးဇူးပြုပုံ

၁။ ပဉ္စဝေါကာရဘုံဝယ် ပဋိသန္ဓေအခါ၌ စေတသိက် နာမ်ခန္ဓာသုံးပါး (တိဟိတ် သောမနဿပဋိသန္ဓေ ဖြစ်လျှင် ၃၃-လုံးသော စေတသိက်တို့)နှင့် ဟဒယဝတ္ထုရုပ်ဟု ဆိုအပ်သော နာမ်ရုပ်သည် ပဋိသန္ဓေဝိညာဏ်

ဟူသော မနာယတနအား သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ စသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ဤကား အမြွက်မျှတည်း။ (အဘိ-၄-၂-၁၆၇။ ဝိသုဒ္ဓိ-၂-၁၉၉။)

ဤတွင် သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ စသော ပစ္စည်းတို့ကား နာမ်ရုပ်နှစ်မျိုးလုံးက မနာယတနအား ကျေးဇူးပြုမှုနှင့် သက်ဆိုင်၏။

သမ္ပယုတ္တ ဝိပါက ဟေတု အာဟာရ ဣန္ဒြိယစသော ပစ္စည်းတို့ကား စေတသိက်နာမ်က မနာယတနအား ကျေးဇူးပြုမှုနှင့် သက်ဆိုင်၏။

ဝိပ္ပယုတ္တပစ္စည်းကား ဟဒယဝတ္ထုရုပ်ပစ္စည်းတရားက မနာယတနအား ကျေးဇူးပြုမှုနှင့် သက်ဆိုင်၏။ ဤသို့ ထိုက်သလို ခွဲခြား၍ ယှဉ်စပ်ပါလေ။ (မူလဋီ-၂-၁၁၈။ မဟာဋီ-၂-၃၂၃။ အနုဋီ-၂-၁၃၁။)

## ရုပ်က ရုပ်အာယတန (၅) ပါးအား ကျေးဇူးပြုပုံ

၁။ စက္ခုဒသကကလာပ်၌ တည်ရှိသော မဟာဘုတ်ရုပ်တရားက ကလာပ်တူ စက္ခာယတနအား,
၂။ သောတဒသကကလာပ်၌ တည်ရှိသော မဟာဘုတ်ရုပ်တရားက ကလာပ်တူ သောတာယတနအား,
၃။ ဃာနဒသကကလာပ်၌ တည်ရှိသော မဟာဘုတ်ရုပ်တရားက ကလာပ်တူ ဃာနာယတနအား,
၄။ ဇိဝှါဒသကကလာပ်၌ တည်ရှိသော မဟာဘုတ်ရုပ်တရားက ကလာပ်တူ ဇိဝှါယတနအား,
၅။ ကာယဒသကကလာပ်၌ တည်ရှိသော မဟာဘုတ်ရုပ်တရားက ကလာပ်တူ ကာယာယတနအား,
၆။ စက္ခုဒသကကလာပ်၌ တည်ရှိသော ရုပ်ဇီဝိတက ကလာပ်တူ စက္ခာယတနအား,
၇။ သောတဒသကကလာပ်၌ တည်ရှိသော ရုပ်ဇီဝိတက ကလာပ်တူ သောတာယတနအား,
၈။ ဃာနဒသကကလာပ်၌ တည်ရှိသော ရုပ်ဇီဝိတက ကလာပ်တူ ဃာနာယတနအား,
၉။ ဇိဝှါဒသကကလာပ်၌ တည်ရှိသော ရုပ်ဇီဝိတက ကလာပ်တူ ဇိဝှါယတနအား,
၁၀။ ကာယဒသကကလာပ်၌ တည်ရှိသော ရုပ်ဇီဝိတက ကလာပ်တူ ကာယာယတနအား,

သဟဇာတ နိဿယ ဝိပ္ပယုတ္တ ဣန္ဒြိယ အတ္ထိ အဝိဂတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏၊ ဤနည်းကို နိရောဓသမာပတ် ဝင်စားခိုက်၌ ရုပ်တရားတို့က ရုပ်အာယတန (၅)ပါးတို့အား ကျေးဇူးပြုမှုကို ရည်ရွယ်၍ ဆိုခြင်း ဖြစ်သည်။ သို့သော် ဤနည်းမှာ အများစုနှင့် မသက်ဆိုင်သည့်အတွက် (အသင်သူတော်-ကောင်းနှင့်လည်း မသက်ဆိုင်သေးသည့်အတွက်) ယေဘုယျနည်းသို့ လိုက်၍ ပဋိသန္ဓေအခါ၌ ပစ္စည်း အကြောင်းတရား ဖြစ်သော နာမ်ရုပ်သည် ပဝတ္တိအခါ၌လည်း အကြောင်းတရား ဖြစ်သည်သာဟု ထင်ရှား ပြလျက် မဖော်ပြခြင်း ဖြစ်သည်ဟု မှတ်ပါ။ (မဟာဋီ-၂-၃၂၃။)

## အကြောင်း အကျိုး သိမ်းဆည်းပုံ ရှုကွက်

ဤအပိုင်းတွင် — နာမရူပပစ္စယာ သဠာယတနံ အရ —

၁။ နာမ်က သဠာယတနအား ကျေးဇူးပြုပုံ
၂။ ရုပ်က သဠာယတနအား ကျေးဇူးပြုပုံ
၃။ နာမ်ရုပ်က သဠာယတနအား ကျေးဇူးပြုပုံ — ဟု

ဤသို့လျှင် အပိုင်းကြီး သုံးပိုင်းရှိ၏။ ထိုအပိုင်းကြီး သုံးပိုင်းကို ထပ်မံ၍ ခွဲတမ်းချလိုက်သော် အပိုင်းကြီး

(၅)ပိုင်း ထွက်လာ၏။ ယင်းအပိုင်းကြီး (၅) ပိုင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

၁။ နာမ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ -
၂။ နာမ် ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်ပုံ -
၃။ ရုပ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ -
၄။ ရုပ် ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်ပုံ -
၅။ နာမ်ရုပ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ -

ဤသို့ အပိုင်းကြီး (၅)ပိုင်း ရှိ၏။ ဤအပိုင်းကြီးများအတိုင်း ယခုအခါတွင် တိဟိတ် သောမနဿ ပဋိသန္ဓေ တည်နေခဲ့သော လူသား သူတော်ကောင်းတစ်ဦးကို ပုံစံထား၍ လူသားများနှင့် သက်ဆိုင်သည့် ရှုကွက် အပိုင်းကိုသာ ပဓာနထား၍ တင်ပြပေအံ့ —

## ၁။ နာမ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ

စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်ကြသည့် သမ္ပယုတ်တရားစုတို့တွင် စေတသိက်တရားများကို နာမ်ဟုလည်းကောင်း, အသိစိတ်ဝိညာဏ်ကို မနာယတနဟုလည်းကောင်း ကောက်ယူထားသည်။ ရှေးဦးစွာ ဤရှုကွက်ကို ရှုလိုသော အသင်သူတော်ကောင်းသည် မိမိသိမ်းဆည်း ရှုပွားလိုသော စိတ္တက္ခဏ တစ်ခု၏ အတွင်း၌ တည်ရှိကြသော သမ္ပယုတ်တရားစုတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူပါ၊ သိမ်းဆည်းပါ။ ထိုနောင် ယင်းစိတ္တက္ခဏ၏ အတွင်း၌ စေတသိက်နာမ်ကြောင့် အသိစိတ် ဝိညာဏ် မနာယတန ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပါ။ ထိုသို့ မြင်သောအခါမှ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ဥပမာ - ပဋိသန္ဓေစိတ္တက္ခဏ၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းလိုသည် ဖြစ်အံ့၊ ပဋိသန္ဓေ စိတ္တက္ခဏ၌ (၃၄)လုံးသော သမ္ပယုတ်တရားစုတို့ကို ရှေးဦးစွာ သိမ်းဆည်းပါ။ ထိုနောင် (၃၃)လုံးသော စေတသိက် နာမ်ကြောင့် ပဋိသန္ဓေဝိညာဏ် မနာယတန ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ကြည့်ပါ။ ဉာဏ်ဖြင့် မြင်သောအခါမှ အောက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

၁။ **ပဋိသန္ဓေ** နာမ်တရား (၃၃) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ မနာယတန ဖြစ်၏။
ပဋိသန္ဓေ နာမ်တရား (၃၃)က အကြောင်းတရား၊ ပဋိသန္ဓေ မနာယတနက အကျိုးတရား။
(ဟဒယဝတ္ထု အပေါင်းအဖော်နှင့်တကွ ကျေးဇူးပြု၏ဟူသော စကားကို မမေ့ပါနှင့်။)

၂။ **ဘဝင်** နာမ်တရား (၃၃) ဖြစ်ခြင်းကြောင့် ဘဝင် မနာယတန ဖြစ်၏။
ဘဝင် နာမ်တရား (၃၃)က အကြောင်းတရား၊ ဘဝင် မနာယတနက အကျိုးတရား။

၃။ **စုတိ** နာမ်တရား (၃၃) ဖြစ်ခြင်းကြောင့် စုတိ မနာယတန ဖြစ်၏။
စုတိ နာမ်တရား (၃၃)က အကြောင်းတရား၊ စုတိ မနာယတနက အကျိုးတရား။

၄။ **ပဉ္စဒွါရာဝဇ္ဇန်း** နာမ်တရား (၁၀) ဖြစ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မနာယတန ဖြစ်၏။
ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရား (၁၀)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း မနာယတနက အကျိုးတရား။

၅။ **စက္ခုဝိညာဏ်** နာမ်တရား (၇) ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် မနာယတန ဖြစ်၏။
စက္ခုဝိညာဏ် နာမ်တရား (၇)က အကြောင်းတရား၊ စက္ခုဝိညာဏ် မနာယတနက အကျိုးတရား။

၆။ **သမ္ပဋိစ္ဆိုင်း** နာမ်တရား (၁၀) ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း မနာယတန ဖြစ်၏။

သမ္ပဋိစ္ဆိုင်း နာမ်တရား (၁၀)က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း မနာယတနက အကျိုးတရား။

၇။ **သန္တီရဏ** နာမ်တရား (၁၁) ဖြစ်ခြင်းကြောင့် သန္တီရဏ မနာယတန ဖြစ်၏။
သန္တီရဏ နာမ်တရား (၁၁)က အကြောင်းတရား၊ သန္တီရဏ မနာယတနက အကျိုးတရား။

၈။ **ဝုဋ္ဌော** နာမ်တရား (၁၁) ဖြစ်ခြင်းကြောင့် ဝုဋ္ဌော မနာယတန ဖြစ်၏။
ဝုဋ္ဌော နာမ်တရား (၁၁)က အကြောင်းတရား၊ ဝုဋ္ဌော မနာယတနက အကျိုးတရား။

၉။ **ဇော** နာမ်တရား (၃၃) ဖြစ်ခြင်းကြောင့် ဇော မနာယတန ဖြစ်၏။
ဇောနာမ်တရား (၃၃)က အကြောင်းတရား၊ ဇော မနာယတနက အကျိုးတရား။
(ဇော-၇-ကြိမ် ခွဲရှုပါ။)

၁၀။ **တဒါရုံ** နာမ်တရား (၃၃) ဖြစ်ခြင်းကြောင့် တဒါရုံ မနာယတန ဖြစ်၏။
တဒါရုံ နာမ်တရား (၃၃)က အကြောင်းတရား၊ တဒါရုံ မနာယတနက အကျိုးတရား။
(တဒါရုံ၌-၂-ကြိမ် ခွဲရှုပါ။)

၁၁။ **မနောဒွါရာဝဇ္ဇန်း** နာမ်တရား (၁၁) ဖြစ်ခြင်းကြောင့် မနောဒွါရာဝဇ္ဇန်း မနာယတန ဖြစ်၏။
မနောဒွါရာဝဇ္ဇန်း နာမ်တရား (၁၁)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း မနာယတနက အကျိုးတရား။

၁၂။ **ဇော** နာမ်တရား (၃၃) ဖြစ်ခြင်းကြောင့် ဇော မနာယတန ဖြစ်၏။
ဇော နာမ်တရား (၃၃)က အကြောင်းတရား၊ ဇော မနာယတနက အကျိုးတရား။
(ဇော-၇-ကြိမ် ခွဲရှုပါ။)

၁၃။ **တဒါရုံ** နာမ်တရား (၃၃) ဖြစ်ခြင်းကြောင့် တဒါရုံ မနာယတန ဖြစ်၏။
တဒါရုံ နာမ်တရား (၃၃)က အကြောင်းတရား၊ တဒါရုံ မနာယတနက အကျိုးတရား။
(တဒါရုံ-၂-ကြိမ် ခွဲရှုပါ။)

ဤကား - နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း ရူပါရုံကို အာရုံပြုကြသည့် ကုသိုလ်ဇောစောသည့် စက္ခုဒွါရဝီထိ, မနောဒွါရဝီထိ ပထမအတန်း၌ စိတ္တက္ခဏတိုင်း၌ အကြောင်း အကျိုး သိမ်းဆည်းပုံ ဖြစ်သည်။ ဤနည်းကို နည်းမှီး၍ အတန်းတိုင်း အတန်းတိုင်း၌ စိတ္တက္ခဏတိုင်း၌ အကြောင်း အကျိုး သိမ်းဆည်းပါ။ မကောင်းအုပ်စု အကုသိုလ်ဇောစောသည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌လည်း နည်းတူပင် ရှုပါ။ သောတဒွါရဝီထိစသည်တို့၌လည်း နည်းတူပင် ရှုပါ။ (၆) လိုင်းလုံး၌ အကောင်းအုပ်စု မကောင်းအုပ်စု ကုန်အောင်ရှုပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း စေတသိက် အရေအတွက် အပြောင်းအလဲကို သတိပြုပါ။

## ၂။ နာမ် ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်ပုံ

ဤအပိုင်းကား ပစ္ဆာဇာတပစ္စည်းပိုင်းပင် ဖြစ်သည်။ နာမ်အရ ပဋိသန္ဓေနောင် ပထမဘဝင်မှ စ၍ ဘဝ-တစ်လျှောက်၌ အသင်သူတော်ကောင်း၏ သန္တာန်၌ ဖြစ်ပေါ်နေသော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ စိတ်စေတသိက် နာမ်တရားစုတို့ကိုပင် အရကောက်ယူပါ။ ရုပ်အာယတနအရ ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ဌီကာလသို့ ရောက်ရှိလာသော စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတနဟူသော ရုပ်အာယတန (၅)ပါးကို ကောက်ယူပါ။ ယင်းရုပ်အာယတနတို့သည် မိမိတို့

ဥပါဒ်သည့်အချိန်မှစ၍ ဘဝတစ်လျှောက်ဝယ် စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၏ ဥပါဒ်ကာလတိုင်း ဌီကာလ-တိုင်း ဘင်ကာလတိုင်း၌ ကံအရှိန် မကုန်သေးသမျှ ဘဝတစ်လျှောက်လုံး ဖြစ်နေကြ၏။ ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ဌီကာလသို့ ရောက်ရှိလာသော ယင်းရုပ်အာယတနတို့အား နောက်နောက်သော စိတ္တက္ခဏ အတွင်း၌ တည်ရှိကြသော စိတ်+စေတသိက် = နာမ်တရားစုတို့က ပစ္ဆာဇာတပစ္စယသတ္တိဖြင့် အားပေးထောက်ပံ့ ထား၏။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

၁။ ပစ္ဆာဇာတ ဘဝင်နာမ်တရား ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်၏။
ပစ္ဆာဇာတ ဘဝင်နာမ်တရားက အကြောင်းတရား၊ ရုပ်အာယတနက အကျိုးတရား။
(ရုပ်အာယတနကား ပုရေဇာတ, ဘဝင်နာမ်တရားကား ပစ္ဆာဇာတတည်း။ အမှတ်မထား တစ်ပါးပါးသော ဘဝင်ကို ယူ၍ရှုပါ။)

၂။ ပစ္ဆာဇာတ ပဥ္စဒွါရာဝဇ္ဇန်း နာမ်တရား ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်၏။
ပစ္ဆာဇာတ ပဥ္စဒွါရာဝဇ္ဇန်း နာမ်တရားက အကြောင်းတရား၊ ရုပ်အာယတနက အကျိုးတရား။
(ရုပ်အရ မိမိ ပဥ္စဒွါရာဝဇ္ဇန်း၏ ရှေးစိတ္တက္ခဏ ဘဝင်္ဂုပစ္ဆေဒနှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်သော ရုပ်အာယတန-၅-ပါးကို ကောက်ယူပါ။)

၃။ ပစ္ဆာဇာတ စက္ခုဝိညာဏ် နာမ်တရား ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်၏။
ပစ္ဆာဇာတ စက္ခုဝိညာဏ် နာမ်တရားက အကြောင်းတရား ရုပ်အာယတနက အကျိုးတရား။
(ရုပ်အရ ပဥ္စဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ရောက်သော ရုပ်အာယတန-၅-ပါးကို ကောက်ယူပါ။)

၄။ ပစ္ဆာဇာတ သမ္ပဋိစ္ဆိုင်း နာမ်တရား ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်၏။
ပစ္ဆာဇာတ သမ္ပဋိစ္ဆိုင်းနာမ် တရားက အကြောင်းတရား၊ ရုပ်အာယတနက အကျိုးတရား။
(ရုပ်အရ စက္ခုဝိညာဏ်နှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်သော ရုပ်အာယတန-၅-ပါးကို ကောက်ယူပါ။)

၅။ ပစ္ဆာဇာတ သန္တီရဏ နာမ်တရား ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်၏။
ပစ္ဆာဇာတ သန္တီရဏ နာမ်တရားက အကြောင်းတရား၊ ရုပ်အာယတနက အကျိုးတရား။
(ရုပ်အရ သမ္ပဋိစ္ဆိုင်းနှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်သော ရုပ်အာယတန-၅-ပါးကို ကောက်ယူပါ။)

၆။ ပစ္ဆာဇာတ ဝုဋ္ဌော နာမ်တရား ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်၏။
ပစ္ဆာဇာတ ဝုဋ္ဌော နာမ်တရားက အကြောင်းတရား၊ ရုပ်အာယတနက အကျိုးတရား။
(ရုပ် = သန္တီရဏနှင့် အတူဥပါဒ်သော ရုပ်အာယတန-၅-ပါးတည်း။)

၇။ ပစ္ဆာဇာတ ပထမဇောနာမ်တရား ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်၏။
ပစ္ဆာဇာတ ပထမဇောနာမ်တရားက အကြောင်းတရား၊ ရုပ်အာယတနက အကျိုးတရား။
(ရုပ် = ဝုဋ္ဌောနှင့် အတူဥပါဒ်သော ရုပ်အာယတန-၅-ပါးတည်း။)

၈။ ပစ္ဆာဇာတ ဒုတိယဇောနာမ်တရား ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်၏။ ပစ္ဆာဇာတ ဒုတိယဇော နာမ်တရားက အကြောင်းတရား၊ ရုပ်အာယတနက အကျိုးတရား။
(ရုပ် = ပထမဇောနှင့် အတူဥပါဒ်သော ရုပ်အာယတန-၅-ပါးတည်း။)

ဤမျှဆိုလျှင် ရှုကွက်ကို သဘောပေါက်သင့်ပြီ။ စက္ခုဒွါရဝီထိ၌ ကြွင်းကျန်နေသေးသော ဇော တဒါရုံ တို့ကို နည်းမှီး၍ ဆက်ရှုပါ။ ရှုပါရုံကိုပင် ဆက်လက်၍ အာရုံယူကြသည့် မနောဒွါရဝီထိတို့၌လည်း စိတ္တက္ခဏတိုင်းဝယ် နည်းမှီး၍ ရှုပါ။ မိမိ ရှုပွားနေသော ပစ္ဆာဇာတဝိညာဏ်၏ ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်ရှိနေသော ရုပ်အာယတနငါးပါးကို ပစ္ဆာဇာတဖြစ်သော နောက်နောက် နာမ်တရားစုက ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်သာ ဖြစ်သည်။ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများ အတိုင်း (၆)လိုင်းလုံး၌ အကောင်းအုပ်စု မကောင်းအုပ်စု ကုန်စင်အောင် ရှုပါ။ အတန်းတိုင်း စိတ္တက္ခဏတိုင်း၌ အကွက်စေ့အောင် ရှုပါ။

## ၃။ ရုပ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ

ပဉ္စဝေါကာရဘုံ၌ နာမ်တရားတို့သည် မှီရာဝတ္ထုရုပ်ရှိပါမှ ဖြစ်နိုင်သည့် စွမ်းအားရှိကြ၏၊ မှီရာဝတ္ထုရုပ် မရှိက ဖြစ်နိုင်သည့် စွမ်းအားများ မရှိကြပေ။ ဆိုင်ရာ ဆိုင်ရာ မှီရာဝတ္ထုရုပ်တို့က ဆိုင်ရာ ဆိုင်ရာ နာမ်တရားစု တို့အား ဝတ္ထုပုရေဇာတ နိဿယစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးပါမှ ဆိုင်ရာ နာမ်တရားတို့ ဖြစ်ပေါ်လာနိုင်သည့် သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါရှုကွက်များကို ရှုပါ။

၁။ စက္ခုဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် မနာယတန ဖြစ်၏။
စက္ခုဝတ္ထုရုပ်က အကြောင်းတရား၊ စက္ခုဝိညာဏ် မနာယတနက အကျိုးတရား။

၂။ သောတဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် သောတဝိညာဏ် မနာယတန ဖြစ်၏။
သောတဝတ္ထုရုပ်က အကြောင်းတရား၊ သောတဝိညာဏ် မနာယတနက အကျိုးတရား။

၃။ ဃာနဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ဃာနဝိညာဏ် မနာယတန ဖြစ်၏။
ဃာနဝတ္ထုရုပ်က အကြောင်းတရား၊ ဃာနဝိညာဏ် မနာယတနက အကျိုးတရား။

၄။ ဇိဝှါဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ဇိဝှါဝိညာဏ် မနာယတန ဖြစ်၏။
ဇိဝှါဝတ္ထုရုပ်က အကြောင်းတရား၊ ဇိဝှါဝိညာဏ် မနာယတနက အကျိုးတရား။

၅။ ကာယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ကာယဝိညာဏ် မနာယတန ဖြစ်၏။
ကာယဝတ္ထုရုပ်က အကြောင်းတရား၊ ကာယဝိညာဏ် မနာယတနက အကျိုးတရား။

၆။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် မနောဓာတ် မနောဝိညာဏဓာတ် မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ မနောဓာတ် မနောဝိညာဏဓာတ် မနာယတနက အကျိုးတရား။

ဤရှုကွက်မှာ ခြုံ၍ရှုသော ရှုကွက် ဖြစ်သည်။ မနောဓာတ် မနောဝိညာဏဓာတ်ဟူသော မနာယတနတွင် ပဋိသန္ဓေ ဘဝင် စုတိဟူသော ဝီထိမုတ်စိတ်တို့လည်း ပါဝင်ကြ၏။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံ, မနောဒွါရာဝဇ္ဇန်း ဇော တဒါရုံဟူသော ဝီထိစိတ်တို့လည်း ပါဝင်ကြ၏။ အရာကျယ်၏။ အကယ်၍ ဉာဏ်က ယင်းပရမတ်တရားတို့ကို မခြုံနိုင် မငုံနိုင် ဖြစ်ပါက အောက်ပါအတိုင်း အာယတနဒွါရ အလိုက် ခွဲ၍ ရှုပါ။ ထိုသို့ ရှုရာ၌ မနာယတနနှင့် စိတ္တက္ခဏတစ်ခု အတွင်း၌ အတူယှဉ်ဖက် သမ္ပယုတ် တရားများ ဖြစ်ကြသည့် စေတသိက် နာမ်တရားတို့သည်လည်း မနာယတနကဲ့သို့ပင် ဆိုင်ရာ ဝတ္ထုရုပ်ကို ဆိုင်ရာ မနာယတနနှင့် အတူမှီ၍ ဖြစ်ကြ၏။ သို့အတွက် မနာယတနကို ဦးတည်၍ ယှဉ်ဖက် စေတသိက် တို့ကိုပါ ရောနှော၍ ရှုပါကလည်း အပြစ် မဖြစ်ပါ။

## တစ်နည်း အာယတနဒွါရအလိုက် ခွဲရှုပုံ

၁။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ ပဋိသန္ဓေ မနာယတနက အကျိုးတရား။

(ဤ၌ ဝတ္ထုရုပ်က ပဋိသန္ဓေ မနာယတနအား သဟဇာတစသော သတ္တိဖြင့် ကျေးဇူးပြု၏။ ပဝတ္တိအခါ၌ကား ဆိုင်ရာ မှီရာဝတ္ထုရုပ်က ဆိုင်ရာမနာယတနအား ဝတ္ထုပုရေဇာတ နိဿယစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ပဋိသန္ဓေအခါ၌ အကြောင်းနှင့်အကျိုး ပြိုင်တူ ဖြစ်၏၊ ပဝတ္တိအခါ၌ကား အကြောင်းဝတ္ထုရုပ်က ရှေးကဖြစ်၍ အကျိုးမနာယတနက နောက်မှ ဖြစ်သည်။)

၂။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ဘဝင်မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ ဘဝင်မနာယတနက အကျိုးတရား။

၃။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် စုတိ မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ စုတိ မနာယတနက အကျိုးတရား။

၄။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း မနာယတနက အကျိုးတရား။

၅။ စက္ခုဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် မနာယတန ဖြစ်၏။
စက္ခုဝတ္ထုရုပ်က အကြောင်းတရား၊ စက္ခုဝိညာဏ် မနာယတနက အကျိုးတရား။

၆။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း မနာယတနက အကျိုးတရား။

၇။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် သန္တီရဏ မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ သန္တီရဏ မနာယတနက အကျိုးတရား။

၈။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ဝုဋ္ဌော မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ ဝုဋ္ဌော မနာယတနက အကျိုးတရား။

၉။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ပထမဇော မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ ပထမဇော မနာယတနက အကျိုးတရား။
(ဇော-၇-ကြိမ်စေ့အောင် ပုစ်တူရှုပါ။)

၁၀။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် ပထမတဒါရုံ မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ ပထမတဒါရုံ မနာယတနက အကျိုးတရား။
(ဒုတိယ တဒါရုံ၌လည်း နည်းတူရှုပါ။)

၁၁။ ဟဒယဝတ္ထုရုပ် ဖြစ်ခြင်းကြောင့် မနောဒွါရာဝဇ္ဇန်း မနာယတန ဖြစ်၏။
ဟဒယဝတ္ထုရုပ်က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း မနာယတနက အကျိုးတရား။

စက္ခုဒွါရဝီထိနှင့် မနောဒွါရဝီထိတို့၏ အကြား၌ တည်ရှိသော ဘဝင်ကို အထက်ပါ ဘဝင်အတိုင်း ရှုပါ။ မနောဒွါရဝီထိ၌ တည်ရှိကြသော ဇော တဒါရုံတို့ကိုလည်း စက္ခုဒွါရဝီထိ၌ တည်ရှိကြသော ဇော တဒါရုံ ရှုကွက် အတိုင်းပင် ရှုပါ။

ပဋိသန္ဓေစိတ်သည် မိမိနှင့် အတူဥပါဒ်သည့် ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏။ စုတိစိတ်သည် မိမိမှ ပြန်၍ ရေတွက်သော် (၁၇)ချက်မြောက်သော = စုတိစိတ်ပါ ထည့်၍ ရေတွက်သော် (၁၇)ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏။ စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့သည် အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ချင်း ပြိုင်၍ ဖြစ်သော မဇ္ဈိမာယုက စက္ခုဝတ္ထုရုပ်စသည့် ဆိုင်ရာ ဝတ္ထုရုပ်ကို အသီးအသီး မှီ၍ ဖြစ်၏။ ပဝတ္တိအခါ ကြွင်းကျန်သော ဘဝင်နှင့်တကွသော မနောဓာတ် မနော-ဝိညာဏဓာတ် အမည်ရသော ဝီထိစိတ်တို့သည် မိမိ မိမိတို့နှင့် ရှေးစိတ္တက္ခဏနှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုရုပ်ကို အသီးအသီး မှီ၍ ဖြစ်ကြ၏။ ဥပမာ - ပဉ္စဒွါရာဝဇ္ဇန်းသည် ဘဝင်္ဂုပစ္ဆေဒနှင့် ဥပါဒ်ချင်း ပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏။ သမ္ပဋိစ္ဆိုင်းသည် စက္ခုဝိညာဏ်စသည့် ပဉ္စဝိညာဏ်နှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုရုပ်ကို မှီ၍ ဖြစ်၏။ ဤသို့စသည်ဖြင့် သဘောပေါက်ပါလေ။ နာမ်ကမ္မဋ္ဌာန်း ဇယားများ၌ ဖော်ပြထားသည့်အတိုင်း အတန်းတိုင်း အတန်းတိုင်း၌ ဝီထိစိတ္တက္ခဏတိုင်း၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ (၆)လိုင်းလုံး၌ ကုသိုလ်ဇောစောသည့် အကောင်းအုပ်စု, အကုသိုလ်ဇော စောသည့် မကောင်းအုပ်စုများကို ကုန်စင်အောင် ရှုပါ။ ဤသို့ ဝီထိစိတ်အစဉ်အတိုင်း အာယတနဒွါရအလိုက် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခြင်းကား ရောယှက် ရှုပ်ထွေးခြင်း ကင်းသဖြင့် ပို၍ ကောင်းမွန် လွယ်ကူပေသည်။ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း၌ — ဝတ္ထု ဖြစ်ခြင်းကြောင့် ဝေဒနာက္ခန္ဓာ ဖြစ်၏၊ ဝတ္ထုက အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။ ဤသို့ စသော ရှုကွက်နှင့် အတူတူပင် ဖြစ်သည်။

## ၄။ ရုပ် ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်ပုံ

ယခုတစ်ဖန် နာမရူပပစ္စယာတွင် ပါဝင်သော ရုပ်တရားများက သဠာယတနတွင် ပါဝင်သော ရုပ်အာယတနတို့အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပုံအပိုင်း၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပုံကို ဆက်လက်၍ တင်ပြအပ်ပါသည်။

စက္ခုဒသကကလာပ် အတွင်း၌ တည်ရှိသော မဟာဘုတ်ဓာတ်ကြီး (၄)ပါးသည် ကလာပ်တူ စက္ခာ-ယတနအား သဟဇာတစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ ကလာပ်တူ ဇီဝိတကလည်း အလားတူပင် စက္ခာယတနအား ဣန္ဒြိယစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏။ ကဗဠီကာရအာဟာရ အမည်ရသော အာဟာရဇဩဇာကလည်း စက္ခုဒသကကလာပ်၌ တည်ရှိသော ဩဇာအား အားပေးထောက်ပံ့လျက် ဩဇဋ္ဌမက ရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေခြင်းဖြင့် စက္ခာယတနအား အာဟာရစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက် ရှိ၏၊ အားပေးထောက်ပံ့လျက် ရှိ၏။ သောတာယတန စသည်တို့၌လည်း နည်းတူ သဘောပေါက်ပါ။ ဤသို့ ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားကြောင့် ဆိုင်ရာ ဆိုင်ရာ အကျိုးတရား ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

၁။ စက္ခုဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါး ဖြစ်ခြင်းကြောင့် ကလာပ်တူ စက္ခာယတန ဖြစ်၏။ စက္ခုဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါးက အကြောင်းတရား ကလာပ်တူ စက္ခာယတနက အကျိုးတရား။

၂။ စက္ခုဒသကကလာပ်၌ရှိသော ဇီဝိတ ဖြစ်ခြင်းကြောင့် ကလာပ်တူ စက္ခာယတန ဖြစ်၏။
စက္ခုဒသကကလာပ်၌ ရှိသော ဇီဝိတက အကြောင်းတရား၊ ကလာပ်တူ စက္ခာယတနက အကျိုးတရား။

၃။ (ကဗဠီကာရအာဟာရ အမည်ရသော အာဟာရဇဩဇာ၏ အထောက်အပံ့ကိုရသော) စက္ခုဒသက-ကလာပ်၌ ရှိသော ဩဇာ ဖြစ်ခြင်းကြောင့် ကလာပ်တူ ကလာပ်ပြား စက္ခာယတန ဖြစ်၏။ ။ စက္ခုဒသက-ကလာပ်၌ ရှိသော ဩဇာက အကြောင်းတရား၊ ကလာပ်တူ ကလာပ်ပြား စက္ခာယတနက အကျိုးတရား။

၄။ သောတဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါး ဖြစ်ခြင်းကြောင့် ကလာပ်တူ သောတာယတန ဖြစ်၏။ ။ သောတဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါးက အကြောင်းတရား၊ ကလာပ်တူ သောတာယတနက အကျိုးတရား။

၅။ သောတဒသကကလာပ်၌ ရှိသော ဇီဝိတ ဖြစ်ခြင်းကြောင့် ကလာပ်တူ သောတာယတန ဖြစ်၏။ သောတဒသကကလာပ်၌ ရှိသော ဇီဝိတက အကြောင်းတရား၊ ကလာပ်တူ သောတာယတနက အကျိုးတရား။

၆။ (ကဗဠီကာရအာဟာရ အမည်ရသော အာဟာရဇသြဇာ၏ အထောက်အပံ့ကို ရသော) သောတ-ဒသကကလာပ်၌ ရှိသော သြဇာ ဖြစ်ခြင်းကြောင့် ကလာပ်တူ ကလာပ်ပြား သောတာယတန ဖြစ်၏။ ။ သောတဒသကကလာပ်၌ ရှိသော သြဇာက အကြောင်းတရား၊ ကလာပ်တူ ကလာပ်ပြား သောတာယတနက အကျိုးတရား။

၇။ ဃာနဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါး ဖြစ်ခြင်းကြောင့် ကလာပ်တူ ဃာနာယတန ဖြစ်၏၊ ဃာနဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါးက အကြောင်းတရား၊ ကလာပ်တူ ဃာနာယတနက အကျိုးတရား။

၈။ ဃာနဒသကကလာပ်၌ ရှိသော ဇီဝိတ ဖြစ်ခြင်းကြောင့် ကလာပ်တူ ဃာနာယတန ဖြစ်၏။ ဃာနဒသကကလာပ်၌ ရှိသော ဇီဝိတက အကြောင်းတရား၊ ကလာပ်တူ ဃာနာယတနက အကျိုးတရား။

၉။ (ကဗဠီကာရအာဟာရ အမည်ရသော အာဟာရဇသြဇာ၏ အထောက်အပံ့ကို ရသော) ဃာနဒသက-ကလာပ်၌ ရှိသော သြဇာ ဖြစ်ခြင်းကြောင့် ကလာပ်တူ ကလာပ်ပြား ဃာနာယတန ဖြစ်၏။ ။ ဃာနဒသက-ကလာပ်၌ ရှိသော သြဇာက အကြောင်းတရား၊ ကလာပ်တူ ကလာပ်ပြား ဃာနာယတနက အကျိုးတရား။

၁၀။ ဇိဝှါဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါး ဖြစ်ခြင်းကြောင့် ကလာပ်တူ ဇိဝှါယတန ဖြစ်၏။ ဇိဝှါဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါးက အကြောင်းတရား၊ ကလာပ်တူ ဇိဝှါယတနက အကျိုးတရား။

၁၁။ ဇိဝှါဒသကကလာပ်၌ ရှိသော ဇီဝိတ ဖြစ်ခြင်းကြောင့် ကလာပ်တူ ဇိဝှါယတန ဖြစ်၏။ ဇိဝှါဒသကကလာပ်၌ ရှိသော ဇီဝိတက အကြောင်းတရား၊ ကလာပ်တူ ဇိဝှါယတနက အကျိုးတရား။

၁၂။ (ကဗဠီကာရအာဟာရ အမည်ရသော အာဟာရဇသြဇာ၏ အထောက်အပံ့ကို ရသော) ဇိဝှါဒသက-ကလာပ်၌ ရှိသော သြဇာ ဖြစ်ခြင်းကြောင့် ကလာပ်တူ ကလာပ်ပြား ဇိဝှါယတန ဖြစ်၏။ ။ ဇိဝှါဒသက-ကလာပ်၌ ရှိသော သြဇာက အကြောင်းတရား၊ ကလာပ်တူ ကလာပ်ပြား ဇိဝှါယတနက အကျိုးတရား။

၁၃။ ကာယဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါး ဖြစ်ခြင်းကြောင့် ကလာပ်တူ ကာယာယတန ဖြစ်၏။ ကာယဒသကကလာပ်၌ ရှိသော မဟာဘုတ် (၄)ပါးက အကြောင်းတရား၊ ကလာပ်တူ ကာယာယတနက အကျိုးတရား။

၁၄။ ကာယဒသကကလာပ်၌ ရှိသော ဇီဝိတ ဖြစ်ခြင်းကြောင့် ကလာပ်တူ ကာယာယတန ဖြစ်၏။ ကာယဒသကကလာပ်၌ ရှိသော ဇီဝိတက အကြောင်းတရား၊ ကလာပ်တူ ကာယာယတနက အကျိုးတရား။

၁၅။ (ကဗဠီကာရအာဟာရ အမည်ရသော အာဟာရဇသြဇာ၏ အထောက်အပံ့ကိုရသော) ကာယဒသက-ကလာပ်၌ ရှိသော သြဇာ ဖြစ်ခြင်းကြောင့် ကလာပ်တူ ကလာပ်ပြား ကာယာယတန ဖြစ်၏။ ကာယဒသက-ကလာပ်၌ ရှိသော သြဇာက အကြောင်းတရား၊ ကလာပ်တူ ကလာပ်ပြား ကာယာယတနက အကျိုးတရား။

**[မှတ်ချက်** — စားမျိုလိုက်သော အစာအာဟာရကား အစာသစ်အိမ်၏ အတွင်း၌ အစာသစ် ကောဋ္ဌာသ အဖြစ် တည်ရှိနေခိုက် ဥတုဇဩဇဋ္ဌမကရုပ်တို့တည်း။ အစာအိမ်ဝန်းကျင်စသည်တို့၌ တည်ရှိသော ဇီဝိတနဝကကလာပ်တို့တွင် ပါဝင်တည်ရှိသော အစာကို ကြေကျက်စေတတ်သော ပါစကတေဇောဓာတ်ဟူသော ကမ္မဇဝမ်းမီး၏ အကူအညီကို ရရှိသောအခါ ယင်းဥတုဇဩဇဋ္ဌမကရုပ်တို့တွင် ပါဝင်သော ဩဇာသည် အာဟာ-ရဇ ဩဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်များကို ဖြစ်စေ၏။ ယင်းအသစ်အသစ်သော အာဟာရဇဩဇဋ္ဌမက ရုပ်တို့တွင် ပါဝင်သော ဩဇာသည် မိမိမှ ကြွင်းကျန်သော ကမ္မဇကလာပ် စိတ္တဇကလာပ် ဥတုဇကလာပ် အာဟာရဇ ကလာပ်တို့တွင် ပါဝင်သော ကမ္မဇဩဇာ, စိတ္တဇဩဇာ, ဥတုဇဩဇာ, အာဟာရဇဩဇာ အသီး-အသီးကို ခိုင်ခံ့အောင် အားပေးထောက်ပံ့လျက် ရှိ၏၊ ယင်းသို့ အားပေးထောက်ပံ့မှုကြောင့် စက္ခုဒသက ကလာပ်စသည့် ထိုထိုကလာပ်၌ တည်ရှိကြသော ကမ္မဇဩဇာ, စိတ္တဇဩဇာ, ဥတုဇဩဇာ, အာဟာရဇဩဇာ အသီးအသီးသည် ဩဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်တို့ကို ထပ်မံ ဖြစ်စေနိုင်ကြပြန်ကုန်၏။ ယင်းသို့ အားပေးထောက်ပံ့ခြင်း ဖြစ်စေခြင်းဖြင့် စက္ခာယတနစသော ရုပ်အာယတနတို့သည် တည်တံ့ ခိုင်ခံ့လာကုန်၏။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အထက်ပါ ဩဇာက ရုပ်အာယတနတို့အား ကျေးဇူးပြုပုံ ရှုကွက်ကို ရှုပါ။]

## ၅။ နာမ်ရုပ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ

**နာမ်**-အရ စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲဖြစ်ကြသော သမ္ပယုတ် စိတ်စေတသိက်တရားစု တို့တွင် စေတသိက် နာမ်ခန္ဓာသုံးပါးတို့ကို ကောက်ယူပါ။ ရုပ်တရားအရ ဆိုင်ရာ နာမ်တရားစုတို့၏ မှီ၍ ဖြစ်ရာ ဝတ္ထုရုပ်ကို ကောက်ယူပါ။ ပဋ္ဌာန်းပါဠိတော်၌ ယင်းနာမ်ရုပ်က သမ္ပယုတ် မနာယတနအား သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၆၇။ ဝိသုဒ္ဓိ-၂-၁၉၉။) ပဋ္ဌာန်းသမုဒ္ဒါန် ပဉ္စမနည်း၌ — နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏက္ခန္ဓာ ဖြစ်၏။ နာမ်ရုပ်က အကြောင်းတရား၊ ဝိညာဏက္ခန္ဓာက အကျိုးတရား — ဟူသော ရှုကွက်နှင့် အတူတူပင် ဖြစ်သည်။ စိတ္တက္ခဏ တစ်ခု၏ အတွင်း၌ ဆိုင်ရာ နာမ်ရုပ်ကြောင့် ဆိုင်ရာ မနာယတန ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အောက်ပါ ရှုကွက်ကို ရှုပါ။

၁။ ပဋိသန္ဓေ နာမ်ရုပ် ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ မနာယတန ဖြစ်၏။
ပဋိသန္ဓေ နာမ်ရုပ်က အကြောင်းတရား၊ ပဋိသန္ဓေ မနာယတနက အကျိုးတရား။

၂။ ဘဝင် နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဘဝင် မနာယတန ဖြစ်၏။
ဘဝင် နာမ်ရုပ်က အကြောင်းတရား၊ ဘဝင် မနာယတနက အကျိုးတရား။

၃။ စုတိ နာမ်ရုပ် ဖြစ်ခြင်းကြောင့် စုတိ မနာယတန ဖြစ်၏။
စုတိ နာမ်ရုပ်က အကြောင်းတရား၊ စုတိ မနာယတနက အကျိုးတရား။

**[မှတ်ချက်** — ဝတ္ထုအရ ဟဒယဝတ္ထုစသည့် ဝတ္ထုရုပ် (၆)မျိုးတို့သည်သာ ဤ၌ လိုရင်းပဓာန ဖြစ်သော်လည်း ယနပြိုရေး ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေးကို ဦးတည်၍ မကင်းစကောင်းသော အဝိနာ-ဘာဝနည်းအရ ရုပ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့် ဟဒယဝတ္ထုစသည့် ထိုထို ဝတ္ထုရုပ်တို့နှင့် နှလုံးအိမ်စသည့် ထိုထို ဌာန၌ အတူ ဖြစ်နေကြသည့် (၅၄-၄၄)စသော ရုပ်များကိုပါ ရောနှော၍ သိမ်းဆည်း ပါက ဝိပဿနာ ရှုပါကလည်း အပြစ်မဖြစ်ပါ။ သို့အတွက် ပဋိသန္ဓေ၌ နာမ်အရ စေတသိက် (၃၃), ရုပ်အရ

ရုပ် (၃၀), ဘဝင်၌ နာမ်အရ စေတသိက် (၃၃), ရုပ်အရ (၅၄) ဤသို့ စသည်ဖြင့် ကောက်ယူနိုင်ပါသည်။ အရာရာ၌ နည်းတူ သဘောပေါက်ပါ။]

၄။ ပဉ္စဒွါရာဝဇ္ဇန်း နာမ်ရုပ် ဖြစ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မနာယတန ဖြစ်၏။
ပဉ္စဒွါရာဝဇ္ဇန်း နာမ်ရုပ်က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း မနာယတနက အကျိုးတရား။
(နာမ် = စေတသိက်-၁၀။ ရုပ် = ဘဝင်္ဂုပစ္ဆေဒနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုနှင့် တကွသော ရုပ်-၅၄။)

၅။ စက္ခုဝိညာဏ် နာမ်ရုပ် ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် မနာယတန ဖြစ်၏။
စက္ခုဝိညာဏ် နာမ်ရုပ်က အကြောင်းတရား၊ စက္ခုဝိညာဏ် မနာယတနက အကျိုးတရား။
(နာမ် = ယှဉ်ဖက်စေတသိက်-၇-လုံး။ ရုပ် = အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်သော စက္ခုဝတ္ထုနှင့်တကွ ရုပ်-၅၄။)

၆။ သမ္ပဋိစ္ဆိုင်း နာမ်ရုပ် ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း မနာယတန ဖြစ်၏။
သမ္ပဋိစ္ဆိုင်း နာမ်ရုပ်က အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း မနာယတနက အကျိုးတရား။
(နာမ် = ယှဉ်ဖက် စေတသိက်-၇-လုံး။ ရုပ် = စက္ခုဝိညာဏ်နှင့် ဥပါဒ်ချင်းပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုနှင့် တကွ ရုပ်-၅၄။ သန္တီရဏစသည်တို့၌ နည်းမှီး၍ ရှုပါ။)

၇။ သန္တီရဏ နာမ်ရုပ် ဖြစ်ခြင်းကြောင့် သန္တီရဏ မနာယတန ဖြစ်၏။
သန္တီရဏ နာမ်ရုပ်က အကြောင်းတရား၊ သန္တီရဏ မနာယတနက အကျိုးတရား။

၈။ ဝုဋ္ဌော နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝုဋ္ဌော မနာယတန ဖြစ်၏။
ဝုဋ္ဌော နာမ်ရုပ်က အကြောင်းတရား၊ ဝုဋ္ဌော မနာယတနက အကျိုးတရား။

၉။ ပထမဇော နာမ်ရုပ် ဖြစ်ခြင်းကြောင့် ပထမဇော မနာယတန ဖြစ်၏။
ပထမဇော နာမ်ရုပ်က အကြောင်းတရား၊ ပထမဇော မနာယတနက အကျိုးတရား။
(ဇော-၇-ကြိမ် စေ့အောင် ရှုပါ။)

၁၀။ ပထမတဒါရုံ နာမ်ရုပ် ဖြစ်ခြင်းကြောင့် ပထမတဒါရုံ မနာယတန ဖြစ်၏။
ပထမတဒါရုံ နာမ်ရုပ်က အကြောင်းတရား၊ ပထမတဒါရုံ မနာယတနက အကျိုးတရား။
(ဒုတိယ တဒါရုံ၌လည်း နည်းတူ ရှုပါ။)

၁၁။ မနောဒွါရာဝဇ္ဇန်း နာမ်ရုပ် ဖြစ်ခြင်းကြောင့် မနောဒွါရာဝဇ္ဇန်း မနာယတန ဖြစ်၏။
မနောဒွါရာဝဇ္ဇန်း နာမ်ရုပ်က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း မနာယတနက အကျိုးတရား။

[မနောဒွါရဝီထိ၌ ပါဝင်သော ဇောတဒါရုံတို့ကို စက္ခုဒွါရဝီထိ၌ ပါဝင်သော ဇော တဒါရုံ ရှုကွက် အတိုင်းပင် ဆက်ရှုပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း အတန်းတိုင်း အတန်းတိုင်းဝယ် စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ အကြောင်း အကျိုးတို့ကို ကုန်စင်အောင် သိမ်းဆည်းပါ။ (၆)လိုင်းလုံး၌ အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်စင်အောင်ရှုပါ။ ပဉ္စဒွါရာဝဇ္ဇန်း၊ ဝုဋ္ဌော၊ ဇော၊ မနောဒွါရာဝဇ္ဇန်းတို့ကို ပရမတ္ထဓာတ်သားများကို မကြွင်းမကျန်စေလို၍ ရောနှောရှုခြင်း ဖြစ်သည်။]

* * * * * *

## သဠာယတနပစ္စယာ ဖဿော
## သဠာယတန ဖြစ်ခြင်းကြောင့် ဖဿ ဖြစ်၏။

**ဖဿ** — စက္ခုသမ္ဖဿ သောတသမ္ဖဿ ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿ ကာယသမ္ဖဿ မနောသမ္ဖဿဟု အကျဉ်းအားဖြင့် ဖဿ (၆)ပါးတည်း။ အကျယ်အားဖြင့် လောကီဝိပါက်စိတ် (၃၂)မျိုး၌ ယှဉ်သော ဖဿ (၃၂)မျိုးတည်း။ ပဋိသန္ဓေ ဘဝင် စုတိ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့နှင့်ယှဉ်သော ဖဿ ဟူလိုသည်။ (အဘိ-ဋ္ဌ-၂-၁၆၈။ ဝိသုဒ္ဓိ-၂-၁၉၉။)

**သဠာယတန** — ယင်းဖဿ၏ အကြောင်းဖြစ်သော သဠာယတနအရ တရားကိုယ်ကောက်ယူရာ၌ (၂)နည်း ရှိ၏။ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတနဟူသော အဇ္ဈတ္တိကာယတန (၆)ပါးကိုသာ ကောက်ယူသောနည်း, ယင်းအဇ္ဈတ္တိကာယတန (၆)ပါးနှင့် ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန ဟူသော ဗာဟိရာယတန (၆)ပါးကိုပါ ကောက်ယူသော နည်းဟု (၂)နည်း ရှိပေသည်။

**ပထမနည်း** — အဇ္ဈတ္တိကာယတန (၆)ပါးကိုသာ သဠာယတနအရ တရားကိုယ်ကောက်ယူမှုကို နှစ်ခြိုက်တော်မူကြသော ပညာရှိတို့ကား ဤသို့ ဆိုတော်မူကြ၏ — ဤပဋိစ္စသမုပ္ပါဒ် ဓမ္မကထာကား သက်ရှိခန္ဓာအစဉ်ဝယ် ဖြစ်ပေါ်နေသော ရုပ်နာမ်အပေါင်း၏ ကြောင်း-ကျိုးဆက်နွယ်လျက် ဖြစ်ပေါ်နေပုံကို ပြဆိုကြောင်းဖြစ်သည့် = **ဉပါဒိန္နကပဝတ္တိကထာ** = **(ဉပါဒိဏ္ဏကပဝတ္တိကထာ)** ဖြစ်၏။ ထိုကြောင့် (သကသန္တတိပရိယာပန္နမေဝ - ဝိသုဒ္ဓိ-၂-၁၉၉။) မိမိ၏ အဇ္ဈတ္တ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သည်သာလျှင် ဖြစ်သော = (ဧကသန္တတိပရိယာပန္နမေဝ-အဘိ-ဋ္ဌ-၂-၁၆၈။) = တစ်ခုသော အဇ္ဈတ္တ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သည်သာလျှင် ဖြစ်သော ပစ္စည်းတရားကိုလည်းကောင်း, ပစ္စယုပ္ပန်တရားကိုလည်းကောင်း ထိုဆရာမြတ်တို့က ပြဆိုတော်မူကြကုန်၏။ အဇ္ဈတ္တိကာယတန အမည်ရသည့် အာယတန (၆)ပါးကိုသာ သဠာယတနဟု အလိုရှိတော်မူကြကုန်၏။ ထိုပညာရှိတို့ကား — ဆဋ္ဌာယတနပစ္စယာ ဖဿော = (အဘိ-၂-၁၈၇။) = ဆဋ္ဌာယတန = ခြောက်ခုမြောက် မနာယတနကြောင့် ဖဿဖြစ်၏-ဟူသော ပါဠိတော်ကို အစဉ်လိုက်သောအားဖြင့် အရူပဘုံ၌ ဆဋ္ဌာယတန = ခြောက်ခုမြောက်ဖြစ်သော မနာယတနသည်လည်းကောင်း, အရူပဘုံမှ တစ်ပါးသော ပဉ္စဝေါကာရဘုံ၌ အလုံး-စုံသော အာယတနတို့ကို သိမ်းယူသောအားဖြင့် သဠာယတနသည်လည်းကောင်း ဖဿအား ကျေးဇူးပြု၏။ ဤသို့ — ဆဋ္ဌာယတနဉ္စ သဠာယတနဉ္စ သဠာယတနံ — ဟု ဧကဒေသသရူပေကသေသ်ကို ပြု၍ (၆)ခုမြောက် မနာယတနနှင့် အတူတကွ အဇ္ဈတ္တဖြစ်သော စက္ခာယတန အစရှိသော အတွင်းအာယတန (၆)ပါးကို သဠာယတနဟူ၍ အလိုရှိတော်မူကြကုန်၏။ မှန်ပေသည် ထိုအဇ္ဈတ္တိကာယတနသည် — ဆဋ္ဌာယတနဉ္စ သဠာယတနဉ္စ သဠာယတနံ - ဟူသည်နှင့် အညီ သဠာယတနဟူ၍ ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ ရောက်ရှိပေ၏။ (အဘိ-ဋ္ဌ-၂-၁၆၈။ ဝိသုဒ္ဓိ-၂-၁၉၉။)

**ဒုတိယနည်း** — အကြင် ပညာရှိ သူတော်ကောင်းကြီးတို့သည်ကား အကျိုး = ပစ္စယုပ္ပန်ဖြစ်သည့် ဖဿကိုသာ တစ်ခုသော ရုပ်နာမ်ခန္ဓာအစဉ်နှင့် အကျုံးဝင်၏ ဟူ၍ ပြတော်မူကြကုန်၏။ အကြောင်း = ပစ္စည်းတရားဖြစ်သော သဠာယတနကိုကား ဧကသန္တတိပရိယာပန္န = တစ်ခုသော ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သော တရား, ဘိန္န သန္တာန = ကွဲပြားသော သန္တာန်ရှိသော တရားဟူ၍ နှစ်မျိုး ပြတော်မူကြကုန်၏။ ထိုပညာရှိ သူတော်ကောင်းကြီးတို့သည်ကား — အကြင်အကြင် အာယတနသည် ဖဿအား ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏၊ ထိုဖဿအား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသမျှ အလုံးစုံသော အာယတနကိုလည်း ပြလိုကုန်သည်-

ဖြစ်၍ ဗာဟိရာယတနဖြစ်သော ရူပါယတနစသည့် အာယတန (၆)ပါးကိုလည်း သိမ်းယူ၍ ခြောက်ခုမြောက် ဖြစ်သော မနာယတနနှင့် အတူတကွ အဇ္ဈတ္တိကာယတန ဖြစ်သောစက္ခာယတနစသည့် ထိုအာယတန (၆)ပါးကိုပင် ဗာဟိရာယတန ဖြစ်ကုန်သော ရူပါယတန စသည်တို့နှင့် အတူတကွ သဠာယတနဟူ၍ အလိုရှိတော်မူကြကုန်၏။ မှန်ပေသည် ထိုဗာဟိရာယတန (၆)ပါး, အဇ္ဈတ္တိကာယတန (၆)ပါးဟူသော သဠာ-ယတနသည်လည်း — **ဆဠာယတနဉ္စ သဠာယတနဉ္စ သဠာယတနဉ္စ သဠာယတနံ**ဟု ဒွန်ဝစနတ္တပြု၍ ဧကသေသ်ပြုခဲ့သော် — ခြောက်ခုမြောက် မနာယတန, အတွင်းအာယတန (၆)ပါး, အပြင်အာယတန (၆)ပါး တရားစုသည် သဠာယတန ဟူ၍ပင် ခေါ်ဝေါ်ခြင်းသို့ ရောက်ရှိပေသည်။

(အဘိ-ဋ္ဌ-၂-၁၆၈။ ဝိသုဒ္ဓိ-၂-၁၉၉-၂၀၀။)

**ပဌမအာစရိယဝါဒ၌** — အဇ္ဈတ္တဟူသော စကားရပ်ဖြင့် မိမိ၏ ရုပ်နာမ်သန္တတိ ခန္ဓာအစဉ်၌ အကျုံး-ဝင်သော စက္ခာယတနစသည့် အဇ္ဈတ္တိကာယတန (၆)ပါးကိုသာ သဠာယတနအရ ကောက်ယူရ၏။ မှန်ပေသည် မိမိ၏ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သော ရှေးကံကြောင့်ဖြစ်သော သသန္တတိပရိယာပန္န = မိမိ၏ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သော သဠာယတနသည်သာလျှင် ထိုကဲ့သို့ အလားတူရှုအပ်သော မိမိ၏ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သော ရှေးကံကြောင့်ဖြစ်သော ဖဿအား ကျေးဇူးပြုပေသည်။ — တစ်ဖန် ရူပါရုံစသည့် ဗာဟိရာယတနတို့ကား မိမိ၏ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သော ရူပါရုံသာမက ပြင်ပ ဗဟိဒ္ဓဖြစ်သည့် သူတစ်ပါး၏ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သော ရူပါရုံနှင့် အနုပါဒိန္နဖြစ်သော သက်မဲ့ ဗဟိဒ္ဓ ရူပါရုံတို့သည်လည်း ဖဿ၏ အာရုံ ပစ္စည်းအကြောင်းတရား ဖြစ်နိုင်ကုန်၏။ ထိုသက်ရှိသက်မဲ့ ဗဟိဒ္ဓ ရူပါရုံတို့ကား စက္ခာယတနစသည့် အဇ္ဈတ္တိကာယတနတို့ကဲ့သို့ မိမိ၏ ရုပ်နာမ် သန္တတိအစဉ်၌ အကျုံးဝင်သော ကံ ကိလေသာဟူသော အကြောင်းကြောင့် ဖြစ်ခြင်းရှိသည်၏ အဖြစ်အားဖြင့် ဖဿ၏ အကြောင်းတရား ဖြစ်ကြသည်ကား မဟုတ်ကုန်။ (ယင်းသက်ရှိ သက်မဲ့ ဗဟိဒ္ဓရူပါရုံစသည့် ဗာဟိရာယတနတို့၌လည်း ယင်းတို့ ဆိုင်ရာ အကြောင်းတရားများ ရှိကြ၏၊ ယင်းအကြောင်းတရားတို့ကြောင့်သာ ဖြစ်သည် ဟူလိုသည်။) ထို့ကြောင့် ပဌမအာစရိယဝါဒ၌ မကောက်ယူခြင်း ဖြစ်သည်။ (မူလဋီ-၂-၁၁၉။ မဟာဋီ-၂-၃၂၃။)

**ဒုတိယ အာစရိယဝါဒ၌ကား** — မိမိ၏ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သည်ပင်ဖြစ်စေ, သူတစ်ပါး၏ ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သည်ပင်ဖြစ်စေ, သက်မဲ့ ဗဟိဒ္ဓပင်ဖြစ်စေ မည်သို့သော ရူပါရုံစသည့် ဗာဟိရာယတနပင် ဖြစ်ပါစေ၊ ဖဿအား ဖြစ်ပေါ်လာအောင် အာရုံအကြောင်းတရားအဖြစ် ကျေးဇူးပြုနိုင် ခဲ့သော် အကြောင်းတရား မဟုတ်ပါဟု ရှောင်ကွင်းခြင်းငှာ မတတ်ကောင်းပေ။ ထို့ကြောင့် ဗာဟိရာယတန တို့ကိုပါ သဠာယတနအရ ကောက်ယူရပေသည်ဟု မှတ်ပါ။ (မူလဋီ-၂-၁၁၉။ မဟာဋီ-၂-၃၂၃။)

## မဟာဝိဟာရဝါသီ ဆရာမြတ်တို့အယူ

ယေ တာဝ အာစရိယာ မဟာဝိဟာရဝါသိနော၀ ယထာ ဝိညာဏံ၊ ဧဝံ နာမရူပံ သဠာယတနံ ဖဿံ ဝေဒနဉ္စ ပစ္စယံ ပစ္စယုပ္ပန္နဉ္စ သသန္တတိပရိယာပန္နံ ဒီပေန္တာ ဝိပါကမေဝ ဣစ္ဆန္တိ။ (မဟာဋီ-၂-၃၂၃။)

မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူကြသည့် မဟာဝိဟာရဝါသီ ဆရာမြတ်ကြီးတို့၏ အလိုအားဖြင့်မူကား သင်္ခါရကြောင့် ဖြစ်ပေါ်လာသည့် ဝိညာဏ်၌ ဝိပါက်ဝိညာဏ်ကိုသာ ကောက်ယူရ သကဲ့သို့ အလားတူပင် (ဝိညာဏ်) နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့၌ ပစ္စည်း ပစ္စယုပ္ပန် = အကြောင်း အကျိုး နှစ်ဖက်လုံး၌ပင် မိမိ၏ ရုပ်နာမ်သန္တတိ ခန္ဓာအစဉ်၌ အကျုံးဝင်သော တရားကိုသာ ဖော်ပြတော် မူကုန်လျက် ဝိပါကဝဋ်တရားစုကိုသာလျှင် ကောက်ယူတော်မူလိုကြ၏။ (မဟာဋီ-၂-၃၂၃။)

## ဖဿောဟု ဧကဝုစ် ဟောတော်မူခြင်း

၁။ အလုံးစုံသော အာယတနတို့ကြောင့် တစ်ခုသော ဖဿသည် မဖြစ်။
၂။ တစ်ခုသော အာယတနကြောင့် အလုံးစုံသော ဖဿတို့သည် မဖြစ်ကုန်။
၃။ အလျော်အားဖြင့်မူကား — များစွာကုန်သော အာယတနတို့ကြောင့် တစ်ခုသော ဖဿသည် ဖြစ်နိုင်၏။

ဥပမာ —

(၁) စက္ခာယတန, (၂) ရူပါယတန, (၃) စက္ခုဝိညာဏ် = မနာယတန, (၄) ဖဿမှ တစ်ပါးသော ယှဉ်ဖက် သမ္ပယုတ် စေတသိက် (၆)လုံးဟူသော (သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံးမှ ဖဿနုတ်သော် ၆-လုံး ဟူသော) သမ္ပယုတ် ဓမ္မာယတန — ဤအာယတန (၄)မျိုးကြောင့် စက္ခုသမ္ဖဿ ဖြစ်ရ၏။ ဤအတူ အလုံးစုံ သော သမ္ဖဿတို့၌ = (အလုံးစုံသော စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ တည်ရှိသော ဖဿတိုင်း ဖဿတိုင်း၌) ထိုက်သည့်အားလျော်စွာ ယှဉ်စေထိုက်၏။ (အဘိ-ဋ္ဌ-၂-၁၆၈။ ဝိသုဒ္ဓိ-၂-၂၀၀။)

ထိုသို့ များစွာသော အာယတနတို့ကြောင့် တစ်ခုသော ဖဿ၏ ဖြစ်နိုင်ခြင်းကြောင့်ပင် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဤသဠာယတနပစ္စယာ ဖဿော - ဟူသော ပါဠိတော်၌ ဖဿော-ဟု ဧကဝုစ် ဝိဘတ်ဖြင့် ညွှန်ပြခြင်းအားဖြင့် တစ်ပါးတည်း တစ်မျိုးတည်းသာ ဖြစ်သော ဤဖဿကို များစွာသော အာယတနဟူသော အကြောင်းရှိ၏ဟူ၍ ပြတော်မူအပ် ဟောတော်မူအပ်ပေသည်။

(အဘိ-ဋ္ဌ-၂-၁၆၉။ ဝိသုဒ္ဓိ-၂-၂၀၀။)

**သတိ** — များစွာသော အကြောင်းတရားကြောင့် စက္ခုသမ္ဖဿစသည့် ဖဿတစ်မျိုး ဖြစ်နိုင်ပုံကိုသာ ဖွင့်ဆိုခြင်း ဖြစ်သည်။ ယင်းစက္ခုသမ္ဖဿစသည့် ဖဿသည် မိမိချည်းသက်သက် ယှဉ်ဖက် သမ္ပယုတ်တရား များမပါဘဲ ဖြစ်သည်ဟူ၍ကား အမှတ်မလွဲစေလိုပါ။ ယှဉ်ဖက် သမ္ပယုတ်တရားတို့သည် အကြောင်းတရား ဘက်၌ တည်ရှိနေကြသည်ကိုကား သတိပြုပါ။

## ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ

၁။ စက္ခာယတနစသော ရုပ်အာယတန (၅)မျိုးတို့သည် စက္ခုသမ္ဖဿစသော ဖဿ (၅)မျိုးတို့အား အသီးအသီး နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၆)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၂။ ဝိပါက်မနာယတနသည် စက္ခုဒွါရဝီထိစသော ဝီထိ (၆)မျိုးတို့၏ အတွင်း၌ရှိသော သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝိပါက်မနောသမ္ဖဿ အမျိုးမျိုးအား သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ သမ္ပယုတ္တ အတ္ထိ အဝိဂတ (၉)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၃။ ဗာဟိရာယတနတို့တွင် ရူပါယတနသည် စက္ခုသမ္ဖဿအား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ (၄)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ သဒ္ဒါယတနစသည်တို့က သောတသမ္ဖဿစသည်တို့အား ကျေးဇူးပြုမှုကို နည်းတူမှတ်ပါ။

၄။ ပစ္စုပ္ပန် ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတနတို့သည်လည်းကောင်း, ပစ္စုပ္ပန်သာ ဖြစ်သော ဓမ္မာယတန၌ အကျုံးဝင်သော အာပေါဓာတ် ဘာဝရုပ် ဇီဝိတ ဟဒယ ဩဇာ ဟူသော ရုပ်အစစ်တို့သည်လည်းကောင်း, မနောသမ္ဖဿအား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ (၄)ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြု၏။

၅။ ပစ္စုပ္ပန် မဟုတ်သော အတိတ် အနာဂတ်ဖြစ်သော အထက်ပါ ဗာဟိရာယတန (၆)ပါးတို့သည်လည်းကောင်း, ဓမ္မာယတန၌ အကျုံးဝင်သော ရုပ်အတုတို့သည်လည်းကောင်း, ကာလသုံးပါးမှ လွတ်သော = ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်သည်လည်းကောင်း မနောသမ္ဖဿအား အာရမ္မဏပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၆၉။ ဝိသုဒ္ဓိ-၂-၂၀၀-၂၀၁။ မဟာဋီ-၂-၃၂၄။)

## ကြိုတင်မှတ်သားထားရန်

ဖဿတိုင်း၌ အကြောင်းတရား (၄)မျိုးရှိ၏။ ယင်း (၄)မျိုးတို့မှာ — (၁) မှီရာဝတ္ထုရုပ်, (၂) အာရုံ, (၃) ယှဉ်ဖက် အသိစိတ်ဝိညာဏ် = မနာယတန, (၄) ယှဉ်ဖက် စေတသိက် သမ္ပယုတ် ဓမ္မာယတနတို့ပင်တည်း။ မှီရာဝတ္ထုရုပ်တို့တွင် စက္ခုဝတ္ထုမှာ စက္ခာယတန, သောတဝတ္ထုမှာ သောတာယတန, ဃာနဝတ္ထုမှာ ဃာနာယတန, ဇိဝှါဝတ္ထုမှာ ဇိဝှါယတန, ကာယဝတ္ထုမှာ ကာယာယတန, ဟဒယဝတ္ထုမှာ ဓမ္မာယတန အသီးအသီး ဖြစ်သည်။ အာရုံ (၆)မျိုးတို့ကား အပြင်အာယတန (၆)မျိုးတို့ပင် ဖြစ်ကြသည်။

အကျိုးဖဿနှင့် ယှဉ်ဖက် အသိစိတ်ကား မနာယတနတည်း။ အကျိုးဖဿနှင့် ယှဉ်ဖက် စေတသိက်မှန်သမျှကား သမ္ပယုတ် ဓမ္မာယတနတည်း။

ဤ၌ ဉာဏ်ထက်မြက်သူများကား ဖဿ (၆)မျိုး ခွဲ၍ ရှုလိုက ရှုနိုင်၏။ သို့သော် မနောသမ္ဖဿကား အလွန်အရာကျယ်၏။ ခြုံရှုဖို့ရန်လည်း ခက်ခဲ၏။ သို့အတွက် အာယတနဒွါရအလိုက် စိတ္တက္ခဏ တစ်ခုစီခွဲ၍ ရှုခြင်းက ပို၍ အသိဉာဏ်သန့်ရှင်းပေသည်။ သို့အတွက် အာယတနဒွါရအလိုက် အကြောင်း အကျိုး သိမ်း-ဆည်းပုံ စနစ်ကိုသာ တင်ပြပေတော့အံ့ —

## အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံ

### ပဋိသန္ဓေ မနောသမ္ဖဿ = ပဋိသန္ဓေဝိညာဏ်နှင့် ယှဉ်သော ဖဿ ဖြစ်ပုံ

၁။ ဟဒယဝတ္ထု = ဓမ္မာယတန ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ မနောသမ္ဖဿ ဖြစ်၏။
ဟဒယဝတ္ထု = ဓမ္မာယတနက အကြောင်းတရား၊ ပဋိသန္ဓေ မနောသမ္ဖဿက အကျိုးတရား။

၂။ ကံ - အာရုံ ဓမ္မာယတန ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ မနောသမ္ဖဿ ဖြစ်၏။
ကံ - အာရုံ ဓမ္မာယတနက အကြောင်းတရား၊ ပဋိသန္ဓေ မနောသမ္ဖဿက အကျိုးတရား။

၃။ ပဋိသန္ဓေဝိညာဏ် = မနာယတန ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ မနောသမ္ဖဿ ဖြစ်၏။
ပဋိသန္ဓေဝိညာဏ် = မနာယတနက အကြောင်းတရား၊ ပဋိသန္ဓေ မနောသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် ဓမ္မာယတန (၃၂) ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ မနောသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် ဓမ္မာယတန (၃၂)က အကြောင်းတရား၊ ပဋိသန္ဓေ မနောသမ္ဖဿက အကျိုးတရား။

**ကံ–အာရုံ** — ပဋိသန္ဓေ နာမ်တရားစု၏ အာရုံမှာ အတိတ်ဘဝက မရဏာသန္နဇောသည် ယူအပ်ခဲ့သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ် (၃)မျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံ ဖြစ်၏။ ယင်းနိမိတ် (၃)မျိုးတို့မှာ အာရုံ (၆)ပါး ထိုက်သလို ဖြစ်နိုင်ကြ၏။ ဤ၌ ကံ-အာရုံကို ပုံစံထုတ်၍ တင်ပြထားပါသည်။ အသင်သူတော်ကောင်း-အတွက် ကံ-အာရုံမှာ (ဖြစ်ခဲ့သော်) ကာမာဝစရ ပုညာဘိသင်္ခါရ အမည်ရသော ကုသိုလ်စေတနာပင်တည်း။ ယင်းကုသိုလ် စေတနာကား ဓမ္မာယတနပင် ဖြစ်သည်။

**သမ္ပယုတ် ဓမ္မာယတန** – ဤ၌ တိဟိတ် သောမနဿ ပဋိသန္ဓေတည်နေသူ လူသားဖြစ်မူ ပဋိသန္ဓေ၌ နာမ်တရား (၃၄)လုံးတို့ ရှိကြ၏။ ယင်းတို့တွင် ဖဿမှာ အကျိုးတရားဘက်၌ တည်ရှိနေ၏။ အသိစိတ်ဝိညာဏ်မှာ မနာယတန အကြောင်းတရား ဖြစ်၏။ သို့အတွက် အသိစိတ်ဝိညာဏ်နှင့် ဖဿကိုနုတ်သော် စေတသိက် (၃၂) ကျန်၏။ သမ္ပယုတ် ဓမ္မာယတန မည်၏။ အရာရာတွင် နည်းတူမှတ်ပါ။

ဘဝင် မနောသမ္ဖဿနှင့် စုတိ မနောသမ္ဖဿတို့ကို ပဋိသန္ဓေ မနောသမ္ဖဿကို နည်းမှီး၍ ရှုပါ။ ယခုအခါ ရူပါရုံလိုင်း စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌ ဖဿ အသီးအသီး၏ အကြောင်းတရားတို့ကို သိမ်းဆည်းပုံကို ဆက်လက်၍ တင်ပြအပ်ပါသည်။

## ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (ရူပါရုံလိုင်း)

၁။ ဟဒယဝတ္ထု - ဓမ္မာယတန ဖြစ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ ဖြစ်၏။
ဟဒယဝတ္ထု - ဓမ္မာယတနက အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿက အကျိုးတရား။

၂။ ရူပါယတန ဖြစ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ ဖြစ်၏။
ရူပါယတနက အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿက အကျိုးတရား။

၃။ ပဉ္စဒွါရာဝဇ္ဇန်း - မနာယတန ဖြစ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ ဖြစ်၏။
ပဉ္စဒွါရာဝဇ္ဇန်း - မနာယတနက အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၉) ဖြစ်ခြင်းကြောင့် ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၉)က အကြောင်းတရား၊ ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿက အကျိုးတရား။

## စက္ခုသမ္ဖဿ = (စက္ခုဝိညာဏ်နှင့် ယှဉ်သော ဖဿ။)

၁။ စက္ခာယတန ဖြစ်ခြင်းကြောင့် စက္ခုသမ္ဖဿ ဖြစ်၏။
စက္ခာယတနက အကြောင်းတရား၊ စက္ခုသမ္ဖဿက အကျိုးတရား။

၂။ ရူပါယတန ဖြစ်ခြင်းကြောင့် စက္ခုသမ္ဖဿ ဖြစ်၏။
ရူပါယတနက အကြောင်းတရား၊ စက္ခုသမ္ဖဿက အကျိုးတရား။

၃။ စက္ခုဝိညာဏ် - မနာယတန ဖြစ်ခြင်းကြောင့် စက္ခုသမ္ဖဿ ဖြစ်၏။
စက္ခုဝိညာဏ် - မနာယတနက အကြောင်းတရား၊ စက္ခုသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၆) ဖြစ်ခြင်းကြောင့် စက္ခုသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၆)က အကြောင်းတရား၊ စက္ခုသမ္ဖဿက အကျိုးတရား။

## သမ္ပဋိစ္ဆိုင်း – မနောသမ္ဖဿ

၁။ ဟဒယဝတ္ထု - ဓမ္မာယတန ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ ဖြစ်၏။
ဟဒယဝတ္ထု - ဓမ္မာယတနက အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿက အကျိုးတရား။

၂။ ရူပါယတန ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ ဖြစ်၏။
ရူပါယတနက အကြောင်းတရား၊ န မနောသမ္ဖဿက အကျိုးတရား။

၃။ သမ္ပဋိစ္ဆိုင်း - မနာယတန ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ ဖြစ်၏။
သမ္ပဋိစ္ဆိုင်း - မနာယတနက အကြောင်းတရား၊ သမ္ပဋိစ္ဆိုင်း - မနောသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၉) ဖြစ်ခြင်းကြောင့် သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတနက အကြောင်းတရား သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿက အကျိုးတရား။

## သန္တီရဏ – မနောသမ္ဖဿ

၁။ ဟဒယဝတ္ထု - ဓမ္မာယတန ဖြစ်ခြင်းကြောင့် သန္တီရဏ မနောသမ္ဖဿ ဖြစ်၏။
ဟဒယဝတ္ထု - ဓမ္မာယတနက အကြောင်းတရား၊ သန္တီရဏ မနောသမ္ဖဿက အကျိုးတရား။

၂။ ရူပါယတန ဖြစ်ခြင်းကြောင့် သန္တီရဏ - မနောသမ္ဖဿ ဖြစ်၏။
ရူပါယတနက အကြောင်းတရား၊ သန္တီရဏ မနောသမ္ဖဿက အကျိုးတရား။

၃။ သန္တီရဏ - မနာယတန ဖြစ်ခြင်းကြောင့် သန္တီရဏ မနောသမ္ဖဿ ဖြစ်၏။
သန္တီရဏ - မနာယတနက အကြောင်းတရား၊ သန္တီရဏ မနောသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန ဖြစ်ခြင်းကြောင့် သန္တီရဏ မနောသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတနက အကြောင်းတရား၊ သန္တီရဏ မနောသမ္ဖဿက အကျိုးတရား။
[သမ္ပယုတ် - ဓမ္မာယတနမှာ သောမနဿ ဖြစ်လျှင် (၁၀)၊ ဥပေက္ခာဖြစ်လျှင် (၉) ဖြစ်သည်။]

## ဝုဋ္ဌော မနောသမ္ဖဿ

၁။ ဟဒယဝတ္ထု - ဓမ္မာယတန ဖြစ်ခြင်းကြောင့် ဝုဋ္ဌော မနောသမ္ဖဿ ဖြစ်၏။
ဟဒယဝတ္ထု - ဓမ္မာယတနက အကြောင်းတရား၊ ဝုဋ္ဌော မနောသမ္ဖဿက အကျိုးတရား။

၂။ ရူပါယတန ဖြစ်ခြင်းကြောင့် ဝုဋ္ဌော မနောသမ္ဖဿ ဖြစ်၏။
ရူပါယတနက အကြောင်းတရား၊ ဝုဋ္ဌော မနောသမ္ဖဿက အကျိုးတရား။

၃။ ဝုဋ္ဌော - မနာယတန ဖြစ်ခြင်းကြောင့် ဝုဋ္ဌော မနောသမ္ဖဿ ဖြစ်၏။
ဝုဋ္ဌော - မနာယတနက အကြောင်းတရား၊ ဝုဋ္ဌော မနောသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၁၀) ဖြစ်ခြင်းကြောင့်၊ ဝုဋ္ဌော မနောသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၁၀)က အကြောင်းတရား၊ ဝုဋ္ဌော မနောသမ္ဖဿက အကျိုးတရား။

## ပထမဇော မနောသမ္ဖဿ

၁။ ဟဒယဝတ္ထု - ဓမ္မာယတန ဖြစ်ခြင်းကြောင့် ပထမဇော မနောသမ္ဖဿ ဖြစ်၏။
ဟဒယဝတ္ထု - ဓမ္မာယတနက အကြောင်းတရား၊ ပထမဇော မနောသမ္ဖဿက အကျိုးတရား။

၂။ ရူပါယတန ဖြစ်ခြင်းကြောင့် ပထမဇော မနောသမ္ဖဿ ဖြစ်၏။
ရူပါယတနက အကြောင်းတရား၊ ပထမဇော မနောသမ္ဖဿက အကျိုးတရား။

၃။ ပထမဇော - မနာယတန ဖြစ်ခြင်းကြောင့် ပထမဇော မနောသမ္ဖဿ ဖြစ်၏။
ပထမဇော - မနာယတနက အကြောင်းတရား၊ ပထမဇော မနောသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၃၂) ဖြစ်ခြင်းကြောင့် ပထမဇော မနောသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၃၂)က အကြောင်းတရား၊ ပထမဇော မနောသမ္ဖဿက အကျိုးတရား။

[ဇော (၇)ကြိမ် စေ့အောင် ရှုပါ။ ဤ၌ သဒ္ဓါပညာအုပ်စု မဟာကုသိုလ် ပထမဇော နာမ်တရား (၃၄)၌ ရှိသော ဖဿကို ပုံစံထုတ်၍ ပြထားပါသည်။ ကြွင်းကျန်သော ကုသိုလ်ဇော အကုသိုလ်ဇော စိတ္တက္ခဏတို့၌ သမ္ပယုတ် ဓမ္မာယတနအရ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း ထိုက်သလို ကောက်ယူပါ။]

## ပထမတဒါရုံ မနောသမ္ဖဿ

၁။ ဟဒယဝတ္ထု - ဓမ္မာယတန ဖြစ်ခြင်းကြောင့် ပထမတဒါရုံ မနောသမ္ဖဿ ဖြစ်၏။
ဟဒယဝတ္ထု - ဓမ္မာယတနက အကြောင်းတရား၊ ပထမတဒါရုံ မနောသမ္ဖဿက အကျိုးတရား။

၂။ ရူပါယတန ဖြစ်ခြင်းကြောင့် ပထမတဒါရုံ မနောသမ္ဖဿ ဖြစ်၏။
ရူပါယတနက အကြောင်းတရား၊ ပထမတဒါရုံ မနောသမ္ဖဿက အကျိုးတရား။

၃။ ပထမတဒါရုံ - မနာယတန ဖြစ်ခြင်းကြောင့် ပထမတဒါရုံ မနောသမ္ဖဿ ဖြစ်၏။
ပထမတဒါရုံ - မနာယတနက အကြောင်းတရား၊ ပထမတဒါရုံ မနောသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၃၂) ဖြစ်ခြင်းကြောင့် ပထမတဒါရုံ မနောသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၃၂)က အကြောင်းတရား၊ ပထမတဒါရုံ မနောသမ္ဖဿက အကျိုးတရား။

[ဒုတိယတဒါရုံ၌လည်း နည်းတူရှုပါ။ ဤ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် သောမနဿတဒါရုံ မနော-သမ္ဖဿကို ပုံစံထုတ်၍ ပြထားပါသည်။ သမ္ပယုတ် ဓမ္မာယတန၌ အဟိတ် သဟိတ် သောမနဿ ဥပေက္ခာ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်အားလျော်စွာ ထိုက်သလို စေတသိက်အရေအတွက် အတိုးအလျော့ကို နာမ်-ကမ္မဋ္ဌာန်းပိုင်း ဇယားအတိုင်းရှုပါ။]

## မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ – (နောက်လိုက် မနောဒွါရဝီထိ)

၁။ ဟဒယဝတ္ထု - ဓမ္မာယတန ဖြစ်ခြင်းကြောင့် မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ ဖြစ်၏။
ဟဒယဝတ္ထု - ဓမ္မာယတနက အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿက အကျိုးတရား။

၂။ ရူပါယတန ဖြစ်ခြင်းကြောင့် မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ ဖြစ်၏။
ရူပါယတနက အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿက အကျိုးတရား။

၃။ မနောဒွါရာဝဇ္ဇန်း - မနာယတန ဖြစ်ခြင်းကြောင့် မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ ဖြစ်၏။
မနောဒွါရာဝဇ္ဇန်း - မနာယတနက အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၁၀) ဖြစ်ခြင်းကြောင့် မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၁၀)က အကြောင်းတရား၊ မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿက အကျိုးတရား။

[**မှတ်ချက်** – ဤနောက်လိုက် မနောဒွါရဝီထိများ၌ ရှိသော ဇော-တဒါရုံ-မနော-သမ္ဖဿတို့မှာ စက္ခုဒွါရ-ဝီထိ၌ရှိသော ဇော-တဒါရုံ-မနောသမ္ဖဿ ရှုကွက်နှင့် တူပြီ။ သောတဒွါရဝီထိစသည်တို့၌လည်း ရူပါယတန အရာတွင် သဒ္ဒါယတနစသည် လဲထည့်ရုံသာ ထူးသည်။ နည်းမှီး၍ ရှုလေ။ ပဉ္စဒွါရဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်း ဝုဋ္ဌော

ဇော, မနောဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်း ဇောတို့ကို ဝိပါကဝဋ်တရားစုတွင် မပါဝင်သော်လည်း ပရမတ္ထ ဓာတ်သား တရားလုံးများ မကြွင်းမကျန်စေလို၍ ရောနှော၍ ရှုခြင်းသာ ဖြစ်သည်ဟု မှတ်သားပါ။ နာမ် ကမ္မဋ္ဌာန်းကို သိမ်းဆည်းခဲ့စဉ်က ပုံစံအတိုင်းပင် (၆)လိုင်းလုံး၌ အကောင်းအုပ်စု မကောင်းအုပ်စုတို့၌ ရှိသော ဖဿတိုင်းကို ကုန်စင်အောင် ရှုပါ။ အနည်းငယ်ထူးသော သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿတို့ကို ဆက်လက်၍ ဖော်ပြအပ်ပါသည်။]

## သောတသမ္ဖဿ = သောတဝိညာဏ်နှင့် ယှဉ်သော ဖဿ

၁။ သောတာယတန ဖြစ်ခြင်းကြောင့် သောတသမ္ဖဿ ဖြစ်၏။
သောတာယတနက အကြောင်းတရား၊ သောတသမ္ဖဿက အကျိုးတရား။

၂။ သဒ္ဒါယတန ဖြစ်ခြင်းကြောင့် သောတသမ္ဖဿ ဖြစ်၏။
သဒ္ဒါယတနက အကြောင်းတရား၊ သောတသမ္ဖဿက အကျိုးတရား။

၃။ သောတဝိညာဏ် - မနာယတန ဖြစ်ခြင်းကြောင့် သောတသမ္ဖဿ ဖြစ်၏။
သောတဝိညာဏ် - မနာယတနက အကြောင်းတရား၊ သောတသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၆) ဖြစ်ခြင်းကြောင့် သောတသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၆)က အကြောင်းတရား၊ သောတသမ္ဖဿက အကျိုးတရား။

## ဃာနသမ္ဖဿ = ဃာနဝိညာဏ်နှင့် ယှဉ်သော ဖဿ

၁။ ဃာနာယတန ဖြစ်ခြင်းကြောင့် ဃာနသမ္ဖဿ ဖြစ်၏။
ဃာနာယတနက အကြောင်းတရား၊ ဃာနသမ္ဖဿက အကျိုးတရား။

၂။ ဂန္ဓာယတန ဖြစ်ခြင်းကြောင့် ဃာနသမ္ဖဿ ဖြစ်၏။
ဂန္ဓာယတနက အကြောင်းတရား၊ ဃာနသမ္ဖဿက အကျိုးတရား။

၃။ ဃာနဝိညာဏ် - မနာယတန ဖြစ်ခြင်းကြောင့် ဃာနသမ္ဖဿ ဖြစ်၏။
ဃာနဝိညာဏ် - မနာယတနက အကြောင်းတရား၊ ဃာနသမ္ဖဿက အကျိုးတရား

၄။ သမ္ပယုတ် - ဓမ္မာယတန (၆) ဖြစ်ခြင်းကြောင့် ဃာနသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၆)က အကြောင်းတရား၊ ဃာနသမ္ဖဿက အကျိုးတရား။

## ဇိဝှါသမ္ဖဿ = ဇိဝှါဝိညာဏ်နှင့် ယှဉ်သော ဖဿ

၁။ ဇိဝှါယတန ဖြစ်ခြင်းကြောင့် ဇိဝှါသမ္ဖဿ ဖြစ်၏။
ဇိဝှါယတနက အကြောင်းတရား၊ ဇိဝှါသမ္ဖဿက အကျိုးတရား။

၂။ ရသာယတန ဖြစ်ခြင်းကြောင့် ဇိဝှါသမ္ဖဿ ဖြစ်၏။
ရသာယတနက အကြောင်းတရား၊ ဇိဝှါသမ္ဖဿက အကျိုးတရား။

၃။ ဇိဝှါဝိညာဏ် - မနာယတန ဖြစ်ခြင်းကြောင့် ဇိဝှါသမ္ဖဿ ဖြစ်၏။
ဇိဝှါဝိညာဏ် - မနာယတနက အကြောင်းတရား၊ ဇိဝှါသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၆) ဖြစ်ခြင်းကြောင့် ဇိဝှါသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၆)က အကြောင်းတရား၊ ဇိဝှါသမ္ဖဿက အကျိုးတရား။

## ကာယသမ္ဖဿ = ကာယဝိညာဏ်နှင့် ယှဉ်သော ဖဿ

၁။ ကာယာယတန ဖြစ်ခြင်းကြောင့် ကာယသမ္ဖဿ ဖြစ်၏။
ကာယာယတနက အကြောင်းတရား၊ ကာယသမ္ဖဿက အကျိုးတရား။

၂။ ဖောဋ္ဌဗ္ဗာယတန ဖြစ်ခြင်းကြောင့် ကာယသမ္ဖဿ ဖြစ်၏။
ဖောဋ္ဌဗ္ဗာယတနက အကြောင်းတရား၊ ကာယသမ္ဖဿက အကျိုးတရား။

၃။ ကာယဝိညာဏ် - မနာယတန ဖြစ်ခြင်းကြောင့် ကာယသမ္ဖဿ ဖြစ်၏။
ကာယဝိညာဏ် - မနာယတနက အကြောင်းတရား၊ ကာယသမ္ဖဿက အကျိုးတရား။

၄။ သမ္ပယုတ် - ဓမ္မာယတန (၆) ဖြစ်ခြင်းကြောင့် ကာယသမ္ဖဿ ဖြစ်၏။
သမ္ပယုတ် - ဓမ္မာယတန (၆)က အကြောင်းတရား၊ ကာယသမ္ဖဿက အကျိုးတရား။

ဤမျှဆိုလျှင် နည်းမှီး နိုင်လောက်ပေပြီ။ (၆)လိုင်းလုံး၌ စိတ္တက္ခဏတိုင်းဝယ် ဖဿတိုင်း၌ အကြောင်း အကျိုး သိမ်းဆည်းပါ။ ဆိုင်ရာဆိုင်ရာ အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် ဆိုင်ရာဆိုင်ရာ အကျိုးတရား ထင်ရှားဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ အကြောင်း အကျိုး နှစ်ဘက်လုံးကို ဉာဏ်ဖြင့် မမြင်ပါဘဲလျက် ပါးစပ်က စိတ်က ဆိုနေရုံမျှဖြင့်ကား ပစ္စယ-ပရိဂ္ဂဟဉာဏ် မဖြစ်နိုင်သည်ကို သတိပြုရာသည်။ အရာရာတွင် နည်းတူမှတ်ပါ။

## ဥပါဒိန္နကပဝတ္တိကထာ

အထက်ပါ အဋ္ဌကထာများ၏ ဖွင့်ဆိုချက်အတိုင်း ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည်ကား – ဥပါဒိန္နကပဝတ္တိကထာ = ဥပါဒိဏ္ဏကပဝတ္တိကထာ = အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်ရောက် အပ်သော ကံသည် "ငါ၏ အကျိုးတရား"ဟု အကျိုး၏အဖြစ်ဖြင့် စွဲယူအပ်သည်ဖြစ်၍ သက်ရှိသတ္တဝါတို့၏ ခန္ဓာအစဉ်ဝယ် ရုပ်နာမ်ပရမတ်တရားတို့၏ အကြောင်းနှင့် အကျိုး ဆက်နွယ်လျက် အဆက်မပြတ် အထပ်ထပ် လည်ပတ်နေပုံ ဝဋ္ဋကထာ တရားဒေသနာတော် ဖြစ်၏။ အထူးသဖြင့် ဧကသန္တတိပရိယာပန္န = တစ်ခုသော ရုပ်နာမ်သန္တတိအစဉ်၌ အကျုံးဝင်သော အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရားတို့ကို ထင်ရှား ဖော်ပြသော ဒေသနာတော် ဖြစ်၏။ ထိုကြောင့် ဤကျမ်းစာ၌လည်း တစ်ခုသော ရုပ်နာမ်သန္တာန်အစဉ်၌ အကျုံးဝင်သော အဝိဇ္ဇာမှသည် ဇာတိ ဇရာမရဏသို့ တိုင်အောင်သော ရုပ်နာမ် ပရမတ်တရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် ဖြစ်ပုံအစဉ်ကိုသာ ဦးစားပေး၍ ဖော်ပြထားပါသည်။ ဗဟိဒ္ဓ၌ကား — ပရသန္တာနဂတေ စ တေသံ သန္တာနဝိဘာဂံ အကတွာ ဗဟိဒ္ဓါဘာဝ သာမညတော သမ္မသနံ၊ အယံ သာဝကာနံ သမ္မသနစာရော – (မ-ဋီ-၃-၂၇၅။) ဟူသော အနုပဒသုတ္တန်ဋီကာနှင့်အညီ ဗဟိဒ္ဓချင်းတူညီ၍ သာမန် ပေါင်းစုခြုံငုံ၍ ရှုပွားပုံ စနစ်ကိုသာ တင်ပြထားပေသည်။

## **ပဿပစ္စယာ ဝေဒနာ**
## **ပဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။**

ဝေဒနာသု ပနေတာသု၊ ဣဓ ဗာတ္တိံသ ဝေဒနာ။
ဝိပါကစိတ္တယုတ္တာဝ၊ အဓိပ္ပေတာတိ ဘာသိတာ။ (အဘိ-ဋ္ဌ-၂-၁၆၉။ ဝိသုဒ္ဓိ-၂-၂၀၁။)

**ဝေဒနာ** — စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ, ဇိဝှါသမ္ဖဿဇာ ဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာ ဝေဒနာဟု ဒွါရအားဖြင့် ဝေဒနာ (၆)ပါးတည်း။ အပြားအားဖြင့် စိတ် တစ်ခုယုတ် (၉၀)၌ ယှဉ်သော ဝေဒနာတည်း။ သို့သော် ဤ၌ကား လောကီ ဝိပါက်စိတ် (၃၂)ပါး၌ ယှဉ်သော ဝိပါကဝေဒနာကိုသာ ဝေဒနာအရ တရားကိုယ် ကောက်ယူပါ။
(အဘိ-ဋ္ဌ-၂-၁၆၉။ ဝိသုဒ္ဓိ-၂-၂၀၁။)

## **စက္ခုသမ္ဖဿဇာ ဝေဒနာ**

**စက္ခုသမ္ဖဿဇာ ဝေဒနာ။ ပ ။ မနောသမ္ဖဿဇာ ဝေဒနာ**တိ ဧတံ "စက္ခုသမ္ဖဿဇာ ဝေဒနာ အတ္ထိ ကုသလာ၊ အတ္ထိ အကုသလာ၊ အတ္ထိ အဗျာကတာ"တိ ဧဝံ ဝိဘင်္ဂေ အာဂတတ္တာ စက္ခုဒွါရာဒီသု ပဝတ္တာနံ ကုသလာကုသလာဗျာကတဝေဒနာနံ "သာရိပုတ္တော မန္တာဏိပုတ္တော"တိ ဧဝမာဒီသု မာတိတော နာမံ ဝိယ မာတိသဒိသတော ဝတ္ထုတော နာမံ။ ဝစနတ္ထော ပနေတ္ထ — စက္ခုသမ္ဖဿဟေတု ဇာတာ ဝေဒနာ စက္ခု-သမ္ဖဿဇာဝေဒနာတိ။ ဧသေဝ နယော သဗ္ဗတ္ထ။ အယံ တာဝေတ္ထ သဗ္ဗသင်္ဂါဟိကာ ကထာ။ ဝိပါကဝသေန ပန စက္ခုဒွါရေ ဒွေ စက္ခုဝိညာဏာနိ, ဒွေ မနောဓာတုယော, တိဿော မနောဝိညာဏဓာတုယောတိ ဧတာဟိ သမ္ပယုတ္တဝသေန ဝေဒနာ ဝေဒိတဗ္ဗာ။ ဧသေဝ နယော သောတဒွါရာဒီသု။ မနောဒွါရေ မနောဝိညာဏဓာတု-သမ္ပယုတ္တာဝ။ (သံ-ဋ္ဌ-၂-၁၅။ မ-ဋ္ဌ-၁-၂၂၆။)

(ဆိုလိုရင်း) — အဘိဓမ္မာ ဝိဘင်းပါဠိတော် (အဘိ-၂-၁၆။)၌ — စက္ခုသမ္ဖဿဇာဝေဒနာသည် ကုသိုလ်လည်း ရှိ၏၊ အကုသိုလ်လည်း ရှိ၏၊ အဗျာကတလည်း ရှိ၏ — ဟု ဟောကြားထားတော်မူသောကြောင့် စက္ခုဒွါရ၌ ဖြစ်ကုန်သော ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာ အဗျာကတဝေဒနာတို့သည် စက္ခုသမ္ဖဿဇာ ဝေဒနာ မည်ကုန်၏။ သာရိပုဏ္ဏေးမ၏သား = သာရိပုတ္တ, မန္တာဏိပုဏ္ဏေးမ၏သား = မန္တာဏိပုတ္တ — ဟူသော အမည်များသည် အမိမှ ဆင်းသက်လာသော အမည်ဖြစ်သကဲ့သို့ အလားတူပင် မိခင်နှင့် တူသော စက္ခုဝတ္ထု ဟူသော မှီရာဝတ္ထုရုပ်မှ ဆင်းသက်လာသော အမည်ဖြစ်သည်။ ဝစနတ္ထအားဖြင့်ကား — စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာသည် စက္ခုသမ္ဖဿဇာ ဝေဒနာ မည်၏။ သောတသမ္ဖဿဇာ ဝေဒနာစသည့် ဝေဒနာ အားလုံးတို့၌ နည်းတူမှတ်ပါ။ ဤကား စက္ခုသမ္ဖဿကြောင့် ဖြစ်နိုင်သည့် ဝေဒနာမှန်သမျှကို အားလုံးသိမ်းကျုံး၍ ရေတွက်သော နည်းတည်း။ ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ကား ဝိပါက်ဝေဒနာကိုသာ အလိုရှိအပ်ပေသည်။ စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့နှင့် ယှဉ်သော ဝိပါက်ဝေဒနာများကိုသာ စက္ခုသမ္ဖဿဇာ ဝေဒနာအရ ကောက်ယူပါ။ ကုသလဝိပါက် ဝေဒနာ, အကုသလဝိပါက် ဝေဒနာ နှစ်မျိုးလုံး ဖြစ်နိုင်သည်။ သောတသမ္ဖဿဇာ ဝေဒနာ စသည်တို့၌လည်း ဤနည်းပင်တည်း။ မနောသမ္ဖဿဇာ ဝေဒနာအရ မနော-ဝိညာဏဓာတ်နှင့်ယှဉ်သော ဝေဒနာအားလုံးကို ကောက်ယူပါ။ အထူးသဖြင့် ဤ၌ ဝိပါက် မနောဝိညာဏဓာတ်နှင့် ယှဉ်သော ဝေဒနာတို့ကိုသာ ကောက်ယူပါ။ (သံ-ဋ္ဌ-၂-၁၅။ မ-ဋ္ဌ-၁-၂၂၆။)

## စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ

**စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတန္တိ** စက္ခုသမ္ဖဿံ မူလပစ္စယံ ကတွာ ဥပ္ပန္နာ သမ္ပဋိစ္ဆနသန္တီရဏ-ဝေါဋ္ဌဗ္ဗနဇဝနဝေဒနာ။ စက္ခုဝိညာဏသမ္ပယုတ္တာယ ပန ဝတ္တဗ္ဗမေဝ နတ္ထိ။ သောတဒွါရာဒိဝေဒနာပစ္စယာဒီသုပိ ဧသေဝ နယော။ (သံ-ဋ္ဌ-၃-၅။)

**စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ** — ဟူသည် စက္ခုသမ္ဖဿကို မူလအကြောင်းရင်းခံပြု၍ ဖြစ်ပေါ်လာသော သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော (တဒါရုံ) ဝေဒနာတို့တည်း။ စက္ခုဝိညာဏ်နှင့် ယှဉ်သော ဝေဒနာ၌ စက္ခု-သမ္ဖဿပစ္စယာ ဝေဒနာ အမည်ရမှုမှာ ဆိုဖွယ်ရာပင် မရှိတော့ပြီ။ သောတသမ္ဖဿပစ္စယာ ဝေဒနာ - စသည်တို့၌လည်း ဤနည်းပင်တည်း။ (သံ-ဋ္ဌ-၃-၅။)

ဤအထက်ပါ အဋ္ဌကထာများ၏ ဖွင့်ဆိုချက်များနှင့်အညီ - စက္ခုသမ္ဖဿဇာ ဝေဒနာ, စက္ခုသမ္ဖဿ ပစ္စယာ ဝေဒနာဟူသည် စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံတို့နှင့် ယှဉ်သော ဝေဒနာများတည်း။ စက္ခုဒွါရဝီထိနောင် ဆက်လက်၍ ဖြစ်ကြသည့် ရူပါရုံကိုပင် ဆက်လက်၍ အာရုံယူကြသည့် မနောဒွါရာဝဇ္ဇန်း ဇော တဒါရုံတို့နှင့် ယှဉ်ကြသည့် မနောဒွါရိက ဝေဒနာတို့အားလည်း စက္ခုသမ္ဖဿက ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့် ယင်းဝေဒနာတို့သည်လည်း စက္ခုသမ္ဖဿဇာ ဝေဒနာ စက္ခု-သမ္ဖဿပစ္စယာ ဝေဒနာတို့ပင် ဖြစ်ကြသည်။ (အဘိ-ဋ္ဌ-၃-၃၆၈။) (ဤပဋိစ္စသမုပ္ပါဒ်ပိုင်း ၅၁၀-၅၁၂ - စသည်တို့၌လည်း ကြည့်ပါ။)

ဝိပဿနာရှုရာ၌ကား — ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တမ္ပိ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ (မ-၃-၃၂၄-၃၂၅။) — ဤသို့ စသည့် စူဠရာဟုလော-ဝါဒသုတ္တန်များ၌ ဘုရားရှင် ညွှန်ကြားထားတော်မူသည်နှင့်အညီ စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာကြကုန်သော စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ ဝေဒနာကို အဦးမူ၍ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူသော ဝေဒနာနှင့် ယှဉ်ဖက် သမ္ပယုတ်တရားအားလုံးကိုပင် သိမ်းကျုံး၍ ဝိပဿနာရှုပါ။ အကြောင်းနှင့် အကျိုး ဆက်စပ်လျက် အကြောင်း အကျိုး သိမ်းဆည်းရာ၌သာ ဝေဒနာကို ပဓာနထား၍ ရှုပါ၊ အကြောင်း အကျိုး သိမ်းဆည်းပါ။ သောတသမ္ဖဿဇာ ဝေဒနာစသည်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။

## ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ

၁။ စက္ခုသမ္ဖဿသည် မိမိနှင့် သမ္ပယုတ်ဖြစ်သော စက္ခုဝတ္ထုကိုပင် မှီ၍ ဖြစ်သော စက္ခုသမ္ဖဿဇာ ဝေဒနာအား,

၂။ သောတသမ္ဖဿသည် မိမိနှင့် သမ္ပယုတ်ဖြစ်သော သောတဝတ္ထုကိုပင် မှီ၍ ဖြစ်သော သောတသမ္ဖဿဇာ ဝေဒနာအား,

၃။ ဃာနသမ္ဖဿသည် မိမိနှင့် သမ္ပယုတ်ဖြစ်သော ဃာနဝတ္ထုကိုပင် မှီ၍ ဖြစ်သော ဃာနသမ္ဖဿဇာ ဝေဒနာအား,

၄။ ဇိဝှါသမ္ဖဿသည် မိမိနှင့် သမ္ပယုတ်ဖြစ်သော ဇိဝှါဝတ္ထုကိုပင် မှီ၍ ဖြစ်သော ဇိဝှါသမ္ဖဿဇာ ဝေဒနာအား,

၅။ ကာယသမ္ဖဿသည် မိမိနှင့် သမ္ပယုတ်ဖြစ်သော ကာယဝတ္ထုကိုပင် မှီ၍ ဖြစ်သော ကာယသမ္ဖဿဇာ ဝေဒနာအား,

သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ သမ္ပယုတ္တ အတ္ထိ အဝိဂတ၏ အစွမ်းဖြင့် ပစ္စယသတ္တိ

ရှစ်မျိုးစီဖြင့် အသီးအသီး ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ (အဘိ-ဋ္ဌ-၂-၁၇၀။ ဝိသုဒ္ဓိ-၂-၂၀၁။)

၁။ စက္ခုသမ္ဘဿသည် စက္ခုဒွါရဝီထိ၌ သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာကုန်သော ကာမာဝစရ ဝိပါက်ဝေဒနာတို့အား,

၂။ သောတသမ္ဘဿသည် သောတဒွါရဝီထိ၌ သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာကုန်သော ကာမာဝစရ ဝိပါက်ဝေဒနာတို့အား,

၃။ ဃာနသမ္ဘဿသည် ဃာနဒွါရဝီထိ၌ သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာကုန်သော ကာမာဝစရ ဝိပါက်ဝေဒနာတို့အား,

၄။ ဇိဝှါသမ္ဘဿသည် ဇိဝှါဒွါရဝီထိ၌ သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာကုန်သော ကာမာဝစရ ဝိပါက်ဝေဒနာတို့အား,

၅။ ကာယသမ္ဘဿသည် ကာယဒွါရဝီထိ၌ သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ၏ အစွမ်းဖြင့်ဖြစ်ပေါ်လာကုန်သော ကာမာဝစရ ဝိပါက်ဝေဒနာတို့အား, — ဥပနိဿယပစ္စယသတ္တိ တစ်မျိုးဖြင့်သာ ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၇၀။ ဝိသုဒ္ဓိ-၂-၂၀၁။)

ဤ၌ စက္ခုသမ္ဘဿစသော (၅)မျိုးသော အသီးအသီးသော ဖဿသည် မိမိ မိမိ၏ အခြားမဲ့၌ဖြစ်သော သမ္ပဋိစ္ဆိုင်းနှင့် သမ္ပယုတ်ဖြစ်သော ဝိပါက်ဝေဒနာ အသီးအသီးအား အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ ပစ္စယသတ္တိတို့ဖြင့်ကား အကယ်၍ ကျေးဇူးပြုပါပေ၏။ နတ္ထိ ဝိဂတပစ္စည်းတို့သည် အနန္တရ သမနန္တရ ပစ္စည်း၌, အနန္တရ သမနန္တရပစ္စည်းတို့သည် အနန္တရူပနိဿယ၌ အတွင်းဝင်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, သန္တီရဏ တဒါရုံတို့နှင့် ယှဉ်သော ဝေဒနာအားမူ ဖဿသည် ပကတူပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့်သာ ကျေးဇူးပြုသဖြင့် သန္တီရဏ တဒါရုံတို့နှင့် ဆက်ဆံသော ထိုဥပနိဿယပစ္စည်း၏ အစွမ်းဖြင့်လည်းကောင်း ကျေးဇူးပြုပုံကို ဖော်ပြလိုသဖြင့် အဋ္ဌကထာက ဥပနိဿယသတ္တိတစ်မျိုးဖြင့်သာ ကျေးဇူးပြု၏ဟု ဖွင့်ဆိုခြင်း ဖြစ်သည်။ (မူလဋီ-၂-၁၂၀။ မဟာဋီ-၂-၃၂၅။ အနုဋီ-၂-၁၃၂။)

## “သဟဇာတဖဿ”

**မနောဒွါရေပိ သော တထာ**တိ မနောဒွါရေပိ ဟိ တဒါရမ္မဏဝသေန ပဝတ္တာနံ ကာမာဝစရဝိပါက-ဝေဒနာနံ သော သဟဇာတမနောသမ္ဘဿသင်္ခါတော ဖဿော တထေဝ အဋ္ဌဓာ ပစ္စယော ဟောတိ။

(အဘိ-ဋ္ဌ-၂-၁၇၀။ ဝိသုဒ္ဓိ-၂-၂၀၁။)

ဧကေကသ္မိံ ဒွါရေ ဟိ စက္ခုဒွါရာဒီသု ဥပ္ပန္န စက္ခုဝိညာဏာဒီဟိ သဟဇာတာ ဖဿာ သက သက ဝီထီသု သမ္ပဋိစ္ဆနာဒီဟိ သမ္ပယုတ္တဝေဒနာနံ, မနောဒွါရေ တဒါရမ္မဏဝသေနေဝ ပဝတ္တာနံ တေဘူမက-ဝိပါကဝေဒနာနမ္ပိ သဟဇာတမနောသမ္ဘဿသင်္ခါတော သော ဖဿော အဋ္ဌဓာ ပစ္စယော ဟောတီတိ ယောဇေတဗ္ဗံ။ (မဟာဋီ-၂-၃၂၅။)

မနောဒွါရဝီထိ၌လည်း တဒါရုံ၏ အစွမ်းဖြင့် ဖြစ်ကုန်သော ဝိပါက်ဝေဒနာတို့အား ထိုတဒါရုံနှင့် အတူ ဖြစ်သော သဟဇာတမနောသမ္ဘဿဟု ခေါ်ဆိုအပ်သော သမ္ပယုတ် ဖဿသည် ထို့အတူပင် ပစ္စယသတ္တိ (၈)မျိုးတို့ဖြင့် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၇၀။ ဝိသုဒ္ဓိ-၂-၂၀၁။)

စက္ခုဒွါရဝီထိ အစရှိကုန်သော တစ်ခုတစ်ခုသော ဒွါရ၌ စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံ ဝိပါက်စိတ်တို့နှင့် အတူယှဉ်တွဲ ဖြစ်ကုန်သော ဖဿ အသီးအသီးတို့သည် မိမိ မိမိတို့၏ ဝီထိအတွင်း၌ ရှိကုန်သော သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံဝိပါက်တို့နှင့် သမ္ပယုတ်ဖြစ်ကုန်သော ဝေဒနာ အသီးအသီးတို့အားလည်း ပစ္စယသတ္တိ (၈)မျိုးတို့ဖြင့် ကျေးဇူးပြု၏။ မနောဒွါရ၌ တဒါရုံ၏ အစွမ်းဖြင့်သာလျှင် ဖြစ်ကုန်သော ဝိပါက် ဝေဒနာတို့အားလည်း တဒါရုံနှင့် အတူ ယှဉ်တွဲဖြစ်သော သဟဇာတမနောသမ္ဖဿဟု ခေါ်ဆိုအပ်သော ထိုတဒါရုံဖဿသည် ပစ္စယသတ္တိ (၈)မျိုးဖြင့် ကျေးဇူးပြု၏။ ဤသို့ အဓိပ္ပါယ်ကို ယှဉ်စပ် ယူပါ။

(မဟာဋီ-၂-၃၂၅။)

စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ ဖြစ်ကြကုန်သော စိတ်စေတသိက်တရားစုတို့တွင် ဖဿက ဝေဒနာအား ကျေးဇူးပြုပုံကို ဖွင့်ဆိုခြင်း ဖြစ်၏။ သမ္ပဋိစ္ဆိုင်းနှင့် ယှဉ်သော ဖဿသည် မိမိနှင့် အတူယှဉ်တွဲ ဖြစ်သော သမ္ပယုတ်ဖြစ်သော သမ္ပဋိစ္ဆိုင်းဝေဒနာအား ပစ္စယသတ္တိ (၈)မျိုးဖြင့် ကျေးဇူးပြု၏။ သန္တီရဏနှင့် ယှဉ်သော ဖဿသည် မိမိနှင့် အတူယှဉ်တွဲဖြစ်သော သမ္ပယုတ်ဖြစ်သော သန္တီရဏဝေဒနာအား ပစ္စယသတ္တိ (၈)မျိုးဖြင့် ကျေးဇူးပြု၏။ တဒါရုံနှင့် ယှဉ်သော ဖဿသည် မိမိနှင့် အတူယှဉ်တွဲဖြစ်သော သမ္ပယုတ်ဖြစ်သော တဒါရုံ ဝေဒနာအား ပစ္စယသတ္တိ (၈)မျိုးဖြင့် ကျေးဇူးပြု၏။ မနောဒွါရဝီထိ၌ ပါဝင်သော တဒါရုံ၌လည်း နည်းတူမှတ်ပါ။ ဤသို့ ဆိုလိုပေသည်။ ဤဖွင့်ဆိုချက်များအရ –

၁။ သမ္ပဋိစ္ဆိုင်း ဝေဒနာအား စက္ခုသမ္ဖဿနှင့် သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿက,

၂။ သန္တီရဏ ဝေဒနာအား စက္ခုသမ္ဖဿနှင့် သန္တီရဏ မနောသမ္ဖဿက,

၃။ တဒါရုံ ဝေဒနာအား စက္ခုသမ္ဖဿနှင့် တဒါရုံ မနောသမ္ဖဿက အသီးအသီး ကျေးဇူးပြု၏ဟု မှတ်သားပါ။

သမ္ပဋိစ္ဆိုင်း ဝေဒနာအား စက္ခုသမ္ဖဿက ဥပနိဿယသတ္တိဖြင့်, သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿက ပစ္စယ သတ္တိ (၈)မျိုးဖြင့် ကျေးဇူးပြု၏။ သန္တီရဏ တဒါရုံတို့၌လည်း နည်းတူမှတ်ပါ။

## အာရမ္မဏူပနိဿယ – ပကတူပနိဿယ

အာရမ္မဏူပနိဿယပကတူပနိဿယေသု နာနာဝီထိဝသေန ပုရိမတရာ။ (အဘိ-ဋ္ဌ-၃-၃၆၈။)

ဤအထက်ပါ ပဋ္ဌာန်းအဋ္ဌကထာအဖွင့်အရမူ အာရမ္မဏူပနိဿယ, ပကတူပနိဿယတို့၌ ဝီထိတစ်ခုနှင့် ဝီထိတစ်ခုလည်း ကျေးဇူးပြုနိုင်၏ဟု မှတ်ပါ။ သို့အတွက် စက္ခုသမ္ဖဿသည် စက္ခုဒွါရဝီထိအတွင်း၌ ရှိသော ဝေဒနာနှင့် တကွသော နာမ်တရားစုတို့အားသာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် မဟုတ်သေး၊ ရူပါရုံကိုပင် ဆက်လက် အာရုံယူကြသည့် နောက်လိုက် မနောဒွါရဝီထိစသည့် မနောဒွါရဝီထိ နာမ်တရားစု တို့အားလည်း ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်သာဟု မှတ်ပါ။ မျက်စိအမြင်ရှိသူ၏ သန္တာန်၌ ရူပါရုံကို အာရုံပြု၍ ကုသိုလ် အကုသိုလ် အဗျာကတတရားတို့ တိုးပွားလာနိုင်သည်မှာ စက္ခုသမ္ဖဿ၏ ကျေးဇူး ပြုမှု မကင်းသည်ကို သဘောပေါက်လေရာသည်။

## ပဋိသန္ဓေ – ဘဝင် – စုတိ

ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးအတွင်း၌ ဖြစ်သော ပဋိသန္ဓေဝိပါက်နှင့် ယှဉ်သော ဖဿသည် မိမိနှင့် သဟဇာတဖြစ်သော = အတူဖြစ်သော ပဋိသန္ဓေ ဝိပါက်ဝေဒနာအား, ဘဝင်ဝိပါက်နှင့် ယှဉ်သော

ဖဿသည် မိမိနှင့် သဟဇာတဖြစ်သော ဘဝင် ဝိပါက်ဝေဒနာအား, စုတိဝိပါက်နှင့်ယှဉ်သော ဖဿသည် မိမိနှင့် သဟဇာတဖြစ်သော စုတိ ဝိပါက်ဝေဒနာအား ပစ္စယသတ္တိ (၈)မျိုးတို့ဖြင့်ပင် ကျေးဇူးပြု၏။
(အဘိ-ဋ္ဌ-၂-၁၇၀။ ဝိသုဒ္ဓိ-၂-၂၀၀။)

## မနောဒွါရာဝဇ္ဇန်း – မနောသမ္ဖဿ

ယာ ပနေတာ မနောဒွါရေ တဒါရမ္မဏဝသေန ပဝတ္တာ ကာမာဝစရဝေဒနာ၊ တာသံ မနောဒွါရေ အာဝဇ္ဇနသမ္ပယုတ္တော မနောသမ္ဖဿော ဥပနိဿယဝသေန ဧကဓာ ပစ္စယော ဟောတိ။
(အဘိ-ဋ္ဌ-၂-၁၇၀။ ဝိသုဒ္ဓိ-၂-၂၀၁-၂၀၂။)

ပစ္စယံ အနုပါဒိန္နမ္ပိ ကေစိ ဣစ္ဆန္တီတိ **"ယာ ပနာ"**တိအာဒိနာ မနောဒွါရာဝဇ္ဇနဖဿဿ ပစ္စယဘာဝေါ ဝုတ္တော၊ တဥ္စ မုခမတ္တဒဿနတ္ထံ ဒဋ္ဌဗ္ဗံ။ ဧတေန နယေန သဗ္ဗဿ အနန္တရဿ အနာနန္တရဿ စ ဖဿဿ တဿာ တဿာ ဝိပါကဝေဒနာယ ဥပနိဿယတာ ယောဇေတဗ္ဗာ။ (မူလဋီ-၂-၁၂၀။)

**သမ္ဖဿာ**တိ ဝိပါကဿ, အဝိပါကဿ စ။ ပ ။ အနန္တရော အနန္တရာဒိနာ, အနာနန္တရော ဥပနိဿယဝသေနေဝ ပစ္စယော ဟောတိ။ သမ္ဘဝဒဿနံ စေတံ။ န တာသံ မနောဒွါရိကဘာဝဒဿနတ္ထံ ဒဋ္ဌဗ္ဗံ။
(အနုဋီ-၂-၁၃၂။)

မနောဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော မနောသမ္ဖဿသည် ယင်းမနောဒွါရဝီထိအတွင်း၌ ရှိသော တဒါရုံ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော ကာမာဝစရ ဝိပါက်ဝေဒနာတို့အား ဥပနိဿယပစ္စယသတ္တိ၏ အစွမ်းဖြင့် တစ်မျိုးတည်းသော ပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။
(အဘိ-ဋ္ဌ-၂-၁၇၀။ ဝိသုဒ္ဓိ-၂-၂၀၁-၂၀၂။)

တဏှာဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ခြံရံထားအပ်သော ကံသည် "ငါ၏ အကျိုး"ဟု အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သော အကျိုးဝိပါက်တရားများကို ဥပါဒိန္န = ဥပါဒိဏ္ဏတရားဟု ခေါ်၏။ တစ်နည်း ဆိုရသော် အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ်ကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော သင်္ခါရ-ကံ ဟူသော ကမ္မဝဋ်သည် ရှိ၏။ ယင်းအဝိဇ္ဇာ-တဏှာ-ဥပါဒါန်တည်းဟူသော ကိလေသဝဋ်တို့ ခြံရံထားအပ်သော သင်္ခါရ-ကံဟူသော ကမ္မဝဋ်ကြောင့် ဖြစ်သော ဝိပါကဝဋ်တရားစုသည် ဥပါဒိန္နတရားစု မည်၏။ ကုသိုလ် အကုသိုလ် ကြိယာတရားစုတို့ကား ဥပါဒိန္နတရားများ မဟုတ်ကြပေ။ အနုပါဒိန္နတရားများသာ ဖြစ်ကြ၏။

ကေစိဆရာတော်တို့ကား ယင်းအနုပါဒိန္နဖြစ်သော ကုသိုလ် အကုသိုလ် ကြိယာတို့နှင့် ယှဉ်သော ဖဿသည် ဝိပါက်ဝေဒနာတို့အား ကျေးဇူးပြုတတ်သော ပစ္စည်းတရားဖြစ်ကြောင်းကို အလိုရှိကြကုန်၏။ ထို့ကြောင့် အဋ္ဌကထာဆရာတော်က မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿသည် တဒါရုံ ဝိပါက်ဝေဒနာအား ကျေးဇူးပြုတတ်သော ပစ္စည်းတရား ဖြစ်ကြောင်းကို ဖွင့်ဆိုအပ်ပေသည်။ ထိုစကားကိုလည်း မုခမတ္တဒဿန = အကျဉ်းအရိပ်အမြွက်မျှကို ဖော်ပြသော စကားဟု မှတ်ပါ။ ဤနည်းကို နည်းမှီး၍ အခြားမဲ့၌ တည်သော အနန္တရဖြစ်သော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ ဖဿ မှန်သမျှသည် ဝိပါက်ဝေဒနာအား အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ပစ္စယသတ္တိ (၅)မျိုးဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏ဟုလည်း ကောင်း, အနန္တရမဟုတ်သော = အခြားမဲ့မဟုတ်သော စိတ္တက္ခဏချင်း ကွာခြားနေသော ဝေးကွာနေသော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ ဖဿသည် ဝိပါက် ဝေဒနာအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏ဟု လည်းကောင်း ယှဉ်စေထိုက်၏။ ဤစကားရပ်ကိုလည်း — "ဖဿနှင့် ဝေဒနာတို့၏ ကြောင်း-ကျိုးဆက်နွယ်-လျက် ဖြစ်ပေါ်ပုံကို ညွှန်ပြကြောင်း စကားရပ်သာ ဖြစ်သည်၊ ထိုဖဿ ဝေဒနာတို့၏ မနောဒွါရိက အဖြစ်ကို

ညွှန်ပြကြောင်း စကားရပ် မဟုတ်" — ဟု မှတ်သားပါ။ (မူလဋီ-၂-၁၂၀။ မဟာဋီ-၂-၃၂၅။ အနုဋီ-၂-၁၃၂။)

ဤဋီကာဆရာတော်တို့၏ ဖွင့်ဆိုချက်ကို ပဉ္စဒွါရဝီထိတို့၌လည်း နည်းတူပင် မှတ်ရာ၏။

## ကြိုတင်သိထားသင့်သော လိုရင်းအချက်များ

ဤအပိုင်းတွင် ရှေးဦးစွာ အောက်ပါအချက်များကို ကြိုတင် မှတ်သားထားပါ။

၁။ **စက္ခုသမ္ဖဿ** — စက္ခုဝိညာဏသဟဇာတော ဟိ ဖဿော စက္ခုသမ္ဖဿော နာမ။ (အဘိ-ဌ-၁-၁၃၈။) = စက္ခုဝိညာဏ်နှင့် အတူယှဉ်တွဲဖြစ်သော ဖဿသည် စက္ခုသမ္ဖဿ မည်၏။

၂။ **စက္ခုသမ္ဖဿဇာ ဝေဒနာ** — အားလုံးကို သိမ်းကျုံး၍ ဆိုရသော် - စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံတို့နှင့် ယှဉ်သော ဝေဒနာများသည် စက္ခုသမ္ဖဿဇာ ဝေဒနာ မည်၏။ (မ-ဌ-၁-၂၂၆၊ သံ-ဌ-၂-၁၅။)

၃။ **စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ** — စက္ခုသမ္ဖဿကို မူလအကြောင်းရင်းခံပြု၍ ဖြစ်ပေါ်လာသော စက္ခု-ဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော (တဒါရုံ) ဝေဒနာတို့သည် စက္ခုသမ္ဖဿပစ္စယာ ဝေဒနာတို့ မည်၏။ (သံ-ဌ-၃-၅။)

ပဋ္ဌာန်းအဋ္ဌကထာအရမူ (အဘိ-ဌ-၃-၃၆၈။) ရူပါရုံကိုပင် ဆက်လက်၍ အာရုံပြုကြသည့် မနောဒွါရဝီထိ၌ ရှိသော ဝေဒနာတို့အားလည်း (နာမ်တရားစုတို့အားလည်း) စက္ခုသမ္ဖဿက (စက္ခုဝိညာဏ် နာမ်တရားစုက) ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် ယင်းမနောဒွါရိက ဝေဒနာတို့သည်လည်း စက္ခု-သမ္ဖဿဇာ ဝေဒနာ စက္ခုသမ္ဖဿပစ္စယာ ဝေဒနာတို့ပင်ဟူ၍လည်း ဆိုနိုင်ပါ၏၊ သို့သော် မနောသမ္ဖဿဇာ ဝေဒနာ = မနောသမ္ဖဿပစ္စယာ ဝေဒနာဟူသော အမည်ထူးကို ရရှိထားသဖြင့် မနောဒွါရိက ဝေဒနာတို့ကို စက္ခုသမ္ဖဿဇာဝေဒနာ စက္ခုသမ္ဖဿပစ္စယာ ဝေဒနာဟု မခေါ်ဆို မှတ်ပါ။ သောတသမ္ဖဿဇာ ဝေဒနာ စသည်တို့၌လည်း နည်းတူပင် မှတ်ပါ။

(အဘိ-ဌ-၃-၃၆၈။) ပဋ္ဌာန်းအဋ္ဌကထာ စကားမှာ ရှေးရှေးသော ကုသိုလ်တရားက နောက်နောက်သော ကုသိုလ်တရား၊ အကုသိုလ်တရား၊ အဗျာကတတရားအား၊ ရှေးရှေးသော အကုသိုလ်တရားက နောက်နောက်သော အကုသိုလ်တရား၊ ကုသိုလ်တရား၊ အဗျာကတတရားအား၊ ရှေးရှေးသော အဗျာကတတရားက နောက်နောက်သော အဗျာကတတရား၊ ကုသိုလ်တရား၊ အကုသိုလ်တရားအား ကျေးဇူးပြုပုံနှင့် ဆက်စပ်၍ ဖွင့်ဆိုထားသော စကား ဖြစ်၏။ ထိုတွင် အကြောင်းနှင့် အကျိုးတို့သည် နာနာဝီထိ = ဝီထိချင်းကွာခြားမှု ရှိကြောင်း ဖွင့်ဆိုထား၏။ စက္ခုဒွါရဝီထိ နာမ်တရားစုတို့က မနောဒွါရဝီထိ နာမ်တရားစုတို့အား ထိုက်သလို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်၏။ တစ်နည်းဆိုသော် စက္ခုဒွါရဝီထိ၌ရှိသော ကုသိုလ် သို့မဟုတ် အကုသိုလ် အဗျာကတ တရားတို့က မနောဒွါရဝီထိ၌ရှိသော ကုသိုလ် သို့မဟုတ် အကုသိုလ် အဗျာကတတရားတို့အား ထိုက်သလို ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်၏။ စက္ခုဒွါရဝီထိ အဗျာကတတရားစုတွင် စက္ခုသမ္ဖဿလည်း အကျုံးဝင်၍ မနောဒွါရဝီထိတွင် ဝေဒနာလည်း ပါဝင်နေသဖြင့် စက္ခုသမ္ဖဿက ရူပါရုံကို ဆက်လက် အာရုံယူသည့် မနော-ဒွါရိက ဝေဒနာတို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်ကြောင်းကို ဆိုခဲ့ခြင်းပင် ဖြစ်သည်။ အဋ္ဌကထာယံ ပန သမာနဝီထိယံ စက္ခုသမ္ဖဿပစ္စယာဒိကတာ ဧကန္တိကာတိ ကတွာ ဧတ္ထ လဗ္ဘမာနတာ ဒဿိတာ၊ န ပန အသမာနဝီထိယံ လဗ္ဘမာနတာ ပဋိက္ခိတ္တာ။ (မူလဋီ-၂-၃၀။) — ဤမူလဋီကာ အဆိုကို ထောက်ရှုပါ။ စက္ခုဒွါရဝီထိအတွင်း၌ စက္ခုသမ္ဖဿ၏ ကျေးဇူးပြုမှုကား ဧကန် ဖြစ်၍ အဋ္ဌကထာက သတ်မှတ်ဖွင့်ဆိုခြင်း

ဖြစ်သည်။ စက္ခုဒွါရဝီထိနှင့် ဝီထိချင်း မတူညီသော မနောဒွါရဝီထိ၌ ကျေးဇူးပြုမှုကိုလည်း မပယ်မြစ်ဟု မှတ်ပါ။

## ကုသိုလ် အကုသိုလ် အဗျာကတ ဝေဒနာ

**စက္ခုသမ္ဖဿပစ္စယာ ဝေဒနာက္ခန္ဓော အတ္ထိ ကုသလောတိ** ကာမာဝစရအဋ္ဌကုသလစိတ္တဝသေန ဝေဒိတဗ္ဗော။ **အတ္ထိ အကုသလောတိ** ဒွါဒသအကုသလစိတ္တဝသေန ဝေဒိတဗ္ဗော။ **အတ္ထိ အဗျာကတောတိ** တိဿော မနောဓာတုယော, တိဿော အဟေတုကမနောဝိညာဏဓာတုယော, အဋ္ဌ မဟာဝိပါကာနိ, ဒသ ကာမာဝစရကိရိယာတိ စတုဝီသတိယာ စိတ္တာနံ ဝသေန ဝေဒိတဗ္ဗော။

တတ္ထ အဋ္ဌ ကုသလာနိ ဒွါဒသ အကုသလာနိ စ ဇဝနဝသေန လဗ္ဘန္တိ။ ကိရိယမနောဓာတု အာဝဇ္ဇန-ဝသေန လဗ္ဘတိ။ ဒွေ ဝိပါကမနောဓာတုယော သမ္ပဋိစ္ဆနဝသေန၊ တိဿော ဝိပါကမနောဝိညာဏဓာတုယော သန္တီရဏတဒါရမ္မဏဝသေန၊ ကိရိယာဟေတုကမနောဝိညာဏဓာတု ဝေါဋ္ဌဗ္ဗနဝသေန၊ အဋ္ဌ မဟာဝိပါက-စိတ္တာနိ တဒါရမ္မဏဝသေန၊ နဝ ကိရိယစိတ္တာနိ ဇဝနဝသေန လဗ္ဘန္တိ။ သောတဃာနဇိဝှါကာယဒွါရေသုပိ ဧသေဝ နယော။ (အဘိ-ဋ္ဌ-၂-၃၆။)

စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ ဟူသည် —

၁။ ကာမာဝစရ မဟာကုသိုလ်ဇောစိတ် (၈)မျိုးနှင့် ယှဉ်သော ဝေဒနာ,

၂။ အကုသိုလ်ဇောစိတ် (၁၂)မျိုးနှင့် ယှဉ်သော ဝေဒနာ,

*၃။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော ဝေဒနာ,

၄။ သမ္ပဋိစ္ဆိုင်းဒွေနှင့် ယှဉ်သော ဝေဒနာ,

၅။ အဟိတ် သန္တီရဏစိတ် (၃)မျိုးနှင့် ယှဉ်သော ဝေဒနာ,

၆။ အဟိတ် ကိရိယာ မနောဝိညာဏဓာတ်ဟူသော (မနောဒွါရာဝဇ္ဇန်း) ဝုဋ္ဌောနှင့် ယှဉ်သော ဝေဒနာ,

၇။ တဒါရုံကိစ္စကို ရွက်ဆောင်သော မဟာဝိပါက်စိတ် (၈)မျိုးနှင့် ယှဉ်သော ဝေဒနာ။

၈။ ဟသိတုပ္ပါဒ်ဇောစိတ် မဟာကြိယာဇောစိတ် ဟူသော ကြိယာဇောစိတ် (၉)မျိုးနှင့် ယှဉ်သော ဝေဒနာ - ဤ (၄၄)မျိုးသော စိတ်တို့နှင့် ယှဉ်သော ဝေဒနာတို့တည်း။ စက္ခုဝိညာဏ်ဒွေ၌ ယှဉ်သော ဝေဒနာတို့တည်း။ စက္ခုဝိညာဏ်ဒွေ၌ ယှဉ်သော ဝေဒနာကိုပါ ပေါင်းသော် (၄၆)မျိုးသော ဝေဒနာတို့တည်း။ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရတို့၌လည်း နည်းတူပင်တည်း။ (အဘိ-ဋ္ဌ-၂-၃၆။)

## ပဉ္စဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော ဝေဒနာ

အာဝဇ္ဇနဝေဒနံ ဝိနာ စက္ခုသမ္ဖဿဿ ဥပ္ပတ္တိ နတ္ထီတိ တဒုပ္ပါဒိကာ သာ တပ္ပယောဇနတ္တာ ပရိယာယေန စက္ခုသမ္ဖဿပစ္စယာတိ ဝတ္တုံ ယုတ္တာတိ၊ နိပ္ပရိယာယေန ပန စက္ခုသမ္ဖဿဿ ပရတောဝ ဝေဒနာ လဗ္ဘန္တိ။
(မူလဋီ-၂-၃၀။)

အထက်ပါ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ပဉ္စဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော ဝေဒနာကို စက္ခုသမ္ဖဿပစ္စယာ ဝေဒနာဟု ဖွင့်ဆိုခြင်းမှာ ပရိယာယ်အားဖြင့် ဆိုခြင်းဟု မှတ်ပါ — ဆိုလိုရင်း အဓိပ္ပါယ်မှာ ဤသို့ ဖြစ်၏ — ပဉ္စဒွါရာဝဇ္ဇန်းဟူသော အာဝဇ္ဇန်းဝေဒနာနှင့် ကင်း၍ စက္ခုသမ္ဖဿ၏ ဖြစ်ခြင်းမည်သည်ကား မရှိနိုင်၊ ထိုကြောင့် ထိုစက္ခုသမ္ဖဿကို ဖြစ်စေတတ်သော ထိုပဉ္စဒွါရာဝဇ္ဇန်းဝေဒနာကို ထိုစက္ခုသမ္ဖဿဟူသော အကျိုးတရားနှင့် ယှဉ်သောကြောင့် ပရိယာယ်အားဖြင့် စက္ခုသမ္ဖဿကြောင့် ဖြစ်၏ဟု ဆိုခြင်းငှာ သင့်သောကြောင့် ထိုသို့ ဖွင့်ဆို

ခြင်း ဖြစ်သည်။ ပရိယာယ်မဖက် မုချသက်သက်အားဖြင့်မူကား စက္ခုသမ္ဖဿ၏ နောက်ပိုင်း၌ ဖြစ်သော ဝေဒနာကိုသာလျှင် စက္ခုသမ္ဖဿပစ္စယာ ဝေဒနာအဖြစ် အရကောက်၍ ယူအပ်ကုန်၏ဟု မှတ်ပါ။ (မူလဋီ-၂-၃၀။)

## ဝိဘင်းပါဠိတော် အဋ္ဌကထာ ဋီကာ အဆို

အဘိဓမ္မဝိဘင်းပါဠိတော် (အဘိ-၂-၂၅။), သမ္မောဟဝိနောဒနီအဋ္ဌကထာ (အဘိ-ဋ္ဌ-၂-၃၆။), မူလဋီကာ (မူလဋီ-၂-၃၀။) တို့၌ကား စက္ခုသမ္ဖဿပစ္စယာ ဝေဒနာနှင့် စက္ခုသမ္ဖဿဇာ ဝေဒနာတို့ကို ဤသို့ ခွဲထား၏။

**စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ** — စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံတို့နှင့် ယှဉ်သော ဝေဒနာသည် စက္ခုသမ္ဖဿပစ္စယာ ဝေဒနာမည်၏။ (အဘိ-ဋ္ဌ-၂-၃၆။)

**စက္ခုသမ္ဖဿဇာဝေဒနာ** — စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံတို့နှင့်ယှဉ်သော ဝေဒနာသည် စက္ခုသမ္ဖဿဇာ ဝေဒနာမည်၏။

(အဘိ-ဋ္ဌ-၂-၁၆၉။)

စက္ခုဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည် စက္ခုသမ္ဖဿဇာ ဝေဒနာဟူသော အမည်တစ်မျိုးသာ ရ၏။ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံတို့နှင့် ယှဉ်သော ဝေဒနာသည် စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ စက္ခုသမ္ဖဿဇာ ဝေဒနာဟူသော အမည် နှစ်မျိုးကို ရရှိပေသည်။

**ဝိပဿနာရှုရာ၌ကား** — ဝေဒနာကို အဦးမူ၍ ဆိုင်ရာဝေဒနာနှင့် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကိုပါ ရောနှောသိမ်းဆည်းလျက် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။ အကောင်းအုပ်စု မကောင်းအုပ်စု ကုန်စင်အောင် ရှုပါ။ သောတဒွါရဝီထိစသည်တို့၌လည်း သောတသမ္ဖဿပစ္စယာ ဝေဒနာ သောတသမ္ဖဿဇာ ဝေဒနာစသည်ဖြင့် အမည်ရရှိပုံကိုလည်းကောင်း ဝိပဿနာရှုပုံကိုလည်းကောင်း နည်းတူ သဘောပေါက်ပါလေ။

## အကြောင်း အကျိုး သိမ်းဆည်းပုံ

၁။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

**[မှတ်ချက်** — အကြောင်းတရားဘက်၌ စက္ခုဝိညာဏ်နှင့် ယှဉ်သော ဖဿ ရှိ၏။ အကျိုးတရားဘက်၌ကား - (ပဉ္စဒွါရာဝဇ္ဇန်း) စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံဝေဒနာဟူသော စက္ခုဒွါရိက ဝေဒနာ, မနောဒွါရာဝဇ္ဇန်း ဇော တဒါရုံဝေဒနာဟူသော ရူပါရုံကို ဆက်လက် အာရုံယူသည့် မနောဒွါရိက ဝေဒနာများ အားလုံးပါဝင်သည်ဟု မှတ်ပါ။ ယင်းစက္ခုသမ္ဖဿသည် စက္ခုဝိညာဏ်နှင့် ယှဉ်သော စက္ခု-သမ္ဖဿဇာ ဝေဒနာအား သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသော (၈)ပစ္စယသတ္တိတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ သမ္ပဋိစ္ဆိုင်းဝေဒနာအား အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတဟူသော (၅)ပစ္စယသတ္တိတို့ဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ သန္တီရဏ ဝုဋ္ဌော ဇော တဒါရုံ, မနောဒွါရာဝဇ္ဇန်း ဇော တဒါရုံဝေဒနာတို့အား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ သောတသမ္ဖဿစသည်တို့က သောတသမ္ဖဿဇာ ဝေဒနာ စသည်တို့အား ကျေးဇူးပြုရာ၌လည်း နည်းတူ မှတ်ပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း အတန်းတိုင်း အတန်းတိုင်း၌ တစ်ချက်စီ ခြံ၍ ရှုပါ။]

၂။ သောတသမ္ဖဿ ဖြစ်ခြင်းကြောင့် သောတသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
သောတသမ္ဖဿက အကြောင်းတရား၊ သောတသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၃။ ဃာနသမ္ဖဿ ဖြစ်ခြင်းကြောင့် ဃာနသမ္ဖဿဇာ ဝေဒနာဖြစ်၏။
ဃာနသမ္ဖဿက အကြောင်းတရား၊ ဃာနသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၄။ ဇိဝှါသမ္ဖဿ ဖြစ်ခြင်းကြောင့် ဇိဝှါသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
ဇိဝှါသမ္ဖဿက အကြောင်းတရား၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၅။ ကာယသမ္ဖဿ ဖြစ်ခြင်းကြောင့် ကာယသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
ကာယသမ္ဖဿက အကြောင်းတရား၊ ကာယသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၆။ မနောသမ္ဖဿ ဖြစ်ခြင်းကြောင့် မနောသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
မနောသမ္ဖဿက အကြောင်းတရား၊ မနောသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

**မနောသမ္ဖဿ** — မနောသမ္ဖဿအရ မနောဒွါရဝီထိများတွင် အကျုံးဝင်သော တဒါရုံဝိပါက်နှင့် ယှဉ်သော ဖဿကို အရကောက်ယူပါ။ မနောသမ္ဖဿဇာ ဝေဒနာအရ ယင်းတဒါရုံဝိပါက်နှင့် ယှဉ်သော ဝေဒနာကိုပင် အရကောက်ယူပါ။ ယင်းမနောသမ္ဖဿက ယင်းမနောသမ္ဖဿဇာ ဝေဒနာအား အထက်ပါ (၈)ပစ္စယသတ္တိတို့ဖြင့်ပင်လျှင် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏။ (အဘိ-ဋ္ဌ-၂-၁၇၀။)

တစ်နည်း — မနောသမ္ဖဿအရ မနောဒွါရဝီထိ၌ ပါဝင်သော မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော ဖဿကို ကောက်ယူပါ။ မနောသမ္ဖဿဇာ ဝေဒနာအရ ယင်းမနောဒွါရဝီထိ၌ရှိသော တဒါရုံဝိပါက်နှင့် ယှဉ်သော ဝေဒနာကို ကောက်ယူပါ။ ယင်းမနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿက တဒါရုံ မနောသမ္ဖဿဇာ ဝေဒနာအား ဥပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၇၀။) ရှုကွက်မှာ အထက်ပါ ရှုကွက်အတိုင်းပင် ဖြစ်သည်။

၆။ မနောသမ္ဖဿ ဖြစ်ခြင်းကြောင့် မနောသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
မနောသမ္ဖဿက အကြောင်းတရား၊ မနောသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

တစ်နည်း — ဇောမနောသမ္ဖဿတို့ကလည်း တဒါရုံ မနောသမ္ဖဿဇာ ဝေဒနာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (မူလဋီ-၂-၁၂၀။) ရှုကွက်မှာ အထက်ပါ ရှုကွက်အတိုင်း ဖြစ်သည်။

၆။ ဇော မနောသမ္ဖဿ ဖြစ်ခြင်းကြောင့် တဒါရုံ မနောသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
ဇော မနောသမ္ဖဿက အကြောင်းတရား၊ တဒါရုံ မနောသမ္ဖဿဇာဝေဒနာက အကျိုးတရား။

## တစ်နည်း မနောသမ္ဖဿ = ဘဝင် မနောသမ္ဖဿ

**မနောသမ္ဖဿော**တိ ဘဝင်္ဂသဟဇာတော သမ္ဖဿော။ (သံ-ဋ္ဌ-၃-၅။)

မနောသမ္ဖဿအရ မနောဒွါရာဝဇ္ဇန်း၏ ရှေး၌ရှိသော ဘဝင် မနောသမ္ဖဿကို အရကောက်ယူပါ။

**ဝေဒယိတ**န္တိ ဇဝနသဟဇာတာ ဝေဒနာ၊ သဟာဝဇ္ဇနေန ဘဝင်္ဂသဟဇာတာပိ ဝဋ္ဋတိယေဝ။(သံ-ဋ္ဌ-၃-၅။)

ဤအထက်ပါ အဋ္ဌကထာအဖွင့်နှင့်အညီ – ဘဝင်နှင့် ယှဉ်သော ဝေဒနာ, မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော ဝေဒနာ, ဇောနှင့် ယှဉ်သော ဝေဒနာ (တဒါရုံနှင့် ယှဉ်သော ဝေဒနာ)တို့ကို ဝေဒနာအရ အရကောက်ယူပါ။ ရှုကွက်မှာ ဤသို့ ဖြစ်၏ – (ဇောအရ ကုသိုလ် အကုသိုလ် ကြိယာ လောကီ လောကုတ္တရာဇော အားလုံးကိုယူပါ။)

၆။ ဘဝင် မနောသမ္ဖဿ ဖြစ်ခြင်းကြောင့် မနောသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
ဘဝင် မနောသမ္ဖဿက အကြောင်းတရား၊ မနောသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။
(ဘဝင်နှင့်တကွ မနောဒွါရဝီထိ တစ်ခုလုံး၌ရှိသော ဝေဒနာအားလုံးကို ခြုံရှုပါ။)

ဤအထက်တွင် ဖော်ပြထားသော ရှုကွက်တို့မှာ —

၁။ ရူပါရုံလိုင်း၌ စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌ရှိသော ဝေဒနာ,
၂။ သဒ္ဒါရုံလိုင်း၌ သောတဒွါရဝီထိ မနောဒွါရဝီထိတို့၌ရှိသော ဝေဒနာ,
၃။ ဂန္ဓာရုံလိုင်း၌ ဃာနဒွါရဝီထိ မနောဒွါရဝီထိတို့၌ရှိသော ဝေဒနာ,
၄။ ရသာရုံလိုင်း၌ ဇိဝှါဒွါရဝီထိ မနောဒွါရဝီထိတို့၌ရှိသော ဝေဒနာ,
၅။ ဖောဋ္ဌဗ္ဗာရုံလိုင်း၌ ကာယဒွါရဝီထိ မနောဒွါရဝီထိတို့၌ရှိသော ဝေဒနာ,
၆။ ဓမ္မာရုံလိုင်း၌ ဘဝင်နှင့်တကွသော မနောဒွါရဝီထိတို့၌ရှိသော ဝေဒနာ,

ဆိုင်ရာဖဿကြောင့် ဤအကျိုးဝေဒနာအားလုံး ဖြစ်ပုံကို ခြုံငုံ၍ ရှုသော စနစ် ဖြစ်၏။ အကယ်၍ အသင်သူတော်ကောင်း၏ ဉာဏ်သည် မခြုံနိုင် မငုံနိုင် ဖြစ်နေပါက အောက်ပါအတိုင်း စိတ္တက္ခဏတစ်ခုချင်း၌ ခွဲ၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

## စိတ္တက္ခဏခွဲ၍ အကြောင်း အကျိုး သိမ်းဆည်းပုံ

၁။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ (ပဉ္စဒွါရာဝဇ္ဇန်း) စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၂။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ (စက္ခုဝိညာဏ်) စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၃။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ (သမ္ပဋိစ္ဆိုင်း) စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၄။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် (သန္တီရဏ) စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ (သန္တီရဏ) စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၅။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် (ဝုဋ္ဌော) စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ (ဝုဋ္ဌော) စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

၆။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် (ဇော) စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ (ဇော) စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။
(ဇော-၇- ကြိမ် စေ့အောင် ရှုပါ။)

၇။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် (တဒါရုံ) စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ (တဒါရုံ) စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။
(တဒါရုံ၌ နှစ်ကြိမ်စေ့အောင် ရှုပါ။)

၈။ စက္ခုသမ္ဖဿ ဖြစ်ခြင်းကြောင့် (မနောဒွါရာဝဇ္ဇန်း) စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်၏။
စက္ခုသမ္ဖဿက အကြောင်းတရား၊ (မနောဒွါရာဝဇ္ဇန်း) စက္ခုသမ္ဖဿဇာ ဝေဒနာက အကျိုးတရား။

ဇော တဒါရုံတို့၌ အထက်ပါ စက္ခုဒွါရိက ဇော တဒါရုံအတိုင်း နည်းမှီး၍ရှုပါ။ ပဉ္စဒွါရဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်း ဝုဋ္ဌော ဇော, မနောဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်း ဇောတို့ကို ပရမတ္ထခာတ်သားများ မကြွင်းမကျန်စေလို၍ ရှုပါက အပြစ် မဖြစ်ပါ။ တစ်ဖန် အကြောင်းဖဿဘက်၌ ယှဉ်ဖက် စိတ်စေတသိက် သမ္ပယုတ်တရား အားလုံးကိုလည်းကောင်း, အကျိုး စက္ခုသမ္ဖဿဇာ ဝေဒနာဘက်၌လည်း စိတ္တက္ခဏတိုင်းဝယ် ထိုက်သလို ယှဉ်တွဲဖြစ်ကြသည့် စိတ်စေတသိက် သမ္ပယုတ်တရားစုတို့ကိုလည်းကောင်း ရောနှောခြုံငုံ၍ ဝိပဿနာပိုင်းသို့ ရောက်သောအခါ ဝိပဿနာရှုပါ။ ယနပြုရေး ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေး အတွက်ပင် ဖြစ်သည်။ သောတသမ္ဖဿ, သောတသမ္ဖဿဇာ ဝေဒနာ စသည်တို့၌လည်း နည်းမှီး၍ ရှုပါ။ (၆)လိုင်းလုံး၌ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများအတိုင်း အကောင်းအုပ်စု မကောင်းအုပ်စုများ၌ စိတ္တက္ခဏတိုင်းဝယ် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်းတွင် —

၁။ စက္ခုသမ္ဖဿ (၈) ဖြစ်ခြင်းကြောင့် ဝေဒနာက္ခန္ဓာ ဖြစ်၏။
စက္ခုသမ္ဖဿ (၈)က အကြောင်းတရား၊ ဝေဒနာက္ခန္ဓာက အကျိုးတရား။
ဟူသော ရှုကွက်များနှင့် အတူတူပင် ဖြစ်သည်။

## ဖဿတို့၏ စွမ်းအင်များ

စက္ခုသမ္ဖဿသည် ဥပနိဿယကောဋ္ဌိအားဖြင့်လည်းကောင်း, သမတိက္ကမ၏ အစွမ်းဖြင့်လည်းကောင်း, ဘာဝနာ၏ အစွမ်းဖြင့်လည်းကောင်း စတုဘူမိက = ကာမ-ရူပ-အရူပ-လောကုတ္တရာတည်းဟူသော ဘုံလေးပါး အတွင်း၌ ရှိသော ဝေဒနာအား မဂ်ဉာဏ် ဖိုလ်ဉာဏ်တိုင်အောင် = မဂ္ဂသမ္ပယုတ္တဝေဒနာ ဖလသမ္ပယုတ္တဝေဒနာ ဖြစ်ပေါ်လာသည်တိုင်အောင် ကျေးဇူးပြုပေးတတ်၏ —

၁။ **ဥပနိဿယကောဋ္ဌိ** — သံသရာမှ လွတ်မြောက်ကြောင်း ဝိဝဋ္ဋူပနိဿယ အဇ္ဈာသယခာတ်ခံနှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ကသိုဏ်းဝန်းတစ်ခုကို တွေ့မြင်ခဲ့သော် ဤကသိုဏ်းပရိကံကို ပွားများ၍ ဈာန်တို့ကို ဖြစ်စေ၍ ဈာန်သမာပတ်လျှင် အနီးကပ်ဆုံးသော အကြောင်းရင်းရှိသော ဝိပဿနာ ဉာဏ်ကို တိုးပွားစေနိုင်သော် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏ဟူသော သတင်းကောင်းကိုပါ ကြားသိရသဖြင့် — သီလကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ခြင်း စသည်ဖြင့် သီလဝိသုဒ္ဓိဖြစ်အောင် ကြိုးစားအားထုတ်၍ ထိုကသိုဏ်းဝန်း၌ ပရိကမ္မဘာဝနာ လုပ်ငန်းရပ်ကို ကြိုးစားအားထုတ်လျက် အစဉ်အတိုင်း သမာပတ် (၈)ပါးတို့ကို ဖြစ်စေ၏။ ထိုသမာပတ်တို့ကို ဝိပဿနာ၏ အခြေခံအကြောင်းရင်း = ပါဒကပြု၍ ဝိပဿနာဉာဏ်ကို တိုးပွားစေသည်ရှိသော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၏။ ထိုပရိကမ္မဘာဝနာစသည့် လုပ်ငန်းရပ်တို့၌ အလုံးစုံသော ပရိကမ္မဝေဒနာတို့ကား ကာမာဝစရတရားတို့တည်း။ သမာပတ် (၈)ပါး၌ ယှဉ်သော ဝေဒနာတို့ကား ရူပါဝစရ အရူပါဝစရတရားတို့တည်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့နှင့်ယှဉ်သော ဝေဒနာတို့ကား လောကုတ္တရာတရားတို့တည်း။ ဤသို့လျှင် ကသိုဏ်းဝန်းကို တွေ့မြင်သော စက္ခုဝိညာဏ်သည် ကာမ ရူပ အရူပ လောကုတ္တရာတည်းဟူသော ဘုံလေးပါးအတွင်း၌ ရှိသော စတုဘူမိကဝေဒနာ ဖြစ်ခြင်း၏ အားကြီးသောမှီရာ အကြောင်းတရား =

ဥပနိဿယ ဖြစ်၏။ ထိုကြောင့် ယင်းစတုဘူမိကဝေဒနာသည် ရှေးဦးအစ ကသိုဏ်းဝန်းကို တွေ့မြင်သော စက္ခုဝိညာဏ်နှင့် ယှဉ်သော စက္ခုသမ္ဖဿဟူသော အကြောင်းတရားရှိသော ဝေဒနာ ဖြစ်ပေသည်။ ကသိုဏ်း-ဝန်းကို မြင်တွေ့ရခြင်းဟူသော စက္ခုသမ္ဖဿကို အကြောင်းရင်းခံ၍ ဖြစ်ပေါ်လာရသော ဝေဒနာများ ဖြစ်သောကြောင့် စက္ခုသမ္ဖဿပစ္စယာ ဝေဒနာများ ဖြစ်ကြရသည်။ ဤသို့လျှင် ရှေးဦးစွာ ညွှန်ပြအပ်သော **ပကတူပနိဿယ**၏ အစွမ်းဖြင့် စတုဘူမိကစိတ်တို့ကို ရအပ်ကုန်၏။ (အဘိ-ဌ-၂-၃၆-၃၇။)

၂။ **သမတိက္ကမ** — စက္ခုဒွါရ၌ ရူပါရုံသည် ထင်လာလတ်သော် — "ငါ၏ သန္တာန်ဝယ် ဣဋ္ဌဖြစ်သော အာရုံ၌ ရာဂသည် ဖြစ်ပေါ်ခဲ့လေပြီ၊ အနိဋ္ဌဖြစ်သော အာရုံ၌ စိတ်ထိခိုက်မှု ဒေါသသည် ဖြစ်ပေါ်ခဲ့လေပြီ။ ထင်လာသော အာရုံ၏ ပရမတ္ထဓမ္မသဘာဝအမှန်ကို တိတိကျကျ သိအောင် မရှုနိုင်ခြင်းကြောင့် မောဟသည် ဖြစ်ပေါ်ခဲ့လေပြီ။ ရုပ် ဝေဒနာစသည်တို့၌ ငါဟု စွဲလမ်းထင်မှတ်တတ်သော ငါ၏ သန္တာန်ဝယ် မာနသည် ဖြစ်ပေါ်ခဲ့လေပြီ။ ရုပ် ဝေဒနာစသည်တို့၌ အတ္တဟု မှားသောအားဖြင့် သုံးသပ်တတ်သော ငါ၏ သန္တာန်ဝယ် ဒိဋ္ဌိသည် ဖြစ်ပေါ်ခဲ့လေပြီ။ ရုပ် ဝေဒနာစသည့် အာရုံတို့၌ စိတ်ပျံ့လွင့်ခြင်းသို့ ရောက်သော ငါ၏ သန္တာန်ဝယ် ဥဒ္ဓစ္စသည် ဖြစ်ပေါ်ခဲ့လေပြီ။ ဆုံးဖြတ်ချက် မချနိုင်သော ယုံမှားသံသယရှိနေသော ငါ၏ သန္တာန်ဝယ် ဝိစိကိစ္ဆာသည် ဖြစ်ပေါ်ခဲ့လေပြီ။ အားရှိသည်၏ အဖြစ်သို့ရောက်သော ကိလေသာရှိသော ငါ၏ သန္တာန်ဝယ် အနုသယ ကိလေသာသည် ဖြစ်ပေါ်ခဲ့လေပြီ။"

ဤသို့ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ဥဒ္ဓစ္စ ဝိစိကိစ္ဆာ စသော ကိလေသာများ ဖြစ်မှုကို ပိုင်းခြား၍ ယူတတ်သော ဉာဏ်၌တည်သော အမျိုးကောင်းသားသည် မိမိ၏ သန္တာန်၌ ကိလေသာတို့၏ ဖြစ်ခြင်းကို သိ၍ ကိလေသာကြောင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ မရောက်လိုရကား — "ငါ၏ သန္တာန်၌ ဤကိလေသာတို့သည် တိုးပွားကုန်လတ်သော် အကျိုးမဲ့ ပျက်စီးခြင်းငှာ ဖြစ်ကုန်လတ္တံ့။ ယခုချက်ခြင်း ထိုကိလေသာတို့ကို နှိပ်ကွပ်ပေတော့အံ့" — ဤသို့ စဉ်းစားပြီး၍ — "အိပ်၍သာနေသော ငါသည် ကိလေသာတို့ကို နှိပ်ကွပ်ခြင်းငှာ မစွမ်း-နိုင်လေရာ၊ ရှေးဦးစွာ သီလစင်ကြယ်အောင် ဝီရိယကို ပြုသင့်၏"ဟု ကြံစည် စိတ်ကူးပြီးလျှင် သီလကို စင်ကြယ်အောင် သုတ်သင်၏၊ ကမ္မဋ္ဌာန်းကို သင်ယူ၍ ကသိုဏ်းပရိကံကို ပြု၍ သမာပတ်တို့ကို ဖြစ်စေ၍ သမာပတ်လျှင် အနီးကပ်ဆုံးသော အကြောင်းရင်းရှိသော ဝိပဿနာကို တိုးပွားစေလျက် ကျင့်လေသော် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၏။ ထိုသို့ ကျင့်ရာ၌ ပရိကမ္မဝေဒနာတို့ကား ကာမာဝစရတရားတို့တည်း၊ (၈)ပါးကုန်သော ဈာန်သမာပတ် ဝေဒနာတို့ကား ရူပါဝစရ အရူပါဝစရတရားတို့တည်း။ မဂ္ဂဝေဒနာ ဖလဝေဒနာတို့ကား လောကုတ္တရာတရားတို့တည်း။ ဤသို့လျှင် ရူပါရုံ၌ ဖြစ်ပေါ်လာသော ကိလေသာကို ကျော်လွှားလွန်မြောက်၍ ဖြစ်သောကြောင့် ဤစတုဘူမိက ဝေဒနာသည် စက္ခုသမ္ဖဿပစ္စယာ ဝေဒနာပင် အမည်ရသည် ဖြစ်ပေသည်။ ဤသို့လျှင် ဤစတုဘူမိကစိတ်တို့သည် **သမတိက္ကမ**၏ အစွမ်းဖြင့် ရအပ်ပေကုန်သည်။ (အဘိ-ဌ-၂-၃၇။) ကိလေသာတို့ကို ကျော်လွှားလွန်မြောက်ရန် ကျင့်ခြင်းကို သမတိက္ကမဟု ဆိုသည်။

၃။ **ဘာဝနာစွမ်းအား** — စက္ခုဒွါရ၌ ရူပါရုံသည် ထင်လာလတ်သော် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးကား "ဤရူပါရုံသည် အဘယ်ကို မှီ၍ ဖြစ်သနည်း"ဟု ပိုင်းခြား၍ ယူတတ်သောဉာဏ်ကို ရှေးရှု ဖြစ်စေ၏။ ထိုနောင် ထိုရူပါရုံကို "ဤရူပါရုံကား ဘူတရုပ်ဓာတ်ကြီးလေးပါးကို မှီ၍ ဖြစ်၏။"ဟု သိ၍ မဟာဘုတ်လေးပါးတို့ကို လည်းကောင်း၊ မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ ဖြစ်သော ဥပါဒါရုပ်ကိုလည်းကောင်း "ရုပ်တရား"ဟု သိမ်းဆည်း၏။ ထိုရုပ်တရားလျှင် အာရုံရှိကုန်သော ထိုရုပ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာကုန်သော စက္ခုဝိညာဏ်စသော တရားတို့ကို "နာမ်တရား"ဟူ၍ သိမ်းဆည်း၏။ ထိုနောင် အကြောင်းတရားနှင့်တကွသော နာမ်ရုပ်ကို သိမ်းဆည်း၍ လက္ခဏာယာဉ်သုံးချက်သို့တင်၍ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်အားဖြင့် ရုပ်နာမ်

ကြောင်းကျိုး = သင်္ခါရတရား တို့ကို ဝိပဿနာရှုပွားသုံးသပ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၏။ ထိုသို့ အားထုတ်ရာ၌ ကာမာဝစရ ပရိကမ္မဝေဒနာ, ရူပါဝစရ အရူပါဝစရဖြစ်သော သမာပတ္တိဝေဒနာ, လောကုတ္တရာ ဖြစ်သော မဂ္ဂဝေဒနာ ဖလဝေဒနာ ဤစတုဘူမိကဝေဒနာ အားလုံးတို့သည် ရူပါရုံကို = (ရူပါရုံနှင့်တကွသော သင်္ခါရတရားကို) လက္ခဏာယာဉ်တင်ကာ သုံးသပ်၍ ဖြစ်စေအပ်သော ဝေဒနာဖြစ်ရကား စက္ခုသမ္ဖဿ-ပစ္စယာ ဝေဒနာ အမည်ရသည်ပင် ဖြစ်ပေသည်။ ဤသို့လျှင် **ဘာဝနာ**၏ အစွမ်းဖြင့် ဤစတုဘူမိကစိတ်တို့ကို ရအပ်ပေကုန်သည်။ (အကျယ်ကို-အဘိ-ဋ္ဌ-၂-၃၆-၃၇-၃၈-တို့၌ ကြည့်ပါ။)

သောတဒွါရ မနောဒွါရတို့၌ စက္ခုဒွါရနည်းတူပင် ဥပနိဿယကောဋ္ဌိ - သမတိက္ကမ - ဘာဝနာ အစွမ်းဟူသော သုံးမျိုးသောအခြင်းအရာတို့ဖြင့် စတုဘူမိကဝေဒနာတို့သည် သောတသမ္ဖဿပစ္စယာ ဝေဒနာ၊ မနောသမ္ဖဿပစ္စယာ ဝေဒနာဟူသော အမည်ကို ရကြကုန်၏။ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရတို့၌ကား သမ-တိက္ကမနှင့် ဘာဝနာ၏ အစွမ်းဖြင့်သာ စတုဘူမိကဝေဒနာတို့သည် ဃာနသမ္ဖဿပစ္စယာ ဝေဒနာ, ဇိဝှါသမ္ဖဿ ပစ္စယာ ဝေဒနာ, ကာယသမ္ဖပစ္စယာ ဝေဒနာဟူသော အမည်ကို ရကြကုန်၏။ (အဘိ-ဋ္ဌ-၂-၃၈- ၃၉။)

ဤ၌ အကြောင်းဖြစ်သော စက္ခုသမ္ဖဿနှင့် အကျိုးဖြစ်သော စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ (= စတု ဘူမိက နာမ်ခန္ဓာလေးပါး)တို့သည် ဝီထိပေါင်းများစွာ ကွာခြားနေသည်ကိုကား အထူး သတိပြုပါလေ။ ထိုကြောင့် ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း ရှုကွက်တွင် — ရူပါရုံကိုပင် ဆက်လက်၍ အာရုံယူကြသည့် မနောဒွါရ ဝီထိတို့၌လည်း - စက္ခုသမ္ဖဿကိုလည်း အကြောင်းတရားတစ်ခုအဖြစ်ဖြင့် ထည့်သွင်း၍ ဖော်ပြထားခြင်း ဖြစ်ပေသည်။ သောတ သမ္ဖဿနှင့် သောတသမ္ဖဿပစ္စယာ ဝေဒနာ စသည်တို့၌လည်း နည်းတူပင် သဘော-ပေါက်ပါလေ။

## ဝေဒနာပစ္စယာ တဏှာ

## ဝေဒနာဖြစ်ခြင်းကြောင့် တဏှာဖြစ်၏။

ဤဝေဒနာကြောင့် တဏှာဖြစ်ပုံ အကျယ်ကို ညွှန်ပြရာ၌ — သေဋ္ဌိပုတ္တ = သူဌေးသား, ဗြာဟ္မဏပုတ္တ = ပုဏ္ဏား၏ သား — ဤသို့လျှင် အဖဘက်မှ ဆင်းသက်လာသော နာမည်၏ အစွမ်းဖြင့် သားကို ထင်ရှားအောင် ပြသကဲ့သို့ အလားတူပင် —

၁။ ရူပတဏှာ = ရူပါရုံ၌ တပ်မက်တတ်သော တဏှာ,

၂။ သဒ္ဒတဏှာ = သဒ္ဒါရုံ၌ တပ်မက်တတ်သော တဏှာ,

၃။ ဂန္ဓတဏှာ = ဂန္ဓာရုံ၌ တပ်မက်တတ်သော တဏှာ,

၄။ ရသတဏှာ = ရသာရုံ၌ တပ်မက်တတ်သော တဏှာ,

၅။ ဖောဋ္ဌဗ္ဗတဏှာ = ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်တတ်သော တဏှာ,

၆။ ဓမ္မတဏှာ = ဓမ္မာရုံ၌ တပ်မက်တတ်သော တဏှာ — ဟု

အာရုံမှ ဆင်းသက်လာသော နာမည်၏ အစွမ်းဖြင့် ဝိဘင်းပါဠိတော်၌ တဏှာ (၆)ပါးတို့ကို ဘုရားရှင်သည် ထင်ရှားပြသ ဟောကြားတော်မူအပ်ကုန်ပြီ။

ထိုတဏှာတို့တွင် တစ်မျိုး တစ်မျိုးသော တဏှာသည် ဖြစ်ပုံအခြင်းအရာအားဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟူ၍ သုံးမျိုးစီ ပြား၏။

၁။ **ကာမတဏှာ** — စက္ခုပသာဒဝယ် ရူပါရုံ ထင်လာသောအခါ ထိုရူပါရုံတည်းဟူသော လိုချင်စရာ ဝတ္ထုကာမကို လွန်စွာသာယာခြင်း၏ အစွမ်းဖြင့် လွန်စွာသာယာလျက် ဖြစ်ပေါ်လာသော ရူပတဏှာသည်ပင် ကာမတဏှာ မည်၏။

၂။ **ဘဝတဏှာ** — ထိုရူပါရုံကိုပင် "မြဲ၏၊ အခါခပ်သိမ်း ထင်ရှား တည်ရှိ၏" — ဟု ဖြစ်ပေါ်လာသော သဿတဒိဋ္ဌိနှင့် အတူတကွဖြစ်သော ရူပတဏှာသည် ဘဝတဏှာမည်၏။ မှန်ပေသည် — သဿတဒိဋ္ဌိနှင့် အတူတကွဖြစ်သော ရာဂကို ဘဝတဏှာဟူ၍ ခေါ်ဆိုအပ်ပေသည်။

၃။ **ဝိဘဝတဏှာ** — ထိုရူပါရုံကိုပင် "ပြတ်၏ = သေလျှင် ပြတ်၏၊ ပျက်စီး၏" — ဟု ဖြစ်ပေါ်လာသော ဥစ္ဆေဒဒိဋ္ဌိနှင့် အတူတကွဖြစ်သော ရူပတဏှာသည်ပင် ဝိဘဝတဏှာ မည်၏။ မှန်ပေသည် — ဥစ္ဆေဒဒိဋ္ဌိနှင့် အတူတကွဖြစ်သော ရာဂကို ဝိဘဝတဏှာဟူ၍ ခေါ်ဆိုအပ်ပေသည်။ သဒ္ဒတဏှာ စသည်တို့၌လည်း နည်းတူပင်တည်း။ ဤသို့လျှင် တဏှာသည် (၃×၆ = ၁၈)မျိုး ဖြစ်၏။

အဇ္ဈတ္တအာရုံ (၆)ပါး၌ (၁၈)မျိုး, ဗဟိဒ္ဓအာရုံ (၆)ပါး၌ (၁၈)မျိုး ဖြစ်ရကား တဏှာ (၃၆)မျိုးတည်း။ အတိတ်၌လည်း တဏှာ (၃၆)မျိုး, အနာဂတ်၌လည်း တဏှာ (၃၆)မျိုး, ပစ္စုပ္ပန်၌လည်း တဏှာ (၃၆)မျိုး ပြားသဖြင့် ကာလသုံးပါးလုံး၌ ပေါင်းလိုက်သော် တဏှာ (၁၀၈)မျိုးတည်း။ ယင်းတို့ကို အကျဉ်းချုံးလိုက်သော် ရူပတဏှာ စသည်ဖြင့် (၆)မျိုး, ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟု (၃)မျိုး ဖြစ်သည်။

(အဘိ-ဋ္ဌ-၂-၁၇၀-၁၇၁။ ဝိသုဒ္ဓိ-၂-၂၀၂။)

ရူပါရုံကို ဖြစ်စေ၊ သဒ္ဒစသော အာရုံတစ်ပါးပါးကို ဖြစ်စေ အတ္တဟု စွဲယူ၍ ထိုအတ္တသည် "မြဲ၏"ဟု စွဲယူတတ်သော သဿတဒိဋ္ဌိကို "ဘဝ"ဟု ခေါ်၏။ ထိုဘဝအမည်ရသော သဿတဒိဋ္ဌိနှင့် အတူတကွဖြစ်သော

တဏှာသည် ဘဝတဏှာ မည်၏။ အာရုံ (၆)ပါး တစ်ပါးပါးကိုပင် အတ္တဟု စွဲယူ၍ "အတ္တသည် အမြဲ မဖြစ် သေလျှင် ပြတ်၏" — ဟု စွဲယူတတ်သော ဥစ္ဆေဒဒိဋ္ဌိကို "ဝိဘဝ"ဟု ခေါ်၏။ ထိုဝိဘဝအမည်ရသော ဥစ္ဆေဒဒိဋ္ဌိနှင့် အတူတကွဖြစ်သော တဏှာသည် ဝိဘဝတဏှာ မည်၏။

## ဝေဒနာကြောင့် တဏှာဖြစ်ပုံ

ဤသတ္တဝါတို့ကား သားကို လွန်စွာသာယာခြင်းကြောင့် သား၌ ငါ့သားဟု မြတ်နိုးတတ်ရကား နို့ချိုတိုက်-ကျွေးကာ မွေးပေးတတ်သော နို့ထိန်းအား များစွာ အဖိုးအခပေးမှုကို ပြုရကုန်သကဲ့သို့ ထို့အတူ ရူပါရုံစသည်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော သားနှင့်တူသော ဝေဒနာကို လွန်စွာ သာယာခြင်းကြောင့် ဝေဒနာ၌ ငါ့ဝေဒနာ ငါ့ဥစ္စာဟု မြတ်နိုးတတ်ရကား နို့ထိန်းနှင့်တူစွာ ရူပါရုံ အစရှိသည့် အာရုံကို ပေးတတ်ကုန်သော —

၁။ ရူပါရုံလှလှကို ရေးဆွဲတတ် ထုလုပ်တတ်သော ပန်းချီဆရာ ပန်းပုဆရာ,
၂။ အသံကောင်းကောင်း တီးပြတတ်သော စောင်းသမား,
၃။ အနံ့ကောင်းကောင်း ပြုလုပ်တတ်သော နံ့သာသည်,
၄။ အရသာကောင်းကောင်း ချက်ပြုတ်တတ်သော စားဖိုသည်,
၅။ အတွေ့အထိကောင်းသော အဝတ်တို့ကို ရက်လုပ်ပေးတတ်သော ရက်ကန်းသည်,
၆။ ဩဇာရုပ် ကောင်းကောင်းပါသော ရသာယနဆေးကို စီမံဖော်စပ်တတ်သော သမားတော် —

ဤသို့ စသူတို့အား များစွာသော အဖိုးအခပေးမှုကို ပြုလုပ်ကြရကုန်၏။ ထိုကြောင့် ဤတဏှာသည် ဝေဒနာကြောင့် ဖြစ်၏ဟု သိရှိပါလေ။ (အဘိ-ဋ္ဌ-၂-၁၇၁။ ဝိသုဒ္ဓိ-၂-၂၀၂-၂၀၃။)

**ဝေဒနာ** — တဏှာ၏ အကြောင်းရင်းခံဖြစ်သော ဝေဒနာမှာ ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော သုခဝေဒနာ-တည်း။ ယင်းဝိပါက သုခဝေဒနာသည် တဏှာအား **ဥပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့်** ကျေးဇူးပြု၏။ (အဘိ-ဋ္ဌ-၂-၁၇၁။ ဝိသုဒ္ဓိ-၂-၂၀၃။)

**အာရမ္မဏနှင့် ဥပနိဿယ** — အာရမ္မဏပစ္စည်းသည် ဖြစ်ဆဲ ပစ္စုပ္ပန်တရား၏ အာရုံမျှသည်သာ ဖြစ်၏။ ဥပနိဿယပစ္စည်းကဲ့သို့ အကျိုးတရားကို ဖြစ်စေတတ်သည်ကား မဟုတ်ပေ။ ထိုကြောင့် ဖြစ်စေတတ်သော ဥပနိဿယပစ္စည်း၏ အစွမ်းဖြင့် တစ်မျိုးတည်းသော ပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြု၏ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ တစ်နည်းဆိုသော် ဥပနိဿယပစ္စည်းဟု ဆိုလိုက်သဖြင့် အာရမ္မဏူပနိဿယပစ္စည်းကိုလည်း သိမ်းယူ-ပြီးပင် ဖြစ်၏၊ ထိုအာရမ္မဏူပနိဿယပစ္စည်းဖြင့် အာရုံအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သဘောရှိသော အာရမ္မဏူပနိဿယပစ္စည်းမှ တစ်ပါးသော အာရမ္မဏပစ္စည်းကိုလည်း ပြအပ်ပြီး ဖြစ်ရကား ဥပနိဿယပစ္စည်း၏ အဖြစ်ဖြင့်သာ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကို အဋ္ဌကထာဆရာတော်က မိန့်ဆိုတော်မူအပ်သည်ဟု သိရှိပါလေ။ (မူလဋီ-၂-၁၂၀၊ မဟာဋီ-၂-၃၂၅-၃၂၆။)

## တစ်နည်း ဝေဒနာ (၃) မျိုးလုံးကို ကောက်ယူပုံ

ဆင်းရဲခြင်းရှိသော ပုဂ္ဂိုလ်သည် ချမ်းသာသုခကို တောင့်တတတ်၏၊ ချမ်းသာခြင်းရှိသော ပုဂ္ဂိုလ်သည်လည်း အလွန်တိုး၍ တိုး၍သာ ချမ်းသာသုခကို အလိုရှိတတ်၏။ ဥပေက္ခာဝေဒနာသည် ဖြစ်ပုံငြိမ်သက်ရကား သုခဟုပင် ဆိုရ၏။

ထိုကြောင့် ဝေဒနာပစ္စယာ တဏှာ ဟူ၍ ဘုရားရှင်တို့သည် ဟောတော်မူအပ်ကုန်၏။ ဝေဒနာသုံးမျိုးလုံးတို့သည်ပင်လျှင် တဏှာ၏ အကြောင်းတရားများ ဖြစ်ကြကုန်၏။ (အဘိ-ဋ္ဌ-၂-၁၇၁။ ဝိသုဒ္ဓိ-၂-၂၀၇။)

၁။ ဆင်းရဲခြင်းရှိသော ပုဂ္ဂိုလ်သည် ချမ်းသာသုခကို တောင့်တတတ်၏ ဟူသော စကားရပ်ဖြင့် ဒုက္ခဝေဒနာက သုခကိုတောင့်တတတ်သော တဏှာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ဖော်ပြ၏။

၂။ ချမ်းသာခြင်းရှိသော ပုဂ္ဂိုလ်သည်လည်း အလွန် တိုး၍ တိုး၍သာ ချမ်းသာသုခကို အလိုရှိတတ်၏ - ဟူသော စကားရပ်ဖြင့် သုခဝေဒနာက နဂိုရ်ရရအပ်ပြီးသော သုခထက် တိုး၍ တိုး၍ တောင့်တတတ်သော တဏှာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြ၏။

၃။ ဥပေက္ခာဝေဒနာသည် ဖြစ်ပုံ ငြိမ်သက်ရကား သုခဟုပင် ဆိုရ၏ဟူသော စကားရပ်ဖြင့် ဥပေက္ခာဝေဒနာကလည်း သုခကဲ့သို့ပင် သုခကို သာလွန်၍ လိုလားတောင့်တတတ်သော တဏှာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြ၏။

၄။ ဤတွင် ဥပေက္ခာဟူရာ၌ အကုသလ ဝိပါက် ဥပေက္ခာဝေဒနာမှ တစ်ပါးသော အခြားသော ကုသလ ဝိပါက် ဥပေက္ခာဝေဒနာနှင့် လောကီ ကုသိုလ် အကုသိုလ်၌ယှဉ်သော ဥပေက္ခာဝေဒနာကိုသာ သုခဝေဒနာ၌ သွတ်သွင်းယူပါ၊ အကုသလ ဝိပါက် ဥပေက္ခာ ဝေဒနာကိုကား အနိဋ္ဌစင်စစ် ဖြစ်သောကြောင့် ဒုက္ခဝေဒနာ၌ သွတ်သွင်းယူပါ။ ထိုကြောင့် ဒုက္ခ၌ သွင်းယူထားသော ဥပေက္ခာဝေဒနာသည် ဒုက္ခဝေဒနာကဲ့သို့, သုခဝေဒနာ၌ သွင်းယူထားသော ဥပေက္ခာ ဝေဒနာသည် သုခဝေဒနာကဲ့သို့ ချမ်းသာသုခကို တောင့်တတတ်သော တဏှာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဆိုသင့်ပေသည်။ (မူလဋီ-၂-၁၂၀-၁၂၁။ မဟာဋီ-၂-၃၂၆။)

၅။ သတ္တဝါတို့ကား ကံကြောင့် ဖြစ်ပေါ်လာမည့် အကျိုးတရားကို အလွန် လိုလား တောင့်တသည်၏ အစွမ်းဖြင့် ကံတို့ကိုလည်း ကြိုးစားပမ်းစား အားထုတ်တတ်ကြကုန်၏၊ သို့ရကား ဝိပါကဝေဒနာသည်သာလျှင် လွန်လွန်ကဲကဲ တဏှာအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏။ အထူးမမ သာမညအားဖြင့် ဆိုရမူ ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့ကား ဝိပါက်ဝေဒနာကဲ့သို့ လွန်လွန်ကဲကဲ တဏှာအား ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုပေ။ သာမညအားဖြင့်သာ ကျေးဇူးပြုသည်ဟု မှတ်ပါ။

(မူလဋီ-၂-၁၂၀။ မဟာဋီ-၂-၃၂၆။ အနုဋီ-၂-၁၃၂။)

## အနုသယဓာတ်ရှိသူ၌သာ

ဝေဒနာကြောင့် တဏှာဖြစ်ရာ၌ ခန္ဓာအစဉ်ဝယ် အနုသယဓာတ်အဖြစ်ဖြင့် ကိန်းဝပ်နေသော တဏှာ-ရှိသူသန္တာန်၌သာ ဝေဒနာကြောင့် ပရိယုဋ္ဌာနတဏှာ = စိတ်အစဉ်ဝယ် ဥပါဒ် ဋီ ဘင် အနေအားဖြင့် ထကြွဖြစ်ပေါ်လာသော တဏှာ ဖြစ်နိုင်၏။ ပင်ကိုယ်က အနုသယတဏှာ ကုန်ပြီးသော မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးပြီးသော မကောင်းမှု အကုသိုလ်မှန်သမျှမှ အပပြုအပ်ပြီးသော မကောင်းမှု အကုသိုလ်မှန်သမျှကို မျှောပြီးသော ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌ကား ဝေဒနာကြောင့် တဏှာ မဖြစ်နိုင်ပေ။ အနုသယဓာတ်မှ ကင်းသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ အနာဂတ် သံသရာဝဋ္ဋဒုက္ခ၏ မရှိခြင်းကြောင့် အနုသယဓာတ်နှင့် ရုပ်နာမ်သန္တတိအစဉ်တစ်ခု၌ အတူတကွ ဖြစ်ပွား ကျရောက်လျက်ရှိသော ဝေဒနာသည်သာလျှင် တဏှာ၏ အကြောင်းတရား ဖြစ်၏။ ဤသို့ စွမ်းအင်သဘောအားဖြင့် ဤအနက်အဓိပ္ပါယ်ကို ဆိုလို၏ဟု မှတ်ပါ။

(အဘိ-ဋ္ဌ-၂-၁၇၁။ ဝိသုဒ္ဓိ-၂-၂၀၇။)

## ကြိုတင်သတိပြုရန်

အဘိဓမ္မာအဋ္ဌကထာ (အဘိ-ဋ္ဌ-၂-၁၇၁။)နှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ-၂-၂၀၃။)တို့၌ စက္ခုဒွါရဝီထိစသော ထိုထိုဝီထိများ၏ အတွင်း၌ရှိသော ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့နှင့် ယှဉ်သော ဝိပါက်ဝေဒနာတို့ကသာလျှင် လောဘမူစိတ္တုပ္ပါဒ်များ ပါဝင်သော တဏှာ = လောဘအား ဥပနိဿယပစ္စယသတ္တိဖြင့် ထူးထူးကဲကဲ ကျေးဇူးပြု၍ အာဝဇ္ဇန်း ဝုဋ္ဌော ဇော ဝေဒနာတို့က သာမညအားဖြင့်သာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဆို၏။ အကြောင်းတရားဘက်၌ ဝိပါက်ဝေဒနာကိုသာ ပဓာနကောက်ယူရသဖြင့် အကြောင်းဝေဒနာနှင့် အကျိုးတဏှာတို့မှာ များသောအားဖြင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ မဖြစ်ဘဲ စိတ္တက္ခဏ တစ်ခုသော်လည်းကောင်း, စိတ္တက္ခဏ များစွာသော်လည်းကောင်း, ဝီထိပေါင်းများစွာသော်လည်းကောင်း ဝေးကွာမှု ကွာခြားမှု ရှိကောင်းရှိနိုင်မည်ကို သတိပြုပါ။ ယေဘုယျအားဖြင့်ကား ဥပနိဿယပစ္စည်းတို့၏ သဘောသည် နာနာဝီထိ = ဝီထိ အသီးအသီး ဖြစ်တတ်သဖြင့် အကြောင်းဝေဒနာနှင့် အကျိုးတဏှာတို့မှာ ဝီထိခြားလျက်ပင် ရှိနေတတ်သည်က များ၏။

ထိုကြောင့် အကြောင်းတရားဘက်တွင် တည်ရှိသော စက္ခုသမ္ဖဿဇာ ဝေဒနာအရ စက္ခုဒွါရဝီထိအတွင်းဝယ် စိတ္တက္ခဏ အသီးအသီး၌ ယှဉ်သော ဝေဒနာနှင့် နောက်လိုက် မနောဒွါရဝီထိစသော ရူပါရုံကိုအာရုံပြုသည့် မနောဒွါရဝီထိများ၏ အတွင်းဝယ် စိတ္တက္ခဏ အသီးအသီး၌ ယှဉ်သော ဝေဒနာများကိုပင် ရူပါရုံကို တွယ်တာ တပ်မက်သည့် ရူပတဏှာ၏ အကြောင်းတရားအဖြစ် ထိုက်သလို ကောက်ယူရ၏။ သဒ္ဒတဏှာစသည်၏ အကြောင်းရင်းဖြစ်သော သောတသမ္ဖဿဇာ ဝေဒနာ စသည်တို့၌လည်း နည်းတူမှတ်ပါ။

## အနာဂတ် ဝဋ္ဋကထာပိုင်း

အသင်သူတော်ကောင်း၏ ဘဝတစ်လျှောက်တွင် အသင်သူတော်ကောင်း၏ သန္တာန်၌ ဝေဒနာ (၆)မျိုးကို အကြောင်းပြု၍ တဏှာ (၆)မျိုးပေါင်း အကြိမ်များစွာ ထိုက်သလို ဖြစ်ခဲ့မည်သာ ဖြစ်၏။ ထိုတဏှာတို့ကို ကုန်စင်အောင်ကား မသိမ်းဆည်းနိုင် ဉာဏ်ဖြင့် ပိုင်းခြားကာ မယူနိုင်ပေ။

ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ — ဟူသော (အဘိ-ဋ္ဌ-၂-၁၈၂။) အဋ္ဌကထာများနှင့်အညီ ဤဘဝတွင် ပြုစုပျိုးထောင်နေသော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်- သင်္ခါရ-ကံ တို့ကား နောက်အနာဂတ်ဘဝတွင် ဖြစ်ပေါ်လာမည့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့၏ အကြောင်းရင်းများ ဖြစ်ကြ၏။ ထိုကြောင့် ဤအပိုင်းကား ဝဋ္ဋကထာ = သံသရာဝဋ် လည်ပတ်ပုံကို ပြသော အပိုင်းဖြစ်သဖြင့် အသင်သူတော်ကောင်း၏ သန္တာန်ဝယ် အနာဂတ်ဘဝတစ်ခုခုအတွက် ရည်ရွယ်၍ ပြုစုပျိုးထောင်နေသော စီမံကိန်းများနှင့်သာ သက်ဆိုင်သောအပိုင်း ဖြစ်သည်။ သို့အတွက် ဝေဒနာကြောင့် အနာဂတ်ဘဝသစ်ကို တွယ်တာတပ်မက်သည့် တဏှာဖြစ်ပုံကိုသာ ပဓာနထား၍ ရှုပါ။ ဤတဏှာနှင့်တကွ နောက်တွင် ဆက်လက်ဖော်ပြမည့် ဥပါဒါန် ကမ္မဘဝတို့မှာ နိဗ္ဗာန်ကို မရမီစပ်ကြား၌ ရရှိနိုင်မည့် အနာဂတ်ဘဝတစ်ခုခုကို ရည်မြော်၍ ပြုစုပျိုးထောင်နေသော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော ပစ္စုပ္ပန် အကြောင်းတရားပိုင်းသာ ဖြစ်သည်။ ထိုကြောင့် မိမိအနာဂတ်အတွက် ပြုစုပျိုးထောင်နေသော (အဝိဇ္ဇာ) တဏှာ, ဥပါဒါန် (သင်္ခါရ) ကံတို့ကိုသာ ပဓာနထား၍ ရှုပါ။

## အကြောင်း အကျိုး သိမ်းဆည်းပုံ

၁။ စက္ခုသမ္ဖဿဇာ ဝေဒနာ ဖြစ်ခြင်းကြောင့် ရူပတဏှာ ဖြစ်၏။

စက္ခုသမ္ဖဿဇာ ဝေဒနာက အကြောင်းတရား၊ ရူပတဏှာက အကျိုးတရား။

၂။ သောတသမ္ဖဿဇာ ဝေဒနာ ဖြစ်ခြင်းကြောင့် သဒ္ဒတဏှာ ဖြစ်၏။
သောတသမ္ဖဿဇာ ဝေဒနာက အကြောင်းတရား၊ သဒ္ဒတဏှာက အကျိုးတရား။

၃။ ဃာနသမ္ဖဿဇာ ဝေဒနာ ဖြစ်ခြင်းကြောင့် ဂန္ဓတဏှာ ဖြစ်၏။
ဃာနသမ္ဖဿဇာ ဝေဒနာက အကြောင်းတရား၊ ဂန္ဓတဏှာက အကျိုးတရား။

၄။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ ဖြစ်ခြင်းကြောင့် ရသတဏှာ ဖြစ်၏။
ဇိဝှါသမ္ဖဿဇာ ဝေဒနာက အကြောင်းတရား၊ ရသတဏှာက အကျိုးတရား။

၅။ ကာယသမ္ဖဿဇာ ဝေဒနာ ဖြစ်ခြင်းကြောင့် ဖောဋ္ဌဗ္ဗတဏှာ ဖြစ်၏။
ကာယသမ္ဖဿဇာ ဝေဒနာက အကြောင်းတရား၊ ဖောဋ္ဌဗ္ဗတဏှာက အကျိုးတရား။

၆။ မနောသမ္ဖဿဇာ ဝေဒနာ ဖြစ်ခြင်းကြောင့် ဓမ္မတဏှာ ဖြစ်၏။
မနောသမ္ဖဿဇာ ဝေဒနာက အကြောင်းတရား၊ ဓမ္မတဏှာက အကျိုးတရား။

**ဓမ္မတဏှာ** — အဆင်း အသံ အနံ့ အရသာ အတွေ့အထိ ဟူသော အာရုံ (၅)ပါးမှ ကြွင်းသော စိတ်စေတသိက် ရုပ်တရားတို့နှင့် ပညတ်အာရုံ အမျိုးမျိုးတို့၏ အပေါ်၌ တွယ်တာတပ်မက်သည့် တဏှာသည် ဓမ္မတဏှာမည်၏။

## မဟာကစ္စာနဘဒ္ဒေကရတ္တသုတ္တန်

ဤမျှဖြင့် ရှုကွက်ကို သဘောမပေါက်နိုင်သေးသူတို့အတွက် မဟာကစ္စာနဘဒ္ဒေကရတ္တသုတ္တန်မှ ရှုကွက်ကို ကောက်နုတ်၍ ဆက်လက် တင်ပြအပ်ပါသည်။

ကထဉ္စ အာဝုသော အနာဂတံ ပဋိကင်္ခတိ။ ဣတိ မေ စက္ခု သိယာ အနာဂတမဒ္ဓါနံ၊ ဣတိ ရူပါတိ အပ္ပဋိလဒ္ဓဿ ပဋိလာဘာယ စိတ္တံ ပဏိဒဟတိ၊ စေတသော ပဏိဓာနပစ္စယာ တဒဘိနန္ဒတိ၊ တဒဘိနန္ဒန္တော အနာဂတံ ပဋိကင်္ခတိ။ (မ-၃-၂၃၇။)

နောင်အနာဂတ် ကာလ၌ ငါ၏ စက္ခုအကြည်ဓာတ်သည် ဤသို့ဖြစ်ရလို၏၊ ငါ၏ ရူပါရုံတို့သည် ဤသို့ ဖြစ်ရလိုကုန်၏၊ — ဤသို့လျှင် မရရှိသေးသော စက္ခုပသာဒ ရူပါရုံကို ရရှိခြင်းငှာ စိတ်ကို ဆောက်တည်၏ = ဆုတောင်း၏။ စိတ်ကို ဆောက်တည်ခြင်းတည်းဟူသော အကြောင်းကြောင့် = ဆုတောင်းခြင်းတည်းဟူသော အကြောင်းကြောင့် ထိုအနာဂတ် စက္ခုပသာဒ ရူပါရုံကို နှစ်သက်သည် မည်၏။ ထိုအနာဂတ် စက္ခုပသာဒ ရူပါရုံကို နှစ်သက်ခဲ့သော် (= တဏှာ ဖြစ်ခဲ့သော်) အနာဂတ်ကို မြော်လင့်တောင့်တသည် မည်၏။ (မ-၃-၂၃၇။)

အာယတန (၁၂)ပါးလုံး၌ ပုံစံတူပင် ဟောကြားထားတော်မူ၏။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ဘဒ္ဒေကရတ္တသုတ္တန်တွင် (မ-၃-၂၂၇။) ခန္ဓာငါးပါးနည်းဖြင့် ပုံစံတူပင် ဟောကြားထားတော်မူ၏။

ဤဒေသနာတော်များနှင့် အညီ အနာဂတ်ခန္ဓာ (၅)ပါး, အာယတန (၁၂)ပါးတို့ကို အာရုံပြု၍ ယင်း အနာဂတ် ခန္ဓာ အာယတနတို့အပေါ်၌ တွယ်တာတပ်မက်သည့် တဏှာလည်း ဖြစ်နိုင်ပေ၏။ ဤရှုကွက်ကို ယူ၍ ရူပါက ပို၍ သဘောပေါက် မြန်တတ်ပါသည်။


အာရုံမှာ အနာဂတ်ဖြစ်သော်လည်း တဏှာမှာ (အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့မှာ) ပစ္စုပ္ပန်ပင် ဖြစ်၏။ အကယ်၍ အသင်သူတော်ကောင်းသည် နောင်အနာဂတ်၌ ရဟန်းဘဝကို ဆုတောင်းထားသည် ဖြစ်အံ့၊

ရဟန်းဘဝ၌ တည်ရှိသော ခန္ဓာ အာယတနတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော တဏှာကို ရှုနိုင်ပါသည်။ အကယ်၍ အသင်သူတော်ကောင်းသည် နောင်အနာဂတ်၌ ဓမ္မကထိကနတ်သားဘဝကို ဆုတောင်း ပန်ထွာထားသည် ဖြစ်အံ့၊ ထိုဓမ္မကထိက နတ်သားဘဝ၌ တည်ရှိသော ခန္ဓာ (၅)ပါး အာယတန (၁၂)ပါးတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော တဏှာတို့ကို ဤအပိုင်းတွင် ရှုနိုင်ပါသည်။

ဤရှုကွက်ကိုလည်း သဘောမပေါက် ဖြစ်နေခဲ့သော် မိမိ ရုပ်နာမ်အစဉ်တွင် ဖြစ်လေ့ဖြစ်ထရှိသော ဝေဒနာနှင့် တဏှာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ရှုပါ။ တဏှာဖြစ်နေကျ အာရုံကို အာရုံပြု၍ ရှုပါက ပို၍ သဘောပေါက်မြန်နိုင်၏။

ဥပမာ — အထက်တွင် ဖော်ပြထားသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ အဖွင့်အတိုင်း ပထဝီကသိဏ်း စသည့် ကသိဏ်းဝန်း တစ်ခုကိုပင် အာရုံယူကြည့်ပါ။ အာနာပါန ကျင့်စဉ်လမ်းမှ စတုတ္ထစျာန်သမာဓိသို့ တိုင်အောင် သမာဓိထူထောင်ထားပြီးသော အသင်သူတော်ကောင်းအဖို့ ထိုကသိဏ်းဝန်းကို အာရုံယူ၍ စတုတ္ထစျာန်သမာဓိသို့ ဆိုက်ရောက်အောင် သမာဓိကိုထူထောင်ဖို့ရန်မှာ ဝန်မလေးတော့ပြီ ဖြစ်၏။ ဗြဟ္မာဘဝကို တောင့်တကြည့်ပါ။ စိတ်က ဆုတောင်းကြည့်ပါ။ ကသိဏ်းပရိကံကို စီးဖြန်းကြည့်ပါ။ စတုတ္ထစျာန်သမာဓိသို့ ဆိုက်အောင် ကြိုးစားအားထုတ်ပါ။ ကသိဏ်းဝန်းကို မြင်တွေ့ရခြင်း စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာ ဝေဒနာဖြစ်ပုံကိုလည်းကောင်း၊ ယင်းစက္ခုသမ္ဖဿဇာ ဝေဒနာကြောင့် ရူပဘဝ၌ရှိသော ရူပါရုံကို တွယ်တာတပ်မက်သည့် ရူပတဏှာ ဖြစ်ပုံကိုလည်းကောင်း ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

စျာန်သမာပတ်တို့ကို ဖြစ်စေနိုင်ခဲ့သော် ရူပဘဝကို ရရှိနိုင်၏ဟု ကြားဖူးထား၏။ ထိုဗဟုသုတဖြင့် ကသိဏ်းဝန်းကို တွေ့မြင်သောအခါ ကသိဏ်းပရိကံတို့ကို စီးဖြန်း၏။ ရူပဗြဟ္မာဘဝကို ရရှိရန်လည်း ဦးတည်ချက်ရှိ၏။ တွယ်တာတပ်မက်မှု ရှိ၏။ ရူပါဝစရစျာန်သမာပတ်တို့ကိုလည်း ရရှိ၏။ သောတသမ္ဖဿကို အကြောင်းခံ၍ စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဝေဒနာ, တဏှာ, ဥပါဒါန်, ကံ (ကမ္မဘဝ)တို့ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်း အကျိုး သိမ်းဆည်းပါ။



## တဏှာပစ္စယာ ဥပါဒါနံ
## တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်၏

ပြင်းစွာ စွဲမြဲစွာ ယူတတ်သော သဘောတရားတို့သည် ဥပါဒါန် မည်ကုန်၏။ ထိုဥပါဒါန်တို့သည် ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဟု (၄)မျိုး ရှိကုန်၏။

၁။ ကာမုပါဒါန် = ကာမတို့၌ စွဲမြဲစွာ ယူတတ်သော ပြင်းစွာ စွဲလမ်းတတ်သော သဘောတရား၊
၂။ ဒိဋ္ဌုပါဒါန် = မိစ္ဆာဒိဋ္ဌိဝါဒကို စွဲမြဲစွာ ယူတတ်သော ပြင်းစွာ စွဲလမ်းတတ်သော သဘောတရား၊
၃။ သီလဗ္ဗတုပါဒါန် = သီလဗ္ဗတအကျင့်ကို စွဲမြဲစွာ ယူတတ်သော ပြင်းစွာ စွဲလမ်းတတ်သော သဘောတရား၊
၄။ အတ္တဝါဒုပါဒါန် = အတ္တဝါဒကို စွဲမြဲစွာ ယူတတ်သော ပြင်းစွာ စွဲလမ်းတတ်သော သဘောတရား၊

၁။ **ကာမုပါဒါန်** — အာရုံငါးပါး ကာမဂုဏ်တရားတို့သည် လိုချင်စရာ ဝတ္ထုကာမတို့ မည်ကုန်၏။ ယင်း ဝတ္ထုကာမတို့၌ တွယ်တာ တပ်မက်တတ်သော တဏှာသည် ကာမတဏှာ မည်၏၊ ကိလေသကာမ မည်၏။ ရှေးရှေးသော ကာမတဏှာက အားကြီးသောမှီရာ = ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးသဖြင့် မြဲမြံ ခိုင်ခံ့သည်ဖြစ်၍ ဖြစ်သော မြဲမြံခိုင်ခံ့သည်၏ အဖြစ်သို့ ရောက်ရှိနေသော နောက်နောက်သော ကာမတဏှာသည် ကာမုပါဒါန် မည်၏။

တဏှာဒဠှတ္တံ နာမ ပုရိမတဏှာဥပနိဿယပစ္စယေန ဒဠှသမ္ဘူတာ ဥတ္တရတဏှာ ဧဝ။
(အဘိ-ဋ္ဌ-၂-၁၇၂။ ဝိသုဒ္ဓိ-၂-၂၀၄။)

ရှေးရှေးသော တဏှာက အားကြီးသောမှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးသဖြင့် မြဲမြံ ခိုင်ခံ့သည်ဖြစ်၍ ဖြစ်သော နောက်နောက်သော တဏှာသည်သာလျှင် တဏှာဒဠှတ္တ မည်၏၊ ခိုင်မြဲသော တဏှာ မည်၏၊ မြဲစွာ စွဲယူတတ်သော တဏှာ မည်၏။ ယင်းခိုင်မြဲသော မြဲစွာစွဲယူတတ်သော နောက်တဏှာသည် ပင်လျှင် **ကာမုပါဒါန်** မည်ပေသည်။

ထိုတဏှာ ဥပါဒါန် တရားနှစ်မျိုးတို့တွင် တဏှာကား အာရုံဘက်သို့ ရှေးရှု မျက်နှာမူတတ်သော သဘော-တရား ဖြစ်ခြင်းကြောင့် အလိုနည်းခြင်း အပ္ပိစ္ဆတာဂုဏ်၏ ထိပ်တိုက် ဆန့်ကျင်ဘက် ဖြစ်၏။ ဥပါဒါန်ကား ခိုင်မြဲသော တဏှာအဖြစ်သို့ ရောက်သည်ဖြစ်၍ အလွန် အလိုကြီးတတ်ခြင်းသဘော ရှိရကား ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိဂုဏ်နှင့် ထိပ်တိုက်ဆန့်ကျင်ဘက် ဖြစ်၏။

တဏှာသည် ကာမတို့ကို ရှာမှီးရခြင်း ပရိယေသနဒုက္ခ၏ အရင်းခံ မူလဖြစ်၏။ ဥပါဒါန်သည် ကာမတို့ကို စောင့်ရှောက်ရခြင်း အာရက္ခဒုက္ခ၏ အရင်းခံမူလ ဖြစ်၏။ ရှေးတွင် ဆိုခဲ့ပြီးသော (၁၀၈)မျိုးသော တဏှာ၏ ခိုင်မြဲမှုသည် = ခိုင်မြဲသည်၏အဖြစ်သို့ ရောက်ရှိနေသော နောက်နောက်တဏှာသည် ကာမုပါဒါန်ပင်တည်း။
(အဘိ-ဋ္ဌ-၂-၁၇၂။ ဝိသုဒ္ဓိ-၂-၂၀၄။)

၂။ **ဒိဋ္ဌုပါဒါန်** — သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှ တစ်ပါးသော နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ စသော ကံ ကံ၏ အကျိုးတရားကို ပစ်ပယ်သော ဒိဋ္ဌိကြီးတို့နှင့် တကွ မိစ္ဆာဒိဋ္ဌိအယူဝါဒ မှန်သမျှ၌ ပြင်းစွာ စွဲလမ်းသော စွဲမြဲစွာ ယူသော နောက်နောက်သော ဒိဋ္ဌိသည် **ဒိဋ္ဌုပါဒါန်** မည်၏။ ကံ ကံ၏ အကျိုးတရားကို လက်မခံနိုင်သော မိစ္ဆာဝါဒ မှန်သမျှ၌ စွဲလမ်းမှု စွဲမြဲစွာ ခံယူထားမှု ခံယူချက် အပြည့်အဝရှိမှု ဟူသမျှသည် ဒိဋ္ဌုပါဒါန်ချည်းပင်တည်း။

သဿတော အတ္တာ စ လောကော စ။ (ဒီ-၁-၁၂။) = အတ္တသည်လည်းကောင်း လောကသည်လည်းကောင်း မြဲ၏ — ဟု ယူထားသော ရှေးအယူမှားကို တစ်ဖန် ထပ်၍ စွဲမြဲစွာ ယူထားသော နောက်အယူမှားသည် ဒိဋ္ဌု-ပါဒါနိပင် ဖြစ်သည်။ (အဘိ-ဋ္ဌ-၂-၁၇၂။ ဝိသုဒ္ဓိ-၂-၂၀၃။)

ဤအဋ္ဌကထာက ထုတ်ပြထားအပ်သော — သဿတော အတ္တာ စ လောကော စ — ဟူသော ပုံစံသည် ဒိဋ္ဌုပါဒါန်အတွက် ပုံစံ မဟုတ်ပေ။ ရှေးရှေးဒိဋ္ဌိကို နောက်နောက်ဒိဋ္ဌိက ခိုင်မြဲစွာယူပုံကို အရိပ်ပြ အကောင်ထင်အောင် နိဒဿနနည်းအားဖြင့် ညွှန်ပြထားသော ပုံစံသာဖြစ်သည်။ သဿတော အတ္တာ စ = အတ္တသည် မြဲ၏ = အမြဲတည်ရှိ၏ — စသော စကားသည် အတ္တစွဲလမ်းမှုကို ဖော်ပြသော အတ္တဝါဒုပါဒါန်သာ ဖြစ်၏။ ဒိဋ္ဌုပါဒါန်၏ ပုံစံပြစကားမဟုတ်ဟု မှတ်ပါ။ (မူလဋီ-၂-၁၂၁။)

**တစ်နည်းယူပုံ** — သဿတော အတ္တာ စ လောကော စ — ဟု အတ္တနှင့်လောက ပုံစံနှစ်မျိုးကို ဖော်ပြထားရာ၌ အတ္တာ စ ဖြင့် အတ္တဝါဒုပါဒါန်၏ ပုံစံကိုပြ၏။ လောကော စ အရ၌ အတ္တစွဲလမ်းမှုကို ရုပ်ကို အတ္တဟု ယူလျှင် နာမ်ခန္ဓာ (၄)ပါးကို လောကဟု ယူနိုင်သောကြောင့် သဿတော လောကော စ ဖြင့် ဒိဋ္ဌုပါဒါန် ပုံစံကို ပြ၏။ နာမ်ခန္ဓာ (၄)ပါးကို လောကဟု စွဲယူထားသော ရှေးဒိဋ္ဌိကို မြဲ၏ဟု နောက်ဒိဋ္ဌိဖြင့် စွဲယူပြန်သည် ဟူလိုသည်။ ဤသို့လည်း တစ်နည်းယူပါ။ (ဤနည်း၌ ခန္ဓာတစ်ပါးပါးကို အတ္တဟုယူလျှင် ကျန်ခန္ဓာလေးပါးကို လောကဟု ယူပါ။) (မူလဋီ-၂-၁၂၁။) အဋ္ဌကထာနှင့် မဆန့်ကျင်အောင် ယူသောနည်းတည်း။

၃။ **သီလဗ္ဗတုပါဒါန်** — နွားအကျင့် နွားအလေ့, ခွေးအကျင့် ခွေးအလေ့စသည်ကို ပြုကျင့်ခြင်းဖြင့် ကိလေ-သာတို့မှ စင်ကြယ်နိုင်၏၊ သံသရာမှ လွတ်မြောက်နိုင်၏ဟု မှားသောအားဖြင့် သုံးသပ်တတ်သော စွဲမြဲစွာ ယူတတ်သော မိစ္ဆာဒိဋ္ဌိသည် **သီလဗ္ဗတုပါဒါန်** မည်၏။

တစ်ဘက်တွင် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ကို မဆည်းကပ်မိဘဲ, တစ်ဘက်တွင် သံသရာမှ လွတ်မြောက်ခြင်းကို အလိုရှိကြသော အချို့လူသားတို့သည် — “ငါတို့သန္တာန်၌ ရှေးကပြုခဲ့မိသော အကုသိုလ်တွေ ရှိချေသေး၏၊ ထိုအကုသိုလ်များကို ယခုဘဝ၌ပင် အလုံးစုံ အကျိုးပေးပြီး ဖြစ်အောင် အကြွေးဆပ်လျက် နောက်ထပ် အကုသိုလ်ကို မပြုလျှင် ကိလေသာမှလည်း စင်ကြယ်၍ သံသရာမှလည်း လွတ်မြောက်ဖွယ်ရှိသည်။”ဟု စဉ်းစားမိကြလေသည်။ ထိုသို့ စဉ်းစားမိသည်အားလျော်စွာ ရှေးက အကုသိုလ် အပြစ်ဒဏ်ကို ယခုဘဝ၌ ခံသောအားဖြင့် အချို့က နွားတို့၏အလေ့ နွားတို့၏အကျင့်များကို ဆောက်တည်လျက် ကြိုးကြိုးစားစား ကျင့်၏၊ အဝတ်မဝတ်ဘဲ နွားလိုသွား၏ နွားလိုစား၏ နွားလိုအိပ်၏။ အချို့က ခွေးတို့၏အလေ့ ခွေးတို့၏ အကျင့်များကို ဆောက်တည်လျက် ကြိုးကြိုးစားစား ကျင့်၏၊ အဝတ်မဝတ်ဘဲ ခွေးလိုသွား၏ ခွေးလိုစား၏ ခွေးလိုအိပ်၏။ နွားအကျင့် နွားအလေ့ ခွေးအကျင့် ခွေးအလေ့ကို သာယာ၏။ အချို့က ထိုအကျင့်များဖြင့် နတ်ရွာသုဂတိကိုပင် ရနိုင်၏ဟု အယူရှိကြ၏။

ခွေးအကျင့်ကို ပြည့်ပြည့်စုံစုံ ကျကျနန ကျင့်သူသည် သေလျှင် ခွေးဖြစ်၍ နွားအကျင့်ကို ပြည့်ပြည့်စုံစုံ ကျကျနန သေသေချာချာ ကျင့်သူမှာ သေလျှင် နွားဖြစ်၏။ “ငါသည် ဤအလေ့အထ ဤဝတ် ဤအကျင့် ဤမြတ်သော အကျင့်ဖြင့် ထင်ရှားသော နတ်သည်သော်လည်းကောင်း မထင်ရှားသော နတ်သည်သော်လည်း-ကောင်း ဖြစ်ရလိမ့်မည်” — ဟု အကယ်၍ မိစ္ဆာအယူရှိခဲ့လျှင် ထိုမိစ္ဆာဒိဋ္ဌိ အယူဝါဒကြောင့် ငရဲနှင့်တိရစ္ဆာန် နှစ်မျိုး တစ်မျိုးမျိုးသော ဂတိသို့ လျော်သလို ရောက်နိုင်ကြောင်းကို မဇ္ဈိမပဏ္ဏာသ ကုက္ကုရဝတိကသုတ္တန် (မ-၂-၅၀-၅၁။)၌ ဟောကြားချက် လာရှိပေ၏။

၄။ **အတ္တဝါဒုပါဒါန်** — အတ္တရှိသည် စသည်ဖြင့် အတ္တကို ပြောဆိုကြောင်း မိစ္ဆာအယူဝါဒ၌ စွဲမြဲစွာ ယူတတ်သော အယူသည် အတ္တဝါဒုပါဒါန် မည်၏။ တရားကိုယ်မှာ ဒိဋ္ဌိစေတသိက်ပင် ဖြစ်သည်။ ဤအတ္တဝါဒုပါဒါန် အယူရှိနေသမျှ ရုပ်နာမ်တရားတို့၏ အနတ္တဖြစ်ပုံကို သဘောမတူနိုင်ဘဲ အတ္တရှိသည်ဟုသာ ပြောဆိုလေ့ရှိနေမည် ဖြစ်၏။ ပုထုဇန်အများတို့ စွဲလမ်းထင်မှားအပ်သော ထိုအတ္တသည် —

၁။ ပရမတ္တ = ပရမအတ္တ
၂။ ဇီဝအတ္တဟု နှစ်မျိုးရှိ၏။

၁။ **ပရမအတ္တ** — ပရမတ္တ = ပရမအတ္တဟူသည် ကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါတွေကို စီမံဖန်ဆင်းနိုင်သူ ဖန်ဆင်းရှင် တကယ်ထင်ရှားရှိ၏ဟု စွဲလမ်းထင်မှားအပ်သော အတ္တစွဲတည်း။

၂။ **ဇီဝအတ္တ** — ဟူသည် သတ္တဝါတစ်ယောက် တစ်ယောက်၏ သန္တာန်၌ အသက်ဟု စွဲလမ်း ထင်မှားအပ်သော အဖန်ဆင်းခံ အတ္တတည်း။

၁။ **ပရမတ္တ — ပရမအတ္တစွဲ** — ကမ္ဘာပျက်ပြီးနောက် ကမ္ဘာသစ်ပြန်တည်မိ၍ ပထမဈာန် (၃)ဘုံ စ၍ ဖြစ်သည့်အခါ အထက်ဗြဟ္မာ့ဘုံမှ ကံအဟုန်ကုန်သဖြင့် စုတေ၍ ပထမဈာန်ဘုံ၌ ရှေးဦးစွာ ဖြစ်သော ဗြဟ္မာကြီးသည် တစ်ယောက်တည်းနေရသည့်အတွက် ပျင်းရိလှသဖြင့် အခြားဗြဟ္မာများဖြစ်လာဖို့ရာ တောင့်တခိုက်မှာပင် အခြားဗြဟ္မာများလည်း ကံအဟုန်ကုန်သဖြင့် အထက်ဘုံမှ စုတေ၍ ပထမဈာန်ဘုံသို့ ရောက်လာကြလေသည်။ ထိုအခါ မူလရှိရင်း ဗြဟ္မာကြီးက သူတောင့်တတိုင်း ဖြစ်ပေါ်လာသောကြောင့် နောက်မှရောက်ရှိလာသည့် ဗြဟ္မာများကို သူဖန်ဆင်းတာဘဲဟု အထင်ကြီးလေ၏။ နောက်မှ ရောက်ရှိလာသော ဗြဟ္မာများကလည်း ထိုပထမဗြဟ္မာကြီးက မိမိတို့ထက် ကိုယ်ရောင်ကိုယ်ဝါ အရာရာသာလွန်သည်ကို မြင်ရ၍ မိမိတို့ကို ထိုဗြဟ္မာကြီးက ဖန်ဆင်းပေးသည်ဟု အထင်မှားလျက် ထိုဗြဟ္မာကြီးကို ခစားကြလေသည်။ (အမှန်မှာ — "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" — သဘောမျိုးသာ ဖြစ်သည်။)

ဤသို့ ဗြဟ္မာပြည်တုန်းကပင် ထိုဗြဟ္မာကြီး၏ အပေါ်၌ အထင်အမြင်ကြီးလာခဲ့ပြီးနောက် အချို့ဗြဟ္မာများသည် ကံအဟုန် ကုန်သဖြင့် လူ့ပြည်သို့ ရောက်ရှိလာကြပြန်သည်။ အချို့ဗြဟ္မာများသည် ဩပပါတိက လူသားအဖြစ်ဖြင့် လူ့ပြည်သို့ ရောက်ရှိလာသည့်တိုင်အောင် ထိုဗြဟ္မာကြီးမှာ ဗြဟ္မာငယ်များထက် (၃)ပုံ, (၂)ပုံ, (၁)ပုံခန့် ပိုမို၍ အသက်ရှည်လျက် ကျန်ရစ်ခဲ့လေသည်။ ထိုအခါ လူ့ပြည်သို့ ရောက်ရှိလာသူတို့သည် ဈာန်အဘိညာဏ်များကို အားထုတ်ကြ၍ ဈာန် အဘိညာဏ် ရလေလျှင် ယခင်ဗြဟ္မာကြီးကို ပြန်၍ မြင်ကြရသဖြင့် ရှေးကထက် ခိုင်မြဲစွာ အထင်အမြင်ကြီးကြလျက် – "ဤကမ္ဘာကြီးနှင့်တကွ သတ္တဝါတွေကို မဟာဗြဟ္မာမင်းကြီးက တည်ထောင်ဖန်ဆင်းသည်" — ဟူသော အယူဝါဒသည် လူ့ပြည်လောက၌ ထို ကမ္ဘာဦးကာလကပင် တစ်စတစ်စ ပြန့်ပွားခဲ့ရလေသည်။ ထိုအယူဝါဒ အလိုအားဖြင့် မဟာဗြဟ္မာကြီးသည် ကမ္ဘာကို ဖန်ဆင်းနိုင်သော ပရမတ္တ = ပရမအတ္တ = အလွန်မြတ်သော မပျက်စီးနိုင်သော အတ္တတော်ကြီးပေတည်း။ ထိုဖန်ဆင်းရှင် ပရမတ္တကိုပင် စွဲမြဲစွာ ယူသော အတ္တဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် မည်ပေသည်။ (အကျယ်ကို ဗြဟ္မဇာလသုတ်တွင် ကြည့်ပါ။)

၂။ **ဇီဝအတ္တ** — ဤ ခန္ဓာကိုယ်တွင်း၌ ဖန်ဆင်းရှင် ပရမတ္တက တည်ထောင် ဖန်ဆင်းထားသော "အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင်"ဟု ခေါ်ဆိုသော အတ္တသည် ရှိ၏။ ထိုအတ္တသည် အလွန် သတ္တိကောင်း၏။ ထိုအတ္တကား ကာရက ဝေဒက သာမီ နိဝါသီ သယံဝသီ အတ္တတည်း။

**ကာရက** = ထိုအတ္တသည် ပြုလုပ်ဖွယ် မှန်သမျှ ကို ပြုလုပ်တတ်၏။ သွားခြင်း လာခြင်း ကွေးခြင်း ဆန့်ခြင်း စသည့် ကိုယ်အမူအရာ မှန်သမျှကို အတ္တက ပြုလုပ်၏။ အတ္တ၏ သတ္တိကြောင့် အတ္တ၏ အလိုအတိုင်း ပြုလုပ်ခြင်း

ဖြစ်၏။ ကောင်းမှု မကောင်းမှု အစုစုကို ထိုအတ္တ၏ သတ္တိကြောင့် ပြုမိကြ၏။ အတ္တက ကောင်းမှုကို ပြုချင်လျှင် အတ္တ၏ အမိန့်အတိုင်း ကိုယ်နှုတ်တို့က ကောင်းမှုကို ပြုကြ၏။ အတ္တက မကောင်းမှုကို ပြုချင်လျှင် အတ္တ၏ အမိန့်အတိုင်း ကိုယ်နှုတ်တို့က မကောင်းမှုကို ပြုကြ၏။ ဤသို့ စွဲယူ၏။

**ဝေဒက** — ကောင်းမှု မကောင်းမှု၏ အကျိုးကိုလည်း အတ္တသည်ပင် ခံစား၏၊ ယခုအခါ၌ ခံစားဖွယ် မှန်သမျှကို အတ္တကပင် ခံစားသကဲ့သို့ နောင်အခါ၌ ကောင်းကျိုး ဆိုးပြစ်များကိုလည်း အတ္တကပင် ခံစားရလိမ့်-မည်ဟု စွဲယူ၏။

**သာမီ** — ခန္ဓာအိမ်နှင့် ဆိုင်ရာဝယ် ပိုင်နိုင်အုပ်စိုးနိုင်သောကြောင့် ထိုအတ္တသည် ခန္ဓာအိမ်၏ အရှင် ခန္ဓာအိမ်၏ ပိုင်ရှင်ဖြစ်၏ဟု စွဲယူ၏။

**နိဝါသီ** — ထိုအတ္တသည် ခန္ဓာအိမ်၌ အမြဲနေထိုင်သူ ဖြစ်၏၊ ခန္ဓာအိမ် အဟောင်း ဆွေးမြည့်ပျက်စီးသော အခါ ခန္ဓာအိမ်အသစ်သို့ ရွှေ့ပြောင်း နေထိုင်တတ်သောကြောင့် ခန္ဓာအိမ်သာ ပျက်၏၊ အတ္တကား အပျက်အစီး မရှိ၊ အမြဲတည်၏ဟု စွဲယူ၏။ အချို့ကား ဤဇီဝအတ္တသည် ပရမတ္တ = ပရမအတ္တ၏ ပညတ်တော်အတိုင်း ရိုသေစွာ လိုက်နာကျင့်ကြံ နေထိုင်ခဲ့ပါမူ ပရမတ္တ၏ အစိတ်အပိုင်း ဖြစ်၍ ခန္ဓာအိမ် ပျက်ချိန်ကြသည့်အခါ မူလဖန်ဆင်းလိုက်သော ဖန်ဆင်းရှင် ပရမတ္တထံသို့ ပြန်သွားသည်၊ ပရမတ္တနှင့် ပြန်လည် ပူးပေါင်းမိသည်ဟု စွဲယူ၏။ ဘုရားသခင်၏ ရင်ခွင်တော်၌ အိပ်ပျော်တော်မူခြင်းဟူသော အယူဝါဒမျိုးတည်း။

**သယံဝသီ** — ထိုအတ္တသည် ခန္ဓာအိမ်နှင့် ဆိုင်ရာဝယ် မိမိအတ္တ၏ အလိုသို့ လိုက်ပါစေနိုင်သည်ဟု စွဲယူ၏။ ခန္ဓာအိမ်နှင့် ဆိုင်သော မြင်သိ ကြားသိ နံသိ အရသာသိ အတွေ့အထိသိ ဓမ္မသဘောသိ ဟူသည့် အသိကိစ္စဟူသမျှကို မိမိအတ္တ၏ အလိုသို့ လိုက်ပါစေတတ်၏ဟု စွဲယူ၏။

ဤနိဝါသီနှင့် သယံဝသီ ပုဒ်တို့အရ အတ္တသည် မပျက်မစီးဘဲ အမြဲတည်သည့် အနှစ်သာရ အမာခံ အထည်ကိုယ်တည်း၊ မိမိအလိုသို့ လိုက်ပါစေနိုင်သော ဝသဝတ္တန သဘောရှိ၏ဟု စွဲလမ်း မှတ်ထင်ကြလေသည်။ ဤသို့ ဒိဋ္ဌိဖြင့် မှတ်ထင်အပ်သော ပရမတ်အားဖြင့် တကယ်ထင်ရှားလည်း မရှိသော အတ္တအကြောင်းကို ပြောဆိုမှုကို အတ္တဝါဒဟု ခေါ်၏။ ဤ ပရမအတ္တဝါဒ, ဇီဝအတ္တဝါဒ နှစ်မျိုးအပေါ်၌ စွဲလမ်းမှု စွဲမြဲစွာ ခံယူထားမှုကိုပင် **အတ္တဝါဒုပါဒါန်**ဟု ခေါ်ဆိုလေသည်။

## သက္ကာယဒိဋ္ဌိ (၂၀)

ဤသို့ အတ္တဝါဒကို စွဲလမ်းရာ၌ ခန္ဓာ (၅)ပါးလုံးကိုသော်လည်းကောင်း, ခန္ဓာ (၅)ပါးတို့တွင် တစ်ပါး-ပါးကို သော်လည်းကောင်း အတ္တဟု စွဲလမ်းတတ်ကြ၏။ ဤသို့ ခန္ဓာ (၅)ပါး၌ အတ္တဟု စွဲလမ်းသောအမှုကို **သက္ကာယဒိဋ္ဌိ** ဟု ခေါ်၏။ ပရမတ်အားဖြင့် ထင်ရှားရှိသော ခန္ဓာ (၅)ပါး အပေါင်းသည် — သန္တော ကာယော သက္ကာယော - ဟူသည်နှင့်အညီ သက္ကာယမည်၏၊ ထိုသက္ကာယမည်သော ခန္ဓာ (၅)ပါး အပေါင်း၌ဖြစ်သော အယူမှားမှုဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိ မည်၏။

## ရူပက္ခန္ဓာ၌ စွဲလမ်းပုံ = သက္ကာယဒိဋ္ဌိ ဖြစ်ပုံ (၄) မျိုး

၁။ **ရူပံ အတ္တတော သမနုပဿတိ** = ရုပ်ကို အတ္တအားဖြင့် = အတ္တအဖြစ်ဖြင့် = အတ္တဟု ရှု၏။ — "ယံ ရူပံ၊ သော အဟံ။ ယော အဟံ၊ တံ ရူပံ။ — အကြင်ရုပ်သည် ထိုငါတည်း၊ အကြင်ငါသည် ထိုရုပ်တည်း။"ဟု ရုပ်နှင့်

အတ္တကို နှစ်မျိုးမဟုတ် တစ်မျိုးတည်းဟု ရှုမြင်၏။ ဥပမာ မီးတောက်လောင်နေသော ဆီမီးဝယ် - "အကြင် မီးလျှံသည်ပင် ထိုမီးရောင်တည်း၊ အကြင်မီးရောင်သည်ပင် ထိုမီးလျှံတည်း"ဟု ဆီမီးလျှံနှင့် ဆီမီးရောင်ကို နှစ်မျိုးမဟုတ် တစ်မျိုးတည်းဟု ရှုမြင်သကဲ့သို့ မှတ်ပါ။ ရူပါရုံကိုပင် အတ္တဟု စွဲယူမှုမျိုးပင်တည်း။

၂။ **ရူပဝန္တံ ဝါ အတ္တာနံ** = ရုပ်ရှိသော အတ္တဟုရှု၏။ နာမ်တရားကို အတ္တဟု စွဲယူထား၍ အရိပ်ရှိသော သစ်ပင်ကိုကဲ့သို့ ထိုအတ္တကို ရုပ်ရှိ၏ဟူ၍ အဖန်ဖန် အထပ်ထပ်ရှု၏။

၃။ **အတ္တနိ ဝါ ရူပံ** = အတ္တ၌ ရုပ်ဟု = အတ္တ၌ ရုပ်ရှိ၏ဟု ရှု၏။ နာမ်တရားကိုပင် အတ္တဟု စွဲယူထား၍ ပန်း၌ အနံ့ကိုကဲ့သို့ အတ္တ၌ ရုပ်ကို အဖန်ဖန် အထပ်ထပ် ရှု၏။ ပန်း၌ အနံ့တည်ရှိသကဲ့သို့ အတ္တ၌ ရုပ်တည်ရှိသည် မှီနေသည်ဟု စွဲယူမှုတည်း။

၄။ **ရူပသ္မိံ ဝါ အတ္တာနံ** = ရုပ်၌ အတ္တဟု = ရုပ်၌ အတ္တရှိ၏ဟု ရှု၏။ ပတ္တမြားကြုတ်၌ ပတ္တမြားကိုကဲ့သို့ နာမ်တရားကိုပင် အတ္တဟုစွဲယူ၍ ရုပ်၌ အတ္တကို အဖန်ဖန် အထပ်ထပ် ရှု၏။ ရုပ်၌ အတ္တတည်ရှိသည် ရုပ်၌ အတ္တသည် မှီသည် မှီဖြစ်နေသည်ဟု စွဲယူမှုမျိုးတည်း။ (အဘိ-ဋ္ဌ-၁-၃၈၇။ မူလဋီ-၁-၁၆၃။)

**(ရူပံ) တေံ မမ = ရုပ်သည် ငါ၏ဥစ္စာ ဖြစ်၏** — ရုပ်နှင့် အတ္တကို တစ်ခြားစီထား၍ စွဲယူမှုမျိုးတည်း။

**(ရူပံ) သောဟမသ္မိ = ရုပ်သည် ငါ ဖြစ်၏** — ရုပ်နှင့် အတ္တကို တစ်မျိုးတည်း တစ်ခုတည်း ပြု၍ စွဲယူမှုမျိုးတည်း။

**(ရူပံ) သော မေ အတ္တာ = ရုပ်သည် ငါ၏ အတ္တတည်း** — ရုပ်နှင့် အတ္တကို တစ်ခြားစီ ထား၍ စွဲယူမှုမျိုးတည်း။

ဤ၌ ဖော်ပြထားခဲ့သော —

၁။ ဝဏ္ဏ = ဆီမီးရောင် (ဆီမီးနှင့် အရောင်)
၂။ ရုက္ခ = သစ်ပင် (သစ်ပင်နှင့် အရိပ်)
၃။ ပုပ္ဖ = ပန်း (ပန်းနှင့် အနံ့)
၄။ မဏိ = ပတ္တမြား (ပတ္တမြားနှင့် ကြုတ်)

ဤဥပမာ (၄)ရုပ်တို့ကို ကျန်နာမ်ခန္ဓာ (၄)ပါးတို့၌လည်း နည်းတူ ယှဉ်စပ်ပါ။ (အဘိ-ဋ္ဌ-၁-၃၈၇-၃၈၈။)

## သဘောပေါက်ရန် ထပ်မံ ရှင်းလင်းချက်

**ပထဝီဓာတ်** — မာမှု ပျော့မှု ကြမ်းမှု ချောမှု လေးမှု ပေါ့မှု သဘောတရားသည် ပထဝီဓာတ်တည်း၊ ယင်း သဘောတရားသည် ခန္ဓာကိုယ်၌ အပြည့်တည်ရှိ၏။

၁။ ယင်းပထဝီဓာတ်ကိုပင် ရံခါ ငါပြု၍ — "ငါ မာ၏၊ ငါ ပျော့၏"ဟု စွဲလမ်း ပြောဆို၏၊ ငါနှင့် မာမှုကို အတူတစ်ပေါင်းတည်း တစ်ခုတည်းပြု၍ ပြောဆိုခြင်းတည်း။

၂။ ရံခါ "ခက်မာမှု နူးညံ့မှု ရှိတဲ့ ငါ"ဟု စွဲလမ်း ပြောဆို၏၊ ခက်မာမှု နူးညံ့မှုနှင့် ငါကို တစ်ခြားစီထား၍ ငါ့မှာ ခက်မာမှု နူးညံ့မှု ရှိသည်ကိုပြု၍ ပြောဆိုခြင်းတည်း။

၃။ ရံခါ "ငါ၌ ခက်မာမှု နူးညံ့မှု မှီ၏"ဟု ငါ၌ ခက်မာမှု နူးညံ့မှု မှီသည်ကိုပြု၍ ပြောဆို၏။

၄။ ရံခါ "ခက်မာမှု နူးညံ့မှု၌ ငါမှီ၏"ဟု ခက်မာမှု နူးညံ့မှု၌ ငါမှီသည်ကိုပြု၍ စွဲလမ်း ပြောဆို၏။

ပထမစွဲလမ်းချက်မှာ ခက်မာမှု နူးညံ့မှုကိုပင် ငါပြု၍ စွဲလမ်းသည်။ ငါနှင့် ခက်မာမှု နူးညံ့မှုကို တစ်ခုတည်း ယူထားသည်။ နောက် (၃)ချက်မှာ ငါတစ်ခြား ခက်မာမှု နူးညံ့မှု တစ်ခြားထား၍ စွဲလမ်းသည်။

ကြွင်းကျန်သော ရုပ် (၂၇)ပါးတို့၌လည်းကောင်း ဗဟိဒ္ဓ၌လည်းကောင်း နည်းတူ သဘောပေါက်ပါလေ။ ဗဟိဒ္ဓ၌ "သူမာ၏ သူနူးညံ့၏" စသည်ဖြင့် စွဲယူမှုမျိုးပင်တည်း။

## ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး

၁။ **ဝေဒနံ အတ္တတော သမနုပဿတိ** = ဝေဒနာကို အတ္တဟု ရှု၏။
၂။ **ဝေဒနာဝန္တံ ဝါ အတ္တာနံ** = ဝေဒနာရှိသော အတ္တဟု ရှု၏။
၃။ **အတ္တနိ ဝါ ဝေဒနံ** = အတ္တ၌ ဝေဒနာဟု (ဝေဒနာရှိ၏ဟု) ရှု၏။
၄။ **ဝေဒနာယ ဝါ အတ္တာနံ** = ဝေဒနာ၌ အတ္တဟု (အတ္တ ရှိ၏ဟု) ရှု၏။

နံပါတ် (၁) ဖြစ်သည့် ဝေဒနာကို အတ္တဟု ရှုမှုသည် ဝေဒနာသည်ပင် အတ္တ, အတ္တသည်ပင် ဝေဒနာဟု ဝေဒနာနှင့် အတ္တကို နှစ်မျိုးမခွဲဘဲ တစ်ခုတည်း တစ်မျိုးတည်းသာဟု စွဲယူမှုမျိုးတည်း။ (၂-၃-၄)တို့ကား ရုပ်-သညာ-သင်္ခါရ-ဝိညာဏ်တို့ကို အတ္တဟု စွဲယူ၍ ဝေဒနာတစ်ခြား အတ္တတစ်ခြားဟု စွဲယူမှုမျိုးတည်း။

## သဘောပေါက်နိုင်ရန် ပုံစံများ

၁။ ငါ ကြည့်ကောင်းသည်။ (သုခဝေဒနာ၌ စွဲယူပုံတည်း။)
၂။ ငါ ကြည့်မကောင်း။ (ဒုက္ခဝေဒနာ၌ စွဲယူပုံတည်း။)
၃။ ငါ ကြည့်ကောင်းသည်လည်း မဟုတ်၊ ကြည့်မကောင်းသည်လည်း မဟုတ်။ မြင်တော့ မြင်သည်။ (ဥပေက္ခာဝေဒနာ၌ စွဲယူပုံတည်း။)

အာရုံ (၆)ပါးလုံး၌ နည်းတူ သဘောပေါက်ပါ။

ဝေဒနာသည် ငါဖြစ်၏။ (ဝေဒနာနှင့် အတ္တကို တစ်ခုတည်း စွဲယူမှုတည်း။)

ဝေဒနာသည် ငါ၏ ဥစ္စာဖြစ်၏ = ခံစားမှုသည် ငါ၏ ခံစားမှုတည်း။ ငါ၏ ခံစားရချက်သည် ကောင်း၏၊ ငါ၏ ခံစားရချက်သည် နစ်နာ၏၊ ငါ၏ ခံစားရချက်သည် အနေတော်ဖြစ်၏။ (ဝေဒနာနှင့် အတ္တကို တစ်မျိုးစီ တစ်ခြားစီထား၍ စွဲယူမှုတည်း။)

## သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး

၁။ **သညံ အတ္တတော သမနုပဿတိ** = သညာကို အတ္တဟု ရှု၏။
၂။ **သညာဝန္တံ ဝါ အတ္တာနံ** = သညာရှိသော အတ္တဟု ရှု၏။
၃။ **အတ္တနိ ဝါ သညံ** = အတ္တ၌ သညာဟု (သညာရှိ၏ဟု) ရှု၏။
၄။ **သညာယ ဝါ အတ္တာနံ** = သညာ၌ အတ္တဟု (အတ္တရှိ၏ဟု) ရှု၏။

နံပါတ် (၁)ကား သညာနှင့် အတ္တကို တစ်ခုတည်းယူ၍ သညာသည်ပင် အတ္တ, အတ္တသည်ပင် သညာဟု

စွဲယူမှုတည်း။ နံပါတ် (၂-၃-၄)တို့ကား ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကို အတ္တဟု စွဲယူ၍ သညာက တစ်ခြား အတ္တက တစ်ခြားဟု စွဲယူမှုတည်း။

## သဘောပေါက်နိုင်ရန် ပုံစံများ

သညာသည် ငါဖြစ်၏၊ ငါမှတ်သားတတ်၏ ငါမှတ်မိ၏။ (နံပါတ် - ၁ - စွဲယူမှုမျိုးတည်း။)

သညာသည် ငါ၏ ဥစ္စာဖြစ်၏။ (သညာတစ်ခြား အတ္တတစ်ခြား စွဲယူမှုမျိုးတည်း။)

**ရူပသညာ** — ထိုထိုဝတ္ထုကို မြင်ရာ၌ "ဤသူကို ငါသိ၏ = ငါမှတ်မိ၏။ ဤအမှုကို ငါသိ၏ = ငါမှတ်မိ၏"ဟု စိတ်ဖြစ်သည်ကား ရူပသညာ၌ ဖြစ်သောဒိဋ္ဌိတည်း။ သဒ္ဒသညာစသည်၌ နည်းတူ မှတ်ပါ။

## သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး

၁။ **သင်္ခါရေ အတ္တတော သမနုပဿတိ** = သင်္ခါရတို့ကို အတ္တဟု ရှု၏။

၂။ **သင်္ခါရဝန္တံ ဝါ အတ္တာနံ** = သင်္ခါရ ရှိသော အတ္တဟု ရှု၏။

၃။ **အတ္တနိ ဝါ သင်္ခါရေ** = အတ္တ၌ သင်္ခါရတို့ဟူ၍ (သင်္ခါရတို့ ရှိ၏ဟူ၍) ရှု၏။

၄။ **သင်္ခါရေသု ဝါ အတ္တာနံ** = သင်္ခါရတို့၌ အတ္တဟူ၍ (သင်္ခါရတို့၌ အတ္တရှိ၏ဟူ၍) ရှု၏။

အမှတ် (၁)၌ သင်္ခါရတို့နှင့် အတ္တကို တစ်ခုတည်းပြု၍ သင်္ခါရတို့သည်ပင် အတ္တ, အတ္တသည်ပင် သင်္ခါရတို့ဟူ၍ သင်္ခါရတို့နှင့် အတ္တကို နှစ်မျိုးမခွဲဘဲ တစ်ခုတည်း တစ်မျိုးတည်းသာဟု စွဲယူ၏။ အမှတ် (၂-၃-၄)တို့၌ကား သင်္ခါရတို့နှင့် အတ္တကို တစ်ခြားစီယူ၍ စွဲယူ၏။ အမှတ် (၁)ကား သင်္ခါရကိုပင် အတ္တဟု စွဲယူ၏။ အမှတ် (၂-၃-၄)တို့ကား ရုပ်-ဝေဒနာ-သညာ-ဝိညာဏ်တို့ကို အတ္တဟု စွဲယူ၍ အတ္တက တစ်ခြား သင်္ခါရက တစ်ခြားဟု စွဲယူ၏။

## သဘောပေါက်နိုင်ရန် ပုံစံများ

သင်္ခါရတို့သည် ငါ ဖြစ်၏။ (သင်္ခါရတို့နှင့် အတ္တကို တစ်မျိုးတည်းထား၍ စွဲယူမှုမျိုးတည်း။)

သင်္ခါရတို့သည် ငါ၏ ဥစ္စာတို့ ဖြစ်ကုန်၏။ (သင်္ခါရတို့နှင့် အတ္တကို တစ်ခြားစီထား၍ စွဲယူမှုမျိုးတည်း။)

ထိုထိုရူပါရုံကို မြင်အောင် ကိုယ်နှုတ်စိတ်တို့ဖြင့် ကြောင့်ကြဗျာပါရ ပြုရာ၌ — ငါ မြင်အောင် သွားသည်၊ ငါ မြင်အောင် လာသည်၊ ငါ မြင်အောင် ပြုပြင်သည် စသည်ဖြစ်သောအခါ ရူပသဉ္စေတနာ၌ဖြစ်သော ဒိဋ္ဌိတည်း။ သဒ္ဒသဉ္စေတနာ စသည်၌ နည်းတူမှတ်ပါ။

ငါ ကံကောင်းသည်၊ ငါ စေတနာကောင်းသည်။ ငါ့စေတနာက သူများစေတနာနှင့် မတူ။ (စေတနာ၌ ဖြစ်သော ဒိဋ္ဌိတည်း။)

ငါ သမာဓိကောင်းသည်၊ ငါ စိတ်တည်ငြိမ်သည်။ ငါ စိတ်မတည်ငြိမ်၊ ငါ သမာဓိမကောင်း။ (ဧကဂ္ဂတာ = သမာဓိ၌ ဖြစ်သော ဒိဋ္ဌိတည်း။)

ထွေထွေလာလာ ငါ ကြံသည်။ (ဝိတက်၌ ဖြစ်သော ဒိဋ္ဌိတည်း။)

တစ်ရစ်ပတ်ပတ် ငါ ကြံသည်၊ ထပ်ကာထပ်ကာ ငါ စဉ်းစားနေသည်။ (ဝိစာရ၌ ဖြစ်သော ဒိဋ္ဌိတည်း။)

ထိုထိုအမှုကို ငါ ကြိုးစားအားထုတ်သည်။ (ဝီရိယ၌ ဖြစ်သော ဒိဋ္ဌိတည်း။)

ထိုထိုအရာကို ငါ နှစ်သက်သည်။ (ပီတိ၌ ဖြစ်သော ဒိဋ္ဌိတည်း။)

ထိုထိုဝတ္ထုကို ထိုထိုအရာကို ငါ လိုချင်သည်၊ ငါ ရချင်သည်၊ ငါ ပြုချင်သည်၊ ငါ သွားချင်သည်၊ ငါ ရောက်ချင်သည်၊ ငါ ပြောချင်သည်၊ ငါ ဆိုချင်သည်၊ ငါ ကြည့်ချင်သည် စသည်ဖြစ်သည်ကား ဆန္ဒ၌စွဲသော ဒိဋ္ဌိတည်း။

ပရမတ်တရားနှင့် စပ်၍ ဘယ်တရားကို ငါ မသိ, ငါ မမြင်, ငါ မထင်။ (မောဟ၌ စွဲသော ဒိဋ္ဌိတည်း။)

မကောင်းမှုနှင့် တွေ့လျှင် ငါ မရှက်တတ်။ (အဟိရိက၌ စွဲသော ဒိဋ္ဌိတည်း။)

မကောင်းမှုနှင့် တွေ့လျှင် ငါ မကြောက်တတ်။ (အနောတ္တပ္ပ၌ စွဲသော ဒိဋ္ဌိတည်း။)

သားမယား စည်းစိမ်ဥစ္စာစသည့် သက်ရှိ သက်မဲ့ ကာမဝတ္ထု အစုစုတို့၌ ဘယ်သူ့ကို ဘယ်ဟာကို ငါ လိုချင်သည် ငါ ခင်မင်သည် ငါ ချစ်ခင်စုံမက်သည် ငါ သာယာတွယ်တာသည်။ (လောဘ၌ ဖြစ်သော ဒိဋ္ဌိတည်း။)

ငါ စိတ်ဆိုးသည်၊ ငါ စိတ်ပျက်သည်၊ ငါ စိတ်ညစ်သည်၊ ငါ မုန်းသည်၊ ငါ မြင်ပြင်းကပ်သည်၊ ငါ ဒေါသ ဖြစ်သည်။ (ဒေါသ၌ ဖြစ်သော ဒိဋ္ဌိတည်း။)

ငါ အညံ့မခံနိုင်၊ ငါ အလျှော့မပေးနိုင်၊ ငါ မနိမ့်ချနိုင်၊ ငါ အနိုင်ယူမည်။ (မာန၌ ဖြစ်သော ဒိဋ္ဌိတည်း။)

ငါ အယူမှားသည်၊ ငါ၏ အယူသာ မှန်သည်၊ ဤငါ၏ အတ္တဝါဒသာ မှန်သည်၊ ငါ၏ သဿတဝါဒသာ မှန်သည်၊ ငါ၏ ဥစ္ဆေဒဝါဒသာ မှန်သည်၊ ဤငါ၏ နတ္ထိကဒိဋ္ဌိ အယူသာ မှန်သည်၊ ဤငါ၏ အဟေတုကဒိဋ္ဌိ အယူသာ မှန်သည်၊ ဤငါ၏ အကိရိယဒိဋ္ဌိ အယူသာ မှန်သည် – ဤသို့ စသည်ဖြင့် စွဲယူသည်ကား ဒိဋ္ဌိ၌ စွဲယူထားသော သက္ကာယဒိဋ္ဌိတည်း။

ငါ ငြူစူသည်။ (ဣဿာ၌ စွဲယူသော သက္ကာယဒိဋ္ဌိ)

ငါ ဝန်တိုသည်, ငါ နှမြောသည်။ (မစ္ဆရိယ၌ စွဲယူသော သက္ကာယဒိဋ္ဌိ)

ငါ ပြုခဲ့မိသည့် ဒုစရိုက်အတွက် ငါ စိတ်ပူသည်၊ ငါ နှလုံးပူသည်၊ ငါ စိတ်မကောင်း ဖြစ်နေမိသည်၊ ငါ ဥပုသ်မစောင့်လိုက်ရ၍ စိတ်မကောင်း ဖြစ်မိသည်။ (ကုက္ကုစ္စ၌ ဖြစ်သော သက္ကာယဒိဋ္ဌိတည်း။)

တရားဓမ္မနှင့် စပ်၍ ထိုထို လုပ်ငန်းရပ်နှင့် စပ်၍ ငါ ငြီးငွေ့သည် ငါ ပျင်းရိသည်။ (ထိနမိဒ္ဓ၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)

ရတနာသုံးတန်, ကံ ကံ၏အကျိုး, အတိတ်ဘဝ အနာဂတ်ဘဝ စသည်တို့၌ ငါ မယုံကြည်နိုင်၊ ငါ ယုံမှားသည်၊ ငါ နှစ်လုံးနှစ်ခွ ရှိသည်။ (ဝိစိကိစ္ဆာ၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)

ငါ စိတ်ပျံ့လွင့်သည်၊ ငါ စိတ်မငြိမ်။ (ဥဒ္ဓစ္စ၌ ဖြစ်သော သက္ကာယဒိဋ္ဌိတည်း။)

ရတနာသုံးတန်, ကံ ကံ၏ အကျိုး, အတိတ်ဘဝ အနာဂတ်ဘဝစသည်တို့၌ ငါ ယုံကြည်သည်၊ ငါ ကြည်ညိုသည်၊ ငါ ကြည်ဖြူသည်၊ ငါ နှလုံးကြည်သည်။ (သဒ္ဓါ၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)

ကောင်းသောအမှုတို့၌ ငါ မမေ့တတ်၊ ငါ သတိကောင်းသည်၊ ငါ အမှတ်ရသည်၊ ရုပ်နာမ်တွေကို ငါ ရှုလို့ရသည်၊ အကြောင်း အကျိုးတရားတွေကို ငါ ရှုလို့ရသည်၊ ရုပ်-နာမ်-ကြောင်း-ကျိုး သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ အချက်တို့ကို ငါ ရှုလို့ရသည်။ (သတိ၌ စွဲယူထားသော သက္ကာယဒိဋ္ဌိတည်း။)

မကောင်းမှု ဒုစရိုက်တို့၌ ငါ ရှက်တတ်သည်။ (ဟိရီ၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)

မကောင်းမှု ဒုစရိုက်တို့မှ ငါ ကြောက်တတ်သည်။ (ဩတ္တပ္ပ၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)

ငါ မတွယ်တာတတ်။ (အလောဘ၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)

ငါ အမျက်မထွက်တတ်၊ ငါ စိတ်မဆိုးတတ်။ (အဒေါသ၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)

ရုပ်နာမ်တို့ အပေါ်၌ ငါ ဥပေက္ခာထားလို့ရသည်။ (တတြမဇ္ဈတ္တတာစေတသိက်၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)

တရားရှုရလို့ ငါ အေးချမ်းသည်။ (ပဿဒ္ဓိ စေတသိက်တို့၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

တရားရှုရတာ ငါ ပေါ့ပါးသည်။ (လဟုတာစေတသိက်တို့၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

တရားရှုရတာ ငါ နူးညံ့သည်။ (မုဒုတာစေတသိက်တို့၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

တရားရှုရတာ ငါ အဆင်ပြေသည်။ (ကမ္မညတာစေတသိက်တို့၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

တရားရှုလို့ ငါ ကျွမ်းကျင်သည်။ (ပါဂုညတာစေတသိက်တို့၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

ငါ စိတ်ထား ဖြောင့်မတ် ဖြူစင်သည်။ (ဥဇုကတာစေတသိက်တို့၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

ကာယဒုစရိုက်တို့မှ ငါ လုံခြုံသည်။ (သမ္မာကမ္မန္တ၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

ဝစီဒုစရိုက်တို့မှ ငါ ရှောင်ကြဉ်သည်။ (သမ္မာဝါစာ၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

မိစ္ဆာဇီဝမှ ငါ ရှောင်ကြဉ်သည်။ (သမ္မာအာဇီဝ၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

ငါ ဥပုသ်သီတင်း စောင့်သုံးသည်၊ ငါ ကိုယ်ကျင့်သီလ မြဲသည်၊ သူ့အသက်ကို သတ်ခြင်းမှ ငါ ရှောင်ကြဉ်သည်။ (ဝိရတိစေတသိက်တို့၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

ဒုက္ခိတသတ္တဝါကို ငါ သနားသည်။ (ကရုဏာ၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

သုခိတသတ္တဝါကို ငါ ဝမ်းမြောက်သည်။ (မုဒိတာ၌ စွဲယူသော သက္ကာယဒိဋ္ဌိ။)

ရုပ်-နာမ်-ကြောင်း-ကျိုး သင်္ခါရတရားတွေကို ငါ ထွင်းဖောက် သိမြင်သည်။ (ပညိန္ဒြေစေတသိက်၌ စွဲယူထားသော သက္ကာယဒိဋ္ဌိတည်း။)

ဤကား သင်္ခါရက္ခန္ဓာ စေတသိက်တို့အပေါ် သက္ကာယဒိဋ္ဌိဖြစ်ပုံ အရိပ်အမြွက်တည်း။ ယင်းအရိပ်အမြွက်ကို နည်းမှီး၍ သက္ကာယဒိဋ္ဌိ (၄)မျိုးလုံး ဖြစ်ပုံကို သဘောပေါက်ပါ။

## ပုံစံ (၁) ခု

၁။ စေတနာသည် ငါပင်တည်း။
၂။ စေတနာရှိသော ငါ။
၃။ ငါ၌ ရှိသော စေတနာ။
၄။ စေတနာတို့၌ တည်ရှိသော ငါ – ဟု အသီးအသီး စွဲယူ၏။ ဤသို့စသည်ဖြင့် သင်္ခါရက္ခန္ဓာ အမည်ရသော စေတသိက် (၅၀)တို့၌ နည်းတူ သဘောပေါက်ပါ။

## ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး

၁။ **ဝိညာဏံ အတ္တတော သမနုပဿတိ** = ဝိညာဏ်ကို အတ္တဟု ရှု၏။
၂။ **ဝိညာဏဝန္တံ ဝါ အတ္တာနံ** = ဝိညာဏ်ရှိသော အတ္တဟု ရှု၏။
၃။ **အတ္တနိ ဝါ ဝိညာဏံ** = အတ္တ၌ ဝိညာဏ်ဟု (ဝိညာဏ်ရှိ၏ဟု) ရှု၏။

၄။ **ဝိညာဏသ္မိံ ဝါ အတ္တာနံ** = ဝိညာဏ်၌ အတ္တဟု (အတ္တရှိ၏ဟု) ရှု၏။

အမှတ် (၁)ကား ဝိညာဏ်နှင့် အတ္တကို တစ်ခုတည်းပြု၍ ဝိညာဏ်သည်ပင် အတ္တ, အတ္တသည်ပင် ဝိညာဏ်ဟု စွဲယူ၏။ အမှတ် (၂-၃-၄)တို့ကား ဝိညာဏ်နှင့် အတ္တကို တစ်ခြားစီပြု၍ စွဲယူမှုတည်း။ တစ်ဖန် အမှတ် (၁)ကား ဝိညာဏ်ကို အတ္တဟု စွဲယူ၏။ အမှတ် (၂-၃-၄)တို့ကား ရုပ်-ဝေဒနာ-သညာ-သင်္ခါရတို့ကို အတ္တဟု စွဲယူ၍ အတ္တက တစ်ခြား ဝိညာဏ်က တစ်ခြားဟု စွဲယူသည်။

## သဘောပေါက်လွယ်ရန် ပုံစံများ

၁။ ဝိညာဏ်သည် ငါ ဖြစ်၏။ (ဝိညာဏ်နှင့် အတ္တကို တစ်ခုတည်းပြု၍ စွဲယူပုံတည်း။)
၂။ ဝိညာဏ်သည် ငါ၏ဥစ္စာ ဖြစ်၏။ (ဝိညာဏ်နှင့် အတ္တကို တစ်ခြားစီထား၍ စွဲယူပုံတည်း။)

အဘယ်သူကို အဘယ်ဝတ္ထုကို –

၁။ ငါ မြင်သည် ငါ ကြည့်သည် ငါ ရှုသည်။ (စက္ခုဝိညာဏ်၌ စွဲယူသော သက္ကာယဒိဋ္ဌိ တည်း။)
၂။ ငါ ကြားသည် ငါ နာယူသည် ငါ နားထောင်သည်။ (သောတဝိညာဏ်၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)
၃။ ငါ နံသည် ငါ မွှေးသည်။ (ဃာနဝိညာဏ်၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)
၄။ အချိုအချဉ် အရသာကို ငါ သိသည်။ (ဇိဝှါဝိညာဏ်၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)
၅။ အချမ်းအပူ အကြမ်းအနု လှုပ်ရှားမှုတို့ကို တွေ့ထိ၍ ငါ သိသည်။ (ကာယဝိညာဏ်၌ စွဲယူသော သက္ကာယဒိဋ္ဌိတည်း။)
၆။ မနောနှလုံးနှင့် ငါ ကြံသည် ငါ တွေးသည် ငါ သိသည်။ (မနောဝိညာဏ်၌ စွဲယူထားသော သက္ကာယဒိဋ္ဌိ အသီးအသီးတည်း။)

## ခန္ဓာ (၅) ပါးလုံး အပေါ်၌ စွဲယူမှု

ဤ၌ဆိုခဲ့ပြီးသည်ကား ခန္ဓာ (၅)ပါး တစ်ပါးပါး အပေါ်၌ စွဲယူမှုတည်း။ တစ်ဖန် အပေါင်းအားဖြင့် ခန္ဓာ ငါးပါးလုံးကို ခြုံ၍ ငါဟူ၍လည်းကောင်း, ငါ သွားသည် ငါ လာသည် ငါ ပြုသည် ငါ ပြောသည် ငါ ဆိုသည် အစရှိသည်ဖြင့်လည်းကောင်း အပေါင်းကို ခြုံငုံ၍ စွဲလမ်းပြောဆိုသမျှလည်း သက္ကာယဒိဋ္ဌိချည်းပင်တည်း။

ပုဂ္ဂိုလ် အဟုတ်ရှိ၏၊ သတ္တဝါ အဟုတ်ရှိ၏၊ လူ အဟုတ်ရှိ၏၊ နတ် အဟုတ်ရှိ၏၊ မိန်းမ အဟုတ်ရှိ၏၊ ယောက်ျား အဟုတ်ရှိ၏၊ ငါ အဟုတ်ရှိ၏၊ သူတစ်ပါး အဟုတ်ရှိ၏ – ဟု မှတ်ထင်ခြင်း အရင်းခံ ရှိကြကုန်သော ပုထုဇန်သတ္တဝါတို့သည် – "ငါဟူသော စကား, ကိုယ်ဟူသော စကား, သူဟူသော စကားကို" – တစ်လောကလုံး တအုန်းအုန်းလည်း ပြောကြကုန်၏၊ ပြောတိုင်း ပြောတိုင်းလည်း စိတ်အထင်ပါကြကုန်၏။ သက္ကာယဒိဋ္ဌိကို ပယ်ပြီးသော အရိယာသူတော်ကောင်းကြီးတို့သည်ကား အပြောမှာ သမုတိသစ္စာ ဝေါဟာရသို့လိုက်၍ အများနည်းတူပင် ပြောကြကုန်၏။ စိတ်အထင်မူကား မရှိပြီ၊ ငါဟူ၍ ပြောကြကုန်သော်လည်း စိတ်မှာ တကယ်ဟုတ်သည်ဟု မထင်ကြကုန်ပြီ။

ဤပြဆိုခဲ့ပြီးသော သက္ကာယဒိဋ္ဌိအချက်စုမှာ ဒိဋ္ဌိနှင့် စွဲလမ်းထင်မြင်သည်လည်းရှိသည်။ သညာနှင့် စွဲလမ်းထင်မြင်သည်လည်းရှိသည်။ စိတ်ဝိညာဏ်နှင့် စွဲလမ်းထင်မြင်သည်လည်း ရှိသည်ဟု မှတ်ပါ။

## သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ

အတ္တသည် သေလျှင်ပြတ်၏ – ဟု စွဲယူသော အယူသည် ဥစ္ဆေဒဒိဋ္ဌိတည်း။ အတ္တသည် မပြတ်မစဲ အမြဲ တည်ရှိ၏ဟု စွဲယူသော အယူသည် သဿတဒိဋ္ဌိတည်း။

၁။ ရုပ်ကိုအတ္တဟု (= ရူပံ အတ္တတော သမနုပဿတိ။)
၂။ ဝေဒနာကို အတ္တဟု (= ဝေဒနံ အတ္တတော သမနုပဿတိ။)
၃။ သညာကို အတ္တဟု (= သညံ အတ္တတော သမနုပဿတိ။)
၄။ သင်္ခါရကို အတ္တဟု (= သင်္ခါရေ အတ္တတော သမနုပဿတိ။)
၅။ ဝိညာဏ်ကို အတ္တဟု (= ဝိညာဏံ အတ္တတော သမနုပဿတိ။)

ဤသို့ အသီးအသီး စွဲယူရာ၌ ထို ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၏ ပျက်စီးမှုသည် ထင်ရှားသော ကြောင့် အတ္တသည် ပျက်စီး၏၊ အတ္တသည် ပြတ်၏ – ဟု စွဲယူရကား ဥစ္ဆေဒဒိဋ္ဌိလည်း ဖြစ်၏၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိလည်း ဖြစ်၏။ ယင်းဥစ္ဆေဒဒိဋ္ဌိကိုပင် ဝိဘဝဒိဋ္ဌိဟုလည်း ခေါ်၏။

တစ်ဖန် ရုပ်ရှိသော အတ္တ, ဝေဒနာရှိသော အတ္တ, သညာရှိသော အတ္တ, သင်္ခါရရှိသော အတ္တ, ဝိညာဏ်-ရှိသော အတ္တ စသည်ဖြင့် စွဲယူရာ၌ကား ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်က တစ်ခြား အတ္တက တစ်ခြားဟု စွဲယူထားသဖြင့် ထို ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ ပျက်စီးသော်လည်း အတ္တကားမပျက်စီးဟု ယူသော ကြောင့် သဿတဒိဋ္ဌိလည်း ဖြစ်၏၊ သက္ကာယဒိဋ္ဌိလည်း ဖြစ်၏။ ယင်းသဿတဒိဋ္ဌိကို ဘဝဒိဋ္ဌိဟုလည်း ခေါ်ဆို၏။

ဗြဟ္မဇာလသုတ်စသည်၌ ဟောကြားတော်မူအပ်သော မိစ္ဆာဒိဋ္ဌိ (၆၂)မျိုးစသည့် မိစ္ဆာဒိဋ္ဌိ အယူဝါဒ မှန်သမျှတို့သည် ဤသက္ကာယဒိဋ္ဌိမှ ဆက်သွယ်ဖြစ်ပွား ပေါ်ပေါက်၍ လာကြကုန်၏၊ ဤသက္ကာယဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိ မှန်သမျှ၏ အရင်းခံ မျိုးစေ့ ဖြစ်၏။ ဤမိစ္ဆာဒိဋ္ဌိအယူတို့သည် သက္ကာယဒိဋ္ဌိ ရှိသော် ဖြစ်ကုန်၏၊ သက္ကာယဒိဋ္ဌိ မရှိသော် မဖြစ်ကုန်ဟု သဠာယတနဝဂ္ဂသံယုတ် စိတ္တသံယုတ် ဒုတိယ ဣသိဒတ္တသုတ္တန်၌ လာရှိ၏။

ယာနိ စိမာနိ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဗြဟ္မဇာလေ ဘဏိတာနိ၊ ဣမာ ခေါ ဂဟပတိ ဒိဋ္ဌိယော သက္ကာယဒိဋ္ဌိယာ သတိ ဟောန္တိ၊ သက္ကာယဒိဋ္ဌိယာ အသတိ န ဟောန္တီတိ။ (သံ-၂-၄၇၈။)

## မရောရာသော သက္ကာယဒိဋ္ဌိ

ယခုအခါ မြန်မာနိုင်ငံအတွင်း၌ရှိသော ဗုဒ္ဓဘာသာဝင် အချို့တို့သည်လည်း "ဘယ်အရာ"ဟု ကျကျနန မပြောတတ်ကြသော်လည်း ရုပ်နာမ်ခန္ဓာ တစ်စုံတစ်ခုအပေါ်၌ အထူးသဖြင့် ဝိညာဏ်အပေါ်၌ အတ္တဟုပင် စွဲလမ်းလျက် ရှိကြ၏။ အတ္တဟူသော အမည်ကို မသုံးကြစေကာမူ ယင်းအတ္တစကားလုံးနှင့် အဓိပ္ပါယ်တူညီ သည့် – **အသက်ကောင်, လိပ်ပြာ, ဝိညာဏ်** – ဟူသော စကားလုံးများဖြင့် ခေါ်ဝေါ်သုံးစွဲကြ၏။ လူတစ်ယောက် စုတေသည့်အခါ "အသက်ထွက်သွားပြီ"ဟုလည်းကောင်း, လူတစ်ယောက် ဖျားနာ၍ မေ့မျောသွားသည့်အခါ လိပ်ပြာ ထွက်သွားသဖြင့် လိပ်ပြာ ပြန်ခေါ်တတ်သော ဆရာနှင့် "လိပ်ပြာ ပြန်ခေါ်သည်"ဟုလည်းကောင်း, လူတစ်ဦးတစ်ယောက် အမှတ်တမဲ့ လန့်သွားသည့်အခါ – "လိပ်ပြာကို လွင့်သွားတာပဲ"ဟုလည်းကောင်း, ကလေးများကို ချောက်လှန့်ခဲ့သော်"ကလေးများကို မချောက်လှန့်နဲ့ ၊ လိပ်ပြာ လွင့်သွားတတ်တယ်"ဟုလည်း-ကောင်း, သေသွားသူ၏ လိပ်ပြာသည် ချစ်ခင်သူ၏ လိပ်ပြာကို လာရောက်ခေါ်ယူနေသည်၊ သေသွားသူ၏ လိပ်ပြာနှင့် ချစ်ခင်သူ၏ လိပ်ပြာနှစ်ဦးတို့ လိပ်ပြာချင်း ပူးနေသည်၊ သို့အတွက် လိပ်ပြာချင်း ခွဲပေးရမည်ဟု လည်းကောင်း – ဤသို့စသည်ဖြင့် ပြောဆိုတတ်ကြ၏။ သေလျှင် ဝိညာဏ်သည် ဘဝတစ်ခုမှ ဘဝတစ်ခုသို့

ပြောင်းရွှေ့သွားသည်ဟုလည်း ယူဆတတ်ကြ၏။ ဤအတ္တစွဲလမ်းမှုကား နယ်ကျယ်လှ၏၊ ခန္ဓာကိုယ်၌ သာမက အပြင်အပ သက်မဲ့လောက အကယ်စင်စစ်ဖြစ်သည့် သစ်ပင် တောတောင် ရေမြေတို့မှာပင် အသက်ဇီဝ အတ္တရှိ၏ဟု စွဲလမ်းတတ်ကြ၏။

ဇီဝသညိနော ဟိ မောဃပုရိသာ မနုဿာ ရုက္ခသ္မိံ ။ (ဝိ-၂-၅၁-၅၂။)

## မဂ်ကို တားနိုင်သည်

တာ သဗ္ဗာပိ မဂ္ဂါဝရဏာ၊ န သဂ္ဂါဝရဏာ၊ ပဌမမဂ္ဂဝဇ္ဈာတိ ဝေဒိတဗ္ဗာ။ (အဘိ-ဋ-၁-၃၈၈။)

ဤဖော်ပြခဲ့သည့် ဘဝဒိဋ္ဌိ (၁၅)မျိုး, ဝိဘဝဒိဋ္ဌိ (၅)မျိုးဟူသော (၂၀)သော သက္ကာယဒိဋ္ဌိတို့သည် မဂ်ဉာဏ်ကို မရအောင် တားထားနိုင်ကုန်၏။ သို့သော် ယင်းသက္ကာယဒိဋ္ဌိ (၂၀)တို့သည် နတ်ရွာသုဂတိကိုကား မရောက်အောင် တားမထားနိုင်ကုန်။ ယင်းသက္ကာယဒိဋ္ဌိ (၂၀)တို့ကား ပဌမ သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်ရမည့် တရားစုတို့သာ ဖြစ်ကြသည်။ (အဘိ-ဋ-၁-၃၈၈။)

သင်္ခါရတရားတို့ကို လက္ခဏာယာဉ်သုံးတန်လုံး တစ်လှည့်စီတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပါမှ အရိယမဂ်သို့ ဆိုက်နိုင်၏။ အနိစ္စသက်သက်, သို့မဟုတ် ဒုက္ခသက်သက်, သို့မဟုတ် အနတ္တသက်သက် ဝိပဿနာ ရှုနေရုံမျှဖြင့်ကား အရိယမဂ်သို့ မဆိုက်ရောက်နိုင်ပြီ။ (ဝိသုဒ္ဓိ-၂-၃၀၁။)

ထိုလက္ခဏာရေးသုံးတန်တို့တွင် အနတ္တာနုပဿနာဉာဏ်လည်း ပါဝင်လျက်ရှိ၏။ အနတ္တာနုပဿနာဉာဏ်ဖြင့်လည်း သင်္ခါရတရားတို့ကို အနတ္တဟု အဖန်ဖန် ရှုနိုင်ပါမှ သိနိုင်ပါမှ ဉာဏ်ဖြင့် မြင်နိုင်ပါမှလည်း မဂ်ဖိုလ်ကို ရနိုင် ဆိုက်ရောက်နိုင်သောကြောင့်, သက္ကာယဒိဋ္ဌိဖြင့် သင်္ခါရတရားတို့ကို အတ္တဟု ရှုလေသမျှ ရှုနေသမျှ အနတ္တသို့ ဉာဏ်အမြင်မဆိုက်နိုင်ရကား မဂ်ဖိုလ်ကို မရနိုင် မဂ်ဖိုလ်သို့ မဆိုက်ရောက်နိုင်။ ထိုကြောင့် ဤသက္ကာယဒိဋ္ဌိကို "မဂ္ဂါဝရဏ = မဂ်ကို မရအောင် တားထားနိုင်၏"ဟု ဆိုသည်။ သို့သော် ယင်းသက္ကာယဒိဋ္ဌိတို့သည် တင်းလင်းရှိကုန်သော်လည်း နတ်ရွာသုဂတိကိုကား ရောက်နိုင်သဖြင့် နတ်ရွာ သုဂတိကို မရောက်အောင် တားနိုင်သည့် သဂ္ဂါဝရဏတရားတို့ကား မဟုတ်ကြကုန်။

ဤသက္ကာယဒိဋ္ဌိ (၂၀)တို့ အပေါ်၌ အခြေစိုက်လျက် အတ္တကို ပြောဆိုကြောင်း စွဲမြဲစွာယူကြောင်း သဘောတရားတည်းဟူသော အတ္တဝါဒုပါဒါန်သည်, တစ်နည်း အတ္တဟု စွဲမြဲစွာယူကြောင်းဖြစ်သော အတ္တဝါဒမျှသာလျှင် ဖြစ်သော အတ္တဝါဒုပါဒါန်သည် ဖြစ်ပေါ်နေပေသည်။

## ဥပ္ပတ္တိက္ကမ – ပဟာနက္ကမ – ဒေသနာက္ကမ

၁။ **ဥပ္ပတ္တိက္ကမ** = ဖြစ်စဉ် -
၂။ **ပဟာနက္ကမ** = အရိယမဂ်ဖြင့် ပယ်စဉ် -
၃။ **ဒေသနာက္ကမ** = ဒေသနာဟောစဉ် - ဟု အစဉ်သုံးမျိုးရှိ၏။

၁။ **ဥပ္ပတ္တိက္ကမ** – အစမထင် သံသရာတစ်ခွင်၌ ဤကိလေသာကား ရှေးဦးစွာ ဖြစ်ခြင်း ထင်ရှား၏ – ဟု ဆိုဖွယ် မရှိခြင်းကြောင့် အဝိဇ္ဇာ တဏှာ စသော ကိလေသာတို့၏ ဖြစ်စဉ်ကို = ဥပ္ပတ္တိက္ကမကို မုချအားဖြင့် မဆိုနိုင်ပေ။ သို့သော် ပရိယာယ်အားဖြင့် ဆိုရသော် ယေဘုယျအားဖြင့် ဘဝတစ်ခု၌ အတ္တဟု စွဲယူခြင်းလျှင် ရှေးသွားရှိသော အတ္တသည် မြဲ၏ဟု သဿတဒိဋ္ဌိအားဖြင့်လည်းကောင်း, အတ္တသည် သေလျှင် ပြတ်၏ဟု

ဥစ္ဆေဒဒိဋ္ဌိအားဖြင့်သော်လည်းကောင်း မှားမှားယွင်းယွင်း စွဲမြဲစွာ နှလုံးသွင်းခြင်း ဒိဋ္ဌုပါဒါန် ဖြစ်တတ်၏။

ထိုနောင် ဤအတ္တသည် အခါခပ်သိမ်း ထင်ရှားရှိ၏ မြဲ၏ — ဤသို့စွဲယူသော ပုဂ္ဂိုလ်၏ သန္တာန်၌ အတ္တ၏ စင်ကြယ်ခြင်း အကျိုးငှာ သီလဗ္ဗတုပါဒါန် ဖြစ်ပေါ်လာတတ်၏။

တစ်ဖန် ဤအတ္တသည် သေလျှင် ပြတ်၏ဟု ဤသို့စွဲယူသော ဥစ္ဆေဒအယူ ရှိသောကြောင့် တမလွန်ပရလောကကို ငဲ့ခြင်းမရှိသော တမလွန်ပရလောက မရှိဟုယူသော ပုဂ္ဂိုလ်၏သန္တာန်၌ ကာမဂုဏ်တို့၌ စွဲလမ်းတပ်မက်ခြင်း ကာမုပါဒါန် ဖြစ်ပေါ်လာတတ်၏။ ဤသို့လျှင် ပထမအတ္တဝါဒုပါဒါန် ထိုနောင် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် ကာမုပါဒါန်တို့ ဖြစ်ပေါ်လာတတ်ကြကုန်၏။ ဤကား ဥပါဒါန် (၄)ပါးတို့၏ ဘဝတစ်ခု၌ ဖြစ်စဉ် ဥပ္ပတ္တိက္ကမတည်း။ (အဘိ-ဋ္ဌ-၂-၁၇၃။ ဝိသုဒ္ဓိ-၂-၂၀၄-၂၀၅။)

၂။ **ပဟာနက္ကမ** — ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်တို့ကို ရှေးဦးစွာ ပယ်အပ်၏။ သောတာပတ္တိမဂ်သည် ပယ်သတ်ထိုက်သော တရားတို့ ဖြစ်ခြင်းကြောင့်တည်း။ ကာမုပါဒါန်ကား အရဟတ္တမဂ်ဖြင့် ပယ်သတ်အပ်သော တရားဖြစ်ခြင်းကြောင့် နောက်မှ ပယ်သတ်အပ်သော ဥပါဒါန်တည်း။

(အဘိ-ဋ္ဌ-၂-၁၇၃။ ဝိသုဒ္ဓိ-၂-၂၀၅။)

၃။ **ဒေသနာက္ကမ** — ကာမုပါဒါန်က အရာကျယ်သောကြောင့်လည်းကောင်း, လောက၌ ထင်ရှားသောကြောင့်လည်းကောင်း ဥပါဒါန် (၄)မျိုးတို့တွင် ကာမုပါဒါန်ကို ရှေးဦးစွာ ဟောတော်မူသည်။ ထိုကာမုပါဒါန်သည် လောဘမူစိတ် (၈)ပါးလုံး၌ ယှဉ်ရကား အရာကျယ်၏။ ကျန်ဥပါဒါန်သုံးမျိုးတို့ကား ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ် (၄)မျိုးနှင့်သာ ယှဉ်ရကား အရာကျဉ်း၏။ ယေဘုယျအားဖြင့် ငြိကပ်တွယ်တာရာ ဥပါဒါနက္ခန္ဓာငါးပါး၌ မွေ့လျော်ခြင်းရှိသော သတ္တဝါအပေါင်း၌ ကာမုပါဒါန်ကား ထင်ရှား၏။ ကျန်ဥပါဒါန်တို့ကား မထင်ရှားကုန်။

ကာမုပါဒါန် အားကြီးသော ပုဂ္ဂိုလ်သည် သက်ရှိ သက်မဲ့ ကာမဝတ္ထု အစုစုကို ရရှိရန်အလို့ငှာ ကံ ကံ၏ အကျိုးကို ယုံကြည်မှုမရှိဘဲ, ရှိသော်လည်း အလေးမမူဘဲ ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာစသော လောကီမင်္ဂလာတို့ကိုသာ လေ့လာလိုက်စားမှု များ၏။ ထိုပုဂ္ဂိုလ်၏ ထိုလောကီမင်္ဂလာတို့အပေါ်၌ ယုံကြည်မှုသည် စွဲလမ်းမှုသည် ဒိဋ္ဌုပါဒါန်ပင်တည်း။ ထိုကြောင့် ကာမုပါဒါန်၏ အခြားမဲ့၌ ဒိဋ္ဌုပါဒါန်ကို ဟောတော်မူသည်။

ထိုဒိဋ္ဌုပါဒါန်သည် ကွဲပြားလတ်ပြန်သော် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်အားဖြင့် နှစ်မျိုး ပြားပြန်၏။ ထိုနှစ်မျိုးတို့တွင် နွားတို့၏ အမူအရာကိုသော်လည်းကောင်း ခွေးတို့၏ အမူအရာကိုသော်လည်းကောင်း မြင်ရုံဖြင့်လည်း သိထိုက်သည်၏ အဖြစ်ကြောင့် ပေါ်လွင်ထင်ရှားရကား သီလဗ္ဗတုပါဒါန်ကို ပထမရှေးဦးစွာ ဟောတော်မူ၏။ သိမ်မွေ့သည်၏ အဖြစ်ကြောင့် အဆုံး၌ အတ္တဝါဒုပါဒါန်ကို ဟောတော်မူ၏။ ဤကား ဒေသနာက္ကမ = ဒေသနာတော်အစဉ်တည်း။ (အဘိ-ဋ္ဌ-၂-၁၇၃။ ဝိသုဒ္ဓိ-၂-၂၀၅။)

## ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ

၁။ ကာမတဏှာသည် ကာမုပါဒါန်အား ဥပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့်သာ ကျေးဇူးပြု၏။ တဏှာဖြင့် လွန်စွာ နှစ်သက်အပ်ကုန်သော အာရုံတို့၌ ကာမုပါဒါန်၏ ဖြစ်ခြင်းကြောင့်တည်း။

(အဘိ-ဋ္ဌ-၂-၁၇၃။ ဝိသုဒ္ဓိ-၂-၂၀၅။)

ဤ၌ ဥပနိဿယဟုဆိုသဖြင့် အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယ (၃)မျိုးလုံးကိုပင် ဆိုသည်မှတ်ပါ။ အနန္တရ သမနန္တရ နတ္ထိ ဝိဂတပစ္စည်းတို့သည် အနန္တရူပနိဿယ၌ပင် အကျုံးဝင်သည်ဟု မှတ်ပါ။ အောက်၌လည်း နည်းတူမှတ်ပါ။ (မူလဋီ-၂-၁၂၂။)

တစ်ဖန် ယင်းကာမတဏှာသည် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဟူသော ဥပါဒါန်သုံးမျိုးအား သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဟေတုဟူသော ပစ္စယသတ္တိ (၇)မျိုးတို့ဖြင့် လည်း-ကောင်း, ဥပနိဿယပစ္စည်းနှင့်တကွ (၈)မျိုးတို့ဖြင့်လည်းကောင်း ဖြစ်ပေါ်လာအောင် ကျေးဇူးပြု၏။ အကြင် အခါ၌ ယင်းတဏှာသည် ယင်းဥပါဒါန်သုံးပါးအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုအခါ၌ ယင်းတဏှာနှင့် ဥပါဒါန်တို့သည် အသဟဇာတ = စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူ ယှဉ်တွဲဖြစ်ကြသော သဟဇာတတရားများ မဟုတ်ကြဟု သိရှိပါလေ။ (စိတ္တက္ခဏပေါင်းများစွာ ကွာခြားနေမည် ဟူလိုသည်။)

## အကြောင်း အကျိုး သိမ်းဆည်းပုံ

ဤအပိုင်းကား ယခုမျက်မှောက် ဤပစ္စုပ္ပန်ဘဝကို ဗဟိုထား၍ ကြည့်ရှုသုံးသပ်ပါက အနာဂတ် အကျိုး တရားများကို ရည်ရွယ်တောင့်တ၍ ထိုအကျိုးတရားများကို ရရှိနိုင်သည့် အကြောင်းတရားတို့ကို ပြုစုပျိုးထောင် သည့် ပစ္စုပ္ပန်အကြောင်းတရားပိုင်းပင် ဖြစ်သည်။ အထူးသဖြင့် အနာဂတ်ဘဝတစ်ခုအတွက် ရည်ရွယ်၍ ပြုစု ပျိုးထောင်နေသော ကိလေသဝဋ် ကမ္မဝဋ်တို့တွင် အကျုံးဝင်သော တဏှာကြောင့် ဥပါဒါန် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်း အကျိုးတို့ကို သိမ်းဆည်းရမည့် အပိုင်းဖြစ်သည်။ သို့အတွက် အနာဂတ် ဘဝ တစ်ခုခုအတွက် မိမိ ပြုစုပျိုးထောင်နေကျ ကိလေသဝဋ် ကမ္မဝဋ် တစ်ခုခုနှင့် ပူးကပ်၍ ရှုပါက ပို၍ ကောင်းမွန် သည်၊ ပို၍ သဘောပေါက် မြန်နိုင်သည်။

ဥပမာ — အသင်သူတော်ကောင်းသည် အနာဂတ်ဘဝ၌ ဓမ္မကထိကနတ်သားဖြစ်ရန် ရည်ရွယ်တောင့်တ၍ ကိလေသဝဋ် ကမ္မဝဋ်တို့ကို အကြိမ်များစွာ အခါအခွင့်သင့်သလို ပြုစုပျိုးထောင်နေသည် ဖြစ်အံ့။ ထိုကိလေသ ဝဋ် ကမ္မဝဋ်များထဲမှ နှစ်နှစ်ကာကာ အဖြစ်ဆုံး ကိလေသဝဋ် ကမ္မဝဋ် တစ်ခုခုကို ရွေးချယ်ပါ။

၁။ ဓမ္မကထိက နတ်သားဟု အသိမှားခြင်းသဘောကား အဝိဇ္ဇာတည်း။

၂။ ယင်းဓမ္မကထိကနတ်သားဘဝဟူသော ဘဝသမ္ပတ္တိ, နတ်ကာမဂုဏ် နတ်စည်းစိမ်တည်းဟူသော ဘောဂ-သမ္ပတ္တိ — ဤဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့ကို လိုလားတပ်မက်ခြင်း သဘောကား ကာမတဏှာတည်း။ တစ်နည်းဆိုသော် ဓမ္မကထိကနတ်သား တကယ်ထင်ရှားရှိ၏ဟု စွဲလမ်းယုံကြည်သော ဘဝဒိဋ္ဌိ အတ္တဒိဋ္ဌိနှင့် ယှဉ်သော ဓမ္မကထိကနတ်သားဘဝကို တွယ်တာတပ်မက်သော တဏှာသည် ဘဝတဏှာတည်း။

၃။ ယင်းကာမတဏှာကြောင့် နတ်သားဘဝ နတ်စည်းစိမ်ကို စွဲလမ်းသော ကာမုပါဒါန် ဖြစ်၏။ တစ်နည်း ယင်းဘဝတဏှာကြောင့် အတ္တဝါဒုပါဒါန် ဖြစ်၏။

အကယ်၍ ဓမ္မကထိကနတ်သားဘဝ၌ ရရှိမည့် သက်ရှိ သက်မဲ့ ကာမဝတ္ထု အစုစုအပေါ်၌ တွယ်တာ တပ်မက်မှု ကာမတဏှာ အရင်းခံလျက် ယင်းကာမဝတ္ထု အစုစုအပေါ်၌ စွဲလမ်းမှု ကာမုပါဒါန်ဖြစ်လျှင် ယင်းနတ်သားဘဝနှင့်တကွသော သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုအပေါ်၌ တွယ်တာတပ်မက်သည့် ကာမ-တဏှာကြောင့် ယင်းကာမုပါဒါန် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ (ကောင်းမှုကုသိုလ်ပြုစဉ်က ရုပ်နာမ် တို့ကို တစ်ဖန်ပြန်၍ သိမ်းဆည်းလျက် ထိုစဉ်က ကိလေသဝဋ်များ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍)

၁။ ကာမတဏှာ ဖြစ်ခြင်းကြောင့် ကာမုပါဒါန် ဖြစ်၏။
ကာမတဏှာက အကြောင်းတရား၊ ကာမုပါဒါန်က အကျိုးတရား။

ဤသို့အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ တစ်နည်း ဓမ္မကထိကနတ်သား ထင်ရှားဧကန် အမှန်ရှိ၏ဟူသော သက္ကာယဒိဋ္ဌိ၌ အခြေစိုက်လျက် ဓမ္မကထိကနတ်သားဟု စွဲယူသော အတ္တဒိဋ္ဌိနှင့် ယှဉ်သော ဘဝတဏှာဖြစ်လျှင် ယင်းဘဝတဏှာကြောင့် အတ္တဝါဒုပါဒါန် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း အကြောင်း အကျိုး သိမ်းဆည်းပါ။

၂။ ဘဝတဏှာ ဖြစ်ခြင်းကြောင့် အတ္တဝါဒုပါဒါန် ဖြစ်၏။
ဘဝတဏှာက အကြောင်းတရား၊ အတ္တဝါဒုပါဒါန်က အကျိုးတရား။

**လောကော စာ**တိ ဝါ အတ္တဂ္ဂဟဏဝိနိမုတ္တံ ဂဟဏံ ဒိဋ္ဌုပါဒါနဘူတံ ကမ္မပုရိမဒိဋ္ဌိဥတ္တရဒိဋ္ဌိဝစနေဟိ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (မူလဋီ-၂-၁၂၁။)

ဤမူလဋီကာအဖွင့်၏ အဓိပ္ပါယ်ကို ရှေးစာမျက်နှာ (၅၂၆)၌ — **တစ်နည်းယူပုံ** — ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြထားခဲ့၏။ ခန္ဓာ (၅)ပါးတို့တွင် တစ်ပါးပါးကို အတ္တဟုယူလျှင် ကျန်ခန္ဓာလေးပါးကို လောကဟု ယူနိုင်သောကြောင့် လောကသည်မြဲ၏ဟု စွဲယူသော အယူဝါဒမှာ မိစ္ဆာဒိဋ္ဌိပင် ဖြစ်၏။ ရှေးရှေး မိစ္ဆာဒိဋ္ဌိကို နောက်-နောက် မိစ္ဆာဒိဋ္ဌိဖြင့် စွဲယူပြန်သော် နောက်နောက်သော မိစ္ဆာဒိဋ္ဌိမှာ ဒိဋ္ဌုပါဒါန်ပင် ဖြစ်၏။ ရှေးရှေး မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သော တဏှာမှာ ဘဝတဏှာ ဖြစ်၏။ ယင်းဘဝတဏှာကြောင့် နောက်နောက်သော မိစ္ဆာဒိဋ္ဌိတည်းဟူသော ဒိဋ္ဌုပါဒါန် ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း အကြောင်း အကျိုး သိမ်းဆည်းပါ။

၃။ ဘဝတဏှာ ဖြစ်ခြင်းကြောင့် ဒိဋ္ဌုပါဒါန် ဖြစ်၏။
ဘဝတဏှာက အကြောင်းတရား၊ ဒိဋ္ဌုပါဒါန်က အကျိုးတရား။

ဤအဆင့်အထိ အသိဉာဏ်ရှိနေသော သူတော်ကောင်းတစ်ဦးအတွက် နောင်အနာဂတ်ကို မျှော်မှန်း၍ သီလဗ္ဗတုပါဒါန်ကား အလွန်ဖြစ်ခဲဖွယ်ရာ ရှိသည်။ အတိတ် သံသရာတစ်လျှောက်၌သာ ထိုက်သလို ဖြစ်နိုင်ခဲ့ပေမည်။ — ဤသည်မှာ ခြုံ၍ အကြောင်းအကျိုး သိမ်းဆည်းပုံတည်း။ အကယ်၍ ခွဲရှုလိုပါက အောက်ပါအတိုင်း ရှုပါ။ —

## တစ်နည်း ခွဲ၍ အကြောင်း အကျိုး သိမ်းဆည်းပုံ

၁။ ဓမ္မကထိက နတ်သားဘဝ၌ ရရှိမည့် ရူပါရုံကိုပင် လွန်စွာသာယာလျက် ဖြစ်ပေါ်လာသော ရူပတဏှာသည် ကာမတဏှာ မည်၏။

၂။ ထိုရူပါရုံကိုပင် — "မြဲ၏၊ အခါခပ်သိမ်း တည်ရှိ၏ —"ဟု ဖြစ်ပေါ်လာသော သဿတဒိဋ္ဌိနှင့် အတူတကွ ဖြစ်သော ရူပတဏှာသည် ဘဝတဏှာ မည်၏။

၃။ ထိုရူပါရုံကိုပင် — "သေလျှင် ပြတ်၏၊ ပျက်စီး၏"ဟု ဖြစ်ပေါ်လာသော ဥစ္ဆေဒဒိဋ္ဌိနှင့် အတူတကွဖြစ်သော ရူပတဏှာသည် ဝိဘဝတဏှာ မည်၏။

ဤသို့လျှင် ရူပတဏှာသည် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟု သုံးမျိုးပြား၏။ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာတို့၌လည်း အလားတူပင် သုံးမျိုးစီပြား၏။ ရူပ ကာမ-တဏှာစသည်ကြောင့် ကာမုပါဒါန်စသည့် ဥပါဒါန်များ ထင်ရှားဖြစ်ပေါ်လာပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

၁။ ရူပ ကာမတဏှာ ဖြစ်ခြင်းကြောင့် ကာမုပါဒါန် ဖြစ်၏။
ရူပ ကာမတဏှာက အကြောင်းတရား ၊ ကာမုပါဒါန်က အကျိုးတရား။

၂။ ရူပ ဘဝတဏှာ ဖြစ်ခြင်းကြောင့် ဒိဋ္ဌုပါဒါန် ဖြစ်၏။ (သဿတဒိဋ္ဌိ။)
ရူပ ဘဝတဏှာက အကြောင်းတရား၊ ဒိဋ္ဌုပါဒါန်က အကျိုးတရား။

၃။ ရူပ ဝိဘဝတဏှာ ဖြစ်ခြင်းကြောင့် ဒိဋ္ဌုပါဒါန် ဖြစ်၏။ (ဥစ္ဆေဒဒိဋ္ဌိ။)
ရူပ ဝိဘဝတဏှာက အကြောင်းတရား၊ ဒိဋ္ဌုပါဒါန်က အကျိုးတရား။

## တစ်နည်းအားဖြင့် ရှုကွက်

သဿတဝါဒနှင့် တွဲနေသော ဘဝတဏှာ၊ ဥစ္ဆေဒဝါဒနှင့် တွဲနေသော ဝိဘဝတဏှာတို့မှာ အတ္တဝါဒ အပေါ် အခြေတည်၍ (ထိုရုပ်ရုံစသည်ကိုပင် အတ္တဟု စွဲယူ၍) ဖြစ်ပေါ်လာသော တဏှာများပင် ဖြစ်ကြသဖြင့် အောက်ပါအတိုင်းလည်း ရှုနိုင်သည်။

၁။ ရူပ ဘဝတဏှာ ဖြစ်ခြင်းကြောင့် အတ္တဝါဒုပါဒါန် ဖြစ်၏။
ရူပ ဘဝတဏှာက အကြောင်းတရား၊ အတ္တဝါဒုပါဒါန်က အကျိုးတရား။

၂။ ရူပ ဝိဘဝတဏှာ ဖြစ်ခြင်းကြောင့် အတ္တဝါဒုပါဒါန် ဖြစ်၏။
ရူပ ဝိဘဝတဏှာက အကြောင်းတရား၊ အတ္တဝါဒုပါဒါန်က အကျိုးတရား။

သဒ္ဒတဏှာ ။ ပ ။ ဓမ္မတဏှာတို့၌လည်း နည်းမှီး၍ရှုပါ။ အကယ်၍ အသင်သူတော်ကောင်းသည် နောင်အနာဂတ်၌ သာသနာပြုနိုင်သည့် ရဟန်းဘဝကို လိုလားတောင့်တ၍ ပါရမီမျိုးစေ့တို့ကို ထူထောင်နေခဲ့-လျှင်လည်း, သို့မဟုတ် ဗြဟ္မာဘဝကို ရည်ရွယ်မှန်းထား၍ ဈာန်တို့ကို အမြတ်စား ပွားများထားလျှင်လည်း ဤဖော်ပြပါ ဓမ္မကထိကနတ်သားပုံစံကို နည်းမှီး၍ ရှုပါလေ။

ဤပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းအထိ အသိဉာဏ်ကို ရရှိထားပြီးသော အသင်သူတော်ကောင်း အဖို့ကား ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်တို့ကား အလွန်ဖြစ်ခဲဖွယ်ရာ ရှိပါသည်။ ကာမုပါဒါန် တစ်ခုသာ အဖြစ်များဖွယ်ရာ ရှိပေသည်။ အကယ်၍ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို မရရှိဖူးသေးသူ ဖြစ်မူကား ဥပါဒါန်လေးမျိုးလုံးပင် ထိုက်သလို ဖြစ်နိုင်ပါသည်။ အသင်သူတော်ကောင်း အနေဖြင့် ကာမုပါဒါန် တစ်ခုသာ ရှု၍ရရှိပါက ကာမုပါဒါန်တစ်ခုနှင့်ပင် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ဥပါဒါန် (၄)မျိုးတို့ကား သတ္တဝါအားလုံးတို့အတွက် ခြုံငုံ၍ ဟောကြားထားတော်မူသော ဒေသနာတော်သာ ဖြစ်ပေသည်။ သို့အတွက် အဖြစ်များသော ကာမတဏှာနှင့် ကာမုပါဒါန် ဝီထိစဉ်ကို ပုံစံအဖြစ် ဖော်ပြအပ်ပါသည်။

| | မနောဒွါရာဝဇ္ဇန်း | ဇော (၇)ကြိမ် | တဒါရုံ (၂)ကြိမ် |
|---|---|---|---|
| ရူပကာမတဏှာ | ၁၂ | ၂၀ (လောဘဒိဋ္ဌိ) | ၁၂ |
| ဥပါဒါန် | ၁၂ | ၂၀ (လောဘဒိဋ္ဌိ) | ၁၂ |

ရံခါ ပီတိမပါသော ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ဇောများ တဒါရုံများလည်း ဖြစ်နိုင်သည်။ အနာဂတ်ဘဝအတွက် ပြုစုပျိုးထောင်နေသော ကိလေသဝဋ္ဋ အုပ်စုတွင် သေချာစွာ စိုက်ရှုပါ။ အကြောင်းတရားဖြစ်သော ကာမတဏှာဘက်တွင်လည်းကောင်း, အကျိုးတရားဖြစ်သော ကာမုပါဒါန်ဘက်တွင်လည်းကောင်း နှစ်ဘက်လုံး၌ နာမ်တုံး နာမ်ခဲတည်းဟူသော နာမ်ဃန အသီးအသီးကို ပြိုကွဲအောင် ဉာဏ်ဖြင့် ဖြိုခွဲ ဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းပါ။ ရံခါ တဒါရုံ မကျသော်လည်း ရှိရာ၏။

## ဥပါဒါနပစ္စယာ ဘဝေါ

### ဥပါဒါန် ဖြစ်ခြင်းကြောင့် ဘဝ ဖြစ်၏။

## ဘဝဟူသည်

**ဘဝတီတိ ဘဝေါ** – ဖြစ်တတ်သော သဘောတရားသည် ဘဝမည်၏။ ထိုဘဝသည် ကမ္မဘဝ, ဥပပတ္တိ-ဘဝဟု နှစ်မျိုးရှိ၏။ ကံသည်ပင်လျှင် ဘဝ = ကမ္မဘဝ မည်၏။ ကံကြောင့်ဖြစ်ရသော အကျိုးတရားသည်ပင်လျှင် ဥပပတ္တိဘဝ မည်၏။

၁။ ထိုဘဝနှစ်မျိုးတို့တွင် ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များသည် ကံကြောင့် ဖြစ်ပေါ်လာကြရသော အကျိုးတရားများ ဖြစ်သောကြောင့် ယင်းအကျိုးတရားများသည်ပင် ဘဝတီတိ ဘဝေါ ဟူသည်နှင့်အညီ ဖြစ်တတ်သော အနက်သဘောကြောင့် ဘဝဟူသော အမည်ကို ရရှိပေသည်။

၂။ သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ။ (ခု-၁-၄၂။) = ဘုရားရှင်တို့၏ ပွင့်ထွန်း ပေါ်ပေါက်တော်မူခြင်းသည် ချမ်းသာ၏-ဟူရာ၌ ချမ်းသာခြင်း အကျိုးသုခကို ရရှိဖို့ရန် အကြောင်းဖြစ်သော ဘုရားရှင်တို့၏ ပွင့်ထွန်း ပေါ်ပေါက်တော်-မူခြင်းတည်းဟူသော ဗုဒ္ဓုပ္ပါဒနဝမခဏကို ဖလူပစာရအားဖြင့် သုခေါ = ချမ်းသာ၏ဟု ဟောတော်မူသကဲ့သို့ ထို့အတူ ကမ္မဘဝဟူသော ကံကိုလည်း ဥပပတ္တိဘဝဟူသော အကျိုးဝိပါကဝဋ်တရားစု၏ အကြောင်းဖြစ်သော-ကြောင့် ဘဝတီတိ ဘဝေါ – ဟူသော ကတ္တု သာဓန ဝစနတ္ထကြောင့်ပင် ဘဝဟူသော အမည်ကို ရရှိပေသည်။ (အဘိ-ဋ္ဌ-၂-၁၇၄။)

ဆိုလိုရင်း – အကြောင်းတရားတို့၏ ဖြစ်ခြင်းကို ကမ္မဘဝဟုခေါ်၍ အကျိုးတရားတို့၏ ဖြစ်ခြင်းကို ဥပပတ္တိဘဝဟု ခေါ်သည်။ ကမ္မဘဝကား ဖြစ်ကြောင်းသဘောတည်း။ ဥပပတ္တိဘဝကား ဖြစ်ခြင်းသဘောတည်း။ ဖြစ်ကြောင်းဘဝနှင့် ဖြစ်ခြင်းဘဝတို့ပင်တည်း။

## ကမ္မဘဝ တရားကိုယ်

ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့သည်လည်းကောင်း, စေတနာနှင့် ယှဉ်ကုန်သော အဘိဇ္ဈာ အစရှိကုန်သော ကံဟု ခေါ်ဆိုအပ်ကုန်သော တရားတို့သည်လည်းကောင်း ကမ္မဘဝ မည်၏။ (ဝိသုဒ္ဓိ-၂-၂၀၆။)

တတ္ထ ကတမော ကမ္မဘဝေါ၊ ပုညာဘိသင်္ခါရော အပုညာဘိသင်္ခါရော အာနေဉ္ဇာဘိသင်္ခါရော (ပရိတ္တ-ဘူမကော ဝါ မဟာဘူမကော ဝါ)၊ အယံ ဝုစ္စတိ ကမ္မဘဝေါ။ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ။

(အဘိ-၂-၁၄၃။ ဝိသုဒ္ဓိ-၂-၂၀၆။)

ဤအထက်ပါ ပါဠိတော်နှင့်အညီ – ပရိတ္တဘူမက အမည်ရသော –

၁။ ကာမာဝစရ မဟာကုသိုလ်စေတနာ --- ( ၈ )မျိုး
၂။ အကုသိုလ်စေတနာ --- (၁၂)မျိုး

မဟာဘူမက အမည်ရသော – မဟဂ္ဂုတ် –

၃။ ရူပါဝစရ ကုသိုလ်စေတနာ --- ( ၅ )မျိုး
၄။ အရူပါဝစရ ကုသိုလ်စေတနာ --- ( ၄ )မျိုး

အားလုံးပေါင်းသော် — ဤ (၂၉)မျိုးသော စေတနာတို့သည်လည်းကောင်း,

၅။ သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ အရ ဝဋ္ဋနိဿိတဖြစ်သော ယင်းစေတနာတို့နှင့် သမ္ပယုတ်ဖြစ်သော အဘိဇ္ဈာစသော တရားတို့သည်လည်းကောင်း ကမ္မဘဝ မည်ပေသည်။

ဤ၌ ဘဝဂါမိကံ ဟူသည် ထိုထိုဘဝအားလုံးသို့ ရောက်လည်းရောက်တတ် ရောက်စေလည်း ရောက်စေတတ်သော ဝဋ္ဋနိဿိတကံများတည်း။ ဤ၌ ထိုထိုဘဝသို့ ရောက်တတ် ရောက်စေတတ်၏ဟူသည် အကျိုးဝိပါက်ကို ဖြစ်စေတတ် ပြီးစေတတ်သော စွမ်းရည်သတ္တိရှိသည်၏ အစွမ်းဖြင့် မိမိဟူသော ကံတရား၏ ဖြစ်ရာအခါ ဖြစ်စဉ်အခါ၌ = ကံကို ပြုစုပျိုးထောင်စဉ်အခါ၌ ဘဝတစ်ခုခုသို့ ရှေးရှုသည်ဖြစ်၍ ဖြစ်မှုကို ဆိုလိုပေသည်။

ဥပမာ – နောင်အနာဂတ်တွင် ဓမ္မကထိကနတ်သားဖြစ်ရန် ရည်ရွယ်တောင့်တ၍ ပုညာဘိသင်္ခါရ အမည်ရသည့် ကာမာဝစရကုသိုလ်တို့ကို ပြုစုပျိုးထောင်ရာဝယ် ကံပြုစဉ်မှာပင် စိတ်အစဉ်သည် ဓမ္မကထိက နတ်သားဘဝသို့ ညွတ်နေ ရှေးရှုနေမှုမျိုးတည်း။ ထိုမိမိလိုလားသော ဓမ္မကထိကနတ်သားဘဝသို့ စိတ်ညွတ်ကိုင်းရှိုင်းလျက် ရှေးရှုလျက် ကံကိုအားထုတ်ခဲ့သော် ထိုကံဝယ် ဓမ္မကထိကနတ်သားဘဝဟူသော ဝိပါက်ခန္ဓာ (၅)ပါးကို ရင့်ကျက်သည့်အခါ ပြီးစေနိုင်သော အစွမ်းသတ္တိလည်း ရှိနေပေ၏။ ယင်းသို့သော အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော စွမ်းရည်သတ္တိရှိ၍ ယင်းအကျိုးဝိပါက်ခန္ဓာ (၅)ပါးတို့၏ တည်ရာဘဝသို့ စိတ်ကို ရှေးရှုလျက် ပြုစုပျိုးထောင်အပ်သော ကံကို ဘဝဂါမိကံ = ဘဝသို့ ရောက်တတ် ရောက်စေတတ်သော ကံဟု ဆိုလိုပေသည်။ တစ်နည်းဆိုသော် အကျိုးဝိပါက်တရားများကို ဖြစ်စေခြင်းကိုပင်လျှင် ဤအရာ၌ ရောက်၏ ရောက်စေတတ်၏ဟု ဆိုလိုသည် မှတ်ပါ။ (အဘိ-ဋ္ဌ-၂-၁၇၄။ ဝိသုဒ္ဓိ-၂-၂၀၆။ မူလဋီ-၂-၁၂၂။ မဟာဋီ-၂-၃၃၀။)

## ဥပပတ္တိဘဝ တရားကိုယ်

ဥပပတ္တိဘဝေါ ပန သင်္ခေပတော ကမ္မာဘိနိဗ္ဗတ္တာ ခန္ဓာ။ (ဝိသုဒ္ဓိ-၂-၂၀၆။)

ကံသည် ရှေးရှုဖြစ်စေအပ်သော ကံကြောင့်ဖြစ်ရသော လောကီ ဝိပါက် နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဥပပတ္တိဘဝအရ တရားကိုယ် ကောက်ယူရ၏။ ဝိပါက်မဟုတ်သော ကမ္မဇရုပ်မဟုတ်သော သဒ္ဒါယတနစသော တရားများကို ချန်လှပ်ထားပါ။ (အဘိ-၃-၁၃-ကြည့်။)

## ဘဝကြီး (၉) ပါး

၁။ ကာမဘဝ — အဝီစိနှင့် ပရနိမ္မိတဝသဝတ္တိနတ်ပြည်တိုင်အောင် ကာမ (၁၁)ဘုံအတွင်း၌ ဖြစ်သော ကာမ ဝိပါက် စိတ်စေတသိက်တို့နှင့် ကမ္မဇရုပ်ဟူသော ဥပါဒိန္နကခန္ဓာတို့ကို ကာမဟု ခေါ်၏။ ထိုတရားတို့သည် ကာမတဏှာသည် အလိုရှိအပ်သောကြောင့် ကာမအမည်ရကြ၏။ ယင်းဥပါဒိန္နကခန္ဓာဟူသော ဝိပါက် ရုပ်နာမ်တို့သည် ကာမတဏှာတည်းဟူသော ကိလေသာကာမ၏ မှီရာဖြစ်သောကြောင့်လည်း ကာမတို့ဟူ၍ ဆိုအပ်ကုန်၏။ ယင်းဥပါဒိန္နကခန္ဓာတို့သည် ကာမတဏှာတည်းဟူသော ကိလေသာကာမနှင့် အတူတကွ ဖြစ်သောကြောင့်လည်း သဟစရဏနည်းအားဖြင့် ကာမဟူသော အမည်ကိုရကြ၏။ ကာမတဏှာ၏ အာရုံဖြစ်သောကြောင့်လည်း ကာမ ဟူသော အမည်ကိုရကြ၏။ ကာမတဏှာဖြစ်ခြင်း၏ အကြောင်းတရားတို့၏ တည်ရာ ဖြစ်သောကြောင့်လည်း ကာမဟူသော အမည်ကိုရကြ၏။ ထိုကာမ ဝိပါက် နာမ်တရားနှင့် ကမ္မဇရုပ်သည်ပင် ကံကြောင့်ဖြစ်ရသောကြောင့် ဘဝတီတိ ဘဝေါ — အရ ဘဝလည်း မည်၏။ ထိုကာမနှင့် ဘဝနှစ်ပါးကို ပေါင်းစပ်၍ ကာမဘဝဟု ခေါ်ဆိုသည်။
(အဘိ-ဋ္ဌ-၂-၁၇၄။ မဟာဋီ-၂-၃၃၁။)

၂။ ရူပဘဝ — ပထမဈာန်ဗြဟ္မာ့ဘုံနှင့် အကနိဋ္ဌဗြဟ္မာ့ဘုံအတွင်း၌ ဖြစ်သော ရူပ ဝိပါက် စိတ်စေတသိက်နှင့်

ထိုဘုံတို့၌ ရထိုက်သော ကမ္မဇရုပ်ဟူသော ဥပါဒိန္နက္ခန္ဓာကို ရူပဟုခေါ်၏။ ထိုဥပါဒိန္နက္ခန္ဓာတို့သည် ရူပတဏှာ၏ တည်ရာဖြစ်သောကြောင့် ဌာနျူပစာရအားဖြင့် ရူပအမည်ရကြ၏။ ရူပနှင့်ဘဝ နှစ်ခုပေါင်းစပ်၍ ရူပဘဝမည်၏။ ရူပ (၁၆)ဘုံသည် ရူပဘဝတည်း။

၃။ အရူပဘဝ — အာကာသာနဉ္စာယတနဘုံနှင့် ဘဝဂ်ဟု ခေါ်ဆိုအပ်သော နေဝသညာနာသညာယတနဘုံ၏ အတွင်း၌ဖြစ်သော အရူပဝိပါက်ကို အရူပဟု ခေါ်၏။ ထိုအရူပဝိပါက်တည်းဟူသော ဥပါဒိန္နက္ခန္ဓာတို့ကို အရူပ-တဏှာသည် အာရုံပြုရကား ယင်းဥပါဒိန္နက္ခန္ဓာတို့သည် ဖလူပစာရအားဖြင့် အရူပ အမည်ရကြသည်။ အရူပနှင့် ဘဝ နှစ်ခုပေါင်းစပ်၍ အရူပဘဝ မည်၏။ အရူပ (၄)ဘုံတည်း။

ကာမအမည်ရသော ကာမ ဝိပါက် ရုပ်နာမ်တို့သည် ကာမာဝစရကံကြောင့် ဖြစ်သောကြောင့် ကာမဘဝ မည်၏။ ရူပအမည်ရသော ရူပါဝစရ ဝိပါက် ရုပ်နာမ်တို့သည် ဆိုင်ရာဆိုင်ရာ ရူပါဝစရကံကြောင့် ဖြစ်သောကြောင့် ရူပဘဝ အမည်ရ၏။ အရူပအမည်ရသော ဝိပါက် နာမ်တရားတို့သည် ဆိုင်ရာဆိုင်ရာ အရူပါဝစရကံကြောင့် ဖြစ်သောကြောင့် အရူပဘဝ အမည်ရ၏ဟု ဆိုလိုသည်။

၁။ သညာဘဝ = အသညသတ်ဘုံနှင့် နေဝသညာနာသညာယတနဘုံမှ ကြွင်းသော ကာမ - ရူပ - အရူပ - (၂၉)ဘုံ = သညာရှိသောဘုံ။
၂။ အသညာဘဝ = သညာမရှိသော အသညသတ်ဘုံ။
၃။ နေဝသညာနာသညာဘဝ = ရုန့်ရင်းကြမ်းတမ်းသော သညာကားမရှိ၊ သိမ်မွေ့သော သညာသာရှိသောဘုံ။

၁။ ဧကဝေါကာရဘဝ = ဥပါဒိန္နက္ခန္ဓာဟူသော ရူပက္ခန္ဓာ (၁)ပါးသာရှိသော ဘဝ = အသညသတ်ဘဝ။
၂။ စတုဝေါကာရဘဝ = ဥပါဒိန္နနာမက္ခန္ဓာ (၄)ပါးရှိသော ဘဝ = အရူပဘဝ။
၃။ ပဉ္စဝေါကာရဘဝ = ဥပါဒိန္နက္ခန္ဓာ (၅)ပါးရှိသော ကာမ ရူပဘဝ။ (အဘိ-ဋ္ဌ-၂-၁၇၅။)

## အကျိုးရှိသော ဟောစဉ်

ဤဘဝနိဒ္ဒေသ၌ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့ကို ဟောတော်မူသကဲ့သို့ သင်္ခါရနိဒ္ဒေသတုန်းကလည်း ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့ကို ဟောတော်မူခဲ့၏။

သို့သော် ရှေးသင်္ခါရနိဒ္ဒေသ၌ ဟောတော်မူအပ်ကုန်သော ပုညာဘိသင်္ခါရ စသည်တို့ကို အတိတ်ကံ၏ အစွမ်းဖြင့် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတရားတို့၏ အဖြစ်ကြောင့် ဟောတော်မူအပ်ကုန်၏။ ဤဘဝနိဒ္ဒေသ၌ကား ယင်းပုညာဘိသင်္ခါရစသည်တို့ကို ပစ္စုပ္ပန်ကံ၏ အစွမ်းဖြင့် နောင်အနာဂတ်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတရား၏ အဖြစ်ကြောင့် ဟောတော်မူအပ်ကုန်၏။ ထိုကြောင့် ဤဘဝနိဒ္ဒေသ၌ ပုညာဘိသင်္ခါရ စသည်တို့ကို တစ်ဖန်ထပ်၍ ဟောတော်မူခြင်းသည် အကျိုးရှိသည်သာလျှင် ဖြစ်ပေသည်။ တစ်နည်း — ရှေးသင်္ခါရနိဒ္ဒေသ၌ သမ္ပယုတ်တရားမပါဘဲ ကုသိုလ် အကုသိုလ် စေတနာသက်သက်ကိုသာ သင်္ခါရဟူ၍ ဟောတော်မူခဲ့၏။ ဤဘဝပဒနိဒ္ဒေသ၌ကား — **သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ** — ဟူ၍ ဟောတော်မူခြင်းကြောင့် လောကီ ကုသိုလ် အကုသိုလ် စေတနာတွင်သာမက ယင်းစေတနာနှင့် ယှဉ်ဖက် သမ္ပယုတ် စိတ်စေတသိက် တရားစုတို့ကိုလည်း ကမ္မဘဝအရတွင် ထည့်သွင်း၍ ဟောကြားထားတော်မူပေသည်။

တစ်ဖန် ရှေးသင်္ခါရနိဒ္ဒေသ၌ ဝိညာဏ်၏ အကြောင်းသာလျှင် ဖြစ်သော ကံကို သင်္ခါရဟူ၍ ဟောတော်မူ-ခဲ့၏။ ဤဘဝနိဒ္ဒေသ၌ကား ရုပ်ဇီဝိတနဝကကလာပ်တည်းဟူသော အသညသတ်ဘဝကို ဖြစ်စေတတ်သော ကံကိုလည်း ထည့်သွင်း၍ ဟောကြားထားတော်မူ၏။

တစ်နည်း — စကားများစွာ ပြောဆိုခြင်းဖြင့် အဘယ်အကျိုး ရှိနိုင်အံ့နည်း။ — အဝိဇ္ဇာပစ္စယာ သင်္ခါရာ-ဟူသောအရာ၌ ပုညာဘိသင်္ခါရစသော ကုသိုလ် အကုသိုလ်တရားတို့ကိုသာ သင်္ခါရအရ ဟောကြားထားတော်မူ၏။ ဥပါဒါနပစ္စယာ ဘဝေါဟူသော ဤအရာ၌ကား ကမ္မဘဝတွင်သာမက ဥပပတ္တိဘဝကိုလည်း သိမ်းယူအပ်သည်၏ အဖြစ်ကြောင့် ကမ္မဘဝ ဥပပတ္တိဘဝ နှစ်မျိုးလုံး ပါဝင်ရကား —

၁။ ကုသိုလ်
၂။ အကုသိုလ်
၃။ ဝိပါက် အဗျာကတ (နာမ်တရား)
၄။ ကမ္မဇရုပ် အဗျာကတ -

ဤ (၄)မျိုးကုန်သော ကုသိုလ် အကုသိုလ် အဗျာကတဖြစ်ကုန်သော တရားတို့ကို ဟောတော်မူအပ်ကုန်၏။ ထိုကြောင့် သင်္ခါရကို ဟောပြီးသော်လည်း ဘဝကို ထပ်မံ၍ ဟောကြားတော်မူခြင်းသည် အကျိုးရှိသည်သာ ဖြစ်သည်ဟု မှတ်ပါ။ (အဘိ-ဋ္ဌ-၂-၁၇၅။ ဝိသုဒ္ဓိ-၂-၂၀၇။)

## ဥပါဒါန်နှင့် ဘဝအပြား

ကာမုပါဒါန်ကို အကြောင်းခံ၍ ကာမဘဝကို ဖြစ်စေတတ်သော ကာမာဝစရ ပုညာဘိသင်္ခါရ, အပုညာဘိ-သင်္ခါရဟူသော ကာမာဝစရကံကို ပြုစုပျိုးထောင်၏။ ထိုကံဟူသော သဘောတရားသည် ကမ္မဘဝ မည်၏။ ထိုကမ္မဘဝသည် ဖြစ်စေအပ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏။ ရူပဘဝ အရူပဘဝတို့၌လည်း ဤနည်းကိုဆောင်၍ သိပါလေ။ ကြွင်းကျန်သော ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်တို့ကို အကြောင်းခံ၍ ကာမကမ္မဘဝ, ကာမဥပပတ္တိဘဝ, ရူပကမ္မဘဝ, ရူပဥပပတ္တိဘဝ, အရူပကမ္မဘဝ, အရူပဥပပတ္တိဘဝတို့ ဖြစ်နိုင်ပုံကိုလည်း သဘောပေါက်ပါလေ။ ဥပါဒါန် အမျိုးအမည် မခွဲဘဲ သာမညအားဖြင့် ဆိုရမူ ဥပါဒါန်ကို အကြောင်းခံ၍ ကမ္မဘဝ ဥပပတ္တိဘဝ နှစ်မျိုး ထိုက်သလို ဖြစ်နိုင်သည်သာ ဖြစ်သည်ဟု အတိုချုပ် မှတ်သားထားပါ။

## ပုထုဇ္ဇနော ဥမ္မတ္တကော

ဥမ္မတ္တကော ဝိယ ဟိ ပုထုဇ္ဇနော။ သော “ကိ္ကံ ယုတ္တံ ကိ္ကံ အယုတ္တ”န္တိ အဝိစာရေတွာ ယဿ ကဿစိ ဥပါဒါနဿ ဝသေန ယံကိဉ္စိ ဘဝံ ပတ္ထေတွာ ယံကိဉ္စိ ကမ္မံ ကရောတိယေဝ။ တသ္မာ ယဒေကစ္စေ “သီလဗ္ဗတု-ပါဒါနေန ရူပါရူပဘဝါ န ဟောန္တီ”တိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ။ သဗ္ဗေန ပန သဗ္ဗော ဟောတီတိ ဂဟေတဗ္ဗံ။
(အဘိ-ဋ္ဌ-၂-၁၇၆။ ဝိသုဒ္ဓိ-၂-၂၀၈။)

မည်သည့် ဥပါဒါန်ကြောင့်မဆို မည်သည့် (ကာမ-ရူပ-အရူပဟူသော) ဘဝမဆို ဖြစ်နိုင်ပေသည်။ ပုထုဇန်ကား အရူးနှင့် တူသဖြင့် “ဤအမှုသည် သင့်၏၊ ဤအမှုသည် မသင့်”ဟု သင့်မသင့်ကို မဝေဖန် မစဉ်းစား-တော့ဘဲ တစ်စုံတစ်ခုသော ဥပါဒါန်ကို အကြောင်းခံ၍ တစ်စုံတစ်ခုသော ဘဝကို တောင့်တ၍ အမှတ်မထား တစ်စုံတစ်ခုသော ထိုထိုဘဝသို့ ရောက်ကြောင်းကံကို ပြုစု ပျိုးထောင်တတ်သည်သာ ဖြစ်သည်။ ထိုကြောင့် အချို့သော ဆရာတို့သည် သီလဗ္ဗတုပါဒါန်ကြောင့် ရူပဘဝ အရူပဘဝတို့ မဖြစ်နိုင်ကုန် ဟူသော စကားကို ဆိုကြကုန်၏၊ ထိုစကားကို မယူသင့်ပေ လက်မခံသင့်ပေ။ စင်စစ်အားဖြင့်ကား အလုံးစုံသော ဥပါဒါန်ကြောင့် အလုံးစုံသော ဘဝသည် ဖြစ်နိုင်၏ဟူသော ဤစကားကိုသာ ယူပါ လက်ခံပါလေ။
(အဘိ-ဋ္ဌ-၂-၁၇၆။ ဝိသုဒ္ဓိ-၂-၂၀၈။)

**ကောဇနဲ့ဆရာတို့ကား** — နွားတို့၏ အလေ့အကျင့် ခွေးတို့၏ အလေ့အကျင့်ကို ပြည့်ပြည့်စုံစုံ ဆောက်တည်၍ ကျင့်ခြင်းကြောင့် နွားတို့၏ ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ရ၏ဟူသော ကုက္ကုရဝတိက သုတ္တန်တရားတော်ကို နှလုံးသွင်းမှား၍ သီလဗ္ဗတုပါဒါန်နှင့် ပြည့်စုံသောသူ၏ သန္တာန်ဝယ် ဈာနဘာဝနာ မပြည့်စုံနိုင်ဟု အောက်မေ့ မှတ်ထင်ကုန်သဖြင့် သီလဗ္ဗတုပါဒါန်ကြောင့် ရူပဘဝ အရူပဘဝတို့ မဖြစ်နိုင်ကုန်ဟု ဆိုခြင်းဖြစ်၏။ ဂေါသီလ ဂေါဝတစသည့် နွားတို့၏ အလေ့အကျင့် ခွေးတို့၏ အလေ့အကျင့် စသည်သည် ကိလေသာမှလည်းကောင်း သံသရာမှလည်းကောင်း စင်ကြယ်ခြင်း၏အကြောင်းဟု သုံးသပ်ခြင်းသည် သီလဗ္ဗတုပါဒါန် မည်၏။ ထို သုဒ္ဓိမဂ္ဂပရာမသန = ကိလေသာသံသရာမှ စင်ကြယ်ခြင်း၏အကြောင်းဟု သုံးသပ်ခြင်းဖြင့် ရူပါဝစရဈာန် အရူပါဝစရဈာန်တို့၏ ဖြစ်ခြင်းသည် မသင့်သည် မဟုတ်၊ သင့်ပေသည်သာတည်း။

(မဟာဋီ-၂-၃၃၂။)

## ကာမုပါဒါန်နှင့် အပါယ်သံသရာ

ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် တစ်ဆင့်စကား ကြားဖူး၍ ဖြစ်စေ, မြင်အပ်သော အမှုကို အတုလိုက်၍ဖြစ်စေ ဤဝတ္ထုအာရုံ ကာမဂုဏ်တို့မည်သည် လူလောကဝယ် မင်းသူဌေးမျိုး ပုဏ္ဏားသူဌေးမျိုး သူကြွယ်သူဌေးမျိုးတို့၌လည်းကောင်း, ကာမာဝစရ နတ်ပြည် (၆)ထပ်တို့၌လည်းကောင်း ကြွယ်ဝပြည့်စုံကုန်၏ဟု တွေးတောကြံစည်လျက် ထိုဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ရရှိခြင်း အကျိုးငှာ —

၁။ မသူတော်တို့၏ တရားကို ကြားနာရခြင်း,
၂။ မသူတော်တို့နှင့် ပေါင်းဖော် မှီဝဲမိခြင်း,
၃။ ရှေးကပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ဟူသော ပုဗ္ဗေစကတပုညတာစက်၏ ချို့တဲ့ခြင်း,
၄။ မိမိ၏ ကိုယ် နှုတ် စိတ်တို့ကို ကောင်းစွာ မထားနိုင်သဖြင့် အတ္တသမ္မာပဏိဓိစက်၏ ချို့တဲ့ခြင်း —

ဤသို့စသည်တို့က လှည့်ပတ်ဖြားယောင်း သွေးဆောင်အပ်သည်ဖြစ်၍ မသူတော်တရား၌ နားဝင်နေသည်ဖြစ်၍ ဤကံကြောင့် ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် ပြီးစီးပြည့်စုံနိုင်ကုန်၏ဟု အောက်မေ့မှတ်ထင်လျက် သားကောင်ကိုသတ်၍ ယဇ်နတ်ပူဇော်ခြင်း သားကောင်ကိုသတ်၍ လှူဒါန်းခြင်းစသည့် ဒုစရိုက်တို့ကို ပြုလုပ်၏၊ ထိုပုဂ္ဂိုလ်သည် ဒုစရိုက်တရားတို့၏ ပြည့်စုံခြင်းကြောင့် အပါယ်၌ ဖြစ်ရ၏။ ဤမျှသာ မကသေး — မျက်မှောက်ဘဝ၌ ဖြစ်သော သက်ရှိ သက်မဲ့ ကာမဝတ္ထု အစုစုတို့ကို လိုလားတောင့်တသည် ဖြစ်၍သော်လည်းကောင်း, ရအပ်ပြီးသော ကာမဂုဏ်တို့ကို လုံခြုံစေရန် စောင့်ရှောက်ရသည် ဖြစ်၍သော်လည်းကောင်း ကာမဝတ္ထုအစုစုတို့၌ စွဲလမ်းတပ်မက်မှု ကာမုပါဒါန်ကို အရင်းခံသဖြင့် ကာယဒုစရိုက် စသည်တို့ကိုသော်လည်း ပြုမိပြန်၏။ (မိမိ ကိုယ်တိုင်က ဓားပြတိုက်ခြင်း, ခိုးယူခြင်း, မိမိပစ္စည်းကို လာလုယူသူ ဓားပြတိုက်သူတို့အားလည်း သတ်ပစ်ခြင်းစသည့် အမှုတို့ကို ဆိုလိုသည်။) ထိုပုဂ္ဂိုလ်သည် ဒုစရိုက်တို့၏ ပြည့်စုံခြင်းကြောင့် အပါယ်၌ ဖြစ်ရပြန်၏။

ထိုအပါယ်ဘုံ၌ ထိုပုဂ္ဂိုလ်၏ အပါယ်ပဋိသန္ဓေ၏ အကြောင်းရင်းဖြစ်သော အကုသိုလ် ဒုစရိုက်ကံသည် ကမ္မဘဝ မည်၏။ ကံသည် ရှေးရှုဖြစ်စေအပ်ကုန်သော အပါယ်ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏။

(အဘိ-ဋ္ဌ-၂-၁၇၆-၁၇၇။ ဝိသုဒ္ဓိ-၂-၂၀၈။)

## ကာမုပါဒါန်နှင့် သုဂတိ

အခြားတစ်ယောက်သောသူကား သူတော်ကောင်းတို့၏ တရားတော်ကို ကြားနာရခြင်းစသည့် အကြောင်းတရားတို့ကြောင့် တိုးပွားစေအပ်သော အသိဉာဏ်ရှိသည် ဖြစ်၍ ဤကုသိုလ်ကံကြောင့် ကာမဂုဏ်တို့သည်

ပြည့်စုံနိုင်ကုန်သည်ဟု မှတ်ထင်ခြင်း ရှိသည်ဖြစ်၍ ကာမဂုဏ်တို့၏ အပေါ်၌ စွဲလမ်းမက်မောခြင်း ကာမုပါဒါန်၏ အစွမ်းဖြင့် ကာယသုစရိုက်စသော ကုသိုလ်တရားတို့ကို ဖြည့်ကျင့်၏။ ထိုပုဂ္ဂိုလ်သည် သုစရိုက် ကုသိုလ်ကံတရားတို့၏ ပြည့်စုံခြင်းကြောင့် နတ်ပြည်တို့၌သော်လည်းကောင်း လူ့ပြည်တို့၌သော်လည်းကောင်း ပဋိသန္ဓေအားဖြင့် ကပ်ရောက်၍ ဖြစ်ရ၏။ ထိုနတ်ဘဝ လူ့ဘဝတို့၌ ထိုပုဂ္ဂိုလ်၏ ဥပပတ္တိဘဝကို ဖြစ်စေတတ်သော အကြောင်းရင်း ဖြစ်သော ကံသည် ကမ္မဘဝမည်၏။ ကံသည် ဖြစ်စေအပ်သော ခန္ဓာတို့သည်ကား ဥပပတ္တိဘဝ မည်၏။ ဤသို့လျှင် ကာမုပါဒါန်သည် ဒုဂ္ဂတိကမ္မဘဝ ဥပပတ္တိဘဝ, သုဂတိကမ္မဘဝ ဥပပတ္တိဘဝတို့၏ အကြောင်းရင်း ဖြစ်ပေသည်။ (အဘိ-ဋ္ဌ-၂-၁၇၇ ။ ဝိသုဒ္ဓိ-၂-၂၀၉။)

## ကာမုပါဒါန်နှင့် ရူပဘဝ အရူပဘဝ

အခြားတစ်ယောက်သော ပုဂ္ဂိုလ်သည် — “ထိုကာမဘဝ၌ရှိသော စည်းစိမ်ထက် ရူပဘဝ အရူပဘဝတို့၌ ကာမတို့သည်ကား သာလွန်၍ ပြည့်စုံကုန်၏” — ဟု ကြားရသောကြောင့်လည်းကောင်း, ကြံဆမိသောကြောင့်လည်းကောင်း ရူပါဝစရ အရူပါဝစရ ကာမတို့၌ ပြင်းစွာစွဲလမ်းသော ကာမုပါဒါန်၏ အစွမ်းကြောင့်ပင်လျှင် ရူပါဝစရဈာန်သမာပတ် အရူပါဝစရဈာန်သမာပတ်တို့ကို ဖြစ်စေ၍ သမာပတ်၏ အစွမ်းကြောင့် ရူပါဝစရပြဟ္မာပြည် အရူပါဝစရပြဟ္မာပြည်လောက၌ ပဋိသန္ဓေအားဖြင့် ကပ်ရောက်၍ ဖြစ်ရ၏။ ထိုရူပပြဟ္မာလောက အရူပပြဟ္မာလောက၌ ပဋိသန္ဓေ၏ = ဥပပတ္တိဘဝ၏ အကြောင်းရင်းစစ် ဖြစ်၍ ဖြစ်သော ရူပါဝစရကံသည် အရူပါဝစရကံသည် ကမ္မဘဝ မည်၏။ ကံသည် = ကမ္မဘဝသည် ဖြစ်စေအပ်ကုန်သော ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏။ ဤသို့လျှင် ကာမုပါဒါန်သည် ရူပါဝစရ ကမ္မဘဝ ရူပါဝစရ ဥပပတ္တိဘဝ, အရူပါဝစရ ကမ္မဘဝ အရူပါဝစရ ဥပပတ္တိဘဝတို့၏ အကြောင်းတရား ဖြစ်ရပေသည်။ (အဘိ-ဋ္ဌ-၂-၁၇၇။ဝိသုဒ္ဓိ-၂-၂၀၉။)

## ဒိဋ္ဌုပါဒါန်နှင့် ကာမ – ရူပ – အရူပ ကမ္မဘဝ ဥပပတ္တိဘဝ

အခြားတစ်ယောက်သော သူသည် — “ဤအတ္တမည်သည် ကာမာဝစရ သမ္ပတ္တိဘဝ၌သော်လည်းကောင်း ရူပ အရူပဘဝတို့တွင် အမှတ်မထား တစ်ပါးပါးသော ဘဝ၌သော်လည်းကောင်း ပြတ်စဲသွားသော် ကောင်းစွာ ပြတ်သည်ပင် ဖြစ်၏” — ဟု ဥစ္ဆေဒဒိဋ္ဌိကို စွဲယူ၍ အကြောင်းပြု၍ ထိုကာမဘဝ ရူပဘဝ အရူပဘဝတို့တွင် တစ်ပါးပါးသော ဘဝသို့ ကပ်ရောက်ကြောင်း ဖြစ်သော ကာမာဝစရကံ ရူပါဝစရကံ အရူပါဝစရကံတို့ကို ကြိုးစားအားထုတ်၏။ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ကမ္မဘဝမည်၏၊ ကံသည် ဖြစ်စေအပ်သော ခန္ဓာတို့ကား ဥပပတ္တိဘဝ မည်၏။ (ဤစကားရပ်တို့ကို နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် မရရှိသေးသော ပုထုဇန်ငမိုက်သားတို့ကို ရည်ညွှန်း၍ ပြောဆိုနေသော စကားရပ်များဟု မှတ်ပါ။) ဤသို့လျှင် ဒိဋ္ဌုပါဒါန်သည်လည်း ကာမ-ရူပ-အရူပ တည်းဟူသော ဘဝသုံးမျိုး (ကမ္မဘဝ ဥပပတ္တိဘဝ)တို့၏ အကြောင်းရင်း ဖြစ်သည်သာ ဖြစ်ပေသည်။ (အဘိ-ဋ္ဌ-၂-၁၇၇ ။ ဝိသုဒ္ဓိ-၂-၂၀၉။)

## အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အခြားတစ်ယောက်သော သူသည် – “ဤအတ္တမည်သည် ကာမာဝစရ သမ္ပတ္တိဘဝ၌သော်လည်းကောင်း, ရူပဘဝ အရူပဘဝတို့တွင် တစ်မျိုးမျိုးသော ဘဝ၌သော်လည်းကောင်း ချမ်းသာခြင်း ရှိ၏ ပူပန်ရခြင်း ကင်း၏” ဟု အတ္တဝါဒုပါဒါန်ကြောင့် ထိုကာမာဝစရ သမ္ပတ္တိဘဝ, ရူပဘဝ အရူပဘဝတို့တွင် တစ်ပါးပါးသော ဘဝသို့ ကပ်ရောက်ကြောင်းဖြစ်သော ကာမာဝစရကံ, ရူပါဝစရကံ, အရူပါဝစရကံတို့ကို အားထုတ်၏။ ထိုပုဂ္ဂိုလ်၏

ထိုမိမိအားထုတ်အပ်သော ကံသည် ကမ္မဘဝ မည်၏။ ထိုကံသည် ဖြစ်စေအပ်သော ခန္ဓာတို့ကား ဥပပတ္တိဘဝ မည်၏။ ဤသို့လျှင် အတ္တဝါဒုပါဒါန်သည် ကာမကမ္မဘဝ ကာမဥပပတ္တိဘဝ, ရူပကမ္မဘဝ, ရူပဥပပတ္တိဘဝ, အရူပကမ္မဘဝ, အရူပဥပပတ္တိဘဝတို့၏ အကြောင်းရင်းစစ် ဖြစ်ရပေသည်။

(အဘိ-ဋ္ဌ-၂-၁၇၇-၁၇၈။ ဝိသုဒ္ဓိ-၂-၂၀၉။)

## သီလဗ္ဗတုပါဒါန်ကြောင့် ဘဝဖြစ်ပုံ

အခြားတစ်ယောက်သော သူသည်ကား "နွားတို့၏ အလေ့အကျင့် ခွေးတို့၏ အလေ့အကျင့်ဟူသော ဤ သီလဗ္ဗတမည်သည်ကား ကာမဝစရသမ္ပတ္တိဘဝ၌သော်လည်းကောင်း ရူပဘဝ အရူပဘဝတို့တွင် တစ်မျိုးမျိုး သော ဘဝ၌သော်လည်းကောင်း ဖြည့်ကျင့်သော ပုဂ္ဂိုလ်၏ သုခသည် ပြည့်စုံခြင်းရှိသည်၏ အဖြစ်သို့ ရောက်ရှိ နိုင်၏ဟု ကြားဖူး၍သော်လည်းကောင်း ကြံဆ၍သော်လည်းကောင်း သီလဗ္ဗတုပါဒါန်၏ အစွမ်းကြောင့် ထို ကာမာဝစရ သမ္ပတ္တိဘဝ ရူပဘဝ အရူပဘဝတို့တွင် တစ်ပါးပါးသော ဘဝသို့ ကပ်ရောက်ကြောင်း ဖြစ်သော ကံကို ပြုစု ပျိုးထောင်၏။ ထိုပုဂ္ဂိုလ်၏ ထိုကံသည် ကမ္မဘဝ မည်၏။ ထိုကံသည် ဖြစ်စေအပ်ကုန်သော ခန္ဓာ တို့သည် ဥပပတ္တိဘဝ မည်၏။ ဤသို့လျှင် သီလဗ္ဗတုပါဒါန်သည်လည်း ကာမကမ္မဘဝ ကာမဥပပတ္တိဘဝ, ရူပ-ကမ္မဘဝ ရူပဥပပတ္တိဘဝ, အရူပကမ္မဘဝ အရူပဥပပတ္တိဘဝတို့၏ အကြောင်းတရား ဖြစ်သည်သာ ဖြစ်ပေသည်။

(အဘိ-ဋ္ဌ-၂-၁၇၈။ ဝိသုဒ္ဓိ-၂-၂၀၉။)

ဤဘဝနိဒ္ဒေသပိုင်း၌ သီလဗ္ဗတုပါဒါန်ကို နောက်ဆုံးထား၍ ဖွင့်ဆိုထားခြင်း၌ အကြောင်းကား ဤသို့-တည်း — သီလဗ္ဗတုပါဒါန်သည် အတ္တဝါဒုပါဒါန်လောက်လည်း မပြတ်မပြတ် ဖြစ်ခြင်းသဘော မရှိသည်လည်း အကြောင်းတစ်ရပ်, သီလဗ္ဗတုပါဒါန်သည် အတ္တဝါဒုပါဒါန်ကိုသာ အကြောင်းခံ၍ ဖြစ်ပေါ်လာနိုင်သဖြင့် အတ္တ-ဝါဒုပါဒါန်ဟူသော အကြောင်းရှိသည်လည်း တစ်ရပ် ဤအကြောင်းနှစ်ရပ်ကြောင့် သီလဗ္ဗတုပါဒါန်ကို နောက်ဆုံး၌ ထား၍ အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားခြင်း ဖြစ်သည်။ (မူလဋီ-၂-၁၂၄။)

ဤသီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်တို့သည်လည်း နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ရရှိပြီးသူ၏ သန္တာန်ဝယ် ဤဘဝ၌ ထပ်မံဖြစ်ဖို့ရန် အလှမ်းကွာဝေးလျက်ပင် ရှိနေဦးမည် ဖြစ်သည်။ အတိတ် သံသရာတစ်ခွင်၌ကား မဖြစ်ခဲ့ဖူးသည်ဟူ၍ မရှိစကောင်းသည်သာ ဖြစ်သည်။ ဤဉာဏ်နှစ်ပါးကို မရရှိသေးသော သူတော်ကောင်းတို့၏ သန္တာန်၌ကား အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ ဥပါဒါန် လေးပါးလုံးကြောင့်ပင် ကမ္မဘဝ ဥပပတ္တိဘဝတို့သည် ထိုက်သလို ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ပင် ဖြစ်ကြပေသည်။

## ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ

ဥပါဒါန် (၄)မျိုးလုံးတို့သည် —

၁။ ရူပ အရူပဖြစ်သော ကမ္မဘဝ ဥပပတ္တိဘဝတို့အား,

၂။ ကာမာဝစရကုသိုလ် ကမ္မဘဝအား,

၃။ ကာမာဝစရ ဥပပတ္တိဘဝအား,

ဥပနိဿယပစ္စယသတ္တိတစ်မျိုးတည်းဖြင့်သာ ကျေးဇူးပြု၏။

၄။ ယင်းဥပါဒါန် (၄)မျိုးလုံးသည် မိမိနှင့် သမ္ပယုတ်ဖြစ်သော စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ ဖြစ်သော အကုသိုလ်ကမ္မဘဝအား သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ မဂ္ဂ ပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြု၏။

၅။ ယင်းဥပါဒါန် (၄)မျိုးလုံးသည် မိမိနှင့် ဝိပ္ပယုတ်ဖြစ်သော စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ မဖြစ်သော ဝီထိစိတ္တက္ခဏခြားလျက်ဖြစ်သော အကုသိုလ်ကမ္မဘဝအား ဥပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့် သာလျှင် ကျေးဇူးပြု၏။

## အကြောင်း အကျိုး သိမ်းဆည်းပုံ

အသင်သူတော်ကောင်းသည် အနာဂတ်ဘဝ တစ်ခုအတွက် ရည်ရွယ်၍ ပြုစု ပျိုးထောင်နေသော ဝဋ္ဋ-နိဿိတ ကုသိုလ်ကံများနှင့် တိုက်ဆိုင်၍ ရှုရမည့်အပိုင်း ဖြစ်သဖြင့် အသင်သူတော်ကောင်း၏ အနာဂတ် ဘဝသစ်အတွက် မိမိ စွဲစွဲမြဲမြဲ စွဲစွဲလမ်းလမ်း ပြုစုပျိုးထောင်နေသည့် (အဝိဇ္ဇာ) တဏှာ ဥပါဒါန် (သင်္ခါရ) ကံ တစ်မျိုးမျိုးကိုသာ ယူ၍ ရှုပါကလည်း လုံလောက်သည်သာ ဖြစ်ပါသည်။ ဘဝတစ်လျှောက်၌ ထူထောင်ထားသည့် ကံအားလုံးကိုကား ကုန်စင်အောင် မရှုနိုင်သောကြောင့် ဖြစ်၏။

ယောဂီသူတော်ကောင်းများသည် တစ်ဦးနှင့် တစ်ဦး အနာဂတ်အတွက် ဦးတည်ချက် ဥပါဒါန်ချင်းကား မတူညီကြပေ။ အချို့ကား ဓမ္မကထိကနတ်သား ဖြစ်ချင်၏။ အချို့ကား သာသနာပြုနိုင်သည့် ရဟန်းဘဝကို လိုလားကြပြန်၏။ အချို့ကား အနာဂတ်တွင် ရဟန်းဘဝဖြင့် ပရိနိဗ္ဗာန်စံလိုကြ၏။ အချို့ကား ဗြဟ္မာဘဝဖြင့် သံသရာခရီးကို အဆုံးသတ်လိုကြ၏။ ဤသို့လျှင် ဥပါဒါန်ချင်း တစ်ဦးနှင့် တစ်ဦး မတူမညီ ရှိတတ်ပေသည်။

သို့အတွက် — ရှုကွက်အကျဉ်းမှာ ဤသို့ဖြစ်၏။ —

၁။ အဝိဇ္ဇာ (၂၀) ရဟန်းဘဝဟု သို့မဟုတ် ဓမ္မကထိကနတ်သားဟု အသိမှားမှုသဘော-

၂။ တဏှာ (၂၀) ရဟန်းဘဝ သို့မဟုတ် ဓမ္မကထိကနတ်သားဘဝကို တွယ်တာ တပ်မက်မှု သဘော-

၃။ ဥပါဒါန် (၂၀) ရဟန်းဘဝ သို့မဟုတ် ဓမ္မကထိကနတ်သားဘဝသို့ စိတ်ကပ်ရောက် စွဲနေမှုသဘော။ (ကာမုပါဒါန်ပင် အဖြစ်များဖွယ်ရာ ရှိသည်။)

၄။ သင်္ခါရ = ယင်းကာမုပါဒါန်ကို အကြောင်းခံ၍ ပြုစုပျိုးထောင်နေသော ဒါနမှု သို့မဟုတ် သီလမှု, သို့မဟုတ် ဘာဝနာမှု တစ်ခုခုကား သင်္ခါရနှင့် -

၅။ ကံ = ကမ္မဘဝတို့ ဖြစ်ကြ၏။

ယင်းကမ္မဘဝကြောင့် ရရှိမည့် ရဟန်းဘဝ, ဓမ္မကထိကနတ်သားဘဝ ခန္ဓာ (၅)ပါးတို့ကား ဥပပတ္တိဘဝ တည်း။ ဤအဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ တို့မှာ မနောဒွါရိကဇောဝီထိစိတ်အစဉ်များသာ ဖြစ်ကြသည်ကို သဘောပေါက်သင့်ပေပြီ။

အကယ်၍ အသင်သူတော်ကောင်းသည် သမထယာနိကပုဂ္ဂိုလ်ဖြစ်၍ ဈာန်ရသူဖြစ်လျှင် ယင်းဈာန်-သမာပတ် တစ်မျိုးမျိုးကို အမြတ်စား ဝင်စားလျက် ယင်းဈာန်သမာပတ်ကြောင့် ရရှိနိုင်မည့် ဗြဟ္မာဘဝကို ဆုတောင်းလျက် သို့မဟုတ် စိတ်ညွတ်ကိုင်းလျက် နည်းတူ ရှုကြည့်ပါ။ ဗြဟ္မာခန္ဓာ (၅)ပါးတည်းဟူသော ဥပပတ္တိ-ဘဝကို တွေ့ရှိမည်ဖြစ်သည်။

ယောဂီပုဂ္ဂိုလ်များသည် တစ်ဦးနှင့်တစ်ဦး အဝိဇ္ဇာချင်း တဏှာချင်း ဥပါဒါန်ချင်း သင်္ခါရ ကံချင်း မတူညီကြသဖြင့် အထက်ပါ ရဟန်းဘဝ ဓမ္မကထိကနတ်သားဘဝ ဗြဟ္မာဘဝပုံစံတို့ကို နည်းမှီး၍ မိမိဆုတောင်းထားသည့် စိတ်ညွတ်ကိုင်းရှိုင်းထားသည့် ရည်မှန်းထားသည့် ပုံစံအတိုင်းသာ ရှုရန် ဖြစ်ပါသည်။

ဥပမာ - အနာဂတ်ဘဝတွင် ဓမ္မကထိကနတ်သား ဖြစ်ရန် ရည်ရွယ်တောင့်တ၍ ဓမ္မကထိကနတ်သားဘဝ ခန္ဓာငါးပါးကို လိုလားတောင့်တသည့် ကာမုပါဒါန်ကို အရင်းခံ၍ အကြောင်းခံ၍ ဒါန သီလ ဘာဝနာမှုတို့ကို ပြုစုပျိုးထောင်နေရာ ထိုကုသိုလ်ကံတို့တွင် အမှတ်တရ အားရပါးရ စိတ်ပါလက်ပါ ရွှင်လန်း တက်ကြွစွာ ပြုစုပျိုးထောင်ဖူးသော ကုသိုလ်ကံတစ်ခုကို ပြန်အာရုံယူပါ။ ဥပမာ - စေတီတော်အား ပန်းလှူဖူးသည့် ကုသိုလ်စေတနာကံတစ်ခု ဆိုပါစို့။ ယင်းကုသိုလ်စေတနာကံ၏ စွမ်းအင်ကမ္မသတ္တိက ဖြစ်ပေါ်စေအပ်သော တစ်နည်း ယင်းကမ္မဘဝက ဖြစ်စေအပ်သော ဓမ္မကထိကနတ်သားဘဝ၏ ဝိပါက် နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကား ဥပပတ္တိဘဝတည်း။

အသင်သူတော်ကောင်းသည် ကိလေသဝဋ်ဖြစ်သည့် ဓမ္မကထိကနတ်သားဘဝ ခန္ဓာ (၅)ပါးကို တွယ်တာ တပ်မက်သည့် စိတ်ကပ်ရောက်စွဲနေသည့် ကာမုပါဒါန်ကြောင့် ကမ္မဝဋ်ဖြစ်သည့် စေတီတော်အား ပန်းလှူသည့် ကုသိုလ်စေတနာကံ = ကမ္မဘဝ ဖြစ်ပုံကိုလည်းကောင်း (= ကိလေသဝဋ် မနောဒွါရိကဇောဝီထိကြောင့် ကမ္မဝဋ် မနောဒွါရိကဇောဝီထိ ဖြစ်ပုံကိုလည်းကောင်း) ယင်းကမ္မဘဝကြောင့် ဓမ္မကထိကနတ်သားဘဝ ခန္ဓာ (၅)ပါး တည်းဟူသော ဥပပတ္တိဘဝ ဖြစ်ပုံကိုလည်းကောင်း ဉာဏ်ဖြင့် မြင်အောင် လှမ်းမျှော်ကြည့်၍ — အောက်ပါအတိုင်း အကြောင်း အကျိုး သိမ်းဆည်းပါ။ —

၁။ ကာမုပါဒါန် ဖြစ်ခြင်းကြောင့် ကမ္မဘဝ ဖြစ်၏။
ကာမုပါဒါန်က အကြောင်းတရား၊ ကမ္မဘဝက အကျိုးတရား။

၂။ ကမ္မဘဝ ဖြစ်ခြင်းကြောင့် ဥပပတ္တိဘဝ ဖြစ်၏။
ကမ္မဘဝက အကြောင်းတရား၊ ဥပပတ္တိဘဝက အကျိုးတရား။

ဒိဋ္ဌုပါဒါန် အတ္တဝါဒုပါဒါန် သီလဗ္ဗတုပါဒါန်တို့ကြောင့် ကာမကမ္မဘဝ ဥပပတ္တိဘဝ ဖြစ်ရာ၌လည်း နည်းမှီး၍ သိမ်းဆည်းပါ။ အကယ်၍ အသင်သူတော်ကောင်းသည် နောင်အနာဂတ်၌ သာသနာပြုနိုင်သည့် ရဟန်းဘဝကို ရရှိရေးအတွက် ရည်ရွယ်တောင့်တ၍ ပါရမီမျိုးစေ့ကို ထူထောင်နေသည် ဖြစ်အံ့၊ ထိုကာမာဝစရကံတို့တွင် အမှတ်တရအဖြစ်ဆုံး အနှစ်ခြိုက်ဆုံး ကံတစ်ခုကို ရွေးချယ်၍ ရဟန်းဘဝ ခန္ဓာငါးပါးတည်းဟူသော ကာမကို စွဲလမ်းခြင်း ကာမုပါဒါန်ကြောင့် ကာမာဝစရ ကမ္မဘဝ ဥပပတ္တိဘဝ ဖြစ်ပုံကို နည်းမှီး၍ သိမ်းဆည်းရှုပွားပါ။

## ကာမုပါဒါန်နှင့် ရူပဘဝ

အကယ်၍ အသင်သူတော်ကောင်းသည် နောင်အနာဂတ်တွင် ရူပါဝစရဗြဟ္မာခန္ဓာကို လိုလားတောင့်တ စွဲလမ်းတပ်မက်သည့် ကာမုပါဒါန်ကို အကြောင်းရင်းခံ၍ အာနာပါန ရူပါဝစရ စတုတ္ထဈာန်ကို သို့မဟုတ် ဩဒါတကသိုဏ်း စတုတ္ထဈာန်ကို ပြုစုပျိုးထောင်နေသည် ဖြစ်အံ့။ ယင်းစတုတ္ထဈာန် သမာဓိကို ကြိမ်ဖန်များစွာ ဝင်စားပါ။ ယင်းစတုတ္ထဈာန် ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာမည့် အနာဂတ်ဗြဟ္မာခန္ဓာ (၅)ပါးကို ဉာဏ်ဖြင့် မြင်အောင် လှမ်းမျှော်ကြည့်ပါ။ ထိုသို့ ဉာဏ်မျက်စိဖြင့် မြင်ပြီးသောအခါ အောက်ပါအတိုင်း အကြောင်းတရား, အကျိုးတရားတို့ကို သိမ်းဆည်းပါ။

၁။ ကာမုပါဒါန် ဖြစ်ခြင်းကြောင့် ရူပါဝစရ ကမ္မဘဝ ဖြစ်၏။
ကာမုပါဒါန်က အကြောင်းတရား၊ ရူပါဝစရ ကမ္မဘဝက အကျိုးတရား။

၂။ ရူပါဝစရ ကမ္မဘဝ ဖြစ်ခြင်းကြောင့် ရူပါဝစရ ဥပပတ္တိဘဝ ဖြစ်၏။
ရူပါဝစရ ကမ္မဘဝက အကြောင်းတရား၊ ရူပါဝစရ ဥပပတ္တိဘဝက အကျိုးတရား။

**မှတ်ချက်** — ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်တို့ကြောင့် ရူပါဝစရ ကမ္မဘဝ ဥပပတ္တိဘဝ ဖြစ်ရာ၌လည်းကောင်း, ကာမုပါဒါန်စသည့် ဥပါဒါန်တစ်မျိုးမျိုးကြောင့် အရူပါဝစရ ကမ္မဘဝ ဥပပတ္တိဘဝ ဖြစ်ရာ၌လည်းကောင်း နည်းမှီး၍ ရှုပါလေ။ တစ်ဖန် အသင်သူတော်ကောင်းသည် ယခုအခါ၌ ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်းသို့ ဆိုက်ရောက်နေပြီ ဖြစ်၏။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကား ဉာတပရိညာ စခန်းတည်း။ ယင်းဉာတပရိညာဟူသည် ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သည့် ရုပ်နာမ်ကြောင်းကျိုး = သင်္ခါရတရားတို့ကို ကောင်းစွာ ပိုင်းခြားယူတတ်သော ဉာဏ်တည်း။ ယင်းဉာတပရိညာစခန်း၏ ကမ်းတစ်ဘက်သို့ အကယ်၍ ရောက်ရှိခဲ့ပါမူ စူဠသောတာပန်စခန်းသို့ ဆိုက်ရောက်ပြီ ဖြစ်၍ အပါယ်ဘေးဆိုးကြီးမှ စိတ်ချရပြီ ဖြစ်ပေသည်။ သို့အတွက် အသင်သူတော်ကောင်းသည် မိမိ၏ အဇ္ဈတ္တ ရုပ်နာမ်သန္တတိအစဉ်၌ ပစ္စုပ္ပန် အပုညာ-ဘိသင်္ခါရကြောင့် နောင်အနာဂတ် အပါယ် ကမ္မဘဝ ဥပပတ္တိဘဝ ဖြစ်ပုံကို မရှုဘဲထားလိုက ထားနိုင်ပါသည်။ သို့သော် အကယ်၍ ရှုလိုခဲ့ပါမူ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ခြံရံလျက် အမှတ်တရ မိမိပြုခဲ့မိသည့် အကုသိုလ် ဒုစရိုက်ကံ တစ်ခုခုကို အာရုံယူ၍ — ကာမုပါဒါန်စသည့် ဥပါဒါန် တစ်ခုခုကို အကြောင်းခံ၍ ယင်းအကုသိုလ်ကံ = ကမ္မဘဝ ဖြစ်ပုံကိုလည်းကောင်း, ယင်းအကုသိုလ်ကံ = ကမ္မဘဝကြောင့် အပါယ်ခန္ဓာ (၅)ပါးတည်းဟူသော ဥပပတ္တိဘဝ ဖြစ်ပုံကိုလည်းကောင်း ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်ပါသည်။ သို့သော် ဉာတပရိညာစခန်း၏ ကမ်းတစ်ဘက်သို့ရောက်ပြီးသူ အသင်သူတော်ကောင်း အဖို့ အနာဂတ် ဝဋ္ဋကထာပိုင်းတွင် လိုအပ်တော့မည်ကား မဟုတ်ပေ။

## ဘဝပစ္စယာ ဇာတိ

**ဘဝေါ**တိ ပနေတ္ထ ကမ္မဘဝေါဝ အဓိပ္ပေတော၊ သော ဟိ ဇာတိယာ ပစ္စယော၊ န ဥပပတ္တိဘဝေါ။
(အဘိ-ဋ္ဌ-၂-၁၇၈။ ဝိသုဒ္ဓိ-၂-၂၁၀။)

ဘဝပစ္စယာ ဇာတိ၌ ဘဝအရ ကမ္မဘဝသည်သာလျှင် ဇာတိ၏ အကြောင်းရင်းဖြစ်သောကြောင့် ကမ္မဘဝကိုသာ ကောက်ယူပါ။ ဥပပတ္တိဘဝကား ဇာတိ၏ အကြောင်းရင်း မဟုတ်သည့်အတွက် ဘဝအရ ဥပပတ္တိဘဝကို မကောက်ယူပါနှင့်။ ဤကား အဋ္ဌကထာကြီးတို့၏ အလိုတည်း။ ဋီကာဆရာတော်များကား အောက်ပါအတိုင်း တစ်နည်း ကြံတော်မူကြပြန်သည်။

ဥပပတ္တိဘဝုပ္ပတ္တိယေဝ ဇာတီတိ အာဟ **"န ဥပပတ္တိဘဝေါ"**တိ။ ဇာယမာနဿ ပန ဇာတိ ဇာတီတိ ဥပပတ္တိဘဝေါပိ အသတိ အဘာဝါ ဇာတိယာ ပစ္စယောတိ သက္ကာ ဝတ္တုံ။ ဇာယမာနရူပပဒဋ္ဌာနတာပိ ဟိ ရူပဇာတိယာ ဝုတ္တာ "ဥပစိတရူပပဒဋ္ဌာနော ဥပစယော၊ အနုပ္ပဗန္ဓရူပပဒဋ္ဌာနာ သန္တတီ"တိ။
(မူလဋီ-၂-၁၂၄။ မဟာဋီ-၂-၃၃၄။)

ဘဝတစ်ခုဝယ် အကျိုး ဝိပါကဝဋ်ဖြစ်သော ရုပ်ခန္ဓာ နာမ်ခန္ဓာတည်းဟူသော ဥပပတ္တိဘဝ၏ ရှေးဦးအစစွာ ဖြစ်ခြင်းသည်ပင် ဇာတိဖြစ်ရကား ဥပပတ္တိဘဝသည် ဇာတိ၏ အကြောင်းတရား မဟုတ်၊ ဘဝပစ္စယာ ဇာတိဝယ် ဘဝအရ ဥပပတ္တိဘဝကို မကောက်ယူပါနှင့်ဟု အဋ္ဌကထာဆရာတော်က မိန့်ဆိုတော်မူခြင်း ဖြစ်သည်။ သို့သော်-

ဘဝသစ်တစ်ခု၌ ဖြစ်ဆဲဖြစ်သော ခန္ဓာ၏ လက်ဦးအစ ဖြစ်ခြင်းဟု ဆိုအပ်သော အခြင်းအရာအထူး ဝိကာရသည် ဘဝပစ္စယာ ဇာတိ၌ ဇာတိမည်ရကား ဥပပတ္တိဘဝသည် မရှိခဲ့သော် ဇာတိ၏ မရှိခြင်းကြောင့်, ကမ္မဘဝသည်သာမက ဥပပတ္တိဘဝသည်လည်း ဇာတိအား ကျေးဇူးပြုတတ်၏ = ဇာတိ၏ အကြောင်းတရား ဖြစ်၏ဟု ဆိုခြင်းငှာ သင့်မြတ်သည်သာ ဖြစ်သည်။ မှန်ပေသည် — "ဥပစယသည် ဖြစ်စရုပ်လျှင် နီးစွာသော အကြောင်းရှိ၏၊ သန္တတိသည် အစဉ်အဆက်အားဖြင့်ဖြစ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏"ဟု (အဘိ-ဋ္ဌ-၁-၃၆၄။)၌ ရုပ်ဇာတိ၏ ဖြစ်ဆဲရုပ်လျှင် နီးစွာသော အကြောင်းရှိသည်၏ အဖြစ်ကိုလည်း အဋ္ဌကထာဆရာတော်က ဖွင့်ဆိုတော်မူခဲ့ပေသည်။ သို့အတွက် ကမ္မဘဝသည်သာ ဇာတိ၏ အကြောင်းတရား ဖြစ်သည် မဟုတ်သေး၊ ဥပပတ္တိဘဝသည်လည်း ဇာတိ၏ အကြောင်းတရားပင် ဖြစ်သည်။
(မူလဋီ-၂-၁၂၄။ မဟာဋီ-၂-၃၃၄။)

## ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ

ထိုဘဝသည် ဇာတိအား (= ကမ္မဘဝသည် ဥပပတ္တိဘဝအား) နာနာက္ခဏိကကမ္မပစ္စယသတ္တိ, ဥပနိဿယပစ္စယသတ္တိ နှစ်မျိုးတို့ဖြင့်သာ ကျေးဇူးပြုသည်။ (အဘိ-ဋ္ဌ-၂-၁၇၈။ ဝိသုဒ္ဓိ-၂-၂၁၀။)

## အမေးနှင့် အဖြေ

ဤအရာဝယ် ကမ္မဘဝသည် ဇာတိ၏ အကြောင်းတရားဖြစ်သည်ဟု ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့် သိထိုက်ပါသနည်းဟူမူ အဖြေမှာ ဤသို့ဖြစ်၏။ —

အပြင်အပ ဖြစ်ကုန်သော အကြောင်းတရားတို့၏ တူညီကုန်သည်၏ အဖြစ်သည် ရှိပါသော်လည်း သတ္တဝါတို့၏ တစ်ဦးနှင့် တစ်ဦး မတူညီဘဲ ယုတ်ညံ့သည်၏အဖြစ် မြင့်မြတ်သည်၏အဖြစ် အစရှိသော ထူးထွေဆန်းပြားမှုကို တွေ့မြင်နေရခြင်းကြောင့် ကမ္မဘဝသည် ဇာတိ၏ အကြောင်းရင်းစစ် ဖြစ်သည်ဟူသော ဤ အနက်သဘောတရားကို သိနိုင်ပေသည်။

**ထပ်မံရှင်းလင်းချက်** — သတ္တဝါ အသီးအသီး၏ အဇ္ဈတ္တ ရုပ်နာမ်သန္တာန်အစဉ်မှ အပဖြစ်ကုန်သော, သတ္တဝါတစ်ဦး ဖြစ်ပေါ်လာရေးအတွက် ဥပနိဿယစသော ပစ္စယသတ္တိတို့ဖြင့် ဝိုင်းဝန်း ကျေးဇူးပြုပေးတတ်ကြကုန်သော —

၁။ ဖြစ်စေတတ်သော ဖခင်၏ သုက်သွေး,
၂။ ဖြစ်စေတတ်သော မိခင်၏ သုက်သွေး,
၃။ အစာအာဟာရ,

ဤသို့အစရှိကုန်သော အကြောင်းတရားတို့၏ တူမျှကုန်သည်၏အဖြစ် ရှိပါကုန်သော်လည်း အမြွာပူး ဖြစ်ကြကုန်သော သတ္တဝါတို့သော်မှလည်း တစ်ဦးနှင့် တစ်ဦး —

၁။ ဖြစ်ပြီးသော ခန္ဓာတို့၏ အောက်တန်းစားဟု အသိအမှတ်ပြုအပ်သည်၏ အဖြစ်ဟူသော ယုတ်ညံ့မှု -
၂။ ဖြစ်ပြီးသော ခန္ဓာတို့၏ အထက်တန်းစားဟု အသိအမှတ်ပြုအပ်သည်၏ အဖြစ်ဟူသော မြင့်မြတ်မှု -
၃။ အဆင်းလှမှု -
၄။ အဆင်းမလှမှု -
၅။ အသက်ရှည်မှု -
၆။ အသက်တိုမှု -
၇။ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာမှု -
၈။ စည်းစိမ်ဥစ္စာ ဆင်းရဲနွမ်းပါးမှု -
၉။ အခြံအရံ များမှု -
၁၀။ အခြံအရံ နည်းပါးမှု -
၁၁။ အနာရောဂါ ထူပြောမှု မကျန်းမာမှု -
၁၂။ အနာရောဂါ ကင်းရှင်းမှု ကျန်းမာမှု -

ဤသို့စသော ထူးခြားမှုများကို တွေ့မြင်ရ၏။ ထိုထူးခြား ကွဲလွဲမှုများသည် အကြောင်းမရှိသည်ကား မဟုတ်ပေ။ အကြောင်းရှိသည်သာ ဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူ ထိုထူးခြားကွဲပြားမှုသည် အခါခပ်သိမ်းလည်းကောင်း အလုံးစုံသော သတ္တဝါတို့ သန္တာန်၌လည်းကောင်း မရှိခြင်းကြောင့် ဖြစ်ပေသည်။ တစ်ဖန် ထိုအကြောင်းတရားဟူသည်မှာလည်း ကမ္မဘဝမှ တစ်ပါးသော အကြောင်းတရားကား မဖြစ်နိုင်ပေ။ အဘယ်ကြောင့်နည်းဟူမူ — ထိုကမ္မဘဝကြောင့် ဖြစ်ကြရသော သတ္တဝါတို့၏ သန္တာန်၌ ကမ္မဘဝမှ တစ်ပါးသော အကြောင်းတရား၏ မရှိခြင်းကြောင့်ပင် ဖြစ်သည်။ ထိုကြောင့် ယုတ်ညံ့မှု မြင့်မြတ်မှုစသော ထူးခြားကွဲပြားမှုသည် ကမ္မဘဝဟူသော အကြောင်းတရား ရှိသည်သာလျှင် ဖြစ်ပေသည်။ မှန်ပေသည် ကမ္မဘဝသည် (= ကံသည်) သတ္တဝါတို့၏ ယုတ်ညံ့မှု မြင့်မြတ်မှုစသော ထူးခြားကွဲပြားမှု၏ အကြောင်းရင်းပင် ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း —

ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ။ (မ-၃-၂၄၄။)

= ယုတ်ညံ့သည်၏ အဖြစ် မြင့်မြတ်သည်၏ အဖြစ်ဖြင့် ကံသည် သတ္တဝါတို့ကို ခွဲခြားဝေဖန်၏။ (မ-၃-၂၄၄။)

ဤသို့ စူဠကမ္မဝိဘင်္ဂသုတ္တန်တွင် ဟောကြားထားတော်မူခဲ့၏။ ထိုကြောင့် ကမ္မဘဝသည် ဇာတိ၏ အကြောင်းရင်း ဖြစ်သည်ဟူသော ဤသဘောတရားကို သိအပ် သိနိုင်ပါပေသည်။

## ဇာတိပစ္စယာ ဇရာမရဏံ

တစ်ဖန် ဇာတိတရားသည် ထင်ရှားမရှိလတ်သော် ဇရာမရဏတရားမည်သည် မရှိနိုင်။ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသစသော တရားတို့သည်လည်း မရှိနိုင်ကုန်။ အလျော်အားဖြင့်မူကား ဇာတိတရားသည် ထင်ရှားရှိလတ်သော်သာလျှင် ဇရာမရဏတရားသည်လည်းကောင်း ဇရာမရဏဟု ခေါ်ဆိုအပ်သော ဒုက္ခ-တရားသည် တွေ့ထိအပ်သော မိုက်မဲသော သတ္တဝါ၏ သန္တာန်၌ ဇရာမရဏနှင့် စပ်သည်မူလည်း ဖြစ်ကုန်သော သောက ပရိဒေဝစသော တရားတို့သည်လည်းကောင်း, ထိုထို ဆွေမျိုးတို့၏ ပျက်စီးခြင်း = ဉာတိဗျသနစသော ဒုက္ခတရားသည် တွေ့ထိအပ်သော မိုက်မဲသော သတ္တဝါ၏ သန္တာန်၌ ဇရာမရဏနှင့် မစပ်သည်မူလည်း ဖြစ်ကုန်သော သောက ပရိဒေဝ အစရှိကုန်သော တရားတို့သည်လည်းကောင်း ဖြစ်ပေါ်လာတတ်ကြကုန်၏။ ထို့ကြောင့် ဤဇာတိသည် ဇရာမရဏ၏လည်း အကြောင်းရင်းဖြစ်၏၊ သောက ပရိဒေဝစသည်တို့၏လည်း အကြောင်းရင်းဖြစ်သည်ဟု သိရှိပါလေ။

ထိုဇာတိသည် ဇရာမရဏ သောက ပရိဒေဝ စသည်တို့အား သုတ္တန်နည်းပရိယာယ်အားဖြင့် ဥပနိဿယ-ကောဋ္ဌိဟူသော ဥပနိဿယ အမြွက်အားဖြင့် ဥပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့်သာ ကျေးဇူးပြုသည်။ (အဘိဓမ္မာပဋ္ဌာန်းဒေသနာတော်၌ တိုက်ရိုက်ဟောကြားချက် မရှိသောကြောင့် သုတ္တန်နည်းပရိယာယ်အားဖြင့် ဥပနိဿယကောဋ္ဌိဟု ဆိုသည်။) (အဘိ-ဋ္ဌ-၂-၁၇၉။ ဝိသုဒ္ဓိ-၂-၂၁၀-၂၁၁။)

## ဇရာမရဏကို အင်္ဂါတစ်ပါးသာ ပြုပုံ

ယသ္မာ ပန န အမရဏာ ဇရာ အတ္ထိ သဗ္ဗေသံ ဥပ္ပတ္တိမန္တာနံ ပါကာနန္တရဘေဒတော။ န စာဇရံ မရဏံ အပါကဘေဒါဘာဝါ၊ တသ္မာ တဒုဘယ မေကမင်္ဂ ကတံ၊ န နာမရူပံ ဝိယ ဥဘယဋ္ဌာနေ ဧကဇ္ဈံ ဥပ္ပတ္တိယာ, သဠာယတနံ ဝိယ ဝါ အာယတနဘာဝေန ကိစ္စသမတာယ။ (အနုဋီ-၂-၉၇။)

ပဋိစ္စသမုပ္ပါဒ်အင်္ဂါကို ပြရာ၌ ဇရာမရဏနှစ်ပါးကို အဘယ်ကြောင့် အင်္ဂါတစ်ပါးတည်း ပြုထားပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား — ထိုဇရာမရဏ နှစ်ပါးလုံးသည် ဇာတိကြောင့် ဖြစ်ရခြင်းအားဖြင့် တူမျှ၏။ ထိုသို့ ဖြစ်ရာဝယ် မအိုဘဲ သေသူမရှိ၊ မရဏသို့ မဆိုက်သော ဇရာမည်သည် မရှိ။ အနည်းဆုံး ပရမတ်တရားတို့သည် ဌီအခိုက်၌ ရင့်ရ အိုရသေး၏၊ အိုခြင်းဟူသမျှလည်း မသေသော အိုခြင်းမည်သည် မရှိ၊ ဌီအခိုက်သို့ ရောက်၍ အိုလျှင် ဘင်အခိုက်၌ ဧကန်ပျက်ရမည်သာ၊ ထိုနှစ်ပါးတွင်လည်း မရဏသည် ဇရာကြောင့် ဖြစ်ရသည်မဟုတ်၊ ဇာတိကြောင့်သာ ဖြစ်ရ၏။ ထို့ကြောင့် ထိုဇရာမရဏ နှစ်ပါးကို အင်္ဂါတစ်ပါးတည်း အဖြစ်ဖြင့် ဟောတော်မူသည်။ နာမရူပံဟူသော အင်္ဂါရပ်ကဲ့သို့ နာမ်ရုပ်နှစ်ပါးစုံ ဖြစ်ရာဌာန၌ တစ်ပေါင်းတည်း အတူတကွ ဖြစ်သောကြောင့် အင်္ဂါတစ်ပါးအဖြစ် ဟောကြားတော်မူသည်လည်း မဟုတ်။ သဠာယတနဟူသော အင်္ဂါရပ်ကဲ့သို့ အာယတန၏ အဖြစ်ဖြင့် ကိစ္စတူမျှသောကြောင့် အင်္ဂါတစ်ပါးတည်းအဖြစ် ဟောကြားထားတော်မူသည်လည်း မဟုတ်ပေ။
(အနုဋီ-၂-၉၇။)

## အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံ

အသင်သူတော်ကောင်းသည် အနာဂတ်ဘဝ တစ်ခုခုအတွက် ရည်ရွယ်၍ ပြုစုပျိုးထောင်ထားသော ကမ္မဘဝတစ်ခုခုနှင့် အနာဂတ် ဇာတိ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ အကယ်၍ အသင်သူတော်ကောင်းသည် အနာဂတ်တွင် ဓမ္မကထိက နတ်သားဘဝကို ဆုတောင်း-

ထားသည် ဖြစ်အံ့။ မိမိအနှစ်ခြိုက်ဆုံး ကာမာဝစရ ကုသိုလ် ကမ္မဘဝတစ်ခုဖြင့် ဓမ္မကထိကနတ်သားဘဝ ဇာတိ = ပဋိသန္ဓေခန္ဓာ (၅)ပါးကို အကြောင်း အကျိုးစပ်လျက် သိမ်းဆည်းပါ။ အကယ်၍ ဗြဟ္မာဘဝကို ဆုတောင်းထားသည် ဖြစ်အံ့၊ ရူပါဝစရဈာန်ကုသိုလ် ကမ္မဘဝတစ်ခုခုဖြင့် ဗြဟ္မာဘဝ ဇာတိ = ပဋိသန္ဓေ ခန္ဓာ (၅)ပါးကို အကြောင်း အကျိုးစပ်လျက် သိမ်းဆည်းပါ။ အကယ်၍ ရဟန်းဘဝကို ဆုတောင်းထားသည် ဖြစ်အံ့၊ မိမိ အနှစ်ခြိုက်ဆုံး ဖြစ်သော ကာမာဝစရ ကုသိုလ်ကံ = ကမ္မဘဝတစ်ခုခုကြောင့် ရဟန်းဘဝ၏ ဇာတိ = ပဋိသန္ဓေ ခန္ဓာ (၅)ပါး ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်း အကျိုး သိမ်းဆည်းပါ။

၁။ ကမ္မဘဝ ဖြစ်ခြင်းကြောင့် ဇာတိ ဖြစ်၏။
ကမ္မဘဝက အကြောင်းတရား ဇာတိက အကျိုးတရား။

**ဇာတိ** — ဓမ္မကထိကနတ်သားဘဝ၏ ဇာတိအခိုက်၌ ရုပ်တရားများမှာ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဟဒယဒသကကလာပ်ဟူသော အမျိုးအစားအားဖြင့် (၇၀)သော ကမ္မဇရုပ်များသည်လည်းကောင်း, ဇီဝိတနဝကကလာပ်နှင့်တကွ ရေတွက်သော် (၇၉)မျိုးသော ရုပ်တရားတို့သည်လည်းကောင်း စတင်၍ ဖြစ်ကြ၏။ နာမ်တရားများမှာ တိဟိတ် သောမနဿ ပဋိသန္ဓေဖြစ်လျှင် (၃၄)မျိုးသော နာမ်တရားတို့တည်း။

ဗြဟ္မာဘဝ — အကယ်၍ ရူပါဝစရဗြဟ္မာဘဝ ဇာတိ ဖြစ်ခဲ့လျှင် ရုပ်ပိုင်းတွင် ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်များ လျော့နေမည် ဖြစ်သည်။ နာမ်ပိုင်းတွင် ပဌမဈာန် ဝိပါက် ပဋိသန္ဓေဖြစ်လျှင် နာမ်တရား (၃၄), ဒုတိယဈာန် ဝိပါက် ပဋိသန္ဓေ ဖြစ်လျှင် (၃၂), တတိယဈာန် ဝိပါက် ပဋိသန္ဓေဖြစ်လျှင် (၃၁), စတုတ္ထဈာန် ဝိပါက် ပဋိသန္ဓေဖြစ်လျှင် (၃၁)လုံးသော နာမ်တရားတို့ ဖြစ်ကြ၏။

ရဟန်းဘဝ — အကယ်၍ သာသနာပြုနိုင်သည့် ရဟန်းဘဝ ပဋိသန္ဓေဇာတိဖြစ်လျှင် ရုပ်အမျိုးအစား (၃၀), တိဟိတ် သောမနဿ ပဋိသန္ဓေ ဖြစ်လျှင် နာမ်တရား (၃၄) ရှိကြ၏။

ဤဆိုင်ရာ ဆိုင်ရာ ကမ္မဘဝကြောင့် ဇာတိဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ – ကမ္မဘဝ ဖြစ်ခြင်းကြောင့် ဇာတိ ဖြစ်၏၊ ကမ္မဘဝက အကြောင်းတရား၊ ဇာတိက အကျိုးတရားဟု အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

## အကုသိုလ် ကမ္မဘဝနှင့် အရူပ ကမ္မဘဝ

ဧဝံ သင်္ခါရေ သလ္လက္ခေတွာ ဌိတဿ ပန ဘိက္ခုနော ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံ နာမ ဟောတိ၊ ပတိဋ္ဌာ လဒ္ဓါ နာမ၊ စူဠသောတာပန္နော နာမ ဟောတိ နိယတဂတိကော။ (အဘိ-ဋ္ဌ-၂-၂၄၂။)

နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော ဉာတပရိညာပညာနှင့် ပြည့်စုံသော ဤသို့ ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော သင်္ခါရတရားတို့ကို ကောင်းစွာ ပိုင်းခြားမှတ်သားလျက် (= ဤကား အကြောင်းတရား - ဤကား အကျိုးတရားဟုကောင်းစွာ ပိုင်းခြားမှတ်သားလျက်) တည်နေသော ယောဂါဝစရ ရဟန်းတော်သည် ဘုရားရှင်၏ သာသနာတော်မှ မခွဲနိုင်အောင် ဘုရားရှင်၏ သာသနာတော်၌ အမြစ်တွယ်သွားပြီ ဖြစ်၏။ အမြစ်အရင်းသို့ သက်ဝင်၍ တည်နေသည်မည်၏။ ဘုရားရှင်၏ သာသနာတော်၌ ထောက်ရာတည်ရာကို ရရှိသည်မည်၏။ ကောင်းရာ သုဂတိဟူသော လားရာဂတိမြဲသော စူဠသောတာပန် မည်ပေသည်။

(အဘိ-ဋ္ဌ-၂-၂၄၂။)

ထိုကြောင့် ဤပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းအထိ အကြောင်းတရား အကျိုးတရားတို့ကို စနစ်တကျ သိမ်း-ဆည်းတတ်သော ယောဂါဝစရပုဂ္ဂိုလ်သည်ကား ဉာတပရိညာစခန်းသို့ ဆိုက်ရောက်ပြီး ဖြစ်သဖြင့် သုဂတိဘဝ တည်းဟူသော ကိန်းသေမြဲသော လားရာဂတိရှိသော စူဠသောတာပန် မည်ရကား ထိုသူတော်ကောင်းသည် မိမိပြုမိသော အကုသိုလ် ကမ္မဘဝကြောင့် အပါယ်ဇာတိကား ဖြစ်ခွင့်မရှိတော့ပေ။ အကုသိုလ် ကမ္မဘဝကြောင့် အပါယ်ဇာတိ ဖြစ်ခွင့်မရှိသဖြင့် နောင်အနာဂတ်တွင် အကုသိုလ် ကမ္မဘဝနှင့် အပါယ်ဇာတိကို အကြောင်း အကျိုးစပ်လျက် သိမ်းဆည်းရန်လည်း လိုအပ်မည် မထင်ပေ။ ပစ္စယပရိဂ္ဂဟဉာဏ်တိုင်အောင် ဉာဏ်အမြင် မပေါက်သေးသူတို့အတွက်သာ အကုသိုလ် ကမ္မဘဝကြောင့် အပါယ်ဇာတိစသည်တို့ ဖြစ်ခွင့်ရှိနိုင်ပေသည်။ (သို့သော် ဘုရားအလောင်းတော်ကဲ့သို့သော ဆုကြီးပန် သူတော်ကောင်းများကိုကား ချွင်းချက်ထားပါ။)

အလားတူပင် သာသနာတော်တွင်း၌ ဉာတပရိညာစခန်းသို့ တိုင်အောင် ခရီးလမ်းပေါက်နေသော ယောဂီသူမွန်တစ်ဦး ဖြစ်နေသည့်အလျောက် အရူပါဝစရဈာန်ကုသိုလ် ကမ္မဘဝကြောင့် အရူပါဝစရ ဇာတိ ဖြစ်မှုသည်လည်း အလွန်နည်းပါးဖွယ်ရာသာ ရှိချေသည်။ ပုထုဇန်ဘဝဖြင့် အရူပဘုံသို့ ရောက်ရှိက ဆက်လက်၍ အရိယာသူတော်ကောင်း ဖြစ်နိုင်ရန် အခွင့်အလမ်းများ ဆုံးရှုံးသွားပြီ ဖြစ်သောကြောင့်တည်း။ အာဠာရရသေ့-ဥဒကရသေ့ - ဒေဝီဠရသေ့ကြီးတို့ကို အရှုံးကြီး ရှုံးသူများအဖြစ် ဘုရားရှင် ဟောကြားတော်မူခဲ့၏။ သို့သော် ဤဘဝတွင် သောတာပန်စသည့် အရိယာသူတော်ကောင်းဘဝသို့ ရောက်ရှိ၍ ရဟန္တာလည်း မဖြစ်နိုင်သေးသဖြင့် သံသရာခရီးလည်း ဆက်ရန် ရှိနေသေးသော် အရူပဘုံသို့ ရောက်လိုက ရောက်နိုင်သေး၏။ ထိုအရူပဘုံတွင် အထက်အထက် မဂ်ဉာဏ်ဖိုလ်ဉာဏ်များကိုလည်း ရပိုင်ခွင့်များလည်း ရှိပေ၏။ အသင်သူတော်ကောင်းသည် ဤကဲ့သို့ အရူပဘုံသို့ ရောက်နိုင်သည့် အခွင့်အလမ်းရှိသူ သူတော်ကောင်း ဖြစ်နေပါမူ အရူပကမ္မဘဝ တစ်ခုခုဖြင့် ဆိုင်ရာ အရူပဇာတိကို အကြောင်း အကျိုးစပ်လျက် = ဆိုင်ရာ အရူပကမ္မဘဝကြောင့် ဆိုင်ရာ အရူပဇာတိ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ အရူပဇာတိ၏ တရားကိုယ်မှာ နာမ်ခန္ဓာ (၄)ပါးသာ ဖြစ်သည်။

တစ်ဖန် မိမိ၏ အနာဂတ် ဘဝသစ်တွင် ရရှိမည့် ဇာတိကြောင့် ဇရာမရဏဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရမည် ဖြစ်သည်။ ထိုသို့ သိမ်းဆည်းရာ၌ သမုတိ-သစ္စာနယ်မှ သိမ်းဆည်းနည်း ပရမတ္ထသစ္စာနယ်မှ သိမ်းဆည်းနည်းဟု နှစ်နည်းပင် ရှိနိုင်ပေသည်။ ဇာတိ ဇရာမရဏတို့ကို သမုတိသစ္စာနည်း ပရမတ္ထသစ္စာနည်းအားဖြင့် နှစ်မျိုးစီ ဖွင့်ဆိုထားသောကြောင့် ဖြစ်သည်။ သမုတိသစ္စာနယ်မှ (= သမ္မုတိသစ္စာနယ်မှ) သိမ်းဆည်းလိုခဲ့သော် ပဋိသန္ဓေ ဇာတိ ဖြစ်ရခြင်းကို အကြောင်းခံ၍ အိုမှုဇရာ သေမှုမရဏ ဖြစ်ရခြင်းကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း အကြောင်း အကျိုး သိမ်းဆည်းပါ —

၂။ ဇာတိ ဖြစ်ခြင်းကြောင့် ဇရာမရဏ ဖြစ်၏။
ဇာတိက အကြောင်းတရား၊ ဇရာမရဏက အကျိုးတရား။

ဘဝတစ်ခု၌ တစ်ခုသော ပဋိသန္ဓေတည်နေရခြင်းသည် ထင်ရှားရှိခဲ့သော် တစ်ခုသော သေခြင်းတရားကား မြဲ၏။ သမ္မုတိမရဏတည်း။ ယင်းဇာတိနှင့် မရဏအကြားကား ဇရာတည်း။ ယင်းဇာတိကြောင့် ဇရာမရဏဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်း အကျိုး သိမ်းဆည်းပါ။ အနာဂတ်ဇာတိနှင့် အနာဂတ်ဇရာမရဏတည်း။

အကယ်၍ ပရမတ္ထသစ္စာနယ်မှ သိမ်းဆည်းရှုပွားလိုခဲ့သော် ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်း၌ ရှိသော ကလာပ်တူ ရုပ်တရားတို့၏ ပြိုင်တူဖြစ်မှု = ဇာတိ, တည်မှု = ဇရာ, ပျက်မှု = မရဏကိုလည်းကောင်း, ဌာန-

အလိုက်ဖြစ်စေ, ကောဋ္ဌာသအလိုက်ဖြစ်စေ, တစ်ကိုယ်လုံးကို ဖြစ်စေ ခြုံ၍ ရုပ်အားလုံးတို့၏ ဖြစ်မှု တည်မှု ပျက်မှု = ဇာတိ-ဇရာ-မရဏကိုလည်းကောင်း ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း သိမ်းဆည်းပါ။

နာမ်တရား၌လည်း အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၍ အာယတနဒွါရအလိုက် ဖြစ်ပေါ်နေကြကုန်သော (၆)လိုင်းလုံး အတွင်း၌ ရှိကြသော နာမ်တရားတို့တွင် စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်းဝယ် ကလာပ်တူ နာမ်တရားတို့၏ ဖြစ်မှု တည်မှု ပျက်မှု သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း သိမ်းဆည်းပါ။

ရုပ်-နာမ်ပရမတ်တို့၏ ဖြစ်မှု = ဥပါဒ်ကား ဇာတိတည်း။ တည်မှု = ဌီကား ဇရာတည်း။ ပျက်မှု = ဘင်ကား မရဏတည်း။ ဤကား ပရမတ္ထသစ္စာနယ်တည်း။

၃။ ဇာတိ ဖြစ်ခြင်းကြောင့် ဇရာမရဏ ဖြစ်၏၊

ဇာတိက အကြောင်းတရား၊ ဇရာမရဏက အကျိုးတရား ။

**သတိ** — ပဋိသန္ဓေ ဘဝင် စုတိ ဟူသော ဝီထိမုတ်စိတ်တို့၌လည်း နည်းတူပင် ရှုပါ။ ဤရုပ်နာမ်တို့မှာ အနာဂတ်ဘဝ ရုပ်နာမ်တို့သာ ဖြစ်ကြသည်ကို အထူးဂရုပြု၍ မှတ်သားပါ။

## သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ

ဤသောကပရိဒေဝ စသည်တို့ကား ဇာတိ၏ မုချမဟုတ်သော အကျိုးဆက်များ ဖြစ်ကြ၏။ ဇာတိရှိတိုင်း အမြဲ ဖြစ်ပေါ်လာကြသည်ကား မဟုတ်။ ကိလေသာ ကင်းစင်တော်မူကြသော ဘုရား ရဟန္တာ အရှင်မြတ်တို့၏ သန္တာန်၌ကား ဇာတိပင် ရှိသော်ငြားလည်း သောကစသည်တို့ကား ဖြစ်ခွင့် မရှိကြတော့ပေ။ ထိုကြောင့် ဇာတိ၏ မုချမဟုတ်သော အကျိုးဆက်ဟု ဆိုခြင်းဖြစ်သည်။ ယင်းသောက စသည်တို့မှာ ဇာတိကို အကြောင်းခံ၍ ဖြစ်ကြသည်လည်းရှိ၏။ ဆွေမျိုးတို့၏ ပျက်စီးခြင်း = ဉာတိဗျသနစသော ဘေးဒုက္ခတို့ဖြင့် တွေ့ထိသော သတ္တဝါ၏ သန္တာန်ဝယ် ယောနိသောမနသိကာရ မဖြစ်ပါက ရုပ်သဘော နာမ်သဘော အကြောင်းသဘော အကျိုးသဘော အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော အသုဘသဘောတို့ကို တွင်တွင်ကြီး နှလုံးမသွင်းနိုင်ဘဲ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာစသည်ဖြင့်လည်းကောင်း အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် စသည်ဖြင့်လည်းကောင်း သားသမီး မြေး မြစ် ဇနီး ခင်ပွန်း ဘကြီး ဘထွေး မိကြီး မိထွေး အဘိုး အဖွား စသည်ဖြင့်လည်းကောင်း ရွှေ ငွေ စိန်ကျောက် စသည်ဖြင့်လည်းကောင်း မိုက်မဲ တွေဝေစွာ နှလုံးသွင်း နေပါက ယင်းသောကစသည်တို့သည် ဖြစ်ပေါ်လာတတ်ကုန်၏။ သို့သော် ယင်းဉာတိဗျသနစသော ဗျသန အမျိုးမျိုးတို့နှင့် တွေ့ကြုံရခြင်းမှာလည်း ဇာတိရှိသူ သတ္တဝါ၏ သန္တာန်၌သာ ကျရောက်နိုင်သဖြင့် ယင်းသောက စသည်တို့၏ အကြောင်းရင်းမှာလည်း ဇာတိပင် ဖြစ်သည်ဟု ဆိုရပြန်ပေသည်။ သို့အတွက် ဇာတိကို အကြောင်း ခံ၍ သောကစသည်တို့ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါအတိုင်း အကြောင်းတရား အကျိုး တရားတို့ကို သိမ်းဆည်းပါ။

၃။ ဇာတိ ဖြစ်ခြင်းကြောင့် သောက ဖြစ်၏၊

ဇာတိက အကြောင်းတရား၊ သောကက အကျိုးတရား။

၄။ ဇာတိ ဖြစ်ခြင်းကြောင့် ပရိဒေဝ ။ ပ ။ ဥပါယာသ ဖြစ်၏၊

ဇာတိက အကြောင်းတရား၊ ပရိဒေဝ ။ ပ ။ ဥပါယာသက အကျိုးတရား ။

## ဘဝစက်လည်ပတ်ပုံ

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ စသည်ဖြင့် သံသရာလည်ပတ်ပုံ ဘဝစက်ကို အဝိဇ္ဇာကို အစထား၍ သောက စသည်ကို အဆုံး၌ထားလျက် ဟောကြားထားတော်မူခဲ့၏။ သို့သော် ဤပဋိစ္စသမုပ္ပါဒ် ပထမနည်း အစပိုင်းတွင် ဖေါ်ပြခဲ့သည့်အတိုင်း သောကစသည်တို့ ဖြစ်လျှင်လည်း အဝိဇ္ဇာကား ကပ်၍ ပါဝင်လျက်ရှိ၏။ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော ဟူသည်နှင့် အညီ အာသဝေါတရားများ ဖြစ်ခြင်းကြောင့်လည်း အဝိဇ္ဇာကား ဖြစ်နေပြန်၏။ အဝိဇ္ဇာဖြစ်လျှင်လည်း တစ်ဖန်သင်္ခါရကား ဖြစ်နေဦးမည်သာ ဖြစ်သည်။ သင်္ခါရဖြစ်ပြန်လျှင် ဝိညာဏ် ဖြစ်ပြန်၍ — ဤသို့စသည်ဖြင့် အကြောင်းနှင့်အကျိုး ဆက်စပ်လျက် ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ် (၁၂)ချက်တို့သည် အရဟတ္တမဂ် မရသေးသမျှ ကာလပတ်လုံး အရဟတ္တမဂ်ကို ရသည့်တိုင်အောင် အမြဲမပြတ် အကြောင်းနှင့် အကျိုး ဆက်စပ်လျက် တစ်ရံတစ်ဆစ်မျှ ပြတ်စဲခြင်း မရှိဘဲ အဝွန့်ရှည်စွာ ဖြစ်လျက် လည်ပတ်နေဦးမည်သာ ဖြစ်ပေသည်ဟု သိပါလေ။

## ကာရက ဝေဒကမှ ကင်းဆိတ်မှု

ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်သည် အဝိဇ္ဇာ အစရှိကုန်သော အကြောင်းတရားတို့ကြောင့် သင်္ခါရ စသော အကျိုးတရားတို့၏ ဖြစ်ခြင်းသဘောတရားသာ ဖြစ်ရကား ထိုအဝိဇ္ဇာစသော အကြောင်းတရားတို့မှ အခြားတစ်ပါးသော —

**"ဗြဟ္မာ မဟာဗြဟ္မာ သေဋ္ဌော သဇိတာ။"** (ဒီ-၁-၁၇။)

="ဗြဟ္မာတည်း၊ မဟာဗြဟ္မာတည်း၊ အလုံးစုံသော သတ္တဝါတို့ထက် မြတ်၏၊ စီမံတတ်၏။" (ဒီ-၁-၁၇။)

ဤသို့ ကြံဆအပ်သော သံသရာကို ပြုလုပ်တတ် ဖန်ဆင်းတတ်သော ဗြဟ္မာ ပဇာပတိနတ်, ပရမိဿရ ဟူသော ပရမီသွာနတ်, ပုရိသ စသူမှလည်းကောင်း, (ဖန်ဆင်းရှင် ပရမတ္တကို ဆိုလိုသည်။),

"ငါ၏ ထိုအတ္တသည် အကျိုးစီးပွား ရှိသည် မရှိသည်ကို ပြောပြတတ်၏၊ သုခအစရှိသည်ကို ခံစားတတ်၏၊ အလုံးစုံသော အာရုံတို့ကို သိတတ်၏၊ မိမိကိုယ်တိုင် သိတတ် သူတစ်ပါးတို့သည် သိအပ်၏" — (ဇီဝအတ္တကို ဆိုလိုသည်။)

ဤသို့ ကြံဆအပ်သော သုခ ဒုက္ခကို ခံစားတတ်သော အတ္တမှလည်းကောင်း,

ဤနှစ်မျိုးသော ကာရကအတ္တ (ပရမတ္တ), ဝေဒကအတ္တ (ဇီဝအတ္တ)တို့မှ ကင်းဆိတ်ရကား ယင်းကြောင်း-ကျိုးဆက် = ပဋိစ္စသမုပ္ပါဒ်သဘောတရားသည် ကာရကအတ္တ ဝေဒကအတ္တတို့မှ ကင်းဆိတ်၏ဟု သိပါလေ။
(အဘိ-ဋ္ဌ-၂-၁၈၁။)

## ဓုဝ – သုဘ – သုခ – အတ္တတို့မှ ဆိတ်၏

တစ်ဖန် ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်၌ အဝိဇ္ဇာသည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသည်၏ အဖြစ်-ကြောင့် ခိုင်မြဲသည့် = ဓုဝသဘောမှ ကင်းဆိတ်၏။ ။ ပူပန်စေတတ် နှိပ်စက်တတ်သော အာသဝေါတရားစသော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ပူပန်စေတတ် နှိပ်စက်တတ် သော ရာဂ ဒေါသ မာန်မာနစသော ကိလေသာကို ရခြင်းငှာ ထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း သုဘ၏ အဖြစ်မှလည်း ကင်းဆိတ်၏။ ။ ဖြစ်ခြင်း ပျက်ခြင်းသဘောသည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် သုခ၏

အဖြစ်မှုလည်း ကင်းဆိတ်၏။ ။ အာသဝစသော အကြောင်းတရားနှင့် စပ်သော = အကြောင်းတရား၌ စပ်သော ဖြစ်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့် အလိုသို့ လိုက်စေတတ်သည်ဖြစ်၍ ဖြစ်သော အတ္တ၏ အဖြစ်မှုလည်း ကင်းဆိတ်၏။ ။ သင်္ခါရစသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် အားလုံးတို့သည်လည်း ထို့အတူ ဓုဝ-သုဘ-သုခ-အတ္တ တို့မှ ကင်းဆိတ်ကြကုန်သည်သာ ဖြစ်ကုန်၏။

တစ်နည်းဆိုရသော် — အဝိဇ္ဇာသည် —

၁။ အတ္တလည်း မဟုတ်၊
၂။ အတ္တ၏ ဥစ္စာလည်း မဟုတ်၊
၃။ အတ္တ၌လည်း မရှိ၊
၄။ အတ္တလည်း မရှိ၊

သင်္ခါရအစရှိကုန်သော အင်္ဂါရပ်တို့သည်လည်း ထို့အတူပင်တည်း။ ထို့ကြောင့် ဤပဋိစ္စသမုပ္ပါဒ် သံသရာ ဘဝစက်သည် တစ်နည်း သံသရာဘဝစက်၏ အင်္ဂါရပ် (၁၂)ပါးတို့သည် ဓုဝ-သုဘ-သုခ-အတ္တဟူသော ဆိတ်သုဉ်းခြင်းဖြင့် ဆိတ်သုဉ်း၏ဟူ၍ သိပါလေ။ (အဘိ-ဋ္ဌ-၂-၁၈၁။ ဝိသုဒ္ဓိ-၂-၂၁၃။)

တစ်ဖန် ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်၌ —

၁။ မူလ (၂)ပါး,
၂။ အခွန့်ကာလ (၃)ပါး,
၃။ အင်္ဂါ (၁၂)ပါး,
၄။ အစပ် (၃)ပါး,
၅။ အလွှာ (၄)ပါး,
၆။ ခြင်းရာ (၂၀) ရှိပေသည်။

## မူလ (၂) ပါး

ထိုပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်ဝယ် အဝိဇ္ဇာနှင့် တဏှာဟု အရင်းမူလ ပဓာနတရား နှစ်ပါးရှိ၏။ ထိုတွင် အဝိဇ္ဇာဟူသော အရင်းမူလ ပဓာနတရားသည် အဝိဇ္ဇာ သင်္ခါရဟူသော ရှေးအတိတ်ဖြစ်သော အကြောင်းအဖို့မှ စ၍ ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာ ဟူသော ဝေဒနာတွင်ဆုံးသော ပစ္စုပ္ပန် အကျိုးဝိပါက်ကို ဆောင်ထားတတ်သောကြောင့် အရင်းမူလ ပဓာနတရား မည်၏။

ဝေဒနာ၏ နောက်၌ - ဝေဒနာပစ္စယာ တဏှာ - ဟု တဏှာကို တွေ့ရ၏။ ပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်၌ ရှေးအဖို့, နောက်အဖို့ဟု နှစ်ဖို့ရှိသည်တွင် အဝိဇ္ဇာသည် ရှေးအဖို့အတွက် အစဖြစ်၏၊ တဏှာသည် နောက်အဖို့ အတွက် အစဖြစ်၏။ ဉပါဒါန် ကမ္မဘဝဟူသော အကြောင်း, ဉပပတ္တိဘဝဟု ခေါ်ဆိုအပ်သော တစ်နည်း ဇာတိဟု ခေါ်ဆိုအပ်သော ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာ ဟူသော အကျိုးတရားတို့ကို ဆက်သွယ်လျက် ယင်းတဏှာသည် ချဲ့တတ် ဖြန့်တတ်သောကြောင့် အနာဂတ်အဖို့ကို ဆက်စပ်လျက် ချဲ့တတ် ဖြန့်တတ်သော အရင်းမူလ ပဓာနတရား မည်၏။

ထိုရှေ့ပိုင်း ပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်, နောက်ပိုင်း ပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်ဟု ဘဝစက် နှစ်မျိုးတို့တွင် ရှေးပိုင်း သံသရာဘဝစက်ကို ဒိဋ္ဌိစရိုက်ထူပြောသူတို့၏ အစွမ်းဖြင့် ဟောတော်မူအပ်၏၊

နောက်ပိုင်း သံသရာဘဝစက်ကို တဏှာစရိုက်ထူပြောသူတို့၏ အစွမ်းဖြင့် ဟောတော်မူအပ်၏။
(အဘိ-ဋ္ဌ-၂-၁၈၁။ ဝိသုဒ္ဓိ-၂-၂၁၃။)

မှန်ပေသည် — အဝိဇ္ဇာသည် ပရမတ္ထဓမ္မသဘာဝဟူသော တရားစစ် တရားမှန်တို့၏ မှန်သော သဘောကို မသိအောင် ဖုံးထား၏၊ ထိုဖုံးထားမှု အဝိဇ္ဇာသည် အာရုံကို မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း ဟူသော အယူမှားမှုကို ပြုလျက် နဂိုက ဒိဋ္ဌိစရိုက်ရှိနေသူတို့ကို သံသရာမှ မလွတ်နိုင်အောင် သံသရာထဲ၌ ဆွဲဆောင်၍ ထားသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာသည် ဒိဋ္ဌိစရိုက်ရှိသူတို့ကို သံသရာထဲ၌ ဆွဲဆောင် ထားတတ်၏။ တစ်နည်းဆိုရသော် ဒိဋ္ဌိစရိုက်ရှိသူတို့၏ အဝိဇ္ဇာသည် သံသရာကို ဆောင်တတ် ဖြစ်စေတတ်၏။

ဖဿ၏ ကိုယ်ပိုင် သဘာဝလက္ခဏာသဘောမှန်ဖြစ်သော ဖုသနသဘောကို အဝိဇ္ဇာက ဖုံးလွှမ်းထား-သောကြောင့် အာရုံကို တွေ့ထိသောအခါ ဖဿကို မသိဘဲ အတ္တက တွေ့ထိ၏ဟု မှားမှားယွင်းယွင်း နှလုံး သွင်းခြင်းကို အဝိဇ္ဇာသည် ပြုလုပ်လျက် ဒိဋ္ဌိစရိုက် ရှိသူတို့ကို သံသရာထဲ၌ ဆွဲဆောင်ထားတတ်၏။ တစ်နည်း ဆိုသော် ဒိဋ္ဌိစရိုက်ရှိသူတို့၏ သန္တာန်ဝယ် သင်္ခါရ အစရှိသည်တို့၏ ဖြစ်ခြင်းဟူသော သံသရာကို ဆွဲဆောင် တတ်၏ ဖြစ်စေတတ်၏။ (မူလဋီ-၂-၁၂၆။)

ဤ၌ ဖဿ၏ အာရုံကိုတွေ့ထိတတ်သော ဖုသနသဘော, ဝေဒနာ၏ အာရုံ၏အရသာကို ခံစားတတ်-သော အနုဘဝနသဘောကို — အတ္တက တွေ့ထိ၏၊ အတ္တက ခံစား၏ — ဟု မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို ပြုတတ်သော တရားကား အဝိဇ္ဇာမဟုတ်၊ ဒိဋ္ဌိတည်း။ ထိုဒိဋ္ဌိသည် အဝိဇ္ဇာကြောင့် ဖြစ်ရကား အကြောင်းဖြစ်သော အဝိဇ္ဇာအပေါ်၌ ဒိဋ္ဌိ၏ အာရုံကို မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို ပြုလုပ်တတ်သောကတ္တုသတ္တိကို တင်စား ၍ အဝိဇ္ဇာကိုပင် အာရုံကို မှားယွင်းစွာ နှလုံးသွင်းမှုကို ပြုလုပ်တတ်သော ကတ္တားအဖြစ်ဖြင့် ဆိုထားသည်။ ဖလူပစာရ, တဒ္ဓမ္မူပစာရတည်း။ အကျိုး၏ အမည်ကို အကြောင်း၌ တင်စား၍ ခေါ်ဝေါ်သုံးစွဲထားသော စကား ဟူလိုသည်။ (အနုဋီ-၂-၁၃၆။)

တစ်နည်း — သတ္တဝါဟူသည် အတ္တတည်း။ "ထိုအတ္တသည် သေလျှင် ပြတ်၏"ဟူသော အယူသည် ဥစ္ဆေဒဒိဋ္ဌိတည်း။ ထိုဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ဖြတ်တောက်ပယ်စွန့်ဖို့ရာ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ ။ ပ ။ ဖဿ-ပစ္စယာ ဝေဒနာ" တိုင်အောင်သော ပဌမဘဝစက်ကို ဟောတော်မူအပ်၏။ သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ခြင်းက အဝိဇ္ဇာစသော အကြောင်းတရားတို့၏ အဆက်မပြတ်ခြင်းကို ထင်ရှားပြ၏။ အကျိုးတရားမရှိဘဲ အကြောင်းတရားမျှတွင် ရပ်နေလျှင်ကား သံသရာဘဝစက်သည် အဆက်ပြတ်၏ဟု ဆိုသင့်၏၊ သို့သော် ထိုသို့ အဆက်မပြတ်ပုံကို အကျိုးတရား၏ ဖြစ်ခြင်းက ထင်ရှားပြ၏။ သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ခြင်းက အဝိဇ္ဇာစသော အကြောင်းတရားတို့၏ မပြတ်မစဲခြင်းကို ထင်ရှားပြခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ဖြတ်-တောက် ပယ်စွန့်ဖို့ရာ ပဌမဘဝစက်ကို ဟောတော်မူအပ်၏ဟု သိနိုင်၏။ (အဘိ-ဋ္ဌ-၂-၁၈၁။ ဝိသုဒ္ဓိ-၂-၂၁၃။)

တဏှာမှ စ၍ ဇရာမရဏတိုင်အောင်သော ဒုတိယဘဝစက်ကို သဿတဒိဋ္ဌိ = အတ္တသည် မြဲ၏ဟု ယူသော အယူဝါဒကို ပယ်စွန့်ဖို့ရာ ဟောတော်မူ၏။ အဘယ်ကြောင့် သိနိုင်သနည်း — ဖြစ်သမျှ အကြောင်း တရား အကျိုးတရားတို့မှာ တစ်ဘဝအတွက် ဇရာမရဏဟူသော အဆုံးသတ်တရား ရှိနေသည့်အတွက်ကြောင့် သဿတ = မြဲ၏ဟု မရှိနိုင်ကြောင်းကို ဒုတိယဘဝစက်က ထင်ရှားပြသောကြောင့် သိနိုင်သည်။
(အဘိ-ဋ္ဌ-၂-၁၈၁။ ဝိသုဒ္ဓိ-၂-၂၁၃။)

ပဌမဘဝစက်၌ — "ဝိညာဏပစ္စယာ နာမရူပံ" — ဝယ် စက္ခုစသော အာယတနများ မပြည့်စုံသေးသော ကလလရေကြည်တည်စခိုက် ရုပ်နာမ်ဖြစ်ပုံကို ပြ၏။ ထိုနောက်မှ — "နာမရူပပစ္စယာ သဠာယတနံ" — ဟု

စက္ခုစသော အာယတနတို့၏ ဖြစ်ပုံကို ပြ၏။ ထိုကြောင့် အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေကြရသော ဂဗ္ဘသေ-ယျကသတ္တဝါတို့၏ ဖြစ်ပုံနှင့် ကိုက်ညီသော အာယတနတို့၏ အစဉ်အတိုင်း ဖြစ်ပုံကို ပြသောကြောင့် ရှေးပိုင်း ဘဝစက်ကို ဂဗ္ဘသေယျကသတ္တဝါတို့အတွက် ဟောတော်မူအပ်၏ဟု သိနိုင်၏။

နောက်ပိုင်း ဘဝစက်၌ကား — "ဘဝပစ္စယာ ဇာတိ" - ဟု ဟောတော်မူလိုက်လျှင် စက္ခုစသော အာယတန များလည်း ဥပပတ္တိဘဝ ဇာတိတို့အရတွင် ပါဝင်၏၊ ကိုယ်ထင်ရှားဖြစ်ကြရသော ဩပပါတိကသတ္တဝါတို့၌လည်း စက္ခုစသော အာယတနများသည် ပဋိသန္ဓေအခါ၌ တစ်ပြိုင်နက် ဖြစ်ကြ၏။ ထိုကြောင့် ဒုတိယဘဝစက်ကို ဩပပါတိကသတ္တဝါတို့အတွက် ဟောတော်မူသည်ဟု သိနိုင်ပါသည်။ (အဘိ-ဋ္ဌ-၂-၁၈၁။ ဝိသုဒ္ဓိ-၂-၂၁၃။)

## အခွန့်ကာလ (၃) ပါး

အတိတ်-ပစ္စုပ္ပန်-အနာဂတ်ဟု အဓွန့်ကာလ သုံးပါး ရှိ၏။

၁။ အဝိဇ္ဇာ-သင်္ခါရတို့ကား အတိတ်တရားစုတို့တည်း။

၂။ ဝိညာဏ်မှသည် ဘဝတိုင်အောင် တရားစုတို့ကား ပစ္စုပ္ပန်တရားစုတို့တည်း။

၃။ ဇာတိ-ဇရာမရဏ နှစ်ပါးတို့ကား အနာဂတ်တရားစုတို့တည်း။ (အဘိ-ဋ္ဌ-၂-၁၈၁။ ဝိသုဒ္ဓိ-၂-၂၁၃။)

## အင်္ဂါ (၁၂) ပါး

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏဟု ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ် ရှိပေသည်။

## အစပ် (၃) ပါး

၁။ သင်္ခါရနှင့် ပဋိသန္ဓေဝိညာဏ်၏ အကြား၌ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတို့ ဆက်စပ်နေသော အစပ်တစ်ခု။ (သင်္ခါရကား အတိတ်အကြောင်းတရားတည်း။ ပဋိသန္ဓေဝိညာဏ်ကား ပစ္စုပ္ပန်အကျိုးတရားတည်း။)

၂။ ဝေဒနာနှင့် တဏှာ၏ အကြား၌ ပစ္စုပ္ပန်အကျိုးတရားနှင့် ပစ္စုပ္ပန်အကြောင်းတရားတို့၏ ဆက်စပ်နေသော အစပ်တစ်ခု။ (ဝေဒနာကား အတိတ်အကြောင်းကြောင့်ဖြစ်သည့် ပစ္စုပ္ပန်အကျိုးတရားတည်း။ တဏှာကား နောင်အနာဂတ် ဝိပါကဝဋ်အတွက် ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်နေသော ပစ္စုပ္ပန်အကြောင်းတရားတည်း။)

၃။ ဘဝနှင့် ဇာတိ၏ အကြား၌ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတရားတို့ ဆက်စပ်နေသော အစပ်တစ်ခု။ (ဘဝကား ပစ္စုပ္ပန်အကြောင်းတရားတည်း။ ဇာတိကား အနာဂတ်အကျိုးတရားတည်း။) ဤသို့လျှင် အစပ်(၃)ပါး ရှိပေသည်။

## အလွှာ (၄) ပါး

၁။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ ကံ - ဟူသော အတိတ်အကြောင်းတရား (၅)ပါး — တစ်လွှာ = အတိတ်အကြောင်း တစ်လွှာ။

၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ - ဟူသော ပစ္စုပ္ပန်အကျိုး (၅)ပါး — တစ်လွှာ = ပစ္စုပ္ပန်အကျိုး တစ်လွှာ။

၃။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ - ဟူသော ပစ္စုပ္ပန်အကြောင်းတရား (၅)ပါး — တစ်လွှာ = ပစ္စုပ္ပန်အကြောင်း တစ်လွှာ။

၄။ ဇာတိအမည်ရသော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ - ဟူသော အနာဂတ်အကျိုးတရား-(၅)ပါး — တစ်လွှာ = အနာဂတ်အကျိုး တစ်လွှာ။

ဤသို့လျှင် အလွှာ (၄)ပါး ရှိ၏။

## ခြင်းရာ (၂၀)

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။ (အဘိ-ဋ္ဌ-၂-၁၈၂။ ဝိသုဒ္ဓိ-၂-၂၁၄။)

၁။ အတိတ် အကြောင်းတရား (၅)ပါး
၂။ ပစ္စုပ္ပန် အကျိုးတရား (၅)ပါး
၃။ ပစ္စုပ္ပန် အကြောင်းတရား (၅)ပါး
၄။ အနာဂတ် အကျိုးတရား (၅)ပါး

ဤသို့လျှင် ခြင်းရာ (၂၀) ရှိ၏။

ယောဂါဝစရပုဂ္ဂိုလ်သည်ကား ယင်း မူလ (၂)ပါး, ကာလ (၃)ပါး, အင်္ဂါ (၁၂)ပါး, အစပ် (၃)ပါး, အလွှာ (၄)ပါး, ခြင်းရာ (၂၀)ဟူသော ယင်းသဘောတရားတို့၏ မပြတ်မစဲ လည်ပတ်နေပုံကို ဉာဏ်ဖြင့် မြင်အောင် ရှုရမည် ဖြစ်ပေသည်။

## ပစ္စုပ္ပန်ဘဝကို ဗဟိုထား၍ သံသရာစက်ရဟတ် လည်ပတ်ပုံကို ဖော်ပြသော ဇယားအမှတ် (၁)

# ပထမ အတိတ်ဘဝကို ဗဟိုထား၍ သံသရာစက်ရဟတ် လည်ပတ်ပုံကို ဖော်ပြသော ဇယားအမှတ် (၂)

# ပထမ အနာဂတ်ဘဝကို ဗဟိုထား၍ အနာဂတ်ဘဝ အဆက်ဆက်၌ သံသရာစက်ရဟတ် လည်ပတ်ပုံကို ဖော်ပြသော ဇယားအမှတ် (၃)

## ဝဋ် (၃) ပါး လည်ပတ်ပုံ

သင်္ခါရနှင့် ဘဝ = ကမ္မဘဝတို့ကား ကမ္မဝဋ်တည်း။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကား ကိလေသဝဋ်တည်း။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကား ဝိပါကဝဋ်တည်း။ ဤသို့လျှင် ဤဝဋ် (၃)ပါးတို့ဖြင့် ဝဋ် (၃)ပါးရှိသော ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်သည် ကိလေသဝဋ် မပြတ်မစဲသေးသမျှ ကာလပတ်လုံး မပြတ်သေးသော အကြောင်းတရားရှိသည်၏ အဖြစ်ကြောင့် ရဟတ်ပမာ လည်ပတ်၍သာ နေသည်ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၂၁၆။)

အတိတ်အကြောင်းတရား (၅)ပါး၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် (၃)ပါးသည် ကိလေသဝဋ်တည်း။ သင်္ခါရနှင့် ကမ္မဘဝသည် ကမ္မဝဋ်တည်း။ ထိုကိလေသာ ကံတို့ကြောင့် ဤဘဝ၌ ပဋိသန္ဓေဝိညာဏ်မှစ၍ အကျိုး (၅)ပါး ဖြစ်ရကား ကိလေသနှင့် ကမ္မသည် ဝိပါကနှင့် ဆက်စပ်လျက် လည်ပတ်နေသကဲ့သို့ ဖြစ်သောကြောင့် ဝဋ္ဋ = ဝဋ်မည်၏။ ဝဋ္ဋသဒ္ဒါသည် အဖန်ဖန် အထပ်ထပ် လည်ပတ်ခြင်း အနက်ကို ဟော၏။ တစ်ဖန် ဝိညာဏ်စသော ပစ္စုပ္ပန်အကျိုးတရား (၅)ပါးသည်လည်း ပစ္စုပ္ပန်အကြောင်းတရားများဖြစ်ကြသော အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော ကိလေသ, သင်္ခါရ ကမ္မဘဝဟူသော ကမ္မနှင့်ဆက်စပ်လျက် လည်ပတ်နေသကဲ့သို့ ဖြစ်သောကြောင့် ဝဋ္ဋ အမည်ရသည်။

ထိုပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်၌ ရှေးဘဝ၌ ပြုစုပျိုးထောင်ခဲ့သော ကမ္မသမ္ဘာရ - အမည်ရသော အကျိုးတရားကို တိုးပွားစေတတ်ကုန်သော ကံအဆောက်အဦတို့ကား (၅)ပါးတို့တည်း။ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံတို့တည်း။) ဤပစ္စုပ္ပန်ဘဝ၌ ဝိပါကဓမ္မ အမည်ရသော အကျိုးတရားတို့ကား (၅)ပါးတို့တည်း။ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့တည်း။)

ဤပစ္စုပ္ပန်ဘဝ၌ ပြုစုပျိုးထောင်ထားအပ်ကုန်သော ကမ္မသမ္ဘာရအမည်ရသော အကျိုးတရားကို တိုးပွားစေတတ်ကုန်သော ကံအဆောက်အဦတို့ကား (၅)ပါးတို့တည်း။ အနာဂတ်ဘဝ၌ ဝိပါကဓမ္မ အမည်ရသော အကျိုးတရားတို့ကား (၅)ပါးတို့တည်း။

ဤသို့လျှင် (၁၀)ပါးကုန်သော တရားတို့သည် ကမ္မ = ကံတည်း။ (၁၀)ပါးကုန်သော တရားတို့သည် ဝိပါက = ဝိပါက်အကျိုးတရားတည်း။ ဤသို့လျှင် အတိတ် ပစ္စုပ္ပန် နှစ်ဌာနတို့၌ ပြုစုပျိုးထောင်ထားအပ်သော ကံသည် ကမ္မမည်၏။ ပစ္စုပ္ပန် အနာဂတ် နှစ်ဌာနတို့၌ ဝိပါကသည် အကျိုးဝိပါက် မည်၏။ ဤသို့လျှင် ပစ္စယာကာရဝဋ္ဋ အမည်ရသော ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်သည် ကမ္မနှင့် ကမ္မဝိပါကသာ ဖြစ်၏ = ကံနှင့် ကံ၏ အကျိုးတရားသာ ဖြစ်၏။ (အဘိ-ဋ္ဌ-၂-၁၈၄။)

**ဒသ ဓမ္မာ ကမ္မံ — ကံ (၁၀)ပါး** — အကြောင်းတရား (၅)ပါးတွင် ပါဝင်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရတို့သည် ကံ၏ အဖော်သဟာယ် ဖြစ်၍ ကံနှင့် သဘောတူသောကြောင့်လည်းကောင်း, ကံအား ကျေးဇူး-များသောကြောင့်လည်းကောင်း ကံဟု ဆိုနိုင်၏။ (မူလဋီ-၂-၁၂၇။) ထို (၅)ပါးသည် အတိတ်အကြောင်း (၅)ပါး, ပစ္စုပ္ပန်အကြောင်း (၅)ပါး အားဖြင့် (၁၀)ပါး ဖြစ်၏။ ဝိပါကဓမ္မ၌လည်း ပစ္စုပ္ပန်အကျိုး (၅)ပါး, အနာဂတ်အကျိုး (၅)ပါးအားဖြင့် (၁၀)ပါးပင် ဖြစ်၏။

တစ်ဖန် အတိတ် ပစ္စုပ္ပန် နှစ်ဌာနတို့၌ ကံသည် ကမ္မသင်္ခေပတည်း။ အဝိဇ္ဇာ တဏှာစသော အကြောင်းတရားတို့ကို အကျဉ်းချုံးထားအပ်သော ကံတည်း။ ပစ္စုပ္ပန် အနာဂတ်ဟူသော နှစ်ဌာနတို့၌ ဝိပါကသည် ဝိပါကသင်္ခေပတည်း။ ဝိညာဏ်စသည်တို့ကို အကျဉ်းချုံးထားသော ဝိပါက်တည်း။ ဤသို့လျှင် အလုံးစုံသော ဤ ဘဝစက်သည် ကမ္မသင်္ခေပသည်လည်းကောင်း, ဝိပါကသင်္ခေပသည်လည်းကောင်း ဖြစ်၏။

အတိတ် ပစ္စုပ္ပန် နှစ်ဌာနတို့၌ ကံသည် ကမ္မဝဋ္ဋတည်း။ ပစ္စုပ္ပန် အနာဂတ် နှစ်ဌာနတို့၌ ဝိပါကသည် ဝိပါကဝဋ္ဋတည်း။ လည်ပတ်တတ်သော ကံနှင့် လည်ပတ်တတ်သော ဝိပါက်တည်း။ ဤသို့လျှင် အလုံးစုံလည်း ဖြစ်သော ဤဘဝစက်သည် ကမ္မဝဋ္ဋသည်လည်းကောင်း, ဝိပါကဝဋ္ဋသည်လည်းကောင်း ဖြစ်ပေ၏။

တစ်ဖန် အတိတ် ပစ္စုပ္ပန် နှစ်ဌာနတို့၌ ကံသည် ကမ္မဘဝတည်း။ ပစ္စုပ္ပန် အနာဂတ်ဟူသော နှစ်ဌာန တို့၌ ဝိပါကသည် ဝိပါကဘဝတည်း။ ဤသို့လျှင် အလုံးစုံလည်းဖြစ်သော ဤဘဝစက်သည် ကမ္မဘဝသည် လည်းကောင်း, ဝိပါကဘဝသည်လည်းကောင်း ဖြစ်ပေ၏။

အတိတ် ပစ္စုပ္ပန် နှစ်ဌာနတို့၌ ကံသည် ကမ္မပဝတ္တတည်း = အဆက်မပြတ်ဖြစ်သော ကံအယဉ်တည်း။ ပစ္စုပ္ပန် အနာဂတ် နှစ်ဌာနတို့၌ ဝိပါကသည် ဝိပါကပဝတ္တတည်း = အဆက်မပြတ်ဖြစ်သော အကျိုးအယဉ်တည်း။ ဤသို့လျှင် အလုံးစုံလည်းဖြစ်သော ဤဘဝစက်သည် ကမ္မပဝတ္တသည်လည်းကောင်း, ဝိပါကပဝတ္တသည်လည်း-ကောင်း ဖြစ်ပေ၏။

တစ်ဖန် အတိတ် ပစ္စုပ္ပန် နှစ်ဌာနတို့၌ ကံသည် ကမ္မသန္တတိ = ကံအစဉ်အတန်းတည်း။ ပစ္စုပ္ပန် အနာဂတ် နှစ်ဌာနတို့၌ ဝိပါကသည် ဝိပါကသန္တတိ = ဝိပါက်အစဉ်အတန်းတည်း။ ဤသို့လျှင် အလုံးစုံလည်းဖြစ်သော ဤဘဝစက်သည် ကမ္မသန္တတိ = ကံအစဉ်သည်လည်းကောင်း, ဝိပါကသန္တတိ = ဝိပါက်အစဉ်သည်လည်းကောင်း ဖြစ်ပေ၏။

အတိတ် ပစ္စုပ္ပန် နှစ်ဌာနတို့၌ ကံသည် ကိရိယာ = ပြုအပ်သော ကံ မည်၏။ ပစ္စုပ္ပန် အနာဂတ် နှစ်ဌာန တို့၌ ဝိပါကသည် ကိရိယာဖလ = ပြုအပ်သော ကံ၏ အကျိုး မည်၏။ ဤသို့လျှင် အလုံးစုံသော ဤဘဝစက် သည် ကိရိယာသည်လည်းကောင်း, ကိရိယာ၏ အကျိုးသည်လည်းကောင်း ဖြစ်ပေ၏ဟု မှတ်သားပါ။
(အဘိ-ဋ္ဌ-၂-၁၈၄။)

ဧဝံ သမုပ္ပန္နမိဒံ သဟေတုကံ၊ ဒုက္ခံ အနိစ္စံ စလမိတ္တရဒ္ဓုဝံ။
ဓမ္မေဟိ ဓမ္မာ ပဘဝန္တိ ဟေတုသော၊ န ဟေတ္ထ အတ္တာ ဝ ပရော ဝ ဝိဇ္ဇတိ။

ဓမ္မာ ဓမ္မေ သဉ္ဇနေန္တိ၊ ဟေတု သမ္ဘာရ ပစ္စယာ။
ဟေတူနဉ္စ နိရောဓာယ၊ ဓမ္မော ဗုဒ္ဓေန ဒေသိတော။
ဟေတူသု ဥပရုဒ္ဓေသု၊ ဆိန္နံ ဝဋ္ဋံ န ဝဋ္ဋတိ။

ဧဝံ ဒုက္ခန္တ ကိရိယာယ၊ ဗြဟ္မစရိယိဓ ဝိဇ္ဇတိ။
သတ္တေ စ နုပလဗ္ဘန္တေ၊ နေဝုစ္ဆေဒေါ န သဿတံ။ (အဘိ-ဋ္ဌ-၂-၁၈၄။)

ဤဆိုအပ်ခဲ့ပြီးသော အစီအရင်ဖြင့် ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားကြောင့် ကောင်းစွာ ဖြစ်ပေါ်၍ လာသော အကြောင်းတရားနှင့်တကွ ဖြစ်သော = (ဝိပါကဟူသော အကျိုးတရားကို ဖြစ်စေတတ်သော ကံ ဟူသော အကြောင်းတရားနှင့်တကွ ဖြစ်သော, သင်္ခါရဟူသော အကျိုးတရားကို ဖြစ်စေတတ်သော အဝိဇ္ဇာ စသော အကြောင်းတရားနှင့်တကွ ဖြစ်သော) ဤဘဝစက်သည် = ဘဝစက်ဟု ခေါ်ဆိုအပ်သော ပဋိစ္စ-သမုပ္ပါဒ်အင်္ဂါရပ်သည် —

၁။ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်းနှိပ်စက် ခံနေရသည့်အတွက် ဒုက္ခသာတည်း။
၂။ ဖြစ်ပြီး၍ ပျက်စီးရသောကြောင့် အနိစ္စသာတည်း။

၃။ ဋီကာလမှ ဘင်ကာလသို့ ယိုင်လဲလျက် ဖောက်ပြန်ခြင်းသို့ ကပ်ရောက်သောအားဖြင့် လှုပ်ရှားတတ်၏။ (စလသာတည်း။)
၄။ ဖြစ်ပြီးလျှင် ပြီးခြင်း ဘင်ခဏသို့ ကပ်ရောက်ရသောကြောင့် နည်းငယ်တိုလျှ တစ်ခဏသာတည်း။ (ဣတ္တရသာတည်း။)
၅။ မြဲမြဲခိုင်ခံ့ တည်တံ့သောသဘော မရှိ။ (အဓုဝသာတည်း။)

အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့သည် သင့်သော အကြောင်းအားဖြင့် စ၍ ဖြစ်ကုန်၏။ မှန်ပေသည် — ဤအကြောင်းတရား အကျိုးတရားတို့၌ မိမိသည်လည်းကောင်း, သူတစ်ပါးသည်လည်းကောင်း မရှိပေ။

ကံသည် အကျိုးတရားတို့ကို တိုးပွားစေတတ်သော စွမ်းအားရှိ၏၊ ယင်းကံကို အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရတို့က အားပေး ထောက်ပံ့ထား၏။ ထိုကြောင့် အကျိုးတရားတို့ကို တိုးပွားစေတတ်သော အကြောင်း ဟူသော အထောက်အပံ့ကြောင့် အကြောင်းတရားတို့သည် အကျိုးတရားတို့ကို ကောင်းစွာ ဖြစ်စေကုန်၏။ အဝိဇ္ဇာစသော အကြောင်းတရားတို့၏လည်း ချုပ်ငြိမ်းခြင်းငှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်သည် မဂ္ဂင် (၈)ပါး အကျင့်မြတ်တရားတည်းဟူသော ကျင့်စဉ်တရားကို ဟောကြားတော်မူအပ်ခဲ့လေပြီ။ အဝိဇ္ဇာစသော အကြောင်းတရားတို့သည် ချုပ်ပြီးကုန်လတ်သော် သံသရာဝဋ္ဋမြစ်ကား ပြတ်စဲလေပြီ၊ ပြတ်ပြီးသော ဝဋ္ဋတရားသည် မလည်ပတ်တော့ပေ။ ဤသို့လျှင် ဝဋ္ဋဒုက္ခ၏ အဆုံးကို ပြုခြင်းငှာ ဤသာသနာတော်၌ ဗြဟ္မစရိယ အမည်ရသော သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော သာသနဗြဟ္မစရိယ, အရိယမဂ် တည်းဟူသော မဂ္ဂဗြဟ္မစရိယ ကျင့်စဉ်သည်လည်း ထင်ရှားရှိနေ၏။ ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်၌ သတ္တဝါကို = အတ္တကိုသော်မျှလည်း မရအပ် မရနိုင်သည်၏ အဖြစ်ကြောင့် အတ္တသည် သေလျှင်ပြတ်၏ ဟူသော ဥစ္ဆေဒအယူဝါဒသည် မဖြစ်တော့၊ အတ္တသည် မြဲ၏ဟူသော သဿတအယူဝါဒသည်လည်း မရှိတော့ပေ။
(အဘိ-ဋ္ဌ-၂-၁၈၄။)

## သစ္စပ္ပဘေဝ = သစ္စာအမွန်အစ

ဤသို့ အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်စပ်လျက် အထပ်ထပ် မပြတ်တရစပ် ချာချာလည် လျက် လည်ပတ်နေသော ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်ကို —

၁။ အကျိုးသစ္စာတို့၏ အမွန်အစ စ၍ ဖြစ်ပေါ်လာရာ အကြောင်းသစ္စာအားဖြင့်လည်းကောင်း,
၂။ ကိစ္စအားဖြင့်လည်းကောင်း,
၃။ ဝါရဏ = တားမြစ်ခြင်းအားဖြင့်လည်းကောင်း,
၄။ ဥပမာတို့ဖြင့်လည်းကောင်း,
၅။ နက်နဲခြင်း ဂမ္ဘီရအပြားအားဖြင့်လည်းကောင်း,
၆။ နယ = နည်းအပြားအားဖြင့်လည်းကောင်း,
ထိုက်သည့်အားလျော်စွာ သိထိုက်ပြန်ပေသည်။

**တတ္ထ ယသ္မာ ကုသလာကုသလ ကမ္မံ အဝိသေသေန သမုဒယသစ္စန္တိ သစ္စဝိဘင်္ဂေ ဝုတ္တံ။**
(အဘိ-ဋ္ဌ-၂-၁၈၅။ ဝိသုဒ္ဓိ-၂-၂၁၆။)

ထိုတွင် အာသဝေါတရားတို့၏ အာရုံယူရာ (၃၁)ဘုံ နယ်မြေအတွင်း၌ ရှိသော လောကီကုသိုလ်ကံ အကုသိုလ်ကံ ဟူသမျှကို — စေတနာ, စေတနာနှင့်ယှဉ်သော သမ္ပယုတ္တဓမ္မ — ဟု အထူးမမ သာမညအားဖြင့်

သမုဒယသစ္စာဟူ၍ သစ္စဝိဘင်းပါဠိတော် (အဘိ-၂-၁၁၅။)၌ ဘုရားရှင်သည် ဟောကြားထားတော်မူခဲ့၏။ ထိုကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ — ဟူသော ပါဠိရပ်၌ အဝိဇ္ဇာသည်လည်း သမုဒယသစ္စာ ဖြစ်၏၊ သင်္ခါရ-သည်လည်း သမုဒယသစ္စာပင် ဖြစ်၏။ သို့အတွက် အဝိဇ္ဇာကြောင့် ဖြစ်ကုန်သော သင်္ခါရတို့သည် အဝိဇ္ဇာ ဟူသော သမုဒယသစ္စာလျှင် အမွန်အစရှိကုန်သော သမုဒယသစ္စာတရားစုတို့တည်း။

သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်သည် သင်္ခါရဟူသော သမုဒယသစ္စာလျှင် အမွန်အစရှိသော ဒုက္ခသစ္စာ တရားစုတည်း။ (ဝိပါက်ဝိညာဏ်တို့ကား ဒုက္ခသစ္စာတရားစုတို့ ဖြစ်ကြ၏။)

(တစ်ဖန် ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ-ဝေဒနာ တရားစုတို့ကား အကျိုးဝိပါက်တရားစုများသာ ဖြစ်ကြသဖြင့် ဒုက္ခသစ္စာတရားစုတို့သာ ဖြစ်ကုန်၏။ သို့အတွက် —) ဝိညာဏ် စသည်တို့ကြောင့် ဖြစ်ကုန်သော ဝိပါက်ဝေဒနာ အဆုံးရှိကုန်သော တရားတို့သည် ဒုက္ခသစ္စာလျှင် အမွန်အစရှိကုန်သော ဒုက္ခသစ္စာတရားစု တို့တည်း။

ဝိပါက်ဝေဒနာကြောင့် ဖြစ်သော တဏှာသည် ဝိပါက်ဝေဒနာဟူသော ဒုက္ခသစ္စာလျှင် အမွန်အစရှိသော သမုဒယသစ္စာတရားတည်း။ တဏှာကြောင့် ဖြစ်သော ဥပါဒါန်သည် တဏှာဟူသော သမုဒယသစ္စာလျှင် အမွန် အစ ရှိသော သမုဒယသစ္စာတရားတည်း။

ဥပါဒါန်ကြောင့်ဖြစ်သော ကမ္မဘဝ ဥပပတ္တိဘဝသည် ဥပါဒါန်ဟူသော သမုဒယသစ္စာလျှင် အမွန်အစ ရှိသော သမုဒယသစ္စာ ဒုက္ခသစ္စာတရားတည်း။ (ကမ္မဘဝကား သမုဒယသစ္စာတရား၊ ဥပပတ္တိဘဝကား ဒုက္ခ-သစ္စာတရားတည်း။)

ကမ္မဘဝကြောင့်ဖြစ်သော ဇာတိသည် ကမ္မဘဝဟူသော သမုဒယသစ္စာလျှင် အမွန်အစရှိသော ဒုက္ခ သစ္စာတရားတည်း။ ဇာတိကြောင့်ဖြစ်သော ဇရာမရဏသည် ဇာတိဟူသော ဒုက္ခသစ္စာလျှင် အမွန်အစရှိသော ဒုက္ခသစ္စာတရားတည်း။ ဤသို့လျှင် ဤသံသရာဘဝစက်ကို သစ္စပ္ပဘဝ = သစ္စာအမွန်အစ သဘောအားဖြင့်-လည်း သိထိုက်ပေသည်။ (အဘိ-ဋ္ဌ-၂-၁၈၅။ ဝိသုဒ္ဓိ-၂-၂၁၆-၂၁၇။)

## ကိစ္စအားဖြင့် သိသင့်ပုံ

ဤပဋိစ္စသမုပ္ပါဒ် သံသရာဘဝစက်၌ အဝိဇ္ဇာသည် အဝိဇ္ဇာ၏ တည်ရာ, အဝိဇ္ဇာသည် ဖုံးထားထိုက်သော သစ္စာ (၄)ပါးတည်းဟူသော ဝတ္ထုတို့၌ သတ္တဝါတို့ကို ပြင်းစွာ တွေဝေစေ၏ = ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စသည်ဖြင့် အထင်မှားစေ အသိမှားစေ အမှတ်မှားစေ၏။ သင်္ခါရတို့ ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။

ထို့အတူ သင်္ခါရတို့သည် ပြုစီမံအပ်သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရကိုလည်း ပြုစီမံတတ်ကုန်၏။ ဝိညာဏ် ထင်ရှား ဖြစ်ပေါ်လာရန် ကျေးဇူး ပြုပေးတတ်ကုန်သော အကြောင်းတရားတို့လည်း ဖြစ်ကုန်၏။

ဝိညာဏ်သည်လည်း သိသင့်သိထိုက်သည့် ဝိညာဏ်၏ အာရုံယူရာ တည်ရာ အာရုံကိုလည်း သိ၏ = အာရုံယူနိုင်၏၊ သညာ ပညာတို့မှ ထူးသောအားဖြင့် တစ်မျိုးတစ်ဖုံအားဖြင့် တည်ရာ အာရုံကိုလည်း သိ၏ = အာရုံကို ရယူနိုင်၏။ နာမ်ရုပ် ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။

နာမ်ရုပ်သည်လည်း အချင်းချင်း တစ်ပါးသည် တစ်ပါးကိုလည်း ထောက်ပံ့၏၊ သဠာယတန = အာယတန (၆)ပါး ထင်ရှား ဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။ သဠာယတန သည်လည်း စက္ခုစသော မိမိ၏ ရူပါရုံစသော ဆိုင်ရာအာရုံ၌လည်း ဖြစ်၏၊ ဖဿ ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။

ဖဿသည်လည်း အာရုံကိုလည်း တွေ့ထိတတ်၏၊ ဝေဒနာ ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေး-တတ်သော အကြောင်းတရားလည်း ဖြစ်၏။

ဝေဒနာသည်လည်း အာရုံ၏ အရသာကိုလည်း ခံစား၏၊ တဏှာ ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေး-တတ်သော အကြောင်းတရားလည်း ဖြစ်၏။

တဏှာသည်လည်း တပ်မက်ထိုက်သော တရား၌လည်း တပ်မက်၏၊ ဥပါဒါန် ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။

ဥပါဒါန်သည်လည်း ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ဥပါဒါနက္ခန္ဓာတရား (၅)ပါးတို့ကိုလည်း စွဲလမ်းတတ်၏၊ ဘဝ ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။

ဘဝသည်လည်း အမျိုးမျိုးသော ဂတိတို့၌လည်း (ရုပ်-နာမ် သန္တတိအစဉ်ကို) အထူးထူး ပစ်ချ၏ = (အမျိုးမျိုးသော ဂတိတို့၌ အထူးထူးသော ရုပ်နာမ် သန္တတိအစဉ်တို့ကို ဖြစ်စေ၏။) ဇာတိ ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။

ဇာတိသည်လည်း ခန္ဓာတို့ကိုလည်း ဖြစ်စေ၏၊ ထိုခန္ဓာတို့၏ ရှေးရှုဖြစ်ခြင်းသဘော၏ အဖြစ်ဖြင့် ဖြစ်-သည်၏ အဖြစ်ကြောင့် ဇရာမရဏ ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။

ဇရာမရဏသည်လည်း ခန္ဓာတို့၏ ရင့်ခြင်း ပျက်ခြင်း သဘောကိုလည်း စွဲမှီ၍ တည်၏၊ ဘဝတစ်ပါး၌ ထင်စွာဖြစ်ခြင်း အကျိုးငှာ ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏။ သောကစသည်တို့၏ တည်ရာ ဖြစ်သောကြောင့်ပင်တည်း။

ထိုကြောင့် အဝိဇ္ဇာစသော အလုံးစုံသော ပုဒ်တို့၌ နှစ်ပါး အပြားအားဖြင့်ဖြစ်သော ကိစ္စအားဖြင့်လည်း ဤဘဝစက်ကို ထိုက်သည်အားလျော်စွာ သိအောင် ကြိုးစားအားထုတ်ပါ။ (အဘိ-ဋ္ဌ-၂-၁၈၅။ ဝိသုဒ္ဓိ-၂-၂၁၇။)

**ဇရာမရဏ** — ဇရာမရဏဖြစ်လျှင် အဝိဇ္ဇာဖြင့် တွေဝေမိုက်မဲသော သတ္တဝါ၏သန္တာန်ဝယ် သောကစသည် ဖြစ်တော့၏။ ထိုကြောင့် ဇရာမရဏကို သောကစသည်တို့၏ တည်ရာဟု ဆိုသည်။ သောကစသည် ဖြစ်လျှင် အဝိဇ္ဇာလည်း ပါဝင်တော့၏၊ အဝိဇ္ဇာပါဝင်လျှင် အဝိဇ္ဇာနှင့် အဖော်သဟာယ်ဖြစ်သော သင်္ခါရတို့လည်း ဖြစ်-တော့၏၊ ထိုသင်္ခါရတို့ကြောင့် ဘဝသစ်၌ ခန္ဓာ (၅)ပါး ဖြစ်ဖို့ရန် ဇရာမရဏက ပကတူပနိဿယပစ္စယသတ္တိဖြင့် = ပကတိအားဖြင့် အားကြီးသောမှီရာ အကြောင်းတရား အဖြစ်ဖြင့် ကျေးဇူးပြုပေးသည်။ ထိုကြောင့် ပစ္စယော စ ဟောတိ ဘဝန္တရပါတုဘာဝါယ = ဘဝတစ်ပါး ထင်ရှား ဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏ဟု ဆိုသည်။ တစ်နည်း — စုတိစိတ်သည် (မရဏသည်) ပဋိသန္ဓေဝိညာဏ်အား အနန္တရပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေး၏၊ ထိုကြောင့် "ဘဝတစ်ပါး ထင်ရှားဖြစ်ပေါ်လာရန် ကျေးဇူးပြုပေးတတ်သော အကြောင်းတရားလည်း ဖြစ်၏"ဟု ဆိုသည်။ (မူလဋီ-၂-၁၂၈။)

## ကိစ္စ (၂) မျိုး

အဝိဇ္ဇာ = မောဟသည် ပရမတ္ထဓမ္မတည်းဟူသော သစ္စာ (၄)ပါး အာရုံတို့၌ တွေဝေစေခြင်း ကိစ္စရှိ၏။ ဤကိစ္စသည် မိမိသဘောအတိုင်း ဖြစ်သော သရသကိစ္စတည်း။ သင်္ခါရတို့ ထင်ရှားဖြစ်ဖို့ရန်လည်း ကျေးဇူးပြု၏။ ထိုကျေးဇူးပြုခြင်းသည် ဓမ္မန္တရဟူသော အခြားတစ်မျိုးသော တရား၏ အကြောင်းဖြစ်ခြင်း ကိစ္စတည်း။ ဤသို့ (၂)ကိစ္စ ရှိသောကြောင့် (၂)မျိုးသောအားဖြင့် ဖြစ်သော ကိစ္စအားဖြင့် သိအောင် ကြိုးစား အားထုတ်ပါဟု ဆိုသည်။ သင်္ခါရစသည်တို့၌လည်း နည်းတူ မှတ်ပါ။

## မိစ္ဆာအယူကို တားမြစ်ကြောင်းတရား

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ဟူသော ဤစကားသည် — "ဗြဟ္မာ ဗိဿဏိုး အစိုးရသူ ပြုစီမံ၏ ပြုလုပ်တတ်သူ ဖန်ဆင်းတတ်သူ ထင်ရှားရှိ၏" - ဟု မှားမှားယွင်းယွင်း သိမြင်တတ်သော မိစ္ဆာအယူကို တားမြစ်ကြောင်း စကားတည်း။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏ဟူသော ဤစကားရပ်သည် အတ္တ၏ ဘဝတစ်ပါးသို့ ပြောင်းသွားခြင်း ဟူသော မိစ္ဆာအယူကို တားမြစ်ကြောင်း စကားတည်း။ [ကံနှင့် ကံ၏အကျိုးတရားကို နားမလည်သူ မသိသူတို့သည် "ခန္ဓာကိုယ်၌ အတ္တကောင်ကလေးသည် ရှိ၏" - ဟု ယူဆ၍ ဘဝတစ်ခု ဆုံးသောအခါ - "ထိုအတ္တကောင်ကလေးသည်ပင် ဘဝသစ်သို့ ပြောင်းရွှေ့သွား၏" - ဟု ယူဆတတ်ကြ၏။ ထိုအယူမှားကို တားမြစ်သောအားဖြင့် "နောက်ဘဝ၌ ပဋိသန္ဓေဝိညာဏ်အသစ်သည် မိမိပြုအပ်သော ကံ (သင်္ခါရ)ကြောင့်သာ ဖြစ်၏" - ဟု ဟောတော်မူသဖြင့် - "ဤဘဝမှ အတ္တက ပြောင်းရွှေ့သွားသည် မဟုတ်ပါ" – ဟု အတ္တပြောင်းရွှေ့မှု = အတ္တသင်္ကန္တိ အယူကို တားမြစ်ရာရောက်သည်။ လူသေသွားသောအခါ - "အသက်ထွက်သွားပြီ" - ဟု စွဲယူသော အသက် ဟူသည်မှာလည်း ဤအတ္တပင်တည်း။ အချို့ကား ဤအသက်ကိုပင် လိပ်ပြာဟုယူဆ၍ လိပ်ပြာနေဖို့ရန် အိမ်ကိုပင် ပြုလုပ်တတ်ကြသည်။ ဤအယူမှားအားလုံးကို သင်္ခါရပစ္စယာ ဝိညာဏံ — ဟူသော စကားတော်က တားမြစ်သည်။]
(အဘိ-ဋ္ဌ-၂-၁၈၆။ ဝိသုဒ္ဓိ-၂-၂၁၇။)

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏ဟူသော ဤစကားတော်သည် အတ္တဟူ၍ မှားသောအားဖြင့် ကြံစည်အပ်သော နာမ်နှင့်ရုပ်ဟူသော ဝတ္ထု၏ ကွဲပြားခြင်းကို ပြခြင်းကြောင့် နာမ်နှင့်ရုပ် မကွဲ တစ်လုံးတည်း တစ်ခဲတည်းဟူသော ဃနသညာကို တားမြစ်ကြောင်း စကားတည်း။ (အဘိ-ဋ္ဌ-၂-၁၈၆။ ဝိသုဒ္ဓိ-၂-၂၁၇။)

ရုပ်-နာမ် ခန္ဓာ (၅)ပါးကို ဉာဏ်၌ ကွဲပြားမှုမရှိဘဲ မခွဲခြားတော့ဘဲ အတ္တတစ်ခုဟု မှတ်ယူခြင်းကို — "ဃနသညာ" — ဟု ခေါ်၏။ နှစ်ခြမ်းစပ်နေသော ထန်းမြစ်ကို စားခါနီးတွင် ထက်ခြမ်းခွဲလိုက်သကဲ့သို့ ရုပ်နှင့် နာမ်ကို ခွဲ၍ — "ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်၏။" - ဟု ဟောတော်မူခြင်းသည် ထိုဃနသညာကို တားမြစ်တော်မူရာ ရောက်ပေသည်။ (မဟာဋီ-၂-၃၄၂။)

"နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်၏" — ဤသို့စသော စကားတော်များသည် — "အတ္တသည် မြင်၏၊ အတ္တသည် ကြား၏၊ အတ္တသည် နမ်းရှူ၏၊ အတ္တသည် စားသောက်၏၊ အတ္တသည် ထိသိ၏၊ အတ္တသည် သိ၏၊ အတ္တသည် တွေ့ထိ၏၊ အတ္တသည် ခံစား၏၊ အတ္တသည် တပ်မက်တတ်၏၊ အတ္တသည် စွဲလမ်း၏၊ အတ္တသည် ဘဝအနေအားဖြင့် ဖြစ်၏၊ အတ္တသည် ဇာတိအနေအားဖြင့် ဖြစ်၏၊ အတ္တသည် ဆွေးမြည့်၏၊ အတ္တသည် သေ၏၊ အတ္တသည် စိုးရိမ်သောကဖြစ်၏ = ဝမ်းနည်း၏၊ အတ္တသည် ငိုကြွေး၏၊ အတ္တသည် လွန်စွာဖြစ်သော ဒုက္ခ ရှိ၏၊ အတ္တသည် လွန်စွာဖြစ်သော ဒေါမနဿ ရှိ၏၊ အတ္တသည် လွန်စွာဖြစ်သော ပြင်းစွာပင်ပန်းခြင်း ဥပါယာသ

ရှိ၏။" — ဤသို့စသော မိစ္ဆာအယူကို တားမြစ်ကြောင်း စကားတည်း။ ထိုကြောင့် မိစ္ဆာအယူကို တားမြစ်ခြင်း အားဖြင့်လည်း ဤဘဝစက်ကို ထိုက်သည့်အားလျော်စွာ သိအောင် ကြိုးစားအားထုတ်ပါ။

(အဘိ-ဋ္ဌ-၂-၁၈၆။ ဝိသုဒ္ဓိ-၂-၂၁၇။)

## ဥပမာအားဖြင့် သိသင့်ပုံ

ဖဿ၏ ဖုသနလက္ခဏာ = အာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း သဘောလက္ခဏာသည် မိမိဖဿ တစ်ပါးတည်း၏ ကိုယ်ပိုင်သဘာဝလက္ခဏာ ဖြစ်သောကြောင့် သလက္ခဏတည်း။ အာရုံသို့ ညွတ်-ကိုင်းရှိုင်းတတ်သော နမနလက္ခဏာသည် နာမ်တရားအားလုံးနှင့် သက်ဆိုင်သော, ဖောက်ပြန်တတ်သော ရုပ္ပနလက္ခဏာသည် ရုပ်တရားအားလုံးနှင့် သက်ဆိုင်သော သာမညလက္ခဏာတည်း။ အနိစ္စတာ ဒုက္ခတာ အနတ္တတာစသော လက္ခဏာသည် ရုပ်တရား နာမ်တရား အားလုံးနှင့် သက်ဆိုင်သော သာမညလက္ခဏာ ပင်တည်း။ ရုပ်တရား နာမ်တရားတို့၌ ထိုသဘာဝလက္ခဏာ သာမညလက္ခဏာတို့ကို ရှုခြင်း မြင်ခြင်းမှတစ်ပါး အခြား ရှုစရာ မြင်စရာ မရှိသောကြောင့် ထိုလက္ခဏာတို့ကို မမြင်နိုင်ခြင်းသည် အဝိဇ္ဇာ၏ ဖုံးလွှမ်းထားမှုကြောင့် ဖြစ်၏၊ ထိုကြောင့် အဝိဇ္ဇာသည် သူကာဏ်း (သူကန်း)နှင့် တူ၏။

သူကာဏ်းသည် လမ်းသွားရာ၌ ခြေနင်းပုံ မမြဲဘဲ ချော်၍ ချော်၍ နေတတ်၏။ ထိုခြေချော်ခြင်းသည် လဲခြင်းစသော ဒုက္ခ၏ အကြောင်း ဖြစ်၏။ ထို့အတူ အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာကြကုန်သော သင်္ခါရတို့သည် သံသရာခရီးကို ဖြတ်ကျော်၍ သွားရာ၌ ခြေချော်ခြင်းနှင့် တူ၏။ အဝိဇ္ဇာကြောင့် မပြုသင့် မပြုထိုက်သော သံသရာလည်ကြောင်း သင်္ခါရတို့ကို ကြိုးစားအားထုတ်မိ၏။ ထိုခြေချော်မှု သင်္ခါရကြောင့် ဝိညာဏ်စသော ဝဋ်ဒုက္ခများ ဖြစ်ကြရလေသည်။

လမ်းသွားနေသော သူကာဏ်းသည် ခြေချော်လျှင် လဲကျသွားတတ်၏။ သင်္ခါရကြောင့် ဘဝသစ်၌ ပဋိသန္ဓေ ဝိညာဏ် ဖြစ်ခြင်းသည်လည်း ဘဝသစ်၌ လဲကျသွားခြင်းပင်တည်း။ လဲကျသော သူကာဏ်း၌ အနာ ဖြစ်တတ်၏၊ ဝိညာဏ်ကြောင့် ဖြစ်ပေါ်လာရသော နာမ်ရုပ်သည် ထိုအနာဖြစ်ခြင်းနှင့် တူ၏။ အဘယ်ကြောင့်နည်း — ပကတိသော အနာသည် ဆင်းရဲ နာကျင်ခြင်းနှင့် ယှဉ်၍ မစင်မကြယ် ရွံရှာစက်ဆုပ်ဖွယ် သနံရည်တို့ကို ယိုထွက်စေသကဲ့သို့ ထို့အတူ ယင်းဝိညာဏ် နာမ်ရုပ် စသည်တို့ကိုလည်း အချိန်မီ လက္ခဏာယာဉ် (၃)ချက်တင်၍ တွင်တွင်ကြီး ဝိပဿနာ မရှုနိုင်ပါက ယင်းနာမ်ရုပ်တို့မှ ကိလေသာတည်းဟူသော မစင်မကြယ် ရွံရှာစက်ဆုပ်ဖွယ် အပုပ်ရည် များသည် တစီစီ ယိုစီးထွက်လာတတ် ထွက်လာစေတတ်သောကြောင့်တည်း။

အနာဖြစ်လျှင် အနာမှည့်ရင့်သောအခါ ပေါက်ကွဲဖို့ရန် အနာ၏ ထိပ်ဖျား၌ အဖုကလေး ပေါ်လာတတ်၏၊ နာမ်ရုပ်ကြောင့် စက္ခာယတနစသော သဠာယတနဖြစ်ခြင်းသည် ထိုအဖုကလေး ပေါ်လာခြင်းနှင့် တူ၏။ တစ်-နည်းဆိုသော် အနာသည် ကျယ်ပြန့် များပြားလာသောအခါ ဘေးပတ်လည်၌ အဖုကလေးများ ဖြစ်နေတတ်၏။ စက္ခာယတနစသော အာယတန (၆)ပါးသည် ထိုအနာစက် အဖုကလေးများနှင့် တူ၏။

အနာ၏ အဖုကလေးများ၌ အကြောင်းအားလျော်စွာ အထိအခိုက် များတတ်၏၊ ဝတ်ဆင်ထားအပ်သော အဝတ်နှင့်သော်လည်း အနည်းဆုံး ထိခိုက်မိတတ်သေး၏။ ထိခိုက်မိလျှင် နာကျင်မှုစသော ဒုက္ခ ဖြစ်တတ်၏။ စက္ခုစသော အာယတနတို့၌ စက္ခုသမ္ဖဿစသည်၏ ဖြစ်ခြင်းသည် အနာ၏ အဖုကလေးများကို ထိခိုက်ခံရ-ခြင်းနှင့် တူ၏။ ဖဿကြောင့် စက္ခုသမ္ဖဿဇာဝေဒနာစသော သုခ ဒုက္ခ ဥပေက္ခာဟူသော ဝေဒနာ (၃)မျိုး ဖြစ်ခြင်းသည် အနာ၏ ထိခိုက်မှုကြောင့် ဒုက္ခဖြစ်ခြင်းနှင့် တူ၏။ (ဤနေရာ၌ ဝေဒနာ သုံးမျိုးလုံးကိုပင် ဒုက္ခဟု ဟောတော်မူသည်။)

အနာကြောင့် နာကျင်မှုစသော ဒုက္ခ ဖြစ်ပေါ်လာလျှင် ထိုဒုက္ခကို ကုစားလိုသော ဆန္ဒ ဖြစ်ပေါ်လာတတ်၏။ ဝေဒနာကြောင့် တဏှာဖြစ်ခြင်းသည် ထိုကုစားလိုခြင်းသဘောနှင့် တူ၏။ ကုစားသောအခါ အသိအလိမ္မာ ဉာဏ်ပညာမရှိသည့် မိုက်မဲ တွေဝေသောသူဖြစ်လျှင် မသင့်သော ဆေး မသင့်သော အစာအာဟာရတို့ကို စားသုံးမိတတ်၏။ တဏှာကြောင့် ဉပါဒါန်ဖြစ်ခြင်းသည် မိုက်မဲသည့်အလျောက် အသိဉာဏ် မရှိသည့်အလျောက် မသင့်သော ဆေး, မသင့်သော အစာအာဟာရကို စားမိခြင်းနှင့် တူ၏။

အနာကို ကုစားသောအခါ အသိအလိမ္မာ ဉာဏ်ပညာ မရှိက ကိုယ်၌ မသင့်သော လိမ်းဆေးကိုလည်း လိမ်းမိတတ်၏။ ဉပါဒါန်ကြောင့် ကမ္မဘဝဖြစ်ခြင်းသည် ခန္ဓာအစဉ်ဝယ် မသင့်သော လိမ်းဆေးကို လိမ်းမိခြင်းနှင့် တူ၏။ အဘယ်ကြောင့်နည်းဟူမူ — ကမ္မဘဝသည် နောင်အခါ၌ ဇာတိစသော ဒုက္ခ၏ အကြောင်းဖြစ်ရကား ထိုဒုက္ခ၏ အကြောင်းကို ဉပါဒိန္နခန္ဓာအစဉ်ဝယ် ကောင်းစွာ မြှုပ်နှံထားသောကြောင့်တည်း။ (ဉပါဒိန္နသဒ္ဒါသည် ကံ၏ အကျိုးဖြစ်သော ဝိပါက် နာမ်ခန္ဓာနှင့် ကမ္မဇရုပ်အစဉ်ကိုလည်းကောင်း, တဏှာ ဒိဋ္ဌိတို့ဖြင့် "ငါ-ငါ့ ဉစ္စာ" ဟု စွဲလမ်းအပ်သော ခန္ဓာကိုယ် တစ်ကိုယ်လုံးကိုလည်းကောင်း ဟော၏။ ဤနေရာ၌ နောက်အနက်သာ လျော်သည်။)

အနာ၏ ဖောက်ပြန်ခြင်းဟူသည် ဖောရောင်ခြင်း, သွေးပြည် ဖြစ်ပေါ်လာခြင်းတည်း၊ မသင့်သော လိမ်း-ဆေးကို လိမ်းခြင်းသည် ထိုဖောက်ပြန်ခြင်းကို ဖြစ်စေတတ်၏။ ဘဝကြောင့် ဇာတိဖြစ်ခြင်းသည်လည်း ထို အနာ၏ ဖောက်ပြန်ခြင်းနှင့် တူ၏၊ အဘယ်ကြောင့်နည်းဟူမူ — ဇာတိသည် နောက်ဘဝ၌ ဖြစ်ခြင်းအားဖြင့် ရှေးဘဝ အတ္တဘော အနာ၏ ဖောက်ပြန်ခြင်းသဘော ဖြစ်သောကြောင့်လည်းကောင်း, ထိုဇာတိကြောင့် ဖူးဖူး-ရောင်ခြင်း စသည်နှင့်တူသော ဒုက္ခအမျိုးမျိုး ဖြစ်လေ့ရှိသောကြောင့်လည်းကောင်း ဘဝကြောင့် ဇာတိ ဖြစ်ခြင်းသည်လည်း ထိုအနာ၏ ဖောက်ပြန်ခြင်းနှင့် တူ၏။

ဇာတိကြောင့် ဖြစ်ပေါ်လာသော ဇရာမရဏသည် အနာ၏ ဖောက်ပြန်ခြင်းကြောင့် အနာ၏ ရင့်ခြင်း ပေါက်ကွဲခြင်းနှင့် တူ၏၊ တစ်နည်းဆိုသော် အနာ၏ပင်ကိုယ်သဘောမှ မတူသော ဖြစ်ခြင်း ပေါက်ကွဲခြင်းနှင့် တူ၏။ အနာသည် ညှစ်မထုတ်ရဘဲ အလိုလိုပေါက်ကွဲလျှင် ရင့်ပြီး မှည့်ပြီးမှသာ ပေါက်ကွဲနိုင်၏၊ ထိုကြောင့် ပေါက်ကွဲခြင်း သဘောကို ယူလျှင် မှည့်ရင့်ခြင်းသဘောကိုလည်း မကင်းစကောင်းသော အဝိနာဘာဝနည်း အားဖြင့် ယူပြီး ဖြစ်တော့၏၊ ထိုကြောင့် ဇရာမရဏ = ရင့်ခြင်း သေခြင်း နှစ်မျိုးကို အနာပေါက်ကွဲခြင်းနှင့် တူ၏ ဟု ဆိုသည်။

တစ်နည်းဆိုသော် — ဘေဒ = ပေါက်ကွဲခြင်းဟုဆိုလျှင် အနာ၏ နဂိုအနေအထားမှ ထူးခြားခြင်းဟူသော မတူသော ဖြစ်ခြင်းနှင့်လည်း ဆိုင်၏၊ ထိုကြောင့် ဝိသဒိသုပ္ပတ္တိ = မတူသော ဖြစ်ခြင်းဟူသော ဘေဒ = ပေါက်ကွဲ ခြင်းသည် ဇရာ၏ ဥပမာဖြစ်၍, ပျက်ခြင်းဟူသော ဘေဒ = ပေါက်ကွဲခြင်းသည် မရဏ၏ ဥပမာဖြစ်သည်။

(အဘိ-ဋ္ဌ-၂-၁၈၆။ ဝိသုဒ္ဓိ-၂-၂၁၈။)

## ဥပမာ တစ်နည်းဖြင့် ပြဆိုခြင်း

ဘဝစက်ကို ဥပမာဖြင့် နားလည်အောင် ပြရာ၌ ပြဆိုအပ်ပြီးသော နည်းသည် ဧကောဓိဋ္ဌာန = သူကာဏ်း တစ်ယောက်ဟူသော တည်ရာရှိသော ဥပမာအမျိုးမျိုးဖြင့် သိစေသော နည်းတည်း။ ယခု ဆက်လက် ပြအပ်-လတ္တံ့သော နည်းကား နာနာဓိဋ္ဌာန = တိမ်သလာ, ပိုးအိမ်, ပိုးကောင်စသော အမျိုးမျိုးသော တည်ရာရှိသော ဥပမာတို့ဖြင့် သိစေသော နည်းတည်း။

တိမ်သလာ၏ အလွှမ်းမိုးခံရသော မျက်စိသည် လုံးလုံး မမြင်ဘဲလည်း ဖြစ်တတ်၏၊ နည်းနည်းပါးပါး မြင်သော်လည်း အမှားအယွင်းကို မြင်သော် မြင်တတ်၏။ ထို့အတူ အဝိဇ္ဇာလွှမ်းမိုးအပ်သူသည် ဒုက္ခသစ္စာစသည့် သစ္စာ (၄)ရပ်တို့ကို အပ္ပဋိပတ္တိ = လုံးလုံးမသိခြင်းလည်း ဖြစ်တတ်၏။ နည်းနည်းပါးပါး သိပြန်လျှင်လည်း မှန်မှန်ကန်ကန် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် စုံစုံလင်လင် မသိဘဲ မိစ္ဆာပဋိပတ္တိ = မှားမှားယွင်းယွင်း လွဲလွဲချော်ချော် သိတတ်၏၊ ထိုကြောင့် အဝိဇ္ဇာသည် တိမ်သလာနှင့် တူ၏။

ပိုးအိမ်ကို ပြုလုပ်သော ပိုးကောင်သည် မိမိပြုလုပ်အပ်သော ပိုးအိမ်၏ အစိတ်အပိုင်းတို့က မိမိကို ရစ်ပတ်စေသကဲ့သို့ အဝိဇ္ဇာသည် လွှမ်းမိုးအပ်သော အဝိဇ္ဇာသည် ဖုံးလွှမ်းထားအပ်သော သစ္စာ (၄)ပါးကို မသိသည့် လူပြိန်း လူအ လူန လူပျင်း လူဖျင်း လူမိုက်သည်လည်း ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော ပေါ်နောဘဝိက အမည်ရသည့် သင်္ခါရတို့ကို သံသရာဝဋ်အတွင်း၌ လည်နေအောင် မိမိကိုယ်ကို ရစ်ပတ်စေ၏။ သင်္ခါရတို့က ရစ်ပတ်ထားသဖြင့် သံသရာဝဋ်အတွင်း၌ လည်နေရ၏။ ထိုကြောင့် သင်္ခါရတို့သည် ပိုးအိမ်၏ အစိတ်အပိုင်းတို့နှင့် တူကုန်၏။

ရှေ့သွားခေါင်းဆောင်ဖြစ်သော အမတ်ကြီး တစ်ယောက်ယောက်က နည်းပေးလမ်းပြ ပြုခြင်း ပညာသင်ပေးခြင်း စသောအားဖြင့် သိမ်းပိုက်အပ်မှသာ မင်းသားငယ်သည် မင်းအဖြစ်၌ တည်နိုင်သကဲ့သို့ သင်္ခါရတို့က ပဋိသန္ဓေဝိညာဏ်ကို အကျိုးဖြစ်ဖို့ရန် သိမ်းပိုက်အပ် ကျေးဇူးပြုအပ်မှသာလျှင် ဝိညာဏ်သည် နောက်ဘဝ ဟူသော ဂတိတို့၌ တည်နိုင်၏၊ ရှေ့သွား ခေါင်းဆောင် အမတ်ကြီးနှင့် ကင်း၍ မင်းသားငယ်သည် မင်းအဖြစ်၌ မတည်နိုင်သကဲ့သို့ သင်္ခါရတို့၏ သိမ်းပိုက်မှုနှင့် ကင်း၍ ဝိညာဏ်သည် နောက်ဘဝဂတိတို့၌ မတည်နိုင်။ ထိုကြောင့် သင်္ခါရတို့သည် သိမ်းပိုက်အပ်သော ဝိညာဏ်သည် အမတ်ကြီး စသူတို့၏ သိမ်းပိုက်အပ်သော မင်းသားငယ်နှင့် တူ၏။ ဤဥပမာ၌ သိမ်းပိုက်မှုနှင့် ကင်း၍ တည်တံ့မှုကို မရခြင်းသည် ဥပမာနှင့် ဥပမေယျ တို့၏ တူသည်၏ အဖြစ်တည်း။

မျက်လှည့်ဆရာသည် အမျိုးမျိုးသော မျက်လှည့်အရုပ်ကို ပြုလုပ်၍ ပြသကဲ့သို့ ဝိညာဏ်သည်လည်း ဘဝသစ်၌ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟူသော အာရုံနိမိတ် (၃)မျိုးတို့တွင် တစ်မျိုးမျိုးကို ပြုလုပ်တတ် = အာရုံပြုတတ်၏။ တစ်နည်း — ပဋိသန္ဓေဝိညာဏ်နှင့် သမ္ပယုတ်ဖြစ်သော ဝိတက်ဖြင့် ကြံဆ၍ ယူတတ်၏။ နတ်အရုပ်, လူအရုပ်, သားကောင်အရုပ်, ငှက်အရုပ် စသောအားဖြင့် အမျိုးမျိုးသော နာမ်ရုပ်ကိုလည်း ဖြစ်စေ၏။ ထိုကြောင့် ဝိညာဏ်သည် မျက်လှည့်ဆရာနှင့် တူ၏။

(အဘိ-ဌ-၂-၁၈၆။ ဝိသုဒ္ဓိ-၂-၂၁၈။)

ယထာဥပဋ္ဌိတာနိ ကမ္မာဒီနိ စုတိအာသန္နဇဝနေဟိ ပရိကပ္ပေတွာ ဝိယ ဂဟိတာနိ ပဋိသန္ဓိဝိညာဏေန ပရိကပ္ပိတာနိ ဝိယ ဟောန္တိ၊ တံ ပနဿ ပရိကပ္ပနံ အတ္ထတော အာရမ္မဏကရဏမေဝါတိ ဝုတ္တံ **“ပရိ။ ပ ။ တော”**တိ။ (အနုဋီ-၂-၁၃၈။)

ပဋိသန္ဓေဝိညာဏ်သည် ဝိပါက်တရားဖြစ်၍ အထူးထူး အပြားပြား မကြံဆတတ်သော်လည်း လွန်ခဲ့သည့်ဘဝ စုတိ၏ အနီး၌ရှိသော မရဏာသန္နဇောတို့သည် အထူးထူး အပြားပြား ကြံဆ၍ ယူအပ်ပြီးသည့် ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော အာရုံ (၃)မျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံကိုပင် ပဋိသန္ဓေဝိညာဏ်သည် အာရုံပြုရကား အကြောင်းဖြစ်သော မရဏာသန္နဇောက ကြံဆအပ်ပြီးသည့် အာရုံကိုပင် တင်စား၍ ပဋိသန္ဓေဝိညာဏ်က ကြံဆသည် အာရုံပြုသည်ဟု မိန့်ဆိုခြင်း ဖြစ်သည်ဟု ဆိုလိုသည်။ တစ်နည်းဆိုသော် — သမ္ပယုတ္တေန ဝါ

ဝိတက္ကေန ဝိတက္ကနတော။ (မဟာဋီ-၂-၃၄၃။) = ပဋိသန္ဓေဝိညာဏ်နှင့် ယှဉ်ဖက် သမ္ပယုတ်ဖြစ်သော ဝိတက်ဖြင့် ကြံဆသည်ဟု ဆိုလိုသည်။ ဤ၌ ကြံဆ၏ ဟူသည် အာရုံပြုခြင်းပင်တည်း။

(အနုဋီ-၂-၁၃၈။ မဟာဋီ-၂-၃၄၃။)

မြေကောင်း၌ ပေါက်ရောက်ရသော တောသစ်ပင်အပေါင်းသည် စည်စည်ကားကား ကြီးပွားသကဲ့သို့ သဠာယတန = အာယတန (၆)ပါးတွင် မနာယတနသည် စေတသိက်ဟူသော နာမ်၌ တည်ရပါမှ, စက္ခာယတန စသော ရုပ်အာယတနသည် ဆိုင်ရာ ကလာပ်တူ ရုပ်အများ၌ တည်ရပါမှ အထပ်ထပ် ဖြစ်သောအားဖြင့် ကြီးပွား စည်ပင်ခြင်းသို့ ရောက်နိုင်၏။ (စက္ခုဒသကကလာပ်အတွင်း၌ ရှိသော စက္ခာယတန = စက္ခုအကြည် ဓာတ်သည် ကလာပ်တူဖြစ်သော ယင်းစက္ခုဒသကကလာပ်အတွင်း၌ပင် ရှိသော မိမိမှ ကြွင်းသော ကျန် (၉)မျိုးသော ရုပ်တရားများ၌ တည်ရပါမှ ဖြစ်နိုင်စွမ်းရှိ၏၊ အထပ်ထပ်ဖြစ်သောအားဖြင့် ကြီးပွားစည်ပင်ခြင်းသို့ ရောက်နိုင်၏။ သောတာယတနစသည်တို့၌လည်း နည်းတူ သဘောပေါက်ပါလေ။) ထိုကြောင့် သဠာယတနသည် တောအုပ်ကြီးနှင့် တူ၏။ (အဘိ-ဋ္ဌ-၂-၁၈၆။ ဝိသုဒ္ဓိ-၂-၂၁၈။)

ရှေးခေတ်က မီးရရှိရေးအတွက် မီးခတ်ဟုလည်းကောင်း မီးဆုံဟုလည်းကောင်း ခေါ်သော ပွတ်ခုံ ပွတ်ကျည်တို့ကို အသုံးပြုကြ၏။ ပွတ်ခုံ ပွတ်ကျည်တို့ကို နာနာပွတ်မှ မီးထွက်သကဲ့သို့ စက္ခာယတနစသော အတွင်း အဇ္ဈတ္တိကာယတနနှင့် ရူပါယတနစသော အပြင် ဗာဟိရာယတနတို့ ပွတ်တိုက် ထိခိုက်ပါမှ ဖဿသည် ဖြစ်ပေါ်လာနိုင်၏၊ ထိုကြောင့် ဖဿသည် ထွက်ပေါ်လာသော မီးနှင့် တူ၏။

မီးဖြင့် တွေ့ထိအပ်သော အတွေ့အထိခံရသော အရာဝတ္ထု၌ ပူလောင်သကဲ့သို့ ဖဿဖြင့် တွေ့ထိအပ် သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဝေဒနာအပူ ဖြစ်၏။ ထိုကြောင့် ဝေဒနာသည် ပူလောင်ခြင်းနှင့် တူ၏။

အပူရှိန် ဟပ်သဖြင့် ရေငတ်၍ ဆားငန်ရေကို သောက်သောသူသည် သောက်လေသောက်လေ အငတ် မပြေသကဲ့သို့ ခံစားမှုဝေဒနာဖြစ်သူသည်လည်း တဏှာ အငတ်မပြေတော့ဘဲ တိုးပွားလေတော့၏၊ ထိုကြောင့် တဏှာသည် ရေငတ်ခြင်းနှင့် တူ၏။

ရေငတ်သူသည် ရေ၌ တောင့်တမှုကို ပြုသကဲ့သို့ တဏှာဖြင့် ထိုထိုအာရုံကို ငတ်နေသူ မက်မောနေ သူသည် ထိုထိုအာရုံများကို ရနိုင်သည့် ဘဝတို့၌ တောင့်တမှုကို ပြု၏၊ ထိုတောင့်တမှုကို ပြုခြင်းသည် ထိုသူ၏ ကာမုပါဒါန် ဒိဋ္ဌုပါဒါန်ပင်တည်း။ (သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်တို့သည် ဒိဋ္ဌုပါဒါန်၌ အတွင်းဝင်၏။)

ငါးမျှားချိတ်၌ တပ်ထားအပ်သော အစာကို လိုချင်ခြင်း မက်မောခြင်းကြောင့် ငါးသည် ငါးမျှားချိတ်ကို စွဲယူသကဲ့သို့ ဥပါဒါန်ကြောင့် ထိုထိုဘဝကို စွဲယူပြန်၏ စွဲလမ်းပြန်၏။

မျိုးစေ့ရှိသော် အညွန့်အညှောက်သည် ဖြစ်ပေါ်လာ ပေါက်ရောက်လာသကဲ့သို့ ဘဝရှိခဲ့သော် ဇာတိသည် ဖြစ်ပေါ်လာတတ်၏၊ ပေါ်ပေါက်လာတတ်၏။

ပေါက်ရောက်လာသော သစ်ပင်၏ တစ်နေ့နေ့တွင် လဲကျရခြင်းသည် မချွတ်ဧကန် ဖြစ်ရသကဲ့သို့ ဇာတိ- တရား ထင်ရှားဖြစ်ပေါ်လာသော သတ္တဝါ၏ သန္တာန်ဝယ် မချွတ်ဧကန် မြေကြီးလက်ခတ်မလွဲ ဇရာမရဏတရား သည် ထင်ရှား ဖြစ်ပေါ်လာပေ၏။

ထိုကြောင့် ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဥပမာတို့ဖြင့်လည်း ဤဘဝစက်ကို ထိုက်သည့်အားလျော်စွာ သိရှိအောင် ကြိုးစားအားထုတ်ပါ။ (အဘိ-ဋ္ဌ-၂-၁၈၆-၁၈၇။ ဝိသုဒ္ဓိ-၂-၂၁၈။)

## နက်နဲခြင်း (၄) ရပ်

၁။ **အတ္ထဂမ္ဘီရတာ** = အကျိုး၏ နက်နဲခြင်း = အနက်သဘော၏ နက်နဲခြင်း
၂။ **ဓမ္မဂမ္ဘီရတာ** = အကြောင်း၏ နက်နဲခြင်း = ပါဠိ၏ နက်နဲခြင်း
၃။ **ဒေသနာဂမ္ဘီရတာ** = ဟောကြားတော်မူအပ်သော ဝစီဘေဒသဒ္ဒဒေသနာတော်၏ နက်နဲခြင်း
= ဟောကြားတတ်သော ဒေသနာတော် ဉာဏ်တော်၏ နက်နဲခြင်း
၄။ **ပဋိဝေဓဂမ္ဘီရတာ** = ထိုးထွင်းသိတတ်သော ဉာဏ် + ထိုးထွင်း၍ သိအပ်သော သဘောတရား၏ နက်နဲခြင်း

ဤသို့လျှင် နက်နဲခြင်း = ဂမ္ဘီရတရား (၄)ပါး ရှိ၏။

### ၁။ အတ္ထဂမ္ဘီရတာ

အချို့သော ရေအိုင်သည် မနက်သော်လည်း မြက် သစ်ရွက်ဟောင်းတို့ဖြင့် ပြည့်နေသောကြောင့် နက်သည်ဟု ထင်ရ၏၊ ဤပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်သဘောတရားသည်ကား ထိုရေအိုင်ကဲ့သို့ မနက်ဘဲနှင့် နက်သည်ဟု ထင်ရသော တရားမျိုး မဟုတ်၊ အမှန်ပင် နက်နဲ ခက်ခဲသည် ဖြစ်၍ နက်နဲ ခက်ခဲသည်၏ အဖြစ်ဖြင့် ထင်ရသော တရားမျိုး ဖြစ်၏။

ထိုနက်နဲခြင်း (၄)မျိုးတို့တွင် အတ္ထဂမ္ဘီရဟူသည်ကား ဤသို့တည်း — ဇာတိကြောင့် ဇရာမရဏ မဖြစ်သည်ကား မဟုတ် ဖြစ်သည်သာ ဖြစ်၏။ အဘယ်ကြောင့်နည်း — ဇာတိရှိလျှင် ဧကန် အိုရ သေရခြင်း ကြောင့်တည်း။ (ဤစကားကား ဇာတိကြောင့် ဇရာမရဏဖြစ်ခြင်းကို ပြသော အနွယစကားတည်း။) ဇာတိကို ကြဉ်ဖယ်၍လည်း အခြားသော အကြောင်းကြောင့် ဇရာမရဏသည် မဖြစ်ပေ။ ဇာတိ မဖြစ်သူ မရှိသူအား ထိုဇရာမရဏ၏ မဖြစ်ခြင်း မရှိခြင်းကြောင့်တည်း။ (ဤစကားသည် - န - ဖြင့် တားမြစ်အပ်သောကြောင့် ဗျတိရေက = ပြောင်းပြန်စကားတည်း။) ဤသို့လျှင် အနွယ = အလျော်အားဖြင့်, ဗျတိရေက = ပြောင်းပြန် အားဖြင့် ပြအပ်သော စကားနှစ်ရပ်ဖြင့် ဇရာမရဏ၏ ဇာတိဟူသော အကြောင်းတရား ရှိပုံကို ထင်ရှားစေသည်ဟု အနုဋီကာ-၂-၁၃၉ - ၌ ကောက်ချက်ချထားသည်။

ဇာတိ အကြောင်းခံကြောင့် ဇရာမရဏ ဖြစ်ပုံအခြင်းအရာဟူသော ဤအပြားအားဖြင့်သာလျှင် ဇာတိ-ကြောင့် ဇရာမရဏသည် တကွမပြတ် ပေါင်းစပ်လျက် အထက်အထက်၌ ဖြစ်ပေါ်လာ၏။ ဤသို့ ဇာတိဟူသော အကြောင်းခံကြောင့် တကွမပြတ် ပေါင်းစပ်လျက် အထက်အထက်၌ ဖြစ်ပေါ်လာသည်၏ အဖြစ်ဟူသော သဘောတရား၏ ခဲယဉ်းစွာ ထိုးထွင်း၍ သိအပ်သည်၏အဖြစ် ထိုးထွင်း၍ သိနိုင်ခဲသည်၏အဖြစ်ကြောင့် ဇရာမရဏ၏ ဇာတိဟူသော အကြောင်းခံကြောင့် ကောင်းစွာ ဖြစ်သည်ဖြစ်၍ တကွမပြတ် ပေါင်းစပ်မိလျက် အထက်အထက်၌ ဖြစ်ပေါ်လာသည်၏အဖြစ်ဟူသော သဘောတရားသည် ဂမ္ဘီရ = နက်နဲ၏။

ထို့အတူ ဇာတိ၏ ဘဝဟူသော အကြောင်းခံကြောင့် ကောင်းစွာဖြစ်သည်ဖြစ်၍ တကွမပြတ် ပေါင်းစပ်လျက် အထက်အထက်၌ ဖြစ်ပေါ်လာသည်၏ အဖြစ်ဟူသော သဘောတရားသည် ဂမ္ဘီရ = နက်နဲ၏။ ပ ။ သင်္ခါရတို့၏ အဝိဇ္ဇာဟူသော အကြောင်းခံကြောင့် ကောင်းစွာဖြစ်သည်ဖြစ်၍ တကွမပြတ် ပေါင်းစပ်လျက် အထက်အထက်၌ ဖြစ်ပေါ်လာသည်၏ အဖြစ်ဟူသော သဘောတရားသည် ဂမ္ဘီရ = နက်နဲ၏။ ထိုကြောင့် ဤဘဝစက်သည် **အတ္ထဂမ္ဘီရ** = အကျိုးအားဖြင့် နက်နဲ၏။ အတ္ထဂမ္ဘီရဝယ် အကြောင်းတရား၏ အကျိုးတရားကို အတ္ထဟူ၍ ဆိုအပ်ပေသည်။

ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။ (အဘိ-၂-၃၀၇။)

= အကြောင်း၏ အကျိုး၌သိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏ — ဟု ဘုရားရှင် ဟောကြား-ထားတော်မူ၏။ (အဘိ-ဋ္ဌ-၂-၁၈၇ ။ ဝိသုဒ္ဓိ-၂-၂၁၉။)

ဤရဲ တိရစ္ဆာန် ပြိတ္တာ လူ နတ်စသော အကြင် အကြင် ဇာတိသည် အကြင် အကြင် ပစ္စယသတ္တိဖြင့် ဇရာမရဏအား ကျေးဇူးပြု၏၊ ထိုထိုဇာတိ ထိုထိုပစ္စယသတ္တိအားလျော်စွာ ဇရာမရဏ၏ ထင်ရှားစွာ ဖြစ်ခြင်းသဘောတရားသည် ခဲယဉ်းစွာ ထိုးထွင်း၍ သိအပ်သည်၏ အဖြစ်ကြောင့် ယင်းသဘောတရားကို ထိုးထွင်း၍ သိနိုင်ခဲသည်၏ အဖြစ်ကြောင့် ဂမ္ဘီရ = နက်နဲ၏ ဟူလိုသည်။ (မူလဋီ-၂-၁၃၀။) ဤသို့စသည်ဖြင့် အကျိုးတရား-တို့၏ နက်နဲမှုကို သဘောပေါက်ပါလေ။

## ၂။ ဓမ္မဂမ္ဘီရတာ

အကြင်ဖြစ်ပုံ အခြင်းအရာအားဖြင့်လည်းကောင်း, အကြင် အခိုက်အတန့်အားဖြင့်လည်းကောင်း အဝိဇ္ဇာသည် ထိုထိုသင်္ခါရတို့အား ထိုထိုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ထိုဖြစ်ပုံအခြင်းအရာ၏ ထိုအခိုက်-အတန့်၏ ခဲယဉ်းစွာ ထိုးထွင်း၍ သိအပ်သည်၏ အဖြစ်ကြောင့် ထိုးထွင်း၍ သိနိုင်ခဲသည်၏ အဖြစ်ကြောင့် အဝိဇ္ဇာ၏ သင်္ခါရတို့အား ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် ဂမ္ဘီရ = နက်နဲ၏။ ထို့အတူ သင်္ခါရတို့၏ ဝိညာဏ်အား။ ပ ။ ဇာတိသည် ဇရာမရဏအား ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် နက်နဲ၏။ ထိုကြောင့် ဤဘဝစက်သည် **ဓမ္မဂမ္ဘီရ** = အကြောင်းအားဖြင့် နက်နဲ၏။ မှန်သည် ဓမ္မဂမ္ဘီရဝယ် ဓမ္မဟူသောအမည်သည် အကြောင်း၏အမည် ဖြစ်သည်။ (အဘိ-ဋ္ဌ-၂-၁၈၇။ ဝိသုဒ္ဓိ-၂-၂၁၉။)

ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ။ (အဘိ-၂-၃၀၇။)

= "အဝိဇ္ဇာစသော အကြောင်းတရား၌ သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏" — ဟု ဘုရားရှင်သည် ဟောကြားထားတော်မူ၏။

## ၃။ ဒေသနာဂမ္ဘီရတာ

ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ကျွတ်ထိုက်သသူ ဝေနေယျတို့၏ အလိုအဇ္ဈာသယဓာတ်ခံအား လျော်စွာ သစ္စာလေးပါးကို သိစေနိုင်သော ဂုဏ်သတ္တိရှိခြင်းဟူသော ထိုထိုအကြောင်းကြောင့် အနုလောမ ဒေသနာ ပဋိလောမဒေသနာစသော ထိုထိုအခြင်းအရာအားဖြင့် ဖြစ်စေထိုက်သည်၏ အဖြစ်ကြောင့် ဟောကြား အပ်သည်၏ အဖြစ်ကြောင့် ဟောကြားထားအပ်သော ဒေသနာတော်သည်လည်း နက်နဲ၏။ ထိုအနုလောမ ဒေသနာ ပဋိလောမဒေသနာစသော အမျိုးမျိုးသော ဒေသနာအပြား၌ သဗ္ဗညုတဉာဏ်တော်မှ တစ်ပါးသော ဉာဏ်သည် ထောက်တည်ရာကို မရရှိနိုင်ပေ။

၁။ အချို့သောသုတ်၌ အစ အဝိဇ္ဇာမှ စ၍ အဆုံး ဇရာမရဏသို့တိုင်အောင် အနုလောမအားဖြင့် ဒေသနာ-တော်ကို ဟောကြားထားတော်မူ၏။

၂။ အချို့သောသုတ်၌ အဆုံး ဇရာမရဏမှ စ၍ အစ အဝိဇ္ဇာသို့တိုင်အောင် ပဋိလောမအပြန်အားဖြင့် ဒေသနာတော်ကို ဟောကြားထားတော်မူ၏။

၃။ အချို့သောသုတ်၌ အနုလောမ ပဋိလောမအားဖြင့် ဒေသနာတော်ကို ဟောကြားထားတော်မူ၏။
[ဤ ၁ -၂ - ၃ တို့ကား အစပ် (၃)ပါး အလွှာ (၄)ပါးရှိသော ဒေသနာတော်တို့တည်း။]

၄။ အချို့သောသုတ်၌ အလယ်မှ စ၍ အဆုံး ဇရာမရဏသို့တိုင်အောင် အနုလောမအားဖြင့် ဒေသနာတော်ကို ဟောကြားထားတော်မူ၏။

၅။ အချို့သောသုတ်၌ အလယ်မှ စ၍ အစ အဝိဇ္ဇာသို့တိုင်အောင် ပဋိလောမအားဖြင့် ဒေသနာတော်ကို ဟောကြားထားတော်မူ၏။

၆။ အချို့သောသုတ်၌ အစပ် (၃)ပါး, အလွှာ (၄)ပါးရှိအောင် ဒေသနာတော်ကို ဟောကြားထားတော်မူ၏။
(၁ -၂ - ၃ ဒေသနာမျိုးတည်း။)

၇။ အချို့သောသုတ်၌ အစပ် (၂)ပါး, အလွှာ (၃)ပါးရှိသော ဒေသနာတော်ကို ဟောကြားထားတော်မူ၏။
(၄ - ၅ ဒေသနာမျိုးတည်း။)

၈။ အချို့သောသုတ်၌ အစပ် (၁)ပါး, အလွှာ (၂)ပါးရှိသော ဒေသနာတော်ကို ဟောကြားထားတော်မူ၏။
အောက်ပါ ဒေသနာတော်မျိုးတည်း။

သံယောဇနိယေသု ဘိက္ခဝေ ဓမ္မေသု အဿာဒါနုပဿိနော ဝိဟရတော တဏှာ ပဝၹ္ဍတိ။ တဏှာပစ္စယာ ဥပါဒါနံ . . . ။ (သံ-၁-၃၁၂-၃၁၅။)

= ရဟန်းတို့ . . . သံယောဇဉ် ဖြစ်စရာတရားတို့၌ သာယာဖွယ်ဟု ရှုမြင်လျက် နေထိုင်သော ရဟန်း၏ သန္တာန်၌ တဏှာသည် တိုးပွားလာ၏။ တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန်သည် ဖြစ်ပေါ်လာ၏။ . . .

ဤသို့စသည်ဖြင့် ဇရာမရဏစသည့် အဆုံးသို့တိုင်အောင် ဟောကြားထားတော်မူအပ်သော ဒေသနာတော်သည် ကမ္မဘဝနှင့် ဇာတိဟူသော အစပ်တစ်ခုသာရှိ၍ ပစ္စုပ္ပန်အကြောင်း တစ်လွှာ, အနာဂတ်အကျိုး တစ်လွှာဟူသော အလွှာ (၂)ပါးရှိသော ဒေသနာတော် ဖြစ်သည်။ ထိုကြောင့် ဤပဋိစ္စသမုပ္ပါဒ် ဘဝစက်သည် ဟောကြားတော်မူပုံ ဒေသနာအားဖြင့် နက်နဲ၏။ (အဘိ-ဋ္ဌ-၂-၁၈၇။ဝိသုဒ္ဓိ-၂-၂၁၉။)

## ၄။ ပဋိဝေဓဂမ္ဘီရတာ

အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၌ ကိုယ်ပိုင်သဘာဝလက္ခဏာ အသီးအသီး ရှိကြ၏။ ယင်းသဘာဝလက္ခဏာတို့ကို ယောဂါဝစရပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ထွင်းဖောက်၍ သိမြင်ရမည် ဖြစ်သည်။ ယင်းပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ် အသီးအသီး၏ ကိုယ်ပိုင်သဘာဝလက္ခဏာသည် ပြိုပြင်သဖြင့် ခဲယဉ်းသဖြင့် ထက်ဝန်းကျင် သက်ဝင်အပ်သည်၏ အဖြစ်ကြောင့် သိနိုင်ခဲသည်၏ အဖြစ်ကြောင့် နက်နဲ၏။ ထိုကြောင့် ဤဘဝစက်သည် **ပဋိဝေဓဂမ္ဘီရ** = ထိုးထွင်း၍ သိအပ်သော သဘောအားဖြင့် နက်နဲ၏။

**ထင်ရှားစေအံ့** — ဤဘဝစက်၌ အဝိဇ္ဇာ၏ သိတတ်သောဉာဏ်၏ ဆန့်ကျင်ဘက် အဖြစ်တည်းဟူသော သဘော, ကိုယ်တိုင် မျက်မှောက်ပြုသောအားဖြင့် ပရမတ္ထဓမ္မတည်းဟူသော အာရုံ၏ သဘောမှန်ကို မြင်တတ်သော ဉာဏ်၏ ဆန့်ကျင်ဘက်၏ အဖြစ်တည်းဟူသော သဘော, သစ္စာ (၄)ပါးတို့ကို ထိုးထွင်း၍ မသိခြင်း, ထိုးထွင်း၍ သိခြင်းငှာ မပေးမူ၍ ဖုံးလွှမ်းထားတတ်သည်၏ အဖြစ်တည်းဟူသော သဘောသည် နက်နဲ၏။

သင်္ခါရတို့၏ အကျိုးတရားဖြစ်ပေါ်လာနိုင်သည့် အကြောင်းတရားတို့ကို ပြုစီမံတတ်သည်၏ အဖြစ်တည်းဟူသော သဘော, ထိုထိုကုသိုလ်ဆိုင်ရာ လုပ်ငန်း အကုသိုလ်ဆိုင်ရာ လုပ်ငန်းရပ်တို့ (ကုသိုလ်တရား အကုသိုလ်တရားတို့) ပြီးမြောက်အောင် အကြောင်းတရားတို့ကို (ဆိုင်ရာ စိတ်စေတသိက်တို့ကို) ပေါင်းစုသိမ်းယူတတ်သည်၏ အဖြစ်တည်းဟူသော သဘော, ရာဂနှင့်တကွဖြစ်သည်၏ အဖြစ်တည်းဟူသော သဘော (အပုညာဘိသင်္ခါရကို ရည်သည်။), ရာဂမရှိသည်၏ အဖြစ်တည်းဟူသော သဘော (ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကို ရည်သည်။) — ဤသဘော အရပ်ရပ်သည်ကား နက်နဲ၏။ ဝိညာဏ်၏ အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်တည်းဟူသော သဘောတရားသည် နက်နဲ၏။ မှန်သည် —

"ရဟန်းတို့ နေ့ညဥ့် သံသရာ ရှည်မြင့်စွာသော ကာလပတ်လုံး ဤဝိညာဏ်ကို အာဂမသုတ = သင်သိ, အဓိဂမသုတ = ကျင့်သိဟူသော အကြားအမြင် ဗဟုသုတမရှိသော ပုထုဇန်သည် သက်ဝင် မျိုသိပ် ပြီးဆုံးစေ-အပ်ပြီ၊ ငါ့ဥစ္စာဟု ပြုအပ် မြတ်နိုးအပ်ပြီ၊ ဤဝိညာဏ်သည် ငါ၏ ဥစ္စာတည်း၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ အတ္တတည်းဟု ဤသို့ မှားမှားယွင်းယွင်း သုံးသပ်အပ်ပြီ" (သံ-၁-၃၂၁။)

ဤသို့လျှင် ဝိညာဏ်ကို အတ္တဟု မှားမှားယွင်းယွင်း သုံးသပ်ခြင်း၏ ထူးသော တည်ရာအကြောင်းဟူ၍ ဟောတော်မူအပ်ပြီ။ ထိုကြောင့် ဝိညာဏ်၏ အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော သဘောသည် နက်နဲ၏။

တစ်ဖန် အတ္တသည် သိတတ်၏၊ တပြောင်းပြန်ပြန် ကျင်လည်တတ်၏ဟု ဝိညာဏ်၏ ဗျာပါရရှိသည်၏ အဖြစ်ဟူသော အာရုံကို လွန်လွန်ကဲကဲ နှလုံးသွင်းခြင်း၏ အားရှိသည်၏ အဖြစ်, ဘဝတစ်ပါးသို့ ပြောင်းသွား-ခြင်းဟု လွန်လွန်ကဲကဲ နှလုံးသွင်းခြင်း၏ အားရှိသည်၏ အဖြစ်ကြောင့် ဗျာပါရ မရှိသည်၏ အဖြစ်ဟူသော သဘော, ဘဝတစ်ပါးသို့ ပြောင်းသွားခြင်း မရှိဘဲ ပဋိသန္ဓေခဏ၌ ဝိညာဏ်၏ ထင်ရှားဖြစ်သည်၏ အဖြစ်ဟူသော သဘောတရားတို့သည်လည်း နက်နဲကုန်၏။

နာမ်ရုပ်၏ အတူတကွ ဖြစ်ခြင်းသဘော, အသီးအသီး ခွဲခြား၍ ဖြစ်ခြင်းသဘော, အသီးအသီး မခွဲခြားဘဲ ဖြစ်ခြင်းသဘော, အာရုံသို့ ညွတ်ခြင်းသဘော, ဖောက်ပြန်ခြင်းသဘောသည် နက်နဲ၏။

(အဘိ-ဌ-၂-၁၈၇-၁၈၈။ ဝိသုဒ္ဓိ-၂-၂၁၉။)

နာမ်၏ ရုပ်နှင့်လည်းကောင်း, ရုပ်၏ နာမ်နှင့်လည်းကောင်း သမ္ပယုတ်မဖြစ်ခြင်းကြောင့် = မယှဉ်ခြင်း-ကြောင့် အသီးအသီး ခွဲခြား၍ ဖြစ်ခြင်း = ဝိနိဗ္ဘောဂသဘော ရှိ၏။ နာမ်၏ နာမ်နှင့် သမ္ပယုတ်ဖြစ်ခြင်းကြောင့် = စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်ခြင်းကြောင့် အသီးအသီး မခွဲခြား မဝေဖန်အပ်သော = အဝိနိဗ္ဘောဂသဘော ရှိ၏။ တူသော ဖြစ်ခြင်း = ဧကုပ္ပါဒ, တူသောချုပ်ခြင်း = ဧကနိရောဓတို့ဖြင့် အသီးအသီး မခွဲခြား မဝေဖန်ခြင်း = အဝိနိဗ္ဘောဂသဘောကို အလိုရှိအပ်သော် ရုပ်၏လည်း ရုပ်နှင့် အဝိနိဗ္ဘောဂသဘောကို ရနိုင်သည်သာ ဖြစ်သည်။ တစ်နည်းဆိုသော် — ရုပ်ခန္ဓာတစ်ပါးသာရှိသော အသညသတ်ဘုံ, နာမ်ခန္ဓာ လေးပါးသာရှိသော အရူပဘုံတို့၌ နာမ်နှင့်ရုပ်တို့၏ အတူတကွ မဖြစ်နိုင်ခြင်းကြောင့် အသီးအသီး ခွဲခြားဝေဖန်-အပ်သော ဝိနိဗ္ဘောဂသဘောကိုလည်းကောင်း, ခန္ဓာ (၅)ပါးရှိသော ပဉ္စဝေါကာရဘုံ၌ နာမ်ရုပ်တို့၏ အတူတကွ ဖြစ်နိုင်ခြင်းကြောင့် အသီးအသီး မခွဲခြား မဝေဖန်အပ်သော အဝိနိဗ္ဘောဂသဘောကိုလည်းကောင်း သိရှိပါလေ။

(မူလဋီ-၂-၁၃၀။)

အထက်ပါ အဋ္ဌကထာစကားရပ်၌ အာရုံသို့ ညွတ်ခြင်းသဘောကား နာမ်ကို ရည်ညွှန်းသည်။ ဖောက်ပြန်-ခြင်းသဘောကား ရုပ်ကို ရည်ညွှန်းသည်။

သဠာယတနအမည်ရသော အတွင်းအာယတန (၆)ပါးသည် ဣန္ဒြိယပစ္စည်းထိုက်၏။ သို့အတွက် ယင်းသဠာယတန၏ ဣန္ဒြိယပစ္စယသတ္တိဖြင့် အကြီးအကဲအဖြစ်ဟူသော သဘော, ပျက်စီးတတ်သည်၏ အဖြစ်ဟူသော သဘော, ဒွါရအဖြစ်ဟူသော သဘော, လယ်ယာနှင့်တူသည်၏ အဖြစ်ဟူသော သဘော, ရူပါရုံစသော အာရုံရှိသည်၏ အဖြစ်ဟူသော သဘောသည် နက်နဲ၏။ (အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၁၉။)

စက္ခုစသော ဒွါရ၌ ရှေးရှု ကျရောက်လာကုန် ထင်လာကုန်သော ရူပါရုံစသည်တို့၏ ထင်ရှားပြခြင်း၌ လျောက်ပတ်သည်၏အဖြစ်ဟူသော လက္ခဏာရှိသော စက္ခုစသော အာယတနတို့၏ ထွန်းပြခြင်းသည် ဝိသယိ-ဘာဝတည်း = ရူပါရုံအစရှိသော အာရုံရှိသည်၏ အဖြစ်တည်း။ မနာယတန၏ အာရုံကို သိခြင်းသဘောသည် ဝိသယိဘာဝတည်း = ဝိသယ = အာရုံရှိသည်၏ အဖြစ်တည်း။ ဆိုလိုသည်မှာ ရူပါရုံထင်ဖို့ရာ လျောက်ပတ်သည်၏ အဖြစ်ဟူသော လက္ခဏာရှိသောကြောင့် ရူပါရုံဟူသော အာရုံရှိသည်၏အဖြစ်သည် စက္ခု၏ ဝိသယိ-ဘာဝတည်း။ သောတစသည်တို့၌လည်း ဤနည်းကို မှီးပါ။ (မူလဋီ-၂-၁၃၁။)

ဖဿ၏ အာရုံကို တွေ့ထိတတ်သည်၏ အဖြစ်ဟူသော သဘော = အာရုံကို တွေ့ထိသော အခြင်းအရာ အားဖြင့်ဖြစ်တတ်သည်၏ အဖြစ်ဟူသော သဘော, အာရုံကို ပွတ်ချပ်ထိခိုက်ခြင်းသဘော, ဝတ္ထု အာရုံ ဝိညာဏ် သုံးပါးစုံတို့၏ ပေါင်းဆုံကျရောက်ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဟူသော သဘောသည် နက်နဲ၏။

(အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၁၉-၂၂၀။)

သံဃဋ္ဋန = အာရုံကို ပွတ်ချပ်ထိခိုက်ခြင်းသဘောသည် စက္ခုသမ္ဖဿစသော (၅)ပါးအတွက် ဖြစ်၏။ ဖုသန - သင်္ဂတိ - သန္နိပါတဠတို့ကား - သဠာယတန = အာယတန (၆)ပါးလုံးအတွက် ဖြစ်၏။ ထိုတွင် ဖုသန = အာရုံကို တွေ့ထိခြင်း = တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် ဖဿ၏ ကိုယ်ပိုင်သဘာဝလက္ခ-ဏာတည်း။ သံဃဋ္ဋန = အာရုံကို ပွတ်ချပ် ထိခိုက်ခြင်းသဘောကား ဖဿ၏ ကိစ္စရသ = လုပ်ငန်းကိစ္စတည်း။ သင်္ဂတိသန္နိပါတ = ဝတ္ထု အာရုံ ဝိညာဏ် သုံးပါးတို့ ပေါင်းဆုံ ကျရောက်ခြင်းကြောင့် ဖြစ်ပေါ်လာရသော သဘောကား ယောဂီတို့ ဉာဏ်တွင် ရှေးရှုထင်လာသော အခြင်းအရာ = ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်တည်း။

(မူလဋီ-၂-၁၃၁။)

ဝေဒနာ၏ အာရုံ၏ အရသာကို ခံစားတတ်သည်၏အဖြစ်ဟူသော သဘော, သုခ၏အဖြစ် ဒုက္ခ၏အဖြစ် အလယ်အလတ် မဇ္ဈတ္တ = ဥပေက္ခာ၏အဖြစ်ဟူသော သဘောသည်, တစ်နည်း နိဇ္ဇီဝ = ဇီဝ မဟုတ်သော ဝေဒနာ၏ ခံစားတတ်သည်၏ အဖြစ်ဟူသော သဘောသည် နက်နဲ၏။ (အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၂၀။)

အာရမ္မဏရသာနုဘဝနဋ္ဌ = အာရုံ၏ အရသာကို သုံးဆောင်ခံစားခြင်းသဘောသည် ဝေဒနာ၏ ကိစ္စ-ရသတည်း။ ဝေဒယိတဋ္ဌ = ဇီဝမဟုတ်သော ဝေဒနာ၏ ခံစားတတ်သည့်သဘော ခံစားမှုသဘောသည် ဝေဒနာ၏ သဘာဝလက္ခဏာတည်း။ ဤသို့ လက္ခဏာအားဖြင့်လည်းကောင်း, ကိစ္စအားဖြင့်လည်းကောင်း ကွဲပြားသော ကြောင့် ဝေဒနာ၏သဘောကို အနုဘဝနဋ္ဌ ဝေဒယိတဋ္ဌဟု အဋ္ဌကထာ၌ နှစ်မျိုးခွဲထားသည်။ (မူလဋီ-၂-၁၃၁။)

ပီတိနှင့် တကွသော တဏှာ၏ ထိုထိုအာရုံ ထိုထိုဘုံဘဝကို အလွန် နှစ်သက်တတ်သည်၏အဖြစ်ဟူသော သဘော, ထိုထက် သာ၍အားရှိသော တဏှာ၏ အာရုံသို့ သက်ဝင်၍ မျိုချ၍ ပြီးဆုံးစေခြင်းဟူသော သဘော, တစ်နည်း — မိမိကြိုက်နှစ်သက်ရာ အာရုံသို့ "နွားရှူးရှူးထိုး, နွားသိုးကြိုးပြတ်, နွားငတ်ရေကျကဲ့သို့" — အဟုန်ပြင်းပြင်း အတင်း စီးဆင်းသွားတတ်ရကား တောင်ပေါ်မှ အဟုန်ပြင်းပြင်း အတင်း စီးဆင်းလာသည့် တောင်ကျမြစ်နှင့် တူသည်၏ အဖြစ်ဟူသော သဘော, မာလောနွယ်နှင့်တကွ နွယ်ဟူသမျှသည် နီးရာ သစ်ပင်ကို နွယ်၍ တက်တတ်သကဲ့သို့ တဏှာသည်လည်း နီးရာ အာရုံကို နွယ်၍ တက်တတ် နှစ်သက်တတ် ကြိုက်တတ်-

ရကား မာလောနွယ်စသော နွယ်နှင့်တူသည်၏ အဖြစ်ဟူသော သဘော, သဗ္ဗာ နဒီ ဝင်္ကနဒီ = မြစ်ဟူသမျှ မြစ်ကောက်ချည်းသာ ဟူသည်နှင့်အညီ မာယာ သာဌေယျဟူသော အကွေ့အကောက် အလှည့်အပတ်များသော တဏှာ၏ မြစ်နှင့်တူသည်၏အဖြစ်ဟူသော သဘော, ကူးခပ်လွန်မြောက်နိုင်ခဲသော သဘောကြောင့် တဏှာ၏ သမုဒ္ဒရာ၏ အဖြစ်တည်းဟူသော သဘော, တဏှာ၏ ပြည့်စေနိုင် ပြည့်နိုင်ခဲသည်၏ အဖြစ်တည်းဟူသော သဘောသည် နက်နဲ၏။ (အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၂၀။)

လေးပါးသော ဥပါဒါန်၏ အာရုံကို စွဲမြဲစွာယူတတ်သည်၏ အဖြစ်ဟူသော အာဒါနသဘော, ကာမုပါဒါန် ၏ အာရုံကို အလွန် တပ်မက်မောသည်၏ အစွမ်းဖြင့် ယင်းအာရုံကို ခံယူသိမ်းပိုက် စွဲလမ်းခြင်းသဘော, ဒိဋ္ဌု- ပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်၏ အာရုံကို မှားသောအားဖြင့် စွဲစွဲမြဲမြဲ နှလုံးသွင်းတတ်သည်၏ အဖြစ်ဟူသော သဘော, မှားမှားယွင်းယွင်း သုံးသပ်တတ်သည်၏ အဖြစ်ဟူသော သဘော, ဒိဋ္ဌိကန္တာရော (အဘိ-၁-၉၄။) = ဒိဋ္ဌိခရီးခဲဟု ဘုရားရှင် ဟောတော်မူခြင်းကြောင့် ဒိဋ္ဌိခရီးခဲ၏ ကျော်လွှား လွန်မြောက်နိုင်ခဲ သည်၏ အဖြစ်ဟူသော သဘော, တစ်နည်း ဥပါဒါန်လေးပါးလုံး၏ အာရုံကို ခိုင်ခိုင်မြဲမြဲ စွဲယူတတ်သည့် အဖြစ်ကြောင့် ကျော်လွှား လွန်မြောက်နိုင်ခဲသည်၏ အဖြစ်ဟူသော သဘောသည် နက်နဲ၏။

(အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၂၀။)

ကမ္မဘဝ၏ ပေါင်းစုရုံးစည်းခြင်းသဘော (= ပေါင်းစု၍ ယူတတ်သည်၏ အဖြစ်ဟူသော သဘော), အကျိုးတရားကို ဖြစ်ပေါ်လာအောင် အလွန်ပြုစီမံတတ်သည်၏ အဖြစ်ဟူသော သဘော, လေးပါးသော ယောနိ, ငါးပါးသော ဂတိ, ခုနစ်ပါးသော ဝိညာဏဋ္ဌိတိ, ကိုးပါးသော သတ္တာဝါသတို့၌ ပစ်ချတတ်သည်၏ အဖြစ်ဟူသော သဘောသည် နက်နဲ၏။ (အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၂၀။)

ဇာတိ၏ တစ်ခုသော ဘဝ၌ ခန္ဓာတို့၏ ရှေးဦးအစ အသစ်ဖြစ်ခြင်းဟူသော သဘော, အာယတနတို့၏ ပြည့်ပြည့်စုံစုံရှိသည်ဖြစ်၍ ဖြစ်ခြင်းသဘော, အမိဝမ်း၌ သက်ရောက်သကဲ့သို့ ဖြစ်ခြင်းဟူသော သဘော, လုံးလုံးလျောင်းလျောင်း ထင်ထင်ရှားရှား ဖြစ်ခြင်း၏ အစွမ်းဖြင့် ထင်ရှားဖြစ်ခြင်းဟူသော သဘောသည် နက်နဲ၏။

(အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၂၀။)

ဇရာမရဏ၏ ကုန်ခန်းခြင်းသဘော, ပျက်စီးခြင်းသဘော, ပြိုကွဲတတ် ပျက်ပြားတတ်သည်၏ အဖြစ်ဟူ- သော သဘော, မရဏအားဖြင့် ဖောက်ပြန်တတ်သည်၏ အဖြစ်ဟူသော သဘောသည် နက်နဲ၏။

(အဘိ-ဋ္ဌ-၂-၁၈၈။ ဝိသုဒ္ဓိ-၂-၂၂၀။)

ဤအထက်ပါ သဘောတရားလေးမျိုးလုံးသည် ဇရာ၏ သဘောမဟုတ်၊ မရဏ၏ သဘောသာတည်း။ ဇရာမရဏနှစ်မျိုးတွင် မရဏသည် ပဓာနဖြစ်သောကြောင့် မရဏ၏ နက်နဲမှုသဘောကိုသာ အဋ္ဌကထာက ပြထားသည်။ မှန်ပေသည် — အသစ်အသစ် ဖြစ်ကုန်သော ရုပ်နာမ်တို့၏ ကုန်ခြင်းကြောင့် ကျိုးသောသွား ရှိသူ၏အဖြစ် အစရှိသော ရင့်ကျက်ခြင်း၏ ဖြစ်ခြင်းသည် ဇရာတည်းဟု မှတ်ပါ။ တစ်နည်းဆိုသော် — အသစ် အဖြစ်မှ ကင်းခြင်းသဘောသည် ကုန်ခန်းခြင်း = ခယသဘောဟု ဆိုခြင်းငှာ သင့်ရကား ကုန်ခန်းခြင်း ခယ- သဘောကို ဇရာအတွက် ဖွင့်ဆိုသည်ဟု မှတ်ပါ။ တည်ခြင်း = ဌီသဘောမှ ပျက်ခြင်း = မရဏသဘော = ဘင်သဘောသို့ ပြောင်းလဲသွားခြင်း = ဝိပရိဏာမသဘောကိုကား ဇရာမရဏ နှစ်မျိုးလုံးအတွက် ဖွင့်ဆိုထား- သည်ဟု မှတ်ပါ။ တစ်နည်းဆိုသော် ရုပ်သန္တတိ နာမ်သန္တတိအစဉ်၏အစွမ်းဖြင့် ကုန်ခန်းတတ်သည်၏ အဖြစ် ပျက်စီးတတ်သည်၏ အဖြစ်ကား ဇရာ၏ ခယ ဝယ သဘောတည်း။ တစ်ဘဝ တစ်ခါသေခြင်း သမ္မုတိမရဏ, ဥပါဒ်-ဌီ-ဘင်ဟူသော ခဏအားဖြင့် သေခြင်း ခဏိကမရဏဟု မရဏနှစ်မျိုး ရှိ၏။ ရုပ်နာမ်တို့၏ ယင်းသမ္မုတိ- မရဏ ခဏိကမရဏ၏ အစွမ်းဖြင့် ပြိုကွဲပျက်စီးခြင်း ဘေဒသဘော, မရဏအားဖြင့် ဖောက်ပြန်ပျက်စီးခြင်း

ဝိပရိဏာမသဘောကား မရဏ၏ ဘေဒဝိပရိဏာမသဘောတည်း။ ဇရာမရဏတို့၏ ယင်းသဘောတရားတို့ကား ယောဂါဝစရပုဂ္ဂိုလ်တို့ သိဖို့ရန် ခက်ခဲသောကြောင့် နက်နဲသည်ဟူ လိုသည်။ (မူလဋီ-၂-၁၃၁။)

ဤကား ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ နက်နဲခြင်း (၄)ရပ်တည်း။ ဤနက်နဲခြင်း (၄)ရပ်ကိုလည်း ထိုက်သည့်အားလျော်စွာ ယောဂါဝစရပုဂ္ဂိုလ်သည် သိရှိအောင် ကြိုးစားအားထုတ်ပါ။

တစ်ဖန် ဤဘဝစက်၌ (၁) ဧကတ္တနည်း, (၂) နာနတ္တနည်း, (၃) အဗျာပါရနည်း, (၄) ဧဝံဓမ္မတာနည်းဟု အတ္ထနယ = နည်းလေးထွေရှိ၏။ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းအတ္ထနယ (၄)မျိုးကိုလည်း သိအောင်ကြိုးပမ်း-ရမည် ဖြစ်ကြောင်းကို (အဘိ-ဋ္ဌ-၂-၁၈၈-၁၈၉။ ဝိသုဒ္ဓိ-၂-၂၂၀-၂၂၁။)တို့၌ ဖွင့်ဆိုထား၏။ ယင်းနည်းလေးပါး အကြောင်းကို ဤပဋိစ္စသမုပ္ပါဒ်ပိုင်း ပဉ္စမနည်း စာမျက်နှာ (၂၁၃) စသည်တို့၌ ရေးသားတင်ပြထားသည့် အတိုင်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးပမ်းပါလေ။

## အတိတ်အဆက်ဆက် – အနာဂတ်အဆက်ဆက်သို့

ရှေးစာမျက်နှာ (၅၆၃-၅၆၄-၅၆၅)တို့၌ ဖော်ပြခဲ့သည့် ဇယားများအတိုင်း အသင်သူတော်ကောင်းသည် အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို ဆက်လက်၍ သိမ်းဆည်းရဦးမည်သာ ဖြစ်သည်။

ဤဖော်ပြခဲ့သော ပဋိစ္စသမုပ္ပါဒ် ပထမနည်းဟု ခေါ်ဆိုသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ရှုကွက်မှာ ပစ္စုပ္ပန်ကို ဗဟိုထား၍ –

၁။ **ပထမအတိတ်** – အဝိဇ္ဇာ၊ သင်္ခါရ။
၂။ **ပစ္စုပ္ပန်** – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။
၃။ **အနာဂတ်** – ဇာတိ၊ ဇရာမရဏ – သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသ။

ဤကာလသုံးပါးအတွင်း၌ရှိသော တရားတို့၏ အကြောင်းနှင့် အကျိုး ဆက်စပ်လျက် အထပ်ထပ် ဖြစ်နေ-ပုံကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပုံကို ညွှန်ပြသော ဒေသနာတော်နည်း ဖြစ်သည်။ သို့သော် ဤမျှဖြင့်ကား ပစ္စယပရိဂ္ဂဟ = အကြောင်းတရားတို့ကို သိမ်းဆည်းခြင်း လုပ်ငန်းရပ်ကြီးကား မပြီးဆုံးသေးပါ။ လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန် နည်းအားဖြင့်လည်း ဆက်လက် သိမ်းဆည်းရဦးမည် ဖြစ်ပါသည်။ သိမ်းဆည်းပုံ စနစ်ကို လက္ခဏာဒိစတုက္ကပိုင်းတွင် စုပေါင်း၍ ရေးသားတင်ပြ ထားပါသည်။ ထိုအပိုင်းတွင် ကြည့်ပါ။

ဤနည်းကို နည်းမှီး၍ အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်သို့လည်း ရှုနိုင်ပါသည်။

ပုံစံများ -

၁။ **ဒုတိယအတိတ်** – အဝိဇ္ဇာ၊ သင်္ခါရ။
၂။ **ပထမအတိတ်** – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။
၃။ **ပစ္စုပ္ပန်** – ဇာတိ၊ ဇရာမရဏ – သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသ။

၁။ **တတိယအတိတ်** – အဝိဇ္ဇာ၊ သင်္ခါရ။
၂။ **ဒုတိယအတိတ်** – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။
၃။ **ပထမအတိတ်** – ဇာတိ၊ ဇရာမရဏ – သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသ။

ဤမျှဆိုလျှင် အတိတ်အဆက်ဆက်သို့ ရှုပုံ အကြောင်းတရား အကျိုးတရား သိမ်းဆည်းပုံကို သဘော-ပေါက်လောက်ပေပြီ။ သို့သော် သတိပြုရန် အချက်တစ်ရပ်ကား ဤသို့ ဖြစ်၏။ ဘဝတစ်ခုတွင် ပြုစုပျိုးထောင်ခဲ့သော ကံသည် ဘဝ နှစ်ခု သုံးခုကိုသော်လည်းကောင်း ဘဝပေါင်းများစွာကိုသော်လည်းကောင်း ပဋိသန္ဓေစသော အကျိုးတရားများကို ပေးနေသည်လည်း ရှိတတ်ပါသည်။

**သော ဟေတု သော ပဘဝေါ၊ တံ မူလံ သာဝ သာသနေ ခန္တိ။**

(သုမေဓာထေရီဂါထာ ဂါထာနံပါတ်-၅၂၃။)

ဓနဉ္စာနီ, ခေမာ, သုမေဓာဟူသော အဆွေခင်ပွန်း အမျိုးသမီး (၃)ဦးတို့သည် ကောဏာဂုံဘုရားရှင်၏ သာသနာတော်တွင်း၌ သံဃအာရာမ်ဝယ် သံဃိကကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းခဲ့ဖူးကြ၏။ သုမေဓာထေရီ အလောင်းအလျာ အမျိုးကောင်းသမီးအဖို့ ထိုကျောင်းလှူသည့် ကုသိုလ်စေတနာကပင် (ကုသိုလ်စေတနာပေါင်းများစွာကပင်) လူခန္ဓာ နတ်ခန္ဓာ ဟူသော ပဋိသန္ဓေပေါင်းများစွာကို အဆက်မပြတ် အကျိုးပေးကြောင်း လာရှိပေသည်။

သို့အတွက် ဘဝတစ်ခုတွင် အောင်အောင်မြင်မြင် ပြုစုပျိုးထောင်ခဲ့သော အာသေဝနပစ္စည်း၏ အထောက်အပံ့ကောင်းကို အကြိမ်များစွာ ရရှိသော ကံသည် ဘဝများစွာ ပဋိသန္ဓေခန္ဓာစသော အကျိုးတရားများကို အဆက်မပြတ် ဖြစ်စေတတ်သည်လည်း ရှိ၏။ ယင်းသို့ ဖြစ်ခဲ့သော် ပထမအတိတ်ဘဝက အကြောင်းတရားများကြောင့် ပစ္စုပ္ပန်တွင် ခန္ဓာ (၅)ပါး အကျိုးဝိပါက်တရားများ ဖြစ်ပေါ်လာရသည်ဟူသော သတ်မှတ်ချက်, ဒုတိယအတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အကြောင်းတရားများကြောင့် ပထမအတိတ်တွင် ခန္ဓာ (၅)ပါး အကျိုးဝိပါက် တရားများဖြစ်ပေါ်လာရသည်ဟူသော သတ်မှတ်ချက် — ဤသို့စသော သတ်မှတ်ချက်များမှာ ယေဘုယျ သတ်မှတ်ချက်ဟု မှတ်ပါ။ တစ်နည်းဆိုရသော် အကျိုးဝိပါက် ခန္ဓာ (၅)ပါးတို့ ဖြစ်ပေါ်ရာဘဝမှ လွန်ခဲ့သော ဘဝတစ်ခုခုက ထူထောင်ခဲ့သော အကြောင်းတရားများကြောင့် အကျိုးတရားများ ဖြစ်ပေါ်လာ-ကြရသဖြင့် ထိုအကြောင်းတရားတို့ကို ထူထောင်ခဲ့ရာ ဘဝသည် အကျိုးတရားတို့ဖြစ်ရာ ဘဝမှ ထောက်ဆကြည့်လိုက်သော် အတိတ်သာ ဖြစ်သဖြင့် အတိတ်အကြောင်းတရားဟုပင် သာမညအားဖြင့် ခေါ်ဆိုနိုင်ပါသည်။ ထိုအကြောင်းတရားတို့ကို ထူထောင်ခဲ့ရာ အတိတ်ဘဝသည် အကျိုးတရားတို့ ဖြစ်ပေါ်လာရာဘဝမှ ထောက်ဆကြည့်လျှင် ပထမအတိတ် ဒုတိယအတိတ် စသည်ဖြင့် ထိုက်သလို ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ — အကျိုးတရား ဖြစ်ပေါ်လာရာ ဘဝမှ ဆိုင်ရာ အတိတ်ကိုပင် ပထမအတိတ် ဒုတိယအတိတ် စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲထားသည်ဟု မှတ်သားပါ။

တစ်ဖန် အနာဂတ် အဆက်ဆက်သို့လည်း ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ မဟာခနေသူဌေးသားကဲ့သို့သော ပစ္ဆိမဘဝိက အတုများအဖို့ အနာဂတ်မှာ မသေချာသော သဘောရှိ၏။ ဤဘဝမှာပင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးတို့အပေါ်၌ စွဲနေသည့် တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတို့ကို ပြုတ်အောင် ဝိပဿနာ ရှုပွားသုံးသပ်နိုင်လျှင် အသင်သူတော်-ကောင်းအတွက် နောင်အနာဂတ်ဘဝဟူသည် ရှိနိုင်တော့မည် မဟုတ်ပါ။ သို့သော် အစွဲမပြုတ်သေးလျှင်ကား အနာဂတ်ဘဝမှာ ရှိနေဦးမည်သာ ဖြစ်သည်။ ထိုအနာဂတ်ခန္ဓာတို့အပေါ်၌ စွဲနေသည့် တဏှာ-မာန-ဒိဋ္ဌိတို့ ဦးဆောင်သည့် ကိလေသာများကို ဖြိုဖျက်နိုင်ရေးအတွက်ပင် အနာဂတ် ရုပ်နာမ်တို့ကိုလည်း လက္ခဏာယာဉ် သုံးချက်တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ရခြင်းပင် ဖြစ်သည်။

အနာဂတ် မရဏာသန္နဇောၾ အာရုံမှာ နောက်ထပ် အနာဂတ်တစ်ခုကို ဖြစ်စေမည့် ကံကြောင့် ထင်လာသော အာရုံပင် ဖြစ်၍ ထိုအာရုံကို အခြေခံ၍ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကို ရှာဖွေလျက် နောက်ထပ် အနာဂတ်ဘဝသစ် ရုပ်နာမ်နှင့် အကြောင်းအကျိုးစပ်လျက် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာ၌ မည်သည့်ဘဝတွင် ဆုံးမည်ကို သဘောပေါက်အောင် ရှုပါ။ ပထမ အနာဂတ်တွင်ပင် သံသရာခရီးကို အဆုံးသတ်နိုင်မည့် ယောဂီသူတော်ကောင်းများလည်း ရှိနိုင်၏၊ ဒုတိယ အနာဂတ်ဘဝ စသည်တို့၌ သံသရာခရီးကို အဆုံးသတ်နိုင်မည့် သူတော်ကောင်းများလည်း ရှိနိုင်၏။ နာမည်-ကျော် ဒါယကာတော်သိကြားမင်းကဲ့သို့သော သူတော်ကောင်းများလည်း ရှိနိုင်၏။ မဟာခေနသူဌေးသားတို့ကဲ့သို့ ပစ္ဆိမဘဝိက အတုများကား တစ်ခုသော ဘဝတွင် သံသရာခရီးကို အဆုံးသတ်လိုကလည်း အဆုံးသတ်နိုင်၍ မဆုံးလိုသေးဘဲ ဆက်လိုကလည်း နောက်ထပ် အနာဂတ်တစ်ခုသို့ ဆက်နိုင်သည်လည်း ရှိတတ်၏။ ဤဘဝမှာပင် သံသရာခရီးကို အဆုံးသတ်နိုင်မည့် သူတော်ကောင်းများလည်း ရှိကောင်းရှိနိုင်၏။ မရဏာသန္နဇော အခိုက်၌ အကျိုးပေးတော့မည့် ကံ၏ စွမ်းအင်သတ္တိလည်း မရှိတော့သဖြင့် ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော နိမိတ် (၃)မျိုး တစ်မျိုးမျိုးမျှ မထင်လျှင်ကား နောက်ထပ်ဆက်ရန် ဘဝ မရှိတော့ပြီ ဖြစ်၏။ ထိုသို့ သံသရာခရီး ဆုံးသည့်တိုင်အောင် ရှုနိုင်ပါမူ —

၁။ အကြောင်းတရားများ ထင်ရှား ဖြစ်ခြင်းကြောင့် ထင်ရှားရှိနေခြင်းကြောင့် အကျိုးတရားများ ထင်ရှား ဖြစ်နိုင်ပုံ ထင်ရှားရှိနိုင်ပုံကိုလည်းကောင်း,

၂။ အကြောင်းတရားများ၏ အရဟတ္တမဂ်ကြောင့် အနုပ္ပါဒနိရောဓ သဘောအားဖြင့် နောင်တစ်ဖန်မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် အကျိုးတရားများသည်လည်း အနုပ္ပါဒနိရောဓ သဘောအားဖြင့် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားပုံကိုလည်းကောင်း,

ယောဂါဝစရပုဂ္ဂိုလ်သည် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နိုင်မည် ဖြစ်သည်။ ထိုအခါတွင်မှ — **အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော** = အဝိဇ္ဇာ၏ အနုပ္ပါဒနိရောဓ သဘောအားဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ အနုပ္ပါဒနိရောဓ သဘောအားဖြင့် အကြွင်းမဲ့ချုပ်ခြင်းသည် ဖြစ်၏ — ဤသို့စသော ပဋိလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ရှုကွက်ကို သဘောကျ-နိုင်မည် ရှုနိုင်မည် ဖြစ်ပေသည်။

## အနာဂတ် ရှုကွက်ပုံစံများ

၁။ **ပစ္စုပ္ပန်** — အဝိဇ္ဇာ၊ သင်္ခါရ။
၂။ **ပထမအနာဂတ်** — ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။
၃။ **ဒုတိယအနာဂတ်** — ဇာတိ၊ ဇရာမရဏ စသည်။

၁။ **ပထမအနာဂတ်** — အဝိဇ္ဇာ၊ သင်္ခါရ။
၂။ **ဒုတိယအနာဂတ်** — ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။
၃။ **တတိယအနာဂတ်** — ဇာတိ၊ ဇရာမရဏ စသည်။

ဤသို့လျှင် အနာဂတ် အဆက်ဆက်သို့ ရှုပုံကိုလည်း သဘောပေါက်ပါ။ ထိုသို့ အနာဂတ် အဆက်ဆက်ကို ရှုရာ၌ ယခုပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်နေသော ကမ္မဘဝကြောင့် အနာဂတ် အဆက်ဆက် ဖြစ်နိုင်သည်လည်း

ရှိ၏။ အတိတ်ဘဝ ထိုထိုက ပြုစုပျိုးထောင်ခဲ့သော ကံကြောင့် အနာဂတ်ခန္ဓာ (၅)ပါး ဖြစ်နိုင်သည်လည်း ရှိ၏။ ပထမ အနာဂတ်တွင် ပြုစုပျိုးထောင်လိုက်သော ကံကြောင့် ဒုတိယ အနာဂတ် ခန္ဓာ (၅)ပါးစသည်တို့ ဖြစ်ကြ-သည်လည်း ရှိ၏။ ဒုတိယ အနာဂတ်တွင် ပြုစုပျိုးထောင်သော ကံကြောင့် တတိယ အနာဂတ်ခန္ဓာ (၅)ပါး စသည်တို့ ဖြစ်ကြသည်လည်း ရှိ၏။ အသင်သူတော်ကောင်း ကိုယ်တိုင် တိတိကျကျသိအောင် ဆန်းစစ်ရှုပွားရမည် ဖြစ်သည်။ ထိုသို့ ဆန်းစစ် ရှုပွားရာ၌ မရဏာသန္နဇောအခိုက်၌ ထင်လာသော အာရုံနိမိတ်ကို အခြေခံ၍သာ ဆန်းစစ်ပါ။ မရဏာသန္နဇော၏ အာရုံများသည် အကျိုးပေးတော့မည့် ကံ၏ စွမ်းဟုန်ကြောင့် ထင်လာသော အာရုံနိမိတ်များ ဖြစ်ကြသဖြင့် အကျိုးပေးမည့် ကံကို ရှာဖွေရာ၌ ယင်းမရဏာသန္နဇော၏ အာရုံမှာ အဓိက သော့ချက် တစ်ခုပင် ဖြစ်သည်။ ယေဘုယျ စည်းကမ်းသို့လိုက်၍ အထက်ပါ — **အနာဂတ်ရှုကွက် ပုံစံများ** — ကို ဖော်ပြထားပါသည်။

## ပဋိစ္စသမုပ္ပါဒ် ဒုတိယနည်း

## ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ရှုကွက်

အချို့အရာ၌ — အဝိဇ္ဇာယတွေ၀ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် ပြတ်ပုံကိုဟောသော ဒေသနာတော်ကို ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ဝေါ်သုံးစွဲထား၏။ ဤ၌ကား ယင်းပဋိလောမသဘောကို မဆိုလို။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် (၁၂)ပါးတို့တွင် အဆုံးဖြစ်သော ဇရာ-မရဏမှ စ၍ အဝိဇ္ဇာသို့တိုင်အောင် ပြောင်းပြန်လှန်၍ အကြောင်းအကျိုး သိမ်းဆည်းခြင်းကို **ပဋိလောမ ပဋိစ္စ-သမုပ္ပါဒ် ရှုကွက်**ဟု ဆိုလိုသည်မှတ်ပါ။

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် နာမ်ရုပ်တို့ကို သိမ်းဆည်းပြီး၍ နာမရူပပရိစ္ဆေဒဉာဏ်၏ ကမ်းတစ်ဘက်သို့ ဆိုက်ရောက်နေ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝတွင် နာမ်ရုပ်ဟု ဆိုအပ်ကုန်သော ထိုသင်္ခါရတရားတို့၏သာလျှင် ဇရာဟူသော ဌီကာလသို့ ရောက်ခြင်းကိုလည်းကောင်း, ဇရာသို့ ရောက်ပြီးကုန်သော သင်္ခါရ-တရားတို့၏ ပျက်ခြင်း မရဏ = ဘင်ကိုလည်းကောင်း ဉာဏ်ဖြင့်မြင်၍ — ဤဇရာမရဏမည်သည် ဖြစ်မှု = ဇာတိရှိသော်သာလျှင် ဖြစ်နိုင်၏၊ ဇာတိသည်လည်း ကမ္မဘဝရှိသော်သာ ဖြစ်နိုင်၏၊ ဘဝမည်သည်လည်း ဥပါဒါန်ရှိသော်သာ ဖြစ်နိုင်၏၊ ဥပါဒါန် မည်သည်လည်း တဏှာရှိသော်သာ ဖြစ်နိုင်၏၊ တဏှာသည်လည်း ဝေဒနာရှိသော်သာ ဖြစ်နိုင်၏၊ ဝေဒနာသည်လည်း ဖဿရှိသော်သာ ဖြစ်နိုင်၏၊ ဖဿသည်လည်း သဠာယတန ရှိသော်သာ ဖြစ်နိုင်၏၊ သဠာယတနသည်လည်း နာမ်ရုပ်ရှိသော်သာ ဖြစ်နိုင်၏၊ နာမ်ရုပ်သည်လည်း ဝိညာဏ် ရှိသော်သာ ဖြစ်နိုင်၏၊ ဝိညာဏ်သည်လည်း သင်္ခါရတို့ ရှိကုန်သော်သာ ဖြစ်နိုင်၏၊ သင်္ခါရတို့သည်လည်း အဝိဇ္ဇာ ရှိသော်သာ ဖြစ်နိုင်ကုန်၏ — ဤသို့လျှင် ပဋိလောမ ပဋိစ္စသမုပ္ပါဒ်၏ အစွမ်းဖြင့် နာမ်ရုပ်၏ အကြောင်းတရားကို သိမ်းဆည်းခြင်းကို ပြုလုပ်၏။ ထိုသို့ သိမ်းဆည်းသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌လည်း ယုံမှားခြင်း ဝိစိကိစ္ဆာတရားသည် ကင်းပျောက်နိုင်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၃၅။)

ဤနည်း၌ အနာဂတ် ဇရာမရဏမှ စ၍ ပထမအတိတ် အဝိဇ္ဇာသို့တိုင်အောင် ပြောင်းပြန်လှန်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရ၏။ ဤနည်း၌လည်း အတိတ် အဆက်ဆက် အနာဂတ် အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ သိမ်းဆည်းနိုင်သည်သာ ဖြစ်သည်။ နည်းမှီး၍ သိလောက်ပေပြီ။

## ပဋိစ္စသမုပ္ပါဒ် တတိယနည်း
## (အနုလောမ ပဋိစ္စသမုပ္ပါဒ်)

နွယ်ခွေသော ယောက်ျားသည် နွယ်၏ အလယ်ပိုင်းကို စတင် တွေ့ရှိ၍ အလယ်၌ ဖြတ်လျက် အထက် အဖျားပိုင်းသို့ တိုင်အောင် ဆွဲငင်ယူလျက် မိမိအလိုရှိရာ လုပ်ငန်း၌ အသုံးချသကဲ့သို့ အလားတူပင် ဘုရားရှင်သည် ဘဝစက်တွင် အလယ်ဖြစ်သော ဝေဒနာမှ စ၍ —

ဝေဒနာကြောင့် တဏှာဖြစ်ပုံ၊ တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ၊ ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ၊ ကမ္မဘဝကြောင့် ဇာတိဖြစ်ပုံ၊ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ပုံကို ဟောတော်မူ၏။

ဤနည်းအရ ပစ္စုပ္ပန်ဝေဒနာမှ စတင်သိမ်းဆည်း၍ ယင်းဝေဒနာကြောင့် တဏှာဖြစ်ပုံစသည်ကို ယောဂါဝစရပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် အစဉ်လျှောက်၍ အနာဂတ် ဇာတိ ဇရာမရဏစသည်သို့တိုင်အောင် ရှုရမည် သိမ်းဆည်းရမည် ဖြစ်သည်။ ဤနည်းတွင် —

၁။ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ - တို့ကား ပစ္စုပ္ပန်တရားစုတို့တည်း။

၂။ ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကား အနာဂတ်တရားစုတို့တည်း။

ဤနည်းကို အတိတ် အဆက်ဆက် အနာဂတ် အဆက်ဆက်သို့လည်း ရှေးရှုဆောင်ယူ၍ ရှုနိုင်သည်သာ ဖြစ်သည်။

### အတိတ် အဆက်ဆက်သို့

၁။ **ပထမအတိတ်** — ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ **ပစ္စုပ္ပန်** — ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။

၁။ **ဒုတိယအတိတ်** — ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ **ပထမအတိတ်** — ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။

ဤသို့လျှင် အတိတ် အဆက်ဆက်သို့ သဘောပေါက်ပါ။

### အနာဂတ် အဆက်ဆက်သို့

၁။ **ပထမအနာဂတ်** — ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ **ဒုတိယအနာဂတ်** — ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။

၁။ **ဒုတိယအနာဂတ်** — ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ **တတိယအနာဂတ်** — ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။

ဤသို့စသည်ဖြင့် အနာဂတ်အဆက်ဆက်သို့လည်း သဘောပေါက်ပါ။

မဇ္ဈတော ပန ပဋ္ဌာယ ယာဝ ပရိယောသာနာ ပဝတ္တာ ဒေသနာ ဆဋ္ဌဂ်ီ ဒွိသန္ဓိ တိသင်္ခေပါ။

(မဟာဋီ- ၂-၂၄၅။)

အလယ်ဖြစ်သော ဝေဒနာမှ စ၍ အဆုံးဖြစ်သော ဇရာမရဏသို့တိုင်အောင် ဖြစ်ပေါ်လာသော ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် — ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏဟု အင်္ဂါ (၆)ပါးရှိသော ဒေသနာတော်ဖြစ်၏။

ဝေဒနာနှင့် တဏှာ အကြားတွင် အကျိုးနှင့် အကြောင်း စပ်နေသော အစပ်တစ်ခု၊ ဘဝနှင့် ဇာတိ အကြားတွင် အကြောင်းနှင့် အကျိုး စပ်နေသော အစပ်တစ်ခုဟု အစပ်နှစ်ခုရှိသော ဒေသနာတော် ဖြစ်၏။

၁။ ဝေဒနာ = (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)ဟု အလ္လာတစ်ခု၊

၂။ (အဝိဇ္ဇာ) တဏှာ၊ ဥပါဒါန်၊ (သင်္ခါရ)၊ ကမ္မဘဝ = ကံဟု အလ္လာတစ်ခု၊

၃။ ဇာတိ = (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)ဟု အလ္လာတစ်ခု၊

ဤသို့လျှင် အလ္လာ (၃)ခုရှိသော ဒေသနာတော် ဖြစ်၏။ (မဟာဋီ-၂-၂၄၃။)

## အစပ်တစ်ခု၊ အလ္လာနှစ်ခု

သံယောဇနိယေသု ဘိက္ခဝေ ဓမ္မေသု အဿာဒါနုပဿိနော ဝိဟရတော တဏှာ ပဝဍ္ဍတိ။ တဏှာပစ္စယာ ဥပါဒါနံ . . . (သံ-၁-၃၁၂-၃၁၅။)

= ရဟန်းတို့ . . . သံယောဇဉ်ဖြစ်စရာ တရားတို့၌ သာယာဖွယ်ဟု ရှုမြင်လျက်နေထိုင်သော ရဟန်း၏ သန္တာန်၌ တဏှာသည် တိုးပွားလာ၏။ တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန်သည် ဖြစ်ပေါ်လာ၏။

(သံ-၁-၃၁၂-၃၁၅။)

ဤသို့စသည်ဖြင့် ဇရာမရဏစသည့် အဆုံးသို့တိုင်အောင် ဟောကြားထားတော်မူ၏။

ဤအထက်ပါ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကား —

မဇ္ဈတော ပဋ္ဌာယ ယာဝ ပရိယောသာနာ ပဝတ္တာ ဒေသနာ၊ ဧကသန္ဓိ ဒွိသင်္ခေပါ။ (မဟာဋီ-၂-၂၄၅။)

ဤမဟာဋီကာအဖွင့်နှင့် အညီ အစပ်တစ်ခု အလ္လာနှစ်ခုသာ ရှိသော ဒေသနာတော်ဖြစ်၏။ ကမ္မဘဝနှင့် ဇာတိအကြားတွင် အကြောင်းနှင့်အကျိုး ဆက်စပ်နေသော အစပ်တစ်ခုသာ ရှိ၏။ (အဝိဇ္ဇာ) တဏှာ၊ ဥပါဒါန် (သင်္ခါရ) ကမ္မဘဝဟူသော အလ္လာတစ်ခု၊ ဇာတိ၊ ဇရာမရဏဟု ခေါ်ဆိုအပ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အလ္လာတစ်ခု - ဤအလ္လာနှစ်ခုရှိ၏။

ဤသို့လျှင် အစပ်တစ်ခု အလ္လာနှစ်ခုသာ ရှိသော ဒေသနာတော်ဖြစ်၏။ ယင်းသို့ပင် အစပ်တစ်ခု အလ္လာနှစ်ခုသာ ရှိသော်လည်း ပြည့်စုံသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သာ ဖြစ်သည်။ အထက်တွင်ဖော်ပြထားသည့် အတိုင်း အတိတ်အဆက်ဆက်သို့လည်းကောင်း, အနာဂတ်အဆက်ဆက်သို့လည်းကောင်း ဉာဏ်ကိုစေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်ပါက အစပ် (၃)ပါး, အလ္လာ (၄)ပါးရှိသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်များနှင့် တရားကိုယ်အရချင်း, ရှုကွက်ချင်း အားလုံး တူညီသွားသောကြောင့် ပြည့်စုံသော ဒေသနာတော်သာ ဖြစ်သည်ဟု မှတ်ပါ။

## လောကသုတ္တန်

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၂၃၃-၂၃၄)တို့၌ (၆)ဒွါရ, (၄၂)ကောဋ္ဌာသတို့၌ ရှိသော ကံ-စိတ်-ဥတု-အာဟာရ တည်းဟူသော အကြောင်းတရား အသီးအသီးကြောင့် ဖြစ်သော ရုပ်တရားတို့ကို အကြောင်းနှင့် အကျိုး ဆက်စပ်လျက် ရုပ်တရားတို့၏ အကြောင်းတရားများကို သိမ်းဆည်းပြီးသောအခါ နာမ်-တရားများ၏ အကြောင်းတရားများကိုလည်း သိမ်းဆည်းရန် ဤသို့ ညွှန်ကြားထား၏ —

ဧဝံ ရူပကာယဿ ပစ္စယပရိဂ္ဂဟံ ကတွာ, ပုန "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ"န္တိအာဒိနာ နယေန နာမကာယဿ ပစ္စယပရိဂ္ဂဟံ ကရောတိ။ (ဝိသုဒ္ဓိ-၂-၂၃၄။)

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ-ပစ္စယာ တဏှာ၊ အယံ ခေါ ဘိက္ခဝေ ဒုက္ခဿ သမုဒယော။ (သံ-၁-၃၀၀။)

= စက္ခာယတနနှင့် ရူပါယတနကို အစွဲပြု၍ စက္ခုဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ စက္ခာယတန ရူပါယတန စက္ခုဝိညာဏ် ဤ (၃)ပါး ပေါင်းဆုံခြင်းကြောင့် ဖဿသည် ဖြစ်ပေါ်လာ၏၊ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာ ဖြစ်ခြင်းကြောင့် တဏှာ ဖြစ်၏၊ ရဟန်းတို့ . . . ဤသည်ကား ဒုက္ခဖြစ်ကြောင်း ဒုက္ခသမုဒယ-တရားတည်း။ (သံ-၁-၃၀၀။)

ကြွင်းကျန်သော အာယတနဒွါရတို့၌ နည်းတူသဘောပေါက်ပါ။ ဤအထက်ပါ နာမ်တရားတို့၏ အကြောင်းတရားတို့ကို သိမ်းဆည်းပုံကို ညွှန်ပြသော သုတ္တန်မှာ ဒုက္ခသုတ္တန် ဖြစ်သည်။ တစ်ဖန် လောကသုတ္တန်တွင် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ် လည်ပတ်ပုံကို အလယ်မှ အဆုံးသို့တိုင်အောင် အောက်ပါအတိုင်း ဟောထား တော်မူ၏ —

## လောကဖြစ်ပုံ

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ အယံ ခေါ ဘိက္ခဝေ လောကဿ သမုဒယော။ (သံ-၁-၃၀၁။)

= စက္ခုအကြည်ဓာတ်ကိုလည်းကောင်း, ရူပါရုံတို့ကိုလည်းကောင်း အစွဲပြု၍ စက္ခုဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ စက္ခုအကြည် ရူပါရုံ စက္ခုဝိညာဏ် သုံးပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿသည် ဖြစ်ပေါ်လာ၏။ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာ ဖြစ်ခြင်းကြောင့် တဏှာဖြစ်၏။ တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန် ဖြစ်ခြင်းကြောင့် ဘဝဖြစ်၏၊ ဘဝ ဖြစ်ခြင်းကြောင့် ဇာတိဖြစ်၏၊ ဇာတိ ဖြစ်ခြင်းကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ဖြစ်ပေါ်လာကုန်၏။ ရဟန်းတို့ . . . ဤသည်ကား လောက၏ ဖြစ်ခြင်းတည်း။ (ကြွင်းကျန်သော အာယတနဒွါရတို့၌လည်း နည်းမှီး၍ သဘောပေါက်ပါ။)
(သံ-၁-၃၀၁။)

## လောကချုပ်ပုံ

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ အယံ ခေါ ဘိက္ခဝေ လောကဿ အတ္ထင်္ဂမော။
(သံ-၁-၃၀၂။)

= စက္ခုအကြည်ဓာတ်ကိုလည်းကောင်း, ရူပါရုံတို့ကိုလည်းကောင်း အစွဲပြု၍ စက္ခုဝိညာဏ်သည် ဖြစ်ပေါ်လာ၏။ စက္ခုအကြည်ဓာတ် ရူပါရုံ စက္ခုဝိညာဏ် (၃)ပါးတို့၏ ပေါင်းဆုံမိခြင်းကြောင့် ဖဿသည် ဖြစ်ပေါ်လာ၏။ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာ ဖြစ်ခြင်းကြောင့် တဏှာ ဖြစ်၏။ ထိုတဏှာ၏

သာလျှင် အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏၊ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏၊ ဘဝ ချုပ်ခြင်းကြောင့် ဇာတိ ချုပ်၏၊ ဇာတိ ချုပ်ခြင်းကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဝဋ္ဋဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏။ ရဟန်းတို့ . . . ဤသည်ကား လောက ချုပ်ခြင်းတည်း။ (သံ-၁-၃၀၂။)

ဤအထက်ပါ ဒေသနာတော်များနှင့် အညီ အသင်သူတော်ကောင်းသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ အလယ်ပိုင်းဖြစ်သော သဠာယတနမှစ၍ အဆုံးဖြစ်သော ဇာတိ ဇရာမရဏစသည်သို့တိုင်အောင် အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုးဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်ပေသည်။ အလားတူပင် အတိတ်အဆက်ဆက် အနာဂတ်အဆက်-ဆက်သို့လည်း ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင် ရှုပွားနိုင်ပေသည်။

## ရှုကွက်ပုံစံ

၁။ **ပစ္စုပ္ပန်** — သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ **ပထမအနာဂတ်** — ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။

၁။ **ပထမအတိတ်** — သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ **ပစ္စုပ္ပန်** — ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။

၁။ **ဒုတိယအတိတ်** — သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ **ပထမအတိတ်** — ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။

ဤသို့စသည်ဖြင့် အတိတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင် ရှုနိုင်ပေသည်။

၁။ **ပထမအနာဂတ်** — သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ **ဒုတိယအနာဂတ်** — ဇာတိ၊ ဇရာမရဏ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ။

ဤသို့စသည်ဖြင့် အနာဂတ်အဆက်ဆက်သို့လည်း ဉာဏ်ကိုစေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင် ရှုနိုင်ပေသည်။ ဤသို့ အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်သို့ ဉာဏ်ကိုစေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင် ရှုပွားနိုင်ခဲ့သော် ဤ လောကသုတ္တန် ဒေသနာတော်-မှာလည်း ပြည့်စုံသော ဒေသနာတော်သာ ဖြစ်ပေသည်။

# ပဋိစ္စသမုပ္ပါဒ် စတုတ္ထနည်း
# (ပဋိလောမ ပဋိစ္စသမုပ္ပါဒ်)

နွယ်ခွေသော ယောကျ်ားတစ်ဦးသည် နွယ်၏ အလယ်ပိုင်းကို ရှေးဦးစွာ တွေ့မြင်၍ ယင်းအလယ်ပိုင်းမှ ဖြတ်၍ အရင်းဘက်သို့ တဖြည်းဖြည်း သက်ဆင်းလျက် အရင်းသို့တိုင်အောင် ဖြတ်ယူ၍ မိမိ အလိုရှိရာ လုပ်ငန်းရပ်၌ အသုံးပြု၏၊ ဤဥပမာအတူ ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၏ အလယ်ပိုင်းဖြစ်သော ပစ္စုပ္ပန် ကမ္မဝဋ်တွင် အကျုံးဝင်သော အာဟာရ (၄)ပါးမှ စတင်၍ အရင်းဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် ကြောင်း-ကျိုးဆက်နွယ်မှု သဘောတရားများကို ဟောကြားတော်မူခဲ့၏။

ဤဒေသနာတော်နှင့်အညီ ယောဂါဝစရပုဂ္ဂိုလ်သည် အနာဂတ်ဘဝ တစ်ခုခုအတွက် ရည်ရွယ်၍ ပြုစုပျိုးထောင်နေသော ကမ္မဝဋ်တွင် အကျုံးဝင်သော ကမ္မဘဝ (သင်္ခါရ)တရားတို့က စတင်သိမ်းဆည်း၍ ယင်းကမ္မ-ဘဝအမည်ရသော အာဟာရလေးပါးတို့၏ အကြောင်းရင်းများကို တစ်ဖန် သိမ်းဆည်းလျက် အရင်းဖြစ်သော အဝိဇ္ဇာသို့တိုင်အောင် ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရမည် ဖြစ်သည်။ ဤနည်း၌လည်း အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်သို့ ဉာဏ်ကိုစေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင် ရှုပွားနိုင်သည်သာ ဖြစ်ပေသည်။ ရှုကွက်ပုံစံများမှာ ဤသို့ဖြစ်၏ —

၁။ **ပစ္စုပ္ပန်** — ကမ္မဘဝ၊ (ဥပါဒါန်)၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်။
၂။ **ပထမအတိတ်** — သင်္ခါရ၊ အဝိဇ္ဇာ။

၁။ **ပထမအတိတ်** — ကမ္မဘဝ၊ (ဥပါဒါန်)၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်။
၂။ **ဒုတိယအတိတ်** — သင်္ခါရ၊ အဝိဇ္ဇာ။

ဤသို့စသည်ဖြင့် အတိတ်အဆက်ဆက်သို့ ဉာဏ်ကိုစေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းပါ။

၁။ **ပထမအနာဂတ်** — ကမ္မဘဝ၊ (ဥပါဒါန်)၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်။
၂။ **ပစ္စုပ္ပန်** — သင်္ခါရ၊ အဝိဇ္ဇာ။

၁။ **ဒုတိယအနာဂတ်** — ကမ္မဘဝ၊ (ဥပါဒါန်)၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမ်ရုပ်၊ ဝိညာဏ်။
၂။ **ပထမအနာဂတ်** — သင်္ခါရ၊ အဝိဇ္ဇာ။

ဤသို့စသည်ဖြင့် အနာဂတ်အဆက်ဆက်သို့လည်း ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင် ရှုနိုင်ပေသည်။ ဤသို့လျှင် အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်ခဲ့သော် အစပ်(၃)ပါး, အလွှာ (၄)ပါးရှိသော ဒေသနာတော်များနှင့် တရားကိုယ်အရချင်း တူညီသွားသဖြင့် ဤအာဟာရ (၄)ပါးမှ စတင်၍ သိမ်းဆည်းရှုပွားရသော ဤအာဟာရသုတ္တန် (သံ-၁-၂၅၃။) ဒေသနာတော်သည်လည်း ပြည့်စုံသော ဒေသနာတော်သာ ဖြစ်ချေသည်။

## ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ

ဤသည့်တိုင်အောင် ရေးသားတင်ပြခဲ့သော ပဋိစ္စသမုပ္ပါဒ်ရှုကွက် (၅)နည်းတို့ကို ကျွမ်းကျင်စွာ အတိတ်အဆက်ဆက် အနာဂတ်အဆက်ဆက်သို့ ဉာဏ်ကို စေလွှတ်၍ ရှုနိုင်ပါက အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနိုင်ပါက အသင်သူတော်ကောင်း၏ သန္တာန်ဝယ် ပစ္စယပရိဂ္ဂဟဉာဏ်ကား ပြည့်စုံလောက်ပြီ ဖြစ်ပေ-သည်။ ကံ-ကံ၏ အကျိုးတရားကိုလည်း တစ်စိတ်တစ်ဒေသအားဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီး ဖြစ်ပေသည်။

သို့သော် ဤမျှဖြင့် တင်းတိမ်အားရမှု ကျေနပ်မှုကို မရရှိနိုင်သေးသော ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံများကို အလွန်စိတ်ဝင်စားသော ယောဂီသူတော်စင်အချို့တို့လည်း ရှိတတ်ကြ၏။ ထိုယောဂီသူတော်ကောင်းများအတွက် အကြောင်းတရားကြောင့် အကျိုးတရားများ ဖြစ်ရာဝယ် အကြောင်းတရားတို့က မည်သို့မည်ပုံ ဝိုင်းဝန်းကျေးဇူးပြု၍ အကျိုးတရားတို့ ဖြစ်ပေါ်လာကြရသည်ကို ပိုမိုနက်ရှိုင်းစွာ ဉာဏ်ကျက်စားနိုင်ရန် အလို့ငှာ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ သဘောတရားများကို အခွင့်သင့်ခိုက် ထပ်မံ၍ ရှင်းလင်း တင်ပြအပ်ပါသည်။

သို့သော် ယခု တင်ပြအပ်လတ္တံ့သည့်အတိုင်း ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံများကို တိတိကျကျ သိရှိပါမှ ပစ္စယပရိဂ္ဂဟဉာဏ်သည် ပြည့်စုံသည်ဟူ၍ကား မယူဆစေလိုပါ။ ပစ္စယသတ္တိထူးများကို မသိသော်လည်း အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပုံကို ပုံစံမှန် ရှုနိုင်လျှင် တစ်စိတ်တစ်ဒေသအားဖြင့် ကံ-ကံ၏ အကျိုးကို ရှုနိုင်လျှင် သာဝကတစ်ဦးအတွက် ထိုက်သင့်သော ပစ္စယပရိဂ္ဂဟဉာဏ်ကား ပြည့်စုံ လုံလောက်သည်သာ ဖြစ်ပါသည်။ ကြောင်း-ကျိုးဆက်နွယ်မှု သဘောတရားတို့ကို ပိုမို နက်ရှိုင်းစွာ ပိုမို တိကျစွာ ပိုမို ကျယ်ပြန့်စွာ သဘောပေါက်ရေး ဉာဏ်ကျက်စားနိုင်ရေး အတွက်သာ ဆက်လက် တင်ပြခြင်း ဖြစ်ပါသည်။

ထိုကျယ်ပြန့်သော ကြောင်း-ကျိုးဆက်နွယ်မှု သဘောတရားတို့ကို စနစ်တကျ နားလည်ရေးအတွက် ဆရာစဉ်ဆက် သင်ကြားပို့ချလာခဲ့သော နှစ်ချက်စု သုံးချက်စုစသည့် သင်နည်းမှတ်ချက် တစ်ခုခုကိုကား ကျေပွန်စွာ အလွတ်ရထားရမည် ဖြစ်ပါသည်။ ထို့ပြင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်နှင့် အရကောက် အနက် အဓိပ္ပါယ်တို့ကိုလည်း ကျေပွန်စွာ လေ့လာထားသင့်ပေသည်။ ဤတွင် ဆရာစဉ်ဆက် သင်ကြားပို့ချလာသော နှစ်ချက်စုကို ရေးသား တင်ပြအပ်ပါသည်။

## ပဋ္ဌာန်း (၂) ချက်စု

## သဟဇာတကြီး (၄) မျိုး

**သဟဇာတ–နိဿယ–အတ္ထိ–အဝိဂတတို့၌ ပစ္စည်းတရားကား —**

၁။ အချင်းချင်းအား တပ်သော စိတ် (၈၉), စေတသိက် (၅၂) ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး။

၂။ အချင်းချင်းအား တပ်သော မဟာဘုတ် (၄)ပါး။

၃။ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထု။

၄။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ်(၇၅)၊ စေတသိက် (၅၂)၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး။

၅။ ဥပါဒါရုပ်အား တပ်သော မဟာဘုတ် (၄)ပါးတည်း။

**[မှတ်ချက်** – အချင်းချင်းအား တပ်သောဟူသည် အချင်းချင်းအား ကျေးဇူးပြုတတ်သောဟု ဆိုလိုသည်။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သောဟူသည် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား ကျေးဇူးပြုတတ်သောဟု ဆိုလိုသည်။ ဥပါဒါရုပ်အား တပ်သောဟူသည် ဥပါဒါရုပ်အား ကျေးဇူးပြုတတ်သောဟု ဆိုလိုသည်။]

**ပစ္စယုပ္ပန်တရားကား** –

၁။ အချင်းချင်းမှ ထောက်အပ်သော စိတ် (၈၉), စေတသိက် (၅၂), ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး။

၂။ အချင်းချင်းမှ ထောက်အပ်သော မဟာဘုတ် (၄)ပါး။

၃။ အချင်းချင်းမှ ထောက်အပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးနှင့် ဟဒယဝတ္ထု။

၄။ နာမက္ခန္ဓာမှ  ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်။

၅။ မဟာဘုတ်မှ ထောက်အပ်သော ဥပါဒါရုပ်တည်း။

## သဟဇာတလတ် (၄) မျိုး

**အညမညဥ္စ ပစ္စည်းတရားကား** – သဟဇာတ (၁) (၂) (၃) ပစ္စည်းတရားတို့ပင်တည်း။

**ပစ္စယုပ္ပန်တရားကား** – သဟဇာတ (၁) (၂) (၃) ပစ္စယုပ္ပန်တရားတို့ပင်တည်း။

**ဝိပါကဉ္စ ပစ္စည်းတရားကား** –

၁။ အချင်းချင်းအားတပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ (၄)ပါး၊

၂။ ဝိပါက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု၊ ဒွေပဉ္စဝိညာဏ် (၁၀)၊ ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ စေတသိက် အဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

၃။ ဟဒယဝတ္ထုအား တပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးတည်း။

**ပစ္စယုပ္ပန်တရားကား** –

၁။ အချင်းချင်းမှထောက်အပ်သော ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဌတိံသ၊ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊

၂။ ဝိပါက် နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်၊

၃။ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာမှ ထောက်အပ်သော ဟဒယဝတ္ထုတည်း။

**သမ္ပယုတ္တဉ္စ ပစ္စည်းတရားကား** – သဟဇာတ (၁) ပစ္စည်းတရားတို့ပင်တည်း။

**ပစ္စယုပ္ပန်တရားကား** – သဟဇာတ (၁) ပစ္စယုပ္ပန်တရားတို့ပင်တည်း။

**ဝိပ္ပယုတ္တဉ္စ ပစ္စည်းတရားကား** – သဟဇာတ (၃) (၄) ပစ္စည်းတရားတို့ပင်တည်း။

**ပစ္စယုပ္ပန်တရားကား** – သဟဇာတ (၃) (၄) ပစ္စယုပ္ပန်တရားတို့ပင်တည်း။

## သဟဇာတဃာယ် (၇) မျိုး

**ဟေတု၌ ပစ္စည်းတရားကား** — လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟတည်း။

**ပစ္စယုပ္ပန်တရားကား** — သဟိတ် စိတ် ၈ကေသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေ-ပညာသ၊ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

**အဓိပတိ၌ ပစ္စည်းတရားကား** — အဓိပတိကိစ္စတပ်ခိုက် ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၃)ပါး (၄)ပါးတို့တွင် တစ်ပါးပါးတည်း။

**ပစ္စယုပ္ပန်တရားကား** — အဓိပတိပစ္စည်းကို ရခိုက်ရနေ မောဟမူဒွေ၊ ဟသိတုပ္ပါဒ်ဇော ကြဉ်သော သာဓိပတိဇော (၅၂)ခု၊ အဓိပတိတရားကိုယ်၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၈ကေပညာသ၊ သာဓိပတိ စိတ္တဇ-ရုပ်တည်း။

**ကမ္မ၌ ပစ္စည်းတရားကား** — စေတနာတည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ်(၈၉)၊ စေတနာကြဉ်သော စေတသိက် ၈ကေပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

**အာဟာရ၌ ပစ္စည်းတရားကား** — ဖဿ စေတနာ ဝိညာဏ်တည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉), စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

**ဣန္ဒြိယ၌ ပစ္စည်းတရားကား** — ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ၈ကဂ္ဂတာ ပညာတည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉), စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

**ဈာန၌ ပစ္စည်းတရားကား** — ဝိတက် ဝိစာရ ပီတိ ဝေဒနာ ၈ကဂ္ဂတာတည်း။

**ပစ္စယုပ္ပန်တရားကား** — ဒွေပဉ္စဝိညာဏ် (၁၀) ကြဉ်သော စိတ် (၇၉), စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

**မဂ္ဂ၌ ပစ္စည်းတရားကား** — ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ၈ကဂ္ဂတာ ဒိဋ္ဌိတည်း။

**ပစ္စယုပ္ပန်တရားကား** — သဟိတ်စိတ် ၈ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တည်း။

## အာရမ္မဏ (၈) မျိုး သို့မဟုတ် (၁၀) မျိုး

**အာရမ္မဏ၌ ပစ္စည်းတရားကား** — အာရုံ (၆)ပါးတည်း။ (ဝါ) ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော စိတ် (၈၉)၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်တည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉)၊ စေတသိက် ဒွေပညာသတည်း။

**အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယတို့၌ ပစ္စည်းတရားကား** — အလေးအမြတ်ပြုအပ်သော ပစ္စုပ္ပန် အတိတ် အနာဂတ် ဣဋ္ဌ ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယ-ဝိညာဏ်ကြဉ်သော စိတ် (၈၄)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တ-စတ္တာလီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်တည်း။

**ပစ္စယုပ္ပန်တရားကား** — အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခု၊ မဟာကုသိုလ်စိတ် (၈)ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် (၄)ခု၊ လောကုတ္တရာစိတ် (၈)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက် ပဥ္စစတ္တာလီသတည်း။

**ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထာ–ရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတတို့၌ ပစ္စည်းတရားကား** — မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုတည်း။

**ပစ္စယုပ္ပန်တရားကား** — ပဉ္စဝေါကာရဘုံ၌ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကို ရသောအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ် (၃၀)၊ တဒါရုံ ဧကာဒသ၊ အဘိညာဉ်ဒွေ၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိရတိ အပ္ပမညာ ကြဉ်သော စေတသိက် စတုစတ္တာလီသတည်း။

**အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတတို့၌ ပစ္စည်းတရားကား** ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသတည်း။

**ပစ္စယုပ္ပန်တရားကား** — ပဉ္စဝေါကာရဘုံ၌ အာရမ္မဏပုရေဇာတပစ္စည်းကို ရခိုက်ရနေ ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေ၊ အပ္ပမညာကြဉ်သော စေတသိက် ပညာသတည်း။

## အနန္တရမျိုး (၇) မျိုး

**အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတတို့၌ ပစ္စည်းတရားကား** — ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော ရှေးရှေးသောစိတ် (၈၉)၊ စေတသိက် ဒွေပညာသတည်း။

**ပစ္စယုပ္ပန်တရားကား** — ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ် (၈၉)၊ စေတသိက် ဒွေပညာသတည်း။

**အာသေဝန၌ ပစ္စည်းတရားကား** — အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက် ဒွေပညာသတည်း။

**ပစ္စယုပ္ပန်တရားကား** — ပထမဇော ဖိုလ်ဇော ကြဉ်သော နောက်နောက်၌ ဖြစ်သော ဇော ဧကပညာသ၊ စေတသိက် ဒွေပညာသတည်း။

**အနန္တရမျိုး ကမ္မ၌ ပစ္စည်းတရားကား** — မဂ် (၄)ခု၌ ရှိသော စေတနာတည်း။

**ပစ္စယုပ္ပန်တရားကား** — မဂ္ဂါနန္တရဖိုလ် (၄)ခု၊ စေတသိက် ဆတ္တိံသတည်း။

## ဝတ္ထုမျိုး (၆) မျိုး

**ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတ–အဝိဂတတို့၌ ပစ္စည်းတရားကား** — ပဝတ္တိအခါ ဆဝတ္ထုတည်း။

**ပစ္စယုပ္ပန်တရားကား** — ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု ကြဉ်သော စိတ် (၈၅)ခု၊ စေတသိက် ဒွေပညာသတည်း။

**ဝဋ္ဋူပနိဿယဒေါတိန္ဒြိယဉ် ပစ္စည်းတရားကား** — ရှေးဦးအစ အတိတဘဝင်နှင့် အတူ ဥပါဒ်သော မဖျို့မာယုက စက္ခုဝတ္ထု။ ပ ။ ရှေးဦးအစ အတိတဘဝင်နှင့် အတူ ဥပါဒ်သော မဖျို့မာယုက ကာယဝတ္ထုတည်း။

**ပစ္စယုပ္ပန်တရားကား** — ဒွေပဉ္စဝိညာဏ် (၁၀)၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတည်း။

## ပစ္ဆာဇာတမျိုး (၄) မျိုး

**ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတတို့၌ ပစ္စည်းကား** — ပဋိစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု ကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်၌ ဖြစ်သော စိတ် (၈၅)ခု၊ စေတသိက် ဒွေပညာသတည်း။

**ပစ္စယုပ္ပန်တရားကား** — ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယတည်း။

## နာနာက္ခဏိကကမ္မမျိုး (၆) မျိုး

**နာနာက္ခဏိကကမ္မ၌ ပစ္စည်းတရားကား** — အတိတ်ဖြစ်သော ကုသိုလ်ကံ (၂၁)၊ အကုသိုလ်ကံ (၁၂)တည်း။

**ပစ္စယုပ္ပန်တရားကား** — ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဋိသန္ဓေကမ္မဇရုပ် အသညသတ်-ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်တည်း။

**နာနာက္ခဏိကကမ္မမျိုး အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတတို့၌ ပစ္စည်းတရားကား** — မဂ် (၄)ခု၌ ရှိသော စေတနာတည်း။

**ပစ္စယုပ္ပန်တရားကား** — မဂ္ဂါနန္တရဖိုလ် (၄)ခု၊ စေတသိက် ဆတ္တိံသ နာမက္ခန္ဓာတည်း။

**နာနာက္ခဏိကကမ္မမျိုး ဥပနိဿယဉ် ပစ္စည်းတရားကား** — အတိတ်ဖြစ်သော ကုသိုလ်ကံ (၂၁)၊ အကုသိုလ်ကံ (၁၂)တည်း။

**ပစ္စယုပ္ပန်တရားကား** — ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတည်း။

## ရူပအာဟာရမျိုး (၃) မျိုး

**ရူပအာဟာရ၊ ရူပအာဟာရတ္ထိ၊ ရူပအာဟာရအဝိဂတတို့၌ ပစ္စည်းတရားကား** — စတုသမုဋ္ဌာနိက-ဩဇာတည်း။

**ပစ္စယုပ္ပန်တရားကား** — ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက-ရုပ်တည်း။

## ရူပဇီဝိတိန္ဒြိယမျိုး (၃) မျိုး

**ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယ, အဝိဂတတို့၌ ပစ္စည်းတရားကား** — ရုပ်ဇီဝိတိန္ဒြေတည်း။

**ပစ္စယုပ္ပန်တရားကား** — ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉)ခု (၈)ခုတည်း။

## ပကတူပနိဿယ

**ပကတူပနိဿယ၌ ပစ္စည်းတရားကား** — ဗလဝဖြစ်သော စိတ် (၈၉)၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်တည်း။

**ပစ္စယုပ္ပန်တရားကား** — စိတ် (၈၉)၊ စေတသိက် ဒွေပညာသတည်း။

ဤတွင် ပဋ္ဌာန်း (၂)ချက်စု ပြီး၏။

## အတိုချုပ် ရှင်းလင်းချက်

အသင်သူတော်ကောင်းသည် ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံများကို သဘောပေါက်လိုပါက ဤအထက်ပါ (၂)ချက်စုကို ကျေပွန်စွာ နှုတ်ငုံဆောင်ထားပါ။ သို့မှသာလျှင် အကြောင်းတရားများက အကျိုးတရားများ ဖြစ်ပေါ်လာအောင် မည်သို့ မည်ပုံ ကျေးဇူးပြုပေးနေသည်ကို သဘောပေါက်နိုင်မည် ဖြစ်သည်။

သဟဇာတမျိုးဟူသည် အကြောင်းတရားနှင့် အကျိုးတရားတို့ ပြိုင်တူဖြစ်သော တရားမျိုးတည်း။ ထိုပြိုင်တူ ဖြစ်ကြသော တရားတို့တွင် သမ္ပယုတ်တရားတို့လည်း ပါဝင်ကြ၏၊ ဝိပ္ပယုတ်တရားတို့လည်း ပါဝင်ကြ၏။ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါးတို့ကား အတူယှဉ်တွဲ၍ ပြိုင်တူ ဖြစ်ကြသော သမ္ပယုတ်တရားတို့တည်း။ နာမ်နှင့် ရုပ်ကား ပြိုင်တူ ဖြစ်သော်လည်း သမ္ပယုတ်မဟုတ်သည့် ဝိပ္ပယုတ်တရားတည်း။

အာရမ္မဏမျိုးကား စိတ်စေတသိက်တို့၏ လာရောက်မွေ့လျော်ရာ သိစရာ အာရုံအကြောင်းတရားအဖြစ် ရပ်တည်၍ စိတ်စေတသိက်တို့အား ကျေးဇူးပြုသော တရားတည်း။ ဤအာရမ္မဏပစ္စည်း၌ အကြောင်းနှင့် အကျိုးတို့သည် ပြိုင်တူဖြစ်ကြသည်လည်း ရှိ၏၊ မဖြစ်ကြသည်လည်း ရှိ၏။

အနန္တရမျိုး၌ကား အကြောင်းတရားနှင့် အကျိုးတရားတို့သည် ပြိုင်တူ မဖြစ်ကြပေ။ ရှေးစိတ္တက္ခဏနှင့် နောက်စိတ္တက္ခဏဟု စိတ္တက္ခဏချင်း ကွာခြားလျက်ရှိ၏။ ဝတ္ထုမျိုးကား မှီရာဝတ္ထုအဖြစ် မှီရာဝတ္ထုရုပ်တို့က နာမ်တရားတို့အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသော ပစ္စည်းမျိုးတည်း။ အကြောင်းနှင့် အကျိုး နှစ်မျိုးလုံး ထင်ရှားရှိခိုက် အကြောင်းတရားက အကျိုးတရားအား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုခြင်း ဖြစ်သည်။

ပစ္ဆာဇာတမျိုး၌ကား အကြောင်းတရားက နောက်မှ ဖြစ်၍ အကျိုးတရားက ရှေးက ဖြစ်၏။ စိတ္တက္ခဏ ကွာခြားလျက် ရှိ၏။ နာနာက္ခဏိကကမ္မမျိုး၌ကား အကြောင်းတရားနှင့် အကျိုးတရားတို့သည် ခဏချင်း ကွာခြားလျက်ရှိ၏။ မဂ်ကုသိုလ်ကံနှင့် ဖိုလ်ဝိပါက်တို့ကား မဂ်စိတ္တက္ခဏနှင့် ဖိုလ်စိတ္တက္ခဏဟု စိတ္တက္ခဏချင်း ကပ်လျက်ရှိ၏။ လောကီ ကုသိုလ် အကုသိုလ်ကံနှင့် အကျိုးဝိပါက်တို့ကား စိတ္တက္ခဏပေါင်းများစွာ ကွာခြား၏။ ဘဝပေါင်းများစွာ ကမ္ဘာပေါင်းများစွာ ကွာခြားနိုင်၏။ ရူပအာဟာရမျိုးကား သြဇာဓာတ်များ သြဇာရုပ်များက သြဇဋ္ဌမကရုပ်တို့အား ဖြစ်ပေါ်လာအောင် အဆင့်ဆင့် ကျေးဇူးပြုပုံကို ပြဆိုသော ပစ္စည်းမျိုးတည်း။ ရူပဇီဝိတိန္ဒြိယမျိုးကား ကမ္မဇရုပ်ကလာပ် အသီးအသီး၌ ရှိသော ဇီဝိတက မိမိနှင့် ကလာပ်တူ ကမ္မဇရုပ်တို့အား ဘင်မတိုင်မီ ကျေးဇူးပြုပုံကို ပြဆိုသော ပစ္စည်းမျိုးတည်း။ ဤပစ္စည်း၌ အကြောင်း ဇီဝိတနှင့် အကျိုးကလာပ်တူ ကမ္မဇရုပ်သည် ပြိုင်တူ ဖြစ်၍ ပြိုင်တူပင် ပျက်သည်။

ပကတူပနိဿယကား အလွန်အရာကျယ်၏။ အကြောင်းတရားနှင့် အကျိုးတရားတို့သည် စိတ္တက္ခဏပေါင်းများစွာသော်လည်း ကွာခြားနိုင်၏။ ဝီထိပေါင်း များစွာသော်လည်း ကွာခြားနိုင်၏၊ ဘဝပေါင်းများစွာ ကမ္ဘာပေါင်းများစွာ သော်လည်း ကွာခြားနိုင်၏။

ဤအထက်ပါ နှစ်ချက်စုကိုလည်း ကျေပွန်စွာ နှုတ်ငုံရရှိထား၍ ဤအခြေခံ ရှင်းလင်းချက် သဘောတရား အတိုချုပ်ကိုလည်း သဘောပေါက်ပါလျှင် ဆက်လက်တင်ပြမည့် ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံများကို လွယ်လွယ်ကူကူပင် သဘောပေါက်နိုင်ပေလိမ့်မည်ဟု မျှော်လင့်ပါသည်။

## ကြိုတင်သိမှတ်ထားရန်

**ဒွိပဉ္စဝိညာဏေသု (ပဉ္စဝိညာဏေသု) ဈာနင်္ဂါနိ န လဗ္ဘန္တိ**။ (အဘိဓမ္မတ္ထသင်္ဂဟ-သမုစ္စည်းပိုင်း)

**ဒွေပဉ္စဝိညာဏ် (၁၀) ၌** — ဈာနင်တရားကိုယ်များနှင့် နာမည်ချင်းတူသော ဝေဒနာ ဧကဂ္ဂတာတို့ ယှဉ်ကြသော်လည်း ထိုဝေဒနာ ဧကဂ္ဂတာတို့သည် ဒွေပဉ္စဝိညာဏ်နှင့် ယှဉ်ခိုက် ဈာနင်ဟူသော အမည်ကို မရထိုက်၊ ဈာနပစ္စည်းမတပ်၊ ဈာနပစ္စည်း အကြောင်းတရား မဖြစ်နိုင်။ ဈာနင်ဟူသည် ဆိုင်ရာသမထနိမိတ် စသည့် အာရုံ၌ စိုက်စိုက်စူးစူး မြဲမြဲမြံမြံ ချပ်ချပ်ရပ်ရပ် ကပ်နေအောင် အာရုံထဲ၌ စူးစိုက်ဝင်သွားသကဲ့သို့ ထင်ရလောက်အောင် ရှုတတ် အာရုံယူတတ်သော တရားတည်း။ ထိုသို့ အာရုံယူရာ၌ ရှေးဦးအစပိုင်း၌ ဝိတက်၏ အကူအညီကား လိုအပ်လျက် ရှိ၏။ အာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို ရောက်အောင် တင်ပေးမည့် ဝိတက် ပါမှသာလျှင် နာမ်တရားစုက အာရုံကို စူးစူးစိုက်စိုက် ယူနိုင်၏၊ ဝိတက်မပါသော နာမ်တရားစုမှာ ထိုသို့ အာရုံကို စူးစူးစိုက်စိုက် မြဲမြဲမြံမြံ မယူနိုင်ပေ။ ထို့ကြောင့် — ဝိတက္ကပစ္စယံ ဟိ ဈာနံ နာမ။ (အဘိ-ဌ-၁-၃၀၄။) ဟူသည်နှင့်အညီ အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် ဝိတက်ရှိသော ဝိတက်ယှဉ်သော ဈာနင် တရား-ကိုယ်သည်သာလျှင် ဈာနပစ္စည်း တပ်ပေသည်။

**အဝီရိယေသု ဗလာနိ န လဗ္ဘန္တိ** — (အဘိဓမ္မတ္ထသင်္ဂဟ-သမုစ္စည်းပိုင်း။)

ဝီရိယမပါသော တရားတို့ကား ပျော့ညံ့ညံ့ ရှိသဖြင့် ခွန်အားမရှိရကား ဗိုလ်ဟုမခေါ်ထိုက်ချေ။ ထို့ကြောင့် ဝီရိယ မယှဉ်ရာ ပဉ္စဒွါရာဝဇ္ဇန်း ဒွေပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ — အားလုံးပေါင်းသော် (၁၆)မျိုးသော စိတ်တို့၌ ဗိုလ်တရားတွင် ပါဝင်သော သမာဓိဗိုလ် = ဧကဂ္ဂတာမျိုးယှဉ်သော်လည်း ထိုဧကဂ္ဂတာသည် ဗိုလ်ဟု အမည်မရချေ။ ထို့ကြောင့် ဝီရိယပစ္စိမကံ ဗလံ — ဟူသော အဋ္ဌကထာ, ဗလံ ဝီရိယပစ္ဆိမံ — ဟူသော ပရမတ္ထဝိနိစ္ဆယတို့နှင့် အညီ အယုတ်ဆုံးအားဖြင့် ဝီရိယရှိသော ဝီရိယယှဉ်သော တရားစုသည်သာ ဗိုလ်အမည် ရထိုက်ပေသည်။

ဓမ္မသင်္ဂဏီပါဠိတော်ဝယ် ဝီရိယမယှဉ်သော ယင်းစိတ် (၁၆)မျိုး၌ တီဏိ ဣန္ဒြိယာနိ (အဘိ-၁-၁၀၆။)ဟု လာရှိ၏။ ဥပမာ စက္ခုဝိညာဏ် စိတ်စေတသိက်၌ နာမ်တရား (၈)လုံး ရှိ၏။ ယင်းနာမ်တရား (၈)မျိုးတို့၌ မနိန္ဒြေ ဥပေက္ခိန္ဒြေ ဇီဝိတိန္ဒြေအားဖြင့် ဣန္ဒြေ (၃)မျိုးသာ ရထိုက်၏။ (အဘိ-၁-၁၀၄-ကြည့်။) ထိုစက္ခုဝိညာဏ်စိတ်၌ ဧကဂ္ဂတာယှဉ်ပါလျက် သမာဓိန္ဒြေကို ဟောတော်မမူ။ ထို့ကြောင့် ဝိစိကိစ္ဆာစိတ်၌ ယှဉ်သော ဧကဂ္ဂတာသာ ဣန္ဒြေမထိုက်သည် မဟုတ်၊ အဝီရိယစိတ် = ဝီရိယမယှဉ်သော စိတ် (၁၆)မျိုး၌ ယှဉ်သော ဧကဂ္ဂတာသည်လည်း ဣန္ဒြေမထိုက်ဟု မှတ်ပါ။

**အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ**။ (အဘိဓမ္မတ္ထသင်္ဂဟ-သမုစ္စည်းပိုင်း။) အဟိတ်စိတ်တို့သည် ဟိတ်နှင့် မယှဉ်ရကား ဆိုင်ရာအာရုံကို ယူမှု၌ အမြစ်စွဲနေသကဲ့သို့ ခိုင်မြဲမှု မရှိပေ။ ရေသောက်မြစ်နှင့် အလားတူသော ဟိတ်မပါသော တရားများသည် ဆိုင်ရာ အာရုံကို ယူမှု၌ ခိုင်မြဲမှု မရှိ၍ အပေါ်ယံမျှသာ ဖြစ်ရကား — ယင်းဟိတ်မပါသော ဟိတ်မယှဉ်သော တရားများသည် သုဂတိ ဒုဂ္ဂတိသို့သွားကြောင်း ကောင်းသောလမ်း

မကောင်းသောလမ်း = မဂ္ဂဟု မဆိုထိုက်။ ဟေတုပစ္စိမကော မဂ္ဂေါ နာမ။ (အဘိ-ဌ-၁-၃၀၄။) အယုတ်ဆုံးအားဖြင့် ဟိတ်နှင့်ယှဉ်သော တရားသည်သာလျှင် မဂ္ဂအမည်ရနိုင်သည်။ ထိုကြောင့် အဟိတ်စိတ်များဝယ် မဂ္ဂင် တရား-ကိုယ်နှင့် အလားတူသော ဝိတက် ဝီရိယ ဧကဂ္ဂတာ စေတသိက်တို့သည် ထိုက်သလို ယှဉ်ကြသော်လည်း ယင်းစေတသိက်တို့သည် မဂ္ဂပစ္စည်း မတပ်ပေ။

**ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ, ဗလဘာဝံ န ဂစ္ဆတိ။** (အဘိဓမ္မတ္ထသင်္ဂဟ။) — ဝိစိကိစ္ဆာစိတ်၌ ယှဉ်သော ဧကဂ္ဂတာသည် တည်ကြည်သည်ဟု ဆိုသော်လည်း ယုံမှား သံသယများသော ဝိစိကိစ္ဆာက အာရုံပေါ်၌ စွဲစွဲမြဲမြဲ မရှိသောကြောင့် ထိုဝိစိကိစ္ဆာနှင့် ယှဉ်ရသည့်အတွက် ဧကဂ္ဂတာသည်လည်း အာရုံ၌ မစွဲမြဲနိုင်၊ စိတ္တက္ခဏပေါင်းများစွာ ကာလရှည်စွာ အဆက်မပြတ် မဖြစ်နိုင်၊ ခဏခေတ္တမျှသာ တည်တံ့နိုင်၏။ ထိုကြောင့် ဝိစိကိစ္ဆာ၌ ယှဉ်သော ဧကဂ္ဂတာသည် မဂ္ဂပစ္စည်း ဣန္ဒြိယပစ္စည်း မတပ်ပေ။ ဗလ = ဗိုလ် = ခွန်အားရှိသည့် အဆင့်သို့လည်း မရောက်ရှိနိုင်ပေ။

## ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ

ဤကျမ်းတွင် ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်းဖြင့် အကြောင်း အကျိုး သိမ်းဆည်းပုံကို ပဋိသန္ဓေခန္ဓာ (၅)ပါးမှ စတင်၍ ရေးသားတင်ပြခဲ့၏။ ယခုတစ်ဖန်လည်း ယင်းပဋိသန္ဓေခန္ဓာ (၅)ပါးကပင် စတင်၍ မည်သို့သော ပစ္စယသတ္တိတို့ဖြင့် ဝိုင်းဝန်းကျေးဇူးပြု၍ ယင်းပဋိသန္ဓေခန္ဓာ (၅)ပါးတို့ ဖြစ်ပေါ်တည်နေရပုံကစ၍ ပဋ္ဌာန်း-ပစ္စည်းဆက်သွယ်ပုံကို ရေးသားတင်ပြမည် ဖြစ်ပါသည်။ ရှေးဦးစွာ ပဋိသန္ဓေရူပက္ခန္ဓာက စတင်၍ တင်ပြအပ်ပါသည်။ လူသားများအတွက်သာ ပဓာနထား၍ တင်ပြထားသည်ဟု မှတ်ပါ။ ထိုတွင်လည်း ယောဂါဝစရ-ပုဂ္ဂိုလ်များသည် တိဟိတ်ပုဂ္ဂိုလ်များသာ အဖြစ်များကြသဖြင့် တိဟိတ်သူတော်ကောင်းကိုသာ ပဓာနထား၍ တင်ပြပေအံ့ —

## တိဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် = ရူပက္ခန္ဓာ (၂၉)

ရှေးဦးစွာ အသင်သူတော်ကောင်းသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ-ဟူသော အတိတ် အကြောင်းတရားများကြောင့် ပစ္စုပ္ပန် ပဋိသန္ဓေခန္ဓာ (၅)ပါးတို့ ဖြစ်ပုံကိုလည်းကောင်း, ပစ္စုပ္ပန် အကြောင်းတရား များကြောင့် ယင်းပဋိသန္ဓေခန္ဓာတို့ ဖြစ်ပုံကိုလည်းကောင်း, အထူးသဖြင့် ကမ္မဇရုပ် (၃၀)ဟူသော ရူပက္ခန္ဓာ ဖြစ်ပုံကိုလည်းကောင်း ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်း ရှုကွက်၌ ရေးသားတင်ပြခဲ့သည့်အတိုင်း ဉာဏ်ဖြင့် မြင်အောင် စိုက်ရှုပါ။ ထိုသို့ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့် မြင်ပြီးပါမှ အောက်တွင် တင်ပြ-ထားသော အကြောင်းတရားနှင့် အကျိုးတရားတို့၏ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ သဘောတရားကို ဉာဏ်ဖြင့် မြင်အောင် ထပ်မံ၍ ရှုပါ။ ဉာဏ်ဖြင့် စူးစမ်းပါ။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် မရှုနိုင်သေးလျှင် ပဋ္ဌာန်းပစ္စည်းဆက်သွယ်မှုကိုလည်း သဘောပေါက်နိုင်လိမ့်မည် မဟုတ်ပေ။

**ကမ္မဇရုပ်** — ဟဒယဝတ္ထုမှ တစ်ပါးသော (၂၉)မျိုးသော ကာမ တိဟိတ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်-တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၁၂၊ |
| ၂။ ရုပ်သဟဇာတမျိုး | --- | ၅၊ |
| ၃။ ပစ္ဆာဇာတမျိုး | --- | ၄၊ |

၄။ ရူပဇီဝိတိန္ဒြိယမျိုး --- ၃၊
၅။ နာနာက္ခဏိကကမ္မမျိုး --- ၁၊

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်းကျေးဇူးပြုသောကြောင့် ဖြစ်ပေါ်တည်နေရ-ကုန်၏။

## ဖြစ်ပေါ်တည်နေရပုံကား

၁။ (က) ဟဒယဝတ္ထုမှ တစ်ပါးသော (၂၉)မျိုးသော ကာမတိဟိတ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ဆိုင်ရာ ကာမတိဟိတ် ပဋိသန္ဓေနာမ်တရားစု (သောမနဿဖြစ်လျှင်-၃၄၊ ဥပေက္ခာဖြစ်လျှင်-၃၃၊) အစိတ်အပေါင်း နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**။

(ခ) ပဋိသန္ဓေနာမ်တရားစုတွင် ပါဝင်သော အလောဘ အဒေါသ အမောဟ ဟိတ် (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ**၊

(ဂ) ပဋိသန္ဓေနာမ်တရားစုတွင် ပါဝင်သော စေတနာပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဃ) ပဋိသန္ဓေနာမ်တရားစုတွင် ပါဝင်သော ဖဿ စေတနာ ဝိညာဏ်ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(င) ပဋိသန္ဓေနာမ်တရားစုတွင် ပါဝင်သော ဇီဝိတ စိတ် ဝေဒနာ (သောမနဿဝေဒနာ သို့မဟုတ် ဥပေက္ခာဝေဒနာ) သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟူသော နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် ပဋိသန္ဓေနှင့် အတူဥပါဒ်သော ကမ္မဇရုပ်ဖြစ်အံ့ — ဝိတက် ဝိစာရ ပီတိ သုခ (ဝေဒနာ) ဧကဂ္ဂတာဟူသော ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် ပဋိသန္ဓေနှင့် အတူဥပါဒ်သော ကမ္မဇရုပ်ဖြစ်အံ့ — ဝိတက် ဝိစာရ ဥပေက္ခာ (ဝေဒနာ) ဧကဂ္ဂတာဟူသော ဈာနင် (၄)ပါး ပစ္စည်း-တရားတို့၏ **ဈာနသတ္တိ**၊

(ဆ) ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာဟူသော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ**ကြောင့် လည်းကောင်း။ **(နာမ်သဟဇာတမျိုး – ၁၂)**

၂။ ကလာပ် (၃)မျိုး = ရုပ်အမျိုးအစား (၃၀), (ဟဒယဝတ္ထုနှုတ်သော်-၂၉-မျိုး)သော ရုပ်တို့တွင် ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ထိုက်သည့် အားလျော်စွာ ကျေးဇူးပြုမှု **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**ကြောင့် လည်းကောင်း၊ **(ရုပ်သဟဇာတမျိုး – ၅)**

၃။ နောက်ဖြစ်သော ပထမဘဝင် နာမက္ခန္ဓာပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**ကြောင့်လည်းကောင်း၊ **(ပစ္ဆာဇာတမျိုး – ၄)**

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ **ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတ-ပစ္စယသတ္တိ**ကြောင့်လည်းကောင်း၊ **(ရူပဇီဝိတိန္ဒြိယမျိုး – ၃)**

၅။ အသင်သူတော်ကောင်းကိုယ်တိုင် အတိတ်ဘဝတစ်ခုက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော ကိလေသဝဋ် ခြံရံလျက်ရှိသော သင်္ခါရ-ကံဟူသော ကမ္မဝဋ် = ထိုက်သင့်ရာ တစ်မျိုးမျိုးသော

ကာမကုသိုလ်ကံ ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မသတ္တိ** ကြောင့်လည်းကောင်း၊ **(နာနာက္ခဏိက-ကမ္မမျိုး – ၁)**

ဤ (၂၅)မျိုးသော ပစ္စည်းတရားတို့၏ ကျေးဇူးပြုပေးမှု ပစ္စယသတ္တိတို့ကြောင့် ယင်း (၂၉)မျိုးသော ပဋိသန္ဓေ ကမ္မဇရုပ်တရားများသည် ဖြစ်ပေါ်တည်နေကြရပေသည်။ ဉာဏ်ဖြင့် မြင်အောင် စေ့စေ့ငုငု တိုက်ဆိုင်၍ ရှုကြည့်ပါ။ ပဋ္ဌာန်းဒေသနာတော်က အသင်သူတော်ကောင်း၏ ပစ္စယပရိဂ္ဂဟဉာဏ်အတွက် မည်သို့ မည်ပုံ ကျေးဇူးပြုပေးနေသည်ကို ကိုယ်တိုင်ပင် သဘောပေါက်နိုင်ပေလိမ့်မည်။

## ပဋိသန္ဓေ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား တည်နေရပုံ

ကာမတိဟိတ် ပဋိသန္ဓေနှင့် ဥပါဒ်ပြိုင်၍ဖြစ်သော ကမ္မဇရုပ် - ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားတို့သည် –

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ ရုပ်သဟဇာတမျိုး | --- | ၄၊ |
| ၃။ ပစ္ဆာဇာတမျိုး | --- | ၄၊ |
| ၄။ ရူပဇီဝိတိန္ဒြိယမျိုး | --- | ၃၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၁၊ |

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်းကျေးဇူးပြုသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## ဖြစ်ပေါ်တည်နေရပုံကား

၁။ (က) ကာမတိဟိတ် ပဋိသန္ဓေနှင့် ဥပါဒ်ပြိုင်သော ကမ္မဇရုပ် - ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားတို့သည် ကာမတိဟိတ် ပဋိသန္ဓေနာမ်တရားစု (၃၄-သို့မဟုတ်-၃၃) အစိတ်အပေါင်း နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) ပဋိသန္ဓေနာမ်တရားစုတွင် ပါဝင်သော အလောဘ အဒေါသ အမောဟ ဟိတ် (၃)ပါး ပစ္စည်း-တရားတို့၏ **ဟေတုသတ္တိ**၊

(ဂ) စေတနာပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် တိဟိတ် ပဋိသန္ဓေနှင့် ဥပါဒ်ပြိုင်သော ကမ္မဇရုပ် - ဟဒယဝတ္ထု ဖြစ်အံ့ – ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် တိဟိတ် ပဋိသန္ဓေနှင့် ဥပါဒ်ပြိုင်သော ကမ္မဇရုပ် - ဟဒယဝတ္ထု ဖြစ်အံ့ – ပီတိကြဉ်သော ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊

(ဆ) ဝိရတိကြဉ်သော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ**ကြောင့်လည်းကောင်း **(၁၃)**။

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ အတ္ထိ အဝိဂတသတ္တိ**ကြောင့်လည်းကောင်း **(၄)**။

၃။ နောက်နောက်၌ ဖြစ်သော ပထမဘဝင် နာမက္ခန္ဓာပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**ကြောင့်လည်းကောင်း **(၄)**။

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားတို့၏ (ဟဒယဒသကကလာပ်အတွင်း၌ ရှိသော ကလာပ်တူ ဇီဝိတိန္ဒြေကို ဆိုလိုသည်။) **ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ, ရူပဇီဝိတိန္ဒြိယအဝိဂတပစ္စယသတ္တိ**ကြောင့်လည်းကောင်း **(၃)**။

၅။ အတိတ်ဘဝတစ်ခုက ပြုစုပျိုးထောင်ခဲ့သော ထိုက်သင့်ရာ တစ်မျိုးမျိုးသော တိဟိတ် ဥက္ကဋ္ဌ ကာမ ကုသိုလ်ကံဟူသော ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မသတ္တိ**ကြောင့်လည်းကောင်း **(၁)**။

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့၏ ကျေးဇူးပြုပေးမှုကြောင့် ပဋိသန္ဓေ ကမ္မဇရုပ် - ဟဒယဝတ္ထု ပစ္စည်းတရားတို့သည် ဖြစ်ပေါ်တည်နေကြရပေကုန်သည်။ ဤကြောင်း-ကျိုးဆက်နွယ်မှု သဘောများကိုလည်း ဉာဏ်ဖြင့် စေ့စေ့ငုငု မြင်အောင် ကြည့်၍ ရှုပါလေ။

## ကာမတိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး ဖြစ်ပေါ်တည်နေရပုံ

ကာမတိဟိတ်ပဋိသန္ဓေ (၄)ခု (သောမနဿဖြစ်လျှင် နာမ်တရား - ၃၄၊ ဥပေက္ခာဖြစ်လျှင် နာမ်တရား - ၃၃) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ ရုပ်သဟဇာတမျိုး | --- | ၆၊ |
| ၃။ အာရမ္မဏမျိုး | --- | ၁၊ |
| ၄။ အနန္တရမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |

ဤ (၂၇)မျိုးသော ပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ယင်းကာမတိဟိတ် ပဋိသန္ဓေ (၄)ခု နာမက္ခန္ဓာ (၄)ပါး (နာမ်တရား ၃၄၊ ၃၃၊) ပစ္စယုပ္ပန်တရားတို့သည် -

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမတိဟိတ် ပဋိသန္ဓေ (၄)ခု (၃၄-၃၃) အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ — **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ**၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ယင်းကာမတိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ၌ ပါရှိသော အလောဘ အဒေါသ အမောဟ ဟိတ် (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ**၊

(ဂ) စေတနာပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် ပဋိသန္ဓေဖြစ်အံ့ — ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် ပဋိသန္ဓေဖြစ်အံ့ — ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊

(ဆ) ဝိရတိကြဉ်သော မဂ္ဂင်(၅)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ**၊ **(နာမ်သဟဇာတမျိုး – ၁၃)**

၂။ ကာမတိဟိတ်ပဋိသန္ဓေ (နာမ်တရား ၃၄၊ ၃၃) အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် မိမိ (ကာမတိဟိတ် ပဋိသန္ဓေနာမက္ခန္ဓာ)နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(ရုပ်သဟဇာတမျိုး – ၆)**

၃။ ကာမ တိဟိတ်ပဋိသန္ဓေ (၃၄၊ ၃၃) အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ကံ-ကမ္မနိမိတ်-ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ (၁)**

၄။ ကာမ တိဟိတ်ပဋိသန္ဓေ (၃၄၊ ၃၃) အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော စုတိ (၁၉)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (အနန္တရမျိုး-၅)**

၅။ ကာမ တိဟိတ်ပဋိသန္ဓေ (၃၄၊ ၃၃) အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ထိုက်သင့်ရာ တစ်မျိုးမျိုးသော တိဟိတ် ဥက္ကဋ္ဌ ကာမကုသိုလ်ကံ ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (နာနာက္ခဏိကကမ္မမျိုး –၂)**

ဤ (၂၇)မျိုးသော ပစ္စယသတ္တိတို့၏ ဝိုင်းဝန်း၍ ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ (နာမ်-ခန္ဓာ-၄-ပါးတို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်ကြသဖြင့် ခန္ဓာတစ်ပါးစီ သို့မဟုတ် ခန္ဓာနှစ်ပါးစီ စသည်ဖြင့် ခွဲရှုလျှင်လည်း နည်းတူပင် သဘောပေါက်ပါ။)

## ဘဝင်ခန္ဓာ (၅) ပါး

ဘဝင်ခန္ဓာ (၅)ပါးတို့တွင် ဘဝင်နာမ်တရားတို့သည် ဟဒယဝတ္ထုကို မှီ၍ဖြစ်ကြသဖြင့် ယခုလက်ရှိ ဘဝင်၏ မှီရာ ဟဒယ၌ ရုပ် (၅၄)မျိုး ရှိနေမည် ဖြစ်သည်။ သို့သော် ပထမဘဝင်အခိုက်၌ကား ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ်များသာ ရှိနေကြသေး၏။ အမိစားမျိုလိုက်သော အစာအာဟာရသည် သူငယ်၏ ခန္ဓာကိုယ်၌ ပြန့်နှံ့သည့် အခါကစ၍ အာဟာရဇရုပ်များလည်း ဖြစ်လာကြမည် ဖြစ်သည်။ သို့အတွက် အာဟာရဇရုပ်များကို အာဟာရဇရုပ် ဖြစ်ချိန်အခိုက်၌သာ ရှုရန် ဖြစ်သည်။ ဤသည်မှာ ဂဗ္ဘသေယျက လူသားများအတွက်သာ ဦးတည်၍ ဆိုခြင်း ဖြစ်သည်။ ယင်းရုပ်တရားတို့၏ ပဋ္ဌာန်းပစ္စည်း ဆက်နွှယ်လျက် ဖြစ်ပေါ်တည်နေရပုံကို ဆက်လက် ပြဆိုပေအံ့။

## ဘဝင် ရူပက္ခန္ဓာ

ဘဝင်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား (၁) ပဝတ္တိ ကမ္မဇရုပ်, (၂) စိတ္တဇရုပ်, (၃) ဥတုဇရုပ်, (၄) အာဟာရဇရုပ်ဟု (၄)မျိုးတို့တည်း။ (အာဟာရဇရုပ် မဖြစ်သေးလျှင် အာဟာရဇရုပ်ကို နုတ်ထားပါ။)

ဌီခဏ ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား (၁) ပဝတ္တိ ကမ္မဇရုပ်, (၂) ဥတုဇရုပ်, (၃) အာဟာရဇရုပ်တို့တည်း။ (အာဟာရဇရုပ် မဖြစ်သေးလျှင် နုတ်ထားပါ။)

## ဘဝင်စိတ်၏ ဥပါဒ်–ဌီ–ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ်တို့၏ ဖြစ်ပေါ်တည်နေရပုံ

ပဝတ္တိကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ ရုပ်သဟဇာတမျိုး | --- | ၅၊ |
| ၂။ ပစ္ဆာဇာတမျိုး | --- | ၄၊ |
| ၃။ ရူပအာဟာရမျိုး | --- | ၃၊ |

၄။ ရူပဇီဝိတိန္ဒြိယမျိုး --- ၃၊
၅။ နာနာက္ခဏိကကမ္မ --- ၁၊

ဤ (၁၆)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ပဝတ္တိ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၂။ နောက်နောက်သော စိတ်စေတသိက်ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)။

**[မှတ်ချက်** — နောက်နောက်သော စိတ်စေတသိက်ဟူသည် မိမိရှုပွားလိုက်သော ဘဝင်၏ နောက်၌ ကပ်လျက်ရှိသော စိတ်စေတသိက် နာမ်တရားစုပင် ဖြစ်သည်။ ထိုနာမ်တရားစုသည် ဝီထိစိတ်သော်လည်း ဖြစ်နိုင်၏၊ ဝီထိမုတ်စိတ်သော်လည်း ဖြစ်နိုင်၏။ ဝီထိမုတ်စိတ်ဟူသည် ဤ၌ အထူးသဖြင့် ဘဝင်စိတ်ကို ရည်ညွှန်း၍ ဆိုခြင်းတည်း။ ရှေးရှေးဘဝင်နှင့် အတူဥပါဒ်သော ရုပ်၏ ဌီကာလသို့ ရောက်သော ကမ္မဇရုပ်အား (စတုသမုဋ္ဌာနိကရုပ်အား) နောက်နောက် ဘဝင်နာမ်တရားစုက ကျေးဇူးပြုမှုကို ဆိုလိုသည်။ သတိပြု၍ ရှုပါ။**]**

၃။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ (ကမ္မဇဩဇာ စိတ္တဇဩဇာ ဥတုဇဩဇာ အာဟာရဇဩဇာ) ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ **ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ, ရူပဇီဝိတိန္ဒြိယအဝိဂတ သတ္တိ၊ (၃)**။

၅။ အတိတ်ဖြစ်သော ထိုက်သင့်ရာ ကာမကုသိုလ်ကံ (အကုသိုလ်ကံ) ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ သတ္တိ၊ (၁)**။

ဤ (၁၆)မျိုးသော ပစ္စည်းတရားတို့၏ ဝိုင်းဝန်း၍ ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## ဘဝင် စိတ္တဇရုပ်တို့ ဖြစ်ပေါ်တည်နေရပုံ

ဘဝင် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး --- ၁၂၊
၂။ ရုပ်သဟဇာတမျိုး --- ၅၊
၃။ ပစ္ဆာဇာတမျိုး --- ၄၊
၄။ ရူပအာဟာရမျိုး --- ၃၊

ဤ (၂၄)မျိုးသော ပစ္စည်းတရားတို့၏ ဝိုင်းဝန်း ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဘဝင် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) ဘဝင်နာမ်တရား (၃၄၊ ၃၃) အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) ယင်းဘဝင်နာမ်တရားစုတွင် ပါဝင်သော အလောဘ အဒေါသ အမောဟ ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ**၊

(ဂ) စေတနာပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(င) ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဟူသော နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(စ) သောမနဿသဟဂုတ် ကာမ တိဟိတ် ဘဝင်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ဝိတက် ဝိစာရ ပီတိ (သောမနဿ)ဝေဒနာ ဧကဂ္ဂတာဟူသော ဈာနင် (၅)ပါး, ဥပေက္ခာသဟဂုတ် ကာမ တိဟိတ် ဘဝင်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ဖြစ်အံ့ — ဝိတက် ဝိစာရ (ဥပေက္ခာ)ဝေဒနာ ဧကဂ္ဂတာဟူသော ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊

(ဆ) ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာဟူသော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ**၊ **(၁၂)**။

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၃။ နောက်နောက်သော စိတ်စေတသိက် နာမက္ခန္ဓာပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၄။ ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရ အဝိဂတသတ္တိ**၊ **(၃)**။

ဤ (၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေကြရကုန်၏။

## ဘဝင်စိတ်၏ ဥပါဒ်–ဠီ–ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ်တို့၏ ဖြစ်ပေါ်တည်နေရပုံ

ဘဝင် ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ရုပ်သဟဇာတမျိုး --- ၅၊
၂။ ပစ္ဆာဇာတမျိုး --- ၄၊
၃။ ရူပအာဟာရမျိုး --- ၃၊

ဤ (၁၂)မျိုးသော ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဘဝင် ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၂။ နောက်နောက်သော စိတ်စေတသိက်ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၃။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

ဤ (၁၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

## ဘဝင်နာမက္ခန္ဓာ (၄) ပါး

ကာမ တိဟိတ် ဘဝင် (၃၄၊ ၃၃) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး --- ၁၃၊
၂။ အာရမ္မဏမျိုး --- ၁၊
၃။ အနန္တရမျိုး --- ၅၊
၄။ ဝတ္ထုမျိုး --- ၅၊
၅။ နာနာက္ခဏိကကမ္မမျိုး --- ၂၊

ဤ (၂၆)မျိုးသော ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ကာမ တိဟိတ် ဘဝင် (၃၄၊ ၃၃) အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမ တိဟိတ် ဘဝင် (၃၄၊ ၃၃) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

**[မှတ်ချက်** — ဖဿ (= ၃၃)က အကြောင်းတရား ဝေဒနာက္ခန္ဓာက အကျိုးတရား စသည့် ရှုကွက်များကို သတိပြုပါ။]

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ကာမ တိဟိတ် ဘဝင် (၃၄၊ ၃၃) နာမက္ခန္ဓာ၌ ပါရှိသော အလောဘ အဒေါသ အမောဟ ဟိတ် (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) စေတနာပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(စ) သောမနဿဘဝင် ဖြစ်အံ့ — ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ - ဈာနင် (၅)ပါး၊ ဥပေက္ခာဘဝင် ဖြစ်အံ့ — ဝိတက် ဝိစာရ ဥပေက္ခာ ဧကဂ္ဂတာ ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

(ဆ) ဝိရတိကြဉ်သော မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၃)**။

၂။ ကံ-ကမ္မနိမိတ်-ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ကာမ တိဟိတ် ပဋိသန္ဓေနာမက္ခန္ဓာ၊
(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ကာမ တိဟိတ် ဘဝင်နာမက္ခန္ဓာ၊
(ဂ) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ဝုဋ္ဌောနာမက္ခန္ဓာ၊
(ဃ) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော အဆုံးဇောနာမက္ခန္ဓာ၊

(င) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ချုပ်လေပြီးသော ဒုတိယတဒါရုံ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ (က) ယင်းဘဝင်နာမက္ခန္ဓာတို့သည် ပဋိသန္ဓေ၏ အခြားမဲ့၌ဖြစ်သောအခါ (ပထမဘဝင်ကို ဆိုလိုသည်။) ကာမ တိဟိတ် ပဋိသန္ဓေနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ (ဘဝင်နောင် ဖြစ်သော ဘဝင် = ဒုတိယဘဝင် စသည်ကို ဆိုလိုသည်။) ရှေးရှေး ကာမ တိဟိတ် ဘဝင်နာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

(ဂ) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ဝုဋ္ဌောနာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

(ဃ) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံးဇောနာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

(င) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ဒုတိယတဒါရုံနာမက္ခန္ဓာနှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊

(စ) မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော ထိုက်သင့်ရာ တစ်မျိုးမျိုးသော တိဟိတ် ဥက္ကဋ္ဌ ကာမကုသိုလ်ကံ ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၆)မျိုးသော အကြောင်းပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

**[မှတ်ချက်** — ပထမဘဝင်စသော ဘဝင် (၁၅)ကြိမ် သို့မဟုတ် (၁၆)ကြိမ်တို့နောင် ဖြစ်သော မနော-ဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက လောဘဇော ခန္ဓာ (၅)ပါးတို့၏ ဖြစ်ပေါ်တည်နေရပုံကို နောက်တွင် ရေးသား တင်ပြမည့် မနောဒွါရာဝဇ္ဇန်း လောဘဇော ခန္ဓာ (၅)ပါးတို့ကို နည်းမှီး၍ သိနိုင်လောက်ပေပြီ။**]**

## ပဉ္စဒွါရိကဝီထိစိတ်

ပဉ္စဒွါရိကဝီထိစိတ်တို့သည် အကျဉ်းအားဖြင့် — ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ - ဟု (၇)မျိုးတည်း။

စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့်ကား — ပဉ္စဒွါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ပထမဇော၊ ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌဇော၊ သတ္တမဇော၊ ပထမတဒါရုံ၊ ဒုတိယတဒါရုံ - ဟု (၁၄)မျိုးတည်း။

အကျယ်အားဖြင့်ကား ကာမစိတ် (၅၄)မျိုးတည်း။ ထိုနာမ်တရားတို့၏ စိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါးဖွဲ့၍ ယင်းခန္ဓာ (၅)ပါးတို့၏ ဖြစ်ပေါ်တည်နေရပုံ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံများကို ဆက်လက်၍ ရေးသား တင်ပြအပ်ပါသည်။ ထိုတွင် ကြိယာဇောများမှာ ရဟန္တာအရှင်မြတ်ကြီးတို့နှင့်သာ သက်ဆိုင်သဖြင့် ချန်လှပ်ထားပါသည်။

## ရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ — ကြိုတင်သိမှတ်ထားရန်

ပဉ္စဒွါရဝီထိ၌ ပဉ္စဝိညာဏ်တို့၏ ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား — (၁) ပဝတ္တိ ကမ္မဇရုပ်, (၂) ဥတုဇရုပ်, (၃) အာဟာရဇရုပ် — (၃)မျိုးတို့တည်း။

ပဥ္စဝိညာဏ်မှ ကြွင်းသော ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား — (၁) ပဝတ္တိ ကမ္မဇရုပ်, (၂) စိတ္တဇရုပ်, (၃) ဥတုဇရုပ်, (၄) အာဟာ-ရဇရုပ် — (၄)မျိုးတို့တည်း။

ယင်းဝီထိစိတ်တို့၏ ဌီခဏ ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကောင်းသော ရုပ်တို့ကား — (၁) ပဝတ္တိ ကမ္မဇရုပ်, (၂) ဥတုဇရုပ်, (၃) အာဟာရဇရုပ် — (၃)မျိုးတို့တည်း။

## ပဉ္စဒွါရာဝဇ္ဇန်း – ရူပက္ခန္ဓာ

**ကမ္မဇရုပ်** — ပဥ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ ရုပ်သဟဇာတမျိုး | --- | ၅၊ |
| ၂။ ပစ္ဆာဇာတမျိုး | --- | ၄၊ |
| ၃။ ရူပအာဟာရမျိုး | --- | ၃၊ |
| ၄။ ရူပဇီဝိတိန္ဒြိယမျိုး | --- | ၃၊ |
| ၅။ နာနာက္ခဏိကကမ္မ | --- | ၁၊ |

ဤ (၁၆)မျိုးသော ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ပဥ္စဒွါရာဝဇ္ဇန်းအခိုက် ပဝတ္တိ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၂။ နောက်ဖြစ်သော ပဥ္စဝိညာဏ် ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၃။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ**၊ **(၃)**။

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ **ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတ သတ္တိ**၊ **(၃)**။

၅။ အတိတ်ဖြစ်သော ကာမကုသိုလ်ကံ အကုသိုလ်ကံ (၈+၁၂ = ၂၀) ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ သတ္တိ**၊ **(၁)**။ (ရူပကမ္မဇရုပ်အတွက်ဖြစ်မူ ရူပကုသိုလ်ကံ ဖြစ်သည်။)

ဤ (၁၆)မျိုးသော ပစ္စည်းတရားတို့၏ ဝိုင်းဝန်း၍ ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**စိတ္တဇရုပ်** — ပဥ္စဒွါရာဝဇ္ဇန်းနာမက္ခန္ဓာအခိုက် ပဥ္စဒွါရာဝဇ္ဇန်းစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၉၊ |
| ၂။ ရုပ်သဟဇာတမျိုး | --- | ၅၊ |
| ၃။ ပစ္ဆာဇာတမျိုး | --- | ၄၊ |
| ၄။ ရူပအာဟာရမျိုး | --- | ၃၊ |

ဤ (၂၁)မျိုးသော ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ပဥ္စဒွါရာဝဇ္ဇန်းစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) ပဥ္စဒွါရာဝဇ္ဇန်း (နာမ်တရား-၁၁) = အစိတ်အပေါင်း နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) ယင်းပဥ္စဒွါရာဝဇ္ဇန်း နာမ်တရားစုတွင် ပါဝင်သော စေတနာပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် (ဥပေက္ခာ)ဝေဒနာ - နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(င) ဝိတက် ဝိစာရ (ဥပေက္ခာ)ဝေဒနာ ဧကဂ္ဂတာ - ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊ **(၉)**။

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၃။ ပစ္ဆာဇာတ = နောက်ဖြစ်သော ပဥ္စဝိညာဏ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၄။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ**၊ **(၃)**၊

ဤ (၂၁)မျိုးသော ပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**ဥတုဇရုပ် အာဟာရဇရုပ်** — ပဥ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်-ဌီ-ဘင် ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ရုပ်သဟဇာတမျိုး --- ၅၊
၂။ ပစ္ဆာဇာတမျိုး --- ၄၊
၃။ ရူပအာဟာရမျိုး --- ၃၊

ဤ (၁၂)မျိုးသော ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ပဥ္စဒွါရာဝဇ္ဇန်းစိတ်၏ ဥပါဒ်-ဌီ-ဘင် ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၂။ ပစ္ဆာဇာတ = နောက်ဖြစ်သော ပဥ္စဝိညာဏ်နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၃။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ**၊ **(၃)**။

ဤ (၁၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

## ပဥ္စဒွါရာဝဇ္ဇန်း (နာမ်တရား – ၁၁လုံး) နာမက္ခန္ဓာ (၄) ပါး

ပဥ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၁၀၊ |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ ပကတူပနိဿယမျိုး | --- | ၁၊ |

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

(ပဥ္စဒွါရာဝဇ္ဇန်းစိတ်, ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်းစေတသိက် (၁၀)ဟူသော) ပဥ္စဒွါရာဝဇ္ဇန်း အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ပဥ္စဒွါရာဝဇ္ဇန်း အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ပဥ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ၌ ပါရှိသော စေတနာပစ္စည်း-တရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် - နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် (ဥပေက္ခာ)ဝေဒနာ - နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(င) ဝိတက် ဝိစာရ (ဥပေက္ခာ)ဝေဒနာ ဧကဂ္ဂတာ - ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊ **(၁၀)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော ပဥ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်-အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန်ရူပါရုံ (သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၃။ အခြားမရှိသည်ဖြစ်၍ (မိမိရှေးက) ချုပ်လေပြီးသော ပဥ္စဝေါကာရ ဘဝင်ုပစ္ဆေဒ (တိဟိတ် ဘဝင်ဖြစ်လျှင် နာမ်တရား ၃၄-၃၃၊) နာမက္ခန္ဓာပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊**(၅)**။

၄။ ပဥ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ပဥ္စဝေါကာရ ဘဝင်ုပစ္ဆေဒ နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၅။ ပဥ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အားကောင်းသော = ဗလဝဖြစ်သော စိတ် (၈၉) စေတသိက် (၅၂) ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပ-နိဿယသတ္တိ**၊ **(၁)**။

ဤ (၂၅)မျိုးသော ပစ္စယသတ္တိ အကြောင်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်-တည်နေရကုန်၏။

ယခုတစ်ဖန် ဒွေပဉ္စဝိညာဏ်ခန္ဓာ (၅)ပါး၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံကို ဆက်လက် တင်ပြအပ်ပါသည်။

## ဒွေပဉ္စဝိညာဏ် – ရူပက္ခန္ဓာ (ပဝတ္တိ ကမ္မဇရုပ်)

ဒွေပဉ္စဝိညာဏ်၏ ဥပါဒ်-ဌီ-ဘင် ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော (၆-ဒွါရ၊ ထိုထိုကောဋ္ဌာသ၌ရှိသော) ပဝတ္တိ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ရုပ်သဟဇာတမျိုး --- ၅၊
၂။ ပစ္ဆာဇာတမျိုး --- ၄၊
၃။ ရုပ်အာဟာရမျိုး --- ၃၊
၄။ ရူပဇီဝိတိန္ဒြိယမျိုး --- ၃၊
၅။ နာနာက္ခဏိကကမ္မ --- ၁၊

ဤ (၁၆)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဒွေပဉ္စဝိညာဏ်၏ ဥပါဒ်-ဌီ-ဘင် ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ယထာရဟ = ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၂။ ပစ္ဆာဇာတ = နောက်ဖြစ်သော သမ္ပယုတ္တဆိုင်းနာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

၄။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့၏ **ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတသတ္တိ၊ (၃)**။

၅။ အတိတ်ဖြစ်သော ထိုက်သင့်ရာ ကာမကုသိုလ်ကံ (အကုသိုလ်ကံ) ပစ္စည်းတရားတို့၏ **နာနာက္ခဏိက-ကမ္မသတ္တိ၊ (၁)**။

ဤ (၁၆)မျိုးသော ပစ္စယသတ္တိ အကြောင်းတရားစုတို့က ဝိုင်းဝန်း ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်-တည်နေရကုန်၏။

## ဥတုဇရုပ် အာဟာရဇရုပ်

ဒွေပဉ္စဝိညာဏ်၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ရုပ်သဟဇာတမျိုး --- ၅၊
၂။ ပစ္ဆာဇာတမျိုး --- ၄၊
၃။ ရူပအာဟာရမျိုး --- ၃၊

ဤ (၁၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။ (အထက်ပါ ပဝတ္တိ ကမ္မဇရုပ် ၁ -၂ - ၃ အတိုင်းရှုပါ။)

## ဒွေပဉ္စဝိညာဏ် – နာမက္ခန္ဓာ (၄) ပါး

စက္ခုဝိညာဏ် (သောတဝိညာဏ် ။ ပ ။ ကာယဝိညာဏ်) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် – (နာမ်တရား-၈-လုံးစီ။)

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၀၊ |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၆၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |
| ၆။ ပကတူပနိဿယမျိုး | --- | ၁၊ |

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

စက္ခုဝိညာဏ် (သောတဝိညာဏ် ။ ပ ။ ကာယဝိညာဏ်) အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်-တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော စက္ခုဝိညာဏ် (သောတဝိညာဏ် ။ ပ ။ ကာယဝိညာဏ်) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော စက္ခုဝိညာဏ် (သောတဝိညာဏ် ။ ပ ။ ကာယဝိညာဏ်) နာမက္ခန္ဓာ၌ ပါရှိသော စေတနာပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် - နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် (ဥပေက္ခာ)ဝေဒနာ - နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊ **(၁၀)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော စက္ခုဝိညာဏ် (သောတဝိညာဏ် ။ ပ ။ ကာယဝိညာဏ်) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန်ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၃။ စက္ခုဝိညာဏ် (သောတဝိညာဏ် ။ ပ ။ ကာယဝိညာဏ်) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပဉ္စဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊ **(၅)**။

၄။ စက္ခုဝိညာဏ်ဒွေ (သောတဝိညာဏ်ဒွေ ။ ပ ။ ကာယဝိညာဏ်ဒွေ) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား တို့သည် ရှေးဦးအစ အတီတဘဝင်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော မဇ္ဈိမာယုက စက္ခုဝတ္ထု (သောတဝတ္ထု ။ ပ ။ ကာယဝတ္ထု) ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

၅။ ထိုက်သင့်ရာ အတိတ် ကာမကုသိုလ်ကံ (အကုသိုလ်ကံ) ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပ-**

**နိဿယ သတ္တိ**။ (၂)။ (ကုသလဝိပါက် ပဉ္စဝိညာဏ်သည် ကုသိုလ်ကံကြောင့်, အကုသလဝိပါက် ပဉ္စဝိညာဏ်သည် အကုသိုလ်ကံကြောင့် ဖြစ်ရကား တစ်ခုစီ သီးသန့်ခွဲ၍ ရှုပါ။)

၆။ ဗလဝဖြစ်သော = အားကောင်းသော စိတ် (၈၉) စေတသိက် (၅၂) ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ**၊

ဤ (၂၈)မျိုးသော အကြောင်းပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

**[မှတ်ချက်** — ပဉ္စဝိညာဏ်များကို တစ်ခုစီ သီးသန့်ခွဲ၍ ရှုရန် ဖြစ်သည်။ မှတ်သား လွယ်ကူစေရန် စုပေါင်းရေးသား ဖော်ပြခြင်း ဖြစ်သည်။ ကုသလဝိပါက် အကုသလဝိပါက်ကိုလည်း ခွဲရှုပါ။]

## သမ္ပဋိစ္ဆိုင်း ခန္ဓာ (၅)ပါး

## သမ္ပဋိစ္ဆိုင်း – ရူပက္ခန္ဓာ

ပဝတ္တိ ကမ္မဇရုပ် - ဥတုဇရုပ် - အာဟာရဇရုပ် — သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့၏ ဖြစ်ပေါ်တည်နေရပုံကို စက္ခုဝိညာဏ် နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင် ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ် ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပေါ်တည်နေရပုံကို နည်းမှီး၍ ရှုပါ။ ပစ္ဆာဇာတအရာ၌ ပစ္ဆာဇာတ = နောက်ဖြစ်သော သန္တီရဏနာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိဟု ပြောင်းလဲမှုသာ ရှိသည်၊ ပဉ္စဝိညာဏ်နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ် ဥတုဇရုပ် အာဟာ-ရဇရုပ်တို့အတိုင်းပင် ရှုပါ။

စိတ္တဇရုပ် — သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၁၀၊ |
| ၂။ ရုပ်သဟဇာတမျိုး | --- | ၅၊ |
| ၃။ ပစ္ဆာဇာတမျိုး | --- | ၄၊ |
| ၄။ ရူပအာဟာရမျိုး | --- | ၃၊ |

ဤ (၂၂)မျိုးသော အကြောင်းပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

သမ္ပဋိစ္ဆိုင်းစိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) သမ္ပဋိစ္ဆိုင်း (နာမ်တရား - ၁၁) အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) ယင်း သမ္ပဋိစ္ဆိုင်းနာမ်တရားစုတွင် ပါဝင်သော စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(င) ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊ (၁၀)**။

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ယထာရဟ = ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၃။ ပစ္ဆာဇာတ = နောက်ဖြစ်သော သန္တိရဏ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၄။ ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကသြဇာပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရ အဝိဂတသတ္တိ၊ (၃)**။

ဤ (၂၂)မျိုးသော အကြောင်း ပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ (၄)ပါး

သမ္ပဋိစ္ဆိုင်း (၁၁) နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၁၁၊ |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |
| ၆။ ပကတူပနိဿယ | --- | ၁၊ |

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သမ္ပဋိစ္ဆိုင်း အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော သမ္ပဋိစ္ဆိုင်း အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ၌ ပါရှိသော စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(ဂ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(င) ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊ (၁၁)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော စက္ခု-ဝိညာဏ် (သောတဝိညာဏ် ။ ပ ။ ကာယဝိညာဏ်) နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ စက္ခုဝိညာဏ် (သောတဝိညာဏ် ။ ပ ။ ကာယဝိညာဏ်) နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု (မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု) ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ထိုက်သင့်ရာ အတိတ် ကာမကုသိုလ်ကံ (အကုသိုလ်ကံ) ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပ-နိဿယသတ္တိ၊ (၂)**။

၆။ ဗလဝဖြစ်သော = အားကောင်းသော စိတ် (၈၉), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရား = ပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## သန္တီရဏ ခန္ဓာ (၅) ပါး

## သန္တီရဏ ရူပက္ခန္ဓာ

သန္တီရဏ နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင် ခဏတို့နှင့် အတူပြိုင်၍ ဖြစ်သော **ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်**တို့ကို သမ္ပဋိစ္ဆိုင်း၌ ဆိုခဲ့ပြီးသည့်အတိုင်း နည်းမှီး၍ ရှုပါ။ ပစ္ဆာဇာတအရာ၌ ပစ္ဆာဇာတဖြစ်သော ဝုဋ္ဌော နာမက္ခန္ဓာဟု ပြောင်းလဲမှုမျှသာ ရှိသည်။ အောက်ပါ စိတ္တဇရုပ် ပုံစံတွင် ကြည့်ပါ။

**စိတ္တဇရုပ်** — သန္တီရဏစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၁၀၊ |
| ၂။ ရုပ်သဟဇာတမျိုး | --- | ၅၊ |
| ၃။ ပစ္ဆာဇာတမျိုး | --- | ၄၊ |
| ၄။ ရူပအာဟာရမျိုး | --- | ၃၊ |

ဤ (၂၂)မျိုးသော အကြောင်း ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သန္တီရဏစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) သန္တီရဏ (၁၂ - ၁၁) အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) ယင်းသန္တီရဏ နာမ်တရားစုတွင် ပါရှိသော စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

( င ) သောမနဿ သန္တီရဏ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ဖြစ်အံ့ — ဈာနင် (၅)ပါး, ဥပေက္ခာ သန္တီရဏ စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပီတိကြဉ် ဈာနင်တရား (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊ (၁၀)။**

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ယထာရဟ = ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)။**

၃။ ပစ္ဆာဇာတ = နောက်ဖြစ်သော ဝုဋ္ဌော နာမက္ခန္ဓာပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ၊ (၄)။**

၄။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကသြဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာ- ရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)။**

ဤ (၂၂)မျိုးသော အကြောင်းပစ္စည်းတရား ပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## သန္တီရဏ နာမက္ခန္ဓာ (၄) ပါး

သန္တီရဏ (၁၂ - ၁၁) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၁၊ |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |
| ၆။ ပကတူပနိဿယ | --- | ၁၊ |

ဤ (၂၈)မျိုးသော ပစ္စည်းတရားတို့၏ ကျေးဇူးပြုပေးမှုကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သန္တီရဏ အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော သန္တီရဏ (၁၂ - ၁၁) အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်း တရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

( ခ ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော သန္တီရဏ နာမက္ခန္ဓာ၌ ပါရှိသော စေတနာပစ္စည်းတရား တို့၏ **သဟဇာတ ကမ္မသတ္တိ၊**

( ဂ ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

( င ) သောမနဿသန္တီရဏဖြစ်အံ့ — ဈာနင် (၅)ပါး, ဥပေက္ခာ သန္တီရဏ ဖြစ်အံ့ — ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊ (၁၁)။**

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော သန္တီရဏ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ (၄)။

၃။ သန္တီရဏ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊ (၅)။

၄။ သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု၊ (မရဏာသန္နအခါ စုတိ-စိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု) ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ (၅)။

၅။ အတိတ် ကုသိုလ်ကံ (အကုသိုလ်ကံ) ပစ္စည်းတရားတို့၏ **နာနာက္ခဏိက ကမ္မ ပကတူပနိဿယသတ္တိ**၊ (၂)။

၆။ ဗလဝဖြစ်သော = အားကောင်းသော စိတ် (၈၉) စေတသိက် (၅၂) ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ**၊ (၁)။

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရား ပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## ဝုဋ္ဌော ခန္ဓာ (၅) ပါးမှ – ရူပက္ခန္ဓာ

ဝုဋ္ဌော နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကြသော **ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်**တို့ကို သမ္ပဋိစ္ဆိုင်း၌ ပြဆိုခဲ့ပြီးသည်တို့ကို နည်းမှီး၍ ရှုပါ။

**စိတ္တဇရုပ်** — ဝုဋ္ဌော နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၉၊ |
| ၂။ ရုပ်သဟဇာတမျိုး | --- | ၅၊ |
| ၃။ ပစ္ဆာဇာတမျိုး | --- | ၄၊ |
| ၄။ ရူပအာဟာရမျိုး | --- | ၃၊ |

ဤ (၂၁)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဝုဋ္ဌော နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) ဝုဋ္ဌော (၁၂) အစိတ်အပေါင်း နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) ယင်းဝုဋ္ဌောနာမ်တရားစုတွင် ပါဝင်သော စေတနာပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊ (၉)။

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ယထာရဟ = ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၃။ ပစ္ဆာဇာတ = နောက်ဖြစ်သော ပထမဇော (သို့မဟုတ် ဝုဋ္ဌောနောင် ဘဝင်ကျခဲ့သော် ပထမဘဝင်) နာမက္ခန္ဓာပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၄။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

ဤ (၂၁)မျိုးသော အကြောင်းပစ္စည်းတရား = ပစ္စယသတ္တိတို့က ဝိုင်းဝန်း ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## ဝုဋ္ဌော နာမက္ခန္ဓာ (၄) ပါး

ဝုဋ္ဌော (၁၂) နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ သဟဇာတမျိုး --- ၁၀၊
၂။ အာရမ္မဏမျိုး --- ၅၊
၃။ အနန္တရမျိုး --- ၅၊
၄။ ဝတ္ထုမျိုး --- ၅၊
၅။ ပကတူပနိဿယ --- ၁၊

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဝုဋ္ဌော အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဝုဋ္ဌော (၁၂ ) အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဝုဋ္ဌော နာမက္ခန္ဓာ၌ ပါရှိသော စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(ဂ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(ဃ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(င) ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊ (၁၀)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော ဝုဋ္ဌော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန်ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ ဝုဋ္ဌော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော သန္တီရဏ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ သန္တီရဏ နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု၊ (မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု) ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ဗလဝဖြစ်သော = အားကောင်းသော စိတ် (၈၉), စေတသိက် (၅၂ ), ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည် နေရကုန်၏။

## (ပဉ္စဒွါရိက) မဟာကုသိုလ် ပဌမဇော ခန္ဓာ (၅) ပါး

## မဟာကုသိုလ် ပဌမဇော – ရူပက္ခန္ဓာ

မဟာကုသိုလ် ပဌမဇော နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကြသော **ပဝတ္တိကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်** တို့ကို အထက်၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ရှုပါ။

**စိတ္တဇရုပ်** — မဟာကုသိုလ် ပဌမဇောကြောင့်ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး --- ၁၂၊
၂။ ရုပ်သဟဇာတမျိုး --- ၅၊
၃။ ပစ္ဆာဇာတမျိုး --- ၄၊
၄။ ရူပအာဟာရမျိုး --- ၃၊

ဤ (၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

၁။ (က) မဟာကုသိုလ် ပဌမဇောကြောင့်ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် မဟာကုသိုလ် ပဌမဇော (၃၄၊ ၃၃၊ ၃၃၊ ၃၂ ) အစိတ်အပေါင်း နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတနိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) ဒွိဟိတ် မဟာကုသိုလ်ဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ယင်းဒွိဟိတ် မဟာကုသိုလ် နာမ်တရားစု (၃၃၊ ၃၂ ) တွင် ပါရှိသော အလောဘ အဒေါသ, တိဟိတ် မဟာကုသိုလ်ဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ယင်းတိဟိတ် မဟာကုသိုလ် နာမ်တရားစု (၃၄၊ ၃၃)တွင် ပါရှိသော အလောဘ အဒေါသ အမောဟ — ဤ ဟိတ် (၂ )ပါး (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) ဒွိဟိတ် မဟာကုသိုလ်ဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ယင်းဒွိဟိတ် မဟာကုသိုလ် နာမ်တရားစုတွင် ပါဝင်သော ဆန္ဒ ဝီရိယ စိတ်, တိဟိတ် မဟာကုသိုလ်ဇောစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ဖြစ်အံ့ — ယင်းတိဟိတ် မဟာကုသိုလ်နာမ်တရားစုတွင် ပါဝင်သော ဆန္ဒ ဝီရိယ စိတ် ဝီမံသ — ဟူသော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါး တို့တွင် တစ်ပါးပါးပစ္စည်းတရားတို့၏ **အဓိပတိသတ္တိ၊**

(ဃ) ယင်းမဟာကုသိုလ် ပဌမဇောနာမ်တရားစုတွင် ပါရှိသော စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

( င ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

( စ ) ဒွိဟိတ် မဟာကုသိုလ်ဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပညာကြဉ် နာမ်ဣန္ဒြေ (၇)ပါး, တိဟိတ် မဟာကုသိုလ်ဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — နာမ် ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(ဆ) သောမနဿသဟဂုတ် မဟာကုသိုလ်ဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ဈာနင် (၅)ပါး, ဥပေက္ခာသဟဂုတ် မဟာကုသိုလ်ဇောစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ဖြစ်အံ့ — ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

( ဇ ) ဒွိဟိတ် မဟာကုသိုလ်ဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ဝိတက် ဝီရိယ သတိ ဧကဂ္ဂ-တာ - မဂ္ဂင် (၄)ပါး, တိဟိတ် မဟာကုသိုလ်ဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၂)။**

၂။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ယထာရဟ = ထိုက်သည့်အား-လျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)။**

၃။ ပစ္ဆာဇာတ = နောက်ဖြစ်သော မဟာကုသိုလ် ဒုတိယဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)။**

[ဒုတိယဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပစ္ဆာဇာတ တတိယဇော။ တတိယဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပစ္ဆာဇာတ စတုတ္ထဇော။ စတုတ္ထဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ - ပစ္ဆာဇာတ ပဉ္စမဇော။ ပဉ္စမဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပစ္ဆာဇာတ ဆဋ္ဌဇော။ ဆဋ္ဌဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပစ္ဆာဇာတ သတ္တမဇော။ သတ္တမဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပစ္ဆာဇာတ ပထမတဒါရုံ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ။ ဤသို့ စသည်ဖြင့် သဘောပေါက်ပါ။ အရာရာတိုင်း၌ နည်းတူမှတ်ပါ။]

၄။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရ အဝိဂတသတ္တိ၊ (၃)။**

ဤ (၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## ပဥ္စဒွါရိက မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ (၄) ပါး

မဟာကုသိုလ်ဇောစိတ် (၈)ခု အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ (၆) |
| ၃။ အနန္တရမျိုး | --- | ၅၊ (၆) |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ ပကတူပနိဿယ | --- | ၁၊ |

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာကုသိုလ် ပထမဇော (၈)မျိုး အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာကုသိုလ်စိတ် နာမက္ခန္ဓာ၌ ပါရှိသော ဒွိဟိတ် ကုသိုလ် (၄)ခု ဖြစ်အံ့ — အလောဘ အဒေါသ၊ တိဟိတ် ကုသိုလ် (၄)ခု ဖြစ်အံ့ — အလောဘ အဒေါသ အမောဟ — ဤဟိတ် (၂)ပါး, (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ**၊

(ဂ) ဒွိဟိတ် ကုသိုလ် (၄)ခု ဖြစ်အံ့ — ဆန္ဒ ဝီရိယ စိတ်၊ တိဟိတ် ကုသိုလ် (၄)ခု ဖြစ်အံ့ ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၃)ပါး, (၄)ပါး တို့တွင် တစ်ပါးပါး ပစ္စည်းတရားတို့၏ **အဓိပတိသတ္တိ**၊

(ဃ) စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(စ) ဒွိဟိတ် ကုသိုလ် (၄)ခု ဖြစ်အံ့ — ပညာကြဉ် နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ် ကုသိုလ် (၄)ခု ဖြစ်အံ့- ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿသဟဂုတ် မဟာကုသိုလ်စိတ် (၄)ခု ဖြစ်အံ့ — ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် မဟာကုသိုလ်စိတ် (၄)ခု ဖြစ်အံ့ — ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊

(ဇ) ဒွိဟိတ် မဟာကုသိုလ် (၄)ခု ဖြစ်အံ့ — ပညာကြဉ် မဂ္ဂင် (၇)ပါး, တိဟိတ် မဟာကုသိုလ် (၄)ခု ဖြစ်အံ့ — ပညာ (= သမ္မာဒိဋ္ဌိ), ဝိတက် (= သမ္မာသင်္ကပ္ပ), သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ (= သမ္မာဝါယာမ), သတိ (= သမ္မာသတိ), ဧကဂ္ဂတာ (= သမ္မာသမာဓိ) — မဂ္ဂင် (၈)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ**၊ **(၁၃)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန် အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ (၄)၊ ရုံခါ အလေးအမြတ်အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ရုံခါ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံ ပစ္စည်းတရားတို့၏ **အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ**၊ **(၆)**။

၃။ မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဝုဋ္ဌော နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရား တို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ**၊ **(၅)**။

[မဟာကုသိုလ် ဒုတိယဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့အား မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့က အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုကြ၏။ ဤသို့ စသည်ဖြင့် ရှေးရှေး စိတ္တက္ခဏ၌ ရှိသော နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့က နောက်နောက် စိတ္တက္ခဏ၌

ရှိသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့အား အနန္တရစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပုံကို သဘော-ပေါက်ပါ။]

၄။ ဝုဋ္ဌော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု၊ (မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု) ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ဗလဝဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၈)မျိုးသော (ရံခါ - ၃၀ မျိုးသော) အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — ဒုတိယဇောမှ သတ္တမဇောအထိ **အာသေဝနပစ္စယသတ္တိ**ကို ရရှိကြ၏။ သို့အတွက် ဒုတိယဇော ။ ပ ။ သတ္တမဇောတို့၌ အနန္တရမျိုးတွင် အာသေဝနပစ္စည်း (၁)မျိုးကို ထပ်ထည့်ပါက **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ**ဟု (၆)မျိုး ဖြစ်သည်။ သို့အတွက် အားလုံးပေါင်းသော် ပစ္စယသတ္တိ (၂၉)မျိုး ဖြစ်သည်။ ရံခါ အဓိပတိကိစ္စတပ်ခိုက် (၃၁)မျိုး ဖြစ်သည်။]

## လောဘမူ ပထမဇော နာမက္ခန္ဓာ (၄) ပါး

[ရူပက္ခန္ဓာရှုကွက်မှာ ကုသိုလ်ရူပက္ခန္ဓာရှုကွက်ကို နည်းမှီး၍ သိလောက်ပေပြီ။ ဤတွင် အကုသိုလ်ဇောများ၌ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။]

လောဘမူစိတ် (၈)ခု နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | | |
|---|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ | |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ | သို့မဟုတ် - ၆ ၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ | |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ | |
| ၅။ ပကတူပနိဿယ | --- | ၁၊ | |

ဤ (၂၈)မျိုးသော သို့မဟုတ် (၃၀)မျိုးသော ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

လောဘမူ ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော လောဘမူ ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော လောဘမူစိတ် (၈)ခု ပထမဇော နာမက္ခန္ဓာ၌ ပါရှိသော လောဘ မောဟ — ဤဟိတ် (၂)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) ဆန္ဒ ဝီရိယ စိတ် (၃)ပါးတို့တွင် တစ်ပါးပါးပစ္စည်းတရားတို့၏ **အဓိပတိသတ္တိ၊**

(ဃ) စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ၊**

(င) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(စ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(ဆ) ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာနင် (၅)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

(ဇ) လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)ခု ဖြစ်အံ့ — ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ မဂ္ဂင် (၄)ပါး၊ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် (၄)ခု ဖြစ်အံ့ — ဝိတက် ဝီရိယ ဧကဂ္ဂတာ မဂ္ဂင် (၃)ပါး ပစ္စည်း-တရားတို့၏ **မဂ္ဂသတ္တိ၊ (၁၃)။**

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော လောဘမူ ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ။ (၄)။**

အကယ်၍ အလေးအမြတ်အားဖြင့် အာရုံပြုတတ်သော လောဘမူ နာမက္ခန္ဓာ ဖြစ်အံ့ — အလေး-အမြတ်အားဖြင့် အာရုံပြုတတ်သော လောဘမူ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန်ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတ သတ္တိ၊ (၆)။**

၃။ လောဘမူ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဝုဋ္ဌော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)။**

[လောဘမူ ဒုတိယဇော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ဖြစ်အံ့ — အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော ပထမဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊** (၆)။ - ဤသို့စသည်ဖြင့် သတ္တမဇောတိုင်အောင် ရှေးရှေးဇောက ကျေးဇူးပြုပုံကို သဘောပေါက်ပါ။]

၄။ ဝုဋ္ဌော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု၊ (မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယ-ဝတ္ထု) ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)။** (ဒုတိယဇော ဖြစ်အံ့ — ပထမဇော၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု — ဤသို့စသည်ဖြင့် သဘော-ပေါက်ပါ။)

၅။ ဗလဝဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်း ဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)။**

ဤ (၂၈)မျိုးသော သို့မဟုတ် (၃၀)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေး-သောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

[**မှတ်ချက်** — ဒုတိယဇောမှ သတ္တမဇောအထိ အာသေဝနပစ္စည်းကို ရရှိသဖြင့် အာသေဝနပစ္စည်း ထပ်ထည့်သော် ဒုတိယဇော နာမက္ခန္ဓာစသည်တို့အား (၂၉)မျိုးသော သို့မဟုတ် (၃၁)မျိုးသော ပစ္စယသတ္တိတို့က ကျေးဇူးပြုမည် ဖြစ်ပေသည်။]

## ဒေါသဇော နာမက္ခန္ဓာ (၄) ပါး

[ဒေါသ၊ ဒေါသ ဣဿာ၊ ဒေါသ မစ္ဆရိယ၊ ဒေါသ ကုက္ကုစ္စ၊ ဤဒေါသအုပ်စုအားလုံး ပါဝင်သည်။ စိတ်စေ-တသိက် အရေအတွက်ကို နာမ်ကမ္မဋ္ဌာန်းဇယားတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း ထိုက်သလိုရေတွက်ပါ။]

ဒေါသမူဒွေ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ (အဓိပတိ ကိစ္စတပ်ခိုက် - ၅) |
| ၃။ အနန္တရမျိုး | --- | ၅၊ (အာသေဝနထည့်သော် - ၆) |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ ပကတူပနိဿယ | --- | ၁၊ |

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဒေါသမူဒွေ ပဌမဇော အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဒေါသမူ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟ-ဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)။**

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ဒေါသမူ နာမက္ခန္ဓာ၌ပါရှိသော ဒေါသ မောဟ — ဤ ဟိတ် (၂)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) ဆန္ဒ ဝီရိယ စိတ် — အဓိပတိတရားကိုယ် (၃)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့၏ **အဓိပတိသတ္တိ။**

(ဃ) စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(င) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(စ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(ဆ) ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

(ဇ) ဝိတက် ဝီရိယ ဧကဂ္ဂတာ မဂ္ဂင် (၃)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၃)။**

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော ဒေါသမူ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)။** (အဓိပတိကိစ္စတပ်ခိုက် အဓိပတိထည့်သော် - ၅။)

၃။ ဒေါသမူ ပဌမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဝုဋ္ဌော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊** (၅)။

[ဒုတိယဇောမှ စ၍ သတ္တမဇောတိုင်အောင် **အာသေဝနပစ္စည်း**ကို ရရှိသဖြင့် ဒုတိယဇောစသည်တို့၌ အာသေဝနပစ္စည်းကို ထပ်ထည့်သော် (၆)ပစ္စည်း ဖြစ်သည်။]

၄။ ဝုဋ္ဌော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု၊ (မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော

**ဟဒယဝတ္ထု၊)** ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

[ဒုတိယဇော နာမက္ခန္ဓာသည် ပထမဇော၏ ။ ပ ။ သတ္တမဇော နာမက္ခန္ဓာသည် ဆဋ္ဌဇော၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထုကို အသီးအသီး မှီကြသည်။]

၅။ ဗလဝဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၈)မျိုးသော [ဒုတိယဇော ။ ပ ။ သတ္တမဇော နာမက္ခန္ဓာဖြစ်လျှင် (၂၉)မျိုးသော] အကြောင်းပစ္စည်း တရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## မောဟမူဒွေ နာမက္ခန္ဓာ (၄) ပါး

မောဟမူ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၂၊ |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ (အာသေဝန ထည့်သော် - ၆ -) |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ ပကတူပနိဿယ | --- | ၁၊ |

ဤ (၂၇)မျိုးသော (ဒုတိယဇော ။ ပ ။ သတ္တမဇော နာမက္ခန္ဓာဖြစ်လျှင် (၂၈)မျိုးသော) အကြောင်း ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မောဟမူ အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မောဟမူ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မောဟမူ နာမက္ခန္ဓာ၌ ပါရှိသော မောဟပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(င) ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ဖြစ်အံ့ — ဇီဝိတ စိတ် ဝေဒနာ ဝီရိယ နာမ်ဣန္ဒြေ (၄)ပါး, ဥဒ္ဓစ္စသမ္ပယုတ် စိတ်ဖြစ်အံ့ — ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(စ) ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

(ဆ) ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ဖြစ်အံ့ — ဝိတက် ဝီရိယ မဂ္ဂင် (၂)ပါး, ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဖြစ်အံ့ — ဝိတက် ဝီရိယ ဧကဂ္ဂတာ မဂ္ဂင် (၃)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၂)**။

၂။ အာရမ္မဏမျိုး --- (၄)၊
၃။ အနန္တရမျိုး --- (၅)၊ (ဒုတိယဇောဝ စသည်ဖြစ်လျှင် - ၆ -)
၄။ ဝတ္ထုမျိုး --- (၅)၊
၅။ ပကတူပနိဿယ --- (၁)၊

ဤပစ္စယသတ္တိတို့ကို ဒေါသမူ၌ ဆိုခဲ့ပြီးအတိုင်း မှတ်ပါ။

ပထမဇော မောဟမူ နာမက္ခန္ဓာ ဖြစ်အံ့၊ ဤ (၂၇)မျိုးသော, ဒုတိယဇောစသည့် မောဟမူ နာမက္ခန္ဓာ ဖြစ်အံ့၊ ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့၏ ဝိုင်းဝန်း၍ ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## အဟိတ် ပထမတဒါရုံ ခန္ဓာ (၅) ပါးမှ

## အဟိတ် ပထမတဒါရုံ ရူပက္ခန္ဓာ

အဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကြသော **ပဝတ္တိ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်** တို့ကို ရှေး၌ ပြဆိုခဲ့ပြီးသည့်အတိုင်း မှတ်ပါ၊ ရှုပါ။ အနည်းငယ် ထူးခြားသည့် အဟိတ် ပထမတဒါရုံစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်၌ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို တင်ပြအပ်ပါသည်။

**စိတ္တဇရုပ်** — အဟိတ် ပထမတဒါရုံစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ် သဟဇာတမျိုး --- ၁၀၊
၂။ ရုပ် သဟဇာတမျိုး --- ၅၊
၃။ ပစ္ဆာဇာတမျိုး --- ၄၊
၄။ ရူပအာဟာရမျိုး --- ၃၊

ဤ (၂၂)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အဟိတ် ပထမ တဒါရုံစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အဟိတ် ပထမတဒါရုံ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) ယင်းတဒါရုံ နာမ်တရားစုတွင်ပါရှိသော စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(င) အဟိတ် သောမနဿ ပထမတဒါရုံစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ဈာနင် (၅)ပါး၊ အဟိတ် ဥပေက္ခာ ပထမတဒါရုံစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊ **(၁၀)**။

၂။ ကလာပ်တူ အစိတ်အပေါင်း (စိတ္တဇ) မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ = ယထာရဟ = ထိုက်-သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၃။ ပစ္ဆာဇာတ = နောက်ဖြစ်သော အဟိတ် ဒုတိယတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၄။ ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရအဝိဂတသတ္တိ၊ (၃)**။

ဤ (၂၂)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

**[မှတ်ချက်** — အဟိတ် ဒုတိယတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့၊ ပစ္ဆာဇာတမျိုး၌ ပစ္ဆာဇာတဖြစ်သော ပထမဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိဟု - ဤမျှသာ ထူးသည်၊ ကျန်အားလုံး ပထမတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ်နှင့် တူသည်။]

## သဟိတ် – ပထမတဒါရုံ – ရူပက္ခန္ဓာ

ဤတွင် ဆက်လက်၍ သဟိတ် တဒါရုံ ရူပက္ခန္ဓာကို ရေးသားတင်ပြအပ်ပါသည်။ သဟိတ် တဒါရုံ ဟူသည်မှာ မဟာဝိပါက် တဒါရုံ (၃၄၊ ၃၃၊ ၃၃၊ ၃၂) ဖြစ်သည်။ သဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့် အတူပြိုင်၍ ဖြစ်ကြသော ပဝတ္တိ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကို ပြဆိုပြီးအတိုင်း မှတ်ပါ၊ ရှုပါ။

**စိတ္တဇရုပ်** — သဟိတ် ပထမတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် -

| | | |
|---|---|---|
| ၁။ နာမ်သဟဇာတမျိုး | --- | ၁၂၊ |
| ၂။ ရုပ်သဟဇာတမျိုး | --- | ၅၊ |
| ၃။ ပစ္ဆာဇာတမျိုး | --- | ၄၊ |
| ၄။ ရူပ အာဟာရမျိုး | --- | ၃၊ |

ဤ (၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

သဟိတ် ပထမတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) သဟိတ် ပထမတဒါရုံ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) ဒွိဟိတ် တဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — အလောဘ အဒေါသ တိဟိတ် တဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — အလောဘ အဒေါသ အမောဟ ဤ ဟိတ် (၂)ပါး (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) ယင်း ပထမတဒါရုံ နာမ်တရားစုတွင် ပါဝင်သော စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(င) ဒွိဟိတ် တဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ပညာကြဉ် နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ် တဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရား တို့၏ **ဣန္ဒြိယသတ္တိ၊**

(စ) သောမနဿတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ဈာနင် (၅)ပါး၊ ဥပေက္ခာ တဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊

(ဆ) ဒွိဟိတ် ပထမတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ် ဖြစ်အံ့ — ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၄)ပါး၊ တိဟိတ် ပထမတဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ်ဖြစ်အံ့ — ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ — မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ**၊ **(၁၂)**။

၂။ ကလာပ်တူ အစိတ်အပေါင်း (စိတ္တဇ) မဟာဘုတ် (၄)ပါး ပစ္စည်းတရားတို့၏ ယထာရဟ = ထိုက်သည့်-အားလျော်စွာ **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ**၊ **(၅)**။

၃။ ပစ္ဆာဇာတ = နောက်ဖြစ်သော သဟိတ် ဒုတိယတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့၏ **ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊ **(၄)**။

၄။ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကဩဇာ ပစ္စည်းတရားတို့၏ **ရူပအာဟာရ ရူပအာဟာရတ္ထိ ရူပအာဟာရ အဝိဂတသတ္တိ**၊ **(၃)**။

ဤ (၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ယင်းသဟိတ် ပထမတဒါရုံ နာမက္ခန္ဓာကြောင့်ဖြစ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့သည် ဖြစ်ပေါ်တည်နေရကုန်၏။ (ဒုတိယ တဒါရုံ နာမက္ခန္ဓာကြောင့် ဖြစ်သော စိတ္တဇရုပ်၌ ပစ္စည်းဆက်သွယ်ပုံကို နည်းမှီး၍ ရှုပါ။)

## အဟိတ် ပထမတဒါရုံ – နာမက္ခန္ဓာ (၄) ပါး

အဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | ---- | ၁၁၊ |
| ၂။ အာရမ္မဏမျိုး | ---- | ၄၊ |
| ၃။ အနန္တရမျိုး | ---- | ၅၊ |
| ၄။ ဝတ္ထုမျိုး | ---- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | ---- | ၂၊ |
| ၆။ ပကတူပနိဿယ | ---- | ၁၊ |

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အဟိတ် ပထမတဒါရုံ အစိတ်စိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အဟိတ် ပထမတဒါရုံ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်း-တရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော အဟိတ် ပထမ တဒါရုံ နာမက္ခန္ဓာ၌ ပါရှိသော စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်ကန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(င) အဟိတ် သောမနဿတဒါရုံ ဖြစ်အံ့ ဈာနင် (၅)ပါး၊ အဟိတ် ဥပေက္ခာတဒါရုံ ဖြစ်အံ့ ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊ (၁၁)**၊

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော အဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ အဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — အခြားမရှိသည်ဖြစ်၍ ချုပ်လေ-ပြီးသော သတ္တမဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ (ဒုတိယတဒါရုံ ဖြစ်အံ့ — အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့၏) **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ သတ္တမဇော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု (အကယ်၍ ဒုတိယတဒါရုံ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားဖြစ်အံ့ ပထမတဒါရုံ၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု), (မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု) ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အဟိတ် အကုသလဝိပါက် တဒါရုံ ဖြစ်အံ့ အတိတ်ဖြစ်သော ထိုက်သင့်ရာ အကုသိုလ်ကံ၊ အဟိတ် ကုသလဝိပါက် တဒါရုံ ဖြစ်အံ့ အတိတ်ဖြစ်သော ထိုက်သင့်ရာ ကာမကုသိုလ်ကံ ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပနိဿယ သတ္တိ၊ (၂)**။

၆။ ဗလဝဖြစ်သော = အားကောင်းသော စိတ် (၈၉), စေတသိက် (၅၂), ရုပ်(၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့က **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၈)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## သဟိတ် မဟာဝိပါက် တဒါရုံ နာမက္ခန္ဓာ (၄) ပါး

သဟိတ် မဟာဝိပါက် တဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏမျိုး | --- | ၄၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |
| ၆။ ပကတူပနိဿယ | --- | ၁၊ |

ဤ (၃၀)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာဝိပါက် တဒါရုံ အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာဝိပါက် တဒါရုံ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား-တို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာဝိပါက် တဒါရုံ နာမက္ခန္ဓာ၌ ပါရှိသော ဒွိဟိတ် တဒါရုံ ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ် တဒါရုံ ဖြစ်အံ့ အလောဘ အဒေါသ အမောဟ ဤဟိတ် (၂)ပါး, (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(င) ဒွိဟိတ် တဒါရုံ ဖြစ်အံ့ ပညာကြဉ် နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ် တဒါရုံ ဖြစ်အံ့ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ — နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(စ) သောမနဿတဒါရုံ ဖြစ်အံ့ ဈာနင် (၅)ပါး၊ ဥပေက္ခာတဒါရုံ ဖြစ်အံ့ ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

(ဆ) ဒွိဟိတ် တဒါရုံ ဖြစ်အံ့ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၄)ပါး၊ တိဟိတ် တဒါရုံ ဖြစ်အံ့ ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၅)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၃)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော သဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် ရူပါရုံ (သဒ္ဒါရုံ ။ ပ ။ ဖောဋ္ဌဗ္ဗာရုံ) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

၃။ သဟိတ် ပထမတဒါရုံ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော သတ္တမဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ (ဒုတိယတဒါရုံ ဖြစ်အံ့ အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမတဒါရုံ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏) **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ သတ္တမဇော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု (ဒုတိယတဒါရုံ ဖြစ်အံ့ ပထမတဒါရုံ၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု) ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ ထိုက်သင့်ရာ တစ်မျိုးမျိုးသော အတိတ် ကာမကုသိုလ်ကံ ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပ-နိဿယသတ္တိ၊ (၂)**။

၆။ ဗလဝဖြစ်သော = အားကောင်းသော စိတ် (၈၉), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၃၀)မျိုးသော အကြောင်းပစ္စည်းတရား ပစ္စယသတ္တိတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဤတွင် ပဉ္စဒွါရိကဝီထိစဉ် အတွင်း၌ရှိသော စိတ္တက္ခဏတိုင်းဝယ် အသီးအသီးသော ခန္ဓာ (၅)ပါးတို့၏ ပဋ္ဌာန်းပစ္စည်း ဆက်နွယ်လျက် ဖြစ်ပေါ်တည်နေပုံကို တင်ပြပြီးလေပြီ။ ယခု တစ်ဖန် ကာမဇော မနောဒွါရဝီထိ စိတ္တက္ခဏ အသီးအသီး၌ ရှိသော ခန္ဓာ (၅)ပါး အသီးအသီး၏ ပဋ္ဌာန်းပစ္စယသတ္တိတို့၏ ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်တည်နေရပုံကို ဆက်လက် တင်ပြအပ်ပါသည်။

## ကာမဇော မနောဒွါရိကစိတ်များ

ကာမဇော မနောဒွါရိကဝီထိစိတ်တို့သည် အကျဉ်းအားဖြင့် မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံ — ဟု (၃)မျိုးတည်း။

စိတ္တုပ္ပါဒ်၏ အစွမ်းဖြင့်ကား — မနောဒွါရာဝဇ္ဇန်း၊ ပထမဇော၊ ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌမဇော၊ သတ္တမဇော၊ ပထမတဒါရုံ ၊ ဒုတိယတဒါရုံ — ဟု (၁၀)မျိုးတည်း။

အကျယ်အားဖြင့်ကား —

| | | |
|---|---|---|
| ၁။ မနောဒွါရာဝဇ္ဇန်း | --- | ၁၊ |
| ၂။ ကာမဇော | --- | ၂၉၊ |
| ၃။ တဒါရုံ | --- | ၁၁၊ |
| ပေါင်းသော် | --- | ၄၁ - မျိုးတည်း။ |

ထိုတွင် ကြိယာဇောများမှာ ရဟန္တာအရှင်မြတ်တို့နှင့်သာ သက်ဆိုင်သဖြင့် ချန်လှပ်၍ ထားပါသည်။ ဝီထိစိတ္တက္ခဏတိုင်း၌ ခန္ဓာ (၅)ပါး ဖွဲ့၍ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို ရှုရန် ဖြစ်သည်။ ရှေးဦးစွာ မနောဒွါရာဝဇ္ဇန်း၌ ခန္ဓာ (၅)ပါး ဖွဲ့၍ ရှုပါ။ ထိုတွင် မနောဒွါရာဝဇ္ဇန်း — ရူပက္ခန္ဓာကို ဝုဋ္ဌော ရူပက္ခန္ဓာကို နည်းမှီး၍ ရှုပါ။

## မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄) ပါး

မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၀၊ |
| ၂။ အာရမ္မဏမျိုး | --- (၁၊ ၄၊) | ၆၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ ပကတူပနိဿယ | --- | ၁၊ |

ဤ (၂၂), သို့မဟုတ် (၂၅), သို့မဟုတ် (၂၇)မျိုးသော ပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မနောဒွါရာဝဇ္ဇန်း အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မနောဒွါရာဝဇ္ဇန်း အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ၌ ပါရှိသော စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတို့၏ **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ — နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊ **(၁၀)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော စိတ် (၈၉), စေတသိက် (၅၂), အတိတ် အနာဂတ်ဖြစ်သော နိပ္ဖန္နရုပ် (၁၈), အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော အနိပ္ဖန္နရုပ် (၁၀), နိဗ္ဗာန်, ပညတ် — ဤ အာရုံ (၆)ပါး တို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

(ခ) ရံခါ သာမာန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈) — ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

(ဂ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ၊ (၆)**။ (ယင်းဟဒယဝတ္ထုကိုပင် မှီဖြစ်၍ ယင်းဟဒယဝတ္ထုကိုပင် ပြန်၍ အာရုံယူမှုကို ရည်ညွှန်းထားသည်။)

၃။ မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဘဝင်္ဂုပစ္ဆေဒ, သို့မဟုတ် မိမိ၏ ရှေး၌ရှိသော ဘဝင် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ယင်းဘဝင်္ဂုပစ္ဆေဒ နာမက္ခန္ဓာ, သို့မဟုတ် မိမိ၏ ရှေး၌ရှိသော ဘဝင် နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော = အားကောင်းသော စိတ် (၈၉), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၂)မျိုး, သို့မဟုတ် (၂၅)မျိုး, သို့မဟုတ် (၂၇)မျိုးသော, အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဖြစ်ပေါ်တည်နေရ-ကုန်၏။

## မနောဒွါရိက မဟာကုသိုလ် ပဌမဇော နာမက္ခန္ဓာ (၄) ပါး

(မဟာကုသိုလ် ပဌမဇော ရူပက္ခန္ဓာ ဒုတိယဇော ရူပက္ခန္ဓာ စသည်တို့သည် ပဉ္စဒွါရိက မဟာကုသိုလ် ပဌမဇော ရူပက္ခန္ဓာ ဒုတိယဇော ရူပက္ခန္ဓာ စသည်တို့နှင့်တူပြီ။)

မဟာကုသိုလ် ပဌမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏမျိုး | --- | ၁၊ ၄၊ ၆၊ ၃၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ ပကတူပနိဿယ | --- | ၁၊ |

ရံခါ ဤ (၂၅)မျိုး, ရံခါ (၂၈)မျိုး, ရံခါ (၃၀)မျိုး, ရံခါ (၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

မဟာကုသိုလ် ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်း-တရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ၌ ပါရှိသော ဒွိဟိတ် ကုသိုလ် (၄)ခုဖြစ်အံ့ — အလောဘ အဒေါသ၊ တိဟိတ် ကုသိုလ် (၄)ခုဖြစ်အံ့ — အလောဘ အဒေါသ အမောဟ — ဤဟိတ် (၂)ပါး (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) ဒွိဟိတ်ကုသိုလ် (၄)ခု ဖြစ်အံ့ — ဆန္ဒ ဝီရိယ စိတ်၊ တိဟိတ်ကုသိုလ် (၄)ခု ဖြစ်အံ့ — ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၃)ပါး (၄)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့၏ **အဓိပတိသတ္တိ၊**

(ဃ) စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတကမ္မသတ္တိ၊**

(င) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(စ) ဒွိဟိတ် ကုသိုလ် (၄)ခု ဖြစ်အံ့ — ပညာကြဉ် နာမ်ဣန္ဒြေ (၇)ပါး၊ တိဟိတ် ကုသိုလ် (၄)ခု ဖြစ်အံ့ - ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(ဆ) သောမနဿ ပထမဇော ဖြစ်အံ့ — ဈာနင် (၅)ပါး၊ ဥပေက္ခာ ပထမဇောဖြစ်အံ့ — ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

(ဇ) ဒွိဟိတ် မဟာကုသိုလ် ပထမဇော ဖြစ်အံ့ — ပညာကြဉ် မဂ္ဂင် (၇)ပါး, တိဟိတ် မဟာကုသိုလ် ပထမဇော ဖြစ်အံ့ – ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ-မဂ္ဂင် (၈)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၃)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်-တရားတို့သည် —

(က) ရံခါ သာမန်အားဖြင့် အာရုံ ပြုအပ်သော လောကီစိတ် (၈၁), စေတသိက် (၅၂), အတိတ် အနာဂတ် နိပ္ဖန္နရုပ် (၁၈), အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌ ဖြစ်သော အနိပ္ဖန္နရုပ် (၁၀), ပညတ်, ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

(ခ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈) — ဤအာရုံ (၆)ပါးတို့တွင် တစ်ပါး-ပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

(ဂ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော  ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **အာရမ္မဏ နိဿယ  ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊** (၆)။

သာမန်အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က)  ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇), စေတသိက်

(၅၂), အတိတ် အနာဂတ် နိပ္ဖန္နရုပ် (၁၈), အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါး၌ ဖြစ်သော အနိပ္ဖန္န ရုပ် (၁၀), ပညတ် — ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏ–သတ္တိ၊ (၁)**။

( ခ ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈) ပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

( ဂ ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

**အလေးအမြတ်**အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော လောကီကုသိုလ် (၁၇) နာမက္ခန္ဓာ ဓမ္မာရုံ ပစ္စည်းတရားတို့၏ **အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိ၊ (၃)**။

**အလေးအမြတ်**အားဖြင့် အာရုံပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော အရဟတ္တမဂ် ကြဉ်သော ကုသိုလ်စိတ် (၂၀), အောက်ဖိုလ် (၃)ခု၊ နိဗ္ဗာန် — ဤဓမ္မာရုံပစ္စည်းတရားတို့၏ **အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိ၊ (၃)**။

၃။ ကာမာဝစရ မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — အခြားမရှိသည် ဖြစ်၍ ချုပ်လေပြီးသော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

[ဒုတိယဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။ ဤသို့လျှင် သတ္တမဇောတိုင်အောင် ရှေးရှေးဇော၏ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပေးမှုကိုပါ ရရှိပုံကို သဘောပေါက်ပါလေ။]

၄။ ကာမာဝစရ မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ မဟာကုသိုလ် ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — ဗလဝ ဖြစ်သော = အား-ကောင်းသော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်း ဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ရံခါ ဤ (၂၅)မျိုးသော, ရံခါ (၂၈)မျိုးသော, ရံခါ (၃၀)မျိုးသော, ရံခါ အဓိပတိပစ္စည်းကို ရခိုက် (၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ [အကယ်၍ ဒုတိယဇော ။ ပ ။ သတ္တမဇော မဟာကုသိုလ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားများ ဖြစ်အံ့ — အနန္တရမျိုး၌ အာသေဝနပစ္စည်းကို ထပ်၍ထည့်သော် ရံခါ (၂၆), ရံခါ (၂၉), ရံခါ (၃၁), ရံခါ အဓိပတိပစ္စည်းကို ရခိုက် (၂၈)မျိုးသော ပစ္စည်းတရားများကို ရရှိနိုင်ပေသည်။]

## လောဘမူ ပထမဇော နာမက္ခန္ဓာ (၄) ပါး

လောဘမူ ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ သဟဇာတမျိုး --- ၁၃၊
၂။ အာရမ္မဏမျိုး ---၁၊ ၄၊ ၆၊ ၇၊ ၆၊ ၈၊
၃။ အနန္တရမျိုး --- ၅၊ ၆၊
၄။ ဝတ္ထုမျိုး --- ၅၊
၅။ ပကတူပနိဿယ --- ၁၊

(က) ရံခါ (၂၅)မျိုး
(ခ) ရံခါ (၂၈)မျိုး
(ဂ) ရံခါ (၃၀)မျိုး
(ဃ) ရံခါ အဓိပတိပစ္စည်းကို ရခိုက် (၂၇)မျိုး
(င) ရံခါ အဓိပတိပစ္စည်းကို ရခိုက် (၃၀)မျိုး
(စ) ရံခါ အဓိပတိပစ္စည်းကို ရခိုက် (၃၂)မျိုး

ဒုတိယဇောစသည်ဖြစ်သော် အာသေဝနပစ္စည်းကို ထပ်၍ပေါင်းထည့်ပါက (၂၆၊ ၂၉၊ ၃၁၊ ၂၈၊ ၃၁၊ ၃၃။) မျိုးသော ဤအကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

လောဘမူ ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော လောဘမူ ပထမဇော အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော လောဘမူ ပထမဇော နာမက္ခန္ဓာ၌ ပါရှိသော လောဘ မောဟ ဤဟိတ် (၂)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ**၊

(ဂ) ဆန္ဒ ဝီရိယ စိတ် (၃)ပါးတို့တွင် တစ်ပါးပါး ပစ္စည်းတရားတို့၏ **အဓိပတိသတ္တိ**၊

(ဃ) စေတနာ ပစ္စည်းတရားတို့၏ သဟဇာတ **ကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(စ) ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ နာမ်ဣန္ဒြေ (၅)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(ဆ) သောမနဿ လောဘဇော ဖြစ်အံ့ — ဈာနင် (၅)ပါး, ဥပေက္ခာ လောဘဇော ဖြစ်အံ့ — ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊

(ဇ) ဒိဋ္ဌိဂတသမ္ပယုတ် လောဘဇော ဖြစ်အံ့ — ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ - မဂ္ဂင် (၄)ပါး, ဒိဋ္ဌိဂတ ဝိပ္ပယုတ် လောဘဇော ဖြစ်အံ့ — ဝိတက် ဝီရိယ ဧကဂ္ဂတာ - မဂ္ဂင် (၃)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၃)**။

၂။ သာမန်အားဖြင့် အာရုံပြုတတ်သော လောဘမူ ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည်-

(က) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော လောကီစိတ် (၈၁), စေတသိက် (၅၂), အတိတ် အနာဂတ် နိပ္ဖန္နရုပ် (၁၈), ကာလသုံးပါး၌ ဖြစ်သော အနိပ္ဖန္နရုပ် (၁၀), ပညတ် — ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

(ခ) ရံခါ သာမန်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈) — ဤ အာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၄)**။

(ဂ) မရဏာသန္နအခါ သာမန်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

**အလေးအမြတ်**အားဖြင့် အာရုံပြုတတ်သော လောဘမူ ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ရံခါ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော လောကီစိတ် (၇၆) ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် (၄၇), အတိတ် အနာဂတ် နိပ္ဖန္နရုပ် (၁၈) — ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏ အဓိပတိ ဥပနိဿယသတ္တိ၊ (၃)**။

(ခ) ရံခါ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် (၁၈) — ဤအာရုံ (၆)ပါးတို့တွင် တစ်ပါးပါးသော အာရုံပစ္စည်းတရားတို့၏ **အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

(ဂ) မရဏာသန္နအခါ အလေးအမြတ်အားဖြင့် အာရုံပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၈)**။

၃။ လောဘမူ ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄)ပါး ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

[လောဘမူ ဒုတိယဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော လောဘမူ ပထမဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။ — ဤသို့ စသည်ဖြင့် နောက်နောက်ဇောအား ရှေးရှေးဇောက ကျေးဇူးပြုပုံကို သဘောပေါက်ပါ။]

၄။ လောဘမူ ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

[အကယ်၍ လောဘမူ ဒုတိယဇော နာမက္ခန္ဓာဖြစ်လျှင် ပထမဇော နာမက္ခန္ဓာ၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ။ ပ ။ သတ္တမဇော နာမက္ခန္ဓာဖြစ်လျှင် ဆဋ္ဌဇော နာမက္ခန္ဓာ၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ** — ဤသို့ စသည်ဖြင့် သဘောပေါက်ပါလေ။]

၅။ လောဘမူ ပထမဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝဖြစ်သော = အားကောင်းသော လောကီစိတ် (၈၁), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ရံခါ (၂၅)မျိုး၊ ရံခါ (၂၈)မျိုး၊ ရံခါ (၃၀)မျိုး၊ အဓိပတိပစ္စည်းကို ရခိုက်ရနေ ရံခါ (၂၇)မျိုး၊ ရံခါ (၃၀)မျိုး၊ ရံခါ (၃၂)မျိုးသော ဤအကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေ-ရကုန်၏။

[ဒုတိယဇောမှ သတ္တမဇောတိုင်အောင် အာသေဝနပစ္စည်း၏ အထောက်အပံ့ကို ရရှိသဖြင့် ယင်းအထက်ပါ ပစ္စည်းအမျိုးအစားတို့တွင် အာသေဝန ပစ္စည်းတစ်မျိုးကို ထပ်ထည့်ပါက - (၂၆၊ ၂၉၊ ၃၁။ ၂၈၊ ၃၁၊ ၃၃။) - အသီးအသီး ဖြစ်ပေမည်။ ။ ဒေါသဇော မောဟဇောတို့ကား ပဋ္ဌာန်ဒွါရိကဝီထိ၌ ဆိုခဲ့ပြီးသည်နှင့် တူ၏။ အဟိတ် တဒါရုံ သဟိတ် တဒါရုံတို့မှာလည်း ပဥ္စဒွါရဝီထိ၌ ဆိုခဲ့ပြီးသည့် တဒါရုံနှင့် တူလေပြီ။]

## စျာနဝီထိ

မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော (သသင်္ခါရိက အသင်္ခါရိက) နှစ်မျိုးနောက်၌ ဖြစ်-ကောင်းသော အပ္ပနာဇောကား (၃၂)မျိုးတည်း။ —

| | | |
|---|---|---|
| (က) မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော | --- | ၄၊ |
| (ခ) မဂ် သောမနဿဇော | --- | ၁၆၊ |
| (ဂ) အောက်ဖိုလ် သောမနဿဇော | --- | ၁၂၊ |
| ပေါင်းသော် | --- | ၃၂ - မျိုးတည်း။ |

မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇော (သသင်္ခါရိက - အသင်္ခါရိက) နှစ်မျိုးနောက်၌ ဖြစ်ကောင်း-သော အပ္ပနာဇောကား (၁၂)မျိုးတည်း။

| | | |
|---|---|---|
| (က) မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ဇော | --- | ၅၊ |
| (ခ) မဂ် ဥပေက္ခာ သဟဂုတ်ဇော | --- | ၄၊ |
| (ဂ) အောက်ဖိုလ် ဥပေက္ခာဇော | --- | ၃၊ |
| ပေါင်းသော် | --- | ၁၂ - မျိုးတည်း။ |

## မဟဂ္ဂုတ် ကုသိုလ်ဇော

ပဥ္စကနည်းအရ မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိကား —

၁။ အာဒိကမ္မိက မဟဂ္ဂုတ် ကုသိုလ်ဇော --- (၉) ဝီထိ၊
၂။ သမာပတ္တိ မဟဂ္ဂုတ် ကုသိုလ်ဇော --- (၉) ဝီထိ၊

နှစ်ရပ်ပေါင်းသော် ဝီထိ (၁၈)မျိုး ရှိ၏။ ပဥ္စကနည်း၌ ဝိတက်နှင့် ဝိစာရ ဈာန်အင်္ဂါများကို တစ်ခုစီ ဖြုတ်သဖြင့် ရူပါဝစရဈာန် (၅)မျိုး ဖြစ်သည်။ အရူပါဝစရဈာန် (၄)မျိုးနှင့် ပေါင်းသော် မဟဂ္ဂုတ်ဈာန် (၉)မျိုး ဖြစ်သည်။ ဈာန် (၉)မျိုး ဖြစ်သဖြင့် ဝီထိအမျိုးအစားလည်း (၉)မျိုးပင် ဖြစ်သည်။ ယင်းဈာနဝီထိများကို ရှေးနာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ပြခဲ့ပြီ။ အရူပါဝစရဈာန်များကို ရှုပွားပုံကို **သမထကမ္မဋ္ဌာန်းပိုင်း**တွင် ကြည့်ပါ။ နားရှင်းစေရန် ယင်းဈာနဝီထိ ဖြစ်ပုံကို အနည်းငယ် ထပ်မံ ဖော်ပြအပ်ပါသည်။

## ၁။ အာဒိကမ္မိက မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ထိုနောင် မဟဂ္ဂုတ် ကုသိုလ်ဇော (၉)မျိုးတို့တွင် တစ်ခုခုသော ဇောသည် အာဒိကမ္မိကဖြစ်၍ တစ်ကြိမ်စီသာ အပ္ပနာသမာဓိဇောကိစ္စ ဖြစ်၍ ချုပ်၏၊ ထိုနောင် တိဟိတ်ဘဝင် (၁၃)မျိုးတို့တွင် တစ်မျိုးမျိုးသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

## ၂။ သမာပတ္တိ မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ ထိုနောင် မဟဂ္ဂုတ် ကုသိုလ်ဇော (၉)မျိုးတို့တွင် တစ်မျိုးမျိုးသည် ဘဝင်အယဉ်ကဲ့သို့ အကြိမ်များစွာ အပ္ပနာသမာဓိဇောကိစ္စ ဖြစ်၍ ချုပ်၏၊ ထိုနောင် တိဟိတ် ဘဝင် (၁၃)မျိုးတို့တွင် တစ်မျိုးမျိုးသည် ဘဝင် ဘဝင်ဟု ဘဝင်ကိစ္စ ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

ထို (၁၈) ဝီထိတို့တွင် ပဥ္စကနည်းအရ ပထမဈာနဝီထိ ဒုတိယဈာနဝီထိ တတိယဈာနဝီထိ စတုတ္ထဈာန ဝီထိဟူသော ရူပါဝစရကုသိုလ်ဇောဝီထိတို့၌ — ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု ကိစ္စတပ်သော စိတ်တို့ကား မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော (သသင်္ခါရိက - အသင်္ခါရိက) နှစ်မျိုး တစ်မျိုးမျိုးတည်း။

ပဥ္စကနည်းအရ ပဥ္စမဈာနဝီထိ, စတုက္ကနည်းအရ စတုတ္ထဈာနဝီထိနှင့် အရူပါဝစရဈာနဝီထိဟူသော ကုသိုလ်ဇောဝီထိတို့၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု ကိစ္စတပ်သော စိတ်တို့ကား မဟာကုသိုလ် ဉာဏ-သမ္ပယုတ် ဥပေက္ခာ (သသင်္ခါရိက - အသင်္ခါရိက) ဇောစိတ်တို့တွင် တစ်မျိုးမျိုးတည်း။

## မဟဂ္ဂုတ် ကုသိုလ်ဇော နာမက္ခန္ဓာ

ယင်းမဟဂ္ဂုတ် ကုသိုလ်ဇော (၉)မျိုး နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏမျိုး | --- | ၁၊ |
| ၃။ အနန္တရမျိုး | --- | ၆၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ ပကတူပနိဿယ | --- | ၁၊ |

ဤ (၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

(အဓိပတိတရားကိုယ်နှင့် စေတနာကြဉ်သော) မဟဂ္ဂုတ် ကုသိုလ် (၉)မျိုး နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန် တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော မဟဂ္ဂုတ်ကုသိုလ်ဇော (၉)မျိုး အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) သမ္ပယုတ်ခန္ဓာအား ကျေးဇူးပြုတတ်သော မဟဂ္ဂုတ်ကုသိုလ် (၉)မျိုး နာမက္ခန္ဓာ၌ ပါရှိသော

အလောဘ အဒေါသ အမောဟ ဟိတ် (၃)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ**၊

(ဂ) ဆန္ဒ ဝီရိယ စိတ် ဝီမံသ (၄)ပါးတို့တွင် တစ်ပါးပါး ပစ္စည်းတရားတို့၏ **အဓိပတိသတ္တိ**၊

(ဃ) စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ**၊

(င) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ**၊

(စ) ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ - နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ**၊

(ဆ) ပထမဈာန် မဟဂ္ဂုတ် ကုသိုလ်ဇော ဖြစ်အံ့ — ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ — ဈာနင် (၅)ပါး,
ဒုတိယဈာန် မဟဂ္ဂုတ် ကုသိုလ်ဇော ဖြစ်အံ့ — ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ — ဈာနင် (၄)ပါး,
တတိယဈာန် မဟဂ္ဂုတ် ကုသိုလ်ဇော ဖြစ်အံ့ — ပီတိ သုခ ဧကဂ္ဂတာ — ဈာနင် (၃)ပါး,
စတုတ္ထဈာန် မဟဂ္ဂုတ် ကုသိုလ်ဇော ဖြစ်အံ့ — သုခ ဧကဂ္ဂတာ — ဈာနင် (၂)ပါး,
ရူပါဝစရ ပဉ္စမဈာန် (၁)ပါး, အရူပါဝစရဈာန် (၄)ပါးတည်းဟူသော မဟဂ္ဂုတ် ပဉ္စမဈာန် ကုသိုလ်ဇော (၅)မျိုး တစ်မျိုးမျိုး ဖြစ်အံ့ — ဥပေက္ခာ ဧကဂ္ဂတာ ဈာနင် (၂)ပါး — ပစ္စည်းတရားတို့၏ **ဈာနသတ္တိ**၊

[ဤကား ပဉ္စကနည်းတည်း၊ စတုက္ကနည်းအရမူ ပထမဈာန်၌ ဈာနင် (၅)ပါး, ဒုတိယဈာန်၌ ဈာနင် (၃)ပါး, တတိယဈာန်၌ သုခ ဧကဂ္ဂတာ ဈာနင် (၂)ပါး, စတုတ္ထဈာန်၌ ဥပေက္ခာ ဧကဂ္ဂတာ ဈာနင် (၂)ပါးတည်း။]

(ဇ) ပထမဈာန် မဟဂ္ဂုတ် ကုသိုလ်ဇော ဖြစ်အံ့ — ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၅)ပါး၊ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန် မဟဂ္ဂုတ် ကုသိုလ်ဇော တစ်မျိုးမျိုး ဖြစ်အံ့ — ပညာ ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ**၊ **(၁၃)**။

၂။ ပထမဈာန် ရူပါဝစရကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ကသိုဏ်းပညတ် (၁၀)ပါး၊
(ခ) အသုဘပညတ် (၁၀)ပါး၊
(ဂ) ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကာယကောဋ္ဌာသ ပညတ် (= ၃၂-ကောဋ္ဌာသ ပညတ်)၊
(ဃ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် (= အာနာပါန ပဋိဘာဂနိမိတ် အာရုံ)၊
(င) မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊
(စ) ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါပညတ်၊
(ဆ) မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊

ဤ (၂၅) မျိုးသော ပညတ်တို့တွင် တစ်မျိုးမျိုးသော ပညတ်အာရုံ ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ**၊ **(၁)**။

(ပဉ္စကနည်း) ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ရူပကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ကသိုဏ်း (၁၀)ပါး၊
(ခ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = (အာနာပါန ပဋိဘာဂနိမိတ် အာရုံ)

(ဂ) မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊
(ဃ) ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါပညတ်၊
(င) မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊

ဤ (၁၄)မျိုးသော ပညတ်အာရုံတို့တွင် တစ်မျိုးမျိုးသော ပညတ်အာရုံ ပစ္စည်းတရားတို့၏ **အာရမ္မဏ-သတ္တိ၊ (၁)**။

(ပဥ္စကနည်း) ပဥ္စမစျာန် ရူပါဝစရကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ကသိုဏ်း ပညတ် (၁၀)ပါး၊
(ခ) အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ် (= အာနာပါနပဋိဘာဂနိမိတ်)
(ဂ) ဥပေက္ခာ ဗြဟ္မဝိဟာရစျာန်၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊

ဤ (၁၂) မျိုးသော ပညတ်အာရုံတို့တွင် တစ်မျိုးမျိုးသော ပညတ်အာရုံ ပစ္စည်းတရားတို့၏ **အာရမ္မဏ သတ္တိ၊ (၁)**။

အာကာသာနဉ္စာယတနကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား ဖြစ်အံ့ — အာကာသကသိုဏ်း ကြဉ်သော ကသိုဏ်း (၉)ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ ရအပ်သော ကောင်းကင်ပညတ် ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

ဝိညာဏဉ္စာယတနကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား ဖြစ်အံ့ — အတိတ်ဖြစ်သော အာကာ-သာနဉ္စာယတနကုသိုလ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

အာကိဉ္စညာယတနကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား ဖြစ်အံ့ — အာကာသာနဉ္စာယတန စျာန်စိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

နေဝသညာနာသညာယတနကုသိုလ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား ဖြစ်အံ့ — အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ် နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

(ဤကား ပဥ္စကနည်းတည်း၊ စတုက္ကနည်းမှာ သဘောပေါက်လောက်ပေပြီ။)

၃။ (ပဥ္စကနည်းအရ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ စတုက္ကနည်းအရ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်ဟူသော) မဟဂ္ဂုတ် ကုသိုလ် သောမနဿဇော (၄)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘုကိစ္စ-တပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော (၂)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

ဒုတိယဇောအစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော (၄)မျိုးတို့တွင် တစ်မျိုး-မျိုးဖြစ်အံ့ — ယင်းဇော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကုသိုလ် သောမနဿဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

ပထမ မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာဇော (၅)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇော (၂)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

ဒုတိယဇောအစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော (၅)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — အခြားမရှိသည်ဖြစ်၍ ချုပ်လေပြီးသော ပထမဇော အစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာဇော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတသတ္တိ၊ (၆)**။

၄။ ပထမ မဟဂ္ဂုတ် ကုသိုလ် သောမနဿဇော (၄)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿဇော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

ဒုတိယဇော အစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် သောမနဿဇော (၄)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — ပထမဇောအစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကုသိုလ် သောမနဿဇော (၄)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာ ပထမဇော (၅)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာဇော (သသင်္ခါရိက - အသင်္ခါရိက) နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

ဒုတိယဇော အစရှိသော နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာဇော (၅)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — ပထမဇောအစရှိသော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာဇော (၅)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏနှင့် အတူပြိုင်၍ ဖြစ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ မဟဂ္ဂုတ် ကုသိုလ်ဇော (၉)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ဗလဝ ဖြစ်သော = အားကောင်းသော အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော စိတ် (၈၇), စေတသိက် (၅၂), ရုပ် (၂၈), ပစ္စည်းဖြစ်ထိုက်သော အချို့သော ပညတ်ပစ္စည်းတရားတို့၏ **ပကတူပနိဿယသတ္တိ၊ (၁)**။

ဤ (၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေကြရကုန်၏။

ဤတိုင်အောင် ရေးသားတင်ပြခဲ့သော ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံများမှာ အသင်ယောဂီသူတော်ကောင်း၏ ပစ္စုပ္ပန်ဘဝအတွင်းဝယ် ဖြစ်နိုင်သော, ဝိပဿနာဉာဏ်၏ အရှုခံအာရုံနယ်မြေအတွင်း၌ ရှိသော ပရမတ္ထဓာတ်သားတို့နှင့်သာ သက်ဆိုင်သည့် ပဋ္ဌာန်းပစ္စည်းဆက်သွယ်မှု ဖြစ်သည်။ ဤသည်မှာလည်း သဘောတူရာတူရာကို

စုပေါင်းခြိုင့်၍ တင်ပြခြင်းမျှသာ ဖြစ်ပါသည်။ အသေးစိတ် ရှုကွက်ကို ပြည့်ပြည့်စုံစုံ ရေးသားတင်ပြရလျှင်ကား ပဋ္ဌာန်းကျမ်းကြီး တစ်ကျမ်းပင် ဖြစ်ဖွယ်ရာ ရှိပေသည်။

ကြိယာဇောတို့မှာ ပုထုဇန်အဆင့်တွင် ရှိနေသေးသော အသင်သူတော်ကောင်း၏ သန္တာန်၌ မဖြစ်နိုင်သေးရကား အသင်သူတော်ကောင်း၏ ဝိပဿနာဉာဏ်၏ အရှုခံအာရုံစာရင်းတွင် မပါဝင်နိုင်သေးပေ။ မဂ်ဇော ဖိုလ်ဇောတို့မှာလည်း ဝိပဿနာဉာဏ်၏ အရှုခံအာရုံများ မဟုတ်ကြပေ။ ထိုကြောင့် ကြိယာဇော မဂ်ဇော ဖိုလ်ဇောတို့နှင့် သက်ဆိုင်သော ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို ချန်လှပ်ထားပါသည်။

## အတိတ်နှင့် အနာဂတ်

အတိတ် အဆက်ဆက်၌လည်းကောင်း, အနာဂတ် အဆက်ဆက်၌လည်းကောင်း အကြောင်းတရားတို့ကို ရှာဖွေ၍ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ရှုရာ၌ အဝိဇ္ဇာ တဏှာ ဉပါဒါန် ဦးဆောင်သည့် ကိလေသဝဋ်တရားစုများမှာ လောဘမူ လောဘဒိဋ္ဌိဇောတို့၏ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံနှင့် အတူတူပင် ဖြစ်သည်။ အကုသိုလ် သင်္ခါရတို့မှာ အကုသိုလ်ဇောတို့၏, ကုသိုလ် သင်္ခါရတို့မှာ ကုသိုလ်ဇောတို့၏ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံနှင့် တူပြီ။

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ကိုရှုရာ၌ အကြောင်းအားလျော်စွာ အပါယ်ဒုဂ္ဂတိ၌ ပဋိသန္ဓေ တည်နေခဲ့ရသည်ကိုလည်း တွေ့ရှိခဲ့သော် ယင်းဒုဂ္ဂတိပဋိသန္ဓေ၏ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံကိုလည်း ဉာဏ်ကျက်စားနိုင်ရန် ဆက်လက်တင်ပြအပ်ပါသည်။ အလားတူပင် သုဂတိ အဟိတ်ပဋိသန္ဓေနှင့် ဒွိဟိတ် ပဋိသန္ဓေများ တည်နေခဲ့ရပုံတို့ကို တွေ့ရှိပါကလည်း ယင်းပဋိသန္ဓေတို့ ဖြစ်ပေါ်လာအောင် ပဋ္ဌာန်းပစ္စည်းတရားများက မည်သို့မည်ပုံ ကျေးဇူးပြုပေးခဲ့သည်တို့ကို ဉာဏ်ကျက်စားနိုင်ရန် ဆက်လက်တင်ပြအပ်ပါသည်။

## အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး

အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ (= အပါယ်ပဋိသန္ဓေ)နှင့် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ (= သုဂတိ အဟိတ် ပဋိသန္ဓေ) ဟူသော အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ် သဟဇာတမျိုး | --- | ၁၁၊ |
| ၂။ ရုပ် သဟဇာတမျိုး | --- | ၆၊ |
| ၃။ အာရမ္မဏမျိုး | --- | ၁၊ |
| ၄။ အနန္တရမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ (ပဋိသန္ဓေ နှစ်မျိုး၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ တူညီနေ၍ စုပေါင်းရေးသားတင်ပြခြင်း ဖြစ်သည်။ ရှုသည့်အခါ၌ကား ထိုထိုဘဝ၌ ဖြစ်ခဲ့သည့်အတိုင်း တစ်မျိုးစီသာ ခွဲ၍ရှုပါ။)

အဟိတ် ပဋိသန္ဓေ (၂)ခု၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်း စေတသိက် (၁၀)၊ (စိတ်+စေတသိက် = နာမ်တရား - ၁၁) အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အဟိတ်ပဋိသန္ဓေ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ၌ ပါရှိသော စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(ဂ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(င) ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊ (၁၁)။**

၂။ အဟိတ် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အဟိတ်ပဋိသန္ဓေ နာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)။**

၃။ အဟိတ် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)။**

၄။ အဟိတ် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော ကာမစုတိ (၁၀)တွင် တစ်မျိုးမျိုးသော စုတိ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)။**

၅။ (က) ဒုဂ္ဂတိ အဟိတ်ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ဥဒ္ဓစ္စ စေတနာ ကြဉ်သော အကုသိုလ်ကံ (၁၁)မျိုးတို့တွင် တစ်မျိုးမျိုးသော ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)။**

(ခ) သုဂတိ အဟိတ် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ဒွိဟိတ်ဩမက = (ယုတ်ညံ့သော ဉာဏ်မယှဉ်သော ဉာဏဝိပ္ပယုတ်) ကာမကုသိုလ်ကံ (၄)မျိုး = (သောမနဿ သသင်္ခါရိက, အသင်္ခါရိက, ဥပေက္ခာ သသင်္ခါရိက အသင်္ခါရိက)တို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ကုသိုလ်ကံ ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)။**

ဤ (၂၅)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

## ဒွိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး

(မဟာဝိပါက် ဉာဏ်မယှဉ်သော ဉာဏဝိပ္ပယုတ် သောမနဿ သသင်္ခါရိက, အသင်္ခါရိက၊ ဥပေက္ခာ သသင်္ခါရိက အသင်္ခါရိကဟူသော) ဒွိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ နာမ် သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ ရုပ် သဟဇာတမျိုး | --- | ၆၊ |
| ၃။ အာရမ္မဏမျိုး | --- | ၁၊ |
| ၄။ အနန္တရမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |

ဤ (၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဒွိဟိတ် ပဋိသန္ဓေ အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဒွိဟိတ် ပဋိသန္ဓေ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၇)**။

(ခ) သမ္ပယုတ္တက္ခန္ဓာအား ကျေးဇူးပြုတတ်သော ဒွိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ၌ ပါရှိသော အလောဘ အဒေါသ ဟိတ် (၂)ပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) စေတနာပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(င) ပညာကြဉ် နာမ်ဣန္ဒြေ (၇)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(စ) သောမနဿ ဒွိဟိတ် ပဋိသန္ဓေ ဖြစ်အံ့ - ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာနင် (၅)ပါး၊ ဥပေက္ခာ ဒွိဟိတ် ပဋိသန္ဓေ ဖြစ်အံ့ - ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

(ဆ) ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၃)**။

၂။ ဒွိဟိတ် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် မိမိ (ဒွိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ)နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၆)**။

၃။ ဒွိဟိတ် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးသော အာရုံ ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

၄။ ဒွိဟိတ် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော ရူပစုတိ (၅)၊ ကာမစုတိ (၁၀)၊ ပေါင်း (၁၅)မျိုးသော စုတိတို့တွင် တစ်မျိုးမျိုးသော စုတိနာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၅။ ဒွိဟိတ် ပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ထိုက်သင့်ရာ တစ်မျိုးမျိုးသော တိဟိတ် ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ မဟာကုသိုလ်ကံ ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၇)မျိုးသော အကြောင်း ပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည် နေရကုန်၏။

## မှတ်သားထားသင့်သော အချက်များ

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝတစ်ခုဝယ် ကာမတိဟိတ် ပဋိသန္ဓေ တည်နေခဲ့ ရသည်ကို တွေ့ရှိအံ့၊ အထက်တွင်ဖော်ပြခဲ့သော ကာမတိဟိတ် ပဋိသန္ဓေနှင့် အလားတူပင်ရှုပါ။ အကယ်၍ အနာဂတ်၌လည်း ကာမတိဟိတ် ပဋိသန္ဓေ တည်နေရလတ္တံ့သည်ကို တွေ့ရှိအံ့၊ နည်းတူပင်ရှုပါ။

အကယ်၍ အသင်သူတော်ကောင်းသည် ရူပပဋိသန္ဓေ တည်နေခဲ့ရသည်ကိုလည်းကောင်း၊ အနာဂတ်၌-လည်း ရူပပဋိသန္ဓေ တည်နေရလတ္တံ့သည်ကိုလည်းကောင်း ဉာဏ်ဖြင့် ရှုမြင်ခဲ့သော် ယင်းရူပပဋိသန္ဓေ

ဖြစ်ပေါ်လာအောင် ပဌာန်းပစ္စည်းတို့၏ ကျေးဇူးပြုပုံ အခြင်းအရာကို ဉာဏ်ကျက်စားနိုင်ရန် ဆက်လက်တင်ပြအပ်ပါသည်။

## ရူပပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး ဖြစ်ပေါ်ပုံ

ပဋ္ဌာကနည်းအရ ရူပါဝစရ ပဋိသန္ဓေ (၅)မျိုးတို့တွင် တစ်မျိုးမျိုးသော ရူပပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ နာမ်သဟဇာတမျိုး --- ၁၃၊
၂။ ရုပ်သဟဇာတမျိုး --- ၆၊
၃။ အာရမ္မဏမျိုး --- ၁၊
၄။ အနန္တရမျိုး --- ၅၊
၅။ နာနာက္ခဏိကကမ္မမျိုး --- ၂၊

ဤ (၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ရူပပဋိသန္ဓေ အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ရူပပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) သမ္ပယုတ္တခန္ဓာအား ကျေးဇူးပြုတတ်သော ရူပပဋိသန္ဓေ နာမက္ခန္ဓာ၌ ပါရှိသော အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါး ပစ္စည်းတရားတို့၏ **ဟေတုသတ္တိ၊**

(ဂ) စေတနာ ပစ္စည်းတရားတို့၏ **သဟဇာတ ကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့၏ **အာဟာရသတ္တိ၊**

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့၏ **ဣန္ဒြိယသတ္တိ၊**

(စ) ပထမဈာန် ပဋိသန္ဓေ ဖြစ်အံ့ - ဈာနင် (၅)ပါး,
ဒုတိယဈာန် ပဋိသန္ဓေ ဖြစ်အံ့ - ဈာနင် (၄)ပါး,
တတိယဈာန် ပဋိသန္ဓေ ဖြစ်အံ့ - ဈာနင် (၃)ပါး,
စတုတ္ထဈာန် ပဋိသန္ဓေ ဖြစ်အံ့ - သုခ ဧကဂ္ဂတာ ဈာနင် (၂)ပါး,
ပဥ္စမဈာန် ပဋိသန္ဓေ ဖြစ်အံ့ - ဥပေက္ခာ ဧကဂ္ဂတာ ဈာနင် (၂)ပါး, ပစ္စည်းတရားတို့၏ **ဈာနသတ္တိ၊**

(ဆ) ပထမဈာန် ပဋိသန္ဓေ ဖြစ်အံ့ – ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၅)ပါး ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဥ္စမဈာန် ပဋိသန္ဓေ တစ်ခုခုဖြစ်အံ့ ပညာ ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့၏ **မဂ္ဂသတ္တိ၊ (၁၃)**။

၂။ ရူပပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် — မိမိ (ရူပပဋိသန္ဓေ)နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားတို့၏ **သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ သတ္တိ၊ (၆)**။

၃။ **ပထမဈာန် ပဋိသန္ဓေ** အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ကသိုဏ်းပညတ် (၁၀)ပါး၊

(ခ) အသုဘပညတ် (၁၀)ပါး၊
(ဂ) ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကာယကောဋ္ဌာသ (= ၃၂-ကောဋ္ဌာသ) ပညတ်၊
(ဃ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = အာနာပါန ပဋိဘာဂနိမိတ် အာရုံ၊
(င) မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊
(စ) ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါပညတ်၊
(ဆ) မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊

ဤ (၂၅) မျိုးသော ပညတ် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ် ကမ္မနိမိတ်အာရုံ ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

**ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဋိသန္ဓေ** အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရား-တို့သည် —

(က) ကသိုဏ်းပညတ် (၁၀)ပါး၊
(ခ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = အာနာပါန ပဋိဘာဂနိမိတ် အာရုံ၊
(ဂ) မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊
(ဃ) ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါပညတ်၊
(င) မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊

ဤ (၁၄) မျိုးသော ပညတ်ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ် ကမ္မနိမိတ် ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

**ပဉ္စမဈာန် ပဋိသန္ဓေ** အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

(က) ကသိုဏ်းပညတ် (၁၀)ပါး၊
(ခ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = အာနာပါနပဋိဘာဂနိမိတ် အာရုံ၊
(ဂ) ဥပေက္ခာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊

ဤ (၁၂)မျိုးသော ပညတ် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ် ကမ္မနိမိတ် ပစ္စည်းတရားတို့၏ **အာရမ္မဏသတ္တိ၊ (၁)**။

၄။ ရူပပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် ချုပ်လေပြီးသော ပဉ္စဝေါကာရ တိဟိတ် စုတိစိတ် (၉)မျိုးတို့တွင် တစ်မျိုးမျိုးသော နာမက္ခန္ဓာ ပစ္စည်းတရားတို့၏ **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၅။ ရူပပဋိသန္ဓေ အစိတ်အပေါင်း နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် အတိတ်ဖြစ်သော ရူပကုသိုလ်ကံ (၅)မျိုးတို့တွင် (ထိုက်သင့်ရာ) တစ်မျိုးမျိုးသော ပစ္စည်းတရားတို့၏ **နာနာက္ခဏိကကမ္မ ပကတူပနိဿယ-သတ္တိ၊ (၂)**။

(ပထမဈာန် ကုသိုလ်ကံက ပထမဈာန် ပဋိသန္ဓေကို ဖြစ်စေ၏ — ဤသို့စသည်ဖြင့် ထိုက်သလို ယူပါ။)

ဤ (၂၇)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

ယခုတစ်ဖန် အရူပ ပဋိသန္ဓေနှင့် အသညသတ် ပဋိသန္ဓေတို့၌ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ အပိုင်းကို ဆက်လက် တင်ပြအပ်ပါသည်။ အတိတ်သံသရာကား ရှည်လျားလှ၏၊ အတိတ်သံသရာတစ်လျှောက်၌ အရူပ-ဘုံ၌ ဖြစ်စေ အသညသတ်ဘုံ၌ ဖြစ်စေ ပဋိသန္ဓေတည်နေခဲ့ရသည်ကို တွေ့ရှိခဲ့သော် အောက်ပါအတိုင်း ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို ရှုပါ။ ဤကဲ့သို့သော ပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်အမြင် ရရှိသည်တိုင်အောင် သမ္မာဒိဋ္ဌိဉာဏ်အမြင်နှင့် ပြည့်စုံပြီးဖြစ်သော, သာသနာတော်မှ မခွဲနိုင်အောင် သာသနာတော်၌ အမြစ်တွယ်ပြီး ဖြစ်သော ယောဂီသူတော်စင်တစ်ဦးအဖို့ နောင်အနာဂတ်တွင် အရူပ ပဋိသန္ဓေနှင့် အသညသတ် ပဋိသန္ဓေတို့ကား အလွန် ဖြစ်ခဲဖွယ်ရာ ရှိပေသည်။

## အရူပ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး

အရူပ ပဋိသန္ဓေ (၄)ခု, ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ် စေတသိက် တိံသ (= ၃၀) အစိတ်-အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ သဟဇာတမျိုး --- ၁၃၊
၂။ အာရမ္မဏမျိုး --- ၁၊
၃။ အနန္တရမျိုး --- ၅၊
၄။ နာနာက္ခဏိကကမ္မမျိုး --- ၂၊

ဤ (၂၁)မျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အရူပ ပဋိသန္ဓေ (၄)ခု, ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ် စေတသိက် တိံသ (၃၀) အစိတ်-အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အရူပ ပဋိသန္ဓေ (၄)ခု (ရှုသည့်အခါ ခွဲရှုပါ။) ဝိရတိ အပ္ပ-မညာ ဝိတက် ဝိစာရ ပီတိကြဉ် စေတသိက် တိံသ (၃၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား-တို့က **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) ဆိုင်ရာ အရူပ ပဋိသန္ဓေ၌ ပါရှိသော အလောဘ အဒေါသ အမောဟ - ဤဟိတ် (၃)ပါး ပစ္စည်း-တရားတို့က **ဟေတုသတ္တိ**၊

(ဂ) စေတနာ ပစ္စည်းတရားက **သဟဇာတ ကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) ဥပေက္ခာ ဧကဂ္ဂတာ ဈာနင် (၂)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ပညာ ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၁၃)**။

၂။ (က) အာကာသာနဉ္စာယတန ပဋိသန္ဓေ ဖြစ်အံ့၊ အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း (၉)ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်၊

(ခ) ဝိညာဏဉ္စာယတန ပဋိသန္ဓေ ဖြစ်အံ့၊ အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ကမ္မနိမိတ်၊

(ဂ) အာကိဉ္စညာယတန ပဋိသန္ဓေ ဖြစ်အံ့၊ အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ် ကမ္မနိမိတ်၊

(ဃ) နေဝသညာနာသညာယတန ပဋိသန္ဓေ ဖြစ်အံ့၊ အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ကမ္မနိမိတ် ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) အာကာသာနဉ္စာယတန ပဋိသန္ဓေ ဖြစ်အံ့၊ ပဉ္စဝေါကာရ တိဟိတ် စုတိ (၉)ခု, အာကာသာနဉ္စာ-ယတန စုတိ၊

(ခ) ဝိညာဏဉ္စာယတန ပဋိသန္ဓေ ဖြစ်အံ့၊ ပဉ္စဝေါကာရ တိဟိတ် စုတိ (၉)ခု, အာကာသာနဉ္စာယတန စုတိ, ဝိညာဏဉ္စာယတန စုတိ၊

(ဂ) အာကိဉ္စညာယတန ပဋိသန္ဓေ ဖြစ်အံ့၊ ပဉ္စဝေါကာရ တိဟိတ် စုတိ (၉)ခု, အာကာသာနဉ္စာယတန စုတိ, ဝိညာဏဉ္စာယတန စုတိ, အာကိဉ္စညာယတန စုတိ၊

(ဃ) နေဝသညာနာသညာယတန ပဋိသန္ဓေ ဖြစ်အံ့၊ တိဟိတ် စုတိ တေရသ = (၁၃) နာမက္ခန္ဓာ ပစ္စည်း-တရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။ (ဖြစ်ခဲ့သည့် စုတိတစ်မျိုးမျိုး ကိုသာ ရွေးချယ် ရှုပါ။)

၄။ အတိတ်ဖြစ်သော အရူပ ကုသိုလ်ကံ (ဆိုင်ရာဆိုင်ရာ အရူပ ကုသိုလ်ကံ) (၄)ခု ပစ္စည်းတရားက **နာနာက္ခဏိက ကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၁)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

## အသညသတ် ပဋိသန္ဓေ

အသညသတ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ရုပ် သဟဇာတမျိုး --- ၅၊
၂။ နာနာက္ခဏိက ကမ္မ --- ၁၊
၃။ ရူပဇီဝိတိန္ဒြိယမျိုး --- ၃၊

ဤ (၉)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အသညသတ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့သည် —

၁။ ကလာပ်တူ အစိတ်အပေါင်း မဟာဘုတ် ပစ္စည်းတရားတို့က **သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၂။ အတိတ်ဖြစ်သော ရူပပဉ္စမစျာန် ကုသိုလ်ကံ ပစ္စည်းတရားက **နာနာက္ခဏိက ကမ္မသတ္တိ၊ (၁)**။

၃။ ကလာပ်တူ ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားတို့က **ရူပဇီဝိတိန္ဒြိယ ရူပဇီဝိတိန္ဒြိယတ္ထိ ရူပဇီဝိတိန္ဒြိယအဝိဂတ သတ္တိ၊ (၃)**။

ဤ (၉)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုပေးခြင်းကြောင့် ဖြစ်ပေါ်တည်-နေရကုန်၏။

# အဟိတ် ဘဝင် နာမက္ခန္ဓာ

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝထိုထို၌ အဟိတ်ပဋိသန္ဓေ တည်နေခဲ့ဖူးသည် ဖြစ်အံ့၊ ဘဝင်မှာလည်း အဟိတ်ဘဝင်ပင် ဖြစ်သည်။ ယင်းအဟိတ်ဘဝင်၌ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို ဆက်လက်၍ တင်ပြအပ်ပါသည်။

အဟိတ်ဘဝင် (၂)ခု (= သုဂတိအဟိတ် + ဒုဂ္ဂတိအဟိတ်), ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်းစေတသိက် (၁၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ သဟဇာတမျိုး --- ၁၁၊
၂။ အာရမ္မဏမျိုး --- ၁၊
၃။ အနန္တရမျိုး --- ၅၊
၄။ ဝတ္ထုမျိုး --- ၅၊
၅။ နာနာက္ခဏိကကမ္မမျိုး --- ၂၊

ဤ (၂၄)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အဟိတ်ဘဝင် (၂)ခု, ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်း စေတသိက် (၁၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အဟိတ် ဘဝင် (၂)ခု, ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်း-စေတသိက် (၁၀) ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ**၊

(ခ) စေတနာ ပစ္စည်းတရားက **သဟဇာတ ကမ္မသတ္တိ**၊

(ဂ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်ဣန္ဒြေ (၃)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(င) ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၁၁)**။

၂။ ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားက **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ပဋိသန္ဓေ နာမက္ခန္ဓာ၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင် နာမက္ခန္ဓာ၊

(ဂ) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ဝုဋ္ဌော နာမက္ခန္ဓာ၊

(ဃ) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံးဇော နာမက္ခန္ဓာ၊

(င) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ဒုတိယတဒါရုံ နာမက္ခန္ဓာ —

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, (မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု) ပစ္စည်း-တရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ သုဂတိ အဟိတ် ဘဝင် ဖြစ်အံ့ — အတိတ်ဖြစ်သော ကုသိုလ်ကံ, ဒုဂ္ဂတိ အဟိတ် ဘဝင် ဖြစ်အံ့ — အတိတ်ဖြစ်သော အကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၄)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

**[မှတ်ချက်** — သဘောတူ၍ ဘဝင်နှစ်မျိုးကို တစ်ပေါင်းတည်း ရေးသားတင်ပြခြင်းဖြစ်သည်။ ရှုသည့်အခါ၌ကား မိမိ ပဋိသန္ဓေနှင့်လျော်ညီစွာ ခွဲ၍သာ ထိုက်သလို ရှုပါ။]

## ဒွိဟိတ် ဘဝင် နာမက္ခန္ဓာ

ဒွိဟိတ် ဘဝင် (၄)ခု, ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ် စေတသိက် (၃၂) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏမျိုး | --- | ၁၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |

ဤ (၂၆)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ဒွိဟိတ် ဘဝင် (၄)ခု, ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ် စေတသိက် (၃၂) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ဒွိဟိတ် ဘဝင် (၄)ခု, စေတသိက် (၃၂) ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) ဒွိဟိတ် ဘဝင်၌ ပါရှိသော အလောဘ အဒေါသ ဟိတ် (၂)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ၊**

(ဂ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ၊**

(င) ပညာကြဉ် နာမ်ဣန္ဒြေ (၇)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ၊**

(စ) သောမနဿသဟဂုတ် ဖြစ်အံ့ ဈာနင် (၅)ပါး၊ ဥပေက္ခာသဟဂုတ် ဖြစ်အံ့ ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊**

(ဆ) ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၁၃)**။

၂။ ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားက **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ပဋိသန္ဓေ နာမက္ခန္ဓာ၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင် နာမက္ခန္ဓာ၊

(ဂ) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ဝုဋ္ဌော နာမက္ခန္ဓာ၊

(ဃ) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံးဇော နာမက္ခန္ဓာ၊

( င ) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ ဒုတိယတဒါရုံ နာမက္ခန္ဓာ၊

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု, (မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု) ပစ္စည်း-တရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော တိဟိတ် ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ ကာမကုသိုလ်ကံ ပစ္စည်းတရားတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေ-ရကုန်၏။

အကယ်၍ အတိတ်ဘဝထိုထို၌ ကာမ တိဟိတ် ပဋိသန္ဓေ တည်နေခဲ့ရသည်ဖြစ်၍ ကာမ တိဟိတ် ဘဝင် ဖြစ်ခဲ့သော် ထိုတိဟိတ် ဘဝင်၌ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ အခြင်းအရာကို အထက်တွင် ရေးသားတင်ပြခဲ့သော ကာမ တိဟိတ် ဘဝင် ခန္ဓာ (၅)ပါး ရှုကွက်အတိုင်းပင် ရှုပါ။ အနာဂတ်၌လည်း ကာမ တိဟိတ် ဘဝင် ဖြစ်ခဲ့သော် နည်းတူပင် ရှုပါ။

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်ဘဝတစ်ခု၌ ရူပဗြဟ္မာ့ပြည်တွင် ပဋိသန္ဓေတည်နေ-ခဲ့ရဖူးသည်ကို ဉာဏ်ဖြင့် ကိုယ်တိုင်ရှုမြင်နိုင်သည် ဖြစ်အံ့၊ အနာဂတ်၌လည်း ရူပဗြဟ္မာ့ပြည်တွင် ပဋိသန္ဓေ တည်နေရလတ္တံ့သည်ကို ဉာဏ်ဖြင့် ရှုမြင်နိုင်ခဲ့သည် ဖြစ်အံ့၊ ထိုရူပဘဝင် နာမက္ခန္ဓာ၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ ရှုကွက်မှာ အောက်ပါအတိုင်း ဖြစ်၏။

## ရူပ ဘဝင် နာမက္ခန္ဓာ

ရူပဘဝင် (၅)ခု, ဝိရတိကြဉ် စေတသိက် (၃၅) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏ | --- | ၁၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |

ဤ (၂၆)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ရူပဘဝင် (၅)ခု, ဝိရတိကြဉ် စေတသိက် (၃၅) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် –

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော ရူပဘဝင် (၅)ခု, စေတသိက် (၃၅) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) ရူပဘဝင်၌ ပါရှိသော အလောဘ အဒေါသ အမောဟ — ဤဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ**၊

(ဂ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ**၊

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ**၊

(င) နာမ်က္ခန္ဓေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ**၊

(စ) ပထမဈာန် ဘဝင် ဖြစ်အံ့ – ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ – ဈာနင် (၅)ပါး,
ဒုတိယဈာန် ဘဝင် ဖြစ်အံ့ – ဝိစာရ ပီတိသုခ ဧကဂ္ဂတာ – ဈာနင် (၄)ပါး,
တတိယဈာန် ဘဝင် ဖြစ်အံ့ – ပီတိ သုခ ဧကဂ္ဂတာ – ဈာနင် (၃)ပါး,
စတုတ္ထဈာန် ဘဝင် ဖြစ်အံ့ – သုခ ဧကဂ္ဂတာ – ဈာနင် (၂)ပါး,
ပဥ္စမဈာန် ဘဝင်ဖြစ်အံ့ -- ဥပေက္ခာ ဧကဂ္ဂတာ – ဈာနင် (၂)ပါး, ပစ္စည်းတရားတို့က **ဈာနသတ္တိ**၊

(ဆ) ပထမဈာန် ဘဝင်ဖြစ်အံ့ – ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ – မဂ္ဂင် (၅)ပါး, ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဥ္စမဈာန် ဘဝင် ဖြစ်အံ့ -- ပညာ ဝီရိယ သတိ ဧကဂ္ဂတာ မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ**၊ **(၁၃)**။

၂။ ပထမဈာန် ဘဝင် ဖြစ်အံ့ —

(က) ကသိုဏ်းပညတ် (၁၀)ပါး၊

(ခ) အသုဘပညတ် (၁၀)ပါး၊

(ဂ) ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင်အစရှိသော ကာယကောဋ္ဌာသပညတ် (= ၃၂-ကောဋ္ဌာသ ပညတ်)၊

(ဃ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = အာနာပါန ပဋိဘာဂနိမိတ် အာရုံ၊

(င) မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊

(စ) ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါပညတ်၊

(ဆ) မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊

ဤ (၂၅)ပါးသော ပညတ် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ်ကမ္မနိမိတ် —

ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ဘဝင် တစ်ခုခု ဖြစ်အံ့ —

(က) ကသိုဏ်းပညတ် (၁၀)ပါး၊

(ခ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = အာနာပါန ပဋိဘာဂနိမိတ် အာရုံ၊

(ဂ) မေတ္တာ၏အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊

(ဃ) ကရုဏာ၏ အာရုံဖြစ်သော ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါပညတ်၊

(င) မုဒိတာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ သတ္တဝါပညတ်၊

ဤ (၁၄)ပါးသော ပညတ် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ်ကမ္မနိမိတ် ---

ပဥ္စမဈာန် ဘဝင် ဖြစ်အံ့ —

(က) ကသိုဏ်းပညတ် (၁၀)ပါး၊
(ခ) အာနာပါနဿတိ၏ အာရုံဖြစ်သော ဝင်သက် ထွက်သက် ပညတ် = အာနာပါန ပဋိဘာဂနိမိတ် အာရုံ၊
(ဂ) ဥပေက္ခာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သုခိတ ဒုက္ခိတ သတ္တဝါပညတ်၊

ဤ (၁၂)ပါးသော ပညတ် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ် ကမ္မနိမိတ် ပစ္စည်းတရားက **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ပဋိသန္ဓေ နာမက္ခန္ဓာ၊
(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင် နာမက္ခန္ဓာ၊
(ဂ) ဝုဋ္ဌော၏ အခြားမဲ့၌ ဖြစ်သောအခါ ဝုဋ္ဌော နာမက္ခန္ဓာ၊
(ဃ) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံးဇော နာမက္ခန္ဓာ —

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။ (ရူပဘုံ၌ တဒါရုံ မရကောင်း။)

၄။ ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ [မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု] ပစ္စည်းတရားတို့က **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ ၊ (၅)**။

၅။ အတိတ်ဖြစ်သော ရူပကုသိုလ်ကံ (၅)မျိုးတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ရူပကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ ၊ (၂)**။

ဤ (၂၆)မျိုးသော အကြောင်းပစ္စည်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ (ခွဲရှုပါ။)

အကယ်၍ အသင်သူတော်ကောင်းသည် အရူပဘုံ၌ ဖြစ်ခဲ့ဖူးသည် သို့မဟုတ် ဖြစ်လတ္တံ့သည် ဖြစ်အံ့ – အရူပ ဘဝင် နာမက္ခန္ဓာ၌ ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

## အရူပ ဘဝင် နာမက္ခန္ဓာ

အရူပ ဘဝင် (၄)ခု, ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ် စေတသိက် (၃၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ သဟဇာတမျိုး --- ၁၃၊
၂။ အာရမ္မဏ --- ၁၊
၃။ အနန္တရမျိုး --- ၅၊
၄။ နာနာက္ခဏိကကမ္မမျိုး --- ၂၊

ဤ (၂၁)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အရူပ ဘဝင် (၄)ခု, ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိ ကြဉ်သော စေတသိက် (၃၀) အစိတ်အစိတ် နာမက္ခန္ဓာ (၄)ပါး ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အရူပ ဘဝင် (၄)ခု၊ စေတသိက် (၃၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) အလောဘ အဒေါသ အမောဟ — ဤ ဟိတ် (၃)ပါး ပစ္စည်းတရားတို့က **ဟေတုသတ္တိ၊**

(ဂ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ၊**

(ဃ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ၊**

(င) နာမ်ဣန္ဒြေ (၈)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ၊**

(စ) ဥပေက္ခာ ဧကဂ္ဂတာ ဈာနင် (၂)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊**

(ဆ) ပညာ ဝီရိယ သတိ ဧကဂ္ဂတာ - မဂ္ဂင် (၄)ပါး ပစ္စည်းတရားတို့က **မဂ္ဂသတ္တိ၊ (၁၃)**။

၂။ (က) အာကာသာနဉ္စာယတန ဘဝင် ဖြစ်အံ့ — အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း (၉)ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ ရအပ်သော အာကာသ ကောင်းကင်ပညတ် ကမ္မနိမိတ်၊

(ခ) ဝိညာဏဉ္စာယတန ဘဝင် ဖြစ်အံ့ — အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ကမ္မနိမိတ်၊

(ဂ) အာကိဉ္စညာယတန ဘဝင် ဖြစ်အံ့ — အာကာသာနဉ္စာယတနဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် ကမ္မနိမိတ်၊

(ဃ) နေဝသညာနာသညာယတန ဘဝင် ဖြစ်အံ့ — အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ကမ္မနိမိတ် ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သောအခါ ပဋိသန္ဓေနာမက္ခန္ဓာ၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင်နာမက္ခန္ဓာ၊

(ဂ) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ အဆုံးဇောနာမက္ခန္ဓာ ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။ (အရူပဘုံ၌ ဝုဋ္ဌော တဒါရုံ မရကောင်း။ ပဉ္စဒွါရဝီထိလည်း မရကောင်း။)

၄။ အတိတ်ဖြစ်သော အရူပ ကုသိုလ်ကံ (၄)ခု ပစ္စည်းတရားတို့က (အရူပ ကုသိုလ်ကံ လေးမျိုးတို့တွင် တစ်မျိုးမျိုးသော ကုသိုလ်ကံ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ) **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၁)မျိုးသော ပစ္စည်းအကြောင်းတရားတို့က ဝိုင်းဝန်း၍ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။ (ရှုသောအခါ ဖြစ်ပြီး ဖြစ်လတ္တံ့အတိုင်း ဘဝင်တစ်ခုစီ ခွဲရှုပါ။)

ယခု တစ်ဖန် စုတိစိတ်များ၌ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။ အသင်သူတော်ကောင်းသည် မိမိ၏ အတိတ် ပစ္စုပ္ပန် အနာဂတ် သံသရာ တစ်လျှောက်ဝယ် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ စုတိတို့ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ဖြစ်ခဲ့သည့်အတိုင်း ဖြစ်ဆဲအတိုင်း ဖြစ်လတ္တံ့အတိုင်း ရှုပါ။ အတိတ်ဘဝ ထိုထိုက စုတိကို ဖြစ်ပြီးဟု ဆိုလို၏။ ပစ္စုပ္ပန်ဘဝ၏ စုတိကို ဖြစ်ဆဲဟု ဆိုလို၏၊ အနာဂတ်ဘဝ၏ စုတိကို ဖြစ်လတ္တံ့ဟု ဆိုလို၏။ ဖြစ်ခဲ့သည့်အတိုင်း ဖြစ်ဆဲအတိုင်း ဖြစ်လတ္တံ့အတိုင်းသာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် မြင်အောင် ကြည့်၍ ရှုပါ။

## အဟိတ် စုတိ ဖြစ်ပေါ်လာပုံ

အဟိတ် စုတိ (၂)ခု, ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်း စေတသိက် (၁၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ သဟဇာတမျိုး --- ၁၁၊
၂။ အာရမ္မဏ --- ၁၊
၃။ အနန္တရမျိုး --- ၅၊
၄။ ဝတ္ထုမျိုး --- ၅၊
၅။ နာနာက္ခဏိကကမ္မမျိုး --- ၂၊

ဤ (၂၄)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

အဟိတ်စုတိ (၂)ခု, ဆန္ဒ ပီတိ ဝီရိယကြဉ် အညသမာန်း စေတသိက် (၁၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ (က) အချင်းချင်းအား ကျေးဇူးပြုတတ်သော အဟိတ်စုတိ (၂)ခု, စေတသိက် (၁၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊**

(ခ) စေတနာ ပစ္စည်းတရားက **သဟဇာတကမ္မသတ္တိ၊**

(ဂ) ဖဿ စေတနာ ဝိညာဏ် နာမ်အာဟာရ (၃)ပါး ပစ္စည်းတရားတို့က **အာဟာရသတ္တိ၊**

(ဃ) ဇီဝိတ စိတ် ဝေဒနာ နာမ်က္ကန္ဒြေ (၃)ပါး ပစ္စည်းတရားတို့က **ဣန္ဒြိယသတ္တိ၊**

(င) ပီတိကြဉ် ဈာနင် (၄)ပါး ပစ္စည်းတရားတို့က **ဈာနသတ္တိ၊ (၁၁)**။

၂။ ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးတို့တွင် ထိုက်သင့်ရာ တစ်ပါးပါးသော ပစ္စည်းတရားက **အာရမ္မဏ-သတ္တိ၊ (၁)**။

၃။ (က) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ မရဏာသန္န ပဉ္စမဇော နာမက္ခန္ဓာ၊
(ခ) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ တဒါရုံ နာမက္ခန္ဓာ၊
(ဂ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင် နာမက္ခန္ဓာ၊ (ဇောနောင် ဘဝင်, သို့မဟုတ် တဒါရုံနောင် ဘဝင်) —

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ မိမိဟု ဆိုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားက **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ သုဂတိ အဟိတ် စုတိ ဖြစ်အံ့ — အတိတ်ဖြစ်သော ကာမကုသိုလ်ကံ, ဒုဂ္ဂတိ အဟိတ် စုတိ ဖြစ်အံ့ – အတိတ်ဖြစ်သော အကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၄) မျိုးသော ပစ္စည်းအကြောင်းတရားတို့က ဝိုင်းဝန်း၍ကျေးဇူးပြုပေးသောကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

## ဒွိဟိတ် စုတိ ဖြစ်ပေါ်လာပုံ

ဒွိဟိတ် စုတိ (၄)ခု, ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ် စေတသိက် (၃၂) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်-တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏ | --- | ၁၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ ဝတ္ထုမျိုး | --- | ၅၊ |
| ၅။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |

ဤ (၂၆)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

၁။ ဒွိဟိတ် စုတိ (၄)ခု, ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ် စေတသိက် (၃၂) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်-တရားတို့သည် အချင်းချင်းအား ကျေးဇူးပြုတတ်သော ဒွိဟိတ် စုတိ (၄)ခု, စေတသိက် (၃၂) အစိတ်-အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂသတ္တိ၊ (၁၃)**။ (ဒွိဟိတ်ဘဝင်ကို နည်းမှီးပါ။)

၂။ ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားက **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ မရဏာသန္န ပဉ္စမဇော နာမက္ခန္ဓာ၊
(ခ) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ တဒါရုံ နာမက္ခန္ဓာ၊
(ဂ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင် နာမက္ခန္ဓာ၊ —

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ မိမိဟု ဆိုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားက **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော တိဟိတ် ဩမက, ဒွိဟိတ် ဥက္ကဋ္ဌ ကာမ ကုသိုလ်ကံ ပစ္စည်းတရားတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိက ကမ္မ ပကတူပနိဿယ သတ္တိ၊ (၂)**။

ဤ (၂၆)မျိုးသော ပစ္စည်းအကြောင်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေ-ရကုန်၏။

## ကာမ တိဟိတ် စုတိ (၄) ခု ဖြစ်ပေါ်လာပုံ

ကာမတိဟိတ် စုတိ (၄)ခု, ဝိရတိ အပ္ပမညာကြဉ် စေတသိက် (၃၃) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်-တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏ | --- | ၁၊ |

၃။ အနန္တရမျိုး --- ၅၊
၄။ ဝတ္ထုမျိုး --- ၅၊
၅။ နာနာက္ခဏိကကမ္မမျိုး --- ၂၊

ဤ (၂၆)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်တည်နေရကုန်၏။

ကာမ တိဟိတ် စုတိ (၄)ခု, ဝိရတိ အပ္ပမညာကြဉ် စေတသိက် (၃၃) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်-တရားတို့သည် —

၁။ အချင်းချင်းအား ကျေးဇူးပြုတတ်သော ကာမ တိဟိတ် စုတိ (၄)ခု, စေတသိက် (၃၃) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂသတ္တိ၊ (၁၃)**။ (ကာမ တိဟိတ် ဘဝင်ကို နည်းမှီးပါ)

၂။ ကံ ကမ္မနိမိတ် ဂတိနိမိတ် (၃)ပါးတို့တွင် တစ်ပါးပါးသော ပစ္စည်းတရားက **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ မရဏာသန္န ပဉ္စမဇော နာမက္ခန္ဓာ၊
(ခ) တဒါရုံ၏ အခြားမဲ့၌ ဖြစ်သောအခါ တဒါရုံ နာမက္ခန္ဓာ၊
(ဂ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင် နာမက္ခန္ဓာ၊ —

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ မိမိဟု ဆိုအပ်သော စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားက **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော တိဟိတ် ဥက္ကဋ္ဌ ကာမကုသိုလ်ကံ ပစ္စည်းတရားတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၆)မျိုးသော ပစ္စည်းအကြောင်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်တည်နေ-ရကုန်၏။

## ရူပ စုတိ (၅) ခု ဖြစ်ပေါ်လာပုံ

ရူပ စုတိ (၅)ခု, ဝိရတိကြဉ် စေတသိက် (၃၅) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ သဟဇာတမျိုး --- ၁၃၊
၂။ အာရမ္မဏ --- ၁၊
၃။ အနန္တရမျိုး --- ၅၊
၄။ ဝတ္ထုမျိုး --- ၅၊
၅။ နာနာက္ခဏိကကမ္မမျိုး --- ၂၊

ဤ (၂၆)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်လာကုန်၏။

ရူပ စုတိ (၅)ခု, ဝိရတိကြဉ် စေတသိက် (၃၅) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ အချင်းချင်းအား ကျေးဇူးပြုတတ်သော ရူပ စုတိ (၅)ခု, စေတသိက် (၃၅) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂသတ္တိ၊ (၁၃)**။

၂။ ပထမဈာန် စုတိ ဖြစ်အံ့ ကသိုဏ်း ပညတ် (၁၀)ပါး။ ပ ။ ဤ (၂၅)ပါးသော ပညတ် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ် ကမ္မနိမိတ်၊ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် စုတိ ဖြစ်အံ့ -- ကသိုဏ်း ပညတ် (၁၀)ပါး။ ပ ။ ဤ (၁၄)ပါးသော ပညတ် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ် ကမ္မနိမိတ်၊ ပဉ္စမဈာန် စုတိ ဖြစ်အံ့ ကသိုဏ်းပညတ် (၁၀)ပါး။ ပ ။ ဤ (၁၂)ပါးသော ပညတ် ကမ္မနိမိတ်တို့တွင် တစ်ပါးပါးသော ပညတ် ကမ္မနိမိတ် ပစ္စည်းတရားက— **အာရမ္မဏသတ္တိ၊ (၁)**။ (ရူပဘဝင်ကို ပြန်ကြည့်ပါ။)

၃။ (က) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ မရဏာသန္န ပဉ္စမဇော နာမက္ခန္ဓာ၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင် နာမက္ခန္ဓာ၊

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ မိမိဟုဆိုအပ်သော ရူပစုတိမှပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားက **နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတသတ္တိ၊ (၅)**။

၅။ အတိတ်ဖြစ်သော ရူပကုသိုလ်ကံ (၅)မျိုးတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ကုသိုလ်ကံ ပစ္စည်းတရားတို့က **နာနာက္ခဏိကကမ္မ, ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၆)မျိုးသော ပစ္စည်းအကြောင်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်လာရကုန်၏။

## အရူပ စုတိ (၄) ခု ဖြစ်ပေါ်လာပုံ

အရူပ စုတိ (၄)ခု, ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ် စေတသိက် (၃၀) အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

| | | |
|---|---|---|
| ၁။ သဟဇာတမျိုး | --- | ၁၃၊ |
| ၂။ အာရမ္မဏ | --- | ၁၊ |
| ၃။ အနန္တရမျိုး | --- | ၅၊ |
| ၄။ နာနာက္ခဏိကကမ္မမျိုး | --- | ၂၊ |

ဤ (၂၁)မျိုးသော ပစ္စယသတ္တိတို့ကြောင့် ဖြစ်ပေါ်လာရကုန်၏။

အရူပ စုတိ (၄)ခု, ဝိရတိ အပ္ပမညာ ဝိတက် ဝိစာရ ပီတိကြဉ် စေတသိက် (၃၀) အစိတ်အစိတ် နာမ-က္ခန္ဓာ ပစ္စယုပ္ပန်တရားတို့သည် —

၁။ အချင်းချင်းအား ကျေးဇူးပြုတတ်သော အရူပစုတိ (၄)ခု, စေတသိက် (၃၀) အစိတ်အစိတ် နာမက္ခန္ဓာ

ပစ္စည်းတရားတို့က ထိုက်သည့်အားလျော်စွာ **သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ ဈာန မဂ္ဂသတ္တိ၊ (၁၃)**။

၂။ (က) အာကာသာနဉ္စာယတန စုတိ ဖြစ်အံ့၊ အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း (၉)ပါး-တို့တွင် တစ်ပါးပါးကို ခွာ၍ ရအပ်သော အာကာသ ကောင်းကင်ပညတ် ကမ္မနိမိတ်၊

(ခ) ဝိညာဏဉ္စာယတန စုတိ ဖြစ်အံ့၊ အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ကမ္မနိမိတ်၊

(ဂ) အာကိဉ္စညာယတန စုတိ ဖြစ်အံ့၊ အာကာသာနဉ္စာယတနဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ် ကမ္မနိမိတ်၊

(ဃ) နေဝသညာနာသညာယတန စုတိ ဖြစ်အံ့၊ အတိတ်ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ကမ္မနိမိတ် ပစ္စည်းတရားတို့က **အာရမ္မဏသတ္တိ၊ (၁)**။

၃။ (က) ဇော၏ အခြားမဲ့၌ ဖြစ်သောအခါ မရဏာသန္န ပဉ္စမဇော နာမက္ခန္ဓာ၊

(ခ) ဘဝင်၏ အခြားမဲ့၌ ဖြစ်သောအခါ ဘဝင် နာမက္ခန္ဓာ၊ —

ပစ္စည်းတရားတို့က **အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတသတ္တိ၊ (၅)**။

၄။ အတိတ်ဖြစ်သော အရူပကုသိုလ်ကံ (၄)မျိုးတို့တွင် ထိုက်သင့်ရာ တစ်မျိုးမျိုးသော ကုသိုလ်ကံ ပစ္စည်း-တရားတို့က **နာနာက္ခဏိကကမ္မ, ပကတူပနိဿယသတ္တိ၊ (၂)**။

ဤ (၂၁)မျိုးသော ပစ္စည်းအကြောင်းတရားတို့က ဝိုင်းဝန်း၍ ကျေးဇူးပြုခြင်းကြောင့် ဖြစ်ပေါ်လာရကုန်၏။

ဤအပိုင်းတွင် သဘောတူရာ တူရာကို စုပေါင်း၍ ရေးသားတင်ပြထားသော်လည်း ရှုသောအခါ၌ကား ခွဲ၍သာ ရှုပါ။ ဘဝတစ်ခုဝယ် ပဋိသန္ဓေအမျိုးမျိုး ဘဝင်အမျိုးမျိုး စုတိအမျိုးမျိုးကား မဖြစ်နိုင်၊ ပဋိသန္ဓေတစ်မျိုး ဘဝင်တစ်မျိုး စုတိတစ်မျိုးစီသာ ဖြစ်နိုင်၏၊ ဘဝတစ်ခုဝယ် ပဋိသန္ဓေ ဘဝင် စုတိတို့မှာလည်း စိတ်အမျိုးအစား တစ်ခုတည်းသာ ဖြစ်၏၊ ထို့ကြောင့် ခွဲရှုပါ။

## မှီငြမ်းပြုစရာ ကျမ်းစာ

ဤတွင် ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ အပိုင်းကို အပြီးသတ်လိုက်ပါသည်။ ကြိယာဇောများမှာ ရဟန္တာ အရှင်မြတ်တို့၏ သန္တာန်၌သာ ဖြစ်ကြသဖြင့် အသင်သူတော်ကောင်း၏ ဝိပဿနာဉာဏ်၏ အရှုခံအာရုံ နယ်မြေ အတွင်း၌ မတည်ရှိနိုင်သေးသဖြင့် ချန်လှပ်ထားသည်။

ဤပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ အပိုင်းကို ပဋ္ဌာန်းသင်ဖူးသူ ကျွမ်းကျင်သူများ အတွက်သာ ရည်ညွှန်း၍ ပဋ္ဌာန်းနယ်မြေ၌ ဉာဏ်ကျက်စားနိုင်ရန် အလို့ငှာသာ ရေးသား တင်ပြအပ်ပါသည်။ ပဋ္ဌာန်းတရားတော်၌ ကျွမ်းကျင်သူများအဖို့ အရကောက်ကျမ်း အမျိုးမျိုးနှင့် ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ မွေ့နှောက်ကြည့်ပါက ဤအထက်တွင် တင်ပြထားသော ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ သဘောတရားများကို အလွယ်တကူ တွေ့ရှိနိုင်-သဖြင့် ကျမ်းလေးမူ ဂန္ထ ဂရု ဒေါသ အပြစ်ကို ရှောင်ရှားလျက် ကျမ်းကိုး ကျမ်းကားများကို မဖော်ပြခြင်း

ဖြစ်သည်။ ဤအပိုင်းကို အထူးသဖြင့် ကျေးဇူးတော်ရှင် **အဘိဓဇ မဟာရဋ္ဌဂုရု သက်တော်ရှည် မစိုးရိမ် ဆရာတော်ဘုရားကြီး၏** —

၁။ ပဋ္ဌာန်းအရကောက် အကျဉ်းချုပ်,

၂။ ပဋ္ဌာန်းသင်နည်း အကျဉ်းချုပ် —

ဤကျမ်းစာ (၂) စောင်တို့၌ လာရှိသော ပဋ္ဌာန်းသင်နည်း မှတ်ချက်များကို မှီငြမ်း ကိုးကား၍ ရေးသား တင်ပြထားပါသည်။

## အသမ္မောဟ သမ္ပဇဉ်ဉာဏ်ကို ရရှိရန်

ဧဝမေတ္ထ ခန္ဓာယတနဓာတုပစ္စယပစ္စဝေက္ခဏာဝသေနပိ အသမ္မောဟသမ္ပဇည် ဝေဒိတဗ္ဗံ။
(ဒီ-ဋ္ဌ-၁-၁၇၅-၁၇၆။ မ-ဋ္ဌ-၁-၂၆၈။ သံ-ဋ္ဌ-၃-၂၂၈။ အဘိ-ဋ္ဌ-၂-၃၄၂။)

ဤအသမ္မောဟသမ္ပဇဉ်ပိုင်းဝယ် — သွား - ရပ် - ထိုင် - လျောင်း ဟူသော ဣရိယာပထအခိုက်, ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်းစသော သမ္ပဇဉ်ပိုင်းဆိုင်ရာ ထိုထိုအခိုက်အတန့်တို့၌ —

၁။ ခန္ဓာ (၅)ပါးနည်း,

၂။ အာယတန (၁၂)ပါးနည်း,

၃။ ဓာတ် (၁၈)ပါးနည်း,

၄။ ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံကို ဆင်ခြင်နည်း —

ဤသို့သော နည်းလမ်းများ၏ အစွမ်းဖြင့်လည်း အသမ္မောဟသမ္ပဇဉ်ဉာဏ်ကို ရရှိအောင် ကြိုးစားအားထုတ်ရန် အဋ္ဌကထာကြီးများက ညွှန်ကြားထားတော်မူကြ၏။ ဤညွှန်ကြားချက်များနှင့်အညီ **အသမ္မောဟသမ္ပဇဉ်ဉာဏ်**ကို ရရှိရန်အတွက် ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ နည်းလမ်းဖြင့် အကြောင်းတရားတို့ကို ဆင်ခြင်ပုံ သိမ်းဆည်းပုံ နည်းစနစ်များကို ပဋ္ဌာန်းဒေသနာတော်နည်းအားဖြင့် ဉာဏ်ကွန့်မြူးလိုသူ သူတော်ကောင်းများ အတွက် ရည်ရွယ်၍ ဤ**ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံအပိုင်း**ကို ရေးသားတင်ပြထားပေသည်။

ဤအပိုင်းကို လေ့လာလိုသော အသင် သူတော်ကောင်းသည် ပဋ္ဌာန်း ပစ္စယနိဒ္ဒေသပိုင်း ပါဠိတော်ကို လည်းကောင်း, ယင်းပါဠိတော်၏ မြန်မာပြန်အနက်ကိုလည်းကောင်း, ယင်းပါဠိတော်၏ ဆိုလိုရင်း အနက် အဓိပ္ပါယ် အရကောက်ကိုလည်းကောင်း, အထက်တွင် ရေးသားတင်ပြခဲ့သော ပဋ္ဌာန်းနှစ်ချက်စုကိုလည်းကောင်း အလွတ်ရအောင် လေ့ကျက်ထားဖို့ လိုအပ်ပေသည်။ သို့မှသာလျှင် ပဋ္ဌာန်းပစ္စည်းဆက်သွယ်ပုံ ကြောင်း-ကျိုး ဆက်နွယ်မှု သဘောတရားကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်နိုင်မည် ဖြစ်ပေသည်။ မဟာသန္တိသုခ အငြိမ်းဓာတ် အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကြီးကို ရည်သန်တောင့်တလျက်ရှိကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် ပဋ္ဌာန်းဒေသနာတော်မြတ်၏ ကြောင်း-ကျိုးဆက်နွယ်မှု သဘောတရားတို့၌ ဉာဏ်ကွန့်မြူး စမွယ်နိုင်ကြပါစေကုန်သောဝ် . . . ။

## ဓမ္မဋ္ဌိတိဉာဏ်

ဣတိ ဣမေ စတုသင်္ခေပေ တယော အဒ္ဓေ ဝီသတိယာ အာကာရေဟိ တိသန္ဓိံ ပဋိစ္စသမုပ္ပါဒံ ဇာနာတိ ပဿတိ အညာတိ ပဋိဝိဇ္ဈတိ၊ တံ ဉာတဋ္ဌေန ဉာဏံ၊ ပဇာနနဋ္ဌေန ပညာ၊ တေန ဝုစ္စတိ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ။ (ပဋိသံ - ၅၁။)

= ဤသို့လျှင် ဤအလွှာ (၄) ပါး, အဓွန့်ကာလ (၃) ပါး, အစပ် (၃) ပါးရှိသော ကြောင်း-ကျိုးဆက် ပဋိစ္စ-သမုပ္ပါဒ်သဘောတရားကို ခြင်းရာ (၂၀)တို့နှင့် အတူတကွ သိ၏ မြင်၏ အပိုင်းအခြားဖြင့် သိ၏ ထိုးထွင်း၍ သိ၏၊ ထိုဉာဏ်သည် သိတတ်သော အနက်သဘောကြောင့် ဉာဏ် မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် = ကွဲကွဲပြားပြား (ဂဃနဏ) သိတတ်သော အနက်သဘောကြောင့် ပညာ မည်၏။ ထိုကြောင့် အကြောင်းတရားတို့ကို သိမ်းဆည်းခြင်း ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း၌ ဖြစ်သော ပညာကို **ဓမ္မဋ္ဌိတိဉာဏ်** ဟူ၍ ခေါ်ဆိုအပ်ပေသည်။ (ပဋိသံ -၅၁။)

**ဓမ္မဋ္ဌိတိဉာဏ**န္တိ ပစ္စယာကာရေ ဉာဏံ။ (သံ-ဋ္ဌ-၂-၆၃။)

**ဓမ္မဋ္ဌိတိဉာဏ**န္တိ ဝိပဿနာဉာဏံ။ (သံ-ဋ္ဌ-၂-၁၁၇။)

ပစ္စယာကာရ အမည်ရသော အကြောင်းတရားတို့ကို အစွဲပြု၍ အကျိုးတရားတို့၏ဖြစ်ပုံ အခြင်းအရာ-သည် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်ခြင်း တည်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ယင်းပစ္စယာကာရကို ဓမ္မဋ္ဌိတိဟူ၍ ဆိုအပ်၏။ ဤပစ္စယာကာရ၌ ထွင်းဖောက် သိမြင်တတ်သော ဉာဏ်သည် ဓမ္မဋ္ဌိတိဉာဏ် မည်၏။ (သံ-ဋ္ဌ-၂-၆၃။ ဒုတိယဉာဏဝတ္ထုသုတ်။)

ဓမ္မာနံ ဋ္ဌိတတာ တံသဘာဝတာ ဓမ္မဋ္ဌိတိ၊ အနိစ္စဒုက္ခာနတ္တတာ၊ တတ္ထ ဉာဏံ **ဓမ္မဋ္ဌိတိဉာဏ**န္တိ အာဟ **"ဝိပဿနာဉာဏ"**န္တိ။ (သံ-ဋီ-၂-၁၂၄။)

သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာ၌ တည်နေမှုသဘောကား မိမိတို့၏ သဘာဝအတိုင်း တည်နေမှု ဓမ္မဋ္ဌိတိပင်တည်း။ ထိုအနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တ အခြင်းအရာအတိုင်း တည်နေကြကုန်သော သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တ အခြင်းအရာကို ထွင်းဖောက် သိမြင်လျက် ထိုအခြင်းအရာ၌ တည်နေသော ဝိပဿနာဉာဏ်သည်လည်း **ဓမ္မဋ္ဌိ-တိဉာဏ်** မည်၏။ (သံ-ဋ္ဌ-၂-၁၁၇။ သံ-ဋီ-၂-၁၂၄။)

## သုသိမပရိဗ္ဗာဇကသုတ္တန်

အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးတို့၏ အတွင်း၌ တည်ရှိသော ဥပါဒါနက္ခန္ဓာ (၅) ပါးတို့ကိုလည်းကောင်း, အတိတ် ပစ္စုပ္ပန် အနာဂတ်ဟူသော ကာလသုံးပါးကို ကွင်းဆက်၍ ဟောကြားထား-တော်မူသော ကြောင်း-ကျိုး-ဆက် = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် ရှု၍ ရသော ထင်ရှားသော ရှေးထုံးဟောင်းတစ်ရပ်ကို ဤတွင် ဆက်လက်၍ တင်ပြအပ်ပါသည်။ သံယုတ်ပါဠိတော် ပထမတွဲ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ (၃၄၀-၃၄၈) တို့၌ **သုသိမပရိဗ္ဗာဇက သုတ္တန်** လာရှိပေသည်။ ထိုသုတ္တန်၏ ဆိုလိုရင်း အကျဉ်းချုပ်မှာ ဤသို့ ဖြစ်၏။

ဝေဠုဝန်ကျောင်းတိုက်တော်၌ ဘုရားရှင် သီတင်းသုံးစံနေတော်မူခိုက်ဝယ် သာသနာတော်တွင်းသို့ ရောက်သစ်စသာ ဖြစ်သေးသော အရှင်သုသိမကိုယ်တော်မြတ်သည် ဘုရားရှင်၏ ထံတော်မှောက်၌ အရဟတ္တ-

ဖိုလ်ကို ကြားလျှောက်တော်မူကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့၏ထံသို့ ချဉ်းကပ်၍ ဤသို့ သိကုန် ဤသို့ မြင်ကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့အား အဘိညာဏ် အမျိုးမျိုးနှင့် လောကီဈာန်သမာပတ်တို့ကို ရရှိကြသည် မရရှိကြသည်ဟူသော အချက်တို့ကို အသေးစိတ် လျှောက်ထား မေးမြန်းတော်မူ၏၊ ရဟန္တာအရှင်မြတ်ကြီး-တို့ကလည်း မိမိတို့သည် ဈာန်အဘိညာဏ်တို့ကို မရရှိကြောင်း, ပညာစခန်းဖြင့်သာ ကိလေသာတို့မှ လွတ်-မြောက်လာကြသည့် ပညာဝိမုတ္တပုဂ္ဂိုလ်တို့ဖြစ်ကြောင်းကို အဖြေပေးတော်မူကြ၏။

ထိုရဟန္တာအရှင်မြတ်ကြီးတို့၏ အကျဉ်းချုပ် ဖြေကြားချက်ဖြင့် နားမလည်နိုင်သဖြင့် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ထိုရဟန္တာမထေရ်မြတ်ကြီးတို့နှင့် မိမိ၏ ဆွေးနွေးချက်ဟူသမျှကို အကုန်အစင် ဘုရားရှင်အား တင်ပြ လျှောက်ထားတော်မူ၏၊ ထိုအခါ ဘုရားရှင်က —

ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ။ (သံ-၁-၃၄၄။)

သုသိမ . . . သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာ၌ တည်သော ဓမ္မဋ္ဌိတိဉာဏ် အမည်ရသော ဝိပဿနာဉာဏ်သည် ရှေးဦး ဖြစ်၏။ နိဗ္ဗာန်ကို သိမြင်သော အရိယမဂ်ဉာဏ်သည် နောက်မှ ဖြစ်၏။ (သံ-၁-၃၄၄။)

ဤကဲ့သို့သော ဘုရားရှင်၏ အကျဉ်းချုပ် အဖြေဖြင့် နားမလည်နိုင်သဖြင့် မိမိ နားလည်နိုင်လောက်သော အခြင်းအရာအားဖြင့် တရားတော်ကို ဟောကြားပြသ ဆိုဆုံးမပေးတော်မူပါရန် အရှင်သုသိမက ဘုရားရှင်အား တင်ပြ လျှောက်ထားသောအခါ ဘုရားရှင်က ဤသို့ မိန့်တော်မူ၏။ —

အာဇာနေယျာသိ ဝါ တွံ သုသိမ၊ န ဝါ တွံ အာဇာနေယျာသိ။ အထ ခေါ ဓမ္မဋ္ဌိတိဉာဏံ ပုဗ္ဗေ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ။ (သံ-၁-၃၄၄။)

ချစ်သား သုသိမ . . . သင်သိမူလည်း သိပါစေ၊ သင်မသိမူလည်း မသိပါစေ၊ စင်စစ်မှာမူ — သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ၌ ကောင်းစွာ တည်သော ဓမ္မဋ္ဌိတိ အမည်ရသော ဝိပဿနာ-ဉာဏ်သည် ရှေးဦး ဖြစ်၏။ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိမြင်သော အရိယမဂ်ဉာဏ်သည် နောက်မှ ဖြစ်၏။ (သံ-၁-၃၄၄။)

## ဆိုလိုရင်းသဘောတရား

**အာဇာနေယျာသိ ဝါ**တိအာဒိ ကသ္မာ ဝုတ္တံ? ဝိနာပိ သမာဓိံ ဧဝံ ဉာဏုပ္ပတ္တိဒဿနတ္ထံ။ ဣဒံ ဟိ ဝုတ္တံ ဟောတိ — သုသိမ မဂ္ဂေါ ဝါ ဖလံ ဝါ န သမာဓိနိဿန္ဒော, န သမာဓိအာနိသံသော, န သမာဓိဿ နိပ္ဖတ္တိ၊ ဝိပဿနာယ ပနေသော နိဿန္ဒော, ဝိပဿနာယ အာနိသံသော, ဝိပဿနာယ နိပ္ဖတ္တိ၊ တသ္မာ ဇာနေယျာသိ ဝါ တွံ, န ဝါ တွံ ဇာနေယျာသိ၊ အထ ခေါ ဓမ္မဋ္ဌိတိဉာဏံ ပုဗ္ဗေ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏန္တိ။ (သံ-ဋ္ဌ-၂-၁၁၇။)

**ဝိနာပိ သမာဓိန္တိ** သမထလက္ခဏပ္ပတ္တံ ပုရိမသိဒ္ဓံ "ဝိနာပိ သမာဓိ"န္တိ ဝိပဿနာယာနိကံ သန္ဓာယ ဝုတ္တံ။ ပ။ **န သမာဓိဿ နိဿန္ဒော** အနုပုဗ္ဗဝိဟာရာ ဝိယ။ **န သမာဓိအာနိသံသော** လောကိယာဘိညာ ဝိယ။ **န သမာဓိဿ နိပ္ဖတ္တိ** သဗ္ဗဘဝဂ္ဂံ ဝိယ။ ဝိပဿနာယ နိပ္ဖတ္တိ မဂ္ဂေါ ဝါ ဖလံ ဝါတိ ယောဇနာ။ (သံ-ဋီ-၂-၁၂၅။)

= သမထလက္ခဏာသို့ ဆိုက်ရောက်နေသော အပ္ပနာဈာန်သမာဓိနှင့် ကင်း၍သော်လည်း အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်၏ ဖြစ်ခြင်းကို ထင်ရှား ပြတော်မူခြင်း အကျိုးငှာ အထက်ပါ စကားရပ်ကို သုသိမ ရဟန်းတော်အား ဘုရားရှင်က မိန့်ကြားတော်မူခြင်း ဖြစ်၏။ ယင်းပါဠိတော်၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။ —

ချစ်သား သုသိမ . . . သမာပတ် (၈)ပါးတည်းဟူသော ဈာန်သမထနှင့် ယင်းဈာန်နာမ်တရားတို့ကို လက္ခဏာရေးတင်ကာ ရှုပွားသုံးသပ်ခြင်း ဝိပဿနာကို ယှဉ်စုံကလျက် ယုဂနဒ္ဓနည်းအားဖြင့် အစဉ်အတိုင်း ဝင်စားအပ်သော အနုပုဗ္ဗဝိဟာရ အမည်ရသော နိရောဓသမာပတ်သည် အပ္ပနာဈာန်သမာဓိ၏ အကျိုးဆက် ဖြစ်သကဲ့သို့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်သည်ကား အပ္ပနာဈာန်သမာဓိ၏ အကျိုးဆက် မဟုတ်ပေ။ လောကီ အဘိညာဉ်သည် အပ္ပနာဈာန်သမာဓိ၏ အကျိုးအာနိသံသ ဖြစ်သကဲ့သို့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်သည် အပ္ပနာဈာန်သမာဓိ၏ အကျိုးအာနိသံသလည်း မဟုတ်ပေ။ ဘဝဂ္ဂ အမည်ရသော ဗြဟ္မာ့ဘုံသည် အပ္ပနာဈာန် သမာဓိကြောင့် ပြီးစီးဖြစ်ပေါ်လာရသကဲ့သို့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်သည် အပ္ပနာဈာန်သမာဓိကြောင့် ပြီးစီး ဖြစ်ပေါ်လာရသည်လည်း မဟုတ်ပေ။ ဤအရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ဓမ္မဋ္ဌိတိ အမည်ရသော ဝိပဿနာ-ဉာဏ်၏ အကျိုးဆက် ဖြစ်၏။ ဝိပဿနာဉာဏ်၏ အကျိုးအာနိသံသ ဖြစ်၏၊ ဝိပဿနာဉာဏ်ကြောင့် ပြီးစီး ဖြစ်ပေါ်လာရ၏။ ထိုကြောင့် သင်သည် သိမူလည်း သိပါစေ၊ သင် မသိမူလည်း မသိပါစေ၊ စင်စစ်မှာမူ သင်္ခါရ-တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ၌ ကောင်းစွာတည်သော ဓမ္မဋ္ဌိတိ အမည်ရသော ဝိပဿနာဉာဏ်-သည် ရှေးဦး ဖြစ်၏၊ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိမြင်သော အရိယမဂ်ဉာဏ်သည် နောက်မှဖြစ်၏။ — ဤသို့ ဆိုလို၏။ (သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ကို ရည်ညွှန်း၍ ဘုရားရှင်က မိန့်ကြားတော်မူခြင်း ဖြစ်၏။)

ထိုသို့ ရှင်းပြပြီးနောက် ဘုရားရှင်သည် အရှင်သုသိမအား တေပရိဝဋ္ဋဓမ္မ ဒေသနာနည်းဖြင့် အရဟတ္တ-ဖိုလ်ပေါက် ချေချွတ်တော်မူ၏။

ခန္ဓာ (၅)ပါးတို့ကို ခန္ဓာတစ်ပါး တစ်ပါးစီ၌ အနိစ္စတစ်ကျော့, ဒုက္ခတစ်ကျော့, အနတ္တတစ်ကျော့ အမေး အဖြေ ပြုလုပ်ပြီးမှ — အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက-ဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဉ် အသီးအသီးကို လက္ခဏာရေး သုံးတန်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ရန် ညွှန်ကြားတော်မူသော ဒေသနာတော်များကို တေပရိဝဋ္ဋဓမ္မ ဒေသနာဟု ခေါ်၏၊ အနတ္တလက္ခဏသုတ္တန်ကဲ့သို့သော သုတ္တန်များတည်း။

အရှင်သုသိမ ကိုယ်တော်မြတ်ကလည်း ဘုရားရှင် ဟောကြားပြသတော်မူသည့် ဒေသနာတော်စဉ်နောက်သို့ ဉာဏ်ကို စေလွှတ်၍ ဘုရားရှင်၏ တရားတော်ကို နာယူရင်း — အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက — ဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာ (၅)ပါးတို့ကို ဘုရားရှင် ဟောကြားတော်မူသည့် အတိုင်း (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ခန္ဓာတစ်ပါး တစ်ပါး၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် (၃) ချက် တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်တော်မူရာ ထိုတေပရိဝဋ္ဋဓမ္မ ဒေသနာတော်၏ အဆုံး၌ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားတော်-မူလေသည်။

တေပရိဝဋ္ဋဒေသနာဝသာနေ ပန ထေရော အရဟတ္တံ ပတ္တော။ (သံ-ဌ-၂-၁၁၇။)

ထိုနောင် ဘုရားရှင်က အရှင်သုသိမအား အောက်ပါ မေးခွန်းများကို ဆက်လက် မေးမြန်းတော်မူ၏။ အရှင်သုသိမ ကိုယ်တော်မြတ်ကလည်း မေးတိုင်း ဖြေကြားတော်မူ၏။ ယင်းအမေးအဖြေတို့တွင် အချို့ကို ဤတွင် ကောက်နုတ်၍ တင်ပြအပ်ပါသည်။

“ဇာတိပစ္စယာ ဇရာမရဏ”န္တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။ “ဘဝပစ္စယာ ဇာတီ”တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။ “ဥပါဒါနပစ္စယာ ဘဝေါ”တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။ “တဏှာပစ္စယာ ဥပါဒါန”န္တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။ “ဝေဒနာပစ္စယာ တဏှာ”တိ။ “ဖဿပစ္စယာ ဝေဒနာ”တိ။ “သဠာယတနပစ္စယာ

ဖသော”တိ။ “နာမရူပပစ္စယာ သဠာယတန”န္တိ။ “ဝိညာဏပစ္စယာ နာမရူပ”န္တိ။ “သင်္ခါရပစ္စယာ ဝိညာဏ”န္တိ။ “အဝိဇ္ဇာပစ္စယာ သင်္ခါရာ”တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။

“ဇာတိနိရောဓာ ဇရာမရဏနိရောဓော”တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။“ဘဝနိရောဓာ ဇာတိ-နိရောဓော”တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။ “ဥပါဒါနနိရောဓာ ဘဝနိရောဓော”တိ။ “တဏှာနိရောဓာ ဥပါဒါနနိရောဓော”တိ။ “ဝေဒနာနိရောဓာ တဏှာနိရောဓော”တိ။ “ဖဿနိရောဓာ ဝေဒနာနိရောဓော” တိ။ “သဠာယတနနိရောဓာ ဖဿနိရောဓော”တိ။ “နာမရူပနိရောဓာ သဠာယတနနိရောဓော”တိ။ “ဝိညာဏနိရောဓာ နာမရူပနိရောဓော”တိ။ “သင်္ခါရနိရောဓာ ဝိညာဏနိရောဓော”တိ။ “အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော”တိ သုသိမ ပဿသီတိ။ ဧဝံ ဘန္တေ။ (သံ-၁-၃၄၅-၃၄၆။ )

သုသိမ . . . ဇာတိ အကြောင်းခံကြောင့် ဇရာမရဏ ဖြစ်၏ဟု သိမြင်ပါသလော။ သိမြင်ပါသည် အရှင်ဘုရား။

သုသိမ . . . ဘဝ အကြောင်းခံကြောင့် ဇာတိ ဖြစ်၏ဟု သိမြင်ပါသလော။ သိမြင်ပါသည် အရှင်ဘုရား။
သုသိမ . . . ဥပါဒါန် အကြောင်းခံကြောင့် ဘဝ ဖြစ်၏ဟု သိမြင်ပါသလော။ သိမြင်ပါသည် အရှင်ဘုရား။
သုသိမ . . . တဏှာ အကြောင်းခံကြောင့် ဥပါဒါန် ဖြစ်၏ဟု သိမြင်ပါသလော။ သိမြင်ပါသည် အရှင်ဘုရား။
သုသိမ . . . ဝေဒနာ အကြောင်းခံကြောင့် တဏှာ ဖြစ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . ဖဿ အကြောင်းခံကြောင့် ဝေဒနာ ဖြစ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . သဠာယတန အကြောင်းခံကြောင့် ဖဿ ဖြစ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . နာမ်ရုပ် အကြောင်းခံကြောင့် သဠာယတန ဖြစ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . ဝိညာဏ် အကြောင်းခံကြောင့် နာမ်ရုပ် ဖြစ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . သင်္ခါရ အကြောင်းခံကြောင့် ဝိညာဏ် ဖြစ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . အဝိဇ္ဇာ အကြောင်းခံကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏ဟု သိမြင်ပါသလော။ သိမြင်ပါသည် အရှင်ဘုရား။

သုသိမ . . . ဇာတိ ချုပ်ခြင်းကြောင့် ဇရာမရဏ ချုပ်၏ဟု သိမြင်ပါသလော။ သိမြင်ပါသည် အရှင်ဘုရား။
သုသိမ . . . ဘဝ ချုပ်ခြင်းကြောင့် ဇာတိ ချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . ဝေဒနာ ချုပ်ခြင်းကြောင့် တဏှာ ချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . သဠာယတန ချုပ်ခြင်းကြောင့် ဖဿ ချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . နာမ်ရုပ် ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . ဝိညာဏ် ချုပ်ခြင်းကြောင့် နာမ်ရုပ် ချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . သင်္ခါရ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏ဟု သိမြင်ပါသလော ။ ပ ။
သုသိမ . . . အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရတို့ ချုပ်ကုန်၏ဟု သိမြင်ပါသလော။ သိမြင်ပါသည် အရှင်ဘုရား။

ထိုနောင် ဘုရားရှင်က — သုသိမ . . . ဤသို့ သိသော ဤသို့ မြင်သော သင်သည် တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းနိုင်ပါသလောစသည်ဖြင့် အဘိညာဏ်များ ဈာန်သမာပတ်များကို ရရှိမှု ရှိ-မရှိကို ဆက်လက်၍ အသီးအသီး မေးတော်မူ၏။ ထိုအခါ ရဟန္တာဖြစ်စ သုသိမအရှင်မြတ်ကလည်း အဘိညာဏ်အမျိုးမျိုးနှင့် ဈာန်သမာပတ်တို့ကို မရရှိကြောင်း အသီးအသီး ဖြေကြား လျှောက်ထားတော်မူ၏။ ထိုအခါ ဘုရားရှင်က —

သုသိမ . . . ဤအဘိညာဏ်နှင့် ဈာန်သမာပတ်တို့သို့လည်း မရောက်ဘဲလျက် ဤကြောင်း-ကျိုးဆက်-နွယ်မှု ပဋ္ဌိစ္စသမုပ္ပါဒ်သဘောတရားတို့ကိုလည်း အနုလုံ ပဋိလုံအားဖြင့် ဖြစ်မှု (= သံသရာစက်ရဟတ် လည်ပတ်မှု) ချုပ်မှု (= သံသရာစက်ရဟတ် ရပ်စဲချုပ်ငြိမ်းမှု)တို့ကို သိပါကြောင်း ဖြေကြားချက်သည် အသို့ပါနည်းဟု မေးမြန်း-တော်မူ၏။

ထိုအခါတွင် အရှင်သုသိမ ရဟန္တာမထေရ်မြတ်သည် တရားခိုးရန်ဟူသော ဦးတည်ချက်ဖြင့် သာသနာ-တော်တွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်းပြုမိလာသော မိမိ၏ မိုက်ပြစ်များကို ဘုရားရှင်အား ဝန်ချတောင်းပန် ကန်တော့လေသည်။ (အကျယ်ကို – သံ-၁-၃၄၀-၃၄၈-၌ ကြည့်ပါ။)

ဤသုတ္တန်တွင် ကြောင်း-ကျိုးဆက် = ပဋ္ဌိစ္စသမုပ္ပါဒ် သဘောတရားတို့ကို ဖြစ်စဉ် ချုပ်စဉ် နှစ်မျိုးလုံးဖြင့် = အနုလုံ ပဋိလုံအားဖြင့် အပြန်အလှန် အစအဆုံး သိတော်မူသော အရှင်သုသိမကား အဘိညာဏ် (၅)ပါးနှင့် ဈာန်သမာပတ် (၈)ပါးတို့ကို မရရှိပါကြောင်းကို သူကိုယ်တိုင် ဘုရားရှင်၏ မျက်မှောက်တော်၌ ဝန်ခံစကား လျှောက်ကြားခဲ့ပေသည်။ ထိုကြောင့် ကြောင်း-ကျိုးဆက် = ပဋ္ဌိစ္စသမုပ္ပါဒ် သဘောတရားတို့ကို ရှုခြင်းသည် ဈာန်အဘိညာဏ်တို့ကို မရရှိသော သုက္ခဝိပဿကပုဂ္ဂိုလ်များလည်း ရှု၍ ရနိုင်သော အရာဌာနမျိုးသာ ဖြစ်သည်ဟု ယုံကြည်စိတ်ချစွာ နာယူ မှတ်သားထားလေရာသည် သူတော်ကောင်းအပေါင်းတို့ . . . .

## နိဿယဆရာတော်များ၏ သုံးသပ်ချက်

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်နိဿယသစ်ကို ပြုစီရင်တော်မူကြကုန်သော ဆရာတော်ဘုရားကြီးများက ကျမ်းဦးမှတ်ဖွယ် အပိုင်း (၄)တွင် **“ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်”**ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါ သုံးသပ်ချက်ကို တင်ပြထားတော်မူကြ၏။ —

ဤပဋ္ဌိစ္စသမုပ္ပါဒ် တရားသဘောကို မြတ်စွာဘုရားက တည်ထောင်ဖန်တီးထားသည် မဟုတ်၊ ဘုရား ပွင့်တော်မူသည် ဖြစ်စေ ပွင့်တော်မမူသည် ဖြစ်စေ ဤတရားသဘောသည် ရှိနေသည်သာ ဖြစ်၏။ သို့သော် ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်တော်မူသော အခါမှသာလျှင် ထိုဘုရားရှင်တို့၏ ဖော်ထုတ် ဟောကြားမှုကြောင့် ဤတရားတော်ကို သတ္တဝါတို့ သိရှိခွင့် ရကြသည်။ အကယ်၍ ဘုရားပွင့်တော်မမူသော်လည်းကောင်း, ဘုရား ပွင့်တော်မူသော်လည်း တရားတော်ကို မနာယူရသော်လည်းကောင်း, တရားတော်ကို နာယူရသော်လည်း သဿ-တဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဝါဒဆိုးကြီးများကို စွဲလမ်း ဆုပ်ကိုင်ထားသော်လည်းကောင်း ဤပဋ္ဌိစ္စသမုပ္ပါဒ်သဘောတရား-ကို သိရှိနားလည်နိုင်ကြမည် မဟုတ်ပါ။

ဤပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်သည် နက်ယောင်နဲ့ နက်၏၊ ခက်ယောင်နဲ့ ခက်၏၊ ဤတရားတော်ကို “လွယ်သည် တိမ်သည်”ဟု ပြောသော ရှင်အာနန္ဒာအား မြတ်စွာဘုရားက “မာဟေဝံ အာနန္ဒ = အာနန္ဒာ ဒီလို မပြောနဲ့”ဟု တားမြစ်တော်မူခဲ့လေသည်။ မည်မျှပင် အသိခက်၍ နက်နဲငြားသော်လည်း ဤပဋ္ဌိစ္စသမုပ္ပါဒ်တရား-တော်ကို ပိုင်းခြား၍ မသိဘဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည် မဟုတ်ချေ။ ဤတရားကို မသိဘဲ သမဏ

ပြဟ္မဏဟု အခေါ်မခံထိုက်ချေ။ ပွင့်တော်မူပြီး ပွင့်တော်မူဆဲ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့သည် ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကို ပိုင်းခြား၍ သိတော်မူကြခြင်းကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ရောက်တော်မူဆဲ ရောက်တော်မူလတ္တံ့ ဖြစ်ကြသည်။ သတ္တဝါအပေါင်းသည် ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကို ပိုင်းခြား၍ မသိသေးသမျှ ကာလပတ်လုံး သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော ချောက်ကြီးတစ်ခုခု အတွင်းသို့ ကျရောက်ကာ ဆင်းရဲဒုက္ခအပေါင်းကို ခံစားနေကြရဦးမည်သာ ဖြစ်၏။ ထိုကြောင့် သံသရာဝဋ်ဒုက္ခမှ လွတ်-မြောက်လိုသူတို့သည် ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကို ထိုးထွင်းသိနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်ကြောင်းကို နိဒါနသံယုတ်၌ ဟောတော်မူခဲ့သည်။ (နိဒါနဝဂ္ဂသံယုတ် ပါဠိတော်နိဿယ ကျမ်းဦးမှတ်ဖွယ် — ၎။)

## ယုံမှားခြင်း ဝိစိကိစ္ဆာတရား (၁၆) ပါးကို ပယ်နိုင်သည်

သော ဧဝံ ပစ္စယတော နာမရူပဿ ပဝတ္တိံ ဒိသွာ ယထာ ဣဒံ ဧတရဟိ၊ ဧဝံ အတီတေပိ အဒ္ဓါနေ ပစ္စယတော ပဝတ္တိတ္ထ၊ အနာဂတေပိ ပစ္စယတော ပဝတ္တိဿတီတိ သမနုပဿတိ။

တဿေဝံ သမနုပဿတော ယာ သာ ပုဗ္ဗန္တံ အာရဗ္ဘ — "အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ, နနု ခေါ အဟောသိံ အတီတမဒ္ဓါနံ, ကိံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ, ကထံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ, ကိံ ဟုတွာ ကိံ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါန"န္တိ ပဉ္စဝိဓာ ဝိစိကိစ္ဆာ ဝုတ္တာ၊

ယာပိ အပရန္တံ အာရဗ္ဘ —" ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ, နနု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ, ကိံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ, ကထံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ, ကိံ ဟုတွာ ကိံ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါန"န္တိ ပဉ္စဝိဓာ ဝိစိကိစ္ဆာ ဝုတ္တာ၊

ယာပိ ပစ္စုပ္ပန္နံ အာရဗ္ဘ —"ဧတရဟိ ဝါ ပန ပစ္စုပ္ပန္နံ အဒ္ဓါနံ အဇ္ဈတ္တံ ကထံ ကထီ ဟောတိ — အဟံ နု ခေါသ္မိ, နော နု ခေါသ္မိ, ကိံ နု ခေါသ္မိ, ကထံ နု ခေါသ္မိ, အယံ နု ခေါ သတ္တော ကုတော အာဂတော, သော ကုဟိံ ဂါမီ ဘဝိဿတီ"တိ ဆဗ္ဗိဓာ ဝိစိကိစ္ဆာ ဝုတ္တာ၊ သာ သဗ္ဗာပိ ပဟီယတိ။ (ဝိသုဒ္ဓိ-၂-၂၃၄။)

**ပဝတ္တိံ ဒိသွာ**တိ ဧတရဟိ ပဝတ္တိံ ဒိသွာ။ **ဧဝ**န္တိ ဣမိနာ န ကေဝလံ သပ္ပစ္စယတာမတ္တမေဝ ပစ္စာမဋ္ဌံ၊ အထ ခေါ ယာဒိသေဟိ ပစ္စယေဟိ ဧတရဟိ ပဝတ္တတိ၊ တာဒိသေဟိ အဝိဇ္ဇာဒိပစ္စယေဟေဝ အတီတေပိ ပဝတ္တိတ္ထာတိ ပစ္စယသဒိသတာပိ ပစ္စာမဋ္ဌာတိ ဒဋ္ဌဗ္ဗံ။ (မဟာဋီ-၂-၃၇၃။)

= ထိုယောဂါဝစရရဟန်းတော်သည် ဤသို့ အတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ - စသော အကြောင်းတရားကြောင့် ဤယခု ပစ္စုပ္ပန်ဘဝ၌ နာမ်ရုပ်၏ ဖြစ်ခြင်းကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီး၍ — ဤနာမ်ရုပ်သည် ဤယခု ပစ္စုပ္ပန်ဘဝ၌ အတိတ်က ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာစသော အကြောင်းတရားကြောင့် ထင်ရှား ဖြစ်ပေါ်လာရသကဲ့သို့ — ဤအတူ အတိတ်ဖြစ်သော အခွန့်ကာလ၌လည်း ဤနာမ်ရုပ်သည် (ဆိုင်ရာ ဆိုင်ရာ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော) အဝိဇ္ဇာစသော အကြောင်းတရားကြောင့် ဖြစ်ခဲ့လေပြီ။ နောင် အနာဂတ် အခွန့်ကာလ၌လည်း (ပစ္စုပ္ပန်ဘဝ၌ ပြုစုပျိုးထောင်ထားသော သို့မဟုတ် ဆိုင်ရာ အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ထားခဲ့သော) အဝိဇ္ဇာစသော အကြောင်းတရားကြောင့် ဤနာမ်ရုပ်သည် ဖြစ်ပေလတ္တံ့ဟု သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် အဖန်တလဲလဲ ရှု၏။

ဤသို့ အဖန်တလဲလဲ ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ အတိတ်ဖြစ်သော ခန္ဓာအစဉ် ကောဋ္ဌာသကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ယုံမှားခြင်း ဝိစိကိစ္ဆာ တရား (၅)ပါး၊

၂။ အနာဂတ်ဖြစ်သော ခန္ဓာအစဉ် ကောဋ္ဌာသကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ယုံမှားခြင်း ဝိစိကိစ္ဆာ တရား (၅)ပါး၊

၃။ ပစ္စုပ္ပန်ဖြစ်သော ခန္ဓာအစဉ် ကောဋ္ဌာသကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ယုံမှားခြင်း ဝိစိကိစ္ဆာ တရား (၆)ပါး၊

ဤ (၁၆)မျိုးသော ယုံမှားခြင်း ဝိစိကိစ္ဆာတရားကို ပယ်ရှားနိုင်၏။

ဤ (၁၆)မျိုးသော ယုံမှားခြင်း ဝိစိကိစ္ဆာတရားတို့ကို ဘုရားရှင်သည် ဟောကြားထားတော်မူခဲ့၏။ မူလပဏ္ဏာသပါဠိတော် သဗ္ဗာသဝသုတ္တန် (မ-၁-၁၀။)၌ လာရှိ၏။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်၏။

အတိတ် ဖြစ်သော ခန္ဓာအစဉ် အဖို့အစု = ကောဋ္ဌာသကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ယုံမှားခြင်း ဝိစိကိစ္ဆာတရား (၅) မျိုးရှိ၏။ —

၁။ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ = ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်ခဲ့ဖူးလေ- သလော။

၂။ နနု ခေါ အဟောသိံ အတီတမဒ္ဓါနံ = ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ မဖြစ်ခဲ့ဖူးလေသလော။

[**မှတ်ချက် —** သဿတာကာရ = အတ္တဟု ဆိုအပ်သော မိမိသည် မြဲ၏ဟု စွဲယူသော သဿတအခြင်း- အရာကို အမှီပြု၍ —"ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ ဖြစ်ခဲ့ဖူးလေသလော"— အတိတ်ကာလ၌ မိမိဟု ဆိုအပ်သော အတ္တ၏ သို့မဟုတ် မိမိ၏ ထင်ရှားရှိမှုကို ယုံမှားသံသယ ရှိ၏။ ။ အဓိစ္စသမုပ္ပတ္တိအာကာရ = အတ္တဟုဆိုအပ်သော မိမိသည် အကြောင်းမရှိဘဲ သူ့အလိုအလျောက် သက်သက် ဖြစ်ပေါ်လာ၏ = သဘာဝ ဓမ္မတာအလျောက် ဖြစ်ပေါ်လာ၏ဟု စွဲယူသော အဓိစ္စသမုပ္ပတ္တိ အခြင်းအရာကို အမှီပြု၍ —"အကြင်အခါမှ အစပြု၍ ငါသည် ဖြစ်၏၊ ထိုအခါမှ ရှေး၌ ငါသည် မဖြစ်ခဲ့ဖူးလေသလော"ဟု အတိတ်၌ မိမိ၏ သို့မဟုတ် မိမိဟု ဆိုအပ်သော အတ္တ၏ ထင်ရှားမရှိမှုကိုလည်း ယုံမှားသံသယရှိ၏။ ပုထုဇန်ကား အရူးနှင့်တူ၏၊ ထိုထို ဤဤ တောင်တောင် မြောက်မြောက် တွေးခေါ်ချင်သလို တွေးခေါ်နေတတ်၏၊ စိတ်ဖြစ်ချင်သလို ဖြစ်နေတတ်၏။ တစ်နည်းဆိုသော် ဤအရာ၌ အယောနိသောမနသိကာရ = နည်းမှား လမ်းမှား နှလုံးသွင်းမှုသည်ပင်လျှင် အကြောင်းရင်း ဖြစ်၏။ ဤသို့ဖြစ်သော် အယောနိသောမနသိကာရ၏ အကြောင်းကား အသို့နည်းဟု မေးရန် ရှိ၏။ ထိုမိုက်မဲသည့် ပုထုဇန်အဖြစ်သည်လည်းကောင်း ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ကို မဖူးမြော်ခြင်းသည်လည်းကောင်း ဤသို့စသော အကြောင်းတရားတို့ပင်တည်း။ ပုထုဇန်၏ သန္တာန်၌လည်း ယောနိသောမနသိကာရ ဖြစ်နိုင်သည်ပင် မဟုတ်ပါလောဟုလည်း မေးရန်ရှိ၏။ ပုထုဇန်သည်လည်း ယောနိသော- မနသိကာရ = နည်းမှန် လမ်းမှန် နှလုံးသွင်းမှု မပြုပြဟု အဘယ်သူက ဤသို့ ဆိုနေသနည်း။ ထိုယောနိသောမနသိ- ကာရကို ပြုလုပ်ရာ၌ ပုထုဇန် အဖြစ်သည်ကား အကြောင်းမဟုတ်ပေ။ ထိုယောနိသောမနသိကာရကို ပြုရာ၌ သဒ္ဓမ္မသဝန = ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့၏ သစ္စာလေးပါးနှင့် စပ်သော တရားစကားကို နာကြားခြင်း, ကလျာဏမိတ္တ = ဘုရားအစရှိသော သူတော်ကောင်းတည်းဟူသော မိတ်ကောင်း ဆွေကောင်း ရှိခြင်း — ဤသို့ စသည်တို့သည်သာလျှင် အကြောင်းတရားတို့ ဖြစ်ကြ၏။ မှန်ပေသည် ငါး အမဲ စသည်တို့သည် မိမိ မိမိ၏ ပင်ကိုပကတိသဘောအားဖြင့် ကောင်းသောအနံ့ ရှိကုန်သည်ကား မဟုတ်ကုန်၊ ပြုပြင် မွှမ်းမံမှု

အကြောင်းတရားကြောင့်ကား ကောင်းသောအနဲ့ ရှိရကုန်သည်လည်း ဖြစ်ရကုန်၏။ — မ-၄-၁-၇၁။ မ-ဋီ-၁-၁၅၅။]

၃။ ကိံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ = ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်ဖူးလေသနည်း။

[အမျိုးဇာတ်, လိင်အသွင်သဏ္ဌာန်, ပဋိသန္ဓေ အမျိုးအစားတို့ကို အမှီပြု၍ မင်းမျိုးမင်းနွယ် ဖြစ်ဖူးလေသလော၊ ပုဏ္ဏားအမျိုးအနွယ် သူကြွယ်အမျိုးအနွယ် သူဆင်းရဲအမျိုးအနွယ် ဖြစ်ဖူးလေသလော၊ အိမ်ရာ တည်ထောင် လူ့ဘောင်၌ ဖြစ်ခဲ့ဖူးလေသလော၊ အိမ်ရာ မထောင်သည့် ရဟန်းဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်း ပြုခဲ့ဖူးလေသလော၊ လူ ဖြစ်ခဲ့ဖူးလေသလော၊ နတ် ဖြစ်ခဲ့ဖူးလေသလော၊ ဤသို့ ယုံမှားသံသယ ရှိ၏။]

၄။ ကထံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ = ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ဖူးလေသနည်း။

[ပုံအသွင်သဏ္ဌာန် အခြင်းအရာကို အမှီပြု၍ —"ငါသည် အရပ်ရှည်ရှည်မြင့်မြင့် ဖြစ်ခဲ့ဖူးလေသလော၊ အရပ်အမောင်းတိုသူ, အသားဖြူသူ, အသားမည်းသူ, အတိုင်းအရှည် ရှိသောသူ, အတိုင်းအရှည် မရှိသောသူ စသည်တို့တွင်လည်း တစ်မျိုးမျိုးသည် ဖြစ်ခဲ့ဖူးလေသလော"ဤသို့ ယုံမှားသံသယ ရှိ၏။ ကေစိဆရာတို့သည်ကား ဖန်ဆင်းရှင် ဣဿရက ဖန်ဆင်းခြင်းကြောင့် ဖြစ်လေသလော၊ မဟာဗြဟ္မာက ဖန်ဆင်းခြင်းကြောင့် ဖြစ်လေသလော၊ ရှေးက ပြုခဲ့ဖူးသော ကံကြောင့် ဖြစ်လေသလော၊ အကြောင်းမရှိဘဲ ဖြစ်လေသလောဟု ကြံစည်၍, ဖန်ဆင်းရှင် ဣဿရက ဖန်ဆင်းခြင်းစသည်ကို အမှီပြု၍ —အဘယ်သို့သော အကြောင်းတရားကြောင့် ဖြစ်ခဲ့ဖူးလေသနည်း —ဟု အကြောင်းတရားအားဖြင့် ယုံမှားသံသယ ရှိ၏ဟု ဆိုကြကုန်၏။ — မ-၄-၁-၇၁။]

၅။ ကိံ ဟုတွာ ကိံ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ = ငါသည် လွန်လေပြီးသော အတိတ်ကာလ၌ အဘယ်သို့သောသူသည် ဖြစ်ပြီး၍ အဘယ်သို့သောသူသည် ဖြစ်ဖူးလေသနည်း။

[အမျိုးဇာတ် အနွယ် အစရှိသည်ကို အမှီပြု၍ — ရှင်ဘုရင် = မင်းမျိုးမင်းနွယ် ဖြစ်ပြီးနောက် ပုဏ္ဏား ဖြစ်ခဲ့ဖူးလေသလော၊ ဘဝတစ်ခုတွင် သူဌေးသူကြွယ် ဖြစ်ပြီးနောက် နောက်ဘဝတစ်ခုတွင် သူဆင်းရဲ ဖြစ်ခဲ့ဖူး- လေသလော၊ ဘဝတစ်ခုတွင် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေခဲ့ဖူး၍ နောက်ဘဝတစ်ခုတွင် ရသေ့ရဟန်း ပြုခဲ့ဖူးလေသလော၊ ဘဝတစ်ခုတွင် နတ် ဖြစ်ခဲ့ဖူး၍ နောက်ဘဝတစ်ခုတွင် လူ ဖြစ်ခဲ့ဖူးလေသလော၊ — ဤသို့- လျှင် မိမိ၏ သို့မဟုတ် မိမိဟု ဆိုအပ်သော အတ္တ၏ အတိတ်အဆက်ဆက်၌ ဖြစ်ခဲ့ပုံကို ယုံမှားသံသယ ရှိ၏။ - မ-၄-၁-၇၁။]

ဤကား အတိတ်ဖြစ်သော ခန္ဓာအစဉ် အဖို့အစု ကောဋ္ဌာသကို အာရုံပြု၍ ဖြစ်ပေါ်လာသော ယုံမှားခြင်း ဝိစိကိစ္ဆာ (၅) မျိုးတည်း။ အနာဂတ်ဖြစ်သော ခန္ဓာအစဉ် အဖို့အစု ကောဋ္ဌာသကို အာရုံပြု၍ ဖြစ်ပေါ်လာသော ယုံမှားခြင်း ဝိစိကိစ္ဆာ (၅) မျိုးမှာ အောက်ပါအတိုင်း ဖြစ်၏။ —

၁။ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ = ငါသည် နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ (= သေပြီး နောက်ကာလ၌) ဖြစ်ရလတ္တံ့လေလော။

၂။ နနု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ = ငါသည် နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ မဖြစ်ရ လတ္တံ့လေလော။

[အတ္တသည် မြဲ၏ဟူသော သဿတ အခြင်းအရာကို အမှီပြု၍ — "ငါသည် နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့လေလော"ဟု နောင်အနာဂတ်ကာလ၌ မိမိ၏ သို့မဟုတ် မိမိဟု ဆိုအပ်သော အတ္တ၏ ထင်ရှားရှိမှုကို ယုံမှားသံသယ ရှိ၏။ အတ္တသည် သေလျှင်ပြတ်၏ဟု ယူသော ဥစ္ဆေဒ အခြင်းအရာကို အမှီပြု၍ — "အကြင် အတ္တဘော၌ ငါသည် ဖြစ်၏၊ ထိုမှ နောက်ကာလ၌ ငါသည် မဖြစ်ရလတ္တံ့လေလော"ဟု နောင်အနာဂတ်ကာလ၌ မိမိ၏ သို့မဟုတ် မိမိဟု ဆိုအပ်သော အတ္တ၏ ထင်ရှားမရှိမှုကိုလည်း ယုံမှားသံသယရှိ၏။ — မ-ဋ္ဌ-၁-၇၂။ မဋီ-၁-၁၅၆။]

၃။ ကိံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ = ငါသည် နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ အဘယ်သို့-သောသူသည် ဖြစ်ရလတ္တံ့နည်း။

[မင်း ဖြစ်လတ္တံ့လော၊ ပုဏ္ဏား ဖြစ်လတ္တံ့လော၊ သူဌေးသူကြွယ် ဖြစ်လတ္တံ့လော၊ သူဆင်းရဲ ဖြစ်လတ္တံ့လော၊ လူ ဖြစ်လတ္တံ့လော၊ ရဟန်း ဖြစ်လတ္တံ့လော၊ နတ် ဖြစ်လတ္တံ့လော — ဤသို့ စသည်ဖြင့် ယုံမှားသံသယ ရှိ၏။]

၄။ ကထံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ = ငါသည် နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်လတ္တံ့နည်း။

[အရပ်ရှည်မည်လော၊ အရပ်တိုမည်လော၊ အသားဖြူမည်လော၊ အသားမည်းမည်လော (= အသား-မည်းနက်မည်လော) — ဤသို့ စသည်ဖြင့် ယုံမှားသံသယ ရှိ၏။]

၅။ ကိံ ဟုတွာ ကိံ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ = ငါသည် နောင်လာလတ္တံ့သော အနာဂတ်-ကာလ၌ အဘယ်သို့သောသူသည် ဖြစ်ရ၍ နောက်ထပ် အဘယ်သို့သောသူသည် ဖြစ်ရလတ္တံ့နည်း။

[မင်းမျိုးမင်းနွယ် ဖြစ်ပြီးနောက် ပုဏ္ဏား ဖြစ်လတ္တံ့လော၊ သူဌေးသူကြွယ် ဖြစ်ပြီးနောက် သူဆင်းရဲ ဖြစ်လတ္တံ့လော၊ ရသေ့ရဟန်း ဖြစ်ပြီးနောက် လူ ဖြစ်လတ္တံ့လော၊ နတ် ဖြစ်ပြီးနောက် လူ ဖြစ်လတ္တံ့လော — ဤသို့ စသည်ဖြင့် ယုံမှားသံသယ ရှိ၏။]

ဤကား အနာဂတ်ဖြစ်သော ခန္ဓာအစဉ် အဖို့အစု ကောဋ္ဌာသကို အာရုံပြု၍ ဖြစ်ပေါ်လာသော ယုံမှားခြင်း ဝိစိကိစ္ဆာ (၅)မျိုး ဖြစ်သည်။ ပစ္စုပ္ပန်ဖြစ်သော ခန္ဓာအစဉ် အဖို့အစု ကောဋ္ဌာသကို အာရုံပြု၍ ဖြစ်ပေါ်လာသော ယုံမှားခြင်း ဝိစိကိစ္ဆာ (၆)မျိုးမှာ အောက်ပါအတိုင်း ဖြစ်၏။

ယခု မျက်မှောက်ဘဝ၌မူလည်း ပဋိသန္ဓေအစ စုတိအဆုံးရှိသော အလုံးစုံသော ပစ္စုပ္ပန်ကာလကို အာရုံ-ပြု၍ မိမိ ခန္ဓာအစဉ်၌ သို့လော သို့လော တွေးတောယုံမှားမှု ရှိနေ၏။ —

၁။ အဟံ နု ခေါသ္မိ = ငါသည် ဖြစ်လေသလော။

[မိမိ၏ ထင်ရှားရှိမှုကို ယုံမှားသံသယ ရှိနေ၏။ ဤကဲ့သို့သော ယုံမှားသံသယမျိုးသည် ယုတ္တိရှိပါ၏လော ဟု မေးရန်ရှိ၏။ ဤအရာ၌ ယုတ္တိ ရှိ-မရှိ သင့်-မသင့်ကို အဘယ်မှာလျှင် ကြံစည် စဉ်းစားဖွယ် လိုပါအံ့နည်း၊ ပုထုဇန်သည် အရူးနှင့်တူ၏ဟု ရှေးမဆွကပင် ပြောဆိုခဲ့ပြီး မဟုတ်ပါလော။ တစ်နည်းလည်း ဤအရာ၌ ဤဝတ္ထုကို ထုတ်ဆောင် ပြတော်မူကြကုန်၏။ မိကြီး-မိထွေး နှစ်ဦးရှိ၏။ သားတစ်ယောက်စီရှိကြ၏။ မိထွေး၏ သားကား ကတုံးဦးပြည်း ဖြစ်၏။ မိကြီး၏သားကား ကတုံးဦးပြည်း မဟုတ် (ဆံပင် ရှိ၏)၊ သို့သော် မိကြီး၏ သားကား ကတုံး တုံးရန် အလိုမရှိပေ။ ကုလဓမ္မတာဟူသော အမျိုးအနွယ်ကျင့်ဝတ်အရ ကတုံး တုံးရ၏။ သို့အတွက် နိုးနေသောအခါ ကတုံး တုံးရန် ခက်ခဲသဖြင့် မိကြီး၏သား အိပ်ပျော်နေစဉ် လူကြီး မိဘတို့က

ကတုံး တုံးပေးလိုက်ကြ၏။ ထိုမိကြီး၏ သားသည် အိပ်ရာမှ နိုးလာသောအခါ — "ငါသည် မိထွေး၏သားပင် ဖြစ်လေသလော"ဟု စဉ်းစားမိ၏။ ဤဥပမာအတူ "ငါသည် ဖြစ်လေသလော"ဟု ပညာမျက်စိကာဏ်းနေသော ပုထုဇန် ငမိုက်သားသည် မိမိ၏ ထင်ရှားရှိမှုကို ယုံမှားသံသယ ရှိနေ၏။ — မ-ဋ္ဌ-၁-၇၂။ မ-ဋီ-၁-၁၅၆။]

၂။ နော နု ခေါသ္မိ = ငါသည် မဖြစ်လေသလော။

[မိမိ၏ ထင်ရှားမရှိသည်၏ အဖြစ်ကို ယုံမှားသံသယ ရှိနေ၏။ ထိုသို့ ယုံမှားသံသယ ဖြစ်ရာ၌လည်း ဤဝတ္ထုကို ထုတ်ဆောင်ပြတော်မူကြကုန်၏ — တံငါသည် တစ်ဦးသည် ငါးတို့ကို ဖမ်းယူလေသော် ရေထဲ၌ အလွန် ကြာမြင့်စွာ ရပ်တည်နေရသဖြင့် အေးစက်စက်ဖြစ်နေသော မိမိ၏ပေါင်ကို ငါးဟု ထင်မြင်စဉ်းစား၍ ရိုက်ပုတ်လိုက်၏။ အခြား တစ်ယောက်သောသူကား သုသာန်သချိုင်းဘေး၌ တည်ရှိသော လယ်တောကို စောင့်ရှောက်နေစဉ် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တွန့်ဆုတ်သော စိတ်ဓာတ်ဖြင့် ညအခါဝယ် အိပ်ပျော်သွား၏၊ ထိုယောကျ်ားသည် အိပ်ရာမှ နိုးလာသောအခါ မိမိ၏ ဒူးနှစ်ဖက်တို့ကို ဘီလူးယက္ခနှစ်ကောင်တို့ဟု တွေးတော စဉ်းစားမိကာ ရိုက်ပုတ်မိလေ၏။ ဤဥပမာအတူ ကြောင်း-ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရား၌ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တတ်သော ဉာဏ်ပညာမျက်စိ မရှိသည့် ပညာမျက်စိကာဏ်းနေသည့် ပုထုဇန် ငမိုက်သားသည် "ငါသည် မဖြစ်လေသလော"ဟု ယုံမှားသံသယ ရှိနေ၏။ မ-ဋ္ဌ-၁-၇၂။]

၃။ ကိံ နု ခေါသ္မိ = အဘယ်သို့သော သူသည် ဖြစ်လေသနည်း။

[မင်းမျိုးမင်းနွယ် ဖြစ်ပါလျက် မိမိ၏ မင်းမျိုးမင်းနွယ်ဖြစ်မှုကို ယုံမှားသံသယ ရှိနေ၏။ မျက်စိကာဏ်း နေသော သူသည် သားအရင်းကို သားအရင်းမဟုတ်ဟု မှတ်ထင်သကဲ့သို့တည်း။ ပုဏ္ဏားစသည့် ကြွင်းသော အရာတို့၌လည်း နည်းတူပင်မှတ်ပါ။ – နတ်သားဖြစ်ပါလျက် နတ်သားဖြစ်နေမှုကို မသိသောသူ မည်သည်ကား မရှိနိုင်၊ သို့သော် ထိုနတ်သားသည်လည်း (ထိုပြဟ္မာသည်လည်း) "ငါသည် ရုပ်ရှိသူလော၊ ရုပ်မရှိသူလော" - ဤသို့ စသောနည်းဖြင့် ယုံမှားသံသယ ရှိနေ၏။ မင်းမျိုးမင်းနွယ်ဇာတ်ရှိသူစသည့် ပုဂ္ဂိုလ်တို့သည်လည်း မိမိ တို့၏ မင်းမျိုးမင်းနွယ်ဇာတ်ရှိမှု စသည်ကို အဘယ်ကြောင့် မသိနိုင်ကုန်သနည်းဟု မေးရန်ရှိ၏။ ထိုထိုအမျိုး အနွယ်၌ ဖြစ်မှုကို မိမိတို့ ကိုယ်တိုင်မျက်မှောက် မသိမမြင်သောကြောင့်ဟု ဖြေဆိုရာ၏။ ခြိုးခြံခြိုးခြံ ဖြူဖြူ စင်စင် ကျင့်ဝတ်ပဋိပတ်တို့ကို ဖြည့်ကျင့်နေကြသော အချို့အချို့သော လူသားတို့သည် မိမိတို့ကိုယ်ကို မိမိတို့ ရသေ့ ရဟန်းဟု မှတ်ထင်တတ်ကြကုန်၏။ ရသေ့ရဟန်း ဖြစ်ပါလျက်လည်း အချို့အချို့သူတို့သည် — "ကုပ္ပံ နု ခေါ မေ ကမ္မံ = ငါ၏ ရသေ့ရဟန်းဘဝ၌ ပြုသင့်ပြုထိုက်သော ရသေ့ရဟန်း လုပ်ငန်းရပ်သည် ပျက်စီး၍များ သွားလေပြီလော"ဟု ဤသို့ စသောနည်းဖြင့် လူဟု မှတ်ထင်တတ်ကြကုန်၏။ ရှင်ဘုရင်ကဲ့သို့သော အချို့ အချို့သော လူသားတို့သည် လူသားပင် ဖြစ်ပါသော်လည်း မိမိကိုယ်ကိုမိမိ နတ်ကဲ့သို့ အောက်မေ့ မှတ်ထင် တတ်ကြကုန်၏။ – မ-ဋ္ဌ-၁-၇၂။]

၄။ ကထံ နု ခေါသ္မိ = ငါသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်လေသနည်း။

[ဤအရာ၌ သာသနာပ အယူအဆရှိသူတို့သည် မိမိ၏ ခန္ဓာအိမ်အတွင်း၌ သက်သက်သော အသက်- ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် ဇီဝကောင်သည်ရှိ၏ဟု အယူဝါဒ ရှိတတ်ကြ၏။ ခန္ဓာ ကိုယ်အတွင်း၌ ဇီဝကောင်မည်သည် ရှိ၏ဟု စွဲယူ၍ ထိုဇီဝကောင်၏ ပုံသဏ္ဌာန် အခြင်းအရာကို အမှီပြု၍ ထိုဇီဝကောင်သည် ရှည်သလော တိုသလော (၄) ထောင့်၊ (၆) ထောင့်၊ (၈) ထောင့်၊ (၁၆) ထောင့် ဤသို့ စသည့် ပုံသဏ္ဌာန်တို့တွင် တစ်မျိုးမျိုးသော အခြင်းအရာ ရှိလေသလောဟု ယုံမှားသံသယရှိလျက် "ငါသည်

အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်လေသနည်း”ဟု ယုံမှားသံသယရှိ၏ဟု သိရှိပါလေ။ ပစ္စုပ္ပန်ဖြစ်သော မိမိ ခန္ဓာကိုယ်၏ ပုံသဏ္ဌာန် အချိုးအစားကို မသိသူမည်သည်ကား မရှိနိုင်၊ အတ္တ ဇီဝကောင်၏ ပုံသဏ္ဌာန်ကို မသိမှုကိုသာ ဆိုလိုသည်။ — မ-ဋ္ဌ-၁-၇၂။]

၅။ အယံ နု ခေါ သတ္တော ကုတော အာဂတော = ဤသတ္တဝါသည် အဘယ်ဘဝမှ လာသနည်း။

၆။ သော ကုဟိံ ဂါမီ ဘဝိဿတိ = ထိုသတ္တဝါသည် အဘယ်ဘဝသို့ သွားမည့်သူသည် ဖြစ်လေသနည်း။

[ဇီဝဝါဒ နယ်ပယ်၌ သတ္တဝါဟု = အတ္တဟု ပညတ်ခြင်းသည် ရှိ၏။ သာသနာပ အယူအဆ ရှိသူတို့၏ အယူမျှသာ ဖြစ်၏၊ ပရမတ္ထသစ္စာအားဖြင့်ကား ထိုဇီဝ - အတ္တဟူသည် ခန္ဓာကိုယ် အတ္တဘောပင်တည်း။ ထိုခန္ဓာကိုယ် အတ္တဘော၏ လာခဲ့ရာဌာန = လာခဲ့ရာဘဝကိုလည်းကောင်း, သွားရမည့်ဌာန သွားရမည့်ဘဝကို လည်းကောင်း ပညာမျက်စိကာဏ်းနေသော ပုထုဇန် ငမိုက်သားသည် ယုံမှားသံသယ ရှိနေ၏။ – မ-ဋ္ဌ-၁-၇၃။ မ-ဋီ-၁-၁၅၇။]

သာ ယထာဝုတ္တာ သောဠသဝိဓာပိ ဝိစိကိစ္ဆာ ဝိက္ခမ္ဘနဝသေန ပဟီယတိ။ (မဟာဋီ-၂-၃၇၄။)

= ထို (၁၆) မျိုးသော ယုံမှားခြင်း ဝိစိကိစ္ဆာတရားကို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် ဖြစ်ပေါ်နေပုံ ပဋိစ္စသမုပ္ပါဒ် သဘောတရားကို ထွင်းဖောက်သိမြင်နေသော **ပစ္စယပရိဂ္ဂဟဉာဏ်**က ခပ်ကြာကြာ ခွာထားနိုင်ခြင်းတည်းဟူသော ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်စွန့်နိုင်ပေသည်။ (မဟာဋီ-၂-၃၇၄။)

## ခေတ္တ ရပ်နားကြည့်ပါ

အသင် သူတော်ကောင်းသည် ဤနေရာတွင် ခေတ္တရပ်နား၍ ကြည့်ပါ၊ လုပ်ငန်းခွင်ကို ပြန်လည်သုံးသပ်ကြည့်ပါ။ အတိတ်ဘဝ အဆက်ဆက်မှသည် ပစ္စုပ္ပန်, ပစ္စုပ္ပန်မှသည် အနာဂတ်ဘဝ အဆက်ဆက် ဆုံးသည်တိုင်အောင် သင်္ခါရတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် အထပ်ထပ် လည်ပတ်နေပုံ ဖြစ်ပေါ်နေပုံ အခြင်းအရာကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် မကျင့်ခဲ့သော် ထိုယုံမှားခြင်း ဝိစိကိစ္ဆာတရား (၁၆)ပါးတို့ ကင်းပျောက်မှု ရှိနိုင် မရှိနိုင်ကို စဉ်းစား ဝေဖန်ကြည့်လေရာသည်။

အတိတ် အနာဂတ်ကို မရှုကောင်းဟူသော ပုံသေမှုကို လက်ခံထားသူ သူတော်ကောင်းတစ်ဦးအဖို့ ကာလသုံးပါးအတွင်း၌ သင်္ခါရတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်လျက် ဖြစ်နေပုံ အခြင်းအရာကို ကိုယ်တိုင် မျက်မှောက် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ထွင်းဖောက်သိမြင်ရေးကား မိုးနှင့်မြေကြီးပမာ အလွန် အလှမ်းကွာဝေး-လျက်ပင် ရှိနေပေသည်။

## ဉာတပရိညာစခန်းသို့ ဆိုက်ပြီ

တသောဝံ ကမ္မဝဋ္ဋဝိပါကဝဋ္ဋဝသေန နာမရူပဿ ပစ္စယပရိဂ္ဂဟံ ကတွာ တီသု အဒ္ဓါသု ပဟီနဝိစိကိစ္ဆဿ သဗ္ဗေ အတီတာနာဂတပစ္စုပ္ပန္နဓမ္မာ စုတိပဋိသန္ဓိဝသေန ဝိဒိတာ ဟောန္တိ၊ သာဿ ဟောတိ **ဉာတပရိညာ**။

(ဝိသုဒ္ဓိ-၂-၂၃၈။)

ဤဖွင့်ဆို ရေးသား တင်ပြအပ်ခဲ့ပြီးသည့်အတိုင်း ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋတို့၏ အစွမ်းဖြင့်

နာမ်ရုပ်၏ အကြောင်းတရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်းကို ပြုလုပ်ပြီးခြင်းကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု ဆိုအပ်သော ကာလသုံးပါးတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာတရား (၁၆)ပါးကို ပယ်ရှားထား-အပ်ပြီးသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ခပ်သိမ်းကုန်သော အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့သည် စုတိ ပဋိသန္ဓေ၏ အစွမ်းဖြင့် ထင်ရှားလာကုန်၏။ ထိုနာမ်ရုပ်ကို သိမ်းဆည်းခြင်း = နာမရူပပရိဂ္ဂဟနှင့် အကြောင်းတရားကို သိမ်းဆည်းခြင်း ပစ္စယပရိဂ္ဂဟကို ပြုကြောင်းဖြစ်သော ပညာသည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ **ဉာတပရိညာ** မည်၏။ ဤကား ရုပ်တရားတည်း၊ ရုပ်တရားကား ဤမျှသာတည်း၊ ဤထက် အပိုအလွန် မရှိ၊ ဤကား နာမ်တရားတည်း၊ နာမ်တရားကား ဤမျှသာတည်း၊ ဤထက် အပိုအလွန် မရှိ၊ ဤသို့ စသည်ဖြင့်-လည်းကောင်း၊ ဤကား ထိုနာမ်ရုပ်၏ အကြောင်းတရားတည်း၊ ထိုနာမ်ရုပ်၏ အကြောင်းတရားကား ဤမျှသာတည်း၊ ဤထက် အပိုအလွန်ဖြစ်သော ဖန်ဆင်းရှင် ဣဿရ, မဟာဗြဟ္မာစသည်သည် မရှိ၊ ဤသို့ စသည်ဖြင့်လည်းကောင်း ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော သိသင့်သိထိုက် သိအပ်သော —

၁။ နာမ်တရား,

၂။ ရုပ်တရား,

၃။ ယင်းနာမ်-ရုပ်၏ အကြောင်းတရားတို့ကို

ပိုင်းခြား၍ သိသော **ပရိညာတည်း**။ (ဝိသုဒ္ဓိ-၂-၂၃၈။ မဟာဋီ-၂-၃၈၂။)

ထိုဉာတပရိညာစခန်းသို့ ဆိုက်ရောက်ပြီးသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤဆိုလတ္တံ့သော အခြင်း-အရာအားဖြင့် ကွဲကွဲပြားပြား သိရှိနေ၏။ —

အတိတ်ဘဝ၌ ကံဟူသော အကြောင်းတရားကြောင့် ထင်ရှား ဖြစ်ပေါ်ပြီးကုန်သော အကြင် ရုပ်နာမ် ခန္ဓာတို့သည် ရှိကြ၏၊ ထိုအတိတ်ဘဝ၌ ကံဟူသော အကြောင်းတရားကြောင့် ထင်ရှားဖြစ်ပြီးကုန်သော ရုပ်နာမ် ခန္ဓာတို့သည် ထိုအတိတ်ဘဝ၌သာလျှင် ချုပ်ပျက်ခဲ့ကုန်ပြီ။ စင်စစ်သော်ကား အတိတ်ကံဟူသော အကြောင်း-တရားကြောင့် ဤပစ္စုပ္ပန်ဘဝ၌ အတိတ်ဘဝခန္ဓာမှ တစ်ပါးကုန်သော ရုပ်နာမ်ခန္ဓာတို့သည် အသစ်ဖြစ်ပေါ်-လာကြကုန်၏။ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့လာသော တစ်ခုသော တရားသည်လည်း မရှိပေ။ ဤပစ္စုပ္ပန် ဘဝ၌လည်း ကံဟူသော အကြောင်းတရားကြောင့် ထင်ရှား ဖြစ်ပေါ်လာကြကုန်သော ရုပ်နာမ်ခန္ဓာတို့သည် အမြဲမတည် မရှည်မကြာ ချုပ်ကုန်လတ္တံ့။ တစ်ဖန် နောင်အနာဂတ် ဘဝသစ်၌ အခြားတစ်ပါးကုန်သော ရုပ်နာမ် ခန္ဓာအသစ်တို့သည် ကံဟူသော အကြောင်းတရားကြောင့် အသစ်တစ်ဖန် ဖြစ်ကြကုန်လတ္တံ့၊ ဤပစ္စုပ္ပန်ဘဝမှ တစ်ဖန် ဘဝသစ်သို့ တခုသော တရားသည်မျှလည်း မသွားလတ္တံ့။ (ဤစကားရပ်ဖြင့် ရုပ်နာမ်ခန္ဓာတို့၏ ဘဝတစ်ပါးသို့ ပြောင်းသွားခြင်း မည်သည် တစ်ရံတဆစ်မျှသော်လည်း မရှိ၊ ထိုထိုဘဝ၌သာလျှင် ချုပ်ပျက် သွားခြင်းကြောင့်ပင်တည်းဟု ညွှန်ပြ၏။) (ဝိသုဒ္ဓိ-၂-၂၃၈။ မဟာဋီ-၂-၃၈၂။)

အကယ်စင်စစ်သော်ကား ဆရာ၏ ခံတွင်းမှ ရွတ်ဖတ်သရဇ္ဈာယ်သံသည် တပည့်၏ ခံတွင်းသို့ မဝင်ပေ၊ ထိုဆရာ၏ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဟူသော အကြောင်းကြောင့် ထိုတပည့်၏ ခံတွင်း၌ ရွတ်ဖတ်သရဇ္ဈာယ်-ခြင်းသည် မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်သာတည်း။ (ရှေးယခင်က ပိဋကတ်တော်များကိုပင် ဖြစ်စေ၊ ဗေဒင် မန္တန်များကိုပင် ဖြစ်စေ သင်ယူရာ၌ ဆရာသမားကလည်း နှုတ်တိုက် အလွတ်ချပေးရ၏၊ တပည့်ကလည်း နှုတ်တိုက်ရအောင် အလွတ်လိုက်ဆိုရ၏။ စာအုပ်စာတမ်းများ ရှားပါးသော ကာလတည်း။ ထိုသို့ နှုတ်တိုက် အလွတ် သင်ကြားပို့ချရာ၌ ဆရာက အလွတ်သင်ပေးသည့်အတိုင်း တပည့်လည်း အလွတ်ရလာ၏။ ထိုအခါ ဆရာ၏ ရွတ်ဖတ်သရဇ္ဈာယ်သံသည် တပည့်၏ ခံတွင်းသို့ ဝင်သွားသည်ကား မဟုတ်၊ ထိုဆရာ၏ ရွတ်ဖတ်

သရဖျှာယ်ခြင်းဟူသော အကြောင်းကြောင့် ထိုတပည့်၏ ခံတွင်း၌ ရွတ်ဖတ်သရဖျှာယ်ခြင်းသည် မဖြစ်သည်-လည်းမဟုတ် ဖြစ်သည်သာတည်းဟု ဆိုရ၏။)

**ဥပမာတစ်မျိုး** — လူနာတစ်ဦးက စေခိုင်းလိုက်သော တမန်တစ်ဦးသည် ဆေးဆရာထံသို့ သွား၍ သွားတော်၏ မန္တရားရေ = ရေမန်းကို သောက်လိုက်၏။ ထိုတမန် သောက်အပ်သော ဆေးသွားတော်၏ မန္တရားရေသည် = ရေမန်းသည် အနာရောဂါရှိနေသော လူနာ၏ ဝမ်းတွင်းသို့ကား မဝင်။ ထိုဆေးသွားတော်၏ မန္တရားရေ = ရေမန်းကို တမန်သောက်ခြင်းဟူသော အကြောင်းကြောင့် ထိုသူနာ၏ ရောဂါသည် မငြိမ်းသည်ကား မဟုတ်၊ ငြိမ်း၍ သွားသည်သာတည်း။

**ဥပမာတစ်မျိုး** — မျက်နှာ၌ ဆင်ယင် ပြုပြင်ထားအပ်သော အဆင်းတန်ဆာသည် ကြေးမုံပြင် စသည်တို့၌ ထင်သော မျက်နှာရိပ်သို့ မသွား၊ ထိုမျက်နှာ၌ ဆင်ယင် ပြုပြင်ထားအပ်သော အဆင်းတန်ဆာဟူသော အကြောင်းကြောင့် ထိုကြေးမုံပြင် စသည်တို့၌ ပြုပြင် ဆင်ယင်ထားအပ်သော အဆင်းတန်ဆာသည် မထင်သည်-လည်း မဟုတ်၊ ထင်သည်သာတည်း။

**ဥပမာတစ်မျိုး** — တစ်ခုသော ဆီမီးစာမှ ဆီမီးလျှံသည် (မီးကူးယူလိုက်သော) အခြား တစ်ပါးသော ဆီမီးစာသို့ ပြောင်းရွှေ့ မသွားပေ။ ထိုမူလ ပထမဆီမီးစာ၌ တည်သော မီးတောက်မီးလျှံဟူသော အကြောင်း-ကြောင့် ထိုဒုတိယ ကူးယူလိုက်သော အခြား တစ်ပါးသော ဆီမီးစာ၌ ဆီမီးလျှံသည် မဖြစ်သည်ကား မဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့ —

ဤဥပမာများအတူ အတိတ်ဘဝဟောင်းမှ ဤပစ္စုပ္ပန်ဘဝသစ်သို့ တစ်စုံတစ်ခုသော ရုပ်နာမ်ခန္ဓာဟူသော တရားသည် ပြောင်းရွှေ့မလာပေ။ ဤပစ္စုပ္ပန်ဘဝမှမူလည်း တစ်ဖန် အနာဂတ်ဘဝသစ်သို့ တစ်စုံတစ်ခုသော တရားသည် ပြောင်းရွှေ့မသွားပေ။ အတိတ်ဘဝဟောင်း၌ ခန္ဓာ-အာယတန-ဓာတ်ဟူသော အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာ-အာယတန-ဓာတ်တို့သည် မဖြစ်သည်ကား မဟုတ်၊ ဖြစ်သည်သာတည်း။ ဤပစ္စုပ္ပန်ဘဝ၌မူလည်း ဖြစ်ပေါ်သွားကြကုန်သော ခန္ဓာ-အာယတန-ဓာတ်ဟူသော အကြောင်းကြောင့် တစ်ဖန် အနာဂတ်ဘဝသစ်၌ ခန္ဓာ-အာယတန-ဓာတ်တို့သည် မဖြစ်ကြကုန်သည်ကား မဟုတ်ကုန်၊ ဖြစ်ကြကုန်သည်သာတည်း။ ဤသို့လျှင် ထိုယောဂါဝစရပုဂ္ဂိုလ်သည် ကွဲကွဲပြားပြား သိ၏။ (ဝိသုဒ္ဓိ-၂-၂၃၈-၂၃၉။)

> ယထေဝ စက္ခုဝိညာဏံ၊ မနောဓာတု အနန္တရံ။
> န စေဝ အာဂတံ နာပိ၊ န နိဗ္ဗတ္တံ အနန္တရံ။
>
> တထေဝ ပဋိသန္ဓိမှိ၊ ဝတ္တတေ စိတ္တသန္တတိ။
> ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတော။
>
> တေသံ အန္တရိကာ နတ္ထိ၊ ဝီစိ တေသံ န ဝိဇ္ဇတိ။
> န စိတော ဂစ္ဆတိ ကိဉ္စိ၊ ပဋိသန္ဓိ စ ဇာယတိ။ (ဝိသုဒ္ဓိ-၂-၂၃၉။)

ကြိယာမနောဓာတ် အမည်ရသော ပဥ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်ပေါ်လာဖို့ရန် အခွင့်ရလာသော စက္ခုဝိညာဏ်သည် ကြိယာမနောဓာတ် ပဥ္စဒွါရာဝဇ္ဇန်းမှ လာသည်လည်း မဟုတ်၊ ထိုကြိယာမနောဓာတ်၏ အခြားမဲ့၌ မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့ —

ထို့အတူပင်လျှင် — ပဋိသန္ဓေ၌ စိတ်၏ အစဉ်သန္တတိသည် ဖြစ်ပေါ်လာ၏။ ရှေးဖြစ်သော စုတိစိတ်သည် ပျက်၏၊ ထိုစုတိစိတ်မှ အခြားမဲ့၌ပင်လျှင် နောက်ဖြစ်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။

[ကြိယာမနောဓာတ်၏ အခြားမဲ့၌ ဖြစ်ခွင့်ရလာသော စက္ခုဝိညာဏ်သည် ကြိယာမနောဓာတ်မှ လာသည်-လည်း မဟုတ်၊ ကိရိယာမနောဓာတ်၌ = ကိရိယာမနောဓာတ် ဖြစ်ခိုက်၌ စက္ခုဝိညာဏ်၏ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား မရှိခြင်းကြောင့်တည်း။ စက္ခုဝိညာဏ်သည် ကြိယာမနောဓာတ်မှ မလာသော်လည်း ရူပါရုံ, အာလောက, မနသိကာရစသော အကြောင်းတရားတို့၏ ညီညွတ်မှုကို ရရှိခြင်းကြောင့် ထိုကြိယာမနောဓာတ်မှ အခြားမဲ့၌ မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်သာလျှင် ဖြစ်၏။ ပဝတ္တိအခါ၌ ဤစိတ်၏ ဖြစ်ခြင်းကဲ့သို့ ထို့အတူပင် ပဋိသန္ဓေအခါ၌လည်း စိတ္တသန္တတိ = စိတ်အစဉ်သည် ဖြစ်ပေါ်လာ၏။ စုတိစိတ်မှ မလာသော်လည်း ပဋိသန္ဓေ-စိတ်သည် ထိုစုတိစိတ်မှ အခြားမဲ့၌ မဖြစ်သည်လည်း မဟုတ်၊ အကြောင်းတရားတို့၏ ညီညွတ်သည်၏ အစွမ်းဖြင့် ဖြစ်သည်သာလျှင်တည်းဟု ဆိုလို၏။ ဤ၌ သန္တတိ သဒ္ဒါဖြင့်လည်း တစ်စုံတစ်ခုမှ လာခြင်း မရှိသည်ကိုသာလျှင် ထင်စွာပြသတည်း။ အဘယ်ကြောင့်နည်း? — အကြောင်း-အကျိုး အဖြစ်ဖြင့် စပ်သည်ဖြစ်၍ ချဲ့တတ်သော ကျယ်ပွားတတ်သော ဓမ္မတို့၏ ဖြစ်ခြင်းအလျဉ်သည်ပင်လျှင် သန္တတိ မည်သောကြောင့်တည်း။ ထိုကြောင့် "ရှေးဖြစ်သော စုတိစိတ်သည် ပျက်၏၊ ထိုစုတိစိတ်မှ အခြားမဲ့၌ပင်လျှင် နောက်ဖြစ်သော ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာ၏။"ဟု အဋ္ဌကထာက မိန့်ဆိုခြင်း ဖြစ်သည်။ — မဟာဋီ-၂-၃၈၂။]

ထိုစုတိ ပဋိသန္ဓေတို့၏ အကြား၌ ခြားဆီးခြင်းကို ပြုတတ်သော တစ်စုံတစ်ခုသော တရားသည် မရှိ။ ဤစုတိစိတ်မှ တစ်စုံတစ်ခုသော တရားသည် သွားသည်လည်း မဟုတ်။ စုတိစိတ်မှ အခြားတစ်ပါးသာလျှင် ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည်လည်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာ၏။ ဤသို့လျှင် ယောဂါဝစရ-ပုဂ္ဂိုလ်သည် ကွဲကွဲပြားပြား သိ၏။ (ဝိသုဒ္ဓိ-၂-၂၃၉။)

ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် စုတိ ပဋိသန္ဓေ၏ အစွမ်းဖြင့် သိအပ်ပြီးသော အလုံးစုံသော တေဘူမက = ဘုံသုံးပါးအတွင်း၌ ဖြစ်သော တရားရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ ခပ်သိမ်းသော အခြင်းအရာအားဖြင့် နာမ်ရုပ်၏ အကြောင်းတရားကို သိမ်းဆည်းတတ်သော ဉာဏ်သည် သန်မြန်သော စွမ်းအင်ပြည့်ဝခြင်းသို့ ရောက်ရှိလာ၏၊ (၁၆)ပါး အပြားရှိသော ယုံမှားခြင်း ဝိစိကိစ္ဆာတရားကို အလွန်ကောင်းစွာ ပယ်ရှားနိုင်၏။ ထို(၁၆)ပါး အပြားရှိသော ယုံမှားခြင်း ဝိစိကိစ္ဆာတရား သက်သက်သည်သာ ကင်းပျောက်သွားသည် မဟုတ်သေး။ သမ္မာသမ္ဗုဒ္ဓဘုရားရတနာ၌ ယုံမှားခြင်းစသော (၈)မျိုးသော ယုံမှားခြင်း ဝိစိကိစ္ဆာတရားသည်လည်း ကင်း-ပျောက်သည်သာတည်း။ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူဝါဒ မှန်သမျှတို့သည်လည်း ကွာကျသွားကုန်သည်သာ ဖြစ်ကုန်၏။

ဤသို့လျှင် အထူးထူးသော နည်းတို့ဖြင့် နာမ်ရုပ်၏ အကြောင်းတရားကို သိမ်းဆည်းခြင်းဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ (၃)ပါးတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာတရားကို ကျော်လွှား လွန်မြောက်၍ ခွာချထား၍ တည်နေသော ဉာဏ်ကို **ကင်္ခါဝိတရဏဝိသုဒ္ဓိ**ဟူ၍ သိရှိပါလေ။

**ဓမ္မဋ္ဌိတိဉာဏ်**ဟူသော အမည်သည်လည်းကောင်း, **ယထာဘူတဉာဏ်**ဟူသော အမည်သည်လည်းကောင်း, **သမ္မာဒဿန**ဟူသော အမည်သည်လည်းကောင်း ထို**ကင်္ခါဝိတရဏဝိသုဒ္ဓိ**၏ ပရိယာယ်ဝေဝုစ် စကားသာ ဖြစ်သည်။ (ဝိသုဒ္ဓိ-၂-၂၃၉။)

**ဓမ္မဋ္ဌိတိဉာဏ်** — ဓရီယန္တိ အတ္တနော ပစ္စယေဟီတိ ဓမ္မာ၊ တိဋ္ဌတိ ဧတ္ထ တဒါယတ္တဝုတ္တိတာယ ဖလန္တိ ဌိတိ၊ ဓမ္မာနံ ဌိတိ ဓမ္မဋ္ဌိတိ၊ ပစ္စယဓမ္မော။ အထ ဝါ ဓမ္မောတိ ကာရဏံ "ဓမ္မပဋိသမ္ဘိဒါ"တိအာဒီသု ဝိယ၊ ဓမ္မဿ ဌိတိ သဘာဝေါ, ဓမ္မတော စ အညော သဘာဝေါ နတ္ထီတိ ပစ္စယဓမ္မာနံ ပစ္စယဘာဝေါ ဓမ္မဋ္ဌိတိ၊ ဓမ္မဋ္ဌိတိယံ ဉာဏံ **ဓမ္မဋ္ဌိတိဉာဏံ**။ (မဟာဋီ-၂-၃၈၄။)

အကြင် အကျိုးပစ္စယုပ္ပန်တရားတို့ကို မိမိ၏ ဆိုင်ရာ အကြောင်းပစ္စည်းတရားတို့သည် ဆောင်ထားအပ်ကုန်၏။ (အကြောင်းတရားတို့၌ အကျိုးတရားတို့ကို ဖြစ်စေနိုင်သည့် စွမ်းအင်ရှိမှုကို ဆိုလိုသည်။) ထိုကြောင့် ထိုအကျိုးပစ္စယုပ္ပန်တရားတို့သည် ဓမ္မ မည်ကုန်၏။ ဓမ္မ-အရ အကျိုးတရားကို ကောက်ယူပါ။ ဤအကြောင်း-တရား၌ ထိုအကြောင်းတရားနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် အကျိုးတရားသည် တည်နေတတ်၏။ ထိုသို့ အကြောင်းတရားသည် အကျိုးတရား၏ တည်ရာဖြစ်သောကြောင့် **ဌိတိ** မည်၏။ ဌိတိ-အရ အကျိုးတရား၏ တည်ရာ အကြောင်းတရားကို ကောက်ယူပါ။ အကျိုးတရား၏ အကြောင်းနှင့်စပ်၍ ဖြစ်သည်ကိုပင် အကျိုး-တရားသည် အကြောင်းတရား၌ တည်သည်ဟူ၍ ဆိုသည်။ အကျိုးတရားတို့၏ တည်ရာ အကြောင်းတရားကို **ဓမ္မဋ္ဌိတိ**ဟူ၍ ဆိုသည်။

တစ်နည်း ဓမ္မပဋိသမ္ဘိဒါ — စသည်တို့၌ကဲ့သို့ ဓမ္မကား ကာရဏ = အကြောင်းဟောတည်း။ ဌိတိကား သဘာဝ ဝါစက = သဘာဝကို ဟောသော သဒ္ဒါတည်း။ ဓမ္မမှ တစ်ပါးသော အသီးအခြား သဘာဝ = သဘော-တရားမည်သည် မရှိခဲ့ရကား အကြောင်းဖြစ်သော ပစ္စယဓမ္မတို့၏ အကျိုးတရား ဖြစ်ပေါ်လာအောင် ကျေးဇူး-ပြုတတ်သည်၏ အဖြစ်တည်းဟူသော သတ္တိသဘောသည် **ဓမ္မဋ္ဌိတိ** မည်၏။

ပထမအဖွင့် အလို — အကျိုးတရားတို့၏ တည်ရာ အကြောင်းတရား၌ ဖြစ်သော ဉာဏ်သည် **ဓမ္မဋ္ဌိတိ-ဉာဏ်** မည်၏။

ဒုတိယအဖွင့် အလို — အကြောင်းတရား၏ အကျိုးတရား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သည်၏ အဖြစ်တည်းဟူသော သတ္တိသဘော၌ ဖြစ်သော ဉာဏ်သည် **ဓမ္မဋ္ဌိတိဉာဏ်** မည်၏။ (မဟာဋီ-၂-၃၈၄။)

အကျိုးတရားတို့၏ တည်ရာ အကြောင်းတရားကို သိသော ဉာဏ်သည်လည်းကောင်း, အကြောင်းတရား၏ အကျိုးတရား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သည်၏ အဖြစ်တည်းဟူသော စွမ်းအင်သတ္တိသဘောကို သိသောဉာဏ်သည်လည်းကောင်း **ဓမ္မဋ္ဌိတိဉာဏ်** မည်၏ဟု ဆိုလိုသည်။

## ယထာဘူတဉာဏ်

သင်္ခါရာနံ ယံ ယံ ဘူတံ အနိစ္စတာဒိ ယထာဘူတံ၊ တတ္ထ ဉာဏန္တိ **ယထာဘူတဉာဏံ**။ (မဟာဋီ-၂-၃၈၄။)

= သင်္ခါရတရားတို့၏ အကြင် အကြင်သို့သော ဖြစ်ပြီးလျှင် ပျက်တတ်သည့် အနိစ္စတာစသော မဖောက်မပြန် ဟုတ်မှန်သော သဘောသည် ယထာဘူတ မည်၏။ သင်္ခါရတရားတို့၏ အကြင် အကြင်သို့သော မဖောက်မပြန် ဟုတ်မှန်သော အနိစ္စတာစသော သဘော၌ ဖြစ်သော = အနိစ္စတာစသော သဘောကို ထွင်းဖောက် သိမြင်သော ဉာဏ်သည် **ယထာဘူတဉာဏ်** မည်၏။ (မဟာဋီ-၂-၃၈၄။)

**သမ္မာဒဿန** — သမ္မာ ပဿတီတိ **သမ္မာဒဿနံ**။ (မဟာဋီ-၂-၃၈၄။)

= သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာကို ကောင်းစွာ သိမြင်တတ်သော ဉာဏ်သည် **သမ္မာဒဿန** မည်၏။ (မဟာဋီ-၂-၃၈၄။) အောက်ပါ ပါဠိတော်များကို ရှုပါ။

အဝိဇ္ဇာ ပစ္စယော၊ သင်္ခါရာ ပစ္စယသမုပ္ပန္နာ၊ ဥဘောပေတေ ဓမ္မာ ပစ္စယသမုပ္ပန္နာတိ ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ။ (ပဋိသံ-၅၀။ ဝိသုဒ္ဓိ-၂-၂၃၉။)

အဝိဇ္ဇာသည် သင်္ခါရတို့အား ဟေတုသတ္တိ သဟဇာတသတ္တိစသော ပစ္စယသတ္တိတို့ဖြင့် ထိုက်သည် အားလျော်စွာ ကျေးဇူးပြုတတ်၏။ ထိုသို့ အဝိဇ္ဇာက သင်္ခါရတို့အား ဖြစ်ပေါ်လာအောင် ဟေတု သဟဇာတ စသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုခြင်းကြောင့်သာလျှင် သင်္ခါရတို့သည် အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်ကုန်သော ပစ္စယသမုပ္ပန္နတရားတို့ ဖြစ်ကြကုန်၏။ သို့သော် အဝိဇ္ဇာ၌လည်း အာသဝစသော ဆိုင်ရာ အကြောင်းတရားများ ထင်ရှား ရှိနေသည်သာ ဖြစ်၏။ ထိုကြောင့် အဝိဇ္ဇာ သင်္ခါရဟူသော ဤတရား နှစ်မျိုးလုံး-တို့သည်လည်း ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားကြောင့် ထင်ရှား ဖြစ်ပေါ်လာကြရကုန်သော ပစ္စယသမုပ္ပန္န တရားတို့သာ ဖြစ်ကြကုန်၏။ — ဤသို့ အကြောင်းတရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်း၌ ဖြစ်သော = အကြောင်း တရားကို သိမ်းဆည်းတတ်သော = ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားကို ထွင်းဖောက် သိမြင်တတ်သော ပညာသည် **ဓမ္မဋ္ဌိတိဉာဏ်** မည်၏။ (ပဋိသံ-၅၀။)

အနိစ္စတော မနသိကရောန္တော နိမိတ္တံ ယထာဘူတံ ဇာနာတိ ပဿတိ၊ တေန ဝုစ္စတိ သမ္မာဒဿနံ၊ ဧဝံ တဒန္ဝယေန သဗ္ဗေ သင်္ခါရာ အနိစ္စတော သုဒိဋ္ဌာ ဟောန္တိ၊ ဧတ္ထ ကင်္ခါ ပဟီယတိ။ ဒုက္ခတော မနသိကရောန္တော ပဝတ္တံ ယထာဘူတံ ဇာနာတိ ပဿတိ။ ပ ။ အနတ္တတော မနသိကရောန္တော နိမိတ္တဉ္စ ပဝတ္တဉ္စ ယထာဘူတံ ဇာနာတိ ပဿတိ၊ တေန ဝုစ္စတိ သမ္မာဒဿနံ၊ ဧဝံ တဒန္ဝယေန သဗ္ဗေ ဓမ္မာ အနတ္တတော သုဒိဋ္ဌာ ဟောန္တိ၊ ဧတ္ထ ကင်္ခါ ပဟီယတိ။ (ပဋိသံ-၂၅၈။ ဝိသုဒ္ဓိ-၂-၂၄၀။)

**နိမိတ္တန္တိ** သင်္ခါရနိမိတ္တံ၊ အတ္ထတော ပဉ္စက္ခန္ဓာ။ တေ ဟိ ယနသညာပဝတ္တိယာ ဝတ္ထုဘာဝတော နိမိတ္တံ၊ သဝိဂ္ဂဟဘာဝေန ဥပဋ္ဌာနတော ဝါ။ ယသ္မာ အနိစ္စတာ နာမ သင်္ခါရာနံ အဝိပရီတာကာရော။ တတ္ထ နိစ္စတာယ လေသဿာပိ အဘာဝတော **အနိစ္စတော** ပဿန္တော **ယထာဘူတံ ဇာနာတိ**။ တဉ္စ ဉာဏံ အဝိပရီတဂ္ဂဟဏတာယ **သမ္မာဒဿနံ**။ တံ သမင်္ဂီနာ စ ပစ္စုပ္ပန္နေသု ဝိယ  အတီတာနာဂတေသုပိ နယံ နေန္တေန တေ သုပရိဝိဒိတာ ဟောန္တိ။ ပ ။ **ပဝတ္တန္တိ** ဥပါဒိန္နက္ခန္ဓပ္ပဝတ္တံ။ တဉှိ ကိလေသာဘိသင်္ခါရေဟိ ပဝတ္တိတတ္တာ သာတိသယံ ဒုက္ခဘာဝေန ဥပဋ္ဌာတိ။ (မဟာဋီ-၂-၃၈၄။)

= အနိစ္စအားဖြင့် နှလုံးသွင်းသော သူသည် သင်္ခါရနိမိတ်ဟူသော အကြောင်းတရားနှင့် တကွသော ဥပါဒါ-နက္ခန္ဓာ (၅)ပါးကို မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် သိ၏ မြင်၏။ ထိုကြောင့် မဖောက်မပြန် အမှန် သိမြင်တတ်သော **သမ္မာဒဿန**ဟူ၍ ဆိုအပ်၏။ ဤသို့လျှင် ထိုသို့ တိုက်ရိုက် မျက်မှောက် = ပစ္စက္ခအားဖြင့် သိအပ်သည်ကို အစဉ်မှီးသဖြင့် ခပ်သိမ်းကုန်သော သင်္ခါရတရားတို့သည် အနိစ္စအားဖြင့် ကောင်းစွာ မြင်အပ်ပြီး ဖြစ်ကုန်၏။ ဤသို့ မြင်အပ်ပြီးသော တရားတို့၌ “နိစ္စလေလော၊ အနိစ္စလေလော” — ဤသို့စသော ယုံမှားခြင်း ကင်္ခါတရားသည် ပျောက်ကင်းသွား၏၊ ယင်းကင်္ခါတရားကို ပယ်ပြီးဖြစ်၏။

ဒုက္ခအားဖြင့် နှလုံးသွင်းသော သူသည် ပဝတ္တ အမည်ရသော ကိလေသာ အဘိသင်္ခါရတို့ကြောင့် အဆင့်-ဆင့် ဖြစ်သော ဥပါဒိန္နက္ခန္ဓာကို မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် သိ၏ မြင်၏။ ပ ။

အနတ္တအားဖြင့် နှလုံးသွင်းသော သူသည် နိမိတ္တ = သင်္ခါရနိမိတ် အမည်ရသော အကြောင်းတရားနှင့် တကွသော ဥပါဒါနက္ခန္ဓာ (၅)ပါးကိုလည်းကောင်း, ပဝတ္တ အမည်ရသော ကိလေသာ အဘိသင်္ခါရတို့ကြောင့် အဆင့်ဆင့် ဖြစ်သော ဥပါဒိန္နက္ခန္ဓာကိုလည်းကောင်း မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် သိ၏ မြင်၏၊ ထိုကြောင့် မဖောက်မပြန် အမှန်မြင်တတ်သော **သမ္မာဒဿန**ဟူ၍ ဆိုအပ်၏။ — ဤသို့လျှင် ထိုသို့ တိုက်ရိုက် မျက်မှောက် = ပစ္စက္ခအားဖြင့် သိအပ်သည်ကို အစဉ်မှီးသဖြင့် ခပ်သိမ်းကုန်သော ဓမ္မတို့သည် အနတ္တအားဖြင့် ကောင်းစွာ မြင်အပ်ပြီး ဖြစ်ကုန်၏။ ဤသို့ မြင်အပ်ပြီးသော တရားတို့၌ ယုံမှားခြင်း ကင်္ခါတရားသည် ပျောက်-ကင်းသွား၏၊ ယင်းကင်္ခါတရားကို ပယ်ပြီး ဖြစ်၏။ (ပဋိသံ-၂၅၈။ ဝိသုဒ္ဓိ-၂ -၂၄၀။)

**နိမိတ္တ** — ဟူသည် သင်္ခါရ နိမိတ်တည်း၊ တရားကိုယ်အားဖြင့် ခန္ဓာငါးပါးတို့တည်း။ (အကြောင်း ခန္ဓာငါးပါး, အကျိုး ခန္ဓာငါးပါး အားလုံးတည်း။) ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ အပေါင်းအစု အတုံးအခဲဟု မှတ်တတ်သော **ဃနသညာ** ဖြစ်ခြင်း၏ အကြောင်းတရားဖြစ်ခြင်းကြောင့် ခန္ဓာငါးပါးတို့သည် **နိမိတ္တ** မည်၏။ တစ်နည်း လုံးလုံးလျောင်းလျောင်း တရားအထည်ကိုယ်ဒြပ်ရှိသည်၏ အဖြစ်ဖြင့် ဉာဏ်အား ထင်ခြင်းကြောင့် ခန္ဓာငါးပါးတို့သည် **နိမိတ္တ** မည်၏။ (မဟာဋီ-၂-၃၈၄။)

အနိစ္စတာ = အနိစ္စ၏ အဖြစ်မည်သည် သင်္ခါရတရားတို့၏ မဖောက်မပြန် ဟုတ်မှန်တိုင်းသော အခြင်းအရာ မည်၏။ ထိုသင်္ခါရတရားတို့၌ မြဲသော နိစ္စအဖြစ်၏ အရိပ်အမြွက်မျှ၏လည်း မရှိခြင်းကြောင့် မဖောက်မပြန် ဟုတ်မှန်သော အခြင်းအရာ မည်၏၊ ထိုကြောင့်ရကား အနိစ္စအားဖြင့် ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် မဖောက်မပြန် ဟုတ်မှန်သော သဘောအားဖြင့် သင်္ခါရတရားတို့ကို သိသည် မည်၏ = **ယထာဘူတဉာဏ်** မည်၏။ ထိုယထာဘူတဉာဏ်သည်လည်း သင်္ခါရတရားတို့၏ မဖောက်မပြန် ဟုတ်မှန်သော သဘောကို ယူတတ် မှတ်တတ်သည်၏ အဖြစ်ကြောင့် **သမ္မာဒဿန** မည်၏ = မဖောက်မပြန် အမှန်မြင်တတ်သည် မည်၏။ ထိုယထာဘူတဉာဏ် သမ္မာဒဿနဉာဏ်အမြင်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း ပစ္စုပ္ပန်တရားတို့၌ကဲ့သို့ အတိတ် အနာဂတ်တရားတို့၌လည်း နည်းကိုဆောင်သည်ဖြစ်၍ ထိုအတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့သည် လုံ့မစောက် ထက်ဝန်းကျင်အားဖြင့် ကောင်းစွာ သိအပ်ကုန်သည် ဖြစ်ကုန်၏။ အနိစ္စ၏ အဖြစ်မည်သည်လည်း ဖြစ်ခြင်းရှိသော တရား၏ အခြင်းအရာတည်း။ သဘာဝတည်း။ ဖြစ်ခြင်းဟူသည်လည်း အကြောင်းတရား၏ စွမ်းအားဖြင့် ပြီးစီး ဖြစ်ပေါ်လာရ၏။ ထိုကြောင့် မမြဲသည်၏ အဖြစ် = အနိစ္စတာသည် ဖြစ်ပြီးသည်ရှိသော် ထင်ရှားသည်ရှိသော် သင်္ခါရတရားတို့၏ အကြောင်းရှိသည်၏ အဖြစ်ကို ပြီးစေလျက် အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော ယုံမှားခြင်း = ကင်္ခါ = ဝိစိကိစ္ဆာတရား အမျိုးမျိုးကို ပယ်ရှားခြင်းငှာ ကောင်းစွာဖြစ်၏။ ဤသို့သော အနက်အဓိပ္ပာယ်ကို ပြလိုသည်ဖြစ်၍ အထက်ပါ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကို အဋ္ဌကထာက ထုတ်ဆောင်ပြခြင်း ဖြစ်၏။ (မဟာဋီ-၂-၃၈၄။)

**ပဝတ္တ**ဟူသည် ဥပါဒိန္နကခန္ဓပဝတ္တတည်း = ကိလေသာ အဘိသင်္ခါရတို့ကြောင့် (= ကံ ကိလေသာတို့ကြောင့်) အဆင့်ဆင့် ဖြစ်သော ဥပါဒိန္နကခန္ဓာ (၅)ပါးတည်း။ ကံ ကိလေသာတို့ကြောင့် ထင်ရှားဖြစ်ပေါ်လာရသော ဝိပါက် နာမ်တရားနှင့် ကမ္မဇရုပ် ခန္ဓာအလျဉ်ကို **ပဝတ္တ**ဟု ဆိုလိုသည်။ မှန်ပေသည် — ထိုဥပါဒိန္နကခန္ဓာ အလျဉ်သည် ကိလေသာ အဘိသင်္ခါရ = ကံတို့သည် ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့် အလွန်အကဲနှင့် တကွ = လွန်လွန်ကဲကဲ ဒုက္ခ၏ အဖြစ်ဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်လာ၏။ (မဟာဋီ-၂-၃၈၄။)

## ယထာဘူတဉာဏ — သမ္မာဒဿန — ကင်္ခါဝိတရဏ

ယဉ္စ ယထာဘူတံဉာဏံ ယဉ္စ သမ္မာဒဿနံ ယာ စ ကင်္ခါဝိတရဏာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။ (ပဋိသံ-၂၅၈။)

“နိမိတ္တံ, ပဝတ္တ”န္တိ စ ဝုတ္တေ အဇ္ဈတ္တဗဟိဒ္ဓါသန္တာနသညိတေ သဗ္ဗသ္မိံ သပ္ပစ္စယေ နာမရူပေ ယာထာဝတော ပဝတ္တာ ဧကာဝ ပညာ ပရိယာယဝသေန “ယထာဘူတဉာဏ”န္တိပိ “သမ္မာဒဿန”န္တိပိ တတ္ထ ကင်္ခါဝိက္ခမ္ဘနေန “ကင်္ခါဝိတရဏာ”တိပိ ဝုစ္စတိ။ (မဟာဋီ-၂-၃၈၄။)

= ယင်းယထာဘူတဉာဏ်သည်လည်းကောင်း, ယင်းသမ္မာဒဿနဉာဏ်သည်လည်းကောင်း, ယင်းကင်္ခါဝိတရဏာဉာဏ်သည်လည်းကောင်း ရှိ၏။ ဤ (၃)ပါးကုန်သော ဉာဏ်ပညာတရားတို့သည် အနက်အားဖြင့် တူကုန်၏၊ သဒ္ဒါမျှသည်သာလျှင် ထူး၏။ (ပဋိသံ-၂၅၈။ ဝိသုဒ္ဓိ-၂-၂၄၀။)

နိမိတ္တ = သင်္ခါရနိမိတ်ဟူ၍လည်းကောင်း, ပဝတ္တ = ဥပါဒိန္နကပ္ပဝတ္တဟူ၍လည်းကောင်း ဆိုအပ်သော အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်ဟု အသိအမှတ်ပြုအပ်သော အလုံးစုံသော အကြောင်းတရားနှင့် တကွသော နာမ်-ရုပ်၌ မဖောက်မပြန် ဟုတ်မှန်သော သဘောအားဖြင့် ဖြစ်သော တစ်ခုတည်းသာလျှင် ဖြစ်သော ပညာကို ပရိယာယ်၏ အစွမ်းဖြင့် **ယထာဘူတဉာဏ်**ဟူ၍လည်းကောင်း, **သမ္မာဒဿနဉာဏ်**ဟူ၍လည်းကောင်း, ထိုအကြောင်းတရားနှင့် တကွသော နာမ်ရုပ်၌ ယုံမှားခြင်း = ကင်္ခါ = ဝိစိကိစ္ဆာတရားကို ပယ်ခွာခြင်းကြောင့် **ကင်္ခါဝိတရဏဉာဏ်**ဟူ၍လည်းကောင်း ခေါ်ဆို၏။ ရုက္ခ = မြေ၌ ပေါက်ရောက်သော သစ်ပင်, ပါဒပ = အမြစ်ဖြင့် ရေကို သောက်တတ်သော သစ်ပင်, တရု = မြေမှကျော်တက်တတ်သော သစ်ပင် — ဤသို့ ခေါ်ဆိုသကဲ့သို့ မှတ်ပါ။ (မဟာဋီ-၂-၃၈၄။)

## စူဠသောတာပန် စခန်းသို့ ဆိုက်ပြီ

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ-ဂတိကော စူဠသောတာပန္နော နာမ ဟောတိ။ (ဝိသုဒ္ဓိ-၂-၂၄၀။)

ဤဆိုအပ်ခဲ့ပြီးသော ယထာဘူတဉာဏ်နှင့် ပြည့်စုံသော ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို အပတ်တကုတ် ကြိုးစား အားထုတ်လျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည်ကား သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ် အတွင်း၌ ရအပ်သော သက်သာရာရှိသည်, ရအပ်သော ထောက်ရာတည်ရာရှိသည်, မြဲသော သုဂတိရှိသည် ဖြစ်၍ စူဠသောတာပန် = သောတာပန် အထွေးကလေး မည်လေတော့၏။ (ဝိသုဒ္ဓိ-၂-၂၄၀။)

မဖောက်မပြန် မှန်ကန်သော အနက်သဘောဟူသော ပရမတ္ထသစ္စာအားဖြင့် ပြောဆိုရမူ ဘုရားရှင်၏ သာသနာတော်မြတ် အတွင်း၌ အဿာသ = သက်သာရာ မည်သည်ကား အရိယဖိုလ်တရားတည်း။ ပတိဋ္ဌာ = ထောက်ရာတည်ရာ မည်သည်ကား အရိယမဂ်တရားတည်း။ ဤယောဂါဝစရပုဂ္ဂိုလ်သည်ကား မရအပ်သေး-သော အရိယမဂ်ဖိုလ် ရှိငြားသော်လည်း ထိုအရိယမဂ်ဖိုလ်ကို ရခြင်း၏ အကြောင်းဖြစ်သော ကျင့်ဝတ်ပဋိပတ်၌ တည်သည်၏ အဖြစ်ကြောင့် ရအပ်ပြီးသော သက်သာရာ ရှိသကဲ့သို့လည်းကောင်း, ရအပ်ပြီးသော ထောက်တည်ရာ ရှိသကဲ့သို့လည်းကောင်း ဖြစ်၏၊ ထိုကြောင့် လဒ္ဓဿာသ = ရအပ်သော သက်သာရာရှိသည်, လဒ္ဓပတိဋ္ဌ = ရအပ်သော ထောက်ရာတည်ရာ ရှိသည်ဟူ၍ မိန့်ဆိုခြင်း ဖြစ်၏။ မယုတ်လျော့သော ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်-အမြင်ရှိသော ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို ကြိုးပမ်းလျက်ရှိသော ဝိပဿက ယောဂါဝစရပုဂ္ဂိုလ်သည် သီလသမ္ပဒါ = သီလ၏ ပြည့်စုံခြင်း, သမာဓိသမ္ပဒါ = သမာဓိ၏ ပြည့်စုံခြင်း, ပညာသမ္ပဒါ = ပညာ၏ ပြည့်စုံခြင်း တို့နှင့် ကုံလုံ ပြည့်စုံနေသည့် အတွက်ကြောင့် အထက်ဖြစ်သော တရားထူးတရားမြတ်ကို ထိုးထွင်း၍ မသိသည် ရှိသော်လည်း သုဂတိလျှင် လားရာရှိသောကြောင့် **နိယတဂတိက** = မြဲသောသုဂတိ ရှိသည်ဟု ဖွင့်ဆိုခြင်း ဖြစ်၏။ ထိုကြောင့်ပင်လျှင် စူဠသောတာပန် = သောတာပန်အထွေးကလေး မည်၏။ မှန်ပေသည် — သောတာပန် ပုဂ္ဂိုလ်သည်ကား အပါယ်ရောက်ကြောင်း ကိလေသာဟူသမျှကို အရိယမဂ်တရားဖြင့် ပယ်ရှားပြီးသည့်အတွက် အပါယ်ဒုဂ္ဂတိသို့ ရောက်ကြောင်းတရားများ ကုန်လေပြီ၊ အပါယ်သို့ ကျရောက်ခြင်းသဘော မရှိ၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးလျက် ကျရောက်ခြင်း သဘောမရှိ၊ ကုန်ပြီးသော အပါယ်ဒုဂ္ဂတိ ဝိနိပါတဘေးဆိုးကြီးရှိ၏ဟု သိပါလေ။ (မဟာဋီ-၂-၃၈၅။)

**တစ်နည်း —** ရုပ်နာမ်တရားတို့ကို ပရမတ်သို့ဆိုက်အောင် ဉာဏ်အမြင် သန့်ရှင်းပြီးဖြစ်သဖြင့် ယောဂါ-ဝစရပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်ကို ကောင်းစွာ ရထား၏။ ယင်းသို့ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်ကို ကောင်းစွာ ရထားသဖြင့် **လဒ္ဓဿာသ** = သာသနာတော်၌ ရအပ်သော သက်သာရာ ရှိ၏။ မှန်ပေသည် နာမ်ရုပ်ကို ပိုင်းပိုင်း

ခြားခြား သိတတ်သော နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ခန္ဓာ-အာယတန-ဓာတ်စသော ပရမတ်တရားတို့ကို ဟုတ်မှန်-တိုင်းသော မိမိ မိမိ၏ ကိုယ်ပိုင်သဘာဝလက္ခဏာ, ဟုတ်မှန်တိုင်းသော မိမိ မိမိ၏ ကိုယ်ပိုင်လုပ်ငန်း ကိစ္စအားဖြင့် ကောင်းစွာ ပိုင်းခြားမှတ်သားနိုင်၍ = ရုပ် နာမ် ပရမတ္ထ ဓာတ်သားတိုင်းကို လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန် နည်းအားဖြင့် ဉာဏ်ဖြင့် ကောင်းစွာ ကြိတ်ချေနိုင်သည်ဖြစ်၍ သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ သာသနာတော်၌ တရားနှင့် စပ်ဆိုင်သော နှစ်သိမ့်ဝမ်းမြောက်ခြင်း = ပီတိ ပါမောဇ္ဇတရားကို ရရှိသဖြင့် **လဒ္ဓဿာသ** = ရအပ်သော သက်သာရာ ရှိ၏။

**ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်**ကို ကောင်းစွာ ရရှိသဖြင့် **လဒ္ဓပတိဋ္ဌ** = သာသနာတော်၌ ရအပ်သော ထောက်ရာတည်ရာ ရှိ၏။ မှန်ပေသည် — အကြောင်းတရားနှင့် တကွသော နာမ်ရုပ်ကို ရှုမြင်တတ် ထိုးထွင်း-သိတတ်သော ဉာဏ်ဖြင့် နှိမ်နင်း ချေမှုန်းအပ်ပြီးသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိစသော မိစ္ဆာဒိဋ္ဌိဆူးငြောင့် ရှိသည်ဖြစ်၍, ထုတ်ပယ်အပ်ပြီးသော အဟေတုဝါဒ = အကြောင်းမဲ့ဝါဒ, ဝိသမဟေတုဝါဒ = ဖန်ဆင်းရှင်စသော မညီညွတ်သော အကြောင်းရှိသော ဝါဒရှိသည် ဖြစ်၍ (= အကြောင်းတရားနှင့် တကွသော နာမ်ရုပ်ကို ရှုမြင်တတ် ထိုးထွင်းသိတတ်သော ဉာဏ်ဖြင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ စသော မိစ္ဆာဒိဋ္ဌိ ဆူးငြောင့် ခလုတ်တို့ကို နှိမ်နင်းချေ မှုန်းအပ်ပြီးသည် ဖြစ်၍, အကြောင်းမရှိဟု လက်ခံသော = အဟေတုဝါဒ, ဖန်ဆင်းရှင်စသော မညီညွတ်သော အကြောင်းကို လက်ခံသော = ဝိသမဟေတုဝါဒတို့ကို ထုတ်ပယ်အပ် နှုတ်ပယ်အပ်ပြီးသည် ဖြစ်၍) — အကြင် အကြင် မိမိ မိမိ၏ ဥစ္စာဖြစ်သော ဆိုင်ရာ ဆိုင်ရာ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံစသော အကြောင်းတရား-တို့ကြောင့်သာလျှင် ဖြစ်ပေါ်လာသော ပရမတ္ထဓမ္မ သဘောတရားမျှကို သိရှိ၍ နေခြင်းကြောင့် ဘုရားရှင်၏ သာသနာတော်တွင်း၌ သာသနာတော်မှ မခွဲနိုင်အောင် အမြစ်တွယ်လျက် တည်တံ့သော သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သည် **လဒ္ဓပတိဋ္ဌ** = ရအပ်သော ထောက်ရာတည်ရာ ရှိသည် မည်ပေ၏။ (မဟာဋီ-၂-၃၈၅။)

နာမ်ရုပ်ကို ပိုင်းခြားမှတ်သားတတ်သော **နာမရူပဝဝတ္ထာနဉာဏ်**ဖြင့် ဒုက္ခသစ္စာကိုလည်းကောင်း, **ဓမ္မဋ္ဌိတိဉာဏ်**ဖြင့် သမုဒယသစ္စာကိုလည်းကောင်း, ထိုဓမ္မဋ္ဌိတိဉာဏ်၏သာလျှင် နောက်ပိုင်းအဖို့ဘာဂ ဖြစ်သော (ဝိပဿနာ) ဉာဏ်ဖြင့် ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသော သင်္ခါရတရားတို့ကို ဖြစ်ပြီးလျှင် ပျက်သွားသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု နှလုံးသွင်းခြင်းစသော အစီအရင်ဖြင့် မဂ္ဂသစ္စာကို လည်းကောင်း ထူးသော ဉာဏ်ဖြင့် (= ဓမ္မဋ္ဌိတိ အမည်ရသော ဝိပဿနာဉာဏ်ဖြင့်) ထိုးထွင်းသိမြင်၍ အကြောင်း-တရားတို့၏ မပြတ်ဖြစ်ခြင်းကြောင့် အကျိုးရုပ်နာမ်၏ မပြတ်ဖြစ်ခြင်းတည်းဟူသော မပြတ်ဖြစ်နေသော ရုပ်နာမ် အလျဉ်၏ ဒုက္ခ၏အဖြစ်ကို သိမြင်ပြီး၍ မပြတ်ဖြစ်နေသော ရုပ်နာမ်အလျဉ်၏ ကင်းရာဖြစ်သော အကြောင်းတရား တို့၏ ချုပ်ခြင်းကြောင့် အကျိုးရုပ်နာမ်အလျဉ်၏ ချုပ်ခြင်းဟု ဆိုအပ်သော နိရောဓသစ္စာ၌ (ဥဒယဗ္ဗယဉာဏ်-ပိုင်းတွင် ထင်ရှားလတ္တံ့) စင်စစ်အားဖြင့်သာလျှင် ညွတ်ကိုင်းရှိုင်းသော အလိုအဇ္ဈာသယဓာတ် ရှိသည်၏ အဖြစ်ကြောင့် လောကီ ဝိပဿနာဉာဏ်ဖြင့်သာလျှင် အရိယသစ္စာ (၄)ပါးတို့ကို ရပြီး သိပြီးသည်၏ အဖြစ်ကြောင့် အပါယ်လေးဘုံတို့၌ ဖြစ်ထိုက်ခြင်းသဘော မရှိသည်လည်းကောင်း, သောတာပန်ဘုံအဆင့်၌ ဖြစ်ထိုက်ခြင်း-သဘောရှိသည်လည်းကောင်း ဖြစ်ပေ၏။ ထိုကြောင့် **နိယတဂတိက**ဟူ၍ ဖွင့်ဆိုခြင်း ဖြစ်၏။ ထိုကြောင့်ပင် **စူဠသောတာပန်** မည်ရပေသည်။ (မဟာဋီ-၂-၃၈၅။)

ထိုကြောင့် ဤသာသနာတော်၌ မိမိ၏လည်းကောင်း, သူတစ်ပါးတို့၏လည်းကောင်း, မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်အောင်သော အကျိုးစီးပွားအလို့ငှာလည်းကောင်း ချမ်းသာသုခအလို့ငှာလည်းကောင်း ကျင့်ကြံကြိုး-ကုတ် ပွားများ အားထုတ်လျက်ရှိသော ပညာရှိသူတော်ကောင်းသည် ကြောင်း-ကျိုးဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် လုံ့လပြုခြင်းမှ

ကြွင်းသော ကိစ္စအဝဝတို့ကို စွန့်ပယ်ထားလိုက်၍ နက်နဲလှစွာသော ပစ္စယာကာရ အမည်ရသော ကြောင်း-ကျိုး-ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရား အထူးအပြား၌ အကြင်သို့သော အခြင်းအရာအားဖြင့် ကြိုးစားအားထုတ်ခဲ့သော် ဉာဏ်ဖြင့် ထောက်ရာတည်ရာကို ရရှိနိုင်လေရာ၏၊ ထိုကဲ့သို့သော အခြင်းအရာအားဖြင့် သတိနှင့် ပြည့်စုံသည် ဖြစ်၍ ပညာအမြော်အမြင် သမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံသည် ဖြစ်၍ အခါခပ်သိမ်း အဖန်-တလဲလဲ လုံ့လကြိုးကုတ် အားထုတ်လေရာသတည်း။ (အဘိ-ဌ-၂-၁၈၉။ ဝိသုဒ္ဓိ-၂-၂၂၁။)

## ပြည်ဆရာတော်ဘုရားကြီး၏ အာသီသကထာ

ယောဇနာနှင့်၊ ဋီကာအနု၊ မစု ဂဏ္ဌိ၊ ကျမ်းပေါင်း ညှိ၍၊ အတိဂမ္ဘီရ၊ ဒုဒ္ဒသဟု၊ ပဋိစ္စသမုပ္ပါဒ်၊ စက်
ရဟတ်ကို၊  ဆုံးဖြတ်ဖွတ်နှည်၊ ဉာဏ်ပွတ်ကျည်ဖြင့်၊ လည်တပတ်ပတ်၊ နယ်ချေပွတ်လျက်၊ မွတ်မွတ်ညက်ညက်၊
လွန်ခဲခက်သည်၊ နက်ဓိပ္ပါယ်ယော်၊ ပေါပေါပေါ်အောင်၊ ထုတ်ဖော်ဆုံးဖြတ်၊ မြိန်မွန်မြတ်သား၊ ထောပတ်ဆီဉ၊
ရမ္မတ်ပြုမှ၊ လဒ္ဓုပဒေသာ၊ သကာချိုမြက်၊ အဖျော်ဖက်၍၊ နံ့သက်မွှေးမွှေး၊ ချိုဆိမ့်လေးသား၊ တည်ကျွေးစားငှာ၊
ဤသည့်စာကို၊ သုဓာမြိုက်တူ၊ စားသောသူကား၊ အယူမသာ၊ ကင်္ခါဝိမတိ၊ စေးညှိထဲနှာ၊ ကင်းစင်ကွာ၍၊ နာမ-
ရူပတ်၊ ပရမတ်ကို၊ ဆတ်ဆတ်ဆိုနိုင်၊ ဉာဏ်ခန်းပိုင်သည်၊ ဦးကိုင်ပွဲမ၊ ခံတည်ပလျက်၊ ထွေငေါ်နက်သား၊
သွက်သွက် မြန်သန်၊ ချက်တိုင်းမှန်၍၊ ကျမ်းဂန်စက်ကျ၊ သိုက်မှန်ရသို့၊ ပါမောက္ခကြီး၊ အံ့ဖွဲ့ချီးလျက်၊ ဝေးနီးလူဗိုလ်၊
အများခိုသည်။   ။ ပုဂ္ဂိုလ်မြောက်ပါစေသတည်း။ (ပြည်-ဝိသုဒ္ဓိမဂ်နိဿယ - ၄ - ၂၆၇။)

# နိဗ္ဗာနဂါမိနိပဋိပဒါ – တတိယတွဲ

## မှတ်သားဖွယ်ရာ အက္ခရာစဉ် အညွှန်း


အက္ခရာစဉ် စာမျက်နှာ

[ အ ]

အကမ္မဇအာဟာရ 41
အကိရိယဝါဒ 30
အကုသလမူလ 354
အကုသိုလ် ကမ္မဘဝနှင့် အရူပ ကမ္မဘဝ 555
အကျိုးကို ခံစားတတ်သူ 205
အကျိုးဂုဏ်အင် အာနိသင် 27
အကျိုးရှိသော ဟောစဉ် 544
အကျဉ်းချုပ်မှတ်သားရန် 384
အကြောင်း အကျိုး သိမ်းဆည်းပုံ 513, 538, 549
အကြောင်း အကျိုး သိမ်းဆည်းပုံ စနစ်များ 239
အကြောင်း အကျိုး သိမ်းဆည်းပုံ -
    ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း 247
အကြောင်း အကျိုး သိမ်းဆည်းပုံ ပုံစံများ 454
အကြောင်း အကျိုး သိမ်းဆည်းပုံ ရှုကွက် 487
အကြောင်း၏ အကြောင်းအဆက်ဆက် 54
အကြောင်းတရား အကျိုးတရား
    သိမ်းဆည်းပုံ 500, 554
အကြောင်းပြချက် 109, 348
အကြောင်းပြချက်ကား ရှိသည်သာဖြစ်ပါသည် 112
အကြိမ်ကြိမ် ဆန်းစစ်ကြည့်ပါ 65
အချင်းချင်း ကောက်ယူပုံ 389
အဂ္ဂိရတ်ဆရာတို့၏ မျှော်လင့်ချက်မျိုး 365
အင်္ဂါ (၁၂) ပါး 561
အစပ်တစ်ခု၊ အလွှာနှစ်ခု 588
အစပ် (၃) ပါး 561
အစပ် (၃) ပါး, အလွှာ (၄) လွှာ 69
အညမည 423
အညမညပစ္စည်း 388, 389
အညမညံ ဥပ္ပါဒနုပတ္ထမ္ဘနဘာဝေန
    ဥပကာရကော ဓမ္မော 388

အက္ခရာစဉ် စာမျက်နှာ

အညာဏ 351
အဋ္ဌကထာစကားရင်း 59
အဋ္ဌကထာ - ဋီကာ အဖွင့်များ 47
အတ္တနိ ဝါ ရူပံ 529
အတ္တနိ ဝါ ဝေဒနံ 530
အတ္တနိ ဝါ သင်္ခါရေ 531
အတ္တနိ ဝါ သညံ 530
အတ္တပစ္စက္ခဉာဏ် 100
အတ္တပြောင်းရွှေ့မှု = အတ္တသင်္ကန္တိ 571
အတ္တဝါဒုပါဒါန် 527, 528
အတ္တဝါဒုပါဒါန်ကြောင့် ဘဝဖြစ်ပုံ 547
အတ္ထဂမ္ဘီရ 42
အတ္ထဂမ္ဘီရတာ 576
အတ္ထတ္ထ 352
အတ္ထနယ (၄) မျိုး 213, 582
အတ္ထနယဟူသည် 213
အတ္ထိပစ္စည်း 419, 430
အတ္ထိပစ္စည်း (၂) မျိုး ခွဲပုံ 423
အတ္ထိဘာဝ = ထင်ရှားရှိသည်၏အဖြစ် (၃)မျိုး 419
အတ္ထိဘာဝသဘော 453
အတ္ထိ မေ ပါပကမ္မံ ကတံ 420
အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ 562
အတိုချုပ် မှတ်သားရန် 405
အတိုချုပ် ရှင်းလင်းချက် 597
အတိတ်အကြောင်းတရား (၅) ပါး 76
အတိတ်အကြောင်းတရားတို့ကို
    တိုက်ရိုက်ရှာဖွေပုံ 88
အတိတ်အကြောင်းတရားများကို ရှာဖွေနည်း 111
အတိတ်အကြောင်း ပစ္စုပ္ပန်အကြောင်း 247
အတိတ်အဆက်ဆက် -
    အနာဂတ်အဆက်ဆက်သို့ 582

အတိတ်အဆက်ဆက်သို့ 315, 587
အတိတ်အာရုံ 156
အတိတ်၏ အရှိန်အဝါဟပ်မှု 216
အတိတ်နှင့် အနာဂတ် 642
အတိတ်နှင့် ပစ္စုပ္ပန်အာရုံ 156
အတိတ်သို့ ဉာဏ်ကို ရှေးရှုလွှတ်ပါ 94
အထူးမှာထားချက် 335
အထူးသတိပြု၍ သိမ်းဆည်းရန် 238
အဒဿန 351
အဓိစ္စသမုပ္ပတ္တိအာကာရ 667
အဓိဋ္ဌာနာကာရ 391
အဓိပတိပစ္စည်း 378
အဓိဝစနံ နာမံ ရှိရာ ဥပစာ 101
အဓုဝ 568
အခွန့်ကာလ (၃) ပါး 561
အနန္တရပစ္စည်း - သမနန္တရပစ္စည်း 381
အနန္တရမျိုး (၇) မျိုး 595
အနန္တရူပနိဿယ 393
အနနုဗောဓ 352
အနဘိသမယ 352
အနာဂတ်အကျိုးတရား (၅) ပါး 77
အနာဂတ် အဆက်ဆက်သို့ 587
အနာဂတ် အပြောင်းအလဲ 330
အနာဂတ်၌ အကြောင်းအကျိုး 235
အနာဂတ်ဘဝသည် ကျိန်းသေဖြစ်မှာလား 235
အနာဂတ် ဘယ်လိုလဲ? 57
အနာဂတ်မှ အနာဂတ်သို့ 333
အနာဂတ် ရှုကွက်ပုံစံများ 584
အနာဂတ် ဝဋ္ဋကထာပိုင်း 522
အနာဂတ်သို့ ဉာဏ်ကို စေလွှတ်ပါ 327
အနုဋီကာ၏ ဖြေရှင်းချက် 184
အနုပဋ္ဌိန္နကိလေသဗလဝိနာမိတံ 158
အနုပ္ပါဒနိရောဓသဘော 228
အနုပါဒိဏ္ဏက ကဗဠီကာရအာဟာရ 47
အနုပုဗ္ဗဝိဟာရ 663
အနုဘဝနသဘော 560
အနုလောမပစ္စယာကာရ 100
အနုလောမ ပဋိစ္စသမုပ္ပါဒ် 587
အနုလောမပဋိစ္စသမုပ္ပါဒ်
ပဋိလောမပဋိစ္စသမုပ္ပါဒ် 226
အနုလောမ ပဋိစ္စသမုပ္ပါဒ်ရှုကွက် 337
အနုသယဓာတ်ရှိသူ၌သာ 521
အနုသာသနီ တရားတော် 325
အနှစ်သာရအားဖြင့် မှတ်သားရန် 381
အပစ္စက္ခကမ္မ 353
အပစ္စဝေက္ခဏာ 353
အပ္ပဋိဝေဓ 352
အပရပစ္စယဉာဏ် 100
အပရာပရိယဝေဒနီယကံ 78
အပရိယောဂါဟနာ 352
အပုညာဘိသင်္ခါရ 360, 434, 448
အပုညာဘိသင်္ခါရဟူသည် 4
အပါယ် ဒုဂ္ဂတိဘဝ ပဋိသန္ဓေ 329
အပြောင်းအလဲ 296
အပြောင်းအလဲ ရှိနိုင်ပါသလား? 236
အဖြူရောင်ကမ္မနိမိတ် 143, 144
အဗျာပါရနည်း 220
အဗျာပါရနည်းကို သိခြင်း 371, 372
အဘိညာဉ်စေတနာနှင့် ဥဒ္ဓစ္စစေတနာ 362
အဘိသင်္ခါရဝိညာဏ် 475
အဘယ်ကြောင့် အနာဂတ်ကို ရှုနေရပါသလဲ? 236
အဘယ်ကြောင့် သိနိုင်ပါသနည်း 481
အဘယ်ကြောင့် သိနိုင်ပါသလဲ? 448, 476
အမရတပဟူသော မအိုမသေဖို့ရန် ကျင့်ခြင်း 365
အမေး အဖြေ 364, 552
အရူပ စုတိ (၄) ခု ဖြစ်ပေါ်လာပုံ 658
အရူပ ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး 647
အရူပ ဘဝင် နာမက္ခန္ဓာ 653
အရူပဘုံ၌ 482
အရူပဘုံမှ အရူပဘုံသို့, ကာမသုဂတိဘုံသို့ 176
အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ 418
အရင်းအမြစ် 374

အလောင်းတော် သုမေဓာရှင်ရသေ့ 333
အလုပ်စခန်းကို စတင်အားသစ်ပုံ 88
အလယ်မှ အစသို့ 62, 89
အလွန်တရာ အံ့ဩဖွယ်ကောင်းကုန်သော ဤနှစ်ဂါထာ B
အလွန်ရနိုင်ခဲသော အခွင့်ကောင်းကြီးတစ်ရပ် 334
အလွှာ (၄) ပါး 561
အဝိဂတပစ္စည်း 427
အဝိဇ္ဇာ 337, 348
အဝိဇ္ဇာ၏ အကြောင်းရင်း 338
အဝိဇ္ဇာ၏ စွမ်းအင် 355
အဝိဇ္ဇာ၏ သဘောလက္ခဏာ 351
အဝိဇ္ဇာကို အစထား၍ ဟောတော်မူရခြင်း အကြောင်း 347
အဝိဇ္ဇာကိုမူလထား၍ဟောကြားထားတော်မူပုံ 350
အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ပုံ 366
အဝိဇ္ဇာကြောင့် အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ပုံ 367
အဝိဇ္ဇာ - တဏှာ - ဥပါဒါန် 322
အဝိဇ္ဇာ တဏှာ နှစ်မျိုးလုံးကို မူလထား၍ ဟောကြားထားတော်မူပုံ 350
အဝိဇ္ဇာနုသယ 354
အဝိဇ္ဇာပစ္စယာ သင်္ခါရာ 356, 431
အဝိဇ္ဇာပရိယုဋ္ဌာန 354
အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏ 431
အဝိဇ္ဇာယတွေ၀ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော 334
အဝိဇ္ဇာယောဂ 354
အဝိဇ္ဇာလင်္ဂီ 354
အဝိဇ္ဇာ - ဝိန္ဒတီတိ ဝိဇ္ဇာ 353
အဝိဇ္ဇာသဝကြောင့် သောကစသည် ဖြစ်ပုံ 346
အဝိဇ္ဇာသည် တိမ်သလာနှင့် တူ၏ 574
အဝိဇ္ဇာဟူသည် 4
အဝိဇ္ဇောဃ 354
အဝိန္ဒိယ 353
အဝိနာဘာ၀နည်း 25, 573
အဝိပါကနာမ် - အဝိပါကမနာယတန 483
အဝီရိယေသု ဗလာနိ န လဗ္ဘန္တိ 598
အသင်္ဂါဟနာ 352
အသညသတ် ပဋိသန္ဓေ 648
အသဒိသ-ပစ္စယ 443
အသမ္ပဇည 353
အသမပေက္ခဏာ 352
အသမ္မောဓ 352
အသမ္မောဟ သမ္မဇဉ်ဉာဏ်ကို ရရှိရန် 660
အဿာသ = သက်သာရာ 678
အသာဓာရဏ 18
အသာဓာရဏ ဉာဏ်တော် 84
အသက်ကောင်, လိပ်ပြာ, ဝိညာဏ် 535
အသင်သူတော်ကောင်းအဖို့ လမ်းပွင့်သွားပြီ 93
အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိကို စွန့်ပုံ 224
အဟေတုကဒိဋ္ဌိနှင့် နိယတဝါဒ 224
အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ 598
အဟေတုဝါဒ 28
အဟောသိကံ 78
အဟိတ် စုတိ ဖြစ်ပေါ်လာပုံ 655
အဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး 642
အဟိတ် ပထမတဒါရုံ ခန္ဓာ (၅) ပါးမှ 626
အဟိတ် ပထမတဒါရုံ - နာမက္ခန္ဓာ (၄) ပါး 628
အဟိတ် ပထမတဒါရုံ ရူပက္ခန္ဓာ 626
အဟိတ် ဘဝင် နာမက္ခန္ဓာ 649


**[အာ, အား]**


အာကာသဓာတ် 314
အာဂန္တုကဘဝင် 150
အာဒိကမ္မိက မဟာဂ္ဂုတ် ကုသိုလ်ဇောဝီထိ 638
အာဓာရာကာရ 391
အာနေဉ္ဇာဘိသင်္ခါရ 332, 360, 433, 449
အာနေဉ္ဇာဘိသင်္ခါရဟူသည် 5
အာပေါဓာတ် 314
အာယူဟန 400
အာယူဟနသမင်္ဂီတာ 208
အာရမ္မဏဃန အတုံးအခဲ 102

အာရမ္မဏနှင့် ဥပနိဿယ 520
အာရမ္မဏပစ္စည်း 377, 430
အာရမ္မဏပုရေဇာတပစ္စည်း 397
အာရမ္မဏ (၈) မျိုး သို့မဟုတ် (၁၁) မျိုး 594
အာရမ္မဏာဓိပတိ 393
အာရမ္မဏာဓိပတိပစ္စည်း 380
အာရမ္မဏူပနိဇ္ဈာနစျာန် 411
အာရမ္မဏူပနိဿယ 392
အာရမ္မဏူပနိဿယ - ပကတူပနိဿယ 509
အာရုံ 254
အာရုံချင်း တူညီရမည် 119
အာလယနှစ်ပါး B
အာလောက 269
အာဝဇ္ဇန်းနှင့် ဇော 451
အာဝဇ္ဇန်း-ဝုဋ္ဌော-ဇော 456
အာသန္နကံ 79
အာသဝ - ဟူသည် 339
အာသေဝနပစ္စည်း 399
အာဟာရတ္တိ 424
အာဟာရပစ္စည်း 406
အာဟာရ (၄) မျိုးသာ ဟောရခြင်းအကြောင်း 48
အာဟာရသုတ္တန် 45
အားထုတ်ခြင်း ဥဿာဟ 404
အားရကျေနပ်ဖွယ် အချက်တစ်ရပ် 324


## [ဣ]


ဣတ္တရ 568
ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ 410
ဣဒါနိ ဟေတုဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ 522
ဣန္ဒြိယတ္တိ = ရူပဇီဝိတိန္ဒြိယတ္တိ 425
ဣန္ဒြိယပစ္စည်း 408
ဣန္ဒြေ (၂၀) 408
ဣရိယာပထပိုင်း - သမ္ပဇညပိုင်း 399


## [ဤ]


ဤအဘိဓမ္မာမည်သည် 358
ဤဋီကာတို့၏ တတိယအဖွင့်နှင့် အညီ ရှုကွက် 70
ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ 197


## [ဥ]


ဥဃ္ဃဋိတညူပုဂ္ဂိုလ် 333
ဥစ္ဆေဒဒိဋ္ဌိနှင့် သဿတဒိဋ္ဌိ 218
ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်ပုံ 220
ဥစ္ဆေဒဝါဒ 30
ဥတုဇရုပ် အာဟာရဇရုပ် 611
ဥတု - ဘောဇဉ် - ပုဂ္ဂလ - သေနာသန 395
ဥပကရဏကမ္မနိမိတ် 142
ဥပကာရကလက္ခဏာ 374
ဥပဃာတကကံ 80, 83
ဥပစာရ 171
ဥပစိတ 165
ဥပဋ္ဌာနသမင်္ဂိတာ 210
ဥပတ္ထမ္ဘကကံ 80, 82, 322
ဥပတ္ထမ္ဘကတ္တ - သဘော 407, 421
ဥပနိဿယကောဋ္ဌိ 516
ဥပနိဿယပစ္စယသတ္တိ 457
ဥပနိဿယပစ္စယသတ္တိ တစ်မျိုးတည်းဖြင့် 520
ဥပနိဿယပစ္စည်း 392, 430
ဥပ္ပန္နမာနော ဝ သဟ ဥပ္ပါဒနဘာဝေန
    ဥပကာရကော ဓမ္မော 388
ဥပပဇ္ဇဝေဒနီယကံ 78
ဥပ္ပတ္တိက္ကမ - ပဟာနက္ကမ - ဒေသနာက္ကမ 536
ဥပပတ္တိဘဝ 7
ဥပပတ္တိဘဝ တရားကိုယ် 543
ဥပ္ပါဒ 103
ဥပပီဠကကံ = ကပ်၍
    ညှဉ်းဆဲတတ်သောကံ 80, 83, 317
ဥပပီဠကကံနှင့် ဥပဃာတကကံ 82
ဥပဘောဂဘူတဂတိနိမိတ် 152
ဥပမာအားဖြင့် သိသင့်ပုံ 572
ဥပမာ တစ်နည်းဖြင့် ပြဆိုခြင်း 573
ဥပလဒ္ဓကမ္မနိမိတ် 142

ဥပလဗ္ဘမာနတာလက္ခဏ - အတ္ထိဘာဝ 419, 420
ဥပလဘိတဗ္ဗ ဂတိနိမိတ် 152
ဥပါဒါနပစ္စယာ ဘဝေါ 542
ဥပါဒါရုပ် 6
ဥပါဒိန္နက 53
ဥပါဒိန္နကကဗဠီကာရ အာဟာရ 47
ဥပါဒိန္နကပဝတ္တိကထာ =
(ဥပါဒိန္နကပဝတ္တိကထာ) 497, 505
ဥပါဒါန် 250
ဥပါဒါန်နှင့် ဘဝအပြား 545
ဥပါဒါန် ဖြစ်ခြင်းကြောင့် ဘဝ ဖြစ်၏ 542
ဥပါဒါန် ဟူသည် 7
ဥပါယာသဟူသည် 10
ဥမ္မာဒန္တီ၏ ရှေးဆုတောင်း 131

[ဧ]

ဧကစ္စဒုဂ္ဂတိပဋိသန္ဓေ 192
ဧကစ္စသုဂတိစုတိ 192
ဧကစ္စေဆရာတို့ကား 546
ဧကစိတ္တက္ခဏိက - နာနာစိတ္တက္ခဏိက 246
ဧကတ္တနည်း 213, 371
ဧကတ္တနည်းကို သိခြင်း 369, 371
ဧကတာ - နာနတာ နတ္ထိ 200
ဧကဒေသတော ဇာနိတဗ္ဗံ =
တစ်စိတ် တစ်ဒေသ သိရမည် 78
ဧကဒေသ = တစ်စိတ် တစ်ဒေသ 84
ဧကဒေသသရူပေကသေသ 467
ဧကန္တကေတာ 202
ဧကန္တနာနတာ 202
ဧကနိရောဓ 416
ဧကဝတ္ထုက 416
ဧကဝတ္ထုက - ဧကာရမ္မဏ - ဧကုပ္ပါဒ-
ဧကနိရောဓ သင်္ခါတေန 414
ဧကသန္တတိပရိယာပန္နမေဝ 497
ဧကာဓိဋ္ဌာန 573
ဧကာရမ္မဏ 415, 416
ဧကုပ္ပါဒ 415, 416
ဧကုပ္ပါဒ ဧကနိရောဓ အဖြစ်
(= ဖြစ်မှု ချုပ်မှု တူမှုသဘော) 416
ဧဝံဓမ္မတာနည်း 222, 371
ဧဝံဓမ္မတာနည်းကို သိခြင်း 372

[ဩ]

ဩပပါတိကသတ္တဝါတို့၏ 483

[က]

ကင်္ခါဝိတရဏဉာဏ် 678
ကင်္ခါဝိတရဏဝိသုဒ္ဓိ 674
ကဋတ္တာကံ 79
ကတ 165
ကတ္တုသတ္တိ 560
ကပ္ပနာ 116
ကဗဠီကာရအာဟာရ 406, 408, 485
ကဗဠီကာရာဟာရ 49, 50, 52
ကမ္မကာရဏာဒဿန 346
ကမ္မဇရုပ် 599, 608
ကမ္မဉ္စ စိတ္တတော နိဗ္ဗတ္တံ 134
ကမ္မန္တရ 84
ကမ္မန္တရ - ဝိပါကန္တရ 85
ကမ္မပစ္စည်း 400, 430
ကမ္မပဝတ္တ 567
ကမ္မဘဝ 7
ကမ္မဘဝ တရားကိုယ် 542
ကမ္မဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပုံ 467
ကမ္မဝိပါကဉာဏ်တော်မြတ် 84
ကမ္မဝဋ် အာဟာရ (၄)ပါးက
စတင် သိမ်းဆည်းပုံ 90
ကမ္မဝဋ် ခန္ဓာ (၅) ပါး 122
ကမ္မဝဋ် (၂) ပါး 92, 119
ကမ္မသင်္ခေပ 566
ကမ္မသန္တတိ 567
ကမ္မသမင်္ဂီတာ 208

ကမ္မသမ္ဘာရ 566
ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သ္နေဟော 375
ကလလရေကြည် 105, 182
ကလလရေကြည်၏ ပမာဏ 105
ကလလရေကြည် တည်စခိုက်
ပဋိသန္ဓေ ခန္ဓာငါးပါး 247
ကလလရေကြည်သို့ ဆိုက်ပြီ 104
ကာမဇော မနောဒွါရိကစိတ်များ 631
ကာမတဏှာ 519
ကာမ တိဟိတ် စုတိ (၄) ခု ဖြစ်ပေါ်လာပုံ 656
ကာမတိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး
ဖြစ်ပေါ်တည်နေရပုံ 602
ကာမသုဂတိမှ ဒုဂ္ဂတိသို့ ဖြစ်ပုံအခြင်းအရာ 157
ကာမာဝစရပုညာဘိသင်္ခါရ 448
ကာမာသဝကြောင့် သောကစသည်ဖြစ်ပုံ 344
ကာမုပါဒါန် 525
ကာမုပါဒါန်နှင့် အပါယ်သံသရာ 546
ကာမုပါဒါန်နှင့် ရူပဘဝ 550
ကာမုပါဒါန်နှင့် ရူပဘဝ အရူပဘဝ 547
ကာမုပါဒါန်နှင့် သုဂတိ 546
ကာယသင်္ခါရ = ကာယသဉ္စေတနာ 362
ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ 357
ကာယသင်္ခါရဟူသည် 5
ကာယသမ္ဖဿ = ကာယဝိညာဏ်နှင့်
ယှဉ်သော ဖဿ 505
ကာရက 527
ကာရက ဝေဒကမှ ကင်းဆိတ်မှု 558
ကာရဏကာရဏ 352
ကာရဏူပစာရ 27
ကာလအားဖြင့်ခွဲပုံ 429
ကိစ္စအားဖြင့် သိသင့်ပုံ 569
ကိစ္စဃန အတုံးအခဲ 102
ကိစ္စနှင့်စပ်၍ ကံ (၄) မျိုး 80
ကိစ္စ (၂) မျိုး 571
ကိစ္စဝိရုဒ္ဓ 441
ကိရိယာ 567
ကိရိယာဖလ 567
ကိလေသဝဋ် ကမ္မဝဋ် မနောဒွါရဝီထိ 438
ကိလေသဝဋ် ကမ္မဝဋ် များနေသော် 96
ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်၏
အစွမ်းဖြင့် သိမ်းဆည်းပုံ 76
ကိလေသဝဋ် ကမ္မဝဋ် ဝီထိစဉ်ဇယား 370
ကိလေသဝဋ် ခန္ဓာ (၅) ပါး 122
ကိလေသဝဋ်ချင်း ကမ္မဝဋ်ချင်း မတူညီကြပုံ 128
ကိလေသဝဋ်နှင့် ကမ္မဝဋ် 117
ကိလေသဝဋ် (၃) ပါး 92, 119
ကုမ္မဂ္ဂ 15
ကုသိုလ် အကုသိုလ် အဗျာကတ ဝေဒနာ 512
ကံ-အာရုံ 500
ကံ-အာရုံ ထင်ပုံ 110
ကံ- ကမ္မနိမိတ် - ဂတိနိမိတ် 141
ကံ-စိတ်-ဥတု-အာဟာရတို့၏ အစွမ်းဖြင့် 240
ကံသည် လယ်ယာနှင့်တူ၏ 375
ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ 214
ကျေးဇူးပြုပုံ 49
ကျေးဇူးပြုသည် 375
ကျက်မှတ်ရန် ပါဠိတော်၏ အနက် 3
ကြိယာဇော 404
ကြိုတင်မှတ်သားထားရန် 243, 500
ကြိုတင်သတိပြုရန် 522
ကြိုတင်သိထားသင့်သော လိုရင်းအချက်များ 511
ကြိုတင်သိမှတ်ထားရန် 598
ကြောင်း-ကျိုး ဆက်နွယ်မှု
ပဋိစ္စသမုပ္ပါဒ်သဘောတရား 123


[ ခ ]


ခဏိကနိရောဓ 103
ခဏိကမရဏ 582
ခန္ဓာ-အာရုံ-ဂတိ-ဟိတ်-ဝေဒနာ-ဝိတက်-
ဝိစာရတို့ဖြင့် ကွဲပြားခြင်း မကွဲပြားခြင်း 191
ခန္ဓာ (၅) ပါးလုံး အပေါ်၌ စွဲယူမှု 534
ခန္ဓာ (၅) ပါးဟူသည် 128

ခန္ဓာ (၄) ပါးရှိသော အရူပဘုံအချင်းချင်း 191
ခယ 103
ခရီးကောက် ခရီးလွဲ 15
ခေတ္တ ရပ်နားကြည့်ပါ 671
ခြံ၍ အကြောင်း အကျိုး သိမ်းဆည်းပုံ 455
ခြံ၍ရှုသော ရှုကွက်ပုံစံ အချို့ 468
၆ - ဒွါရ, ၄၂ - ကောဋ္ဌာသ - ရူပကန္ဒာ 261
ခြင်းရာ (၂၀) 562
ခွဲ၍ရှုပုံ ပုံစံအချို့ 469

**[ ဂ ]**

ဂတိနိမိတ် 151
ဂတိနိမိတ်ထင်သူ 153
ဂန္ထာရုံလိုင်း ဃာနဒွါရဝီထိ - ဃာနဝိညာဏ် 303
ဂန္ထာရုံလိုင်း ဃာနဒွါရဝီထိ - ပဉ္စဒွါရာဝဇ္ဇန်း 302
ဂန္ထာရုံလိုင်း ဃာနဒွါရဝီထိ - သန္တီရဏ 303
ဂန္ထာရုံလိုင်း ဃာနဒွါရဝီထိ - သမ္ပဋိစ္ဆိုင်း 303
ဂရုကံ 79
ဂိဇ္ဈပေါတကသရီရာနံ
အာဟာရာသာစေတနာဝိယ 398
ဂေါပကသီဝလိ 143

**[ ဃ ]**

ဃနသညာ 103, 571, 677
ဃာနသမ္ဖဿ = ဃာနဝိညာဏ်နှင့်
ယှဉ်သော ဖဿ 504

**[ င ]**

ငရဲမီးတောက်မီးလျှံ 161

**[ စ ]**

စက္ခုဒသကကလာပ် 185
စက္ခုသမ္ဖဿ 286, 501, 511
စက္ခုသမ္ဖဿဇာ ဝေဒနာ 506, 511, 513
စက္ခုသမ္ဖဿပစ္စယာ ဝေဒနာ 507, 511, 513
စတုတ္ထနည်း ရှုကွက် 73
စတုသစ္စဓမ္မ 352
စတင်အားသစ်ပုံ 90
စလ 568
စိတ္တက္ခဏခွဲ၍ အကြောင်း အကျိုး
သိမ်းဆည်းပုံ 474, 515
စိတ္တဇရုပ် 608, 615, 617, 626
စိတ္တပယောဂ 400
စိတ္တသင်္ခါရ 5
စိတ္တသင်္ခါရ = မနောသဉ္စေတနာ 363
စိတ္တာဓိပတိ 378
စုတိကျပုံ (၄) မျိုး 145
စုတိနှင့် ပဋိသန္ဓေ 178, 198
စုတေခြင်း၌ တွေဝေခြင်း 443
စူဠသောတာပန် 679
စူဠသောတာပန် စခန်းသို့ ဆိုက်ပြီ 678
စူဠသောတာပန် = သောတာပန်
အထွေးကလေး 678
စေတနာ (= စေ့ဆော်ခြင်းသဘော) 400
စေတနာသမင်္ဂီတာ 208
စေတနာသုတ္တန် ကောက်နုတ်ချက် 113
စံထားရမည့် မှတ်ကျောက် 93, 120
စိတ်ဓာတ်ကို ပြုပြင်ပေးပါ 379

**[ ဆ ]**

ဆအာယတန = အာယတန-၆-ပါး 186
ဆဋ္ဌာယတနဥ္စ သဠာယတနဥ္စ 498
ဆန္ဒာဓိပတိ 378
ဆီမီး 198
ဆိုလိုရင်းအချက် သုံးရပ် 59
ဆိုလိုရင်းသဘောတရား 349, 662
ဆိုလိုရင်းသဘောမှတ်ရန် 69
ဆန်းစစ်သင့်သော အရာများသာ ဖြစ်သည် 190

**[ ဇ ]**

ဇနက ဥပတ္ထမ္ဘကအားဖြင့် ခွဲပုံ 429
ဇနကကံ 80, 82

ဇနပဒနိရုတ္တိ 35
ဇရာမရဏ 8, 570
ဇရာမရဏကို အင်္ဂါတစ်ပါးသာ ပြပုံ 554
ဇဝနပဋိပါဒကမနသိကာရ 278
ဇာတိ 555
ဇာတိပစ္စယာ ဇရာမရဏံ 554
ဇာတိ ဟူသည် 8
ဇိနဘာသိတ 358
ဇိဝှါသမ္ဖဿ = ဇိဝှါဝိညာဏ်နှင့်
ယှဉ်သော ဖဿ 504
ဇီဝအတ္တ 527
ဇော 456

[ ဈ ]

ဈာနပစ္စည်း 411
ဈာနဝီထိ 637
ဈာန် 411

[ ဉ ]

ဉာတပရိညာစခန်းသို့ ဆိုက်ပြီ 671
ဉာဏ်နှံ့သူများ 260
ဉာဏ် ပီတိ အပြောင်းအလဲ 280

[ ဌ ]

ဌာန - အဝိရုဒ္ဓ 441
ဌာနဝိရုဒ္ဓ 440
ဌာနျူပစာရစကား 396
ဌိတိ 103

[ တ ]

တဏှာက ညွတ်စေမှု - ဟူသည် 196
တဏှာကို မူလထား၍ဟောကြားထားတော်မူပုံ 350
တဏှာနိဒါန 53
တဏှာပစ္စယာ ဥပါဒါနံ 525
တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်၏ 525
တဏှာသည် ရေအစေးနှင့် တူ၏ 375
တဏှာသည် ရေငတ်ခြင်းနှင့် တူ၏ 575
တဏှာဟူသည် 7
တဒ္ဓမ္မူပစာရ 560
တဒါရုံ 456
တဒါရုံ၌ သတိပြု၍ မှတ်သားသင့်သောအချက် 451
တယော အာဟာရာ 188
တရု 678
တဿာရုပ္ပကထာသဝန 346
တိဋ္ဌတိ ဝါ ဥပ္ပဇ္ဇတိ ဝါ 374
တိဏ္ဏံ သင်္ဂတိ ဖဿော 247
တိတ္ထဝါသ 227
တိဟိတ်-ဒွိဟိတ်-သောမနဿ-ဥပေက္ခာ 239
တိဟိတ် ပဋိသန္ဓေကမ္မဇရုပ် = ရူပက္ခန္ဓာ 599
တီဏိ ဣန္ဒြိယာနိ 598
တေပရိဝဋ္ဋဓမ္မ ဒေသနာ 663
တံဆိပ်ရာ 198
တံ ဝိညာဏံ 197
တံသမုဋ္ဌာနရုပ် 412
တိက်ချင်း ယှဉ်တွဲပုံ 364
တိုက်တွန်းချက် 380
တစ်စိတ်တစ်ဒေသ သိလိုပါက 85
တစ်နည်းအဖြေ 344
တစ်နည်း အဝိဇ္ဇာကြောင့်
ပုညာဘိသင်္ခါရ ဖြစ်ပုံ 365
တစ်နည်း အာယတနဒွါရအလိုက် ခွဲရှုပုံ 492
တစ်နည်းအားဖြင့် ရှုကွက် 540
တစ်နည်း ကံလေးမျိုး အယူအဆ 82
တစ်နည်းကောက်ယူပုံ 480
တစ်နည်း ခွဲ၍ အကြောင်းအကျိုး
သိမ်းဆည်းပုံ 456, 539
တစ်နည်း မနောသမ္ဖဿ =
ဘဝင် မနောသမ္ဖဿ 514
တစ်နည်း ဝေဒနာ (၃)မျိုးလုံးကို ကောက်ယူပုံ 520
တန်ဖိုးမဖြတ်နိုင်သော ဘဝသင်ခန်းစာများ 319

[ ထ ]

ထူးခြားမှု - မှတ်သားရန် 394

ထူးသောအကြောင်း ရိုးရာအကြောင်း 382
ထပ်မံရှင်းလင်းချက် 31, 42, 341
ထပ်မံ ရှင်းလင်းတင်ပြချက်များ 215

[ ဒ ]

ဒသ ဓမ္မာ ကမ္မံ - ကံ (၁၀)ပါး 566
ဒါနမယ ကုသိုလ်စေတနာ (ပုညာဘိသင်္ခါရ) 359
ဒါနမယစေတနာ 361
ဒိဋ္ဌဓမ္မဝေဒနီယကံ 78
ဒိဋ္ဌာသဝကြောင့် သောကစသည်ဖြစ်ပုံ 344
ဒိဋ္ဌိကန္တာရော 581
ဒိဋ္ဌုပါဒါန် 525
ဒိဋ္ဌုပါဒါန်နှင့် ကာမ - ရူပ -
အရူပ ကမ္မဘဝ ဥပပတ္တိဘဝ 547
ဒုက္ခ၏တည်ရာ ဥပမိလေးဖြာ B
ဒုက္ခဟူသည် 10
ဒုဂ္ဂတိ ဂတိနိမိတ် 160
ဒုဂ္ဂတိမှ ဒုဂ္ဂတိသို့ 180
ဒုဂ္ဂတိမှ သုဂတိသို့ 167
ဒုတိယ အာစရိယဝါဒဌ်ကား 498
ဒုတိယတိက် 364
ဒုတိယနည်း 497
ဒုတိယနည်း အဖွင့် 21
ဒုဗ္ဗိညေယျ 215
ဒုမ္မေဓ္ဓ 353
ဒေသနာက္ကမ 537
ဒေသနာဂမ္ဘီရ 42
ဒေသနာဂမ္ဘီရတာ 577
ဒေသနာဘေဒ 38
ဒေါမနဿဟူသည် 10
ဒေါသဇော နာမက္ခန္ဓာ (၄)ပါး 624
ဒွါရနှင့် ဝတ္ထု 253
ဒွိပဉ္စဝိညာဏဇောသု (ပဉ္စဝိညာဏဇောသု)
ဈာနင်္ဂါနိ န လဗ္ဘန္တိ 598
ဒွိဟိတ် စုတိ ဖြစ်ပေါ်လာပုံ 656
ဒွိဟိတ် ပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး 643
ဒွိဟိတ် ဘဝင် နာမက္ခန္ဓာ 650
ဒွေပဉ္စဝိညာဏ် 412
ဒွေပဉ္စဝိညာဏ် (၁၀) ဌ် 598
ဒွေပဉ္စဝိညာဏ် - နာမက္ခန္ဓာ (၄) ပါး 612
ဒွေပဉ္စဝိညာဏ် - ရူပက္ခန္ဓာ (ပဝတ္တိ ကမ္မဇရုပ်) 611

[ ဓ ]

ဓမ္မ 675
ဓမ္မအားဖြင့်ခွဲပုံ 429
ဓမ္မဂမ္ဘီရ 42
ဓမ္မဂမ္ဘီရတာ 577
ဓမ္မဋ္ဌိတိဉာဏ် 124, 661, 675, 676
ဓမ္မတဏှာ 523
ဓမ္မပဋိသမ္ဘိဒါ 577
ဓမ္မာရုံလိုင်း ပထမဈာနသမာပတ္တိ
မနောဒွါရဝီထိ 313
ဓမ္မာရုံလိုင်း မနောဒွါရဝီထိ ဒုတိယဇော 310, 311
ဓမ္မာရုံလိုင်း မနောဒွါရဝီထိ ပထမဇော 310
ဓမ္မာရုံလိုင်း မနောဒွါရဝီထိ မနောဒွါရာဝဇ္ဇန်း 310
ဓမ္မာရုံလိုင်း မနောဒွါရဝီထိ လောဘဒိဋ္ဌိအုပ်စု 312
ဓုဝ - သုဘ - သုခ - အတ္တတို့မှ ဆိတ်၏ 558

[ န ]

န အညမည 423, 424
န တတော ဟေတုံ ဝိနာ ဟောတိ 195
နတ္ထိကဝါဒ 30
နတ္ထိပစ္စည်း 426
နတ္ထိ - ဝိဂတ။ အတ္ထိ - အဝိဂတ 427
နန္ဒီ 94
နမနလက္ခဏာ 572
နယဂ္ဂါဟ 57
နဝတ္တဗ္ဗာရမ္မဏ 171
နဝဓာတု = ဓာတ်-၉-ပါး 186
နာနတ္တနည်း 219, 371
နာနတ္တနည်းကို သိခြင်း 371
နာနတ္တနည်းကို သိရှိနိုင်ရန် 369

နာနတ္တသဘော 214
နာနန္တရိယနည်း 55
နာနာက္ခဏိကကမ္မ 401
နာနာက္ခဏိကကမ္မပစ္စယသတ္တိ 457
နာနာက္ခဏိကကမ္မမျိုး (၆) မျိုး 596
နာနာက္ခဏိကနှင့် ဥပနိဿယ 180
နာနာဓိဋ္ဌာန 573
နာမက္ခန္ဓာ = နာမ်ခန္ဓာအချင်းချင်း 389
နာမရူပပစ္စယာ သဠာယတနံ 479
နာမံ ရူပဿ = နာမ်က ရုပ်အား ကျေးဇူးပြုပုံ 417
နာဿ တတော သင်္ကန္တိ 195
နိဇ္ဇီဝ 580
နိဗ္ဗတ္တတာလက္ခဏ-အတ္ထိဘာဝ 419, 420
နိဗ္ဗာန်သို့သွားရာ မဇ္ဈိမပဋိပဒါလမ်း
ဟူသည်ကား 14
နိမိတ္တ 103, 677
နိမိတ် အပြောင်းအလဲ 211
နိမိတ်ထင်ပုံ အပိုင်း 141
နိယတဂတိက = မြဲသောသုဂတိ 678, 679
နိယတဝါဒ 223
နိရုဿာဟသန္တဘာဝ 404
နိရောဓ 103
နိရောဓသမာပတ်နှင့် အသညသတ်
(မူလဋီကာ၏ အယူအဆ) 384
နိဝါသီ 528
နိဿယဆရာတော်များ၏ သုံးသပ်ချက် 665
နိဿယပစ္စည်း 390
နက်နဲခြင်း (၄) ရပ် 576
နက်လည်း နက်၏ - ခက်လည်း ခက်၏ 320
နည်း (၄) ထွေ 213
နာမ် 479
နာမ်အတ္ထိပစ္စည်း 425
နာမ်-အရ တရားကိုယ်ကောက်ယူပုံ 461
နာမ်အာဟာရ 407
နာမ်က သဠာယတနအား ကျေးဇူးပြုပုံ 482
နာမ်တရားချင်း တူညီမှု 120
နာမ်တရားတို့၏ ဓမ္မတာ 426
နာမ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ 488
နာမ် ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်ပုံ 489
နာမ်ရုပ်က သဠာယတနအား ကျေးဇူးပြုပုံ 486
နာမ်ရုပ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ 495
နာမ်ရုပ် ဖြစ်ခြင်းကြောင့် သဠာယတနဖြစ်၏ 479
နာမ်ရုပ်ဟူသည် 5
နောက်တစ်နည်း ဖွင့်ဆိုထားပုံ 416
(၂၄) ပစ္စည်း အကျဉ်းချုပ် 430
(၂၄) ပစ္စည်း ဥဒ္ဒေသပါဠိတော် 373

## [ ပ ]

ပကတမည်သည် 393
ပကတူပနိဿယ 393, 597
ပစ္စယဋ္ဌော အာဟာရဋ္ဌော 48
ပစ္စယဓမ္မသမူဟ 16
ပစ္စယဓမ္မသမူဟ = ဟေတုသမူဟ 20
ပစ္စယနယ = ပစ္စယသတ္တိ 475
ပစ္စယ = ပစ္စည်း 373, 374
ပစ္စယာကာရဝဏ္ဏ 566
ပစ္စယုပ္ပန္နဓမ္မသမူဟ 16
ပစ္စယုပ္ပန်အားဖြင့် ခွဲပုံ 429
ပစ္စုပ္ပန္နလက္ခဏ-အတ္ထိဘာဝ 420, 421
ပစ္စုပ္ပန်အကျိုးတရား (၅) ပါး 77
ပစ္စုပ္ပန်အကြောင်းတရား (၅) ပါး 77
ပစ္စုပ္ပန်ကို အာရုံပြုသော ပဋိသန္ဓေ 172
ပစ္စုပ္ပန်တည့်တည့် 74
ပစ္စုပ္ပန်လက္ခဏာ 419
ပစ္စည်း (၆) မျိုး 428
ပစ္စည်းနှင့် ပစ္စယုပ္ပန် 375
ပစ္ဆာဇာတတ္တိ 424
ပစ္ဆာဇာတပစ္စည်း 397
ပစ္ဆာဇာတမျိုး (၄) မျိုး 596
ပစ္ဆာဇာတဝိညာဏ် ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်ပုံ 473
ပဥ္စအာယတန = အာယတန-၅-ပါး 186
ပဥ္စဒွါရ၌ နိမိတ်ထင်ပုံ 162

ပဋ္ဌဒွါရာဝဇ္ဇန်း = ဆင်ခြင်စိတ် 266
ပဋ္ဌဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄) ပါး 610
ပဋ္ဌဒွါရာဝဇ္ဇန်းနှင့်ယှဉ်သော ဝေဒနာ 512
ပဋ္ဌဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (ရူပါရုံလိုင်း) 501
ပဋ္ဌဒွါရာဝဇ္ဇန်း - ရူပက္ခန္ဓာ 266, 608
ပဋ္ဌဒွါရိက မဟာကုသိုလ် ပထမဇော 619, 620
ပဋ္ဌဒွါရိကဝီထိစိတ် 607
ပဋ္ဌဝေါကာရဘုံ၌ 483
ပညာဝိမုတ္တပုဂ္ဂိုလ် 662
ပညတ်အာရုံ = နဝတ္တဗ္ဗာရုံ 156
ပဋိ+ဣစ္စ 21
ပဋိစ္စ 20, 22
ပဋိစ္စတ္တ = ပဋိစ္စ 23
ပဋိစ္စ - ပုဒ် 27
ပဋိစ္စသမုပ္ပန္နတရား 12
ပဋိစ္စသမုပ္ပန္နဓမ္မတို့၌ တွေဝေခြင်း 444
ပဋိစ္စ + သမုပ္ပါဒ - ပုဒ် 31
ပဋိစ္စသမုပ္ပါဒသုတ္တန် 12
ပဋိစ္စသမုပ္ပါဒဟူသော ပုဒ်၏ အဓိပ္ပါယ် 15
ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူပုံ နည်း (၄)မျိုး 38
ပဋိစ္စသမုပ္ပါဒ် စတုတ္ထနည်း 591
ပဋိစ္စသမုပ္ပါဒ် ဒုတိယနည်း 586
ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် စတုတ္ထနည်း 71
ပဋိစ္စသမုပ္ပါဒ် တတိယနည်း 587
ပဋိစ္စသမုပ္ပါဒ် တတိယနည်း အဖွင့်များ 57
ပဋိစ္စသမုပ္ပါဒ်တရားတော် 12, 13
ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်း 77, 242, 315
ပဋိစ္စသမုပ္ပါဒ် ပထမနည်း 337
ပဋိစ္စသမုပ္ပါဒ်ပိုင်း - အပိုင်း (ခ) 337
ပဋိစ္စသမုပ္ပါဒ်ရှုကွက် စည်းကမ်း
ဥပဒေသ (၄) မျိုး 88
ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော် -
သုတ္တန္တဘာဇနီယနည်း 1
ပဋိစ္စသမုပ္ပါဒ်ဟူသည် 15
ပဋိဃဓမ္မ = အတုရုပ် 198
ပဋိလောမပစ္စယာကာရ 100
ပဋိလောမ ပဋိစ္စသမုပ္ပါဒ် 591
ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ရှုကွက် 586
ပဋိဝေဓဂမ္ဘီရ 42
ပဋိဝေဓဂမ္ဘီရတာ 578
ပဋိသန္ဓေအကြောင်း သိကောင်းစရာ 155
ပဋိသန္ဓေအခိုက် ရှုကွက် 462
ပဋိသန္ဓေအမျိုးအစားနှင့် ထိုက်သင့်ရာ ဘုံဌာန 155
ပဋိသန္ဓေ အမျိုးအစားများ 181
ပဋိသန္ဓေ၏ အာရုံ (၃) မျိုး 156
ပဋိသန္ဓေတည်နေခြင်း၌ တွေဝေခြင်း 443
ပဋိသန္ဓေ - ပဝတ္တိ ဝိပါက်ဝိညာဏ် 452
ပဋိသန္ဓေ - ဘဝင် - စုတိ 509
ပဋိသန္ဓေ မနောသမ္ဖဿ =
ပဋိသန္ဓေဝိညာဏ်နှင့် ယှဉ်သော ဖဿ 500
ပဋိသန္ဓေ ရူပက္ခန္ဓာ 249
ပဋိသန္ဓေ ဝိညာဏက္ခန္ဓာ 258
ပဋိသန္ဓေ ဝိညာဏ်သည် မျိုးစေ့နှင့် တူ၏ 375
ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ 250
ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ (ဒုတိယနည်း) 257
ပဋိသန္ဓေ သင်္ခါရက္ခန္ဓာ (ပထမနည်း) 256
ပဋိသန္ဓေ သညာက္ခန္ဓာ 256
ပဋိသန္ဓေ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား
တည်နေရပုံ 601
ပဋ္ဌာန်း (၂) ချက်စု 592
ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံ 482
ပဋ္ဌာန်းပစ္စည်း ဆက်သွယ်ပုံ 499, 552, 592, 599
ပဋ္ဌာန်းပစ္စည်းများ 373
ပတိဋ္ဌာ = ထောက်ရာတည်ရာ 678
ပထမအတိတ်မှ ဒုတိယအတိတ်သို့ 316
ပထမအာစရိယဝါဒ၌ 498
ပထမဇော မနောသမ္ဖဿ 502
ပထမတဒါရုံ မနောသမ္ဖဿ 503
ပထမတိက် 364
ပထမနည်း 497
ပထမနည်း အဖွင့် 15
ပထဝီဓာတ် 307, 529

ပဓာန 17
ပဘာဝတီ၏ ရှေးဆုတောင်း 132
ပမောဟ 353
ပရမတ္ထ — ပရမအတ္ထစွဲ 527
ပရမတ္ထဒီပနီ၏ ဝါဒ 153
ပရိကပ္ပက္ကဋ္ဌ 163
ပရိတ္တ - မဇ္ဈိမ - ပဏီတ 331
ပရိဒေဝမီး 232
ပရိဒေဝဟူသည် 9
ပရိဝီမံသနသုတ္တန် 357
ပဝတ္တ 103, 677
ပဝတ္တိအခါ 483
ပဝတ္တိဒုက္ခ 15
ပဝတ္တိ - ပဋိသန္ဓေ ဝိပါက်ဝိညာဏ် 449
ပဟာနက္ကမ 537
ပါကကာလ = အကျိုးပေးရာကာလနှင့်
　　စပ်၍ ကံ (၄) မျိုး 78
ပါကဋ္ဌ 18
ပါကဒါနပရိယာယ = အကျိုးပေးရာ
　　အလှည့်အကြိမ် အစဉ်အားဖြင့် 79
ပါဒပ = အမြစ်ဖြင့် ရေကို
　　သောက်တတ်သော သစ်ပင် 678
ပုညာဘိသင်္ခါရ 4, 431
ပုထုဇ္ဇနော ဥမ္မတ္တကော 545
ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ 115
ပုဗ္ဗနိမိတ် (၅)ပါး 345
ပုဗ္ဗူပနိဿယသမ္ပတ္တိ 227
ပုဗ္ဗေကတသညာ 110
ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊
　　ပစ္ဆာ နိဗ္ဗာနေ ဉာဏံ 662
ပုရေဇာတပစ္စည်း 396
ပုရေဇာတတ္တိ 422
ပုရေဇာတနိဿယပစ္စည်း 390
ပွဲတင်သံ 198
ပိုးသာကုန်၍ မောင်ပုံစောင်းမတတ် D
ပုံစံတစ်ခုဖြင့် ဆိုရသော် 327
ပုံစံ (၁) ခု 533
ပြုပြီးခြင်းသည်သာလျှင် လိုရင်းဖြစ်သည် 458
ပြုလုပ်သူနှင့် ခံစားသူ 33
ပြောင်းပြန် မယှဉ်စေထိုက်သော အနက် 194
ပြောင်းပြန် ယှဉ်စေထိုက်သော အနက် 193
ပြည်ဆရာတော်ဘုရားကြီး၏ အာသီသကထာ 680
ပြည်ဆရာတော်ဘုရားကြီး၏ မှာတမ်း 482


[ ဖ ]


ဖလူပစာရ 560
ဖဿ 6, 95, 269, 497
ဖဿတို့၏ စွမ်းအင်များ 516
ဖဿ - နာမ် ရုပ် 244
ဖဿပစ္စယာ ဝေဒနာ 506
ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏ 506
ဖဿသမုဒယာ ဝေဒနာသမုဒယော 255
ဖဿသည် ထွက်ပေါ်လာသော မီးနှင့် တူ၏ 575
ဖဿာဟာရ 49, 51, 52
ဖဿောဟု ဧကဝုစ် ဟောတော်မူခြင်း 499
ဖုသနလက္ခဏာ 572
ဖုသနသဘော 560
ဖောဋ္ဌဗ္ဗာရုံလိုင်း ကာယဒွါရဝီထိ -
　　ကာယဝိညာဏ် 307
ဖောဋ္ဌဗ္ဗာရုံလိုင်း ကာယဒွါရဝီထိ ဒုတိယဇော 308
ဖောဋ္ဌဗ္ဗာရုံလိုင်းကာယဒွါရဝီထိ ပဉ္စဒွါရာဝဇ္ဇန်း306
ဖောဋ္ဌဗ္ဗာရုံလိုင်း ကာယဒွါရဝီထိ သန္တီရဏ 308
ဖောဋ္ဌဗ္ဗာရုံလိုင်း ကာယဒွါရဝီထိ သမ္ပဋိစ္ဆိုင်း 308
ဖောဋ္ဌဗ္ဗာရုံလိုင်း မနောဒွါရဝီထိ ဒုတိယဇော 309
ဖောဋ္ဌဗ္ဗာရုံလိုင်း မနောဒွါရဝီထိ -
　　ဒုတိယတဒါရုံ 309
ဖြစ်တတ်သောသဘာဝ 65
ဖြစ်ပေါ်တည်နေရပုံကား 600, 601
ဖြစ်ပုံအခြင်းအရာ 449


[ ဗ ]


ဗလံ ဝီရိယပစ္စိမံ 598

ဗဟိဒ္ဓသို့ ဉာဏ်ကို စေလွှတ်ပါ 316
ဗဟုလကံ 79
ဗဟုဿုတဘာဝ 227
ဗာလျ 353
ဗုဒ္ဓဝစန 146
ဗုဒ္ဓဝိသယနှင့် သာဝကဝိသယ =
ဘုရားအရာနှင့် သာဝကအရာ 84
ဗျာပါရ 400
ဗြဟ္မာ၏အထွတ် 366
ဗြဟ္မာ မဟာဗြဟ္မာ သေဌော သဇိတာ 558

[ ဘ ]

ဘဝကြီး (၉) ပါး 543
ဘဝင်္ဂ 663
ဘဝစက် နှစ်မျိုး 559
ဘဝစက်လည်ပတ်ပုံ 558
ဘဝဇာတ်ခုံ၌ အဖြစ်မျိုးစုံ 226
ဘဝတဏှာ 348, 519
ဘဝတီတိ ဘဝေါ 542
ဘဝနိကန္တိက လောဘဇောဝီထိ 265
ဘဝပစ္စယာ ဇာတိ 552
ဘဝဟူသည် 7, 542
ဘဝဟောင်းနှင့် ဘဝသစ် 194
ဘဝါသဝကြောင့် သောကစသည် ဖြစ်ပုံ 345
ဘဝင်၏ အာရုံ 169
ဘဝင်ခန္ဓာ (၅) ပါး 260, 603
ဘဝင် စိတ္တဇရုပ်တို့ ဖြစ်ပေါ်တည်နေရပုံ 604
ဘဝင်စိတ်၏ ဥပါဒ်-ဌီ-ဘင်ခဏတို့နှင့်
အတူပြိုင်၍ ဖြစ်သော ပဝတ္တိ
ကမ္မဇရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ 603, 605
ဘဝင်နာမက္ခန္ဓာ (၄) ပါး 606
ဘဝင်မနောအကြည် 120, 121
ဘဝင် မနောသမ္ဖဿ 286
ဘဝင် ရူပက္ခန္ဓာ 260, 603
ဘဝင် ဝိညာဏက္ခန္ဓာ 264
ဘဝင် ဝေဒနာက္ခန္ဓာ 262
ဘဝင် သင်္ခါရက္ခန္ဓာ 263
ဘဝင် သညာက္ခန္ဓာ 263
ဘာဝနာစွမ်းအား 517
ဘာဝနာမယ ကုသိုလ်စေတနာ 359
ဘာသာပြန် အကျဉ်းချုပ် 46
ဘိန္န သန္တာန 497
ဘုရားအား ပူဇော်ခြင်း 174
ဘူမိသီသ 178
ဘေဒ 103, 573
ဘေးဆိုးကြီး လေးမျိုး 52

[ မ ]

မကြွင်းမကျန်စေလိုပါ 484
မဂ္ဂပစ္စည်း 413
မဂ္ဂါဝရဏ 536
မဇ္ဈိမပဋိပဒါ 31
မနသိကာရဟူသည် 270
မနာယတနအရ တရားကိုယ်ကောက်ယူပုံ 481
မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာ (၄) ပါး 631
မနောဒွါရာဝဇ္ဇန်း - မနောသမ္ဖဿ 510
မနောဒွါရာဝဇ္ဇန်း မနောသမ္ဖဿ -
(နောက်လိုက် မနောဒွါရဝီထိ) 503
မနောဒွါရိက မဟာကုသိုလ် ပဌမဇော 632
မနောသဉ္စေတနာ 5, 363
မနောသဉ္စေတနာဟာရ 49, 51, 52
မနောသမ္ဖဿ 514
မရဏကာလကမ္မောပဋ္ဌာန 346
မရဏဟူသည် 9
မရုအမည်ရသော အရပ်ဒေသ တစ်ခုခုမှ
ခုန်ချခဲ့သော် 366
မရေရာသော သက္ကာယဒိဋ္ဌိ 535
မဟဂ္ဂတာဝသာနံ 171
မဟဂ္ဂုတ် ကုသိုလ်ဇော 637
မဟဂ္ဂုတ် ကုသိုလ်ဇော နာမက္ခန္ဓာ 638
မဟာကစ္စာနဘဒ္ဒေကရတ္တသုတ္တန် 523
မဟာကုသိုလ် ပဌမဇော - ရူပက္ခန္ဓာ 619

မဟာတဏှာသင်္ခယသုတ္တန် 72
မဟာနေသူဌေးသား ဇနီးမောင်နှံတို့ကဲ့သို့ 333
မဟာပဒုမပစ္စေကဗုဒ္ဓါ၏ အလောင်းလျာ
အမျိုးကောင်းသမီး၏ ဆုတောင်း 139
မဟာဘုတ်အချင်းချင်း 389
မဟာဝဇိရဝိပဿနာဉာဏ်တော် 43
မဟာဝိဟာရဝါသီ ဆရာမြတ်တို့အယူ 498
မာတုလုင် 203
မာယောဝံ အာနန္ဒ 13
မိစ္ဆာအယူကို တားမြစ်ကြောင်းတရား 571
မုခမတ္တဒဿန 510
မုချကမ္မနိမိတ် 164
မုဋ္ဌဿတိကာလကိရိယာ =
သတိလက်လွတ်၍ သေခြင်း 146
မူလဋီကာ၏ အကြောင်းပြချက် 149
မူလဋီကာနှင့် အနုဋီကာတို့၏ အယူအဆ 185
မူလဌ = အရင်းအမြစ် အနက်သဘော 374
မူလ (၂) ပါး 559
မူလဘဝင် 150
မေးမြန်းဖွယ်အချက် 97, 202, 440, 462
မောဟ 353, 354
မောဟမူဒွေ နာမက္ခန္ဓာ (၄) ပါး 625
မောဠိယဖဂ္ဂုနသုတ္တန် 60
မဂ်ကို တားနိုင်သည် 536
မဂ်စေတနာ 357
မင်းကုသ၏ ရှေးဆုတောင်း 133
မင်းသားငယ်နှင့် တူ၏ 574
မည်သို့ သက်ဆိုင်ပါသနည်း 110
မယ်မင်းကြီးမ - သုဘဒ္ဒါ၏ ဆုတောင်းခန်း 135
မျိုးစေ့တို့ကို ပြုပြင်ခြင်း 203
မှိုငြမ်းပြုစရာ ကျမ်းစာ 659
မှတ်သားထားသင့်သော အချက်များ 644


## [ ယ ]


ယထာဘူတဉာဏဒဿန 125
ယထာဘူတဉာဏ - သမ္မာဒဿန -
ကင်္ခါဝိတရဏ 677
ယထာဘူတဉာဏ် 674, 675, 677, 678
ယာဝ အတီတတရံ အဒ္ဓါနံ 68
ယာဝ အတီတံ အဒ္ဓါနံ 68
ယုဂနဒ္ဓနည်း 127, 663
ယေဘုယျ 451
ယေဘုယျ မှတ်သားရန် 283, 296
ယောဂီအများစု၌ တွေ့ရှိတတ်ပုံ အခြင်းအရာ 107
ယောဂီတို့၌ တွေ့ကြုံတတ်သည့်
သဘာဝတစ်ရပ် 98
ယောဂီ သူတော်ကောင်းတစ်ဦး၏
သံသရာဘဝဇာတ်ခုံ 229
ယောနိနှင့် ဂတိ 182
ယောနိသဒ္ဒါ 183
ယောနိသောမနသိကာရ 278
ယုံမှားခြင်း ဝိစိကိစ္ဆာတရား (၁၆) ပါးကို
ပယ်နိုင်သည် 666


## [ ရ ]


ရရှိနိုင်သော အပြစ် 201
ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ ဇိဝှါဝိညာဏ် 304
ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ ပဉ္စဒွါရာဝဇ္ဇန်း 304
ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ မဟာကုသိုလ် 305
ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ သန္တီရဏ 305
ရသာရုံလိုင်း ဇိဝှါဒွါရဝီထိ သမ္ပဋိစ္ဆိုင်း 305
ရသာရုံလိုင်း မနောဒွါရဝီထိ -
မဟာကုသိုလ် ဒုတိယဇော 306
ရဟန္တာအရှင်မြတ်များ 160
ရာဂါဒိဟေတုဘူတံ ဟီနမာရမ္မဏံ 162
ရုက္ခ 678
ရုပ္ပနလက္ခဏာ 572
ရူပ အရူပ စုတိနောင် အပါယ်ဒုဂ္ဂတိ
ပဋိသန္ဓေ မဖြစ်နိုင် 192
ရူပအာဟာရမျိုး (၃) မျိုး 596
ရူပက္ခန္ဓာ၌ စွဲလမ်းပုံ = သက္ကာယဒိဋ္ဌိ
ဖြစ်ပုံ (၄) မျိုး 528

ရူပ စုတိ (၅) ခု ဖြစ်ပေါ်လာပုံ 657
ရူပဇီဝိတိန္ဒြိယ 410
ရူပဇီဝိတိန္ဒြိယမျိုး (၃) မျိုး 596
ရူပပဋိသန္ဓေ နာမက္ခန္ဓာ (၄) ပါး ဖြစ်ပေါ်ပုံ 645
ရူပပြဟ္မာ့ပြည်၌ ယာနာယတန ရှိပါသလား 186
ရူပ ဘဝင် နာမက္ခန္ဓာ 651
ရူပဘုံမှ ကာမသုဂတိဘုံ, ရူပဘုံ, အရူပဘုံသို့ 174
ရူပဝဏ္ဏ ဝါ အတ္တာနံ 529
ရူပသညာ 531
ရူပသ္မိံ ဝါ အတ္တာနံ 529
ရူပါရူပါနံ ဥပတ္ထမ္ဘကတ္တေန 407
ရူပါရုံ အရောင်လိုင်း ပဉ္စဒွါရာဝဇ္ဇန်း 265
ရူပါရုံကို အာရုံယူသည့် မနောဒွါရဝီထိများ 284
ရူပါရုံစသည်တို့သည် ဝိပ္ပယုတ္တပစ္စည်း မဖြစ် 418
ရူပါရုံလိုင်း - ကုသိုလ်ဇော ခန္ဓာ (၅) ပါး 278
ရူပါရုံလိုင်း ကုသိုလ်ပထမဇော ဝိညာဏက္ခန္ဓာ 280
ရူပါရုံလိုင်း ကုသိုလ်ပထမဇော ဝေဒနာက္ခန္ဓာ 278
ရူပါရုံလိုင်း ကုသိုလ် ပထမဇော -
သင်္ခါရက္ခန္ဓာ 279, 280
ရူပါရုံလိုင်း ကုသိုလ်ပထမဇော သညာက္ခန္ဓာ 279
ရူပါရုံလိုင်း - စက္ခုဒွါရဝီထိ -
လောဘဇောနောင် တဒါရုံ 293
ရူပါရုံလိုင်း စက္ခုဒွါရဝီထိ
လောဘဒိဋ္ဌိအုပ်စု 291, 292
ရူပါရုံလိုင်း စက္ခုဝိညာဏ် ခန္ဓာ (၅) ပါး 268
ရူပါရုံလိုင်း စက္ခုဝိညာဏ် - ဝိညာဏက္ခန္ဓာ 272
ရူပါရုံလိုင်း စက္ခုဝိညာဏ် - ဝေဒနာက္ခန္ဓာ 269
ရူပါရုံလိုင်း စက္ခုဝိညာဏ် - သင်္ခါရက္ခန္ဓာ 271
ရူပါရုံလိုင်း စက္ခုဝိညာဏ် - သညာက္ခန္ဓာ 271
ရူပါရုံလိုင်း ဒုတိယတဒါရုံ - ဝေဒနာက္ခန္ဓာ 284
ရူပါရုံလိုင်း ပဉ္စဒွါရာဝဇ္ဇန်း - ဝိညာဏက္ခန္ဓာ 268
ရူပါရုံလိုင်း ပဉ္စဒွါရာဝဇ္ဇန်း - ဝေဒနာက္ခန္ဓာ 266
ရူပါရုံလိုင်း ပဉ္စဒွါရာဝဇ္ဇန်း - သင်္ခါရက္ခန္ဓာ 267
ရူပါရုံလိုင်း ပဉ္စဒွါရာဝဇ္ဇန်း - သညာက္ခန္ဓာ 267
ရူပါရုံလိုင်း ပထမတဒါရုံ ခန္ဓာ (၅) ပါး 281
ရူပါရုံလိုင်း ပထမတဒါရုံ - ဝိညာဏက္ခန္ဓာ 283
ရူပါရုံလိုင်း ပထမတဒါရုံ - ဝေဒနာက္ခန္ဓာ 282
ရူပါရုံလိုင်း ပထမတဒါရုံ - သင်္ခါရက္ခန္ဓာ 282
ရူပါရုံလိုင်း ပထမတဒါရုံ - သညာက္ခန္ဓာ 282
ရူပါရုံလိုင်း မနောဒွါရဝီထိ -
ကုသိုလ်ဒုတိယဇော 287
ရူပါရုံလိုင်း မနောဒွါရဝီထိ ကုသိုလ်ပထမဇော 287
ရူပါရုံလိုင်း မနောဒွါရဝီထိ ဒုတိယတဒါရုံ 289
ရူပါရုံလိုင်း မနောဒွါရဝီထိ ဒုတိယလောဘဇော 294
ရူပါရုံလိုင်း မနောဒွါရဝီထိ ပထမတဒါရုံ - 288
ရူပါရုံလိုင်း မနောဒွါရဝီထိ ပထမလောဘဇော 294
ရူပါရုံလိုင်း မနောဒွါရဝီထိများ 290
ရူပါရုံလိုင်း မနောဒွါရဝီထိ -
လောဘဇောနောင် ပထမတဒါရုံ 295
ရူပါရုံလိုင်း မနောဒွါရာဝဇ္ဇန်း - ဝေဒနာက္ခန္ဓာ 285
ရူပါရုံလိုင်း ဝုဋ္ဌော - ခန္ဓာ (၅) ပါး 276
ရူပါရုံလိုင်း ဝုဋ္ဌော - ဝိညာဏက္ခန္ဓာ 277
ရူပါရုံလိုင်း ဝုဋ္ဌော - ဝေဒနာက္ခန္ဓာ 276
ရူပါရုံလိုင်း ဝုဋ္ဌော - သင်္ခါရက္ခန္ဓာ 277
ရူပါရုံလိုင်း ဝုဋ္ဌော - သညာက္ခန္ဓာ 277
ရူပါရုံလိုင်း သန္တီရဏ ခန္ဓာ (၅) ပါး 274
ရူပါရုံလိုင်း သန္တီရဏ - ဝိညာဏက္ခန္ဓာ 276
ရူပါရုံလိုင်း သန္တီရဏ - ဝေဒနာက္ခန္ဓာ 275
ရူပါရုံလိုင်း သန္တီရဏ - သင်္ခါရက္ခန္ဓာ 275
ရူပါရုံလိုင်း သန္တီရဏ - သညာက္ခန္ဓာ 275
ရူပါရုံလိုင်း သမ္ပဋိစ္ဆိုင်း ခန္ဓာ (၅) ပါး 272
ရူပါရုံလိုင်း သမ္ပဋိစ္ဆိုင်း - ဝိညာဏက္ခန္ဓာ 274
ရူပါရုံလိုင်း သမ္ပဋိစ္ဆိုင်း - ဝေဒနာက္ခန္ဓာ 272
ရူပါရုံလိုင်း သမ္ပဋိစ္ဆိုင်း - သင်္ခါရက္ခန္ဓာ 274
ရူပါရုံလိုင်း သမ္ပဋိစ္ဆိုင်း - သညာက္ခန္ဓာ 273
ရူပါဝစရ - (၁၆) ဘုံ 331
ရူပါဝစရ ပုညာဘိသင်္ခါရ 448
ရူပါဝစရ ပုညာဘိသင်္ခါရနှင့်
အာနေဉ္ဇာဘိသင်္ခါရ 326
ရူပံ အတ္တတော သမနုပဿတိ 528
(ရူပံ) ဧတံ မမ 529
(ရူပံ) ဧသော မေ အတ္တာ 529

(ရူပံ) ဧသောဟမသ္မိ 529
ရူပံ နာမဿ = ရုပ်က နာမ်အား ကျေးဇူးပြုပုံ 417
ရေ၌နှစ်၍ အသတ်ခံရသူ 147
ရုပ် 479
ရုပ်အတ္တိပစ္စည်း 425
ရုပ်-အရ တရားကိုယ်ကောက်ယူပုံ 460
ရုပ်အာဟာရ 424
ရုပ်ကလာပ် နာမ်ကလာပ် 25
ရုပ်က မနာယတနအား ကျေးဇူးပြုပုံ 486
ရုပ်က ရုပ်အာယတန (၅)ပါးအား ကျေးဇူးပြုပုံ 487
ရုပ်က သဋ္ဌာယတနအား ကျေးဇူးပြုပုံ 485
ရုပ်တို့၏ ဖြစ်ပေါ်တည်နေပုံ -
ကြိုတင်သိမှတ်ထားရန် 607
ရုပ် ဖြစ်ခြင်းကြောင့် မနာယတန ဖြစ်ပုံ 491
ရုပ် ဖြစ်ခြင်းကြောင့် ရုပ်အာယတန ဖြစ်ပုံ 493
ရှုကွက်ပုံစံ 590
ရှုကွက်မှာ ဤသို့ဖြစ်၏ 432
ရှေးရှေး၌ ဖြစ်ကုန်သော တရားများ 394
ရှင်းလင်းချက် 50, 404, 479


## [ လ ]


လက္ခဏ - ရသ - ပစ္စုပဋ္ဌာန် 14
လက္ခဏူပနိဇ္ဈာနစျာန် 411
လဒ္ဓပတိဋ္ဌ 678, 679
လဒ္ဓဿာဒ 678, 679
လဟုကမရဏ = လျင်လျင်မြန်မြန် သေရမှု 148
လေးနည်းခွဲ၍ ဟောကြားတော်မူရခြင်း၏
အကြောင်းရင်း 41
လောကချုပ်ပုံ 589
လောကနိရောဓ 100
လောကဖြစ်ပုံ 589
လောကသမညာ အတ္တစွဲ 119
လောကသမုဒယ 100
လောကသုတ္တန် 588
လောဘမူ ပထမဇော နာမက္ခန္ဓာ (၄)ပါး 622, 635
လိုရင်းမှတ်သားရန် 56
လိုက်နာရမည့် စည်းကမ်းတစ်ရပ် 86
လယ်တီဆရာတော်ဘုရားကြီး၏ အယူ 234


## [ ဝ ]


ဝစီသင်္ခါရ 5, 362
ဝစီသဉ္စေတနာ 5
ဝဋ္ဋသဒ္ဒါ 566
ဝဋ္ဋ (၃) ပါး လည်ပတ်ပုံ 566
ဝတ္ထုအရ တရားကိုယ်ကောက်ယူပုံ 251
ဝတ္ထုပုရေဇာတပစ္စည်း 396
ဝတ္ထုပုရေဇာတိန္ဒြိယ 409
ဝတ္ထုမျိုး (၆) မျိုး 595
ဝယ 103
ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ 334
ဝသဝတ္တိဝါဒ - ဣဿရဝါဒ, ပုရိသဝါဒ,
ပဇာပတိဝါဒ 29
ဝါဒန္တရ အယူအဆများ 382
ဝါယောဓာတ် 314
ဝိဂတပစ္စည်း 427
ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ,
ဗလဘာဝံ န ဂစ္ဆတိ 599
ဝိဇ္ဇာမျိုးစေ့ - စရဏမျိုးစေ့များကို
သတိပြုကြည့်ပါ 316
ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး 534
ဝိညာဏပစ္စယာ နာမရူပံ 459, 467
ဝိညာဏပစ္စယာ နာမံ 471
ဝိညာဏပစ္စယာ ရူပံ 469
ဝိညာဏဝန္တံ ဝါ အတ္တာနံ 533
ဝိညာဏသ္မိံ ဝါ အတ္တာနံ 534
ဝိညာဏာဟာရ 49, 51
ဝိညာဏံ အတ္တတော သမနုပဿတိ 533
ဝိညာဏ် 459
ဝိညာဏ်အရ - တရားကိုယ်ကောက်ယူပုံ 459
ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်ဖြစ်၏ 459
ဝိညာဏ်သည် မျက်လှည့်ဆရာနှင့် တူ၏ 574
ဝိညာဏ်ဟူသည် 5

ဝိန္ဒိယ 353
ဝိပ္ပယုတ္တပစ္စည်း 417
ဝိပဿနာကံ၏ အာရုံ = ကမ္မနိမိတ် 173
ဝိပဿနာ ပန ထာမဇာတာ သမာပတ္တိမ္ပိ
ရက္ခတိ 237
ဝိပဿနာယ ဟိ ဗဟူပကာရာ 237
ဝိပဿနာရှုရာ၌ကား 513
ဝိပါကဓမ္မ 566
ဝိပါကန္တရ 84
ဝိပါကပစ္စည်း 404
ဝိပါကပဝတ္တ 567
ဝိပါကဝဋ် အာဟာရ (၄)ပါးက
စတင် သိမ်းဆည်းပုံ 89
ဝိပါကဝဋ် ခန္ဓာ (၅) ပါး 123
ဝိပါကသင်္ခေပ 566
ဝိပါကသန္တတိ 567
ဝိပါကသမင်္ဂီတာ 211
ဝိပါက်စေတနာ - ကြိယာစေတနာ 403
ဝိပါက်တရားများ 404
ဝိပါက်ဝိညာဏ် 475
ဝိဘင်္ဂသုတ္တန် 358
ဝိဘဝတဏှာ 519
ဝိဘင်းပါဠိတော် အဋ္ဌကထာ ဋီကာ အဆို 513
ဝိသဒိသုပ္ပတ္တိ = မတူသော ဖြစ်ခြင်း 573
ဝိသဒိသူပမာ 187
ဝိသမဟေတုဝါဒ 28
ဝိသယ-ဝိသယီ 189
ဝိသယိဘာဝ 580
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ညွှန်ကြားချက် 238
ဝီရိယပစ္ဆိမကံ ဗလံ 598
ဝီရိယာဓိပတိ 378
ဝီမံသာဓိပတိ 378
ဝုဋ္ဌော ခန္ဓာ (၅) ပါးမှ - ရူပက္ခန္ဓာ 617
ဝုဋ္ဌော နာမက္ခန္ဓာ (၄) ပါး 618
ဝုဋ္ဌော မနောသမ္ဖဿ 502
ဝေဒက 528
ဝေဒနာ 94, 506, 520
ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး 530
ဝေဒနာကြောင့် တဏှာဖြစ်ပုံ 520
ဝေဒနာပစ္စယာ တဏှာ 519
ဝေဒနာဖြစ်ခြင်းကြောင့် တဏှာဖြစ်၏ 519
ဝေဒနာယ ဝါ အတ္တာနံ 530
ဝေဒနာဝန္တံ ဝါ အတ္တာနံ 530
ဝေဒနာသည် ပူလောင်ခြင်းနှင့် တူ၏ 575
ဝေဒနာ ဟူသည် 6
ဝေဒနံ အတ္တတော သမနုပဿတိ 530
ဝေဒယိတဋ္ဌ 580

## [ သ ]

သက္ကာယဒိဋ္ဌိ (၂၀) 528
သကသန္တတိပရိယာပန္နမေဝ 497
သင်္ခါရ၏ ထင်ရှား ရှိမှု မရှိမှု 206
သင်္ခါရက္ခန္ဓာ 243
သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး 531
သင်္ခါရတရားတို့၏ လက္ခဏာ၌ တွေဝေခြင်း 444
သင်္ခါရတို့သည် ပိုးအိမ်၏
အစိတ်အပိုင်းတို့နှင့် တူကုန်၏ 574
သင်္ခါရနိမိတ် 101, 102, 103
သင်္ခါရနှင့် ကမ္မဘဝ = ကံ 471
သင်္ခါရပစ္စယာ ဝိညာဏံ 447
သင်္ခါရ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏ 447
သင်္ခါရဝန္တံ ဝါ အတ္တာနံ 531
သင်္ခါရ - သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာ 356
သင်္ခါရေ အတ္တတော သမနုပဿတိ 531
သင်္ခါရေသု ဝါ အတ္တာနံ 531
သင်္ဂတိသန္နိပါတ 580
သစ္စပ္ပဘာဝ = သစ္စာအမွန်အစ 568
သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး 530
သညာယ ဝါ အတ္တာနံ 530
သညာဝန္တံ ဝါ အတ္တာနံ 530
သညံ အတ္တတော သမနုပဿတိ 530
သတ္တမဇော မနောသမ္ဖဿနှင့် တဒါရုံ 289

သတိပြုပြီး မှတ်သားထားပါ 229
သတိပြုရန်အချက် 328, 437
သတိပြု၍ ဆန်းစစ်ကြည့်ပါ 184
သတိပြုသင့်သော အချက်များ 99
သတိ သံသာရပ္ပဝတ္တိယာ အပ္ပဟောသိကမ္မံ
နာမ န ဟောတိ 323
သဒ္ဒါရုံလိုင်း မနောဒွါရဝီထိ 301, 302
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ 300, 301
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ ကုသိုလ်ဇော 300
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ ပဉ္စဒွါရာဝဇ္ဇန်း 297
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ သန္တီရဏ 299
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ သမ္ပဋိစ္ဆိုင်း 298, 299
သဒ္ဒါရုံလိုင်း သောတဒွါရဝီထိ -
သောတဝိညာဏ် 297
သဒိသကမ္မနိမိတ် 164
သဒိသ-ပစ္စယ 442
သန္တတိယန အတုံးအခဲ 102
သန္တီရဏ ခန္ဓာ (၅) ပါး 615
သန္တီရဏ နာမက္ခန္ဓာ (၄) ပါး 616
သန္တီရဏ - မနောသမ္ဖဿ 502
သန္တီရဏ ရူပက္ခန္ဓာ 615
သန္တော ကာယော သက္ကာယော 528
သပိတ်ကွဲ ကိုယ်ကြေ D
သဗ္ဗပါပဿ အကရဏံ၊ 325
သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ 544
သဗ္ဗလောက ဝေါဟာရလောပ 201
သဗ္ဗာ နဒီ ဝင်္ကနဒီ 581
သဘာဝအဝိရုဒ္ဓ, ကိစ္စအဝိရုဒ္ဓ 442
သဘာဝက္ကဋ္ဌ 163
သဘာဝနိယမ ဟူသည် 222
သဘာဝဝိရုဒ္ဓ 440
သဘာဝေါဝါယံ စိတ္တဿ ပဏ္ဍရတာ 368
သဘောပေါက်လွယ်သည့် ပုံစံ (၁) ခု 368
သမင်္ဂီ (၅) ပါး = သမင်္ဂီတာ (၅) ပါး 207
သမညာယ အနတိဓာဝနံ 36
သမဏ ပြဟ္မဏဟု အခေါ်မခံထိုက်ချေ 13
သမတိက္ကမ 517
သမ္ပဋိစ္ဆိုင်း ခန္ဓာ (၅)ပါး 613
သမ္ပဋိစ္ဆိုင်း နာမက္ခန္ဓာ (၄)ပါး 614
သမ္ပဋိစ္ဆိုင်း - မနောသမ္ဖဿ 501
သမ္ပဋိစ္ဆိုင်း - ရူပက္ခန္ဓာ 613
သမ္ပတိကတသညာ 110, 141
သမ္ပယုတ် ဓမ္မာယတန 501
သမ္ပယုတ္တပစ္စည်း 414
သမ္ပယုတ္တလက္ခဏာ (၄)ပါး 415
သမ္မပ္ပညာ 99
သမ္မာ+ဥပ္ပါဒ 20
သမ္မာဒဿန 674, 675, 676, 677
သမ္မာဒဿနဉာဏ် 678
သမ္မာပဿန္တော 221
သမ္မုတိမရဏ 581
သမ္မုဠှကာလကိရိယာ = တွေတွေဝေဝေဖြင့်
သေရခြင်း 146
သမ္မောဟ 353
သမာဓိသုတ္တန်နှင့် မဟာတဏှာသင်္ခယ
သုတ္တန်တို့မှ ကောက်နုတ်ချက် 72
သမာပတ္တိ မဟဂ္ဂုတ် ကုသိုလ်ဇောဝီထိ 638
သမုပ္ပါဒ 22
သမုပ္ပါဒ - ပုဒ် 29
သမူဟဃနအတုံးအခဲ 102
သယံဝသီ 528
သလက္ခဏ 572
သဝိဂ္ဂဟ 102
သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ 535
သဿတဝါဒ 28
သဿတာကာရ 667
သဟ+ ဥပ္ပါဒ = သမုပ္ပါဒ 20
သဟဇာတကမ္မ 402
သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ 402
သဟဇာတကြီး (၄) မျိုး 592
သဟဇာတငယ် (၇) မျိုး 594
သဟဇာတတ္ထိ 422

သဟဇာတနိဿယပစ္စည်း 390
သဟဇာတပစ္စည်း 386
သဟဇာတပစ္စည်း (၆) မျိုး 387
သဟဇာတ - ပုရေဇာတတ္တိ 423
သဟဇာတဖဿ 508
သဟဇာတလတ် (၄) မျိုး 593
သဟဇာတဝိညာဏ်ကြောင့် သဟဇာတ
နာမ်ရုပ်ဖြစ်ပုံ ရှုကွက်ပုံစံအချို့ 472
သဟဇာတဝိပ္ပယုတ္တပစ္စယသတ္တိ 417
သဟဇာတ သင်္ခါရတရားတို့က ပစ်ချမှု 196
သဟဇာတာဓိပတိပစ္စည်း 378
သဟဇာတိန္ဒြိယ 410
သဟိတ် - ပဌမတဒါရုံ - ရူပက္ခန္ဓာ 627
သဟိတ် မဟာဝိပါက် တဒါရုံ
နာမက္ခန္ဓာ (၄) ပါး 629
သဠာယတန 95, 479, 497
သဠာယတနပစ္စယာ ဖဿော 497
သဠာယတန ဖြစ်ခြင်းကြောင့် ဖဿ ဖြစ်၏ 497
သဠာယတနသည် တောအုပ်ကြီးနှင့် တူ၏ 575
သဠာယတနဟူသည် 6
သာဓာရဏ အသာဓာရဏ၏ အစွမ်းဖြင့်
သိမ်းဆည်းနည်း 240
သာမီ 528
သိကြား၏သစ်ပင် 366
သီလဗ္ဗတုပါဒါန် 526
သီလဗ္ဗတုပါဒါန်ကြောင့် ဘဝဖြစ်ပုံ 548
သီလမယ ကုသိုလ်စေတနာ (ပုညာဘိသင်္ခါရ) 359
သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ 21
သုဂတိမှ သုဂတိသို့ 169
သုတ္တန္တိကပရိယာယ 475
သုဒ္ဓါဝါသ (၅) ဘုံ 331
သုဒ္ဓါဝါသ - ဖူး - မရ၊ အကနိဋ္ဌ - တု - မရ 178
သုမနာမင်းသမီး၏ ရှေးဆုတောင်း 130
သုသိမပရိဗ္ဗာဇကသုတ္တန် 661
သေခါနီးပုံ ပေါ်ခဲ့သော် 108
သေနာသနမ္ပိ 396
သေနေသည့်ပုံကို တွေ့မြင်ပါက 108
သေသခန္ဓတ္တယပဒဋ္ဌာနာ 243
သေသူနှင့် ရှင်သူ 336
သောကစသည် ဖြစ်ကြောင်း 343
သောကဟူသည် 9
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ 557
သောတသမ္ဖဿ = သောတဝိညာဏ်နှင့်
ယှဉ်သော ဖဿ 504
သောတာပန္န 227
သောတာပန်ဖြစ်တော်မူခြင်းဟူသော အင်္ဂါရပ် 228
သောတာပန်သာ မှန်ပါစေ 228
သံ+ဥပ္ပါဒ 22
သံယဋ္ဌေန 580
သံသရာကွေ့များ၌ လောကခံလေလှိုင်းများ 324
သံသရာ၌ တွေဝေခြင်း 444

[ ဟ ]

ဟဒယဝတ္ထု၏ အပေါင်းအဖော် ဖြစ်၍ 483
ဟဒယဝတ္ထု၏ တရားကိုယ် 253
ဟေတုပစ္စည်း 373
ဟေတုပစ္စိမကော မဂ္ဂေါ နာမ 599
ဟေတုသမူဟော နာမ ပစ္စယသာမဂ္ဂီ 22

**မှတ်သားဖွယ်ရာ အက္ခရာစဉ် အညွှန်း ပြီး၏။**